
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

4 NOV 2014

# သုရဿ

မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၁၂)
၂၀၁၄ ခုနှစ် ဒီဇင်ဘာလ

(၁၄)နှစ်ပြည့်အထူးထုတ်

ဤစာအုပ်နှင့်အတူ
သုရဿမဂ္ဂဇင်း(၁၄)နှစ်ပြည့် လက်ဆောင်အဖြစ်
ဆရာဦးမောင်မောင်သန်း(ရှင်ကိုအေးမြဲစေသား)ရေးသားသည့်
မြန်မာနှစ် ၁၃၇၆ ခုနှစ် (၁၇-၄-၂၀၁၄ မှ ၁၆-၄-၂၀၁၅ အထိ)
ခုနှစ်ရက်သားသမီးများအတွက် အသက်အပိုင်းအခြားအလိုက် ဆောင်ရန်၊ ရှောင်ရန်နှင့်
အခါအရပ်များစာအုပ် ပူးတွဲပါရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဘာသာရေးဆောင်းပါးများ


၅ မြန်မာတို့၏မျိုးရိုးဓလေ့(ကဗျာ)
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၆ အသွားမတော်တစ်လှမ်း(၁)
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၁၅ သင်္ဂဇာဆရာတော်ဘုရားကြီး၏
တစ်ဆုပ္ပတ္တိညာဏ်နှင့်အာဝဇ္ဇန်း
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၂၉ မွေ့တော်ကူကြီးတောင်းဆုပြု
ဒေါက်တာဒေါ်မှ(တောင်ကြီး)

၃၇ အပါယ်မရောက်အစောင့်လေးပါး
ချောင်းဆုံအုန်းသွင်

၄၁ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်
တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ အမှတ်(၁၀)
ကံဝင်း

၅၁ စိုးတောင်တော်ထက်မှာ
အဘအောင်မင်းခေါင်ဖြစ်ရာ
အောင်သာကျော်

၅၇ ပရိတ်တော်တန်ခိုးဖြင့်
သတ္တဝါတို့အကျိုးကို
ရွက်ဆောင်တော်မူခဲ့သော
ဆရာတော်ကြီးနှစ်ပါး
မောင်နှယ်သန်း

၆၂ ပထမံဝိဇ္ဇာဓရ
ထွက်ရပ်ပေါက်လောကီပညာနှင့်
ကျေးဇူးရှင် စစ်ကွင်းဆရာတော်
ဦးစန္ဒောဘာသ (၂၄)
ပထမံဆရာဦးအေးရွှေ

၆၈ အံ့ဖွယ်ထူးခြား စမတောင်တော်
တင်အောင်(စက်မှုတက္ကသိုလ်)

၇၃ ရှမ်းတိုင်းရင်းသားတို့ လက်မှုပညာဖြင့်
ပူဇော်သောနီဘုရားများနှင့် ကျွန်တော်
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)

၈၃ ဗုဒ္ဓမြတ်စွာပူဇော်ပါ
လိုရာဆန္ဒပြည့်စုံကြ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၈၅ ထူးခြားအံ့ဖွယ်စုံလင်
ဘင်လှိုင်ဆံတော်ရှင်စေတီ
မောင်ပွင့်ညာဏ်(မောရ)

၉၃ အမေနှင့်မာရထာပရိတ်တော်အစွမ်း
သထုံ-ငယ်ငယ်

၉၅ ထူးဆန်းအံ့ဩဖွယ်ရာ ရွှေမှန်ရွှေသား
ဓာတ်တော်များကျသည့်
သံတွဲမြို့ ဇလွန်ရှာ
ဆရာတော်ဦးသုဇာတ
ရွှေချိုအောင်(ငပလီ)

၁၀၁ အရဟံဂုဏ်တော်ပုတီးအဓိဋ္ဌာန်
ပတ်ရေတစ်သိန်းစိပ်ခြင်း၏
ကောင်းကျိုးရလဒ်များ
မိုးမင်းဇော်

၁၀၅ ကလပ်နှင့်ခံယူ ဓာတ်တော်မြတ်တစ်ဆ
ဌာပနာတည်ထား ရှေးဟောင်းဘုရာ
ရပ်ခံတောင်စေတီတော်
မောင်စိမ်းထွေး(ထားဝယ်)

၁၁၀ ပန်းအိုင်ရွှေမုဌောပွဲ
ဦးစန္ဒိမ(စလင်း)

၁၁၃ ဂုဏ်တော်ကိုးပါးကို
ဂန္တီရဆန်ဆန်ပူဇော်ခြင်း
ရသဂန္ဓီရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)

၁၁၅ ဝေသာလီနယ်မြေသို့
ဘုရားဖူးတစ်ခေါက်
စောထွီးသျှင်(မြောက်ဦး)

၁၂၀ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၁၅)
ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)

၁၂၆ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသိရီ

၁၃၄ တန်ခိုးကြီးမား
ပထမံဗုဒ္ဓရုပ်အကွရာစမအင်းဘုရား
တြိရတနာ-ဆရာဗေယျာလင်း

၁၅၉ ထိ-သိ-ပျက်
ချောင်းဆုံအုန်းသွင်

၁၆၂ ဖုတ်စီးအသုဘနှင့် သမ္ဗုဒ္ဓေဂါထာတော်
မြတ်သက်ကျော်

၂၈၂ ထူးခြားထင်ရှား
မွန်ဘုရင်များကိုးကွယ်ခဲ့သည့်
ဆင်းတုတော်များ
ရတနာဒေဝီ

၄၁၃ ရွှေကံကူလေပုံ့သစ်တော်ရပ်ရှင်တော်
မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များ
လာရောက်ဖူးမြော်ခြင်း ကျွတ်တမ်းဝင်
ကြခြင်းများနှင့်ထူးခြားမှုများ
ဘိုဘို(ရွှေကံကူ)


## သုတရသဆောင်းပါး


၁၇၈ ညောင်ကုက္ကိုလ်ကုန်း
ပန်းချီထူးသူ
(ရှေးဟောင်းသုတေသန)

၂၀၅ ခွေးနှင့်ကြောင်တို့ကိုသန့်သတ်နည်း
အောင်ဆန်းလင်း(ဘီအေ)

၂၀၆ တစ်ခါတုန်းက အို-ရဲဘော်
လှမိုး(ပညာရေး)

၂၇၀ ဒေသန္တရနတ်ပွဲများ
မောင်သန်းဆွေ(ထားဝယ်)


www.burmeseclassic.com

www.burmeseclassic.com


အသာအောင်မင်းခေါင်နှင့်
ဝိဇ္ဇာဂန္ဓာရီခရီးစဉ်(၅)
**အဏ္ဏဝါလှိုင်း**

လူဝင်စား သို့မဟုတ်
အတိတ်ဘဝကို
မှတ်မိသောကလေးငယ်များ
**တိုးထက်**

အမှုရစေပေးဝေ့ဇ်
**မြဝင်း(ဓသသန)**

ခါကာဘိုရာဇီနှင်းဖုံးတောင်ကြောမှ
နှင်းလူဒဏ္ဍာရီ
**လှမ်းထက်**

တိုလိုနီခေတ်
မြူအုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**

မိတ္ထီလာပုဏ္ဏကနှင့်
ကမာရှတ်ကပုဏ္ဏက
**ဝေယံလင်းခေါင်**

မဟာမြိုင်ဘုန်းဘုရား၏
ထွက်ရပ်လမ်းသတင်း
**တင်နိုင်တိုး**

ထွဲမွှားဝမ်းပျက်ဝမ်းလျှော
**ဆလိုင်းငွန်သိန်း(ရမည်းသင်း)**


## သုရဿတိုင်းရင်းဆေး


[illegible]ကြီးဆည်က
[illegible]တ်မှဝန်ထမ်းတစ်ဦးရဲ့ကိုယ်တွေ့
သွေးတိုးနဲ့ ငှက်ဖျားဝေလုံးပျောက်တဲ့
[illegible]ဆေးနည်း
**ရသဂန္ဓိရ-ကျော်ဝင်းအောင်**
**(မြည်-ဆည်မြောင်း)**

ချက်ခမ်းစွန်တာပျောက်စေရာ
**ဓမ္မသျှင်(ပညာရေး)**

ချိုသောဤကမ္ဘာမြေကြီး၏
[illegible]က်ဆောင်
[illegible]ဆေးဖက်ဝင်အပင်များ၏လက်တွေ့
[illegible]သုံးပြုနည်းများ အပိုင်း(၁-၁)
**ဦးမင်းဝင်(ရွှေနဝင်း)**

[illegible]ဆိကျ၍လုပစေနိုင်သည့်
[illegible]ဆေးဖက်ဝင်သခွားသီး
**[illegible]င်းချမ်းမြေ့(ပုသိမ်)**

[illegible]သွေးတိုးကျ
[illegible]ထက်တွေ့အသုံးချဆေးနည်း
**[illegible]နဝင်းဝင်း(လွန်ဆေး)**

[illegible]ချိုးသီးများအတွက်
[illegible]ဆိုမှတ်ဖွယ်ရာဆေးနည်းအပြာပြာများ
**[illegible]နာမြေ-ကျော်ဝေ**

[illegible]ဘဖရုံဆေးရွက်အစွမ်းနှင့်
[illegible]ဆေးအက်နာဆေးတစ်ခွက်
**[illegible]နဝင်းဝင်း(လွန်ဆေး)**

၂၃၈ နားအူ၊ နားလေးအတွက်ဓာတ်စာ
**အေးချမ်းအောင်(ရမည်းသင်း)**

၂၅၇ သက်တန့်နာအတွက်ဆေးတစ်ခွက်
**နေပြည်တော်ကျော်ကျော်စိုး**

၃၁၁ သွေးတိုးရောဂါပျောက်လိုလျှင်
**ကောင်းစံသာ(မင်းဘုန်း)**

၃၃၇ ကျိုးပေါင်းရောဂါဝေဒနာအတွက်
ဆေးနည်းကောင်းတစ်လက်
**ကိုလင်း (T.M.E)**

၃၇၁ ကွမ်းရွက်အစွမ်းဖြင့်
မျက်မှန်လွတ်ခဲ့ရခြင်း
**ထက်ကောင်းလတ်(မင်းဘူး)**

၃၇၈ ဆီးအောင့်၊ ဆီးနည်း၊
ဆီးမကြာခဏသွားရခြင်းဒုက္ခမှ
ကင်းဝေးစေသည့် ဆေးနည်းတစ်လက်
**မကျွေးမြင့်သန်း**

၃၈၅ အစွမ်းထက်သည့်လိပ်ခေါင်းဆေး
**အဲရိုးကျော်**

၃၉၃ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(ဆေးတက္ကသိုလ်)**

၃၉၄ ဆီးကျိတ်ရောဂါများမဖြစ်ပွားရန်
ကာကွယ်သည့်
သဘာဝအစားအစာများ
**စွမ်းထက်နောင်**

၄၀၇ နူးနာ၊ ခါးနာ လက်တွေ့ဆေးနည်းများ
**တင်နိုင်ဝင်း(ထမင်းစျေးမြို့)**

၄၀၈ ထိုင်ခက်ထခက်ဘိုးဘွားများအတွက်
**နေပြည်တော်ကျော်ကျော်စိုး**

၄၁၀ ခုနစ်စဥ်သွေးစုနာ
အမြန်ပျောက်လိုသော်
**ဓာတ်ပုံ-မောင်မောင်အေး**

၄၁၁ ရင်ကျပ်အမောရောဂါအတွက်
ဆေးတစ်လက်
**ဓာတ်ဝိဂုဏ်-မျိုးမြင့်အောင်**


## သုရဿဝတ္ထုတို


၁၃၈ လေ့ကြီးပျက်ကျွန်း
**မင်းနန္ဒိရှိန်**

၁၄၄ သူကြီးဦးဘခင်နှင့်
ထူးခြားသောနယ်ခြားကိုယ်တော်
**မနှင်းဆီ(ရေဆင်း-နေပြည်တော်)**

၁၅၀ ဘိုးညြဘာနှင့်မြေဖုတ်ဘီလူးများ
**မင်းသိန်ထိမ်**

၁၇၄ ထူးခြားဆန်းပြားမှုအော်သံများ
**ဝင်းဟင်(ရွှေရောင်မြေ)**

၁၈၆ ဝိဇ္ဇာမိုရ်နှင့်ကိုဘုန်းစံ
**နေအောင်ထင်း(စစေ)**

၁၉၈ ဘဝပေါင်းကာသူငယ်ချင်း
**နေဝန်းနီ**

၂၀၀ လိပ်ပြာနတ်မယ်ဝိဇ္ဇာတို့ရဲ့ပြိုင်ပွဲ
**ကိုမိုး(ရွှေပြည်သာ)**

၂၂၂ ထိန်ပင်အင်းကွင်းပိုင်ကြီးရဲ့
သံယောဇဉ်အမျှင်တန်း
**အောင်မြင့်ထွန်း(မသုံးဆုံး)**

၂၃၄ လောင်မီးကျလျက်နတ်တို့စက်
**အောင်သိန်းဝင်း(ပွင့်ဖြူ)**

၂၄၆ တောက်ခေါက်သောအုန်းသီး
**ရွှေပြည်စိုး(မိုးကုတ်)**

၂၅၂ ဝင့်ကြွေးကြမ္မာမလွတ်ရာ
**ခင်မောင်အေး(မန္တလေး)**

၂၈၆ ကြမ္မာမှန်တိုင်းစဲလေသော်
**မြောင်းမြ-မြင့်လှိုင်**

၂၉၈ အကုသိုလ်အကျိုးပေးချိန်
**စိုးထွန်း(ဥပဓေ)**

၃၀၂ မာရမ်း
**မဟာသျှံ**

၃၁၄ ကျတ်ကုန်းမြေပေါ်က
လူမိုက်ကြီးအကြောင်း
**ကိုဇော်ဝင်း(လှဓော)**

၃၂၆ မြကျွန်းကန်ကနဂါးစေတီ
**ခင်မမထင်း(ကဓော)**

၃၃၈ အရှင်လတ်လတ်
**နေပြည်တော်ကျော်ကျော်စိုး**

၃၅၀ သချိုင်းထဲကဓာတ်လမ်းတစ်ပုဒ်
**ထောင်မှူးကြီးသိန်းဝင်း**

၃၅၈ သိဒ္ဓိရှင်ဆရာတော်နှင့်
ငမိုက်သားတစ်စု
**ကြည်မြတ်ထင်း(ရောမြေ)**

၃၆၂ ကျွန်ုပ်တွေ့ခဲ့ရသောဘိုးတော်တင်ဦး
**ဝေယံထင်းခေါင်**

၃၇၄ သွေးစုပ်ငှက်နှင့်နန်းသိင်္ဂီ
**မိုးရိပ်ခြေ**

၃၈၆ ကျောက်အိုးပေါက်ရတနာသိုက်
တူးဖော်ခဲ့ကြစဉ်က
**အောင်မြို့မိုး**

၄၀၂ ကာသိုလ်ထူးသမို့
မြေနဂါးတောင်မှကြောက်ဘူးကွယ်
**သနယုန်မီး**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၅၈ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**


## သုရဿ ပညာရပ်


၁၅၅ လက်ရေးကပြော သူ့စိတ်သဘော
**တက္ကသိုလ်ဝင်းမြင့်**

၁၆၈ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**

၁၇၂ ကြိုသတ်ဓာတ်ကျမ်းလာအင်္ဂလိပ်ကြိုး
ဓာတ်စာပေးရအောင်
**သုစု(နဝင်းမြို့)**


www.burmeseclassic.com

www.burmeseclassic.com


၁၉၄ ရောင်ကြည့်ပယ်ခွာသိမှတ်ဖွယ်ရာ
ဦးကြည်ဝင်း(ရွှေစင်)ရေးရာ

၂၁၅ အဂ္ဂိရတ်ဝယ်မှတ်စဖွယ်
အဘယ်နဝင်းသတ်သနည်း
သုရိန်ထွန်း(ဗိဇ္ဇာစရဏ)ပြည်

၂၁၉ ပြုံပြင်ခြင်းမှပြည့်စုံခြင်းသို့
မင်းပြည့်

၂၃၂ မနောမယဒိဗ်မက်(၁)
မောင်ကျောက်တိုင်

၂၃၉ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ
မြန်မာ့အင်းအမျိုးအစားများအား
လေ့လာခြင်း
တြိရတနာ-ဆရာဇေယျာသင်း

၂၇၉ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
ဆရာစိုး-ရွှေအာရုဏ်ဦး
(တားရော့သုတေသီ)
မိုးကောင်း

၃၁၉ ဖုန်းရွှေပညာသိကောင်းစရာ
ဦးအောင်ထိုင်(သုဝဏ္ဏ)

၃၃၃ ခြောက်ဘာသာဝဏ်ထူးရှင်နှင့်
လက္ခဏာပညာအမြင်
ဆရာချမ်းမင်း(LL.B)

၃၉၀ သရောဇယခရီးသည်(၃)
သရောဇယခရီးသည်


## သုရဂ္ဂလက်တွေ့အသုံးချ


၁၈ (၁၄)နှစ်ပြည့်အောင်မြင်မှု
အမှတ်တရဂါရဝ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၅ အနန္တချမ်းသာကိုပေးစွမ်းသော
ပုဗ္ဗဏှသုတ်နှင့်ကိုးစနေကျင့်စဉ်
ဘုန်းခေါင်

၂၇ မိမိနေထိုင်လိုရာ၌
ပြောင်းရွှေ့နေထိုင်လိုသူများအတွက်
အောင်ငြိမ်မိုး

၄၉ နတ်တော်လနဲ့ခန္ဓသုတ်ကျင့်စဉ်
ပညာကျော်

၆၀ သားမြတ်ရွှေစင်ဖွားမြင်စေချင်
ဆုံကြွယ်

၁၀၄ သင့်ကုန်ကိုအရောင်းတွင်လိုလျှင်
မုနိတာ(ကျိုက်လတ်)

၁၂၅ နီသစ်တွေကိုရှောင်
ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

၁၄၀ ဒိဋ္ဌာစေသောနည်း
အောင်သိန်းဝင်း(ပွင့်ဖြူ)

၁၄၉ သင့်အိမ်မှာတောင်ပို့ပေါက်လျှင်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၉၇ လိုသူများသုံးစေဖို့
မုနိတာ(ကျိုက်လတ်)

၂၁၈ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၃၀ ကုန်းလမ်း ရေလမ်း
ကုန်သွယ်လုပ်ငန်းဖြင့်
အကျိုးများလိုလျှင်
အောင်(သိဒ္ဓိရတ)
နဝင်းမြို့တော်

၂၄၄ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်အောင်(ဂမ္ဘီရ)

၂၄၅ ပြည်မြန်မာ၏နေရာသီပြောင်း
မန်ဒိန်းဇာတာပေဟာကိန်း
မင်းရှိန်အောင်

၂၉၂ မွေးနေ့အလိုက်
ကောင်းကျိုးဖြစ်စေသော
ယတြာသစ်ပင်စိုက်ခြင်း
မုနိတာ(ကျိုက်လတ်)

၃၂၄ အဆောင်ပစ္စည်းအစွမ်းပိုထက်အောင်
သိဒ္ဓိတင်(၂၇)ဂါထာကိုဆောင်
ကိုရွှေမြသန်း(သမိုင်း)

၃၄၀ အလိုရှိရာရက်မြတ်မင်္ဂလာ
တွက်ယူကာ
ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ
ဖန်ဆီမောင်မောင်(စား/တွေ)

၃၈၃ ရေတွင်းတူး၍
ရေမရသောသူများအတွက်
နည်းလမ်းကောင်း
မိုးမင်း(မြောက်ဥဒည်း)

၃၈၉ ခမ်းနားလှသည့်စမလေးလုံးပုတီးစိပ်
ထူးစွမ်းမြင့်(နတ်မောက်)

၃၉၇ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ
အတွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဖေယျား
ဦးအောင်စောလှိုင်(ပုသိမ်)

၄၂၂ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၂၆ ရပ်ဝေးမြေခြား
ရောက်နေသူများအတွက်
သုရဂ္ဂလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၃၁ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)

၄၃၃ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
ရုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွန်း
ဝေလွဲလွဲထွတ်

ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

မျက်နှာဖုံးနှင့်
အတွင်းဒီဇိုင်း
စိုးအောင်
သုရဂ္ဂစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ရွှန်းမြူတာစေ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ ဝင်းမြ၊ အိအိပိုင်
ရုံးအဖွဲ့
အေးအေးစန်း၊ စုမွန်၊ စုစု၊
ကြူကြူနိုင်၊ တင်မိုးနိုင်၊
နင်းနင်း၊ နန
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၃၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀
မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကသား-ဂါန္ဓီ ဗီလျံမှာ
ပဲခူး- သဝင်စာပေ
ဟင်္သာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်မိုး
တောင်ငူ-ဦးထွန်း ဦးလှမောင်
မြန်အောင်-လှထုမေတ္တာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဈေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# မြန်မာတို့၏ မျိုးရိုးဓလေ့


- စိတ်ကောင်းမွေ့မွေ့ တို့ဓလေ့
စေ့စေ့တွေးလို့ ဂုဏ်ယူပါ။
ကြင်နာမှုပြ တို့ဗီဇ
ပြင်ပလိုက်လို့ နိုက်ကြည့်ပါ။
ရိုင်းပင်းတတ်လှ တို့ဗီဇ
ပြင်ပလိုက်လို့ နိုက်ကြည့်ပါ။
ရက်ရောစုံစွ တို့ဗီဇ
ပြင်ပလိုက်လို့ နိုက်ကြည့်ပါ။

- အမျှော်ကင်းရှင်း ပေးကမ်းခြင်း
ကမ္ဘာ့နင်း၍ ဆင်းကြည့်ပါ။
အနစ်နာခံခြင်း ကူညီခြင်း
ကမ္ဘာ့နင်း၍ ဆင်းကြည့်ပါ။
တို့တိုင်းမြန်မာ တို့ချမ်းသာ
ကမ္ဘာ့ပတ်၍ ဟပ်ကြည့်ပါ။
ရုပ်ဓာတ်မဝ စိတ်ဓာတ်ဝ
ဘဝချင်းချင်း ပင်းကြည့်ပါ။
ရုပ်ဓာတ်မလှ စိတ်ဓာတ်လှ
အလှချင်းချင်း ပင်းကြည့်ပါ။
ကမ္ဘာ့ဒုက္ခ ငါ့ဒုက္ခ
ဖယားချ၍ မှုကြည့်ပါ။

- ဘုရားကွယ်ရာ နေပမာ
မသာမှောင်တတ်စွာ။
တရားကွယ်ရာ လပမာ
မသာမှောင်တတ်စွာ။
သံဃာကွယ်ရာ ကြယ်ပမာ
မသာမှောင်တတ်စွာ။

- ဘုရား၊ တရား၊ သံဃာအားတို့
ထွန်းကားလေရာ တို့မြန်မာဝယ်
မကွယ်အရောင်
မမှောင်အလင်း သွားလမ်းရှင်းသည်
ခြေခင်းလက်ခင်းသာလေစွ။

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဗုဒ္ဓ ဝိရုဏ္ဍ၊

*ပဒေသော မေ ဗဟုပကာရောန*
*သာသနသ္သ လောကဿပိ၊*
*တေနပိသော ဒ္ဓါဂတောပိ၊*
*ဣတော စိတော နဝံ နဝံ၊*
*အဍ္ဍဗိနေ ဝနာ၀န်၊*
*ယာဝ ဇီဝံ သကီပတ္တံ။ ။*

**အယံပဒေသော** - ဤနေရာ ဤအရပ်သည် . . .

**မေပိ** - ငါ့အားလည်း၊ **နဗဟုပကာရော** - ကျေးဇူးမများလှပါ။ **သာသနဿပိ** - သာသနာတော်အားလည်း၊ **နဗဟုကာရော** - ကျေးဇူးမများလှ၊ **လောကဿပိ** - ကိုးကွယ်အားထားပရိသတ်အစားအစားလည်း၊ **နဗဟုကာရော** - ကောင်းမှုပျိုးရင်း ဆိုးခင်းကြီးပွားအကျိုးသိပ်မများ. . . .

**တေနပိ** - သည်ပုံမျိုးချို့နေလျှင်၊ **သော** - ထိုနေရာသည်၊ **မေ** - ငါ့အဖို့၊ **ဒွါဂတော**-လာခြင်းမကောင်းသောနေရာတည်း။

**ဝါ** - အသွားမတော်သော ခြေလှမ်းတစ်လှမ်း။

**တေနပိ** - သို့ဖြင့်ပင်လျှင်၊ **သော** **အယံ** - ထိုသည့်ငါသည်၊ **နဝံ နဝံ** - တစ်သစ်ပြီးတစ်သစ်၊ **ဣတော** - သည်နေရာမှ၊ **ပတ္တံ** - ဖွဲ့ထွက်ခဲ့ရချေပြီ. . . ။

**ပတ္တံ** - ဖွဲ့ခဲ့၍၊ **ဣတောစ** - ဟိုနေရာသို့လည်း၊ **သကီ** - ပြောင်းခဲ့ရချေပြီ . . . ။

**တေနပိ** - သည်ပုံကဆိုး ဟိုပုံစိုး၍ တိုးတိုးသွားသွား တိုးလာများခဲ့ရပါသောကြောင့်၊ **သောအယံ** - ထိုငါသည်၊ **အဍ္ဍဗိနေ** - ယနေ့ထက်တိုင်၊ **ယာဝဇီဝံ** - တောထွက်ဘဝ ခံယူထားသမျှ ကာလပတ်လုံး၊ **ဣတော ဒွါဂတောသိ**-ဤနေရာအလားမကောင်းတိုင်းလည်း၊ **ပတ္တံ** - ဖွဲ့ခဲ့ရပေါင်းလည်း များခဲ့ပြီ။

**ဣတောစိပိ** - ဟိုနေရာသွား၊ ဟိုနေရာအလားမကောင်းတိုင်းလည်း၊ **သကီ** - တစ်ရွာမပြောင်း သူကောင်းမဖြစ် နည်းစနစ်ဖြင့် ပစ်ခဲ့ရပေါင်းလည်း များပြီ။

**မေ** - ငါ၏၊ **အာဂတော** - လာခြင်းများကား၊ **ဒွါဂတော** - အသွားမတော်သောခြေလှမ်းတည်း. . . ။

❖

◆ အသွားမတော်တစ်လှမ်း ◆

*ရွာထဲရပ်ကြား ပါးစပ်စကားတစ်ခွန်း ကြားခဲ့ဖူး၏။*

*ယင်းကား အသွားမတော်တစ်လှမ်း။*

*ယင်းကို ယင်းနှင့်ရှေ့သွားကောက် နောက်လိုက်တူအားဖြင့် ဆက်ပွားထပ်ပိုးတိုးပေးရပါမူ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ် ခလုတ် ဟူ၍လည်းကောင်း၊ တစ်ဖန် အသွားမတော်တစ်လှမ်း၊ အနမ်းမတော်တစ်ရှုပ်၊ အလုပ်မတော် တစ်ချက်တည်းနှင့် ခရီးစုံအကုန်လုံးမြုပ် ဟူ၍လည်းကောင်း အတိုးများပါ ပွားလာစေပါတော့သည်။*

*မည်သို့ဆိုစေ . . .*

*ငါသွားခဲ့ရသော တောလားအလုပ်သည် တစ်နေရာအရောက်တွင် အကြောင်းတစ်ခုမဟုတ်တစ်ခုကဆော် အသွားမတော်ဖြစ်ခဲ့ရပြီ။ အကြောင်းတစ်ခုမဟုတ်တစ်ခုကပေါ် အသွားမတော်ဖြစ်ခဲ့ရပြီ။*

*အချို့ ရဟန်းများကြောင့်၊ အချို့*



www.burmeseclassic.com

www.burmeseclassic.com


ကြောင့်၊ အချို့ လာဘ၊ ယသ၊ သုခတို့ပိုင်းအလုခံရခြင်းကြောင့် တုလမေ့စ္စရ လာဘမဒ္ဒေရတို့ အထုခံရခြင်းကြောင့်. . .။

ထိုအားလုံးထဲမှ အချို့ကား 'ဘဝ ရ သင်္ခေပကထာ' အမည်တပ်ထား မှတ်တမ်းကြား ပါသွားခဲ့ဖူးပြီ။ ထိုမှတ်တမ်းထဲ၌ မပါသေးသော၊ တ်တမ်းရေးပြီးမှ အသစ်ပေါ်လာ သော မဟာမြိုင်နှောင်းပိုင်းကာလနှင့် မိုးမိတ် နွားရိုင်းတောဝင်ကာလများ၌ ပေါ်လာသည့်အသစ်၏အသစ်လေးများကိုသာ ကွက်တင်ပါအံ့။

ယင်းကို'အသွားမတော်တစ်လှမ်း' ဖြင့်ပင် မှတ်တမ်းပြုခဲ့ပါအံ့။

ဤစာတမ်းကို ဖတ်ရှု၍ ရယ်စရာ ကောင်းလျက်က ငိုကွက်ဆက်ခဲ့ရပုံများ သံဝေဂဝင် ဉာဏ်ဆင်ခြင်ခွင့် ရကြပါအံ့။ ဝမ်းသာစရာလိုလိုနှင့် ဝမ်းနည်းစရာ ကပိုကရိုလေးများလည်း၊ အဝိုင်းထဲ လေးထောင့်သွတ် ချွတ်မရပုံများလည်း လေ့လာခွင့်ရကြပါအံ့။

ဟုတ်သလိုလိုနှင့် မဟုတ်ကို



## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး


# အသွားမတော်တစ်လှမ်း

## (လေခက္ခန္ဓကထာ) ၁



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တဟုတ်ဆိုရဘိသို့။

ကောင်းသလိုလိုနှင့် မကောင်းကိုသည်း မကောင်းတကောင်းပြောရ၏ဗျာ . . .။

ဤ၌လည်း ဆင်ခြင်ဉာဏ်အထွတ်တပ် သုံးသပ်သော ဉာဏ်ပညာဘာသာရပ်ဖြင့် ရှုကြည့်လျက် ရယ်အားထက် ငိုအားသန်ရာဘက် ခရီးဆက်နိုင်ကြပါစေ. . .။

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်၊
မဟာသမယနေ့၊ တနင်္လာနေ့၊
ဥ ယျာဉ်မ်တောရ (မလည်စခန်း)
ကန့်ဘလူမြို့နယ်။

**မဟာဗောဓိမြိုင်ဆရာတော်**
**ပေါ်တာဆွဲသတဲ့**

မဟာမြိုင်တောကြီးအတွင်းသို့ ၁၃၆၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့အဖြစ်လည်း ပြော၍ရ၏။) ထိုမှစ၍ ၁၃၇၁ ခုနှစ်အထိ ခုနစ်နှစ်လုံးလုံး စိတ်ချမ်းသာစွာ နေခွင့်ရခဲ့၏။

၁၃၇၂ ခုနှစ်မှစ၍ ၇၃၊ ၇၄ ခုနှစ်ကာလများတွင်ကား ချက်မရေတွင် ဘုရားလာတည်နေကြသော သာသနာပြုအမည်ခံအဖွဲ့များနှင့် (သူတို့အထဲ သုံးဖွဲ့ရှိသည်ဆို၏။) ငါတို့ ရောသမမွှေခံနေရပြီ။

၇၁ ခုနှစ်က ချက်မသို့လာရောက်နေသော ရဟန်းသည် မဟာမြိုင်ဆရာတော်ဘွဲ့အမည်ခံသည်ဆို၏။ ထိုဘွဲ့ရှင်ထိုရဟန်း၏နောက်တွင် ပြည်ထဲရေးဌာနဝန်ကြီး စသည့်ဌာနကြီးသုံးခုတို့မှ ဝန်ကြီးသုံးဦးတို့က ကျောထောက်ခံထားသည်ဆို၏။

ပြည်ထဲရေးအထောက်၏နောက်ခံအားဖြင့်ပင် တောင်တွင်းအကျဉ်းသားများကို ချက်မသို့ ခေါ်ယူကာ အလုပ်ကြမ်းခိုင်းစေသည် ဆို၏။ ထောင်တွင်းသား အခေါ်ခံများလာနေသောအခါ မဟာဗောဓိမြိုင်ဆရာတော်က ထောင်တွင်းအကျဉ်းသားများကို ပေါ်တာဆွဲနေသတဲ့။ ဤသတင်းစကားများ ဆိုင်ရာအနီးဝန်းကျင်ထောင်မှ ထောင်သားများ၊ ယင်းတို့နှင့် ဆက်စပ်နေသော ဝန်းကျင်များ၊ ထောင်အသီးသီးတို့မှ အပြစ်ကျနှင့် ဝန်ထမ်းများ၏ ပါးစပ်များဝယ် ရေပန်းစားနေကြသည် ဆို၏။

ဤဖြစ်ရပ်သည် နာမည်ဆင်ဖြင့်ပင် ပုံမှားရိုက်လေသလား. . .။

ခံရသူ၊ ကြားရသူများကပင် နားကြားလွဲ ထင်ရှားရာဆွဲ တွဲလေသလား . . .။

ယင်းကိစ္စ သူတို့ကာယကံရှင်များ၏ နှုတ်ရင်တွင်းမှာသာ သရုပ်ထင်လင်းစွာ ခင်းကျင်းနိုင်ကြပါအံ့။ အပြင်နေငါတို့နှင့် ကြားရသူတို့၏ စိတ်၌ကား ဘယ်လို ဘာကြောင့် ဆုံးဖြတ်စရာမရှိ ဆုံးဖြတ်လိုစိတ်လည်းမရှိ သူ့မနောနေအတွင်းထားစကားဖြင့် ခန့်မှန်းရ မလိုလောက်သောကြောင့်။

အနေကြာသူသည် နောက်ရောက်ထက် အသိများလေ့ရှိ၏။

အနေကြာသူသည် အိမ်ရှင်နေရာတွင် စာရင်းဝင်ဖြစ်နေ၏။

မဟာမြိုင် ချက်မရေ၌ လေးကျွန်းရန်အောင်(နိုင်ငံတော်ကိုယ်စားပြု)ဘုရားတည်ရန် အားယူနေသည့် ထိုအရှင်မြတ်သည် မော်ဘီနယ် သဲဖြူ၌ ဝိပဿနာရိပ်သာစခန်းကြီး ဖွင့်လှစ်ထားသည် ဆို၏။ ထိုရိပ်သာ၌ နိုင်ငံခြားသူ/သားများပါ လက်ခံကာ တရားပြပေးနေသည်ဆို၏။ ဤနိုင်ငံခြားသူ/သားများ မဟာမြိုင်အထိခေါ်လာသည်ကိုလည်း တွေ့ရ၏။ ထိုအရှင်မြတ်ကိုယ်တိုင်လည်း ၇၁ ခုနှစ်ဝါတွင်းကပင် ဤမဟာမြိုင်ချက်မရေစခန်းသို့ ကြွရောက် ဝါဆိုသည် ဆို၏။

ငါတို့ဆီ (ခေါင်နန်းပလ္လင်အကျွတ်အလွတ်စခန်း)သို့ကား တပေါင်း၊ တန်ခူး (ဆောင်းအကုန် နွေအကူး) လောက်ရောက်မှ လာရောက် ဂါရဝပြု၏။ ထိုအရှင်မြတ်နှင့်အတူ အကယ်ဒမီဆုများရှင် ရုပ်ရှင်မင်းသားတစ်ဦးလည်း ပါလာ၏။ ယင်းသည်လည်း နိုင်ငံတော်အုပ်ချုပ်သူများနှင့် အကျွမ်းဝင်သဲ့သည် ဆို၏။

ထိုစဉ် ထိုအရှင်မြတ်က ငါတို့အောက် (၆) ဝါလောက် ငယ်သော်လည်း ငါတို့သည် ငါတို့နှင့်တန်းတူထား၍ ရိုသေသော အခင်းအကျင်းများဖြင့် ဆက်ဆံ၏။ လေးစားသော အမူအကျင့်များဖြင့်လည်း ကထာသလ္လာပပြောဆို၏။ နည်းတူပင် ထိုအရှင်မြတ်ကလည်း ရိုသေလေးစားစွာ ပြန်လည် ဆက်ဆံသည်ကို တွေ့ရ၏။

သို့ တွေ့ဆုံရင်းကပင် ၎င်း၏လာရင်းကိစ္စကို ငါတို့အား လျှောက်ကြား၏။

ယင်းလျှောက်ထားချက်တို့၏ လိုရင်းမှာ -

တပည့်တော် မော်ဘီနယ် သဲဖြူတောရ၌နေပါသည်။ သို့နေရင်းက ပြည်မြို့သို့ သွားချင်စိတ်ပေါ်၍သွားပါသည်။ သို့သွားရင်းက ပြည်တစ်ဖက်ကမ်းကူးလိုစိတ်ပေါ်၍ကူးပါသည်။ သို့ကူးရင်းက ဤမဟာမြိုင်လာချင်စိတ်ပေါ်လာသဖြင့် လာခြင်း ဖြစ်ပါသည်။ သို့လာရင်းက ချက်မထိပ်တွင် နေလိုစိတ်ဖြစ်ပေါ်လာသဖြင့် ကျောင်းငယ်လေးတစ်လုံး အလှူခံပြီး တစ်ဝါတွင်း နေထိုင်ခဲ့ပါသည်။ ဝါကျွတ်သည်နှင့် ဘုရားတည်လိုသောဒကာပေါ်လာသဖြင့် ယခုဘုရားတည်ရန် စိုင်းပြင်းနေပါသည် လျှောက်၏။ တစ်ဆက်တည်းပင် ထိုဘုရားအတွက် ဘွဲ့တော်ပေးရန်ပါ ထပ်ပိုးလျှောက်၏။

ငါတို့ကလည်း ပေးပါမည့်အကြောင်းလည်း ကတိခံ၏။ တစ်ဖန်ဘုရားဖြစ်သဖြင့် (မုနိ) အမည်တော်အထွက်တင်၍ နံသင့်ဘွဲ့တော် အရင်းထားကာပေးရန်ကိုပါ ပြန်လည်လျှောက်ကြားလိုက်၏။

ဤ၌ ငါတို့ သဘောပေါက်လိုက်သည်မှာ. . . မော်ဘီ သဲဖြူမှနေ ပြည်မြို့သို့သွားခြင်းသည် ဒွတ္တဘောင်မြေနင်းခြင်း၊ ပြည်မှနေ တစ်ဖက်ကမ်းလှမ်းတက်ခြင်းသည် ပန်ထွာဘုရင်မနေရာမြေနင်းခြင်း၊ ပြည်တစ်ဖက်ကမ်းမှနေ ဤမဟာမြိုင်သို့ လာခြင်းသည် မဟာမြိုင်နယ်သိမ်းခြင်းပင်. . .။

သည်သို့ အထာပေါက်သော အလျှောက် အောင်သိဒ္ဓိ အမည်ပေါက်သော နံ့သာတိုင်အထုပ်ကိုလည်း ကိုယ်တိုင် ရိုသေစွာပေးလှူ၏။ တစ်ဖန် ကံပွင့်အမည်ပေါက်နေသောနံ့သာတိုင်အထုပ်ကိုလည်းပေးလှူ၏။ သည့်အတူ အောင်မာတ်ဆောင်သည့် . အလင်းတိုင်ကိုပါ ပေးလှူ၏။ သည့်နောက် အရှင်ဘုရားအတွက် အထောက်အကူပြုပါ ဘုရားနှုတ်မြွက်၍ တောင်ဝှေးတစ်ချောင်းပါ ပေးလှူ၏။ ပြီးသည်နှင့် အရှင်ဘုရားမိန်းမ မိပန်နှင့် (ပန်ထွာဘုရင်မနှင့်) အဆင်ပြေရန်ကိုတော့ အရှင်ဘုရားတို့ချင်း တိုင်ပင်[illegible]ပါဘုရား . . . အဆစ်ပေးလိုက်၏။

ဤစကားကို ထိုအရှင်မြတ် ပီတိများစွာဖြင့် နှုတ်ထွက်လက်ခံသွား၏။ သည်မျှဆို ငါတို့ အာဝါသိက (အိမ်ရှင်) ဘက်က လုံလောက်ပြီ ထင်မိ၏။

တစ်ဖန် ထိုနှင့်မရှေးမနှောင်းမှာပင် မန္တလေးမှ မြကျောက်ဆရာတော်ကြွလာ၏။ယင်းနှင့်အတူ ဤဘုရားတည်ရာ၌ ဘိလပ်မြေအိတ်ပေါင်း (၃၀၀၀)



www.burmeseclassic.com

www.burmeseclassic.com

လျှမည့်အလှူအမပါ ပါလာ၏။ ယင်းကို မြကျောက်ဆရာတော်က မိချိုခေါ်သဖြင့် (ငါတို့နားကြားလွဲသလားမသိ) ငါတို့ကလည်း မိချိုဟုပင် နှုတ်ကကျိုးနေ၏။ အမည်ရင်းမှာ မာလာဝင်း ဆို၏။ ကုမ္ပဏီလည်း မာလာဝင်း အမည်နှင့်ပင် ဆို၏။

သည်သို့ မြကျောက်ဆရာတော်နှင့်ငါတို့တွေ့ဆုံကြစဉ် မြကျောက်ဆရာတော် အမိန့်ရှိသည်မှာ သဲဖြူဆရာတော် ဘုရားတည်မည်ဆို၍ လာရောက် အားပေးခြင်း ဖြစ်ကြောင်း အထူးမိန့်ကြား၏။

မိချိုကိုကား ငါတို့က အာရုံစိတ်ထားပြင်ပေးလိုက်မိ၏။

'နင် ဘိလပ်မြေအိတ် သုံးထောင် အလှူ့အမအဖြစ်နှင့် စိတ်ရပ်မထားနှင့်။ ငါသည် ပလ္လင်တော်မှနေ ငှက်ပျောဖူးအထိ ဘုရားတစ်ဆူတည်ရာ၌ ငါ၏ ဤဘိလပ်မြေအိတ်များက အထောက်အပံ့ပေးစေမည်။ အာရုံပြု၍ ဘုရားအလှူ့အမဖြစ်အောင် စိတ်ကိုပို့ထားကြားလား' ဖြင့် . . .။

သည်မျှဆို မိချို (မာလာဝင်း) အား ဘုရားအမ ဖြစ်စေလိုသော ငါတို့၏ စေတနာ ပေါ်လွင်လောက်ပါသည်။

**တောင်းလေ ပေး၏ ချောင်းရေရှိကလည်း**

ဘွဲ့ချင်းယှဉ်၍ စစ်ပွဲပြင်ရာ၌ ချောင်းရေကိစ္စလည်း တစ်ခုအပါအဝင်ထင်မိ၏။ ချောင်းအနီးချဉ်းကပ်နေမိရာမှဖြစ်ပွားသောအန္တရာယ်ပင် . . .။ မဟာမြိုင်သည် ရေရှားဒေသဖြစ်၏။ မဟာမြိုင်တောကြီးအတွင်းဝယ် ရေထွက်ဒေသနှစ်ခုသာရှိ၏။ ငါတို့အနီးရှိ သက်ရင်းချောင်းသည် ထိုနှစ်ခုထဲ၌ တစ်ခုသောရေထွက်ဖြစ်လေ၏။ ထူးခြားသည်က မြေအောက်ငုပ်ရေများ ဤနေရာသို့ ဘွားခနဲလာပေါ်ခြင်းမျိုး ဖြစ်၏။

ငါတို့သည်ကား ကျောင်းတိုင်းကျောင်းတိုင်းတွင် မိုးကျရေခံအုတ်ရေကန်ကြီးများ (အချို့တစ်လုံး၊ အချို့နှစ်လုံး) တည်ဆောက်ထားသဖြင့် မိုးကျထိုင်း ရေရနေ၏။ ကျဲရေနှင့် သုံးသူကျရောက်က မင်းမူနေ၏။ သို့ကြောင့် ထိုသက်ရင်းချောင်း မျက်စောင်းပင် မထိုးမိ။ ထိုးမိသည်ကား ထိုနေရာရောက်ခါစ အုတ်ရေလှောင်ကန်ကြီးများ မတည်ရသေးမီ ကာလမျှသာ. . .။

သို့တစေလည်း သက်ရင်းချောင်းနှင့် ခေါင်နန်းပလ္လင်တို့သည် ရင်ဘောင်တန်း တစ်လမ်းတည်းအတူလျှောက်နေကြခြင်းကြောင့် သက်ရင်းချောင်းသည် ခေါင်နန်း၏ကာမပိုင်ဖြစ်၍နေပြီ။ ခေါင်နန်းကလည်း သက်ရင်း၏ကာမပိုင် ဖြစ်၍နေသည်။ သို့ဖြစ်ရာ သူမယားလိုချင်လျှင် သူလင်လှံနှင့်ထိုးပမာ . . . . . သက်ရင်းရေလိုချင် ခေါင်နန်းရှင် စစ်ပြင်ဖို့သာရှိတော့သည်။

ဤ၌ ငါတို့နှင့် ဘုရားတည်အုပ်စု (သူတို့၌ ဂိုဏ်းအဖွဲ့၊ အင်ဂျင်နီယာအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ ဟူ၍ အုပ်စုသုံးခုရှိသည် ဆို၏။) တို့ တစ်ခါက ရေအတွက် စကားပြောဖူးခဲ့ကြ၏။ ထိုစဉ်က ချက်မဒေသသည် ရေရှားပါးသောဒေသ ဖြစ်နေသေး၏။ သို့ကြောင့် ရေလိုသော် ဤချောင်းသို့ ကားဖြင့် လာသယ်နေရ၏။ ဘုရားတည်ရန်၊ လူသုံးရန် အားလုံးစုံအကုန်ပါ၏။ ရေသယ်ဒုက္ခကြီးလှ၏။

ယင်းကို ဒုက္ခတစ်ခါခံ သုခအမြဲတန်ပြန်လာစေရန် ရည်ရွယ်၍ သက်ရင်းမှ ချက်မသို့ ရေတင်စက်ဖြင့် တွန်းတင်ရန် စီမံခြင်းပင်။ ဤသတင်းချက်မနှင့် အမြဲကူးခပ်နေသော ငါတို့၏ကပ္ပိယကြီး ဒေါက်တာ သန်းထွေးအောင်က ငါတို့အား လျှောက်ထားရာ. . . ငါတို့က လိုချင်သလောက်ယူပါ။ သည်မှာအသုံးမပြုပါပြော။ စကားအပိုပြောက မပေးချင်လို့ (မယူစေချင်လို့) အတွေးဝင်တတ်သည်။ ကြိုပြောထား၏။

သို့ဖြင့် တစ်နေ့ ဦးသဲဖြူ ဦးစီးသော အုပ်ချုပ်ရေးအဖွဲ့နှင့် ရေရရှိရေးစက်မှုအဖွဲ့တို့ ငါတို့ဆီရောက်လာကာ လျှောက်၏။ ငါတို့ကလည်း အထက်က အတိုင်း ခွင့်ပြုကြောင်း ပြော၏။ သို့သော် ကိုယ့်ကိစ္စမဟုတ်ပါဘဲလျက်က သူ့အတွက် စကားနှစ်ခွန်းကျွံမိခဲ့၏။

ယင်းမှာ . . . မိမိသုံးလိုသော ရေပမာဏနှင့် ရေထွက်၏ စမ်းပမာဏတို့ကိုချိန်ပါ။ မိမိစုပ်ယူလိုသော ရေပိုက်လက်မနှင့် ရေလိုက်ပမာဏကိုလည်း ချိန်ပါ . . . . ဟူ၏။

သို့ဖြင့် စကားဖြတ်ကြကာ အစုခွဲလိုက်ကြတော့သည်။ တစ်ဖန် မခွဲမီ အာလာပသလ္လာပစကားများပြောကြားကြစဉ် အဘိုးလှရွှေ (တင်ဝန်းထွန်းကုမ္ပဏီမန်နေဂျာ) အား သင်္ကာယ်ကျင်းရွာအနီး ၎င်းကုမ္ပဏီမှ ဆည်အဖြစ်ပြုလုပ် လှူဒါန်းထားသော ဖိုးဒူးရိုးရေလှောင်တမံ၌ ရေတင်၊ မတင် မေးခဲ့မိ၏။

တစ်ဖန် ငါတို့မဟာမြိုင်ရောက်စကတည်းက ရေရှားလှသော သင်္ကာယ်ကျင်း၊ အောင်ချမ်းသာရွာ စသည့်ဝန်းကျင်ရွာများအတွက် ချင်းတွင်းမြစ်မှနေ မြစ်ရေတင်စီမံကိန်းပြုလုပ်ရန် စိတ်ကူးမိကြောင်းလည်း ပြောမိခဲ့သေး၏။

တစ်ဖန် ယခုအချိန် ယင်းသင်္ကာယ်ကျင်း၊ အောင်ချမ်းသာ စသည့်ရွာများသာမက ဤချက်မရေသာသနာ့နယ်မြေအထိပင် မြစ်ရေတင်စီမံကိန်း ပြုလုပ်ရသော် နောင်တာရှည်အကျိုးများသည့်အကြောင်းပါ အပိုထည့်မိခဲ့သေး၏။

ဤအပိုကား . . . ထိုအရှင်မြတ်၏နောက်၌ ဝန်ကြီးဌာနသုံးခု (လယ်ယာနှင့်စိုက်ပျိုးရေးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန) ပါနေ၍ တတ်နိုင်မည်ထင်သောကြောင့် အပိုထည့်ပေးလိုက်ခြင်းပင်။

သို့တစေလည်း အစုခွဲပြီးနောက် ရက်ပတ်များစွာ ကြာလာသော်မှလည်း သက်ရင်းချောင်းမှ ချက်မသို့ ရေတင်ကိစ္စ အလုပ်မစရှိနေချေရာ အနီးနေကပ္ပိယကြီး ဒေါက်တာသန်းထွေးအောင်အား မေးစမ်းမိရတော့၏။

အဖြေမှာ -

'အရှင်ဘုရားစကားများဟာ ရေမပေးချင်၍ ဘေးလွှဲပြောသော စကားများဖြစ်နေ၍လာရောက်မလုပ်ကြောင်း'

ဟူ၍ပင်။

ဖြစ်မှဖြစ်ရပလေ. . .။ ဦးသဲဖြူ ရေယူဖို့ ခွင့်တောင်းနေစဉ်က ငါတို့ခွင့်ပေးသောစကားများမှာ ဘုရားစူး ကျိန်မပြောရုံသာရှိခဲ့၏။

"ယူပါ၊ အရှင်ဘုရားလိုသလောက် ယူပါ။ ဤချောင်းရေ ဘုရားတပည့်တော်များ အသုံးမပြုကြ၍ အပိုဖြစ်နေပါသည်။ ဘုရားတပည့်တော်၌ ဘုရားတပည့်တော်နေထိုင်ရာ ကျောင်းမှ တစ်မိုးလုံးခံထားသည့် လှောင်ကန်ရေများဖြင့်ပင် လုံလောက်နေပါသည်။ နောင်နှစ်မိုးဦးများကျလာသော်မှ ကန်တွင်းရှိ ရေတစ်ဝက်မကျိုးတတ်ပါ။

တစ်ဖန် ကပ္ပိယကြီးများ နေထိုင်ရာ မဟာမြိုင်ကျောင်း၌လည်း ရေလှောင်ကန် သုံးကန်အပြင် ကျောက်စည်ကြီးပါရှိနေသဖြင့် လုံလောက်နေပါသည်။ တစ်ဖန် မေတ္တာမြိုင်ဧည့်ကျောင်းဆောင်တွင်းလည်း မိုးရေခံရေလှောင်ကန်နှစ်ကန်ရှိနေသဖြင့် လုံလောက်ပါသည်။ ဧည့်ကျများသော် ရေတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

ချောင်းရေကို စက်ဖြင့် စုပ်တင်ပေးရသည်က မပြောပလောက်ပါ"

သည်မျှစကားဖြင့် ခွင့်ပြုခဲ့၏။ သည်မျှစကားဖြင့် ငါတို့၏စိတ်ထားရာစေတနာ လုံလောက်နေပါ၏။ သို့စဉ်လျက်. . . 'သူ့ရေမပေးချင်၍ ဘေးလွှဲပြောသည်' စကားဖြင့် စွဲချက်တင်ခြင်းမှာ ရန်ရှာချင်၍ပြောသလား၊ အဓိပ္ပာယ်အကောက်များသလား။ ဤအစွန်းနှစ်ပါး တစ်ပါးပါး၏ ပယောဂဟု ထင်မိ၏။

သို့ဖြင့် 'သူ့ရေမပေးချင်၍ ဘေးလွှဲပြောသည်' ဆိုသော ဤစကားကသည်း ဘွဲ့နှစ်ခုယှဉ်၍ စစ်ပြင်ရာ၏ကျောထောက်နောက်ခံအရာတစ်ခု ဖြစ်သာသည်ထင်မိ၏။

**ဆောဇောမိမြိုင်သေပြီဆိုတာဟုတ်သလား**

အထက်က ဆိုခဲ့ပြီးသော . . . ဆောဇောမိမြိုင်ဆရာတော်ကြီးက တောတွင်းသားများကို ပေါ်တာဆွဲနေသတဲ့၊ ဆောဇောမိမြိုင် ဆရာတော်ကြီးက သူ့နားရှိရေ မဝေလိုလို့ စကားလွှဲပြောသတဲ့ . . .။ ဤသတင်းများသည် ငါတို့နားဆတ်ဆတ်ကြားမဟုတ်။ တစ်ဆင့်ခံဖြင့်ပြန်လာကြသော လက်တို့သတင်းများသာ ဖြစ်ကြ၏။

ကာယကံရှင်များ၏ နှုတ်ထွက်သက်ရာဟုတ်၊ မဟုတ် မသေချာလှပါ။ သို့ကြောင့် ဒါသူ့လက်ရာအမှန်ပါပဲဟူ၍ ငါတို့မှတ်ချက်မပေးဝံ့ပါ။ သည့်အတူချက်မရေ ဘုရားတည် သာသနာပြုလောက တစ်လောကလုံးနီးနီးက မဟာဆောမိမြိုင်မကောင်းကြောင်း အပုပ်ချစကားပြောကြားနေကြလေရဲ့ . . . ဆိုသောစကားများသည်လည်း တစ်ဆင့်ကြားလည်းဖြစ်၊ တစ်စိတ်တစ်ဒေသတိုက်လေလည်း ဖြစ်နေကြသဖြင့် ငါတို့မှတ်တမ်းမတင်လိုပါ။

ယခု ရေးသား တင်ပြမည့် စကားသည်ကား နဘယ်မဂ္ဂဇင်းကြီးမှနေတိုင်းသိပြည်ကျော် အော်မေးထားသည့်စကားဖြစ်နေသည်က တစ်ကြောင်း၊ ဘုရားတည်ရာ၌ ပဓာနဝန်ဆောင်ဦးသဲဖြူ၏ နှုတ်လွှတ်စကားလည်းဖြစ်နေသည်က တစ်ကြောင်းကြောင့် ဒါကေန်၊ ဒါအမှန်ဟူ၍ ငါတို့ တထစ်ချမှတ်တမ်းပြုစုလိုက်ပါသည်။

ယင်းစကားကား . . .

'မဟာဆောမိမြိုင်ဆရာတော်ပျံလွန်တော်မူပြီဆိုတာ ဟုတ်သလား' ပင်။

ဤစကားကို မဟာမြိုင် ချက်မကြီးနေသော ဦးသဲဖြူက ရန်ကုန်၌နေသော ဗိုလ်မှူး မြသန်းစံ (ငြိမ်း) သို့ မေးသောဟူ၏။ တစ်ဖန် ဗိုလ်မှူးမြသန်းစံက မောင်သွေးချွန်သို့လှမ်းမေးသောစကား၊ တစ်ဖန် မောင်သွေးချွန်က တပည့်ကျော်မြတ်သူသို့ လှမ်းမေးသော စကား။ တစ်ဖန် မြတ်သူက ရွှေဘိုနေ ဒေါက်တာအိုကေသို့ လှမ်းမေးသော စကား။ ထိုစကားသည် ငါတို့ခြေရင်းကနေ တစ်ပြည်လုံးသို့ ဖြန့်ဝေသော စကားဖြစ်နေ၏။

အကယ်တိတိ ထိုဦးသဲဖြူနှင့် အပေါင်းပါတို့ သွေးရိုးသားရိုးမေးလိုပါမူ ငါတို့နေရာ ခေါင်နန်းပလ္လင်သည် ဦးသဲဖြူနေရာ ချက်မရေ၏ အနီးလည်းဖြစ်၊ ခေါင်းရင်းလည်းဖြစ်သောချက်မ၏ တနင်္ဂနွေအရပ်၌ တည်သဖြင့် လူကိုယ်တိုင် ခုချက်ချင်းလာမေး၊ ခုချက်ချင်းပင် အဖြေရနိုင်၏။ လူကိုယ်တိုင် လာမမေးဘဲ လူကြုံမေးလျှင်ပင် (ချက်မနှင့် ခေါင်နန်းအကြား လူအများ ဥဒဟိုသွားလာနေခြင်းကြောင့်) ချက်ချင်း အဖြေသိနိုင်၏။

သို့စဉ်လျက် မြန်မာပြည်မြောက်ဖျားမကျတကျ မဟာမြိုင်ချက်မကြီးကနေ မြန်မာပြည်တောင်ဖျားမကျတကျ ရန်ကုန်နေများဆီသို့. . . လူဝှက်လေလွှတ် သပိတ်သွတ်လိုသဖြင့် လှမ်းမေးလိုက်ခြင်းသည် သွေးရိုးသားရိုးမှတိုးထွက် သွေးပိုးသားပိုးဖြင့် ထိုးနှက်စကားအမှန်ပင်။ ထိုသတင်းပါ နဘယ်မဂ္ဂဇင်းကြီး ငါတို့လက်ထဲရောက်ကတည်းကသည်သို့ပင် ငါတို့မှတ်ချက်ချလိုက်သည်။ ဤမှတ်ချက်နှင့်အတူ အံ့အားသင့်ခြင်း၊ သံဝေဂရခြင်းများလည်း အချိန်နှင့်ဆက်၍ တွဲဖက်ဖြစ်ပွားစေခဲ့ပြီ။

ဘုရားသားတော်ချင်း ဘာကြောင့်ဆင်းရဲလိုသနည်း။

သူတော်ကောင်းအမည်ခံထားသူချင်း ဘာကြောင့် ယုတ်ညံ့စိတ်မွေးမြူသနည်း။

ခရီးသွားချင်း ဘာကြောင့် လမ်းကွဲကနေ ရပ်ဆဲနေသနည်း။

ဤ၌ တစ်ဦးနှင့်တစ်ဦး လာရာလမ်းချင်းမတူကြ၍ ဆုံရာ၌လည်း မတူခြင်းသည် လမ်းကွဲ။ တစ်ဦးနှင့်တစ်ဦး ပါရမီဖြည့်ယူပုံချင်းမတူကြ၍ ဖြည့်ကျင့်ရာ၌ မတူချင်းသည် လမ်းကွဲ။

အထက်ပါ အတွေးသံဝေဂများနှင့်အတူ ငါကြောင့် သူတစ်ဖက်သားများ အကုသိုလ်မပွားစီးကြစေရန် ငါသည်နေရာမှ စွန့်ခွာပေးသင့်၏။ အကြံဖြစ်ပေါ်စေခဲ့သည်။

၁။ ဘယ်နေရာရောက်ရောက် ဌာနေသံဃာများ စိတ်ငြိုငြင်ကြောင်းကြားသိရက ထိုနေရာ ငါမနေ။

၂။ ဘယ်နေရာရောက်ရောက် လူရှုပ်၊ လာဘ်ပေါ၊ ကျော်စော၊ ခြွေရံဤလေးတန်အခံရှိနေက ထိုနေရာ ငါမနေ။

၃။ ဘယ်နေရာရောက်ရောက် သာသနာမှိ၍ မိမိကိုယ်ကျိုးရှာလိုသောလူ၊ ရှင်၊ ရဟန်းများ တွေ့လာရက ထိုနေရာ ငါမနေ။

ဤငါမနေ (၃) ချက်တွင် အမှတ် (၁) ငါမနေနှင့် ငြိနေ၍. . .။

ထိုနေရာ၌ ဦးသဲဖြူသည် ငါတို့အောက် အရောက်နောက်ကျသော ရဟန်းဖြစ်နေ၏။ သို့တစေလည်း ငါတို့သည် ရှေ့ရောက်၊ နောက်ဝင်ကို အဓိကမထားဘဲ ငါတို့ကြောင့် တစ်ဖက်ဦးသဲဖြူနှင့် အပေါင်းပါများ စိတ်ငြိုငြင်နေမှုကိုသာ အလေးထား၍ သည်နေရာက ငါထွက်ခွာပေးသင့်သည်။ အကြံဖြစ်ပွားစေခဲ့ခြင်းပင်။

ငါကောင်းစား၍ တစ်ဖက်သားဆင်းရဲနေသောဒုက္ခ ငါမခံနိုင်ပါ။ တစ်ဖက်သား ကောင်းစား၍ ငါဆင်းရဲသောဒုက္ခကိုသာ ငါခံနိုင်၏။

ဘာကြောင့်မေးသော် . . .

- ငါသည် မမွေးမီ၊ မွေးပြီးမှ ယနေ့ကျတိုင် ဒုက္ခနှင့်သာ လက်ပွန်းတတီးနေနှင့်ရခဲ့၍။
- ငါသည် ဒုက္ခကို ဒုက္ခမှန်းမသိသေး၍ သံသရာလည်နေရကြောင်း သဘောပေါက်နေ၍။
- ငါသည် ဘုရားရှင်နှင့် သာဝကကြီးများစွာ၏ ကိုယ်ကျိုးစွန့်ဝါဒကို အထူးအားကျနေ၍. . .။

**ဘွဲ့ပေးအရေးတော်ပုံ**

ငါတို့ထံမှောက် လာရောက်၍ ဂါရဝပြုစဉ်တုန်းက ဦးသဲဖြူ လျှောက်ထားသည့်စကားထဲဝယ် သူတည်မည့်ဘုရားအား ဘွဲ့အမည်ပေးပေးပါရန် ပန်ကြားသောစကားလည်း တစ်ခုပါဝင်နေ၏။

သို့ကြောင့် သူတည်မည့် ဘုရား၏ ပန္နက်တင်မင်္ဂလာကို နားစွင့်မိခဲ့ရာ ၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဖြစ်ကြောင်း ကြားသိခွင့်ရလေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ယင်းအင်္ဂါကို မဟာဘုတ်ဇယား ထဲ ထည့်ကြည့်ရန် ၁၃၇၂ ကို ခုနစ်ဖြင့် စားလျှက် အဖြေရှာ၏။

```
      ၁၃၇၂
၇/၁   ၇
      ---
      ၆၇
၇/၉   ၆၃
      ---
      ၄၂
၇/၆   ၄၂
      ---
       ၀
```

'၀' ကြွင်းသောအဖြေ

တစ်ဖန် ဤသုညကိုပင် ကိုင်၍ အောင်-လံ-ထူ-စစ်-သူ-ကြီး-ပွဲဆိုရိုးကို အကြွင်းအတိုင်း စဉ်လိုက်သောအခါ ထူ-စစ်-သူ-ကြီး-ပွဲ-အောင်-လံဖြစ်နေ၏။ ယင်းကို မဟာဘုတ် ဇယားကွက်တွင် သွင်းကြည့်လိုက်ရာ -

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

မရဏအိမ်၌ အင်္ဂါနေခွင့်ရသည်ကို တွေ့ရ၏။

မဟာဘုတ်အတိုင်းဆို... ယခု တည်မည့် ထိုဘုရားသည် မရဏဖွားဖြစ်နေသဖြင့် အစဉ်ခက်ခဲမည်။ စပြီးနောက် ဆက်တက်ခဲ့သော်ပျက်ပင်ပျက်နိုင်သည်။ ယင်းတို့ကို... ပဓာနတာဝန်ခံ၏သိက္ခာ ဖြစ္စင်အား အထူးအားထားရမည်။ ဘုရားအမဖြစ်သူက နဝင်္ဂသီလထိန်း၍ ဂုဏ်တော်မေတ္တာပွားစီးပေးကာ နောက်မှနေ အားဖြည့်ထောက်ကူထူပေးရမည်။ ဘုရားတည်တာဝန်ယူကြရသည့်အင်ဂျင်နီယာ၊ ပန်းရန် စသော အလုပ်တာဝန်ခံများတလည်း အနည်းဆုံး ငါးပါးသီလကို တံသုံးပါးဖြည့်တို့ဖြင့် စောင့်စည်းကာ ဂုဏ်မေတ္တာပွားပေးကြရမည်။ ဤပွားပေးခြင်းကလည်း ပဓာနဆရာတော်၏ နောက်မှနေကာ အားဖြည့်ပေးကြရပါမည်။

ဤအရာများကား ငါ့စိတ်ကူးမျှသာ...။

ထိုစိတ်ကူးဖြင့်ပင် ယခုတည်မည့် ဘုရားရှင်၏ဘွဲ့တော်အားမှည့်ခေါ်စရာ ဖွင့်ပေးရတော့မည်ဖြစ်ရာ...

တိုင်းပြည်အတွက် တည်သော ဘုရားဟု အတွေးပေါက်နေသောကြောင့်...

(က) ဤဘုရား၏ တန်ခိုးတော်က ထိုင်းပြည်ကြီး စည်ကားခြင်း၊ သာယာ ချမ်းမြေ့ခြင်းများကို ပေးသနားတော်မူပါရန်...

(ခ) တန်းအောက်ကျပြီး ကွယ်လွန် အနိစ္စရောက်စရာ အန္တရာယ် များစွာကို မြှင့်တင်ပေးခြင်း၊ ကလျာဏမိတ်အရာဝင်ခြင်းများဖြင့် တိုင်းသူပြည်သားများအပေါ် စောင်မတော်မူပါရန်...

ဤနှစ်ချက်ကိုမူတည်၍ ဘွဲ့တော်အား **'စည်သာမုနိ'** ဟူ၍ သမုတ်လိုက်တော့သည်။

ဤသို့ -

'စည်'သည် အင်္ဂါသားဘုရားဟူ၍လည်း အသိပေးနေမည်။ တိုင်းပြည်ကြီး စည်ပင်ပြန်ပြောရန်၏ အတိတ်ဆောင်အဖြစ်လည်း ရပ်တည်ပေးမည်။ 'သာ' သည် မိတ်ဖက်အထက်နေ သောကြာနှင့် အင်္ဂါတွဲနေခြင်းကိုလည်း အသိပေးမည်။ တိုင်းပြည်ကြီးသာယာအေးချမ်းစေကြောင်း အတိတ်ဆောင်းလည်း ဖြစ်စေမည်။ 'မုနိ' ကား လူသုံးပါးတို့ (မူလလူ၊ နတ်ဖြစ်လူ၊ ဗြဟ္မာဖြစ်လူ) ကိုးကွယ်အားထားရာ ဘုရားရှင်အဖြစ် သိစေသည်။

သို့ဖြင့် ဤ'စည်သာမုနိ'ဘွဲ့အမည်တော်ကို အဓိပ္ပာယ်ရှင်းလင်းချက်များနှင့်အတူ ရေးပေး၍ ဦးသဲဖြူအမည်ဖြင့် လိပ်မူ၍ ကပ္ပိယကြီး ဒေါက်တာသန်းထွေးအောင်မှတစ်ဆင့်ပေးပို့လိုက်သည်။

ပေးပြီး မျှားမကြာမီ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သားဖြစ်သူ ကြိုင်စန်းရွှေနှင့် သူ့ဇနီး ဗိုလ်ချုပ်မှူးကြီး၏ ချွေးမဖြစ်သူ ဒေါက်တာ ခင်ဝင်းစိန်နှင့်အဖွဲ့ တစ်ညတွင် ငါတို့နေရာ အကျွတ်အလွတ်ဗုဒ္ဓဝိဟာရသို့ရောက်လာကြသည်။ သူတို့နောက်တွင်ကား အနောက်မြောက်တိုင်းတိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် လုံခြုံရေးတပ်ဖွဲ့များ လိုက်ပါလာကြသည်။

ရောက်သည်နှင့် ထုံးစံအတိုင်း လှူကြ၏။ အလှူဖြစ်စေတနာဖြင့် နိဗ္ဗာန်လမ်း တန်းစဉ်ပေးကြ၏။ ထုံးစံအတိုင်း အာလာသလ္လာပစကားများ အပြန်အလှန်ပြောကြားကြ၏။ သည့်နောက် ပြန်ကြရန် ဟန်ပြင်အဖြစ် ဧတ်အာတ်ရပ်မိကြသောအခါ...

"တပည့်တော်တို့ ဘုရားကို လေးကျွန်းရန်အောင်ဘွဲ့မှည့်မှာဘုရား"

ဤစကားကို ဗိုလ်ချုပ်မှူးကြီး၏ ချွေးမဖြစ်သူ ခင်ဝင်းစိန်က ငါတို့ကို လျှောက်၏။

ငါတို့ကလည်း -

"နင့်တို့ဟာနင်တို့ မှည့်ချင်ရာမှည့်ပေါ့ဟ။ နင်တို့ဘုရားက မရဏဖွားကြီး။ မရဏဖွား လူဖြစ်ခဲ့လျှင် မီးတွင်းကာလ တစ်လျှောက်လုံးလည်း သေနိုင်သေးတယ်။ တကယ်လို့ သူ့နောက်ထောက်ကံက ခုခံအားကောင်းကောင်းနဲ့ ထိုးဖောက်နိုင်ခဲ့လျှင် (၁၀) နှစ်ကျော်ပြီးအထက်နန်းတက်ခွင့်အထိ အကျိုးပေးထူးတတ်တယ်။ အခုဟာက လူမဟုတ်ဘဲ လူအစား ဘုရားဖြစ်နေလေတော့ နင်တို့ဘုရား အခက်အခဲများစွာနဲ့ စတင်ကြရမှာ။ ကံပေါ် ရှာန်ဆင့် ဉာဏ်မျက်စိ ဖွင့်တက်နိုင်မှ အသက်မသေမှာ။ သဲကြီးမဲကြီး ဖွဲ့နပဲကြိုးကြိုးနဲ့ အတွဲညီမှ အောင်မြင်နိုင်မှာ ...

သည်စကားများဖြင့် ထိုဘုရားအတွက် ဟောကိန်းခပေးလိုက်၏။ ပြီးသော် 'စည်သာမုနိ' အမည်တော်မှည့်ရခြင်း၏အဓိပ္ပာယ်ကိုလည်း ပြောပြလိုက်သည်။ ပြောမည့်သာပြောရ လိုရာဆွဲ၍ လိုရာတဲကဲချင်ကြသော ရာဇမာန်သမားများ၏နား ငါတို့စကား ဝင်သွားစရာ လမ်းမမြင်။

တစ်ဖန် ဘွဲ့တောင်းသည်က ရိပ်သာပိုင် သာသနာပြု အမည်ခံ ဦးသဲဖြူ ဘွဲ့ခံသည်က နိုင်ငံတော်အကြီးအကဲ၏ ချွေးမ။ သို့ဖြစ်ရာ ငါတို့အား ဘွဲ့တောင်းခံခြင်းသည် အကြောင်းတစ်စိတ်၊ ကိစ္စတစ်ခုအတွက် မှတ်ချက်ယူလို၍ တောင်းသလား။ ကိုယ့်ဘုရားတန်းက မင်းဘိသိက်ခံဘွဲ့ပေးထားသည်ကိုး...။


တစ်ဖန် ငါတို့အား ဘွဲ့တောင်းခံခြင်းသည် ကြိုက် ယူမည်၊ မကြိုက် မယူဖြင့် ပုဂ္ဂိုလ်အမျိုးမျိုးတို့ထံ အကြံဉာဏ်ယူဘိသို့...။

ငါတို့အားလည်း၊ အကြံယူလေသလား...။ မင်းတို့မည်သည် နားများများထား။ စကားများများနားထောင်တတ်သည်ကိုး။

ဤဘွဲ့ပေးအရေးတော်ပုံကလည်း ဦးသဲဖြူ ငါတို့အပေါ် အကွက်ဆင်ပေးသော စစ်ပရိယာယ်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်၏။ ဟုတ်၊ မဟုတ်ကား အဖော်မသိ။



www.burmeseclassic.com



www.burmeseclassic.com

သို့မဟုတ် ဆိုင်ရာပိုင်ရာ မင်းကြီးများ၏ ရာဇပရိယာယ်လည်းဖြစ်နိုင်၏။

မည်သို့ဆိုစေ မဟာမြိုင်သည် ငါတို့နှင့် သူတို့အကြား ထီးပြိုင်နန်းပြိုင် ဖြစ်လာနေသည်ကား သေချာသည်။ ဖြစ်လာသော်. . .။ ငါတို့အား နန်းချရန် အတွေးလည်း တွေးမှာသေချာသည်။ သေပလား မေးခြင်းသည် (အချင်းချင်း နှုတ်ဖြင့်မေးခြင်းသည်) ဓာတ်သက်သတ် ခံရန် ဓာတ်သမား၏ ဓာတ်စကား ဖြစ်နိုင်သည်။

**ဗျူဟာတော်မှုနန်းကခွာပြီ**

အထက်က ဆိုခဲ့ပြီး အကြောင်းအရာများကို တွက်ဆ၍ ငါတို့သည် မဟာမြိုင် ခေါင်နန်းပလ္လင် မမွေ့သက ခံနန်းမှထွက်ခွာရန် ယတိပြတ် ဆုံးဖြတ်ချလိုက်ပြီ။

သည့်နောက် မဟာမြိုင်၏ဆိုင်ရာ ပိုင်ရာများနှင့် ယခင်က ကတိပေးပြီး၊ မြွက်ဆိုထားပြီးစကားများရှိနေခြင်းကြောင့် ဤ ငါ၏ မဟာမြိုင်စွန့်ခွာရန် ဆုံးဖြတ်ချက်အပေါ် သင်တို့ သဘောတူ၊ မတူ ဆန္ဒတောင်းခြင်းများ စမောင်ပြုလုပ်ရမည်။ တစ်ပတ်မျှကြာ၏။

ဤ၌ မဟာမြိုင် မိပန် (ပန်ထွာ ဘုရင်မ)၊ ငါတို့ နေရာ အကျွတ်အလွတ် ခေါင်နန်းတို့၏ တာဝန်ခံများနှင့် အပေးအယူစကားထားရှိဖူးသည်များကို ကြားညှပ်ပြောကြားလိုသေး၏။

ငါတို့၏ မဟာမြိုင်တောအဝင်သည် မပြန်လမ်းအဖြစ်ရွေးပြီးဝင်သည်။ သို့ကြောင့် အန်စာသိမ်းပြီး စကားဖြင့် နံကောက်စာစီခဲ့သည်။ သည့်နောက် ၁၃၇၁ ခုနှစ်သို့ ရောက်အံ့သောအခါ (လူတွေ့ခံရမည်ရှိသောအခါ) ငါ၌အကြံ တစ်မျိုး ခိုးလို့ခုလုဖြစ်စေခဲ့ပြီ။ ယင်းကား . . .

ငါကြောင့် မဟာမြိုင်တောတွင်လည်း လူနင်းခံရှာရတော့မည်။

မဟာမြိုင်ဂုဏ်ဟိတ်ကြောင့်လည်း ငါပခွင်းလူနင်းခံရမည်။

ဆိုလိုသည်မှာ . . . ငါကြောင့်လည်း သန့်ရှင်းနေသောသူတော်ကောင်းကြီးများ ကိန်းအောင်းမွေ့လျော်နေသော မဟာမြိုင်တောကြီး ရှုပ်ထွေးလာနိုင်သည်။ တစ်ဖန် မဟာမြိုင်ဂုဏ်သတင်းကြီးမားစွာမွှေးနေခြင်းကြောင့်လည်း ငါ ထံရှိ ဝိဝေကမွေများလည်း အဆုပ်အဖွခံရနိုင်သည်. . . ဟူ၍ပင်။

ဤအတွေးများနှင့်အတူ ဖောင်းပြင်၊ ဖောင်းပြင်မှနေ အနောက်ဆင်း၍ ဟိမဝန္တာတောကြီးအတွင်းဝင်ရန် ဟန်ပြင်မိရာ . . . မိပန်တရော မဟာမြိုင် တာဝန်ခံကပါ သတိပေးလာပါတော့သည်။

"အရှင်ဘုရား၊ အဲ့သည်ဆီထွက်ခွာမည်ဆိုပါလျှင် ရာတုထောင့် မန်ကျည်းပင်အောက်ကလူနှင့် အပြန်အလှန်တိုက်ခိုက်အနိုင်ယူပြီးမှသွားခွင့်ရမည်"

ဟူ၍. . .။

တစ်ဖန် ငါသည် ငါ့အား ယုံကြည်အားကိုးနေရှာကြသော လားဟူ၊ လီရှော၊ ရှမ်းတို့နေထိုင်ရာ သုဝဏ္ဏသျှံတောင် ထိုတောင်သို့အသွား ခရီးသွားဟန်တွဲ အနေဖြင့် နတ်တလူ၊ ရန်ကုန်၊ ပျဉ်းမနား၊ သာစည်များသို့ပါ ဒေသစာရီလှည့်၍ ခရီးပြီးဆုံးသည်နှင့် သည်မဟာမြိုင်ပြန် ထိုင်ရကောင်းမလားဟူ၍. . .။

ထိုအတွေးများ ခန္ဓာမဆန့် တပ်လှန့်လာသောအခါတွင်လည်း ဆိုက်ကားကြီး နောက်ဆုတ်စီး စီးနင်း၍ သွားခြင်းကိုလည်း သူတို့က သဘောမတူနိုင်ပါ ဟူ၍ အရေးဆိုလာကြပြန်ပါ၏။

သူတို့၏ဆိုခဲ့ပြီး တုံ့ပြန်အိပ်မက်ပေးနှစ်ခုကို စဉ်းစားကြည့်သော်. . . ရှေ့တိုးရန်လည်း သဘောမတူ၊ နောက်ဆုတ်ရန်လည်း သဘောမတူ. . . ဤအဖြေကိုရ၏။ ထိုနှင့်အတူ သည်မှာ နေမြဲနေသည်က အကောင်းဆုံးအဖြေလည်း ရလာပြန်၏။ ထိုအိပ်မက်များကို အတည်ယူ၍ ငါတို့သည် ဤမဟာမြိုင်မှာပင် ဦးခေါင်းချတော့အံ့ ဆုံးဖြတ်ချက်ချလိုက်သည်။

တစ်ဖန် မဟာမြိုင်တောကြီး၏ **တစ်ဖက် တာဝန်ခံ** မိပန်၊ သည်ဘက် **တာဝန်ခံ** ဝိဇ္ဇာလောကအရှင်မြတ် ၎င်းတို့နှင့်လည်း အေးအတူပူအမျှ ငါနေတော့အံ့။ သာသနာ့ဝန်ကို ဦးထမ်းပုံ့ထမ်း အတူထမ်းကြ၍ ကျလာသမျှ ဒုက္ခအဝဝတို့ကိုလည်း သူတစ်ဝက်၊ ကိုယ်တစ်ဝက် နှစ်ဖက်ဝဏ်လျက် ငါဝင်ခံအံ့။ သည်သို့လည်း ဆုံးဖြတ်ချက်ချလိုက်ပြီ။

သို့ဖြင့် ၁၃၇၁ ခုနှစ်၊ တန်ခူးလမှ



www.burmeseclassic.com

www.burmeseclassic.com

စတင်ကာ ပထမ မဟာမြိုင်သံဃာ့ပူဇော်ပွဲကြီး အတူတကွ ကျင်းပခဲ့ကြပြီ။ သည့်နောက် ရောက်လာသမျှ ရဟန်းဧည့်၊ လူဧည့် စသည်တို့ကိုလည်း အတူတကွ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံခဲ့ကြပြီ။

ဤကား ငါတို့နှင့် မဟာမြိုင်တာဝန်ခံတို့ အပေးအယူဖြစ် စကားများ။ ထိုကတိကဝတ်စကား အလေးထား၍ ယခု မဟာမြိုင်မှထွက်မည်ပြုသောအခါတွင်လည်း ၎င်းတို့အားသဘောတူ၊ မတူ ဆန္ဒတောင်းခံရခြင်းဖြစ်ပါသည်။

သို့တိုင်လည်း အချိန်တစ်ပတ်ကျော်ကျော်သာကြာသွား၏။ တုံ့ပြန်သံများကား ပေါ်မလာကြတော့ပါ။ ယခင့်ယခင်တို့က ချက်ချင်းတုံ့ပြန်တတ်သော်မှလည်း ယခုအခါတွင်ကား ဘာမှမလှုပ်ရှင်နှုတ်ပိတ်၊ တိတ်ဆိတ်နေကြပုံထောက်သော်. . .

'အင်း - မဟာမြိုင်အုပ်စိုင်စား မိပန်နှင့်တာဝန်ခံတို့၏ ပါးစပ်များ အာစေးများ အထည့်ခံထားကြရလေသလား'

အတွေးပွားရပြီ။ 'အင်း . . . မဟာမြိုင် အရှင်မ မိပန်နှင့် သူဆိုင်ရာတာဝန်ခံကြီးများ သုံ့ပန်းနေရာထားအခိုင်အစားများခံနေရှာကြရလေသလား . . .' အတွေးပွားရပြီ။ အတွေးသည် အတွေးသာ ဖြစ်၏။ အတွေ့ကဲ့သို့ကား မသေချာ။

သို့တစေလည်း နဂိုအခြေအနေပြောင်းသွားသည်ကား သေချာလွန်းလှသည်။ သေချာလွန်းသဖြင့် သူတို့ဒုက္ခငါတစ်ဝက်မျှ ခံမဟုတ်ကြံမိသောအခါတစ်ဖက်က မင်းမိန့်ဖြင့် လေးကျွန်းရန်အောင်ဘွဲ့ခံဘုရားတည်နေကြသောရိပ်သာနှင့် သာသနာပြုတို့၏ ပဓာနနာယကရဟန်းတော်အရှင်မြတ်၊ သည့်အတူ ဂိုဏ်းအသီးသီး ဂိုဏ်းဦးစီးကြီးများဖြစ်ကြသော အာဏာပါမောက္ခကြီးတို့၏အရိပ်ကို ခိုလှုံလျက် ဘုရားတည်ရာဘက် မျက်နှာမူထားကြသည့် ဂိုဏ်းအဖွဲ့များ အထက်ပါအားစုကြီးများကို ဘွားခနဲ သွားတွေ့လိုက်ရရာ . . . ငါ့ထံရှိအင်အားမဲ့နှင့် သူတို့ထံနေ အင်အားကြီးများက ပုရွက်ဆိတ်နှင့် ဆင်ပမာဝင်နေပုံ သိမြင်လာရသည်။

သို့ကြောင့် ငါသည် သူတို့ဒုက္ခတစ်ဝက်မျှခံအဖြစ်ဖြင့် မဝင်ဆံ့နိုင်ရာ -

'မိပန်ရေ ကိုယ့်အဖြစ်ကိုယ်ရှု ဘယ်သူမှ သွားတုမနေနှင့်တော့ကွယ်။ တာဝန်ခံကြီးများရေ သူ့အလုပ်သူလုပ်ပါစေ မားခုတ်ရာတွင်လက်ဝင်လျှိုမနေပါနှင့်တော့'

သို့ စိတ်ဖြင့် အော်ပြောရင်း ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ ညဦး (၇) နာရီတိတိ အချိန်တွင် မဟာမြိုင်မှ ထွက်ခွာခဲ့ရချေပြီ။

သို့ကြောင့် ဤမဟာမြိုင် ခေါင်နန်းစခန်းကိုလည်း အသွားမတော်တစ်လှမ်းထဲ စာရင်းလွှဲသွင်းလိုက်ရတော့သည်။

မဟာမြိုင် စခန်း
ထိုခေါင်နန်း . . .
အလှမ်းမတော်ဖြစ်ခဲ့ပြီ။

**မိုးကိုမိတ်ဆွေဖွဲ့ ထိုမိုးက ဖဲ့လို့ပဲ့ ရွဲ့လို့ရွဲ့နဲ့**

မဟာမြိုင် ခေါင်နန်းပလ္လင်စခန်းမှ ထွက်မည်။ သို့သော် အထွက်သာရှိလျက် အဝင် (ဝင်ရမည့်) ဘက်မှကား ကွက်လပ်ဖြစ်နေသည်။

ငါတို့ ထွက်လျှောက်ခဲ့ရသောလမ်းကား မြန်မာ့မြေပြန့်တစ်နံတစ်လျားနှင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ယောဒေသများအထိ ခရီးတွင်ပြီးဖြစ်ရာဘယ်သွားသွား သည်ကိုယ်တော်ကြီးလား အသိများလွန်းနေပြီ။ သို့ကြောင့် စခန်းသစ် လမ်းသစ်ထွင်၍ ဝင်ရမည့်လမ်းကား အိန္ဒိယပြည် ဟိမဝန္တာတောင်သို့မဟုတ် ရှမ်းပြည်နယ် လူခေါင်ခေါင်မိုးမိတ်လျှိုကြားမြောင် သည်နေရာလောက်သာ ကျန်တော့သည်။ ချင်း၊ ကချင် ငါနှင့် အံမဝင်။

သို့ - ဒေသအကျဉ်းအခင်းနှစ်ခုမျှသာ ကျန်ရှိတော့ရာ ဟိမဝန္တာသည် အအေးလွန်ကဲ၏။ ငါတို့၌ သွေးကြောပိတ်ရောဂါရှိနေ၏။ သို့ကြောင့် ဟိမဝန္တာလည်း ငါနှင့် အံဝင်ခွင်ကျ မိတ်ဖက်ခွင့်မရတော့ရာ တမူးမြို့နေ (မြန်မာ-အိန္ဒိယနယ်ခြားမြို့) ချမ်းမြေ့ရိပ်သာ ယောဂီကြီး ဒေါက်တာ ဒေါ်ခင်မြင့်ဆွေ ရယူပေးထားသော ဟိမဝန္တာတောင်/ ပုံစံပြမြေပုံ၊ ထိုတောင်သို့တက်ရန် လမ်းမြေပုံ၊ ထိုတောင်သို့ တာဝန်ယူပို့ဆောင်ပေးမည့် အိန္ဒိယနေ မြန်မာ သီလရှင်စသည့် အထောက်အကူများကို လက်လျှော့လိုက်ရပြီ။

သို့ဆိုသော်. . . ငါထွက်ရန်လမ်းကား တစ်လမ်းတည်းသာ ကျန်တော့၏။ ယင်းကား ရှမ်းပြည်နယ်မြောက်ပိုင်းချောင်ကျလှသော မိုးမိတ်မြို့လေးပင်။

မဟာမြိုင်မှ မိုးမိတ်သို့ ခြေဦးတည်ပေးကာ ထွက်မည်။

မိုးမိတ်ရောက်သော် ထိုမှတစ်ဆင့် မဘိန်းဘက် ခရီးဆက်မည် တွေးလိုက်သည်။ တွေးလိုက်သည်ဆိုသောအတိုင်း ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်နေ့ ည (၇) နာရီတိတိအချိန် မိုးမိတ်သွားရာလမ်းအလိုက် ကားဖြင့်လိုက်ခဲ့ကြပြီ။

ထိုစဉ် လိုက်ပို့ကားက ပါဂျဲရိုးအမျိုးအစား ၁ဃ/၈၇၁၇ နံပါတ် လိုက်ပို့ကားအလှူရှင်ကား ဇီးကုန်းမြို့နေ ဒေါက်တာလှထွန်းဝင်း၊ လိုက်ပို့နောက်ကူကား ဦးဝင်းဆွေ မန္တလေး မဟာမြိုင်အိမ်ရာ။

ထိုခရီး (၂၄) နာရီနီးနီး စီးခဲ့ရပါသည်။

ထိုခရီး ရှေ့တိုး၊ နောက်ဆုတ် တစ်ချီလုပ်ပြီးစီးခဲ့ရပါသည်။

မဟာမြိုင် ခေါင်နန်းပလ္လင်စခန်းမှ ည (၇) နာရီတိတိ ထွက်ခဲ့သော ကားသည် နောက်တစ်နေ့နံနက် (၆) နာရီခန့်တွင် ကျောက်မြောင်းဇက်ဆိပ်သို့ရောက်၏။ ဇက်ကား နေ့ (၁၀) နာရီလောက်မှသာ စဉ့်ကူးမှလာမည်ဆို၏။ သို့ဆိုသော် ငါတို့သည် ကျောက်မြောင်းမှာပင် (၄) နာရီခန့် သောင်တင်နေပါတော့မည်။

ထို(၄)နာရီခန့် သောင်ပြင်ပလ္လင်လုပ်နေရချိန် ငါတို့မှန်းသိသောပရိသတ်များ တဖွဲဖွဲလာကြလေတော့အံ့။ ငါတို့၏ရှေ့ဆက်ရမည့်ခရီး စနည်းနာသွားကြပေတော့အံ့။ ငါတို့မှန်းရာမရောက်မီသတင်းကား မှန်းနေရာ၌ရောက်နေပေတော့အံ့။ ဤအံ့ကြီးသုံးအံ့ လန့်သောကြောင့် ကျောက်မြောင်းမှ တပ်ခေါက်ကျောက်မြောင်းလွန် ခရိုင်ချင်းဆက်လမ်းတန်းလျှောက်ကာ မန္တလေးသို့ပြေးခဲ့ရလေပြီ။ မန္တလေးမှနေ မတ္တရာ၊ မိုးကုတ် စသည့် တောမြို့များ တစ်ခုချင်းချင်းနင်းကျော်ဖြတ်၍ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်နေ့၊ ည (၇)နာရီ ပြည့်ရန် (၅) မိနစ်အလိုမှာပင် မိုးမိတ်သို့အောင်မြင်စွာ ပန်းဝင်နိုင်ခဲ့၏။

ဤ၌ ခရီးကူ ဦးဝင်းဆွေက (၂၄) နာရီတိတိ မော်ကွန်းတင်နိုင်ရန်ဆိုကာ ကားဘီးတင်ထားသည့် လမ်းအတိုင်း ရှေ့ဆက်မောင်းဖို့ တိုက်တွန်းသေး၏။ (၅)မိနစ်အပိုအလိုသည် မော်ကွန်းတင်ရာ၌ ဈေးအမ်းအကြွေစေ့မျှသာ ဖြစ်သဖြင့် ငါတို့က တော်ပြီ၊ ရပ်တော့ ပြောလိုက်ရသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

(ရန်ကုန်တက္ကသိုလ်)

# လှမြင့်

## သင်္ဂဇာဆရာတော်ဘုရားကြီး၏ တခဏုပ္ပတ္တိဉာဏ်နှင့်အာဝဇ္ဇန်း




တခဏုပ္ပတ္တိဉာဏ် ဟူသည် ရုတ်တရက် ပေါ်ပေါက်လာသော ဉာဏ်ရည်ဉာဏ်စွမ်းဟူ၍ အနှစ်သာရ ရှိ။ တခဏုပ္ပတ္တိ ဟူသော ပါဠိဘာသာ ဖြစ်သည်။ ထိုနည်းတူ အာဝဇ္ဇန်းဟူသော စကားအသုံးအနှုန်းသည်လည်း ပါဠိဘာသာစကားဖြစ်သော အာဝဇ္ဇနကို မြန်မာမှုပြု လက်ခံသုံးစွဲမှု ဖြစ်သည်။ အဓိပ္ပာယ်မှာ စကားကို စိတ်ဝင်စားဖွယ်ဖြစ်အောင် စီကာပတ်ကုံး ပြောနိုင်ဟောနိုင်သောစွမ်းရည်ဟူ၍ ဖြစ်သည်။

ကုန်းဘောင်ခေတ်နှောင်း မန္တလေး (ရတနာပုံ)နေပြည်တော်ခေတ် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် မင်းဆရာတော်ကြီးအဖြစ် ထင်ရှားခဲ့သော သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မသည် မြန်မာနိုင်ငံတော် တစ်ဝန်းလုံး၏ အောက်မြန်မာပြည် အထက်မြန်မာပြည်အနှံ့ ကျေးလက်တောရွာများလည်း လှည့်လည်၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား တရားရေအေး ဟောကြား တိုက်ကျွေးတော်မူခဲ့သည်။ မင်းတုန်းမင်းကြီးလက်ထက်တွင် သင်္ဂဇာချောင်းအနီး၌ အလွန်ခမ်းနား ကြီးကျယ် တင့်တယ်သော သင်္ဂဇာကျောင်းတော်ကြီးကို ဆောက်

www.burmeseclassic.com

လုပ်၍ မင်းတုန်းမင်းကိုယ်တိုင် လှူဒါန်းခဲ့သည်။ အဂ္ဂမဟာလက်ာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ် လှူဒါန်းခဲ့သည်။ ယင်း သင်္ဂဇာကျောင်းတော်ကြီးတွင် သီတင်းသုံးနေထိုင်၍ စာပေပရိယတ္တိများ သင်ကြားပေးတော်မူခြင်း၊ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ကြွချီ တရား ဟောကြားတော်မူခဲ့သဖြင့် သင်္ဂဇာဆရာတော်ဘုရားကြီး ဟူ၍ ထင်ရှား ကျော်ကြားခဲ့သည်။ အထူးသဖြင့် သင်္ဂဇာဆရာတော် အရှင်အဂ္ဂဓမ္မသည် မန္တလေး (ရတနာပုံ) နေပြည်တော်၌ မင်းတုန်းမင်း နတ်ရွာစံပြီးနောက်ပိုင်းတွင် ရန်ကုန်မြို့သို့ စုန်ဆင်းသီတင်းသုံးတော်မူခဲ့ပြီး အောက်ပြည်အရပ်ရပ်သို့ လှည့်လည်ကာ တရားဓမ္မများ လမ်းညွှန် ဟောကြား၍ သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။

သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကို ဟောကြားညွှန်ပြ ဆုံးမတော်မူရာတွင် အဟောအပြော အဆုံးအမ အထူး ထက်မြက်သော ဆရာတော်ကြီး ဖြစ်တော်မူသည်။ တရားဓမ္မများကို ဟောကြားဆုံးမတော်မူရာတွင် တခ်ဏုပ္ပတ္တိဉာဏ် ဟူသော ရုတ်တရက် ပေါ်ပေါက်လာသည့် ဉာဏ်ရည်ဉာဏ်စွမ်းထက်မြက်မှုများနှင့် အာဝဇ္ဇန်း ဟူသော စိတ်ဝင်စားနှစ်သက်လက်ခံသွားစေရန် စီကာပတ်ကုံး ဟောကြား ညွှန်ပြနိုင်သော နှုတ်တော်စွမ်းရည်ဖြင့် ကုံလုံပြည့်စုံတော်မူသည်။

အထူးသဖြင့် တရားဓမ္မများ ဟောကြားရာတွင် တရားနာပရိသတ်တို့အား အလွယ်တကူ နားလည် သဘောကျ လက်ခံ မှတ်သား နာယူကျင့်သုံးနိုင်စေသည့် ပုံပြင်၊ ဥပမာများဖြင့် တန်ဆာဆင်၍ တခ်ဏုပ္ပတ္တိဉာဏ်ရွှင်ရွှင်နှင့် အာဝဇ္ဇန်းကောင်းကောင်းဖြင့် ဟောကြားတော်မူနိုင်သောကြောင့် မြန်မာတစ်နိုင်ငံလုံးအတွင်း၌ အထူးထင်ရှားခဲ့သည်။

မြန်မာနိုင်ငံအရပ်ရပ်လှည့်လည်၍ ဆရာတော်ဘုရားကြီး ဟောကြားညွှန်ပြ ဆုံးမခဲ့သော တရားတော်များတွင် စကားပုံများ၊ ပုံပြင်များ၊ ဥပဒေသများဖြင့် ခိုင်းနှိုင်း ဥပမာပေး ဟောကြားတော်မူခဲ့သောကြောင့် သင်္ဂဇာဆရာတော်ဘုရားကြီး၏ တရားဓမ္မဟောကြားခဲ့မှု ဓမ္မစာစုများကို 'သင်္ဂဇာဆရာတော်ဘုရားကြီး၏စကားပုံကျမ်း' ဟူ၍ စုစည်းမှတ်တမ်းတင်၍ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

သင်္ဂဇာဆရာတော်ဘုရားကြီးသည် သက်တော် (၇၂) နှစ်၊ ဝါတော် (၅၂)ဝါ အရောက်တွင် မော်လမြိုင်မြို့ မန်ကျည်းတော ကျောင်းတိုက်၌ ခရစ်နှစ် ၁၈၈၆ ခုနှစ် ဩဂုတ်လ ၉ ရက်၊ မြန်မာနှစ် ၁၂၄၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ တနင်္လာနေ့တွင် ပျံလွန်တော်မူခဲ့သည်။ သင်္ဂဇာဆရာတော်ကြီး ဟောကြားတော်မူခဲ့သော သင်္ဂဇာစကားပုံ တရားဓမ္မ အဆိုအမိန့်များကို ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် နှစ်ပေါင်း (၂၅) နှစ်ခန့်ကြာမြင့်ချိန် ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်ဝန်းကျင်တွင်မှ ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေခဲ့သည် ဟူ၍ ဆရာကြီး ဦးမြင့်ဆွေက မိန့်ဆိုခဲ့ပါသည်။

သင်္ဂဇာဆရာတော်ကြီး၏စကားပုံပေါင်းချုပ်တရားတော်များကို ပထမတွဲနှင့် ဒုတိယတွဲ စာတစ်အုပ်နှင့် တတိယတွဲနှင့် စတုတ္ထတွဲ စာတစ်အုပ်ဖြင့် စာနှစ်အုပ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ သင်္ဂဇာဆရာတော်ကြီး၏ စကားပုံပေါင်းချုပ်တရားတော်များအနက် သင်္ဂဇာဆရာတော်ဘုရားကြီး၏ တခ်ဏုပ္ပတ္တိဉာဏ်စွမ်းထက်မြက်သော အာဝဇ္ဇန်းကောင်းသောတရား စကားပုံအဟောအပြော အချို့ကို ကောက်နုတ် တင်ပြပါမည်။

အနယ်နယ်အရပ်ရပ် တရားပွဲများတွင် သင်္ဂဇာဆရာတော်ကြီးသည် တရားနာပရိသတ်ကြီး၏ သိလိုသော အကြောင်းအရာများ၊ မေးမြန်းလျှောက်ထားသော အကြောင်းအရာများကို နားလည် သဘောပေါက်ကာ လက်ခံ ရှင်းလင်းသွားစေရန် စကားပုံများ၊ ဥပမာများ၊ စာတွေ့၊ကိုယ်တွေ့များနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ကို နှစ်သက်ပြုံးရွှင်မှတ်သားဖွယ်ဖြစ်အောင် ဟောကြားလေ့ရှိသည်။

စာတတ်ပေတတ်ပညာရှင်တစ်ဦးက သင်္ဂဇာဆရာတော်ကြီးအား ပိဋကတ်သုံးပုံနှင့်ပတ်သက်၍ ဝါဒမတူသူ၊ ငြင်းခုံနေသူများကြောင့် သာမန်လူများအတွက် နားရှုပ်ထွေးစရာဖြစ်နေရပုံကို ရှင်းလင်းစွာ ဟောကြားပေးပါရန် လျှောက်ထားမှုကြောင့် ကျွတ်-မုန်း-ဝင်ပုံပြင်ဆန်းဖြင့် ဤသို့ ဟောကြားခဲ့သည်။

ရွာတစ်ရွာ၏ ဇရပ်ခါးပန်းတွင် 'ကျွတ်-မုန်း-ဝင်' ဟူ၍ ရေးသားထားမှုကို ဘုန်းတော်ကြီးက တဏှာရာဂ၊ လောဘ၊ ဒေါသတို့မှကျွတ်လျှင် ဝဋ်ဟူသောဒုက္ခသစ္စာကိုမုန်း၍ နိဗ္ဗာန်သို့ဝင်နိုင်ကြောင်း အဓိပ္ပာယ်ရှိသည်ဟု ရှင်းပြသည်။ ဆေးဆရာက ဒူလာပါဒရက် (အဆစ်အမြစ်ကိုက်ခဲသော ယောကျ်ားရောဂါ) ကုထုံး ဆေးနည်းအတိုကောက်ကို ကျွတ် (မြို့ကျွတ်)၊ မုန်း (သမုန်းသတိုး)၊ ဝင် (သင်ဝင်ပေါက်ဖြူ) သုံးမျိုးတို့ကို ကျိုသောက်လျှင် ရောဂါပျောက်မည်ဟု ရေးသားထားသောဆေးစာဖြစ်ကြောင်း ပြောဆိုသည်။ အင်္ဂလိပ်သမားကလည်း အင်္ဂလိပ်နည်းဖြင့်အဓိပ္ပာယ်ဖော်ပြသည်။ နောက်ဆုံးတွင် ထိုစာကို ရေးသားသူ စိတ်မနှံ့သူက သီတင်းကျွတ်၍ တန်ဆောင်မုန်းလ၏ဝက်ပါပွဲ၌ မုန့်ဟင်းခါးစားရမည်ဟူသောအကြောင်းကို ကျွတ်-မုန်း-ဝင် ဟူ၍ အတိုကောက်ရေးမှတ်ထားကြောင်း ပြောပြခဲ့သည်။

**သူယောင်မယ်နှင့်သပွတ်ခါးသီးဝိတ္ထာ** ဟူသော စကားပုံ တရားတော်သည် သင်္ဂဇာဆရာတော် မြင်းခြံမြို့၌ သီတင်းသုံးနေတော်မူစဉ် အကွက်အုပ်တစ်ဦးက ရပ်ကွက်ထဲမှ မိမိဆုံးမပြောဆို၍မရသော အင်္ဂလိပ်သမားလင်မယား၏ရန်ပွဲမကြာခဏဖြစ်နေမှုကို ဆုံးမပေးပါရန် တောင်းပန်ချက်အရ ဟောကြားခဲ့မှုဖြစ်သည်။

ယင်းတရားတော်တွင် စိတ်ထင်သည့်အတွက် ကြွားဝါတတ်သော သပွတ်ခါးသီးဝိတ္ထာကဲ့သို့သော အင်္ဂလိပ်ဝါသနာစွဲကပ်နေလျှင် ဆင်းရဲမွဲတေကာ နေ့စဉ်အမျှ ကုသိုလ်၊ သစ္စာ၊ ပညာ တစ်ခုခုမျှမရလျှင် ထိုသူကို ကွဲရဲ့ပြစ်တင်တတ်ကြသည်။ ကုသိုလ်မရ ဥစ္စာရ၊ ဥစ္စာမရ ပညာရအောင် ရှာဖွေကြရန် အကျိုးရှိရာကို ကောင်းစွာအားထုတ်၍ နေ့ရှိသမျှ ရန်မဖြစ်ကြရန် ဆုံးမဟောကြားခဲ့သည်။

**လူနာကိုဆေးမသွင်းဘဲ တေးသီချင်းနှင့်ပျောက်ပုံ** ဟူသော စကားပုံ တရားတွင် သင်္ဂဇာဆရာတော်ဘုရားကြီးက 'လူ့သဘော လိုက်လျောညီထွေ ကျင့်တတ်စေ၊ သူ့စရိုက်သိ အလိုက်ညီထွေ ကျင့်တတ်စေ' ဟူသော စကားနှင့်အညီ လူနာကိုပင် ဆေးသွင်းကုသမှုမပြုရဘဲ တေးသီချင်း· သီဆိုကုသမှုနှင့် ပျောက်ကင်းစေမှု ဥပမာပြုလျက် လူအချင်းချင်း၏ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်၌ စကားအပြောအဆိုချိုသာရန်၊ ယဉ်ကျေးသိမ်မွေ့ရန် လိုအပ်ကြောင်း လမ်းညွှန်ဟောကြားခဲ့သည်။

သင်္ဂဇာဆရာတော်ဘုရားကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းနှင့် ဆရာရင်းဒကာရင်းဖြစ်သောကြောင့် မင်းတုန်းမင်းကြီး၏ဆရာတော် ဟောကြားတော်မူသော တရားတော်များကို ဉာဏ်မမီသဖြင့် ကောင်းစွာ သဘောပေါက် နားလည်ခြင်းမရှိ စိတ်ပျက်နေမှုကို **ပန်းအိုင်သား ငြိမ်းကနေမကိုပြောသလို** ဟူသော စကားပုံဖြင့် လူပုဂ္ဂိုလ်တို့သဘာဝသည် တရားဟောတိုင်း သဘောမပေါက်နိုင်။ သို့သော်လည်း ကြည်လင်သော စိတ်ထားနှင့် နှံသေစွာနာကြားလျှင် တစ်ဘဝထက်တစ်ဘဝ ကြီးမားရင့်သန်သောပါရမီကို ရနိုင်ကြောင်း၊ မနာကြားဘဲနေလျှင် ကြာသောအခါမှ သိမြင်မည်မဟုတ်ကြ၍ ရင်းနှီးပွင့်လင်းစွာ မိန့်ကြားတော်မူခဲ့သည်။

သင်္ဂဇာဆရာတော်ကြီးသည် ဒါန၊ သီလ၊ ကုသိုလ်၊ အကုသိုလ်များနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားကြသော တရားနာပရိသတ်များကိုလည်း နားလည် သဘောပေါက်လွယ်စေရန် **ရေများရေနိုင်၊ မီးများမီးနိုင်** ဟူသော တရား၊ **ခွေးနှင့် ကျားပုံပြင်** ဟူသော တရား၊ **ဥပုသ်သုံးမျိုး** ဟူသော တရားဖြင့်၊ စကားပုံတို့ဖြင့် ဟောကြားညွှန်ပြဆုံးမခဲ့သည်။

**ဥပုသ်သုံးမျိုး** စကားပုံတရားတော်တွင် ဆရာတော်ကြီးသည် ရန်ကုန်မြို့ ကြားတောရကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်သည်များ၏ သီလယူချိန်တွင် ကြုံရာဆုံရာပြောဆို၊ တစ်ရေးတစ်မောအိပ်စက်ပြီး ညနေစောင်းလျှင် ထီး လက်မှာစွပ်၍ ဆရာတော်ကြီးထံ ဝင်ရောက်ကန်တော့၊ အိမ်ပြန်ကြမည့် ဥပုသ်သည်များကို မွန်းမလွဲမီ တဝကြီးစားသောက်တတ်သောအစားကြူးသည့် 'ဘီလူးဥပုသ်သည်'၊ မွန်းတည့်ချိန်မှစ၍ ချိန်ပေါ်တွင် အိပ်စက်နေတတ်သော အအိပ်ကြူးသည့် 'နဂါးဥပုသ်သည်'၊ ညနေစောင်းအချိန်ရောက်လျှင် အိပ်ရာမှ ထမန်းကတန်းထကာ ဇရပ်မှ အိမ်သို့ အပြေးအလွှားနှင့် ပြန်တတ်သော 'ဘတလေးဥပုသ်သည်' သုံးမျိုးရှိကြောင်း မိန့်ကြားကာ လူ့ဘဝရောက်လာခိုက်တွင် ဘုရားသာသနာတော်အတွင်း၌ ဥပုသ်စောင့်ခြင်း၊ တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဒါနကောင်းမှုပြုလုပ်ခြင်းစသည်တို့ကို ပြုလုပ်၍ အခွင့်အရေးရခိုက်တွင် အချိန်မဖြုန်းဘဲ တန်ဖိုးရှိရှိအသုံးချကြရန် လမ်းညွှန်ခဲ့သည်။

သင်္ဂဇာဆရာတော်ဘုရားကြီး၏



**ဆရာနှင့် ဒကာ အခါခါလွဲမှားလျှင် ငရဲလားတတ်သည်** ဟူသော စကားပုံတရားတော်၌ ပုထုဇဉ်လူသားတို့သည် ဒေါသ၊ မောဟ ဟူသော အဝိဇ္ဇာတဏှာကို ဖြတ်နိုင်ခဲလှသည်။ ထိုအဝိဇ္ဇာတဏှာတို့သည် ဒုက္ခပေးတတ်သောကြောင့် မီးနှင့်တူသော လောဘ၊ ဒေါသစိတ်တို့ကို ငြိမ်းသတ်နိုင်ရန် ဤသို့ ဟောကြားတော်မူခဲ့သည်။

ဆရာတော်ကြီး ဟင်္သာတမြို့၌ သီတင်းသုံးနေတော်မူစဉ် ဇီးဖြူကုန်းရွာကျောင်းဘုန်းကြီးနှင့် ဒကာ မောင်လိပ်တို့၏ တစ်ဦးနှင့်တစ်ဦး ဆဲရေးတိုင်းထွာ ဒေါသအလျောက် ခိုက်ရန်ဖြစ်ပွားမှုကို ပြေငြိမ်းစေရန် 'ဆရာနှင့် ဒကာ အခါခါလွဲမှားလျှင်ငရဲလားတတ်သည်' ဟူသော စကားပုံတရားကို ဟောကြားခဲ့ခြင်း ဖြစ်သည်။

ရွာတစ်ရွာတွင် ဒကာတစ်ဦး ဆောက်လုပ် လှူဒါန်းသောကျောင်းသို့ ဒကာ၏သမီးသည် နေ့စဉ် ဆွမ်းလာပို့သည်။

ပြန်ခါနီးတိုင်း -

"တပည့်တော်မကြွပါဦးမည်"

ဟုပြောသဖြင့် ဘုန်းကြီး ဒေါသထွက်ပြီး ကျောင်းအမကို တိုင်ကြားသည်။

ကျောင်းအမက -

"သည်သမီး အမိန့်ရှိတာ သည်လိုချည်းပဲ"

ဟူ၍ အမှားကို အမှားဆင့်ပြီး လျှောက်ထားသဖြင့် ဘုန်းကြီးသည် ဒေါသပိုမိုထွက်၍ ကျောင်းဒကာကို တိုင်ကြားပြန်သည်။

ကျောင်းဒကာက -

"ဒါလောက်တောင် ရိုင်းတာတွေကို အရှင်ဘုရား၏ ကျောင်းဝင်းထဲ၌ တစ်ယောက်မျှ ခြေတော်ရာမချပါစေနှင့်ဘုရား"

ဟုလျှောက်ထားခဲ့သည်ဟု ဟောကြားလျက် လူပုဂ္ဂိုလ်တို့သည် နေရာဌာနအလိုက် အပြောအဆိုတတ်ဖို့ မိဘ၊ ဆရာများက သားသမီး၊ တပည့်များကို သင်ကြားပေးရန်၊ သားသမီးမကောင်း မိဘခေါင်းမဖြစ်စေရန် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများနှင့် ပြောဆိုလျှင် ဗုဒ္ဓဘာသာယဉ်ကျေးမှုတရားနှင့်အညီ ဆရာနှင့် ဒကာ လိုက်လျောညီထွေ ပြောဆိုဆက်ဆံတတ်ရန် သတိပေးဆုံးမခဲ့သည်။

သင်္ဂဇာဆရာတော်၏ စကားပုံတရားတော်များသည် ဗုဒ္ဓ၏ အဆုံးအမလမ်းညွှန်မှုတရားတော်များကို တရားနာပရိသတ်အပေါင်း နားလည်သဘောပေါက် ရှင်းလင်း လွယ်ကူ ကျင့်သုံးလက်ခံ မှတ်သား နာယူစေနိုင်ရန် ထိမိပီပြင်သော ပုံပြင်၊ စကားပုံ၊ ဥပမာများဖြင့် တန်ဖိုးပွတ္တိဉာဏ်ရွှင်ရွှင် အာဝဇ္ဇန်းကောင်းကောင်းဖြင့် ဆုံးမသြဝါဒပေး ဟောကြားခဲ့သည်။

ထို့ကြောင့်ပင် သင်္ဂဇာဆရာတော်၏ စကားပုံပေါင်းချုပ်မှ စကားပုံတရားတော်များသည် ဘာသာ၊ သာသနာနှင့် စာပေနယ်ပယ်တွင် လည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် လည်းကောင်း၊ လောကီနှင့် လောကုတ္တရာနယ်ပယ်တွင် လည်းကောင်း၊ ခေတ်အဆက်ဆက် ဘာသာရေးနှင့် လောကီရေးစာပေ မီးရှူးတန်ဆောင်သဖွယ် ထွန်းလင်း တောက်ပြောင်လျက် ပညာဉာဏ်အလင်းရောင်ကို ဆောင်လျက်ရှိပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ သင်္ဂဇာဆရာတော်စကားပုံပေါင်းချုပ် (ပ၊ ဒု၊ တ၊ စ-တွဲ)

၂။ သင်္ဂဇာစကားပုံများတွင် ထင်ဟပ်နေသော မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများ (ဒေါ်အုန်းကြွယ် - မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

( ရမ်ကိုဇေအးမြဲဇေဝသား )

## (၁၄)နှစ်ပြည့်အောင်မြင်မှု

## အမှတ်တရဂါရဝ



လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်က ဖြစ်၏။

ကျွန်ုပ်သည် -

ကျိုက္ကဆံ ဆံတော်ရှင်စေတီတော် မြတ်ကြီးဆီသို့ မကြာခဏခြေလျင်သွား၏။ အိမ်မှခပ်သွက်သွက်လျှောက်လျှင် မိနစ် (၃၀) ကျော်ကျော်ခန့်ရောက်သည်နှင့် ဘုရားကြီးသို့ရောက်၏။

ရောက်သည်နှင့် တံမြက်စည်း တစ်ချောင်းကိုင်၍ ဘုရားရင်ပြင်တော် တစ်ဝိုက် တံမြက်စည်းလှည်းတော့၏။ တံမြက်စည်းလှည်းနေစဉ် မေတ္တာသုတ်တော်ကို နှုတ်မှတတွတ်တွတ်ရွတ်ပြီး ဘုရားဖူးလာကြသူအပေါင်း အမှိုက်သရိုက်ကင်းကင်းနှင့် သန့်သန့်ပြန့်ပြန့် ဘုရားဖူးပြီး စိတ်ချမ်းသာကြပါစေကြောင်း မေတ္တာတောက်လျှောက်ပို့၏။ တွေ့သမျှ အမှိုက်အကုန်လိုက်ကောက်၏။ တံတွေး၊ နှပ်ပါမကျန် တွေ့သမျှကို စက္ကူစုတ်များနှင့်သုတ်၏။

တော်တော်များများ သန့်ရှင်းပြီးလျှင် ကိုယ်တံမြက်စည်းလှည်း၊ အမှိုက်ကောက်ခဲ့သည့်ဘက်သို့ လှည့်ကြည့်ပြီး ပီတိတွေဖြစ်ရ၏။ သန့်ပြန့်နေသည်ကို ကြည့်၍ အလွန်ဝမ်းသာ၏။

ယနေ့လည်း -

တနင်္ဂနွေထောင့်တွင် တံမြက်စည်းများလှည်း၊ အမှိုက်များကောက်၍ လက်ဆေးပြီးသည်နှင့် ဘုရားဝတ်ပြုလိုက်ပါသည်။

မည်သည့်နေရာကထွက်ပေါ်လာမှန်းမသိရသော အိမ်မြှောင်စုတ်ထိုးသံများကို သဲ့သဲ့ကြားလိုက်ရ၏။

အရှေ့ဘက် တန်ဆောင်းထဲဆီမှ အောင်မြင်ထည်ဝါသောအသံနှင့် သာဓုသုံးကြိမ်ခေါ်သံကြားလိုက်ရသော်လည်း သူ့ဟာသူ ရွတ်ဖတ်ပြီး မေတ္တာပို့၊ အမျှဝေ၊ သာဓုခေါ်ခြင်းဖြစ်မည်။ ငါ ယခုကောင်းမှုကုသိုလ်တွေပြုပြီးချိန်နှင့် သူ အမျှဝေချိန်၊ သာဓုခေါ်လိုက်ချိန် တိုက်ဆိုင်လှသည်ဟု တွေးနေလိုက်ပါသည်။

တနင်္လာထောင့်အနားတစ်ဝိုက် ရင်ပြင်တော်အား တံမြက်စည်းလှည်းလိုက်ပြီး မေတ္တာသုတ်ဆက်ရွတ်နေလိုက်၏။

တန်ဆောင်းထိပ်နားတွင် အသားဖြူဖြူ၊ ဒေါင်ကောင်းကောင်းနှင့် ဥပမိရုပ်အလွန်ကောင်းလှသော ယောဂီဝတ်ပုဂ္ဂိုလ်တစ်ဦးသည် ကျွန်ုပ်အား ပြုံးကြည့်နေသည်ကို မျက်လုံးဝေ့၍ သတိထားလိုက်မိ၏။ သူ၏ပေါင်ပေါ်တွင် အညိုရောင် လွယ်အိတ်လေးတစ်လုံးတင်ထား

www.burmeseclassic.com

၏။

ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်အား ပြုံး၍ကြည့်နေသောကြောင့် ကျွန်ုပ်ကလည်း ပြုံးပြလိုက်ပါသည်။ သူ၏နားသယ်တွင် ကောက်ကောက်ကွေးကွေးဖြစ်နေသော နားသယ်မွေးများနှင့် ပါးပြင်ဆီသို့ဆင်း ပေါက်နေသော ဒေါက်မှာလည်း ဆံပင်ကွေးကွေးလေးများကြောင့် လူမှာ ဂျပန်ရုပ်ရှင်ဇာတ်ကားထဲများမှ ဂျူဒိုဆရာကြီးများအသွင်ပေါက်နေ၏။ အသားဖြူဖြူနှင့်လူပုံမှာ ခန့်မှန်းခြေ (၆၅)၊ (၆၇) လောက်ရှိပေလိမ့်မည်။ ဆံပင်ပုံစံမှာ သာမန်သူလိုကိုယ်လိုပင် နောက်လှန်ဖြီးထား၏။ ရိုးရိုးလေးနှင့် အတော်ကြည့်ကောင်းလှသည်။

"ဘယ့်နှယ် - ပြီးပြီလား"

"ဗျာ-ဩော်၊ ဟုတ်ကဲ့ အဘ၊ အဲ-ဦးလေး. . . ဟို"

"ကြိုက်သလိုခေါ်ပါကွာ၊ ရပါတယ်"

"ဟုတ်ကဲ့ - ဟို. . . အသက်"

"ငါလား၊ ခုနစ်ဆယ့်နဲ့မှခြောက်နှစ်ထဲဝင်ပြီ လူလေးရဲ့"

"ဗျာ"

ကျွန်ုပ်လက်ထဲမှ တံမြက်စည်း လွတ်ကျသွား၏။ ချက်ချင်းမကောက်သေးပါ။ ထိုဘကြီးကို အကဲခတ်နေ၏။ ထင်ရလှ (၆၅)၊ (၆၆) ဟု တွေးခဲ့သည်မှာ တက်တက်စင်လွဲနေ၏။ သူက သူ၏ မွေးနေ့ခုနစ်သက္ကရာဇ်ကို ဒေါက်ခနဲ ဒေါက်ခနဲ ရွတ်ပြနေပြန်သောကြောင့် မတ်တတ်ရပ်နေရင်း စိတ်တွက်နှင့်တွက်ကြည့်လိုက်ရာ ဟုတ်၏။ (၇၆) နှစ်ထဲဝင်နေချေပြီ။


"ဟာ - ဘကြီး တော်တော့်ကို"

"အေးလေ - မင်းပြောမှာငါသိပြီးသားပါ။ ငါ့အသက်ကို သိသွားကြတဲ့သူအတိုင်း ပြောနေကျစကားကိုပဲ၊ မင်းပြောမှာ ငါသိတယ်"

"တကယ်ကို အရွယ်တင်လွန်းလို့ပါ"

"ဒါတော့ပြောမနေပါနဲ့ကွာ၊ မြောက်သလိုကြီးမို့ ကြားမကောင်းပါဘူး"

တံမြက်စည်းကိုကောက်လိုက်ရင်း သူ့မျက်နှာကို ထပ်ကြည့်လိုက်၏။ ဒီလူကြီးနှင့်စကားပြောရတာ ကောင်းမလိုလိုနှင့် ဘယ်လိုကြီးမှန်းမသိဘူးဟုတွေးရင်း စိတ်ပျက်သွားပါသည်။ တံမြက်စည်းကို သူ့နေရာသူပြန်သွားထားပြီးပြန်အလှည့် ထိုပုဂ္ဂိုလ် ကျွန်ုပ်အား ရပ်ကြည့်နေ၏။ ကျွန်ုပ်ကလည်း ဘာရယ်မသိ သူ့နားသို့





www.burmeseclassic.com

www.burmeseclassic.com

သွားချင်စိတ်ဖြစ်လာပြီး -

"ဘကြီး၊ ကျွန်တော်တစ်ခုခုနဲ့ညှိခံပါရစေ"

"ငါ့မှာပိုက်ဆံပါပါတယ်"

စိတ်ထဲတွင် ဘာဖြစ်သွားမှန်းမသိတော့ပြီဟု စိတ်ထဲမှပြောလိုက်ပြီး ခပ်တည်တည် ဆက်လျှောက်နေလိုက်တော့၏။

"အခုပြန်မှာလား"

အသံကြား၍လှည့်ကြည့်လိုက်ရာ ထိုဘကြီးလည်း မလှမ်းမကမ်းမှလိုက်လာလျက်။

"ကျွန်တော်ကျောက်စာတိုင်ဘက်သွားမလို့၊ ဘကြီးကရော"

"ငါကသက်သက်လိုက်လာတာပါ၊ မင်းက ကျောက်စာတိုင်ဘက်ဆိုတော့ ငါလည်း အဲဒီဘက်လိုက်တာပေါ့ လူလေးရာ"

တိတ်ဆိတ်နေသော် စိတ်ထဲတွင် စကားအများကြီးပြောဖြစ်နေပါသည်။ ဘကြီးလည်း ထို့အတူဖြစ်နေပါလိမ့်မည်။

ကျောက်စာတိုင်နားမှ သယ်န်းကျွန်းဘက်ဆီသို့ မျက်နှာမူကာဖွင့်ထားသော လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ရှိ၏။ ဆိုင်ရှင်မှာ အဒေါ်ကြီး ဖြစ်၏။ အဖျော်ဆရာနှင့်စားပွဲထိုးသောအလုပ်သမား နှစ်ဦးတည်းသာရှိပြီး မည်သည့်အချိန်ကြည့်ကြည့် လူရှင်းနေ၏။ ကျွန်ုပ်လည်း ဆိုင်ကဲလားလေးအောက် ဝင်လိုက်ပြီး-

"ဘကြီး လာ၊ ထိုင်"

စားပွဲခုံတစ်ခုံမှ ခွေးခြေပုလေးကို ယူ၍ ဘကြီးထံ ရိုရိုသေသေပေးလိုက်၏။ ဘကြီးက ထိုင်လိုက်ရင်း -

"ငါဘာမှမသောက်ဘူးနော်၊ မင်းပဲသောက်"

"ဟာ - ကျွန်တော်လည်း လက်ဖက်ရည်မသောက်ဘူး။ ဒီဆိုင်မှာ ပေါင်မုန့်ထောပတ်သုတ်နဲ့ ရေနွေးကြမ်းပဲ ကျွန်တော်စားတာ"

"အေး - အဲလိုဆိုလည်း အဲဒါပဲမှာလေ"

ပေါင်မုန့်ထောပတ်သုတ်နှစ်ချပ်ကိုမှာချိန်တွင် စားပွဲထိုးလေးက ရေနွေးကြမ်းအိုးလာချထားပြီ ဖြစ်၏။

"မင်းက ငါ့ကိုသိမှာမဟုတ်ဘူး။ ငါကတော့ မင်းကိုသိနေတယ်"

"ဟုတ်လား ဘကြီး"

"အေး"

"ဟင် - ကျွန်တော်နဲ့ ဘကြီးနဲ့က ခုမှဆုံတာလေ"

ဘကြီးပြုံးနေ၏။ သူ့ပြုံးပုံနှင့်သူ့ပါးဘေးမှ နားသယ်ဒေါက်များကိုကြည့်ရင်း အတော်ချောတာပဲဟု ကျွန်ုပ်တွေးနေ၏။ ဘကြီးပြုံးနေရင်းမှ အညိုရောင်လွယ်အိတ်လေးကို ဘေးကခုံလွတ်ပေါ်တင်လိုက်ပြီး -

"မင်းကိုငါပြောစရာရှိလို့လာတာပေါ့ လူလေးရာ။ မင်းက ငါမွေးရင် ငါ့သား၊ ငါ့မြေးလောက်ပဲရှိတယ်လေ။ ငါက မင်းကိုအကြောင်းမဲ့စကားပြောစရာဘာလိုလဲ။ ငါဟာ မင်း အမြဲလိုလို ပုတီးလာလာစိပ်တဲ့ ကျိုက္ကဆံဘုရားကြီးရဲ့ ကမ္ပည်းကျောက်စာတိုက်လေးမှာပဲပုတီးစိပ်တာကွ"

"ဪ - ဟိုနေရာလေး"

(ကျိုက္ကဆံ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏တနင်္ဂနွေထောင့်ရင်ပြင်တွင် ကျိုက္ကဆံဘုရားကမ္ပည်းကျောက်စာတိုက်ရှိ၏။

ကျွန်ုပ်သည် ထိုကမ္ပည်းကျောက်စာတိုက်တွင်း နေရာတစ်ထိုင်စာလေးကုတ်ကတ်ထိုင်၍ပုတီးစိပ်၏။ စိပ်လျှင် ဂုဏ်တော် (၉) ပါးကို တစ်ပုဒ်ဆုံးလျှင် ပုတီးတစ်လုံးချ၍ ပုတီးဆယ်ပတ်စိပ်လေ့ရှိ၏။ တစ်ခါတစ်ခါ ထိုနေရာလေးတွင် မေတ္တာသုတ် (၁၀၈) ခေါက်ရွတ်တတ်၏။ အမြဲလိုလိုပြုလေ့ရှိသည်မှာ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်နှင့် ပရိတ်ကြီးများ၊ မဟာသမယသုတ်တော်၊ ဓမ္မစကြာသုတ်တော်ရွတ်ခြင်းပင် ဖြစ်၏။

ဂုဏ်တော်တစ်ထောင် အဓိဋ္ဌာန်ဝင်လျှင် ထိုကျောက်စာတိုက်လေးသို့ နေ့စဉ် (၉) ရက်တိုင်တိုင် မပျက်မကွက်ရောက်၏။

မဖြစ်နိုင်ဘူးဟု ထင်ထားသောအကြောင်းကိစ္စကြီးများ ထူးထူးခြားခြား အောင်မြင်ခဲ့ဖူးသည်မှာ နှစ်ကြိမ်၊ သုံးကြိမ်မကတော့ပါ။

သာမန်ကိစ္စကလေးများဆိုလျှင် ဆေးကြိမ်လုံးနှင့် ရိုက်လိုက်ဘိသကဲ့သို့ လျှင်မြန်စွာအောင်မြင်တတ်၏။မအောင်မြင်ဘူးဟူသည်မရှိပါ။

အကြောင်းကိစ္စ၏ ဟိတ်ပေါ်မူတည်၍ အနှေးနှင့် အမြန် အောင်မြင်လေ့ရှိပါသည်။

ထို့ကြောင့် ကျိုက္ကဆံဘုရားကြီးတွင် အဓိဋ္ဌာန်ဝင်တိုင်း ထိုနေရာလေးမှာသာဝင်လေ့ရှိပါသည်။

တစ်ခါက-

အမေအလွန်နေမကောင်းဖြစ်ပြီး ဆေးရုံတင်ခဲ့ရဖူးပါသည်။ နှလုံးရောဂါဖြစ်၏။ ကျွန်ုပ်သည် အမေ့အား ပြုစုလိုက်၊ ညီမလေး ရုံးမှဆင်းလာပြီးလျှင် အိမ်ပြန်လာလိုက်ပြုရသည့်အခါ ကျိုက္ကဆံဘုရားကြီးသို့ ရောက်အောင်သွား၏။ ထိုကျောက်စာတိုက်လေးထဲမှထိုင်၍ ဘုရားကြီးအား အာရုံပြုပြီး ဂုဏ်တော် (၁၀၀၀) ရွတ်၏။ ခပ်ကြမ်းကြမ်းပင် သစ္စာပြု၏။

"ကျွန်ုပ်သည် ဤနေရာလေးမှ မထတမ်းထိုင်ရင်း ဆံတော်ရှင် ကျိုက္ကဆံစေတီတော်မြတ်ကြီးကို ဂုဏ်တော်(၉)ပါး အကြိမ် (၁၀၀၀) ရွတ်၍ ပူဇော်ပါမည် ဤသစ္စာကိုပြုပါသည်။ ဤသို့မထတမ်း ပူဇော်နိုင်ခဲ့သည်ရှိသော် မွေးမိခင်ကျေးဇူးရှင်၏ခန္ဓာကိုယ်တွင် စွဲကပ်နေသော ရောဂါအပေါင်း ပိန်းကြာဖက်တွင် ရေမတင်ဘိသကဲ့သို့ လျှောကျပျောက်ကင်းသက်သာခြင်းသို့ ရောက်ပါစေသား။ မထတမ်း ပူဇော်နေခြင်းအား အကြိမ် (၁၀၀၀) မပြည့်မီ ပျက်ကွက်သွားပါက ဘုရားတပည့်တော်သည် ကုန်းလမ်းသွားလည်း ကုန်းဘေး၊ ရေလမ်းသွားလည်း ရေဘေး၊ လေလမ်းသွားလည်း လေဘေး ဟူသော ဘေးဆိုးအမျိုးမျိုးကြောင့် အသက်ဇီဝိန်ကြွေသည့်ထိခံရပါစေသား"

ဟု သစ္စာပြု၏။

သုံးရက်မြောက်အောင်မြင်ပြီးချိန်တွင် လက်လွှတ်လိုက်ရပြီဟုထင်ရသော အမေ ဆေးတိုးပါတော့သည်။ စတင်ကျန်းမာလာပါတော့သည်။ မကြာခင် ဆေးရုံမှဆင်းပြီး ကျန်းကျန်းမာမာဖြစ်လာခဲ့ပါသည်။

အမေဖြစ်နေသော ရက်များမှာ ဘုရားပန်းအိုးများကြွက်တိုး၍ကျကွဲခြင်း၊ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်ကြီးပုံတော် ဘုရားဆောင်မှ အောက်သို့ ကြွက်တိုး၍ ကျခြင်း၊ ငှက်ဆိုးများထိုးခြင်းကြောင့် အသိများမှ ဒီတစ်ခါတော့ မမသိန်းမရတော့ဘူးဟုသာ ပြောနေကြ၏။

ထို့ကြောင့် ကျိုက္ကဆံစေတီတော်မြတ်ကြီးအား ထိုကျောက်စာတိုက်လေးမှသစ္စာပြုကာ ဂုဏ်တော်တစ်ထောင် ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။ အမေ့အား ကုသပေးသော သမားတော်ကြီးနှင့် ဆရာဝန်ကြီးများ၊ ဆရာမများကိုလည်း မေတ္တာမပြတ်ပို့ခဲ့ရပါသည်။

ထိုနေရာလေးသည် ဤမျှကြီးမားလှသော အကြောင်းကိစ္စကြီးများကို အောင်မြင်စေခဲ့သောနေရာလေးဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ အဓိဋ္ဌာန်ဝင်တိုင်း ထိုနေရာလေးမှာသာဝင်လေ့ရှိပါသည်။

ပြီးမှ အင်္ဂါထောင့်ရှိခေါင်းလောင်းကြီးတွင် နားနားနေနေထိုင်ရင်း အားလုံးကို မေတ္တာပို့၊ အမျှဝေလေ့ရှိပါသည်။

ကျိုက္ကဆံစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ် ကဿပဘုရားရှင် ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ် စံပယ်တော်မူရာအနောက်တွင် တစ်ဝဂ္ဂကဲ့သို့ ပြီး အလွန်သပ္ပာယ်သော ရုပ်ပွားတော်မြတ် အပူဇော်ခံနေတော်မူ၏။ ထိုနေရာသည်လည်း အလွန်ထူးခြားလှသောကြောင့် မကြာခဏဝင်ရောက်၍ ပဋ္ဌာန်းရွတ်တတ်၏။ အဓိဋ္ဌာန်နှင့်တော့မဟုတ်ပေ။

အလွန် ဆုတောင်းပြည့်လှပြီး အလွန်မှ အဓိဋ္ဌာန်ပြည့်တိုင်း အောင်မြင်လှသော ကျိုက္ကဆံ ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် အားရပါးရ ဖူးမြော်ကြည်ညို ရွတ်ဖတ်သရဇ္ဈာယ် အားထုတ်ပြီးသည်နှင့် အနောက်ဘက်မုခ်အတိုင်း ထွက်လာပြီး ယက္ခညီတော်၊ နောင်တော်တို့ကို အမျှဝေ၊ မေတ္တာပို့ရင်း (၅) မိနစ်ခန့်လျှောက်လျှင်ရောက်သော ရှေးဟောင်းကျောက်စာတော်ဘုရားသို့ သွားတတ်၏။

ထိုဘုရားသည် ရှင်ယသခေတ်စေတီတော်နှင့် ဝိနည်းကျောက်စာစေတီများအဖြစ် ထင်ရှားစွာရှိပါသည်။

အလွန်ကြည်ညိုဖွယ်ကောင်းလှပြီး အလွန်သပ္ပာယ်လှသော စေတီကြီးသုံးဆူရှိ၏။

ပထမဦးဆုံး ဖူးတွေ့ရသော စေတီတည်ထားပုံမှာ အလွန်သပ္ပာယ်လှပြီး အဆင့်ဆင့်တည်ထားပုံမှာ အလွန်ပညာပါလှ၏။ စေတီပေါ်တက်သည့်လှေကားထစ်များ၌ ယက္ခပုံတော်များ ရှိ၏။ အခြားဘာမှန်းမသိနိုင်သောပုံများလည်း ရှိ၏။

ထိုစေတီနှင့် အလယ်စေတီကြားတွင် ရှေးဟောင်းရုပ်ပွားတော်မြတ်ကြီးများ ပူဇော်ထားရာ တန်ဆောင်းကြီးရှိ၏။

တတိယမြောက်စေတီမှာ အဝင်ဝစေတီကဲ့သို့ပင် အဆင့်ဆင့်တည်ထားပုံ အလွန်လက်ရာမြောက်လှ၏။

ကျောက်စာတော်များမှာ အလွန်များပြားလှပါသည်။

အလွန်မှ တိတ်ဆိတ်ငြိမ်သက်လှသောဘုရားဖြစ်၍ အဓိဋ္ဌာန်လာဝင်ကြသူများ အလွန်များပြားလှပါသည်။

ထူးခြားသောပုဂ္ဂိုလ်များကို မကြာမကြာတွေ့ရသောဘုရား ဖြစ်၏။

ထိုဘုရားတွင် အဓိဋ္ဌာန်ပုတီးစိပ်လျှင် အလွန်မှ သင်းပျံ့မွှေးကြိုင်လှသော အနံ့လေးများ တစ်ချက်တစ်ချက်ရတတ်၏။ ညဘက်ပုတီးစိပ်လျှင် လမ်းလျှောက်စကားပြောသွားသော အမျိုးသမီးအသံလိုမျိုး ကြားသူက ကြားတတ်၏။

ကြီးမားသော အဓိဋ္ဌာန်ကြီးများ ဝင်လျှင် ထူးခြားမှုများစွာနှင့် အလွန်အောင်မြင်လှသည်ဟု ကျော်ကြားလှသောဘုရား ဖြစ်၏။

ဂန္ဓာရီကျင့်စဉ် ကျင့်ကြံအားထုတ်ကြသူတိုင်း တစ်နည်းမဟုတ်တစ်နည်းနှင့် ရောက်ရောက်သွားတတ်ပါသည်။

တစ်ကြိမ် ကျွန်တော်အဓိဋ္ဌာန်ဝင်ခဲ့ဖူးစဉ်က အမျိုးသမီးတစ်ဦး အသံသာသာလေးနှင့်ပဋ္ဌာန်းဥဒ္ဒေသတော်နိဒ္ဒေသတော်ရွတ်နေသံကို အတိုင်းသားကြားနေရပါသည်။ ကျွန်ုပ်လည်း ဂုဏ်တော် (၁၀၀၀) မပြည့်သေး၍ ရွတ်ရင်းဖတ်ရင်း အဓိဋ္ဌာန်ပြီးသည်နှင့် အသံလာရာ အစွန်ဆုံးစေတီဆီသို့ အပြေးအလွှားသွားကြည့်၏။ ကျွန်ုပ် အဓိဋ္ဌာန်ပြီးချိန်သည် အဝိဂတပစ္စယောပြီးချိန်ဖြစ်၍ ထိုအမျိုးသမီးမှာ မည်သည့်နည်းနှင့်မျှ ဝေးဝေးသို့ မရောက်သွားနိုင်သေးပါ။ သို့သော် ဘာမှမတွေ့ပါ။နေရာအနှံ့လိုက်ကြည့်သော်လည်း ဘာမှအရိပ်အယောင်ပင် မတွေ့ပါ။ ခေါင်းနားပန်းများကြီးသွားပြီး နှေခင်းကြောင်တောင် ကြက်သီးများထသည်သာ အဖတ်တင်သွား၏။

နောက်နေ့ အသံရှင်အား မေတ္တာအထူးပို့ပြီး ကျွန်ုပ်လည်း ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်၍ ဘုရားပူဇော်လိုက်ပါသည်။

ထင်မထားသော၊ အလွန်ထူးခြားသော အောင်မြင်မှုကြီးများ ကြုံခဲ့ရပါသည်။

ထိုဘုရားတွင် -

ရသေ့ကျင့်ရင်း ဘုရားလာဖူးသူများ -

မြန်မာပြည်တစ်လွှား ဖိနပ်မစီး၊ ထီးမဆောင်း၊ လမ်းလျှောက်လာသော ဂန္ဓာရီပုဂ္ဂိုလ်များ၊ မီးလွတ်စားနေသူများ၊ တော်တော်များများကြုံခဲ့ရဖူးပါသည်။)

"လူလေး"

"ဗျာ. . . ဗျာ ဘကြီး"

"ဟိုနေရာလေးဆိုပြီး စကားမပြောတော့ပါလား၊ ဘာဖြစ်လို့တုံး"

"ဩော်-ကျွန်တော်ပုတီးစိပ်ခဲ့တာတွေ၊ အဓိဋ္ဌာန်ကြီးတွေအောင်မြင်ခဲ့တာတွေ၊ ပြီးတော့ ဒီကျောက်စာတော်ဘုရားမှာ ပုတီးစိပ်ခဲ့တုန်းက ကြုံခဲ့ဖူးတာတွေ၊ ထူးဆန်းတဲ့ပုဂ္ဂိုလ်တွေနဲ့ ကြုံခဲ့ဖူးတာတွေ သတိရသွားလို့ပါ။ အဲဒါတွေတွေးနေတာပါ"

"ဩော်-အေး၊ အေး ထူးပြီးကောကျောက်စာတော်ဘုရား"

ဘကြီး၏မျက်လုံးတို့ ကျောက်စာတော်ဘုရားဘက်ဆီသို့ ရောက်သွားပြီးကြည့်နေ၏။ သူ့အကြည့်မှာ တစ်ဦးဦးကို လှမ်းမြင်နေသည့်နှယ်။

"ဘကြီး"

"ဟေ"

"ဘကြီးပြောတာလေးတွေ နားထောင်ပါရစေဦး"

"အေး၊ အေး - အဲဒီမှာ ဟိုနေ့က မင်းအကြောင်းလည်း ငါမစဉ်းစားမိပါဘူး။ ငါ့ဟာငါ (၃၁) ဘုံကို မေတ္တာပို့၊ အမျှဝေရင်း မင်းကို သွားသတိရတယ်။ ငါ့ရင်ထဲမှာ ပြောချင်တာလေးတွေရှိလာတယ်။ ငါက တစ်နေ့ကို ဂုဏ်တော်တစ်ထောင်စိပ်တာကွ။ သားငါးတွေဘာမှ မစားဘူး"

"ကျွန်တော်လည်း. . ."

"ငါသိတယ်လေ၊ မင်းရာသက်ပန်သက်သတ်လွတ်စားနေတာ ငါသိတာပေါ့။ မင်းစိပ်တဲ့နေရာမှာပဲ ငါစိပ်တော့၊ မင်းအငွေ့အသက်ရှိတော့ ငါသိတာပေါ့ လူလေး"

"အငွေ့အသက်"

"မင်းနားလည်မှာမဟုတ်သေးဘူး။ ငါပြောမယ်နားထောင်။ မင်းဟာ ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေ စားသောက်နေရတဲ့သူတစ်ယောက်ဟုတ်တယ်မို့လား"

"အဲ-ဟုတ်တယ်၊ ကျွန်တော်လမ်းဘေးဈေးသည်ပါ။ ပြေးလိုက်လွှားလိုက်ဈေးရောင်းနေရတာပါ"

"အေးလေ - မင်းဘာလုပ်လဲလို့တော့ ငါမသိဘူး။ ငါသိတာက မင်းဟာပင်ပင်ပန်းပန်းလုပ်နေရတာပဲသိတယ်။ မင်းပုတီးစိပ်ပြီးလို့ ငါ မင်းနေရာမှာဝင်စိပ်ရင် အတော်ကို အပူငွေ့ဟပ်တာကလား"

ကျွန်ုပ်မကြားဘူးပါ။ အငွေ့ကို ၍ပြောသောအတတ်များရှိလေမလားဟုတွေးနေစဉ် ပေါင်မုန့်ထောပတ်သုတ်ပွဲများ ရောက်လာသောကြောင့် ဘကြီးရှေ့သို့ ဦးဆုံးတိုးပေးလိုက်၏။ ဘကြီးသည် ချက်ချင်းမစား။ ပန်းကန်ကိုမြှောက်၍ ဘုရားအာရုံပြုပြီးမှ စတင်



www.burmeseclassic.com

www.burmeseclassic.com

စား၏။ ဘကြီးစားပြီးမှ ကျွန်ုပ်စားသော်လည်း ကျွန်ုပ်မှာ ဘကြီးလို ပန်းကန်ပြောက်၍ ဘုရားအာရုံမပြုမိသောကြောင့် ရှက်နေမိ၏။

"အဲဒီလို အပူငွေ့ဟပ်တော့ ဘာဖြစ်လဲ ဘကြီး"

"ငါ့ မင်းအကြောင်းတွေနည်းနည်းပါးပါးသိလာတာပေါ့"

"ဟုတ်လား။ ဒါဆို ကျွန်တော့်နာမည်လေးရယ်၊ ဘယ်နေ့သားဆိုတာရယ်၊ မွေးနေ့သက္ကရာဇ်တွေရယ်ကို ပြောနိုင်မှာပေါ့နော်"

"ဒီလိုရယ်လို့တော့ မဟုတ်ပါဘူး လူလေးရဲ့။ ငါကအကြားတွေအမြင်တွေ မရပါဘူး။ ငါ့မနောထဲက ဖြစ်လာတဲ့အတိုင်း ပြောတတ်တာပဲရှိပါတယ်။ ခုလည်း မင်းထိုင်သွားပြီးတဲ့နေရာကို ငါထိုင်တော့ ငါ့မနောထဲမှာ မင်းကိုပြောချင်စိတ်လေးတွေဖြစ်လာပြီး ပြောတာပါ"

"သြော်"

ဘကြီးမုန့်စားနေ၍ ကျွန်ုပ်လည်း အလိုက်သိသိငြိမ်နေလိုက်၏။ ကျွန်ုပ်လည်း စား၏။ မုန့်စားရင်းတော့ ဘာမှမပြောဖြစ်ပါ။ ရေနွေးကြမ်းငှဲ့ပေးလိုက်ပြီးမှ -

"ကျွန်တော် အဲလိုပင်ပန်းတာ ဟုတ်တယ် ဘကြီးရာ။ မနက်ဆိုရင် (၄) နာရီထ၊ ကံဘဲ့ဘူတာကို ရထားမီအောင်အပြေးသွား၊ ဟိုကျ ရထားစီး၊ မင်္ဂလာဒုံဘူတာမှာဆင်း၊ အထည်ကောက်၊ ပြီးရင် ရထားနဲ့ပဲပြန်လာ၊ ရောက်တာနဲ့ ဈေးဝ်၊ ထမင်းဟင်းချက်၊ အမေ့ကိုဝိုင်းကူတာပေါ့ဗျာ။ စားသောက်ပြီး နေ့ခင်းမှာ အဝတ်တွေခြောက်ရင် မီးပူတိုက်၊ ညနေစောင်း ငါးနာရီထိုးတာနဲ့ မြို့ထဲသွား၊ ဟိုကျ လမ်းဘေးပလက်ဖောင်းမှာခင်းရောင်း"

"ပင်ပန်းလိုက်တာ လူလေးရာ"

ဘကြီးသည် ကျွန်ုပ်ကို စိုက်ကြည့်နေပြန်၏။ သူ၏အကြည့်ကို ဘာမှတော့ မခံစားရ။ ကျွန်ုပ်ကလည်း သူ့ကိုပြန်ကြည့်နေလိုက်၏။

"မင်းမှာထူးဆန်းတဲ့အတတ်တွေ ရှိတယ်နော်"

"ဗျာ"

"ဟို ဂဏန်းလုံးတွေအများကြီး ငါ့စိတ်ထဲမှာပေါ်နေတယ်"

"ဟာ - ဘကြီး ဟုတ်တယ်၊ ကျွန်တော် အင်္ဂဝိဇ္ဇာပညာတွေတတ်အောင် သင်ထားတယ်။ ခုထိလည်းတတ်အောင် သင်နေရတုန်းပါပဲ။ မတတ်သေးပါဘူးဗျာ"

"အေး-မင်းဘာလို့မဟောတာလဲ"

"ဟာ-ဘကြီးကလည်း၊ကျွန်တော် ဟောပါပြီတဲ့ ဘယ်မလဲပရိသတ်။ ဘယ်သူကလာမေးမှာလဲ။ကျွန်တော့်ကိုမေးတဲ့သူတွေက အလကားတွေပဲမေးကြတာ။ ဘယ်လိုလုပ်ထမင်းစားမလဲ။ဘကြီးကျွေးထားမလား"

ရယ်၍ မေးလိုက်ရာ ဘကြီး သဘောကျစွာ ရယ်နေပြန်ပါသည်။ ပြီးမှ ခေါင်းလေးတညိတ်ညိတ်နှင့် -

"ဒီလိုလည်း မဟုတ်သေးဘူးလေ သားလေးရယ်။ မင်းအလုပ်ကိုမင်းလုပ်ရမှာကွ"

"အင်းလေ-ကျွန်တော်ဈေးရောင်းတယ်လေ"

ဘကြီး ခေါင်းခါနေ၏။ ငါးချတ်၊ ခြောက်ချက်ခန့်ခါပြီးသည်နှင့် အလွန်ရှည်လျားသော သက်ပြင်းကြီးကိုချပါတော့သည်။ ကျွန်ုပ်တို့နှစ်ဦးစကားပြောနေသည်ကို ဆိုင်ရှင်အဒေါ်ကြီးသာမက စားပွဲထိုးပါ လုံးဝအရေးမလုပ်၊ နားမထောင်၍ လှမ်းခေါ်ပြီး ရေနွေးပူပူလဲခိုင်းလိုက်ရပြန်၏။

"မင်းဒီလိုလုပ်ကွာ"

"ဘယ်လိုလုပ်ရမလဲ ဘကြီး"

"ငါပြောပြီးပြီလေ၊ မင်းကိုင့်ရင်ထဲမှာ ပြောချင်တာလေးတွေရှိလာပါတယ်လို့"

"ဟုတ်ကဲ့"

"အေး - မင်း ရွှေလာငွေလာပင်ဆိုတာ သိလား"

"မသိဘူး ခင်ဗျ"

"အရွက်က စိမ်းစိမ်းလေးတွေနဲ့၊ အဖြူစင်းလေးတွေနဲ့ နွယ်တစ်မျိုးပါပဲ။ နေရာအနှံ့ရှိပါတယ်။ မသိသူတွေကျော်သွားနေလို့ပါကွယ်။ ပြီးရင် ငါပြပါ့မယ်။ ဒီနားတင်တောင်ရှိမလားဘဲ"

ထိုအချိန် -

ကျွန်ုပ် အလွန် စိတ်ဝင်စားသော အဘွားတစ်ဦး ဆိုင်ထဲဝင်လာ၏။ ထိုအဘွားကို စိတ်ဝင်စားရခြင်းမှာ ထိုအဘွားသည် ကျိုက္ကဆံ ဆံတော်ရှင်စေတီတော်မြတ်ကြီးကို အမြဲတမ်းပတ်၍ ရင်ပြင်တော်မှာ လမ်းလျှောက်ရင်း ပရိတ်ကြီး(၁၁)သုတ်ကိုတောက်လျှောက်ရွတ်ကာ ကြေးစည်တစ်လုံးနှင့် တချွမ်ချွမ်ထုရင်း မေတ္တာပို့တတ်သောကြောင့် ဖြစ်၏။ အသက်ကြီးသော်လည်း ပရိတ်တော်များကို မမေ့၊ အာဝုံဆောင်၍ရွတ်နေသောကြောင့်လားမသိ ခါးမှာ လုံးဝမကိုင်း၊ ဆံထုံးကို ဦးခေါင်းထိပ်တွင်ထုံးထားသောကြောင့် တစ်မျိုးဆန်းနေ၏။

လမ်းလျှောက်၍ ပရိတ်ရွတ်နေသည့်အခါ ကိုယ်တွင် ခြုံထားသော ယောဂီရောင်ခြုံထည်မှာ လေတလွင့်လွင့်နှင့် အတော်ကြည့်ကောင်းလှ၏။ သူ့လက်တွင်းသို့ အခြားသူများက ငွေများလှူလျှင် အလှူခံပြီး လမ်းလျှောက်နေရင်း၊ ပရိတ်ရွတ်နေရင်း တွေ့သည့် သံဃာတော်အရှင်သူမြတ်များကို လှူဒါန်းခြင်း၊ သီလရှင်များကို လှူဒါန်းခြင်းဖြင့် ကုသိုလ်ပြန်ပြု၏။ သူ့လက်ထဲတွင် ငွေကြာကြာမထားတတ်။

ထို့ကြောင့် ထိုအဘွားကို ကျွန်ုပ်စိတ်ဝင်စား၏။

ကျွန်ုပ်ကိုယ်တိုင်လည်း ငွေလှူဖူး၏။ ကျွန်ုပ်၏ငွေကို ခပ်လှမ်းလှမ်းအရောက် သီလရှင်တစ်ပါးအား ပြန်လှူလိုက်၏။ အဘွားသည် (၁၀) ပတ်၊ (၁၅) ပတ်ခန့်ရှိလောက်အောင် ရင်ပြင်တော်ပတ်၍ လမ်းလျှောက်ပြီး ကြေးစည်တစ်လုံးနှင့် ပရိတ်ရွတ်နေတတ်သူ ဖြစ်ပါသည်။

အဘွားသည် ဘကြီးကိုမြင်သည်နှင့် ရိုသေစွာ လက်အုပ်ချီလိုက်ရာ ဘကြီးမှ -

"ဒေါ်မယ်ခင်ရေ ထိုင်ဗျာ"

ဟု ပြောလိုက်၏။

"မထိုင်တော့ပါဘူး ဆရာကြီးရှင့်၊ ရေနွေးလေးတစ်ခွက်လောက်ဝင်သောက်တာပါ။ သွားစရာလေးရှိသေးတယ်လေ"

အဘွားစကားကြောင့် ကျွန်ုပ်လည်း ပန်းကန်ထဲ ရေနွေးငှဲ့လိုက်ပြီး အဘွားကို ရိုသေစွာ ပေးလိုက်၏။ အဘွားက မတ်တတ်မို့ ကျွန်ုပ်လည်း ကမျာကယာမတ်တတ်ရပ်ရင်း ပေးလိုက်ခြင်း ဖြစ်၏။

အဘွားသည် -

"အေးကွယ်၊ သာဓု သာဓု သာဓု"

ဟု သုံးကြိမ်ခေါ်ပြီး အကြမ်းပန်းကန်ကိုယူ၍ ရေနွေးသောက်၏။ ပြီးမှ ကျွန်ုပ်ကို ပန်းကန်ပြန်ပေးလိုက်ရင်း မျက်စောင်းထိုးကြည့်သည့်အနေအထားနှင့် စွေကြည့်နေ၏။ ဘကြီးနှင့် မျက်နှာချင်းဆိုင်ကြည့်နေစဉ်က ဘာမှမဖြစ်သော်လည်း အဘွားကြည့်လိုက်သည်နှင့် ဘာဖြစ်သွားမှန်းမသိ၊ ရင်တွေတဒိတ်ဒိတ်ခုန်လာတော့၏။ ထိုစဉ် ဆိုင်ကဲ[illegible]ထောင့်အပေါ်နားဆီမှ အိမ်မြှောင်စုတ်ထိုးသံထွက်လာပြီး အဘွားခေါင်းတညိတ်



www.burmeseclassic.com

www.burmeseclassic.com

ညိတ်လုပ်၍ ချာခနဲလှည့်ထွက်သွားပါတော့သည်။ ဘာတစ်ခွန်းမှမပြော။

ကျွန်ုပ်လည်း အဘဘေးတွင် ပြန်ထိုင်လိုက်၏။

"ဒေါ်မယ်ခင်လည်း အတော်ကျင့်သကိုး လူလေးရဲ့"

"ဩော် - ကျွန်တော်သိတာကတော့ ကျိုက္ကဆံဘုရားကြီးရင်ပြင်တော်မှာ လမ်းလျှောက်ရင်း ပရိတ်တွေရွတ်၊ ကြေးစည်တနောင်နောင်နဲ့ဒါပဲသိတယ်"

"အေး - မင်းမသိသေးတာတွေ အများကြီးပဲ။ ဒီလိုပဲ သားရဲ့၊ လူမသိသူမသိနဲ့ ကြံ့သလိုကျင့်ကြံအားထုတ်နေကြသူတွေရှိတယ် သား၊ ပါရမီရှင်တွေရှိကြတယ်"

"ဒီအဘွားအကြည့်က တစ်မျိုးပဲနော် ဘကြီး"

"ဘာဖြစ်လို့လဲ"

"ဩော် - ကျွန်တော်တစ်မျိုးဖြစ်သွားတယ်"

"သူကလူကိုလှမ်းကြည့်လိုက်တာနဲ့ မေတ္တာပို့ပြီးသားကွယ့်။ သူ့အကြည့်က တချင်မာမယ်၊ ထန်ချင်ထန်မယ်။ ဒါပေမဲ့ သူ့မေတ္တာကရောက်သွားပြီ"

"ဩော်"

(ဤလိုမျိုး တစ်ကြိမ်ကြုံခဲ့ဖူးပါသည်။ ဆယ်ဆူအင်းပညာကို ဟင်္သာတမှ ဆရာကြီး ဦးထွန်းရင်ထံတွင် ပညာတောင်ယူမည်ဟု ဆုံးဖြတ်ခဲ့စဉ်က ဆရာကြီး၏တပည့် အမေငြိမ်းဟု ခေါ်သော ဆရာမကြီးကြည့်လိုက်ရာ ဤသို့ခံစားခဲ့ရဖူးပါသည်။

ထိုစဉ်က အမေငြိမ်းသည် အဖာအထေးပေါင်းများစွာနှင့် စုတ်ပြတ်ပေါက်ပြဲနေသော ကတ္တီပါကြက်သွေးရောင်အနွေးထည်ကြီးကို တောက်လျှောက်ဝတ်ထား၏။ အလွန်ခြိုးခြံသောအကျင့်ကိုကျင့်နေသည်ဟု ပြောကြ၏။ မှန်၏။ တစ်ခါတစ်ခါ ထမင်းပင်မစား။ နှစ်ရက်၊ သုံးရက် ရေသောက်နေတတ်၏။ စားပြန်လျှင် ထမင်းအဖြူထည်ကို နှစ်လုတ်၊ သုံးလုတ်စားပြီး တစ်ရက်၊ နှစ်ရက်နေပြန်၏။ ညအိပ်ခြင်းသိပ်မရှိ။ ဘုရားဆောင်ရှေ့တွင် ပုတီးတစ်ကုံးနှင့်နေလေ့ရှိ၏။ ရုပ်ရည်သွယ်သွယ်၊ အသားဖြူဖြူနှင့် ခပ်ပြတ်ပြတ်လေးဖြစ်၏။

အဘထံ စရောက်သည့်နေ့က အဘဘေးတွင်ထိုင်နေသော အမေငြိမ်းသည် ကျွန်ုပ်အား စူးစိုက်ကြည့်လိုက်ရာ ကျွန်ုပ်မှာ အလိုလိုနေရင်း ကြောက်ရွံ့သလိုဖြစ်သွား၏။

အမေငြိမ်းမှာ ရုပ်ရည်ချောမောသော်လည်း ကျွန်ုပ်ကိုကြည့်သည့် သူ၏အကြည့်မှာ အလွန်ခက်ထန်မာကျောလှသည်ဟု စိတ်တွင်း၌ ခံစားရ၏။ ကျွန်ုပ်သည် အမေငြိမ်း၏အကြည့်ကို မခံနိုင်လွန်း၍ ထိုင်ကန်တော့ခဲ့ရပါသည်။

ကျွန်ုပ်ကို ဆယ်ဆူအင်းတိုက်စဉ်က ဆယ်ဆူအင်းဆွဲထားသော မှိုင်းခံစက္ကူကိုပြာချလိုက်ရာ ပြာမှာ ပုံစံမပျက် အပေါ်သို့ လွင့်တက်သွားပြီးမှ ဘုရားဆောင်ရှေ့မှာတင်သွား၏။ အမေငြိမ်းက ထိုပြာကို အသာယူလိုက်ပြီး ကျွန်ုပ်အား တိုက်ခဲ့ပါသည်။

ထိုပြာကိုသောက်ပြီးနောက်ပိုင်း ကျွန်ုပ်ကိုယ်တိုင် ဘာမှန်းမသိရသော စကားများ နှုတ်ကတားမရဆီးမရထွက်နေလေတော့၏။ ဘာဘာသာစကားမှန်းမသိ။)

"အဘ ခုနပြောတဲ့ရွှေလာငွေလာပင်က ဘာလုပ်ရမှာလဲဟင်"

"လူလေးအိမ်မှာ ဘုရားပူဇော်ပေါ့ကွယ့်"

"ဩော်"

"ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းဩဘာနိမိတ်ထွန်းဆိုတာ လူလေးလည်းသိမှာပါ"

"ဟုတ်ကဲ့"

"အေး - ရွှေလာငွေလာအိုးနဲ့ ဘုရားပူဇော်ပေါ့ကွယ်။ အိုးကတော့ အသစ်ဝယ်ရလိမ့်မယ်။ ပန်းအိုးအဖြူလှလှလေးတွေဆို ပိုကောင်းတာပေါ့။ အချိန်အခါကတော့ မင်းရွေးတတ်ပါတယ်"

ထိုစကားကြောင့် အဘကို ဖျတ်ခနဲ ကြည့်လိုက်၏။

"မင်းရွေးတတ်ပါတယ်၊ ရွေးပြီး ပူဇော်ပေါ့ကွယ်။ ရေလည်းလဲပေးပေါ့။ အနွမ်းအခြောက်မခံနဲ့"

"နွယ်ပင်ဆို အဘ၊ အရှည်ကြီးဖြစ်လာရင်ကော"

"အရှည်ကြီးမဖြစ်စေနဲ့၊ သိပ်ရှည်ရင်တော့ အပင်ကို အသစ်လဲဖေါ့ကွယ်"

"ဘယ်နေ့လဲလဲ ရတယ်မို့လား ဘကြီး"

"မင်းရွေးတတ်ပါတယ်"

ထိုစကားသာ ထပ်ပြောပြီး ရေနွေးငှဲ့သောက်နေ၏။

"မပြီးသေးဘူး"

"ဗျာ"

"အဲဒီအိုးအောက်မှာ တစ်ဆယ်တန် ဒါမှမဟုတ် တစ်ရာတန်ထားပေါ့ လူလေး။ တစ်ခုခုလေးနဲ့ထည့်ထားပေါ့"

"ဩော် - အဲဒီပိုက်ဆံကို ပလတ်စတစ်အိတ်ထဲထည့်ပြီး ပန်းအိုးနဲ့ဖိထားတဲ့သဘောပဲ"

"အေး - ဟုတ်တယ်၊ မင်းက အကျင့်အားရှိတယ်။ ခု ငါပြောတဲ့ ဂမ္ဘီရအစီအရင်နဲ့ မင်းအကျင့်နဲ့ တွဲလိုက်ရင် ကျိန်းသေတယ်၊ မင်းဘဝဟာ တစ်ဆစ်ချိုးပြောင်းသွားလိမ့်မယ်"

ထိုစဉ်က ကျွန်ုပ်သည် နေ့စဉ်မပျက် သွားရင်းလာရင်း၊ အလုပ်လုပ်ရင်း ဂုဏ်တော်(၉)ပါးကို အကြိမ်(၁၀၀၀)ပြည့်အောင်ရွတ်နေသူဖြစ်၏။ ဘကြီးလိုတော့ ပုတီးမစိပ်ပါ။ နှုတ်မှသာရွတ်နေခြင်း ဖြစ်ပါသည်။

"ဘယ်လိုဘဝတစ်ဆစ်ချိုးပြောင်းလဲ ဘကြီး"

"မင်း ခုလို ပြေးပြေးလွှားလွှား ဘဝမဟုတ်တော့ဘဲ အောင်မြင်လာမှာပေါ့။ အဓိကကတော့ မင်းဟာ မိခင်ကို လုပ်ကျွေးနေတဲ့အတွက် ငွေကြေးမပူရ မပင်ရဖြစ်လာမှာပေါ့"

"ဘကြီး၊ ဈေးကတော့ရောင်းရဦးမှာပဲလေ။ ပြေးလွှားနေရမှာပေါ့"

"အေး၊အေး - လွန်လှတစ်နှစ်ပေါ့ ကလေးရယ်၊ ငါ့သားထူးလာမှာပါ"

ထိုဘကြီးနှင့် ဆုံပြီးချိန်မှစ၍ ဘာကြောင့်မှန်းမသိ ကျိုက္ကဆံဘုရားကြီးသို့ အရောက်ကြဲသွား၏။ ရောက်ပြန်လျှင်လည်း ဘကြီးကို မတွေ့ဖြစ်။ ကျောက်စာတိုင်နားမှ လက်ဖက်ရည်ဆိုင်လေးကို သွားမေးကြည့်ပြန်တော့လည်း တစ်ခါတစ်ခါမှ ဘကြီးကိုတွေ့မိသည်ဟု ဆို၏။

ထိုဘကြီးပြောသည့်အတိုင်း ကျွန်ုပ်နေ့ရွေးလိုက်ပါသည်။

အချိန်မှာ ဗုဒ္ဓဟူးနေ့မနက် (၁၀) နာရီခွဲနှင့် (၁၂) နာရီကြားဖြစ်ပြီး အင်္ဂဝိဇ္ဇာအခေါ် အားဖြင့် ဂုရုအခါ ဖြစ်၏။

ခရာစောက်တိုင်ဖြင့်ပြရလျှင်-

(၂) နဝင်း
၆
၃
ဂုရု ၅
၁
၄
၀



www.burmeseclassic.com

www.burmeseclassic.com

တနလ်ာအမြင့်ဆုံးဖြစ်သောအခါ ဖြစ်၏။

ထိုအခါမှစ၍ ဘကြီးပြောသည့် ရွှေလာငွေလာအား ကြွေပန်းအိုးအဖြူနှင့်စတင်၍ ဘုရားပူဇော်ခဲ့သည်မှာ ယခုအထိပင် ဖြစ်ပါသည်။

ဘကြီးခိုင်းသည့်အတိုင်းပြုလုပ်ပြီး ထူးဆန်းသည်မှာ အရောင်းအဝယ်များ တဖြည်းဖြည်း ပါးလာပါတော့သည်။ အလွန်များပြားလှသော အထည်ပုံကြီးများမှာ တဖြည်းဖြည်းပါးပါးသွားရင်း ဘာလုပ်လို့ဘာကိုင်ရမှန်း မသိရတော့လောက်အောင် စိတ်သောကများ ရောက်ခဲ့ရပါသည်။

ထိုသို့ စိတ်သောကများရောက်ခဲ့ရစဉ် တစ်နေ့ -

စိတ်ညစ်ညစ်နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ညဘက်ထိုင်နေစဉ် ကျွန်ုပ်၏ အာစရိယဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော ဆရာအရှင်သူမြတ် ရောက်လာပြီး 'မင်းဘာတွေလုပ်နေလဲ' ဟု မေး၏။ ကျွန်ုပ်က ဈေးရောင်းရင်း အရင်းပြုတ်နေပြီဖြစ်ကြောင်း၊ ရောင်းမကောင်းကြောင်းပြောရာ ဆရာအရှင်သည်-

"အေး - မင်းမှာ ပညာတွေရှိနေတာပဲ။ မင်းလုပ်ရမှာ ဒါမှမဟုတ်ဘူး၊ မင်းပညာတွေဘာလုပ်ဖို့လဲ။ (၇) ရက်သားသမီးတွေကို မင်းကယ်ပေတော့"

ဟု ပြောပြီး ကျောကုန်းကိုခပ်ပြင်းပြင်း သုံး၊ လေးချက်ခန့်ပုတ်ပြီး ဆရာအရှင်နှင့်အတူလိုက်လာကြသော ဆရာ့တပည့်များကို လှည့်ပြုံးပြ၍ အခြားစားပွဲဆီသို့ထွက်သွားပါသည်။ ဆရာ့တပည့်များက နောက်ကပါသွားကြ၏။

(နှစ်ပေါင်း သုံးဆယ်ကျော်ကြာခဲ့ပြီဖြစ်၍ (၇) ရက်သားသမီးများအား ဟောပြောရန် စတင်ဖွင့်ပေးခဲ့သော ဆရာအရှင်သူမြတ်၏ နှုတ်ထွက်စကားများကို အပြည့်အစုံ မမှတ်မိတော့ပါ။ မှတ်မိသလောက်ရေးပြခြင်းသာ ဖြစ်ပါသည်။)

ဆရာအရှင်သူမြတ် ကျောကုန်းကို ပိတ်ရိုက်ပေးပြီးသည့်နောက်နေ့မှစ၍ -

"ဒီအိမ်မှာ ဆရာရှိတယ်ဆိုလို့ ကျွန်မတို့လုပ်ငန်းအတွက် ဆောင်ရန်၊ ရှောင်ရန်လေးမေးချင်လို့"

ဟုဆိုပြီး ဘယ်ကဘယ်လိုသတင်းကြား၍ ရောက်လာမှန်းမသိရသော အမျိုးသမီးများ စတင်ရောက်လာပါတော့သည်။ အလွန်အံ့ဩဖို့ကောင်းလှ၏။

ကျွန်ုပ်လည်း ထိုနေ့စ၍ ဈေးသည်ကြီးဘဝကို လုံးဝကျောခိုင်းခဲ့ရပြီး ပရိသတ်ဝိုင်းဝိုင်းလည်သော ဦးမောင်မောင်သန်းဘဝသို့ ရောက်ရှိခဲ့ရပါတော့သည်။

နေ့စဉ် ပရိသတ်များစွာတို့နှင့် စကားပြောရပြီဖြစ်၍ ဘဝတစ်ဆစ်ချိုးပြောင်းပြီး (၁) နှစ်၊ (၂) နှစ်ခန့် ဘုရားကြီးကို မရောက်ဖြစ်ခဲ့ပါ။ နှစ်အတော်လေးကြာမှသာ ရောက်ခဲ့ပါသည်။

ရောက်သည်နှင့် ထုံးစံအတိုင်း တံမြက်စည်းလှည်း၊ အမှိုက်ကောက်လေရာ တနလ်ာထောင့်နားအရောက်တွင် ဘကြီးကျွန်ုပ်ကိုထိုင်ကြည့်ခဲ့သောနေရာလေးကို လှမ်းကြည့်ပြီး စိတ်ထဲတွင် တစ်မျိုးခံစားရ၏။

'ဩော် - ဘယ်များရောက်နေပါလိမ့်'

ဟု တွေးနေမိ၏။ ရင်ပြင်တော်တွင်လှမ်းလျှောက်ရင်း ပရိတ်ရွတ်သောအဘွားကိုလည်း သတိရ၏။

ဘကြီးနှင့်ဆုံပြီးနောက်ပိုင်း လေး၊ ငါးနှစ်အကြာ တစ်ခေါက်ပြန်ရောက်လာသော ကျွန်ုပ်၏ဘေးတွင် ကျွန်ုပ်ကဲ့သို့ တံမြက်စည်းဝိုင်းလှည်းနေကြသော မိတ်ဆွေများ၊ တပည့်များ (၆) ဦး၊ (၇) ဦးခန့် ပါနေချေပြီ။ ကျွန်ုပ် ပင်ပင်ပန်းပန်း ပြေးလွှားရှာဖွေစားသောက်နေရ၍ ရွှေလာငွေလာအိုးထိုးကာ ဘုရားပူဇော်ခိုင်းခဲ့သောဘကြီးကို သတိတရနှင့် ဘကြီးထိုင်ခဲ့သောနေရာလေးကို လက်အုပ်ချီကန်တော့လိုက်မိ၏။ အနားတွင်တံမြက်စည်းလှည်းနေကြသော တပည့်များ သိကြမည် မဟုတ်ပါ။ လွန်ခဲ့တဲ့ လေး၊ ငါး၊ ခြောက်နှစ်က ဟောဟိုနေရာလေးမှာ ဒီလိုပြောခဲ့ဖူးတဲ့ ပုဂ္ဂိုလ်နဲ့ ဆုံခဲ့ဖူးတယ်ဟု ပြောတော့ပြောပြပါဦးမည်။ သတိတရနှင့် ပြောပြပါဦးမည်။

ဤကား -

သူရဋ္ဌမဂ္ဂဇင်းကြီး၏ (၁၄)နှစ်ပြည့်မြောက်အမှတ်တရအဖြစ် ကျေးဇူးရှင် သူရဋ္ဌပရိသတ်ကြီးအား ဂါရဝပြုလိုက်သောလက်ဆောင်ပင်ဖြစ်ပါတော့သည်။

ကျွန်ုပ်သည် -

ထိုအချိန်မှစ၍ ရွှေလာငွေလာအိုးထိုး၍ ဘုရားပူဇော်ခဲ့သည်မှာ ယခုအချိန်ထိပင် ဖြစ်၏။

အနှမ်းမခံပါ။ ရေလဲလှယ်ပေးခြင်း၊ နှမ်းမည်ထင်လျှင် အသစ်လဲခြင်းဖြင့် ရွှေလာငွေလာအိုးမှာ ရှင်သန်လျက်ရှိ၏။

ကျွန်ုပ်ထံ ရောက်လာကြသော မိတ်ဆွေများကိုလည်း ရွှေလာငွေလာထိုး၍ ဘုရားပူဇော်ခိုင်း၏။ ရွတ်ဖတ်လျှင် ဒိဝါတပတိဂါထာနှင့် မဟာဝေဒပ္ပမန္တန်ကို ရွတ်ခိုင်းသည်ကများ၏။ ပုတီးစိပ်ခိုင်းလျှင် ဘုရားဂုဏ်တော် (၉) ပါးကိုသာ စိပ်ခိုင်း၏။

လွန်စွာမှအောင်မြင်ကြသည်ချည်း ဖြစ်၏။

သူတို့၏အောင်မြင်မှုများအတွက် ပီတိဖြစ်ရပါသည်။

ထိုပီတိကို -

(၁၄) နှစ်ပြည့် အမှတ်တရတွင် ဝေမျှလိုက်ရခြင်း ဖြစ်ပါသည်။

ရွှေလာငွေလာ ဘုရားပူဇော်ချိန်လည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယုံကြည်စွာဖြင့်ပြုလုပ်ပါလေ။

မည်မျှ လာဘ်ပိတ်နေပါစေ -

အတိတ်ကံများရှိခဲ့လျှင် ထိုကောင်းကံများကို ပွင့်စေရန်အတွက် သီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ကျင့်ကြံအားထုတ် အဓိဋ္ဌာန်ဝင်ခြင်းများဖြင့် ကောင်းခြင်းကုသိုလ်များစွာကိုပြုရမည်သာ ဖြစ်၏။

ကောင်းကံများကို ဆောက်တည်မှသာ ကောင်းကံဖြစ်နေပါလိမ့်မည်။

ထိုသို့ ကောင်းကံများကိုဖွင့်ခြင်း-

ကောင်းကံများကို ဆောက်တည်ခြင်းပြုနေသည့်အခါ ရွှေလာငွေလာအိုးသည် ထူးခြား ထင်ရှားစွာ အထောက်အကူပြုလာပါလိမ့်မည်။

တစ်ထောင့်တစ်နေရာမှ ပါရမီဖြည့်ပေးသွားပါလိမ့်မည်ဟု -

မေတ္တာစကားဆိုရင်း -

သူရဋ္ဌပရိသတ်ကြီးအား သူရဋ္ဌမဂ္ဂဇင်းကြီး (၁၄) နှစ်ပြည့် အမှတ်တရအဖြစ် ဂါရဝပြုလိုက်ပါသည်။

စိတ်ချမ်းသာ၊

ကိုယ်ကျန်းမာခြင်း

များစွာဖြင့် ရွှေငွေရတနာပြည့်စုံကြပါစေသတည်း။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



## ဟုန်းဒေါင်
# အနန္တချမ်းသာကိုပေးစွမ်းသော ပုဗ္ဗဏှသုတ်နှင့်ကိုးစနေကျင့်စဉ်

တစ်နေ့သ၌ -

ကျွန်ုပ်သည် အဝေးမှ အကူအညီ တောင်းဆိုထားကြသော မိတ်ဆွေများအတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့ကို ရေးသားပြန်ကြားစာရေးနေစဉ်တွင် ဖြစ်ပါသည်။

ထိုစဉ်တွင် -

“ဘိုးတော်”

“ဆရာ”

ဟု ခေါ်သံနှစ်သံမှာ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာခဲ့ပါတော့သည်။

ထိုအသံတို့မှာ ကျွန်ုပ်နှင့်ရင်းနှီးနေသောအသံများဖြစ်ကြောင်း သတိဝင်လိုက်ပါသည်။ စာရေးနေရာမှ အသံလာရာဆီကို မော့်ကြည့်လိုက်တော့ ကျွန်ုပ်၏ တပည့်(၂)ယောက် ဖြစ်ပါသည်။

တစ်ယောက်က ကျွန်ုပ်ဆီလာတိုင်း ကောက်ရိုးကို အမြဲပွေ့သယ်လာတတ်သော တပည့်မောင်စောလှမြင့် ဖြစ်ပါသည်။ တစ်ယောက်ကတော့ အစိမ်းရောင်ဆိုလျှင် သဲကြီးမဲကြီးအစိမ်းရောင်ဝင်တတ်သူ။ ထိုတပည့်က နှုတ်မှဖွင့်ပြောထားသည့် စကားလည်းရှိနေခဲ့ပါသည်။ ထိုစကားစုသည် အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

“ဆရာရယ်၊ ကျွန်တော်အနေနဲ့ အစိမ်းရောင်ကျင့်စဉ်တွေဝင်ရတာ လွန်စွာနှစ်သက်ဖော ဆရာသိပြီးသားပါ။ ကျွန်တော်ကပဲ လောဘတကြီးဖြစ်နေလို့များလား။ ကိုးစနေအစိမ်းရောင်ကျင့်စဉ်ဆိုရင် (၁၈)ကြိမ်ပြည့်အောင်ကို ဝင်ချင်နေတာမို့ အခုကျွန်တော်သွားနေတဲ့ အစိမ်းရောင်ကျင့်စဉ်အပြီးနဲ့ ကောဇာနှစ် ၁၃၇၆ နှစ်ထဲမှာ နောက်ဆုံး ကိုးစနေကြုံနေတဲ့ နက္ခတ်စုံတဲ့တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက်၊ စနေအတွက် အစိမ်းရောင်ကျင့်စဉ်တစ်ခုတော့ ချီးမြှင့်ပါ”

ဟု အားတက်သရော တောင်းဆိုနေပါတော့သည်။

ကျွန်ုပ်ကို ကိုးစနေအစိမ်းရောင်ကျင့်စဉ်ကို တောင်းခံနေသော တပည့်မောင်မောင်စိုး၏ စကားဆုံးသည်နှင့် ကောက်ရိုးကို အမြဲပွေ့သယ်လာတတ်သူ တပည့်က ဒီတစ်ခါ မောင်မောင်စိုးစကားအလိုက် ဆီထည့်ပြီး ဘီးတပ်၍ တွန်းအားပေးလိုက်ပါတော့သည်။

“ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်လည်း အဲဒီကိုးစနေအစိမ်းရောင်ဝင်ချင်ပါတယ်”

ဟု အားပေးအားမြှောက်စကားဖြင့် ပြောကြားလိုက်ပါတော့သည်။

“အေးပေါ့ကွာ၊ မောင်မောင်စိုးက သဘောရိုးနဲ့ သူ့ဆန္ဒကိုဖွင့်ပြီး တောင်းခံတာကို မင်းကတော့ အခွင့်ရတုန်းအလွတ်မပေးဘဲ အခွင့်အရေးအရယူလိုက်တာပေါ့”

ဟု ကျွန်ုပ်က ရယ်မောရင်း မောင်စောလှမြင့်ကို ပြန်လည်ပြောပြလိုက်ရပါတော့သည်။

ထိုစဉ်မှာပင် တယ်လီဖုန်းဝင်လာပြန်တော့သည်။

“ဆရာ၊ သမီးလူကိုယ်တိုင်မလာအားတာနဲ့ ဖုန်းနဲ့ ဆရာ့ဆီကို ဆက်ပြီး မေးရတာကို ခွင့်လွှတ်ပါ ဆရာ။ သမီး ဦးတင်ပါတယ်။

ဒီနှစ် ကိုးစနေ(၃)ကြိမ်ကြုံတာကို ဆရာပြောပြထားလို့ သိပြီးသားပါဆရာ။ အရင် လွန်သွားခဲ့တာ ကိုးစနေ(၂)ကြိမ်မှာ အစိမ်းရောင်မဝင်လိုက်ရလို့ပါ ဆရာ။ အခု နောက်ဆုံးကြုံနေတဲ့ ကိုးစနေအစိမ်းရောင်ကို မပျက်မကွက်ဝင်ချင်လို့ပါ။ သမီးကို ချီးမြှင့်ပေးပါနော် ဆရာ။ ဦးတင်ပါတယ်”

ဟု တယ်လီဖုန်းနှင့် တပည့်မ မိမိလှိုင်က တောင်းဆိုနေပြန်ပါတော့သည်။

တိုက်ပဲတိုက်ဆိုင်လှပါသည်။

ကျွန်ုပ်သည် တပည့် မောင်မောင်စိုးနှင့် မောင်စောလှမြင့်တို့ကို အောက်ပါအတိုင်း ရှင်းပြလိုက်ပါသည်။

“ဒီတစ်ခါမှာ ဝင်ရမယ့် ကိုးစနေအစိမ်းရောင်ကျင့်စဉ်ကို အရင့်အရင်အခါများက အစိမ်းရောင်တွေမှာလို ဂါထာတွေ၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကိုသာ အစိမ်းရောင်ဝင်ခဲ့ကြရတာမို့ ဒီတစ်ခါတော့ တစ်မျိုးပြောင်းပြီး အစိမ်းရောင်ဝင်ကြရမယ်ကွ။

ပြောင်းလဲဝင်ရောက်မယ့်အစိမ်းရောင်ကျင့်စဉ်ကို မြတ်စွာဘုရားရှင်ဟောကြားခဲ့ဟဲ့ ပရိတ်တော်များထဲမှ ပုဗ္ဗဏှသုတ်ပရိတ်တော်ကို အစိမ်းရောင်ပြီး ကျင့်ကြရမယ်။

မိမိတို့ပြုလုပ်ကြတဲ့ကောင်းမှုတွေပါ အကျိုးပေးထိရောက်ဖို့၊ အောင်မြင်ဖို့ကတော့ မင်းတို့ကာယကံရှင်များရဲ့သဒ္ဓါ ဆန္ဒရယ်၊ သီလရယ်၊ ဝီရိယရယ် ဒီလိုကြိုးစားကြခြင်းဖြင့် အကျိုးပေးထက်ထက်သန်သန်နဲ့ အောင်မြင်မှာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ လာဘ်ကိုမမျှော်နဲ့။
ဘေးအန္တရာယ်ကာကွယ်ဖို့မရည်ရွယ်နဲ့။

ကုသိုလ်စေတနာ အားကြီးစွာနဲ့ ကျင့်ဖို့ အားထုတ်ဖို့ပဲလိုတယ်ကွ။ သီလလည်းလုံခြုံမယ်ဆိုရင် ဆရာပြောနေတဲ့ စကားနဲ့ပဲ ထပ်ပြီး ပြောပြလိုက်ဦးမယ်။ တူရင် သာမယ်ကွ"

ဟု တပည့်ရင်းများမို့ ရှင်းရှင်း ဘွင်းဘွင်းကြီးကို ပြောပြလိုက်ရလေတော့ သည်။

"အခု ကိုးစနေကြုံလာတဲ့လက ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်၊ စနေပါ။ ခရစ်နှစ်နဲ့ပြောရင်တော့ ၂၀၁၄ ခု၊ နိုဝင်ဘာလ ၁၅ ရက်မှာ ကျရောက်တယ်ကွ။ ကောဇာနှစ်အကိုက်ကြုံလာတဲ့ကိုးစနေရက်ရဲ့နောက်ဆုံးရက်ဖြစ်နေတယ်။

တန်ဆောင်မုန်းလမို့ ဝိဇ္ဇာစရဏမ္ဘိရနယ်မှ ဝေဖန်ကြည့်။

◆ ၁၃၇၆ ခုနှစ်ဖြစ်နေ၍ 'အစွမ်းထက်သူ' နှစ်ဖြစ်ခြင်း၊

◆ တန်ဆောင်မုန်းလသည် (၈)လမြောက်ဖြစ်၍ ရာသီ ပြိဿာရာသီဖြစ်ပြီး ကင်းမြီးကောက်သင်္ကေတကို တွေ့ရပါမည်။ အားမာန်နှင့် အစွမ်းရှိသောလရာသီ ဖြစ်သည်။

◆ နက္ခတ်စုံ၊ ပန်းစုံပွင့်သောထွန်းသောလလည်း ဖြစ်လေသည်။

◆ ဝိဇ္ဇာစရဏမ္ဘိရပညာနယ်မှကြည့်လျှင် လ၏လပြည့်ကျော်ရက်ဖြစ်၍ သိဒ္ဓိပိုင် အောင်စေရာသည်။

◆ အဓိဋ္ဌာန်ကျင့်စဉ် လုံခြုံပါက ဣဒ္ဓိပါဒ်လေးပါးနှင့် မုချပြည့်စုံစွာရမည့်လက္ခဏာရှိနေပါသည်။

(အင်္ဂါ၊တန်နှင့် ပြည့်စုံနေပါသည်။)

**အဓိဋ္ဌာန်ဝင်ရန်နည်းလမ်း**

၁။ အဓိဋ္ဌာန်ကျင့်စဉ်စတင်ရန်။

၁၃၇၆ခု၊ တန်ဆောင်မုန်းလဆုတ် ၉ ရက် (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) စနေနေ့မှ စတင်ပါ။

၂။ အဓိဋ္ဌာန်ကာလသတ်မှတ်ရန်။

တန်ဆောင်မုန်းလဆုတ် ၉ ရက်မှ နတ်တော်လကုန်(စနေနေ့)အထိ ရက်ပေါင်း (၃၆) ရက် ကြာမြင့်မည် ဖြစ်ပါသည်။

မှတ်ချက် - အဓိဋ္ဌာန်ကို တစ်ကြိမ်လျှင် (၉) ရက်(၁)ကြိမ်ကျဖြင့် (၄) ကြိမ်ဆက်တိုက်ဝင်နိုင်ပါသည်။

၃။ အဓိဋ္ဌာန်ကာလတွင် -

ဦးစွာ စတုလောကပါလနတ်မင်းကြီးလေးပါးဖြစ်သော-

(၁) ဓတရဋ္ဌနတ်မင်းကြီး၊
(၂) ဝိရူဠှကနတ်မင်းကြီး၊
(၃) ဝိရူပက္ခနတ်မင်းကြီး၊
(၄) ကုဝေရနတ်မင်းကြီးများကို ဖိတ်ထားပါ။

သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ တန်ခိုးရှင် ဆရာတော်များနှင့် ဟိမဝန္တာနှင့် မဟာမြိုင်မှာ သီတင်းသုံးတော်မူနေကြသော ဆရာတော်ကြီးများကိုပင့်ဖိတ်ထားပါရန်။

၄။ မိမိသဒ္ဓါအားလျော်စွာ -

ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်များဖြင့် မြတ်စွာဘုရားရှင်အား ကပ်လှူပါ။

၅။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းတို့ပြုလုပ်ပါ။

၆။ ပုဗ္ဗဏှသုတ် ပရိတ်တော်ကို (၃) ကြိမ်တိတိ ဖြည်းဖြည်းနှင့်မှန်မှန် ပုဒ်ပါဌ်အက္ခရာမှန်စွာ ရွတ်ဖတ် ပူဇော်ပါရန်။

(မိတ်ဆွေအနေဖြင့် သုတ်ပရိတ်တော်ကို အာဂုံနှုတ်တိုက်ရရှိပြီး ဖြစ်လျှင်လည်း စာအုပ်ပရိတ်တော်မှာ ပိုမိုတိကျမှန်ကန်သဖြင့် ပရိတ်စာအုပ်တို့ ကြည့်၍ ရွတ်ဖတ် ပူဇော်သင့်ကြောင်း အကြံပြုအပ်ပါသည်။)

မှတ်ချက် - ပုဗ္ဗဏှသုတ်တော်ကို အောက်တွင် သီးခြားရေးသားဖော်ပြလိုက်ပါသည်။ (ပရိတ်စာအုပ် အသင့်မဖြစ်သူများအတွက် ဖြစ်ပါသည်။)

၇။ သစ္စာပြု ဆုတောင်းခြင်း။ နောက် ဝေနေယျများစွာတို့အား မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။

၈။ မူလကနဦးမှ ပင့်ဖိတ်ထားသည့် ပုဂ္ဂိုလ်များကို နေရပ်ဌာနသို့ ပြန်ပို့ပါ။

**ပုဗ္ဗဏှသုတ်ပရိတ်တော်**

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါ နုဘာဝေန ဝိနာသ မေန္တု။
ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။
ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ မေန္တု။
ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာစ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။
ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။
သဗ္ဗေ ဗုဒ္ဓါ ဗလ ပတ္တာ၊ ပစ္စေ ကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗ ဒေဝတာ။
သဗ္ဗ ဗုဒ္ဓါ နုဘာဝေန သဒါ သုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗ မင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ။ သဗ္ဗ ဓမ္မာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗ မင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ။
သဗ္ဗ သံဃာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
မဟာကာရုဏိကော နာထော၊



www.burmeseclassic.com

www.burmeseclassic.com

# မိမိနေထိုင်လိုရာ၌ ပြောင်းရွှေ့နေထိုင်လိုသူများအတွက်

အောင်ငြိမ့်မိုး



လုံးဝမမျှော်လင့်မိ။

ရုတ်တရက်ထွက်လာသည့် အမိန့်ဖြစ်သည်။

အမိန့်ရရှိပြီး (၇) ရက်အတွင်း ပြောင်းရွှေ့ရမည်။ လိုအပ်ချက် (စီမံချက်) အရ အမိန့်ပြင်ဆင်၍မရ။

မည်သည့်တပ်ဟု မသိရ၊ မည်သည့်မြို့ဟုမသိရ၊ မှော်ဘီမြို့ရှိ တပ်ရင်းတစ်ရင်းသို့ သတင်းပို့စုစည်းရန်သာပါသည်။ စစ်သားဆိုသည်မှာ အမိန့်နာခံမှုသာလျှင် အဓိကဖြစ်သည်။ သို့ဖြစ်၍ သစ္စာ(၄)ချက်၏ တတိယအချက်၌ 'ငါအား အထက်မှပေးအပ်သောအမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်'ဟု အတိအလင်းဆိုထားသည်။

ထိုသစ္စာကို နေ့စဉ် နိုင်ငံတော်အလံရှေ့၌ နံနက်(၇း၃၀)နာရီတစ်ကြိမ်၊ ညနေ (၁၅း၃၀)နာရီတစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ်ရွတ်ဆိုရသည်။ သို့ဖြစ်၍ အမိန့်နာခံပါက သစ္စာစူးပေမည်။

အမိန့်အရ မိသားစုခေါ်ခွင့်မရှိ၍ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် မြစ်ကြီးနားမြို့ အခြေစိုက် အမှတ်(×××) တပ်ရင်းမှ စာရေးသူတစ်ဦးတည်းရထားဖြင့်ထွက်ခွာခဲ့သည်။

အမိန့်စာတွင်ပါရှိသည့် မှော်ဘီ အခြေစိုက်ခြေမြန်တပ်ရင်းတစ်ရင်းသို့ အချိန်နှင့် တစ်ပြေးညီရောက်ရှိပြီး သတင်းပို့လိုက်သည်။

အဆိုပါတပ်ရင်းရောက်ပြီးနှစ်ရက်ခန့်နေမှ စာရေးသူသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့တွင် ဖွင့်လှစ်မည့် အမှတ်(×××)ခြေလျင်တပ်ရင်း(တပ်ရင်းအသစ်)တွင် တစ်ဆင့်မြှင့်ရာထူးဖြင့် ပြောင်းရွှေ့ရမည်ဟု သိရသည်။

စုရပ်ဖြစ်သည့် မှော်ဘီတပ်ရင်းတွင် (၇) ရက်ခန့်နေပြီး ပင်လယ်ကူးသင်္ဘောကြီးဖြင့် ရန်ကုန်မှ စစ်တွေသို့ ထွက်ခွာခဲ့ရသည်။ စာရေးသူသည် အညာသားစစ်စစ်ဖြစ်၍ ဤမျှရေပြင်ကျယ်ကျယ်ကို မတွေ့ဘူးပါ။

နှစ်ညအိပ်၊ သုံးရက်ပင်လယ်ခရီးနှင်ခဲ့သည်။ အတွေ့အကြုံမရှိသူတော်တော်များများ မူးဝေအော့အန်ကြသည်။ စာရေးသူကတော့ ကံအားလျော်စွာ ဘာမှမဖြစ်။

ရေထဲမှ နေထွက်၍ ရေထဲ၌ နေဝင်သွားသည်ကို သုံးကြိမ်ခန့်ကြုံပြီးနောက် တစ်ကြိမ်တစ်ခါမှမရောက်ဘူးသေးသည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလေ၏။

"ဩော် - ဒီနေရာကို မင်းသားကြီး ရွှေလုံ့ဗိုလ်လည်း ငါတို့ရောက်သလို တစ်ခါမှ မရောက်ဘူးဘဲ ရောက်ခဲ့ဖူးတယ်"

ဟု မတန်တရာတွေးမိသည်။

စစ်တွေမြို့၌ (၂) ရက်ခန့်နားပြီး ဘူးသီးတောင်မြို့သို့ ခရီးသည်တင်သင်္ဘောဖြင့် နံနက်စောစောထွက်ခွာခဲ့သည်။ ဘူးသီးတောင်သို့ ညနေဘက်တွင် ရောက်ရှိသည်။ လမ်းခရီး နေ့လယ်ထမင်းစားနားသည့် ရသေ့တောင်အရောက်တွင် ဈေးရောင်းလှေများက အစားအစာများလာရောင်းသည်။ ငှက်ပျောသီးတစ်ဖီး 'ငါးပြား' ဆို၍ အံ့ဩမိသည်။ အတူပြောင်းရွှေ့လာသူ ရခိုင်

ဟိတာယ သဗ္ဗပါဏီနံ။
ပုရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော
သမ္ဗောဓိ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိ ဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊
သီသေ ပုထု ဝိ ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပ္ပတော ပမောဒတိ။
သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ
သုဟုဋ္ဌိတံ။
သုခဏော သုမဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။
ပဒက္ခိဏံ ကာယကမ္မံ။
ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ။
ပဏီဓိ တေ ယဒက္ခိဏော။
ပဒက္ခိဏာနိ ကတွာန၊
လဘန္တတ္ထေ ပဒက္ခိဏော။
တေ အတ္ထလဒ္ဓါ သုခိတာ၊
ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊
သဟ သဗ္ဗေတိ ဉာတိဘိ။

ကျွန်ုပ်၏ တပည့်များကို သေချာဂနစွာ ရှင်းလင်းပြောကြား၍ အမ္ဗိဋ္ဌာန်ကျင့်စဉ်ကိုပေးလိုက်ပါသည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့်လည်း အမိဋ္ဌာန်ကျင့်စဉ်ကို အာသာဆန္ဒရှိခဲ့ကြပါမူ ဝင်ရောက်ရန် အပြည့်အစုံရေးသား ပေးပို့လိုက်ပါသည်။ မိမိတို့ ပါရမီအလျောက် အောင်မြင်ကြီးပွား၍ ချမ်းသာကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ဘုန်းခေါင်

**မှီငြမ်း -**

သီရိမင်္ဂလာ
ပရိတ်တော်ဝတ်ရွတ်စဉ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းသား တပ်ကြပ်ကြီးမြင့်သန်းမှ ငါးပြား ဟူသည် မြန်မာလို ငါးကျပ်ဖြစ်ကြောင်းရှင်းပြမှ သဘောပေါက်ရသည်။

ဘူးသီးတောင်သို့ရောက်ရှိပြီး မြို့မှအထွက် တစ်မိုင်ခန့်အကွာ မောင်တောသွားကားလမ်း၏ ညာဘက် လက်ဝဲဒက်ရွာဟောင်းနေရာသို့ ဆက်လက်ထွက်ခွာသည်။ ယင်းနေရာသည် တစ်သစ်တည်မည့်နေရာ ဖြစ်သည်။

လက်ရှိ အခြေအနေမှာတော့ လယ်ကွင်းပြင်သာရှိပြီး မိမိအစီအစဉ်ဖြင့် ဝါးတဲများထိုး၍နေရသည်။ ရာသီဥတုကကြမ်း၊ ရေမီးကခက်ခဲ၊ ညညဆိုလျှင် ခွေးအ(ခဲဝါ)များ အုပ်လိုက်အကောင်လေး,ငါးခြောက်ဆယ်ခန့် သွားလာအော်ဟစ်နေတတ်သည်။ အစားအစာ၊ အသွားအလာ၊ စကားအထာ မတူသည့်နေရာ။ ဝေးကွာလွန်းသည့်နေရာ။

နေရာဒေသအရ နေထိုင်ရသည်မှာ အဆင်မပြေသည့်ကြားထဲ အညာသား၏ ဒေသစွဲလမ်းသည့်စိတ်ကြောင့် အင်မတန် ပြည်တော်ပြန်လိုလှသည်။ မုံရွာမြို့အနောက်ဘက်ကမ်း ညောင်ပင်ကြီးမှ မိုင်(၃၀)ခန့်အကွာရှိ မွေးရပ်ရွာကလေးမှ အသက်(၈၃)ကျော် မိအိုဖအိုများကိုလည်း စိတ်မချနိုင်။ အကြောင်းကြောင်းတို့ကြောင့် ရောက်ရှိနေရာ၌ စာရေးသူမပျော်ပိုက်။

သို့ရာတွင် ကိုယ်က ယောက်ျား၊ ယောက်ျားထဲမှာမှ စစ်သားလေ။ သည်တော့ ခံနိုင်ရည်ရှိရပေမည်။ နယ်စပ်လုံခြုံရေးအတွက် ကိုယ့်မှာလည်းတာဝန်ရှိသည်။ ကိုယ်လည်း မြန်မာပြည်သား မဟုတ်ပါကလားဟု စိတ်ဓာတ်မြင့်လာသည်။

(၆)လခန့်အကြာ၌ မြစ်ကြီးနားရှိ မိသားစုကိုပြန်ခေါ်သည်။ မိမိအစီအစဉ်ဖြင့်သာ ယာယီအိမ်များ ဆောက်လုပ်နေထိုင်ကြရသည်။

မိသားစုရောက်တော့ မုန်တိုင်းရာသီ။

ဇနီးသည်က မြစ်ကြီးနားသူ။ သားသမီး(၃)ဦးစလုံးက မြစ်ကြီးနားမှာမွေး၊ မြစ်ကြီးနားမှာ ကြီးပြင်းခဲ့ကြသည်။ ဘူးသီးတောင်မှာ မပျော်ကြ။ ထို့ကြောင့် ဘာသာရေးအလွန်လိုက်စားသော ဇနီးသည်က ဘုရားကူကူ၍ ပြောင်းရွှေ့ရန် ကြိုးစားမည်ဟု ဆိုလာသည်။

စာရေးသူတို့တပ်ရင်းအနီး၌ ဗုဒ္ဓဗျာဒိတ်တော်ဝင်စေတီတစ်ဆူ ရှိသည်။ ဘုရားရှင်၏ လက်ဝဲလက်ဓာတ်တော် ကိန်းဝပ်သည့်'အောင်မင်္ဂလာစေတီ'ဖြစ်သည်။ အလွန်တန်ခိုးကြီးသည်။ ဘူးသီးတောင်တစ်မြို့လုံးမှ ကိုးကွယ်ကြသည်။

အရေးအခင်းကာလတွင် ဘူးသီးတောင်မြို့ အေးစေတီကျောင်း ဆရာတော်ဦးစီး၍ ပျောက်ဆုံးနေသောဘုရားရှင်၏ လက်ဝဲလက်ဓာတ်တော်ကိန်းဝပ်ရာ စေတီနေရာအား တစ်မြို့လုံး စုပေါင်းရှာဖွေခြင်းဖြင့် (၈၈) အရေးအခင်းကြီးကို ဖြတ်သန်းကျော်လွန်ခဲ့ကြသည်။ တွေ့လည်း တွေ့ရှိခဲ့ကြသည်။

ထိုကျေးဇူးကြောင့် ဘူးသီးတောင်မြို့နှင့်မိုင်ဝက်ခန့်အကွာ၊ ဘူးသီးတောင်-မောင်တောကားလမ်း၏လက်ယာဘက် သိင်္ဂမေရပဗ္ဗရတောင်ထိပ်၌ အောင်မင်္ဂလာစေတီဟု ဘွဲ့အမည်ရသော လက်ဝဲလက်ဓာတ်တော်စေတီတော်ကို ကံထူးစွာ ဖူးတွေ့ရသည်။ တပ်နှင့်မဝေးကွာလှသည့် ထိုစေတီတော်သို့ စာရေးသူတို့ဇနီးမောင်နှံ နေ့စဉ်ရောက်ကြသည်။

တစ်နေ့တွင် ဇနီးသည်မှ အဆိုပြုလာသည်။

"ယောက်ျားရေ ကျွန်မတို့နေ့စဉ်စေတီကိုလာပြီး ကောင်းမှုပြုနေကြတဲ့ အတူတူ အဓိဋ္ဌာန်တစ်ခုပြုကြရအောင်"

"ဆိုပါဦး"

"ဒီလို ယောက်ျားရဲ့ ကျွန်မတို့နှစ်ယောက် နေ့စဉ်ရွတ်နေကြတဲ့ဇလွန်ပြည်တော်ပြန် ဂါထာတော်မြတ်ကြီးဟာ တကယ်တော့ ဇလွန်ပြည်တော်ပြန်ရုပ်ပွားတော်မြတ်က မိမိကိန်းဝပ်လိုတဲ့ မူလနေရာကိုပြန်ခဲ့ရတာ ဒီဂါထာကြောင့်ပဲ။ ဒါကြောင့် ကျွန်မတို့လည်း သွားရေးလာရေးကောင်း၊ သားသမီးတွေ ပညာရေးလည်းကောင်းတဲ့ .နေရာတစ်ခုခုကို ပြောင်းရပါစေသားလို့ ဆုတောင်းပြီး ဇလွန်စမ္ဗုဒ္ဓေဂါထာကို နေ့စဉ်သက်စေ့ပုတီးစိပ်မယ်။ အောင်မင်္ဂလာစေတီရဲ့ တန်ခိုးတော်၊ စမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးရဲ့တန်ခိုးတော်ကို ယုံယုံကြည်ကြည် စိပ်ကြရအောင်။ ကျွန်မတော့ မုချအောင်မြင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဘယ့်နှယ်သဘောရလဲ ယောက်ျား"

"ကောင်းတာပေါ့ မိန်းမရာ၊ သေချာတာကတော့ ကုသိုလ်ရတာပေါ့။ မယုံလို့တော့ မဟုတ်ဘူး။ တို့တပ်တွေက စစ်ဦးစီးစီမံချက်နဲ့ ဖွင့်ထားတာဆိုတော့ အပြောင်းအရွှေ့သိပ်မလွယ်ဘူး။ ငါတို့အဆင့်က ပိုဆိုးတာပေါ့။ တပ်ရင်းတစ်ရင်းမှာ (၈) ယောက်ပဲရှိတာကွ။ ပြောင်းရွှေ့ဖို့တော့ မလွယ်ဘူး။ အခု (၈)ယောက်ကလည်း အဆင့်တိုးတာ သိပ်မကြာသေးတော့ နောက်တစ်ဆင့်ရာထူးတက်ပြီး ပြောင်းဖို့ဆိုတာလည်း မဖြစ်နိုင်တော့ဘူး။ ပြောင်းချင်တာပေါ့ကွာ။ အဖေနဲ့ အမေလည်း အသက်ကြီးပြီ။နီးနီးနားနားနေချင်တာပေါ့။အေးလေ၊ ဘာပဲဖြစ်ဖြစ် ကုသိုလ်ရေးပဲလုပ်ကြတာပေါ့ကွာ"

စာရေးသူ စကားအဆုံးသတ်လိုက်သည်။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးခဲ့သည်။ စာရေးသူတို့ဇနီးမောင်နှံလည်း ဖအောင်မင်္ဂလာစေတီတော်ခြေရင်းတွင် ညနေတိုင်း 'ဣတိပိ၊ ပိဋကတ္တယံ' အစရှိသည့် ဇလွန်စမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးအား သက်စေ့ပုတီးစိပ်ဖြစ်ကြသည်။

တစ်နေ့ -

ထိုတစ်နေ့တွင် စာရေးသူတို့မိသားစု ဝမ်းသာလွန်း၍ ထခုန်မိကြသည်။

တပ်ပြောင်းရပါပြီ။ ထူးထူးခြားခြား ဤဘူးသီးတောင်တပ်ရင်းအသစ်၌ စာရေးသူတို့အဆင့်များအနက် စာရေးသူက ပထမဆုံးပြောင်းရွှေ့ရခြင်း ဖြစ်ပါသည်။ ပြောင်းရွှေ့ရသည့်မြို့ကလည်း မည်သို့မျှ မမျှော်မှန်းမထားသောမြို့။ စာရေးသူ၏ မိဘများရှိရာ မုံရွာမြို့နှင့် မလှမ်းမကမ်းရှိ ရွှေဘိုမြို့သို့ ပြောင်းရွှေ့ခဲ့ရသည်။

မယုံမရှိလေနှင့်။

တိုက်ဆိုင်မှုလုံးဝမဖြစ်နိုင်။

မိမိနေထိုင်လိုရာအရပ်တွင် အစစအဆင်ပြေစွာနေထိုင်လိုသူများအနေဖြင့် ဇလွန်ပြည်တော်ပြန်ဘုရားကြီး၏ စမ္ဗုဒ္ဓေဂါထာတော်ကို ယုံယုံကြည်ကြည် ရွတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

## ဇလွန်ပြည်တော်ပြန်
## စမ္ဗုဒ္ဓေဂါထာတော်


ဣတိပိ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ။ သတ္တဗောဇ္ဈင်္ဂါ အဋ္ဌင်္ဂေါ မဂ္ဂေါ စတုပဋ္ဌာနံ သဗ္ဗသက္ကန္ဓော၊ သဟာဿသူရိယော။ ဩကာသ နမော မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊ ဇေယျောဇေယျတုမင်္ဂလံ၊ အနိစ္စံ သခ်တံ ပုဋ္ဌိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ပဏ္ဍိတာ ခမန္တိ။

အောင်မြင့်မိုး




www.burmeseclassic.com

www.burmeseclassic.com



ကူကြိုးမွေတော်စေတီအား
အနောက်ဘက်မုခ်မှ ဖူးမြော်ရပုံ



ကူကြိုးမွေတော်စေတီ၏
အရှေ့မြောက်ထောင့်မြင်ကွင်း




ကူကြိုးမွေတော်စေတီအား
မြောက်ဘက်မုခ်မှ ဖူးမြော်ရပုံ

ကူကြိုးမွေတော် ဆုတောင်းပြည့် ဘုရားသွားရာလမ်းခွဲမှာ အောင်သပြေ တပ်စခန်းအဝင်ဝနှင့် ဆန့်ကျင်ဘက် (လက်ဝဲဘက်)တွင်ရှိသည်။ တောင်ကြီး-ရွှေညောင်သွားလမ်းမပေါ်တွင် အမှတ် (၂၂၂) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် ရှိရာအရပ်ကို အောင်သပြေတပ်စခန်း ဟုခေါ်သည်။ လမ်းခွဲမှ တောင်ဘက် အရပ်သို့ (၁) မိုင်ခန့်သွားရသေးသည်။

အောင်သပြေအမှတ်(၃)ရပ်ကွက် ကိုကျော်သောအခါ ကားလမ်းသည် လျှို မြောင်လေးတစ်ခုအတွင်း နိမ့်ဆင်းသွား ပြီး ကိုက် ၂၀၀ခန့်လွန်မှ ကူကြိုးမွေတော် ဘုရားမုခ်ဦးသို့ ရောက်သည်။ မုခ်ဦးမှ စောင်းတန်းရှည်ကြီးတစ်ခုသည် ကူကြိုး မွေတော်စေတီတည်ရှိရာ တောင်ကြော အတိုင်းသွယ်တန်းတည်ဆောက်ထားရာ မှိုင်ဝက်ကျော်ရှည်သည်။

## ဒေါက်တာဒေါနု(တောင်ကြီး)

# မွေတော်ကူကြိုး တောင်းဆုပြည့်




ကူကြိုးမွေတော်စေတီတော်ကြီးနှင့် အရံစေတီများကို
မြောက်ဘက်မုခ်မှ ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com


ကူကြိုးမွေတော်စေတီ၏ထီးတော်အား အနီးကပ်ဖူးမြော်ရပုံ


အရံစေတီမှ ရွှေပေါင်းထီးတော်၏ အနုစိတ်လက်ရာများ


ကူကြိုးအရံစေတီတော်တစ်ဆူတွင် တင်လှူပူဇော်ထားသောရွှေပေါင်းလက်ရာထီးတော်ပုံ


ကူကြိုးမွေတော်ဘုရားအနောက်တောင်ထောင့်ရှိ ရွှေပေါင်းအရံစေတီ (၇) ဆူ


ကူကြိုးမွေတော်စေတီ အနောက်မြောက်ထောင့်ရှိ ရွှေပေါင်းအရံစေတီ (၇) ဆူ


စေတီရှိရာသို့ ရှေးရှုသော ကားလမ်းသည် စောင်းတန်းကို ဘယ်၊ ညာ ယိမ်း ရစ်ပတ်ဖောက်လုပ်ထားဘည်။ ကားလမ်း၏ ပထမအကွေ့၌ အာရုံခံတန်ဆောင်းပေါ်တွင် တည်ထားသော အောက်စက်တော်ရာခေါ် အောက်ပါဒ စေတီကို ဖူးမြော်ရသည်။

ကားလမ်း၏ ဒုတိယကွေ့တွင် အထက်စက်တော်ရာဘုရားကို ဆောက်လှူပူဇော်ထားသည်။ ကားလမ်းတတိယကွေ့ လက်ယာဘက်တွင် သုမေဓာဗျာဒိတ်ပေးမဟာဗောဓိဆုတောင်းပြည့်စေတီကို ဟသ်ာတိုင်နှင့်တကွ ဆောက်လှူ ပူဇော်ထားသည်။ ထိုစေတီတော်၏ အနောက်ဘက်အရပ်တွင် ဗုဒ္ဓဂယာသတ္တဋ္ဌာန မဟာဆုထူးပန်စေတီတော်ကို ဆောက်လှူ ပူဇော်ထားပါသည်။

စေတီတော်သို့အဝင်ကားလမ်းမ အရှေ့ဘက်တွင် သာသနာစောင့်နတ်မင်းကြီးလေးပါး၊ တောင်ပိုင်ဘိုးဘိုးကြီး၊ သူရဿတီမယ်တော်၊ မြင်းဖြူရှင်နှင့် သိဒ္ဓိရှင်တို့အတွက် နတ်နန်းဆောင်များ တန်းစီ၍ ဆောက်လုပ် လှူဒါန်းပေးထားသည်။

ကူကြိုးမွေတော် ဆုတောင်းပြည့်စေတီတော်ကြီးအား ရွှေပေါင်း အရံစေတီတော် (၁၅) ဆူဖြင့် ဝန်းရံထားပြီး လေးဖက်လေးတန်တွင် အာရုံခံတန်ဆောင်းလေးခုဖြင့် အနားသတ်ထားသဖြင့် စေတီတော်၏ အောက်ပစ္စယံသို့ အလွယ်တကူတက်မရတော့ပေ။ ဘုရားဖူးလာသူများ အာရုံခံတန်ဆောင်းအတွင်းမှ ဝတ်ပြုရပေတော့သည်။

www.burmeseclassic.com



အရံစေတီတော်တွင် တင်လှူပူဇော်ထားသော ရွှေဟောင်းထီးတော်




ကူကြီးမွေတော်စေတီအရှေ့မှခ်အာရုံခံဓောင်းတန်းအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်



ကူကြီးမွေတော်စေတီတော် အရှေ့မြောက်ထောင့်မှ ငြိုပ်ကြီး(၈)ထုံးခံ ရွှေဟောင်းစေတီတော်



ကူကြီးမွေတော်စေတီ အနောက်ဘက်မုခ်ရှိ အာရုံခံတန်ဆောင်း



မြောက်ဘက်မုခ်အာရုံခံတန်ဆောင်းအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်

စေတီတော်ကြီး၏ အရှေ့ဘက်ရင်ပြင်တွင် နိမိတ်ကြီးလေးပါးပြခန်း၊ ဗုဒ္ဓမြတ်စွာ ဓမ္မစကြာတရားဦးဟောနေပုံ၊ ရှင်သီဝလိနှင့်ရှင်ဥပဂုတ္တပုံတော်များကို သပ္ပာယ်တင့်တယ်စွာ ထုဆစ်ပူဇော်ထားသည်။

စေတီတော်အရှေ့မြောက်ထောင့်အရပ်တွင် ငြိုပ်ပြေနံ့ပြေ ရွှေဟောင်းအရံစေတီတစ်ဆူတည်ရှိပါသည်။ စေတီတော်ကြီး၏ အနောက်မြောက်ထောင့်တွင် ရွှေဟောင်းအရံစေတီ (၇) ဆူရှိပြီး အရံစေတီများ၏ အလယ်တွင် ခေါင်းလောင်းတော်တည်ရှိသည်။ ကျန်ရွှေဟောင်းအရံစေတီ (၇) ဆူမှာ စေတီတော်ကြီး၏ အနောက်တောင်ထောင့်




www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်မုခ်ရှိ ပင်မအာရုံခံဆောင်းတန်းအတွင်း၊ ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်များ



ကျူကြီးဘုရားအာရုံခံတန်ဆောင်းအတွင်း ပူဇော်ထားသော ပင်မ ဗုဒ္ဓရုပ်ပွားတော်



ကျူကြီးမွေတော်စေတီပရဝဏ်အတွင်းဘက် ဝေဗဝမှ ဗုဒ္ဓရုပ်ပွားတော်များ



ကျူကြီးမွေတော်ရှိ
ရှေးဟောင်းအရုံစေတီတစ်ဆူတွင်
မြတ်စွာဘုရားဆင်းတုရုပ်ပွားတော်တစ်ဆူကို
ထည့်သွင်းပူဇော်ထားပုံ



ကျူကြီးနှစ်ထပ်ဓမ္မာရုံဆင်ဝင်



ကျူကြီးစေတီတော်ပရဝဏ်အတွင်းတည်ထားသော
သုဓမ္မာရာမိတ်ပေးမောဟမောခ်ရတောင်းပြည့်စေတီတော်

တွင် တစုတဝေးတည်းရှိပါသည်။ အရံစေတီများ၏ထီးတော်မှာ ရှေးဟောင်းလက်ရာဖြစ်ပြီး ရှည်သွယ်လှပအချိုးကျနလှပြီး ဆည်းလည်း၊ ခေါင်းလောင်းများ အပြည့်အစုံဖြင့် သပ္ပာယ်လှပါသည်။

လက်ရှိကျူကြီးမွေတော်ဆုတောင်းပြည့်ဘုရားတွင် လွန်ခဲ့သော (၅) နှစ်က စတင်၍ ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်တည်ထောင်လာခဲ့ရာ ယခုအခါတွင် စာသင်သားရဟန်း (၂၃) ပါး ရှိနေပါသည်။ လက်ရှိကျောင်းထိုင်ဆရာတော်မှာ အရှင်ကုန္တာဝုဓဖြစ်ပြီး သက်တော် (၇၀)၊ ဝါတော် (၅၀) ရှိပါပြီ။ မြင်းခြံခရိုင် တောင်သာမြို့နယ် ဆင်ပြုခြာနေ

www.burmeseclassic.com




ကူကြိုးမွေတော်စေတီအရှေ့ဘက်ရင်ပြင်ရှိ
ပဥ္စင်္ဂပင့်ဦးအား ဗုဒ္ဓမြတ်စွာ မွေစကြာတရားဦးဟောနေပုံ



ကူကြိုးရွှေပဟောင်းအရံစေတီတော်များအကြားရှိ ဓါင်းလောင်းတော်

အဖ ဦးရှိန်၊ အမိ ဒေါ်မြသင်တို့၏ ဒုတိယသားရတနာ ဖြစ်ပါသည်။ ပခုက္ကူ မဟာဝိဇရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဇောတိကကို ဥပဇ္ဈာယ်ဆရာပြု၍ ၁၃၂၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့တွင် ရဟန်းဘောင်သို့ တက်ရောက်ပါသည်။ တောင်ကြီးမြို့ အေးသာယာမြို့သစ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် စာချကထိကတာဝန်ကို ထမ်းဆောင်တော်မူခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက မူလ ကူကြိုးပဓာနဆရာတော်ဖြစ်တော်မူသော အရှင်ဦးသြဘာသ ပျံလွန်တော်မူပြီးမှ ကျောင်းထိုင်ဆရာတော်ဖြစ်လာပါသည်။

ဆရာတော် ဦးသြဘာသ ပြုစုထားခဲ့သော ကူကြိုးမွေတော်ဆုတောင်းပြည့်ဘုရားသမိုင်းအကျဉ်းအရ မူလဘုရားဒါယိကာမှာ နရပတိစည်သူမင်းတရားကြီးဖြစ်ကြောင်း သိရပါသည်။ ကောဇာနှစ် ၄၅၇ ခုနှစ်က ဖောင်စုကြာယာဉ်ဖြင့် တိုင်းခန်းလှည့်လည်စဉ် လွန်ခဲ့သော နှစ်ပေါင်း (၈၈၂) နှစ်က ဓာတ်တော်အစစ်၊ မွေတော်အစစ်ဖြင့် တည်ထား ကိုးကွယ်ခဲ့ကြောင်း သိရပါသည်။ မင်းတရားကြီး ဖောင်တော်ဆိုက်ရာအရပ်တွင် ယခုအခါ ဖောင်တော်ပိတ်စေတီတော်အား အသစ်ပြန်လည်မွမ်းမံထားပြီး ကူကြိုးမွေတော်စေတီ တည်ရှိရာ တောင်ကုန်း၏ အရှေ့တောင်ဘက်၊



ကူကြိုးဘုရားတောင်တက်လမ်းမုခ်ဦးနှင့်စောင်းတန်းပုံ



www.burmeseclassic.com

www.burmeseclassic.com



ကူကြိုးမွေ့တော်စေတီအရှေ့ဘက်မုခ်ရှိ
ရှင်သီဝလိရုပ်ပွားတော်

ယခု အေးသာယာစက်မှုဇုန်အရှေ့ဘက်တွင် ဖူးတွေ့နိုင်ပါသည်။

ယခု ကူကြိုးမွေ့တော်စေတီ တည်ရာအရပ်သည် နရပတိစည်သူမင်းကြီးက အမိဋ္ဌာန်ဖြင့်လွှတ်တော်မူသော ရတနာ ရွှေပန်းတောင်းကျရာအရပ်ဖြစ်သည်ဟု ဆိုသည်။ ဌာပနာတိုက်ကို အနက်သံတောင် (၁၃)တောင် တူးဖော်စေပြီး ရတနာကျောက်မျိုးစုံ ရှစ်ပြည် တစ်ခွက်နှင့် ဓာတ်တော်အစစ်၊ မွေ့တော်အစစ်တစ်ဆူနှင့်တကွ သွတ်သွင်းပြီးမှ ကျောက်ဖျာကြီးသုံးထပ် ပိတ်ဖုံးထားပြီးလျှင် သံတောင် (၁၅) တောင်ရှိသော စေတီတော်ကို တည်ထားတော်မူခဲ့လေသည်ဟု ဖော်ပြပါရှိပါသည်။ မင်းကြီးစကြာယာဉ်ဖြင့် လှည့်လည်လာစဉ် ဤအရပ်တွင် လူရောနတ်ပါ တူညီညာကြိုဆိုသောကြောင့် ဤဘုရားရှင်ကို 'ကူကြိုမွေ့တော်ဘုရား' ဟူ၍ သမုတ်တော်မူခဲ့လေသည်။ ကာလရှည်ကြာသောအခါ 'ကူကြိုးမွေ့တော်ဘုရား' ဟု ခေါ်တွင်ခဲ့ကြပြန်သည်။

**မင်းကြီးစိတ်ကြဲ မြတ်အမိဋ္ဌာန်**

◆ *ငါတည်ထားသော (ကူကြိုးမွေ့တော်) ဘုရားရှင်ကို ပြုပြင်မွမ်းမံသောသူ၊ ဆွမ်း၊ သင်္ကန်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ ပေါက်ပေါက်၊ ကြက်လျှာ၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ တံမြက်၊ တန်လင်း လှူ၍ ရှိခိုးပူဇော်လှူဒါန်းသောသူတို့သည် နောင်သောအခါ ငါကဲ့သို့ ဖောင်စကြာရ၍ အဆုံးစွန်သောကိုယ်၏အဖြစ်နှင့် နိဗ္ဗာန်တရားတော်မြတ်ကို ရစေသတည်း -*



သစ်ပင်ပန်းမန်တို့နှင့် ပန်းရံနေသော သံဃာဆောင်



ကူကြိုးမွေ့တော်ဘုရားပရဝဏ်အတွင်းရှိ သီတာသက်ဘရဥပုသ်ဇရပ်



ရွှေပန်းတောင်းအာရုံခံတိုက်ကျောင်း



ကူကြိုးမွေ့တော်ကျောင်းထိုင်ဆရာတော်၏ ကျေးဇူးဆောင်



www.burmeseclassic.com


www.burmeseclassic.com



ကူကြီးစေတီတော် တောင်ဘက်ရင်ပြင်ရှိ နိမိတ်(၄)ပါးပြခန်း



ဆောင်ဖိုင်တိုဘိုးကြီး၊ သူရဿတီမယ်တော်၊ မြင်းဖြူရှင်နှင့် အိမ်ရှင်တို့အတွက် ပူဇော်ထားသောနတ်နန်းများ



သာသနာစောင့်နတ်မင်းကြီး (၄) ပါး၏နတ်နန်း



ဗဟိဿမယကျောင်းတက်လာကြမည့် ဒါယကာ၊ ဒါယိကာမများအတွက် နှစ်ထပ်ဓမ္မာရုံကြီး

ဟု အမိန့်ဒှာန်ပြုခဲ့ကြောင်း သိရပါသည်။

လွန်ခဲ့သော ၁၂၇ နှစ်က ဗြိတိသျှစစ်သည်များ ကူကြီးမွေတော်ဘုရားတောင်ခြေရင်းသို့ ရောက်လာခဲ့သည်။ ဘုရားဖူးရန်မဟုတ်။ စေတီတော်ခြေရင်းအနောက်ဘက်အရပ် တောင်ကုန်းပေါ်တွင် အခိုင်အမာတည်ဆောက်ထားသောရပ်စောက်စော်ဘွားကြီးစဝ်ဝိုင်း၏ကူကြီးခံတပ်ကြီးကို တိုက်ခိုက်ရန် ဖြစ်သည်။ လင်းပင်မင်းသားကြီး၏သမဂ္ဂ (Limbin Confederacy) အဖွဲ့ဝင် ရပ်စောက်စော်ဘွားကြီးစဝ်ဝိုင်း၏ကူကြီးခံတပ်မှာ လျှိုမြောင်ချောက်ကမ်းပါးများ၊ ပြောင့်ထောင်ထားသောနေရာများ၊ ခံကတုတ်ကျင်းများဖြင့် အခိုင်အမာတည်ဆောက်ထားပြီး တပ်သားအင်အား (၁၂၀၀) မှ (၁၅၀၀) အထိရှိသည်ဟု ဆိုသည်။ ထိုတပ်သားတို့အနက် ကချင်သူရဲကောင်းများ ပန်းသေး(တရုတ်)သူရဲကောင်းများ ပါဝင်ပြီး ခံတပ်ကို သခင်စဝ်ဝိုင်း၏ဖခင် မိုင်းပျဉ်းမြို့စား ခွန်ဘိတ်ကိုယ်တိုင်ဦးစီးခဲ့သည်ဟု ဆိုသည်။

မန္တလေးနေပြည်တော်မှ ချီတက်လာသော ဗြိတိသျှစစ်ကြောင်းတွင် နိုင်ငံရေးအရာရှိ ဟေးဒီဘရင်း (A.H. Hildebrand) လက်ထောက်နိုင်ငံရေးအရာရှိ ဂျေဂျီစကော့ (J.G Seott) နှင့် စစ်ရေးအရာရှိဗိုလ်မှူးကြီးစတက်မင်း (Colonal Stedman) တို့ လိုက်ပါလာသည်။ သူတို့နှင့်အတူ ခေတ်မီအမြောက်နှင့် မောင်းပြန်လက်နက်များ တပ်ဆင်ထားသည့် အထူးလေ့ကျင့်ထားသော ဟမ္မရှိုင်းယားတပ်သားများ ပါဝင်သည်။


လက်ထောက်အရေးပိုင် J.G.Seott သည် ကူကြီးခံတပ်အနေအထားကို ကြိုတင်လေ့လာနေစဉ် ခံတပ်တွင်နေခဲ့ဖူးသော လယ်သမားတစ်ယောက်ထံမှ သတင်းအချက်အလက်များကို ရရှိသွားသည်။ ယင်းလယ်သမားက ခံတပ်အနေအထားနမူနာကို ရွှံ့စေးဖြင့် ပုံဖော်ပြီး ခံတပ်အဝင်အထွက်လမ်းများ၊လျှိုမြောင်ချောက်ကမ်းပါးများ၊ ပြောင့်ထောင်ထားသောနေရာများနှင့် ကတုတ်ကျင်းများကို ပြသခဲ့သည်ဟု ဆိုသည်။ ရှိုးလွန်းတော့အ၊ အ,လွန်းတော့ သူခိုးကို မားရိုးကမ်းခဲ့မှန်းတောင် မရိပ်မိရှာသော ဒေသခံတိုင်းရင်းသား လယ်သမားကို ဘယ်လိုဝေဖန်ရမယ်ဆိုတာ မသိတော့ပါ။

၁၈၈၇ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက် နံနက်လင်းအားကြီးအချိန်တွင် ဗြိတိသျှ

www.burmeseclassic.com




ကျူကြီးမွေ့တော်ဘုရားဝင်းအတွင်းရှိ
သီရိမင်္ဂလာမဟာသိမ်တော်ကြီး
(ကောဇာ ၁၃၁၉ ခု)



တောင်ကြီး-ညောင်ရွှေသွား ကားလမ်းမဘေး
အောင်သပြေတပ်စခန်းအနီးရှိ
ကျူကြီးမွေ့တော်စေတီလမ်းညွှန်ဆိုင်းဘုတ်



ကျူကြီးမွေ့တော်ကျောင်းထိုင်ဆရာတော်
အရှင်ဣန္ဒာစရ
(သက်တော် ၇၀၊ ဝါတော် ၅၀)



ကျူကြီးစေတီတော်သို့တက်ရာ မြောက်ဘက်စောင်းတန်းမုခ်ဝ

စစ်ကြောင်းက ကျူကြီးခံတပ်ကို ဝင်ရောက် စီးနင်းသည်။ ခေတ်မီ လက်နက်ကြီးများနှင့် စနစ်တကျ ထိုးစစ်ဆင် တိုက်ခိုက်ရာ အင်အားအရာတွင် အစစအရာရာ မယှဉ်သာအောင် ကွာခြားလှသဖြင့် ကျူကြီးခံတပ်ကြီး ပေါက်သွားခဲ့သည်။တိုက်ပွဲမှာ (၁၅)နာရီခန့်အထိ ကြာမြင့်သည်ဟု ဆိုသည်။ ရပ်စောက်စော်ဘွားစဝ်ဝိုင်း၏ စစ်သည် (၂၄) ဦး ကျဆုံးပြီး ဗြိတိသျှဘက်မှ ဟမ္ဗရှိုင်းယားတပ်သား (၃) ယောက် ဒဏ်ရာရသည်။ ရပ်စောက်စော်ဘွားကြီးစဝ်ဝိုင်းမှာ သူ့ရဲကောင်းပီသစွာဖြင့် ဗြိတိသျှအာဏာပိုင်တို့ကို ဦးမညွတ် သူ့ကျွန်မခံ။ မိမိ၏ရပ်စောက်နယ်ကိုပင် စွန့်လွှတ်၍ ရှောင်တိမ်း ထွက်ခွာသွားခဲ့လေသည်။ နောက်ဆုံး ကျိုင်းရုံးကြီးခေါ် ဆစ်ဆောင်ပနားအရပ်တွင် ၁၈၉၆ ခုနှစ်၌ကွယ်လွန်သွားခဲ့သည်။

၁၈၈၅ ခုနှစ်က မန္တလေးနေပြည်တော်ကြီး ဗြိတိသျှတို့လက်အောက်ကျရောက်၍ သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ မြန်မာတစ်ပြည်လုံးကို သိမ်းယူ၍ သီပေါအရှင်ကို ရတနာဂီရိသို့ဖမ်းယူသွားသော ဗြိတိသျှနယ်ချဲ့တို့အား သူတို့၏မဟာအောင်ပွဲရပြီး (၂) နှစ်မပြည့်မီ အာခံရဲသော မျိုးချစ်စော်ဘွားကြီး စဝ်ဝိုင်း၊ ခေတ်မီ လက်နက်ဆန်းများကို ရိုးရာဓား၊ တုတ်၊ တူမီးတို့ဖြင့်ခံသတ်ရဲသော သတ္တိရှင် စဝ်ဝိုင်း။ သူ့ကို အမှတ်တရဂုဏ်ပြုဖို့ ကျူကြီးခံတပ်ကြီး ဘယ်ဝယ်ဘယ်ဆီရှိလိမ့်မည်အထင်ဖြင့် ကျူကြီးမွေ့တော်စေတီတော်သို့ရောက်ခဲ့သည်။ ကျောင်းထိုင်ဆရာတော်ကြီးအားမေးမြန်းလျှောက်ထားကြည့်သည်။ ကျူကြီးခံတပ် ဟူ၍ မကြားဘူးကြောင်း ဝန်ခံသည်။

သမိုင်းအထောက်အထား(စဝ်ဆိုင်မုန်း (မုန်းရဲ) ရှမ်းပြည်နယ်ကို အင်္ဂလိပ်များသိမ်းယူခြင်း၊ အင်္ဂလိပ်ဘာသာ)အရ ကျူကြီးခံတပ်သည် ကျူကြီးစေတီတော်၏ အနောက်ဘက်အရပ်တွင်ရှိသည်ဟုဆိုသည်။ ယခု ထိုအရပ်တွင် လူနေရပ်ကွက်များနှင့်ပြည့်လျက်ရှိသည်။ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ကို လှစ်ဟပြသပေးမည့် ရပ်စောက်စော်ဘွားကြီးစဝ်ဝိုင်း၏ ကျူကြီးခံတပ်ဟောင်းနေရာသည် အောင်သပြေနယ်မြေ (၃) ရပ်ကွက်အတွင်း သက်ဆင်းပျောက်ဆုံးလေပြီတည်း။

ညောင်ရွှေတောင်ဘက် အင်းလေးအရှေ့ကမ်း မိုင်းသောက်ရွာ မိုင်းသောက်တောရကျောင်း၏တောင်ခြေတွင် ဗြိတိသျှစစ်သည်တို့၏သင်္ချိုင်းဂူအချို့ကို တွေ့ခဲ့ရသည်။ ကျူကြီးခံတပ်တိုက်ပွဲကို ဦးဆောင်ခဲ့သော ဗိုလ်မှူးကြီး စတက်မင်းကို ဂုဏ်ပြုသောအားဖြင့် မိုင်းသောက်ရွာရှိ ဗြိတိသျှစစ်စခန်းကို စတက်မင်းခံတပ်ဟု သမိုင်းစာအုပ်များက ဖော်ပြလေ့ရှိသည်။

ညောင်ရွှေလွင်ပြင်တွင် သမိုင်းတွင်ရစ်မည့် ကျူကြီးခံတပ်နှင့် ဖော့စတက်မင်း (စတက်မင်းခံတပ်) တို့ ရှိလေသတည်း။

ဒေါက်တာဒေါ်နု (ညောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## အပါယ်မရောက် အစောင့်လေးပါး



ဒီအပတ် အပါယ်မကျအောင် စောင့်ရှောက်တဲ့ တရားလေးပါး အကြောင်းကို စပြောပါ့မယ်။ ဒီတရား ဟာ သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဟောတဲ့ တရားပါ။ ဆရာတော်က 'အပါယ်ပိတ်တရား'လို့ အမည်ပေးထားပါတယ်။ ကျွန်တော်က နားလည်မကောင်းတော့ ဝီရိယစိုက် နားထောင်ပြီး ကြားသလောက်၊ မှတ်မိသလောက်ကို ပြန်ပြောမှာ ဖြစ်ပါတယ်။ ပြည့်စုံဖို့၊ တိကျဖို့မလွယ်ပေမယ့် မမှားအောင်တော့ ဂရုစိုက်ပါ့မယ်။ ပြီးတော့ အကျဉ်းချုပ်ပဲပြောပါ့မယ်။

ဆရာတော်က အပါယ်ဘေးကို ကာတဲ့ တရားလေးပါးရှိကြောင်း ဟောကြားပါတယ်။ အဲဒီတရားလေးပါးက တော့ -

၁။ သီလစင်ကြယ်ခြင်း၊

၂။ စိတ်စင်ကြယ်ခြင်း၊

၃။ အယူစင်ကြယ်ခြင်း (အယူမမှားခြင်း)၊

၄။ ယုံမှားမှုမှစင်ကြယ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ဝိပဿနာတရား အားထုတ်တဲ့ ယောဂီဟာ သီလလုံခြုံရပါတယ်။ သီလစင်ကြယ်ရပါမယ်။ သီလဆိုတာ 'အပြစ်ရှိတဲ့အလုပ်ကိုမလုပ်ဘဲ ရှောင်ကြဉ်တဲ့ အလေ့အထ' လို့ ဆိုနိုင်ပါတယ်။ အပြစ်ရှိတဲ့အလုပ်ဆိုတာ လူမျိုးအလိုက်၊ ကိုးကွယ်တဲ့ဘာသာအလိုက် ကွဲပြားမှု ရှိတတ်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေက သူတစ်ပါးအသက်ကို သတ်ခြင်းဟာ အပြစ်ရှိတဲ့အလုပ်၊ မကောင်းမှု ဒုစရိုက်အလုပ်လို့ ခံယူသတ်မှတ်ထားပေမယ့် ကောင်းမှု သုစရိုက်အလုပ်ကို ခံယူသတ်မှတ်ပြုလုပ်တဲ့ အယူဝါဒများလည်း ရှိပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ ရှောင်ကြဉ်တဲ့ ဒုစရိုက်မှု (၃) မျိုး ရှိပါတယ်။

အဲဒါတွေက -

၁။ ကိုယ်ဖြင့်ပြုအပ်တဲ့မကောင်းမှု၊

၂။ နှုတ်ဖြင့်ပြုအပ်တဲ့မကောင်းမှု၊

၃။ စိတ်ဖြင့်ပြုအပ်တဲ့မကောင်းမှု တို့ပဲ ဖြစ်ပါတယ်။

ကိုယ်ဖြင့်ပြုအပ်တဲ့ မကောင်းမှုက (၃) မျိုးရှိတယ်။ အဲဒါတွေက -

၁။ သူတစ်ပါးအသက်ကို ညှဉ်းဆဲသတ်ဖြတ်ခြင်း။

၂။ သူတစ်ပါးဥစ္စာကို မတရားရယူခြင်း။

၃။ ကာမဂုဏ်၌ ဖောက်ပြန်မှားယွင်း ကျူးလွန်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ဝိပဿနာယောဂီများရှောင်ရမယ့် အမှုဖြစ်ပြီး အားလုံးလည်း ရှောင်ပြီးဖြစ်နေတယ်ဆိုတာ သံသယပွားစရာမရှိပါဘူး။

နှုတ်ဖြင့်ပြုလုပ်တဲ့ မကောင်းမှုက (၄) မျိုးရှိပါတယ်။ အဲဒါတွေက -

၁။ လိမ်လည်လှည့်ဖြားပြောဆိုခြင်း။

၂။ ကုန်းချောစကား(ရန်တိုက်စကား) ပြောဆိုခြင်း။

၃။ ကြမ်းတမ်းတဲ့စကား (ဆဲရေးတိုင်းထွာ)ပြောဆိုခြင်း။

၄။ သိမ်ဖျင်းပေါ့ပျက်အကျိုးမဲ့စကား ပြောဆိုခြင်းတို့ ဖြစ်ပါတယ်။

ဒါတွေဟာလည်း ရှောင်သင့်တဲ့ အချက်တွေပဲလေ။ သူတော်ကောင်းတို့ ရှောင်တဲ့အမှုပဲ။ ယောဂီများလည်း ရှောင်ရမှာပေါ့။ ဒီက ယောဂီအားလုံး ဟာလည်း ရှောင်ပြီးသားဆိုတာ ယုံမှားစရာမရှိပါဘူး။

စိတ်ဖြင့်ပြု (ကြံတွေး) အပ်တဲ့ မကောင်းမှုက (၃) မျိုး ရှိပါတယ်။ အဲဒါတွေက -

၁။ သူတစ်ပါးဥစ္စာ မတရားရယူလိုတဲ့ အကြံ၊ အတွေး။

၂။ သူတစ်ပါးကို သေကျေပျက်စီးစေလိုတဲ့စိတ်၊ အကြံ၊ အတွေး။

၃။ ဘုရားဟောတရားကျမ်းဂန်များကို ဖယ်ရှားတဲ့စိတ်၊အကြံ၊အတွေး တို့ ဖြစ်ပါတယ်။

ဒါကလည်း သတိထားရှောင်ရမယ့်အချက်တွေပဲ။ မကောင်းတဲ့ 'စိတ်သူခိုး' ဟာ လူကောင်းဆီကို အခွင့်အခါချောင်းပြီး ခိုးဝင်တတ်ပါတယ်။ ဒါကို သတိထားရပါမယ်။ စိတ်ဆိုတော့ လုပ်တာတို့၊ ပြောတာတို့လို အချိန်မယူဘူး၊ သိပ်မြန်တယ်။ လစ်ရင်လစ်သလို လှစ်ခနဲဝင်တတ်ပါတယ်။ သူ့ကို သတိထား စောင့်ထိန်းရပါမယ်။

ဒါတွေဟာ သူတော်ကောင်းတို့ စောင့်ထိန်းအပ်တဲ့၊ ယောဂီတို့ စောင့်ထိန်းအပ်တဲ့ အကျင့်သီလပဲ။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်ဖြင့် ရှိပါတယ်။ အဲဒီမှာတော့ မနောဒုစရိုက်သုံးပါး မပါဝင်ပါဘူး။ သူ့အသက်သတ်ခြင်း စတာလို တိုက်ရိုက်အကျိုးသက်ရောက်မှုမရှိလို့ ဖြစ်မယ်ထင်ပါတယ်။

သီလ ဆိုတာ တကယ်တော့ 'ကိုယ်ကျင့်တရား' ပါပဲ။ မကောင်းတဲ့အကျင့်ကို စောင့်ထိန်းရှောင်ကြဉ်ခြင်းဟာ ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း၊ သီလစောင့်ခြင်းလို့ ဆိုနိုင်ပါတယ်။ သူတော်ကောင်းတို့ မပြုတဲ့၊ မကြိုက်တဲ့၊ မကောင်းတဲ့ ကာယကံမှု၊ဝစီကံမှု၊မနောကံမှုများကို ရှောင်ကြဉ်ခြင်း၊ သူတော်ကောင်းတို့ပြုတဲ့၊ ကြိုက်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကိုပြုခြင်းဟာ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းခြင်း၊ သီလစောင့်ခြင်းလို့ ဆိုနိုင်ပါတယ်။

'သီလ' ဆိုတာ 'သီသ' ဆိုတဲ့ ပါဠိစကားကရွေ့လျောလာခြင်းဖြစ်ပြီး သီသဆိုတာ မြန်မာလို ဦးခေါင်းလို့ အဓိပ္ပာယ်ရတဲ့အတွက် သီလဟာ ဦးခေါင်းပဲ။ ဦးခေါင်းပြတ်သူဟာ အလုံးစုံ ဆုံးရှုံးခြင်းဖြစ်သလို သီလပျက်သူဟာလည်း ကောင်းမှုမှ အလုံးစုံဆုံးရှုံးရတယ်လို့ ဗုဒ္ဓဘာသာလက်စွဲကျမ်းမှာ ပြပါတယ်။

တစ်နည်း 'သီလ' ဟာ 'သီတ' ဆိုတဲ့ ပါဠိစကားလုံးမှ ရွေ့လျောလာတာပဲ ဖြစ်တယ်။ သီတဆိုတာ အေးချမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com

လို့ အမိပ္ပာယ်ရတဲ့အတွက် သီလစောင့်သူဟာ ကိလေသာပူပင်မှုမှ အေးချမ်းရာကို ရတယ်လို့လည်း ဆိုပါတယ်။

မှန်ပါတယ်။ လောကီချမ်းသာခြင်းများအနက် 'အပြစ်ကင်းတဲ့ချမ်းသာခြင်း' ဟာ အချမ်းသာဆုံးလို့ ဘုရားဟောထားပါတယ်။အပြစ်ကင်းသူ၊ သီလစင်ကြယ်သူသာ နှလုံးပူပန်ခြင်း (စိုးရိမ်ခြင်း) မှကင်းပြီး ထာဝရချမ်းသာခြင်းကို ရပါတယ်။ အပြစ်ပြုထားသူဟာ အပြစ်ရဲ့အကျိုးပေးကို တထင့်ထင့်နဲ့ စောင့်စားပြီး စိုးရိမ်ပူပန်နေရပါတယ်။

ဒါကြောင့် ဝိပဿနာယောဂီများဟာ သီလစင်ကြယ်ဖို့ အရေးကြီးပါတယ်။ သီလပျက်သူ၊ မစင်ကြယ်သူများဟာ ဝိပဿနာဉာဏ်အမြင်ကိုရဖို့ သမာဓိထူထောင်ရာမှာ ပူပန်မှုက နှောင့်ယှက်နေတဲ့အတွက် သမာဓိအဆင့်ကို မရောက်နိုင်ပါဘူး။ သမာဓိမရဘဲ ယထာဘူတအမြင်ကို မရဘူး။ ယထာဘူတအမြင်ကိုမရဘဲ ဝိပဿနာဉာဏ်အမြင်ကို မရနိုင်ဘူးလို့ ဘုရားရှင်ဟောထားပါတယ်။

သီလမှာ တားမြစ်ချက်နဲ့ တိုက်တွန်းချက် 'ဝါရိတ္တသီလနဲ့ စာရိတ္တသီလ' ရယ်လို့ရှိပါတယ်။ နှစ်မျိုးစလုံးကို ပေါင်းလိုက်ရင် 'ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တ' လို့ ခေါ်နိုင်ပါတယ်။ အနည်းဆုံး ငါးပါးသီလကိုတော့ လုံခြုံအောင် စောင့်ထိန်းရပါမယ်။ ငါးပါးသီလဟာ ဝါရိတ္တသီလပဲ။ တစ်ပါးမှ ချိုးဖောက်လို့ မရပါဘူး။ ဒီအထဲက တစ်ပါးပဲထိန်းမယ်။ ဒါဟာ လူ့သီလ၊ လူ့ကျင့်ဝတ်ပဲ။ သီလဆိုတာ ကုသိုလ်တရားများရဲ့ တည်ရာမှီရာဖြစ်တယ်လို့ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်က ဟောပါတယ်။

ငါးပါးသီလမှာ သုရာမေရိယဆိုတာ ပါပါတယ်။ မူးယစ်သောက်စားခြင်းပေါ့။ အဲဒါနဲ့ပတ်သက်ပြီး အရက်သေစာသောက်စားခြင်းဟာ ဒုစရိုက်အလုပ်မဟုတ်ဘူး။ အရက်သေစာသောက်စားပြီး ဒုစရိုက်မှုကျူးလွန်မှ ဒုစရိုက်ဖြစ်တာလို့ ပြောသူများရှိခဲ့ပါတယ်။ ပညာဗဟုသုတကြွယ်ဝသူများလို့ အသိအမှတ်ပြုခံထားရသူတွေလည်း ပါပါတယ်။ ဒါကိုလက်မခံနိုင်သူများက ဖောဋ္ဌဗ္ဗာရုံမှာ ကာမေသုမိစ္ဆာဟာ ဖောက်ပြန်မှားယွင်းသလို ရသာရုံတွင်လည်း သေရည်သေရက်ရသာရုံ (သုရမေရိယ) ဟာလည်း ဖောက်ပြန် မှားယွင်းခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ပြီးတော့ သေရည်သေရက်သောက်စားခြင်းဟာ စိတ်ကိုဖောက်ပြန်စေတဲ့အတွက် ဒုစရိုက် (၁၀) ပါးကို အကုန်ကျူးလွန်နိုင်တာမို့ ဒုစရိုက် (၁၀) ပါးလုံး ကျူးလွန်ရာလည်းကျတယ်လို့ ဆိုပါတယ်။ မူးယစ်သောက်စားခြင်းကို လက်ခံတဲ့ဘက်ကတော့ သေရည်သေရက်သောက်ပေမယ့် ဒုစရိုက်မှုမကျူးလွန်ရင် အပြစ်မရှိဘူး၊ အပါယ်မကျဘူးလို့ ဆိုတာကိုလည်း ကြားဖူးပါတယ်။

ကျွန်တော်ကတော့ လောကုတ္တရာစာပေကို ကျွမ်းကျင်သူမဟုတ်လို့ သာမန်ပဲ စဉ်းစားနိုင်ပါတယ်။ ကြားဖူးနားဝအရ စာစောကပြောခဲ့သလို သီလ (သို့) ကိုယ်ကျင့်တရားမှာ ကောင်းတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို ပြုလုပ်ခြင်း ဆိုတဲ့ စာရိတ္တသီလနဲ့ မကောင်းတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို တားမြစ်ထားတဲ့ စရိုက်များကို ရှောင်ကြဉ်ခြင်း ဆိုတဲ့ ဝါရိတ္တသီလဆိုပြီး နှစ်မျိုးရှိရာမှာ နှစ်မျိုးစလုံး ဆောင်ရမယ့်အမှုကို ဆောင်ပြီး ရှောင်ရမယ့်အမှုကို ရှောင်ရမယ်လို့ နားလည်ပါတယ်။ ပြီးတော့ ကောင်းမှုကို သုစရိုက် (**သု**-ကောင်းသော၊ **စရိုက်**-အလေ့အကျင့်)၊ မကောင်းမှုကို ဒုစရိုက် (**ဒု** - မကောင်းသော၊ **စရိုက်** - အလေ့အကျင့်) လို့ သာမန်အနေနဲ့ သဘောပေါက်ပါတယ်။

ဒါဆို အရက်သေစာသောက်စားတာကို သူတော်ကောင်းများနှစ်သက်တဲ့ သုစရိုက်ထဲထည့်မလား (သို့) ဒုစရိုက်ထဲထည့်မလား။

ဒီအဖြေကိုရရင် ဒီအတွက် ကျွန်တော်တို့ ဆုံးဖြတ်လို့ရပြီလို့ ထင်ပါတယ်။

ကျွန်တော်ငယ်ရွယ်စဉ်က အရက်ကို အတော်ခုံခုံမင်မင်သောက်ခဲ့ဖူးပါတယ်။ မကြာခဏလည်း အမှားပြော၊ အမှားလုပ်မိတတ်ပါတယ်။ ပြဿနာတက်တတ်ပါတယ်။ အဲဒီမှာ 'တစ်ခါမှ အရက်ကြောင့် မှားရမယ့်ကိစ္စ မှန်သွားတယ်' လို့ မရှိခဲ့ပါဘူး။ ပြီးတော့ သတိထားမိတာတစ်ခုက -

ကျွန်တော်အရက်မသောက်ထားတဲ့အချိန်မှာ အရက်သမားဆီကထွက်လာတဲ့အနံ့ကို ကျွန်တော်မခံနိုင်ပါဘူး။ အလွန်စက်ဆုပ်ပါတယ်။ ကျွန်တော်အရက်ပြတ်တဲ့အထဲမှာ အဲဒီအသိတစ်ခုလည်း ပါပါတယ်။

ကဲ - ဒါလောက်ဆိုရင် မူးယစ်သောက်စားခြင်းကိစ္စ ဝေရာမဏီ ဆိုတဲ့အဖြေကို ရကြပြီပေါ့။

သီလအကြောင်းနည်းနည်းဆက်ကြရအောင်။ ပါမောက္ခချုပ်ဆရာတော်က သီလကို ခြေထောက်နဲ့ နှိုင်းပါတယ်။ ခြေထောက်မရှိဘဲ (ဒီနေရာမှာ ချိုင်းထောက်တို့၊ ဘီးတပ်လှည်းတို့ကို မစဉ်းစားပါနဲ့။) လမ်းသွားလို့မရသလို သီလမလုံခြုံဘဲ မဂ်လမ်း၊ ဖိုလ်လမ်းကို သွားလို့မရပါဘူးလို့ ဟောတော်မူပါတယ်။ ဝိပဿနာယောဂီတစ်ယောက် စောင့်ထိန်းသင့်တဲ့သီလကို လယ်တီဆရာတော်က -

'အာဇီဝဋ္ဌမက ရှစ်ပါးသီလ ဖြစ်တယ်'လို့ မဂ္ဂင်ဒီပနီမှာပြထားပါတယ်။

အာဇီဝဋ္ဌမကရှစ်ပါးသီလဆိုတာ-

၁။ ပါဏာတိပါတာ-သူ့အသက်သတ်ခြင်း၊
၂။ အဒိန္နာဒါနာ -- သူ့ဥစ္စာမတရားယူခြင်း၊
၃။ အဗြဟ္မစရိယာ - မမြတ်သောမေထုန်အမှုပြုခြင်း၊
၄။ မုသာဝါဒါ - လိမ်လည်လှည့်ဖြားခြင်း၊
၅။ ဖရုသဝါစာ-ဆဲရေးတိုင်းထွာခြင်း၊
၆။ ပိသုဏာဝါစာ - ကုန်းချောစကားပြောခြင်း၊
၇။ သမ္ဖပ္ပလာပဝါစာ-အကျိုး(ကောင်းကျိုး)မဲ့စကားပြောခြင်း။
၈။ မိစ္ဆာဇီဝါ - ယုတ်မာမှားယွင်းစွာအသက်မွေးခြင်းတို့ ဖြစ်ပါတယ်။

ဒီသီလကို အမြဲစောင့်ထိန်းသူများအတွက် အဗြဟ္မစရိယာနေရာမှာ ကာမေသုမိစ္ဆာစာရာနဲ့ပဲ စောင့်ထိန်းကြလို့ ရပါတယ်။ ယုတ်မာမှားယွင်းစွာအသက်မွေးခြင်းဆိုတဲ့ မိစ္ဆာဇီဝါ (၅) မျိုးရှိပါတယ်။ အဲဒါတွေက -

၁။ အဆိပ်ရောင်း၊ ဝယ်ခြင်း။
၂။ လက်နက်ရောင်း၊ ဝယ်ခြင်း။
၃။ လူကုန်ကူးခြင်း။
၄။ သေရည်သေရက် (မူးယစ်ဆေးဝါး) ရောင်း၊ ဝယ်ခြင်း။
၅။ အသက် (တိရစ္ဆာန်) မွေးရောင်း၊ ဝယ်ရောင်းခြင်းတို့ ဖြစ်ပါတယ်။

အတိုကောက်အားဖြင့် 'အဆိပ်၊ လက်နက်၊ လူ၊ အရက် အသက်(၅)မျိုးပါ ရောင်းဝယ်ဖောက်ကားပြုသူများလားရအပါယ်ပါ' လို့ မှတ်ထားပါ။

ခုပြောခဲ့တဲ့ အာဇီဝဋ္ဌမကသီလဟာ အခုဒီမှာရှိသူအားလုံး လုံခြုံနေတဲ့သီလဖြစ်မယ်ဆိုတာ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တတယ်လို့ လုံတော့လုံခြုံနေတယ်။ ဒါပေမယ့် ဆောက်တည်ထားတာ မဟုတ်ဘူးဆိုရင်တော့ ဆောက်တည်လိုက်ပါ။ မဆောက်တည်ဘဲ လုံခြုံနေရင် လုံခြုံတဲ့သီလအတွက် ကုသိုလ်မရပါဘူး။ ဘာကြောင့်လဲဆိုတော့ စေတနာမပါလို့ဖြစ်ပါတယ်။ စေတနာမပါရင် ကံမဖြစ်ပါဘူး။

အခု ခံယူဆောက်တည်ကြတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့မှာ မနောကံမပါတာကို တွေ့ရပါမယ်။ မနောကံကိုတော့ စာရိတ္တသီလအဖြစ်၊ ကိုယ်ကျင့်စရိုက်အဖြစ် မကျိုးမပေါက်အောင် ထိန်းသိမ်းကြပါ။ မနောကံဟာ ဝစီကံနဲ့ ကာယကံကို ဦးဆောင်တာမို့ သူ့ကို ပေါ့ပေါ့ထားလို့ မရပါဘူး။

ကဲ - သီလအကြောင်းဒါလောက်ဆိုရင် တော်လောက်ပါပြီ။ ဒါလောက်ဆိုရင် ဥက္ကဋ္ဌဆရာတော်ဟောတဲ့ သီလဝိသုဒ္ဓိဖြစ်ဖို့၊ သီလစင်ကြယ်ဖို့ အခြေခံရလောက်ပါပြီ။ စင်ကြယ်အောင်သာထိန်းကြပါ။ သီလဝိသုဒ္ဓိပြီးရင် စိတ္တဝိသုဒ္ဓိ စိတ်စင်ကြယ်မှုအတွက် ဆက်ပြောရအောင်။

စိတ်စင်ကြယ်မှုအတွက် ဆရာတော်က အလုပ်(၂)မျိုး ညွှန်ပြပါတယ်။ တစ်မျိုးက 'မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို အာရုံပြုနေဖို့' နဲ့ နောက်တစ်မျိုးက 'မေတ္တာဘာဝနာပွားများနေဖို့' ပဲ ဖြစ်ပါတယ်။ ဆရာတော်က လူတိုင်းအတွက် ညွှန်ပြတာမို့ အချိန်များများသတ်မှတ်မပေးပါဘူး။ သီးခြားလုပ်ဖို့ အချိန် (၃) ကြိမ်ပဲ သတ်မှတ်ပေးပြီး ကျန်တဲ့အချိန်တွေမှာတော့ အချိန်ရသလို နှလုံးသွင်းနေဖို့ပဲ ဖြစ်ပါတယ်။

(၃) ကြိမ်က မနက်၊ နေ့လယ်၊ ညနေလို့ ဖြစ်ပါတယ်။ မနက်ကို အဆင်ပြေတဲ့အချိန်မှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော် (၁၀) ပါးကို ပုတီးတစ်ပတ်စီနဲ့ ပုတီး (၁၀) ပတ် ပူဇော်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော် (၁၀) ပါး ဆိုတာကို သတိပြုဖို့ ဖြစ်ပါတယ်။ ဆရာတော်က မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို (၁၀) ပါးလို့ ပြပါတယ်။ ကျွန်တော် အရင်ကလည်း ကြားဖူးပါတယ်။ ဒါပေမယ့် အမှတ်တမဲ့ပဲနေပြီး (၉)ပါးအနေနဲ့ပဲ ပူဇော်ခဲ့ပါတယ်။ ဘုရားဂုဏ်တော်ကိုတော့ အားလုံးသိပြီးဖြစ်လို့ မပြောတော့ပါဘူး။ (၁၀) ပါးခွဲပုံကိုပဲ ပြောပါ့မယ်။ 'အနုတ္တရောပုရိသ ဒမ္မသာရထိ' ဆိုတဲ့နေရာမှာ 'အနုတ္တရော' နဲ့ 'ပုရိသဒမ္မသာရထိ' ကို ခွဲထားပါတယ်။ 'အနုတ္တရော' ဆိုတာက အတုမရှိ မဟာပုရိသ ယောကျာ်းမြတ်ဖြစ်တော်မူသောလို့ ဖွင့်ဆိုပြီး 'ပုရိသဓမ္မသာရထိ' ကို မယဉ်ကျေးသော လူယောကျာ်း၊ (အင်္ဂုလိမာလ) နတ်ယောကျာ်း (အာဠဝက) တိရစ္ဆာန်ယောကျာ်း (နာဠာဂီရိ) စသည်တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူပြီး သတ္တဝါအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲမှ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ပို့ဆောင်ပေးသည့် လှည်းမှူးကြီးသဖွယ် ဖြစ်တော်မူသော' လို့ ဖွင့်ဆိုပါတယ်။

အဲဒီ ဘုရားဂုဏ်တော်တစ်ပါးကို ပုတီးတစ်ပတ်စီနဲ့ ပုတီး (၁၀) ပတ်ရအောင် ပူဇော်ရပါမယ်။ နောက်တော့ မေတ္တာသုတ်ကို ဆက်ပြီး ရွတ်ဆိုပူဇော်ရပါမယ်။ ဒါ ဆရာတော်ရဲ့ ညွှန်ပြချက်ပါ။ ယောဂီများအဖို့ အချိန်ရရင်ရသလောက် ပူဇော်ကြပါ။ လပ်နေတဲ့အချိန်တွေမှာ ဘုရားဂုဏ်တော်ကိုရော မေတ္တာဘာဝနာကိုပါ အလျဉ်းသင့်သလို အာရုံပြုနေပါ။ တရားမှတ်နေချိန်၊ ဂုဏ်တော် မေတ္တာဘာဝနာပွားများနေချိန် များရင်များသလောက် စိတ်က ကုသိုလ်စိတ်ဖြစ်နေပြီး မနောဒုစရိုက်ကင်းပြီး စိတ္တဝိသုဒ္ဓိဖြစ်နေပါမယ်။ စိတ်စင်ကြယ်နေပါမယ်။ ဒါလောက်ဆို စိတ်စင်ကြယ်မှုအတွက် ရပါပြီ။

သီလ၏ စင်ကြယ်ခြင်း (သီလဝိသုဒ္ဓိ)၊ စိတ်၏ စင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ) ပြီးတော့ အမြင်စင်ကြယ် (မှန်ကန်) ခြင်းဆိုတဲ့ (ဒိဋ္ဌိဝိသုဒ္ဓိ) အကြောင်း ဆက်ပြောရအောင်။

လူတစ်ယောက်အဖို့ အမြင်မှန်ကန်ဖို့ဟာ အရေးအကြီးဆုံးပါပဲ။ အမြင်မှန်မှ အလုပ် (အကြောင်း) မှန်မယ်။ အလုပ်မှန်မှ အဖြစ် (အကျိုး) မှန်မယ်၊ ကောင်းမယ်၊ ကောင်းကျိုးဖြစ်ပါမယ်။ အမြင်မှားရင် အလုပ်မှားပြီး ဆိုးကျိုးရပါမယ်။ ဥပမာ မီးကျီးခဲကြီးတစ်ခဲကို မီးကျီးခဲလို့မမြင်ဘဲ၊အမှန်မမြင်ဘဲ နှင်းဆီပွင့်ကြီးလို့ အမှားမြင်ပြီး ဆုပ်ကိုင်လိုက်ရင် လက်ကို အပူလောင်ခြင်းဆိုတဲ့ ဆိုးကျိုးကိုရမှာပဲ။ တစ်ဖန် နှင်းဆီပန်းကို နှင်းဆီပန်းလို့မမြင်ဘဲ 'မီးကျီးခဲ' လို့ မြင်ပြီး ရေထဲမျှောလိုက်ရင် အဖိုးတန်တဲ့ နှင်းဆီပန်း ဆုံးရှုံးသွားမှာပဲ၊ ဆိုးကျိုးကိုရမှာပဲ။ ဒါကြောင့်မို့ အမြင်မှန်ဖို့ဆိုတာ အရေးအကြီးဆုံးလို့ ဆိုရမှာပါ။

အမြင်မှန်တာ၊ မှန်တဲ့အမြင်ကိုမြင်တာ၊ အမှန်အတိုင်းမြင်တာကို သမ္မာဒိဋ္ဌိ (ကောင်းမွန် မှန်ကန်စွာ မြင်ခြင်း) ဖြစ်ပြီး အမှားမြင်တာကို မိစ္ဆာဒိဋ္ဌိ (မှားယွင်းစွာ မြင်ခြင်း) လို့ ဆိုပါတယ်။

မိစ္ဆာဒိဋ္ဌိ (၃) မျိုးရှိပါတယ်။ အဲဒါတွေက -

၁။ သဿတဒိဋ္ဌိ - အသက်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်အယူ။
၂။ ဥစ္ဆေဒဒိဋ္ဌိ-အရင်ဘဝ၊ နောက်ဘဝမရှိ၊ သေရင်ပြတ်တယ်အယူ။
၃။ သက္ကာယဒိဋ္ဌိ - ခန္ဓာကို ငါ၊ ငါ့ခန္ဓာလို့ စွဲလမ်းတဲ့အယူတို့ ဖြစ်တယ်။

သဿတဒိဋ္ဌိက အတ္တဝါဒီတွေရဲ့ အယူပါပဲ။ အတ္တဝါဒ ဆိုတာ သတ္တဝါမှာ (လူမှာ) အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ဆိုတာရှိတယ်။ အဲဒီအကောင်ဟာ ဘယ်တော့မှ မသေဘူး။ ခန္ဓာတစ်ခုက တစ်ခုကိုပြောင်းပြီး သွားနေတယ်။ လူ့ခန္ဓာက တိရစ္ဆာန်ခန္ဓာထဲလည်း ပြောင်းနိုင်တယ်။ လူ့ခန္ဓာကိုလည်း ပြောင်းနိုင်တယ်။ အတ္တလို့ခေါ်တဲ့ ဒီဝိညာဉ်၊ လိပ်ပြာကို စင်ကြယ်အောင် လုပ်ရမယ်။ စင်ကြယ်မှ ထာဝရဘုရားသခင်ဆီရောက်မယ်။ ထာဝရဘုရားသခင်ဆီရောက်သွားတဲ့ ဒီစင်ကြယ်တဲ့ အတ္တ၊ ဝိညာဉ်ဟာ ထာဝရဘုရားသခင်ထံမှာ ထာဝရချမ်းသာစွာနေရမယ်လို့ အယူရှိတယ်။

ရုပ်ပဲပြောင်းပြီး နာမ်မပြောင်းဘဲ တစ်ဘဝပြီးတစ်ဘဝ ဆက်သွားတယ်ဆိုတဲ့အယူကြောင့် နောက်ဘဝအတွက် အစစအရာရာ အဆင်ပြေဖို့၊ ချမ်းသာဖို့ဆိုပြီး ကျန်ရစ်သူများက အတတ်နိုင်ဆုံး ပံ့ပိုးပေးကြတယ်။ တစ်ဘဝနဲ့တစ်ဘဝ ကူးရာမှာ ကူးတို့ခလိုတယ်။ ကူးတို့ခမပါရင် မကူးရဘဲ လိပ်ပြာဟာ တဝဲလည်လည်နဲ့ ဒုက္ခရောက်နေတယ်လို့ ယူဆကြတယ်။ ဒါတင်မကသေးဘူး။ စားစရာ၊ ဝတ်စရာ၊ အသုံးအဆောင်၊ နှစ်သက်တတ်တဲ့ပစ္စည်း စတာတွေကိုလည်း သေသူနဲ့အတူ ထည့်ပေးကြတယ်။ လွန်ခဲ့တဲ့ အနှစ် (၃၀) ကျော်လောက်က ဒီရန်ကုန်မြို့မှာပဲ ကျွန်တော့်မျက်မြင် တစ်ခုကို ပြောပြမယ်။

သူဌေးကြီးတစ်ယောက်သေတော့ သားသမီးတွေက အဖိုးတန်အသုံးအဆောင်ပစ္စည်းတွေကို ဂူထဲထည့်ပေးလိုက်တဲ့အပြင် သူတို့အဖေ အဖိုးတန်အိမ်ကောင်းနဲ့နေရအောင်ဆိုပြီး ငွေစက္ကူ (အတု) နဲ့ အိမ်ပုံသဏ္ဌာန်ဆောက်ပြီး မီးရှို့ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီထက်ဆိုးတာက ဟိုးရှေးရှေးတုန်းက စော်ဘွားများသေရင် နောက်ဘဝမှာ ဒီအတိုင်းနေရအောင်ဆိုပြီး သူပိုင်တဲ့ပစ္စည်းအားလုံးသာမက ဆင်တို့၊ မြင်းတို့၊ ကျွဲ၊ နွားတို့နဲ့အတူ ဇနီး၊ သားသမီး၊ ကျေးကျွန်တွေကိုပါ အကုန်သတ်ပြီး ထည့်ပေးတဲ့မလေ့ရှိခဲ့ဖူးတယ်။ အဲဒါ ဘုရင့်နောင်မင်းတရားကြီးလက်ထက်ကျမှ မင်းမိန့်နဲ့တားခဲ့ရတာ မြန်မာ့သမိုင်းမှာ အထင်ကရမှတ်တမ်းရှိတယ်။ အဲဒါ သဿတဒိဋ္ဌိရဲ့ သတ္တိပဲ။ အမြင်လွဲတော့ အလုပ်လွဲတာပေါ့။ ဒီလိုလုပ်တဲ့အတွက် ဘာဖြစ်ကြမလဲ။ မလွဲမသွေ အပါယ်ကျမှာပေါ့။ အပါယ်အကျိုးပေးတယ်။ ဒါမျိုးကမ္ဘာ့ဒေသ အနှံ့အပြားမှာရှိတယ်။ ပုံစံအမျိုးမျိုးနဲ့ပေါ့။

ကျွန်တော်တို့ဗုဒ္ဓဘာသာတွေမှာလည်း ဒါက ဝင်ရောနေသေးတယ်။ ကလေးငယ်ရှိတဲ့ အမေသေရင် လိပ်ပြာခွဲတာတို့၊ မသာမချရသေးခင်မှာ ရုပ်အလောင်းကို ထမင်း၊ ရေ၊ ကွမ်းယာ စသည် ပြင်ပေးထားသေးတယ်။ ခေါင်းရင်းမှာ မီးထွန်းပေးတယ်။ ကူးတို့ခအဖြစ် ပါးစပ်ထဲ ပိုက်ဆံထည့်ပေးရတယ်။ သေပြီး ခုနစ်ရက်ပြည့်မှ ဝိညာဉ်က အိမ်ကထွက်တယ်လို့ယူဆပြီး ရက်လည်ဆွမ်းကျွေး၊ ရေစက်ချ၊ အမျှပေးဝေတယ်။ ကျွန်တော်တို့ငယ်စဉ်က ရွာမှာ လူသေပြီး မသာချပြီးအပြန်မှာ မြေပုံနားက သစ်ခက်တစ်ခက်ကိုချိုးပြီး တရားနာ၊ သာဓုခေါ်ဖို့ ပြန်လိုက်ခဲ့ဆိုပြီး ယူလာတဲ့ သစ်ခက်ကို ခေါင်းရင်းထရံအပြင်ဘက်မှာ ထိုးထားတယ်။ ရက်လည်၊ ရေစက်ချ အမျှဝေပြီးမှ သစ်ခက်ကို သူ့မြေပုံမှာ သွားပစ်တယ်။ အခုလည်း အချို့ဒေသမှာလုပ်တုန်းပဲ။

သေသူအတွက် ကုသိုလ်ပြုပြီး အမျှပေးဝေတာဟာ ကောင်းတဲ့၊ မှန်တဲ့ အလုပ်ပါ။ ဒါပေမယ့် အသိနဲ့လုပ်မှမှန်မှာပါ။ဗုဒ္ဓဘာသာအယူဝါဒအရ သတ္တဝါ(လူ)သေရင် ရုပ်ရောနာမ်ပါ ချုပ်ပျက်တာပဲ။ နာမ်က ချက်ချင်းချုပ်ပျက်သွားပြီး ရုပ်က အချိန်တန်မှ ပျက်စီးသွားတယ်။ ဒီချုပ်ပျက်သွားတဲ့ ရုပ်၊ နာမ်ဟာ ဘယ်တော့မှပြန်မဖြစ်တော့ဘူး။ နောက်ဖြစ်တာက နောက်ရုပ်နဲ့ နောက်နာမ်ပဲ။ လူဟာ ဘဝတစ်ခုနဲ့ တစ်ခု ဆက်သွားတာ ရုပ်၊ နာမ်က ဆက်တာမဟုတ်ဘူး။ ကံကဆက်တာ၊ ကံအရှိန်နဲ့ ဆက်သွားနေတာ။

ဒီဘက်ဘဝမှာ သေတာနဲ့ နောက်ဘဝမှာဖြစ် (ပဋိသန္ဓေ)တာပဲ။ မျက်တောင်တစ်ခတ်တောင်မကြာဘူး၊ မခြားဘူး။ ကံအလျောက် (၃၁) ဘုံမှာ သတ္တဝါတစ်မျိုးမျိုး ဖြစ်မှာပဲ။ အဲဒီလို သတ္တဝါမျိုးပေါင်းများစွာထဲက အပါယ်ဘုံသားပြိတ္တာမျိုးမှာဖြစ်ရင် ကျန်ရစ်သူများ မိမိအတွက် ကုသိုလ်ကောင်းမှုပြုပြီး အမျှအတန်းပေးဝေရင် ဘာဓုခေါ်နိုင်ပြီး ကောင်းကျိုးချမ်းသာ ရရှိနိုင်ခွင့်ရှိတယ်။ အဲ - သေသူအတွက် ကုသိုလ်ပြု၊ ရေစက်ချ၊အမျှဝေတယ်ဆိုတာ အဲဒီတစ်မျိုးထဲအတွက်ပဲ ဖြစ်ပါတယ်။ (၇) ရက်ပြည့်မှရယ်လို့မဟုတ်ပါဘူး။ သာဓုခေါ်ဖို့ သူစောင့်နေတဲ့ ကာလအတွင်း ဘယ်တော့ပြုပြုပါ။

သဿတဒိဋ္ဌိကတော့ ဒီလောက်ဆိုရင် သိလောက်၊ ရှောင်လောက်၊ ဖယ်လောက်နိုင်ပါပြီ။ သူက ဗုဒ္ဓဘာသာဝင်တွေရဲ့ ရှေးရိုးစဉ်လာတွေမှာ ရောနေတတ်တာမို့ အသိတရားနဲ့ သတိထားပြီး ရှောင်ရပါမယ်။

ဒုတိယအမျိုးက ဥစ္ဆေဒဒိဋ္ဌိတဲ့။ ဥစ္ဆေဒဒိဋ္ဌိ ဆိုတာက အရင်ဘဝဆိုတာ မရှိဘူး၊ နောက်ဘဝဆိုတာလည်း မရှိဘူး။ သတ္တဝါဟာ သဘာဝတရားအရ ဖြစ်တာပဲ။ ကံ၊ ကံရဲ့အကျိုးကြောင့်ဖြစ်တာမဟုတ်ဘူး။ ဒါကြောင့် နောက်ဘဝအတွက်ဆိုပြီး ကောင်းမှုပြုဖို့၊ မကောင်းမှုမပြုဖို့မလိုဘူး။ ကောင်းတဲ့စကားကို ပြောဆိုဆုံးမတတ်တဲ့ ဘုရား၊ ရဟန်း၊ ပုဏ္ဏား စတာတွေလည်း မရှိဘူး။ ဒီဘဝအတွက်ပဲ ချမ်းသာအောင်နေ၊ လုပ်ချင်တာအကုန်လုပ်ဆိုတဲ့ ကံ၊ကံရဲ့အကျိုးကို ပယ်တဲ့အယူဝါဒပဲ။ မကောင်းမှုဆိုတာ ဂရုစိုက်ပြီး တမင်ပြုနေစရာမလိုဘူး။ ကောင်းမှုကိုသာ ဂရုစိုက်ပြီး တမင်ပြုရတာ။ သာမန်အားဖြင့် လူမှာ မကောင်းစိတ်ကပိုများပြီး မကောင်းမှုက ပိုများပါတယ်။ အဲဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိသမားဟာ သေရင် အပါယ်ကျဖို့ သေချာသလောက်ပဲ။ ဒီဝါဒက သိသာတဲ့ဝါဒမို့ ရှောင်ရလွယ်ပါတယ်။ဗုဒ္ဓဘာသာတရားကို သာမန်သိတဲ့ ဗုဒ္ဓဘာသာဝင်တွေတောင်လက်မခံကြပါဘူး။ သူက သုဂတိဘုံကိုသွားဖို့ တားပါတယ်။

တတိယအမျိုးကတော့ သက္ကာယဒိဋ္ဌိပဲ။ ရှိနေတဲ့၊ မြင်ရတဲ့၊ ကိုင်တွယ်လို့ရတဲ့ မိမိရဲ့ ခန္ဓာကိုယ်ကြီးကို မရှိတဲ့ငါလို့မြင်တာ၊ စွဲလမ်းတာ၊ ငါ့ခန္ဓာလို့ စွဲလမ်းတာပဲ။ ကျွန်တော်တို့ ဝိပဿနာယောဂီတွေအားလုံးလိုလိုသိကြတာပဲ။ ဒီခန္ဓာဟာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာမှမဟုတ်။ ရုပ်အစု၊ နာမ်အစုသာ ဖြစ်တယ်လို့။

ဒါပေမယ့် ဒီအသိဟာ စွဲမြဲမနေဘူး။ ကြားတုန်း၊ ဆင်ခြင်တုန်း၊ သတိရတုန်းသာသိတာ။ ကျန်တဲ့အချိန်မှာ ငါ၊ ငါ့ခန္ဓာလို့ပဲ ပြန်စွဲနေတာပဲ။ သံသရာတစ်လျှောက်လုံးစွဲလာတဲ့အစွဲမို့ ကျွတ်ဖို့မလွယ်ပါဘူး။ ခဏသာကျွတ်ကြတာ။ အမြဲကျွတ်သွားပြီဆိုရင် သောတာပန်ဖြစ်ပြီပေါ့။ ဒီဒိဋ္ဌိက အပါယ်မလားဘူး။ သုဂတိဘုံကို မသွားဖို့ မတားဘူး။ မဂ်၊ ဖိုလ်ကိုပဲ တားတယ်။ ဒီဒိဋ္ဌိမပြုတ်သမျှ တစ်မဂ်တစ်ဖိုလ်မရဘူး။

စတုတ္ထအချက်ကတော့ ယုံမှားမှု (ကင်္ခါဝိတာရဏဝိသုဒ္ဓိ) စင်ကြယ်ခြင်းပါပဲ။ လောကမှာ အတ္တဝါဒ ဆိုတဲ့ ပြောခဲ့ပြီးတဲ့ 'ဝိညာဉ်လိပ်ပြာဝါဒ' ရှိသလို 'ဖန်ဆင်းရှင်ဝါဒ' ဆိုတာလည်း ရှိသေးတယ်။ လောကကြီးကို ထာဝရဘုရားသခင် ဖန်ဆင်းတာ၊ ဗြဟ္မာကြီးဖန်ဆင်းတာ၊ ဖန်ဆင်းရှင်၊ တန်ခိုးရှင် ဖန်ဆင်းတာလို့ ယူဆကြတယ်။

လောကကြီးမှာ မြင်နေရတဲ့ သတ္တဝါအမျိုးမျိုးတို့ရဲ့ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်နေတာ၊ ဆင်းရဲ-ချမ်းသာ၊ ဆူ-ကြုံ-နိမ့်-မြင့်အမျိုးမျိုးဖြစ်နေတာအားလုံး၊ မွေးပြီးတဲ့အချိန်ကစပြီး အခုထိ ဖြစ်ပျက်လာသမျှအားလုံး၊ နောင်သေသည်အထိ ဖြစ်-ပျက်သွားမှာအားလုံးတို့ဟာ ဖန်ဆင်းရှင်ရဲ့အလိုတော်ကျ၊ သူဖန်ဆင်းတဲ့အတိုင်းဖြစ်တာလို့ ယုံတယ်။ ပြီးတော့ သူလည်း ကံ၊ ကံရဲ့အကျိုးကို ပစ်ပယ်တဲ့ဝါဒပဲ။ ဒီဖန်ဆင်းရှင်အမြင်ကို မှားယွင်းယုံကြည်မိရင်လည်း အပါယ်ကျမှာပဲ။ ကံကို ပစ်ပယ်တာနဲ့ မကောင်းမှုကို ရဲရဲတင်းတင်းလုပ်တော့မှာပဲ။ ဒီတော့ ဒီအမြင်မျိုးလည်း မဝင်မိဖို့လိုတယ်။ တကယ်တော့ ဗုဒ္ဓဘာသာဝင်တွေမှာ ဒီအမြင်မျိုးမရှိတတ်ပါဘူး။

ဥက္ကဋ္ဌဆရာတော်ညွှန်ပြတဲ့အတိုင်း သီလစင်ကြယ်အောင်၊ စိတ်စင်ကြယ်အောင်၊ အမြင်စင်ကြယ်အောင်၊ ယုံမှားမှုကင်းအောင် စောင့်ရှောက်နိုင်ကြမယ်ဆိုရင် အပါယ်ဘေးအတွက် စိတ်ချနိုင်ပြီလို့ ပြောနိုင်ပါပြီ။

ကဲ - ဒီနေ့တော့ ဒီလောက်ပဲ ရပ်ကြပါစို့။ အကြောင်းအရာတစ်ရပ်ကို ပြတ်အောင်ပြောရလို့ အချိန်နည်းနည်းပိုသွားပါတယ်။ သည်းခံကြပါ။ မဂ်ပေါက်၊ ဖိုလ်ပေါက် ကြိုးပမ်းကြပါစို့။

ယောဂီများ -

သာဓု၊ သာဓု၊ သာဓု။

ချောင်းဆုံခုနှီးသွင်



www.burmeseclassic.com

www.burmeseclassic.com

ကံ့ဝင်း

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

ထူးထူး ခြားခြား အမှတ်(၁၀)

# သိုက်ချုပ်စေတီတော်နှင့်သိုက်နန်းရှင်ဘုရား


သိုက်မှ လာကြသူများသည် တစ်မူထူးခြားနေလေ၏။ များသောအားဖြင့် သိုက်မှလာသူများ နေထိုင်ကြသော အိမ်တော်မင်္ဂလာ အိမ်ဂေဟာတို့မှာ စီးပွားအလွန်တက်ကြ၏။ လုပ်ငန်းကိုင်ငန်း အလွန်အဆင်ပြေကြ၏။ 'နေအထွက်မှာ ရွှေခွက်နှင့် ရတနာအပြည့်ပေးလှည့်ပါ' စကားနှင့်ညီအောင် ရွှေတွေဝင်၊ ငွေတွေရွှင်ကြ၏။ နေ့စဉ်နှင့်အမျှ ဒီရေအလား စီးပွားတွေတက်သကဲ့သို့ နေ့စဉ်နီးပါး အလှူဒါနကြီး၊ငယ်တို့သည်ပြုကြ၏။ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြလေ၏။ 'လှူတိုး' ဟူသော စကားစုနှင့်အညီ လှူလေတိုးပွားလေဖြစ်ကြ၏။ ထိုသို့ 'သိုက်' နှင့် ဆက်စပ်နေသောအိမ်ရှိ မိသားစုများတွင် ထူးခြားသူတစ်ဦးက ရှိစမြဲ ဖြစ်၏။

"မသဲလေးက သိုက်ကလာတာတဲ့။ သူတို့တွေကို သိုက်ကပေးကြတာပေါ့။ မကြာခဏလည်း အလှူလုပ်ပေးကြရတယ်။ လှူပြီးရင်လည်း မပါမဖြစ် သိုက်ချုပ်ဘိုးဘိုးကြီးနဲ့ သိုက်နန်းရှင်တွေ၊ သိုက်မယ်တော်တွေကို အမျှဝေကြရတယ်"

ရပ်ထဲရွာထဲမှလူတချို့က သူတို့၏ အယူအဆကို ထုတ်ဖော်ပြောကြ၏။ ထူးခြားမှုတစ်ခုကတော့ ထိုသိုက်မှ စောင့်ရှောက်သောအိမ်၊ မိသားစုများတွင် ထူးခြားသူတစ်ယောက်က ပါစမြဲ ဖြစ်၏။ မသဲလေးဆိုသူ ကလေးက (၁၀)



ထိုထဲဂူအတွင်းမှ သိုက်နန်းရှင်ဘုရား



သိုက်ချုပ်စေတီတော်နှင့်
ထပ်လျက်မှာတည်တော်မူ ရုပ်ပွားတော်ကြီး



နေ့အခါမှာဖူးမြော် သိုက်ချုပ်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းမှာဖူးမြော် သိုက်ချုပ်စေတီတော်



ထိုဆဲအတွင်းမှ သိုက်နန်းရှင်ဘုရားသို့ အလင်းတိုင်ပူဇော် ဆရာတော်



သိုက်ပွဲထာလှူသော အမျိုးသမီးတစ်ဦး

နှစ် သမီးသာသာလောက်ရှိရောပေါ့။ ချမ်းသာတဲ့၊ စီးပွားတက်နေတဲ့ မိသားစုထဲကဆိုတော့ အစစအရာရာ လိုလေသေးမရှိ ပြည့်ပြည့်စုံစုံပါပဲ။ ဒါပေမယ့် တခြား ကလေးတွေလို အတန်းကျောင်းတက်ခွင့်မရ။ စကားကို ပီသစွာပြော၍မရ။ အရွယ်တူ ကလေးများကဲ့သို့ ပြေးလွှားဆော့ကစားလို့မရ။ ဆေးပညာရှုထောင့်အဆိုအရ မွေးရာပါ မသန်စွမ်း (Poliomyelitis) ဖြစ်နေသူကလေးပါ။ ရန်ကုန် ကျိုက်ဝိုင်းထူထောင်ရေး ဆေးရုံမှာ နေ့စဉ်နီးပါး လေ့ကျင့်ခန်းဆင်းနေရ၍ အနည်းငယ်မျှတော့ တိုးတက်လာပြီဆိုသော်လည်း ယခုဘဝ၌ လူကောင်းပကတိဖြစ်ဖို့ မလွယ်တော့။

မောင်ဖိုးငိုတို့ကျတော့ သန်စွမ်းပါရဲ့။သို့သော် အတန်းကျောင်းတက်၍မရဖြစ်နေပြန်၏။ စကားပြောမရ၊ အ,နေ၍ ရွှေအ,လို့လည်း ဆိုကြ၏။ သူတို့မိသားစုကလည်း အဆင်ပြေကြ၏။ စီးပွားရေးအခွင့်အလမ်း ပန်းလိုပွင့်ကြ၏။ အရပ်ကပြောကြ၏။ မောင်ဖိုးငို 'ရွှေအ' ကြောင့် စီးပွားတက်တာဟု ပြောကြ၏။ မောင်ဖိုးငိုကလည်း သိုက်ကလာသည်ဟု ဆိုကြပြန်၏။ များသောအားဖြင့် သိုက်ကလာသူများမှာ တစ်ခုမဟုတ်တစ်ခု ချို့ယွင်းနေတတ်သည့်သဘောဖြစ်နေလေ၏။ တချို့ကျပြန်တော့လည်း ကျန်းကျန်းမာမာ သန်စွမ်း၍ အများနည်းတူ သွားလာလှုပ်ရှားအိမ်ထောင်ပြု၊ သားမွေးသူများပင် ပါသေးသည်။ သို့သော် ငယ်ရွယ်၊ အရွယ်ကောင်းချိန်မှာ အကြောင်းတစ်ခုခုကြောင့် ဆုံးပါးသွားကြ၏။

စာရေးသူ မြင်ဖူး၊ တွေ့ဖူးသော အလွန်တရာမှ ချောမောသည့် အပျိုအရွယ် အမြွှာညီအစ်မနှစ်ဦးသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့အနီးဒေသတစ်ခုမှာနေပါသည်။ နှာတံပေါ်ပေါ်နှင့် ဘိုမလေးများလို လှပါသည်။ စာရေးသူတို့၏ အိမ်နီးနားချင်းအိမ်သို့ အလည်လာကြရင်းမှ စာရေးသူနှင့် သိကျွမ်းခွင့်ရကာ ရွှေတိဂုံဘုရားသို့ပင် လိုက်ပို့ပေးခဲ့ရပါသေးသည်။ ထိုအမြွှာညီအစ်မ ပုသိမ်ပြန်သွားသောအခါမှ အိမ်နီးချင်းအိမ်ကပြော၍သိရပါသည်။ သူတို့ညီအစ်မသည် သိုက်မှလာသူများဖြစ်၍ နှစ်ဧစ့လျှင်ပြန်မှာဟု ဆိုကြပါသည်။ နှစ်ဧစ့လျှင်ဆိုတာ ဘာကိုပြောတာပါလဲ မေးသောအခါ သိုက်ကပြန်ခေါ်လျှင် ပြန်ကြမှာတဲ့။

ထိုအမြွှာညီအစ်မ ပုသိမ်ပြန်သွားပြီးနောက်ပိုင်း စာရေးသူလည်း မေ့မေ့ပျောက်ပျောက်နှင့် သတိမရတော့။ လအတော်အတန်ကြာသောအခါတွင် အိမ်နီးချင်းအိမ်မှ မိတ်ဆွေများနှင့် အလှူအိမ်မှာဆုံကြရင်း စကားစမြည်ပြောကြရင်းမှ ထိုအမြွှာညီအစ်မကိုသွားသတိရ၏။ မေးကြည့်ရာ လွန်ခဲ့သောလပိုင်းက မတော်တဆမှုတစ်ခုဖြင့်



www.burmeseclassic.com

www.burmeseclassic.com

...ကြပြီဖြစ်ကြောင်း သိရ၏။

**...ဆိုတာ တကယ်ရှိ မရှိ**

ကျေးဇူးရှင် စစ်ကွင်းဆရာတော် ...နေ္တာဘာသ အရှင်သူမြတ်ကြီးသည် ...ယကမ္ဘာစစ်တွင်းကာလအချိန်က ...ရခရ အတတ်ပညာများဖြင့် တပည့် ...ဝက အတော်များများကို ကယ်တင် ...င့်ရှောက်တော်မူခဲ့၏။ ထိုစဉ်အခါ ... သိုက်နန်းရှင်များ၊ ဥစ္စာစောင့်နတ်များ၏ မကြာခဏ လာရောက် ဖူးမြော်ကန်တော့ခြင်းများရှိခဲ့ပါကြောင်း ကြားသိရပါ၏။ ဆရာတော်တပည့်ဒကာများပင် ထိုဥစ္စာစောင့်၊ သိုက်နန်းရှင်များတွေ့ဖူး ကြုံဖူးကြကြောင်းကို သူရဇ္ဇမဂ္ဂဇင်းကြီး၌ ပင်တိုင်ရေးသားနေသော ပထမံဆရာဦးအေးရွှေ ရေးသား ဆောင်းပါးများ၌ ဖတ်ဖူး၊ မှတ်သားဖူးပါ၏။ ထို့အပြင် ဆရာချောင်းဆုံအုန်းသွင် ရေးသား ဆောင်းပါးတစ်ခုတွင် ရှေးအခါက သိုက်စောင့်၊ ဥစ္စာစောင့်နတ်များထံမှ လက်ဝတ်ရတနာများကို ခေတ္တငှားရမ်းပြီး အလှူမင်္ဂလာပွဲများသို့ ဝတ်ဆင်လေ့ရှိကြကြောင်း၊ နောင်တွင် လူတို့သစ္စာမရှိကြသဖြင့် ငှားရမ်း၍မရတော့ပါကြောင်း အကျယ်တဝင့် ရေးသားထားသည်ကို ဖတ်ဖူးမှတ်ဖူးပါ၏။ သိုက်စောင့်၊ ဥစ္စာစောင့်နတ်များသည် များသောအားဖြင့် လွန်စွာချောမောကြ၏။ ဥစ္စာစောင့်၊ သိုက်စောင့်နတ်များနှင့်



လိုဏ်အတွင်းမှ သိုက်နန်းရှင်ဘုရား



သိုက်ချုပ်စေတီတော်အနီးမှ
သိကြားမင်းရုပ်တု



သိုက်ချုပ်စေတီတော်နှင့်ကပ်လျက်
ယခင်က ထန်းပင်နှင့်
ယခုပြန်စိုက်ထားသော ထန်းပင်



သိုက်ချုပ်စေတီတော်အနီး
ခေါင်းခံလောင်းသေားမှ အသစ်ပြန်စိုက်ထား၊
ထန်းပင်တစ်ပင်

www.burmeseclassic.com

ချစ်ကြိုက်ကြသောဇာတ်လမ်းများလည်း များစွာ ကြားသိဖူးပါ၏။

ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားကြီးသို့ သိုက်နန်းရှင်၊ သိုက်စောင့်နတ်၊ သိုက်ချုပ်ဘိုးတော်၊ သမီးတော်များ ဘုရားဖူးများရှင်းသော ရာသီကာလ ညအခါ တိတ်ဆိတ်သောအချိန်များတွင် လာရောက်၍ ဖူးမြော်ကြသည်ကို စေတီတော်ကြီး၏ သက်တော်ရှည်ဝန်ထမ်း ရွှေပန်းချီ အဘဦးမြမောင် (၈၆) နှစ်က သူ့အတွေ့အကြုံကို စာရေးသူအား ပြောပြဖူးပါသည်။ စာရေးသူဦးဆောင်၍ နှစ်စဉ်အလှူတော်ဖြစ်သော ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ဆီမီး (၅၀၀၀) လှူ ပန်းစေတီတည်ပွဲသို့ ရှေးခေတ်နန်းတွင်း အဝတ်အစားဝတ်ထားသူ သိုက်နန်းရှင် ဟုထင်ရသူတို့ ညအခါ ပန်းစေတီသို့ ပန်းလာလှူဒါန်းသည်ကို စာရေးသူ ကိုယ်တိုင် ကြုံတွေ့ဖူး၍ ပန်းစေတီ ဆောင်းပါးတွင် ထည့်သွင်း ရေးသားဖူးပါသည်။

လွန်ခဲ့သော(၅)နှစ်ခန့်က စာရေးသူအား ထီးတော်တင်လှူပေးပါရန် အင်းစိန် CID မှ ရဲမှူး ဦးသန်းစိုး မိသားစုမှ အကူအညီတောင်းသဖြင့် ရဲမှူး ဦးသန်းစိုးမိသားစု၏မိဘများရွာ ဧရာဝတီတိုင်းဒေသကြီး၊ အထောင် ရှားခဲမြို့ ဆိပ်ကြီးရွာသို့ သွားရောက် ထီးတော်တင်ခဲ့ဖူးပါ၏။ ထိုထီးတော်တင်အောင်ပွဲည။ ညတရားပွဲကျင်းပပြီး လှူဒါန်းမှုအစုစု ရေစက်သွန်းချအမျှဝေကြသောအခါ ရွာသူ အမျိုးသမီးတစ်ဦးသည် တရားနာပရိသတ်များအလယ်၌ နဂါးသိုက်မှ ဝင်ရောက် ပူးကပ်ခံရပြီးနောက် မြွေနဂါးတစ်ကောင်ကဲ့သို့ ပရိသတ်ကြားထဲမှ လူးကာလွန့်ကာ တွားသွားရင်း စေတီတော်မှုခံဦး အရောက် နှုတ်မှ 'အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ' ဟု (၃) ကြိမ် ဟစ်ကြွေးသွားခဲ့ပုံကို မြင်ဖူးပါ၏။ ထိုနဂါးသိုက်မှ ပူးကပ်ခံရသူအား ပူးကပ်ခြင်း၊ ခန္ဓာကိုယ်မှ မထွက်မီ (မခွာမီ) -

ယခုပူးကပ်သူ ဘယ်သူများပါလိမ့်။ အကြောင်းကိစ္စရှိ၍ ဝင်ရောက်ပူးကပ်ပါသလား။ ဘာများပြောစရာရှိသနည်း စသည်ဖြင့် မေးကြည့်သောအခါ သူက နဂါးသိုက်မှဖြစ်ကြောင်း၊ ယနေ့ ထီးတော်တင်ပွဲ အထူးအောင်မြင်ပါကြောင်း၊ ယခုကဲ့သို့ ကန်တော့ပွဲများပေး စည်စည်ကားကားဖြင့် စနစ်တကျ ထီးတော်တင်၊ အမျှဝေ၍ ဝမ်းမြောက်ခြင်းဖြစ်ခဲ့ပါကြောင်း ပြောဆိုပြီး ပူးကပ်ခြင်းမှ ဖယ်ခွာသွားပါတော့သည်။

စာရေးသူ၏ နောက်ထပ်အတွေ့အကြုံတစ်ခုကတော့ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စိန်ရွှေကုန်းရွာမှာတည်ရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမ ကျောင်းတိုက်ကြီးရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားမှာ ဖြစ်၏။ ပဓာနနာယကဆရာတော် ဖြစ်တော်မူသော ကျေးဌေးရှင် ဇနိတာရာမဆရာတော်ဘုရားသည် ဓမ္မရိပ်သာကြီး၏ ပဓာနနာယက ဆရာတော်ကြီးဖြစ်သည်နှင့် အညီ အားလုံးသော သတ္တဝါများအပေါ်မှာ မေတ္တာထား ကရုဏာတရားကြီးမားသူ ဖြစ်တော်မူပါသည်။ ကျောင်းတိုက်ကြီး ရေစက်ချပွဲတော်ကြီးတွင် ဆရာတော်ကြီးမှ ဓာတ်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာများ ပင့်ဖိတ်ခြင်းများ စာရေးသူအား ညွှန်ကြားထားခြင်း မရှိပါ။ ဆရာတော်ကြီးမှ ညွှန်ကြားမှု၊ မိန့်ကြားမှုမရှိသော်လည်း စာရေးသူအား ဝေယျာဝစ္စအဖွဲ့မှ ကျောင်းတိုက်ကြီးရေစက်ချပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါရန် တာဝန်တစ်ရပ်ပေးအပ်လာသောအခါ ဤအခမ်းအနားကြီးအောင်မြင်ရေးအတွက်တာဝန်မှာ စာရေးသူ၏ တာဝန်ဖြစ်လေ၏။ ဤအခမ်းအနားကြီး အစအဆုံး အောင်မြင်ရေးမှာ အခမ်းအနားမှူးတာဝန် ဖြစ်၏။ ထို့ကြောင့် စာရေးသူ၏မူအတိုင်း ရောက်ရှိရာရပ်ရွာနယ်ပယ် ဘာသာရေးအခမ်းအနားများ မစတင်မီမှာ ဆိုင်ရာပိုင်ရာတို့အား ပင့်ဖိတ်၍ အလှူပွဲ အောင်မြင်အောင် ကြွရောက်ကူညီပေးကြပါ။ အတူတကွ တရားနာကြွကြပါ။ အလှူဒါနကို မျှတပေးဝေအမျှဝေသောအခါ သာဓုခေါ်ဆိုကြပြီး စံမြန်းရာ ဌာနစခန်းသို့ အောင်မြင်စွာ ပြန်ကြွကြပါရန် စသည်ဖြင့် ကြိုတင်ပင့်ဖိတ် အကြောင်းကြားခြင်းများ ပြုလုပ်ပါသည်။

အလှူတော်ကျောင်းတော်ကြီးရေစက်ချအခမ်းအနားသို့ ပရိသတ်ထောင်ကျော် ကြွရောက်ကြ၏။ စာရေးသူက အခမ်းအနားမှူးဖြစ်ခြင်းကြောင့် ပရိသတ်နှင့် မျက်နှာချင်းဆိုင်အနေအထားမှ အစီအစဉ်များကြေညာရလေ၏။ ပင့်သံဃာတော် ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ရှင်လန်း အောင်မြင်စွာ လှူဒါန်းပြီးမြောက်၍ ကျောင်းတော်ကြီးလှူဒါန်းရခြင်းအကျိုး ဝမ်းမြောက်ဖွယ် အနုမောဒနာ တရားအစီအစဉ်အား ဓမ္မကထိကဆရာတော်ဘုရားမှ ချီးမြှင့်ပေးပါရန် အစီအစဉ်ကြေညာလျှောက်ထားရပါ၏။



တစ်ကြိမ်ကြီးအေးလွင်နှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းယူစဉ်



ဥစ္စာစောင့်များ ဘုရားထာဖူးပုံ ပြောပြနေသော ဦးခင်မောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ပရိသတ်များ၏ နောက်ဆုံးတန်း ကျောင်းတံခါးမကြီးအတွင်းသို့ ပြိုးပြိုးပြက်ပြက်အရောင်စုံ သတ်နေသော အဝတ်အစားများဝတ်ထား ကုလားမတစ်သိုက် ဝင်ရောက်၍ နေရာယူသည်ကို အခမ်းအနားအစီအစဉ်ကြေညာနေရင်း အမှတ်မထင် တွေ့မြင်လိုက်ရ၏။ ထိုသို့ ထင်ထင်ရှားရှား သတိထားမိခြင်းအကြောင်းအရင်းက တန်ဖိုးကြီး ရွှေချည်၊ ငွေချည်ထိုး ဆာရီခေါ် ဝတ်ရုံကြီးများ ခေါင်းကို ခြုံထား၍ သတိထားမိခြင်းပါလေ။

ဓမ္မကထိကဆရာတော်ဟောကြားကျောင်းလှူအကျိုး အနုမောဒနာတရားကို ကောင်းစွာ မနာကြားနိုင်တော့။ စာရေးသူ၏ အတွေးများက တရားနာပရိသတ်နောက်ဆုံးတန်းသို့ ရောက်နေ၏။ အခမ်းအနားမစတင်မီက စာရေးသူ ဖိတ်ကြားထားသည်များကို ပြန်သတိရလေ၏။

"ကမ္ဘာစောင့်သာသနာစောင့်နတ်မင်းကြီးလေးပါး အမှူးထား၍ သာသနာတော်စောင့်နတ်မင်းများ၊ မြို့ရွာနယ်ပယ်စောင့်နတ်များ၊ စိန်ရွှေကုန်းသာသနာ့နယ်မြေပိုင်စိုးနတ်အမျိုးမျိုး၊ အထူးသဖြင့် သက်တော်ရှည် မော်ဘီဘိုးဘိုးကြီး၊ ဘိုးဘိုးနီ၊ နဂါးနီမယ်တော်တို့နှင့် နဂါးသိုက်၊ ကုလားသိုက်၊ သိုက်စောင့်နတ်များ သိုက်ချုပ်ဘိုးဘိုးကြီးနှင့် သိုက်နန်းရှင်မယ်တော်များ အတူတကွ တရားနာယူကြပါ"

စသည်ဖြင့် အခမ်းအနားမစမီ ကြိုတင်ပင့်ဖိတ်ကြားခဲ့ပြီးလေပြီ။

စောစောက စာရေးသူ မြင်လိုက်ရသည့်မြင်ကွင်းက ယခုမှ ထင်ရှားသိမြင်လာခဲ့၏။ နဂါးသိုက်၊ ကုလားသိုက်။ အခမ်းအနား မစတင်မီက စာရေးသူ ဖိတ်ကြားထားခဲ့လေပြီ။ မေတ္တာဆိုတာ ရောင်ပြန်တဲ့သဘောပေါ့။ အမှန်တကယ် မျှဝေလိုသောဆန္ဒ၊ ဤဆန္ဒ ယခုတကယ် ပြည့်ပြီ။ သူတို့တွေလာကြ၏။ မင်းကွန်းဆရာတော်ကြီး ဟောကြား မြင်အပ်၊ မမြင်အပ်သတ္တဝါတွေ၊ မမြင်မတွေ့နိုင်သောအရှိသကဲ့သို့ မြင်တွေ့နိုင်သောအရာ ယခုမြင်လိုက်ရ၏။

ဓမ္မကထိကဆရာတော်မှ အနုမောဒနာတရားပြီးသောအခါ လှူဒါန်းမှု အစုစုတို့အား ရေစက်သွန်းချ အမျှဝေပါသည်။ ဝမ်းမြောက်နှမော် သာဓုခေါ်သံပြိုင်က နတ်ပြည်(၆)ထပ်တိုင်မြည်ဟည်း သွားသည်ဟု ထင်ရ၏။ ရေစက်ချပြီးလျှင် အခမ်းအနား နောက်ဆုံးအစီအစဉ်က 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' (၃) ကြိမ် ရွတ်ဆို အခမ်းအနားသိမ်းရန် ဖြစ်၏။ စာရေးသူက အခမ်းအနား နောက်ဆုံးအစီအစဉ်ကို ကြေညာရန် မတ်တတ်ရပ် မိုက်ကိုကိုင်ကာ ကြေညာရင်း ပရိသတ်နောက်ဆုံးတန်းကို လှမ်းကြည့်လိုက်တော့ -

ပြောင်ပြောင်လက်လက် ရောင်စုံထွက်နေတဲ့ ဆာရီဝတ်ရုံခြုံထား မိသားစုတစ်သိုက် တစ်နည်း ကုလားသိုက် မိသားစု ကျောင်းတိုက်ကြီးအပြင်ဘက် ပေါ့ပါး သွက်လက် ထွက်ခွာသွားကြပြီး ဩော် - ဝမ်းမြောက်နှမော် သာဓုတွေ မြိုင်မြိုင်ခေါ်သွားနိုင်ပြီ။ မိမိကပြောကြားထားခဲ့သည့်အတိုင်း အလှူဒါန အဖို့ဘာဂကို မျှတပေးဝေအမျှဝေတဲ့အခါမှာ ဝမ်းမြောက်နှမော် သာဓုခေါ်၍ စံမြန်းရာ ပြန်ကြ စောင့်ရှောက်မှုပေးတော်မူကြပါ။ ယခု အမျှရ၍ သာဓုခေါ် ပြန်ကြပေပြီပေါ့။

သိုက်နန်းရှင်တွေ၊ ဥစ္စာစောင့်နတ်တွေ အမှန်တကယ် ရှိ မရှိ စာရေးသူ၏ အတွေ့အကြုံများဖြင့် သက်သေသာဓကပြ အမှန်တကယ် လောက၌ရှိပါကြောင်း စာရှုသူများကို တင်ပြခြင်း ဖြစ်ပါ၏။

### သိုက်သက်တမ်းတိုးခွင့်ရသူ

သိုက်နန်းရှင်ဘုရား ဦးထိပ်ပန်ဆင်ထား ကန်တော့တောင်းပန်၍ သက်တမ်းတိုးခွင့်ရသူများ စာရှုသူများ ကြားဖူးကြပါလိမ့်မည်။

ယခု စာရေးသူ တင်ပြလိုသည်ကတော့ လောက၌ အမှန်တကယ် သိုက်သက်တမ်းစေ့၍ သိုက်သို့ ပြန်ရခါနီး ထပ်မံ၍ သာသနာပြုအလှူဒါနများပြုခွင့်ပေးပါရန် သိုက်သက်တမ်းတိုးတင်ပြတောင်းခံသောအခါမှာ အဆင်ပြေသူ အမျိုးသမီးတစ်ဦးအကြောင်း တင်ပြလိုပါ၏။

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရတနာပုံစေတီတော်၊ စိန်ဖူးတော်တင်ပွဲ၌ စာရေးသူသည် အလိုတော်ပြည့်ဆရာတော်၏ ဩဝါဒနှင့်အညီ စိန်ဖူးတော်တင်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခွင့်ရခဲ့၏။ ထိုစိန်ဖူးတော်တင်ပွဲသို့ ရန်ကုန်မြို့မှ ရောက်ရှိလာကြတုန်သော အလှူရှင်များထဲမှ ဒေါ်xxx ဆိုသူနှင့် စာရေးသူတို့ ဓမ္မမိတ်ဆွေအဖြစ် သိခွင့်ရခဲ့လေ၏။ စိန်ဖူးတော်တင်ပွဲပြီး၍ ရန်ကုန်သို့ပြန်ရောက်သောအခါမှာလည်း ဘာသာရေး၊ လူမှုရေးတန်းရေးများနှင့် မကြာခဏ ဆုံတွေ့ခွင့်ရကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရားများ သွားရောက် ပြုပြင်ကြသောအခါတွင်လည်း ပြန်လည်ဆုံတွေ့ကြလျက် ခင်ခင်မင်မင်ရှိလာခဲ့လေ၏။ တစ်ဦးအိမ်အလှူလုပ်လျှင် မိသားစုလိုက် အပြန်အလှန်သွားကြ၊ စားကြနှင့် အလွန်ခင်ပါသည်။

ဒေါ်xxxကို စာရေးသူ၏မိသားစုများကလည်း ပိုမိုစိတ်ဝင်စားခင်မင်ရသော အဓိက အကြောင်းအရင်းရှိ၏။ စာရေးသူ၏ဓမ္မမိတ်ဆွေ ဒေါ်xxxသည် နိုင်ငံကျော် ဗွီဒီယို ရုပ်ရှင်မင်းသား (xxx) ၏ အတူနေ အဒေါ်ဖြစ်နေခြင်းက ခင်မင်ရခြင်းအကြောင်းရင်းတစ်ခု ဖြစ်ပေ၏။ ထိုသို့ ခင်မင်စွာနေကြရင်းမှ ဒေါ်xxxသည် ကျန်းမာရေးမကောင်းဖြစ်၍အိပ်ရာထဲလဲပါတော့၏။ ငွေကြေးတတ်နိုင်သူများပီပီ အကောင်းဆုံးဆေးဝါးများ၊ အကောင်းဆုံးသမားတော်များဖြင့် ကုသ၏။ ဗန်ကောက်သို့လည်း သွားကုသကြောင်းသိရ၏။ ခေတ္တခဏသာ သက်သာပါသည်။ ရောဂါပြန်ဖြစ်ပြန်၏။ စာရေးသူနှင့် ဓမ္မမိတ်ဆွေများ မကြာခဏ သတင်းမေးရ၏။ ဒေါ်xxx၏ရောဂါမှာ သွေးနှင့်ပတ်သက်သော ရောဂါ။ သွေးခဏခဏသွင်းရ၏။ သွေးကင်ဆာသဘောမျိုးဖြစ်နေ၏။ သွေးသွင်းပြီးလျှင် နာလန်ပြန်ထူလာ၏။ မကြာသောကာလတစ်ခုမှာ တစ်ခါရောဂါပြန်ဖြစ်ပြန်၏။ သန့်ရှင်းသော သွေးများဖြင့် ပြန်သွင်း၊ ပြန်ကုသသောအခါ ပြန်လည်သက်သာလာပြန်၏။

သို့သော် သွေးပေါင်းစုံ ယောကျ်ားသွေး၊ မိန်းမသွေး အမျိုးအစားတူသွေးများသွင်းပြီး ပြန်သက်သာလာချိန်၌ ဒေါ်xxx၏ မျက်နှာသွင်ပြင်မှာ ပြောင်းပြောင်းသွား၏။ တစ်ခါတစ်ရံမှာ ငယ်ရွယ်နုပျိုသော မိန်းမပျိုမျက်နှာမျိုး ဖြစ်ပေါ်လိုက်၊ တစ်ခါတစ်ရံမှာ ယောကျ်ားလေးမျက်နှာမျိုးဖြစ်ပေါ်လိုက်၊ တစ်ခါတစ်ရံမှာ နှုတ်ခမ်းမွှေးတွေ၊ ပါးမြိုင်းမွှေးတွေပေါက်၍ အံ့ဩစွာရုပ်ပြောင်းရုပ်လွှဲတွေ ဖြစ်ပေါ်နေတတ်၏။

တော်ကြာ ဆေးရုံတက်လိုက်၊ တော်ကြာ ပြန်ဆင်းလာလိုက်နှင့် လုံးလည်လိုက်နေလေတော့၏။ ထိုသို့ ဖြစ်နေရင်း အိပ်မက်လိုလို၊ တကယ်လိုလို အဖြစ်အပျက်တစ်ခုက ဒေါ်xxx စိတ်မှာ မတင်မကျဖြစ်နေ၏။ 'ငါ့ကို သိုက်ကလာခေါ်ပြီ။ သိုက်က ခေါ်နေတယ်' ပြောသည့်အခါ ပြော၏။ တစ်ခါတစ်ရံမှာ 'ငါမလိုက်ချင်သေးဘူး။ ငါ



www.burmeseclassic.com

www.burmeseclassic.com

အလှူလုပ်ချင်သေးတယ်။ အလှူကြီးလုပ်ဦးမယ်' ထိုထိုသောပြောဆိုသံများကြောင့် အိမ်သူအိမ်သားများ ထိတ်လန့်တုန်လှုပ်ကြကုန်၏။ အရွယ်ကောင်းစဉ်က ချစ်သူရည်းစားများရှိခဲ့သော်လည်း အိမ်ထောင်ပြုရန် ဆုံးဖြတ်တိုင်း အဆင်မပြေခဲ့။ အရွယ်ကောင်းစဉ်က အကြားအမြင်သဘောပေါ်ပြောသူထံ မေးသောအခါ ဒေါ်×××က သိုက်ကလာတာ၊ သိုက်က အိမ်ထောင်ရေးသဘောမတူဟု သူပြောပြဖူး၏။ ယခု ဇရာကတတိယပိုင်းထဲဝင်လာချိန် သိုက်ဇာတ်လမ်းကပေါ်လာပြန်ဆိုတော့ အိမ်သူအိမ်သားမိသားစုများ ဗျာများတော့၏။ ဗေဒင်တွေမေး၊ ဆရာတွေမေးတော့ သိုက်ကနှစ်စေ့ပြီဟု ဆိုကြပြန်၏။

လွန်ခဲ့သော (၂) နှစ်ခန့်က ညတစ်ညမှာ စာရေးသူထံ ဖုန်းဆက်ပြောလာ၏။ ဖုန်းဆက်ပြောလာသူမှာ အနုပညာထုတ်လုပ်ရေးနာမည်ဖြင့် လူသိများသူ ထုတ်လုပ်သူ အမျိုးသမီးတစ်ဦး ဖြစ်၏။ ဒေါ်×××၏ ညီမအရင်းဖြစ်ပါသည်။ ဒေါ်×××၏ လတ်တလောဖြစ်ပျက်နေမှုများ၊ သိုက်နှင့် ဆက်နွယ်သော အဖြစ်အပျက်များကို စာရေးသူထံ ဖုန်းဆက်၍ပြောပြနေ၏။ ယခုအခါ ဆေးရုံပြန်တင်ထားရသည်ဖြစ်၍ နေ့လား၊ ညလား စိုးရိမ်နေရသော အနေအထားမို့ စာရေးသူ့အနေဖြင့် အကောင်းဆုံးအကြံဉာဏ်ပေးပါရန် သူတို့လည်း အခြေအနေအရ စိုးရိမ်မှုများနှင့် ထူပူနေ၍ အကူအညီလှမ်းတောင်းပါသည်။ စာရေးသူလည်း ဒေါ်××× ၏ ညီမနှင့် စကားပြောရင်း အာရုံမှာ ရွှေတိဂုံစေတီတော် နောင်တော်ကြီးခြေရင်းမှာ တည်ရှိတော်မူ သိုက်နန်းရှင်ဘုရား (သိုက်ချုပ်စေတီတော်) မြင်ယောင်လာသည်ဖြစ်၍ -

"သိုက်နန်းရှင်ဘုရားမှာ ပွဲထိုးလှူပြီး သက်တမ်းတိုးရမယ်။ မနက်ဖြန်မနက် (၈) နာရီ အရှေ့ဘက်မာတ်လှေကားရှေ့မှာ စောင့်နေမယ်။ လာနိုင်ကြမလား"

ဟု မေးသောအခါ ဒေါ်××× ၏ ညီမမှာ -

"ဆက်ဆက်လာပါမယ်၊ လာမယ်"

ဆိုလာပြီး ဖုန်းဖြင့် အချိန်းအချက်ပြုလိုက်၏။

နောက်တစ်နေ့ မနက် (၈) နာရီမှာ ချိန်းဆိုထားသည့်အတိုင်း အရှေ့ဘက်မာတ်လှေကားရှေ့တွင် ဆုံကြ၏။ ဒေါ်×××ညီမနှင့်အတူ ရုပ်ရှင်၊ ဗွီဒီယိုမင်းသား၏ အစ်မအရင်းဖြစ်သူပါ လိုက်လာကြလေ၏။ ဦးစွာပထမ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကန်တော့ရင်း နောင်တော်ကြီးဘုရားမြောက်ဘက် ဝိဇ္ဇာတန်ဆောင်းခြေရင်းမှာရှိ နဂါး (၉) ကောင် နဂါးရုံဘုရားထံပါး ဦးထိပ်ထား၍ ဒေါ်×××အတွက်ကိုယ်စား ဘုရားစောင်းတန်းမှာ နို့ဘူးများဝယ်၍ကပ်စေ၏။ ဘုရားသို့ နို့ဘူးကပ်ပြီးသောအခါ ဘုရားခြေရင်းမှာ 'နဂါးသိုက်'သို့ နို့ဘူးများဖြင့် ဒါနပြုလှူဒါန်းကြ၏။ နဂါးသိုက်ကို နို့ဆက်ခြင်းဖြစ်၏။ ဆေးရုံပေါ်မှာရောက်နေသူ စနေသမီး ဒေါ်××× မှ ဒါနပြုကြောင်း၊ သူ၏ ကျန်းမာရေးအား စောင့်ရှောက်ပေးပါရန် ပန်ကြားပေးရလေ၏။ ပြီးတော့ စနေသမီး ဒေါ်××× ပြုခဲ့သော ကုသိုလ်အဖို့ဘာဂကိုလည်း သိုက်ချုပ်ဘိုးတော်ကြီးနှင့် သိုက်နန်းရှင်တွေ၊ သိုက်မယ်တော်၊ သိုက်စောင့်နတ်၊ နဂါးသိုက်စောင့်နတ်တွေ အမျှဝေပေးလိုက်၏။

၎င်းနောက် နောင်တော်ကြီးစေတီအား လက်ယာရစ် သွားရောက်လျက် သာသနာ့ရှေ့ဆောင် ဘမင်းခေါင်ထံ ဦးတိုက်ကန်တော့ကြ၏။ နောင်တော်ကြီးစေတီတော်တောင်ဘက် ဘုရားမှခ်ဝလှေကားအနီးမှာ တည်တော်မူ သိုက်နန်းရှင်ဘုရား (သိုက်ချုပ်စေတီတော်) သို့ ရောက်ကြသောအခါတွင် အုန်း၊ ငှက်ပျောကန်တော့ပွဲအရောင်းဆိုင်မှ အရောင်းကိုယ်စားလှယ် လူငယ်ကလေးများ ဘုရားအနီးတွင် တွေ့ရ၏။ ထိုလူငယ်များမှ လူငယ်တစ်ယောက်ကိုခေါ်၍ သိုက်ပွဲတစ်ပွဲမှာလိုက်၏။ (၁၅) မိနစ်ခန့်သာ ကြာပါသည်။ ကွမ်း၊ လက်ဖက်၊ အုန်း၊ ငှက်ပျော (၃) ဖီး၊ တံခွန်၊ ကုက္ကားအစိမ်းရောင်၊ အစိမ်းရောင် ဇာပဝါပတ်ထား ပွဲတစ်ပွဲရောက်လာ၏။ အမွှေးရည်ဘူးဖြင့် သိုက်ပွဲကို ဖျန်းပက်ပြီး ထိုသိုက်ပွဲကို စေတီတော်ပန်းတင်ခုံထောင့်စွန်းတွင်တင်၍ သိုက်မှလာသူ ဒေါ်×××ကိုယ်စား ညီမအရင်းနှင့် တူမအရင်းတို့မှ သိုက်နန်းရှင်ဘုရားသို့ ကပ်လှူကြပါသည်။ ပွဲလှူရာတွင် သိုက်ချုပ်ဘိုးဘိုးကြီး သိုက်နန်းရှင်တွေ၊ သိုက်မယ်တော်တွေပင့်ဖိတ်၍ စနေသမီး ဒေါ်××× နှင့် အတူတကွကပ်လှူပါသည်။ စာရေးသူမှ အလင်းတိုင် (၉) တိုင်၊ အမွှေးနံ့သာ မြိုင်မြိုင်ဖြင့် ကမ္ဘာစောင့်သာသနာစောင့်နတ်မင်းကြီးများ၊ သိုက်ချုပ်ဘိုးတော်၊ သိုက်နန်းရှင်တွေ၊ နဂါးသိုက်နှင့် ဘုရားကိုစောင့် ဥစ္စာစောင့်နတ်တွေ၊ အစောင့်နတ်တွေ ပင့်ဖိတ်ပြီး အတူတကွ သိုက်နန်းရှင် ဘုရားအား အလင်းတိုင်(၉)တိုင် ပူဇော်၊အမွှေးတိုင်ပူဇော်မှုများပြုပါသည်။ ဘုရားရှိခိုး၊ သီလခံယူ၊ မေတ္တာပို့သပြီးသောအခါ -

"ယနေ့ယခု သိုက်နန်းရှင်ဘုရားသို့ ပွဲလှူပွဲကပ်လှူဒါန်းရခြင်း၊ အလင်းတိုင် (၉) တိုင်၊ အမွှေးတိုင် မြိုင်မြိုင်လှူဒါန်းရခြင်း စသည့် အလှူဒါနကုသိုလ်များကြောင့် ဆေးရုံပေါ်တွင် ရောက်ရှိသော အလှူဒါနရှင် ဝေဒနာခံစားနေရသူ ဒေါ်××× ကျန်းမာ ချမ်းသာ ဘေးကင်းစွာဖြင့်၊ အသက်ရှည်စွာဖြင့် အလှူဒါနများပြုခွင့်ရပါစေ။ သိုက်နှင့်ဆက်သွယ်နေသည့် အကြောင်းအရာများရှိပါက သိုက်သက်တမ်းတိုးခွင့်ပြုတော်မူကြပါ။ သိုက်ချုပ်ဘိုးဘိုးကြီးနှင့် သိုက်နန်းရှင်များ၊ သိုက်မယ်တော်များ၊ နဂါးသိုက် စသည်ဖြင့် သိုက်စောင့်နတ်များမှ ယခုအချိန်မှစ၍ နောက်ထပ် (၅) နှစ်နှင့် မနည်း နှစ်များစွာ သိုက်သက်တမ်းတိုးခွင့်ပြုတော်မူပါ။ သိုက်သက်တမ်းတိုးခွင့်ရရပါစေ တောင်းဆုခြွေပါသည်"

စသည်ဖြင့် ဆုတောင်းပေးရပါသည်။ ၎င်းနောက်-

"ယခုပြုသောကုသိုလ်၊ သံသရာအဆက်ဆက်က ဒေါ်××× ပြုသောကုသိုလ်အဖို့ဘာဂကို သိုက်ချုပ်ဘိုးဘိုးကြီး၊ သိုက်နန်းရှင်များ၊ နဂါးသိုက်နှင့် သိုက်စောင့်နတ်၊ ဥစ္စာစောင့်နတ်များနှင့် (၇) ရက်သားသမီးများပါမကျန် (၃၀) ဘုံသား ဝေနေယျတို့အား မျှတပေးဝေ အမျှဝေပါသည်။

ကုသိုလ် အမျှ၊ အမျှ၊ အမျှယူတော်မူကြပါ။ သာဓု၊ သာဓု၊ သာဓု"


ထိုသို့ ကုသိုလ်ကောင်းမှု ကောင်းစွာပြုပြီးနောက် စာရေးသူနှင့်အတူ ဗွီဒီယိုရုပ်ရှင်မင်းသားအမေ၊ မင်းသားအစ်မတို့နှင့် ဆေးရုံသို့ သွားကြ၏။ ဆေးရုံရောက်သောအခါ ဝေဒနာရှင် ဒေါ်×××သည် အံ့ဩဖွယ်ရာ ခုတင်ပေါ်မှာထိုင်နေသည်ကို ပြုံးရွှင်သော မျက်နှာထားဖြင့် တွေ့လိုက်ရ၏။

စာရေးသူ၏ ဓမ္မမိတ်ဆွေဖြစ်သူ ဒေါ်×××သည် မကြာမီရက်ပိုင်းအတွင်း ဆေးရုံမှဆင်းလာပြီးနောက် ရွှေတိဂုံခြေရင်း ကြားတောရလမ်းရှိ ကျောင်းတိုက်ကြီးတွင် ဘုရားအမှူးပြု သံဃာတော်များကို ဆွမ်းကပ်လှူပါသည်။ အနုပညာအသိုင်းအဝန်းမှမိတ်ဆွေများ၊ ဘာသာရေးအသိုင်းအဝန်းမှ ဓမ္မမိတ်ဆွေများနှင့်စာရေးသူကိုပါ တခုတ်တရဖိတ်ကြားပြီး အလှူပွဲကြီးတစ်ခု ပြုလုပ်ခဲ့လေ၏။ သိုက်မှသက်တမ်းတိုးခွင့်ရခဲ့သူ ဒေါ်×××



www.burmeseclassic.com

www.burmeseclassic.com



သည် ယခုအခါ ရန်ကုန်မြို့မှာ ကျန်းမာချမ်းသာစွာဖြင့်၊ တရားဘာဝနာဖြင့် နေထိုင်နေပါသည်။

(စကားချပ် ။ ။ ကာယကံရှင်များ၏ ဆန္ဒအရ နာမည်များ မဖော်ပြနိုင်ခြင်းကို နားလည်ခွင့်လွှတ်ပေးကြပါ။ စာရေးသူ)

**ထန်းပင်စောင့်မှ တောင်းဆို၍ ပြန်စိုက်ပေးရခြင်း**

ဓမ္မမိတ်ဆွေများသို့ ယခုတင်ပြခဲ့သော သိုက်နန်းရှင်ဘုရား (သိုက်ချုပ်) စေတီတော်သည် ရှေးယခင်က လူသိများခဲ့သော ထန်း(၃)ပင်နေရာ၊ နောင်တော်ကြီးစေတီတော်နှင့် သာံယာဝတီမင်းကြီးခေါင်းလောင်းကြားမှတည်တော်မူသော ရွှေရောင်တဝင်းဝင်းနှင့် ဉာဏ်တော်(၉)တောင်ရှိစေတီတော် ဖြစ်တော်မူပါသည်။ ယခုအခါ ထန်း(၃)ပင်သည် နာဂစ်ဖြစ်စဉ်က ပြိုလဲသွားခဲ့ပြီ ဖြစ်ပါသည်။ ထိုလဲပြိုသွားသော ထန်းပင်များအစား ထန်းပင်ပြန်စိုက်ပျိုးပါရန် တာဝန်ရှိသူများထံသို့ ထိုထန်းပင်စောင့်များမှ တောင်းဆိုကြသဖြင့် ပြန်လည် စိုက်ပျိုးပေးရကြောင်း အတည်မပြုနိုင်သော အရပ်စကားအရ သိရပါသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိရသည်မှာ ရှေးအခါက နောင်တော်ကြီးဘုရားတွင် ရုတ်တရက် ကွယ်လွန်သွားသူ အမျိုးသမီး(၃)ဦး (တချို့က မောင်နှမသုံးဦးဆိုသည်) က ဝင်ပူးကပ်တောင်းဆိုကြောင့် ထိုစဉ်က တာဝန်ရှိသူများက ထိုထန်း (၃) ပင်တွင် နေထိုင်ခွင့်ပြုခဲ့ကြောင်း သိရပါသည်။ နာဂစ်ဖြစ်ပြီးပြန်စိုက်ရာတွင် သိုက်နန်းရှင်ဘုရားနှင့်ကပ်လျက်မှာ ထန်းပင်ငုတ်တိုတစ်ခုနှင့် ထန်းပင်တစ်ပင်၊ ထိုထန်းပင်နှင့် (၇)ပေအကွာရှိ ခေါင်းလောင်းတော်အနီး (ယခု ထန်းသတ်များဝါးဖြင့်ထောက်ထား) တစ်ပင်တွေ့မြင်နိုင်ပါသည်။

(စကားချပ်။ ။ တချို့သော ဘုရားဖူးများက သိုက်နန်းရှင်ဘုရားတွင် ဆီမီး၊ အမွှေးတိုင် ပူဇော် ဆုတောင်းပြီးသောအခါ ထိုထန်း (၃)ပင်ငုတ်တိုအပါအဝင် အမွှေးတိုင်များ ထွန်းကြသည်ကို တွေ့ရပါသည်။ စာရေးသူ)

**ထူးထူးခြားခြား သိုက်နန်းရှင်ဘုရား**

သိုက်ချုပ်စေတီတော်ဟု ခေါ်ဆိုကြသော သိုက်နန်းရှင်ဘုရားသည် ဆိုခဲ့ပြီးသည့်အတိုင်း နောင်တော်ကြီးဘုရားတောင်ဘက်ခြေရင်းမှာ တည်တော်မူပါသည်။ အနီးအနား အနောက်ဘက်အရပ်၊ စူဠာမဏိစေတီတော်အရှေ့ဘက်အရပ်တွင် 'ပခေါရှိ' နဂါးရုံဘုရားများ တည်ရှိပါသည်။ တောင်ဘက်တွင် 'သာယာဝတီ'ခေါင်းလောင်းတော်ကြီးရှိပါသည်။

ရွှေများ ပိန်းပိတ်အောင်ချထားသည်ဖြစ်၍ မူလအလှူရှင်၏ အမည်ကို ဖတ်ကြား၍မရတော့ပါ။ ရှေးလူကြီးများအဆိုအရ မူလအလှူရှင်သည် စမ်းချောင်း၊ ဗားကရာမှာနေသောသူများက လာလှူထားကြောင်း သိရပါသည်။ ဗားကရာမှာနေ အလှူရှင် ဇနီးမောင်နှံသည် သိုက်ဆက်များဖြစ်၍ ၎င်းတို့ထံ သိုက်ချုပ်ဘိုးတော်မှ အိပ်မက်အတိကျပေးပါသည်။ နောင်တော်ကြီးဘုရားခြေရင်း ထန်း(၃)ပင်နှင့်အနီးဆုံးမှာ (၉) တောင်ပြည့် ဘုရားတည်ရန် အိပ်မက်ပေးပါသည်။ ဘုရားလူကြီးများထံ ဘုရားတည်ရန် တင်ပြသောအခါ ခွင့်ပြုကြ၏။ ဘုရားတည်ခွင့်ပြုချက်ရပြီဆိုသည်နှင့် ဘုရားတည်ရန်ငွေကြေးတို့သည်လည်း ပြည့်ပြည့်စုံစုံဖြစ်လာ၏။ ထို့ပြင် ရောင်ဝါဝင်းလက်နေသော ကြေးဆင်းတုတစ်ဆူပါ အလှူခံရရှိလေ၏။ ထိုကြေးဆင်းတုတော်သည် အလေးချိန် (၅) ပိဿာခန့်မျှ ရှိလေ၏။ ထိုကြေးဆင်းတုတော်အား လာရောက် လှူဒါန်းသူများသည် သိုက်နှင့် ဆက်နွယ်နေသောကြောင့် 'သိုက်နန်းရှင်ဘုရား' ဟု ခေါ်တော်မူကြ၏။ တည်တော်မူရာတွင် အိပ်မက်အရ 'ဂူ'ဘုရားပုံ တည်တော်မူကြ၍ ထိုဂူအတွင်းဝယ် သိုက်နန်းရှင်ကြေးဆင်းတုတော်ရုပ်ပွားဘုရားသီတင်းသုံးတော်မူပါသည်။ သိုက်ချုပ်ဘိုးဘိုးကြီး၏ဆန္ဒအရတည်သောစေတီဖြစ်၍ ထိုစေတီတော်အား သိုက်ချုပ်စေတီတော်ဟု ဘွဲ့အမည်မှည့်ခေါ်တော်မူပါသည်။

မှတ်ချက် ။ ။ သိုက်နန်းရှင်ဘုရားဟု ခေါ်ဆိုသော ရုပ်ပွားတော်သည် လိုဏ်ဂူအတွင်း သီတင်းသုံးတော်မူပါသည်။ သဒ္ဓါလွန်ကဲသော အလှူရှင်များ လိုဏ်ဂူအတွင်းနှင့်အဝ၌ ဆီမီး၊ အမွှေးတိုင်လှူခြင်းကြောင့် ဝါဝင်းသောအဆင်းမရှိတော့ပါ။ မီးခိုးမှိုင်းများကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ခပ်မည်းမည်းဖူးရပါသည်။ (စာရေးသူ)

**ဥစ္စာစောင့်များ ဘုရားလာဖူးကြခြင်း**

သိုက်နန်းရှင်ဘုရား (သိုက်ချုပ်) စေတီတော်တည်ပြီးချိန်မှစ၍ သိုက်နှင့်ပတ်သက်သောသိုက်ဆက်များ၊ သိုက်မှလာ၍ လူ့ဘဝ လူလာဖြစ်နေသူများနှင့် စည်ကားနေလေ၏။ မကြာခဏ သိုက်နန်းမှလာဘုရားဖူးကြသော မိန်းကလေးချောချောလှလှကလေးများ၊ ဥစ္စာစောင့်ဟုဆိုသော အစိမ်းရောင်ဝတ် မိန်းမချောလေးများ လာရောက် ဘုရားဖူးကြသည်ကိုလည်း တွေ့ရကြောင်းကို ဘုရားလုံခြုံရေးမှ ဦးခင်မောင်မြင့် ပြောပြ၍ သိရလေ၏။ သိုက်နန်းရှင်ဘုရားသို့ လူသူကင်းမဲ့ချိန် အထူးသဖြင့် နံနက် (၄) နာရီတွင် မကြာခဏ ချောမောလှပသော မိန်းကလေး သုံး၊ လေးယောက် ဘုရားလာဖူးတာတွေ့ရကြောင်း၊ လူတွေကဲ့သို့ပင် ဖယောင်းတိုင်၊ အမွှေးတိုင်ပူဇော်တာ မြင်ရပါကြောင်း၊ ဥစ္စာစောင့်မိန်းကလေးများဟု တထစ်ချပြောနိုင်ခြင်းမှာ လူတွေကဲ့သို့ မျက်တောင်မခတ်ခြင်း၊ ယခုခေတ် အဝတ်အစားပုံမဟုတ်ပါဘဲ ရှေးခေတ် ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်ပြီး ဆံကေသာများသည်လည်းနက်မှောင်ရှည်လျားစွာချထားကြ၏။အကွယ်အကာမှ စောင့်ကြည့်နေစဉ် ပြန်သောအခါ မျက်စိရှေ့မှာပင် ပျောက်သွားခြင်း၊ ဘုရားအလှူခံပုံးများတွင် အလှူငွေထည့်ပြီး ပြန်သွား၍ သွားကြည့်သောအခါ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ လှူဒါန်းသွားခြင်းစသည့် အကြောင်းအချက်များကြည့်၍ သိုက်ချုပ်ကြီး၏သမီးတော်များ၊ ဥစ္စာစောင့်များအဖြစ်သတ်မှတ်ပါကြောင်းကို ဘုရားလုံခြုံရေးတပ်ကြပ်ကြီးအေးလွင်မှ စာရေးသူကို ပြောပြပါသည်။

**သိုက်ပွဲလာလှူ ဆုတောင်း စီးပွားရေးတွေကောင်း၊ ကျန်းမာရေးတွေကောင်း**

နာဂစ်ဖြစ်ပြီးနောက်တွင် ထန်း(၃)ပင်ပြိုလဲမှုနှင့်အတူ အနီးရှိ သိုက်နန်းရှင်ဘုရား သိုက်ချုပ်စေတီတော်သည်လည်း အနည်းငယ် ပျက်စီးယိုယွင်းခဲ့လေ၏။ သိုက်ချုပ်စေတီတော်အား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်တစ်ဦး ဦးစီး၍ ပြန်လည် ပြုပြင်ပြီး ထီးအသစ်တင်တော်မူခဲ့ကြောင်း သိရ၏။ သိုက်ချုပ်စေတီတော်ထီးတော်တင်လှူခဲ့သော ဗိုလ်မှူးချုပ်သည် ယခုအခါ ဗိုလ်ချုပ်ကြီးရာထူးဖြင့် တိုင်းပြည်တာဝန်များထမ်းရွက်နေကြောင်းကြားသိရ၏။သိုက်ချုပ်စေတီတော်တစ်ဆူလုံးအား ရွှေသားအစစ် လှူဒါန်းသူမှာ ယခင်က ရုပ်ရှင်မင်းသမီးဟောင်းဖြစ်ပြီး ယခုအခါ မန္တလေးတွင် ကုမ္ပဏီတည်ထောင်၍ ချမ်းချမ်းသာသာ၊ ကျန်းကျန်းမာမာနှင့် ဘာသာသာသနာအကျိုး ဆောင်ရွက်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

သိုက်ချုပ်စေတီတော် သိုက်နန်းရှင်ဘုရားရှေ့မှောက် အရောက်လာကြလျက် ပွဲလှူ ဆုတောင်းသူများ လိုရာအမြန်ပြည့်ဝ၍ အောင်မြင်ပြီးမြောက်ခရီးရောက်ကြကြောင်း ကြားသိရပါ၏။ ရန်ကုန်မြို့မှ လုပ်ငန်းရှင်ကြီးတချို့လည်း သိုက်ချုပ်စေတီတော်သို့ လပြည့်၊ လကွယ်နေ့တိုင်း အရောက်လာလျက် ကန်တော့ပွဲကပ်လှူပါကြောင်း၊ ရုပ်ရှင်ဂီတ အသိုင်းအဝိုင်းမှလည်း ပွဲလှူပွဲကပ် ကသိုလ်ယူသူတွေနဲ့လည်း ကြုံတွေ့ရပါကြောင်း၊ ရုပ်ရှင်မှ ဒေါ်ခင်မာလာ (ရာဇာနေဝင်း) အမေလည်း မကြာခဏ ပွဲလှူပွဲကပ်ကန်တော့လာရောက်လှူဒါန်းသည်ကိုတွေ့ရှိရခြင်း၊ အဆိုကျော်စိုးစန္ဒာထွန်းဆိုလျှင် မကြာခဏ ပွဲလှူပွဲကပ်လှူဒါန်းခြင်း အထူးသဖြင့် ပွဲပွားသွားခါနီးတိုင် ပွဲလှူပွဲကပ်၊ ပြန်လာလျှင်လည်း ပွဲလှူပွဲကပ် လှူဒါန်းသည်ကို တွေ့မြင်ရကြောင်း၊ လုပ်ငန်းကိုင်ငန်း မကောင်းသူများ ပွဲလှူပွဲကပ်ဆုတောင်းသောအခါ အဆင်ပြေ၍ နောက်တစ်ခါလာ ထပ်မံပွဲလှူတာလည်း တွေ့ရပါကြောင်း၊ နယ်မှ ရန်ကုန်တက်လာ မိန်းကလေးတစ်စု အဆောင်ငှား၍ အလုပ်ရှာနေကြရာ အလုပ်မရဖြစ်နေ၏။ တစ်စုံတစ်ဦး၏ တိုက်တွန်းမှုဖြင့် သိုက်ချုပ်စေတီတော်သို့ လာရောက်၍ အလင်းတိုင်၊ အမွှေးတိုင်ထွန်းဆုတောင်းကြသောအခါ အလုပ်အကိုင်များ ရရှိသွားပါကြောင်း ဘုရားပေါ်တွင် တာဝန်ကျနေသော တပ်ကြပ်ကြီးအေးလွင်မှ သူတွေ့ကြုံရသော သိုက်ချုပ်စေတီတော်၏ သာသနာသတင်း အလှူမြင်ကွင်းများကို စာရေးသူအား တက်ကြွစွာ ပြောကြားပါသည်။

**ကြီးပွားချမ်းသာလိုပါသလား သိုက်ချုပ်စေတီတော်သို့သွား**

အာရောဂျ ပရမံ လာဘံ ဟူသော စကားရပ်နှင့်အညီ ကျန်းမာရေးကောင်းခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်၏။ ကျန်းမာရေးကောင်းမှ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးဆိုသည်များ စွမ်းဆောင်နိုင်ကြပါလိမ့်မည်။ မည်မျှပင် ချမ်းသာကြွယ်ဝပါမူ ကျန်းမာရေးမကောင်း၍ အိပ်ရာညောင်စောင်းမှာ လဲလျောင်းနေရသည်ဆိုပါက လူဖြစ်ရကျိုးနပ်မည် မဟုတ်ပါ။ လူသားများ၏ ကျန်းမာရေးကောင်းရန် ခေတ်မီဆေးဝါးများနှင့် ကုသနေကြသည်မှာ မှန်သော်လည်း 'ဘုရားဖက်တော့ အသက်ရှည်' ဆိုသကဲ့သို့ တစ်ခါတစ်ရံ ခေတ်မီဆေးဝါးများနှင့် ကုသ၍ မရတော့သည့်အဆုံး တရားဘာဝနာပွားများခြင်းဖြင့် ရောဂါပျောက်ကင်းသွားကြောင်း ဖတ်ဖူး၊ ကြားဖူးပါ၏။ တချို့ ယတြာကောင်း၍ ကျန်းမာခြင်းသို့ ရောက်ကြ၏။ တချို့ကျပြန်တော့လည်း တန်ခိုးကြီးဘုရားသို့သွား စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုရင်းဖြင့် ရောဂါပျောက်ကင်း ကျန်းမာခြင်းသို့ ရောက်ကြပါသည်။ ကျန်းမာရေးမကောင်း၍ လည်းကောင်း၊ တရှောင်ရှောင်ဖြင့် မကျန်းမမာဖြစ်နေသူများသည် လည်းကောင်း၊ သိုက်နှင့်ပတ်သက်၍ ဆက်စပ်နေသော ရောဂါဝေဒနာရှင်များနှင့် အခက်အခဲတစ်ရပ်အနေဖြင့် အကျပ်အတည်းဆိုက်နေသူများ သိုက်ချုပ်စေတီတော် သိုက်နန်းရှင်ဘုရားရှေ့တော်မှောက် အရောက်သွား၍ အလင်းတိုင်၊ အမွှေးတိုင်မြိုင်မြိုင်နှင့် ကန်တော့ပွဲကပ်လှူ တောင်းဆုယူပါသော် ဝဋ်နာကံနာမှအပ ချမ်းသာခြင်း၊ ကျန်းမာခြင်းသို့ ဧကန်မုချ အကျိုးထူးခံစားရကြပါလိမ့်မည်ဟု တိုက်တွန်းအပ်ပါသည်။

ထို့ပြင်တဝ စီးပွားရေးလုပ်ငန်းများ အခက်အခဲဖြစ်နေလျှင်သော်လည်းကောင်း၊ ဝင်ငွေမကောင်း၍ စိတ်ထောင်းကိုယ်ကြေ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသူများ၊ ရာထူးအခွင့်အလမ်းများ မပွင့်လန်း၍ ခပ်နွမ်းနွမ်းဖြစ်နေသူများ၊ မိသားစုအရေး တွေးတွေးရင်း စိတ်လေးနေသူများ၊ ကောင်းတဲ့ကံမကူ၍ နာလန်မထူ လဲပြိုကျမတတ် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့နေသူများ လပြည့်၊ လကွယ်နေ့များတွင် သိုက်ချုပ်စေတီတော် သိုက်နန်းရှင်ဘုရားထံပါးသို့ အရောက်သွား ပွဲကပ်ပွဲလှူ၊ သီလခံယူ မေတ္တာ ဘာဝနာပွား၊ ပြုသမျှကုသိုလ်မျှဝေတော်မူ၍ ဆုမွန်ကောင်းတောင်းလိုက်ကြပါ။ လိုရာပြီးမြောက် ခရီးရောက်ကြပါလိမ့်မည်။

မေတ္တာများဖြင့်
ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com



ပညာကျော်

# နတ်တော်လနဲ့ခန္ဓသုတ်ကျင့်စဉ်

တစ်နေ့သ၌-

ကျွန်ုပ်သည် အချိန်အားရသည်နှင့် စာရေးခြင်းမလုပ်ဖြစ်လျှင် စာဖတ်မြဲဖြစ်ပါသည်။ ကျွန်ုပ်သည် သဗ္ဗသေဝါဒ္ဒအချမ်း (လက်ရေးမူ) မှ ကူးယူခဲ့သည့် အကြောင်းများကို ပြန်လည်ဖတ်နေခဲ့ပါသည်။ ထိုမှတ်တမ်းစာအုပ်ထဲတွင် အကောက်ဆိုက်စာရွက်ကို လေးခေါက်ခေါက်ထားသည့် စာရွက်ခေါက်တစ်ခေါက်ကို တွေ့မြင်ရပါသည်။

ထိုမှတ်စုနှင့် စာရွက်ခေါက်တို့မှာ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ကရေးမှတ်ထားခဲ့သောစာများဖြစ်ပါသည်။ ကာလသက်တမ်း (၄၀) ကျော်လာခဲ့ပြီဖြစ်၍ စာအုပ်နှင့် စာရွက်ခေါက်တို့မှာလည်း ဇရာထိသည့် အိုမင်းရင့်ရော်နေခြင်းကို သူတို့၏ ဗေဒတို့ကပြနေကြပြီ ဖြစ်ပါသည်။

စာအုပ်အဖုံးတို့မှာ အရောင်အသွေးတို့ တောက်ပနေခြင်း မရှိတော့။ စာရွက်ခေါက် အပေါ်ယံမြင်သာသည့် အပိုင်းမှာ ဝါညစ်ညစ်ဖြစ်နေကြပြီ ဖြစ်ပါသည်။ ကျွန်ုပ်၏လက်များသည် ထိုစာရွက်ခေါက်ကို ကောက်ယူကြည့်နေမိပါတော့သည်။

ထိုစာရွက်ထဲတွင် ရေးသားထားသော စာများ၏အကြောင်းကို အကျဉ်းချုပ် ဖော်ပြပါမည်။

ကျွန်ုပ် ဆရာတစ်ယောက်၏ အမည်နာမမှာ ဆန်းသည်ဟု မဆိုသာသော်လည်း လွန်စွာရိုးရှင်းသောအမည်ပင် ဖြစ်ပါသည်။

ဆရာ၏ အမည်နာမမှာ 'ဆရာကြောင်' ဟု အမည်တွင်ပါသည်။ ဆရာ၏ အသက်မွေးကျောင်းအလုပ်သည် ဆေးဆရာအလုပ် ဖြစ်ပါသည်။ ထိုစဉ်ကာလက ဆရာ၏အမည်နှင့် ဖော်ပြထားသည့်စာများမှာမူ ဓာတ်ဗိန္ဓောပယောဂဟု ပါရှိပါသည်။

ကျွန်ုပ်၏ဆရာ ဆရာကြောင်သည် ထိုစဉ်ကာလကပင် 'မျက်စိကုဝိဇ္ဇာဆရာကြောင်' ဟု နာမည်ကြီးသည့်ဆရာတစ်ယောက် ဖြစ်ပါသည်။

ဆရာသည် အတွင်းတိမ်နှင့် မျက်လုံးကွယ်နေသော ရောဂါသည်များကိုပင် မျက်လုံးကိုခွဲစိတ်ပြီး အတွင်းမှ တိမ်သလ္လာတို့ကို ထုတ်ယူခဲ့ပြီး တစ်လ၊ လေးဆယ့်ငါးရက် ဆေးစည်းထားပြီး ကုသခဲ့ရာတွင် ရာနှုန်းပြည့်ဆိုသလို အောင်မြင်ခဲ့သူ ဖြစ်ပါသည်။

မျက်စိရောဂါတင်လားမဟုတ်ပါ။ အခြားပယောဂဝေဒနာနှင့် ဗိန္ဓောပညာရပ်တို့ဖြင့်လည်း ပျောက်ကင်းအောင် ကုသပေးခဲ့သူ ဖြစ်ခဲ့ပါသည်။ ဆရာ၏ အကြောင်းအထွေထွေတို့ကို ပြည့်စုံအောင် ဖော်ပြရမည်ဆိုလျှင် မြွေကိုက်ရောဂါကုသခြင်းပါဝင်မှ ပြည့်စုံမည် ဖြစ်ပါသည်။ မြွေကိုက်ရောဂါကို ကုသခဲ့သည့် အဖြစ်သနစ်တချို့ကို ဖော်ပြပေးပါဦးမည်။

မြွေကိုက်ခံရသည့်ဝေဒနာသည်က ဆရာ့ကို အပင့်ခိုင်းလိုက်ရာတွင် ဆရာက လာပင့်သူအား ခေတ္တထိုင်စောင့်စေပြီး ဘုရားခန်းတွင်း ဝင်ရောက် ဘုရားဖူးခြင်းပြုလေတော့၏။

ဘုရားခန်းမှ ထွက်လာစဉ်တွင် ဆရာက အောက်ပါအတိုင်း ပြောမြဲဖြစ်လေတော့သည်။

"လာ - သွားကြအောင်"

ဟု ပြောသည့်အခါတိုင်းတွင် မြွေကိုက်ခံရသောလူနာမှာ အသက်မသေပျောက်တော့ဘဲ အသက်ရှင်မြဲ ဖြစ်လေသည်။

"မင်းပြန်တော့၊ ငါမလိုက်တော့ဘူး"

ဟု ပြောလွှတ်လိုက်လျှင် ဆရာလာပင့်သောသူအနေဖြင့် အမြန်ပြန်ပေတော့။ လူနာသေဆုံးသွားပြီဖြစ်၍ ဆရာပင့်လာရန်မလိုတော့ကြောင်း လိုက်ခေါ်လာသူနှင့် အပြန်လမ်းတွင် တွေ့ကြရသည်ဟု ဆိုကြပါသည်။

နောက်တစ်ခုကတော့ ကိုယ်ဝန်ဆောင်ထားရသည့် အမျိုးသမီးတစ်ဦးဦး မြွေကိုက်ခံရလျှင် လက်သပ်ချ၍ကုပေးလေ၏။ ထိုသို့ လက်သပ်ကုခဲ့သော်လည်း မီးဖွားချိန်တွင် ဓာတ်တွန်ခေါ်သော တွန်ခုတ်ကုသမှုကို ပြုကြမြဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဆရာကြောင်အနေကတော့ လက်သင့်ကုထားခဲ့သောလူနာကို ဓါးဖွင့်ချိန်တွင်စောင့်ပြီး ကုသခြင်းအလျှင်း မရှိဘဲ ရောဂါပျောက်ကင်းပြီး ပကတိကျန်းမာမြဲလည်းဖြစ်လေသည်။

စာချစ်သူ ကျွန်ုပ် မိတ်ဆွေများ အနေဖြင့် ယခုလောက်ဆိုလျှင် ဆရာကြောင်၏ အစွမ်းသိဒ္ဓိကို မှန်းဆလောက်ပြီဟု ယူဆမိပါသည်။ ယခုတင်ပြချက်သည် ဒေသတစ်ခုတွင် အမှန်တကယ်ရှိခဲ့သော၊ ထင်ရှားခဲ့သော အကြောင်းတစ်ရပ် ဖြစ်ပါသည်။ တစ်နည်းပြောရမည်ဆိုပါလျှင် တကယ့်ဖြစ်ရပ်မှန်ပင်ဖြစ်ပါတော့သည်။

ကျွန်ုပ်ဆရာ ငယ်ရွယ်စဉ်ကာလ၊ ပညာရှာစဉ်အခါကာလ ဓာတ်ဗိန္ဒောပယောဂများအပြင် သိုသိုသိပ်သိပ်နှင့် ကျိတ်ပြီးကျင့်ကြံအားထုတ်ခဲ့သော ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်မှ ကျင့်စဉ်တစ်ခုကို ဖော်ပြမည် ဖြစ်ပါသည်။

အခွင့်အခါကြုံတုန်းမှာ ဆရာ့စကားတချို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

"မောင်အောင်+ မင်းက ဝိဇ္ဇာဓရ ဂမ္ဘီရပညာနဲ့ ပဋ္ဌာန်းဆက်ရှိနေတယ်လို့ ငါယုံကြည်တယ်ကွ။ ဒီတော့ မင်းကို ဆရာ အမှာထားခဲ့၊ ပြောခဲ့ချင်တယ်။

တို့တစ်တွေဟာ သုံးလောက အရှင်မြတ်စွာဘုရားရဲ့တပည့်များဖြစ်ကြလို့ ဘုရားရတနာ၊တရားရတနာ၊သံဃာရတနာဆိုတဲ့ ရတနာသုံးပါးကို အလွန်တရာ ယုံကြည်ကြတဲ့သူတွေ။ သံရဏဂုံကို အပျက်မခံကြတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေမို့ မြတ်စွာဘုရားရှင် ဟောပြခဲ့တဲ့ ခန္ဓသုတ်ပရိတ်တော်ကို အဓိဋ္ဌာန်ဝင်ပုံကို ပြောပြပါမယ်။

မြွေနဂါးတို့ကိုပင် မကြောက်ရွံ့ရတဲ့ ခန္ဓသုတ်အဓိဋ္ဌာန်ကို (၁၂) လရာသီမှာ တစ်လသာဆောင်ရွက်နိုင်ပြီး ထိုလမှာပင် အလပ်အခြားမရှိ မကျိုးမပေါက် မပျောက်မကြားရလေအောင် အထူးသတိ၊ ဝီရိယတို့နဲ့ အဓိဋ္ဌာန်ဝင်ရမယ်"

အဓိဋ္ဌာန်ဝင်ရောက်ရမည့်လမှာ နတ်တော်လဖြစ်လေသည်။ တစ်ခုထူးခြားနေတာက နတ်တော်လတိုင်းဝင်မရပါ။ အဓိဋ္ဌာန်ဝင်နိုင်ရန် **စနေဆန်းရသည်၊ စနေကွယ်ရပါမည်** ဟု မိန့်ဆိုခဲ့ပါတော့သည်။

ယခုနှစ် ၁၃၇၆ ခုနှစ်တွင်ရောက်ရှိမည့် **နတ်တော်လ**သည် စနေဆန်းပြီး စနေကွယ်လေတော့သည်။ နတ်တော်လကို စနေနေ့မှစတင် သတ်မှတ်ခဲ့ရပြီး လကုန်ရက်တွင်လည်း စနေနေ့နှင့် မိတ်သိမ်းထားသည့်အတွက် အဓိဋ္ဌာန်ကျင့်စဉ်ကိုဝင်ရန် အခွင့်အခါကောင်းကြုံနေသည်ကို သတိတရဖြစ်သွားခဲ့ရပါတော့သည်။

ခန္ဓသုတ်ပရိတ်တော် အဓိဋ္ဌာန်ကျင့်စဉ်ကိုဝင်လိုသူသည် သီလအားဖြင့် အထူးလုံခြုံအောင် ထိန်းနိုင်ရပါမည်။ (ကျွန်ုပ်အကြိုက်ကို တင်ပြရလျှင် 'နဝင်္ဂသီလ' ထိန်းစေလိုပါသည်။ အကြောင်းမညီမညွတ်ပါက ငါးပါးသီလနှင့်တွဲဖက်၍ မေတ္တာသီလတို့ကို ထိန်းစေလိုပါသည်။)

## ခန္ဓသုတ်အဓိဋ္ဌာန်

### ၁။ အဓိဋ္ဌာန်စတင်ရမည့်ရက်

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စနေနေ့ (ခရစ်နှစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်) နေ့မှာ စတင်ရပါမည်။

### ၂။ အဓိဋ္ဌာန်ကာလသတ်မှတ်ထားခြင်း

နတ်တော်လတစ်လလုံး ရက်ပေါင်း (၂၉) ရက်တိတိ (၂၂-၁၁-၂၀၁၄ မှ ၂၀-၁၂-၂၀၁၄ အထိ) ဖြစ်သည်။

### ၃။ ဦးစွာဆောင်ရွက်ရန်

စတုလောကပါလ နတ်မင်းကြီးလေးပါးကို ပင့်ထားပါ။

ပေါက်ပညာ (၆၄) ရပ်ဖြင့် ပြီးမြောက်သွားခဲ့သော ပေါက်ပုဂ္ဂိုလ် (၆၉) ယောက်ကို ပင့်ဖိတ်ပါ။

ဝိဇ္ဇာလေးပါးကို ပင့်ဖိတ်ထားရန်ဖြစ်ပါသည်။

### ၄။ ဒါနခန်း

မိမိ၏ သဒ္ဓါဆန္ဒအရ လှူဒါန်းနိုင်ပါသည်။

### ၅။ အဓိဋ္ဌာန်ကာလပြုဖွယ်များ (နေ့စဉ်ဆောင်ရွက်ရန်)

- ဘုရားရှိခိုးခြင်း၊
- သီလခံယူခြင်း၊
- ဆုတောင်းခံခြင်း၊
- မေတ္တာပို့သခြင်း၊
- ခန္ဓသုတ်ပရိတ်တော် ရွတ်ဖတ်ခြင်း

(တစ်နေ့လျှင် တစ်ခေါက်ကျ မှန်ကန်တိကျအောင် ရွတ်ဖတ်ပါ။ ပရိတ်စာအုပ်ကြည့်၍ ရွတ်ဖတ်နိုင်ကြသည်။)

အဆင်သင့်မဖြစ်သူများအတွက် ခန္ဓသုတ်ကို ရေးသား ဖော်ပြပေးလိုက်ပါသည်။

## ခန္ဓသုတ်

- သဗ္ဗာ သီဝိသ ဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။ ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။
- အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
  သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
- ဝိရူပက္ခေဟိ မေ မေတ္တံ၊
  မေတ္တံ ဧရာပထေဟိမေ။
  ဆဗျာပုတ္တေဟိမေ မေတ္တံ၊
  မေတ္တံ ကဏှာဂေါတမကေဟိ စ။
- အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။ စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။
- မာ မံ အပါဒကော ဟိံသိ၊
  မာမံ ဟိံသိ ဒွိပါဒကော။
  မာ မံ စတုပ္ပဒေါ ဟိံသိ၊
  မာ မံ ဟိံသိ ဗဟုပ္ပဒေါ။
- သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
  သဗ္ဗေ ဘူတာ စ ကေဝလာ။
  သဗ္ဗေ ဘဒြာနိ ပဿန္တု၊
  မာ ကိဉ္စိ ပါပ မာဂမာ။
- အပ္ပမာဏော ဗုဒ္ဓေါ၊
  အပ္ပမာဏော ဓမ္မော၊
  အပ္ပမာဏော သံဃော၊
  ပမာဏဝန္တာနိ သရီသပါနိ။
  အဟိ ဝိစ္ဆိကာ သတပဒီ၊
  ဥဏ္ဏနာဘိ သရဗူ မူသိကာ။
- ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ၊ သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

### ၆။ သစ္စာပြုဆုတောင်းပါ

မေတ္တာ (အထူး) ပို့သပါ။
ဝေနေယျများစွာတို့ကို ကုသိုလ်အမျှ ပေးဝေပါ။
ဖိတ်ကြားထားသူများကို နေရပ်ဌာနေသို့ ပြန်ပို့ပါ။

အဓိဋ္ဌာန်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်သူသည် မည်မျှခေတ်မီတိုးတက်နေပါစေ ဝိဇ္ဇာဓရဂမ္ဘီရပညာ၏၊ သိဒ္ဓိမဟိဒ္ဓိတို့၏အနှစ်အရသာကို ကိုယ်တွေ့တွေ့ကြရမည် ဖြစ်ပါတော့သည်။

(အထူးသတိထားရန်မှာ မြွေသတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မြွေသားမစားရခြင်းတို့ ဖြစ်ပါသည်။)

အဓိဋ္ဌာန်ကျင့်စဉ် အောင်မြင်ပြီးမြောက် ခရီးရောက်ကြပါစေ။

*ပညာတိုးပွားအကျိုးများကြပါစေ*

ပညာကျော်




www.burmeseclassic.com

www.burmeseclassic.com



# စဖိုတောင်တော်ထက်မှာ အဘအောင်မင်းခေါင်ခြေရာ

## အောင်သာကျော်



အောင်စေတီအရှေ့အမှတ်တရ

သန့်ရှင်း လတ်ဆတ်သော လေနုအေးလေးများကို အားပါးတရ ရှူရှိုက်ရင်း စမ်းလန်းစိုပြည်လှသည့် ရှုခင်းများကို အားပါးတရ ငေးမောရင်း တောင်ပေါ်လမ်းလေးတစ်လမ်းပေါ် လျှောက်လှမ်းနေမိဖြစ်သည်။ မောရပန်းရမှန်းမသိ။ သူတော်စင်သူတော်မြတ်လောင်းတို့ လာရောက် အဓိဋ္ဌာန်ဝင်လေ့ရှိသည့် ဖိုးဝင်းတောင်၏ တောင်ကြောပေါ်သို့ ရောက်ရှိနေခြင်းပင် ဖြစ်သည်။ ဝိဇ္ဇာအပေါင်းတို့၏ အောင်ဓာတ်များ ကိန်းအောင်း ပျံ့လွင့်နေ၍လား မပြောတတ်။ တောင်ကြောတစ်လျှောက် လမ်းလျှောက်နေရသည်ကိုပင် စိတ်ခွန်အားများ တိုးမြှင့်လာသည့် ခံစားမှုများကရင်ကိုချမ်းမြေ့စေကာ လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆတ်လို့နေခဲ့သည်။ ဖိုးဝင်းတောင်ပေါ်သို့ ရောက်ဖြစ်ခဲ့ရခြင်းမှာ စာရေးသူအား ဝိဇ္ဇာလမ်းလျှောက်လှမ်းရင်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူနေသည့် ဆရာတော်ဦးဝိမလနှင့်အတူ ဝိဇ္ဇာလမ်းလျှောက်လှမ်းရန် ကြိုးပမ်းအားထုတ်မှုပြုနေသည့် မုံရွာမြို့တွင်နေထိုင်သူ ဦးလှမြင့်လည်း လိုက်ပါလာသည်။


ဝိဇ္ဇာလမ်းကို လျှောက်လမ်းကြသူများအတွက် အထင်အရှားရှိနေသည့် ထွက်ရပ်ပေါက်လမ်းကြီး လေးလမ်း၏ ရှေးဟောင်းအလင်္ကာရှိခဲ့သည်မှာ -

*'ကရဏီယအောက် ဝလေးထောင့် ပေါက္ကံ့ရှင်ကြီး ထီးနှင့်ပျောက်၊ ဝလေးထောင့်ကို တွေ့အောင်ရှာ ဂဏန်းလေးလုံးမှာ၊ အင်းလည်းသည်မှာ၊ ဆေးလည်းသည်မှာ၊ ပြဒါးလည်းသည်မှာ၊ သံလည်း*

www.burmeseclassic.com



ဘုန်းမွှင့်ကန်သာစေတီ



ဗိမာန်တော်အတွင်းရှိ အဘဘိုးမင်းခေါင်ရုပ်တု



ထွမ်းစေတီ



အဘဘိုးမင်းခေါင်ခြေရာအနီးကပ်မြင်ကွင်း



ဦးဖိုးသင်းကြာကန်
(ဖိုးသင်းရှင်မချက်မြှုပ်နေဟု)

သည်မှာ၊ ရွှေလည်းသည်မှာ၊ ငွေလည်းသည်မှာ၊ အသက်ရှည်လှ အာယုဝဍ္ဎနခေမာအမတ နိဗ္ဗာန မတွေ့ရှင်လှ ဖူးတွေ့ရမည်ပ ခန္ဓာငါးပါး ရုပ်နာမ်တရားရှိက ကြံနိုင်ကြ၏'

ဟူ၍ပင် ဖြစ်၏။

ထွက်ရပ်လမ်းမြန်းသွားကြပြီးဖြစ်သော ဝိဇ္ဇာကြီးအပေါင်းတို့သည် မိမိအားသန်ရာကျင့်စဉ်အပေါ် အားထားကာ သမာဓိထူထောင်ခြင်းတို့ကို လူသူ




www.burmeseclassic.com


www.burmeseclassic.com



တုန်းပွင့်ကံသာစေတီမှ
စဗိုတောင်အတက်လမ်းနှင့်မုခ်ဦး




စဗိုတောင်တော်၏အဝင်မုခ်ဦး



စဗိုတောင်တော်ထိပ်မှ
ဖိုးဝင်းတောင်ဘက်ရှုခင်းများ



ဗိမာန်တော်ရှေ့ ဆရာတော်ဦးဗိမလနှင့် ဆရာကြီးဦးလှမြင့်

ာင်းဝေးရာတောတောင်တို့တွင် ကျင့်ကြံ ှားများအားထုတ်ခဲ့လေ့ရှိကြရာ တောင် (၁၃) လုံးရှိရာ ဖိုးဝင်းတောင်ကြောတစ် လျှောက်တွင် ကျင့်ကြံပွားများအားထုတ် ရင်း ထွက်ရပ်လမ်းမြန်းခွင့်ရရှိသွားခဲ့ကြ သော သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် များရှိနေကြောင်း ထင်ရှားကာ လူသိများ သည့်တောင်ကြောပင် ဖြစ်သည်။

ဖိုးဝင်းတောင်တော်မြတ်ဟု ဖြစ် ည်လာခဲ့ရသည့် နောက်ခံသမိုင်း ကြောင်းမှာ ထူးခြားဆန်းကြယ်မှုအပြည့် အဝရှိပါသည်။ လွန်စွာ ရှေးကျလွန်းလှ သောကာလတစ်ခုက ဝိဇ္ဇာတကာတို့၏ ထိပ်ခေါင်ဟုဆိုသော ဆရာဇော်ဂျီဦးဖိုး ဝင်းသည် ဖိုးဝင်းတောင်ကြောပေါ်တွင် ကျင့်ကြံ အားထုတ်နေခဲ့သည်။ ဆရာ ဇော်ဂျီဦးဖိုးဝင်း ကျင့်ကြံ ပွားများအား ထုတ်သည့်နေရာမှာ အရပ်ရှစ်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အောင်သိဒ္ဓိရေကန်တော်



တောင်ပိုင်းဘိုးဘိုးကြီး

က ကြည့်မည်ဆိုပါက လှေလှောင်းကို မှောက်ထားဘိသကဲ့သို့ရှိနေပြီး အရပ်လေးမျက်နှာကကြည့်မည်ဆိုပါက ဝိုင်းဝိုင်းဖြစ်နေသောကြောင့် လည်းကောင်း တောင်ဝိုင်းကို အစွဲပြု၍ ဆရာဇော်ဂျီ ဦးဖိုးဝိုင်းတောင်ဟု သမုတ်ခဲ့ကြသေးသည်။ ဆရာဇော်ဂျီဦးဖိုးဝင်းသည် ဖိုးဝင်းတောင်နှင့် မဝေးလှသော လွန်စွာအေးချမ်းဆိတ်ငြိမ်ရာ ဖြစ်သည်။ စဖိုတောင်၌ ကျောက်ဂူလိုဏ်ခေါင်းအောင်းကာ ကျင့်ကြံ ပွားများ အားထုတ်နေခဲ့သည်။

ဆရာဇော်ဂျီဦးဖိုးဝင်းမှာ စဖိုတောင်၌ ဂူအောင်းကာ ကျင့်စဉ်များ ကျင့်ကြံ ပွားများ အားထုတ်နေခဲ့ရာက ပြဒါးအောင်ကာ ပြဒါးသိဒ္ဓိတန်ခိုးကြောင့်ပင် စဖိုတောင်ရှိ ဦးဖိုးဝင်း ဂူအောင်း ကျင့်ကြံ ပွားများ အားထုတ်နေသည့် ကျောက်လိုဏ်ဂူမှာ ထိုက်သောသူတို့မှသာ ရောက်ရှိထိတွေ့ခွင့်ရနိုင်ကြပြီး မထိုက်သောသူတို့သည် ယနေ့တိုင် ဦးဖိုးဝင်း ကျင့်ကြံပွားများ အားထုတ်ခဲ့သည့် ကျောက်လိုဏ်ဂူကို ရှာမတွေ့နိုင်အောင် ဖြစ်နေကြရသည်။ တစ်နေ့တွင် ဆရာဇော်ဂျီဦးဖိုးဝင်းသည် စဖိုတောင်က ဆင်းသက်၍ လှည့်လည်ကြည့်ရှုသောအခါ စဖိုတောင်အဆင်းတွင် တည်ရှိနေသည့် သိဒ္ဓိပထမံရေကန်တော်ဝယ် ပေါက်ရောက်လျက်ရှိနေသော ပဒုမ္မာကြာပင်များအနက် ရေကန်အလယ်တွင် လွန်စွာ ကြီးမားလှသည့် ကြာဖူးကြီး တစ်ဖူး ဖူးလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။ ဆရာဇော်ဂျီဦးဖိုးဝင်းလည်း အံ့ဖွယ်ကောင်းလောက်အောင် ကြီးမားနေသည့် ကြာဖူးကြီးအား ခူးဆွတ်ယူငင်ကာ မိမိ ကျင့်ကြံ ပွားများ အားထုတ်နေသည့် ကျောက်လိုဏ်ဂူဆီသို့ သယ်ဆောင်လာခဲ့သည်။

ဆရာဇော်ဂျီဦးဖိုးဝင်း ကျောက်လိုဏ်ဂူအတွင်း ပြန်ရောက်သည်နှင့် သစ္စာအဓိဋ္ဌာန်ပြု၍ ကြာဖူးကြီးကို ဖွင့်လှစ်ကြည့်လိုက်ရာ လူမက နတ်တမျှ ဟန်တွေ့ရသည့် သန္ဓေသူလေးအား တွေ့မြင်ရတော့သည်။ ဆရာဇော်ဂျီဦးဖိုးဝင်းလည်း ဝမ်းသာပီတိဖြစ်ကာ



ဖိုးဝင်းရှင်မရုပ်တု

လိုဏ်ဂူအတွင်း၌ပင်ထားလျက် သမီးအဖြစ်ဖြင့် ယုယပိုက်ထွေး ကျွေးမွေးသုတ်သင် စောင့်ရှောက်ထားရှိခဲ့သည်။ သမီးလေးမှာ အောင်သိဒ္ဓိရေကန်အတွင်းရှိ ကြာဖူးတွင် သန္ဓေစခဲ့သည် ဖြစ်သဖြင့် သမီးလေးအား ပဒုမ္မအလှဒေဝီဟု အမည်ပေးထားခဲ့သည်။ သို့ဖြင့် ပဒုမ္မအလှဒေဝီသည်ပင်လျှင် အလှသွေးကြွယ်သော ဆယ်ကျော်သက်အရွယ် သမီးပျိုလေးအဖြစ်သို့ပင် ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

တစ်နေ့ ဆရာဇော်ဂျီဦးဖိုးဝင်းနှင့် သမီးဖြစ်သူ ပဒုမ္မအလှဒေဝီ နေထိုင်ရာ ကျောက်လိုဏ်ဂူသို့ သီရိဇေယျနန်းတောင်းမင်း၏ စားတော်သွင်းမုဆိုး ရောက်လာခဲ့သည်။ဆရာဇော်ဂျီဦးဖိုးဝင်းက မျက်စိလည်လမ်းမှား၍ ရောက်လာသော မုဆိုးအား ပြည်တော်ပြန်ဝင်နိုင်စေရန်အတွက် လမ်းညွှန်ပေးခဲ့ရသည်။

စားတော်သွင်း မုဆိုးသည် သားကောင်မရခဲ့သဖြင့် ပြည်တော်ဝင်လှစေရန် သီရိဇေယျနန်းတောင်းမင်းအား နတ်သမီးတမျှ လှပချောမောသည့် မိန်းကလေးတစ်ဦးတွေ့ခဲ့ကြောင်း လျှောက်ထားသည်။ သီရိဇေယျနန်းတောင်းမင်းသဘောတော်ကျသဖြင့် ထိုမိန်းမချောလေးအား ဆောင်ကြဉ်းဆက်သရန် မိန့်တော်မူသည်။

ထိုအချိန် ဆရာဇော်ဂျီဦးဖိုးဝင်းမှာ ဖိုကျူးရန်အတွက် ဆေးမြစ်လိုက်ရှာဖွေရန် ကြံဆတွေးတောလျက်ရှိနေသည်။ ဖိုကျူးရန်အတွက် လိုအပ်နေ



www.burmeseclassic.com

www.burmeseclassic.com

သော ဆေးမြစ်မှာ စဖိုတောင်ဝန်းကျင်၏ တောင်ကြောတစ်လျှောက်တွင် မရှိချေ။ ပုပ္ပားတောင်တော်တွင်သာရှိနေလေရာ သမီးအလှ ပဒုမ္မလှဒေဝီအား သိုက်အတွင်း ခေတ္တနေခဲ့ရန်နှင့် မကြာမီပြန်လာခဲ့မည်ဖြစ်ကြောင်း မှာကြားကာ ဇော်ဂျီတို့၏တန်ခိုးစွမ်းပကားဖြင့် ပုပ္ပားတောင်တော်သို့ ထွက်ခဲ့သည်။ ဆရာဇော်ဂျီဦးဖိုးဝင်း ပုပ္ပားသို့သွားနေခိုက် မုဆိုးရောက်လာကာ ပဒုမ္မအလှဒေဝီအား သူ၏ အရှင်မင်းမြတ်က မိဖုရားမြှောက်လိုကြောင်း ပြောကြားလေရာ ဘဝအဆက်ဆက်က ရေစက်ကြောင့်လေလားမသိ သီရိဇေယျနန်းတောင်းမင်းနှင့် ပုဂံနေပြည်တော်ဟု အသံကြားမိရသည်နှင့် မုဆိုးခေါ် ဆောင်ရာနောက်သို့ လိုက်ပါသွားလိုသောစိတ်ပေါ် လာ၏။ အဖေဇော်ဂျီပြန်လာပါက သိနိုင်စေရန် ကျောက်လိုဏ်ဂူ၌ ကမ္ပည်းကျောက်စာရေးထိုးထားခဲ့ရန် စီစဉ်ဆောင်ရွက်ပြီးသည်နှင့် ပုဂံနေပြည်တော်သို့ လိုက်ပါသွားခဲ့သည်။

ဆရာဇော်ဂျီဦးဖိုးဝင်း စဖိုတောင်ရှိ ကျောက်လိုဏ်ဂူသို့ပြန်ရောက်လာရာ သန့်ထားခဲ့သောနေရာတွင် သမီးအလှကို မတွေ့သဖြင့် စဖိုတောင်အနှံ့ လိုက်လံရှာဖွေရာ သမီးထားရစ်ခဲ့သည့် ကမ္ပည်းကျောက်စာကိုသာတွေ့ရသဖြင့် ငိုသွားမိတော့၏။ စဖိုတောင်တော်မှ ဆင်းကာ ဟာလက်ပူရမင်းကြီးထံ အခစားဝင်ကာ ပဒုမ္မလှဒေဝီအား ပုဂံပြည်ရှင်မင်းက သိမ်းပိုက်သွားကြောင်း၊ ရည်မှန်းထားသည်မှာ မင်းကြီးထံ ဆက်သရန် ရည်ရွယ်ထားခြင်း ဖြစ်ကြောင်းများ လျှောက်တင်ကာ သမီးတော်ပြန်ပို့လာရန်အတွက် စစ်တပ်ဗိုလ်ပါများ အကူအညီတောင်းသည်။ မင်းကြီးကသဘောတူကျသည်နှင့် စစ်သည်ဗိုလ်ပါများအား ဆရာဇော်ဂျီဦးဖိုးဝင်းအား အပ်နှင်းခဲ့တော့သည်။

ဆရာဇော်ဂျီဦးဖိုးဝင်းလည်း စစ်သည်ဗိုလ်ပါများကို ဦးဆောင်လျက် သမီးချော ပဒုမ္မလှဒေဝီအား ပြန်လည်ခေါ်ဆောင်နိုင်ရန်အတွက် ပုဂံနဂရမြို့တည်ရာသို့ ဦးဆောင်ချီတက်သွားတော့သည်။ ပုဂံနဂရမြို့သို့ ရောက်သည်နှင့် သိဒ္ဓိတန်ခိုးဖြင့် ပုဂံနဂရမြို့တွင်း အိပ်မွေ့သွင်းကာ တပ်သားများ တပ်သံပေးစေကာ ပုဂံနဂရမြို့အား ဝိုင်းရံနေစေသည်။ ဆရာဇော်ဂျီဦးဖိုးဝင်းသည် အိပ်မွေ့ကြောင့်တစ်မြို့လုံးအိပ်မောကျလျက်ရှိနေသည်ကို အခွင့်ကောင်းယူကာ မင်းကြီးအိပ်စက်ရာ နန်းဆောင်အတွင်း ဝင်ရောက်တော့သည်။ သလွန်ညောင်စောင်းပေါ်တွင် မင်းကြီးနှင့်အတူ အိပ်စက်နေသောသမီးချောပဒုမ္မလှဒေဝီအား အသာအယာဝင်ရောက်ပွေ့ချီကာ မြို့ပြင်သို့ပြန်ထွက်ခဲ့သည်။ စစ်သည်အင်အား မသုံးလိုက်ရပါဘဲလျက် သမီးတော်အား ပြန်လည်ခေါ်ဆောင်ကာ စဖိုတောင်ရှိ ကျောက်လိုဏ်ဂူသို့ ပြန်လည်ခေါ်ဆောင်လာနိုင်ခဲ့သည်။

စဖိုတောင်ရောက်သည်နှင့် သမီးတော် ပဒုမ္မလှဒေဝီအား ဟာလက်ပြည့်ရှင်မင်းထံ ဆက်သလိုကြောင်းပြောရာ ပဒုမ္မလှဒေဝီက ပုဂံနဂမြို့ဘုရင်မှာ မိမိခင်ပွန်းအရှင်သခင်ဖြစ်နေပြီဖြစ်သဖြင့် ဟာလက်ပြည့်ရှင်မင်းအား လက်မထပ်နိုင်ကြောင်း ငြင်းဆိုသည်။

စဖိုတောင်ကို ချီးကျူးလိုစိတ်ပြင်းပြနေသည့် ဆရာဇော်ဂျီဦးဖိုးဝင်းက ဗိုလ်ခြေအပေါင်းတို့ကို သူကျင့်ကြံပွားများအားထုတ်ရာ ကျောက်လိုဏ်ဂူအား လက်ညှိုးညွှန်ပြရင်း သူပြဒါးသိဒ္ဓိလမ်းပြီးမြောက်ကြောင်းနှင့် များမကြာမီ သိဒ္ဓိဆယ်ပါးအစဉ်တက်၍ ချမ်းသာစွာနေတော့အံ့ဟု ပြောကြားသည်။ ဆရာဇော်ဂျီဦးဖိုးဝင်းသည် စဖိုတောင်ရှိ သူကျင့်ကြံပွားများအားထုတ်ရာ ကျောက်လိုဏ်ဂူ၏ အနောက်တောင်ဘက်တွင် ကြောင်ပန်းနီပင်တစ်ပင်၊ ကြောင်ပန်းနက်ပင်တစ်ပင်စိုက်ထားသည်။ ဂူမြောက်ဘက်နား၌ ပြဒါးပြာကို အိုးနှင့်တကွ မြှုပ်နှံထားသည်။ ထိုက်သူမှန်ပါက တွေ့ခွင့်ရမည်ဖြစ်လေရာ ဆင်းသက်ရှာဖွေနိုင်သူများအတွက် ဆေးပင်များ၏ အသုံးနည်းကို ကျောက်လိုဏ်ဂူအတွင်း ကမ္ပည်း



ခြေတော်ရာအနီး ဆရာတော်ဦးဝိမလနှင့် ဆရာကြီးဦးလှမြင့်

ရေးထိုးထားခဲ့သည်။ ဆရာဇော်ဂျီဦးဖိုးဝင်းသည် သမီးပဒုမ္မာလှဒေဝီကို အမျိုးမျိုး ဖျောင်းဖျနားချကာ ဟာလက်ပြည့်ရှင်မင်းထံ ဆက်သနိုင်ရန် ကြိုးပမ်းသည်။

ဖခင်ဖြစ်သူက မကြာခဏ နားချဖန်များလာသည်တွင် ပဒုမ္မာဒေဝီသည် ခုနစ်ရက်တာမျှ နားနေပါဦးမည်။ ခုနစ်ရက်တာပြည့်ပါမှ ဟာလက်မင်းထံဆက်သရန် ဖခင်အား ပြောကြားသည်။ ဆရာဇော်ဂျီဦးဖိုးဝင်းလည်း သူစီမံသည့်အတိုင်း အောင်မြင်တော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိနေတော့သည်။

သနွှေသူ ပဒုမ္မလှဒေဝီလေးသည် ဖခင်အား ကတိပေးထားမိပြီဖြစ်သော်လည်း ချစ်ရင်းစွဲရှိခဲ့သော သီရိဇေယျနန်းတောင်းမင်းကို လွမ်းဆွတ်တမ်းတသတိတရရှိနေခဲ့ပြီး ပြင်းပြလှစွာသော ကွေကွင်းရမှုဝေဒနာလှိုင်းတို့က ရင်ထဲဝယ် ဂယက်ထလို့နေသည်။ ဖြေမဆည်နိုင်ဖြစ်နေရရှာသော ပဒုမ္မလှဒေဝီလေးသည် သောကရင်မှာပိုက်ကာ ကျောက်လိုဏ်ဂူအတွင်းမှထွက်ကာ စိမ်းစိုလန်းဆန်းနေမည့်ရှုခင်းများဖြင့် ရင်တွင်းဝေဒနာကို သက်သာလေမလားဆိုသည့် အတွေးဖြင့် မိမိသနွှေတည်ရာ အောင်သိဒ္ဓိ ရေကန်တော်တည်ရာသို့ ထွက်လာဖြစ်သည်။ ပတ်ဝန်းကျင်တောရိပ်တောင်ရိပ်တို့က ဝေဒနာကို သက်သာခွင့်မပေးကြသည့်အပြင် အဆွေးဓာတ်တို့ ပိုမြင့်လာစေခဲ့သည်။ အောင်သိဒ္ဓိရေကန်တော်မှ ထွက်လာခဲ့၍ တောင်ကမ်းပါးယံအတိုင်းတက်ခဲ့ရာ တောင်ထိပ်သို့ရောက်လာတော့သည်။

တောင်ထိပ်သို့ ရောက်လေလျှင် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲ၊ ယာသို့ မျှော်၍ကြည့်မိဖြစ်သည်။ ရေလျဉ်စိမ့်စမ်းဂနိုင်လမ်းနှင့် မြိုင်တန်းများကို မြင်တွေ့ရလေသောအခါဝယ် မောင်တော် သီရိဇေယျနန်းတောင်းမင်းနှင့် ရွှေလက်တွဲနွှဲပျော်ခဲ့သည့်ပုံရိပ်များက နှလုံးအိမ်ဝယ်ထင်ဟပ်လာသည်။ ပူပြင်းလှသော သောကဝေဒနာလှိုင်း၏ ပြင်းပြစွာသော ရိုက်ခတ်မှုက မတ်တတ်မှ ခွေယိုင်လဲကာ သေပွဲဝင်ရရှာတော့သည်။

ဤသို့ဖြင့် သနွှေသူ ပဒုမ္မလှဒေဝီလေးသည် အယူတိမ်းကာ တောင်ကြီးကို စောင့်ရှောက်ရသော တောင်တော်ရှင်မဖြစ်ရရှာသည်။ အဖအမည်ကို အစွဲပြု၍ ဖဝန်းရှင်မဟု လည်းကောင်း၊ တောင်အမည်ကို အစွဲပြု၍ ဖိုးဝင်းရှင်မ



www.burmeseclassic.com

www.burmeseclassic.com

ဟုလည်းကောင်း အမည်တွင်ခဲ့သည်။

ဆရာဇော်ဂျီဦးဖိုးဝင်းသည် သမီးအဖြစ်မွေးထားခဲ့သော သန္ဓေသူ ပဒုမ္မလှဒေဝီလေး တောင်တော်ရှင်မဖြစ်သွားပြီကို သိလိုက်ရသည်နှင့် ကျောက်လိုဏ်ဂူ၌ အမြဲနေထိုင်သောသမီးကို စောင့်ရှောက်နိုင်ရန်အတွက် ရည်သန်၍ ဖိုကူးလိုက်ရာ သိဒ္ဓိဝိဇ္ဇာကြီးဖြစ်သွားတော့သည်။

ဖိုးဝင်းတောင်တော်ရှင်မနှင့် ဝိဇ္ဇာကြီးဖြစ်သွားသော ဆရာဇော်ဂျီဦးဖိုးဝင်းတို့ကျင်လည်ခဲ့ရာ ဖိုးဝင်းတောင်အထက်လှည့်လည်နေမိဖြစ်သည်မှာ နာရီဝက်သာသာခန့်ရှိနေပြီ ဖြစ်သည်။ ဖိုးဝင်းတောင်၏ တောင်ဘက်အရပ်တွင် စဖို့တောင်တည်ရှိသည်။ ဖိုးဝင်းတောင်၏ ဘယ်ဘက်တွင် ရွှေဘတောင်ရှိသည်။ ဤသို့ဖြင့် တောင်တို့တည်ရှိနေသည်ကို ကျွမ်းကျွမ်းဝင်ဝင်သိထားသည့် ဆရာတော် ဦးဝိမလက တောင်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောပြရင်း ရှေ့ဆုံးမှ ဦးဆောင်ကာ လျှောက်လှမ်းလျက်ရှိနေသည်။ သွားနေကြသည်မှာ ရွှေဘတောင်နံဘေးမှဖြတ်ကာ ညာဘက်ကိုကွေ့လျက် အထက်မြင့်မြင့်ဆီသို့တက်သွားနေမိကြခြင်းပင် ဖြစ်သည်။

တောင်ခုလတ်လောက် ရောက်လာသည်တွင် ဘုန်းပွင့်ကံသာစေတီတော်မြတ်အား ဖူးတွေ့ကြရသည်။ ဝိဇ္ဇာလမ်းလျှောက်နေကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ လာရောက် အဓိဋ္ဌာန်ဝင်လေ့ရှိကြသည့် စေတီတော်မြတ်တစ်ဆူဟု သိခွင့်ရသည်။ ဆရာတော် ဦးဝိမလနှင့် ဆရာကြီးဦးလှမြင့်တို့ ပုတီးစိပ်ကြသည်ကိုစောင့်ရင်းက ပတ်ဝန်းကျင်ရှိ တောရိပ်များကို ငေးမောကြည့်ရှုနေမိဖြစ်သည်။

အဓိဋ္ဌာန်ပုတီးစိပ်ပြီးသည်နှင့် စဖိုတောင်ဘက်သို့ ဆက်တက်ဖြစ်သည်။ ထိုတောင်၏ မတ်စောက်မှုက ရင်သပ်ရှုမောစရာပင် တိမ်တောင်ထုဆီသို့ ထောင်ထားသည့်အလား တည်ရှိနေသည်။ လှေကားထစ်များက (၈၀) ဒီဂရီနီးနီး မတ်စောက်လျက်ရှိနေသည်။ မတ်စောက်နေသော လှေကားထစ်များအတိုင်း တက်လာခဲ့ရာ စဖို့တောင်ထိပ်ရှိ မုခ်ဦးအနီးသို့ရောက်လာခဲ့ပြီ ဖြစ်သည်။ နောက်သို့ ပြန်လှည့်ကြည့်မိရာ သာမောဖွယ်ကောင်းလှသော ရှုခင်းများနှင့်အတူ ဖိုးဝင်းတောင်တော်ဘက်ဆီသို့ သွားလာကူးသန်းနိုင်သည့် လမ်းကြောကို အထင်အရှားမြင်တွေ့ရသည်။ ရှေးအခါက ဤလမ်း ဤစခန်းများသည် ဝိဇ္ဇာဇော်ဂျီအပေါင်းနှင့် ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသော သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ကိန်းအောင်းပျော်မွေ့ရာ အောင်မြေဒေသတစ်ခုဖြစ်ခဲ့သည်။ စဖိုတောင်ထိပ်သို့ရောက်သည်နှင့် အောင်စေတီကို ဖူးတွေ့ရသည်။ အောင်စေတီသည် ဝိဇ္ဇာလမ်းလျှောက်သူ သူတော်ကောင်းသူမြတ်လောင်းတို့ ကျင့်ကြံပွားများအားထုတ်ခဲ့ကြရင်း အောင်မြေမှန်ရာနေရာအဖြစ် သိခွင့်ရကြသဖြင့် တည်ထားခဲ့ကြသော စေတီတော်မြတ်ပင် ဖြစ်သည်။ တောင်တော်မြတ်ပေါ်တွင် ခြေရာတတောင်ဘိုးတော်အောင်မင်းခေါင်၏ ဗိမာန်တည်ရှိလေသည်။

ဗိမာန်တော်အတွင်း ရွှေရောင်ဝင်းလက်နေသည့် အဘအောင်မင်းခေါင်၏ ရုပ်တုရှိနေသည့် အဘအောင်မင်းခေါင်အောက်မြေမှန်ရာဖြစ်သည့် စဖိုတောင်တော်ထက်ဝယ် ညာဘက်ခြေရာတစ်ခု အောင်ပန္နက်အဖြစ်ချထားပေးခဲ့သည်ကို တွေ့ရသည်။ ခြေတော်ရာမှာ အလျားတစ်တောင်ရှိပြီး ခြေဖျားတော် တစ်ထွာနှင့် လက်နှစ်လုံး ဖနောင့်တော်တစ်မိုက်ရှိသည်ကို သိခွင့်ရခဲ့ပါသည်။ ခြေတော်ရာကို အုတ်ကန်ငယ်သဖွယ် အုတ်ပေါင်ခတ်ထားရှိလေသည်။

ဘိုးတော် အောင်မင်းခေါင် (ခ) အဘဘိုးမင်းခေါင်၏ အမည်ရင်းမှာ ဦးဘိုးအောင်ဖြစ်ပြီး ပုပ္ပားတောင်မကြီးအရှေ့မြောက်ဘက်ရှိ စင်မြင့်ရွာတွင် ဦးအောင်ပု၊ ဒေါ်မင်းသစ်တို့မှ ၂-၅-၁၈၈၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း(၅)ဦးအနက် ဒုတိယသားဖြစ်ပြီး ငယ်စဉ်မှာပင် ရှင်သာမဏေဝတ်ခဲ့သည်။ ရဟန်းဘောင်တက်သောအခါ ရှင်အာစိဏ္ဏဘွဲ့ဖြင့် တက်ရောက်ခဲ့ပြီး ရဟန်း(၁၀)ဝါအရတွင် အောက်ပြည်မြို့ရွာများသို့ လှည့်လည်သွားရောက်ခဲ့ပြီး စင်မြင့်ရွာသို့ပြန်လာခဲ့သည်။ ရဟန်း(၁၃) ဝါအရတွင် ခရီးထွက်သွားပြန်ရာ အနှစ်(၃၀)ခန့်ကြာမြင့်သည့်တိုင် ပျောက်ကွယ်နေခဲ့ပြီး ၁၉၃၉ ခုနှစ်၊ မတ်လဝန်းကျင်တွင် ပုပ္ပားတောင်တော်မြတ်ပုပ္ပားတောင်ကလပ်သို့ လူဝတ်ကြောင်ဘဝဖြင့် ပြန်လည်ရောက်ရှိလာခဲ့သည်။ ပုပ္ပားသို့ ပြန်ရောက်လာစဉ် ဆွေမျိုးသားချင်းများက လာရောက် တွေ့ဆုံကြသည့်တိုင် နှုတ်ဆိတ်လို့နေခဲ့သည်။ နှစ်ပေါင်း (၃၀) ကြာ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေစဉ်ကာလအတွင်း စဖို့တောင်တော်အရောက်တွင် အဓိဋ္ဌာန်တင်ကာ ကျင့်ကြံပွားများနေဖြစ်ရာက ဝိဇ္ဇာဇော်ဂျီတို့၏ အောင်လမ်းအောင်စခန်းပွင့်ထွန်းစေရာ အောင်မြေနေရာမှန်း သိမြင့်ခဲ့ရာက မိမိ ရောက်ရှိ ကျင့်ကြံပွားများ အားထုတ်ခဲ့ရာနေရာအဖြစ် နောင်လာနောင်သား ဝိဇ္ဇာလမ်းလျှောက်လှမ်းကြသူများ သိနိုင်ကြစေရန် အမှတ်အသားထားရစ်ခဲ့ခြင်းပင်ဖြစ်သည်။ ၁၉၃၉၊ မတ်လတွင် ပုပ္ပားတောင်ကလပ်သို့ ပြန်လည်ရောက်ရှိခဲ့သော အဘဘိုးမင်းခေါင်သည် ပုပ္ပား၌ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း ၅-၉-၁၉၅၂ တွင် ထွက်ရပ်လမ်းသို့ ကြွလှမ်းသွားခဲ့သည်။

စဖိုတောင်ထိပ်ရှိ အောင်စေတီမှာ မိုးသားမိုးတိမ်တို့ အထက်လွင့်ပျံနေသည့်အလား မှတ်ထင်ရသည်။ ဝိဇ္ဇာလမ်းလျှောက်လှမ်းသူတို့ တည်ထားခဲ့သည့် အောင်စေတီအနီးအပါးတွင်ကား အောင်မြေမှန်ရာအဖြစ် နောင်လာနောင်သားများ သိခွင့်ရကြလေအောင် အဘဘိုးမင်းခေါင် ပန္နက်ချထားပြပေးခဲ့သော ညာဘက်ခြေတော်ရာဗိမာန်တော်ကရှိနေသည်။တောရိပ်တောင်ရိပ်ကြောင့်လားမသိ အေးချမ်းတိတ်ဆိတ်မှုက လွှမ်းခြုံထားရှိသည်။ လေပြည်လေညင်းတစ်ချက်ဝှေ့လိုက်တိုင်း စေတီတော်ဆီမှ လွင့်ပျံထွက်ပေါ်လာသည့် ဆည်းလည်းသံက သင်္ခါရစမ္မတေးသွားတစ်ပုဒ်ကို တီးခတ်နေသိအလားပင်။ စဖိုတောင်ပေါ်ကပြန်ဆင်းလာဖြစ်သည်မှာ နေဝင်ဆည်းဆာအချိန်လေးပင် ဖြစ်လေရာ မလင်းတလင်းရောင်ခြည်အောက်ဝယ် တစ်မျိုးဆန်းသစ်နေသော ရှုခင်းများကို ခံစားရင်း ခြေလှမ်းခပ်သွက်သွက်လှမ်းနေမိဖြစ်ရပါသည်။

မည်သို့ပင်ဆိုစေ ဝိဇ္ဇာဇော်ဂျီတို့ပျော်စံရာ ဖိုးဝင်းတောင်တစ်ကြောနှင့် ထိုတောင်တော်သို့ ရောက်ခွင့်ရခဲ့သည်မှာ ထူးခြားဆန်းကြယ် ဂမ္ဘီရဆန်သည့် ဖိုးဝင်းတောင်တော်ရှင်မ၏ အကြောင်းဝမ်းနည်းတသဖွယ် သိခွင့်ရခဲ့သည်သာမက ဝိဇ္ဇာလမ်းလျှောက်လှမ်းရင်း ထွက်ရပ်လမ်းမြန်းသွားသည့် အဘဘိုးမင်းခေါင်၏ညာဘက်ခြေရာကိုပါ တွေ့ခွင့်ရခဲ့သည်ကတော့ သည်ခရီးစဉ်လေး၏ အမြတ်ဟုပင် ဆိုနိုင်မည်ပင် ဖြစ်ပါသည်။

ရောက်ခွင့်ကြုံနိုင်ကြပါစေ

အောင်သာ



www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံ၏ မျက်မှောက် သာသနာ့သမိုင်းတွင် နေတစ်ဆူ လတစ်ပါးသဖွယ် ထင်ရှားတော်မူခဲ့ကြသော ဆရာတော်ကြီးနှစ်ပါးဖြစ်သည့် လယ်တီဆရာတော်ကြီးနှင့် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရတို့သည် ပရိတ်တန်ခိုးဖြင့် နိုင်ငံအချုပ်ရပ်၊ ဒေသအသီးသီး၊ နိုင်ငံသူနိုင်ငံသားများ အပါအဝင် သတ္တဝါအပေါင်းတို့ကို အန္တရာယ်ကင်းအောင် အပင်ပန်းခံ ရွက်ဆောင်တော်မူခဲ့ကြပါသည်။

လယ်တီဆရာတော်ကြီး၏ ဘဝ ...ခေတ်တွင် ရောဂါဆိုးကြီးများ ကပ်...ဆွင် ပေါ်ပေါက်လာသည့်အခါတိုင်း အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဆိုတားဆီးခြင်းလုပ်ငန်းကို စွဲမြဲစွာ လုပ်ဆောင်ခဲ့ပါသည်။

ဆရာတော်ကြီးက မိမိတို့မြို့ရွာတွင် ကပ်ရောဂါပေါ်ပေါက်လာသောအခါ မြို့ရွာရှိ ဆရာတော်သံဃာတော်တို့ အစုံအညီစည်းဝေးစေပြီး ရပ်ရွာလူကြီးများနှင့်တိုင်ပင်ကာ မြို့ရွာသန့်ရှင်းရေး ပြုလုပ်ရမည်။ ထို့နောက် မဏ္ဍပ်ကနားဆောက်လုပ်ကာ ပရိတ်အိုး၊ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲတို့ကို အသီးသီးစီရင်စေပြီးမှ ရွာ၌ နတ်များကို ပင့်ဖိတ်ကာ ရောဂါတားဆီးရေးအတွက် ပရိတ်တရားတော်များ ရွတ်ဆိုရမည်ဟု ဂန္ထရဒီပနီကျမ်းတွင် ရေးသားတော်မူခဲ့ပါသည်။

- ပရိတ်ကြီး
- မဟာသမယသုတ်
- အာဋာနာဋိယသုတ်
- ဗုဒ္ဓဝင်ပါဠိတော်
- ပဋ္ဌာန်းပါဠိတော်
- ဥပ္ပါတသန္တိကျမ်း
- ဗြဟ္မဇာလသုတ်
- (၆၂) ပါး ဒိဋ္ဌိခက်း
- သုတ်မဟာဝါ မဟာဒါနသုတ်များကို ရွတ်ဆိုရမည်ဟု မိန့်ဆိုထားပါသည်။

ပရိတ်ရွတ်မည်ဆိုပါက မြို့စောင့်နတ်၊ ရွာစောင့်နတ်များကို နေ့စဉ်ဖိတ်စာရေး၍ ဖိတ်ကြားရမည်ဟု ဆိုသည်။ မြို့ရွာများတွင် ရောဂါကပ်ရောက်လာလျှင် အစိုးရမင်းတို့၏အစွမ်း၊ ဆေးပညာရှင်တို့၏အစွမ်း၊ ရပ်ရွာလူကြီးတို့၏အစွမ်း၊ မြို့ရွာရှိ ရဟန်းသံဃာတို့၏ အစွမ်းများဖြင့် ဖယ်ရှားရန် နည်းလမ်းများရှိသည့်အနက် အစိုးရမင်းများက ဖယ်ရှားနိုင်မှုစွမ်းပကားသည် အစွမ်းအကြီးဆုံး ဖြစ်သည်။ အန္တရာယ်ကင်းပရိတ်တော်များကို ရွတ်ဆိုခြင်းသည် အင်္ဂလိပ်တို့ မစွမ်းဆောင်နိုင်သောကိစ္စကို ဗုဒ္ဓတရားတော်ပရိတ်အစွမ်းဖြင့်ပြုလုပ်နိုင်ကြောင်း ပြသလို၍ ဆရာတော်က လုပ်ဆောင်ခြင်းဖြစ်ပါသည်။



# မောင်နွယ်သန်း

## ပရိတ်တော်တန်ခိုးဖြင့် သတ္တဝါတို့အကျိုးကိုရွက်ဆောင်တော်မူခဲ့သော ဆရာတော်ကြီးနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ရောဂါဘေးဥပဒ်များ ကပ်အသွင်ကျရောက်တော့မည်ဆိုပါက ငှက်ဆိုးထိုးခြင်း၊ ခွေးအူခြင်း၊ ကျီးတိုးခြင်း စသည့်နိမိတ်များ ဖြစ်ပေါ်တတ်ပါသည်။ ဘုရားရှင်လက်ထက်တော်က ဝေသာလီပြည်တွင် ကပ်ဥပဒ်ကြီးစွာဆိုက်ရောက်သည်။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌လည်း ကပ်ဥပဒ် ကျရောက်ဖူးကြောင်း မဟာဝင်အဋ္ဌကထာများတွင် ဖော်ပြထားပါသည်။

၁၂၇၀ ပြည့်နှစ်က ကျိုက်ထိုမြို့တွင် ပလိပ်ရောဂါကြီး ကပ်အသွင် ပေါ်ပေါက်ခဲ့သလို တောင်ငူ၊ မိတ္ထီလာတို့တွင်လည်း ပေါ်ပေါက်ခဲ့ပါသည်။ ၁၂၆၄ ခုနှစ် ကသာမြို့တွင် ရောဂါကပ်ကြီးကျရောက်ရာ မန်လည်ဆရာတော်ကြီးက ပရိတ်တရားတော်များ ရွတ်ဆိုပေးရာ ရောဂါဘေးဒဏ်မှ ကင်းဝေးစေခဲ့ဖူးကြောင်း သိရှိရပါသည်။ လယ်တီဆရာတော်ကြီးက မိမိကိုယ်တိုင် သွားရောက်နိုင်သောအရပ်များသို့ ကိုယ်တိုင်သွား၍ ပရိတ်တော်များကို ရွတ်ဆိုချီးမြှင့်ကာ ကပ်ရောဂါများကို တားဆီးပေးသော်လည်း အချို့မြို့၊ ရွာများတွင်မူ ဆရာတော်မရောက်နိုင်၍ ဆရာတော် အမိန့်ပြန်တမ်းကို ဖတ်ကြားပြီး တားဆီးမှုပြုပါသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် မကြာခဏ မိုးခေါင်သည်။ မိုးခေါင်သည့်အခါ စိုက်ပျိုးသစ်ပင်များလည်း ပျက်စီး၊ ကျွဲနွားသတ္တဝါများလည်း သေကြ၊ ကပ်ရောဂါများလည်း ကျရောက်၍ ဆိုးကျိုးအလီလီ ကြုံတွေ့ရပါသည်။ ထို့ကြောင့် ဆရာတော်ကြီးက မိုးခေါင်သည့်အရပ်ဒေသများအတွက် မိမိ၏ မေတ္တာ၊ ပရိတ်တရားတော်များ၏အစွမ်းတန်ခိုးနှင့် မိုးခေါ်ပေးတတ်ပါသည်။

လယ်တီဆရာတော်ကြီး မိုးခေါ်ပုံမှာ မည်သည့်အရပ်တွင်မဆို မိုးခေါင်သည့်ရပ်ရွာရှိ ရဟန်းသံဃာများသည် နံနက် (၈) နာရီတွင် တစ်ကြိမ်၊ နေ့လယ် (၁၂) နာရီတွင် တစ်ကြိမ်၊ ညနေ (၄) နာရီတွင်တစ်ကြိမ် မိုးပရိတ်ရွတ်ဆိုကြရမည်ဟု ဆိုသည်။

ရွတ်ဖတ်ရန်မှာ မဟာသြကာသကြီး အစချီပြီး ဘုရားကန်တော့ကာ 'ဝပဿိ၊ ဗုဒ္ဓေ၊ ဗုဒ္ဓေါ ဘဂဝါ' အစချီ (၇) ဆူစက်ပရိတ်၊ (၂၈) ဆူစက်ပရိတ်တော်ကြီးတို့ကို ညီညာစွာ ရွတ်ဆိုရသည်။ ပူနာပရံ ယဒါဟောမိ အစချီ ငါးရံ့မင်းပရိတ်တော်ကို အခေါက်ပေါင်း (၃၀) မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညနေတစ်ခါ ရွတ်ဆိုရမည်ဟု ဆိုပါသည်။

လယ်တီဆရာတော်ကြီးသည် မိုးကမ္ဘဝါကြီးကိုလည်း ကိုယ်တော်တိုင် ရေးသားနိုင်ခြင်းသည် ဆရာတော်ကြီးအနေဖြင့် ပါဠိအရာ၌ တစ်ဖက်ကမ်းခပ်တတ်မြောက်တော်မူခြင်းကို ပြဆိုနေပါသည်။

လယ်တီဆရာတော်ကြီး ပြည်မြို့တွင် သီတင်းသုံးတော်မူစဉ် ဟင်္သာတမြို့ကြီး မိုးခေါင်သောကြောင့် ဟင်္သာတအရေးပိုင်က လယ်တီဆရာတော်ကြီးကို ပင့်ဖိတ်စေရာ ဆရာတော်ကြီးသည် ဟင်္သာတမြို့သို့ မကြွရောက်မီ ညကပင် ပရိတ်များကို ရွတ်ဆို၍ မိုးခေါ်သည်။ လမ်းတစ်လျှောက်လုံးတွင်လည်း မိုးနှင့်သက်ဆိုင်သူများကို မေတ္တာပို့၊ မိုးပရိတ်တော်များကိုလည်း အဆက်မပြတ် ရွတ်ဆိုသွားရာ ဆရာတော်ကြီး စီးလာသော သင်္ဘော ဟင်္သာတသို့ မဆိုက်ရောက်ခင်မှာပင် မိုးကြီးသည်းထန်စွာရွာသည်ဟု မှတ်တမ်းများအရ သိရပါသည်။

ပရိတ်တရားတော်၏ တန်ခိုးဖြင့် သတ္တဝါများကို ဘေးအန္တရာယ်မှ ကယ်တင်တော်မူခဲ့သော လယ်တီဆရာတော်ကြီးကို ဒီပဲယင်းမြို့မှ ခုနစ်မိုင်ခန့်အကွာ စိုင်ပြင်ရွာကြီးတွင် ခမည်းတော် ဦးထွန်းသာနှင့် မယ်တော် ဒေါ်ကြူးတို့က ၁၂၀၈ခု၊ နတ်တော်လဆန်း ၁၃ရက် အင်္ဂါနေ့နံနက် တစ်ချက်တီးအချိန်တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ အသက် (၁၆) နှစ်အရွယ်မှစ၍ ဆရာအဆက်ဆက်တွင် ပညာသင်ယူခဲ့ပြီး အသက် (၁၅) နှစ်အရွယ်တွင် သာမဏေပြုခဲ့ပါသည်။ သာမဏေပြုသောနှစ်မှာ ၁၂၂၃ ခုနှစ် ဖြစ်ပါသည်။ ဘွဲ့တော်မှာ ရှင်ညာဏဓဇ ဖြစ်ပါသည်။ သုံးနှစ်အကြာ (၁၈) နှစ်အရွယ်တွင် လူထွက်၍ မိဘများကို အလုပ်ကျွေးပြုခဲ့သည်။

ရှင်ညာဏဓဇသည် ၁၂၂၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်နေ့တွင် ဖျောက်ဆိပ်ပင်ဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ စိုင်ပြင်ရွာရှိ ဖျောက်ဆိပ်ပင်၊ ကျောင်းမ၊ မြင်ထင်၊ ရွှေကျောင်း၊ အုတ်သျှစ်ပင် အစရှိသော ကျောင်းတို့မှ ကာရကသံဃာ နှစ်ကျိပ်ကျော်တို့ဖြင့် ချီးမြှောက်မှုဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ရောက်ရှိတော်မူသည်။ လယ်တီကျောင်းတိုက်ကို တည်ထောင်တော်မူပါသည်။ နွားသားမစားရေးကိုလည်း အနယ်နယ်အရပ်ရပ်တွင် ဟောပြောတားမြစ်တော်မူပါသည်။ သံဒိပ်အသင်းများလည်း အားပေးတော်မူသည်။ ကျမ်းပေါင်း (၆၇) ကျမ်းကို ပြုစုတော်မူသည်။ ကျမ်းအမျိုးအစားအနေဖြင့် ခွဲခြားပါက ဒီပနီ (၃၆) ကျမ်း၊ ဝိသဇ္ဇနာ (၈) ကျမ်း၊ ဝိနိစ္ဆယ(၉)ကျမ်းနှင့် အခြား (၃၄) ကျမ်း ဖြစ်ပါသည်။ ပရိတ်တရားတော်ဖြင့် အန္တရာယ်ကင်းအောင်ဆောင်ရွက်တော်မူခဲ့သော လယ်တီဆရာတော်ဘုရားကြီးသည် မြန်မာနှစ် ၁၂၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၅ ရက်၊ လပြည့်နေ့၊ နေ့လယ် (၂) နာရီ၊ (၃၈) မိနစ်အချိန် သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၇) ဝါ၌ ပျဉ်းမနားမြို့တွင် ဘဝနတ်ထံပျံလွန်တော်မူပါသည်။

ပရိတ်တရားတော်၏တန်ခိုးဖြင့် သတ္တဝါများ၏ အန္တရာယ်မှ ကယ်တင်တော်မူခဲ့သော နောက်ထပ်ဆရာတော်ကြီးတစ်ပါးမှာ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ ဖြစ်ပါသည်။ ဆရာတော်ကြီးသည် နာဂတောင်တန်း၊ ချင်းတောင်တန်းတို့တွင် အသက်ထက်ဆုံး သာသနာပြုတော်မူရုံသာမက နိုင်ငံအနှံ့၊ ဒေသအသီးသီးသို့ ကြွရောက်ကာ ပရိတ်တရားတော်အစွမ်းဖြင့် တိုင်းရင်းသားပြည်သူများအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်ဖြာသော အကျိုးတရားတို့ကို အမြဲတိုးပွားအောင် ရွက်ဆောင်တော်မူခဲ့ပါသည်။

သက်တော်ကြီး၍လမ်းမလျှောက်နိုင်သော်လည်း ပင့်ဖိတ်သမျှ လက်ခံပြီး အနယ်နယ်အရပ်ရပ်သို့ ကြွရောက်ကာ လေယာဉ်၊ မော်တော်ယာဉ်မှတစ်ဆင့် ထမ်းစင်ဖြင့်ကြွချီ အပင်ပန်းခံ ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူခဲ့ပါသည် ။ နိုင်ငံတော်အစီအစဉ်ဖြင့် နယ်စွန်နယ်ဖျားသို့ပင် ရဟတ်ယာဉ်ဖြင့် ကြွချီကာ တိုင်းရင်းသားပြည်သူများအား အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပေးခဲ့ပါသည်။ ဘဝနတ်ထံပျံလွန်တော်ခါနီးအချိန်ထိ အပင်ပန်းခံ ရွက်ဆောင်တော်မူခဲ့ပါသည်။ စာရေးသူတို့ အိန္ဒိယ - မြန်မာနယ်စပ် တမူးမြို့သို့လည်း ရဟတ်ယာဉ်ဖြင့် ကြွချီကာ အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်ပေးခဲ့သည်နှင့် ကြုံခဲ့ရပါသည်။

ချင်းတောင်တန်း ဖလမ်းမြို့နားခန္တီနတောင်ကြီးပေါ်တွင် နှစ်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံးတော်မူခဲ့ပါသည်။ မတော ဆောက်တည်ရာ၌ သီတင်းသုံးဖော် က်များက ပင့်ဖိတ်သဖြင့် မြေပြန့် ကြွတော်မူသည်။ မီးဘေး၊ လေမုန် င်းဘေး၊ မိုးခေါင်ဘေး၊ ဝမ်းရောဂါ သော ကပ်ရောဂါနှင့် သဘာဝဘေး များအတွက် ကူညီရန် ပင့်လျှောက် သောကြောင့် ကြွတော်မူခြင်း ဖြစ်ပါ သည်။

ဆရာတော်သည် ပင့်လျှောက်စာ များအရ ချင်းတွင်း၊ ဧရာဝတီမြစ်ဝကျွန်း ဒေသများ၊ မော်လမြိုင်၊ ရေး၊ မြိတ်၊ ဝယ် စသည့် မြို့၊ ရွာများသို့ကြွကာ ရိတ်တရားတော်များ ရွတ်ပွားချီးမြှင့် တော်မူပါသည်။ ပရိတ်ကြီး၊ ညတရားပွဲ များလည်း ဟောတော်မူသည်။ ပရိတ် ပြီးသောအခါတိုင်းတွင်လည်း ပရိတ် အိုးများ ဆူပွက်သည်ကို နေရာတိုင်း တွေ့ကြရပါသည်။

ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိနေ ရပ်ကွက်အသီးသီးတွင် ပရိတ်ရွတ် တရားဟောခြင်းများ ပြုလုပ်ခဲ့ပါ သည်။ ပရိတ်ရွတ်ပြီးသည်နှင့် ပရိတ် အိုးများ ဆူပွက်နေသည်ကို တွေ့ကြ သည်။ ပရိတ်တော်၏ တန်ခိုးကြောင့် လောင်မှုများလည်း မရှိသလောက် ကာ မီးသတ်ခေါင်းလောင်းသံပင် ရသလောက်ဖြစ်ခဲ့သည်။ ဤမျှ ပရိတ်တော်တန်ခိုး ကြီးမားခဲ့ပါ သည်။

ဆရာတော်ကြီးသည် သက်တော် ရွယ်စဉ်အတွင်း တောင်တန်းများကို ၍ အိန္ဒိယနိုင်ငံသို့ရောက်ရှိခဲ့ရာ ပွင့်တော်မူသော ဗုဒ္ဓဂယာ၊ ရာဇ နာလန္ဒာတက္ကသိုလ်၊ ဗာရာဏသီ၊ ကုသိနာရုံ၊ သာဝတ္ထိ၊ ဇေတဝန် ကျောင်းတော်ရာနှင့် လုမ္ဗနီဥယျာဉ်တော် သော ဘုရားရှင်နှင့် ဆက်စပ်သော ဌာနများသို့ လေ့လာရန် ရောက်ရှိ သည်။ အိန္ဒိယနိုင်ငံဟွင်းရှိ မဏိပူရ၊ အာသံပြည်နယ်များသို့လည်း မကြာ ကြွရောက်ခဲ့သည်။ ဆွစ်ဇာလန် ဒကာ၊ ဒကာမများ၏ ပင့် လျှောက်မှုကြောင့် ဥရောပနိုင်ငံများသို့ ကြွရောက်တော်မူခဲ့ပါသည်။ နောက်နိုင်ငံများတွင် သီတင်းသုံး စဉ်အတွင်း တရားဟောခြင်းနှင့် ကင်းရန်ကင်းဖြစ်သော ပရိတ်ရွတ် များကိုလည်း ရွက်ဆောင်တော်မူခဲ့ သည်။

ပြည်တွင်းဒေသအနှံ့တွင်သာမက



ပြည်ပတွင်ပါ ပရိတ်တန်ခိုးဖြင့် အန္တရာယ်ကင်းအောင် ရွက်ဆောင်တော်မူသော တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရကို ရှေ့ဘိုခရိုင် ဒီပဲယင်းမြို့နယ် ငွေတွင်းကုန်းရွာတွင် ဦးဘိုးညို၊ ဒေါ်သေးတို့မှ ၁၂၇၂ ခုနှစ်၊ ပြာသိုလတွင် ဖွားမြင်တော်မူခဲ့ပါသည်။ သားသမီး (၆) ယောက်ထွင် အငယ်ဆုံး ဖြစ်ပါသည်။

အသက် (၆) နှစ်သားအရွယ်တွင် ငွေတွင်းကုန်းရွာဆရာတော် ဦးဝါယမ၏ ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အသက် (၁၂) နှစ်အရွယ်တွင် မိဘတို့က ကိုရင်ဝတ် (ရှင်ပြု) ပေးခဲ့သည်။ အသက် (၁၉) နှစ်ကျော်၍ (၂၀) တွင်းသို့ရောက်လျှင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူလေသည်။

အသက် (၂၂) နှစ်အရွယ်တွင် မန္တလေးမြို့၌ စာသင်သားအဖြစ်နေတော်မူစဉ် စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၂၉၇ ခုနှစ်မှစ၍ မန္တလေးမြို့မှ တောင်တန်းများသို့ ခရီးထွက်ခွာခဲ့လေသည်။ ရခိုင်တောင်တန်းကြီးကို ဖြတ်ကျော်ကာ ဗုဒ္ဓဝင်ဒေသများသို့ ခရီးထွက်ခွာခဲ့ပါသည်။

ထိုမှ မုံရွာမြို့ ရွှေသိမ်တော်ကျောင်းတွင် (၄) နှစ်၊ စစ်ကိုင်းတောင် မဟာသမချောင်တွင် (၁၂) နှစ်၊ မန္တလေးမြို့ အနောက်ပြင်ရတနာပုံပရိယတ္တိကျောင်းကြီးတွင် (၄) နှစ်ကျော် ပညာသင်ကြားခဲ့သည်။ ပခုက္ကူမြို့တွင် စာသင်သားဘဝဖြင့်နေတော်မူစဉ် ချင်းတောင်တန်းပေါ်သို့ ခရီးလှည့်လည်၍ တောင်တန်းသာသနာပြုလုပ်ငန်းများကို စတင်ရွက်ဆောင်တော်မူခဲ့ပါသည်။

စစ်ကြိုခေတ်တွင် အမရပူရမြို့ တူးမောင်းကျောင်းတိုက်တွင် ပြောင်းရွှေ့နေထိုင်၍ တူးမောင်းနှင့် မင်္ဂလာတိုက်ကျောင်းများမှ တိုက်အုပ်ဆရာတော်များထံ၌ ပဋ္ဌာန်းညဝါကျမ်းကို တစ်နှစ်ကျော်မျှ သင်ယူခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည်နှင့် စာသင်ခြင်းကိစ္စများ ပြီးဆုံးကာ ဇာတိရပ်ရွာတွင် ခေတ္တနေထိုင်ခဲ့သည်။ စစ်ပြီးကာလတွင်မူ ရန်ကုန် ကမာရွတ်မြို့နယ် ဥယျာဉ်ခြံဝါဆိုကျောင်းနှင့် လှိုင်မြစ်ကမ်းအောင်ချမ်းသာကျောင်းတွင် နေထိုင်သော ရဟန်းသာမဏေများအား စာချပေးခြင်းဖြင့် သာသနာအကျိုးရွက်ဆောင်တော်မူသည်။ စာနယ်ဇင်းများတွင်လည်း ဆောင်းပါးများရေးသားတော်မူပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ တောင်တန်းများသို့ သာသနာပြုခရီးထွက်ခွာခဲ့ရာ ချင်းတောင်တန်း၊ နာဂတောင်တန်း၊ ကချင်တောင်တန်းများသို့ ရောက်ရှိ သာသနာပြုခဲ့ပါသည်။

ဆရာတော်ကြီးသည် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော အိန္ဒိယနိုင်ငံတွင်းရှိ မဏိပူရနှင့် အာသံသို့လည်း မကြာခဏ ခရီးထွက်ခဲ့သည်။ ချင်းတောင် ဖလမ်းမြို့အနီး ခန္တီန်တောင်ကြီးပေါ်တွင် ဂေါ်ရခါးဒကာများ ဆောက်လုပ်လှူဒါန်းသော တောရကျောင်းသခ်မ်းတွင် သက်ဆုံးတိုင် သီတင်းသုံးတော်မူခဲ့ပါသည်။ တောင်ပေါ်သား တိုင်းရင်းသားများကို စာသင်ပေးခြင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးပါမကျန် ညွှန်ကြားပြသဆုံးမကာ အကျိုးဆောင်တော်မူခဲ့ပါသည်။ တစ်သက်လုံး ရသမျှနှင့်တင်းတိမ်ရောင့်ရဲကာ သတ္တဝါများကို မေတ္တာပွား၍ သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးတော်မူခဲ့ပါသည်။ ဘဝနတ်ထံပျံလွန်တော်မူချိန်အထိ ပရိတ်တရားရွတ်ပွား၍ သတ္တဝါအများကို ချမ်းသာစေခဲ့ပါသည်။

ဤသို့ဖြင့် မျက်မှောက်သာသနာ့သမိုင်းဝယ် နေတစ်ဆူလတစ်ပါးသဖွယ် ထင်ရှားတော်မူခဲ့သော ဒီပဲယင်းနယ်သားများဖြစ်တော်မူကြသော လယ်တီဆရာတော်ကြီးနှင့် တောင်တန်းသာသနာပြုဆရာတော်ကြီးတို့သည် ပရိတ်တန်ခိုးဖြင့် သတ္တဝါအပေါင်းအား အန္တရာယ်ကင်း ဘေးရှင်းအောင် ရွက်ဆောင်တော်မူခဲ့သော ဆရာတော်ကြီးနှစ်ပါး ဖြစ်ပါသည်။ ထူးခြားသည်မှာ ဆရာတော်ကြီးနှစ်ပါးစလုံးသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဇာတိသားများဖြစ်နေကြသည်ကို တွေ့ရခြင်းပင် ဖြစ်ပါသည်။

မောင်နွယ်သန်း

www.burmeseclassic.com

# သားမြတ်ရွှေစင် ဖွားမြင်စေချင်

အုံ့ကြွယ်



အိမ်နီးချင်းဖြစ်သူ ကိုမြထင်၏ဇနီးသည် မမူမူမြင့်တစ်ယောက် ကိုယ်ဝန်ပျက်ကျကာ ဆေးရုံတင်လိုက်ရကြောင်း ကြားလိုက်ရ၍ ကိုအေးသိန်း အတော်စိတ်မကောင်းဖြစ်သွားမိသည်။ ရုံးမှဆင်း၍ အိမ်ပြန်ရောက် အဝတ်အစားမလဲရသေးမီ ဇနီးဖြစ်သူ ခင်စန်းလင်းက စိတ်မချမ်းမြေ့သောမျက်နှာလေးဖြင့် -

"ကိုရေ မမူမူမြင့်လေ ကိုယ်ဝန်ပျက်ကျပြန်လို့ ဆေးရုံပို့လိုက်ရပြန်ပြီ။ သူ့ခမျာ သားသမီးလိုချင်ရှာလွန်းလို့ အစားအသောက်၊ အနေအထိုင်ဆင်ခြင်နေပါလျက်နဲ့ ကနေ့မနက် ရေအိမ်ကအဆင်းမှာ တစ်ထစ်သာရှိတဲ့အဆင့်လေးကနေ ခြေချော်သွားတာတဲ့လေ။ ထူးထူးခြားခြား ထိခိုက်မိတာလည်းမရှိဘူးတဲ့။ ဖြစ်စက ဗိုက်နည်းနည်းစူးနေလို့ အိပ်ရာထဲမှာလှဲနေတာ နေ့လယ်စာစားပြီးလောက်မှာ သွေးစဆင်းလို့ ဗိုက်အပ်ထားတဲ့ သားဖွားဆရာမကို ခေါ်ပြတော့မှ သားလျှောတဲ့လက္ခဏာမို့ ဆေးရုံအမြန်တင်ခိုင်းတာတဲ့လေ။ ကိုမြထင်ကြီးလည်း အရူးတစ်ပိုင်းပဲ။ မိန်းမအတွက်ပူပန်ရ မျှော်လင့်ထားတဲ့ ရင်သွေးလေးဆုံးရှုံးမှာမို့ စိုးရိမ်ရနဲ့ သူ့ကိုကြည့်ပြီး ကျွန်မဖြင့် စိတ်မကောင်းလွန်းလို့ မျက်ရည်တောင်ကျမိပါတယ်ရှင်"

ဟု ပြောပါသည်။

"အေးကွာ၊ ကြားရတာကိုတောင် အတော်စိတ်မကောင်းဖြစ်ရတယ်။ ကဲ - ကိုတို့ ဆေးရုံလိုက်သွားကြရအောင်ကွာ။ မင်းအဝတ်အစားသွားလဲလိုက်။ကိုတော့ ဒီအတိုင်းပဲသွားတော့မယ်"

ခင်စန်းလင်း အဝတ်လဲပြီးသည်နှင့် ကိုအေးသိန်းတို့လင်မယား TAXI ငှားကာ ဆေးရုံကြီးသို့သွားခဲ့ကြသည်။ တာဝန်ကျဝန်ထမ်းအား မေးမြန်းစုံစမ်း၍ သားဖွားဆောင်သီးသန့်ခန်းသို့ဝင်ခဲ့ကြသည်။ မမူမူမြင့်မှာ လူနာခုတင်ပေါ်တွင်လှဲနေရသော်လည်း မြင်ရသည်မှာ စိုးရိမ်စရာအခြေအနေမျိုး မဟုတ်သဖြင့် စိတ်သက်သာရာရသွားကြသည်။ ကိုအေးသိန်းတို့ဇနီးမောင်နှံကို တွေ့လိုက်သဖြင့် ကိုမြထင်မှ -

"လာကြဗျာ ကိုအေးသိန်း၊ မခင်စန်းလင်းတို့ ထိုင်ကြ။ ကျွန်တော်လည်း ဖြစ်စကထူပူနေလို့ ဘယ်သူ့မှအကြောင်းမကြားနိုင်လို့ ခွင့်လွှတ်ကြပါဗျာ"

လို့ တောင်းပန်စကားဆိုသည်။

"ဟာ-မဟုတ်တာဗျာ၊ ကျွန်တော်တို့လည်း ကိုယ်ချင်းစာပြီး နားလည်ပါတယ်။ အခုလည်း ရုံးဆင်းဆင်းချင်း ကြားတာနဲ့ ပြေးလာကြတာပါပဲ။ အခု ဘယ်လိုနေသေးလဲ။ ကျွန်တော်တို့ ဘာကူညီရမလဲ။ အားမနာတမ်းပြောပါဗျာ"

"မူမူကတော့ မစိုးရိမ်ရတော့ပါဘူး။ သွေးဆင်းများလို့ အားနည်းပြီးမှိန်းနေတာပါ။ ကလေးကတော့ ပျက်ကျသွားတယ်ဗျာ။ ကိုယ်ဝန်ရှစ်လအရောက်မှာပျက်ကျတာဆိုတော့ သားယောကျ်ားလေးမှန်းသိရလို့ ပိုပြီးခံစားရတယ်ဗျာ။ မူမူလည်း ဒီတစ်ကြိမ်ပါနဲ့ဆို သုံးကြိမ်ရှိသွားပြီမို့ ကိုယ်ဝန်ဆောင်ရမှာတောင် ကြောက်သွားပြီနဲ့ တူပါရဲ့ဗျာ။ သူ့ကိုပဲ သွေးနုသားနုမို့ စိတ်မဆင်းရဲ အားမငယ်အောင် အားပေးပြုစုနေရတယ်လေ"

"အို- ဒီလိုလည်း တထစ်ချမယူဆပါနဲ့ရှင်။ ပဋ္ဌာန်းဆက်ပါလာတဲ့အခါ သားကောင်းသမီးမွန်လေးတွေ မွေးဖွားလာမှာပါ။ မမူလို ဘုရား၊ တရားကို ယုံကြည်ကိုးကွယ်တဲ့သူကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကစောင့်ရှောက်မှာပါရှင်"

စိတ်ပျက်အားငယ်စွာဖြင့်ပြောလာသော ကိုမြထင်၏ ဝမ်းနည်းစကားအပေါ် မခင်စန်းလင်းက တရားချအားပေးခဲ့ရာ ကိုအေးသိန်းက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံခဲ့ပါသည်။

ကိုမြထင်တို့ဇနီးမောင်နှံမှာ အိမ်ထောင်သက် (၁၀) နှစ်မျှ ရှိပြီဖြစ်သော်လည်း သားသမီးမရသေးသဖြင့် ရင်သွေးရတနာရှားနေသူများဖြစ်ကြသည်။ ယခင်နှစ်ကြိမ်တိုင် ကိုယ်ဝန်ဆောင်ခဲ့သော်လည်း လနုစဉ်အခါမှာပင် ကိုယ်ဝန်ပျက်ကျခဲ့ဖူးရာ ယခုအကြိမ်တွင်တော့ ကိုယ်ဝန်ခုနှစ်လကျော်လာပြီဖြစ်၍ သေခ
ပေါက် ရင်သွေးရတော့မည်ဟု နှစ်ဦး
စလုံး ယုံကြည်ထားသည့်အချိန်ကျကာ
အဖြစ်ဆိုးနှင့်တိုးကာ ယူကျုံးမရဖြစ်ကြ
ရပါသည်။

စေတနာကောင်း၊ သဘောကောင်း
ပြီး အပေါင်းအသင်းဆံ့သူများဖြစ်
လူချစ်လူခင်ပေါများသူများဖြစ်ကြသ
မမူမူမြင့် ဆေးရုံတက်ရသည်ကြားသ
နှင့် လူကြီး၊ လူငယ်၊ ရုံးသူရုံးသ
အလုပ်သမား၊ ကျောင်းသားပါမကျ
လူနာသတင်းမေးလာကြသည်မှာ အခ
ပြည့်မျှဖြစ်နေခဲ့ပါသည်။

ကိုအေးသိန်းတို့ လင်မယား
ကိုမြထင်က တားထားသဖြင့် မပြန်
သေးဘဲ လူနာမေးလာသူ ဧည့်
များကို ဝိုင်းကူဧည့်ခံပေးနေ သည



www.burmeseclassic.com

www.burmeseclassic.com

ထည့်သည်များပြတ်၍ ပြန်ရန်ပြင်ဆင်နေ နေတွင် ဥပမိရုပ်သန့်သန့်နှင့် အသက် (၆၀) ကျော် ဘကြီးတစ်ဦး အခန်းထဲသို့ ဝင်လာရာ ကိုမြထင်မှ အံ့သြဝမ်းမြောက် ဟာဖြင့် -

"ဟာ - အဘထိုက်၊ ဘယ်က သတင်းကြားပြီး ရောက်လာတာလဲ။ ကျွန်တော်ကြားတော့ အဘထိုက် ပုပ္ပား မှာ တရားစခန်းဝင်နေတယ်ဆို။ အခု အဘထိုက်ကိုတွေ့ရတော့ အားရှိလိုက် တာ အဘရာ။ ဒီမှာထိုင်ပါအဘ။ အဘ သမီးကိုလည်း အားပေးပါဦးနော်"

ဟု ပြောပြီး တစ်ဆက်တည်း အဘထိုက်ခေါ် ဦးဘထိုက်အား ကိုအေး သိန်းတို့ ဇနီးမောင်နှံနှင့် မိတ်ဆက်ပေးပါ သည်။

"ဒါ ကျွန်တော့်အမေ့ရဲ့ အစ်ကို ပေါ။ တရားမမှန့်မွေ့လျော်ပြီး တစ်ကိုယ် တည်း ခတ်ကျရာ ဂန္ဓာရီလှည့်လည် နေတာပေါ့။ တစ်နှစ်နေလို့ တစ်ကြိမ် တွေ့ရဘူးလေ။ ကျွန်တော်တို့ တူဝရီး တွေမတွေ့တာငါးနှစ်နီးပါးရှိပြီပေါ့။ အခု ဆို အဘထိုက်အသက်က (၇၀) နားနီး နေပြီ၊ မသိတဲ့သူတွေက (၆၀) လောက် ထင်နေကြတာဗျ။ အဘရယ် ရောက် တုန်းရောက်ခိုက် ကျွန်တော်တို့ရဲ့အပူမီး၊ ကျွန်တော်တို့ရဲ့ဆန္ဒတွေကို ကူညီဖြည့် ဆည်းပေးခဲ့ပါဦးနော်"

"နေစမ်းပါဦးကွ မြထင်ရဲ့ ငါ့သမီး ကိုတောင် နှုတ်မဆက်ရသေးဘူး။ ပြီး တော့မှ မင်းအခက်အခဲတွေ၊ ဆန္ဒတွေကို ... ဟုတ်ပြီလား။ အခုတော့ ငါ့သမီး ကို ကြည့်လိုက်ဦးမယ်"

အဘထိုက် ဆိုသူ ပုဂ္ဂိုလ်ကြီးမှာ ... သူ မမူမူမြင့်အား နဖူးလေးစမ်း၊ ... တလေးကိုဆုပ်၍ အားပေးသမှုပြု ... ဘုရားစာများကို ရွတ်ဖတ်ပေးရင်း ... စေကြောင်း ဆုမွန်ကောင်းများ ... ပေးနေပါသည်။ (၁၅) မိနစ်ခန့် ... နှင့် စကားစမြည်ပြောဆိုပြီး ... အဘထိုက်က -

"တဲ - မြထင်၊ မင်းပြောချင်နေတဲ့ အခက်အခဲနဲ့ ဆန္ဒတွေကိုပြောပြစမ်းပါဦး ..."

ဟု ဆိုရာ ကိုမြထင်က -

"အဘထိုက်ရာ၊ ကျွန်တော်တို့ရဲ့ အခက်အခဲက သိပ်လိုချင်ရချင်နေတဲ့ ... အဖတ်မတင်နေတာဖြစ်ပြီး ဆန္ဒ ... သားသမီးအလွန်ရချင်နေတာ ... ဒီအတွက် ကျွန်တော်တို့လင် ... သောကများနေရလို့ အဘရဲ့ လမ်းညွှန်မှုကို ခံယူပါတယ်။ သနား သဖြင့် ကူညီပါဦး အဘရယ်"

လို့ သူ့အခက်အခဲနှင့်ဆန္ဒကိုပြော ပြလိုက်ပါသည်။

"မြထင်ရယ် မင်းတို့ရဲ့ကုသိုလ်ကံ လို့ ဆိုရမှာပေါ့။ တစ်နည်းအားဖြင့် အတိတ်ဝဋ်ကြွေးလည်းမကင်းဘူးဆိုရ မယ်။ အရင်ဘဝတွေကပြုခဲ့တဲ့ ဝဋ်ကြွေး တွေဆပ်နေရတယ်လို့ အောက်မေ့လိုက် ပေတော့။ ကိုင်း - အခုတော့ အဘနဲ့ တွေ့ပြီမို့ ဝဋ်ကြွေးတွေကျေပြီလို့ မှတ် လိုက်ကြနော်။ သားနဲ့ သမီးကို ကံကြွေး တွေကျေပြီး သားကောင်းသမီးမွန်လေး တွေ ရရှိအဖတ်တင်စေဖို့နဲ့ ရရှိတဲ့ ရင်သွေးလေးတွေဟာ လိမ္မာရေးခြားရှိ တဲ့ သားသမီးကောင်းလေးတွေဖြစ်စေဖို့ အဘတို့ ကိုးကွယ်အားထားရာ ဗုဒ္ဓမြတ် စွာဘုရားသခင် ဟောကြားတော်မူတဲ့ 'မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသလာ ဗောဓိ ကုမာရသုတ်' မှာ ပါရှိတဲ့ လွန်စွာ တန်ခိုး ထက်မြက် အကျိုးဆက်များလှတဲ့ ဂါထာ (၂) ပုဒ်ကို ရေးပေးခဲ့မယ်။ မမေ့မလျော့ နေ့စဉ် ရွတ်ပွား ပူဇော်ကြမယ်ဆိုရင် သားတို့ရဲ့ အခက်အခဲတွေ လွင့်ပယ် ပျောက်ပြီး ဆန္ဒများလည်း ပြည့်ဝကြမှာ မလွဲပါဘူးဗျာ"

အဘထိုက်မှ အသင့်ပါလာသော ဗလာစာအုပ်လေးတွင် ဂါထာတော် (၂) ပုဒ်အား အနက်နှင့်တကွ ရေးပေး ခဲ့ရာ ကိုမြထင်သာမက ကိုအေးသိန်းပါ ထပ်ဆင့်ရေးကူးရယူခဲ့ပါသည်။

ဂါထာတော်များရရှိပြီးသည်နေ့မှ စ၍ ကိုမြထင်တို့ဇနီးမောင်နှံမှာ အချိန် အားရတိုင်း ရွတ်ဆိုပူဇော်ခဲ့ရာ သူတို့ ၏ အခက်အခဲဖြစ်သည့် ရင်သွေးများ အဖတ်မတင်ခြင်းကို ကျော်လွှားနိုင်ခဲ့ပြီး သားသမီးများရလိုသည့် ဆန္ဒကိုလည်း ပြည့်စုံစေခဲ့ရာ ယခုဆိုလျှင် (၅) နှစ် အတွင်း သား(၂)ဦး၊ သမီး(၁)ဦးဖွားကာ အေးချမ်းသာယာ စိုပြည်လှစွာသော မိသားစုဘဝကို ထူထောင်နိုင်ခဲ့ပြီ ဖြစ်ပါ တော့သည်။

## ရင်သွေးရတနာ ရရှိအဖတ်တင်စေသည့်ဂါထာ

ဧသာမေ အယံ ဘန္တေ၊
ကုစ္ဆိဂတော ကုမာရတောဝါ၊
ကုမာရိကာဝါ၊
သော ဘဂဝန္တံ သရဏံ ဂစ္ဆာတိ
ဓမ္မဉ္စ၊
ဘိက္ခုသံဃဉ္စ ဥပါသကံ တံ
ဘဂဝါ ဓာရေတု၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ
ဂတံ။

**ဘန္တေ** - အရှင်ဘုရား၊ **မေ** - တပည့်တော်၏၊ **ကုစ္ဆိဂတော**- ဝမ်းကြောတိုက်၌၊ **အယံကုမာရတောဝါ** - ရင်သွေးသားငယ် သည် လည်းကောင်း၊ **ကုမာရိကာဝါ** - သတို့သမီးငယ်သည် လည်းကောင်း၊ **အတ္ထိ** - ရှိပါ၏။ **သော** - ထိုရင်သွေးငယ် သည်၊ **ဘဂဝန္တံ** - မြတ်စွာဘုရားကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာတိ** - ဆည်းကပ်ပါ၏။ **ဓမ္မဉ္စ** - တရားတော်ကို လည်းကောင်း၊ **ဘိက္ခုသံဃဉ္စ** - ရဟန်း သံဃာတို့ကို လည်းကောင်း၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာတိ** - ဆည်းကပ် ပါ၏၊ **ဘဂဝါ** - မြတ်စွာဘုရားသည်၊ **တံ**- ထိုရင်သွေးငယ်ကို၊ **အဇ္ဇတဂ္ဂေ** - ယနေ့မှ စ၍၊ **ပါဏုပေတံ** - အသက်ထက်ဆုံး၊ **သရဏံ** - ကိုးကွယ်ခြင်းကို၊ **ဂတံ** - ရောက် သော၊ **ဥပါသကံ** - ဥပါသကာအဖြစ်၊ **ဓာရေတု** - မှတ်ယူလက်ခံတော်မူပါ အရှင်ဘုရား။

## သားကောင်းသမီးမွန်ဖြစ်စေနိုင်သော ဂါထာ

အဟံ ဘန္တေ ဗောဓိရာဇကုမာ ရော၊
ဘဂဝန္တံ သရဏံ ဂစ္ဆာတိ၊ ဓမ္မဉ္စ
ဘိက္ခုသံဃဉ္စ၊
ဥပါသကံ တံ ဘဂဝါ ဓာရေတု၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ
ဂစ္ဆတိ။

**ဘန္တေ** - အရှင်ဘုရား၊ **ဗောဓိရာဇ ကုမာရော** - ဗောဓိရာဇကုမာရသတို့သား သည်၊ **ဘဂဝန္တံ**-မြတ်စွာဘုရားကို လည်း ကောင်း၊ **ဓမ္မဉ္စ** - တရားတော်ကိုလည်း ကောင်း၊ **ဘိက္ခုသံဃဉ္စ** - ရဟန်းသံဃာ ကို လည်းကောင်း၊ **သရဏံ** - ကိုးကွယ် ရာဟူ၍၊ **ဂစ္ဆာတိ** - ဆည်းကပ်ပါ၏။ **ဘဂဝါ** - မြတ်စွာဘုရားသည်၊ **တံ** - ထိုသတို့သားကို၊ **အဇ္ဇတဂ္ဂေ** - ယနေ့ မှစ၍၊ **ပါဏုပေတံ** - အသက်ထက်ဆုံး၊ **သရဏံ** - ကိုးကွယ်ခြင်းကို၊ **ဂတံ** - ရောက် သော၊ **ဥပါသကံ** - ဥပသကာအဖြစ်၊ **ဓာရေတု** - မှတ်ယူလက်ခံတော်မူပါ အရှင်ဘုရား။

အံ့ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာများ၊ နတ်များ၊ ဥစ္စာစောင့်များ မကြာခဏလာရောက်ခြင်း

စစ်ကွင်းဆရာတော်၏ ဒကာ၊ ဒကာမများထဲတွင် လူပုဂ္ဂိုလ်များသာမက ဝိဇ္ဇာများ၊ နတ်များ၊ သိုက်များမှ ဥစ္စာစောင့်များလည်း ပါဝင်ကြောင်း တွေ့ရပါသည်။ အဆိုပါ ပုဂ္ဂိုလ်များ စစ်ကွင်းဆရာတော်ကြီးထံ မကြာခဏ လာရောက်ကြကြောင်းကို စစ်ကွင်းဆရာတော်ထံ မကြာခဏ သွားရောက်လေ့ရှိသူများ၊ ဆရာတော်ကြီးနှင့် ရင်းနှီးသူများက တွေ့ရ၊ သိရလေ့ရှိကြောင်း ပြောဆိုကြပါသည်။

ဤကိစ္စ တွေ့ကြုံဖူးသည့် ပုဂ္ဂိုလ်များအနက်တစ်ဦးမှာ ဦးသောင်းခေါ် ဘိုးလေးသောင်းဖြစ်၏။ သူသည် ပခုက္ကူဇာတိလည်းဖြစ်၏။ ဘုန်းကြီးလူထွက် တစ်ဦးလည်းဖြစ်၏။ စာပေပရိယတ္တိကို အတော်အဆင့်မြင့်သည်အထိ လေ့လာလိုက်စားခဲ့၏။ ဗုဒ္ဓစာပေကို အထူးပင် ကျွမ်းကျင်နှံ့စပ်ပိုင်နိုင်၏။ နိုင်ငံတော်သံဃာ့မဟာနာယကဥက္ကဋ္ဌ မြင်းခြံကိုးဆောင်တိုက် ဆရာတော်ကြီး ဦးသောဘိတနှင့် စာဝါအတူလိုက်ဖက်လည်း ဖြစ်၏။ ထို့ကြောင့် ဘိုးလေးသောင်းသည် လောကီစာပေရော၊ လောကုတ္တရာစာပေပါ ကျွမ်းကျင်နှံ့စပ်သည့်ပုဂ္ဂိုလ်ဖြစ်၏။

ဘိုးလေးသောင်းသည် နှုတ်ခမ်းမွေးကားကားကြီးထား၏။ ရုပ်ရှင်သရုပ်ဆောင် ဦးသိန်းမောင်နှင့်ပင် တူလေ၏။ သူ့ကို စစ်ကွင်းဆရာတော်ကြီးက မောင်နှုတ်ခမ်းမွေးဟု ခေါ်လေ့ရှိ၏။

ဘိုးလေးသောင်းသည် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်တွင် ဆရာတော်ကြီးနှင့် အနီးကပ်နေခဲ့၏။ ကိုယ်တိုင်ကလည်း တရားအားထုတ်၏။ ဘိုးလေးသောင်း၏ ပရိယတ္တိ၊ ပဋိပတ္တိ အဆင့်အတန်းနှင့် ပညာ၊ ဉာဏ်၊ ဗဟုသုတမြင့်မားပုံကိုသိသော စစ်ကွင်းဆရာတော်ကြီးက သူ့ကို ပထမံပညာလမ်းစဉ်ကိုလုပ်စေချင်၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်ကြီးက -

"မောင်နှုတ်ခမ်းမွေး၊ မင်းငါ့ဆီက နေပြီး ပထမံပညာတက်လိုက်လို့ကတော့ နောင်တစ်ချိန်မှာ မင်းဟာ ထိပ်ပိုင်းရောက်သွားမယ်"

ဟု မိန့်သောအခါ ဘိုးလေးသောင်းက -

"ပွဲတက်မယ်ဆိုရင် ဘယ်လောက်ကုန်ကျမှာလဲ ဘုရား"






www.burmeseclassic.com

www.burmeseclassic.com

"ပွဲတော့ (၃၆) ပွဲပြင်ရမယ်။ ပွဲထဲ [illegible]ငွေလှူရမယ်"

ဟု မိန့်သဖြင့် ဘိုးလေးသောင်းသည် ပွဲဖိုးတွက်ကြည့်သောအခါ ငွေ (၁၀၀) ခန့် ကုန်ကြမည် ဖြစ်၏။ သူ့မှာသည် ကုန်ကျခံစရာငွေကလည်း [illegible]ပြားမျှ မရှိသဖြင့် ဆရာတော်ကြီးအား အကြံဖြင့် -

"အရှင်ဘုရား၊ မြင်းတွဲပွဲလေး [illegible]ောင်းလို့နိုင်ရင် ကောင်းမယ်။ အဲဒါဆို [illegible]တတ်လို့ရပြီ။ အဲဒါကြောင့် ဖြစ်နိုင်[illegible] တွဲပွဲနံပါတ်လေးပေးပါလား ဘုရား"

ဟု လျှောက်လိုက်သောအခါ [illegible]တွင်းဆရာတော်လည်း ဘာမှပြန်မပြောတော့ဘဲ ချာခနဲပြန်လှည့်ပြီးထွက်သွားတော့၏။

တစ်နေ့ ဘိုးလေးသောင်းသည် စစ်ကွင်းဆရာတော်ထံဝင်ရောက်ပြီးဖူးရာ ဆရာတော်ကြီးက -

"မောင်နှုတ်ခမ်းမွေး၊ ခုလေးတင်ပဲ တောင်ပြုန်းညီအစ်ကို ငါ့ဆီလာပြီး စောင်းလျားသီးတွေ လာလှူသွားတယ်၊ မင်းစားမလား"

ဟု မေးရာ ဘိုးလေးသောင်းသည် တောင်ပြုန်းညီနောင် လာလှူသွားတယ်ဆိုတော့ စားလို့အတော်ကောင်းမယ် ထင်တယ်ဟု တွေးပြီး ဆရာတော်ကြီးကို စားမယ့်အကြောင်း ပြန်လျှောက်လိုက်၏။

ထိုအခါ ဆရာတော်ကြီးလည်း အတွင်းခန်းထဲသို့ဝင်သွား၏။ ပြန်ထွက်လာသောအခါ ဝါးဖြင့်ရက်ထားသော ခြင်းလေးတစ်လုံးယူလာပြီး ဘိုးလေးသောင်းအား ပေး၏။ ဘိုးလေးသောင်း





www.burmeseclassic.com

www.burmeseclassic.com

သည် ခြင်းလေးထဲမှ စောင်းလျားသီးများကို စားလို့ကောင်းမည်အထင်ဖြင့် ယူပြီး အားရပါးရစားလိုက်သော မထင်မှတ်ဘဲ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးလောက်အောင် စုတ်စုတ်လန်နေသည့်အချဉ်မျိုးဖြင့်ကြုံရကြောင်း ဘိုးလေးသောင်းက ပြောပြပါသည်။

တစ်နေ့တွင် ဘိုးလေးသောင်းသည် စစ်ကွင်းဆရာတော်ထံသွားရောက်ဖူးရင်း-

"အရှင်ဘုရား၊ လောကမှာ ဘိုးဘိုးအောင် ဆိုတာ အမှန်တကယ်ရှိလား"

ဟု မေးလျှောက်သောအခါ ဆရာတော်ကြီးက -

"မင်း ဘိုးဘိုးအောင်ကို မတွေ့လိုက်ဘူးလား၊ ခုလေးတင် မင်းရှေ့က ထပြန်သွားတာ ဘိုးဘိုးအောင်ပေါ့"

ဟု မိန့်သဖြင့် ဘိုးလေးသောင်းလည်း ကပျာကသီထပြီး အပြင်ကိုထွက်ကြည့်ရာ ဘာမှမတွေ့ရသောကြောင့် ဘိုးလေးသောင်းက-

"တို့ဆရာတော်ကြီး ပြောတာတွေကတော့ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလိုပါပဲ"

ဟု ပြောခဲ့ပါသည်။

နောက်ကြုံတွေ့ဖူးသည့်တစ်ဦးမှာ ဆရာမကြီး ဒေါ်မြယဉ် ဖြစ်၏။ ဆရာမကြီးသည် စစ်ကွင်းဆရာတော်ကြီး၏ ဒကာအရင်းများဖြစ်သော ဦးတာ၊ ဒေါ်ဒေါ်ရေးတို့၏မြေးဖြစ်၏။ ဒေါ်ထားရင်၏သမီး ဖြစ်၏။ ကိုယ်တိုင်လည်း အထက်တန်းပြကျောင်းဆရာမကြီး ဖြစ်၏။ သူကြုံတွေ့ရသည်မှာ ငါးဆူကုန်းဘုရားတည်စဉ်က သူတို့သည် ကျောင်းသားအရွယ်ကလေးများသာ ဖြစ်၏။ သူတို့သည်လည်း ကျောင်းပိတ်ရက်များတွင် ငါးဆူကုန်းဘုရားတည်ရာသို့ အုတ်သယ်၊ သဲသယ် ကုသိုလ်လုပ်ကြ၏။

တစ်နေ့တွင် သူတို့ညီအစ်မလေးယောက်သည် ငါးဆူကုန်းဘုရားသို့သွားပြီး အုတ်သယ်၊ သဲသယ်ပြီး ကစားနေကြ၏။ ထိုအချိန်တွင် စစ်ကွင်းဆရာတော်ကြီးသည် တောသူတောင်သား ဒကာ၊ ဒကာမအချို့နှင့်ထိုင်ကာ စကားပြောနေ၏။ မကြာမီပင် ဆရာတော်ကြီးက ရုတ်တရက် -

"ဟဲ့ - ဟိုကလေးမလေးတွေ ဒီမှာ လာထိုင်စမ်း"

ဟု ပြောလိုက်သဖြင့် ဒေါ်မြယဉ်တို့ညီအစ်မများသည် သူတို့ အုတ်၊ သဲ မသယ်ဘဲဆော့နေကြသဖြင့် ဆရာတော်ကြီးကဆူတော့မည်အထင်နှင့် စောစောကတွေ့ခဲ့သော တောသူတောင်သားပုံစံရှိသည့် အမျိုးသား၊ အမျိုးသမီးများထိုင်နေသည့်နောက်က ကျုံ့ကျုံ့လေးသွားပြီး ထိုင်နေလိုက်ကြ၏။ ခဏမျှကြသောအခါ ထိုတောသူတောင်သားပုံစံ ဝတ်စားထားကြသူများသည် ဆရာတော်ကြီးကို ကန်တော့ပြီးထပြန်သွားကြတော့၏။

ထိုအခါမှ ဆရာတော်ကြီးက -

"မမြယဉ်တို့လှလှကြည်တို့ညီအစ်မတွေ၊ ညည်းတို့ ခုန ဥစ္စာစောင့်တွေကို တွေ့လိုက်ကြလား"

"အရှင်ဘုရား၊ အဲဒါဥစ္စာစောင့်တွေ ဟုတ်လား ဘုရား။ စောစောက မပြောဘူး၊ သူတို့ရုပ်တွေကို သေသေချာချာ မကြည့်လိုက်ရဘူး"

"ဟ - ငါက သူတို့ရှေ့မှာ ဥစ္စာစောင့်တွေပါလို့သွားပြောလို့ ဘယ်သင့်တော်မှာလဲ။ ငါက နင်တို့ကို ဥစ္စာစောင့်တွေ့ဖူးအောင်ခေါ်ပြတာ"

ဟု မိန့်သဖြင့် ဒေါ်မြယဉ်တို့ညီအစ်မများက -

"ဥစ္စာစောင့်တွေဆို သူတို့က ဘာလာလုပ်တာလဲဘုရာ့"

"ငါးဆူကုန်းဘုရားတည်ဖို့ ငွေနဲ့ ပစ္စည်းတွေလာလှူကြတာ"

"နောက်ပြီး သူတို့က ဘယ်သိုက်ကလို့ ပြောသွားသေးလဲ ဘုရာ့"

"အင်း - သူတို့က ရွှေတိဂုံဘုရားကြီးရဲ့ဟိုဘက်မှာရှိတဲ့ကန်တော်မင်သိုက်က ပုဂ္ဂိုလ်တွေပဲ"

ဟု မိန့်ကြားခဲ့ကြောင်း ဆရာမကြီး ဒေါ်မြယဉ်က ပြန်ပြောပြ၍ သိရှိရပါသည်။

ဆရာမကြီး ဒေါ်မြယဉ်တို့၏ ငယ်စဉ်က ငါးဆူကုန်းတွင် ကြုံတွေ့ခဲ့ရသော တောသူတောင်သားပုံစံရှိသည့်သိုက်မှ ပုဂ္ဂိုလ်များဆို သူတို့၏ ဝတ်စားထားပုံမှာ အမျိုးသားများက ဖျင်ကြမ်း၊ တိုက်ပုံအကျႌ၊ ကွက်တုံးပုဆိုးများကို ဝတ်ဆင်ထားပြီး ခေါင်းတွင် တဘက်စောင်ကြီးများကိုပေါင်းထားကာ ချည်ကြမ်းလွယ်အိတ်များကို လွယ်ထားကြ၏။ အမျိုးသမီးများမှာ ချည်ကြမ်းရင်ဖုံးအကျႌ၊ ယောထဘီများကို ဝတ်ဆင်ထားပြီး ခေါင်းတွင် ဖူးစောင်ကြီးများပေါင်းထားသည်ကို တွေ့ရကြောင်း ဆရာမကြီး ပြန်ပြော၍ သိရပါသည်။

ထို့ကြောင့် စစ်ကွင်းဆရာတော်ထံ ဝိဇ္ဇာဓိုရ်များ၊ ဘိုးဘိုးကြီးများ၊ နတ်ကြီးများ၊ (၃၇) မင်းများ၊ ဒိုက်ချုပ်၊ သိုက်စောင့်များ မကြာခဏ လာရောက်လေ့ရှိကြောင်း သိမှတ်ရပါသည်။

**ပထမံပညာလမ်းစဉ်ဆိုင်ရာမူဝါဒ**

စစ်ကွင်းဆရာတော်သည် နောက်ပိုင်းတွင် တပည့်ဖြစ်သူ ဆရာတော်ဦးပညောဘာသအား ပညာအပ်လိုသဖြင့် ခမ်းခမ်းနားနား ပွဲစုံပြင်ခဲ့ပါသည်။ ပညာအပ်ပွဲအတွက် ဣန္ဒာသယ ဘိုးဘိုးရသေ့ကြီးနှင့် ဆရာတော်ဦးဣန္ဒာသဖတို့ကိုလည်း ဖိတ်ကြားသဖြင့် ကြွရောက်လာကြပါသည်။

အဆိုပါ ပညာအပ်ပွဲတွင် ဆရာတော်ကြီး ဦးဣန္ဒာသဖက ဆုံးမစကားပြောကြားရာ၌ -

"မောင်ပဥ္စင်းကိစ္စပြီးဖို့ကတော့ ဘုန်းဘုန်းတို့ရဲ့တာဝန်ပဲ။ မောင်ပဥ္စင်းဘက်က ကိုယ်လုပ်ရမယ့်လုပ်ငန်းတွေမှာ အခုပြောမယ့် သိက္ခာပုဒ်တွေကို လုံအောင် စောင့်ထိန်းရမယ်။ အဲဒီ သိက္ခာပုဒ်တွေကတော့ -

၁။ ဘုရားဆီ၊ ဘုရားသွေး ဘယ်တော့မှ မစားနဲ့။

၂။ တရားဆီ၊ တရားသွေး ဘယ်တော့မှ မစားနဲ့။

၃။ သံဃာဆီ၊ သံဃာသွေးဘယ်တော့မှ မစားနဲ့။

ရဟန်းတို့ကျင့်ရမယ့် သိက္ခာပုဒ်တွေကို လုံအောင်စောင့်ထိန်းရမယ်။ ဒါတွေကို မောင်ပဥ္စင်းဘက်ကသာ လုံခြုံရင်၊ စောင့်ထိန်းရင် ကိစ္စပြီးဖို့ တာဝန်ယူတယ်"

ဟု ပြောဆိုဆုံးမ ဩဝါဒပေးပြီးနောက် ဣန္ဒာသယဘိုးဘိုးကြီးနှင့် ဆရာတော် ဦးဣန္ဒာသဖတို့သည် ပြန်ကြွသွားကြတော့၏။

အထက်ပါ သိက္ခာပုဒ် (၃) ပါးသည် ပထမံပညာလမ်းစဉ်၏ သီလပိုင်းဆိုင်ရာသိက္ခာပုဒ်ဟု ဆိုရပါမည်။ ၎င်းအကြောင်းအရာတို့သည် သီလဟု ဆိုသော်လည်း ပညာလမ်းစဉ်တစ်ခုလုံး၏ အဓိကအကျဆုံးနှင့် ပဓာနအကျဆုံးဟု သိရပါမည်။ (ဝါ) အဆုံးအစွန်သော အနိမ္မဆိုင်ရာ ထွက်ရပ်ကိစ္စအတွက် အဆုံးအဖြတ်လည်း ဖြစ်၏။

တစ်နည်းအားဖြင့်ဆိုရပါမူ ၎င်းကိစ္စသည် အခြေခံအဆင့် (၁)၊ (၂)၊ (၃)၊ (၄) အဆင့်ဖြစ်သလို အဆင့်အမြင့်ဆုံးသော အဆင့် (၈)၊ (၉)၊ (၁၀) အဆင့်၏ အဆုံးအဖြတ်ဆိုင်ရာအတွက် အရေးပါဆုံးလည်း ဖြစ်ပါသည်။ ထို့ကြောင့် ၎င်း



www.burmeseclassic.com

www.burmeseclassic.com

...ကိုသာ ရွေး၍ ဆရာတော်ဦးဣန္ဒာ...က အလေးထားပြောဆိုခြင်း ဖြစ်ပါသည်။

ဤအဆင့်သာ လုံခြုံပြည့်စုံလျှင် ...သောအဆင့်များဖြစ်သည့် သမာဓိ ...ဆင့် ပညာအဆင့်များ အချိန်မရွေး ...၍ရနိုင်ပါသည်။

ဆရာတော်ကြီးအမိန့်ရှိသွားသော ...င့်ထိန်းရမည့် ကျင့်ဝတ်(၃)ပါးသည် ...တော်များကိုချည်းသာဆိုလိုသည် ...ပါ။ လူပုဂ္ဂိုလ်များပါ အကျုံးဝင်ပါ...။ လူပုဂ္ဂိုလ်များအတွက်ဆိုပါမူ ...(၃) ကျင့်ဝတ်တွင် ဆိုထားသည့် ...သိက္ခာပုဒ်များနေရာတွင် လူကျင့် ...သီလများ၊ စောင့်ထိန်းရမှုများ၊ ...တိများကို မကျိုးမပေါက်အောင် ...ယ်စောင့်ရှောက်ရမည်ဟူ၍ဖြစ်ပါသည်။

ဤနေရာတွင် အမှတ်(၁)နှင့် (၂) ...တ်များဖြစ်သည့် ဘုရားဆီ၊ ဘုရား...ဘယ်တော့မှ မစားနှင့်။ တရားဆီ၊ ...သွေး ဘယ်တော့မှမစားနှင့်တို့နှင့် ...သက်၍မူ အနည်းငယ်ရှင်းလင်းရန် ...မည်။

ဆရာတော်ကြီး၏ အထက်ပါ ...ချက်နှစ်ရပ်သည် အလွန်ပင်လေး...ကြောင်းကို ဖတ်ကြည့်ရုံဖြင့်ပင် ...သောပေါက်နိုင်ပါသည်။ သို့သော် ...ကားရပ်တို့၏ အဆုံးစွန်သော ...အဓိပ္ပာယ်ကို ဖွင့်ဆိုရန်ကား ...တူမည်တော့ မဟုတ်ပေ။

ယေဘုယျသဘော အဓိပ္ပာယ်ဖွင့် ...ဖြင့် ဖွင့်ဆိုကြည့်လျှင် ဤဝိဇ္ဇာဓရ ...ရာ ပညာလမ်းစဉ်ကို လိုက်စားသူ...သည် ဗုဒ္ဓကိစ္စနှင့် ဓမ္မကိစ္စတို့တွင် ...စည်းစောင့်ကြရမည်။ ကျပ်တည်း ...တ်နာကြရပါမည်။ ဗုဒ္ဓအရေး၊ ဓမ္မ ...ရေးတို့နှင့်ပတ်သက်လျှင် ကုသိုလ်ရေး ...သက်သာလုပ်ရပါမည်။ ထိုကိစ္စ ...အား ခုတုံးလုပ်ခြင်း၊ အယောင်ပြ ...ဟန်ဆောင်ခြင်း၊အမြတ်ထုတ်ခြင်း၊ ...ဖြတ်ခြင်း၊ ဗန်းပြခြင်း စသည့် ...သောတရားများကို အခြေခံပြီး ...ကျိုးရှာဖွေခြင်းမျိုးကို လုံးဝမပြုရ ... ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုထက်ပို၍ ...တ်ဖွင့်ရပါမူ ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စတို့ ...တန်းတင်ဖော်ပြပြီး အလှူခံခြင်း ...မှာ ဘုရားတည်မည်၊ ဘုရားပြုပြင် ...မည်ဟု အလှူခံပြီး ရရှိသည့်ငွေအားလုံး ... ဘုရားကိစ္စအတွက်မသုံးဘဲ အချို့ ...တက်ကို မိမိ၏စားဝတ်နေရေးအတွက်ပါ အသုံးပြုခြင်း သို့တည်းမဟုတ် ကိုယ်ကျိုးအတွက်ပါ အသုံးပြုခြင်း။

လေးနက်သောဓမ္မသဘောတရားများဖြစ်သည့် ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့၏ ဖြစ်စဉ်သဘောသဘာဝတို့ကို ဟောပြောပြသဖြင့် တရားတော်ကို ကြည်ညို၍လှူဒါန်းသည့် ငွေ၊ ပစ္စည်းတို့ကို တရားဓမ္မထိန်းသိမ်းကာကွယ်ရေး၊ ထွန်းကားပြန့်ပွားရေးတို့အတွက် အသုံးပြုရုံမျှမက ထိုငွေအထဲမှ မိမိ၏ စားဝတ်နေရေးအတွက် သို့တည်းမဟုတ် ကိုယ်ကျိုးအတွက်ပါ အသုံးပြုခြင်းတို့ ဖြစ်၏။

အဆိုပါ ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စတို့နှင့် ပတ်သက်ရရှိသော ငွေကြေးကိုသော်လည်းကောင်း၊ အခွင့်အရေးကိုသော်လည်းကောင်း၊ အခြားခံစားခွင့်တစ်စုံတစ်ရာကိုသော်လည်းကောင်း ဤပညာလမ်းစဉ်လိုက်စားသူသည် လူပုဂ္ဂိုလ်ဖြစ်စေ၊ ရဟန်းပုဂ္ဂိုလ်ဖြစ်စေ အသုံးပြုခွင့်မရှိပေ။ လူပုဂ္ဂိုလ်ဆိုလျှင် မိမိကိုယ်တိုင်ရှာဖွေရရှိသည့်ခံစားခွင့်ကို လည်းကောင်း၊ မိမိတစ်ဦးတည်းနှင့် ပတ်သက်ရရှိသည့် ခံစားခွင့်တို့ကိုသာ အသုံးပြုပိုင်ခွင့်ရှိ၏။ ရဟန်းဆိုလျှင်လည်း မိမိ၏ သလုံးမြင်းခေါင်းကို အရင်းပြု၍ ဆွမ်းခံပြီးရသည့် ဆွမ်းနှင့် မိမိသံဃာအား ရည်ရွယ်ပြီး လှူ၍ လှူသောခံစားခွင့်တို့သာ မိမိသုံးပိုင်ခွင့်တွင် အကျုံးဝင်၏။ အခြားသော ဝင်ငွေအကျိုးခံစားခွင့်တို့ကိုကား အထူးသတိပြုရမည် ဖြစ်၏။ ဤကား ပထမပညာလမ်းစဉ်ဆိုင်ရာ မူဝါဒများထဲမှ အရေးပါသောကိစ္စတစ်ရပ်ကို ထုတ်နုတ်ဖော်ပြရခြင်း ဖြစ်၏။

**မြေပြင်တွင် ပညာဆက်ခံမည့် ဂိုဏ်းချုပ်ရွေးချယ်ခြင်း**

ထိုအချိန်က နှစ်ကျိပ်ရှစ်ဆူ ပထမပညာ၏ မြေပြင်ဂိုဏ်းချုပ်မှာ စစ်ကွင်းဆရာတော်ကြီး ဖြစ်၏။ သို့သော် မကြာမြင့်မီသောကာလတွင် စစ်ကွင်းဆရာတော်သည် ထွက်ရပ်ဆိုင်ရာကိစ္စတို့ကို ပြုရတော့မည်ဖြစ်သဖြင့် ဆရာတော်၏ နေရာကို ဆက်ခံရန် မြေပြင်ဂိုဏ်းချုပ်တစ်ဦး ရွေးချယ်ရတော့မည် ဖြစ်၏။

ထိုကိစ္စနှင့်ပတ်သက်၍ တစ်နေ့တွင် ဆရာတော် ဦးဝိလာသ ကြွလာ၏။

"မောင်စန္ဒော၊ ဆရာတော်ဦးဣန္ဒာသဖကမှာလိုက်တယ်။ မြေပြင်မှာ ပညာဆက်ခံထားဖို့ လူတစ်ယောက်ရွေးရမယ်တဲ့။ အဲဒီကိစ္စအတွက် မင်းလူရွေးပြီး စာရင်းကို ငါ့ပေးလိုက်။ ဆရာတော်ကြီးကို ငါတင်ပြလိုက်မယ်"

ဟု မိန့်ဆိုသဖြင့် စစ်ကွင်းဆရာတော်လည်း စဉ်းစားရအတော်ကျပ်သွား၏။ ထိုအခါတွင်မှ အပူတပြင်းစဉ်းစားရတော့၏။ ထိုအခါ သူ၏အနီးတွင်ရှိနေသူများကိုသာ စဉ်းစား၍ရ၏။

နောက်ဆုံး စဉ်းစားမရသည်နှင့် လက်ရှိအနီးနေတပည့်ငါးဦးကိုပင် ရေးထည့်ပေးလိုက်၏။ ထိုပုဂ္ဂိုလ်များမှာ ဦးပဉ္ဉောဘာသ (ဆရာကြီး ဦးဘဟန်)၊ ဦးတေဇောဘာသ၊ ဦးဣန္ဒောဘာသ (ဆရာဦးစိုးမင်းအောင်)၊ ဦးခင်မောင်သိန်းနှင့် မောင်မောင်အောင်တို့ ဖြစ်၏။ ထိုစာရင်းအား ဦးဝိလာသသို့ ပေးလိုက်၏။

ထိုစာရင်းပေးလိုက်ပြီး နှစ်လခန့်ကြာသောအခါ ဆရာတော် ဦးဝိလာသ ပြန်ကြွလာပြန်၏။

"ဟေ့မောင်စန္ဒော၊ မင်းရွေးပေးလိုက်တဲ့ လူ(၅)ယောက်ကို ဆရာတော်ဦးဣန္ဒာသဖက မကြိုက်ဘူးတဲ့။ ထပ်ပြီး ပြန်ရွေးပေးလိုက်ဦးလို့ မိန့်တယ်"

ထိုအခါ စစ်ကွင်းဆရာတော်ကြီးလည်း မည်သို့လုပ်ရမည်မှန်းမသိအောင် စဉ်းစားရကျပ်သွား၏။ နောက်ထပ် အခြားအမည်စာရင်းထပ်တင်ရအောင်လည်း လူကမရှိပေ။

ထို့ကြောင့် ပထမရွေးပေးခဲ့သည့် လူစာရင်းကိုပဲ ထပ်ပြန်ပြီးရေးကာတင်ပေးလိုက်၏။ ဆရာတော် ဦးဝိလာသလည်း ဒုတိယအကြိမ်တင်သည့်စာရင်းကိုယူပြီး ပြန်ကြွသွားတော့၏။

နောက်တစ်လခန့်အကြာတွင် ဦးဝိလာသပြန်ကြွလာပြီး -

"မောင်စန္ဒော၊ မင်းထပ်ပြီးရွေးပေးလိုက်တဲ့ လူ (၅) ယောက်ကို ဆရာတော် ဦးဣန္ဒာသဖက မကြိုက်ဘူး။ ဒါကြောင့် လူအသစ်ထပ်ရွေးပေးပါ"

ဟု မိန့်သောအခါ စစ်ကွင်းဆရာတော်လည်း မည်သို့လုပ်ရမှန်းမသိအောင်ဖြစ်သွားတော့၏။

ထိုအခါတွင် ဦးဝိလာသက -

"ဆရာတော်ကြီးက မင်းအနားမှာ နောက်စနေသားတစ်ယောက်ရှိတယ်လို့ ပြောတယ်။ အဲဒါ မင်းရအောင် စဉ်းစားထားလိုက်။ ငါနောက်မှပြန်လာမယ်"

ဟုပြောပြီး ဆရာတော်ဦးဝိလာသသည် ပြန်ကြွသွားတော့၏။

စစ်ကွင်းဆရာတော်လည်း ဆရာတော်တို့ပြောသည့် နောက်စနေသားတစ်ယောက်ဟာ မည်သူပါနည်းစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

လေ စဉ်းစား၍မရအောင်ဖြစ်နေတော့၏။သို့ဖြင့် ရက်ပေါင်းအတန်ကြာအောင် စဉ်းစားရကျပ်နေစဉ် တစ်နေ့တွင် ဆရာတော်ကြီး၏တပည့်တစ်ယောက်သည် ဝက်သားသုံးထပ်သားကို ဝက်သားနီ ချက်ချက်ကာ ဆွမ်းချိုင့်ကြီးတွင်ထည့်ပြီး လာရောက်ဆွမ်းကပ်လေ၏။

ထိုအချိန်တွင် စစ်ကွင်းဆရာတော်ကြီးသည် ဆွမ်းဘုဉ်းပေးစဉ် ဖြစ်၏။ ဆွမ်းလာကပ်သူတစ်ဦးရောက်လာသည်ဆိုသဖြင့် စစ်ကွင်းဆရာတော်လည်း ဆွမ်းဘုဉ်းပေးနေရာမှ လှမ်းကြည့်လိုက်၏။ ထို့နောက် ဆရာတော်ကြီး၏ နှုတ်မှ-

"ဟာ-သားလေး အဘ မှားသွားတယ်။ အဘကို ခွင့်လွှတ်ပါ"

ဟု မိန့်လိုက်၏။

ထိုအခါတွင် ဆရာတော်ကြီး၏ မျက်နှာလည်း ပြုံးရွှင်သွားတော့၏။

ထို ဆွမ်းလာကပ်သည့် ပုဂ္ဂိုလ်မှာ မြောက်ဥက္ကလာပမှ ဆရာတော်ကြီး၏ တပည့် ဆရာကြီး ဦးထွန်းမြိုင်ပင် ဖြစ်၏။

ဆရာကြီးဦးထွန်းမြိုင်လည်း ခရီးရောက်မဆိုက် ကြားလိုက်ရသော ဆရာတော်ကြီး၏စကားကြောင့် အတွေးများ ရှုပ်ထွေးကုန်တော့၏။

'ငါဘာများအမှားအယွင်းလုပ်ခဲ့မိပါလိမ့်'

ဟု တွေးရင်း တုန်လှုပ်သွားတော့၏။

ထိုအချိန်တွင် ဆရာတော်ကြီးက -

"ဟုတ်ပြီ၊ ဒါနဲ့ မောင်ထွန်းမြိုင် မင်းအခုဘာလုပ်နေလဲ"

ဟု မေးလိုက်၏။

ထိုအခါ ဦးထွန်းမြိုင်က -

"တပည့်တော် အခု သက်သတ်လွတ်စားနေပါတယ်"

ဟု လျှောက်လိုက်၏။

ဆရာတော်က -

"လာ - သားလေး၊ ရှေ့ကိုတိုး"

ဟုခေါ်လိုက်၏။ တစ်ဆက်တည်းပင် -

"သက်သတ်လွတ်မစားနဲ့တော့"

ဟု မိန့်ပြီးနောက် ဆရာတော်ကြီးသည် သူ၏စားလက်စ ထမင်းပန်းကန်ထဲသို့ ဝက်သားဟင်းများ ထပ်ပြီးခပ်ထည့်လိုက်ကာ သေသေချာချာ နယ်ဖတ်လိုက်၏။ ပြီးလျှင် -

"ရော့ - လူလေး၊ ဒါတွေကို စားလိုက်"

ဟုပြောပြီး ဆရာကြီး ဦးထွန်းမြိုင်ကို ကျွေးလိုက်၏။

ဆရာကြီးလည်း ကျွေးတဲ့ထမင်းပွဲကို လှမ်းယူပြီး ကြောက်ကြောက်ဖြင့် စားလိုက်၏။ ထမင်းစားနေစဉ် ဆရာတော်ကြီးက -

"ပညာအမွေဆက်ခံဖို့ ဆရာတော်ဦးဣန္ဒသဖက မင်းကို ရွေးလိုက်တယ်။ ပထမပိုင်းမှာ မင်းကို အဘမျက်စိလျှမ်းသွားခဲ့တယ်။ အဘကိုခွင့်လွှတ်ပါ"

ဟု ဆို၏။

နောက်ပိုင်း များမကြာမီတွင် ဆရာတော်ကြီးက ဆရာကြီးဦးထွန်းမြိုင်အား ခေါ်ပြီးနောက် -

"လူလေး၊ မင်းပညာတက်ရမယ်။ ပညာတက်ရင် ပွဲတွေပြင်ရမယ်၊ ပွဲထဲကိုလည်း ဝတ္တုငွေထည့်ရမယ်"

ဟု မိန့်လိုက်သောအခါ ဆရာကြီးလည်း ပွဲပြင်ရန်၊ ပွဲထဲအလှူငွေထည့်ရန်တို့ကို စုပေါင်းပြီး ကုန်ကျစရိတ်ကို တွက်လိုက်သောအခါ စုစုပေါင်း ကုန်ကျငွေမှာ (၈၀၀၀) ကျပ်ခန့်ရှိမည် ဖြစ်၏။ ထိုအခါ ဆရာကြီးလည်း စဉ်းစားရကျပ်သွားပြီး ငွေကိုဘယ်လိုရှာရမည်ကိုတွေးတောစဉ်းစားနေစဉ် ဆရာတော်ကြီးက-

"ရော့ - သားလေး ဒီဆေးတောင့်ကိုယူသွား"

ဟု ပြောပြီး ဆရာကြီးလက်ကို ဖြန့်ခိုင်းကာ ဆေးတောင့်ကို လက်ဖဝါးထဲသို့ သေသေချာချာထည့်ပေးပြီး လက်ကို ကျစ်ကျစ်ပါအောင် ဆရာတော်ကြီးက သူ့လက်နှင့်ဆုပ်ပေးလိုက်၏။

ထို့နောက် ဆရာကြီးသည် မြို့ထဲသို့ သွားပြီး ငွေရှာလျှင်ကောင်းမည်ဟု စိတ်ကူးရကာ ဆေးတောင့်ကိုယူကာ ရန်ကုန်မြို့ထဲရှိ မဂိုလမ်း (ရွှေဘုံသာလမ်း) သို့ ထွက်လာခဲ့၏။

မဂိုလမ်းသို့ရောက်သောအခါတွင် ဆရာကြီးသည် သက်သတ်လွတ်ထမင်းဆိုင်သို့ဝင်၍ ထမင်းစားလေ၏။ ထိုထမင်းဆိုင်တွင် ဆရာကြီးအား ယခင်ကတည်းက အမြဲတမ်းပံ့ပိုးကူညီနေလေ့ရှိသူ အစ်မကြီး ဒေါ်ညိုမြင့်မြမ်းနှင့် တွေ့လေ၏။

ထိုအခါ အစ်မကြီး ဒေါ်ညိုမြမ်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသော အမူအရာမျိုးဖြင့် သူမအနားရှိ အမျိုးသမီးတစ်ဦးနှင့် မိတ်ဆက်ပေးလေ၏။ ထိုအမျိုးသမီး၏ နာမည်မှာ ဒေါ်တင်ဖြစ်၏။ ထို့နောက် ဒေါ်ညိုမြမ်းက -

"ဒီလို သားလေးရေ၊ အကူအညီ တောင်းမလို့။ ဟောဒီ မတင်တင်က ဒီမဂိုလမ်းထဲမှာနေတဲ့ ဘာဘူကြီးတစ် ယောက်ကို ငွေချေးထားတယ်။ အဲဒီငွေ ကို သွားတောင်းတော့ အဲဒီဘာဘူကြီး က မပေးနိုင်ဘူးလို့ပြောနေတယ်။ အဲဒါ ငါ့သားလေးက မတင်တင်ရဲ့အကြွေးပြန် ရအောင် ကူညီပေးလိုက်ပါကွယ်"

ဟု ပြောလာသဖြင့် ဆရာကြီး ဦးထွန်းမြိုင်လည်း ဆရာတော်ကြီးပေး လိုက်သော ဆေးတောင့်ကို သတိရပြီး ဆေးတောင့်ကို နည်းနည်းဖဲ့လိုက်ကာ -

"ကဲ - ဒေါ်တင်တင် ပါးစပ်ဟ"

ဟု ပြောပြီး ပါးစပ်ထဲသို့ ဆေးကို ထည့်လိုက်၏။ ထို့နောက် ဆရာကြီးက-

"ကဲ - ဒေါ်တင်တင် ရစရာရှိတဲ့ ကြွေးကို ခုပဲသွားတောင်းပါ"

ဟု ပြောလိုက်၍ ဒေါ်တင်တင်လည်း ဘာဘူကြီးထံသွားပြီး အကြွေး တောင်းလေ၏။ ဘာဘူကြီးထံ ရောက် သောအခါ ၎င်းသည် ဒေါ်တင်တင်ကို တွေ့သည်နှင့် -

"ဒေါ်တင်တင်ရာ၊ ခုနတုန်းက ခင်ဗျားကို ကျုပ်ကတမင်စလိုက်တာပါ။ ကဲ၊ ကဲ ရော့ - ခင်ဗျားရစရာရှိတဲ့ငွေ တွေ ကျုပ်ဂျုံမှုန့်အိတ်ထဲမှာထည့်ထား တယ်။ ယူသွားပေတော့"

ဟု ပြောပြီးပေးလိုက်၏။

ထိုအခါ ဒေါ်တင်တင်လည်း ငွေ ထည့်ထားသော ဂျုံမှုန့်အိတ်ကို ခေါင်း ပေါ်တင်ရွက်ပြီး ထမင်းဆိုင်သို့ပြန်လာ ခဲ့၏။

ဒေါ်ညိုမြမ်းက ဒေါ်တင်တင် အား -

"ကဲ - ငါ့သားလုပ်ပေးလို့ ညည်း ငွေတွေရလာပြီ။ ငါ့သားကိုလည်း ကန်တော့လိုက်ဦး"

ဟု ပြောလိုက်သောအခါ -

"ဩော်-ဟုတ်ကဲ့ပါ၊ ကန်တော့ပါ မယ်"

ဟု ပြောပြီး ဂျုံမှုန့်အိတ်ကိုဖွင့်ပြီး ငွေကို လက်ဖြင့်ဆုပ်ကာ ဆရာကြီး ဦးထွန်းမြိုင်ကို ပေးလိုက်၏။ ထို့နောက် ဆရာကြီးလည်းပြန်လာခဲ့တော့၏။ လမ်း တွင် ငွေများကို ရေတွက်ကြည့်သော အခါ (၁၀,၀၀၀) ကျော်ကြောင်း တွေ့ ရ၏။

ထိုအခါ ဆရာကြီးလည်း ငွေကို သုံးမိမည်စိုးသဖြင့် ဆရာတော်ကြီးထံ သွားကာ ပညာတက်ရန် ကုန်ကျမည့် ငွေများကို အပ်ထားခဲ့၏။




www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဆရာကြီး ဦးထွန်းမြိုင် ပညာတက်မည့် အချိန်အပိုင်းအခြားသို့ ရောက်ရှိလာလေတော့၏။ ထို့ကြောင့် ပညာတက်ရန် ပွဲများပြင်ထားလိုက်၏။ ပညာတက်မည့် အင်းထုပ်ကိုလည်း ပွဲတွင် ထည့်ထား၏။ ဆရာကြီး ဦးထွန်းမြိုင်အတွက် ပွဲတက်ရန် အားလုံး အဆင်သင့်ဖြစ်နေပြီ ဖြစ်၏။

သို့သော် ဤအခြေအနေတွင် မျှော်လင့်သော အနှောင့်အယှက်တစ်ရပ်သည် ပေါ်ပေါက်လာတော့၏။ ပြဿနာကား နောက်တစ်နေ့နံနက်တွင် ပညာတက်ရန် ပွဲထဲ၌ ထည့်ထားသော အင်းထုပ်သည် ပျောက်ဆုံးလျှပျောက်သွားတော့၏။ ထိုအခါ စစ်ကွင်းဆရာတော်ကြီးလည်း အလွန် အလုပ်ရှုပ်သွားတော့၏။ ထို့နောက် ပညာဖြင့် ဆင်ခြင်သုံးသပ်ကြည့်သော အခါ ကာကွန်နဇော်ဂျီက လာရောက် ယူဆောင်သွားကြောင်း သိရှိလေ၏။

ကာကွန်နဇော်ဂျီသည် လက်ဝဲ ဂိုဏ်းဆယ့်ကိုးတွင် အဆင့်မြင့်ဆုံးပုဂ္ဂိုလ် ဖြစ်၏။ ထို့ကြောင့် လက်ဝဲပညာတွင် အဆင့်မြင့်၏။ သို့သော် စစ်ကွင်းဆရာတော်ကြီးသည် ပညာအင်းထုပ်ကို မဖြစ်မနေပြန်ယူရမည် ဖြစ်၏။ ထို့ကြောင့် ကာကွန်နဇော်ဂျီရှိသည့်အရပ်ဒေသကို ဆင်ခြင်သောအခါ ရခိုင်ရိုးမအရပ်ဒေသ ဟု သိရသဖြင့် စစ်ကွင်းဆရာတော်ကြီးသည် ချက်ချင်းပင် ကာကွန်နဇော်ဂျီ ထံသို့ ရောက်ရှိသွားပြီး -

"ကာကွန်နဇော်ဂျီ၊ အသင်နဲ့မဆိုင်တဲ့ကိစ္စကို ဘာဖြစ်လို့ဝင်ပြီးနှောင့်ယှက်ရတာလဲ။ သင်ယူသွားတဲ့အင်းထုပ်ကို ပြန်ပေးပါ"

ဟုမိန့်သောအခါ ကာကွန်နဇော်ဂျီက -

"တိုစနေသားအတွက်ဆို မဖြစ်ဘူး အဲဒီစနေသားကလွဲပြီး ကျန်တဲ့လူ ဘယ်သူပဲဖြစ်ဖြစ် ပေးလို့ရတယ်။ ဒါကြောင့် ကျန်တဲ့အခြားသူတစ်ယောက်ယောက်အတွက်ဆိုရင် အင်းထုပ်ကိုပြန်ပေးမယ်"

ဟု ပြန်ပြောလာသဖြင့် စစ်ကွင်းဆရာတော်လည်း စိတ်ထွက်သွားပြီး -

"ဒီမယ်၊ စနေသားအတွက် အဲဒီအင်းထုပ်ကို ငါကပေးတာမဟုတ်ဘူး။ မင်းဆရာတော် ဦးဣန္ဒသဖပေးတာ။ ဒီကိစ္စသူစီစဉ်တာ မင်း ဆရာတော် ဦးဣန္ဒသဖကို ကျော်ရဲလား"

ဟု ခပ်ထန်ထန်ပြောလိုက်သောအခါတွင်မှ ကာကွန်နဇော်ဂျီလည်း အတော်ပင် စိတ်ပျက်လက်ပျက်အမူအရာသို့ပြောင်းသွားပြီး စိတ်လျှော့လိုက်သည့်အသံဖြင့် -

"ဆရာတော် ဦးဣန္ဒသဖ စီစဉ်တာမှန်းမသိလို့ပါ။ သူ့ကိုမကျော်ရဲပါဘူး။ ဆရာတော်တို့အလုပ်ရှုပ်သွားတဲ့အတွက် တောင်းပန်ပါတယ်။ ဒီမှာ အင်းထုပ်ပြန်ယူသွားပါ"

ဟု ဆိုပြီး ပစ္စည်းကိုပြန်ပေးသဖြင့် စစ်ကွင်းဆရာတော်လည်း ပြန်ကြွလာပြီး ဆရာကြီး ဦးထွန်းမြိုင်အား အမြန်ပင် ပညာတက်ပေးလိုက်တော့၏။

အဆိုပါပညာအပ်ပွဲတွင် စစ်ကွင်းဆရာတော်ကြီးက ဆရာကြီးဦးထွန်းမြိုင်အား မိန့်ကြားရာ၌ -

"သားလေး၊ အခုအခါမှာ ငါက မင်းကို ပညာတက်ပေးလိုက်ပေမယ့် မင်းရဲ့ဆရာဟာ ငါလည်းမဟုတ်ဘူး။ ဦးပညောဘာသလည်း မဟုတ်ဘူး။ မင်းရဲ့ဆရာက ဆရာဦးဣန္ဒသဖပဲ ဖြစ်တယ်"

ဟု ခပ်ရှင်းရှင်းပင် ပြောလိုက်ပြီး ဆက်လက်မိန့်ကြားရာ -

"ဒီအင်းထုပ်ထဲမှာ သိဒ္ဓိ (၁၅) ပါးပါတယ်။ မင်းဂရုတစိုက်နဲ့ သေသေချာချာလုပ်ပါ။ ငါကတော့ (၉၉) သချိုင်းမှာ နိဿဇ်ခွတင်နဲ့ စစ်ကွင်းကျွန်းတောသုသာန်အောင်ခဲ့တယ်။ မင်းကတော့ မြို့ပေါ်မှာနေတဲ့အတွက် ဥတုသုံးလီအနန္တပူဇော်ပွဲ(၉၉)ကြိမ်လုပ်ဖို့ တာဝန်ပေးလိုက်တယ်"

ဟု မှာကြားစရာရှိသည်များကို မှာကြားလိုက်၏။

ထို့နောက်တွင် နှစ်ကိုပ်ရှစ်ဆူ မဟာပထမံပညာ၏ မြေပြင်ဝိုက်ကားချုပ် တာဝန်ကို ဆရာကြီး ဦးထွန်းမြိုင်က တာဝန်ယူ ထမ်းဆောင်လေတော့၏။

တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီးထံသို့ ဆရာတော်ဦးဝိလာသ ကြွလာခဲ့လေ၏။ ယခုတစ်ခေါက် ဆရာတော်ဦးဝိလာသကြွလာခြင်းမှာ ထူးခြား၏။ ဦးဝိလာသက-

"မောင်စန္ဒော၊ မင်းထွက်ရပ်စခန်း သွားရမယ်။ ထွက်ဖို့အတွက် ထွက်စမလာယူဖို့ ဆရာတော် ဦးဣန္ဒသဖက အကြောင်းကြားခိုင်းလိုက်တယ်"

ဟု မိန့်လေ၏။

စစ်ကွင်းဆရာတော်လည်း ပုပ္ပား၌ ထွက်အင်းသွားယူရန် စီစဉ်တော့၏။

တစ်နေ့တွင် စစ်ကွင်းဆရာတော်သည် ဦးခင်မောင်သိန်းတစ်ဦးတည်းကိုသာ ကားမောင်းသူအဖြစ်ခေါ်ပြီး ပုပ္ပားသို့ထွက်လာခဲ့၏။ ပုပ္ပားရောက်သောအခါ ထွက်အင်းယူလေ၏။ ယူပြီးသည်နှင့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားသို့ပြန်လာခဲ့တော့၏။

ရွှေတိဂုံဘုရားသို့ပြန်ရောက်သည့် ရက်စွဲမှတ်တမ်းမှာ ၁၉၆၄ ခု၊ အောက်တိုဘာလ ၅ ရက်နေ့ ဖြစ်၏။ ထိုနေ့ည (၇) နာရီ (၅၅) မိနစ်အချိန်သို့ ရောက်သောအခါတွင် စစ်ကွင်းဆရာတော်ကြီးသည် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့် သူသီတင်းသုံးနေကျနေရာရှိ ကုလားထိုင်ကြီးတစ်လုံးပေါ်တွင်ထိုင်ရင်း အင်းများကို ပြာချ၊ ကြေးခွက်ထဲထည့်ပြီး ရေထည့်ဖျော်လိုက်၏။ ထို့နောက် ဆရာတော်ကြီးက -

"ကဲ - အားလုံးပဲ ငါထွက်ရပ်စခန်းသွားတော့မယ်"

ဟု မိန့်ကြားနှုတ်ဆက်ပြီးနောက် ကြေးခွက်ထဲမှ ထွက်အင်းများကို သောက်ချလိုက်တော့၏။

ထွက်အင်းကိုသောက်ပြီးသည်နှင့် ဆရာတော်ကြီးသည် ကုလားထိုင်ပေါ်၌ ထိုင်လျက်အနေအထားမျိုးဖြင့်ပင် မလှုပ်မယှက် ငြိမ်သက်သွားတော့၏။ အသက်ရှူခြင်းလည်း ရပ်ဆိုင်းသွားတော့၏။

ထိုအချိန်တွင် ဆရာတော်ကြီး၏ အနီးတွင်ရှိကြသော တပည့်များအားလုံးက ဆရာတော်ကြီး ထွက်ရပ်စခန်းသို့ ကြွသွားပြီဖြစ်ကြောင်း နားလည်ကြ၏။

ထို့ကြောင့် တပည့်ဖြစ်သူ ဆရာကြီး ဦးဘဟန်နှင့် သူ၏တပည့်များသည် စစ်ကွင်းဆရာတော်ကြီး ကုလားထိုင်ပေါ်တွင် မူလထိုင်လျက်ပုံစံအတိုင်းပင် ကုလားထိုင်ကိုပါ မချီကြလျက် ရွှေတိဂုံဘုရားအား လက်ယာရစ်သုံးပတ်ပတ်၍ ပူဇော်ပြီး ဒေါ်ဂျစ်ကားငှားလိုက်၏။ ညတွင်းချင်းပင် စစ်ကွင်းကျွန်းတောသုသာန်ကျောင်းသို့ ပို့ဆောင်ကြ၏။

ဆရာကြီး ဦးဘဟန်လည်း ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ဂူသွင်းရန်အတွက် စီစဉ်နေစဉ် ယာယီစံနန်းတစ်ခုဆောက်ပြီး ရုပ်ကလာပ်ကို မှန်ခေါင်းတွင် ထည့်သွင်းကာထားလိုက်၏။

(ရှေ့လဆက်ဖတ်ပါရန်)

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com


www.burmeseclassic.com

၁၂-၆-၂၀၁၄ (ကြာသပတေးနေ့)၊ ၁၃၇၆-ခု၊ နယုန်လပြည့်နေ့ နံနက်(၉း၀၀)နာရီ။

ကျွန်တော်သည် မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်ရှိ စမတောင်ပေါ်သို့ ရောက်ရှိနေသည်။ ဤနေရာသို့ရောက်ရှိရင်း လွန်ခဲ့သည့် ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်နေ့ကို ပြန်လည်သတိရမိသည်။ ထိုနေ့တွင် ကျွန်တော်နှင့်ကျွန်တော်၏ဖခင် စာရေးဆရာကြီးဦးရန်အောင်သည် စမတောင်ခြေသို့ရောက်ရှိခဲ့သည်။ ထိုစဉ်က အဖေက စမတောင်ပေါ်သို့တက်ရန် စိတ်ခွန်အားမရှိသဖြင့် ကျွန်တော်တို့သားအဖတောင်ခြေတွင် သာနေခဲ့ရသည်။ ထိုအချိန်က ပျဉ်းမနားတွင် နတ်တော်လစာဆိုတော်ပွဲကျင်းပရာ စာပေဟောပြောရန်အတွက် ပျဉ်းမနားသား စာရေးဆရာ စိန်လွင်လေးက ရန်ကုန်မှစာရေးဆရာကြီးများဖြစ်ကြသော အဖေဦးရန်အောင်၊ ဆရာကြီးရန်နိုင်ဆွေ(ငယ်ကျွမ်းဆွေရေးသူ)၊ ဆရာကြီးဗိုလ်ဗကို၊ ဆရာကြီးဦးဌေးမောင်တို့ ဖိတ်ရာ ကျွန်တော်ပါကပ်၍ပါလာသည်။ အဖေမှလွဲ၍ ကျန်စာရေးဆရာကြီးများ

# တင်အောင်(စက်မှုတက္ကသိုလ်)

# အံ့ဖွယ်ထူးခြား စမတောင်တော်



သည် စမတောင်ပေါ်သို့တက်ရောက်ဖူးမြော်လေ့လာကြသည်။ (၃)နာရီအချိန်ကြာညောင်းသည်။ အဖေအပါအဝင် စာရေးဆရာကြီးများသည် ပျဉ်းမနားမြို့၊ ဗိုလ်တဲတွင်ညအိပ်တည်းကြရသည်။ ကျွန်တော်သည် အဖေဦးရန်အောင်နှင့် တစ်ခုတင်တည်းအိပ်သည်။စာရေးဆရာများကို ခန်းမတစ်ခုတည်းတွင်စု၍ အိပ်စေသည်။ အခန်းမှာမီးပိတ်ထား၍ ပြင်ပလမ်းမီးရောင်မှုန်ပျပျသာရှိသည်။ ညအိပ်ချိန်(၂)နာရီခန့်တွင် အခန်းထဲသို့ လူကြီးတစ်ဦး ကုန်းကုန်းနှင့်ဝင်လာသည်။ အဖေသည်နားလေးသူဖြစ်၍ ကျွန်တော်ကလက်ကုတ်ပြီး အဖေ့ကိုနှိုး၍ထိုလူကြီးကိုပြလိုက်သည်။ ထိုလူကြီးသည် အိပ်ပျော်နေသော ဆရာဗိုလ်ဗကို၏မျက်နှာကိုငုံ့ကြည့်သည်။ ထို့နောက် အိပ်ပျော်



www.burmeseclassic.com



အဖေရှင်



ပါရမီထမ်းစဉ်ဆရာကြီးဦးဘိုးလှ (အဖေလှ)



ပါရမီထမ်းစဉ်ဆရာကြီးဦးနွဲ့ (အဖေနွဲ့)

နေသော ဆရာရန်နိုင်ဆွေ၏မျက်နှာကို ကြည့်ပြန်ရာ ဆရာရန်နိုင်ဆွေကလန့်ပြီး အော်ဟစ်လိုက်မှ ထိုလူကြီးသည် အခန်းထဲမှထွက်ပြေးလေသည်။ ထိုလူကြီးထွက်ပြေးရာတွင်ခြေသံမကြားရချေ။ လောကသားတစ်ဦးဖြစ်ပေလိမ့်မည်။ နက်မိုးလင်းသောအခါ ဆရာစိန်လွင်ရောက်လာပြီး အဖြစ်စုံကိုပြောပြသောအခါ အိပ်သည့်ခုတင်များသည် မြင်းမနားမြို့ ပြည်သူ့ဆေးရုံကြီးမှယူလာကြောင်းသိရပြီး မကျွတ်မလွတ်သေးသောသူများပါလာပုံရလေသည်။

စမတောင်သည် မန္တလေးတိုင်း၊ သည်ဝေးမြို့နယ်(ယခု နေပြည်တော်အတွင်း) သာစည်တို့ ဘူတာ၏အနောက်တောင်ဘက်(၃)မိုင်၊ (၃)ဖာလုံအကွာအဝေးရှိ ပဲခူးရိုးမ၏အရှေ့ဘက်သို့ဖြာထွက်နေသောတောင်စွယ်များထဲမှ တောင်ငယ်တစ်ခုဖြစ်ပါသည်။ ဤနေရာသည် (၅)ဧကကျယ်ဝန်းပြီး ရန်ကုန်-မန္တလေးကားလမ်း၊ ရထားလမ်းပေါ်မှ သာဝတ္တိသို့ရောက်လျှင် အနောက်ဘက်တောင်တန်းဆီသို့မျှော်ကြည့်လျှင် စမတောင်တော်နှင့်စေတီတော်(၅)ဆူကိုမမြင်ရသော်လည်း အရှေ့ဘက်အရန်တောင်ပေါ်မှ စေတီတစ်ဆူနှင့်တန်ဆောင်း၊ မြောက်ဘက်အရန်တောင်ပေါ်မှ သိမ်တော်နှင့်ကမ္မဋ္ဌာန်းကျောင်းအချို့ကိုဖူးမြင်နိုင်ပါသည်။ ထိုစေတီ၏အနောက်ဘက်တည့်တည့်တွင် လျှိုတစ်ခုသာခြားပြီး စမတောင်တော်နှင့်စေတီ(၅)ဆူရှိနေကြောင်း အာရုံပြုကာမှန်းဆဖူးမြော်နိုင်ပါသည်။

စမတောင်တော်ကို မြောက်ဘက်ချက်နှာမှတပါး အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်တို့မှ လျှိုမြောင်များပတ်ဝိုင်းလျက်ရှိသည်။ စမတောင်ပတ်ဝန်းကျင်ရှိ တောတပြင်လုံးသည် မြစိမ်းရင့်ရောင်လွှမ်းခြယ်လျက်ရှိသည်။ ရက်ကန်းစင့်တောင်ကြောကြီးသည် ထီးထီးမားမားဝင့်ကြွားကာ စမတောင်ဦးဆီသို့ ဦးခိုက်နေတော့သည်။ တချို့ တချို့ခါ တွန်သံ၊ချိုးကူသံများက စမတောင်တော်တစ်ပိုက်ဝယ်မြိုင်မင်း၏ ဂီတသံများအဖြစ်ထွက်ပေါ်လာနေပါသည်။ ရက်ကန်းစင်တောင်တော်ဦးသို့မဟုတ် စမတောင်တော်၏ မြောက်ဘက်စွန်းလျှိုအတွင်းမှ ဂျီတစ်ကောင်ကလည်း မှန်မှန်ဟောက်လျက်ရှိသည်။ လေပြေကလေး သုတ်သွေးလိုက်တိုင်း စမတောင်တော်မြတ်ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသော စေတီတော်မြတ်များဆီမှ ဆည်းလည်းသံတချွင်ချွင်များက စမတောင်တော်တွင် စုဝေးရောက်ရှိနေကြသော ပါရမီရှင်များကိုအချိန်မှတ်ရန် သတိပေးနှိုးဆော်နေသကဲ့သို့ပင်ဖြစ်သည်။ ဥယျာဉ်ကျောင်းအတွင်းမှ ကြေးစည်သံများတဘယ်သံ၊ ညာသံများအဖြစ် မြိုင်ဆိုင်စွာပေါ်ပေါက်နေသည်။ နံနက် ကိုးနာရီခွဲမှဆယ်နာရီအတွင်း၌ ရဟန်း၊ သံဃာများသည် ရေသပ္ပာယ်ရန်အလို့ငှာ စမတောင်တော်၏ စနေထောင့်တွင်တည်ရှိသည့် အေးမြကြည်လင်သော မြနန္ဒာရေတွင်းသို့ စီတန်းကြွရောက်လာသည်ကို ဖူးတွေ့ရသည်။

စမတောင်တော်တွင် နေရာတော်တော်များများ၌ ရေးကပ်ထားသော စာတန်းမှာ 'ပါရမီရှင်များခင်ဗျား၊ ဤတောင်တော်သို့ မည်သည့်အတွက်ကြောင့်လာကြပါသလဲခင်ဗျာ' ဤစာတန်းနှင့်ပတ်သက်၍ ကျွန်တော်ဉာဏ်မီသမျှအဖြေပေးပါမည်။

ကျွန်တော်တို့သည် ဘုရား၏ တပည့်တော်၊ သားတော်များဖြစ်သည်နှင့်အညီ ကာမကိလေသာကိုသတ်ရန်အလို့ငှာ စမတောင်တော်သို့လာခဲ့ရခြင်းဖြစ်ပေသည်။ စမတောင်တော်က ဆုကြီးပန်တို့စုဝေးရာဌာနဖြစ်သည်ဟူ၍ အဖေနွဲ့နှင့်အဖေလှတို့က အမိန့်ရှိခဲ့ပေသည်။ အကျယ်ချဲ့၍ဖော်ပြရလျှင် ဆုကြီးပန်ပုဂ္ဂိုလ်တို့မည်သည် ပါရမီဆယ်ပါးအပြားသုံးဆယ်ကို မနားမနေဖြည့်နေရပေသည်။ စမတောင်တော်သို့လာရောက်၍ တရားအားထုတ်ခြင်းသည်ပင် ပါရမီဆယ်ပါးတို့ကို အချိန်အခါမရွေးဖြည့်တင်းနိုင်သည်မှာ ပါရမီရှင်တိုင်းသိနေပါသည်။ ဥပမာ- ရပ်ဝေးရပ်နီးကပုဂ္ဂိုလ်များသည် သာဝတ္တိမြို့အနောက်ဘက် အလယ်ရိုးမ၏အရှေ့ဘက်ဆုံးတောင်ထွက်၌ ကိန်းဝပ်နေသော စမတောင်တော်သို့သွားရောက်ကာတရားအားထုတ်မည်ဟု ဆုံးဖြတ်ကြီးပမ်းလိုက်တိုင်း ရှေးဦးစွာ အဓိဋ္ဌာန်ပါရမီကိုရရှိနိုင်သည်။ ရထား၊ ကား၊ လှည်း၊ ခြေကျင်စသည်ဖြင့် ကျပ်ကျပ်တည်းတည်း ပင်ပင်ပန်းပန်းခရီးသွားလာခဲ့ရခြင်းကြောင့် အခက်အခဲပြဿနာများကို ကျော်လွှားကာ တောင်တော်အရောက် ခရီးထွက်ခဲ့ရခြင်းဖြင့်လည်း ခန္တီပါရမီကိုဖြည့်စွက်စေသည်။ တောင်တော်ပေါ်သို့ရောက်သည့်အခါ၌ ကိုးပါးသီလကိုယူကြခြင်းနှင့် သက်သတ်လွတ်စားသောက်သုံးဆောင်ရခြင်း၊ မေတ္တာဘာဝနာပွားများရခြင်းတို့ကြောင့် သီလပါရမီ၊ မေတ္တာပါရမီတို့မှာ အလိုလိုရရှိသွားသည်။ မိမိသားမယား၊ အိုးအိမ်ကိုကာလအပိုင်းအခြားအရ စွန့်ပစ်ကာ တောရကျောင်းလည်းဖြစ်သော စမတောင်တော်သို့ကြွရောက်တရားကျင့်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြင့်လည်း တောထွက်ခြင်း၊ နိက္ခမပါရမီကိုရရှိစေ၏။ တောင်တော်ပေါ်တွင် တရားကျင့်ခြင်းဖြင့် လောကီ၊ လောကုတ္တရာပညာပါရမီ၊ ဝီရိယပါရမီအသီးသီးလည်းပေါ်ထွက်လာပါသည်။ 'မပေး၊ မရောင်း၊ မဝယ်'ဟူသော စကားသုံးပါးထင်ရှားသော စမတောင်တော်ပေါ်ဝယ် ယခင်ကတစ်ဦးနှင့်တစ်ဦး မသိကြ၊ မတွေ့ဘူးကြသော်လည်း အကျိုးအကြောင်းပါရမီတို့ကြောင့် တရားရှင်အချင်းချင်း၊ ပါရမီရှင်အချင်းချင်းဆုံမိကြသောအခါတွင် တစ်ဦးနှင့်တစ်ဦးမေတ္တာဖြပွစိုရ်တရားလေးပါးကို ရှေ့ကထားလျက် ဆေးပေးမီးယူကူညီခြင်းဖြင့် တစ်ဦးကအဖိုးအခမယူဘဲ မဝယ်ဘဲပေးကမ်းလှူဒါန်းကြခြင်းတို့ကြောင့် ဒါနပါရမီလည်း အလိုလိုပြည့်ခဲ့ကြသည်။ အထူးသဖြင့် စမတောင်တော်ပေါ်တွင်ရောက်ရှိလာကြသော ပါရမီရှင်များ၊ ပါရမီရှင်ကောင်းများသည် ဖိုမစိတ်၊ လိင်စိတ်လုံးဝမထားကြ၊ မောင်နှင့်နှမ၊ သားနှင့်အမိ၊ တူနှင့်အဒေါ်စသည်ဖြင့် ဆွေမျိုးသားချင်းစိတ်ဓာတ်ထားကြပြီး ကိုယ့်စေတနာ၊ ကိုယ့်စိတ်ဓာတ်အရ ရေခပ်ခြင်း၊ ထင်းပေါက်ခြင်း၊ တံမြက်ခတ်ခြင်း၊ ဝေယျာဝစ္စကုသိုလ်များကို ပါဝင်လုပ်ဆောင်နေကြပေ၏။ အသက် လေး၊ငါး၊ခြောက်နှစ်အရွယ်ကလေးသူငယ်များပင် စမတောင်တော်ပေါ်သို့ရောက်ရှိခဲ့သည့်ကာလတွင် ထင်းတစ်ချောင်း၊ အုတ်ခဲတစ်လုံး၊ ရေဘူးတစ်ဘူးစသည်တို့ကို ရင်မှာပိုက်ပြီးဝေယျာဝစ္စကုသိုလ်လုပ်ဆောင်နေကြသည်ကို ကျွန်တော်မျက်စိဖြင့်တွေ့မြင်နေခဲ့ရပေ၏။ အရွယ်နုပျိုသော ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်လုလင်ပျိုများ၊ လုံမငယ်များအနေနှင့်လည်း လက်တွင်စိပ်ပုတီးကိုင်ကာ သိမ်သိမ်မွေ့မွေ့နှင့် သစ်ပင်ရိပ်၊ ကျောင်းရိပ်တို့အောက်တွင် ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းလုပ်ငန်းများကိုလုပ်ဆောင်နေကြပေသည်။

ဤဖော်ပြချက်များကိုကြည့်၍ 'ပါရမီရှင်များခင်ဗျား၊ ဤတောင်တော်သို့မည်သည့်အတွက်ကြောင့် လာကြပါသလဲ ခင်ဗျာ' အဖြေကိုနားလည်ပေလိမ့်မည်ဟု ယုံကြည်မိပေသည်။

တစ်ခါတရံတွင် သာမန်လူသားများပြုလုပ်ဖန်တီး၍မရသောအရာများသည် ဤလူ့ရွာသို့ရောက်ရှိလာခဲ့ကြသည်။ ဤဖြစ်ရပ်ဆန်းမှာ 'စမတောင်'ဟုခေါ်ရခြင်း၏ အကြောင်းရင်းတစ်ခုပင်ဖြစ်သည်။

မြန်မာနှစ်(၁၃၀၆)ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ရက် နံနက်တွင် ထိုတောင်ကုန်းမို့မို့မြေပြန့်တွင် (စ-ခ-ဗ-ဝ)အက္ခရာများနှင့်(ကမှအ)အထိ အက္ခရာများသည် ဗန်းကြီးတစ်ချပ်စာ ကြီးမားသောအကျယ်အဝန်းအတွင်းပေါ်ပေါက်လာခဲ့သည်။ ထိုအခါ လူအများက ထိုအက္ခရာများကို လက်ဖြင့်လည်းကောင်း၊ ဓားဖြင့်ခြစ်ကြည့်ခြင်းဖြင့်လည်းကောင်းဖျက်ကြည့်ကြသည်။ သို့သော်လည်း အက္ခရာများမှာ နဂိုအတိုင်းပြန်ပြီးထင်ရှားစွာပေါ်ပေါက်လာပြန်သည်။ စမအက္ခရာများမှာ တညီတည်းမဟုတ်ဘဲ အငယ်ဆုံးမှာ ဒင်္ဂါးဝိုင်းခန့်ရှိပြီး အကြီးဆုံးမှာ လက်ဖက်ရည်အကြမ်းပန်းကန်အလတ်အရွယ်ထိပ်ဝခန့်ရှိသည်။ ဤသို့ စမများပေါ်လာသည်ဟုကြားသိရသည့်အတွက် ရွာနီးချုပ်စပ်ရှိ ရွာသူ ရွာသားများသည်ထိုနေရာသို့ရောက်ရှိလာပြီး လာရောက်ကြည့်ရှုကြသည်။ တချို့ကလည်း ဖျက်ကြည့်ကြသည်။ စမများကား မည်သို့ပင်ဖျက်ဖျက်မပျက်ဘဲ ထပ်မံပေါ်လာသည်။ ဤသို့ စမပေါ်လာသည့်နေရာများကိုဖျက်ခြင်း၊ တူးဆွခြင်းတို့ကိုပြုလုပ်ဖန်များသော် ထိုနေရာသာမက ယခုဘုရားငါးဆူတည်ထားသော တစ်တောင်လုံးရှိမြေပြင်၌သာမက တောင်စောင်း၌စိုက်ထားသော ဖရုံသီးများ၊ သစ်ပင်ဝါးပင်များ၊ ကမ္မဋ္ဌာန်းကျောင်းနံရံများအပေါ်၌ စမများနေရာအနှံ့ပေါ်ထွန်းလာသည်။ ထို့ထက် ထူးခြားသည်မှာ စမအက္ခရာများသည်သစ်ပင်၊ သစ်ရွက်စသောသက်မဲ့များအပေါ်သာမက ထိုကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးနေသော ဦးပဥ္စင်းဦးကဝိန္ဒ၏ခန္ဓာကိုယ်အရေပြားပေါ်၌ပါ စမအက္ခရာများပေါ်ပေါက်လာသည်။ စမများပေါ်ပေါက်လာပုံမှာ ထူးခြားသလို ပုံသဏ္ဍာန်ကလည်းထူးခြား၏။ စမများသည် တစ်လုံးချင်းသာမက စ၊ခ၊ဗ၊ဝ လေးလုံးထပ်များ၊ ယပက်လက်အထပ်များ၊ တဝမ်းပူးအထပ်များ၊ ကနှင့်ယအထပ်များ စသည်ဖြင့်အမျိုးစုံတွေ့ရသည်။ လအတန်ကြာသောအခါ မှုန့်နေသော စမများတဖြည်းဖြည်းလျော့ပါးသွားပြီး မူလနေရာတွင်သာ ထူထပ်စွာရှိနေသဖြင့် ရာဇမတ်ရက်ပြီး ကာရန်ထားလိုက်သည်။ ဤသို့ဖြင့် လပေါင်းအတော်ကြာ စမများပေါ်နေသဖြင့် လာရောက်ဖူးမြော်သူအားလုံးက တညီတညွတ်တည်း 'စမတောင်'ဟု အမည်ခေါ်ဝေါ်ခဲ့ကြသည်။

စမများစတင်ပေါ်ပြီး တစ်လခန့်အကြာတွင် ကြံဖိုစုရွာ ဦးပြောင်း၊ ဒေါ်အေးတင်တို့၏နေအိမ်သို့ ဝတ်ဖြူစင်ကြယ်ဝတ်ဆရာကြီးတစ်ပါးရောက်လာပြီး-

"စမပေါ်တဲ့နေရာမှာ ဘုရားငါးဆူတည်ရမယ်၊ မတည်ရင် မြန်မာ့သာသနာကွယ်ပျောက်ပြီး လူတွေပါပျက်စီးကုန်လိမ့်မယ်။ မြေကွက်ချည်းကျန်သည့်တိုင် ပျက်စီးလိမ့်မယ်။ ဘုရားတည်မယ့်ဆရာက တောင်အရပ်ကလာလိမ့်မယ်။ ငါတော့ ဘုရားမတည်ဘူး"

ဟု ပြောခဲ့သည်။ ထို့နောက် စေတီရန်လေးဆူကို တနင်္ဂနွေထောင့်စေတီမှ လက်ယာသို့ပတ်၍ ရွှေတိဂုံ၊ ရန်ပြေ၊ မာန်ပြေနှင့်အောင်တော်မူဟု ဘွဲ့တော်သ၍ အလယ်ဘုရားကြီးကို'ဆုတောင်းပြည့်'ဟု ဘွဲ့တော်သရန်လည်းပြောခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးသည် တစ်လခန့်အကြာ၌ ဤတောင်ပေါ်တွင် ထူးဆန်းစွာဘဝကူးသွားခဲ့သည်။

စမတောင်သည် ရှေးအခါကပင် သူတော်စင်များတရားကျင့်ရာ ဘူမိနက်သန်မှန်သည့်နေရာထူးကြီးဖြစ်ပြီး အချိန်ကာလနှင့်တရားကျင့်ရာ သူတော်စင်တို့ကိုလိုက်၍ အမည်နာမငါးမျိုးရသည့် တောင်တော်တောင်မြတ်ကြီးတစ်ခုဖြစ်ပါသည်။ စမတောင်နှင့်ပတ်သက်၍ စည်တော်သံကိုမည်သူရေးခဲ့မှန်းမသိချေ။ စည်တော်သံအညွှန်းတွင်-

'ရက်ကန်းစင်ခတ် စမရယ်နဲ့၊ မင်းဝင်ကရွှေဂူခေါ်

ဖိုဦးလို့ကျော်၊ ငါးမည်ခေါ် ထင်ပေါ်တဲ့တောင်မင်း'

ဤသို့ ရေးဖွဲ့စပ်ဆိုကာ စည်တော်ယွန်းခဲ့ကြသည်။

စည်တော်သံ၌ ရည်ညွှန်းထားသော အမည်ငါးမျိုးမှာ (၁) ရက်ကန်းစင်တောင်၊ (၂) စမတောင်၊ (၃) မင်းဝင်တောင်၊ (၄) ဂူတောင်၊ (၅) ဖိုဦးတောင်တို့ဖြစ်ကြသည်။

ရက်ကန်းစင်တောင်ဟု အမည်ရခြင်းမှာ ကျေးဇူးရှင်ရက်ကန်းစင်တောင်ဆရာတော်ကြီးသည် နိဗ္ဗာန်ထွက်ရပ်အကျင့်မြတ်ကို ဤတောင်ပေါ်၌ကျင့်ကြံအားထုတ်ခဲ့ခြင်းကြောင့် ဤသို့အမည်နာမရခဲ့ခြင်းဖြစ်ပါသည်။ စမတောင်ဟု အမည်ရခြင်းမှာ ဘိုးဘိုးအောင်အလုပ်လုပ်သွားခဲ့သည့်နေရာတွင် စမများပေါ်ထွန်းခဲ့သည့်အတွက် စမတောင်ဟူ၍လည်းကောင်း၊ သူတော်စင်များကျင့်ကြံ



www.burmeseclassic.com

www.burmeseclassic.com

မော်ဘွားများရှိသည့်အတွက် ဂူတောင်ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ဖိုဦးတောင်ဟုခေါ်ရခြင်းမှာ ဤ နေရာ၌ဖိုကြီးများပြုလုပ်၍ ထွက်ရပ် သင်သို့မြန်းကြသွားသည့် သူတောင်စင် များ၏ဖိုကြီး(၉)ခုမှာ ဤတောင်ကြော ၏အဦးအစ၌တည်ရှိနေသဖြင့် ဖိုဦး တောင်ဟုခေါ်ကြသည်။ မင်းဝင်တောင် အား ပါးစပ်ရာဇဝင်အရ တောင်ငူဘုရင် မင်းဆက်များ ဤတောင်၌ဘိသိတ်ခံခဲ့ သောကြောင့်ဟု ပြောကြသည်။

စမတောင်တော်အကြောင်းဖော်ပြ လျှင် သာသနာပြုဆရာကြီးသုံးဦးအ ကြောင်းမှာလည်း မပါမဖြစ်ပါဝင်ရမည်။ ထိုဆရာကြီးသုံးဦး၏အမည်မှာ အဖေ ရှင်၊ အဖေနွဲ့နှင့်အဖေလူတို့ဖြစ်သည်။ ပထမဆရာကြီးအဖေရှင်သည် မိတ္ထီလာ ခရိုင်၊ သဲတောဝမ်းတွင်းမြို့နယ်၊ ပျားစွဲ ရွာသားဖြစ်ပြီး ဆုကြီးပန်ပုဂ္ဂိုလ်ဖြစ် သည်။ အဖေရှင်သည် အုတ်တွင်းမြို့၌ စိန်း သားသမီးများနှင့်အတူ ကိုင်းလုပ် ယာလုပ်ကိုင်နေသော အဖေနွဲ့ကိုတွေ့ ဆောင်ရှာပြီးနောက် သမထ၊ ဝိပဿနာ အလုပ်နှင့် မဟိဒ္ဓိပညာများသင်ပေးပြီး ချင့်ကြဲ အားထုတ်စေခဲ့ပါသည်။ထို့ နောက် တောင်ငူခရိုင်၊ ကျွန်းကုန်းမြို့ အနောက်တောင်ဘက်ခြောက်မိုင်အကွာ အုတ်ခုပ်ကုန်းကျေးရွာအနီးရှိ လောက အုတ်ဘုရားကြီးကို (၁၂၈၂)ခုနှစ်၌ ဆရာ တပည့်နှစ်ယောက်အတူတူ ပန္နက်ချ တည်ခဲ့ကြသည်။ အဖေရှင်သည် အဖေ နွဲ့ကို မန္တလေးမြို့၊ မန္တလေးတောင်ဗျာ ဒိတ်ပေးဘုရားသို့ခေါ်သွားပြီး သာသနာ တစ်ဝက်မတိုင်မီ ဓာတ်ဘုရားခြောက်ဆူ ကို ရှာဖွေဖော်ထုတ်တည်ထားရမည့် သာသနာပြုလုပ်ငန်းတာဝန်များကို လွှဲ အပ်ကာ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပေးပြီး ထွက်သွားခဲ့သည်။

အဖေနွဲ့သည် အဖေရှင်နှင့်ပထမ ဦးဆုံးတည်ခဲ့သော ဓာတ်ဘုရားတစ်ဆူ အပြင် ကျန်ဓာတ်ဘုရားငါးဆူကို မြန်မာ ပြည်အနှံ့စုံစမ်းရှာဖွေနေခဲ့ရာ (၁၃၀၃) ခုနှစ်တွင် စမတောင်သာသနာပြု ဒုတိယဆရာဖြစ်လာမည့် အဖေလူကို တွေ့ရှိရသည်။ တွေ့လျှင်တွေ့ချင်းပင်-

"နာမည်က ဦးဘိုးလူ၊ နေ့ကစနေ ဆုတ်ကဲ့လား။ ညာခြေသန်းမှာ ခြေပွား လေးပါတယ်နော်၊ လက်ကကောဗျာ"

ဦးဘိုးလူက အာလုံးမှန်ကြောင်း ညာလက်သန်းကိုဘေးတိုက်ထောင်ပြ၍ည လက်သန်းအရင်းနား ဘေးစောင်းတွင် စပါးစေ့ခန့်အသားပိုကျန်နေသေးသော အမာရွတ်ကိုပြလျက်-

"ဒီမှာလေဗျာ၊ အမေကကြီးတော့ ရှုက်နေမှာစိုးလို့ မီးကထွက်တော့ဖြတ် ပစ်လိုက်သတဲ့"

ဟု ပြောသည်။

အဖေနွဲ့က-

"ရှာလိုက်ရတာ ဖမ္မျူတလူရယ်၊ ကျုပ်မှာအထက်အောက်၊ မြစ်ဝကျွန်း ပေါ်တခွင် တက်တက်စင်လို့ တွေ့တော လည်း အနီးလေးပါလားဗျာ"

ဟူ၍အဖေနွဲ့က ဥဒါန်းကျူးလိုက် သည်။

အဖေလူသည် စမတောင်သို့ နောင်တစ်ချိန်ကျော်ကြားလာမည့် တောင်၏ အရှေ့မြောက်ဘက်တောင် ခြေမှ မိုင်ဝက်ခန့်ဝေးသော ကြံဖိုစုရွာ သားဖြစ်ပြီး တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးဖြစ်သည်။ သူသည် တော ရဆောက်တည်နေသော တောင်နီဆရာ တော်ကြီးထံတွင် သမထပိုင်းကိုအထူး အားထုတ်သူဖြစ်သည်။ အဖေနွဲ့နှင့် အဖေလူတွေ့သောအခါ အဖေလူက သမထကနေ ဝိပဿနာကူးအောင် တရားပြပေးနိုင်ပါသလားဟုမေးရာ အဖေနွဲ့က ကောင်းကောင်းပြပေးနိုင် ကြောင်းပြောခဲ့သည်။ ထို့နောက် တောရ ကျောင်းဆောက်ရန် ဘုမိနက်သန်နေရာ ကိုတွေ့ရှိပြီး(၈)ပေပတ်လည်ဝါးကျောင်း ကလေးကို နေ့ချင်းပြီးဆောက်ခဲ့သည်။ ထိုနေရာမှာ နောင်သောအခါ စမ တောင်သာသနာပြုဌာနကြီး၏ မူလ ဘုတသမိုင်းဖြစ်ပြီး (၁၃၀၃)ခုနှစ် ပြာသို လဆန်းမှစတင်ခဲ့သည်။

ကမ္မဋ္ဌာန်းကျောင်းဆောက်ပြီး နောက် အဖေနွဲ့သည် အဖေလူဖြစ်လာ မည့်တပည့်အပါအဝင် တပည့်သုံး ယောက်ကိုတရားပြရင်း အတူတကွအား ထုတ်ခဲ့သည်။ တစ်ညတွင် အဖေနွဲ့က ကျုပ်တပည့်များ ဒီတောင်ပေါ်မှာသူ တစ်ပါးအလွှေးအသားပါတဲ့ အစားအ စာတွေစားပြီး အားထုတ်လို့မဖြစ်ဘူး။ ဘယ်တော့မှ မစားသုံးကြလေနဲ့ဟု သတိဒပေးတားမြစ်ခဲ့ပါသည်။ ထိုအခါမှ စ၍ ယောဂီ၊ သံဃာများပါ တရားအား ထုတ်ကြသဖြင့် ကမ္မဋ္ဌာန်းတောင်ဟု ကျော်ကြားသော ကမ္မဋ္ဌာန်းဌာနတစ်ခု ဖြစ်ခဲ့ပါသည်။

၁၃၀၆ခုနှစ်၊ တန်ဆောင်မုန်းလ ပြည့်ကျော်တစ်ရက်တွင် အုတ်တွင်းမြို့ ကနေ အဖေနွဲ့ကြွလာပြီး စမပေါ်တဲ့နေ ရာမှာ ဘုရားငါးဆူတည်ဖို့ မဟိဒ္ဓိများ၊ သာသနာစောင့်များက တာဝန်ချထား တဲ့အတွက် မိမိကိုယ်တိုင်ဦးဆောင်ပြီး အဖေလူက လက်တွေ့တည်ရမည်ဖြစ် ကြောင်း အဖေနွဲ့ကပြောပြသောအခါ အဖေလူက မတည်လိုကြောင်းငြင်းဆန် ခဲ့သည်။ ထိုအခါ အဖေနွဲ့က-

"ဘုရားမတည်လို့မဖြစ်၊ ဒီနေရာ ဟာ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ နေရာဌာန ဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးကိုကယ်ရ မယ့်အလုပ်ဖြစ်တယ်။ ဘုရားငါးဆူမ တည်ရင် မြန်မာသာသနာနဲ့လူမျိုးသာ မက ကမ္ဘာကြီးပါပျက်စီးလိမ့်မယ်။ ပါရမီ လမ်းစဉ်ကြီးကိုဦးဆောင်ရမယ့် ကျုပ်တို့ ခင်ဗျားတို့ဟာ သတ္တဝါများအတွက် ကိုယ်အနစ်နာခံလို့ သတ္တဝါအများချမ်း သာဖို့ဆိုရင် ခံနိုင်ရည်ရှိရမှာပေါ့"

ဟု တိုက်တွန်းပြောပြတော့မှ အဖေလူကလက်ခံဆောင်ရွက်ခဲ့ပါသည်။ ဘုရားတည်ဖို့အတွက် ဆောင်ရွက်သော အခါ (၂)နှစ်ကျော်ကာလအတွင်း ဂျပန် ခေတ်တွင် သခင်ဘိုးလူဖြစ်ခဲ့သော အဖေလူမှာ ရက်(၄၀)အချုပ်အနှောင်ခံ ရခြင်း၊ ကြိမ်ဒဏ်အချက်(၁၀၀)အရိုက်ခံ ရခြင်းစသော အတားအဆီးများကို ခါး စည်းခံကာ မေတ္တာတရားရှေ့ထား၍ ကြိုးစားအားထုတ်ခဲ့သည်။

ဆရာနှစ်ပါးပန္နက်ရိုက်ခဲ့သော် လည်း ဘုရားငါးဆူမတည်နိုင်သေးဘဲ လက်နက်ကိုင်အဖွဲ့များလှုပ်ရှားလာသည့် အတွက် အဖေနွဲ့ရောက်လာပြီး အဖေ လူနှင့်တပည့်များကို-

"ဘုရားမတည်လို့မဖြစ်ဘူး။ ကြာ ရင် သတ္တဝါတွေပျက်စီးတော့မယ်။ ဘုရားပြီးဖို့ အရေးကြီးတယ်"

ဟုဆိုပြီး (၁၃၀၉)ခုနှစ် ကဆုန်လ ဆန်းတွင် ပန္နက်ထပ်ရိုက်ပြီး ဘုရားငါးဆူ တည်ခဲ့သည်။

၁၃၁၃ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက်နေ့တွင် ပင်မစေတီကြီးကိုထီး တော်တင်လှူအောင်မြင်စွာ ပူဇော်နိုင်ခဲ့ ပါသည်။ စေတီရံများ၏ ခေါင်းလောင်း မှောက်နေရာတွင် တနင်္ဂနွေထောင့် စေတီရံကစပြီး လယ်ယာရစ်တစ်ဆူစီ၊ တနင်္ဂနွေစေတီမှ(စ)၊ အင်္ဂါထောင့်စေ တီမှ(ဓ)၊ စနေထောင့်စေတီမှ(စဓဓ)၊ ရာဟုထောင့်စေတီရံကစပြီး ကက္ကသန်၊ ကောဏဂုဏ်၊ ကဿပ၊ ဂေါတမ၊ လက်ယာရစ်အစဉ်လိုက် ဘွဲ့တော်သပြီး အလယ်စေတီတော်ကြီးကို အရိမေတ္တ ယျဟု ဘွဲ့တော်သခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### မြို့ကြီးဆည်ဇာစက်မှုဝန်ထမ်းတစ်ဦးရဲ့ကိုယ်တွေ့

# သွေးတိုးနဲ့ငှက်ဖျားဗေလုံးပျောက်တဲ့ဆေးနည်း

မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးများသည် ရှေးရှေးဘိုးဘွားမိဘများလက်ထက်မှစပြီး ယနေ့ထက်တိုင် ရိုးရာဝလေ့ဆေးနည်းများဖြင့် အုံ့ဩဖွယ်ရာအသက်ကယ်တင်မှုများရှိခဲ့သည်။ ရှေးရှေးခေတ်က မြန်မာများသည် ယခုခေတ်လိုအထူးကုဆေးခန်းများ၊ ပါရဂူများမပေါ်များသေးပေ။ သို့သော်လည်း တောနေရပ်ခြား ကျေးလက်ရွာသားများသည် မြို့နှင့်လက်လှမ်းမမီ၊ အလှမ်းကွာဝေးလှသည့်ကတစ်ကြောင်း အနောက်တိုင်းဆေးဝါးကိုသိရှိနားလည်မှု ကျွမ်းကျင်မှုမရှိသောကြောင့် ဘိုးဘွားစဉ်ဆက်လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သော အစွမ်းထက်မြန်မာ့ဆေးမြီးတိုများဖြင့် ယနေ့ထက်တိုင် အုံ့ဩဖွယ်ရပ်တည်လျက်ရှိခဲ့ကြသည်။ ဒါတွေက အကြမ်းဖျင်းအပေါ်ယံလေက်သာဖြစ်ပါသည်။ဘိုးဘွားစဉ်ဆက်လက်ဆင့်ကမ်းခဲ့သော မြန်မာဆေးနည်းများမှာ ယနေ့ထက်တိုင် ကျယ်ဝန်းနက်ရှိုင်းစွာရှိနေပါသည်။

ဘာကြောင့်ဆိုသော် မြန်မာ့ဆေးပညာသည် အနောက်နိုင်ငံဆေးပညာကိုနားကျပ်နှင့်အပူချိန်တိုင်းကိရိယာ၊ သွေးပေါင်ချိန်ကိရိယာတို့မပါဘဲ လူနာ၏သွေးခုန်နှုန်း၊ မျက်လုံး၊လျှာ၊ ဆီးအရောင်အဆင်းကြည့်ရှုခြင်းနှင့် လူနာ၏ဝေဒနာကိုတိကျစွာမှတ်ချက်ချအမည်တပ်ပါသည်။ ထိုအခါ ရောဂါဝေဒနာမှာ မလွဲစေကန်မှန်ကန်ပါသည်။ မြန်မာဆေးပညာကျယ်ဝန်းနက်ရှိုင်းပုံကို အကြမ်းစားတင်ပြပါမည်။ မြန်မာဆေးပညာသည် အပူနှင့်အအေးခွဲခြားတတ်ရမည်။ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပညာတ်ပရမတ်၊ ပါပသောမ၊ မိတ်ဓာတ်ရန်ဓာတ်စသည့်တို့ကို ခွဲခြားဝေဖန်နိုင်ရမည်။ ဒါဟာ အနည်းအငယ်မျှသာဖြစ်ပါသည်။ဒါဆိုရင် ဘယ်လောက် ခက်ခဲနက်နဲတယ်ဆိုတာ သိလောက်ပါတယ်။ ဒီနေရာမှာ ရှေးဘိုးဘွားမိဘများရဲ့ မြန်မာ့ဆေးမြီးတိုတွေဟာ အရမ်းအစွမ်းထက်ပါတယ်။ ဝမ်းတွင်းအနာကို အပြင်ကဆေးလိမ်းဆေးစည်းရုံနဲ့ပျောက်တာတွေရှိပါတယ်။ တချိန်က မြန်မာဆေးလောကကိုဖိန်ဖိန်ခဲ့တဲ့မှန်ချီဆရာတော်ဟာ အဲဒီလိုဆေးတွေကိုဖော်စပ်ပေးခဲ့တာပါ။

ဒါကြောင့် မြန်မာ့ဆေးမြီးတိုတွေကို အထင်သေးစရာမလိုပါဘူး။ ယနေ့ခေတ်စားနေတဲ့ သွေးတိုးဆိုတဲ့ရောဂါနဲ့ ငှက်ဖျားဗေလုံးရောဂါကို မထင်မှတ်တဲ့ဆေးပင်က သက်သာပျောက်ကင်းပုံကိုတင်ပြမှာပါ။ အဲဒီအပင်ကတော့ လူတိုင်းသိတဲ့ တောင်ဇီးဖြူဆိုတဲ့လမ်းဘေးပေါက်တဲ့အပင်လေးပါ။ အဲဒီအပင်ကို သုံးခွက်တစ်ခွက်တင်ကြိုပြီး ရေသောက်သလို နံနက်၊ နေ့လယ်၊ ညနေသုံးကြိမ်မှန်မှန်သောက်ပေးရုံပါပဲ။ ဒီဆေးနည်းကိုပြောပြတဲ့သူကတော့ မြို့ကြီးဆည်တည်ဆောက်ရေးက စက်မှုကျွမ်းကျင်(၃) ဦးစိုးလှိုင်ပဲဖြစ်ပါတယ်။ စာရေးသူရဲ့စတိုဝင်းထဲမှာဆေးပင်လာနှုတ်ရင်းပြောပြလို့ သုရဿမင်္ဂလာပရိသတ်ကို ဝေမျှရေးသားတင်ပြတာပါ။ ဒါကြောင့် မြန်မာဆေးမြီးတိုကို အထင်မသေးပါနဲ့လို့ ဒီနေရာကပြောလိုက်ပါရစေ။

*(မြို့ကြီးဆည်စီမံကိန်းမှ စက်မှုကျွမ်းကျင်(၃) ဦးစိုးလှိုင်အတွက်အမှတ်တရ)*

**ရသဂန္ဓိ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**

၁၃၂၁ခုနှစ်၊ နှစ်ဆန်း(၁)ရက်နေ့တွင် ဘုရားငါးဆူ၏ တနင်္ဂနွေထောင့်၌ ဆရာကြီးဦးသာနွဲ့(ခေါ်) အဖေနွဲ့အမျှုးပြု၍ ဒါယကာ၊ ဒါယိကာမများမှ စက်နဝင်းအရကြေးချိန်(၁၀၈)ပိဿာရှိသောကြေးခေါင်းလောင်းတော်ကြီးကို အဖေလူဦးဆောင်၍ ပါရမီရှင်များကကပ်လှူပူဇော်ခဲ့ပါသည်။

ထို့အပြင် ဓာတ်ဘုရားခြောက်ဆူကိုလည်း တည်တော်မူခဲ့ပါသည်။ ဆံတော်ရှင်ဓာတ်ဘုရားခြောက်ဆူမှာ သာဝတ္ထိ၌ နှစ်ဆူမှာ စမတောင်ဘုရားနှင့် သာဝတ္ထိမြို့ထဲရှိ ဆံထိုးသိမ်တော်ဘုရား၊ ကျွန်းကုန်းမြို့၌ နှစ်ဆူမှာ လက်ခုပ်ကုန်းရွာ၌ လောကဓာတ်ဘုရားနှင့်ကျွန်းကုန်းမြို့ရှိ လေးထောင့်ကန်ဘုရား၊ ရေတာရှည်မြို့နယ်၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ နှစ်ဆူမှာ သစ်ချဆိပ်ရွာ၌ မယ်နဲ့ဘုရား၊ ကလင်းဆိပ်ရွာ၌ မောင်ဘုရားစုစုပေါင်းခြောက်ဆူဖြစ်ပါသည်။

စမတောင်တော်သည် ထူးခြားသောဖြစ်ရပ်ဆန်းကြယ်များနှင့်အတူ ပေါ်ပေါက်လာသည့် တောင်တော်ဖြစ်ပြီး ဤဘဒ္ဒကမ္ဘာ၏ ဘုရားငါးဆူနှင့်ပတ်သက်သည်ဟု ယူဆကြပါသည်။ စ၊ ဓ၊ ဗ၊ ဝ စသည့် စမအက္ခရာများပေါ်ထွက်လာပြီး ဓာတ်လေးပါးအချုပ်ဟုယူဆရသော ဓာတ်စမများ၊ ဝင်စမ၊ ထွက်စမ၊ ထိန်းစမ၊ သိမ်းစမစသော လောကီသိဒ္ဓိဆိုင်ရာ စမအက္ခရာများပေါ်ထွက်ရဖြစ်ခြင်း၊ရှေးဟောင်းဆံတော်ရှင်ဓာတ်ဘုရားတည်ရာဌာနဖြစ်ခြင်း၊ လောကီလောကုတ္တရာအကျင့်ကို ကျင့်ကြံနိုင်သူတို့၏ ဘုမိနက်သန်ဖြစ်ခြင်း၊ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာစေရန် စီရင်ဆောင်ရွက်ရာဌာနထူးဖြစ်ခြင်းစသည့် ထူးခြားသောနေရာဌာနကြီးဖြစ်ပေသည်။ ဤသို့ထူးခြားသည်သာမက အမည်ငါးမျိုးနှင့်ထင်ပေါ်ကျော်ကြားသည့် တောင်တော်မြတ်ကြီးဖြစ်သောကြောင့် 'ငါးမည်ထင်ပေါ် စမတောင်တော်၊ နိဗ္ဗာန်ရည်မှန်း သွားဖူးစို့နော်' ဟူ၍ရေးဖွဲ့ကာ ကန်တော့ပန်းဆင်လိုက်ရပါသည်။

**တင်အောင်(စက်မှုတက္ကသိုလ်)**

**ကျမ်းကိုး**

**စမတောင်တော်**
ဆရာဦးပြုံး
(ဦးဝင်းမြင့်၊ ဦးလှကျော်တို့မှ ပုံနှိပ်ထုတ်ဝေသည်)

**ကတိသစ္စာ**
ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)၊
(ဦးစန်းဦး၊ စိတ်ကူးချိုချို စာပေ)

**ငါးမည်ထင်ပေါ် စမတောင်တော်**
ရီရီငွေ
(တောင်သုံးလုံး ဇေတဝန်စာသင်တိုက်)


**ဆရာမောင်ပန်းမွှေး**
(ယခင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၊ မြန်မာစာဆရာ) ၏ပြောပြချက်များ။

(ဤဆောင်းပါးဖြင့် အဖေနွဲ့၊ အဖေလူနှင့် အဖေဦးရန်အောင်တို့ကို ဦးခိုက်လျက်)




www.burmeseclassic.com

www.burmeseclassic.com







(၉) မိုင်နီးဘုရားကြီးဆံပုံတော်များ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

# ရှမ်းတိုင်းရင်းသားတို့လက်မှုပညာဖြင့်ပူဇော်သော နီးဘုရားများနှင့်ကျွန်တော်

ရှေးဟောင်း သုတေသနဘာသာ ...တို လေ့လာလိုက်စား သင်ယူပြီး ...တ်ပိုင်း ကျွန်တော်သည် နီးဘုရား ...ကို မကြာခဏ ဖူးမြော်လေ့လာခွင့် ...တ်လေသည်။ နီးဘုရားများပြုလုပ် ...တွင် ဝါးကိုနီးဖြာကာ အောက်ခံအဖြစ် ...လုပ်ပြီး စစ်စီး (သစ်စေး) သုတ်ကာ ...ခြင်း ဖြစ်သည်။ ပုဂံညောင်ဦးဒေသ ... ယွန်းထည်ပစ္စည်းများ ပြုလုပ်သော ...အတိုင်း ပြုလုပ်ခြင်းပင် ဖြစ်၏။

**...တိုင်းရင်းသားတို့၏ ရင်မှဖြစ်သော ...ဘုရားများ**

ထိုနီးဘုရား (Bamboo Thread ...ddha Image) အားလုံးသည်လည်း ရှမ်းတိုင်းရင်းသားတို့နှင့် ပတ်သက်နေသည်ချည်း ဖြစ်လေ၏။ နီးဘုရားများသည် အဘယ်ကြောင့် ရှမ်းတို့နှင့် ပတ်သက်နေရပါသနည်း။ ရှမ်းပြည်နယ်တွင် တောင်ကုန်းတောင်တန်းများပေါ်များလှရာ လေးပင်သော ကျောက်ဆင်းတု၊ အင်္ဂတေသားဆင်းတုတို့ဆိုလျှင် တစ်နေရာမှတစ်နေရာသို့ သယ်ယူပင့်ဆောင်ရန် ခက်ခဲလှပါသည်။ သို့ဖြင့် ပင့်ချီသယ်ယူရန် လွယ်ကူသော နီးဘုရားလေးများကို ရှမ်းပြည်နယ်အတွက် သီးခြားတီထွင်ပြုလုပ်ရာမှစခဲ့သည်ဟုလည်း ယူဆကြလေသည်။ မည်သို့ပင်ပြောကြပါစေ ရှမ်းတိုင်းရင်းသားများနှင့် နီးဘုရားကား 'ရှမ်းတိုင်းရင်းသားများ၏ ရင်မှဖြစ်သော' ဟု ခေါင်းစီးပေးချင်လောက်အောင်ပင် ခွဲခြားမရကောင်းသောအရာများပေတည်း။

ကျွန်တော်သိသော ရှမ်းတို့၏ နီးဘုရားများကား -

- ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းခတ်မြို့အနောက်ဘက် (၇) မိုင် အကွာရှိ မိုင်းနုန်းရွာမှ ဉာဏ်တော်အမြင့် (၉) တောင်ရှိ ဖကျောက်အင်းဆန် (ဖလားအင်းဆန်) နီးဘုရား။
- ရှမ်းတိုင်းရင်းသား လက်မှုပညာရှင်လုံးအွန်ဆိုင် ပုံစံထုတ်ကာ ပုံဖော်ပေးခဲ့သော ရန်ကုန် မရမ်းကုန်းမြို့နယ် (၉) မိုင် ရှမ်းကျောင်းဝင်း



www.burmeseclassic.com

www.burmeseclassic.com







ကလော နီးဘုရားကြီး၏ပုံတော်များ



ကလော နီးဘုရားကြီး၏ပုံတော်များ





ကလော ဘက်လီကျောင်းတိုက်မှ ရွှေပေါင်နီးဘုရားငယ်များ

အတွင်းရှိ ဉာဏ်တော် (၁၈) ပေရှိ နှီးဘုရားကြီး။

- ကလောမြို့ အမှတ်(၈)ရပ်ကွက် ပင်မာကုန်း တောင်ကြောပေါ်ရှိ ဆုတောင်းပြည့် မဟာမုနိနှီးဘုရားကြီး။
- ကလောမြို့ ဘက်လီကျောင်းဘုရားခန်းထဲတွင် ရွှေခေတ်လက်ရာ နှီးဘုရားငယ်နှစ်ဆူ စသဖြင့် အထင်အရှားရှိနေကြသော နှီးဘုရားများ ဖြစ်ပေသည်။

ထိုနှီးဘုရားများ၏သမိုင်းကြောင်းများမှာလည်း စိတ်ဝင်စားစရာကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းခတ်မြို့အနောက် မိုင်းနန်းရွာမှ ကျောက်အင်းဆန်နီးဘုရား



ထိုရှမ်းနီးဘုရားကြီးများ၏ အစအား ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့ ဖြစ်၏။ ရှမ်းဘာသာအားဖြင့် 'မိုင်း' မှာ 'ရွာ'၊ 'ခတ်' မှာ 'သွေးချောင်းစီးနေသော' ဟု ဖြစ်ရာ မိုင်းခတ်ကား သွေးချောင်းစီးနေသောရွာလေးဟု အဓိပ္ပာယ်ရသည်။ အကြောင်းမူ ရွာအနီးတွင် မိုင်းကာ (မိုင်း-ရွာ၊ ကာ-ဂျပန်)မြို့ရှိရာ ထင်းမှ ရန်သူများက ဂျပန်များနှယ် ထိုးစစ်တက် ရန်စကာ ချီတတ်လာပြီး မိုင်းခတ်ရွာလေးကို ဒုက္ခပေးတတ်ရာ သွေးချောင်းစီးခဲ့ရသောကြောင့်ပင်။

ထိုမိုင်းခတ်ရွာလေးမှ သက်တော် (၁၂၅)နှစ်ရှိ သက်တော်ရှည်ဆရာတော်ကြီးသည် သက်တော် (၅၈) နှစ်အရွယ် ညတစ်ညတွင် အိပ်မက်တော်မြင်မက်ခဲ့၏။



အိပ်မက်ထဲတွင် သိကြားမင်းက ဆရာတော်အား -

ကြေးနီ၊ ကြေးဝါ၊ ရွှေ၊ ငွေသတ္တုတို့ဖြင့်လည်း မြတ်စွာဘုရား၏ ဆင်းတုတော်ကို သွန်းလုပ်ခဲ့ဖူးပြီ။ သစ်သား၊ ကျောက်သား၊ အုတ်၊ အင်္ဂတေများဖြင့်လည်း ဆင်းတုတော်များကို ထုဆစ်ပုံဖော်ခဲ့ကြဖူးပြီ။ ဝါးဖြင့် ရက်လုပ်ခြင်းကား မရှိသေး။ ထို့ကြောင့် ဝါးဖြင့်ရက်လုပ်သော နီးဘုရားကို ပြုလုပ်လှူဒါန်းဖို့ အကြံပြုလေသည်။ သိကြားမင်းလည်း ကူညီညာဝိုင်းကာ မှိုင်းမမည့်အသွင်ရှိနေ၏။ ဆရာတော်လည်း အိပ်မက်မှ နိုးထသည်နှင့် မတွေ့ဖူးသေးသော နီးဘုရားကို ကောင်းကောင်းဝါးဝါးလုပ်ဖို့ ပြင်ဆင်လေတော့





ကလေား နီးဘုရားကြီးဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com



ကလောနီးဘုရားကြီးကို ရဟန်းတော်များ အလှူယ်တကူ ပင့်-မနေကြပုံ



ပုသိမ်ညွန့်နီးဘုရားကြီးရှေ့မှ
ခြေချထိုင်နေဟန်ဆင်းတုတော်တစ်ဆူ



ပုသိမ်ညွန့်နီးဘုရားကြီး



ပုသိမ်ညွန့်နီးဘုရားကြီး



ပုသိမ်ညွန့်နီးဘုရားကြီးနှင့်အတူ ယှဉ်တွဲစံတော်မူနေသော ဆင်းတုတော်များ

သည်။

ဆရာတော်က တစ်နှစ်သားသက်တမ်းရှိ အပြစ်အနာအဆာကင်းသည့် ဝါးကောင်းဝါးရင့်များ၊ အဆစ်ကျဲသော ဝါးများကိုသာ ရွေးချယ်ကာ (၃) လံ လောက်အရှည်ခုတ်စေ၏။ ရှမ်းပျိုဖြူနှင့် လူပျိုများကိုပင် ဝါးခုတ်စေခဲ့သည်။ လူရွေးရာတွင်လည်း ရွှေ(ခမ်း)၊ ငွေ(ငင်း) နှင့် ကျောက်မျက်ရတနာ (ရှန်) စသော အဖိုးတန်သည့်အနက်ရှိသော အမည်ရှင်များကိုသာ အဓိကထား ရွေးချယ်ခဲ့သည်။ နှီးဖြာသူများကိုလည်း ငါးပါးသီလခံစေပြီးမှ နှီးဖြာစေခဲ့၏။ ထိုနှီးများ



www.burmeseclassic.com

www.burmeseclassic.com



(၉) မိုင်နီးဘုရားကြီး





ကလေား နီးဘုရားကြီး၏ပုံတော်များ

ကို ပျော့ပျောင်းသွားစေရန် ကန်သစ်တူး ပြီး သန့်စင်သောရေကိုသာထည့်ကာ စိမ်စေ၏။ နမ့်နုံးချောင်းရေကိုလည်း ကန်ထဲထည့်ဖို့အတွက် မည်သူ့ကိုမျှ ချိုးသုံးခွင့်မပြုတော့။ ရေသစ်ထည့်ပြီး သည်နှင့် ငါး၊ ပုစွန်၊ လိပ်တို့ ပျော်မြူးကြ သော်လည်း နှီးစိမ်သည်နှင့် ထိုသတ္တဝါ များ ပျောက်ခြင်းမလှ ပျောက်သွားကာ ရေသည် ပကတိသန့်စင်နေတော့သည်။

မြန်မာနှစ် ၇၀၀ ပြည့်နှစ်တွင် နီးဘုရားကြီးကို စတင်ရက်လုပ်သည်။ ရက်လုပ်သည်နှင့် ရွာနီးချုပ်စပ်မှုမဟုတ် သော ဝတ်ဖြူစင်ကြယ်ဝတ် အသက် (၈၀) ရွယ် အဘိုးအိုတစ်ဦး ရောက်လာ ကာ ကူရက်ပေးမည်ဟုဆိုသဖြင့် အလုပ် အကိုင်ကိုစုံစမ်းရာ ကွမ်းရွက်ရောင်းပြီး အသက်မွေးကြောင်း ပြော၏။ အလုပ် ကူလုပ်ပေးလျှင် ... ကွမ်းတစ်ခြင်းလုံး သယ်ပါဟူသောစကားဖြင့် နီးကူရက်ပေး ပြီး ညနေပိုင်းတွင် ပျောက်ပျောက်သွား တတ်သည်။ သို့သော် နောက်နေ့ ဘုရား ရက်လုပ်ဖို့ ပြင်ဆင်ကြသော် ရောက် လာပြန်သည်။ မနေ့က ရက်လုပ်စမှာ လည်း တစ်ညအတွင်း ပုံပြောင်းနေကာ အတော်အသင့် ပြီးပြီးနေတတ်သည်။ မကြာခင်မှာပင် ကြည်ညိုဖွယ် ရုပ်လုံး ပေါ်ခဲ့ပြီး သစ်စေးသုတ်ဖို့ အသင့်ဖြစ် သွားတော့သည်။ သစ်စေးသုတ်၊ ရွှေချ ပြီးသောအခါတွင်ကား ထိုအဘိုးကြီးမှာ ပျောက်ခြင်းမလှပျောက်ကွယ်သွားလေ ရာ အစအနပင် မပေါ်လာတော့ချေ။

သို့ဖြင့် ရှမ်းအများက သိကြား မင်း ကူရက်သဖြင့် မလုပ်တတ်မကိုင် တတ် ရက်လုပ်ခဲ့သော နီးဘုရားကြီး သည် မြန်ဆန်တင့်တယ်စွာ ပြီးမြောက် ခဲ့ရသည်ဟု ယုံကြည်သွားကြလေ၏။ နီး ဘုရားကြီးဘွဲ့တော်ကိုလည်း သိကြား မင်းက ဝတ်ဖြူစင်ကြယ်အဘိုးအိုဟန် ဖြင့် လာရောက် ရက်လုပ်သောဘုရား ဖကျောက်အင်းဆန်, (ဂုံရှမ်းဘာသာ) ဟု လည်းကောင်း၊ ဖလားအင်းဆန်- ဖရားအင်းဆန် (ရှမ်းဘာသာ) ဟု လည်းကောင်း သမုတ်ခေါ်ဝေါ်ခဲ့ကြ၏။ ဖကျောက် - ဗုဒ္ဓဘုရား၊ အင်း - သိကြား မင်း၊ ဆန် - ရက်လုပ်ခြင်းဟု ဖြစ်ပါ သည်။

ထိုနီးဘုရားကြီးမှာ အမြင့် (၉) တောင်ရှိပြီး တင်ပျဉ်ခွေထိုင်နေဟန်ဖြစ် သဖြင့် ဒူးတော်နှစ်ဖက်၏ အကွာအဝေး မှာ (၆) တောင်ရှိသည်။ တံတောင်နှစ် ဖက်လုံးကို ပေါင်များပေါ်တွင်တင်ကာ လက်ဖဝါးတော်နှစ်ခုမှာ ပက်လက် အနေအထားဖြင့်ရှိနေပြီး လက်ဝဲလက် ဖဝါးပေါ်တွင် လက်ယာလက်ဖဝါးက ထပ်လျက်ဖြစ်ပါ၏။ လက်မတော်နှစ်ခု ကား တစ်ခုနှင့်တစ်ခုထိပ်ချင်းတေ့လျက် ရှိနေသည်။ မျက်လွှာချထားသော မျက်နှာတော်ရှိနေရာ လက်တော်များ အနေအထားနှင့် ပေါင်းစပ်ကြည့်လိုက် ပါက ဈာနမုဒြာခေါ် ယောဂမုဒြာကိုယ် တော် ဖြစ်လေ၏။ ထို့ပြင် သမာဓိမုဒြာ (သို့) သမာဟိတမုဒြာဟုလည်း ခေါ်တွင် နိုင်ပါသေးသည်။ ရွှေသက်နန်းတော်ဆက်

www.burmeseclassic.com





ပုသိမ်ညွန့်နီဘုရားကြီး၏ကြာပလ္လင်တော်နှင့်
လက်တော်အနီးကပ်ပုံများ



ပုသိမ်ညွန့်နီဘုရားကြီး၏ကြာပလ္လင်တော်နှင့်လက်တော်အနီးကပ်ပုံများ



ကလောနီဘုရားကြီး၏လက်တော်အနီးကပ်ပုံ

ကပ်ပြီးသောအခါတွင်မူ နီးဘုရားကြီးမှာ အချိုးကျလွန်းသဖြင့် ရွှေစင်ရွှေသားဖြင့် သွန်းလောင်းထားဘိသကဲ့သို့ တင့်တယ်လှပေ၏။ ရွှေကိုယ်တော်သည် ဈာန်သမာပတ်ဝင်စားကာ ဗောဓိဉာဏ်အလင်းကို ရစေသော ပရိယတ်တရားများကို ကျင့်ကြံနေဟန်ရှိနေလေသည်။

မြန်မာနှစ် ၇၀၂ ခုနှစ်တွင် နီးဘုရားကိုယ်တော်မြတ်စံပယ်ရန် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ပြီး ၇၀၃ ခုနှစ်တွင် ဆရာတော်ကြီးအတွက် ကျောင်းဆောက်ကာ ဘုရားပွဲလည်း ကျင်းပနိုင်လေ၏။ ထို့နောက် နှစ်ပေါင်း (၂၀၀) ခန့်ကြာသော် ယိုးဒယားမှ ဇင်းမယ်ကလောင် (ယွန်းကလောင်) များ လာရောက် တိုက်ခိုက်သဖြင့် မိုင်းနုန်းဒေသမှ ကျိုင်းတုံ၊ တာချီလိတ်၊ ဇင်းမယ် စသော ဒေသများသို့ မိုင်းခတ်ဒေသခံများ ပြောင်းပြေးကြရလေတော့သည်။

သို့ဖြင့် ကိုးကွယ်သူမဲ့သော နီးဘုရားကြီးသည် တောထဲတောင်ထဲတွင် ထီးထီးစံနေခဲ့ရ၏။ မြန်မာနှစ် ၁၁၀၀ ပြည့်နှစ်တွင်ကား ယိုးဒယား - ဇင်းမယ် ကျိန်းမိုင်တွင် မထင်မှတ်ဘဲ ဘုရားကြီးအကြောင်း မှတ်တမ်းတင်ထားသည့် ပေစာများကို တွေ့ရှိရလေရာ ဘုရားကြီးကို ပြန်လည်ရှာဖွေကြလေသည်။ ဘုရားကြီးကို ရှာတွေ့ပြီးနောက် ပေါ်တော်မူဘုရားကြီးရှိရာသို့ ထွက်ပြေးတိမ်းရှောင်နေကြသော မိုင်းနုန်းအနွယ်များ တဖြည်းဖြည်း ပြန်လည် ရောက်ရှိလာကြသည်။

ယနေ့တွင်မူ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မြောက်ဘက် (၅၁) မိုင်အကွာ မိုင်းခတ်မြို့၏နောက်



www.burmeseclassic.com

www.burmeseclassic.com



(၉)မိုင်နီးဘုရားကြီးစံရာ ရှမ်းကျောင်း

ဘတ် (၇) မိုင်အကွာတွင်ရှိသော မိုင်းနန်းကျေးရွာ၌ ထိုရှေးဟောင်းနီးဘုရားကြီး သပ္ပာယ်စွာ စံမြန်းနေပါသည်။

ထူးခြားချက်များအဖြစ် ပြောစမှတ်ပြုကြသည်ကား ဂျပန်ခေတ်တွင် ကျိုင်းတုံစော်ဘွား၏ ပုလိပ်တစ်ဦး မီးရှို့ဖော်ခဲ့သဖြင့် စံကျောင်းတော်ကြီး မီးသင့်လောင်ခဲ့စဉ် ရုတ်ခြည်း မိုးများ သည်းထန်စွာရွာလာကာ မီးကိုငြိမ်းသတ်ပေးပြီး မီးငြိမ်းသွားသည်နှင့် မိုးလည်းစဲသွားခဲ့သည် ဟူ၏။ ထို့ပြင် မစင်ကြယ်သော နည်းလမ်းဖြင့် ရရှိလာသော ဝတ္ထုပစ္စည်းများဖြင့် ဘုရားကြီးအား ကပ်လှူပူဇော်ပါက ရေစက်ချသော် ရေစင်သွန်းသည့် ကရားမှ ရေကျမလာတတ်။ မရိုးသားသူများဖူးမြော်ပါကလည်း နီးဘုရားကြီးကို မြင်ခွင့်မရတတ်ဟု ဆိုကြသည်။

**ရန်ကုန် မရမ်းကုန်းမြို့နယ် (၉) မိုင် အောင်မြေဘုံစံရှမ်းကျောင်းဝင်းအတွင်းရှိ နီးဘုရားကြီး**

ရန်ကုန် မရမ်းကုန်းမြို့နယ် (၉)မိုင် ရှမ်းကျောင်းဝင်းအတွင်းရှိ နီးဘုရားကြီးသည်လည်း ရှမ်းပြည်နယ်တွင် အခြေတည်သော ရှမ်းတိုင်းရင်းသားလက်မှုပညာရှင်များ ကသိုလ်ပြုရက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ မကြာသေးသော နှစ်ကာလတွင် ပေါ်ထွန်းခဲ့သော လက်မှုပညာနှင့် သစ်စေးအရက်ကိုင်ပညာတို့ ပေါင်းစပ်ထားသည့် အံ့ဖွယ်ရာမြောက်လှသော ထိုနီးဘုရားကြီးပင်၊ နီးဘုရားကြီး ထားရှိ ကြည်ညိုနိုင်သည့် ရွှေဘုံသာဓမ္မဗိမာန်တော်သစ်ကြီးကိုလည်း ဆောက်လုပ်ခဲ့ကြ၏။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် (၉) မိုင် ပြည်လမ်းမကြီးပေါ်တွင် အောဝမ်းရုပ်ရှင်ခြံနှင့် မျက်စောင်းထိုးသာသာ၌ နီးဘုရားစံကျောင်းတော်ရှိနေသဖြင့် ထောက်ကြန့်-ရန်ကုန်၊ မင်္ဂလာဒုံ-ရန်ကုန်ဘတ်(စ်)ကားကြီးများ၊ ပါရမီဘတ်(စ်)ကားများ၊ မှော်ဘီ၊ လှည်းကူး၊ ပြည်၊ ပဲခူးအဝေးပြေးကားများစီး၍ လွယ်လင့်တကူ လာနိုင်ပါသည်။ ကျယ်ဝန်းသော အောင်မြေဘုံစံ ရှမ်းဘုရားကျောင်းဝင်းကြီးမှာ မြင့်မားမတ်စောက်သော ပင်အို၊ ပင်ပျိုများဖြင့် ငြိမ်းအေးချမ်းမြလှပေ၏။

ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ကမ္ဘာအေးစေတီတော်တို့တည်ရှိရာ မရမ်းကုန်းမြို့နယ်ကား ရှေးက သာယာကုန်း၊ ရွာတန်းရှည်၊ စော်ဘွားလေး၊ ချော်တွင်းကုန်း၊ ရေကူး စသော ရွာပေါင်း (၁၁) ရွာဖြင့် ဖွဲ့စည်းခဲ့သော မြို့နယ် ဖြစ်၏။ ထိုမြို့နယ်သို့ ရှမ်းတိုင်းရင်းသားများရောက်ရှိလာပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ရှမ်းကြီးခေါ် ဗုဒ္ဓဘာသာဝင် ရှမ်းတိုင်းရင်းသားစုတို့သည် ရှမ်းပြည်နယ်၊ တရုတ်-မြန်မာနယ်စပ် လွိုင်လိတ်ဒေသမှ ၁၉ ရာစုဆန်းစတွင် ရန်ကုန်သို့ ဆင်းလာကြ၏။ ရွှေတိဂုံကုန်းတော်ပေါ်မှနေပြီး အခြေချနေထိုင်မည့်နေရာကို ကြည့်ရှုလေ့လာရာ တောင်တန်းပျော် ရှမ်းတိုင်းရင်းသားများပီပီပင် ကြီးပင်စောက်များ ထူထပ်သောကုန်းတစ်ခုကို ရွေးချယ်လိုက်ကြသည်။ တစ်မူးရလို့ တစ်ပဲလှူကြသော ဇောတိက ရှမ်းဗုဒ္ဓဘာသာဝင်များပေမို့ လူများမနေခင်မှာပင် အမြင့်ဆုံးတောင်ကုန်းတွင် ဘုန်းကြီးကျောင်းကို အရင်ဆုံး ဆောက်လုပ်လေ၏။ ထို့နောက်မှ ရှမ်းရွာလေးကို တည်တော့သည်။

ခရစ်နှစ် ၁၈၄၁ ခုနှစ်တွင်ကား အောင်မြေဘုံစံ ရှမ်းကျောင်းအတွက် သာသနာ့မြေကို တရားဝင်လျှောက်ပြီး ယူခဲ့၏။ ထိုမြေသည် ဟံသာဝတီစီရင်စု မှော်ဘီမြို့နယ် မင်္ဂလာဒုံတိုက်နယ်တွင် ပါဝင်ခဲ့၏။ ရှမ်းကျောင်းကြီး၏ မြောက်ဘက်တွင် မင်္ဂလာဒုံ၊ တောင်ဘက်တွင် တောကြီးမြောက်၊ အရှေ့တွင် ကုန်းတန်းတိုက်နယ်၊ တံတားလေး၊ အနောက်ဘက်တွင် ကျောက်ဝိုင်း(ယခု ကျိုက်ဝိုင်း) တို့ ရှိကြသည်။

ခရစ်နှစ် ၁၈၇၅ ခုနှစ်တွင် ပထမဆုံးသော ဝိဘုံဂါမသိမ်တော်ကြီးကို အင်္ဂလိပ်အစိုးရခွင့်ပြုမိန့်ဖြင့် ဆရာကျောင်း (ကျောင်းဆရာကို ရှမ်းအခေါ် အဝေါ်) မောင်ရေးက ဆောက်လုပ်ခဲ့၏။ ဝိဘုံဂါမသာသနာ့မြေကား ယခု လေးကျွန်းစကြာဘုရား၊ လေးကျွန်းစကြာကျောင်း၊ နဂါးရုံဘုရားနှင့် အောင်မြေဘုံသာရှမ်းကျောင်းများ အားလုံး ပါဝင်သောနယ်မြေ ဖြစ်လေသည်။ ထိုနယ်မြေ၏ အမြင့်ဆုံးကုန်းတွင် ရှမ်းကျောင်းကို တည်ဆောက်ခဲ့သော်လည်း ရှမ်းကျောင်းကြီးသည် ရန်သူမျိုးငါးပါး အန္တရာယ်ဖြင့် ပျက်စီးသွားခဲ့၏။

ခရစ်နှစ် ၁၉၀၈ခုတွင် အောင်မြေဘုံစံ ဓမ္မဗိမာန်တော်ကြီးကို အသစ်ပြန်လည် တည်ဆောက်ကြပြန်သည်။ ကိုလိုနီခေတ်ဦး ဖြစ်သော်လည်း ကုန်းဘောင်ခေတ်ဟန် အဆောက်အအုံများအတိုင်း အီတာလျံပုံစံဖြင့် ဆောက်လုပ်ခဲ့ကြ၏။

လှပခံ့ညားသော သရက်ကင်းလေ့ကားများက ကျောင်းတော်ကြီး၏ ကျက်သရေကို အမြင့်ဆုံးသို့ ရောက်ရှိစေခဲ့သည်။ ရှမ်းကျောင်းကို ချိန်းကျောင်းခေါ် ဂေါပကအဖွဲ့အဆက်ဆက်က တာဝန်ယူ စောင့်ရှောက်လာခဲ့ရာ ယခုဂေါပကလက်ထက်သို့တိုင်ခဲ့လေသည်။ လောကဓံအလှည့်အပြောင်းတို့ကိုလည်း ခေတ်ကာလအလိုက် ရှမ်းကျောင်းကြီး မှာခံခဲ့ရရှာပြီး ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကိုလည်း အများနည်းတူ ရှောင်လွှဲမရခဲ့။ ဂျပန်ခေတ်တွင်မူ ဂျပန်စစ်တပ်က လက်နက်တိုက်နှင့် ရိက္ခာရုံကို ကျောင်းနောက်ဘက်ရှိ လျှိုထဲတွင် လာရောက်ဆောက်လုပ်ခဲ့သည်။

ရှမ်းကျောင်းကြီး၏ အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာစာတွင်မူ အောင်မြေဘုံစံ ရှမ်းကျောင်းကျောက်စာတိုက် ရှိ၏။ ကောဇာနှစ် ၁၂၆၃ ခု(၁၉၀၁ ခုနှစ်)ထိုး နှစ်ဇက်ထိုးကျောက်စာတွင် ဇောတိက ရှမ်းများ လာရောက် အခြေချနေထိုင်ကြောင်း။ ကောဇာနှစ် ၁၂၂၈ ခုနှစ် (၁၈၆၆ ခုနှစ်) ထိုး ကျောက်စာတွင်မူ သံဃာ (၃) ပါး၊ အိမ်ခြေ (၂၀)နေ ရှမ်း ဒါယကာ၊ ဒါယိကာမများ ထပ်မံရောက်လာရှိပုံတို့ကို ရေးထိုးထားသည်။

ယခု နီးဘုရားကြီးကို ရှမ်းအမျိုးသား လက်မှုပညာရှင် လုံးအွန်ဆိုင်က ပုံစံထုတ်ကာ ပုံဖော်ပေးခဲ့၏။ ဦးလုံးအွန်ဆိုင်သည် မိုင်းဖုန်းဆရာတော်ကြီး၏ တပည့် တာချီလိတ်မြို့နယ် ဟွေ့လင် တန်ကျေးရွာမှ ရှမ်းတိုင်းရင်းသားတစ်ဦးဖြစ်ကာ စေတနာသဒ္ဓါတရားအလျောက် နီးဘုရားများ ရက်လုပ်ပူဇော်လာခဲ့ရာ ဤဘုရားကြီးမှာ သူ၏ (၁၁) ဆူမြောက် လက်ရာ ဖြစ်ပေသည်။

နီးဘုရားကြီးမှာ ဉာဏ်တော် ဆယ့်ရှစ်ပေ ရှိ၏။ ယင်းဝါးလုံးပေါင်း တစ်သိန်းကျော်အသုံးပြုကာ ရက်လုပ်ခဲ့ရ၏။ ဝါးအမျိုးအစားမှာ ကျိုက်ထီးရိုး တောင်တန်းမှထွက်သော တပွတ်ဝါး၊ ဖယောင်းဝါးများကိုသုံးခဲ့သည်။ ထိုဝါးများကို ရှမ်းအမျိုးသား၊ ရှမ်းအမျိုးသမီး လူပျို၊ အပျိုစင် (၃၅) ဦးက ခုတ်ပေးခဲ့ကြပြီး ဝါးခုတ်နေစဉ်ကာလများတွင် သက်သတ်လွတ်စားကာ ငါးပါးသီလလည်း ခံယူထားကြရ၏။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၀၅ ခုနှစ်၊ ဧပြီလ ၄ ရက်) နေ့တွင် စတင် ရက်လုပ်ခဲ့ကြရာ ကဆုန်လကွယ်အထိ (၂) လကျော် (၃) လအတွင်း ရက်လုပ်ပြီးစီးခဲ့သည်။ ဦးလုံးအွန်ဆိုင်သည် ယခင်နီးဘုရားများ ရက်လုပ်ရာတွင် ပထမသုံးဆူကို နီးဝါး ချည်းသက်သက်အသုံးပြုကာ ရက်လုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် နီးဘုရားများ ပိုမိုသက်တမ်းတော်ရှည်စေရန် ကိုယ်ထည်တွင် သံချောင်းသံကြိုးများဖြင့် သံထည်အောက်ခံပြုလျက် တည်ထားတော်မူခဲ့၏။

နီးဘုရားကြီးသည် ထိုင်ကိုယ်တော်ဖြစ်ပြီး ညာဘက်လက်ချောင်းထိပ်ဖျားမှာ ပလ္လင်တော်ကိုထိထားကာ ဘယ်ဘက်လက်တော်ကိုပေါင်ပေါ်တင်လျက် လက်ဖဝါးတော်ကို ပက်လက်လှန်ထားပြီး ခြေဖဝါးတော်များလည်း ပက်လက်လှန်ထားသော ဘူမိဖဿမုဒြာပုံဖြင့် ထိုင်တော်မူနေသည်။ ထိုပုံသဏ္ဌာန်ကား မဟာဗောဓိညောင်ပင်နှင့်ရွှေပလ္လင်တော်ကို အောင်မြင်တော်မူဟန်၊ မာရ်နတ်မင်းနှင့် သူ၏ စစ်သည်များအား အောင်မြင်တော်မူဟန်၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များ ဖြည့်ဆည်းခဲ့ရသည်ကို ဝသုန္ဒရေမြေစောင့်နတ်မင်းကြီးအား တိုင်တည်လျက် သစ္စာဆိုနေဟန်များကို ကိုယ်စားပြုနေပေသည်။

နီးဘုရားကြီးပြီးစီးသွားသောအခါ ကြိမ်ထည်အတိုင်းပင် ဝါးထည်ရက်လုပ်မှု လက်မှုအနုပညာကို အမွမ်းတင်ကာ ဒီအတိုင်းထားပြီး အရောင်တင်ဆီသုတ်လိမ်းရမည်လော၊ သစ်စေးသုတ်ကာ ရွှေချမည်လောဟု သို့လောသို့လော စဉ်းစားခဲ့ကြသေးသည်။ နောက်ဆုံးတွင်မူ ကြာရှည်တည်တံ့ခိုင်မြဲလေအောင်နှင့် တင့်တယ်လှပစေရန် ရည်ရွယ်လျက် သစ်စေးသုတ်ဖို့ ဆုံးဖြတ်ခဲ့ကြ၏။ ရက်လုပ်ပြီးသော ပုံတော်ကြီးကို သစ်စေးဆက်လက်သုတ်ပြီးနောက် ခြောက်သွေ့သည်အထိထားခဲ့ကြရသည်။ ထို့နောက်တွင်ကား ဇမ္ဗူရာဇ်ရွှေစင်ရွှေသားဖြင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်လိုက်ကြလေ၏။ ရှမ်းကျောင်းကြီး၏ အနောက်ဘက်တွင် နီးဘုရားကြီး ကိန်းဝပ် စံပယ်မည့် စံကျောင်းဗိမာန်တော်သစ်ကို တည်ဆောက်ခဲ့ပြန်၏။ စံကျောင်း မဟာဂန္ဓကုဋိတိုက်ကြီးမှာ ပြီးစီးသွားသောခါ ပေ (၁၀၀) အလျား၊ ပေ(၅၀)အနံရှိကာ အမြင့်မှာ ဘုံဆောင် ထိပ်အထိ ပေ (၇၀) မြင့်လေသည်။ ထိုင်းနိုင်ငံမှဘာသာရေးအဆောက်အအုံများဟန်အတိုင်း မတ်စောက်သောအမိုးကော့များဖြင့် တည်ဆောက်ထား၏။ စုစုပေါင်းကုန်ကျစရိတ်မှာ သိန်း (၁၀၀၀) ကျော်လေသည်။

ထိုကျောင်းဝင်းထဲတွင် နှစ်(၁၆၀)ကျော် သက်တမ်းရှိပြီဖြစ်သော သမိုင်းဝင် အုတ်ကျောင်းအိုကြီးမှာလည်း လှပတည်ငြိမ်ခံ့ညားစွာ ထီးထီးမားမားရှိနေဆဲပေ။ ရုပ်ရှင်၊ ဗွီဒီယိုများ၊ ပြက္ခဒိန်ပိုစတာများတွင် မကြာခဏမြင်ရ၍ ရင်းနှီးနေလောက်သော အုတ်လှေကားကြီးများကိုမြင်လျှင် မှတ်မိပါလိမ့်မည်။ ခရစ်နှစ် ၁၈၅၃ခု ပါတော်မူပြီးကာလ၏ ရှေ့ဖြစ်သောအရာများကို ရှေးဟောင်းပစ္စည်းအဖြစ်သတ်မှတ်သော ရှေးဟောင်းသုတေသနဆိုင်ရာ ဥပဒေတစ်ရပ်ရှိနေသည့် မြန်မာနိုင်ငံအတွက် အောင်မြေဘုံစံကျောင်းကြီးကား ဟောင်းသည်ထက်ပင်အိုနေပေပြီ။ ကျောင်းကြီးအိုပေမင့် လက်ရန်းများ မပြိုသေးဘဲ ရှမပြီးအောင်ရှိနေသေးရာ အချိန်မီ ထိန်းသိမ်းသင့်လှပေသည်။

သို့ဖြစ်ရာ မြို့ပြ၏ မွမ်းကျပ်မှုများမှ ပြေးထွက်ရှောင်ပုန်းကာ ကျယ်ဝန်းငြိမ်းချမ်းအေးမြသည့် ကျောင်းတော်ကြီးအရိပ်ကိုခိုပြီး ခံ့ညားထည်ဝါလှသော အောင်မြေဘုံသာ အုတ်ကျောင်းအိုကြီးကို လေ့လာ အပန်းဖြေရင်း ကုသိုလ်တရားနှင့် ဗဟုသုတများကိုပါ တစ်ပြိုင်နက်ရနိုင်သော (၉)မိုင် ရှမ်းကျောင်းဝင်းရှိ ရှမ်းတိုင်းရင်းသားများ၏လက်မှုအနုလက်ရာ တင့်တယ်သပ္ပာယ်လှစွာသော နီးဘုရားကြီးကို သွားရောက်ဖူးမြော်သင့်ပါကြောင်း တိုက်တွန်း လှူဆော်လိုက်ရပါသည်။

## ထင်ရှားမြေမှ အံ့ဖွယ်ထူးခြား ဆုတောင်းပြည့် မဟာမုနိနီးဘုရား

နာမည်ကျော်ကြား ထင်ရှားလှသော မဟာမုနိနီးဘုရားကြီးကား ကလောမြို့ အမှတ် (၈)ရပ်ကွက် ပင်မကုန်းတောင်ကြောပေါ် ထင်ရှားတောကြီးအလွန်ရှိ ပင်မကုန်းကျောင်းတိုက်တွင် ကိန်းဝပ်စံပယ်နေပါသည်။ ကျောင်းတိုက်အတွင်းရှိ နှစ်ထပ်ကျောင်းသစ်ကြီးပေါ်တွင် နီးဘုရားကြီးကို ရွှေရောင်ဝင်းဝင်းဖြင့် ဖူးတွေ့နိုင်ပါ၏။

နီးဘုရားရုပ်ပွားတော်ကြီးသည်ကား လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်ကပင် ကလောမြို့ ဤပင်မကုန်းကျေးရွာတွင် တည်ရှိနေခဲ့၏။ ထိုစဉ်က နီးဘုရားကိုယ်တော်ကြီးသည် မိုး၊ လေ မလုံခြုံသော အဆောက်အအုံထဲတွင် ကာလရှည်ကြာစွာ စံနေတော်မူခဲ့ရသည့်တိုင် သစ်စေးသုတ်ထားသည့်အတွက် ယခုအထိ မပျက်မစီး တည်ရှိနေဆဲပင်။ မြန်မာ့ယွန်းထည်နှင့် ဝါးနီးရက်လုပ်မှုပညာကိုပါ နီးဘုရားကြီးက ဂုဏ်ဆောင်နေခဲ့ပါသည်။ ထို့ပြင် နီးဘုရားများသည် ရှမ်းတိုင်းရင်းသားတို့၏ အနုလက်ရာတစ်ရပ်လည်း ဖြစ်ပေသည်။ ယခုအခါတွင် နီးဘုရားကြီးသည် ကလောမြို့၏ အမှတ်တံဆိပ်နယ်လည်း ဖြစ်နေပါတော့သည်။ ကလောရောက်လျှင် နီးဘုရားကြီးကို ဖူးရမည်မှာ အစဉ်အလာတစ်ရပ်ပင်။

ရှေးအခါက ဤအရပ်တွင် နီးဘုရားကြီးနှင့်အတူ ရှေးဟောင်းစေတီ ထွင်းရုပ်ပွားဆင်းတုတော်အများပင် ရှိ



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့သည်။ သို့သော် မသမာသူတို့၏ ခိုးယူမှုကြောင့် တစ်ဆူမျှပင် မကျန်ရစ်တော့ဘဲ ပျောက်ရှဆုံးပါးကုန်ခဲ့ရပေပြီ။ ဤနီးဘုရားကြီးသာ အရွယ်အစားကြီးမားသောကြောင့် သို့ဝှက်ယူဆောင်ရန် ခက်ခဲသဖြင့် ကျန်ရစ်နေ၏။ မသမာသူများ ခိုးယူပင့်ဆောင်၍မရခဲ့သော ထိုနီးဘုရားကြီးအား ယခုလက်ရှိ စံမြန်းနေသော နှစ်ထပ်ကျောင်းဆောင်တော်သို့ ဆရာတော် ဦးကုသလ ကိုယ်တိုင် ပင့်ဆောင်လာခဲ့လေ၏။ ထိုအခါတွင်မှ ဘုရားကြီးကို လွယ်ကူစွာ ပြောင်းရွှေ့ပူဇော်နိုင်ခဲ့ပါသည်။ ထို့နောက်တွင်ကား ယနေ့လက်ရှိ ဖူးမြော်နေရသည့်အတိုင်း ရွှေသင်္ကန်းတော်များ အထပ်ထပ်ကပ်လှူခဲ့ကာ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုဖွယ်အသွင် တင့်တင့်တယ်တယ်နှင့်ရှိနေပါပြီ။ ဆင်းတုတော်ကြီးကိုနီးဖြင့်ပြုလုပ်ထားရာ ဘုရားခန်းဂန္ဓကုဋိတိုက်ကိုလည်း ရွှေဇဝါပွန်းမျက်နှာကြက်ဖြင့် ခမ်းနားစွာ တန်ဆာဆင်နိုင်ပေပြီ။ နီးဘုရားကြီး ဘေးတစ်ဖက်တစ်ချက်တွင်ကား အဝိုင်းပုံ၊ ဒေါင်းနှင့် ယုန်ရုပ်များပါသည့် နေနှင့် လ ရွှေယပ်များကို ထီးဖြူစင်းနှင့်အတူ စိုက်ထူထား၏။

သို့ဖြင့် ဆင်းတုတော်ကြီး၏ ဘုန်းရှင် ဆရာတော်၏ သီလအဓိဋ္ဌာန်များကြောင့် ကျောင်းဆောင်အဆောက်အအုံများအပြင် ကမ္မဋ္ဌာန်းကျောင်းများ၊ ဇရပ်တော်များလည်း ခံ့ညားတင့်တယ်စွာ ပေါ်ထွန်းလာရပြီ။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလည်း ရောက်လာကြ တသဲသဲ။ ပြည်တွင်းဘုရားဖူးခရီးသည်များသာမက နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များလည်း ဝင်ရောက်လာ ကြည်ညို အံ့သြကြလေ၏။ ထိုသို့ တိုင်းတစ်ပါးသားများ ရောက်လာသည့်အခါ ဆရာတော်လေးပါးမှ လွယ်သင့်တကူ မ,ချီပြီး ဆင်းတုတော်ကြီးသည် နီးဖြင့်ရက်လုပ်ထားသဖြင့် ပေါ့ပါးကြောင်း လက်တွေ့ပြသလေရာ အထူးအံ့သြ စိတ်သက်သဘောကျကြသည်။ မြန်မာ့ ထိုင်းရင်းသားတို့၏ လက်မှုပညာနှင့် ယှန်းထည်လုပ်ငန်း၊ သရိုးကိုင် သစ်စေး သုတ်အတတ်ပညာတို့ကိုလည်း အံ့သြ ချီးကျူးကြ၏။ ထို့ပြင် အချိုးအစားကျနသော ဆင်းတုတော်ကြီးဖြစ်သောကြောင့်လည်း ဆင်းတုတော်ထုလုပ်မှု လက်ရာကို လေးစားသွားကြလေသည်။ ဆင်းတုတော်ကြီးကြောင့်ပင် တည်ရှိရာ အရပ်ဒေသလည်း ပိုမိုလူသိများကာ စည်ကားလာပေ၏။

**နီးဘုရားကြီး၊ ဗုဒ္ဓအနုပညာနှင့် မြန်မာ့ ရိုးရာ ပဋိမာသိပ္ပံ**

နီးဘုရားကြီးမှာ ဥဏှိတော် အမြင့် (၈) ပေ၊ (၄) လက်မရှိပါသည်။ မျက်လွှာချလျက် ဘူမိဖဿမုဒြာဟန်ဖြင့် တင်ပျဉ်ခွေကာ မျက်နှာတော်ရှေ့သို့ခပ်ငိုက်ငိုက်ဖြင့် ထိုင်တော်မူနေသော ဆင်းတုတော်ကြီး ဖြစ်သည်။ သို့ဖြင့် ရှေ့တော်မှထိုင်လျက် ဖူးမြော်သည့်အခါ မဟာကရုဏာတော်ဖြင့် ငုံ့ကြည့်နေဟန် ရှိလေ၏။ ဘူမိဖဿမုဒြာဟု ဆိုလိုက်ရသော်လည်း လက်ယာဘက်လက်တော်မှ လက်ချောင်းလေးများသည် မြေကို ထိမနေဘဲ ရွှေ့သို့ကော့ရရော့ရှိနေကာ လက်တော်ရှေ့ဖျား၊ လက်ချောင်းငယ်လေးများအောက်တွင် အရုပ်ငယ်လေး တစ်ရုပ်ခံလျက်ရှိနေပါသည်။ ယင်းကို ကြက်တူရွေးရုပ်ဟုဗင်ရကြောင်း ဆရာတော်ကပြောပြ၏။ သို့သော် အပီအပြင်တော့ မဟုတ်။ ထိုသို့ အရုပ်ငယ်ခံထားသော်လည်း မည်သည့် ထူးခြားသော ရည်ရွယ်ချက်မျှရှိဟန်မတူပါ။ အဖြည့်ခံ အဆင်တန်ဆာအဖြစ်သာ လက်တော်အောက်တွင် ခံထားခြင်း ဖြစ်ပေမည်။ လက်ဝဲဘက်လက်တော်တွင်မူ သပိတ်တစ်လုံးကိုပိုက်ထားရာ မူလ ရက်လုပ်စဉ်က ပါခဲ့သလား၊ နောက်မှဖြည့်စွက်သလားမသိနိုင်ပါ။ လက်တော်တွင်ပိုက်ထားခြင်းမဟုတ်ဘဲ ရင်ခွင်တော်ထဲတွင် ထည့်ထားခြင်းသာဖြစ်ရာ နောက်မှဖြည့်စွက်ဟန်ရှိလေသည်။

လက်ချောင်းတော်များ၏ အဖျားတို့သည်ကား တိတိညီညီဖြစ်၏။ ရင်ဘတ်တော် မို့မောက်ခြင်း၊ ရင်ဖွင့်ကားခြင်းများမှာ ပေပြစ်လှပေသည်။ နှုတ်ခမ်းတော်၊ မေးရိုးတော်၊ နှာတံတော်နှင့် မျက်ခုံးတော်များမှာလည်း ညီညွတ် မျှတကာ အပြစ်ကင်းသောလက်ရာကောင်း တစ်ခုပင်။ မျက်ခုံးတော်နှစ်ခုကြားတွင်ကား ဥဏ္ဏလုံတော် (Urna) ဝိုင်းဝိုင်းလေးကိုလည်း အထင်အရှားတွေ့နိုင်သည်။ ဦးခေါင်းတော်တွင် ဗိန္ဒု(Vindu)ပြောက်လေးများဖြင့် တန်ဆာဆင်ထားပြီး ဥဏှိသ(Unisa)အလယ်တွင်ကား သဗ္ဗညုတဉာဏ်တော်ကို ဖော်ညွှန်းသော ကြာဖူး အချွန်အတက်နှင့် ဖြစ်လေ၏။

**နီးဘုရားကြီး၏သက်တမ်း**

သမိုင်းပညာရှင် ဒေါက်တာ ခင်မောင်ညွန့် လာရောက် ဖူးမြော်ကာ နီးဘုရားကြီးသက်တမ်း (Dating) ကို ပထမအင်းဝခေတ်က ရက်လုပ်ခဲ့သော ဆင်းတုတော်ကြီးဖြစ်မည်ဟု ခန့်မှန်းခဲ့ပါသည်။ နှစ်ပေါင်း (၅၀၀) ကျော်တ လက်ရာဟု ဆိုလိုခြင်းပင်။ ဘုရားကြီး၏ မုခ်တော်မှာ အချွန်ဖြစ်နေခြင်း၊ နားရွက်တော်နှင့် ပခုံးတော်မထိခြင်း၊ သင်္ကန်းတော်မှာ ဝဲဘက်ရင်ဘတ်တော်နားတွင် ရှိနေခြင်းတို့ကြောင့် ပထမအင်းဝခေတ် လက်ရာဟု ယူဆခြင်း ဖြစ်ပါ၏။ ထို့ပြင် နီးဘုရားကြီး၏ သင်္ကန်းတော်မှာ တင်ပါးတော်ထိ ဖုံးအုပ်နေခြင်းကြောင့်လည်း ရှေးဘုရင်များ ကိုးကွယ်ခဲ့ကြောင်း ပြောဆိုမှတ်ချက်ချခဲ့ပါသေးသည်။

**ထူးခြားဂုဏ်အင် နီးဘုရားကြီးအသွင်**

နီးဘုရား ဆိုသည်မှာ ဝါးကို နီးဖြာကာ အောက်ခံအဖြစ် ရက်လုပ်ပြီး စစ်စီး (သစ်စေး) သုတ်ကာ ရွှေချထားခြင်း ဖြစ်သည်။ နီးဖြင့်ပြုလုပ်ထားသော်လည်း နှစ်ပေါင်း(၅၀၀)ကျော်သည့်တိုင် မပျက်မစီးတည်ရှိနေခြင်းကား နီးဘုရားကြီး၏ ထူးခြားသိသာလှသောဂုဏ်အင်ပင်။ မီးမလောင်ခဲ့ဘဲ မီးကွင်းခြင်းကလည်း နီးဘုရားကြီး၏ တန်ခိုးအစွမ်းဟု ဆိုရပေမည်။ နီးဘုရားကြီးကျောင်းဆောင်တော်ဘေးရှိ အလှူငွေလက်ခံရာဌာနတွင် ဓမ္မဒါနပေးဝေလှူဒါန်းသော စာအုပ်ငယ်လေးတွင်ကား ဆရာတော်နှင့် ဂမ္ဘီရပညာရှင်များကမှ သိကြားမင်းတည်ခဲ့သည်ဟု ယူဆထားကြောင်း၊ ဤနီးဘုရားဆင်းတုတော်ကြီး၌ ဆုတောင်းဆုယူပြုတိုင်း လိုရာဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံစေကြောင်း၊ ထို့ပြင် မုခ်ဦးစက်တော်ရာစေတီတော်မှလည်း ရောင်ခြည်တော်များ အခါအားလျော်စွာ ကွန့်မြူးကြောင်း ညွှန်းဆိုဖော်ပြထားပါသေးသည်။

နီးဘုရားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလက -

"နီးဘုရားကြီးမှာ မကိုင်၊ စလွယ်တွေ ဆင်ယင်ထားပါတယ်။ ခုတော့ ခဏဖြုတ်ထားတယ်။ ဆွမ်းစားကျောင်း အောက်ထပ်မှာ လှေ့လာချင်ရင် သွားကြည့်နိုင်တယ်"

ဟု ပြောသည်။

ထို့ပြင် ရက်လုပ်နေဆဲ နီးဘုရားကြီးတစ်ဆူလည်းရှိကြောင်း နေရာနှင့်တကွ သတင်းပေးပါသည်။ ဘက်လီကျောင်းဟုခေါ် သည့်ကျောင်းတွင်လည်း နီးဘုရားနှစ်ဆူရှိသေးကြောင်း၊ သို့သော် ယခုဘုရားလောက်မကြီးဘဲ ခပ်ရွယ်ရွယ်စင်ဖြစ်ကြောင်း မိန့်ကြားပါသေးသည်။ ဆွမ်းစားကျောင်းတွင် နီးဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကြီးအား ဆရာတော်လေးပါးချီမနေပဟန် ပန်းချီကားကြီးကိုလည်း တွေ့နိုင်ပါ၏။

နှီးဘုရားကုန်းမှဆင်းလာပြီးနောက် ကလောမြို့ရှိ ဘဂ်လီကျောင်းသို့ သွားကြသည်။ ဘဂ်လီကျောင်းဘုရားခန်းထဲတွင်ကား ရှေးခေတ်လက်ရာ နှီးဘုရားနှစ်ဆူကို ဘုရားခန်း၏ဝဲယာတစ်ဖက်စီတွင် ပူဇော်ထားရှိလေသည်။ (၂)ပေကျော်လောက်သာ ဉာဏ်တော်အမြင့်ရှိကြမည် ထင်သည်။

## ရန်ကုန် ပုသိမ်ညွန့်မှ နှီးဘုရားကြီး

ကျွန်တော်နှင့် နောက်ဆုံးဆုံတွေ့ခဲ့သော နှီးဘုရားကြီးသည်ကား ရန်ကုန်မြို့ ပုသိမ်ညွန့်အရပ်တွင် ရှိပါသည်။ ကျွန်တော်နှင့် ကျောက်မျက်ဘွဲ့လွန်အတူတက်ဖက် ညီငယ် ကိုမင်းဦးက တစ်နေ့တွင် သူဆောက်လုပ်နေဆဲဖြစ်သော ပုသိမ်ညွန့် (၉) လမ်းမှ တိုက်ကို လိုက်ကြည့်ပါဟု ဆိုလာသဖြင့် လိုက်သွားခဲ့၏။ တည်ဆောက်ပြုပြင်ရေးကာလမို့ ဖုန်မှုန့်နှင့် မော်တာသံများအကြားတွင် နာရီအတန်ကြာနေလိုက်ရသည်။ သူအကြံဉာဏ်ကောင်းသမျှကို တစ်ကြံ - တစ်ကျပ်လုပ်ပေးနေရင်း -

"ခုမှ သတိရတယ်။ လမ်းထိပ်မှာ နှီးဘုရားကြီးရှိတယ်။ အစ်ကိုကိုလိုက်ပို့မယ်"

ဟု ကိုမင်းဦးက ပြောလာ၏။

ကျွန်တော့်မျက်လုံးတွေ ဖျတ်ခနဲတောက်သွားရင်း -

"ရတယ်၊ ကိုယ့်ဘာသာပဲသွားပြီး ဖူးလိုက်မယ်"

ဆိုကာ အားတက်သရောထွက်လာခဲ့သည်။ သူ့အိမ်နှင့် အိမ်လေးငါးလုံးသာခြားသဖြင့် နှီးဘုရားစံရာ ဘုန်းကြီးကျောင်းကို လှမ်းပင်မြင်နေရ၏။

လမ်းကျဉ်းလေးနှင့် ကပ်လျက်တည်ရှိနေသော တိုက်ခံအိမ်ကြီးကြီးလို ဘုန်းကြီးကျောင်း၏ အောက်ထပ်တွင် စံပယ်နေသည့် နှီးဘုရားကို လမ်းပေါ်မှပင် လှမ်းမြင်နေရပေ၏။

'ကဿပသယလိုတရမြတ်စွာဘုရား' ဟု နီယွန်မီးချောင်းဖြင့် နဖူးစည်းစာတန်းထိုးထားသော မဟာမြတ်မုနိပုံတော် ဆင်းတုတော်များကို ပန်းတွေဝေလျက် ဖူးတွေ့လိုက်ရသည်။

ယင်းဘေးတွင်ကား မှန်ကျောင်းဆောင်ကြီးဖြင့် စံပယ်နေသော နှီးဘုရားကြီးရှိသည်။ မှန်အရောင်ဖြင့် အလင်းပြန်ကာ နှီးဘုရားကြီးကို ဓာတ်ပုံရိုက်၍ အခက်အခဲတွေ့နေရာ ကပ္ပိယကြီးနှင့် ကိုရင်လေးတစ်ပါးက မှန်ကျောင်းဆောင်ဘေးတံခါးနှင့် အတွင်းလျှပ်စစ်မီးများကိုပါ ဖွင့်ပေးခြင်းဖြင့် ကူညီ၏။ ဆင်းတုတော်ကြီး၏အရွယ်တော်ကို ခန့်မှန်းနိုင်စေရန် ကိုရင်လေးကိုပါ အနီးမှာရပ်စေလျက် ဓာတ်ပုံရိုက်ယူလိုက်ရသည်။

'ပြည့်ဝချမ်းသာ ဆုတောင်းပြည့် နှီးဘုရားကြီး' ဟု စာတန်းထိုးထားသော ဆင်းတုတော်ကြီးကို ဦးခေါင်းဆံတော်အနက်ရောင်မှတစ်ပါး လုံးတော်ပြည့် ရွှေချထား၏။ ဦးခေါင်းမဏိတော်တွင် ပိန္နဲဆူးများပေါက်ထားသည်။ မျက်လုံးတော် မျက်ဆန်တော်ကို မဟူရာထည့်ကာ မျက်သားတော်များကို အဖြူရောင်ခြယ်ထားရာ ရှည်လျားလျား မျက်အိမ်မှာ ထင်ရှားပေါ်လွင်လှ၏။ လည်ပင်းတော် တုတ်ခိုင်ပြည့်ဖြိုးကာ နဖူးတော်ကျယ်ပြီး မျက်နှာတော်မှာ ပြားကာလေးထောင့်ဆန်နေပါသည်။ နားရွက်တော်များမှာ ရှည်လျားစွာ ကျဆင်းနေသော်လည်း ပခုံးတော်နှင့်မူ ထိဆက်မနေပေ။ ဘူမိဖဿမုဒြာဟန်နှင့် တင်ပျဉ်ခွေထိုင်တော်မူနေသည့်တိုင် လက်ချောင်းတော်များမှာ သဘာဝအတိုင်းဖြစ်ကာ သွယ်လျပြေပြစ်ပြီး လက်မတော်မှအပ ကျန်လက်ချောင်းတော်များမှာ အရှည်အတို တညီတည်းဖြစ်သည်။ ကိုယ်လုံးတော်တွင် အပြင်မှနေ၍ ကြာသက်န်းဖဲသားအဝါရောင်ကို ကပ်လျှ ရစ်သိုင်းထား၏။ ဤဆင်းတုတော်ကြီး၏ထူးခြားချက်ကား ရွှေချထားသည့်တိုင် သစ်စေး (စစ်စီး) ကို ထူပိတ်နေအောင် မသုတ်ထားသဖြင့် အောက်ခံ နှီးသားများကို အကြောလိုက်၊ အစင်းလိုက် ထင်ရှားစွာ မြင်နေရပေသည်။ နဖူးတော်အနားရစ်၊ နားရွက်အနားသတ်၊ နှုတ်ခမ်းတော်အနားသတ်၊ သင်္ကန်းတော်အနားသတ်များကို ပီပီပြင်ပြင်မြင်ရ၏။ ထင်ရှားပေါ်လွင်လှသော နှာခေါင်းတော်ကို အပြင်မှ ထပ်ပိုးကာ တင်ထားခြင်း မဟုတ်ဘဲ တစ်ဆက်တည်း ရက်လုပ်ထားသည်ကိုပင် အထင်းသားတွေ့နေရ၏။ အောက်ခံကြိမ်သားကို ဒေါင်လိုက်ထားကာ ရက်သားနှီးများကို အလျားလိုက် တစ်ရစ်ချင်း ရက်ယူသွားပုံမြင်ရ၏။ ယင်းသည်ပင် နှီးဘုရား၏ရက်လုပ်ပုံလက်မှုပညာ၊ အနုပညာအလှကို အသေးစိတ်မြင်နေရသဖြင့် အဖော်အကျိုးများလှပေသည်။

ကိုယ်လုံးတော်နှင့် တစ်ဆက်တစ်စပ်တည်း ရက်လုပ်ထားသော ပလ္လင်တော်ကား ကြာပလ္လင်တော်ပေတည်း။ ကြာမှောက်၊ ကြာလန်တစ်ရစ်သာပါပြီး ကြာမှောက်နှင့် ကြာလန်အဖတ်များကို လွဲမထားဘဲ အထက်၊အောက်တည့်တည့် တွေ့ဆက်ထားသည်။

စာရွက်စာတမ်းတစ်စုံတစ်ရာမရှိ ရည်ညွှန်းချက်မှတ်တမ်း ရေးထိုးမထား သဖြင့် နှီးဘုရားကြီး၏သမိုင်းကြောင်းကို မသိခဲ့ရပေ။ ကျောင်းထိုင်ဆရာတော်ကို ဦးချရင်း မေးမြန်းဖို့ရာလည်း ဆရာတော်ကားကြီး မကြာခင်ကပင် အပြင် ထွက်ကာ ကြွသွားသည်ကို မြင်လိုက်ရ သမို့ မဖြစ်နိုင်တော့ပါ။ နှီးဘုရားမှန် ကျောင်းဆောင်ရှေ့တွင်တော့ ခြေတော် ရာနှင့် စက်လက္ခဏာများကို အသေး စိတ် ရေးထိုးထားသော ဗီနိုင်းဘုတ်ကြီး ကို ထောင်ထားလေသည်။ ကျောင်း အဝင်ဝတွင်ကား တစ်ခါက ရေမြေရှင် ဒကာတော်နှင့် သူ၏ မဟေသီပုံများကို တခမ်းတနားပင် ပုံကြီးချဲ့ကာ အထက် ဘက်ကျကျတွင် ဂုဏ်ယူစွာ ချိတ်ဆွဲ ထားပါသည်။

နှီးဘုရားဆောင်မှထွက်လာသော အခါ အပြင်တွင် မှောင်စပျိုးနေပေပြီ။ ထိုအချိန် ကျောင်းဆောင်တစ်နေရာမှ မြည်ဟိန်းထွက်ပေါ်လာသော အသံခဲ့ စက်သံနှင့်အတူ နေ့စဉ်ဖွင့်နေကျဖြစ် သည်ဆိုသော ပရိတ်ရွတ်သံသည် တစ်ရပ်ကွက်လုံးကို ထိုးဖောက်သွား လေတော့သည်။ ည (၇) နာရီထိုးလုပြီ နက်ဖြန် အခြေခံပညာအထက်တန်းဖြေ ဆိုကြမည့် ပညာဒါနတပည့်များကို သတိရကာ အိမ်ရှင်ကို ပြန်ပို့ခိုင်းမိပေ၏။

အပြန်လမ်းတွင်ကား ကျွန်တော် နှင့် ရေစက်ဆုံကာ ဖူးထိုက်၍ဖူးတွေ့ လိုက်ရသော နှီးဘုရားကြီးပုံတော်များကို ပြန်လည် မြင်ယောင် ကုသိုလ်ယူရင်း တိုင်းရင်းသားတို့၏ လက်မှုပညာအလှ ကို ဂုဏ်ယူကျေနပ်နေမိပါတော့သည်။

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-သု)


**စာကိုး -**

- ထွန်းမှတ်ဝင်း-စဝ်၊ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ မုဒြာများ၊ သာသနာရေးဦးစီး၊ ၁၉၈၁ ရန်ကုန်။
- မဟာမုနိနှီးဘုရားကြီး၊ သမိုင်းအကျဉ်းချုပ်၊ ပင်မာကုန်းကျောင်းတိုက်၊ ကလောမြို့။
- Luce -G.H - Old Burma Early Bagan
- Ye Naing - Myanmar Buddhist Art and Architecture, Dagon University




www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဗုဒ္ဓမြတ်စွာပူဇော်ပါ လိုရာဆန္ဒပြည့်စုံကြ

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ...ယ် (၁) နာရီခန့်အချိန်တွင် လူရွယ် ... (အသက်နှစ်ဆယ်ခန့်) ရောက်လာ ...ည်။ ကျွန်ုပ်က သူတို့လာရင်းကိစ္စ ...ကြည့်ရာ မကြာမီလောက်က ...း လက်ထပ်ခဲ့ကြသော ဇနီး ...နှံဖြစ်ကြောင်း သိရ၏။

ကျွန်ုပ်က -

"တဲ - သားတို့ လာရင်းကိစ္စကို ...ပါဦး"

ဟု မေးလိုက်ရာ လူငယ်က -

"ကျွန်တော်တို့ မင်္ဂလာဆောင်ပြီး ...ပေးတဲ့အိမ်မှာ နေကြပါတယ်။ ...သစ်မှာ ကျွန်တော်တို့ ကိုးကွယ် ...ဘုရားရုပ်ပွားတော်ပင့်ဆောင်ဖို့ ...တော်တို့နှစ်ဦး ပူဇော်ကိုးကွယ်ရမယ့် ...ကို ဆရာကြီးထံမှာ လာရောက် ...ခြင်း ဖြစ်ပါတယ်"

ဟု ဆိုပါသည်။

"ဗုဒ္ဓဘာသာ လူမျိုးတို့ထုံးစံ ...တရားကို ရိုသေလေးစားတဲ့ ...တ ဆင်းသက်လာတာမှန်း မင်း ...အရသိရပါပြီ။ အေး- ဘုရား ...န်တော့ဖို့ ကိုးကွယ်ဆည်းကပ်ဖို့ ...ရတနာသုံးပါးကို ဂရုတစိုက် ...ရပြောလာကြတာ ဆရာမင်းတို့ကိုချီးကျူးပါတယ်။ ဝမ်းလည်းသာတယ်။ သာမုလည်းခေါ်ပါတယ်ကွာ။ အိမ်တွေမှာ ဘုရားပူဇော်ကန်တော့ကြဖို့ ရုပ်ပွားတော်တွေ၊ ဓာတ်ပုံတော်တွေ၊ ရုပ်ပုံပန်းချီကားချပ်တွေ အစရှိသဖြင့် ဘုရားကို အမျိုးမျိုးရည်မှန်း ပူဇော်ကန်တော့ကြတယ်။ အချို့ပုဂ္ဂိုလ်များက ဘုရားပူဇော်ကြရာမှာ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကျောက်စိမ်းဆင်းတု၊ ပတ္တမြားဆင်းတု၊ ကြေးဆင်းတု၊ ကျောက်ဆစ်ဆင်းတုများအပြင် ပန်းပေါင်းဘုရား၊ သစ်သားဆင်းတုတော်များကိုပါ မိမိတို့စိတ်ကြိုက်မြတ်နိုးရာ နှစ်သက်ရာ မုဒြာပုံတော်တွေကို သွန်းလောင်း ထုလုပ်ပြီး ကိုးကွယ်ဆည်းကပ် ပူဇော်ကြပါတယ်"

ရှေးဆရာတော်ကြီးများနှင့် လူပညာရှိကြီးများကလည်း အင်္ဂဝိဇ္ဇာဗေဒင်ပညာရပ်များနှင့် အသက်ရှည်ကျန်းမာကြဖို့၊ စီးပွားဥစ္စာရတနာများရရန် နေရာထိုင်ခင်းရာထူး ဌာနန္တရများမြဲမြံတည်တံ့အောင်၊ ဘုန်းတန်ခိုးကျက်သရေတိုးစေဖို့ရန် စသည့် လောကီကိစ္စများအတွက် ယခုရေးသားဖော်ပြထားသောနည်းများသည် အသုံးပြုလိုသူများအတွက်နှင့် လောကီပညာရပ်များအား လေ့လာလိုလားသူများအတွက် ဖြစ်ပါသည်။ မိမိတို့အလိုရှိရာဆန္ဒအတိုင်း ဘုရားများကို ထုလုပ်ပူဇော်နိုင်ကြပါစေ။

စားကြွင်း - ကျွန်ုပ်ထံသို့ လာရောက်၍ ဘုရားပူဇော်လိုသူဇနီးမောင်နှံနှစ်ဦးအား အောက်ပါ (၃) မျိုးထဲမှ မိမိတို့ကြိုက်နှစ်သက်ရာ တစ်နည်းနည်းဖြင့် ဘုရားရှင်အား ပူဇော်ကန်တော့နိုင်ပါကြောင်း ပြောပြလိုက်ပါသည်။

လူငယ်ဇနီးမောင်နှံနှစ်ဦးလည်း ကျွန်ုပ် ပြောပြ ညွှန်ကြားသည်များကို စာရွက်ဖြင့် သေချာစွာရေးမှတ်ယူသွားကြပါသည်။

**အသက်ရှည်အောင်**

အသက်ရှည်ကြောင်း၊ ယတြာကောင်း၊ ထုံးဟောင်းဖော်ထုတ်ပြ၊ မွေးနံသစ်သား၊ ကိုယ်တော်စား၊ ဘုရားထုပြီးမှ မြင့်မြတ်ရာမှာထားပြီးကာ၊ ကောင်းစွာ ပူဇော်ကြ။ အသက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၊ ဘေးဘယာဝေးကွာကြ။

**တနင်္ဂနွေသားသမီး**

အင်သားဘုရားထုပူဇော်ပါ။

**တနင်္လာသားသမီး**

ကံ့ကော်သားဘုရားထုပူဇော်ပါ။

**အင်္ဂါသားသမီး**

ညောင်သားဘုရားထုပူဇော်ပါ။

**ဗုဒ္ဓဟူးသားသမီး**

လွှန်သား၊ လင်းလွှန်းသား ဘုရားထုပူဇော်ပါ။

**ကြာသပတေးသားသမီး**

ပေါက်သား၊ ပျဉ်းမသားဘုရားထုပူဇော်ပါ။

**သောကြာသားသမီး**

သီဟိုဠ်သား၊ သီးသား ဘုရားထုပူဇော်ပါ။

**စနေသားသမီး**

ထိမ်သား၊ ထန်းသား ဘုရားထုပူဇော်ပါ။

ဤသို့ မိမိတို့၏ မွေးနံသင့်သောအသားများကို ဘုရားထု ကိုးကွယ်ပူဇော်ကြပါက အသက်ရှည်၏။ သားငယ်၊ သမီးငယ်အသေအပျောက်များသူတို့မှာ ၎င်းတို့၏ နံသင့်သစ်သားကို ဘုရားထုကိုးကွယ်ပါလေ။ သူငယ်တို့ အသက်ရှည်ရာ၏။

**စီးပွားတက်အောင်**

ကိုယ့်မွေးနံမှ၊ ရေတွက်ဆသော်၊ သုံးကျလေငြား၊ နံအသားကို၊ ဘုရားကိုယ်တော်ထု၊ ဝန္ဒနာမာန၊ သက္ကာရ နိစ္စအမြဲပြု၊ စီးပွားဥစ္စာ ရတနာများစွာ တောင်နှယ်စု။




www.burmeseclassic.com

www.burmeseclassic.com

| | နေ့သားသမီးများ | [illegible] | ပြုလုပ်ရမည့် ကုသိုလ်အလှူများ |
|---|---|---|---|
| ၁။ | တနင်္ဂနွေသားသမီး | မြောက်အရပ် | ဘုရားစေတီတည်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းပြုလုပ်ပါ။ |
| ၂။ | တနင်္လာသားသမီး | အရှေ့မြောက် | အလှူကနားပြုလုပ်ပါ။ |
| ၃။ | အင်္ဂါသားသမီး | အရှေ့အရပ် | တံခွန်တိုင်စိုက်လှူပါ။ |
| ၄။ | ဗုဒ္ဓဟူးသားသမီး | အရှေ့တောင် | ကျောင်း၊ ဇရပ်၊ ဂူလိုဏ်များလှူပါ။ |
| ၅။ | ကြာသပတေးသားသမီး | အနောက်တောင် | တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ တံတားခင်းလှူပါ။ |
| ၆။ | သောကြာသားသမီး | အနောက်မြောက် | တန်ဆောင်စိုက်တည်ထောင်ပါ။ |
| ၇။ | စနေသားသမီး | တောင်အရပ် | တံခွန်ကြီးစိုက်ထူလှူပေးပါ။ |

(တနင်္ဂနွေသား၏သိင်္ဂီအရပ်လှည့်ပုံ)




**တနင်္ဂနွေသားသမီး**

မွေးနံမှ သုံးကျသော် တြိရန်း အင်္ဂါနံအသား ညောင်သား။

**တနင်္လာသားသမီး**

မွေးနံမှ သုံးကျသော် တြိရန်း ဗုဒ္ဓဟူးနံအသား လင်းလွန်း၊ လွန်သား။

**အင်္ဂါသားသမီး**

မွေးနံမှ သုံးကျသော် တြိရန်း ကြာသပတေးနံအသား ပေါက်၊ ပျဉ်းမ။

**ဗုဒ္ဓဟူးသားသမီး**

မွေးနံမှ သုံးကျသော် တြိရန်း သောကြာနံအသား သီးသား၊ သံသတ်။

**ကြာသပတေးသားသမီး**

မွေးနံမှ သုံးကျသော် တြိရန်း စနေနံအသား ထိမ်သား၊ ထန်းသား။

**သောကြာသားသမီး**

မွေးနံမှ သုံးကျသော် တြိရန်း တနင်္ဂနွေနံအသား အင်သား။

**စနေသားသမီး**

မွေးနံမှ သုံးကျသော် တြိရန်း တနင်္လာနံအသား ကျွန်း၊ ကံ့ကော်။

**မြဲမြဲတည်တံ့အောင်**

မိမိနေလိုသောအရပ်၊ လုပ်လိုသောဌာနတွင် ရာထူးဌာနန္တရမှာ မြဲမြဲတည်တံ့ခိုင်မာအောင် ကိုယ့်မွေးနံမှ ရှေ့၊ နောက်ကျသည့် နှစ်ဝနံများ ထိုသစ်သားကို ဘုရားထုလေသင့်၊ တည်ကြည်မြဲမြဲများသုခံ၊ ဝင်းလျှံစန်းနှယ်ပွင့်။

**တနင်္ဂနွေသား**

အမြစ်- စနေ၊ အညွန့်- တနင်္လာ။ အမြစ်အညွန့်နံသစ် ဒန်းကြီးသား၊ ထန်းကျင့်သား။

**တနင်္လာသား**

အမြစ်-တနင်္ဂနွေ၊ အညွန့်- အင်္ဂါ။ အမြစ်အညွန့်နံသစ် သြဇာသား။

**အင်္ဂါသား**

အမြစ်-တနင်္လာ၊ အညွန့်-ဗုဒ္ဓဟူး။ အမြစ်အညွန့်နံသစ် ခရေသား၊ ကလိန်သား။

**ဗုဒ္ဓဟူးသား**

အမြစ်-အင်္ဂါ၊ အညွန့်-ကြာသပတေး။ အမြစ်အညွန့်နံသစ် စိန်ပန်းသား။

**ကြာသပတေးသား**

အမြစ်-ဗုဒ္ဓသား၊ အညွန့်-သောကြာ။ အမြစ်အညွန့်နံသစ် လောက်သေသား။

**သောကြာသား**

အမြစ် - ကြာသပတေး၊ အညွန့်- စနေ။ အမြစ်အညွန့် ပိတောက်သား။

**စနေသား**

အမြစ် - သောကြာ၊ အညွန့် - တနင်္ဂနွေ။ အမြစ်အညွန့်နံသစ် သစ်အယ်သား။

**ဘုန်းကျက်သရေတိုးရန်**

ဘုန်းကျက်သရေတိုးရန်၊ ခွန်းမိန့်ပြန် မြဲမြဲမှတ်၍ထား သိင်္ဂီရပ်မှာ၊ နေ့လိုက်သော၊ ပြုရာကုသိုလ်များ၊ မိမိနံကလက်ယာပြ ရေကြရှစ်မျက်နှာ။

မည်သည့်နေ့သားမဆို မိမိ၏သိင်္ဂီအရပ်ကို သိလိုပါလျှင် မိမိမွေးနံ အရပ်မှစ၍ -

၁။ ပရိဝါရ၊
၂။ အာယု၊
၃။ နဂရ၊
၄။ ဘုမ္မိ၊
၅။ ဂဟပတိ၊
၆။ တေဇ၊
၇။ ဌာန၊
၈။ သိင်္ဂီ

ဟု လက်ယာရစ်ရေ (၈) ဂဏ
များကျရာအရပ်သည် သိင်္ဂီအရပ်ဖြစ်
(သိင်္ဂီမရေးပါ) (သိင်္ဂီ ရေးရ၏)

ဖွား - တနင်္ဂနွေဖြစ်ခဲ့ပေ ပြု
စေတီများ။ နေ့ - တနင်္လာ ထိုသူမှာ
ရာ လှူကနား။ အင်္ဂါသားမှာ တံခွန်သ
စိုက်ပါ မှန်မမှား။ ဗုဒ္ဓဖွားလက် ကျော
ဇရပ် ပြုအပ်ဂူလိုဏ်များ၊ တန်ဆော
ဇရပ်၊ ပြုလတ်ရေတွင်း၊ တံတားခ
ဖွားမြင် ဂုရုသား။


သောကြာတန်ဆောင် စိုက်တ
ထောင် ထွန်းပြောင် သိင်္ဂီဖွား၊ တံခွန်
စွာစိုက်သင့်ပါ၊ နေ့မှာ စနေသား၊ ထ
ကျက်သရေ ရွှန်းလက်ဝေ၊ တက်န
အလား၊ ခုနစ်နေ့သား ကောင်းမှု
သိင်္ဂီအရပ်မှာ လှူလို့ထား၊ ဘုန်းတန်
ကျက်သရေတက်စေသား။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



ဝါတွင်းကာလတစ်ရက်မှာ အဘ ဘင်းရှိန်ထံ ကျွန်တော်ရောက်သွား တယ်။ အဘမှာထားတဲ့ 'မင်းကွတ်သီး တင်ဆာရောဂါ' စာအုပ်တွေ သွားပို့ ခဲ့ပါ။ စကားစမြည်ပြောဆိုကြရင်းက အဘက အခုလိုပြောလာပါတယ်။

"လာမယ့်ဥပုသ်နေ့မှာ အဘတို့ စု ဆွမ်းကျွေးရှိတယ်။ ကိုဟွေ့ ညဏ် လာဖြစ်အောင်လာစေချင်တယ်"

"ဘာအတွက်ဆွမ်းကျွေးလဲ အဘ၊ အိမ်မှာပဲလုပ်မှာလား"

"အဘဇနီးဆုံးတဲ့ သုံးနှစ်မြောက် လည်ဆွမ်းကျွေးပါ။ အဘဇာတိဖြစ်တဲ့ ကော့ခပုံရွာမှာလုပ်မှာပါ။ ကိုဟွေ့ ညဏ် ကော့ခပုံရွာကို သိလား"

"မုဒုံနားက ကော့ခပုံလား အဘ။ ရောက်တော့မရောက်ဖူးဘူး"

"ဟုတ်တယ်၊ အဲဒီရွာမှာအင်မတန် ထူးခြားတဲ့နေရာတွေရှိလို့ ခေါ်သွားပြ ချင်တာ။ အဲဒီနေ့ကျရင် အဘအိမ်က ကားနဲ့သွားမှာမို့ ဝင်ခေါ်မယ်လေ"

ဒီလိုနဲ့ မော်လမြိုင်ကနေ (၁၈)မိုင် လောက်သာဝေးတဲ့ မုဒုံကို အခေါက် ပေါင်း မရေတွက်နိုင်အောင်သွားခဲ့ပေ မယ့် တစ်ခါမှဝင်မဖူးဖြစ်ခဲ့တဲ့ 'ကပ်ကျော် ဘုရား'တစ်ဆူကို ဖူးဖြစ်ခဲ့ပါတယ်။

မုဒုံရောက်ဖို့ (၃) မိုင်လောက်သာ လိုတော့တဲ့နေရာမှာ ကားလမ်းညာ ဘက်က ကော့ခပုံရွာလို့ အမည်ရေးထိုး

# ထူးခြားအံ့ဖွယ်စုံလင် ဘင်လှိုင်ဆံတော်ရှင်စေတီ

## မောင်ပွင့်ဉာဏ် (မောရ)





www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ကမ္ဘည်းစာတိုင်အတိုင်း ချီးဝင်လိုက်တာနဲ့ သာသနဝေပုလ္လာရာမ ကျောင်းတိုက်ကြီးကို ရောက်ပါတယ်။ ရှာရောက်အောင်က အထဲကိုဆက်ဝင်ရဦးမှာပါ။ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေးကားလမ်းတစ်လျှောက်မှာ မွန်ရွာတွေဟာ ကားလမ်းပေါ်မှာထက် ကားလမ်းရဲ့ အနောက်ဘက် မီးရထားလမ်းနေရာမှာရှိကြတာများပါတယ်။

မနက် (၈) နာရီသာသာလောက်ကျွန်တော်တို့ ရောက်သွားတော့ ဆွမ်းစားဆောင်မှာ မနက်စာ မုန့်ဟင်းခါးနဲ့ ဧည့်ခံပါတယ်။ ဟင်းခါးရည်က ငါးနိုင်းချင်းနဲ့ချက်ထားတာမို့ ထမင်းစားပန်းကန်အပြည့်ထည့်ထားတဲ့ မုန့်ဟင်းခါးကို စားကောင်းကောင်းနဲ့ ကုန်အောင်စားလိုက်နိုင်ပါတယ်။ ဆွမ်းချက်ဆောင်နဲ့တွဲလျက် အတော်ကြီးတဲ့ ဆွမ်းစားဆောင်ကြီးကို ကျွန်တော် တအံ့တသြကြည့်နေတုန်း အဘဦးကင်းရှိန်က အခုလိုပြောပါတယ်။

"ဒီဆွမ်းစားဆောင်ဟာ အရင်တုန်းကတော့ သေးသေးလေးပါပဲ။ နောက်ပိုင်း တရားစခန်းတွေဖွင့်လာတဲ့ အခါကျတော့ ယောဂီဦးရေက များများလာတာနဲ့ ချဲ့ချဲ့ပြီးဆောက်လာလိုက်တာ အခုဆို ယောဂီ (၅၀၀) လောက်ကို တစ်ပြိုင်တည်းဆွမ်းကျွေးနိုင်တဲ့ ဆွမ်းစားဆောင်ကြီးဖြစ်လာတာပဲ"

"ဒီလောက်များတဲ့ ယောဂီတွေကို အပြည့်အစုံကျွေးမွေးနိုင်ဖို့ ဝေယျာဝစ္စ လုပ်အားပေးတွေအတော်လိုမှာပဲနော်"

"ဒီအတွက် ဆရာတော်က ရွာကို ငါးပိုင်းပိုင်းပြီး တစ်ပိုင်းကို တစ်ရက် အလှည့်ကျ လုပ်အားဒါနပေးဖို့ စီမံထားတယ်။ ဒီရွာက အမျိုးသမီးတွေဆိုရင် တရားစခန်းမတိုင်ခင် ပေါင်၊ ဇင်းကျိုက်၊ ရင်းငြိမ်၊ သံဖြူဇရပ်၊ ရေး စတဲ့ မြို့ရွာတွေကို ကိုယ်တိုင်သွားပြီး ဆန်အလှူခံကြတယ်။ ဆရာတော်ကို ကြည်ညိုရင်းစွဲရှိတဲ့ မွန်ရွာတွေက ဒကာ၊ ဒကာမတွေကလည်း အားတက်သရောလှူဒါန်းကြလို့ ဒီနှစ်ဆိုဆန်တင်း(၁၀၀)လောက်ရတယ်။ အဲဒီဆန်တွေကိုလည်း အမျိုးသမီးတွေ ကိုယ်တိုင် ရွာအရောက် ထမ်းပိုးသယ်လာခဲ့ကြတယ်"

"သာသနာအပေါ် သူတို့တစ်တွေရဲ့ သဒ္ဓါတရားကတော့ လက်ဖျားခါလောက်ပါတယ် အဘ"







www.burmeseclassic.com

www.burmeseclassic.com

မနက်စာ စားသောက်ပြီးတဲ့အခါ ဆရာတော်ကို စံကျောင်းမှာ သွားဖူးကြပါတယ်။ သာသနဝေပုလ္လာရာမကျောင်းတိုက်ကြီးရဲ့ ဦးစီးပဓာနနာယကဆရာတော်က မဟာကမ္မဋ္ဌာနာစရိယနဲ့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် (၂) ခု ရရှိတော်မူတဲ့ ဆရာတော်ဘဒ္ဒန္တဥပါလိမဟာထေရ် ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ အရုပ်အမောင်းကောင်းပြီး မျက်နှာရောကိုယ်လုံးပါ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကြည်ညိုဖွယ်ရာ ဖူးမြင်ရပါတယ်။ အဘဦးကင်းရှိန်က ပါလာတဲ့ ဆေးဝါးများကို ဆရာတော်ကြီးနဲ့တကွ အခြားကျောင်းတိုက်များမှ ဆရာတော်ကြီးများအတွက်ပါ တစ်ပေါင်းတည်းကပ်လှူပါတယ်။



မွန်မဟာရင်ဂိုဏ်းဝင်ဖြစ်တဲ့ဆရာတော်ကြီးဟာ ဝိနည်းအထူးလေးစားတော်မူလို့ ကျောင်းတိုက်မှာလုပ်တဲ့ သာသနာရေးဆိုင်ရာ အခမ်းအနားတွေမှာ ပွဲလမ်းသဘင်ထည့်တာကို တားမြစ်တော်မူပါတယ်။ ဒါကို ရွာကလူတွေက သဘောမတော့ မကြိုက်ကြပါဘူး။ ဆရာတော်ကြီးဟာ ပရိယတ်၊ ပဋိပတ်ကျွမ်းကျင်တော်မူပြီး မွန်ဘာသာနဲ့ တရားဟောတာ တရားပြကောင်းတာမို့ ကြည်ညိုသူ တဖြည်းဖြည်းများလာပြီး ဒီကျောင်းတိုက်မှာ ဖွင့်လှစ်တဲ့ တရားစခန်းကို ပတ်ဝန်းကျင်ရွာက ယောဂီတွေပါ လာပြီး တရားဝင်ကြပါတယ်။ တရားစခန်းတစ်ပတ်မှာ တရားဝင်တဲ့ ယောဂီဦးရေ (၅၀၀) နီးပါးလောက်ထိရှိခဲ့ပါတယ်။



ဆရာတော်ကြီးကမေးလို့ အဘဦးကင်းရှိန် အသက် (၉၁) နှစ်ဆိုတာ သိရတယ်၊ အဘအောက်က နှမနှစ်ယောက်က (၈၉) နှစ်နဲ့ (၈၇) နှစ်ဆိုတာပါ သိလိုက်ရပါတယ်။ မောင်နှမအားလုံး ရောဂါကြီး အထူးအထွေမရှိကြဘဲ ကျန်းမာကြပါတယ်။ အနေအထိုင်ကောင်းတဲ့ ရှေးလူကြီးများ အသက်ရှည်ကြတာလို့ စိတ်ထဲက တွေးလိုက်မိပါတယ်။ မဟာစည်ယောဂီတစ်ဦးဖြစ်တဲ့ အဘဦးကင်းရှိန်ဟာ အခုထိ တစ်နေ့ (၂) နာရီလောက် ပုံမှန်တရားထိုင်နေဆဲပါ။




ဆရာတော်ကြီးက စကားကို ဖြတ်ပြောကာ သီလပေးပြီး တရားဝင်တဲ့ယောဂီတွေကို သီလပေး၊ တရားဟောဖို့ ကြွသွားတော်မူပါတယ်။ ကျွန်တော်တို့အဖွဲ့လည်း ကျောင်းတိုက်အထွက် တစ်လမ်းပဲခြားတဲ့ ဘင်လှိုင်



www.burmeseclassic.com

www.burmeseclassic.com







မွန်ကုန်သည်ညီနောင် တပုဿနှင့်ဘလ္လိကတို့အား ဆွမ်းတော်များပေးတော်မူနေပုံ

စေတီတော်ကြီးဆီကို ထွက်လာခဲ့ကြပါတယ်။

စေတီတော်ပရိဝုဏ်ထဲမှုဂန္ဓကုဋိ ဘုရားကျောင်းဆောင်ကြီးမှာ 'လောကနာထ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး' ကို ဖူးမြော်ရပါတယ်။ အလျားပေ (၁၂၀) နဲ့ (၉) လက်မ၊ ဉာဏ်တော်(၃၂) ပေရှိတဲ့ လျောင်းတော်မူကြီးကို ကိုယ်လုံးတော်အပြည့် ကြေးပြားများနဲ့ သွန်းလုပ်ထားတာ သပ္ပာယ်လှပါတယ်။ လျောင်းတော်မူဘုရားကြီးရဲ့ ခြေဖဝါးတော်နှစ်ဖက်မှာလည်း ဗုဒ္ဓစက် (၁၀၈) ကွက်ကို ထုထွင်းပူဇော်ထားပါတယ်။

လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ဝမ်းကြာတိုက်မှာ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ လို့ဆိုတဲ့ စေတီ (၄) ပါးကို ဂါလန်(၅၀၀) ဆံ့တဲ့လှေကြီးတစ်စင်း၊ ငွေအဆင်းရှိတဲ့ လှေငယ်တစ်စင်းတို့နဲ့အတူ စီမံထားကာ အဲဒီလှေတွေထဲမှာ ဘုရားရှင်နဲ့ သာဝကများရဲ့ဓာတ်တော်များ၊ နဝရတ်ကိုးသွယ် စီခြယ်ထားတဲ့ ဆင်းတုရုပ်ပွားတော်များ ပိဋကတ်တော်များကို ထည့်သွင်းပူဇော်ထားပါတယ်။

လျောင်းတော်မူဘုရားကြီးရဲ့ (၉) ပေမြင့်တဲ့ ပလ္လင်တော်အောက်မှာ ကြေးပြတိုက်၊ ဗုဒ္ဓဝင်ခန်း၊ ဆုံးမစာအမျိုးမျိုးတို့ကို ခေတ်နဲ့အညီ မွန်-မြန်မာ-အင်္ဂလိပ် သုံးဘာသာနဲ့ ရေးထိုးထားပါတယ်။ ဖွားတော်မူခန်းက မြန်မာ/အင်္ဂလိပ်ဘာသာနဲ့ ကမ္ပည်းစာကို အခုလိုဖတ်ရှုရပါတယ်။

မဟာသက္ကရာဇ် ၆၈၊ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား လုမ္ဗိနီဥယျာဉ်၌ ဖွားမြင်တော်မူပုံ။

ခမည်းတော်အမည်က သုဒ္ဓေါဒနမင်းဖြစ်ပြီး မယ်တော်အမည်က မဟာမာယာဒေဝီမိဖုရား ဖြစ်၏။

ဘုရားအလောင်းသိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူပြီးနောက် စကားသုံးခွန်းကို ကြုံးဝါးမြွက်ဆိုတော်မူ၏။

၁။ **အဂ္ဂေါ ဟ မသ္မိ လောကဿ** - ငါသည် လူ၊ နတ်၊ ဗြဟ္မာတို့ထက် မြင့်မြတ်သူ ဖြစ်၏။

၂။ **ဇေဋ္ဌော ဟ မသ္မိ လောကဿ** - ငါသည် လူ၊ နတ်၊ ဗြဟ္မာတို့ထက် ကြီးကဲသူ ဖြစ်၏။


၃။ **သေဋ္ဌော ဟ မသ္မိ လောကဿ** - ငါသည် လူ၊ နတ်၊ ဗြဟ္မာတို့ထက် ချီးမွမ်းအပ်သူ ဖြစ်၏။

*In 623 B.C., Prince Siddhatta, a Boddhisatta - the Buddha-to-be, was born in Lumbini park.*



www.burmeseclassic.com

www.burmeseclassic.com



ဘင်လိုင်ရွှေဆံတော်စေတီနှင့် လျောင်းတော်မူဂန္ဓကုဋိဘုရားကျောင်းဆောင်



သာသနဝေပုလ္လာရာမကျောင်းတိုက်၏
ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဥပါလိမဟာထေရ်အရှင်သူမြတ်





ဟံသာဝတီမွန်ဘုရင်
မွေ့ဒေဝတီမင်းကြီးရုပ်ပုံတော်

*His father was King Suddho-...*

*His mother was Queen Maha-...*

*Soon after Prince Siddharttha, ...ddha-To-be, was born, he pro-... uttered the three words as be-...*

*(1) "Aggo hamassami lokas-..." - I am the most supreme in the ...*

*(2) "Jettho hamassami lokas-..." - I am the greatest in the world.*

*(3) "Settho hamassami lokas-..." - I am the most praised in the ...*

ဗလ္လင်တော်ကြီးရဲ့ ဘေးနှစ်ဖက် ...မှာ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ...ပါတ်တော်လာ ဗုဒ္ဓဝင်ဆိုင်ရာ ...ပန်းချီကားများနဲ့ သရုပ်ဖော်ထား ...ယ်။ ပန်းပုရုပ်လုံးများကို သက်ရှိ ...အရွယ် (life size) ထုလုပ်ထား ...အလွန်ပဲ အသက်ဝင်လှပါတယ်။

လောကနာထ လျောင်းတော်မူ ...ကြီးကို ဦးစီးတည်ထားသူက တော့ သာသနဝေပုလ္လာရာမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဥပါလိမဟာထေရ်အရှင်မြတ်ကြီးပဲ ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ သက်တော်(၆၀)ပြည့်စဉ်က သြစတြေးလျ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အိန္ဒိယ၊ နီပေါ စတဲ့ နိုင်ငံတကာလှည့်လည်ခဲ့တဲ့ အတွေ့အကြုံအရ မိမိကျောင်းတိုက်အတွင်း ဗုဒ္ဓဘုရားရှင်ရဲ့ လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူ တည်ထားကိုးကွယ်ရန် အာသီသပြင်းပြခဲ့ပါတယ်။ ဆရာတော်နဲ့ ဓမ္မမိတ်ဆွေတွေက ကျပ်သိန်း (၅၀) မ,တည်ပြီး စတင် ကြိုးပမ်းခဲ့ကြတယ်။

အကြောင်းစုံသိသွားတဲ့ ဘင်လိုင်ဆံတော်ရှင်စေတီဂေါပကအဖွဲ့က အရှည်မျှော်တွေးပြီး ပေ (၁၂၀) နဲ့ (၉) လက်မရှိတဲ့ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ တည်ထားရန် ဆုံးဖြတ်ခဲ့ကြပါတယ်။ ကော့ခပုံကျေးရွာအတွင်းရှိ ကျောင်းပေါင်း (၁၀) ကျောင်းနဲ့ ဂိုဏ်းပေါင်းစုံက ဆရာတော်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ အပါအဝင် ရုပ်ပွားတော်ကြီး ဖြစ်မြောက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ကြပါတယ်။

သာသနာ ၂၅၅၂ ခု၊ ကောဇာ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်နေ့ မနက် (၈) နာရီအချိန်မှာ 'လောကနာထ' ဘွဲ့အမည်ရတဲ့လျောင်းတော်မူရုပ်ပွားတော်ကြီး အုတ်မြစ်ချပန္နက်တင်မင်္ဂလာအခမ်းအနား ပြုလုပ်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ အဲဒီအချိန်က သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် (ယခု မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအုန်းမြင့်) က သန့်စင်ပြီး ကြေးနီ

www.burmeseclassic.com

(၃) တန်ကို လှူဒါန်းခဲ့တဲ့အပြင် လျှောင်းတော်မူဘုရားကြီးရဲ့ သပ္ပာယ်ကြည်ညို ဖွယ်ကောင်းတဲ့ မျက်နှာတော်ကိုပါ အချောသတ် ပြီးစီးသည်အထိ တာဝန်ယူ လှူဒါန်းခဲ့ပြန်ပါတယ်။ (ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အဖွဲ့ရဲ့ ဦးခေါင်းတော် တစ်ခုလုံးအတွက် အလှူငွေက ကျပ် သိန်းပေါင်း ၁၅၀၀ ဖြစ်ပါတယ်။)

လောကနာထကြေးသွန်းလျှောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ကောဇာနှစ် ၁၃၇၄ ခု၊ တပေါင်းလဆန်း ၁၁ရက်၊ ခရစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်၊ အင်္ဂါနေ့မှာ အပြီးသတ် တည်ဆောက်ကာ ရေစက်သွန်းချနိုင်ခဲ့ပါတယ်။ ကုန်ကျငွေစုစုပေါင်းမှာ ကျပ် (၅၉၃, ၂၁၁, ၂၅၃) ကျပ် (သိန်းပေါင်းခြောက်ထောင်နီးပါး) ဖြစ်ပါတယ်။

လျှောင်းတော်မူ ဂန္ဓကုဋိဘုရားကျောင်းဆောက်ကအထွက် ဘင်လှိုင်ရွှေဆံတော်စေတီရဲ့ အရှေ့ဘက်ကပ်လျက် ဘင်လှိုင်ကန်ကြီးဆီကို သွားခဲ့ပါတယ်။ နှစ်ပေါင်းများစွာကတည်းက တည်ရှိလာတဲ့ ဒီရှေးဟောင်းရေကန်ကြီးဟာ သဘာဝအတိုင်း ဝန်းဝိုင်းနေပြီး အင်မတန် နက်ရှိုင်းလို့ ရေကန်အနက်ကို ဘယ်သူမှ အတိအကျမသိဘူးလို့ဆိုပါတယ်။ ကန်ရေဟာ သန့်ရှင်းကြည်လင်နေပြီး တစ်နှစ်ပတ်လုံး ခန်းခြောက်ခြင်းမရှိလို့ ကန်ရေကိုအမှီပြုပြီး ရေကန်နဲ့ ကပ်လျက်မှာ စိုက်ပျိုးရေးဌာနက အဇင်းပျိုးဥယျာဉ်ခြံကို တည်ထောင်ထားတာ တွေ့ရပါတယ်။

(၁၀)နာရီခွဲလောက်မှာ ကျွန်တော်တို့ကျောင်းကိုပြန်ရောက်တော့ သံဃာများနဲ့ ယောဂီတွေကို နေ့ဆွမ်းကပ်ဖို့ပြင်ဆင်နေတာ တွေ့ရပါတယ်။ နေ့ဆွမ်းတစ်နပ်စာ ကုန်ကျငွေ (၆) သိန်းကို အဘဦးကင်းရှိန်ရဲ့သမီး(၄)ဦးက အညီအမျှ ကျခံကြပါတယ်။ ဒီအလှူမှမဟုတ်ပါ။ ဖခင်ကြီး ဦးစီးပြီးပြုလုပ်တဲ့ မိသားစုအလှူတိုင်းကို သမီး (၄) ဦးက အခုလိုပဲ အချိုးကျ တာဝန်ယူနေကျဆိုတာသိရလို့ သူတို့ရဲ့ သဒ္ဓါတရားကို မချိုးကျုးဘဲမနေနိုင်အောင် သာဓုခေါ်မိပါတယ်။

အချိန်ရတုန်း အဘဦးကင်းရှိန်နဲ့ စကားစမြည်ထိုင်ပြောတဲ့အခါ အဘက အခုလိုပြောပြပါတယ်။

"ဘင်လှိုင်စေတီတော်ကြီးအောက် တည့်တည့်မှာ သိုက်ရှိတယ်လို့ပြောကြတယ်။ ဘင်လှိုင်ကန်ထဲ ရေငုပ်ဖူးတဲ့လူ



အဘဦးကင်းရှိန်မှ ဆရာတော်ကြီးအား ဆေးဆက်ကပ်လှူဒါန်းနေစဉ်



အဘဦးကင်းရှိန်မိသားစုက ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်နေစဉ်



တရားစခန်းဝင်ယောဂီများ နေ့ဆွမ်းမစားမီ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေနေစဉ်

တချို့ ပြောပြတာတော့ ဘုရားအောက်ခြေဘက်မှာ လိုဏ်ဂူကြီးလိုဖြစ်နေပြီး အထဲမှာ အရောင်အဝါတွေ ဝင်းလက်နေတယ်လို့ဆိုတယ်။ ဘယ်သူမှ အထဲမဝင်ရဲကြပါဘူး။ သိုက်ဆရာတွေတောင် မဝင်ရဲကြဘူး။

အဘရဲ့အဘွားကပြောပြဖူးတယ်။ သူတို့ငယ်ငယ်တုန်းက ရွာကမိန်းမတွေ

ပွဲလမ်းသဘင်ရှိလို့ လက်ဝတ်လက်စား ငှားချင်ရင် ဘင်လှိုင်ကန်ဘေးသွား တယ်။ အဲဒီမှာ ဖယောင်းတိုင်တစ်တိုင် ထွန်း၊ အဝတ်ဖြူတစ်ထည် ဖြန့်ခင်းပြီး သိုက်နန်းရှင်အမည်ခေါ်လို့ ကိုယ်ငှား ချင်တဲ့ပစ္စည်းကို ပြောကြတယ်။ ဥပမာ ပေါ့လေ ကျွန်မနဲ့ သမီးနှစ်ယောက် အတွက် လက်ကောက် (၃) ကွင်း




www.burmeseclassic.com

www.burmeseclassic.com



မုန့်ပြီမြို့နယ်၊ ကော့ခပုံကျေးရွာ သာသနာဝေပုလ္လာရာမကျောင်းတိုက်



ဘင်လိုင်ဆံတော်ရှင်စေတီတော်နှင့်ကပ်လျက်ရှိ ဘင်လိုင်ကန်ကြီး

[illegible]ကြီး (၃) ကုံး၊ နားကပ် (၃) ရန် [illegible]ဖြင့် ငှားပေးပါပေါ့။ လူမမြင်ရဘဲ [illegible]ဖြူပေါ်ကို ပစ္စည်းတွေ အလိုလို [illegible]လာတယ်။ ပွဲလမ်းမှာ ဝတ်ဆင် [illegible] သွားပြန်အပ်တဲ့အခါလည်း ဒီလိုပဲ [illegible]တိုင်တစ်တိုင်ထွန်း၊ အဝတ်ဖြူ [illegible]မှာ ပစ္စည်းတွေတင်၊ သိုက်နန်းရှင်ကို [illegible] ပစ္စည်းတွေပြန်အပ်ပါတယ်လို့ [illegible] လူမမြင်ရဘဲ ပစ္စည်းတွေ [illegible]သွားတယ်။

တစ်နေ့မှာ ရွာက မိန်းမ [illegible]တက်ဟာ လောဘတက်ပြီး [illegible]အများကြီးကို လိမ်ပြီးငှားသွား [illegible] ပြီးတော့ ပြန်မပေးဘဲနေလိုက် [illegible] ဘာရောဂါမှမရှိဘဲ နေရင်းထိုင်ရင်း [illegible]ထွက်သွားပြီး သူယူထားတဲ့ [illegible]တွေလည်း ပျောက်သွားတယ်။ [illegible]အချိန်ကစပြီး ဘယ်သူမှ ဘာပစ္စည်း [illegible]လို့မရတော့ဘူး။ လူတွေရဲ့လောဘ [illegible]ယ်ကြောက်စရာကောင်းတာပဲ”

ကျွန်တော်ကတော့ အဘပြောတာနားထောင်ရင်း ကမ္ဘာဦးကာလက လူတွေလိုချင်တာ အကုန်ဆွတ်ခူးရနိုင်တဲ့ ပဒေသာပင်ဟာ လူတွေရဲ့လောဘကြောင့်ပဲ ကွယ်ပျောက်သွားတယ်ဆိုတဲ့ အကြောင်းကို သတိရလိုက်မိတယ်။

အဘဦးကင်းရှိန်က ကော့ခပုံရွာ တောင်ကုန်းပေါ်က ပျံလွန်တော်မူသွားတာကြာပေမယ့် ဒီကနေ့အထိ ရုပ်ကလာပ်တော် မပုပ်မသိုးတဲ့ အရှင်မြတ် အကြောင်း ဆက်ပြောပြပါတယ်။

“အဲဒီဘုန်းကြီးက အဘတို့နဲ့လည်း အမျိုးတော်တော့ အဘကို အတော်ချစ်တယ်။ သူဘယ်ကြွကြွ အဘကိုခေါ်သွားတတ်တယ်။ ဘုန်းကြီးက စကားအပြောအဆိုနည်းပြီး တောရဆောက်တည်တော့ ဒကာ၊ ဒကာမတွေနဲ့ သိပ်ပြီး ဆက်ဆံလိုစိတ်မရှိဘူး။ မတတ်သာလို့ အဖူးမြော်ခံရရင်လည်း တရားတိုတိုပဲ ဟောပြီး တဲကျောင်းထဲ ပြန်ဝင်သွားတတ်တယ်။

တစ်ကြိမ်မှာတော့ တောကျောင်းတစ်ကျောင်းမှာ အဘတို့ကျောင်းသားတွေကို ခြေတံရှည်ကျောင်းတစ်ကျောင်းမှာ ညအိပ်ဖို့ထားတဲ့အခါ ညညဒီအနားကို ကျားတွေလာတတ်တယ်လို့ပြောပြီး ကျောင်းပေါ်တက်တဲ့လှေကားကို ကြိုးနဲ့ ဆွဲတင်ထားခိုင်းတယ်။ ဘုန်းကြီးကိုယ်တိုင်က ကျောင်းနားက တစ်နေရာမှာ တရားထိုင်နေတယ်။ ညဘက်ကျတော့ ကျားဟိန်းသံအကျယ်ကြီးကြားရတဲ့အခါ အဘတို့လည်း ကြောက်ပြီး တော်ရုံနဲ့ ဘယ်အိပ်လို့ရမှာလဲ။ မနက်မိုးလင်းတော့ ဘုန်းတော်ကြီး-ကျားမကြောက်ဘူးလားလို့ မေးတဲ့အခါ အခုလို ပြောပြတယ်။

‘ငါက တရားမထိုင်ခင် ပဋ္ဌာန်း ၂၄-ပစ္စည်းနဲ့ အရပ် (၈) မျက်နှာကို စည်းချထားတယ်။ အရှေ့အရပ်ကစပြီး တစ်မျက်နှာကို ၃-ပစ္စည်းရွတ်တော့ အရှေ့မြောက်အရပ်မှာ ဆုံးတယ်။ တစ်ပတ်ပတ်မိအောင် အရှေ့အရပ်မှာ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယောဆိုပြီးပိတ်လိုက်တော့ စည်းလုံသွားတာပေါ့။ အဲဒီလိုစည်းချထားရင် ဘာအန္တရာယ်မှမကျရောက်နိုင်တော့ဘူး”

ကျွန်တော်ကိုယ်တိုင် ဘုရားရှိခိုးတိုင်း အရှေ့အရပ်ကစပြီး အရပ် (၈) မျက်နှာကို ပဋ္ဌာန်း ၂၄ - ပစ္စည်းရွတ်ဆိုတတ်ပေမယ့် စည်းလုံအောင် အရှေ့အရပ်မှာ ၃ - ပစ္စည်းနဲ့ ပြန်ပိတ်ရမယ်ဆိုတာ အခုမှသိရတာပါ။ အဘက ဆက်ပြောပါတယ်။

“ဒီဘုန်းကြီးကကျန်းမာပြီးအသက်လည်းရှည်တယ်။ အသက် (၁၀၀) အထိ ဘာရောဂါမှမဖြစ်ဘူး။ အသက် (၁၀၀) ပြည့်တဲ့နှစ် တစ်နေ့မှာ နေ့ဆွမ်းဘုဉ်းပြီး တဲကျောင်းထဲဝင်နေလိုက်တာ မထွက်လာတော့မှ ပျံလွန်တော်မူမှန်းသိကြရတယ်။ ပျံလွန်ပြီး သုံး၊ လေးရက်လောက်ကြာတဲ့အထိ အလောင်းတော်က တောင့်တင်းခြင်းမရှိဘဲ ပျော့ပျောင်းနေတယ်။ အလောင်းတော်ရှိတဲ့ တောင်ကုန်းဟာလည်း ညညဆို အလင်းရောင်တွေဝင်းလက်နေလို့ ရဟန္တာပျံလွန်တော်မူတယ်ဆိုပြီး ရပ်ဝေးက လူပရိသတ်တွေ လာဖူးကြတာ တောင်ပေါ်ကနေ တောင်အောက်အထိ လူတန်းကြီးဟာမဆုံးဘူး။

သံឃာတော်တွေက အဂ္ဂိစျာပန ကျင်းပဖို့ (မီးသဂြိုဟ်ဖို့) ဆုံးဖြတ်တာကို ဒကာ၊ ဒကာမတွေက သဘောမတူဘဲ



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းဝန်းကန့်ကွက်ကြတယ်။ ဒီလိုနဲ့ (၁၀) ရက်လောက်ကြာတဲ့အခါ သထုံဆေးရုံကြီးက ဆေးရုံအုပ်ကိုယ်တိုင်လာရောက်စမ်းသပ်တယ်။ အခုအချိန်ထိ ပုပ်သိုးခြင်းမရှိ ပကတိပျော့ပျောင်းနေတာမျိုးသူ တစ်ခါမှမမြင်ဖူးဘူးလို့ ပြောသွားတယ်။

နောက်ဆုံးမှာ တကယ်လို့ အလောင်းဟာ ပုပ်သိုးလာမယ်၊ ပျက်ယွင်းလာမယ်ဆိုရင် သင်္ဂြိုဟ်မယ်။ ဒီအတိုင်းပဲရှိနေရင် မသင်္ဂြိုဟ်ဘဲ အခေါင်းသွင်းထားမယ်လို့ အားလုံးသဘောတူဆုံးဖြတ်လိုက်ကြတယ်။ အခုအချိန်ထိ မှန်ခေါင်းနဲ့ထားတာ မပုပ်သိုးဘဲရှိနေတယ်။ အခေါင်းခြေရင်းကို ဖွင့်ထားလို့ ဘယ်သူမဆို လက်နဲ့သွားပြီးစမ်းသပ်ကြည့်နိုင်တယ်"

အချိန်ရတဲ့တစ်နေ့မှ ရုပ်ကလာပ်တော်ကို သွားဖူးမယ်လို့ စိတ်ကူးထားလိုက်ပါတယ်။ အဘနဲ့ စကားပြောနေတုန်း အမျိုးသမီးယောဂီတွေနဲ့ အမျိုးသားယောဂီတွေ ဆွမ်းစားဆောင်နဲ့ တစ်ဖက်တစ်ချက် လှေကားတွေကနေလက်အုပ်ချီပြီး စီတန်းဝင်လာကြပါတယ်။ နေ့ဆွမ်းမစားခင် ယောဂီတွေအားလုံး မွန်ဘာသာနဲ့ တညီတညာတည်း ဘုရားရှိခိုး၊ ဆုတောင်း၊ အမျှဝေသံဟာ ဆွမ်းစားဆောင်ကြီးတစ်ခုလုံးဟိန်းသွားအောင် ကြားလိုက်ရတဲ့အခါ အဓိပ္ပာယ်နားမလည်ပေမယ့် ကြက်သီးထလောက်အောင် ကြည်နူးမိပါတယ်။

ကျောင်းပေါ် တက်လာတဲ့ လူငယ် (၃) ယောက်ဟာ သံဃာစင်ပေါ်မှာ ဆွမ်းဘုဉ်းပေးနေတဲ့ ဆရာတော်ကြီးနဲ့ သံဃာတော်တွေကို တရိုတသေ ဦးသုံးကြိမ်ချပြီးမှ ဆွမ်းဝိုင်းတွေမှာ လိုအပ်တဲ့ ဝေယျာဝစ္စတွေ လိုက်လံဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ မြို့ကြီးသားလူငယ်တွေမှာ ဒီလိုအလေ့အထကောင်းတွေ တွေ့ရဖို့ မလွယ်တော့ပါဘူး။ နေ့ဆွမ်းအလှူရှင်စာရင်း ရေးထားတဲ့ သင်ပုန်းပေါ်မှာ မိမိုးမိုးခင် (ခေတ္တ-ဂျပန်) မွေးနေ့အလှူရှင်အမည်ကို ဖတ်ခဲ့ရပါတယ်။ လောကနာထ လျောင်းတော်မူဘုရားကုန်ကျငွေစာရင်းမှာလည်း ထိုင်းနိုင်ငံရောက် အလှူရှင်များရဲ့ ရွှေမင်အလှူတန်ဖိုး ကျပ်သိန်းတစ်ထောင်ဆိုတာ တွေ့ရပါတယ်။ မွန်ပြည်နယ်က မွန်တိုင်းရင်းသားတွေဟာ အခြေအနေအရ တိုင်းတစ်ပါးမှာ ပင်ပင်ပန်းပန်းနဲ့ အလုပ်သွားလုပ်ကြရပေမယ့် မိမိတို့ရွာနဲ့စာထဲက လူမျိုး၊ ဘာသာ၊ သာသနာအကျိုးနဲ့ ဒေသရပ်ရွာအကျိုးအတွက် သဒ္ဒါထက်သန်စွာ လှူဒါန်းကြတာကို မြင်တွေ့ရတဲ့အတွက် ချီးကျူးလေးစားမိပါတယ်။

အဘဦးကင်းရှိန်ပြောတဲ့အထဲမှာ သူငယ်ငယ်က ကော့ခပုံရွာမှာ (၁၀)ဧကလောက်အကျယ် မြို့ရိုးတံတိုင်း (၃)ထပ်နဲ့ တံတိုင်းတွေကြားမှာ ကျုံးနှစ်ထပ်ရှိတယ်ဆိုတာလည်း ပါပါတယ်။ အခုတော့ ကျုံးတွေကကောသွားပြီး မြို့ရိုးကအုတ်ချပ်တွေကို လူတွေခွာယူကြလို့ မြို့ရိုးအရာလောက်ပဲရှိပါတော့တယ်။ ဒီအဆိုအရ ဒီဒေသဟာ ရှေးက မွန်မြို့ဟောင်းဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။ စနစ်တကျ ထိန်းသိမ်းထားရကောင်းမှန်းမသိလို့ ပျက်စီးပျောက်ကွယ်သွားရတာ ဝမ်းနည်းစရာပါ။

လောကနာထ လျောင်းတော်မူဘုရား ဂေါပကအဖွဲ့ဝင်တစ်ဦး လက်ဆောင်ပေးလိုက်တဲ့ ဘင်လှိုင်ရွှေဆံတော်ရှင်ဘုရားသမိုင်းစာအုပ်ထဲက စိတ်ဝင်စားစရာတချို့ကို ကောက်နုတ် ဖော်ပြလိုက်ပါတယ်။

ကော့ခပုံဟာ မွန်ဘာသာအခေါ် 'ကအ်ခပုင်' က ဆင်းသက်လာတာ ဖြစ်ပြီး ပေါက်ပင်ကုန်းရွာလို့ အဓိပ္ပာယ်ရပါတယ်။ (ကော့ - ရွာ + ခပုံ - ပေါက်ပင်)

မဟာသက္ကရာဇ် ၁၁၁ ခုနှစ် (ဘီစီ ၆၆၆) က သုဝဏ္ဏဘူမိ (သထုံ) မြို့မှာ မွန်ဘုရင် သီဟသုဓမ္မရာဇာနဲ့ မိဖုရားဗန္ဓုဒေဝီတို့ အုပ်စိုးလျက်ရှိပါတယ်။ ဂေါတမဘုရားရှင် ဝါတော် (၈) ဝါလောက်ပဲရသေးတဲ့အချိန် ဖြစ်ပါတယ်။ ဗုဒ္ဓဘုရားရှင်ဟာ အရှင်ဂဝံပတိရဲ့ လျှောက်ထားချက်အရ ရဟန္တာနှစ်သောင်း ခြံရံပြီး သုဝဏ္ဏဘူမိကနေတစ်ဆင့် တောင်ဘက် တနင်္သာရီ၊ ထားဝယ်အထိ ဒေသစာရီ ကြွချီတော်မူရာ မွန်ပြည်နယ်ကို ဖြတ်တော်မူစဉ် ကျွန်းတောတစ်ခုအရောက်မှာ ရသေ့တစ်ပါးကို မြင်တော်မူပါတယ်။ နောင်တစ်ချိန် ဒီနေရာမှာ သာသနာတော်ထွန်းကားမှာကို သိမြင်တော်မူလို့ နဖူးတော်ကိုသပ်ပြီး ဆံတော်တစ်ဆူပေးသနားတော်မူပါတယ်။

ဒီသတင်းကိုကြားရတဲ့ ကော့ခပုံရွာသားတွေဟာ ကြံတောင့်ကြံခဲ ဖူးမြော်ရခဲ၊ လှူဒါန်းရခဲတဲ့ဖြစ်ရပ်မို့ ဗုဒ္ဓဘုရားရှင် ပေးသနားတော်မူတဲ့ ဆံတော်တစ်ဆူကို ဌာပနာပြီး ဓာတုသမိုင်းဝင်ဆံတော်ရှင်အဖြစ် တည်ထား ကိုးကွယ်ခဲ့ကြပါတယ်။ အဲဒီ ဓာတုဆံတော်ရှင်မြတ်စေတီကို မွန်လို 'သဘာင်ကချင်' လို့ခေါ်ရာက မြန်မာလို 'ဘင်လှိုင်' ဖြစ်လာပါတယ်။ 'သဘာင်' ဆိုတဲ့ မွန်စကားဟာ မြန်မာလို 'ပွဲတော်' လို့ အဓိပ္ပာယ်ရပြီး 'ကချင်' ဆိုတာက 'အနှိုင်းမသိ တန်ဖိုးရှိပြီး ကြုံကြိုက်ရခဲသော၊ ပြုရခဲသော' လို့ အဓိပ္ပာယ်ရပါတယ်။

ဘုရားတည်ရာ ဘင်လှိုင်မြို့ဟာ သုဝဏ္ဏဘူမိ (သထုံ) ပြည့်ရှင် မွန်ဘုရင် သီဟသုဓမ္မရာဇာနဲ့ မိဖုရားဗန္ဓုဒေဝီတို့ရဲ့ ညြဇာခံ (၃၂) မြို့မှာ အပါအဝင်ဖြစ်ပြီး မြို့စားနိုင်ရွှေဂိုး(နှဲယှိုင်ဂိုင်)က အုပ်ချုပ်စီမံခဲ့တယ်။ မြို့ရိုးကို တံတိုင်း (၃) ထပ်နဲ့ ကာရံထားတယ်လို့ သမိုင်းအထောက်အထားတွေအရ သိရှိရပါတယ်။

စာဖတ်သူတွေအနေနဲ့ မွန်ပြည်နယ်ရဲ့မြို့တော် မော်လမြိုင်ကိုရောက်ခဲ့ရင် မော်လမြိုင်-မုဒုံကားလမ်းအတိုင်း မုဒုံမရောက်ခင် ကောခပုံရွာကိုဝင်ပြီး ဘုရားရှင်ရဲ့ဆံတော်စစ် ကိန်းဝပ်တော်မူရာ ဘင်လှိုင်ရွှေဆံတော်စေတီနဲ့ လောကနာထလျောင်းတော်မူကြေးသွန်းဘုရားကြီးကို ဝင်ရောက် ဖူးမြော်ကြဖို့ နှိုးဆော် တိုက်တွန်းအပ်ပါတယ်။

ဒီဆောင်းပါးကို ကော့ခပုံရွာ သာသနဝေပုလ္လာရွာမကျောင်းတိုက် ဆရာတော်ဘုရားကြီး ကျွန်တော့်ကို မိန့်ကြားတော်မူတဲ့ စကားတစ်ခွန်းနဲ့ အဆုံးသတ်ပါမယ်။ ဒီစကားကို ဆရာတော်ဘုရားကြီး ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောကြားမှန်း ကျွန်တော် အခုထိ စဉ်းစားလို့မရသေးပါ။

အဘ ဦးကင်းရှိန်တို့နဲ့အတူ စံကျောင်းမှာ ဆရာတော်ဘုရားကြီးတို့ သွားရောက် ဖူးမြော်စဉ် ဆရာတော်ကြီးက ကျွန်တော့်ကိုကြည့်ပြီး -

"မော်လမြိုင်ကလေ့သည်လား"

လို့ မေးပါတယ်။

"တင်ပါ့ဘုရား"

လို့ လျှောက်လိုက်တော့ ဆရာတော်ကြီးက အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

"အေး- မင်းနဲ့ငါနှစ်ယောက်တည်း စကားတွေပြောကြရဦးမယ်ကွဲ့"

မောင်ပွင့်ဉာဏ် (မောရ)

ရည်ညွှန်း -

- အဘဦးကင်းရှိန်၏ ပြောကြားချက်များ
- ဘင်လှိုင်ရွှေဆံတော်စေတီနှင့် လောကနာထ လျောင်းတော်မူ ဘုရားသမိုင်း



www.burmeseclassic.com

www.burmeseclassic.com

# သထုံ-ငယ်ငယ်

## အမေနှင့်ဓာရဏာပရိတ်တော်အစွမ်း

ပရိတ်တရားတော်တို့၏ အစွမ်းထက်ပုံကို ကိုယ်တွေ့သော် လည်းကောင်း၊ တစ်ဆင့်စကားဖြင့်သော်လည်းကောင်း၊ စာအုပ်စာပေများ၌လည်းကောင်း စာရှုသူတို့ ဖတ်ဖူး၊ ကြားဖူး ကြုံဖူးကြပေမည်။ ပရိတ်တော်တွေ ရွတ်ဖတ်ပူဇော်ခြင်းကြောင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကြီးပွားတိုးတက်ပြီး အန္တရာယ်အသွယ်သွယ်မှ ကင်းလွတ်ရခြင်းမှာ ပရိတ်တရားတော်တို့၏ ထုံသင်းသီကုံးထားသော မြတ်ဗုဒ္ဓ၏ သစ္စာလေးပါးတရားတော်တို့အပြင် သရဏဂုံ (၃) ပါး တည်ခြင်းကြောင့်ဟု စာရေးသူ၏မိခင်က ပြောခဲ့ဖူးပါသည်။ ပရိတ်တရားတော်များကို ကြည်ညိုပွားများနေသူ၏စိတ်သန္တာန်၌ သရဏဂုံ(၃) ပါး အလိုလိုတည်ပြီး ဖြစ်ပေသည်။

စာရေးသူ၏ မိခင်သည် ပရိတ်တရားတော်တို့ကို နေ့ ညမပြတ် နေ့စဉ် ရွတ်လေ့ရှိသည်။ ပရိတ်ဒေသနာတော်များစွာအနက်မှ ဓာရဏာပရိတ်တော်ကို အလုပ်လုပ်နေချိန်၌ဖြစ်စေ၊ အနားယူနေချိန်၌ဖြစ်စေ အချိန်ပြည့်ရွတ်နေတတ်သည်။ မည်သည့်အချိန်က စတင်ရွတ်ဖတ် ပူဇော်လာခဲ့သည်ကို စာရေးသူ မမှတ်မိ။ စာရေးသူတို့ အရွယ်ရောက်ချိန်မှ ယခုအထိ နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ခဲ့သည်ကိုသာ မှတ်မိသည်။ ရွတ်ဖတ်ပူဇော်လာခဲ့သော ဓာရဏာပရိတ်တော်အစွမ်းကြောင့် စာရေးသူတို့မိသားစုသာမက အခြားမိသားစုပေါင်း (၃၀) ကျော် အသက်ဘေးမှ ကင်းလွတ်ခဲ့သည်ကို ကိုယ်တွေ့ကြုံခဲ့ရသည်။

❖

စာရေးသူ၏ဖခင်သည် ရဲဝန်ထမ်းတစ်ဦး ဖြစ်သည်။ စခန်းမှူးအဖြစ် ကချင်ပြည်နယ် မိုးမောက်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကျောင်းဆရာမဖြစ်သူ မိခင်ကလည်း သျှောင်နောက်ဆံထုံးပါ ဆိုတဲ့အတိုင်း မိုးမောက်မြို့သို့ အပြောင်းအရွှေ့တင်ပြီး မိသားတစ်စုလုံး ပြောင်းရွှေ့ခဲ့ကြ၏။ မိုးမောက်



www.burmeseclassic.com

www.burmeseclassic.com

မြို့လေးသည် ကျွန်းတောထဲက နေချင်စရာမြို့ကလေး ဖြစ်သည်။ ကျွန်းပင်တွေက မြို့ကလေး၏ ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားသည်။ ကချင်၊ ရှမ်း၊ ဗမာတိုင်းရင်းသားပေါင်းစုံ နေထိုင်ကြခြင်းကြောင့် ချစ်စရာရိုးရာယဉ်ကျေးမှုလေးများစွာရှိသော မြို့ကလေး ဖြစ်သည်။ ထိုသို့သော မြို့ကလေးသည် လက်နက်ကိုင်တိုက်ပွဲများကြောင့် ကျီးလန့်စာစားဖြစ်နေရသည်။ ထိုအချိန်က တိုင်းရင်းသားလက်နက်ကိုင်များသည် မိုးမောက်မြို့ကလေးသို့ - မကြာမကြာ ဝင်ရောက် တိုက်ခိုက်တတ်ကြသည်။ ဝင်ရောက်လာတိုင်း တပ်မတော်တပ်များနှင့် တိုက်ပွဲတွေဖြစ်ပွားကြသည်။ မြို့သူမြို့သားတွေ ပြေးလွှားပုန်းခိုကြရသည်။ ရဲစခန်းကိုလည်း ဝင်ရောက်စီးနင်းကြသည်။ တိုက်ပွဲတွေအပြန်အလှန်ဖြစ်ကြသည်။ အလှအပနှင့်အကျည်းတန်မှုများ ယှဉ်တွဲနေသောမြို့ကလေး ဟုသာ ဆိုရပေမည်။

စာရေးသူတို့ နေထိုင်သော မိုးမောက်ရဲစခန်းဝန်ထမ်းအိမ်ရာများ၏ အောက်တွင် လိုက်ကျင်းခေါ် မြောင်းများတူးထားကြရသည်။ သေနတ်သံကြားရသည်နှင့် အိမ်၏ကြမ်းပေါက်မှ လိုက်ကျင်းအတိုင်း ဗုံးခိုကျင်းရှိရာသို့ သွားရသည်။ တစ်ခါတစ်ရံ ညနေစာထမင်းကိုပင် ဗုံးခိုကျင်းထဲတွင် စားရသည်။ ဒီဒေသကလူတွေအတွက်တော့ အထူးအဆန်း မဟုတ်တော့သလိုပင်။ တိုက်ပွဲဖြစ်တိုင်း အမေက အေးဆေးတည်ငြိမ်စွာပင် ဓာရဏာပရိတ်ကို ရွတ်ဖတ်ရင်း စာရေးသူတို့ မောင်နှမတစ်သိုက်ကို မကြောက်ဖို့ နှစ်သိမ့်ခဲ့သည်။

ဒီနေရာမှာ အမေ့အကြောင်း နည်းနည်းလောက်ပြောချင်သေးသည်။ အမေသည် ကိုယ်စိတ်နှစ်ပါးလုံး ရိုးသားဖြောင့်မတ်သူ ဖြစ်သည်။ စာရေးသူ၏ ဝတ္ထုလေး သူရဇ္ဇမဂ္ဂဇင်းတွင် ပါသည့်ဆိုတုန်းက စာအုပ်ဆိုင်သို့ ချက်ချင်းပြေးကာ ဝယ်ရှာသည်။ အိမ်ရောက်လို့ ဖတ်မယ်လုပ်တော့ စာအုပ်ကြားတွင် 'နေပြည်တော်ကျော်ကျော်စိုး' အမည်ဖြင့် စာအိတ်ကလေးတစ်အိတ် တွေ့ရသည်။ စာအိတ်ထဲတွင် ပိုက်ဆံတွေပါသည်ကို သိသော်လည်း အမေက ရေပင်မရေကြည့်ခဲ့။ စာအုပ်ရောင်းလိုက်သည့်ဆိုင်သို့ ချက်ချင်းသွားစုံစမ်းချေသည်။ စာအုပ်အရောင်းဆိုင်က နေပြည်တော်ကျော်ကျော်စိုး ဘယ်မှာနေမှန်းမသိပါဟု ဆိုသဖြင့် ထိုစာအိတ်ကလေးကို မဂ္ဂဇင်းတိုက်လိပ်စာနှင့် စာတိုက်မှ ပြန်ပို့ပေးလိုက်၏။

စာရေးသူ၏ ဇာတ်လမ်းကိုဆက်ပါမည်။ စာရေးသူတွင် မောင်နှမ ငါးယောက်ရှိသည်။ ဒီဇာတ်လမ်းဖြစ်လာမည့်နေ့က စာရေးသူနှင့် စာရေးသူ၏ ညီက ကျဉ်းကျဉ်းကျပ်ကျပ်နိုင်လှသော ဝန်ထမ်းအိမ်ကလေး၏ ဘုရားခန်းရှေ့တွင် အိပ်ကြသည်။

"အူး. . . အား. . . အမေ. . . အမေ"

နံနက်(၂)နာရီလောက်တွင် အသံနက်ကြီးနှင့် ထအော်လိုက်သော စာရေးသူညီ၏အသံအဆုံး ရဲစခန်းအရှေ့ဘက်ဆီမှ သေနတ်သံတွေကြားရလေသည်။ ရဲစခန်းအား ရန်သူတွေဝင်စီးပေပြီ၊ ညီဖြစ်သူ၏အသံကြောင့် နိုးနေကြသော ရဲသားများက ချက်ချင်းတုံ့ပြန်ပစ်ခတ်ကြသည်။ မကြာမီ သေနတ်သံတွေတိတ်သွားပြီး တိုက်ပွဲပြီးသွားခဲ့သည်။ တိုက်ပွဲပြီးသွားသည်နှင့် တာဝန်မှူးကျသော ဒုရဲအုပ်နှင့် ရဲသားများ ရောက်လာပြီး စာရေးသူ၏ ညီဖြစ်သူအား-

"မင်းကြောင့်၊ မင်းကြောင့် မင်းအော်လိုက်လို့ ငါတို့နိုးသွားတာ။ ငါတို့အားလုံး အိပ်ပျော်နေတာကွ"

ဟု ဝမ်းသာအားရပြောကြသည်။

နောက်ပိုင်း သိရတာက ရန်သူလက်နက်ကိုင်အဖွဲ့သည် ဒီည မိုးမောက်ရဲစခန်းကို အပြီးချေမှုန်းဖို့လာကြခြင်း ဖြစ်သည်။ တိုက်ပွဲဖြစ်ခဲ့သောအဖွဲ့သည် ရန်သူ၏ ပွိုင့်အဖွဲ့ဖြစ်သည်။ ရန်သူ့ပွိုင့်အဖွဲ့က ကြိုတင်ပြီး ရဲစခန်းအရှေ့တွင် နေရာယူလျက် နောက်ကလာနေသည့် တပ်မကြီးကို စောင့်နေခြင်း ဖြစ်သည်။ ညီဖြစ်သူ၏ အသံနက်ကြီးနှင့်ထအော်သံကြောင့် ရဲတပ်ဖွဲ့ကင်းသမားများ သူတို့ရောက်နေသည်ကိုသိသွားပြီအထင်နှင့် တိုက်ပွဲကို စတင်ခဲ့ခြင်း ဖြစ်လေသည်။ သေနတ်သံကြောင့် စစ်တပ်ကလည်း ထွက်လိုက်သောကြောင့် ရန်သူတပ်မကြီးလည်း ပြန်လည် ဆုတ်ခွာသွားခဲ့ရသည်။ ရဲစခန်းအား ရန်သူတွေအဝိုင်းခံနေရခြင်းကို ဘယ်သူမှမသိလိုက်ပါက မိုးမောက်ရဲစခန်းအတွင်းရှိ တပ်ဖွဲ့ဝင်တွေနှင့် မိသားစုတွေအတွက် မတွေးရဲစရာပင်ဖြစ်သည်။ ညီဖြစ်သူ၏ အော်သံက ရဲစခန်းတစ်ခုလုံးရှိ မိသားစု (၃၀) ခန့်ကို ကယ်တင်ခဲ့ခြင်း ဖြစ်သည်။

ဖြစ်ပုံက အဲဒီညက စာရေးသူ၏ ညီဖြစ်သူသည် အိပ်နေရင်း မိမိအပေါ် တစ်ခုခုခွစီးထားသလိုဖြစ်ပြီး အိပ်ရာက နိုးလာသည်။ အိပ်ရာကနိုးလာသည်ဆိုသော်လည်း တစ်ကိုယ်လုံး လှုပ်ရှားလို့မရ။ တစ်ခုခုနှင့် ဖိထားသလို တင်းကျပ်စွာခံစားနေရသည်။ ရုန်းကန်၍မရသည့်အဆုံး အော်ဟစ်ဖို့ ကြိုးစားပြန်သည်။ အသံကထွက်မလာခဲ့၊ ဘေးတွင် ခွေခွေလေးအိပ်နေသော စာရေးသူကိုလည်း တွေ့နေရသည်။ ခေါ်နိုင်ဖို့ ကြိုးစားသော်လည်း ဘယ်လိုမှလှုပ်၍မရဖြစ်နေသည်။

ထိုအချိန်တွင် အိမ်တံခါးဝ၌ရပ်နေသော လူကြီးတစ်ဦးကို တွေ့လိုက်ရလေသည်။ ဒီလိုအခြေအနေ၌ အသားမည်းမည်းနှင့် လူကောင်ကြီးမားသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ကြောက်လန့်စိတ်ဖြင့် ချွေးစေးတွေပါထွက်လာသည်။ မရဲတရဲ ထပ်ကြည့်လိုက်ချိန်တွင် ထိုလူကြီး၏ နောက်၌ တစ်စုံတစ်ခုကိုရွတ်ရင်း ရပ်နေသော အမေ့ကို တွေ့လိုက်ရသည်။ အမေ ဘာရွတ်နေသည်ကို မကြားရသော်လည်း ဓာရဏာပရိတ်ရွတ်နေသည်ဟု စိတ်ကအလိုလိုသိနေသည်။ ညီဖြစ်သူက အမေ့ကိုမြင်ရသဖြင့် ဝမ်းသာအားရအော်လိုက်သောအသံက စာရေးသူတို့အိမ်လေးမှတစ်ဆင့် ရဲစခန်းတစ်ခုလုံး ပျံ့လွင့်သွားခြင်း ဖြစ်သည်။ စာရေးသူ၏ ညီဖြစ်သူ အော်လိုက်သောအချိန်က မိုးမောက်ရဲစခန်းရှေ့သို့ ရန်သူတွေ ရောက်ရှိနေချိန် ဖြစ်လေတော့သည်။ တိုက်ဆိုင်လှပေစွ။

ဘာကြောင့် ဒီနေ့ညမှ စာရေးသူ၏ညီက ထအော်ရတာလဲ။

ရဲစခန်းကို ရန်သူတွေဝိုင်းထားချိန်နှင့် ဘာကြောင့်တိုက်ဆိုင်နေရတာလဲ။

ညီဖြစ်သူမြင်ခဲ့သော လူမည်းကြီးက ဘယ်သူလဲ။

အိပ်ခန်းထဲတွင် အိပ်နေသော အမေကို စာရေးသူ၏ညီက အိမ်ရှေ့တံခါးဝမှာ ဘာကြောင့်မြင်ခဲ့တာလဲ။

အမေကတော့ အဲဒါဓာရဏာပရိတ်တော်အစွမ်းဟုဆိုရင်း ဘုရားကျောင်းဆောင်ရှေ့မှာ မြတ်ဗုဒ္ဓကို အကြိမ်ကြိမ်လက်အုပ်မိုးလျက် ရှိခိုးနေလေတော့သည်။

မိခင်ကြီး ဒေါ်ကြင်စိန်သို့
ရှိခိုးဦးညွှတ်လျက်
သဂျင်ငယ်ငယ်

❖



www.burmeseclassic.com

www.burmeseclassic.com

ရွှေချီအောင်(ပေလိ)

# ထူးဆန်းအံ့ဩဖွယ်ရာ ရွှေမှုန်ရွှေသားဓာတ်တော်များကျသည့် သံတွဲမြို့ ဇလွန်ရွာ

# ဆရာတော်ဦးသုဇာတ





စာရေးသူသည် သံတွဲမြို့ ဇလွန်ရွာရှိ မပုပ်မသိုးသည့် ရုပ်ကလာပ်တော်ရှိရာဇလွန်ရွာ ဓမ္မမဏ္ဍိုင်ကျောင်းတိုက်အတွင်းရှိ ဂန္ဓကုဋီဆောင်အတွင်းသို့ အစဉ်အမြဲ ဖူးမြော်ကန်တော့ပူဇော်ရန် ရောက်ရှိလေ့ရှိပါသည်။ သံတွဲမြို့သို့ ငပလီကမ်းခြေသို့အလည်အပတ်ဘုရားဖူးရောက်ရှိလာသူများကို နတ်လမ်းညွှန်ဖြစ် ဓမ္မသဝနကုသိုလ်ယူကာ သံတွဲမြို့အကျော် တော်သုံးတော်ဝင် ရွှေဆံတော်၊ ရွှေအံတော်၊ ရွှေနံ့တော် စေတီသုံးဆူအပြင် နှစ်ကြာ မပုပ်မသိုး ခန္ဓာတော်ပျက်မယွင်းဘဲ ရွှေမှုန်ရွှေသား ဓာတ်တော်များကျနေသည့် ဇလွန်ဆရာတော်ကြီး ဦးသုဇာတ၏ရုပ်ကလာပ်တော်သို့ ဖူးမြော်နိုင်ရန် လိုက်လံပို့ဆောင်ပေးလေ့ရှိပါသည်။ ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံကျော် ရွှေတံဆိပ်များဆုရှင် အာဆီယံထူးချွန်ဆု ဆောင် မြန်မာ့ဂုဏ်ရည်ဆရာကြီး ဦးစိန်ထွန်းကြည် (ရုပ်သေးပညာရှင်ကြီး) အား ဆရာတော်ထံသို့ စာရေးသူ၏ မော်တော်ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်၍ ဖူးမြော်စေခဲ့ပါသည်။ ဤသို့ ဇလွန်ဆရာတော်ကြီးအားဖူးတွေ့ရသည့်အတွက် ဆရာကြီးဦးစိန်ထွန်းကြည်က စာရေးသူကို အထူးပင် ကျေးဇူးတင်မိပါကြောင်း ပြောကြသွားခဲ့ပါသည်။

ဤသို့ဖြင့် မေလဒုတိယပတ်တွင် ရန်ကုန်မှ သားကြီး မောင်ချမ်းမြေ့သူနှင့် သူငယ်ချင်းသင်္ဘောသားများ ငပလီကမ်းခြေသို့ အလည်အပတ် အပန်းဖြေခရီး ရောက်ရှိလာကြပါသည်။ သူတို့က သားကြီး မောင်ချမ်းမြေ့သူနှင့်အတူ ဘာစီလိုနာ အခြေစိုက် ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘော ကိုလံဘတ် (2) တွင် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပါသည်။ သင်္ဘောနားခွင့်နှစ်လတာရသည့် ရက်များအတွင်း ငပလီကမ်းခြေသို့ အလည်ရောက်ကြခြင်း ဖြစ်ပါသည်။ ဇနီးတော်က သားကြီးနှင့် ဧည့်သည်များကို ငပလီ မဇင်လေဆိပ်တွင် သွားရောက် ကြိုဆိုခဲ့ပြီး ငပလီကမ်းခြေ ဘေးသာဦးဟိုတယ်တွင် တည်းခိုစေပါသည်။ သူတို့ကိုလည်း သံတွဲအကျော်



www.burmeseclassic.com

www.burmeseclassic.com







တော်(၃)တော် ဘုရား(၃)ဆူနှင့် ဇလွန်ဆရာတော်ကြီး ဦးသုဇာတကို ဖူးမြော်နိုင်ရန် နတ်လမ်းညွှန်ပေးလိုက်ပါသည်။ စာရေးသူက မအားမလပ်ဖြစ်နေသဖြင့် ကားစင်းလုံးငှားစနစ်ဖြင့် မည်သို့မည်ပုံ ဘုရားဖူးရန် လမ်းညွှန်ပေးလိုက်ပါသည်။

သားကြီးက ဘုရားဖူးမှပြန်ရောက်လာသည့်အခါ စာရေးသူကို အလွန်တရာ ထူးဆန်းအံ့ဩဖွယ်ရာ စကားတစ်ရပ်ကို ပြန်ပြောပြလေသည်။ ဇလွန်ဆရာတော်ကြီးအား သူအနီးကပ်ဖူးမြော်ခဲ့စဉ် ဦးခေါင်းတော်တွင် ရွှေမှုန်ရွှေသားအစက်အပြောက်အမှုန့်ကလေးများကို အရောင်တလက်လက်ဖြင့် ဖူးတွေ့ခဲ့ရသည့်အကြောင်းပင် ဖြစ်ပါသည်။

ယခုနှစ်တွင် ဇလွန်ဆရာတော်အား သွားရောက်ဖူးမြော်ကြသူအတော်များများက 'ဇလွန်ဆရာတော်ကြီးကဓာတ်တော်ရွှေမှုန်တွေကျနေတယ်' ဆိုသည့် သတင်းစကားများကို စာရေးသူ အမြဲကြားနေရပါသည်။ သို့သော် အမှုမဲ့အမှတ်မဲ့နေခဲ့ရာမှ သားကြီး၏ စကားကြောင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်၍ မှတ်တမ်းတင် ရေးသားမှတော်ကာကျမည်ဟုတွေး၍ မေ၁၅ရက်နေ့တွင် ဇလွန်ရွာသို့ မော်တော်ဆိုင်ကယ်ဖြင့် မှတ်တမ်းတင်ဖူးမြော်နိုင်ရန် နံနက်စောစော သွားရောက်ခဲ့ကြသည်။

ဆရာတော်အား အနီးကပ်ပူဇော်ကန်တော့ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူလေသည်။ သားကြီး မောင်ချမ်းမြေ့သူက ပုံစံအမျိုးမျိုးအနေအထားဖြင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ဓာတ်ပုံမှတ်တမ်း ရိုက်ယူလေသည်။ စာရေးသူ ဆရာတော်ကို ခြေဆုံးခေါင်းထိတိုင် အနီးကပ် လှေ့လာ ဖူးမြော်လေသည်။ ထိုအခါ နှာခေါင်းတော်အတွင်းနှင့် ဦးခေါင်းတော်ရှိ ဆံတော်များအကြားတွင် လင်းလက်တောက်ပနေသည့် ရွှေမှုန်ရွှေသားဓာတ်တော်မှုန့်လေးများကို ဖူးတွေ့ရပါသည်။ ထိုဓာတ်တော်ရွှေမှုန်ရွှေသားများမှာ သေသေချာချာ အနီးကပ်၍ မျက်စိအမြင် အားကောင်းကောင်းဖြင့် ဖူးမြော်မှသာလျှင် မြင်တွေ့နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဓာတ်တော်ရွှေမှုန့်လေးများမှာ အလွန်တရာ သေးငယ်လွန်းသောကြောင့် ဖြစ်ပါသည်။

ထို့နောက် စာရေးသူက ဂေါပကအဖွဲ့ဝင်လူကြီးများထံ သွားရောက်၍



www.burmeseclassic.com

www.burmeseclassic.com

ယခုကဲ့သို့ ဓာတ်တော်ရွှေမှုန်များ ဖူးတွေ့ရသည်မှာ အချိန်ကာလမည်မျှကြာခဲ့ပြီကို မေးမြန်းစုံစမ်းခဲ့ပါသည်။ ဆရာတော်၏ ရုပ်ကလာပ်တော်အား အနီးကပ်ကြီးကြပ်၍ နေ့စဉ်ဓမ္မသဝနကုသိုလ်ဖြစ်ဆောင့်ရှောက်နေသည့် ဇလွန်ရွာသား ဝေါပကအဖွဲ့ဝင်လူကြီးက ဆရာတော်ထံမှ ရွှေမှုန်ရွှေသားဓာတ်တော်များကျနေကြောင်းကို ယမန်နှစ် တန်ဆောင်မုန်းလကမှစတင်၍ တွေ့ရှိရပါကြောင်း၊ ဆရာတော်ကို လာရောက် ဖူးမြော်သူအချို့က တွေ့မြင်ဖူးမြော်ရကြောင်းပြောပြသဖြင့် လူအများသိရှိလာကြကြောင်း၊ ဆရာတော်ကြီး၏ သက်န်းတော်ကို အမြဲလဲလှယ်ပေးပါကြောင်း၊ ထိုသို့ သင်္ကန်းတော်လဲလှယ်ပေးရခြင်းမှာလည်း သင်္ကန်းတော်အလှူရှင်များ၏ စိတ်တိုင်းကျဆက်ကပ် လှူဒါန်းပေးပါကြောင်းနှင့် ဆရာတော်၏ စွန့်လိုက်သည့် သင်္ကန်းများကို အစငယ်များပြုလုပ်၍ ပူဇော်သက္ကာရပြုလိုသူ ဒကာ၊ ဒကာမများအား ဝေါပကအဖွဲ့မှ လှူဒါန်းစွန့်ကြပေးကြကြောင်း၊ ဆရာတော်အား အလှူရှင်တို့၏ သင်္ကန်းတော်အသစ်ကို ဆင်မြန်းပေးရန်အတွက် သင်္ကန်းတော်အဟောင်းကို လှစ်ခွာစွန့်ပယ်လေ့ရှိပါသည်၊ ထိုအခါ ထိုသင်္ကန်းအဟောင်းတော်ဝယ် ဆရာတော့်ကိုယ်ခန္ဓာမှ ကျလာသည့်ဓာတ်တော်ရွှေမှုန်များ သင်္ကန်းတော်ဝယ် ရွှေမှုန်များဖြင့် ပက်ဖျန်းထားသလို နေရာအနှံ့ ဖူးတွေ့ရပါကြောင်း အစေ့အသူကို ရှင်းလင်းပြောပြပါသည်။ ယခုကဲ့သို့ ဓာတ်တော်ရွှေမှုန်များ ကျနေသည်မှာ ရက်သတ္တပတ် (၇) ကြိမ်ပေါင်း (၄၉) ရက်တွင် တစ်ကြိမ်ဓာတ်တော်များကျလေ့ရှိကြောင်း ပြောပြခဲ့ပါသည်။ ရွှေမှုန်ရွှေသား ဓာတ်တော်များမှာ သေးငယ်နုညက်လွန်းသဖြင့် ဆရာတော်၏သင်္ကန်းတော်တွင် ကပ်ငြိနေကြကြောင်း လေ့လာ ဖူးမြော် တွေ့ရှိရပါသည်။

ထိုသို့ ရွှေသားပကတိဓာတ်တော်များကျခဲ့သည့် ရဟန္တာဆရာတော်ကြီးအကြောင်းမှာ အင်းဝမြို့ ရဟန္တာအရှင်သုမင်္ဂလာလင်္ကာရ ဆရာတော်ကြီး ဖြစ်ပါသည်။ အရှင်သဒ္ဓမ္မာဆရာတော်ဘုရားသည် အာနာပါနကမ္မဋ္ဌာန်းတရားအားကိုယ်တော်မူစဉ် မောဟတရား ထိနမိဒ္ဓတရားတို့ နှိပ်စက်၍ နေ့ရောညပါ မအိပ်စက်သည့်နိသဇ်မှုတင်ကို ဆောက်တည်၍ တရားအားထုတ်လေသည်။ နိသဇ်









www.burmeseclassic.com

www.burmeseclassic.com





ခုတင်အကျင့်မြတ် ဟူသည့် မအိပ်ရုံသာ မဟုတ်၊ နိုးနေနှင့်လျက်လည်း ကျောခင်း၍မနေရဘဲ မောဟနှင့် ထိနမိဒ္ဓကို အပြတ်တိုက်ကျင့်ကြံသည့် အမိဋ္ဌာန်နည်းတစ်မျိုးပင် ဖြစ်လေသည်။ ဆရာတော်သည် သေလုနီးပါး ကြောက်မက်ဖွယ်ရောဂါ စွဲကပ်ခဲ့သော်လည်း ရောဂါပြင်းထန်မှုကို သည်းခံတော်မူလျက် ဆက်လက် တရားအားထုတ်တော်မူခဲ့ရာ မကြာမီ စုတိကမ္ဘဇရုပ်ချုပ်ငြိမ်း၍ ခန္ဓာဝန် ရုပ်သိမ်းတော်မူသည်ထိ ဇွဲစိတ်သန်သန်ဖြင့် တရားအားထုတ်တော်မူခဲ့လေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသည့်အခါ မင်းတုန်းမင်း ကိုးကွယ်ဆည်းကပ်ခဲ့သော ဆရာတော်ဖြစ်၍ မင်းတုန်းမင်းသားက ဦးဆောင်ဦးစီးပြု၍ ဆရာတော်၏ အဂ္ဂိဈာပနကို ကျင်းပတော်မူလေသည်။ တပည့်များသည် ရုပ်အလောင်းတော် ပြာကျ၍ မီးငြိမ်းသောအခါ သူ့ထက်ငါ ရေဖြင့်ပက်ဖျန်း၍ အရိုးတော်များကို ရှာဖွေကောက်ယူပူဇော်ကြလေသည်။ အခြားအရိုးများမှာ ကြေမွ၍ မီးလောင်ကျွမ်းခြစ်သွားသော်လည်း တစ်တောင်ဆံစ်မှ လက်ဖျံရိုးနှစ်ချောင်းမှာ ရွှေရောင်များ ဝါဝင်းလှပလျက် ဓာတ်တော်ကျလေသည်။ ရပ်နီး၊ ရပ်ဝေးမှသတင်းအရ လူများလာရောက်ကြ၍ ရွှေရောင်ဓာတ်တော်ကျသည်ကို အုန်းအုန်းကျွက်ကျွက် လာရောက် ဖူးမြော်ကြလေသည်။

စာရေးသူသည် ဆရာတော်ကြီးများ၏ အန္တိမဈာပနအခမ်းအနား ဗွီဒီယိုမှတ်တမ်းများကို မကြာခဏကြည့်ခဲ့ဖူးရာတွင် မုံရွာမြို့ နောင်မွန်ဆရာတော်ကြီး (သို့) မဟာဗောဓိတစ်ထောင်ဆရာတော်ကြီးလားဆိုသည်ကို သေချာမမှတ်မိတော့ပါ။ အန္တိမဈာပန ပြာချပြီးနောက် ဓာတ်တော်များရှာဖွေရာတွင် မီးသဂြိုဟ်သည့် အုတ်တံတိုင်းအတွင်း ရွှေရောင်ဓာတ်တော်များ ကွန့်မြူးနေသည်ကို ဗွီဒီယိုမှတ်တမ်းအရ ဖူးမြော်တွေ့မြင်ဖူးပါသည်။ ကြာမြင့်ခဲ့ပြီးဖြစ်၍ စိတ်ထဲတွင် ခပ်ရေးရေး ယနေ့တိုင် မြင်ယောင်နေမိပါသည်။

မြန်မာ့ဗုဒ္ဓဘာသာ၊သာသနာဝယ် အကာလိကောဂုဏ်တော်ဖြင့် အချိန်မရွေးအခါမရွေး ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြသည့် ဆရာတော်ကြီးများသည် တစ်မင်တစ်ဖိုလ်ဆိုက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကာ ရဟန္တာအရှင်သူမြတ်ကြီးများအဖြစ် ဂေါတမမြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကအစပြု၍ ယနေ့တိုင် တစ်ပါးပြီးတစ်ပါးပေါ်ထွန်းလျက်ရှိကြသည်။ ထွင့်ခေါင်ဆရာတော်၊ သီးလုံးဆရာတော်၊ စွန်းလွန်းဆရာတော်၊ ဘုန်းတော်ကြီး ဦးသီလ၊ မိုးကုတ်ဆရာတော် အစရှိသဖြင့် ရဟန္တာထေရ်ကျော်ကြီးများစွာ ဗုဒ္ဓသာသနာ့ဂုဏ်ဆောင်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။ ယနေ့တိုင် မဟာဗောဓိတစ်ထောင်ဆရာတော်ကြီးနှင့်တကွ ဆရာတော်ဦးယောသိတ အရှင်သူမြတ်မှာလည်း ယနေ့မျက်မှောက်ခေတ်ကာလ၏ အထင်ရှားဆုံးရဟန္တာအဖြစ် လူသိထင်ရှားဖြစ်ခဲ့ပါသည်။

ဆရာတော် ဦးသုဇာတသည် ကျောင်းကြီးစံပျော်ဘဝကို မခံယူဘဲ တောအနှံ့တောင်အနှံ့ တဲကျောင်းလေးဆောက်လုပ်၍ ကမ္မဋ္ဌာန်းတရားကို မပြတ်မလပ်သောသတိဖြင့်၊ ဇွဲစိတ်သန်သန်ဖြင့် ကြိုးစားအားထုတ်တော်မူခဲ့လေသည်။ သံတွဲ-ဂွမြို့နယ် ကားလမ်းဘေးရှိ မဲနယ်ကွင်းရွာ အရှေ့တောင်ဘက်တောင်ကုန်း (ဇလွန်တောင်တက်) လက်ဝဲဘက် တောင်ကုန်းကလေးသည် ယခုအခါ ရော်ဘာပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိနေရာ ရှေးအခါက ဇလွန်ဆရာတော်ကြီး ဓာတ်ကျရာ၊ တော ဆောက်တည်ရာ၊ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ရာ နယ်မြေဒေသ ဖြစ်ခဲ့ပါသည်။ ဆရာတော်ကြီးက ထို တောင်ကုန်းကလေးကို နေမိန္ဒြတော ဟု အမည်ပေးခဲ့ပါသည်။ ဆရာတော် ဦးသုဇာတသည် တောရဆောက်တည် ရင်း ကျန်းမာရေးချို့တဲ့၍ ရွာနေ တွင် ကျောင်းထိုင်လိုက်၊ ကျန်းမာ




www.burmeseclassic.com

www.burmeseclassic.com







ောင်းသည်နှင့် တောရပြန်ဆောက်ည်တာ ကမ္မဋ္ဌာန်းတရားအားထုတ်တ် စသည်ဖြင့်ရှိနေခဲ့ရာမှ တစ်နေ့င် စွန်းလွန်းဆရာတော်ဘုရားကြီးလွန်တော်မူကြောင်းနှင့် စွန်းလွန်းဆရာတော်ဘုရားကြီး၏ကြွင်းကျန်သည့်ရုပ်ကလာပ်တော်မှာ မပုပ်မသိုးကြောင်း၊ ရဟန္တာအရှင်သူမြတ်ဖြစ်ကြောင်း သံတွဲမြို့နယ်အတွင်း သတင်းံ့ခဲ့လေသည်။ ဆရာတော်သည်လွန်းဆရာတော်ဦးကဝိ၏ထေရုပ္ပတ္တိအုပ်ကို ဖတ်ရှုခဲ့ပြီးနောက် နောက် နှစ်ခန့်ကာလအကြာ သက်တော် နှစ်၊ သိက္ခာတော် (၄၅) ဝါအရ၌ယာကွင်းကျေးရွာမှ ဦးလှညွန့်နှင့်ောင်းဒါယကာကြီးများကို ရုတ်တ ဤသို့ စကားမိန့်ဆိုခဲ့လေသည်။

ဆရာတော်ကြီးက -

"တပည့်ဒကာတို့၊ ငါပျံလွန်တော်မူရင် မပုပ်မသိုးတော့ဘူး။ ဒါကြောင့်မို့ ငါ့ရဲ့ခန္ဓာကိုယ်ကို မီးလည်းမရှို့ကြလေနဲ့၊ မြေမှာလည်းမမြှုပ်နဲ့၊ ရေမှာလည်းမမျှောကြလေနဲ့။ အာရုံ(၆)ပါး၊ တံခါး(၆)ပေါက်ကိုရည်ရွယ်သောအားဖြင့် အပေါက် (၆) ပေါက်ပါရှိတဲ့ ဂူကိုပြုလုပ်ပြီး ငါ့ရဲ့ ဥတုဇရုပ်ကလာပ်တော်ကို ဂူထဲမှာထည့်နှင့်ကြပါ"

ဟု ရဲရင့်တည်ကြည်သောဣန္ဒြေဖြင့် မိန့်ဆိုလိုက်သဖြင့် တပည့်ဒကာများမှာ အံ့သြတုန်လှုပ်သွားခဲ့ကြဖူးလေသည်။

ဆရာတော်၏မိန့်မှာချက်အတိုင်း ဆရာတော် ပျံလွန်တော်မူသည့်အခါ ရောင်ခြည်တော်များ ကွန့်မြူး၍ ခန္ဓာတော်မှာ ယနေ့တိုင် မပျက်မယွင်း မပုပ်မသိုးဘဲ ရွှေရောင်အဆင်းဖြင့် ဝါဝင်းထိန်လင်း၍ ယခုကဲ့သို့ ရွှေမှုန်ရွှေသားဓာတ်တော်များကျနေခဲ့သည်မှာ အထင်အရှားအဖြစ် တည်ရှိနေပါသည်။ ဆရာတော်မိန့်မှာချက်အတိုင်း ဆရာတော်ဘုရားကြီးကို အပေါက် (၆) ပေါက်ပါ ဂူဗိမာန်တော် ဆောက်လုပ်၍ ဇလွန်ရွာ ဓမ္မမဏ္ဍိုင်ကျောင်းတိုက်ထဲတွင် ပူဇော်ထားလျက်ရှိနေပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ်တော်ကို ကျောင်းဝင်းအတွင်း ကြာကလပ်တင်ထားခဲ့ရာ ရုပ်ကလာပ်တော်မှ ရောင်ခြည်တော်တုံးကြီးများ ထွန်းလင်းပေါ်ထွက်ခဲ့သည်ကို ရေဖြူအိုင်ကျေးရွာမှ ဦးညီညီလေးနှင့် ဒေါ်စိန်ညိုတို့သည် လည်းကောင်း၊ ဆရာတော်၏ တပည့်ဒကာရင်းဖြစ်သူ ဦးမောင်အုန်းနှင့် ဦးတင်အေး၊ ဦးသန်းခင်၊ ဦးသိန်းမောင်၊ ဦးမောင်အုန်းရွှေ၊ ဦးကျော်နိုင်တို့သည် လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့လိုက်ကြရသည်။ ဇလွန်ရွာမှ ဦးအေးဖနှင့် ဇနီးဒေါ်ထွေးသိန်းနှင့် ဘာသာခြားဖြစ်သူ (အ-မ-က) မဲနယ်ကွင်းကျောင်းအုပ်ကြီးဦးထွန်းအောင်မှာ ဓာတ်တော်ကို တကယ်ပင် ကိုယ်တွေ့မျက်မြင် ဖူးတွေ့ခဲ့ရလေရာ နောင်တွင် ဗုဒ္ဓဘာသာအဖြစ်သို့ ကူးပြောင်းကိုးကွယ်ခဲ့ရာ ယခုကွယ်လွန်ခဲ့ပြီးဖြစ်သည်။

ဆရာတော်သည် သက်ရှိထင်ရှားရှိစဉ်ကာလက တပည့်ဒကာများကို တရားဓမ္မဟောကြားဆုံးမလေ့ရှိရာတွင် ဒါနပိုင်းလောက်ကို အဓိကမထားဘဲ သီလပိုင်းအနေဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို အထူးအလေးထားဟောကြားတော်မူလေ့ရှိသည်။ ဆရာ

www.burmeseclassic.com

တော်က ဗုဒ္ဓရတနာအစစ်အမှန်၊ ဓမ္မရတနာအစစ်အမှန်၊ သံဃာရတနာအစစ်အမှန်တွေကို ယုံယုံကြည်ကြည်နဲ့ အမြဲဆည်းကပ် ကိုးကွယ်နေကြရတဲ့ ဒကာ၊ ဒကာမများမှာ အပါယ်ရောက်စေမယ့် မကောင်းမှုဒုစရိုက်တွေကို ရှောင်ကြဉ်ပြီး ကိုယ်ကျင့်တရားကောင်းမွန်ဖို့ သီလတရားတွေကို စောင့်ရှောက်နိုင်ပါမှ အပါယ်ဘေးက လွတ်ကင်း၍ ကောင်းသော သုဂတိဘုံဘဝတွေကိုရောက်ကြမှာ ဟူ၍ အမြဲဆိုဆုံးမ ဩဝါဒပေးတော်မူလေ့ရှိပါသည်။

ဆရာတော်သည် သူတစ်ပါးစိတ်အကြံအစည်ကို ကြိုတင်သိမြင်တော်မူနိုင်သည့် ပရစိတ္တဝိဇာနနအဘိညာဏ်ကို ရရှိတော်မူခဲ့ပါသည်။ တပည့်ဒကာကြီးဦးအုန်းမောင်က ဝိပဿနာတရားနှင့် ပတ်သက်၍ သမထတရားကို ယုံမှားသံသယ ဆရာတော်အား လျှောက်မည်ဟုသွားသည့်အခါ ဆရာတော်က ကြိုသိနေနှင့်၍ ဦးအုန်းမောင်ကို 'မင်းကငါ့ကို ဆရာလုပ်ရန်လာသလား' ဟု မိန့်လိုက်သည့်အတွက် ဦးအုန်းမောင်မှာ မိမိ၏အမှားကို တွေးမိကာ နောင်တရဖူးလေသည်။ တစ်ဖန် ဆရာတော်က တော်သလင်းလပြည့်ဥပုသ်နေ့တွင် ဦးစိန်အမှူးပြုသည့် တပည့်ဒကာ၊ ဒကာမ (၁၀၀) ကျော်တို့အား သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့ကို လူတိုင်းကမြင်ရုံတွေ့ရုံနှင့် သိနိုင်ပါရဲ့လား။ အဆိုပါပုဂ္ဂိုလ်များကလည်း မိမိတို့သည် ထိုပုဂ္ဂိုလ်များ ဖြစ်ကြကြောင်း ပြောမပြကြကြောင်း အရိပ်အမြွက်သောစကားကို ညွှန်းဆိုဟောကြားခဲ့ဖူးလေသည်။

ဆရာတော်ကြီးအား မြို့ရွာအသီးသီးမှ ကြည်ညိုပူဇော်သူများ အမြဲမပြတ်လာရောက် ဖူးမြော်လျက်ရှိသလို ငပလီသံတွဲရောက် သမ္မတကြီး၊ ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးများ၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ဖူးမြော်လေ့ရှိပါသည်။ ထို့ပြင် ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားများလည်း လာရောက် စူးစမ်းလေ့လာ ဖူးမြော်လေ့ရှိပါသည်။ စာရေးသူနှင့် ဇလွန်ထမင်းဆိုင်ပိုင်ရှင် ကိုညီတို့က နိုင်ငံခြားသားများလေ့လာဖတ်ရှုနိုင်ရန်အတွက် ထေရုပ္ပတ္တိကို အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် စာအုပ်ကို စီစဉ်ပေးထားပါသည်။ နိုင်ငံခြားသံအမတ်ကြီးများ၊ သံခင်းတမန်ခင်းပုဂ္ဂိုလ်များလည်း လာရောက် လေ့လာဖူးမြော်ကြပါသည်။ အီတလီရုပ်သံအဖွဲ့က ဗွီဒီယိုရိုက်ကူး၍ အင်တာနက်မှလွှင့်တင်ခဲ့သည်ဟုလည်း သိရှိရပါသည်။ ဂျာမန်ဆေးပညာရှင်အဖွဲ့၊ အီတလီဆေးပညာရှင်အဖွဲ့၊ ဂျပန်ဆေးပညာရှင်အဖွဲ့များကလည်း ဆရာတော်ရုပ်ကလာပ်မပုပ်မပျက် မချို့ယွင်းသည်မှာ ဆေးစိမ်စီမံထားသည်အထင်ဖြင့် ခေတ်မီစက်ကိရိယာများဖြင့် ရိုက်ကူးစမ်းသပ်ခြင်းများ လက်တွေ့ပြုလုပ်ခဲ့ကြရာ ဆရာတော်မှာ မည်သည့်ဆေးမှ စီမံချက်မရှိဘဲ ပကတိရုပ်ဝတ္ထုအနေဖြင့် မပျက်စီးမချို့ယွင်းကြောင်း ဝန်ခံပြောဆိုသွားရလေသည်။

၂၀၁၄၊ မေလက စာရေးသူသည် ဂေါပကအဖွဲ့အား မှန်ခေါင်းတော်ကို ဖွင့်၍ စေ့စပ်သေချာ ဖူးမြော်ရေးသားခွင့်ပြုပါရန် တောင်းဆိုချက်အရ ခွင့်ပြုသဖြင့် အနီးကပ်သေချာစွာ လေ့လာဖူးမြော်ခွင့်ရရှိခဲ့ပါသည်။ ဆရာတော်၏ အရေပြားများမှာ ရော်ဘာကဲ့သို့ နူးညံ့အိစက်ပျော့ပျောင်းလျက် အကြောတော်များမှာ လုံးဝမပျက်စီး ပကတိအတိုင်း တည်ရှိနေပါသည်။ အရေပြားတော်မှာ ကြေးနီရောင်အဆင်းကဲ့သို့ ဝါဝင်းနေပါသည်။ ဝမ်းဗိုက်အတွင်း အူ၊ အသည်း၊ ကလီစာများမှာလည်း ချို့ယွင်းမှုတစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရပါသည်။ ဆရာတော်၏ပုရိသအင်္ဂါပင်လျှင် ပကတိအတိုင်းရှိနေပါသည်။ ကိုယ်ခန္ဓာတွင် အနုနယ်ဆုံးဖြစ်သည့် နှုတ်ခမ်းတော်၊ နှာခေါင်းတော်၊ နားရွက်တော်တို့မှာ လုံးဝချို့ယွင်းမှုမရှိဘဲ စိုပြည်ခြောက်ကပ်စွာ တည်ရှိနေသည်မှာ အလွန်ထူးဆန်းအံ့ဩဖွယ်ရာပင် ဖြစ်ပါသည်။ မျက်လုံးတော်မှာလည်း မျက်အိမ်မျက်ဝန်းအတွင်း ပကတိအတိုင်း ပိတ်ထားသည်မှအပ လုံးဝချို့ယွင်းမှုမရှိသေးပါ။ မွေးညင်းတော်များနှင့် ဆံပင်များမှာလည်း ရှိနေမြဲအတိုင်းပင်ဖြစ်သလို ခြေသည်း၊ လက်သည်းတော်များမှာလည်း ပကတိအတိုင်း မချို့မယွင်း မပျက်မစီး တည်ရှိနေမြဲပင် ဖြစ်ပါသည်။ ထိုခန္ဓာတော်အနံ့မှ ရွှေမှုန်ရွှေစက်ကလေးများမှာ အဏုမြူပမာ ဖြစ်ပေါ်၍ ဓာတ်တော်ကျနေခြင်း ဖြစ်ပါသည်။

ဆရာတော်၏ ကြည်ညိုဖွယ်ရာကောင်းသည့် ဝိသေသလက္ခဏာများမှာ -

၁။ ကျန်းမာရေးချို့ယွင်းပါသော်လည်း ကမ္မဋ္ဌာန်းတရားကို ဖွဲ့မလျော့ မဆုတ်မနစ်ဘဲ မပျက်မကွက် ကြိုးစားကျင့်ကြံ အားထုတ်တော်မူခြင်း။

၂။ စားသောက်နေထိုင်မှုတွင် လောကီရေးကိုမလိုက်စားဘဲ လောကုတ္တရာနှင့်အညီသာ နေထိုင်သိတင်းသုံးတော်မူခြင်း၊ ခေတ်မီအသုံးအဆောင်များကို မသုံးစွဲခြင်း။

၃။ သူတစ်ပါး၏ စိတ်အကြံအစည်ကို ကြိုတင် သိမြင် ပြောဆိုနိုင်သည့် ပရစိတ္တဝိဇာနနအဘိညာဏ်ဖြင့်ပြည့်စုံတော်မူခြင်း။

၄။ သီလနှင့် ဒါနတွင် သီလကျင့်ဝတ်ကို ကောင်းမွန်စွာ စောင့်ရှောက်ဟောကြားတော်မူခြင်း။

၅။ နတ်ဒေဝတာဗြဟ္မာများ၏ ဝတ်စားဆင်ယင်မှုကိုသိရှိပြောကြားနိုင်ခြင်း။

၆။ လောကီထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဝိဇ္ဇာဇော်ဂျီများရှိကြောင်း၊ ဂန္ဓမာဒနတောင်တွင် အလွန်ပေါများလှကြောင်း ပြောဆိုမိန့်ကြားခဲ့ခြင်း။

၇။ ပျံလွန်တော်မူပြီး နှစ်ပေါင်း (၃၀) ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ရုပ်ကလာပ်တော်မှာ လုံးဝ ချို့ယွင်းပျက်စီးမှုမရှိဘဲ ဓာတ်တော်ရွှေမှုန်များကျခြင်း။

၈။ ပျံလွန်တော်မူပြီးနောက် ရောင်ခြည်တော် အလင်းရောင်ကြီးများ ထွက်ပေါ်ခြင်း။

၉။ မရှိသေမလေးစားသူနှင့် သေရည်သေရက်သောက်စားထားသူများ ကင်မရာဖြင့်ရိုက်ပါက ဓာတ်ပုံကင်မရာ မီးမပွင့်ခြင်း။

၁၀။ ၎င်းပျံလွန်တော်မူပါက မီးမရှို့ရန်၊ မြေမမြှုပ်ရန်၊ ရေမမျှောရန်နှင့် အပေါက်(၆)ပေါက်ပါဂူ ပြုလုပ်၍ ထားရှိရန် ကြိုတင်မိန့်ကြားတော်မူခြင်း။

၁၁။ တပည့်ဒကာတို့အား လောကီလူမှုကိစ္စကို ပြောဆိုမှုနည်းပါး၍ အကျိုးမဲ့ အတင်းအဖျင်းစကားကို မပြောဆိုခြင်း။

၁၂။ တပည့်ရဟန်းသံဃာတော်တို့အား ဝိနည်းသိက္ခာတော်ကို အလေးအနက်ထားစောင့်ရှောက်ကြရန် အမြဲဩဝါဒပေး၍ မိမိကိုယ်တိုင် ဝိနည်းသိက္ခာကို အလေးဂရုပြု စောင့်ရှောက်တော်မူခြင်း စသည်တို့ ဖြစ်ပါကြောင်း လေ့လာကြည်ညိုပူဇော်ရေးသားလိုက်ရပါတော့သည်။

ရွှေချိုအောင် (ငပလီ)



www.burmeseclassic.com

www.burmeseclassic.com



## မိုးမင်းဇော်

# အရဟံဂုဏ်တော်ပုတီးအဓိဋ္ဌာန် ပတ်ရေတစ်သိန်းစိပ်ခြင်း၏ ကောင်းကျိုးရလဒ်များ

လွန်ခဲ့သော အချိန်ကာလ [illegible] နှစ် ၁၉၉၀ပြည့်နှစ်အတွင်းက [illegible]သူသည် ဆူးလေဘုရားလမ်းရှိ [illegible]ထောင်စု မြန်မာနိုင်ငံ ဗဟိုဘဏ် [illegible] မြဝတီဘဏ်ရှေ့ လမ်းလျှောက် [illegible]တ် ဦးစိုးသိန်း (လ/ထမန်နေဂျာ [illegible]ဘဏ်)(ကွယ်လွန်)နှင့် အမှတ်မထင် [illegible]ကြပါသည်။ မိမိတို့မှာ တစ်ဦး [illegible]စ်ဦး ရင်းနှီးခင်မင်မှုရှိကြသည့် [illegible]လျှောက် ဦးစိုးသိန်းမှ မိမိအား ရုံး [illegible]ရက်များတွင် အချိန်ပေးနိုင်ပါက [illegible]သွားရောက်၍ လောကုတ္တရာကိစ္စ [illegible]များဆောင်ရွက်ရာ ဘုန်းတော်ကြီး [illegible]ကျောင်းသို့ လာရောက်ပါရန် လိပ်စာ [illegible]သွားခဲ့ပါသည်။

ငင်းပေးထားခဲ့သော လိပ်စာပါ [illegible]တော်ကြီးကျောင်းမှာ သဃ်န်းကျွန်း [illegible]သ်အတွင်းရှိ မေဃဝတီကျောင်း [illegible]ဖြစ်၍ ကျောင်းထိုင်ဆရာတော် [illegible]၏ ဘွဲ့အမည်မှာ ဦးရေဝတဖြစ် [illegible]ကြောင်း သိရှိရပါသည်။ ကျောင်းဝင်း [illegible]ကျောင်းသို့ရောက်သည်နှင့် သူငယ်ချင်း [illegible] ဦးစိုးသိန်းနှင့်ပါ အခန့်သင့်တွေ့ [illegible]သည်။

ဦးစိုးသိန်းမှ မိမိအား ဆရာတော် [illegible]သံခေါ် ဆောင်သွားပြီး မိတ်ဆက် [illegible]တန်တော့စေပါသည်။ ယင်းသို့ [illegible]တော်ဘုရား၏ ရှေ့မှောက်တွင် [illegible]နေခိုက် ဆရာတော်မှ မိမိအား [illegible]မထင် စကားတစ်ခွန်း မိန့်ကြား [illegible]ခြင်းပါတော့သည်။ ဆရာတော် [illegible]နှင့် စာရေးသူတို့ အမေးအဖြေကို [illegible] စတင်ကြပါတော့သည်။

"ဒကာကြီး၊ ပုတီးစိပ်ဖူးသလား"

"မှန်လှပါ၊ စိပ်ဖူးပါတယ် ဘုရား"

"အဓိဋ္ဌာန်ထားပြီးစိပ်တာမျိုးကော ရှိပါသလား"

"ဒီလိုတော့မရှိပါဘုရား။ အဆင်ပြေသလိုစိပ်တာသာရှိပါတယ် ဘုရား"

"ဒကာ၊ အဓိဋ္ဌာန်ပုတီး အရဟံဂုဏ်တော် (၉) ပါးထဲက တစ်ပါးပါးကို ကြိုက်ရာရွေးပြီး ပုတီးပတ်ရေ (လုံးရေမဟုတ်) တစ်သိန်း စိပ်နိုင်ပါ့မလား"

ဆရာတော်၏ ဤမေးခွန်းကို ရုတ်ခြည်း ပြန်လည် ဖြေကြားလျှောက်တင်ရန် မဝံ့မရဲပြန်သွားပါတော့သည်။ ပြန်လည်မဖြေကြားလျှင် ရိုင်းစိုင်းရာကျမည်။ ဖြေကြားပါကလည်း ဝန်ခံကတိပေးမှုတော်မည်ဖြစ်နေပါသည်။

ဤအချိန်တွင် ဘေးတွင်ထိုင်နေသော သူငယ်ချင်းဦးစိုးသိန်းမှ စာရေးသူအား ပုတီးပတ်ရေတစ်သိန်းစိပ်မည်ဟု ကတိပေးလိုက်ရန် အားပေးစကားပြောနေပါတော့သည်။ ဦးစိုးသိန်းမှ အားပေးရာတွင် ဤကိစ္စမျိုးမှာ လူတိုင်းဆောင်ရွက်နိုင်သောကိစ္စမဟုတ်ကြောင်း၊ မိမိအား ဆရာတော်မှအဓိဋ္ဌာန်ပြည့်အောင် ဆောင်ရွက်နိုင်မည်ဟု ကြိုတင်မြင်ထားမှုကြောင့်သာ ဤမေးခွန်းမေးခြင်း ဖြစ်ကြောင်း အားပေးနေပါတော့သည်။

နောက်ဆုံးတွင် စာရေးသူမှ အားတင်း၍ အရဟံဂုဏ်တော်ပုတီးပတ်ရေ တစ်သိန်းကိုအဓိဋ္ဌာန်ပြည့်အောင်စိပ်ရန် အဓိဋ္ဌာန်ပြုလိုပါကြောင်းနှင့် စိပ်ရမည့် နည်းလမ်း၊ ကြာညောင်းမည့် အချိန်စသည်တို့ကို မိန့်ကြားပါရန်နှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားလိုက်ပါတော့သည်။

ဆရာတော်မှ ပုတီးစိပ်ရန် နည်းလမ်းမိန့်ကြားရာမှာ -

တစ်နေ့ (၂၄)နာရီ အတွင်း ပုတီးပတ်ရေ (အရဟံဂုဏ်တော် (၉) ပါး အနက် ကြိုက်ရာတစ်ပါး) တစ်ရာပြည့်ရမည်ဖြစ်ကြောင်း၊ ဥပမာ နံနက်ပိုင်းပတ်ရေ (၃၀)၊ နေ့လယ် (၃၀) နှင့် ညဥ့်(၁၂) နာရီမထိုးမီ ကျန်(၄၀)ကို အပြီးမပျက်မကွက်စိပ်ရမည်ဟု မိန့်ကြားပြီး တစ်ရက်ပတ်ရေ (၁၀၀) နှုန်းနှင့် စိပ်သွားပါက (၃) နှစ်နီးပါးကြာလျှင် အဓိဋ္ဌာန်အောင်မြင်မည်ဖြစ်ကြောင်း အမိန့်ရှိလိုက်ပါသည်။

**အဓိဋ္ဌာန်ပုတီးစိပ်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း**

စာရေးသူမှ ကြိုတင်စီစဉ်ဆောင်ရွက်ရာတွင် စိပ်ပုတီးဝယ်ယူမှုကို စတင်ဆောင်ရွက်ပါသည်။ ပုတီးလုံးသေးလွန်းလျှင် ရေတွက်ရာ၌ ခက်ခဲနိုင်ပြီး လုံးပတ်ကြီးလွန်းပါလည်း ပုတီး၏အလေးချိန်တာဝန်ပိုလာမည့်ကိစ္စနှင့် စာရေးသူမှာ မကြာခဏခရီးထွက်နေရသူဖြစ်၍ သယ်ယူရာတွင်လည်းလွယ်ကူစေရန် အလယ်အလတ်ပုတီးတစ်ကုံးကို ရွှေတိဂုံတောင်ဘက်စောင်းတန်းရှိ ဆိုင်တစ်ဆိုင်တွင် ဝယ်ယူပါသည်။ ပုတီးဆိုင်ပိုင်ရှင်မှလည်း ကိုးနဝင်းကျေဆိုင်ဖြစ်ကြောင်းနှင့် ပုတီး၏ တန်ဖိုးများမှာ (၉) ဂဏန်းဖြစ်သည့် ကျပ် (၆၃) ကျပ်၊ (၇၂) ကျပ်၊ (၉၀) ကျပ်ကြိုက်ရာယူပါ ဆို၍ (၆၃) ကျပ်တန် မှာကြားရာ တစ်လခန့်စောင့်ပြီးမှ စိတ်ကြိုက်ပုတီးတစ်ကုံး ရရှိပိုင်ဆိုင်ခဲ့ပါသည်။

အဓိဋ္ဌာန်ပုတီး စတင်မစိပ်မီ စာရေးသူတွေးမိသည်မှာ တစ်နေ့ ပတ်



www.burmeseclassic.com

www.burmeseclassic.com

ရေ(၁၀၀)ဆိုသော်လည်း အမှန်တကယ်ရေတွက်စိပ်သည့်အခါတွင် လူ့သဘာဝ အလျောက်တွေဝေခြင်း၊ အိပ်ချင်ခြင်း၊ ငိုက်မျဉ်းခြင်း၊ သတိမေ့လျော့ခြင်း စသည်တို့ဖြစ်ပေါ်တတ်သည့်အလျောက် (၁၀၀+၁၀ = ၁၁၀) ပတ်ရေစိပ်ခြင်းက အမိဋ္ဌာန်အရေအတွက်ကို ပိုမိုခိုင်မာစေမည်ဟု တွက်ဆသည့်အလျောက် တစ်ရက်လျှင် ပတ်ရေ (၁၁၀) နှုန်းဖြင့် အမိဋ္ဌာန်ခရီးစတင်ပါတော့သည်။

အမိဋ္ဌာန်စတင်သည်နှင့် ချက်ချင်းကြုံတွေ့ရသည့် အခက်အခဲမှာ အရေအတွက်မှတ်သားရသည့်ကိစ္စဖြစ်သည်။ တစ်စတစ်စကျင့်သားရလာသည်တွင်မှ မှတ်သားရသောလုပ်ငန်းသည် မြန်ဆန်သွက်လက်လာပါတော့သည်။ ဤလုပ်ငန်းသည် တစ်နေရာတည်းတွင် မှန်မှန်ဆောင်ရွက်သွားပါက အကျပ်အတည်းဖြစ်ပေါ်ရန် အကြောင်းတရားနည်းပါးပါလိမ့်မည်။

သို့သော် စာရေးသူသည် အစိုးရဝန်ထမ်းဖြစ်သည့်အလျောက် အမိဋ္ဌာန်ကာလအတွင်း၌ပင်လျှင် ပြည်တွင်း၊ ပြည်ပခရီးများသွားရောက်ရသည့်အချိန်များတွင် အမိဋ္ဌာန်စိပ်ပုတီးကိစ္စမှာ များစွာ အဆင်မပြေမှုနှင့်ကြုံကြိုက်ခဲ့ရပါသည်။

**အမိဋ္ဌာန်ကာလ သုံးနှစ်အတွင်း အမိဋ္ဌာန်ပျက်ရန် သုံးကြိမ်ပေါ်ပေါက်ခဲ့ခြင်း**

အမိဋ္ဌာန်ပုတီးစိပ်ရာတွင် နှစ်ရှည်လများမဆိုထားဘိ။ (၇) ရက်၊ (၉) ရက်၊ (၂၇) ရက် စသည် တိုတောင်းသောကာလများတွင်ပင် အမိဋ္ဌာန်ဝင်ပြီဆိုလျှင် အနည်းနှင့်အများဆိုသလို အဖျက်အမှောင့်ဝင်တတ်စမြဖြစ်သည်။ နှစ်ရှည်အမိဋ္ဌာန်ကာလအတွင်း သုံးကြိမ်သာ အမိဋ္ဌာန်ပျက်ပြယ်လုနီးနီး ကြုံတွေ့ရပြီး လွတ်မြောက်နိုင်ခဲ့ပါသည်။

**အမိဋ္ဌာန်ပျက်ရန် ပထမအကြိမ်**

၁၉၉၀ ပြည့်နှစ်တွင် စာရေးသူ ပြင်ပတာဝန်ဖြင့် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီ၊ လုံးသာ၊ သဏ္ဍာချိုင်ဒေသများသို့ရောက်ရှိနေပါသည်။ ထိုစဉ်က မြန်မာ့ရေလုပ်ငန်းနှင့် ဖက်စပ်ငါးဖမ်းရေးနှင့်သုတေသနဆောင်ရွက်နေသည့် ဩစတြေးလျနိုင်ငံပိုင် ငါးဖမ်းသင်္ဘောပေါ်တွင် ဆက်သွယ်ရေးအရာရှိအဖြစ်တာဝန်ထမ်းဆောင်နေပါသည်။ စာရေးသူတို့ သင်္ဘောအုပ်စုသည် သံတွဲ၊ သဏ္ဍာချိုင်ဆိပ်ကမ်းမှနေ၍ မြိတ်မြို့သို့ထွက်ခွာလာခဲ့ကြပါသည်။ ထိုနေ့ညဉ့်က ရာသီဥတု ဆိုးဝါးနေသဖြင့် ပင်လယ်လှိုင်းလုံးကြီးများအကြား မောင်းနှင်လာကြရပါသည်။ မိမိတို့လည်း ပင်လယ်လှိုင်းဒဏ်အလူးအလိမ့်ခံစားနေရကြပါတော့သည်။ စာရေးသူအား သင်္ဘောတစ်ခန်းသီးသန့်နှင့် အိပ်စင်(၂)ယောက်တွဲခန်း ပေးထားပါသည်။ စာရေးသူ၏ လက်ထောက်ကိုသိန်းဆွေမှာလည်း လှိုင်းမူးဒဏ်ကို ခံစားနေရပါသည်။ အချိန်မှာ ညဉ့် (၁၀) နာရီခန့်ရှိပြီး စာရေးသူတို့ ငါးဖမ်း/သုတေသနသင်္ဘောမှာ ကိုကိုးကျွန်းအနီးသို့ ရောက်ရှိနေပါသည်။ လှိုင်းရိုက်ခတ်မှု ပြင်းထန်ခဲ့သဖြင့် သင်္ဘောမှာ လူးလိမ့်နေပါသည်။ လုံးဝမတ်တတ်ရပ်၍မရဖြစ်နေကြပါသည်။

ကျွန်တော်တို့ (CABIN) သင်္ဘောခန်းမှာ (၂) ယောက်အိပ်ဖြစ်ပြီး မိမိမှာ အပေါ်ထပ်၊ မိမိလက်ထောက် ကိုသိန်းဆွေမှာ အောက်ထပ်ခုတင်တွင် မှောက်လျက် လိုက်ပါလာကြပါသည်။ ထိုအချိန်တွင် စာရေးသူ သတိရလိုက်သည်မှာ အမိဋ္ဌာန်ပုတီးပတ်ရေ (၂၀) ကျန်ရှိနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မိမိ၏ လက်ထောက် ကိုသိန်းဆွေအား စိပ်ပုတီးအရှာခိုင်းရပါတော့သည်။ အိပ်စင်၏တစ်နေရာတွင်ရှိမည်ဟုသိရှိထားသော်လည်း လှိုင်းမူးနေ၍ ရှာဖွေစမ်းသပ်ရာမတွေ့ဘဲဖြစ်နေပါသည်။

ထို့ကြောင့် အောက်ထပ်ခုတင်တွင် လဲလျောင်းနေသော တပည့်ဖြစ်သူ ကိုသိန်းဆွေအား စိပ်ပုတီးကူညီရှာဖွေပေးရန် အကူအညီတောင်းရပါတော့သည်။ ကံအားလျော်စွာ သူ့လက်ထဲ ပုတီးပါရှိလာ၍ အချိန်မီ အပတ်ရေ(၂၀) ကို ညဉ့်(၁၂)နာရီမထိုးမီ အပြီးစိပ်လိုက်ရပါ သည်။

စာရေးသူ၏ အရဟံဂုဏ်တော် ပုတီးပတ်ရေတစ်သိန်းအမိဋ္ဌာန်ခရီးတွင် ပထမအကြိမ်ပျက်ပြယ်ခြင်းမှလွတ်ကင်းခဲ့ရပါသည်။

**အမိဋ္ဌာန်ပျက်ရန်ဒုတိယအကြိမ်**

ဂုဏ်တော်ပုတီးအမိဋ္ဌာန်(၃)နှစ်၏ တစ်ဝက်ခရီးခန့်အရောက်တွင် စာရေးသူအနေဖြင့် နိုင်ငံခြားခရီးတစ်ခုသွားရောက်ရပြန်ပါသည်။ သွားရောက်သည့်ကိစ္စမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီနှင့် ဝမ်တိန်မြို့များသို့ မြန်မာပြည်မှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရာတွင် အဖွဲ့၏ တွဲဖက်အတွင်းရေးမှူးအဖြစ်နှင့် လိုက်ပါသွားရခြင်းဖြစ်ပါသည်။လုပ်ငန်းသဘောအရ ဝင်ရောက်ခဲ့သော ဝမ်တိန်၊ ကျွ ဂုတ်ပန်ဆိုင်း၊ မူဆယ်၊ နမ့်ခမ်းမြို့များတွင် စာရေးသူ၏ ဂုဏ်တော်အမိဋ္ဌာန်ပုတီးစိပ်ခြင်းလုပ်ငန်းမှာ တစ်စုံတစ်ရာပျက်ကွက်ကြန့်ကြာမှုမရှိဘဲ အောင်မြင်ခဲ့ပေသည်။

သို့ရာတွင် ရွှေလီမြို့၌ ညဉ့်အိပ်ရပ်နားပြီး လုပ်ငန်းများဆောင်ရွက်ရာ၌မူ စာရေးသူအနေဖြင့် တစ်နေ့တာလုပ်ငန်း များပြားလွန်း၍ ဂုဏ်တော်ပုတီးစိပ်ရန် အချိန်မပေးနိုင်ဖြစ်ခဲ့ရသည်။ ထိုနေ့နံနက်စောစော ရွှေလီမြို့ရှိ တည်းခိုရာဟိုတယ်တွင် အမိဋ္ဌာန်ပုတီးကို အချိန်လုပြီးစိပ်ခဲ့ရာ ပတ်ရေ (၈၀) ပြီးထားနှင့်ပြီး (၂၀)ပတ်ရေကျန်နေပါသည်။ ရွှေလီမြို့၌ လုပ်ငန်းအစည်းအဝေးများဆက်တိုက်ကျင်းပပြီး ညဉ့်ဘက်တွင် စားပွဲ (Dinner) ပါဆက်သည့်အတွက် တည်းခိုရာဟိုတယ်သို့ ပြန်ရောက်ချိန်တွင် နာရီသည် တရုတ်စံတော်ချိန် ညဉ့် (၁၀း၃၀) ဟု သိရှိရသည့်အတွက် ကျန်ပုတီးပတ်ရေ (၂၀)အတွက် ပြီးစီးနိုင်ရန် ဟိုတယ်ရှိ မိမိအခန်းတွင်း၌ အမိဋ္ဌာန်ပုတီးအပြီးစိပ်လိုက်ရခြင်းဖြင့် ဒုတိယအကြိမ် အမိဋ္ဌာန်ပျက်မည့်အန္တရာယ်မှကင်းဝေးခဲ့ရပြန်လေသည်။

**အမိဋ္ဌာန်ပျက်ရန်တတိယအကြိမ်**

စာရေးသူ၏ အရဟံဂုဏ်တော် ပုတီးပတ်ရေတစ်သိန်း အမိဋ္ဌာန်စိပ်လာသည်မှာ (၂) နှစ်ကျော် (၃) နှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီးဖြစ်၍ အင်အားရှိလာကာ ပို၍ဂရုတစိုက်ပုတီးစိပ်ဖြစ်ပါတော့သည်။

၁၉၉၁ ခုနှစ်တွင် ကျိုက်ထီးရိုးဘုရားဖူး တစ်ညအိပ်ခရီးထွက်ခဲ့ပါသည်။ ကျိုက်ထီးရိုးမှအပြန် ဝေါမြို့အနီးတွင် စာရေးသူတို့စီးလာသောကားမှာ ပျက်သွား၍ ရပ်တန့်ပြီး ပြင်ဆင်နေကြရပါသည်။ ကားပျက်ချိန်မှာ ညဉ့်(၈)နာရီခန့်ရှိပြီး အခန့်မသင့်လျှင် ဝေါမြို့၌ပင်အိပ်ကြရမည်ဟု ပြောဆိုကြပါသည်။ ထိုနေ့က ဘုရားရင်ပြင်တော်တွင် အမိဋ္ဌာန်ပုတီးစိပ်ခဲ့သော်လည်း ပတ်ရေ(၅၀)ကျန်ရှိသေးသည်ကိုသတိရနေပါတော့သည်။ သို့ဖြစ်၍ မိမိတို့ဘုရားဖူးကား ဝေါမြို့၊ ပဲခူးမြို့ မည်သည့်မြို့တွင် ညဉ့်အိပ်ရပ်နားသည်ဖြစ်စေ တစ်နေ့တာ အမိဋ္ဌာန်ပုတီးကိုမူ အချိန်မီပြီးစီးမှဖြစ်တော့မည်ဟု သဘောရသဖြင့် ဝေါမြို့ကားလမ်းဘေးရှိ တူးမြောင်းတစ်နေရာ၌ ပါ

www.burmeseclassic.com

www.burmeseclassic.com

သော ပလတ်စတစ်အခင်းခင်း၍ တ်ရေ(၅၀)ကို အပြီးစိပ်လိုက်ခြင်း တတိယအကြိမ်အမိဋ္ဌာန်ပျက်မည့် ခြေအနေမှလွန်မြောက်ခဲ့ပြန်ပါသည်။

**ဋ္ဌာန်ပြည့်မြောက်၍ ဆရာတော်ဘုရား အဖူးမြော်ဝင်ရောက်ခြင်း**

၁၉၉၃ ခုနှစ်သို့ရောက်သော် မိမိ အမိဋ္ဌာန်ပုတီးစိပ်ခြင်းလုပ်ငန်းပြည့်မီ ကျော်လွန်သွားပြီ ဖြစ်သည့်အလျောက် အားရက်တစ်ရက်တွင် ဆရာတော် ပြန်လည်လျှောက်တင်ရန် စီမံရပါ ည်။ ခြင်းတောင်းတစ်ခုတွင် မုန့်များ၊ သီးများနှင့် ငွေဝတ္ထုစာအိတ်တို့နှင့် ရာတော်၏ မေဃဝတီကျောင်းတိုက် သွားရောက်ပါသည်။

ဆရာတော်အား သူငယ်ချင်းဦးစိုး နှင့်အတူ ဖူးမြော်ကန်တော့၍ ခြေအနေကို လျှောက်ထားရန် သွား တ်ကြပါသည်။ အမိဋ္ဌာန်ကာလ နှစ်နီးပါးအတွင်း စာရေးသူမှကျောင်း မရောက်ခဲ့၍ ဆရာတော်မှ စာရေး အား မမှတ်မိဘဲဖြစ်နေပါတော့သည်။ တ်ကြောင်းပြန်လည်လျှောက်ထား လျှင် ဆရာတော်ဘုရားကြီးမှာ ဝမ်းသာကြည်နူးသည့် အမူအရာ လက်ခံတွေ့ဆုံပါတော့သည်။

**ဆရာတော်ဘုရားကြီးမှ မှတ်သားဖွယ်ရာ စကားများကို ဥပမာဥပမေယျများ မိန့်ကြားတော်မူခြင်း**

ဆရာတော်ဘုရားမှ မိန့်ကြားရာ င် မိမိထံတွင်အမိဋ္ဌာန်ပုတီးစိပ်ပါမည် ပြုသွားသူများမှာ မမှတ်မိအောင် အရေအတွက် များပြားကြောင်း၊ သော် ယနေ့အထိ အရဟံဂုဏ်တော် တ်ရေ တစ်သိန်း အမိဋ္ဌာန်ပြီး တ်ကြောင်း ပြန်လည်လာရောက် ာက်ထားသူ အရေအတွက်မှာ ရေးသူ အပါအဝင် (၄)ဦးသာရှိသေး ကြောင်း မိန့်ကြားပါသည်။

ဆရာတော်ဘုရားမှ ဆက်လက် န့်ရှိခဲ့သည်မှာ (၄) ဦးအနက် (၂)ဦး အချိန်ကာလအတော်ကြာသွားပြီ ၍မဖော်ပြလိုတော့ကြောင်း၊ တတိယ ရောက်၍အမိဋ္ဌာန်ပြီးမြောက်ကြောင်း ရောက် လျှောက်ထားသွားသူမှာ င်တော်ကောင်စီရုံးမှ ညွှန်ကြားရေးမှူး (အငြိမ်းစား)ဗိုလ်မှူးကြီး အောင်မြင့် ဖြစ်ကြောင်းနှင့် မိမိ(စာရေးသူ)မှာ တ္ထပန်းဝင်လာသူဖြစ်ကြောင်း အားရ အမိန့်တော်ရှိနေပါတော့သည်။

**ပုတီးစိပ်ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်**

ဆရာတော်ဘုရားကြီးမှ စာရေးသူ အား အမိဋ္ဌာန်အောင်မြင်ခြင်းအထိမ်း အမှတ်အနေဖြင့် စိပ်ပုတီးထည့်ရန် သက္ကလတ်အိတ်ရှု့ကလေးတစ်လုံးကို လက်ဆောင်အဖြစ် ချီးမြှင့်ပေးပါသည်။ စာရေးသူသည် မိမိ၏ပုတီးအား ၎င်း အိတ်ကလေးအတွင်းသို့ ထည့်သွင်းထား လိုက်မိပါ တော့သည်။

စာရေးသူအား ဆရာတော်ဘုရား မှမိန့်ကြားသည်မှာ စိပ်ပုတီးစိပ်ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ် ကြောင်း၊ သမထအရာကို အထောက် အပံ့ပေးခြင်းဖြစ်၍ လောကီနယ်ပယ် တွင် ကျေးဇူးများပေးတတ်ကြောင်း၊ သို့ သော် ယနေ့ပုတီးအမိဋ္ဌာန်ပြည့်၍ မနက် ဖြန် ဝန်ကြီးချုပ်မဖြစ်ရကောင်းလားဟု စောဒကတက်၍မရကြောင်း၊ မိမိ၏ဘဝ ကုသိုလ်ကံအတိုင်းသာ အကျိုးပေးမည် ဖြစ်ကြောင်း၊ မိမိပတ်ဝန်းကျင်တွင် မိမိ တို့အနေဖြင့် စားနိုင်သောက်နိုင်၊ လှူ ဒါန်း ပေးကမ်းစွန့်ကြဲနိုင်သည်ဟုဆိုလျှင် ပင် မိမိပတ်ဝန်းကျင်မှာ မိမိသည် ဝန်ကြီး ချုပ်ဟု မှတ်ယူနိုင်ပါကြောင်း၊ ဥပမာ ရှင်းပြလိုသည်မှာ 'ဘုန်းကြီး ဘီးမမျှော် နှင့်' ဆိုသည့်စကားကိုမူ မိမိတို့ဘဝတာ အတွင်း ခံစားသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ထိ သို့မဟုတ် ထိုကဲ့သို့သော အကျိုးဆက်များ ပေါ်ပေါက်လာနိုင် ကြောင်း၊ အလုပ်အကိုင်မရှားပါးဘဲ အလုပ်ခန့်လိုသူများက လိုက်လံရှာဖွေပြီး ခန့်ထားမှုမျိုးရှိလာနိုင်ကြောင်း စသည် ဖြင့် စိတ်ရှည်လက်ရှည် မိန့်ကြားဆုံးမ တော်မူပါသည်။

**အရဟံဂုဏ်တော်အမိဋ္ဌာန်ပုတီးပတ်ရေ တစ်သိန်းစိပ်ခြင်း၏ အကျိုးကျေးဇူးများ**

ဆရာတော်ဘုရား အမိန့်ရှိသည့် အတိုင်းပင် စာရေးသူအမိဋ္ဌာန်ပြီးမြောက် ပြီးနောက် ငွေကြေးထောက်ပံ့ကူညီမည့် သူများပေါ်လာခြင်း၊ စာရေးသူမှ ကျေး ဇူးပြုထားသူများမှ ကျေးဇူးတုံ့ပြန်မှုမျိုး ရှိလာခြင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်း စားမယူမီနှင့်ယူပြီးနောက် ပုဂ္ဂလိကလုပ် ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရာတို့ ၌လည်း နိုင်ငံခြားခရီးစဉ်များပေါ်ပေါက် လာ၍ငွေကြေးအဆင်ပြေခြင်း၊ ဂေါတမ မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ သံဝေဇနီယလေးဌာနများသို့လည်း သွား ရောက်ဖူးမြော်ခွင့်ရရှိလာခြင်း၊ ပြည်တွင်း ရှိ တန်ခိုးကြီး သမိုင်းဝင် ဘုရားစေတီ များသို့ မကြာခဏဘုရားဖူးသွားရောက် ခွင့်ရခြင်း၊ ပင်လယ်ကမ်းခြေများသို့လည်း အခေါက်အခါခါ သွားရောက်အပန်းဖြေ ခွင့်ကြုံလာခြင်း စသည့် ကောင်းကျိုးများ ဖြစ်ပေါ်လာခဲ့ကြပါသည်။

စာရေးသူ မေဃဝတီကျောင်း ဆရာတော် ဦးရေဝတမှ ဩဝါဒစကား ပြောကြားခဲ့ရာ၌ အထူးမှတ်သားရန် အကြောင်းအရာအချို့ တင်ပြလိုပါသေး သည်။ ဆရာတော်မှ မိန့်ကြားရာ၌ အရဟံဂုဏ်တော် ပုတီးစိပ်သည့်အခါ အမိဋ္ဌာန်ပြုပြီးစိပ်ခြင်းက သာမန်ကြုံ သလို စိပ်ခြင်းထက် ပိုမိုအကျိုးပေးကျေး ဇူးများပါကြောင်း၊ ကာလတိုအမိဋ္ဌာန် ရက်ပိုင်း၊ လပိုင်းဝင်ရာတွင် လူအများ အဖို့ ထူးထူးခြားခြားအရည်အသွေးရှိရန် မလိုသော်လည်း ယခုကဲ့ နှစ်ကာလကြာ ရှည်စွာ ရက်မပျက် အမိဋ္ဌာန်ဝင်သည့် ပုဂ္ဂိုလ်တွင်မူ ကျန်းမာရေးကောင်းမွန် ခြင်း၊ ယုံကြည်မှုသဒ္ဓါအားပြင်းထန်ခြင်း၊ ဇွဲလုံ့လဝီရိယရှိပြီး အချိန်ကို တိကျစွာ လိုက်နာခြင်း စသော အရည်အချင်းများ လိုအပ်ကြောင်း၊ အကြောင်းတစ်စုံတစ် ရာကြောင့် တစ်ရက်အမိဋ္ဌာန်ပျက်သွား လျှင် မည်မျှပင်ကာလကြာရှည်စွာလွန် မြောက်စေကာမူ အမိဋ္ဌာန်ပျက်ပြားသွား ပြီးဖြစ်၍ အစတုပြန်ပြီးစတင်ရတော့ မည်ဖြစ်၍ (၃)နှစ်ကာလထက် ပိုမိုကြာ ရှည်သွားနိုင်ကြောင်းနှင့် ဇွဲလုံ့လအား နည်းသူယောဂီအဖို့ အမိဋ္ဌာန်လုပ်ငန်းရပ် ဆိုင်းပစ်လိုက်ခြင်းမျိုး ကြုံတွေ့ရတတ် ကြောင်းပါ ထည့်သွင်း မိန့်ကြားဖူးပါ သည်။

ထို့ကြောင့် အထက်တွင်ရေးသား တင်ပြခဲ့သော အရဟံဂုဏ်တော်ပုတီး ပတ်ရေတစ်သိန်းစိပ်ခြင်း၏ ကောင်းကျိုး များကို စာဖတ်သူ သူတော်စင်အပေါင်း တို့ ရှင်းလင်းစွာနားလည်သဘောပေါက် ပြီးဖြစ်ကြမည်ဟု ယုံကြည်မိပါသည်။

စာရေးသူကဲ့သို့ အမိဋ္ဌာန်ဝင်နိုင် ကြပါစေ။ အထူးသဖြင့် ဤနှစ်ရှည် အမိဋ္ဌာန်ပုတီးစိပ်မည်ဟု ဆုံးဖြတ်ပြီးပါ က အရွယ်မလွန်မီ ကျန်းမာကောင်းမွန် နေချိန်၊ သတိလက်လွတ်မဖြစ်ဘဲ မှတ် ဉာဏ်ရင့်သန်ချိန်စသည့် ပစ္စုပ္ပန်ကာလ ကို အရအမိဆုပ်ကိုင်ပြီး လိုရာဆန္ဒပြည့် မြောက်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါ တော့သည်။

◆ဇွဲရှိမှအောင်နိုင်မည်။

မိုးမင်းဇော်



www.burmeseclassic.com

www.burmeseclassic.com

# သင့်ကုန်ကိုအရောင်းတွင်လိုလျှင်

မည်သည့်ကုန်ပစ္စည်းမဆို ရောင်းချနေကြသူ ပုဂ္ဂိုလ်အားလုံးအတွက် မိမိတို့ပစ္စည်းများ အရောင်းသွက်၊ အထွက်များအောင် အင်္ဂဝိဇ္ဇာပညာရပ်နှင့် ပဥ္စပွတ်၊ ဆပွတ် တွဲစပ်လျက် ပြုလုပ်ဆောင်ရွက်ရသောနည်းကို အများအကျိုးအတွက် ထုတ်ဖော်တင်ပြလိုက်ပါသည်။

ပြုလုပ်ရန်မှာ -

'မိမိရောင်းလိုသော ကုန်ပစ္စည်း၏အရင်းနံ' ကို ကောက်ယူ၍ ပဥ္စပွတ်၊ ဆပွတ်မိအောင်ကြံဆပြီး အသုံးပြုကြပါက မိမိတို့ကုန်ပစ္စည်းများ အရောင်းသွက် အထွက်များပါလိမ့်မည်။

◆ *လက်တွေ့အမော်၊ ခာတ်ရိုက်အကျော်၊ ဝိဇ္ဇာရှစ်သောင်း၊ ဆရာအပေါင်းတို့၏ နည်းကောင်းလမ်းမှန်ဤသို့ကြံပါလေ။*

**တနင်္ဂနွေနံပစ္စည်းအရောင်းထွက်ရန်**

(၅) ပဥ္စပွတ်- (ဖက်) } (ပျဉ်း)
၄ } တော်
(၆) ဆပွတ်- (သန်း) } (သိမ်)

၁- တနင်္ဂနွေနံ ကုန်ပစ္စည်း

၄
၀
၃

၁။ တနင်္ဂနွေနံ အိုး၊ အုတ်၊ အိတ်၊ အုန်းသီး စသော ကုန်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် လူအများလာ၍ ဝယ်ယူရန် ပဥ္စပွတ်၊ ဆပွတ်နှစ်ခုမိသော ဖက်သန်းသား သို့မဟုတ် ပျဉ်းတော်သိမ်သားနှင့် တစ်နေ့ (၆) ကြိမ် တနင်္ဂနွေနံပစ္စည်းများကို ရိုက်ပေးပါက အရောင်းရတွင်လိမ့်မည်။

**တနင်္လာနံပစ္စည်းများအရောင်းထွက်ရန်**

(၆) ပဥ္စပွတ်- (သ) }
၃ }
(၀) ဆပွတ်- (နပ်) }

၂- တနင်္လာနံကုန်ပစ္စည်း

၅
၁
၄

တနင်္လာနံ ကြံ၊ သကြား၊ ကွမ်း၊ ကွမ်းသီး၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်များ အရောင်းရသွက်အောင် သနပ်သားတစ်တောင်နှင့် ရောင်းမည့်ပစ္စည်းများအား တစ်နေ့ (၇) ကြိမ် 'များများရောင်းရပါစေ' ဟုဆို၍ ရိုက်ပေးပါ။ အရောင်းတွင်၏။

**အင်္ဂါနံပစ္စည်းများအရောင်းထွက်လိုသော်**

(၀) ပဥ္စပွတ်- (ထန်း) }
၄ }
(၁) ဆပွတ်- (အုန်း) }

၃- အင်္ဂါနံကုန်ပစ္စည်း

၆
၂
၅

အင်္ဂါနံပစ္စည်းများ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆေးလိပ်၊ စက် စသော ကုန်ပစ္စည်းများ အရောင်းထွက်လိုလျှင် ထန်းရွက်နှင့် အုန်းရွက် သို့မဟုတ် ထန်းသားနှင့် အုန်းသား တစ်တောင်ခန့်စီဖြတ်၍ ပူးချည်ပြီး ရောင်းမည့် အင်္ဂါနံပစ္စည်းများကို တစ်နေ့ (၁) ကြိမ် ရိုက်ပေးပါ။

**ဗုဒ္ဓဟူးနံပစ္စည်းများအရောင်းထွက်ရန်**

(၁) ပဥ္စပွတ်- (အင်) } (အ)
၅ }
(၂) ဆပွတ်- (ကြင်း) } (ကျော်)

၄- ဗုဒ္ဓဟူးနံကုန်ပစ္စည်း

၀
၃
၆

ရွှေ၊ ရေသန့်၊ လှည်း၊ လှေ၊ ဝါး စသော ဗုဒ္ဓဟူးနံ ပစ္စည်းကုန်များ အရောင်းသွက်သွက်ဖြစ်စေရန်အတွက် အင်ကြင်းကိုင်း သို့မဟုတ် အကျော်ကိုင်းနှင့် တစ်နေ့ (၂) ကြိမ် ရိုက်ပေးပါက ကုန်များ လျင်မြန်စွာ ရောင်းရပေလိမ့်မည်။

**ကြာသပတေးနံပစ္စည်းများ အရောင်းရတွင်ကျယ်အောင်**

(၂) ပဥ္စပွတ်- (ကြက်) }
၆ }
(၃) ဆပွတ်- (ဆူ) }

၅- ကြာသပတေးနံကုန်ပစ္စည်း

၁
၄
၀

ပန်း၊ ပဲအမျိုးမျိုး၊ ပိတ်၊ မုန့်၊ မှန်၊ ဘီး (ယာဉ်သုံး)၊ ဘိလပ်မြေ၊ မီးဖို စသော ကြာသပတေးနံပစ္စည်းများ အရောင်းသွက်လိုပါလျှင် ကြက်ဆူကိုင်းနှင့် ရောင်းမည့်ပစ္စည်းများကို တစ်နေ့လျှင် (၃) ကြိမ် ရိုက်ပေးပါ။ ကုန်းများ ရောင်းရပါလိမ့်မည်။

**သောကြာနံပစ္စည်းများ အရောင်းရထွက်အောင်**

(၃) ပဥ္စပွတ်- (စောင်း) }
၀ }
(၄) ဆပွတ်- (လျှား) }

၆- သောကြာနံကုန်ပစ္စည်း

၂
၅
၁

သစ်၊ သံ၊ သွပ်၊ သဲ၊ သင်္ဘော၊ သေတ္တာ၊ သော့၊ သင်္ကန်း စသည့် ပစ္စည်းများအရောင်းရသွက်စေရန် စောင်းလျှားသားတုတ်နှင့် တစ်နေ့ (၄) ကြိမ်ရိုက်ပေးပါက ကုန်များသွက်သွက်ရောင်းထွက်ပါမည်။

**စနေနံပစ္စည်းများ အရောင်းများများထွက်ရအောင်**

နွား၊ ထင်း၊ ခနော်၊ ထီး၊ ခုံး၊ ဒူးရင်းသီး စသည့်စနေနံပစ္စည်းများ အရောင်းရသွက်စေရန် လက်ပံကိုင်း၊ လမုကိုင်း ရရာတစ်ခုခုနှင့် ရောင်းမည့် စနေနံကုန်များကို တစ်နေ့ (၅) ကြိမ် ရိုက်ပေးပါ။ ကုန်ဝယ်သူများ လာ၍ဝယ်ယူပါလိမ့်မည်။

(၄) ပဥ္စပွတ်- (လက်) } (လ)
၁ }
(၅) ဆပွတ်- (ပံ) } (မု)

၀- စနေနံကုန်ပစ္စည်း

၃
၆
၂

*ရောင်းပန်းသာလို့ ရွှင်လန်းချမ်းသာကြပါစေ။*

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



## ကာလပ်နှင့်ခံယူ ဓာတ်တော်မြတ်တစ်ဆူ ဌာပနာတည်ထား ရှေးဟောင်းဘုရား

# ရပ်ခံတောင်စေတီတော်

### မောင်စိမ်းထွေး(ထားဝယ်)

ထားဝယ်မြစ်ကူး ကမြောကင်း ...တားကို ကျော်သည်နှင့် လောင်းလုံး ...သို့သွားလမ်းနှင့် မောင်းမကန်သို့ ...လမ်းဆုံရာ လမ်းဆုံလမ်းခွတွင် ...သွားစစ်မာန် အပြည့်ဆောင်သော ...မျိုးချစ်သူရဲကောင်း ဗိုလ်မှူးကြီး ဗထူးရုပ်တုကို တွေ့ရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား အသက်ပေးသွားသော ထားဝယ်သား ဗိုလ်မှူးကြီး ဗထူးအား သူမွေးရပ်ဇာတိ လောင်းလုံးမြို့နယ်အစပ်၌ အမှတ်တရ ဂုဏ်ပြုထားသည်ဖြစ်ရာ နောင်လာနောက်သားတို့ အတုယူစရာသင်္ကေတ ဖြစ်သည်။

မောင်းမကန်ကမ်းခြေသွား ယာဘက်လမ်းကြောရှိသော ကြာပြင်ဈေးမှ လမ်းခွဲလှည့်ဝင်သွားလျှင် နခံတောရွာအထွက်၌ ရပ်ခံတောင်စေတီကို ဖူးမြော်နိုင်ပါသည်။ ရပ်ခံတောင်စေတီသည် ထားဝယ်မြို့ အနောက်မြောက်ဘက် (၄) မိုင်ဝေးပြီး ထားဝယ်မြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ထိုမှဆက်သွားလျှင် ထားဝယ်မြို့ဟောင်း (သာဂရ) ရှင်သလွန်ဘုရားသို့ ရောက်သည်။

စာရေးသူနှင့် ကိုဖြိုးမောင်မောင်





တောင်ခြေရှိ မင်္ဂလာရံသီတုဘုရားသိမ်တော်ကြီးမှ ဗုဒ္ဓရုပ်ပွားတော်မြတ်များ



www.burmeseclassic.com

www.burmeseclassic.com

တို့နှစ်ယောက်စီးလာသောဆိုင်ကယ်ကို သစ်ပင်ရိပ်အောက်၌ ဒေါက်ထောက် နေရာချလိုက်သည်။ ကျွန်တော်တို့ရောက် သွားသောအချိန်မှာ နေ့လယ် (၂) နာရီ စွန်းစွန်း။ ရပ်ခံတောင်စေတီ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ကျင်းပနေချိန်နှင့် တိုက်ဆိုင်နေသည်။ နှစ်စဉ်ကျင်းပသော တပေါင်းပွဲမှာ ယခုနှစ် (၈၈) ကြိမ် မြောက်ဟု သိရသည်။ စေတီမြတ်တည် ရာတောင်ခြေ၏ လမ်းတစ်ဖက် လယ် ကွင်းပြင်ကြီးတွင် ပွဲခင်းကို လှုပ်လှုပ်ရွရွ မြင်ရသည်။ ဆိုင်းဝိုင်းဗုံမောင်းသံကြား သဖြင့် မေးကြည့်ရာ ဤရပ်ခံတောင် စေတီ တပေါင်းဘုရားပွဲတော်၌ မြန်မာ့ လက်ဝှေ့ရုံပွဲသွင်းကျင်းပလေ့ရှိသည်ဟု ပြောပြပါသည်။

❖


ကောဇာနှစ် ၁၅၀ (မူကွဲ - ၈၈၆) တွင် ရှင်အရဟံ ရဟန္တာမြတ်သည် သာသနာတော်အကျိုး မျှော်ကိုး၍ သဒ္ဓါ တရား ကြီးမားထက်သန်သည့်အဖြစ်ကို သိတော်မူသဖြင့် ရှင်ဇံရှင်ဇောမောင်နှမ တို့အား မြတ်စွာဘုရား၏ဆွယ်တော်ဓာတ် တစ်ဆူ ပေးတော်မူခဲ့သည်။ မောင်နှမ နှစ်ယောက်သည် တစ်ဆူတည်းသော ဓာတ်တော်ကို သူရသင့်ငါရသင့် အငြင်း ပွားကြလေရာ ဂေါဝိန္ဒရသေ့ကြီးက အကြောင်းစုံသိရှိသည်နှင့် ဓာတ်တော် ကို ဆောင်ယူ၍ ရဟန္တာနောက်သို့လိုက်



ဆုတောင်းပြည့်သိမ်အတွင်းမှ ထိုင်တော်မူရုပ်ပွားတော်မြတ်



စေတီအရှေ့ဘက်ရှေးသိမ်ရှိ ဆင်းတုတော်များ (ဆုတောင်းပြည့်ဝ အကျိုးရ)



စောင်းတန်းတစ်ဝက်ခန့်တွင် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုဖူးတွေ့ရပုံ




www.burmeseclassic.com

www.burmeseclassic.com

၏။ ဓာတ်တော်တစ်ဆူထပ်မံတောင်းခံရန် ဖြစ်သည်။ ရဟန္တာအရှင်မြတ်က ရပ်ခံတန့်စားနေလျက် ရသေ့အားတွေ့သောနေရာ(တောင်)ကို 'ရပ်ခံတောင်' ဟု တွင်သည်။

(တစ်နည်း- မှုကွဲ) ရှေးက သုခံရံ သီကုန်းခေါ် တောင်ပေါ်တွင် ရှင်ဓာတ်ဝဲစေတီထီးတော်တင်လှူပွဲသို့ ကြွရောက်လာသော ရဟန္တာအရှင်မြတ် သုံးပါး (အရှင်အရဟံမထေရ်၊ အရှင်စိတ္တသုခမထေရ်၊ အရှင်သီလသုဒ္ဓိမထေရ်) တို့အား ဖူးတွေ့ရသော နွားကျောင်းသားငယ်က ကင်းတပ်ဗိုလ် သူရိယပျံချီအား တင်လျှောက်လေလျှင် ကင်းတပ်ဗိုလ်လည်း ဘုရင်မင်းမြတ်ထံ ဆက်လက်သံတော်ဦးတင်လျှောက်ထားလေသည်။

ထိုအခါ သာဂရပြည့်ရှင်မင်းဖြစ်




အာရုံခံတန်ဆောင်းမှ ရုပ်ပွားတော်များ



ပစ္စယာလောကာနှင့်စေတီတော်မြတ်



စေတီတော်မြတ်ကြီးအား
တောင်ခြေကားလမ်းအဝေးမှ ဖူးမြင်ရစဉ်





www.burmeseclassic.com

www.burmeseclassic.com

တော်မူသော ရှင်ဇံဘုရင်သည် ရဟန္တာ အရှင်သူမြတ်တို့အား ဖူးမြော်ရန် သုခရံသီကုန်းတော်သို့ ရွှေလောင်းလှေဖြင့် ကြွချီတော်မူလာသည်။

အရှင်အရဟံ ရဟန္တာမြတ်က ရှင်ဇံဘုရင်အား ဘုရားရှင်၏ ဓာတ်တော်မြတ် ချီးမြှင့်လေလျှင် ဓာတ်တော်မြတ်သည် ရှင်ဇံဘုရင်မင်း၏ လက်မှ ကောင်းကင်သို့ကြွ၍ ရောင်ခြည်ကွန့်မြူးသည်။ ဓာတ်တော်မြတ် ရှင်ဇံမင်းထံ ဆင်းသက်သောအခါ ရပ်တော်မူပြီး ကာလပ်နှင့် ခံယူတော်မူသည်ကို အစွဲပြု၍ ၎င်းနေရာ (တောင်) ကို ရပ်ခံတောင်ဟုတွင်ကြောင်း ထားဝယ်သမိုင်းက ဆိုပါသည်။

ကျွန်တော်တို့သည် တောင်ခြေရှိ မင်္ဂလရံသီဘုရားသိမ်တော်ကြီးအတွင်း ထိုင်တော်မူတစ်ဆူနှင့် မတ်ရပ်ရုပ်ပွား နှစ်ဆူကို ဦးစွာဖူးကြသည်။ တောင်ခြေမှ စေတီမြတ်တည်ရာ တောင်ထိပ်သို့ တက်သွားသော ရှေးရှေးလက်ရာ အုတ်စီစောင်းတန်းကြီးမှာ ခံ့ညားထည်ဝါနေသည်။ သို့သော် သစ်လွင်မနေ။ ဟောင်းနွမ်းရင့်အိုညှိုးရော်လျက်ရှိသည်။ ကာလကြာမြင့်သည်နှင့်အမျှ ပြုပြင်မှုကင်းမဲ့သဖြင့် အချို့နေရာတွင် ယိုယွင်းနေပေပြီ။ ထုနှင့်ထည်နှင့် ယနေ့အထိ ခိုင်ခံ့နေသော စောင်းတန်းကြီးအားကြည့်ရင်း သူ့ခေတ်သူ့ခါ ဗိသုကာလက်ရာအစွမ်းကို မချီးကျူးဘဲမနေနိုင်ပါ။ ယခင်က စောင်းတန်းအမိုးနှင့် တင့်တယ်ခဲ့မည်ဖြစ်သော်လည်း ယခုအမိုးမရှိတော့ပြီ။ တိုင်ငုတ်တုတ်တို့သာကျန်ရှိသည်။


စောင်းတန်းတစ်လျှောက် ဆွမ်းခံကြွမြန်း သံဃာတော်တန်းကြီး ရုပ်လုံးရုပ်တုတို့မှာ ခေတ်လက်ရာ ဖြစ်သည်။ ခေတ်ဟောင်းနှင့် ခေတ်သစ်၊ ရှေးကာလနှင့် ယခုကာလ အချိန်ဆိုသော ယန္တရားက တိုက်စားသွား၍ အပြောင်းလဲကြီး ပြောင်းလဲပေပြီ။

စောင်းတန်းတစ်ဝက်ခန့်အရောက်၌ အချိုးအစားပြေပြစ်သောရှေးဟောင်းလက်ရာ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို အနီးကပ် ကြည်ညိုပူဇော်ရသည်။ အမောမဆို့တဆို့ ချွေးမစို့တစို့နှင့် ရုပ်ပွားတော်မြတ်ရှေ့ ခယဝပ်တွားစဉ် ခဏအမောပြေ၍ လန်းဆန်းအေးမြမှုကို သိသိသာသာခံစားရကြောင်း သတိပြုမိသည်။ မနီးမဝေး၌ သိမ်ပျက်တစ်ခုကိုပါ တွေ့ရသည်။


တောင်ပေါ် ရှေ့ တက်လမ်းကား စောင်းတန်းမရှိတော့ပါ။ တောထွက်



ရှေးဟောင်းလက်ရာစောင်းတန်းကြီး (အချို့နေရာ၌ ယိုယွင်းပျက်စီးလျက်)



ထုထုခြားခြားခေါင်းလောင်းထမ်းများ(လက်ဝဲဘက်အုပ်ရုံ၌ဝသုန္ဓရေနတ်သမီးရုပ်တုကိုတွေ့ရသည်)



တောင်ပိုင်ဘိုးဘိုးကြီး

ကိုရင်ကြီးတစ်ပါးနှင့်ဆုံသဖြင့် စာရေးသူက စပ်စုကြည့်သောအခါ ယခင်က စောင်းတန်းတစ်ဆက်တည်းရှိကြောင်း၊ ဤနေရာမှ စောင်းတန်းအား တစ်ပိုင်းဖျက်ပြီး အခြားနေရာတွင် လှေကားထစ်အသစ်ပြုလုပ်ထားကြောင်း လက်ထိုးညွှန်ပြပါသည်။ ရှေးအမွေအနှစ်များဖြတ်တောက်ခံရသည်နှင့်မခြားရှိသဖြင့် ဝမ်းနည်းသလိုလိုဖြစ်မိသည်။

❖

ရဟန္တာ အရှင်အရဟံ မထေ[illegible] သူမြတ် ချီးမြှင့်တော်မူသော ငွေရော[illegible] အဆင်းရှိသည့် ဘုရားရှင်၏ဓာတ်တော်[illegible] မြတ်တစ်ဆူကို ရှင်ဇံမင်းအား ပေး[illegible] ရာတွင် ကာလပ်နှင့်ခံယူသော်လည်း [illegible]




www.burmeseclassic.com

www.burmeseclassic.com



ရှေးအုတ်ချပ်ကြီးတို့အခိုင်အခံ့နှင့် စေတီရင်ပြင်တံတိုင်း စီမံထားသည်ကို တွေ့မြင်နိုင်



တောင်းတန်းမှဝေးမျှော်ရှုခင်း

ဂေါဝိန္ဒရသေ့ခံယူသော်လည်း မရ။ တော်ရှင်ဇော ခံယူသော်လည်း မရ။ ရှားကြီး စောမြဒေဝီ ခံယူသော်လည်း ရှင်ဇံမင်းကြီး၏ အမတ်ကြီးဖြစ်သူ င်းရွှာစား သီရိပျံချီခံယူမှ ကလပ်ပေါ် သက်ဆင်းလေသည်ဟု ဆိုပါသည်။

ထိုသောအခါ ရှင်ဇံမင်းက င်းရွှာစားအမတ်ကြီးအား သတိုးသီရိ ကူသလမဟာထိန်ဘွဲ့ပေး၍ ကလပ် ခံယူသော ဓာတ်တော်မြတ်အား ကာ စေတီတော်တည်စေသည်။ ခံတောင်စေတီ' ဟု အမည်တွင်စေ ကောင်းမှုအမြဲပြုကိုးကွယ်လော့ဟု တော်မှတ်သည်။

ကောဇာနှစ် ၈၈၉ ခုနှစ်တွင် င်းရွှာစား အမတ်ကြီး ဦးဆောင်၍ တော်မြတ်ကြီးအား အုတ်မြစ်ချ တည်ရာ မြန်မာနှစ် ၈၉၀ ပြည့်နှစ် ပြီးစီးသည်။ ရတနာ္တမြတ် (၃) ပါးနှင့် တော်အပါး (၁၀၀၀) အား ဆွမ်း ခဲဖွယ်ဝတ္ထုအစုစုဖြင့် လှူဒါန်း ၍ ရေစက်သွန်းချ အမျှဝေ ကြောင်း ထားဝယ်သမိုင်း၌ ဖတ်ရှုမှတ်သားရပါသည်။

❖

စေတီတော်ရင်ပြင် ရောက်ခါနီး မတ်မတ်လှေကားတစ်ခုကို တက်ရပြန်သည်။ တောင်ထိပ်ပြင်ညီဖြစ်မှ စေတီရင်ပြင်ပြန့်ပြူးမည် ဖြစ်သောကြောင့် တောင်ပတ်ပတ်လည်ကို ကျောက်တုံးကျောက်သားနှင့်ပေါင်ခတ်၍ ရှေးအုတ်ချပ်ကြီးတို့နှင့်အခိုင်အခံ့တံတိုင်းစီမံထားသည်။ အောက်ခြေကားပြီး ပေနှစ်ဆယ်ခန့်မြင့်သောတံတိုင်း ဖြစ်သည်။ ရှေးလူကြီးသူမတို့၏ ကုသိုလ်ရေးလုံ့လကို အံ့ဩရပေသည်။

**တောင်ထိပ်၊ မြေပြန့်၌ ရပ်ခံတောင်စေတီတော်မြတ်**

ကျွန်တော်တို့သည် သာသနာရောင်ဝါ ရွှေသင်္ကန်းဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်လှသော စေတီတော်မြတ်ထံပါး လက်ဆယ်ဖြာမိုး ရှိခိုးကော်ရော် ဖူးမြော်ကြည်ညိုမဆုံးပေ။

မဟာရံတံတိုင်းနှင့် စေတီမြတ်ပစ္စယံသုံးဆင့်ရှိပြီး အောက်ပစ္စယံ၊ အပေါ်ပစ္စယံတို့၌ အရံစေတီလေးဆူစီရှိသော်လည်း အလယ်ပစ္စယံတွင် အရံစေတီမရှိပါ။ ပစ္စယာ၏ လေးဖက်လေးတန်၌ လှေကားချထားသည်။ အောက်လှေကား (၁၀) ထစ်၊ အလယ် (၇) ထစ်၊ အထက် (၈) ထစ် အသီးသီးရှိသည်။ ခေါင်းလောင်းအနားလှန်အောက်တွင် ကြာလန်များထည့်ထားသည်။ ရင်စည်းအထက်အောက်တို့၌ စိန်တောင်ရှိသဖြင့် ထူးခြားပေါ်လွင်သည်။

စေတီအရှေ့ဘက်ရှိ ရှေးသိမ်၌ ရှေးဟောင်းဘုရား ဆင်းတုတော်များ၊ အာရုံခံတန်ဆောင်းရှိ ရုပ်ပွားတော်များ၊ ဆုတောင်းပြည့်သိမ်အတွင်းမှ ထိုင်တော်မူတို့အား ဖူးရသည်။ စေတီရင်ပြင်တွင် ရှေးကြေးခေါင်းလောင်းကြီးကို တွေ့ရသည်။ နတ်သိကြား၊ လူ့ဘီလူးခေါင်းလောင်းထမ်းတစုတစည်းတွေ့ရှိရသည်မှာ မည်သည့်ရည်ရွယ်ချက်မှန်း မတွေးတတ်လေပါ။ ဤခေါင်းလောင်းထမ်းအုပ်စုတစ်ခုတွင် ဝသုန္ဒရေနတ်သမီးရုပ်တု ခေါင်းပိုင်းတစ်ခု ပါဝင်နေသည်ကို ထူးခြားစွာ တွေ့မြင်ရပေသေးသည်။

အခြားရာဇဝင်ကျမ်းတစ်စောင်၌ ရှေးအခါက ယင်းရပ်ခံတောင်အနီးတွင်တည်သော ကနိုင်းငယ်မြို့ကို စိုးသည့် စန္ဒသာရမင်းသည် မွန်တို့၏ ရန်ကိုကြောက်လန့်သဖြင့် ခံတပ်ကြီးတည်လေရာ ထိုခံတပ်အတွင်းရှိ တောင်မြင့်တစ်ခုတွင် ဘုရားစေတီ တည်ထား ကိုးကွယ်သောကြောင့် ထိုဘုရားကို ခံတပ်မြင့်ဘုရား၊ တောင်ကို ခံတပ်မြင့်တောင်ဟုခေါ်ဆိုကြရာမှ ကာလရွေ့လျော၍ ယခု ခံတောင်မြင့်ဟုခေါ်ကြောင်း ရေးသားထားပေသည်။

ရပ်ခံတောင်(ခံတောင်မြင့်)စေတီတော်မြတ်သည် ထားဝယ်ဘုရားသမိုင်းလာ ရှေးသူဟောင်းတို့၏ အမှတ်သညာလက္ခဏာဖြင့် ကဲကဲပိုမိုဖော်ကျူးသော အဝတ္ထုကရာဇဝင်ဟု ခေါ်စေကာမူ သက်ကြီးစကား သက်ငယ်ကြား မှတ်တမ်းများကို လျစ်လျူရှုထား၍ မရစကောင်းပေ။

ဤရှေးဟောင်းဘုရားစေတီတော်မြတ်၏ ထီးတော်ရိပ်အောက်ဝယ် တကူးကူးကူး ချီးငှက်ကူသံမှတစ်ပါး တစ်တောလုံး တစ်တောင်လုံး အေးချမ်းဆိတ်ငြိမ်လျက်ပါတကား။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com


တချို့အသိတွေက လှမ်းလှမ်းမေးကြသည်။ ဘုရားပွဲတွေမရေးတော့ဘူးလား။ မဂ္ဂဇင်းမှာမတွေ့ရလို့ရေးပါဦးတဲ့။ ခရီးမသွားဖြစ်လို့ မရေးဖြစ်ကြောင်း ပြန်ပြောရပါသည်။ ဟိုတုန်းကတော့ 'ရွှေဆိုဖျာပေါ်ရောက်' ဆိုသလို အသက်ကလည်းငယ်ပြန်၊ အခြေအရံတွေကလည်းရှိပြန်တော့ သွားချင်သည့်အချိန်ကောက်သွားလိုက်တာပါပဲ။ ခုတော့ အသက်မကြီးသေးသည့်တိုင် သွေးတိုး၊ ဆီးချိုရောဂါနှင့်တစ်ကြောင်း၊ တပည့်အခြေအရံမရှိလို့၊ ကျောင်းစောင့်ဖို့လူမရှိလို့ လူရှာရတာတစ်ကြောင်း စသည့် အကြောင်းကြောင်းကြောင့် ခရီးမသွားဖြစ်တော့ပါ။ သွားသည့်ခရီးမှာလည်း ဘယ်လိုမှငြင်းမရမှ မဖြစ်မနေသွားဖြစ်ပါတော့သည်။ ဒါတောင် ဘုရားပွဲတွေမဟုတ်။ သည်တော့ ခရီးသွားဆောင်းပါးတို့၊ ဆယ့်နှစ်ပွဲဈေးဘုရားပွဲတို့အကြောင်းတွေ မရေးဖြစ်ခြင်းပါ။ သွားချင်စိတ်ကတော့ အမြဲရှိနေပါသည်။ ဆယ့်နှစ်ပွဲဈေးသည်နှင့် အဆက်အသွယ်ရှိနေတာမို့ ဘယ်အချိန်၊ ဘယ်လ၊ ဘယ်ရာသီမှာဘာဘုရားပွဲရှိသည်ဆိုတာ သိနေပြီး ရောက်ချင်စိတ်ကတော့ အမြဲရှိသည်။ စိတ်နှင့်ခရီးသွားနေသည်။ ဆယ့်နှစ်ပွဲဈေးသည်တွေဆီ ဖုန်းဆက်ရင်း ပွဲဈေးရုပ်ပုံလွှာ အသံဟန်ပန် အရောင်အသွေးတွေ လှမ်းမေးနေရသည်။

သည်လိုနှင့် ချင်ခြင်းတပ်မှုကိုတားမရတာကြောင့် မလှိုင်ပန်းအိုင်ရွှေမုဋ္ဌောပွဲကိုတော့ ရောက်ဖြစ်လိုက်သည်။ ဆယ့်နှစ်ပွဲဈေးစာအုပ်အပေါင်းရောင်းသည့် ကိုကြည်မောင်ဝင်းက Guide လုပ်သည်။ သူက ရောက်ဖူးနေကျပါ။ ကိုယ်က တစ်ခေါက်မှရောက်ဖူးတာမဟုတ်။ဟိုရောက်တော့လည်း ထုံးစံအတိုင်း ဆယ့်နှစ်ပွဲဈေးအသိတွေ တွေ့ရ၍ ဝမ်းသာရသည် အားရှိရသည်။ သည်ပွဲကို ,အများက မလှိုင်ပန်းအိုင်ပွဲဆိုပြီး ခေါ်လေ့ရှိကြသည်။ ဘုရားဘွဲ့တော် ရွှေမုဋ္ဌော ဆိုတာ သိပ်မသုံးကြ၊ မရေးကြ။ သည်ပွဲတော်ကြီး ဂေဇက်ရဖြစ်ပြီး နှစ်စဉ်နယုန်လဆန်း ၈ ရက်မှစတင်၍ လဆုတ်ရက်အထိ ကျင်းပသည်။ ခုနေခါ နယုန်လပြည့်နေ့မှ လကုန်အထိ ကျင်းပသည်။ ဘုရားပွဲတွေတိုင်း ရက်နောက်ကျကုန်ကြပါပြီ။ ဒါကြောင့် တချို့ပွဲတွေဆိုလျှင် ပွဲဈေးသည်တွေ နောက်ကျမှ ပွဲကူးလာတတ်ကြလို့ ဘယ်နေ့၊ ဘယ်ရက်နောက်ဆုံးမရောက်လျှင် ဆိုင်ခန်းမပေးဆိုပြီး သတ်မှတ်ရသည်အထိပင်။

ပန်းအိုင်ရွှေမုဋ္ဌောပွဲဈေးကြီးသည် မိတ္ထီလာ-မြင်းခြံသွားကားလမ်းပေါ်တွင်တည်ရှိသည်။ မိတ္ထီလာမှမလှိုင်(၂၃)မိုင်၊ မလှိုင်မှ ပန်းအိုင် (၂) မိုင်၊ ကားလမ်းပေါ်မှ ရွှေမုဋ္ဌောစေတီကြီးကို လှမ်းမြင်နေရသည်။ မလှိုင်နှင့်နီးသဖြင့် ယင်းပွဲကို မလှိုင်ပန်းအိုင်ပွဲဟု ခေါ်ကြလေသည်။ ယင်းပွဲကား မြစ်ကျဉ်းရွာနှင့် အနီးဆုံးပါ။

ဦးဝန္ဒိမ(ဝေလင်း)

# ပန်းအိုင်ရွှေမုဋ္ဌောပွဲ



www.burmeseclassic.com

www.burmeseclassic.com


နှင်းစေ့ကိုပြုတ်၊ အခွံချွတ်သုပ်တာ၊ မှောရုံသီးကို ငပေါင်းကြော်ကြော်တာ ထိုအရပ်မှာပဲ တွေ့ဖူးသည်။ ပွဲဈေးသည် မြို့ခံဈေးနှင့်လည်းနီးသည်။ သည်တော့ အားလုံးအတွက် အဆင်ပြေလှသည်။ မလှိုင်နယ်သည် နှမ်း၊ ပဲမျိုးစုံ၊ ဝါနှင့် ထန်းလျက်ထွက်သောဒေသ ဖြစ်သည်။ ကောင်ရပ်ဝန်းဒေသလည်း ဖြစ်သည်။ အထူးသဖြင့် မလှိုင်နံ့ပါတ်-၅၊ မလှိုင် နံ့ပါတ်-၈ဝါမှာ နာမည်ကြီးသည်။အစိုက် များသည်။ ချည်ထည်၊ မျက်နှာ သုတ်စောင်၊ စားပွဲခင်း၊ လက်သုတ်ပဝါ၊ ဒါတွေ ဟိုတုန်းက ပွဲဈေးမှာ အတော် ရောင်းကြပါသတဲ့။ ပင်နီဆိုတာလည်း မလှိုင်က အထွက်များပါသည်။ သူ့ကို တစ်ချိန်က 'ပွဲတော်သုံးစာ' ဆိုပြီး ဝါဖြူ ခင်းထဲ ဝါနီစေ့လေးတွေ ရောစွက်ကြ ကြပါသတဲ့။ သူ့ချည်းသက်သက်ကြလျှင် မှက်လို့မပေါက်ဘူးတဲ့။ ဝါနီပင်က ကောက်စမှာ အဝါဖျော့ဖျော့အရောင်ရှိ သည်။ အသီးကလည်းမနီပါ။ သီတင်း ကျွတ် တန်ဆောင်မုန်းမှာ ဝါတောက်ပြီး မှအိုးကလေးထဲထည့်သိပ်နှပ်ထားကာ အပေါင်းလမှ ထုတ်ရသည်။ နောက် ဖြည်းဖြည်း အရောင်နီလာသည်။ အဆိုးမဟုတ်။ တအားကြီးလည်း မနီ။ ဖျော့ဖျော့လေးသာရှိသည်။


ဟိုတုန်းက ပန်းအိုင်မှာ စက္ကူနှင့် အဝတ်နှင့်လုပ်သည့် ဇီးကွက်ရုပ်၊ သူငယ် တော်ရုပ်၊ ပစ်တိုင်းထောင်ရုပ်တွေလုပ် ကြသည် အများစုပါ။ ဖောက်သည်ပေး သည်အထိပင်။ခုတော့ ပလတ်စတစ်ရုပ် တွေတိုးနိုင်ပုံမပေါ်။ ဟိုတုန်းကတော့ အရုပ်ဖိုးငွေချည်း (၃) သိန်းကျော်ဝင်ပါ သတဲ့။ တစ်နှစ်တည်း ပွဲတော်တွင်းပါ။ ပွဲဈေးထုံးစံအတိုင်း သည်ပွဲတော်မှာ မုန့်ကန်၊ အထည်ဆိုင်၊ သင်ဖြူးဆိုင်၊ ဖိနပ်ဆိုင်၊ သားရေအိတ်ဆိုင်၊ မျက် မှန်ဆိုင်၊ စတီးဆိုင်၊ အလှကုန်ဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးသောက်ဆိုင်၊ အိုးဆိုင်၊ ထွန်တုံး၊ ထွန်သွား၊ ထမ်းပိုးကျစ်ဆိုင်တွေ မနည်းပါ။ အထူးခြားဆုံးမှာ ဆေးရွက်ကြီးဆိုင်တန်း တွေ ဖြစ်သည်။

ဟိုတစ်ချိန်က ဈေးဆိုင်တွေချည်း (၁၀၀) အထိရှိခဲ့ဖူးပါတဲ့။ ခုတော့ ဆိုင် ပေါင်း (၃၀) လောက်ပဲရှိပါတော့သည်။ ဘုရားဝန်းကျင်တွင် အညာပီသစွာ ထန်းကုန်းပင်တွေများလှသည်။ ပန်းအိုင် အနီးဝိုက်တွင် ထန်းပင်တွေလည်းပေါ သည်။ ထန်းပင်အလှနှင့်ပန်းရပြီး အညာ



မလှိုင် ပန်းအိုင် ရွှေမုဋ္ဌောဈေး ဆေးရွက်တန်းတစ်နေရာ


ပွဲဈေးတစ်နေရာ


ပွဲဈေးတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com

ဆန်သောဒေသ ဖြစ်သည်။ ဟိုတုန်းက လှည်းတန်းတွေ အုဝ်စုဖွဲ့လာကြပေမယ့် ခု နည်းကုန်ပါပြီ။ ဆိုင်ကယ်တွေ၊ ကားတွေသာ မြင်ရသည့် (ဝါ) နာမည်ကြီးသည့် ဒီနယ်မှာ ဟိုတစ်ချိန်က မန္တလေး ကိုယ်စားပြု မလှိုင်က ဆုရဖူးပါသတဲ့။ ထို့ကြောင့် 'ခန်းမနာမည်မှာ ပန်းလှိုင်ရွှေဝါ၊ မန္တလေး-မလှိုင်ကားဂိတ်နာမည်တွေဆိုလည်း လှိုင်ရွှေဝါဆိုပြီး နာမည်ပေးထားတာကို တွေ့ရလေသည်။ ဆေးရွက်သည်တွေမှာ နွားထိုး၊ မြင်းခြံ၊ ဓားကျွန်း၊ အနိမ့်၊ ခေါင်းကွဲ၊ လေးအိမ်တန်းရွာတွေကဟု သိရသည်။ ဆေးရွက်ဝယ်သည့်မြို့တွေက မြင်းခြံ၊ ပခုက္ကူ-တောင်ကြီး၊ ပဲခူး-စစ်ကိုင်း၊ ကျောက်ဆည်၊ မြစ်သား တစ်နံတစ်လျားတို့က တစ်နှစ်လာဝယ်ယူကြပါသတဲ့။ကုန်သည်တွေ၊ ဆေးလိပ်ခုံတွေက များပါသည်။ ပွဲတော်ပြီးလျှင် အဝေးပြေးကားတွေ ဆေးပို့ပို့ရတာ အတော်အလုပ်ဖြစ်သည်ဆိုပဲ။

သည်နှစ် 'စွမ်းသဘင်' နယုန်လပြည့်ကျော် ၅ - ၆ - ၇ ရက်၊ မန္တလေး 'ပွဲဦးမင်း' ဇာတ်သဘင်နှင့် အောင်သစ်-အောင်ဟိန်း၊ ပုန်းညက်ဖြူ အဆိုတော် စုပါဘဲတော ၁၁ - ၁၂ - ၁၃ ရက်ဝင်သည်။ဟိုအရင်က ပွဲတော်ကို ဆေးပွဲစားကြီး ဦးပွတို့၊ ဦးလှအောင်တို့ ဦးစီးပြီး ဇာတ်ထရိုက်ဆွဲခဲ့ကြပါသတဲ့။ ထူးထူးခြားခြား မိတ္တီလာက ပလတ်စတစ်ခြင်းသည်တွေကို တွေ့ရသည်။ ရောင်းလည်းရောင်း၊ ထိုင်လျက်က ပလတ်စတစ်ခြင်းလည်း ရက်လုပ်ကြသည်။ ထွန်းရွှေဝါ တိုင်းရင်းဆေးဆိုင်ကြီးကလည်းဟီးထနေပြီး အောင်ခိုင်၊ ဝါဝါအောင်၊ ဒဲ့ဒိုးတို့ တစ်လှည့်၊ ကောင်းကျော်၊ ချာလီနှင့် ထက်ထက်တို့တစ်လှည့် သူ့ရက်နှင့်သူ ကြော်ငြာရောင်းချတာ လူစည်သည်။ သူတို့နှင့်ဓာတ်ပွဲရိုက်ကြ၍ မလှိုင်သီတာ ဓာတ်ပုံဆိုင်လည်း အတော်အလုပ်ဖြစ်သည်။ ဒံပေါက်ဆိုင်လည်း လူအစားများကြသည်။ ဒီနယ်က ဒံပေါက်ကြိုက်သူများကြပေလိမ့်မည်။ ပွဲအစည်ဆုံးမှာ နယုန်လပြည့်ကျော် ၇ ရက်၊ ၈ ရက်၊ ၉ ရက်ဟု သိရသည်။ ဒီနှစ် စာအုပ်သည်တွေ ခါတိုင်းနှစ်ထက်များသည်ဟု ဆိုသည်။ (၁၂) ဦးမက တွေ့ရသည်။

ပန်းအိုင်ရွှေမုဋ္ဌောစေတီကို သီရိဓမ္မာသောကမင်းကတည်ကြောင်း ပြောဆိုရေးသားကြသည်။ စိန်ဖူးတော်အထိ (၁၃၇) တောင်၊ ချရားသီးအထိ (၁၀၁) တောင်၊ ဖိနပ်တော် (၈၁) တောင်၊ (၁) မိုက်ရှိပြီး စေတီကို ငုံတည်တာ (၄) ကြိမ် ရှိပါပြီတဲ့။ သည်လို အတောင် (၁၀၀)ကျော် စေတီမျိုး ရှားပါးလှသည်။ ထူးခြားသည်မှာ ဘုရားအရိပ်မထွက်ခြင်းပါ။ တန်ဆောင်းကြီးရှိသည်။ ကိုးခန်းကျောင်းဇမ္ဗူပတိရုပ်ပွားတော်ကြီးလည်း ရှိသည်။ သပွာယ်လှသည့် ရွှေမုဋ္ဌောစေတီမှာ ဘွဲ့ (၄) ဘွဲ့ရှိသည်။ ရွှေမုဋ္ဌော၊ ရွှေမုတ္တော၊ ရွှေတန်းတစ်၊ ဆုတောင်းပြည့်တို့ ဖြစ်သည်။

ဘွဲ့တော် (၄) မည်ဖွင့်ဆိုချက်

◆ ရွှေပွားတော် ရွှေသားဖြင့် *ပောကြား သဒ္ဒါ၊ ဝမ်းဘဲ့ငှနှင့် နွတ္တသမုခ်၊ ဘွဲ့ပုံထုတ်၍ ရွှေမုဋ္ဌောဟု အသောတမည်လည်းရှိထသော (ဝါ) ရာဟုခံတွင်း နေမင်းလွတ်ခိုက်၊ ပြီးဆုံကြိုက်၍ တမိုက်နာမ၊ ဝမ်းပူတနှင့် သဒ္ဒသဘော၊ ရွှေမုတ္တောဟု ကျော်စောထင်ရှားသော နာမတံဆိပ်လည်းရှိသော (ဝါ) ကျမ်းဂန်သိုက်စာ သမိုင်းလာတိုင်း နာယကာစိန်၍ လျှောရွှေခဲကို တိုက်ကြသေချာ ဌာပနာသညာဘွဲ့သစ်၊ ရွှေတန်းတစ်ဟု ဖြစ်သင့်သောအမည်လည်းရှိထသော (ဝါ) ဒေသဝန်းကျင် ရှင်သူရဟန်း၊ ရည်ရွယ်မှန်းလျက်၊ သင်တန်းသားထု၊ ဝတ်စားမှုနှင့် ကျွေးချည်းသသူ၊ များဗိုလ်လူတို့ ဆင်ယင် ပဏ္ဏာသ ထိုကစ၍ တောင့်တလိုရာ ပတ္ထနာနှင့် လျော်စွာထပ်လောင်း၊ ပြည့်စုံသော အကြောင်းကြောင့်လည်း ဆုတောင်းပြည့် ဟူသော အမည်တော်လည်းရှိတော်မူ၏။*

*(ပန်းအိုင်သုဇေယျာရာမတိုက် ဆရာတော်ဦးဝိဇယ)*

ပန်းအိုင်ရွှေမုဋ္ဌောပွဲဈေးကြည့်ပြီး အာရကျေနပ်မိသည်။ ပွဲတော်ဆိုတာ အဲသလို စည်စည်ကားကားရှိမှ ပွဲတော်နှင့်တူသည်မဟုတ်ပါလား။ သို့သော်လည်း ပွဲတော်ဆိုတာ နယ်မြေလုပ်သီးကိုင်စာရမှ ဖွံ့ဖြိုးမှုစည်နိုင်တာပါ။ ဖွံ့ဖြိုးစည်ပင်ဖို့ဆိုတာ နိုင်ငံရေးလည်းကောင်းဦးမှကိုး။ကောင်းပါစေဟုသာ ဆုတောင်းရပါတော့သည်။

ဦးစန္ဒိမ (စလင်း)

မေငွေ့သျှင်(ပညာရေး)

## မျက်ခမ်းစွန်တာ ပျောက်စေရာ

ကျွန်မတို့ငယ်ငယ်က ကြားဖူးခဲ့သည်။ ပေးပြီးသောပစ္စည်းပြန်တောင်းလျှင် မျက်ခမ်းစွန်တတ်သည်ဟူ၏။ မှန်မမှန် အတိအကျမသိ။ တိကျသည်ကတော့ ပူပြင်းသောရာသီတွင် အချို့သူများ မျက်ခမ်းစွန်တတ်ကြသည်။

မျက်ခမ်းစွန်ခြင်းဆိုသည်မှာ မျက်ခမ်းထက်၊ အောက်တစ်နေရာတွင် အ... အသီးပေါက်ကာ အလွန် အနေခက်သောဝေဒနာတစ်မျိုး ဖြစ်သည်။ အချို့ဆိုလျှင် အဖုသီးမှာ မှည့်ရွဲ၍တော်တော်နှင့် မပျောက်နိုင်ဘဲ ကြာရှည်စွာ ခံစားတတ်ကြရသည်။

ထိုကဲ့သို့ဖြစ်ပါက အမြန်ဆုံး ပျောက်စေရန် အလွယ်ဆုံးနည်းကို လက်တွေ့ စမ်းသပ်ကြည့်စေလိုပါသည်။ ၎င်းမှာ ဝါးပင် (ဖြစ်နိုင်လျှင် ဝါးနက်ပင်)၏ အညွန့်အလိပ်ကလေးတစ်ခု... ဆွဲနုတ်ယူပါ။ ၎င်းကို ကျွန်မတို့ငယ်... က ဆေးလိပ်လုပ်တမ်းကစားခဲ့ကြသည်။ နုတ်ယူပြီးသော အညွန့်အလိပ်၏အရင်းဘက်ကို အမာထိတိုင်အောင် ဖြတ်... ပါ။ နုတ်ယူထားသောအရွက်ခွကိုလည်း မှတ်သားထားရမည်။

ပြီးလျှင် အဖုထိပ်ကို ဝါးရွက်လိပ်၏အရင်းထိပ်ဖြင့် အသက်အောင့်ကာ စိတ်မှတ်ဖြင့် (၇) ချက် ဖြည်းဖြည်းထိုးပေးပါ။ ထိုးပြီးပါက မူလ နုတ်ယူထားသော အရွက်ခွကြားသို့ မူလပုံစံတိုင်း ပြန်စိုက်ပါ။ ထိုဝါးရွက်လိပ်လေးခြောက်သွားပါက စွန်နေသောမျက်ခမ်းလည်း ပျောက်သွားပါလေ့မည်။

ကုနည်းမခက် လက်တွေ့... ပျောက်ပါသည်။

မေငွေ့သျှင်(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

ရသဂမ္ဘီရ-ကျော်ဝင်းအောင်

# ဂုဏ်တော်ကိုးပါးကိုဂမ္ဘီရဆန်ဆန်ပူဇော်ခြင်း (၁)

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာ မိဘဘိုးဘွားလက်ထက်ကတည်းက ဆင်းသက်ကိုးကွယ်လာတဲ့ ရတနာသုံးပါးဆိုတာရှိကြပါတယ်။ အဲဒီ ရတနာသုံးပါးမှာ ဂုဏ်တော်တွေအသီးသီးရှိကြပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုရင် သိပြီးသူရော မသိသူပါ သိရှိစေရန် အကျဉ်းချုပ် ဖော်ပြပေးလိုက်ပါတယ်။

အဲဒါတွေကတော့ -

◆ ဘုရားရတနာမှာဆိုရင် ဗုဒ္ဓရဲ့ အတုမရှိတဲ့ဂုဏ်တော်ကိုးပါး၊

◆ ဓမ္မရတနာမှာဆိုရင် တရားတော်ရဲ့ အတုမရှိတဲ့ ဂုဏ်တော်ခြောက်ပါး၊

◆ သံဃာရတနာမှာဆိုရင် သံဃာတော်များရဲ့ အတုမရှိတဲ့ ဂုဏ်တော်ကိုးပါး -

ဒါတွေဟာ ဗုဒ္ဓဘာသာဝင်တိုင်း အများအားဖြင့် သိရှိကြတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်တော်တွေပါ။ သို့သော်လည်း ဂုဏ်တော်အသီးသီးရဲ့ ကဏ္ဍအလိုက် စွမ်းအင်ထက်မြက် တန်ခိုးအာနုဘော်ကြီးမားမှုတော့ သိရှိကြသူနည်းပါးလိမ့်မယ်ထင်ပါတယ်။ သို့ပေမယ့် ဘာဝနာလိုက်စားသူ၊ အဓိဋ္ဌာန်[illegible]ရှည်အားထုတ်သူများကတော့ သိရှိကြတာများပါတယ်။ ထိုဂုဏ်တော်အသီးသီးရဲ့ ကဏ္ဍအလိုက် ကျင့်ကြံ ကြိုးစားများ အားထုတ်မှုကြောင့် သမာဓိ[illegible]တာ လိုရာပန်းတိုင်ကို ရောက်ရှိကြသူများလည်း မြောက်မြားစွာရှိကြတယ်။ ဒါတွေဟာ သာသနာတည်သရွေ့ နောင်လည်း ဆက်လက်တည်ရှိနေဦးမယ်။

ရှေးက ဘိုးဘွား၊ မိဘများဟာ ဘုရားဂုဏ်တော်ကိုးပါးကိုလည်းကောင်း၊ တရားဂုဏ်တော်ခြောက်ပါးကို လည်းကောင်း လောကီ၊ လောကုတ္တရာနှစ်ဖြာ အကျိုးရှိအောင် လျှို့ဝှက်နက်နဲ ဂမ္ဘီရဆန်ဆန် အသုံးပြုခဲ့ပုံများမှာ ယနေ့လို အင်တာနက်ခေတ်မှာ ဂမ္ဘီရဆန်ဆန် [illegible]သဏ္ဌာန်ပမာဖြစ်နေပါတော့တယ်။ နှောင်းခေတ် လူသားများကလည်း ခေတ်ကာလရဲ့ တိုးတက် ဖွံ့ဖြိုးမှုအလျောက် ဘာသာရေးဘက်မှာ အတော်ကြီး အားနည်းလာကြပါတယ်။ ဒီလို ဘာသာရေးဘက်မှာ အားနည်းလာရခြင်းမှာ လူငယ်၊ လူရွယ်များသာမက သက်ကြီးရွယ်အိုများပါ တွေ့ရှိရတာ အလွန်ဝမ်းနည်းစရာကောင်းလှတယ်။ အခုလို အားနည်းရခြင်းအချက်မှာ ဘာသာရေးလုပ်ဆောင်မှုရဲ့ အနှစ်သာရကို မခံစားဘူးတာကြောင့်လည်း ဖြစ်ပုံရတယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဥပမာအားဖြင့် ကုသိုလ်အလုပ်ကို စူးစိုက်စွာလုပ်လုပ်သူဟာ မိမိအာရုံကို ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာလို့ ခေါ်တဲ့အချက်ငါးချက်ပြည့်စုံနေရင် မိမိရဲ့တစ်ခဏတာဟာ စိတ်နှလုံးချမ်းမြေ့မှုကို ခံစားရပါတယ်။

ဒါကြောင့် ရှေးလူကြီးမိဘတွေက လူငယ်လူရွယ်တွေကို လင်္ကာ၊ဆောင်ပုဒ်တွေနဲ့ ဆုံးမသွန်သင်လေ့ရှိကြပါတယ်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား ဆိုပြီး ဆုံးမလေ့ရှိကြတယ်။ အဲဒီဆုံးမစကားကိုလည်း ဘုရားရှင်တိုင်း ဆုံးမခဲ့တဲ့ လက်သုံးစကားဆိုပြီး ပြောပြတတ်ပါတယ်။ အဲဒီလိုပြောပြတဲ့အထဲမှာ ဘုရားဂုဏ်တော်တွေ၊ တရားဂုဏ်တော်တွေ၊ သံဃာ့ဂုဏ်တော်တွေရဲ့ တစ်ခုချင်းအလိုက် အသုံးပြုပုံတွေ၊ ပွားများအားထုတ်ရပုံတွေဟာ အလွန်မှ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ရှေးကဘိုးဘွားမိဘများဟာ ယနေ့ခေတ်လို တိုးတက်နေတဲ့ လောကဓာတ်ကျောင်းတွေမှာ မနေရ၊ မတတ်ရောက်၊ မသင်ကြားခဲ့ရပေမယ့် မြတ်စွာဘုရားရှင်ရဲ့ရွှေရင်တော်မှ သားရဟန်းသံဃာတော်များရဲ့ခြေရင်းမှာ ဝပ်တွားခယ ပညာသင်ယူခဲ့ရတဲ့သူတွေပါ။ ဒါကြောင့် ရှေးက လူကြီးမိဘတွေဟာ များသောအားဖြင့် ဘာသာတရားအလွန်ကိုင်းရှိုင်းကြပါတယ်။ သူတို့တစ်တွေ သင်ယူခဲ့ရတဲ့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ဆရာတော်ကြီးများရဲ့ ဆုံးမသွန်သင်ပြသတဲ့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ဂုဏ်တော်တွေရဲ့ သုံးစွဲပွားများအားထုတ်ပုံနည်းတွေကို နှောင်းခေတ် ယနေ့ကာလလူတွေကို ပြန်လည်ပြောပြကြပါတယ်။

အဲဒီလိုပြောပြတဲ့အထဲက အတုမရှိတဲ့ ဗုဒ္ဓရဲ့ဂုဏ်တော်ကိုးပါးကို ဂမ္ဘီရဆန်ဆန်အသုံးပြုထားတာ စိတ်ဝင်စားဖို့ကောင်းလှပါတယ်။ ဒီလိုစိတ်ဝင်စားတာနဲ့အမျှ သူရဋ္ဌမဂ္ဂဇင်းစာဖတ်သူများကို ဝေမျှပေးချင်တာကြောင့် ဤဆောင်းပါးကို စာရေးသူ ရေးသားရခြင်း ဖြစ်တယ်ဆိုလည်း မမှားပါဘူး။ ရိုးရာစကားပုံထဲကလိုပဲ ဟင်းကောင်းစားရရင် မိတ်ဆွေကောင်းကို မမေ့တဲ့အတွက် စာဖတ်သူများကို ဟင်းကောင်းတစ်ခွက် ဝေမျှပေးလိုက်ခြင်းသဘောပါ။ နှောင်းခေတ်၊ ယနေ့ခေတ်ကာလလူတွေ အားလုံးဗဟုသုတရစေချင်တဲ့အကြောင်းလည်း ပါဝင်ပါတယ်။

အဲဒီဂုဏ်တော်ကိုးပါးသုံးစွဲပုံဟာ သီလ၊ သမာဓိရှိပြီး ကိုယ်ကျင့်တရားကောင်းမွန်သူတွေအတွက် သုံးရင်သုံးတတ်သလို အကျိုးများတဲ့အကြောင်းကို ဘာသာရေးပိုင်းပုဂ္ဂိုလ်အဘကြီးတစ်ဦးက ထောက်ခံပြောဆိုခဲ့ဖူးပါတယ်။ ရှေးကဘိုးဘွားမိဘတွေပြောကြားခဲ့တဲ့ ဂုဏ်တော်ကိုးပါးကို ဂမ္ဘီရဆန်စွာ အသုံးပြုထားပုံကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**◆ ဥုံကြုတိ ◆**

ဂုဏ်စာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီးလက်ဖွဲ့ထိုးရမည်။ ဂုဏ်လက်ဖွဲ့ကိုရေစိမ်ပြီး ထိုအက္ခရာစာလုံးအတိုင်း (၃၇) ခေါက် မန်းရမည်။ ထိုမန်းထားသောရေကို လမ်းကိုဖြစ်စေ၊ အိမ်ပတ်ဝန်းကျင်ကိုဖြစ်စေ အိပ်သောအခါလှည့်၍ ဝိုင်းပြီးစည်းချဖျန်းထားပါ။ သူခိုးဓားပြရန်သူဟူသမျှ လုံခြုံသည်ဟု ဆိုပါသည်။

**◆ ဥုံပိသော ◆**

ဂုဏ်စာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ထိုလက်ဖွဲ့ကို နံ့သာရည်တွင်စိမ်၍ ထိုအက္ခရာစာလုံးအတိုင်း (၁၈) ခေါက် မန်းရမည်။ ထိုနံ့သာရည်ကို လိမ်းသွားပါက သားသမီးလိုချစ်ခင်သည်ဟု ဆိုပါသည်။

**◆ ဥုံဘဂဝါ ◆**

www.burmeseclassic.com

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ၎င်းလက်ဖွဲ့ကို ရန်သူနှင့်တွေ့ကြုံပါက နှုတ်တွင်ငုံကာ ၎င်းအက္ခရာစလုံးကို ရွတ်နေပါက ရန်သူဘေးမှ လွတ်မြောက်သည်ဟုဆိုပါသည်။

• ဥုံအရဟံ •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ထိုစီရင်ထားသောလက်ဖွဲ့ကို ညအိပ်သောအခါ နှုတ်မှာငုံထားပါ။ ရွတ်လည်းရွတ်ပွားပါ။ ထိုသို့ ပြုလုပ်သူကို ဗိုလ်ခြေအများ ခုနစ်ရက်သားသမီးနှင့် သိကြား၊ ဗြဟ္မာတောင်စောင့်မသည်ဟုဆိုပါသည်။

• ဥုံသမ္မာသမ္ဗုဒ္ဓေါ •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ထိုစီရင်ထားသော လက်ဖွဲ့ကို နံနက်စောစောနေထွက်ရာဘက်သို့မျက်နှာမူပြီး လက်ဖွဲ့ကို ငုံကာ ၎င်းဂါထာဖြင့် (၇) ခေါက်ရွတ်သော် ကြုံသမျှဘေးများ မထိရောက်ဘဲ မိမိကို ကြံစည်သောသူကိုပင် ပြန်၍ထိခိုက်စေသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများကို ဆီမီးခွက်ဖြင့် ဆီထည့်ပြီး မီးပူဇော်ပါ။ ထိုသို့ ဆီမီးပူဇော်ပြီး ဆီ(၁)ကျပ်သားခန့်ကျန်လျှင် လက်ဖွဲ့ကို ထည့်၍ ၎င်းဂါထာနှင့် (၃၇) ခေါက်စုတ်ပြီး ဆီကိုလိမ်းသွားပါ။ လက်နက်မျိုးစုံ ထိုးမဝင်၊ ခုတ်မရှ၊ ပီယအဟန့် လိုတိုင်းရပါသည်။ လှေစီး လှေမသွားသော် ၎င်းလက်ဖွဲ့ကို နှုတ်မှာငုံကာ မျက်နှာကို အောက်ဘက်ထားပြီး ပါပလေးထောင့်ကို ရည်မှန်း၍ ၎င်းဂါထာကို (၉) အုပ်ရွတ်လျှင် လေတိုက်လာပါသည်ဟုဆိုပါသည်။

• ဥုံဝိဇ္ဇာစရဏ •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ထိုစီရင်ထားသောလက်ဖွဲ့ကို ဖန်ခွက်ထဲ ရေစိမ်ပြီး ၎င်းဂါထာနှင့် (၁၈) ခေါက်မန်းကာ မျက်နှာသစ်သွားသော် ခုနစ်ရက်သားသမီးအားလုံးချစ်ခင်သည်ဟုဆိုပါသည်။

• ဥုံသမ္ဗုဒ္ဓေါ •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ထိုစီရင်ထားသောလက်ဖွဲ့ကို နှုတ်မှာငုံကာ ခြေစုံရပ်ပြီး မတ်တတ်ရပ်မျှော်ကြည့်ကာ ၎င်းဂါထာကို (၉) အုပ် မန်းသွားပါက ကောင်းသော ကြံစည်ရာကိစ္စများ အောင်မြင်ရသည်ဟု ဆိုပါသည်။

• ဥုံသုဂတော •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီးလက်ဖွဲ့ထိုးရမည်။ သိမ်ဝင်အပ်ချည်မျှင် (၃၇) မျှင်ကို တစ်လံမှန်မှန်အရှည်တိုင်းပြီး တစ်ဝက်ခေါက်ချိုးတင်ကျန်စေရန် သုံးလွန်းတင်ကြိုးကျစ်ကာ လက်ဖွဲ့သီ၍ သျှောင်မှာ လည်းကောင်း (ဦးခေါင်းတွင်) ထည့်၍ဆောင်ပါ။ သုဂတောဂါထာကို (၁၀၀၀) စုတ်ပါ။ နောက်ပြီး 'ဥုံအရဟံ' ဂါထာနှင့် (၁၈) ခေါက်စုတ်ပါ။ လက်ဖွဲ့အနှီးဂါထာမှာ 'ဥုံပီယသိဒ္ဓိအရဟံ'ဂါထာနှင့် (၁၅)ခေါက်မန်းပါ။ ပွဲဝင်သွားလာသည့်အခါ သိပါလိမ့်မည်။ မိန်းမတွေကို မစမ်းနှင့်။ ငရဲကြီး၍ ဘေးသင့်လိမ့်မည်ဟု ဆိုပါသည်။

• ဥုံလောကဝိဒူ •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီးလက်ဖွဲ့ထိုးရမည်။ ၎င်းလက်ဖွဲ့ကို နှုတ်မှာငုံပြီး ၎င်းဂါထာနှင့် ကောင်းကင်ကို စေ့စေ့ကြည့်ကာမန်းပါ။ အရုပ်အကောင်ပေါ်လိမ့်မည်။ လူရုပ်၊ ကျားရုပ်ပေါ်လျှင် ဒုက္ခရောက်တတ်သည်။ ဆင်ရုပ်၊ မြင်းရုပ်မြင်သော် ကြံစည်ရာကိစ္စအောင်မြင်ရသည်ဟု ဆိုပါသည်။

• ဥုံအနုတ္တရော •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင်စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ၎င်းလက်ဖွဲ့ကို နှုတ်မှာငုံပြီး ၎င်းဂါထာကို ရွတ်ဖတ်ပါလေ။ ဘေးအပေါင်းဒဏ်ပေါင်းမှ လွတ်ကင်းသည်ဟု ဆိုပါသည်။

• ဥုံပုရိသဒမ္မသာရထိ •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင် စီရင်ပြီးလက်ဖွဲ့ထိုးရမည်။ ၎င်းလက်ဖွဲ့ကို နှုတ်တွင်ငုံကာ ရေထဲတွင် ခြေစုံရပ်ပြီး ၎င်းဂါထာကို (၃၇) အုပ်ရွတ်ပါ။ မိမိစီးသွားရမည့် လှေ၊ လှည်း၊ ဆင်၊ မြင်းမှာတက်သောအခါ ဘေးမသီရန်မခဘဲ သွားရမြဲဖြစ်သည်ဟု ဆိုပါသည်။

• ဥုံသတ္ထာဒေဝမနုဿာနံဗုဒ္ဓေါဘဂဝါထိ •

ၚင်းစာလုံးကို ရွှေပြား၊ ငွေပြားတွင် စီရင်ပြီး လက်ဖွဲ့ထိုးရမည်။ ၎င်းလက်ဖွဲ့ကို အနံ့မွှေးသော ပန်းလေးမျိုးနှင့် ရေမှာစိမ်ပြီး ၎င်းဂါထာနှင့်ပင် (၃၇) အုပ်စုတ်နှီးရမည်။ ထိုအခါ လိုရာဆန္ဒပြည့်စုံမည်။ ကောင်းသော လိုအင်ဆန္ဒဖြစ်ရန်သာလိုသည်။ ဤသည်ကား တုမရှိ မြတ်စွာဘုရားဂုဏ်တော်အကျိုးပေါ်သည့် ဂုဏ်တော်ကိုးပါး အကျိုးတည်း - လို့ ဆိုပါတယ်။

ဒါတွေဟာ စာရေးသူ လေ့လာသိရှိခဲ့ရတဲ့ သက်ကြီးရွယ်အို အဘိုးအဘွား၊ အဘကြီးများ၏ ဟိုးတုန်းက ဘုန်းကြီးကျောင်းသားဘဝတွင် သူတို့ကိုနှုတ်ငုံဆောင် အရကျက်စေကာ သင်ကြား ပြသခဲ့တဲ့ မြတ်စွာဘုရားရှင်ရဲ့ အတုမရှိ ဘုရားဂုဏ်တော်ကိုးပါးရဲ့ လျှို့ဝှက်နက်နဲတဲ့သုံး စွဲပုံသုံးစွဲနည်းတွေ ဖြစ်ပါတယ်။ ဒီသုံးစွဲပုံသုံးစွဲနည်းကို စာရေးသူ မတွေ့ရှိမိဘူးပါ။ လေ့လာအားနည်းကောင်းနည်းလို့ပဲ ထင်မိပါတယ်။ သို့ပေမယ့် ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ခေတ်ကာလလူငယ်၊ လူကြီးတွေအဖို့တော့ သိသင့်သိထိုက်၊ မှတ်သင့်မှတ်ထိုက်တဲ့အရာမို့ တင်ပြရေးသားရခြင်းပါ။ ရှေးဆရာတော်ကြီးတွေဟာ ဘုရားရှင်ကို သက်ရှိဘုရားကဲ့သို့ ကြည်ညိုလွန်းတာကြောင့် ဘုရားဂုဏ်တော်ကိုးပါးကို အမြဲထုံလက်ကိုင်ထားတယ်လို့ ဘိုးဘွားမိဘများကပြောကြားပြတာ ကြက်သီးထခမန်း ကြည်ညိုရပါတယ်။


တခြားမကြည့်ပါနဲ့။ ခေတ္တရာပြည်မြို့ရဲ့ သာသနာ့ဂုဏ်ဆောင် အင်ကြင်းမြောင်ဆရာတော်ဘုရားကြီးပဲ ကြည့်ပါ။ ဂုဏ်တော်ကိုးပါးကို ပေါက်မြောက်အောင် လက်ကိုင်ထားသူပါ။ ခတ်ထားတဲ့သော့ကို ဂုဏ်တော်ရွတ်လိုက်ရင် သော့ပွင့်သွားပါတယ်။ ဒါတင်မကသေးပါဘူး။ ကျောင်းခေါင်ပေါ် ရောက်တဲ့နေလတွေကို ဂုဏ်တော်ရွတ်ပြီး ရပ်တန့်စေပါတယ်။ ဂုဏ်တော်ရွတ်ပြီး တောတောင်ဘက်ကိုကြည့်လိုက်ရင် တောတောင်တွေ ဖောက်ထွင်းပြီး သူ့ဆီလာတဲ့ ဒကာ၊ ဒကာမတွေကို ကြိုတင်သိပါတယ်။ ဒါဟာ ဓမ္မာစရိယဦးဌေးလှိုင်ရေးတဲ့ 'ရဟန္တာနဲ့ပုဂ္ဂိုလ်ထူး' စာအုပ်မှာ ကြည်ညိုရပါတယ်။ ဒါကြောင့် သုတရသဂမ္ဘီရတွေကို ဖတ်ရှုလိုကြတဲ့ စာဖတ်သူတွေကို သူရဇ္ဇမဂ္ဂဇင်းမှ ဘာသာရေးနဲ့ပတ်သက်တဲ့ နက်နဲထူးဆန်းမှုတွေကို ရေးသား တင်ဆက်လိုက်ပါတယ်။ အခု လို ဂမ္ဘီရဆန်းဆန်း ဘာသာရေးဆိုင်ရာ ဂါထာမန္တန်များနဲ့ ဆေးမြီးတိုများ သဘာဝလွန်နာမ်လောကအဖြစ်အပျက်များကိုလည်း အခါအားလျော်စွာ ရေးသား တင်ဆက်ပါဦးမယ်လို့ ဆို လိုက်ပါတယ်။

ရသဂမ္ဘီရ-ကျော်ဦးအောင်
(ပြည်-ဝဍ်မြောင်း)



www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီဘုရားကြီးအား ဖူးမြော်ရပုံ



ပေါက်တောပြင်ကျောင်းရှိ
မဏ္ဍိုင်စေတီတစ်ဆူ


စောထွီးသျှင်(မြောက်ဦး)

# ဝေသာလီနယ်မြေသို့ ဘုရားဖူးတစ်ခေါက်

၁၉ - ၁၂ - ၂၀၁၀ ရက်နေ့။ ၁၃၇၂ ခု၊ နတ်တော်လဆန်း ၁၃ ရက် (တနင်္ဂနွေနေ့)။ ထိုနေ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ မြောက်ဦးမြို့နယ် သင်းချပ်တော်ကျေးရွာ၌ သင်းချပ်တော်ပွဲတော်၊ ပေါက်တောမြို့နယ် ...တော်ရှင်ဘုရားပွဲတော်ကို နတ်တော်လဆန်း ၁၄ ရက်၊ ၁၅ ရက်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့များ၌ (၃)ရက်ဆက်တိုင် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြစမြဲဖြစ်ကြ၏။ တန်ခူးလ၌ ပုဏ္ဏားကျွန်းမြို့ရှိ ဦးရာဇ်...တောင်ဘုရားပွဲနှင့် ကျောက်တော်မြို့၌ ကျောက်တော်တောင်ဘုရားပွဲတော်ကို ...ဆိုပါရက်များဖြစ်ကြသော တန်ခူးလဆန်း ၁၄ ရက်၊ ၁၅ ရက်နှင့် တန်ခူးလပြည့်ကျော် ၁ ရက်နေ့တို့တွင် ပြုလုပ်ကျင်းပလေ့ရှိ၏။ ထို့အတူ သျှစ်သောင်းဘုရားပွဲတော်တို့ကား ကဆုန်လဆန်း ၁၄ ရက်၊ ၁၅ ရက်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့များ၌ ပြုလုပ်ကျင်းပကြစမြဲဖြစ်သည်။ တပေါင်းလဆန်း ၁၄ ရက်၊ ၁၅ ရက်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့များသည်ကား မဟာမုနိဘုရားပွဲတော် ကျင်းပမြဲ ဖြစ်လေသည်။

ထိုဘုရားပွဲတော်များ၌ကား လှေပြိုင်ပွဲပါဝင်နေ၍ လဆန်းရက်များ၌ ...ရေ အတက်၊ အကျတို့ကိုကြည့်၍ ပြုလုပ် ကျင်းပကြခြင်း ဖြစ်လေသည်။ ကျန်ဘုရားပွဲတော်များကိုကား အခါအားလျော်စွာ ကျင်းပပြုလုပ်မြဲ ဖြစ်လေသည်။

၆-၆-၂၀၁၀ ရက်နေ့၊ မြန်မာနှစ် ၁၃၇၂ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့သည်ကား ကျွန်တော် ဒုလ္လဘရဟန်း... များမကြာမီ မြောက်ဦးမြို့နယ် ...ချောင်းကျေးရွာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းကျော်အောင် ဆိုသူသည် ကျွန်တော့်အား ...ချောင်း တွဲဖက်အလယ်တန်းကျောင်း၌ တွဲဖက်ပြုရန် အတင်းမရမက ...သူနေ၏။ ကျွန်တော်လည်း ဦးသိန်းကျော်အောင်မှာ ကျွန်တော့်အမျိုးသမီး ...မှ ဆွေမျိုးတော်စပ်၍ အားနာနာ



သင်းချပ်ရှုတော်စေတီအား ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



အဘယမုနိဆင်းတုတော်မျက်နှာတော်အား ဖူးမြော်ရပုံ



အဘယမုနိဆင်းတုတော်အား ဖူးမြော်ရပုံ



အဘယမုနိဆင်းတုတော်အား
ဘေးတိုက်ဖူးမြော်ရပုံ



သင်းချုပ်တော်သိမ်ထဲရှိ ဆင်းတုတော်အချို့အား ဖူးမြော်ရပုံ



သင်းချုပ်တော်မှ
မဟာမြတ်မုနိဆင်းတုတော်အား အနီးကပ်
ဖူးမြော်ရပုံ



သင်းချုပ်တော်သိမ်ထဲရှိ
မဟာမြတ်မုနိသဏ္ဌာန်တူ
ဘေးတိုက်ဖူးမြော်ရပုံ

နှင့် ၂၀-၆-၂၀၁၀ ရက်နေ့တွင် ရှင်လိင် ပြန်၍ ၂၁-၆-၂၀၁၀နေ့တွင် တွဲဖက်ပြ ရန် ကင်းချောင်းကျေးရွာသွားရပါလေ သည်။

ထိုကျောင်းတွင်၊ တွဲဖက်ပြု၍ နတ်တော်လဆန်း ၁၃ ရက်နေ့ နံနက် (၇) နာရီ (၃၀) မိနစ်တွင် ကျွန်တော်နှင့် ကျောင်းသားသူငယ်(၄)ဦးတို့ ကျောင်း မြောက်ဘက်မှစတင်၍ ဝေသာလီနယ် မြေသို့ ခြေကျင်လျှောက်ခဲ့ကြပါသည်။ ဤသို့လျှောက်ပြီး မိနစ် (၃၀) ခန့်အကြာ တွင် ကုလားချောင်း (ရှေးကအခေါ် ကလေချောင်း) ကျေးရွာသို့ ရောက်ရှိကြ လေသည်။ ထိုကုလားချောင်းကျေးရွာမှ အရှေ့မြောက်ဘက်သို့ဖြတ်ပြီး မိနစ်(၄၀) ခန့်အကြာတွင် ပြလှကျေးရွာသို့ ရောက် ရှိကြလေ၏။

ထိုပြလှကျေးရွာ၌ ရှေးဟောင်း ပိဋကတ်တစ်ဆူရှိပါသည်။ ထိုပိဋကတ် တိုက်မှာ လေးမြို့ခေတ်က ဘိုရင်မင်း ရင်ဖြူ (ကောဇာနှစ် ၂၀၅- ၂၁၅) နှင့်

www.burmeseclassic.com



ဝေသာလီဘုရားသို့ အဝင်မုခ်ဦး

မိဘရားစောမုန်ခီတို့ တည်ထား ကုသိုလ် ပြုခဲ့ခြင်း ဖြစ်ပါသည်။ ထိုပိဋကတ်တိုက်အား ဝင်ရောက်ဖူးမြော်ခဲ့ကြပြီး ထိုမှ တစ်ဖန်ခရီးဆက်ခဲ့ကြလေရာ (၁၅) မိနစ်ခန့်အကြာတွင် ကူးတို့ကူး၍ တစ်ဖက်ကမ်းရှိ ပီပင်ရင်းကျေးရွာသို့ ရောက်ရှိလေသည်။ ယင်းကျေးရွာမှဖြတ်လျှောက်ကြရာ ဝေသာလီနယ်မြေသို့ စတင်ရောက်ရှိပါလေ၏။ ဝေသာလီမြို့ရိုး၊ ကတုတ်၊ ကျုံး၊ မြောင်းများ၊ ဘုရားများ စသည်တို့အား ဟိုတစ်စသည်တစ်စ ရုပ်ပျက်ဆင်းပျက်ဖူးမြော်ကြရသည်။ မိနစ်(၃၀) ခန့်အကြာတွင် မြောက်ဦး - ကျောက်တော်ကားလမ်းသို့ ရောက်ရှိပါလေသည်။ (၂၅) မိနစ်ခန့် ဆက်လျှောက်သောရာ ပေါက်တောပြင် (ရှေးအခေါ် သဗ္ဗာဝတီ) ကျေးရွာသို့ ရောက်ရှိကြလေသည်။ ထိုတောင်ခြေရင်းမှစ၍တက်ကြရာ (၄၅) မိနစ်အကြာတွင် တောင်ထိပ်သို့ ရောက်ရှိပါလေ၏။

သင်းချပ်တော် ဆိုသည်မှာ မှာ သီရိမ္မာသောကမင်းကြီး တည်ထားခဲ့သော ဓာတ်စေတီတစ်ဆူဖြစ်ပြီး သီရိမ္မာသောကမင်းကြီးတည်ထားခဲ့စဉ်က နှုန်းတမော့စေတီတစ်ဆူသာဖြစ်လေသည်။ တစ်ဖန် ဝေသာလီခေတ်တွင်လည်း သီရိမဟာ့တိုင်းစန္ဒြားမင်းလက်



အဘယမုနိသိမ်တော်အား အရှေ့တောင်ဘက်မှ ဖူးမြော်ရပုံ

ထက် ပြုပြင်ခဲ့၏။ မြောက်ဦးခေတ်တွင်ကား ဘုရင်မင်းဖလောင်း တည်ထားခဲ့စဉ် ယခုလက်ရှိအနေအထားအတိုင်း ပြုပြင်ခဲ့သော ဘုရားတစ်ဆူ ဖြစ်လေသည်။


သင်းချပ်တော်စေတီမှဓာတ်တော်သည် ဘောလုံးပမာဏရှိပြီး ဝါတွင်းကာလဖြစ်သော တော်သလင်းလအချိန်တွင် ဓာတ်တော်ကွန့်မြူးလေသည်။ အထူးသဖြင့် လမိုက်ညများတွင် ဓာတ်တော်ကွန့်မြူးပြီး တခြားမှဓာတ်တော်ကွန့်မြူးလာချိန်တွင် ဤဓာတ်တော်ရှိရာစေတီသို့ကျရောက်လာကြပြီး ဤဓာတ်တော်မှာလည်း ထိုအခါကျမှပင် အရောင်အဝါတောက်ပစွာဖြင့် အလွန်သပ္ပယ်စွာဖြင့် အထက်ကောင်းကင်သို့ တက်ရောက်သွားပြီး 'ဓာတ်ပေါင်းစု' ဘုရားစေတီသို့ ကျရောက်သွားလေ


www.burmeseclassic.com


www.burmeseclassic.com



ရေတွင်း၌ ဖွဲ့ညွှန်များ မပယ်ကျန်ရအောင် အခင်းကျောက်ပြား



သင်းချုပ်စေတီသို့တက်လမ်းတွင် ရိုက်ကူးထားသော ကျောင်းသားများပုံ



သင်းချုပ်တော်စေတီခြေရင်း၌ ရိုက်ကူးထားသော ကျောင်းသားများ



ဝေသာလီသီရိမဟာတိုင်းစန္ဒြာနှင့်မိဖုရားကြီး၏

သည်။ ဤဓာတ်ပေါင်းစုဘုရားစေတီမှာလည်း မြေပြင်မှ ပေ(၅၀)ကျော်လောက်တွင် တည်ရှိပါသည်။ တော်သလင်းလအခါ၌ ဓာတ်တော်ကွန့်မြူးနေသည်ကို စာရေးသူကိုယ်တိုင် ဖူးမြော်ခဲ့ရပါသည်။

(ဓာတ်တော် ဖူးလိုသော ပုဂ္ဂိုလ်များ တစ်ခါတစ်ခေါက် လာရောက်၍ မြောက်ဦးမြို့နယ်ရှိ ဤသင်းချုပ်တော်စေတီရာသို့ ဝါတွင်းကာလ တော်သလင်းအချိန်တွင် လာရောက်၍ ဖူးမြော်ကြပါကုန်)။

ဤမှ ထူးဆန်းသော တောင်ပေါ်သို့ ရောက်ရှိခိုက် ကျောင်းသားများကို အမှတ်တရဓာတ်ပုံ သုံး၊ လေးပုံကို ရိုက်ကူးပေးပါလေသည်။ ထို့နောက် ကျွန်တော်တို့သည် အသင့်ယူဆောင်ခဲ့သော ပန်း၊ ဆီမီးများဖြင့် ဘုရားကို ဦးချကန်တော့ကြပါလေ၏။ မကြာမီပင် ကျွန်တော်တို့အဖွဲ့ တောင်အောက်သို့ ပြန်ဆင်းခဲ့ကြလေသည်။

ကျွန်တော်နှင့် ကျောင်းသားများ တောင်အောက်သို့ပြန်ရောက်ပြီး ဆက်၍ လျှောက်လာကြရာ မိနစ် (၂၀) ခန့်အကြာတွင် လမ်းခွဆုံရှိ 'အဘယမုဒ္ဒ' ဘုရားသို့ ရောက်ရှိပါလေ၏။ ထိုဘုရားကို သီရိမဟာတိုင်းစန္ဒြားမင်းကြီးကပင် ကောဇာ ၂၄၉ ခုနှစ် (အေဒီ ၃၂၇) နန်းတက်စ၍ မြို့ရိုးပေါ်၌ သိမ်ဆောက်လုပ်ပြီး တည်ထား ကိုးကွယ်ခဲ့လေသည်။ ဤဘုရားမှာ ယတြာအစီအရင်နှင့် တည်ထားခဲ့ခြင်းဖြစ်၍ မြို့ရိုးပေါ်၌တည်ထားခဲ့ခြင်းဖြစ်လေ၏။ ထို့နောက် ကျွန်တော်တို့သည် ဘုရားကို ပါလာသော ပန်းဆီမီးတို့ဖြင့် ပူဇော်သက္ကာရပြုကြပြီး ဓာတ်ပုံ (၃)၊ (၄) ပုံ ရိုက်ကူးကြလေသည်။ သိမ်ကိုလည်း ဓာတ်ပုံ (၂) ပုံ (၃) ပုံ ရိုက်ကူးကြပြန်လေသည်။

www.burmeseclassic.com

ကျွန်တော်တို့သည် နံနက်စာကို အသုံးကြပြီး များမကြာမီပင် မြောက်ဘက်သို့ ခရီးဆက်ကြပြန်လေ၏။ (၁၀) မိနစ်ခန့်အကြာတွင် ပေါက်တောပြင် ဘုန်းကြီးကျောင်းသို့ မဏ္ဍိုင်စေတီကို ဖူးမြော်ရန်သွားကြလေသည်။ ကျောင်းပေါ်သို့ရောက်ပြီး ဘုရားကိုဝတ်ပြုကာ မဏ္ဍိုင်စေတီကို ဓာတ်ပုံ (၂)၊ (၃) ပုံရိုက်ကူးကြလေ၏။ ထို့နောက် ကျောင်းပေါ်မှ ဆင်းလာပြီး ရှေးက ရေတွင်းကို ရွှံ့များမပါရှိစေရန် အခင်းထားရှိသော ကျောက်ပြားကို ဓာတ်ပုံရိုက်ကူးပြန်လေသည်။

ထို့နောက် ဘုန်းကြီးကျောင်း၏ အရှေ့ဘက်ရှိ ရေတွင်းဟောင်းအား သွားတွေ့ပြသပြီး ရှေးက ရေတွင်းနှင့် ယခုရေတွင်း ကွာဟပုံကို တပည့်များအား ပြောပြပါလေသည်။ ထို့နောက် ကျွန်တော်တို့သည် မြောက်ဘက်ဆီသို့ ဦးတည်ထွက်ခဲ့ကြပါသည်။ (၂၀) မိနစ်ခန့်အကြာတွင် ဝေသာလီနန်းဦးဘုရားကြီးကို ဝင်ရောက် ဖူးမြော်ခဲ့ပြန်လေသည်။

ဝေသာလီ နန်းဦးဘုရားကြီးကား သီရိမဟာတိုင်းစန္ဒြာမင်းနှင့် သုပဘာဒေဝီမိဖုရားကြီးတို့က ကောဇာ ၂၄၉ ခုနှစ် အေဒီ-၃၂၇ နန်းတက်စက တည်ခဲ့သော ဘုရားကြီးတစ်ဆူ ဖြစ်လေသည်။ ထိုဘုရားကြီးအား ပါလာသော ပန်း၊ ဆီမီးတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်သက္ကာရပြုကြပြီး ဓာတ်ပုံ (၂) ပုံ၊ (၃)ပုံ ရိုက်ကူးကြပြန်လေ၏။ ဝေသာလီနန်းကား သာမညမဟုတ်။ အတိတ်တဘောင်တို့ဖြင့် တည်ခဲ့သောနန်းပင် ဖြစ်လေသည်။

ဤအတိတ်တဘောင်မှာ -

သီရိမဟာတိုင်းစန္ဒြားမင်းသည် [illegible]ဒီမည်သော ရန်ချောင်း၏ အညာ[illegible]သော သေလနဒီချောင်းနားဝယ် မြို့[illegible]ကိုနင်းလေသော် သိကြားမင်းသည် [illegible]ဘန်ဖန်ဆင်း၍ စက်ဝန်းကို လှည့်[illegible] ပြသလေသော် ထိုစက်ဝန်းကို လှည့်၍ပြသောနေရာ၌ ရပ်တန့်၍ မြို့တည်တော်မူလေ၏ -

ဟု ဖော်ပြထားပါသည်။

ထို့နောက် ဆက်၍လျှောက်ခဲ့ပြန်ရာ (၅) မိနစ်အကြာတွင် ဝေသာလီ ဘုရားကြီးသို့ရောက်ရှိကြပြန်လေသည်။ ကျွန်တော်သည် ဝေသာလီဘုရားသို့ ဝင်ပေါက်မုခ်ဦးအား ဓာတ်ပုံ (၂) ပုံ ရိုက်ကူး[illegible] ဘုရားကြီးဝင်းထဲရှိ အရှေ့ဘက်၌ [illegible]သော သီရိမဟာတိုင်းစန္ဒြာမင်းနှင့် မိဖုရားကြီးသုပဘာဒေဝီတို့အား ဓာတ်ပုံ (၂) ပုံ ရိုက်ကူးခဲ့လေ၏။ ကျွန်တော်တို့သည် ဘုရားရင်ပြင်သို့ဝင်လာကြရာ နိဗ္ဗာန်ဆော်နှင့် အလာပသလ္လာပစကား အတန်ငယ်ပြောမိကြလေ၏။ ထိုအခါ ကျောင်းသားများက ဝေသာလီဘုရားကြီးအကြောင်းကို နိဗ္ဗာန်ဆော်အား မေးမြန်းခဲ့ကြလေသည်။ ထိုအခါ နိဗ္ဗာန်ဆော်ပြောသော ဝေသာလီဘုရားကြီး အကြောင်းမှာ အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်း ဖြစ်လေသည်။

မဟာတိုင်းစန္ဒြာမင်း၏ မိဖုရားကြီးမှာ ကပ္ပိလဝတ်ပြည် သကျသာကီဝင်မင်းမျိုးမှ သုပဘာဒေဝီ ဖြစ်လေသည်။ မိဖုရားကြီးသည် သာကီဝင်မင်းမျိုးတို့ ကိုးကွယ်နေသော သကျမုနိဆင်းတုတော်ကို ဖူးမြော်လိုကြောင်း မင်းကြီးအား လျှောက်ထားခဲ့သည်။ မင်းကြီးသည် မှူးတော်မတ်တော်တို့အား သကျမုနိဆင်းတုတော်ကို ပင့်ယူရန်အတွက် ကပ္ပိလဝတ်သို့ စေလွှတ်လိုက်လေသည်။ သကျမုနိဆင်းတုတော်ကို ရွက်သင်္ဘောတွင်တင်၍ ပင့်ဆောင်ယူခဲ့ရာ သိဋ္ဌည်းထောင့် ဝဲခနှောင်းသို့ ရောက်သောအခါ လေမုန်တိုင်းမိ၍ သင်္ဘောပျက်ကာ ဆင်းတုတော်မှာ ရေထဲသို့ကျသွားလေသည်။ မည်သို့ပင် ငုပ်လျှိုးရှာဖွေသော်လည်း အလွန်နက်ရှိုင်းသဖြင့် ရှာမတွေ့ချေ။ မင်းကြီးစေလွှတ်လိုက်သော မှူးမတ်တို့ ပြန်ရောက်၍ ဆင်းတုတော်မှာ သင်္ဘောပျက်ပြီး ရေထဲ၌ ကိန်းဝပ်နေခဲ့ကြောင်း ထိုမင်းကြီးအား လျှောက်ထားလေသည်။

ဤအကြောင်းကို မိဖုရားကြီး သုပဘာဒေဝီကြားသိသောအခါ ဆင်းတုတော်အား ဖူးမြော်လိုသည့်ဆန္ဒ မပြည့်ဝ၍ စိတ္တဇဝေဒနာစွဲကပ်လေတော့သည်။

ထိုအခါ မင်းကြီးသည် ကောဇာနှစ် ၂၄၉ ခု၊ ခရစ်နှစ် ၃၂၇ ခုနှစ်တွင် ကျောက်တစ်လုံးတည်းကို ဆင်းတုတော် ထုလုပ်စေပြီး သကျမုနိဆင်းတုတော် ကိုယ်စားမိဖုရားကြီးအား ပူဇော်စေခဲ့သည်။ မိဖုရားကြီးသည် ဆင်းတုတော်အား ပန်း၊ ဆီမီးများတို့ဖြင့် ပူဇော်ပြီး ဆုတောင်းခဲ့လေသည်။

"ဘုရားတပည့်တော်မသည် မိမိတိုင်းပြည်မှ သကျမုနိဆင်းတုတော်အား ယခုဘဝတွင် မဖူးမြော်ရသော်လည်း နောင်ဘဝတွင် လူဖြစ်ပြီး ဘုရင့်သမီးတော်ဖြစ်၍ အမိဝမ်းတွင်းမှမွေးဖွားသည့် ချက်ချင်း ဖူးမြော်ရပါစေလို၏"

ဟု ဆုတောင်းခဲ့လေသည်။

မိဖုရားသုပဘာဒေဝီသည် ထိုဘဝမှ စုတေပြီးနောက် မြောက်ဦးခေတ်တွင် မင်းရာဇာကြီးနှင့် သျှင်မနှောင်းတို့၏ သမီးတော်အဖြစ်ဝင်စားခဲ့လေသည်။ ထိုမင်းသမီးလေးမွေးဖွားသည့်ချက်ချင်းပင် လျှင် သကျမုနိဆင်းတုတော်ကို ရေထဲ၌ တွေ့ရှိပြီး ပင့်ဆောင်စေ၍ မင်းသမီးလေး ဖူးတွေ့ခဲ့ရလေသည်။

ယင်းကြောင့် မိဖုရားကြီးဘဝက ဆုတောင်းပြည့်ခဲ့၍ ဝေသာလီပြည်တွင် မဟာတိုင်းစန္ဒြာမင်းကြီး ထုလုပ်ခဲ့သော ဘုရားကို ဝေသာလီ ဆုတောင်းပြည့် ဘုရားကြီးဟု ခေါ်တွင်စေခဲ့သည်"

ဟု အစချီ၍ ပြောပြလိုက်လေတော့သည်။

ထို့နောက် ကျွန်တော်တို့သည် ဂူထဲသို့ဝင်၍ ပါလာသော ပန်း၊ ဆီမီးတို့ဖြင့် ဘုရားကြီးအား ပူဇော်သက္ကာရ ပြုကြပြန်ပါသည်။ ဘုရားကြီး၏ ဉာဏ်တော်မှာ (၁၇) ပေ၊ (၂) လက်မခန့်ရှိလေသည်။ ဤဘုရားကြီးသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြီးဆုံးဘုရားတစ်ဆူ ဖြစ်လေ၏။

အချုပ်အားဖြင့် သင်းချပ်တော်ဘုရားသည် ဝါတွင်းကာလ တော်သလင်းအချိန် လမိုက်ရက်များတွင် ဓာတ်တော်ကွန့်မြူးခြင်း ဖြစ်သည်။ ဤသည်ကို မြေပြင်မှ အမြင့်ပေ (၅၀) ခန့်ရှိ 'ဓာတ်ပေါင်းစု' ဘုရားတောင်မှ သက်သေပြနေခြင်း၊ ရခိုင်တို့သည် ရှေးအတိတ်နိမိတ်ယတြာ၊ တြင်းများဖြင့် ဘုရားတည်ကြခြင်း၊ ရှေးရခိုင်တို့သည် ရေတွင်း၊ ရေကန်များတူးဖော်ရာ၌ ကြီးမားသော ကျောက်တုံးကြီးများဖြင့် ရွှံ့ညွန့်များမပါရှိစေရန် တူးဖော်စီမံထားကြခြင်း၊ ရှေးရခိုင်တို့သည် မြို့တည်စဉ်က ဦးဦးဖျားဖျား 'နန်းဦးဘုရား' ဟူ၍ ဘုရားတည်ခြင်း၊ ဤသကျမုနိဆင်းတုတော်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြီးဆုံး ဘုရားဖြစ်နေခြင်း စသောထူးခြားမှုများ ရှိပါသည်။

ကျွန်တော်တို့သည် ညနေ(၅)နာရီကျော်အချိန်တွင် သင်းချပ်တော်နယ်မြေမှ ပြန်လာကြလေသတည်း။

စောထွီးသျှင်(မြောက်ဦး)

ကျမ်းကိုး -

၁။ စန္ဒမာလာလင်္ကာရရေးသော ရခိုင်ရာဇဝင်သစ်ကျမ်း၊ စတုတ္ထတွဲ (၁၂၉၃ခု၊ တပို့တွဲလ)

၂။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com

(မြောင်)

# ထုံးတောင်-အရှင်ဇမ္ဗုဝိယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း -၁၅

**သဒ္ဓမ္မရံသီရိပ်သာမှာ**

လွန်ခဲ့သော (၁၅) နှစ်ခန့်က အရှင်ဝိဝေက စာသင်တိုက်မှာ ပရိယတ္တိစာပေများ လေ့လာသင်ယူနေဆဲမှာပင် သီတင်းသုံးဖော် ရဟန်းတစ်ပါးနှင့်အတူ ရန်ကုန်မြို့ သဒ္ဓမ္မရံသီရိပ်သာသို့ ဝင်ရောက် တရားအားထုတ်ခဲ့ဖူးသည်။

တစ်နေ့သောညနေခင်းမှာ ဆရာအရှင်ကို ရှိခိုးဦးချ ခွင့်ပန်လျှောက်ထားပြီး မိတ်ဆွေရဟန်းနှင့်အတူ ရှစ်မိုင် သဒ္ဓမ္မရံသီရိပ်သာသို့သွားကြ၏။ သဒ္ဓမ္မရံသီရိပ်သာမှာ မဟာစည်ရိပ်သာခွဲတစ်ခုဖြစ်ပြီး ထူထောင်ခါစဖြစ်သော်လည်း ရိပ်သာ၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ အရှင်ကုဏ္ဍလာဘိဝံသ မထေရ်မြတ်၏ ပရိယတ္တိအရှိန်အဝါ၊ ပဋိပတ္တိစွမ်းအားတို့ကြောင့် အဆောက်အအုံများကစ အလျင်အမြန် တိုးတက်လာနေ၏။ ကမ္မဋ္ဌာနာစရိယဆရာတော်မှာလည်း မဟာစည်ဆရာတော်ဘုရားကြီးသက်တော်ထင်ရှားရှိစဉ်ကပင် အထူးအားကိုးခဲ့ရသော ပဋိပတ္တိတပည့်ကြီးတစ်ပါးလည်း ဖြစ်၏။ မဟာစည်ဆရာတော်ဘုရားကဲ့သို့ ဟောနည်းပြောနည်း၊ ဝိပဿနာရှုနည်း၊ တရားစစ်နည်းများမှာ အထူး ကျွမ်းကျင်တော်မူပြီး ကိုယ်တိုင်မှာလည်း တရားအဆင့်တစ်ခုအထိ ပေါက်မြောက်အောင် အားထုတ်ထားသော ပုဂ္ဂိုလ်တစ်ပါးဟု အရှင်ဝိဝေက ယုံကြည်ထား၏။

အရှင်ဝိဝေကတို့နှစ်ပါး ရိပ်သာသို့ရောက်ရှိပြီးနောက် သံဃာဆောင်မှာ နေရာချထားပေးပြီး မကြာမီမှာပင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဟောကြားသော ဝိပဿနာတရားအလုပ်ပေးတရားကို နာကြားကြရ၏။ အလုပ်ပေးတရားတော်မှာ ဝိပဿနာတရားအားထုတ်ခြင်း၏ အကျိုးများ၊ ကြိုးစားအားထုတ်ဖို့ တိုက်တွန်းမှုများ၊ တရားအားထုတ်ပုံအားထုတ်နည်းများကို ဆရာတော်ဘုရားကြီး၏ တရားတော်သံအတိုင်း ရှင်းရှင်းလင်းလင်း နာကြားရသည်။

တရားပြနည်းအကျဉ်းချုပ်မှာ -


"ထိုင်ပြီး အားထုတ်မယ်ဆိုရင် ယောက်ျားဖြစ်က တင်ပျဉ်ခွေထိုင်ပါ။ မိန်းမဆိုရင် မိန်းမထိုင်ထိုင်ပြီး ကိုယ်ကို မတ်မတ်ထားပါ။ ဘယ်ဘက်လက်ပေါ် ညာလက်ထပ်တင်ပြီး တောင့်တောင့်ထားပါ။ မျက်စိမှိတ်ကာ ငြိမ်သက်စွာဖြင့် ဝင်သက်ကစပြီး ရှုလိုက်ရင် ဝမ်းဗိုက်က ဖောင်းလာလိမ့်မယ်။ ဖောင်းလာရင် ဖောင်းတယ်လို့မှတ်၊ လေပြန်ထုတ်လိုက်လို့ ဝမ်းဗိုက်က ပိန်ကျသွားရင် ပိန်တယ်လို့မှတ်၊ ပါးစပ်ကဆိုစရာမလိုဘူး။ စိတ်ထဲက မှတ်ရုံပဲ။

အဲဒီလို ဖောင်းတယ်၊ ပိန်တယ်မှတ်ဖန်များလာတော့ မခံသာတဲ့ဝေဒနာလေးတွေ ဖြစ်ပေါ်လာရင် သူဖြစ်ပေါ်ရာမှာ အာရုံစူးစိုက်ပြီးတော့ လိုက်မှတ်ရတယ်။ နာရင်နာတယ်လို့မှတ်၊ အောင့်ရင် အောင့်တယ်လို့မှတ်၊ ညောင်းရင် ညောင်းတယ်လို့မှတ်၊ ကျဉ်ရင်ကျဉ်တယ်လို့မှတ်၊ ကိုက်ခဲရင်ကိုက်ခဲတယ်လို့မှတ်၊ ညောင်းလို့မပြင်နဲ့၊ မောရင် မောတယ်လို့မှတ်၊ မောလို့မရပ်နဲ့၊ ဖြစ်ပေါ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ာတွေကို ဖြစ်တိုင်းဖြစ်တိုင်းလိုက်ရှုမှတ်နေရတယ်။ အထူးဝေဒနာရင် အစကာစပြီးမှတ်။ 'ဖောင်းပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်' နဲ့မှတ်ရမယ်။

သမာဓိရပြီး ဉာဏ်အားပြည့်လာါမှာဆိုရင် ဒီလိုစူးစိုက်ပြီးမှတ်နေကိုယ်ထဲက မခံသာမှုဝေဒနာလေးဖြစ်လာလိုက်ရင်၊ ဒီကသိမှတ်တဲ့လေးတစ်ခုကဖြစ်လိုက်ရင်၊ ဟိုကာတဲ့ဝေဒနာတစ်ခုကဖြစ်လိုက်ရင်းသိမှတ်တဲ့ စိတ်လေးတစ်ခုကဖြစ်ရင်' နဲ့ ဖြစ်တိုင်းဖြစ်တိုင်း အခံရာလေးတွေကို တစ်ပိုင်းစီတစ်ပိုင်းခြားပြီးသိနေတယ်။

ဝေဒနာလေးတွေသာမဟုတ်ဘူး။ ာမှတစ်ပါး မြင်တာတွေ၊ ကြားတွေ၊ နံတာတွေ၊ စားတာတွေ၊ ထိတွေ၊ သိတာတွေဖြစ်တဲ့ ဒွါရခြောက်ကျလာသမျှ အာရုံတွေကိုလည်းကျလာတိုင်း ကျလာတိုင်း ရှုမှတ်ဘူ သိနေရတယ်။ အာရုံကျလာလိုက်ရင်း အဲဒါရှုမှတ်ပြီး သိလိုက်ရင်းနဲ့ တစ်ဖန်ပျောက်သွားပြန်တယ်။ ပျောက်သွားတော့ တခြားအာရုံတွေပေါ်လာပြန်တယ်။ ပေါ်လာတဲ့ အာရုံတွေလိုက်မှတ်နေရတယ်။ ဒီလို မပြတ်မစဲသိသိရှုမှတ်ပြီး ဝိညာဉ်က တသိတည်းသိနေရတယ်။ ရုပ်ပဲဖြစ်ဖြစ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ပဲဖြစ်ဖြစ် ဖြစ်တိုင်းဖြစ်တိုင်းကို မမေ့မပျောက် အလွတ်မရှိဘဲအကုန်လုံး အမှတ်ကပ်ပြီး သိနေရတယ်”

စသည်ဖြင့် ဒေလှုပ်ပေးတရား သင်ကြားပေးသည်။ ထို့နောက် သဒ္ဓမ္မရံသီရိပ်သာဆရာတော်မှ ဝိပဿနာတရား ရှုပွားရသော အကျိုးတရားများကို ဆက်လက် မြွက်ကြားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

◆ ဝိပဿနာရှုရခြင်းအကျိုး ◆

ဝိပဿနာရှုရခြင်းရဲ့အကျိုးတရားရှေ့ပိုင်းအစမှာတော့ သိပ်ပြီးမထင်ရှားလှဘူး။ ဝိပဿနာရှုလို့ အလယ်ပိုင်း၊ နောက်ပိုင်းကျတော့ အကျိုးတရားတွေထင်ရှားလာပါတယ်။

ဝိပဿနာရှုလို့ သမာဓိဉာဏ်တွေအသင့်အတင့်ရှိလာတဲ့အခါမှာ စိတ်တွေကြည်လင်လာတယ်။ စိတ်တွေခိုင်မာလာခြင်း အကျိုးတွေရရှိလာတယ်။ ရောဂါဝေဒနာတွေ ပျောက်ကင်းသွားခြင်းအကျိုးကိုလည်းရရှိလာပါတယ်။ ဉာဏ်ပညာတွေ ထက်မြက်လာတဲ့ အကျိုးကိုလည်း ရရှိနိုင်တယ်။ မိမိတို့အလိုရှိရာတောင့်တအပ်တဲ့ အပါယ်တံခါးပိတ်အဆင့်ကစပြီးတော့ တရားထူးတရားမြတ်တွေ ရရှိနိုင်တဲ့အကျိုးတွေ ရရှိနိုင်ပါတယ်။

◆ ဝိပဿနာရှုတာ စိတ်ကြည်လင်တယ်။

စိတ်တွေ မကြည်လင်ဘူး ဆိုတာဘာကြောင့်လဲ။ လိုချင်တပ်မက်တဲ့လောဘကြောင့်၊ ပြစ်မှား အမျက်ထွက်တတ်တဲ့ဒေါသကြောင့်၊ မသိမလိမ္မာတွေဝေတတ်တဲ့ မောဟကြောင့် စိတ်တွေညစ်နွမ်းနေတယ်။ ဝိပဿနာရှုလိုက်တဲ့အခါကျတော့ လောဘလည်း တဒင်္ဂ တဒင်္ဂ၊ မှတ်ချက်တိုင်း မှတ်ချက်တိုင်း ကင်းသွားတယ်။ ဝိပဿနာရှုနေတဲ့အခိုက်အတန့် ဘာကိုမှ လိုချင်လို့မရဘူး။ လောဘကင်းသွားတယ်။

ဝိပဿနာရှုနေတဲ့အခိုက် ဒေါသလည်း ကင်းကင်းသွားတယ်။ တဒင်္ဂ တဒင်္ဂ၊ တစ်ခဏတစ်ခဏကင်းသွားတယ်။ ဝိပဿနာလည်း ရှုမှတ်နေသေးတယ်။ အမျက်ဒေါသလည်းထွက်နေသေးတယ်ဆိုတာ ဒီလိုလည်း မရှိကောင်းပါဘူး။

ဝိပဿနာရှုနေတော့ မောဟလည်း ကင်းသွားတယ်။ ဝိပဿနာရှုနေတဲ့အခိုက် တွေတွေဝေဝေရှိနေတယ်လို့ ဒီလိုလည်း မရှိကောင်းဘူး။ လောဘလည်းကင်း၊ ဒေါသလည်းကင်း၊ မောဟလည်းကင်းတော့ စိတ်တွေကြည်လင်၊ စိတ်တွေချမ်းသာတယ်။ ဝိပဿနာရှုခါစမှာတော့ စိတ်တွေကြည်လင်တာ မထင်ရှားဘူး။ နောက်တော့ စိတ်တွေကြည်လင်တာ ပိုထင်ရှားပါတယ်။

◆ စိတ်တွေလည်း ခိုင်မာလာပါတယ်။

စိတ်တွေမခိုင်မာဘူးဆိုတာ ဘာကြောင့်လဲ။ လောဘကြောင့်၊ လောဘကြီးတဲ့ပုဂ္ဂိုလ်များ တပ်မက်လိုချင်စရာအာရုံနဲ့တွေ့ရင် သိပ်တပ်မက်တယ်။ လိုချင်ယိမ်းယိုင်နေတယ်။ ကျနေ့မရဘူး။ သူ့စိတ်က ကျနေ့မရတော့ နှစ်သက်စွဲလမ်းတဲ့စိတ်တွေဖြစ်ပြီး လှုပ်လိုက်ပြီး ကျနေ့မရဘူး။ ယိမ်းယိုင်တယ်။

ဒေါသကြီးတဲ့ ပုဂ္ဂိုလ်များ ဒေါသဖြစ်စရာအာရုံနဲ့ကြုံရင် စိတ်ဆိုးအမျက်ထွက်ပြီးကျနေ့မရဘူး။ ယိမ်းယိုင်နေတယ်။ မခိုင်မာဘူး။ စိတ်တွေပျော့ညံ့နေတယ်။ လိုချင်စရာအာရုံနဲ့တွေ့တော့ သိပ်ပြီးတပ်မက်၊ အမျက်ထွက်စရာအာရုံနဲ့တွေ့တော့ စိတ်ဆိုးယိမ်းယိုင်ပြီး စိတ်တွေမခိုင်မာဘူး။ စိတ်တွေပျော့ညံ့နေတယ်။ ဝိပဿနာအားထုတ်တဲ့အခါကျတော့ မှတ်ချက်တိုင်း မှတ်ချက်တိုင်း စိတ်ကို ယိမ်းယိုင်စေတဲ့ လောဘလည်းကင်း၊ ဒေါသလည်းကင်းနေတယ်။ တပ်မက်စရာ၊ အမျက်ထွက်စရာအာရုံတွေနဲ့တွေ့ပေမယ့် ဝိပဿနာရှုတော့ စိတ်က တုန်လှုပ်ချောက်ချားမှုတွေ မရှိတော့ဘူး။ ယိမ်းယိုင်မှုများပျောက်ကင်းပြီး စိတ်တွေခိုင်မာလာတယ်။ ဒီတော့ စိတ်တွေခိုင်မာချင်တယ်ဆိုရင် ဝိပဿနာပွားများအားထုတ်ရပါတယ်။

◆ ရောဂါဝေဒနာတွေလည်း ပျောက်ကင်းသွားတတ်ပါတယ်။

သာမန်ရောဂါဝေဒနာတွေဆိုလို့ရှိရင်တော့ ဥဒယဗ္ဗယဉာဏ်ကို ရောက်သွားတဲ့အခါ ပျောက်ကင်းသွားတာထင်ရှားပါတယ်။ အမှတ်ကောင်းတဲ့ယောဂီများ သာမန်ဖျားထိုး၊ ခေါင်းကိုက်တဲ့ရောဂါတွေဆိုရင် ဆေးမစားရပါဘူး။ အမှတ်ကောင်းကောင်းနဲ့ ဥဒယဗ္ဗယဉာဏ်ရောက်သွားတဲ့အခါ ပျောက်သွားတာများပါတယ်။

အင်မတန် ကြီးကျယ်တဲ့ ရောဂါကြီးတွေ၊ သမားတော်ကြီးတွေနဲ့တောင်ကုလို့မရ မပျောက်တဲ့ ရောဂါကြီးတွေ၊ နာတာရှည်ရောဂါကြီးတွေ သင်္ခါရုပေက္ခာဉာဏ်ရောက်အောင် ကြိုးစားပြီးတော့ အားထုတ်နိုင်တဲ့ ယောဂီပုဂ္ဂိုလ်တွေပျောက်သွားတာရှိပါတယ်။ ရောဂါမကျွမ်းသေးရင်၊ မလွန်သေးလို့ရှိရင် ပျောက်တာတွေ ထင်ရှားပါတယ်။ ဖွဲ့ကောင်းကောင်းနဲ့ သင်္ခါရုပေက္ခာဉာဏ်ရောက်အောင်အားထုတ်လို့ နာတာရှည်ရောဂါကြီးတွေပျောက်သွားတဲ့ ယော[…]တွေ အများကြီးရှိပါတယ်။

◆ ဉာဏ်ပညာတွေလည်းထက်မြ[…] လာတယ်။

ဝိပဿနာရှုမှတ်လို့ ဉာဏ်စ[…] အသင့်အတင့်မြင့်သွားတဲ့ပုဂ္ဂိုလ်တွေမှ[…] သိပ်ထင်ရှားပါတယ်။ အရင်ဝိပဿန[…] အားမထုတ်ခင်က ဗုဒ္ဓစာပေ၊ အဆင့်မြ[…] စာပေတွေဖတ်လို့ သဘောမပေါ[…] နားမလည်ခဲ့ဘူး။ ဝိပဿနာအားထု[…] လို့ ဉာဏ်စဉ်တွေ မြင့်တက်ပြီး တရ[…] ဘောင်ကပြန်ထွက်လာတဲ့အခါမှာ ဒီဗု[…] စာပေ၊ အဆင့်မြင့်စာပေတွေကို ပြန်ဖ[…] ကြည့်တော့ နားလည်သဘောပေါက်[…] သဘောကျသွားတတ်ပါတယ်။ ဝိပဿ[…] ဉာဏ်အဆင့်အတန်းမြင့်သွားတဲ့ပုဂ္ဂို[…] တွေမှာ အတန်းစာတွေသင်တဲ့အ[…] ထူးထူးခြားခြား တတ်မြောက်လာတ[…] တွေ့လာရတယ်။ အလွန်အကျိုးများ[…] တယ်။

ဘာရည်ရွယ်ချက်နဲ့ အားထု[…] အားထုတ်၊ အားထုတ်ဖြစ်ရင် အကျိ[…] များပါတယ်။ ဒါပေမယ့် အဲဒီအကျ[…] လေးတွေက သာမန်အကျိုးပေးတွေ[…] တကယ့်လိုရင်းအကျိုးကတော့ ဝိပ[…] နာအားထုတ်လို့ ဉာဏ်စဉ်တွေပြည့်[…] သောတာပတ္တိမဂ်ဉာဏ်ကို ရောက်သွ[…] တဲ့အခါ တကယ့်အကျိုးတရား၊ ပ[…] ဖြစ်တဲ့ အကျိုးတရား ထင်ရှားပါတ[…]

သောတာပတ္တိမဂ်ဉာဏ် ရော[…] သွားတဲ့ပုဂ္ဂိုလ်မှာ အနမတဂ္ဂ သံသ[…] ဘဝပေါင်းများစွာက မိုက်ခဲ့၊ ဆိုးခဲ့၊ [...] လုပ်ခဲ့တဲ့ အပါယ်ငရဲကျစေနိုင်တဲ့ ကံ[…] ကံဟောင်းတွေ အကုန်လုံးကင်းမြ[…] သွားတယ်။ သောတာပတ္တိမဂ်ဉာဏ်[…] ပယ်သတ်လိုက်တယ်။ ယခုဘဝမှာ [...] ရွယ်စဉ် မသိနားမလည်လို့ ပြုမှားခဲ့[…] အပါယ်ငရဲကျစေနိုင်တဲ့ ကံဟောင်းတွေ[…] ရှိရင်လည်း အကုန်လုံးကင်းပြတ်သွ[…] တယ်။ နောင်ဘယ်သောအခါမှ အပ[…] သံသရာအတွက် အကျိုးပေးခွင့်မရတော့[…] ဘူး။ သောတာပတ္တိမဂ်ဉာဏ်ကို ရသွ[…] ပြီဆိုရင်ဖြင့် စိတ်ထဲမှာ အပါယ်ငရဲကျ[…] မှာလားဆိုတဲ့ ယုံမှားသံသယမရှိတော့[…] ဘူး။ ဘဝသံသရာမှာ မကြောက်မ[…] ကျင်လည်လို့ရသွားပါပြီ။

အပါယ်ငရဲကိုကျစေနိုင်သော[…] အောင် ကြမ်းတမ်းတဲ့ လောဘကြ[…] ဒေါသကြမ်း၊ မောဟကြမ်းတွေ[…] သောတာပတ္တိမဂ်က ပယ်သတ်လို[…]



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ငါးပါးသီလကို လွန်ကျူးနိုင်လောက်အောင် ကြမ်းတမ်းတဲ့ လောဘ၊ ဒေါသ၊ မောဟတွေ ပယ်သတ်လိုက်တော့ ငါးပါးသီလကို အကြွင်းမဲ့ လုံခြုံသွားပါတယ်။

ငါးပါးသီလလုံခြုံတော့ အပါယ်ကို မကျနိုင်တော့ဘူး။ မကျနိုင်တဲ့အကျိုး ... သိပ်ပြီးထင်ရှားပါတယ်။ ဘဝသံသရာမှာကျင်လည်ရတဲ့အခါမှာလည်း လူ့ဘဝတွင် မြင့်မြတ်တဲ့ဘဝတွေကိုပဲ ရောက်ရောက်သွားပါတယ်။ ယခုဘဝ ... စိတ်နေစိတ်ထား မြင့်မြတ်တဲ့ဘဝ၊ ... ဥစ္စာ ပေါကြွယ်တဲ့ဘဝ၊ အမျိုးအနွယ် မြင့်မြတ်တဲ့ဘဝ၊ ရုပ်ရည်အဆင်း ... တင့်တယ်တဲ့ဘဝတွေကိုပဲ ရောက်ရောက်သွားတယ်။

အရိယာပုဂ္ဂိုလ်များဟာ ယခုဘဝ ... နိမ့်ကျတဲ့ဘဝမျိုးမှာ ဖြစ်ကိုမဖြစ်တော့ဘူး။ ယခုဘဝထက် မြင့်မြတ်တဲ့ဘဝတွေပဲ ရောက်ကြရတယ်။ ဘဝသံသရာမှာ ကျင်လည်ရသေးလို့ ဘဝချမ်းသာတွေနဲ့တွေ့ပြီး မေ့သွားတယ် ဆိုရင်လည်း ခုနစ်ဘဝပဲမေ့လို့ရပါတယ်။ ... ဘဝကျတော့ အထူးသံဝေဂရပြီး အားထုတ်လို့ ကိလေသာအာသဝေါတွေ ကုန်ခန်းတဲ့ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကိုစံဝင်ကြရတယ်။

ဝိပဿနာရှုရခြင်း အကျိုးရင်း ... ပဲ။

အခုလိုချင်နေတဲ့ နိဗ္ဗာန်ချမ်းသာဆိုတာ သာမန်မှုမဟုတ်ဘဲ။ အမြဲတမ်းချမ်းသာနေတဲ့ချမ်းသာဖြစ်တယ်။ ဘယ်တော့မှ ဆင်းရဲကို ပြန်မရောက်နိုင်တဲ့ ချမ်းသာကို လိုချင်တဲ့ပုဂ္ဂိုလ်ဟာ ပေါ့ပေါ့ဆဆတော့အားထုတ်လို့တော့မရဘူးလို့ မြတ်စွာဘုရားဟောကြားထားပါတယ်။ ... တော့ ကြိုးကြိုးစားစား ကိုယ်နဲ့အသက်ကို မငဲ့မကွက်အားထုတ်နိုင်ကြရမယ်။

ယခုလို လူ့ဘဝမှာရောက်နေတဲ့ အခိုက်အတန့်၊ အသက်ရှင်ရပ်တည်နေတဲ့ အခိုက်၊ သူတော်ကောင်းတရားတွေ ထွန်းကားနေလို့ နာကြားခွင့်ရတဲ့ အခိုက်အတန့်၊ သာသနာတော်ကြီးနဲ့ ... တွေ့ကြုံနေရတဲ့အခါဖြစ်လို့၊ ... ဘဝက ကုသိုလ်ပါရမီပြုခဲ့လို့ ရှိနေ ... အဲဒီပါရမီကုသိုလ်တွေက အကျိုး ... ခွင့်ရလို့ အခုလို အားထုတ်နိုင်တဲ့ အခွင့်အရေးတွေရတုန်းမှာ ကြိုးကြိုးစား ... အားထုတ်ကြပါ -

ဟု တိုက်တွန်းမိန့်ကြားတော်မူ၏။

ထို့နောက် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ကြီးက တစ်နေ့တစ်ခါ တရားစစ်ဆေးခံကြဖို့နှင့် မရှင်းမလင်းသည်များကို မေးမြန်းဖို့ မိန့်၏။ ထိုည (၈) နာရီမှာ ဓမ္မာရုံအလယ်ထပ်၌ တရားစပြီး အားထုတ်ကြရ၏။ သဒ္ဓမ္မရံသီရိပ်သာဓမ္မာရုံမှာ သုံးထပ်အဆောက်အအုံကြီးဖြစ်ပြီး အောက်ဆုံးထပ်ကို လူပုဂ္ဂိုလ်များစားသောက်ခန်းအဖြစ် အသုံးပြုပြီး အပေါ်ဆုံးထပ်ကိုမူ သိမ်သမုတ်ထား၏။

ဓမ္မာရုံအလယ်ထပ်မှာသာ ရဟန်းယောဂီ၊ အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီများ ရှေ့နောက် အစဉ်လိုက် အားထုတ်ကြရ၏။ အရှင်ဝိဝေကတို့ ရဟန်းယောဂီများနောက်မှာ အမျိုးသားယောဂီအနည်းငယ်နှင့် အမျိုးသမီးယောဂီ ဖျိုဖျို၊ အိုအိုတွေ တန်းစီနေ၏။ နွေခေါင်ခေါင် ကဆုန်လမှာ ပေါ်ပလင်သက်န်းအထူကြီးနှင့် တရားထိုင်ရသည့်ဒုက္ခမှာ မသေးလှပါ။ ထို့ပြင် နောက်ဘက်မှာလည်း အမျိုးသမီးယောဂီတွေရှိနေပြန်ရာ မပြင်ရဲ၊ မလှုပ်ရဲနှင့် ဆရာတော်ဘုရားကြီး၏ 'ညောင်းလည်း မပြောင်းနဲ့' ဆိုသော စကားကို အလိုလိုနာခံပြီးသားဖြစ်နေတော့သည်။

**တရားအစစ်ခံပုံ**

အရှင်ဝိဝေက၏ တရားအားထုတ်၍ စတင်ဖြစ်ပေါ်လာပုံမှာ အလွန်စိတ်ပျက်စရာကောင်းသည်ဟုပင် ပြောရလိမ့်မည်ထင်၏။ တရားစတင်အားထုတ်ပြီး နောက်တစ်နေ့ညနေမှာ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကြီးထံ၌ တရားစစ်ခံကြရသည်။ ရဟန်းပုဂ္ဂိုလ်များကို ဆရာတော်ကြီးကိုယ်တိုင် တရားစစ်ပေးလေ့ရှိ၏။ သဒ္ဓမ္မရံသီရိပ်သာဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် ပိဋကတ်ကျမ်းဂန်သာမက ဘာသန္တရအမျိုးမျိုးကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်တော်မူသော ကမ္မဋ္ဌာနာစရိယဆရာတော်တစ်ပါး ဖြစ်၏။ အကျင့်သိက္ခာ၊ အနေအထိုင် ကျစ်လျစ်သိပ်သည်းပြီး သပ်သပ်ရပ်ရပ် ဝတ်ရုံတတ်ကာ အလွန်ကြည်ညို ချစ်ခင်စဖွယ် တင့်တယ်သော မထေရ်ကြီးတစ်ပါးအဖြစ် အမြဲတစေဖူးတွေ့ရ၏။ အေးဆေးတည်ငြိမ်ပြီး ပျော့ပျောင်း ချိုသာသော စကားသံအေးအေးလေးများမှာ တရားအားထုတ်သူတို့အတွက် အားဆေးတစ်ခွက် ဖြစ်၏။ နေ့စဉ် မွန်းလွဲ (၂) နာရီမှာ ယောဂီများကို တရားဟော၏။

အရှင်ဝိဝေက ပထမဆုံးနေ့မှာ တရားစစ်တော့ ဆရာတော်ကြီးက -

"တစ်နေ့ကို ခြောက်ကြိမ်ထိုင်၊ ခြောက်ကြိမ် စင်္ကြံလျှောက်နိုင်ရဲ့လား"

ဟု မေးပါ၏။

"တပည့်တော် ခြောက်ကြိမ်ထိုင်၊ ခြောက်ကြိမ် စင်္ကြံလျှောက်သော်လည်း စိတ်ကတော့ ခြောက်မိနစ်တောင် မငြိမ်ကြောင်း"

လျှောက်လိုက်မိသည်။

ဆရာတော်က တစ်နေ့တစ်နေ့ကို ခြောက်မိနစ်စီ၊ ခြောက်မိနစ်စီ အမှတ်မလွတ်အောင် တိုးတိုးပြီးအားထုတ်သွားလဆင် နောင်ကို အချိန်ပြည့်မှတ်နိုင်မှာဖြစ်ကြောင်းနှင့် အမှတ်မလွတ်အောင် ကြိုးစားပြီး အားထုတ်ဖို့ တိုက်တွန်း၏။

နောက်နှစ်ရက်ကြာမှ တရားအစစ်ခံလာဖို့ မိန့်ကြားလိုက်၏။

ဆရာတော်၏ အားပေးမှုကြောင့် တစ်နာရီထိုင်၊ တစ်နာရီလျှောက်ပြီး ကြိုးစားအားထုတ်၏။ ညကိုးနာရီကျော်၍ မိမိအိပ်ဆောင်နားနေရာကို ပြန်ရောက်လျှင် သီတင်းသုံးဖော် ဦးပဥ္စင်းက လက်တွေ့အားထုတ်နေရသော အခြေအနေနှင့် စာပေကျမ်းဂန်ပါ အဆိုအမိန့်များကို နှီးနှောဝေဖန်ပြနေတတ်၏။

နောက်နှစ်ရက်ရှိသောအခါတွင် ဆရာတော်ကြီး သီတင်းသုံးရာ တိုက်ကျောင်းအပေါ်ထပ်ကိုသွားပြီး တရားစစ်ခံကြသည်။

"တရားထိုင်ရတာ အင်မတန်ပူကြောင်း၊ မခံသာသောဝေဒနာတွေပေါ်လာကြောင်း၊ ပြင်ချင်သော်လည်း မပြင်ရဆိုလို့ ကြိတ်မှိတ်ထိုင်နေရကြောင်း၊ စိတ်တိုပြီး စိတ်ထဲမှတောက်ခေါက်မိကြောင်း၊ ဘာမှလဲထူးထူးခြားခြားမတွေ့ရကြောင်း"

လျှောက်ကြားမိသည်။

ဆရာတော်က -

ဘောလုံးကွင်းထဲမှာ တစ်နေ့ နှစ်နာရီလောက် လျှောက်ပြေးနေစဉ်ကတော့ အင်မတန် ပင်ပန်းဆင်းရဲသော ဝေဒနာများကို သတိမထားတော့ မသိကြောင်း၊ ယခု မိမိကိုယ်ကို သတိနှင့် စောင့်ကြည့်မှ ဝေဒနာတွေပေါ်နေတာကို သိရှိရတာဖြစ်ကြောင်း၊ မခံမရပ်သိပ်ဖြစ်လာရင် အမှတ်သတိမလွတ်စေဘဲ ဖြည်းဖြည်းချင်း ပြင်ထိုင်နိုင်ကြောင်း နောက်နေ့ညနေ ဆက်တိုက်တရားစစ်ခံရန် မိန့်လေသည်။

ဆရာတော်ထံမှ တရားစစ်ခံပြန်



www.burmeseclassic.com

www.burmeseclassic.com

လာပြီး အရှင်ဝိဝေက တရားထိုင်တော့ မျက်စိမှိတ်လိုက်တာနှင့် ဝေဒနာတွေ ပေါ်လာ၏။ ခါတိုင်း ဝေဒနာပေါ်တာက တင်ပါး၊ ခြေသလုံး၊ ခြေမျက်စိ၊ ခါးရိုးတွေမှာပေါ်တာဖြစ်၏။ ယင်းနေရာတွေမှာ ကြမ်းပြင်အမာခံနှင့်ထိတွေ့နေရသောကြောင့် နာတာကျင်တာကို လက်ခံ၍ရသော်လည်း ယခုနာတာက လက်မောင်း၊ ရင်ခေါင်း စတာတွေက မခံမရပ်နိုင်အောင် ပူလာအောင့်လာခြင်း ဖြစ်၏။ ဘာမဆိုင်ညာ မဆိုင်နာရကောင်းလားဟု စိတ်ထဲမှ တွေးကြည့်သော်လည်း အဖြေမရ။ မိမိတစ်ပါးတည်း ဣန္ဒြေမရအောင် နာနေရကောင်းလားဟု မျက်စိကို အသာဖွင့်ပြီး ဘေးကပုဂ္ဂိုလ်တွေကို အကဲခတ်ကြည့်လိုက်ရာ ဓမ္မာရုံတစ်ခုလုံး တည်တည်ငြိမ်ငြိမ်တိတ်ဆိတ်လျက်။ စိတ်ထဲမှာ ရှက်သလိုဖြစ်သွားပြီး မျက်စိမှိတ် အမှတ်သတိဝင်လိုက်သည်နှင့် ဝေဒနာတွေပေါ်လာပြန်သည်။ နောက်တော့ ဝေဒနာတွေကို စောင့်ကြည့်နေလို့သာ နာတာထင်ရှားနေခြင်း ဖြစ်ရမည်။ ဝေဒနာတွေကို မစဉ်းစားတော့၊ စိတ်မကူးတော့၊ ဖောင်းတာ၊ ပိန်တာပဲရအောင် ဇွတ်မှတ်တော့မည်ဟု ဝမ်းဗိုက်မှာ အာရုံကပ်ပြီး ဖောင်းတယ်၊ ပိန်တယ် မှတ်၏။ သို့သော် ဖောင်းတာကတခြား နာတာကတခြားဖြစ်၏။ နာတာများလျှင် ဖောင်းတာက မထင်ရှား၊ ကိုက်တာခဲတာများလျှင် ပိန်တာ မထင်ရှား။ သို့နှင့် ဇွတ်အတင်းလုပ်ပြီး ဖောင်းကြည့်၏။ ဇွတ်အတင်းလုပ်ပြီး ပိန်ကြည့်၏။ ဇောချွေးတွေနှင့် အပူချွေးတွေ သက်န်းမှာ ရွှဲနစ်နေ၏။ ဘောလုံးပွဲတစ်ပွဲကစားတာထက် ပိုပြီးနာကျင်ခံခက်ဖြစ်နေသည်။

သို့သော် ထူးဆန်းသည်ကား အချိန်စေ့၍ သံချောင်းခေါက်သံကြားလို့ မျက်လုံးဖွင့်ပြီး ဓမ္မာရုံပေါ်မှ ဆင်းလာသည်နှင့် တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးနေသည်ကို အမှတ်မထင်တွေ့လိုက်ရခြင်း ဖြစ်၏။ ညနေ တရားလျှောက်ဖြစ်တော့ ဆရာတော်ကို အပြည့်အစုံ လျှောက်နိုင်သည်။

ဆရာတော်က-

လုပ်ပြီးမဖောင်းဖို့၊ လုပ်ပြီးမပိန်ဖို့၊ နာကျင်ခြင်း၊ ကိုက်ခဲခြင်းဝေဒနာတွေကို သူ့သဘောသဘာဝအတိုင်းစောင့်ကြည့်ဖို့၊ ဝေဒနာရဲ့ အတိုး-အလျော့မမြဲခြင်း သဘောကို နှလုံးသွင်းပြီး ခန္ဓာကပြတဲ့ ဒုက္ခသစ္စာကို မြင်အောင်ကြည့်ဖို့ အမိန့်ရှိပြီး ဝီရိယကို အထူးစိုက်ထုတ်ကြိုးစားဖို့ အချိန်ရောက်နေပြီဖြစ်ကြောင်း၊ အမှတ်ဆက်အောင် ကြိုးစားရှုမှတ်သွားပါက ဝေဒနာကို မကြာမီ နိုင်နင်းအောင် ကိုင်တွယ် ရှုမှတ်သွားနိုင်မည် ဖြစ်ကြောင်း အမိန့်ရှိလေသည်။ ထို့နောက် နှစ်ရက်ခြားအားထုတ်ပြီးသွားလျှောက်တော့ -

နာတာကျင်တာနှင့် မှတ်သိစိတ် တစ်ခြားစီထင်နေကြောင်း၊ စိတ်လည်း သိပ်မထွက်တော့ကြောင်း လျှောက်ဖြစ်သည်။

ဆရာတော်က -

"အမှတ်မပျက်အောင်ကြိုးစားပါ။ တရားလျှောက်နိုင်ပါပြီ"

ဟု မိန့်၏။

နောက် (၂) ရက် အားထုတ်ပြီးမှ လျှောက်ဖြစ်တော့ -

"တပည့်တော် ဒီနေ့တစ်နေ့လုံး တရားထိုင်ရတာ ဝေဒနာတွေအလွန်ဆိုးပါတယ်ဘုရား။ ခြေသလုံးရိုးတွေ၊ တင်ပဆုံရိုးတွေ ကြွေမွကုန်ပြီလို့တောင်ထင်မိပါတယ်။ ဒီဖြစ်စဉ်ကြီးကို အင်မတန်စိတ်ပျက်နေပါတယ်ဘုရား။ သို့သော် ဒါကြီးကို မမြင်ချင်၊ မမှတ်ချင်သော်လည်း မှတ်နေရမယ်လို့လည်း သိနေတယ်။ ဒီလိုဝေဒနာကိုမှတ်လိုက်၊ ဖောင်းပိန်ကို မှတ်လိုက်၊ အပြန်အလှန်မှတ်နေရင်းနဲ့ ဝေဒနာက ပိုပိုပြီးမခံမရပ်နိုင်အောင်နာလာတယ်။ မမှတ်တော့ဘူးလို့ စိတ်ကို တခြားဟာတွေလျှောက်တွေးတာတောင် မရတော့ဘူး။ ဝေဒနာဆိုးကြီးကို အသားလွတ် ထိုင်ကြည့်နေရသလိုပါပဲ ဘုရား။ ဒါပေမဲ့ တစ်နေ့လုံးကြိုးစားပြီး သည်းခံနေတော့ ဝေဒနာက ရှောခနဲပျောက်ကွယ်သွားတယ်။ အဲဒီဝေဒနာဆိုးကြီးနေရာမှာ အေးစိမ့်အေးစိမ့်နဲ့ အင်မတန်ကောင်းတဲ့ အရသာပေါ်လာတယ်။ နာကျင်မှုဝေဒနာတွေက တဖြည်းဖြည်းနဲ့ အကုန်ပျောက်သွားတယ်။ တစ်သက်မှာ ဘယ်အရသာနဲ့မှမတူတဲ့ ခံစားမှုကို ခံစားရတယ်။ အလင်းရောင်တွေကလည်း ဝင်းခနဲ ဝင်းခနဲ လင်းလက်နေသလိုပဲ။ မျက်စိမှတ်ထားတာကိုပဲ အလင်းရောင်တွေက မျက်စိထဲမှာဝင်းနေတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး လင်းနေတယ်ထင်လို့ မျက်စိကိုဖွင့်ကြည့်လိုက်တော့ အားလုံးပုံမှန်အတိုင်းပါပဲ။ ဘာဖြစ်တာပါလဲ"

အပြည့်အစုံလျှောက်ပြီးမေးကြည့်မိပါတယ်။

ဆရာတော်က-

"တရားအတော်တက်နေပြီ၊ ဆက်
ပြီးကြိုးစားပါ။ နောက်ကျမှ ဒီလိုဘာ
ကြောင့်ဖြစ်တယ်ဆိုတာ ရှင်းပြမယ်"

ဟု အမိန့်ရှိလိုက်လေသည်။

ဆရာတော်၏ အားပေးမှုကြော
အားတက်ပြီး (၃)၊ (၄) ရက် တရားအ
မခံဘဲ အားထုတ်နေလိုက်သည်။နော
သုံး၊ လေးရက်ကြာမှာ တရားစစ်ခံသွ
ရာ -

"တပည့်တော်စိတ်တွေကြည်လ
ပြီး နေလို့ထိုင်လို့ပေါ့ပါးတယ် ဘုရ
ခါတိုင်း ဒူးနာနေတာလည်း ပျောက်
တယ်။ လက်မောင်းနဲ့ ပခုံးတစ်ဝိုက်
တော့ စိမ့်စိမ့်စိမ့်စိမ့်နဲ့ နေလို့ကော
တယ်။ လူကလည်းပေါ့ပါးပြီး ခန္ဓာကို
ကြီးက မြောက်ကြွနေသလိုပဲ။ ဖော
တယ်လို့ တစ်ချက်မှတ်လိုက်တာနဲ့ ခ
ကိုယ်ကြီးက အပေါ်ကိုကြွကြွတက်သွ
တယ်။ ပိန်တယ်လို့မှတ်လိုက်ရင်လ
အပေါ်ကို ကြွတက်နေတယ် ဘုရ
ခေါင်းနဲ့ အပေါ်ဓမ္မာရုံအမိုးတိုက်မိမှာ
လို့ မျက်လုံးဖွင့်ကြည့်လည်း ထိုင်လျက်
ပဲ။ အလင်းရောင်ကလည်း တစ်ခ
မှတ်လိုက် ဝင်းခနဲ လင်းသွားလိုက်
ပျောက်သွားတယ် မရှိပါဘူး။ နည်းန
လင်းနေတာနဲ့ များများလင်းနေတာ
ကွာပါတယ်"

ဟု လျှောက်လိုက်သည်။

ဆရာတော်က ပီတိ၊ ပဿဒ္ဓိ
ဆိုတာ နှစ်သက်စရာ၊ သဘောကျ
တွေမှန်ပေမယ့် သာယာမနေသင့်ကြော
ကိုယ်မှတ်ရမယ့် အမှတ်သတိ လ
မလွတ်မှ တရားတက်မှာဖြစ်ကြော
ရှင်းပြ၏။ ပြီးတော့ -

"အရောင်အလင်းက အမြဲ
လင်းနေတာလား၊ ဘေးကယော
ကို မျက်စိမှိတ်လျက်နဲ့ မြင်ရတာလာ

ဟု မေးသည်။

အရောင်အလင်းက တစ်ခန်
မကာ လင်းစေချင်ပါက ဖောင်း၊ ပိ
စူးစူးစိုက်စိုက်ရှုမှတ်လိုက်ပါက အ
လင်းလင်းသွားကြောင်း၊ ဘေးကို
မမြင်ရကြောင်း လျှောက်ဖြစ်သည်

နောက်ရက်များမှာလည်း တ
ထိုင်ရတာ အလွန်ကောင်းနေ၏။
လာသမျှ ဝေဒနာတွေကလည်း
ချက်၊ နှစ်ချက် မှတ်လိုက်လျှင်
ပျောက်သွား၏။ စိတ်မှာ အလွန်
လင်လန်းဆန်းနေ၏။ ညအိပ်
လည်း အမှတ်ဆက်မှတ်နေ
နက်သန်းခေါင် ဘယ်အချိန်အိပ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဒီသစ်တွေကို~ရှောင်

## အပ်သောသစ် (၇) မျိုး

၁။ သစ်ဆွဲချ = သစ်ခုတ်ဖြတ်စဉ်တွဲလဲဖြစ်နေသောသစ်ဖြစ်သည်။ အိမ်ဆောက်ပြီး မကြာခင်မှာ လူသေတတ်၏။

၂။ သစ်ဘီလူး= အဖျားကြီးကား၍ အရင်းရှုံးသောသစ် ဖြစ်၏။ ဆင်းရဲတတ်၏။

၃။ သစ်နပုန်း= အရင်း၊ အဖျားငယ်၍ အလယ်ကြီးသောသစ် ဖြစ်၏။ ဆင်းရဲတတ်၏။

၄။ သစ်မျောက်= အပင်ချင်း၊ အကိုင်းချင်းကြိတ်နေသောသစ် ဖြစ်၏။ အိမ်အပေါ်အမြင့်မှကျ၍ သေတတ်သည်။

၅။ ချောင်းကူးသစ် = ချောင်း၊ လမ်းကိုကျော်၍လဲလျှင် ချောင်းကူး၊ လမ်းကူးသစ်။ ရန်များတတ်၏။

၆။ သစ်နဂါး= နွယ်များနှင့် ရစ်ပတ်နေသောသစ်၊ ရောဂါဥပဒ်ရတတ်၏။ သူခိုးဓားပြရန်ခံရတတ်သည်။

၇။ သူကောင်တင်သစ် = ခုတ်သောအပင်၏ အကိုင်းအခွနှင့် အခြားအကိုင်းအခွတင်မိသောသစ် ဖြစ်သည်။

အိမ်၊ ကျောင်း၊ လှည်း၊ လှေများတွင် မသုံးမိပါစေနှင့်။ အထူးရှောင်ပါ။

## သုံးအပ်သော သစ် (၂) မျိုး

၁။ သစ်ယောကျ်ား = အရင်း၊ အဖျားညီလျှင် သစ်ယောကျ်ား။ အသုံးပြုလေ။

၂။ သစ်မိန်းမ= အရင်းကြီးလျှင် သစ်မိန်းမ။ အသုံးပြုလေ။

**မှတ်ချက် -**

ထိုသစ်မိန်းမတွင် အဖျားရှူးလွန်းပါက သစ်တံစို့ခေါ်သည်။ ထိုသစ်ကို အသုံးမပြုရ။ ထိုသစ်နှစ်မျိုးလုံးမှာ သစ်ဆွေး၊ ခွဲဝက်ပါလျှင်ပယ်လေ။ မသုံးပါနှင့်။ ခေါင်းသက်၊ မျက်လယ်၊ မျက်သေးများကိုလည်း ပယ်ပါလေ။

## မီးကျော်သစ် (၃) မျိုး

၁။ သစ်မထုတ်ရခင် တောမီးလောင်လျှင် မီးကျော်သစ်ခေါ်၏။

၂။ အိမ် စသည့်ဌာနသို့ ရောက်ပြီး မဆောက်ခင်၊ လူသေလျှင်မီးကျော်သစ်ဟု ခေါ်သည်။

၃။ အိမ်ဆောက်ရန် ပုံထားစဉ် သားဖွားလျှင် မီးကျော်သစ်ဟု ခေါ်သည်။ ၎င်းသစ်များကိုပယ်။

## အသုံးပြုအပ်သော မီးကျော်သစ်

သစ်ခုတ်စဉ် 'မီးကျော်ရုံမက မြွေကျော်၊ ခွေးကျော်၊ ဆတ်ကျော်၊ ကျော်ချင်တာကျော် ငါထုတ်မယ်' ဟု ပြောင်၍ ဖြစ်စေ၊ ပြောဖူးအံ့။

မီးကျော်သစ် (၃) မျိုးတွင် လူသေမီးကျော်သစ်ကိုသာ မယူအပ်။ မသုံးအပ်။

တောမီးကျော်နှင့် သားဖွားမီးကျော်နှစ်မျိုးကို သုံးအပ်သည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

...န်းပင် မသိရ။ အရှဏ်တက် ကြေး...ခေါက်ခင်က နိုးနေ၏။ အိပ်ရေး...ခြင်းလည်း မခံစားရ။ ပင်ပန်းနွမ်း...ခြင်းလည်း မရှိပေ။ နံနက်ပိုင်း (၆)...မှ (၉) နာရီအထိ (၃) နာရီဆက်...ထိုင်၍ အားထုတ်သော်လည်း ...စရာမလို ဣရိယာပုတ်မပြောင်း ...တည်တည်ငြိမ်ငြိမ် အားထုတ်နိုင်စွမ်း ... တိုယ့်ကိုယ်ကိုယ်ပင် အထူးအံ့သြ...သည်။ သို့သော် ထိုညမှာ စိတ်တွေ...န်းနေပြီး တစ်ခန်းတည်း အတူနေ...ဆွေရဟန်းနှင့် တစ်ညလုံးနီးပါး...တွေပြောနေဖြစ်၏။ နောက်တစ်...တော့ တရားမှတ်ရတာ အစေး...သလိုဖြစ်နေ၏။ သမာဓိတွေကျ...သလို ခံစားရ၏။ ဆရာတော်ကို ...တ်ထားရာ -

"အမှတ်ကျဲနေတယ်။ အမှတ်စိတ်...င် ကြိုးစားပါ။ ဒါပေမယ့် တရား...တက်နေတယ်။ တရားမှာထူးဆန်း... ဘာမှမရှိပါဘူး။ သဘာဝဖြစ်စဉ်...ရှိတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရောင်...င်း စတာတွေဟာ ပညတ်တွေပဲ။ ...တ်ပေါ်ရင် ပရမတ်ငုတ်တယ်။ ဖြစ်...နေတဲ့ တရားသဘောလေးတွေ...ပါ် မှာသာ အာရုံကစိုက်နေရမယ်" ဟု မိန့်သည်။

နောက်နေ့တွေမှာ တရားအားထုတ်တော့ ဖောင်းတာနှင့် ပိန်တာကြားမှာ ကွာဟချက်တွေကြာလွန်းလို့ စောင့်မှတ်နေရတာကြောင့် ဖောင်းစ, ဖောင်းဆုံး, ပိန်စ, ပိန်ဆုံး ဆိုပြီး လေးချက်မှတ်၏။ စကြံလျှောက်ရမှာလည်း ကြွတယ်၊ ချတယ်၊ နှစ်မှတ်ဖြင့် ဟာတာတာဖြစ်နေလေရာ ကြွတယ်၊ မတယ်၊ လှမ်းတယ်၊ ချတယ်ဟု လေးချက် လေးချက်မှတ်ဖြစ်၏။

ထိုင်ပြီး တရားအားထုတ်တော့ ခန္ဓာကိုယ်တစ်ခုလုံး ပီတိတွေဖြစ်ပြီး လေအိတ်ကြီးတစ်လုံးလို တဖြည်းဖြည်းဖောင်းကားလာကာ အထက်ကိုဆွဲတင်နေသလို ခံစားရ၏။ စိမ့်ခနဲ၊ ဖိန်းခနဲ၊ ရှိန်းခနဲ ပီတိတွေဖြစ်၏။ ခန္ဓာကိုယ်မှာ အထက်ကို မြောက်တက်လိုက်၊ အောက်ကို ရှောခနဲထိုးဆင်းသွားလိုက်နှင့် အသည်းတလှပ်လှပ်ဖြစ်ကာ ချားရဟတ်စီးနေရသလိုပင်။

နောက်နေ့တွေမှာ စကြံကိုတစ်နာရီတိတိ လျှောက်မှတ်ပြီးမှထိုင်ဖြစ်သည်။ တရားစထိုင်၍ ပေါ်ရာကိုအာရုံပြုလိုက်သည်နှင့် ကိုယ်ကြီးတစ်ခုလုံး လေတံခွန်တစ်ခုလို ဆွဲငင်ပါသွားပြီး မိမိ၏ ရုပ်ပုံသဏ္ဌာန်ရော အသိစိတ်ပါ ပျောက်သွားသည်ဟု ထင်ရသည်။ တစ်ခါတစ်ရံ ဘေးပတ်ဝန်းကျင်ကို အာရုံပြုကြည့်တော့ နတ်သား၊ နတ်သမီးတွေလိုလို၊ နတ်ဗိမာန်ရွှေရောင်တဝင်းဝင်းတွေလိုလို တွေ့နေရတတ်သည်။ စိတ်အာရုံမှာ ထင်ရာ၊ မြင်ရာ သက်ရှိမြတ်စွာဘုရားကို ပုံတော်အမျိုးမျိုးနှင့် ဖူးတွေ့နေရသည်။ ကွယ်လွန်ပြီးသော ဆွေမျိုးမိတ်သင်္ဂဟတွေကိုလည်း မြင်တွေ့နေရလို့ အမျှဝေပြီး တရားတွေဟောနေမိ၏။

ဆရာတော်ကို လျှောက်တော့ ဆရာတော်က -

သဘာဝလက္ခဏာ၊ သင်္ခတလက္ခဏာ၊ သာမညလက္ခဏာအကြောင်းတို့ကို ရှင်းလင်းဟောပြ၏။ ရုပ်နာမ်ကွဲကြောင်းကျိုးမြင်ပြီး လက္ခဏာရေးသုံးပါးနှင့် ဆင်ခြင်သုံးသပ်နိုင်မှ သမ္မသနဉာဏ်ရောက်ကာ ဝိပဿနာဉာဏ်ခေါ်ရကြောင်းကို အမိန့်ရှိလေ၏။ ထို့နောက် နီဝရဏတရားခေါ်သော ဝိပဿနာညစ်ညူးကြောင်း တရားများကိုလည်း အကျဉ်းဟောပြပြီး စင်္ကြံမှတ်ကို ခပ်စိပ်စိပ်မှတ်ဖို့ ညွှန်ကြားလေသည်။

ဆက်ရန်

ထုံးတောင်-အရှင်စန္ဒပီယ (မြောင်)



www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာငါးဆယ် တေရသကနိပါတ်သရဘမိဂဇာတ်တော်တွင် ဖြုဟ္မဒတ်မင်းအဖြစ်ဖြင့် ဘုရားအလောင်းတော် သရဘရွှေသမင်၏ သေဘေးမှ ကယ်တင်ခြင်းကိုခံခဲ့ရဖူးပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် သရအမျိုးနွယ်ဖွား ရွှေရောင်အမွေးရှိသောသမင်ဖြစ်၍ တောအုပ်အတွင်း၌ နေထိုင်ကျက်စား၏။ ညီတော်အာနန္ဒာအလောင်းလျာမှာ ဗာရာဏသီမြို့တော်၌ ဖြဟ္မဒတ်မင်း ဟူသော ဘွဲ့မည်ဖြင့် ထီးနန်းစိုးစံခဲ့၏။ ပညာဉာဏ်ထက်သန်ကြီးမားသော အရှင်ဥာနန္ဒ ဒေဂ်ဂုဏ်ထူးရ လက်ယာတော်ရံ အရှင်သာရိပုတ္တရာအလောင်းလျာသည်လည်း ဖြဟ္မဒတ်မင်း၏ ပညာရှိပုရောဟိတ်အမတ်ဖြစ်ခဲ့ပေသည်။

ပညာရှိ ပုရောဟိတ် အမတ်၏ အဆုံးအမသြဝါဒစကားတို့ကို ကြားနာရပါသော်ငြားလည်း ဖြဟ္မဒတ်မင်းသည် ခက်ထန်ကြမ်းတမ်းသော စိတ်သဘောရှိနေ၏။ မိမိထံပါး၌ ခစားထမ်းရွက်နေသောမှူးမတ်တို့အပေါ်မှာ မညှာမတာပြောဆိုတတ်၏။ စိတ်မထင်လျှင် မထင်သလို တစ်ချက်လွှတ်အမိန့်မျိုးကို ချမှတ်တတ်၏။

ထို့အပြင် ဖြဟ္မဒတ်မင်းသည် အသားစားကြူးသူလည်းဖြစ်၏။ အသားတကာအသားထဲတွင် သမင်သားကို ထူးထူးခြားခြားနှစ်သက်၏။ သမင်သားဆိုသော်လည်း တောလိုက်မုဆိုးတို့ ပစ်ခတ်သတ်ဖြတ်၍ ဈေးမှာတင်ရောင်းသောအသားမျိုးကို ခံတွင်းမတွေ့ပေ။ မိမိကိုယ်တိုင် လေး၊ မြားကိုင်ကာ တောလိုက်အမဲပစ်၍ရရှိသော သွေးသံရဲရဲနှင့် သမင်သားကို လောလောလတ်လတ်ချက်ထားသော၊ ကြော်ထားသော သမင်သားဟင်းလျာသည်သာ သူ့အတွက် အမွန်အမြတ်ဆုံးပွဲတော်စာ ဖြစ်ပေသည်။


ထို့ကြောင့် ဖြဟ္မဒတ်မင်းသည် မကြာခဏ တောလိုက်ထွက်တတ်၏။ မင်းနှင့်အတူ အမတ်များ၊ နန်းတော်အမှုထမ်းများကလည်း လေး၊ မြားကိုယ်စီဖြင့် အတူလိုက်ပါကြရ၏။ တောထဲသို့ရောက်၍ သမင်အုပ်ကျက်စားတတ်သောနေရာသို့ ရောက်သောအခါ ထိုနေရာတစ်ဝိုက်ကို တပ်ဖြန့်၍ဝိုင်းလိုက်ကြ၏။ ပတ်ပတ်လည်ဝိုင်းမိသောအခါ တောချုံတို့ကို ရိုက်ပုတ်၍ ဌာသံပေးပြီး အဝိုင်းကို ချုံ့လာကြသောအခါ အတွင်းမှာ ခိုအောင်းနေကြသော သမင်တို့က အကြားအလပ်ရှိသောနေရာမှ တစ်ဟုန်ထိုး တိုးထွက်၍သွားတတ်ကြလေသည်။

ထိုအဖြစ်မျိုးနှင့် မကြာခဏကြုံရဖန်များလာသောအခါ ဖြဟ္မဒတ်မင်းသည် ပြင်းထန်စွာ အမျက်ထွက်၍ -

"ဒီတစ်ခါ ကိုယ့်တာက သမင်လွတ်သွားလျှင် လွတ်သွားတဲ့သူကို အပြင်းအထန် ဒဏ်ခတ်မယ်"

ဟု တစ်ချက်လွှတ် အမိန့်တော်ချမှတ်လိုက်လေသည်။

အပြင်းအထန်ရာဇဒဏ် ဟူသည်မှာ သေပြစ်သေဒဏ်အောက်လျော့မည်မဟုတ်ပါ။ ထို့ကြောင့် လိုက်ပါလာခဲ့ကြရသော အမတ်တို့သည် မင်းကြီးကွယ်ရာတွင် တိုးတိုးတိတ်တိတ်တိုင်ပင်ထားကြရ၏။ မိမိတို့အတွက် သေဘေးမှလွတ်ရာလွတ်ကြောင်းကို ရှာကြံထားကြရ၏။ ထိုသို့ ရှာကြံထားခဲ့သည့်အတိုင်း



အမတ်နှင့်တကွ နန်းတော်တွင်းအမှုထမ်း... တို့သည် သည်တစ်ခါ တောလိုက်ထွက်... လာခဲ့၍ သမင်ရှိလောက်သည့်တော၊ ... တို့ကို ဝိုင်းပတ်သောအခါ တစ်ယောက်... နှင့်တစ်ယောက် ကြားလပ်မရှိရအောင်... အထူးဂရုစိုက်ထားကြ၏။ မိမိတို့ချင်းချင်း... နီးနိုင်သမျှနီးနေအောင်ကပ်ထားပြီးလျှင်... ဖြဟ္မဒတ်မင်းအနားမှာတော့ မသိမသာ... ခပ်ခွာခွာနေရာချပေးထားကြလေသည်။

ထိုနေ့တုန်းက သူတို့တစ်တွေ ဝိုင်း... ပတ်ထားသော တောချုံထဲတွင် ဘုရား... အလောင်းတော် သရဘရွှေသမင်ပါ... မိနေခဲ့၏။ ရိုက်သံပုတ်သံများ၊ ခြော... လှန့်ဟစ်ကြွေးသံများ တစ်စထက်တစ်... နီးကပ်လာသောအခါ သရဘရွှေသမင်... သည် ပုန်းအောင်းနေရာတောချုံမှထွက်... ၍ ထွက်ပြေးလွတ်မြောက်နိုင်မည့်နေရာ... ကို လှည့်လည်ရှာဖွေသည်တွင် ဘ... နေရာမှာမှ ဟာကွက်ကို မတွေ့ရ... ဝိုင်းပတ်ထားသူတို့သည် တစ်ယော...




www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နှင့်တစ်ယောက် နီးနီးကပ်ကပ်ရှိနေကြ၏၊ လေးနှင့်မြားတို့ကို အသင့်ချိန်ရွယ်ထားကြ၏။

သရဘာရွှေသမင်သည် ဘယ်နေရာမှာမှ ပြေးကွက်ကို ရှာမရသော်ငြားလည်း စိတ်မပျက်ဘဲ ဆက်၍ရှာဖွေရာ ဖြဟ္မဒတ်မင်း၏နေရာကိုတွေ့ရလေသည်။ တွေ့လျှင်တွေ့ချင်း သရဘာရွှေသမင်သည် လူတို့၏မျက်စိထဲသို့ သဲနှင့်ကျုံး၍ ပက်လိုက်ဘိသကဲ့သို့ ဖြဟ္မဒတ်မင်းရှိရာသို့ တစ်ဟုန်ထိုးပြေးဝင်လာ၏။ တောလိုက်ရာတွင် အတွေ့အကြုံအပြည့်အဝရှိထားသော ဖြဟ္မဒတ်မင်းကလည်း ချက်ကောင်းကို လက်မလွှတ်တမ်း လေးနှင့်ပစ်လိုက်၏။ အရှိန်ပြင်းပြင်း ဝှီးခနဲအသံပေး၍ မြားထွက်သွားသည့်အချိန်မှာပင် သရဘာရွှေသမင်သည် နောက်ပြန်ကျွမ်းတစ်ပတ်လည်၍ ဗုန်းခနဲလဲကျသွား၏။

ဤတွင် ဖြဟ္မဒတ်မင်းက -

"ထိသွားပြီကွ၊ ထိသွားပြီကွ"

ဟု အားပါးတရ ကြွေးကြော်လိုက်၏။

# ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# ဝဏ္ဏသိရိ

## ရွှေသမင်ဘယ်ကထွက်

လက်သီးလက်ရုံးမြှောက်၍ အသံကုန် ကြွေးကြော်နေဆဲမှာပင် သရဘာရွှေသမင်က ရုတ်တရက်ထ၍ လေအဟုန်နှင့်မခြား မင်းကြီးနံပါးမှ ပြေး





www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားပါတော့သည်။

တကယ်တော့ သရာဘရွှေသမင်မှာ မြားမှန်မခံရပါ။ မခံရအောင် ရှောင်တတ်တိမ်းတတ်သောအတတ်ပညာဖြင့် ဗြဟ္မဒတ်မင်းကို လှည့်စားလိုက်ပြီးလျှင် လစ်ကွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အလွတ်အကျွတ် ပြေးထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဤတွင် တောလိုက်ရာသို့ လိုက်ပါခဲ့ရသူတို့က အတိုင်အဖောက်ညီညီဖြင့် -

"ရွှေသမင်ဘယ်ကထွက်"

"မင်းကြီးတာကထွက်"

"ရွှေသမင်ဘယ်ကပြေး"

"မင်းကြီးတာကပြေး"

ဤသို့ ရယ်ပွဲဖွဲ့ကြ၏။ ထိုမှဆက်လက်၍-

"ငါတို့မင်းကြီးက ထိသွားပြီ၊ ထိသွားပြီလို့သာ ပြောတယ် တကယ်လည်း မထိပါလားကွ"

"မင်းမမြင်လိုက်လို့ပါကွ၊ ထိတော့ ထိသွားပါတယ်"

"ဘာကိုထိတာလဲ၊ ဘာကိုထိတာလဲ"

"မြေကြီးကိုလေ၊ မြေကြီးကို"

ခါတိုင်းအချိန်များသာဆိုပါက ဤမိမိ၏ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့က ဤကဲ့သို့ မခန့်လေးစား ပြက်ရယ်စကားပြောကြားခြင်းကို အကြီးအကျယ် ရာဇမာန်ရှမိမည် ဖြစ်၏။ သို့ရာတွင် ထိုနေ့တုန်းကမူ ဗြဟ္မဒတ်မင်းသည် အောင့်သက်သက်နှင့်သာ ပြုံးနေလိုက်ရ၏။ ကိုယ့်ဘက်ကလည်း ဟာကွက်က ရှိသွားပေတာကိုးဟု ဖြေတွေးလေးတွေး ယူလိုက်ပြီးမှ -

'သင်းတို့က ငါ့ဘက်ကဟာသွားတာကို အကြောင်းပြုပြီးတော့ ရယ်စရာ လုပ်နေကြတယ်။ ဒီတော့ သင်းတို့အားလုံးရှေ့မှာ ငါ့အစွမ်းငါ့သတ္တိကိုပြမှ ဖြစ်တော့မယ်။ ငါ့နားကပွတ်ထွက်သွားတဲ့ ရွှေသမင်ဟာ ဘယ်လောက်ထိအောင် များပြေးသွားနိုင်မလဲ။ သူ့ကိုမမိမိအောင် လိုက်မယ်။ လိုက်ပြီးတော့ အသေသတ်မယ်။ အသေကောင်ကို သင်းတို့အားလုံးရှေ့မှာ ခံ့ခံ့ညားညားကြီးကို ပစ်ချပေးလိုက်ရမယ်'

ဤသို့သော စိတ်ဖွဲ့ဖြင့် ဗြဟ္မဒတ်မင်းသည် ဘယ်သူ့ကိုမှအဖော်မခေါ်ဘဲ သရာဘရွှေသမင် ပြေးသွားရာနောက်သို့ တစ်ဟုန်ထိုးပြေး၍လိုက်၏။ မှူးအမတ်အပေါင်းတို့မှာ မည်သို့မျှမလျှောက်တင်လိုက်ရဘဲ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ကြရ၏။

ဗြဟ္မဒတ်မင်းကိုယ်တိုင်က အတူလိုက်ခဲ့ရန် မြွက်၍မထားခဲ့သဖြင့် မည်သူမျှမလိုက်ရဲပါ။ ပြည့်ရှင်မင်းကြီးမပါဘဲနှင့်လည်း ရွှေနန်းတော်သို့ မပြန်ရဲကြပါ။ သို့ဖြစ်၍ သူတို့သည် ထိုနေရာမှာပင် တပ်တည်ကာ မင်းကြီးပြန်အလာကို စောင့်မျှော်၍နေကြရပါတော့သည်။

နေမွန်းတည့်ချိန်ကစ၍ လည်ပင်းတရှည်ရှည်နှင့် စောင့်နေခဲ့ရသူတို့သည် ညနေတော်တော်စောင်းသွားကာမှ စိတ်သက်သာရာရလာကြ၏။ ရွှေသမင်ပြေးသွားခဲ့သော လမ်းကြောင်းပေါ်မှ ဟိုအဝေးတစ်နေရာတွင် မိမိတို့၏အရှင်သခင်ကို လှမ်း၍မြင်လိုက်ကြရသောကြောင့် ဖြစ်ပေသည်။

တရွေ့ရွေ့နှင့် နီးကပ်လာသော ဗြဟ္မဒတ်မင်းထံသို့ ချဉ်းကပ်လာခဲ့ကြရသော်ငြားလည်း သူတို့မှာ မဝံ့မရဲဖြစ်နေကြရ၏။ပြစ်တင်ကြိမ်းမောင်းမည့်အရေးတွေကို တွေးတောကာ ကျောထဲကစိမ့်နေကြရ၏။ မိမိတို့၏အရှင်သခင်သည် တောလိုက်ထွက်ရာမှ သားကောင်မရဘဲ ပြန်လာရလျှင် အင်မတန်မှဒေါသကြီးလှ၏။ အင်မတန်မှ မာန်ပြင်းလှ၏။ အနီးကပ်ခစားရသူမှန်သမျှ မိုးကြိုးကြီးထိမှန်သကဲ့သို့ ခံစားကြရ၏။ ယခုလည်း ကြည့်ပါဦး။ ရွှေသမင်ကို အမိဖမ်းဖို့ စိတ်ကြမ်းကိုယ်ကြမ်း ပြေးထွက်သွားခဲ့သော ပြည့်ရှင်မင်းကြီး၏ပခုံးပေါ်တွင် ရွှေသမင်က ပါမလာခဲ့ပါကလား။

မဝံ့မရဲနဲ့ချဉ်းကပ်လာခဲ့ကြရသော အမတ်တို့သည် အနီးအနားသို့ရောက်ကာမှ စိတ်သက်သာရာရလာကြ၏။ ဗြဟ္မဒတ်မင်း၏ မျက်နှာသွင်ပြင်သည် မိမိတို့ တွေးထင်ထားသကဲ့သို့ မဟုတ်ပါကလား။ သားကောင်တစ်ကောင်ကောင်လွတ်ထွက်သွားလျှင် ကမ္ဘာကြီး ပျက်သွားတော့မလောက် ဒေါသမီးလျှံတွေ တောက်လောင်နေတတ်သော မျက်နှာသွင်ပြင်သည် ယခုတော့ အေးလို့ပါကလား၊ ချိုလို့ပါကလား။

မည်သို့ပင်ဖြစ်စေ အရှင်သခင် မျက်နှာထားချိုလျှင် မိမိတို့အားလုံးအတွက် ဆုကောင်းလာဘ်ကောင်းကြီးပင်ဖြစ်၍ ပရိသတ်အားလုံး မင်းကြီးအား ဝန်းရံ၍ ရွှေနန်းတော်သို့ လိုက်ပါခဲ့ကြရလေသည်။

မကြုံစဖူး ထူးကဲလှစွာသော မျက်နှာသွင်ပြင်ကြောင့် တအံ့တဩဖြစ်ကြရသူများတွင် အရှင်သာရိပုတ္တရာ အလောင်းလျာ ပညာရှိ ပုရောဟိတ်အမတ်သည်လည်း အပါအဝင်ဖြစ်၏။ သူသည် မင်းကြီးနှင့်အတူ တောလိုက်ရာသို့မပါဘဲနေခွင့်ရသူဖြစ်၍ နန်းတော်တံခါးဝမှာသာ ဆီးကြိုခဲ့ရ၏။ ထိုအခိုက်တုန်းကပင် ယခင်နှင့်မတူ တစ်မူထူးခြားနေသော မျက်နှာသွင်ပြင်ကို သတိပြုလိုက်မိ၏။

'အင်း - ငါတို့ဘုရင်မင်းမြတ်က တောလိုက်ရာက လက်ဗလာပြန်လာရလျှင် အင်မတန် မျက်နှာထားတင်းတတ်တယ်။ ယခုတော့ သူ့မျက်ကြီးတစ်ခုလုံးက ချိုလို့၊ အေးလို့ပါကလား။ သူ့စိတ်တွေ၊ သူ့ဝသီတွေ၊ သူ့အမူအကျင့်တွေကို တစ်ဆစ်ချိုးကြီးဖြစ်အောင် ပြောင်းပေးနိုင်တဲ့ အတွေ့အကြုံတစ်ခုခုရှိလာလို့နဲ့တူပါရဲ့'

ဤသို့တွေးတောရင်း အိမ်သို့ပြန်လာခဲ့၏။ အိမ်သို့ရောက်ပြန်တော့လည်း သည်အကြောင်းကိုသာဆက်၍တွေးနေမိ၏။ ညစာထမင်းစားပြီးတော့လည်း အိပ်ခန်းဆောင်သို့ မဝင်သေးဘဲ လသာဆောင်မှာပင်နေ၍ ဆက်လက် တွေးတောနေမိ၏။ သည်အကြောင်းကိုချည်း တစ်ညတာလုံး တွေးတောလာခဲ့သဖြင့် ဝိုးတဝါးအဖြေကိုတော့ ရလာပါ၏။ သို့ရာတွင် ဘယ်လိုအတွေ့အကြုံဟူ၍ကား ယတိပြတ် အဖြေမထုတ်နိုင်ခဲ့ပါ။ ယတိပြတ်အဖြေမထုတ်နိုင်လေ မိမိဘာသာ မချင့်မရဲဖြစ်ရလေ။

ဤတွင် ပညာရှိပုရောဟိတ်သည် နံနက်လင်းအောင်ပင်မစောင့်နိုင်တော့ဘဲ မှောင်မှောင်မည်းမည်းအချိန်ကြီးမှာပင် ရွှေနန်းတော်သို့ လာခဲ့ရပါတော့သည်။

အချိန်မရွေး ဝင်ခွင့်၊ထွက်ခွင့်ရှိထားသူဖြစ်၍ သူ့ကို ရွှေနန်းတော်စောင့်အမှုထမ်းတို့က ကြည်ကြည်သာသာဝင်ခွင့်ပေးလိုက်ကြသဖြင့် ဘုရင်မင်းမြတ်၏ စံနန်းဆောင်အထိ ချောချောမောမော ရောက်လာရ၏။ ဘုရင့်မင်းမြတ်၏ စံနန်းတော်ဆောင် တံခါးပိတ်ထားသော်ငြားလည်း အတွင်းကအသံများကိုတော့ကြားနိုင်ပါ၏။ ထိုအသံမှာ ဗြဟ္မဒတ်မင်းကိုယ်တော်တိုင်၏အသံ ဖြစ်၏။ ဟိုအချိန်များတုန်းကကဲ့သို့ ထန်ပြင်းသည့် မာန်တင်းသည့်လေသံမျိုးမပါ။ အလျှင်စလိုမိန့်ဆိုနေကျပုံစံမျိုးလည်း မဟုတ်ပါ။ နေ့စဉ်နေ့တိုင်း ပြောနေကျစကားမျိုးလည်း မဟုတ်ပါ။ ထိုအချိန်တုန်းက အနော်



www.burmeseclassic.com

www.burmeseclassic.com

မဒေသကြီးတစ်ခွင်လုံး၌ လူတိုင်းနီးပါး လိုလိုလားလား ပြောဆိုသုံးစွဲလာခဲ့သည့် ပါဠိဘာသာ ဂါထာဗန္ဓများဖြစ်နေကြ၏။ ဂါထာမန္တန်တစ်ခုချင်းတစ်ခုချင်းကို ပါဠိဂါထာရွတ်ဖတ်သရဇ္ဈာယ်သော အတိအကျ လိုက်နာ၍ စိတ်နှလုံးကြည်နူးစွာ သံနေသံထားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်နေခြင်း ဖြစ်ပေသည်။

ပညာရှိပုရောဟိတ်သည် ထိုဂါထာမန္တန်တို့ကို တစ်လုံးမကျန် လိုက်လံမှတ်သားနေ၏။မိမိမရောက်ခင်တုန်းက ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည့် ဂါထာမန္တန်များကိုလည်း တစ်ကျော့ပြန်၍ကြားနာခွင့်ရ၏။ ဖြူဗဒတ်မင်းက ထိုပါဠိဂါထာတို့ကို အကြိမ်ကြိမ်အဖန်ဖန် ထပ်ပြန်တလဲလဲ လိုက်လိုက်လှဲလှဲ ရွတ်ဖတ်သရဇ္ဈာယ်နေ၍ဖြစ်၏။ စာပေကျမ်းဂန်တို့၏ ထိုကဲ့သို့သော ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ဥဒါန်းကျူးသည်ဟု ဆိုကြပေသည်။

ထိုနံနက်မလင်းခင်တုန်းက ဖြူဗဒတ်မင်း ဥဒါန်းကျူးရာ ပါဠိဂါထာ (၆) ပုဒ်ပါဝင်ခဲ့ရာ ထိုပါဠိဂါထာတို့၏အနက်အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

(က) ပညာရှိယောက်ျားကောင်းသည် ပြုဖွယ်ရာရာကိစ္စတိုင်း၌ ရည်မှန်းချက်ကောင်းကောင်းထားသင့်၏။ ဘာအတွက်မှ စိတ်မပျက်သင့်ပါ။ ရည်မှန်းချက်ကောင်းကောင်းထားလျှင် မိမိအလိုရှိတိုင်း ဖြစ်မြောက်နိုင်၏။ ဤသည်မှာ ငါ၏ကိုယ်တွေ့ဖြစ်ပေ၏။

(ခ) ပညာရှိ ယောက်ျားကောင်းသည် ပြုဖွယ်ရာရာကိစ္စတိုင်း၌ ရည်မှန်းချက်ကောင်းကောင်းထားသင့်၏။ ဘာအတွက်မှ စိတ်မပျက်သင့်ပါ။ ရည်မှန်းချက်ကောင်းကောင်းထားနိုင်၍ပင် ရေထဲမှာကျသွားပြီးမှ ကုန်းပေါ်သို့ပြန်ရောက်လာရ၏။ ဤသည်မှာ ငါ၏ကိုယ်တွေ့ဖြစ်၏။

(ဂ) ပညာရှိ ယောက်ျားကောင်းသည် ပြုဖွယ်ရာရာကိစ္စတိုင်း၌ အားစိုက်အင်စိုက်လုပ်ကိုင်သင့်၏။ ပျင်းရိဖင့်နွှဲခြင်းကို မပြုရာ။ အားစိုက်အင်စိုက်လုပ်ကိုင်ပါလျှင် မိမိအလိုရှိတိုင်းပြီးမြောက်နိုင်၏။ ဤသည်မှာ ငါ၏ကိုယ်တွေ့ ဖြစ်၏။

(ဃ) ပညာရှိ ယောက်ျားကောင်းသည် ပြုဖွယ်ရာရာကိစ္စတိုင်း၌ အားစိုက်အင်စိုက်လုပ်ကိုင်သင့်၏။ ပျင်းရိဖင့်နွှဲခြင်းကို မပြုရာ။ အားစိုက်အင်စိုက်လုပ်ကိုင်၍ပင် ရေထဲမှာကျပြီးမှ ကုန်းပေါ်သို့ ပြန်ရောက်လာရ၏။ ဤသည်မှာ ငါ၏ကိုယ်တွေ့ဖြစ်၏။

(င) ပညာရှိ ယောက်ျားကောင်းသည် အကျဉ်းအကျပ်ထဲရောက်နေရသော်ငြားလည်း ထိုအကျဉ်းအကျပ်ထဲမှ လွတ်မြောက်၍ ချမ်းချမ်းသာသာနေနိုင်ရန် ရည်မှန်းချက်ကောင်းကောင်းထားသင့်၏။ မှန်လှ၏။ လူ့ဘောင်လောကတွင် ပျက်စီးရာပျက်စီးကြောင်း အတွေ့အကြုံတွေကလည်းများလှပါ၏။ အကျိုးစီးပွားများရာများကြောင်း အတွေ့အကြုံတွေကလည်း များလှပါ၏။ ရှေ့အရေးကို တွေးတောကြံစည်ခြင်းမပြုဘဲ ပြုမိပြုရာကြလျှင်ကား ပျက်စီးခြင်းသို့သာ ရောက်ကြရပါလိမ့်မည်။

(စ) လူ့ဘောင်လောကတွင် မကြံစည်ဘဲ ဖြစ်ပေါ်လာတာလည်း ရှိ၏။ ကြံစည်ပါလျက် ပျက်သွားရတာလည်း ရှိ၏။ မှန်လှ၏။ မိန်းမတို့အတွက်ဖြစ်စေ၊ ယောက်ျားတို့အတွက်ဖြစ်စေ စည်းစိမ်ချမ်းသာတို့က ကြံစည်တိုင်း ဖြစ်လာကြသည် မဟုတ်ပါချေတကား။

ထပ်ကာထပ်ကာ ကြားနာခွင့်ရသဖြင့် ပညာရှိ ပုရောဟိတ်သည် ထိုပါဠိဂါထာတို့တွင် ပါဝင်ဖွဲ့စည်းထားသော ပုဒ်တို့ကို တစ်ခုမကျန်မှတ်မိလာ၏။ ထိုဂါထာတို့၏သဒ္ဒါဖွဲ့စည်းပုံကို ထောက်ဆကာ ဖြူဗဒတ်မင်း၏ စိတ်ထဲနှလုံးထဲက ဆိုလိုရင်းသဘောအဓိပ္ပာယ်ကို သဘောပေါက်လာ၏။ သရဘရွှေသမင်ကို အမိအရ လိုက်ဖမ်းရန် တောကြီးထဲသို့ ပြေးဝင်သွားခဲ့ရာတွင် မိမိကိုယ်တိုင် လိုက်ပါခွင့်မရခဲ့သော်ငြားလည်း ကိုယ်တိုင်လိုက်ပါခဲ့ရဘိသကဲ့သို့ ဉာဏ်ထဲမှာ ထင်ဟပ်လာခဲ့၏။ သရဘရွှေသမင်ကိုလိုက်ရင်း တောကြီးထဲမှာ တွေ့ခဲ့ရကြုံခဲ့ရပုံတို့ကို မျက်ဝါးထင်ထင် မြင်လိုက်ရသကဲ့သို့ ပေါ်ပေါ်လွင်လွင်ကြီးဖြစ်လာခဲ့၏။

ယမန်နေ့ညနေခင်းတုန်းက အရှင်မင်းကြီးကိုကြုံရတုန်းက ထူးထူးခြားခြား မျက်နှာထားချိုလာတာကိုအကြောင်းပြု၍ အတွေးအမျှင်တွေ တသီတတန်းကြီးနှင့် တစ်ညတာကုန်လာခဲ့ရ၏။ တစ်ညတာလုံး တွေးတောစဉ်းစား၍ ဝိုးတဝါး ပေါ်လာခဲ့သည့်အဖြေသည် ယခုတော့ ရုပ်လုံးပေါ်လာပါပြီ။ ဝိုးတဝါးမဟုတ်တော့ဘဲ ထင်ထင်ရှားရှားဖြစ်လာပါပြီ။

ထိုအချိန်မှာပင် အရှေ့လောကဓာတ်မှ ရောင်နီများသန်းလာကြပါပြီ။ အရုဏ်တက် ပဟိုရ်စည်သံလည်းထွက်ပေါ်လာပါပြီ။ သို့ဖြစ်၍ ပညာရှိပုရောဟိတ်သည် စံနန်းဆောင်၏တံခါးရွက်ကို လက်ဖျားကလေးဖြင့် အသာအယာ ခေါက်လိုက်၏။ တံခါးခေါက်သံထွက်သွား၍ မကြာမီမှာပင် တံခါးနှစ်ချပ်လုံး ပွင့်လာကြ၍ -

"အလို၊ ပညာရှိအမတ်ကြီးရောက်နေပြီကိုး။ ဒီကနေ့ တယ်ပြီးစောပါကလား"

ဤသို့ဖြင့် ဖြူဗဒတ်မင်းက ပြုံးပြုံးရွှင်ရွှင် ဆီးကြိုလိုက်သဖြင့် -

"မှန်လှပါ၊ ယမန်နေ့က ခရီးပန်းလာတဲ့အတွက်စက်တော်ခေါ်လို့ကောင်း၊ မကောင်းသိချင်စိတ်စောနေလို့ပါဘုရား"

"ကောင်းကောင်းအိပ်စက်ခဲ့ရပါတယ် အမတ်ကြီး။ စောစောလည်း အိပ်ရာဝင်ခဲ့ပါတယ်။ ဒါကြောင့်လည်း စောစောနိုးနေတာဖြစ်ပါလိမ့်မယ်"

"မှန်လှပါ အရှင်မင်းမြတ်၊ စောစောစီးစီးနိုးလို့ စိတ်နှလုံးကြည်နူးစွာ ဥဒါန်းကျူး၍နေတာကို အပြင်ဘက်က ကြားနာခွင့်ရခဲ့ပါတယ် ဘုရား"

"သြော်၊ သြော်-ကောင်းပါလေရဲ့၊ ကောင်းပါလေရဲ့။ စောစောစီးစီးအိပ်ရာဝင်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်ရတော့ အိပ်ရာကအနိုးမှာ တစ်ကိုယ်လုံးကြည်နူးနေတယ်။နန်းတော်ကြီးတစ်ခုလုံးကလည်း တိတ်တိတ်ဆိတ်ဆိတ်နေတယ်။ အပြင်ဘက်မှာ လရောင်လေးကလည်း ဝိုးတဝါးသာနေတယ်။ သန်းခေါင်ကျော်လေလေးကလည်း တဖြူးဖြူးတိုက်နေတယ်။ဒီအခိုက်တန့်လေး၌ စိတ်ထဲမှာကြည်နူးစရာအာရုံတွေပေါ်လာကြလို့ နှုတ်ကနေထုတ်ပြီး ရွတ်ဆိုလိုက်မိရတာပါ။ ဘယ်နှယ့်လဲ အမတ်ကြီး၊ ကိုယ်တော်မြတ် ရွတ်ဆိုခဲ့တာတွေ အဆီအငေါ်တည့်ပါရဲ့လား"

"တည့်ပါတယ်ဘုရား၊ သဒ္ဒါအနေနဲ့လည်း အဆီအငေါ်တည့်ပါတယ်။ အဲဒီသဒ္ဒါအစဉ်ကို နောက်ကလိုက်ပြီးတော့ အနက်အဓိပ္ပာယ်ဖော်ကြည့်လိုက်တော့လည်း အထင်အရှားမြင်လာရပါတယ်။ အရှင်မင်းမြတ်ဟာ ယမန်နေ့တုန်းက သရဘရွှေသမင်ကို အမိဖမ်းချင်ဇောနဲ့ သူ့နောက်ကို တစ်ဟုန်ထိုးလိုက်သွားခဲ့ပါတယ်။ ပြေးသူကပြေး၊ လိုက်သူကလိုက်နဲ့ ခရီးယူဇနာတွေတော်ကြီးပေါက်လာခဲ့ပါတယ်။ ပြေးသူ၊ လိုက်သူ နှစ်ဦးသားတို့ရဲ့ရှေ့တစ်နေရာမှာတော့ တွင်းကြီးတစ်ခုရှိနေပါတယ်။ ဟိုနှစ်ပေါင်းရာပေါင်း၊ ထောင်ပေါင်းများစွာကသေသွားခဲ့တဲ့သစ်ပင်ကြီးရဲ့ အမြစ်ပိုင်းဟာ ကြာလာတော့ ဆွေးမြည့်သွားပြီး အဲဒီနေရာမှာ အံလွန်တရာဇောက်နက်တဲ့တွင်းကြီး တစ်ခုဖြစ်နေပါတယ်။ တွင်းကြီးအောက်



www.burmeseclassic.com

www.burmeseclassic.com

ခြေတစ်ဝက်မှာ ရေရှိနေပါတယ်။ နှစ်ဦးသားတို့ ပြေးရင်းလိုက်ရင်း အဲဒီတွင်းကြီးနားရောက်အလာမှာ သရဘာရွှေသမင်ကတော့ သူတို့ရဲ့ သဘာဝစွမ်းဆောင်ချက်အရ ရေနံ့ကိုလိုက်လို့ အဲဒီနေရာမှာ မြေတွင်းကြီးတစ်ခုရှိနေတယ်ဆိုတာကို ကြိုပြီးသိလိုက်တယ်။ အရှင်မင်းမြတ်ကတော့ မြက်တွေ၊ ချုံတွေ၊ အမှိုက်သရိုက်ဖေ့ဖုံးလွှမ်းနေတာကြောင့်ကြိုမသိဘူး။ ရှေ့ကပြေးသွားတဲ့ သရဘာရွှေသမင်ကတော့ သိတဲ့အတိုင်း ရှောင်ကွင်းသွားလို့ လွတ်သွားတယ်။ အရှင်မင်းမြတ်ကတော့ ကြိုတင်သိမထားတော့ တွင်းကြီးထဲမှာ အားလွန်ပြီး ကျသွားခဲ့ရပါတော့တယ်။

အရှင်မင်းမြတ်၊ အဲဒီလိုကျသွားတဲ့အခါ သရဘာရွှေသမင်က နောက်ကလိုက်လာတဲ့ခြေသံတွေ မကြားရတော့လို့ သမင်လည်ပြန် ပြန်ပြီးတော့ ကြည့်လိုက်တယ်။ အရှင်မင်းမြတ်ကို မတွေ့ရတော့ဘူး။ ဒီနေရာမှာ သရဘာရွှေသမင်ဟာ ကိုယ်ကျိုးတစ်ခုတည်းသာ ကြည့်တတ်သူဆိုရင်တော့ ရှေ့ဆက်ပြီး ပြေးသွားတော့မှာပေါ့။ သူဟာ ကိုယ့်ကိုအမိဖမ်းဖို့လိုက်လာတာ၊ အသေသတ်ဖို့လိုက်လာတာ။ အခုတော့ သူ့ထိုက်နဲ့သူ့ကံဆိုပြီးတော့ ပစ်ထားခဲ့တော့မှာပေါ့။

အရှင်မင်းမြတ်၊ ခုတော့ သရဘာရွှေသမင်ဟာ အလွန်တရာစိတ်ထားမြင့်မြတ်ပါပေတယ်။ ကိုယ့်ကိုအသေသတ်ဖို့ တရကြမ်းလိုက်ဖမ်းနေတဲ့ ရန်သူကြီးကိုတောင်မှ ခွင့်လွှတ်စိတ်မွေးနိုင်ပါပေတယ်။ ဒုက္ခိတသတ္တဝါတစ်ဦးဆိုပြီးတော့ သနားစိတ်မွေးမြူနိုင်ပါပေတယ်။ အဲဒီခွင့်လွှတ်စိတ်၊ သနားစိတ်ကြောင့်ပဲ သရဘာရွှေသမင်ဟာ အရှင်မင်းကြီးကို ရေတွင်းကြီးထဲက ခက်ခက်ခဲခဲကယ်ထုတ်လာခဲ့ရတာဖြစ်ပါတယ်"

"အို-အမတ်ကြီးရယ်၊ အို-ပညာရှင်ကြီးရယ် တယ်ပြီးတော့ သေချာလှပါကလား။ ကိုယ်တော်မြတ်သွားလေရာကို ဖဝါးခြေထပ်လိုက်ပါပြီးတော့ ကြည့်နေရသလိုပါပဲလား။ နေစမ်းပါဦး၊ ပညာရှင်ကြီးရယ် ပညာရှင်ကြီးမှာ ဘာမဆိုသိနိုင်၊ မြင်နိုင်စွမ်းရှိတဲ့ သဗ္ဗညုတဘုရားရှင်တို့ရဲ့အသိဉာဏ်မျိုးရှိနေလို့ပါလား"

"မဟုတ်ပါဘူး အရှင်မင်းမြတ်။ အဲသလောက်ထူးကဲမြင့်မြတ်တဲ့ဉာဏ်မျိုး မဟုတ်ပါဘူး။ အရှင်မင်းမြတ် ကျူးရင့်ခဲ့တဲ့ ဥဒါန်းဂါထာတွေရဲ့ သဒ္ဒါအနေအထားကို ထောက်ဆပြီးတော့ ဘုရားကျွန်တော်မျိုးရဲ့စိတ်အတွေးနဲ့ ရုပ်လုံးဖော်ကြည့်တာသာဖြစ်ပါတယ်"

"တွေးကြည့်တာကလည်း ပြေးကြည့်တာထက်တောင် မှန်နေပါသေးတယ်။ ဟုတ်တယ်၊ အမတ်ကြီးလျှောက်တင်ခဲ့တာတွေ အားလုံးမှန်ပါတယ်။ သရဘာရွှေသမင်က ကိုယ်တော်မြတ်ကို သေတွင်းထဲက ကယ်ထုတ်အပြီးမှာ ကိုယ်တော်မြတ်ရဲ့စိတ်တွေ၊ စရိုက်တွေ လုံးလုံးကြီးပြောင်းသွားကြပါတော့တယ်။ စောစောတုန်းကတော့ သရော်ပြက်ချော် လုပ်ခဲ့ကြတဲ့ အမတ်တွေရှေ့မှာ အစွမ်းပြချင်လိုက်ချင်တယ်။ လူပုံအလယ်မှာ အရှက်ခွဲသွားတဲ့ ရွှေသမင်ကို အမိဖမ်းပြီး သတ်လိုက်ချင်တယ်။ သမင်အသေကောင်ကို ထမ်းလာပြီးတော့ သူတို့ရှေ့မှောက်မှာ အောင်ပွဲခံလိုက်ချင်တယ်။ အခုတော့ အဲဒါတွေနဲ့ ပြောင်းပြန်ဖြစ်သွားပြီ။ စောစောတုန်းက စိတ်တွေ၊ စရိုက်တွေ လုံးလုံးပျောက်သွားကြပြီ။ အဲဒါတွေရဲ့နေရာမှာ သရဘာရွှေသမင်ကို ကျေးဇူးတင်တာတွေ၊ ကြည်ညိုတာတွေ၊ ကိုယ့်အပေါ်ပြုစုခဲ့တဲ့ ကျေးဇူးတရားတွေကို ကျကျနနပြန်ဆပ်လိုက်ချင်တာတွေ၊ အဲဒီသဒ္ဓါစိတ်တွေ၊ လေးစားစိတ်တွေသာ တဖွားဖွားပွားလာကြပါတော့တယ်"

"အို-အမတ်ကြီးရယ်၊ ကိုယ်တော်မြတ်ဟာ သရဘာရွှေသမင်ကို ကျေးဇူးတင်လွန်းလို့၊ ကြည်ညိုလွန်းလို့ ရွှေနန်းတော်ကြီးဆီအပါခေါ်ပါတယ်။ ကိုယ်တော်မြတ်ပိုင်စိုးတဲ့ စည်းစိမ်ချမ်းသာဟူသမျှကို ပုံပေးပြီး ကျေးဇူးဆပ်ဖို့ ပန်ကြားခဲ့ပါတယ်။ ဒါပေမယ့် သရဘာရွှေသမင်ကတော့ လက်မခံခဲ့ပါဘူး။ သူတို့ဟာ တောထဲကတိရစ္ဆာန်တွေသာဖြစ်ပါတယ်တဲ့။ ရွှေထီးရွှေနန်းနဲ့ မထိုက်တန်ပါဘူးတဲ့။ ဒါကြောင့် ဘိုးဘွားဘီဘင်များ နေထိုင်လာခဲ့ကြတဲ့အတိုင်း တောထဲမှာ နေပါရစေတဲ့။ နောက်ပြီးတော့ ဆုံးမစကားမြွက်ကြားပါသေးတယ်။ ဒီကရှေ့မှာတော့ အခုလို စိတ်မိုက်စိတ်ရိုင်းတွေကို မမွေးပါနဲ့တော့တဲ့။ တိုင်းတော်ပြည်တော်ကို မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်ပါတော့တဲ့။ ကိုယ့်လက်အောက်က တိုင်းသူပြည်သားတွေကိုလည်း ငါးပါးသီလမြဲဖို့ ဒါန၊ သီလ အစရှိတဲ့ကုသိုလ်ကောင်းမှုတွေပြုဖို့ နှိုးဆော်ပေးပါတော့တဲ့။ အခု နံနက်စောစောအိပ်ရာကနိုးအလာမှာ သရဘာရွှေသမင်ရဲ့ အဲဒီဂုဏ်ကျေးဇူးတွေကို အကြောင်းပြုပြီးတော့ စိတ်ထဲမှာ ကြည်နူးလွန်းလို့
အမတ်ကြီးရယ်"

"ကောင်းပါတယ်ဘုရား၊ ကောင်
လှပါပေတယ်"

ဤသို့ မိန့်ကြားအပြီးတွင် ဖြ
ဒတ်မင်းသည် ပညာရှိအမတ်ကြီးအာ
ဆုတောင်းလာဘ်တော်တွေ ထိုက်ထိုက်
တန်တန်ချီးမြှင့်ပါ၏။ တောထဲတောင်ထဲ
က ကိုယ်တော်မြတ်တစ်ပါးတည်းတွေ
ခဲ့ရကြုံခဲ့ရတာတွေကို အပြည့်အစုံမှန်း
ပုံဖော်နိုင်သည့် ဉာဏ်ပညာကို ဂုဏ်
ပူဇော်ပွဲကြီး ကျင်းပပေးပါ၏။

သရဘာရွှေသမင်က အဆုံးအ
ပေးခဲ့သည့်အတိုင်း ဖြဟ္မဒတ်မင်းသည်
ကိုယ်တိုင်လည်း ကျင့်သုံး၏။ အမှု
အမတ်များမှ စတင်၍ တိုင်းသူပြည်သာ
အားလုံးတို့ကိုလည်း မတရားမှု
ရှောင်ကြဉ်ကြရန်၊ ကောင်းမှုကုသိုလ်
တွေ ပွားများကြရန် နှိုးဆော် တိုက်တွ
၏။ တိုင်းပြည်တစ်ခုလုံး၏ဦးသျှောင်
သော မင်းကိုယ်တိုင်က အလေးအန
တိုက်တွန်း နှိုးဆော်နေသဖြင့် တိုင်း
ပြည်သားတို့ကလည်း ရိုသေလေး
လိုက်နာကျင့်သုံးကြလေသည်။

ဤသို့ဖြင့် သူတော်ကောင်းတ
လက်ကိုင်ထားကြသော တိုင်းသူပြ
သားတို့ သေဆုံးသွားသောအခါ အထ
တာဝတိံသာနတ်ပြည်သို့ ရောက်လာ
၏။ နတ်ပြည်မှ စုတေစိတ်ကျ၍ ကို
ကောင်ပါ ပျောက်ကွယ်သွားသော
တို့ထက် အသစ်အသစ်ရောက်လာသ
နတ်သမီး၊ နတ်သားတို့က အဆမ
တိုးပွားလာကြ၏။

ဤတွင် တာဝတိံသာနတ်ပြည်
အစိုးရသော သိကြားမင်းသည် ပက
လူတို့၏အမြင်စွမ်းအား တစ်ထောင်
သော နတ်မျက်စိဖြင့် လူ့ပြည်သို့ကြ
ရှုလေရာ အဖြစ်မှန်ကို သိရှိလာရ

ဤတွင် သိကြားမင်းသည် ဗြ
ဒတ်မင်းက သရဘာရွှေသမင်အပေါ်
ရှိလာခဲ့သော ကျေးဇူးသိစိတ်စွမ်း
ကို စမ်းသပ်ချင်လာသဖြင့် လူ့ပြည်
ဆင်းလာခဲ့လေသည်။

ထိုအခိုက်မှာပင် ဗြဟ္မဒတ်မင်း
လည်း မိမိ၏လေးအတတ်စွမ်းအာ
စမ်းသပ်လိုသဖြင့် မြားပစ်ကွင်းသို့
ရောက်လာ၏။ တောလိုက်ခြင်းအ
ကို စွန့်လွှတ်ထားပြီးသော်လည်း
တော်ကာကွယ်ရေးအတွက်
အတတ်စွမ်းအားကို ထိန်းထား
သတ်မှတ်ထားသော အက



www.burmeseclassic.com

www.burmeseclassic.com



ချစ်သောဤကမ္ဘာမြေကြီး၏လက်ဆောင်

# ဆေးဖက်ဝင်အပင်များ၏ လက်တွေ့အသုံးပြုနည်းများ

အပိုင်း(၁-၁)

ဦးမင်းဇော်(ရွှေနုဝင်း)

**(ခ) နှံ့နှင်းနက်ပြာနှင့် အထွေထွေရောဂါ ကုသနည်းအပြားပြား**

ယခင်လက နှံ့နှင်းနက်ပြာခေါ် ဂမုန်းတိမ်ပြာအစွမ်းဖြင့် ကလေးသူငယ် ရောဂါအမျိုးမျိုးတို့ကို လက်တွေ့အသုံးပြု ကုသနိုင်သည့် လွယ်ကူထိရောက်လှသော နည်းကောင်းများကို ရေးသား တင်ပြခဲ့ပြီးပြီဖြစ်၍ ယခုလတွင် ဂမုန်းတိမ်ပြာပင်အစွမ်းသတ္တိထူးများဖြင့် အခြားရောဂါများကို ထိရောက်စွာ ကုသနိုင်သည့် နည်းကောင်းများကိုလည်း အများပြည်သူ အကျိုးရှိစေရန် ဆက်လက်၍ တင်ပြပေးပါမည်။

**(၁) ဂမုန်းတိမ်ပြာနှင့် မျက်စိထိခိုက်ဒဏ်နာ ကုသနည်း**

လောကတွင် 'မျက်စိအဆုံး၊ နားအရှုံး'ဟု ဆိုရိုးရှိပါသည်။ မျက်စိထိခိုက်မိ၍ မျက်စိကွယ်ပြီး အမြင်အာရုံချို့တဲ့သွားလျှင် လောကတွင် ကြီးစွာသော ဆုံးရှုံးမှုကြီးတစ်ခုပင် ဖြစ်ပါတော့သည်။

ထိုကဲ့သို့ မျက်စိကို မတော်တဆ ထိခိုက်မိ၍ မျက်စိအမြင်အာရုံ မဆုံးရှုံးရလေအောင် ဂမုန်းတိမ်ပြာပင်၏ဂမုန်းဥက လွန်စွာ အစွမ်းထက်လှပေသည်။

ဤနေရာတွင် ကျွန်ုပ်တို့ငယ်စဉ်က လက်တွေ့ကြုံခဲ့ရသော ဖြစ်စဉ်လေးတစ်ခုကို သာဓကတင်ပြရလျှင် -

ကျွန်တော်တို့ငယ်စဉ်က အိမ်တွင် ခြံလုံအဖော်ရအောင် အင်းခွေးကြီးများ သုံး၊ လေးကောင်ကို မျိုးဆက်မပြတ်အောင် စောင့်ရှောက်၍ မွေးမြူထားပါသည်။ ထိုအင်းခွေးကြီးများသည် ကိုယ်ခန္ဓာက ကြီးမားသန်စွမ်းသလို ခြံထဲသို့ ကျူးကျော်ဝင်ရောက်လာသော လူစိမ်းနှင့် အခြားကြက်၊ ဝက် စသော သတ္တဝါများကိုလည်း တွေ့သမျှ အလွတ်မပေးတမ်း ကိုက်တတ်ပါသည်။

အခြားဧည့်သည်များကတော့ ခွေးရှိသည်ကို သိထားသဖြင့် ခြံထဲသို့ ဝင်လာလိုလျှင် အိမ်သားတစ်ဦးဦးကို ခေါ်ပြီး ခွေးကြည့်ခိုင်းပြီးမှ ဝင်ကြသဖြင့်

---

၍ အသင့်စီမံထားသော မြားပစ်မှတ်ကို အတိအကျချိန်ရွယ်၍ ပစ်ခတ်ရန် လေးနှင့်မြားကို ချိန်ရွယ်လိုက်၏။ ထိုတစ်ခဏ၌ပင် မြားပစ်မှတ်စက်ကွင်းရှေ့မှောက် သရဘရွှေသမင်က ဘွားခနဲ ပေါ်ပေါက်လာခဲ့ပါတော့သည်။

တစ်ဟုန်ထိုး ပစ်လွှတ်ရန် ဟန်ပြင်ထားသော မြားတံသည် သည်အတိုင်း ရှိနေ၏။ မြားပစ်ရန် ကြိုးစားသူ ဗြဟ္မဒတ်မင်းမှာ မတုန်မလှုပ်ရပ်လျက်ရှိနေ၏။

"အရှင်မင်းမြတ်၊ ပစ်သာလိုက်စမ်းပါ၊ အရှင်မင်းမြတ်ရဲ့လေးအစွမ်းကို ပြလိုက်စမ်းပါ။ သမင်ဆိုတာ တောထဲက တိရစ္ဆာန်ပါပဲ။ လူတွေစားဖို့ အမဲကောင်ပါပဲ။ တည့်တည့်ကြီးသာ ပစ်လိုက်စမ်းပါ"

ပညာရှိအမတ်ကြီး၏ပင်ကိုစရိုက်နှင့် မထိုက်တန်သော တိုက်တွန်းစကားများဖြစ်ပါ၏။ ဗြဟ္မဒတ်မင်းကမူ အမတ်ကြီး၏ နှုတ်ထွက်စကားသံတို့မှုမမှန်ပုံကို သဘောပေါက်သဖြင့် မတုန်မလှုပ်နေမြဲနေ၏။

ဤတွင် အမတ်ကြီး၏ နှုတ်ဖျားမှ ဆက်လက်၍ -

"အရှင်မင်းမြတ်၊ သမင် ဆိုတာ အမဲကောင်ပါ။ အမဲကောင်ကို မျက်စိအောက်မှာ တွေ့နေရပါလျက် လေးနဲ့ မပစ်ဘူးဆိုရင် အရှင်မင်းမြတ်ငရဲအိုးထဲ ဇောက်ထိုးကျရပါလိမ့်မယ်။ မိဖုရားတွေ၊ သားတော်၊ သမီးတော်တွေ မှူးကြီးမတ်ကြီးတွေ၊ နောက်ပြီးတော့ တိုင်းသူပြည်သားတွေအားလုံး ငရဲအိုးကြီးထဲရောက်ကုန်ကြပါလိမ့်မယ်"

ဤစကားကို ကြားရသည်တွင်ကား ဗြဟ္မဒတ်မင်းသည် နှုတ်ဆိတ်မပြန်ဘဲ မနေနိုင်တော့သဖြင့် -

"အို - ပညာရှိအမတ်ကြီး၊ ကိုယ်တော်မြတ်နဲ့တကွ ရှိရှိသမျှလူတွေအားလုံး ငရဲအိုးကြီးထဲဇောက်ထိုးကျမယ်ဆိုရင်လည်း ကျပါစေတော့။ ယခုလက်ရှိ ဘဝမှာတော့ ကိုယ်တော်မြတ်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်ကို ဘယ်နည်းနဲ့မျှ မပြစ်မှားနိုင်ပါဘူး"

ဤသို့ မြွက်ဆိုလိုက်သည့် စကားသံဆုံးသည်နှင့်တစ်ပြိုင်နက် အထက်ကောင်းကင်ယံ၌ အရောင်အလင်းတန်းကြီး ဝင်းခနဲပေါ်ပေါက်လာ၏။ ထိုအလင်းတန်းကြီးထဲတွင် သိကြားမင်းကိုယ်ထင်ပြလာ၍ -

"သာဓုခေါ်ပါတယ် မင်းကြီး။ မင်းကြီးရဲ့စိတ်ကိုစမ်းချင်လို့ ကျွန်ုပ်က ရွှေသမင်ရုပ်သွင် ဖန်ဆင်းလိုက်တာပါ။ အမတ်ကြီးရဲ့ကိုယ်မှာပူးကပ်ပြီးတော့ သူ့နှုတ်ခမ်းတွေကို အပိုင်စီးပြီး တိုက်တွန်းစကားတွေခေါ် ပြောခိုင်းခဲ့တာပါ။ အဲဒါတွေကို ကြံ့ကြံ့ခံပြီးတော့ မင်းကြီးက မတုန်လှုပ်တဲ့ သဒ္ဓါတရားကို ထိန်းထားနိုင်ခဲ့တဲ့အတွက် သာဓုခေါ်ပါတယ်။ ကဲ-နောက်နောင်မှာလည်း ဒီအတိုင်းကျင့်သုံးနေပါတော့"

ဤသို့တိုက်တွန်းစကားပြောကြားပြီးလျှင် သိကြားမင်း၏ရုပ်သွင် ကွယ်ပျောက်သွားလေသည်။

ဝဏ္ဏသီရိ



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာမရှိလှပါ။ သို့သော် တခြားအိမ်များမှ မွေးမြူထားသော ကြက်၊ ဝက်စသည့် သတ္တဝါများကတော့ ခြံစည်းရိုးပေါက်မှ လစ်လျှင်လစ်သလို ဝင်လာတတ်ပေသည်။ ထိုဝင်လာသမျှသော အကောင်းမျိုးစုံတို့ကိုလည်း အင်းခွေးကြီးများမှ မလွတ်တမ်းကိုက်တတ်ကြသဖြင့် သေကျေဒဏ်ရာအနာတရဖြစ်၍ သူတို့ကြက်၊ ဝက်သတ္တဝါများ ဆုံးရှုံးကြရသဖြင့် ကျွန်တော်တို့၏ခြံစောင့်အင်းခွေးကြီးများကို အခဲမကျေ အငြိုးအတေးထားကြပြီး အင်းခွေးများ ခြံပြင်သို့ထွက်လာသည်နှင့် လေးခွ၊ ကျောက်ခဲ စသည့် တွေ့ရာမြင်ရာ လက်နက်တို့ဖြင့် ကျွန်တော်တို့မသိခင် ပစ်ခတ်ကြလေသည်။

တစ်နေ့တွင် အင်းခွေးကြီးတစ်ကောင်မှာ မချိမဆံ့အော်ပြီး အိမ်ထဲသို့ ပြေးဝင်လာသဖြင့် အိမ်သားများက စိုးရိမ်တကြီး ကြည့်ရှုစစ်ဆေးလိုက်သောအခါ စိတ်မချမ်းမြေ့စရာ အင်းခွေးကြီး၏မျက်လုံးတစ်ဖက်မှာ နီရဲရောင်ကိုင်း၍ မျက်စိတစ်ခုလုံး သွေးရောင်လွှမ်းနေသည်ကို အိမ်သားများ စိတ်မကောင်းခြင်းကြီးစွာ တွေ့မြင်လိုက်ရပါသည်။

ဘာလုပ်ရလျှင် ကောင်းမလဲဟု မိသားတစ်စုလုံး ဝိုင်း၍စဉ်းစားကြလေသည်။တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်ပြသဖို့ရန်မှာလည်း တောရပ်တောရွာ ဖြစ်သဖြင့် ဘယ်လိုမှအလှမ်းမမီနိုင်ပါ။

သည်တော့ ကျွန်တော်တို့အဘိုးမှ ခြံစည်းရိုးအစပ်မှာပေါက်နေသည့်အပင်တစ်ပင်မှ ဥကိုတူးပြီး ရေစင်ကြယ်စွာဆေးကြော၍ ဆန်ဆေးရည်နှင့်ကျောက်ပျဉ်တွင် ၎င်းဥကို များများသွေးယူပြီး ဆားအနည်းငယ်၊ ငရုတ်ကောင်း (၂)စေ့၊ (၃) စေ့ခန့်ခတ်၍ ဆေးရည်နှင့်ရောကာမွှေလိုက်ပြီး အင်းခွေးကြီး၏မျက်စိဒဏ်ရာပေါ်သို့ သေချာစွာ ခပ်ထူထူလိမ်းပေးလိုက်ပါသည်။

ထိုသို့ လိမ်းပေးလိုက်သည်နှင့် အင်းခွေးကြီး၏ မျက်စိဒဏ်ရာတစ်ဝိုက်တွင် လက်နှင့်အသာခံကြည့်လျှင် သိသိသာသာကြီးကို အပူရှိန်များထွက်လာသည်ကို ထင်ရှားစွာ တွေ့မြင်ရပါသည်။

ဤသို့ နာရီဝက်ခြား (၁) ကြိမ်ခန့် အင်းခွေးကြီး၏ မျက်စိဒဏ်နာပေါ်သို့ ဆေးသွေးထားသည့်အရည် (၇)ကြိမ်ခန့် ဆက်တိုက် ဂရုတစိုက် လိမ်းပေးလိုက်သောအခါ မျက်စိတစ်ခုလုံး သွေးရောင်ဖုံးလွှမ်းနေသည်မှာ ဆေးတစ်ကြိမ်နှင့်တစ်ကြိမ် လိမ်းနေစဉ်အတွင်းမှာပင် သွေးရောင်လျော့ပါးလာပြီး တဖြည်းဖြည်း မျက်သားအဖြူသည် သိသာစွာပေါ်လာပြီး ဒဏ်နာမှာလည်း သိသိသာသာ အရောင်လျော့လာသည်ကို တွေ့မြင်လာရသဖြင့် အိမ်သားများ ဝမ်းသာလာကြရပါသည်။

ထိုသို့ ဂမုန်းတိမ်ပြာဥသွေးပြီး (၃) ရက်ခန့် ဆေးလိမ်းပေးလိုက်သောအခါ အင်းခွေးကြီး၏မျက်စိဒဏ်နာမှာ လုံးဝ အကောင်းပကတိဖြစ်သွားလေသည်။

ဒါ ဂမုန်းတိမ်ပြာဥ၏အစွမ်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့အဘိုး ခြံစပ်မှတူးယူလာသည့်ဆေးဥမှာ ဂမုန်းတိမ်ပြာဥ ဖြစ်ပါသည်။ အဘိုးပြောပြသည်မှာ ထိုဂမုန်းတိမ်ပြာဥသည် လူနှင့် အခြားသတ္တဝါတို့တွင် ထိခိုက်ဒဏ်ရာရ၍ မျက်စိသူငယ်အိမ် ပေါက်ကွဲပျက်စီးသွားခြင်းမရှိခဲ့လျှင် မည်မျှပင်ဒဏ်နာဖြစ်ပါစေ ဂမုန်းတိမ်ပြာဥကို အထက်ဖော်ပြပါ နည်းအတိုင်း ဂရုတစိုက်ဖြင့် ပြုလုပ်ပေးလျှင် မျက်စိအမြင်အာရုံဆုံးရှုံးမှုကို ထိရောက်အောင် ဂမုန်းတိမ်ပြာဥက စွမ်းဆောင် ကာကွယ်ပေးနိုင်ပါသည်။

(အကယ်၍ထိခိုက်ဒဏ်ရာကြောင့် မျက်စိသူငယ်အိမ်သည် ပေါက်ကွဲပျက်စီးသွားလျှင်တော့ ဆေးရုံကို အမြန်ဆုံးသွားရမည်သာ ဖြစ်ပါသည်။ အခြားမည်သည့်ဆေးနှင့်မျှလုပ်၍မရပါဟု သတိပေးလိုက်ပါသည်။)

**(၂) ဂမုန်းတိမ်ပြာနှင့် သွေးမှုင်လေမှုင်ခေါ်သည့် သွေးပြန်ကြောရောင်၊ သွေးယားသည့်ရောဂါကုသနည်း**

သွေးမှုင်လေမှုင်ဟု ခေါ်ဆိုသည့် ရောဂါတစ်မျိုးမှာ အထူးသဖြင့် မိုးများပြီး ပူအိုက်စွတ်စိုသောရာသီဥတုရှိသည့် အရပ်ဒေသများတွင် နေထိုင်ကြသော လူများတွင် အဖြစ်များသည်ကို တွေ့ရပါသည်။

၎င်းရောဂါသည် ရာသီဥတု အပူ၊ အအေး အပြောင်းအလဲကြောင့်ဖြစ်စေ၊ အစားအသောက် ဓာတ်မတည့်သည်ကြောင့်ဖြစ်စေ ဖြစ်ပွားတတ်ကြပါသည်။

သွေးမှုင်လေမှုင် စတင်ဖြစ်လျှင် ပထမဦးဆုံး ပင့်ကူရုပ်သကဲ့သို့ ယားကျိကျိ စပ်ဖျဉ်းဖျဉ်းဖြစ်လာပြီး တဖြည်းဖြည်းနှင့် စတင်ဖြစ်ပေါ်လာသည်။ ခန္ဓာကိုယ်အစိတ်အပိုင်း နေရာတစ်ဝိုက်တွင် ရောင်တင်း၍ ပူလာပြီး (၁)ရက်၊(၂)ရက်ခန့် ရောင်တင်းပူစပ်ပူလောင်ဖြင့် အနေရခက်လှပါသည်။

ထိုရောဂါမှာ ဖြစ်ပေါ်လာသည့် ခန္ဓာကိုယ်အစိတ်အပိုင်းနေရာတစ်ဝိုက်မှ သွေးပြန်ကြောလေးများရောင်ပြီး သွေးပြန်သယ်ဆောင်ခြင်းကို နှေးကွေးခြင်းကို ဖြစ်ပေါ်စေပါသည်။

အဖြစ်များသည့် နေရာများမှာ ကြွက်သားမြှောင်းများ အများဆုံးရှိကြသည့် လက်မောင်း၊ လက်ဖျံ၊ ခြေသလုံး၊ ပေါင်လိုနေရာမျိုးများတွင် အဖြစ်များကြပါသည်။

အချို့က တစ်နေရာ အရောင်လျော့သွားပြီး တခြားတစ်နေရာ ပြန်ပြီးရောင်လိုက်နှင့် နေရာရွှေ့ပြောင်းပြီး ဆက်တိုက်ဖြစ်နေတတ်ကြပါသည်။

၎င်းရောဂါသည် အပူ၊ အစပ်၊ အပုပ်စာ၊ အတက်စာများဖြစ်သော မှိုမျှစ်၊ တညင်းသီး၊ အုန်းနို့၊ ဒူးရင်းသီး၊ ဖားကြွက်၊ လိပ်၊ စည်သွတ်ဘူးစာများ၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ငါးပိကောင်၊ ငါးပိ၊ ငံပြာရည် စသည်တို့ အစားများလျှင် ပို၍ရောဂါဖြစ်တတ်ပါသည်။ ၎င်းအစာများကို ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

ထိုသွေးမှုင်လေမှုင်ရောဂါကို ထိရောက်စွာ ပျောက်ကင်းစေသည့် ဆေးနည်းမှာ -

က။ ဂမုန်းတိမ်ပြာဥကို အမှုန့်ပြု၍ပျားရည်နှင့် ရောတေပြီး ဆီးကင်းခန့်လုံးထားပါ။ နေ့စဉ် နံနက်၊ ည ဆေး (၂)လုံး၊ (၃)လုံးခန့် ရေအေးဖြင့် သောက်ပေးပါ။

ခ။ ဂမုန်းတိမ်ပြာဥအစိုကို လက်တစ်ဆစ်ခန့် နေ့စဉ် (၁)ပတ်၊ (၂)ပတ်ခန့် ဝါးစားပေးခဲ့လျှင် ထိုရောဂါကိုထိရောက်စွာ ပျောက်ကင်းစေပါသည်။

**(၃) ဂမုန်းတိမ်ပြာနှင့် သန်ရှင်လွတ်သည့်ရောဂါ (သို့) အနာတိမ်တောင်ရောဂါဆန်းကုသနည်း**

သန်ကောင်ဟု အမည်သမုတ်ထားသော တပ်ပါးရောဂါပိုးကောင်တစ်မျိုးသည် ကမ္ဘာဦးခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင် လူနှင့်အခြားသတ္တဝါများကို ထူးခြားထွေပြားသည့်ရောဂါများကိုဖြစ်စေ၍ စဉ်ဆက်မပြတ်ဒုက္ခပေးစေတတ်ပါသည်။ ပုံမှန်ဆိုလျှင် ထိုသန်ကောင်သားလောင်း သန္ဓေဥလေးများသည် သာမန်မျက်စိဖြင့် မမြင်နိုင်ကြသဖြင့် လူနှင့် သတ္တဝါတို့က စားသောက်လိုက်ကြသော ရေနှင့် အစားအစာများ

www.burmeseclassic.com

တို့မှတစ်ဆင့် အစာအိမ်နှင့် အူလမ်းကြောင်းထဲသို့ ဝင်ရောက်၍ အဆင့်ဆင့်မျိုးပွားကာ ခန္ဓာကိုယ်တွင် လှည့်ပတ်ခိုအောင်း၍နေထိုင်ကြပြီး သူတို့ခိုအောင်းနေထိုင်ရာ ခန္ဓာကိုယ်တွင်းအင်္ဂါရပ်များကို ရောဂါဝေဒနာဖြစ်ပေါ်စေတတ်ကြပါသည်။

ထိုသို့ သန်ကောင်များ လူ၏ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်သွားလာကြရာတွင် အကြောင်းအမျိုးမျိုးကြောင့် လူ၏ခန္ဓာကိုယ်အရေပြားနှင့် အသားကြားထဲသို့ဝင်ရောက်လာပြီး လှည့်ပတ်သွားလာလှုပ်ရှားနေခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါဆန်းတစ်မျိုးကို သန်ရှင်လွတ်ရောဂါ (သို့) အနာတိမ်တောင်ရောဂါဟု ခေါ်ပါသည်။

ထိုရောဂါဆန်းမျိုး ဖြစ်ပေါ်လာလျှင် ကလေးငယ်များတွင် ဖြစ်တတ်သည့်အလေ့ရှိပါသည်။ ပထမဦးဆုံး ကလေးငယ်၏ခြေသလုံးလိုနေရာမျိုးမှာ ဒေါင်လိုက် (၆) လက်မ၊ (၇) လက်မခန့် အရှည်ရှိသည့် အနီစင်းကြီးခြေသလုံးအရေပြားတွင် ပေါ်လာပါသည်။ ထိုအနီစင်းကြီးမှာ သန်ကောင်တစ်ကောင်ကဲ့သို့ပင် ခေါင်းပိုင်းနှင့် အမြီးပိုင်းပါရှိပြီး အလယ်ပိုင်းသည် ပို၍သိသာစွာ ခဲတံလုံး၊ ဘောလ်ပင်လုံးခန့် တုတ်ခိုင်ပါသည်။

၎င်းရောဂါ၏ ထူးခြားချက်မှာ စတင် ဖြစ်ပေါ်ရာနေရာမှာ အထက်ဘက်သို့ တစ်နေ့ကို (၁) လက်မခန့် တက်၍သွားပြီး အောက်ပိုင်းမှ ပထမနေရာမှာ တစ်လက်မခန့် ညှိမည်းပြီး ကျန်နေခဲ့ပါသည်။ ထိုသို့တဖြည်းဖြည်း နေ့စဉ် (၁)လက်မခန့် အထက်သို့တက်လာပြီး အောက်ဘက်ပိုင်းမှာလည်း အမည်းစင်းကြီးမှာ ပို၍ရှည်လာပါသည်။

၎င်းရောဂါသည် နိုင်နင်းသည့် ဆေးမတွေ့သေးလျှင် တဖြည်းဖြည်းနှင့် လူ၏ ါးခေါင်းပိုင်း၊ နားရွက်အပေါ်ပိုင်း နားကွင်းအထိ ရောက်လာတတ်ပါသည်။ လနှင့်ချီ၍ ရောဂါကို ခံစားနေရတတ်ပါသည်။

ဤကဲ့သို့သော သန်ကောင်ဒုက္ခပေးခြင်းကြောင့် ဖြစ်ပေါ်လာသည့် အနာတိမ်တောင်ခေါ်သည့်ရောဂါဆန်းကို အမြန်ဆုံး ထိရောက်စွာပျောက်ကင်းအောင် စွမ်းဆောင်ပေးသည့်ဆေးနည်းမှာ -

၁။ ဂမုန်းတိမ်ပြာဥ၊
၂။ ကြက်မအုပ်မြစ် (သို့) ဘုမ္မရာဇာအမြစ် ရရာ (၁) မျိုး သုံးပါ။
၃။ ကြေးပိုက်ဆံပြား (သို့) ဒင်္ဂါးခဲကောင်းကောင်းတစ်ခဲ စသည်တို့ကို (နှစ်မျိုးတွဲသောအမည်များတွင် ရရာတစ်မျိုးကိုသာသုံးပါ။) ဆန်ဆေးရည်ဖြင့်သွေးပြီး ၎င်းဆေးရည်ကို အနာရောက်ရှိရာနေရာမှ အောက်ဘက် အနာစတင်ရာနေရာအထိ ဆေးရည်ကို သေချာစွာ သတ်ချ၍ လိမ်းပေးပါ။

ဆေးရည်ကို အထက်ပါနည်းအတိုင်း ခြောက်လိုက် လိမ်းလိုက်ဖြင့် တစ်နေ့ကို (၁၀) ကြိမ်ခန့် လိမ်းပေးလိုက်လျှင် ထိုဖြစ်ပေါ်နေသော အမည်းစင်းနှင့် အနီရောင်အစင်းကြီးများ လုံးဝပျောက်ကင်းသွားမည်ကို တွေ့မြင်ရပါမည်။

ထိုရောဂါပျောက်ကင်းသွားပြီဆိုလျှင် ကလေးများကို နှစ်စဉ်သန်ချဆေးကောင်းကောင်းကို ပုံမှန်ဂရုစိုက်၍ တိုက်ကျွေးပေးသွားပါက ထိုရောဂါ နောက်တစ်ဖန် မဖြစ်ပေါ်တော့ပါ။

**(၄) ဂမုန်းတိမ်ပြာနှင့် အဖုအကျိတ်သက်တန့်နာကုသနည်း။**

လူ၏ ခန္ဓာကိုယ်တွင် အပူကိုအကြောင်းခံ၍ ဖြစ်ပေါ်လာတတ်ကြသည့် အဖုအကျိတ် ပေါင်ရင်းသက်တန့်နာ စသည့် အကျိတ်အဖုနာမှန်သမျှကို ဂမုန်းတိမ်ပြာဥက ပျောက်ကင်းအောင် စွမ်းဆောင်နိုင်ပါသည်။

ထိုရောဂါများကို -

က။ အဖုအကျိတ်တို့ကို ဂမုန်းတိမ်ပြာဥကို ဆန်ဆေးရည်ဖြင့် သွေး၍ ဆားအနည်းငယ်ခတ်ပြီး ခြောက်သွားလိုက် ဆေးပြန်လိမ်းလိုက်နှင့် မကြာခဏ လိမ်းပေးလျှင် လျင်မြန်စွာပျောက်ကင်းစေပါသည်။

ခ။ အကယ်၍ အနာမှာ အညှော်ဝင်အညှော်မိပြီး ဖျားချင်လျှင် ၎င်းဆေးသွေးရည် ဟင်းစားဇွန်း (၁) ဇွန်းခန့်ကို ရေနွေးပူပူဖြင့် တစ်နေ့ (၂) ကြိမ်ခန့် သောက်ပေးပါက လျင်မြန်စွာ ရောဂါပျောက်ကင်းသွားပါမည်။

**(၅) ဂမုန်းတိမ်ပြာဥနှင့် အစာမကြေ ဝမ်းမီးအားနည်း၊ ခြေဖျား-လက်ဖျားအေးညောင်းကိုက်ရောဂါ ကုသနည်း**

ဝမ်းမီးအားနည်း၍ အစာချက်အားနည်းပြီး အစာမကြေ အစားအသောက်နည်းခြင်း၊ ကိုယ်ငွေ့ဓာတ်အားနည်းပြီး ခြေဖျားလက်ဖျားအေး၍ အခိုးမပွင့်ဘဲ ဒူလာညောင်းကိုက် စသည့်ရောဂါများတွင် -

က။ ဂမုန်းတိမ်ပြာဥကို အစာစားပြီးတိုင်း လက်တစ်ဆစ်ခန့် ဝါးစား၍ ရေနွေးပူပူလေးသောက်ပေးပါ။

ခ။ ဂမုန်းတိမ်ပြာဥကို နေလှန်း၊ အမှုန့်ထောင်းပြီး ပျားရည်နှင့်ဖော်၍ ဆီးကင်းခန့် လုံးထားပြီး နံနက် (၃) လုံးခန့် ရေနွေးဖြင့် သောက်ပါ။

ဂ။ အစာခြေအားနည်းပြီး အစာမဝင်အိပ်မပျော်ဖြစ်လျှင် -
၁။ ဂမုန်းတိမ်ပြာဥအမှုန့် ၁၀ ကျပ်သား
၂။ ပျားရည် ၅၀ ကျပ်သား
၃။ ဆားမီးဖုတ်ကောင်းကောင်း ၂ ကျပ်သား

၎င်းတို့ကို သမအောင်ရောမွှေပြီး ဖန်ပုလင်းအဝကျယ်တွင်ထည့်၍ နေပူမှာ (၃) ရက်လှန်းပြီး နေ့စဉ် စားပွဲဇွန်း (၁) ဇွန်း နံနက်၊ ည ထမင်းစားပြီး ရေနွေးနှင့် ပုံမှန်သောက်ပေးသွားပါက စားဝင်၊ အိပ်ပျော်၍ အသားအရေစိုပြည်ပြီး ကျန်းမာဝဖြိုး အင်အားတိုးလာပါမည်။

အထက်ဖော်ပြပါတို့သည် ဂမုန်းတိမ်ပြာပင်၏ ထူးခြားစွာ စွမ်းဆောင်နိုင်သည့် ရောဂါပျောက်ကင်းစေသောဆေးနည်းကောင်းများကို အများပြည်သူစာဖတ်သူအပေါင်းတို့ မိမိတို့၏ အနီးပတ်ဝန်းကျင်လက်လှမ်းတမီတွင် တွေ့မြင် ပေါက်ရောက်နေကြသည့် ဤကမ္ဘာမြေကြီး၏လက်ဆောင် ဆေးဖက်ဝင်အပင်များ၏ အာနိသင်အစွမ်းများကို လက်တွေ့ လွယ်ကူထိရောက်စွာ အသုံးချ၍ မိမိတို့၏မိသားစု လူ့အဖွဲ့အစည်းကို အကျိုးပြုစေနိုင်ရန် ရည်သန်၍ စာရေးသူ ကြိုးစား၍ အကောင်းဆုံးတင်ပြရေးသားလိုက်ပါသည်။

ရှေ့လများတွင်လည်း သူရဋ္ဌမဂ္ဂဇင်းကြီးမှတစ်ဆင့် ဤကဲ့သို့သော လက်တွေ့အသုံးပြုနိုင်သည့် အစွမ်းထက်ဆေးပင်များ၏ အကြောင်းကိုလည်း စဉ်ဆက်မပြတ် ကြိုးစား၍ ရေးသားတင်ဆက်ပေးသွားပါမည်ဟု စာဖတ်ပရိသတ်ကြီးကို ကြိုတင်၍ အသိပေးပန်ကြားလိုက်ပါသည် ခင်ဗျာ။

*အားလုံး ကျန်းမာရေးအသိပညာ ပြည့်ဝစွာဖြင့် ကျန်းမာ ပျော်ရွှင်သည့် မိသားစုဘဝများ တည်ဆောက်နိုင်ကြပါစေသော်။*

ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးကြီးမား

# ပထမံပုဒ္ဓရုပ်အက္ခရာစမအင်းဘုရား

△ ဖြိုရှတ္တာ-ဆရာမေဘျော်လင်း

ကျွန်ုပ်သည် မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာများအား လေ့လာလိုက်စားခဲ့ရာတွင် အထူးသဖြင့် ကျွန်ုပ်ငယ်စဉ်ကတည်းက အလွန်ဝါသနာထုံစိတ်ဝင်စားခဲ့သော အင်းစမပညာရပ် (ဝါ) မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအတတ်ပညာကို အထူးပြုလေ့လာလိုက်စားနေသည်မှာ ယနေ့ထိတိုင် ဖြစ်၏။ ထိုအင်းအတတ်ပညာကို ကျွန်ုပ် အင်မတန်မြတ်နိုး၏။ အလေးထား၏။ ငယ်စဉ်ကလေးဘဝ စတုတ္ထတန်းကျောင်းသား (၁၀) နှစ်၊ (၁၁) နှစ်သားအရွယ်လောက်တွင် ကျွန်ုပ်သည် ဂါထာမန္တန်စာအုပ်များ၊ အင်းကျမ်းများကို စ၍လေ့လာဖတ်ရှုနေပေပြီ။ အင်းကွက်၊အင်းစမရုပ်ပုံများကို မြင်ရလျှင်ပင် ကျေနပ်နှစ်ခြိုက်နေမိတော့၏။ မည်သူကမျှ အထူးမတိုက်တွန်းဘဲ ဂုဏ်တော်ပုတီးစိပ်ခြင်း၊ ဂါထာမန္တန်များရွတ်ခြင်းကို ထိုအချိန်ကပင် စ၍လုပ်ဆောင်နေပေပြီ။ မှော်စက်ရှင်၊ မှော်စက်ရောင်၊ ဆရာမြစကြာတို့၏ စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲဝတ္ထုတွေကိုလည်း ဖတ်တတ်နေသည်။ အမိ၊ အဖတို့က ငယ်ငယ်ရွယ်ရွယ်နှင့် မှော်ရူး၊ ဝိဇ္ဇာရူးဖြစ်မှာစိုးပြီး ကျောင်းစာလစ်ဟင်းမှာစိုး၍ နောက်ဆုံး ရိုက်နှက်ဆုံးမတားဆီးခြင်းကိုပါခံခဲ့ရပေသည်။ ထို့ကြောင့် မိဘတို့ဖြစ်စေချင်သည့်အတိုင်း ပညာတတ်ဖြစ်စေရန် ကျောင်းစာကိုလည်း ကြိုးစားခဲ့သည်။ ဝါသနာပါသော ဂမ္ဘီရဝိဇ္ဇာမယဆိုင်ရာ ကျမ်းစာ၊ စာပေတို့ကိုလည်း ခိုးဖတ်၊ ခိုးလုပ်ခဲ့ရပါသည်။ ကျောင်းစာ၌လည်း ကျွန်ုပ်သည် စာတော်သည့်စာရင်းထဲ၌ပါသလို မှော်ရူး၊ ဝိဇ္ဇာရူးဟုသူငယ်ချင်းများက ဝိုင်းနောက်ခြင်းကိုလည်း များစွာခံခဲ့ရပါလေသည်။

သို့ဖြစ်ရာ ငယ်စဉ်ကလေးဘဝမှစ၍ ကျွန်ုပ် မြတ်နိုးစွာ လေ့လာလိုက်စားခဲ့သော မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယအင်းအတတ်ပညာကို ကျွန်ုပ်သည် ကျွန်ုပ်ကဲ့သို့ စိတ်ဝင်စား ဝါသနာထုံသော လူငယ်များ၊ သုတေသီများ၊ ပညာရပ်လေ့လာ လိုက်စားသောသူများအတွက် ကျွန်ုပ်သိသလောက်၊ တတ်သလောက်လေးများထဲမှ အသုံးဝင်အောင် သိသင့်သိအပ်သော အကြောင်းအရာလေးများကို မှတ်တမ်းပြု တင်ပြမျှဝေချင်၏။ ဤမြင့်မြတ်သော ပညာရပ်ကို စနစ်တကျမှတ်တမ်းပြုစုထားလို၏။ (ထို့ကြောင့် ဥပမာ 'မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိမြန်မာ့အင်းအမျိုးအစားများအားလေ့လာခြင်း' ဟူသော အခန်းဆက် ဆောင်းပါးရှည်ရေး၍၊ 'မြန်မာ့အင်းအမျိုးအစားများအားလေ့လာခြင်း' ဟူသော အခန်းဆက်ဆောင်းပါးရှည်ရေး၍ မြန်မာ့အင်းပညာများကို စနစ်တကျ အမျိုးအစားခွဲခြားနိုင်အောင် ကြိုးစားနေပါ၏။ မည်သည့်ကျမ်းစာပေများတွင်မှာမှ ထိုသို့ အင်းများကို အမျိုးအစားခွဲခြားသတ်မှတ်ထားခြင်းမရှိသေး၍ ထိုသို့ကြိုးစားလုပ်ဆောင်နေခြင်း ဖြစ်ပါသည်)။

ထိုသို့ ပညာရပ်ကို မျှဝေရာ၌ ကျွန်ုပ်သည် အတတ်နိုင်ဆုံး အင်းပညာကျမ်းများ၌ မပါမဝင်သေးသော ပညာအသစ်အဆန်းများကို ဦးစားပေးရေးသား ဖော်ထုတ်ပါသည်။ သို့မဟုတ် စာဖတ်သူများ၊ ဝါသနာရှင်များအတွက် လက်တွေ့အသုံးကျပြီး ကျွန်ုပ်ကိုယ်တိုင်လက်တွေ့ စမ်းသပ် သိရှိခဲ့သော အစီအရင်များကို ဖော်ထုတ်တင်ပြလေ့ရှိပါသည်။ ထို့မှတစ်ပါး အင်းကျမ်း၊ ဆေးကျမ်းများထဲမှာ ကျွန်ုပ်ကိုယ်တိုင် ခြေခြေမြစ်မြစ် ကောင်းစွာ နားလည်သဘောပေါက်ပြီး အများပြည်သူအတွက်လည်း အသုံးဝင်နိုင်မည့် အစီအရင်မျိုးများကိုသာ ဖော်ထုတ်တင်ပြလေ့ရှိသည်။

ဤမှုဝါဒအရ ယခုဖော်ထုတ်တင်ပြအပ်သော အစီအရင်တစ်ခုမှာ ကျွန်ုပ်အား ယုံကြည်ကိုးစား အားထားသူအတွက် ကျွန်ုပ် စီရင်ပေးလိုက်သော အစီအရင်တစ်ခု၏ လက်တွေ့အကျိုးတန်ခိုးသိဒ္ဓိရှိပုံကို တင်ပြလိုခြင်း ဖြစ်ပါသည်။ ထိုအစီအရင်ကား ဤဆောင်းပါးခေါင်းစဉ်ပါအတိုင်း 'တန်ခိုးကြီးမားပထမံပုဒ္ဓရုပ်အက္ခရာစမအင်းဘုရား' အစီအရင်တစ်ခုအကြောင်း ဖြစ်ပါသည်။

မြန်မာ့အင်းစမပညာရပ်၌ ဗုဒ္ဓရုပ်အက္ခရာစမအင်းများစွာရှိသည့် ခနက်စီရင်ပေးလိုက်သော ဗုဒ္ဓရုပ်အက္ခရာစမအင်းမှာ ဝိဇ္ဇာလောက၌ လူသိများထင်ရှားလှသော ရာဇဝင်လာ အဘပထမံ ဘိုးဘိုးအောင်၏ ပထမံဗုဒ္ဓရုပ်ရုပ်ပုံစမအင်းဘုရားအစီအရင်ပင် ဖြစ်ပေသည်။ ကျွန်ုပ်၏ အင်းအမျိုးအစားခွဲခြားခြင်းနည်းစနစ်အရဆိုပါမူ ဤအစီအရင်သည် ရုပ်ပုံဆောင်ဗျည်းအက္ခရာစမအင်းအမျိုးအစားများ (Different Images Of Myanmar Magic Squares With Alphabets) ထဲတွင် ပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာရယ်၊ ကျွန်တော်တို့က ကုန်ရောင်းကုန်ဝယ်စီးပွားရေးလုပ်ငန်းတွေလုပ်ပါတယ်။ သမီးက အလှကုန်နဲ့ အလှပြင်ဆိုင်ဖွင့်ထားပါတယ်။ မကြာသေးခင်နှစ်ကစလို့ စီးပွားရေးလေးတွေလည်း ကောင်းလာပြီး အရင်သွပ်မိုး၊ ထရံကာအိမ်ကနေ တိုက်ခံအိမ်လေးဝါ ဆောက်လာနိုင်ပါတယ်။ အဲဒါနဲ့ သိပ်မကြာပါဘူး၊ ကျွန်တော်တို့အိမ်မှာ အရင်ကမဖြစ်ဘူးတာတွေဖြစ်လာတယ်။ ဘာတွေဖြစ်လာသလဲဆိုတော့ အိမ်မှာ မကြာခဏ အထိတ်တလန့်တွေဖြစ်တယ်။ အိမ်ထဲမှာ မကြာခဏမည်းမည်း အရိပ်ကြီးလိုအကောင်ကြီးကို တွေ့ရတယ်။ တစ်အိမ်သားလုံးမကြာခဏတွေ့ရတယ်။ ကျွန်တော့်သမီးဆိုရင် အိပ်နေတုန်း ခဏခဏတစ်စုံတစ်ယောက်က လည်ပင်းညှစ်တာမျိုးခံရတာတို့၊ ကျွန်တော်ဆိုရင်လည်း အိပ်ပျော်နေတုန်း ခြေထောက်ကို လာဆွဲလို့ လန့်နိုးရတာမျိုး၊ ကျွန်တော့်မိန်းမဆိုလည်း တစ်ခါတလေ အကောင်းကြီးကနေ တက်သွားတာမျိုး၊ ငေးငေးငိုင်ငိုင်ဖြစ်သွားတာမျိုးတွေ တွေ့ရတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ဗေဒင်မေး၊ ယတြာတွေလုပ်ပေါ့။ ဗေဒင်ကတော့ စုန်းဖမ်း၊ နတ်ဖမ်းတယ်၊ မှီးရာကိုင်တယ် စသဖြင့် ပြောပါတယ်။ ကျွန်တော်တို့လည်း ဘုရား၊ တရားအလုပ်ကို ပစ်ပယ်တဲ့လူတွေမဟုတ်ပါဘူး ဆရာရယ်။ ဒါပေမယ့် ဘယ်လိုလုပ်လုပ်မရဘူးဆရာ။ အဲဒါနဲ့ ဆရာ့စာတွေဖတ်ဖူးတဲ့မိတ်ဆွေတစ်ယောက်က ညွှန်းလို့ ဆရာ့ဆီ အခုရောက်လာပြီး ဆရာ့အစောင့်အရှောက်ကို ခံယူချင်လို့ပါ။ ကျွန်တော်တို့ကို ကူညီစောင့်ရှောက်ပါဆရာ"

ဤကား လွန်ခဲ့သော ၂၀၁၂ ခု၊ ဒီဇင်ဘာလပိုင်းလောက်က ကျွန်ုပ်ထံ ရောက်လာသော ကျောက်ဆည်နယ်ဘက်မှ ဦးသံခဲ ဆိုသူက ကျွန်ုပ်ထံ ပြောပြ အကူအညီတောင်းသည့်ကိစ္စဖြစ်ပါသည်။ သူဝန်ခံသည်ကား သူသည် ကျွန်ုပ်၏ စာများကိုလည်း မဖတ်ဘူး၊ သူရဇ္ဇမဂ္ဂဇင်းလည်း မဖတ်ဘူးပါ။ သူပြောဆိုခဲ့စဉ်က ထိုကဲ့သို့ သူတို့မှာ မကောင်းဆိုးဝါး အတိုက်အခိုက် အနှောင့်အယှက်ဝင်နေခြင်းသည် သူတို့နှင့် တစ်ရပ်ကွက်၊ တစ်လမ်းတည်းနေ စီးပွားပြိုင်ဘက်တစ်ဦးက ပညာသည်တစ်ဦး၏အကူအညီဖြင့် သူတို့ကိုမနာလိုဖြစ်ပြီးတိုက်ထားသည်ဟုထင်ကြောင်း၊ ထိုပညာသည်ကိုလည်း သူသိကြောင်း။ သို့သော် လက်ဆုပ်လက်ကိုင်မပြနိုင်သဖြင့် ဘာမှလုပ်၍မရကြောင်း၊ ထိုအကြောင်းအရာများကို သိသွားသော သူ၏မိတ်ဆွေမှာ သူရဇ္ဇမဂ္ဂင်းဖတ်လေ့ရှိပြီး ကျွန်ုပ်၏ ဆောင်းပါး၊ ကဗျာကိုလည်း ဖတ်ဖူးကြောင်း။ ထို့ကြောင့် ထိုမိတ်ဆွေက သူရဇ္ဇမဂ္ဂဇင်းမှ ကျွန်ုပ်၏ လိပ်စာ၊ ဖုန်းနံပါတ်တို့ကို စုံစမ်းရယူပြီး လမ်းညွှန်လိုက်သဖြင့် ကျွန်ုပ်ထံရောက်လာရခြင်းဖြစ်ကြောင်း ပြောပြပါသေးသည်။

ကျွန်ုပ်ထံ ရောက်လာကြတာသူများမှာ များသောအားဖြင့် သူရဇ္ဇမဂ္ဂဇင်း စာဖတ်ပရိသတ်များဖြစ်ပြီး ကျွန်ုပ်၏စာများကိုပါ ဖတ်ဖူးကြလျက် ကျွန်ုပ်အား လေးစားယုံကြည်အားထားစွာ ရောက်လာကြသူများသာ ဖြစ်လေ့ရှိကြပါသည်။ ပြည်တွင်းမှသာမက ပြည်ပနိုင်ငံရောက် စာဖတ်ပရိသတ်များလည်း လာရောက်တတ်ကြသည်။ လာရောက်ကြသောသူများမှာ များသောအားဖြင့် အခက်အခဲရှိ၍ အကူအညီတောင်းလိုသူများကများသလို ကျွန်ုပ်ထံမှ အဆောင်ကလေးတစ်ခုခုကို ရယူလိုသောကြောင့် လာကြသူများလည်းပါပါသည်။

"အဆောင်လေးတစ်ခုခုချီးမြှင့်ပါဆရာရယ်"

ဟူသောသူများကိုလည်း ကျွန်ုပ်က ပြန်မေးရသေးသည်။ ဘာအတွက်၊ ဘယ်သို့သောကိစ္စအတွက် အဆောင်လိုချင်တာလဲ ဆိုသည်ကိုသိမှ ကျွန်ုပ်က သင့်လျော်သော အဆောင်မျိုးကိုပေးနိုင်မည်ဖြစ်ပေသည်။ ကျွန်ုပ်ပေးလိုက်သောအဆောင်သည် သူ့လိုအင်ဆန္ဒနှင့် မကိုက်ညီပါက သူ့အတွက်လည်း မကောင်း၊ ကျွန်ုပ်အတွက်လည်း မကောင်း။ လာဘ်လာဘဝင်ချင်သူကို ပယောဂကိုယ်ခံအင်းအစီအရင်ပေး၍ မရ။ မျက်နှာပွင့်အလန်းဖြစ်ချင်သူကို ကိုယ်လုံအဆောင်ပေး၍ အကျိုးမရှိချေ။ ထိုသို့ မေးရခြင်းမှာ အချို့က အဆောင်တစ်ခုသည် သဗ္ဗကိစ္စ အလုံးစုံပြီးမြောက်သည်ဟု ထင်နေတတ်ကြသောကြောင့် ဖြစ်ပါချေသည်။ အနာနှင့်ဆေးတည့်အောင်ပေးရသလို အဆောင်နှင့်လိုအင်ဆန္ဒတစ်ထပ်တည်းကျမှ ကိစ္စပြီးမြောက်ခရီးရောက်ပေလိမ့်မည် ဖြစ်သည်။

ခက်သည်က တစ်ခါတစ်ရံတွင် အဆောင်က တောင်းတိုင်းလည်း ကျွန်ုပ်ထံ၌ အဆင်သင့်ရှိချင်မှရှိပေမည်။ အချို့က အဆောင်ကို ကျွန်ုပ်က တစ်ထိုင်တည်းလုပ်ပေးနိုင်သည်ဟုထင်ကြသည်။ ထိုသို့ မဟုတ်ပါချေ။ ထိုသို့မဟုတ်ကြောင်း ကျွန်ုပ်ရေးသားခဲ့သော 'မြန်မာ့အင်းပညာအကြောင်း တစေ့တစောင်း လေ့လာခြင်း' အခန်းဆက်ဆောင်းပါးရှည်များကိုဖတ်ဖူးသော စာဖတ်ပရိသတ်ကမူ သိကြသည်။ ဂါထာတစ်သောင်း အင်းကောင်းတစ်ကွက်၊ ဆေးကောင်းတော့တစ်စက်၊ အင်းကောင်းတော့တစ်ကွက် ဟူသည့် အင်းကို အင်းနှင့်တူအောင် သူ့နက္ခတ်ခပါဒ်အဝင်၊အထွက်၊ စုတ်ကြိုက်၊ ဉပါဒ်ကြိုက် စသဖြင့် အချိန်အခါကိုက်၊ နည်းစနစ်ကျနစွာ စီရင်နိုင်ပါမှသာလျှင် ထိုအင်းကွက် တစ်ကွက်ဆိုဆိုသလောက် ပြီးမြောက်မည် ဖြစ်ပါသည်။ အချိန်မရွေး တစ်ထိုင်တည်း ရေးစီရင်၍ လွယ်ကူစွာလုပ်၍ရသောအရာမျိုး၊ ပညာမျိုးမဟုတ်ကြောင်း အလျဉ်းသင့်တုန်း စာဖတ်သူများကိုပြောပါရစေ။ အကြောင်းမူ အချို့က အဆင်သင့်မရှိ၍ မပေးလိုက်နိုင်သည်ကို ဆရာလက်ပေါက်ကတ်သည်၊ မာနကြီးသည်ဟု ထင်မြင်လွဲမှားသွားတတ်ကြသည်ကိုတွေ့ရဖူးသောကြောင့် ဖြစ်ပါသည်။


ယခု ကျွန်ုပ်ထံသို့ ရောက်လာကြသော ဦးသံခဲတို့မိသားစုကား ကံကောင်းကြပါသည်။ ကျွန်ုပ်ထံတွင် ၂၀၁၂ ခု၊ တန်ဆောင်မုန်းလပြည့်ညက စီရင်ထားသော အင်းအစီအရင်တချို့ရှိနေသည်။ ထိုရှိနေသောအစီအရင်များထဲမှ ယခုဆောင်းပါးပါ အဘပထမံဘိုးဘိုးအောင်စီရင်ခဲ့ဖူးသော ပထမံဗုဒ္ဓရုပ်ရုပ်ပုံအက္ခရာစမအင်းဘုရားကို ဦးသံခဲတို့အား ပေးလိုက်သည်။ သူရဇ္ဇမဂ္ဂဇင်းစာပရိသတ်မဟုတ်၊ ကျွန်ုပ်စာဖတ်ပရိသတ်လည်း မဟုတ်လင့်ကစား ကျွန်ုပ်၏ စာဖတ်ပရိသတ်တစ်ဦးက ကျွန်ုပ်အား ယုံကြည်အားကိုးစွာ လမ်းညွှန်လိုက်ခြင်း၊ ဦးသံခဲတို့မိသားစုကိုကြည့်ရသည်မှာ ရိုးသားအေးဆေးသောပုံပေါက်များ ရှိသည်ဟုယုံကြည်ခြင်းအပြင် ဒုက္ခရောက်သူ၊ အခက်အခဲကြုံနေသူများကို ကူညီစောင့်ရှောက်ရန် အမြဲလိုလားသော ကျွန်ုပ်၏ စိတ်ရင်းစိတ်ဆန္ဒစေတနာအရ ကူညီလိုက်ခြင်း ဖြစ်ပါသည်။

"ကိုင်း - ဦးသံခဲရေ၊ ဒီဗုဒ္ဓရုပ်အင်းဘုရားကို ပလတ်စတစ်လောင်းပြီး ဘုရားကျောင်းဆောင်မှာ တင်ဆောင်ပူဇော်ထား။ အင်းအစီအရင်ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာလည်း ဥဒ္ဒိဿစေတီအဝင်ပဲ။ ဒါကြောင့် ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပါ။ အရေးကြုံရင် လိုတဲ့ဆုတောင်းပါ။ ဒီပုဗ္ဗရုပ်အင်းဘုရားဟာ အဘပထမံဘိုးဘိုးအောင်ရဲ့ အစီအရင်တစ်ခုဖြစ်တယ်။ ရိုရိုသေသေဆောင်ပါ။ မသန့်ပြန့်တဲ့နေရာတွေ၊ အသုဘ စတဲ့ အမင်္ဂလာနေရာတွေကို မယူသွားနဲ့။ အမျိုးသမီးတွေ ကိုယ်လက်မသန့်ဖြစ်နေတဲ့အခါ မကိုင်မိစေနဲ့။ အိမ်ရောက်ရင် ကန်တော့ပွဲတစ်ပွဲပေးပြီး ပူဇော်ပါ။ အဘပထမံဘိုးဘိုးအောင်ကိုလည်း မေတ္တာပို့၊ အမျှဝေပါ။ ဒါကသူ့ရဲ့ပညာဖြစ်လို့ပဲ။ ခင်ဗျားတို့တွေ့ကြုံနေရတဲ့ အမှောင့်ပယောဂ၊ အတိုက်အခိုက်၊ သူပြုလူပြုတွေပျောက်ကင်းချမ်းသာသွားလိမ့်မယ်။ မထူးခြားရင် ပြန်ပြော ဟုတ်ပြီလား။ ကိုင်းကိုင်း-ရော့"

ဤသို့ဖြင့် ဦးသံခဲနှင့် မိသားစုတို့ ကျွန်ုပ်ထံမှ အဆောင်အင်းကိုယူ၍ ဝမ်းမြောက်ဝမ်းသာပြန်သွားကြ၏။ ပညာကို ပူဇော်တာပါဟုဆိုကာ ကျွန်ုပ်တားသည့်ကြားမှ အတင်း ပစ္စည်းနှင့် ငွေကြေးတို့ကို ဂါရဝပြုထားခဲ့ကြပါသည်။

ထို့နောက် (၂) လခန့်အကြာတွင် ဦးသံခဲ ကျွန်ုပ်ထံပြန်လာပြန်၏။

"ဆရာရေ ဆရာ့အင်းဘုရား စွမ်းချက်ကတော့ တကယ်ပါပဲ။ အခု ကျွန်တော်တို့အိမ်မှာ အေးချမ်းသွားပြီ ဆရာ။ ဘာမှကိုမဖြစ်တော့ဘူး။ ထူးခြားတာတစ်ခုက ကျွန်တော်တို့ကို အတိုက်အခိုက်လုပ်ထားတယ်ထင်ရတဲ့ ပညာသည်ကြီးဟာ ခါတိုင်းဆော့ ကျွန်တော်တို့အိမ်ရှေ့ကဖြတ်သွားရင် မျက်စောင်းထိုးကြည့်သွားလေ့ရှိတယ်။ ဆရာ့အင်းဘုရား အိမ်မှာရောက်ပြီးနောက် သတိထားမိလိုက်တာက အဲဒီပညာသည်မိန်းမကြီးဟာ အခုထိ ကျွန်တော်တို့အိမ်ရှေ့ကဖြတ်သွားရင် ခေါင်းငိုက်စိုက်ချသွားရင်သွား၊ မဟုတ်ရင် မျက်နှာလွှဲလွှဲသွားတယ်ဆရာ။ အင်းဘုရားကိုစပူဇော်တဲ့နေ့ညမှာ အိမ်မြှောင်တွေတအားစုတ်ထိုးတယ်ဆရာ။ ကျွန်တော်တော့မဟုတ်ဘူး။ ကျွန်တော့်မိန်းမကိုတော့ အိပ်မက်ထဲမှာ အကောင်မည်းမည်းကြီးတစ်ကောင်က နင်တို့လက်ဦးသွားတယ်လို့ ပြောပြီး အိမ်အပြင်ထွက်သွားတယ်လို့ ပြန်ပြောပြတယ်ဆရာ။ ခုတော့ အားလုံးအေးချမ်းသွားပါပြီ ဆရာ။ ဩော် - နောက်တစ်ခုပြောရဦးမယ်ဆရာ။ အဲဒါက ကျွန်တော်တို့အိမ်နောက်ဖေးဘက်မှာ မြွေ၊ ကင်း တအားပေါတယ် ဆရာ။ အများဆုံးကတော့ နှာတို (မြွေပွေးကိုဆိုလိုသည်) တွေပေါတယ် ဆရာ။ အခု အင်းဘုရားရောက်ပြီးတဲ့နောက် မပြောနဲ့ ကင်းတောင်တစ်ကောင်တ[...] မှ မရှိအောင်ပျောက်သွားတယ် ဆ[...] အဲဒါ ဆရာ့ကို ကျေးဇူးတင်လွှ[...] အကျိုးအကြောင်းပြောရင်း လာဂါရ[...] တာပါ ဆရာ မငြင်းပါနဲ့"

ဤကား အဘပထမံဘိုး[...] အောင်၏ပညာရပ်ဖြစ်သော ပထမံ[...] ရုပ်အက္ခရာစမအင်းဘုရား၏ တန်[...] ကြီးမားပုံ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုဖြ[...] သည်။ ဤပုဗ္ဗရုပ်အက္ခရာစမအင်းဘု[...] ကို ကျွန်ုပ် မှတ်မိသလောက် လူ(၇[...] ခန့်ကို ပေးဖူးသည်။ အားလုံးထူး[...] ပါသည်ဟု ပြောကြပါသည်။ ဇ[...] က ကလေးမလေးတစ်ယောက်လ[...] အမှောင့်ပယောဂ အနှောင့်အယှ[...] ဘေးမှ ကင်းဝေးချမ်းသာသွားသ[...] ပြောဖူးသည်။ အထူးသဖြင့် နေအိမ်[...] ခြံ၊ အတိုက်အနှောင့်အယှက်များမှ[...] ဤပထမံပုဗ္ဗရုပ်အက္ခရာစမအင်းဘု[...] အား သုရဿမဂ္ဂဇင်းစာဖတ်ပရိသတ်[...] နှင့် ကျွန်ုပ်၏စာများအား ဂရုပြု[...] ထားဖတ်ရှုနေသူ စာဖတ်သူအပေါင်း[...] အကျိုးအလို့ငှာ အောက်တွင်စီရင်န[...] ကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

ယခု ဖော်ပြထားသော ရု[...] ဆောင် ဗျည်းအက္ခရာစမအင်းမှာ [...] ဝင်မှာ စာတင်ခဲ့ရသော အလွန်ထင်[...] သည့် ကုန်းဘောင်မင်းဆက် ဘိုး[...] ဘုရားလက်ထက်တွင် ပေါ်ပေါ[...] သော မြန်မာ့ဂန္ធာရီ ဝိဇ္ဇာမယ သိဒ္ဓိ[...] အဘပထမံဘိုးဘိုးအောင် စီရင်အသုံး[...] ခဲ့သော ပုဗ္ဗရုပ်ရုပ်ပုံအက္ခရာစမအင်း[...] ဖြစ်ပါသည်။ ဘုရားပုံတော်အင်းစမ [...] သဖြင့် ပထမံပုဗ္ဗရုပ်ရုပ်ပုံအက္ခရာ[...] အင်းဘုရားဟု ခေါ်ဆိုအပ်ခြင်း ဖြစ်[...] သည်။ ဗျည်းအက္ခရာစမများဖြင့် ဘု[...] ပုံတော်ဖော်ဆောင်ရေးဆွဲပူဇော်ရသ[...] ဥဒ္ဒိဿစေတီတော်ထိုက်ပါသည်။ ဘု[...] တစ်ဆူဖြစ်ပါသည်။ ဆောင်ယူခဲ့ပါ[...] အင်းဟုမမှတ်ဘဲ ဘုရားရုပ်ပွားတော်[...] တစ်ဆူဟု မှတ်ယူပူဇော်ရပါမည်[...] 'စာတစ်လုံး ဘုရားတစ်ဆူ' ဟူသော[...] ဆိုစကားရှိလေရာ စာအက္ခရာများ[...] စီမံရေးဆွဲစီရင်အပ်သော ဘုရားပုံတော်[...] အက္ခရာစမအင်းဘုရားဖြစ်သဖြင့် မူ[...] ဘူတကပင် ဘုရားရိပ်ဘုရားဟိတ်များ[...] ကိန်းအောင်းနေပြီဖြစ်ပါသည်။ ထိုဘုရား[...] ပုံတော်ကို ဝိဇ္ဇာမယလောကီပညာတို့[...] စနစ်တကျ စီရင်စီမံလိုက်သော[...] မူလကပင် တန်ဖိုးရှိလှသော စိန်[...]

www.burmeseclassic.com

...ပတ္တမြားတို့ကို စနစ်တကျ ...အကွက်ဖော်လိုက်သောအခါ ...လှပတင့်တယ်တန်ဖိုးကြီးမားလာ ...သို့ တန်ခိုးသိဒ္ဓိဓာတ်များအထွတ် ...သို့ တက်ရောက်ပွားများလာလေ ... သာမန်လူများပင် တွေးမိတွေး ...သိနိုင်တန်ရာပါသည်။

**...ဆန်အက္ခရာစမများ**

... ဝ၊ ဂ၊ က၊ စ၊ ခ၊ ဒ၊ ဥ၊ ဋ၊ င၊
... ဗ၊ မ၊ ဖ၊ ဏ၊ ပ၊ ခ၊ န၊ ဠ၊ ထ၊
... တ၊ သ၊ ချ၊ ဌ၊ ဃ၊ ဘ၊ ဆ၊ လ၊
... ည၊ ရ၊ အံ၊ အ၊ ဣ၊ ဤ၊ ဉ၊ ဦ၊
... အ။

...ပုံတော်ကို ရေးဆွဲစီရင်ရာ၌ ...ကွက်ဖော်ပြပါ အင်းဆန်အက္ခရာ ...စမဂဏန်းများကိုအတိုင်း အစဉ် ...ရေးသွင်းရေးဆွဲရပါမည်။ (ထိုသို့ ...ဆွဲတတ်စေရန် စီရင်ခြင်းမပြုမီ ...ထပ် အလွတ်ရေးဆွဲလေ့ကျင့် ...ရန်လိုပါသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် ... ကြာသွားက ပြန်လည် ရေးဆွဲ ...ကျင့်ရပါသည်။)

ထို့နောက် အောက်ပါအတိုင်း ...လိုက် စီရင်ဆောင်ရွက်ရပါသည်။

၁။ ဘုရားကို ကန်တော့ပွဲ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ သက်သတ်လွတ်ဆွမ်း ကပ်လှူပြီးမှစီရင်ပါ။
၂။ မစီရင်မီ နဝင်္ဂသီလ အနည်းဆုံး (၃) ရက်မှ (၉) ရက်ဆောက်တည်ထားပါ။
၃။ ပုံတော်စီရင်ပြီးက အနေကဇာတင်ပါ။ အနေကဇာတင်ဂါထာဖြင့် (၃) ကြိမ်ရွတ်ပူဇော်ပါ။
၄။ ၂၄-ပစ္စည်းဖြင့် (၃၇) အုပ်စုတ်ပါ။
၅။ ဂုဏ်တော်ဖြင့် (၁၀၀၀) စုတ်ပါ။ မတတ်နိုင်က (၁၀၈) ခေါက် အနည်းဆုံးစုတ်ပါ။
၆။ အဘပထမံဘိုးဘိုးအောင်ကိုလည်း သက်သတ်လွတ်စားဖွယ်၊ သောက်တော်ရေချမ်းများ ကပ်လှူပါ။
၇။ စီရင်ပြီးသောအခါ မေတ္တာပို့ အမျှဝေပါ။

**...မှတ်သားရန် -**

၁။ ဆောင်ယူမည့်သူကား ကာမေသုနှင့် သုရာမေရယကံ (၂) ပါး ထိန်းနိုင်မှ ...ပေးပါ။ (မထိန်းနိုင်လျှင် ဒုက္ခတွေ့ ...တတ်၊ ရှုံးတတ်သည်။)
၂။ ဗုဒ္ဓရူပ ရုပ်ပုံအက္ခရာစမအင်းဘုရားကို ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း (သတ်သက်လွတ်) မကြာခဏကပ် လှူပါ။
၃။ အသုဘ၊ သချိုင်း၊ မီးနေခန်း၊ ဆေးရုံ စသည့် မသိုးမသန့်နေရာများ၊ ယုတ်ညံ့သောနေရာများသို့ မယူဆောင်သွားပါချေ။
၄။ အမျိုးသမီးများ ကိုယ်လက်မသန့်ရှင်းသည့်အခါ အင်းဘုရားကိုမကိုင်ရပါ။

အရေးအကြောင်းရှိက ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ အမွှေးနံ့သာများကပ်လှူလျက် လိုရာဆုတောင်းပါ။

ကျမ်းဂန်လာ ဤအင်းဘုရား၏ အကျိုးသိဒ္ဓိတို့ကား -

◆ သိမ်ဝင်သပိတ်ကွဲတွင် ရေး၍ ရှိသေစွာဆောင်ရသော် ရန်အမျိုးမျိုး ပပျောက်၏။

◆ မီးပေါက်၊ ဓား၊ လှံ၊ ကျား၊ ခြင်္သေ့တို့ကို ရင်ဆိုင်တွေ့ရသောအခါ မိမိထိပ်၌ဆောင်သော်အောင်၏။

◆ နတ်မိစ္ဆာ၊ နာနာဘာဝ၊ စုန်း၊ ပယောဂကပ်မှီသော် တံစက်လက်ပြန်ရေနှင့်စိမ်၍တိုက် ပျောက်၏။

◆ ရွှေ၊ ငွေ၊ ကြေးကမ္ဘဝါတွင် ခြေကစ၍လိပ် (ကြိုးမတပ်ရ)။ သရဏဂုံ တစ်ထောင် (တတ်နိုင်က) တစ်သောင်း စုတ်သော် ရှိန်းဆာယာအပြီးသို့ရောက်၏။ (ကိုယ်ပျောက်သည်ကိုဆိုသည်။)

◆ အမြောက်၊စိန်ပြောင်းချိန်၍ပစ်က မီးမထွက်၊ မီးမကူး။

◆ သျှိသုံးပါးအပြီးတိုင်၏။ ဒေဝါ၊ သဏ္ဍ၊ ပုရိသနှင့် ဣတ္ထိယတို့ အထူးချစ်ခင်ကြစေ၏။

◆ ရွှေပြား၊ ငွေပြားတွင် ရေးပြီး အနေကဇာတိသံသာရံ အစချီ ဥဒါန်းဖြင့် (၁၀၈) ခေါက်စုတ်၊ ဂုဏ်တော်တစ်ထောင်စုတ်၊ သမ္ဗုဒ္ဓေတစ်ထောင်စုတ်သော် မိုးစွန်အထွတ်၊ ကြယ်ကိုဆွတ်က၊ မုချမမှား၊ ရတုံ့ငြားလိမ့်၊ ဘေးများလွတ်ကင်း၊ အပင်းမဝင်၊ မီးလျှင်မလောင်၊ ပြီးစီးအောင်အံ့ဟု ဆို၏။

◆ ကျောက်ပြားတွင်ရေး၍ မြို့၌ဖြစ်စေ၊ ရွာ၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ ကျောင်းရှိဖြစ်စေ။ ထောင့်လေးထောင့်၌ မြှုပ်သော် ရန်သူအနှောင့်အယှက်တို့ အဘယ်မျှလောက် ကြံစည်သော်လည်း ကြံ၍မရနိုင်။

◆ တန်ပြန်လိုသော် ပေရွက်၊ ပေမူပေါ်တွင် ရေးစီရင်ပြီး မီးနှင့် တိုက်သော် လူတို့၌ကပ်နေသော စုန်းတိုက်၊ နတ်တိုက်၊ မိစ္ဆာအပေါင်း၊ မကောင်းပယောဂအပေါင်းတို့ကို တန်ပြန်၏။

◆ အိုးထိန်းထက်စက်မြေကို မီးခွက်ပြုလုပ်၍ ရုပ်ပွားတော်ပုံရေးပြီး အိမ်၊ ကျောင်း စသည်တို့၌ မီးထွန်းရသော် ရတနာခုနစ်ပါးရမည်။ များစွာသော ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံလာမည်။

◆ ပြဒါးသေ၊ သံသေတို့တွင် ဤဗုဒ္ဓရူပံရုပ်ပုံအက္ခရာစမအင်းဘုရားပုံတော်ကို ရေးစီရင်ပြီး နဘယံဂါထာတော်နှင့် (၅၀၀၀) စုတ်၊ နှုတ်တွင်ဆောင်က ဆင်ပြောင်ဆယ်စီး အားမာန်ကြီး၏၊ တစ်နည်းတစ်လီ မြေမှိုမကင်းကောင်းကင်တွင်းရှိ အင်းဝိဇ္ဇာကျော်သူယောင်ပျော်လိမ့်၊ မှော်ဝင်စုန်းနတ်ကြိုးပြတ်စေဌာ ပေမှာသာချ မမှားပြာယူ ကိုယ်မူသုတ်လိမ်း မြေဖုတ်တစ်ရပ်နှာနှပ်မျက်စဉ်းခတ် ပြီးတုံလတ်က ချမ်းသာရလိမ့် သုခမှီတွေ့၊ ရေမှာကူးလျှင်ခါးမှာဆောင်လေ ရေသတ္တဝါဘေးလွတ်ကင်းဝေး၍ ဘေးမသီလွန်း ရေမမွန်းသည် ဤရူပါဗုဒ္ဓရုပ်စမတည်း။

ဤသည်တို့ကား ပထမံဗုဒ္ဓရူပံရုပ်ပုံအက္ခရာစမအင်းဘုရား၏ တန်ခိုးကြီးမားပုံတို့ဖြစ်ပြီး ဉာဏ်ရှိသလို သုံး၍ရပါသည်။

မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် ဤပထမံဗုဒ္ဓရူပံ ရုပ်ပုံအက္ခရာအင်းဘုရားအပြင် နဝကံရပထမံဗုဒ္ဓရူပံအက္ခရာစမအင်း၊ ဓမ္မသာမိဗုဒ္ဓရူပံရုပ်ပုံအက္ခရာစမအင်း စသဖြင့် ဂိုဏ်းတော်ကြီးများအလိုက်၊ သမားစဉ်ပညာရပ်အလိုက်၊ ကျင့်စဉ်အလိုက် ဗုဒ္ဓရူပံရုပ်ပုံအက္ခရာစမအင်းဘုရားများစွာ၊ အမျိုးအစားများစွာ ရှိပါသေးသည်။ မည်သည့်ဂိုဏ်းကျင့်စဉ်မဆို ထွက်ရပ်လမ်းသို့အရောက်ကျင့်စဉ်များတွင် အင်းစမပညာတက်လမ်းကျင့်စဉ်များ၌ သက်ဆိုင်ရာဗုဒ္ဓရူပံရုပ်ပုံအက္ခရာစမအင်းများ ပါရှိစမြဲ ဖြစ်ပါသည်။

ကျွန်ုပ်ကမူ ဤဆောင်းပါး၌ လက်တွေ့ အကျိုးရှိ တန်ခိုးပြခဲ့သော ပထမံဗုဒ္ဓရူပံရုပ်ပုံအက္ခရာစမအင်းဘုရားအကြောင်းကို ဖော်ထုတ် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးဖြင့် မူလ အင်းပညာရှိ အဘပထမံဘိုးဘိုးအောင်အား ဂါရဝပြုအပ်ပါသည်။

*မေတ္တာများဖြင့်-*
*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*

တြိရတနာ-ဆရာဇေယျာလင်း

Email - thriyadanarzyl@gmail.com

# မင်းနန္ဒရှိန်

## လှေကြီးပျက်ကျွန်း



မြန်မာနှစ် ၁၂၈၀ ပြည့်နှစ်ခန့်က ဖြစ်သည်။

ထိုအချိန်က ဧရာဝတီမြစ်ရိုးကို စုန်ဆင်းလာသော အညာဆန်ရွက်လှေကြီးတစ်စင်းပေါ်တွင် သူကြွယ်ဇနီးမောင်နှံတို့ လိုက်ပါလာခဲ့သည်။

စင်စစ်တော့ ထိုလှေကြီးပေါ်တွင် လိုက်ပါလာသည့် သူကြွယ်ဇနီးမောင်နှံတို့မှာ ပြည်ခရိုင် ရွှေတောင်မြို့ကဖြစ်ပြီး အထက်မြန်မာပြည်တွင် မင်းခမ်းရေးရာများ အနည်းငယ်ရှုပ်ထွေးလာသည်နှင့် အမျှ တစ်တောတစ်ကြက်ဖတွန်သလို သူပုန်သူကန်များကလည်း တောမီးလောင် တောကြောင်လက်ခမောင်းခတ်လာကြပြီး တစ်စခန်းထလာသောကြောင့် ရှေ့ရေးကိုတွေးလျက် အောက်ပြည်အောက်ရွာသို့ ကုန်ရောင်းကုန်ဝယ်ပြုဟန်ပြုလျက် မိမိတို့၏ အညာဆန်ရွက်လှေကြီးနှင့် စုန်ဆင်းလာခဲ့ခြင်း ဖြစ်သည်။

သူကြွယ်ကြီးတို့ဇနီးမောင်နှံတို့၏ ရွှေအညာရွက်လှေကြီးမှာ ပေ (၁၀၀) ခန့် ရှည်လျားပြီး လှေကြီး၏ အနံမှာ (၁၅) ပေခန့် ရှိ၏။ လှေကြီးဦးပိုင်းတွင် လူ(၇)ယောက်ခန့် ဝိုင်းဖွဲ့ထမင်းစားနိုင်လောက်အောင် ကျယ်ပြန့်သည်။ ပဲ့ပိုင်း၌ အနည်းငယ်ရှူး၍ကျဉ်းသကဲ့သို့ထင်ရပြီး ရေစီးခွဲထွက်မှုကောင်းရန် ပဲ့ပိုင်းကို အနည်းငယ်ကော့ထားကာ လှေကိုထိန်းရန် ပဲ့ကိုင်စင် (တက်မကိုင်ရန် ခပ်မြင့်မြင့်ထိုင်ခုံ) တစ်ခု ပြုလုပ်ထားလေသည်။

ရွှေခေတ် ပင်လယ်ကမ်းရိုးတန်းနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ရေကြောင်းသွားလာကြရသော လှေကြီးများမှာ လွန်စွာကြီးမားပြီးလျှင် ရေဒဏ်၊ မိုးဒဏ်နှင့် လှိုင်းဒဏ်ခံနိုင်အောင် ကျွန်း၊ ပျဉ်းကတိုး၊ သင်္ဘော၊ ပိတောက်၊ ယမနေ သားများနှင့် လှေစပ်ကြပြီးလျှင် လှေတော်ကြီးများကို ရွက်တိုင်ထူလျက်သွားလာကြရသည်။ ထိုလှေကြီးများ၏ဦးပိုင်းနှင့် ပဲ့ပိုင်းတို့တွင် လူတစ်ရပ်နီးနီးရှိသော ကျားရုပ်၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ ဂဠုန်ရုပ် ... လောကနတ်ရုပ်တု၊ လူရုပ်တုများ ... ပန်းပုထုပြီး ဆေးကနုတ်များ ရေးခြယ် ... လျက် အနုပညာမြောက်စွာ တန်ဆာဆင်ထားလေ့ရှိကြပါသည်။

ယခု ရွှေတောင်မြို့မှ သူကြွယ် ... မောင်နှံတို့ စီးလာကြသော ရွက်လှေကြီး ၏ဦးပိုင်းတွင် လူရုပ်တုနှစ်ခုကို ထု ... ထားပြီး ပဲ့ပိုင်းတွင် ကျားရုပ်ကြီးတစ် ... ကို ပန်းပုထုလုပ်ထားသည်။ အဝါရောင် ... မှာ အနက်ကျားထားသည့် ကျားရုပ် ... ကြီးမှာ နေရောင်နှင့်အတူ ရွှေဝါရောင် ... တောက်နေသည်မှာ အသက်ဝင် ... သည်။

တစ်ခါတစ်ရံတွင် ဧရာဝတီမြစ် ... အတွင်း ရေစီးသန်၍ ရေစီးကြမ်းသော ...



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှေတော်ကြီးမှာ ရှေ့သို့ နိုင်သဖြင့် လှေထိုးသားများ နီးစပ် တို့ကပ်၍ 'လူးတားပေါက်' ရ သည်။

လှေသမားများ၊ ဖောင်သမားများ တွင် ရောဝတီမြစ်ရိုးတစ် သွားလာဖူးကြကုန်သော လှေ ဖောင်သမားများမှာ လူးတား ခြင်းနှင့် မရင်းနှီးခဲ့ဘူးသူ ဟူ၍

တကယ်တော့ လူးတားပေါက် ဆိုသော အမိပ္ပာယ်မှာ ဤသို့ဖြစ်

\- မြန်မာဘာသာစကားဟောင်း (လှေသမား၊ ဖောင်သမားတို့ ပေါ်ရာဇာစကားဟောင်း)

လှေသမား၊ ဖောင်သမားတို့သည် ပေါက်သည် ဟူသော ဝေါဟာရ တို့ သုံးစွဲတတ်ကြ၏။

အမိပ္ပာယ်မှာ အဆုံးမှ တစ်ဖန် အစပြန်၍လုပ်ခြင်းကို ဆိုလိုသည်။

လှေဖြင့် မြစ်ညာသို့ ဆန်တက်ရာ၌ ရေစီးသန်၍ လှေ၊ ဖောင်များ မဆန်တက်နိုင်ခဲ့လျှင် လှေဦးကို ကြိုးဖြင့် ချည်နှောင်၍ ကမ်းပေါ်မှ လှေထိုးသားများသည် ကြိုးစကိုဆွဲကိုင်ပြီးလျှင် မြစ်ညာရှိ သစ်ပင်တစ်ပင်တွင်သွား၍ချည်နှောင်သည်။ ထို့နောက် လှေသို့ပြန်လာ၍ ကြိုးစကိုကိုင်တွယ်ဆွဲငင်ပြီးဆန်တက်ကြသည်။ တစ်ဖန် ကြိုးစဆုံးပြန်လျှင် အထက်ကနည်းအတိုင်း ပြုလုပ်ပြန်သည်။ ထိုသို့ပြုလုပ်ခြင်းကို လူးတားပေါက်သည်ဟု လှေသမား၊ ဖောင်သမားတို့လောကတွင် ခေါ်ဆိုကြသည်။

ဤစကားအမိပ္ပာယ်ကို ထောက်ချင့်၍ 'လူးတားကဗျာ' ဖြစ်ပေါ်လာရသည်။ လူးတားစကား၏အမိပ္ပာယ်မှာ အဆုံးမှတစ်ဖန် ထိုအဆုံးသို့ပင် အစပြန်



www.burmeseclassic.com

www.burmeseclassic.com

ကောက်သောကြောင့် လှေဖောင်ဆန်ခြင်းကိုစွနှင့် များစွာ တူညီနေရကား လူးတားပေါက်သည် ဟူသော မြန်မာစကားမှ ဆက်နွယ်ကာ လူးတားကဗျာ ဟူသော အဖွဲ့အနွဲ့တစ်မျိုးကို မှည့်ခေါ်စပ်ဆိုဖွဲ့နွဲ့ဟန်တူသည်။

ယခုအခါတွင် ရှေးခေတ် အညာရွက်လှေကြီးများကို မတွေ့ရတော့ချေ။ လှေခေတ်၊ လှည်းခေတ်မှ လေယာဉ်ပျံခေတ်၊ မီးရထား၊ မော်တော်ကားခေတ် ဖြစ်လာသည်က သစ်တောများပြုန်းတီးလာ၍၊ သစ်များရှားပါးလာ၍ ရှေးခေတ် လှေကြီးများကို မစပ်နိုင်တော့ချေ။ စာရေးသူ မှတ်မိသမျှ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နှင့် ဖျာပုံမြို့တွင် အညာရွက်လှေ (၂) စီးကို တွေ့ရှိခဲ့ရပါသည်။

ယနေ့ ကျိုက်လတ်မြို့ တိလောကမာရဇိန်ဘုရားကြီး၏ တန်ဆောင်းတော်နတ်လမ်းရှေ့တွင် အမြင့် (၆) ပေကျော်ခန့်ရှိ သစ်သားပန်းပုရုပ်တုကြီး(၂)ခုနှင့် ကျားရုပ်တုကို ရှေးအညာဆန်ရွက်လှေကြီးများ၏ လက်ရာအဖြစ် တွေ့ရှိနိုင်ပါသည်။ လူရုပ်တုကြီးနှစ်ခုမှာ အနက်ရောင်စစ်စီးများသုတ်ထားပြီး ခါးတောင်းကျိုက်သော နံငယ်ပိုင်းနေရာတွင် ဆေးအဖြူသုတ်၍ထားပါသည်။ လူရုပ်တုကြီး (၂) ခုမှာ ရခိုင်ရုပ်တုကြီးများဟုသိရပြီး ထူးခြားသည်မှာ ထိုရုပ်တုများ၏ချက်မှာ မူလဆေးသားများပြယ်လျက်ရှိပြီး အဖြူရောင်လွင့်လျက်ရှိ၏။ ဘုရားဖူးများက ထိုရုပ်တုများ၏ချက်ကို လက်ဖြင့်ရစ်ခြင်းဖြင့် ဗိုက်ရောဂါများပျောက်သည်ဟု ယုံကြည်ပြီး ချက်ကို လက်ဖြင့်ရစ်ကြရာမှ ဆေးအနက်များ ပြယ်သွားခြင်း ဖြစ်သည်။ ကျားရုပ်ကြီးဆောင့်ကြောင့်ထိုင်နေသည့်ရုပ်တုမှ ရှေးက ဧရာဝတီမြစ်တွင်း သွားလာကြသော လှေသူကြီးများက လှူဒါန်းခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

၁၉၇၅ ခုနှစ်ဝန်းကျင်က ဖျာပုံမြို့တွင် အညာလှေကြီးတစ်စင်း မီးလောင်ရာ အနီးပတ်ဝန်းကျင်အား မီးစွဲလောင်မည်စိုး၍ မြစ်လယ်သို့ ဆွဲသွားပြီး နစ်မြုပ်လိုက်သည်ကို မျက်ဝါးထင်ထင်တွေ့ခဲ့ဖူးပါသည်။

အညာလှေကြီးမှာ ပေ (၁၀၀) ကျော်ပြီး ဆန်အိတ်နှစ်ထောင်ကျော်ခန့် တင်နိုင်သောလှေကြီးမျိုးဖြစ်သော်လည်း ထိုလှေကြီးထဲတွင် ရေနံစိမ်းများတင်၍ ရောင်းဝယ်ဖောက်ကားရာမှ ပေါ့ဆ၍ မီးလောင်ကာ ရှေးအညာဆန်လှေကြီးမှာ ဆုံးရှုံးသွားရခြင်းဖြစ်၍ များစွာနစ်နာလှပါသည်။

တောင်ငူမြို့တွင် စစ်တောင်းမြစ်အတွင်းမှ ၂၀၁၂ ခုနှစ်၊ မေလ၊ ၂၄ ရက်နေ့က သက်န်းသားနှင့် လုပ်ထားပြီး လုံးပတ် (၁၀) ပေခွဲ၊ အရှည် (၆၃) ပေရှိ သစ်လုံးထွင်းလှေတစ်စီးကို တူးဖော်ရရှိခဲ့ကြသည်။ တောင်ငူခေတ် ဘုရင့်နောင်ကျော်ထင်နော်ရထာ (ရှင်ရဲထွတ်) ရေကြောင်းချီတုန်းကလှေဟုသက်ကြီးစကား သက်ငယ်ကြားခဲ့ရပါသည်။ တောင်ငူမြို့ (၂၃)ရပ်ကွက် သဲစုရကျေးရွာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် ရှေးဟောင်းလှေကြီးတင်ထားရာ လာရောက်ကြည့်ရှုသူများနှင့် စည်ကားလှသည်မှာ မြန်မာ့ရိုးရာ ရှေးဟောင်းလှေကြီးများ မြန်မာတို့မည်မျှ စိတ်ဝင်တစား တန်ဖိုးထားကြသည်ကို ပြသနေခြင်းဖြစ်၍ ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းထားခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြရာရောက်ပါသည်။

**ထူးခြားသောဓလေ့ဆန်း**

လှေကြီးပျက်ကျွန်းတွင် နှစ်စဉ်ပြုလုပ်ရသောဓလေ့တစ်ခုရှိပါသည်။ ထိုဓလေ့မှာ ပင်လယ်ကန်တော့ခြင်းဓလေ့ပင် ဖြစ်သည်။ ပင်လယ်ပိုင်းအရပ်နှင့် ဆက်စပ်နေသည်ကတစ်ကြောင်း၊ ပင်လယ်ရေကြောင်းသွားသူများ တစ်နှစ်အတွင်း လုပ်ငန်းကိုင်ငန်းအဆင်ပြေစေရန် ပင်လယ်ကို ကျေးဇူးဆပ်သည့်အနေဖြင့် ပင်လယ်ကန်တော့ခြင်း၊ ပိုင်ရာဆိုင်ရာများကိုအပ်နှံခြင်း၊ ပူဇော်၍ အလှူအတန်းများလုပ်ခြင်းပင် ဖြစ်သည်။

လှေကြီးပျက်ကျွန်း အနီးဝန်းကျင်ရှိ ကင်းပုံရွာ၊ ဘဲကျွန်းခေါ် ဘဲအင်းကျွန်း၊ ဆတ်သွားရွာ၊ ကျောက်ကြီးကွင်းရွာ၊ သံခဲချိုင်၊ ရေသူမအိုင် စသည်ဖြင့် ပင်လယ်ကန်တော့သည့်ဓလေ့ ရှိလေသည်။

ပင်လယ်မကန်တော့မီ ရှေးဦးစွာ အဘိုး၊ အဘွားများကို တစ်ရက်ကြိုတင်၍ ပိုက်သူကြီး (လှေပိုင်ရှင်များ) များက ဖိတ်ထားရသည်။ ထို့နောက် ဆွမ်းကန်တော့ကြရသည်။ပင်လယ်ကန်တော့ပြီးလျှင် အဘိုးအဘွားများကို ကန်တော့ပြီး အဝတ်အထည်၊ မုန့်ပဲသရေစာ၊ ငွေများကို လက်ဆောင်ဝေငှကြပါသည်။

ထို့နောက် ကလေးသူငယ်များကို စီတန်းပြီး ဓောက်ညှင်းပေါင်းတစ်ဆုပ်၊ ငှက်ပျောသီးတစ်လုံးစီ ဝေပုံကျပေး
သည်။ ကလေးများပျော်နေကြတာ
ကြည့်ပြီး လာကြည့်ကြတဲ့ ပရိသတ်
လည်း ပိုက်သူကြီးဦးဆောင်သည့်အဖွဲ့
စနစ်တကျတန်းစီပြီး စားသောက်ဖွ
ရာများနှင့် ကျွေးမွေးဝေငှကြပါသည်
ချစ်စရာကောင်းသော ပင်လယ်အရ
ဒေသတစ်ခုလည်းဖြစ်လေသည်။

မှောင်ရီပျိုးစအချိန်ရောက်သော
ကျေးရွာရှိလူများတို့သည် ကျွဲ၊ နွားမျာ
ကို ချည်နှောင်၍ မိမိတို့အလုပ်အကိ
များကို သိမ်းဆည်းပြီးနောက် ပိုက်သူကြ
တစ်ဦးက ကိုယ့်အစုနှင့်ကိုယ်လူစုပြီးလှ
ဆန်ကောနှင့် ယောက်မကို ရိုက်လှ
အချက်ပေးလိုက်လေသည်။

ပိုက်သူကြီး၏ အချက်ပေးလိုက်
သည့်အသံ ကြားသည်နှင့် ရွာရှိလူကု
ကလေး၊ လူကြီးမကျန် မိမိတို့အိမ်တွင်
အိမ်ဝ၊ ခြံတွင်း၊ ခြံဝ နေရာမလပ်ကျ
အောင် သံပုံး၊ စကောများတီး၍မွေ့ပ
ရိုက်၊ ထုကြသံများ ဆူညံသွားပါတော့
သည်။ ထိုသို့ပြုလုပ်ခြင်းမှာ မကောင်း
သော မိစ္ဆာ၊ အမှောင့်ပယောဂများကို
တောထုတ်ခြင်း ဖြစ်လေသည်။

တစ်နေ့တွင် လှေကြီးပျက်ကျွန်း
သို့ ကင်းပုံရွာ ပိုက်သူကြီး ဦးရွှေဖြူ
လှေကြီးရောက်ရှိလာပါသည်။

(လှေကြီးပျက်ကျွန်းသည် ပင်လယ်
အစားအစာ ကြိုက်ကြသူများအတွက်
ကဏန်း၊ ကနုကမာ၊ လိပ်ဥ၊ ခုံး၊ ခ
ရေခူ၊ ပြည်ကြီးငါး၊ လိပ်၊ ဗွန်များပေါမျာ
၍ ရေလုပ်ငန်းနှင့် အသက်မွေးသူမျာ
အကြိုက်ကုန်စခန်းဟု ထင်ရှားသော
ကျွန်း ဖြစ်သည်။

လှေကြီးပျက်ကျွန်းအနီးတွင် ရှေ
မြန်မာမင်းများလက်ထက်က စစ်စခန်း
ခဲ့ကြသော မဲဇလီချောင်၊ ထီးထူးချောင်
ထိန်ပင်ချောင်၊ ဗလာချောင်၊ ချောင်
ချောင်၊ ဒိုးပင်ချောင်၊ ရှောက်ပင်ချောင်
တံတားချောင်၊ ဘာလီချောင် ဆိုသည့်
ချောင်(၉)ချောင်ကြောင့်လည်း ထင်ရှား
ခဲ့ခြင်း ဖြစ်သည်။)

ဦးရွှေဖြူ၏လှေကြီးသည် ကျွန်း
တောင်စူးစူးတွင် ကျောက်ချရပ်န
လိုက်ပါသည်။ ထိုကျွန်းနှင့် (၂) ဖာ
ခန့်တွင် ကင်းပုံချောင်းဝကို တွေ့မြင်
ရ၏။

"စိန်ဂဲနဲ့ ညီပု၊ ငါ့အဘိုးပြော
အညာရွက်လှေကြီးမြုပ်တဲ့နေရာက
နားမှာတဲ့။ ရေငုပ်မယ့် ကျင်ကြေ
ပြောင်ကြီးကို အဆင်သင့်ဖြစ်ရင် ရှေ



www.burmeseclassic.com

www.burmeseclassic.com

င်းတော့လို့ပြောလိုက်"

"ဟုတ်ကဲ့ ပိုက်သူကြီး"

မကြာမီတွင် ကျင်ကောက်နှင့် ပြောင်ကြီး ရေငုပ်ကိရိယာများနှင့် ရေထဲ ဆင်းသွားကြသည်ကို တွေ့လိုက်ရသည်။

"ဝုန်း ဝုန်း ဗုန်း"

ပိုက်သူကြီး ဦးရွှေဖြူမှာ ရေပြင်ကို ကြည့်၍ ဂနာမငြိမ်ဖြစ်၍နေသည်။ ယခု ကဆုန်၊ နယုန်လအချိန် ပင်လယ် ကမ်းစပ်ဒေသများနှင့် ဧရာဝတီမြစ်ရိုး တစ်လျှောက်တွင် ကျလေဟု ခေါ်သော အနောက်တောင်မုတ်သုံလေတိုက်ခတ် မှုကာအား ရံဖန်ရံခါခံရလေ့ရှိတတ် သည်ကို သူ၏ပိုက်သူကြီးအတွေ့အကြုံ အရသိနေသည့်အတွက် ရာသီဥတုအခြေ အနေကို အကဲခတ်ရန်နှင့် စိတ်လှုပ်ရှား နေသည်။ ထမင်းအိုးတစ်အိုးကျက်ခန့် ကြာ ရေအောက်မှကြိုးမှာ လှုပ်ယမ်း ၍ အချက်ပြသဖြင့် လှေပေါ်မှ ဆွဲတင် ရာတွင် ပြောင်ကြီးနှင့် ကျင်ကောက် လက်ထဲတွင် သေတ္တာတစ်လုံး၊ ရေ တောင်းတစ်ခုကိုင်၍ရေပေါ်ပေါ်လာ ကြပြီး ကျင်ကောက်မှ -

"ပိုက်သူကြီး၊ လှေကို ကျောက် ချင်လိုက်ကြစို့ဗျို့"

"ဟင်-ဘာဖြစ်လို့လဲ ကျင်ကောက်"

"ကျုပ်နောက်မှပြောမယ်။ ဟိုမှာ သေတ္တာကိုအရင်ဖွင့်ဖို့လုပ်ဦး"

သေတ္တာမှာ ရှေးဟောင်း သံ သေတ္တာလေးဖြစ်ပြီး သော့ခလောက် တစ်လုံး ထူထူထဲထဲခတ်ထားရာ ကာလ ကြာရှည်ကြာမြင့်စွာ ရေအောက်၌ သဲနုန်း များဖုံးနေ၍ ရေညှိရောင်တက်လျက် ခံနေများကိုက်နေသဖြင့် ရဲတင်းတစ်ခု နှင့်ထုဖြတ်ပြီး ဖွင့်ကြည့်သော် ရှေးခေတ် က တိုက်ပန်းကန်၊ ကြွေပန်းကန်၊ ကြွေ ပန်းများ ဖြစ်နေလေသည်။

ဦးရွှေဖြူက ပန်းကန်တစ်ချပ်ကို ယူလိုက်ရာ လက်ထဲသို့ရောက်သော အခါတွင် အလိုလိုပဲ့ကြွေမွသွားသည်။ ကြာပလေနှင့်အထိအတွေ့ကြောင့် ပန်း ကန်များမှာ တစ်ချပ်ပြီးတစ်ချပ် ပဲ့ကြွေ ကြကုန်သည်။

"ထူးဆန်းလိုက်တာ။ ရေထဲမှာ ဘာမှမဖြစ်တဲ့ပန်းကန်တွေ လှေပေါ် ရောက်မှအကုန်ပျက်စီးကုန်ပါရောလား ကွဲရော။ ဟောဒီရေတကောင်းတစ်ခုပဲ ကောင်းပကတိကျန်တယ်"

"မအံ့နဲ့ ပိုက်သူကြီး၊ ကျုပ်တို့ရေ အောက်မှာတွေ့ခဲ့တာက ပိုပြီးထူးဆန်း သေးတယ်ဗျို့"

"ဟုတ်ပါတယ် ပိုက်သူကြီး။ ကျုပ် တို့ရေငုပ်တော့ လှေပျက်ကြီးကို မတွေ့ ဘူး။ ဒါပေမယ့် ရွှံ့နွံသဲတွေဖုံးပြီး ခပ်စောင်းစောင်း ရွက်တိုင်ပျက်ကြီးလို ဟာမျိုး တွေ့တယ်။ ပြီးတော့ လှေကြမ်း ပြင်လိုလိုသဲနုန်းတွေထဲက ဧောစောက သေတ္တာကို တွေ့တယ်။ သံသေတ္တာကို ဆွဲထုတ်ပြီး အပေါ်ကို တင်,မဖို့အလုပ် ရွက်တိုင်ပျက်လို သဲနုန်းတွေက ကြွတက် လာပြီး မျက်လုံးစိမ်းကြီးနှစ်လုံးတွေ့ရ တယ်။ စိမ်းဖန့်နေတာပဲ။ ကျုပ်တို့လည်း ဒီလိုမျိုး တစ်ခါမှမကြုံဘူးတော့ ထိတ် လန့်သွားတာပေါ့။ ကြည့်နေတုန်းမှာပဲ လှုပ်ရှားလာတော့ ငါးကြီးမှ ငါးကြီးဗျ"

"ဟုတ်တယ် ပိုက်သူကြီး"

"ခေါင်းကရှည်၊ နှုတ်သီးကပြား၊ အရေခွံကမည်းပြောင်နေတယ်။ အရှည် က ဘောက်တူအသေးစား (၁၀) ပေ လောက်ရှိမယ်ထင်ရတယ်။ သူထွက် လာတဲ့နေရာက ကလိုင်၊ လိုဏ်ကြီးဗျ။ ရွက်တိုင်ပျက်ကြီး တဖြည်းဖြည်း ထိုးကျ သွားတာတွေ့ရတယ်။ ဆူးတောင်ကြီးက တစ်ချောင်းတည်း ထိုးထိုးထောင်ထောင် နတ်ငါးလား၊ သိုက်စောင့်ငါးလား မသိ ဘူး။ အဲဒါနဲ့ အချက်ပြပြီး ရေပေါ်တက် လာတာပဲ ပိုက်သူကြီးရေ"

"ကျုပ်တော့ ရေငုပ်လာတဲ့ သက် တမ်းတစ်လျှောက် ကျားငါးမန်း၊ ငါးမန်း ဖြူ စွယ်ငါးမန်းတွေလည်း တွေ့ဖူးတယ်။ အခုတွေ့ရတဲ့ငါးလောက် တစ်ခါမှ ချောက်ချောက်ချားချား မဖြစ်ခဲ့ရဘူး ပေါင်ဗျာ"

ပိုက်သူကြီးဦးရွှေဖြူမှာ သူ၏အား ကိုးအားထားပြုရသော တပည့်ကျော် နှစ်ယောက်တောင် ထိတ်လန့်ခဲ့ရသည် ဆိုသော ရေသတ္တဝါဆိုသည်မှာ တော်ရုံ တန်ရုံငါးတော့မဖြစ်နိုင်။ သူတို့ လှေကြီး ပျက်ကျွန်းသို့ ရောက်နေသောအချိန် ကာလကလည်း ကဆုန်၊ နယုန်လထဲ ဖြစ်သည်။ ထိုအချိန်သည် ငါးကြီးများ ဥဥသည့်အချိန်။ သူတို့၏ဥကျင်းအနီးသို့ ရောက်ရှိလာသူများကို ရန်ပြုတတ်ကြ သည်။

ပိုက်သူကြီးဦးရွှေဖြူမှာ မိမိရေလုပ် ငန်းလုပ်လာသည့် အတွေ့အကြုံအရ ကျင်ကောက်နှင့် ပြောင်ကြီးရေအောက် တွင် တွေ့ခဲ့ရသော မျက်လုံးစိမ်းနှင့် ငါး ကြီးမှာ ငါးရွှေးသာဖြစ်ရမည်ဟု တွေးမိ ပြီး -

"ဟော့ကောင် စိန်ဂဲ၊ ညီပုတို့။ ကျောက်ဖော်၊ လှေကိုရွက်ဖွင့်တော့"

ဟု အမိန့်ပေးလိုက်ပါသည်။

မကြာမီ ရွက်လှေကြီးသည် ထို နေရာမှ ထွက်ခွာ၍ လှေကြီးပျက်ကျွန်း သို့ ဆိုက်ကပ်ကာ လှေထိုးသားနှစ်ဦးကို ကျွန်းပေါ်သို့ စေလွှတ်လျက် အသုံးပြု ရန် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူစေ ကာ ထိုနေ့ညနေတွင် ပင်လယ်ကန်တော့ ပြီး ငါးကြီးကိုလည်း မေတ္တာပို့အမျှဝေ၍ ကင်းပုံရွာသို့ ပြန်ခဲ့ကြလေသည်။

တစ်နေ့ ပိုက်သူကြီးဦးရွှေဖြူသည် သူကြီးဦးဖိုးခက်နှင့် စကားပြောရင်း ပြောင်ကြီးတို့တွေ့ကြုံခဲ့သည့် ငါးရွှေးကြီး အကြောင်းစကားစမိတော့သည်။ သူကြီး ဦးဖိုးခက်မှာ ဉာဏ်ပညာအမြော်အမြင် ကြီးသူဖြစ်ပြီး ဗဟုသုတလည်းပြည့်စုံသူ ဖြစ်သည်။

ဦးရွှေဖြူကပင်စ၍ -

"သူကြီး၊ ကျုပ်ရေလုပ်ငန်းနဲ့ အသက်မွေးလာတဲ့ အတွေ့အကြုံအရ ဆိုရင် ကျင်ကောက်တို့ ရေအောက်မှာ တွေ့ခဲ့တယ်ဆိုတာ နတ်ငါးရွှေးကြီးပဲနေ မှာဗျ"

"ငါးရွှေး ဟုတ်လား။ ရေမှာ ငါးရွှေး၊ ကုန်းမှာ မြွေပွေး စာဆိုတောင် ရှိတယ် ရွှေဖြူ နောက်ပြီး ဒီကောင်တွေ ဥဥတဲ့ ကဆုန်၊ နယုန်ဆိုတော့ ရေလှန် တဲ့အချိန်ဆိုတော့ တို့အဘိုး၊ အဘွားတွေ ပြောတာ မှတ်သားဖူးတယ်"

"ဘယ်လိုမှတ်သားဖူးတာလဲ"

"ငါးရွှေးဆိုတာ နတ်ငါးလိုပဲ၊ လူ ကို ရန်မမူဘူး။ ငါးရွှေးတွေ ဥကျင်းလာဖွဲ့ တဲ့အရပ်ဆိုရင် ရွာကောင်းစားတက်တဲ့ နိမိတ်ပဲ ရွှေဖြူ"


"ဟုတ်လား သူကြီး၊ ဒါဆိုရင် ကျုပ်တို့ ကင်းပုံဝရွာ ကောင်းစားမှာပေါ့ နော်"

"ဒီလို ရွှေဖြူ တကယ်တော့ ငါက ကင်းပုံရွာသား မဟုတ်ဘူး။ ဧရာဝတီ တိုင်းဒေသကြီးထဲက ငါးသိုင်းချောင်း နယ်သား။ ငွေမြို့နဲ့နီးတယ်။ မင်းတို့ရွာသူ မယ်ကြာနဲ့ အကြောင်းပါပြီး ဒီရွာကို ရောက်လာတာ မင်းတို့အသိပဲ။ တို့ အရပ်မှာ မကြာခဏ သောင်တွေထွန်း၊ ကျွန်းပေါ်တယ်။ အဲဒီမတိုင်ခင် ငါတို့ နေတဲ့ရွာကမ်းနံဘေးမှာ ပီပါလောက်ရှိ တဲ့ ကိုယ်လုံးမည်းမည်းဆူးတောင်တစ် ချောင်းတည်း ငါးကြီးတစ်ကောင်ပေါ် လာတယ်။ ရန်လည်းမပြုဘူး။ အနီးဝန်း ကျင်မှာ သွားလာနေတာ နတ်ငါးဆိုပြီး ဘယ်သူမှမဖမ်းရဲကြဘူး။ တချို့ကဆိုရင် အမဲဌာန်ပွဲတွေပေးပြီး ဆုတောင်းရင်

www.burmeseclassic.com

မင်းချမ်းငြိမ်း(မှသိမ်)

# အသိကျ၍လုပစေနိုင်သည့် ဆေးဖက်ဝင်သခွားသီး



မြန်မာပြည်တွင် သခွားသီးသည် ဆယ့်နှစ်ရာသီပတ်လုံး ရရှိနိုင်ပါသော်လည်း ယခုလို မိုးရာသီတွင်သာ အလုံးထွားထွား၊ အရည်ရွှမ်းရွှမ်းနှင့် သခွားသီးအကြီးမျိုးများ ပေါများစွာထွက်ရှိသည့် ကာလ ဖြစ်ပါသည်။

သခွားသီးမျိုးစိတ်အမျိုးမျိုးရှိကြရာတွင် နွေရာသီပိုင်းတွင်ပေါ်သည့် သခွားသီးအသေးမျိုးမှာ ကိုင်းသခွား၊ သခွားစိမ်း၊ သခွားမွှေးနှင့် ပြေပြပ်သခွားဟုခေါ်သည့် သခွားသီးအသေးမျိုးများသာ အတွေ့ရများပါသည်။

သခွားသီးကို အင်္ဂလိပ်အမည်အားဖြင့် Cucumber ဟု ခေါ်ပြီး ရုက္ခဗေဒမျိုးရင်းမှာ Cucurbitaceae ဖြစ်၍ မျိုးစု Cucumis နှင့် မျိုးစိတ် Sativus တို့ ဖြစ်ပါသည်။

သခွားသီးသည် ရေဓာတ် (၉၀) ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းထားပြီး ၎င်းတွင်ပါဝင်သော သဘာဝဒြပ်ပေါင်းများသည် ကိုယ်တွင်းအပူဓာတ်ကိုငြိမ်းစေပြီး ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှုကို ကာကွယ်ပေး၍ အရေးကြီးကိုယ်တွင်းဓာတ်ဆားတစ်ခုဖြစ်သော ပိုတက်စီယမ်ဓာတ် ပေါကြွယ်ဝကာ ကျန်းမာရေးအတွက် အလွန်အသုံးဝင်သည့် သီးနှံဖြစ်ပါသည်။

သခွားသီး၏သတ္တိများမှာ အစာချေဖျက်မှုကို အားပေးသည့်အပြင် ဆီးဝမ်း မှန်ကန်စေပြီး သွေးတွင်းကိုလက်စထရောပမာဏကို လျှော့နည်းစေ၍ သွေးလည်ပတ်မှုစနစ်ကို ထိန်းသိမ်းပေးနိုင်သည့်အတွက် သွေးပေါင်ချိန်ကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသနတွေ့ရှိထားပါသည်။

ထို့အပြင် ပျိုမေများ အလှအပရေးရာအတွက် လွန်စွာအသုံးတည့်သည့် သီးနှံမျိုးဖြစ်၍ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေးပါပြီး အခြားသဘာဝထွက်ပစ္စည်းများနှင့် ပေါင်းစပ်ကာ အသားရေထိန်းသည့် အလှကုန်ပစ္စည်း၊ ကော့စမက်တစ်များကို သုတေသနပြု ထုတ်လုပ်လာကြပါသည်။

သခွားသီး၏ ဆေးဖက်ဝင် အစွမ်းသတ္တိများနှင့် ရေဓာတ်ခန်းခြောက်မှုကို ကာကွယ်နိုင်စွမ်းမြင့်မားမှုကို သိရှိထားသော အိန္ဒိယနိုင်ငံတွင် သခွားသီးကို လမ်းဘေး တွန်းလှည်းဆိုင်လေးများ၌ စာရေးသူတို့ဆီမှာ ဖရဲသီးကို အစိတ်စိတ်ပြီးရောင်းချသလို သခွားသီးကို အစိတ်လေးများစိတ်၍ အအေးခံထားပြီး ဆားအနည်းငယ်ဖြင့် နေရာအနှံ့မှာ ရောင်းချနေသည်ကို အမြင်ဆန်းစွာ တွေ့မြင်ခဲ့ရပါသည်။

သူတို့ဆီက လူတိုင်းနီးပါးဝယ်စားအားပေးနေကြသည်ကို လက်တွေ့ကြုံခဲ့ရပါသည်။

သခွားသီးတွင် သုတေသနပြု... တွေ့ရှိထားသော ဆေးဖက်ဝင် အ... ကြီး ဒြပ်ပေါင်းများနှင့် သတ္တုဓာတ်... မှာ -

| | | |
|---|---|---|
| ၁။ | ပိုတက်စီယမ် | ၄၁. ၂ % |
| ၂။ | ဆိုဒီယမ် | ၁၀. ၀၀ % |
| ၃။ | ကယ်လစီယမ် | ၇. ၃၀ % |
| ၄။ | မဂ္ဂနီစီယမ် | ၄. ၁၅ % |
| ၅။ | သံဓာတ် | ၁. ၄၀ % |
| ၆။ | ဖော့စဖရပ်စ် | ၁၇. ၄၅ % |
| ၇။ | ဆာလ်ဖာ | ၅. ၉ % |
| ၈။ | ဆီလီကွန် | ၇. ၀၀ % |
| ၉။ | ကလိုရင်း | ၅. ၆၀ % |
| ၁၀။ | ရေဓာတ် | ၉၀. ၀၀ % |

ပါဝင်ဖွဲ့စည်းထားသည်ကို ... ပါသည်။

ထိုသတ္တုဓာတ်ဆားများထဲ... ခန္ဓာကိုယ်တွင် သွေးနီဥဆဲလ် (Bl... Cell) များအတွက် အရေးပါသေ... ပိုတက်ဆီယမ်ဓာတ်သည် (၄၁... ရာခိုင်နှုန်း ပါဝင်နေခြင်းသည် သခွား... ၏ ထူးခြားစွမ်းအင် ဖြစ်ပါသည်။

သခွားသီးသည် ဖရဲသီး... သဘာဝဆီးဆေး၊ ကျောက်တ... သန့်စင်စေသည့်သီးနှံ ဖြစ်ပါသည်။

ရေပေါ် ပေါ်ပြတယ်။ အဲဒါ ငါ့အဘိုးက -

ငါ့မြေး၊ ငါးရွှေးကြီး နတ်ငါးကြီးကွ။ ဒီငါးတွေကို မပြစ်မှားနဲ့၊ ဖမ်းဖို့လည်း မကြိုးစားနဲ့။ ငါးရွှေးတွေ ဉဉတဲ့နေရာဒေသတွေဟာ သိပ်မကြာဘူး၊ ကြီးပွားတိုးတက်မယ့်နိမိတ်တဲ့။

အဲဒီလို ငါးရွှေးခေါ် နတ်ငါးတွေ ဉကျင်းလုပ်ပြီး မကြာခင်မှာ နုန်းတင်မြေနုကျွန်းတွေပေါ်လာပြီး မြစ်ချောင်းကမ်းနားကရွာတွေမှာ ကိုင်းခြံလုပ်ငန်းတွေ ကောင်းပြီး စီးပွားရေးတိုးတက်လာလေ့ရှိတယ်ကွ။

ဒါကြောင့် ရွှေဖြူ မင်းလည်း အကုသိုလ်လုပ်ငန်းကိုပယ်ပြီး ငါအကြံပေးချင်တာ ရေလုပ်ငန်းနေရာမှာ ကိုင်း၊ ခြံမြေလုပ်ငန်းနဲ့ အစားထိုးပြီး ရင်းနှီးမြှုပ်နှံတော့ ရွှေဖြူ"

ထိုအချိန်မှစ၍ ကင်းပုံရွာသူကြီး ဦးဖိုးခက်၏အမြော်အမြင်ကြီးမားမှုနှင့် သွန်သင်ဆုံးမမှုကြောင့် ဦးရွှေဖြူမှာ ပိုက်သူကြီးအလုပ်ကိုစွန့်လွှတ်လျက် ကိုင်း၊ခြံ၊ ရော်ဘာလုပ်ငန်းများလုပ်ခဲ့ရာ ... ရေးကောင်းမွန်လာပြီး တစ်နယ်... လည်း ကိုင်း၊ ခြံလုပ်ငန်းများ အကျိုး... ခဲ့သည်မှာ 'မင်းတို့ဆုံကျ ... ဟု ရှေးက တဘောင်အတိုင်း ယ... ကမ်းသာယာအပန်းဖြေစခန်း၊ ဟို... များနှင့် လှေကြီးပျက်ကျွန်းဝန်းကျ... စည်ကား တိုးတက်လာခဲ့ပြီ ဖြစ်သ...

မင်း...

www.burmeseclassic.com

www.burmeseclassic.com

## သခွားသီး၏ဆေးဖက်အသုံးဝင်မှုများ

၁။ သခွားသီးသည် ရေဓာတ် (၉၅) ရာခိုင်နှုန်းပါဝင်ဖွဲ့စည်းခြင်းကြောင့် ခန္ဓာကိုယ်တွင်း ရေဓာတ်ဆုံးရှုံးမှုများ ဖြစ်သည့်ဖြစ်စဉ်များတွင် အလျင်အမြန် ရေဓာတ်ကို ပြန်လည်ဖြည့်ပေးနိုင်ပြီး သွေးလည်ပတ်မှုကို ပုံမှန်သို့ရောက်စေပါသည်။

ရာသီဥတု ပူပြင်း၍ ချွေးထွက်များပြီး ရေဓာတ်ခန်းခြောက်ခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးသွေးပါခြင်းနှင့် ရေငတ်ဝမ်းကျရောဂါများတွင် သခွားသီးလတ်လတ်ဆတ်ဆတ် (ကိုင်းသခွားအကျွတ်မျိုးဆိုလျှင် ပို၍ကောင်းပါသည်။) ကို ထန်းလျက်နှင့်တွဲ၍အဝစားပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

၂။ နေလောင်ခြင်း၊ မီးပူခံရ၍ မျက်နှာပြင်နှင့်အသားအရေခြောက်သွေ့ခြင်းတို့တွင် သခွားသီးကို အကွင်းလိုက် လှီးလှီးပြီး မျက်နှာကို ကပ်ပေးခြင်းဖြင့် နည်းကောင်း။

သခွားသီးကို အရည်ကြိတ်ပြီး ထိုသခွားသီးရည်၊ ပျားရည်ဆတူစပ်၍ မျက်နှာနှင့် အသားအရေကို လိမ်းပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

၃။ ခန္ဓာကိုယ်အတွင်း အဆီပိုများကျဆင်းပြီး အညစ်အကြေးအဆိပ်အတောက်များ သန့်စင်စေရန်အတွက် -

နံနက်၊ ည ထမင်းစားမည့်အချိန်တွင် ထမင်းကို လုံးဝမစားဘဲ သခွားသီးကိုခြစ်ပြီး ပုစွန်(သို့)ငါးပြုတ်၊ သံပရာသီး၊ ခရမ်းချဉ်သီးစိမ်း၊ ငရုတ်ကောင်း၊ ပင်စိမ်းရွက်တို့ကို မိမိစိတ်ကြိုက်အရသာထည့်သုပ်ပြီး ထမင်းလွတ် တစ်ရက်ခြား၊ နှစ်ရက်ခြား (၁) ပတ်လျှင် (၃) ကြိမ်နှုန်းစားပေးပါက သင်၏ခန္ဓာကိုယ်တွင် အဆီပိုများကျဆင်းသွားပြီး ကိုယ်တွင်း အညစ်အကြေးများ ကင်းစင်၍ ခန္ဓာကိုယ်အနံ့ဆိုးကို ပျောက်ကင်းပြီး ပေါ့ပါးလန်းဆန်းလာသည်ကို လက်တွေ့သိရပေမည်။





မှတ်ချက်။ ဤသို့ သခွားသီးကို ထမင်းလွတ်သုပ်စားသည့်အခါ ငရုတ်ကောင်းကို (၁၄)၊ လုံး (၁၅) လုံးခန့် ထည့်၍သုပ်စားပေးပါက ဗိုက်နာ၊ ဝမ်းပျက်၊ ဗိုက်ရစ်ခြင်းတို့ မဖြစ်ပေါ်စေပါ။

ငရုတ်ကောင်း မထိန်းလျှင် အထက်ပါ Side Effect တို့ ဖြစ်စေတတ်ပါသည်။

၄။ သခွားသီးမှာ ပါဝင်နေသော ဗီတာမင် A, B, Vit-C နှင့် ပိုတက်ဆီယမ်ဓာတ်ရာနှုန်း များစွာပါဝင်နေခြင်းကြောင့် သခွားသီးဖျော်ရည်ကို ဆီးချိုမရှိသူများဆိုလျှင် သကြား (သို့) ပျားရည်ကို ဆား မန်ကျည်းစေ့ (၁) စေ့ခန့်ဖြင့်ဖျော်၍ နံနက်၊ ည ပုံမှန်သောက်သုံးပေးပါက ခန္ဓာကိုယ်အတွင်း ဓာတ်မတည့်မှု (Allergy) ကို ဓာတ်ပြေစေပြီး ခန္ဓာကိုယ်အတွက် လွန်စွာ အကျိုးပြုသည့် ဆေးဖက်ဝင်ဖျော်ရည် ဖြစ်ပါသည်။

၅။ ဝမ်းချုပ်ခြင်း၊ ဆီးပူ၊ ဆီးနည်းခြင်းကို အမြဲခံစားနေရသူများ ညအိပ်ရာမဝင်မီ တစ်နာရီခန့်အလိုတွင် ကိုင်းသခွားအကျွတ်မျိုး(၁)လုံးကို ထန်းလျက် (၂) ခဲနှင့်စားပေးပါက သက်သာပျောက်ကင်းစေသည်။ ညစဉ် (၁) ပတ်ခန့် စားပေးပါ။

၆။ သခွားသီးတွင် အက်ဆစ်ဓာတ်ကိုပြေစေသည့် သတ္တုရာနှုန်းများစွာ (၆၄. ၀၅) ရာခိုင်နှုန်းပါဝင်နေသောကြောင့် အယ်ကာလီ (Alkali) ဂုဏ်သတ္တိမြင့်မားခြင်းကြောင့် သခွားသီးကို မုန်လာဥနီ (သို့) အာလူးတို့နှင့် ရောမွှေ၍ ဖျော်ရည်လုပ်ပြီး သောက်သုံးလျှင် (Uric Acid) များ၍ ဖြစ်ပေါ်စေသော ဂေါက်ရောဂါ၊ အဆစ်ကြီးများနီရဲ၍ ရောင်ခြင်း၊ နာခြင်းကို သက်သာစေပါသည်။

၇။ ယမကာလုလင်များ နံနက်အိပ်ရာထတွင် အရက်နာကျပြီး ဇက်ကျိုး၊ ခေါင်းမထူနိုင်ကြသူများ သခွားသီးကို ပျားရည်နှင့် ဖျော်ရည်လုပ်၍ တိုက်ပေးလိုက်ပါက ‘နှင်နေငါသွား’ ကောင်းသွားပေလိမ့်မည်။

၈။ သခွားသီးတွင် ဆီလီကာ (Silica) ဓာတ် ပါဝင်နေခြင်းကြောင့် အရိုး၊ အရွတ်ပြွားများရောင်ခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

၉။ သခွားသီး၏ သတ္တိထူးတစ်ခုမှာ -

ယခု နောက်ဆုံး သုတေသနတွေ့ရှိချက်များအရ သခွားသီးတွင် ကင်ဆာရောဂါကို တွန်းလှန်ဆန့်ကျင်ပေးနိုင်သည့် Secoisolariciresunol, Lariciresinol နှင့် Pinoresinol ဒြပ်ပေါင်းများ ပါဝင်နေကြခြင်းကြောင့် ကင်ဆာရောဂါဆိုးများဖြစ်ကြသော ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ စသည့် ကင်ဆာရောဂါများကို သက်သာစေနိုင်ပါသည်။

ထို့ပြင် ယခု ခေတ်ပေါ် နိုင်ငံစုံမှ ထုတ်လုပ်ကြသော အသားအရေထိန်း၊ အစိုဓာတ်ထိန်းညှိပေးကြသည့် ကော့စမက်တစ်အလှအပဆိုင်ရာပစ္စည်းတော်တော်များများတွင် သခွားသီးကို အခြေခံ၍ ထုတ်လုပ်ကြခြင်းမှ မလွတ်ကင်းနိုင်ကြပါ။

ဒါကြောင့် တစ်နှစ်ပတ်လုံး ရာသီမရွေး အလွယ်တကူရရှိကာ ဈေးနှုန်းတန်ဖိုးချိုသာပြီး ဆေးဖက်ဝင်သတ္တိနှင့် ဆေးဖက်အသုံးပြုမှုတွင် ကျယ်လွန်းလှသော သခွားသီး၏ အကြောင်းခြင်းရာတို့ကို စာဖတ်သူများ သတိပြု အသုံးချနိုင်ကြစေရန် စေတနာကောင်းဖြင့် စာရေးသူမှ ဖြန့်ဝေတင်ပြလိုက်ပါသည်။

*လူသားများ မြန်၊ ကောင်း၊*
*သက်သာ ဈေးချိုစွာဖြင့် မိမိကိုယ်ကို*
*ကျန်းမာခြင်းမြှင့်တင်နိုင်ကြပါစေ*

မင်းချမ်းမြေ့ (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်လောက်က ရေဒယ်သံနှင့် ပတ်သက်သည့် ထူးခြားသော အဖြစ်အပျက်များကို ရေးပြချင်ပါသည်။ ထိုအဖြစ်အပျက်ကို ရေးရမည်ဆိုလျှင် စာရေးသူ၏ အဘိုးအကြောင်းကို အရင်ရေးရမည် ဖြစ်ပါသည်။ စာရေးသူ၏ အဘိုးမှာ 'ငါ့ကိုမီဖို့ရာ (၁၀) နှစ်လောက်ကြိုးစားလိုက်ဦး' ဆိုသည့် ကျော်ဟိန်း သရုပ်ဆောင်သည့် ဒါရိုက်တာမီးပွား၏ 'အကြွေး' ဇာတ်လမ်းထဲမှ သူကြီးဘဒင်ပင် ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် သူကြီးဘဒင်က လူကြမ်းကြီးပေါ့လို့ ထင်ကြပေလိမ့်မည်။ ကြံ့တုန်းမို့ ဒါရိုက်တာ မီးပွား၏ အကြွေးစာရင်းကို ရှင်းရပါဦးမည်။

ထို အကြွေးဇာတ်လမ်း နာမည်ကြီးနေချိန်တွင် စာရေးသူက ပျော်ဘွယ်မြို့နယ် သဖန်းချောင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါသည်။ တစ်နေ့တွင် စာရေးသူ၏တပည့်များက သတင်းပို့လာကြပါသည်။

"ဆရာမ၊ ဒီနေ့ည ကျွန်တော်တို့ရွာမှာ ရုပ်ရှင်ရှိတယ်။ ဒီနားက ရွာတွေဖြစ်တဲ့ ကန်ကြီးတို့၊ သဖန်းချောင်းတို့ အကြောင်းနဲ့ သူကြီးဦးဘဒင်အကြောင်းပါတယ်" တဲ့။

စာရေးသူတို့အဘိုးက အင်္ဂလိပ်ခေတ်က ထိုရွာများ အပါအဝင် ဒိုင် (၉) ဒိုင်ကို အုပ်ချုပ်ရသောသူကြီး ဖြစ်ပါသည်။ ဒါ့ကြောင့် သဖန်းချောင်းရွာမှာ အကြွေးဇာတ်လမ်းလာပြတဲ့နေ့ ညနေပိုင်းက အနီးချုပ်စပ်မှုရွာတွေက ဖုန်တထောင်းထောင်းနဲ့ လှည်းတွေမောင်းပြီးလာကြည့်ကြပါသည်။ သဖန်းချောင်းရွာတစ်ရွာလုံးလည်း ကြည့်ကြသည်ဟုပြောပြ၏။ စာရေးသူက နေမကောင်း၍ သွားမကြည့်လိုက်ရပါ။ စာရေးသူ၏တပည့် မောင်သန်းထိုက်က -

ဆရာမတို့ အဘိုးအကြောင်းနဲ့ သဖန်းချောင်းရွာ၊ ကန်ကြီးရွာအကြောင်းတွေပါတယ်။ ဒါပေမယ့် ဒီအဖြစ်အပျက်က တကယ်မဟုတ်ဘူးလို့ ကျွန်တော်တို့အဘိုးက ပြောပါတယ်"

ဒါနှင့် စာရေးသူက အကြွေးဇာတ်လမ်းအကြောင်း မောင်သန်းထိုက်ကို ပြောပြခိုင်းရတာပေါ့။ နားထောင်ကြည့်တော့ နယ်မြေခံရွာတွေရဲ့အမည်တွေနဲ့ သူကြီးရဲ့အမည်ကတူနေပေမယ့် အဖြစ်အပျက်က တကယ်မဟုတ်ပါ။ ဒါတွေထားပါတော့။ စာရေးသူ တင်ပြချင်တာက အဘိုးဦးဘဒင်ရဲ့ တကယ်ဖြစ်ပျက်ခဲ့တဲ့ ထူးဆန်းတဲ့ အကြောင်းအရာတစ်ခု အကြောင်းကိုပါ။

ဇာတ်လမ်းအစကို ရေးရမယ်ဆိုလျှင် အဘိုးတို့ရဲ့ မျိုးရိုးအကြောင်းကို ရေးရမှာပါ။ နယ်တစ်နယ်မှာ သူကြီးလုပ်တယ်ဆိုတာ ရွက်ကျပင်ပေါက်ဆိုတဲ့ အတိတ်ကဘုန်းကံကြောင့် မျိုးရိုးမရှိဘဲ ကိုယ့်လက်ထက်ကျမှထွန်းပြီး သူကြီးအရာရတာမျိုးနှင့် စေ့ကျပင်ပေါက်ဆိုတဲ့ မျိုးရိုးအစဉ်ဆက်ကြောင့် သူကြီးအရာရတာမျိုး နှစ်ခုထဲက စေ့ကျပင်ပေါက် မျိုးလို့ ဆိုရမှာပါ။ မင်းတုန်းမင်းရဲ့ သားတော်တွေထဲက စစ်ကဲဦးအိရဲ့ အဆက်အနွယ်က ပေါက်ဖွားခဲ့တာပါ။


မင်းတုန်းမင်း၏မိဖုရား သက်ပန်းနှင့် ကနစိုးညီအစ်မ (၂) ယောက်စလုံးကို ဆွေစဉ်မျိုးဆက်တွေက အဘွားတွေဟု သတ်မှတ်ထားကြပြီး စစ်ကဲဦးအိကို မိဖုရားသက်ပန်းက မွေးဖွားခဲ့ပါသည်။

စစ်တိုက်ရန် ဝါသနာပါသော သားတော် မောင်အိကို မင်းတုန်းမင်းက စစ်ကဲအရာ ပေးအပ်ထားပြီး ယခု ရမည်းသင်းနယ်တွင် နယ်မြေမအေး ချမ်းဘဲ ဆူပူသောင်းကျန်းမှုများ ဖြစ် ပေါ်လာသောအခါ စစ်ကဲမောင်အိကို စေလွှတ်၍ နှိမ်နင်းစေပါသည်။ စစ်

ဘာ-နှစ်ပြား/
ဘ-ရေး-ထွေး

# မနင်းဆီ
(ရေဆင်း-ငှေပြည့်တော်)

## သူကြီးဦးဘဒင်နှင့် ထူးခြားသောနယ်ခြားကိုယ်တော်





www.burmeseclassic.com

www.burmeseclassic.com

...သာရာတွင် မိတ္ထီလာရောက်၍ ...တစ်ထောက်နားရာ ဖူးစာဖက်ဖြစ် ... ရှမ်းအမျိုးသမီးနှင့် ဆုံတွေ့ခဲ့ကြပါ ... ထိုတွေ့ဆုံပုံကိုလည်း သက်ကြီး ...သက်ငယ်ကြားဆိုသလို ပျဉ်းမနား ...နံ့အနီးတွင်နေသော ဦးကြီးဝမ်းကွဲ ...တူ သြဇာရိကဆေးဆရာ (ယခု ...လွန်) ဦးကြီးဦးစီလုံး ပြောပြတာကို ...ထောင်ပြီး ရယ်မောခဲ့ရပါသည်။

ပြောပြပုံက ရှေးတုန်းက စစ်ပိုလ် ...ာ စစ်တပ်ချီတပ်လာပြီဆိုလျှင် ...ဆုံးကနေပြီး စစ်ဦးဘီလူးဆိုတဲ့ပုံစံနဲ့ ...မ်းပတမ်း စစ်ချီတပ်ရတာဆိုတော့ ...တိုက်ခင် (မြင်းခေါင်းခွာလိပ်ဆို ...) မြင်းကခွာလိပ်ပြီးလဲပါလေရော။ ...မှာတင် စစ်ကဲကြီးက စစ်မတိုက်ခင် ...လဲနေတာကို ရှမ်းပြည်နယ်မှာ နယ် ...အေးချမ်းလို့ မြေပြန့်မှာ လာခိုလှုံ ... ရှမ်းအမျိုးသမီးက သတိရအောင် ...ပြီး ကယ်တင်လိုက်ရတာဟု ပြော ...သည်။ တိုတိုပြောရလျှင် အဲဒီရှမ်း ...ကို စစ်ကဲကြီးက မြင်မြင်ချင်း ...ာကျသွားခဲ့သည် ဆိုပါတော့။ ...စွပ်ချွတ်ပေးခဲ့ပြီး စစ်နိုင်လို့ နေပြည် ...တို ပြန်ရောက်လျှင် မိသားဖသား ပီပီ လာတောင်းမည်ဟု ကတိပေးခဲ့တဲ့ အတိုင်း စစ်နိုင်ပြီးအပြန် မယ်တော်ကို ဖွင့်ပြောပြတော့ မယ်တော်က -

"မင်းမျိုးဆိုတာ သာမန်အရပ်သူနဲ့ မယူရဘူး။ ယူခဲ့ရင် ထီးမွေနန်းလျာကို မရနိုင်ဘူး"

ဟု ပြောပြပါသည်။

စစ်ကဲကြီးကလည်း ထီးမွေနန်းမွေ ကို မမျှော်ကိုးဘဲနှင့် ရှမ်းအမျိုးသမီး ကိုယူပြီး သစ်ဆုံကြီးနယ်မှာပဲ နေခဲ့ပါ သည်။ သစ်ဆုံကြီးနယ်ကို အပိုင်စားပေး တဲ့ ဘုရင့်လက်စွပ်တော်တံဆိပ်နဲ့ ပေစာ ရွက်ကို စာရေးသူငယ်စဉ်က ဖတ်ခဲ့ဖူး ပါသည်။ စစ်ကဲ ဦးအိနှင့် ရှမ်းမကြီးမှ သားမောင်ဖေနှင့် သမီးမရွှေချိန်ကို ဖွားမြင်ခဲ့ပါသည်။

နန်းတွင်းမှ အဘွားများဖြစ်ကြ သော မိဖုရားသက်ပန်းနှင့် ကနစိုး ညီအစ်မနှစ်ယောက်က မြေးမကလေး မရွှေချိန်ကို ရွှေနှင့်ချိန်စက်၍လဲကာ နန်းတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြပါ သည်။ ထိုမရွှေချိန်သည် သီပေါမင်း ပါတော်မူသောအခါ ရတနာဂီရိသို့ နန်း တွင်းအပျိုတော်အနေဖြင့် လိုက်ပါသွား ခဲ့ရပါသည်။ နောက်သော် သီပေါမင်း နတ်ရွာစံချိန်တွင် မြန်မာပြည်သို့ ပြန် လာပြီး ရွှေလွန်းပင်မင်းသား၏ အဆက် အနွယ်ထဲမှ မင်းသားတစ်ပါးနှင့် လက် ဆက်ကာ အောက်မြန်မာပြည်သို့ လိုက် ပါသွားခဲ့ကြောင်း သိရပါသည်။

သားဖြစ်သူ ဦးဖေက ဒေါ်ကျော့ နှင့်ရပြီး သား (၂) ယောက်၊ သမီး (၁) ယောက်ကို မွေးပါသည်။ ဦးဖေ ကွယ်လွန်သော် သားအကြီးမောင်စံကို သူကြီးအရာပေးခဲ့ပါသည်။ အဘိုးဦးစံ က ယင်းတော်သူနှင့်ရပြီး သားသမီးတစ် ယောက်မှ မထွန်းကားခဲ့ပါ။ ထို့နောက် ရမည်းသင်းအနောက်ဘက်မှ ပတိုက်ကံ ကြီးသူ ဒေါ်ငယ်နှင့်ရသည်။ ဒေါ်ငယ်နှင့် လည်း သားသမီးတစ်ယောက်မှမထွန်း ကားခဲ့ပါ။ သူကြီးစံအရွယ်ကောင်းတုန်း က မြင်းတစ်စီးဖြင့် မန္တလေးသို့ မကြာ ခဏသွားလည်လေ့ရှိကြောင်း၊ အုတ်ဝန် မင်း၏သမီး ခင်ခင်သော့တို့ ခင်ခင်ဖော့ တို့နှင့် ရင်းနှီးကျွမ်းဝင်ကြောင်း၊ ၎င်းတို့ အဆက်အနွယ်များ သစ်ဆုံကြီးရွာသို့ အလည်ရောက်ဖူးကြောင်း စာရေးသူ၏ အမေက ပြောပြဖူးပါသည်။ သူကြီးစံ က မြင်းလောင်းဝါသနာပါပြီး (၉) ဒိုင် အုပ်သူကြီးဖြစ်၍ ဒိုင်များကိုပေါင်နှံကာ



www.burmeseclassic.com

www.burmeseclassic.com

မြင်းလောင်းသည်ဟု သတင်းထွက်လာသောကြောင့် ရွာ၏အကြီးအကဲများက စာရေးသူ၏အဘိုး (မောင်ဘဒင်) အား (၁၆) နှစ်မပြည့်ခင်၊ ရင်ခွင်ပိုက်သူကြီးအဖြစ် ခန့်အပ်ခဲ့ကြပါသည်။

သူကြီးဘဒင်အရွယ်ရောက်သောအခါ ယခု ရမည်းသင်းမြို့နယ်ထဲရှိ ငွေးကုန်းရွာမှ မငွေမှုံနှင့် အိမ်ထောင်ကျခဲ့ပါသည်။ သူကြီးဦးဘဒင်၏ အမေအမည်မှာလည်း မငွေမှုံ၊ သူကြီးကတော်၏အမည်မှာလည်း မငွေမှုံ အမည်ချင်းတူနေ၍ ရွာသူရွာသားများက ဇယားကျေသော သူကြီးအမေဒေါ်ငွေမှုံကို 'ဇယားမှုံ' ဟု ခေါ်ကြပြီး သူကြီးကတော်ကို ထက်သည်ဆိုပြီး 'ဓားမှုံ' ဟု ခေါ်ကြသည်ဟု စာရေးသူအမေက ပြောပြပါသည်။

ဦးဘဒင်နှင့် ဒေါ်ငွေမှုံတို့မှ သား (၃) ယောက်နှင့် သမီး (၃) ယောက်ကို မွေးဖွားခဲ့ပါသည်။ ထူးဆန်းတာက ထို(၆)ယောက်ထဲမှ သမီးအပျိုကြီးတစ်ယောက်က ရောဂါမရှိဘဲ ကောက်ကာငင်ကာဖျားပြီးဆုံးသွားခဲ့ပါသည်။ သားအကြီးဆုံးကလည်း အိမ်ထောင်ကျပြီး သားသမီး (၃) ယောက်ရကာမှ စိတ်ရောဂါရသွားပါလေရာ ဒုတိယမြောက်သားအလတ်ကို မန္တလေးဖားသားလဖုန်းကျောင်းမှာ ကျောင်းအိပ်ကျောင်းစားဖြင့်ပို့ပြီး ရှေး (၁၀) တန်းကိုရောက်ခဲ့ပါသည်။ ခေတ်ပညာတတ်ဆိုတော့ နည်းနည်းအမြင်ကျယ်လာတာကြောင့် ရွာပြန်လာတော့ မတရားခံရတဲ့ အမွေမှုကို အနိုင်ကျင့်ခံရတဲ့ဘက်က နိုင်အောင် လမ်းညွှန်ပေးလိုက်တာ အမှုနိုင်ပြီး ရှုံးတဲ့ဘက်ကလူတွေရဲ့ လုပ်ကြံသတ်ဖြတ်တာခံလိုက်ရပါသည်။ တတိယမြောက် သားအလတ်တစ်ယောက်က အိမ်ထောင်ကျပြီး သားသမီးတွေ (၄) ယောက်ရကာမှ စိတ်ကယောက်ကယက်တွေဖြစ်လာပြီး စိတ်ရောဂါရသွားပါသည်။ ဘိုးဘွားအစဉ်အဆက်မှာ မျိုးရိုးမရှိဘဲ ရူးသွားကြတာ စဉ်းစားစရာပါ။ အိမ်မှာ အတူနေတဲ့ မြေးတစ်ယောက်က ဘာဖြစ်မှန်းမသိ ဖျားနာပြီး သေသွားပါလေရော သူကြီးကတော် ဒေါ်ငွေမှုံကလည်း နှလုံးရောဂါလိုလို၊ သွေးဆုံးကိုင်သလိုလိုနှင့် အိပ်ရာထဲလဲနေ၏။

သူကြီးကတော်ရဲ့ မောင်တွေက ငွေးကုန်းရွာကနေ သူတို့အစ်မ ဒေါ်ငွေမှုံ နေမကောင်းတာကို လာမေးကြရင်းနှင့် (သစ်ဆုံကြီးရွာရဲ့တောင်ဘက် ချောင်းထဲမှာ ချောက်ကြီးဖြစ်နေပြီး နွေရာသီ ချောင်းရေခန်းချိန်မှာ အဲဒီချောက်ကရေက လူနှစ်ရပ်စာမကနက်ပြီး စိမ်းကြည်နေတဲ့ရေတွေနဲ့ပြည့်နေတဲ့ စိမ့်အိုင်ကြီးမှာ ရေချိုးကြတာပေါ့။) ရေချိုးရင်းနဲ့ ရေအောက်ထဲက လင်းလက်နေတဲ့အရာတစ်ခုကို တွေ့ကြတော့ ရေငုပ်ပြီးသွားကြည့်၏။ အရောင်လက်နေတဲ့အမည်းရောင်ကျောက်တုံးခက်တစ်ခုဖြစ်နေတာကြောင့် ရိုက်ချိုးပြီး ယူလာခဲ့ကြပါသည်။

သူကြီးအိမ်ကိုရောက်တော့လည်း ထိုအရာဝတ္ထုကို သူကြီးအပါအဝင် ရွာလူကြီးအတော်တော်များများ မည်သူမျှမသိကြပါ။ အဲဒီအရာဝတ္ထုကို ဘုရားခန်းထဲမှာပဲထားလိုက်ကြပါသည်။ လအတော်ကြာတော့ အမည်မသိ ဘယ်အရပ်ကကြွလာမှန်းမသိတဲ့ သူကိုယ်သူနယ်ခြားကိုယ်တော်ပါပြောတဲ့ဘုန်းတော်ကြီးတစ်ပါးကြွလာပြီး -

"သစ်ဆုံသူကြီး ဦးဘဒင်ရဲ့အိမ်မှာ အဂ္ဂိရတ်ထိုးရာမှာ အသုံးဝင်တဲ့ ရေဒယ်သံရှိတယ်ပြောလို့ အလှူလာခံတာပါ"

ဟု ပြောပါသည်။

သူကြီးဦးဘဒင်ကလည်း အလွယ်တကူနှင့် လှူလိုက်ပါသည်။

ဒါနှင့် နယ်ခြားကိုယ်တော်က -

"ဒကာကြီးကို ကျေးဇူးဆပ်ရဦးမယ်"

ဆိုပြီး ကြက်တောင်ပံ့တစ်ကောင် ရှာခိုင်းပါသည်။ ပြီးတော့ မန်းမှုတ်ရွတ်ဖတ်ထားတဲ့ ဆန်ပန်းပေါက်ပေါက်တွေကို အိမ်ဝိုင်းတစ်ဝိုင်းလုံးကိုကြဲပြီး အဲဒီ ကြက်တောင်ပံ့ကောင်၏ လည်ပင်းကို ချည်မန်းကွင်းစွပ်ပေးလိုက်ကာ ကြက်တောင်ပံ့ကောင်ကို အိမ်ဝိုင်းထဲကို လွှတ်လိုက်ပါသည်။ အဲဒီကြက်က လှေကားရင်းက ကျောက်တုံးပေါ်မှာပဲယက်နေတော့တာပဲဟု စာရေးသူ၏မိခင် (သူကြီးဦးဘဒင်၏ သမီးအငယ်ဆုံး) က ပြောပြပါသည်။ ရွာသားတွေကို ခေါ်ကာ ကျောက်တုံးကိုဖယ်ခိုင်းပြီး အဲဒီနေရာကို တူးခိုင်းတော့ မြေကြီးထဲမှာ လူလက်ဖျံရိုးတစ်ချောင်းကို သင်္ကန်းနဲ့ ပတ်ထားတာတစ်ခုရယ်၊ ခွေးခေါင်းတစ်ခေါင်းရယ်၊ 'ဘဒင်သေ' ဆိုတဲ့ အင်းပြားတစ်ပြားရယ်ကို အံ့သြဖွယ်ရာတွေ့ရပါသည်။ အဲဒီအရာတွေကို ဖယ်ရှားပေးပြီး အဘိုးတရားဟောပြောပြီး နောက်တစ်နေ့မှာ နယ်ခြားကိုယ်တော် ပြန်ကြွသွားသည်ဟု အမေက ပြောပြပါသည်။

နယ်တစ်နယ်မှာ အနှစ် (၁၀၀
ကျော် သက်ဦးဆံပိုင်စနစ်နှင့် ဆွေ
မျိုးဆက်တစ်စုက အုပ်ချုပ်လာတာ
သဘောမကျတဲ့ အဖွဲ့အစည်းတွေရှိလ
တယ်နှင့်တူပါသည်။ အဘိုးကိုမတွေ့
ဘူးပါက မိသားစုပြိုကွဲပျက်စီးစေလို
အကြံအစည်တွေ၊ အောက်လမ်းတွေ
တိုက်ခိုက်ရလောက်အောင် အမုန်းတ
တွေကို ဖန်တီးနိုင်စွမ်းရှိတဲ့ အဆိုးမျိုး
တတ်တဲ့ အဘိုးလားလို့ အမေ့ကိုမေ
မှာပါ။

အမေးရလွယ်အောင်ကို အ
က စုံစုံလင်လင်ပြောပြပါသည်။ အ
ဦးဘဒင်က အင်္ဂလိပ်လက်ထက်မှာ နှစ်
ပြုသေနတ်ကိုင်ခွင့်ရှိသည်။ ရွာ
အများကြီးပါတဲ့ ဒိုင် (၉) ဒိုင်ကို အုပ်
ရသည်။ ရပ်ရွာနှင့်ပတ်သက်တဲ့ ထူး
ဖြစ်စဉ် ဘာမှမရှိခဲ့။ အင်္ဂလိပ်မြို့ပိုင်တ
ယောက်က (စာရေးသူ၏အဒေါ်)
သမီးအကြီးမကို လိုချင်လို့တောင်း
သူ့သမီးကို အရေးတကြီးဆိုသလို
ကျောင်းဆရာ မုဆိုးဖိုကြီးနှင့် ပေး
ပစ်လိုက်တာတော့ရှိသည်တဲ့။ ပြီးတော့
အင်္ဂလိပ်အစိုးရလက်ထက်မှာ လူပိန်
နွားပိန်ပိန်လေးတွေကိုခေါ်ပြီး မိုးခေါ
ရေရှားရပ်ဝန်းဒေသဖြစ်လို့ ဆည်တ
တည်ဆောက်ပေးဖို့ရာ အဘိုးကတော
ဆိုတဲ့အခါ သစ်ဆုံဆည် ဆိုတဲ့ ဆ
တည်ဆောက်ခွင့်ရပြီး မြေစမ်းရင်း
ရင်းနှင့် သစ်ဆုံနယ်မှမြေတွေက
ကျောက်မြေတွေဆိုတော့ ထူးပေါ
(ကျောက်ပေါက်ကြီး) တွေကြောင့် ရေ
ထိန်းနိုင်စွမ်းမရှိ၍ နေရာရွှေ့ရင်း
ရွာတန်း (၂၄) ရွာဘက်ကို ရောက်သွာ
သည်။ ဒါကြောင့် သစ်ဆုံဆည်ရဲ့အ
ကျေးဇူးဖြစ်တဲ့ ဆည်ရေကို သစ်ဆုံ
နယ်က ခံစားခွင့်မရှိခဲ့။ ဒါပေမ
အချည်းအနှီးတော့မဖြစ်ပါ။ လူသား
အသုံးပြုဖို့အတွက် ဆည်တစ်ဆ
တော့ ဖြစ်လာခဲ့သည်။

သူကြီးကတော်ဒေါ်ငွေမှုံဆုံး
ငွေးကုန်းရွာသူ ဒေါ်လှသွယ်ဆိုတဲ့အ
သမီးနဲ့ရပါသည်။သူကြီးအရာကို သ
ဖြစ်သူကိုပေးပြီး ငွေးကုန်းရွာကိုပြော
ရွှေ့သွားခဲ့ပါသည်။ သေတစ်ပန်သ
တစ်ဆုံး အဲဒီရွာမှာပဲနေသွားခဲ့ပါသ
အသက် (၉၈) နှစ်အရွယ်မှာ အ
ကွယ်လွန်သွားခဲ့ပါသည်။ (စာရေးသူ
တန်းနှစ်ကပေါ့။) အဘိုးမကွယ်လွ
အချိန်က သမီးအငယ်ဆုံးဖြစ်တဲ့စာ
သူ၏မိခင်က ရနောင် (ယူ ရန်အော



www.burmeseclassic.com

www.burmeseclassic.com

...ရွာ) မှာနေတာဆိုတော့ တစ်နှစ်ကို ... ခေါက်လောက်လာလည်လေ့ရှိပါ ...၊ အဘိုးက စကားနည်းပြီး နံနက် ...တာနှင့် သားအကြီးက မွေးတဲ့ ...ရေးသူ၏အစ်ကိုဝမ်းကွဲ (ဆန်းယဉ် ...တ်ပုံဆိုင်) ဆီကို လမ်းလျှောက် ...ရှိပါသည်။ ရှေးဟောင်းနှောင်းဖြစ် ... ပြုံးမြင်တို့ဆိုတာဝေးလို့ အပိုစကား ...လုံးမှမပြောပါဘူး၊ အချိန်ပြည့်ပုတီး ...လေ့ရှိပါသည်။

မှတ်မှတ်ရရ စာရေးသူ (၄)တန်း ...မှာ ရွာကနေ စာရေးသူတို့ဆီမှာ ...ောင်းလာနေတဲ့ အဘိုးရဲ့ မြစ်မက ...နေ့(၇)နံတွေရဲ့အက္ခရာကိုသိပြီး သူ ... (၁) တန်းသာငယ်တဲ့ (အဒေါ် ...တ်စဖြစ်တဲ့) စာရေးသူက မသိရ ...ောင်းလားဆိုပြီးစိတ်တိုသွားတဲ့ အဘိုး ...နှာကို မှတ်မိနေပါသေးသည်။ ...မယ့် တအားဒေါသတကြီးမဟုတ် ... နောက်တစ်ခုက အဲဒီအဘိုးရဲ့ မြစ် ...သူ မနုတင်နဲ့ မြေးဖြစ်သူ စာရေးသူ ...က ကလေးတွေဆိုတော့ အဘိုးကို ...ကြပါတယ်။ အေးအေးချမ်းချမ်းနှင့် ...နည်းပြီး အမြဲပုတီးစိပ်နေတတ်တဲ့ ...ဘိုးကို မကြောက်ကြ။ ဒါပေမယ့် ...မတန်ရိုသေကြပါသည်။

တစ်နေ့တော့ မနုတင်ရဲ့ ခြေ ...ောက်မှာ ခြင်တို့၊ ပုရွက်ဆိတ်တို့ကိုက် ...တဲ့ အဖုကလေးတွေကိုတွေ့တော့ ...ဘိုးကိုသွားပြရာ အဘိုးက သူ့တံတွေး ... လက်နှင့်တို့ပြီး အနာကိုသုတ်ပေး ...သည်။

ပြီးတော့ -

"မှတ်ထား ငါ့မြေးတို့၊ လူ့ရဲ့ ...တွေးက အဆိပ်အတောက်ပြေစေ ...တဲ့ အာနိသင်ရှိတယ်တဲ့။ နံနက်လင်း ... မျက်နှာမသစ်ခင် တံတွေးက အနာ ... မန်းငန်းတက်နေချိန်မှာ ပိုပြီးအသုံး ...တယ်"

ဟု ဆိုပါသည်။

ခုခေတ်ဆေးပညာအမြင်နှင့်ဆိုရင် ...ော့ တစ်မျိုးပေါ့။ အဲဒီတုန်းက စာရေး ...က ခြေထောက်မှာရှိတဲ့ အဖုလေး ... နှစ်ဖုကို မရရအောင်ရှာ၊ ပြီးတော့ ...ဘိုးရှေ့မှာခြေထိုးပေးပြီး -

"အဘိုး ဒီမှာ အဖု"

ဆိုလျှင် အဘိုးက ဖတ်၊ ဖတ်ဟု ...ပြီး တံတွေးဆွတ်ပေးပါသည်။ ...နောက် အဖုတွေ့တိုင်း အဘိုးကို ...ပြပါသည်။ အဘိုးကလည်း စိတ် ...လက်ရှည်နှင့် တံတွေးသုတ်ပေးလေ့ ရှိပါသည်။ ပြီးတော့ စာရေးသူဟို့က အိမ်က ဆေးလိပ်ခုံဆိုတော့ အဘိုး အလည်လာလျှင် ဆေးလိပ်သမတွေက သီချင်းစောင်းပြီးဆိုလေ့ရှိသည်။ အဘိုးရဲ့ နောက်အိမ်ထောင်က ဒေါ်လှသွယ် ဆိုတော့ အဲဒီခေတ်တုန်းကပေါ်တဲ့ သီချင်းတစ်ပုဒ်နဲ့ သွားတူနေတော့ မောင်ကြီးနှမလှသွယ်၊ လှသွယ် ××× မြို့ရောက်ရင် ထီးနဲ့ဖိနပ်ဝယ်ခဲ့မယ် ××× ဆိုတဲ့ အဓိပ္ပာယ်ပါ သီချင်းစာသားကို အဘိုးရှေ့မှာ မကြားတကြားဆိုကြတာပေါ့။

အဲဒီအခါမှာ အဘိုးက စာရေးသူရဲ့အမေကို -

"မိန်းကလေး၊ ညည်းဆေးလိပ်သမလေးတွေက အဘကို သီချင်းဆိုပြီး စကြတယ်။ ငရဲကြီးမယ်၊ မ,စစေနဲ့"

ဟု ပြောသည်တဲ့။

အဘိုးက စကားတစ်ခွန်းကိုလည်း (၂) ခါ၊ (၃) ခါထပ်ပြောလေ့ မရှိပါ။ နေထွက်၊ နေဝင် ပုတီးကိုပဲစိပ်နေပြီး ပြုံးခဲ၊ ရယ်ခဲပါသည်။ အေးအေးချမ်းချမ်း နေလေ့ရှိပါသည်။ အဘိုးဆီကနေပြီး သူကြီးလုပ်ခဲ့တဲ့ အတွေ့အကြုံတို့၊ သူများက အောက်လမ်းနှင့်လုပ်ခံရလို့ မိသားစု ပျက်စီးဆုံးရှုံးခဲ့ရတာတို့ဆိုတဲ့ ရှေးဟောင်းနှောင်းဖြစ်စကားတွေ တစ်ခါမှမကြားခဲ့ဖူးပါဘူး။ အဘိုးတွေ့ခဲ့ရတဲ့ နယ်ခြားကိုယ်တော်က ရန်ကို ရန်ချင်းမတုံ့နှင်းဖို့ တရားရအောင်ဘယ်လိုဟောခဲ့တယ်မသိပါ။ ဒီလိုထူးဆန်းတဲ့လောကီပညာရပ်တွေကိုအသုံးပြုပြီး ဒုက္ခရောက်နေတဲ့ (၇) ရက်သားသမီးတွေကို ကယ်နိုင်တဲ့ အစွမ်းသတ္တိတွေနှင့်ပြည့်စုံတဲ့ နယ်ခြားကိုယ်တော်ပုဂ္ဂိုလ်ထူးနဲ့ တွေ့ရတာ အဆိုးထဲကအကောင်းလို့ ပြောရမှာပါ။ အဘိုးကတော့ ဆုံးသည်အချိန်အထိ အေးအေးဆေးဆေးပါပဲ။

အဲဒီခံစားချက်နှင့် ပတ်သက်ပြီး ရှေးလူကြီးပြောတဲ့ ဇာတိပုည ဂုဏ်မာန ဆိုတဲ့စကားနှင့်ပြောရလျှင် မင်းတုန်း၏ အနွယ်တော်ဆိုတာက တော်တော်ဝေးသွားခဲ့ပါပြီ။ ဗမာပြည်သူတစ်ယောက် အနေနှင့်၊ ခံစားချက်နှင့်ပြောရလျှင် တက္ကသိုလ်စိန်တင် ရေးသားတဲ့ 'သီပေါ ပါတော်မူပုံ' ဝတ္ထုကို ဖတ်ကြည့်ပြီး သီပေါမင်းနတ်ရွာစံတဲ့အခါမှာ တိုင်းပြည်ဆုံးရှုံးရတာနှင့် ပတ်သက်တဲ့ ခံစားချက်မျိုး၊ ရေးသားထား မှတ်တမ်းမှတ်ရာတို့၊ နေ့စဉ်မှတ်တမ်းတို့ ဘာတစ်ခုမှမတွေ့ရပါဘူး ဆိုတော့ တိုင်းပြည်တစ်ခုလုံး သူများလက်ထဲပါသွားတာကို ဘာခံစားချက်မှမရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်တစ်ယောက် အနေနှင့် တိုင်းပြည်နှင့်လူမျိုးအပေါ်မှာ ဘယ်လိုစေတနာထားတယ်ဆိုတဲ့ ခံစားချက်ကလေးတော့ရှိသင့်တာပေါ့ဟုတွေးပြီး ဆုံးရှုံးသွားတဲ့ ကိုယ့်နိုင်ငံကို ကြက်ကလေးငှက်ကလေးလောက်ပဲ သဘောထားတာတော့ မဖြစ်နိုင်လောက်ဘူးပေါ့။ မှတ်တမ်းမှတ်မှတ်ရာတွေကို အင်္ဂလိပ်တွေက ဖျောက်ဖျက်ပစ်လိုက်တာပဲလား။ တကယ်ပဲ ဘာမှတ်တမ်းမှာ မရှိတာလားဆိုတဲ့အတွေးတွေနဲ့ ဘဝင်မကျလှပါဘူး။ အားမလိုအားမရဖြစ်မိပါတယ်။

အခုလည်း အဘိုးရဲ့အဖြစ်အပျက်တွေက ဘာခံစားချက်မှမရှိတဲ့ပုံဆိုတော့ ကလေးတုန်းက မတွေးမိခဲ့ပေမယ့် အခုကျတော့ အဘိုးကိုတစ်လှည့်ပြန်ပြီး အံ့ဩမိ၊ အားမလိုအားမရဖြစ်မိပါတယ်။ အဘိုးက အရာအားလုံး ခဝါချပြီး မဆုံးခင်အချိန်ပိုင်းအထိ နေ့စဉ်ဂုဏ်တော် တစ်ထောင်ပြည့်အောင် ပုတီးစိပ် အဓိဋ္ဌာန်ဝင်ပြီး ရုက္ခစိုးဆုပန်သွားသည်ဟု စာရေးသူရဲ့အမေကပြောပြပါသည်။ ဘာကြောင့် ရုက္ခစိုးဆုပန်တာလဲဟု မေးတော့ ရုက္ခစိုးဆိုတာ ဘုရားပွင့်သည်အထိ တရားအားထုတ်ပြီး ရုက္ခစိုးတစ်ဘဝတည်းနှင့် အရိမေတ္တယျမြတ်စွာဘုရားကို စောင့်ဖူးလို့ရတယ်တဲ့။ ကြားထဲမှာ သံသရာတွေမရှည်တော့ဘူးပေါ့ဟု အမေကပြောတော့ စာရေးသူက ဒီလိုဆိုလျှင် အဘိုးက သံသရာတိုအောင် လောကကြီးကို တရားဓမ္မနှင့် အနိုင်ပိုင်းသွားတာပေါ့ဟု အမေ့ကို မေးမိပါသည်။

ပြီးတော့ အဘိုးတောင်းတဲ့ဆုပြည့်တာ၊ မပြည့်တာကော အမေတို့ဘယ်လိုလုပ်သိရလဲဟုမေးတော့ အဘိုးမကွယ်လွန်မီအချိန်က အဘိုးက သူသေလျှင် မီးသဂြိုဟ်ပေးဖို့နှင့် မီးသဂြိုဟ်တဲ့အခါ စထွက်လာတဲ့မီးခိုးတန်းက အထက်ကို တန်းတန်းမတ်မတ် တက်သွားခဲ့လျှင် သူအဓိဋ္ဌာန်ဝင်ပြီး ဆုတောင်းထားတဲ့ ရုက္ခစိုးဘဝကိုရောက်မည်၊ စထွက်လာတဲ့ မီးခိုးတန်းကလေးက ဝေ့ဝိုက်ပြီးထွက်လာရင်တော့ အဘအတွက် ကုသိုလ်ကောင်းမှုများများလုပ်ပေးပြီး အမျှသာဝေပေးတော့လို့ မှာခဲ့တယ်ဆိုတဲ့ အကြောင်းကို စာရေးသူရဲ့ အမေက ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အောင်သိန်းဝင်း(ပွင့်ဖြူ)

# မိုးရွာစေသောနည်း

မိုးကို လူတိုင်း တောင့်တသည်။ မြေလတ်နှင့် အညာဒေသ မိုးနည်းရေရှားအရပ်၌ နေထိုင်ကြသူများ အထူးတောင့်တသည်မှာ စိုက်ချိန်၊ ပျိုးချိန် မိုးကိုမျှော်မိုးကိုတောင့်တကြသည်။

စာရေးသူဇာတိ ပွင့်ဖြူမြို့နယ် လက်ခုပ်ရွာတောင်ဘက်ရှိ 'ရှင်ပင်မိုးကောင်းဘုရားကြီး' နှင့် စေတီရံများ၊ ဘုရားတန်ဆောင်းပြုပြင်သည်။

ဘုရားပြုပြင်ရာတွင် စလင်းမြို့က ဗိသုကာဆရာ ဦးဆန်းလွင်ကို ငှားရမ်းသုံးသည်။

ဦးဆန်းလွင်က ပန်းချီ၊ ဗိသုကာ၊ ဗေဒင်၊ ယတြာ မိုးရွာအောင်လုပ်နိုင်သည်ဟု နာမည်ကြီးသည်။

ရွာထဲကလူများ ဗေဒင်၊ ယတြာများမေးစမ်းပြုလုပ်ကြသည်။ စာရေးသူနှင့်အတော်ရင်းနှီး၍ သူ၏မိုးရွာစေသောနည်း၊ မိုးတားပုံ၊ မိုးကွင်းပုံတို့ကို ရှင်းပြဖူးသည်။ မိုးတွင်းကာလတော့ ဖြစ်ရမည်။

စာရေးသူအနေနှင့် သူရဇ္ဇစာဖတ်ပရိသတ်များ နည်းယူမှတ်သားနိုင်ရန် အရင်းအတိုင်း ဖောက်သည်ချလိုက်ရပေသည်။ အမှန်တကယ် မိုးရွာကြောင်း လက်တွေ့တွေ့ဖူးသည်။

ပထမဦးစွာ ပဍ္ဍုန်နတ် ဝဋ္ဋာဟကနတ်မင်းကို တိုင်တည်၍ တနင်္ဂနွေနေ့၌ သီးညွန့်(၂၁)ညွန့်ကို စုစည်း၍ မြောက်အရပ် ရေစပ်၊ မြောင်းစပ် အစိုဓာတ်ရှိရာတွင် ထိုးစိုက်ပြီး ၎င်းကို လက်ညှိုးထိုးပြီး ဂုဏ်တော်ကိုးခေါက် ရွတ်ပါ။ ပြီး မိမိရွာလိုရာသို့ လက်ညှိုးညွှန်ပါ။ ဂါထာရွတ်ပြီးစည်းမကျော်ရ။ နောက်ပြန်ဆုတ်ပါ။ မိုးမရွာလိုက သီးညွန့်စည်းကို ဖြေစိုက်ပြီး ရှေ့ဆက်သွားပါ။ မိုးတိတ်၏။ မိုးကြိုးမပစ်တတ်ပါ။

◆ တနင်္လာနေ့၌ ထန်းညွန့် (၁၀) ညွန့်၊ (စနေထောင့်) အနောက်တောင် အရပ်တွင်စိုက်ပါ။

◆ အင်္ဂါနေ့၌ အုန်းညွန့်(၆)ညွန့် (တနင်္ဂနွေထောင့်) အရှေ့မြောက်အရပ် တွင် စိုက်ပါ။

◆ ဗုဒ္ဓဟူးနေ့၌ ကံ့ကော်၊ အုန်း (၁၅) ညွန့် အရှေ့တည့်တည့်စိုက်ပါ။ ထိုနေ့တွင် မိုးထက်လေထန်တတ်၏။

◆ ကြာသပတေးနေ့၌ ဆီးညွန့်၊ ... ညွန့် (၈)ညွန့် (အင်္ဂါထောင့်) အရှေ့ တောင်တွင်စိုက်ပါ။

◆ သောကြာနေ့၌ ဝါးညွန့် (၁၇) ညွန့်၊ တောင်အရပ်တွင်စိုက်ပါ။

◆ စနေနေ့၌ သပြေ၊ ပေါက် (၁၉) ညွန့်၊ အနောက်အရပ်တွင်စိုက်ပါ။

ပြုလုပ်ပုံမှာ အထက်ဖော်ပြပါ နည်းအတိုင်း ဖြစ်ပါသည်။

အောင်သိန်းဝင်း(ပွင့်ဖြူ)

---

မှာခဲ့တဲ့အတိုင်း မီးသဂြိုဟ်တဲ့အခါ စထွက်လာတဲ့ မီးခိုးတန်းကလေးက တကယ်ပဲ အငွေ့အပိုက်မရှိ တန်းတန်းမတ်မတ်နှင့် တက်လာခဲ့ပါသည်။ ဆိုလိုရင်းက အဘိုးဆုတောင်းကပြည့်သည်ဟု အမေကပြောချင်တာနှင့် တူပါသည်။ ဒါကို မယုံလို့မရပါ။ ဘာလို့လဲဆိုတော့ တိုက်ဆိုင်မှုတွေရှိနေလို့ပါ။ အဘိုးဆုံးပြီး နှစ်အနည်းငယ်ကြာတော့ စာရေးသူရဲ့ အမေကို ရမည်းသင်းက မနောစိတ္တုပ္ပါဒ် - ဆရာကြီးဦးထွန်းမွေးက-

"ခင်ဗျားရဲ့မိကြီးဖကြီးထဲက ရုက္ခစိုးဖြစ်နေတာတစ်ယောက်ရှိတယ်"

လို့ပြောဖူးပါသည်။

စာရေးသူအစ်ကိုကြီး၏ မိတ်ဆွေတစ်ယောက်ကလည်း အစ်ကိုကြီးကို အဲဒီလိုပဲပြောဖူးပါသည်။ မန္တလေးက အဝတ်နက်ခြုံဟောတဲ့ အကြားအမြင်ဆရာမကြီးလည်း စာရေးသူရဲ့တူကလေးကို အဲဒီလိုပဲဟောဖူးပါသည်။ မိသားစုအကြောင်းကို မသိမမြင်တဲ့သူတွေက ဟောတာဆိုတော့ တိုက်ဆိုင်တာတော့ မဟုတ်နိုင်ပါဘူး။ အဘိုးရုက္ခစိုးဖြစ်တာသေချာတယ်ဟု စာရေးသူတို့မိသားစုက ယုံကြည်လက်ခံထားကြ၏။ဘာပဲပြောပြော အဘိုးဘက်က လက်တွေ့လုပ်သွားတဲ့ လုပ်ရတ်က အောက်လမ်းနှင့်လုပ်တဲ့ပုဂ္ဂိုလ်တွေကို 'အကြွေး' ဇာတ်ကားထဲက ကျော်ဟိန်းပြောသလို သေနတ်အစား ပုတီးကလေးကိုင်ပြီး ဘဒင်ကို မီဖို့ရာ (၁၀) ဘဝလောက်ကြိုးစားလိုက်ဦးဟု ပြောသွားသလို ဖြစ်နေပါသည်။ ဒါပေမယ့် အဘိုးဘဝမှာ ထူးဆန်းတဲ့ ရေဒယ်သံကိုသာ မတွေ့ခဲ့လျှင် လောကီ၊ လောကုတ္တရာပညာများကို တတ်မြောက်ထားသော ကျေးဇူးရှင်နယ်ခြားကိုယ်တော်ကိုလည်း တွေ့ရန်အကြောင်းမရှိပါ။ တရားဓမ္မကြောင့်ရသော အေးချမ်းမှုကိုလည်း ရနိုင်မည်မဟုတ်ပါ။ လောကကြီးတွင် ထူးဆန်းသော အောက်လမ်း၊ အထက်လမ်းစသော လောကီပညာရပ်များ တကယ်ရှိနေပါလားဆိုတာကို လက်မခံ၍မရလောက်အောင်ပင် မိသားစုဆွေစဉ်မျိုးဆက်နှင့်ချီ၍လက်တွေ့ခံခဲ့ရပါသည်။

ရန်ကိုရန်ချင်းလည်း မတုံ့နှင်းလိုပါ။ မိမိလုပ်လိုက်သည့်အမှုကိစ္စတစ်ခုကို လုပ်သင့်သည့်အမှုလား။ မလုပ်သင့်သည့် အမှုလားဆိုတာကို ခွဲခြားပြီး မဆုံးဖြတ်တတ်သော ပုဂ္ဂိုလ်တို့အား ငယ်စဉ်က စိတ်တိုမိပါသည်။ သို့သော် အသက် အရွယ်ရ၍ မိမိလက်ဝါး အနာခံပြီး ရိုက်သောပုဂ္ဂိုလ်ကို သနားသလို သံသရာတွင် ပြန်၍ခံရမည့် ဝဋ်ဆင်းရဲနှင့် ... အတွက် ထိုပုဂ္ဂိုလ်တို့ကို သနားမိသည် ... ဆုလည်းတောင်းမိပါသည်။ နိဗ္ဗာန် မရောက်ခင်စပ်ကြား သံသရာဝယ် ကျင် လည်ရမည့်ဘဝတိုင်းတွင် သူများအနိုင် စက်ခံရသော ဆွေစဉ်မျိုးဆက်လည်း မဖြစ်ရပါလို၏။ သူတစ်ပါးကိုနှိပ်စက် သော ဆွေစဉ်မျိုးဆက်လည်း မဖြစ်ရ ... လို၏ဟူသော ဆုကိုတောင်းရင်းဖြင့် စာဖတ်သူတို့အား ထူးဆန်းသော လောကီပညာရပ်များ အမှန်တကယ်ရှိ ကြောင်းနှင့် သံသရာရှည်စေမည့် အပြု အတေးများမထားစေချင်သောစေတနာ ဖြင့် စာရေးသူ၏ အဘိုးအရင်းဖြစ်သော သူကြီးဦးဘဒင်၏ဖြစ်ရပ်မှန်ကို တင်ပြ လိုက်ရပါသည်။

မနှင်းဆီ (ရေဆင်း-နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

# သင့်အိမ်မှာတောင်ပို့ပေါက်လျှင်

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



မြန်မာမှုမြန်မာ့အယူအဆမြန်မာ့ ထုံးထမ်းစဉ်လာကိစ္စများသည် များပြား သည်။ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့ သို့ သာရေး၊ နာရေးပြုဖွယ်ကိစ္စများတွင် လည်း Tradition ခေါ် ရိုးရာအယူအဆ များရှိကြသည်။ တိုင်းရင်းသားများသည် လည်း သူတို့ရိုးရာထုံးတမ်းစဉ်လာများ ရှိကြပေသည်။ အိမ်ဆောက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ တိရစ္ဆာန်များ အဝင်၊ အထွက် အယူအဆများ၊ ပျားစွဲ၊ မြေတောင်ပို့ရှိသည့်ကိစ္စများတွင် လည်း ကောင်း၊ ခရီးသွားလာသည့်အခါပြုဖွယ် ကိစ္စများရှိကြသည်။

ရှေးလူကြီးများက သူတို့အတွေ့ အကြုံများကို နောင်လာနောက်သား သူငယ်များ သိရှိကြစေရန် ဆောင်ရန်၊ ရှောင်ရန်ပြုဖွယ်ကိစ္စများကို တစ်ဆင့် စကားပြောကြား၊ မှာကြားခြင်း၊ စာပေ ဖြင့် ရေးမှတ်ခဲ့ခြင်းများဖြင့် ယနေ့ခေတ် သူငယ်များ သိရှိကြရသည်။

နောင်လာမျိုးဆက်သစ်များအကျိုး အတွက်စေတနာမေတ္တာထားကာ လမ်း ညွှန်ပြသခဲ့သော ရှေးလူကြီးများအား ကျေးဇူးတင်ထိုက်လှပေသည်။

ယခုနှစ် ဝါဆိုလပြည့် နေ့လယ်က အသည့်မတစ်ဦး ကျွန်ုပ်ထံသို့ ရောက်လာ၏။

"ဘာကိစ္စရှိသလဲ မတင်သိန်း"

ဟု မေးရာ သူမက -

"ဆရာ့ကိုမေးစရာရှိလို့ပါ။ အိမ်မှာ တောင်ပို့ပေါက်နေလို့။ အမေတို့က တောင်ပို့ပေါက်ရင် ဘာလုပ်ရမလဲ၊ ဘာဖြစ်တတ်သလဲဆိုတာမသိလို့ ဆရာ့ ထံ မေးခိုင်းလိုက်တာပါ"

ဟု ဆိုပါသည်။

"တောင်ပို့ပေါက်တာ အိမ်ရဲ့ဘယ် ဘက်မှာလဲ။ အိမ်ရဲ့ တောင်၊ မြောက်၊ အရှေ့၊ အနောက် ဘယ်အရပ်မှာ ပေါက်တာလဲ။ ဘယ်လောက်ကြာပြီလဲ"

"ပေါက်တာတော့ (၅)လလောက် ရှိပါပြီ။ အိမ်ရဲ့တောင်ဘက်မှာပါ။ ဘာ လုပ်ရမလဲဆိုတာ မသိတာနဲ့ ဆရာ့ဆီ လာခဲ့တာပါ"

"အေး-အိမ်ရဲ့တောင်ဘက် ခေါင်း ရင်းဘက်မှာပေါက်တာဆိုရင် စီးပွား ချမ်းသာတိုးတက်အံ့လို့ 'လောကသုတိ' ကျမ်းမှာ ညွှန်ပြမိန့်ဆိုထားတယ်။ ကောင်းပါတယ်ကွယ်"

"အဲဒီတောင်ပို့ကို ကျွန်မတို့ ဘာ လုပ်ပေးရမလဲ"

"ဘာမှသွားမလုပ်နဲ့၊ မဖြိုနဲ့။ နံ့သာ ရည်ဖျန်းပေးပေါ့။ ရွှေရေပါလောင်းပေး ပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ"

ဟု နှုတ်ဆက်စကားဆိုပြီး ပြန် သွားပါသည်။

သူမ ပြန်သွားမှ ကျွန်ုပ်စဉ်းစား ကြည့်မိသည်။ လူမှုကိစ္စတွေအစုံပါလား။ ရိုးရာအစွဲအလမ်းတွေ၊ အယူအဆများ နှင့် ယနေ့ခေတ်လူငယ်များများ သိရှိကြ ရအောင် ရှေးလူကြီးများ၏ စေတနာ တွေလည်း မပျောက်ပျက်၊ မတိမ်ကော လေရအောင် နှမ်းတစ်စေ့၊ ဆီတစ်စက်၊ စာတစ်ရွက်ရေးဦးမှပဲဟု တွေးကာ ရေးမိ ပါတော့သည်။ ဖတ်မိသူများ ဗဟုသုတ ကြွယ်ဝ၍ အသုံးတည့်ကြပါစေ။

❖

သင်ပိုင်သောနေအိမ်၊ တိုက်တာ၊ အလုပ်ရုံ၊ စက်ရုံ၊ အဆောက်အအုံများ တွင် တောင်ပို့များ ပေါက်လာပါက အကျိုး အပြစ်များမှာ -

၁။ မိမိနေအိမ်တွင် အိမ်အောက်၊ အိမ် သာအောက်တွင် တောင်ပို့ပေါက် လျှင်၊ ရှိလျှင် ပြောင်းရွှေ့လေ။

၂။ အိမ်ရှေ့တွင် တောင်ပို့ပေါက်လျှင်၊ ရှိလျှင် ဘေးရန်ခပ်သိမ်း ကင်းဝေး စေ၏။

၃။ အိမ်၏တောင်ဘက်မှာ တောင်ပို့ ပေါက်လျှင်၊ ရှိလျှင် စီးပွားချမ်းသာ တိုးတက်အံ့။

၄။ အိမ်အနောက်မှာ တောင်ပို့ပေါက် လျှင်၊ ရှိလျှင် သားမြေးငယ်ရွယ်သူ များ နာများအံ့။

၅။ အိမ်အနောက်မြောက်မှာ တောင် ပို့ပေါက်လျှင်၊ ရှိလျှင် ဆန်စပါးပေါ များအံ့၊ သီးနှံဖွံ့ဖြိုးအံ့။

၆။ အိမ်အရှေ့တောင်ဘက်မှာ တောင် ပို့ပေါက်လျှင်၊ ရှိလျှင် မီးလောင် တတ်၏။

၇။ အနောက်တောင်ဘက်မှာ တောင် ပို့ပေါက်လျှင်၊ ရှိလျှင် အိမ်ရှင်ခိုက် တတ်၏။

၈။ မကောင်းရပ်နေ(တောင်ပို့) ပေါက် လာပေ၊ ရွှေရေလောင်းကြလေ။ (အရှေ့တောင်၊ အနောက်တောင်၊ အနောက်အရပ်များ) ရွှေရေ လောင်းပေးပါ။

ကြွင်းငါးရပ်မှာ၊ ပေါက်ရောက် လာ၊ မှန်စွာကြည်ချမ်းမြ (အရှေ့၊ တောင် အရပ်၊အနောက်မြောက်၊ မြောက်အရပ်၊ အရှေ့မြောက်)

ဤသို့ယတြာ (ရွှေရေလောင်း ခြင်း) ပြုသောခါ ရောဂါ၊ ရန်၊ ကင်းပ။

**အိမ်၏ အစိတ်အပိုင်းနေရာများမှာ ပျားစွဲ သော်**

၁။ အိမ်တံခါး၌ ပျားစွဲလျှင် စီးပွား တက်၊ လာဘ်ရအံ့။

၂။ အိမ်လှေကားအောက်တွင် ပျားစွဲ ပါက စီးပွားပျက်အံ့။

၃။ အိမ်ခါးပန်း၊ အခင်းကြမ်း၊ ဆင့်၊ ရက်မ၊ တိုင်ခြေများတွင် ပျားစွဲမူ စီးပွားတက်အံ့။

၄။ အိမ်ခေါင်၊ ထုပ်၊ လျောက်၊ ဒိုင်း များ၊ အခြင်တို့တွင် ပျားစွဲပါမူ စီးပွားယုတ်အံ့။

၅။ အိမ်သာတွင် ပျားစွဲမူ သေပျောက် တတ်၏။

၆။ အိပ်ရာ၊ ခုတင်တွင် ပျားစွဲပါက ချမ်းသာကြွယ်ဝအံ့။

၇။ အဝတ်တန်ဆာတွင် ပျားစွဲမူ ရာထူးတိုးအံ့၊ ချမ်းသာအံ့။

ကောင်းကျိုးချမ်းသာအထွေထွေ ပြည့်စုံစေသော်

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



# မင်းဟိန်းထိုက်

## ဘိုးညြှာအာနှင့်မြေဖုတ်ဘီလူးများ

အောင်ဘချိုင်ကွင်းမှာ မောင်အေးချမ်းတို့ တန်းတင်ရွာထိပ်နှင့် လယ်ကွင်းကလေးတစ်ကွင်းမျှသာ ခြားသော အောင်ဘချိုင်တောင်ခြေတွင် ဖြစ်သည်။ အောင်ဘချိုင်တောင်ကြောတန်းသည် တန်းတင်တောင်တန်းကြီးနှင့် ဆက်သည်။ တန်းတင်တောင်တန်းကြီးသည် မြောက်ဥလောင်းတောင်၊ ဖိုးခေါင်တောင်တန်းကြီးမှသည် ရခိုင်ရိုးမကြီးသို့ တိုင်အောင် တစ်ဆက်တည်းဖြစ်သွားလေသည်။

ထို့ကြောင့် အောင်ဘချိုင်ကို ရခိုင်ရိုးမကြီး၏ တောင်ဆွယ်၊ တောင်ခြေဟု ဆိုနိုင်သည်။ ရွာနှင့် လယ်လေးတစ်ကွင်းမျှသာခြားသောနေရာ ဖြစ်သော်လည်း ဆင်မှလွဲ၍ တောဝက်၊ တောချေနှင့် ကျားဆိုးကြီးများပင် ခိုအောင်းလေ့ရှိသောနေရာလည်း ဖြစ်သည်။

အောင်ဘချိုင်ကို အောင်ဘ,ချိုင်ဟု ဘကုန်းအသံထွက်ပီသအောင်ခေါ်လေ့မရှိဘဲ ဒေသသံဖြင့် အောင်ဘ်ချိုင်ဟူ၍သာ သရသံကင်းပြီး မတြာဝက်သံဖြင့် ခေါ်ကြသည်။

အောင်ဘချိုင်ဟုခေါ်ကြသည်မှာလည်း ထိုနေရာသည် တောင်ဆွယ်နှစ်ခုတို့၏အကြားတွင် ချိုင့်သဖွယ်ဖြစ်နေ၍ ချိုင်ဟုခေါ်ကြပြီး ရှေးအခါက ထိုနေရာကို အောင်ဘ အမည်ရှိသော လူကြီးတစ်ယောက် ပိုင်ဆိုင်ခဲ့ဖူးဟန်ရှိသည်။ အောင်ဘချိုင် ဖြစ်ပေါ်လာသော မူလဘူတကို ကာလကြာခဲ့ပြီဖြစ်၍ မောင်အေးချမ်း မသိပေ။

ယခုအခါတွင် ထိုနေရာကို ဦးသာထွန်းတို့မိသားစု ပိုင်ဆိုင်သော လယ်မြေနှင့် နွားစားကျက်ကုန်းကြီးများဖြစ်လျက်သာရှိနေပြန်သည်။ ထို့ကြောင့် ဦးသာထွန်းတို့မိသားစုသည်ပင် ဦးအောင်ဘ၏ အနွယ်ဝင်များ ဖြစ်လေသလားဟု ယူဆဖွယ်ဖြစ်နေသည်။ ဦးသာထွန်းတို့မိသားစုမှာ မောင်အေးချမ်းတို့ တန်းတင်ရွာက မဟုတ်ပေ။ မောင်အေးချမ်းတို့ တန်းတင်ရွာမှ ကြားတစ်ရွာခြားသော မာတ်တော် (ယခု အောင်သပြေ) ရွာက ဖြစ်သည်။ အောင်ဘချိုင်လယ်ကွင်းကို သူတို့ပိုင်ဆိုင်၍ လယ်အထက်တောင်ကမူတွင် တဲကြီးထိုးပြီး နွှေရောမိုးပါ နေထိုင်ကြသည်။

သည်အောင်ဘချိုင်သည် ယခုအခါ စပါးအထွက်ကောင်းသော လယ်ကွင်းကြီးဖြစ်နေသော်လည်း ရှေးအခါက မြေဖုတ်၊ ဘီလူး၊ သရဲ၊ သဘက်တို့များ ကြီးစိုးရာ တောင်ချိုင့်ဝှမ်းကြီးဖြစ်ခဲ့ဖူးသည်။

ဦးသာထွန်း၏ အမေက ထိုမြေဖုတ်၊ ဘီလူး၊ သဘက်တို့ ကြီးစိုးသော တောင်ချိုင့်ဝှမ်းကြီးကို စပါးအထွက်ကောင်းသည့် လယ်ကွင်းကြီးဖြစ်လာသည်အထိ စတင်ပြီး လုပ်ကိုင်လာခဲ့သည်ဟု သိရသည်။

မောင်အေးချမ်းတို့ ကျောင်းသားလေးအရွယ်က ဦးသာထွန်း၏ သားငယ်ဖြစ်သော မောင်ကျော်ခင်နှင့် ကျောင်းအားရက်များတွင် လိုက်သွားဖူး၍ ဦးသာထွန်း၏မိခင်ကြီးကို မြင်ဖူးလိုက်၏။ ထိုအချိန်ကပင် ထိုအဘွားအိုသည် အသက် (၈၀) ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဆံပင်ကိုလည်း ခေါင်းတုံးချွေထားသည်။

ထိုအဘွားက ဘီလူး၊ သဘက်တို့ကို တိုက်ခိုက်သော မှော်ပညာများအား အထိုက်အလျောက်တတ်ကျွမ်းသည်ဟု သိရသည်။ သူ၏မိဘ၊ ဆွေမျိုးများက မှော်ပညာကို သင်ထားခဲ့ကြ[illegible] တတ်



www.burmeseclassic.com

[illegible]လေသလားဟု မသိနိုင်သလို ထို အဘွား၏ နာမည်ကိုလည်း မောင်အေး [illegible] မသိလိုက်ပေ။ (ထို့ကြောင့် အဘွား [illegible]သာ နာမ်စားဖြင့် ရေးသွားရပေ [illegible]မည်။)

ထိုအဘွားနှင့် ဦးသာထွန်း၏ဖခင် ညှားသောအချိန်က ဦးသာထွန်း၏ဖခင်တို့မှာ အောင်ဘချိုင်ဝ၌ လယ်တစ်ခွဲခင်း (ဇကဝက်)မျှသာရှိကြသည်။ ကျန်သော တစ်ဆက်တစ်စပ်တည်းရှိသည့် အောင်ဘချိုင် တောင်ချိုင့်ဝှမ်းကြီးတစ်ခုလုံးမှာ ဆင်နေကျအောင်း ပုတ်ပေါင်းထူထပ်သည့် တောကြီးမျက်မည်းသာ ဖြစ်နေသည်။ မြေဖုတ်၊ ဘီလူး၊ သဘက်များ ကြီးစိုးသောကြောင့် ထိုအောင်ဘချိုင် တောင်ချိုင့်ဝှမ်းကြီးကိုလည်း လယ်မတည်ရဲဘဲ ချန်လှပ်ထားကြသည်။

အနောက်ဘက်မှာသာ ဇကဝက်မျှ လယ်ကွင်းလေးရှိပြီး အခြားသုံးဖက်လုံးမှာ ရခိုင်ရိုးမကြီး၏ တောဆက်/အင်ဒိုင်း/ချိုင့်ဝှမ်းကြီးဖြစ်နေ၍ စိမ့်မှောင်ညို့မည်းနေသည်။ ကြမ်းလွန်းသောကြောင့် လူတစ်ယောက်၊ နှစ်ယောက်တည်းဖြင့်ပင် အောင်ဘချိုင့်ဝှမ်းကို မဝင်ရဲကြပေ။ ကျွဲ၊ နွားများဝင်သွား၍ လူစုနှင့် လိုက်ရှာကြလျှင်လည်း အကောင်ကိုမတွေ့ဘဲ အရိုးစုကိုသာ တွေ့ကြရသည်ဟု ဆို၏။

နေ့ခင်းကြောင်တောင်ပင် ရံခါ အောင်ဘချိုင်ထဲမှ အော်ငိုသံ၊ ဟစ်ကြွေးသံများကို ကြားရတတ်သည်။ တောင်ခြေ၊ ကမ်းပါး၌ အမျိုးသမီးတစ်ယောက် (ဘီလူးမ) ဒန်းစီးနေသည်ကိုလည်း တွေ့ကြရသည်ဟု ဆိုသည်။ ညအချိန်၌





www.burmeseclassic.com

www.burmeseclassic.com

မီးလုံးကြီးများ ပျံ့ဝဲနေသည်ကိုလည်း တွေ့ကြရသည်။

သို့သော် ထိုအဘွားသည် မှော်အတတ်ပညာကို တတ်ကျွမ်း၍လောမသိ။ အစိမ်းသရဲ၊ မြေဖုတ်၊ ဘီလူးများကို မကြောက်တတ်ပေ။ အောင်ဘာချိုင်ချိုင့်ဝှမ်းကြီးထဲကိုလည်း ထိုအဘွားတစ်ဦးတည်းသာ ဝင်ထွက် ထင်းခွေ၊ ဟင်းရွက်ခူးလုပ်ရဲခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် တစ်နေ့သောအခါ သူ့ယောက်ျားဘက်မှပါသော လယ်ဧကဝက်မျှဖြင့် လုပ်ကိုင်မစားလောက်၍ ထိုလယ်ဧကဝက်နှင့် တစ်ဆက်တည်းရှိနေသည့် အောင်ဘာချိုင်ချိုင့်ဝှမ်းကြီးကို သူတတ်မြောက်ထားသော မှော်ပညာဖြင့် မြေဖုတ်၊ ဘီလူး၊ သဘက်များအား အင်းမြှုပ်ပြီး မောင်းထုတ်ကာ လယ်တည်ရန် ကြိုးစားလေသည်။

အောင်ဘာချိုင်ကို လယ်တည်မည့် အရေးနှင့်ပတ်သက်ပြီး သူ့ယောက်ျားအား တိုင်ပင်၍မရပေ။ သူ့ယောက်ျားသည်ကား အစိမ်းသရဲ၊ မြေဖုတ်၊ ဘီလူးများကို အလွန်ကြောက်တတ်သည်။ ညနေအိပ်ရာဝင်ပုံပြင်ပြောကြ၍ အစိမ်းသရဲ၊ မြေဖုတ်၊ ဘီလူးများအကြောင်းပါလာလျှင်ပင် အလယ်ထိုင်၏။ ထိုကဲ့သို့ကြောက်တတ်၍ပင် သည်အောင်ဘာချိုင်ချိုင့်ဝှမ်းကြီးကို လယ်မတည်ရဲဘဲ လွှတ်ထားကြခြင်း ဖြစ်ဟန်တူသည်။

ထို့ကြောင့် အဘွားသည် အောင်ဘာချိုင်ကို လယ်ချဲ့တည်ရေးနှင့်ပတ်သက်၍ သူ့ယောက်ျားကို အသိပေးရုံမျှသာပေးပြီး ဦးစွာ အရွယ်တူသော ကျောက်ပြားလေးများကို ကောက်စုကာ အင်းချ၏။ ထို့နောက် အင်းချပ်ကလေးများကို ပလိုင်းထဲထည့်ပြီး အောင်ဘာချိုင်သို့သွားလေသည်။ ထိုအခါ ချိုင်ထဲကို မဝင်ရသေးမီ ခပ်လှမ်းလှမ်းကပင် မြေဖုတ်၊ ဘီလူး၊ သရဲ၊ သဘက်များ အမျိုးမျိုးသောအသံကိုပေးပြီး ဆူညံစွာဖြင့် ခြောက်လှန့်ကြလေသည်။ အဆက်မပြတ် သစ်ပင်ကြီးများပြိုလဲသံ၊ လေတိုက်သံ၊ မိုးချုန်းသံ၊ ထို့နောက် အမျိုးအမည်ကိုမသိနိုင်သော အသံကြီးများဖြင့် ဆူဆူညံညံပြုလုပ်ကြလေသည်။ မည်မျှအထိပင် မြေဖုတ်၊ ဘီလူး၊ သရဲ၊ သဘက်များ အသံမျိုးစုံဖြင့် ခြိမ်းခြောက်ဟိန်းဟောက်နေကြသော်လည်း အဘွားကား ကြောက်စိတ်မရှိပေ။ သွားမြဲအတိုင်းသာ လျှောက်သွားလေသည်။

ထို့ကြောင့် မြေဖုတ်၊ ဘီလူး၊ သရဲ၊ သဘက်များက အဘွားကို ဒီနည်းဖြင့် လုပ်၍မရနိုင်။ မကြောက်လန့်ဟုသိသွားကြဟန်ရှိသည်။ ထို့နောက် တစ်ဆက်တည်းလိုပင် မိုးမရွာဘဲ လေကြမ်းကြီးတိုက်ခတ်လာပြန်သည်။ ထိုအခါတွင် လူဘာမှမဖြစ်ဘဲ ပလိုင်းထဲမှ အင်းချပ်ကလေးများသာ တစ်ချပ်မကျန် ပလိုင်းထဲမှ ခုန်ထွက်ကာ သစ်ရွက်ခြောက်များသဖွယ်ဖြစ်ပြီး လွင့်ပျောက်သွားလေသည်။

ထို့ကြောင့် အဘွားမှာ သူ့လုပ်ငန်းမအောင်မြင်ဘဲ အချည်းအနှီးဖြစ်သွားရလေသည်။ သို့သော်လည်း အဘွားအလျှော့မပေးပေ။ သရဲမိစ္ဆာတို့၏အမူအကျင့်ကို ကောင်းစွာ သိထားသောကြောင့် ဘာဆက်လုပ်ရမည်ကိုနားလည်သည်။ထို့ကြောင့် နောက်နေ့မှာပင် အင်းချပ်ကလေးများကို ထပ်မံပြုလုပ်ပြီး အောင်ဘာချိုင်ကိုသွားပြန်သည်။ ဒီတစ်ကြိမ်တွင် အဘွား သည်အတိုင်း မသွားတော့ပေ။ အဆက်မပြတ် သရဲမိစ္ဆာများအားနိုင်သော ဂါထာမန္တန်များကို ရွတ်ဆိုပြီးသာလာခြင်း ဖြစ်သည်။

ထို့ကြောင့် ဒီတစ်ကြိမ်တွင် မိစ္ဆာကောင်ဘီလူး၊ သဘက်များသည် အမျိုးမျိုးသော ဆူဆူညံညံမျှသာပြုလုပ်ခြိမ်းခြောက်နိုင်ပြီး အင်းပြားကလေးများကို လုယက် ဖျောက်ဖျက်ခြင်းကို မတတ်နိုင်ကြတော့ပေ။

ထို့ကြောင့် အဘွားသည် အဝါရောင်ရေများထွက်သော နေရာအနှံ့အပြားမှာ အင်းပြားကလေးများကို လိုက်ပြီးမြှုပ်လိုက်လေသည်။ အဝါရောင်ရေများထွက်သာနေရာများမှာသာ မြေဖုတ်၊ ဘီလူး စသည့် မကောင်းဆိုးဝါး မြေရှင်၊ရေရှင်ခံနေကြသည့် မိစ္ဆာကောင်များနေတတ်သည်ဟု အဘွားနားလည်ထားသည်။

❖

မနက်စောစောတွင် လင်မယားနှစ်ယောက် အိမ်မှထွက်လာကြသည်။ ယခင်အခါများက ဒီအောင်ဘာချိုင်တောကို မြေဖုတ်၊ ဘီလူးများအားကြောက်၍ အဘိုး မလာရဲပေ။ ယခု အဘွားက မြေဖုတ်၊ ဘီလူးများအား နှင်လိုက်ပြီဟု ပြောပြ၍သာ အဘိုးလိုက်လာရဲခြင်း ဖြစ်သည်။

သို့သော် တောစပ်ကို ရောက်သည်နှင့် အဘိုး ဟာခနဲဖြစ်သွား၏။ ထို့နောက် အဘိုးက တစ်နေရာကို လက်ညှိုးထိုးပြီး အဘွားအား ပြလိုက်သည်။

"ဟဲ့-အဘွားကြီး၊ ဒီမှာကြည့်စမ်း ဘာတွေလဲ"

ကုန်ခဲ့သည့်နေ့ခင်းက အဘွားမြှုပ်ထားခဲ့သော အင်းချပ်လေးများ အားလုံးပင် လယ်တောစပ်၌ပုံနေသည်ကို တွေ့လိုက်ရလေ၏။ ထို့ကြောင့် အဘွားအံ့ဩသွားသည်။

"ရော်- မနေ့က ငါမြှုပ်ထားခဲ့တဲ့ အင်းချပ်ကလေးတွေပါလား။ ဘယ်လိုဖြစ်တာတုံး"

အဘွားသည် သူ့အင်းချပ်ကလေးများကို စိုက်ကြည့်နေသည်။ အင်းချပ်ကလေးများမှာ တစ်စုံတစ်ယောက်က စုပုံထားသကဲ့သို့ အပုံကလေးဖြစ်နေ၏။ ထို့ကြောင့် အဘွားမှာ အံ့ဩ၍မဆုံးဖြစ်နေလေသည်။

"ဟင် - အဘိုးကြီး၊ ငါ မနေ့က ဒီအင်းချပ်ကလေးတွေကို အားလုံး စမ်းတွေရှိလောက်တဲ့နေရာတွေမှာလိုက်ပြီး မြှုပ်ထားခဲ့တာလေ။ အခု ဘာဖြစ်လို့ ဒီနေရာမှာလာစုနေတာလဲ"

ဟု အံ့ဩသံဖြင့်ပြောလိုက်၏။

(စမ်း ဟူသည်မှာ ရေအဝါရောင်ထွက်သောနေရာကို ခေါ်သည်။ ရေအဝါရောင်ထွက်သော နေရာမှာသာ အဓိက မြေဖုတ်၊ဘီလူးတို့နေကြသည်ဟု အဆိုရှိသည်။)

အဘိုးကြီးကား သူ့အနားမှာမရှိတော့ပေ။ ကုန်ခဲ့သည့်နေ့လယ်က သူ့အဘွားကြီးအင်းလာမြှုပ်သည်ကို အဘိုးကြီး သိသည်။ ယခု အင်းချပ်ကလေးတွေအားလုံး လယ်ကွင်းထဲသို့ ရောက်နေပြီ။ ဤသည်မှာ အောင်ဘာချိုင်ထဲက မြေဖုတ်ဘီလူးတို့၏ အနှောင့်အယှက်ကြောင့်ဟု သိလိုက်၏။ ထို့ကြောင့် ကြောက်လန့်ပြီး တစ်ချိုးတည်း လှည့်ပြေးသွားခြင်း ဖြစ်၏။

အဘွားကြီး အတော်လေးပင် ဒေါသထွက်သွား၏။ သူ့ကိုပစ်ထားခဲ့ပြီး ထွက်ပြေးသွားသောအဘိုးကြီးကို ဒေါသထွက်သလို သူမြှုပ်ထားသော အင်းချပ်ကလေးများ အပြင်ရောက်နေသည်နှင့် ပတ်သက်ပြီး မြေဖုတ်၊ဘီလူးများကိုလည်း ဒေါသထွက်၏။ ဤသည်မှာ မြေဖုတ်၊ ဘီလူးများက သူ၏ပညာကို ချိုးနှိမ်လိုက်သည်ဟုလည်း နားလည်လိုက်သည်။

မည်သို့ပင်ဆိုစေကာမူ ဤမြေဖုတ်ချက်ချင်းကြီးပြန်လုပ်၍သင့်မည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

သေးပေ။ အချိန်ယူစဉ်းစားပြီးမှဖြစ်နိုင်သည့်နည်းလမ်းများဖြင့် ကြံဆပြီး လုပ်ရပေလိမ့်မည်။ အလျှော့ပေး၍လည်းမဖြစ်ပေ။

ထို့နောက် အဘိုးကြီးကို ထိုက်ရှာ၏။ အဘိုးကြီးသည် လယ်လေး၏အဆုံးအောင်ဘချိုင်ချောင်းဘေး လက်ပံပင်ကြီးအောက် ကျောက်ဆောင်မှာ ထိုင်ပြီးသာ အဘွားကြီးအား စောင့်နေသည်ကို တွေ့ရလေ၏။ အဘွားကြီးက မျက်နှာကြီးတစ်ချက်တင်းပြီးပြောလိုက်သည်။

"ဟင် - အားကိုးရလှချည့်လား။ ပဲ့တယ်ချစ်သကိုး။ ဒါကြောင့် ဘီလူးစာတွေ့ထားခဲ့ပြီး ထွက်ပြေးသွားတာဖြစ်မယ်"

အဘိုးကြီး ဘာမှမပြောဘဲ ရှက်မှုဖြင့်ပြုံး၍သာနေ၏။ အဘွားကြီးက အဘိုးကြီးအား စိုက်ကြည့်ရင်း သက်မတစ်ချက်ချလိုက်၏။ သူ့အားထားခဲ့ပြီး ထွက်ပြေးသွားသည်ကို ဒေါသထွက်၍ ထွတ်ခနဲပြောလိုက်မိသော်လည်း အဘိုးကြီးကို အပြစ်တင်လိုစိတ်မရှိပေ။

အဘိုးကြီးသည်ကား ပင်ကိုကပင် စိတ်ဓာတ်ပျော့ညံ့၏။ အလွန်အမင်းသည်း ကြောက်တတ်၏။ ကြောက်တတ်၍လည်း အဘွားကြီးကိုထားခဲ့ပြီး ကိုယ်လွတ်ထွက်ပြေးသွားခြင်း ဖြစ်၏။

ထို့ကြောင့်လည်း ကျား၊ ဆင်၊ သားရဲ၊ အစိမ်းသရဲ၊ သင်းကွဲပြိတ္တာ၊ နတ်မိစ္ဆာများပေါသော တောထဲတောင်ထဲမှာ သက်စွန့်ဆံဖျားလုပ်ကိုင်စားသောက်ရသည့် အိမ်လုပ်ငန်း၊ တောလုပ်ငန်းအားလုံးကိုလည်း အဘွားကြီးကသာ ဦးဆောင်နေရ၏။ အမှန်ကိုဆိုရလျှင် အဘိုးကြီးမှာ နောက်လိုက်သက်သက်သာ ဖြစ်၏။ ထို့ကြောင့် အပြစ်တင်၍လည်း ထူးမည်မဟုတ်ပေ။

သို့သော် မထင်မှတ်ဘဲ အဘိုးကြီးထံက စကားကောင်း၊ အကြံကောင်းတစ်ခုကို ကြားလိုက်ရ၏။

"အဘွားကြီး၊ နင့်မှာ အင်းမြှုပ်ထားတာ မြှုပ်လို့ရပြီး နောက်မှ အင်းအားအပြင်ကိုရောက်နေတယ်ဆိုတာထူးဆန်း ထူးတာဟာလည်း အကြောင်းရှိမယ်။ နင်ကလည်း နတ်ဘီလူးတွေကို နှင်တတ်၊ သတ်တတ်တာပဲရှိတယ်။ နတ်ဘီလူးတွေရဲ့အကြောင်းကို သေသေချာချာ သိတာမဟုတ်ဘူး။ ဒီတော့ ဖြစ်နိုင်ရင် ဘိုးဩဘာကို သွားမေးကြည့်စမ်း။ ဘိုးဩဘာကတော့ အခုဖြစ်တဲ့အကြောင်းလေးကို ပြောပြလိုက်တာနဲ့ ဘာကြောင့်ဆိုတာ ပြောနိုင်လိမ့်မယ်လို့ ထင်တယ်။ ဒါကြောင့် စိတ်ညစ်မနေနဲ့။ ဘာဆက်လုပ်သင့်တယ်ဆိုတာကို သိရအောင် ဘိုးဩဘာကိုပဲ သွားမေးလိုက်ပါ"

❖

ဘိုးဩဘာသည် အဘိုးကြီးနှင့် အဘွားကြီးတို့၏ ပင့်လျှောက်ချက်ကြောင့် မြေဖုတ်ဘီလူးတို့၏ အကြောင်းကို လေ့လာရင်း အောင်ဘချိုင်တောထဲတွင် တစ်ညအိပ်၏။ ထို့ကြောင့် မနက်စောစောတွင် အဘိုးကြီးနှင့်အဘွားကြီးတို့က အရုဏ်ဆွမ်းအဖြစ် ကောက်ညှင်းပေါင်းသွားပို့ကြ၏။

ဘိုးဩဘာ ကောက်ညှင်းပေါင်း သုံးဆောင်ပြီးနောက် အောင်ဘချိုင်ထဲက မြေရှင်ရေရှင်ခံနေကြသည့် မြေဖုတ်၊ ဘီလူးတို့၏ သဘောအကြောင်းကို ပြောပြလေသည်။

"မြေဖုတ်၊ ဘီလူးတွေဟာ ကံမကောင်း အကြောင်းမလှလို့ မိစ္ဆာဘဝကို ရောက်နေကြပေမယ့် အားလုံးကို မိစ္ဆာတွေချည်းလို့ မယူဆနိုင်ဘူး။ အခုလို အစုလိုက်အဖွဲ့လိုက် နေကြတဲ့အခါမှာ တချို့ တန်ခိုးကြီးတဲ့ မိစ္ဆာနတ်ဘီလူးတွေက ဦးဆောင်တတ်ကြသလို တချို့ကျတော့လည်း သမ္မာဒေဝနတ်ဘီလူးတွေကသာ တန်ခိုးကြီးလို့ ဦးဆောင်တာမျိုးလည်းရှိတတ်ကြတယ်။အဲဒါကို ခွဲခြားပြီးသိရင် လုပ်လို့လွယ်ပါတယ်။ ဒီနေရာမှာတော့ သမ္မာဒေဝနတ်ဘီလူးတွေက လပြည့်လကွယ်ရက်တွေမှာ ဥပုသ်စောင့်တတ်ကြတယ်။ လပြည့် လကွယ်ရက်တွေမှာမဟုတ်ရင်တောင် အနည်းဆုံး ဝါဝင်၊ ဝါထွက်၊ သင်္ကြန် စတဲ့ ရက်ထူးရက်မြတ်ရက်ကြီးတွေမှာ ဥပုသ်စောင့်ကြတာမျိုးလည်းရှိကြတယ်။ တချို့ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးအထိ အဆင့်မြင့်တဲ့ နတ်ဘီလူးတွေဆိုရင် သင်္ကြန်သုံးရက်၊ ဝါတွင်းသုံးလအထိတောင် ဥပုသ်ဆောင်ဝင်လေ့ရှိတတ်ကြတယ်"

ဘိုးဩဘာက မြေဖုတ်နတ်ဘီလူးများအကြောင်းကို ရှင်းပြနေသော်လည်း အဘိုးကြီးနှင့် အဘွားကြီးတို့မှာကား တစ်လုံးတစ်ပါဒမျှ နားမလည်ကြပေ။

"မနေ့က မင်းတို့အင်းမြှုပ်လို့ရပေမယ့် မိုးလင်းတော့ အင်းချပ်တွေအပြင်ရောက်နေတယ်ဆိုတာ ရှင်းပြမယ်။ မနေ့က လပြည့်နေ့ဆိုတော့ နတ်သဘင်အစည်းအဝေးရှိတတ်လို့ ခေါင်းဆောင်နတ်ဘီလူးကြီးတွေက နတ်သဘင်အစည်းအဝေးကို သွားနေကြတယ်။ ဒါကြောင့် မင်းတို့ အင်းမြှုပ်လို့ရတာ။ ဒါပေမယ့် ခေါင်းဆောင်ကြီးတွေက သူတို့ရဲ့နောက်လိုက်နောက်ပါတွေကို စိတ်မချဘူးဆိုရင် သူတို့မရှိတုန်း သူတို့ရဲ့ပိုင်နက်နေရာဒေသတွေကို တစ်စုံတစ်ယောက်မှ နှောင့်ယှက်ဖျက်ဆီးလို့မရအောင် အမိန့်ပြန်ပြီး ထားခဲ့လေ့ရှိကြတယ်။ မိစ္ဆာနတ်ဘီလူးတွေမှာတော့ မိန့်ပြန်ပြတာမျိုးမရှိတတ်ပါဘူး။ သမ္မာဒေဝနတ်ဘီလူးတွေမှာသာရှိတတ်ကြတာပါ။ ဒါကြောင့်မို့လို့လည်း သူတို့ နတ်သဘင်အစည်းအဝေးကပြန်ရောက်လာတဲ့အခါ မင်းတို့မြှုပ်ထားတဲ့ အင်းချပ်တွေကို ဖယ်ပစ်လို့ရတာပေါ့"

အဘိုးကြီးနှင့် အဘွားကြီးတို့ သက်မကို ပြိုင်တူချလိုက်မိကြသည်။ ထို့နောက် အဘွားကြီးက မေးသည်။

"ဒါဆိုရင် ဘိုး၊ ဒီအောင်ဘချိုင်ကြီးကို လယ်တည်လုပ်စားလို့မရနိုင်ဘူးလား။ ရနိုင်မယ့် နည်းလမ်းလေးများရှိရင် ညွှန်ပြပါ"

"ရပါတယ်။ လူနဲ့ နတ်ဘီလူးတို့ဟာ ဘုန်းချင်း၊ ကံချင်းမှ မတူတာ။ လူလုပ်လို့မရတာ ဘာရှိလဲ။ လူမင်း ဘုန်းကြီးရင် နတ်မင်းတောင် မနေသာဘူးဆိုတာလည်းရှိတာပဲ။ နတ်တို့ ဘီလူးတို့ဆိုတာက ကမ္ဘာဇိဒ္ဓိ - မွေးရာပါ ဘုန်းတန်ခိုး၊ သတ္တိလောက်ပဲ ရှိကြတာပါ။ လူတွေမှာက မွေးရာပါဘုန်းတန်ခိုးသတ္တိမရှိရင်တောင် လုပ်ယူလို့ရတာပဲ။ ယုတ်စွအဆုံး ဒီနေရာတွေမှာရှိတဲ့ နတ်ဘီလူးတွေအားလုံးကိုတောင် သတ်ပစ်လို့ရပါတယ်။ ဒါပေမယ့် သူတို့ရဲ့ပိုင်ဆိုင်ခြင်းအားလုံးကို လိုချင်လို့ သူတို့ကိုသတ်ပစ်တယ်ဆိုတာမျိုးတော့ မလုပ်သင့်ပါဘူး။ သူတို့ပိုင်ဆိုင်တာထက်မြင့်တဲ့အကြောင်းဝတ္ထု၊ တန်းတူအကြောင်းဝတ္ထုတစ်ခုခုကို ပေးဆပ်ပြီးမှ လုပ်ယူသင့်ပါတယ်"

"ဒါဆိုရင် မြေဖုတ်ဘီလူးတွေဆီက ဒီအောင်ဘချိုင်ကြီးကို ဘယ်လိုလုပ်ပြီးယူရင် အဆင်ပြေမလဲ ဘိုး။ အကြံလေးဘာလေးပြုပါဦး။ ဘိုးအကြံပြုတဲ့အတိုင်း လိုက်လုပ်ပါ့မယ်"

ဟု အဘွားကြီးက မေး၏။

"မြေဖုတ်၊ဘီလူးတွေထဲမှာ အကြီးစား (ခေါင်းဆောင်) နတ်ဘီလူးတွေ ထံက ကုသိုလ်ကောင်းမှုတစ်ခုခုကို သာဓုခေါ်ရရင် ကျွတ်လွတ်နိုင်တဲ့အကောင်တွေရှိကြပါတယ်။ ဒါကြောင့် နင်တို့က



www.burmeseclassic.com

www.burmeseclassic.com

မြေဖုတ်၊ဘီလူးတွေအတွက် ရည်စူးပြီး ရဟန်းအသုံးအဆောင်တွေပါတဲ့ အလှူ တစ်ခုကိုပြုလုပ်ကာ အမျှအတန်းဝေပေး ရမယ်။ ပြီးတော့ မိစ္ဆာဘဝက ကျွတ် လွတ်ခွင့်မရှိကြသေးတဲ့ မြေဖုတ်၊ဘီလူး တွေအတွက် ဒီအောင်ဘချိုင်ကြီးရဲ့ အောက်ဘက်မှာ မြေလွတ်လေးတစ်နေ ရာနဲ့ အထက်ဘက်မှာလည်း တစ်နေရာ လောက် ချန်လှပ်ပြီး ထားပေးလိုက်ပါ။ ထက်၊အောက် နှစ်နေရာထားခိုင်းတာက တချို့ မြေဖုတ်ဘီလူးတွေဟာ အထက် ဘက်မှာနေတတ်ပြီး တချို့ မြေဖုတ် ဘီလူးတွေကတော့ အောက်ဘက်မှာ နေရတာကိုမှ နှစ်သက်ကြပြန်တယ်"

"ဒီတော့ ဘိုးပြောသလို အလှူ ပေး၊ အမျှဝေ၊ မြေလွတ်တွေထားပေး လိုက်ရင်ကော အင်းမြှုပ်စရာလိုသေး လား ဘိုး"

ဟု အဘွားကြီးက ထပ်မေး၏။

"ဒါကတော့ လုပ်ရမှာပေါ့။ အနှောင့်အယှက်နဲ့ပတ်သက်လို့ အကြွင်း အကျန်မရှိအောင် ပြုလုပ်ပြီး မြေသန့်တဲ့ သဘောပဲ။သူတို့အထဲမှာ ကုသိုလ်သာဓု ကိုရလို့ ကျွတ်လွတ်သွားနိုင်တဲ့ကောင် တွေက နည်းနည်းရယ်။ မကျွတ်မလွတ် နိုင်တဲ့အကောင်တွေက ပိုများနေတယ်။ ဒီတော့ မကျွတ်မလွတ်နိုင်တဲ့အကောင် တွေက သူတို့လက်ရှိအသားကျနေတဲ့ နေရာကို အလွယ်တကူ ဘယ်ဖယ်ပေး ချင်ကြမလဲ။ ဒါကြောင့် အလှူလုပ်၊ အမျှဝေ၊ မြေလွတ်ထားပြီးနောက် အင်း ချပ်ကလေးတွေကိုလည်း မြှုပ်လိုက်ကြ ဦးပေါ့"

"ဒါဆိုရင် ဘိုးကိုယ်တိုင် ဦးစီးပြီး လုပ်ပေးပါလား။ သမီးတို့က တစ်ခါမှ ဒါမျိုးမလုပ်ဘူးတော့ အမှားအယွင်းဖြစ် မှာလည်း စိုးရိမ်ပါတယ်။ ဒါကြောင့် သမီးတို့က လိုတာတွေအားလုံးကို ရှာ ဖွေစုဆောင်းပေးပါ့မယ်။ ဘိုးပဲ ဦးစီးပြီး လုပ်ပေးတော်မူပါ"

"ကိုင်း - ဒါဆိုရင် မြန်မြန်လုပ်ကြ၊ ငါအချိန်မပေးနိုင်ဘူး။မနက်ဖြန်လောက် ကို စနိုင်ကြမလား"

"ဟုတ်ကဲ့။ မနက်ဖြန်စနိုင်အောင် ကြိုးစားလိုက်ပါ့မယ် ဘိုး"

ဟု သူတို့က အားတက်သရော ပြောဆိုတောင်းပန်နေကြ၍ ဘိုးသြဘာ လည်း ဖိုရုံကျောင်းလေးသို့မပြန်ဖြစ်ဘဲ အောင်ဘချိုင်တောထဲမှာ တစ်ညဆက် အိပ်ရန်ကိုသာ ဆုံးဖြတ်လိုက်ရပြန်သည်။

နေ့ခင်းအချိန်ကို လွန်မြောက်၍ ညဘက်သို့ရောက်လျှင် အောင်ဘချိုင် ထဲက အသံအချို့ကို ကြားလာရ၏။ မကောင်းဆိုးဝါးများ၏အသံ ဖြစ်၏။ သို့သော် သိပ်ပြီးကြမ်းကြမ်းရမ်းရမ်းကြီး မဟုတ်ပေ။ အဘွားကြီး အင်းမြှုပ်ရန် လာသောအခါ ကြားသောအသံများ လောက်ပင် ဆူညံခြင်း မရှိ။

ညနေ မိုးချုပ်လာသည်နှင့် ဟိုမှ သည်မှ ဝါကျွီးသံများကို ကြားလာရ၏။ ဝါကျွီးသံ ဟူသည်မှာ ငှက်စုန်းမြည်ခြင်း ပင်ဖြစ်၏။ ကလေးသူငယ်တို့၏ လည် ပင်းကိုညှစ်၍ သေလုမြောပါးအော် ညည်းသောအသံမျိုးပင် ဖြစ်လေ၏။ ချောက်ချားဖွယ်လည်းကောင်း၏။

ဟိုအပင်သည်အပင်များကို ကူး လူးပျံလွှားပြီး ကျယ်လောင်စွာဖြင့် အော် လာကြ၏။ ဘိုးသြဘာကား မေတ္တာသုတ် ကိုရွတ်၍သာနေ၏။ သရဲတစ္ဆေမြေဖုတ်၊ ဘီလူးများထွက်ပြေးရသော ရတနသုတ် စသည့် အာဏာစက်ပရိတ်တော်ကြီး များကိုလည်း မရွတ်ပေ။ သရဲတစ္ဆေ၊ မြေဖုတ်၊ ဘီလူး စသော သတ္တဝါများ အား မေတ္တာပေးပို့သည့်အနေဖြင့် မေတ္တာသုတ်ကို ရွတ်ပွားနေခြင်း ဖြစ်၏။

ထို့ကြောင့် မေတ္တာသုတ်ပရိတ်မျှ ကိုသာ ရွတ်နေ၍ ဘိုးသြဘာကို ထိ မထင်သောသဘောဖြင့် စမ်းလို၍လား၊ ခြိမ်းခြောက်လို၍လား မသိ။ ဝါကျွီးသံ သည် ပိုမိုကျယ်လောင်လာ၏။ ဝါကျွီး ကောင်များလည်း လေး၊ငါးကောင်အထိ များပြားလာလေ၏။ စင်စစ်တွင် ဝါကျွီး ခြင်းမှာ တစ်ကောင်တည်းသာ ရှိတတ် ၏။ ယခုကောင်ရေများပြားလာခြင်းမှာ မကောင်းဆိုးဝါး၊ မြေဖုတ်ဘီလူးများက ဘိုးသြဘာအား ခြိမ်းခြောက်သည့် သဘောသာ ဖြစ်၏။ ဘိုးသြဘာနှင့် အနီးဆုံးအပင်များထိ ရောက်လာပြီး တစ်ဆင့်ပြီးတစ်ဆင့် အနိမ့်သို့ဆင်းလာ ကာ ဘိုးသြဘာအား ဝိုင်းလာကြလေ သည်။

ဘိုးသြဘာကလည်း ဤသည်မှာ မကောင်းဆိုးဝါး၊ မြေဖုတ်၊ ဘီလူးများက သူ့အား လာစမ်းနေကြပြီ၊ နှင်နေကြပြီ ဟု သိလိုက်၏။ ထို့ကြောင့် စိတ်ထဲတွင် လည်း ကွက်သွားမိ၏။

ထို့ကြောင့် မေတ္တာပို့ပွားခြင်းကို ခေတ္တခဏရပ်ကာ ဆူညံစွာဖြင့် ဝါကျွီး သံကြားနေရသည့်နေရာများကို အာရုံပြု ပြီး ပရိတ်ကြီး၊ ပုဗ္ဗဏှသုတ်လာ ယံဒုန္နိ မိတ္တံ ဂါထာတော်မြတ်ကို ရွတ်ပွားလိုက် ၏။ ထို့ကြောင့် ဝါကျွီးကောင် မကောင်း ဆိုးဝါး ငှက်စုန်းများမှာ သစ်ရွက်ခြောက် များကဲ့သို့ဖြစ်သွားကြပြီး တဖြုတ်ဖြုတ် ဖြင့် ကြွေကျသွားကြလေသည်။

သို့မှ ဘိုးသြဘာလည်း မေတ္တာပို့ တရားမှတ်အလုပ်ကို ဖြောင့်ဖြောင့်ကြီး လုပ်နိုင်လေသည်။ ထိုအချိန်မှစ၍ မိုးစင်စင်လင်းသည်အထိ မည်သည့် အနှောင့်အယှက်မျှ မရှိတော့ပေ။

အဘိုးကြီးနှင့် အဘွားကြီးတို့မှာ လည်း ဘိုးသြဘာကို ကတိပေးထားကြ သည့်အတိုင်း အားချင်းစီစဥ်လိုက်ကြ သဖြင့် ထိုနေ့မနက်တွင် သူတို့၏လယ် ကလေးမှာပင် မဏ္ဍပ်ထိုးပြီး ရွာထဲက လူကြီးလေး၊ငါးယောက်နှင့် သံဃာငါးပါး ပင့်ပြီး အလှူလေးတစ်လှူပြုလုပ်ကြ၏။ ပင့်သံဃာငါးပါးတို့အား ပရိက္ခရာရှစ်ပါး ကပ်လှူကြ၏။

အလှူကိစ္စအပြီးသတ်၍ ရေစက် ချသောအခါ ဘိုးသြဘာကိုယ်တိုင်ဦးစီး ပြီး အဓိကအားဖြင့် အောင်ဘချိုင်ထဲက အစိမ်းသရဲ၊ မြေဖုတ်၊ ဘီလူးအားလုံးတို့ ကြားလောက်အောင် အသံကျယ်ကျယ် နှင့် အမျှဝေပေးလိုက်လေ၏။ ထို့နောက် တစ်ဆက်တည်းပင် အဘွားကြီးလည်း အင်းချပ်ကလေးများကို နေရာအနှံ့ လိုက်မြှုပ်လေသည်။

ထိုညမှာပင် အဘွားကြီးသည် အိပ်မက်ဆန်းတစ်ခုကို မြင်မက်၏။ အောင်ဘချိုင်တစ်ခုလုံးသည် မိုးပြာ ရောင်ကို ရွှေဝါရောင်ကွပ်ထားသကဲ့သို့ ပြောင်းလဲသွား၏။ထို့နောက် ကြည်လင် သောရုပ်ရည်၊ သန့်ပြန့်သော အဆင် တန်ဆာများဖြင့် မိုးပေါ်ပျံတက်သွား ကြသော ပုဂ္ဂိုလ်များအား တွေ့မြင်လိုက် ရသည်။ ထို့နောက် ချက်ချင်းပင် အောင် ဘချိုင်သည် အခြောက်တော၊ မီးလောင် ပြင်သကဲ့သို့ ပြောင်းလဲသွားပြန်၏။

ထိုအခါ အင်မတန်မှ ရုပ်ဆိုး အကျည်းတန်သော ရုပ်လက္ခဏာ သည့် မိစ္ဆာမိသားစုများသည် အထုပ် အပိုးများကိုသယ်ကာ ကလေးငယ်များ အား လက်မှဆွဲပြီး အောင်ဘချိုင်ထဲမှ အသီးသီးထွက်သွားကြသည်ကို မြင်မက် ၏။ တချို့က အထက်ဘက်သို့ ဆန်တက် သွားကြပြီး တချို့က အောက်ဘက်သို့ စုန်ဆင်းသွားကြသည်ကို တိတိကျကျ ကြီးပင် မြင်မက်လေ၏။

မင်းသော်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ဝင်းမြင့်

# လက်ရေးကပြော သူ့စိတ်သဘော

တစ်နေ့သောအခါ ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးသည် သူ့ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်း၍ ကျွန်တော့်ထံရောက်ရှိလာပါသည်။

"ဟာ - ကိုစိုးလင်းပါလား။ လာဗျာ၊ ခင်ဗျားနဲ့ မတွေ့ရတာကြာလို့ ကျွန်တော်သတိရနေတာ"

"ကြာဆို ခင်ဗျားကမှ ကျွန်တော့်ဆီမလာဘဲကိုး။ ကျွန်တော့်မှာက စီးပွားရေးလုပ်ငန်းတွေထဲမှာ ခေါင်းမဖော်နိုင်အောင်နစ်ဝင်နေလို့ ခင်ဗျားဆီစိတ်ကရောက်ပြီး လူကမရောက်နိုင်တာ"

"အတူတူပေါ့ဗျာ။ ကျွန်တော်သည်း စာတွေရေးလိုက်၊ စာတွေဖတ်လိုက်၊ ဘုရားတွေသွား ဘုရားသမိုင်းတွေ လေ့လာလိုက် ဆိုတော့ အားတယ်မရှိပါဘူး။ ခင်ဗျားကို သတိရတာတော့ အမြဲတမ်းပါပဲ"

"မအားကြတာချင်းအတူတူပဲကို ခင်ဗျားက အချိန်လေးနည်းနည်းယူပြီး လာသင့်တာပေါ့ဗျာ။ ကျွန်တော်က အလုပ်များရတဲ့အထဲ မိသားစုနဲ့။ ခင်ဗျားက တစ်ယောက်တည်းသမား ဟုတ်ဖူးလား"

"ကဲပါ၊ သူငယ်ချင်းအချင်းချင်း စကားနိုင်မပြောကြေးဗျာ။ ခင်ဗျားကို ဘိုဘက်ကဆိုင်မှာ ကျွန်တော် ကျွေးမယ်"

ကျွန်တော်တို့နေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၅) ရပ်ကွက်တွင် သစ်ကေမျှကျယ်ဝန်းသော ရေကန်ငယ်လေးတစ်ခုရှိပါသည်။ ထိုရေကန်ငယ်လေးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတာဝန်ရှိသူများက ဝိုင်းဝန်းမွမ်းမံပြုစုစောင့်ရှောက်ထားသဖြင့် နွေရာသီ၌ ရေမခန်းသည့်အပြင် ကန်ပတ်လမ်းလေးနှင့်၊ ကျောက်ထိုင်ခုံလေးများနှင့်၊ ပန်းအလှပင်များနှင့်၊ အရိပ်ရပင်များနှင့်၊ ကျေးငှက်သာရကာများနှင့်သာယာလှပနေပါသည်။ နံနက်တိုင်းအားကစားလေ့ကျင့်နေကြသူများ ရှိပါသည်။

ကျွန်တော်တို့အိမ်ရှေ့၌ ရေကန်တည်ရှိနေသဖြင့် ကျွန်တော် စာရေးသားရန် စိတ်တည်ငြိမ်အေးချမ်းမှုရပါသည်။

အိမ်ဘေးကပ်လျက်တွင် ZA 45 Foods အမည်ရှိသော ဆိုင်လေးတစ်ခုရှိပါသည်။ အိမ်နီးချင်းများဖြစ်ကြ၍ ဆိုင်မိသားစုများနှင့်လည်း ကျွန်တော်ရင်းနှီးနေပါသည်။ စာဖတ်၊ စာရေးခြင်းဖြင့် ခေါင်းပူလာလျှင် ထိုဆိုင်လေးသို့သွားကာ တစ်ခုခုမှာယူစားသောက်ပြီး ဆိုင်မိသားစုများနှင့် ရယ်စရာတွေပြောလိုက်၊ စိတ်ကြည်လင်လန်းဆန်းသွားပြန်သောအခါ အိမ်ကိုပြန်၍စာဆက်ရေးလိုက်၊ ဖတ်လိုက်၊ မှတ်လိုက်လုပ်ပြန်ပါသည်။

ယခု ကိုစိုးလင်းကို ခေါ်ကာ ထိုဆိုင်သို့ ကျွန်တော်ရောက်သွားပြန်ပါသည်။

"ကြွပါရှင်၊ ဘာသုံးဆောင်မှာပါလဲ"

ရင်းနှီးပြီးသူများ ဖြစ်သော်လည်း စားသောက်ဆိုင်တို့၏ ယဉ်ကျေးမှုနှင့်အညီ ပဋိသန္ထာရစကားကို ပြောလေ့ရှိပါသည်။

"ကဲ - မဥ္ဇူရေ၊ ငယ်သူငယ်ချင်းရောက်လာလို့ အေးအေးဆေးဆေး စကားပြောရအောင် ကန်စပ်ကအရိပ်မှာ စားပွဲချပေးပါဦး။ ပြီးတော့ လက်ဖက်သုပ်၊ ငါးနီတူခြောက်သုပ်၊ ရေနွေးကြမ်းနဲ့ ကော်ဖီပေါ့လေ"

"ဟုတ်ကဲ့ပါ လေးလေးကြီး၊ ခဏစောင့်ပါ"

သူတို့မိသားစုက ကျွန်တော့်ကို လေးလေးကြီးဟု ခေါ်ကြပါသည်။

"ကဲ - ကိုစိုးလင်း၊ မတွေ့တာကြာတဲ့သူတွေအချင်းချင်း အားရပါးရပြောကြရအောင်ဗျာ"

ကျွန်တော်က စကားစလိုက်ပါသည်။

"ဒီလိုဗျ ကိုဝင်းမြင့်ရဲ့။ ခင်ဗျားနဲ့ ကျွန်တော်က ငယ်သူငယ်ချင်းတွေလည်းဖြစ်၊ တစ်ယောက်အကြောင်းကို တစ်ယောက် အသိဆုံးဆိုတော့ကာ ကျွန်တော် ယုံကြည်စိတ်ချရဆုံးက ခင်ဗျားပဲ။ ပြီးတော့ ခင်ဗျားက ဗဟုသုတတွေလည်း စုစုဆောင်းဆောင်းရှိတာတော့ ကျွန်တော့်အလုပ်မှာ တစ်ခုလောက် ကူညီပေးစမ်းပါဗျာ"

"ဟာ - ဘာကိုဘယ်လိုကူညီရမှာ လဲဗျာ"

"ကျွန်တော် ပစ္စည်းအရောင်းဆိုင်တစ်ခုဖွင့်မလို့ဗျ၊ သာကေတမြို့နယ်ထဲမှာ။ အဲဒီမှာ ခင်ဗျားရဲ့အကူအညီကို လိုချင်လို့"

ကျွန်တော် မျက်လုံးပြူးသွားပါသည်။

"ဟာဗျာ၊ ကျွန်တော်က ခင်ဗျားလို သူဌေးမဟုတ်ဘူးနော်။ ရှယ်ယာတွေဘာတွေထည့်ခိုင်းမလို့လား"

"ဟုတ်ပါဘူးဗျ ခင်ဗျားကလည်း၊ ခင်ဗျားတတ်နိုင်မယ့် အကူအညီကိုပဲ တောင်းမှာပါ"

လက်ဖက်သုပ်နှင့် ရေနွေးကြမ်းမှာ ငါးနီတူခြောက်သုပ်နှင့်ပါ တွဲစပ်လိုက်သဖြင့် အလွန်ခံတွင်းတွေ့လှပါသည်။ ကန်ရေပြင်ကို ဖြတ်တိုက်လာသော လေနုအေးကလည်း စိတ်ကိုကြည်လင်လန်းဆန်းစေပါသည်။

"ဆိုပါဦး၊ ဘာကူညီရမလဲ"

"အရောင်းဆိုင်ဖွင့်တော့ ဝန်ထမ်းတွေခန့်ရမှာပေါ့ဗျာ။ ပစ္စည်းအစုံတင်ရောင်းမှာလေ။ မုန့်ပဲသရေစာ၊ စာရေးကိရိယာ၊ အလှကုန်ပစ္စည်း၊ ထီး၊ ဖိနပ် အစစပေါ့။ အဲဒီတော့ လျှောက်လွှာတင်သူတွေကို ခင်ဗျားက စိစစ်ပြီး အကဲခတ်ရွေးချယ်ပေးပေါ့ဗျာ"

"ဟောဗျာ၊ ဘာမဆိုင်ညာမဆိုင်။ ဘယ့်နှယ် ကျွန်တော့်ကို ဒီတာဝန်ပေးရတာတုံး။ စီးပွားရေးလုပ်ငန်းတွေအကြောင်း ကျွန်တော် နားလည်တာမဟုတ်ဘူးဗျ။ မှားကုန်ပါဦးမယ်ဗျာ"

ကျွန်တော်၏ ပျာပျာသလဲစကားကြောင့် ကိုစိုးလင်းကရယ်ပါသည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ ကိုဝင်းမြင့်ရယ်။ ခင်ဗျားလုပ်ရမယ့် အလုပ်က အရောင်းဆိုင်ဝန်ထမ်း လျှောက်ထားတဲ့လူတွေကို အကဲခတ်

www.burmeseclassic.com

ပြီး သင့်တော်တဲ့သူကို ရွေးချယ်ပေးဖို့ ပါပဲ။ ဝန်ထမ်းတွေ ရွေးချယ်ခန့်ထားပြီး ရင် ခင်ဗျားတာဝန်လည်း ပြီးဆုံးပါပြီ ဗျာ"

သို့နှင့်ပင် ကျွန်တော်လည်း ကိုစိုးလင်းကို မငြင်းသာတော့ဘဲ သူ့အရောင်းဆိုင်၏ ဝန်ထမ်းရွေးချယ်ရေးတွင် ပါဝင်သွားပါတော့သည်။

"ကဲ - ဒီလိုလုပ်ဗျာ။ ခင်ဗျားဆီမှာ အလုပ်လိုချင်လို့ လာပြီးလျှောက်တဲ့သူတွေကို သူတို့ကိုယ်တိုင် ရေးထားတဲ့ လက်ရေးနဲ့ လျှောက်လွှာတင်ပါစေဗျာ။ အဲဒီလက်ရေးလျှောက်လွှာတွေကို ကျွန်တော် စိစစ်ပြီး ဘယ်သူ့ကို ခန့်သင့်ကြောင်းအကြံပေးပါ့မယ်။ အဲ - လူတွေ စစ်ဆေးအင်တာဗျူးမှာ ခင်ဗျားမေးချင်တဲ့ အချက်အလက်လေးတွေ နည်းနည်းပါးပါးမေးပြီး သူတို့ဖြေဆိုမှုအပေါ် အမှတ်ပေးပေါ့ဗျာ။ ပြီးတော့ သူတို့ရဲ့ ဥပမိရုပ်၊ အမူအရာကိုကြည့်ပြီးတော့လည်း အမှတ်ပေးပေါ့။ ပြီးတော့မှ အားလုံးပေါင်းစပ်ပြီး ရွေးချယ်တာပေါ့ ဟုတ်ဖူးလား"

"ကောင်းတယ်ဗျာ၊ ခင်ဗျားကို အားကိုးရကျိုးနပ်ပါပြီ။ ဒါနဲ့ သူတို့လက်ရေးတွေကြည့်ပြီးတော့ ခင်ဗျားကဘာယ်လိုအမှတ်ပေးမှာလဲ"

"ဪ-ဒီလိုလေ။ လက်ရေးတွေ၊ လက်မှတ်တွေ၊ ဟန်ပန်အမူအရာတွေဆိုတာ ကာယကံရှင်ရဲ့ အတွင်းစိတ်နေသဘောထားတွေကို ဖော်ပြပေးနေတတ်တာပဲ။ ဒါမှ လူကောင်းသူကောင်းကို ရွေးချယ်နိုင်မှာပေါ့။ ကဲပါဗျာ၊ လျှောက်လွှာတွေစုံရင်သာ ကျွန်တော့်ကို ပြောပေါ့ဗျာ"

"ဟုတ်ပါပြီ၊ အားကိုးပါတယ်ဗျာ"

သို့နှင့် ကျွန်တော်နှင့် ကိုစိုးလင်းတို့လည်း စားသောက်ပြီးကြပြီဖြစ်၍ ဆိုင်ရှင် မချူတို့ကို နှုတ်ဆက်ကာ ပြန်ခဲ့ကြပါသည်။

ကျွန်တော့်အိမ်ရှေ့ ရောက်သည်နှင့် ကိုစိုးလင်းလည်း ကျွန်တော့်ကို နှုတ်ဆက်ကာ သူ့ကားလေးကိုမောင်း၍ ထွက်သွားပါတော့သည်။

ထို့နောက် သူနှင့် ကျွန်တော် တစ်လလောက် မတွေ့ကြရပါ။

"စုံပြီဗျို့၊ အားလုံးစုံပြီ။ ဟော့ဒီမှာ လျှောက်လွှာတွေက (၂၃) စောင်၊ ခန့်မှာက (၁၅) ယောက်ဗျာ။ ကိုဝင်းမြင့်ရဲ့ အလှည့်ကို ရောက်လာပါပြီ၊ ရော့ဗျာ"

တစ်လခန့်နေပြီးသောအခါတွင် ကိုစိုးလင်းတစ်ယောက် စာရွက်စာတမ်းများယူ၍ ကျွန်တော့်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်ရှိလာပြီး အထက်ပါစကားကို ပြောလိုက်ခြင်း ဖြစ်ပါသည်။ ဒီတစ်ခါတွင်တော့ အိမ်မှာပင် ဆွေးနွေးပြောဆိုကြပြီး ဟိုဘက်ဆိုင်က ထမင်းကြော်၊ လက်ဖက်သုပ်တို့ကို မှာယူစားသောက်ကြရင်း နှစ်ဦးသားဆွေးနွေးကြပါသည်။

ကျွန်တော်က ဆိုင်ဝန်ထမ်းလျှောက်ထားသူများ၏ လျှောက်လွှာများကို ကြည့်ရှု လေ့လာပြီး ကိုစိုးလင်းကို ရှင်းပြပါသည်။

"ဟောဒီလက်ရေးက အလယ်မှာ အဝန်းအဝိုင်းကြီးကြီးတွေရေးပြီး အသတ်တွေ၊ လုံးကြီးတင်ဆန်ခတ်တာတွေ၊ ဝဆွဲတွေကငယ်နေတယ်။ အဲဒီလက်ရေးရှင်ဟာ သူ့ဘဝမှာတိုးတက်မှုမရှိတတ်ဘူး။ ကြုံသလိုဖြစ်သလိုနေလေ့ရှိတယ်ဗျ။ သူ့ကို သိပ်ပြီးအားကိုးလို့မရဘူး"

"ဟုတ်လား"

ပုံ (၁) ကို ကိုစိုးလင်းကကြည့်နေပါသည်။

ကျွန်တော်က ဆက်၍ ပုံ(၂)ကိုပြ ပါသည်။

"ဟောဒီလက်ရေးကတော့ အဝန်းအဝိုင်းကြီးကြီးနဲ့ အပေါ်က လုံးကြီးတင်တွေ၊ အောက်ကဝဆွဲတွေက အားလုံးညီညီညာညာရှိတယ်။ ဒါမျိုးကတော့ အားကိုးထိုက်တယ်ဗျ။ သူ့ဘဝရေ ပတ်ဝန်းကျင်ကိုပါ တိုးတက်ကြီးပွားစေ နိုင်တယ်"

"ကြိုက်ပြီဗျာ"

"ဒီဟာကျတော့ စာလုံးဒေါင်ရှည် တွေနဲ့ရေးတတ်သူပဲ။ အရှက်အကြောက် ကြီးတတ်တယ်။ လေးနက်တဲ့ အတွေ အခေါ် ရှင်ပဲ။ ကိုယ့်ကိုယ်ကိုယ် အမှာ မရှိအောင်နေထိုင်တတ်သူပဲ။ (ပုံ-၃)

ဒီနှစ်ယောက်ကိုကြည့်။ နှစ်စော စလုံးဟာ စာလုံးတွေကို ခပ်ဆန်းဆန် လေး အဆွဲအငင်အသတ်လုပ်ထား တယ်။အဲဒီလိုလူတွေဟာ လူတော်တော် များများထက် ထူးခြားအောင်လုပ်လေ့ ရှိတယ်။ ဘဝင်မြင့်တတ်တယ်။ ဒီ

ပုံ (၁)

သို့

မန်နေဂျာ

အလှထွေထွေ ပစ္စည်း အရောင်းဆိုင်

အကြောင်းအရာ ။ ။ အလုပ်လျှောက်ထားခြင်း

ပုံ (၂)

သို့

မန်နေဂျာ

အလှထွေထွေ ပစ္စည်း အရောင်းဆိုင်

အကြောင်းအရာ ။ ။ အလုပ်လျှောက်ထားခြင်း

ပုံ (၃)

ကျွန်တော်သည် လူကြီးမင်း၏ အရောင်းဆိုင်တွင်အလုပ် တစ်နေရာ ဝင်ရောက်လုပ်ကိုင်လိုပါ၍ ကျွန်တော်၏ မှတ်ပုံတင်မိတ္တူ အိမ်ထောင်စုဇယားများနှင့်အတူ ပူးတွဲ၍ လျှောက်ထားအပ်ပါသည်။

ပုံ (၄)


ကျွန်တော်သည်လူကြီးမင်းတို့၏ဆိုင်တွင်အလုပ်ဝင်ရောက်လုပ် ရှိပါကသစ္စာရှိရှိဖြင့်ရိုးရိုးသားသားကြိုးကြိုးစားစားဆောင်ရွက်ပါမည်ဖြစ်




www.burmeseclassic.com

www.burmeseclassic.com


ပုံ (၅)




ပုံ (၆)




ပုံ (၇)




ပုံ (၈)




ပုံ (၉)




ပုံ (၁၀)




ပုံ (၁၁)



ပုံ (၁၂)



ပုံ (၁၃)



စာလုံးတစ်ခုနဲ့တစ်ခု ပူးကပ်နေရင် မကောင်းဘူး၊ ကြွားလေ့ရှိတယ်။ တကယ်အလုပ်မလုပ်ဘူး။ (ပုံ-၄)

ဟောဒီလိုရှင်းရှင်းလေးရှိရင်တော့ လုပ်ငန်းခွင်မှာ အောင်မြင်နိုင်တယ်။ (ပုံ-၅)

ဒီလိုစာလုံးလေးတွေ သေးသေးလေးရေးတဲ့သူကတော့ ရှင်းရှင်းလေးဖတ်လို့ရအောင်ရေးတဲ့သူဆိုရင် အမှန်တရားကို လိုလားမယ်။ အရာရာစောင့်စည်းတဲ့စိတ်၊ ရောင့်ရဲတတ်တဲ့စိတ်တွေရှိမယ်။ (ပုံ-၆)

ဒါပေမယ့် ဟောဒီလို (ပုံ-၇) စာလုံးလေးတွေကတော့သေးပါရဲ့။ ဖတ်ရတာခက်အောင် ရှုပ်နေမယ်ဆိုရင်တော့ ဇီဇာကြောင်တတ်ပြီး လုပ်ငန်းမတိုးတက်ဘူးဗျ။

ဟောဒီလို (ပုံ-၈) လက်ရေးစောင်းစောင်းနဲ့ ဘယ်ဘက်ကိုယိုင်ပြီး ရေးတတ်သူကတော့ ကြောက်စိတ်၊ သံသယစိတ်များပြီး အလုပ်မဖြစ်တတ်ဘူးဗျ။

ဒီလို (ပုံ-၉) လက်ရေးစောင်းပြီး ညာဘက်ကိုယိုင်တတ်သူ ဆိုရင်တော့ စိတ်လည်းရှည်၊ ပြိုင်ဆိုင်ရဲတဲ့သတ္တိလည်း ရှိတယ်ပေါ့ဗျာ။

ဒီမှာကြည့် (ပုံ-၁၀)၊ ဘောလ်ပင်ကို ပေါ့ပေါ့ဖွဖွလေးရေးထားတယ်။ အဲဒီသူမျိုးဟာ ပွင့်လင်းတယ်။ အကောင်းကို ကြိုက်တယ်။ မြန်မြန်ဆန်ဆန်လုပ်တယ်။ အချိန်နဲ့အမျှ အလုပ်လုပ်တတ်တယ်။

သူကတော့ (ပုံ-၁၁) စောစောက လူလို မဟုတ်ဘူး။ ဘောလ်ပင်ကို ဖိဖိပြီး ရေးတတ်တယ်။ သူလည်း ကောင်းပါတယ်။ အောင်မြင်နိုင်တဲ့သူပါပဲ။ ဒါပေမယ့် စိတ်ကတော့နည်းနည်းကြီးတယ်။

ဒီလို (ပုံ-၁၂) စာလုံးပြားပြား ရှည်ရှည်ရေးတဲ့သူကို အားမကိုးသင့်ဘူး။ မအောင်မြင်တတ်ဘူး။

သူကတော့ (ပုံ-၁၃) ရေးရင်းရေး ရင်းနဲ့ အောက်ကိုရောက်ရောက်သွားတယ်၊ အားမကိုးလောက်ဘူး။

သူကတော့ (ပုံ-၁၄) ရေးရင်းရေး ရင်းနဲ့ အပေါ်ကိုတက်တက်သွားတယ်။ သူလည်း အားမကိုးလောက်ဘူး။ အလောတကြီးလုပ်တတ်တယ်။ စိတ်ကြီးဝင်တယ်။

သူကျတော့ (ပုံ-၁၅) စာလုံးဆွဲတာ အဆက်ပြတ်ပြတ်နေတယ်။ သူလည်း လောကြီးအပြောကြီးသူပဲ။ အားမကိုးသင့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီ (ပုံ-၁၆) သုံးထောင့်ပုံစာလုံးတွေ၊ ဟောဒီ(ပုံ-၁၇)လေးထောင့်ပုံစာလုံးတွေက စိတ်ထားလည်းကောင်းတယ်။ သတ္တိလည်းရှိတယ်လို့ဆိုရမယ်"

ဒီလို (ပုံ-၁၈) ကိုယ်ရေးတတ်သလို ရှင်းရှင်းလင်းလင်းရှိတဲ့ လက်ရေးကတော့ ယုံကြည်စရာ၊ အားကိုးစရာ အကောင်းဆုံးလို့ပြောရမှာဗျ။ ဘာလုပ်လုပ် အောင်မြင်နိုင်တယ်။ စိတ်နေစိတ်ထားပြည့်ဝတယ်။ အကောင်းဆုံးပေါ့ဗျာ"

စကားပြောရင်း မောလာသဖြင့် ကျွန်တော် ကော်ဖီကို မော့သောက်လိုက်ပါသည်။ အဲဒီတော့မှ ကိုစိုးလင်းလည်း ကော်ဖီသောက်ရန် သတိရသွားပါသည်။

"ကဲဗျို့၊ ကျွန်တော်အကဲဖြတ်ပြီးသွားပါပြီ။ အလားတူ လက်ရေးတူတဲ့သူတွေကိုလည်း ခင်ဗျားခန့်မှန်းနိုင်သွားပါပြီ။ ကျန်တာတော့ ခင်ဗျားအပိုင်းပေါ့ဗျာ၊ ဟုတ်ဖူးလား"

"ဟုတ်ဖူးဗျ၊ ကျန်သေးတယ်"

"ဗျာ၊ ဘာကျန်လို့လဲ"

ကိုစိုးလင်းက ပြုံး၍ -

"သူတို့ရဲ့ဥပဓိရုပ်၊ အမူအရာတွေလည်းကြည့်ရမယ်ဆို။ ဘယ်လိုကြည့်ရမလဲ။ အဲဒါကျန်သေးတယ်လေ"

"ဩော် - ဒါလား။ ခွေးကြောင်၊ ကြောင်နက်၊ ကြက်ကား အညို၊ အပြာခို၊ လူကို နှုတ်ခမ်းတွဲတဲ့လေ"

"ဟာ - ဘာဆိုင်လို့လဲဗျ။ အခု ကျွန်တော့်ဆိုင်မှာခန့်မှာက ခွေးတွေ၊ ကြောင်တွေမှ မဟုတ်တာဘဲ။ ခင်ဗျားကတော့ခက်နေပါပြီ"


ကိုစိုးလင်းက ဦးနှောက်ခြောက်သွားပုံဖြင့် ပြောလိုက်သဖြင့် သူ့အမူအရာကိုကြည့်ကာ ကျွန်တော်ရယ်လိုက်မိပါသည်။

"အလကား ရယ်စရာပြောတာပါဗျာ။ ဒီလိုပါ၊ နှုတ်ခမ်းတွဲတဲ့သူမျိုးကို မမွေးကောင်းဘူးဗျ"


"ဩော် - ဟုတ်သားပဲ။ ခင်ဗျားရွတ်တဲ့အထဲမှာ အဲဒါပါတာပဲကို"

"ဟုတ်ပ့ါ နောက်တစ်ခုက ခင်ဗျားက သူ့ကိုစကားပြောမယ်။ မေးခွန်းမေးမယ်ဆိုရင် ခင်ဗျားကို ရဲရဲမကြည့်ဘဲ မျက်နှာလွှဲလွှဲပြီး ဒါမှမဟုတ် မျက်နှာအောက်ကိုစိုက်စိုက်ပြီးမှ ဖြေလေ့ရှိတဲ့သူဆိုရင်လည်း မရွေးချယ်သင့်ဘူးဗျ။ တချို့ လိမ်တတ်တဲ့သူများဟာ စကားပြောရင် နှာခေါင်းကို မသိမသာပွတ်


ပုံ (၁၄)




ပုံ (၁၅)




ပုံ (၁၆)



ပုံ (၁၇)




ပုံ (၁၈)




လေ့ရှိတယ်။ မျက်လုံးက ဟိုကြည့်ဒီကြည့်အငြိမ်မနေဘဲ မျက်လုံးကစားတတ်တဲ့သူတို့၊ စကားတစ်ခုကိုပဲ ထပ်ကာထပ်ကာပြောတတ်တဲ့သူမျိုးတို့ ဆိုရင်လည်း ရွေးချယ်ဖို့မကောင်းဘူးဗျ"

"ဩော် - မှတ်ထားပါ့မယ်ဗျာ"

"မျက်နှာသိပ်ပြီးသွယ်ရင် စိတ်ဓာတ်မခိုင်မာဘူး။ လေးထောင့်မျက်နှာဆိုပြန်ရင်လည်း စိတ်ဓာတ်မာကျောမယ်။ နားရွက်ကြီးရင် အတွေးအခေါ်ကောင်းတယ်။ နားရွက်ရှည်ရင် ပညာဉာဏ်ထက်သန်မယ်၊ နားရွက်ကုပ်ကုပ်လေးဆိုရင် သိပ်အားမကိုးသင့်ဘူး။ မျက်ခုံးမွေးထူရင် နက်နဲတဲ့အတွေးအခေါ်ရှိမယ်။ မျက်ခုံးမွေးသေးရင် အလ[...] အပကြိုက်မယ်။ မျက်ခုံးမွေးပါး[...] အတွေးအခေါ်ညံ့မယ်။ မျက်ခုံးမွေးကြီး[...] ရင် ပညာရပ်များကို စိတ်ဝင်စားမယ်[...] နှုတ်ခမ်းမစေ့တစေ့ဆိုရင် မပွင့်လင်းဘူး[...] ဒါပဲပေါ့ဗျာ"

သို့နှင့် နောက်တစ်လခန့်[...] သောအခါ ကိုစိုးလင်းသည် သူ[...] ပစ္စည်းအရောင်းဆိုင်ဖွင့်ပွဲသို့ တက်[...] ရောက်ချီးမြှင့်ရန် ဖိတ်စာလေးတစ်ခု[...] ကျွန်တော့်အတွက် ယူဆောင်လာ[...] တော့သတည်း။

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## ထိ-သိ-ပျက်



လွန်ခဲ့သည့် နှစ် (၂၀) ခန့်က ဖြစ်ပါသည်။

ကျွန်တော် တစ်နေ့မနက်ပိုင်းတွင် ချောက်ထပ်ကြီးဘုရားသို့ ရောက်ခဲ့ပါသည်။ ဘုရားကို ဦးချဝတ်ပြုသောအခါ ခင်းထားသော ကော်ဇောပေါ်တွင် မိတ်ဆက်စာကတ်ကဲ့သို့ ကတ်ကလေး တစ်ခုကို တွေ့ပါသည်။ ကောက်ကြည့်လိုက်တော့ မိတ်ဆက်ကတ်မဟုတ်ဘဲ အောက်ပါ စာကြောင်း သုံးကြောင်းကို ပုံနှိပ်စာလုံးဖြင့် ရိုက်ထားသည်ကို တွေ့ရပါသည်။

ပထမစာကြောင်းမှာ -

**ဝေဘူဆရာတော်ကျင့်စဉ်**

ဟူ၍ ဖြစ်ပြီး -

ဒုတိယအကြောင်းမှာ-

**ထိတယ်၊ သိတယ်၊ ပျက်တယ်**

ဟူ၍ ဖြစ်ကာ -

တတိယစာကြောင်းမှာ -

**ထိတာက ရုပ်၊ သိတာက နာမ်၊ ပျက်တာ ရုပ်ရော၊ နာမ်ရော -**

ဟူ၍ ဖြစ်ပါသည်။

အမှန်အတိုင်းပြောရလျှင် ကျွန်တော် နားမလည်လှပါ။ အကျႌအိတ်ထဲ ထည့်ယူလာခဲ့ပြီး အိမ်ရောက်တော့ ဘုရားကျောင်းဆောင်ပေါ် တင်ထားလိုက်ပါသည်။ ထို့နောက် နှစ် (၂၀) လုံးလုံးမေ့နေခဲ့ပါသည်။

ထို့နောက် ကျွန်တော် ရွှေတိဂုံဘုရားအရှေ့ဘက် 'မင်းလှမဟာစည်ရိပ်သာတရားစခန်း' သို့ ပထမဆုံးအကြိမ် ဝိပဿနာယောဂီအဖြစ် (၁၀) ရက် တရားစခန်းဝင်ခဲ့ပါသည်။ ရှုမှတ်ရသည်မှာ 'ဖောင်း၊ ပိန်' ဖြစ်ပါသည်။

ထို့နောက် ဓမ္မမိတ်ဆွေ မြတ်မင်္ဂလာ ဦးဌေးဝင်း၏ ကောင်းမှုဖြင့် သူနှင့်အတူ သမတကမ်းခြေရှိ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်းနေထိုင်ရာသို့ သွားရောက်ပြီး ယောဂီ(၄)ဦး (ကျွန်တော်၊ ဦးဌေးဝင်း၊ ဦးဌေးဝင်း၏ မရီးနှင့်အတူ) သီးသန့် (၇)ရက် တရားစခန်းဝင်ခဲ့ရပါသည်။

ဆရာကြီးဦးသန်းကား အနာဂါမ်ဆရာသက်ကြီး၏ လက်ရင်းတပည့်ဖြစ်ပါသည်။ အနာဂါမ်ဆရာသက်ကြီး၏ ကျင့်စဉ်မှာ သမထယာနိက ဖြစ်သည်။ သမထဦးထောင်ပြီးမှ ဝိပဿနာကူးသောနည်းဖြစ်သည်။ ကျွန်တော်၏ရှေးဦးကျင့်ခဲ့ရသော မဟာစည်နည်းက ဝိပဿနာယာနိကနည်း၊ ဝိပဿနာကို တိုက်ရိုက်ရှုပွားသောနည်း ဖြစ်သည်။

ဆရာကြီးဦးသန်းထံတွင် (၇) ရက် တရားစခန်းဝင်ခဲ့ရာ၌ ပထမ (၄) ရက်ခွဲကို သမထထူထောင်ရပါသည်။ ပြီးမှ ကျန် (၂) ရက်ခွဲကို ဝိပဿနာရှုမှတ်ရပါသည်။ စတင်ရှုမှတ်ရာတွင်၊ သမထထူထောင်ရာတွင် ရှူသွင်းတယ်၊ ရှူထုတ်တယ် စမှတ်ရပါသည်။ နောက်တစ်ဆင့်တက်ပြီး ဝင်လေ၊ ထွက်လေကိုမှတ်ရသည်။ ရှေးဦးရှုမှတ်နေရာတွင် နှာခေါင်းကို လုံး၀ သတိမလွတ်စေဘဲ ညောင်းလည်း အထိုင်ပြောင်းနိုင်ပါသည်။ ကျွန်တော်က အညောင်းရောဂါရှိသူဖြစ်၍ အထိုင်ပြောင်းနိုင်သည်ကို သဘောကျပါသည်။ တစ်နာရီထိုင် နာရီဝက်နားဖြင့် တစ်နေ့ (၁၁) ချိန်၊ ရှုမှတ်ရပါသည်။ နားချိန်တွင်လည်း နှာခေါင်းတွင်သာ



www.burmeseclassic.com

www.burmeseclassic.com

သတိကပ်ထားရပါသည်။

တဖြည်းဖြည်းဖြင့် သမာဓိရလာသောအခါ အကျင့်လည်းရလာသဖြင့် မကြာခဏ အထိုင်မပြောင်းရတော့ပါ။ နောက်ဆုံး တစ်နာရီလုံးလုံး အထိုင်မပြောင်းရတော့ပါ။ ဤတွင် ကျွန်တော် အဓိကဖော်ပြလိုသည်မှာ ထွက်လေ၊ ဝင်လေကိုရှုမှတ်ခြင်း ဟူသောအချက် ဖြစ်ပါသည်။ နောက်ပိုင်းတွင် ကျွန်တော် ဆရာကြီး ဦးသန်းထံတွင်ပင် မင်္ဂလာဗျူဟာနှင့်ဖွင့်သော (၇) ရက်တရားစခန်း (၇) ကြိမ် ဝင်ဖူးပါသည်။

ထို့နောက် လွန်ခဲ့သည့် (၈)နှစ်ခန့် ၂၀၀၆ ခုနှစ်တွင် ကျွန်တော်ဆေးရုံတက်ပြီး ခွဲစိတ်ခဲ့ရာမှ လေဖြန်းခံရပြီး ဒုက္ခိတဖြစ်သွားသဖြင့် တရားစခန်းမဝင်နိုင်တော့ပါ။ ဆရာကြီး ဦးသန်း၏နည်းဖြင့်ပင် အိမ်၌ ရသလောက်၊ နိုင်သရွေ့ ရှုမှတ်ခဲ့ပါသည်။ ဝင်လေ၊ ထွက်လေကို ပထမရှုမှတ်ပြီး အတန်ငယ်စိတ်ငြိမ်သွားသောအခါ ဝင်လေဖြင့် ပျက်၊ ထွက်လေဖြင့်ပျက် ဟူ၍ ဝိပဿနာသို့ပြောင်းပြီး ရှုမှတ်ပါသည်။

သမာဓိမှကင်းပြီး ဝိပဿနာဉာဏ်မဖြစ်ဟု မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း မည်သည့်နည်းဖြင့်ဖြစ်စေ သမာဓိရမှဝိပဿနာဉာဏ်ရပါမည်။ ကျွန်တော်က ဝိပဿနာတရားစခန်းဝင်ခဲ့သည့်အချိန်မှစပြီး ယနေ့အချိန်အထိ လုံလောက်သည့်သမာဓိ တစ်ခါမှမရခဲ့ပါ။

နောက်ပိုင်းတွင် သမာဓိမရသော်လည်း ရုပ်အကြောင်း၊ နာမ်အကြောင်း ဗဟုသုတ အသင့်အတင့်ရခဲ့ပါသည်။ ဒုက္ခိတဘဝတွင် အချိန်၊ နေရာ၊ ဣရိယာပုထ်၊ ရှုမှတ်ချိန် မသတ်မှတ်ဘဲ နိုင်သရွေ့ တရားရှုမှတ်ပါသည်။ ရှုမှတ်ရာတွင် ဝင်လေ-ထွက်လေကို ပထမရှုမှတ်ပြီး (၁၀) မိနစ်ခန့်ရလျှင် ဝင်လေ ဖြစ်-ပျက်၊ ထွက်လေဖြစ်-ပျက်ဖြင့်သာ ရှုမှတ်ပါသည်။

သို့ဖြင့်-

၂၀၁၁ ခုနှစ်လောက်တွင် အမှတ်မထင် စာအုပ်ငယ်ကလေးတစ်အုပ်ကို ဖတ်လိုက်ရပါသည်။ ရေးသူမှာ မေတ္တာရှင်(ရွှေပြည်သာ)ဖြစ်ပြီး စာအုပ်အမည်မှာ 'အသေမြတ်ချင် သေနည်းသင်' ဟူ၍ ဖြစ်ပါသည်။ ထိုစာအုပ်စာမျက်နှာ (၃၁) တွင် -

'ထွက်လေ၊ ဝင်လေမှတ်နေတာ၊ ဖောင်းတာ၊ ပိန်တာမှတ်နေတာတွေက သမထပဲရှိပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ထွက်လေ၊ ဝင်လေတို့၊ ဖောင်းတာ၊ ပိန်တာတို့ဟာ နာမည်တပ်ထားတဲ့ ပညတ်တွေဖြစ်နေလို့ပဲ'

ဟူ၍ ဖော်ပြထားသည်ကို မှတ်သားလိုက်မိပါသည်။ ထို့နောက် စာမျက်နှာ(၃၃)တွင် -

'သမထမလုပ်တော့ဘဲ စိတ်ဖြစ်တိုင်းပါနေတဲ့ ခဏိကသမာဓိနည်းနဲ့ ရှုပွားရတဲ့ ဝိပဿနာယာနိကနည်းနဲ့အားစိုက်မယ်ဆိုရင် သမထကို အကြောင်းပြုပြီး ပေါ်ပေါက်လာမယ့် စိတ်ဖောက်ပြန်မှုတွေကို ကာကွယ်ပြီးသားဖြစ်သွားပါတယ်'

ဟူ၍ ဖော်ပြထားသည်ကိုလည်း မှတ်လိုက်ရပါသည်။

ဆရာကြီး ဦးသန်းကလည်း သမထယာနိကနည်းမှာ ဆရာမရှိလျှင် စိတ်ဖောက်ပြန်ခြင်းနှင့် ဝိဇ္ဇာ၊ ဇော်ဂျီများ နောက်ပါသွားသည့် လမ်းလွဲခြင်းများ ဖြစ်တတ်သည်ဟု ပြောဖူးပါသည်။ ကျွန်တော်ကတော့ စိုးရိမ်စရာမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ဖြစ်နိုင်သည့် သမာဓိမျိုးရအောင် အားမထုတ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ပြီးတော့ သမထ (၁၀) မိနစ်၊ ဝိပဿနာကူးပြီး မိနစ် (၂၀)၊ (၃၀) လောက် တစ်နေ့ (၂) ကြိမ်၊ (၃) ကြိမ်လောက်သာ ရှုမှတ်နိုင်သဖြင့် အထုံပါရမီရရုံသာ ဖြစ်ပါမည်။ သို့သော် ဝင်လေ၊ ထွက်လေကို ရှုမှတ်ခြင်းသည် ပညတ်ကို ရှုမှတ်ခြင်းဟူသော အချက်ကိုတော့ သေသေချာချာ စိတ်ဝင်တစား မှတ်သားမိပါသည်။

သို့ဖြင့် ၂၀၁၃ ခုနှစ်သို့ ကူးလာသောအခါ ခြောက်ထပ်ကြီးဘုရား ဂေါပကအဖွဲ့ဝင်လူကြီး ဒေါက်တာမြတ်ထွန်းက ကျွန်တော့်အား တရားသေတ္တာပုံးကလေးတစ်ခုကို ဓမ္မဒါနပြုပါသည်။ ထိုသေတ္တာထဲတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ၏ တရားချည်းများသာ ဖြစ်ပါသည်။

ကျွန်တော် လေဖြန်းခံရစဉ်က မျက်စိနှင့် နားဟာ အာရုံကြောများ ထိခိုက်သွားသဖြင့် မျက်စိက (၃) မိနစ်ထက်ပိုပြီး စာမဖတ်နိုင်၊ မရေးနိုင်ပါ။ ဘယ်ဘက်နားက လုံးဝမကြားရပါ။ ညာဘက်နားက ကြားရသော်လည်း စကားလုံးတိုင်း သဲသဲကွဲကွဲမကြားရပါ။ (၁၀) ခွန်းပြောမှ (၃) ခွန်းလောက် သဲကွဲပါသည်။ ထို့ကြောင့် တရားနာသောအခါလည်း လုံးစေ့မကြားရပါ။ သိပြီးသားဆိုလျှင် ကြားပါသည်။ ဥပမာ ပရိတ်ကြီး (၁၁) သုတ်ရွတ်လျှင် ကျွန်တော် အကုန်ကြားပါသည်။ မကြားဘူးသောတရား၊ ပရိတ်ဆိုလျှင် (၁၀) ခွန်း (၃) သာဖြစ်နေပါသည်။ ထို့ကြောင့် ပါမောက္ခချုပ်ဆရာတော်၏တရားများကိုလည်း ကြားသမျှ စုစည်းဆက်စပ်ပြီး နှလုံးသွင်းရပါသည်။ ကျွန်တော် ကြားမိ၊ မှတ်မိသရွေ့ထဲမှ အချို့ကို ပြန်လည်တင်ပြရသော်-

သစ္စာ(၃)ပါးနှင့် လက္ခဏာ(၂)ပါးအကြောင်းကို တင်ပြလိုပါသည်။

သစ္စာသုံးပါးမှာ -

၁။ သမုတိသစ္စာ၊

၂။ ပရမတ္ထသစ္စာ၊

၃။ အရိယာသစ္စာ

ဟူ၍ ဖြစ်ပါသည်။

**သမုတိသစ္စာ**

သမုတိသစ္စာဟူသည် အများစုက အညီအညွတ် ခေါ်ဝေါ် ပညတ် နာမည်တပ်ပြီး သမုတ်အပ်သောကြောင့် မှန်ခြင်း ဖြစ်ပါသည်။ ဥပမာ ကမ္ဘာပေါ်မှာ လူဦးရေ သန်း (၇၀၀၀) ကျော်ရှိသည့် အနက် ပခုံး (၂) ဖက်အကြားမှာ ခေါင်းပေါက်ပြီး ခြေထောက် (၂) ဖက်အပေါ်မှာ ခါးကို မတ်မတ်ထားပြီး ရပ်နိုင်၊ လျှောက်နိုင်သည့်သတ္တဝါကို ဗမာစကားပြောသူ (ခန့်မှန်း) သန်း (၃၀) လောက်က လူဟူ၍ အညီအညွတ်အသံထွက်ပြီး အမည်တပ် ခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကို လူဟုခေါ်သည်မှာ မှန်ပါသည်။ ထိုသို့ အများက သက်မှတ်ပြီးသားဖြစ်သည်ကို တစ်ဦးတစ်ယောက်က အမည်ပြောင်းခေါ်၍ မရပါ။ လူကို ကျွန်တော်တို့ဗမာစကားပြောသူများ၏ဗမာအသံထွက်ဖြင့် ခေါ်သကဲ့သို့ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသား (၁၀၀) ကျော်တို့ကလည်း သူတို့အသံထွက်ဖြင့် သူတို့စုပြီး ခေါ်ကြပါသည်။ အလားတူ ကမ္ဘာပေါ်ရှိ လူမျိုးပေါင်းစုံကလည်း လူကို အသံထွက်ပေါင်းစုံဖြင့် အမည်တပ်ခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် လူဟူသော အသံထွက် အခေါ်အဝေါ်သည် လူတစ်စုအတွက် မှန်ကန်သော သမုတိသစ္စာ သိစေအပ်သောပညတ်မျှသာဖြစ်သဖြင့် အများ(အားလုံး)အတွက် မမှန် (သစ္စာမဟုတ်) ပါ။

သက်ရှိ၊ သက်မဲ့ အရာများမှာ မိမိတို့၏ ဘာသာစကားအုပ်စုလိုက်

www.burmeseclassic.com

www.burmeseclassic.com

# သွေးတိုးကျလက်တွေ့အသုံးချဆေးနည်း

သွေးတိုး၊ သွေးပေါင်တက်ရောဂါသည် အဖြစ်များသော ရောဂါတစ်မျိုးဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်ပင် သွေးတိုးရောဂါရှိသူ ဖြစ်ပါသည်။ အသိမိတ်ဆွေအချို့တွင်လည်းသွေးတိုးရောဂါရှိကြသည်။ အချို့က တိုင်းရင်းဆေးဝါးများကို သုံးစွဲကြသည်။ အများစုကတော့ခြားဖြစ် ပင်္ဂလိဆေးဝါးများကို စွဲမြဲသောက်သုံးကြသည်။ ပုံမှန် ဆေးဝါးသောက်သုံးသူများရှိသကဲ့သို့ သွေးပေါင်တက်၊ သွေးတိုးကာမှ သွေးပေါင်ကျဆေးသောက်သူ၊ ဆေးခန်းပြကြသူများလည်းရှိကြပါသည်။

သွေးပေါင်တက် သွေးတိုးနေချိန်အစားများ၊ ရေချိုးမှား၊ အနေအထိုင်အမှားဖြစ်ပွားခဲ့သော် အသက်ကိုပင် အန္တရာယ်ရှိနိုင်ပါသည်။ အချို့ကိုယ်တစ်ခြမ်းသေနင်းရောဂါဖြစ်၍ မသန်မစွမ်းဘဝရောက်ကြရသည်။ သွေးတိုးရောဂါရှိလျှင် ဆေးဝါးတစ်မျိုးမျိုးကို ပုံမှန်သောက်သုံးသင့်ပါသည်။ သွေးပေါင်တက်လာလျှင် ရောဂါလက္ခဏာတစ်ရပ်ပြလေ့ရှိတတ်သော်လည်း တစ်ဦးနှင့်တစ်ဦးတူညီခြင်းမရှိတတ်။ သွေးပေါင်တက်လျှင် အချို့က မူးဝေအော့အန်တတ်သည်။ အချို့က ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ခေါင်းတစ်ခုလုံးကိုက်ခဲခြင်းမျိုးဖြစ်တတ်သည်။ အချို့က အကြောတင်းအကြောတက်ဖြစ်တတ်ကြသည်။

ရောဂါရှိသူ ကာယကံရှင်အနေဖြင့် ကိုယ်တိုင်ဂရုတစိုက်ရှိရန်လိုအပ်ပါသည်။ သွေးပေါင်တက်လျှင် ဖြစ်တတ်သည့် ရောဂါလက္ခဏာကို စောစီးစွာကြိုတင်သိရန် အရေးကြီးပါသည်။ ကြိုတင်သိရှိမှသာ ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ပါမည်။

သွေးတိုး၊ သွေးပေါင်တက်ရောဂါနှင့် ပတ်သက်၍ လက်တွေ့ အသုံးချပျောက်ကင်းသည့် နည်းလမ်းတစ်ရပ်ကို ရေးသား တင်ပြလိုပါသည်။ လက်တွေ့ အသုံးချသည့်အတွက် သွေးပေါင်တက်ခြင်းမှ ကင်းဝေးကြသူများစွာရှိပါသည်။ လွယ်ကူ ရှင်းလင်းသောနည်း၊ ငွေကြေးကုန်ကျမှု လုံးဝမရှိသော နည်းတစ်နည်းဖြစ်ပါသည်။ လက်တွေ့အသုံးချနည်းလမ်းမှာ-

ရဲယိုပင်မှ ခဲတံလုံးအရွယ်ခန့်မျှအကိုင်းငယ်တစ်ကိုင်းကို ဦးစွာရှာယူပါ။ ရရှိလာသောရဲယိုကိုင်းကို (၂)လက်မခန့် ဖြတ်ယူပါ။ ဖြတ်ယူထားသော(၂)လက်မခန့်ရှိ ရဲယိုကိုင်းစကို အရှည်လိုက် (အလျားလိုက်) အလယ်တည့်တည့်မှ အပေါက်ငယ်တစ်ခုရအောင်ဖောက်ပါ။ ပြီးလျှင် ထိုအပေါက်အတွင်းသို့ ချည်ကြိုး (သို့) အဆင်ပြေရာကြိုးသေးတစ်ချောင်းဖြင့် ထိုးသွင်းပြီး မိမိ၏ခါးတွင်ပတ်ချည်ထားရပါမည်။ ခန္ဓာကိုယ်နှင့်ထိတွေ့ပတ်ချည်ထားသည့်အတွက် သွေးပေါင်တက်ခြင်း မရှိတော့ပါ။

စာရေးသူ၏ သွေးပေါင်တက်၊ သွေးတိုးရောဂါရှိသူ မိတ်ဆွေများက သူတို့၏ခါးတွင် ရဲယိုကိုင်းစကို ကြိုးနှင့်ဖောက်သီကာ အမြဲပတ်ချည်ထားကြပါသည်။ သွေးပေါင်တက်လေ့တက်ထရှိသူ၊ သွေးတိုးရှိသူများပင် သွေးပေါင်မတက်တော့ဘဲ ပုံမှန် သွေးပေါင်ဖြင့်ကျန်းမာစွာရှိနေကြပါကြောင်း သတင်းပေး ရေးသားတင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

အမည်တပ် ပညတ်ထားသည်မှာ မရေတွက်နိုင်ပါ။ ထိုပညတ်အားလုံးသည် အလေးထားရမည့်အရာချည်း ဖြစ်ပါသည်။ ဖောက်ဖျက် ပြောင်းလဲ၍မရပါ။ ဥပမာ လူများဝတ်သောအဝတ်ကို ပုဆိုး၊ ထဘီ၊ အင်္ကျီ ဟူ၍ ခေါ်ပြီး ရဟန်းသံဃာဝတ်သောအဝတ်ကို သင်္ကန်းဟု ခေါ်ပါသည်။ ထို့အတူ လူနေသော အဆောက်အအုံကို အိမ်ဟု ခေါ်ပြီး ရဟန်းသံဃာနေသော အဆောက်အအုံကို ကျောင်းဟု ခေါ်သည်။ ဤသည်ကို ပြောင်းလဲ ခေါ်ဝေါ်၍ မရပါ။

ထို့အတူ မိသားစုတွင်(ယောကျ်ားများ၌) အဘိုး၊ အဖေ၊ ညီ၊ သား ဟူ၍ မိန်း (မိန်းမများ၌) အဘွား၊ အမေ၊ ညီမ၊ သမီး ဟူ၍ရှိသည်။ ထိုအခေါ်အဝေါ်များကို ပြောင်းလဲခေါ်ဝေါ်၍ အဖေကို သား၊ သားကို အဖေ စသည်ဖြင့် မရသလို မိန်းမ၊ ယောကျ်ားတို့၌ ခင်ပွန်း၊ ဇနီးဟုရှိရာ မိန်းမချင်းတူ၍၊ ယောကျ်ားချင်းတူ၍ အဖေ၊ အမေ၊ ညီ၊ နှမတို့နှင့် ပြောင်းလဲ ခေါ်ဝေါ်၍ မရပါ။ အလွန်အလေးထားဂရုစိုက်ရမည့် သမုတိသစ္စာဖြစ်ပါသည်။

အသစ်စက်စက်ဖြစ်သော အပေါ့အလေးသွားသည့်အိုးနှင့် စားသောက်ဖွယ်ထည့်သည့်ခွက်တို့ကို အပေါ့အိုး၊ ထမင်းအုပ်ဟု အမည်ပေးထားပြီးလျှင် ပြောင်းလဲသုံးစွဲခြင်း မပြုရတော့ပါ။ ပညတ်မှာ အများညီလျှင် အမှားလည်း အမှန်ဖြစ်နေပါသည်။ ဥပမာ အရပ်မြင့်သူကို ကိုပုဟုအမည်ပေးထားပြီး အများက ခေါ်နေလျှင် ကိုပု ဖြစ်နေပါသည်။ သို့သော် ပုံသဏ္ဌာန်ပြောင်းသွားသည်နှင့် မူလပညတ်ပျက်ပြီး ပညတ်အသစ်သို့ကူးသွားပါသည်။ မခိုင်မြဲပါ။

ဥပမာ လူဝတ်ကြောင် လူဝတ်လူစားဖြင့်နေသော ကျွန်တော် မောင်အုန်းသွင်ကို ရဟန်းပြုပေးပြီး သင်္ကန်းဝတ်ဖြင့် ဦးကုန္ဒာဝံသဟု ဘွဲ့ပေးလိုက်လျှင် မည်သူမျှ မောင်အုန်းသွင်ဟု မခေါ်တော့ပါ။ ဦးပဉ္စင်း ဦးကုန္ဒာဝံသ ဖြစ်သွားပါသည်။

ထိုပညတ်ကို သညာဖြင့် ခွဲခြမ်းစိတ်ဖြာလိုက်လျှင် လုံးဝပျောက်ကွယ်သွားပါသည်။ ဥပမာ ကျွန်တော် မောင်အုန်းသွင် သို့မဟုတ် လူ သို့မဟုတ် ယောကျ်ား ဟူသော သက်ရှိသတ္တဝါကို စာပေအတိုင်း ဖွဲ့စည်းထားသည့် (၃၂) ကောဋ္ဌာသအစုအဝေးကို တစ်ခုစီ ဆံပင်၊ မွေးညင်း၊ နှလုံး၊ အသည်း၊ အမြေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ဟူ၍ ခွဲလိုက်လျှင် လူ၊ ယောကျ်ား၊ အုန်းသွင် အကုန်ပျောက်သွားပါသည်။ သမုတိသစ္စာ၏ မခိုင်မြဲခြင်းတည်း။

(ဆက်လက်ဖော်ပြပါဦးမည်။)

ချောင်းအုံအုန်းသွင်

(၁)

ပရိသတ်များအားလုံး စိန်ချာတိတ်၏ဆိုင်းလက်သံကို တုတ်တုတ်မျှမလှုပ်ဘဲ နားထောင်နေကြသည်။ ဧည့်ခံမဏ္ဍပ်အပြည့် လာရောက်၍အားပေးကြသော ဆိုင်းလက်သံကို နားထောင်ကြသည့် ပရိသတ်များမှာ မလှုပ်မရှားနှင့်မို့ အပြင်မှ ရုတ်တရက်ကြည့်လိုက်လျှင် လက်ရာမြောက် သစ်သားပန်းပုရုပ်တုများကို မဏ္ဍပ်အပြည့် စီရရီချထားသည်သို့ရှိလေတော့သည်။ ဒီမြေလတ်မြို့တစ်ခွင်တွင် ရှင်ပြု၊ နားသအလှူပွဲများ၊ မင်္ဂလာပွဲများတွင် စိန်ချာတိတ်တို့ဆိုင်းအဖွဲ့ကိုသာ အဓိကထား ငှားရမ်းပြီး ဖျော်ဖြေကြသည်။ စိန်ချာတိတ်ဆိုင်းအဖွဲ့ကို မငှားနိုင်သောအလှူပွဲသည် ချို့တဲ့သောအလှူပွဲဖြစ်သကဲ့သို့ လူမစည်ကားသောအလှူပွဲနှင့်မင်္ဂလာပွဲလည်း ဖြစ်ပေတော့သည်။

ဒီနယ်တစ်ရိုးတွင် စိန်ချာတိတ်ဆိုင်းအဖွဲ့ စန်းတက်ပုံကလည်း အခြားဝါရင့်ဆိုင်းဆရာများပင် လက်ဖျားခါလောက်ပေသည်။ စိန်ချာတိတ်ကလည်း ပါရမီရှင်ဟုဆိုရမည်လား၊ လူဝင်စားလို့ပင် ပြောရမည်လား မဆိုတတ်တော့။ သူ့အဖေ စိန်အုန်းမြင့်သည်လည်း သူ့လိုပင် ရွာစားကျော်ဆိုင်းဆရာတစ်ယောက်ဖြစ်သည်။သို့သော် သိပ်ပြီးပေါက်ပေါက်မြောက်မြောက် ထင်ထင်ပေါ်ပေါ် မရှိခဲ့ချေ။ စိန်အုန်းမြင့် မွေးထားသော သားသုံးယောက်အနက်တွင် တစ်ယောက်မျှ ဆိုင်းပညာကို ဝါသနာမပါခဲ့။ စိန်ချာတိတ်ကတော့ အသက် သုံး၊ လေးနှစ်သားအရွယ်လောက်ကပင် ကလေးသဘာဝအခြားကစားစရာများနှင့် ကစားရခြင်းထက် သူတို့အိမ်တွင် အမြဲလိုလိုခင်းကျင်းထားသော သူ့အဖေတီးနေကျ ပတ်ဝိုင်းကို တီးခတ်ကစားရတာကိုပင် ပို၍စိတ်ဝင်စားသည်။ အမေ့အနားတွင်နေပြီး တွတ်တီးတွတ်တာပြောကာ ကစားစရာများ၊ စားစရာများကို ပူဆာရသည်ထက် အဖေ့ပေါင်ပေါ်ထိုင်ပြီး ပတ်ဝိုင်းအကြောင်းမေးလိုက်၊ ပတ်လုံးကလေးများကို တီးခတ်ကစားလိုက်လုပ်ရသည်ကို ပို၍ပျော်ရွှင်သည်။

စာသင်စာကျက်လုပ်ရသည်ထက် ဆိုင်းပညာ သင်ယူရခြင်းကို သူပို၍နှစ်သက်ခုံမင်သည်။ ထို့ကြောင့် လေးတန်းပင် မအောင်မြင်ခဲ့ပြားလည်း အသက်ဆယ်နှစ်သားအရွယ်တွင် သူဖခင် စိန်အုန်းမြင့်က သိပ်မကြီးသော ရွာငယ်လေးများ၏ ရှင်ပြုအလှူပွဲငယ်လေးများတွင် စတင် တီးခတ်ခွင့်ပေးခဲ့သည်။

လူတစ်ယောက်၏ ကံကြမ္မာဆိုသည်မှာလည်း ဆန်းကြယ်သည်ဟုပင် ဆိုရပေမည်။ ထိုသို့ ရွာသိမ်ရွာငယ်လေးများ၏ အလှူပွဲငယ်ကလေးများတွင် ပတ်ဝိုင်းတီးရသော ဆိုင်းဆရာပေါက်စကလေးသည် တစ်နှစ်မပြည့်မီပင် ဟုန်းခနဲကျော်ကြားလာပြီး ဖခင်ဖြစ်သူ၏ အရှိန်အဝါကိုပင် ကျော်လွန်ကာ

# မြတ်သက်ကျော်

## ဖုတ်စီးအသုဘနှင့်သမ္မုဒ္ဒေဂါထာတော်



www.burmeseclassic.com

ည်ကြီးလာခဲ့လေတော့၏။ အစေ ငြိးက စိန်ချာတိတ်တို့ဆိုင်းအဖွဲ့အား ခုမ်းရာ အလှူပွဲတိုင်း သူ့အဖေ အုန်းမြင့်က ကိုယ်တိုင် ဝင်ရောက် ခတ်သော်ငြားလည်း လိုက်လံ၍ လူမမည်ကို အစောင့်အရှောက် ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ဆိုင်းအဖွဲ့မှ အခြားအဖွဲ့သား လူကြီးများ သည်း တူသားသဖွယ် စောင့်ရှောက် ခြင်း၊ ဖေးဖေးမမရှိခြင်းကြောင့် သူ့ ၏ အနီးကပ် စောင့်ရှောက်မှုမလို တော့။

စိန်ချာတိတ်တွင် ညဉ်ကောင်း တစ်ခုတော့ရှိသည်။ ထိုအချက် မည်သည့်ရွာတွင် သွားရောက်၍ ခံတီးမှုတ်ရသည်ဖြစ်စေ မသွားခင် ဘုရားအားကန်တော့ခြင်း၊ မိခင် တို့အား ရိုကျိုးစွာ ကန်တော့ခြင်း မှုသာလျှင် အဖွဲ့သားများခေါ် ဆောင်ရာ ဆိုင်းပွဲများသို့ လိုက်ပါလေ့ ရှိပေသည်။ ထို့ကြောင့် သူ့ကောင်းကံ များက ဆပွားအကျိုးပေးလာသလို မိသားစုစီးပွားရေးကလည်း တစ်စထက် တစ်စ ပို၍ပြေလည်လာခဲ့ပေသည်။ ထို့အတူ ရတနာသုံးပါးနှင့် မိဘတို့၏ ဂုဏ်ကျေးဇူးကြောင့် မည်သည့်အခါမျှ ခလုတ်ထိဆူးငြိခြင်းများမရှိခဲ့။ ကျရောက် မည့်အန္တရာယ်များလည်း ရှောင်ကွင်းခဲ့ သည်ပင်။ ဒီလိုနှင့် စိန်ချာတိတ် အသက် (၁၃) နှစ်ခန့်လောက်တွင် ဒီနယ်တစ်ခွင် လျှမ်းလျှမ်းတောက် ထင်ပေါ်ခဲ့ပေတော့ သည်။

(၂)

"ဟေ့ - ရွာစားလေး၊ ရေချိုးရ အောင်လေကွာ။ ပြီးရင် ထမင်းစားပြီး ဇည့်ခံဆိုင်းတီးရဦးမှာလေ"

"ဟာ - ဦးလေး ကိုပေါက်စက လည်း၊ ကျွန်တော်ကစားလို့မဝသေးဘူး လေ။ ဒီကောင်လေးတွေနဲ့ ကျည်းသား ရိုက်တမ်းကစားတာ ခုမှ အရှိန်ကောင်း တုန်းရှိသေးတယ်။ ဦးလေးကလာခေါ် ပြန်ပြီ"

"မဟုတ်ဘူးလေ၊ အလုပ်ချိန်ကျ တော့မှာမို့ မင့်ကို ဦးလေးကိုပေါက်စ လာပြောနေတာပေါ့။ လာပါ၊ ခဏနေ ပြီး ဦးလေးနဲ့အတူ ရေချိုးလိုက်။ ပြီးရင် ထမင်းအတူစားကြတာပေါ့။ ဟိုမှာ သူများ တွေ ထမင်းစားနေနှင့်ပြီ။ တို့တူဝရီးပဲ ကျန်တော့တာကွ"

ရွာစားကျော်ဟုသာ ဆိုရသော် လည်း ကလေးသာသာအရွယ်မို့ ရောက် ရာအရပ် အားသည့်အချိန်တွင် တွေ့ရာ ကလေးများနှင့် ကစားနည်းမျိုးစုံ ကစား သည်။ တစ်ခါတစ်ရံ အတူပါဆိုင်းအဖွဲ့ သားများ သတိလစ်သွားချိန်နှင့် ဆုံမိ လျှင် ကစားနယ်လွန်သွားတတ်သော



www.burmeseclassic.com

စိန်ချာတိတ်ကို ဇည့်ခံဆိုင်းတီးရန် မနည်းလိုက်ရှာယူကြရသည်။

ခုလည်း မင်္ဂလာပွဲဧည့်ခံဆိုင်းတီးရန်အချိန် ရောက်တော့မည်ဖြစ်ကြောင်း ပတ်မတီး ကိုပေါက်စက စိန်ချာတိတ်ကို ချော့မော့ရေချိုးခိုင်းနေခြင်း ဖြစ်သည်။ ကလေးဆိုတော့လည်း ကလေးစရိုက်ကို မည်သူစွန့်နိုင်ပါမည်နည်း။ ဒါကို နားလည်သော ကိုပေါက်စက ချော့မော့ခေါ်နေသောကြောင့် စိန်ချာတိတ်မှာ နှုတ်ခမ်းတစူစူ မကျေမနပ်နှင့် ကိုပေါက်စ ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်။

ထမင်းစားအပြီး ပတ်ဝိုင်းထဲဝင်ကာ ဆိုင်းတီးနေပုံကလည်း အရွယ်ငယ်လွန်းသောကြောင့် ကိုယ်ပျောက်ဆိုင်းဆရာတစ်ယောက် လာရောက်ဖျော်ဖြေနေသည်သို့ရှိနေချေတော့၏။ ပတ်ဝိုင်းအတွင်း ငုံ့ကြည့်မှသာလျှင် မိခင်နို့နံ့မစင်သေးသော ဆိုင်းဆရာလေးတစ်ယောက် တီးခတ်ဖျော်ဖြေနေကြောင်း တွေ့မြင်ရမည်ပင်။ ဧည့်ခံတေးတစ်ပုဒ်ပြီးတိုင်း တစ်ပုဒ်ပွဲတောင်းခံရသောကြောင့် ဧည့်ခံဆိုင်းတီးပြီးသည့်အခါတိုင်း စိန်ချာတိတ်တစ်ယောက် ခြေကုန်လက်ပန်းကျကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရသည်သာပင် ဖြစ်သည်။ ထို့ကြောင့် ကျန်အဖွဲ့သား လူကြီးများက ညအိပ်သည့်အခါတိုင်း စိန်ချာတိတ်ကို အဖွဲ့သားအားလုံး၏အလယ်တွင်ထားကာ သိပ်ကြမြဲ ဖြစ်သည်။

(၃)

*"အောင်ပါစေ xxx အောင်ပါစေ xxx ဇမ္ဗူတစ်ဝှမ်းမှာ လျှူဒါန်းမယ့်သူတွေ အောင်ပါစေ xxxx မင်္ဂလာရက်မြတ် xxx လက်ထပ်မယ့်သူတွေ အောင်ပါစေ xxx"*

အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင်၏ ကျော်ကြားလှသော အောင်ပါစေ သီချင်းကို စိန်ချာတိတ်က တီးပြီး အသံကောင်း အဆိုပိုင်သော ဆိုင်းနောက်ထတစ်ဦးက သီဆိုနေသည်ကို ရှင်ပြုဧည့်ခံဆိုင်းလာရောက်နားထောင်နေသောပရိသတ်မှာလည်း မလှုပ်မရှား နားထောင်နေကြလေသည်။ အတီးကလည်းကောင်း၊ အဆိုကလည်းပိုင်သောကြောင့် သူတို့ဆိုင်းကို လာရောက်နားထောင်ရသည်ကို မငြီးငွေ့ကြ။

ညနေကလည်း ရှင်လောင်းလှည့်စဉ် စိန်ချာတိတ်၏ ပြောလက်သံက အပျိုကလေးများကို လွမ်းမျက်ရည်သီသီဝေ့သွားစေသကဲ့သို့ လူအိုလူလတ်များကို ဘယ်ဆီဘယ်ဝယ်မသိသောအလွမ်းများ ဆပွားစေလေသည်။ ထို့ကြောင့်လည်း စိန်ချာတိတ်တစ်ယောက် နာမည်ကြီးလာခြင်း ဖြစ်သည်။ မင်္ဂလာဧည့်ခံပွဲများတွင် တီးခတ်သော သူ့ဆိုင်းလက်သံမှာ ခံစားချက်တစ်မျိုးပေးစွမ်းနိုင်ပြန်သည်။ ထို့ကြောင့်လည်း ဒီနယ်တစ်ရိုးတွင် ရှင်ပြုနားသပွဲများ၊ မင်္ဂလာဧည့်ခံပွဲများတွင် စိန်ချာတိတ်ကို မရအရငှားရမ်းကြခြင်းဖြစ်ချေသည်လား မပြောတတ်တော့။

ယခုလည်း ဧည့်ခံသီချင်းတစ်ပုဒ်ပြီး တစ်ပုဒ်ပွဲတောင်းနေကြသည်မို့ သန်းခေါင်ချိန်နီးမှ ကိုပေါက်စ အပါအဝင် အလှူရှင်များ တောင်းပန်သောကြောင့်သာ လူစုကွဲပြီး အလျှိုလျှိုပြန်သွားကြခြင်းဖြစ်သည်။ ဒါတောင် မနက်စောစော သံဃာတော်များ ကြွလာချိန်နှင့်ပြန်ကြွချိန်တီးမှုတ်မည့် ပြောလက်သံကို စောင့်နားထောင်ရန် တချို့တလေက ဧည့်ခံမဏ္ဍပ်တွင် အိပ်နေကြပြန်သည်။

(၄)

"လုပ်ပါဗျာ၊ ကျွန်တော်တို့လည်း စိန်ချာတိတ်ဆိုင်းကိုသွင်းချင်လွန်းလို့ မရအရ လာငှားရတာပါ။ ကြေးဘယ်လောက်ဆိုဆို၊ ဈေးဘယ်လောက်ပြောပြော ကျွန်တော်တို့ဘက်က မငြင်းပါဘူးဗျာ"

"မဟုတ်သေးပါဘူးလေ၊ ဈေးလည်း မတန်တဆမပြောပါဘူး။ ကျွန်တော် နာရေးတွေမှာ ဆိုင်းလိုက်ပြီးတီးလေ့တီးထမရှိလို့ပါခင်ဗျာ။ ဒါကြောင့် ခုနာရေးကိစ္စမှာလည်း လိုက်မတီးနိုင်ပါဘူးလို့ ငြင်းရတာပါ ခင်ဗျာ"

"စိန်ချာတိတ်ရယ်၊ ဘကြီးတို့ကလည်း ဟိုအဝေးကနေ သားကို အားကိုးတကြီးနဲ့ လာငှားတာပါ။ နောက်ပြီး တိတိကျကျပြောရရင် ကွယ်လွန်သူကလည်း မျက်စိမမှိတ်ခင်ကတည်းက သူ့နာရေးကျရင် သားရဲ့ဆိုင်းကိုသွင်းပေးဖို့ အတန်တန်အမှာထားခဲ့လို့ပါကွယ်။ အဲဒီတော့ သားအနေနဲ့ ဒီကိစ္စကို အကူအညီပေးတယ်လို့ပဲ သဘောထားပြီး ဆိုင်းလိုက်တီးပေးစေချင်ပါတယ်။ သားတို့ စားဖို့ သောက်ဖို့ နေထိုင်ဖို့ ဘာမှအခက်အခဲမရှိအောင် ဘကြီးတို့ တာဝန်ယူပါ့မယ်ကွယ်"

"အာ- မဖြစ်ဘူးထင်တယ်ဘကြီး။ သားကကြောက်တတ်တယ်ဗျ"

"ဟုတ်တယ်၊ ကျွန်တော့်သားက ကလေးစိတ် သိပ်ကုန်တတ်သေးတာ မဟုတ်လို့ နောင်ကြီးတို့ရွာမှာ ဆိုင်း လိုက်တီးဖို့ကိစ္စ မဖြစ်နိုင်ဘူးထင်ပါတယ် ဗျာ"

စိန်ချာစိတ်၏အဖေ စိန်အုန်းမြင့် ကပါ ဝင်ရောက် ပြောဆိုလိုက်သည် ကြောင့် ဆိုင်းလာငှားသူများမှာ စိတ် ပျက်သွားဟန်ရှိသည်။ ထို့ကြောင့် ဆိုင်း အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သော ကိုပေါက်စကို အားကိုးတကြီး လှမ်း ကြည့်လိုက်ကြသည်။ ထိုသည်ကိုမြင် သော ကိုပေါက်စက စိန်အုန်းမြင့် ပြောလိုက်သည်။

"စိန်အုန်းမြင့်ကလည်း၊ ကျွန်တော် တို့လည်းပါတာပဲဗျာ စိတ်မပူပါနဲ့ ကျွန်တော်တို့လည်း ခါတိုင်းထက်ပို ဂရုစိုက်လိုက်ပါမယ်ဗျာ။ နာရေးတီ မတီးဖူးဘူးဆိုတာမှန်ပေမယ့် မတတ် မှမဟုတ်တာဘဲ၊ တီးလို့ရပါတယ်ဗျား ရိမ်စရာကိစ္စတွေကို ခေါင်းထဲမထည့် နဲ့။ သူတို့လည်း ရပ်ဝေးကနေ ကိုယ့် ကို အားကိုးတကြီးလာခဲ့ကြတာဆို သူတို့ကိုလည်း အားနာသင့်ပါတယ်

သို့ဖြင့် ကိုပေါက်စ၏ တိုက်တွ စကားများကြောင့် စိန်အုန်းမြင့် သဘောမတူချင်တူချင်ဖြင့် သဘော လိုက်ရပေတော့သည်။ ထို့ကြော နာရေးဧည့်ခံဆိုင်းတီးရန် လက်ခံလို လေတော့သည်။ ထို့နောက် ပြင်ဆ စရာကိစ္စများကို ချက်ချင်းပြင်ဆင် လာရောက်ခေါ်ဆောင်သည့်ရွာသို့လို လာခဲ့ပေတော့သည်။ စိန်ချာတိတ်သ ထိုရွာသို့မသွားခင် ဘုရားဝတ်ဖြည့် မိဘနှစ်ပါးအား ရှိခိုးဦးတိုက်ခြင်းမျ ပြုမြဲအတိုင်းပြုလုပ်သည်။

"အဖေ၊ အမေတို့ ပေးတဲ့ ပြည့်ပါစေခင်ဗျာ"

"ကိုပေါက်စတို့လည်း သာ ခါတိုင်းထက် ဂရုစိုက်လိုက်ကြပါ"

"စိတ်ချပါ စိန်အုန်းမြင့် ကျွန်တော်တို့ အရင်ကထက်ပိုပြီး စိုက်လိုက်ပါ့မယ်။ စိတ်အေးအေး ပါ"

(၅)

စိန်ချာတိတ်တို့ ဆိုင်းအဖွဲ့ ညဦးပိုင်းဧည့်ခံဆိုင်းကို ည (၁၀) ခန့်ထိတီးခတ်ပြီး ပြောခေါက်တ

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းတီးခြင်းကို ရပ်နားကာ အိပ်စက်လိုက်ကြသည်။ ကိုပေါက်စနှင့် ကိုကောင်းစံတို့က စိန်ပေါက်စကို သူတို့ နှစ်ယောက်ကြားတွင်ထားကာ အိပ်စေသောကြောင့် စိန်ချာတိတ်လည်း စိတ်ချလက်ချပင် အိပ်စက်လိုက်သည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည်ကို မသိသော်ငြားလည်း ပါးပြင်မှ အေးစက်သောအထိအတွေ့ကြောင့် စိန်ချာတိတ် မျက်လုံးဖွင့်ကြည့်လိုက်သည်။

နှုတ်ခမ်းမွေးကားကား၊ သျှောင်တစောင်း၊ အေးစက်စက်မျက်နှာထားနှင့် လူတစ်ယောက်က စိန်ချာတိတ်အား အိပ်ရာမှထရန် ခြေဟန်လက်ဟန်ပြနေသည်။ စိန်ချာတိတ်စိတ်ထဲတွင်လည်း အိပ်ရသည်မှာ မကြာလှသေးဟု ထင်နေလေသည်။ ထို့ကြောင့် ဘေးနားမှ ကိုပေါက်စတို့၊ ကိုကောင်းစံတို့ကို အကူအညီတောင်းရန် မသိမသာ လက်ဖြင့် နှိုးဆော်ကြည့်သည်၊ မနိုး။ ထို့ကြောင့် ခြေဖြင့် [illegible]၍ကန်ကြည့်သည်၊ မလှုပ်။ တကယ့်အသေကောင်များပမာ အိပ်မောကျနေသည်။ အေးစက်စက်မျက်နှာနှင့်လူက လည်း အိပ်ရာမှထရန် ခြေဟန်လက်ဟန်ဖြင့် ပြနေသည်။

ထိုသူကိုကြည့်နေရင်း စိန်ချာတိတ် [illegible]လိုကြောက်လာမိသည်။ထိုသျှောင်တစောင်းနှင့်ပုဂ္ဂိုလ်၏ အသားအရေ၊ မျက်နှာသွင်ပြင်၊ မျက်လုံး၊ နှုတ်ခမ်းများကို စိန်ချာတိတ် မနှစ်သက်မိ။ အနယ်နယ်အရပ်ရပ်လိုက်၍ ဆိုင်းတီးလာသော သူ့အဖို့ တစ်ခါဖူးမျှ ထိုမျက်နှာမျိုးကို မမြင်ဘူးခဲ့။ အကြည့်ကလည်း အေးစက်စက်၊ မျက်နှာကလည်း ဖြူဖျော့ဖျော့၊ မျက်လုံးများကလည်း လှုပ်ရှားမှုမဲ့နေသည်၊ မျက်တောင်မခတ်။ မျက်လုံးများကလည်း သာမန်လူများထက် ပိုမို၍ ပြူးနေသလိုလိုခံစားရသည်။ ထို့ကြောင့် ထိုသူ၏ မျက်လုံးများကို သူကြာကြာ ရဲရဲဆိုင်၍မကြည့်ရဲ။

စိန်ချာတိတ် စောင်ကိုခေါင်းထိ ခြုံလိုက်ပြီး မသိမသာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ ခဏအကြာတွင် သူ့ကိုယ်ပေါ်မှ စောင်ကွာကျသွားပြီး သျှောင်တစောင်းနှင့်လူက ဒေါသတကြီး ဖြင့် အိပ်ရာမှထရန် ခြေဟန်လက်ဟန်ပြနေသောကြောင့် စိန်ချာတိတ် အိပ်ရာမှ ထခင်ထချင်နှင့် ထလိုက်ရသည်။ နောက် ကိုပေါက်စအား မတော်တဆ [illegible]နှင့် ခလုတ်တိုက်လိုက်သည်။ ကိုပေါက်စမနိုး။ ကိုကောင်းစံကို အိပ်ချင်ဝိုးဝါးနှင့် နင်းမိချင်ယောင်ဆောင်ပြီး တမင်တကာ တက်နင်းလိုက်သည်။ ကိုကောင်းစံလည်း မနိုး။

ထိုအချိန်တွင် သျှောင်တစောင်းနှင့်လူက သူ့လက်ကိုဆွဲလိုက်သည်။ ထို့ကြောင့် ကြောက်လန့်တကြား ထိုလူကို ကြည့်လိုက်သည်။ ထိုလူက သူ့ကို လက်ညှိုးဖြင့်ထိုးပြီး ဆိုင်းတီးဟန်လုပ်ပြသည်။ သူ့ရင်ဘတ်သူပုတ်ပြီး ကဟန်ပြသည်။ စိန်ချာတိတ်က ဆိုင်းတီးပေး၊ သူကမည်ဆိုသည့်သဘော ဖြစ်သည်။

"ဘကြီးရယ်၊ မနက်ခင်းကျမှ ကပါ။ မနက်စောစောကျရင် သားဆိုင်းတီးပေးပါ့မယ်။ ခုတော့ သူများတွေလည်း အိပ်ပျော်နေကြတယ်။ သားလည်း အိပ်ရေးမဝသေးလို့ပါ။ ဘကြီး နက်ဖြန် စောစောလာခဲ့ပါနော်"

ထိုသူက စိတ်ဆိုးဟန်မျက်နှာထားဖြင့် ခေါင်းကို တတွင်တွင်ခါယမ်းလိုက်သည်။ စိန်ချာတိတ်ကို ဆိုင်းတီးရန်သာ ခြေဟန်လက်ဟန်ပြနေသည်။ ထို့ကြောင့် စိန်ချာတိတ် ကြောက်ကြောက်လန့်လန့်ဖြင့် ဆိုင်းဝိုင်းဘက်သို့ လှမ်းလာလိုက်သည်။ သူ့စိတ်ထဲတွင်လည်း သူ့ဆိုင်းတီးသံကြောင့် ကျန်လူများ နိုးလာနိုင်မည်ဟူ၍လည်း မျှော်လင့်သောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ကြောက်ကြောက်လန့်လန့်နှင့်ပင် ဆိုင်းကို စတင်တီးလေတော့သည်။ ထိုသူကလည်း ပုံမကျပန်းမကျ စတင်၍ကလေတော့သည်။

အစပိုင်းတွင် ပုံမှန်သာတီးနေသော်လည်း နောက်ပိုင်းတွင် သူအားထည့်၍ တီးသည်။ ဆိုင်းဝိုင်း၏ ဆူညံသံများကြောင့် လူများနိုးထလာစေရန် ဖြစ်သည်။ သို့သော် နာရေးအိမ်တွင်သာ မက တစ်ရွာလုံးပင်လူရှိပါလေစဟု ထင်ရလောက်အောင် တိတ်ဆိတ်နေသည်။ မည်သူမျှ သူ၏ဆိုင်းသံကြောင့် နိုးထလာခြင်း မရှိကြ။ ကြာသော် ဆိုင်းတီးသည့်သူသာ ခြေကုန်လက်ပန်းကျလာသည်။ ထို့ကြောင့် ခဏနားမည်ဆုံးဖြတ်ပြီး ဆိုင်းသံကို တိခနဲရပ်လိုက်သည်။

သို့သော် သူဆိုင်းတီးနေသည်ကို ရပ်လိုက်သည်နှင့် ကနေသည့်လူက သူ့အနားသို့ရောက်လာပြီး စိတ်ဆိုးဟန်အမူအရာနှင့် ဆိုင်းကို ဆက်လက်တီးခတ်ရန် လက်ဟန်ဖြင့် ပြသသည်။ သူ့အနားရောက်လာသည့်အခါ ထိုသူ၏ မျက်နှာကို စိန်ချာတိတ် ဖျတ်ခနဲကြည့်လိုက်သည်။ သူ့အသွင်ပြင်က ကြောက်စရာကောင်းလွန်းနေသလို စိတ်ထဲတွင် ခံစားလိုက်ရသည်။ အသားရေက ဖြူဖပ်ဖြူရော်နှင့် ခန္ဓာကိုယ်အနံ့ကလည်း အောက်သိုးသိုးညှီစို့စို့။ စိန်ချာတိတ် ကြက်သီးဖြန်းခနဲထသွားသည်။ ရင်ထဲတွင်လည်း အော်ဂလီဆန်ကာ အန်ချင်သွားမိသည်။ သို့သော် စိတ်ကို အတတ်နိုင်ဆုံးထိန်းလိုက်ပြီး ဆိုင်းကို စတီးလိုက်သည်။ သူဆိုင်းတီးသည်နှင့် တစ်ပြိုင်နက် ထိုသူလည်း ပုံမကျပန်းမကျ စတင်ကလေတော့သည်။

ဆိုင်းတီးနေရင်းပင် တစ်ခါတစ်ရံ သူ့ သူ့အဖွဲ့သားများ၏ နာမည်ကို အော်ခေါ်ကြည့်သည်။ ထိုအခါ ကနေသော သျှောင်ထုံးနှင့်လူက အကရပ်လိုက်ပြီး မကျေနပ်ဟန် ပေစောင်းစောင်းဖြင့် ကြည့်သည်။ သူမည်သို့ပင်အော်ခေါ်စေကာမူ သူ့လူများမကြားကြ။ အသေကောင်များကဲ့သို့သာ မလှုပ်မယှက် အိပ်ပျော်လျက်ရှိနေကြပေသည်။ ထို့ကြောင့် စိန်ချာတိတ် စိတ်ဓာတ်ကျပြီး ဆိုင်းကိုသာ အသားကုန် ဇွတ်တီးနေမိသည်။ ကြာသော် သူခြေကုန်လက်ပန်းကျလာ၏။ တစ်ခါတစ်ရံ အိပ်ငိုက်စိတ်ကြောင့် သတိလက်လွတ် အိပ်ပျော်လုမတတ်ဖြစ်ပြီး ဆိုင်းတီးပင်ရပ်တန့်သွားတတ်သည်။ ထိုအခါမျိုးတွင် ကနေသောပုဂ္ဂိုလ်က အသံဖြင့် သတိပေးလေသည်။

"ဟင်း. . . ဟင်း. . . ဟင်း"

ထိုသူ၏ သတိပေးသံသည် စိန်ချာတိတ်၏ စိတ်နှလုံးကို ထိတ်လန့်စေလေသည်။ ထိုအသံကိုကြားတိုင်း ကြက်သီးထ ကြောက်လန့်မိပေသည်။ တစ်ကိုယ်လုံးလည်း ပင်ပန်းသောကြောင့်လည်းကောင်း၊ ကြောက်ရွံ့သောကြောင့်လည်းကောင်း ချွေးစေးများရွှဲစိုနေလေတော့သည်။ ထိုအခိုက် သူ့ခေါင်းထဲတွင် လက်ခနဲ အကြံတစ်ခုတိုးဝင်လာသောကြောင့် ထိုအကြံကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ပြီး အိပ်ချင်စိတ်ကိုဖျောက်ကာ ဟန်မပျက် ဆက်လက်၍ ဆိုင်းတီးနေလိုက်သည်။

ထိုအခိုက်တွင် ကနေသော နှုတ်ခမ်းမွေး၊ သျှောင်တစောင်းထုံးထားသူက ယိုင်ထိုးယိုင်ထိုးဖြင့် တစ်ပတ်လှည့်၍ ကလေသည်တွင် စိန်ချာတိတ်လည်း ဆိုင်းဝိုင်းထဲမှထထွက်ပြီး တစ်ဟုန်ထိုး ပြေးလေတော့သည်။ သူခပ်လှမ်းလှမ်းသို့အရောက်တွင် နောက်မှ သျှောင်ထုံးနှင့်သူကလည်း ခရိုးခယိုင်ဖြင့် သူ့နောက်မှ ပြေးလိုက်လာသည်ကို တွေ့ရသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စိန်ချာတိတ်လည်း ပြေးသည့် အရှိန်ကိုမြှင့်ကာ မှောင်မည်းနေသော ရွာလမ်းအတိုင်းစွယ်၍ ပြေးနေမိလေသည်။

ထိုသို့ ပြေးနေရင်းလည်း ဗွက်ထူသောရွာလမ်းတွင် မကြာခဏ မှောက်လဲကျသေးသည်။ စည်းရိုးများ၊ ခြံတိုင်များကိုလည်း မကြာမကြာတိုက်မိသေးသည်။ ထို့ကြောင့် ပြေးသာပြေးသော်လည်း ခရီးကသိပ်မတွင်လှ။ တစ်ချက်တစ်ချက်လည်း နောက်မှလိုက်လာသူက မီးလုမီးခင်ဖြစ်သောကြောင့် ဗွက်များကောက်ယူ၍ ထိုသူ၏ မျက်နှာနေရာအား ပစ်ပေါက်လိုက်ရသေးသည်။ ထို့နောက် သူဆက်ပြေးလေသည်။ ထိုသူမီးလာခါနီးတွင် မျက်နှာနေရာအား ဗွက်နှင့်ပက်လိုက်ပြေးလိုက်နှင့် ရှေ့နားဆီတွင် မီးရောင်လှဲ့လှဲ့လင်းနေသည်ကို တွေ့လေသောကြောင့် အားတက်သွားပြီး ထိုနေရာသို့ တစ်ဟုန်ထိုးပြေးလေတော့သည်။

ထိုနေရာသို့ရောက်သည့်အခါ လူသံလူသံများကလည်း တိတ်ဆိတ်နေသည်။အဆောက်အအုံကလည်း ခပ်မြင့်မြင့်ဖြစ်နေကာ မီးရောင်ကလည်း ငြိမ်းလုငြိမ်းခင်ဖြစ်နေသောကြောင့် အဆောက်အအုံအောက်ထဲသို့ အသာတိုးဝင်လိုက်သည်။ မောပန်းနေမှုကို ဖြေဖျောက်ရင်း ပြင်းထန်သော အသက်ရှူသံကို ထိန်းသိမ်းထားလိုက်ပြီး အသက်မျှင်းမျှင်းရှူနေလိုက်သည်။

ခဏအကြာ ခပ်မည်းမည်းအရိပ်တစ်ခု သူပုန်းခိုနေသည့် အဆောက်အအုံရှေ့သို့ ရောက်လာသည်ကို တွေ့လိုက်ရပြီး ညှီစို့စို့ပုပ်အက်အက်အနံ့တစ်ခုဆိုရလိုက်လေသောကြောင့် အသံမထွက်မိအောင်ထိန်းရင်း သူမှတ်မိသည့် သမ္ဗုဒ္ဓေဘုရားရှိခိုးအား တိတ်တဆိတ်စိတ်ထဲတွင် ရွတ်ဖွားနေမိလေသည်။ သူပုန်းအောင်းနေသော အဆောက်အအုံပတ်လည်တွင် ခြေသံများကိုကြားသောကြောင့် သူ့ကိုလှည့်ပတ်ရှာဖွေနေသည်ဖြစ်ကြောင်း သိလိုက်ရပြီး သူလုံးဝမလှုပ်ရှားမိအောင် ငြိမ်သက်နေလိုက်သည်။ သူ့အား ရှာဖွေနေသောခြေသံသည် အဆောက်အအုံရှေ့သို့အရောက်တွင် သူ့ကို အဆောက်အအုံအောက်မှောင်ထဲတွင် ဝင်ရောက်ရှာဖွေလေမည်လားဟုလည်း စိုးရိမ်စိတ်ဝင်သေးသည်။

"ဖုန်း. . . ဖုန်း. . . ဖုန်း"

"အား. . . အား. . . အား"

တစ်စုံတစ်ခုနှင့် ရိုက်ပုတ်လိုက်သည့်အသံနှင့်အတူ အသံနက်ကြီးဖြင့် အော်ဟစ် ပြေးလွှားသွားသံကို ကြားလိုက်ရလေသောကြောင့် သူ့အနည်းငယ် စိတ်အေးသွားပြီး တဝီဝီမြည်သံပေးနေသောခြင်များ၏ အကိုက်ခံရင်း နံနက်လင်းသည်အထိ သည်နေရာတွင်သာ ဆက်လက်ပုန်းခိုနေရန် သူဆုံးဖြတ်လိုက်မိသည်။

(၆)

ခါတိုင်းဆိုင်းပွဲများတွင် ညနေခင်းတစ်ခွက်တစ်ဖလား မော့တတ်သော်လည်း ခုဆိုင်းပွဲတွင် တစ်ခါမျှ မတီးဘူးသော အသုဘဆိုင်းတီးရမည် ဆိုသောကြောင့် တစ်ခွက်မျှ မသောက်ခဲ့သော်လည်း ညက နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်မိသောကြောင့် နေအတော်မြင့်တော့မှ ကိုပေါက်စ အိပ်ရာကနိုးလာသည်။ နိုးနိုးချင်း ညက သူနှင့် ကိုကောင်းစံကြားတွင် အိပ်နေသော ရွာစားကျော်လေးကို ကြည့်မိသည်။ ခြုံထားသည့် စောင်သာ ပုံလျက်သားတွေ့ရပြီး လူကိုမတွေ့ရလေသောကြောင့် အခြားအဖွဲ့သားများကို မေးမြန်းရန် အိပ်ရာမှထလိုက်သည်တွင် ကျန်အဖွဲ့သားများလည်း အိပ်ပျော်နေသေးသည်ကို တွေ့လိုက်သောကြောင့် သူတို့ကို အရင်အိပ်ရာကနိုးလိုက်ရသေးသည်။

ထို့နောက် အိမ်ရှင်များကိုသာ မေးမြန်းရန် ဆုံးဖြတ်လိုက်ပြီး အိမ်ရှင်များရှိရာသို့ ထွက်ခဲ့လေတော့သည်။ သူ့ကိုမြင်သည်နှင့် ဘာမှမမေးရသေးမီ အိမ်ရှင်များက မေးလေသည်။

"ဆိုင်းဆရာကြီး၊ ဒီမနက်ခင်းခင်ဗျားတို့ ဧည့်ခံဆိုင်းဘယ်အချိန်တီးကြမလဲဗျ"

"ဆိုင်းကတီးမှာပါဗျ၊ လောလောဆယ် ကျွန်တော်တို့ ရွာစားလေးကို အိပ်ရာထဲမှာမတွေ့လို့ ခင်ဗျားတို့များ သူ့ကိုတွေ့မိလိုက်သေးလား မေးမလို့ပါဗျာ"

"အင်း - ကျွန်တော်တို့လည်း ခုနကမှ အိပ်ရာကနိုးကျပါတယ်ဗျာ။ အပေါ့အပါးများသွားနေလား၊ အစာပြေတစ်ခုခုစားဖို့ ဈေးတန်းတို့၊ ဈေးဆိုင်တို့ကိုများ သွားလေသလား တစ်ခုခုပဲဖြစ်မှာပေါ့။ အိမ်သာတို့ဘာတို့မှာ ရှာကြည့်ကြပါဦး"

"အင်း - ဖြစ်နိုင်ပါတယ်လေ။ ကျွန်တော်သွားရှာလိုက်ပါဦးမယ်ဗျ အိမ်သာက ဘယ်ဘက်မှာလဲဗျ"

"ကျွန်တော်တို့ရွာက ဘုံအိမ်သာ ပဲရှိတာဗျ။ ရွာအစွန် မြောက်ဘက်ခြမ်း တောစပ်မှာဗျ"

"ကောင်းပါပြီဗျာ၊ အဲဒီဘက်တို့ ကျွန်တော်သွားရှာလိုက်ပါဦးမယ်ဗျာ"

ကိုပေါက်စ ပြောပြောဆိုနှင့် ရွာ မြောက်ဘက်တောစပ်ရှိ ဘုံအိမ်သာများ ရှိရာဘက်သို့ ထွက်လာခဲ့မိလေသည်။ သို့သော် အိမ်သာရှိရာသို့ရောက်ခဲ့သော် လည်း စိန်ချာတိတ်အား အရိပ်အယောင် မျှမတွေ့မိ။ ထို့ကြောင့် ရွာရှိ ဈေးဆိုင် များနှင့် ဈေးတန်းတို့တွင် ရှာကြည့်မိ သော်လည်း စိန်ချာတိတ်ကို လုံးဝမတွေ့ ရလေသောကြောင့် စိတ်ပူလာမိသည်။ ထို့ကြောင့် အသုဘအိမ်ရှိ ဆိုင်းအဖွဲ့ သားများရှိရာကို ပြန်လာခဲ့ပြီး အခြေ အနေကိုပြောပြကာ အားလုံးလူစုခွဲ၍ တစ်ရွာလုံးနှင့် ရွာနားတစ်ဝိုက် ပိုက်စိ တိုက်လိုက်ရှာခဲ့ပေသည်။ သို့သော်လည်း ဘယ်နေရာတွင်မှ စိန်ချာတိတ်ကို ရှာ မတွေ့လေသောကြောင့် ပူပန်စိတ်နှင့် မျက်နှာပျက်ပြုလာသည်။ နေ့လယ် ဆွမ်းခံဝင်ချိန်ရောက်သည့်တိုင် ရွာစား ကျော်လေးကို ရှာမတွေ့လေသော ကြောင့် ဆိုင်းအဖွဲ့သားများသာမက အသုဘရှင်များ၊ ရွာသားများပါ စိုးရိမ် ပူပန်လာကြသည်။ ထို့ကြောင့် သူတို့ စုရုံးတိုင်ပင်ကြသည်။ နောက်ဆုံးအနေ နှင့် စိန်ချာတိတ် ရွာကို တိတ်တိတ် ပြန်ပြေးလေသည်ဟု တညီတညွတ် တည်း ဆုံးဖြတ်လိုက်ပြီး ရွာသို့လိုက် ကြည့်ကြရန်ဆုံးဖြတ်လိုက်ကျလေသည်။

(၇)

ဆူညံနေသော လူသံများကြောင့် စိန်ချာတိတ် မေ့ခနဲအိပ်ပျော်သွားရာ လန့်နိုးလာသည်။ ထို့ကြောင့် သူပုန်း နေရာမှ ထွက်လိုက်ရန် အားယူထလိုက် မိသည်။ လုံးဝထလို့မရ၊ လှုပ်ရှားလို့မ သောအခါ သူကြောက်ရွံ့သွားမိပြ သည်။ သို့သော် သူတွေ့နေရသည့် အဖွဲ့သားများကို အော်ခေါ်ရန် ဆုံးဖြတ် လိုက်ပြီး အော်ခေါ်ကြည့်သည်။ အော် ခေါ်နေသည့် သူ့ပါးစပ်ဟသွားသော် လည်း အသံကားမထွက်။ စိန်ချာတိတ် စိတ်ပျက်လက်ပျက်ဖြစ်ကာ မျက်ရည် များလည်လာသည်။ သူ့အနားမှ ဖြတ် သွားကျသော်လည်း ထိုသူများမှာ သူ့ တစ်ယောက်မျှ လှည့်မကြည့်ကြ သူ့ဘက်ကလည်း သူဒီနေရာမှာ ကြောင်း အသိပေးဖို့ ကြိုးစားလို

www.burmeseclassic.com

www.burmeseclassic.com

...လည်း တစ်ခုမျှ ဖြစ်မလာ။

ထို့ကြောင့် ဝမ်းနည်းပူပန်စိတ် ...သွားစေရန် သမ္ဗုဒ္ဓေဘုရားရှိခိုးကို ... အားကိုးတကြီး ရွတ်ဆိုနေလိုက်မိ ...။ ထိုသို့ ရွတ်ဆိုနေရင်းပင် သူ၏ ...နည်းပူပန်စိတ်များ၊ ထိတ်လန့် ...ကြက်လန့်စိတ်များ တစ်စထက်တစ်စ ...ပါးလာသလိုလို ခံစားလိုက်မိပြီး ...နဲ့ အိပ်ပျော်သွားပြန်လေသည်။

မည်မျှကြာကြာ အိပ်ပျော်သွား ... မသိလိုက်။ ဆူဆူညံညံအသံများ ...ကြောင့် စိန်ချာတိတ် လန့်နိုးလာပြန် ...။ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ ...န်တော့ပွဲတစ်ပွဲကို သယ်ဆောင်လာ ...သည့် ရွာခံရွာသားများ၊ သူတို့ ဆိုင်းအဖွဲ့ ...များကို မြင်လိုက်ရသည့်အခါ သူ ...တက်သွားပြန်သည်။ ထို့ကြောင့် သူ ...နေရာတွင်ရှိနေကြောင်း အသံပေး ...ရန် ဆုံးဖြတ်လိုက်မိလေသည်။

သူတို့ ကိုကောင်းစံကို ရွာကို ပြန် ...ပြီး ရွာတွင် စိန်ချာတိတ်ရှိ၊ မရှိကို ...ရန် ပြောဆိုမှာကြားနေခိုက် ထိုရွာ ... ဆိပ်မိရပ်ဖြစ်သော ဘိုးစံရ ရောက် ...လေသည်။ ရောက်ဆိုက်ပင် သူသိ ...သည်ကို မေးမြန်းနေလေသည်။

"ဟော့ - မင်းတို့ဆိုင်းဆရာ ရွာစား ...လေးပျောက်နေတာ ရှာလို့တွေ့ ...လား"

"မတွေ့သေးဘူးခင်ဗျ။ ဒါကြောင့် ...များ ပြန်ရောက်နေလေမလားလို့ ...စမ်းနိုင်းမလို့ပါခင်ဗျ"

"ခု မသွားရသေးဘူးမို့လား"

"ဟုတ်ပါတယ် ခင်ဗျ၊ မသွားရ ...ပါဘူး ခင်ဗျ"

"ဒါဆို အဘ အကြံနည်းနည်းပေး ...မယ် သားတို့လက်ခံမလား"

"ဟုတ်ကဲ့ အဘ၊ လက်ခံသင့်ရင် ...ခံရမှာပေါ့ အဘပြောပါ"

"မင်းတို့ရွာဦးနတ်စင်မှာ ကန်တော့ ...ပြီး ရှာကြည့်လိုက်ပါဦး။ မတော် ...ထားတာဆိုရင် မင်းတို့သူ့အိမ် ...ရင်လည်း သူ့မိဘတွေပါ ပူပန် ...ဝင်သွားမှာကလွဲလို့ သိပ်အကျိုး ...လို့ပါ"

"ဟုတ်ကဲ့၊ အဘပြောတာ လက်ခံ ...ပါတယ်။ သိပ်ခက်ခဲတဲ့ကိစ္စမှမဟုတ် ...လေ"

ထို့နောက် နာရေးအိမ်ရှင်မှ ...န်တော့ပွဲတစ်ပွဲကို တာဝန်ယူပြင်ဆင် ...ပြီး ရွာဦးနတ်စင်တွင် ပွဲပေးရန်ထွက် ...ကြခဲ့ပေတော့သည်။

ရွာဦးနတ်စင်သို့ရောက်သည့်အခါ အကြားအမြင်များသော ဘိုးစံရကပင် ကန်တော့ပွဲတင်မြှောက်ပြီးတတွတ်တွတ် ရွတ်ဆိုနေလေသည်။ ဘိုးစံရရွတ်ဖတ်ပြီး ကိုပေါက်စတို့ဘက်လှည့်၍ စကားပြော မည်ပြုစဉ်တွင် နတ်စင်အောက်ဘက်မှ စိန်ချာတိတ်၏အသံထွက်ပေါ်လာလေ သည်။

"ဦးလေးကိုပေါက်စနဲ့ ဦးလေးကို ကောင်းစံ ကျွန်တော် ဒီမှာဗျ"

အားလုံး အံ့အားတသင့်ဖြင့် နတ်စင်အောက်ဘက်သို့ ငုံ့ကြည့်ကြသည်။ နတ်စင်အမြင့်ကား ခွေးတစ်ကောင်သွား၍ လွတ်ရုံမျှသာသာအမြင့် ဖြစ်သည်။ ရွှံ့ဗွက်များပေကျံနေသော စိန်ချာတိတ်ကို သူတို့ တအံ့တဩဖြင့် ငေးကြည့်နေမိသောကြောင့် တော်ရုံနှင့် စကားမဆိုဖြစ်ကြ။ ဘိုးစံရကဝင်ပြောမှ အသိဝင်လာကြကာ စိန်ချာတိတ်ကို နတ်စင်အောက်မှ ထွက်လာရန် ပြောလိုက်ကြလေသည်။

"မင်းတို့ကလည်း၊ ကလေးကို အပြင်ကိုခေါ်ထုတ်ကြဦးလေကွာ"

"ဩော် - ဟုတ်သားပဲ။ ကဲကဲ - စိန်ချာတိတ်ရေ၊ အပြင်ထွက်လာခဲ့ပေတော့ကွာ။ ငါတို့လည်း မင်းပျောက်နေလို့ တစ်မနက်ခင်းလုံး မင်းကိုလိုက်ရှာရင်း မတွေ့တော့ စိတ်ပူနေကြတာကွ"

စိန်ချာတိတ် နတ်စင်အောက်မှ ခက်ခက်ခဲခဲ တိုးထွက်လာခဲ့သည်။ အပြင်ရောက်သည့်အခါ ကြောက်စိတ်သိပ်မပြေသေးဟန်ဖြင့် ဟိုဟိုသည်သည် ကျီးကြည့်ကြောင်ကြည့် ကြည့်နေလေသည်။ ဤသည်ကို ရိပ်စားမိသော ကိုပေါက်စက ဝင်ပြောမှ အကြောက်ပြေသွားဟန်ဖြင့် သက်ပြင်းမောတစ်ချက်ချသည်။

"ဟ - ကောင်လေးရ၊ ဦးလေးတို့ ရှိနေတာပဲ။ မင်းဘာကိုကြောက်နေတာလဲ။ လာ၊ တို့ဆိုင်းဝိုင်းရှိတဲ့နေရာပြန်ပြီး အဝတ်အစားလဲရအောင်"

"ဟင်း - ဝိုင်းရှိတဲ့နေရာကိုတော့ ကျွန်တော် ပြန်မသွားပါရစေနဲ့တော့ ဦးလေးကိုပေါက်စရယ်။ ကျွန်တော့်ကို ရွာကိုပဲပြန်ပို့ပေးပါတော့"

"ဟ - မင်းဟာကလည်း ဘယ်လိုဖြစ်ရတာတဲ့တုံးဟ။ ဘာမှန်းမသိညာမှန်းမသိ"

"အင်း - ဦးလေးတို့ကသာ ဘာမှန်းမသိတာ၊ ညတုန်းက ကျွန်တော့်အဖြစ်က ကြောက်စရာလည်းကောင်း၊ လူလည်းပင်ပန်းသွားလိုက်တာ သေလုမြောပါးပဲ"

"ဘာများဖြစ်သွားလို့တုံး ဝိုင်းဆရာလေးရဲ့။ အဘတို့ကိုလည်း ပြောပြဦးမှပေါ့"

စိန်ချာတိတ်က ညကသူကြုံတွေ့ရသည်များကို ပြောပြလိုက်သည့်အခါ ကာယကံရှင်များက စိတ်ဆိုးကြသည်။ ရွာသားအများစုက စိန်ချာတိတ်အမှန်ကို ပြောနေသည်ဟု လက်ခံယုံကြည်ကြသည်။ ဆိုင်းအဖွဲ့သားများက အံ့အားသင့်နေကြသည်။ ထို့ကြောင့် ခေါင်းသွင်းထားသည့် အလောင်းအား သူတို့ပြန်ကြည့်ကြသည့်အခါ အားလုံးအံ့ဩထိတ်လန့် ဒေါသထွက်ကြသည်။ သူတို့ခေါင်းသွင်းထားသည့် ရုပ်ကလာပ်မှာ ပက်လက်သာဖြစ်သော်လည်း ယခုမြင်ရသည်က မှောက်လျက်ဖြစ်နေသည်သာမကဘဲ ခြေထောက်တွင် ရွှံ့ဗွက်များ၊ ရင်ဘတ်နှင့် မျက်နှာတစ်ဝိုက်တွင်လည်း စိန်ချာတိတ်ပြောသကဲ့သို့ ရွှံ့ဗွက်များ ပေကျံနေကြောင်း တွေ့ရသောကြောင့် အချိန်ဆိုင်းမနေတော့ဘဲ ရွာဦးကျောင်းဆရာတော်အား လျှောက်ထားကာ ချက်ချင်းပင် အသုဘချလိုက်ကြသည်။

စိန်ချာတိတ်တို့ ဆိုင်းအဖွဲ့လည်း ချက်ချင်းဝိုင်းသိမ်းဆည်းကာ ပြန်ခဲ့ကြလေသည်။ စိန်ချာတိတ်မှာလည်း ရွာကိုပြန်ရောက်ပြီးသည့်အခါ ကြောက်ဖျားလန့်ဖျား ဖျားလေသောကြောင့် ဆရာကောင်းသမားကောင်းများနှင့် ကာလအတော်ကြာအောင် ကုသလိုက်ရလေသည်။

ထိုအချိန်မှစ၍ စိန်ချာတိတ်သည် ထိုရွာနှင့် အနီးတစ်ဝိုက်ရွာများသို့ မည်သည့်ပွဲတွင်မျှ ဆိုင်းလိုက်မတီးတော့သကဲ့သို့ မည်သည့်နာရေးသို့မျှ လိုက်၍ ဆိုင်းမတီးတော့ပေ။ ထိုဖုတ်ကောင်စီး အသုဘကောင်ကြီး၏ အန္တရာယ်မှ သမ္ဗုဒ္ဓေဂါထာတော်နှင့် မိဘတို့၏ ဂုဏ်ကျေးဇူးများက ကယ်တင်လိုက်ကြောင်းကိုလည်း သူအသက်ကြီးအထိ ပြောဆိုနေပေတော့သည်။

(ငယ်စဉ်က ဤဖြစ်ရပ်မှန်ဇာတ်လမ်းကို ညအိပ်ရာဝင်ပုံပြင်အဖြစ် မကြာခဏ ပြောပြတတ်သော ဦးလေးဦးစန်းမြင့်၏ဇနီး အဒေါ်မတင်လှသို့ အမှတ်တရအဖြစ် ရေးဖွဲ့ပါသည်။)

မြတ်သက်ကျော်




www.burmeseclassic.com

www.burmeseclassic.com

ဆရာမော်

# အလွယ်လေ့လာ လက္ခဏာပညာ



တည်ဆောက်ပုံရှင်းလင်းကောင်းမွန်သော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်း (Sun Line)**

တနင်္ဂနွေဂြိုဟ်လမ်းကြောင်းကို အပိုလို(Apollo)လမ်းကြောင်းဟုလည်း ခေါ်သည်။ အဆိုပါ လမ်းကြောင်းသည် အနုပညာရပ်၌ အောင်မြင်မှုရရှိခြင်း၊ အသိအမှတ်ပြုခံရခြင်းတို့ကို ကိုယ်စားပြုသည်။ တနင်္ဂနွေဂြိုဟ်လမ်းကြောင်းအား နေရာအတိအကျ သတ်မှတ်ရာ၌ အခက်အခဲရှိတတ်သည်။ အကောင်းဆုံးနည်းလမ်းမှာ လက်သူကြွယ်အောက်ခြေမှစ၍ ခြေရာခံလိုက်ရှာခြင်းပင် ဖြစ်သည်။

အဆိုပါလမ်းကြောင်းသည် အများအားဖြင့် အကျိုးအပဲ့၊ အစအနပုံစံဖြင့် ရှိနေတတ်သည်။ လူတိုင်း၌ တနင်္ဂနွေဂြိုဟ်လမ်းကြောင်း မပါရှိနိုင်ပါ။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်း ပျောက်နေပါသလား**

တနင်္ဂနွေဂြိုဟ်လမ်းကြောင်း မပါရှိသူဖြစ်ပါက အနုပညာရပ်၌ ဖန်တီးခြယ်မှုန်းနိုင်သည့် အထုံပါရမီအားကောင်းသူဖြစ်နိုင်သော်လည်း ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးဖြင့် ကြိုးစားအားထုတ်နိုင်မှသာ တနင်္ဂနွေဂြိုဟ်လမ်းကြောင်းပါရှိသူတို့ကဲ့သို့ တိုးတက်မှုရှိမည် ဖြစ်သည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်း ရှင်းလင်းထင်ရှား ရှည်လျားပြီး တည်ဆောက်ပုံကောင်းမွန်နေပါသလား**

အထက်ပါပုံစံရှိနေသော လက္ခဏာဖြစ်ပါက မိမိရွေးချယ်လုပ်ကိုင်နေသော လုပ်ငန်းနယ်ပယ်၌ အများအသိအမှတ်ပြုခံရသည်အထိ အောင်မြင်မှုရသူ၊ အထူးသဖြင့် အနုပညာနယ်ပယ်၌ ဖန်တီးနိုင်စွမ်းမြင့်မားသူ၊ မိမိလုပ်ငန်းအားလုံးအတွက် စိတ်ပျော်ရွှင်ကျေနပ်မှုရရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်းတစ်နေရာ၌ (သို့) နေရာအတော်များများ၌ အပြတ်အတောက်များရှိနေပါသလား**



ပြတ်တောက်နေသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း

တနင်္ဂနွေဂြိုဟ်လမ်းကြောင်းပေါ်တွင် အပြတ်အတောက်များရှိနေပါက ဘဝတိုးတက်မှုလမ်းကြောင်း၌ အခက်အခဲ၊ အတားအဆီးပိတ်ဆို့မှုများ၊ အထူးသဖြင့် အနုပညာရပ်၌ အောင်မြင်မှုများအတွက်အခက်အခဲများ၊ အနုပညာဆိုင်ရာစွမ်းရည်များကျဆင်းခြင်း၊ အောင်မြင်မှုအပေါ် အသိအမှတ်ပြုခံရခြင်းအတွက် အတားအဆီးရှိနေခြင်းတို့ကို ရည်ညွှန်းသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်း၌ ကျွန်းများရှိနေပါသလား**



တနင်္ဂနွေဂြိုဟ်လမ်းကြောင်းပေါ်၌ ကျွန်းများရှိနေပုံ

ကျွန်းခံနေသော တနင်္ဂနွေဂြို[ဟ်] လမ်းကြောင်းသည် စွမ်းရည်များကျဆ[င်း] ယုတ်လျော့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိ[တ်] တိုင်းမကျခြင်း၊ ပြဿနာများနှင့် ရင်ဆိ[ုင်] ရခြင်း၊ အနုပညာဆိုင်ရာတိုးတ[က်မှု] အတွက် အခက်အခဲ အတားအဆီ[း] နေခြင်းသဘောတို့ကို ဖော်ပြသည်။

ရင်းပြင် အဆိုပါလက္ခဏာပုံစံမျ[ား] သည် သားပုပ်လေလွင့်အပြောခံရခြ[င်း] ဂုဏ်သရေညှိုးနွမ်းခြင်း၊ ရာထူးချခံရခြ[င်း] တာဝန်မှရပ်စဲခံရခြင်းတို့ကို ကိုယ်စား[ပြု] သည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်းသည် န... လမ်းကြောင်း၌ အစပြုနေပါသလား**

အထက်ပါမေးခွန်းပါအတိုင်း ဖြ... ပါက ပညာဗဟုသုတများအား လက်တွေ... အသုံးချနိုင်သူ၊ လူလတ်ပိုင်းအရွ... အသက်အပိုင်းအခြား၌ အောင်မြင်တေ... ကြားတတ်သူ၊ အရာရာနှစ်ဖက်မျှစဉ်း... တတ်သူ၊ စိတ်ခံစားမှုအပေါ် အမိ... အခြေခံ၍ စဉ်းစားဆုံးဖြတ်တတ်... ထူးခြားသော ရည်မှန်းချက်ထားရှိ... အနုပညာနှင့် အလှအပ၌ ချစ်ခင်တွ... တာတတ်သူ၊ ရုပ်ဝတ္ထုပစ္စည်းများ... ပိုင်ဆိုင်ရေးအတွက် စိတ်ဝင်စားမှု...



www.burmeseclassic.com

www.burmeseclassic.com



**နှလုံးလမ်းကြောင်း၌အစပြုနေသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

သူဖြစ်ကြောင်း ဖော်ပြသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်း ဦးခေါင်းလမ်းကြောင်း၌ အစပြုနေပါသလား**




**ဦးခေါင်းလမ်းကြောင်း၌အစပြုနေသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

ဦးခေါင်းလမ်းကြောင်းတွင် အစပြုသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်းဖြစ်သောကြောင့် အောင်မြင်ခြင်း၊ အသိအမှတ်ပြုခံရခြင်း၊ လူလတ်ပိုင်းအသက်အရွယ်သို့ စတင်ချင်းနင်းဝင်ရောက်သည်နှင့် (အသက် (၄၀) ဝန်းကျင်သို့ ရောက်ရှိသည်နှင့်)စတင်အဆင်ပြေခြင်း၊ အောင်မြင်မှုများ ဆက်လက်ဆင့်ကဲရရှိသည့် ဉာဏ်ရည်ဉာဏ်သွေးရှိခြင်းတို့ကို ဖော်ပြသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်း အသက်လမ်းကြောင်း၌ စတင်နေပါသလား**

အထက်ပါအတိုင်း ဖြစ်နေပါက မိဘနှင့် မိသားစုထံမှ အကူအညီအ



**အသက်လမ်းကြောင်းမှအစပြုသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

ထောက်အပံ့ရရှိခြင်းကြောင့် ရည်မှန်းထားသည့်အတိုင်း အောင်မြင်သူ (သို့) အမွေပစ္စည်း၊ ငွေကြေးများစွာ ရရှိပိုင်ဆိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်းသည် ကံလမ်းကြောင်းပေါ်မှ အစပြုနေပါသလား**



**ကံလမ်းကြောင်းမှအစပြုသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

ကံလမ်းကြောင်းပေါ်မှအစပြုသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်းသည် သာမန်ဘဝအခြေအနေ အဆင့်အတန်းမှ ဘဝသစ်တစ်ခုသို့ တစ်ဆင့်တက်လှမ်းအောင်မြင်တတ်သူ၊ ဝါသနာပါသောလုပ်ငန်းအားလုံးအား တဖြည်းဖြည်းတိုးတက်အောင် လုပ်ကိုင်နိုင်သူ၊ ဖိနှိပ်မှုမျိုးစုံခံရပြီးနောက်ပိုင်း အနုပညာရပ်နယ်ပယ်၌ တိုးတက်အောင်မြင်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်းသည် လက်ဝါးပြင် အလယ်ကောင်၌ အစပြုနေပါသလား**



**လက်ဝါးပြင်အလယ်ကောင်မှအစပြုနေသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

လက်ဝါးပြင်အလယ်ခေါင်မှ အစပြုနေခြင်းကြောင်း အသက်(၂၀)ကျော်အရွယ်အထိ ခိုင်မာသော ဘဝလမ်းကြောင်း (သို့) အနုပညာဆိုင်ရာလုပ်ငန်းများ တည်ဆောက် အကောင်အထည်ဖော်ခြင်း မစတင်နိုင်သေးကြောင်း လေ့လာတွေ့ရှိရသည်။ ဘဝလမ်းကြောင်းအတွက် စိတ်တိုင်းကျ ရွေးချယ်ရာ၌ အခက်အခဲများ ကြုံရခြင်းတို့ကို ဖော်ပြသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်းသည် လက်သူကြွယ်အောက်ခြေ၌ အဆုံးသတ်ပါသလား**



**လက်သူကြွယ်အောက်ခြေ၌ အဆုံးသတ်သွားသောတနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

အထက်ပါ ကြန်အင်လက္ခဏာအတိုင်းတွေ့ရပါက အနုပညာဆိုင်ရာ အထုံပါရမီအကောင်းများကို အကောင်



www.burmeseclassic.com

www.burmeseclassic.com

အထည်ဖော်နိုင်ခြင်းကြောင့် အသိအမှတ်ပြုခံရသည်အထိ အောင်မြင်ကျော်ကြားသူ ဖြစ်ပါမည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်းသည် နှလုံးလမ်းကြောင်း၌ အဆုံးသတ်ပါသလား**



**နှလုံးလမ်းကြောင်းတွင် အဆုံးသတ်သွားသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း၊**

နှလုံးလမ်းကြောင်း၌ အဆုံးသတ်သော တနင်္ဂနွေဂြိုဟ်လမ်းကြောင်းဖြစ်ပါက စိတ်ဖိစီးစရာကိစ္စများကြောင့် ဖန်တီးနိုင်စွမ်းများအား လက်လွှတ်ဆုံးရှုံးရသူ၊ လုပ်ငန်းခွင်အတွင်းကျရှုံးမှုများ ရင်ဆိုင်ရခြင်းကို ဖော်ပြသည်။

**ဦးခေါင်းလမ်းကြောင်းတွင် အဆုံးသတ်နေပါသလား**



**ဦးခေါင်းလမ်းကြောင်းတွင် အဆုံးသတ်သွားသောတနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

ဦးခေါင်းလမ်းကြောင်းတွင် အဆုံးသတ်ပါက ချွတ်ယွင်းမှုအမျိုးမျိုးကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများပြီး ဖန်တီးနိုင်စွမ်းများအား လက်လွှတ်လိုက်ရသူ၊ လုပ်ငန်းအတွင်း အဆင်မပြေမှုများနှင့် ရင်ဆိုင်ရသူဖြစ်ကြောင်း ဖော်ပြသည်။

**တနင်္ဂနွေဂြိုဟ်လမ်းကြောင်း ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေပါသလား**



**ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း၊**

အထက်ပါ ကြန်အင်လက္ခဏာ အတိုင်းတွေ့ရှိရပါက ထူးထူးခြားခြား အောင်မြင်မှုကြောင့် အများ၏ အသိအမှတ်ပြုခြင်းခံရသူ၊ ချမ်းသာကြွယ်ဝလာသူဖြစ်ကြောင်း ဖော်ပြသည်။

**တနင်္ဂနွေလမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်း၏ အောက်ဘက် လက်ဝါးပြင်အလယ်ကောင်၌ အဆုံးသတ်နေပါသလား**



**လက်ဝါးပြင်အလယ်ကောင်၌ အဆုံးသတ်နေသောတနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

အထက်ပါပုံစံအတိုင်းရှိနေပါက ဘဝ၏ အစောပိုင်းကာလများကတည်းက အောင်မြင်တတ်သူ၊ နောက်ပိုင်းကာလများ၌ တိုးတက်မှုများတန့်သွားသူဖြစ်ကြောင်း ဖော်ပြသည်။

**အိမ်ထောင်ရေးလမ်းကြောင်း (Union Line)**

အိမ်ထောင်ရေးလမ်းကြောင်း၏ သဘာဝအရ တစ်ခု (သို့) တစ်ခုထက် ပိုမိုပါရှိတတ်သည်။ ၎င်းလမ်းကြောင်းများသည် လက်ဝါးပြင်၏ ဘေးအစွန်းနေရာမှ စတင်ပေါ်ပေါက်လာတတ်သည်။

အများအားဖြင့် လက်သန်းအောက်ခြေနှင့် နှလုံးလမ်းကြောင်းတို့အကြား၌ တွေ့ရှိရသည်။

အိမ်ထောင်ရေးလမ်းကြောင်းများသည် တစ်ဦးအပေါ် တစ်ဦး ချစ်ခင်နှစ်သက် တွယ်တာသည့်သဘောကို ကိုယ်စားပြုထားသည်။

**အိမ်ထောင်ရေးလမ်းကြောင်းသည် လုံးဝပျောက်နေပါသလား**

အိမ်ထောင်ရေးလမ်းကြောင်း ပျောက်နေပါက စိတ်ခံစားမှုများ၌ ရင့်ကျက်မှုမရှိသေးသည့်သဘော၊ စိတ်ခံစားမှုဖြစ်စေသည့် အခြေအနေများအား မဖန်တီးနိုင်သေးသည့် သဘောများကို ကိုယ်စားပြုသည်။

**အိမ်ထောင်ရေးလမ်းကြောင်း ဖြောင့်တန်းရှင်းလင်းနေပါသလား**



**ရှင်းလင်းထင်ရှားသော အိမ်ထောင်ရေးလမ်းကြောင်းပုံစံ**

အကယ်၍ ဖြောင့်တန်းရှင်းလင်းနေပါက သဘောထားတင်းမာခြင်း၊ပျော့ရွှင်ခြင်း၊ စိတ်ခံစားမှုအပေါ် ကျေနပ်ခြင်းတို့ကို ရည်ညွှန်းသည်။

အကယ်၍ အိမ်ထောင်ရေးလမ်းကြောင်း တစ်ခုထက်ပိုမိုနေပါက အိမ်ထောင်တစ်ကြိမ်ထက် ပိုမိုကျနိုင်သည့် သဘောမဆိုလိုပါ။ အိမ်ထောင်ရေးလမ်းကြောင်း ပိုမိုပါရှိနေခြင်းသည် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ ပိုမိုအကျိုးပေးကောင်းသည့် သဘောကို ရည်ညွှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com

**အိမ်ထောင်ရေးလမ်းကြောင်းအား သေးငယ်သော လမ်းကြောင်းများက ဖြတ်နေပါသလား**



**သေးငယ်သောလမ်းကြောင်းများက အိမ်ထောင်ရေးလမ်းကြောင်းအား ကန့်လန့်ဖြတ်နေပုံ**

အထက်ပါမေးခွန်းပါအတိုင်း ဖြစ်နေပါက အတားအဆီးအတိုက်အခံများသူ၊ သားသမီးမွေးဖွားလိုစိတ်ပြင်းပြသူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အိမ်ထောင်ရေးလမ်းကြောင်းသည် လက်ချောင်းများရှိရာအပေါ်ဘက်သို့ တက်သွားပါက သားသောက်ျားလေးရမည်ဖြစ်ပြီး အောက်သို့ဆင်းသွားသောပုံစံရှိပါက သမီးမိန်းကလေးရနိုင်မည် ဖြစ်ကြောင်း ဖော်ပြသည်။

**အိမ်ထောင်ရေးလမ်းကြောင်း၌ ကျွန်းခံနေပါသလား**



**အိမ်ထောင်ရေးလမ်းကြောင်း၌ကျွန်းများရှိနေပုံ**

အိမ်ထောင်ရေးလမ်းကြောင်း ကျွန်းခံနေပါက ပြောဆိုဆက်ဆံရသော သူများ၌ ပြဿနာအခက်အခဲကြုံရသူ၊ အိမ်ထောင်ဖက်၏ သစ္စာဖောက်ခြင်းခံရသူ၊ အိမ်ထောင်ပြိုကွဲရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အိမ်ထောင်ရေးလမ်းကြောင်း အဆုံးသတ်၌ ခက်ရင်းခွပုံစံနေပါသလား**



**အိမ်ထောင်ရေးလမ်းကြောင်းက ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေပုံ**

အထက်ပါအတိုင်း တွေ့ရှိရပါက စိတ်ခံစားမှုတစ်ဖက်စွန်းရောက်သူ၊ အိမ်ထောင်ဖက်နှင့် ကြိမ်ဖန်များစွာ ပြဿနာဖြစ်ရသူ၊ သဘောထားကွဲလွဲသူ၊ ချစ်လိုက်၊ မုန်းလိုက်ဆက်ဆံရေးဖြင့် သံသရာလည်နေရသူဖြစ်ကြောင်းဖော်ပြသည်။

အိမ်ထောင်ရေးလမ်းကြောင်းက ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေခြင်းကြောင့် အိမ်ထောင်ဖက်ချင်း ဆက်ဆံရေးမပြေလည်ဖြစ်ရာမှ နောက်ဆုံးလမ်းခွဲရသည့်အဆင့်ရောက်ရှိသူ၊ ချစ်ခြင်းမေတ္တာအပေါ်အခြေမခံဘဲ လိင်ကိစ္စသက်သက်ဖြင့်သာ အိမ်ထောင်ပြုခဲ့သူဖြစ်ကြောင်း တွေ့ရတတ်သည်။

**အိမ်ထောင်ရေးလမ်းကြောင်းသည် နှလုံးလမ်းကြောင်းရှိရာအောက်ဘက်သို့ ကွေးပြီးဆင်းလာပါသလား**



**အိမ်ထောင်ရေးလမ်းကြောင်းသည် နှလုံးလမ်းကြောင်းရှိရာ အောက်ဘက်သို့ ကွေးဝင်ပြီး အဆုံးသတ်ပုံ**

အထက်ပါအတိုင်း ဖြစ်ပေါ်နေပါက မိမိပိုင်ဆိုင်ထားသည့်အရာမှန်သမျှ တည်မြဲအောင် မထိန်းသိမ်းနိုင်သူ၊ ခွဲခြားခြင်းနှင့် ရင်ဆိုင်ရသူ၊ အိမ်ထောင်ရှင်မဖြစ်ပါက မုဆိုးမဘဝရောက်ရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အိမ်ထောင်ရေးလမ်းကြောင်းသည် လက်ချောင်းများရှိရာအပေါ်ဘက်သို့ ကွေးတက်သွားပါသလား**



**အိမ်ထောင်ရေးလမ်းကြောင်းသည် လက်ချောင်းများရှိရာအပေါ်ဘက်သို့ ကွေးတက်သွားပုံ**

အထက်ပါကြန့်အင်လက္ခဏာအရ မကောင်းသော အတွေ့အကြုံနှင့်ရင်ဆိုင်ရသူ၊ ပညာရေး၌ အခက်အခဲရှိသူ၊ ကောင်းသောဆက်ဆံရေးအား ရေရှည်မထိန်းသိမ်းနိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

**သေးငယ်သော လမ်းကြောင်းများသည် အိမ်ထောင်ရေးလမ်းကြောင်းအား မျဉ်းပြိုင်ပုံစံ (သို့) နီးကပ်စွာဖြင့် ရှိနေပါသလား**



**မျဉ်းပြိုင်ပုံစံဖြစ်နေသည့် အိမ်ထောင်ရေးလမ်းကြောင်း**

အထက်ပါပုံစံအတိုင်း ဖြစ်ပါက အိမ်ထောင်ကျပြီးနောက်ပိုင်း စိတ်ခံစားမှုဆိုင်ရာကိစ္စများစွာကြုံတွေ့ရသူ၊ သားသမီးများအတွက် တာဝန်ယူရသူဖြစ်ကြောင်း ရည်ညွှန်းသည်။

ဆရာမော်




www.burmeseclassic.com

www.burmeseclassic.com

# သုခ (နဝင်းမြို့)

## ကြိုသတ်ဓာတ်ကျမ်းလာအဌလက်ဖြင့် ဓာတ်စာပေးရအောင်



တစ်နေ့သ၌ -

ကျွန်ုပ်ထံသို့ ဧည့်သည် တစ်ယောက် ရောက်လာပါသည်။ ထိုဧည့်သည်နှင့် ကျွန်ုပ်၏တပည့်မှ ဖျားရည်ပုလင်းကန်တော့လိုက်၍ လမ်းကြုံဝင်လာပြီး ဖျားရည်ပုလင်းပို့လာခြင်း ဖြစ်ပါသည်။ ထိုဧည့်သည်မှ ကျွန်ုပ်ကို ဖျားရည်ပုလင်းပေးပြီးသည်နှင့် အောက်ပါအတိုင်းပြောလေတော့သည်။

"ဆရာ့ကိုတစ်ခုမေးပါရစေဆရာ။ ကျွန်တော့်အစ်ကိုတစ်ယောက် ဖျားနာခဲ့ရာက ကျန်းမာလာပေမယ့်လည်း အစားအသောက်ပျက်နေပြီး အစားအသောက်မစားဘဲဖြစ်နေလို့ပါ။ ဓာတ်စာဘာတွေကျွေးရမယ်ဆိုတာကို ညွှန်ပေးပါ"

ဟု တောင်းဆိုနေပါတော့သည်။

"ကိုရိုးရှင်းရေ၊ အခု ကျွန်တော်က ဓာတ်စာပေးလိုက်လို့ရပါမယ်။ ကျွန်တော်ပေးလိုက်တဲ့ ဓာတ်စာက တစ်ခါပဲသုံးလို့ရမှာမို့ ကိုယ်တိုင်ကိုယ်ကျ တွက်ပြီး အမြဲတမ်း ဓာတ်စာပေးနိုင်အောင် အဌလက်ဓာတ်စာရွေးနည်းပေးလိုက်ပါမယ်။ ကူးမှတ်ပြီးယူပေတော့။ မရှင်းတာရှိရင်လည်း မေးပါခင်ဗျာ။ နားလည်သဘောပေါက်အောင် ပြောပြပေးပါ့မယ်"

ဟု ပြောလိုက်ရလေသည်။

ကျွန်ုပ်မှ ရေးကူးရန်အတွက် စာရွက်အလွတ်နှင့် ဘောလ်ပင်တို့ပေးပြီး အကူးခိုင်းလိုက်ရပါတော့သည်။

စာချစ်သူ မိတ်ဆွေများအတွက်လည်း ကျွန်ုပ်တို့လူမျိုး၏ မူပိုင်ဖြစ်သော မြန်မာ့ဆေးပညာထဲမှ နက္ခတ္တနယနည်းနှင့်ကုစားပုံကို ကြိုသတ်ဓာတ်ကျမ်းမှလာသော အဌလက်ဓာတ်စာရွေးနည်း၊ ဓာတ်စာပေးနည်းကို အောက်တွင် ပြည့်စုံအောင် ရေးသား ဖော်ပြလိုက်ပါသည်။

### သူနာအတွက် ဓာတ်စာပေးသည့်ဓာတ်ကျမ်း

ဓာတ်ကျမ်းတွင်ဖော်ပြထားသော အဌလက်တွင်ချရသည့်အလင်္ကာသည် -

◆ အဌလက်ခွင်တွင် တနင်္လာအိမ်မှ စတင်ပြီး တနင်္ဂနွေ၊ သောကြာစသည်ဖြင့် အင်္ဂါခွင်ရောက်သည်အထိ လင်္ကာသွားဖြင့် ချရပါမည်။ ထိုသို့ တနင်္ဂနွေအိမ်မှနေပြီး လက်ဝဲရစ် (နာရီလက်တံပြောင်းပြန်သွားသည့်နည်းဖြင့်) တစ်ခွင်ချင်းသွားရမည် ဖြစ်ပါသည်။

လင်္ကာကိုလည်း -

◆ တနင်္လာ၊ တနင်္ဂနွေ၊ သောကြာ၊ ရာဟု၊ ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး၊ အင်္ဂါအိမ်အထိ တစ်ခွင်စီချသွားရန် အဌလက်ခွင်နှင့် လင်္ကာသွားတို့ကိုလည်း ပြထားပါသေးသည်။

**ချရန်လင်္ကာများ**

◆တနင်္လာအိမ်ခွင်တွင် ကျားမှာဝါရင့်၊

◆တနင်္ဂနွေအိမ်ခွင်တွင် အတင်းမြည်ဟိန်း၊

◆သောကြာအိမ်ခွင်တွင် သုံးလည်တစ်အုပ်၊

◆ရာဟုအိမ်ခွင်တွင် ရဲစွမ်းထုတ်က၊

◆ကြာသပတေးအိမ်ခွင်တွင် မြဲကုတ်အစု၊

◆စနေအိမ်ခွင်တွင် နုအေးရေလှိုင်း၊

◆အင်္ဂါအိမ်ခွင်တွင် နွယ်ရောင်သွေးဖြင့်

ဟု ပြဆို ရေးစပ်ထားခဲ့ပါသည်။

အခြားသော မူကွဲလင်္ကာပာစ်ခုကိုလည်း တွေ့ခဲ့ဖူးပါသည်။

ထိုမူကွဲလင်္ကာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

◆တနင်္လာအိမ်တွင်ချရန် ကြာမှုန်ဝတ်ရည်၊

◆တနင်္ဂနွေအိမ်တွင်ချရန် အတွင်းမြည်ဟည်း၊

◆သောကြာအိမ်တွင်ချရန် သူ့လက်နှင့်အုပ်၊

◆ရာဟုအိမ်တွင်ချရန် ရဲစွမ်းထုတ်ခါ

◆ကြာသပတေးအိမ်တွင်ချရန် မတွ… အစု၊

◆စနေအိမ်တွင်ချရန် ထက်အိုးရေပိုင်…

◆ဗုဒ္ဓဟူးအိမ်တင်ချရန် ဝေးသူမခေါ်…

◆အင်္ဂါအိမ်တွင်ချရန် စိမ်းရောင်သွေး…

ဟုလည်း တွေ့ရှိခဲ့ဖူးပါသည်။

လင်္ကာချစီရန်အတွက် အဌလ… နှင့် လင်္ကာချထားပြီးသော အဌလက်ခွ… တို့ကို စာချစ်သူများလွယ်ကူစွာနားလ… စေရန်အတွက် ယှဉ်တွဲဖော်ပြပေးထား… သည်။

အဌလက်အိမ်တွင်လင်္ကာသွား… ချရာ၌ သင်္ချာဂဏန်းချထားသ… အတွက် နံသင့်သင်္ချာတို့ဖြင့် ဖလှယ်… ပုံတို့ကို အောက်တွင် ဖော်ပြပေးလို… ပါသည်။

| အက္ခရာများ | | သင်္ချာဂဏန်း |
|---|---|---|
| ကခဂဃင | = | ၂ |
| အဧဩဣ | = | ၁ |
| သဟ | = | ၆ |
| ယရ | = | ၈ |
| ပဖဗဘမ | = | ၅ |
| တထဒဓန | = | ၇/၀ (သုည) |
| လဝ | = | ၄ |
| စဆဇဈည | = | ၃ |

အက္ခရာ (ဗျည်း) များကို ဂ… သင်္ချာဖြင့် ဖလှယ်ပြပြီးဖြစ်၍ အဌ…



www.burmeseclassic.com




...တွင် လက်ဝဲဖြင့် ရေးချရန် လွယ်ကူ ...ဟု ယုံကြည်ပါသည်။ ထိုအဋ္ဌလက် ... လက်ဝဲချထားခြင်းမှာ နမူနာအား ...ထားခြင်းသာဖြစ်ပါသည်။ အကြွင်း ...ချပြထားရခြင်း ဖြစ်ပါသည်။

**...န်းခိုက်၊ ဓာတ်ခိုက် စစ်ဆေးရန် တွက်နည်း**

**... အဋ္ဌလက်တွင် လက်ဝဲဖြင့်ချရန်တွက် ...**

ဓာတ်ခိုက်၊ စန်းခိုက်စစ်ရန် သူနာ ...အသက်ကိုတည်ရမည်။ တည်ကိန်းကို ...ဖြင့်စားပါ။အကြွင်းသင်္ချာကို တနင်္လာ ...တစပြီးချသွားရပါမည်။

ထိုသူ၏ နေ့အဋ္ဌလက်အိမ်တွင်ရှိ ...လက်ဝဲမှ သင်္ချာဂဏန်း(၄)လုံးတွင် ...နှင့် အဖျားသင်္ချာကိုပယ်ပြီး ကျန် ...သင်္ချာဂဏန်း (၂) လုံးတို့ကို ယူရပါ ... ထိုအလယ်မှ ဂဏန်းသင်္ချာနှစ်လုံး ...သည် ဓာတ်စာအဖြစ် ကောက်ပေး ... ဖြစ်ပါသည်။

**... ဓာတ်စာကောက်ပေးရန်အတွက် ...နည်း**

အသက်ကိုတည်ရပါမည်။ ထိုသူ ...နံတွင် တစ်ခုနုတ်လိုက်ပါ။ နုတ် ...ဂဏန်းကို မူလက တည်ခဲ့သော ...တ်သင်္ချာတွင် နုတ်လိုက်ပါ။ နုတ် ...သင်္ချာကို စားကိန်း (၇) ဖြင့် စားရ ... ဖြစ်သည်။ စားကြွင်းသင်္ချာများကို ...နှင့်တွဲဖက်ပြီး ရသာတို့ကို ယှဉ်တွဲ ...ပြထားသည်။

**...ဂဏန်းနှင့်ပြထားခြင်း**

- တစ် ကား အစပ်
  နှစ် မှာ အဖန်
  သုံး မှာ အခါး
  ငါး တွင် အချို
  ဆ ကို အဆိမ့်
  သတ္တ မှာ အဖန်
  သုည မှာ ချဉ်၊ ခါး
  ရှောင်ရန်အစာ
  လူနာများကား
  မစားရာတည်း။

**တစ်နည်း ဓာတ်ခိုက်ဖြေသော ဓာတ်စာ ရသာများ**

◆ စပ်မှ ချိုချဉ်၊ ငန်လျှင် ချိုဆိမ့်၊ ခါးမှာ ဆိမ့်ဖန်၊ ချဉ်ပြန်ဖန်ဆိမ့်၊ ချိုဆိမ့်၊ စပ်ငန်၊ ဆိမ့်ပြန်၊ ငန်ခါး၊ ဖန်မှာ ခါးချဉ် ဖြေစေချင်သည်။ ဤလျှင် တြိသတ် ဓာတ်ကျမ်းတည်း -

ဟု ဖြေလျော့ရသော ရသာဓာတ်များကို ပြထားပါသည်။

စာချစ်သူမိတ်ဆွေများကို နမူနာ တွက်ပြပါမည်။

ဥပမာ စန်းခိုက်၊ ဓာတ်ခိုက်စစ်သော သူနာသည် ကြာသပတေးသားဆို ကြပါစို့။ အသက်မှာ (၄၀) နှစ်ဟု ပြောသည့်အတွက် အသက်ကိုတည်ပြီး (၈) ဖြင့် စားသောအခါတွင် သုည ကြွင်းပါသည်။

သုညကြွင်းသည့်အတွက် လက်ဝဲသည် 'နအေးရေလှိုင်း' ဖြစ်သဖြင့် တနင်္လာအိမ်မှချသွားရပါမည်။

ထိုသို့ချသောအခါတွင် ကြာသပတေးသားဖြစ်၍ ကြာသပတေးအိမ်တွင် 'အတင်းမြည်ဟိန်း' ဖြစ်သောကြောင့် သင်္ချာကိန်းဆိုလျှင် (၁၇၅၆) ဖြစ်ပါသည်။ အရင်းအဖျားသည် ဓာတ်ခိုက် ဖြစ်နေ၍ (၁) နှင့် (၆) ကိုပယ်ရပါသည်။ အလယ်သင်္ချာ (၇)၊ (၅) သာလျှင် ဓာတ်စာပေးရပါမည်။

မစားရ မစားအပ်သော ဓာတ်အရ တွက်နည်းမှာ -

အသက် (၄၀) အရွယ်ရှိ ကြာသပတေးသားကိုတွက်ရာတွင် အကြွင်း သင်္ချာ (၁) ရသည့်အတွက် ဓာတ်ခိုက် (၁) မှ အစပ်ဖြစ်နေပါတော့သည်။

ထိုဓာတ်ခိုက်ရသာတို့ကို ဖြေရန် ဓာတ်အရသာတို့ကို အောက်ပါအတိုင်း ဖော်ပြပေးထားပါသေးသည်။

ဖြေရသော ရသာဓာတ်များကို ဖော်ပြပြီးဖြစ်၍ အစပ်အရသာကို အချို၊ အချဉ်တို့ဖြင့် ဖြေရပါမည်။ ကြာသပတေးသား ဓာတ်ခိုက်သည် တနင်္ဂနွေ အပြင် သောကြာပါ ပါဝင်နေသဖြင့် သောကြာ အဆိမ့်ခိုက်ပါသည်။ အဆိမ့်ကိုဖြေရန်မှာမူ အငန်နှင့် အခါးရသာတို့ ဖြစ်လေသည်။

ဓာတ်စာကတော့ ကြာသပတေး နံနှင့် စနေနံ၊ သစ်သီး၊ သစ်ဉ၊ အသား၊ ငါးတို့ပေးရန် ဖြစ်ပါသည်။ စားစေရပါမည်ဟု ကျွန်ုပ်မှာ ရှည်လျားစွာ ရှင်းလင်း ပြောပြပြီး ဓာတ်ခိုက်၊ စန်းခိုက်နှင့် ဖြေလျော့ရန် ဓာတ်စာများကို ကိုရှိုးရှင်းအား ပေးလိုက်ရပါတော့သည်။

စာချစ်သူမိတ်ဆွေများ ခင်ဗျား။ အစားပျက်၊ ခံတွင်းတွင် ချိုခြင်း ငန်ခြင်း၊ ခါးခြင်းစသည့် ဓာတ်ပျက်များဖြစ်နေပါက မိမိကိုယ်တိုင် တွက်ဆပြီး ဓာတ်ခိုက်ကို ဖြေလျော့နိုင်ကြစေရန်အတွက် မြန်မာဆေးနည်းကို ပညာဒါနအဖြစ် ရေးသားလိုက်ရပါတော့သည်။

*ရောဂါကင်းကွာ၍*
*ကျန်းမာကြပါစေ*

သုဒ္ဓ (နဝင်းမြို့)

**ကိုးကား -**

ဆရာတော်ဦးကိတ္တိသာရ၏ ဆေးကျမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြာတာတော့ တော်တော့်ကို ကြာခဲ့ပြီလို့ ပြောရမှာပါ။ ကျွန်တော့် အသက်(၁၀)နှစ်ကျော်အရွယ်လောက်မှာကြုံခဲ့ရတဲ့ အဖြစ်လေးကိုပြန်ပြီးပြောပြချင်တာပါ။ အခုဆို ကျွန်တော့်အသက်တောင် (၅၀) ကျော်ခဲ့ပြီဆိုတော့ အဲဒီအဖြစ်လေးဟာ နှစ်ပေါင်း(၄၀)လောက်တောင် ကြာခဲ့ပြီပေါ့။

တစ်နေ့ -

ကလေးသဘာဝ ကျွန်တော်လိုက်လည်ကစားရာက ဗိုက်ဆာလို့ အိမ်ကို ပြန်လာခဲ့ပါတယ်။ အိမ်ကိုကျွန်တော်ပြန်ရောက်တော့ အိမ်မှာ ကျွန်တော့်အဖေ၊ အမေနဲ့အတူ ကျွန်တော် တစ်ခါမှမတွေ့ဘူးတဲ့ လူကြီးတစ်ယောက်ကို တွေ့လိုက်ရပါတယ်။

အိမ်ပေါ်မှာထိုင်နေတဲ့အဲဒီလူကြီးက အိမ်ပေါ်တက်လာတဲ့ ကျွန်တော့်ကို ပြုံးပြလာလို့ ကျွန်တော်လည်း ရှူးကြောင်မူးကြောင်နဲ့ ပြန်ပြီးပြုံးပြလိုက်မိပါတယ်။ နောက်မှသိရတာက အိမ်ကိုရောက်နေတဲ့ အဲဒီလူကြီးဟာ ကျွန်တော့် အဖေရဲ့ အစ်ကိုဝမ်းကွဲဖြစ်ပြီး ကျွန်တော့်ဘကြီးဖြစ်နေမှန်း သိလိုက်ရပါတယ်။

အဲဒီဘကြီးနာမည်က 'ဦးစံပဲ' လို့ခေါ်ပြီး ဘီးလင်းမြို့နယ်ထဲက သဘက်ဆွဲရွာမှာ နေပါတယ်။ ဘကြီးစံပဲနဲ့ ကျွန်တော့်မိဘတွေ စကားပြောကြရာက သဘက်ဆွဲရွာမှာနေတဲ့ ဘကြီးစံပဲရဲ့အိမ်မှာ ကျွန်တော်လိုက်နေရဖို့ အကြောင်းဖန်လာပါတယ်။

ဒီလိုနဲ့ ခုမှတွေ့ဖူးတဲ့ ဘကြီးစံပဲနောက်ကို ကျွန်တော်လိုက်ခဲ့ရပါတယ်။

(ရွှေရောင်မြေ) ဝင်းတင်

# ထူးခြားဆန်းပြား နွားအော်သံများ





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရောက်လာတဲ့ သဘက်ဆွဲရွာ အရှေ့မှာ ကမာစိုင်ရွာရှိပြီး အနောက်ဘက်မှာတော့ ရွှေလှေ့ရွာဆိုတာရှိပါတယ်။ တောင်ဘက်မှာ ဒုံဝန်းရွာရှိပြီး မြောက်ဘက်မှာတော့ ကုန်းတန်းလို့ခေါ်တဲ့ တောင်ကုန်းသေးသေးလေးတစ်ကုန်းရှိပြီး တောင်ယာအလုပ်ကြပါတယ်။ သဘက်ဆွဲရွာရဲ့ပတ်လည်မှာ လယ်ယာမြေတွေသာရှိပြီး ပဲ၊ ပြောင်း၊ ကြံနဲ့ စပါးတို့ကိုသာ စိုက်ပျိုးကြပါတယ်။

ကျွန်တော့်ဘကြီးဖြစ်တဲ့ ဦးစံပဲ ကလည်း လယ်နဲ့ယာကိုသာလုပ်တာ ဖြစ်လို့ ထွန်ယက်စိုက်ပျိုးတဲ့နေရာမှာ သုံးတဲ့ ကျွဲ၊ နွားတွေကို မွေးထားပါတယ်။ အဲဒါကြောင့်လည်း နွားကျောင်းဖို့အတွက် ဘကြီးစံပဲက ကျွန်တော့်ကို ခေါ်လာခဲ့တာပါ။

ဒီလိုနဲ့ နွားကျောင်းဖို့ ရောက်လာတဲ့ကျွန်တော်ဟာ ရွာကိုရောက်ပြီး နောက်နေ့မှာပဲ နွားကျောင်းသင်တန်း တက်ရပါတော့တယ်။ နွားကျောင်းတဲ့ အလုပ်ကလည်း ကြည့်တော့သာလွယ်တာပါ။ ဒါပေမယ့် နွားတွေကို ကိုယ်တိုင်ကိုယ်ကျကျောင်းဖူးမှသာ မလွယ်မှန်း သိရပါတယ်။

နွားကျောင်းတယ်ဆိုတာ နွားတွေကို စားကျက်မြေရှိရာမောင်းသွားပြီးရင် ပြီးပြီလို့ မဆိုနိုင်ပါဘူး။ စားကျက်မြေရဲ့ အနီးပတ်ဝန်းကျင်မှာ တခြားလူတွေစိုက်ပျိုးထားတဲ့ သီးပင်စားပင်တွေရှိပါတယ်။ အဲဒီလို စိုက်ပျိုးထားတဲ့ အပင်တွေကို ကိုယ်ကျောင်းနေတဲ့နွားတွေက သွားမစားမိအောင် စောင့်ကြည့်ရပါတယ်။

တကယ်လို့ ကိုယ်ကျောင်းနေတဲ့ နွားတွေက သူများစိုက်ပျိုးထားတဲ့အပင်တွေကို သွားစားမိရင် လျော်ရပါတယ်။ အနည်းအကျဉ်းလေး သွားစားမိလည်း ငွေနဲ့မလျော်ရတာတောင် အခင်းရှင်ရဲ့ အဆူအဆဲကို အဲဒီမှာသွားကျောင်းမိတဲ့ နွားကျောင်းသားအနေနဲ့ခံပေရော့လို့ပဲ ပြောရမှာပါ။

ဒီလိုနဲ့ နွားကျောင်းသားဖြစ်ခဲ့ပြီဖြစ်တဲ့ ကျွန်တော်လည်း ရွာနဲ့မနီးမဝေးမှာရှိတဲ့နွားစားကျက်တွေမှာ နွားကျောင်းခဲ့ရပါတယ်။

❖

တစ်နေ့ စားကျက်မြေမှာ အလောင်းအစားနဲ့လုပ်တဲ့ ကျွဲခတ်ပွဲရှိလို့ ကျွန်တော်တို့ နွားကျောင်းသားတွေလည်း သွားကြည့်ကြပါတယ်။ ကျွဲနှစ်ကောင်ခတ်တဲ့ပွဲမှာ တစ်ကောင်ကောင်က ရှုံးလို့ထွက်ပြေးရင် အနိုင်ရတဲ့ကျွဲက သဲကြီးမဲကြီးလိုက်ခတ်ပါတယ်။ အဲဒီလိုဖြစ်လာရင် ရှုံးတဲ့ကျွဲရောနိုင်တဲ့ကျွဲကပါ မည်းမည်းမြင်ရာလိုက်ခတ်တတ်ပါတယ်။

အဲဒီလိုကြားဖူးနားဝရှိထားကြတဲ့ ကျွန်တော်တို့ နွား ကျောင်းသားတွေက





www.burmeseclassic.com

www.burmeseclassic.com

ဒီအန္တရာယ်ကိုမြင်ကြလို့ ကျွဲနှစ်ကောင်ခတ်တဲ့ပွဲကို ဆီးပင်ကြီးပေါ် တက်ပြီး ကြည့်ကြပါတယ်။

အလောင်းအစားနဲ့လုပ်ပြီးခတ်ကြမယ့် ကျွဲနှစ်ကောင်က သဘက်ဆွဲရွာက ကျွဲနဲ့ ဒေါက်ရပ်ကကျွဲပါ။ နှစ်ဖက်ကြိုးလွှတ်လိုက်တာနဲ့ ကျွဲနှစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် သဲကြီးမဲကြီး ခတ်ကြပါတယ်။ လုံးတူ၊ ဒေါက်တူ ကျွဲနှစ်ကောင်ဖြစ်တာကြောင့် တစ်ကောင်နဲ့တစ်ကောင်ခတ်ကြရာက ထွက်လာတဲ့ ချိုချင်းရိုက်သံဟာ တခွပ်ခွပ်မြည်နေတာကို အတိုင်းသားပဲ ကြားနေရပါတယ်။ အပြင်းအထန်ခတ်နေကြတဲ့ ကျွဲနှစ်ကောင်ဟာ အတော်လေးကြာတော့ တစ်ကောင်ကရှုံးလို့ထွက်ပြေးပါတယ်။

ကျွဲခတ်ပွဲမှာ ရှုံးလို့ထွက်ပြေးသွားတဲ့ကျွဲက ဒေါက်ရပ်ကကျွဲပါ။ ရှုံးလို့ထွက်ပြေးတဲ့ ဒေါက်ရပ်က ကျွဲအနောက်ကို အနိုင်ရတဲ့ သဘက်ဆွဲရွာကကျွဲက လိုက်ပါတယ်။ အနိုင်ရသွားတဲ့ကျွဲက ရှုံးလို့ထွက်ပြေးတဲ့ ကျွဲနောက်ကို လိုက်တာမှ တရကြမ်းကြီးလိုက်တာပါ။ ရှေ့ကပြေးနေတဲ့ ဒေါက်ရပ်ကကျွဲဟာ ကြောက်လန့်တကြားပြေးနေသလို နောက်ကလိုက်နေတဲ့ကျွဲကလည်း ဒေါကြီးမောကြီးနဲ့ လိုက်ခတ်နေပါတယ်။

ဒီလိုနဲ့ ကျွဲနှစ်ကောင်ဟာ ရှေ့၊ နောက် ပြေးလွှားလိုက်နေကြရာက လယ်ကန်သင်ရိုးတစ်ခုနားကို ရောက်လာကြပါတယ်။ အဲဒီအချိန်မှာပဲ ရှေ့ကကျွဲကို မီလုမီခင်ဖြစ်လာတဲ့ နောက်ကကျွဲက တအားကုန်ကျုံးပြီးခတ်လိုက်ပါတယ်။

ဒီအချိန်မှာပဲ ကျွဲခတ်ပွဲကိုကြည့်နေကြတဲ့ ကျွန်တော်တို့အားလုံး မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခုကို တွေ့လိုက်ကြရပါတယ်။ ဒါကတော့ နိုင်တဲ့ကျွဲကသေပြီး ရှုံးတဲ့ကျွဲက ရှင်သန်သွားတဲ့ အဖြစ်အပျက်လေးပါ။

ကျွဲနှစ်ကောင်ရဲ့ဖြစ်ပျက်သွားပုံ အခြေအနေလေးက ဒီလိုပါ။

နောက်ကလိုက်လာတဲ့ကျွဲက ရှေ့ကပြေးနေတဲ့ကျွဲကို မီလာတဲ့အခါ အပိုင်ပဲဆိုပြီး တအားကုန်ခတ်လိုက်ပါတယ်။ အဲဒီလို တအားကုန်ခတ်လိုက်တဲ့အချိန်မှာပဲ ခတ်လိုက်တဲ့ကျွဲရဲ့ ချိုအဖျားက ကန်သင်းရိုးအရင်းကို ထိုးစိုက်မိသွားပါတယ်။ ကျွဲချိုဟာ ကန်သင်းရိုးရဲ့ အဖျားအနားဆို ထိုးကော်တင်လို့နိုင်ပေမယ့် ကန်သင်းရိုးရဲ့အရင်းနားကို ထိုးစိုက်မိနေတဲ့အခါ ကျွဲရဲ့ချိုဟာ ထိုးကော်တင်လို့ မနိုင်တော့ပါဘူး။ ပြေးလိုက်လာတဲ့ အရှိန်ရယ်၊ ချိုက ကန်သင်းရိုးကို ထိုးစိုက်မိနေလို့ မကော်တင်နိုင်တော့တဲ့ အခြေအနေရယ်ကြောင့် အနောက်ကလိုက်လာတဲ့ကျွဲဟာ ဇက်ခေါက်ပြီး သေသွားခဲ့ပါတယ်။

ဩော် - တစ်ခုပြောဖို့ မေ့သွားတယ်။ အဲဒါက တခြားတော့မဟုတ်ပါဘူး။ ကျွဲနှစ်ကောင်ခတ်ကြတဲ့ပွဲမှာ အနိုင်ရခဲ့ပေမယ့် ဇက်ခေါက်ပြီး သေသွားတဲ့ ကျွဲနာမည်က ဒင်္ဂါးလို့ ခေါ်ပါတယ်။

❖

ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ ကျွန်တော်တို့လည်း နွားတွေမောင်းလာခဲ့ကြရာက ဒင်္ဂါးသေတဲ့လယ်ကွက်နားကို ရောက်လာခဲ့ကြပါတယ်။

ကျွန်တော်တို့ နွားကျောင်းသားတွေလည်း ကျွဲနှစ်ကောင်ခတ်တဲ့အချိန်က မြင်ခဲ့တွေ့ခဲ့တာတွေကို ပြောကြရင်းလာခဲ့ကြရာက -

"ဘော ဘော ဘော"

အဲဒီအချိန်မှာပဲ နွားတစ်ကောင်ရဲ့ စူးစူးဝါးဝါးအော်သံကြောင့် ကျွန်တော်တို့အားလုံး လှည့်ကြည့်လိုက်တဲ့အခါ အံ့ဩသွားရပါတယ်။ ပိုပြီးအံ့ဩသွားရတာ နွားတစ်ကောင်ရဲ့အော်သံအပြီးမှာ ကျန်တဲ့နွားတွေလည်း နှာခေါင်းတွေ တရှုံ့ရှုံ့လုပ်ကြရင်း တဘောဘောနဲ့ အော်လာကြတာကို ကြားလိုက်ရလို့ပါပဲ။

"ဘာလဲ၊ နွားတွေဘာဖြစ်တာလဲ"

"မသိဘူးလေ"

"နွားတွေ ပိုးနှံ့ကောင်စားမိကြလို့များလား"

"မပြောတတ်ဘူးကွ"

ထူးဆန်းတဲ့ နွားအော်သံတွေကြောင့် ကျွန်တော်တို့အားလုံးလည်း တစ်ယောက်ကိုတစ်ယောက်မေးကြလို့ ဘယ်သူကမှလဲ ဖြေလို့မတတ်ခဲ့ကြပါဘူး။ ဒီကြားထဲ အော်နေကြတဲ့ နွား



တွေပုံစံက ခြေကားရားလက်ကားရားနဲ့ ဆန်းပြားတဲ့ဟန်တွေပါဖြစ်လာတာတွေ့လိုက်ရလို့ ကျွန်တော်တို့အားလုံးလည်း နွားတွေကိုကြည့်ရင်း ကြောက်လန့်လာခဲ့ကြပါတယ်။

"ဒုက္ခပဲ၊ ဘယ်လိုလုပ်ကြမှာလဲ"

"အေးကွ၊ နွားတွေပုံစံကကြောက်စရာကြီး"

"ဟုတ်တယ်ကွ၊ နွားတွေအော်သံကိုကြားရတာ ငါလည်းလန့်လာပြီ"

ဟုတ်ပါတယ်၊ ကျွန်တော့်သူငယ်ချင်းတွေပြောသလိုပါပဲ။ နွားတွေရဲ့ပုံစံနဲ့အော်သံတွေက တကယ့်ကိုကြောက်စရာတွေပါ။

"ဟာ - သွားပြီ၊ နွားတွေအကုန်လုံး အော်ကုန်ကြပြီ"

"အဲဒါမှပြဿနာပဲ"

ကျွန်တော့်သူငယ်ချင်းတွေ ပြောကြသလိုပါပဲ၊ နွားတွေအားလုံး တဘောဘောနဲ့အော်နေကြရုံမက ခြေကားရားလက်ကားရားတွေဖြစ်လာကြပြီး မျက်လုံးကြီးတွေပါပြူးလာကြတာကို တွေ့လိုက်ပါတယ်။

"ဒီလိုလုပ်ရင်မကောင်းဘူးလား"

"ဘယ်လိုလုပ်မှာလဲ"

စံသောင်းရဲ့ အရင်းမရှိအဖျားမရှိ အဆိုကို ရွှေဝင်းက မျက်လုံးကလေးကလယ်ကလယ်နဲ့ကြည့်ရင်း မေးရှာပါတယ်။

"ဒီလိုကွာ၊ ငါစိတ်ကူးတာက နွားတွေအကုန်လုံးကို ဒီနေရာကနေ မောင်းထုတ်လိုက်ကြရင် ကောင်းမလားလို့ပါ"

"ဟုတ်တယ်၊ စံသောင်းပြောသလိုလုပ်တာကောင်းမယ်"

ဒီတစ်ခါတော့ စံသောင်းရဲ့အကြံပြုစကားကို တက်တက်ကြွကြွထောက်ခံလာတာက လှအောင်ပါ။

"အေးကွာ၊ စံသောင်းပြောသလိုပဲ လုပ်ကြတာပေါ့ကွာ"

"ဒါဆို နွားတွေကို တခြားတစ်နေရာကို မောင်းထုတ်ကြစို့"

ထူးထူးဆန်းဆန်း အော်နေကြရုံမက ဆန်းဆန်းပြားပြားဖြစ်နေတဲ့ နွားတွေကို ကြည့်နေရာက စံသောင်းရလိုက်တဲ့ လျှပ်တစ်ပြက်အကြံကို ထောက်ခံလိုက်ကြပြီးတဲ့နောက် အကောင်အထည်ဖော်ဖို့ ပြင်ကြရပါတော့တယ်။

"ဟာ - ကြောက်စရာကြီး"

"အောင်မယ်လေးဗျ"

တဘောဘော အော်နေကြရင်း စုစည်းနေကြတဲ့နွားတွေကို မောင်းထုတ်



www.burmeseclassic.com

www.burmeseclassic.com

...ရှေ့ကိုတိုးသွားကြတဲ့ စံသောင်းနဲ့ ...င်းဟာ သူတို့မောင်းထုတ်ကြတဲ့နွား ...တ ထွက်မသွားကြပါဘဲ တဘော ...အော်ကြရင်း သူတို့ဘက်ကို ဇွတ် ...ဝင်လာကြလို့ လန့်ဖျပ်သွားကြပြီး ...တ်ကို ပြန်လှည့်ပြေးကြရပါတယ်။

ဒါပေမယ့် မရဲဘဲ ကျွဲပြဲစီးမိပြီဖြစ် ... ကျွန်တော်က ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ...ဘောမျိုးနဲ့ ရှေ့က ခေါင်းဆောင်နွား ... လက်မှာကိုင်ထားတဲ့ ဝါးကိုင်းနဲ့ ...င်းဝင်ရိုက်လိုက်တာ အံဆင်သင့် ...တယ်ပဲပြောရမှာလား၊ ကံကောင်း ...ယ်ပဲ ပြောရမလားတော့ မသိဘူး။ ...တော် အတင်းဝင်ရိုက်တဲ့နွားဟာ ...င်းနဲ့ ရိုက်တာကို မခံနိုင်တော့လို့ ...ရဲ့၊ ဆုတ်ကန်ဆုတ်ကန်နဲ့ နောက် ... ပြန်ဆုတ်သွားပါတော့တယ်။

"ဟော့ကောင်တွေ၊ လာဝိုင်းမောင်း ... မကြောက်ကြနဲ့။ ရဲရဲသာဝင်ရိုက် ...ကြကွ"

စိတ်ဓာတ်တက်ကြွသွားတဲ့ ကျွန် ...အားပေးသံနဲ့ အခြေအနေကောင်း ...ကို မြင်လိုက်ကြရတဲ့ ကျွန်တော့် ...ယ်ချင်းတွေဟာ တစ်ယောက်ကို ...ယောက် အားပေးကြရင်း ကြောက် ...တောင်းအောင် အော်နေကြတဲ့ နွား ...ကို အတင်းဝင်ရိုက်ကြပြီး မောင်းကြ ...တော့တယ်။

"ဟော့ကောင် ရွှေဝင်း၊ ဟိုနွားကို ...ဦး"

"ဟိုဘက်ကို မောင်းကွ စံသောင်း ..."

"ဟုတ်ပြီ ဟုတ်ပြီ၊ မောင်းထားကြ ..."

"ဒီနေရာကနေ ခပ်ဝေးဝေး ...တ်အောင်မောင်းသွားကြကွ"

ကျွန်တော်တို့ သူငယ်ချင်းတွေ ...လုံး တက်တက်ကြွကြွနဲ့ နွားတွေ ...င်းထုတ်လာခဲ့ကြတာ စောစောက ...တွေအော်ကြတဲ့နေရာနဲ့ အတော် ...ကို ရောက်လာခဲ့ကြပါတယ်။

"ဟူး - မောလိုက်တာကွာ"

"အေးကွာ။ ချွေးကိုပြန်သွားတာ ..."

"ကြောက်စရာကြီးကွ၊ ဒီလိုတစ်ခါ ...ကြုံဖူးဘူး"

"ဟုတ်တယ်ကွ"

"ကြောက်တာရယ်၊ မောတာရယ် ...ပြီး ကျွန်တော်တို့သူငယ်ချင်းတွေ ...သာခွေယိုင်ဖြစ်ကုန်ကြပါတယ်။ ...နဲ့ တစ်ယောက်တစ်ပေါက်ပြောကြ



ရင်း စိတ်မောလူမောနဲ့ ထိုင်နားကြမယ့် အလုပ်မှာ -

"ဘော်. . . ဘူး. . . ဘော်"

"ဟာ-ဟော့ကောင်ရွှေဝင်း၊ ရထားလမ်းပေါ် မှာ မင်းရဲ့နွားလေးဖိုးသောကြာ ရောက်နေတယ်ကွ"

ရန်ကုန်ကလာတဲ့ ရထားဥသြဆွဲသံကိုကြားလိုက်ရအပြီးမှာ စံသောင်းရဲ့ အလန့်တကြားအော်သံကြောင့် ကျွန်တော်တို့သူငယ်ချင်းတွေအားလုံး ခေါင်းထောင်သွားကြပါတယ်။

တစ်ဆက်တည်းမှာပဲ ရထားလမ်းရှိရာ လှမ်းကြည့်လိုက်တဲ့အခါ ရထားနဲ့ အပြိုင်ယှဉ်ပြီးပြေးနေတဲ့ နွားပေါက်လေး ဖိုးသောကြာကို တွေ့လိုက်ရပါတယ်။

"ဓားပလိုင်း၊ ဓားပလိုင်း"

ရထားနဲ့အပြိုင်ပြေးနေတဲ့ နွားပေါက်ကလေး ဖိုးသောကြာကိုကြည့်ရင်း ဓားပလိုင်း၊ ဓားပလိုင်းလို့ အော်နေတဲ့ ဖိုးလွန်အသံကြောင့် ကျွန်တော် ခေါင်းစားသွားပါတယ်။

ရွှေဝင်းရဲ့နွားပေါက်လေး ဖိုးသောကြာ ရထားလမ်းပေါ် ရောက်သွားရတဲ့ အကြောင်းက ကြောက်လန့်တကြားနဲ့ အတင်းကာရော မောင်းလာကြတဲ့ ကျွန်တော်တို့ကြောင့်ပါ။

ရွှေဝင်းတစ်ယောက် ကံကောင်းသွားတယ်လို့ ပြောရပါလိမ့်မယ်။ ရထားနဲ့အပြိုင်ပြေးနေတဲ့ နွားပေါက်ကလေး ဖိုးသောကြာကို ရထားကြီးက ကျော်တက်သွားပေလို့သာပေါ့။ အဲဒီအချိန်ကျမှ ကျွန်တော်တို့အားလုံး သက်ပြင်းတွေ ကိုယ်စီချနိုင်ကြပါတော့တယ်။

နွားပေါက်လေး ဖိုးသောကြာကတော့ ရထားသံလမ်းရဲ့ဘေးမှာ ခေါင်းခါခါလည်ခါခါနဲ့ တုန်တုန်ယင်ယင်လေး ရပ်ရင်း အမြီးလေးခါလို့။

"ဒါနဲ့ ဖိုးလွန်၊ မင်းကို တစ်ခုလောက် ငါမေးချင်လို့"

"မေးလေ၊ ဘာခဲမ်းမှာလဲ"

"စောစောက ဓားပလိုင်း၊ ဓားပလိုင်းလို့ မင်းအော်တာ ဘာအဓိပ္ပာယ်လဲကွ ပြောပါဦး"

ကျွန်တော့် အမေးစကားကြောင့် ဖိုးလွန်က ပြုံးစိစိနဲ့ လှည့်ကြည့်လာပါတယ်။

"ပြောလေကွာ"

"အေးပါ၊ ပြောပ့ါမယ်"

'ပြောပ့ါမယ်' လို့ ပြောပြီးမှ ဘာမှ မပြောသေးဘဲ ပြုံးစိစိလုပ်နေတဲ့ ဖိုးလွန်ကြောင့် ကျွန်တော် စိတ်တိုလာပါတယ်။

ကျန်တဲ့သူငယ်ချင်းတွေကလည်း ကျွန်တော့်ကို ဝိုင်းကြည့်လာကြရင်းက ပြုံးစိစိတွေဖြစ်ကုန်ကြပါတယ်။ ဒီအချိန်မှာပဲ-

"ဒီလိုကွ ဝင်းတင်ရ၊ နွားကို ရထားတိုက်ရင် နွားသေပြီလေကွာ"

"ဒါအဆန်းလား"

"ဟုတ်တယ်၊ မဆန်းဘူးကွ။ ဒါပေမယ့် နွားသေရင် အမဲဖျက်ရပြီလေ"

"ဒါလည်း ထုံးစံပဲဟာ"

ဒီတစ်ခါ ကျွန်တော့်ကို ကြည့်လာတဲ့ဖိုးလွန်ရဲ့အကြည့်က 'မင်းတော်တော် ဒုံးဝေးတဲ့ကောင်ပဲ' ဆိုတဲ့ အကြည့်မျိုးပါ။

"ရထားတိုက်လို့ နွားသေရင် အမဲဖျက်ဖို့အတွက် လိုတဲ့ပစ္စည်းတွေက ဓားနဲ့ ပလိုင်းလေကွာ"

"ဩော် - ဒီလိုလား"

ကျွန်တော့်ရဲ့ ဩော် ဆိုတဲ့စကားအဆုံးမှာ သူငယ်ချင်းတွေအားလုံးက ကျွန်တော့်ကို ကြည့်ပြီး ဝိုင်းရယ်ကုန်ကြတယ်။

သူငယ်ချင်းတွေအားလုံး ရယ်နေကြပေမယ့် ကျွန်တော့်ကတော့ မရယ်နိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ စောစောကကြုံခဲ့ကြားခဲ့ရတဲ့ နွားတွေရဲ့ ပုံစံကို မြင်ယောင်နေမိလို့ပါ။

ကျွန်တော့်တစ်သက်မှာ နွားတွေ အဲဒီလိုအော်ကြပြီး အဲဒီလိုပုံစံမျိုးတွေ ဖြစ်ကြတာ တစ်ခါမှမကြားဘူးခဲ့သလို တစ်ခါမှလည်း မကြုံဖူးခဲ့ပါဘူး။ ခုတော့လည်း ကျွန်တော့်ဘဝမှာ နွားတွေ အဲဒီလိုအော်ကြပြီး အဲဒီလိုပုံစံမျိုးတွေ ဖြစ်တာကြုံခဲ့ဖူးပြီလို့ ပြောရမှာပေါ့။

တစ်သက်မှာ တစ်ခါသာကြုံခဲ့ဖူးပေမယ့် ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာတော့ ဒီလို ထူးခြားဆန်းပြားတဲ့ နွားအော်သံများကိုတော့ ဘယ်တော့မှမေ့မှာမဟုတ်ပါဘူး။

ဝင်းတင် (ရွှေရောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com


ရှေးဟောင်း အဆောက်အအုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများကို အခြေခံ၍ လူ့ယဉ်ကျေးမှု ပြောင်းလဲတိုးတက်လာသည့်အလျောက် လူတို့ဖန်တီးထားသော အဆောက်အအုံများနှင့်အသုံးအဆောင်ပစ္စည်းများသည် မြေပေါ်တွင်သာမက မြေကြီးထဲတွင်လည်း ဖုံးလွှမ်းနေတတ်သည်။ ထို့ကြောင့် တိမ်မြုပ်နေသော ယဉ်ကျေးမှုအမွေအနှစ်များ တူးဖော်သုတေသနပြုဖော်ထုတ်ရာတွင် ဓညဝတီခေတ်မှသည် မျက်မှောက်ခေတ်တိုင်အောင် သမိုင်းတင်ခေတ်ဖြစ်၍ ရာဇဝင်အချက်အလက်များ များစွာရှိနေပြီဖြစ်သောကြောင့် ကွင်းဆက်များရရှိစေရန် သမိုင်းတင်ခေတ်ဦးတွင် မြို့ပြနိုင်ငံတစ်ခုအဖြစ် ပါဝင်သည့် ဓညဝတီမြို့ဟောင်းအား တူးဖော် သုတေသနပြုလုပ်ခြင်း ဖြစ်ပါသည်။


ဓညဝတီမြို့ဟောင်းသည် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခဲ့သည့် မြို့ပြတစ်ခုဖြစ်ခဲ့သည်နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်များကို မြေပေါ်၊ မြေအောက်၌ ကြွယ်ဝစွာ တွေ့မြင်နိုင်ပါသည်။ မြေပြင်ပေါ်၌ ကြွင်းကျန်ရစ်သော အထောက်အထားများသာမက မြေကြီးထဲတွင် ကြွင်းကျန်ရစ်သော အထောက်အထားများကိုပါ တူးဖော်သုတေသနပြုခြင်းကြောင့် ဓညဝတီမြို့ဟောင်း၏ ယဉ်ကျေးမှုအထောက်အထားများကို ပိုမို ပြည့်စုံစေမည် ဖြစ်ပါသည်။ တူးဖော်ရာမှ ထွက်ပေါ်လာသည့် ဗိသုကာလက်ရာနှင့် အဆင့်အတန်းတို့ကိုလည်း ပိုမိုသိရှိလာရမည် ဖြစ်သည်။ အခြားသော တိုင်းပြည်၊နိုင်ငံယဉ်ကျေးမှုများနှင့်လည်း နှိုင်းယှဉ်သုံးသပ်နိုင်မည့် ရည်ရွယ်ချက်များဖြင့် ဓညဝတီမြို့ဟောင်းကို တူးဖော် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်းကို တူးဖော်သုတေသန ပြုလုပ်သော ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် DNWD-6 ညောင်ကုက္ကိုလ်ကုန်းသည် ဓညဝတီမြို့ဟောင်း၏ တောင်ဘက် အပြင်မြို့ရိုးမှ (၇၉၁) မီတာခန့်အကွာတွင် တည်ရှိ

## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

## ညောင်ကုက္ကိုလ်ကုန်း










www.burmeseclassic.com

www.burmeseclassic.com

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် DNWD.6 ပန္နက်ပုံဆွဲ




ည်။ တူးဖော်သုတေသနပြုလုပ်ပြီး ည့် ဓညဝတီမြို့ဟောင်း တူးဖော်မှု အမှတ် DNWD - 7 ကျေးပင်ကုန်း နောက်တောင်ဘက် (၅၃၉) မီတာခန့် အကွာ ဓညဝတီမြို့ဟောင်းတူးဖော်မှု အမှတ် DNWD - 10 နန်းဦးစေတီ တောင်ဘက် (၃၂၇) မီတာခန့် အကွာတွင် တည်ရှိပါသည်။ G.P.S ညွှန်း အရ မြောက်လတ္တီတွဒ် ၂၀°၊ ၅၁'၊ ၂၇' နှင့် အရှေ့လောင်ဂျီတွဒ် ၉၃°၊ ၈. ၈၈' တွင် တည်ရှိပါသည်။ မြေ စီးဌာန၏ မြေပုံအရ (၇၉၂) ချောင်းကွင်းတွင်တည်ရှိပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှု အမှတ် DNWD - 6 ညောင်ကုက္ကိုလ် တောင်ဘက်တွင် ရေကန်ဟောင်း နှင့် လယ်ကွင်းကြီးများ၊ အရှေ့ဘက်တွင် လယ်ကွင်းများ၊ ရန်ကုန် - စစ်တွေကားလမ်းမကြီးနှင့် တောင်တန်းများ၊ အနောက်ဘက်တွင် လယ်ကွင်းပြင်များ၊ ဆည်မြောင်းပေါင်နှင့် ညောင်ချောင်းကျေးရွာ၊ မြောက်ဘက်တွင် လယ်ကွင်းများ၊ ဆည်မြောင်း၊ မြောင်းပေါင်များ၊ ဓညဝတီမြို့ဟောင်းမြို့ရိုး၊ နန်းတော်ရာနှင့် မဟာမြတ်မုနိဘုရားတို့ တည်ရှိပါသည်။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD - 7 ညောင်ကုက္ကိုလ်ကုန်းသည် အရှေ့၊ အနောက် (၄၅)ပေခန့်နှင့် တောင်၊ မြောက်(၄၅)ပေခန့်ရှည်ပြီး အဝိုင်းပုံသဏ္ဌာန်ကုန်းအဖြစ် တွေ့ရှိရပါသည်။ မတူးဖော်မီ ကုန်း၏ အမြင့်မှာ ပတ်ဝန်းကျင်မြေရှိ အနိမ့်ဆုံးနေရာမှတိုင်းလျှင် (၃)ပေခန့်ရှိပါသည်။ မတူးဖော်မီ ကုန်းပေါ်တွင် အုတ်ခဲကျိုးများနှင့် သဲကျောက်တုံးအပိုင်းအစအချို့ကို မြေပေါ်တွင် တွေ့ရှိရပါသည်။ ကုန်းအလယ်တည့်တည့်တွင် ညောင်ပင်တစ်ပင်နှင့် ကုက္ကိုပင်ကြီးတစ်ပင်ပေါက်ရောက်လျက်ရှိပါသည်။ ထို့ကြောင့် ဤကုန်းကို 'ညောင်ကုက္ကိုလ်ကုန်း' ဟု အလွယ်တကူ ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

တူးဖော်သုတေသနပြုလုပ်ခဲ့သော ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် DNWD - 6 သည် နှောင်းခေတ်လူတို့၏ နှောင့်ယှက် ဖျက်ဆီးမှုကို များစွာခံခဲ့ရသော ကုန်းတစ်ကုန်းဖြစ်ပါသည်။ ဤတူးဖော်မှုကုန်းသည် သိုက်ဆရာများ သိုက်တူးဖော်မှုကြောင့် လည်းကောင်း၊ ကုန်းအနီးရှိ လယ်ပိုင်ရှင်များမှ ကန်သင်းပေါင်ပြုလုပ်သည့်အခါ ကျောက်တုံးများကို ယူငင်သုံးစွဲမှုကြောင့် လည်းကောင်း၊ သဘာဝရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ ကျွဲ၊ နွားတို့ကို ချည်နှောင်ထားရှိရာကုန်းအဖြစ် လည်းကောင်း၊ သစ်ပင်မြစ်ကြီးများထိုးထားခြင်းကြောင့် လည်းကောင်း အမျိုးမျိုးသော နှောင့်ယှက်ဖျက်ဆီးမှုကိုခံခဲ့သော ကုန်းတစ်ကုန်းပင်ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD - 6 ညောင်ကုက္ကိုလ်ကုန်းကို တူးဖော်သုတေသန ပြုလုပ်ရာတွင် စတုရန်းပုံစံပန္နက်ချထားသော ကျောက်အဆောက်အအုံနှစ်ခုကို တူးဖော် တွေ့ရှိရပါသည်။ စတုရန်းပုံစံရှိသော ပန္နက်နှစ်ခုလုံးကို ထောင့်မှန်စတုဂံပုံထုဆစ်ထားသော သဲကျောက်တုံးများဖြင့် ပန္နက်ချထားပါသည်။ အရှေ့ဘက်မှ အဆောက်အအုံ (၁) ပန္နက်စတင်ချထားသောနေရာသည် အနောက်ဘက်မှ အဆောက်အအုံ (၂) ပန္နက်စတင်ချသောနေရာထက် (၃)ပေကျော်ခန့်ပိုနက်သည်ကိုတွေ့ရှိရပါသည်။ ခေတ်လက်ရာအနေထားဖြင့်လည်း အရှေ့ဘက်မှ အဆောက်အအုံမှာ အနောက်ဘက်မှ အဆောက်အအုံထက် ပို၍စောသည်ဟု ပြောရမည် ဖြစ်ပါသည်။ အရှေ့ဘက်မှ အဆောက်အအုံ(၁)၏ အရှေ့အနောက် ကျောက်ပန္နက်အရှည် (၁၂. ၇၉) ပေခန့်နှင့် တောင်၊ မြောက်အရှည် (၁၃. ၁၂) ပေခန့် ရှိပါသည်။ ကျောက်စီ၏ ဖြက်အံကျယ်သည် (၃. ၂၈) ပေခန့်ရှိပါသည်။ အရှေ့ဘက် အဆောက်အအုံ၏ ပန္နက်အတွင်းတွင် ကုက္ကိုပင်နှင့် ညောင်ပင်များ ပေါက်ရောက်မှုကြောင့်၊ အဆောက်အအုံ၏ အနောက်ဘက်ခြမ်း




www.burmeseclassic.com

www.burmeseclassic.com


မှလွဲ၍ ကျန်အပိုင်းများသည် သစ်မြစ်ထိုးထားခြင်းကြောင့် စတုရန်းပုံစံရှိသော ကျောက်ပန္နက်မှ သဲကျောက်တုံးများ ပြုတ်ထွက်နေသည်ကိုလည်း တူးဖော်တွေ့ရှိရသော ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများအရ အဆောက်အအုံသည် ကိုးကွယ်မှုနှင့်ဆိုင်သည့် ဘာသာရေးဆိုင်ရာအဆောက်အအုံတစ်ခုဖြစ်မည်ဟု ယူဆရပါသည်။


အရှေ့ဘက်အဆောက်အအုံ(၁)၏ အနောက်ဘက် (၆. ၅၆) ပေခန့်အကွာတွင် ထောင့်မှန်စတုဂံပုံစံထုဆစ်ထားသောသဲကျောက်တုံးများဖြင့် ပန္နက်ချတည်ဆောက်ထားသော စတုရန်းပုံစံရှိသည့် အနောက်ဘက်အဆောက်အအုံ (၂) ၏ ပန္နက်ပုံစံတစ်ခုကို တူးဖော် တွေ့ရှိရပါသည်။ အနောက်ဘက် အဆောက်အအုံ (၂) ၏ အရှေ့၊ အနောက်အရှည်သည် (၈. ၅)ပေခန့်နှင့် တောင်၊ မြောက်အရှည်(၈. ၂)ပေခန့်ရှိသည်။ အနောက်ဘက်အဆောက်အအုံ(၂)၏ပန္နက်သည် အရှေ့ဘက်အဆောက်အအုံ(၁)၏ပန္နက်စတင်ချထားသည့်ရာထက်ပို၍တိမ်သည်ကို တူးဖော်တွေ့ရှိရပါသည်။

တူးဖော်သုတေသန ပြုလုပ်သည့် ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD - 6 ၏အဆောက်အအုံတည်ဆောက်ပုံစနစ်သည် အောက်ခံရွံ့ဆန်သော သဘာဝမြေလွှာပေါ်တွင် အဆောက်အအုံအတွက် ထုဆစ်ထားသော သဲကျောက်တုံးများကို အသုံးပြုပြီး မြေတင်ကျောက်ပန္နက်ကို စတင်ပြုလုပ်သည်။ ထိုမြေတင်ကျောက်ပန္နက်မှ သဲကျောက်တုံးများကို တစ်လွှာပြီးတစ်လွှာခြောက်လွှာမြောက်ရောက်သည်အထိ သဲကျောက်တုံးများကို အတိုးအဆုတ်မရှိဘဲ တစ်တန်းတည်းစီတင်ထားသည်။ အောက်ဆုံးကျောက်စီ(၇)လွှာမြောက်မှသည် (၁၃)လွှာရောက်သည်အထိ (၁၂) စင်တီမီတာခန့် နောက်ကိုဆုတ်ပြီးစီတင်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ အောက်ဆုံးမှ(၁၄)လွှာမြောက်ကျောက်စီတွင် (၁၅) စင်တီမီတာခန့် နောက်ဆုတ်ပြီး ထပ်မံစီတင်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ကျန်ရှိနေသည့် ကျောက်လွှာများကို အများဆုံး (၁၄) လွှာအထိ ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ အဆောက်အအုံ၏ အရှေ့ဘက်၊တောင်ဘက်နှင့်မြောက်ဘက်တို့မှာ ညောင်ပင်နှင့် ကုက္ကိုပင်တို့မှသစ်မြစ်များထိုးနှက်မှုကြောင့် ထုဆစ်ထားသော သဲကျောက်တုံးများ မူလနေရာမှ




ပုံ(၁)


ပုံ(၂)



ပုံ(၃)




ပုံ(၄)

စီမှပြုတ်ထွက်နေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ အဆောက်အအုံအတွင်းပိုင်းတွင် သိုက်ဆရာများသိုက်တူးမှုနှင့် သစ်မြစ်ထိုးဖောက်ထားမှုကြောင့် ရှေး


လူတို့ စနစ်တကျစီထားသော ကျောက်[illegible] များ ပြိုကျနေသည်ကိုလည်း အများ[illegible] ပြား တွေ့ရှိရပါသည်။ အဆောက်[illegible] (၁) ၏ တောင်ဘက်(၁)ပေခန့်[illegible]

www.burmeseclassic.com





ပုံ (၅)


ပုံ (၆)




ပုံ (၇)




ပုံ (၈)




အကွာတွင် စေတီတော်မှ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကျောက်ထီးတော်ဘုံတစ်ဆင့်ကို ($B_2$) ကျင်းအနက်(၅၅)စင်တီမီတာခန့်တွင် တူးဖော်တွေ့ရှိခဲ့ရပါသည်။

အနောက်ဘက်အဆောက်အအုံ(၂)သည် အရှေ့ဘက်အဆောက်အအုံ(၁)၏အနောက်ဘက်(၆. ၅၆)ပေအကွာတွင် တူးဖော်တွေ့ရှိရသည်။ အဆောက်အအုံ (၂) တွင် အပေါ်ဆုံးကျောက်စီမှ အောက်ဆုံးမြေတင်ကျောက်ပန္နက်ရောက်သည်အထိ ကျောက်စီ(၇)စီသာ ကျန်ရှိပါတော့သည်။ အဆောက်အအုံ၏တည်ဆောက်ပုံစနစ်မှာ သဘာဝမြေလွှာဖြစ်သော ရွှံ့ဆန်သော မြေလွှာပေါ်တွင် အဆောက်အအုံဆောက်လုပ်ရန်အတွက် ထုဆစ်ထားသော သဲကျောက်တုံးများကို အဆောက်အအုံ၏ မြေတင်ကျောက်ပန္နက်အဖြစ် စတင်ပြုလုပ်ထားပါသည်။ အောက်ဆုံးကျောက်စီမှ (၃)လွှာမြောက်အရောက်တွင် အတွင်းဘက်သို့ (၁၀) စင်တီမီတာဆုတ်ပြီးထားသည်ကို တွေ့ရှိရပါသည်။ ၎င်းကျောက်လွှာပေါ်တွင် (၄)လွှာမြောက်ကျောက်စီကို ထပ်မံစီတင်ထားပါသည်။ ကျောက်စီ (၄) စီကိုသာ မြေပေါ်ပေါ်အောင်ဖော်ခဲ့ပြီး ကျန်ကျောက်စီ(၃)စီ မြေကြီးထဲပြုတ်ကျန်နေပါသေးသည်။ အဆောက်အအုံ(၂)၏ ပန္နက်အတွင်းပိုင်းတွင် သိုက်တူးဆရာများ သိုက်တူးမှုကြောင့် ၎င်းနှင့်ဆက်စပ်နေသည့် ကြမ်းခင်းလွှာမှာ ပျက်စီးနေပြီး ၎င်းအလွှာအတွင်းတွင် နှောင်းခေတ်လူတို့၏ အသုံးအဆောင်ပစ္စည်းဖြစ်သော ပုလင်းတစ်လုံးအောက်ပိုင်းနှင့် ပုလင်းကွဲအပိုင်းအစများကို တွေ့ရှိခဲ့ရပါသည်။ အဆောက်အအုံ (၂) ကျောက်ပန္နက်၏ တောင်ဘက်ခြမ်း(၁)ပေခန့်အကွာ ($A_3$) ကျင်းအနက် (၆၅) စင်တီမီတာခန့်တွင် အမြင့် (၂၃) စင်တီမီတာခန့်၊ အချင်း(၂၇)စင်တီမီတာခန့်ရှိသော အလယ်အပေါက်ပါသည့် သာသနိကအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကျောက်လုံးတစ်လုံးကို တူးဖော် တွေ့ရှိရပါသည်။ ကျောက်လုံးအပေါက် အချင်း (၉)စင်တီမီတာခန့်ရှိပါသည်။ဤကျောက်လုံးမှာ စေတီတော်အပေါ်ပိုင်း ကြာဆုံးအထက် ငှက်ပျောဖူးနေရာမှ ကျောက်လုံးဖြစ်ဟန်ရှိပါသည်။ ရှေးကျသော အဆောက်အအုံများတွင် ငှက်ပျောဖူးနေရာ၌ ကျောက်လုံးကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ဤကျောက်လုံးမှာ ငှက်ပျောဖူးကျောက်လုံးသာ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com


www.burmeseclassic.com


အရှေ့ဘက် အဆောက်အအုံ(၁) တွေ့ရှိသော ကျောက်တုံးအရွယ်အစား တချို့မှာ အကြီးဆုံးကျောက်တုံးအလျား (၇၄) စင်တီမီတာခန့်၊ အနံ(၃၁)စင်တီမီတာခန့်၊ အထူ (၁၀) စင်တီမီတာခန့်နှင့် အလျား(၄၁)စင်တီမီတာခန့်၊ အနံ(၂၂) စင်တီမီတာခန့်၊ အထူ(၁၀)စင်တီမီတာခန့်(အလျား ၃၇ စင်တီမီတာခန့်၊ အနံ ၂၀ စင်တီမီတာခန့်၊ အထူ ၂၀ စင်တီမီတာခန့်နှင့် ကျောက်အမကျော့က်)၊ (အလျား ၂၉ စင်တီမီတာခန့်၊ အနံ ၁၈ စင်တီမီတာ၊ အထူ ၁၃ စင်တီမီတာခန့်)၊ (အလျား ၂၄ စင်တီမီတာခန့်၊ အနံ ၂၁ စင်တီမီတာခန့်၊ အထူ ၁၁ စင်တီမီတာခန့်) ရှိသော ကျောက်တုံးများအပြင် အခြားအရွယ်အစားကျောက်တုံးများကိုလည်း တွေ့ရှိရပါသည်။ အနောက်ဘက် အဆောက်အအုံ (၂) မှ တွေ့ရှိရသော ကျောက်တုံး အရွယ်အစားတချို့မှာ (အလျား ၃၂ စင်တီမီတာခန့်၊ အနံ ၂၂ စင်တီမီတာခန့်၊ အထူ ၁၀ စင်တီမီတာခန့်) နှင့် (အလျား ၂၂ စင်တီမီတာခန့်၊ အနံ ၁၆ စင်တီမီတာခန့်၊ အထူ၁၆စင်တီမီတာခန့်)တို့အပြင် အခြားအရွယ်အစား ကျောက်တုံးများကိုလည်း လေ့လာတွေ့ရှိရပါသည်။

အဆောက်အအုံ (၁) နှင့် (၂) ၏ တောင်ဘက်နှင့် အရှေ့ဘက်တို့တွင် အကျယ် (၅) ပေကျော်ခန့်ရှိသော ရှေးဟောင်းအုတ်ကုန်းတန်းကြီးတစ်ကို တွေ့ရှိရပါသည်။ ဤအုတ်ကုန်းတန်းကြီးမှာ အနောက်မှ အရှေ့သို့လာပြီး အရှေ့မှ မြောက်သို့ ပတ်ကွေ့သွားပါသည်။ အနောက်ဘက်နှင့် မြောက်သို့သွားသော အုတ်ကုန်းမှာ အဆုံးမတွေ့နိုင်သေးပါ။

ဤအုတ်ကုန်းမှာ လမ်းဟောင်း တစ်ခုဖြစ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ အုတ်များမှာ အခုခေတ်အုတ်များမဟုတ်ဘဲ ဓညဝတီမြို့ရိုးမှအုတ်များနှင့် တူပါသည်။ ဤအုတ်ကုန်းသည်လည်း ဓညဝတီခေတ်မှ လမ်းဟောင်းတစ်ခုဖြစ်ဟန်ရှိပါသည်။ စေတီများကိုသွားသောလမ်းဟောင်းဖြစ်နိုင်ဖွယ်ရှိပါသည်။ စေတီဟောင်းကို လမ်းပတ်ကွေ့နေခြင်းမှာ စေတီတည်ပြီးမှ လမ်းဖောက်ခြင်း ဖြစ်နိုင်ပါသည်။ စေတီမရှိပါက လမ်းကို အဖြောင့်ဖောက်ပါလိမ့်မည်။ စေတီတည်ပြီးသည်နှင့် လမ်းဖောက်ထားခြင်းကို သုံးသပ်ကြည့်ခြင်းဖြင့် စေတီနှင့် လမ်းမှာ တစ်ခေတ်တည်း တည်ဆောက်ထားသော အဆောက်အအုံများ ဖြစ်နိုင်ပါသည်။


ပုံ (၉)








ပုံ (၁၀)

ပုံ (၁၁)





ပုံ (၁၂)






www.burmeseclassic.com


www.burmeseclassic.com




ပုံ (၁၄)




ပုံ (၁၃)




ပုံ (၁၅)

ခညဝတီမြို့ဟောင်းအနီးရှိ ခည ...မြို့ဟောင်း တူးဖော်မှုကုန်းအမှတ် ...D - 6 ကို တူးဖော်သုတေသနပြု ...ရာတွင် အဆောက်အအုံနှင့် ဆက် ...နေသည့် မြေလွှာသမိုင်းကြောင်းကို ...ရန်အတွက် မြေလွှာစမ်းသပ်တူး ...လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ...စမ်းသပ်ကျင်းကို အပေါ်ယံမြေ ... သဘာဝမြေလွှာရောက်သည့် ... တူးဖော်သုတေသနပြုရာတွင် မြေ ...၅)လွှာတူးဖော်တွေ့ရှိရပြီး ကျင်း၏ ...မှာ (၁၀၀) စင်တီမီတာခန့်ရှိပါ ...

မြေလွှာ(၁)သည် အပေါ်ယံသစ် ...မြေလွှာဖြစ်ပြီး ရေ၊ လေ၊ မြေ ...ဆောင်ခြင်းနှင့် သစ်မြစ်သစ်ဆွေး ... ပို့ချထားသော အပေါ်ယံသစ်မြစ် ...မြေလွှာ ဖြစ်ပါသည်။ သစ်မြစ် ...ရာမြေလွှာ၏အထူမှာ (၁၀)စင်တီ ...ခန့်ရှိပါသည်။

မြေလွှာ (၂) သည် သစ်မြစ်ဆွေး ...မြေလွှာအောက်တွင်ရှိသောမြေလွှာ ... မူလအဆောက်အအုံပြိုကျပြီး ...ပို့ချထားသောမြေလွှာဖြစ်ပါသည်။ ...လွှာ၏အထူမှာ (၂၇)စင်တီမီတာ ...သည်။

မြေလွှာအမှတ်(၃)သည် ပို့ချမြေလွှာအောက်တွင်ရှိသော စတုရန်းပုံရှိသည့် သာသနိကအဆောက်အအုံ ပြိုကျလာသော ကျောက်ကျိုးရောမြေလွှာပင် ဖြစ်ပါသည်။ ကျောက်ကျိုးရောမြေလွှာအတွင်းတွင် သဲကျောက်ဖြင့်ပြုလုပ်ထားသော ဗုဒ္ဓဦးခေါင်းတော်နှင့် ကျောက်စေတီတော်၏ အပေါ်အစိတ်အပိုင်းနှစ်ခုကို တူးဖော်တွေ့ရှိခဲ့ရပါသည်။

မြေလွှာအမှတ်(၄)သည် ကျောက်ကျိုးရောမြေလွှာအောက်တွင်ရှိသောဖို့မြေလွှာဖြစ်ပါသည်။ ၎င်းမြေလွှာသည် စတုရန်းပုံစံရှိသည့်သာသနိကအဆောက်အအုံကို ပန္နက်ချပြီးနောက် အနီးပတ်ဝန်းကျင်ရှိမြေကိုယူပြီး ပြန်ဖို့ထားသော ရွှံ့ဆန်သောမြေလွှာ ဖြစ်ပါသည်။

မြေလွှာအမှတ် (၅) သည် ဖို့မြေလွှာအောက်တွင်ရှိသော ရွှံ့ဆန်သော သဘာဝမြေလွှာပင် ဖြစ်ပါသည်။

ခညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် DNWD - 6 ညောင်ကုတ္တိုကုန်းမှ တူးဖော် သုတေသနလုပ်၍တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထား ဝတ္ထုပစ္စည်းတချို့ကို ရေးသားဖော်ပြရမည်ဆိုသော် အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ဘာသာကိုးကွယ်ယုံကြည်မှုနှင့်ဆိုင်သော ဝတ္ထုပစ္စည်းတချို့နှင့် လူအသုံးအဆောင် ဝတ္ထုပစ္စည်းယူလျှင် အကြမ်းအားဖြင့် နှစ်မျိုးတွေ့ရှိရပါသည်။

ခညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNW D.6) $B_2$ ကျင်းအနက် (၇၀) စင်တီမီတာခန့်မှ ဘုရားဆင်းတုတော်ဦးတော်ခေါင်းတစ်လုံးကို တူးဖော်တွေ့ရှိရပါသည်။ ထိုဦးတော်ခေါင်းကို ပုံ(၁) ပုံဆွဲလက်ရာတွင် ရွှေအမြင်၊ ဘေးအမြင်အမြင်နှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်းလက်ရာဦးတော်ကို သဲကျောက်ဖြင့် ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ အမြင့်(၉½)စင်တီမီတာခန့်၊ အကျယ် (၇½) စင်တီမီတာခန့်နှင့် အထူ (၆) စင်တီမီတာခန့်ရှိပါသည်။

ဆင်းတုတော်ဦးခေါင်း၏ မဏိတော်နှင့် ဦးတော်တွင် ပိန္နဲစုများမတွေ့ရှိရဘဲ အချောသာ တွေ့ရှိရပါသည်။ မျက်နှာတော်မှာ လုံးသွယ်ပြီး မျက်ခုံးကို လေးကိုင်းသဏ္ဌာန် ဖူးတွေ့ရပါသည်။ မျက်လုံးမျက်လွှာချထားပါ၏။ နှာခေါင်းတော်မှာ ဝင်းပြီး နှာသီးဝကားသည်ကို တွေ့ရှိရပါသည်။ နှာရေခံကို ရေးရေးလေး တွေ့ရှိရပြီး ပါးစပ်ပြုံးတော်မူသည့်အနေအထား ဖူးတွေ့ရပါသည်။ နားတော်နှစ်ဖက်မှာ ထူပိန်းပြီး နားလိပ်၊ နားခွက်၊ နားအရေးအကြောင်းများဖော်ထားခြင်းမရှိဘဲ ပုလိန်းအချောသာထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော် ဦးခေါင်းပုံစံမျိုးကို ခညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD - 8 ပိတောက်ကုန်းနှင့် ခညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် DNW-



www.burmeseclassic.com

www.burmeseclassic.com

D-9 ဝနက်ကန်ကုန်းတို့တွင်လည်း တူးဖော်တွေ့ရှိရပါသည်။ တစ်ခေတ်တည်း၊ ပန်းပုဆရာတစ်ယောက်တည်း၏လက်ရာဖြစ်ဟန်တူပါသည်။

ပုံ(၂)လက်ရာမှာ မြေမီးဖုတ်အိုးခြမ်းကွဲကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၂) ပုံဆွဲလက်ရာတွင် အိုးခြမ်းကွဲ၏ရှေ့အမြင်နှင့်အထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်း အိုးခြမ်းကွဲလက်ရာအမြင့် (၅) စင်တီမီတာခန့်၊ အကျယ်(၅)စင်တီမီတာခန့်နှင့် အထူ(၁/၂)စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲတွင် အတွင်းမျက်နှာပြင်အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင် ရာဇမတ်ကွက်လိုလို၊ ဆန္ဒင်းမကင်းကွက်လိုလို ပုံစံမျိုးဖော်ထားပါသည်။ တချို့အကွက်များထဲတွင် အလယ်၌ လိုင်းတစ်လိုင်းပါသည်ကိုလည်း တွေ့ရှိရသည်။ မူရင်းအိုးခြမ်းကွဲအရောင်မှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအပ်အစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ပုံ (၃) တွင် အိုးခြမ်းကွဲ ရှေ့မြင်နှင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။ အထူကို အနက်လိုင်းအထူဖြင့် ရေးဆွဲဖော်ပြထားပါ၏။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၂ ၃/၄) စင်တီမီတာခန့်၊ အကျယ် (၄ ၁/၂) စင်တီမီတာခန့်နှင့် အထူ (၁ ၁/၂) စင်တီမီတာခန့်ရှိပါသည်။ အတွင်းမျက်နှာပြင်ခွက်၍ အချောသာတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင် ခပ်စောင်းစောင်းအစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ အိုးခြမ်းကွဲအရောင်မှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲ၏ အထူမှာ အခြားအိုးခြမ်းကွဲများထက် ပိုထူသည်ကို တွေ့ရှိရပါသည်။

ပုံ(၄)မှာ မြေမီးဖုတ်လက်ရာအဖုံအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ (၄) တွင် မြေမီးဖုတ်လက်ရာကို အတွင်းမျက်နှာပြင်နှင့်အထူကို ရေးဆွဲဖော်ပြထားပါသည်။ မြေမီးဖုတ်လက်ရာထူကို အနက်လိုင်းအထူဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်းမြေမီးဖုတ်လက်ရာအမြင့် (၂) စင်တီမီတာခန့်၊ အကျယ် (၄ ၁/၂) စင်တီမီတာခန့်နှင့် အထူဆုံးနေရာ (၁ ၁/၂) စင်တီမီတာခန့်နှင့် အပါးဆုံးနေရာ (၁/၂) စင်တီမီတာခန့်ရှိပါသည်။ ဤမြေမီးဖုတ်လက်ရာကို ဆေးတံအဖုံအစလက်ရာတစ်ခုဟု ယူဆရပါ၏။ အပြင်မျက်နှာပြင်တွင် လန်ကော့ပြီး၊ ဖောင်းကလေးတစ်ဖောင်းပါရှိပါသည်။ အတွင်းမျက်နှာပြင်တွင် အပေါ်အနားလန်ထွက်နေပြီး အရစ်လေးတစ်ရစ်ဖော်ကာ အောက်ပိုင်းခွက်နေသည်ကို တွေ့ရှိရပါသည်။ ခွက်နေသည့်နေရာတွင် မီးသင့်ထားသည်ကို တွေ့ရှိရပါ၏။ အပြင်မှာ မီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ရေအိုးအနားဟု ယူဆရသော မြေမီးဖုတ်လက်ရာ အပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၅)တွင် ရေအိုးခွက်အနားအပြင်မျက်နှာပြင်နှင့် ရေအိုးခွက်အနားအထူကို ရေးဆွဲဖော်ပြထားပါသည်။ ရေအိုးခွက်အနားအထူကို လိုင်းအနက်အထူဖြင့် ရေးဆွဲဖော်ပြထားပါ၏။ မူရင်းရေအိုးခွက်အနားလက်ရာအမြင့် (၅ ၃/၄) စင်တီမီတာခန့်၊ အကျယ် (၅ ၁/၂) စင်တီမီတာခန့်နှင့် အထူ(၁)စင်တီမီတာခန့်ရှိပါသည်။ ရေအိုးခွက်အနားပဲ့ အတွင်းမျက်နှာပြင် အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင် အနားလိုင်ဆစ်ဖောင်းလုံးတစ်ဆင့်ဖြင့် တွေ့ရှိရပါသည်။ မြေမီးဖုတ်ရေအိုးခြမ်းကွဲအသားမှာ စပါးခွံကလေးများပါရှိပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ(၆)မှာ မြေမီးဖုတ်အိုးအနားပဲ့ဟုယူဆရသောလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၆)တွင် မြေမီးဖုတ်အိုးနားလက်ရာအတွင်းမျက်နှာပြင်နှင့် အိုးအနားအထူကို ရေးဆွဲဖော်ပြထားပါသည်။ အိုးနားမြေမီးဖုတ်လက်ရာအမြင့် (၂ ၃/၄) စင်တီမီတာခန့်၊ အကျယ် (၆ ၁/၂) စင်တီမီတာခန့်နှင့် အထူ(၁)စင်တီမီတာခန့်ရှိပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအနားတွင် ခပ်လန်လန်တွေ့ရှိရပြီး လည်ဆစ်တွင် ဖောင်းတစ်လုံးဖော်ထားသည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာမှာ အရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။

ပုံ(၇)လက်ရာသည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၇)တွင် မြေမီး ဖုတ်အိုးခြမ်းကွဲလက်ရာ၏ အပြင်မျက်နှာပြင်နှင့်အထူကို ရေးဆွဲဖော်ပြထားပါသည်။ အိုးခြမ်းကွဲအထူမှာ အပေါ်ပိုင်းပါးပြီး အောက်ပိုင်းပိုထူသည်ကို တွေ့ရှိရပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲအမြင့် (၃ ၃/၄) စင်တီမီတာခန့်၊ အကျယ် (၇ ၃/၄)စင်တီမီတာခန့်နှင့် အထူ (၁) စင်တီမီတာခန့်ရှိပါသည်။ အတွင်းမျက်နှာပြင်အချောဖြစ်ပြီး အပြင်မျက်နှာပြင်မှာ ခပ်စောင်းစောင်း အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအရောင်မှာ မြေမီးဖုတ်အရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

မြေမီးဖုတ်အိုးနားအစိတ်အပိုင်းလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၈)တွင် အိုးခြမ်းကွဲအနား၏ အပြင်မျက်နှာပြင်နှင့်အထူကို ရေးဆွဲ ဖော်ပြထားပါသည်။ အိုးခြမ်းကွဲ၏ မူရင်းလက်ရာအမြင့် (၃ ၃/၄)စင်တီမီတာခန့်၊ အကျယ် (၄ ၃/၄)စင်တီမီတာခန့်နှင့် အထူ (၃/၄)စင်တီမီတာခန့်ရှိပါသည်။ မူရင်းအိုးခြမ်းကွဲ အပြင်ဘက်တွင် ဖောင်းနှစ်ဆင့်တွေ့ရှိ ပြီး အတွင်းဘက်မျက်နှာပြင်တွင် အ[illegible] နှစ်ရစ်ပါရှိသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမြေသားပေါ်တွင် သဲပွင့်လေး များပါရှိသည်ကို တွေ့ရှိရပြီး မြေမီးဖုတ် ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။

ပုံ(၉)လက်ရာသည် မြေမီးဖုတ်အိုး ခြမ်းကွဲလက်ရာအပဲ့အစတစ်ခုကို ကူး ယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခု ပင် ဖြစ်ပါသည်။ ပုံ(၉)တွင် မြေမီးဖုတ် အိုးခြမ်းကွဲ၏ အပြင်မျက်နှာပြင်နှင့် အိုးခြမ်းကွဲအထူကို ရေးဆွဲဖော်ပြထား ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅ ၁/၂) စင်တီမီတာခန့်၊ အကျယ် ([illegible] စင်တီမီတာခန့်နှင့် အိုးခြမ်းကွဲအထူ ([illegible] စင်တီမီတာခန့်ရှိပါသည်။ မူရင်းအိုးခြမ်း ကွဲလက်ရာတွင် အတွင်းဘက်အချော ပြီး အပြင်ဘက် လက်ဝဲ၊ လက်ယာ[illegible] စောင်းစောင်း ထိပ်တိုက်အစင်းကြော[illegible] ကလေးများဖြင့် အလှဆင်ထားပါသည်။ ထိပ်တိုက်အစင်းကြောင်းတချို့နေရာ[illegible] တွင် ရာဇမတ်ကွက်လေးများပေါ်[illegible] သည်ကို တွေ့ရှိရပါသည်။ ဤအိုးခြ[illegible] ကွဲ၏ မြေသားပေါ်တွင် သဲပွင့်က[illegible] များပါရှိပြီး အရောင်မှာ မြေမီးဖုတ်[illegible] ဖျော့နေသည်ကို တွေ့ရှိရပါသည်။

မြေမီးဖုတ်ရောင် တောက်ပ[illegible] သော အိုးခြမ်းကွဲအပဲ့အစတစ်ခုကို [illegible] ယူရေးဆွဲထားသော ပုံဆွဲလက်ရာတ[illegible] ပင်ဖြစ်ပါသည်။ ပုံ(၁၀)တွင် မြေမီး[illegible] အိုးခြမ်းကွဲလက်ရာအပဲ့အစကို အ[illegible] တန်ဆာပါ မျက်နှာဘက်နှင့် အိုးခြမ်း[illegible] ၏ အထူအပါးကို အနက်ဖြင့်ရေးဆွဲ[illegible] ပြထားပါသည်။ မူရင်းအိုးခြမ်းကွဲအ[illegible] (၃ ၃/၄)စင်တီမီတာခန့်၊ အကျယ်(၄)စင်[illegible] မီတာခန့်နှင့် အထူ(၃/၄)စင်တီမီတာ[illegible] ပါသည်။ အိုးခြမ်းကွဲအတွင်[illegible] ဘက်ခြမ်းမှာ အချောအ[illegible]ထား[illegible]



www.burmeseclassic.com

www.burmeseclassic.com

...ပြီး အပြင်မျက်နှာပြင်တွင်သာ လေး...ောင့်ကွက်ကလေးများဖြင့် အလှဆင်...ပါသည်။

ပုံ(၁၁)သည်လည်း မြေမီးဖုတ်အိုး...ကွဲလက်ရာတစ်ခုကို ကူးယူရေးဆွဲ...သော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါ...သည်။ ပုံ(၁၁)တွင် အိုးခြမ်းကွဲ၏အစင်း...ောင်းလက်ရာပါသော မျက်နှာဘက်... အိုးခြမ်းကွဲ၏ ထုအထူ၊ အပေါ်ကို...တ်လိုင်းထူဖြင့် ရေးဆွဲဖော်ပြထား...သည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (...) စင်တီမီတာခန့်၊ အကျယ် (၅ ၃/၄)...တီမီတာခန့်နှင့် အထူ (၁/၂)စင်တီမီတာ...ရှိပါသည်။ အိုးခြမ်းကွဲအပြင်မျက်နှာ...ကို ခပ်စောင်းစောင်း အစင်းကြောင်း...များဖြင့် အလှဆင်ထားပြီး အတွင်း...နှာပြင်ကို အချောသာ တွေ့ရှိရပါ...သည်။ မြေအိုးခြမ်းကွဲ၏အရောင်မှာ မြေ...တ်အရောင်ဖျော့သာ တွေ့ရှိရပါ...သည်။

ပုံ(၁၂)လက်ရာသည် မြေမီးဖုတ်...ခြမ်းကွဲအဖုံ့အစတစ်ခုကို ကူးယူရေး...ထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်...သည်။ ပုံ(၁၂)တွင် အိုးခြမ်းကွဲ၏အပြင်...နှာပြင်နှင့်အိုးခြမ်းကွဲ၏ အထုအပါး... ရေးဆွဲဖော်ပြထားပါသည်။ အိုးခြမ်း... မူရင်းလက်ရာအမြင့် (၅ ၃/၄)စင်တီ...ာခန့်၊ အကျယ်(၅)စင်တီမီတာခန့်... အထူ(၁)စင်တီမီတာခန့်ရှိပါသည်။...အိုးခြမ်းကွဲမှာ အတွင်း၊ အပြင်အဆင်...ဆာမပါဘဲ အချောသာတွေ့ရှိရပြီး...ခြမ်းကွဲမြေမီးဖုတ်ရောင်မှာ အမည်း...င်သာ တွေ့ရှိရပါ၏။ ထူးဆန်းနေ... အိုးခြမ်းကွဲလက်ရာတစ်ခုပင် ဖြစ်...သည်။

ပုံ (၁၃) လက်ရာမှာ $B_3$ ကျင်း...က်(၄၀)စင်တီမီတာခန့်မှ တူးဖော်...ရှိရသော မြေမီးဖုတ်ခေါင်းပွလက်...စ်ခုကို ကူးယူရေးဆွဲထားသော...လက်ရာတစ်ခုပင် ဖြစ်ပါသည်။...၃)တွင် မြေမီးဖုတ်ခေါင်းပွလက်... ဘေးအမြင်ပုံစံတစ်ခြမ်းနှင့် မြေ...တ်ခေါင်းပွလက်ရာအထုကို ရေးဆွဲ...ပြထားပါသည်။ မူရင်းမြေမီးဖုတ်...ပွလက်ရာ၏အမြင့်မှာ (၁၂)စင်တီ...ာခန့်၊ အပေါ်အကျယ် (၄) စင်တီ...ာခန့်နှင့် အောက်ခြေအကျယ် (၆)...မီတာခန့်၊ အနားအထူ (၁)စင်တီ...ာခန့်ရှိပါသည်။ မြေမီးဖုတ်ခေါင်း...က်ရာမှာ အပြင်ရော အတွင်းပါ...သာတွေ့ရှိရပါသည်။ မြေမီးဖုတ်...လည်း တောက်ပခြင်းမရှိဘဲ ဖျော့...တော့အရောင်သာ တွေ့မြင်ရပါသည်။

ဘာသာရေးသာသနိကအဆောက်အအုံအပေါ်မှ လက်ရာတစ်ခု ဖြစ်သော ကျောက်ထီးတော်အုံတစ်ဆင့်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၁၄) တွင် ကျောက်ထီးတော်ပုံတစ်ဆင့်ပုံစံကို သုံးဖက်မြင်အနေအထားနှင့် အလယ်အပေါက်လွင်အောင် ရေးဆွဲဖော်ပြထားပါသည်။အလယ်ပေါက်ကို အနက်ဝန်းဖြင့် ရေးဆွဲဖော်ပြထားပါ၏။ မူရင်းထီးတော်ကျောက်ဆစ်လက်ရာအမြင့် (၁၅)စင်တီမီတာခန့်၊ အပေါ်ထိပ်အကျယ် (၁၄ ၁/၂) စင်တီမီတာခန့်နှင့် အပေါ်တွင်းထိပ်အကျယ် (၇ ၁/၂) စင်တီမီတာခန့်၊ အပေါ်ထိပ်အနားအထူ (၃ ၁/၂)စင်တီမီတာခန့်ရှိပါသည်။ ထီးတော်ဘုံဆင့်၏ အောက်ဝအချင်း (၈ ၁/၂) စင်တီမီတာနှင့် အောက်ဝအနား (၇ ၁/၂) စင်တီမီတာခန့်ရှိပါသည်။ ကျောက်ထီးတော်ဘုံဆင့်အပေါ်မျက်နှာပြင်ပေါ်တွင် ပွင့်ဖတ် (၃၀) ခန့်နှင့် ပွင့်ဖတ်အထက်တွင် ရွဲလုံး (၂၅) လုံးခန့်ကို ထုဆစ်ထားပါသည်။ ပွင့်ဖတ်တချို့မှာ ပဲ့နေသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ် (၃၀) ခန့်ထဲတွင် နှစ်ထပ်ပွင့်ဖတ်တစ်ဖတ်ကိုလည်း ထူးခြားစွာ တွေ့ရှိရပါသည်။ ဤကျောက်ထီးတော်ဘုံဆင့်ကို $B_3$ ကျင်း၊ ကျင်းအနက်(၅၅)စင်တီမီတာခန့်တွင် တူးဖော်တွေ့ရှိရပါသည်။ ဤကျောက်ထီးတော်ဘုံဆင့်မှာ အနုစိတ်လက်ရာမြောက်လှသော ကျောက်ထီးတော် ဘုံဆင့်လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဤ ပုံ (၁၅) လက်ရာသည်လည်း သာသနိက အဆောက်အအုံအပေါ်မှ အစိတ်အပိုင်းတစ်ခုဖြစ်သော ကျောက်လုံးလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၅)တွင် ကျောက်လုံး၏ဘေးအမြင်နှင့် ကျောက်လုံးအထုကို အနက်ရောင်ပလိန်းဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်းကျောက်လုံးအမြင့် (၂၃) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် အထူ(၁၀)စင်တီမီတာခန့်ရှိပါသည်။ ကျောက်လုံးတွင် အလယ်တည့်တည့်၌ အပေါက်ပါရှိ၍ ကျောက်လုံး အလယ်အပေါက် အချင်း(၉)စင်တီမီတာခန့်ရှိပါသည်။ ဤကျောက်လုံးကို သဲကျောက်ဖြင့် ထုဆစ်ထားပါသည်။ ရှေးကျသော ရခိုင်ဒေသမှ စေတီတော်ငယ်တချို့တွင် ငှက်ပျောဖူးနေရာ၌ ကျောက်လုံးများကို တွေ့ရှိရပါသည်။ နောက်ပိုင်းမှသာ ကြာဆုံအထက်နေရာတွင် ကျောက်လုံးအစား ငှက်ပျောဖူးနှင့် ခရေသီးများကို အစားထိုးလာကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဤကျောက်လုံးမှာ စေတီတော် ကြာဆုံအထက်မှကျောက်လုံးဖြစ်မည်ဟု ခန့်မှန်းရယူဆရပါသည်။ ဤကျောက်လုံးကို $A_3$ ကျင်းအနက် (၆၅) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် DNWD -6 ညောင်ကုက္ကိုလ်ကုန်းမှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ လက်ရာများမှာ တစ်ခေတ်တည်းလက်ရာများမဟုတ်ကြဘဲ ဓညဝတီခေတ်မှသည် မြောက်ဦးခေတ်ထိ အဆက်ဆက်လက်ရာများကို တွေ့ရှိရသည်။ မြောက်ဦးခေတ်နောက်ပိုင်းလက်ရာတချို့ကိုလည်း တွေ့ရှိရပါသေးသည်။ ဤကဲ့သို့ ဓညဝတီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် DNWD-6 မှ တူးဖော် သုတေသနပြုလုပ်၍ ပေါ်ထွက်လာသော ရှေးဟောင်းအဆောက်အအုံလက်ရာများကို ရေရှည်တည်တံ့နိုင်ရေးအတွက် အမိုးအကာများပြုလုပ်ပေးခြင်း၊ ခြံစည်းရိုးများကာရံခြင်းနှင့် ကျောက်တုံးများ ဖရိုဖရဲမပြန့်ကျဲရအောင် သူနေရာနှင့်သူ ပြန်စီထားသင့်ပါကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။ သို့မှသာ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံလက်ရာများ နှောင်းခေတ်အဆက်ဆက် သမိုင်းသက်သေများကို ဖော်ပြနေမည်ပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရ ဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*
ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင် တူးဖော် သုတေသနပြုမှတ်စု
၂။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD-6 ၏တူးဖော်မှုအစီရင်ခံစာ
၃။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်DNWD-8၏ တူးဖော်မှု အစီရင်ခံစာ၊
၄။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD-9 ၏တူးဖော်မှုအစီရင်ခံစာ
၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) - ရခိုင်မဟာမြတ်မုနိဘုရားသမိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ပါရမီမရင့်သန်သူ ပုထုဇဉ်လူသားတို့အဖို့ ထိုကဲ့သို့ ဝိဇ္ဇာဇော်ဂျီထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့နှင့် မကြုံ တွေ့ရသော်လည်း လောကီဂန္ဓာရီပညာ တို့ကို လေ့လာ လိုက်စား ကျင့်ကြံသူ ပါရမီရှင်များမှာ တစ်ခါတစ်ရံ ထိုကဲ့သို့ ပုဂ္ဂိုလ်ကြီးတို့နှင့်ကြုံတွေ့ရလေ့ရှိပါသည်။

ဝိဇ္ဇာဇော်ဂျီထွက်ရပ်ပေါက်ပုဂ္ဂိုလ် ကြီးများ ပုဂံခေတ် ရှင်အဇ္ဇဂေါဏဆရာ တော်၊ ရက်ကန်းစင်တောင်ဆရာတော် ဦးသြဘာသ၊ ပထမံဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ပုပ္ပားဦးဝါယမ၊ ဦးဝါသ စသည့် ပုဂ္ဂိုလ်များ ထွက်ရပ်လမ်း ပြီးမြောက်ခဲ့ကြသည်။

ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်အဆက်ဆက်ကပင် လောကီဝိဇ္ဇာဂန္ဓာရီကျင့်စဉ်စခန်း ပြီး မြောက်ခဲ့ကြသည့် ပါရမီရှင်များရှိခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ရေးသား ဖော်ပြမည့် ဖြစ်ရပ်မှာလည်း ယုံချင်ယုံ၊ မယုံလျှင်လည်း ပုံပြင်တစ်ခုတော့ မဟုတ်ခဲ့ပါ။ ချောက်မြို့နယ် ပခန်းငယ်အုပ်စုအတွင်းရှိ ရှာငယ်ကန် (သို့) ယဉ်ငယ်ကန်ကျေးရွာတွင်နေထိုင်သူ ကိုဘုန်းစံ၏ ကိုယ်တွေ့ကြုံဖြစ်ရပ်ပင် ဖြစ်သည်။

လူနာမည်က ကိုဘုန်းစံဟု အမည်သညာ သတ်မှတ်ခေါ်ဝေါ်ကြသော်လည်း 'ပညတ်သွားရာ ဓာတ်သက်ပါ' စကားလို ဘုန်းမြင့်ကံမြင့် စည်းစိမ်ဥစ္စာပြည့်စုံကုံလုံတဲ့ဘဝမျိုးနှင့် နေထိုင်ခဲ့ရသူတော့ မဟုတ်ပါလေ။ ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်လာခဲ့သည့် တောင်သူလယ်သမား သာမန်ဆင်းရဲသားတစ်ဦးပင် ဖြစ်သည်။

တစ်ဖက်က တောင်သူလုပ်ငန်းလုပ်ကိုင်သလို လယ်ယာလုပ်ငန်းသိမ်းချိန် တစ်ဖန် ခေါက်ပြန်လှေထိုးသားလိုက်တဲ့အခါလည်း လိုက်လေ့ရှိသည်။ ရှေးက ယနေ့ကာလကဲ့သို့ စက်တပ်လှေ၊ သင်္ဘောတို့ များများစားစားမရှိသေးသောကာလအချိန်ဖြစ်၍ ကတ္တူလှေ၊ ပိန်းကောလှေ၊ မြေတော်လှေ စသည်လှေကြီးများနှင့် လေရွက်၊ ရေရွက်တို့ကို အသုံးပြုကာ ဧရာဝတီမြစ်အတွင်း ဆန်ချည်ဆန်ချည် ကုန်စည်ကူးသန်းသွားလာလေ့ရှိသည်။ လှေကြီးများအား ငွေကြေးပြည့်စုံသူ မျိုးရိုးစဉ်ဆက်လှေသူကြီးတို့က ပိုင်ဆိုင်ကြသည်။ လှေအကြီး၊ အငယ်ကိုလိုက်၍ လှေထိုးသား (၅) ယောက်၊ (၁၀) ယောက် ပါကြသည်။

သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ရာသီ ပွင့်လင်းရာသီ ယာလုပ်ငန်းတို့လည်း တချို့တစ်ဝက် သိမ်းဆည်းပြီးစီးချိန် အညာဒေသထွက်ကုန် ထန်းလျက်၊ ဆီးသီး၊ မန်ကျည်း၊ ချင်းတက်၊ နနွင်းတက်၊ သနပ်ခါးတုံးကအစ ကုန်တို့အား တင်ဆောင်ကာ မြောက်လေနှင့်အတူ စုန်ဆင်းလေ့ရှိသည်။ လှေတစ်ခေါက် 'အောက်သို့ စုန်ဆင်းလျှင် (၇)လ၊ (၈)လကြာတဲ့အခါကြာလေ့ရှိသည်။ ဝါဆို၊ ဝါခေါင်လရောက်ချိန် တောင်လေနှင့်အတူ ရွက်တိုက်ဆန်တက်လေ့ရှိသည်။

လှေသူကြီးနှင့် လှေထိုးသားတို့တွင် ယာလုပ်ငန်း လုပ်ကိုင် ထွန်ယက်စိုက်ပျိုးစရာရှိလျှင် အိမ်တွင်ကျန်ရစ်ခဲ့သည့် ဇနီး၊ သားသမီးတို့က ထွန်ယက်ကြလဲ့ထားကာ သိမ်းဆည်းချိန်အထိ ပြန်ရောက်မလာတဲ့အခါလည်း ကျန်ရစ်တဲ့မိသားစုကပင် သိမ်းဆည်းထားလေ့ရှိကြသည်။ ထိုခေတ်က လှေထိုးသားတစ်ယောက် ခေါက်ပြန်ကြေးငွေမှာ ငွေ (၃၅)ကျပ်နှင့် ဆန်သုံးတင်းဝင်ဆန်အိတ်သုံးအိတ် အပိုတင်ဆောင်ခွင့်ပေးသည်။

အောက်အရပ် စပါးပေါ်ချိန်သိမ်းပြီးသည့်စပါးများအား လှေသူကြီးလုပ်သူကိုယ်တိုင်ဝယ်ယူကာ ထိုနေရာမှာပင် ဆန်ဖွပ် မောင်းထောင်း ဆန်ဖြူသည်အထိအဆင့်ဆင့် လှေထိုးသားတို့နှင့်အတူ ဝိုင်းဝန်းမောင်းထောင်းဆန်ဖြစ်ကာမှ လှေပေါ်အပြည့်တင်ကာ အညာသို့ ဆန်တက်လေ့ရှိသည်။ (ထိုကာလ ယနေ့ကဲ့သို့ ဆန်စက်များမပေါ်သေး။ မောင်းနှင့်ထောင်းကာ ဆန်ဖွပ်ရသည့် အချိန် ဖြစ်သည်။)

ကိုဘုန်းစံလိုက်ခဲ့သည့် လှေကြီးမှာ ပခန်းငယ်မြို့ ကြေးနီချောင်းရပ်မှ ဦးညိုလှ၏လှေကြီး ဖြစ်သည်။ လှေကြီး၏ ပဲ့ပိုင်းတွင် ရက်ကန်းစင်ပါရှိကာ၊ ဦးခန်းပိုင်းတွင်လည်း ထင်းထားရန် တိုလီမိုလီအခန်းအကန့်တို့ သီးသန့်ပါရှိသည်။

ထိုလှေကြီးနှင့် အညာထွက်ကုန်တို့ တင်ဆောင်ကာ အောက်အရပ်သို့ စုန်ဆင်းလာခဲ့သည်။ လမ်းခရီးတစ်လျှောက် ချက်ပြုတ်စားသောက်ရန်ထင်းနှင့် လှေဆိုက်ကပ်ချိန် ငုတ်စိုက်ရန် ကြက်ဆူးအဖြစ် ဝါးသဲဝါး၊ ရွက်တိုင်ပြုလုပ်ရန် ဝါးပိုးဝါး စသည်တို့ ခုတ်ယူ တင်ဆောင်ရန် အကောက်တောင်ခြေသို့ လှေကပ်ကာ လှေထိုးသားများ ကိုယ့်တာဝန်နှင့်ကိုယ် ထင်း၊ ကြက်ဆူးဝါး၊ ရွက်တိုင်ဝါးခုတ်ယူကြရသည်။

ထိုအခေါက်ကလည်း ကိုဘုန်းစံ ရွက်တိုင်ဝါးခုတ်ရန် တာဝန်ကျသည်။ လှေကြီးမှာ တစ်ဖက်ရွက်တိုင်ဝါး (၃) လုံးစိုက်၍ နှစ်ဖက်ခြောက်လုံး ခုတ်ယူရမည် ဖြစ်သည်။

အကောက်တောင်ခြေ လှေဆိုက်တာနှင့်တစ်ပြိုင်နက် ကိုဘုန်းစံ သူ့တာဝန်ကျသည့် ရွက်တိုင်ဝါး ခုတ်ယူရန် ရေဘူး၊ ဆေးလိပ်၊ မီးခြစ်၊ ဓားမတို့အား ယူဆောင်ကာ အကောက်တောင်တောထဲသို့ တက်လာခဲ့သည်။ တောထဲဝင်ချိန်






www.burmeseclassic.com

www.burmeseclassic.com

တွင် အတက်၊အဆင်းကလည်းကောင်း လှေနှင့်လည်း သိပ်အလှမ်းမဝေးသည့် နေရာ ဘေးဘယ်၊ ညာတစ်လျှောက် မျက်စိတစ်လှမ်းမြင်နိုင်မည့် နေရာကို ရွေးချယ်ရသည်။

သစ်တောဝါးတောအလွန်နက်လှသဖြင့် ကျား၊ ကျားသစ် စတဲ့ တောရိုင်းတိရစ္ဆာန်တို့အန္တရာယ်တို့ကို အဝေးကပင် လှမ်းမြင်နိုင်မည့်နေရာအား ရွေးချယ်လိုက်ခြင်းပင်။ တစ်ဖက်က ချောက်လျှိုကလည်းအလွန်နက်လှသဖြင့် သတိလက်လွတ်ခြေချော်ကျသွားလျှင် ပြန်လမ်းမမြင်။ ဝါးရုံအတွင်း ဝါးခုတ်နေစဉ် လျှိုချောက်တောနက်ထဲမှ ကျားဟိန်းသံတို့ပင် တစ်ချက်ချက်ကြားနေရသည်။

ဝါးပိုးဝါးသုံးလုံးခုတ်ပြီးတဲ့အချိန်ရောကလည်းဆာလာပြီဖြစ်ရာ ရေဘူးထဲမှ ရေဂို တစ်ကျိုက်၊ နှစ်ကျိုက်ယူကာ မော့သောက်ပြီး ခံတွင်းကလည်းချဉ်လာတာနှင့် အိတ်ထောင်အတွင်း ဆေးလိပ်၊ မီးခြစ်တို့အားထုတ်ယူကာ ခဏအနားယူပြီး အင်ကြင်းကျောက်ပေါ် လဲမှို့အသာတင်ကာ နှစ်ချက်၊ သုံးချက်ဆင့်ခတ်ရင်းကပင် လက်က ဝါးပိုးဝါးခုတ်ရ၊ ဖျင်ရဆွဲရနှင့် လက်အံသေနေလို့လားမပြောတတ်။ မီးခတ်ရင်းနှင့်ပင် ကျောက်မှာ ချောက်အတွင်းသို့ လွင့်စဉ်ကျသွားတော့သည်။

အင်ကြင်းကျောက်က ချောက်လျှိုထဲကျသွားပြီး မီးခြစ်မရှိကာမှပင် ဆေးလိပ်သောက်ချင်တဲ့စိတ်က ပိုပြင်းပြလာသည်။ (ထိုအချိန်က ဓာတ်ဆီ၊ မီးခတ်ကျောက်တို့နှင့်ခြစ်သည်။ မီးခတ်တို့ မပေါ်သေး။ လဲမှို့၊ အင်ကြင်းကျောက်နှင့် မီးခြစ်တို့သုံးစွဲချိန် ဖြစ်သည်။)

ကိုဘုန်းစံလည်း စိတ်ပျက်လက်ပျက်ထိုင်ချကာ တွေးတောနေချိန် တစ်ဖက်လျှိုအတွင်းမှ ဝိဇ္ဇာမိုရ်ရက ကိုဘုန်းစံအား မြင်တွေ့ရလျှင် ရှေးဘဝပါရမီပဋ္ဌာန်းဆက်ကြောင့်ပဲထင်မိသည်။ ထိုသူအား အနီးအနားခေါ်ယူကာ တပည့်လက်သားအဖြစ် တောက်တိုမည်ရခိုင်းဖို့ တပည့်မွေးရလျှင် သင့်တော်ပေလိမ့်မည်။ အကယ်၍ ပါရမီရင့်သန်သူဖြစ်လို့ သူကဲ့သို့ ထွက်ရပ်လမ်းပေါက်ရောက်အောင်မြင်သူမဖြစ်နိုင်ဟု မည်သူမျှမပြောနိုင်။ ထိုသူ၏ ပုဗ္ဗေစက်အတိုင်းပေဟု အကြံဖြစ်ကာ ဝိဇ္ဇာမိုရ်ရက ကိုဘုန်းစံ နေထိုင်ရာဆီသို့လှမ်း၍အသံပြုရာ-

"ဗျို့ဆရာ၊ ဘာတွေများအကြံအိုက်မှိုင်နေတာလဲ။ ကျုပ်ဘာအကူအညီပေးရမှာလဲ"

ဟု လှမ်းမေးလိုက်သည်။

ကိုဘုန်းစံလည်း အသံလာရာ လျှိုချောက်အတွင်း ထင်းပုံအနီး မီးခိုးတလူလူနှင့် ဖိုဝင်ဖိုထိုးနေသည့် ဝိဇ္ဇာမိုရ်ရအားမြင်လျှင် -

"ဘာရယ်လို့ မဟုတ်ပါဘူး ကိုယ့်လူရာ။ ဆေးလိပ်သောက်ချင်ချင်ရှိတာနဲ့ မီးခြစ်လိုက်တာ အင်ကြင်းကျောက်ချောက်ထဲကျသွားလို့ ဆေးလိပ်မီးလိုက်ရှာနေတာ"

ဝိဇ္ဇာမိုရ်ရကလည်း -

"ဆေးလိပ်သောက်ချင်တာများလွယ်ပါတယ် ကိုယ့်လူရာ၊ ကျုပ်ဆီမှာမီးရှိပါတယ်"

"ခင်ဗျားမှာ မီးရှိနေတာ ကျုပ်လည်း မြင်နေရသားပဲ။ အဲဒီကို ကျုပ်က ဘယ်လိုလုပ်လာရမှာတုံး"

"ကိုယ့်လူဆင်းလာစရာမလိုပါဘူး။ ဆေးလိပ်သောက်ချင်ရင် မီးပေးလိုက်ပါမယ်"

ဟု ပြောရာ ကိုဘုန်းစံက နဂိုကပင် လူတစ်ဖက်သား အတော်အတန်ပြောဆိုသည့်စကားကို လက်တွေ့မဟုတ်လျှင် ဘာကိုမှအယုံအကြည်ရှိသူ မဟုတ်သဖြင့် စိတ်ထဲတွင် -

'အင်း - ဒီလူတော့ အခြောက်တိုက် လေလုံးထွားနေတာလား၊ လက်တွေ့လား' ဆိုတာကို တကယ်သိလို၍-

"ကဲ၊ ကဲ - ဒီလိုဆိုရင် ကျုပ်ကို မီးညှိပေးစမ်းပါဦး"

ဝိဇ္ဇာမိုရ်ရလည်း -

"ခင်ဗျားပါးစပ်မှာ ဆေးလိပ်သာအသာတပ်။ မျက်စိကိုခဏမှိတ်ထားပြီးရင် တဖြည်းဖြည်းချင်းဖွာလိုက်ဟုတ်ပြီလား"

ကိုဘုန်းစံလည်း နှစ်ရှိုက်၊ သုံးရှိုက်ဖွာလိုက်လျှင်ပင် ဆေးလိပ်မီးညှိပြီးသွားသည်။ ထိုအခါမှပင် စိတ်ထဲက အတော်သဘောကျကာ စိတ်ထဲကလည်းချီးကျူးမိလျက်သားဖြစ်ပြီး -

"ကိုယ့်လူပညာက ဘယ်ဆိုးလို့တုံး။ အဲဒီပညာမျိုး ကျုပ်ကို သင်ပေးလို့မရဘူးလား"

ဝိဇ္ဇာမိုရ်ရက -

"ရတာပေါ့၊ ဒီပညာမျိုးသင်ချင်ရင် ဒီတောင်အောက်လျှိုထဲကို ဆင်းခဲ့ပေါ့"

"ဟာ - ကျုပ်ဒီချောက်လျှိုထဲ ဘယ်ကဘယ်လိုဆင်းလာရမှာလဲ"

"ပညာကို တကယ်လိုချင်ရင် ဆင်းရဲရမှာပေါ့"

ကိုဘုန်းစံကလည်း -

"ဟာ - ဘယ်ဖြစ်မလဲဗျ။ ကျုပ်ချောက်ထဲခုန်ဆင်းရင် သေမှာပေါ့"

"ခင်ဗျားမသေစေရဘူး။ သေရင်ခင်ဗျားရဲ့ မိသားစုတွေအားလုံးကို ကျုပ်က တစ်သက်လုပ်ကိုင်ကျွေးမယ်။ ဘယ့်နှယ်လဲ၊ ဆင်းလာမယ်ဆိုရင် မျက်စိကလေးအသာမှိတ်ထားပြီး ရဲရဲသာခုန်ချလိုက်ပေတော့"

ကိုဘုန်းစံလည်း ဒီလောက်တောင်သူ့ဘက်က အာမခံချက်ပေးနေတော့ မထူးတော့။ လှေထိုးသားလိုက်ရတဲ့ဘဝကလည်း ဆင်းရဲလှသောကြောင့်-

"သေရင် မြေကြီး၊ ရှင်ရင်ရွှေထီး ကျုပ်ခုန်ချလိုက်ပြီဗျို့"

ကိုဘုန်းစံ ခုန်ချလိုက်စဉ်တွင် ဖက်ရွက်တစ်ရွက် ငှက်မွေးကဲ့သို့ ပေါ့ပါးကာ ဝါဂွမ်းပုံကြီးပေါ် ကျရောက်သွားသည့်အလား ဝိဇ္ဇာမိုရ်ရှိရာ လျှိုထဲသို့ ရောက်သွားလေတော့သည်။ မူးဝေတာ နာကျင်တာ အလျှင်းမရှိ။

ထိုအခါကျမှ ကိုဘုန်းစံက -

"ခင်ဗျားတော်တော်တော်တာပဲ။ ဘယ်လိုလုပ်လိုက်တာလဲ"

ဟု မေးလျှင် ဝိဇ္ဇာမိုရ်ရမှ -

"ဆရာ၊ ဒီကနေ မင်းကို ဆီးပွေ့လိုက်တာလေ"

ကိုဘုန်းစံလည်း ဒီလူက သူ့ကို ဆရာခေါ်မှ ကြိုက်တာကိုးဟုလည်း သဘောပေါက်သွားသည်။

ကိုဘုန်းစံလည်း စပ်စပ်စုစုနှင့် -

"ဆရာ့ပညာက တော်တော်စွမ်းတာပဲနော်"

ဝိဇ္ဇာမိုရ်ရက -

"ဒါလေးများ အပရိကအသေးအမွှားလေးရှိပါသေးတယ်။ ဒါထက်မကတဲ့နေရာတွေ ဘယ်နေရာသွားချင်လဲ လိုက်ပို့ပေးမယ်။ ဒါနဲ့ နာမည်ကိုလည်း ပြောထားဦး"

"ကျွန်တော့်နာမည်က ဘုန်းစံပါ။ အလုပ်အကိုင်က တောင်သူလည်းလုပ်ပါတယ်။ အခု ခေါက်ပြန်ကြေးနဲ့ လှေထိုးသားလိုက်လာတာ အခုလို ဆရာနဲ့ ကြုံတွေ့ရတာပါပဲ။ ဒါနဲ့ ဆရာရဲ့နာမည်ကော မသိရဘူးလား"

"သိရပါတယ်။ ဆရာ့နာမည်ကတော့ ထွက်ရပ်စခန်းလိုက်နေတဲ့ ဝိဇ္ဇာမိုရ်ရတစ်ဦးဆိုရင် ငါ့တပည့်အတွက် ... လောက်ပါတယ်။ ငါ့တပည့် ... ဆရာနဲ့ တစ်သက်လုံးအတူနေနိုင်မယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် မင်းအတွက် စားဖို့ နေဖို့ ဝတ်ဖို့ ဘာမှမပူပင်ရဘူး။ ဆရာက ဖိုဝင်ရင် ငါ့တပည့်က ဘေးကနေ မီးထိုးပေး၊ ဆောက်တိုမည်ရလုပ်ကိုင်ရင်း ဆရာ့ ပါရမီကို ဖြည့်ဆည်းပေးရမယ် နေနိုင်မလား"

"ကျွန်တော့်မှာက ဇနီးနဲ့ သမီးလေးတစ်ယောက်တာဝန်ကလည်းရှိနေပြီးသေးတယ်။ အခုလောလောဆယ်ကလည်း လေ့သူကြီးက ဝါးပိုးဝါးခုတ်ခိုင်းတဲ့တာဝန်နဲ့ ဝါးက ခြောက်လုံးခုတ်ရမှာ အခုမှ သုံးလုံးပဲရသေးတယ်"

"ဝါးခုတ်တဲ့ကိစ္စအတွက်နဲ့တော့ ပူပန်စရာမရှိ ပူမနေပါနဲ့။ မင်းဇနီးနဲ့ သမီးအတွက်လည်း ထမင်းမငတ်စေရပါဘူး။ ငါစောင့်ရှောက်ပေးထားမယ်။ ငါနဲ့သာ အတူနေနိုင်မယ်ဆိုရင် လေ့သူကြီးအခုတ်ခိုင်းလိုက်တဲ့ဝါးကိုလည်း ငါအခုချက်ချင်း သူ့နားအရောက် ပို့ပေးလိုက်မယ်။ ကဲ - မင်းမယုံရင်လည်း ကြည့်လိုက်စမ်း လေ့ဦးခန်းမှာ 'ကျွန်တော်ဘုန်းစံ တာဝန်ကျေပါပြီ' လို့ ဆိုတဲ့ စာတန်းနဲ့ အတူ ရွက်တိုင်ဝါးတွေပို့ထားတာမတွေ့ဘူးလား"

လေ့သူကြီးနှင့် လေ့ထိုးသားတို့သည်လည်းနှင့် ဝါးပိုးဝါးပုံအား တွေ့ရှိရလျှင် ဘုန်းစံတစ်ယောက် အကောက်တောင်တောထဲတွင် ဝါးခုတ်ရင်း ကျားကိုက်လို့ သေပြီဟု တထစ်ချမှတ်ယူကာရှိနေတော့သည်။

ကိုဘုန်းစံလည်း ဇနီး၊ သမီးတို့အား ခေတ္တမေ့ထားကာ ဝိဇ္ဇာမိုရ်ထဲတွင် ဧည့်ခံလေတော့သည်။

"ကဲ - ငါ့တပည့်၊ ဒီကနေ ဘယ်ကို သွားချင်သေးလဲပြော၊ ဆရာလိုက်ပို့မယ်"

"ဆရာရယ်၊ ရွှေစက်တော်နဲ့ မြတ်စွာဘုရားရှင်ရဲ့ခြေတော်ရာအစစ်ရှိတယ်ဆိုတာ ကြားဖူးတယ်။ တစ်ခေါက်မှ မရောက်ဘူးလို့ တစ်ခေါက်သွားချင်ပါတယ်"

ဆရာဖြစ်သူကလည်း -

"ရွှေစက်တော်ဘုရားကြီးသွားချင်တာများ လွယ်ပါတယ်။ ဘာဝေးတာလိုက်လို့။ ကဲကဲ - ငါ့တပည့်၊ ဆရာ့ရဲ့ခါးတောင်းမြီးလက်ကဆွဲ၊ မျက်စိကိုအသာမှိတ်ထား။ ရွှေစက်တော်ဘုရားကြီးကို အာရုံပြုလိုက်"

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာပင် ရွှေစက်တော်ဘုရားကြီးသို့ရောက်သွားသည်။

"ငါ့တပည့် အားရအောင်ဖူးပေတော့။ ဟောဒီ ခြေတော်ရာက မြတ်စွာဘုရားရှင်အား စန္ဒကူးနံ့သာကျောင်းတော်ရာကြီးကို အလှူခံဖို့ မဟာပုဏ္ဏရဟန္တာမထေရ်မြတ်က ဘုရားရှင်အား လျှောက်ထား တောင်းပန်တဲ့အချိန် ကောင်းကင်က ယာဉ်ပျံပြာသာဒ်နဲ့ သုပ္ပရန္တတိုင်းကို မြတ်စွာဘုရားရှင် ကောင်းကင်က ရဟန္တာလေးရာလေးဆယ့်ကိုးပါးနဲ့အတူ ကြွရောက်လာတဲ့အချိန် ဒီနမ္မဒါမြစ်ကိုစောင့်နေတဲ့ နမ္မဒါနဂါးမင်းက ဘုရားရှင်ကိုယ်စား ကိုးကွယ်ရာအဖြစ် ခြေတော်ရာတစ်ဆူ ချတော်မူပါရန် လျှောက်ထား တောင်းပန်တော်မူခဲ့လို့ အခု နမ္မဒါမြစ်ကမ်းနံဘေး ခြေတော် ရာကို အောက်စက်တော်ရာ အမည်တွင်ပြီး အရှေ့တောင်ဘက် တောင်ထိပ်ပေါ် ချထားတဲ့ခြေတော်ရာက လူဒ္ဒကမုဆိုးကြီးတစ်ဖြစ်လဲ သစ္စဗန္ဓရသေ့ကြီးတောင်းပန်လို့ချထားတဲ့ အထက်စက်တော်ရာတစ်ဆူနဲ့ နှစ်ဆူဖြစ်တယ်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိသလို အာရုံပြုဖူးမြော်ပေတော့။ ကျားသံ၊ဆင်သံ၊တောရိုင်းတိရစ္ဆာန်အသံတွေ ကြားရင်လည်း ဘာမှမကြောက်နဲ့၊ ဆရာအနားမှာရှိတယ်"

ဟု မှာထားကာ တပည့်ဖြစ်သူ ဘုရားဝတ်ပြုနေစဉ် ပျောက်ကွယ်သွားခဲ့သည်။

ဘုရားဝတ်ပြု ပုတီးစိပ်ပြီးခါနီးမှ ပင် ရောက်လာသည်။ ကိုဘုန်းစံလည်း နေကို မော့ကြည့်လျက်ရှိရာ ဆရာဖြစ်သူက -

"ဘာလဲ၊ ငါ့တပည့်က ထမင်းဆာနေပြီလား"

လို့ မေးကာ -

"အချိန်တန်တော့လည်း သူ့အလိုအလျောက်ဖြစ်လာပါလိမ့်မယ်။ နောက်ထပ်ဘယ်ကိုသွားချင်သေးလဲပြော၊ဆရာလိုက်ပို့ပေးမယ်"

"ပုပ္ပားပုပ္ပားနဲ့ နာမည်သာကြားဖူးတယ်။ တစ်ခေါက်မှလည်း မရောက်ဖြစ်ဘူး ဆရာ။ ပုပ္ပားတောင်ကို ဘုရားဖူးသွားချင်ပါသေးတယ်"

"ကဲ - ဒါဆိုရင်လည်း ရွှေစက်တော်သွားတုန်းကလို ဆရာရဲ့ခါးတောင်းမြီးကို လက်ကဆွဲ၊ မျက်စိအသာမှိတ်ထား၊ ပုပ္ပားတောင်ကို အာရုံပြုထား"

ဆရာ့စကားဆုံးတာနှင့် တောင်ပေါ် ရောက်နေနှင့်ပြီ။

"ကဲ - ပုပ္ပားတောင်ကိုလည်း ရောက်ပြီ။ ငါ့တပည့်ကို သေချာပြောထားရဦးမယ်။ ပုပ္ပားတောင်ဟာ အလွန်တရာထူးမြတ်တဲ့တောင်တော်ဖြစ်တယ်။ ဘုရားတစ်ဆူပွင့်တော်မူတိုင်း အ မည်တစ်မျိုးတစ်မျိုးပြောင်းလေ့ရှိတဲ့တောင်တော်ဖြစ်တယ်။ ဘုရားရှင် ဗျာဒိတ်တော်ရတဲ့ တောင်ထူးတောင်မြတ်ဖြစ်လို့ လောကီကျင့်စဉ်စခန်း ထွက်ရပ်လမ်းလိုက်စားလိုသူတိုင်း ဒီပုပ္ပားတောင်နဲ့ သထုံ နေမိန္ဒရတောင်နှစ်တောင်မှာ အနည်းဆုံး အဓိဋ္ဌာန်စခန်း (၇) ရက်မဝင်ဘဲ ထွက်ရပ်လမ်းပြီးမြောက်လေ့မရှိဘူး။ ဝိဇ္ဇာ၊ ဇော်ဂျီထွက်ရပ်လမ်းလိုက်ကြတဲ့ ပုဂ္ဂိုလ်အားလုံး ဆေးကျူးခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းပြုလုပ်ရာ အောင်မြေတောင်ဖြစ်တယ်။

ပုပ္ပားတောင်တစ်ဝိုက် ဆေးပင်၊ ဆေးမြစ်နဲ့ ဂမုန်းပေါင်း မြောက်မြားစွာပေါက်ရောက်ရာ တောင်သေလာဖြစ်တယ်။ ကဲကဲ - ငါ့တပည့်လည်း ထမင်းဆာရော့မယ်"

ဟု ဆိုကာ ကျောက်ဂူတစ်ခုတွင်းသို့ဝင်ရောက်ခဲ့သည်။ ကျောက်ဂူအတွင်းသို့ရောက်ရှိသည်နှင့် ကျောက်စားပွဲကြီးတစ်ခုနှင့်အတူ ပြင်ဆင်ထားသည့် နတ်သုဒ္ဓါတမျှ အနံ့၊ အရသာတို့နှင့် ပြည့်စုံလှသည့် စားတော်ပွဲများ၊ သစ်သီးယိုစုံတို့ကလည်း အချိုပွဲ၊ အချဉ်ပွဲ စုံလင်စွာ အရန်သင့် ပြင်ဆင်ထားလျက် တွေ့ရသည်။

ဘေးဝဲ၊ယာတို့တွင်လည်း လူမမီနတ်တမျှလှပသည့် ဝိဇ္ဇာတို့ဖန်ဆင်းထားသော သူယောင်မယ်လေးများကလည်း အချို့ ယပ်ခတ်ပေးသူ၊ လက်ဆေးခွက်၊ လက်သုတ်ပဝါ၊ သောက်ဖို့ ရေခပ်ပြီးသား အရန်သင့်ပြင်ဆင်ကာ ကိုဘုန်းစံတို့ ဆရာတပည့်နှစ်ဦးအား နားနေစားသောက်ချိန်တွင် လိုလေသေးမရှိ ပြုစုကြသည်။ ထိုအဖြစ်ပျက်တို့အား ကိုဘုန်းစံ မျက်မြင်ကိုယ်တွေ့ ကြုံရသည့်အခါ အိပ်မက်များပင် မက်နေသည့်အလား အောက်မေ့ကာ အိမ်တွင်ကျန်ရစ်ခဲ့သည့် ဇနီး၊ သမီးတို့အားလည်း သတိမရနိုင်တော့ချေ။

ပုပ္ပားတောင်ကနေ မဖ္ဖိမတိုင်း မြတ်စွာဘုရားရှင် ပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ဘုရားဖူး ဆရာတပည့်ရောက်ခဲ့ကြပြန်သည်။ ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်ရှိချိန်တွင် ဆရာဖြစ်သူက ကိုဘုန်းစံအား ထိုသို့ပြောပြလေသည်။

"ငါတို့ မြတ်စွာဘုရားရှင်က ပရိ



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်စံဝင်ခါနီးမှာ ညီတော်အာနန္ဒာကို ချစ်သားအာနန္ဒာ၊ သဒ္ဓါကြည်ညိုချင်တဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသားသည် ဖူးမြော်ထိုက်သော၊ သံဝေဂတရားကို ဖြစ်စေတတ်သောအရပ်လေးပါးရှိတယ်"

ဘယ်အရပ်တွေလဲဆိုရင် -

၁။ ဖွားတော်မူရာအရပ်

၂။ ဘုရားအဖြစ်ကိုရတော်မူရာအရပ်

၃။ တရားဦးဟောတော်မူရာအရပ်

၄။ ပရိနိဗ္ဗာန်စံတော်မူရာအရပ်

လို့ အဲဒီအရပ်လေးပါး ရောက်အောင်သွား ဖူးမြော်သံဝေဂယူတတ်ရင် ထိုအရပ်ကို သွားရင်းသွားရင်းလှည့်လည် ဖူးမြော်ရင်း လမ်းခရီးမှာ သေခဲ့ရင် တောင်မှ ကောင်းရာသုဂတိဘုံကိုလားရတယ်လို့ ဟောတော်မူခဲ့တယ်။

ငါ့တပည့်လည်း မြတ်စွာဘုရားရှင် ဖွားတော်မူရာအရပ်၊ဘုရားဖြစ်ရာအရပ်၊ တရားဦးဟောတော်မူရာအရပ်၊ ပရိနိဗ္ဗာန်စံဝင်တော်မူရာအရပ် အဲဒီအရပ်တွေ ဆရာလိုက်ပို့ပေးမယ်"

ဟု ဆိုကာ ဗုဒ္ဓဂယာမှ'ဘုရားရှင်ပွင့်တော်မူရာဒေသအားလုံးကို လှည့်လည် လိုက်လံပြသပေးကာ ဆရာတပည့်နှစ်ဦး အဓိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်းများ ပြုလုပ်ကာ ပြန်ခဲ့ကြသည်။

ကိုဘုန်းစံတို့ ဆရာတပည့်နှစ်ယောက် ဗုဒ္ဓဂယာမှအပြန်တွင် သထုံ နေမိန္ဒရတောင်တွင် အဓိဋ္ဌာန်ဝင်ကြသည်။ သထုံ နေမိန္ဒရတောင်မှ တစ်ဖန် တပည့်ဖြစ်သူအား စိတ်ပြေလက်ပျောက်ဖြစ်စေရန် ပင်လယ်ကမ်းစပ်ဘက်သို့ ထွက်လာခဲ့ကြသည်။ ပင်လယ်ကမ်းစပ်တွင် ဝိဇ္ဇာ၊ဇော်ဂျီတို့ တန်ခိုးကဒ္ဒိပါဒ်နှင့် သူယောင်မယ်တို့အား ဖန်ဆင်းကာ လောကီလူသားတို့ကဲ့သို့ လောကီအာရုံကာမဂုဏ်တို့အား ခုနစ်ရက်မျှ စံစား ပျော်ပါးကြလေသည်။ ထိုကဲ့သို့ စံစား ပျော်ပါးပြီးသည်နှင့် သူယောင်မယ်တို့မှာ ပင်လယ်ရေဒီလှိုင်း ရေလှိုင်းတို့နှင့်အတူ မျောပါကုန်တော့သည်။ ဆရာဖြစ်သူမှ သူယောင်မယ်တို့နှင့် ပျော်ပါးအပြီး ကိုဘုန်းစံအား -

"ကဲ - ငါ့တပည့်၊ အခုလိုနေရထိုင်ရတော့ အိမ်မှာကျန်ရစ်ခဲ့တဲ့ ဇနီးကို သတိရသေးရဲ့လား။ ဇနီးနဲ့ သူယောင်မယ်လေးတွေ ဘယ်သူက ပိုချော၊ ပိုလှသလဲ"

ဟု မေးလျှင် -

"ဒါကတော့ ဆရာရယ်၊ သူယောင်မယ်တွေက ပိုချောပြီး ပိုလှတာပေါ့။ ကျွန်တော့်မိန်းမ မငွေက အသားကမည်းရတဲ့အထဲ မျက်ခမ်းကစပ်ချင်သေးတယ်"

ဟု ပြန်ပြောလေသည်။ မငွေနှင့်သမီးလေးအား သတိမရနိုင်အားတော့ပေ။

ဆရာတပည့်နှစ်ယောက် ရွှေစက်တော်၊ ပုပ္ပားတောင်၊ ဗုဒ္ဓဂယာ၊ သထုံ နေမိန္ဒရတောင်တို့တွင် လှည့်လည်ဝင်ပြီးတာနှင့် ရန်ကုန် ရွှေတိဂုံဘုရားကြီးတွင်လည်း အဓိဋ္ဌာန်ဝင်လေသည်။

တစ်နေ့ ရန်ကုန် ရွှေတိဂုံဘုရားကြီးတွင် အဓိဋ္ဌာန်ဝင်နေစဉ် ဆရာဖြစ်သူ၏ အာရုံနိမိတ်တွင် မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ကိုဘုန်းစံအား ခေါ်ယူပြသခဲ့သည်။

အဖြစ်အပျက်မှာ ကိုဘုန်းစံ၏ ဇနီးဖြစ်သူ မငွေမှာ သမီးဖြစ်သူနှင့်အတူ ကိုဘုန်းစံ လွှေထိုးလိုက်သွားချိန် အိမ်မှနေ၍ မိုးဦးကျတာနှင့်တစ်ပြိုင်နက် ယာမြေတို့အား အငှားထွန်တို့နှင့် ထွန်ယက် စိုက်ပျိုး ကြလှဲထားကာ ပေါင်းသင်ချိန် ပေါင်းသင်၊ ကြားလိုက်ချိန် ကြားလိုက် မလစ်ဟင်းအောင် လုပ်ကိုင်နေခဲ့သည်။

ထိုနေ့ကလည်း မငွေမှာ ပေါင်းနုတ်ရင်း မြက်ထိုး၊ နွားစာရိတ်နေစဉ်တွင် မငွေ မြက်ရိတ်သည့်နေရာနှင့် တစ်ထွာအကွာနေရာ လက်မောင်းလုံးအရွယ်ရှိ မြွေပွေးကြီးက မငွေအား ပေါက်မည်ဟန်ပြင်နေချိန် ကိုဘုန်းစံ၏ ဆရာ ဝိဇ္ဇာမိုရ်ကြ အဓိဋ္ဌာန်ဝင်နေရာကနေ အမြင်အာရုံတွင် ရုတ်တရက်မြင်တွေ့လိုက်ရသဖြင့် မငွေအား မြွေကြီး မကိုက်ပေါက်မီ ဝင်ရောက် ဟန့်တားထားနိုင်ခဲ့သည်။ ထို့နောက် တပည့်ဖြစ်သူအား -

"ငါ့တပည့် ဘုန်းစံ၊ ရွာက မင်းမိန်းမ မငွေနဲ့ မင်းသမီးလေးကို သတိရသေးလား"

လို့ သွေးတိုးစမ်းသလို မေးလိုက်တယ်။

"ဘယ့်နှယ်ပြောပါလိမ့်ဆရာရယ်။ ကျွန်တော့်မိန်းမထက် ကျွန်တော့်သမီးလေးကို ပိုသတိရတယ်။ သူတို့နေထိုင်လို့ ကောင်းကြရဲ့လားမသိဘူး ဆရာရယ်"

ဟု စိုးရိမ်စိတ်ဝင် ညည်းညူပြောဆိုလျှင် -

ဝိဇ္ဇာမိုရ်ကြ -

"မင်းမိန်းမရော သမီးလေးပါ နေထိုင်ကောင်းကြပါတယ်။ အခုလေးတင်ပဲ. . ."

ဟု အစချီကာ အာရုံတွင်ပေါ်လာ
သော အဖြစ်အပျက်တို့ကို ပြောပြလိုက်
လေ၏။

"ကံကောင်းလို့ ဆရာကယ်ပေတ
သာပေါ့။ မိန်းမနဲ့ သမီးလေးသာ တစ်ခု
ဖြစ်ရင် ကျုပ်ရင်ကျိုးရမှာပဲ ဆရာရယ်"

"မင်းသမီးနဲ့ ဇနီးကို ငါစော
ရှောက်ထားတယ်။ ဘာမှမဖြစ်စေရဘူး"

သို့ဖြင့် နေထိုင်လာခဲ့ကြရာ ရ
ကို လစားကာ လပင်အတော်ကြာခဲ့
တပည့်ဖြစ်သူ ဘုန်းစံကတော့ လော
စည်းစိမ်ချမ်းသာကိုသာ မက်မော
လောဘသဏ္ဌာယမဖြတ်နိုင်။ ဆရာ
သူလို ဝိဇ္ဇာထွက်ရပ်လမ်းကို ပေါ
မြောက်အောင် ကျင့်ကြံအားထုတ်
စိတ်မကူး။ လောကီစည်းစိမ် ကာမ
ချမ်းသာကို စံစားနိုင်ဖို့ ဆရာဖြစ်သူ
ဓာတ်လုံးကြောင့်သာ မြေလျှိုးမိုးပ
သည်၊ ရွှေလိုလျှင် ရွှေ၊ ငွေလိုလျှင်
ဖန်တီးနိုင်သည်ဟု ယူဆကာ ဆရာ
သူ၏ ဓာတ်လုံးကို ခိုးယူထွက်ပြေ
ကြံစည်မိတာ အကြိမ်ကြိမ်ပင်ဖြစ်သ

တပည့်ဖြစ်သူ ဤသို့ကြံစည်
ကို ဆရာဖြစ်သူက မသိမဟုတ်
သည်။ သို့သော် တစ်နေ့ သူ့တ
စိတ်ပြောင်းလာနိုး အလိုလိုက် အ
ပေးကာထားခဲ့သော်လည်း ထင်
ဖြစ်မလာခဲ့။

"အင်း.- ဘုန်းစံ ဘုန်းစံ၊
ငါ စတွေ့စတုန်းက မင်းကို ငါ့လို
တစ်ယောက်ဖြစ်အောင် ကူညီဖို့
လာတာ။ ဒါပေမယ့် မင်းက လော
မပြတ်နိုင်တဲ့သူ။ ငါ့လိုစိတ်ထားမျိုး
ငါကဖိုဝင်၊ မင်းကမီးထိုး ဘယ်လော
ဟန်ကျလိုက်မလဲလို့"

ဟု တပည့်ဖြစ်သူအား ကြည့်
သက်ပြင်းကိုအခါခါချနေမိသည်။

ဘုန်းစံ၊ မင်းကို ငါစတွေ့ခဲ့
မင်းရဲ့ ကိုယ်ခန္ဓာနဲ့အတူ စားစား၊
သွား အတူစား၊ အတူလာခဲ့ကြတာ
အချိန် မင်းခန္ဓာကိုယ်က ဝါဂွမ်းသ
လို ပေါ့ပါးနေလို့ ငါ့အတွက် ဝန်
ဝန်ပိုးမဖြစ်ခဲ့ဘူး။ ခုနောက်ပိုင်း ငါ့
ရဲ့ ခန္ဓာဝန်က ငါ့အပေါ် ဝန်ထုပ်
အချိန်အရာအထောင်မက
ထက်တစ်နေ့ လေးလံလို့လာခဲ့
ဆရာနဲ့ တပည့် ရှေ့ဆက်နေထိုင်လို့
တော့။ ငါ့ရဲ့ပါရမီထွက်ရပ်လမ်းစဉ်
အတွက် မင်းနဲ့ ရှေ့ဆက် လက်တွဲ
လာ လို့မဖြစ်တော့ဘူး။ လမ်းခွဲ
တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုဘုန်းစံ အိပ်ရာမှနိုးလျှင် ဆရာဖြစ်သူက -

"ကဲ - ငါ့တပည့် ဘုန်းစံ၊ ဆရာနဲ့ ရှေ့ဆက်အတူနေလို့တော့ မဖြစ်တော့ဘူး။ ဆရာ့လို ဝိဇ္ဇာတစ်ယောက်ဖြစ်အောင် မစမကူညီမစောင့်ရှောက်နိုင်ခဲ့မယ့်လည်း ငါ့တပည့်တစ်သက် ဆင်းဆင်းရဲရဲနဲ့ လုပ်ကိုင်အသက်မမွေးရဘဲ ထိုင်စားသောက်နိုင်မယ့် ပညာကို ဆရာပေးလိုက်မယ်။ မင်းမိန်းမရှိတဲ့ရွာကိုပြန် လုပ်ကိုင်စားသောက်ပေတော့"

ဟု ဆိုကာ ရွှေတိဂုံဘုရားကုန်းတော်ကနေတွေ့ရှိခဲ့သည့်နေရာဖြစ်သော အကောက်တောင်ဖို့နေရာကတစ်ဆင့် (ယခု သေခဲလှမ္မလကုန်းတော်ဟောင်းနေရာတွင် ယခင် ဥနှဲပင်ကြီးတစ်ပင်ရှိသည် ဆိုပါသည်။) ဆရာဖြစ်သူက ထိုဥနှဲသား ကြိမ်လုံးအရွယ် ကိုင်းတစ်ကိုင်းအား ချိုးယူကာ တပည့်ဖြစ်သူအား ပေးၿပီး -

"ရော့ ငါ့တပည့်၊ ဒီဥနှဲကိုင်းကို သွားလေရာအရပ် ဆောင်သွား၊ အိပ်လည်းအတူတူ၊ စားလည်းအတူတူ ကိုယ်နဲ့မကွာရှိပါစေ။ လမ်းသွားလမ်းလာရင်လည်း မလှုပ်မယမ်းမိပါစေနဲ့။ မင်းတစ်သက်စားမကုန်တဲ့ ငွေပုံကြီးကိုလည်း တွေ့ပါလိမ့်မယ်။ ဒါပေမယ့် အဲဒီငွေပုံကြီး ငါ့တပည့် တစ်ခါတည်းမယူနဲ့။ လူနာတစ်ယောက်ဆေးကုရင် ဆန်တစ်ပြည်နဲ့ ငွေငါးကျပ်ပဲယူ ဆေးကုအား မင်းတစ်သက်၊ မိသားစုတစ်သက် ဆင်းမငတ်စေရဘူး။ ဆရာတစ်ဆူဖြစ်အောင် ကျော်ကြားလိမ့်မယ်။ ဒီကနေ ရွာကိုပြန်"

ဟု ဆိုကာ သေခဲလှကုန်းတော်ဆောင်းနေရာအထိ လိုက်ပို့ပေးသည်။

"နောင်နှစ်နောင်နှစ်တွေလည်း ဆရာကို တွေ့ချင်သပဆိုရင် တန်ဆောင်မုန်းလပြည့်ည ရွှေတိဂုံဘုရားကြီးတောင်ဘက်မုခ်ကို ရောက်အောင်လာခဲ့"

ဟု ဆိုကာ မှာကြား ပျောက်ကွယ်သွားသည်။

ထိုအချိန် ပခန်းငယ်မြို့ ကိုဘုန်းစံထိုက်သည့်လှေမှ လှေသူကြီးသမီးမှာ အပျိုဖော်ဝင်စအရွယ် မိန်းကလေးဝေဒနာကို သေလုမြောပါး ခံစားနေရသဖြင့် မိဘတို့က သမီးအား အိမ်တွင်းမှ အိမ်ပြင်မထွက်စေဘဲ ဆေးဆရာတို့အားခေါ်ကုသသော်လည်း သက်သာပျောက်ကင်းခဲ့ခြင်း အလျှင်းမရှိ။ လက်လျှော့ရမလိုဖြစ်နေခဲ့သည်။ တစ်နေ့ထက်တစ်နေ့ အခြေအနေက ဆိုးရွားလျက်ရှိသည်။

ကိုဘုန်းစံ သေခဲလှကုန်းဆီကနေ ပခန်းငယ်မြို့ဘက်ဖြတ်ဆင်းလာခဲ့သည်။ ကိုဘုန်းစံ ပခန်းငယ်မြို့ဆင်းအလာ ဆရာဝိဇ္ဇာဓိုရ်က လမ်းသွားစဉ် မလှုပ်မယမ်းမိစေရန် အတန်တန်မှာထားလျက်ကပင် လက်ကအငြိမ်မနေနိုင်ဘဲ ဥနှဲကိုင်းလေးကို လက်ကယမ်းကာယမ်းကာနှင့် ဆင်းလာခဲ့ရာ အခန်းတွင်း သော့ခတ်ထားသည့် လှေသူကြီးသမီးလည်း မနေနိုင်မထိုင်နိုင် မရပ်တည်နိုင်ဘဲ လူးလှိမ့်အော်ဟစ်ငိုယိုရင်းကနေ -

"အဖေတို့၊ အမေတို့ရယ် သေခဲလှကုန်းဆီက ဆရာဘုန်းစံကျွန်မဆီလာနေပါပြီ၊ သမီးကြောက်ပါပြီ။ အကျီ၊ လုံချည်တွေလည်း သမီးဝတ်ပါတော့မယ်။ သမီးကို အခန်းထဲ ပိတ်မထားပါနဲ့တော့"

ဟု ငိုယိုကာ အော်ဟစ်နေတော့သည်။

လှေသူကြီးကလည်း သမီးလေးအခုလို ဝေဒနာခံစားနေရတာ မကြည့်ရက် မမြင်ရက်။

"သေခဲလှကုန်းဆီက ဆရာဘုန်းစံလာနေပါပြီ လာနေပါပြီ"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ငါ့သမီးလေး ကံကောင်းတိုက်ဆိုင်လို့ ဆရာကောင်းသမားကောင်းနှင့်တွေ့လျှင်တော်တာပဲဟု သဘောပိုက်ကာ ဆရာဖြစ်သူအား လမ်းကနေဆီးကြိုနေခဲ့လေသည်။

ကိုဘုန်းစံအား ရွှေသာလျောင်း ရွှေသာမောင်းဘုရား စောင်းတန်းအနောက်ဘက်၌တွေ့ရလျှင် လှေသူကြီးလည်း အံ့အားသင့်ကာ -

"ဟာ - ဘုန်းစံ၊ မင်းတကယ်မသေဘူးနော်"

"ကျုပ် တကယ်မသေပါဘူး လှေသူကြီးရယ်"

"ကျုပ်သမီးလေးက စိတ်ဝေဒနာဖြစ်နေတာ။ ဆရာဘုန်းစံ လာပါပြီ၊ လာပါပြီနဲ့ အော်ဟစ်ငိုယိုနေလို့ ဆရာ့ကိုလာကြိုတာပါ။ ကျွန်တော့်သမီးလေးကို ဆေးလိုက်ကုပေးပါဦး"

ကိုဘုန်းစံကလည်း -

"ဘယ်ကလာ၊ဆရာတွေဘာတွေ လုပ်မနေပါနဲ့။ လှေသူကြီးနဲ့ ကျုပ်နဲ့က ဘာမှပြောစရာမှမလိုတာ လိုက်ကုပေးရမှာပေါ့"

လှေသူကြီးလည်း အံ့သြဝမ်းသာဖြစ်ကာ -

"ဒါနဲ့ ဆရာဘုန်းစံ တကယ်မသေပါဘူးနော်။ သရဲခြောက်နေတာတော့ မဟုတ်တန်ကောင်းပါဘူးလေ"

"ကျုပ် တကယ်မသေပါဘူး လှေသူကြီးရယ်။ကျုပ်အဖြစ်ကိုနောက်မှပြောပြတော့မယ်"

ဟု ဆို၍ လှေသူကြီးအိမ်သို့ တစ်ခါတည်းလိုက်သွားခဲ့သည်။

အိမ်သို့ရောက်လျှင် ဆရာဖြစ်သူအား အိမ်ဦးခန်းတွင် နေရာပေးကာ ခေတ္တခဏနားစေပြီး၊ သမီးဖြစ်သူအား ဆရာ့ရှေ့မှောက်ခေါ် ဆောင်စေခဲ့သည်။ ကိုဘုန်းစံလည်း လက်ထဲက ဥနှဲကိုင်းအား ယမ်းကာယမ်းကာနှင့် ပြုလုပ်၍ စစ်ဆေးမေးမြန်းလေသည်။ ထိုခဏမှာပင် လှေသူကြီးသမီးလည်း ရောဂါဝေဒနာတို့ ယူပစ်သလို ပျောက်ကင်းသက်သာသွားသဖြင့် လှေသူကြီးမိသားစုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရှိနေကြသည်။

"ဆရာဘုန်းစံ၊ ကျွန်တော့်သမီးလည်း နေထိုင်ကောင်းသွားပါပြီ။ ဆရာပေးတဲ့အသက်ပဲရှိပါတော့တယ်။ ဆရာလှေထိုးလိုက်တဲ့ ဆန်အိတ်လည်း အိမ်အရောက်ပို့ပြီးပါပြီ။ ဆေးဖိုးဝါးခအတွက်လည်း ဟောဒီက ကျုပ်သမီးကတစ်ဖက်၊ ငွေဒင်္ဂါးကတစ်ဖက် ချိန်စက်ပြီးယူပါတော့"

ဟုဆိုကာ သမီးတစ်ဖက်၊ ငွေဒင်္ဂါးတို့ကတစ်ဖက် ရာဇူချိန်ခွင်ပေါ် တင်စက်၍ ကန်တော့လေသည်။

ထိုအချိန် လှေသူကြီး၏ အိမ်ရှေ့ညောင်ပင်ထက်မှ ကိုဘုန်းစံ၏ ဆရာအသံနှင့် -

"ဘုန်းစံ၊ မင်းတစ်သက် စားလို့မကုန်တဲ့ ငွေပုံကြီးဆိုတာ အဲဒါပဲ။ မင်းတွေ့ပြီမဟုတ်လား။ ဒါပေမယ့် အဲဒီငွေတွေကို တစ်ခါတည်းမယူနဲ့။ လူနာတစ်ယောက်ကို ဆန်တစ်ပြည်နဲ့ ငွေငါးကျပ်ကိုပဲယူ။ မင်းတစ်သက်စားမကုန်ဘူး၊ မဆင်းရဲဘူး"

ဆိုသည်။ဆရာဖြစ်သူ၏စကားသံကို နားထဲက ပဲ့တင်ထပ်လျက် ကြားမိလျက်သားရှိနေသည်။

"လှေသူကြီးရယ်၊ လှေသူကြီးနဲ့ ကျုပ်နဲ့က ဘာမှထွေထွေထူးထူးပြောနေရမယ့်လူတွေမဟုတ်ဘဲ။ ငွေဒင်္ဂါးတွေလည်း မလိုချင်ပါဘူး။ ဆန်တစ်ပြည်နဲ့ ငွေငါးကျပ်သာ ကန်တော့ပါ။ ကျေနပ်ပါတယ်"

လှေသူကြီးက -




www.burmeseclassic.com

www.burmeseclassic.com

ဧရာမြေ-ကျော်ဝေ

# အမျိုးသမီးများအတွက်သိမှတ်ဖွယ်ရာဆေးနည်းအဖြာဖြာများ



အမျိုးသမီးများသည် ဓမ္မတာနှင့် ပတ်သက်ပြီး ဖြစ်ပေါ်တတ်သောရောဂါများမှာ -

၁။ အင်္ဂါဇာတ်ရောင်ရမ်းနာ
၂။ မီးယပ်ကွက်ရောဂါ
၃။ ခေါင်းကိုက်ရောဂါ
၄။ မေထုန်လွန်ရောဂါ
၅။ မိန်းမကိုယ်ယားနာရောဂါ
၆။ မျက်ရိုးကိုက်ရောဂါ

စသော ရောဂါများကို မဖြစ်သေးခင် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်လျှင်လည်း ကုသ၍ပျောက်ကင်းသော ဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ခံကတ်ခေါက်မှုန့် (၂၅) ကျပ်သား
၂။ သကြား (၂၅) ကျပ်သား
၃။ ဆားမီးဖုတ် (၅) ကျပ်သား
၄။ ငရုတ်ကောင်းမှုန့် (၁) မတ်သား

၎င်းတို့ကို ဆေးဖော်ပြီး တေဆေးအဖြစ်စားရန် ပြုလုပ်ပုံပြုလုပ်နည်း ဆေးညွှန်းမှာ -

၁။ ခံတက်ခေါက်မှုန့် (၂၅) ကျပ်သားကို ရေ (၁) ပိဿာ (၅၀) ကျပ်သားဖြင့် ပြုတ်ပါ။ ၎င်းကိုပြုတ်ပြီး သုံးပုံတစ်ပုံကျန်လျှင် သကြား (၂၅) ကျပ်သားထည့်မွှေပြီးညောင်စေးမကျတကျကျိုပါ။ ဆားမီးဖုတ် (၅) ကျပ်သားကို ညက်အောင်ကြိတ်ထည့်ပါ။ ငရုတ်ကောင်းမှုန့်(၁)မတ်သားကို ညက်အောင်ကြိတ်ထည့်ပါ။ ၎င်းဆေးအမည်များကို သမအောင်မွှေပြီး အအေးခံ၍ ပုလင်းထဲသို့ထည့်ပါ။ ဆေးစားသုံးရန်မှာ ဟင်းစားဇွန်းဖြင့် နံနက်တစ်ဇွန်း၊ ညတစ်ဇွန်း မှန်မှန်စားသုံးပေးလျှင် အထက်တွင်ဖော်ပြခဲ့သော အမျိုးသမီးများနှင့် ပတ်သက်သော ရောဂါဝေဒနာများ ပျောက်ကင်းပါသည်။ ၎င်းဆေးနည်းသည် ရှေးမြန်မာတိုင်းရင်းဆေးတစ်လက်ဖြစ်ပါသည်။

**ရာသီသွေးအတွက် ဆေးမခက်**

အမျိုးသမီးများ ရာသီသွေးနည်းနည်းစီလာပြီး တစ်လ၊ နှစ်လမရပ်ဘဲဆက်၍လာလျှင် အသုံးပြုရန် ဆေးနည်းမှာ မုရားကြီးရွက်လက်တစ်ဆုပ်ကို ရေစင်အောင်ဆေးပြီး သုံးခွက်တစ်ခွက်တင်အောင်ပြုတ်ပါ။ သကြားချိုရုံထည့်ပြီး တစ်ခါသောက်လျှင် လက်ဖက်ရည်ပန်းကန်တစ်လုံးခန့်သောက်ပါ။ တစ်နေ့သုံးကြိမ်သောက်ပေးရပါမည်။ နှစ်ရက်သုံးရက်အတွင်း ရပ်သွားပါလိမ့်မည်။

အမျိုးသမီးများ ရာသီသွေးသွန်ကျလာလျှင် သွေးလွန်သည်ဟု ခေါ်ပါသည်။ ၎င်းသွေးလွန်လျှင် ဆီးဖြူသီးအစိမ်းဖြစ်စေ၊အခြောက်ဖြစ်စေ လက်တစ်ဆုပ်စာကို ထုထောင်းပြီး ရေဖြင့် သုံးခွက်တစ်ခွက်တင်အောင်ပြုတ်ပါ။ ၎င်းပြုတ်ရည်ကို သကြားနှင့်ချိုရုံထည့်ပြီး လက်ဖက်ရည်ပန်းကန်လုံးဖြင့် တစ်နေ့ (၂) ကြိမ်ကျသောက်ပေးခြင်းဖြင့် သွေးလွန်ရောဂါပျောက်ကင်းပါသည်။

အမျိုးသမီးများ ရာသီသွေးလာချိန်တွင်မလာလျှင် သုံးစွဲရန် ဆေးနည်းမှာ ကြိတ်မှန်ရွက် သန့်စင်ပြီး (၁၀) သားပဲ့ငါးပါးကို ရေသုံးပုလင်းဖြင့်ပြုတ်ပါ။ ကြိတ်မှန်ရွက်ပြုတ်ရည် တစ်ပုလင်းကိုအရက်ဦးရည်ပုလင်းတစ်ဝက်နှင့်ရောစပ်ပြီး ပျားရည်ချိုရုံလောက်သာထည့်ရောပါ။ ၎င်းရောပြီးသားထဲသို့ ဇာတိပ္ပိုလ်သီးတစ်လုံးကို ထောင်းထည့်စိမ်ထားပြီးသောက်သုံးရန်မှာ တစ်နေ့လျှင် ဇွန်းကြီး (၂) ဇွန်း၊ နံနက် နေ့၊ ည တစ်ကြိမ်လျှင် (၂) ဇွန်းကျ သုံးကြိမ်သောက်ပေးပါ။ ရာသီသွေးပေါ်လာလိမ့်မည်။

---

"ဆန်တစ်ပြည်နဲ့ ငွေငါးကျပ်လည်း ကန်တော့ပါတယ်။ နောက်ထပ်ဆန်တစ်အိတ်ကိုလည်း အိမ်အရောက်လိုက်ပို့ပေးလိုက်ပါမယ်"

ဟု ဆိုကာ ဆန်အိတ်တစ်အိတ်လည်း လိုက်ပို့ပေးခဲ့သည်။

ကိုဘုန်းစံ ရွာသို့ရောက်ရှိချိန်တွင် ဇနီးဖြစ်သူ မငွေနှင့် သမီးဖြစ်သူ မထွေးမိသားစုတို့က အကောက်တောင်တောထဲ ကိုဘုန်းစံ ကျားဆွဲ၍သေပြီအထင်နှင့် ဆွမ်းသွတ်ပြီးလေပြီ။

ကိုဘုန်းစံလည်း ရွာငယ်ကန်ကျေးရွာတစ်ဝိုက် လှည့်လည် ဆေးကုသရင်းဆရာဖြစ်သူ ဝိဇ္ဇာမိုရ်ရဲ မှာထားခဲ့သည့် စကားအရ သူ့အားတွေ့လိုလျှင် နှစ်စဉ်တန်ဆောင်မုန်းလပြည့်ည ရွှေတိဂုံဘုရားကြီးတောင်ဘက်မုခ်တွင် လာတွေ့ရန် အမှာအထားရှိသဖြင့် တန်ဆောင်မုန်းလပြည့်ရက်မတိုင်မီကပင် ရွာမှ ရွှေတိဂုံတုန်းတော်သို့ သွားရောက် တွေ့ဆုံခဲ့သည်။

ပထမဦးဆုံးနှစ်တွင် ဆရာနှင့် လူချင်းတွေ့၍ စကားပြောဆိုရသေးသည်။ ဒုတိယနှစ်တွင် လူချင်းကား မတွေ့ရတော့ချေ။ အသံကိုသာ ကြားရသည်။ တတိယမြောက်နှစ်တွင် သွားရောက်တွေ့ဆုံရာ လူရောအသံရောပါမတွေ့ရ၊ မကြားရတော့ပေ။

ကိုဘုန်းစံလည်း ဆရာဖြစ်သူအား သုံးနှစ်ဆက်တိုက် သွားရောက်တွေ့ဆုံသော်လည်း လူချင်းမတွေ့ဆုံရသည့်နောက်ပိုင်း မတွေ့ဆုံဖြစ်တော့ပေ။ ရွာတွင် မိသားစုနှင့်အတူ ဆေးကုသရင်း အသက်ထက်ဆုံးတိုင် နေထိုင်သွားခဲ့သည်။

ကိုဘုန်းစံ၏ အဖြစ်အပျက်မှာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်နှင့် ကြုံတော့ကြုံရသည်။ ပါရမီမရင့်သန်သူ ဖြစ်၍ ထွက်ရပ်လမ်းကို ဆရာကဲ့သို့ မလှမ်းနိုင်ခဲ့။ ယခုရာဝါသ အိမ်ရာတည်ထောင် လူ့ဘောင်ဘဝ သံသရာတွေကမည်မျှရှည်၍နေလေဦးမည်ကို ခန့်မှန်းမည်သူ သိနိုင်ပါတော့နည်း။

**ဝန်ခံချက်** -

ဘကြီး ဦးကျော်ရင် ပြောပြသည့်အဖြစ်ပျက်အား အမည်မှန်၊ နေရပ်မှန်နှင့်ဝတ္ထုသဖွယ်ရေးသားထားခြင်း ဖြစ်ပါသည်။

နေအောင်လင်း (ဓလေ)



www.burmeseclassic.com

www.burmeseclassic.com

**အမျိုးသမီးများနို့ချောင်းပိတ်အဖုအကျိတ်ဆောဂါ**

ရေတွင်နှစ်ရှည်လများ အသုံးပြုထားသည့် အုန်းမှုတ်ခွက်မှ ကြေး (ဂျီး) များတက်နေသော အုန်းမှုတ်ခွက် ကြေး (ဂျီး) များကို သံပြားတစ်ခုဖြင့် ခြစ်ယူထားပါ။

ကန်စွန်းရွက်လက်တစ်ဆုပ်စာကို ချတ်ဆုံတွင် ထည့်ထောင်းပြီး အရည်ညှစ်ယူပါ။

၎င်းအုန်းမှုတ်ခွက်၏ ကြေး(ဂျီး)နှင့် ကန်စွန်းရွက်အရည်ကို အတူရော၍ အုံပေါ်သို့ အထက်မှ အောက်သို့ ဆွဲချ၍လိမ်းပေးပါ။ တစ်နေ့သုံးကြိမ်လိမ်းပေးရပါမည်။ လိမ်းပေးရမည့်အချိန်မှာ မနက်၊ နေ့၊ ည သုံးရက်တိတိ ဖြစ်ပါသည်။ မှန်မှန်လိမ်းပေးခြင်းဖြင့်သက်သာပျောက်ကင်းပါမည်။

**ရှားစောင်းလက်ပပ်ဆေး**

၁။ ရှားစောင်းလက်ပပ် အတွင်းအနှစ် (၂၅) ကျပ်သား
၂။ ထန်းလျက်ခဲ (၅) ကျပ်သား
၃။ ပျားရည် (၅) ကျပ်သား
၄။ မန်ကျည်းမှည့် (၅) ကျပ်သား
၅။ စမုန်မျိုးငါးပါး၊ တစ်ပါးလျှင် (၁)ပဲသားစီ စုစုပေါင်း (၅) ပဲသား

၎င်းဆေးအမည် (၃၀) ကျပ်သားနှင့် (၅) ပဲကို မတူမခြစ်အောင် မြေအိုးနှင့် ကျိုချက်ပြီး စားသုံးလျှင် မိန်းမများတွင်ဖြစ်တတ်သောရောဂါများ ပျောက်ကင်း၏။

ဖြစ်လေ့ဖြစ်ထရှိသောရောဂါများမှာ မီးယပ်ပိန်၊ မီးယပ်လွန်၊ မီးယပ်နည်းခြင်းအဖြူဆင်းခြင်း၊မစားချင်မသောက်ချင်ဖြစ်ခြင်း၊ ပိန်ကြုံခြင်း၊ မူးဝေအော့အန်ခြင်း၊ အစွဲပူးသကဲ့သို့ဖြစ်တတ်ခြင်း၊ သားအိမ်အားနည်းခြင်း၊ ကျန်းမာလျက်သန္ဓေမတည်ခြင်း၊ ကလေးမွေးဖွားပြီးနို့ရည်မထွက်ခြင်း၊ မိန်းမများနှင့်ပတ်သက်ပြီး ထွေထွေထူးထူး စသောရောဂါများကို ဤဆေးနည်းဖြင့် ပျောက်ကင်းပါသည်။ ၎င်းဆေးသည် အချိုးအစားအတိုင်း မှန်ကန်စွာ ဖော်စပ်ပြီး စားသုံးပါက အဖိုးတန်သော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။

မိခင်များ မီးဖွားပြီး (၄၅) ရက်ကျော်မှ ၎င်းဆေးကို စားရပါမည်။ ဆီး၊ ဝမ်း၊ လေ၊ အခိုးမှန်စေပြီး အဖိုးထိုက်တန်သော ညီမျှ၍ ဓာတ်သဘာဝကို ပြည့်ဝစေသည်။ ပိုသောဓာတ်ကို ယုတ်လျော့စေပါသည်။ မိန်းမများအတွက် အထူးသင့်လျော်သော ဆေးကောင်းတစ်လက်ဖြစ်သလို ယောကျ်ားများလည်း စားသုံးလျှင် သင့်လျော်ပါသည်။

**အမျိုးသမီးများ ဥတုရာသီမှန်စေရန်ဆေးနည်း**

ဤဆေးနည်းသည် အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသကဲ့သို့ ပျိုမေတို့အတွက် ငွေကုန်ကြေးကျသက်သာသော ဆေးနည်းကောင်း ဖြစ်ပါသည်။ ဆေးအမည်(၁၁)မျိုးကို ဖော်ပြပါမည်။

၁။ ကြိတ်မှန်ရွက်အခက်အလက်သန့်သန့် (၃၀) ခန့်
၂။ မြေပဲဆန် (၃) ကျပ်သား
၃။ နှမ်းလှော် (၁) ကျပ်သား
၄။ အုန်းသီးကြော် (၁) ကျပ်သား
၅။ ပဲမှုန့် (၁) ကျပ်သား
၆။ ကြက်သွန်နီဥကြီး (၂) လုံး
၇။ ဆီချက် (၂) ကျပ်ခွဲသား
၈။ ဆားအနည်းငယ်
၉။ ဟင်းခတ်မှုန့်အနည်းငယ်
၁၀။ သံပရာသီး (၁) လုံး
၁၁။ ပဲခြမ်းကြော် (၁) ကျပ်သား

**ပြုလုပ်ပုံပြုလုပ်နည်း**

ကြိတ်မှန်ရွက်ကို ရေသန့်သန့်နှင့် ပြုတ်ပါ။ ဆူလျှင်ချထားပြီး ဆယ်ယူ၍ ရေစစ်ပြီး အအေးခံထားပါ။ ကြက်သွန်ဥကြီး (၂) လုံးကို အခွံသင်ပြီး ပါးပါးလှီး၍ တစ်လုံးကို ဆီသတ်ပါ။ ပြီးလျှင် အထက်တွင် ဖော်ပြထားသော ဆေးအမည်များနှင့် ပါးပါးလှီး၍ထားသော ကြိတ်မှန်ရွက်များကိုရော၍ သမအောင်နယ်ပါ။ အပေါ့၊ အငန်၊ အချဉ် မိမိလိုသလိုထည့်ပြီးသုပ်ထားသော ကြိတ်မှန်ရွက်သုပ်တစ်ခွက်ကို တစ်လတစ်ကြိမ် မှန်မှန်သုပ်စားပေးခြင်းဖြင့် ရာသီဥတုမှန်ကန်လာပြီး မြန်မာ့ဆေနည်းတန်ခိုးဖြင့် အလှတိုးစေပါမည်။ ဆေးအမည်အရ စားသုံးရန်မှာ အချိုးအစားအလိုက် အမျိုးသမီးသုံးဦးသာလျှင် စားသုံးလို့ရပါမည်။

**အမျိုးသမီးများ မီးယပ်နှင့်ပတ်သက်ပြီး ကုန်းထိကရုန်းအသုံးဝင်ပုံဆေးတစ်နည်း**

ကုန်းထိကရုန်းပဥ္စင်းပါးကို အမှုန့်ပြုပြီး ပျားရည်နှင့်တေ၍စားပါက အမျိုးသမီးများတွင်ဖြစ်လေ့ရှိသောအောက်ပါရောဂါများကို အလွယ်တကူ ပျောက်ကင်းပါသည်။

မီးယပ်ကွက်ရောဂါ၊ မီးယပ်ခေါင်းကိုက်ရောဂါ၊ မီးယဝ်ချမ်းရောဂါ၊ မီးယပ်သွေးငုပ်ရောဂါ၊ မီးယပ်ဝမ်းကိုက်ရောဂါ တို့ ဖြစ်ပါသည်။

မိန်းမများ သားဖွားပြီး အင်္ဂါဇာတ်မတည့်သောရောဂါနှင့် နို့နာ၊ ပသိနာ၊ ပေါင်ခြံကွဲနာ၊ လည်ပင်းကွဲနာ၊ ဝဲနာ၊ယားနာအမျိုးမျိုးကို ကုန်းထိကရုန်းပဥ္စင်းပါး အမှုန့်ကြိတ်၍ ကန့်အနည်းငယ်နှင့်ဖျော်ပြီး လိမ်းပေးပါက ယားနာအမျိုးမျိုး ပျောက်ကင်းစေပါသည်။

အမျိုးသမီးများ ဆီးအောင့်၊ ဆီးပုပ်ရောဂါ၊ သွေးအန်သောရောဂါ၊ နှာခေါင်းသွေးလျှံသောရောဂါ၊ခန္ဓာကိုယ်တွင်း သွေးဥလေးများဖြစ်သောရောဂါ၊ အင်္ဂါဇာတ်ယားယံကိုက်ခဲသောရောဂါ၊ နာကျင်သောရောဂါ၊ ၎င်းရောဂါအမျိုးမျိုးကို ကုန်းထိကရုန်းပဥ္စင်းပါးကို ရေစင်အောင်ဆေးပြီး သကြားအနည်းငယ်ထည့်၍ကျိုသောက်ပါက ဖော်ပြထားသောရောဂါများ ပျောက်ကင်းပါသည်။

**အမျိုးသမီးများအတွက် ကိုယ်ရောင်ကိုယ်ပွရောဂါဆေးနည်း**

ကန်စွန်းရွက်နှင့် ပဲတီပင်ပေါက် နှစ်မျိုးကို အရည်ညှစ်ပြီး နံနက်၊ နေ့၊ ည တစ်နေ့လျှင် (၃) ကြိမ် လက်ဖက်ရည်ပန်းကန်တစ်လုံးခန့် သောက်သုံးပေးရပါမည်။ အညှော်အမျိုးမျိုးကိုလည်း ရှောင်ရန်အရေးကြီးပါသည်။ ထမင်းစားလျှင် ကန်စွန်းရွက်နှင့် ပဲတီပင်ပေါက်တို့ကို ကြော်ချက်၍ အမြဲစားသုံးပေးရပါမည်။ သိသာစွာ ရောဂါပျောက်ကင်းပါလိမ့်မည်။

**အမျိုးသမီးများအတွက် အဖောရောဂါဆေးတစ်နည်း**

၁။ တရုတ်စံကားပွင့် (၉) ပွင့်
၂။ ထန်းလျက် (၉) ခဲ
၃။ ရေသန့် (၅၀) သား

၎င်းအမည်(၃) မျိုးကိုရော၍ ကျိုပါ။ ဆူလာတာနှင့် ပူပူလေးသောက်ပါ။ (၃) ရက် သို့မဟုတ် (၅) ရက်သောက်ပါက ရောဂါပျောက်ကင်းပါသည်။

*အာရောဂျံ ပရမံ လာဘံ*

ရောမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေဝင်)ချောက်

# ရှောင်ကြဉ်ပယ်ခွာ သိမှတ်ဖွယ်ရာ

ကျွန်ုပ်တို့သည် လမ်းသွားစဉ် လမ်းကို ဖြတ်ကူးရာ၌ ဘယ်၊ ညာမှလာသော ကားများ၊ မော်တော်ဆိုင်ကယ်များကို ဂရုစိုက်၍ကူးကြ၏။ အကယ်၍ အကူးမတော်ပါက ၎င်းယာဉ်များသည် အန္တရာယ်ပေးနိုင်သောကြောင့် ဖြစ်ပါသည်။ အလုပ်ကိစ္စတစ်ခုတွင် ငါးစာကိုသာမြင်၍ ငါးများချိတ်ကိုမမြင်ဘဲ ကိုယ်လုပ်ချင်တာတစ်ခုတည်းကို မိုက်မိုက်ကန်းကန်းလုပ်မည်ဆိုပါက ထိုသူသည် မကောင်းကျိုးကိုသာ မလွဲမသွေတွေ့ရမည်ဖြစ်သည်။ သို့ပါ၍ ရှေးလူကြီးများက 'ညောင်သီးလည်းစား၊ လေးသံလည်းနားထောင်' ဟူ၍ သတိပေးခဲ့ကြပါသည်။

အင်္ဂဝိဇ္ဇာပညာနယ်၏အယူအဆအရ လူ သို့မဟုတ် နံတစ်ခု၌ 'ရန်' ဆိုသည်မှာရှိပါသည်။ ထို 'ရန်' ဆိုတာဘာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဘယ်ကိုရှာရမလဲ၊ ဘယ်ကိုရှောင်ရမလဲ စသည်တို့ကို ရေးသားသွားမည် ဖြစ်ပါသည်။

စာဖတ်သူတို့အတွက် ဤ 'ရန်' အကြောင်းမရေးသားမီ အောက်ဖော်ပြပါ 'ရန်' သုံးမျိုးကိုတော့ သိထားရန် လိုအပ် ပါသည်။

ဦးညို ခေမာ သုတ ဝေရီ ဆိုသည်မှာ 'အပြင်ရန်'

ဓမ္မာ သောက အင်းဝ ရာဇာ ဆိုသည်မှာ 'အတွင်းရန်'

ဦးဝေ စံကူး ရေဘူး တောသူ ဆိုသည်မှာ 'ဓာတ်ရန်'

စသည်တို့ ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ -

အပြင်ရန်ရှိလျှင် အပြင်စီးပွားရေးမကောင်း။ အတွင်းရန်ရှိလျှင် အိမ်ထောင်ရေး မသာယာ။ ဓာတ်ရန်ကြုံလျှင် ကျန်းမာရေးညံ့ဖျင်းမည် ဖြစ်ပါသည်။

ဦးညို (၁ + ၃) လက်ာအရ တနင်္ဂနွေသားသည် အင်္ဂါထောင့်၊ အင်္ဂါအလုပ်၊ အင်္ဂါသားနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းကို ဂရုစိုက်ရမည် ဖြစ်ပါသည်။ အလားတူ ပြောင်းပြန်အဖြစ် အင်္ဂါသားသည် တနင်္ဂနွေထောင့်၊ တနင်္ဂနွေအလုပ်၊ တနင်္ဂနွေသားနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများကို ဂရုစိုက်ရမည် ဖြစ်ပါသည်။ အပြင်ရန်ဖြစ်၍ စီးပွားရေးလုပ်ငန်းများ ထင်သလိုမဖြစ်တတ်ဟု ဆိုပါသည်။

ကျန်သော ခေမာ (၂+၅)၊ သုတ (၆+၀)၊ ဝေရီ (၈+၄) တို့သည်လည်း အပြန်အလှန်အားဖြင့် အပြင်ရန်များ ဖြစ် ကြပါသည်။

ထို့အတူ အတွင်းရန်ဖြစ်သော -

ဓမ္မာ (၀+၅) လက်ာအရ လည်းကောင်း -

သောက (၆+၂) လက်ာအရ လည်းကောင်း -

အင်းဝ (၁+၄) လက်ာအရ လည်းကောင်း -

ရာဇာ (၈+၃) လက်ာအရ လည်းကောင်း -

ယင်းတို့သည် ပရိယာယ်သဘောအရ အတွင်းရေး၊ အိမ်ထောင်ရေးကို ဖျက်ဆီးတတ်၏။ စာရေးသူအနေနှင့် စနေသားနှင့် ကြာသပတေးသမီး အိမ်ထောင်ပြု၍ အိမ်ထောင်ရေးမသာယာဟု မဆိုလိုပါ။ ၎င်းနေ့သား (၂) ဦး အိမ်ထောင်မပြုကောင်းဟု မဆိုလိုပါ။ စနေသားသမီးနေအိမ်တွင် ကြာသပတေးနံ တစ်ခုခုကြောင့် စနေသား၏အိမ်ထောင်ရေးမသာယာခြင်းကို ဆိုလိုပါသည်။ အလားတူပင် ကြာသပတေးသားသမီး၏နေအိမ်တွင် စနေနံတစ်ခုခုကြောင့် ကြာသပတေးသားသမီး အိမ်ထောင်ရေးမသာယာခြင်းကို ဆိုလိုပါသည်။

ကျန်သော သောက (၆+၂)၊ အင်းဝ (၁+၄)၊ ရာဇာ (၈+၃) လည်း ဤအယူအဆအတိုင်းပင် မှတ်ယူရပါမည်။

ဓာတ်ရန်တူသော သဘောမှာလည်း ဦးဝေ(၁+၄)အရ တနင်္ဂနွေသားသည် ဗုဒ္ဓဟူးနံတစ်ခုခုကြောင့် ကျန်းမာရေးမကောင်းသလို ဝေဦး (၄+၁) အရ ဗုဒ္ဓဟူးသားသမီးသည် တနင်္ဂနွေနံအစာအာဟာရကြောင့် ကျန်းမာရေးမကောင်းခြင်း ဖြစ်နိုင်ပါသည်။ စံကူး (၃+၂)၊ ရေဘူး (၈+၅)၊ တောသူ (၀+၆)တို့သည်လည်း ထိုသဘောအတိုင်းပင် ဖြစ်ပါသည်။

(တွင်း+ပြင်+ဓာတ်) မိတ်ဓာတ်သုံးပါး၊ ရန်ဓာတ်သုံးပါးတို့တွင် ဤဆောင်းပါး၌ ရန်သုံးပါးကို အဓိကထား၍ ဖော်ပြသွားမည် ဖြစ်ပါသည်။ အတွင်းရန်၊ အပြင်ရန် နှစ်ပါးအနက် တစ်ပါးပါးသည် သူနှင့်မတည့်သည့် သူနိုင်ရမည့်နံတစ်ခုကိုတွေ့လျှင် သူ၏သတ္တိကိုပြတော့၏။

၎င်းပြင် စာဖတ်သူသည် ရှုံ(၇)နေ့၏ (ကြီ+စကု)၊ (စကု+ကြီ) ကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

| သင်္ချာ | နေ့သား | ကြီ+စကု | စကု+ကြီ |
|---|---|---|---|
| ၁ | တနင်္ဂနွေ | ၃+၄ | ၄+၃ |
| ၂ | တနင်္လာ | ၄+၅ | ၅+၄ |
| ၃ | အင်္ဂါ | ၅+၆ | ၆+၅ |
| ၄ | ဗုဒ္ဓဟူး | ၆+၀ | ၀+၆ |
| ၅ | ကြာသပတေး | ၀+၁ | ၁+၀ |
| ၆ | သောကြာ | ၁+၂ | ၂+၁ |
| ၀ | စနေ | ၂+၃ | ၃+၂ |

နေ့စဉ်အားဖြင့် တနင်္ဂနွေနှင့် အင်္ဂါ၊ အင်္ဂါနှင့် တနင်္ဂနွေ၊ တနင်္ဂနွေနှင့် ဗုဒ္ဓဟူး၊ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေတို့သည် တွေ့တော့တွေ့နေကြပါသည်။ ပေါ့ပေါ့တန်တန်ပင် တွေ့နေကြပါ၏။

သို့သော် အင်္ဂဝိဇ္ဇာပညာရပ်အရ တသီးတခြား ထိထိခိုက်ခိုက် တွေ့ကြုံလေသောအခါ အဆိုပါ ၁နွေနှင့် ၃ဂါ၊ ၃ဂါနှင့် ၁နွေ၊ ၁နွေနှင့် ၄ဟူး၊ ၄ဟူးနှင့် ၁နွေတို့သည် အသက်ဝင်လာကြပြီး ပေါက်ကွဲရန် အသက်ဝင်တော့၏။

| | | |
|---|---|---|
| ဦး + ညို | | (၁+၃) |
| အသက်သွင်းသူ + အသက်ဝင်ခြင်း | | |
| ညို + ဦး | | (၃+၁) |
| အသက်သွင်းသူ + အသက်ဝင်ခြင်း | | |
| အင်း + ဝ | | (၁+၄) |
| အသက်သွင်းသူ + အသက်ဝင်ခြင်း | | |
| ဝ + အင်း | | (၄+၁) |
| အသက်သွင်းသူ + အသက်ဝင်ခြင်း | | |

အင်္ဂဝိဇ္ဇာပညာရပ်အရ 'ရန်'များကိုကြွစေဖို့ အသက်သွင်းသူ (စနက်တံ) သည် မည်သူနည်းဟူမူ -

◆ နံသားတစ်ခု၏ ကြီရန်းသည် အပြင်ရန်နှင့်ကြုံသောအခါ အပြင်ရန်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေ၏။

အဓိပ္ပာယ် - နေ့သားတစ်ဦး၏ တိုရန်းသစ်ပင်(သို့)ပစ္စည်းသည် ၎င်းနေ့သား၏ အပြင်ရန်ဖြစ်သော အရပ်တွင် မရှိရပါ။ ရှိခဲ့လျှင် ၎င်းနေ့သားနံ့အတွက် မကောင်း။ အပြင်စီးပွားရေးလုပ်ငန်း ပျက်ပြားစေ၏။

ရန်ဓာတ်တို့ မည်သည့်အခါတွေ့သည်ကို ရှာသော် -

**အပြင်ရန်**

တနင်္ဂနွေ၏တိုရန်း ဗုဒ္ဓဟူးနံ့သည် (တနင်္ဂနွေ၏ရန် ဗုဒ္ဓဟူးထောင့်မှာရှိပါက) **(ဦးညို)**။

တနင်္လာ၏ တိုရန်း ကြာသပတေးသည် (တနင်္လာ၏ရန် သောကြာထောင့်မှာရှိပါက) **(ခေမာ)**။

ဗုဒ္ဓဟူး၏ တိုရန်း သောကြာနံ့သည် (ဗုဒ္ဓဟူး၏ရန် တနင်္ဂနွေထောင့်ရှိပါက) **(ညိုဦး)**။

ကြာသပတေး၏ တိုရန်း ဗြကြာနံ့သည် (ကြာသပတေး၏ရန် ရာဟုထောင့်မှာရှိပါက) **(ထေရီ)**။

သောကြာ၏ တိုရန်း စနေသည် (သောကြာ၏ရန် တနင်္လာထောင့်တွင်ရှိပါက) **(မာခေ)**။

ဗြကြာနံ့၏ တိုရန်း တနင်္ဂနွေသည် (ဗြကြာ၏ရန် စနေထောင့်တွင်ရှိပါက) **(သုတာ)**။

စနေနံ့၏ တိုရန်း တနင်္လာသည် (စနေ၏ရန် ဗြကြာထောင့်တွင်ရှိပါက) **(တသု)**။

ရန်ဓာတ်တို့သည်တွေ့၍ သက်ဆိုင်ရာနံ့ကို ဆိုးကျိုးပေးတော့၏။

သာမန်လူတို့ နားလည်ရန် ထပ်မံရှင်းပြပါမည်။

- တနင်္ဂနွေသားအတွက် အရှေ့တောင်ထောင့်တွင် အင်္ဂါနံ့ပစ္စည်း၊ ဇွန်ပင်၊ စလဲပင် စသည်ရှိပါက တနင်္ဂနွေသားအတွက် စီးပွားမကောင်း။
- တနင်္လာသားအတွက် အနောက်အရပ်တွင် ကြာသပတေးနံ့ပစ္စည်း၊ ကြာသပတေးနံ့သစ်ပင် စသည်ရှိပါက တနင်္လာသားအတွက် မကောင်း။ (ဥပမာ ရှောက်ပင်)။
- အင်္ဂါသားအတွက် အရှေ့မြောက်အရပ်တွင် သောကြာနံ့ပစ္စည်း၊ သောကြာနံ့သစ်ပင် (ဥပမာ - မရန်းပင်)စသည်ရှိပါက အင်္ဂါသားအတွက် မကောင်း။
- ကြာသပတေးသားအတွက် အနောက်မြောက်အရပ်တွင် ဗြကြာနံ့ပစ္စည်း၊ ဗြကြာနံ့သစ်ပင် (ဥပမာ - သီးပင်၊ သံပုံ) ရှိပါက ကြာသပတေးသားအတွက် မကောင်း။
- သောကြာသားအတွက် အရှေ့အရပ်တွင် စနေနံ့ပစ္စည်း၊ စနေနံ့သစ်ပင်၊ (ဥပမာ ဒန်းပင်၊ ထိမ်ပင်)ရှိပါက သောကြာသားအတွက် မကောင်း။
- ဗြကြာသားအတွက် အနောက်တောင်အရပ်တွင် တနင်္ဂနွေနံ့ပစ္စည်း၊ တနင်္ဂနွေနံ့သစ်ပင် (ဥပမာ - အုန်းပင်)- စသည်ရှိပါက ဗြကြာသားအတွက် မကောင်း။
- စနေသားအတွက် မြောက်အရပ်တွင် တနင်္လာနံ့ပစ္စည်း၊ တနင်္လာနံ့သစ်ပင် (ဥပမာ ကံ့ကော်ပင်၊ ကြံပင်)ရှိပါက စနေသားအတွက် မကောင်း။

ရန်ကျသောအရပ်ဟုဆိုရာ၌ မိမိ၏အိမ်ဝိုင်းအတွင်းအရပ်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ပစ္စည်းဟုဆိုရာ၌လည်း ထင်ရှားသော၊ အဓိကရဖြစ်သော သစ်ပင်၊ ပစ္စည်း၊ သစ်ပုံ၊ သံပုံ၊ အုတ်ပုံ၊ စက်ပစ္စည်း၊ ရေတွင်း၊ ရေကန်တို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်ဇ္ဈပညာရပ်တွင် 'တိုရန်းအဝေးခြင်သို့ဟောက်' ဟု ဖွင့်ဆိုသည်။ ဥပမာ အရှေ့တောင်ထောင့်တွင် ဆီးပင်ရှိပြီး မိသားစုတွင် တနင်္ဂနွေသားသမီးရှိပါက အဆိုပါ တနင်္ဂနွေသားသမီးသည် စီးပွားရေးမကောင်းခြင်း၊ကျန်းမာရေးမကောင်းခြင်း စသည်တို့ဖြစ်နေပါလျှင် အဆိုပါ ဆီးပင်ကို ဖယ်ရှားရန် ဖြစ်ပါသည်။

**အတွင်းရန် (အနီးဆင်ဝွေ့) စတုရန်းခိုက်ပုံ**

နေ့သားတစ်ဦး (နံတစ်ပါး) ၏ အတွင်းရန်အရပ်တွင် ထိုနေ့သား (ထိုနံ၏) စတုရန်းနံ့ရှိပါက ထိုမူလနံ့ကို ပျက်စီးစေ၏။

တနင်္ဂနွေ၏ စတုရန်း ကြာသပတေးနံ့သည် (တနင်္ဂနွေ၏ အတွင်းရန် ကြာသပတေးထောင့်တွင်ရှိပါက) **(အင်းဝ)**။

တနင်္လာ၏ စတုရန်း သောကြာနံ့သည် (တနင်္လာ၏ အတွင်းရန် ဗြကြာထောင့်မှာရှိပါက) **(ကသော)**။

အင်္ဂါ၏ စတုရန်း ဗြကြာနံ့သည် (အင်္ဂါ၏ အတွင်းရန် ရာဟုထောင့်တွင်ရှိပါက)-**(ဇာရာ)**။

ကြာသပတေးနံ့၏ စတုရန်း စနေသည် (ကြာသပတေး၏ အတွင်းရန် တနင်္ဂနွေထောင့်တွင်ရှိပါက) **(ဝအင်း)**။

သောကြာနံ့၏ စတုရန်း တနင်္ဂနွေသည် (သောကြာ၏ အတွင်းရန် စနေထောင့်တွင်ရှိပါက) **(မွာဝ)**။

ဗြကြာနံ့၏ စတုရန်း တနင်္လာသည် (ဗြကြာနံ့၏ အတွင်းရန် တနင်္လာထောင့်တွင် ရှိပါက) **(သောက)**။

စနေနံ့၏ စတုရန်း အင်္ဂါသည် (စနေနံ့၏ အတွင်းရန် သောကြာထောင့်တွင်ရှိပါက) **(မမွာ)**။

ရန်ဓာတ်တို့သည် တွေ့၍ သက်ဆိုင်ရာနံ့ကို ဆိုးကျိုးပေးတော့၏။

သာမန်လူတို့ နားလည်ရန် ထပ်မံရှင်းပြပါမည်။

- တနင်္ဂနွေသားသမီးအတွက် တောင်အရပ်တွင် ကြာသပတေးနံ့ပစ္စည်း၊ ကြာသပတေးနံ့သစ်ပင် (ဥပမာ ရှောက်ပင်)၊ ရေကန် မရှိရပါ။ ရှိခဲ့လျှင် တနင်္ဂနွေသားသမီးအတွက် မကောင်း။
- တနင်္လာသားသမီးအတွက် မြောက်အရပ်တွင် သောကြာနံ့ပစ္စည်း၊ သောကြာနံ့သစ်ပင် (ဥပမာ ပျဉ်းမပင်) စသည် မရှိရပါ။
- အင်္ဂါသားသမီးအတွက် အနောက်မြောက်အရပ်တွင် ဗြကြာနံ့ပစ္စည်း၊ ဗြကြာနံ့သစ်ပင် (ဥပမာ သီးပင်၊ သံပုံ၊ သဲပုံ) စသည် မရှိရပါ။
- ကြာသပတေးသားသမီးအတွက် အရှေ့မြောက်အရပ်တွင် စနေနံ့ပစ္စည်း၊ စနေနံ့သစ်ပင် (ဥပမာ ဒန်းပင်၊ ထန်းပင်) မရှိရပါ။
- သောကြာသားသမီးအတွက် အနောက်တောင်ထောင့်အရပ်တွင် တနင်္ဂနွေနံ့ပစ္စည်း၊ တနင်္ဂနွေနံ့သစ်ပင် (ဥပမာ အုန်းပင်) အုတ်ပုံ မရှိရပါ။
- ဗြကြာသားသမီးများအတွက် အရှေ့ရပ်တွင် တနင်္လာနံ့ပစ္စည်း၊ ၂ လာနံ့သစ်ပင်မရှိရပါ။ (ဥပမာ ကုက္ကိုပင်၊ ကြံပင်)
- စနေသားသမီးအတွက် အနောက်အရပ်တွင် အင်္ဂါနံ့ပစ္စည်း၊ အင်္ဂါနံ့သစ်ပင် မရှိရပါ။ (ဥပမာ ဇွန်ပင်၊ ဇလပ်ပင်)

ဤကဲ့သို့ ကြုံကြိုက်နေပါက သက်ဆိုင်ရာနေ့သားအတွက် အိမ်တွင်းရေးမကောင်းခြင်း၊ အိမ်ထောင်ရေးမသာယာခြင်း၊ အိမ်ရှိလူများ မငြိမ်သက်ခြင်း၊ မိသားစုထဲမှလူများ မကြာခဏအိမ်ပေါ်မှဆင်းခြင်း စသည်တို့ဖြစ်တတ်ပါသည်။

သို့ပါ၍ အတွင်းရန်ကိုလည်း ရှောင်ကြဉ်ပယ်ခွာ သိမှတ်ရန် လိုအပ်ပါသည်။

အထူးသဖြင့် မိသားစုတစ်စုတွင် အဓိကအကြီးအကဲဖြစ်သူ မိခင်နှင့် ဖခင်တို့အတွက် အဓိကထား၍ ဖယ်ရှားရန်ဖြစ်သည်။ ထို့ပြင် ငယ်သူများ ပြောမရဆိုမရဖြစ်နေပါကလည်း အဆိုပါ ငယ်သူ၏ နံ့အရ 'ရန်' ကို ဖယ်ရှားရန် အကြံပြုပါသည်။

ရန်သုံးပါးအနက် ကျန်ရှိသော ဓာတ်ရန်ကို ဖော်ပြပါမည်။

www.burmeseclassic.com


**ဦးဝေ စံကူး ရေဘူး တောသူ** ဟူသော ဓာတ်ရန်တည့်သည်ဖြင့်မဟုတ်ဘဲ **အဋ္ဌော - ဂဗ္ဘော - စရေ - ဝံသေ** ကို ဖျက်ဆီးသော 'ရန်' ကို ဖော်ပြပါမည်။

| | | | | |
|---|---|---|---|---|
| ဓာတ်ဖိတ် | အဋ္ဌော | ဂဗ္ဘော | စရေ | ဝံသေ |
| | (၁+ဝ) | (၂+၅) | (၃+၈) | (၄+၆) |

ကျန်းမာရေးအတွက် ဓာတ်တွဲဖြစ်ပါသည်။

တနင်္ဂနွေသားသမီး ကျန်းမာရေးကောင်းစေရန် စနေထောင့်တွင် ဓာတ်ပြု သို့မဟုတ် စနေကို မီှခိုအပြန်အလှန်အားဖြင့် စနေသားသမီးသည် ကျန်းမာရေးကောင်းရန် ၁နွေထောင့်မှာ ဓာတ်ပြု၊ ၁နွေကို မီှခို။ ကျန်ဓာတ်တွဲများကိုလည်း ဤကဲ့သို့ မှတ်ယူရန် ဖြစ်ပါသည်။

ပညာနယ်အရ အဋ္ဌလက်ခွင်ကို လေ့လာပါက နံသားတစ်ဦးဦးသည် ကျန်းမာရေးအလို့ငှာ မိမိ၏နံနှင့် သမသတ်ထောင့် (မျက်နှာချင်းဆိုင်ရာအရပ်)သည် ဓာတ်ကျ၏။ ဓာတ်မည်၏။




**အဋ္ဌလက်ခွင်**

**ရန်ကိုဓာတ်ဆင့်သောရန်ဓာတ်**

နံတစ်ပါး၏ ဓာတ်မိတ်ဟူသော ထောင့်တွင် အပြင်ရန် ဟူသော ရန်နံတစ်ခုခုရှိနေပါလျှင် အဆိုပါနံက သက်ဆိုင်ရာနံကို အန္တရာယ်ဖြစ်စေတော့၏။

ပုံစံဖြင့် ဖော်ပြပါမည်။

- ၁နွေနံအတွက် (ဦးညို) ၃ဂါနံပစ္စည်းသည် စနေထောင့်တွင်ရှိခြင်း (အဋ္ဌော)
- ၂လ်ာနံအတွက် (ခေမာ) ၅တေးနံပစ္စည်းသည် ၅တေးထောင့်တွင်ရှိခြင်း (ဂဗ္ဘော)
- ၃ဂါနံအတွက် (ဦးညို) ၁နွေပစ္စည်းသည် ၈ရာဟုထောင့်တွင် ရှိခြင်း (စရေ)
- ၄ဟူးနံအတွက် (ဝေရီ) ၈ရာဟုနံပစ္စည်းသည် ၆ကြာထောင့်တွင်ရှိခြင်း (ဝံသေ)
- ၅တေးနံအတွက် (ခေမာ) ၂လ်ာနံပစ္စည်းသည် ၂လ်ာထောင့်တွင် ရှိခြင်း (ဂဗ္ဘော)
- ၆ကြာနံအတွက် (သုတ) စနေနံပစ္စည်းသည် ၄ဟူးထောင့်တွင်ရှိခြင်း (ဝံသေ)
- စနေနံအတွက် (သုတ) သောကြာနံပစ္စည်းသည် ၁နွေထောင့်တွင်ရှိခြင်း (အဋ္ဌော)
- စရာဟုနံအတွက် (ဝေရီ) ၄ဟူးနံပစ္စည်းသည် ၃ဂါနံထောင့်တွင်ရှိခြင်း (စရေ)

ဤသို့ဖြင့် ဓာတ်မိတ်ထောင့်တွင် 'အပြင်ရန်ပစ္စည်း' ရှိပါက မူလနံကို ထိခိုက်တဲ့ ပြဆိုထားပါသည်။ ကျမ်းရင်းတွင် အောက်ပါအတိုင်း ယှဉ်တွဲဖော်ပြထားပါသည်။

၁နွေနံအတွက် (၃+ဝ) စွယ်တော်သည် ခိုက်၏။

၂လ်ာနံအတွက် (၅+၅) ပျဉ်းမသည် ခိုက်၏။

၃ဂါနံအတွက် (၁+၈)ဥသျှစ်သည် ခိုက်၏။

၄ဟူးနံအတွက် (၈+၆)ရေကသစ်သည် ခိုက်၏။

၅တေးနံအတွက် (၂+၂) ကုက္ကိုသည် ခိုက်၏။

၆ကြာနံအတွက် (ဝ+၄) ထင်းရှူးသည် ခိုက်၏။

ဝ စနေနံအတွက် (၆+၁) သင်အူသည် ခိုက်၏။

စရာဟုနံအတွက် (၄+၃) လေးဥနှင်းသည် ခိုက်၏။

သို့သော် -

- ရာဟုသားသမီး လက်စွပ် (၄+၃) မဝတ်ရဟု မဆိုလိုပါ။
- ၂လ်ာသားသမီး မျက်မှန် (၅+၅) မတပ်ရဟု မဆိုလိုပါ။
- ၆ကြာသားသမီးသည် နာရီ (ဝ+၄) မဝတ်ရဟု မဆိုလိုပါ။

စာရေးသူ ရန်ကုန် - မန္တလေး အမြန်လမ်းခင်းစဉ်က တပ်ကြပ်ကြီးတစ်ယောက်ကို တွေ့ဖူးပါသည်။ ၎င်းအား ဗေဒင်ဆရာက ဗုဒ္ဓဟူးသားဖြစ်၍ ဆင်ကြယ်ဖိနပ်မစီးရဟု ဟောခဲ့သည့်အတွက် ဆင်ကြယ်ဖိနပ် လုံးဝမစီးပါ။ စာရေးသူမှ လောကတွင် ပကတိနှင့် ဝိကတိဟု (၂) မျိုးရှိရာ ဆင်ကြယ်ဖိနပ်မည်သည် လူအများ သုံးစွဲနေကြသည် ဖြစ်၍ ပကတိသဘော ဖြစ်ပါသည်။ သို့သော် ဗုဒ္ဓဟူးသားတစ်ယောက်အနေဖြင့် ဆင်ရုပ်ရေး၍ ဖနောင့်နှင့်မပေါက်သင့်ပါ။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် ဝိကတိသဘောဖြစ်၍ မလုပ်ကောင်း... ဟု ရှင်းလင်းပြသော်လည်း မူလဗေဒင်ဆရာပြောသော ဆင်ကြယ်ဖိနပ်မစီး... ဆိုသည်ကိုသာ တစ်ယူသန်စွဲနေ... သည်။ သို့ပါ၍ စာရေးသူမှ ၎င်းအား... ဗုဒ္ဓဟူးသားဖြစ်၍ ရေကို ခြေမဆေး... နှင့်ဟုပြောတော့မှ ၎င်းဆင်ကြယ်ဖိနပ်... မစီးသောအစွဲကို ပြေစေပါသည်။ မူ... ဟောသော ဗေဒင်ဆရာသည် ပကတိ... နှင့်ဝိကတိကို သဘောမပေါက်ဟု ယူ... ရပါသည်။

ရန်ကိုဓာတ်ဆင့်သော ရန်ဓာတ်... ကို လူသာမန်တို့ နားလည်ရန် ထပ်... ရှင်းပြပါဦးမည်။

- ၁နွေသားအတွက် အနောက်... တောင်ထောင့်တွင် ၃ဂါနံပစ္စည်း... ၃ဂါနံသစ်ပင် မရှိရပါ။ (ဥပမာ... ဖွှန်ပင်၊ ဆီးပင်)
- ၂လ်ာသားအတွက် အနောက်... အရပ်တွင် ၅တေးနံပစ္စည်း၊ ၅တေး... နံသစ်ပင် မရှိရပါ။ (ဥပမာ ပျဉ်း... ပင်၊ ပေါက်ပန်းဖြူပင်)
- ၃ဂါသားအတွက် အနောက်မြောက်... အရပ်တွင် ၁နွေနံပစ္စည်း၊ ၁နွေ... သစ်ပင် မရှိရပါ။ (ဥပမာ အုန်း... ဥန္နဲပင်)
- ၄ဟူးသားအတွက် မြောက်အ... တွင် ရာဟုနံပစ္စည်း၊ ရာဟုနံ... ပင် မရှိရ။ (ဥပမာ ရေကသစ်ပ...)
- ၅တေးသားအတွက် အရှေ့အ... တွင် ၂လ်ာနံပစ္စည်း၊ ၂လ်ာနံသစ်... မရှိရပါ။ (ဥပမာ ကုက္ကိုပင်)
- ၆ကြာသားအတွက် တောင်အ... တွင် စနေနံပစ္စည်း၊ စနေနံသစ်... မရှိရပါ။ (ဥပမာ ဒန်းပင်)
- စနေသားအတွက် အရှေ့မြော... ထောင့်တွင် ၆ကြာနံပစ္စည်း၊ ၆ကြာ... နံသစ်ပင်မရှိရပါ။ (ဥပမာ သီး... သံပုံ)
- ရာဟုသားအတွက် အရှေ့တော... ထောင့်တွင် ၄ဟူးနံပစ္စည်း၊ ၄ဟူး... သစ်ပင်မရှိရ။ (ဥပမာ ရှောက်...)

သို့ပါ၍ စာဖတ်သူများအနေ... မိမိတို့နေအိမ်ခြံဝင်းအတွင်း သက်... ရာထောင့်များတွင် အဆိုပါ ဓာတ်... များကို အထူးဂရုစိုက်ကြည့်ရှု၍ ဖယ်... နိုင်စေရန် ရှောင်ကြဉ်ပယ်ခွာ သိ... ဖွယ်ရာ ရေးသား တင်ပြအပ်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်)...



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားမှု / ထူးမြားသူ

လိုသူများ သုံးစေဖို့

# ဓာတ်ရိုက်-ဓာတ်ဆင်ပြုလိုလျှင်

မုဒိတာ(ကျိုက်လတ်)



ရှေးအစဉ်အဆက်မှစ၍ ယနေ့ ...ထိတိုင် မတိမ်ကော မပျောက်ပျက် ...သော မြန်မာ့ပညာရပ်တစ်ခုရှိခဲ့ ...။ ထိုပညာရပ်သည်ကား ဗေဒင် ...ရပ် ဖြစ်ပေသည်။ ထိုအဖိုးတန် ...ရပ်သည် ရှေးခေတ်မှစ၍ ယနေ့ ... ဆက်လက် ရှင်သန်လျက်ရှိသည်။ ...အစဉ်အဆက်အထိ ဆက်လက်ရှိ ...သည်မှာ သေချာပေသည်။ 'ကိစ္စမြား ... လူတို့ဘောင်ဝယ်' ဟူသော ... လူသားတိုင်း အနည်းနှင့် အများ ...င်လွှဲမရ ကြုံဆုံတွေ့ရမည့်ကိစ္စရပ် ... ဖြစ်ပေသည်။

လူတွင် အရေးသုံးပါးရှိသည့် ...တ် စားဝတ်နေရေးနှင့် ပတ်သက် ... အကြောင်းခြင်းရာများ၌ ကျန်းမာ ...ညာရေး၊ စီးပွားရေး၊ အိမ်ထောင် ... နေထိုင်ရေး စသည့်လူ့ဘဝအတွင်း ...ကြုံရမည့် လူမှုကိစ္စအဝဝပြုလုပ်ကြ ...။ ၎င်းကိစ္စများနှင့် ပတ်သက်၍ ...င်ပညာသည် ပါဝင်နေသည်။ မွေး ...သည်မှအစ ရက်ချုပ်ဇာတာ၊ အမည် ...ပေး၊ ပညာရေးကိစ္စများ၊ မင်္ဂလာ ...များအိမ်ဆောက်၊ကျောင်းဆောက်၊ ...မာရေးကိစ္စများမကျန် စီးပွားရေး ...င်န်းဆောင်တာများအဆုံး ဗေဒင် ...ာတို အသုံးပြုလာကြသည်။

ဗေဒင်ပညာရှင်အများကလည်း ...သော ပုဂ္ဂိုလ်များ၏ လိုအပ်သော ...အညီများကို မိမိတို့အပတ်တကုတ် ... အားထုတ် သင်ကြားတတ် ...တ်လာခဲ့သော ဗေဒင်နည်းအမျိုး ...အထဲမှ ကောင်းမွန် အောင်မြင် ...ောက်မည့် ဗေဒင်ပညာတွင် မပါ ...သော ဓာတ်ဆင်ဓာတ်ရိုက်ယတြာ ...ဖြင့် တွက်ချက်စစ်ဆေး အကူအညီ ...ခဲ့လေသည်။

ထိုသို့သော ဗေဒင်ပညာရှင်များ ...သော ပညာရပ်များသည် ရှေးအစဉ် ...ဆက်က ရဟန်းပညာရှိ၊ လူပုဂ္ဂိုလ် ...ာရှိများက ရှာဖွေစုဆောင်းလေ့လာ ... ဖြစ်မြောက်ခဲ့သောပညာများ ဖြစ် ...။ ယခုခေတ်တွင် ဗေဒင်မေးလာ ...ာ ပုဂ္ဂိုလ်များက မိမိတို့အခက်အခဲ ...ကို လာရောက်တင်ပြပြီး အကူအညီ တောင်းသည့်အခါ ဗေဒင်ပညာရှင်များက ဆောင်ရွက်လုပ်ကိုင်စရာများကို ညွှန်ကြား ပြောပြ ကူညီပေးကြသည်။

ဓာတ်ဆင်ဓာတ်ရိုက်ယတြာများ ပြုလုပ်သည့်အခါ ကာယကံရှင်များက ဗေဒင်ပညာရှင်ဆရာများညွှန်ကြားသည့်အတိုင်း အချိန်နာရီ၊ နေ့မှအစ တိတိကျကျ ပြုလုပ်ကြသူများရှိကြသလို၊ အလေးဂရုမပြုဘဲ ပေါ့ပေါ့ဆဆ ပြုလုပ်ကြသူများလည်းရှိကြပေသည်။

ပြုလုပ်ရသော မိမိတို့ကိစ္စ မဖြစ်မအောင်မြင်လာသည့်အခါ အပြစ်ဖို့လာတတ်၏။ မိမိတို့ဘက်က ချို့ယွင်းချက်များကို မသိတော့ပေ။ ဗေဒင်ပညာရှင်ဘက်ကလည်း မိမိတို့က ဓာတ်ဆင်ဓာတ်ရိုက်လုပ်ပေးတော့မည်ဆိုပါလျှင် ကာယကံရှင်ကို သေချာစစ်ဆေးတွက်ချက်ပြီးမှသာ ဓာတ်ရိုက်ခြင်း၊ ဓာတ်ဆင်ခြင်းများကို ပြုလုပ်သင့်၊ မသင့်ညွှန်ကြားပြောပြရမည်။ လူတိုင်းကို ဓာတ်ဆင်ဓာတ်ရိုက်လုပ်ပေး၍မရနိုင်ပါ။

ရှေးအစဉ်အဆက် ဆရာကြီးများ၏ ညွှန်ကြားချက်များကို လေးလေးစားစား လိုက်နာဆောင်ရွက်ပြီး ပြုလုပ်မည့် ကာယကံရှင်ကို 'ယခုအချိန်ကာလအတွင်း' ဓာတ်ရိုက်ခြင်း၊ ဓာတ်ဆင်ခြင်းများ ပြုလုပ်၍ ရနိုင်၊ မရနိုင် တွက်ချက်စစ်ဆေးပြီးမှ ညွှန်ကြားပြသပေးရမည်။ လူတိုင်းကို ဓာတ်ရိုက်၊ ဓာတ်ဆင်လုပ်၍မရပါ။ ကာယကံရှင်ကို အစင်အကြယ် ရွေးချယ်စစ်ဆေးကြည့်ရှု၍ သင့်လျော်မှသာ ဓာတ်ရိုက်ဓာတ်ဆင် ပြုလုပ်ပေးရ၏။ ထိုသို့မလုပ်ဘဲ လွဲချော်ခဲ့ပါသော် ပညာလည်း အဖိုးမတန်၊ ညွှန်ကြားပြုလုပ်ပေးသူ မိမိမှာလည်း ဂုဏ်ရည်လျော့နည်းတတ်ပေသည်။

### နှစ်ပိုင်းရွေးချယ်ခြင်း

ဓာတ်ရိုက်လိုသူ၏ အသက်ကို တည်၊ သုံးခုနှင့်စား၊ တစ်ခုကြွင်းသော်-

ပထဝီဓာတ်ခိုင်မာ၍ထိုနှစ်တစ်နှစ်လုံး ဓာတ်ရိုက်ဓာတ်ဆင်လုပ်မပေးပါနှင့်။ မရပါ။

နှစ်ခုကြွင်းသော် အာပေါဓာတ် အသင့်အတင့်ရှိ၍ သုညကြွင်းသော် တေဇောဓာတ် လျှင်မြန်စွာ ဖြစ်မြောက်အံ့။

### နှစ်ပိုင်းဆောင်ပုဒ်

အသက်တည်ထား၊ သုံးခုစား၊
ကြွင်းငြားဧကေ တစ်ခုကျ။ ပထဝီ
ဂြိုဟ်၊ အခိုင်ဆို၊ ထွက်ကိုမရ
တွေးရှုကြ။ နှစ်ခု အာပေါ၊
အသင့်ဟော၊ သဘောအေးမြ၊
ပဋ္ဌရဏ။
သုညမူတေဇံ၊ လွန်လျှင်မြန်၊ ထွက်
ရန်ဟူသမျှ၊ ဓာတ်ဆင်ကြ။
အဝင်မှာလည်း၊ ၎င်းနည်း၊
သိပ်သည်းမှတ်ကြ၊ မြန်နိစ္စ။

### ရက်သတ္တပတ်ရွေးချယ်ခြင်း

ဓာတ်ရိုက်လိုသူ၏ အသက်ကို တည်၍ ခုနစ်ဖြင့် စားပါ။ အကြွင်းတိုင်ထူ (အင်္ဂဝိဇ္ဇာတိုင်) ရိုက်လိုသောသူ၏ နံနှင့် ကုန်ပစ္စည်းနံကို ကြည့်ပါ။ တစ်ခုခုတိုင်၏အမြစ်တွင်ကျနေသော် ခိုင်မာ၏။ မထွက်။ ရက်သတ္တပတ်ဆိုင်းပြီးမှ ဓာတ်ဆင်ပေးရာ၏။

လူနံ အမြစ်မှာ ကျ၍ ကုန်ပစ္စည်း အမြစ်မှာ မကျသော် လူကိုလွှဲပြောင်း၍ ဓာတ်ဆင်ရ၏။ ကုန်နံသည် တြိရန်း၊ စတုရန်းတွင်ကျနေပါက လျှင်မြန်စွာ ထွက်၏။ စတုရန်းကျသည်ထက် တြိရန်းကျက ပို၍မြန်၏။ (အဝင်မှာလည်း ထို့အတူမှတ်ပါ)

### ရက်သတ္တပတ် ဆောင်ပုဒ်

အသက်တည်ထား၊ သတ္တစား၊
ကြွင်းငြား တိုင်ကိုကြည့်။
အမြစ်ကျလာ၊ ခိုင်မာမာ၊ ဆိုင်းပါ
ရက်သတ္တ။
လူနံအမြစ် ကုန်မမြစ်၊ ပြောင်း
လစ် ပရိယာယ။
တြိ စတု ထိုနှစ်ခု၊ မှတ်ရှု မြန်လေ
စွ။

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ပရလောကသားတို့နှင့်ပတ်သက်၍ တစ်ခါတစ်ရံတွင် ကျွန်တော်တို့၏ ပတ်ဝန်းကျင်၌ အဆန်းတကြယ်တွေ့ကြုံဖြစ်ပျက်တတ်လေသည်။ ထိုတွေ့ကြုံမှု အဖြစ်အပျက်အချို့တို့သည် စိတ်ကူးယဉ်တာထက် ဆန်းကြယ်တတ်ကြ၏။ ထိုအဆန်းတကြယ်အဖြစ်အပျက်တို့ကို ရှေးလူကြီးသူမများက 'ပြောမယုံ၊ ကြုံဖူးမှသိ' ဟူသောစကားဖြင့် တင်စားပြောဆိုခဲ့ကြသည်။

မမြင်ရ၍၊ မတွေ့ကြုံဘူး၍၊ လက်တွေ့မဟုတ်၍ မဖြစ်နိုင်ပါ။ မယုံပါ ဟူသောသူများလည်း များစွာရှိတတ်ကြ၏။ စာရေးသူကိုယ်တိုင်ပင် ငယ်စဉ်က ထိုသို့ယူဆခဲ့သူ ဖြစ်၏။ ကျွန်တော်တို့ခေတ်က လူငယ်အတော်များများသည် မာက်တို့၊ လီနင်တို့၊ စတာလင်တို့ကို အားကျခဲ့သူများ၊ ဆရာသိန်းဖေမြင့်၏ 'အရှေ့ဘက်က နေဝန်းထွက်သည့်ပမာ' ကို အားကျခဲ့သူများဖြစ်သဖြင့် ပရလောကတည်း ဟူသည့် နာမ်လောကကို ယုံကြည်လက်ခံမှုမရှိခဲ့ပေ။


သို့သော် ပရလောကအမှန်တကယ်ရှိကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင် ပေတဝတ္ထုတော်ကြီး၌ အတိအလင်း ဟောကြားခဲ့သဖြင့် အကြွင်းမဲ့လက်ခံရမည်သာ ဖြစ်၏။ ယခုဆိုလျှင် ကမ္ဘာ့နိုင်ငံအတော်များများပင်လျှင် ပရလောကကြီး အမှန်တကယ်ရှိကြောင်း လက်ခံ၍ ပရလောကနှင့် ပတ်သက်ပြီး စူးစမ်းလေ့လာနေကြသော အသင်းအဖွဲ့များပင် ပေါ်ပေါက်နေပြီ ဖြစ်သည်။

ကျွန်တော် ပရလောကနှင့် ပတ်သက်၍ လက်ခံ ယုံကြည်ခဲ့ရသည့် အကြောင်းကို တင်ပြလိုပါသည်။ အထက်၌တင်ပြခဲ့သလိုပင် တစ်ခါတစ်ရံတွင် ကျွန်တော်တို့၏ ပတ်ဝန်းကျင်၌ တွေ့ကြုံဖြစ်ပျက်မှုတို့သည် စိတ်ကူးယဉ်တာထက် ဆန်းကြယ်ကြောင်းကို ပရလောကသားနှင့်တွေ့မှ သိရှိခဲ့ရသည်။

ကျွန်တော်၏ပရလောကသားနှင့် တွေ့ကြုံရမှုက သာမန်ထက် ဆန်းကြယ်နေသဖြင့် ပြော၍ယုံချင်မှယုံမည် ဖြစ်သော်လည်း တကယ်ကြုံတွေ့ခဲ့ရသော ကျွန်တော်ကတော့ အမှန်တကယ်တွေ့ကြုံခဲ့ရခြင်းဖြစ်ပါကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။

# နေဝန်းနီ

## ဘဝဟောင်းကသူငယ်ချင်း





www.burmeseclassic.com

www.burmeseclassic.com

တကယ် ကျွန်တော် ကြုံတွေ့ခဲ့ရသည့် ပရလောကသား ဆိုသည်မှာလည်း . . .

လွန်ခဲ့သည့် ၁၉၇၂ ခုနှစ်လောက်က ဖြစ်သည်။

ကျွန်တော်သည် တာဝန်ထမ်းဆောင်နေရာ ပဲခူးရိုးမ တောင်ပေါ်ရှေ့တန်းစခန်းမှ တာဝန်တစ်ခုဖြင့် ဇီးကုန်းမြို့သို့ ခေတ္တပြန်ရင်း ဇီးကုန်းဆက်ခိုက် မြို့နှင့် သိပ်မဝေးလှသော [illegible]များရှိရာ မိုးသဲရွာသို့ ဆက်လာခဲ့သည်။

ကျွန်တော်နှင့် အတူပါလာသော [illegible]စိတ်ကို မြို့၌ထားခဲ့ကာ ရွာသို့ တစ်ယောက်တည်းပြန်ခဲ့ခြင်း ဖြစ်၏။ [illegible]ကျောက်မှော်ရှေ့တန်းစခန်းမှ ဇီးကုန်းကို [illegible]ဆွဲကားကြီးများဖြင့် လိုက်လာခြင်း ဖြစ်သည်။ လမ်းက ယခုခေတ်ကဲ့သို့ [illegible]ဆက်သွယ်ရေးမကောင်းလှဘဲ ကြုံသလို [illegible]ကြမ်းများကို မောင်းရသဖြင့် ခရီးက [illegible]လှပေ။ သို့ကြောင့် မနက်(၆)နာရီ [illegible] စထွက်ခဲ့သော်လည်း ဇီးကုန်းသို့ [illegible]ညနေ ရီပျပျမှရောက်ခဲ့သည်။

ဇီးကုန်းကို ရောက်သည်နှင့် ကျွန်တော်သည် ယူနီဖောင်းများချွတ်၊ အရပ်ဝတ်လဲပြီး ရွာသို့ တစ်ယောက်တည်း လမ်းလျှောက်လာခဲ့ခြင်း ဖြစ်၏။ လပြည့်ရက်ဖြစ်သည့်အတွက် စန္ဒာလမင်းကြီးက ထိန်လင်းစွာ ပြည့်ပြည့်ဝဝကြီး သာလျက်ရှိသည်။ ဓာတ်ခဲသုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးလေးပါသော်လည်း ဓာတ်မီးကိုမထွန်းတော့ဘဲ လရောင်ဖြင့်သာ ခပ်ဖြည်းဖြည်းလျှောက်ခဲ့၏။

မြို့နှင့်ကျွန်တော်တို့ရွာမှာ များစွာမဝေးလှဘဲ နှစ်မိုင်သာသာမျှလောက်သာဝေးသည်။ ရွာနှင့်မြို့အကြားသွားရသည့်လမ်းက ကတ္တရာလမ်းကောင်းမဟုတ်သော်လည်း အင်္ဂလိပ်ခေတ်က ဖောက်လုပ်ခဲ့သော ကျိုးပင်ကောက်ဖြတ်လမ်းဖြစ်၍ အတော်အသင့်တော့သွားနိုင်သောလမ်း ဖြစ်ပါသည်။ ကတ္တရာအနည်းအကျဉ်းကိုပင် အချို့နေရာများ၌တွေ့ရသေးသည်။

လမ်းတစ်လျှောက် လမ်းဘေးဘယ်၊ ညာ၌ အုပ်ဆိုင်းဝေစည်လျက်ရှိသော ကုက္ကိုပင်တန်းကြီးက ကြီးစိုးလျက်ရှိ၏။ လပြည့်ည၏လရောင်သည် မှုန်ပျပျ နှင်းမှုန်ကြားမှ ပြည့်ဝစွာ ထွန်းပသာယာလျက်ရှိသော်လည်း ကုက္ကိုပင်များ၏ အုပ်ဆိုင်းဝေစည်နေမှုကြောင့် အချို့နေရာများ၌ လမ်းကမထင်ရှား။

ကောက်ရိတ်ပြီးစမို့ လမ်းမကြီး၏ တစ်ဖက်တစ်ချက်ရှိ လယ်ကွက်များ၌ သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးထားကြသော ပြောင်းခင်းကြီးများနှင့် ဝါစိုက်ခင်းများကိုတော့ လရောင်အောက်၌ ထင်ရှားစွာ တွေ့မြင်ရပေသည်။ အချို့ပြောင်းခင်းများ၌ ယာစောင့်တဲလေးများကိုလည်း တွေ့ရသည်။

ဖြည်းဖြည်း လျှောက်လာရာမှ သံလက်စက်ရုံတွေ့ခေါ် မင်းတူးချောင်းကိုဖြတ်ကျော်ပြီး ကန္တာလေးကျေးရွာ၏ တာအက်(ချောင်းမကြီးသည်အက်တမ်း) ရှိ ချောင်းနှုတ်ဖျားကိုပင်ကျော်၍ မိုးသဲရွာအက်သို့ပင်[illegible] [illegible]ရွာမှာ တောင်ဘက်ရွာ[illegible] နှစ်ရွာဖြစ်၏။

ကျွန်တော်တို့[illegible] နှစ်ရွာရှိသည့်အနက် တောင်ဘက်[illegible] တွင်ရှိပြီး ထွန်းမောင်တို့၏ လယ်ကွင်းကို ကန်သင်းလမ်းမှ နှစ်ဖာလုံခန့်မျှဖြတ်သွားရသည်။ ထိုနှစ်ဖာလုံမျှဖြတ်သွားရသည့် လယ်ကွင်းတစ်ကွင်းလုံး ထွန်းမောင်တို့ကွင်း ဖြစ်သည်။ ဒီနေရာရောက်တော့ ထွန်းမောင်ကိုသတိရသွား၏။ ထွန်းမောင်နှင့် ကျွန်တော်သည် တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများဖြစ်၍ ကျောင်းနေဖက်များလည်း ဖြစ်ကြသည်။ ပြောမနာဆိုမနာ တစ်ယောက်ပါးစပ်ထဲကဟာ တစ်ယောက်လုစားကြသူများ ဖြစ်၏။ တစ်ယောက် အနွံတာ တစ်ယောက်ခံကြသည်။

ထွန်းမောင်နှင့် ကျွန်တော်က ဘယ်သွားသွား၊ ဘယ်လာလာမည်သည့်



www.burmeseclassic.com

အခါမျှမခွဲ တကွဲတွဲဖြစ်၏။ ကျွန်တော်တပ်ထဲဝင်မှသာ ထွန်းမောင်နှင့် ဝေးခဲ့ရခြင်း ဖြစ်သည်။

ကျွန်တော်သည် ထွန်းမောင်တို့လယ်ကွင်းကိုရောက်တော့ ထွန်းမောင်အကြောင်းတွေးမိရင်း သူနှင့်တွေ့ရမည်ဖြစ်သဖြင့် ဝမ်းသာသလိုဖြစ်သွားသည်။ ထွန်းမောင်လည်း 'ငါ့ကိုတွေ့ရင် ဝမ်းသာမှာပဲ' ဟု တွေးလိုက်မိသည်။

ထွန်းမောင်တို့လယ်ကွင်း၌ လယ်တစ်ကွင်းလုံး ဟီးတိုက်နေသော ပြောင်းခင်းကြီးကို တွေ့ရ၏။ ဇာပဝါလွှမ်းခြုံထားသလို တလှိုက်လှိုက်ကျနေသည့်နှင်းတို့ကြောင့် စိမ်းစိုမည်းမှောင်နေသော ပြောင်းခင်းကြီးတစ်ခင်းလုံးမှာ မြရောင်တောက်နေသည်။ ပြောင်းတွေကခုတ်ရန်ပင် ကောင်းနေချေပြီ။ အဖူးအတံ့တွေက ချောမှချော။ လယ်တစ်ကွင်းလုံးစိုက်ထားသောပြောင်းခင်းကြီးဖြစ်သဖြင့် ဒီပြောင်းခင်းပေါ်ရင်တော့ ထွန်းမောင်ထောလောက်ပြီ' ဟုလည်း မုဒိတာပွားလိုက်မိ၏။

ကျွန်တော်လည်း ပြောင်းခင်းကြီးကို ငေးမောရင်း လယ်ကန်သင်းလမ်းအတိုင်း လျှောက်လာခဲ့၏။ လယ်သုံးကွက်လောက်ကျော်မိတော့ ကန်သင်းဆုံတွင် မီးတလက်လက်နှင့်တဲလေးကို မြင်ရသည်။ မီးဖိုလေးတစ်ဖိုကိုလည်း တဲ၏အဝင်ပေါက်ဘေးတွင် ဖိုထားသည်။ တဲအပေါ်တန်းတွင်တော့ ဓာတ်ဆီသုံး မှန်အိမ်လေးကို ချိတ်ထား၏။ မီးမှန်အိမ်လေးက လေတိုက်သဖြင့် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည်။

တဲ၏အတွင်းပိုင်းခပ်ကျကျ မီးဖိုဘေးတွင် မထင်မရှား လူရိပ်နှစ်ခုကိုလည်းမြင်ရ၏။ ကျွန်တော်သွားနေသောကန်သင်းနှင့် တဲမှာ ကိုက် (၂၀၀) ခန့်မျှလောက်ဝေးမည်။ သို့သော် လပြည့်ည၏ လရောင်ကြောင့် တဲတွင်းက လူရိပ်နှစ်ခုကို မည်သူမည်ဝါတွေဖြစ်ကြောင်း အတပ်သိလိုက်၏။

"ဩော် - ထွန်းမောင်နဲ့ မခိုင်ပါလား။ သူတို့နှစ်ယောက် အိမ်ထောင်ကျနေပြီကိုး"

ကျွန်တော်က သူတို့နှစ်ယောက်ကိုကြည့်ရင်း မှတ်ချက်ချလိုက်သည်။

❖

ထွန်းမောင်နှင့်မခိုင်က ကျွန်တော်ဘက် လှည့်ကြည့်နေကြသည်။ သူတို့အကြည့်တွေက ကျွန်တော့်ကို မမှတ်မိသလို ခပ်ကြောင်ကြောင်ကြည့်နေကြခြင်း ဖြစ်၏။ ညမို့ မမှတ်မိဘဲ ဇဝေဇဝါဖြစ်နေတာလား ဒါမှဟုတ် မတွေ့ရတာကြာလို့ မမှတ်မိသလိုဖြစ်နေတာပဲလား ဟု တွေးရင်း -

"ဟေ့ကောင် ထွန်းမောင်၊ ငါပါကွ နေဝင်းရယ်ပါ"

ဟု လှမ်းအော်လိုက်သည်။

ထို့နောက် ကျွန်တော်သည် တဲဆီသို့ လျှောက်ခဲ့၏။ ထိုသို့လျှောက်ရင်းမှလည်း -

"မင်းမိန်းမရနေပြီပေါ့"

ဟု ဆိုလိုက်သည်။

ကျွန်တော်တဲဆီလျှောက်လာတာမြင်တော့ ထွန်းမောင်နှင့် မခိုင်က မတ်တတ်ရပ်လိုက်ကြပြီး မခိုင်က ပြောင်းခင်းထဲကို တပို့တပါးသွားသလိုလိုနှင့်ဝင်သွား၍ ထွန်းမောင်တစ်ယောက်တည်းရပ်ကျန်ခဲ့သည်။ နောက် ကျွန်တော့်ကို ပြုံးပြရင်း ခေါင်းညိတ်လိုက်၏။

ကျွန်တော်က -

"ငါ မင်းကိုမြင်လို့ ဝင်နှုတ်ဆက်တာကွ။ မင်းလာခဲ့ဦးကွာ၊ မခိုင်ပါခေါ်ခဲ့။ ငါလည်း ဒီမှာကြာကြာမနေနိုင်ဘူး။ မိုးလင်းတာနဲ့ လုပ်စရာအလုပ်တွေလုပ်ပြီး ရှေ့တန်းပြန်ရမှာ။ ဆက်ဆက်လာခဲ့ကွာ ကြားလား။ ခုည မင်းနဲ့ငါနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ တစ်ညလုံးပြောကြမယ်။ အချိန်မရဘူး ထွန်းမောင်ရေ။ အဖေတို့၊ အမေတို့ကိုလည်း တွေ့ချင်လှပြီ သွားလိုက်ဦးမယ်"

ဟု နှုတ်ဆက်ကာ လာရာလမ်းကန်သင်းဆီပြန်လှည့်ခဲ့၏။

ထွန်းမောင်က ပြုံး၍ ခေါင်းညိတ်ပြရင်း ရွာထိပ်အရောက်လိုက်ပို့သည်။ ရွာထိပ်ဝင်မှ လက်ပြရင်းကျန်ခဲ့သည်။

"ဆက်ဆက်လာခဲ့နော် ထွန်းမောင်"

ဟု ကျွန်တော်က ထပ်ပြောလိုက်သည်။

ထွန်းမောင်က ခေါင်းတဆတ်ဆတ်ညိတ်ကျန်ခဲ့သည်။

❖

ကျွန်တော် ရွာထဲရောက်တော့ ည (၉) နာရီပင်ရှိချေပြီ ဖြစ်သည်။

ရွာထဲ၌ အချို့အိမ်တို့ပင် အိပ်သည့်အိမ် အိပ်နေကျပေပြီ။ တစ်အိမ်စနှစ်အိမ်စသာ ရေနံဆီမီးခွက်လေးများ ထွန်းထားသည်ကို တွေ့ရ၏။ ရွာလမ်းက လရောင်ရှိသည်ဆိုသော်လည်း ရွာလယ်မန်ကျည်းရိပ်များကြောင့် အနည်းငယ်မှောင်ရိရိဖြစ်နေသည့်အတွက် ကျွန်တော်လည်း လက်နှိပ်ဓာတ်မီးလေးထိုးလာခဲ့သည်။

အိမ်ရှေ့ရောက်တော့ အဖေ၏ဘုရားဝတ်တက်ပြီး၍ ကြေးစည်လေးထုအမျှဝေသံကို ကြားလိုက်ရ၏။ အဖေ အမျှအတန်းဝေကြေးစည်လေးထုနေစဉ်၌ ခဏမျှငြိမ်ရပ်နေလိုက်ပြီး သာဓုခေါ်၍အဖေဘုရားဝတ်တက်ပြီးမှ -

"အဖေ"

ဟု ခေါ်၍ အသံပြုလိုက်သည်၊

"လူလေးနေဝင်းမှတ်တယ်"

အဖေက ဘုရားခန်းမှ ထလာရင်း မေးလိုက်၏။

"ဟုတ်ကဲ့ အဖေ၊ ကျွန်တော်တပ်ကိစ္စနဲ့လာရင်း တစ်ညလောက်အချိန်ရ တာနဲ့ အိမ်ကိုပြန်လာခဲ့တာ"

"အေးစိန်၊ အေးစိန် ထစမ်း။ လူလေး ပြန်လာတယ်ဟ။ သမီးကြီး မယ် အေးရော ဒီမှာနင့်မောင်ပြန်လာတယ် ထကြ၊ ထကြ"

အဖေသည် အားရဝမ်းသာဖြင့် အော်၍ အိပ်နေကြပြီဖြစ်သော အမေ နှင့် မမကို နှိုးလိုက်သည်။ အမေနှင့် မမ က ကျွန်တော်နှင့် တွေ့သည်နှင့် ဘာ မပြောညာမပြော ဖက်၍ငိုကြသည်၊

"ဟာ - နင်တို့ကလည်း နိမိတ် နမာမရှိ ဘာလို့များငိုနေကြတာလဲတိ ကြစမ်း"

"ဝမ်းသာလွန်းလို့ငိုတာတော် ကျုပ်သားကို ကျုပ်အောက်မေ့နေတာ အောက်မေ့နေတုန်း ပြန်းဆိုရောက်လာ တော့ ဝမ်းသာလွန်းလို့ငိုနေတာ တော် ရဲ့ သိပြီလား"

"ဝမ်းသာတာနဲ့ ငိုရသလား အေ စိန်ရာ တိတ်တော့"

အဖေ၊ အမေ၊ မမတို့၏အသံ ကြောင့် ခြေရင်း၊ ခေါင်းရင်းအိမ် စပြီး တစ်ရွာလုံး ကျွန်တော် ပြန်ရော ကြောင်းသိကုန်ကြကာ ကျွန်တော်တို့ ချစ်စရာကောင်းသောတောဓလေ့အတိ မကြာခင်ပင် မေးကြမြန်းကြ၊ တွေ့ဆုံ ရအောင်လာကြသူများဖြင့် တစ်အိမ် ပြည့်သွားသည်။

နိုင်ငံရေးအကြောင်းတွေ၊ တပ် ကြောင်းတွေ၊ ရန်သူအကြောင်းတွေ အောင်မေးကြ၏။ ရိုးမပေါ်ရှိ ကေအ ဒီအို ကရင်သောင်းကျန်းသူအဖွဲ့မှ မီးရှို့၊ လူသတ်သွားသည့်သတင်း၊ ဂို တွေဖောက် ပစ္စည်းတွေယူသွား သတင်း ရင်းတို့ကြားသမျှ ကြ၏။ သည်ကြားထဲ ပဲရိုးမသို့



www.burmeseclassic.com

www.burmeseclassic.com

…တ် ဝင်ရောက်လာသည် ဆိုသော …ပြည်ချစ်တပ်မတော်ခေါ်ပြည်ပြေး …သတင်းလည်းပါသည်။ အလင်း …စစ်ဆင်ရေးနှင့် အောင်စိုးမိုးစစ် …အကြောင်းလည်းပါသည်။ရထား … မိုင်းခွဲတာလည်း ပါသည်။

"ဟိုတုန်းကတော့ မင်းသိတဲ့ …င်းပဲလေ၊ တို့နယ်တွေမှာလည်း …တွေက တင်းကျမ်းပြည့်ပဲ။ တို့ရွာ …ဘက်ဆိုရင် ရဲဘော်မြတို့အဖွဲ့က …က်လာလိုက်၊ ရဲဘော်သက်တို့အဖွဲ့ … ရောက်လာလိုက်၊ ဗိုလ်တင်ရှိန်တို့၊ …အန်းသီးတို့ဆိုတဲ့အဖွဲ့တွေကရောက် …ဖွဲ့ပြီးတစ်ဖွဲ့ရောက်နေကြတာ။ မရှိ …လေးတွေကို စုဆောင်းပြီး ဆက် …ရတာလှည်းထပ်လို့။ ဒီကြားထဲ …မကျရင် 'လူဆိုကျင်း၊ နွားဆိုဟင်း၊ …ဆိုထင်း' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း … ကျင့်သုံးသွားကြသေးတယ်။ …မဆိုင်တဲ့ စာကြည့်တိုက်နဲ့ စာသင် …ကျောင်းကိုတောင် မီးရှို့ဖျက်ဆီးခဲ့ကြ …တယ်။

သူပုန်သူကန်ရန် ကြောက်ရတဲ့ … သူခိုးဓားပြရန်ကလည်းတစ်မှောင့်၊ …ကြီးလှဝင်းတို့၊ တောင်ရိုးကွင်းတင် … ဓားရှေကြီးတို့ ဆိုတာတွေက … နာမည်ကြီးလူမိုက်တွေ။ သူတို့ …သည်း မထင်ရင်မထင်သလို အဖွဲ့ …ငယ်လေးတွေနဲ့ သတ်ကြဖြတ်ကြ …တယ်။ သာစိတို့၊ သာထိုက်တို့ဆိုတဲ့ …အဖွဲ့လည်းတစ်မျိုး။ ညရောက်လာရင် …အိမ်အဖောက်ခံရမလဲ၊ အခိုးခံရ … ဘယ်သူ့နွားတွေ အနှမခံရမလဲနဲ့ …တထိတ်ထိတ်နေကြရတာ။

ခုတော့ တပ်မတော်စစ်ကြောင်း …က တရစပ်ထိုးစစ်တွေဆင်နေတဲ့ …တ် သူပုန်သူကန်တွေလည်း ဒီတစ် …မှာ မရှိတော့ပါဘူး။ သူတို့ခိုအောင်း …တဲ့ ရင်းတောကြီးတွေ၊ ကိုင်းတော …တွေ၊ ကြခတ်ဝါးတောကြီးတွေကို … တပ်မတော်စစ်ကြောင်းတွေက …သင်းပစ်လို့ ခိုအောင်းလို့မရဲတော့ …လေ။ သူတို့အတွက် တို့ဆီမှာ နေ …မရှိတော့ဘူးဆိုပါတော့။ နိုင်ငံတော် …ရေး၊ တပ်မတော်ရဲ့ကျေးဇူးကြောင့် …အားပြရန်၊ လူဆိုးလူမိုက်တွေရန်က … ခုတော့အေးသွားပါပြီ။

ဒါပေမယ့် ဘယ်တော့မှအေးမယ် …သိတာတစ်ခုကတော့ နှစ်တိုင်း …ယ်တာကျ' လို့ခေါ်တဲ့ လယ်တစ်ဧက …) တင်းနှုန်း တာဝန်ကျေ စပါးချနေ … ကိုယ့်စပါးကိုယ် ရောင်းချင်

တိုင်းရောင်းမရ ဝယ်ချင်တိုင်းဝယ်မရဘဲ သတ်မှတ်စပါးအဝယ်ဒိုင်အစိုးရဆီမှာပဲ စပါးချနေရတာတွေနဲ့ ကိုယ်စိုက်ချင်တဲ့ အသီးအနှံတွေ စိုက်ပျိုးလို့မရဘဲ နိုင်ငံတော်က စိုက်စေချင်တာတွေကို ကိုယ်လုပ်တဲ့မြေနဲ့ ကိုက်သည်ဖြစ်စေ၊ မကိုက်သည်ဖြစ်စေ စိုက်ပျိုးနေရတာတွေပါပဲကွ"

ဟု တစ်ယောက်တစ်ပေါက်မေးကြမြန်းကြပြောကြဆိုကြနှင့် ပြောမကုန်အောင်ရှိကြသည်။

ငင်းတို့ပြန်သွားကြသည့်အခါတွင် ညဥ့်(၂)နာရီပင်ထိုးနေပြီဖြစ်သည်။

❖

ကျွန်တော်သည် ဧည့်သည်တွေအားလုံးပြန်သွားမှ ဆက်ဆက်လာခဲ့ရန် မှာထားပါလျက် ထွန်းမောင်ရောက်မလာသည်ကို သတိရသဖြင့် -

"ဒီကောင်ကွာ၊ ဆက်ဆက်လာခဲ့ဖို့ မှာထားပါရက် ဘာဖြစ်လို့မလာတာလဲမသိဘူး"

ဟု ဘဝင်မကျသလို ခပ်ညည်းညည်း ပြောလိုက်၏။

ထိုအခါ အမေက -

"လူလေးဘယ်သူ့ကိုပြောနေတာလဲ၊ ဘယ်သူကိုမှာထားလို့လဲ"

ဟု မေးလိုက်သည်။

ကျွန်တော်က -

"ဘယ်သူရှိရဦးမှာလဲ အမေရယ်၊ ဟိုကောင်ပေါ့။ ကျွန်တော်အလာ သူ့လယ်ကွင်း ပြောင်းခင်းကြီးထဲမှာ သူတို့လင်မယားနှစ်ယောက်စလုံးတွေ့ခဲ့တာ။ ပြောင်းခင်းထဲကတဲက မီးဖိုဘေးမှာထိုင်နေတာတွေ့လို့ ကျွန်တော် နှုတ်ဆက်ခဲ့သေးတယ်။ အချိန်မရလို့ဝင်တော့မထိုင်ခဲ့ဘူး။ နှုတ်ဆက်ပြီး တန်းထွက်လာခဲ့တာ။ ကျွန်တော့်ကို ရွာထိပ်အရောက် လိုက်ပို့လို့ ဆက်ဆက်လာခဲ့ဖို့ မှာခဲ့တာလေ"

ဟု ထပ်ပြောလိုက်သည်။

"လူလေး၊ ဘယ်သူ့ကိုပြောနေတာလဲ။ မင်းပြောတာ အဖေတို့နားမလည်ဘူး။ တို့ရွာနားမှာလည်း ဘာပြောင်းခင်းမှမရှိဘူး"

အဖေက ကျွန်တော့်စကားကို ဇဝေဇဝါနှင့် နားမလည်နိုင်စွာ ပြန်ပြောလိုက်၏။

"အဖေကလည်း ခက်နေပြန်ပါပြီ။ ပြောင်းခင်းဘယ်နှယ့်မရှိရမှာလဲ၊ ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့တာ၊ ပြောင်းခင်းကြီးကို ဟီးထနေတာပဲ"

"ဆိုစမ်းပါဦးဟ လူလေးရေ မင်းပြောတာ အဖေတော့ ဘယ်လိုမှ နားမလည်ဘူး။ တို့ရွာနားပတ်လည်မှာ ဘာပြောင်းခင်းမှမရှိပါဘူး။ နိုင်ငံတော်က မတ်ပဲစိုက်ရမယ်ဆိုလို့ ရွာပတ်ဝန်းကျင်တစ်ခုလုံးနဲ့ တို့နယ်အားလုံး စပါးပြီးတာနဲ့ မတ်ပဲချည်းထိုးထားကြတာ။ မင်းပြောတဲ့ ပြောင်းခင်းဆိုတာက ဘယ်မှာလဲ။ ဘယ်သူ့ပြောင်းခင်းလဲ"

အဖေက ထပ်မေးလိုက်သည်။

ကျွန်တော်က အဖေတို့မရောက်၍မသိတာဖြစ်မည်ဟုတွေးရင်း သဘောကျစွာပြုံးလိုက်၏။

"ဒါဆိုရင်တော့ အဖေ မရောက်တာဖြစ်မယ်"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ အဖေရဲ့။ ပြောင်းခင်းကြီးက ကျွန်တော်တို့ရွာနဲ့ တာလမ်းကြားမှာ ထွန်းမောင်တို့ လယ်တောမှာလေ။ အဖူးအဆန့်တွေကလည်းကောင်းကကောင်းပါဘိနဲ့။ ပြောင်းခင်းကြီးကို ညို့နေတာပဲ။ ထွန်းမောင်နဲ့ မခိုင်တို့ လင်မယားနှစ်ယောက်တောင် ပြောင်းခင်းကြီးကိုစောင့်နေကြတာ တွေ့ခဲ့ရသေးတယ်။ တော်တော်ဆိုးတဲ့ကောင် ဆက်ဆက်လာခဲ့ဖို့မှာခဲ့တာတောင် ပေါ်မလာဘူး"

ကျွန်တော်က ရှင်းပြလိုက်သည်။ ကျွန်တော့်စကားအဆုံး၌ အဖေရော၊ အမေရော၊ မမပါ -

"ဘုရားရေ"

ဟု ပြိုင်တူတ လိုက်ကြ၏။ နောက် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားလည်းဖြစ်သွားကြ၏။ အားလုံး တအံ့တသြဖြစ်သွားကြသည်။

ထို့နောက် အဖေက -

"အင်း - တစ်ခုခုတော့မှားနေပြီနဲ့ တူတယ်"

ဟု အံ့သြတကြီး ရေရွတ်လိုက်လေသည်။

"ဘယ်လို အဖေ၊ တစ်ခုခုတော့ မှားနေပြီ ဟုတ်လား"

ကျွန်တော်က နားမလည်နိုင်စွာ အလောတကြီးမေးလိုက်၏။

"ဟုတ်တယ် လူကလေးရဲ့။ တို့ရွာနားမှာ ဘယ်ကပြောင်းခင်းမှမရှိဘူး။ နောက်ပြီး လူကလေးပြောတဲ့ ထွန်းမောင်နဲ့ မခိုင်ဆိုတာကလည်း လူ့ပြည်မှာမရှိကြတော့ဘူးလေ။ သူတို့ဆုံးသွားကြတာ နှစ်နှစ်လောက်ရှိသွားကြပြီ"

"ဗျာ - သူတို့ဆုံးခဲ့ကြတာ နှစ်နှစ်လောက်ရှိပြီ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်အောင်ဖြစ်သွားသည်။

"ဟုတ်တယ် လူလေးရဲ့၊ သူတို့ တစ်နေ့တည်းမှာပဲ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုဆုံးခဲ့ကြတာ"

သည်တော့မှ ကျွန်တော်လည်း ထွန်းမောင်နှင့် မခိုင်တို့ ကျွန်တော်အား နှုတ်မှ စကားတစ်ခွန်းမှပြန်မပြောခဲ့ကြသည်ကို သတိထားလိုက်မိ၏။ သူတို့နှင့် တွေ့စဉ်က ကျွန်တော်က ကိုယ်ပြောချင်ရာများပြောပြီး ထွက်လာခဲ့သဖြင့် သူတို့ကို သတိမထားမိခဲ့။ ပြောင်းခင်းကြီးထဲ၌ တွေ့ခဲ့သော သူတို့နှစ်ယောက်ကို တကယ့်လူသားများပင် ထင်ခဲ့သည်။ တစ်မျှော်တစ်ခေါ် ကြီးမြင်တွေ့ခဲ့ရသော ပြောင်းခင်းကြီးကိုလည်း အမှန်တကယ် ပြောင်းခင်းကြီးဟု ထင်ခဲ့လေ၏။

ယခုတော့ ဒါတွေက သာမန်လူတို့ ယုံကြည်ရခက်သည့် ပရလောက၏ ဖြစ်ရပ်တစ်ခုဖြစ်၏။ ကိုယ်တွေ့ကြုံခဲ့ရသည့် မိမိမျက်စိဖြင့် အမှန်တကယ် မြင်ခဲ့ရသည့်ဖြစ်ရပ်ဖြစ်သဖြင့် ကျွန်တော်၏ နဂိုက ပရလောကနှင့်ပတ်သက်၍ မဖြစ်နိုင်ပါ ဟူသော အတွေးအခေါ် အယူအဆများ တစ်ချက်တည်းနှင့် လွင့်ပါးသွားခဲ့သည်။

ပရလောက တကယ်ရှိကြောင်းကို ကြက်သီးမွေးညင်းထလောက်အောင် ကျွန်တော် လက်ခံလိုက်မိတော့၏။ ပြောင်းခင်းကြီးကို လည်းကောင်း၊ ထွန်းမောင်တို့ကို လည်းကောင်း အမှန်တွေ့ခဲ့ခြင်း ဖြစ်၏။ သည်သို့ဆိုလျှင် ကျွန်တော်တွေ့ခဲ့သည့် ထွန်းမောင်နှင့် မခိုင်တို့သည်လည်း စွဲမိစွဲရာစွဲမိကြသဖြင့် မကျွတ်မလွတ်နိုင်ဘဲ ပရလောကသား ဖြစ်နေကြခြင်း ဖြစ်မည်လား။

ကျွန်တော်သည် ထွန်းမောင်နှင့် မခိုင်တို့အတွက် အတွေးတွေက တသီတတန်းကြီးတွေးရင်း များစွာ စိတ်မကောင်းဖြစ်သွားမိပေသည်။

သို့ကြောင့်ပင် အဖေ့ကို ထွန်းမောင်နှင့် မခိုင်တို့၏အဖြစ်အား မေးမိသည်။

"သူတို့ ဘယ်လိုဖြစ်ကြတာလဲ အဖေ"

ထိုအခါ အဖေက စိတ်မကောင်းစွာဖြင့် -

"အဖြစ်က ဒီလိုကွယ့် လူကလေးရဲ့"

ဟု အစချီပြီး အောက်ပါအတိုင်း ပြောပြပါတော့၏။

❖

မိုးသဲရွာမှ ဦးထွန်းညို၊ ဒေါ်လှသွယ်တို့၏ သား ထွန်းမောင်ဆိုလျှင် ကန္တာတလီ၊ ဖောင်တင်၊ သစ်ဖြူကွင်း၊ တောင်ပို့သာယာ၊ ကံညီကို အစရှိသော ပတ်ဝန်းကျင်ကျေးရွာများ၌ မသိသူမရှိ သလောက်ရှားလှ၏။

ထွန်းမောင်က ရိုးသား၍အလုပ်ကြိုးစားသူတစ်ယောက်ဖြစ်သလို အများနှင့် ဆက်ဆံရာ၌ ပြေပြစ်ပြီး အပေါင်းအသင်းကောင်းသူတစ်ယောက် ဖြစ်၏။ သူ့ကို လူကြီး၊ လူငယ် ချစ်ကြသည်။ လူမှုရေးစိတ်ဓာတ်အပြည့်ရှိသည်။ သာရေး၊ နာရေး၊ အလှူ၊ မင်္ဂလာဆောင် အစရှိသည်တို့၌ မခိုမကတ်လုပ်သူ ဖြစ်၏။ သူ့မျက်စိရှေ့၌တွေ့ရသမျှ အခြားသူများ၏ မနိုင်မနင်းအလုပ်များတွင်လည်း မည်သည့်အခါမဆို ကူညီလုပ်ကိုင်ပေးလေ့ရှိသူ ဖြစ်သည်။

ထွန်းမောင် ကျောင်းကထွက်မှ တောရိုင်းများ၊ ပလပ်မြေများကို ခုတ်ထွင် ရှင်းလင်းလုပ်ဆောင်ခဲ့သဖြင့် လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိသောခေတ်၌ လုပ်ပိုင်ခွင့်ရှိသောလယ်ယာမြေများ တိုးပွားကာ ဦးထွန်းညိုတို့၌ စီးပွားရေး အခြေအနေ အတော်အသင့် တိုးတက်လာခဲ့သည်။ ကိုယ်ပိုင်လှည်းလေး၊ နွားလေးများ၊ ရွှေတိုငွေစလေးများနှင့် ဖြစ်လာသည်။

တစ်ရွာလုံးကလည်း ထွန်းမောင်ကို ချီးကျူးကြ၏။ ချီးမွမ်းကြ၏။ ထိုအထဲ၌ ရပ်ကျေးပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ဒေါ်မာလေးတို့၏ သမီး မခိုင်လည်း ပါပေသည်။

မခိုင်က အပေါင်းအသင်းနှင့် တွေ့ဆုံတိုင်း ထွန်းမောင်အကြောင်း ပြောရသည်ကအမော။ ရွာထိပ် မြကန်သာရေကန်ကြီးသို့ ညနေတိုင်း မခိုင်တို့၊ အေးဘုံတို့၊ စာဥတို့၊ အေးသာတို့က ရေခပ်နေကျ။ သည်နေရာက သူတို့အတွက် လွတ်လပ်သည်။ လူငယ်ဘာဝ ပြောချင်တာပြောကြသည်။ နောက်ကြ၊ ပြောင်ကြသည်။

"ကိုထွန်းမောင်ကြီးက အလုပ်အကိုင်မှာတော့ စံပြပဲနော်၊ အလုပ်တကယ်ကြိုးစားတာ"

ဒီတစ်ခါတော့ မြကန်သာသို့ ရေခပ်သွားရင်း မခိုင်ပြောမည့် စကားကို အေးဘုံက ဦးအောင် ပြောထားလိုက်သည်။

"ဒါတင်ဘယ်ကမှာလဲ အေးဘုံမရယ်။ကိုထွန်းမောင်က မိမှန်းဖမှန်းလည်းသိတယ်။ လူကြီးသူမတွေကိုလည်း လေးစားတတ်တယ်။ ရှိသေကိုင်းရှိုင်းတတ် တယ်"

အေးဘုံစကားအဆုံး စာဥက ... ပြောလိုက်ပြန်သည်။

မခိုင်က အေးဘုံတို့၊ စာဥတို့ သူ့ ... နောက်နေမှန်းသိသဖြင့် မကျေနပ်သ... မျိုးဖြင့် နှုတ်ခမ်းလေးစူပစ်လိုက်၏။ ... လေးကို ဆောင့်ဆောင့်ဖြင့်လုပ်ပြလို... သည်။

"ကောင်မတွေနော်၊ ငါ့ကိုလာ... ကြနဲ့ ဟွန်း"

"တို့က စတာမဟုတ်ပါဘူး မိ... ရယ်။ ညည်းကပြောနေကျမို့ ညည်းပြော... မယ့်စကား ညည်းပင်ပန်းနေမှာစိုး... တို့က အစားပြောပေးတာပါ"

စာဥက မချိုမချဉ်လုပ်၍ ပြော... လိုက်သည်။

တကယ်တော့ မခိုင်နှင့်ထွန်းမော... က လူငယ်ချင်းလည်းမေတ္တာရှိ၊ လူကြီး... ချင်းလည်း သဘောတူထားကြသူမျာ... ဖြစ်၏။ လာမည့် တပို့တွဲလရောက်ပါ... ထွန်းမောင်နှင့် မခိုင်ကို လက်ထပ်ထိမ်... မြားပေးမည့်အကြောင်းလည်း ပြောထာ... ပြီး ဖြစ်သည်။ သို့ကြောင့် သူတို့နှစ်ဦး... လွတ်လွတ်လပ်လပ်ရှိကြ၏။ သို့သော်... နှစ်ယောက်စလုံး ဘီလူးစည်း၊ လူစည်း... ခြား၍ ကိုယ့်သိက္ခာကိုယ်စောင့်ထိန်း... ကြသူများ ဖြစ်သည်။

"လာမယ့် တပို့တွဲလကျရင် ... လေးကို အဖေတို့ မခိုင်နဲ့ အိမ်ထောင်... ပေးဖို့ စီစဉ်ထားပြီးကြပြီ။ ကိုအေးဝင်း... မမာလေးတို့နဲ့လည်း တိုင်ပင်ပြီး... မောင်ထွန်းမောင်ကို သူတို့ဘာမှပြော... စရာမရှိပါဘူးတဲ့။ ကောင်းသလိုသ... ကိုထွန်းညိုတို့ ကြည့်စီစဉ်ကြပါတဲ့။ ငါ... ကလည်း လူကလေးရဲ့မင်္ဂလာပွဲမှာ ... ပြာညိုတစ်ရှဉ်းနဲ့ ဆယ်ဇကာရှိတဲ့ လ... တစ်ကွင်းကိုလက်ဖွဲ့မယ်"

အဖေက လာမည့် တပို့တွဲ... ရောက်လျှင် မခိုင်နှင့်လက်ထပ်ထိမ်မြား... ပေးမည့်အကြောင်းပြောတော့ ထွန်း... မောင်ပျော်သွားသည်။

သို့ကြောင့် ရွာလယ်ရှိ မခိုင်တို့... အိမ်သို့ ထွန်းမောင် အပြေးတစ်ပိုင်းလာ... ခဲ့၏။ အဖေပြောသမျှကို မခိုင်ကိုပြော... ဖို့ ဖြစ်သည်။ မခိုင်လည်း ဒီစကားကြား... လျှင် ဘယ်လောက်ဝမ်းသာလိုက်မ... မည်လဲဟုလည်း တွေးလိုက်မိသည်။

မခိုင်ကို အိမ်ခေါင်းရင်းဘ... မရန်းပင်ကြီးအောက်၌ ဗိုင်းငင်နေသ... ကို အဆင်သင့်တွေ့ရသည်။

"ကိုထွန်းမောင်ပါလား၊ ဘယ်...



www.burmeseclassic.com

www.burmeseclassic.com

ာခဲ့တာလဲ"

မခိုင်က အပြေးတစ်ပိုင်းရောက်လာသည့် ထွန်းမောင်ကို ကြည့်၍မေး လိုက်သည်။

ထွန်းမောင်က မခိုင်အနီးမှ မရန်းပင်၏ အမြစ်ပေါ် ထိုင်ရင်း -

"မခိုင်ဆီပဲသက်သက်လာခဲ့တာ"

ဟု ပြောလိုက်သည်။ နောက်လာ မည့်ကိစ္စဖြစ်သော သူ့အဖေပြောသည့် စကားများကို မှိုရသည့်မျက်နှာနှင့် ပြော လိုက်သည်။ မခိုင်က ထွန်းမောင် ပြော သမျှ ပြုံးကာ နားထောင်နေသည်။

"မခိုင်နင်ဝမ်းမသာဘူးလားဟင်။ ငါတို့တွေ မကြာခင်နီးကြရတော့မှာ"

ထွန်းမောင်က သူ့စကားဆုံးတော့ မခိုင်ကို မေးလိုက်သည်။

မခိုင်က မချိုမချဉ်လေးပြုံးရင်း ခေါင်းလေးကို ခပ်ဖြည်းဖြည်း ခါယမ်း လိုက်သည်။

"ဘာ - နင်ဝမ်းမသာဘူး ဟုတ် လား"

ထွန်းမောင်က အားမလိုအားမရ မေးလိုက်၏။ ထွန်းမောင်အမေးကို မခိုင် က နှုတ်ပိတ်ခေါင်းလေးညိတ်ပြလိုက် သည်။

"ဘာဖြစ်လို့လဲဟင်"

ထွန်းမောင် ထပ်မေးလိုက်သည်။ တော့မှ မခိုင်က -

"ကြောက်လို့"

ဟု တိုးတိုးလေးဖြေလိုက်လေ၏။

ထွန်းမောင်သည် မခိုင်၏အဖြေ လေးကို သဘောကျစွာဖြင့် -

"တော်တော်ဆိုးတဲ့ကောင်မလေး"

ဟုဆိုကာ ဗိုင်းငင်နေသော မခိုင် ၏ ခန္ဓာကိုယ်လေးကို စွေ့ခနဲ ပွေ့ကာ ရင်ခွင်ထဲဆွဲသွင်းလိုက်လေ၏။ မရန်း ပင်ကြီးအောက်၌ မခိုင်နှင့် ထွန်းမောင် တို့၏ ရယ်သံလွင်လွင်လေးက ခပ်ညင်း ညင်းလေး ထွက်ပေါ် လာလေ၏။

❖

တပို့တွဲလက တဖြည်းဖြည်းနှင့်နီး လာချေပြီ။ ကြား - ပြာသိုလတစ်လသာ ကျန်တော့၏။

တောရွာတို့၏ဓလေ့ထုံးစံအတိုင်း မင်္ဂလာကိစ္စများစီရင်ရာ၌ မည်မျှပင် ဆင်းနွမ်းသည်ဖြစ်စေ၊ အောင်ဆိုရခြင်း၊ မင်္ဂလာဆောင်ရက်ကို (နားဖောက်၍) လူကြီးစုံရာ၌ ကမ်းလှမ်းအတည်ပြု သတ်မှတ်ရခြင်းများ ပြုလုပ်ရသည်။ ဒီအောင်ဆိုသောရက်၊ လူကြီးစုံရာနှင့် (နားဖောက်) မင်္ဂလာရက်သတ်မှတ်ခြင်း တို့ကို ပြာသိုလတွင် လုပ်လေ့လုပ်ထမရှိ ဘဲ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ် တော်လ တစ်လလတို့၌သာ ပြုလုပ်လေ့ ရှိကြ၏။

ဦးထွန်းညိုသည် ထွန်းမောင်နှင့် မခိုင်တို့၏ မင်္ဂလာကိစ္စအတွက် ရွာထဲမှ လူကြီးအချို့နှင့် တိုင်ပင်၍ ဦးအေးဝင်း၊ ဒေါ်မာလေးတို့အိမ်သို့ မည်သည့်ရက်၌ (နားဖောက်) မင်္ဂလာရက်သတ်မှတ်ရန် လာမည်ဖြစ်ကြောင်း အကြောင်းကြား အောင်ဆိုခိုင်းလေသည်။

သို့သော် ရွာလူကြီးများ ဦးအေး ဝင်းတို့အိမ် ရောက်သောအခါ၌ကား ဦးအေးဝင်းမှ ထွန်းမောင်နှင့် သူ့သမီးကို မည်သို့မျှသဘောမတူနိုင်တော့ကြောင်း ခါးခါးသီးသီး ငြင်းပယ်လိုက်ခြင်းကို ခံလိုက်ကြရ၏။

ယခင်က ထွန်းမောင်ကို ငြင်း စရာမရှိပါ။ ကိုထွန်းညိုတို့ ကြိုက်သလို စီစဉ်ပါဟု သဘောတူ လိုက်လျောခဲ့ သည့် ဦးအေးဝင်းတစ်ယောက် ယခုမှ ဆိုင်းမဆင့်ဗုံမဆင့် ပြောင်းလဲသွားခဲ့ရ သည်ကို ဦးထွန်းညိုတို့မည်သို့မျှသဘော မပေါက်နိုင်၊နားမလည်နိုင်အောင်ဖြစ်ကြ ရ၏။

မည်သည့်အတွက်ကြောင့် ယခု လို ပြောင်းလဲခဲ့ရပါသနည်းဟုလည်း အမျိုးမျိုး စဉ်းစား အဖြေရှာကြည့်၏။ သို့သော် မည်သည့်နည်းနှင့်ရှာရှာ အဖြေ ကမတွေ့။ သို့ကြောင့် ဦးထွန်းညိုသည် သားဖြစ်သူ ထွန်းမောင်ကိုခေါ်၍ ဦးအေးဝင်း၊ ဒေါ်မာလေးတို့နှင့်သော် လည်းကောင်း၊ မခိုင်နှင့်သော် လည်း ကောင်း မည်သို့သောပြဿနာရှိ၊ မရှိ၊ အကြောင်းတစ်စုံတစ်ရာ ဖြစ်ခဲ့၊ မဖြစ်ခဲ့ မေးရလေ၏။

"အဖေရယ်၊ ကျွန်တော် ဦးကြီး အေးဝင်းတို့နဲ့လည်း ဘာမှမဖြစ်၊ မခိုင်နဲ့ လည်း ဘာမှမဖြစ်ခဲ့ပါဘူး"

ထွန်းမောင်ကလည်း ဘယ်သော အခါမေးမေး သည်သို့သာဖြေလေ၏။ တကယ်လည်း ဘာမှမဖြစ်ခဲ့။

သို့ကြောင့် ဦးအေးဝင်းတို့၏ သူ့ အပေါ် ပြောင်းလဲသွားသော သဘော ထားနှင့်ပတ်သက်၍ သူလည်း မည်သို့မျှ နားမလည်နိုင် ဖြစ်ခဲ့ရချေသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး မခိုင်ကို လည်း သူအလွန်တွေ့ချင်နေသည်။ မခိုင် ကို မေးချင်နေသည်။

သို့သော် ယခုတစ်လော မခိုင်နှင့် သူမတွေ့ရသည်မှာ တစ်လခန့်ရှိချေပြီ။

မခိုင်တစ်ယောက် သူ့ကိုပဲရှောင် နေတာလား၊ ခရီးပဲသွားနေတာလား၊ နေမကောင်းလို့ပဲလား။

ထွန်းမောင် မည်သို့မျှတွေးမရ။ မခိုင်တို့အိမ်သွားတော့လည်း ခါတိုင်းလို သူ့ကိုမျက်နှာသာမပေးကြ။ တည်တည် ကြီးတွေ၊ မနှစ်မြို့သလိုကြီးတွေမို့ မမေး ရဲ။

မတွေ့ရတာ ကြာပြီဖြစ်သော မခိုင်ကို လွမ်းမောလာသည်။

မခိုင်တို့တစ်တွေ ညနေဆည်းဆာ ချိန်တိုင်း ရေခပ်တတ်သည့် ရွာထိပ် မြကန်သာရေကန်ကြီးတွင် မခိုင်ကို တွေ့ လိုတွေ့ငြား သွားစောင့်ကြည့်မိသည်။ မခိုင်နှင့် ရေအတူခပ်နေကျ အေးဘုံတို့၊ စာဥတို့၊ မွေးသာတို့သာ လာကြသည်။ မခိုင်မပါ။သူတို့တွေကလည်း ထွန်းမောင် ကို ရွံ့ရှာသောမျက်နှာ၊ မုန်းတီးသော မျက်နှာများနှင့် တင်းတင်းမာမာကြည့် ကြ၏။

"အေးဘုံမတို့၊ မခိုင်ကိုမတွေ့ကြ ဘူးလားဟင်။ မခိုင်ဘယ်သွားနေလဲ။ မမြင်တာကြာပြီ"

ထွန်းမောင်က မေးလိုက်သည်။

"ဘယ်သိပ့်ါမတုံး။ သူ့အိမ်သွား မေးပေါ့"

အားလုံးက ဘုဆတ်ဆတ် မာ ကျောကျောဖြေကာ မနှစ်မြို့သလိုတွခနဲ တံတွေးထွေးသွားကြသည်။

အားလုံးကို ထွန်းမောင် ဘာမှနား မလည်နိုင်တော့။ သူတို့ဘာတွေဖြစ်နေ ကြပါလိမ့်။

❖

ဘူးတစ်ရာအပေါက်သာ ပိတ်ရ မည်။ လူတစ်ယောက်ပါးစပ်ပေါက်ပိတ် မရဆိုသည့်စကားက မှန်သည်။

ယခုတစ်လော မိုးသဲရွာနှင့် ပတ် ဝန်းကျင်ရွာများတွင် မခိုင်သတင်းက ပြန့် လာသည်။

မခိုင်မှာ ကိုယ်ဝန်ရှိနေပြီဆိုသည့် သတင်းဖြစ်၏။

"ဗိုက်က တော်တော်ထွက်နေပြီ။ (၆)လ၊ (၇)လ ဗိုက်လောက်တောင် ဖြစ် နေပြီ။ ကိုယ့်အဖေ ပြည်သူ့ကောင်စီ ဥက္ကဋ္ဌဆိုတဲ့ ဂုဏ်သိက္ခာတောင် မဆည် နိုင်ဘူး"

"ရှက်ဖို့ ကောင်းလိုက်တာဟယ်။ ကြားမကြားချင်ပါဘူး"

"နို့-နေပါဦး၊ ဘယ်သူ့နဲ့ရတဲ့ဗိုက် တဲ့လဲ"

"တယ်သူဖြစ်ရဦးမလဲ၊ တစ်ရွာ လုံး၊ တစ်နယ်လုံးဒိုးကျေးခဲ့တဲ့ အမွှမ်းတင်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တဲ့ ကြောင်သူတော်ကြွက်သူခိုး ထွန်းမောင်ပေါ့။ အစက ဘုရားအောက်မေ့တာ ဖွတ်ထွက်လာမှ တောင်ပို့မှန်းသိတော့တယ်"

"တော်တော်ဆိုးတဲ့ဟာတွေဟယ်၊ ပေးစားပါမယ်ပြောထားပါရက်နဲ့"

ရွာထဲတွင်လည်း ထိုကဲ့သို့သော တီးတိုးစကားတွေ၊ သားပုပ်လေလွင့်သံတွေ၊ အတင်းအဖျင်းသံတွေက ပွနေသည်။ အမျိုးမျိုးပြောဆိုနေကြသည် နေရာနှင့်အနှံ့။

"အခုတော့ ကမြင်းကြောထတဲ့ ကောင်မ၊ အိမ်ထဲကအိမ်ပြင်မထွက်ဝံ့တော့ဘူးလေ။ အဖေနဲ့ အမေကတော့ ရှူးနေတာပဲ"

ထိုသတင်းတွေကို ဦးထွန်းညိုကြားကြားချင်း ထွန်းမောင်ကိုခေါ်၍ ထိုသတင်း မှန်၊ မမှန်၊ မခိုင်၌ရှိနေသော ကိုယ်ဝန်မှာ ထွန်းမောင်ကိုယ်ဝန် ဟုတ်၊ မဟုတ် မေးလေ၏။

ထွန်းမောင်လည်း အဖေပြောသဖြင့် မခိုင်၌ ကိုယ်ဝန်ရှိနေသည် ဟူသောသတင်းကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် သူနားပင်သူ မယုံသလိုဖြစ်သွားရသည်။ မည်သို့မျှ မျှော်လင့်မထားသောသတင်း ဖြစ်သည့်အတွက် အထူးတုန်လှုပ်၍သွားရပေသည်။

"မင်းလိမ်ဖို့မကြိုးစားနဲ့၊ မှန်မှန်ပြောစမ်း။ မခိုင်ကိုယ်ဝန်ဟာ မင်းမဆင်ခြင်လို့ဖြစ်ရတာမဟုတ်လား"

BURMESE CLASSIC

အဖေ၏ ရှက်ဒေါသတို့၊ စာနာမှုတို့ရောပြွမ်းနေသောမေးခွန်းအောက်၌ ထွန်းမောင်သည် မျက်ရည်တို့ဖြင့် သူသည်အထိအောင် စာရိတ္တမပျက်ပါကြောင်း၊ ယောကျ်ားတစ်ယောက်တွင် ရှိအပ်သော ကိုယ်ကျင့်သိက္ခာတို့ကို အသက်နှင့်လဲစောင့်ရှောက်မည့်သူဖြစ်ပါကြောင်းပြောရင်း မခိုင်အတွက် သို့လောသို့လော စိတ်များနှင့်အတူ ယူကျုံးမရစွာဖြင့် ဝမ်းနည်းပန်းနည်း ရှိုက်ကြီးတငင်ငိုကြွေးချလိုက်လေ၏။

ထို့အတူ -

"အဖေရာ၊ မခိုင်မှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာ ကျွန်တော်တော့ ဘယ်လိုမှမယုံဘူး အဖေရာ"

ဟူ၍လည်း တိမ်ဝင်လုလုအသံဖြင့် လေးလေးဖင့်ဖင့်ပြောချလိုက်သည်။

❖

ထွန်းမောင်က မခိုင်၏စာရိတ္တကို သိပြီးဖြစ်သဖြင့် မခိုင်၌ ကိုယ်ဝန်မရှိနိုင်ကြောင်း၊ မခိုင်ဗိုက်ပူထွက်နေသည်မှာ ကိုယ်ဝန်မဟုတ်နိုင်ကြောင်း အခိုင်အမာပြောသလို၊ မခိုင်ကလည်း သူ့တွင်ရှိနေသောဗိုက်မှာ ကိုယ်ဝန်မဟုတ်ကြောင်း၊ တစ်ခုခုဖြစ်နိုင်ကြောင်း တစ်နေ့တစ်နေ့ မျက်ရည်နှင့်မျက်ခွက် ပြောပြတောင်းပန်သော်လည်း ရွာထဲမှဝမ်းဆွဲသည်အဘွားကြီး ဒေါ်အိုဇာ၏ -

"ကလေးက ခုနစ်လထဲရောက်နေပြီ"

ဟူသောစကားတစ်ခွန်းဖြင့် ဘယ်လိုမှ ပြောမရဖြေရှင်းမရဖြစ်ခဲ့ရပေ၏။

သည်ဗိုက်ကြောင့်ပင် အဖေသည် ထွန်းမောင်အပေါ် အထင်လွဲ၍ သူတို့နှစ်ဦး၏ မင်္ဂလာကိစ္စကို တစ်ချက်လွှတ်ဖျက်ချလိုက်ကာ သူ့ကိုလည်း အိမ်ထဲမှ အိမ်ပြင်မထွက်စေဘဲ ချုပ်နှောင်တားဆီး၍ အစောင့်အကြပ်များဖြင့် ထားလိုက်၏။

ထွန်းမောင်ကိုလည်း ယုတ်မာသူ၊ ကောက်ကျစ်စဉ်းလဲသူအဖြစ် သတ်မှတ်ကာ ခွင့်မလွှတ်နိုင်အောင်ဖြစ်ခဲ့ကြရသည်။

သည်လိုနှင့် တစ်နေ့တွင် မခိုင်တစ်ယောက် မနေနိုင်မထိုင်နိုင်ဖြစ်လောက်အောင် ဗိုက်ကြီးကားတက်လာပြီးအောင့်တော့၏။ ဗိုက်ကြီးက မတုရားစူထွက်လာသည်။

"အမေ့ သမီးကိုကယ်ပါဦး။ သမီးအောင့်တယ်၊ အောင့်လိုက်တာ။ လုပ်ကြပါ၊ ကယ်ကြပါ"

ဟု အော်ရင်းဟစ်ရင်း လူးပြန်နေသည်။ တစ်ကိုယ်လုံးဇောချွေးတွေလည်း ပြန်နေသည်။

"ကယ်ကြပါဦး၊ သေရတော့မယ်။ အမယ်လေး အောင့်တယ်၊အောင့်တယ်"

ဟုလည်း မပြတ်အော်ဟစ်နေ၏။

အမေနှင့် အဒေါ်တို့ကတော့ မခိုင်ကိုကြည့်၍ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေကြ၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေသည်။

ဒေါ်အိုဇာကတော့ မခိုင်၏ ဝမ်းဗိုက်အထက်ပိုင်းနှင့် ဘေးဘယ်၊ ညာ တစ်ဖက်တစ်ချက်ကို နှိပ်ရင်း -

" ဒါမျိုးကွ ဒီလိုပဲ။ ကလေးမီးဖွားပြီး ကောင်းသွားလိမ့်မယ်"

ဟု ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

ဦးအေးဝင်းကတော့ အပြင်ဘက်၌ သမီး အော်ဟစ်ညည်းညူနေသံကို နားထောင်ရင်း ထွန်းမောင်ကို ဒေါသဖြစ်နေ၏။

'ငါ့သမီးများ တစ်ခုခုဖြစ်ရင်တော့'

ဟုလည်း တွေးနေ၏။

"အမယ်လေး နာလိုက်တာ ... အောင့်လိုက်တာ။ လုပ်ကြပါဦး၊ အသ... ရှူတွေကျပ်လာပြီ"

မခိုင်က အဆက်မပြတ်အော်ဟ... လူးရင်းပြန်ရင်းသတိလစ်သွားသည်။

"ကိုအေးဝင်း၊ လုံမလေးကို ... အတိုင်းထားလို့ မဖြစ်တော့ဘူး။ မြို့... ဆေးရုံတင်မှဖြစ်တော့မယ်။ အသက်... လည်း မမှန်ဘူး၊ သတိလည်းမရ... ဘူး"

အဒေါ်လုပ်သူက စိုးရိမ်တ... ဦးအေးဝင်းကို ပြောလိုက်သ... ဒေါ်အိုဇာလည်း မခိုင်ကိုကြည့်ပြီး ... လုပ်ရမှန်း မသိတော့ဘဲ အခန်း... ထပြေးတော့၏။

ထိုအချိန် မခိုင်၏သတင်းကြ... သဖြင့် ထွန်းမောင် ရောက်လာသ... မခိုင်ကို မြို့ဆေးရုံပို့မည်ဆိုသဖြင့် ... ကိုယ်တိုင် မခိုင်ကို ဆေးရုံသို့ ထမ်း... ဖြစ်၏။ ထွန်းမောင်ကို မြင်... ဦးအေးဝင်း ဒေါသမထိန်းနိုင်ဘဲ... သွားသည်။ ထိုအချိန် မခိုင်၏ အ... လုပ်သူ မြစံ ရောက်လာကာ သူ... ကိုယ်စား ထွန်းမောင်၏ ဘယ်... ရင်အုံသို့ ဓားမြှောင်ဖြင့် နှစ်ချက်... ထိုးချလိုက်၏။ နှလုံးမှသွေးတို့ ဒလ... ပန်းထွက်လာကြသည်။

ထွန်းမောင်လည်း ထိုဒဏ်... ကြောင့်ပင် -

"မခိုင်ရယ်"

ဟု တစ်ခွန်းသာ,တနိုင်ပြီး မြေ... ၌ လဲကျသေဆုံးသွားတော့၏။

❖

အဖေက ထွန်းမောင် သေ... ရပုံကို ရင်ထုမနာနှင့်ပြောပြခြင်း ... သည်။

ကျွန်တော်လည်း ကြားလိုက်... သည့်သတင်းအတွက် ဝမ်းနည်း... လက်ဖြစ်သွားသည်။ ဖြစ်မှဖြစ်ရ... တယ်ဟုလည်း စိတ်ထဲတွေးလိုက်... သို့သော် အဖေ၏စကားက မဆုံးသေး...

"အင်း - ဆေးရုံသွားတဲ့ ... လည်း အသက်ချမ်းသာရာ မရခဲ့... လူလေးရယ်"

ဟု ဆက်ပြောလာသဖြင့် ... တော်လည်း စိတ်မကောင်းစွာ ... ထောင်နေမိသည်။

"တကယ်တော့ မခိုင်ရဲ့ ... ကိုယ်ဝန်မဟုတ်ဖါဘူး။ မခိုင်ဗိုက်ထ... ဖျဉ်း (ရေအိတ်) ကြီးပါ။ မဟုတ်နို...



www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းလင်း(ဘီအေ)

# ခွေးနှင့်ကြောင်တို့ကို သန့်သတ်နည်း

ခွေးနှင့် ကြောင်တို့ကို အိမ်တွင် မွေးမြူထားကြခြင်းဖြင့် အိမ်ကို သူခိုး၊ အလစ်သမားရန်မှ အကာအကွယ်ပေးခြင်း၊ ကြွက်ကဲ့သို့ ကောင်းကျိုးမပေး၊ ဒုက္ခပေးသော သတ္တဝါများ၏ ဘေးမှ ချမ်းသာရာရခြင်း စသော အကျိုးတရားများ ရနိုင်ပါသည်။

သူတို့ဘဝကလည်း သခင်ဖြစ်သူက ကျွေးမွေးမှ အစာကို ကောင်းစွာစားရတတ်သဖြင့် သခင်ကိုချစ်ခင်သလို သစ္စာရှိသော ချစ်စရာသတ္တဝါများ ဖြစ်သည်။

သို့သော် သူတို့ကို နေအိမ်တွင် မွေးမြူထားပြီး လက်ပွန်းတတီးနေထိုင်က သတိပြုစရာရှိသည်ကို မမေ့အပ်ပေ။ အထူးသဖြင့် ဤသတ္တဝါလေးများကို ဖက်ပြီးမအိပ်သင့်ပါ။ မနမ်းသင့်ပါ။ မျက်နှာနှင့်မကပ်သင့်ပါ။

နိုင်ငံကျော် အကယ်ဒမီ မင်းသမီးတစ်ယောက်၏ ရင်သွေးငယ်သည် အိမ်တွင်မွေးမြူထားသောခွေးနှင့် လက်ပွန်းတတီးနေထိုင်လွန်း၍ ခွေးထံမှသန်းကကလေးငယ်နားထဲမှတစ်ဆင့် ဦးနှောက်အထိ ရောက်ရှိသွားသောကြောင့် ကလေး အသက်ဆုံးရှုံးသွားခဲ့ရကြောင်း ပြောသံကြားလိုက်ရပါသည်။ ဤဖြစ်ရပ်ကား သင်ခန်းစာယူထိုက်လှပေသည်။

သန်းသာမက ခွေးနှင့် ကြောင်တို့၏ အမွေးသည်လည်း အန္တရာယ်ရှိပါသည်။ ၎င်းတို့ကို သန်းကိုက်သဖြင့် ယားယံ၍ ခြေသည်း၊ လက်သည်းဖြင့် ကုတ်ခြစ်နေသည်ကို လူတိုင်း မြင်ဖူးကြပေလိမ့်မည်။ သူတို့၏ ခြေသည်း၊ လက်သည်းက အလွန်မာကျောပြီး ထက်သဖြင့် အမွေးများကျွတ်ထွက်လေ့ရှိသည်။ ထိုအမွေးများ လေထဲလွင့်မျောလာနေစဉ် အနီး၌လူရှိက လူ၏နှာခေါင်းမှတစ်ဆင့် အသက်ရှူလမ်းကြောင်းအတိုင်း ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားလျှင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ရရှိစေနိုင်ကြောင်း သတိမူအပ်ပါသည်။

ထို့ကြောင့် ခွေးနှင့်ကြောင်တို့ကို သန့်သတ်သန့်စင်နည်းကို ရေးသားလိုက်ပါသည်။

ခွေး၊ ကြောင်တို့ကို သန်းမသတ်မီ ဇကရာဇ်မြစ်ကို ရေနှင့်သွေးပြီး ဇွန်းငယ်တစ်ဇွန်းခန့် ကြိုတင်တိုက်ထားသင့်ပါသည်။ ဇကရာဇ်အရွက်ကို ထုထောင်းအရည်ညှစ်ပြီး တိုက်လျှင်လည်း ရပါသည်။

ဆေးရွက်ကြီးကို တစ်ရက်လောက်နေပြင်းပြင်းတွင် ခြောက်သွေ့အောင်လှန်းပါ။ ထို့နောက် ဆေးရွက်ကြီးတစ်ဆုပ်ကို ကြေသွားအောင် လက်နှင့်လုံးခြေလိုက်ပြီး ရေနွေးဖြင့် စိမ်၍ မွှေပါ။ ထိုဆေးရွက်ကြီးဖျော်ရည်ဖြင့် ခွေးနှင့်ကြောင်တို့၏ ခန္ဓာကိုယ်အနှံ့အပြားကို ပွတ်လိမ်းလိုက်ပါ။ (ရေအေးသုံးစွဲလျှင် ခွေးနှင့် ကြောင်တို့က မကြိုက်သဖြင့် ရေနွေးသုံးစွဲခြင်း ဖြစ်ပါသည်။)

ကိစ္စပြီးလျှင် အမွေးပွအဝတ်တစ်ခုတွင် ရေနွေးအနည်းငယ်ဆွတ်ပြီး ခွေး၊ ကြောင်ကို ထပ်မံ၍ ပွတ်သပ်ပေးပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် ဆေးရွက်ကြီးများကို ပြန်ယူလိုက်ခြင်း ဖြစ်သည်။ ပြီးလျှင် သူတို့ကိုယ်ကို လျှာနှင့်လျက်တတ်၍ ဆေးရွက်ကြီး၏ အရသာကြောင့် မူးပြီး အန်တာကို သက်သာအောင်လုပ်ခြင်း ဖြစ် ပါသည်။

နောက်ဆုံးတွင် အဝတ်ခြောက်နှင့် ထပ်မံပွတ်ပေးလိုက်ရန် ဖြစ်ပါသည်။ ဤသို့ပြုလုပ်ခြင်းကို အစာနှင့်ဝေးဝေး အချိန်မှာ ပြုလုပ်ပါ။

*သဗ္ဗေသတ္တာအဝေယျာဟောတု*

အောင်ဆန်းလင်း (ဘီအေ)

ဗိုက်က ဖောင်းပူကားလာပြီး ရောဂါလွန်ခါမှ ဆေးရုံသွားရတဲ့အတွက် ဆေးရုံမရောက်တော့ဘဲ လမ်းမှာတင်ပဲ အသက်ရှူကျပ်ဆုံးခဲ့တယ်။ ဒီတော့မှပဲ ဆရာဝန်က ရင်ခွဲစစ်ဆေးလို့ ကလေးမဟုတ်ဘဲ ရေဖျဉ်း(ရေအိတ်)ကြီးဆိုတာ အဖြစ်မှန်ကို သိရတော့တယ်လေ။

ဒီတော့မှ ကိုအေးဝင်း၊ မမာလေးတို့လည်း အဖြစ်မှန်တွေသိပြီး စိတ်မကောင်းဖြစ်ကုန်ကြတော့တယ်။နောင်တရကြ တော့တယ်။ ဒါပေမယ့် သူတို့နောင်တရတဲ့အချိန်ကတော့ နှောင်းခဲ့ပြီပေါ့ကွယ်။ သမီးလည်းအသက်ဆုံးခဲ့ရတယ်။ သားလည်း လူသတ်မှုကျူးလွန်ခဲ့ရတယ်။ မသေသင့်တဲ့ လူတစ်ယောက်လည်း သေဆုံးခဲ့ရတယ်ကွယ်။ ဘယ်လောက်နစ်နာလိုက်သလဲ"

"ဒါဘာကြောင့်လဲဆိုတာ သိလား လူကလေး။ ဘာမှဂယနဏမသိတဲ့ တတ်ယောင်ကားနိုင်လှသူတစ်ယောက်ရဲ့စကားကို မစဉ်းမစားယုံကြည်မိခဲ့လို့ဘဲ။ အကယ်၍သာ စဉ်းစားဆင်ခြင်ဉာဏ်ရှိခဲ့မယ်ဆိုရင်"

သည်မှာတွင် အဖေက သူ့စကားကို မောမောလေးနှင့် အဆုံးသတ်လိုက်သည်။

❖

ထိုညက ကျွန်တော်သည် ထွန်းမောင်တို့နှင့် တွေ့ခဲ့သော ထွန်းမောင်တို့၏ လယ်ကွင်းဆီသို့ လက်နှိပ်ဓာတ်မီးတစ်လက်နှင့်ထွက်ခဲ့၏။ ဟုတ်၊ မဟုတ် စူးစမ်းရန် ဖြစ်၏။

အဖေပြောသလိုပင် လယ်ကွင်းကြီးတစ်ခုလုံး၌ စောစောက တွေ့ခဲ့ရသည့် ပြောင်းခင်းကြီးမှာ လုံးဝမတွေ့ရတော့။ ပြောင်းခင်းကြီးအစား ထိုးထိုးထောင်ထောင်နှင့် ပြင်ထပေါက်နေကြသော မတ်ပဲခင်းကြီးကိုသာ မယုံကြည်နိုင်စေလောက်အောင် မျက်စိတစ်ဆုံးအုံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။

သည်အဖြစ်နှင့် ပတ်သက်ပြီး အဖေကတော့ ခြောက်လှန့်တာမဟုတ်ပဲ နှုတ်ဆက်လို၍သော် လည်းကောင်း၊ အကူအညီရယူလို၍သော်လည်းကောင်း၊ သူရောက်နေရသည့် ဘဝမှန်ကို ပြတာဖြစ်နိုင်ကြောင်း ပရလောက၏ ဆန်းကြယ်ပုံများနှင့်တကွ ပြောပြပါသည်။

ကျွန်တော်လည်း သူငယ်ချင်းအတွက် လုံးဝစိတ်မကောင်းဘဲ သူငယ်ချင်း ထွန်းမောင်နှင့် မခိုင်တို့ ဘဝကူးကောင်းနိုင်ရန် (ထိုစဉ်က) ကျွန်တော်ရရှိသည့် လစာတစ်လစာငွေ (၃၅၀) ကျပ်ကို အဖေနှင့် အမေတို့အား ထွန်းမောင်နှင့် မခိုင်တို့နှစ်ယောက်ကို ရည်စူး၍ အလှူတန်းပြု၊ အမျှအတန်းဝေပေးပါရန် ပေးခဲ့ကာ ရှေ့တန်းသို့ ပြန်ခဲ့ပါတော့၏။

အဖြစ်ဆိုးလှသော သူငယ်ချင်းတို့ ချစ်သူနှစ်ဦး ဘဝကူးကောင်းနိုင်ကြပါစေဟူ၍. . . ။

(ဖြစ်ရပ်မှန်တစ်ခုအား သင်ခန်းစာယူနိုင်ကြပါရန် အမည်နာမများ လွှဲပြောင်း၍ ရေးသားခြင်း ဖြစ်ပါသည်။)

နေဝန်းနီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အိပ်ရာမဝင်မီ၌ ဧည့်ရိပ်သာပြတင်းပေါက်မှ ခန်းဆီးကို ဘေးသို့ဖယ်လိုက်ပြီး အပြင်သို့ငေးမျှော်ကြည့်ရှုနေမိသည်။ ဤပြတင်းပေါက်သည် ကျွန်တော်နှင့် ဇနီး လော်ရာတို့၏ အိပ်ခန်းမဝင်ပေါက်ကြီးရှေ့တည့်တည့်ရှိ ပန်းခြံဘက်သို့ မျက်နှာမူထားသည်။ ထိုပန်းခြံ၏ ဟိုမှာဘက်သို့လှမ်း၍ကြည့်သည်ရှိသော် တသုန်သုန်တိုက်နေသော လေပြည်တွင် ယိမ်းထိုးလှုပ်ရှားရင်း ညည်းတွားနေသော ကျွန်းပင်ပျိုနှစ်ပင်ကို တွေ့မြင်ရသည်။ မိုးဝဋ္ဋာထက်၌ လွင့်မျောလှုပ်ရှားနေကြသော မိုးတိမ်တိုက်များ၏အကြားတွင် လဆုတ်လကထွက်ပေါ်နေလေပြီ။ သို့သော် ပြည့်ပြည့်ဝဝမဟုတ်။ လခြမ်းသာလျှင် ဖြစ်ပါသည်။

အေးမြသော မှိန်မွှားမွှားလရောင်

လှမိုး(ပညာရေး)

BURMESE CLASSIC

# တစ်ခါတုန်းက အို...ရဲဘော်

ထဲ၌ ခပ်လှမ်းလှမ်းရှိ ဧရာဝတီမြစ်ပြင်ကို ကျောက်တုံး၊ ကျောက်ဆောင်များနှင့် တကွ မျက်စိတစ်ဆုံး လဲလျောင်းအိပ်စက်နေသည်ကိုမြင်နေရ၏။ တသုန်သုန်တိုက်နေသောလေပြည်တွင် သစ်ရွက်ဆွေးနံ့များလှိုင်နေသည်။ မြစ်ကမ်းဘက်မှ ဖားများအော်သံ၊ ညဥ့်ငှက်တစ်ကောင်၏စူးစူးဝါးဝါးအော်သံကို ကြားရသည်။ တစ်ခါတစ်ရံတွင်မူ မြစ်ကြီးနားဘူတာရုံမှ ရထားတွဲများချိတ်သည့်အသံ၊ ဥဩမှုတ်သံကို ကြားရသည်။

ကျွန်တော်သည် ခန်းဆီးစကို ပြန်လည်ပိတ်ခဲ့ပြီး အိပ်ခန်းအတွင်း... လာခဲ့၏။ ကျွန်တော့်ခုတင်ဘေးရှိ ခု... တစ်လုံးပေါ်တွင်မူ ကျွန်တော်၏ ... လော်ရာမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်... နေပြီ ဖြစ်သည်။


သို့သော် ကျွန်တော့်အဖို့ မော...





www.burmeseclassic.com

www.burmeseclassic.com





ယ်လျက်ရှိသော်လည်း အိပ်စက်၍
ပြန်ပေ။ မှန်ပါသည်၊ ကျွန်တော်
နီးလော်ရာတို့ ညနေ (၅) နာရီ
သင့်ရိုဟာမော်တော်ကားဖြင့် ဟိုပင်
ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။
တော်နှင့် ဇနီးအား ထိုကာလက
ဖြစ်သော ဗိုလ်မှူးကြီး စောမြင့်
အစစအရာရာ နွေးနွေးထွေးထွေး
ပါသည်။ကျွန်တော်သွားလိုသော
ပြည်နယ် ကျေးရွာများ၊ ကသာ
တွင်းရှိ ကျေးရွာများ ကျွန်တော်
သော ဖြင်ဒစ်တပ်ဖွဲ့ဝင် ရဲဘော်
များ၊ ကျွန်တော်တို့၏ ဗိုလ်မှူး
ဝိတ်၏ ခရီးဝေးဖောက်ထွင်း
တ်မှုတွင် ပါဝင်ခဲ့သော အရာရှိ၊
အကြပ်တပ်သားအများအား
ဘက်မှတတ်နိုင်သမျှ အကူအ
ကြသော မြန်မာတိုင်းရင်းသား
ပြန်လည်တွေ့ဆုံ၍ ကျေးဇူးတင်
ပြောလိုသည်။ ဤကိစ္စအရပ်ရပ်
ကာလကအစစအဆင်ပြေအောင်
တပ်မင်း ဗိုလ်မှူးကြီးစောမြင့်က စီစဥ်ပေးခဲ့၏။

တစ်ရေးတစ်မောကြိုးစားအိပ်စက်မည်ဟု အောက်မေ့မိခဲ့သည်။ သို့သော် မျက်စိနှစ်လုံးအား ကြိုးစားမှိတ်ထားရသော်လည်း ဦးနှောက်မှ အတိတ်ကို ပြန်သွားလိုက်၊ အနာဂတ်သို့ပြေးလိုက်၊ ပစ္စုပ္ပန်တွင် နားလိုက်နှင့် အိပ်စက်မရ။ ကျွန်တော်တို့ ခြင်ဒစ်တပ်ဖွဲ့ဝင်များ မဲဇာနှင့် ဘုံချောင်းအကြားရှိ မီးရထားတံတားကို အောင်အောင်မြင်မြင်ဖောက်ခွဲခဲ့ရသည့်ဖြစ်ရပ်၊ ရွှေလီမြစ်ဆုံတွင် တပ်စခန်းချနေသော ဖက်ဆစ်ဂျပန်တပ်အား ဗုံးကြဲတိုက်ခိုက်စေရန် မဟာမိတ်လေတပ်မတော်သို့ သတင်းပို့ရသည့်ဖြစ်ရပ်၊ ထီးချိုင့်မြို့ဝင်ရောက်ခဲ့စဉ်က ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ မြတောင်ရွာကြီးကို မြင်ရသည့်မြင်ကွင်း၊ အရာရှိအရာခံ၊ အကြပ်တပ်သားပေါင်း လေးရာနီးပါး ပါဝင်သော ကျွန်တော် ဦးဆောင်သည့် စစ်ကြောင်းကြီးသည် အဖိတ်အစဥ်မရှိဘဲ ဧရာဝတီမြစ်ကို ဖြတ်ကျော်ခဲ့ရပုံ၊ ပုံရိပ်များပေါ်လာပြန်သဖြင့် မှေးခနဲဖြစ်နေသော ကျွန်တော်မှာလန့်နိုးလာရပြန်သည်။ လန့်နိုးလာသည်နှင့် ကျွန်တော့်စိတ်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သို့ တစ်ဖန် ပြန်ရောက်သွားပြန်သည်။

ကျွန်တော့်စစ်ကြောင်းမှ ဂေါ်ရခါးစကားကို ဂေါ်ရခါးအမျိုးသားတစ်ယောက်ကဲ့သို့ ပြောတတ်သဖြင့် ဂေါ်ရခါးရဲဘော်များအပေါ်တွင်ဩဇာညောင်းလှသော ဗြိတိသျှအမျိုးသား စစ်ဗိုလ်လေး ဗီဗီယန်၊ စတီးဘရားသားသစ်ကုမ္ပဏီမှ အရာရှိကြီးတစ်ယောက် ဖြစ်သော်လည်း ကျွန်တော်တို့နှင့်အတူ အသက်ကို ဖက်ရွက်ပမာသဘောထား၍ လိုက်ပါလာသော မစ္စတာ အိတ်(ချ်)အီးဘရင်း၊ မြန်မာအမျိုးသားအရာရှိကလေး ချစ်ခင်တို့၏ မျက်နှာပုံရိပ်များပေါ်လာခဲ့ပြန်သဖြင့် အိပ်စက်မရပြန်တော့။

ဤသို့ဖြင့် ကြက်ဦးတွန်ခဲ့ပါပြီ။ အရာရှိရိပ်သာအမှုထမ်းများ နေထိုင်သော တန်းလျားဘက်မှ ဆွဲဆွဲငင်ငင်နှင့် တွန်လိုက်သောကြက်တွန်သံကို မူတည်ပြီး အနီးအနားမှကြက်များတွန်သံပေးကြတော့သည်။ အချို့က အသံစူးသည်၊ အချို့က အသံစာသည်။ ထိုကြက်တွန်သံများနှင့်အတူ တည်းခိုရိပ်သာအရှေ့ဘက် ဧရာဝတီမြစ်ကမ်းဘက်မှ ရောင်နီသည် ပျပျလေးပျို့၍လာခဲ့ပြီ ဖြစ်သည်။ တည်းခိုရိပ်သာဝင်းဝရှိ အစောင့်တဲမှ သံချောင်းငါးချက်ခေါက်သံကြားရသည်။ ထို့နောက် ကျွန်တော်မှေးခနဲဖြစ်သွားခဲ့သည်။ မည်မျှကြာအောင် အိပ်မောကျသွားသည် မသိရ။

“အငြိမ်းစားဗိုလ်မှူးချုပ် ဖာဂတ်ဆင်နဲ့ တွေ့နိုင်ပါသလား”

ဟူသောအသံကြောင့် ကျွန်တော် အိပ်ရာမှ ရုတ်တရက်နိုးလာပါသည်။

ဟုတ်မှဟုတ်ပါ့မလား။ ကျွန်တော် အိပ်မက်မက်နေလား။ ကျွန်တော် ဗိုလ်မှူးချုပ်ဘဝမှ အငြိမ်းစားယူခဲ့သည်မှာ ဆယ့်စုနှစ်တစ်စုကြာခဲ့ပြီဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံမှ မိုင်ပေါင်းများစွာကွာဝေး၍ မြန်မာနိုင်ငံ ရန်ကုန်မြို့မှ မိုင် (၇၀၀) ကျော်ကွာဝေးသော မြစ်ကြီးနားမြို့တွင် ကျွန်တော့်လို အငြိမ်းစားဗိုလ်မှူးချုပ်ကိုတွေ့ပါရစေဟုဆိုသူသည် မည်သူဖြစ်ပါသနည်း။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်မှာလည်း (၁၆) နှစ်ကြာခဲ့ပြီဖြစ်ပါသည်။ ကျွန်တော့်အဖို့ ဗိုလ်ချုပ်

www.burmeseclassic.com

ဝင်းဂိတ်၏ ခြင်ဒစ်တပ်ဖွဲ့၏ စစ်ကြောင်းမှူးအဖြစ် ၁၉၄၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၄၄ ခုနှစ်တွင် တစ်ကြိမ်သာ ကချင်ပြည်နယ်အတွင်း ထိုးဖောက်ဝင်ရောက်ခဲ့ဖူးသည်။

မည်သူသည် ကျွန်တော့်ကိုနံနက်စောစောလာတွေ့လိုသနည်း။

ရိပ်သာအစောင့်များနှင့် စကားတီးတိုးပြောသံများကြားရသဖြင့် ဧည့်သည်တစ်ယောက် ကျွန်တော့်ကို လာတွေ့သည်က သေချာနေပါသည်။ ကျွန်တော်အိပ်ရာမှထကာ အလျှင်အမြန်ကိုယ်လက်သုတ်သင်၍ ဧည့်ခန်းဆောင်သို့ထွက်လိုက်သည်နှင့် ကြက်သေသေသွားသည်။ ကျွန်တော့်မျက်စိများကိုပင် မယုံ။ အမြင်အာရုံလွဲမှားခြင်း ပေလော။ ဧည့်ခန်းဆောင်ဝရန်တာမှဝင်လာသူမှာ ထောင်ထောင်မောင်းမောင်း အသားညိုညိုနှင့် ဟောင်းနွမ်းသောဝတ်စုံကို ဝတ်ထားသူတစ်ယောက် ဖြစ်နေသည်။

သူသည် ဝမ်းသာအားရနှင့် -

"ဗိုလ်မှူးချုပ် ဖာဂတ်ဆင်၊ ကျန်းမာပါရဲ့နော်။ ကျွန်တော်ဝမ်းသာလိုက်တာဗျာ။ ဒီတစ်သက်မှာ တွေ့ရဦးမယ်လို့ မျှော်လင့်မထားခဲ့ပါဘူး"

ဟု ထိုလူစိမ်းက ပြောလိုက်သည်နှင့် ကျွန်တော်ရင်ခုန်သွားသည်

ကျွန်တော့်နှုတ်လည်း -

"ဟော - ဗိုလ်စောဆင်ပဆင်"

ဟု ထွက်သွားသည်။

ထိုသူကလည်း -

"ကျွန်တော် ဆူဗေဒါမေဂျာ(ဗိုလ်) စောဆင်ပဆင်အစစ်ပါ ဗိုလ်ချုပ်ခင်ဗျာ"

ဟု ဝမ်းသာအားရ ကျွန်တော့်လက်များကို ဆုတ်ကိုင်ထားလိုက်သည်။

ကျွန်တော်တို့နှစ်ယောက်၏ ဝမ်းသာအားရ နှုတ်ဆက်ကြသည့်အသံကို ကြားရသော ကျွန်တော့်ဇနီး လော်ရာသည် ကမန်းကတန်း အိပ်ရာမှထကာ ကျွန်တော်တို့နှစ်ယောက် ဝမ်းသာအားရ ဖက်လဲတကင်း နှုတ်ဆက်နေသည်ကို အံ့အားသင့်ကြည့်နေသည်။ ဆူဗေဒါမေဂျာ (ဗိုလ်) စောဆင်ပဆင်သည် ကရင်နီပြည်နယ်သားဇာတိ ဖြစ်ပြီး ဗြိတိသျှဘုရင့်ဘားမားရိုင်ဖယ်(လ်)တပ်ရင်းတွင် နှစ်ပေါင်း (၃၀) ကျော် အမှုထမ်းခဲ့သူဖြစ်၏။ (ထိုကာလက ဗြိတိသျှဘုရင့်တပ်မတော်အရာရှိများ ခန့်အပ်ရာတွင် အဆင့်ခွဲထားပါသည်။ ဗြိတိသျှအမျိုးသား တပ်မတော်အရာရှိများကို လက်(ဖ်)တင်နယ်၊ ကပ္ပတိန်၊ မေဂျာဟုခေါ်ဝေါ်ခဲ့ကြသော်လည်း ဗြိတိသျှကိုလိုနီနိုင်ငံသားအရာရှိများကိုမူ ဂျမဒါ၊ ဆူဗေဒါဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပါသည်။)

စောဆင်ပဆင်သည် သတ္တိကောင်းသူ၊ အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်ရှိသူ၊ ရင်ကိုမြေကတုတ်လုပ်သူ၊ အသက်ကို ဖက်ရွက်ပမာထားသူ ဖြစ်၏။ သူနှင့်ကျွန်တော်သည် ဗိုလ်ချုပ်ဝင်းဂိတ်၏ ခြင်ဒစ်တပ်ဖွဲ့ စတင်ဖွဲ့စည်းသည်မှစ၍ ခင်မင်ရင်းနှီးခဲ့သူများ ဖြစ်ကြသည်။ ကျွန်တော်တို့သည် အိန္ဒိယနိုင်ငံ ဗဟိုပြည်နယ်တွင် စတင်ဖွင့်လှစ်ခဲ့သော ခြင်ဒစ်စစ်သင်တန်းကျောင်းတွင် တက်ရောက်ခဲ့ကြပြီး ဗိုလ်မှူးချုပ် (နောင်အခါ ဗိုလ်ချုပ်) ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်းတိုက်ခိုက်သည့် သေနင်္ဂဗျူဟာကို အကောင်အထည်ဖော်ရာတွင် အစအဆုံးပါဝင်ခဲ့သူများ ဖြစ်ကြသည်။

ကျွန်တော့်စစ်ကြောင်းတွင် အရာရှိတစ်ယောက်အဖြစ် အမှုထမ်းခဲ့သူဖြစ်၏။ ရဲဘော်ရဲဘက်စိတ်ရှိသူ၊ ကျွန်တော့်ကိုနားလည်သူ အရာရှိတစ်ယောက်တစ်ယောက် ဖြစ်ပါသည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏စစ်ဆင်ရေးပြီးဆုံးခဲ့ပြီးနောက် ဆူဗေဒါမေဂျာစောဆင်ပဆင်နှင့် ကျွန်တော်တို့ မတွေ့ရတော့။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ၁၉၄၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသော ဒုတိယကမ္ဘာစစ်အောင်ပွဲအထိမ်းအမှတ်ချီတက်ပွဲတွင် သူနှင့် ကျွန်တော်သည် အမှတ်မထင်တွေ့ကြရပြန်သည်။ ထိုစဉ်က ဗိုလ်စောဆင်ပဆင်သည် ဘုရင့်တောင်ပေါ်ပစ်အမြောက်တပ်တွင် အမှုထမ်းဆောင်သည်။ ကျွန်တော်မှမူ ပါလက်စတိုင်းတွင် ဂျူးလူမျိုးများနေရာချထားရေးအတွက် တာဝန်ယူနေရသည့်အချိန် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဒုတိယကမ္ဘာစစ်အောင်ပွဲအထိမ်းအမှတ်ချီတက်ပွဲတက်ရောက်ရန် လန်ဒန်ရောက်နေသော စောဆင်ပဆင်တို့၏ဘုရင့်တောင်ပေါ်ပစ်အမြောက်တပ်မှာ လန်ဒန်မြို့ရှိ ကင်စင်တန်စကွဲယားပန်းခြံလမ်းတွင် ခေတ္တစခန်းချနေကြသဖြင့် ကျွန်တော်နှင့် ဗိုလ်စောဆင်ပဆင်တို့သည် မကြာခဏ တွေ့ဆုံခဲ့ကြရသည်။

ထို့နောက် သူနှင့် ကျွန်တော် အဆက်အသွယ်မရတော့။ ယခု ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ (၁၆) နှစ်ကျော်ကြာမြင့်မှ ပြန်လည်တွေ့ဆုံရခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ စာပိုဒ်သည် ဗိုလ်မှူးချုပ် (အငြိမ်းစား) ဘာနပ်(ဒ်) ဖာဂတ်ဆင် (ဆာဘွဲ့ရရှိခဲ့ပါသည်) ရေးသားပြုစုသော Return To Burma 'မြန်မာနိုင်ငံသို့ တစ်ကျော့ပြန်ခဲ့ခြင်း' စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာ ဆီလျော်အောင် ပြန်ဆိုဖော်ပြထားခြင်း ဖြစ်ပါသည်။ ဗိုလ်မှူးချုပ်အငြိမ်းစား ဖာဂတ်ဆင်သည် ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန်မလိုသော နာမည်ကျော် ခြင်ဒစ်တပ်မတော်အတွင်း စစ်ကြောင်းမှူးကြီးအဖြစ်တာဝန်ယူခဲ့သူ စာရေးဆရာ၊ ကဗျာဆရာတစ်ဦး ဖြစ်ပါသည်။ သူရေးသားပြုစုခဲ့သော Beyond Chindwi စာအုပ်ကို ကွယ်လွန်သူ စာရေးဆရာကြီး တက္ကသိုလ်နန္ဒမိတ်က 'ချင်းတွင်းကို ကျော်လျှင်' အမည်ဖြင့် တိုက်ရိုက်မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ရာ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသောစာအုပ် ဖြစ်ပါသည်။

သူရေးသားပြုစုသော (The Wi Green Earth) စိမ်းလဲ့မြေလွှာစာအုပ် လည်း ကွယ်လွန်သူ စာရေးဆ တက္ကသိုလ်နန္ဒမိတ်ကပင် 'အသက် ဖက်ရွက်ပမာ' အမည်ဖြင့် ဘာသာ ဆို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ဒုတိ ကမ္ဘာစစ်ကြီးအတွင်း ဂျပန်ဘုရင့်အ လွှင့်ဌာနမှ မကြာခဏခြင်ဒစ်စစ်ကြော မှူး ဖာဂတ်ဆင်အား အမိဖမ်းရမည် နိုးဆော်မှုပြုခဲ့သည်ကိုလည်း ကျွန်တေ တို့ နားထောင်ခဲ့ရပါသည်။ ၁၉၄၃ ခ နှင့် ၁၉၄၄ ခုနှစ်များအတွင်း အိန္ဒိ နိုင်ငံမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ် သော အမေရိကန်ဆာသဇာပက်တိ သတင်းစာနှင့် ကာလကတ္တားစတိ မင်းသတင်းစာကြီးများတွင် ဝင်းဂိတ် ခရီးဝေး ဖောက်ထွင်း တိုက်ခိုက်သ စစ်ဗျူဟာအကြောင်း မကြာခဏဖေ ခဲ့ပါသည်။ ၁၉၄၃ ခုနှစ်၊ ဖေဖော် လတွင် စစ်ကြောင်းတစ်ကြောင်းလ စစ်သည်တော် (၄၀၀) ကျော်ခန့် ပါ သော ဝင်းဂိတ်၏ခရီးဝေးဖောက်ထွ တိုက်ခိုက်ရေး စစ်ကြောင်းများသ အာသံစစ်မျက်နှာရှိ မဟာမိတ်တပ် ကိုကျော်၍ ဂျပန်ဖက်ဆစ်တို့ သိမ်းပို ထားသော မြန်မာနိုင်ငံအတွင်းသို့ ပေါင်း(၂၀၀)ကျော်အထိ ဖောက် တိုက်ခိုက်ခဲ့ကြသည်။ ဤစစ်ကြေ တစ်ကြောင်းကို ခေါင်းဆောင်မျ ခဲ့ရသူမှာ ထိုစဉ်က ဒုတိယဗိုလ်မှူး

www.burmeseclassic.com

နောင်အခါ ဗိုလ်မှူးချုပ်) ဖာဂတ်ဆင်ဖြစ်ပါသည်။ ထိုစဉ်ကာလက ခြင်ဒစ်စစ်ကြောင်းများသည် မိမိတို့ အစီအစဉ်အတိုင်း သီးခြား လွတ်လပ်စွာ လှုပ်ရှားနိုင်ကြ၏။

ဖာဂတ်ဆင်တို့၏တပ်ဖွဲ့များသည် ဂျပန်တို့၏ ခံစစ်ကြောင်းများနောက်သို့ မိုင်ပေါင်းများစွာ ထိုးဖောက် ဝင်ရောက်ခဲ့ကြပြီး မီးရထားလမ်းများ၊ တံတားများ၊ ဂျပန်စစ်ရိက္ခာ၊ သိုလှောင်ရုံများ၊ ဆက်သွယ်ရေးစခန်းများကို ဖျက်ဆီးနိုင်ခဲ့ပြီး ရန်သူဂျပန်တို့၏ ရိက္ခာပို့ဆောင်ရေးယာဉ်တပ်များကို ချုံခိုတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။ ထိုစဉ်က ခြင်ဒစ်တပ်များလှုပ်ရှားခဲ့သောနယ်မြေမှာ ဂျပန်ဘုရင့်တပ်မတော် တပ်မ (၁၈) တာဝန်ယူထားသောနယ်မြေဖြစ်၏။ ဤတပ်ကြီးအား ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဟိုးဟိုးကျော်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီး မူတာဂုချိက တာဝန်ယူထားရသည်။ မူတာဂုချိကိုယ်တိုင်ကပင် ဗိုလ်ချုပ်ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်းတိုက်ခိုက်နေရေးနည်းဗျူဟာကို တအံ့တသြဖြစ်ခဲ့ရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ စစ်ရေးအကဲဖြတ်သူတို့ကလည်း အရှုံးမပေးသောစိတ်နှင့် သူ၏ တောတွင်းဖောက်ထွင်းချီနည်းဗျူဟာကို စိတ်ဝင်စားကြသည်။ တောတွင်းတိုက်ပွဲတွင် ဂျပန်ဘုရင့်တပ်မတော်အား မည်သူမျှမယှဉ်နိုင်ဟူသော အယူအဆကို ဝင်းဂိတ်၏ ခြင်ဒစ်တပ်မတော်က ပယ်ဖျက်နိုင်ခဲ့သည်။

ခြင်ဒစ်စစ်ကြောင်းများသည် အိန္ဒိယဌာနချုပ်နှင့် ရေဒီယိုအဆက်အသွယ်ရကာ ရိက္ခာနှင့် ခဲယမ်းများကို လေကြောင်းမှရရှိခဲ့ကြသည်။ သို့သော် ကြာရှည်စွာ လှုပ်ရှားနိုင်ခြင်းမရှိခဲ့။ ရန်သူဖက်ဆစ်ဂျပန်တို့သည် ခြင်ဒစ်စစ်ကြောင်းများနောက်သို့ အမဲလိုက်သလိုလိုက်၍ တိုက်ခိုက်ခဲ့ကြသည်။ ခြင်ဒစ်တပ်ဖွဲ့များသည် ရွှေလီမြစ်ဆုံ၌ ဖက်ဆစ်ဂျပန်တို့၏ဝိုင်းဝန်းပိတ်ဆို့ခြင်းခံခဲ့ရကား အိန္ဒိယသို့ အစုအဖွဲ့လေးများဖွဲ့ကာ ပြန်လည်ဆုတ်ခဲ့ကြရ၏။ ဤကဲ့သို့ မြန်မာနိုင်ငံအတွင်း ထိုးဖောက် ဝင်ရောက်ခဲ့သော ခြင်ဒစ်စစ်သည်တော်များအနက် သုံးပုံတစ်ပုံမှာ ဖက်ဆစ်ဂျပန်တို့၏ ချေမှုန်းသုတ်သင်ခြင်းကို ခံခဲ့ရ၏။ သို့သော် ထိုစစ်ဆင်ရေးသည် ဗြိတိသျှအင်ပါယာအတွင်းရှိ နိုင်ငံအများမှ ပြည်သူများနှင့် မဟာမိတ်တပ်သားများအတွက် အစွမ်းပြသောအားဆေးဟု ဗြိတိသျှအာဏာပိုင်များက မှတ်ယူခဲ့ကြသည်။

ထို့ကြောင့်ပင် ဝင်းဂိတ်၏ဒုတိယခရီးဝေးဖောက်တွင်းတိုက်ခိုက်ရေးအဖွဲ့ကိုဖွဲ့၍ စစ်ဆင်ရေးပြုလုပ်ရန် စီမံခဲ့သည်။ ဝင်းဂိတ်၏ ခြင်ဒစ်တပ်ဖွဲ့သစ်တွင် တပ်ရင်းပေါင်း (၂၄) ရင်း ပါဝင်လာသည်။ မြန်မာနိုင်ငံအတွင်းပိုင်းအထိ ထိုးဖောက် ဝင်ရောက်ရမည်ဖြစ်ရာ မြန်မာဘာသာစကားပြောတတ်သော မြန်မာရဲဘော်များ၊ အရာရှိအရာခံ အကြပ်တပ်သားများ၊ မြန်မာတိုင်းရင်းသားတပ်သားများ၊ အရာရှိအရာခံများ ပါဝင်ခဲ့၏။ ခြင်ဒစ်တပ်ဖွဲ့မှ တပ်မဟာမှူး ဖာဂတ်ဆင် ဦးစီးသော အမှတ် (၁၆) တပ်မဟာမှာ လီဒိုလမ်းမကြီးမြောက်ဘက်မှ တောင်ဘက်သို့ ခြေကျင်ချီတက်ခဲ့ရပြီး ကျန်တပ်မဟာများကမူ လေကြောင်းဖြင့် ချီတက်ခဲ့ရသည်။

ဤစစ်ဆင်ရေးကြောင့် အင်ဖာသို့ ချီတက်သွားသော ဂျပန်ဘုရင့်တပ်မတော် တပ်သားများအဖို့ အထူးထိခိုက်ခဲ့ရ၏။ သူတို့သည် ထိုစဉ်က မိမိတို့ရိက္ခာကို မိမိတို့ကိုယ်ပေါ်တွင် သယ်ယူ၍သွားခဲ့ကြရသည်။ နောက်မှပေးပို့မည့် ရိက္ခာကို အားထားရမည် ဖြစ်သည်။ သို့သော် ဂျပန်စစ်ရိက္ခာပို့တပ်များ၊ မော်တော်ယာဉ်များ၊ မီးရထားများ၊ ရိက္ခာသိုလှောင်ရုံများအား ခြင်ဒစ်တပ်များက ဖောက်ခွဲ ဖျက်ဆီးနိုင်ခဲ့သည်။ ဤသို့သော အောင်မြင်မှုများရနေစဉ် ဗိုလ်ချုပ်ဝင်းဂိတ် စီးနင်းလိုက်ပါလာသော လေယာဉ်သည် အိန္ဒိယနိုင်ငံ ဘီရှန်ပူလီအနီးတွင် တောင်စောင်းတစ်ခုနှင့် ဝင်တိုက်မိကာ ဗိုလ်ချုပ်ဝင်းဂိတ် ကွယ်လွန်ခဲ့ရ၏။

သူ့နေရာအား ဗိုလ်ချုပ်ကလေးဂျိုလင်တက်နီမှတာဝန်ယူခဲ့ရပြီး ဝင်းဂိတ်၏သေနင်္ဂဗျူဟာကို ဆက်လက်အကောင်အထည်ဖော်ခဲ့ရတော့၏။ သို့ဖြင့် မဟာမိတ်တို့သည် ကချင်ပြည်နယ်အတွင်းမှ ဂျပန်တပ်များအား မောင်းနှင်ထုတ်နိုင်ခဲ့ရာ နာမည်ကျော် လူဝ္ဂစာဟူ၍လည်းကောင်း၊ အပေါင်းအသင်းရခက်သော၊ ဗိုလ်ချုပ်ကြီး ဟူ၍ မဟာမိတ်စစ်ဘက်အာဏာပိုင်များက တညီတညွတ်တည်း အသိအမှတ်ပြုထားသော အမေရိကန်ပြည်ထောင်စုသား ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကိုယ်တိုင် ခြင်ဒစ်တပ်ဖွဲ့ဝင်ရဲဘော်သည် ရင်မြေကတုတ်လုပ်၍ ကြီးကျယ်သော တိုက်ပွဲကြီးများကို တိုက်ခိုက်ခဲ့သူများဖြစ်ကြသည်ဟု ထုတ်ဖော်ချီးမွမ်းခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးသည့်နောက်ပိုင်း ဝင်းဂိတ်၏ ညာလက်ရုံး ဗိုလ်မှူးချုပ် ဖာဂတ်ဆင်သည် တပ်မှအငြိမ်းစားယူခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း သူ့ခြင်ဒစ်တပ်များ လှုပ်ရှားခဲ့သော ကျေးရွာများ၊ တသွင်သွင်စီးနေသော ချောင်းများ၊ မည်းမှောင်နေသော တောအုပ်များ၊ မတ်စောက်သောတောင်ကြောများ၊ သူတို့ဖောက်ခွဲဖျက်ဆီးခဲ့သော မီးရထားလမ်းများ၊ တံတားများဖြတ်ကျော်ခဲ့ရသော ချင်းတွင်းမြစ်၊ ရွှေလီမြစ်နှင့် ဧရာဝတီမြစ်တို့၏ရှုခင်းများကို ပြန်ကြည့်လိုသည်။ အတူလာမည့်ဘေးကို ပြေးတွေ့ခဲ့ရသော အရာရှိအရာခံ၊ အကြပ်တပ်သားဟောင်းများ၊ သူ့တပ်သားများအား အဘက်ဘက်မှ ကူညီစောင့်ရှောက်ခဲ့သော မြန်မာတိုင်းရင်းသားအများအား ပြန်လည်တွေ့ဆုံ၍ ကျေးဇူးတင်စကားပြောလိုသည်။ သို့ဖြစ်၍ အငြိမ်းစားဗိုလ်ချုပ် ဖာဂတ်ဆင်သည် မြန်မာနိုင်ငံ ကချင်ပြည်နယ်သို့ ဝင်ရောက်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဝင်ခွင့်မရခဲ့။

သို့သော် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်တွင်းမှ အင်္ဂလန်နိုင်ငံ မြန်မာသံရုံးမှ မြန်မာသံအမတ်ကြီး ဦးအောင်စိုး၏အကူအညီနှင့် အငြိမ်းစား ခြင်ဒစ် ဗိုလ်မှူးချုပ် ဖာဂတ်ဆင်သည် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခွင့်ရခဲ့သည်သာမက ထိုစဉ်က ကချင်ပြည်နယ်အစိုးရနှင့် မြန်မာတပ်မတော်တပ်မင်းဖြစ်သူ ဗိုလ်မှူးစောမြင့်၏အကူအညီနှင့် ကချင်ပြည်နယ်တစ်နံတစ်လျား သူသွားလိုသော နေရာအနှံ့ရောက်ရှိခဲ့သည်သာမက သူတွေ့လိုသော ခြင်ဒစ်ရဲဘော်ဟောင်းများ၊ အရာရှိဟောင်းများ၊ သူ့ခြင်ဒစ်တပ်ဖွဲ့ဝင်များအား နည်းလမ်းအမျိုးမျိုးနှင့် အကူအညီပေးခဲ့သော မြန်မာတိုင်းရင်းသားများအား တွေ့ဆုံခွင့်ရခဲ့သည်။ အငြိမ်းစားဗိုလ်မှူးချုပ် ဖာဂတ်ဆင်သည် ရက်သတ္တပတ်ပေါင်းများစွာ မြန်မာနိုင်ငံတွင် နေထိုင်လည်ပတ်ခွင့်လည်း ရရှိခဲ့သည်ဟု သိရှိ ပါကြောင်း။

လှမိုး(ပညာရေး)

Ref -

1. Return To Burma.
- By-B.Fergussan.



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား ၁၉၇၀ ပြည့်ဝန်းကျင် ကာလတစ်ခုတွင် ဖြစ်ပါသည်။

မျိုးမြင့်တစ်ယောက် အလယ်တန်းကျောင်းသားအရွယ်မျှသာ ရှိပေသေးသည်။ သူ့ကို ကလေးမရသည့် လင်မယားနှစ်ဦးက တရားဝင် မွေးစားထားခဲ့ပါ၍ ထိုမွေးစားမိဘများနှင့်အတူ နေထိုင်လျက်ရှိနေသည်။ မွေးစားအဖေက ဦးလူ ဖြစ်သည်။ အလုပ်အကိုင်က မြင်းလှည်းမောင်းခြင်း၊ မြင်းအရောင်းအဝယ် အလဲအလှယ် ပြုလုပ်ခြင်း၊ မြင်းရိုင်းများကို လုပ်ငန်း၌ အသုံးပြုလာနိုင်အောင် ဆောင်ရွက်ပေးရခြင်း၊ မြင်းရောဂါများကိုလည်း ဆေးကုသပေးခြင်းတို့ ဖြစ်သည်။ မကွေးမြို့ ဒေသတစ်ဝိုက်တွင် 'မြင်းသမားဦးလူ' ဟု ဆိုလျှင် လူတိုင်း သိရှိကြသည်ပင် ဖြစ်ပါသည်။

မျိုးမြင့်တို့အိမ်တွင် မြင်းလှည်းတစ်စီးအပြင် မြင်းအလွတ်နှစ်ကောင်ရှိသည်။ရောင်းဝယ်ရန် သို့မဟုတ် အဆင်ပြေသလို လဲလှယ်ရန် မွေးမြူထားသော ထိုမြင်းနှစ်ကောင်တွင် အထီးကို 'သိန်းကျော်' ဟု အမည်ပေးထားပြီး အမကိုမူ 'ဇီးကွက်မ' ဟု နာမည်ပေးထားခဲ့သည်။

BURMESE CLASSIC

မကွေးမြို့ သိင်္ဂီကိုရိရပ်ကွက် သုခလမ်းမြောက်ပိုင်းနေအိမ်တွင် သူတို့မိသားစုနေထိုင်ကြသည်။ အိမ်က သိင်္ဂီကိုရိရပ်ကွက်၊ မြောက်ဘက်ပိုင်း နောက်ဆုံးအိမ် ဖြစ်သည်။ အိမ်၏ အနောက်ဘက်တွင် တောင်နှင့် မြောက်သို့ လမ်းခွဲရှိနေခဲ့ပြီး ထိုလမ်းခွဲကို အနည်းငယ်ကျော်လွန်ပါက မြင်းဖြူရှင်နတ်နန်းတစ်ခုကို တွေ့နိုင်ပါသည်။ မကွေးမြို့ရှိ ကားများ၊ မြင်းလှည်းများအားလုံး ထိုနတ်ကွန်းတွင်လာ၍ နတ်ပြကြရလေ့ရှိသည်။ ထိုစဉ်က မကွေးမြို့ရှိ မြင်းလှည်းအစီးရေသည် ကားအရေအတွက်ထက်ပင် ပိုမို များပြားသည်ဟု ဆိုနိုင်သည်။

မကွေးမြို့ပေါ်တွင် မြင်းနှင့်ပတ်သက်၍ အစစအရာရာ တတ်သိနား



www.burmeseclassic.com

ည်သူများဟု သတ်မှတ်ခံထားရသူ (၃) ဦးရှိနေသည်။ ဦးဖန်၊ ဦးမောင်ဟန်နှင့် မျိုးမြင့်၏ မွေးစားအဖေ ဦးလူတို့ဖြစ်ကြသည်။ ဦးဖန်နှင့် ဦးမောင်ဟန်က ဦးလူထက် အသက်ပိုကြီးသည်။

တတ်ကျွမ်းမှုအပိုင်းနှင့် ပတ်သက်၍လည်း တစ်ဦးစီ၌ ကျွမ်းကျင်မှုပုံစံကွဲပြားရပြန်ပါသည်။ ဦးဖန်က မြင်း၏ ကြန်အင်လက္ခဏာပိုင်းအထူးကျွမ်းကျင်သည်။ ဦးမောင်ဟန်ကမူ မြင်းလောကနှင့် ပတ်သက်သော သတင်းမှန်သမျှကို ဦးစွာသိရှိသူဖြစ်သည်။ ဦးလူကမူ မြင်းကြန်လက္ခဏာအပြင်၊ မြင်းလဲလှယ်ခြင်း ရောင်းဝယ်ခြင်းတွင် လည်းကောင်း၊ ယဉ်ကျေး လိမ္မာရေးခြားရှိလာအောင် လေ့ကျင့်ပေးရာတွင် လည်းကောင်း၊ ဆေးကုရာတွင် လည်းကောင်း ကျွမ်းကျင်နိုင်နင်းသူ ဖြစ်ကြပါ၏။

ထိုစဉ်က သူတို့မြင်းကျွမ်းကျင်သူ ပုဂ်ဆွေ (၃) ယောက် အချင်းချင်း အမည်များပေးထားခဲ့ကြသည်။ မြင်းကြန်အင်လက္ခဏာများသိသူ ဦးဖန်ကို ဆရာဖန်၊ မြင်းသတင်းများဦးစွာသိသူ ဦးမောင်ဟန်ကို ဦးဟန်၊ မြင်းနှင့်ပတ်သက်၍ ဘက်စုံထူးချွန်သူ ဦးလူတို့မူ ပညာလူဟု အမည်ပေးထားခဲ့ကြပါ၏။

❖

ဆောင်းတွင်းကာလ နေ့ရက်တစ်ရက်တွင် ဖြစ်သည်။

ဦးလူက လှည်းတွင် တပ်မထားသည့် အလွတ်မွေးထားသော အဖြူရောင်မြင်းမ ဇီးကွက်မကို မြင်းဇောင်းထဲမှထုတ်၍ ဆွဲခေါ်သွားသည်။ ညနေလေးနာရီခန့်တွင် မန်ကျည်းစေ့ရောင်ရှိသော အလွန်လှပပြီး တောင့်တင်းသည့် မြင်းထီးကြီးတစ်ကောင်နှင့် အိမ်ပြန်ရောက်ချလာသည်။ မြင်းအထီးကြီးက ဝဝဖီးဖီးကြီးဖြစ်နေသည့်အပြင် လှပကြော့ရှင်းတောက်ပြောင်လွန်းလှပါ၍ မျိုးမြင့်အတော်ပင် သဘောကျနေခဲ့သည်။ အမေလည်း ကျေနပ်ပီတိဖြစ်နေခဲ့တာ ပြုံးရွှင်နေသည်ကို သူတွေ့မြင်ခွင့်ရသည်။

ထုံးစံအတိုင်း ထိုနေ့ည ရှစ်နာရီခန့်တွင် ဦးမောင်ဟန် အိမ်သို့အလည်ရောက်ရှိလာခဲ့သည်။ အသစ်ရောက်ရှိလာသောမြင်းကြီးကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကာ စူးစူးစိုက်စိုက် နေရာအစုံလှည့်ပတ်ကြည့်ရှုပါသည်။

"ဝိဇ္ဇာလူ၊ မင်းဒီကောင်ကြီးကို ဇီးကွက်မနဲ့ လဲလာခဲ့တာ အလိုက်ဘယ်လောက်ပေးရသလဲ"

မျိုးမြင့်ဖခင် ဦးလူက ပြုံးစစအနေအထားနှင့် -

"ဦးဟန်ရေ၊ ခင်ဗျား ယုံချင်မှယုံ၊ မယုံချင်လည်းနေပေါ့ဗျာ။ ဘာအလိုက်မှမပေးခဲ့ရဘူး။ တစ်ကောင်ချင်းထပ်ပြီး လဲခဲ့ရတာဗျ"

"ဟာ - မဖြစ်နိုင်တာဘဲ ဝိဇ္ဇာလူရ။ ငါသာ ဒီမြင်းပိုင်ရှင်ဆိုရင် မင်းမှာကျန်သေးတဲ့အထီး သိန်းကျော်ကြီးကိုပေးဦးတော့ စဉ်းစားရဦးမှာ။ မဖြစ်နိုင်ပါဘူးကွာ"

"ကျုပ်ပြောသားပဲ၊ ခင်ဗျားယုံမှာမဟုတ်ဘူးလို့"

"ဒီလိုဆို တခြားအကြောင်းတစ်ခုခုတော့ရှိရမယ်ကွ။ မင်းလည်းပဲ မြင်းဝိဇ္ဇာပဲလေကွာ။ ရန်သူမျိုးငါးပါးတောကင်းရဲ့လား"

"လွတ်ကင်းပါတယ်ဗျာ၊ ကျွန်တော်အသေအချာကြည့်ရွေးခဲ့တာပါ။ သိသမျှပညာအကုန်ထုတ်ပြီး တစ်နေရာမှမကျန်အောင် ရှာခဲ့တာဗျ။ တကယ့်ကို ဘာဆိုဘာမှ အပြစ်မရှိဘူးဗျာ"

"ဟုတ်ရဲ့လားကွာ"

ဦးမောင်ဟန် ခေတ္တမျှစဉ်းစားကာ စကားပြောခြင်းကို ရပ်ဆိုင်းလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်းစဉ်းစားခန်းဝင်နေလိုက်သည်။ ဦးမောင်ဟန်ပြောသည့် ရန်သူမျိုးငါးပါးဆိုသည်မှာ မြင်းတို့၏ကြန်အင်လက္ခဏာများထဲတွင် မကောင်းကျိုးတို့ကို ဆိုးဆိုးရွားရွားဖြစ်ပေါ်စေတတ်သော အဓိကဖွေဆိုးငါးမျိုးကို တင်စား၍ပြောခြင်း ဖြစ်ပေသည်။

၎င်းဖွေဆိုးငါးမျိုးကို မြင်းဝယ်သူတိုင်း အထူးရှောင်ကြဉ်ကြရသည်။

နလုံးခွံဖွေ၊ ငိုသံကြားဖွေ၊ ခွေးဆွဲဖွေ၊ အလောင်းတင်ဖွေနှင့် မှန်လျောဖွေဟူ၍ ငါးမျိုးဖြစ်သည်။ မြင်းကျွမ်းကျင်သူတိုင်း ထိုဖွေဆိုးငါးချက်ကို အဓိကအချက်အဖြစ် စစ်ဆေး ဝယ်ယူ လဲလှယ်ကြလေ့ရှိနေသည်။

မြင်း၏ လက်နှစ်ဖက်အကြား ရင်သားပုံ အလယ်တည့်တည့်တွင် ရှိနေတတ်သော ဖွေကို 'နလုံးခွံဖွေ' ဟု ခေါ်သည်။ ထိုမြင်းကို မိမိအိမ်အရောက်ခေါ်လာခဲ့မိပါက ရုတ်တရက် လူသေရခြင်း၊ စီးပွားပျက်ရခြင်းများဖြစ်တတ်သည်ဟု သိရှိကြသည်။

နားရွက်နှစ်ခု၏ အနောက်ဘက်အောက်ခြေတွင် ဖွေနှစ်လုံးရှိနေတတ်ပြီး တစ်ဖက်နှင့်တစ်ဖက် မညီမညာဖြစ်နေခဲ့ပါက 'ငိုသံကြားဖွေ' ဟု အမည်

# ကိုမိုး (ရွှေပြည်သာ)

# လိပ်ပြာနုတ်မယ့် ဝိဇ္ဇာတို့ရဲ့ပြိုင်ပွဲ

www.burmeseclassic.com

သညာပေးထားသည်။ မြင်းအကြောင်း သိရှိတတ်ကျွမ်းသူတို့က သခင် (ပိုင်ရှင်) ၏ ငိုသံကို အမြဲနားထောင်လျက်ရှိနေသည်ဟု သတ်မှတ်ခဲ့ကြသည်။ ထိုဖွေ့နှစ်လုံးက ညီညာစွာ ရှိနေခဲ့ပါမူ 'ဖွေ့ချိန်ခွင်'ဟုပင် ခေါ်ခဲ့ကြပြီး စီးပွားတိုးတက်သည်ဟု နားလည်ကြပါသည်။

မြင်း၏ခြေထောက် တံကောက်ကွေးနေရာရှိ အချိုင့်ထဲတွင် နှစ်ဖက်စလုံးဖွေ့ရှိနေပါက 'ခွေးဆွဲဖွေ့' ဟု ခေါ်ဆိုပါသည်။ ထိုဖွေ့ရှိသောမြင်း၏နယ်နိမိတ်ဝန်းကျင်သည် ရန်သူများကို ခေါ်ယူနေလေ့ရှိတတ်သည်ဟု မြင်းပညာရှင်များက မှတ်ချက်ပြုထားခဲ့ပါ၏။

မြင်း၏ ကျောကုန်းအပေါ်ဘက် အလယ်တည့်တည့်၌ ဖွေ့တစ်လုံးတည်းရှိနေပါက 'ထီးဖြူဖွေ့' ဟု သတ်မှတ်ခေါ်ဆိုခဲ့ကာ ထိုဖွေ့ကြောင့် အိမ်ရှိလူ ရာထူးတက်ခြင်း၊ ဘုန်းတန်ခိုးကြီးလာခြင်း၊ စီးပွားတက်ခြင်းနှင့် မြောက်မြားလှစွာသော ကောင်းကျိုးပေးခြင်းတို့ကို ရရှိခဲ့ကြလေ့ရှိပါသည်။ ထိုမြင်းမျိုးဖြစ်ခဲ့လျှင် တန်ဖိုးပိုပိုသာသာပေးရတတ်လေ့ရှိပြီး ထပ်မံ အပိုဆောင်းပေးရသော (သဒ္ဒါကြေး) ပါ ဖြည့်စွက်ပေးဝယ်ရသော မြင်းအမျိုးအစားဖြစ်သည်။

ထိုသို့သောဖွေ့မျိုးက ကျောကုန်းပေါ်တွင်ရှိနေသော်လည်း အောက်ဘက်အမြီးဘက်အပိုင်းသို့ လျှောကျနေခဲ့ပါမူ 'အလောင်းတင်ဖွေ့' ဟု အမည်သညာတွင်ရစ်ပါသည်။ နည်းနည်းလျှောကျလျှင် နွေးနွေးကွေးကွေးဖြင့်သာ အိမ်ကိုအခိုက်ခတတ်ဖြစ်ပွားစေတတ်ပြီး များများလျှောကျနေခဲ့လျှင် နေ့ချင်းညချင်းစီးပွားပျက်လိမ့်မည်ဟု သတ်မှတ်ခဲ့ကြပါ၏။

မြင်း၏ မျက်လုံးနှစ်ဖက်အလယ်တည့်တည့်တွင် ဖွေ့တစ်လုံးတည်းရှိပါက 'ကြာပွင့်ဖွေ့' ဟုခေါ်ဆိုကြပြီး အလွန်တန်ဖိုးထားသင့်သော မြင်းကြန်အင်လက္ခဏာဖြစ်ပေသည်။ လာဘ်လာဘအရာတွင် အလွန်ပွင့်လန်းနိုင်သည်ဟု အဆိုရှိသည်။

ထိုဖွေ့မျိုး နှာခေါင်းဘက် လျှောကျနေခဲ့လျှင် 'မှန်လျှောဖွေ့' ဟု ခေါ်ပါသည်။ ထိုဖွေ့မျိုးကား အလောင်းတင်ဖွေ့ကဲ့သို့ပင် ပိုလျှောကျလေလေ စီးပွားရေး၊ ကျန်းမာရေး ဆုတ်ယုတ်လေလေဖြစ်နိုင်ပေသည်။

"ဝိဇ္ဇာလူ၊ ဒီတစ်ခါတော့ မင်းဟာက လည်လွန်းတဲ့ဘီး ဟိုဟာနင်းမိသလိုမျိုးဖြစ်နေဦးမယ်နော်"

"ကိုဦးဟန်ကလည်း၊ တစ်ကောင်ချင်းလဲမယ်လို့ပြောကတည်းက ကျုပ်မစဉ်းစားဘဲနေပါ့မလား။ နောက်ဆုံးလှည့်ပတ်ကြည့်ပြီးလို့ ကျွန်တော်အဖြေရှာမတွေ့တော့ တဲ့ပဲမေးလိုက်တယ်ဗျ။ ဒီလောက် အကောင်ချင်းကွာနေတာ ဘာလို့လဲချင်ရတာလဲဗျာလို့ဆိုတော့ ဒီမြင်းက ကျွန်းညိုဘက်ကလာတဲ့မြင်းဗျာ။ မြင်းပိုင်ရှင်သေသွားလို့ လယ်ကိုင်းဘက်ကို ရောင်းလိုက်တာတဲ့။ အခုလယ်ကိုင်းဘက်ကပိုင်ရှင်လည်း သေသွားတယ်တဲ့။ နောက်ဆုံး ရသလောက်နဲ့ ရောင်းမယ်၊ ဒါမှမဟုတ်ရင်လည်း ဖြစ်သလိုပဲ တစ်ကောင်ချင်းလဲတော့မယ်ဆိုပြီး မကွေးဘက်ကို ကူးလာတယ်တဲ့ဗျ။ အဲဒီတော့ ကျွန်တော်လည်း တခြားပြစ်ချက်ရှာမတွေ့လို့ လဲဖြစ်သွားတယ်ဆိုပါတော့ဗျာ"

"အေးလေ၊ မင်းက မြင်းဝိဇ္ဇာဆိုတော့ လဲရဲတာပေါ့။ ဒါပေမယ့် ငါစဉ်းစားမိတယ်ကွ။ မင်း ဆရာဖန်ကိုတော့ ခေါ်ပြလိုက်ရင်ကောင်းမယ်ထင်တယ်"

"သိပ်ကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့ မသိတဲ့အချက်တွေက ဆရာဖန်ဆီမှာဆို ရှိကောင်းရှိနိုင်တယ်ဗျ"

"အေး - ဒါဆို မနက်ဖြန် ငါ ဆရာဖန်ကို ခေါ်လာခဲ့လိုက်မယ်"

"ဟုတ်ကဲ့-ကိုဦးဟန်ရေ၊ ကျေးဇူးပဲဗျာ"

❖

နောက်တစ်ရက်။

ဦးဖန်၊ ဦးမောင်ဟန်နှင့် ဝိဇ္ဇာလူတို့ မြင်းကြီးကို အသေအချာ လှည့်ပတ်ကြည့်နေကြသည်ကို မျိုးမြင့် နောက်မှ ကပ်၍လိုက်ပါသွားသည်။

"ဝိဇ္ဇာလူ၊ မင်းကတော့ မယားဆိုးမြင်းကတ် လူတတ်လုပ်လာသလားမသိဘူး။ ဒီမြင်းရဲ့ဉာဉ်ကိုကော သိရဲ့လား။ အတော်ကြာ ရထားခွင်ထဲရောက်မှ ဟိုကတ်ဒီကတ်နဲ့ ခိုင်းမရဘဲဖြစ်နေဦးမယ်"

"ဟာ - ဆရာဖန်ကလည်းဗျာ၊ ကျွန်တော် ဝိဇ္ဇာလူပါဗျ။ မြင်းချင်းမလဲခင်ကတည်းက မောင်ချိန်ရဲ့မြင်းလှည်းကမြင်းကို ခဏဖြုတ်တပ်ပြီးဆွဲခဲ့ပြီးပါပြီ။ မြို့တစ်ပတ်တောင် မောင်းကြည့်ခဲ့သေးတယ်။ ကောင်းလိုက်တဲ့ စကျဗျာ။ မွတ်ညက်နေတာပဲ"

(စကျ ဆိုသောစကားရပ်သည် မြင်းလှည်းမောင်းသူတို့ သုံးနှုန်းလေ့ရှိသောစကားဖြစ်ပြီး ထိုမြင်းမျိုးမှာ ကဆုန်ပေါက်ပြေးခြင်းလည်းမဟုတ်ဘဲ ခြေလက် လေးဖက်စလုံး စည်းချက်ညီညီ ပြေးခြင်း ဖြစ်သည် - စကားချပ်)

"ဒီလိုဆိုရင်တော့ အတော့်ကို အံ့ဩစရာကောင်းနေပြီဗျ"

ဦးဖန်က ရေနွေးကြမ်းဝိုင်းဆီသို့ ဦးဆောင်၍ ပြန်လျှောက်လာခဲ့သည်၊ အဖန်ရည်တစ်ခွက်ကို ဟန်ပါပါနှင့် ငှဲ့ သောက်ချလိုက်ပါသည်။

ထိုစဉ် ဦးမောင်ဟန်က ရုတ်တ ရက် တွေးမိသမျှ ပြောဆိုလိုက်သည်၊

"မြင်းဝိဇ္ဇာသုံးယောက်စလုံး စစ် တာတောင် ဘာမှအပြစ်မတွေ့ဘူးဆို ရင်တော့ စိတ်ချရတဲ့အဆင့်ရှိတယ်လို့ ပြောလို့ရတယ်ဗျ။ ဒါပေမယ့် သတိနဲ့ တော့ တစ်ရက်၊ နှစ်ရက်လောက် စောင့် ကြည့်ရင်ကောင်းမယ်ထင်တယ်"

"ဝိဇ္ဇာလူရေ၊ ဒီကောင်ကြီးကို ရောင်းသည်ဖြစ်စေ၊ လဲသည်ဖြစ်စေ ငါ့ကိုအရင်ဆုံးပြောကွာ။ ငါလည် ကြိုက်သလိုတော့ရှိနေပြီကွ။ ငါ့အိမ်က မင်းကြိုက်တဲ့ မြင်းတစ်ကောင်အပြ သားပေါက်တစ်ကောင်ပါ အလိုက်ပေ မယ်ကွာ ဘယ့်နှယ်လဲ"

ထိုနေ့က မြင်းလဲလှယ်ရခဲ့သည့် အထိမ်းအမှတ်အဖြစ် မြင်းပညာရှ (၃) ယောက်တို့ မျိုးမြင့်တို့နေအိမ်တွင် ညနေထမင်းဝိုင်းလေး အတူစားသော ဖြစ်ခဲ့ကြပါသည်။ ထမင်းစားသော ပြီးစီး၍ ခဏအကြာမှာပင် ဝိဇ္ဇာလူ ထိုမြင်းကို လှည်းတွင်တပ်ဆင်၍ မြ တစ်ပတ်ပတ် မောင်းပြပို့ဆောင်ခဲ့ရ ဦးဖန်နှင့် ဦးမောင်ဟန်တို့ အိမ်အရော ပို့ဆောင်ပေးခဲ့ပေရာ မျိုးမြင့် မြင်းလှည်း လိုက်စီးရင်း ပျော်ခဲ့ရပါသည်။

❖

ထိုမြင်းကြီး မျိုးမြင့်တို့အိမ်ရော ခဲ့ပြီး တစ်ပတ်ကျော်ခန့်တွင် ဖြစ် သည်။

ညသန်းခေါင်ကျော်အချိန် မြ ဇောင်းထဲမှမြင်းများတိုးဝှေ့ကန်ကျော နေကြခြင်း၊ ပတတ်ရပ်၍ဟီခြင်းမျာ ကြားရသည့်အပြင် မြင်းဇောင်းကို ကာ ထားသောဝါးတချို့ပါ ကျိုးပဲ့ပြုတ်ထွ ကုန်သည်။

ဦးလူက အိပ်ရာထဲမှနေ ကျာပွတ်သံပေးလိုက်ခြင်း၊ မာန်မဲဟ ဟောက်လိုက်ခြင်းများပြုပါက တစ်ခ ငြိမ်သက်သွားသည်။ ထိုသို့ ငြိမ်သ သွားပါ၍ ဝိဇ္ဇာလူက ပြုတ်ထွက် သောဝါးများ၊ ချည်ထားသည့်ကြိုးပြ ထွက်သည့်နေရာများကို အခိုင်အခံ့ စေရန် ပြန်လည်တုပ်နှောင်ပြင်ဆင်လို သည်။ အခိုင်အခံ့ဖြစ်သည်ဟု လျှင် ကျာပွတ်သံပေးရင်း ဟိုင်းဟော



www.burmeseclassic.com

www.burmeseclassic.com

…န်မဲ့မှုလည်းပြုရပါသည်။

ထိုအဖြစ်အပျက်မျိုး မြင်းကြီး …တ်လာပြီးနောက် တစ်ပတ်လျှင် …စ်ကြိမ်ခန့်ဖြစ်လေ့ရှိခဲ့ပြီး ဖြစ်ပွားချိန် …င်း ညသန်းခေါင်ကျော် နံနက်လင်း …(၃) နာရီနှင့် (၄) နာရီကြားအချိန် …တွင်ပင် ဖြစ်လေ့ရှိခဲ့ပါသည်။

နှစ်ပတ်ခန့် ဆက်တိုက်ဖြစ်ခဲ့ရာ …င်က ၎င်းအဖြစ်အပျက်မျိုးမရှိခဲ့၊ …ကြုံဆုံခဲ့ဘူးပါ၍ ဦးလူက ဦးမောင်ဟန် …ရှင်းလင်းပြောပြရာ ဦးမောင်ဟန် …နှင့်လည်း အတွေ့အကြုံမရှိသည် …စ်ရာ မိတ်ဆွေရင်း ဝိဇ္ဇာလူကို …ထားစောင့်ကြည့်နေရန် မှာကြားခဲ့ …သည်။ မကွေးမြို့ရှိ နီးစပ်ရာ မြင်း …တချို့ကို မေးမြန်းခဲ့သော်လည်း …တို့သားအဖအား ထိုအဖြစ်အပျက် … မကြုံဆုံဘူးပါကြောင်း အဖြေသာ …ပါသည်။

ဝိဇ္ဇာလူ၏အိမ်နှင့် လမ်းတစ်ခု …ခြားသော တစ်ဖက်ကမ်းတွင် အဘ …ရှင်နတ်နန်းရှိနေသည်။ ဦးလူက …တ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့် … ဆက်ကပ် ဆတောင်း ပူဇော် …ခဲ့သည်။ ထိုမြင်းကြီး အိမ်ရောက် … နောက်ပိုင်း မြင်းဖြူရှင်နတ်နန်းသို့ …ခြင်းကိုစွကိုလည်း ဆောင်ရွက် … ဖြစ်ပါသည်။

သည်လိုနှင့် နှစ်လကျော်သွားခဲ့ရ …

❖

ထို့နောက်ပိုင်း ဦးလူ၏ ကျန်းမာ … သိသိသာသာ ညှိုးဖျင်းစပြုလာခဲ့ …။ ဆေးလိပ်အလွန်အကျွံသောက် …နေခဲ့၍ အဆုတ်ထိခိုက်မိခဲ့ကာ …ဖျားသည်ဟု သူ့ဘာသာသူယူဆ …သည်။

ရေနံချောင်းမြို့မှ ထုတ်သော …ဆေးလိပ်အလတ်စားကို သူမြင်း …အမိုးပေါ်တွင် သီးသန့်အိတ် …လုံးနှင့်ကပ်၍ထိုးထားလေ့ရှိသည်။ …နေ့ (၁၀)လိပ်ထက်မနည်း တစ်လိပ် …စ်လိပ် မီးကူးသောက်သူဖြစ်ပေရာ …င်ကလည်း ဆေးလိပ်ကြောင့် ရောဂါ …သူ ဖြစ်သည်။ အဆုတ်ရောဂါရှိ၍ …ခံ့ နှစ်ကြိမ်ရောက်ခဲ့ဖူးသော်လည်း …ဆေးလိပ်မဖြတ်နိုင်ခဲ့။

သည်လိုနှင့် ရောဂါဟောင်းက …ပြီး အပြင်းဖျားသည်ဟု ယူဆခဲ့ … နီးစပ်ရာ ဆေးမြီးတိုများနှင့် ကုသ …ခဲ့ပါသည်။ သည်လိုနှင့် နောက်ပိုင်း …ပြင်ကိုပင် မထွက်နိုင်တော့ဘဲ အိပ် … လဲလျောင်းနေရသည့်အဆင့်သို့ ရောက်ရှိသွားခဲ့သည်။ ဦးမောင်ဟန်လာသည့်နေများ၌ပင် အိပ်ရာထက်မှသာ စကားစမြည်ပြောဆိုနိုင်ခဲ့ရပါသည်။

ရုံဖန်ရုံခါဆိုသလို မြင်းဇောင်းထဲမှ ဆူညံသံများ ဖြစ်ပေါ်လာခဲ့လေ့ရှိရာ ဦးလူအတွက် ထိုအချက်က ပိုမိုအခက်အခဲဖြစ်ခဲ့ရသည်။ ထိုရက်ကာလတစ်ခုမှာပင် ဝိဇ္ဇာလူ၏သား မျိုးမြင့်အား လေ့ကျင့်ပေးရန် လာရောက်အပ်ထားသော မိချော ဆိုသည့် မြင်းမလေးကပါ မြင်းဇောင်းထဲ ညအိပ်ရောက်ရှိနေခဲ့သည်။

တစ်ပတ်အတွင်း ဆူညံတတ်လေ့ရှိသောရက်မတိုင်မီမှာပင် မြင်းဇောင်းထဲမှ ထိုမြင်းထီးကြီးကို မြင်းဖြူရှင်နတ်ကွန်းအောက်၌ သီးသန့်ချည်နှောင်တုပ်ထား၍ တစ်ညပြီးစေခဲ့လိုက်သည်။ ထိုမြင်းနတ်ကွန်းအနီး ညအိပ်သည့်ရက်များတွင် မျိုးမြင့်က နတ်ကွန်းပေါ်စောင့်၍ အိပ်ပေးရလေ့ရှိခဲ့သည်။

တစ်ရက်တွင် ဦးမောင်ဟန် အိမ်အလည်ရောက်ရှိခဲ့ရာ ဦးလူက အကူအညီတောင်း၍ မြင်းဇောင်းတစ်ခု သီးသန့်ဆောက်လုပ်စေပါသည်။ ညရေးညတာ လူမမာအနီး လူစောင့်လိုအပ်ပါ၍ မြင်းထီးကြီးကို သီးသန့်ထားနိုင်မည့် မြင်းဇောင်း တည်ဆောက်စေခြင်း ဖြစ်သည်။ ဦးမောင်ဟန် သီးခြားမြင်းဇောင်းလုပ်ပေးခဲ့ပြီးကာမှ အခြားမြင်းတို့၏ ခြံတိုးဝှေ့ထွက်သည့် အသံများလည်း မကြားရတော့ချေ။

❖

မွေးစားသားတစ်ဦးတည်းရှိသောကြောင့် နေမကောင်းဖြစ်နေသည့် ဦးလူအနီး မျိုးမြင့်က ကူဖော်လောင်ဖက်လုပ်အိပ်စက်ပေးနေခဲ့ရသည်။ ဖခင် ညည်းညူသံပျောက်မှ အိပ်ပျော်ရရှာသော မျိုးမြင့် ညသန်းခေါင်ကျော်အချိန်တွင်မှ အခင်းကြီးသွားလို၍ အိပ်ရာမှ နိုးလာသည်။

ဖခင်ဖြစ်သူကို ကြည့်လိုက်မိရာ နှစ်ခြိုက်စွာ အိပ်မောကျနေသည်ကို တွေ့ရပါသည်။ သူက နောက်ဖေးတံခါးချက်ရှိရာဆီသို့ ညင်သာစွာ လျှောက်သွားခဲ့ရင်း တံခါးမင်းတုပ်ကို အသံမထွက်စေရန် မ,ဖွင့်လိုက်သည်။ ထိုမင်းတုပ်ကိုလည်း တံခါးချက်ဘေး အသံမထွက်ရန် ညင်သာစွာချလိုက်ပါ၏။ တံခါးချက်ပွင့်လိုက်သည်နှင့် မြင်းကြီးသီးသန့်ရှိထားသော မြင်းဇောင်းတိုအတိုင်းသား မြင်တွေ့နိုင်ပါသည်။

တံခါးချက်ကို ဖြည်းညင်းစွာ ဖွင့်လိုက်ရင်း မြင်းဇောင်းဆီသို့ အကြည့်က ရောက်ရှိသွားသည်။ သူတံခါးချက်ကို အဆုံးထိမဖွင့်မိခင် လှစ်ပြရုံမျှသာ အချိန်အတွင်းမှာပင် ရုတ်တရက် ငေးကြောင်သွားခဲ့ရပါသည်။ မြင်ရသောမြင်ကွင်းကြောင့် သူ့အကြီးအကျယ်ပင် ထိတ်လန့်ကြောက်ရွံ့စိတ်ဖြစ်မိသွားခဲ့ရသည်။

မြင်းကြီးသည် ခြေထောက်နှစ်ချောင်းကို မြှောက်ထားလျက် လူကဲ့သို့ ဆောင့်ကြောင့်ထိုင်နေသည့် ပုံသဏ္ဌာန်ဖြင့် အိမ်ဘက်သို့ စိုက်ကြည့်နေသည်။ ခါးကို အပေါ်ဘက်သို့ တည့်မတ်စွာထားလျက်အနေအထားဖြစ်ပြီး လက်နှစ်ဖက်က ရှေ့သို့ တစ်ဆစ်ချိုးသဏ္ဌာန်ထုတ်ထားသည်။ ဦးခေါင်းကမူ သူ့အဖေအိပ်နေသည့်နေရာဘက်သို့ မျက်နှာမူထားပြီး မျက်လုံးများက ပြူးကျယ်ဝိုင်းစက်လှစွာ ရှေ့သို့ပြူးထွက်နေသယောင်ရှိနေပါသည်။ မျက်လုံးအစုံက အစိမ်းရောင်တောက်ပနေသော မျက်လုံးရွဲကြီးများအဖြစ် ပီပီပြင်ပြင် တွေ့မြင်ရပေသည်။ အောက်သို့တွဲလျက်ကျနေသော လျှာကြီးမှာလည်း ကွေးထားသော လက်ချောင်းများ၏အရှည်နှင့် မတိမ်းမယိမ်းရှိနေသည်။ ထိုလျှာကြီးများက သွားရည်များပင် တရွဲရွဲစီးကျနေလေသည်။ ထို့အပြင် မြင်းကြီး၏ ဦးခေါင်းဘယ်၊ ညာလှုပ်ယမ်းနေခဲ့ပြီး ဘယ်၊ ညာလွှဲရိုက်နေသော လက်နှစ်ဖက်နှင့် တွဲကျနေသော လျှာကြီး၏ထိမိသံတို့က မြင်ရသူအား ကြောက်ရွံ့စိတ်ဖြစ်မိမည်မှာ သေချာလှပေသည်။

ယခု မျိုးမြင့် လှမ်းတွေ့ရသည့်နေရာသည် ဘေးတစောင်းသာသာခန့်မျှသာ ဖြစ်ပါသည်။

ထိုမြင်ကွင်းမျိုးကို လူတို့အိပ်ပျော်ချိန်၊ အိပ်မောကျချိန်များတွင်မှသာ မြင်းကြီးကလုပ်ဆောင်ခဲ့ပြီး မျက်နှာချင်းဆိုင်မှ လူတစ်ဦးတစ်ယောက်တွေ့ခဲ့လျှင် လုပ်ဆောင်မည်မဟုတ်ဟု ယူဆရပါသည်။ ယခု မြင်ကွင်းအနေအထားအရဆိုပါမူ ကြည့်သူကသာ မြင်နေရပြီး မြင်းကြီးက ဘေးတစောင်း။ လူကိုမြင်ရန်တိုက်ဆိုင်မှုမရှိသော အနေအထားတွင်ရှိနေပါသည်။ ငါးမိနစ်ကျော်ကျော်ခန့် ငေးကြောင်ကြည့်နေမိခဲ့ရာ မြင်းကြီးက သူ့လုပ်ဆောင်မှုကိုမနားဘဲ ဆက်ဆောင်ရွက်နေခဲ့သည်။

အရွယ်အားဖြင့် (၁၃)နှစ်သာသာခန့်သာရှိသေးသော မျိုးမြင့် တဒင်္ဂမှင်တက်မိခဲ့ကာ သတိမေ့မြောသကဲ့သို့ ဖြစ်ခဲ့ပြီး အတန်ကြာမှ -

"အဖေရေ အဖေ လုပ်ပါဦး။ ကြောက်စရာကြီးဗျ၊ သား. . . သား ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု အော်ရင်း နေရာမှပြေးလာခဲ့ကာ အဖေဖြစ်သူအနီး ပစ်လဲကျသွားလေသည်။

"သား လူလေး၊ မင်းဘာကိုတွေ့ခဲ့ရလို့ ဒီလောက်တောင် ကြောက်သွားတာလဲ၊ မင်းတစ်ခါမှ မကြောက်ဖူးပါဘူး။ အခု ဘာဖြစ်လာတာလဲ ပြောစမ်းသား"

မျိုးမြင့်က အနောက်ဘက်လှည့်မကြည့်ဘဲ မြင်းဇောင်းရှိရာဘက်သို့ လက်ညှိုးထိုးပြရင်း -

"အဖေ မြင်းကြီးဗျ မြင်းကြီး"

"ဘာဖြစ်လို့လဲ၊ မြင်းပဲကွာ ကြောက်စရာမှမဟုတ်တာဘဲ"

"မဟုတ်ဘူး အဖေ၊ သားအိမ်သာသွားမလို့လုပ်နေရင်း မြင်းဇောင်းထဲကို လှမ်းကြည့်မိတာ အဲဒီမြင်းကြီး မြင်းကြီးကလေ လူတွေထိုင်သလို ငုတ်တုတ်ကြီးထိုင်နေတာဗျ။ လျှာကလည်း အရှည်ကြီးပဲတွဲကျနေတယ်။ အဖေအိပ်နေတဲ့ဘက် တည့်တည့်ကြီး မျက်လုံးပြူးကြည့်နေပြီး ခေါင်းကြီးနဲ့လှုပ်ခေါ်နေသလိုပဲ။ သူ့မျက်လုံးကြီးက ခါတိုင်းထက်ပိုပြူးပြီး အစိမ်းရောင်တောက်နေတယ်။ လျှာကြီးကလည်း သွားရည်တွေတွဲကျနေတာ ကြောက်စရာကြီးပဲ"

တုန်တုန်ယင်ယင် ဖြစ်နေသည့် အသံနှင့် မျိုးမြင့်က ရှင်းပြလိုက်သည်။

"ကဲ - အမေကြီးရေ၊ သားကို ရေတစ်ခွက်တိုက်လိုက်၊ ဘုရားကျောင်းဆောင်ထဲက ပရိတ်ရေကိုလည်း တိုက်လိုက်ပါ။ မနက်ဖြန် မိုးလင်းတာနဲ့ ကိုဦးဟန်ကို မင်းသွားခေါ်ခဲ့ကွာ၊ ဆရာဖန်ကိုပါခေါ်ခဲ့လိုက် ဟုတ်ပြီလား။ ပြီးတော့ မင်းပဲ မြင်းစောင်းကို တစ်ခေါက်လောက်သွားကြည့်ခဲ့ပါဦး"

မျိုးမြင့်ကို ဖက်ထားခဲ့ရင်း ဦးလူက အနားရောက်လာသော ဇနီးသည်ကို တစ်ဆက်တည်း မှာကြားလိုက်ပါသည်။

"အမလေး- တော့်သားအိပ်မက်မက်နေရာကနေ အိမ်သာထသွားတာဖြစ်မှာပါ။ မြင်းကြီးက သူပြောသလို မဟုတ်ပါဘူး။ ကောင်းကောင်းမွန်မွန်ပဲ အစာစားနေတာ။ ဒီကလေး ကယောင်ကတမ်းနဲ့ပြောတာဖြစ်မှာပါတော်"

"အေးပါ၊ ဘာပဲဖြစ်ဖြစ်ထားလိုက်တော့။မနက်ဖြန် ငါပြောသလို ကိုဦးဟန်နဲ့ ဆရာဖန်ကိုခေါ် ပေး။ ကျွတ်ကျွတ်ကျွတ်. . . ငါလည်းတုံးလုံးလှဲချင်တယ်ကွာ။ ခဏလောက်ကူတွဲပါဦး မိန်းမ"

❖

မိုးလင်းသည်နှင့် ဦးလူ၏ ဇနီးဒေါ်သိန်းက ဆရာဖန်နှင့် ဦးမောင်ဟန်ကို အိမ်လာခဲ့ရန် အကြောင်းကြားပေးလိုက်သည်။ ဆရာဖန်နှင့် ဦးမောင်ဟန်တို့က အိမ်ရောက်သည်နှင့် မျိုးမြင့်ကို အနားခေါ် ယူကာ အသေးစိတ် မေးမြန်းလိုက်ကြသည်။

ဖြစ်စဉ်အသေးစိတ်ကို ရှင်းလင်းပြောပြလိုက်ရာ ဆရာဖန်က ရေနွေးကြမ်းတစ်ခွက်သောက်ပြီး လေးလေးနက်နက်ပင် စဉ်းစားခန်းဖွင့်နေလိုက်သည်။ အတန်ငယ်ကြာသည်အထိ စဉ်းစားပြီးမှ အဖြေတစ်ခုထွက်လာသည်။

"အင်း - ဝိဇ္ဇာလူ၊ ဝိဇ္ဇာလူ၊ မင်းကံကြီးပေလို့သာပေါ့ကွာ။ ဒါမှမဟုတ်ရင် မင်းကို နတ်,မတယ်ပဲပြောရမယ်ကွ။ ဒီတစ်ခါ ဝိဇ္ဇာကို လိပ်ပြာနတ်မယ့်ပွဲမှာ သီသီလေးကပ်လွဲသွားတယ်လို့ ပြောရမလားဘဲ"

"ဘယ်လိုဖြစ်ရတာလဲ ဆရာဖန်ရဲ့၊ ရှင်းအောင်လည်းပြောစမ်းပါဦး"

အိပ်ရာထဲလှဲနေရာမှ ဦးလူက ကမန်းကတမ်းပင်မေးမြန်းလိုက်သည်။

"ဒါမျိုးက ထူးဆန်းပြီး အတော့်ကို ဖြစ်ခဲတဲ့ကိစ္စပဲကွ။ ငါတို့အဘိုးတွေလက်ထက်အခါက တစ်ခါတွေ့ဖူးတယ်လို့ အဖေကပြောဖူးတယ်။ ဒီလိုမြင်းမျိုးက အကောင်တစ်သောင်းမှာ တစ်ကောင်ဖြစ်ဖို့ ခဲယဉ်းတယ်တဲ့။ ငါတို့မျိုးရိုးစဉ်ဆက် မြင်းမျိုးစုံနဲ့ မွေးမြူရောင်းချခဲ့တာ ငါ့ထက်ပိုသိတဲ့အဖေ့လက်ထက်တုန်းက ဒီမြင်းမျိုးတွေ့ခဲ့တယ်လို့ မကြားဖူးခဲ့ဘူးကွ။ အခု ငါမသေခင် ငါ့လက်ထက်မှာ ပထမဆုံးတွေ့ဖူးတယ်လို့ ပြောရမှာပါ"

"ဟုတ်လား ဆရာဖန်၊ ဒါဆိုဒီမြင်းမျိုးက ဘယ်လိုမြင်းအမျိုးအစားမှာပါလို့လဲ"

"အေး - မှတ်ထား ဝိဇ္ဇာလူ၊ ဒီမြင်းမျိုးကို မြင်းဘီလူးလို့ခေါ် တယ်ကွ"

ဦးမောင်ဟန်နှင့် ဦးလူတို့ ပါးစပ်အဟောင်းသားနှင့် အံ့ဩမှင်တက်စွာ ဆရာဖန်ကို စိုက်ကြည့်နေလိုက်ကြသည်။

ခဏအကြာ ဦးမောင်ဟန်က -

"ကျွန်တော်ဖြင့် အခုမှကြားဖူးတယ်ဗျာ။ အဲဒီမြင်းဘီလူးဆိုတာ ဘယ်လိုဒုက္ခပေးတတ်သလဲ။ အဲဒီညက ဝိဇ္ဇာလူရဲ့သား မောင်မျိုးမြင့် တွေ့တယ်ဆိုတာ တကယ်ဟုတ်နေတယ်လို့ ဆရာဖန်ဆိုလိုတာလား"

"ဟုတ်တာပေါ့ကွာ၊ ဒီမြင်းမျိုးက မြင်းပိုင်ရှင်ကို တစ်လအတွင်းစားပစ်နိုင်စွမ်းရှိတယ်။ အလွန်ဆုံးခံလှမှ နှစ်လပဲတဲ့။ ငါ့အဖေက ပြောပြဖူးတယ်။ အခုဒီကောင် သုံးလတောင်ကြာသွားပြီဆိုတော့ သူကပဲ ကံမြင့်နေလို့လား။ ဒါမှမဟုတ် မြင်းဖြူရှင်နတ်ကပဲစောင့်ရှောက်ပေးတာလားလို့ ငါသံသယဖြစ်တယ်ကွ။ အဲဒီမြင်းမျိုးက လူတွေအားလုံးအိပ်နေတဲ့အချိန် မိုးမလင်းခင်မှာစားတတ်တယ်တဲ့။ သူစားနေတုန်း အသံတစ်ခုခုကြားလိုက်ရင် ဘီလူးလိုဆောင့်ကြောင့်ထိုင်နေတဲ့ပုံစံကနေ နဂိုမြင်းပုံစံပြန်ပြောင်းသွားရောတဲ့။ မြင်းတွေအသံတွေပေးပြီး မြင်းဇောင်းက တိုးဝှေ့ထွက်ဖို့ကြံတယ်ဆိုတာ ဒီမြင်းကြီးရဲ့ အဲဒီပုံစံကိုမြင်လို့နေမှာပေါ့ မဟုတ်ဘူးလား"

"ဒီလိုဆိုရင် ကျွန်တော်ဘာဆက်လုပ်ရမလဲ ဆရာဖန်"

ဦးလူက အံ့ဩစွာနားထောင်နေရင်းက ဆရာဖန်ကို မေးခွန်းတစ်ခုမေးမြန်းလိုက်သည်။

"တန်ပြန်လုပ်ရမယ်ကွ။ ငါ့အဖေကပြောဖူးတယ်။ မြင်းဘီလူးကို တွေ့ခဲ့ရင် အဲဒီမြင်းကိုသတ်ပြီး အသည်းတစ်ခုလုံးကို ပိုင်ရှင်ကစားပစ်ရမယ်တဲ့"

"အေးဗျာ၊ ကျွန်တော်ကလည်း မြင်းသားမစားတော့ ခပ်ခက်ခက်ပဲ ဘယ်တတ်နိုင်ပါ့မလဲ။ ဆရာဖန်နဲ့ ကိုဦးဟန်တို့ပဲ စီစဉ်ပေးပါဗျာ။ မနက်ဖြန် အကောင်အထည်ဖော်ကြတာပေါ့။ကျွန်တော့်အတွက်တော့ အသည်းချည်း သပ်သပ်ယူလာခဲ့ပေး။ ကျန်တာတွေတော့ ဆရာဖန်တို့သဘောကျ စီမံလိုက်ပါတော့ဗျာ"

❖

အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြပြီးနောက် ဦးလူက မြင်းဘီလူး၏ အသည်းကိုကြော်၍ ကုန်စင်အောင်စားသောက်ပစ်လိုက်ပါသည်။

ထိုနေ့ညဘက် ဦးလူ၏အနီး သားတော်မောင် မျိုးမြင့်ပါ အတူတူအိပ်စက်ပေးခဲ့ပါသည်။ နံနက် မျိုးမြင့် အိပ်ရာနိုးလာချိန် ဦးလူက သူ့ဘာသာသူ အိပ်ရာမှထသွား၍ ရေအိုးစင်မှရေကို သူ့ဘာသာသူ ခပ်သောက်နေသည်ကို တွေ့ရပါသည်။ ယခင်နေ့များကထက် မျက်နှာမှာ ကြည်ကြည်လင်လင်ဖြစ်နေခဲ့သည်ဟု မျိုးမြင့်ခံစားရပါသည်။

သည်လိုနှင့် နောက်ထပ် (၅) ရက်ခန့်အကြာတွင် ဝိဇ္ဇာလူတစ်ယောက် လုံးဝ သက်သာ ပျောက်ကင်းသွားတော့သည်။ ဝိဇ္ဇာလူနှင့် မြင်းဘီလူးတို့၏ လိပ်ပြာနတ်မည့်ပွဲတွင် လူကနှာတစ်ဖျား သာ အနိုင်ရခဲ့ခြင်းပင်။

ကိုမိုး (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# အဂ္ဂိရတ်ဝယ် မှတ်စဖွယ် အဘယ်နဝင်းသတ်သနည်း

(ဝိဇ္ဇာ ဓရကျ) ငြိမ်း

## သူရိန်ထွန်း

အဂ္ဂိရတ်ပညာဖြစ်သော သတ္တု ...တ်များကို မိမိတို့လိုရာ သိဒ္ဓိစွမ်းအင် ...စေ၊ ရောက်စေရန် မီးဖြင့် ကျိုချက် ...င်းစပ်ကြရာ၌ 'အာပေါလွန်ယုတ် ...ဖြင့်ဖုတ်သော်၊ အဆပ်အကျိုး၊ အခိုး ...ည်၊ ကြည်မကြည်လင်မလျှင်၊ ဝင် ...မဝင်တန်၊ ဉာဏ်အလျှင်အမြန်နှင့် ...တ္တုပင်ရှိ တစ်ခဏချင်းသိတတ်မှ' ...သည့် ဓာတ်ကျမ်းအဆိုအမိန့်ကို ...သတိပြုရမည် ဖြစ်ပါသည်။

စာရေးသူနှင့်တကွ ပညာရှင်အား ... သုံးစွဲနေရသောဓာတ်တို့မှာ အခိုင် ...ာ ရာနှုန်းပြည့်သန့်စင်ပြီး ဓာတ်များ ...သည့်အတွက် (သဘောသဘာဝ ...တ်) ဆောင်ရွက်မှုအပြည့်ရှိကြပါ ...။ သို့ပါ၍ ခက်မာသောပထဝီကို ...သောပထဝီအဖြစ် မိဿကဓာတ် ...သော အာပေါဓာတ်ဖြင့် ပြုပြင်ရပါ ...။ အာပေါဓာတ်တွင်လည်း ယိုစီးဖွဲ့ ...သဘောဆောင်ရွက်မှု (၂) မျိုးရှိ ... ယိုစီးသဘောဖြင့် ပေါင်းစပ်ပြု ...တ ကုန်းခန်းပျောက်ကွယ်ခြင်းဆို ...အကျိုးသာရှိပါမည်။

တေဇောဓာတ်မှာလည်း ဉဏှ ...နှင့် သီတတေဇောဆောင်ရွက်မှု ... မျိုးရှိရာ ဖြစ်တည်စေမှုအကြောင်း ...မှာ သီတတေဇောဖြစ်သည့်အတွက် ...တဓာတ်ဖြစ်သော ဝါယောဓာတ် ... ပေါင်းစပ်ပြုပြင်ရပါမည်။ သို့သော် ...ဝါယောသဘောဖြင့် ပေါင်းမိပါ ... ကုန်ခန်းလွင့်ပျောက်ခြင်းအဖြစ်သို့ ... ရောက်ရှိပါမည်။ ထောက်ကန် ...နှင့် သီတတေဇောတို့သည် နာမ် ...သည့် အပြုသဘောဖြစ်၍ ဖွဲ့စည်း ...နှင့် နူးညံ့ပထဝီတို့သည် ရုပ်ဆို ...အဖြစ်သဘောသို့ရောက်ရှိအောင် ...ဆောင်နိုင်မှသာလျှင် 'ယုန်နှင့် ဒေါင်း ... ပေါင်း၍နှက်က နဂါးစက်ကား ...မည်' ဟူသော ကျမ်းအလာနှင့် ...တ်သောကြောင့် အကျိုးတရား ...များ ခံစားရပါမည်။ 'ရေနှင့်မီး ...ဆုံလျှင် အလုံးစုံရက်မကူးပါဘူး'

ဆိုသော ဆရာတော်ရှင်မထီး၏စာကို လည်း အထူးသဖြင့် မှတ်သားသင့်ပါသည်။ဓာတ်လေးပါး အဋ္ဌကလာပ်ရှစ်ပါးတွင် ဖြစ်မှု၊ ပျက်မှု အစွန်းနှစ်ဖက်တည်ရှိနေခြင်းကြောင့် အပျက်တရားလေးပါးကို ကုန်ခန်း လွန်မြောက်စေ၍ အဖြစ်တရားလေးပါးသို့ ရောက်ရှိအောင် ကြိုးစား ကြံဆောင်ရပါမည်။

ထိုသို့ ဉာဏ်ဝယ်ထင်ထင် ရှုမြင်သုံးသပ်၍ အဂ္ဂိရတ်ကို ကြိုးစားသော လုံ့လ၊ ဝီရိယရှိသော ယောကျ်ားမြတ်သည် မလွဲကေန် အမှန်ပင် အကျိုးတရားတို့ ရရှိခံစားရမည် ဖြစ်ပါသည်။ 'ဝီရိယသန်၊ လုပ်ထုံးမှန်က၊ ဘယ်ကံကိုမှ မယိုးပါနှင့်' အောင်မြင် ပြည့်ဝသော မျိုးစေ့သည် မြေ၊ရေ၊လေ၊နေဟူသော သဘာဝတရားဖြင့် ဆုံတွေ့ခဲ့သော် အညှောက်အပင်ဖြစ်ပေါ်ရသည်မှာ လောကသဘာဝနိယာမမွေဖြစ်သည်။တစ်ခဏအတွင်း အပင်မဖြစ်နိုင်သလို နှစ်ပေါင်းများစွာ စောင့်ကြည့်ရလောင်းပေးရန်လည်း မလိုပါ။ ရာသီတစ်ပတ်လည်၍မှ အပင်မပေါက်လျှင် မျိုးစေ့မဟုတ်ပါ။

တစ်နေ့ပေါက်နိုးနှင့် ဆက်၍ထိုးနေလျှင် ငုံးငယ် အမြီးမျှော်သလို 'ကုတ်ကတ်တဲ့လုပ်ရတ်ဘောင်မှာ၊ ဟုတ်ဟပ်ရောင်မထည့်ကြပါနဲ့၊ ဆဘာဝထိုတော်မူ၊ ကြေးမှုမဖြူ၊ အဝင်ဟပ်လို့ထင်မှတ်သူရယ်၊ ရင်ဘတ်မီးပူရုံပလေး' ဆိုသည့် အဂ္ဂိရတ်သရော်စာလို မတော်တာမပြုမိကြစေရန် သတိပေးရခြင်း ဖြစ်ပါသည်။ လုပ်ထုံးဓာတ်သွားမှန်ပါက မီးဟူသည် အပြုသဘောသက်သက်သာဖြစ်ပါသည်။ မီးမှားသည်ဟူ၍မရှိပါ။ ဥတုသုံးလီလည်ပတ်တည်ရှိနေသရွေ့ လောကသုံးပါးလည်း ဖြစ်ပျက်မပြတ် တရစပ်ရှိနေပါမည်။ ဥတုဖောက်ပြန်မှုကြောင့် အနည်းငယ် အတိမ်းအစောင်းတော့ ရှိနိုင်ပါသည်။

ထို့အတူပင် ဓာတ်ပေါင်းဓာတ်ဆက်မှန်ပါက မလွဲမသွေ အောင်မြင်မှုနှင့်တွေ့ကြုံရမည်ဖြစ်ပါသည်။ ဗုဒ္ဓဟော



ကြားခဲ့သော ကာလာမသုတ်ကို အခြေခံထား၍စဉ်းစားကြရန်လိုပါသည်။ သီလ၊ သမာဓိဂုဏ်နှင့်ပြည့်စုံသော အာစရိယဝါဒဖြစ်၍ လည်းကောင်း၊ အများလက်ခံကြ၍ အမှန်တရားဟူ၍ လည်းကောင်း၊ တရားသေ ယုံကြည်မှုဖြင့် ကွယ်လွန်အနိစ္စရောက်သည်ကိုပင် အသေထွက်ထွက်သည်ဟူသော ဥပါဒါန်ယုံကြည်မှုမျိုးမှ လွတ်ကင်းအောင် သတိထား ကြိုးစားကြပါရန် စာရေးသူ တိုက်တွန်းလိုပါသည်။ 'အတ္တာဟိ အတ္တနော နာထော' ဆိုသည့် ဘုရားဟောနှင့်အညီ ဘုရား၊ ရဟန္တာမှလွဲ၍ ရုပ်၊နာမ်ကိုခင်တွယ်သော ပုထုဇဉ်တွင် သေချင်သူ မရှိပါ။ နေရအောင် မကြံဆောင်နိုင်၍ သေရခြင်းဖြစ်ပါသည်။

သံယောဇဉ်ပြတ်စေလို၍ နာမ်နှင့်ရုပ်ကို ခေတ္တခွာကာ အသေပြခြင်းမျိုးတော့ ဝိဇ္ဇာလမ်းစဉ်တွင် ရှိပါသည်။ ထုံကူးသည်ဆိုရာတွင် မိမိရုပ်ခန္ဓာသုံးဆယ့်နှစ်ကောဋ္ဌာသမပျက်စီးအောင် ဝိဇ္ဇာအတတ်တို့ဖြင့် တားဆီးထားခြင်း ဖြစ်ပါသည်။ ပထဝီဓာတ် (၂၀) နှင့် အာပေါဓာတ် (၁၂) ပါးတို့ ပြိုကွဲပျက်စီးမှုမှ တားဆီးရန်မှာ ဝါယောဓာတ်နှင့် တေဇောဓာတ်တို့၏ ဆောင်ရွက်မှုအကြောင်းတရားသာလျှင် အရင်းခံရှိပါသည်။ ဥတုသုံးပါး၏ ဖောက်ပြန် ပျက်ယွင်းမှုတွင် သိုးပွင့်လာရသော အာဟာရ၏ မပြည့်ဝသော ဩဇာဓာတ်တို့ကိုမှီ၍ တည်ရှိရသော ခန္ဓာကိုယ်အား ကမ္ဘာ့မကျိုင်ဖြစ်သော သတ္တုဓာတ်ကိုးပါးကို မီးဖြင့် ကျိုချက်၍ ရသာယနအဖြစ်သို့ ရောက်ရှိစေပြီးမှ စားသုံးရပါလျှင် 'သက္ကာတေဝ ဇရာယ ပဋိကမ္မံကာတုံ' ဟူသော နေတ္တိပါဠိတော်အရ ဇရာယအချိန်ကြလျှင် အိုမင်းရင့်ရော်ခြင်း တည်းဟူသော ဇရာ



www.burmeseclassic.com

www.burmeseclassic.com

တရားကို ပင့်ကမ်းခဲ့ကာတုံ - မအိုမနာခဲ့ရ အောင်တားခြင်းငှာ၊ သက္ကတေဝ - တတ်စွမ်းနိုင်သည်သာလျှင်တည်း။

ပါပ၊ သူ့ရဇ္ဇု၊ အမြိတ္တ၊ ကောလီ၊ မညီသောအခါ မအောင်ရာ ဆိုသည့် ကျမ်းလာစကားကိုလည်း မှတ်သားရပါ မည်။ ကံတရား၏ ပို့ဆောင်မှုကြောင့် ဖြစ်တည်လာရသော ဓာတ်လေးပါး၏ အစုရုပ်တရားတို့သည် ညီညွတ်မျှတစွာ ပေါင်းစည်း လည်ပတ်နေသရွေ့ ပြိုကွဲ ပျက်စီးခြင်းမဖြစ်သည်မှာ သဘာဝ၏ နိယာမအစဉ် ဖြစ်ပါသည်။ သို့သော် ကမ္ဘာတစ်ဝန်း စမ်းသပ်လုပ်ဆောင်နေ ကြသော အဏုမြူဓာတ်ပေါင်းဖိုများ ကြောင့် ဖောက်ပြန် ပျက်ယွင်းစပြုနေ သော ဥတုရာသီတွင် သီးပွင့်လာရသော လူတို့အာဟာရများမှာ ဩဇာဓာတ်လွန် စွာနည်းပါး၍ ရုပ်တရားတို့ကို ဖောက် ပြန်ပျက်စီးစေသော အဆိပ်ဓာတ်များ သာ လွန်စွာ များပြားလာခြင်းကြောင့် ရောဂါအသစ်အဆန်းများ ကမ္ဘာတစ်ဝန်း တွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထိုထိုသော အနာရောဂါများကို တားဆီးနိုင်ခြင်းအတွက်. မှန်ကန်သော ဓာတ်တွဲဓာတ်ဖက်တို့ကို ရှာဖွေကြရာ၌ မှန်ကန်သော စာပေပဋိယတ်တို့ကို ဝေဖန်ထောက်ဆနိုင်ပါရန်နှင့် တိမ်မြုပ် ပျောက်ကွယ်မည့်အရေးမှ ကင်းဝေး စေရန် ရည်သန်၍ သရေခေတ္တရာပြည် မြို့မှ ထွက်ရပ်စခန်းကို တက်လှမ်းသွား ခဲ့သော ရသေ့ဆရာအောင်၏ ရကန် (၁၅) ပိုဒ် မူရင်းကို မြန်မာပြည်တစ်ဝန်းမှ ပညာ၊ ဝီရိယရှင်များ လွယ်ကူစွာသိရှိနိုင် ပါရန် သုရဇ္ဇမဂ္ဂဇင်းမှတစ်ဆင့် ဖြန့်ဝေ ဒါနပြုလိုက်ရပါသည်။

## ရသေ့ဆရာအောင်ဓာတ်ကျမ်း (ရကန် ၁၅ပုဒ်)

၁။ ဝိဇ္ဇာသိပ္ပံ၊ သီယံဇယတု။ ဇေက္ခရာ၊ ကောသလ္လာကြောင့် ဇေအက္ခရာတစ်လုံးစာကို သမ္မာသမ္ဗုဒ္ဓ အကျဉ်းပြ ခဲ့ပါသည်။ နဝသင်္ချေယျ ဝါစကံ၊ အောင် ဆုကိုပန်ပြီးမှ စိန္တိတံသတ္တဇောအရနှင့် သောဌသရောက် နေ့၍ကောက်ထည့် လျှင် တစ်ဆဲ့ခြောက်အနေ လေးသင်္ချေ နှင့် စွန်းနေတသိန်း ကမ္ဘာကိန်းတွင်မှ လေးသိန်းနောက်ပါ သံယာများနှင့် သာရမဏ္ဍကမ္ဘာ့ကျက်သရေ လူထိပ် နေတို့ နတ်ရွှေတံဆိပ် မိန့်ခွန်းတော်ရိပ် ကို ဗျာဒိတ်ချစ ဆုတော်ရ၏ သုမေဓ ဇာတ်ရသေ့ခေတ်ကို ဖြစ်တော်မူကြ သည်။ သမ္ဗုဒ္ဓမှ သတ္တမနေ့ လေးကိုပြု၍ မြောက်မူသတ္တ သင်္ချေပြတွင် ဂေါတမ သယံမ္ဘူ ဖြစ်တော်မူရသည်။ ဘူသဒ္ဒါ သတ် ဘောဓိရုပ်တွင်မှ အာလုပ်အနက် အိုဟုတွက်သောကြောင့် သိသက်သည့် ဝိဘတ် ၈ ပညတ်နှင့် သုဒ္ဓသနကျောင်း တော်ကလျှင် ရာရှစ်ကွက်ရွှေ ထိန်ထိန် ဝေရာတွင် မြေဒလိမ့်ကြ တော်ထပ်၍ လဲရမည်။ ပွဲဗျာထိပ်ဦး နတ်လူတို့ ဖူး ထိုက်အောင် ဆုထူးပန်ဆင် ရှိဦးသာ တင်ကြရော့ မင်္ဂလာ့အောင်ဆု ဇေယျ တုချင်းတွင် ဘယ်သူ့ကို သည်ဉာဏ် သူ အည့်ခံရမည် သယံဘူဇောထွင့်ဟု ပော ရသည်။ ရွှေဗောဓိသတ် ဉာဏ်တော် မြတ်တွင်မှ ဏကြီးသတ်သည့် ရွှေဉာဏ် တော်။

၂။ မေတ္တာ၊ ကရုဏာ၊ မုဒိတာကို ဥပေက္ခာပြု ကသိုဏ်းရှုသော် နုသူနှင့် ရင့်သူ ဤနှစ်လူမှာ နုသူနှင့်မတန် မင်း ဝေသာန်တို့မှ ရွှေသံလျက်ဓား ချွတ် ယောင်ပြမှားသေးသည်။ ဘုရားဖြစ်မှု ပါရမီပြုရင်းပင် သူ့နှလုံးတော် အကြံ ချော်ခဲ့လို့ ကော့ကော်ကံကား အလှူမှ မှားရသည် ပုန်ဏားမိုက်စွာ ဇူဇကာ ကြောင့် ဝက်ပါထဲ လင်းတဝဲမည်လို့ တဲတဲသာလို တို့တခိုမှာ မဆိုစသာ တိတိကျွာမို့ ပါရမီပြည့်ရေး အလွန်ပင် ဝေးသော်ကြောင့် ဉာဏ်အတွေးရှိ အရိပ် ကိုသိကြရော့ သဗ္ဗိကတ္တပရတ္တေနပုဂ္ဂလော ဘုရားမှဟောရသည်။ ငါလို မကောကြ နှင့် ကောလျှင်ဖေးရော့မည်။ ခွေးပုဂ္ဂိုလ် ဝက်ပုဂ္ဂိုလ် ကြက်ပုဂ္ဂိုလ်များမှာ ဇလို ဇဏ မထောင်းတာသေးဘူး သည်ခန္ဓာ ထိုပုဂ္ဂိုလ်မှာ ဝန်တိုနှင့်မိစ္ဆာခေါင်တပင် လာသော့ကြောင့် ဂရုဏာဒေါသော သိလျက်နှင့်မောရသည်။ ဇောစိတ္တုပါဒ် ပါယ်လေးရပ်မှာ နာမ်စပ်ကယ်ကြောမို့ ဖြစ်လေပြီမို့ အလီလီတွေးကြရော့ ကိုယ် ရေးကိုယ်ဘို့ဖြင့်မမိုက်ရာ။

၃။ ကိုယ်ရှင်ကိုယ်ကို ကိုယ်လို့ပင် ဆိုသော်လည်း ကိုယ်မဟုတ်ရာ ကိတ်မှာ ကိတ်ပုဒ် ကတ္တားထုပ်၍ နာမ်ရုပ်ကိုငှဲ ရှာသကဲ့သို့ ကိုယ်နှင့် ရုပ်နာမ် သည်နှစ် တန်ကို နိဗ္ဗာန်နှရုပ် ရန်ကိုနုတ်၍ ပယ် ခုတ်ပြီပြင် နိဗ္ဗာန်လွင်ကို ကောင်းကင်လို့ ဟောခဲ့သည်။ ရှင်ဂေါတမ ဇာတိနိဗ္ဗာန် ကိုရှာသော် သဒ္ဒါဆိုသည့်သဘောက ပါဠိတစ်ချက်ကို အနက်ဆယ်တွေ သွက္ကာဝေရာတွင် သုံးထွေဆယ်လီ ပါရမီအပြည့် စုံတကာစေ့မှ တည့်တည့် တက်သော် မယွင်းချော်ရအောင် ယသော့်ဓရော ရာဟုလာ့ကို မညှာပါယ်ငံ့ ရွှေကိုယ်တော်စွန့်ရသည်။ လေးကျွန်း လုံးရာဇိန္တာတည့်။

၄။ ဌာနဌာန ဥပစာပြုလိုက်မည် အရှေ့ဆို အနောက် သဘောပေါက်ကြ ရော့ မြောက်ကိုတောင်က အရိပ်ကယ် ပြသောကြောင့် နှမနှင့်မောင် အလယ် ခေါင်မှာ ယောင်ပေပေကြီး စိတ်ပုထိုး နှင့် ဘုန်းကြီးသည့်ရုပ် ရွှေဦးထုပ်ကယ် နှင့် နာမ်ရုပ်ကိုရှာကြမည်။ သည်တခါ မှစွတ်မို့ ရွှေမဏိတော်ရတနာမှာ ရွှေ ဒေါက်ချာဖြိုးလူလူ နေပူလို့မိုးရွာ လူ ကလာကြရော့ စာတိုတို လူတို တဘောင်သံဆိုလိုက်မည်။ ဆေးတံ ခြောက်ဆယ့်ကိုး လူခြောက်ဆယ့် အလိုညှိုညက်ကယ် သည်ခေါက်တွင် သည်ကံ ကူးချင်သူခံကြပေါ့ ကူးတန် ကူးစေ မကူးတကူး ကူးတကူးနှင့် တ လာဟန်ဘွဲ့၍ တကဲ့ဟန်တွေ သုဏ တုမေနှင့် အနေတော်မဆီဆိုင်လို့ စလွယ်ချိုင်သောအခါ ထုံးဂလိုင်နှင့်ထ

၅။ စေ့စေ့ကြည့်လျှင် သူ့ရုပ်သွ မှာ သမင်မဟုတ် လူမဟုတ် ဦးထ သရပတ် ပေလူကပ်လို့ ပညတ်တော် သည်ဟာနှင့်တူသည်လို့ မယူဆ ဂေါတမနောက် ဂေါတမောက်ကယ် နှစ်ယောက်ကယ်ဘုရား ဟော၍မ ထားသည့်နှယ် ထိပ်ဖျားမှာခွေထိုး ကိုးကွယ်လှဲ့ကြုံ ဘုရားကလည်းရွှေတိ မြို့တော်ကလည်းရန်ကုန် သံဃာတော် ကလည်းအာရုံ ဓာတ်ပစ္စည်းလည်းအ ဝစ္စလီကသုံးချက် လိန်အနက်ကျန်ကြွ လို့ အမှုခင်းစုံ မသေရုံကျန်စေတော လောကခံမျိုး။ သုတလောဟာ ဘင် ဂွတ်သွတ် ပန်းဝတ်ပန်းသေ မီးနေရုပ် ဓာတ်ပုံပြင်ကို ရှင်အရဟံ ကောင်းကင် နှင့် ပုဂံခင်ကြီး ရှင်မထီးက ခေါ်ဝေါ်ကြ သည်။ ဂေါဏစက္ခု လုပ်ရတ်မှုများ ကျမ်းပြု၍ထား နောက်သားလူရှင် မြင်စိမ့်ငှာ သာသနာတော် ထင်ပေ ထွန်းတောက် ပညာပေါက်အောင် အကောက်အယူထားတော်မူသော်လည် ဇမ္ဗူလကျ်ာ၊ တောင်မျက်နှာက ကမ္ဘာ ကြက်သရေ ထိန်ထိန်ဝေအောင် သရေ ခေတ္တရာ ယာမာသမိုက် တဘောင် တိုက်တွင် သမိုက်ဝင်ပြု ဆရာစုများ သူ့နာမည်ဟိတ် ဂုဏ်တံဆိပ်နှင့် ဒိဗ္ဗစ ဆရာကြီးပြုလိုက်မည် အာနုဘော် ပညာဉာဏ်ကို ပုဂံသော ဇွန်းငေ ယောက်မသောသို့ ထောမနာသံ အတင်းခံကြလျှင် ရွှေဆံတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com

တိန်းဝပ်သည့် သုဒ္ဒသန သိကြား့မျိုး ည် စံတည်မယွင်း သိကြားမင်းဟု ဆောင်ရင်းဘုံမိန် မြေရန်နိမ်က ဝဇီရစိန် တ်သွား ပင်လယ်လိုခြားပြီဘု နားနိဗ္ဗာန် င် ဂေါတမရှင်ကြီးနှင့် ဂိုဏ်းစီး၍ မသွေ ခဲတည်းနေတည့် အောင်ရွှေပတ္တမြား င် ပွင့်ဖူးတန်ဆင်သောအခါ စင်တလင်း တ် ယင်းကိုသတ်ရအောင် ခတ်တက် ည့်ကွဲ မင်းတကယ်ရဲမလား အမဲသား ်း စင်းကော၍ သုတ်ကရော့မည်။ ကုတ်ကုတ် ခတ်ခွေခွေ ဓားမကော့ ကြီးနှင့် အနေသင့်ပိုင်ပိုင် ခါးကောက် ချိုင်ရော့မည်။ ဆောင့်ကြောင့်ထိုင် ွတ်ခွေ လျှာထွက်၍သေမဟဲ့ သံပန်း သေ တောင်ဝှေးနှင့် နံတေးအောင်ချိုင် သော ခါခွင်းလုံး ပိုင်မှတ်ကြရော့ ထွက် ်လမ်းတွင်မှ ရဟန်းများရှေ့ လမ်း တွေ့ရအောင် တဆွေ့ခုန်လွှား သတ္တု ပြာပုံနှင့် ခွင်လုံးပိုင်စိမ်မှန်ပြီဟု ဘယ် တို ဒီအရောင်ဘာတွက်ကြောင့်ရှောင် ည်။ မှောင်ချင်တိုင်း အဝိဇ္ဇာ နင်ပိတ် တာမလ။ ဆုတ်ခွာလို့ ရှောင်ရှောင် ရှောင်ဘူးမှောင်ကြလျှင် ခေါင်ကခွဲလုံ ဖြုံးဖြုံးပြိုစိမ့်။

၇။ ပါရမီတော်နကို မရင့်လိုသော် သိလ်လို့မဟောထိုက်စေနှင့် မိန့်ရွှေ သံ ဗျာဒိတ်တော်ခံပြီးမှ ဉာဏ်မရှိသူ ဉာဏ်ရှိသူ နှစ်လမ်းနှစ်ထွေ နှစ်သွယ် ည်နေမည်ကြောင့် စေတနာသဘော စောကြောလို့ဆင်ခြင် သုံးဘုံပိုင် ရှင်ကလည်း သိမြင်တော်မူသဖြင့် နှင့်အရင့် သည်အခွင့်ကို နိမ့်မြင့်နှိုင်း ဥက္ကန္ဓြေတော်ရှိလေသောကြောင့် ကျွ ပယောဂနှင့် ဗုဒ္ဓစက္ခုမြတ်ငါးဆူ င် သဗ္ဗညုဘဂဝါ တို့ထိပ်ချာငယ် ရှာလုံးဥသျှောင် ငါးမာန်အောင်က ည်း တဘောင်ကိုမှတ်သားလို့ မိန့်ခွန်း တော်ထားခဲ့ပြီး အာသဝက္ခရေမို့ အနေ ကြုံ မကျဉ်းမကျယ် အဓိပ္ပယ်ရှုံး ထိုထို ာ ကုန်းရော့မည် နှလုံးဉာဏ်ရှိသူသာ ကြရော့။ ကဝိရွှေနားပန် သည်ကာရံ င် မြန်မြန်နီးတဲ့အောင် အပြီးသတ် ပိမ့်။

၈။ ကမ္ဘာလေးရပ် လေးပါးကပ် င် ကပ်သုံးပါး ကပ်လေးပါး ကပ်ငါး လို့ စကားပညတ် ကပ်ချင်တိုင်ကပ် ကြရော့ ပိဋကတ်သုံးပုံသည် ခေတ်တွင် ကြုံခါမှ တုံ့လိုတုံ့ရုံ့လိုရုံ့ ခေါင်းမြီးခြုံကြ- သဘာဝ ဝိသဘာဂနှင့်အနေ ဂငယ်သုံးခု ဥသျှစ်ကိုထုကာမှ ကြက်ဥကိုထောင် သည့်နှယ် ကပ်ပေါင်းထွေ တိုင်ပင်လို့ ဝက်ဘာဝေ ဗေဒင်တော်ကလည်း စကြော တရားတော်ကလည်း ဓမ္မစကြာလာချင် တိုင်လာကြရော့ ရွှေဆံတော်မြတ် စံကိန်းဝပ်သည့် ဓာတ်မွေတော်အစုံ ကိုးသွယ်ဂုဏ်အတုမရှိပြုသည်။ သုဓာတ် ဂုဏ်ကို မယုံလျှင် စမ်းမလား သုနတော် မိတ်ဘက် ကြွတ်သရေဝင်းပြောင် တောင်စေဘူအလုံးကို အသုံးတော်များ စွာမို့ ပညာတော်အရေးကို အမေးတော် ထွက်ခါမှ ဉာဏ်လက်နက်ဝရဇိန် တထိန် ထိန်ထွန်းလတ္တံ့ ရွှေမော်ကွန်းရောင် တစ်ပြောင်ပြောင်နှင့် ကမ္ဘာဝေလို့ မကြေ စတမ်း။

၉။ လောကီရတနာ ဥစ္စာရွှေငွေ မရေမရာ စွန့်ပစ်ခွာ၍ ပါမီရှင် တို့ထိပ် တင်ငယ် မကြင်မနာ အကြံတော်ပေါက် သန်းခေါင်လောက်ကို နှစ်ယောက်ထည်း ချင်း စီးတော်မြင်းနှင့် မင်းယသောမော် အနော်မာဆိပ် သဲသောင်ရိပ်မှာ ပိတ်က ရော့ဟဲ့ ရွှေစိတ်တော်ခဲတဲ့လို့ ထနဲ့ကိုကြံ နိဗ္ဗာန်ဆိုသူမဟုတ်လား သူလုပ်သည် နိဗ္ဗာန်ကို ကယ်နိဗ္ဗာန်တူရမည် ဘယ်ထိး ဖြုံမတန်သည် ရွှေမဂ်ဉာဏ်လမ်း။

၁၀။ အလိုညီညက်ကယ် ရွှေနန်း စံထွက်မပေ ကြာစေဘူးမြန်မြန် ပြန်မည် လည်းမမှာ လာမည်လည်းမဆို သလွန် ဘုံပန်းတွေမှာ ဝင်တော့မည်အဟန် သားနန်းရုံတင်းတိမ် ရွှေခြူးလိမ်နဂါး သွယ်ကို လက်တော်နှင့်ဖယ်ပြီးလျှင် သွယ်သွယ်မျက်ဖြင့် မဆည်တက်ရှာ ရွှေမျက်နှာနှစ်စုံကို သလွန်ဘုံခန်းခွင်မှာ သားရွှေစင်ရာလာနှင့် လနှစ်ဆူထွက် သည့်နှယ် ဝန်းပုံ့ပုံ့ကြက်သရေ။ ယောက် တဲ့မေမယ်ယသော် ရွှေကိုယ်တော်ဗိုင်းပုံ ကို သဲတုန်အောင်ချစ်ရက်နှင့် စွန့်ပစ်ရှာ။ ဤရူပက္ခန္ဓကို ဝေဒနာသညာ သင်္ခါရ ဝညာဏ်ဆုံးအောင်ပ ရွှေနှလုံးတော် အကြံနှင့် စျာန်ဝင်တော်မူလိုက်လို့ ရှိုက် မိုသည့်သည်းအူ ရာဟုလာနေရစ်တော့ ပစ်တော့မည်မြန်မြန် ပြီးခါမှပြန်မကွဲ့၊ ရွှေနန်းစံထွက်မှန်ကူ ထီးဖြူကြီးကျက် သရေ ဗလာခွေနေရစ်တော့ ရွှေ သစ္စာ ခန်း။

၁၁။ ဆောင်းပါလကော ရကန်စာ နှင့် မှာစာစကားပြေ လေးတွေလေးရပ် နည်းစုံအောင်စပ်လိုက်သည်။ တတ်သူ တို့ပညာ အမရာတဲ့။ ပညာစိတ်ဝှက် ထမင်းချက်သို့ တောထွက်ခန်းစာ သည် ဟာလည်းမဟုတ် ငွေလုပ်သည်အခန်း ကမ္ဗဋ္ဌာန်းနှင့် ဓာတ်ကျမ်းရောင်ရောင် တပေါင်သံလိုလို ဟင်းပေါင်းစုံချိုသည့် နှယ် ကာလဆိုစာ နည်းစုံအောင်ပါရော့ လို့ ကြိုက်ရာသူတို့သုံးရအောင် ရွှေနှလုံး တော် ရွှေဘုန်းတော့်ကြောင့် ပေါ်ပေါ် သမ္မုစာအရတွင်မှ ဩဒိသစေတနာ အရင်းကစစ်၍ အမြစ်ပါရှုံးလိုက်မည်။ နှလုံးငြိမ့်စာဖတ်သူသာရှာကြရော့။သည် တစ်ခါလာလေသေးရဲ့ ဒိုးဒိုးဒိမ့်ဒိမ့်။

၁၂။ နိုးနိုးနိမ့်အပို ယောင်ယမ်းလို့ မဆို စက်စက်ယိုအဆီခဲ မသိသူလွဲ သိသူရဲကြရော့။ မလွဲနိုင်သည့် ဓာတ် မြတ်စွာ သတ္တုရောင်ဖြာသော် ဤကမ္ဘာ လောကဓာတ် လျှပ်တစ်ပြတ်သွားနိုင် သည်။ ပညာပိုင်သည့်ဆရာမို့ ပေါ်လာ မည်မှန်အကြောင်းထင်စွာသည့်အရာကို သတ္တဝါလူပေါင်း ကြံထုံရှောင်းသော် လည်း ရှေးကြောင်းရင်းကံ ကျွတ်ခွင့်သန် လှမှ အမှန်သဘော အတ္တောဆိုအနက် ဉာဏ်ဝရဇိန်လက်နက်နှင့် တစ်ချက် တည်းထင်မြင် ဆုကြီးဝင်သဘောမှာ နတ်လူပင် သာဓုကောင်းချီးပြုပေသည်။ နှသူတို့လက္ခဏာ ပါဌ်သားပင်လာသော် လည်း အနက်မှာ အထွေထွေ ဉာဏ် ကုန်နှော့သည့် သဘောတွေကို မြတ် စိန္တေသုံးလူရှင်မှာမူ မကုန်လေသေး။

၁၃။ ဓာတ်နုဓာတ်တွဲ ဓာတ်ခွဲ ဓာတ်ခွာ ဓာတ်သာဓာတ်ဆက် ဓာတ် ချက်ဓာတ်ကျိုး ဖရိုဖရဲ ထွေခဲလုံးစု အမှု မှုကို သုတပွားစေရာသည်။ နိပါတ်ကို အစ ဓာတ်ကိုပြမည် ပါပမှာအခြေ ဝါတ မှာလေ။ ရသမှာရွှေ ပဋိသန္ဓေအဆုံး ဓာတ်သုဉ်းရင်သေ ရေနှင့်သဂြိုဟ် မိလို ဘလို ငါ့ကိုအမျှပြခဲ့သည်။ အထူးဓာတ် ကူးလမ်းပြတ် ဓာတ်ပြားဝမ်းနာ အာဟာ ရဓာတ် ရေငတ်လျှင်ဆားကျွေး မအေး ခင်နှာနှပ် သဘော်ဦးမှာ ဘီလူးကြောက် အောင် ခြူးရုပ်ဆောင် ပလောင်သေနှင့် ရိုက် နဝါသုံးစင်းဆိုက် ကြိုက်ရာဓာတ် ကိုမွှေ နဝကိုးစင်းသေ တရွှေဖြစ်ကတွေ ခဲ့သည်။ မနေဖြစ်က မေ့ခဲသည်။ ရှေ့ကို ကြည့်မြှောက် နောက်ကိုထောက် ဥရင် ကောက်နှင့် အဘော်ပင် မသိလျှင်တွေး မမြင်လျှင် စောင့်၍ရှာ အောက်တန်း ဆာမှာ ယင်မပါဘူး နာမ်ခန္ဓာကူး အရှူး ကိုဝအောင်ကျွေး ကျောင်းကန်ပလ္လင် ခွေးဆေးကိုမသိက ဂြိုဟ်ရှစ်လုံးမှာ လှည့် ၍ရှာ ဗျည်း (၃၃) လုံးကိုလှန် ကျန် သည်အသက် ဂြိုဟ် (၈) လုံးနှင့် ယှက် အထက်ကဂဠုန် နဂါးလမ်းကို တောင် တန်းခြုံ ယုန်နှင့်ဒေါင်းစက်ပေါင်း၍ ယှက်က အများထက်က ကြွယ်လိမ့် မည်။ နဂါးသက်ကား ပြယ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အရှည်လိုက်မှ မဟုတ်ဘူး၊ နာရီဆိုက်မှ မဟုတ်ဘူး ကူးလမ်းပြောင့်ရောက်လွယ်၏။

၁၄။ တေဇောဓာတ်မှာဆုံးရမည် အာပေါဓာတ်မှာသုံးရမည်။ ပထဝီတြိက ဝါရီဒွါဒယ ကော်ကုတ်ဒွေကုတ် မလုပ်စပါးနှော ရာသီဝေါ်၏။ ပေါ်သည့်နက္ခတ် နဂါးမှတ်ရေမရှိရာ တောင်ထိပ်မှာ ကြာပေါက်သည်။ မြေမရှိရာ ကျောက်ဖြာမှာ သုတနဂါရောက်သည်။ ဗျိုင်းဖြူကို ခြောက်ဆင်ဥကျောက် ပစောက်မှာ သာဝဲလိမ့်မည်။ ဟိုင်းတစ်ဦးနှင့် ပူးမင်းအနေ လက်ခုတ်လက်ဝါး အောက်ထက်ထား နဂါးအနီးကြွက်မင်းကြီး ခရီးမဝေးကျားမကြွေး ဖြေးဖြေးချင့်တွက် ဆင်ခြင်သို့ကိုပေါင်း၍ယှက် အထက်ဂဠုန်နဂါးလမ်းကို ထောင့်တန်းခြံ မယုံဘူးလား၊ ယုံမလား။

၁၅။ တဆင့်တဆင့် မီးကိုမြှင့်၍ ရင့်အချိန်သင့် ဆဲ့နှစ်ဆင့်ပေဟာ မနေမဟိဒ္ဓိ၊ ရောက်ဘိထိုပြာ၊ ထုံးပမာသို့ အုန်းမှာသုံးဆယ်နှပ်ပြီးဝယ်မျှ၊ ၎င်းကမူ တမူးယူ၍ မှုတ်ကြားသကာများဘက် တင်လဲစွတ်၍ တေညက်သောခါ နံ့သာငါးမည် ပေါင်းစည်နည်၍ ကိုးမည်ရာဇာ စန္ဒာသူရိယ သတ္တဗြဟ္မာ ဝိဇ္ဇာမည်ခံ သံသုမာရ ဂရုဠနှင့် နာဂကေသရာ ဝေါဟာသမုတ် ပြုလုပ်ရုပ၊ နာမပညတ် ဂါထာမြတ်ကို သတ္တတြိရွတ်တုံ၏လတ်စုတ်လေးရပ်နှင့် နက္ခတ်အဝင် ကြုံကြိုက်တွင်ဝယ် ရှင်ပင်မြတ်စွာထံတော်သာ၌ သစ္စာတရား တိုင်တည်ထား၍ ငါးပါးသီလခံပြီးမှလျှင် အစဗြဟ္မာမိဋ္ဌန်စာနှင့် မှန်စွာရွတ်ဘက်မျိုတုံလက်မှ ယင်းကစ၍ နဝဒီဝါ စေ့ရောက်ခါသော် ရှစ်ဘော်အင်္ဂ မြတ်သီလကို သတ္တရက်စေ့ စောင့်သုံး၍လျှင်ပြီးအောင်မြင်လိမ့် လူတွင်တုမဲ့ဖြစ်တုံခဲ့၏ နိုင်းရှိပညာဝိဇ္ဇာမယ ကဏ္ဍှပ ကြီးလှတန်ခိုး စုံပြည့်ဖြိုးသား အကျိုးထူးမြတ် ဇောတိရက်သို့ ရွတ်ဘက်မန္တန် ဂါထာပျံက မိဋ္ဌာန်သစ္စာ နဝါရပ်စဉ် စကားပြင်ဖြင့် စီရင်ရေးသားကုန်၏တည်း။

ကျမ်းရင်း (၁၅) ပိုဒ်ပြီး၏။

*ဝိဇ္ဇာပညာထွန်းကားပါစေ*

သူရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည့်

# ဗေဒင်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

(၃၀၁) ကြိမ်မြောက် -

ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ထီချစ်သူများအတွက် ဘုန်းကောင်းလာဘ်လာဘများကို သယ်ဆောင်လာကြတော့မည့်ဂဏန်းများနှင့် ပါရမီဖြည့်လိုက်ပါဦးမည်။

**တနင်္ဂနွေသားသမီးများ -**

နိုဝင်ဘာလ ၈၊ ၁၂၊ ၂၂၊ ၂၅ ရက်များမှာ ထီထိုးပါ။

ယခုလ ရွှေဘွဲ့အမည်ရှိသော ဘုရားစေတီလေးဆူပြည့်အောင်သွား၍ ဘုရားတိုင်းရှိ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၁၀) တိုင် ထွန်းညှိပူဇော်ပါ။တစ်နေ့တည်းသွားပါ။ ဘုရားမှအပြန်မှာ ထီထိုးပါ။

ဒီဇင်ဘာလမှာ ၂၊ ၅၊ ၃၊ ၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**တနင်္လာသားသမီးများ -**

နိုဝင်ဘာ ၅၊ ၁၃၊ ၁၉၊ ၂၃ ရက်များမှာ ထီထိုးပါ။ မင်္ဂလာဆောင် (သို့) အလှူတစ်ခုခုမှ ဖိတ်ကြားခြင်းခံရလျှင် ထိုမင်္ဂလာဆောင် (သို့) အလှူမှအပြန်တွင် ထီထိုးပါ။

ဒီဇင်ဘာလမှာ ၄၊ ၈၊ ၅၊ ၇ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ -**

နိုဝင်ဘာလ ၆၊ ၁၄၊ ၂၀၊ ၂၄ ရက်များမှာ ထီထိုးပါ။

ယခုလတွင် ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ ဘုရားတွင် ပူဇော်ထားသော မီးလုံး၊ မီးချောင်းတစ်ခုခုကျွမ်းနေလျှင် အသစ်ဝယ်၍ အစားထိုးပြီး ပူဇော်လိုက်ပါ။ အပြန်မှာ ထီထိုးပါ။

ဒီဇင်ဘာလတွင် ၃၊ ၂၊ ၉၊ ၅ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ -**

နိုဝင်ဘာလ ၇၊ ၁၅၊ ၂၁ ရက်များမှာ ထီထိုးပါ။

ယခုလတွင် ဘုရားရှင်အား အုန်းသီးစိတ်ဆွမ်း- မကြာခဏကပ်လှူ၍ သရဏဂုံ - ၃၀ကို ပုတီးစိပ်ပါ။ ရက်မသတ်မှတ်ပါနှင့်။

ဒီဇင်ဘာလတွင် ၄၊ ၈၊ ၇၊ ၂ ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ -**

နိုဝင်ဘာလ ၈၊ ၁၆၊ ၁၉၊ ၂၂ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း ဘုရား (၃) ဆူပြည့်အောင် သွားဖူးပါ။ ဘုရားတစ်ဆူဆူမှာ ဖူးပြီး၍ ပြန်တိုင်းပြန်တိုင်း ငှက်စာကျွေးပါ။ ထိုနေ့မှာ ထီထိုးပါ။

ဒီဇင်ဘာလတွင် ၂၊ ၉၊ ၅၊ ၆ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ -**

နိုဝင်ဘာလ ၉၊ ၁၀၊ ၂၀၊ ၂၃ ရက်များမှာ ထီထိုးပါ။

ယခုလတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများ၊ အကြောရောဂါသည်များ၊ ဆေးလိုသောကိုယ်ဝန်ဆောင်များကို ဆေး၊ ငွေ၊ အာဟာရ လှူပေးပါ။

ဒီဇင်ဘာလမှာ ၄၊ ၈၊ ၃၊ ၂၊ ၇ ဂဏန်းများနှင့် ကံစပ်သည်။

**စနေသားသမီးများ -**

နိုဝင်ဘာလ ၁၁၊ ၂၁၊ ၂၄ ရက်များမှာ ထီထိုးပါ။

ငါးအရှင်လေးများကို တစ်နိုင်ဝယ်၍ ရေအရှင်မှာ ဘေးမဲ့လွှတ်ပေးပါ။ ငါးအလွှတ်ပြီးအပြန်မှာ ထီထိုးပါ။

ဒီဇင်ဘာလတွင် ၂၊ ၉၊ ၄၊ ၈၊ ၅ ဂဏန်းများ ကံစပ်သည်။

ယခုလတွင် (၇) ရက်သားသမီးမည်သူမဆို -

၇-၁၁-၂၀၁၄၊ သောကြာနေ့နှင့်

၂၄-၁၁-၂၀၁၄၊ တနင်္လာနေ့များတွင် ထီထိုးဖြစ်အောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



# မင်းပြည့်

## ပြုပြင်ခြင်းမှပြည့်စုံခြင်းသို့

လူတစ်ယောက် ရောက်လာတဲ့ အချိန်မှာ -

အောက်ဂြိုဟ် (၃) လုံးကို ထုတ် တယ်ဆိုတာနဲ့ ပတ်သက်ပြီး အဖေ ခာဏပြောသလို အဖေကိုယ်တိုင် ည်းလုပ်ပေးနေထာတွေ့နေရပါတယ်။

မနှစ်ကတုန်းကများဆို -

လူတစ်ယောက်ဟာ နေမကောင်း တော်ဖြစ်နေလို့ဆိုပြီး ဘေးကလူတွဲနဲ့ ရောက်လာတယ်။ အခါက ကြာသပ နေ့၊ မနက် (၁၀) နာရီ ဆိုတော့ ရှအခါ။

ဒါကို အဖေက -

"ခင်ဗျား ဒီကပြန်ရင် ခင်ဗျားစီး တဲ့ဖိနပ်ကို လမ်းမှာလွှင့်ပစ်ခဲ့။ ဝတ် တဲ့ လုံချည်ကိုလည်း အိမ်ရောက် နဲ့ သူများကို ပေးလိုက်ပေတော့။ ထဲကလူတွေကိုပေးလို့မရဘူး။ အိမ် ကိုထုတ်ပစ်ရမှာ"

ဆိုပြီး မှာလိုက်တယ်။ ပြီးတော့ လိုက်သေးတယ်။

"(၁၅) ရက်၊ ရက် (၂၀) လောက် ရင် ခင်ဗျားဟာခင်ဗျားလာခဲ့။ လူ ဆိုမလာနဲ့' ဆိုပြီး။

ဒီလူလုပ်တယ်။

တာ - မြန်သလားမပြောနဲ့။ အဲဒီ ကြီး သုံးပတ်လောက်မှာ တော် ကောင်းသွားတယ်။ အဲဒီလူ လမ်း တ်ပြီးဝင်လာတယ်။ ဘေးနားမှာ တစ်ယောက်ပါလာပေမယ့် သူ တွဲတော့ဘူး။ သူဟာသူလျှောက် တယ်။ ခုများဆို ကိုယ်တိုင်ကား မောင်းပြီးလာနေပြီ။

'ခင်ဗျားဟာခင်ဗျားလာခဲ့၊ လူတွဲ နဲ့ဆို မလာခဲ့နဲ့' ဆိုပြီး အဖေပြောလိုက် တုန်းက အဖေ့မျက်နှာကို သေချာလှည့် ကြည့်မိပါတယ်။

ဟာ - အဖေရက်စက်လိုက်တာ ပေါ့။ ဘယ်လိုပြောမလဲ၊ နေမကောင်းလို့ သူခမျာ လူနဲ့ပါတွဲလာရတာလေ။ အဖေ့ ဆီကို လာချင်လွန်းလို့ ရောက်အောင် လာခဲ့ရတာလေ။ ဒီလိုလူကို အဖေပြော ရက်တယ်ပေါ့။

အဲဒီဦးလေးကြီး (၂)ပတ်၊ (၃)ပတ် ကြာလို့ လာထိုင်ကန်တော့မှ အဖေဟာ အားရပါးရပြုံးကြည့်နေပါတယ်။ အဖေ ဟာ သူ့ကိုယ်သူ တော်တော်ယုံတာပေါ့။ ဒါကြောင့် သူတစ်ခွန်းထဲပြောထဲ့လိုက် ပေမယ့် အဲဒီဦးလေးကြီးကို လှည့်တောင် မကြည့်ခဲ့ပါဘူး။ လာကန်တော့တဲ့နေ့ကျ မှ ပြုံးပြီး ဧည့်ခံစကားပြောပါတယ်။

အဲဒီနေ့ကစပြီး ရောက်လာတဲ့ အခါမှာ အောက်ဂြိုဟ် (၃) လုံးထဲက အခိုက်ထုတ်ပစ်လိုက်တာကို သဘော ပေါက်လာရပါတယ်။

၅

၂

၆

သူရဋ္ဌ- ၁

၄

အခိုက်-၀-ဖိနပ်/လုံချည်ထုတ်ခိုင်းခဲ့

၃

အဖေ့ဆီလာကန်တော့တဲ့ဦးလေး ကြီးကိုကြည့်ပြီး ကျွန်တော်ဟာ ပီတိဖြစ် လို့မဆုံးပါဘူး။ လူတစ်ယောက်ကို နေကောင်းသွားအောင် သာသာလေး လုပ်ပြလိုက်နိုင်ပါလားဆိုပြီး ဝမ်းသာလို့ မဆုံးပါဘူး။

နောက်ပိုင်းလည်းကျရော အဲဒီ အခွင့်အရေးကို စောင့်ပါပြီ။ မကြာပါ ဘူး၊ တွေ့တော့တာပဲ။

ကြာသပတေးအခါမှာ -

ဘာပြောကောင်းမလဲ။ ဗုဒ္ဓဟူး ခိုက်နေတာကြည့်ပြီး လက်ကိုင်ပဝါ ထုတ်ခိုင်းလိုက်ပါတယ်။

လာမေးတဲ့သူက ကြောင်ကြည့် နေပြီး -

"ဘယ်လိုလက်ကိုင်ပဝါကိုထုတ် ရမှာလဲ" တဲ့။ "ကျွန်မမှာ လက်ကိုင်ပဝါ မရှိဘူး" တဲ့။

"ဒီလိုဆိုလည်း ဆိုင်တစ်ဆိုင်က ဝယ်ပေါ့။ ပြီးရင် သူများပေးလိုက်"

လို့ ပြောလိုက်တယ်။ ဒါထုတ်တာ ပဲလေ။

အဖေ အပြင်ကပြန်လာတော့ ဝမ်းသာအားရနဲ့ ပြောပြလိုက်တယ်။ ပြောပြတော့ အဖေက ဘာမှမပြောပါ ဘူး။ ပြုံးပြီးနားထောင်နေရင်းကနေ -

"ထုတ်တယ်ဆိုတာ ရှိတာကို ထုတ်ပစ်ရမှာ။ ပြီးတော့ ထုတ်တယ်ဆို တဲ့သဘောက ခိုက်နေတာတွေကိုထုတ် ပစ်တဲ့သဘော။ အခိုက်ဓာတ်တွေကို ထုတ်ပစ်တဲ့သဘော။ဒါကြောင့် အောက် ဂြိုဟ် (၃) လုံးထဲက အခိုက်နဲ့ပတ်သက် တာကို အနေအထားပြောင်းလဲပစ်ရ တာ"



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောပါတယ်။

"ဘယ်လို အနေအထားပြောင်းလဲပစ်ရတာလဲဆိုတော့ ခိုက်တာကို ကောင်းသွားအောင် လိုက်လျောညီထွေ ပြုလိုက်တာ"

လို့ ထပ်ပြောပါတယ်။

"ဒါကြောင့်မို့ ဗုဒ္ဓဟူးနံ လက်ကိုင်ပဝါထုတ်ပစ်မယ့်အစား ရေသတ္တဝါလေးတွေကို ချက်ချင်းအစာကျွေးခိုင်းတာတို့၊ လေထိထားတဲ့ လေရောဂါရှင်တွေကို ချက်ချင်း ဆေးတို့၊ အာဟာရတို့ ထိထိရောက်ရောက် လှူခိုင်းတာတို့ ပြုလုပ်ရမယ်"

ဆိုပြီး ပြောပါတယ်။

'ထိထိရောက်ရောက်'ဆိုတဲ့စကားကို ကျွန်တော်အမှုမဲ့အမှတ်မဲ့မနေပါဘူး။ နောက်ပိုင်း ကျွန်တော်ထိထိရောက်ရောက်ပဲထုတ်ခိုင်းလိုက်ပါတယ်။ အဖေ့စကားနဲ့ပြောရရင် လေသမားတွေကို လှူခိုင်းလိုက်ပါတယ်။ သူတို့ကလည်း ဝမ်းသာအားရ ဆေးတွေ၊ အာဟာရတွေ သွားလှူကြပါတယ်။ တကယ်လည်း ထိထိရောက်ရောက် ကောင်းသွားတာတွေ မျက်ဝါးထင်ထင်ပါပဲ။

၂
၆

၃
ဂုရု- ၅
၁
အခိုက်- ၄ - လေရောဂါရှင်ကို
၀ ငွေ၊ အာဟာရအလှူ

နောက်ထပ်ထပ်တွေ့တာက အင်္ဂါအခါမှာလာတဲ့ ငွေရေးကြေးရေးအကျပ်အတည်းဖြစ်နေတဲ့သူတွေပါပဲ။ သူတို့လာတဲ့ အခါရဲ့သဘာဝကိုက ငွေဆိုတဲ့ တနင်္လာနံခိုက်နေတာမို့ မဆန်းပါဘူး။

သူတို့ကိုတော့ သတ်မဲ့ဆဲဆဲ ငါးအရှင်တွေကို ချက်ချင်း ဝယ်လွှတ်ခိုင်းလိုက်ပါတယ်။

တစ်ပတ်၊ နှစ်ပတ်လောက်မှာ မထူးသေးလို့ ထပ်လာပါတယ်။ အရင်ပြောထားတဲ့အတိုင်း ငါးတွေပဲ ထပ်လွှတ်ခိုင်းလိုက်ပါတယ်။

နှစ်ခါလွှတ်ပြီးချိန်မှာ တော်တော်လေးအဆင်ပြေလာကြပါပြီ။

ခိုက်နေတဲ့ဂြိုဟ်ကို ထိရောက်အောင်ပြုလုပ်တာနဲ့ ပတ်သက်ပြီး လက်တွေ့တွေ့ တွေ့ရမြင်ရတော့ ဝမ်းလည်းသာလှပါတယ်။

လုပ်ပေးရတာလည်း အရမ်းကို ပျော်နေမိပါတယ်။

၀
၄
၁
အင်္ဂါ - ၃
၆
အခိုက် - ၂ -ငါးအရှင်တွေလွှတ်
၅

နောက်တစ်ခါ ကြုံရတာကတော့ စနေသားဖြစ်ပြီး သူလာတဲ့အချိန်အခါကိုက သူရဇ္ဇအခါဖြစ်နေပါတယ်။ အရင်လုပ်ခဲ့တာတွေက မွေးနံခိုက်ချိန်မဟုတ်ကြသူတွေဆိုတော့ ပေါ့ပေါ့ပါးပါးပဲ။

ခုဟာက. သူကိုယ်တိုင် စနေဖြစ်ပြီး ကိုယ်တိုင်ခိုက်နေတော့ ဘာလုပ်ရမလဲ စဉ်းစားနေတုန်း၊ မပြောတတ်ဖြစ်နေတုန်း ဘေးနားမှာ ထိုင်ကြည့်နေတဲ့ အဖေက ပြုံးလိုက်ပြီး -

"သား၊ သူ့ကို အိပ်ရာရွှေ့အိပ်ခိုင်းလိုက်လေ။ ဘုရားကို ခြေကျင်သွား၊ တံမြက်စည်းသွားလှူခိုင်းလိုက်ရင် သူ အရမ်းကောင်းသွားပြီ"

လို့ ပြောလိုက်ပါတယ်။

ထုံးစံအတိုင်းပေါ့။

ဇွဲ့သည်လည်းပြန်သွားရော -

"အဲဒါကျ ဖိနပ်တို့၊ ပုဆိုးတို့၊ ထီးတို့ဘာလို့မထုတ်တော့တာလဲ အဖေ"

လို့ မေးလိုက်ပါတယ်။

သူကိုယ်တိုင် စနေဖြစ်နေလို့ သူ့နံတူကို မထုတ်ခိုင်းတော့ဘဲ သူ့ကို တိုက်ရိုက်အရွှေ့အပြောင်းတွေလုပ်ပစ်လိုက်တာဖြစ်ပါတယ်။

အဖေက ရှင်းပြပါတယ်။

"သူက စနေ၊ သူ့နံတူဖိနပ်ထုတ်လိုက်ရင် သူမျှားစီးဖို့ဖြစ်သွားပြီ။ ဒါကိုထုတ်မယ့်အစား သူ့ကိုခွေးထွက်အောင်ခိုင်းလိုက်တာဟာ သူကြုံနေရတဲ့အနိဋ္ဌကို အနိဋ္ဌထပ်လုပ်ခိုင်းလိုက်တဲ့သဘောပဲ"

လို့ ပြောပြပါတယ်။

ပြီးတော့ သူအေးအေးဆေးဆေး အိပ်တဲ့နေရာကနေ တခြားရွှေ့ပစ်တာလည်းထုတ်လိုက်သလိုပဲဆိုတာ သိလိုက်ရပါတယ်။

၅
၂
၆
သူရဇ္ဇ- ၁
၄
အခိုက်- ၀ -စနေသားကို အိပ်ရာရွှေ့/
၃ ဘုရားကိုခြေကျင်သွား၊
တံမြက်စည်း
လှူခိုင်းခဲ့သည်။

နောက်တစ်ယောက်ကတော့ -

သောရီအခါမှာလာတဲ့သောကြာသမီးပါ။ သူလည်း ဒီလိုပါပဲ။ သူ့မွေးနံပါ ခိုက်နေတဲ့အချိန်မှာရောက်လာတာပါ။ သူ့ကိုလည်း အိမ်နဲ့ အနီးဆုံးဘုရားကို လမ်းလျှောက်သွားခိုင်းလိုက်ပါတယ်။ ဆိုင်ကယ်၊ စက်ဘီး မစီးခိုင်းပါဘူး။ ဘုရားရောက်တော့လည်း အငြိမ်မနေခိုင်းဘဲ တံမြက်စည်းတွေလှည်း၊ အမှိုက်တွေကောက်ခိုင်းလိုက်ပါတယ်။

ပြီးတော့မှ ဘုရားသွားတဲ့လမ်းမှာဖြစ်ဖြစ်၊ ဘုရားမှာဖြစ်ဖြစ်တွေ့တဲ့ သံဃာတော် အရှင်သူမြတ်တစ်ပါးပါးကို ခရီးစရိတ်အဖြစ် ဝတ္ထုငွေလှူဒါန်းပူဇော်ခိုင်းလိုက်ပါတယ်။ သံဃာတော်နဲ့မကြုံလို့ သက်ကြီးဝါကြီးတစ်ဦးဦးကိုတွေ့ရင်လည်း ပြန်မယ့်ခရီးကိုမေးပြီး ခရီးစရိတ်တစ်နိုင် လှူခိုင်းလိုက်ပါတယ်။

တကယ်လည်း သူ့ရဲ့အခက်အခဲတွေဟာ တစ်ရစ်ချင်းအဆင်ပြေလာတာ လက်တွေ့ကြုံရတော့ ဘယ်လိုဝမ်းသာမှန်းတောင်မသိပါဘူး။ သူ့ကိုဘာလို့လမ်းများများလျှောက်ပြီး ခရီးစရိတ်တွေလှူခိုင်းရလဲဆိုတော့ သူလာတဲ့အချိန်က ခရီး - လှုပ်ရှား ဆိုတဲ့ အဓိပ္ပာယ်ရတဲ့ သောကြာဂြိုဟ်ခိုက်နေတဲ့အချိန်မို့လို့ပါပဲ။

၄
၁
၅
သောရီ ►၀
၃
အခိုက် ►၆ -တံမြက်စည်းသွား
၂ လှည်း၊ ခရီးစရိတ်လှူ

ဒီလိုအခိုက်ဂြိုဟ်ကို ကောင်းသွားအောင်ဖန်တီးလိုက်တာနဲ့ ပတ်သက်ပြီး လက်တွေ့တွေ့ တော်တော်အောင်မြင်လာတော့ အချိန်ရှိသရွေ့ ဒါကိုပဲစဉ်းစားနေဖြစ်ပါတော့တယ်။

ဘယ်အချိန်လဲ၊ ဘာခိုက်နေပြီလဲ၊ ဒီအချိန်မှာလာရင် ဘယ်ဂြိုဟ်ခိုက်နေလို့ ဘာကိုထုတ်ပစ်ရမလဲ၊ ဒါမှမဟုတ် ဘယ်ဂြိုဟ်ကိုကောင်းသွားအောင်လိုက်လျောညီထွေပြုမရလဲ။ ဒါပဲစဉ်းစားနေဖြစ်ပါတော့တယ်။

တစ်နေ့တော့ကြုံပါလေရော -

လူတစ်ယောက်ဟာ တော်တော်လေး နေမကောင်းဖြစ်လို့ သူ့မိန်းမ လာမေးတာပါ။ အချိန်က စနေခိုက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွန်ဆေး)

# တောဖရုံဆေးရွက်အစွမ်းနှင့် လေးဖက်နာဆေးတစ်ခွက်

၂၀၁၄ခုနှစ်၊ မေလထုတ် သုရဇ္ဇမဂ္ဂဇင်းတွင် 'လေးဖက်နာအတွက် တောဖရုံဆေးရွက်' အကြောင်းကို ရေးသား တင်ပြခဲ့ပါသည်။

သုရဇ္ဇ၏ စာဖတ်ပရိသတ်များကလည်း မဂ္ဂဇင်းစာအုပ်ထွက်ပြီး မကြာပါ။ အနယ်နယ်အရပ်ရပ်မှ လေးဖက်နာရောဂါ သက်သာပျောက်ကင်းစေရေးအတွက် ဆောင်းပါးတွင် ပါရှိလိပ်စာအတိုင်း စာဖြင့်လည်းကောင်း၊ ကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်လာကြပါသည်။ ရပ်ဝေးမှလာရောက်ကြသူများရှိသကဲ့သို့ စာရေးသူ၏မြို့နယ်အတွင်းမှလည်း ဆေးရွက်ရယူစားသုံးသူများရှိပါသည်။ ယုံယုံကြည်ကြည်နှင့် စားသုံးကြ၍ သက်သာ ပျောက်ကင်းကြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

❖

လေးဖက်နာရောဂါဆိုလျှင် ခြေ၊ လက်တို့တွင် အဆစ်အမြစ်များရောင်ကိုင်း ကိုက်ခဲတတ်သည့်ရောဂါဟုသာ သိထားပါသည်။ တောဖရုံဆေးရွက်အကြောင်း ရေးသား တင်ပြကာမှပင် အရေပြားလေးဖက်နာ၊ အစာအိမ်လေးဖက်နာတို့ရှိသေးကြောင်းသိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နေ အမျိုးသမီးတစ်ဦးတွင် အရေပြားလေးဖက်နာဝေဒနာခံစားနေရပါသည်။ နေရောင်ခြည်နှင့်အသားထိတွေ့မိလျှင် လက်နှစ်ဖက်စလုံးတွင် အရေပြားပေါ်၌ အကွက်အကွက်များဖြစ်ပေါ်လာတတ်ပါသည်။ အပြင်အပထွက်လျှင် နေရောင်ခြည်နှင့် တိုက်ရိုက်မထိမတွေ့နိုင်စေရန် လက်ရှည်အကျႌ အမြဲဝတ်ဆင်နေရသည်။ စီးသည့်ကားမှန်များတွင် နေရောင်ကာရောင်ပြားများ ကပ်ထားရသည်။ ရန်ကုန်မြို့မှ အထူးကုသမားတော်ကြီးတစ်ဦးထံတွင် လစဉ်ပြသ ဆေးကုသမှုခံယူနေရသော်လည်း သက်သာ ပျောက်ကင်းမှုမရှိသည်မှာ နှစ်ချီကြာနေပြီ ဖြစ်သည်။ တောဖရုံဆေးရွက်ကို စားသုံးသည့်အခါတွင်မှ သိသာ ထူးခြားစွာ သက်သာပျောက်ကင်းခဲ့သည်ဟု သိရပါသည်။

နောက်ထပ်တစ်ဦးမှာ စာရေးသူ၏မြို့မှ မိန်းကလေးတစ်ဦး ဖြစ်ပါသည်။ အစာအိမ်လေးဖက်နာဝေဒနာကြောင့် ဝမ်းဗိုက်ရစ်နာခြင်း၊ ဝမ်းသွားချင်သလို ခံစားရခြင်း၊ ရေအိမ်တက်သည့်အခါတွင်လည်းမသွားခြင်း၊ အနေအထိုင်မအီမသာဖြစ်ခြင်းတို့ကို ခံစားနေရသူ ဖြစ်ပါသည်။ မိခင်ဖြစ်သူ၏ ကြားသိသတင်းစကားအပေါ် ဂယနဏှာရှာဖွေလေ့လာ၍ တောဖရုံဆေးရွက်ကိုစားသုံးပြီးသည်တွင် သက်သာနေထိုင်ကောင်းလာကြောင်း တွေ့ရှိရပါသည်။

❖

အဆစ်အမြစ်ရောင်ကိုင်းကိုက်ခဲလေးဖက်နာရောဂါ၊ အရေပြားလေးဖက်နာ၊ အစာအိမ်လေးဖက်နာ မည်သည့်လေးဖက်နာဝေဒနာမဆို တောဖရုံဆေးရွက်က အစွမ်းထက် ထိရောက်စွာ ပျောက်ကင်းစေပါသည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုစကားနှင့်ညီစွာပင် တောဖရုံဆေးရွက်အစွမ်းကား တန်ဖိုးကြီးမားလှပါသည်။

သီးခြား ထပ်မံ တင်ပြလိုသည်မှာ တောဖရုံဆေးရွက်ကဲ့သို့ လေးဖက်နာ ပျောက်ကင်းစေသည့် ဆေးနည်းတစ်နည်းဖြစ်ပါသည်။ အဘအောင်မင်းခေါင် ဓာတ်စီးကြွရောက်စဉ်က ချီးမြှင့်ပေးခဲ့သောဆေးနည်း ဖြစ်ပါသည်။ အဘပေးသည့် လေးဖက်နာဆေးနည်းကလည်း ရှင်းလင်းလွယ်ကူလှပါသည်။

ဆေးနည်းစီရင်ပုံမှာ မီးဖိုထဲမှ ပြာသန့်သန့်ကို စတီးဇွန်းတစ်ဇွန်းစာ ရယူပြီး ကြွေပန်းကန်တစ်လုံးအတွင်း ထည့်ထားပါ။ သံပရာသီးတစ်လုံးကို ပြာထည့်ထားသည့် ပန်းကန်လုံးအတွင်းသို့ ညှစ်ထည့်ပါ။ သံပရာအရည်နှင့် ပြာကိုရောမွှေပြီး အနည်ကျအောင်ထားပေးပါ။ အနည်ကျပြီဆိုပါက ပန်းကန်လုံးထဲမှ အရည်ကြည်ကို အဝတ်သန့်သန့် ပါးပါးနှင့် စစ်ယူသောက်သုံးရပါမည်။ ဝိဇ္ဇာဗိုလ် အဘဘိုးမင်းခေါင်၏ဆေးနည်းဖြစ်ပြီး ပွဲတွေ့ပျောက်ကင်းကြောင်း သိရပါသည်။

စာဖတ်သူများ ဖတ်ရှုသိရှိကြပြီး လိုအပ်မှုရှိပါက၊ ဝေဒနာခံစားနေရသူများကြားသိပါက ညွှန်ပြကူညီပေးနိုင်ပါရန် ရေးသား တင်ပြအပ်ပါသည်။

◆ တောဖရုံဆေးရွက်လိုအပ်ပါက တယ်လီဖုန်းအမှတ် ၂၅၀၁၁၉၉၅၅ နှင့် ၀၄၄-၅၀၆၁၂ သို့ ဆက်သွယ်နိုင်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

---

သောကြာခိုက်နေတဲ့အချိန်။

စဉ်းစားတယ်။ ဟိုလူက နေမကောင်းဖြစ်နေလို့၊ မသွားနိုင်မလာနိုင်ဖြစ်နေလို့၊ သောကြာခိုက်နေတဲ့အတိုင်း အိမ်-လှုပ်ရှားဂြိုဟ်ပျက်နေလို့ ဘယ်မှ ထောင်မသွားနိုင်ဖြစ်နေတာ။ သူ့ကို အမ်းလျှောက်ခိုင်းရင်တော့ အသက်ပါ ထွက်သွားနိုင်တယ်။

ဘယ်လိုလုပ်ရပ့ါမလဲ -

ဆိုပြီး စဉ်းစားနေမိပါတယ်။

တွေးလို့မရဖြစ်နေချိန်မှာ အဖေက -

"ခင်ဗျားတို့အိမ်အောက်မှာ ဒါမှမဟုတ် ခင်ဗျားတို့အခန်းထဲမှာ သစ်ချောင်းသစ်ဆွေးတွေ ရှိနေလိမ့်မယ်။ ထုတ်ပစ်လိုက်ပါ"

လို့ ပြောလိုက်ပါတယ်။

သူ့မိန်းမက -

"ဟာ - ဟုတ်တယ်၊ ရှိတယ်။ နောက်ဖေးဘက်ရေကပြင်ပြင်ဖို့ မျက်စောင်းထိုးက အိမ်ဖျက်ထားတဲ့ သစ်သားတွေပုံထားတယ်။ ဆယ့်လေးငါးချောင်းလောက်ရှိတယ်။ ကျွန်မလည်း ဒီသစ်တွေယူထားမိပြီးကတည်းက စိတ်ထဲမှာ တစ်ခုခုတော့ တစ်ခုခုပဲ ဘာမှန်းသာ ဘပ်အပ်မသိဖြစ်နေတာ"

ဆိုပြီး ပြောပါတယ်။

"ထုတ်ပစ်မယ်"

လို့လည်း ပြောသွားပါတယ်။

ကြည့်ရတာ သစ်တွေထုတ်လိုက်ပြီးတဲ့နောက်ပိုင်း နေကောင်းသွားပြီနဲ့တူပါတယ်။ လမ်းမှာ တစ်ခါထပ်ဆုံတော့ ပြုံးလို့ရွှင်လို့ဖြစ်နေပါပြီ။ အားရပါးရ နှုတ်ဆက်ပါတယ်။

"အခိုက်ထုတ်လိုက်တာလေးနဲ့တင် မမြင်ရတဲ့အားတွေရှိနေတာကိုး"

လို့ ခဏခဏစဉ်းစားမိရင် ပညာတွေကို သိပ်ပြီး တန်ဖိုးထား လေးစားရှိသေမိပါ။

အဖေပြောတဲ့ -

"လိုက်လျောညီထွေပြုလိုက်တာ"

ဆိုတဲ့ စကားကို တဖြည်းဖြည်း သဘောပေါက်လာပါပြီ။


ဒါကြောင့်မို့လည်း နာရီရှိသရွေ့ အင်ဝိဇ္ဇာအခါများကိုပဲ သတိထားနေရင်းပျော်နေမိပါပြီ။

မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com



(မသုံးလုံး)

# အောင်မြင့်ထွန်း

## ထိန်ပင်အင်းကွင်းပိုင်ကြီးရဲ့သံယောဇဉ်အမျှင်တန်း

ဤလောကကြီးတွင် တစ်ကောင်ကြွက်တစ်မျက်နှာဖြင့် ကြီးပြင်းလာခဲ့ရသော လူသားသည် အလွန်မျက်နှာငယ်စွာဖြင့် လူ့ရပ်ရွာမှာနေထိုင်ကြီးပြင်းရပါသည်ဟု ဆိုကြလေသည်။ ထိုစကားသည် များသောအားဖြင့် မှန်ကန်ပါသည်။ တစ်စုံတစ်ခုသတ်မှတ်ထားသကဲ့သို့ စွဲမြဲစွာမှတ်ယူထားရသော အချက်များ သို့မဟုတ် အဖြစ်အပျက်အများမှာ ယေဘုယျအားဖြင့် အများစု လက်ခံထားခြင်းမျှသာ ဖြစ်ပါသည်။

ဥပမာ ရွာထဲတွင် ဆိုးသွမ်းစွာဘဝကို ကျင်လည်နေသူကို လူဆိုးဟု အများကသတ်မှတ်ထားကြသည်။ ထိုသူသည် ဆိုးရွားသည့်ဘက်တွင် အဘက်ဘက်က ထောင့်စေ့အောင်နေထိုင်မှုကြောင့် ဖြစ်သည်။ သို့ရာတွင် သူ့မှာ ကောင်းသည့်အချက်အချို့က ရှိနေပြန်သည်။ ဆိုလိုသည်မှာ အနုတ်လက္ခဏာများသူကို အပေါင်းလက္ခဏာမရှိဟု သတ်မှတ်၍မရ။ ထို့ကြောင့် တစ်ကောင်ကြွက်အဖြစ် ကြီးပြင်းခဲ့ကြသူတိုင်း လူ့ဘုံအလယ်မှာ မျက်နှာငယ်ရသူချည်း မဟုတ်ရပါ။

ထိုထူးခြားချက်ကို ပိုင်ဆိုင်ထားသူကား စောအယ်တာပေါ အမည်ခေါ်တွင်သည့် ကာလသားလူပျိုပေါက်လေး ဖြစ်ပါသည်။ စောအယ်တာပေါသည် တစ်ကောင်တည်းဖြစ်သော်လည်း ကြွက်မဟုတ်။ ရဲရင့်သော ခြင်္သေ့တစ်ကောင် ဖြစ်တော့သည်။ တစ်ကောင်ကြွက် သို့မဟုတ် လောကအလယ်မှာ တစ်ယောက်ဖြစ်ရပါသော်ငြား မျက်နှာမငယ်ရကြောင်း စောအယ်တာပေါ၏ အမူအကျင့်များက ထောက်ပြနေသည်။

❖

စောအယ်တာပေါသည် ထိန်ပင်အင်းရွာသားအစစ် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့်က ထိန်ပင်အင်းရွာမှ ဖြစ်ရပ်မှန်ဖြစ်ပါသည်။

စောအယ်တာပေါသည် သူ့ဘဝ

www.burmeseclassic.com



ရောက်သည့်နေ့တွင် ကော်သူးလေသူပုန်များ ထိန်ပင်အင်းတစ်ရွာလုံး ဝင်ရောက် မွှေနှောက်ကာ မီးလောင်တိုက်ခြင်းပါလေ၏။ ကော်သူးလေသူပုန်များ ထိန်ပင်အင်းရွာထဲ ဝင်ရောက်သောင်းကျန်းနေစဉ်အခိုက် မြန်မာ့တပ်မတော်မှ သတင်းရရချင်း တပ်မတော်စစ်ကြောင်းသည် အချိန်မီထိန်ပင်အင်းရွာသို့ရောက်ရှိလာကာ သောင်းကျန်းသူတို့နှင့် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားကာ အပြန်အလှန်ပစ်ခတ်တော့သည်။

မြန်မာ့တပ်မတော်၏ ရှုပ်ရှုပ်ချွံချွံပြင်းထန်သောထိုးစစ်ကို ကော်သူးလေတို့ မရှုမလှခံကြရလေ၏။ ကော်သူးလေတို့ ခုခံနိုင်စွမ်းမရှိကြတော့ပါ။ ရုန်းရင်းဆန်ခတ်ဖြင့် ကစဥ့်ကလျား ထွက်ပြေးကြရ၏။ သောင်းကျန်းသူတို့ အသေအပျောက် အကျအဆုံးများကြလေ၏။ ၎င်းတို့၏ တိုက်ပွဲကျအလောင်းများကိုပင် သယ်ယူနိုင်ခြင်းမရှိကြတော့ပါ။ ခွေးပြေးဝက်ပြေး ကိုယ်လွတ်ရုန်းကြရ၏။ ထိုတိုက်ပွဲတွင် သောင်းကျန်းသူ (၁၂)ဦး ကျဆုံးခဲ့သည်။ မြန်မာ့တပ်မတော်မှ ရဲဘော်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူလိုက်ရသည်။ သောင်းကျန်းသူတို့၏ လက်နက်နှင့် ကျည်မျိုးစုံ သိမ်းဆည်းရရှိလိုက်ကြ၏။ ရွာသားနှစ်ဦး သောင်းကျန်းသူလက်ချက်ဖြင့် လောကကြီးနှင့် သူတို့၏ ရင်သွေးငယ်လေးကို စွန့်ခွာသွားကြရလေ၏။ ထိုရွာသားနှစ်ဦးတို့မှာ စောအယ်တာပေါ် ဖြစ်လာမည့် ကလေးငယ်လေး၏ မိဘများ ဖြစ်ကြပါသည်။

❖

မိဘများမှာ အိမ်ထောင်စကျသည်မှ အိမ်ထောင်သက် (၈) နှစ်ခန့်ကြာသည်အထိ ကလေးမရရှိကြချေ။ ကလေးအရမ်းလိုချင်နေသောဆန္ဒပြင်းပြလေ၏။ အများအားဖြင့် ကလေးရလိုသောမိဘတိုင်းသည် မိမိတို့နေထိုင်ရာ အရပ်ဒေသရှိ ညောင်ပင်ကြီးတွင် သားဆုပန်လေ့ရှိကြ၏။ ယခုသူတို့သားဆုပန်ကြသည်က တစ်မူထူးခြားသည်။

ထိန်ပင်အင်းရွာအစပ်တွင် မြေကြမ်းသော တွင်းထီးထီးကြီးတစ်ခုရှိလေ၏။ ထိုကွင်းကြီးနှင့် ဆက်စပ်လျက် ထိန်ပင်အင်းရွာမြေကိုပါအပိုင်စားသော ကွင်းပိုင်ကြီးထံတွင် ကလေးတောင်းကြသူများ ဖြစ်ကြပါ၏။ လင်မယားနှစ်ယောက်တို့သည် အမဲသားအစိမ်း (၅၀) သားကို လင်ပန်းတွင်ထည့်၊ မြေစဥ့်အိုးလေးဖြင့် တောအရက်တစ်ပုလင်းထည့်ခဲ့၏။ ထိုကွင်းကြီးသို့ လင်မယားနှစ်ယောက်သွားသောအချိန်သည် ညနေ (၅) နာရီခွဲဖြစ်၍ တောအရပ်ဒေသသည်



www.burmeseclassic.com

www.burmeseclassic.com

တောတောင်စိမ့်စမ်းတို့၏ အရိပ်လွှမ်းမိုးမှုကြောင့် မမှောင့်တမှောင် လူလုံးမသဲမကွဲအချိန် ဖြစ်၏။

ထိုကွင်းကြီး၏ အစပ်တစ်နေရာတွင် မြက်ပင်ရှင်းသောနေရာ၌ လင်ပန်းကို ချထားလိုက်ကြ၏။ လင်ပန်းထဲတွင် အမဲသားနှင့် အရက်၊ လင်ပန်း၏ ဘေးမြေပြင်တွင် ဖယောင်းတိုင်စိုက်၍ မီးထွန်းသည်။ သူတို့၏နှုတ်ဖျားမှ -

"အသင် ကွင်းပိုင်ကြီးခင်ဗျား၊ ကျွန်ုပ်တို့ကို သားရတနာလေးတစ်ယောက်ပေးသနားပါ။ ပေးသနားပါကနှစ်စဉ် တစ်နှစ်တစ်ခါ ဤသို့ကျွေးမွေးပါမည်။ သားရတနာ မွေးဖွားလာပါကလည်း အသင်၏ဆွေမျိုးအဖြစ် ကွင်းပိုင်ကြီးအား အပ်နှင်းပါတယ် ခင်ဗျား"

ဟု စကားကိုလွှန်၍ တောင်းဆိုမိကြလေ၏။

ထိုစကားအမှားတစ်ရပ်ကြောင့် စောအယ်တာပေါ်၏ဘဝ နေဝင်စောခဲ့ရလေသည်။

ထိုသို့ကွင်းပိုင်ကြီးထံတွင် သားရတနာတောင်းဆိုမှုအပြီး (၃)လအကြာတွင် ဇနီးသည်၌ ကိုယ်ဝန်သန္ဓေတည်လေ၏။ မိဘများ များစွာပျော်ရွှင်ကြရလေ၏။ သားရတနာလေးမွေးဖွားသည့်နေ့တွင်ကား သူတို့၏ပျော်ရွှင်မှု အထွတ်အထိပ်သို့ ရောက်ရှိကြလေ၏။ သူတို့၏ ပျော်ရွှင်မှု တာရှည်မခံပါ။ နေ့စေ့လစေ့မွေးဖွားချိန်တွင် မိဘများသောင်းကျန်းသူတို့၏လက်ချက်ဖြင့် အနိစ္စရောက်ရှိကြလေ၏။ ထိန်ပင်အင်းရွာအန္တရာယ်မုန်တိုင်းစဲလေသောအခါ အေးချမ်းသာယာလာခဲ့ပါသည်။ စောအယ်တာပေါ်သည်လည်း ရပ်ရွာကောင်းမှုကြောင့် ဘေးကင်းစွာ အသက်ရှင်သန်ခွင့်ရကာ အရွယ်ရောက်လာခဲ့ရပါသည်။

စောအယ်တာပေါ် (၁၅)၊ (၁၆) နှစ်အရွယ်မှစ၍ ရပ်ရွာ၏ အကျိုးကို ကောင်းစွာ သယ်ပိုးခဲ့ပါသည်။ ရပ်ရေးရွာရေးများတွင် လက်နှေးသူမဟုတ်ခဲ့ပါ။ သက်ကြီးရွယ်အိုများကိုလည်း တတ်နိုင်သလောက် စောင့်ရှောက်ပေးသည်။ ထိုသူမျိုးသည် တစ်ကောင်ကြွက်ဖြစ်သော်လည်း မျက်နှာမငယ်ရချေ။ မျက်နှာပွင့်လန်းလျက် ရပ်ရွာ၏ချစ်ခင်မှုကို အပြည့်အဝရရှိခံစားရလေသည်။

ထိန်ပင်အင်းရွာတွင် စောအယ်တာပေါ်သည် ပေါ်ပြူလာဖြစ်နေပါ၏။ သူသည် အနေအထိုင်ရိုး၏။ လူကြီးသူမများကို ရိုသေကိုင်းရှိုင်းသူ ဖြစ်၏။ ဖြောင့်မတ်သူဖြစ်၍ တစ်ရွာလုံးက အားကိုး ချစ်ခင်ကြလေ၏။ တစ်ဦးတည်း နေထိုင်ပြီး အပေါင်းအသင်းဆံ့သူဖြစ်လေ၏။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဖားရှာ၊ ငါးထောင်၊ ပုစွန်လုံးနှိုက်၍ သူ၏ တစ်ဝမ်းတစ်ခါးအတွက် လုပ်ကိုင်စားသောက်ပါသည်။

တစ်နေ့ ညနေခင်းအချိန် ဗျိုက်တောစပ်ချောင်းရိုးတွင် တန်းငါးမျှားအလက် (၂၀) ငါးမျှားတန်းချခဲ့သည်။ ပြီးနောက် ရွာသို့ပြန်ရာတွင် ထန်းပင်များ ပတ်လည်ဝန်းရံနေသော ရေကန်ကြီးအနားကဖြတ်၍ ပြန်ခဲ့လေသည်။ ရေကန်အနီးသို့ ရောက်လာသောအခါတွင် ရေကန်ထဲမှ ဖြူဖြူသဏ္ဍာန်တစ်ခုကန်ပေါင်ဆီသို့ တက်လာသည်ကို စောအယ်တာပေါ် မြင်လိုက်ရ၏။ ထိုဖြူဖြူသဏ္ဍာန်နှင့် နီးနိုင်သမျှနီးအောင် ရှေ့တိုးသွားပြီး သေသေချာချာကြည့်လိုက်ရာ ရွာထဲမှ ကွမ်းတောင်ကိုင်မလေး နော်မူးအယ်ခရစ်ဖြစ်နေလေ၏။ သူမ ရေလာခပ်ချိန် အလွန်နောက်ကျသည်ဖြစ်၍ မှောင်ရီသန်းနေချေပြီ။

နော်မူးအယ်ခရစ်သည် ဤရေကန်ကြီးဆီသို့ သောက်ရေလာရောက်ခပ်ယူခြင်း ဖြစ်ပါသည်။ ဦးခေါင်းတွင် နဖူးဆံစများသိမ်း၍ ပဝါဖြူဖြင့် ဦးခေါင်းပိုင်းကိုသိုင်းလျက် ချည်နှောင်ထား၏။ နက်မှောင်သော ဆံနွယ်များက သူမ၏ ကျောပြင်ထက်ဝယ်နေရာယူထားသည်။ အဖြူရောင်လက်စကခါးရှည်အင်္ကျီအနားစကို အနီရောင်လှိုင်းတွန့်လေးများဖြင့် အနားသတ်ထား၏။ အနီရောင်လုံချည်မှာ အပြာရစ်ကလေးများဖော်ထားပါ



သည်။

နော်ဖူးအယ်ခရစ်သည် အသားဖြူလေး ဖြစ်၏။ အပျိုဖော်ဝင်စအလှ သွေးကြွယ်နေသည်။ သူမသည် ရေအိုးကိုရွက်၍ ကန်ပေါင်ပေါ် လှမ်းအတက်တွင် ချိုင့်ခွက်နင်းမိ၍ ခြေချော်လဲကျ သွား၏။ ရေအိုးက ရွံ့နွံထဲကျ၍ မကွဲ ပေ။ လူပျိုပေါက်လေးစောအယ်တာပေါ် က သူမအနီးသို့ အပြေးကလေးရောက် ရှိလာသည်။ သူမ၏ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ ထူမပေးလိုက်ပါသည်။ နှုတ် မှလည်း စိုးရိမ်ပူပန်စွာဖြင့် -

"နော်မူးအယ်ခရစ်၊ ဘယ်နာသွား လဲဟင်"

"ရတယ် ရတယ် ကိုပေါ်၊ ကျေး . . . ကျေးဇူးတင်ပါတယ်"

နော်မူးအယ်ခရစ်သည် ရှက်ရှက် နှင့် စကားပြန်ရသဖြင့် ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားပါ၏။ နော်မူးအယ်ခရစ်က ရွှ လဲ့လဲ့မျက်လုံးများဖြင့် စောအယ်တာပေါ် ကို စွေကြည့်လိုက်ပြီး ခေါင်းငုံ့နေသေ သည်။ သူမ၏ ဖြူနုသော ပါးဖောင်း ဖောင်းနှစ်ဖက်မှာ ပန်းရောင်ပြေး၍ ရှက်သွေးဖြာနေသည်။ စောအယ်တာ ပေါက နော်မူးအယ်ခရစ် မတ်တတ်ရ နိုင်စေရန် ထိန်းပေးလိုက်ပါ၏။ နော် အယ်ခရစ် ခြေထောက်အနည်းငယ် သွားပါသည်။ ထော့နင်းထော့နင်း သာလျှင် လျှောက်နိုင်ပါသည်။

စောအယ်တာပေါက သော ရေအိုးကို ကောက်ယူ၍ ရေသန့်သန့် ဆေးကြောလိုက်သည်။ ပြီးနောက် ကန်ထဲဆင်း၍ သောက်ရေဖြည့်လို သည်။ ပခုံးထက်မှာ ထမ်းလိုက်ပြီး သူ တို့အိမ်အထိ လိုက်ပို့ပေးလိုက်ပါ ထိုနေ့က သူတို့နှစ်ဦးရဲ့ရင်မှာ လှိုင်းလေ များ တငြိမ့်ငြိမ့်လှုပ်ခါသွားကြသည် နှစ်ဦးသား သံယောဇဉ်အကြည့်လှိုင်း လေးများ ကူးလူးယှက်နွယ်ကာ ကြည် မှုရသပီပြင်စွာ ခံစားလိုက်ကြရသည်

❖

စောအယ်တာပေါ်သည် ထောင်၊ ငါးများတန်းချလုပ်ငန်းဖြင့် တ တိမ်မနေပါ။ ယခုနှစ် အင်းရာသီမှ အင်းလုပ်ငန်းကို ဇောက်ချလုပ်ကိုင် ဆုံးဖြတ်လိုက်သည်။ ထိန်ပင်အင်း အပိုင်းလိုက် အင်းဆွဲကွက်များခွဲ အင်းရာသီတစ်ရာသီ နှစ်စဉ်ချထား သည်။ ထိုအင်းလေလံပွဲတွင် ဝင်ရော ယှဉ်ပြိုင်ရမည်။ လေလံပွဲ၌ အင်းထ



www.burmeseclassic.com

www.burmeseclassic.com

တိုင်လိုသူများ အပြိုင်အဆိုင် အလု အယက် သူထက်ငါ ဈေးနှုန်းမြှင့်ကာ အပြိုင်ဆွဲယူကြ၏။

ထိန်ပင်အင်းချောင်းလုပ်ကွက်အ ပိုင်း (A) ကို နှစ်စဉ်ကိုင်ထားနိုင်သူမှာ စောဂျူးသာကြီးဆိုသော အင်းသူကြီး ဖြစ်၏။ နော်မူးအယ်ခရစ်၏ ဖခင် ဖြစ် ပါသည်။ ထိုသူသည် အင်းလုပ်ငန်းလုပ် ကိုင်လာခဲ့သည်မှာ နှစ် (၂၀) ရှိပြီ ဖြစ် ၏။ အင်းလုပ်ငန်းတွင် ငွေလိုက်နိုင်သူ ဖြစ်ခြင်းကြောင့် အကောင်းဆုံးအကွက် ကိုမှ ကိုင်ထားနိုင်သူဖြစ်သည်။ ချို့တဲ့ သော အင်းသူကြီးလေးများခမျာ ညံ့ သောအကွက်များကိုသာ ဆွဲဝယ်နိုင်ကြ လေသည်။

စောအယ်တာပေါ ဆယ်ကျော် သက်အရွယ်ကစ၍ ငါးဖမ်းခြင်းလုပ်ငန်း ကို စတင်လုပ်ဆောင်ခဲ့၏။ မြှုံးထောင်၊ ပိုက်တား၊ ငါးများတန်းချ စုံအောင်လုပ် သည်။ လုပ်ငန်းသေးသော်လည်း၊ ပိုက် တင်းထောင်သူများထက်ပင် ငါးများ ရရှိကြောင်း တစ်ရွာလုံးက သိကြ၏။ စောအယ်တာပေါကို ကွင်းပိုင်ကြီးက စောင့်ရှောက်ပေးနေကြောင်း တစ်ရွာ လုံး ပြောစမှတ်ပြုကြသည်။

စောအယ်တာပေါသည် လူပျိုကြီး အားအရွယ်ရောက်သည်နှင့် တစ်အိုး တစ်အိမ်ထူထောင်ရန် ဆန္ဒရှိလာခဲ့ပါ သည်။ စောအယ်တာပေါသည် နော်မူး အယ်ခရစ်လေးကို စွဲလမ်းနေပါသည်။ တစ်ပါးသားသမီးကို တင့်တောင်းတင့် ယံထားနိုင်မှ မိမိသည် လူသားပီသ ပါဟုယုံကြည်လက်ခံထားသူဖြစ်ပါ၏။ ကြားရေးခွင်ကြီးကြီးဆောင်ရွက်နိုင်မှ၊ မှမှ အိမ်ထောင်ဦးစီးကောင်းတစ် ယောက် ဖြစ်လာမည်။ ပိုက်တားနေရုံ၊ ငါးတန်းချနေရုံမျှနှင့်မပြီး။ အင်း ချောင်းလုပ်ကွက်တစ်ကွက်ကို သူကြီး၏ လေလံပွဲတွင် ဝင်နွှဲရပေတော့မည်။ စောဂျူးသာကြီးသည် အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်ပါ၏။ စီးပွားဥစ္စာ တောင့်တင်းခိုင်မာ၏။ ထိန်ပင်အင်း လုပ်ကွက်မှ အကောင်းဆုံး (A) ကွက်ကို သာ ယှဉ်ပြိုင်နိုင်မည် မဟုတ်ပေ။

စောအယ်တာပေါသည် သူတတ် နိုင်သည့် ငွေကြေးလေးဖြင့် အတွေ့အ ကြုံလည်းရစေ၊ လုပ်ငန်းအခြေအနေ ကိုသိသည့်သဘော ထိန်ပင်အင်းမှ လေလံဈေးအနိမ်းဆုံး လုပ်ကွက် (င) ကို လေလံပွဲတွင် ဆွဲယူလိုက်နိုင်သည်။ ထိန်ပင်အင်းလုပ်ကွက် (င) အပိုင်းတွင် လွန်ခဲ့သောနှစ်များက အခြားသူများ လေလံဆွဲခဲ့ဖူးသည်။ ငါးအရအနည်းဆုံး အကွက် ဖြစ်လေသည်။ ထိုအကွက်ကို ရှောင်ကြလေ၏။ မပြေးနှသော်ကန်ရာရှိ သဘောထားကာ ငါးအရနည်းသည့် နေရာကို စောအယ်တာပေါ လှံ့လစိုက် ၍ အကောင်းဆုံးလုပ်ဆောင်သည်။

အင်းလုပ်ငန်းအောင်မြင်ရန် အင်း သူကြီးတိုင်း အားထားသော ကွင်းပိုင် ကြီးအား အင်းရာသီတွင် ပူဇော်ပသပွဲ ကို စောအယ်တာပေါ မပျက်မကွက် ဆောင်ရွက်သည်။

အင်းလုပ်ငန်း စတင် လုပ်ဆောင် တော့မည့် ပထမနေ့တွင် ရှေးဦးစွာ ညနေစောင်း ညီအစ်ကိုမသိတသိအချိန် စောအယ်တာပေါ တစ်ယောက်တည်း ထိန်ပင်အင်းလုပ်ကွက် (င) သို့ ထွက်လာ ခဲ့၏။ သူနှင့် တစ်ပါတည်းယူဆောင်လာ ခဲ့သော ပစ္စည်းများမှာ အမဲသားအစိမ်း (၅၀)သား၊ မြေစဉ့်အိုးနှင့်ထည့်ထားသော တောအရက်တစ်ပုလင်း၊ ဖယောင်းတိုင်၊ မီးခြစ်တို့ ဖြစ်ပါ၏။ ထိန်ပင်အင်း၊ အင်း ချောင်းမြေပြင်၊ မြက်ရှင်းသောနေရာ တွင် ကွင်းပိုင်ကြီးအား ဆက်သမည့် ပစ္စည်းများ အစီအစဉ်တကျ ပြင်ဆင် လိုက်၏။ မြေပြင်တွင် စိုက်ထားသော ဖယောင်းတိုင်မီးညှိပြီးသည်နှင့် နှုတ်မှ တရွရွဖြင့် စကားလုံးများ အသံထွက် ပေါ်လာ၏။

“အဖကွင်းပိုင်ကြီးခင်ဗျာ၊ အဖ သားတော်ဖြစ်သော ကျွန်ုပ် စောအယ် တာပေါသည် အဖကွင်းပိုင်ကြီးကို မြတ်နိုး ရိုသေစွာ ပ,သအပ်ပါသည်။ နှစ်သက်စွာ အားရပါးရ စားပါ၊ သောက်ပါ။ ကျွန်ုပ် စောအယ်တာပေါကိုလည်း စောင့်ရှောက်ပါ။ မေ့မထားပါနဲ့။ ကျွန်ုပ် လုပ်ဆောင်ရမည့် အင်းလုပ်ကွက်ထဲမှ ဖမ်းမကုန်နိုင်အောင် ငါးများရရှိရေး အတွက် အနေ့၊ အမြန် ကူညီစောင့် ရှောက်ပေးပါ။ နှစ်စဉ်ဆက်သပ့်မယ် လို့လည်း ကျွန်ုပ် စောအယ်တာပေါ ကတိပေးပါတယ်”

စောအယ်တာပေါသည် ကွင်းပိုင် ကြီးကို တင်မြှောက်ပြီးသည်နှင့် ကတိ တစ်လုံးပေး အတည်ပြုလိုက်ပါသည်။ ထိုနှစ် အင်းရာသီတွင် လုပ်ကွက်အညံ့ ဆုံးနေရာမှ ရေထွက်ပစ္စည်း ငါးသတ္တဝါ များ လှိုင်လှိုင်ထွက်ပေါ်လာသည်မှာ စောအယ်တာပေါကို စောဂျူးသာကြီး လက်မြှောက်အရှုံးပေးလိုက်ရလေ၏။ ထိုနှစ်ထိန်ပင်အင်းလုပ်ကွက် (င)မှ ဖမ်း မကုန်သောငါးများကို စောအယ်တာပေါ တနင့်တပိုး ရရှိပိုင်ဆိုင်လိုက်ပါသည်။

စောအယ်တာပေါတစ်ယောက် နေ့ချင်းညချင်း အင်းသူကြီး သူဌေး ပေါက်စလေးဖြစ်သွားပါ၏။ အများ အကျိုးဆောင်ရွက်တတ်သူ၊ ကူညီတတ် သူ၊ ဥစ္စာပစ္စည်းတောင့်တင်းသူ၊ စော အယ်တာပေါကို သမီးနှင့် ပေးစားရန် စောဂျူးသာကြီး သဘောတူလေ၏။ စောအယ်တာပေါသည် နော်မူးအယ် ခရစ်နှင့် တစ်အိုးတစ်အိမ်ထူထောင် လိုက်ပါတော့သည်။ ထိန်ပင်အင်းရွာ တွင် မင်္ဂလာပွဲကြီးကို ထိုက်ထိုက် တန်တန် ဆင်ယင်ကျင်းပနိုင်ခဲ့ပါသည်။ နေနဲ့လ၊ ရွှေနဲ့မြသဖွယ် လိုက်ဖက် တင့်မောလေသော သူတို့ဇနီးမောင်နှံကို ရွာသူရွာသားများအားလုံး ကောင်းချီး ပေးကြလေသည်။

စောအယ်တာပေါနှင့် နော်မူး အယ်ခရစ်တို့နှစ်ဦးသား ရင်တွင်းမှလာ သော အချစ်များစွာဖြင့် မျက်စိအောက် မှ အပျောက်မခံနိုင်အောင် ချစ်ကြသေ ၏။ အချစ်ချင်းယှဉ်ပြိုင်ကြမည်ဆိုလျှင် စောအယ်တာပေါက ကဲလွန်းသည်ဟု ဆိုရပါမည်။ အချစ်ပိုကဲတဲ့လူကြီးဟု နော်မူးအယ်ခရစ်က စောအယ်တာပေါ ကို စလေ့နောက်လေ့ရှိပါသည်။

❖

စောအယ်တာပေါသည် ပဋ္ဌမြား ကျောက်ကောင်းတစ်စေ့ ဖြစ်ပါ၏။ ထို့ကြောင့် သူလည်း အနာမကင်းပါ။ စောအယ်တာပေါသည် ခြောက်ပြစ် ကင်းသူတစ်ယောက် မဟုတ်ပါချေ။ သူ၏ ချို့ယွင်းချက်က ယမကာကို တမ်းတမ်းစွဲမှီဝဲတတ်သူ ဖြစ်ပါသည်။ နော်မူးအယ်ခရစ်က သူမကိုလိုလေသေး မရှိပြည့်စုံစွာထားပေးသူ၊ ယုယယုယဖြင့် ကြင်နာတတ်သူ၊ အိမ်ထောင်ရေးသုခ ပြည့်ဝစွာ ဖန်တီးပေးနိုင်သူ စောအယ် တာပေါကို အပြစ်မမြင်ရက်ပေ။ ခွင့်လွှတ်ရင်းဖြင့် ချစ်လေ၏။

စောအယ်တာပေါသည် ယမင်း ရုပ်ကလေးသဖွယ် လှပတင့်တယ် ချစ် စဖွယ် ဇနီးချောလေး နော်မူးအယ်ခရစ် ကို ငုံထားမတတ် ချစ်ရှာလေ၏။ နော်မူး ခရစ်သည်လည်း တမ်ပြားသားမျှမလျှော့ ဤသို့ဤနှယ်သာတည်း။ စောအယ်တာ ပေါက ဤသို့ဆိုလေ၏။

“နော်မူးရယ်၊ မင်းကို ဘဝဆက် တိုင်း ချစ်ပါရစေကွယ်။ နောက်ဘဝကျ



www.burmeseclassic.com

www.burmeseclassic.com

ရင်လည်း အတူနေကြမယ်နော်”
စောအယ်တာပေါ်၏အချစ်စကားလုံးလေးများက တုန်ခါနေ၏။
“အင်းပါ ကိုပေါ်ရဲ့ ဘယ်ဘဝရောက်ရောက် မခွဲကြေးနော်”
နော်မူးအယ်ခရစ်ကလည်း အညှို့မခံ စောအယ်တာပေါ် လိုချင်သည့် ကတိပေးရှာလေ၏။ အကြင်နာကြီးသူများ ဖြစ်ကြပါ၏။
တစ်နေ့တစ်နေ့ နေ့စဉ်နေ့စဉ် -
“နော်မူး”
“ကိုပေါ်”
“နော်မူး”
“ကိုပေါ်”
သူတို့၏ ချစ်ခွန်းတုံ့တင် ခွန်းခြွေဖလှယ်သံများ ပဲ့တင်ထပ်နေလေသည်။

❖

စောအယ်တာပေါ်သည် ငယ်စဉ်ကလေးဘဝ ကိုင်းထောက်၊ ငါးများတန်းချစဉ်ကပင် လုပ်ငန်းခွင်ဝင်သည့်အချိန်တိုင်း ကွင်းပိုင်ကြီးကို တမ်းတလေ့ရှိ၏။ ငါးရရှိသည်နှင့်တစ်ပြိုင်နက် အကောင်းဆုံး၊ အကြီးဆုံး၊ အလှဆုံး ငါးတစ်ကောင် ရွေးချယ်ကာ ကွင်းပိုင်ကြီးကို ဆက်၏။ ကွင်းပိုင်ကြီးသည် စောအယ်တာပေါ်၏ အင်းသူကြီးလုပ်ငန်းကိုလည်း စောအယ်တာပေါ် ကြီးပွားသည်အထိ သားသမီးသဖွယ် စောင့်ရှောက်ပေးနေသည်မှာ အထင်အရှားပင်။
တကယ်တော့လည်း စောအယ်တာပေါ်သည် လူသားမိဘများက ကွင်းပိုင်ကြီးကို အပြီးအပ်နှံထားသူ မွေးစားသားပင် မဟုတ်ပါလား။ ကွင်းပိုင်ကြီးသည် စောအယ်တာပေါ်ကို စောင့်ရှောက်သင့်သည့်အချိန် အတိုင်းအတာအထိ စောင့်ရှောက်ခဲ့သည်မှာ မှန်ပါသည်။ နောက်ပိုင်းတွင် ကွင်းပိုင်ကြီးသည် စောအယ်တာပေါ်ကို အသုံးချသွားသည်ကိုလည်း နောင်မှ သိရှိရလေသည်။
ကွင်းပိုင်ကြီးသည် ၎င်းကို ကျွေးမွေးပ,သသူကို စောင့်ရှောက်ပေးလေ့ရှိပါသည်။ ကတိပေးပြီးမှ ကတိပျက်ကွက်သူကိုလည်း ညှာတာခြင်း အလျှင်းမရှိချေ။ လူသားတို့ကဲ့သို့ ဘွာတေးဟု ဘွာခတ်၍မရတော့ချေ။ မင်းအာဏာထက်ပင် ဆိုးသေး၏။ လူ့မှုရေးအရ ခွင့်လွှတ်လိုက်ပါဟု ကွင်းပိုင်လောကတွင် မရှိချေတကား။ နဂါးမျက်စောင်းအကြောင်းသုံးပါးမရွေးချေ။ တိကျပြတ်



သားသောကွင်းပိုင်ဟု ဆိုရပါမည်။ တစ်ချက်အမှားမခံချေ။
တစ်နေ့သောအခါဝယ် စောအယ်တာပေါ်သည် မွန်းလွဲပိုင်းအချိန်အခါ၌ အနှံတောအလွန် လယ်ကွင်းတွင် ဖျိုင်းထောင်လေ၏။ ဖျိုင်းထောင်ရာတွင် ပေါ်တက်(ရှ)အဆိပ်ဆေးကို သုံးလေသည်။ ပေါ်တက်(ရှ)အဆိပ်ဆေးသည် အမွေးပြားသတ္တဝါများသတ္တဝါကို သေစေပြီး အမွေးလုံးသတ္တဝါများအတွက် မသေနိုင်သောအဆိပ်ဖြစ်သည်။ အမွေးလုံးသတ္တဝါစားမိပါက အဆိပ်မသင့်ချေ။ အမွေးလုံးသတ္တဝါတို့သည်ကား လူ၊ ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ ဆိတ် စသည်တို့ ဖြစ်ကြလေ၏။ အမွေးပြားသတ္တဝါစားမိပါက လျင်မြန်စွာ သေစေတတ်ပါသည်။ ကြက်၊ ဘဲ၊ ကျီးကန်း၊ ဖျိုင်း စသည်တို့မှာ အမွေးပြားသတ္တဝါများ ဖြစ်ကြပါသည်။
စောအယ်တာပေါ် ငါးအသေလေးများကို ပေါ်တက်(ရှ)အဆိပ်သုတ်လိမ်း၍ ကန်သင်းရိုးပေါ်တွင် ကြဲဖြန့်ထားလိုက်၏။ ထိုနေ့က ကံအဆိုးဆုံးသတ္တဝါတွေသည် ဖျိုင်းဖြစ်လေ၏။ ဖျိုင်းသည် ငါးသတ္တဝါကို အလွန်နှစ်သက်လေ၏။ ကန်သင်းပေါင်ပေါ်မှ ငါးကို တွေ့လိုက်သည်နှင့် ဖျိုင်းတစ်ကောင်သည် ပျံ့ဝဲနေရာမှ ရုတ်ခြည်းထိုးဆင်းလိုက်၏။ ငါးကို အငမ်းမရ ကောက်ယူ ထိုးသုတ်မျိုချလိုက်၏။ စက္ကန့်အနည်းငယ်အတွင်း ဖျိုင်းသည် တုံးခနဲလဲလေ၏။ တောင်ပံတစ်ချက်၊ နှစ်ချက် ရိုက်ခတ်ပြီး ခြေထောက်များ ကန်ကျောက်လျက်ရှိပြီး နောက်တဖြည်းဖြည်းငြိမ်သက်သွားလေ၏။

စောအယ်တာပေါ်သည် ဖျိုင်းကို ကောက်ယူလိုက်ပြီး -
“ဖျိုင်းသားနဲ့အရက် တင်မြှောက်ပါ့မယ်။ ငါးများများရအောင်မ,စပါ”
ထိန်ပင်အင်းရွာ၏ဓလေ့ထုံးစံမှာ မည်သည့်ဟင်းအမည်ဖြစ်ပါစေ ချက်ပြုတ်ပြီး မစားမသောက်မီ ကွင်းပိုင်ကြီးကို တင်မြှောက်ပြီးမှ စားကြရသည့် ဓလေ့ အခိုင်အမာကြီးစိုးလျက်ရှိပါ၏။ မတင်မြှောက်သောသူသည် အနည်းဆုံး ကွင်းပိုင်ကြီး၏ အနှောင့်အယှက်ခံရလေ၏။ အပြစ်ကြီးသောသူ သို့မဟုတ် ကတိပျက်ကွက်သူမှာ ကွင်းပိုင်ကို မိမိ၏ အသက်ပေးဆပ်ရလေ၏။ စောအယ်တာပေါ်သည် ကွင်းပိုင်ကို ကတိပေးပြီးနောက် ဖျိုင်းသားချက်ရန် အိမ်သို့ပြန်လေ၏။
“နော်မူးရေ ဖျိုင်းသားအရသာရှိရှိနဲ့ ကောင်းကောင်းလေးချက်ပေး မိန်းမရာ။ ကိုပေါ် ရွာထဲသွားပြီး အရက်ရှာလိုက်ဦးမယ်ကွာ”
“အရက်သောက်ဦးမလို့လား ကိုပေါ်ရယ်”
“ကွင်းပိုင်ကြီးကို မြှောက်ဖို့လည်း ပါ,ပါတယ်ကွာ။ ဒါကြောင့်ပါကွာ”
ကွင်းပိုင်ကြီးကို တင်မြှောက်မယ် ဆိုတော့လည်း နော်မူးအယ်ခရစ် မငြင်းသာတော့ပါ။ ခွင့်ပြုလိုက်ရတော့မည်သာ ဖြစ်ပါလေသည်။
“ဒါဖြင့်လည်း သွားလေ၊ မကြာစေနဲ့နော် ကိုပေါ်”
“အရက်ရရချင်း ပြန်လာပါမယ်ကွာ။ သားလေးကိုလည်း ကြည့်ထားဦး၊ ဒီကောင်ကဲတယ်ကွ”
“စိတ်ချပါ ကိုပေါ်ရဲ့။ မြန်မြန်ပြန်လာနော်”
“အေးပါ။ သွားပြီဟေ့”
တစ်ဦးနှင့်တစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်သည့် သူတို့၏ လင်မယားမှာ သံယောဇဉ်ကြီးလေး ချောင်းတိုးလာပါသည်။ လသားအရွယ်လေးမျှသာရှိသေးသည်။ လမ်းလျှောက်တတ်သောအရွယ် မဟုတ်သေးသော်လည်း စိတ်ပူတတ်သူ စောအယ်တာပေါ်က ကလေးဂရုစိုက်ရန်မှာခဲ့သည်။ အဝဲ၊ အဝဲနှင့် ခြေကလန်လက်ကယ်ဖြင့်သာ ဆော့တတ်သေး၏။ စောအယ်တာပေါ် ရွာထဲ၌ အရက်ရှာထွက်ခဲ့သော်လည်း မရရှိခဲ့ပါ။
စောအယ်တာပေါ်အိမ်ပြန်ရောက်တော့ ဖျိုင်းသားဟင်းကျက်နေလေပြီ



www.burmeseclassic.com

www.burmeseclassic.com

...သားဟင်းရန့်သည် စောအယ်တာ ...ဝကို မြူဆွယ်လေ၏။ တစ်ပါးသူ ...ရာလည်းမဟုတ်။နော်မူးအယ်ခရစ် ...ရာမို့ ဖျိုင်းသားဟင်းအားလုံးကုန် ...အထိ မြိန်မြိန်ရှက်ရှက်စားပစ်လိုက် ...၏။ ကွင်းပိုင်ကြီးကို တင်မြှောက် ... စားရမည်ကို မေ့သွားလေပြီ။ စား ...သောအခါ သောက်ရန်လိုအပ်လာ ...၏၊ ခန္ဓာကိုယ်မှ တောင်းဆိုလာ ...သည်။

ထိုအချိန်တွင် တောအရက်ချက် ... အရက်ဖိုရုံမှ ကလေးတစ်ယောက် ...တစ်ပုလင်း လာပို့ပေးလေ၏။ ...တုန်း ရေတွင်းထဲကျ ဆိုသလို ...အယ်တာပေါသည် အာသာငမ်းငမ်း ... အရက်တစ်ပုလင်းကုန်အောင် ...တ်ပစ်လိုက်၏။ ထိုအခါ အားရ ...ပ်သွားလေသည်။ ထိုအရက်ကို ... ဖျိုင်းသားဟင်းမရှိတော့၍ တင် ...ခြင်း မပြုခဲ့ပေ။

တတိပျက်ကွက်သူ သို့မဟုတ် ...ကြီးကျူးလွန်ထားသူ စောအယ် ...ပေါ်၏ ဘဝက်ကြမ္မာ ဘယ်လိုဖန် ...ည်လဲ တွေးဝံ့စရာမရှိပါ။

အာဟာရ ပြည့်စုံသွားပြီဖြစ်၍ ...အယ်တာပေါသည် လန်းဆန်းနေ ...သည်အိမ်တွင် ထိုင်နေ၍မဖြစ် ... အင်းထဲသို့သွားရန်ကိစ္စ ခေါင်းထဲ ...သည်။ ညနေစောင်းမှောင်တော့ ... သွားရန်မသင့်ပါ။ သို့သော် သူ၏ ...တွင် အင်းထဲသွားရန် စိတ်က ...နေ၏။ သူ၏စိတ်ကို အင်းထဲသို့ ... လှုံ့ဆော်ပေးနေသလို ခံစား ... အင်းထဲသို့သွားရန်သာ စိတ်စော ...

"နော်မူးရေ၊ ကိုပေါ် အင်းထဲ ... သွားရဦးမယ်ကွာ။ သားလေးရေ၊ ... နှုတ်ဆက်ခဲ့တယ်ဟေ့ တာ့တာ"

"တိုပေ့၊ ရှင်အရက်မူးမူးနဲ့ဂရုစိုက် ...နော်"

"ကောင်းပါပြီကွာ၊ မိန်းမရေ သွား ... တာ့တာ"

ရှေ့လာမည့် ကံကြမ္မာကို မဖတ် ...ရှာသော နော်မူးအယ်ခရစ်ခမျာ ...သူလင်တော်မောင်ကို အပြုံးပန်း ...အပ်ကာ လက်ပြနှုတ်ဆက်နေ ...သည်။

စောအယ်တာပေါသည် မိန်းမနှင့် ...သားလေးကို နောက်ဆုံး နှုတ်ဆက်ပြီး ...လှေကလေးကိုလှော်ကာ ထိန်ပင်အင်းသို့ ထွက်လာခဲ့သည်။ စောအယ်တာပေါ အင်းထဲသို့ ရောက်ရှိချိန်တွင် ညနေ (၅) နာရီခန့် ရှိပေပြီ။ နတ်နှင့်နဂါးမလှည့် စားနှင့်ဟု အဆိုရှိပါ၏။ စောအယ်တာပေါသည် ကွင်းပိုင်ကြီးကို ယနေ့တွင် လှည့်စားခဲ့လေသည် မဟုတ်လော။ လှည့်စားသည့် အပြစ်ဒဏ်အတွက် သူ ကောင်းကောင်းကြီး ခံစားလိုက်ရလေတော့၏။

ညနေ (၅) နာရီခန့်အချိန် နော်မူးအယ်ခရစ်နှင့်တကွ တစ်ရွာလုံးကြား လိုက်ရသည်မှာ အုန်းခနဲ ပြည်ဟည်းသံကြီးပင် ဖြစ်ပါတော့သည်။ ထိုအသံသည် ထိန်ပင်အင်းထဲမှလာသောအသံဖြစ်ကြောင်း ခန့်မှန်းမိကြပါ၏။ ထိန်ပင်အင်းဆီသို့ ရွာသားတို့ ပြေးလာခဲ့ကြ၏။ ထိန်ပင်အင်းထဲမှာ လှေတစ်စီး၊ လှေပေါ်တွင် ကိုယ်တစ်ပိုင်း၊ ရေထဲတွင် ကိုယ်တစ်ပိုင်း နစ်မြုပ်နေသူကို ရွာသားတို့ ဆယ်ယူလိုက်ကြ၏။ အသက်ကင်းမဲ့နေပြီဖြစ်သောစောအယ်တာပေါအလောင်း ဖြစ်လေသည်။ စောအယ်တာပေါ၏ လည်ပင်းတွင် လက်ငါးချောင်းအရာကြီးမှာ နီနီရဲရဲဖြင့် ထင်ရှားပေါ်လွင်လျက်ရှိ၏။ ရွာသားတို့ ကြောက်ခမန်းလိလိ တုန်လှုပ်ချောက်ချားကြရလေ၏။

စောအယ်တာပေါအလောင်းကို ရွာထဲသို့ သယ်ယူလာခဲ့ကြပါသည်။

❖

ထိန်ပင်အင်းရွာသည် မိုးရာသီ၌ ရွာတစ်ခွင်တစ်ပြင်မှာ ရေကြီးရေလျှံလျက် ရှိပါသည်။ မိုးရာသီရောက်တိုင်း ရေကြီးလေ့ရှိရကား အိမ်များကို လူတစ်ရပ်အမြင့်အောက်ခြေထားကာ အောက်ခြေကြမ်းပြင် မြင့်၍ဆောက်ကြရလေ၏။ အညစ်အကြေးစွန့်ရန် အိမ်သာကိုလည်း နွားတစ်ရပ်လွတ်မြင့်၍ဆောက်ကြရ၏။ နွေရာသီ အိမ်သာတက်လျှင် အိမ်သာအောက်မှ နွားများ လွတ်လွတ်ခါခါ သွားနိုင်ကြပါ၏။

စောအယ်တာပေါ ကွယ်လွန်ချိန်တွင် မိုးရာသီနှင့် ကြုံကြိုက်လေ၏။ ထိန်ပင်အင်းရွာရှိအိမ်များ ရေပြင်ကျယ်ကြီးမှာ ငုတ်တုတ်ထိုင်နေကြသည်နှင့်တူလေ၏။ထိန်ပင်အင်းရွာထုံးစံအရ အလောင်းကို (၇) ရက်ထားပြီးမှ သင်္ဂြိုဟ်ရပေမည်။ ထို့ကြောင့် (၇)ရက်(၇)လီ ဖဲဝိုင်းများ ခြိမ့်ခြိမ့်သဲ ကျင်းပကြလေ၏။ (၇) ရက်ပြည့်မြောက်သောနေ့တွင် စောအယ်တာပေါ အလောင်းကို သချိုင်းကုန်းသို့ ဝိုင်းဝန်း ပို့ဆောင်လိုက်ကြပြီး သင်္ဂြိုဟ်ကြပါသည်။ အလောင်းကို သင်္ဂြိုဟ်သည်ဟု ဆိုသော်လည်း သချိုင်းကုန်းရေမြုပ်နေ၍ လေးတိုင်စင်ဆောက်ကာ အလောင်းပြင်ထားခဲ့ခြင်းသာ ဖြစ်ပါလေ၏။ မိုးရာသီမကုန်မချင်း ဤအတိုင်းထားရလေသည်။

နော်မူးအယ်ခရစ်ခမျာ သနားစရာကောင်းရှာလေသည်။ လူမမည် အရွယ် ကလေးငယ်လေးနှင့်အတူ လောကအလယ်မှာ မျက်စိသူငယ်နားသူငယ်နှင့်ကျန်ခဲ့ရရှာပါသည်။

တစ်ညတွင် သားအမိနှစ်ယောက် အိပ်ပျော်နေစဉ် ကလေးငယ်လေးမှ ညဉ့်အချိန်မတော် ဝမ်းသွားလေ၏။ စိုစိုစွတ်စွတ်ဖြစ်လာသည့်အတွက် ကလေးငယ်လေးအော်ဟစ်ငိုယိုလေ၏။ နော်မူးအယ်ခရစ်နိုးလာ၏။ ကလေးငယ်လေး မစင်များ ပေကျံလျက်ရှိသည်ကို စမ်းမိလေ၏။ ကလေးကို ရေချိုးပေးရန် ညဉ့်အချိန်ဖြစ်သော်လည်း အိမ်ပြင်သို့ထွက်ခဲ့ရသည်။ အိမ်အောက်ရေကပြင်သို့ ဆင်းလိုက်ကြပါသည်။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးမှောင်မည်းနေပါ၏။ သချိုင်းကုန်းဘက်ဆီမှ ခွေးအူသံများကိုလည်း ရံဖန်ရံခါ ကြားနေရ၏။

ကလေးကို ရေချိုးပေးနေစဉ် သူမတို့အနီးသို့ စောအယ်တာပေါ ရောက်လာကာ မတ်တတ်ရပ်နေ၏။ နော်မူးအယ်ခရစ် နှလုံးခုန်ရပ်လုမခန်း ကြောက်ရွံ့သွားလေ၏။ နော်မူးအယ်ခရစ်သည် ရေကပြင်ပေါ်မှ ကလေးကို မကောက်ယူနိုင်တော့ဘဲ အိမ်ပေါ်သို့လှမ်းတက်လိုက်၏။ နော်မူးအယ်ခရစ်အိမ်ပေါ်သို့ ရောက်ရှိသောအခါ အိမ်ပေါ်ကြမ်းပြင်တွင် သူမ၏ကလေးကအရင်ရောက်နှင့်နေသည်ကို သူမတွေ့လိုက်ရပါတော့သည်။ ကလေးလေးက ကိုယ်တုံးလုံးလေးနှင့် ခြေကလန်လက်ကလန်နှင့် ဆော့နေလျက်ရှိပါသည်။

နော်မူးအယ်ခရစ် အံ့ဩစရာဖြစ်ရပ်နှင့် ကြုံဆုံရခြင်း ဖြစ်ပါသည်။

ထို့နောက်ပိုင်းတွင် ရွာထဲအိမ်ကြိုအိမ်ကြားများ၌ စောအယ်တာပေါကို ဟိုနေရာသည်နေရာ တစ်စတစ်စတွေ့မြင်လာကြရသည်။ ထိန်ပင်အင်းတွင် လည်းကောင်း၊ ကွင်းပြင်ကြီးတွင် လည်းကောင်း၊ ထိန်ပင်ကြီး၌ လည်းကောင်း နေရာအနှံ့အပြားတွေ့နေကြရလေသည်။ ရွာထဲ၌ ထိန်ပင်လေးများ ကျယ်ပြန့်စွာ ပေါက်ရောက်လျက်ရှိကြသည်။ ထိန်ပင်



www.burmeseclassic.com

www.burmeseclassic.com

လေးဖျား၏ကိုင်းကြားများတွင် ကွမ်းယာထုပ်လေးများ ညှပ်၍ စောအယ်တာပေါကို ဆက်သလာကြသည်။

ဆက်သပြီး ကွမ်းယာများကို စားလိုသူများက ခွင့်ပြုချက်တောင်းခံ၍ ယူစားလျှင် အပြစ်မယူချေ။ စောအယ်တာပေါကို သဘောကောင်းသောကွင်းပိုင်ဟု အသိအမှတ်ပြုလာကြ၏။

ထိန်ပင်ကြီးအနားတွင် စောအယ်တာပေါကို တွေ့လိုက်ရသော ကာလသားတစ်ယောက်သည် စောအယ်တာပေါကို နောက်ပြောင်ကျီစယ်ချင်လာ၏။ ကိုကာလ ခင်မင်ရင်းနှီးစွဲရှိခဲ့ခြင်းကြောင့်လည်း ဖြစ်ပါသည်။ ထိုကာလသားသည် ပုဆိုးစိမ်းကွက်တုံး အသစ်ကျပ်ချွတ်တစ်ထည်ကို ထိန်ပင်ကြီး၏အမြစ်ပေါ်တွင် တင်လိုက်ကာ -

"အသင် စောအယ်တာပေါကို ဆက်သပါတယ်။ ကျွန်ုပ်၏အင်းလုပ်ငန်း အောင်မြင်အောင် မှိုင်းမပေးတော်မူပါ"

ဟု မိမိဆန္ဒအတိုင်း တောင်းဆိုလိုက်ပါ၏။ နောက်တစ်နေ့ ထိုကာလသား ထိန်ပင်ကြီးအနီးသို့ရောက်သော် သူဆက်ထားသောပုဆိုး မရှိတော့ချေ။

ထိုကာလသားသည် ပါးစပ်ဆော့ပြန်လေ၏။

"စောအယ်တာပေါ ခင်ဗျား၊ ကျွန်တော်ဆက်ထားသောပုဆိုးကို ဘောက်မဲ့ကြောင့် အသင်ဝတ်ထားတာ မတွေ့ရပါသလဲ။ အသင်သည် ကျွန်တော် ဆက်တဲ့ပုဆိုးကို အမှန်တကယ်ဝတ်ပါတယ်ဆိုပါရင် အသင် ရွာထဲလမ်းလျှောက်ပြပါတော့လား"

ထိုကာလသားသည် စောအယ်တာပေါကို ပရောပရည်လုပ်၍ အမှတ်မထင်ပြောလိုက်မိခြင်းသာ ဖြစ်ပါသည်။ ကာလသားသည် ထိန်ပင်ကြီးမှ ရွာထဲသို့ ပြန်လာသောအခါ ရွာသားများ စုရုံးစုရုံးနှင့် တုန်လှုပ်ချောက်ချားနေကြသည်ကိုတွေ့ရလေ၏။ ရွာသားများ ဂနာမငြိမ်ဖြစ်ကာ ပွစိပွစိပြောလျက်ရှိကြ၏။ ရွာသားများ အဓိကပြောဆိုနေကြသော အရာကား ရွာထဲတွင် ပုဆိုးအစိမ်းကွက်တုံးတစ်ထည် လူဝတ်ထားသကဲ့သို့ ရွာထဲ လျှောက်သွားနေသည့်အကြောင်း ဖြစ်လေတော့သည်။ ကာလသားလည်း ထိုအခါမှ များစွာကြောက်ရွံ့မိတော့၏။

စောအယ်တာပေါသည် ထိန်ပင်အင်းတစ်နယ်လုံးကို အပိုင်စားရသော ကွင်းပိုင်ကြီးစစ်စစ် ဖြစ်ပါတော့သည်။

သူ၏ မွေးစားဖခင် ကွင်းပိုင်ကြီးသည် ထိုနှစ်က သူ၏တာဝန်ဆုံးခန်းတိုင်ပြီ ဖြစ်လေသည်။ သူကိုယ်စားထားခဲ့ရမည့်သူကို ရွေးချယ်ရသည်။ တာဝန်လွှဲအပ်ပေးရန် အချိန်ကျရောက်သည့်နေ့တွင် ကံဆိုးသူ မောင်ရှင်ကား ဖျိုင်းသားဆက်ရန် ကတိပေးပြီးမှ ပျက်ကွက်သူ စောအယ်တာပေါ ဖြစ်နေပါသည်။

နောက်တစ်ချက်မှာ စောအယ်တာပေါမိဘများ ကလေးမရရှိခင်အချိန်က ကွင်းပိုင်ကြီးထံတွင် ကလေးဆုပန်ကြရာမှာ -

'သားရတနာ မွေးဖွားလာပါကလည်း အသင်၏ဆွေမျိုးအဖြစ် ကွင်းပိုင်ကြီးအား အပ်နှင်းပါတယ်'

ဟူသော ကလေးကို ကွင်းပိုင်ကြီးအား အပြီးအပိုင်ပေးအပ်ထားခဲ့ကြခြင်းကြောင့်လည်း ယခုကဲ့သို့ မွေးစားသားကို ရာထူးလွှဲအပ်ကာ အစားထိုးလဲလှယ်ခဲ့ခြင်း ဖြစ်ပါတော့သည်။

ထိုနေ့ထိုအချိန်မှစ၍ စောအယ်တာပေါသည် ထိန်ပင်အင်းတစ်နယ်လုံးကို အပိုင်စားရသော ကွင်းပိုင်ကြီးလက်သစ်ဖြစ်ခဲ့ရလေသတည်း။

❖

စောအယ်တာပေါနှင့် နော်မူးအယ်ခရစ်တို့၏သားလေး စောအဲလ်ရစ်သည် (၁၀) နှစ်သားအရွယ်သို့ရောက်ရှိခဲ့ပြီ ဖြစ်ပါ၏။ နော်မူးအယ်ခရစ်၏မိဘများလည်း (၉၆) ပါးသော ရောဂါဖြင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားခဲ့ကြပြီ ဖြစ်လေသည်။ မိဘမဲ့လည်းဖြစ်၊ လင်သားလည်းမရှိပြန်တော့သော အခါ ဆွေမျိုးပါးလျားသည့်အလျောက် အမိမဲ့သား ရေနည်းငါးသဖွယ် အားကိုးရာမဲ့ရှာလေ၏။ လင်သားမရှိသော မိန်းမအရွယ်အဖို့ လူ့အန္တတို့၏ ထိကပါးရိကပါးစော်ကားမှုများ ပြုလုပ်လာကြသည်။

အရပ်ထဲသို့ပင် မသွားဝံ့မလာဝံ့လောက်အောင် အနေကျုံ့လာ၏။ နော်မူးအယ်ခရစ်ဘဝ လုံခြုံမှုကင်းမဲ့လေပြီလော။ ချောမောလှပသူ နော်မူးအယ်ခရစ်၏ စိုပြည်သော ခန္ဓာကိုယ်အလှတို့မှာ အစွမ်းကုန် ပွင့်လန်းနေသော ပန်းလေးတစ်ပွင့်အလား ငွားငွားစွင့်စွင့်ရှိလှချေ၏။ မိန်းမသားတို့၏အလှသည် အလှစစ်အလှမှန်မဟုတ်။ ထိုအလှကြောင့် မိမိအန္တရာယ်ကို မိမိဖိတ်ခေါ်နေသကဲ့သို့သာဖြစ်ပါတော့၏။

ထိုသို့ လုံခြုံမှုမရှိသော ဘဝအခြေ အနေနှင့် ရင်ဆိုင်နေရစဉ် ကယ်တင်ရှင် သူရဲကောင်း သို့မဟုတ် ဖူးစာရှင်တစ်ဦး ပေါ်ပေါက်လာပါ၏။ သူသည် တစ်ရွာ သားဖြစ်ပါသည်။ သက္ကယ်ချောင်းကျေး ရွာမှ စောဂျူးဆိုသူ ဖြစ်ပါ၏။ စောဂျူးနှင့် နော်မူးအယ်ခရစ်တို့ ရင်းနှီးမှုရင့်ကျက် လာ၏။ ရင်းနှီးမှုကာလရှည်လျားလာ သော် စောဂျူး၏အတွင်းမနောကို ပွင့်ပွင့် လင်းလင်းသိလာရ၏။

စောဂျူးသည် အလုပ်အကိုင်အ တည်တကျနှင့် အကျင့်စာရိတ္တကောင်း မွန်သူ လူပျိုလူလွတ်တစ်ယောက် ဖြစ် သည်။ သက္ကယ်ချောင်းရွာသည် ထိန်ပင် အင်းရွာနှင့် ဆက်စပ်လျက်ရှိပါသည်။ စောဂျူးသည် စကားပြောလျှင် တည် တည်တံ့တံ့နှင့် အမှန်စကားဆိုလေ့ရှိ ဖြစ်ပါသည်။ သူ၏ ရိုးသားမှုကို နော် အယ်ခရစ်က အခြေအနေမှန်များ လည်း သိရှိခွင့်ရရှိပြီး ဖြစ်ပါသည်။

နော်မူးအယ်ခရစ်ကို မေတ္တာ သက်ဝင်လျက်ရှိခြင်းကြောင့် လက်ထ ခွင့်ပေးပါရန်လည်း တောင်းဆိုထား ဖြစ်လေ၏။ လူကြီးမိဘစုံလင်စွာ ထိန်ပင်အင်းရွာသို့ လေးလေးစား လာရောက်ကာ မြန်းခဲ့လေသည်။ နော် မူးအယ်ခရစ်သည် ဘဝကမလုံခြုံ၊ သာ လေး၏ ရှေ့ရေးအတွက် စိတ်ချရသူ လည်းတွေ့ရပြီ။ မိမိကိုယ်၌ကလည်း အိမ်ထောင်ပြုရန်ဆန္ဒရှိ၍ ကြည်ဖြူ လက်ခံလိုက်ပါ၏။

မိဘများက သူတို့၏မင်္ဂလာပွဲ အကျဉ်းရုံး စီစဉ်ပေးလိုက်ကြပါသည်။ စောဂျူးသည် သားလေးစောအဲလ် ကို အလိုလိုက်၍ ချစ်ရှာပါသည်။ မင်္ဂလာ ဆောင်သည့်နေ့ကား ပျော်ရွှင်စ ကောင်းခဲ့ကြပါသည်။ လူသားတို့ ပျော်ရွှင်မှုသည် အမြဲတည်တံ့နေသည် မဟုတ်ချေ။ အပြောင်းအလဲဟူသည် အမြဲပြောင်းလဲနေချေသည်တကား။

နော်မူးအယ်ခရစ် အိမ်ထောင် လိုက်သည်နှင့် ထိန်ပင်အင်းရွာအေး မှုမရှိတော့ချေ။ ထိန်ပင်အင်းတစ်ရွာ တုန်လှုပ်ကြရပြီ ဖြစ်လေ၏။ ကွင်းပိုင် ကြီး စောအယ်တာပေါ တစ်ခန်း တော့သည်။ ထကြွသောင်းကျန်း တော့သည်။ ထိန်ပင်အင်းတစ်ရွာ အကောင်းမနေကြရတော့။

ထန်းပင်ပမာဏအရွယ်ရှိ ရှင် ဆိုး၊ အမွှေးရှည်ရှည် ကွင်းပိုင်ကြီး စောအယ်တာပေါမှ အငြင်းအယ



www.burmeseclassic.com

www.burmeseclassic.com

ကြီး နှောင့်ယှက်လေတော့သည်။ ကွင်းပိုင်ကြီးသည် မယားလူလု အုန်းကွဲခတ်နေသကဲ့သို့ ထန့်နှံ့ခံစားရရှာလေ၏။ သူ၏ မယားအချောအလှလေးကို စောဂျုံးဆိုသူက လူသိထင်ရှား အရယူသွားပြီ မဟုတ်ပါလား။ ကွင်းပိုင်ကြီးသည် နော်မူးအယ်ခရစ်လေးကိုအတော်မြှော်ရှာလေသည်။

နော်မူးအယ်ခရစ်လေး လှဆဲပဆဲပင် သူ၏ ဘဝတစ်ဆစ်ချိုးပြောင်းလဲလိုက်ရသည်။ ဘဝခြားသော်လည်း သူ၏ဘဝဟောင်းကမယားကို သတိရဆဲ၊ လွမ်းတဆဲ၊ လွမ်းဆွတ်နေဆဲ သံယောဇဉ်အမျှင်တန်းနေရှာလေသည်။ ကွင်းပိုင်ကြီးသည် ထိန်ပင်အင်းတစ်ရွာလုံးကို ပေါ်ခါပစ်လိုက်သည်။ အိမ်တိုင်းအိမ်တိုင်းကို ပြန်းခနဲ ပြန်းခနဲ သူ၏လက်ဝါးကြီးဖြင့် မညှာမတာရိုက်၏။ စောဂျုံးတို့၏အိမ်တိုင်ကိုကိုင်လှုပ်၏။

အနှောင့်အယှက် ကြီးမားလေသည်ဖြစ်လေရကား စောဂျုံးတို့မိသားစု ထိန်ပင်အင်းရွာတွင် ဆက်မနေရဲကြတော့ပါ။ ကွင်းပိုင်ကြီးနှင့်ဝေးရာသို့ ပြေးပါတော့မည်။ ကွင်းပိုင်ကြီး၏ အလစ်အငိုက်ချောင်းရလေ၏။ သူတို့မိသားစုသုံးယောက် ဒရောသောပါးပြေးထွက်ခဲ့ကြသည်။ ထိန်ပင်အင်းချောင်းရိုးအတိုင်း တက်လှော်လှေကလေးကို လှော်ခတ်၍ ပြေးခဲ့ကြလေတော့၏။ သူတို့မိသားစု ကွင်းပိုင်ကြီးလက်မှ လွတ်မြောက်ပါမည်လော။

နော်မူးအယ်ခရစ်၏ မျက်နှာပြင်မှာ ချွေးများစို့လျက် မျက်နှာလေးငယ်သည်ဖြင့် ဆီးရွက်လောက်သာရှိပါတော့၏။ နော်မူးအယ်ခရစ်၏ ရင်ခွင်ထဲမှာ စောအဲလ်ရစ် မျက်နှာလေးဝှက်ထားကာ ဆတ်ဆတ်တုန်နေရှာလေ၏။ နော်မူးအယ်ခရစ်က စောအဲလ်ရစ်ကိုယ်လုံးလေးကို အတင်းအကျပ်ပွေ့ဖက်ထား၏။

"အမိုး၊ ကြောက်တယ် ကြောက်တယ်"

"မကြောက်နဲ့ သားလေး၊ အမိုးကို ဖက်ထားနော်"

"ဟုတ်ကဲ့"

စောဂျုံးသည် အားကောင်းမောင်းသန်သူတစ်ယောက် ဖြစ်သည်။ သူ၏ အစ်လျစ်သန်မာသော လက်မောင်း၊ လက်ဖျံတို့အားကိုးဖြင့် လှေကို သွက်သွက်စွာ လှော်ခတ်နေပါ၏။ လျင်မြန်သွက်လက်လိုက်သည့်ဖြစ်ခြင်း။ လက်လှော်လှေကလေး လေဟုန်ခွင်းသည့်



မြားတစ်စင်းအလား ရေပြင်လွှာမှာ တရိပ်ရိပ်ပြေးနေ၏။ အားကုန်လှော်ခတ်လျက်ရှိပါ၏။

စောဂျုံးသည် ယောကျ်ားပီသသူဖြစ်၍ တုန်လှုပ်မှုမရှိ။ နော်မူးအယ်ခရစ်လေးကို သနားသည့်စိတ်ဖြင့် မိမိကိုယ်မိမိ ယုံကြည်စိတ်ချစွာ အန္တရာယ်စက်ကွင်းမှ ရုန်းထွက်မည့် အမူအရာရှိ၏။ လာမည့်အန္တရာယ်ကို ယောကျ်ားပီသစွာ ရင်ဆိုင်ပါတော့မည်။ ထိန်ပင်အင်းချောင်းကို လွန်တော့မည်ဖြစ်၍ စောဂျုံးအားတက်လာ၏။ လှေကို မရပ်မနား လှော်ခတ်ရင်း သူ၏ဇနီးသည်ကို အားပေးရှာသည်။

"အယ်ခရစ်၊ အယ်ခရစ် အားမငယ်နဲ့။ တို့တစ်တွေ အန္တရာယ်က လွတ်တော့မယ်"

"ကြောက်တယ် ကိုရယ်၊ လွတ်မှလွတ်ပါ့မလား"

"လွတ်တယ်၊ ရှေ့မှာနယ်စပ်ကို မြင်နေရပြီ။ သားလေးရေ မကြောက်နဲ့ ဟေ့"

စောဂျုံး၏ အားပေးသံစကား အဆုံး၌ -

"ဝုန်း"

လှေကလေးသည် ထိန်ပင်အင်းချောင်းရေထဲ ငုပ်လျှိုးပျောက်ကွယ်သွားပါတော့သည်။ ကွင်းပိုင်ကြီးခြေထောက်အောက်မှာ လှေကလေးငြိမ်သက်နေပါ၏။ ကွင်းပိုင်ကြီးက လှေကို တစ်ချက်တည်းနင်း၍ နှစ်မြှုပ်လိုက်ခြင်းဖြစ်တော့သည်။ သူတို့သုံးယောက်ကတော့ လေထဲသို့ ပျံဝဲမြောက်တက်သွားကြပြီး ထိန်ပင်အင်းရွာနှင့်သက္ကယ်ချောင်းရွာသတ်မှတ်ထားသော နယ်ခြားတာရိုးဘေးက ဗွက်အိုင်ကြီးထဲသို့ ကျရောက်နစ်မြုပ်သွားကြလေ၏။

သူတို့သုံးယောက် စောဂျုံး၏ ဦးဆောင်မှုဖြင့် ဗွက်အိုင်ကြီးထဲမှ ရုန်းထွက်လိုက်ကြ၏။ သူတို့သုံးယောက် ရွှံ့နွံဗွက်ရေများ ရွှဲနစ်ပေကျံကုန်ကြသည်။ သူတို့သည် လူရုပ်မပေါ်တော့ချေ။ သူတို့သုံးယောက်ကိုကြည့်၍ ကွင်းပိုင်ကြီး ခြေလှမ်းတန့်သွား၏။ ဤအခွင့်ကောင်းကိုယူ၍ စောဂျုံး အသုံးချလိုက်သည်။ သူတို့ရှေ့မှာ နယ်ခြားတာရိုးစည်းက နီးနီးလေးသာရှိတော့၏။

စောဂျုံးက နော်မူးအယ်ခရစ်၏ မျက်နှာလေးကို အားပေးသောအကြည့်ဖြင့် တစ်ချက်စိုက်ကြည့်လိုက်သည်။ နော်မူးအယ်ခရစ်ကလည်း စွမ်းရည်သတ္တိပြည့်ဝသော စောဂျုံး၏မျက်နှာကို အားကိုးတကြီးကြည့်လိုက်သည်။ သူတို့၏လက်များ လက်ချင်းခိုင်ခိုင်တွဲလိုက်ကြ၏။

"အယ်ခရစ်၊ ရှေ့မှာနယ်ခြားစည်းရောက်ပြီ။ မကြောက်နဲ့တော့ ပြေးကြမယ်ဟေ့"

"ဟုတ်ကဲ့ - သားလေး လာ၊ မြန်မြန်ပြေးကြမယ်ကွ"

ကွင်းပိုင်ကြီး အလစ်အငိုက်ကို စောဂျုံးက အသုံးချလိုက်ခြင်း ဖြစ်သည်။ သုံးယောက်သား မလျှော့သောစိတ်ဓာတ်ခွန်အားကြောင့် ထိန်ပင်အင်းနယ်ခြားစည်းကို ဖြတ်ကျော်လိုက်နိုင်ပြီ ဖြစ်၏။

သူတို့သုံးယောက် နယ်ခြားစည်းဟိုတစ်ဖက်ကို ရောက်သွားသည်နှင့် ကွင်းပိုင်ကြီးခမျာ မိမိပိုင်နက်အတွင်း၌သာ ကျန်ခဲ့ရရှာပါတော့သည်။ ကွင်းပိုင်များသည်လည်း စည်းကမ်းရှိကြသည် မဟုတ်ပါလား။ ပိုင်နက်ကျူးလွန်ခြင်းမရှိကြပါ။ စည်းစောင့်ကြပါသည်။ မိမိနှစ်သက်မြတ်နိုးသူကိုပင် လက်လွှတ်လိုက်ရပါတော့သည်။ ကွင်းပိုင်ကြီးသည် မချိသောနှလုံးသား၊ မရုန်းနိုင်သော အင်အားများဖြေလျှော့ကာ လက်လျှော့လိုက်ရပါပြီ။

ဘဝသံသရာမှာ ကျင်လည်ကြကုန်သော (၃၁) ဘုံသားကို့သည် ဘဝခြားသော်လည်း သံယောဇဉ်အမျှင်တန်းလျက်ရှိကြလေသည်တကား။

*ဘဝတုသဗ္ဗမင်္ဂလ်*

အောင်မြင့်ထွန်း (မသုံးလုံး)



www.burmeseclassic.com

www.burmeseclassic.com

ဒေါင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်

# ကုန်းလမ်း၊ ရေလမ်း ကုန်သွယ်လုပ်ငန်းဖြင့် အကျိုးများလိုလျှင်


ကျွန်ုပ်၏ ရင်တွင်းဖြစ်စကားကို စာချစ်သူ မိတ်ဆွေများအနေဖြင့် သည်းခံပြီး ဖတ်စေလိုပါသည်။ ကျွန်ုပ်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ သုံးလောကသခင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်လည်း သတ္တဝါများအားလုံးကို ဘုံသုံးပါးမှလွတ်ကြစေလိုပါသည်။ သံသရာမီးပုံကြီး အပြီးတိုင်အောင် ငြိမ်းစေလိုသည့် မဟာကရုဏာရှင်ကို ယခု ပူဇော်ပါသည်။

ကျွန်ုပ်အနေဖြင့် လက်လှမ်းမီသမျှ ဒေသနာတော်မှလာသော ဇာတ်၊ နိပါတ်၊ ကထာဝတ္ထုတို့ကို သိခဲ့ဖူးသမျှတွင် ဘဝဆက်ကောင်းသူများအနေဖြင့် ကုံလုံပြည့်စုံသော စား၊ ဝတ်၊ နေရေးတို့တွင် ပြီးပြည့်စုံကြပြီး၊ သာသနာတော်ထဲကို ဝင်ရောက်ခဲ့ကြပြီး မဂ္ဂင်ရှစ်ပါး အမြတ်တရားတို့ကို အားထုတ်ရင်း ဘဝလွတ်ကြောင်းများရှာခဲ့ကြသူများ ဖြစ်ပါသည်။

ထို သာသနာထဲ ဝင်ရောက်ပြီး အားထုတ်ကြ၊ကျင့်ကြံကြသော သူတော်ကောင်းများကို ပြန်လှည့် ဒလှလာ ကြည့်ညိုကြည့်ပါလျှင် မင်းများ၊ မင်းဆွေမင်းမျိုးများ၊ သူဌေး၊ သူကြွယ်များသာ ဖြစ်ကြပါသည်။

ဆင်းရဲသားနှင့်နူနာဝေဒနာသည်တို့ရှာကြည့်လျှင် လက်ချိုးရေတွက်နိုင်သည့် အရေအတွက်သာရှိသော ဦးရေ လွန်စွာ နည်းပါလှပါသည်။ သို့အတွက် ကျွန်ုပ်၏ ခံယူချက်အရ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ခုနစ်ရက်နေ့သား၊ သမီးတို့အား မိမိ၏ မိသားစုအတွက် ကုံလုံပြည့်စုံစေရန် ကြိုးစားအားထုတ်ပြီး သမစီးပွားဖြင့်ရှာစေလိုခြင်း ဖြစ်ပါသည်။

*ချမ်းသာပြီးမှ မင်္ဂရကြောင်း၊ ဖိုလ်*ကြောင်းတို့ကို ပြုလုပ်နိုင်ကြရန် ဖြစ်ပါသည်။ တစ်မျိုးထင်ရှားစွာမြင်ထားခဲ့သည်မှာ မိမိကိုယ်တိုင် ကောင်းတာလုပ်ကိုင်သော်လည်း မိမိ၏လုပ်ဆောင်ချက်



စတုဗလ ဓာတ်စမ

အရ တစ်ပါးသူတို့ စိတ်ဆင်းရဲခြင်း၊ စိတ်သောကရောက်ခြင်းတို့ မဖြစ်စေလိုခြင်းပင် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ ဆုံးမစကားတွင် မိမိကိုယ်ကို မိမိအားကိုးရပါမည်။ နောက် မည်သည့်အကြောင်းကိစ္စတို့ကို မဆို အောင်မြင် ပြီးမြောက်ရန်အတွက်-

ဆန္ဒဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ။
ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ။
စိတ္တဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ။
ပညဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ။

အဆိုပါ ပါဠိစာသားများဖြင့် ပညာပေး ဆုံးမစကားဆိုထားသည့် အတိုင်း ယခုဆောင်ရွက်ရမည့် အမှုကိစ္စကို မိမိကိုယ်တိုင် ချမ်းသာအောင် ကြိုးစား ဆောင်ရွက်ကြပါရန်အတွက် ရင်တွင်းစကားကို ဦးစွာတင်ပြရေးသားရခြင်း ဖြစ်ပါသည်။

(*စာရေးသူ*)

တစ်နေ့သ၌ -

ကျွန်ုပ်၏ မိတ်ဆွေနှစ်ယောက် ရောက်လာခဲ့ကြပါသည်။ ကျွန်ုပ်ထံ ရောက်လာခဲ့ကြသူများအနေဖြင့် မိမိတို့ ရှာဖွေထားသော ဥစ္စာပစ္စည်းများကို အဓိကတိုးပွားစေလိုခြင်း၊ မတိုးပွားသည့် တိုင်အောင် မယုတ်လျော့စေလိုသော စိတ်ဆန္ဒကြောင့် သူတို့၏သားကြီးများကို လက်လွှဲပေးအပ်ပြီး တာဝန်ပခုံးပြောင်း ထမ်းစေချင်ကြသော မေတ္တာကြောင့် ရောက်လာကြခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်သည် မိတ်ဆွေများ၏ ဖြစ်ချင်သော ဆန္ဒမှန်တို့ကို ကြားသိရ သည့်အတွက် မိတ်ဆွေများ တာဝန်ပေး မည့် သားကြီးတို့နှင့်အတူ ပူးတွဲပြီး အမှု ကိစ္စအားလုံး ပြီးဆုံးအောင် ဆောင်ရွက် ကြရန်မှာပြီး စမအင်းများစီမံရန်အတွက် ရက်ချိန်းပေးလိုက်ရပါသည်။

စမအင်းများပေးသည့်ရက်တွင် ဆောင်ရွက်ရန်ကိစ္စများကို ရှင်းလင်း ပြောပြပြီးပေးလိုက်ရပါတော့သည်။ ယခု အခါတွင် ကုန်းလမ်း၊ရေကြောင်းလမ်းတို့ နှင့် စီးပွားရှာကြသူ လုပ်ငန်းရှင်ကြီး အတွက် ဆန္ဒရှိပါက ဆောင်ရွက်နိုင်ကြ ပါစေရန် စီမံဆောင်ရွက်ရပုံအပြည့်အစုံ ကို ငံအောက်တွင် ရေးသား ဖော်ပြပေး လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗျည်းစမရှင်သီဝလိပုံတော်



ရှင်ဥပဂုတ္တဗျည်းစမပုံတော်

**စီမံဆောင်ရွက်ရပုံများ**

၁။ စမအင်းများစီမံရခြင်း - မိမိတို့ကိုယ်တိုင်ရေးဆွဲနိုင်ကြပါသည်။ မစွမ်းသူများ မိတ္တူကူးယူပြီး ဆောင်ရွက်နိုင်ကြပါသည်။

(စမအင်းများကို တသီးတခြားစီဖြင့်ပြထားပါသည်။)

ဖော်ပြထားသော **စတုဗလမာတ်စမအင်း**အား ကုန်းလမ်းဖြင့် စီးပွားရှာကြသော မော်တော်ကားယာဉ်များ၏ တော်ခန်း (ယာဉ်မောင်းရှိရာအခန်း) တွင် **ရှင်သီဝလိစမပုံတော်**ဖြင့် ပူးတွဲပူဇော်ရန် ဖြစ်ပါသည်။

ရေလမ်းကြောင်းဖြင့် စီးပွားရှာနေကြသော မော်တော်ပိုင်ရှင်နှင့် လှေ၊ သင်္ဘောပိုင်ရှင်များ၏ ဆလင်ခန်းတွင် **စတုဗလမာတ်စမအင်း**အား **ရှင်ဥပဂုတ္တစမပုံတော်**နှင့် တွဲဖက်ပူဇော်ထားရန် ဖြစ်ပါသည်။

၂။ စတင် ဆောင်ရွက်ရမည့် နေ့ရက်နှင့် ကာလသတ်မှတ်ခြင်း - ရက်ရာဇာဖြစ်သော နေ့ကောင်းရက်မြတ်တွင် စတင်ပါ။

◆ ကာလကို ရက် (၁၀) တိတိ ဆောင်ရွက်ရပါမည်။ (မှတ်ချက် - ထိုကာလတွင် ဒါနမှု ပါဝင်ရပါသည်။)

၃။ ဒါနခန်း - ငှက်ပျော(၃)ဖီး၊ အုန်းတစ်လုံး၊ နံ့သာတိုင်၊ အလင်းတိုင်၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် ကြက်လျှာ၊ ယပ်၊ သာသနာ့အလံနှင့် ဗြိုဟ်တိုင်တို့ ပါဝင်ရပါမည်။ (ကာယကံရှင်၏ သဒ္ဓါအားလျော်စွာ လှူဖွယ်များ လှူနိုင်ပါသည်။)

◆ သားသတ်လွတ်ဆွမ်းကပ်လှူရခြင်း။ (ဆီဆွမ်း၊ ထောပတ်ဆွမ်း၊ နို့ဆွမ်း၊ သကြားဆွမ်း စသည်တို့ကိုလည်း ကပ်လှူနိုင်ပါသည်။)

◆ သောက်တော်ရေ (၃) ခွက် ကပ်လှူပါရန်။

၄။ သာသနာတော်စောင့်နတ်မင်းကြီးများ၊ ရှစ်ဆူသောဗြိုဟ်မင်းကြီးများကို ဖိတ်ကြားထားပါ။

◆ ဘုရားရှိခိုးခြင်း၊ သီလခံခြင်း၊ ဆုတောင်းခံခြင်းတို့ကို ပြုလုပ်ပါ။

**အောက်ပါဂါထာတော်များကို ရွတ်ဖတ်ပူဇော်ပါရန်**

(က) အဋ္ဌာနမေတံဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာကတံ ဇီဝိတာ ဝေါရောပေယျ။ အနုပက္ကမေနဘိက္ခဝေ တထာဂထာ ပရိနိဗ္ဗာယန္တိ။

(၁၈ ခေါက်ရွတ်ဖတ်ပူဇော်ပါရန်)

(ခ) ၁။ သီဝလိစ မဟာနာမံ ဣန္ဒာဒေဝါ သဗြဟ္မကာ၊ မနုဿ ပုရိသော ဣတ္ထိ၊ မဟာလာဘံ ဘဝိဿတိ။

၂။ ဩြောင်း - နမောသိဒ္ဓိ သီဝလိရာဇာ၊ ဇေယျမေတ္တာ၊ ဇေယျကရုဏာ၊ ဇေယျလာဘာ၊ ဇေယျနာနာဝတ္ထုကာ။

ဩြောင်း - ဒေဟိ၊ ဒေဟိ သကလသရိယံ၊ ဇမ္ဗူဒိပါ ပီယံ မမ၊ ယောန ဣတ္ထိယောဝါ၊ ပုရိသောဝါ၊ သဗ္ဗဒေဝါ၊ ဧတေန သစ္စဝဇ္ဇေန၊ သုကတိ ဟောန္တု။

(ထိုရှင်သီဝလိဂါထာနှင့် ပရိတ်မန္တန်ကို ခေါက်ရေ (၃၀) ရွတ်ဖတ်ပူဇော်ပေးရပါမည်။)

(ဂ) ဒိန္နေ ဒိန္နေ နမာမဟံ၊ ဥပဂုဿ မဟာထေရံ မာရဗန္ဓန နိတေဇံ၊ သောနေ့ာဌာန အာဂစ္ဆတု၊ အန္တရာ ယော ဝိမမိတ္တာနံ၊ သုခံ ဒေတု ပုနပ္ပုနံ။

(ရှင်ဥပဂုတ္တဂါထာတော်ကို (၂၇) ခေါက်တိတိ ရွတ်ဖတ်ပူဇော်ရန် ဖြစ်ပါသည်။)

အဓိဋ္ဌာန်ရက် (၁၀) ပြီးသည်နှင့် အထက်တွင် ညွှန်ပြခဲ့ပြီးသော နေရာဌာနတို့တွင် ပူဇော်ထားနိုင်ပြီ ဖြစ်ပါသည်။ ထိုစမများကို ယခုခေတ်ကာလတွင် အလူမီနီယမ်ပေါင်နှင့်သွင်းထားပြီး ချိတ်ဆွဲပူဇော်သင့်ပါသည်။

ကျွန်ုပ် ရေးသားခဲ့သည့်အတိုင်း အားကြိုးမာန်တက်ဆောင်ရွက်ကြခြင်းဖြင့် ခရီးသည်မိတ်တိုးလာခြင်း၊ ကုန်စည်များ ပိုပြီးတင်ဆောင်ရခြင်း၊ ဘေးအန္တရာယ်တို့မှ ကင်းလွတ်ရခြင်း စသည့် အကျိုးထူးများကို ရရှိမည် ဖြစ်ပါသည်။ ယခုစီမံမှုကို ဆောင်ရွက်ပြီး စီးပွားရှာကြသော မိတ်ဆွေတို့အနေဖြင့် အကျိုးစီးပွားတိုးတက်လာသည်နှင့်အမျှ ဆရာတော်သံဃာတော်ငါးပါးတို့အား ဆွမ်းအာဟာရတို့ ဆက်ကပ်လှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၅။ နေ့စဉ်ပြုဖွယ်များပြီးတိုင်း -

◆ ဝေနေယျများစွာတို့အား မေတ္တာပို့သပါ။ ကုသိုလ်အမျှပေးဝေပေးပါ။

◆ ဖိတ်ထားသူများအား နေရပ်ပြန်ပို့ပါ။

စိတ်ဝင်စား၍ ဆောင်ရွက်ကြပြီး ကြီးပွားချမ်းသာကြပါစေ။

သာသနာ့ဝန်ထမ်းနိုင်ကြပါစေ။

ကောင်းမှုကိစ္စမှန်သမျှကို လိုလားတောင့်တတိုင်း ရရှိပြည့်စုံကြပါစေ။

အောင် (သိဒ္ဓိရာဇာ)



www.burmeseclassic.com

www.burmeseclassic.com

# မောင်ကျော်တိုင်

## မနောမယဂန္ဓာရီအိပ်မက် (၁)

ဂန္ဓာရီပညာကို လေ့လာတဲ့အခါ စောင်းတန်းလေးတွေအများအပြားရှိတဲ့ အနက် မနောမယစိတ်တန်ခိုးစောင်းတန်းက ဝင်ရောက် လေ့လာကြည့်တဲ့ ဆောင်းပါးတွေရေးပါမယ်လို့ ပဏာမခံထားလိုပါတယ်။

မနောမယ ဆိုတဲ့ စိတ်တန်ခိုးစောင်းတန်းမှာလည်း အခန်းတွေအများကြီးနဲ့ တည်ဆောက်ထားတာဖြစ်တယ်။ အဲဒီအခန်းတွေထဲမှာ အပါအဝင်ဖြစ်တဲ့ အိပ်မက်ရဲ့သဘာဝနဲ့ စွမ်းအင်တွေကို ကနဦးပြောချင်ပါတယ်။ အိပ်မက်လို့ ဆိုလိုက်လို့ အထင်မသေးလိုက်ပါနဲ့။ အိပ်မက်ဟာ လူတိုင်းမက်ဖူးကြတာပါပဲ။ ဘာဆန်းသလဲလို့ မေးချင်လိမ့်မယ်။ 'မြင်ပါများငယ်၊ နမ်းပါများတော့ပြယ်' ဆိုတာလိုပဲ လူတိုင်း အိပ်မက်မက်ဖူးတော့ ရိုးနေလို့ အထင်မကြီးကြတာ ဖြစ်တယ်။

သိပ္ပံပညာရှင်တွေက စိတ်တန်ခိုး၊ မနောမယတန်ခိုးတွေကို စိတ်ဝင်စားလာတော့ စိတ်တန်ခိုးကိစ္စတွေကို သိပ္ပံစက်ကိရိယာတွေနဲ့ လေ့လာ စူးစမ်းလာကြတယ်။ ဓာတ်ခွဲခန်းတွေထဲမှာ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေကို သိပ္ပံဆရာတွေက အီလက်ထရွန်စက်ကိရိယာတွေနဲ့ စမ်းသပ်ကြည့်တဲ့အခါ အိပ်မက်ကိုပါ စိတ်စွမ်းအင်အဖြစ်လေ့လာဖြစ်ကြတယ်။

အရင်တုန်းက အိပ်မက်မက်တယ်ဆိုတာ အိပ်ပျော်သွားမှမက်တာဖြစ်တယ်လို့ ထင်ခဲ့ကြတယ်။ သိပ္ပံဆရာတွေစမ်းသပ်ကြည့်တော့မှ အိပ်မက်မက်တယ်ဆိုတာ အိပ်မပျော်ခင် မှေးနေစဉ်မက်တာဖြစ်တယ်လို့ တွေ့သွားတယ်။ အိပ်စက်ခြင်းသုတေသနခေါ် အိပ်မက်သုတေသနက တွေ့ရှိသွားတာက နိုးရာက အိပ်ပျော်သွားတဲ့အချိန်ဟာ အဆင့်လေးဆင့်ကို ဖြတ်ကျော်သွားပြီးမှ လုံးဝအိပ်ပျော်သွားတဲ့အဆင့်ရောက်တယ်။ နိုးရာကနေ ပထမဆုံး ငိုက်ချင်သလို စိတ်တွေ ထုံထိုင်းလာတဲ့အဆင့်ကို ပထမအဆင့်၊ ဒုတိယအဆင့်မှာတော့ လှုပ်ခနဲလှုပ်ခနဲသတိလစ်ပြီး ငိုက်သွားတဲ့အဆင့်ဖြစ်တယ်။ တတိယအဆင့်မှာတော့ ဆယ်ပုံကိုးပုံလောက် သတိလစ်ပြီး မှေးစက်သွားတယ်။ စတုတ္ထအဆင့်ကိုရောက်မှ အိပ်မောကျတဲ့အဆင့်ဖြစ်တယ်။ အဆင့်အားဖြင့် လေးဆင့်ခွဲထားပေမယ်လို့ အချိန်ကာလအားဖြင့် တစ်စက္ကန့်ရဲ့ဆယ်ပုံတစ်ပုံလောက်ရှိတဲ့ မိုက်ကရိုစက္ကန့်လောက်သာကြာတယ်။ ဖြတ်သန်းချိန်မြန်လွန်းလို့ ဖြတ်သန်းသွားမှန်းမသိလိုက်ကြဘူး။ နိုးတဲ့စိတ်က အိပ်ပျော်တဲ့စိတ်ကိုကူးသွားတာမြန်လွန်းသို့





www.burmeseclassic.com

www.burmeseclassic.com

ြား‌ခုလတ်အချိန်ကို မသိလိုက်ကြတာ

အိပ်မယ့်လူကို အီးအီးဂျီခေါ် နောက်လှုပ်စစ်လှိုင်းတွေတိုင်းတဲ့စက် ဆက်သွယ်ထားတယ်။ အရေပြားက တ်ပေါ်တဲ့ လျှပ်စစ်လှိုင်းတွေကိုတိုင်း စကင်းနင်းစက်နဲ့လည်း ဆက်သွယ် းတယ်။ နှလုံးတုန်ခါမှု၊ သွေးခုန်နှုန်းနဲ့ ောက်ဆီဂျင် ဘယ်လောက်အသုံးပြု းလဲဆိုတာ တိုင်းတာနိုင်တဲ့ အီးစီဂျီ င်းတိုင်းတဲ့စက်နဲ့လည်း ဆက်ထား ယ်။ လူတစ်ကိုယ်လုံး ဝါယာကြိုးတွေ ွေးကြီးနဲ့အိပ်ရတာ ဖြစ်တယ်။ နောက်လှိုင်းက လေးမျိုးထွက်တယ်။ းအိပ်ပျော်သွားရင် ဒယ်လ်တာလှိုင်း က်တယ်။ ငိုက်မျဉ်းချိန်ကြားကာလ းဆင့်မှာ သီဒါလှိုင်းနဲ့ အယ်လ်ဖာ ိုင်းထွက်တယ်။ ငိုက်ပြီးလစ်ခနဲဖြစ်ချိန် အယ်လ်ဖာလှိုင်းထွက်ပြီးတော့ သတိ ဆယ်လိုက်တဲ့အချိန်မှာ နိုးစိတ်ဖြစ်တဲ့ သီဒါလှိုင်းထွက်တယ်။ ငိုက်တယ် တာ သတိလစ်သွားလိုက်၊ သဟိပြန် လိုက်ဖြစ်နေတာပါ။

လျှပ်စစ်လှိုင်းသဘောအရ အိပ် ျော်ရင် ဒယ်လ်တာလှိုင်းထွက်ပြီးတော့ တိမရတစ်ချက်ရတစ်ချက်ဖြစ်နေတဲ့ ချိန်မှာ အယ်လ်ဖာလှိုင်းနဲ့ သီဒါလှိုင်း တစ်လှည့်စီထွက်နေတာဖြစ်တယ်။ မပျော်မီ ကြားအဆင့်သုံးဆင့်မှာ ယ်လ်ဖာလှိုင်းနဲ့ သီဒါလှိုင်းတွေဖြစ်နေ ဒီအချိန်ကာလကိုမှေးစက်တဲ့ကာလ ခေါ်တယ်။ လုံးဝအိပ်ပျော်သွားတဲ့ ာလကို အိပ်စက်တယ်လို့ခေါ်ပြီးတော့ ကြားကာလကို မှေးစက်တယ်လို့ ခေါ် ဖြစ်တယ်။ တစ်မှေးမှမအိပ်ရပါဘူး အရပ်ထဲမှာပြောနေတဲ့စကားဟာ လွန်သိပ္ပံနည်းကျတာဖြစ်တယ်။

ဒီလိုမှေးစက်နေချိန်မှာ မျက်လုံး လှုပ်ရှားနေတာကို စက်ကိရိယာနဲ့ င်းတာကြည့်ရာမှာ မသိမသာလေး တာ၊ အမြန်လှုပ်လိုက်တာကို တွေ့ရ ဒီလို မျက်လုံးတွေ အလျင်အမြန်၊ မသာလေးလှုပ်သွားတာကို REM ခေါ်တယ်။ RADID EYE MOVE-MENT ခေါ် မျက်လုံးလှုပ်သွားတာဟာ မက်မက်နေတာကိုပြတာဖြစ်တယ် စမ်းတွေ့ရှိသွားတယ်။ ဒါကြောင့် စ်ယောက်အိပ်နေရင် အိပ်မက်မက် မမက်ဘူးဆိုတာကို ဒီစက်ကိရိ နဲ့ စမ်းသပ်ကြည့်နိုင်တယ်။ လုံးဝ မောကျသွားရင် မျက်လုံးမလှုပ်တော့ဘူး။ ဒါကြောင့် လုံးဝအိပ်ပျော်ချိန်မှာ အိပ်မက်မမက်ဘူး။ ကြားကာလ မှေးစက်ချိန်မှာသာ အိပ်မက်မက်တာ ဖြစ်တယ်ဆိုတာ သိပ္ပံပညာရှင်တွေက အခိုင်အမာတွေ့ရှိသွားပြီ ဖြစ်တယ်။

ကမ္မဋ္ဌာန်းတရားအားထုတ်နေသူတွေ၊ ယောဂကျင့်စဉ်ကျင့်နေသူတွေဟာ တရားထိုင်လို့ သမာဓိရနေချိန်မှာ အယ်လ်ဖာလှိုင်းနဲ့ သီဒါလှိုင်းတစ်လှည့်စီ ထွက်နေတာကို စမ်းသပ်တွေ့ရှိရတယ်။ ကမ္မဋ္ဌာန်းတရားထိုင်ရင်း အိပ်ပျော်သွားရင်တော့ ဒယ်လ်တာလှိုင်းထွက်လာတာ ဖြစ်တယ်။ ဒါကြောင့် ဦးနှောက်လျှပ်စစ်လှိုင်းတွေလေ့လာချက်အရ သမာဓိရပြီး စိတ်ငြိမ်သက်နေချိန်နဲ့ မှေးစက်အိပ်မက်မက်နေချိန်မှာ အယ်လ်ဖာလှိုင်းတွေ ထွက်တာတူနေတာကို တွေ့ရတယ်။

အိပ်မက်မက်တယ်ဆိုတာလည်း မှေးစက်ချိန်မှာမက်တာဖြစ်တယ်။ ပထမအဆင့်မှ တတိယအဆင့်မှေးစက်ချိန်မှာ အိပ်မက်တွေမက်တာ ဖြစ်တယ်။ ဒါကြောင့် လူတိုင်း အိပ်ပျော်သွားရင် မှေးစက်ချိန်အဆင့်ဆင့်ကို ဖြတ်သန်းသွားရတယ်။ ဒီလို ဖြတ်သန်းချိန် မှေးစက်ကာလမှာ လူတိုင်း အိပ်မက်မက်ကြတယ်။ ကိုယ်မက်တဲ့အိပ်မက်ကို နိုးလာတဲ့အခါမှာမှတ်မိတာနဲ့ မမှတ်မိတာသာ ကွာခြားသွားတယ်။ ဒါကြောင့် ကမ္မဋ္ဌာန်းထိုင်ပြီး သမာဓိရသွားတာနဲ့ အိပ်မက်မက်နေတဲ့ မှေးစက်ချိန်မှာ အယ်လ်ဖာလှိုင်းတွေ ထွက်နေတာတူနေတယ်လို့ သိပ္ပံဆရာတွေက တွေ့သွားတယ်။

ဒီလိုဆိုရင် အိပ်မက်မက်နေတဲ့ မှေးစက်ချိန်မှာ စိတ်ဟာ တည်ငြိမ်တဲ့ သမာဓိတစ်မျိုးရနေတာဖြစ်တယ်။ စိတ်သမာဓိဟာ စိတ်တန်ခိုးရဖို့ အခြေခံစိတ်ဖြစ်တယ်လို့ ယုံကြည်ပြီး စရဏတွေ အားထုတ်နေတဲ့ယောဂီရဲ့ အတွေ့အကြုံကို မှေးစက်ချိန်မှာ အသာလေးအလွယ်တကူရနိုင်တယ်လို့ ပရစိတ်ပညာရှင်တွေက ယူဆတယ်။ မှေးစက်ချိန်ဟာ မသိစိတ်နဲ့ သိစိတ် စပ်ကူးမပ်ကူးအချိန်ကာလ ဖြစ်တယ်။ စရဏသမာဓိစိတ်တည်ငြိမ်တယ်ဆိုတာကလည်း သိစိတ်နဲ့မသိစိတ်စပ်ကူးမတ်ကူးကာလဖြစ်တယ်လို့ ဆက်လက် လေ့လာ တွေ့ရှိသွားတယ်။

စိတ်ညှို့ပညာဟာ ဒီလိုသိစိတ်နဲ့ မသိစိတ် စပ်ကူးမပ်ကူးကာလဖြစ်ပေါ်လာအောင် ညှို့ယူတာ ဖြစ်တယ်။ ဒီလို စပ်ကူးမပ်ကူး အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်စဉ်ကို (HYPNOGOGIC) လို့ စိတ်ပညာက ခေါ်တယ်။ ဒီလိုစပ်ကူးမပ်ကူးကာလစိတ်အခြေအနေဟာ အမြင်အာရုံထူးတွေ၊ အကြားအာရုံထူးတွေ၊ မနောချင်းဆက်သွယ်တဲ့ တယ်လီပသီစွမ်းအင်တွေနဲ့ အခြားစိတ်တန်ခိုးတွေရရှိစေနိုင်တယ်လို့ လီနင်ဂရက်တက္ကသိုလ် ဇီဝကမ္မဗေဒပညာရှင်ဒေါက်တာဗက်ဆီလိယက်က ဆိုတယ်။ လက်တွေ့လည်း ဒီစိတ်တန်ခိုးတွေကို ပရိသတ်တွေရှေ့မှာထုတ်ဖော်ပြသနိုင်တယ်။

အိပ်ပျော်သွားပြီးနောက် မိနစ် (၉၀) အကြာမှာ တစ်ရေးနိုးလာတယ်။ နောက်တစ်ခါ ပြန်အိပ်ပျော်သွားလိုက်တာ မိနစ်(၉၀)အကြာမှာ တစ်ခါထပ်ပြီး တစ်ရေးနိုးပြန်တယ်။ တစ်ညမှာ အိပ်ချိန် (၈)နာရီလောက်အတွင်းမှာ (၅) ကြိမ်လောက် တစ်ရေးနိုးတတ်တယ်။ တစ်ရေးနိုးပြန်အိပ်သွားရင် မှေးစက်ချိန်ဆိုတဲ့ စပ်ကူးမပ်ကူး ကြားခုလတ် (၅) ကြိမ်လောက်တွေ့ရမှာ ဖြစ်တယ်။ တစ်နည်းအားဖြင့် (၅)ကြိမ်လောက်အိပ်မက်မက်မှာဖြစ်တယ်။ စိတ်တန်ခိုးတွေဖြစ်ပေါ်နေတဲ့ ကြားခုလတ် စပ်ကူးမပ်ကူး နိုးတစ်ဝက်ပျော်တစ်ဝက် အချိန် (၅) ကြိမ်လောက်ရမှာဖြစ်တယ်။ ဒီလို သိပ္ပံပညာက တွေ့ရှိထားတဲ့ စိတ်တန်ခိုးရရှိစေတဲ့ မလွယ်ပေါက်ဆိုတဲ့ မှေးစက်ချိန်ကို လက်တွေ့ အသုံးချနိုင်သူတွေကို ခေတ်သစ်ဝါဒီတွေလို့ခေါ်တယ်။ ကမ္ဘာမှာ ဒီလိုလူတွေခေတ်စားနေပါပြီ။

တစ်နည်းအားဖြင့်ပြောရရင် စိတ်တန်ခိုးရရှိနိုင်တဲ့ စိတ်အခြေအနေကို တစ်ညမှာ (၅) ကြိမ်လောက် လူတိုင်းရနေပါလျက်နဲ့ လူတွေက မျက်စိလျှံနေတယ်။ အလေးမမူကြဘူး။ ဒီလိုငွေမကုန်လူမပင်ပန်းဘဲနဲ့ ရနေတဲ့အခွင့်အရေးကို ကျော်ခိုင်းပြီး မန္တန်တွေရွတ်၊ အင်းတွေချ၊ သမထတွေလုပ်နေကြတာ များတယ်။ တကယ်တော့ ယောက်မခါးထိုးပြီးတော့ ရှာနေသလိုဖြစ်နေတယ်။ မြစ်ကိုပစ်၍ ချောင်းမှာရှာ ရေသာများ၍ ငါးမတွေ့ ဆိုသလို မောတာသာ အဖတ်တင်သွားကြတာတွေကို တွေ့မြင်နေရတယ်။

မှေးစက်ချိန်၊ ကြားခုလတ်စိတ်၊ အိပ်မက်စိတ်ကလေးကို ဘယ်လိုမွေးမြူရမယ်၊ ရှေးခေတ် ဂန္ဓာရီဆရာတွေဟာ အိပ်မက်မက်စိတ်ကို ဘယ်လိုအသုံးချခဲ့ကြတယ်ဆိုတာကို ဆက်ရေးပါဦးမယ်။

မောင်ကျော်တိုင်

www.burmeseclassic.com

ကျွန်မနာမည် မသန်းကြည်။

ကိုယ့်အကြောင်းကိုယ်ပြောရမှာ ရှက်မိပါရဲ့။

ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ခုနစ်ပါးထဲပါလေမလား။

ပက်လက်လှန် တံတွေးထွေးတဲ့လူလို၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတဲ့ လူလို ကိုယ်ပဲနာမှာပေါ့။

အေးလေ - မတတ်နိုင်ဘူး။ နောင်လာနောက်သားတွေ သိရှိလိုက်နာနိုင်ဖို့ မိဘတွေအပေါ် ဆိုးမိုက်တဲ့သားသမီးတွေကို လိမ္မာယဉ်ကျေးစေချင်လို့ သင်ခန်းစာယူစေဖို့ သူရဇ္ဇမဂ္ဂဇင်းက တစ်ဆင့် ဖော်ကောင်လုပ် ဖောက်သည်ချလိုက်ပါတယ်။ ဟိုတစ်ချိန်ကတော့ ကျွန်မတို့ရွာမှာ ဒီအကြောင်းက ဟော်လေတကြိုးကြိုး ဟိုးလေးတကြော်ကြော်ပေါ့ သိပ်ကိုရေပန်းစားခဲ့တယ်။ လူတိုင်းရဲ့ပါးစပ်ဖျားမှာ ချီးမွမ်းတာလား၊ ကဲ့ရဲ့တာလားတော့မသိဘူး။ ထူးမှထူး၊ ဆန်းမှဆန်းကိုး။ တစ်သက်မှာတစ်ခါ တစ်ရွာမှာတစ်ယောက် ကြုံခဲဘိခြင်း။

ဒါကြောင့် ပြောစမှတ်တွင်ကျန်ခဲ့တာ။

ကျွန်မဖြစ်ပျက်ကြုံတွေ့ခဲ့တဲ့ဖြစ်ပုံလေးကတော့ -

❖

ရန်ကုန်မြို့အဝင် မှော်ဘီဆို လူတိုင်းသိကြမှာပါ။

ရန်ကုန်နဲ့ တခြားမြို့တွေက ကားလမ်း၊ ရထားလမ်းဘေးမြို့ပဲ။ သူ့အထိုက်အလျောက်တော့စည်ပါတယ်။

အဲ - ဝေနံမြစ်နံဘေးက ရွာငယ်လေး 'ဦးပေါ်ကာကုန်း' ဆိုတာကိုတော့ လူတိုင်းသိသူရှားပါလိမ့်မယ်။

မှော်ဘီတောင်ဘက်နားက ရွာငယ်လေးပါ။

ကျွန်မက အဲဒီရွာဇာတိပါ။

ကျွန်မတို့မိသားစုက ပြေးကြည့်လို့မှ (၃) ယောက်တည်းရယ်၊ ကိုဘခွေး ကျွန်မယောက်ျားရယ်၊ ကျွန်မရယ်၊ သားလေး ကျော်လှရယ်ပေါ့။ ကျွန်မတို့က ကြုံရာကျပန်းလုပ်စားပါတယ်။ မိသားစုနည်းတော့ စားလောက်ပါတယ်။

တစ်နေ့ လင်သားဖြစ်တဲ့ကိုဘခွေး ရုတ်တရက်ကြီးဆုံးသွားတော့ ကျွန်မ ဘာလုပ်လို့ဘာကိုင်လိုက်ရမှန်းမသိဘူး။ သားလေး ကျော်လှကလည်း ဥမမည် စာမမြောက်သေး။ တော်ပါပေတယ်။ အရပ်ကူပါလူဝိုင်းပါနဲ့ အရပ်က ဝိုင်းသဂြိုဟ်ပေးကြလို့ အသုဘလှလှပပချနိုင်ခဲ့ပါတယ်။ ဝိုင်းဆွမ်းသွတ်ပေးကြတယ်။ အဲဒီတုန်းက အရပ်ကောင်းလို့ အလောင်းလှခဲ့ပါရဲ့။ ကျွန်မအရွယ်ကောင်းတုန်းပေါ့။ ကျော်လှလေးက

(၄)နှစ်သားသာသာ။ အဲဒီတုန်းက တစ်ပင်လဲလို့တစ်ပင်ထူ ကျွန်မ နောက် အိမ်ထောင်ထူလို့ရပါတယ်။ ကျွန်မသား လေးငဲ့ပြီး နောက်အိမ်ထောင်မပြုခဲ့ ဘူး။ အရွယ်ကောင်းတုန်းဆို အသက် (၃၀) ပြည့်ပြည့်ပဲရှိသေးတာ။

ပထွေး အဖေ မခေါ်စေချင်လို့ ပေါ့။

ကျွန်မတို့သားအမိ ဖြစ်သလို ကြုံရာအလုပ်သိမ်းကျုံးလုပ်နဲ့ လော ကြုံကြုံခဲ့ပြီး ဘဝရပ်တည်ရှင်သန်ခဲ့တယ်

ဒီလိုနဲ့ သားလေးကျော်လှ ရွာ တန်းကျောင်းက (၄) တန်းအောင်ပြီ ကျောင်းဆက်မနေတော့ဘဲ အပြင်ထွ အလုပ်လုပ်ခဲ့တယ်။ ကျွန်မလည်း ကျောင်းစရိတ်မတတ်နိုင်လို့ မတား ဘူး။

❖

ကျော်လှအလုပ်က ဆိုင်ကယ် ကယ်ရီသမား။ နေ့စဉ် မှော်ဘီနဲ့ ဦးပေါ် ကာကုန်း၊ ရွာနီးချုပ်စပ်ပြေးဆွဲနေတ လူတစ်ယောက် (၅၀၀)၊ (၁၀၀၀) တယ်။

တစ်ခါတလေ ဆိုင်ကယ်အော် ခေါ်ခံရရင် (၁၀၀၀၀)၊ (၁၅၀၀၀) တယ်။ တစ်နေ့တစ်နေ့ ဓာတ်ဆီဖိုး သောက်စရိတ်နုတ်ပြီး (၄၀၀၀)၊ (၅၀၀






www.burmeseclassic.com

www.burmeseclassic.com

…သောက်တော့ကျန်တယ်။ ကျော်လှက …လိပ်၊ အရက်တော့ မသောက်တတ် …။ လက်ဖက်ရည်၊ ကွမ်းယာတော့ …င်းဘူး။ နည်းနည်းပါးပါးပေါ့။

ဆိုင်ကယ်က အုံနာခမပေးရဘူး။ …ယ်ပိုင်ဆိုင်ကယ်လေ။ ကမ်ဘို (Kan Bo 125) အမျိုးအစား တစ်ပတ်နွမ်းပေါ့။ …င်ဟဲဆိုလားပဲ။ လိုင်စင် အပါအဝင် … သိန်း (၇) သောင်းပဲ ကျတာ။

ကျော်လှကတော့ ရသမျှပိုက်ဆံ …မှုထံ မှန်မှန်အကုန်အပ်ပါရဲ့။ ဒါပေ… လက်ထဲနွေးအောင်မထားလိုက်ရ…။

မကြာပါဘူး။ သူလည်း အခြားရွာ… မိန်းကလေးစျေးသည်မနဲ့ ဆိုင်ကယ် … ပို့လုပ်ဖန်များတော့ ကြိုးချင်းထား …ချင်းငြိ၊ အိုးချင်းထား အိုးချင်းထိပြီး …သူတွေဖြစ်သွားကြပါရော။

ကောင်မလေးနဲ့ကဘဝတူ။ သူက …မေမရှိတော့ဘူး။ အဖေ မုဆိုးဖိုကြီးနဲ့ …တူနေ စျေးရောင်းကျွေးတယ်။ …ဘူချင်း၊ ဖွတ်ဖွတ်ခြင်းကိုက်လို့မှ …တွက်မထမယ့်ဟာ။ အေးလေ - သူ့ …ာပဲပေါ့။ သားနဲ့ ပတ်သက်မှတော့ ချစ်ရမှာပဲ။

နာမည်လေးက အေးကြည်မတဲ့။

ကောင်မလေးက မဆိုးပါဘူး။ အသားလတ်လတ်၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းပါးလေးနဲ့ လုံးကြီးပေါက်လှပေါ့။ အလိမ္မာအိမ်ပါမလေး။ လိမ္မာရေးခြားရှိပုံပဲ။ စျေးရောင်းကျွေးတယ်။ စီးပွားရေးနားလည်တယ်။ အတွက်အချက်လည်းလည်တယ်။ မှော်ဘီစျေးနဲ့ ရွာသယ်စျေးရောင်းတယ်။

ပဲသီး၊ အာလူး၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီ၊ မုန့်ဟင်းခါးထုပ်၊ တညင်းသီး၊ ပဲခြမ်း၊ လက်ဖက်၊ အကြော်စုံ ရာသီကုန်ပေါ့။

သူ့အလုပ်ကလည်း မဆိုးဘူး။ တစ်နေ့ (၁၀၀၀)၊ (၁၅၀၀) စီတယ်။ နေ့ထွက်ကိုက်တယ်။

ချွေးမလေး ရောက်လာခါစက တော်ရှာပါတယ်။ ယောက္ခမပေမယ့် မိဘနဲ့မခြားပြုစုတယ်။

ညတိုင်း သားနဲ့ချွေးမက ခြေဆုပ်လက်နယ်ပြု၊ နင်းနှိပ်ချိုးဖဲ့ပေး အားလုံးအဆင်ပြေလို့။ စကားလက်ဆုံပြော မကုန်နိုင်၊ ရယ်ရယ်မောမောပျော်ပျော်ရွှင်ရွှင်ပေါ့။

အိပ်ရာဝင် ကိုယ်က ဆုတွေဘာတွေပေး။

ဘုန်းကြီးလို့ သက်ရှည်ပါစေ၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်နဲ့။

❖

မနက်တိုင်း ချွေးမ စျေးရောင်းသွားတော့ ကျွန်မက အိမ်စောင့်။ အသက်အရွယ်လေးထောက်လာတော့ အို ပယ်ပေါ့။ အိမ်မှာ ခွေးမောင်း၊ ကြက်နှင်၊ ကျီးခြောက်တာဝန်။ ထမင်း၊ ဟင်း အဆင်သင့် ချက်ပြုတ်ထား။ အဝတ်လျှော်ဖွပ်၊ ပန်းကန်ဆေး၊ ရေခပ်၊ တံမြက်လှည်း၊ အိမ်မှုကိစ္စ ဗာရီရတွေလုပ်ထားနှင့်။ ချွေးမပြန်လာမှ သူတို့စားချင်တဲ့ ဟင်းချက်ခိုင်းခဲ့ပြီး ရွာထဲစျေးရောင်းထွက်တယ်။

ကျော်လှကတော့ နေ့ခင်း ထမင်းပြန်မစားတာများတယ်။ ညနေစောစော အလုပ်သိမ်းပြီးပြန်လာတတ်တယ်။

ဆိုင်ကယ်ဆွဲခ ပိုက်ဆံတော့ ကျွန်မကို မအပ်တော့ဘူး။ သူ့မိန်းမ အကုန်အပ်တယ်။ တစ်ခါတစ်ရံ အသုံးလိုမှ (၁၀၀) မျိုး၊ (၂၀၀) မျိုး လက်ဖြန့်ခံတောင်းရတော့တာပဲ။ ရှက်ဖို့လည်း ကောင်းပါရဲ့။

❖





www.burmeseclassic.com

www.burmeseclassic.com

သား၊ ချွေးမနဲ့နေလာခဲ့တာ နှစ်ချီကြာပေမယ့် တစ်ခါမှ ခွန်းကြီးခွန်းငယ် စကားမများရဘူး။ ရန်မဖြစ်ခဲ့ရဘူး။ စိတ်ဆိုး၊စိတ်မကောက်ခဲ့ရဘူး။ တစ်ယောက်နဲ့တစ်ယောက်နားလည်ခွင့်လွှတ်တယ်။ သည်းညည်းခံတယ်။

ဒါပေမယ့် ကျွန်မဘဝအလှည့်အပြောင်းက ကံမကောင်းခဲ့ဘူး။ ကျွန်မဘဝ၊ ကျွန်မကံကြမ္မာပဲ အပြစ်တင်ရမလား။

ကျွန်မချွေးမ အေးကြည်မမောင်မောင်ထွန်းလေး ကိုယ်ဝန်စရ မွေးဖွားပြီးချိန်၊ အရွယ်ရောက်ကတည်းက ကျွန်မတို့ချင်း အဆင်မပြေတော့ဘူး။ ကလေးအကြောင်းပြု ယိုးမယ်ဖွဲ့ပြီး အဲဒီထဲက အဆင်မပြေလိုက်တာ သူ့သား မူလတန်းကျောင်းတတ်တဲ့အရွယ်။

"အိမ်က ကလေးက ဒီနေ့မနက်ထမင်းကြမ်းစားမသွားဘူးဆို။ တော်က ကလေးဆို ချော့မော့မကျွေးဘူးလား"

ချွေးမဖြစ်သူက ဈေးဗန်းခေါင်းပေါ်ကချ ရောက်မဆိုက်ဘဲ ဆူတော့ပူတော့တယ်။

မျက်နှာက သုန်သုန်မှုန်မှုန်အောင့်သိုးသိုး စူချိတ်ချိတ်။

"အေး - ငါကတော့ ချော့ကျွေးတာပဲ။ ထမင်းနွေးဆီဆမ်း၊ ဆားဖြူးပြီး ပဲပေါင်းနဲ့ နယ်ကျွေးတာပဲ။ တို့ဟူးသုပ်၊ ပဲခြမ်း၊ လက်ဖက်နဲ့ပဲ။ ဒီနေ့ကျမှ ညည်းသားက ဗွေဖောက်ပြီး ဒီဟင်းနဲ့မစားချင်ရတာနဲ့၊ ဟိုဟင်းမကြိုက်တာနဲ့။ ဟင်းကြေးများနေတာ။ ရှိတာနဲ့ ထည့်ကျွေးတာပဲ။ မစားချင်လို့ မဆာလို့နေမှာပေ့ါအေ"

ကျွန်မက အကျိုးအကြောင်း ရှင်းပြတော့ သူက -

"ကလေးပဲတော်၊ ဒီလောက်တော့ရှိမှာပေ့ါ။ သူမှမကြိုက်တဲ့ဥစ္စာ။ ဒိပြင်ဟင်းပြောင်းကျွေးမှပေ့ါ။ ကြက်ဥပြုတ်ကလေးဘာလေးပေ့ါ။ တော့်ဟာက ဒီထစ်ဆိုဒီထစ်။ အမေမှာတဲ့ ဆန်တစ်ခွဲသုံးစိတ်နဲ့မလဲဆိုတဲ့လူစားမျိုး။ ကလေးက နေ့လယ် (၁၁) နာရီကျမှ ကျောင်းဆင်းမှာ။ အိမ်ကလည်း မုန့်ဖိုးမပေးလိုက်ရနဲ့ သူ့ခမျာဆာမှာပေ့ါ။ ကိုယ်ချင်းစာကြည့်လေ"

ချွေးမက ကျွန်မလုပ်ပုံကို မကျေနပ်ပါ။ ပွစိပွစိမြည်တွန်တောက်တီးထွက်သွားလေရဲ့။ သားဖြစ်သူ ကျော်လှတော့ ပြန်မရောက်သေးဘူး။

ကျော်လှပြန်ရောက်တော့ နေ့ခင်းက အဖြစ်အပျက်ပြောပြ တိုင်တော့တာပဲ။

ဒီအခါ ကျော်လှက မိန်းမဘက်ခပ်ပါပါ။

အမေလုပ်တဲ့ ကျွန်မကိုပဲ အပြစ်မြင်၊ အပြစ်တင်တယ်။

"ဟုတ်သားပဲ အမေကလည်း၊ ကလေးကို ချော့ကျွေးမှပေ့ါ။ ကျုပ်တို့ဘယ်သူ့ကို အားကိုးရမလဲ။ ဒီလိုသာ အမေနဲ့ ကလေးပစ်ထားခဲ့ရရင် ရှေ့လျှောက်မလွယ်ပါဘူး။ ကျွန်တော်တို့ဘယ်သူ့ကိုယုံရမှာလဲ။ ခုတစ်လောအလုပ်ကလည်း သိပ်မှမဖြစ်။ ခါတိုင်းလိုမဟုတ်ဘူး။ အိမ်ရောက်တော့လည်း ပူဂျီပူဂျီတစ်မျှောင့်။ ကျုပ်တော့ စိတ်ညစ်တာပါပဲဗျာ"

ကျော်လှ ပြောပြောဆိုဆို အနားက ထွက်သွားတယ်။ ကျွန်မဘာမှတော့ ပြန်မပြောမိ။ သားလုပ်ပုံကို ကြည့်ပြီး ရင်မောတာပဲပြောတတ်တယ်။

ချွေးမဖြစ်သူကတော့ အနီးအပါးမှာမရှိတော့။ ဘေးအိမ် တခြားအိမ်ကို ရှောင်ထွက်သွားခဲ့ပြီ။

❖

ကျွန်မ သားနဲ့ ချွေးမ မရှိခိုက်အိမ်မှာ တစ်ယောက်တည်းအတွေးနယ်ချဲ့နေမိတယ်။

သားနဲ့ ချွေးမ ဆက်ဆံပုံက အရင်လိုမဟုတ်တော့။ ဆက်ဆံရေးကျဲသွားတယ်လို့ ထင်မိတယ်။ ညအိပ်ရာဝင်အရင်လို ခြေဆုပ်လက်နယ်မပြုတော့။ ဖာသာလဝါနေလာတယ်။ ခေါ်ခေါ်ပြောပြောဆက်ဆံတာမရှိ။ မေးထူးခေါ်ပြောအဆင့်လောက်သာ။

ချွေးမက တစိမ်းမို့ထားတော့။

ကိုးလလွယ်၊ ဆယ်လဖွား သားကလည်း အမေ့ကို ပစ်ပယ်ပယ်။ လျစ်လျူရှုထားရက်တယ်။

ကလေးကိုလည်းဆို ဆိုပြန်ပြီ။ မာန်၊ မာန်ပြန်ပြီ။ ငေါက်၊ ငေါက်ပြန်ပြီ။ ဘာဆိုဘာမှဆိုဆုံးမလို့မရ။ အမြဲတမ်းဟန့်ထားတယ်။ သူက ကလေးနဲ့ ဘာမှမဆိုင်ဘူး။ မပတ်သက်တဲ့ပုံ။

ကိုယ်ကတော့ ကိုယ့်မြေးလေးပဲချစ်တာပေ့ါ။

ဒါလည်း ကိုယ်သွေးပဲလေ။

သားအချစ်၊ မြေးအနှစ်တဲ့။

သားကလေးတစ်ယောက်တည်းမို့ အလိုလိုက်ထားတယ်။ ဖူးဖူးမှုတ်၊ အရှူးအမူးပဲ။

အလိုလိုက် အမိုက်စော်ကားတဲ့၊

သားလေးကလည်း တစ်ယောက်တည်းမို့သာ။ သားဆိုမှသား။ ဘာဆိုးသလဲ မမေးနဲ့။ ဆိုးမှဆိုး၊ တာတေလန်လို့။ မိဘ မိဘမမှတ်၊ အမေကြီး အမေကြီး မမှတ်နဲ့။

ဒီကလေး မွေးပြီးကတည်းက ကျွန်မအပေါ် ဆက်ဆံတဲ့ သူတို့အပြုအမူတွေ အပြောင်းလဲကြီးပြောင်းလဲသွားခဲ့တာ။

ပြဿနာက အကြီးအကျယ်စပြီ၊

ကျွန်မတစ်ယောက်တည်း ပူအိုက်တဲ့ညတစ်ညမှာ လေသာသာပြတင်းပေါက်နားသွားအိပ်မိတယ်။ အဲဒီညအာရုံကြောအအေးပတ် လေဖြတ်သွားပါလေရော။ နုရာဝဲစွဲ လဲရာသူ့ခိုးထောင်းရတဲ့အဖြစ်မျိုး။ အလိုလိုအိမ်က မသာကြည်တဲ့အထဲ။

သူများထူမှ မ, မှကြွနိုင်။ အောက်တစ်ပိုင်းသေလို့။ ခြေတွေလှုပ်ရှားမရ၊

ထမင်း၊ ဆန်ပြုတ်တောင်မှ သူများခွံ့ကျွေးမှစားနိုင်တယ်။ ဆီး၊ ဝမ်းက အစ သူများ ချီပွေ့ပို့မှ ရောက်တော့တယ်။ ဒီကိစ္စအဝဝကို သားဖြစ်သူ အိမ်မှာရှိမှလုပ်နိုင်တာ။ ကိုယ့်ဟာကို မသွားနိုင်ဘူး။ ချွေးမဖြစ်သူကတော့ ကျွန်မကိုယ်ကြီးမနိုင်လို့တဲ့လေ။ အဲဒီနေ့က စပြီး အိမ်ဝေယျာဝစ္စ ဗာဟီရအလုပ်နဲ့ ကလေးထိန်းဖို့ တာဝန်မယူနိုင်တော့ဘူး။ အိမ်မှာ အိပ်ရာထဲပဲ လဲလျောင်းနေရတယ်။ ကြာတော့ သူတို့ကမကြည်တော့ဘူး။ အလုပ်ကတစ်ဖက် အိမ်ကလူမမာပြုစုရတာနဲ့၊ အိမ်အလုပ်၊ ကလေးပြုစုရနဲ့ ဈေးရောင်းထွက်ရတာတစ်မျိုးနဲ့ ကျွန်မကို ပိုပြီး ငြိုငြင်လာတယ်။ သေတာကလည်း တန်းမသေ။ ဘယ်အချိန် ဘယ်ကာလအထိ ပြုစုနေရမှာလဲ တွေးမိမှာပေ့ါ။

ကျွန်မကတော့ အိပ်ရုံနဲ့ စားရုံလူပိုသက်သက်ပဲ။ တစ်ခါတလေ အိမ်သာချီမယ့်ပွေ့မယ့်သူမရှိတော့ အိပ်ရာထဲ တပိုတပါးသွားမိတယ်။ ဒီအခါ အိမ်ကို စောစောပြန်ရောက်နှင့်တဲ့ ချွေးမဖြစ်သူက ဒေါသူပုန်ထဆူတော့ပူတော့တာပဲ။ ညစ်ပတ်တယ်၊ ကျက်သရေမရှိဘူး။ နေတဲ့အိမ်၊ အိမ်သာမဟုတ်ဘူး ဘာညာလေးနဲ့ ခုနစ်စင်တန်းအောင် ဆူတော့ပူတော့တာပဲ။ ကျွန်မလည်း ကိုယ့်အပြစ်နဲ့ကိုယ် ဘာမှခွန်းတုံ့မပြန်ရ ရင်ငုံနှုတ်ပိတ် ခေါင်းငုံ့ပဲခံလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

…ဖြစ်သူပြန်လာလည်း ချွေးမအကိုင်း …တော့တာပဲ။ ကြာတော့ စိတ်ညစ် …ယ်။ ပြုစုမယ့်သူမရှိ၊ တစ်ခါတစ်ရံ …တာတောင် ကြိတ်မှိတ်မျိုသိပ် …ရတယ်။ ခပ်ပေးမယ့်လူမရှိဘူး။ …ာက် ဝင်္ငကြီးတာ ဘယ်ဘဝက …တွေးမှန်းမသိပါဘူး။ ကျန်တဲ့ဘေး …တလူတွေလည်း နေ့ဖို့ညစာအပြေး …ွားရှာစားနေရတဲ့သူချည်းပဲ။ ကိုယ့် …နဲ့ကိုယ်။

❖

တစ်နေတော့ သားနဲ့ ချွေးမ ဘာ …စိတ်ကူးပေါက်လာတယ် မသိဘူး။

"အမေ၊ ဒီလိုချည်း ကြာရှည်နေ …ကောင်းဘူး။ ဆေးရုံ ဆေးခန်းသွား …သမှုခံယူရအောင်"

လို့ ပြောပြီး အိမ်ပေါ်က ပွေ့ချ …ငှားခေါ်လာတဲ့လှည်းပေါ်တင်တယ်။ …တော့ လှည်းမောင်းထွက်ခဲ့တယ်။ …က မှောင်ရီပျိုးစဆိုတော့ ဘယ် …လို့မောင်းမှန်း မခန့်မှန်းတတ်ဘူး။ …မောင်းရင်း လှည်းပေါ်မှာ စဉ်းစား …အင်း - ရောဂါဖြစ်စက ဆေးကု …။ အခုမှအကြံဉာဏ်ရစိတ်ကူးမိ …တယ်။ နဂိုတုန်းက ဒီလိုသာစိတ် …ပေါက်ခဲ့ရင် ငါဒီလောက်ခံစားရမှာ …တ်ဘူးလို့တွေးမိတယ်။ မကြာခင် …ရပ်တယ်။ လှည်းပေါ်ကပွေ့ပြီး …င်ပေါ်ချတယ်။ ဘာမပြောညာ …နဲ့ လှည်းထွက်ခွာသွားတယ်။

ဇွင်းပြင်ထဲမှာ လေတဟူးဟူးနဲ့။ …ထဲ ချမ်းစိမ့်စိမ့်တောင်ဖြစ်လာ …။ ငါဘယ်ရောက်နေပါလိမ့်။ သူတို့ …တဲ့ ဆေးခန်းကဘယ်မှာပါလိမ့်လို့ …ယ်ရောင်နဲ့ ဘေးဘီအကဲခတ် …လိုက်တော့ ပတ်ဝန်းကျင်မှာ …င်အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အုတ်ဂူဖြူ …အထင်းသားမြင်လိုက်ရတော့ … ဆိုပြီး ဘုရား,တမိလိုက်တယ်။ …ပြီး ကျောချမ်းလို့ ခေါင်းနားပန်း …သွားတယ်။ ဪ - မသေသေးဘဲနဲ့ …အရှင်လတ်လတ် သင်္ချိုင်းကုန်းလာ …သွားတာကိုးလို့ သိလိုက်ရတယ်။ …နောက် ကျွန်မလည်း ဘုရားဂုဏ်၊ …ဂုဏ်၊ သံဃာ့ဂုဏ်၊ ဆရာသမား၊ …ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး …စားလို့ ဖင်တရွတ်ဆွဲ တရွေ့ရွေ့နဲ့ …ပြန်ခဲ့တယ်။ ည(၉း၃၀)မှာ ရွာရောက် …တယ်။

ရွာအစွန်မှာရှိတဲ့ မောင်ကျော်မြင့်ထွန်း မဖြူဖွေးတို့အိမ် လှမ်းခေါ်ပြီး ဖြစ်ကြောင်းကုန်စင်ပြောပြတော့ ဖြူဖွေးက နားထောင်ရင်း စုတ်တသပ်သပ်နဲ့ သနားနေတယ်။ ကျော်မြင့်ထွန်းကတော့ အနားလာ ငေးငေးကြီးနားထောင်လို့။ အဲဒီအချိန်မှာ သူတို့သားသမီးတွေကတော့ အိပ်မောကျနေပြီ။ ဖြူဖွေးကတော့ သူ့အိမ်က မရှိ၊ ရှိရာဟင်း ငါးဟင်းနဲ့ ထမင်းခူးခပ်ကျွေးတယ်။ အဲဒီည အဲဒီအိမ်မှာပဲအိပ်လိုက်တယ်။

ကိုယ့်အိမ်ကိုတော့ မပြန်တော့ဘူး။ မပြန်ဝံ့မပြန်ရဲဘူးလေ။ ကိုယ့်ကို မကြည်ဖြူ မနှစ်သက် အလိုမရှိတော့တဲ့ဟာကို သူတို့မှီ စိတ်ကူးနဲ့ရရ လုပ်ရက်တယ်။

❖

ကျွန်မ ကုသိုလ်ကံကောင်းလာပြီဆိုရမှာလား။

ဝဋ်ကြွေးဆပ်လို့ကျေသွားပြီပြောရမလား။

ကျွန်မ ကောင်းစဉ်တုန်းက အမြဲဝတ်ပြုတယ်။ အိမ်ကဘုရားမှာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတိုင် အမြဲကပ်တယ်။ ဘုရားရှိခိုး၊ ငါးပါးသီလခံ၊ မေတ္တာပို့၊ အမျှဝေ၊ သရဏဂုံနဲ့ ဂုဏ်တော်ကိုးပါး အမြဲပုတီးစိပ်တယ်။

ရွာထဲရှိသမျှလူအားလုံးနဲ့ သင့်အေးခင်ပေါင်းတယ်။ ကိုယ်နဲ့မသင့်တဲ့သူမရှိဘူး။ ကိုယ့်ထက်သာ မနာလိုမရှိဘူး။ ကိုယ့်ထက် ချမ်းသာတဲ့သူကို မုဒိတာပွား၊ ကိုယ့်ထက်နိမ့်ကျ ဆင်းရဲနွမ်းပါးတဲ့သူကို စာနာသနား ပေးကမ်းစွန့်ကြဲတယ်။ ဒါကြောင့် ရွာထဲက မခင်သူမရှိဘူး။ ခေါ်ပြောဆက်ဆံ အလှူမင်္ဂလာတွေမှာလည်း အထူးဖိတ်ကြားခံရတယ်။

ဖြူဖွေတို့အိမ်မှာ နေနေခိုက်မှာ ကံကောင်းတော့ လူမှုကူညီရေးအဖွဲ့က ငွေကြေးနဲ့ ဆေးဝါးထောက်ပံ့သွားတယ်။ ရွာကို မကြာခဏလာတဲ့ ကျန်းမာရေးမှူးလေးက ဇီဝိတဒါနဆိုပြီး ဆေးအခမဲ့ထိုးပြီး စားဆေးပေးတယ်။ ရွာထဲက အနှိပ်သည်ကလည်း သွေးကြောလေကြောဖွင့်ပေးမယ်ဆိုပြီး အလကားနှိပ်ပေးသွားသေးတယ်။ ဘာကကောင်းပြီး ဘာကစွမ်းလို့ အခန့်သင့်တယ်မသိဘူး နောက်ရက်တွေကစပြီး ကျွန်မခြေတွေပေါ့ပါးသွားသလို ခံစားရတယ်။ ခြေကိုတဖြည်းဖြည်း အားယူမြှောက်ကြည့်တော့ကြွတက်လာတယ်။ ဝမ်းသာလိုက်တာ၊ ဘယ်လိုပြောရမယ်မသိဘူး။ မျက်ရည်များတောင်ကျမိရဲ့။ နောက်ရက်ကစပြီး တောင်ဝှေးအကူအညီနဲ့ လမ်းလျှောက်ကြည့်တာ ရပြီ။ ကတုန်ကယင်တော့နေသပေါ့။ ဪ - သူတော်ကောင်း နတ်ကောင်း စောင့်မတယ်ထင်ပါ့။

❖

တစ်နေ့ နေ့လယ် (၁) နာရီထိုးလောက် ရွာလယ်က -

"မီးဗျို့မီး"

လို့ အော်သံကြားရဲ့။ သံချောင်းခေါက်သံကြားရဲ့။ သံချောင်းမွှေလို့။ ရွာထဲရှိသမျှ ယောက်ျား၊ မိန်းမ ရေပုံးဆွဲသူကဆွဲ၊ ရေအိုးရွက်သူကရွက်နဲ့ ရွာလယ်စုရုံးပြေးလွှားကြနဲ့။ ပြေးသူကပြေး၊ ခွေးတွေကတစီစီ၊ တချို့အိမ်က နွားတွေလန့်လို့ကြိုးရုန်းလို့၊ နားရွက်တစွင့်စွင့်။ မျက်ဆန်တပြူးပြူး။ မကြာမီ မီးကငြိမ်းသွားပြီ။ လူကနိုင်လို့ထင်ပါ့။

ကျွန်မ ကြားလိုက်ရတာက ကြားရ ကြားရ နားဝမှာ မသက်သာ ဆိုတဲ့အတိုင်းပါပဲ။ ရွာလယ်မှာလောင်တာက ကျွန်မအိမ်လေးတဲ့။ အဲဒီနေ့လောင်တဲ့မီးက ပေါ့ဆမီး၊ ဝါယာရှော့မီး၊ ရှို့မီးမဟုတ်ဘူး။ လောင်မီးကျတာတဲ့လေ။

ဘယ့်နှယ်တော် - မိုးဦးကျ ရွာတ်တရက် နေသာသာမှာ မိုးတိမ်တွေတက်လာ၊ လျှပ်စီးတွေဝင်း၊ မိုးခြိမ်းသံတွေပေး၊ မိုးကြိုးတွေထစ်၊ ပစ်နဲ့ မကြာမီ ကျွန်မအိမ်လေး မီးလောင်တော့တာပဲ။ ကျော်လှနဲ့ သူ့မိန်းမ်အလုပ်ကပြန်လာကလေးလည်းရှိနေသတဲ့။ ကျောင်းပိတ်လို့ ဘယ်မှမသွားတဲ့အချိန် အားလုံးအိပ်ပျော်နေတုန်း လောင်မီးကျတာတဲ့။ သိမ်းဆည်းချိန်၊ ပြေးလွှားရှောင်ချိန် မရလိုက်ဘူး။ တစ်အိမ်လုံး မီးသဂြိုဟ်ပြီးသားပဲ။ ဘေးအိမ်တွေကပ်လို့။ ထူးဆန်းတယ်။ ဝိုင်းငြိမ်းသတ်ပေမယ့် မရဘူးတဲ့။ တစ်အိမ်လုံး ပြာကျမှ အလိုလိုမီးငြိမ်းသွားတော့သတဲ့။

ကျွန်မလား၊ မနှမြောမိပါဘူး။

လောင်မီးကျလျှက် နတ်တို့စက်ဆိုတာ ဒါမျိုးထင်ပါ့။

နတ်သိကြားတွေ ဖန်တီးတာနေမှာပါ။

ကျွန်မသား၊ ချွေးမနဲ့ မြေးလေးတော့ ကရုဏာသက်မိပါရဲ့။ သူတို့ထိုက်နဲ့သူတို့ကံပေါ့။

မီးငြိမ်းမှ မီးလောင်ပြီး သေဆုံးခဲ့တဲ့ လူသုံးယောက်ကိုပြာပုံထဲကဆွဲထုတ်၊ မှော်ဘီရိုက သေမှုသေခင်းနဲ့ မှတ်တမ်း

www.burmeseclassic.com



အေးချမ်းအောင်(ရမည်းသင်း)

# နားအူးနားလေးအတွက်ဓာတ်စာ

"လာဗျို့ထိုင်၊ ခင်ဗျား ခုတစ်လော မရောက်တာကြာပြီ။ ကျွန်တော်ဖြင့် နေထိုင်မကောင်းလို့လားဆိုပြီး ခင်ဗျားညီတော်မောင်နဲ့တွေ့တော့ မေးနေသေးတယ်"

"နေကောင်းပါတယ်။ ကျွန်တော်အဒေါ်ပေါ့ဗျာ၊ နေမကောင်းတာက ပျောက်သွားတော့ နားလေထွက်၊ နားအူသွားတယ်။ နားလေးချင်သလိုဖြစ်နေတာနဲ့ ဟိုဆေးခန်းပြ၊ ဒီဆေးခန်းပြနဲ့ဗျာ။ ခုတစ်လော ဘယ်ကိုမှလဲ မရောက်ဖြစ်ဘူးဗျို့"

ဟု ကိုသင်းမောင် ချပေးသော ကုလားထိုင်တွင်ဝင်ထိုင်ရင်း ပြောလိုက်လေသည်။

"အခု ကောင်းသွားပြီလား"

"မကောင်းသေးပါဘူးဗျာ၊ ဒေါ်လေးက ငါတော့ နားပင်းတော့မှာပဲ ဆိုပြီး တညည်းညည်းနဲ့ပါပဲဗျာ"

"ခင်ဗျားဒေါ်လေးက အရွယ်ကလည်းရလာပြီ။အသက်ကြီးလာရင် ဒီလိုဖြစ်တတ်တာ သဘာဝပဲဗျာ။ ဒါပေမယ့် ခင်ဗျားဒေါ်လေး နားအူ၊ နားလေးသလိုဖြစ်နေတာ အနောက်တိုင်းဆေးတွေချည်း အားမကိုးဘဲ တိုင်းရင်းဆေးကော သုံးမကြည့်ဘူးလား"

"တိုင်းရင်းဆေးတော့ သုံးမကြည့်ရသေးဘူးဗျ။ ဒေါ်လေးက အနောက်တိုင်းဆေးတွေမှ အထင်ကြီးချင်နေတာဆိုတော့ ကျွန်တော်တို့လည်း တိုင်းရင်းဆေးဘက်ကို အတွေးမရောက်ခဲ့ဘူး"

"အဲဒါ အတွေးအမြင်လွဲနေတာဗျ သိလား၊ အင်္ဂလိပ်ဆေးလို့ခေါ်တဲ့ အနောက်တိုင်းဆေးတွေမပေါ်ခင် ဟိုးရှေးပဝေသဏီကတည်းက ကိုယ့်တိုင်းရင်းဆေးတွေနဲ့ ရောဂါဝေဒနာကို ကုသပျောက်ကင်းခဲ့ကြလို့ လူ့သမိုင်းကို တစ်ခေတ်ပြီးတစ်ခေတ် ထူထောင်လာခဲ့ကြတာနှစ်တွေထောင်ချီရှိလာခဲ့ပြီးမှ နောက်မှပေါ်လာတဲ့ အနောက်တိုင်းဆေး ရွှေကြာပင်ကို အထင်ကြီးတာ၊ ကိုယ့်တိုင်းရင်းဆေးကို အထင်မကြီးတော့ဘဲ ပစ်ပယ်ထားချင်တာပါ။

ကျွန်တော် ပြောလိုတာက အနောက်တိုင်းဆေးမကောင်းဘူးလို့ ပြောတာ မဟုတ်ဘူးနော်။ တိုးတက်လာတဲ့ခေတ်နဲ့အတူ အနောက်တိုင်းဆေးဟာလည်း ခေတ်နဲ့တစ်ပြေးညီတိုးတက်လာသလို လူတိုင်းလိုလို အားကိုးအားထားပြုနေကြရတာ ငြင်းစရာမလိုအောင် လက်ခံပါတယ်။

အဲဒီလို အနောက်တိုင်းဆေးတွေကို မှီတွယ်လာနေကြတဲ့ ဒီနေ့ခေတ်ကာလကြီးမှာ ကိုယ့်တိုင်းရင်းဆေးကို ဘေးဖယ်လာကြတယ်။ ကိုယ့်တိုင်းရင်းဆေးတွေက မစွမ်းတော့ဘူးလား ဆိုတော့ မဟုတ်ပါဘူး။ အမှန်တကယ်တတ်ကျွမ်းတဲ့တိုင်းရင်းဆေးဆရာကြီးတွေ တဖြည်းဖြည်းနဲ့ နည်းသွားတာအတွက်ကြောင့်လည်းပါတယ်။ တိုင်းရင်းဆေးဆရာနည်းသွားတော့ တိုင်းရင်းဆေးနဲ့ကုသချင်ကြသူတွေကလည်း ဆေးရုံ၊ ဆေးခန်းရောက်သွားကြရော။

ဆေးရုံ၊ ဆေးခန်း ဆိုတာတွေက မြို့တိုင်း၊ ဒေသတိုင်းမှာ ရှိနေကြတယ်။ တိုင်းရင်းဆေးကုသခန်းတွေကျတော့ မြို့တစ်မြို့မှာ ဆေးခန်းတစ်ခန်းတောင် မရှိကြတော့ တိုင်းရင်းဆေးကို လူတွေက နေရာမပေးသလိုဖြစ်နေတယ်ဗျ။

အခု ခင်ဗျားအဒေါ် နားအူရာကနေ နားလေးသလိုဖြစ်နေတာကို မြန်မာ့တိုင်းရင်းဆေးမှာ ဆေးမြီးတိုနဲ့တင်ပျောက်တယ်။ ငွေကုန်ကြေးကျလည်း မရှိဘူး။ ဘယ်လိုလဲ။ ခင်ဗျားအဒေါ် နားအူ၊ နားလေးနေတာ ပျောက်ချင်ရင်

ကိုသင်းမောင်က သူ့စကား ရပ်ကာ ကျွန်တော့်ကိုမေးရင်း အကဲ သလိုကြည့်လေသည်။

"ရောဂါပျောက်ဖို့က အဓိကပေ ဗျာ။ ဆေးနည်းပြောပြ ကိုသင်းမော

"ခက်ခက်ခဲခဲ မဟုတ်ပါဘူး ဓာတ်စာပေးကုသတဲ့နည်းပါ။ ခင်ဗ လယ်ကျင်းထဲမှာပွင့်နေတဲ့ ကြောင်လ ပွင့်ကို လယ်ပုစွန်လုံးနဲ့ နှစ်ရက်ခြား အ ချက်ကျွေးလိုက်စမ်းပါဗျာ။

ကြောင်လျှာပွင့်ရဲ့အတွင်းက မှုန်တိုင်လေးတွေကို ဖယ်မစ်ပြီး လ ပုစွန်လုံးနိုင်နိုင်နဲ့ ဆီပြန်အောင်ချက် ကျွေးပေါ့။

အသက်ကြီးသူ ဆိုတော့ အ မကောင်းရင်မဝါးနိုင်တော့ ပုစွန်လုံး ကိုထောင်းပြီး အရည်ညှစ်ချက်ဗျာ"

ဟု ကိုသင်းမောင်ပေးလိုက်သေ ဓာတ်စာဆေးနည်းအတိုင်း အဒေါ် သုံး၊ လေးကြိမ် ချက်ကျွေးခဲ့ပြီးနော အဒေါ်တွင်ခံစားနေရသော နားအူ နားလေးသလိုဖြစ်နေသည့် ဝေဒနာ ဘယ်အချိန်ပျောက်သွားသည်ကို အ ကိုယ်တိုင်ပင် သတိမထားမိလိုက်ပါ။

ဒီတစ်ခေါက် ကိုသင်းမောင် ရောက်ခဲ့လျှင်တော့ ဝမ်းသာစကား အတူ ကျေးဇူးတင်စကားကိုပါ ဆိုရ မည်။

အေးချမ်းအောင်(ရမည်းသင်

လုပ်၊ မီးစတင်လောင်ကျွမ်းတဲ့သူကို မီးမရှိသေမှု၊ မီးပေါ့ဆမှုနဲ့ အရေးယူအပြစ်မပေးနိုင်တော့ဘူးလေ။ ပိုင်ရှင်ကသေသူပဲကိုး။

လူမိုက်ကြီး၊ မိန်းမစကားနားယောင် နားထောင်လို့ မိခင်အရင်းကိုတောင် သချိုင်းကုန်းစွန့်ပစ်ရက်တဲ့သားကလေးက အဆစ်ပါသွားသေး။ မင်းတို့သွားရမယ့် လားရာဂတိကို ငါမြင်ယောင်မိပါတယ်။ သူတော်ကောင်းဖြစ်မှားရင် နေ့မကူးဘူး၊ ကံကြီးထိုက်တတ်တယ်ကွယ့်။ မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ခေတ်ကြီးနော်။ နတ်တွေကကြည့်မနေဘူး။ ဘယ့်နှယ်ရှိစ၊ ကံကြီးထိုက်မယ့်သူ ကံငယ်နဲ့မနားဘူးတဲ့။

ကျွန်မလည်း လူမနေ့၊ လူမရှိတဲ့ ဝိုင်းလွတ်ကလေး စပ်ဟပ်ရောင် ခိုကိုးရာမဲ့၊ မှီခိုရာမဲ့ဘဝကို မျှော်ဘီ တရားရိပ်သာမှာ အစားကျွေး၊ တ ပေးလို့မှီ ရိပ်သာဝင်ပြီး သထမ၊ ဝိပ နာတရားအားထုတ်နေမိတယ်။ ကျွ ဘဝ တကယ်အေးချမ်းတဲ့ ဘဝပိုင် နေပါပြီ။

အောင်သိန်း (ပွင့်




www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများအား လေ့လာခြင်း

△ ကြံ့ရတနာ-ဆရာဧယျာလင်း



**အင်းအမှတ်(၂-၉) စန္ဒသူရိယအင်းကြီး**

လက်မှဲ့၊ စကားဝှက်မှဲ့ဖြစ်ပြီး အင်းဂဏန်းသွားကို တိုက်ရိုက် ဖော်ပြသော ဂဏန်းနံပါတ်အင်းမျိုးတွင် စန္ဒသူရိယအင်းတော်ကြီးလည်း အပါအဝင်ပါသည်။ အလွန်ကြမ်းတမ်းသော နတ်ရှုးများကို နှိမ်နင်းရာတွင် ထူးချွန်စွမ်းသောအင်းတစ်ခု ဖြစ်ပေသည်။

အင်းဆန်ဂဏန်းကောက်ယူပုံကား စန္ဒသူရိယအင်းဆိုသည့်အတိုင်း နေမင်းယူဇနာ(၅၀)၊ လမင်းယူဇနာ(၄၉)ကိုပေါင်းသော် (၅၀ + ၄၉ = ၉၉) (အင်းနှစ်ထပ်)ရ၏။ ယင်း(၉၉)ကိုထည့်၍ ခါတ်ကြီးလေးပါးကို အစဉ်လိုက်ဆင့်ဆင့်နုတ်သွားပြီး ရသောအင်းဂဏန်းများကို (၅) ကွက်ပတ်လည် (၅ x ၅ = ၂၅) ကွက်အင်း၌ လက်ယာရစ်ပတ်ရေးသွင်းသွားသော် ဖော်ပြပါ အင်း စန္ဒသူရိယအင်း ဖြစ်လာပေသည်။

| | | | | |
|---|---|---|---|---|
| ၉၉ | ၉၅ | ၉၁ | ၈၇ | ၈၃ |
| ၃၉ | ၃၅ | ၃၁ | ၂၇ | ၇၉ |
| ၄၃ | ၇ | ၃ | ၂၃ | ၇၅ |
| ၄၇ | ၁၁ | ၁၅ | ၁၉ | ၇၁ |
| ၅၁ | ၅၅ | ၅၉ | ၆၃ | ၆၇ |

ဤအင်းကို သိမ်ဝင်သပိတ်ကွဲ စီရင်ရမည်။ စီရင်သောကာလ ဆီမီးတော့ပွဲပေး၍ စီရင်ရပါမည်။ ဆိုးဝါးကြမ်းတမ်းနေသော စုန်းရှူး၊ ကဝေရှူး စုန်းပူး၊ နတ်ပူးများနှင့် ကြုံတွေ့ပါက စန္ဒသူရိယအင်းစောင့်နတ်ဘီလူးအား တိုင်တည် တမ်းတလျက် အင်းကို မှောက်၍ထားလိုက်သောအခါ ချုပ်ပြီး နှောင်ပြီးဖြစ်၏။ အဆင့်မြင့်သော ကဝေပျံ စသော ပညာသည်များပင် မလွတ်နိုင်၊ မရုန်းနိုင်။ ရှေးဆရာများ ဆောင်နေကျ အင်းတစ်မျိုး ဖြစ်၏။

**နမ္မနာအင်းအမှတ် (၂-၁၀) ဈေးခေါ်အင်း**

ဤအင်းသည်လည်း အင်းဆန်ကို ထည့်ပေးထား၏။ အင်းဆန်ကား- ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇။ ဤအင်းဆန်ဂဏန်းများအတိုင်း ဗိုလ်တက်ဗိုလ်ဆင်း ရေးသွင်းစီရင်သော် ဖော်ပြပါ ဈေးခေါ်အင်းကို ရရှိ၏။

| | | |
|---|---|---|
| ၁၀ | ၁၇ | ၁၂ |
| ၁၅ | ၁၃ | ၁၁ |
| ၁၄ | ၉ | ၁၆ |

ဖော်ပြပါအင်းကို ငွေပြားတွင် ရေးထိုးပြီး လက်ဖွဲ့လိပ်၍ ဆောင်ရမည်။ စီရင်သောအခါ ပွဲထိုးရမည်။ မည်သည့်ကုန်မဆို ရောင်းစွံလိုက လက်ဖွဲ့ကို ရေစိမ်၍ပက်ပါလေ။

**၃။ ဗေဒင်အယူအဆ ကိန်းဂဏန်းများအပေါ် အခြေခံစီရင်သော ဂဏန်းနံပါတ်အင်းအမျိုးအစားများ**

မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် ဂဏန်းနံပါတ်အင်းအမျိုးအစားအုပ်စု၌ အထက်တွင် ဥပမာနမူနာအသီးသီးဖြင့် တင်ပြခဲ့သော ရတနာသုံးပါးနှင့်စပ်လျဉ်းသည့် ဂဏန်းနံပါတ်အင်းအမျိုးအစားများ၊ ပုံမှန်ဂဏန်းနံပါတ်အင်းများသာမက မြန်မာ့လက်ဆန်း ဗေဒင်ပညာမှ ဗေဒင်ဆိုင်ရာကိန်းဂဏန်းများ (ဥပမာ- အတွင်းမိတ်၊ အပြင်မိတ်၊ ဓာတ်ဂြိုဟ်၊ ရန်ဂြိုဟ်များကို အသုံးပြု၍ စီရင်အပ်သော)ကို အသုံးပြု၍ စီရင်အပ်သော ဂဏန်းနံပါတ်အင်းအမျိုးအစားများစွာလည်းရှိနေပါသေးသည်။ ထိုသို့သော ဗေဒင်ပညာရပ်ဆိုင်ရာ ကိန်းဂဏန်းများအပေါ် အခြေခံ စီရင်အပ်သော ဂဏန်းနံပါတ်အင်းမျိုးများလည်းရှိနေသေးရာ ထိုအင်းအမျိုးအစားများကို လေ့လာ တင်ပြလိုက်ပါသည်။ ထိုသို့မှ မဟုတ်လျှင် မြန်မာ့အင်းအမျိုးအစားများကို ဖော်ထုတ်ရာ၌ ပြည့်စုံနိုင်မည် မဟုတ်ပါချေ။ သို့ဖြစ်ရာ ဤကဏ္ဍတွင် မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်ဆိုင်ရာ အခြေခံ အယူအဆများကို အခြေပြုလျက် စီရင်အပ်သော ဗေဒင်ပညာရပ်ဆိုင်ရာဂဏန်းနံပါတ်အင်းများအကြောင်းကို အခြေခံ အယူအဆ အကြောင်းချက်များအပေါ် ခွဲခြားလျက် တင်ပြသွားပါမည်။

(က) မိတ်ဂြိုဟ်များ၊ အခြေခံဂဏန်းနံပါတ်အင်းများ။
(ခ) အင်္ဂဝိဇ္ဇာအခါတိုင်များကို အခြေခံဂဏန်းနံပါတ်အင်းများ။
(ဂ) ကြိုရန်၊ စတုရန်းများကို အခြေပြု စီရင်အပ်သော ဂဏန်းနံပါတ်အင်းများ။

**က။ မိတ်ဂြိုဟ်များ အခြေခံဂဏန်းနံပါတ်အင်းများ**

မြန်မာ့ဗေဒင်ပညာရပ်တွင် တနင်္ဂနွေအစ ရာဟုအဆုံး ဂြိုဟ်ကြီးရှစ်လုံးရှိရာတွင် ထိုဂြိုဟ်များကို မိတ်ဂြိုဟ်၊ ရန်ဂြိုဟ်၊ ဥဒါသိန်ဂြိုဟ်၊ ဓာတ်မိတ်၊ ဓာတ်ရန်ဂြိုဟ် စသည်ဖြင့် ဂြိုဟ်များကို အသီးသီး တွဲဖက် သတ်မှတ်ထားရှိပါသည်။ ယခု ဦးစွာဖော်ပြမည့် ဂဏန်းနံပါတ်အင်းမျိုးများမှာ မိတ်ဂြိုဟ်များကို အခြေခံ စီရင်အပ်သော ဂဏန်းနံပါတ်အင်းများ ဖြစ်ကြပါသည်။ ဤနေရာတွင်



www.burmeseclassic.com

www.burmeseclassic.com

ဦးစွာ ရှင်းလင်းလိုသည်မှာ မြန်မာ့ဗေဒင်ပညာ၌ မိတ်ဂြိုဟ်ဆိုရာတွင်လည်း အတွင်း မိတ်ဂြိုဟ် (အချို့က အိမ်ထောင်ဖက်ဂြိုဟ်များဟု မှတ်ယူကြပါသည်) နှင့် အပြင်မိတ်ဂြိုဟ် ဟူ၍ ဖြစ်ကြပါသည်။

အတွင်းမိတ်ဂြိုဟ်တို့မှာ ဦးသာ (ဦး-၁၊ သာ-၆)၊ စိန်ပန်း (စိန်-၃၊ ပန်း-၅)၊ ဒန်းလှ (ဒန်း-၇/၀၊ လှ-၄)၊ ကိုရှာ (ကို-၂၊ ရှာ-၈) ဟူ၍ ဖြစ်ကြပါသည်။

အပြင်မိတ်ဂြိုဟ်တို့မှာ အောင်ပ (အောင်-၁၊ ပ-၅)၊ ကုလား (ကု - ၂၊ လား-၄)၊ ဆွေသား (ဆွေ-၃၊ သား-၆)၊ တော်ရင်း (တော်-၀/၇၊ ရင်း-၈)ဟူ၍ ဖြစ်ပါသည်။

အထက်ပါ အတွင်းမိတ်ဂြိုဟ်၊ အပြင်မိတ်ဂြိုဟ်တို့အား အခြေပြု စီရင်အပ်သော ဂဏန်းနံပါတ်အင်းတို့ကို နမူနာအင်းများဖြင့် တင်ပြလိုက်ပါသည်။

နံသင့်ဂဏန်းတွဲများကို အင်းဆန်အဖြစ် ကောက်ယူ ဖန်တီး စီရင်ထားသော ဂဏန်းနံပါတ်အင်းတစ်မျိုး ဖြစ်ပေသည်။ တစ်ဖန် ဤ'ဦးသာ (၁-၆)၊ စိန်ပန်း (၃-၅)၊ ဒန်းလှ (၇-၄)၊ ကိုရှာ (၂-၈)' ဟူသော ဂြိုဟ်တွဲများ၏ ဂြိုဟ်သက်အသီးသီးကို ပေါင်းကြည့်ပါက သတ္တဗိုသကျေကာ နဝင်းကိုက်နေကြောင်း တွေ့ရပေ

လိုသူနံနှစ်ခုကို ရေးသွင်းပြီး မီးထွန်းပါ[...] သုံးနှင့်လေးပမာ ကျောခိုင်းနေပြီး မသ[...] မြတ်သူများပင်လျှင် ချစ်ခင်မေတ္တာ[...] လာစေနိုင်၏။ အဆောင်အဖြစ် မိမိ[...] သား၌ စီရင်၍ဆောင်သော် ရာဇ[...] က္ကတ္တိ သို့သုံးပါ။ ပြီးစေနိုင်ပေသည်[...]

အင်းအဟိန်းမန္တန်ကား -

ဥုံ - တုဋ္ဌေဟိ တုဋ္ဌေဟိ [...]

| | | | | | | |
|---|---|---|---|---|---|---|
| ဦးသာ (၁-၆) | = | (၆)နှစ် (၁နွေဂြိုဟ်သက်) | + | (၂၁)နှစ် (၆ကြာဂြိုဟ်သက်) | = ၂၇ | = [...] |
| စိန်ပန်း (၃-၅) | = | (၈)နှစ် (၃ဂိုဂြိုဟ်သက်) | + | (၁၉)နှစ် (၅တေးဂြိုဟ်သက်) | = ၂၇ | = [...] |
| ဒန်းလှ (၇-၄) | = | (၁၀)နှစ် (၈နေဂြိုဟ်သက်) | + | (၁၇)နှစ် (၄ဟူးဂြိုဟ်သက်) | = ၂၇ | = [...] |
| ကိုရှာ (၂-၈) | = | (၁၅)နှစ် (၂လ်ာဂြိုဟ်သက်) | + | (၁၂)နှစ် (ရာဟုဂြိုဟ်သက်) | = ၂၇ | = [...] |

တုဋ္ဌေဟိ၊ ပီယေဟိ ပီယေဟိ၊ [...] ပီယေဟိ၊ ပုတ္တပီယာသိန္နေယံ၊ ရာဇ[...] က္ကတ္တိ ပုရိသစိတ္တံ ပီယံမမ။ (၁၀၈) [...] စုတ်။

**နမူနာအင်းအမှတ် (၃-၂)မိတ်ဂြိုဟ်[...] အစီအရင်**

ဤမိတ်ဂြိုဟ်သွင်း ဂဏန်းအ[...] အစီအရင်မှာ အထက်တွင် ပဏာ[...] သည့်အတိုင်း 'အောင်ပ၊ ကုလား၊ [...] သား၊ တော်ရင်း' ဟူသော အပြင်[...] ဂြိုဟ်တွဲလက်ာရ အောင်ပ (၁-[...] ကုလား (၂-၄)၊ ဆွေသား (၃-၆)၊ [...] ရင်း(၇-၈) ဟူသော ဂြိုဟ်တွဲတို့မှ [...] ဆိုင်ရာဂြိုဟ် နေ့နံသင့်ဂဏန်းအတွဲ[...] ဖြစ်ကြသော ၁-၅၊ ၂-၄၊ ၃-၆၊ [...] ဆိုသည့် ဂဏန်းတွဲများကို အင်း[...] ဂဏန်းများအဖြစ် ရေးသွင်းစီရင်[...] သောအင်း ဖြစ်ပေသည်။ အင်[...] ဖော်ပြပါအတိုင်း နမူနာအင်း ရေး[...] ပြသလိုက်ပါသည်။

ဤအင်း၏ အင်းအဟိန်းဂါ[...] ကား -

ဥုံ - တုဋ္ဌေဟိ မမတုဋ္ဌေ[...] သိန္နေဟံ မမသိန္နေဟံ၊ ပိယေဟိ [...] ပိယေဟိ၊ သဗ္ဗက္ကတ္တိရာဇစိတ္တံ၊ စိတ္တံ[...] ဖေဟိဖေဟိ ဆရာကပ်။

ဤဂါထာဖြင့် (၃၇) အုပ်စု[...] ပါမည်။ မျက်နှာပွင့်လန်းစေသော[...] ရက်သားသမီးအပေါင်းတို့ [...] သော၊ ရောင်းပန်းဝယ်ပန်းပွင့်လန်း[...]

**နမူနာအင်းအမှတ်(၃-၁) အတွင်းမိတ်ကြီး ပီယအဆောင်အင်းအစီအရင်**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁၆ | ၃၅ | ၃၄ | ၂၈ | ၃၄ | ၃၅ | ၁၆ | |
| ၁၆ | ၃၅ | ၃၄ | ၂၈ | ၃၄ | ၂၈ | ၃၄ | ၃၅ | ၁၆ |
| ၃၅ | ၃၄ | ၂၈ | ၃၄ | ၃၅ | ၃၄ | ၂၈ | ၃၄ | ၃၅ |
| ၃၄ | ၂၈ | ၃၄ | ၃၅ | ၁၆ | ၃၅ | ၃၄ | ၂၈ | ၃၄ |
| ၂၈ | ၃၄ | ၃၅ | ၁၆ | နံ | ၁၆ | ၃၅ | ၃၄ | ၂၈ |
| ၃၄ | ၂၈ | ၃၄ | ၃၅ | ၁၆ | ၃၅ | ၃၄ | ၂၈ | ၃၄ |
| ၃၅ | ၃၄ | ၂၈ | ၃၄ | ၃၅ | ၃၄ | ၂၈ | ၃၄ | ၃၅ |
| ၁၆ | ၃၅ | ၃၄ | ၂၈ | ၃၄ | ၂၈ | ၃၄ | ၃၅ | ၁၆ |
| | ၁၆ | ၃၅ | ၃၄ | ၂၈ | ၃၄ | ၃၅ | ၁၆ | |

**အတွင်းမိတ်ကြီး**
**ပီယအဆောင်အင်းအစီအရင်**

အထက်တွင် နမူနာဖော်ပြထားသော အတွင်းမိတ်ကြီး ပီယအဆောင်အင်းအစီအရင်မှာ အတွင်းမိတ်ကြီးခေါ် အိမ်ထောင်ဖက်ဂြိုဟ်များဟု အများ နားလည်သိရှိထားသော ဂြိုဟ်အတွဲများဖြစ်ကြသော 'ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ' ဟူသော လက်ာသွားအရ ကောက်ယူရရှိသည့် (၁-၆၊ ၃-၅၊ ၄-၇၊ ၂-၈) ဟူသော သက်ဆိုင်ရာ ဂြိုဟ်

လိမ့်မည် ဖြစ်သည်။ ယင်းတို့ကို အသေအချာ ရှင်းပြရသည်ရှိသော် -

သို့ဖြစ်ရာ ဤအင်းမှာ အတွင်းမိတ်ကြီး ဂဏန်းအင်းဆန်များ ဖြစ်သည့် အပြင် အတွဲဂဏန်းနံသင့်ဂြိုဟ်သက် ပေါင်းနှင့် သတ္တဗိုသကျေ နဝင်းကိုက်သဖြင့် အနုပီယအပွင့်အလန်းပီယသိဒ္ဓိကိစ္စတွင် အတုမရှိဟု ဆိုထားပေသည်။ အလယ်ကွက်လပ် နံနေရာကွင် မိမိနှင့်



www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁၅ | ၂၄ | ၃၆ | ၇၈ | ၃၆ | ၂၄ | ၁၅ | |
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၃၆ | ၇၈ | ၃၆ | ၂၄ | ၁၅ |
| ၂၄ | ၂၆ | ၇၈ | ၃၆ | ၂၄ | ၃၆ | ၇၈ | ၃၆ | ၂၄ |
| ၃၆ | ၇၈ | ၃၆ | ၂၄ | ၁၅ | ၂၄ | ၃၆ | ၇၈ | ၃၆ |
| ၇၈ | ၃၆ | ၂၄ | ၁၅ | နံ | ၁၅ | ၂၄ | ၃၆ | ၇၈ |
| ၃၆ | ၇၈ | ၃၆ | ၂၄ | ၁၅ | ၂၄ | ၃၆ | ၇၈ | ၃၆ |
| ၂၄ | ၃၆ | ၇၈ | ၃၆ | ၂၄ | ၃၆ | ၇၈ | ၃၆ | ၂၄ |
| ၁၅ | ၂၅ | ၃၆ | ၇၈ | ၃၆ | ၇၈ | ၃၆ | ၂၄ | ၁၅ |
| | ၁၅ | ၂၄ | ၃၆ | ၇၈ | ၃၈ | ၂၄ | ၁၅ | |

**မိတ်ဂြိုဟ်သွင်းဂဏန်းနံပါတ်အင်းအစီအရင်**

သော အကျိုးတန်ခိုးသိဒ္ဓိရှိသည့် အင်းမျိုး ဖြစ်ပေသည်။ အလယ်ကွက်၌ မိမိနံနှင့် လိုသူတို့၏နံတို့ကို ယှဉ်တွဲ၍ သွင်းသော် မေတ္တာသက်ဝင်ချစ်ခင်လာပေလိမ့်မည် ဖြစ်သည်။

**၁။ အင်္ဂဝိဇ္ဇာအခါတိုင်များကို အခြေပြု စီရင်အပ်သော ဂဏန်းနံပါတ်အင်းများ**

မြန်မာ့လက်ဆန်းရိုးရာဗေဒင်ပညာတွင် အင်္ဂဝိဇ္ဇာဗေဒင်ပညာမှာလည်း အလွန် ကျယ်ပြော နက်ရှိုင်းလှသော ပညာရပ်တစ်ခု ဖြစ်သည်။ ထိုအင်္ဂဝိဇ္ဇာဗေဒင်ပညာတွင် သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမ ဟူသော ဂြိုဟ်စဉ်လက်ာသွားအတိုင်း အခါတိုင်များ၊ နေ့နံဂြိုဟ်တိုင်များကို တိုင်ထူ၍ ဟောကိန်းများထုတ်ကြ၊ လိုအပ်သော ယတြာအစီအမံများ ပြုလုပ်ကြရလေသည်။ ဥပမာ တနင်္ဂနွေနေ့သားတစ်ဦးအတွက် အခါတိုင် (ဝါ) တနင်္ဂနွေအခါတိုင်ထူမည်ဆိုပါက ၎င်းတနင်္ဂနွေဂြိုဟ်ဖြစ်သော သူရဿကို အလယ်အချာထားကာ အစပြုလျက် ထက်အောက်အစဉ်အတိုင်း အခါတိုင်ထူရပေသည်။

ဥပမာအားဖြင့် -

| | |
|---|---|
| ၅ - | ဂုရု |
| ၂ - | စန္ဒြာ |
| ၆ - | သောကြ |
| ၁ - | သူရဿ |
| ၄ - | ဗုဒ္ဓ |
| ၀ - | သောရီ |
| ၃ - | ဘောမ |

သူရဿကို အလယ်အချာထားကာ သောကြာ(အထက်)စသည်ဖြင့် စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမ စသဖြင့် အဆိုအတိုင်း ထက်အောက်တစ်လှည့်စီ ရေးချလိုက်သောအခါ အထက်ပါ တနင်္ဂနွေအခါတိုင်ကို ရရှိပေသည်။

**နမူနာအင်းအမှတ် (၃-၃)**

ယခု တင်ပြအံ့သော အဆောင်အင်းအစီအရင်နည်းမှာ နေ့နံသားတစ်ဦးသည် အကြောင်းကိစ္စရှိ၍ မိမိအနိုင်ယူ အောင်မြင်လိုသောအခါ ၎င်းနေ့နံသား၏အခါတိုင် (ဝါ) နေ့နံတိုင်၏ အပေါ်မှ ဂြိုဟ်(၃)လုံး၏ ဂြိုဟ်နံဂဏန်း (၃)လုံးတို့ကို ပေါင်းကာ ၎င်းပေါင်းရကိန်းကို (၃) ကွက်ပတ်လည် (၃×၃=၉ ကွက်အင်း) အင်းကွက်ဆွဲ၍ တနင်္ဂနွေထောင့်မှစတင် ရေးသွင်းကာ (၉) ခုစီ တိုး၍တိုး၍ပေါင်းသွားပြီး အဆင့်ဆင့် လက်ယာရစ် ခရုပတ်အတိုင်းချသွားကာ အလယ်တွင် မွေးနံကို ရေးသွင်းစီရင်ရသော အင်းအစီအရင်မျိုး ဖြစ်ပေသည်။ ဤနည်းအရ တနင်္ဂနွေသား၏အဆောင်အစီအရင်အင်းဆန် ကောက်ယူပုံနှင့် အင်းစီရင်းနည်းမှာ -

**တနင်္ဂနွေအခါတိုင်**

| | | |
|---|---|---|
| ၅ | + | ဤအထက်ဂြိုဟ်နံ |
| ၂ | + | ဂဏန်းသုံးလုံးကိုပေါင်း = ၁၃ |
| ၆ | | |
| ၁ | | |
| ၄ | | |
| ၀ | | |
| ၃ | | |

| | | | |
|---|---|---|---|
| ၁၃ | ၂၂ | ၃၁ | = ၁၃+၉=၂၂+၉=၃၁ |
| ၇၆ | ၁ | ၄၀ | |
| ၆၇ | ၅၈ | ၄၉ | = ၄၉+၉=၅၈+၉=၆၇ |

၃၁+၉=၄၀+၉=၄၉

တနင်္ဂနွေသား၏ နေ့နံအခါတိုင်တွင် အပေါ်ဂဏန်းများဖြစ်သော (၅၊ ၂၊ ၆) တို့ကို ပေါင်းလိုက်သောအခါ (၅+၂+၆=၁၃) ဟူ၍ ရရှိပေသည်။ ယင်း (၁၃) ဂဏန်းမှ စတည်၍ ကိုးကွက်အင်းတွင် လက်ယာရစ် ခရုပတ်အတိုင်း (၉)ခုစီတိုး၍ ထည့်သွင်းသွားသောအခါ (၁၃၊ ၂၂၊ ၃၁၊ ၄၀၊ ၄၉၊ ၅၈၊ ၆၇၊ ၇၆) ဟူသော အင်းဆန်ဂဏန်းများ ရရှိပြီး ယင်းတို့ကို အင်းကွက်အဖြစ် အထက်ပါအတိုင်း တွေ့ရပေမည်။ ဤနည်းအတိုင်း ကျန်နေ့နံသားများဖြစ်သော တနလ်ာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့နံသားများအတွက် သက်ဆိုင်ရာ နေ့နံအခါတိုင်များ၏ အပေါ်ဂဏန်းသုံးလုံးတို့ကို ပေါင်းပြီး အထက်ပါအတိုင်း (၉) ခုစီ ပေါင်းထည့်၍ အစဉ်အတိုင်း ရေးသွင်းစီရင်သွားရမည် ဖြစ်ပေသည်။ ဤအင်းများကို သက်ဆိုင်ရာ နေ့နံသားများ၌ (ဥပမာ - တနင်္ဂနွေသားအတွက် ဥန္နဲသား၊ အုန်းသား စသည်) ရေးသွင်းစီရင်က ပိုကောင်းပါသည်။ အင်းများကို သရဏဂုံဂါထာဖြင့် (၁၀၈) အုပ်စုတ်ပါ။

**နမူနာအင်းအမှတ်(၃-၄)တိုးပွားအဆောင်အင်းအစီအရင်**

အထက်တွင်ဖော်ပြခဲ့သော နမူနာအင်းအမှတ် (၃-၃) သက်ဆိုင်ရာနေ့နံသားအခါတိုင်၏ အထက်ဂြိုဟ်နံသင့်ဂဏန်း(၃)လုံးတို့ကိုပေါင်း၍ စီရင်ရသော အောင်နိုင်အင်းအစီအရင်ဖြစ်ပြီး ယခု တိုးပွားအဆောင်အင်း အစီအရင်မှာမူ အခါတိုင်၏ အောက်ဂဏန်း (၃) လုံးကို ပေါင်း၍ရသော ကိန်းဂဏန်းအား အထက်ပါနည်းအတိုင်း တနင်္ဂနွေထောင့်မှစ၍ ရေးသွင်းရပါသည်။ ထို့နောက် ယင်းတည်ကိန်းမှာ (၉)ခုစီတိုး၍ ပေါင်းသွားပြီး လက်ယာရစ် ခရုပတ်အင်းသွားအတိုင်း ရေးသွင်းစီရင်ရသော အင်းအစီအရင်တစ်မျိုးများ ဖြစ်ပါသည်။ ယခု ဥပမာ နမူနာအင်းအဖြစ် တနလ်ာသားသမီးတစ်ဦးအတွက် တိုးပွားအင်းအစီအရင်ကို နမူနာပြ ရေးသွင်းထား



www.burmeseclassic.com

www.burmeseclassic.com

သည်။

တနင်္လာအခါတိုင်

၆
၃
၀
―――
၂
―――
၅ ┐
၁ │ ဤအောက်ဂဏန်း
၄ ┘ သုံးခုပေါင်းသော် = ၁၀

**တနင်္လာသားသမီးအတွက်**
**တိုးပွားအဆောင်အင်း**

| | | |
|---|---|---|
| ၁၀ | ၁၉ | ၂၈ |
| ၃၃ | ၂ | ၃၇ |
| ၆၄ | ၅၅ | ၄၆ |

ကျန်နေ့နံသားများအတွက်ကိုလည်း ဤနည်းကိုမှီး၍ သက်ဆိုင်ရာ နေ့နံတိုင်များကိုယူပြီး အောက်ကိန်းဂဏန်းသုံးလုံးတို့ကို ပေါင်းကာ (၉) ခုစီတိုး၍ အထက်ပါအတိုင်း လက်ယာရစ်ခရုပတ်အတိုင်း ရေးသွင်းကြရန်သာ ဖြစ်ပေသည်။ ဤတိုးပွားအဆောင်အင်းကား အသီးမသီးသောသစ်ပင်များ၊ သားသမီးအဖတ်မတင်သော အမျိုးသမီးများအတွက် အသုံးပြုပါက အပင်များအသီးသီး၏။ အမျိုးသမီးများ သားသမီးအဖတ်တင်စေ၏။ အသီးမသီးသောသစ်ပင်များအတွက် သက်ဆိုင်ရာ နံသင့်အင်းကို မြေ၌မြှုပ်ခြင်း သို့မဟုတ် အပင်၌ ချိတ်ဆွဲပေးခြင်းပြုရမည်။ ဥပမာ အုန်းပင်အသီးမသီးက တနင်္ဂနွေနံအတွက် အဆောင်အင်းကို အသုံးပြုရမည်။ ဆီးပင်အသီးမသီးက အင်္ဂါနံသားအတွက် အင်းကို ချိတ်ဆွဲခြင်း၊ မြှုပ်ပေးခြင်း ပြုရမည်။ ထို့အတူ တနင်္လာသမီး သားသမီးအဖတ်မတင်က ကိုယ်ကော်သားတွင် တနင်္လာနံသင့်အင်းကိုချ၍ ဆောင်ခိုင်းထားရပါမည်။

**ဂ။ ဂြိုဟ်ဖြေယတြာအဆောင်အင်းလက်ဖွဲ့ အစီအရင်များ**

ဤဂြိုဟ်ဖြေယတြာ အဆောင်အင်းလက်ဖွဲ့အစီအရင်မှာ တနင်္ဂနွေမှစနေ၊ ရာဟုအဆုံး နေ့နံသားများအားလုံးတို့အတွက် အဆောင်အနေဖြင့် စီမံဆောင်ရွက်ရမည့် အင်းအစီအရင်များဖြစ်ကြပေသည်။ ဤအင်းတို့၏အခြေခံအင်းဆန်ဂဏန်းကောက်ယူပုံနှင့် သက်ဆိုင်ရာ နေ့နံသား၏ ဂြိုဟ်သက်အားအခြေတည်၍ ကောက်ယူရသောနည်းဖြစ်ပေသည်။ ဤဂြိုဟ်ဖြေအဆောင်အင်းလက်ဖွဲ့ အစီအရင်များအတွက် အင်းအညွှန်းစာလက်ကွာသွားမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

ဂြိုဟ်ဇီဝခေါ်၊ ဉာဏ်တော်ဆပွား၊ ဒွေးစားလာဘ၊ ပါယ်လေးဝပါယ်၊ ကြွင်းဝယ်ကောဓ၊ ဗုဒ္ဓါဆင့်တိုး၊ စရိုးမပြတ်၊ ဗိုလ်တက်ဒေါင့်ဆင်း၊ မြင်းလည်းကိုက်စေ၊ အင်းခြေတစ်တန်၊ ဂုဏ်ကိုးတန်စား၊ လာဘ်စားတည်ရင်း၊ ကြွင်း၏သရဏဂုံ၊ ချစ်မျိုးစုံသည်၊ ရန်မူနိမ့်မြုမှုမသန်းတည်း။

အထက်ပါ အင်းအစီအရင်အညွှန်းလင်္ကာ၏ စာဆိုအရ ဂြိုဟ်ဇီဝဆိုသောကြောင့် သက်ဆိုင်သူ၏ နေ့နံသင့်ဂြိုဟ်သက်တို့ကို တည်၍ ဉာဏ်တော်(၆)ပါးနှင့်မြှောက်ရမည်။ ဆစ်ဖန်ယင်းရလဒ်ကို (၂)နှင့်စားရပါမည်။ ၎င်းစား၍ရသောရလဒ်၌ (၄) တို့ နုတ်ရပါမည်။ ထိုနုတ်ရကိန်းတွင် (၁)ပေါင်းထည့်ရပါမည်။ ထိုနောက်ဆုံးရလဒ်သည် ဤဂြိုဟ်ယတြာအင်းတို့၏ အစတည်အင်းဆန်ဂဏန်းများပင် ဖြစ်ပါသည်။ ဥပမာ တနင်္ဂနွေသားအတွက် ဂြိုဟ်မြေယတြာအင်းစီရင်မည်ဆိုပါက -

တနင်္ဂနွေဂြိုဟ်သက် (၆) နှစ် -

၆×၆=၃၆။ ယင်းကို (၂)ဖြင့်စားသော် ၃၆+၂=၁၈ ရ၏။ ယင်း (၁၈) မှ (၄) နုတ်သော် ၁၈ -၄= ၁၄ ယင်း (၁၄) ကို (၁) တိုးသော် ၁၄+၁=၁၅။

သို့ဖြစ်ရာ တနင်္ဂနွေသား၏ အင်းဆန်အစတည်ဂဏန်း (၁၅)ဖြစ်ပြီး ယင်းကို (၉) ကွက်အင်းအပြည့် (၁)စီတိုး၍ ယူသော် တနင်္ဂနွေသားအတွက် ဂြိုဟ်ဖြေယတြာအင်းဆန်ဂဏန်းများ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ ဟူ၍ ဖြစ်၏။ ဤနည်းအားဖြင့် ကျန်နေ့သားသမီးများအတွက် ဂြိုဟ်ဖြေယတြာ အင်းဆန်ဂဏန်းများမှာလည်း အောက်ပါအတိုင်း အသီးသီးဖြစ်ကြပေသည်။

**နေ့နံ အင်းဆန်ဂဏန်းများ**

၁။ တနင်္ဂနွေသားသမီး - ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃။

၂။ တနင်္လာသားသမီး - ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀။

၃။ အင်္ဂါသားသမီး - ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉။

၄။ ဗုဒ္ဓဟူးသားသမီး - ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆။

၅။ ကြာသပတေးသားသမီး - ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂။

၆။ စနေသားသမီး - ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅။

၇။ ရာဟုသားသမီး - ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁။

အထက်ပါအင်းဆန်ဂဏန်းများကို (၉) ကွက်အင်းများ၌ ဗိုလ်တက်၊ ဗိုလ်ဆင်း၊ မြင်းသွားလည်းကိုက်အောင် ရေးသွင်းရပေမည်။ အင်းဆန်ဂဏန်းများ ရေးသွင်းမှုကို နမူနာအချို့ဖြင့် ဖော်ပြပေးလိုက်ပါသည်။

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

**အင်းအသွားပြဂဏန်းအင်း**

| | | |
|---|---|---|
| ၁၆ | ၂၁ | ၁၈ |
| ၂၃ | ၁၉ | ၁၇ |
| ၂၀ | ၁၅ | ၂၂ |

**တနင်္ဂနွေသားအတွက်**

| | | |
|---|---|---|
| ၄၃ | ၅၀ | ၄၅ |
| ၄၈ | ၄၆ | ၄၄ |
| ၄၇ | ၄၂ | ၄၉ |

**တနင်္လာသားအတွက်**

| | | |
|---|---|---|
| ၂၂ | ၂၉ | ၂၄ |
| ၂၇ | ၂၅ | ၂၃ |
| ၂၆ | ၂၁ | ၂၈ |

**အင်္ဂါသားအတွက်**

ဤအင်းများကိုစုတ်ရန် အဖိ[illegible]
ဂါထာမှာ -

ရာဇတောဝါ၊ စောရတောဝါ၊ မနုဿတောဝါ၊ အမနုဿတောဝါ၊ အ[illegible] တောဝါ၊ ဥဒကတောဝါ၊ ပိသာစတော[illegible] ခါဏုကတောဝါ၊ ကဏ္ဍကတောဝါ



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တတောဝါ၊ ဇနပဒရောဂတောဝါ၊ အသဒ္ဓမ္မတောဝါ၊ တသန္ဒိဋ္ဌိတောဝါ၊ အသပ္ပုရိသတောဝါ၊ စဏ္ဍဟတ္ထ အသဿမိဂ၊ ဂေါဏကုက္ကုရ အဟိဝိစ္ဆိက မဏိသပ္ပဒီပိ၊ အစ္ဆတရစ္ဆ၊ သူကရ၊ မဟိံသ၊ ယက္ခ၊ ရက္ခသာဒီဟိ၊ နာနာဘယတောဝါ၊ နာနာရောဂတောဝါ၊ နာနာဥပဒ္ဒဝတောဝါ၊ အာရက္ခံဂဏှန္တု။

ဤဂါထာဖြင့် (၃၇) အုပ်၊ ဂုဏ်တော်ကိုးပါးဖြင့် (၃၇) အုပ် အသီးသီးစုတ်၍ပေးရမည်။ ဤအင်းများ၏အကျိုးသွားကား မျက်နှာပွင့်လန်း၍ လူချစ်လူခင်ပေါများစေပြီး ဘေးရန်အန္တရာယ်သုံးခြံ၍ အကွယ်အကာရကြောင်းကို ကြွင်း၏သရဏဂုံ ချစ်မျိုးစုံသည် ရန်မှုန်မှုမှုမသန်းတည်း' ဟု ကျမ်းလင်္ကာစာသွားဖြင့် ဆိုထားပေသည်။

**ဃ။ ပြန်လာစေအင်း သို့မဟုတ် တြိရန်း၊ စတုရန်းအင်း**

ဤ ယခု တင်ပြအံ့သော ဂဏန်းနံပါတ်အမျိုးအစား အင်းများမှာလည်း အင်္ဂဝိဇ္ဇာပညာကို အခြေပြုထားသော အင်းအစီအရင်များ ဖြစ်ပါသည်။ ဤအင်းများမှာ ထွက်ခွာသွားသူ၊ ပြန်လာစေသူ၊လာစေလိုသူတို့ကိုပြန်လာအောင် အင်းဖြင့် ခတ်ဆင်ခေါ်ငင်သော အစီအရင်များ ဖြစ်ပါသည်။ တြိရန်း၊ စတုရန်းအင်းများဟု ဆိုရသော်လည်း တြိရန်း၊ စတုရန်းတို့သာမက ပဥ္စပွတ်နှင့် ဆပွတ်အင်းတို့ပါ ပါဝင်သော အစီအရင်များ ဖြစ်ကြပါသည်။ ဤတွင် အင်္ဂဝိဇ္ဇာပညာနှင့် စိမ်းသောသူများအတွက် အနည်းငယ် ရှင်းလင်းပြောကြားရသော် တြိရန်း ဆိုသည်မှာ သုံးခုမြောက်၊ စတုရန်း ဆိုသည်မှာ လေးခုမြောက်၊ ပဥ္စပွတ် ဆိုသည်မှာ ငါးခုမြောက်၊ ဆပွတ် ဆိုသည်မှာ ခြောက်ခုမြောက်ဟုလောက်တော့ သိထားရန် လိုပါသည်။ ဦးစွာ တနင်္ဂနွေသားအတွက် ပြန်လာစေအင်း အစီအရင်များကို နမူနာပြဖော်ပြပါမည်။

**တနင်္ဂနွေတိုင်**

၅
၂
၆
___
၁
___
၄
၀
၃

| | | |
|---|---|---|
| ၁၄ | ၁၇ | ၂၀ |
| ၃၅ | ၁ | ၂၃ |
| ၃၂ | ၂၉ | ၂၆ |

**တြိရန်းအင်း**

| | | |
|---|---|---|
| ၁၄ | ၁၈ | ၂၂ |
| ၄၂ | ၁ | ၂၆ |
| ၃၈ | ၃၄ | ၃၀ |

**စတုရန်းအင်း**

| | | |
|---|---|---|
| ၁၃ | ၁၈ | ၂၃ |
| ၄၈ | ၁ | ၂၈ |
| ၄၃ | ၃၈ | ၃၃ |

**ပဥ္စပွတ်အင်း**

| | | |
|---|---|---|
| ၁၃ | ၁၉ | ၂၅ |
| ၅၅ | ၁ | ၃၁ |
| ၄၉ | ၄၃ | ၃၇ |

**ဆပွတ်အင်း**

တနင်္ဂနွေ သားသမီးတို့အတွက် အထက်ပါအင်းတို့ကိုစီရင်နည်းမှာ ဦးစွာ တနင်္ဂနွေသားအတွက် တိုင်ထူ။ အောက်သုံးဂဏန်းပေါင်းရကိန်း (၄+ ၇+၃=၁၃) ကို ၁နွေထောင့်ကစ၍ချ။ ပြီးလျှင် တြိရန်းအင်းအကွက် သုံးခုစီပေါင်း၍ လက်ယာရစ် ခရုပတ်ရေးသွင်းသွား၊ အလယ်တွင် နံကိုထည့်။ စတုရန်းအင်း အတွက် ယင်းအောက်ဂဏန်းသုံးလုံး ပေါင်းရကိန်းကိုပင် တည်၍ (၄) ခုစီ (စတုရန်း) တိုး၍ ပေါင်းသွား။ လက်ယာရစ် ခရုပတ်ရေးသွင်းသွားသော် ဖော်ပြပါ တနင်္ဂနွေသားအတွက် တြိရန်း၊ စတုရန်းအင်းတို့ကို ရပါလိမ့်မည်။ တစ်ဖန် ပဥ္စပွတ်နှင့် ဆပွတ်အင်းချပုံတို့မှာ ထိုတနင်္ဂနွေတိုင်၏ အထက်ဂဏန်းသုံးလုံးကို ပေါင်းပါ။ (၅+ ၂+၆=၁၃)။ ထို (၁၃) ကို တည်ပြီး ပဥ္စပွတ်အင်းအကွက်၊ (၅)ခုစီ၊ ဆပွတ်အင်းအတွက် (၆)ခုစီပေါင်း၍ လက်ယာရစ် ခရုပတ်ရေးသွင်းသော် အထက်ဖော်ပြပါအတိုင်း တနင်္ဂနွေသားအတွက် ပဥ္စပွတ်နှင့် ဆပွတ်အင်းတို့ကို အသီးသီးရပေလိမ့်မည်။

ဤအင်းတို့ကို အသုံးပြုနည်းကား အရပ်တစ်ပါးသို့ သွားရောက်နေသူ ပြန်လာစေလိုသော် ထိုသူ၏ (ဤနေရာတွင် ဥပမာနမူနာအရ တနင်္ဂနွေသား) နံသင့်အသား၌ တြိရန်း၊ စတုရန်းအင်း၊ ပဥ္စပွတ်၊ ဆပွတ်အင်းများကိုချ။ တြိရန်းအင်းကို လက်ယာဘက်ခြေနှင့်နင်း၊ စတုရန်းအင်းကို လက်ဝဲဘက်ခြေနှင့်နင်း။ ပြီးလျှင် ပဥ္စပွတ်အင်း၊ ဆပွတ်အင်းတို့ကို ရေလောင်း၍ ထိုရေကိုခံယူပြီး ထိုရေဖြင့် ထိုတနင်္ဂနွေသားရှိရာအရပ်သို့ မျက်နှာလှည့်၍ ခေါင်းဆေးပြီး ဆုတောင်းရပါသည်။ ဤတနင်္ဂနွေသားကို မှီး၍ ကျန်နေ့နံသားသမီးတို့အတွက်လည်း ထိုနည်းအတိုင်း စီရင်ပါလေ။

**င။ ရုပ်ပုံဆောင်ဂဏန်းနံပါတ်အင်းများ**

ကျွန်ုပ်တို့၏ မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းများသည် ပုံစံအမျိုးမျိုး၊ ပုံရိပ်အမျိုးမျိုး၊ ရုပ်ပုံအမျိုးမျိုးစသည်ဖြင့် အသွင်အမျိုးမျိုးဖြင့်ရှိရာတွင် အထူးသဖြင့် အက္ခရာစမအင်းအမျိုးအစားများတွင် ပုံရိပ်အမျိုးမျိုး၊ ရုပ်ပုံအမျိုးမျိုးကိုဆောင်သော အက္ခရာစမအင်းအမျိုးအစားများမှာ အများဆုံး ပါဝင်ကြောင်း တွေ့ရပါသည်။ ထို့အတူ ရုပ်ပုံဆောင်ဂဏန်းနံပါတ်အင်းများ ရှိနေကြောင်း တွေ့ရပါလေသည်။ သို့သော် ဂဏန်းနံပါတ်များသက်သက် အင်းဆန်များကို အသုံးပြုစီရင်အပ်သော ရုပ်ပုံတော် ဂဏန်းနံပါတ်အင်းများမှာ အလွန်နည်းပါးပါသည်။ အခြားသော အက္ခရာစမအင်းဆန်များဖြင့် တွဲဖက်လျက် ပုံရိပ်အမျိုးမျိုး၊ ရုပ်ပုံအမျိုးမျိုးကိုဆောင်သော အင်းများအဖြစ် တွေ့ရသည်က များပါသည်။ မည်သို့ပင်ဖြစ်စေ ဤဂဏန်းနံပါတ် အင်းအမျိုးအစားများတွင်လည်း ရုပ်ပုံဆောင်အင်းမျိုးများရှိနေလေသည် ဖြစ်ရကား ကျွန်ုပ် လက်လှမ်းမီ လေ့လာတွေ့ရှိရသလောက် ရုပ်ပုံဆောင်ဂဏန်းနံပါတ်အင်းအချို့ကို ဥပမာ နမူနာအင်းများဖြင့် ဖော်ထုတ် တင်ပြလိုက်ပါသည်။

(ဆက်ရန်)

တြိရတနာ-ဆရာဇေယျာသင်း



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်းအခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာ၊မန္တန်ဖတ်ရွတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန် အပါအဝင် ဓနံလာဘ်ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများကို မလွဲမသွေခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။ ဤကာလတွင် ဓနသိဒ္ဓိနက္ခတ်သည် ၂၅-၁၂-၂၀၁၄ နေ့ ညနေ (၅း၃၇) နာရီမှ ၂၆-၁၂-၂၀၁၄ နေ့ ညနေ (၄း၀၇) နာရီထိအတွင်းဝယ် စန်းနှင့်ယှဉ်နေမည် ဖြစ်ပါသည်။ ထိုနည်းအတူ ၂၆-၁၂-၂၀၁၄ နေ့၊ (၉း၂၀း၅၈) နာရီမှ (၁၀း၀၈း၀၆) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် လင်္ဂဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ (၁၅း၀၆း၀၄) နာရီမှ (၁၆း၀၆း၁၇) နာရီအတွင်းဝယ် ဓနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၀း ၅၉း ၁၈ | ၁၁း ၄၆း ၂၆ | ၁ | ၁၆း ၄၄း ၂၄ | ၁၇း ၄၄း ၃၇ |
| ၂ | ၁၀း ၅၅း ၂၂ | ၁၁း ၄၂း ၃၀ | ၂ | ၁၆း ၄၀း ၂၈ | ၁၇း ၄၀း ၄၁ |
| ၃ | ၁၀း ၅၁း ၂၆ | ၁၁း ၃၈း ၃၄ | ၃ | ၁၆း ၃၆း ၃၂ | ၁၇း ၃၆း ၄၅ |
| ၄ | ၁၀း ၄၇း ၃၀ | ၁၁း ၃၄း ၃၈ | ၄ | ၁၆း ၃၂း ၃၆ | ၁၇း ၃၂း ၄၉ |
| ၅ | ၁၀း ၄၃း ၃၄ | ၁၁း ၃၀း ၄၂ | ၅ | ၁၆း ၂၈း ၄၀ | ၁၇း ၂၈း ၅၃ |
| ၆ | ၁၀း ၃၉း ၃၈ | ၁၁း ၂၆း ၄၆ | ၆ | ၁၆း ၂၄း ၄၄ | ၁၇း ၂၄း ၅၇ |
| ၇ | ၁၀း ၃၅း ၄၂ | ၁၁း ၂၂း ၅၀ | ၇ | ၁၆း ၂၀း ၄၈ | ၁၇း ၂၁း ၀၁ |
| ၈ | ၁၀း ၃၁း ၄၆ | ၁၁း ၁၈း ၅၄ | ၈ | ၁၆း ၁၆း ၅၀ | ၁၇း ၁၇း ၀၅ |
| ၉ | ၁၀း ၂၇း ၅၀ | ၁၁း ၁၄း ၅၈ | ၉ | ၁၆း ၁၂း ၅၄ | ၁၇း ၁၃း ၀၉ |
| ၁၀ | ၁၀း ၂၃း ၅၄ | ၁၁း ၁၁း ၀၂ | ၁၀ | ၁၆း ၀၈း ၅၈ | ၁၇း ၀၉း ၁၃ |
| ၁၁ | ၁၀း ၁၉း ၅၈ | ၁၁း ၀၇း ၀၆ | ၁၁ | ၁၆း ၀၅း ၀၂ | ၁၇း ၀၅း ၁၇ |
| ၁၂ | ၁၀း ၁၆း ၀၂ | ၁၁း ၀၃း ၁၀ | ၁၂ | ၁၆း ၀၁း ၀၆ | ၁၇း ၀၁း ၂၁ |
| ၁၃ | ၁၀း ၁၂း ၀၆ | ၁၀း ၅၉း ၁၄ | ၁၃ | ၁၅း ၅၇း ၁၀ | ၁၆း ၅၇း ၂၅ |
| ၁၄ | ၁၀း ၀၈း ၁၀ | ၁၀း ၅၅း ၁၈ | ၁၄ | ၁၅း ၅၃း ၁၄ | ၁၆း ၅၃း ၂၉ |
| ၁၅ | ၁၀း ၀၄း ၁၄ | ၁၀း ၅၁း ၂၂ | ၁၅ | ၁၅း ၄၉း ၁၈ | ၁၆း ၄၉း ၃၃ |
| ၁၆ | ၁၀း ၀၀း ၁၈ | ၁၀း ၄၇း ၂၆ | ၁၆ | ၁၅း ၄၅း ၂၂ | ၁၆း ၄၅း ၃၇ |
| ၁၇ | ၉း ၅၆း ၂၂ | ၁၀း ၄၃း ၃၀ | ၁၇ | ၁၅း ၄၁း ၂၆ | ၁၆း ၄၁း ၄၁ |
| ၁၈ | ၉း ၅၂း ၂၆ | ၁၀း ၃၉း ၃၄ | ၁၈ | ၁၅း ၃၇း ၃၀ | ၁၆း ၃၇း ၄၅ |
| ၁၉ | ၉း ၄၈း ၃၀ | ၁၀း ၃၅း ၃၈ | ၁၉ | ၁၅း ၃၃း ၃၄ | ၁၆း ၃၃း ၄၉ |
| ၂၀ | ၉း ၄၄း ၃၄ | ၁၀း ၃၁း ၄၂ | ၂၀ | ၁၅း ၂၉း ၄၀ | ၁၆း ၂၉း ၅၃ |
| ၂၁ | ၉း ၄၀း ၃၈ | ၁၀း ၂၇း ၄၆ | ၂၁ | ၁၅း ၂၅း ၄၄ | ၁၆း ၂၅း ၅၇ |
| ၂၂ | ၉း ၃၆း ၄၂ | ၁၀း ၂၃း ၅၀ | ၂၂ | ၁၅း ၂၁း ၄၈ | ၁၆း ၂၂း ၀၁ |
| ၂၃ | ၉း ၃၂း ၄၆ | ၁၀း ၁၉း ၅၄ | ၂၃ | ၁၅း ၁၇း ၅၂ | ၁၆း ၁၈း ၀၅ |
| ၂၄ | ၉း ၂၈း ၅၀ | ၁၀း ၁၅း ၅၈ | ၂၄ | ၁၅း ၁၃း ၅၆ | ၁၆း ၁၄း ၀၉ |
| ၂၅ | ၉း ၂၄း ၅၄ | ၁၀း ၁၂း ၀၂ | ၂၅ | ၁၅း ၁၀း ၀၀ | ၁၆း ၁၀း ၁၃ |
| ၂၆ | ၉း ၂၀း ၅၈ | ၁၀း ၀၈း ၀၆ | ၂၆ | ၁၅း ၀၆း ၀၄ | ၁၆း ၀၆း ၁၇ |
| ၂၇ | ၉း ၁၇း ၀၂ | ၁၀း ၀၄း ၁၀ | ၂၇ | ၁၅း ၀၂း ၀၈ | ၁၆း ၀၂း ၂၁ |
| ၂၈ | ၉း ၁၃း ၀၆ | ၁၀း ၀၀း ၁၄ | ၂၈ | ၁၄း ၅၈း ၁၂ | ၁၅း ၅၈း ၂၅ |
| ၂၉ | ၉း ၀၉း ၁၀ | ၉း ၅၆း ၁၈ | ၂၉ | ၁၄း ၅၄း ၁၆ | ၁၅း ၅၄း ၂၉ |
| ၃၀ | ၉း ၀၅း ၁၄ | ၉း ၅၂း ၂၂ | ၃၀ | ၁၄း ၅၀း ၂၀ | ၁၅း ၅၀း ၃၃ |
| ၃၁ | ၉း ၀၁း ၁၈ | ၉း ၄၈း ၂၆ | ၃၁ | ၁၄း ၄၆း ၂၄ | ၁၅း ၄၆း ၃၇ |




www.burmeseclassic.com


www.burmeseclassic.com


ပြည်မြန်မာ၏ ၂၀၁၄ ခုနှစ်၊ ဓနုရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၆-၁၂-၂၀၁၄) နေ့မှ (၁၄-၁-၂၀၁၅) နေ့အထိကာလ




၁၆-၁၂-၂၀၁၄ ရက်နေ့ ညနေ (၂၃း၁၄) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် ဓနုရာသီသို့ ကူးပြောင်းဝင်ရောက်၍ ဥဒယလဂ်သည် မေထုန်ရာသီ (၅) ဒီဂရီ၊ (၀၈) မိနစ်တွင် ထွက်ပေါ်နေပါသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်၊ ဓနုရာသီ မန်ဒိန်းဇာတာဖြစ်သလို ၂၀၁၄ ခုနှစ်၊ ဓနုရာသီ စူဠသင်္ကြန်ဇာတာလည်း ဖြစ်ပါသည်။

မှတ်သားစရာများမှာ တ နင်္လာ ဂြိုဟ်သည် ရာဟုဂြိုဟ်နှင့် ကန်ရာသီမှာ ဝိသမသတ် ပူးထပ်နေပြီး ယူရေးနပ်ဂြိုဟ်နှင့် ကိတ်ဂြိုဟ်က (၅) ဒီဂရီအတွင်း မိန်ရာသီမှာ ပူးလျက်ရှိကာ ဓနုရာသီအတွင်းဝယ် တနင်္ဂနွေဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်က (၃) ဒီဂရီအတွင်း၊ သောကြာဂြိုဟ်နှင့်ပလူတိုဂြိုဟ်က (၆)ဒီဂရီအတွင်း ယှဉ်နေပြီးလျှင် တနင်္ဂနွေဂြိုဟ်နှင့် ယှဉ်နေသော ဗုဒ္ဓဟူးဂြိုဟ်က ဥဒယလဂ်ကို (၁၈၀) ဒီဂရီ ဝိသမသတ်မြင်ထားသည်ကို တွေ့ရသည်။ ပြီး ကိတ်ဂြိုဟ်နှင့် ယှဉ်နေသော ယူရေးနပ်ဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က နက်ပကျွန်းဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ မြင်ထားလျက် ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့က ရာသီအိမ်ချင်း သွယ်ထားကြသည်။ နောက် ရာဟုဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီ မြင်ထားသေးသည်။ ထို့ပြင် ကြာသပတေးဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့ကလည်း ဂြိုဟ်ပြိုင်ဖြစ်နေကြသေးသည်။

အဆိုပါတို့ကိုအနှစ်ချုပ်၍ လိုရင်းကို ကောက်ချက်ချရသော် -

နယ်စပ်ရေးရာတွင် မငြိမ်မဝပ်ရှုန်းရင်းဆန်ခတ်ဖြစ်မှု၊ လုံခြုံရေးကို စိန်ခေါ်ခံရမှု၊ တစ်ဖက်နိုင်ငံနှင့် ညှိနှိုင်းမရ အငြင်းပွားရမှု၊ အကျောက်အကန် တုံ့လှယ်ခံရမှု၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတကာ ကုန်သွယ်ရေးတို့၌ ဖြေရှင်းမလွယ် အရှုပ်အထွေးဖြစ်တတ်မှုတို့ ရင်ဆိုင်ရနိုင်သည်။ သို့သော် ၎င်းကို ကောင်းမွန်စွာ ဖြတ်သန်းနိုင်မည်။ ဘာသာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ဥပဒေပြုပြင်ရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ၊ လူမျိုးရေးဆိုင်ရာ၊ တိုင်းရင်းသားရေးရာဆိုင်ရာတို့၌ အငြင်းပွားစရာများ၊ ဝေဖန်စောကြောစရာများ ရှိလာမည်။ အခြေခံအလုပ်သမားတို့၏(ဝါ)အခြေခံလူတန်းစားတို့၏တောင်းဆိုမှု၊ အရေးဆိုမှုတို့ကို ဂရုမစိုက်ဘဲနေ၍မရဖြစ်လာလိမ့်မည်။

လူမျိုးရေးအသွင်ဆောင်၊ဘာသာရေးအသွင်ဆောင်ပဋိပက္ခတို့ အသွင်တစ်မျိုး၊ ပုံစံတစ်မျိုးဖြင့် ဆက်လက်ပေါ်ပေါက်လာဖွယ်ရှိသည်။ ပဋိပက္ခရှောင်စခန်း၊ စစ်ဘေးရှောင်စခန်းတို့ကို အကြောင်းပြု၍ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်တတ်မည်။ ၎င်းတို့သည် ပြည်ပအဖွဲ့အစည်းများ၊ ပြည်ပ NGO အဖွဲ့အစည်းများတို့နှင့် ဆက်နွယ်နေတတ်မည်။ တိုင်းရင်းသားဒေသများ၌ မငြိမ်မဝပ်မှုများ အမြစ်မပြတ်နိုင်သေး။ ငြိမ်ဝပ်မှုအတွက်၊ လုံခြုံရေးအတွက် တက်ကြွတောင်းဆိုမှုများ ပိုအားကောင်းလာမည်။ အစိုးရအားဝေဖန်ထောက်ပြမှုများ၊ လွှတ်တော်ပြင်ပလှုပ်ရှားမှုများ၊ အတိုက်အခံပြုလှုပ်ရှားမှုများ ပိုမိုတင်းမာလာမည်။

ဖုန်း၊ အင်တာနက်၊ ကြေးနန်းဆိုင်ရာဆက်သွယ်ရေးလောက၌ ဂုဏ်ယူလောက်သော တိုးတက်မှုများကို တွေ့လာရမည်။ မီဒီယာလောက၊ စာပေလောကမှာ သတိထားမိလောက်အောင် တိုးတက်မှုရှိမည်။ နိုင်ငံရေးလောက၊ မီဒီယာလောကနှင့် နွယ်ယှက်နေသော ပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်မချမ်းသာစရာကြုံတတ်မည်။ သယ်ယူပို့ဆောင်ရေးဆိုင်ရာအလုပ်သမားတို့ မငြိမ်မဝပ်ပြုတတ်မည်။ လယ်ယာမြေ၊ အိမ်ရာမြေဆိုင်ရာတောင်းဆိုမှုများ၊ အရေးဆိုမှုများ၊ လက်စမသတ်နိုင်သေး၊ ရေကြောင်းသွားလာရေးဆိုင်ရာယာဉ်များ၊ ရေတပ်ဆိုင်ရာယာဉ်များတွင် မတော်တဆဖြစ်ပွားမှုများ ပေါ်ပေါက်တတ်မည်။

မိုးလေဝသ ပုံမှန်မဟုတ်သဖြင့် စိုက်ပျိုးရေးကိစ္စ လိုရာမရောက်ဖြစ်နေမည်။ ဆည်မြောင်းတာတမံဆိုင်ရာ၌ ဖြေရှင်းရမလွယ်သော ပြဿနာပေါ်တတ်မည်။ ရေကြောင့် ကပ်ဘေးဆန်ဆန်အန္တရာယ်ကြုံတတ်မည်။ လူစည်ကားရာ၌ မီးဘေး၊ လက်နက်ဘေးကြုံတတ်မည်။

မင်းရှိန်အောင်

www.burmeseclassic.com

လှူကြီးစကားများ

ကျောင်းစိမ်းအရောင်သုတ်ထား သော အုတ်နံရံပေါ်တွင် ကျွန်ုပ်သည် စုတ်တံငယ်တစ်ချောင်းဖြင့် ဖြူလွှသော ကမ္ဘည်းစာလုံးတို့ကို အာရုံစိုက်ကာ ရေး ဆွဲနေလေ၏။ ကွန်ပါဖြင့်ရေးခြင်း ဖြစ် သည်။

၂၀၁၃ ဆောင်းနှင့် နွေရာသီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင် ဇမ္ဗူရပ်ကွက် (၁)၊ (၂) ရှေးဟောင်းဆွမ်း လောင်းဓမ္မာရုံအိုအားဖျက်ချကာ အငှား ပိုင်း (၁)၊ (၂) မှ တာဝန်ရှိသော ရပ် ရပ်ဖတို့သည် အသစ်တစ်ဖန် ပြန်လည် ဆောက်လုပ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးရင်မောင်၊ ဦးမောင်မောင်၊ ဦးမြတ်ထွန်း၊ ဦးကျော်ဆန်း၊ ဦးမျိုးမြင့်၊ ဦးကြည်ဝင်း စသော ရပ်မိရပ်ဖတို့သည် ဓမ္မာရုံ ရန်ပုံငွေ (၃) သိန်းဖြင့် စတင်မတည်လျက် တည်ဆောက်ရာ လှူသူတို့ တဖွဲဖွဲလာရောက်လှူဒါန်းမှုကြောင့် ဘုရားကျောင်းဆောင်နှင့်တကွ လုပသော ဓမ္မာရုံကြီး (၃) လကျော်မျှဖြင့် တည်ဆောက် ပြီးစီးခဲ့လေ၏။

သို့သော် ဓမ္မာရုံကြီးရေစက်ချပွဲကိုမူ ၂၀၁၃ ဇွန်လဆန်း မိုးဦးကျရာသီအထိ မပြုလုပ်နိုင်သေးပေ။ ကျွန်ုပ်တို့အများပေါင်းစု ကောင်းမှုကုသိုလ်ရှင်များသည် ရေစက်ချ၍ သာသနာသို့လှူဒါန်းချင်ကြပါသည်။ မကြာမီပင်ဝါတွင်းကာလရောက်ကာ ဆွမ်းကြီးလောင်းပွဲများ ဓမ္မာရုံ၌ ကျင်းပကြပါတော့မည်။ ထိုကိစ္စနှင့် ပတ်သက်၍ကျွန်ုပ်သည် မောင်မျိုးမြင့်၊ မောင်မြတ်ထွန်းတို့နှင့်ကြုံခိုက် မေးမိ၏။

ဦးရင်မောင်သည် နာယကဖြစ်သည်။ ကျွန်ုပ်၏ ဦးလေးတော်သော်လည်း ကျွန်ုပ်ထက် (၃) နှစ်ငယ်၏။ မောင်မြတ်ထွန်း၊ မျိုးမြင့်၊ ကြည်ဝင်းတို့မှာ ညီဝမ်းကွဲများဖြစ်ပြီး ကျော်ဆန်းမှာ ယောက်ဖဖြစ်ရာ အားလုံးဦးဆောင်နေသူတို့သည် ဆွေမျိုးများဖြစ်ရာ ကျွန်ုပ်အနေနှင့် ပြောရဲဆိုရဲရှိလေ၏။ ပြောမနာဆိုမနာလည်း ရှိလေ၏။ သို့ကြောင့် မေးရဲခြင်း ဖြစ်လေ၏။

"ဟေ့ - မောင်မြတ်ထွန်းတို့၊ မောင်မျိုးမြင့်တို့၊ မင်းတို့ရဲ့ဓမ္မာရုံကြီးရေစက်ချပွဲကလည်း အစောပိုင်းကလေတစ်လုံးမိုးတစ်လုံးနဲ့ ခုတော့ဘာသံမှ မကြားရတော့ပါလားကွ"

"ဟုတ်တယ် အစ်ကိုလေးရေ။ ကြည်ဝင်းက ကမ္ဗည်းကို ကျောက်စာနဲ့ထိုးပေးမယ်လို့ အာချောင်ထားတာလေ။ အဲဒီကမ္ဗည်းက အကောင်အထည်မပေါ်သေးတာနဲ့ ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေတာ အစ်ကိုလေးရေ"

"ကျောက်စာများကွာ၊ မန္တလေးသွားမှာရင်ရတာပဲဥစ္စာ"

"ခက်တာက ရန်ပုံငွေ အစ်ကိုလေးရဲ့။ ငွေကမလောက်ချင်တော့ဘူးလေ။ အလှူရှင်တွေဆီလည်းထပ်အလှူမခံချင်တော့ဘူး။ အဲဒါ အခက်တွေ့နေတာ။ ခုထိ ဘာကမ္ဗည်းမှ မထိုးရသေးဘူး။ ဘုရားကျောင်းဆောင်နဲ့ ရုပ်ပွားတော်ပဲထိုးရသေးတာ"

"ကျောက်စာဆိုတာ ပေါလောပဲလဲနဲ့ မရဘူးကွ။ သချိုင်းဂူမှာကပ်တဲ့ ကျောက်စာချပ်သေးသေးလေးတောင်မှ ထောင်ချီပေးရတာ။ ဒီလောက်များတဲ့ အလှူရှင်တွေကို ကျောက်စာထွင်းမယ်ဆိုရင် မင်းတို့ဟာ အတော်အလှမ်းဝေးမယ်ထင်တယ်"

"ဟုတ်ပါတယ်၊ အဲဒီကိစ္စနဲ့ ရေစက်ချပွဲ မလုပ်နိုင်တာပါ။ လူအတော်များများကလည်း ကျွန်တော့်ကို ဒီရေစက်ချပွဲကိစ္စမေးကြတယ် အစ်ကိုလေးရဲ့။ သူတို့ လူကြီးပိုင်းတွေငြိမ်နေတော့

## (မိုးကုတ်) ရွှေပြည်စိုး

# တောက်ခေါက်သောအုန်းသီး



www.burmeseclassic.com

www.burmeseclassic.com

လည်း ကျွန်တော်တို့လည်း မပြောသာဘူးလေ"

"ဒီလိုလုပ် မောင်မြတ်ထွန်း၊ မင်းတို့တွေ ကျောက်စာချပ်နဲ့ ကမ္ပည်းတင်ချင်သပဆိုရင်လည်း နောက်မှတင်ပါ။ ခုလောလောဆယ် ရေစက်ချပွဲလုပ်နိုင်အောင် နံရံမှာ သဘော်ဆေးသုတ်ပြီး ဘလက်ခ်ဘုတ်လုပ်လိုက်မယ်။ အဲဒီမှာ ဆေးအဖြူနဲ့ရေးပေးမယ်။ စာလုံးဒီဇိုင်း ငါကုသိုလ်ယူမယ်။ သဘော်ဆေးဖိုး နည်းနည်းပဲကုန်မယ်ဘယ်လိုလဲ။ အချိန်သိပ်မဆွဲနဲ့တော့။ မိုးကကျနေပြီ"

"ဟာ - သိပ်ကောင်းတာပေါ့ အစ်ကိုလေးရာ။ ကျွန်တော်နဲ့ မျိုးမြင့်တို့ လူကြီးတွေနဲ့ တိုင်ပင်လိုက်ဦးမယ်။ အမြန်ကို အကောင်အထည်ဖော်မှဖြစ်မှာ"

ဟု ဆိုပြီး မောင်မြတ်ထွန်းနှင့် မောင်မျိုးမြင့်တို့၏ ဆော်ဩမှုကြောင့် နောင် (၂) ရက်အကြာတွင် ကျွန်ုပ်နှင့် မောင်မျိုးမြင့်တို့သည် ဘဏ္ဍာရေးမှူး မောင်မောင်ထံမှ ငွေထုတ်ကာ ပန်းချီပစ္စည်းများ သွားဝယ်ကြတော့၏။

ပန်းချီပစ္စည်းများရလာသောအခါတွင် နံရံ၌ အစိမ်းပုပ်ရောင်ခံလျက် ကောင်းမှုရှင် ကမ္ပည်းများထိုးပေးရပါသည်။ အများကောင်းမှုဖြစ်၍ အောက်ဆုံးတစ်သောင်းအထိသာ ကမ္ပည်းထိုးပေးနိုင်ပါသည်။ တစ်သောင်းအောက် အလှူရှင်များအား ဗီနိုင်းပြုလုပ်ကာ ချိတ်ဆွဲထားမည် ဖြစ်ပါသည်။

ထိုသို့ ကျွန်ုပ် စာလုံးဒီဇိုင်းများ ရေးဆွဲနေစဉ်တွင် နာယက ဦးရင်မောင်စသောသူတို့နှင့် ဓမ္မာရုံဖြစ်မြောက်ရေးတွင် အချိန်ပြည့် ပါဝင် ကုသိုလ်ယူသူ မောင်မျိုးမြင့်တို့က ကျွန်ုပ်လိုအပ်သည်ရှိလျှင် ကူညီရန် အသင့်စောင့်၍နေကြပါသည်။

ထိုသို့စောင့်၍နေစဉ်ဝယ် ရွာလူတို့ဖြစ်သည့်အားလျော်စွာ ရွာဟောင်းနှောင်းဖြစ်တို့သာ ပြောဆိုနေကြပါသည်။ ထိုသို့ပြောဆိုကြရာဝယ် သစ်အကြောင်းများကို ပြောဆိုနေကြလေ၏။ များပြားလှသော သစ်အမျိုးအစားများအကြောင်းကို ရွာလူများပီပီ ပြောဆိုနေကြ၏။

ထိုအခါ ကိုကြည်ဝင်းက ယခုခေတ်တွင် သစ်ကိုမရွေးကြတော့ကြောင်း၊ သစ်ဖြစ်လျှင်ပြီးရော အကုန်လုံးယူကြောင်း ပြောပြ၏။ သစ်ကုန်သည်တို့သည် ရွာတုန်းကကဲ့သို့ သစ်ရွေးနေ၍မရကြောင်း သစ်မှာ လွန်စွာရှားပါးလာသဖြင့် သစ်မှန်လျှင် လက်ပံကိုပင်မချန်ကြောင်း ပြောပြလေ၏။

နောက်တစ်ဦးက အိမ်တစ်အိမ်ဆောက်ရာဝယ် ဥရှုတိုင်လဲကျခဲ့ရာ ထိုဥရှုတိုင်ဖြင့်ပင်လျှင် ပြန်ထောင်၍ အိမ်ဆောက်ရာ အိမ်မပြီးမီမှာပင် မိခင်နှင့် သား ဆက်တိုက် ဆုံးပါးသွားသည့်အပြင် သူတို့နှင့်အတူ ဆွေမျိုးတစ်ဦးပါ အဆစ်ပါသွားခဲ့ကြောင်း၊ ဥရှုတိုင်လဲကျပါက ထိုဥရှုတိုင်ကို မသုံးသင့်ကြောင်း ပြောပြလေ၏။ ရွာလူတို့၏စကားများမှ မှတ်သားဖွယ်တို့ စုံလင်ပါသည်။ ကျွန်ုပ်မှာမူ စာရေးရင်း နားစွင့်နေမိပါသည်။

ကိုကြည်ဝင်းကတစ်လှည့်ပြန်ပြောပြန်၏။

"ငါတို့ ဓမ္မာရုံကြီးကျတော့ သံဒိုင်း၊ သံမြားတွေထည့်လိုက်တော့ သစ်မကောင်းဘူးလို့ ပြောစရာမလိုတော့ဘူးပေါ့ကွာ။ တံခါးပေါက်ကလွဲရင် သစ်မှ မပါတာ။ သစ်ဆိုတာ အလျဉ်းမသင့်ရင် မကောင်းတဲ့သစ် ပါလာတတ်တယ်ကွ။ တင့်ဆွေတို့အိမ်ဆောက်တာကြည့်ပါလား။ အိမ်ကြီးပြီးလို့ တက်နေမယ်လည်းလုပ်ကရော အိမ်ကြီးက တောက်ခေါက်သံကြားရလို့ မနေရဲကြတော့ဘူးဗျာ။ တောက်ခေါက်တာမှ အပီအပြင်ကို မကြာမကြာကြားနေရတာ။ ဒါနဲ့အဲဒီအိမ်ကြီးမှာ မနေရဲတော့တာနဲ့ ဖျက်ပြီး ပြန်ရောင်းပစ်လိုက်ရတယ်ဗျာ"

ဟု ဆိုလေ၏။

ထိုအခါ မောင်မြတ်ထွန်းက -

"တောက်ခေါက်တာဆိုလို့ ငါပြောပြရဦးမယ်။ မင်းတို့ အုန်းသီးက တောက်ခေါက်တာ ကြားဖူးလား"

"ဘယ်ကြားဖူးမှာလဲ ဦးမြတ်ထွန်းရာ"

ဟု ကိုကြည်ဝင်းက ဆို၏။

"အေး - ငါငယ်ငယ်တုန်းကကွ။ မှတ်မှတ်ရရ ငါမှတ်မိနေတယ်။ ငါပြောပြဦးမယ် နားထောင်"

ဟု ဆိုကာ မောင်မြတ်ထွန်းက နိဒါန်းပျိုးလေ၏။

**အမွေ**

ကျွန်ုပ်၏မိခင်မှာ ဒေါ်ကြွယ်ဖြစ်သည်။ ကျွန်ုပ်တို့၏အဘိုး ဦးချစ်ပုသည် သူပိုင်မြေများဖြစ်သော ပြန်ကပြေးရွာ နှစ်ဆောင်ပြိုင်ရပ်ရှိ မြေကွက်များအား တောင်မှ မြောက်သို့ ကြီးငယ်စဉ်လိုက် အမွေခွဲပေးရာ တောင်ဘက်ဆုံးအကွက်တွင် အမေ၏အစ်ကိုအကြီးဆုံး ဦးတုတ်လှ၊ ဒုတိယ ကျွန်ုပ်၏ အမေ ဒေါ်ကြွယ်၊ တတိယ ကျွန်ုပ်တို့အိမ် မြောက်ဘက်မှ အကွက်အား ဦးထွန်း၊ မြောက်ဘက်မှစပ်လျက် အကွက်အနောက်ခြမ်းအား ဦးပေါ်သစ်၊ အရှေ့ခြမ်းအား မလှဆယ်ဟူ၍ မောင်နှမငါးဦးအား ခွဲဝေပေးခဲ့ပါသည်။

သို့သော် မောင်နှမငါးဦးတို့တွင် အတူနေရသူမှာ ဦးတုတ်လှနှင့် ဒေါ်ကြွယ်တို့သာရှိပါသည်။ ဦးထွန်းမှာ ညောင်ပင်ကြီးစုတွင်နေ၏။ ဦးပေါ်သစ်မှာ တောထဲတွင်နေ၏။ ဒေါ်လှဆယ်မှာ နှစ်ဆောင်ပြိုင်အရှေ့ပိုင်းတွင်နေ၏။

ကျွန်ုပ်တို့မိသားစုနှင့် ဘကြီး ဦးတုတ်လှတို့ မိသားစုသာ အိမ်နီးချင်းအဖြစ် အတူတူနေဖြစ်ကြပါသည်။ ကျွန် အမျိုးတို့မှာ လူမှုရေးကိစ္စရှိမှသာ ကြုံကြ ဆုံကြရပါသည်။

ထိုအဘိုး ဦးချစ်ပု၏ အမွေဖြစ် သောမြေပေါ်တွင် ကျွန်ုပ်တို့ အစဉ် တစိုက်နေလာခဲ့ကြရာ အဘိုး၏ကျေး ကား ကြီးမားလှပေ၏။ အဘိုးမှာမူ မြေ များခွဲပေးကာ လယ်များရောင်းလျ ကျွန်းတက်ပဲ့ရွာသို့ ပြောင်းရွှေ့နေထိုင် သဖြင့် အနေဝေးသွားခဲ့ပါသည်။

ထိုဦးကြီး ဦးတုတ်လှ၏ တောင် ဘက်တွင် ဦးပုကြီး၏ အိမ်ဝိုင်းဖြစ်ကာ အတော်ကျယ်ဝန်းလေ၏။ ဦးပုကြီးကား ရွာတွင် အမြင်ကျယ်သူဖြစ်ရာ ဆိုင်းနှင့် အငြိမ့်ထောင်ထားပြီး သူ့ခေတ်နှင့်သူ အခါ လူသိများပြီး လူရာဝင်လေ၏။ ကျွန်ုပ်တို့ သိတတ်စအရွယ်တွင် ဆိုင်းသံ သီချင်းသံ တငြိမ့်ငြိမ့်ကြားရတတ် အားရက်နားရက်များတွင် အကတိုက် ခြင်းဖြစ်ရာ ကျွန်ုပ်တို့က အထူးအဆန်း သဖွယ် သွား၍ကြည့်တတ်ကြ၏။ အိမ် ကြီးမှာ သွပ်မိုးနှစ်ထပ်ပျဉ်ထောင်အိမ် ကြီး ဖြစ်သည်။

နောင်တွင် ဦးပုကြီးသည် သူ့ ဒေါ်မိုးမရှိသည့်နောက်ပိုင်းတွင် ကုဋ္ဌ စွဲကပ်လာကာ ဆိုင်းနှင့်အငြိမ့်နားလို ရတော့၏။ ဦးပုကြီးသည် ထိုဝေဒနာ ပင် သေဆုံးသွားပြီး မခင်မြ၊ ခင်မော ပေါက်ဖော် တည်းဟူသော သားသ (၃) ယောက်သာ ကျန်လေ၏။ အိမ် အား ရောင်းချစားသုံးကာ တဲအိမ် များဆောက်၍နေကြ၏။

ဦးပုကြီး၏ အမွေအဖြစ် အမ ဆုံးကျန်ရစ်သည်မှာ ခြံကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

...များပြားလှသော အုန်းပင်များဖြစ် ...သူတို့မောင်နှမတစ်တွေသည် ...သီးများချကာရောင်း၍စားသောက် ...လေ၏။ အကြီးဆုံးသမီး မခင်မြ၏ ...ကျွားမှာ ဦးပုကြီးဆိုင်းအဖွဲ့မှ နဲ့ ...ကိုစောမောင်ဖြစ်ရာ ကိုစောမောင် ...သည် ရွာရှိ အခြားဆိုင်းအဖွဲ့၌ နဲ့သမား ...၍လိုက်စားလေ၏။ ထို့ကြောင့် ...စောမောင်၏ နဲ့သံကို ဆိုင်းမထွက် ...ရက်များ၌ တတီတီဖြင့် နားငြီးဖွယ် ...ကြရလေ့ရှိ၏။ ထို့ကြောင့် ကိုစော ...မောင်၏ နဲ့သံအား အိမ်နီးချင်းတို့က ...ကောင်းဆိုးဝါးသံဟု တင်စားကြလေ ...၏။

ဒုတိယအကြီးဖြစ်သူ ကိုခင်မောင် ... စကားမပြောတတ်ချေ။ နားလည်း ...ကြားဟန်မတူပေ။ ရပ်ထဲရွာထဲ သာရေး ...နာရေးကိစ္စ မှန်သမျှတွင် ကိုခင်မောင် သည် ရေနွေးအိုးဗိုင်ခံတည်ပေး၏။ ...ထမင်းဗိုင်ခံဆေးပေး၏။ ထို့ကြောင့် ...အ ကိုခင်မောင်အား လူတို့ချစ်ကြ၏။ ...ကိစ္စဟူသမျှ သူပါ၏။ ဝတ်အသင်း ...တော်ကြီး လှည့်လည်အလှူခံရာ ...လည်း နရီတီးသော ဗျိုင်းတောင် ...မတတ် မောင်းကြီးတစ်ခုခုကိုထမ်း ...စမြဲဖြစ်သည်။ စကားမပြောတတ် ...လည်း မိမိလက်လှမ်းမှီရာ ကုသိုလ် ...ကောင်းမှုတို့လုပ်ရင်း အသက် (၃၀) ကျော် ...တွင် ကွယ်လွန်ပါသည်။

ကိုပေါက်ဖော်မှာမူ ငယ်စဉ် လူပျို ...ဘဝ၌ပင် တပ်မတော်ထဲသို့ ဝင် ...ခဲ့ရာ အိမ်ဝိုင်းကြီးထဲတွင် ကိုစော မောင်နှင့် မခင်မြတို့ ဇနီးမောင်နှံသာ ...ရစ်လေ၏။ နောင်တွင် ကိုပေါက် ဖော်တပ်မတော်မှထွက်ကာ ပြန်ရောက် ...၏။ ထိုခြံကြီးကား မောင်နှမနှစ်ဦး ...အမွေရလေ၏။

**တောက်ခေါက်တဲ့အုန်းသီး**

ကျွန်ုပ် လူပျိုအရွယ်ရောက်သော ...ခါ နဲ့ဆရာ ကိုစောမောင် ဆုံးပါးကာ ...ခင်မြသည် မုဆိုးမဖြစ်ရလေတော့၏။ ...သမီးများနှင့် ကျန်ရစ်သော မခင်မြ သည် မလုပ်တတ်မကိုင်တတ်ရာ အုန်း သီးများရောင်းကာ မိသားစုအသက်မွေး ... ပြုရလေ၏။

သူတို့ခြံထဲမှ အုန်းပင်များအား အုန်းသီးဖောက်သည်ပေးသူမှာ ကျောက် ...တောင်းမှ အညာသား ကိုတောယုန် ...သူ ဖြစ်သည်။ ခြံကြီးထဲမှ များပြား ...သောအုန်းပင်များအား ကိုတောယုန် သည် ကိုယ်တိုင်တက်ကာ ခြင်းကြီး၊ ခြင်းငယ်ဖြင့်ထည့်ကာ အညာမြေသို့ သယ်လေ့ရှိ၏။ ထို့ကြောင့် မခင်မြမှာ အထိုက်အလျောက် စားဝတ်နေရေး အဆင်ပြေလေ၏။

မခင်မြတို့ခြံကျယ်ကြီးနှင့် ကျွန်ုပ်တို့အိမ်မှာ ဦးကြီးဦးတုတ်လှ၏ အိမ်ဝင်းတစ်ဝင်းသာခြားရာ ကိုတောယုန် အုန်းသီးလာဝယ်ခိုက် တစ်နေ့တွင် ကျွန်ုပ်သွား၍လည်လေ၏။ ကိုတောယုန်လာတိုင်းလည်း မခင်မြအိမ်တွင်သာ တည်းခိုရာ ထိုသို့မကြာမကြာသွားလည်ရင်း ဒေသန္တရ ဗဟုသုတစကားစုံ ပြောဖြစ်ကြ၏။

အချိန်မှာ ညနေစောင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အုန်းသီးခြင်းများဘေးတွင်ထိုင်ကာ စကားစမြည်ပြောဆိုနေကြစဉ် 'တောက်' ဟူသော ပြင်းထန်သည့် တောက်ခေါက်သံကို ကျွန်ုပ်တို့အားလုံး ကြားလိုက်ကြရ၏။ ကြားရသည့်နေရာကား အုန်းသီးခြင်းများဆီမှ ဖြစ်သည်။

"ဟာ-တောက်ခေါက်သံပါလားဗျ။ အုန်းသီးခြင်းထဲကပဲဗျို့"

ဟု ကျွန်ုပ်ကဆိုရာ အားလုံးပင် အုန်းသီးခြင်း (၃) ခြင်းဆီသို့ မျက်စိရောက်ကြ၏။

ကိုတောယုန်က -

"ဘယ်ခြင်းထဲက အုန်းသီးကများ တောက်ခေါက်သလဲ မသိပါဘူးဗျာ။ ကျုပ်တစ်သက်မကြုံဖူးသေးဘူးဗျ"

ဟု ဆိုလေ၏။

သို့နှင့် ကျွန်ုပ်တို့သည် ရောက်



တတ်ရာရာ စကားများပြောဆိုနေကြစဉ်ပင် နာရီဝက်မရှိတရှိအချိန် 'တောက်' ဟူသော ပြင်းထန်သည့် တောက်ခေါက်သံကြီး ထွက်ပေါ်လာပြန်လေ၏။ သည်တစ်ခါတွင်မူ မျက်စိအားလုံးတို့သည် တောက်ခေါက်သောခြင်းသို့ လျှပ်တစ်ပြတ် မျက်စိရောက်သွားကြရာ ကိုတောယုန်က-

"သည်ခြင်းထဲက အုန်းသီးတစ်လုံးလုံးက ခေါက်နေတာဗျ"

ဟု ဆိုလေ၏။

ထိုအခါ ကျွန်ုပ်က -

"အုန်းသီးက တောက်ခေါက်ရတယ်လို့ဗျာ။ အတော်ဆန်းကြယ်တာပဲဗျ။ ဒီအုန်းသီးမှာ အစွမ်းတစ်ခုခုတော့ ရှိလောက်တယ်ဗျနော့"

ဟု ဆိုလေရာ ကိုတောကျော်က-

"တောက်ခေါက်ပုံထောက်တော့ အုန်းဘီလူးနေမှာပေါ့ဗျာ။ ဘာစွမ်းလဲတော့ ကျုပ်လည်းမသိပါဘူးဗျာ။ အုန်းဘီလူးရှိတယ်လို့သာ လူကြီးသူမတွေ ပြောတာကြားဖူးတာပါပဲ"

ဟု ဆိုလေရာ အထူးအဆန်းကြုံရသည်မို့ ကျွန်ုပ်မှာ ထိုအုန်းသီးခြင်းဆီသို့သာ အာရုံရောက်နေလေ၏။ ကျွန်ုပ်တို့ မည်မျှစကားတွေပြောနေကြသော်လည်း တောက်ခေါက်သည့်အုန်းသီးခြင်းသို့သာ မျက်စိရောက်နေစဉ်ဝယ် ပြင်းထန်သော တောက်ခေါက်သံကြီးတစ်ချက် အုန်းသီးခြင်းထဲမှ ဟိန်းထွက်လာပြန်၏။

"တောက်"

"အင်း-ဒီအုန်းသီးခြင်းကြီးအနားထားပြီးအိပ်ရမှာတောင် ခပ်ကြောက်ကြောက်ပါပဲဗျာ"

ဟု ကိုတောယုန်က ဆိုလေရာ ကျွန်ုပ်က -

"ကိုတောယုန်ရာ၊ သူတောက်ခေါက်တာကလွဲပြီး ဘာမှလာမလုပ်နိုင်ပါဘူးဗျ။ သူက အုန်းသီးပဲ ဥစ္စာ"

"ဘာပဲဖြစ်ဖြစ် နက်ဖြန်သယ်သွားပြီးရင်တော့ ဖောက်သည်တွေလက်ထဲ ရောက်သွားမှာ အသေအချာပါပဲဗျာ။ မားနဲ့တွေ့ရင်တော့ အဲဒီအုန်းသီး တက်ခေါက်နိုင်စွမ်းရှိတော့မယ် မထင်ပါဘူးဗျာ"

ဟု ဆိုလေ၏။

သို့နှင့် ကျွန်ုပ်သည် မိုးချုပ်စတွင် အိမ်သို့ပြန်ခဲ့လေတော့၏။ တစ်သက်နှင့်တစ်ကိုယ် တောက်ခေါက်သောအုန်းသီးခြင်းအား မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

ရာ ဘယ်အုန်းသီးဟူ၍တော့ မသိရပါပေ။ ထိုခြင်းထဲတွင် အုန်းသီးတစ်လုံးတောက်ခေါက်သည် ဆိုသည်ကိုတော့ မှတ်မှတ်ရရရှိနေလေတော့၏။

## မျက်စိတစ်ပေါက်နှင့်အုန်းဘီလူး

"အမေ၊ မခင်မြတို့အိမ်ဝိုင်းထဲက ချတဲ့ အုန်းသီးတွေထဲမှာ တောက်ခေါက်တဲ့အုန်းသီးပါတယ် အမေရဲ့"

"အုန်းသီးက တောက်ခေါက်ရတယ်လို့။ နင့်ဟာကဟုတ်မှဟုတ်ရဲ့လားဟယ်"

"ဟုတ်တယ် အမေရဲ့၊ ကျောက်ပန်းတောင်းက အုန်းသီးပွဲစား အုန်းသီးတွေချပြီး ခြင်းတွေထဲထည့်ထားတာ ဘယ်အုန်းသီးက ခေါက်မှန်းမသိဘူး။ ခေါက်တဲ့ခြင်းတော့သိတယ်။ တကယ့်လူ စိတ်တိုပြီး တောက်ခေါက်သလိုပါပဲ အမေရာ။ ပီပီပြင်ပြင်ကြီးကို ကြားရတာ အမေရ။ ကြားရတာ လန့်တောင်လန့်တယ်"

"အေးဟယ်-အထူးအဆန်းပဲ။ ငါ့အသက်တောင် (၆၀) ကျော်ပြီ။ တစ်ခါမှ ကြားဖူးပါဘူးဟယ်"

"အဲဒီ တောက်ခေါက်တဲ့ အုန်းသီးဟာ ဆန်းတော့အတော်ဆန်းတယ် အမေရ။ သူ့မှာအစွမ်းရှိရမယ်၊ ဘာစွမ်းသလဲဆိုတာတော့ မသိတာခက်တယ်"

"ဪ- နင်ကလည်း အစ်ကိုကြီး ကိုတုတ်လှတို့အိမ်မှာ ဆရာကြီးဦးရွှေမင်း ရှိနေတာပဲ။ သူ့ကို မေးကြည့်ရင် နင်သိနိုင်မှာပါ"

"အခုတော့ မိုးချုပ်နေပြီ အမေ။ နောက်နေ့ကျမှ သွားမေးကြည့်တော့မယ်"

"အေး၊ အေး"

သည်လိုနှင့်ပင် ကျွန်ုပ်တို့ စကားစပြတ်သွားကြလေ၏။

ဟုတ်သည်။ မနက်ဖြန်ကျလျှင် ဘကြီး ဦးတုတ်လှတို့နှင့်အတူနေသော ဦးတုတ်လှ၏ ယောက္ခမကြီး ဆေးဆရာကြီး ဦးရွှေမင်းကို မေးကြည့်ရပေဦးမည်။ ဆရာကြီးမှာ အသက်(၇၀)ကျော်အရွယ်ရောက်နေပြီဖြစ်ကာ ကျန်းကျန်းမာမာနှင့် အဂ္ဂိရတ်များထိုးတုန်းရှိနေလေ၏။ အရွယ်ကြီးရင့်၍ ဆေးလိုက်မကုတော့ပါ။ ရောဂါဖြစ်နေ၍ မသိတာရှိက သွားမေးရလေ့ ရှိ၏။ သို့နှင့်ပင် တစ်နေ့သစ်ခဲ့ရပြန်ပါသည်။

တောက်ခေါက်သော အုန်းသီးကိစ္စကား ရေးကြီးခွင့်ကျယ်ကိစ္စ မဟုတ်သဖြင့် ကျွန်ုပ်သည် အလုပ်ကိစ္စများပြီး၍ ညနေပိုင်းကျမှ ဆရာကြီးဦးရွှေမင်းထံ ရောက်ခဲ့လေ၏။

"အဘိုး၊ အုန်းသီးတောက်ခေါက်တာ ကြားဖူးလား"

"ဟ - ကြားဖူးတာပေါ့ကွ။ အဲဒီ အုန်းသီးကို အုန်းဘီလူးလို့ ခေါ်တယ်။ ဘယ်မှာတွေ့ခဲ့တာလဲ"

"မခင်မြတို့ခြံထဲမှာ"

"အဲဒီအုန်းသီးရှိနေသေးသလား"

"ဘယ်ရှိတော့မှာလဲ အဘိုးရာ။ ကျောက်ပန်းတောင်းက အုန်းသီးပွဲစားက အကုန်သယ်သွားပြီလေ"

"ငါ့မြေးက ဘယ်အချိန်က တွေ့ခဲ့တာလဲ"

"မနေ့ညနေက"

"မသိရင် လာမေးရောပေါ့ မြေးရယ်။အဲဒီတောက်ခေါက်တဲ့အုန်းသီးဟာ အုန်းဘီလူးလို့ခေါ်တယ်ကွ။ အုန်းသီးဆိုတာ မျက်စိသုံးပေါက်ပါလေ့ရှိတယ်။ တောက်ခေါက်တဲ့ အုန်းဘီလူးကျတော့ မျက်စိတစ်ပေါက်ပဲ ပါတယ်ကွ"

"အုန်းသီးတွေက ခြင်းကြီးထဲမှာ အများကြီးဆိုတော့ ဘယ်အုန်းသီးက ခေါက်မှန်းမသိဘူး အဘိုးရဲ့။ ကျွန်တော် စိတ်တော့ဝင်စားတယ်၊ဘာမှန်းမသိလို့ သာနေလိုက်တာ"

"အုန်းဘီလူးပါမှန်းသိလို့ကတော့ အုန်းသီးတစ်ခြင်း ဘာတန်တာမှတ်လို့။ တစ်ခြင်းလုံးဝယ်ပြီး အုန်းသီးတွေခွဲပြီး အုန်းဘီလူးကို ရှာရင်ရတာပေါ့ကွာ"

"သိမှမသိဘဲ အဘိုးရာ။ သိရင် ဝယ်လိုက်တာပေါ့။ ဒါ့ထက် အဲဒီအုန်းဘီလူးက ဘာသုံးတာလဲ အဘိုး"

"ကာယသိဒ္ဓိစီရင်လို့ရတယ်ကွ"

"ကာယသိဒ္ဓိဆိုတော့ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတာပေါ့နော် အဘိုး"

"အေးလေကွာ၊ တို့ငယ်ငယ်က ခေတ်ကမကောင်းတော့ ကာယသိဒ္ဓိ တင်ထားရတာပေါ့ကွာ။ စစ်တွေဖြစ်၊ ခေတ်တွေပျက်တော့ကာ ကိုယ်လုံ သဘောမျိုးထိုးထားရတာကွ"

"အဘိုးစီရင်တတ်တယ်ပေါ့"

"အဟင်းဟင်း မြေးရယ်၊ ဆရာဆိုမှတော့ စီရင်တတ်တာပေါ့ကွယ်"

ဟု ပြောကာ ရယ်နေလေ၏။

ဆရာကြီးကား လူပုံချောချော ထောင်ထောင်မောင်းမောင်းနှင့် လွန်စွာယဉ်ကျေးပျူငှာလေ၏။ ကျွန်ုပ်၏ မိခင် ဒေါ်ကြွယ်လည်း စည်းသာခြား၍ နေထိုင်သော ဆရာကြီး ဦးရွှေမင်းအား မကြာမကြာခေါ်၍ ထမင်းကျွေးခြင်း ရေနွေးကြမ်းနှင့် အမြည်းကျွေးခြင်းတို့ ပြု၍ ဂါရဝပြုလေ့ရှိ၏။ ရောဂါဝေဒနာ တစ်ခုခုဖြစ်ပါက ဆေးနည်းများမေးမြန်းခြင်းတို့ ပြုလေ့ရှိ၏။ သူ၏ ဆေးနည်းများဖြင့် အိမ်တွင် ကျောင်းလာတက်နေကြသော မြေးတို့၏ ဝေဒနာများအား ကုသပျောက်ကင်းခဲ့ဖူးလေ၏။ ကျွန်ုပ်မှာ အဘိုးထံမှ သိချင်ရာသိခဲ့သဖြင့် ပြန်လာခဲ့ကာ အမေ့ထံပြန်၍ ပြောပြ လေ၏။

## ကာယသိဒ္ဓိပြီးသူ

ကျွန်ုပ်သည် မိခင်ဖြစ်သူအား တောက်ခေါက်သော အုန်းဘီလူးသည် ကာယသိဒ္ဓိစီရင်ရာတွင် အသုံးချ၍ရ ကြောင်း ပြောပြသောအခါ ကျွန်ုပ်အား ကျွန်ုပ်တို့ မသိမီလိုက်သော အဖြစ်အပျက်တို့ကို ကျွန်ုပ်အား မိခင်ဒေါ်ကြွယ်မှ ပြောပြခဲ့လေ၏။

"ဟဲ့-ငါ့သားရဲ့၊ ဆရာကြီးဦးရွှေမင်းဆိုတာ ငယ်ငယ်က အသားဖြူဖြူ ခံ့ခံ့ချောချော သျှောင်ထုံးနဲ့ဆိုတော့ အရမ်းကြည့်ကောင်းတာဟဲ့။ ဆေးကုသွားလို့ ပိုးပဝါလေးများပေါင်းထားလိုက်ရင် မင်းသားလား အောက်မေ့ လောက်အောင် ချောတာ။ သူ့ခေတ်နဲ့ သူ့အခါ ဆရာဦးရွှေမင်းဆိုတာ အရမ်း နာမည်ကြီးခဲ့တာ။

သူ့မှာ သမီးလေးနှစ်ယောက် မွေးတယ်။ တစ်ယောက်က အပျိုပေါက် အရွယ်မှာဆုံးပြီး ကျန်ခဲ့တဲ့အစ်မဖြစ်သူ မစောက ငါတို့အစ်ကိုကြီး ကိုတုတ်လှ နဲ့ အိမ်ထောင်ကျတာလေ။

အဲဒီ အိမ်ထောင်ကျပြီးခါစ တာက ဂျပန်ခေတ်လေ။ ငါတို့ အစ်ကို ကြီးက အိမ်ထောင်ကျတာ ငါ့ထက် နောက်ကျတယ်။ ငါတောင် နင်တို့အစ်ကို ဂုတ်တိုကိုမွေးပြီးပြီ။

အစ်ကိုကြီးဟာ အိမ်ထောင်ကျ ပြီးတာနဲ့ အခုနေတဲ့အိမ်ကိုဆောက်ပြီး အိမ်ထောင်ခဲ့တော့တာပဲ။ အဲဒီမှာ ဆရာကြီး ဦးရွှေမင်းနဲ့ ဒေါ်ဖွားတာ အလယ်ပိုင်းက သူတို့အိမ်မှာ ကျန်ရစ်ခဲ့ တယ်။ သူတို့မှာ တစ်ဦးတည်းသော သမီးလေးသာရှိတာကြောင့် သမီး အသက်လိုချစ်ရှာတယ်။ ဦးရွှေမင်း လာလိုက်၊ ဒေါ်ဖွားက လာလိုက်နဲ့ သားသမီးနဲ့ မိဘပဲဟယ် ဒီလောက် ရှိတာပေါ့။

ဒီလိုနဲ့ တစ်နေ့မှာ ရွာထဲ



www.burmeseclassic.com

www.burmeseclassic.com

မိုက်ငထော်နဲ့ လမ်းမှာဆုံတဲ့အခါ ထော်က ဆရာကြီးကို မချေမငံပြော ဆက်ဆံတာကြောင့် စကားများကြ တယ်။ ငထော်ဆိုတာကလည်း လူတိုင်း ကြောက်နေကြရတာ။ တောမီး ောင်နေတဲ့ခေတ်ကြီးမှာတောကြောင် တ်ခမောင်းခတ်တဲ့သဘောပေါ့ဟယ်။ ဒါကြောင့် ငထော်နဲ့ မတုရဲတဲ့လူတွေ ငထော်ကို ရှိသေခယကြရတယ်။ ထော်ဟာ အဲဒီမိုက်ဂုဏ်နဲ့ ဆရာကြီးကို ဆမဲ့မြင်ပြုတာပေါ့။ ဆရာကြီးကပဲ လျှော့ပေးလိုက်တယ်လို့ သိရတယ်။

နင်စဉ်းစားကြည့်။ ရွာမှာ လူတ တ ချစ်ကြောက်ရိုသေပြီး လေးစား ရတဲ့ ဆရာကြီးကို မလေးမစားပြု ယ်ဆိုတာ ငထော်ဘယ်လောက်လွန် ဆိုတာ အဲဒီတုန်းက ဆရာကြီး ) ကျော်၊ ငထော်က (၃၀) ကျော် ရွယ်ကောင်းတွေလို့ ဆိုရမှာပေါ့။ ရာကြီး သည်းခံလိုက်လို့သာ ပွဲကပြီး သွားတာ။

ဒါပေမယ့် အဲဒီရန်မီးက မအေး ဘူး။ ဆရာကြီးကို အလကားနေ့ရင်း ကစ်စပါးမွေးစူးနေတဲ့ ငထော်ဟာ ရာကြီးလာနေကျလမ်း အစ်ကိုကြီး တုတ်လှတို့ အိမ်ထောင့်ချိုး ချုံကွယ် နေပြီး ဆရာကြီးအလာကို စောင့် ယ်။ ဒါကို လူတွေကတော့ ဘယ်သိ လဲတယ်။ ရွာထဲဆိုတာကလည်း အဲဒီ ချိန်က ခုလို သိပ်ပြီးစည်ကားသေး ာမှ မဟုတ်တာ။ ခပ်ခေါင်ခေါင်ဆို ာ့ ဘယ်သတိထားမိကြမှာလဲ။

ဒါနဲ့ ဆရာကြီးလည်းလာရော ထော်ဟာ ချုံကွယ်ကနေထွက်ပြီး င်းတိုက်နှစ်သားတုတ်နဲ့ ဆရာကြီးရဲ့



ဦးခေါင်းကို ဆက်တိုက်ရိုက်လိုက်တာ တအုန်းအုန်းနဲ့ ငါတို့တွေတောင် ကြား လိုက်ကြရတယ်။

တို့လည်းဘာလဲဆိုပြီး ပြေးကြည့် တော့ ဆရာကြီးကို ငထော်က အားရ ပါးရ ရင်းတိုက်နှစ်တုတ်နဲ့ တအားလွဲပြီး ရိုက်နေတာကိုး။ အဲဒီမှာ အံ့ဩစရာ ကောင်းတာက ဆရာကြီးဟာ လဲကျ မသွားဘဲ မားမားမတ်မတ်ရပ်လျက်ရှိ နေပြီး ငထော်ရဲ့တုတ်ကို လှျပ်တစ်ပြက် လုယူပြီး မြေမှာပစ်ချလိုက်တယ်။

ဒီလောက်ပြင်းထန်တဲ့ ရိုက်ချက် နဲ့ အသေရိုက်တာတောင် တစ်ချက် မယိုင်တဲ့ ဆရာကြီးကို ငထော်ဟာ ကြောင်ပြီး အံ့ဩတကြီးကြည့်နေတာပဲ့။ အဲဒီမှာ သူ့သမီး မစောနဲ့ အခြားလူတွေ လည်း ရောက်လာကြတယ်။ ငထော်က တော့ ကြောင်တောင်တောင်ရပ်လို့ပေါ့။

အဲဒီမှာ ဆရာကြီးဟာ ပဝါပေါင်း ဖြုတ်ချပြီး သျှောင်ထုံးကို ရုတ်တရက် ဖြေကာ ဖြန့်ချလိုက်တယ်။ ဆရာကြီးရဲ့ မျက်နှာမှာ ဒေါသရိပ်တွေလည်း တက် နေတယ်။ သူ့ခက်ထန်တာ ဒီတစ်ခါသာ ငါတို့မြင်ဖူးကြတာ။ ရှားရှားပါးပါး မြင် ရခြင်းပါပဲ။

'ဟေ့ကောင်ငထော် ငါလူမသတ် ချင်ဘူးနော။ ဟောဟို ငါ့သမီးလေးနဲ့ ငါမခွဲနိုင်လို့ သမီးလေးမျက်နှာထောက် လို့ မင်းကို ငါ ဘာမှမလုပ်တာ။ မင်းရိုက် ချင်သေးတယ်ဆိုရင် ငါ့ရဲ့ဆံပင်ကိုဆွဲပြီး မင်းကြိုက်သလို ရိုက်ကွာ။ ရော့လေ ဆံပင် ဆွဲလေကွာ ငထော်'

လို့လည်းပြောရော သူဘယ်လို လုပ်လုပ် အရာထင်မှာမဟုတ်ဘဲ ကာယသိဒ္ဓိပြီးနေတဲ့ ဆရာကြီးကို အလို လို သဘောပေါက်သွားပြီး ငထော် နောင်တရလိုက်ပါတယ်။ အဲဒါကြောင့် ငထော်ဟာ ဆရာကြီးကို ရှိခိုးတောင်းပန် ပြီး ထွက်သွားခဲ့တယ်ဟဲ့။ အဲဒီနောက်မှာ တော့ ရွာမှာ ဆရာကြီးဟာ ဟိုးဟိုး ကျော် နာမည်ကြီးသွားခဲ့တယ်။ အဲဒါ ဟာ ဆရာကြီးဟာ ကာယသိဒ္ဓိပြီးတယ် ဆိုတာပါပဲ။ ဒါက ဆရာတစ်ယောက်ရဲ့ ဂုဏ်ရည်ဆိုပါတော့။

ဒါက ငါတို့မျက်စိနဲ့ တပ်အပ်မြင် ဖူးခဲ့ကြတာ။ သူငယ်စဉ်ကတည်းက လိုက်စားခဲ့တဲ့ မြန်မာ့ဆေးပညာနဲ့ မြန်မာ့ ဂမ္ဘီရပညာ ဘယ်မျှအတိုင်းအတာရှိ တယ်ဆိုတာ ငါတို့မသိနိုင်ဘူး။

အကယ်၍သာ နင်တွေ့လိုက်တဲ့ အုန်းဘီလူးသာ အဲမှန်တကယ်ရှလိုက် ရင် ဆရာကြီး ဆေးစီရင်နိုင်မယ်လို့ ငါ ယုံကြည်တယ်။ ဒါကလည်း တစ်သက် မှတစ်ခါ ကြုံတောင့်ကြုံခဲ အခွင့်အရေး ပါ မြတ်ထွန်းရယ်။ နင်ကလည်း လွန် ကာမှ ဆရာကြီးကို ပြောပြတာကိုး"

ဟု ပြောပြခဲ့လေ၏။

ကျွန်ုပ်မှာမူ အခွင့်အရေးကြုံပါ လျက်နှင့် ရအောင်ယူနိုင်စွမ်းမရှိခဲ့၍ စိတ်မကောင်းခြင်း ကြီးစွာရှိရလေ၏။

ယခုသော်မူ ကျွန်ုပ်သည်ပင် ခြောက်ဆယ်ကျော် ဦးမြတ်ထွန်းဖြစ်နေ ပြီဖြစ်ရာ မိခင်ကြီးဒေါ်ကြွယ်၊ အဘိုး ဆရာကြီးဦးရွှေမင်းတို့ ကွယ်လွန်ခဲ့သည် မှာ ကြာပြီဖြစ်၍ သက်ကြီးစကားများ အဖြစ် ကိုယ်တွေ့တို့ကို ပြောနေကြခြင်း ဖြစ်ပေ၏။

**ဓမ္မာရုံရေစက်ချပွဲ**

မောင်မြတ်ထွန်း ပြောပြသော အကြောင်းအရာတို့တွင် ကျွန်ုပ်တို့မမွေး မီက မောင်မြတ်ထွန်း၏မိခင်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တို့သည် ကျွန်ုပ်ပင်လျှင် လုံးဝ မကြားဖူးခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်သည် စာလုံးများရေးရင်း နားစွင့်ကာ မှတ်သား နေခဲ့ပါသည်။

ကျွန်ုပ်သည် ဘိုးဘွားတို့နှင့် ကြီး ပြင်းခဲ့သူ ဖြစ်သည်။ အဘိုး၏ ချိုသာ သောမျက်နှာကိုသာ အစဉ်သဖြင့် မြင် တွေ့ကြီးပြင်းခဲ့ရ၏။ ဒေါသဖြစ်သည်ကို မမြင်တွေ့ဘူးခဲ့ပါ။ တကယ့်မေတ္တာရှင် ဖြစ်ပါသည်။

အသက် (၁၆) နှစ် ရောက်ပြီး သောအခါ သာမဏေဘဝဖြင့် နယ်သို့ စာသင်သွားသည်မှစ၍ မိဘ၊ဘိုးဘွားတို့ နှင့် ခွဲခွာနေရသဖြင့် မိဘ၊ဘိုးဘွားတို့၏ မေတ္တာရိပ်တွင် ခေတ္တသာ ခိုလှုံခွင့်ရ လျက် အသက် (၆၀) ကျော်မှ ရွာပြန် ရောက်သောအခါ ရှေးလူတို့မရှိကြတော့ ပြီ။ မောင်မြတ်ထွန်း ပြောပြနေ၍ လွမ်း စဖွယ်ကြားရချေ၏။

များပြားလှသည့် ကောင်းမှုရှင် များအား (၅) ရက်မျှ ရေးဆွဲရပါသည်။ ရေးဆွဲပြီး ၅-၇-၂၀၁၃ နေ့တွင် အလှူ ရှင်များ ဓမ္မာရုံကြီး ရေစက်ချပွဲကို ခမ်း ခမ်းနားနား ကျင်းပခဲ့လေ၏။

*အားလုံးသို့ အမှတ်တရ*
*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

(၁)

သဘာဝတရားက ရိုးမကို လှပအောင် တန်ဆာဆင်ပေးထားသည်။ လူတို့လက်ဖြင့် ရေးဆွဲထားသည့် ဆေးရောင်စုံ ပန်းချီကားတစ်ချပ်ဝင် လိုက်မမီနိုင်အောင် ဖြစ်သည်။ တောအသွယ်သွယ်၊ တောင်အထပ်ထပ်က စုတ်ချက်ကို ထပ်ဆင့်ရေးခြယ်ထားသည့်နှယ် ဖြစ်၏။ တောတစ်ခွင်လုံး စိမ်းစိုညိုမှောင်လျက်ရှိ၏။ သို့ပင်ဖြစ်စေကာမူ ရော်ရွက်တချို့ကပ်ငြိနေသည်။ လေပြင်းတစ်ချက် မွှေ့လိုက်သည့်အခါ ရော်ရွက်များ လွင့်ပါသွားသည်။ ရိုးမတောအတွင်း သစ်ပင်တွေ စုံလင်လှ၏။ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ၊ ကညင်၊ ပိတောက်၊ သင်္ကန်း၊ ယမနေနှင့် တမလန်းစသည့် သစ်ပင်တွေ စုံလင်လှပေသည်။

တောတွင်းပျော် သတ္တဝါပေါင်းစုံ ကျက်စားမြူးတူးနေကြသည်။ ကျေးငှက်သာရကာများ၏ ခွန်းဆင့်သီကျူးသံတွေကလည်း တောတွင်းဂီတသံစဉ်တစ်ခု ဖန်တီးထားသည့်အလား ဖြစ်သည် တောကိုလွန်သည့်အခါ သက်ငယ်တော က တစ်မျှော်တစ်ခေါ်ကြီး တည်ရှိ သည်။ ကိုင်းမြက်တွေကလည်း ကျိုး ကျဲတဲ ပေါက်ရောက်လျက်ရှိသည် လေဝှေ့လိုက်သည့်အခါ ရွှမ်းရွှမ်း အသံတွေ ကျယ်လောင်စွာ ပေါ် လေသည်။ ကိုင်းတောအတွင်းမှာ ရွှာ ရွှာသား၊ အိမ်မွေးတိရစ္ဆာန်များ၊ တော တွင်းသားကောင်များ ဖြတ်သန်းသွား လာကြသဖြင့် ခြေသွားလမ်းကလေး ဟိုသည်ကွေ့ကောက် တည်ရှိနေသည် သက်ငယ်တောကိုလွန်သည့်အခါ ဝါး တွေ တစ်မျှော်တစ်ခေါ်ကြီး ထူထပ် ပေါက်နေလေသည်။ ကိုင်းတောအတွင်း မှ တောကြက်တစ်အုပ် ဖြုန်းခနဲ ထ ထွက်သွားသည်။ တောကြက်မ ကောင်၊ နှစ်ကောင် ဆူဆူညံညံ ကတော်ကတော်အော်သွားသံက တော

# (မန္တလေး) ခင်မောင်အေး

## ဝဋ်ကြွေးကြမ္မာမလွတ်ရာ





www.burmeseclassic.com

www.burmeseclassic.com

တို လှုပ်နှိုးလိုက်သည့်အလား။

ရုတ်တရက် သက်ငယ်ပင်ကိုင်းများ လေပြင်းမွှေ့လိုက်သလို ယိမ်းထိုးလှုပ်ခါသွားသည်။ စောစောက အံ့သာချိုအေး တေးသီဆိုနေကြသည့် ငှက်ကျေးသံတွေ မီးကို ရေဖျန်းလိုက်သည့်အလား ရုတ်ခြည်းတိတ်ဆိတ်သွား၏၊ ကိုင်းပင်ခပ်ကျဲကျဲတောတိုးလမ်းတစ်ခုအတွင်းမှ ကျားသစ်မသည် ပျော်ရွှင်မြူးထူးစွာ ခုန်ပေါက်လျက်ထွက်လာလေသည်။ ကျားသစ်မ၏ နောက်မှာ လိမ္မော်ရောင်နောက်ခံတွင် မဟူရာသွေးနှင်းဆီပွင့်ကြီးများနှယ် သဘာဝက ခြယ်သထားသည့် အသွေးအမွေးဖြင့် ကျားသစ်တစ်ကောင်က ထက်ကြပ်မကွာ လိုက်ပါလာလေသည်။ ကျားသစ်နှစ်ကောင် တစ်ကောင်နှင့်တစ်ကောင် တိရစ္ဆာန်တို့၏ သဘာဝအတိုင်း မိတ်လိုက်နေကြခြင်း ဖြစ်သည်။ တစ်ကောင်ကပြေးလိုက်၊ တစ်ကောင်ကလိုက်လိုက်၊ လည်ကုပ်ကိုခဲလိုက်၊ နားရွက်ကို တိုက်လိုက်နှင့် လုံးထွေးလှိမ့်လူးရွှင်မြူးကစားနေကြသည်။

မကြာမီ တောသည် ပြန်လည်လှုပ်ရှား သက်ဝင်လာပြန်လေသည်။ တစ်ဖက်စွန်း ဝါးသုဦးတောတစ်နေရာမှ တောကြက်တစ်ကောင်၏ တွန်သံကို ကြားရသည်။ တစ်နေရာမှ တောကြက်တစ်ကောင် တွန်သံပြန်ပေး၍ စိန်ခေါ်လိုက်သည်။ ခဏအကြာမှာ တောကြက်နှစ်ကောင်၏တွန်သံများ တစ်တောလုံး ဆူညံနေလေတော့သည်။ ကျားသစ်မောင်နှံသည်လည်း ပြေးလွှားဆော့ကစားရင်း တောအုပ်ထူထပ်ရာ တစ်နေရာသို့ ထွက်ခွာပျောက်ကွယ်သွား၏။ သဘာဝသည် လောကတစ်ခွင်ကို အလှဆင်ပေးသည်။ ဥတုရာသီကို တစ်ကြိမ်စီ အလှည့်အပြောင်းလုပ်ပေးသည်။ နွေ၊ မိုးနှင့် ဆောင်းဥတုတစ်လှည့်စီပြောင်းလျက် စိမ်းတစ်ခါ၊ ဝါတစ်လှည့် မှုန်မှိုင်းရီဝေ့ ရာသီတွေညို့ အချိန်ကို သတ်မှတ်ပေးသည်။ နွေပန်းတွေပွင့်စေ၊ ရေကိုပင်





www.burmeseclassic.com

www.burmeseclassic.com

အစဉ်မခန်းစေဘဲ သဘာဝအနေအထား မပျက်ယွင်းရအောင် ဟန်ချက်ညီညီ စီမံပေးထားသည်။ ဝသန်ကာလရောက်လာပြန်တော့လည်း မြစိမ်းရောင်ပြေးအဆင်အသွေး ဆင်မြန်းပေးထားလေသည်။ ထိုမှတစ်ဖန် ဥတုတစ်ကြိမ်ပြောင်းပြန်သည့်အခါ ဟေမန်ကာလဆောင်းသမယတွင် ဆွတ်ပျံ့သာမောသည်တောသည်တောင်ကို မြူထူးပျော်ပါး ကျေးငှက်များတို့ ပျံသန်းလှုပ်ရှားကျက်စားကူးလူး တစ်ပင်မှတစ်ပင်ကူးအောင် ဖန်တီးပေးပြန်လေသည်။

ကျားသစ်မသည်လည်း သားငယ်ကို ဝမ်းမှာလွယ်ထားရပြီ။ ကျားသစ်ထီးက ကျားသစ်မရင်သွေးလွယ်ထားရသည်ဖြစ်ရကား ရံဖန်ရံခါ သူရရှိလာသော အစာကိုယူဆောင်လာပြီး ကျားသစ်မအား ကျွေးမွေးသည်။ တစ်စတစ်စမွေးဖွားချိန်က နီးကပ်လာသည့်အခါ၌မူ ကျားသစ်ထီးက ပေါ်မလာတော့ပါ။ ကျားသစ်မကား တောတွင်းသားကောင်တို့၏ သဘာဝအတိုင်း သားငယ်ကိုယ်ဝန်ကို လွယ်ထားရသည့်တိုင် လက်လှမ်းမီရာ သားကောင်ငယ်များကို မပင်မပန်းဖမ်းယူစားသောက်နေနိုင်ခဲ့ပါ၏။ အချိန်တန်သောအခါ တောင်နရံချပ်ကြားတစ်နေရာကို သေချာစွာ ရွေးချယ်ပြီး သားငယ်တစ်ကောင်အား အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပါသည်။ သားငယ်ကလေးကား တောတိရစ္ဆာန်ငယ်ကလေးပီပီ မျက်လုံးပင် မပွင့်ရှာသေး။ ရက်သားကလေးမို့ဝဲ၊ ယာကိုယ်စောင်းမပြန်နိုင်သေးပါ။ မိခင်နို့ချိုကိုသာ အာသာငမ်းငမ်းစမ်းကာ ရှာဖွေနေရှာလေသည်။

မိခင်ကျားသစ်မက သားငယ်ကလေးအား ရင်ခွင်အတွင်း တယုတယထားလျက် နို့ချိုတိုက်ကျွေးခဲ့ပါသည်။ သားသည်မိခင်မို့ သားငယ်ကိုနို့တိုက်ရသည့်အခါ အာဟာရက လိုအပ်လာလေသည်။ ကိုယ်တိုင်စားဖို့ သားကောင်အရှာထွက်ရချိမ့်ဦးမည်။ သို့ဖြစ်၍ ကျားသစ်မသည် သားကောင်ရှာရန် တောင်ခြေသို့ ဆင်းရတော့သည်။ ထူထပ်သော ရိုးမတောကြီးအတွင်း သားကောင်ငယ်များ ခိုအောင်းကျက်စားခြင်းမပြုနိုင်ပေ။ သားကောင်ကြီးများရန်ကို ကြောက်ရသည်။ သားစားတောကောင်များသာ တောင်ပေါ်ဒေသတစ်ခွင်မှာ ကြီးစိုးနေကြသည်ဖြစ်၍ သားကောင်ငယ်များ ကျင်လည်လှုပ်ရှားမပြုနိုင်ကြ။ တောင်ခြေစိုက်ခင်းများရှိရာသို့ သွားရောက်လျှင် လူခြေတိတ်အချိန် ခိုးဝင်၊ ခိုးထွက်စားကြရပါသည်။ သို့မို့ကြောင့် ကျားသစ်မသည် သားငယ်ကို ထားရစ်ကာ တောင်ခြေသို့ဆင်းသွားရရှာပါသည်။ အနီးအနားတွင် သားစားတောကောင်များ၊ တောခွေးများ၊ ဝံဆိုးကြီးများ ရှိ၊ မရှိ သေချာအောင် အကဲခတ် လေ့လာစူးစမ်းပြီးမှသာ အစာရှာရန် ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

(၂)

လေအေးက တသွင်သွင်သွေးလျက်ရှိ၏။ ရာသီက အေးစိမ့်နေသယောင်ရှိငြား ပူစပ်ပူလောင်လည်း ဖြစ်နေသည်။ အရိပ်ခိုနေကြသည့် တောကောင်များခိုအောင်းရာ အကာအကွယ်အောက်မှာ ဆက်လက်နေထိုင်နိုင်ခြင်း မရှိတော့ဘဲ ပြင်ပသို့ထွက်လာကြရ၏။ သိပ်သည်းသော တောအတွင်း နေရောင်ခြည်များ မရဲတရဲထိုးဝင်ဖြာကျလျက်ရှိ၏။

ရိုးမ၏ မြောင်တစ်ခု ချပ်ကြားတစ်နေရာမှာ အစိမ်းပုပ်ရောင်တစ်ဝက်၊ ရွှေဝါရောင်တစ်ဝက် ရောယှက်လျက်ရှိနေသည့် စပါးကြီးမြွေတစ်ကောင်ရှိနေလေသည်။ အစာကိုရှာဖွေဖို့ ရှည်လျားစုတ်ခိုင်သောကိုယ်ကို လူးလွန့်လှုပ်ရှား၍လာနေသည်။ လောလောဆယ်ဆယ် သူ၏သားကောင်ကို ရှာဖွေမတွေ့ရှိသေးချေ။ ဟိုဟိုသည်သည် ဦးခေါင်းကြီးကို ငဲ့စောင်းရှာဖွေကြည့်နေသည်။ ရွှေဝါရောင်အကွက်များကို နေရောင်ထိုးလိုက်ရာတွင် ပြိုးပြက်ဝင်းလက်သွားသည်။ ဖြုတ်ခနဲရွက်ရော်ဝါတစ်ရွက်သူ့အထက်ရှိ သစ်ပင်ပေါ်မှကြွေကျလာသည်ကိုပင် သူက ဦးခေါင်းကို ဆတ်ကနဲလှည့်ကြည့်လိုက်သည်။

ရှောခနဲရှောခနဲ လူးလွန့်လှုပ်ရှားသွားနေရင်းက လျှာကို တစ်လစ်တစ်လစ်လုပ်ကြည့်သည်။ စပါးကြီးတို့၏ သဘာဝအတိုင်း ဝန်းကျင်မှအနံ့ကိုခံနေခြင်း ဖြစ်လေသည်။ ရှောခနဲ ချပ်ကြားတစ်ခုအပေါ်သို့ ရောက်အလာ သူ့နှာဝတွင် ညီနံ့ရသောနေရာသည် သူရှိနေသောနေရာမှာ များစွာမဝေးကွာလှသည်ကို စပါးကြီးမြွေက ခန့်မှန်းမိ၏။ ရှောခနဲတစ်ချက်လှုပ်ရှားလူးလွန့်လိုက်ပြန်သည်။ ပြီးနောက် လျှာကိုတစ်လစ်တစ်လစ်လုပ်သည်။ ညီစို့စို့အနံ့က တစ်စတစ်စနီးလာပုံရသည်။ ချပ်ကြားတစ်ခုဆီမှလာသောအနံ့ ဖြစ်သည်။ တစ်ချက်တစ်ချက်အစ်ခနဲအီခနဲ အသံတိုးတိုးကလေးများကိုပင် ကြားလာရပြီ။ စပါးကြီးမြွေက အစာမစားခဲ့ရသည်မှာ အတော်ကြာနေပြီ။ ချေပေါက်ကလေးတစ်ကောင်ကို စားမျိုခဲ့ရပြီးကာလ တော်တော်ကြာနေပြီလည်း ဖြစ်၏။

သို့ဖြစ်၍ စပါးကြီးမြွေသည် ညှီနံ့ရရှိသည့်နေရာဆီသို့ တိုးကပ်သွားလေသည်။ တောင့်စောင်းတစ်ခု၏အောက်နားတစ်နေရာတွင် တောင်နံရံနှင့်ကပ်လျက် ချပ်ကြားတစ်ခုကြား ခပ်ပြေပြေနေရာတစ်ခုတွင် ခွေခွေလေးလဲလျောင်းလျက်ရှိသော ကျားသစ်ပေါက်စလေးတစ်ကောင်ကိုမြင်လိုက်ရ၏။ ကျားသစ်ငယ်ကလေးသည် နို့ဆာလွန်းသဖြင့် တအီအီအော်မြည်နေလေသည်။ ယင်းသို့ အော်မြည်နေသံကပင် သူ့သေမင်းကို ဖိတ်ခေါ်လိုက်သည့်အလားဖြစ်သွားရသည်ကို ကျားသစ်ငယ်ကလေးခမျာ မသိရှာပါ။ ရက်သားမျှသာရှိနေသေးသဖြင့် သူမမြင် မတွေ့စဖူးသော ဤလောကမြေမဟီဝယ် အန္တရာယ်အသွယ်သွယ်တို့ ဝိုင်းရံလျက်ရှိနေသည်ကိုလည်း မသိနိုင်ပါ။

စပါးကြီးမြွေသည် လူးကာလွန့်ကာ လျှောတိုက်လျက် ကျားသစ်ပေါက်ကလေးရှိရာသို့ တိုးကပ်သွား၏။ ကျားသစ်ပေါက်စကလေး တအီအီအော်မြည်နေသံက မွတ်သိပ်ဆာလောင်လွန်းသဖြင့်၊ အော်သံပင် တစ်စတစ်စတိုးတိမ်သွား၏။ စပါးကြီးမြွေသည် ကျားသစ်ပေါက်ကလေးကို တောက်ပြောင်သည့် မျက်လုံးအစုံဖြင့် မမှိတ်မသုန် စူးစိုက်ကြည့်ရှုနေလိုက်၏။ မျက်လုံးအစုံမှ မီးလျှံတွေထွက်လာတော့မှာလေလားဟု ထင်မှတ်ရသည်။ သူ့အတွက် ဤသားကောင်ကို ညှို့ရန်မလိုပေ။ ရက်သားမျှသာရှိသည့် သည်ကျားသစ်ပေါက်စကို အသာမျိုချရုံမျှ ဖြစ်သည်။ သို့ဖြစ်၍ သားကောင်ရှိရာသို့ တဖြည်းဖြည်းတိုးကပ်သွားသည်။ ကျားသစ်ပေါက်ကလေးက မိမိအပါးသို့ ရှောခနဲရောက်ရှိလာသည့် စပါးကြီးမြွေကို ရန်သူလေလား၊ မိတ်ဆွေလေလား ခွဲခြားသိရှိနိုင်စွမ်းမရှိပါ။

စပါးကြီးမြွေက မိမိအပါးသို့ ရှောခနဲရောက်လာကာ သူ့ကို မျိုချစားသောက်ဖို့ ပြင်ဆင်နေသည်ကို မိခင်ကျားသစ်မဟု ယုံမှတ်နေပုံရသည်။ စပါးကြီးမြွေက လျှာကို တစ်လစ်ထုတ်ရှ ပါးစောင်ကို အစွမ်းရှိသလောက်ဖြဲ၍



www.burmeseclassic.com

သားကောင်၏ဦးခေါင်းမှ စတင်မျိုလေသည်။ မြွေက သူ့နှုတ်ခမ်းနှင့် လည်မျိုထက် လေး၊ ငါးဆခန့် ကြီးမားသောသားကောင်ကို မျိုရခြင်းဖြစ်သဖြင့် အတော်အတန်အားစိုက်ရသည်။ သူ၏ ...စောင်က သားရေပြားတစ်ခုအလား ...အပ်သလို ချဲ့နိုင်၊ဆန့်နိုင်သည်။ ကျားသစ်ပေါက်စလေးကို တဖြည်းဖြည်းချင်း မျိုရသည်။ ဦးခေါင်းမှ စတင်လျက် လည်ချောင်း၊ ရှေ့ခြေ၊ နောက်ခြေ၊ ...ညှောင်းရိုး၊ အမြီးအထိ ဘာမှမကျန်အောင် မျိုချပစ်လိုက်၏။ သည့်နောက် မြွေ၏ ပါးလျားသော အစိမ်းရောင်ကိုယ်ထည်မှာ ရွှေဝါရောင်အကွက်များ ...သထားသော အရေခွံအောက်တွင် ကျားသစ်ပေါက်ကလေး၏ ကောက်ကြောင်းပုံသဏ္ဍာန်ကို ထင်းထင်းကြီးမြင်နေသည်။ ကျားသစ်ပေါက်ကလေး ... မျိုနေရသည်ဖြစ်ရကား အချိန်အတော်ကြာသွားသည်။ စပါးကြီးမြွေအဖို့ အေးဆေးတိတ်ဆိတ်ရာ နေရာတစ်ခုမှ ရက်ပေါင်းအတော်အတန်ကြာအောင် မလှုပ်မယှက်ငြိမ်ငြိမ်သက်သက် ...လျောင်းလျက် အနားယူရချိမ့်ဦးမည်။

ထို့ကြောင့် စပါးကြီးမြွေသည် ...ကြားအတွင်းမှ လျှောတိုက်လူးလွန့်... ထွက်ခွာလာသည်။ ဟိုးမဝေးလှ...သည့်တစ်နေရာမှ သစ်ပင်ပုတစ်ပင်...တ်တွင် ချိုးသိုက်တစ်ခုရှိသည်။ ချိုး...အဖိုက သစ်ကိုင်းထက်နားလျက် ...ရိုလေးတွဲစွာ ကူနေလေသည်။ ...ကူးကူးသံရှည်သည် မသတီစရာဝေး...တစ်ခုလို မင်္ဂလာမရှိသည့် သံစဉ်...ခုအဖြစ် ပေါ်ထွက်လာနေသည်။ ...စာကို မျိုချထားသောမြွေအဖို့ လှုပ်...သွားလာရန် မလွယ်ကူပေ။ ဝမ်းဗိုက်အတွင်းမှာ ကျားသစ်ပေါက်ကလေး...ကောင်ရှိနေသည်ဖြစ်၍ ခေတ္တခဏ ...နားနေခိုက် သက်သောင့်သက်သာ...နေလိုသည်။ ထိုမှကြောင့်လည်း စပါး...မြွေသည် ရောက်ရှိနေရာမှပင် မှေး...အနားယူနေလိုက်လေသည်။

(၃)

အေးစိမ့်သော သစ်ပင်ရိပ်တစ်ခုအောက်တွင် ချေမတစ်ကောင်က လဲလျောင်းအနားယူနေသည်။ , အခိုက်အတန့်၌မူ သည်နေရာတွင် အန္တရာယ် ...ငွေ့အသက်လုံးဝမရှိသေးချေ။ ချေမသည် ချေပေါက်ကလေးကို မိမိနံဘေး...ထားကာ လဲလျောင်းနေခြင်း ဖြစ်သည်။ အမှုမဲ့အမှတ်မဲ့ဆိုပါမူ ချေသားအမိက မျက်ကွယ်နေရာတွင် ဖြစ်နေရကား ရုတ်တရက်မမြင်နိုင်ပေ။ ညိုမှောင်မှောင်ချေမ၏အသွေးအရောင်ကလည်း ဝန်းကျင်ရှိ ကိုင်းပင်များနှင့် တစ်သားတည်းရှိနေပေသည်။ သဘာဝက တောတွင်းသားကောင်များအား ပေးအပ်ထားသည့်အကာအကွယ်ဟု ဆိုနိုင်ပါသည်။ ချေမအတွက် သားတစ်ကောင်မွေးဖွားပြီး ဖြစ်သောကြောင့် ကျေနပ်နှစ်သိမ့်စရာပါ။ နေရောင်က ချေမသားအမိအား နွေးနွေးထွေးထွေးရှိနေစေသည်။ ကိုင်းမြက်တွေကလည်း လန်းလန်းဆန်းဆန်းရှိစေသည်။

ချေမသည် မိခင်၏ရင်ခွင်မှ မကွာလှမ်းလှသော နံဘေးမှ သားငယ်ကိုငုံ့၍ကြည့်ရှုလိုက်၏။ သေးငယ်သော ခန္ဓာကိုယ်ကလေးသည် မိခင်၏ အသွေးအရောင်အတိုင်း ညိုမှိုင်းမှိုင်းရှိနေသည်။ ခွံမာသစ်ကြားသီးတစ်လုံးကို မြေပြင်ထက်သို့ ပစ်ချထားသည့်နှယ်ပင်။ ချေမသည် သားပေါက်ကလေး၏ကိုယ်ပေါ်လည်တိုင်ကို စောင်းကာ ညှတ်ကိုင်းလိုက်သည်။ ချေပေါက်ကလေးသည်လည်း မိခင်၏မျက်နှာကို ပြန်လှန်မော်ကြည့်ပြီး ဦးခေါင်းလေးမော့လာသည်။ အမိနှင့်သား သံယောဇဉ်နှစ်ခုဆုံမိသွား၏။ သားငယ်ကလေးထံမှ ချိုမြိန်သောရနံ့များကို ချေမက ရှိုက်ရှူလိုက်ရသည်။ သားငယ်လေးက ငယ်ရွယ်လွန်းသဖြင့် ချေမသည် လျင်လျင်မြန်မြန်သွားလာလှုပ်ရှားခွင့်မပြုနိုင်သေးပါ။ အားအင်ပြည့်တင်းအောင် ခေတ္တခဏတော့ စောင့်ဆိုင်းနေရပေလိမ့်ဦးမည်။

သစ်ပင်ပေါ်မှာ မျောက်တစ်အုပ်ရှိနေသည်။ မျောက်တွေနှင့် ချေမက မဟာမိတ်ဖြစ်ကြသည်။ ရန်သူဆိုလျှင် အသံစုံအော်ဟစ်သတိပေးတတ်သည်။ ယခုအခိုက်အတန့်၌ သစ်ပင်ပေါ်မှ ချိုမြိန်သည့် ပွင့်ဖတ်များ၊ သီးကင်းများကို ချေမ လဲလျောင်းနေရာဆီသို့ ပစ်ချပေးသည်။ သူတို့လိုတောကောင်များ၏ အမိကရန်ဘက်ဖြစ်သော ကျားသစ်ရိုက်ငယ်သံပါအောင် အော်ဟစ်ပြေးလွှားကြတော့မည်။ ချေမသည် မျောက်တွေပစ်ချထားသော ပွင့်ဖတ်နှင့် သီးကင်းများကို လှမ်းယူစားနေရင်း သားငယ်အား နှို့ချိုတိုက်ကျွေးလျက်ရှိ၏။

ထိုအခိုက် အတော်လှမ်းလှမ်းကိုင်းပင်ရှည်များ ကျဲကျဲပါးပါးပေါက်ရောက်နေသည့် လွင့်ပြန့်တစ်နေရာတွင် ကျားသစ်မရောက်ရှိနေသည်။ ကျားသစ်မသည် သားကောင်ကို စောစောကပင်တွေ့မြင်ထားပြီးဖြစ်သောကြောင့် အခါအခွင့်ကို စိတ်ရှည်လက်ရှည် ငြိမ်ငြိမ်သက်သက် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ ချေသားအမိ ဝန်းကျင်ကို ဂရုမထားဘဲ အမှုမဲ့အမှတ်မဲ့နေသည့်အချိန်တွင် သားကောင်ရှိရာသို့ တဖြည်းဖြည်းချဉ်းကပ်လျက်ရှိသည်။ တစ်စတစ်စ ချေသားအမိနှင့် နီးကပ်လာသည်။ သည်အချိန်အထိတိုင် ရန်သူမိမိတို့အပါးသို့ရောက်ရှိလာနေသည်ကို ချေမက မသိရှိသေးပါ။ ရုတ်တရက် သစ်ပင်ပေါ်မှ မျောက်များ သံကုန်အော်ဟစ်လျက် သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကျော်ကူးလူးပြေးလွှားကုန်ကြ၏။ချေမသည် သားငယ်အား နို့တိုက်နေရာမှ ဆတ်ခနဲခုန်ထလိုက်သည်။အန္တရာယ်ရှိနေပြီ။ မျောက်တွေက သတိပေးလျက် ပြေးလွှားသွားကြပြီ။ သားငယ်ကိုပင် အခိုက်အတန့်၌ မေ့လျော့သွားသည်က အမှန်ပါ။ ‘ကမ္ဘာမီးလောင် သားကောင်ချနင်း’ ဟူသည့် စကားအတိုင်း ချေမသည် မိမိအသက်အန္တရာယ်မှ ရုတ်တရက် ခုန်လွှားပြေးထွက်သွားသည်။

ထို့နောက် မိမိသားငယ် ကျန်ရစ်ခဲ့သည်ကို သတိရသွား၏။ နောက်သို့ အမြန်ပြန်လှည့်လာသည်။ သို့ပင်ဖြစ်စေကာမူ ကျားသစ်က ချေပေါက်လေးကို လည်ကုပ်မှ ကိုက်ချီယူဆောင်သွားသည့် မြင်ကွင်းကိုသာ မချိတင်ကဲမြင်လိုက်ရလေသည်။ ချေမခမျာ မည်သို့မျှမတတ်နိုင်ပါ။ တစ်စတစ်စဝေးကွာသွားသော ကျားသစ်မ၏ နောက်ပိုင်းကိုသာ လှမ်းမျှော်ကြည့်ငေးလျက် ကျန်ရစ်ရှာသည်။ မြင်ကွင်းအတွင်းမှ ကျားသစ်မပျောက်ကွယ်သွားသည်အထိ။

(၄)

ချေပေါက်စကလေးကို လည်ကုပ်မှ ကိုက်ချီလာသော ကျားသစ်မသည် တောတွင်းတစ်နေရာမှာ အစာကိုအသာချလျက် ချေလေး၏ဗိုက်မှ စတင်ကိုက်ဖဲ့စားသောက်လိုက်၏။ သူမအစာမစားရသည်မှာ အတော်ကြီးကြာနေပြီလေ။ စားနေရင်းပင် ကျားသစ်မသည် သားငယ်ကို သတိရလျက်ရှိ၏။ ဆာလောင်လှ၍သာ အစာကိုချလျက်စားနေခြင်း ဖြစ်သည်။ အစာက ချေပေါက်စကလေးမို့ တစ်ခဏချင်း အရေခွံ၊ ခြေထောက်နှင့် အရိုးတချို့သာ ကျန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

စားကြွင်းများကို ထားရစ်လျက် ကျားသစ်မသည် လွင်ပြင်နှကို ပြေးလွှား ဖြတ်သန်းကာ သားငယ်ရှိရာသို့ပြန်လာခဲ့လေသည်။ ပြေးလွှာနေရင်းကပင် သားငယ်လေး မည်မျှနို့ဆာနေလိမ့်မည်နည်း။ မိခင်ကို မည်မျှတမ်းတနေရှာမည်နည်း ဟု ကျားသစ်မ တွေးမိသည်။

တောင်ချပ်ကြားသို့ ရောက်ရှိလာသည့်အခါ၌ကား သဲထဲရေသွန်ဖြစ်ရလေပြီ။ သားငယ်လေးအားထားခဲ့သောနေရာမှာ မတွေ့ရတော့ပါ။ ကျားသစ်မ ချောက်ချားသွားသည်။ ရှေ့သွားရနိုးနိုး၊ နောက်သွားရကောင်းနိုးနိုး မတည်မငြိမ်ဂနာမငြိမ်ဖြစ်နေလေသည်။ သားပျောက်မိခင်၏ ပူပန်သောက မည်မျှကြီးမားမည်နည်း မပြောတတ်နိုင်။ သို့နှင့် ဟိုဟိုဒီဒီရှာရင်းနှင့် အရိပ်တစ်ခုအောက်တွင် ခိုနားနေသော စပါးကြီးမြွေကို မြင်တွေ့သွား၏။ မြွေ၏ကိုယ်လုံးက သဘာဝအတိုင်းမဟုတ်ဘဲ လည်တိုင်နောက်တစ်နေရာမှာ ဖောင်းပွနေသည်ကိုပါ တွေ့မြင်ရသည်။ တောတွင်းသားကောင်တို့၏ ဆဌမအာရုံအသိဖြင့် မိမိ၏သားငယ်ကလေးကို စပါးကြီးမြွေက မျိုထားပြီဟု နားလည်သိရှိသွားလေသည်။

သည်အခါ၌ကား ကျားသစ်မ၏ ဒေါသ အထွတ်အထိပ်သို့ ရောက်သွားလေသည်။ သားငယ်ကို မျိုထားသောရန်သူအား အသေအကြေတိုက်ခိုက်ဖို့ စပါးကြီးမြွေရှိရာသို့ ပြေးသွားသည်။ မြွေက လူးရှုံလွန့်ရုံမျှသာ လှုပ်ရှားနိုင်သည်။ ဝမ်းထဲမှာ ကျားသစ်ပေါက်စတစ်ကောင်လုံးမျိုချထားသည်ပဲ မဟုတ်လား။ ကျားသစ်မက ဦးခေါင်းကိုလာခဲလိုက်သည်ကိုပင် မတုံ့ပြန်နိုင်ချေ။ ကျားသစ်က လက်သည်းများဖြင့် အပြင်းအထန် ကုတ်ခြစ်သည်။ မြွေကြီး၏ခန္ဓာကိုယ်တွင် အရေခွံများ အလွှားလွှားကွာကျကာ သွေးတွေဒလဟောထွက်လာလေသည်။ မြွေက အမြီးကို လိမ်ကွေးလျက် ကျားသစ်ကို ရစ်ပတ်ဖို့ ကြိုးစားသည့်တိုင် အရာမထင်ပေ။ လျင်မြန်လှသော ကျားသစ်က မြွေကြီး၏ ကိုယ်လုံးဖြင့် လွတ်ကင်းအောင် ရှောင်တိမ်းသွားနိုင်သည်။ စပါးကြီးမြွေ၏ တစ်ကိုယ်လုံးကျားသစ်မကုတ်ခြစ်ကိုက်ခဲထားသောကြောင့် ဒဏ်ရာများစွာဖြင့် မြင်မကောင်းအောင် သွေးအလူးလူးဖြစ်နေသည်။

တစ်ဖက်သတ်ရန်ပွဲက အချိန်များစွာမကြာလိုက်ဘဲ ပြီးဆုံးသွားခဲ့ပါသည်။ စပါးကြီးမြွေမှာ အသက်ယဲ့ယဲ့မျှသာကျန်သည်။ အသက်ထွက်မသွားမီ ဖြစ်တောင့်ဖြစ်ခဲ မျိုချထားသော ကျားသစ်ပေါက်စကလေးကို အစာအိမ်အတွင်းမှ ပြန်လည်အန်ထုတ်သွားခဲ့သည်။ ကျားသစ်ပေါက်စလေး၏ မူလပုံပန်းသဏ္ဌာန်အတိုင်းမဟုတ်တော့။ မြွေက ကျားသစ်ကလေးကို မမျိုမီ ကိုယ်လုံးကြီးဖြင့် ရစ်ပတ်ကာ ဆွဲဆန့်ပစ်ခဲ့၍ အကောင်မပျက် ရှည်မျောမျောပုံစံဖြစ်သွားခဲ့ရ၏။ သားကောင်ကို မြွေကြီးက ရှော့ရှော့ရှူရှူ မျိုရလွယ်ကူအောင် အစာအိမ်အတွင်းမှ အကျိအချွဲများကို အန်ထုတ်လျက် ကျားသစ်ကလေးတစ်ကိုယ်လုံးဖုံးလွှမ်းစေပြီးနောက်မှ မျိုချသည်ဖြစ်သဖြင့် ကျားသစ်မသည် မိမိ၏သားငယ်သေဆုံးနေပြီဖြစ်သည်ကို မသိသေးဘဲ သားငယ်အား လျှာဖြင့် လျက်ကာလျက်ကာ ပွတ်သပ်သုတ်သင်ပေးနေလေသည်။

ကျားသစ်မ လျှာဖြင့်လျက်သဖြင့် အကျိအချွဲတွေ ကုန်စင်သွားသည့်အခါ ကျားသစ်ကလေး၏ မူလပုံစံအတိုင်း မဟုတ်တော့ဘဲ ရှည်မျောမျောဖြစ်နေလင့်ကစား ကျားသစ်မသည် သူမ၏ အသေကောင် သားငယ်အား တယုတယ ပွတ်သပ်လိုက်၊ နို့ချိုကို သားငယ်သောက်စေရန်အတွက် ရင်ခွင်တွင်းသို့ လက်ဖြင့် ထိုးသွင်းလိုက် ပြုလုပ်နေလေသည်။ သားငယ်ကလေးသေဆုံးနေပြီဖြစ်သော်လည်း မိမိ၏ရင်သွေးသားကလေးအား မိခင်၏ ဖြူစင်သော မေတ္တာစေတနာဖြင့် နို့ချိုတိုက်ကျွေးနေခြင်း ဖြစ်၏။ သားငယ်ကလေး၏ အသေကောင်က မြွေကြီး၏ အစာအိမ်အတွင်းမှ ပြန်လည်အန်ထုတ်ထားခြင်းဖြစ်သောကြောင့် တစ်ကြောင်း၊ သေဆုံးချိန်အတော်အတန်ကြာခဲ့ပြီဖြစ်၍တစ်ကြောင်း ပုပ်ပွလျက် ညှီစော်နံနေချေပြီ။ ထို့ကြောင့် ယင်မမဲရိုင်းများ တစ်စတစ်စ ရောက်ရှိလာလေသည်။ အသေကောင်များဖြစ်သည့် စပါးကြီးမြွေကြီး၏ ရှည်လျားသော ကိုယ်လုံးတစ်ဝိုက်တွင် လည်းကောင်း၊ ကျားသစ်လေးအသေကောင်တွင် လည်းကောင်း မည်းမည်းလှုပ်မျှဝိုင်းအုံနေကြ၏။

အသေကောင်များ၏ အပုပ်နံ့ကဝန်းကျင်အနှံ့ ပျံ့နှံ့သွားသည်ဖြစ်ရကား ခဏအကြာမှာ ခွေးအတွေ တစ်ဒါဇင်ခန့် ရောက်လာခဲ့၏။ ခွေးအဆိုသည့် သတ္တဝါကို တောကောင်အများကြောက်ကြရသည်။ အုပ်သင်းဖွဲ့လျက် အစာရှာတတ်သည်။ သားကောင်ကိုတွေ့ပါက မလွတ်တမ်း ဝိုင်းအုံကိုက်ခဲသတ်ဖြတ်သည်။ ပရိယာယ်များလျက် ညီညီညာညာအုပ်ဖွဲ့တိုက်ခိုက်တတ်သော သတ္တဝါမို့ ဝေးဝေးကရှောင်ကြခြင်း ဖြစ်ပါသည်။ ခွေးအတွေက အသေကောင်များကို ဝိုင်းအုံစားသောက်ကြသည်နှင့် တစ်ပြိုင်နက် ကျားသစ်မက နောက်သို့ဆုတ်လျက် ရှောင်ခွာခဲ့လေသည်။ သားငယ်၏ အသေကောင်ရုပ်ကြွင်းကို သံယောဇဉ်အမျှင်မဖြတ်နိုင်ဘဲ လှည့်ကြည့်လှည့်ကြည့်ထွက်ခွာခဲ့ရ၏။ ခွေးအတစ်ကောင်၊ နှစ်ကောင့်က ကျားသစ်မကို ရန်လိုစွာ အာခေါင်ကိုဖွင့်၊ အစွယ်တွေဝင့်လျက်၊ တဟဲဟဲဟိန်းလျက် နောက်မှ လိုက်လာခဲ့သေး၏။ ထို့နောက်မှ ခွေးအ အပေါင်းအသင်းများဆီသို့ ပြန်လှည့်သွားကြလေသည်။

သည့်နောက်ကား ဟိုအထက် ကောင်းကင်ပြာပေါ်မှာ ဝဲပျံနေကြသော လင်းတကြီးတွေပါ မြေပြင်သို့သက်ဆင်းလာခဲ့ကြ၏။ အသေကောင်တွေရှိရာ နေရာတွင် ခွေးအများ၊ လင်းတများ တဝုန်းဝုန်းတရုန်းရုန်း ရုန်းရင်းဆန်ခတ် ဖြစ်နေကြလေသည်။ ခွေးအများ တစ် ကောင်နှင့်တစ်ကောင် မာန်ဖီကိုက် အစာလုပွဲနွှဲနေကြသလို လင်းတတွေ ကလည်း တဝုန်းဝုန်းထပျံကြ၊ ပြန်လည် ဆင်းသက်ကြနှင့် ရုတ်ရုတ်သဲသဲ လျက်ရှိ၏။ သည်လို အမင်္ဂလာမြင်ကွင်း ကို ကျားသစ်မသည် ဟိုအဝေးတ နေရာမှ လှမ်းမျှော်ကြည့်ရင်း မိမိရင် ဖွားလျက် ရက်သားမျှသာရှိသေးသ သားငယ်အား တမ်းတမှန်းဆနေ တောနက်ရာဆီသို့ တရွေ့ရွေ့ထွက် သွားလေသည်။

အဟိတ်တိရစ္ဆာန်တစ်ကောင်သ ဖြစ်သည့် ကျားသစ်မအဖို့ သားကော ဖြစ်သော ချေပေါက်ကလေးကို သူမ ၏ ရင်ခွင်တွင်းမှ ဆွဲယူကိုက်သတ် သောက်ခဲ့သလို မိမိ၏သားငယ် တ သစ်ပေါက်ကလေးအား မြွေက အသ တူ မျိုချစားသောက်ခဲ့ခြင်းကို မိမိပြုသ က် မိမိထံ တစ်ဖန်ပြန်ရောက်လာတ သည်ဟူသည့်သဘော စာကြော လည်တတ်လိမ့်မည်ဟု ကျွန်ေ မထင်ပေ။ သို့စာစေ တုံ့လှည့်ဝဋ် ရှိတတ်သေးသည်ကိုကား ကျွန်တော် ငြင်းနိုင်ကြလိမ့်မည်မဟုတ်ပါလား

ခင်မောင်အေး (မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်ကျော်ကျော်စိုး

# သက်တန့်နာအတွက် ဆေးတစ်ခွက်

မြန်မာ့ရိုးရာ ဆေးနည်းလေးတွေဟာ မြန်မာလူမျိုးတွေထဲမှာ ပျံ့နှံ့စိမ့်ဝင်နေတာတွေ့ရှိတယ်။ မှတ်တမ်းတင်ပြီးတွေလည်းရှိမယ်။ မှတ်တမ်းမတင်နိုင်ဘဲ တွယ်ပျောက်ကုန်ကြတာတွေလည်း အများကြီးရှိနိုင်ပါတယ်။

ပြည်သူတွေထဲ စိမ့်ဝင်နေတဲ့ ဆေးနည်းလေးတွေဆိုတာ သူတို့ရဲ့စိတ်ထဲမှာသာမှတ်ထားကြတာပါ။ သက်ကြီးဘွား သက်ငယ်ကြားခဲ့တာလည်းရှိမယ်၊ ကိုယ်တွေ့ကြုံတာလေးတွေရှိမယ်။ ဘထဲကတစ်ဆင့် သိတာတွေရှိမယ်။ အတယ်၍ အရေးကြုံရင်တော့ ဘာဘာညွှန်ကြားနိုင်၊ ကုသပေးနိုင်ကြပါတယ်။ အလွန်တန်ဖိုးရှိတာပါ။

ဒီအဖြစ်တွေကြောင့် ကျွန်တော်ဆိုရင် ပြည်သူတွေထဲမှာ စိမ့်ဝင်ပျံ့နှံ့နေတဲ့ မြန်မာ့ရိုးရာ ဆေးနည်းကလေးတွေ အတတ်နိုင်ဆုံးရှာဖွေပြီး ပြည်သူတွေကို တင်ပြနေခြင်းပါ။ အနာနဲ့ ဆေးတွေ့ပါ ဆိုတဲ့ စေတနာနဲ့ပါ။

ကျွန်တော်တင်ပြနေတဲ့ ဆေးနည်းလေးတွေဟာ မြန်မာ့ရိုးရာဆေးနည်းဖြစ်တာကြောင့် ပဋိဇီဝဆေးတွေလို ဆေးထွက်ဆိုးကျိုးလည်း ကြောက်စရာမလိုတဲ့ဆေးတွေပါ။

အခုတင်ပြချင်တာက သက်တန့်ဆိုတဲ့ ဝေဒနာပါ။ သက်တန့်နာဆိုတာ ဂမ္ဘီရဆန်တဲ့အနာမျိုးပါ။ ဖြစ်ချင်ရင် ချက်ချင်းထဖြစ်လာပြီး မခံမရပ်နိုင်အောင် နာပါတယ်။ ကျွန်တော့်အထင်တော့ အပူကြောင့်ဖြစ်ဟန်တူပါတယ်။ သူက လက်ချောင်းလို အကျိတ်တောင့်ကြီးအပြုံစ်ထွက်လာပြီး နီရဲဖောင်းကားနေပါတယ်။ သူက နေရာအနှံ့ထွက်နိုင်ပါတယ်။

ပြီးတော့ သက်တန့်ဟာ အသေ၊ အရှင်ဆိုပြီး (၂) မျိုးရှိတယ်။ အသေက တစ်နေရာတည်းမှာ အကျိတ်တောင့်ကြီးဖြစ်နေပြီး နာနေတာ။ အရှင်ကျတော့ အကျိတ်က ဟိုပြောင်းဒီပြောင်းလှည့်ပတ်ပြောင်းနေတာ။ ခံရသူကတော့ အတော်လေးကို မရှုမလှခံစားရတာ။ အတော်ကြောက်စရာကောင်းပါတယ်။

ကျွန်တော်တို့ငယ်ငယ်က နေပြည်တော် ညောင်ပင်ကြီးစုရွာက ကျွန်တော့်အဖေရဲ့ညီ ဘထွေးကြီး ဦးထွန်းဆိုရင် ဝမ်းထဲမှာ ဝမ်းတွင်းသက်တန့်ထဖြစ်တယ်။ ဗိုက်ကို ကိုင်ကြည့်ရင် အကျိတ်တောင့်ကြီးစမ်းမိတယ်။ အဲဒီမှာ သက်တန့်ကုတတ်တဲ့လူ၊ သက်တန့်မန်းတတ်တဲ့လူမရှိတာကြောင့် ပျဉ်းမနားဆေးရုံသွားသော်လည်း မသက်သာကြောင့် အိမ်ကိုပြန်ယူလာခဲ့ရပြီး အိမ်မှာပဲဆုံးပါးသွားပါတယ်။ ရက်ကြာကြာတောင် မနေလိုက်ရဘဲ ဝမ်းတွင်းသက်တန့်နာနဲ့ အသက်(၆၀)ကျော်စမှာ ဆုံးပါးသွားခဲ့ရတာပါ။ (အူအတက်ရောင်ရင် ဆေးရုံက သိပါတယ်။)

ရုတ်တရက်ထဖြစ်လာတာ၊ မခံမရပ်နိုင်အောင်နာတာ ဝမ်းတွင်းသက်တန့်ဆိုတာ အနာသိသော်လည်း သက်တန့်ကုတတ်တဲ့ဆရာ၊ ကုတဲ့ဆေး၊ ကုတဲ့မန္တန်မသိကြတာကြောင့် ဆေးမရှိဖြစ်ကြရခြင်းပါ။ ဂမ္ဘီရဆန်တဲ့ဝေဒနာကို ဂမ္ဘီရဆန်တဲ့မန္တန်နဲ့ကုရင် နာရီအနည်းငယ်အတွင်းပျောက်ပါတယ်။ အဲဒီသက်တန့်အသေ၊ အရှင်နှစ်မျိုးကို မျက်စိနဲ့မြင်ဖူးပါတယ်။ သက်တန့်အသေကို မိနစ်ပိုင်းအတွင်း ကျွန်တော် မန္တန်နဲ့ ကုပေးလို့ ပျောက်ကင်းဖူးပါတယ်။ ဒါက မယုံရင် ပုံပြင်လိုဖြစ်နေကြမှာပါ။ ဆန်းတဲ့အနာမျိုးကိုး။

ပြီးတော့ ဖြစ်ပေါ်လာတဲ့ဝေဒနာကို သက်တန့်ရယ်လို့သိဖို့လည်း ခက်လှပါတယ်။ သက်တန့်ရဲ့သဘောက ရုတ်တရက်ဖြစ်လာတတ်ပြီး သူ့ရဲ့အကျိတ်အဖုက အတောင့်ကြီးပါ။ အလုံးပုံသဏ္ဍာန်ရှိတော့ရှိမယ်၊ ရှားမယ်ထင်ပါရဲ့။ သူက နာတယ်။ နီရဲနေတယ်။ ကင်ဆာအကျိတ်ကျတော့ အလုံးဖြစ်ပြီး မနီဘူး။ မနာဘူး။ အဲဒီလိုကွာပါတယ်။

သက်တန့်ကို ထုံးမန်းနဲ့ ကုတာရှိတယ်၊ ဓားမန်းနဲ့ကုတာရှိတယ်၊ ရိုးရိုးမန်းပြီး လေနဲ့စတိမှုတ်တာရှိတယ်။ လက်ဝါးကိုမန်းပြီး ဓားလိုခုတ်တာရှိတယ်။ ကျွန်တော်ကျတော့ လက်ဝါးကိုမန်းပြီး ဓားလိုခုတ်တာ။ အသက်အောင့်ပြီး (၇) ချက်ခုတ်ပေးလိုက်တာပါပဲ။ သက်တန့်ချောင်းကို ဓားနဲ့ခုတ်ခြေတဲ့သဘောပေါ့လေ။

အရိုးကင်ဆာကို ရှေးမြန်မာတွေက အရိုးသက်တန့်လို့ခေါ်ကြတယ်။ အဲဒီအရိုးဆွေးရောဂါကျတော့ သာမန်မန်းရုံ၊ မှုတ်ရုံနဲ့မရတော့ပါဘူး။ ဆေးရုံတွေမှာကျတော့ ခြေတို့၊ လက်တို့ဖြတ်ပစ်ရတာပေါ့လေ။ ကျွန်တော်တို့ မြန်မာနည်းကျတော့ ခြေ၊ လက်စပုပ်တာနဲ့ အချိန်မီ ခြေ၊ လက်ဖြတ်မပစ်ရဘဲ အသားနုတက်အောင် ကုနိုင်စွမ်းရှိခဲ့ကြတယ်။ ဒါက သက်တန့်နဲ့ပတ်သက်လို့ သက်တန့်ဆိုတာရှိတယ်ဆိုတာ သိစေချင်လို့ ပဏ္ဏာမတင်ပြရခြင်းပါ။

အခုတင်ပြချင်တာက သက်တန့်ရောဂါဖြစ်လာရင် မန်းတတ်၊ မှုတ်တတ်တဲ့ ဆရာမရှိရင် ဆေးအနေနဲ့သုံးစွဲနိုင်အောင် တင်ပြလိုခြင်းပါ။

ပျားမျိုးနွယ်မှာ အလွန်သေးတဲ့ မျက်မွေးလိမ်ဆိုတဲ့ ပျားအသေးမျိုးလေးတွေရှိတယ်။ မျက်မွေးလိမ်တွေကလည်း ပျားလိုပဲ ဝတ်ရည်စုတဲ့ပျားမျိုးပါ။ သူ့ကျတော့ ပျားလိုပန်းရည်ဘဏ်တိုက်ထဲမှာ စုပေါင်းမထည့်ဘဲ အချို၊ အချဉ်၊ အဖန်၊ အခါး ဆိုတဲ့ ဝတ်ရည်တစ်မျိုးစီကို သီးသန့်စီထားတယ်လို့ သိရတယ်။

ချို၊ ချဉ်၊ ဖန်၊ ခါး ဘာပဲရရ မျက်မွေးလိမ်ပျားရည် သောက်ချလိုက်တာနဲ့ အဲဒီသက်တန့်ဝေဒနာဟာ ခဏအတွင်း ပြုတ်ကျသွားတယ်လို့ သိရတယ်။

မျက်မွေးလိမ်ပျားရည် မရခဲ့ရင် ပျားရည် (၃) မျိုး စပ်သောက်လိုက်ရင် သက်တန့်ချက်ချင်းပြုတ်ကျသွားတယ်လို့ သိရပါတယ်။

ဒီနေရာမှာ ပျားရည်(၃)မျိုးကို ရှင်းပြစရာလိုပါတယ်။ ပျားရည်(၃)မျိုးဆိုတာ ပျားအုံ(၃)အုံကရတဲ့ ပျားရည်ကိုဆိုလိုပါတယ်။ ပျားအုံဆိုတာ တစ်အုံနဲ့တစ်အုံ ပန်းဝတ်ရည်ယူပုံမတူကြပါဘူး။ ဒေသအလိုက်၊ ကာလအလိုက်၊ ကွာခြားမှုတွေရှိကြပါတယ်။ အဲဒီအခါမှာ ရာသီအလိုက်၊ ပန်းအလိုက်စွမ်းရည်သတ္တိတွေ ထူးခြားမှုရှိနေကြမှာ။ အဲဒီလို ဒေသမတူတဲ့ ပျားရည် သို့မဟုတ် အိမ်(၃)အိမ်က ပျားရည်ကိုစပ်လိုက်ပြီး သက်တန့်ဝေဒနာသည်ကို တိုက်လိုက်ရင် သက်တန့်ပြုတ်ကျသွားမှာပေါ့။

သက်တန့်မန်းတတ်သူနဲ့ အလှမ်းဝေးနေကြရင် မျက်မွေးလိမ်ပျားရည် သို့မဟုတ် ပျားရည်(၃)မျိုးစပ်ပြီးတိုက်ကြပါလို့ အသိပေးလိုက်ပါတယ်။

*ညီမလတ် မဌေးညွန့်သို့*
*ကျေးဇူးတင်လျက်*
*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

လောကဓံတရား ဟူသည်ကို -

နားမလည်သေးသော်လည်း မြင်ခွင့်၊ တွေ့ခွင့်ရလာခဲ့ပြီ ဖြစ်၏။

အိမ်ပြောင်းသည့်နေ့တွင် -

လူတွေရှုံးစုရုံးစုနှင့် ဟိုပြေးဒီလွှားပြေးနေကြသောကြောင့် ကျွန်ုပ်လည်း ဘုမသိဘမသိမေးမိ၏။

"မင်းညီမလေး လက်ကျိုးလို့"

"ဗျာ"

"မင်းတို့ဝယ်ထားတဲ့ အိမ်သစ်မှာ အုတ်လှေကား (၃) ဆင့် စတပ်တဲ့နေ့ပဲလေ မင်းညီမလေး အဲဒီလှေကားထိပ်က ပြုတ်ကျတာ"

အမေသည် ရှိုက်ကြီးငင်ကြီးငိုရင်းကားတစ်စီးနှင့် ဟိုပြေးဒီပြေးပြေးနေရရှာ၏။


ကျွန်ုပ်လည်း အမေ့မောင်ဝမ်းကွဲများ၏ ခေါ်ဆောင်မှုကြောင့် အဖေနှင့် သင်ယူလာရသည့်အခါမှ ကျွန်ုပ်တို့အိမ်နှင့် ဆက်နွှယ်သော အကြောင်းတရားများကို လေ့လာနိုင်ခဲ့ရ၏။

အဖေနှင့် အမေဝယ်သော တောင်ဥက္ကလာပနေအိမ်မှာ အိမ်နံပါတ် (၁၂၂၂) ဖြစ်၏။ အဖေ့မဟာဘုတ်တွင် (၇) ဂဏန်းမှာ မရဏအိမ်တွင်ရှိနေပြီး အမေ့မဟာဘုတ်တွင် (၇) ဂဏန်းသည် ဘင်္ဂမှာရှိနေ၏။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

ဘင်္ဂ

**အမေ**



အမေဝယ်ထားသော တောင်ဥက္ကလာပနေအိမ်သို့ လိုက်ပါလာခဲ့ရချေပြီ။ ဗဟန်းရဲ့ဌာနာတွင် မွေးကတည်းက နေထိုင်ခဲ့သောတိုက်ကြီးကို နှုတ်ဆက်ခဲ့ရပါပြီ။

တောင်ဥက္ကလာပ။

ညီမလေး ခဏလာလည်ခိုက် လက်ကျိုးသွားရသည်ဖြစ်၍ ကြည့်မြင်တိုင်မှ အဖေ့အစ်မကြီးက ညီမလေးကို ပြန်ခေါ်သွားပြီ ဖြစ်၏။

အမေ့မှာ မျက်ရည်နှင့်မျက်ခွက်။

(နောင်တွင် -

မဟာဘုတ်ဗေဒင်ပညာကို စတင်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

မရဏ

**အဖေ**

**အမှားပြင်ဆင်ချက်**

အတွဲ (၁၄)၊ အမှတ် (၁၁)၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဖော်ပြပါရှိသော ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) ၏ **'ပညာရှင်'** အင်္ဂဝိဇ္ဇာ ဂမ္ဘီရ အခန်းဆက်ဝတ္ထုရှည် စာမျက်နှာ (၃၈၁)၊ ပထမကော်လံ၊ ဒုတိယအပိုဒ်၊ စာကြောင်းရေ (၁၀) မှ 'ညောင်ပင်ကြီးများအောက်တွင်တကောက်ကောက်လိုက်ခြင်း' စာသားအား 'ညောင်ပင်ကြီးများအောက်တွင်လှည့်၍မေတ္တာများပို့ခြင်း၊ ဂမ္ဘီရပညာရှင်ကြီးများနောက်သို့တကောက်ကောက်လိုက်ခြင်း' ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

မဟာဘုတ်ပညာသည် အ...
ကြောက်စရာကောင်းအောင် မှန်လ...
(၁၂၂၂) သည် (၇) ဂဏန်းရ...
ကြောင့်လားမသိ -

ထိုအိမ် လှေကားစတပ်သည့်...
တွင် ညီမလေး လှေကားထိပ်မှ ပြုတ်...
ပြီး ဘယ်ဘက်လက်တံတောင်ဆစ်...
ခဲ့ရပါသည်။

အဖေသည် စစ်ကိုင်းတိုင်း...
ခရိုင် ခင်ဦးမြို့သည် ရက်ပိုင်...
ကချင်ပြည်နယ် ဗန်းမော်မြို့ စိန်လုံး...



www.burmeseclassic.com

www.burmeseclassic.com

(၄၈) နာရီအတွင်း ပြောင်းမိန့်ထွက်လာပါတော့သည်။

အဖေ့ပြောင်းမိန့်စတင်ကြားသည်နှင့် အိမ်အား အိမ်စောင့်နှင့်ထားခဲ့ရပြီး ကျွန်ုပ်တို့သားအမိ အဖေ့နောက်သို့ လိုက်ရပြီ ဖြစ်၏။)

ထိုခရီးသည် -

ဘဝတွင် မည်သည့်အခါမျှ မေ့တော့မည် မဟုတ်ပါ။

ဗန်းမော်အထိ သင်္ဘောနှင့်သွားခဲ့ရာ၌ အလွန်လှပသော ရှုမျှော်ခင်းများ၊ ဧရာဝတီမြစ်ကျဉ်း၊ နတ်သမီးကမ်းပါးစသည်တို့ကို စာထဲတွင်သာ ဖတ်ရှုခဲ့ဖူးရာမှ မျက်ဝါးထင်ထင် ရောက်ဖူးခဲ့ရ၏။ နတ်သမီးကမ်းပါး ဟူသည် မြစ်ဘေးတွင် ရှိနေသော အလွန်မတ်စောက်လှသည့်၊ မြင့်မားလှသည့် ကမ်းပါးကြီး ဖြစ်၏။

ရွှေဘခေါင်းဆောင်ရိုက်ကူးသည့် မင်းအာဏာရုပ်ရှင်ရိုက်ကွင်းအကြောင်း စာထဲတွင်ဖတ်ရစဉ်က ဤနတ်သမီးကမ်းပါး ပါ၏။ လူနှင့် မြင်း နတ်သမီးကမ်းပါးမှ မြစ်ထဲသို့ခုန်ချသည့်အခန်း ရိုက်ကူးရာ ဧရာဝတီမြစ်ထဲအကျတွင် လူမှာသတိမေ့သွားပြီး မြင်းမှာ ပွဲချင်းပြီး သေဆုံးသွားသည်ဟု ဖတ်ရဖူး၏။

ထင်ရှား ကျော်ကြား အောင်မြင်လှသည့် ရှေးမင်းသားကြီး ဦးရွှေဘ ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ ဤမျှထိ စွန့်စားခန်းများ ကြက်သီးမွေးညင်းထဖွယ်ပါဝင်ခဲ့သည်ကို ဖတ်ရှုခဲ့ရစဉ်က

# ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)

## ပညာရှင်
(အင်းဝိဇ္ဇာဂမ္ဘီရအခန်းဆက်ဝတ္ထုရှည်)





www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးကမ်းပါးကို အလွန်စိတ်ဝင်စားခဲ့ရပါသည်။

ယခု ထိုကမ်းပါးကြီးဘေးကဖြတ်ပြီး နှစ်ထပ်သင်္ဘောကြီးနှင့်ခရီးသွားနေရပါပြီ။ ကျွန်ုပ် စိတ်ဝင်တစား မော့ကြည့်နေသလိုပင် အခြားခရီးသည် လေး၊ ငါး၊ ဆယ်ဦးတို့သည်လည်း နတ်သမီးကမ်းပါးကို မော့ကြည့်နေကြ၏။ တရွေ့ရွေ့နှင့်မောင်းနှင်နေသော သင်္ဘောကြီးပေါ်မှ မမြင်ဘူးသော ရှုမျှော်ခင်းအလှများကိုကြည့်ရင်း ရေကို သတိထားမိ၏။ ရေမှာ ခရီးစထွက်လာခါကနှင့် မတူတော့။ စိမ်းထနေသောနေရာများ၊ ကြည်နေသောနေရာများကို တွေ့နေရ၏။ ကလေးပီပီ ဆော့ရင်းကစားရင်းဟိုကြည့်ဒီကြည့်ကြည့်ရင်း တဖြည်းဖြည်းနှင့် ရောက်ခဲ့ရပါပြီ ဗန်းမော်။

သားအမိနှစ်ယောက် ဂါတ်သစ်တွင်တည်းရ၏။

"ဩော် - စိန်လုံကို ဆက်တက်မယ့် စခန်းမှူးကတော်ဆိုတာ အစ်မကြီးလား"

"ဟုတ်ကဲ့၊ သားအမိနှစ်ယောက်ပါ။ ဒီသားလေးနဲ့"

"ဒီအခန်းမှာအိပ်မလို့လား"

"ဟုတ်ကဲ့၊ ဒီအခန်းကလွတ်နေလို့ ရဲမှူးက အိပ်ခွင့်ပေးလို့ပါ"

အသံဝဲတဲတဲနှင့် ပြောနေသော အမျိုးသမီးကြီးသည် မျက်နှာချက်ချင်းတည်သွားပြီး အိမ်အပေါ် မော့ကြည့်လိုက်၊ ဟိုဟိုဒီဒီမျက်လုံးကစားလိုက်နှင့် လုပ်ပြီးမှလှည့်ထွက်သွား၏။

သားအမိနှစ်ယောက် ကြံ့သလိုစားပြီး ညဘက်အိပ်ရာဝင်သည်နှင့် မှေးခနဲအိပ်ပျော်လုလုတွင် ထူးဆန်းသော စကားသံများကြားရတော့၏။ အိပ်ရာဘေးတွင် လူတွေသွားလာစကားပြောနေသည်မှာ အနည်းဆုံး ငါးဦးခန့်ရှိလောက်ပါသည်။ စကားမှာ ကျွန်ုပ်မကြားဘူးသော စကားများဖြစ်ပြီး အလွန်ဝဲ၏။ ခြေနင်းများမှာ ကြမ်းလှပါဘိ။ ကျွန်ုပ်သည် တစ်ချက်လှုပ်ပြီး နားစွင့်နေရာ အမေ့လက်က ကျွန်ုပ်၏ရင်ဘတ်ပေါ် တင်ထားလိုက်ပြီး -

"သားလေး အိပ်၊ အိပ် အမေရှိတယ်။ ဟဲ့ - ဘာတွေလဲ သွားစမ်း။ ဘယ့်နှယ်တော်-အိပ်ရတယ်ကိုမရှိဘူး"

ကျွန်ုပ်ကို ချော့ပြောအပြီး လှမ်းအော်ငေါက်လိုက်၏။ ကျွန်ုပ်လည်း ဘာမှန်းမသိ ဘေးဘီကိုလိုက်ကြည့်၏။ ခြင်ထောင်မှာ ပိတ်ခြင်ထောင်ဖြစ်နေ၍ ဘာမှတော့မမြင်ရ။ အမေဟောက်လိုက်သည်နှင့် ငြိမ်သွားပြန်ပြီး အိပ်ပျော်ခါနီးတွင် သွားလာပြောဆိုနေကြပြန်၏။ အမေက ငေါက်ပြန်၏။ ကလေးပီပီ ဘာမှန်းမသိ အိပ်ပျော်သွားပြီး မနက်လင်းမှ -

"အစ်မကြီး၊ ဘယ့်နှယ့်အိပ်ရရဲ့လား"

"အမလေး-ဒီအခန်းကတော့စံပါပဲ။ တစ်ညလုံးကို မအိပ်ရဘူး"

"အဲဒါပြောတာပေါ့။လာတည်းတဲ့လူတိုင်း ညသန်းခေါင်ကျော်ရင် ထွက်ပြေးရတာများတယ်။ ဒီပြင်အခန်းတွေကို အတင်းဝင်နိုးပြီး သွားအိပ်ရတယ်။ ကျွန်မဆီ ပြေးလာကြလို့ ကျွန်မလည်း ကူညီရဖူးတယ်။ အစ်မကြီးတို့သားအမိ မအိပ်ရဲရင် ကျွန်မအခန်းမှာလာအိပ်ပါ။ ကျွန်မလည်း ကလေးနှစ်ယောက်နဲ့ပဲ၊ ဟိုဘက်နှစ်ခန်းကျော်က အခန်းပဲ"

အမေသည် ကျေးဇူးတင်ကြောင်း ပြောရင်း ငြင်းပယ်လိုက်၏။

ထိုည ထုံးစံအတိုင်းကြားရပြန်၏။ ရယ်သံများမှာ ဆူညံနေ၏။ ခြင်ထောင်ကို ဝုန်းခနဲလှန်ထွက်သွားပြီး 'ကဲဟယ်၊ ကဲဟယ်' ဟူသော အမေ့အသံများဆူညံနေရာ ကျွန်ုပ်မှာ ဒူးများတဆတ်ဆတ်တုန်ပြီး နားများပိတ်ထားလိုက်ရ၏။

နားကို တဖြည်းဖြည်းချင်းဖွင့်၍ အသံငြိမ်မှ မျက်လုံးဖွင့်ကြည့်နေစဉ် ခြင်ထောင်ထဲသို့ အမေ ပြန်ဝင်လာ၏။ လက်ထဲတွင် အသွား (၆) လက်မခန့်ရှိသော ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် -

"အိပ်၊သားအိပ်။ ဘာမှမကြောက်နဲ့ အမေရှိတယ်"

'အင်း - အမေတော့ ဘယ်သူ့ကို ဓားနဲ့ထွက်ထိုးလိုက်လဲမသိဘူး။ အသံတွေလည်းငြိမ်သွားပြီ။ ဓားမှာတော့ သွေးတစ်စက်မှမပေပါလား'

ဟု တွေးရင်း အိပ်ပျော်သွားတော့၏။

"အစ်မကြီး၊ ညကကော"

"အေး - ညကတော့ မတတ်နိုင်ဘူး၊ အသံကြားသမျှ ဓားမြှောင်နဲ့ချည်းထွက်ထိုးလိုက်တယ်။ ငြိမ်သွားတာပဲ"

"ဟာ - အစ်မကြီးက တယ်သတ္တိကောင်းလှပါလား"

ထူးဆန်း၏။

နောက်ညများတွင် ဘာမှမကြားရတော့ပါ။ အမေသည် ဓားမြှောင်ကို ဘေးနားထားအိပ်၏။ ထိုဓားမှာ ကျွန်ုပ်၏အဘိုး အဖေ၏ဖခင်ကြီး ဘိုးဘိုးခက် အုတ်ဖိုတွင် အရာရှိတာဝန်ထမ်းဆောင်ခဲ့စဉ်က လူဆိုးများဖမ်းတိုင်း ဆောင်သွားလေ့ရှိသောဓားမြှောင် ဖြစ်၏။ ထို့ကြောင့်များ အသံများတိတ်သွားလေရော့သလား။

ဗန်းမော်နှင့် စိန်လုံသည် အလွန်ဝေးလှပါသည်။

သို့သော် လှမ်းကြည့်လျှင် တောင်တန်းကြီးများကို မြင်နေရ၏။

ခရီးလမ်းမှာ ဂျစ်ကားသာရှိပြီး ကားတက်သွား၍ တစ်ပတ်ခန့်စောင့်ခဲ့ရ၏။

ခရီးစထွက်ပြန်ပါပြီ။

တစ်ခါမှ မရောက်ဘူးသော တောင်ပေါ်လမ်းများဖြစ်နေ၍ ကလေးပီပီ ဟိုကြည့်ဒီကြည့်ကြည့်ရင်း လိုက်ပါလာရ၏။

ကျွန်ုပ်တို့သားအမိကို လာခေါ်သော ဂျစ်ကားသည် နောက်တွဲပါ၏။ ပစ္စည်းများတင်ရင်းလိုက်ခဲ့ရ၏။ ကားစထွက်စဉ် ဗန်းမော်မှ လူမျိုးခြားလေးနှစ်ယောက်သည် သူတို့ပါလိုက်မည်ဟုဆိုကာ ဂျစ်ကားနောက်တွဲမှထိုင်စီးရင်း ညီအစ်ကိုနှစ်ယောက် လိုက်လာကြ၏။ ယာဉ်မောင်းနှင့်ခင်ကြသော ကလေးများဖြစ်ပြီး ကျွန်ုပ်နှင့် ရွယ်တူလေးများဖြစ်၏။

ထိုကလေးနှစ်ယောက်လိုက်လာသည့်အတွက် -

အမေသည် 'အင်း-ငါတို့သားအမိကို သခင်နှစ်ပါးစောင့်ရှောက်ပြီ၊ အေးအေးချမ်းချမ်းနဲ့ ခရီးထွက်ရပြီ'

ဟု နိမိတ်ကောက်ခဲ့ကြောင်း မကြာခဏ သတိရတိုင်း ပြောပြလေ့ရှိ၏။

ဗန်းမော်တွင် ပြောသံကြားနေသော 'လောတန်တံတား'ကို ဖြတ်ကျော်ခဲ့အပြီး မကြာတော့ပါ -

တောတောင်လျှိုမြောင်ချောက်ကမ်းပါးကြီးများဘေးမှ တောင်ပေါ်များစွာကို ကွေ့ပတ်တက်ရင်း ရောက်ခဲ့ရပါပြီ။ ကြမ်းတမ်းလှသောခရီး၏အဆုံးအဖြစ် အလွန်သာယာလှပသော မြို့လေးဆီသို့ ရောက်ခဲ့ရပါပြီ။

စိန်လုံ။

ဂါတ်ကုန်းအောက်ခြေမှ အဆေးလာကြို၏။

ရဲနှစ်ဦးပါ ပါလာ၏။ သေနတ်များလွယ်ထားရင်းမှ ပစ္စည်းများ ဂါတ်ကုန်းပေါ် ဝိုင်းသယ်ကြ၏။

အဖေနှင့် အမေသည် ကိုယ့်အသိန်းနှင့် စကားတပြောပြောလွမ်းသယ်ရင်း ဂါတ်ကုန်းပေါ် တက်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

င်များ၏တည်နေပုံနှင့် လှပသော လေးများကို ကျွန်ုပ်ကြည့်ရင်း နိုင်ငံ ရှင်ကားများထဲမှ မြို့လေးတစ်မြို့ တ်သွားလေသလားထင်မှတ်နေ

နောက်နေ့ -

"အင်းန်ကျယ်"

"ဒါလေးက"

"အင်းန်ကျယ်"

"တယ် - ဘယ်လိုလုပ်ရပါ့မလဲ ား သားရေ။ ဘာမှုလဲမေးလို့မရ

စိန်လုံဈေးတန်းလေးတွင် ဖြစ်၏။ ငါးရက်တစ်ဈေး ဈေးတန်းလေး သော်လည်း ဝယ်ချင်စရာ အသီးအနှံ လတ်ဆတ်ဆတ်များနှင့် ပြည့်နှက် ၏။ ချိန်ခွင်မှာ တစ်ဖက်သာရှိပြီး တ်က ချိန်သီးနှင့်ဖြစ်၏။ ဘာမှ မရ။ သူ့စကား ကိုယ်နားမလည်၊ စကားသူနားမလည်နှင့် လက်ထဲမှ များပြုပြီးသာဝယ်ခဲ့ရတော့၏။

ထိုနေ့မှစ၍ အဖေသွားလေရာ ရသော တပ်ကြပ်ဘလာထိန်နန်ဆီ ကချင်စကားကို နေ့ချင်းညချင်း ရတော့၏။

"အင်ဒယ်ကဒေမြီအီး"

"အွေး-ထီးမြီ"

"အမေ၊ တစ်မတ်တဲ့"

"ဩော် - အေး အေး၊ ရော့-သား ယ်လိုက်"

နောက်တစ်မျိုးကို လက်ညှိုးထိုးပြ ရာ -

"စွန်ရှီးမငါ"

"အမေ၊ သုံးဆယ့်ငါးပြားတဲ့"

"အေးအေး - ရော့"

"ကရှာ-နန်ဂျင်ဖော်အီး"

"ဘာတဲ့လဲသား"

"သားကို ကချင်လားလို့ မေးနေ ာ"

"ငိုင်းဂျင်ဖော်အင်းရဲ-ငိုင်းမီနံ့"

"သားကဘာပြန်ပြောတာလဲ"

"ဩော်-ကျွန်တော်ကချင်မဟုတ် ဘူး။ မြန်မာလို့ပြောတာပါ"

"တော်ပါသေးရဲ့၊ ငါ့သားသာ ချင်စကားမတတ်ရင် ဈေးဝယ်ဖို့ခက် တ်ရချည့်ရဲ့"

အမေပြုံး၍ပြောရင်း ဈေးတန်း လေးထဲမှပြန်ထွက်လာ၏။

ကျွန်ုပ်က ကချင်ရိုးရာ ပလိုင်းကို ဘေးတစောင်းလွယ်ရင်း လိုက်လာ၏။ ပလိုင်းထဲတွင် အသီးအနှံအစုံနှင့်။

ရဲတပ်ကြပ်ဘလာထိန်နန် ကချင် လိုပြော၍ လေ့ကျင့်ပေးနေသည်ကို ရဲကြပ်ကြီး မရစ်ဂန်နှင့် ရဲသားမရမ်ခါးတို့ ကပါ ဝိုင်းဝန်းလေ့ကျင့်ပေးကြ၏။ကျွန်ုပ် ကို မြန်မာလိုလုံးဝမပြောကြတော့ပါ။

သူတို့သည် ကျွန်ုပ်ကို အလွန်ချစ် ကြပြီး ထိန်းကျောင်းလာခဲ့ကြသူများဖြစ် ၍ သူတို့ကို ကျွန်ုပ်ကလည်း အလွန်ချစ် ၏။ ကိုယ့်ဦးလေးများသဖွယ်ရှိသေ၏။

အလွန်မှ အေးချမ်းသာယာလှပ သောမြို့လေး ဖြစ်၏။ အိမ်လေးများမှာ ခေတ်မီလှပါသည်။

စိန်လုံသည် အနွေးထည်တောက် လျှောက်ဝတ်နေရပြီး အိမ်ထဲတွင် မီးလင်းဖိုကြီးများနှင့် ဆယ့်နှစ်ရာသီနေရ သောမြို့လေး ဖြစ်၏။ နားရွက်အဖျား များမှာ ရေခဲတုံးသဖွယ် အေးလှ၏။ ရေချိုးရန် ဂါတ်ကုန်းအောက်သို့ တစ်ပတ်မှတစ်ခါ ဆင်းချိုးနိုင်၏။ ပိုက် လုံးကြီးတစ်ခုမှကျနေသော ရေတံခွန် သဖွယ်တွင် ဘုရား,တ၍ အတင်းဝင်ချိုး၊ ချက်ချင်းပြန်ထွက်၊ ချက်ချင်းပြန်ဝင်ချိုး ရ၏။ ခိုက်ခိုက်တုန်လှ၏။ ထိုရေတံခွန်မှ စီးဆင်းသွားသော တောင်ကြားကျောက် ကြားများတွင် ရေကန်သဖွယ် ရေပြည့် နေတတ်လေရာ ကျွန်ုပ်ဆင်းဆင်းကူး ဖြစ်၏။ ရေမှာ တောင်အနိမ့်ပိုင်းဆီသို့ ကျောက်တုံးကြီးများကြားမှ စီးဆင်းသွား ၏။ အလွန်ကြည်လင်၏။ ထိုကျောက် တုံးကြီးများကြား စမ်းချောင်းဘေးတွင် ငါးအူသီးဟု ခေါ်ကြသော အသီးများ သီးနေတတ်၏။ အပင်မှာ ဆူးများနှင့် ဖြစ်ပြီး အသီးအရောင်မှာ ဝါဝါလေးနှင့် စတော်ဘယ်ရီသီးအတိုင်း ပုံစံဆင်၏။ ကျွန်ုပ်သည် ရေချိုးတိုင်းလိုလို ခူးခူးစား ၏။ မမြင်ဘူးသော သဘာဝအသီးအနှံ များ ဖြစ်ပါသည်။

စိန်လုံသို့ရောက်ခိုက် ထူးဆန်း သောအရာများနှင့် ကြုံခဲ့ရပါသေးသည်။ အိမ်နှစ်အိမ်၊ သုံးအိမ်ခန့်ရှေ့တွင် အိုးနှင့် စိုက်ထားသော နှင်းဆီနက်ဖြစ်၏။ နက် မှောင်လှ၏။ ရှားရှားပါးပါး သစ်ခွနက် ကို တစ်ကြိမ်တွေ့ခဲ့ဖူး၏။

ထူးဆန်းလှသည်မှာ -

သစ်ရွက်လေးများမှ ခြေထောက် များပေါက်၍ တရွေ့ရွေ့သွားနေသော သစ်ရွက်ကောင်များ၊ ဝါးလက်နှစ်ဆစ်ခန့် အရှည်ခြေထောက်များပေါက်ပြီးသွား နေသော ဝါးကောင်များ တအံ့တသြ တွေ့ခဲ့ရပါသည်။ ဘာမှန်းညာမှန်းမသိ သော သစ်ရွက်ကောင်များ၊ သစ်ကိုင်း ခြောက်ကောင်များ တော်တော်များများ တွေ့ရ၏။ မြင်စက ကြက်သီးများပင်ထ ပြီး မကိုင်ရဲခဲ့။

သစ်ပင်ကြီးများတွင် သဘာဝ အလျောက် ရေညှိများနှင့် ကပ်ပေါက် နေသော သစ်ခွပန်းများမှာ လှပလွန်း၍ ရန်ကုန်မှာတွင် မတွေ့ခဲ့ဘူးပါ။ တောထဲ သွား၍မော့ကြည့်မိလျှင် သစ်ခွပန်းများ ဟိုနေရာပေါက်ဒီနေရာပေါက်တွေ့နေ ရပါသည်။ သဘာဝအတိုင်း လှပလွန်း ပါသည်။ သစ်တော်သီးကြီးများဆိုလျှင် လမ်းဘေးတွင်ပင်ပေါက်နေ၍ ရေချိုး ဆင်းတိုင်း ဖိနပ်နှင့်လှမ်းပေါက်ပြီး ကျ လာသည့်အခါ အရည်တရွှမ်းရွှမ်းနှင့် အတော်အရသာရှိလှ၏။ မမြင်ဘူး၊ မစားဘူးသော သဘာဝအသီးတော် တော်များများကို လတ်ဆတ်စွာ စားရ သည်ဖြစ်၍ စိန်လုံကို မည်သည့်အခါမျှ မေ့နိုင်တော့မည် မဟုတ်ပါ။

လတ်ဆတ်သော ခြင်ဇော်ကား သီးကိုခွဲလိုက်လျှင် အထဲက အစေ့လေး များသည် ကချင်လွယ်အိတ်ပန်းဖွားနား တွင် အစီအရီလှပစွာတပ်ထားသော ကြွေစေ့လေးများကဲ့သို့ ရှည်ရှည်လေး များ ဖြစ်၏။

ငါးရက်တစ်ဈေးဖြစ်၍ ဈေးနေ့ ဆိုလျှင် ဝေလီဝေလင်းရောက်သည်နှင့် ပလိုင်းများ ခေါင်းမှာဆွဲ၍ လာရောက် ဈေးရောင်းကြသူများမှာ စိန်လုံနှင့် တော် တော်ဝေးဝေးမှလာခဲ့ကြသူများ ဖြစ်၏။

တောင်ပေါ်သူတောင်ပေါ်သား များ ကျန်းမာကြခြင်းမှာ ဤသို့ ခရီးဝေး လျှောက်ခြင်း၊ အလွန်လတ်ဆတ်သော အသီးအရွက်များကိုစားသုံးရခြင်းကြောင့် ဟု ရဲတပ်ကြပ် ဘလာထိန်နန်က ခဏ ခဏပြောပြ၏။

ကျွန်ုပ်သည် -

ထိုနှစ်က ခြောက်တန်းတက်ရပြီ ဖြစ်၍ စိန်လုံအထက်တန်းကျောင်းကြီး တွင် ကျောင်းတက်ရပါသည်။ လှပ၍ ထုထည်ကြီးမားလှသော အထက်တန်း ကျောင်းကြီးဖြစ်၏။အလွန်မှခိုင်ခံ့ကြီးမား လှ၏။

ကျောင်းတွင် မြန်မာ ဟူ၍ ကျွန်ုပ် တစ်ဦးတည်းဖြစ်သော်လည်း ကျွန်ုပ်ကို အလွန် ခင်ကြ၊ ချစ်ကြ၏။ တကယ့် သွေးရင်းသားရင်းပမာ ဆက်ဆံကြ၏။ စာသင်သည့်အခါ ကချင်လိုပြောသင် သည်ကများသောကြောင့် ကြာလတ် သော် ကျွန်ုပ်လည်း ကချင်စကားကို ကချင်တစ်ယောက်လိုပင် ပြောနိုင်လာ လေတော့၏။ မြန်မာလိုဆို၍ ကျောင်း ထဲစရောက်သည်နှင့် -

'ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းသား လုပ်သားပြည်သူအပေါ် သစ္စာရှိပါမည်'

ဟု အစချီသော သစ္စာအဓိဋ္ဌာန်များကို ဆိုရ၏။

သံစဉ်လေးနှင့် ဆိုရ၏။ သစ္စာအဓိဋ္ဌာန်ဆိုပြီး၍ စာသင်လျှင် ကချင်လိုပြောသည်ကများသော်လည်း ဆရာ၊ ဆရာမများသည် ကျွန်ုပ်အား မြန်မာလို စိတ်ရှည်လက်ရှည်ပြော၍ သင်ကြားပြသပေး၏။

မုန့်စားဆင်းချိန် သူငယ်ချင်းများနှင့် ကစားရသည်မှာ အလွန်ပျော်စရာကောင်းလွန်းလှပါသည်။

ပစ္စည်းများဆိုလျှင် ပျောက်ရသည်ဟု မကြားဘူးပါ။

ကျောင်းထိုင်ခုံပေါ်တွင် ကွန်ပါဘူးမေ့ကျန်ခဲ့ပြီး နောက်နေ့ ကျောင်းပြန်ရောက်သည့်အခါ ခုံပေါ်တွင် ကျန်ခဲ့သည့်အတိုင်း ပြန်ရ၏။ ဘေးနားတွင် ထိုင်နေသော သူငယ်ချင်းကပင်လျှင် လက်နှင့်တို့မကြည့်ခဲ့။

တစ်နေ့ ရေချိုးရင်း ဆပ်ပြာခွက်ကြီးနှင့် အလွန်မွှေးလှသော ကိုယ်တိုက်ဆပ်ပြာကျန်ခဲ့ပါသည်။ ရေချိုးသည့်ရေတံခွန်စမ်းချောင်းလေးသည် လူတိုင်းလာချိုးသောနေရာ ဖြစ်၏။ ငါးရက်တစ်ဈေးနေ့ရောက်လျှင်လည်း ၎င်းရေတံခွန်ဘေးမှ ဖြတ်သွားရသည်ချည်း ဖြစ်၏။ သို့သော် ထိုဆပ်ပြာခွက်နှင့် ဆပ်ပြာမှာ လူပေါင်းများစွာ သွားလာလှုပ်ရှားနေသည့်ကြားမှ တစ်ပတ်ခန့်အကြာ နောက်ထပ်ရေချိုးဆင်းချိန်တွင် ခြေရာလက်ရာမပျက် နေရာမရွေ့ ပြန်ရခဲ့ပါသည်။

ကချင်ပလွေလည်း မှတ်တတ်ရုံမက ကချင်တိုင်းရင်းသားတို့၏ တူရိယာတစ်မျိုးဖြစ်သော 'ပေါင်း' ဟု ခေါ်သည့် ဝါးနှင့်ပြုလုပ်သော တူရိယာလေးကိုပင် ကျွန်ုပ် ပါးစပ်နှင့် တီးခတ်တတ်လာ၏။ ကိုယ်တိုင်လည်း လုပ်တတ်လာ၏။ ရဲတပ်သား လဖိုင်တူးက သင်ပေးခြင်း ဖြစ်၏။ ထို 'ပေါင်း' မှာ ကောင်းဘွိုင် ဇာတ်ကားများထဲတွင်ကြားရလေ့ရှိသော ရေစီးသံလေးကဲ့သို့ သာယာလှသော တူရိယာလေး ဖြစ်ပါသည်။ ညဘက် တိတ်ဆိတ်ချိန် ပါးစပ်တွင်တပ်၍ လက်မလေးနှင့် ညင်သာစွာ တီးခတ်သည့်အခါ ကြားရသူတိုင်း သဘောကျ နှစ်ခြိုက်လှသော တိုင်းရင်းသားရိုးရာတူရိယာတစ်မျိုး ဖြစ်၏။

ကျွန်ုပ်သည် 'ပေါင်း' လုပ်၍ရသောဝါးများနှင့် 'ပေါင်း' များ တစ်ခုပြီး တစ်ခုလုပ်ပြီး ကျောင်းမှ သူငယ်ချင်းနှစ်ဦး၊ သုံးဦးကို လက်ဆောင်ပေး၏။ သူငယ်ချင်းများက အလွန်သဘောကျစွာ တီးခတ်ကြ၏။

"မောင်မောင်"

"ဗျာ"

"မင်း ခွန်ပေါင်းဆီမှာ သိုင်းသင်ကွ။ သူက လူမျိုးကလည်း ရှမ်းတရုတ်၊ သိုင်းအရမ်းကျွမ်းတယ်"

"ဪ"

ခွန်ပေါင်း ဟူသည် အဖေ စိတ်ဝင်စားသော ရဲတပ်သား ဖြစ်၏။ စိတ်ဝင်စားရခြင်းမှာ သူအိပ်နေလျှင် တစ်ခါတစ်ရံ မျက်လုံးပွင့်နေပြီး မီးခိုးများမသိမသာထွက်နေတတ်သောကြောင့် ဖြစ်၏။ ဘာကြောင့်မှန်းတော့မသိ။

ကိုခွန်ပေါင်းသည် ကျွန်ုပ်အား (၄) ကွက်မှ စသင်၏။ ပြီးမှ (၆) ကွက်၊ (၈) ကွက်၊ (၁၂) ကွက်ထိ တဖြည်းဖြည်း ချင်းသင်ပေး၏။

ဘဝတွင် ပထမဆုံး စသင်ခဲ့ရသောပညာဖြစ်ပြီး ပထမဆုံး ကိုယ်ခံပညာဆရာ ဖြစ်၏။ ဗန်တိုကွက်များမှာ သာသာလေးပုတ်ရုံနှင့် လက်လွင့်လွင့်ထွက်သွားအောင် ကိုခွန်ပေါင်းလက်များမာကျောလျင်မြန်၏။ သူကစားလျှင် အားလုံးငေးကြည့်နေရလောက်အောင် လှပ၏။ မြန်မာ့ရိုးရာ ကိုယ်ခံပညာကို ဦးဆုံး စတင်မြင်ဖူးခြင်း၊ စတင်သင်ကြားခဲ့ရခြင်း ဖြစ်ပါသည်။

လူတစ်ရပ်နီးပါးခန့်ကို ခြေစုံခုန်နိုင်လောက်အောင် ပေါ့ပါးလှပါသည်။ လူမှာ ဖြူဖြူသေးသေးလေး ဖြစ်သော်လည်း ပျော့ပျော့နေတတ်သော မြန်မာလူမျိုး ရဲတပ်သား ကိုခင်မောင်ကို ကိုင်ပေါက်လျှင် ခွေ့ခနဲ ခွေ့ခနဲနှင့် ကြည့်ကောင်းလှ၏။ ကိုခင်မောင်မှာ ကိုခွန်ပေါင်းထက် နှစ်ဆခန့် ကိုယ်လုံးတုတ်ခိုင်၏။

"နန့်အမည်"

"မောင်မောင်သန်း"

"အွေး - ဂရိုင်ဆောမ်အိုင်"

ငါးရက်တစ်ဈေးနေ့ဖြစ်၍ အသားကဖြူဖြူ ခပ်မှုန်တေတေမျက်နှာရှိသော ကျွန်ုပ်အား ဈေးသည်အဒေါ်ကြီးတစ်ဦးမှ မေးလိုက်သည်ကို ပြန်ဖြေလိုက်ခြင်း ဖြစ်၏။ ကလေးအရွယ်ဖြစ်၍ သူတို့ချစ်တတ်ကြပါသည်။

ဈေးမှအပြန်အလာ ရဲတပ်သားတစ်ဦး၏ ဇနီးသည် ရှမ်းဗမာဟု ပြောသော လူတစ်ယောက်ကို ခေါ်လာ၏။ ထိုသူမှာ အဝတ်အစားသိပ်အရောင် အဆင်းမရှိသော်လည်း ဝတ်ပုံသပ်[...] ၏။ မျက်နှာမှာ တည်ကြည်လှ၏။ [...] သည် ရှမ်းလိုပြောလိုက်၊ ကချင်လို[...] လိုက်နှင့် ဟိုကြည့်ဒီကြည့်ကြည့်နေ[...] ရဲတပ်သား ကိုကျော်အုန်းမှာ ရှမ်းတို[...] ရင်းသားဖြစ်သောကြောင့် သူ့ကို ရှမ်း[...] ပြောရာ သူက အားရဝမ်းသာပြန်[...] ၏။

သူသည် သစ်ပင်တစ်ပင်မှ သ[...] ရွက်တစ်ရွက်ကို ခူးခိုင်းပြီး အဖေ့နာ[...] ကို မေး၏။

အမေကပြောပြလေရာ -

ဟိုးအဝေးကြီး အောက်ပြည်[...] လာခဲ့သူဖြစ်ကြောင်း၊ ထူးဆန်း[...] မိန်းမကိုရထားသူဖြစ်ကြောင်း၊ နေ[...] တစ်နှစ်ကြာလျှင် စခန်းမှူး တိုက်ပွဲ[...] ကြုံရမည်ဖြစ်ကြောင်း၊ သို့သော် ဘာ[...] အထိအခိုက်ရှိမည် မဟုတ်ကြော[...] တောက်လျှောက်ပြောသွား၏။

(ထစ်ခနဲဆိုလျှင် ဗေဒင်[...] ဝါသနာပါလှသော အမေသည် ထို[...] စ၍ သမ္မာဒေ္ဒဂါထာတစ်ထောင်ကို နေ့[...] မပျက်မကွက်စိပ်လေတော့၏။)

ထိုရှမ်း-ဗမာဆရာမှာ ငွေကြေး[...] ၍ဟောခြင်းမဟုတ်။သူပြောချင်ရာ[...] ပြီး ဂါတ်တဲရှေ့ခေတ္တထိုင်နေ၏။

အမေ့ကိုပြောရာ အမေသ[...] ပါးစပ်အဟောင်းသားဖြစ်သွားသည်[...] ယနေ့ထိမမေ့ပါ။

ကိုကျော်အုန်းက ဘာသာပြန်[...] သည်မှာ အစ်မကြီးတွင် ဒီသ[...] တစ်ယောက်တည်းမဟုတ်၊ သမီး[...] ယောက်ပါရှိသေးသည်။ ထိုသမီးသ[...] အတူမနေရ။ ချမ်းသာသောနေရာတ[...] ရှိနေသည်။ အစ်မကြီးသည် ထူးဆ[...] ၏။ အစောင့်အရှောက်အလွန်ကော[...] ၏။ နေရာတစ်နေရာမှလာသူဖြစ်[...] ထိုနေရာသည် ဘုရားစေတီဖြစ်ကြော[...] လူပြည်တွင် ဆွေမျိုးမရှိ ထိုဘုရားစေ[...] တွင်သာ ဆွေမျိုးရှိ၏။ ထိုဆွေမျိုးမ[...] စိတ်ဆိုးနေကြသည်ကို အင်မတန်တ[...] ကြီးလှသော ရဟန်းတော်တစ်ပါ[...] မေတ္တာရပ်ခံရကြောင်းပြောနေသည်[...] စကားပြန်လုပ်ပေးသော ကိုကျော်အု[...] ပင်လျှင် ပြောနေရင်း အံ့သြမဆုံးဖြစ်[...] ပြီး 'ဆရာကတော် ဟုတ်လား၊ ဟု[...] လား' ဟု တွင်တွင်မေးလိုက်၊ စကားပြ[...] လုပ်လိုက်လုပ်နေတော့၏။ ထိုကြော[...] ကို စိန်လုံမှတစ်ယောက်မှမသိပါ။

မှန်၏။

အဖေ ပြောင်းမိန့်ထွက်[...] က ရန်ကုန်မြို့ ကန်တော်ကြီးစောင်[...]



www.burmeseclassic.com

www.burmeseclassic.com

ချုပ်ကြေးရုပ်နားရှိ မိုးကုတ်ဓမ္မာရုံ တွင် ကြွလာပြီး တရားဟောသော ဘုရားကြီးဦးကောသလ္လအား အမေ ရောက်ဖူးမြော်၏။ ဝေပုလ္လတောင် တော်ဘုရားကြီး ဖြစ်ပါသည်။ ရားကြီးအား ထိုခေတ်က ရဟန္တာ ကြည်စွာ ပူဇော်ကြသူ အလွန်များ ၏။ ဘုန်းဘုရားကြီး တရားဟော မှာ ပရိတ်တော်များကိုသာ အသံ အေးလေးနှင့်ရွတ်ခြင်းကို ကြုံခဲ့ရပါ မိုက်ခရိုဖုန်းလုံးဝမသုံးပါ။ ပလ္လင် တွင် ထိုင်တော်မူ၍ ဟောသော တော်မှာ ကြည်လင်အေးမြပြီး ည့်နေရာကနေ နားထောင်နား င် အတိုး၊ အကျယ်မှာ တစ်ပုံစံ တစ်သံတည်းလိုဖြစ်နေ၏။ ရာနှင့် များပြားလှသော ပရိသတ်အားလုံး ိုင်၏။ အနီးကပ်ဖူးမြော်ခွင့်ရ၍ စုံအား ဦးခေါင်းဖြင့် ပွတ်တိုက် သည့်အခါ ခြေဖဝါးတော်များ ခြားခြားပြည့်နေကြောင်း သတိ ၏။ ဝါဂွမ်းကဲ့သို့ အလွန်နူးညံ့၏။ ဘုရားကြီးကို ကန်တော့ကြသူတိုင်း ခြေဖမိုးတော်ကို ဦးခေါင်းဖြင့်ထိ၍ သည်ချည်း ဖြစ်၏။

အမေ့အား ဘိုးဘိုးကြီး ရသေ့ တ (၄၅) နှစ်ထိ ဆွဲလာခဲ့ရာမှ ဘုရားကြီးကို ဖူးတွေ့ရချိန်သည် နှစ် ဖြစ်နေချေပြီ။ ဘုန်းဘုရားကြီး အမေ့ကို သီးခြားသပ်သပ်ခေါ် မေတ္တာအထူးပို့ပေး၏။ ကျွန်ုပ် အားမိသည်မှာ ဘုန်းဘုရားကြီး အမေ ရှိသေစွာ ရှိခိုးကန်တော့ တိုင်းနှင့်မတူ အတော်ပင်လှပပြီး ၍ အချိုးကျလှသည်ဟု ခံစားရ

"အေး၊ အေး - ရတနာ့မြတ်(၃)ပါး မလျော့ဘဲ နိဗ္ဗာန်ရောက်ကြောင်း တော်များကို ကျန်းကျန်းမာမာနဲ့ တ်နိုင်အောင် ကြိုးစား။ ငါပဲခူးကို ဘယ်။ ပဲခူးရောက်ရင် ငါကိုယ် ဟောစေတီတော်ကြီးကို ကြွပြီး ပို့ပေးမယ်"

ဟု တစ်ခွန်းထဲပြောလိုက်လေရာ လှမ်းတွင် ထိုင်နေကြသော တ်များပင် အံ့သြမဆုံးတော့။ သည် ဘုန်းဘုရားကြီးအား အလွန် ည်စွာက န်တော့၏။ အဖေသည် နှင့် လက်မခံတတ်လေရာ ဘုန်း ကြီး၏ နှုတ်ထွက်စကားတော်ကို ချိန်မှစ၍ ထင်ရာမပြောတော့။

ထိုအကြောင်းကို မိုင်ပေါင်းရာချီ ဝေးလှသော တောင်တန်းတစ်နေရာမှ ရှမ်း - ဗမာတိုင်းရင်းသားဆရာတစ်ဦး အဘယ်ကြောင့် သိနေပါသနည်း။

သူ့လက်ထဲတွင် ကိုင်ထားသော သစ်ရွက်မှာ ဤမျှထိ သူ့အား အသေး စိတ်ပြောနိုင်ပါမည်လော။

ကျွန်ုပ်ပင်လျှင် မသိတတ်သိတတ် နှင့် အံ့သြနေမိပါသည်။

ထိုသူအား အခြားရဲဘော်များက ဝိုင်းဝန်းမေးသည်ကို ပြုံး၍နေလိုက်ပြီး လုံးဝမဟောတော့။ အမေ့ကိုလက်ညှိုး ထိုးပြပြီး သူ့ကြောင့်လာခဲ့တာဖြစ်ကြောင်း၊ ဒီဂါတ်ကုန်းပေါ်ကို ဒီတိုင်းလာနိုင်ပါ သော်လည်း စခန်း၏ စည်းကမ်းကို လိုက်နာသောအားဖြင့် ဟိုကလေးမခေါ် စေရန်စိတ်နှင့်ခိုင်းလိုက်ပြီးမှ တက်လာ ခြင်းဖြစ်ကြောင်း ယခု ထူးဆန်းသော အမျိုးသမီးကိုတွေ့ပြီး စကားပြောပြီးပြီ ဖြစ်၍ သူ့တာဝန်ပြီးပြီဖြစ်ကြောင်း၊ ဘုရားတရားမမေ့ဖို့ အရေးကြီးသည်ကို သာ ပြောချင်ကြောင်းပြောပြီး ပြန်ဆင်း သွားလေတော့၏။

စိန်လုံ။

အလွန်မှ အေးချမ်းသာယာလှပ ၏။

ကျွန်ုပ်သည် စိန်လုံကိုရောက်လာ သည်မှာ တစ်နှစ်ရှိချေပြီ။ နေကိုလုံးဝ မမြင်ဘူးပါ။

တိမ်တိုက်များသဖွယ်လည်းမဟုတ်၊ ကြည်ကြည်နုနုအငွေ့လည်းမကသော နှင်းထုကြီးလာပြီဆိုလျှင် အလွန်ဝေးလံ သီခေါင်လှသော တောင်တန်းများကို လှမ်းမြင်နေရာမှ မြင်ကွင်းပျောက်သွား တော့၏။

တဖြည်းဖြည်းနှင့် ထိုနှင်းထုကြီး နီးလာပြီး ကျွန်ုပ်တို့နေထိုင်ရာ ဂါတ်ကုန်း ကို ဖြတ်ပြီဆိုလျှင် အေးခနဲဖြစ်သွားပြီး ဆယ်ပေခန့်အကွာကို တစ်ယောက်နှင့် တစ်ယောက် သဲသဲကွဲကွဲမမြင်ရတော့။ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်သွား သလို နှင်းထုကြီးထဲတွင် သွားလာလှုပ် ရှားနေရ၏။ အေးလိုက်သည့်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်လေထုထဲတွင် အအေး ဓာတ်အပြည့်။

စိန်လုံတွင် အချိန်မကြာမကြာဆို သလို ထိုနှင်းထုကြီးနှင့်နေရလေ့ရှိ၏။ နိုင်ငံခြားရုပ်ရှင်ကားများထဲတွင် တွေ့ရ သော နှင်းမှုန်များကြား သွားလာလှုပ် ရှားနေရပုံမျိုးဖြစ်၏။ ပါးစပ်မှ အခိုး တထောင်းထောင်းနှင့်။

အနွေးထည်မပြတ်ဝတ်ထားရပြီး အချို့ရက်များတွင် ခေါင်းစွပ်ကို ချွတ်၍မရ။ အိမ်လယ်ကောင် မီးလင်းဖိုကြီး နားတွင်ကပ်ထိုင်နေရသည့်အခါများလည်း ရှိ၏။ လူမှာ ခိုက်ခိုက်တုန်နေအောင် ချမ်းသောဒေသ ဖြစ်၏။ အရိုးထဲမှစိမ့် အေးသလိုပင် တဆတ်ဆတ်တုန်နေ အောင် အေးလွန်းလှ၏။

ကျွန်ုပ်တို့နေထိုင်ရာ ဂါတ်ကုန်း ပတ်လည်ဆင်ခြေလျှောများတွင် ငြောင့် ဆူးများပြည့်နေအောင် စိုက်ထောင်ထား ၏။

ဂါတ်ကုန်းအပေါ် ပတ်လည်ကို သဘာဝကျောက်တုံးကြီးများနှင့် ကာရံ ထား၏။ ကင်းစောင့်သူတိုင်းသည် ခေါင်းစွပ်များ၊ အနွေးထည်ကြီးများသာ မက စောင်များပင်ခြုံရသည့်အခါရှိ၏။

ဂါတ်ကုန်း၏ ညာဘက်မှ လှမ်း ကြည့်လျှင် မြင်နေရသော တောင်ကြီး တစ်ခုမှာ အလွန်မြင့်မားပြီး စိန်လုံမှ မြေ ပြန့်သို့ပြန်ရောက်ခဲ့ရသည့် (၂) နှစ်တာ ကာလအတွင်း တောင်ထိပ်ကို မမြင်ဘူး ခဲ့။ နှင်းမှုန်များနှင့် ဆယ့်နှစ်ရာသီဖုံးနေ ၏။

ဂါတ်ကုန်း၏ ဘယ်ဘက်တွင် ဟယ်လီကော့ပတာဆင်းသောဘောလုံး ကွင်းကြီးရှိ၏။ ဌာနဆိုင်ရာ မိသားစုများ တစ်ခါတစ်ရံ ဘောလုံးကစားကြသော ကွင်းကြီးလည်း ဖြစ်၏။ ကွင်းကြီးဘေး တွင် အလွန်မြင့်မားလှသော မှန်ပြ တောင်ရှိပြီး တောင်ထိပ်တွင် စစ်တပ်ရှိ ၏။

မှတ်မိသရွေ့ ထိုစဉ်က ဗိုလ်ကြီး ပိုက်ထွေးနှင့် ဗိုလ်ကြီးရဲလှတို့ တာဝန် ယူရ၏။ အဖေ့ကိုခင်ကြ၏။ ဂါတ်ကုန်း သို့လည်း မကြာမကြာလာ၍စောင့် ရှောက်၏။ လိုအပ်သည်များကို လာ ရောက် ဖြည့်ဆည်းပေးကြလေ့ရှိ၏။ အမေသည် စိန်လုံမှ ဂေါ် ရခါးသီးကြီး များကို ဘူးသီးပေါင်းကြော်ကြော်သလို ကြော်၍ ဧည့်ခံတတ်၏။တကယ့်မိသားစု များသဖွယ်ဖြစ်နေ၍ ဗိုလ်ကြီးတို့ တာဝန်အရ ပြောင်းရွှေ့သွားသည့်နေ့ တွင် အဖေရော အမေပါ မျက်ရည်ကျ ကြ၏။

ဝေးလံသီခေါင်လှသောဒေသတွင် တာဝန်ထမ်းဆောင်ကြရသည်ဖြစ်၍ အချင်းချင်း ရိုင်းပင်းကြ၏။ ချစ်ကြ ခင်ကြ၏။

သကြံန်ကျသောရက်တွင် ရဲတပ် သားခင်မောင်သည် ပြက္ခဒိန်ကိုကြည့်၍ စိန်လုံဂါတ်ကုန်းတွင် သူတစ်ဦးတည်း သကြံန်ကျ၏။

ဤမျှ မေးချင်းရိုက်ပြီးခိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com

တုန်အောင်ချမ်းနေသည့်ကြားမှ ဖလား တစ်လုံးထဲ ရေထည့်၍ ရဲတပ်သား အချင်းချင်းကိုလောင်းရာ ဂါတ်စာရေး မောင်မောင်လွင်မှာ အအေးမိပြီး နောက်နေ့တွင် အဖျားတက်၍ မနည်းကု လိုက်ရ၏။ ရေပင်မထိရဲလောက်အောင် အေးလှ၏။ကျောင်းသွားချိန်တွင် နှင်းထု ကြီးထဲလျှောက်နေရ၏။ ကုန်းဆင်း၊ ကုန်းတက်နှင့် ဘာမှမမြင်ရ။

အချိန်တို့သည် -

တရွေ့ရွေ့နှင့် မှန်မှန်သွားရင်း ရက်မှ လကို ကျော်၍ နှစ်သို့ကူးလာခဲ့ပါ ပြီ။

တစ်နှစ်ပင်ပြည့်ခဲ့ပါပြီ။

"အုန်း"

"ဝုန်း"

အလွန် ကျယ်လောင်လှသော အသံကြီးများနှင့် ပြောက်အိုးဖောက် သလို အသံများကြောင့် လန့်နိုးလာ၏။ ဒီအသံကြီးတွေဟာ ပြောက်အိုးထက် ပိုကျယ်လှချည်လားဟု တွေးနေစဉ် ရဲတပ်သား တင်ငွေသည် ကျွန်ုပ်ကို ခုတင်ပေါ်မှဆွဲချ၍ အုတ်နံရံဘေး ခုတင်အောက်သို့ ခြေထောက်နှင့် ဆောင့်ကန်သွင်းလိုက်မှ လုံးဝနိုးသွား တော့၏။

စိန်လုံ ရောက်ကတည်းက ထို ရဲတပ်သားတင်ငွေနှင့် ကျွန်ုပ်အတူတူ အိပ်၏။ ယခု ဘာဖြစ်မှန်းမသိ ယောက် ယက်ခတ်နေရာမှ တိုက်ပွဲဖြစ်နေပြီမှန်း သိရတော့၏။ လူမှာ မေးချင်းတဂွပ်ဂွပ် ရိုက်ပြီး တဆတ်ဆတ်နှင့်တုန်နေ၏။

"အမေ၊ သားကြောက်တယ်"

"သားလေးဝပ်နေ၊ဝပ်နေ။ မထွက် လာနဲ့ ဝပ်နေ၊ ဝပ်နေ။ ဘုရား. . . ဘုရား. . . ဘုရား. . . ဘုရား"

"အုန်း"

"ဝုန်း"

မြေတုန်ဟီးသွားသလိုဖြစ်ဖြစ်သွား ၏။ သေနတ်ပေါင်းစုံ၏အသံမှာ နားများ ကွဲမတတ်ဖြစ်နေသောကြောင့် နားကို ပိတ်ပြီးဝပ်နေရ၏။

"ဆရာကြီး၊ ကျွန်တော်ထိသွားပြီ"

ဒါရိုက်ထိခြင်းမဟုတ်။ ဂါတ်ကုန်း ကိုကာထားသော ကျောက်တုံးကို ကျည် မှန်၍ ကျောက်စစဉ်ထွက်ပြီး ရဲသား ခင်မောင်လက်ကို ထိသွားခြင်း ဖြစ်၏။ ဟိုဘက်မှကြားလိုက်၊ဒီဘက်မှကြားလိုက် နှင့် အဖေလှမ်းအော်ကွပ်ကဲနေသော အသံကို နားပိတ်ထားသည့်ကြားမှ ကြား နေရ၏။ ငါ့သားရော၊ ငါ့သားရော ဟု လှမ်းမေးနေသံလည်း ကြားနေရ၏။

အမေကား အခန်းထဲရှိ ခုတင်အောက်တွင် ဝပ်နေရင်း သမ္ဗုဒ္ဓေရွတ်နေ၏။

"ဆရာကြီးအတင့်မရဲနဲ့၊ မားမား ကြီးလုပ်မနေနဲ့"

အဖေသည် စိတ်မချ၍ ဂါတ်ကုန်း ပတ်လည်ကို ဟိုသွားဒီသွားကွပ်ကဲနေ ခြင်းအား အတွေ့အကြုံရှိသည့် ရဲတပ် ကြပ်ကြီး မရစ်ဂန်က လှမ်းအော်၏။ သူသည် မြေပြင်တွင်ထောက်၍ ဘရင်း ဂန်းကြီးကို တာဝန်ယူ ပစ်ခတ်ရသူ ဖြစ် ၏။

ပစ်သံခတ်သံ တအုန်းအုန်းနှင့်၊ ပေါက်ကွဲသံများတဒိုင်းဒိုင်းနှင့် နားကွဲ မတတ်အသံများ တဖြည်းဖြည်းတဖြည်း ဖြည်းကြဲကြဲလာပြီး တိတ်ဆိတ်သွား တော့၏။ အော်ကြဟစ်ကြ၊ ဆဲကြဆိုကြ သောအသံများလည်းပါးသွား၏။ တစ်ခါ တစ်ခါမှ စက်သေနတ်ဆွဲသောအသံများ ထွက်ထွက်လာ၏။

တိုက်ပွဲဖြစ်ပွားချိန်မှာ (၂) နာရီခွဲ ကြာမြင့်ကြောင်း ရှုံးစုရှုံးစုနှင့်ပြောနေ ကြသံများကြားမှ ကိုတင်ငွေ ကျွန်ုပ်အား လာဆွဲထုတ်တော့၏။ ဤမျှအေးသော ဒေသတွင် ကျွန်ုပ်တစ်ကိုယ်လုံးချွေးများ နစ်နေ၏။ အမေသည် ပြေးထွက်လာပြီး ငို၏။

အဖေက -

"အို-အသိန်းကလည်း၊ ဘာမှမဖြစ် ပါဘူး ပြီးသွားပါပြီ။ ကိုယ့်လူတွေလည်း အထိအခိုက်အကျအဆုံးမရှိကြဘူးလေ။ ဒါလောက်ကတော့ မင်းကြုံရမှာပေါ့။ အတွေ့အကြုံပေါ့ကွာ"

ဟု ပြောပြီး နှစ်သိမ့်၏။

ညသန်းခေါင်ယံအချိန်မှာ ဖြစ်ပွား သော တိုက်ပွဲသာ ပြီးသွားသော်လည်း မည်သူမျှမအိပ်ကြတော့။ စခန်းထဲတွင် စုထိုင်နေကြပြီး အတွေ့အကြုံများကို သာ ပြောနေကြတော့၏။ ခြောက်တန်း ကျောင်းသားဘဝတွင် မည်သို့မျှမမေ့နိုင် တော့သော အတွေ့အကြုံပါပေ။

အမေသည် ဂါတ်ကုန်းပေါ်တက် လာပြီးပြောသွားဖူးသည့် ရှမ်း-ဗမာတိုင်း ရင်းသားဆရာအား သတိတရနှင့် တဖွဖွ ပြောနေ၏။

"အမလေးတော် - မှန်လိုက်တာ မှ သွေးထွက်အောင်ကိုမှန်တယ် အံ့ရော"

"ဟုတ်တယ်အစ်မကြီး၊ ကျွန်တော့် လက် ကျောက်စရစ်မှန်လို့ သွေးတွေ ထွက်ကုန်တယ်"

ရဲသားခင်မောင်၏ စကားကြောင့် ပင်ပန်းနေကြသည့်ကြားမှ ဝါးခနဲပွဲကျ သွားကြ၏။

မနက်လင်းသည်နှင့် တပ်မတော် မှ အင်အား (၁၀) ဦးခန့် ရောက်လာ ဂါတ်ကုန်းပတ်လည်ကို လာကြည့်ကြ တိုင်းခြင်းထွာခြင်းများလည်း ပြုလုပ် ကျွန်ုပ်တော့ နားမလည်ပါ။

"ညက မှန်ပြတောင်က လှမ်း လက်နက်ကြီးနဲ့ထုပေးလို့ တော်သေး ပေါ့ကွာ။ အဲဒီတော့မှဆုတ်သွားတာ"

ဝိုင်းကြည့်နေကြသည့် လေး ကြားမှ ရဲတပ်ကြပ်ကြီး မရစ်ဂန်က ပြေ လိုက်ခြင်း ဖြစ်၏။

"ဟုတ်တယ်၊ လက်တစ်ကမ်းနီး ဖြစ်နေပြီ။ ဆဲရင်းဆိုရင်းပစ်နေကြ တာ"

ထိုနေ့က ကျောင်းမတက်ရပါ။

နောက်နေ့မနက်မိုးလင်းသည် စိန်လုံသူကြီး၏ သား ကွမ်ထွိုင်းယ ဂါတ်ကုန်းပေါ် တက်လာပြီးလာခေါ် သူတို့မောင်နှမကျောင်းတက်ရသည် စိန်လုံဈေးနားမှာ ဂါတ်ကုန်းကိုပတ် သွားရခြင်း ဖြစ်သောကြောင့် မနေ့ ကျွန်ုပ်ကျောင်းမတက်သည်ကို လာ ရင်း လာခေါ်ခြင်း ဖြစ်၏။

အဖေသည် ရဲတပ်သား လဖိုင် ကို ကျွန်ုပ်နှင့်အတူ ထည့်ပေးလိုက် ကျွန်ုပ်တို့ ကျောင်းရောက်မှ ပြန်လာ ၏။

အမှန်တိုင်းဝန်ခံရလျှင် နည်းန တော့ ကြောက်နေမိ၏။ သို့သေ ကျောင်းသို့ရောက်သည့်အခါ သူ ချင်းများက ဝိုင်းဝန်းကြိုကြ၊ ပခုံးဖက် အခြေအနေမ ကြနှင့် လက်ကိုဆွဲ သူကဆွဲထား ပြုလုပ်ကြသောကြော ကျွန်ုပ်မှာ အားတွေရှိသွားပြီး ဘ မကြောက်တော့ပါ။ ဆရာ၊ ဆရာမ ကလည်း အလွန်နွေးထွေးစွာကြိုဆို ၏။ ခါတိုင်းလိုပင် နွေးနွေးထွေး သင်ပေး၏။

"နင်တော်တော်ကြောက်သွား ပဲနော်"

"အေး - ငါအရမ်းကြောက်သ တယ်။ ဘယ်မှတောင်မထွက်ရဲဘူး မကြုံဘူးဘဲ"

"ငါတို့ရှိပါတယ် သူငယ်ချင်း ငါတို့က နင့်သူငယ်ချင်းတွေပါ"

"အေးပါ၊ မင်းတို့တွေကို ငါအ ခင်တယ်။ ငါ့ကိုခင်ကြလို့လည်း ကျေ ကမ္ဘာနော် သူငယ်ချင်းတို့"

ကျွန်ုပ်မကြောက်တော့ပါ။

သူငယ်ချင်းများ ဝန်းရံနေ ကြောင့် အားတွေရှိလှပါဘိ။

ကျောင်းတက်ရင်း၊ သွားရင်း



www.burmeseclassic.com

www.burmeseclassic.com

ခင်းနေထိုင်ရင်းနှင့် စိန်လုံရဲစခန်းတွင် ရဲတပ်သားများ၊ ရဲဒုတပ်ကြပ်၊ ရဲတပ်ကြပ်ကြီးတို့ ပြောင်းမိန့်ထွက်လာသော်လည်း အဖေမပြောင်းရသေးပါ။

ပြောင်းရွှေ့ကြသည့်နေ့က အားလုံးငိုကြ၏။ ကျွန်ုပ်က ရဲတပ်သားတင်ငွေကို ထိုင်ကန်တော့၏။ အားလုံးတို့သည် အဖေနှင့် အမေ့ကို ကန်တော့ကြ၏။

ပြောင်းမိန့်ကျပြီဖြစ်၍ စသိသည့်နေ့မှစပြီး ရဲတပ်သား လဖိုင်တူးသည် ကျွန်ုပ်အတွက် ပေါင်းလေးတစ်ခုလုပ်ပေးပြီး လက်ဆောင်ပေး၏။

စက်သေနတ်ပစ်ရသော ရဲကြပ်ငွေအဲလည်း ပြန်ပါသွားချေပြီ။ ယခုပြောင်းရွှေ့သွားကြသူများမှာ ရှမ်းတရုတ်၊ ရှမ်းဗမာ၊ ချင်း၊ ကချင်၊ မြန်မာလူမျိုးတို့ဖြစ်၍ တကယ့်ကို လူမျိုးစုံ၏။ ပညာစုံသည်းတွေ့ရ၏။

ကျွန်ုပ်သည် ကိုလဖိုင်းတူးပေးသွားသော ပေါင်းလေးကို တီးခတ်ပြီး စိမ်းစိုညို့မောင်းလှသော တောင်တန်းကြီးများကိုကြည့်ရင်း ထိုအစ်ကိုများကို အလွမ်းဖြေရ၏။

ကိုမရစ်ဂန်ဆီမှ ယူထားရသော လက်ဆောင်ပလွေကို မှုတ်ပြီဆိုလျှင် မျက်ခုံးကောင်းလှသော ကိုမရစ်ဂန်ကို အလွန်သတိတရရှိလှ၏။ မည်သည့်နေရာကိုကြည့်ကြည့် စိမ်းစိုညို့မှောင်နေသော တောအုပ်ကြီးများကြောင့် စိန်လုံသည် လွမ်းစရာဖြစ်နေပါတော့သည်။

အဖေနှင့်အမေသည် ရေဒီယိုလေးဖွင့်ဖွင့် အပန်းဖြေတတ်၏။ နိုင်ငံကျော်တေးသံရှင်ကြီး အဆိုတော်ဒေါ်တင်တင်မြ၏ 'တိမ်ပြာပြာမြူကျင်း' အစချီသော သီချင်းကို ကြားလိုက်လျှင် အကျယ်ကြီးဖွင့်ပြီးမျက်ရည်သုတ်ကြ၏။ အဖေရော အမေပါ ထိုသီချင်းကို အလွန် နှစ်သက်ကြ၏။

"အမေ"

"ဟေ"

"နောက်ဖေးတံခါးနားက ဘာသံကြီးလဲ၊ ချလွင်ချလွင်နဲ့ဖြစ်နေတာ"

"အဲဒါ နင့်အဖေလေ ဒီမြင်းကြီးကို ဘယ်ကဘယ်လိုယူလာလဲ မသိပါဘူး။ မြင်းက ညိုစိုစိုနဲ့ အကွက်တွေနဲ့။ အဲဒီမြင်း ရောက်ကထဲက ညဆို တဖြန်းဖြန်းခါနေတော့တာပဲ။ ဘယ်နှယောက်တောင် သတ်ထားတဲ့မြင်းကြီးလဲ မသိပါဘူး။ ဘယ်သူ့ဆီကရတာဆိုလား"

"အမလေး"

"အမယ်မလေးနဲ့၊ သူများကို ပေးလိုက်ပါဆိုလည်းမဟုတ်ဘူး၊ အမှတ်တရ ယူသွားမယ်တဲ့လေ"

"ဗျာ"

(ထိုမြင်းမှာ မြင်းအိမ်ပါ ပါ၏။ မလှပပါ။ သို့သော် အဖေ့ကိုပေးလိုက်သောမြင်းအား အဖေ အမြတ်တနိုး ယူလာခဲ့သည်ဖြစ်၍ ကျွန်ုပ်ကလည်း ထိုမြင်းကို ယခုတိုင်သိမ်းထားပါသည်။)

"အမ့လေးလေ-- ချမ်းလိုက်တာ"

နောက်ထပ် ရောက်လာသော အဖွဲ့မှ ရဲတပ်သား မောင်ကံသည် ကင်းစောင့်ရင်းမှ ကျွန်ုပ်အား လှမ်းပြော၏။

"ညီလေး ဟိုးအဝေးကြီးမှာ လှမ်းမြင်နေရတဲ့ အိမ်ကြီးတွေ လှလိုက်တာနော်။ ဒါတရုတ်ပြည်အစပ်နဲ့တူတယ်"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့စိန်လုံကျောင်းမှာ အဲဒီကနေခြေကျင်လာတက်ကြတဲ့ကျောင်းသားတွေရှိတယ်"

"ဟာ-တော်တော်ဝေးတာပဲနော်"

"ဟုတ်တယ် အစ်ကို၊ သူတို့တွေ ကျွန်တော်နဲ့လည်း ခင်တယ်"

"ဟုတ်လား"

"ဟုတ်ကဲ့"

"အေး - အေးကွာ၊ ငါတော့ ငါ့မိဘတွေကို လွမ်းလိုက်တာ အရမ်းပဲ။ ငါက ရေဝတီတိုင်းဘက်ကကွ။ အင်း-- တာဝန်အရ ရောက်လာတော့လည်း မမြင်ဘူးတဲ့မြင်ကွင်းတွေမြင်ရတာပေါ့ကွာ။ ဟိုကောင်စိုးလှိုင်ဆိုရင် သစ်ပင်တွေရဲ့အခေါက်တွေမှာ ကပ်ပေါက်နေတဲ့ ရေညှိတွေကိုတောင် လှလို့ဆိုပြီး နှစ်ခု၊ သုံးခုခူးထားသေးတယ်။ မင်းတို့အိပ်ခန်းထဲက မီးဖိုကြီးထဲကို ဘာထင်းတွေထည့်တာလဲ"

"အဲလိုပဲ လျှောက်ကောက်လို့ရတဲ့ သစ်ကိုင်းတွေပေါ့။ တချို့လည်း အစိုတွေ"

"အေး - အဲဒါကြောင့်ဖြစ်မယ်ကွ။ တစ်ခါတစ်ခါကျမွှေးတယ်ကွာ၊ သင်းနေတာပဲ။ ထင်းတော့ထင်းပေါ့၊ ဒါပေမယ့် အနံ့လေးတွေထွက်သလားလို့"

"ဟုတ်တယ် အစ်ကို၊ မွှေးတယ်။ တစ်ခါတစ်ခါ အိပ်ခန်းထဲမှာ မွှေးနေတာပဲ။ ထင်းတုံးကြီးတွေက နည်းနည်းစိုတာတွေလည်းပါတော့ မီးထည့်ထားရင် ထင်းမှာ အမြှုပ်ထပြီး ပူစီဖောင်းထွက်နေတာလေးကို လက်နဲ့တို့ပြီးမွှေးကြည့်ရင်ကို တော်တော်မွှေးတယ်"

"အေး - ငါလည်း မေးမယ်၊ မေးမယ်နဲ့ ညီလေးပြောလို့"

ကိုမောင်ကံရော ကျွန်ုပ်ပါလှည့်ကြည့်လိုက်ရာ ရဲသားကိုစိုးလှိုင်။ အသက်မှာ ဘယ်လောက်မှမရှိ ထိပ်ကပြောင်နေချေပြီ။ မျက်လုံးကပြူးပြူး၊ လူကခပ်ဝဝနှင့် အတော်အေး၏။ ကျွန်ုပ်နှင့် ကိုမောင်ကံထိုင်နေသော ကျောက်တုံးကြီးဘေးမှ ကျောက်တုံးကြီးပေါ် ထိုင်လိုက်ပြီး သူ့အကျႌအိတ်ကပ်ထဲမှ ပင်နီဆီလင်ပုလင်းအရွယ် ပုလင်းလေးတစ်လုံးကိုထုတ်ပြီး ကြည့်နေ၏။ ပုလင်းထဲတွင် ရွှေရောင်တဖျပ်ဖျပ်နှင့်။

"အစ်ကိုစိုးလှိုင်၊ ဘာတွေလဲ"

"ရွှေပြားလေးတွေကွ၊ တံစက်မြိတ်ကကျတော့ ကုန်းပေါ်က သဲမြေလေကွာ။ ရေကျတဲ့နေရာတွေမှာ တွေ့လို့ကောက်ထားတာ။ တော်တော်တောင်ရနေပြီ။ ငါက မြေပြန့်ယူသွားမှာ ကိုယ့်လူ"

ဟုတ်၏။

ရဲစခန်း၏ ခေါင်မိုးသွပ်ပြားမှကျသောရေများသည် ဂါတ်တဲရှေ့ မြေကြီးပေါ်သို့ကျ၏။ ရေမှာ သဲမြေဖြစ်သောကြောင့် မြေကြီးအချိုင့်လေးများဖြစ်ပြီး ထိုအချိုင့်လေးများတွင် ရွှေပြားလေးများ တဖျပ်ဖျပ်နှင့်ရှိ၏။ ရွှေအစစ်နှင့်အရောင်တူတူဖြစ်သော်လည်း အပြား၏တစ်ဖက်မှာ ကျိုး(ချိုး)ကပ်သလို မည်းနေ၏။ တစ်ဖက်က ရွှေရောင်တဝင်းဝင်း။ တချို့အပြားလေးများမှာ ပြောင်းဖူးစေ့အရွယ်နီးပါးပင်ရှိလောက်၏။ များသောအားဖြင့် စပါးလုံးအရွယ်လေးများဖြစ်ပြီး အစွန်းထွက်ပုံလေးများမှာ ပုံစံအမျိုးမျိုးနှင့် မညီညာပါ။

အရင်တာဝန်ကျသွားသောရဲတပ်ဖွဲ့ဝင်အားလုံးတို့သည် လည်းကောင်း၊ ကျွန်ုပ်တို့သည် လည်းကောင်း ထိုရွှေတလက်လက်လေးများကို နေ့စဉ်မြင်တွေ့နေကြပါသည်။ ရှိမှန်းလည်းသိနေပါ၏။ သို့သော် မည်သူမျှ မကောက်ကြပါ။ သတိတရလည်းမပြုကြပါ။ ယခုမှ ကိုစိုးလှိုင် ကောက်လာမှ သတိထားမိတော့၏။ ရွှေပြားလေးများမှာ ခေါင်မိုးသွပ်ပြားမှ ကွာကျခြင်းလည်း မဟုတ်ပါ။ သဲမြေကြီးထဲမှထွက်နေခြင်းဖြစ်ပါသည်။ ကိုစိုးလှိုင်က မြေပြန့်ရောက်လျှင် အရည်ကျိုကြည့်မည်ဟု ဆို၏။

"ညီလေး၊ ဒီမှာ ဟိုဘက်တောင်ကြောတွေမှာဆိုရင် ခက်မယ်နော်"

"ဟုတ်တယ် အစ်ကို။ ပြီးခဲ့တဲ့လေး၊ ငါးလလောက်က ဌာနဆိုင်ရာပေါင်းစုံရော၊ ဒီမြို့က မြို့ခံလူကြီးတွေရော ရေသွယ်ဖို့လုပ်အားပေးကြသေးတယ်။ ကျွန်တော်တို့ပါ ဝါးလုံးကြီးတွေ ဝင်ထမ်းရသေးတယ် ပျော်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား၊ ဝါးလုံးတွေနဲ့ဘာယ်လိုသွယ်တာလဲ"

"ဒီနားက တော်တော်ဝေးဝေး တောင်ကြောမှာ ဝါးတွေထမ်းသွားကြတာ။ ရေသွယ်တဲ့နေရာလည်း ရောက်ရော သံပိုက်လုံးအရှည်ကြီးတွေနဲ့ ဝါးလုံးထိပ်ကို ဖောက်။ ပြီးတော့ နှစ်ဆစ်၊ သုံးဆစ်၊ လေးဆစ်လောက် တဖောက်ဖောက်နဲ့ဖောက်လည်းပြီးရော အားနဲ့ပစ်ထည့်ဖောက်တာ နှစ်ခါ၊ သုံးခါလောက်လည်း ပစ်ထည့်ဖောက်ရော အဆစ်တွေအားလုံးကိုဖောက်ပြီး ဟိုဘက်ထိပ်ကနေ သံပိုက်လုံးပြန်ထွက်လာတယ်"

"ဩော် - သိပြီ ဒီလို"

ကိုမောင်ကံက ဝါးကို သံပိုက်လုံး ထိုးဖောက်ဟန် လေထဲတွင်လုပ်ပြနေ၏။ ပြီးမှ ခေါင်းတညိတ်ညိတ်။

"အဲဒီဝါးလုံးကြီးတွေကို ဆက်ဆက်သွားပြီး ရေသွယ်ယူတာ အစ်ကို။ တောင်ပေါ်ရေက ဒလဟောပဲ။ လိုတဲ့ဘက်ကိုသွယ်ယူတာ"

"ဟာ - အေးကွာ၊ ကောင်းလိုက်တာ"

"ဟော့ကောင် မောင်ကံ"

"ဟေ - ဘာလဲ ငစိုး"

"ငါ့အိပ်ရာဘေးမှာ သစ်ရွက်ကြီးက တရွေ့ရွေ့သွားနေတာကွာ။ မင်းမယုံရင် လာကြည့်"

"ဟာ - ဟုတ်တယ်ကွ။ ငါ့အိပ်ရာဘေးမှာလည်း ဝါးဆစ်လေးတွေ အကောင်ဖြစ်ပြီး တရွေ့ရွေ့သွားနေကြတာ ခုလည်းရှိတယ်"

"ဟာ - တစ်မျိုးတွေပဲနော်"

"မင်းကလည်း၊ ဟိုနေ့က မောင်ချစ်ဈေးကုန်းဘက်သွားရင်း ဘယ်ကဘယ်သူပေးလိုက်လည်းမသိဘူး။ ဟောလစ်ပုလင်းနဲ့ထည့်လာတာ၊ နွယ်ပင်လေးတွေ လူးလွန့်နေတာပဲ၊ နွယ်ရှင်တွေ ငါ့လူ။ လေး၊ ငါးပင်လောက်ရှိမယ်။ မြွေလေးတွေကျနေတာပဲ"

"အေး- သူ့ဘေးက ပုလင်းထဲမှာလေ ငါတွေ့တယ်။ မြွေအကောင်ပေါက်လေးတွေမှတ်လို့"

"မဟုတ်ဘူး။ အဲဒါနွယ်လေးတွေ"

(ထိုနွယ်ရှင်လေးများမှာ အပ်ချည်ကြိုး (၃) ကြိုးပူးစာလောက်သာရှိပြီး လူးလွန့်နေပုံမှာ ကြက်သီးထစရာ တောင်း၏။ ပုလင်းနားသို့ လက်ကပ်လိုက်လျှင် လက်ကပ်ထားရာဘက်သို့ နွယ်အဖျားလေးများ ဝေ့ဝေ့လာတတ်၏။ ကျွန်ုပ်သည် ပုလင်းအပြင်မှဖြစ်သည့်တိုင် လန့်ပြီး လက်ခွာလိုက်မိ၏။ စိန်လုံတွင် နီရဲပြီး အရောင်တလက်လက်ဖြစ်နေသော မြေပြဒါးကို မြင်ခဲ့ဖူးပါသည်။ ဒေသခံများက ထိုမြေမျိုးကိုကိုက်လျှင် လုံးဝဆေးမမိဟု ဆိုကြ၏။ အလွန်အဆိပ်ပြင်းလှပြီး ဆေးမမိဟုနာမည်ကြီးသောမြွေများရှိကြောင်းကြားသော်လည်း မမြင်ခဲ့ဘူးပါ။ မြေပြဒါးထစ်ကောင်ကိုသာ ရှားရှားပါးပါးတွေ့ခဲ့ဖူးပါသည်။)

အလွန်ထူးဆန်းသောအကြောင်းအရာများနှင့် ပြည့်နှက်နေသည့်စိန်လုံ။

မှန်ပါသည်။

ထိုအစ်ကိုတို့သည် နှင်းဆီနက်များ၊ သစ်ခွနက်များကို မြေပြန့်မှာ မမြင်ဘူးဟုဆိုကာ စိန်လုံရှိအိမ်များရှေ့သို့ ခဏခဏသွားကြည့်ကြ၏။

မေးချင်းရိုက်အောင် စိမ့်အေးလှသော စိန်လုံရောက်ကတည်းက ဖလန်နယ်အနွေးထည်လက်ရှည်ကို မချွတ်ခဲ့ရပါ။

သဘာဝအလျောက်ရှိနေကြသော ကျောက်တုံးများသည်ပင်လျှင် လှပနေ၏။ အချို့များချောမွတ်နေ၏။ ကျောက်တုံးများကြားမှ စီးဆင်းနေသောရေမှာ ကြည်လွန်း၍ ရေအိုင်လေးသဖွယ် ဖြစ်နေသော ကျောက်များကြားကို ရေငုပ်စရာပင်မလို၊ အပေါ်မှကြည့်လျှင်ပင် အောက်ကြမ်းပြင်မှ ကျောက်လေးများကို မြင်နေရ၏။ ကျွန်ုပ်သည် မကြာခဏ ရေငုပ်ချိုးပြီး ကြမ်းပြင်ရှိ ကျောက်လေးများကို မျက်လုံးဖွင့်၍ လိုက်ကြည့်၏။ ကျောက်ကြားမှ ချောင်းလေးမှာ ဂါတ်ကုန်းအောက်ဘက်တွင် လှပစွာ စီးဆင်းနေပါသည်။

လှပသော နေအိမ်တိုက်တာများ အနည်းငယ်သာရှိသော်လည်း စိန်လုံမြို့လေးမှာ အလွန်နေချင့်စဖွယ်ဖြစ်ပါသည်။ ရာသီဥတုမှာ နိုင်ငံခြားရုပ်ရှင်ကားများထဲကကဲ့သို့ပင်ရှိနေ၏။ အလွန်မှ အေးစိမ့်လွန်းလှ၏။ သဘာဝအလျောက်ပေါက်နေကြသော သစ်ပင်များပင် အတော်လှ၏။ တောင်ကြီးများ၊ တောအုပ်ကြီးများနှင့် အလွန်နေချင့်စဖွယ်ဖြစ်၏။ သစ်ပင်ကြီးများမှာ ထာဝရစိမ်းလန်းနေပါသည်။

ရဲတပ်သားများ သွားရင်းလာရင်း အစာကျွေးရင်း နောက်ကကပ်လိုက်လာပြီး ဂါတ်ကုန်းပေါ် လာနေသည့် ခွေးများပင်လျှင် အမြီးကြီးများမှာ တစ်ထွာကျော်ခန့် စုတ်ဖွားဖွားအမွေးကြီးများကြောင့် ယပ်တောင်ကြီးများထင်ရ၏။ ပိုင်ရှင်မဲ့ခွေးများပင်လျှင် အမွေးစုတ်ဖွားနှင့် အတော်လှနေ၏။ (စိန်လုံမှာနေခဲ့စဉ်က အချို့အမွေးစုတ်ဖွားခွေးလေးများ အမွေးအလွှားလိုက်တဖြည်းဖြည်းကျွတ်သွားပြီး နောက်ထပ် အမွေးသစ်များ ရှည်လာသည်ကို မကြာခဏ တွေ့ခဲ့ရဖူးပါသည်။)

ရေချိုးဆင်းလျှင် ပိုက်လုံးကြီးခံ၍ သွယ်ထားသော ရေတံခွန်အောက်ကို အမေသည် ဘုရား၊ ဘုရားဟု တ,ပြီး အပြေးဝင်၊ အပြေးပြန်ထွက်ချိုးတတ်၏။ ဤလိုမချိုး၍မရပါ။ ရေခဲရေလောင်းနေသလို လူတစ်ကိုယ်လုံး ထုံလုလုနီးပါးဖြစ်လာတတ်ပါသည်။ ရေအောက်ဝင်လိုက်သည်နှင့် အေးလွန်းပြီး ထုံတုံတုံဖြစ်သွားသည့်ဒဏ်မှာ ဘာနှင့်မှမတူပါ။

အမေက -

"ဩော် - ဒီလိုရေမျိုးနောက်ဘယ်တော့မှချိုးရမှာမဟုတ်တော့ဘူး။ ဒီနေရာမျိုးလည်း ရောက်ဖို့မလွယ်တော့ဘူး။ တို့တွေ ရေချိုးတိုင်း စိန်လုံကို အမြဲသတိရနေတော့မှာပဲ"

ဟု မကြာခဏပြော၏။

မှန်ပါသည်။ ရောက်ဖို့မလွယ်ကူသောနေရာ ဖြစ်ပါသည်။

ဂျစ်ကား တစ်ပတ်တက်လာမှ ကိုယ်စားချင်သော အစားအစာများကို မြေပြန့်သို့မှာစားရ၏။ ဂျစ်ကားနောက်ထပ်တက်လာသောနေ့ကျမှရ၏။ ၎င်းတစ်စီးသာရှိပါသည်။

သားငါးရှားပါးသောဒဏ် -

ရာသီဥတုဒဏ်တို့ကို ဒုက္ခဟုမမြင်ဘဲ ကျေနပ်စွာ သဘောကျရင်း -

(၂) နှစ်ပြည့်ခဲ့ပါပြီ။

အဖေ ပြောင်းမိန့်ထွက်လာပါပြီ။

ဂျစ်ကားပေါ်သို့ ပစ္စည်းများတင်နေစဉ် -

ကျောင်းနေဖက် သူငယ်ချင်း ထိန်နန်ဘရန်း၊ ကွမ်ထွိုင်းယန်တို့ အပြေးလေးရောက်လာ၏။ သူတို့နောက်နားမှ တရွေ့ရွေ့နှင့်လျှောက်ရင်းလိုက်လာသည်မှာ ကွမ်ထွိုင်းယန်၏ အစ်မ ခေါန်ဂျိုး သူတို့လည်း ဝိုင်း၍ကူသယ်ပေးကြ၏။

အားလုံးပြီးပြီဖြစ်၍ -

ကားထွက်ခါနီးတွင် ထိန်နန်ဘရန်းသည် သူ၏ညာဘက်လက်တွင်ကိုင်ထားသောပလွေလေးကို ကျွန်ုပ်၏လက်တွင်းသို့ထည့်လိုက်၏။

"ဝိုင်းနာကွမ်းဖဖက်ဇင်းဒါးဥအရော"

'ငါ့လက်ဆောင်လေးကိုသိမ်းထားနော်' ဟု အဓိပ္ပာယ်ရသည့်စကားကိုဆိုလိုက်လေရာ ကျွန်ုပ်ကလည်း သူ့ကိုပြန်၍လက်ဆွဲနှုတ်ဆက်လိုက်ပြီး -

"အင်းနံ- ဝိုင်း ဇင်းဒါးနာအရော"

www.burmeseclassic.com

'အေးပါ၊ ငါသိမ်းထားပါ့မယ်' ဟု ပြောရင်း တုန်လာသောအသံကို ထိန်း၍ သူငယ်ချင်းတို့ကိုကြည့်လိုက်ပြီး တစ်ချိန်လုံးတွဲလာသော သူငယ်ချင်း ထိန်နန်ဘရန်း၏ ကျောကိုဖက်၍ -

"ဝိုင်း ဂလွဲမွင် ဒွန်းငါနာအရော" ဟု အားရပါးရပြောလိုက်၏။

'ငါအမြဲသတိရနေမှာပါ' ဟု ပြန်ပြောလိုက်သောစကားသည် သူငယ်ချင်းများနှင့် နောက်ဆုံးစကားဖြစ်သွားသော်လည်း ကျွန်ုပ်၏ရင်ထဲတွင် ကျွန်ုပ်၏ သူငယ်ချင်းများ မခွဲမခွာပါလာကြချေပြီ။

အရမ်းအေးလွန်းပေမယ့် -

အရမ်းသာယာလွန်းပေမယ့် -

နှုတ်ဆက်ခဲ့ပါပြီ စိန်လုံ။

လှပတဲ့ မျက်နှာလေးနဲ့ တို့ကိုနှင့်အမြဲကြွေးခဲ့တဲ့ဂျီးဂျန် -

အင်မတန် ချောမောလှပတဲ့ သူငယ်ချင်း ခေါ်န်ဂျီး -

ဆော့ဖော်ဆော့ဖက် သူငယ်ချင်း ထိန်နန်ဘရန်းတို့ရေ -

ငါ မင်းတို့နဲ့ မခွဲမခွာနေသွားချင်ပေမယ့် ငါ့အဖေပြောင်းမိန့်ထွက်လာပြီမို့ မင်းတို့နဲ့ခွဲခဲ့ရပြီ။

တို့သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နဲ့ သွားအတူ၊ စားအတူ၊ ဆော့ကစားပြီး ပညာသင်ခဲ့ကြရတဲ့ စိန်လုံကျောင်းကြီးကို အမြဲသတိရနေမှာပါ။

မင်းတို့ဟာ အရမ်းကို သဘောထားဖြူစင်ကြတဲ့ သူငယ်ချင်းတွေပါ။

မင်းတို့နဲ့ အတူနေခဲ့ရတဲ့ အချိန်လေးတွေဟာ ငါ့ရင်ထဲကို ပါသွားပြီ။ ဘယ်တော့မှလည်း ငါ့ရင်ထဲက ထွက်သွားမှာ မဟုတ်တော့ဘူး။

ဒီလိုပဲ -

ငါ့သူငယ်ချင်းတွေကိုလည်း ငါ့ရင်ထဲမှာထည့်ထားလိုက်ပြီ။

သဘာဝ ကျောက်တုံးကြီးတွေ၊ သဘာဝစမ်းချောင်းတွေမြင်တိုင်း ငါ့သူငယ်ချင်းတွေကို ငါသတိရနေမှာပါ။

ငါ့သူငယ်ချင်းပေးလိုက်တဲ့ 'ဆွမ်ပီ' လေးကိုမှုတ်ပြီး မင်းတို့ကို အလွမ်းဖြေမယ်။

'ပေါင်း'လေးကိုတီးခတ်ပြီး မင်းတို့နဲ့ စိတ်ကူးချင်းဆုံမယ်။

တို့တွေ အသက်တွေကြီးလာပြီး တစ်နေရာရာမှာ ပြန်ဆုံကြတဲ့အခါ ဒီလိုပဲ အပြုံးချင်းတွေတူကြမယ်နော်။ တို့နှလုံးသားတွေတူကြမယ်။

တကယ်လို့များ -

တို့ကို တစ်ယောက်ယောက်က -

'သင် အနှစ်သက်ဆုံး သွားချင်သည့်နေရာကို ပြောပါ' လို့ မေးခဲ့ရင် ငါဘာမှမစဉ်းစားဘဲဖြေလိုက်မယ်။

အဲဒါ ငါ့ရင်ထဲမှာ ငါနဲ့အတူပါနေတဲ့ ငါ့သူငယ်ချင်းတွေရှိတဲ့နေရာပဲ။

'စိန်လုံ'။

❖

"သား သားလေး၊ ဟဲ့-သားလေး"

"ဗျာ"

"ဘာဖြစ်နေတာလဲ၊ ဒီဘက်လှည့်စမ်း။ ဟယ်-သားငိုနေတယ်၊ ဘာဖြစ်လို့လဲ"

ကျွန်ုပ်ခေါင်းငုံ့ထား၏။ ညာဘက်လက်ထဲတွင် ကချင်ပလွေလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ထား၏။ ကျွန်ုပ်၏ မျက်ရည်တစ်ပေါက်နှစ်ပေါက်တို့သည် ဂျစ်ကားတစ်လိမ့်ချင်းသွားနေသည့်ကြားမှ ကချင်ပလွေလေးပေါ်သို့ ကျသွား၏။

"ဘာမှမဖြစ်ပါဘူး အမေ၊ သား စိန်လုံကိုပြန်ချင်တယ်"

"ဟယ် - ဘာဖြစ်လို့လဲ"

"သားသူငယ်ချင်းတွေကိုအောက်မေ့လို့"

"ဩော် - ငါ့သားကလည်း"

"သား စိန်လုံမှာ နေခဲ့ချင်တယ် အမေ"

"ဘယ်ဖြစ်ပါ့မလဲသားရယ်၊ မင်းအဖေက တာဝန်နဲ့လေ။ အမေတို့မိသားစုကလိုက်ရမှာပေါ့"

အမေ့စကားကို နားထောင်နေစဉ်ပင် လောတန်တံတားကို ဖြတ်ကျော်နေချေပြီ။

ဩော် . . . ဘာလိုလိုနဲ့ -

စိန်လုံ အတော်ဝေးခဲ့ပါပကော။

❖

စိန်လုံမှ ဗန်းမော်သို့ရောက်သည်နှင့် -

အဖေ သင်တန်းသွားရပါသည်။ သင်တန်းမှာလနှင့်ချီပြီးကြာသောကြောင့် ကျွန်ုပ်တို့သားအမိနှစ်ယောက် အိမ်ငှားနေခဲ့ရပြီး ကျွန်ုပ်မှာ ဗန်းမော်အ-ထ-က ကျောင်းကြီးတွင် ကျောင်းတက်ခဲ့ရပြန်ပါသည်။

သို့သော် -

အဖေ သင်တန်းမှပြန်ရောက်လာပြီးသည်နှင့် ကသာခရိုင် ကျောက်ထုံးကြီးသို့ ပြောင်းမိန့်ထွက်လာပါတော့၏။

ကျွန်ုပ်လည်း ထိုနှစ်အတွက် ခြောက်တန်းစာမေးပွဲ လုံးဝမဖြေခဲ့ရတော့ပါ။ ကျောင်းထွက်လိုက်ရ၏ါတော့သည်။

❖

ကသာခရိုင် ကျောက်ထုံးကြီး။

သဘော်ရပ်လျှင် ရပ်ရန်မြစ်ဆိပ်နေရာရှိသော်လည်း ဘာမှတည်ဆောက်မထား၍ သဘော်နှင့် ကမ်းနဖူးစပ်ကို သစ်ပြားကြီးများထိုး၍ ဆင်းရ၊ တက်ရသောနေရာ ဖြစ်၏။

ဧရာဝတီမြစ်ကြီးနှင့် အနီးဆုံးနေရာကို ရောက်ခဲ့ရပြန်ပါပြီ။

ကျောက်ထုံးကြီးမှာ ရေရှား၏။ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ မြစ်ကမ်းရှိ ဖောင်များပေါ်တွင် ရေချိုး၊ အဝတ်လျှော်ရသည်ဖြစ်၍ ဘဝမှာ တစ်မျိုးဆန်းသွားပြန်ချေပြီ။

ကျောက်ထုံးကြီးရဲစခန်းမှ မြစ်ဆိပ်ကိုရောက်သည်အထိ အတော်လေး လျှောက်ရ၏။ လမ်းတွင် သုသာန်များကို ဖြတ်သွားရ၏။ ဘေးဘက်ဝဲ၊ ယာတွင် ဆီးပင်ကြီးများရှိ၏။

ဤမျှကြီးမားသောဆီးပင်ကြီးများနှင့် ပိုင်ရှင်မဲ့စွာသီးနေသော ဆီးသီးကြီးများကို ယခုမှပင် ကြုံဖူးလေရာ နီးရာသစ်ကိုင်းခြောက်၊ အုတ်ခဲကျိုးတို့သည် ကျွန်ုပ်အတွက် အလွန်အဖိုးတန်လာပြန်၏။

အုတ်ခဲကျိုး၊ သစ်ကိုင်းခြောက်တို့နှင့်ပစ်ပေါက်၍ကျလာသည့် ဆီးပင်ကြီးများကို စားရသောအရသာမှာ ဘာနှင့်မှမတူ။

တစ်ခါတစ်ခါ အပင်ပေါ်ရအောင်တက်၍ ကိုယ်ကိုညွတ်လိုက်၊ ရပ်လိုက်လုပ်ရင်း အကိုင်းကို လှုပ်ခါရင်း ဆီးသီးများ ခြွေချ၏။

ပျော်လိုက်သည့်ဖြစ်ခြင်း။

နေချင့်စဖွယ် ကျောက်ထုံးကြီးဖြစ်ပါသည်။

ကျောက်ထုံးကြီးရောက်မှ မြစ်ဆိပ်တွင် ရေချိုးရင်း၊ အဝတ်လျှော်ရင်း ရေစကူးတတ်လာတော့၏။

လူတော်တော်များများ ရေဆင်းကူးကြသည်ကိုကြည့်ပြီး ကလေးများ သူ့ထက်ငါ ခုန်ချလိုက်၊ ကူးလိုက်လုပ်နေသည်ကိုကြည့်၍ ခွေးကူးသလိုပုံစံမှစပြီး ရောယောင်ကူးတတ်ခဲ့ခြင်း ဖြစ်ပါသည်။

"ဟဲ့လူလေး၊ ဖောင်အောက်ဝင်ပြီး ရေမငုပ်နဲ့"

"ဟုတ်ကဲ့ပါ၊ ရေငုပ်ရင်း အပေါ်ကိုကြည့်သွားရင် ဖောင်တွေလွတ်နေတဲ့နေရာကျ ရေပေါ်ဘွားခနဲတက်လို့ရပါတယ်အမေရဲ့"


သူရွှေမဂ္ဂဇင်း
(၁၄) နှစ်ပြည့်အထူးထုတ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

"ဩော် - ငါ့သားလေးလည်း တစ်နှစ်ကျော်အောက်သွားလိုက်တာ၊ ဘာပဲဖြစ်ဖြစ် တစ်နှစ်ဆို ဆိုသလောက် လေးခက်ပဲ"

ကျောက်ထုံးကြီးတွင် အမေအမြဲ ပြောလေ့ရှိသောစကားမှာ ကျွန်ုပ် ကျောင်းမနေရသောစကားပင် ဖြစ်၏။ အမေ စိတ်မကောင်းပါ။

ကျောက်ထုံးကြီးရဲ့စခန်းကို တပ်စည်းရိုးအမြင့်ကြီးများခတ်ထားပါသည်။

ရောက်ပြီးမကြာခင် -

"ဒုန်း"

ကျယ်လောင်စွာ ထွက်ပေါ်လာသော သေနတ်သံကြောင့် အမေရော ကျွန်ုပ်ပါငုပ်တုတ်ထထိုင်လိုက်၏။ မကြာပါ အဖေ ပြန်တက်လာ၏။

"အသိန်း၊ ဘာမှမကြောက်နဲ့။ ဒီမှာဒီလိုပဲတဲ့။ စခန်းဝင်းခတ်ထားတဲ့ တပ်စည်းရိုးတံခါးဆီကို ကမူးရှူးတိုး တစ်ရှိန်ထိုးပြေးပြေးလာတာတဲ့။ ဘာကောင်ရယ်လို့မမြင်ရဘူး။ တော်တော်မြန်တယ်တဲ့။ တစ်ခါတစ်ခါ မျက်လုံးက ဝင်းဝင်းတောက်ကြီးတဲ့။ ဘာကောင်လို့ သူတို့လည်း အတိအကျမပြောတတ်ဘူး။ လှမ်းပစ်လိုက်ရတာပဲတဲ့။ မှောင်ကြီးထဲမှာဆိုတော့ ဘာမှန်းကို မသိရဘူးတဲ့"

"ဟယ် - တောခြောက်တာနဲ့တူတယ် ကိုကျော်"

"အေးလေ၊ ပတ်ဂတ်လည်မှာလည်း တောအုပ်ကြီးတွေလိုဖြစ်နေတာကိုး"

နောက်ပိုင်း ညဘက်သန်းခေါင်ရောက်လျှင် ဒိုင်းခနဲ၊ ဒုန်းခနဲ ထွက်ပေါ်လာတတ်သော သေနတ်သံမှာ မထူးဆန်းတော့ပါပေ။

တစ်နေ့ -

"အဲဒီလူကိုခေါ်ခဲ့စမ်းကွာ၊ ငါတွေ့ချင်တယ်"

"မရဘူး ဆရာကြီး၊ သူက အဲလိုခေါ်လိုကတော့ ဘယ်သူခေါ်ခေါ် မလိုက်ဘူး။ သူ့လေ့ကိုသုံးမှရတာ"

အဖေသည် ရဲသားနှစ်ဦးကို အဖော်ခေါ်၍ သူစိတ်ဝင်စားသူရှိနေသောနေရာကို ရောက်အောင်သွား၏။ ကျွန်ုပ်လည်းလိုက်သွား၏။

လူမှာ ခပ်ပြတ်ပြတ်၊ အသားမှာ မညို့တညို၊ ကတုံးဆံတောက်နှင့်ဖြစ်ပြီး မျက်နှာမှာ ပြုံးနေ၏။ မျက်နှာ၏ အရေအကြောင်းများမှာ ဇရာဘက်သို့ညွှန်းနေပြီဖြစ်သော်လည်း သွက်လက်လှ၏။

"သူပဲ ဆရာကြီး"

"ဟော - ဩော် အေး၊ အေး။ ဦး-ဆရာကြီး၊ လေ့နဲ့ဘာလုပ်နေတာလဲ"

"ခင်ဗျားတို့ ကျုပ်လေ့စီးမယ်ဆိုလာခဲ့လေ"

"စီးမှာပေါ့ ဘကြီးရဲ့"

ထိုဘကြီးက လေ့လှော်၊ အဖေက နောက်ကထိုင်လိုက်၏။ ထိုဘကြီး တစ်ကိုယ်လုံးမှာ ဆေးမင်ကြောင်များနှင့် ပြည့်နေ၏။

"ခင်ဗျားတော်တော်စွမ်းတယ်ကြားတယ်"

"ဟုတ်လား၊ ဘယ်လိုကြားလဲ"

"အများကြီးပေါ့ဗျာ၊ ကျုပ်အုပ်ချုပ်နေရတဲ့အချိန်မှာတော့ ပြဿနာတွေ မဖြစ်ပါစေနဲ့ ဘကြီးရာ။ ဘကြီးကိုခင်လို့ပါ"

"ဟာ - စခန်းမှူးကြီးကလည်း၊ ကျုပ်က နွားခိုးရင် တစ်ကောင်တည်း ခိုးတာပါဗျ။ လှည်းထမ်းပိုးတစ်ဖက်မှာ ကျုပ်ကဝင်ထမ်းတာပါ။ ကွေ့ရင်တော့ နည်းနည်းခက်တာပေါ့။ မြစ်ဆိပ်ရောက်လာလို့ ကျုပ်နောက်လိုက်လာပြီဆိုရင် အဲဒီနွားကိုဆွဲပြီး မြစ်ဟိုဘက်ကမ်းကို လက်ပစ်ကူးသွားရုံပါပဲ"

အဖေလန့်သွား၏။

"ဘကြီးဟာ တုတ်ပြီးဓားပြီးတယ်ဆို။ ဒီခန္ဓာကိုယ်မှာထိုးထားတဲ့ဆေးတွေထဲက ဘယ်ဆေးကပြီးတာပဲ"

"အဲ - မဆိုနိုင်ပါဘူး စခန်းမှူးကြီးရယ်။ ဝက်ကုန်းကလား၊ ပေါရိသာဒမှော်ဆေးကလား၊ အင္ဂါဝကလားမဆိုနိုင်ဘူး။ ဟိုဘက်ရွာမှာ တစ်ခါက ကျုပ်ကို အထင်လွဲပြီး ဝိုင်းခုတ်ကြ၊ လှံတွေနဲ့ထိုးကြတယ်"

"အင်း - ကြားတယ် ကျွန်တော်"

"တစ်ယောက်က စရိုက်လိုက်တာ အုတ်ဇက်(ဦးဆက်)ကို။ ဖုန်းခနဲပစ်လဲသွားတယ်"

"ဟာ - ဘာနဲ့လဲ"

"ဝါးရင်းတုတ်နဲ့ပါ။ အဆစ်ပိတ်ဝါးဆိုကော့ ပြင်းတာပေါ့။ အမှန်က သူတို့အဲလိုရိုက်ပြီးထားခဲ့ရင် ကျုပ်လဲကျန်ခဲ့မှာဗျ။ အဲဒီမောင်တွေက မဟုတ်ဘူးဗျို့။ ဒီငနဲကိုအသေသတ်မယ်ဆိုပြီး ပါးစပ်က အော်ပြီးထပ်ဝိုင်းရိုက်တော့ ကျုပ်လည်း နောက်တုတ်တစ်ချက်အပြီးမှာ သူ့အလိုလို ကုန်းထလာတော့တာပဲ"

"ဟာ-ဘကြီးသတိမလစ်ဘူးပေါ့"

"မလစ်ဘူး၊ နောက်ဇက်ပိုးကိုရိုက်လိုက်တာ ပစ်လဲသွားတာ ကျုပ်သိနေတယ် လူကထလို့မရဘူး။ ဒါပေမယ့် မျက်လုံးက ဖွင့်ရက်ပဲ။ အားလုံးကိုမြင်နေသိနေတယ်။ လှုပ်လို့သာမရတာ"

"ဩော် - ဟုတ်လား"

"ဟုတ်တယ် စခန်းမှူးကြီး။ နောက်ဘာတစ်ချက် ထပ်ရိုက်တော့လည်း မြင်နေတယ်၊ သိနေတယ်၊ ရိုက်မယ်ဆိုတာကိုလည်း သိနေတယ်။ ဒါပေမယ့် ဘာမှလုပ်လို့မရဘူး၊ နောက်ထပ်တုတ်ချက်ထိတော့မှ အလိုလိုကုန်းထလာတာကလား ဟား ဟား ဟား"

အားလုံးကြောင်သွားသော်လည်း မော်အောင်ထားသောဘကြီးကို ကြည့်ရင်း ရယ်နေကြ၏။ ဘကြီးက ပါးစပ်ကသာပြောနေသော်လည်း လက်က လှေလှော်မပျက်။ အင်းကြီးမှာ ကျယ်ဝန်းလှသောကြောင့် အဖေသည် ရေပြင်ကြီးကိုကြည့်လိုက်၊ ကမ်းစပ် ခရာတောများဘက် မျက်လုံးဝေ့ကြည့်လိုက်နှင့်လိုက်လာ၏။

"အဲဒီမှာ လူစိတ်ပျောက်သလိုဖြစ်သွားပြီး သူ့အလိုလိုဘာတွေလုပ်ဖြစ်မှန်း မသိတော့ပါဘူး။ အဲ - စိတ်ကတော့ သိနေပါတယ်။ လူတွေအကုန်လုံးတဖုန်းဖုန်းလဲကျတာများလာပြီး နောက်ကြောင်းပြန်လှည့်ပြေးကြတော့မှ ကျုပ်လည်း အေးအေးဆေးဆေးလှည့်ပြန်လာခဲ့တာပေါ့"

"ဟုတ်တယ် ကြားတယ်၊ တစ်ရွာနဲ့တစ်ယောက်ရိုက်တယ်ဆိုတာ"

"တစ်ရွာလုံးရယ်လို့ မဟုတ်ပါဘူး စခန်းမှူးကြီးရယ်၊ ရွာသားနှစ်ဆယ် အစိတ်လောက်ထဲပါ"

သူ့စကားကြောင့် အဖေ့မျက်နှာ ရဲသားနှစ်ဦးဘက်သို့ ဖျတ်ခနဲလှည့်သွားပြီးကြည့်နေ၏။

"ဟို - မြွေကိစ္စကကော"

"ဩော် - အဲဒါလည်း ဘာရယ်မဟုတ်ပါဘူး။ ကျုပ်က မြွေမြင်ရင် ဟဲ့-နင့်လမ်းနင်သွားလို့ပြောလို့ရရင်ရ၊ မရရင် ကန်ထုတ်လိုက်တာ။ တစ်ခါ အဲလိုပဲ ရွာလယ်လမ်းမှာ ကန့်လန့်ကြီးခံပြီးတရှူးရှူးနဲ့ ငန်းပုပ်လားမသိပါဘူး၊ နက်မှောင်နေတာပဲ။ ကျုပ်က စိတ်တိုတိုနဲ့ ပိတ်ကန်ထုတ်လိုက်တာ သူလည်းပြေးရော။ ခြေသလုံးလောက်နီးနီးတော့ရှိမယ်"

"ဟာ"

အဖေအံ့ဩသွားပြန်၏။

"ကျုပ်က စိတ်ထလာရင် မရဘူး၊ တော်ရုံအိမ်ဆို ခေါင်းနဲ့ပစ်ဆောင့်တာနဲ့ တင်ပြိုကျသွားတာ။ ဒါတောင် ကျုပ် ဆရာက စိတ်မတိုရဘူးဆိုလို့"

"အေးဗျာ၊ ဘကြီးနဲ့ခင်ရတာ ဝမ်းသာပါတယ်။ ကိစ္စရှိရင် စခန်းကို လာခဲ့ပါ။ ကျွန်တော်ရှိပါတယ်"

www.burmeseclassic.com

"ဝမ်းသာပါတယ် စခန်းမှူးကြီး။ ချုပ်ဘက်က အကူအညီပေးရဖို့ ကိစ္စရှိရင်လည်းပြောပါ"

ထိုနေ့က ဘကြီးနှင့် ပတ်သက်သောအတွေ့အကြုံများ၊ ဘကြီးနှင့်ဆုံခဲ့ရပုံများကို အဖေသည် အမေ့အား ပြောပြ၍မဆုံးတော့။

"အေးဟာ၊ ဒီလိုနေရာမှာ လူမသိသူမသိနဲ့ တကယ်စွမ်းတဲ့လူတွေရှိတယ်ကွ သိလား အသိန်း။ ငါတော့အံ့ရော"

ဘကြီးကို ထိုနယ်တစ်ဝိုက်က ဒေါ်ရီသာဒမှော်အောင်ထားသူဟု ပြောကြ၏။ ကျွန်ုပ်သည် ငယ်ရွယ်သောအရွယ်ဖြစ်နေ၍ အခြားအစွမ်းသတ္တိများကို ဘာမှန်းမသိခဲ့။ ကျွန်ုပ်ကိုယ်တိုင် မျက်မြင်တွေ့ခဲ့မြင်ခဲ့ရသောသူမှာ တောက်ထုံးကြီးတွင် ဆံပင်ညှပ်သောဘကြီး ဖြစ်၏။ ထိုဘကြီးထံတွင် အဖေရော ကျွန်ုပ်ပါ ဆံပင်သွားသွားညှပ်ကြ၏။

တစ်နေ့ -

ရေချိုးရင်း မြစ်ဆိပ်ဖောင်ပေါ်တွင် ထိုဘကြီးနှင့် ကျွန်ုပ်ဆုံလေရာ -

"သားလေး၊ ရေမကူးဘဲနဲ့ရေပေါ်မှာ အိပ်ပြတာ တွေ့ဖူးလား"

"ဗျာ-မကြားတောင်မကြားဖူးဘူး"

ဘကြီးသည် ဖောင်ပေါ်မှ ရေထဲသို့ လွှားခနဲဆင်းသွားပြီး ခပ်လှမ်းလှမ်းရောက်အောင်ကူးခပ်သွား၏။ ဝါးတစ်ရိုက်နီးပါး ရေလယ်တွင် ကျွန်ုပ်အားလက်နှစ်ဖက်ထောင်ပြပြီး တဖြည်းဖြည်းနှင့်လှဲချလိုက်၏။ သူ၏ကိုယ်ကြီးမှာ ရေပေါ်တွင် ပက်လက်ကြီးဖြစ်နေ၏။ လက်ယှက်ပိုက်ထားလျက် ကျွန်ုပ်သည် အံ့သြသွားရန်၍ ဘာမှပင်မပြောနိုင်။ ထိုဘကြီးသည် အိပ်ရက်ဆန့်ဆန့်ကြီးအတိုင်း လှုပ်မရှား ရေပေါ်တွင်ပေါ်နေသည်ကို သတိထားလိုက်သောအခါ လူမှာ ခေစီးနှင့် တရစပ်မျောသွားခြင်းမရှိ။ တဖြည်းဖြည်းနှင့်သာ ရွေ့လျားစုန်ဆင်းနေ၏။ ဝါးတစ်ရိုက်၊ နှစ်ရိုက်ခန့်သာသာရောက်မှ ကျွန်ုပ်ကြည့်နေရာဖောင်များဆီသို့ ကူးခပ်လာပါတော့သည်။

"ဘကြီး"

"ဟေ"

"ဟိုးရေလယ်ကောင်နားထိသွားပြီးတော့ရော အိပ်လို့ရလား"

"သားလေးကကြည့်ချင်လို့လား"

"ကြည့်ချင်လို့"

"အေးအေး - မင်းမှာ ပါရမီရှိလို့ပြောတာပါကွ။ ငါဘယ်သူ့မှမပြပါဘူး။ အေးအေး - ပြမယ်"

သူဘာပြောလိုက်သည်ကို ကျွန်ုပ်နားမလည်ပါ။ ပါရမီပင်ဘာမှန်းမသိပါ။ ထိုဘကြီးသည် ပြောပြောဆိုဆိုနှင့် ရေထဲ ဒိုင်ဗင်ထိုးချသွားပြီး တော်တော်ကြီးဝေးသောနေရာသို့ ကူးခပ်သွား၏။ ဝါးနှင့်တွက်လျှင် ဝါးသုံးရိုက်၊ လေးရိုက်လောက်ရောက်မှရေပေါ်တွင်လှဲချလိုက်ပါသည်။ ဆန့်ဆန့်ကြီးပက်လက်အိပ်နေရင်းမှ ကျွန်ုပ်ရှိရာသို့ လက်နှစ်ဖက်လှမ်းမြှောက်ပြခြင်း၊ ခြေထောက်များတစ်ချောင်းချင်း မြှောက်ပြခြင်း၊ ပက်လက်အိပ်နေရင်းမှ လက်ပိုက်လိုက်၊ မျက်နှာသစ်လိုက်နှင့် ရေထဲတွင် အတော်ကြီးကြာမှ တရွေ့ရွေ့မျောသွားတော့၏။ တော်တော်လေးဆန့်ဆန့်ကြီးမျောပါသွားပြီးမှ ဖောင်များဆီသို့ ကူးခပ်လာ၏။ ကျွန်ုပ်က သူကူးခပ်ပြီးရောက်လာနိုင်လောက်သည့်ဖောင်အထိ ခပ်ဖြည်းဖြည်းပြေးရင်းသွားကြို၏။

"ကျေနပ်လား သားလေး"

"ဟုတ်ကဲ့"

ညပိုင်းတွင် ထမင်းဝိုင်း၌ အဖေနှင့် အမေကို ပြောပြ၏။

အဖေနှင့် အမေက သိပ်အယုံအကြည်မရှိ။

"ဟဲ့- ရေပေါ်မှာ ဘယ်သူကအိပ်လို့ရမှာလဲ၊ ငါ့သားကလည်း ကြဲကြဲဖန်ဖန်"

ဟု အမေက ပြော၏။ အဖေက အူတက်နေ၏။ 'ငါ့သားတော့ ဘာတွေလျှောက်ပြောနေတယ်မသိဘူး' ဟု နှစ်ခါ၊ သုံးခါခန့်ပြော၏။

မကြာပါ။ ထိုဘကြီးထံ ဆံပင်သွားညှပ်သောအခါ -

"ဒီကဆရာကြီးက ရေပေါ်မှာ အိပ်ပြတယ်ဆိုပြီး သားက ပြောပြောနေလို့ ဟုတ်လား"

ဘကြီးသည် ဆံပင်ညှပ်ရန် စက်ကတ်ကြေးကို ကောက်ယူလိုက်ရင်း ကျွန်ုပ်ကို ပြုံးပြလိုက်ပြီး -

"သားလေးဘာတွေလျှောက်ပြောနေတာလဲ။ ဘကြီးက ရေတောင်မကူးတတ်လို့ မြစ်ဆိပ်မှာတောင် ရေမချိုးဘူး"

အဖေက ကျွန်ုပ်ကိုကြည့်ရင်း အူတက်နေ၏။ ကျွန်ုပ်မှာ ဤလိုမျိုး တစ်ခါမှ မကြုံဘူး၍ ရင်များတဒိတ်ဒိတ်ခုန်ရင်း ဘကြီးကို ကြည့်လိုက်လေရာ ဘကြီး၏ မျက်လုံးတို့သည် ရေတွေအပြည့်ထည့်ထားသော ဘောလုံးများလည်နေသလို ခံစားလိုက်ရပြီး ကျွန်ုပ်၏နှုတ်မှ ဘာမှမပြောနိုင်တော့ပါ။ အလိုလိုနေရင်း ဆွံ့သွားတော့၏။

ဘာမှန်းမသိတော့ပါ။

တစ်နေ့ ကျွန်ုပ် ခေါင်းမူး၍ ဖျားနေသည်ဟု ကြားသောကြောင့် ရဲစခန်းအတွင်းရှိနေအိမ်သို့ ထိုဘကြီးရောက်လာပါသည်။

"ဟော - ဆံပင်ညှပ်ဆရာကြီး ဘာလာလုပ်လဲ"

"သြော် - စခန်းမှူးကြီးကလေး ဖျားနေတယ်ဆိုလို့ပါ"

"ဘာလဲ - ဆံပင်လည်းညှပ်၊ ဗိန္ဒောလည်းကုလား ဆရာကြီး"

ဘကြီးသည် အဖေ့ကို ဘာမှပြန်မပြောတော့ပါ။ ကျွန်ုပ်တို့အိမ်ရှိ ဘုရားဆောင်မှာ ဘုရားရှင်အား ရှိသေစွာရှိခိုးနေပါသည်။ အတော်လေးကြာမှ ကျွန်ုပ်နားသို့ကပ်လာပြီး -

"ကဲ - သားအဖျားတွေဘာဘယူသွားတော့မယ်"

ဟု တစ်ခွန်းထဲပြော၍ ကျွန်ုပ်၏ ဦးခေါင်းအား လက်နှင့်ဖြည်းဖြည်းလေး ထိလိုက်ပြီးပြန်သွားပါတော့သည်။ ဘာမပြောညာမပြောနှင့်လာပြီး ဘာမှမပြောညာမပြောနှင့် ပြန်သွားသည်မို့ အဖေရောအမေပါ အံ့သြပြီးကျန်ခဲ့၏။ ရေတောင်တောင်းမသောက်သွားပါ။

"ဟယ် - ကိုကျော်၊ ဟိုဘကြီး ရဲစခန်းထဲကလည်းထွက်ရော သားမှာ ချွေးတွေနစ်နေတာပဲ ကြည့်စမ်း"

"မှန်း - ဟဲ့ - အေးဟ၊ သား"

"ဗျာ"

"ဘာမှမဖြစ်တော့သလိုပါဘဲလား"

"ဟုတ်တယ် အဖေ၊ သားဘာမှမဖြစ်တော့သလိုဘဲ။ ခေါင်းလည်းမမူးတော့ဘူး။ သားဘာမှကိုမဖြစ်တော့တာ"

"ဟာ - အံ့ရောဟေ့"

အဖေနှင့် အမေသည် မှင်သက်မိနေသလိုဖြစ်နေကြပြီး ဘကြီးအကြောင်းကို အမျိုးမျိုးပြောနေကြပါတော့၏။

"ဒီလူ ဆံပင်ညှပ်တာပဲ ငါသိတာ အသိန်းရဲ့၊ ကျန်တာငါမှမသိဘဲ"

"ထူးတယ်နော် ကိုကျော်၊ ဒါ အလကားတော့ မဟုတ်ဘူး။ ကလေးဟာ လက်တွေ့ပဲလေ။ သူဝင်လာခါစက မွှေးနေတဲ့အနံ့တစ်မျိုးရတယ်။ တစ်ခုခုတော့တစ်ခုခုပဲ ကိုကျော်"

"ငါသွားကြည့်ဦးမယ် မနက်ဖြန်ကျ"

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com



# (တားဝယ်) မောင်သန်းဆွေ

## ဒေသန္တရနတ်ပွဲများ

**ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာမှ ဥတေနနတ်ပွဲ**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာတွင် နှစ်စဉ် ဝါဆိုလဆန်း ၁၂ ရက် (တစ်ရက်) ကျင်းပသည့် ဥတေနရိုးရာနတ်ပွဲမှာ အထူးစည်ကားလှသည်။ ရှေးဘိုးဘွားများ လက်ထက်ကတည်းက စတင်၍ ကျင်းပလာခဲ့သည့် ဥတေနရိုးရာနတ်ပွဲ (ဆင်ဖမ်းပွဲ)၏ ထူးခြားသော မြင်ကွင်းများမှာ အစဉ်အဆက် သားစဉ်မြေးဆက်များ၏ ရိုးရာယဉ်ကျေးမှုကို ခံယူ၍ ဆင်ဖမ်းသူ၊ ဆင်ခြောက်သူ၊ ဆင်လုပ်သူအဖြစ် တာဝန်ယူရသည်။ ဆင်လုပ်သူမှာ အစဉ်အဆက်လုပ်ခဲ့သူ ဦးတင်ကို မိသားစုဝင်များ ဖြစ်သည်။ ဆင်ဖမ်းသူမှာ နော်စန်းငွေနှင့် ဆင်ခြောက်သူမှာ ဦးထွန်းခင် ဖြစ်သည်။ ထို့အပြင် သားစဉ်မြေးဆက်အမွေဆက်ခံသူ မိသားစုဝင်များသည် မည်သည့်နေရာဒေသတွင် ရောက်ရှိစေကာမူ ထိုနေ့ဝါဆိုလဆန်း ၁၂ ရက်တွင် မဖြစ်မနေ လာရောက်၍ ကန်တော့ပွဲတင်လှူခြင်း၊ ဆင်ချည်တိုင်များကို ရေလောင်းပေးရခြင်း၊ ဆင်ရေသောက်ရန် ရေအင်တုံ၌ ရေဖြည့်ပေးရခြင်း၊ ဆင်ချည်တိုင်အား ပန်းများဖြင့် ပူဇော်ဆက်သရခြင်းများ မဖြစ်မနေ ဆောင်ရွက်ရသည်။

ထိုနေ့ နံနက်ပိုင်းတွင် ဥတေနနတ်စင်အား ကန်တော့ပွဲများ ဆက်သကြသည်။ ရိုးရာနတ်မင်းများပင့်ဖိတ်၍ ဆိုင်းဝိုင်းများဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် ညနေ (၃) နာရီခန့်တွင် ဆင်ဖမ်းပွဲ စတင်ကျင်းပကြသည်။ ဆင်လုပ်သူက ကြေးဖလားဆောင်း၍ အစွယ်နှစ်ချောင်းတပ်ကာ မြေပြင်တွင် ဆင်ပုံသဏ္ဌာန်သွားရသည်။ ဆင်ခြောက်သူက ဝါးထမ်းပိုးဖြင့် မြက်များ၊ ငှက်ပျောသီးများ ချိတ်၍ ဆင်ကို ခြောက်ရသည်။ နောက်ဆုံး ဆင်ဖမ်းသူက ဆင်ကိုမိသွားသောအချိန်တွင် လာရောက်ကြည့်ရှုကြသော ဧည့်ပရိသတ်များက မြက်ပင်များ လုယူထွက်ပြေးကြသည်။ အဆိုပါ မြက်ပင်များကို ရရှိသူမှာ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ကျန်းမာရေးကောင်း၍ လယ်ယာမြေများ ဖြစ်ထွန်းအောင်မြင်သည်ဟု ယူဆကြသည်။ အဆိုပါ ဆင်ရွာကြီးကျေးရွာ ဥတေန(ဆင်ဖမ်းပွဲ)အကြောင်းများကို အသက် (၉၀) ကျော် အဘိုးဦးလူမော်က ပြောပြသည်။ မင်းတုန်းမင်း၊ သီပေါမင်းလက်ထက်ကတည်းက ရှိခဲ့သော ဆင်ချည်တိုင်များမှာ ယနေ့တိုင် တွေ့မြင်ရသေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မအူပင်ကျေးရွာအုပ်စု၊ သာထွန်းကျေးရွာ မိရိုးဖလာနတ်ပွဲ**

စစ်ကိုင်းတိုင်းဒေသကြီး မအူပင်ကျေးရွာအုပ်စု သာထွန်းကျေးရွာတွင် နှစ်စဉ် ကျင်းပလေ့ရှိသော မိရိုးဖလာနတ်ပွဲအကြောင်း တင်ပြချင်ပါသည်။

ထိုနတ်ပွဲမှာ ရွာစောင့်နတ်ဘိုးဘိုးကြီးဟု ကျေးရွာသူကျေးရွာသားများ



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ကြသော ရွာတော်ရှင် ဘိုးဘိုးကြီး (မြင်းဖြူရှင်) ကို အထူးသဖြင့် ဝက်သား ပါဝင်သော ဖြုန်းစပ်ဟင်းဖြင့် ပူဇော်ပသသည့် နတ်တင်ပွဲ ဖြစ်သည်။ များသောအားဖြင့် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် စစ်ကိုင်းမြို့၏ အနောက်တောင်ဘက် (၃) မိုင်မျှ အကွာရှိသော သာထွန်းကျေးရွာ (မအူပင်ကျေးရွာအုပ်စု) တွင် ကျင်းပပြုလုပ်သည်။ မအူပင်အုပ်စုဖြစ်သော မအူပင်၊ ကုန်းတန်းလေး၊ သာထွန်း၊ မအူပင်အနောက်ရွာတို့နှင့်အတူ ရပ်ဆွေရပ်မျိုးများက နှစ်စဉ်လာရောက် ပူဇော်ပသခဲ့ကြသည်။ မေးကြည့်ရာ ထိုပွဲကျင်းပလာသည်မှာ နှစ် (၁၀၀) ကျော်ခဲ့ပြီဟု သိရသည်။

နှစ်စဉ်ကျင်းပရက်အဖြစ် နယုန်လပြည့်ကျော် ၅ ရက်ဟု သတ်မှတ်ထားသော်လည်း ၎င်းနေ့သည် ဗုဒ္ဓဟူးနေ့နှင့် တိုက်ဆိုင်ပါက နယုန်လပြည့်ကျော် ၇ ရက်နေ့ကို ရက်ရွှေ့ကာ ကျင်းပကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် 'ဗုဒ္ဓဟူးနေ့တွင် နတ်မတင်ရ' ဟူသောဓလေ့ရှိသောကြောင့် ဖြစ်၏။

ဝက်သားနှင့် နတ်တင်သည့်ပွဲ ဖြစ်သောကြောင့် ထူးခြားနေသည်။ ထိုကျေးရွာနီးချုပ်စပ်များသာမက အဝေးရောက်ရွာသူရွာသားများပင် လာရောက်ကြရသည် ဆို၏။

'ဖြုန်းစပ်' ဟု ဒေသအခေါ် တင်သသည့်ဟင်းမှာ ဆန်ပြုတ်တစ်မျိုးဟု ပြောနိုင်ပါသည်။ ဆန်ပြုတ်တွင် ဝက်သား၊ ရွှေဖရုံသီးတို့နှင့်ချက်ပြီး မြေတွင်ခင်းဖြန့်ထားသောအုံးခွက်တို့တွင် ထည့်ကာ တင်သပြီး အိမ်သို့သယ်ဆောင်ကာ ယူကြခြင်း ဖြစ်သည်။ အဆိုပါ ဖြုန်းစပ်ဟင်းကို စားသုံးပါက အန္တရာယ်ကင်းကာ ကျန်းမာရေး၊ စီးပွားလာဘ်လာဘ တိုးတက်သည်ဟု ရွာသူရွာသားများက ယုံကြည်ကြသည်။ ဖြုန်းစပ်နတ်တင်





www.burmeseclassic.com

www.burmeseclassic.com


သည့်ပွဲအတွက် မနက်ကတည်းကပင် တစ်ရွာလုံး လူကြီး၊ လူငယ်မကျန် ဝိုင်းဝန်းချက်ပြုတ်ကြပြီး မွန်းလွဲ (၂) နာရီဝန်းကျင်တွင် ဖြုန်းစပ်ချက်ထားသော အိုးကြီးများကို ရွာထိပ်ရှိ ဘိုးဘိုးကြီးနတ်နန်း (မြင်းဖြူရှင်နတ်နန်း) သို့ သယ်ဆောင်ကာ ခင်းကျင်းထားသော အိုးခွက်များတွင်ထည့်၍ နာရီဝက်ခန့်ပူဇော်ပသကြခြင်း ဖြစ်သည်။

"ဘိုးဘိုးကြီးက သိုက်သိုက်ဝန်းဝန်းနဲ့ စုပေါင်းဆောင်ရွက်မှုကြိုက်တာ။ အများနဲ့ပျော်ပျော်ရွှင်ရွှင်လုပ်မှသဘောကျတာ။ တစ်ဦးနဲ့တစ်ဦး မကြည်မလင်နဲ့ ပြဿနာဖြစ်တယ်ဆိုရင် ပွဲမအောင်ဘူး။ အစကပြန်လုပ်ကြရတယ်"

ဟု ပွဲစီစဉ်ဆောင်ရွက်သူက ပြောပြပါသည်။

၂၀၁၄ ခုနှစ်မှာ ကျင်းပသည့်ပွဲတွင် ဝက်သား (၄၅) ပိဿာ၊ ငှက်ပျောသီးအဖီး (၁၆၀)၊ ဟင်းခတ်မှုန့် (၁၃) ပိဿာ၊ သကြား (၆) ပိဿာ၊ ဆန် (ဖြုန်းစပ်ကျိုရန်) (၃၄)ပြည်၊ ထမင်းချက်ရန် ဆန် ပြည် (၂၀) နှင့် ရွှေဖရုံသီးပါသည်။ ရွှေဖရုံသီးမရသည့်နှစ်များတွင် တောင်းပန်ပြီးတင်ရပါသည်။ ထို့ကြောင့် ရွာမှာပင် ရွှေဖရုံသီးပင်များ စိုက်ထားလိုက်သည် ဆို၏။ ဘိုးဘိုးကြီးနတ်စင် (မြင်းဖြူရှင်နတ်စင်) ပေါ်တွင် အထူးတင်သရသည်က မုန့်ဖြူ မုန့်နီကို အရုပ်ကလေးများလုပ်၍ တင်ရသည်။ ဝက်သား (၇)တုံး၊ ငါးရံ့ခြောက် (၇) တုံး၊ အုန်းသီးဆန် (၇) စိတ်၊ ရွှေထမင်း (၇) တုံး၊ ငှက်ပျော (၁၀) ဖီး၊ အုန်းမျက်နှာဖွင့် (၁) လုံး၊ ငှက်ပျောသီးကြော်၊ ဖရုံသီးချက်၊ ကောက်ညှင်းဖြူ ကောက်ညှင်းနက်(ငချိပ်)တို့ကို တင်ရ သည်။ ပွဲတော်စာချသည်ဆိုလျှင်လည်း အားလုံးကို ဒယ်အိုးထဲတွင်ထည့်ပြီး ဝိုင်းဖွဲ့စားရပါသည်။နတ်ပွဲဆိုသော်လည်း အတီးအမှုတ်အကအခုန်အဆိုများ မပါရပါ။ အသံချဲ့စက်ကိုပင် မဖွင့်ရပါ။ (၂၀၁၄ ခုနှစ်မှစ၍ဖွင့်သည်။) နယုန်လဆန်းပိုင်းကနန်းသစ်တက်ပွဲ လုပ်သည်။ မိရိုးဖလာပူဇော်ပသခြင်း ဖြစ်၏။ ၂၀၁၄ ခုနှစ်တွင် ပသ၍တင်ရသည်မှာ (၃၄၄) ပွဲရှိသည်ဟု ရွာမှ ဦးအောင်ခင်က ပြောပြခဲ့ပါသည်။

မအူပင်အုပ်စုတစ်စုလုံး အိမ်ခြေ (၆၀၀)ကျော်ရှိပြီး သာထွန်းရွာတွင် အိမ်ခြေ (၆၀)ကျော်သာရှိသည်။ သာထွန်းရွာနှင့် အမျိုးတော်သော သလွန်ဖြူ





ကျေးရွာထိပ်၌ စုပေါင်းနတ်တင်နေကြပုံ



ရွာထိပ်မှ ဘိုးဘိုးကြီး(မြင်းဖြူရှင်)နတ်နန်း

ဒေါင်းမကျေးရွာတို့ကပါ လာရောက်တင်သကြသည်။ အဆိုပါ ရွာများမှာ ဝါဆို၊ ဝါခေါင်၌ ကောက်ကြီးစပါးစိုက်ပျိုးပြီး ကြားကာလတွင် ငရုတ်နှင့် မြေပဲစိုက်ပျိုး၍ တောင်သူလုပ်ငန်းဖြင့် အသက်မွေးကြသူများ ဖြစ်သော်လည်း ဝင်ငွေကောင်းသောကြောင့် ဟမ်းဖုန်းကိုယ်စီ၊ဆိုင်ကယ်ကိုယ်စီနှင့်ဖြစ်ကြသည်။

လျှပ်စစ်မီးရရှိသည်မှာ (၂) နှစ်ရှိပြီ
သည်ဟု သိရသည်။ မအူပင်ရွာ
အ-ထ-က(ခွဲ)ကျောင်းနှင့် တိုက်
ဆေးရုံရှိပါသည်။ နတ်ကတော်အမျ
မှာ ဝက်သားရှောင်ကြသည်။ အ
ကြောင့်ဆိုသော် တောင်ပြုန်းမင်း
ကိုးကွယ်သူများက ဝက်သား
သောကြောင့် ဖြစ်၏။ နတ်ကတော်



www.burmeseclassic.com

www.burmeseclassic.com



နတ်တင်ရန် စုပေါင်းချက်ပြုတ်နေကြပုံ



မုံရွာမြို့ရပ်ကွက်တစ်ခုမှ ရိုးရာကနားပွဲတစ်ပွဲတွင် ယုန်ထိုးနေစဉ်

သူ သို့မဟုတ် နတ်ယုံကြည်သူများ၏ အများစုမှာ တောင်ပြုန်းမင်းနှစ်ပါးနှင့် တောင်းကြချေ။ ထိုကြောင့် ဝက်သား ရှောင်ကြခြင်း ဖြစ်သည်။ ယခုဖော်ပြနေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မအူပင် ကျေးရွာအုပ်စု၊ သာထွန်းကျေးရွာမှ ဘိုးဘိုးကြီးနတ်ပွဲ (မြင်းဖြူရှင်ပွဲ) မှာ ဝက်သားနှင့် တင်သပူဇော်သောကြောင့် ထစ်မှုထူးခြားပြီး စစ်ကိုင်းနယ်တွင် လူသိများ သောနတ်ပွဲ ဖြစ်သည်။ ရွာတော့အရှင် မြင်းဖြူရှင်က ကျေးရွာ၏ တိုးတက်မှုကို ဆောင်ရွက်ပေးနေသည်ဟု ရွာသူရွာသားများက ခေတ်အဆက်ဆက်ယုံကြည်လာကြသည်မှာ နှစ်(၁၀၀) ဝင် ရှိသည်ဟု အထက်၌ ဖော်ပြပြီးခဲ့ပါသည်။ မြင်းဖြူရှင်နတ်အား ရွာတော့အရှင်ဟု အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ကျေးရွာအများစုက ယုံကြည်ကြပါသည်။ သာထွန်းကျေးရွာ တစ်ခုတည်း မဟုတ်ပါ။

ဒေသန္တရနတ်ပွဲများအကြောင်းရေးရာ၌ ရွာတော့အရှင်ပွဲဖြစ်သော်လည်း ထူးခြားသည့်ပွဲဖြစ်သဖြင့် သာထွန်းကျေးရွာမှပွဲကို အထူးဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**မုံရွာမြို့မှ ရိုးရာနတ်ပူဇော်ပွဲများ**

မုံရွာမြို့တွင် မိရိုးဖလာ ကိုးကွယ်ကြသော နတ်များကို မိမိတို့ ပိုင်ရာဆိုင်ရာ ရပ်ကွက်အလိုက် ရိုးရာနတ်ပူဇော်ပွဲအဖြစ် ဝါဆိုလဆန်း ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရပ်ကွက်အသီးသီးတွင် ကျင်းပ ပြုလုပ်လေ့ရှိသည်။

နတ်ယုံကြည်ကြသူများ၊ နတ်ကောက်ခြင်းခံထားရသူများသည် သူတို့၏ နတ်မိဘ၊ နတ်ဆရာသမားနှင့် ရိုးရာနတ်ကြီးများ၊ ဝါတွင်းကာလ ဥပုသ်ဆောင်မဝင်မီ စားဖွယ်သောက်ဖွယ်တို့ဖြင့် ပူဇော်ပသ ကန်တော့ကနားပေးကြလေ့ရှိပါသည်။

ရိုးရာနတ်ကနားပေးမည်ဆိုလျှင် ဦးစွာကန်တော့ပွဲ (၇) ပွဲ စီစဉ်ရသည်ဆို၏။

၁။ ဘုရားကန်တော့ပွဲ
၂။ ဘိုးတော်ပွဲ
၃။ ဆိုင်းလမိုင်းပွဲ
၄။ အတွင်း (၃၇) မင်း၊
အပြင် (၃၇) မင်းနတ်များအတွက်
ကန်တော့ပွဲ (၇) ပွဲ၊
၅။ စက်လမိုင်းပွဲများကိုတင်ရသည်။

ဆိုင်ရာဆိုင်ရာ နတ်ပင့်၊ နတ်သီချင်း၊ နတ်ဆိုင်းတီးပြီး နတ်ကတော်များက သပြေခက်နှင့် ရိုးရာမပျက် နှီးဒေါင်းလန်းတွင် ဓားနှစ်လက်၊ ဆန်ခွက်ကို သုံးကြိမ်သုံးခါမြှောက်ချီပြီး နတ်ဒေဝတာများကို ပင့်ရသည်။ သပြေတော်ခံခြင်း ဖြစ်၏။ ရှေးကမူ မုန့်ဖြူ မုန့်နီ၊ ငါးခြောက်ကြော်၊ ထမင်းဖြူနှင့် တင်သပြီး နတ်ကတော်များက ဆိုင်းမပါ ဗလာသက်သက် ဗုံရှည်တစ်လုံးနှင့် နတ်ချော့တေးဆိုပြီး ကကြသည် ဆို၏။

ယခုမူ အဆောင်အယောင်မျိုးစုံ ဆိုင်းဝိုင်းနှင့် လာလာသမျှ (၇) ရက်သားသမီးများကို အယုတ်၊ အလတ်၊ အမြတ်မရွေး ကျွေးမွေးပြီး ကုသိုလ်ပြုကြသည်။ ရိုးရာဓလေ့ကို ရေရှည်တည်တံ့အောင် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့သူမှာ မုံရွာမြို့မှ နတ်ယုံကြည်သူများ၏ဆရာ အမေညှာ ဖြစ်သည်။ သူသည် ရိုးရာနတ်ပူဇော်ပွဲ စတင်ပြုလုပ်ခဲ့သည့် အာဒိကမ္မိကပုဂ္ဂိုလ်ဖြစ်ပြီး ယခုအခါ သူ၏ တပည့်သားမြေးများက အစဉ်အလာမပျက် ရပ်ကွက် (၂၄) ရပ်ကွက်အတွင်း ဝါဝင်အမီ ရိုးရာနတ်ပူဇော်ပသမှုများ ပြုလုပ်နေကြခြင်း ဖြစ်ပါသည်။

**ကိုးကားချက် -**

အောင်ကျော်ထွန်း (ပုသိမ်ကြီး)၏
မြန်မာ့အလင်းသတင်းစာ

ဆရာသာဇော်၏
'နှစ်တစ်ရာကျော်တိုင်ခဲ့ပြီဖြစ်သော ဇေယျာရွှေမြေက မိရိုးဖလာနတ်ပွဲ'
စံတော်ချိန်သတင်းစာ၊
(၂၀-၆-၂၀၁၄)

ဆရာဟိန်းထက်၏
'မုံရွာမြို့တွင်း ရိုးရာနတ်ပူဇော်ပွဲပြုလုပ်ခြင်း' ဆောင်းပါး
အထက်မြန်မာဂျာနယ်
(၃၀-၇-၂၀၀၉)

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

**အဘအောင်မင်းခေါင်နှင့် ပြည်တော်ဝင် မြင်းစီးရုပ်**

အဘအောင်မင်းခေါင်သည် ဇရပ်ကုန်းဓာတ်ခန်းတွင် ညအိပ်နားခိုပြီး မန္တလေးတင်ဝင်း၊ ကိုဘိုကံတို့နှင့်အတူ စင်မြင့်သို့ ကြွသည်။ စင်မြင့်တွင် ပြည်တော်ဝင် အထိမ်းအမှတ်အဖြစ် မြင်းစီးရုပ်ကို ထုလုပ်စေသည်။

'အောင်မင်းခေါင်ပြည်တော်ဝင် - အမခပတဝ' ဗျည်း (၆) လုံးကို မြင်းစီးရုပ်အောက်တွင်ထွင်းထုထားလေသည်။ ထိုအချိန်က ပန်းပု၊ ပန်းရန်ပညာရှင်မှာ ကိုမြင့်သိန်း ဖြစ်သည်။ ရန်ကုန်မှ ခေါ်လာခြင်း ဖြစ်သည်။ အဘ၏ရုပ်တုအား ယခုအဘ၏မျက်နှာတော်အနေအထား အတိုင်း အတိအကျရရှိစေရန် အဘ၏မျက်နှာကို မိုပြုလုပ်စေပါသည်။ မျက်နှာတော်မှ နှာခေါင်းပေါက်အား ပိုက်ဖြင့်တပ်၍ အပေါက်နှစ်ပေါက်ဖြင့် အပြင်ထုတ်ထား၏။ ကျန်မျက်နှာပြင်အားလုံး မိုပြုလုပ်ရန် ပလာစတာများဖြင့်ကပ်၍ ခြောက်သည်အထိ ထားရလေသည်။

သည်။

အဘ၏အစီအမံဖြင့် ထုလုပ်ထားသော အောင်မင်းခေါင်ပြည်တော်ဝင် မြင်းစီးရုပ်သည် စင်မြင့်ရွာဓာတ်ခန်းရှေ့ မန်ကျည်းပင်အောက်တွင်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ အဘ၏ ရုပ်တုများစွာရှိကြသည်။ လူတွေထုလုပ်သော ရုပ်တုများသာ ဖြစ်သည်။ ပုံတူရုံသာရှိသည်။ အဘဓာတ်၊ အဘနာမ်၊ ဝိဇ္ဇာဓာတ်၊ ဝိဇ္ဇာနာမ်၊ ကိန်းဝပ်ခြင်း၊ သက်ဝင်ခြင်း မရှိပါ။ ပုံတူကိုးကွယ်ရခြင်းသာ ဖြစ်သည်။ ယခုစင်မြင့်ရွာမှ အဘအောင်မင်းခေါင် ပြည်တော်ဝင် မြင်းစီးရုပ်တုသည် အဘကိုယ်တိုင် စီစဉ်ထုလုပ်ထားပြီး အဘ၏ဝိဇ္ဇာဓာတ်များဆက်ထား

လူဝေးဖြင့် အဘအောင်မင်းခေါင်ထွက်ပွဲကျင်းပနေသဖြင့် အဘ၏ ပြည်တော်ဝင်ခရီးစဉ်နှင့် ဆန့်ကျင်နေသဖြင့် ပုပ္ပားတောင်ကလပ်တွင် ရုပ်တန့်မနေဘဲ မွေးရပ်ဇာတိ စင်မြင့်သို့ ကြွလာကြောင်း မြင်မက်လေသည်။

အိပ်မက်သည် တကယ်လား။ အိပ်မက်ထဲမှာပဲ ပျောက်သွားတာလား ဝေခွဲမရပါ။ အဘနှင့်ပတ်သက်၍ မြင်မက်ရသောအိပ်မက်ဖြစ်သဖြင့် အတိတ်နိမိတ်ကောင်းဟု တွက်ဆပါသည်။ မိမိသည် အဘသားသမီးဖြစ်ပါက အဘနှင့် ပြန်ဆုံရပါစေ။ ဘုရားတည်နိုင်သော ဘုရားအမဖြစ်ပါစေဟု ဆုတောင်းရင်း အိပ်ရာမှနိုးလာခဲ့ပါသည်။



# အလှူ့ဝါလှိုင်း (၅)

## အဘအောင်မင်းခေါင်နှင့်ဝိဇ္ဇာဂန္ဓာရီခရီးစဉ်

အဘသည် ထွက်သက်၊ ဝင်သက်ကို မရှူတော့ပါ။ ဝိညာဉ်ကို အပြင်ခဏထွက်၍ရှောင်နေသလို ခန္ဓာကိုယ်တစ်ခုလုံးမှာ လူသေကောင်နှင့်မခြားတောင့်တင်း၍သွားလေသည်။ မိုခြောက်၍ မျက်နှာမှခွာမှသာလျှင် အသက်ပြန်ရှူပြီး အသိဝင်လာတော့သည်။

ဤမျှခက်ခဲသော ကိစ္စတစ်ခုကို အဘယ်ကြောင့် ဆောင်ရွက်ရသနည်း။

ပန်းပုဆရာသည် ဓာတ်ပုံကိုမြင်ရုံဖြင့် ထုလုပ်တတ်ရမည်။ ပညာမတတ်လို့ မိုလုပ်တာလား။

မဟုတ်ပါ။ အဘပြည်တော်ဝင် အထိမ်းအမှတ်မြင်းစီးရုပ်သည် အဘ၏ ရင်ငွေ့၊ အဘ၏ဝိဇ္ဇာဓာတ်တို့ဖြင့် အသက်ဝင်အောင်ထုလုပ်ရခြင်း ဖြစ်သော အသက်ဝင်ရုပ်တစ်ခုဖြစ်ကြောင်း မည်သူမျှမသိကြပါ။

မိတ္ထီလာမှ ဒေါ်ခင်စိုးဝင်းသည် စိန်၊ ကျောက်၊ ရတနာများကို ရောင်းချသော ရတနာကုန်သည် ဖြစ်လေသည်။ ဆိုင်ဖြင့် တည်ခင်းရောင်းချခြင်းမဟုတ်ဘဲ အိမ်တိုင်ရာရောက် လိုက်လံရောင်းချသည့် ရတနာကုန်သည် ဖြစ်သည်။

ဒေါ်ခင်စိုးဝင်း ညကအိပ်မက်မက်သည်။ အဘအောင်မင်းခေါင် သိန္ဓောမြင်းကိုစီး၍ ပင်လယ်သမုဒ္ဒရာကိုဖြတ်ကာ မြန်မာပြည်သို့ ကောင်းကင်ခရီးဖြင့် ကြွလာကြောင်း၊ မြန်မာပြည်တွင် အဘအောင်မင်းခေါင်ဟု နာမည်ကြီးရာ ပုပ္ပားသို့ကြွလာကြောင်း၊ ပုပ္ပားတွင် လူစု

ရတနာကုန်သည် ဒေါ်ခင်စိုးဝင်းသည် အဘ၏ အငွေ့အသက်များ အဘ၏ဝိဇ္ဇာဓာတ်များ မိမိထံ ကိန်းဝပ်ပါစေ။ မိမိအား စောင့်ရှောက်နိုင်ပါစေဟု ရည်သန်၍ စင်မြင့်ရွာသို့ ရောက်ခဲ့ခြင်းဖြစ်သည်။ စင်မြင့်ရွာတွင် သားနော ရေးဌာနမှ အငြိမ်းစားယူပြီး စင်မြင့်ရွာဓာတ်ခန်းကို ဆောက်လုပ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ိုးထွန်းရီသည် ယခုအခါ ဘိုးတော်ဘွဲ့ ဖြင့် ဓာတ်ခန်းမှာနေသည်။ ဓာတ်ခန်း ထဲတွင် ပုပ္ပားအောင်မင်းခေါင်၏ ဓာတ်ပုံ များ၊ ရုပ်တုများကို ပုပ္ပားမှပုံများဖြင့် အလုပ်ပူဇော်ထားပါသည်။ အင်းဝ



မင်းခေါင်းသည် အိပ်ရာညောင်စောင်း တစ်လုံးနှင့် မင်းမြောက်တန်ဆင်များ တင်၍ ပူဇော်ထားလေသည်။ အဘကို ရှိခိုးပူဇော်၍ ပတ်ဝန်းကျင်ကို လျှောက် လေ့လာကြည့်မိသောအခါ ဓာတ်ခန်း အရှေ့ဘက် ကန်တော်မင်္ဂလာအနီး မန်ကျည်းပင်အောက်တွင် အဘမြင်းစီး ရုပ်ကို တွေ့ရှိရခြင်း ဖြစ်သည်။

ဒေါ်ခင်စိုးဝင်း ညက အိပ်မက် ထဲက သိန္ဓောမြင်းပျံကြီးကိုစီး၍ ကောင်း ကင်ခရီးက ပြည်တော်ဝင်လာသော အဘကိုအခုတွေ့ပြီ။ အဘပြည်တော်ဝင် လာပြီ ဟူသော အသိများက မိမိနှလုံး သားကို လှုပ်နှိုးနေလေတော့သည်။

ဝမ်းသာမှုက ပီတိကိုပြောင်းပြီး ပီတိ အရှိန်ကြောင့် ပဿတိကို ရောက်ရှိလာ သည်။ မျက်လုံးအိမ်မှ ရီဝေ၍လျှံထွက် လာသော မျက်ရည်ပေါက်တို့သည် တစ်ပေါက်ပြီးတစ်ပေါက် ယိုစီးကျလာ လေသည်။ နှာခေါင်းပေါက်မှ အသက်ရှူ လမ်းကြောင်းသည် အရည်၊အငွေ့တို့ဖြင့် ပိတ်ဆီးကာရုံထားသဖြင့် နှာရည်ကြည် တို့သည်လည်း ယိုစီးကျလာလေသည်။ ငြိမ်နေသော နှလုံးသားတို့သည် ဖိုလှိုက် ဖိုလှိုက်ဖြစ်ပြီး နိမ့်ချည်၊ မြင့်ချည်ဖြစ်ပေါ် လာပြီး လှိုက်၍လှိုက်၍တက်လာလေ သည်။

ငါသည် အဘအောင်မင်းခေါင် ၏ သမီးအရင်း ဖြစ်သည်။ အဘနှင့် မတွေ့မီ အဘပြည်တော်ဝင်လာပြီ ဟူသော အသိကြောင့် ဝမ်းသာမှုရှိနေ သည်။ တကယ်လို့သာ အဘနှင့်ထိပ် တိုက်ဖူးတွေ့ရပါက မည်သို့ခံစားရမလဲ မဖော်ပြနိုင်တော့ပါ။

ထူးခြားသော မြင်းစီးရုပ်တုကြီး၏ အခြေကို ကြည့်လိုက်သောအခါ 'အမခ ပတဝ' ဟု ဗျည်းအက္ခရာဖြင့်ရေးထား သည်။ စုံစမ်းကြည့်သောအခါ 'အမခ ပတဝ' မှာ 'အောင်မင်းခေါင်ပြည်တော်



www.burmeseclassic.com

www.burmeseclassic.com

ဝင်' ဟု သိရလေသည်။ တပည့် ညိုစုကို ခေါ်ပြီး ငှက်ပျောပွဲပြင်သည်။ အမွှေးတိုင်၊ အလင်းတိုင်ဖြင့် အဘကို ပူဇော်လေသည်။ ရေမွှေးတို့ဖြင့် အဘမြင်းစီးရုပ်ကို ပက်ဖျန်း၍ အဘကို ကြိုဆိုလေတော့သည်။

"အဘ၊ သမီးညကအိပ်မက်မက်တယ်။ အဘပြန်ကြွလာပြီဆိုတာ ရုပ်ရှင်ကြည့်ရသလို မြင်တွေ့ရတယ်။ ဒီသိန္ဓောမြင်းကိုစီးပြီး သမုဒ္ဒရာကိုဖြတ်ကျော်လာတာလည်း သမီးမြင်တွေ့ရတယ်။ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ သစ်တော၊ ဝါးတော၊ တောင်တန်းတွေကိုလည်း အဘဖြတ်ကျော်လာတယ်။ ပုပ္ပားကိုကြွတာလည်း သမီးသိတယ်။ ပုပ္ပားမှာခဏကြည့်ပြီး၊ စင်မြင့်ကိုကြွလာပြီး သမီးလန့်နိုးလာတာပဲ။ အဘကိုသမီးကန်တော့ပါတယ်။ အဘနဲ့သမီးတွေ့ခွင့်ပေးပါ။ သမီးဘုရားတစ်ဆူတည်ချင်ပါတယ်။ သမီးကိုစောင့်ရှောက်တယ်ဆိုရင် သမီးလျှောက်တင်တာ ကြားပါစေ"

အဘကို ပါးစပ်မှနှုတ်ဖွင့်လျှောက်ထားပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်သည်။ အနားမှ ညိုစုက မျက်လုံးအပြူးသားကြည့်နေလေသည်။

"အစ်မ၊ ဘာတွေပြောနေတာလဲ"

"ညိုစု၊ ငါ အဘနဲ့စကားပြောနေတာ"

"ဘာတွေဖြစ်နေတာလဲ၊ ကျွန်မကိုလည်းပြောပါဦး"

"ငါတို့အဘ အခုပြည်တော်ပြန်ဝင်လာပြီ။ ငါတို့တွေ့ရတော့မှာ။ ဖူးရတော့မှာ။ ငါလည်း ဘုရားတစ်ဆူတည်ချင်နေတာ။ အခု အဘကို လျှောက်နေတာ"

"အစ်မ အသံထွက်အော်နေတာ ပတ်ဝန်းကျင်ကလူတွေက အစ်မကို လှည့်ကြည့်ပြီး ပြုံးစိပြုံးစိလုပ်သွားကြတယ်။ အစ်မကိုရူးသွားပြီလို့ထင်နေပါဦးမယ်။ လာလာ ထထ၊ သွားကြရအောင်"

"ငါမရူးသေးပါဘူး။ ညက အိပ်မက်ထဲကအဖြစ်အပျက်ဟာ အပြင်မှာ တကယ့်အဖြစ်အပျက်ပဲဖြစ်ရမယ်"

"အစ်မတော့ရူးပြီ။ အိပ်မက်ပါဆို အပြင်မှာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"ညိုစု၊ နင်မသိတာတွေအများကြီးရှိသေးတယ်။ ငါတို့ဓာတ်ခန်းကိုပြန်ကြမယ်။ ဓာတ်ခန်းထဲက အဘရဲ့အမျိုးလို့ပြောတဲ့ ဘဖားကို ရှာကြရအောင်။ အဘသတင်းထူးလေးဘာလေးသိရတာ ပေါ့"

ဒေါ်ခင်စိုးဝင်းနှင့် ညိုစုတို့သည် စင်မြင့်ဓာတ်ခန်းသို့ဝင်လာပြီး ဓာတ်ခန်းထဲကအဘကို ကန်တော့ပြန်သည်။ ဓာတ်ခန်းထဲမှ စင်မြင့်ရွာသားများကို အဘအကြောင်း မေးမြန်းစုံစမ်းသောအခါ အဘ၏အမျိုးအဆက်များကျန်ရှိနေသေးကြောင်း၊ ဒေါ်ယုံဆိုသောအဘွားကြီးမှာ အသက်(၇၀)ရှိပြီဖြစ်၍ ကျန်းမာရေးကောင်းဆဲဖြစ်ကြောင်း၊ ဦးဖားမှာ အဘ၏တူအရင်းဖြစ်ကြောင်း၊ ဦးဖားကို တွေ့နိုင်ကြောင်း စုံစမ်းရရှိသည်။ ဦးဖား၏ အိမ်သို့ လိုက်သွားပြီး ဦးဖားအား ကန်တော့လေသည်။

"ဘဖား၊ အဘအောင်မင်းခေါင် ပြန်ကြွလာတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်တယ် သမီး"

"ဘဖားကိုမှတ်မိလား"

"တွေ့တွေ့ချင်းမှတ်မိတယ်။ ဟော့ကောင် မောင်ဖား ငါ့အမွေတွေ မင်းလက်ထဲမှာရှိတယ်။ ပြန်ပေးလို့ ပြောတယ်"

"ဘဖားကကောမှတ်မိလား"

"အဘက သိပ်မမှတ်မိဘူး။ ငါ့အမွေတွေဆိုမှ အဘအောင်မင်းခေါင်ဆိုတာ ချက်ချင်းသိတယ်"

"အခုပြည်တော်ဝင်မြင်းစီးရုပ်ကို ဘယ်သူထုလုပ်တာလဲ"

"မန္တလေးတင်ဝင်းကထုလုပ်တာ။ စင်မြင့်မှာ ဘုရားတွေပြင်တယ်။ ရေတွင်းတွေတူးပေးတယ်။ တစ်ရွာလုံး ရေသောက်ဖို့ ရေကန်လည်းတူးပေးတယ်"

"အဘအောင်မင်းခေါင်အကြောင်း သိတဲ့သူ ဘယ်သူရှိသေးလဲ"

"တောင်လုံးလှ ဆရာတော်က တော်တော်သိတယ်။ ဆရာတော်ထံဝင်ဖူးပြီးစုံစမ်းရင်တော့ ပိုမိုပြည့်စုံတဲ့သတင်းကြားရမယ်"

"ဟုတ်ကဲ့ အဘ၊ သမီးတို့ပြန်ပါဦးမယ်"

စင်မြင့်မှအပြန် တောင်လုံးလှသို့ ဝင်ခဲ့သည်။ တောင်လုံးလှဆရာတော်အား ဖူးမြော်ကန်တော့ပြီး ဆရာတော်အား နှုတ်ဆက်ကြလေသည်။

"ဆရာတော်ဘုရား နေကောင်းပြီလား"

"အေး - ခုတော့ကောင်းနေတာပဲ။ ခန္ဓာရတော့ အမြဲဖောက်ပြန်နေတာ။ ဒကာမတို့ကဘယ်ကလဲ"

"တပည့်တော်တို့က မိတ္ထီလာကပါ။ စင်မြင့်ကအပြန်ဝင်လာတာ။ ဘဖားက မှာလိုက်တယ်။ ဆရာတော်ထံ ဝင်ဖူးပါ။ အဘအောင်မင်းခေါင်အကြောင်းလည်း မေးပါလို့ ပြောတယ်"

"မောင်ဖားက အဘအောင်မင်းခေါင်ရဲ့တူအရင်းကွယ့်။ သူလည်း ဦးပွင့်နဲ့ အမျိုးတော်ကြတယ်။ သူကညွှန်လိုက်တာလား။ အဘအောင်မင်းခေါင်အကြောင်းသိချင်တာလား"

"တင်ပ့ါ၊ သိချင်ပါတယ် ဘုရား"

"တွေ့ကောမတွေ့ချင်ဘူးလား"

"တွေ့ချင်တာပေါ့ဘုရား။ တပည့်တော်ကို တွေ့ခွင့်ရအောင် ဆောင်ရွက်ပေးပါဘုရား"

"ဘာလို့တွေ့ချင်တာလဲ"

"တပည့်တော် စင်မြင့်မှာ အဘအောင်မင်းခေါင် မြင်းစီးရုပ်ကို ဖူးတွေ့ခဲ့ရတယ်။ ဒီမြင်းစီးရုပ်နဲ့ ပတ်သက်ပြီး အိပ်မက်လည်းမက်တယ်ဘုရား။ အဘ လူ့ပြည်လူ့ဌာနီကို ဒီသိန္ဓောမြင်းနဲ့ ပြန်လာတယ်လို့ထင်တယ်ဘုရား။ဒါကြောင့် ဒီမြင်းစီးရုပ်မှာ ပွဲတင်ပြီး ဆုတောင်းခဲ့တယ်"

"ဘာဆုတွေတောင်းတာလဲ"

"တပည့်တော် မုဆိုးမပါ။ သားသမီးသုံးယောက်ကျန်ခဲ့တယ်။ ရတနာရောင်းဝယ်ရေးအလုပ်ကို လုပ်ပါတယ်ဘုရား။ တပည့်တော်ရင်ထဲမှာ ဘုရားတစ်ဆူတည်ချင်နေတာ။ တပည့်တော်ရဲ့ဘဝနဲ့ ဘုရားတည်ဖို့ အဘကို လျှောက်ထားခဲ့တယ်ဘုရား။ ဘုရားအဖြစ်ရပါစေလို့လည်း ဆုတောင်းခဲ့တယ်ဘုရား"

"ဒကာမကြီး၊ အဘအောင်မင်းခေါင်နဲ့ ပဋ္ဌာန်းဆက်ရှိပါတယ်။ အိပ်မက်ထဲက သိန္ဓောမြင်းစီးပြီး ပြည်တော်ဝင်လာတယ်ဆိုတာ တကယ့်အဖြစ်အပျက်ပါပဲကွယ့်။ ဒါကြောင့် စင်မြင့်ဓာတ်ခန်းရှေ့ မန်ကျည်းပင်အောက်မှာ ရပ်နားခဲ့တဲ့နေရာကို အထိန်းအမှတ်အနေနဲ့ မြင်းစီးရုပ်တုလုပ်ကြတာ"

"ဒါဖြင့်အဘကအခုဘယ်မှာလဲ"

"မြန်မာပြည်ထဲမှာပဲ။ သူ့သာသနာဆက်၊ ပဋ္ဌာန်းဆက်ရှိသူတွေနဲ့ရှာပြီး သာသနာပြုတယ်။ ဒကာမကြီးဆိုရင် သာသနာဆက်ရှိတယ်။ ဒါကြောင့် အိပ်မက်ပေးတယ်"

"ဒါဆိုရင် တပည့်တော် တွေ့ခွင့်ပေးပါဦး ဘုရား"

"ဒကာမကြီးဆန္ဒ ပြည့်ဝပါ... မနက်ဖြန် ဒီကျောင်းကိုလာခဲ့ အဘ ဒီကျောင်းကို လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"တင်ပါ့ဘုရား၊ တပည့်တော် ...ဆက်လာခဲ့ပါမယ်ဘုရား"

အဘအောင်မင်းခေါင် လာမည် ...သာသတင်းကြောင့် ဒေါ်ခင်စိုးဝင်း ...ယောက်ဖူးတွေ့ရတော့မည်ဟူသော ...ဖြင့် ဝမ်းသာနေလေသည်။

ဦးကျော်ရှိန်နှင့် ကျွန်ုပ်တို့လည်း ...ခိုင်းသောအလုပ်များကို အောင် ...အောင် ဆောင်ရွက်ပြီးသဖြင့် အဘ ...ည့်ရက်ကိုစောင့်ရင်း အဘကို ...ကန်တော့ရန် စောင့်နေကြလေ ...

**...အောင်မင်းခေါင် တောင်လုံးလုံသို့ ...လာခြင်း**

အဘအောင်မင်းခေါင် လာမည် ...သာသတင်းကြောင့် တောင်ဦးရွာမှ ...န်းအမျိုးများ ကြိုတင်ရောက်နှင့် ...ကြသည်။ ပြည်တော်ဝင်မြင်းစီးရုပ် ...ဆက်နွှယ်သိခဲ့ရသော ဒေါ်ခင်စိုးဝင်း ...စုလည်း တောင်လုံးလုံဆရာတော် ...တွင် ရောက်နှင့်နေကြလေသည်။ ...ရာတော် သီတင်းသုံးရာ ရှားတိုင်နှင့် ...သက်ငယ်မိုးထားသော ဇရပ်လေး ... ယခုအခါ လူသူလေးပါး စုံလင်စွာ ...ာက်ရှိနေသဖြင့် စိုစိုပြည်ပြည်ဖြစ်နေ ...သည်။

မကြာမီ အဘ ကြွချီလာသည်။ ...လေးတင်ဝင်းဦးစီးသော အဘတပည့် ...တားများဖြင့် ရောက်ရှိလာသည်။ ...ောင်းသို့ရောက်သောအခါတွင် ဧည့် ...သတ်များက အဘကိုကြိုဆိုကြလေ ...သည်။ မျက်မှန်အထူကြီးကို တပ်ဆင် ...ပြီး တိုက်ပုံအကျီနှင့် ဘုရား ...န်တော့သည်။ ဆရာတော်အား ...န်တော့ပြီး အဘထိုင်နေကျပုံစံ ...တိုင်းထိုင်၍ ရေနွေးကြမ်းသောက် ...သည်။

"ကဲ - ဘိုးတော်၊ ဒါက တောင်ဦး ...က ခင်ဗျားအမျိုးတွေပဲ။ ဒေါ်မင်းသစ် ...အဆက်အနွယ်တွေပေါ့"

"အမျိုးတွေကများလှချေလား"

"အဘကို ဖူးဖို့လာကြတာပါ။ ...းသမီးတွေ အဘကို ကန်တော့ပါ ...ယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ...များမိရင် သည်းခံခွင့်လွှတ်ပါ အဘ"

"အေး၊အေး-သည်းခံခွင့်လွှတ်ပါ ...ယ်တွယ်။ အဘကို ကန်တော့ရသော ...ကျိုးအားကြောင့် စိတ်၏ချမ်းသာခြင်း၊ ...ယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

"ဘိုးတော်၊ ဒါက မိတ္ထီလာက ဒေါ်ခင်စိုးလို့ခေါ်တယ်။ စင်မြင့်က ပြည်တော်ဝင်မြင်းစီးရုပ်ကတစ်ဆင့် သိလာတာ။ ဘိုးတော်နဲ့တွေ့ချင်လို့ စောင့်နေတာ"

ဟု ဘဘုန်းတဝင်ပြောလေသည်။

"နင်ဘာလုပ်စားလဲ"

"တပည့်တော်မ ရတနာ၊ စိန်၊ ကျောက်တွေ အရောင်းအဝယ်လုပ်ပါတယ်"

"အရောင်းအဝယ်ကောင်းရဲ့လား"

"သိပ်မကောင်းဘူး အဘ"

"ဘယ်ကောင်းမလဲ၊ နင့်အိမ်မှာ ကျောက်စိမ်းတစ်လုံးရှိတယ်။ ဒါ နင်နဲ့မတည့်ဘူး။ သူ့ကို ဘုရားမှာလှူလိုက်။ ရောင်းလို့ဝယ်လို့ကောင်းလိမ့်မယ်"

"အဘအမိန့်ရှိတဲ့အတိုင်း ဆောင်ရွက်ပါ့မယ်"

ထိုအချိန်တွင် ဘဘုန်းသည် တပြုံးပြုံးနှင့် ပီတိလွှမ်းနေလေသည်။ အဘနှင့်သားသမီးများ တွေ့ဆုံကြသည့် မြင်ကွင်းသည် အံ့ဩစရာ၊ ဝမ်းသာစရာ မြင်ကွင်း မဟုတ်ပါလား။ သိသူတွေ ဖော်စားနေသော်လည်း မသိသူတွေကျတော့ ဒါအဘအောင်မင်းခေါင်ပါလို့ ပြောတာတောင်မယုံကြ။ ကွေ့ပြီးရှောင်သွားကြ၏။ ရုပ်ကိုကြည့်ရုံနှင့် ဘယ်လိုမှ ခွဲခြားလို့မရပေ။

"ဘိုးတော်၊ ဒီကလေးမက ဘုရားတည်ချင်နေတာ။ဘိုးတော်ကိုမလျှောက်ရဲလို့ လျှောက်ပေးရတာ"

"သမီးကဘုရားတည်ချင်တာလား"

"ဟုတ်ကဲ့ အဘ"

"သမီးက အိပ်မက်တွေဘာတွေ မက်ဖူးလား"

"အဘ ကောင်းကင်က မြင်းစီးကြွလာတယ်လို့ မြင်မက်ဖူးတယ်"

"အဘပြည်တော်ဝင်တာကို သိတဲ့သူမို့ ပြည်တော်ဝင်ဘုရားတည်ရမယ်"

"အဘ အမိန့်ရှိရင် တည်မှာပါဘုရား"

"ဘုရားဘွဲ့ကဘာလဲ"

"ပြည်တော်ဝင်ဘုရားပါ အဘ"

"ဘုရားတည်တာ ကောင်းပါတယ်။ ကိုယ့်စိတ်ကို နိုင်အောင်ထိန်းနိုင်ဖို့လိုတယ်။ ဘုရားအမနဲ့ ထိုက်တန်တဲ့ ဂုဏ်သိက္ခာရှိဖို့လိုမယ်"

"မှန်ပါ၊ ထိန်းသိမ်းပါ့မယ်"

"(၈) ပါးသီလကို ဘုရားမပြီးမချင်း စောင့်ထိန်းနိုင်ပါ့မလား"

"စောင့်ထိန်းနိုင်ပါတယ်ဘုရား"

"ဘုရားဉာဏ်တော် (၂၇) တောင် အမြင့်ရှိရမယ်။ ဘုရားက ရွှေတိဂုံဘုရားပုံစံတည်ရမယ်"

"ဟုတ်ကဲ့ အဘ"

ထိုသို့ ဘုရားတည်မည့်ကိစ္စများ ဆွေးနွေးကြစဉ် မကြာမီ လမ်းဘက်သို့ နားစွင့်ပြီး အောက်ပါအတိုင်း ပြောလေသည်။

"ငါ့သားနှစ်ယောက် မြင်းစီးလာကြတယ်။ သူတို့ကိုစောင့်ကြဦး"

"သူတို့ဆိုတာ ဘယ်သူတွေလဲ အဘ"

"ငါ့အမျိုးလေ။ နင်တို့က ငါ့အမျိုးမဟုတ်ဘူး။ ခုလာတဲ့နှစ်ယောက်ကမှ ငါ့အမျိုး"

တောင်ဦးမှ ဘဘုန်းအမျိုးတို့သည် အဘအောင်မင်းခေါင်နှင့်တကယ် အမျိုးတော်စပ်သူများ ဖြစ်သည်။ သူတို့ထက်ရင်းသော ငါ့အမျိုးဆိုသူနှစ်ယောက်က ဘယ်သူတွေလဲဆိုတာကို သိချင်ကြလေသည်။မကြာမီ ကျွန်ုပ်တို့နှစ်ယောက်သည် ဆိုင်ကယ်ကိုယ်စီစီး၍ တောင်လုံးလုံကျောင်းသို့ ရောက်လာကြသည်။ အားလုံးက ဝိုင်းကြည့်နေကြသည်။

"အဘပြောတော့ မြင်းစီးလာတယ်ပြောတယ်။ ခုတော့ ဆိုင်ကယ်စီးလာကြတာပဲ။ အမျိုးတွေလည်း မဟုတ်ပါဘူး။ မိတ္ထီလာက ကိုကျော်ရှိန်တို့နှစ်ယောက်ပဲ"

ဟု ဝေဖန်နေကြလေသည်။

ကျွန်ုပ်တို့နှစ်ယောက်သည် လူအုပ်ကြားထဲမှ တိုးဝင်ပြီး အဘရှေ့သို့ အရောက်သွားလေသည်။ ဘဘုန်းကို ကန်တော့သည်။ အဘကို ကန်တော့ကြသည်။

"ဒီမှာတွေ့လား ဒါမှငါ့အမျိုး။ ကြည့်ကြ၊ ကြည့်ကြ"

ဟု အဘက မိတ်ဆက်ပေးလေသည်။ ကျွန်ုပ်တို့လည်း ဘာတွေပြောနေမှန်းမသိဘဲ ပြုံးစိပြုံးစိလုပ်ရင်း နားစွင့်နေကြပါသည်။

"ဘာလို့ အမျိုးလို့ပြောတာလဲ သိလား"

"မသိပါဘူး အဘ"

"နင်တို့က ဘူးသီးသီးမှ အမျိုးတော်တာ။ ဘဘုန်းတစ်ပါးတည်း ဒီတောင်ခြေမှာ ဆင်းဆင်းရဲရဲနဲ့နေရတာ။ ဘယ်သူမှ ဟင်းတစ်ခွက်၊ ဆွမ်းတစ်ပွဲ မပို့ကြဘူး။ ဘဘုန်းက ပုတီးလေးထိုးပြီးလာတဲ့ ဧည့်ပရိသတ်ကို ပုတီးပေးရင် ရလာတဲ့ လာဘ်လာဘနဲ့ ဆွမ်းဝယ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ နေရတာလည်းကြည့်ဦး။ တောင်ယာတဲသာသာနေရတယ်။ စားတော့ ချဉ်ပေါင်ရွက်အရည်ကျဲကျဲတမသေရုံဘုဉ်းပေးရတယ်"

"သားတို့လည်း လာပါတယ်"

"အေး- အမျိုးဆိုတာကိုယ့်အချင်းချင်း စည်းလုံးရမယ်။ ညီညွတ်ရမယ်။ စောင့်မကြည့်ရှုရမယ်။ ငါလာမှဆွေမျိုးတော်လို့ ဒါဆွေမျိုးအစစ်မဟုတ်ဘူးကြားလား"

"ဟုတ်ကဲ့ အဘ"

"ဒီနှစ်ယောက်က အမျိုးအရင်းမဟုတ်ပေမယ့် ငါခိုင်းတာလုပ်တယ်။ ဘဘုန်းကျောင်းကို သူတို့ရောက်လာမှ မီးစက်တွေလှူတယ်။ မီးရနေပြီ။ ဘဘုန်းရဲ့ကျန်းမာရေးကို သူတို့မိတ္ထီလာပင့်ပြီး ဆေးကုပေးကြတယ်။ ဒါလူ့ကျင့်ဝတ်ဝတ္တရားကို မခိုင်းဘဲလုပ်ကြတယ်။ ဒါငါ့စကားနားထောင်လို့ ငါ့အမျိုးလို့ ပြောတာ"

တောင်ဦးမှအမျိုးတို့သည် မျက်စိမျက်နှာပျက်ပြီး မဟာပထဝီမြေကြီးကို စိုက်၍ကြည့်နေကြလေသည်။ အဘအောင်မင်းခေါင် ပြောသမျှ၊ ဆူသမျှ ဘာမှစောဒကမတက်ရဲဘဲ ငြိမ်ခံနေလေသည်။

"မင်းတို့နှစ်ယောက်ကို ငါတာဝန်ပေးစရာရှိတယ်"

"ဟုတ်ကဲ့ အဘ၊ အမိန့်ရှိပါ"

"ဒီည တောင်ထိပ်ကဘုရားတွေမီးလင်းတာလိုချင်တယ်။ ဘယ်လိုနည်းနဲ့လင်းလင်း မီးလင်းဖို့ပဲ။ ဘုရားကိုအစိမ်းရောင်ဖန်ချောင်းတွေ များများပူဇော် ကြားလား"

"ဟုတ်က အဘ"

"ငါစင်မြင့်ကြွမယ်။ မီးလင်းပြီးမှနောက်ကလိုက်ခဲ့"

"ဟုတ်ကဲ့ အဘ"

တောင်လုံးလှဆရာတော်၊ အဘအောင်မင်းခေါင်နှင့် တပည့်သားသမီးများသည် ပြည်တော်ဝင်ဘုရားတည်ရန်မြေနေရာရွေးကြသည်။ တောင်ဦး၊ စင်မြင့်၊ တောင်လုံးလှ (၃) နေရာတွင် တောင်လုံးလှတောင်ကို ရွေးကြသည်။ တောင်လုံးလှတောင်ကြောမှ ဘုရားတည်ရန် သင့်တော်သော မြေနေရာကို ဆရာတော်အမြင်၊ အဘအမြင်ဖြင့် ရွေးချယ် ဆုံးဖြတ်ကြသည်။ ပြည်တော်ဝင်စေတီတော်အား တောင်ဦး-စင်မြင့်ကားလမ်းနှင့် တောင်လုံးလှတောင်ကြားတောင်ကြောကို အဘကိုယ်တိုင်ရွေးပေးခဲ့ပါသည်။

ဘုရားတည်မည့်မြေနေရာကို ရရှိသောအခါ မြေပိုင်ရှင်အား ခေါ်ယူတွေ့ဆုံရသည်။ အဖိုးစားနားသတ်မှတ်၍ ရောင်းချပါရန် ပြောသောအခါ အဖိုးစားနားဖြင့် မရောင်းပါကြောင်း အဘဘုရားတည်ဖို့ စာချုပ်စာတမ်းဖြင့် ပေးလှူမည်ဖြစ်ကြောင်း ပြောလေသည်။ သက်ဆိုင်ရာ အုပ်ချုပ်သူရွာလူကြီးများ၊ ရပ်ကျေးသံဃာ့နာယကဆရာတော်များ ပင့်ဖိတ်ပြီး ဘုရားတည်မည့်ကိစ္စကို တိုင်ပင် ဆွေးနွေးကြလေသည်။ အုပ်ချုပ်ရေးပိုင်းမှ လိုအပ်သည့် ရုံးကိစ္စများအား ဆောင်ရွက်ကြသကဲ့သို့ သာသနာရေးဘက်ကလည်း အဆင့်ဆင့်တင်ပြလျှောက်ထားကြရလေသည်။ အောက်ခြေတွင် ဆောင်ရွက်ရန်ကိစ္စများ ဆောင်ရွက်ပြီးမှ ပြည်တော်ဝင်ဘုရားကိုတည်လေသည်။ (အသေးစိတ်အား သီးခြားဖော်ပြပါမည်။)

ကျွန်တော်နှင့် ကိုကျော်ရှိန်လည်း ဘုရားအမ ဒေါ်ခင်စိုးဝင်းအား ညီမအဖြစ် အမျိုးတော်စပ်ပြီး ဘုရားကိစ္စအဝဝကို ကူညီဆောင်ရွက်ခွင့်ပြုရန် ပြောကြားရလေသည်။

"ကဲ - ကိုကျော်ရှိန်ရေ၊ ခင်စိုးဝင်းဘုရားတည်မည့်ကိစ္စ အရေးကြီးသလိုဒီည တောင်ထိပ်က ဘုရားမီးလင်းဖို့လည်း အရေးကြီးတယ်"

"အဓိက မီးကြိုးမရှိဘူးဗျ။ တောင်ခြေကနေ တောင်ထိပ်ကို ပေ (၆၀၀) လောက်ရှိမယ်။ ခုချိန်မှ မိတ္ထီလာသွားဝယ်ရင် ဒီည မီးမလင်းနိုင်ဘူး။ သွားပြန်အချိန်မရှိဘူး"

"အဘက ဘာနဲ့လင်းလင်း မီးလင်းဖို့လိုတယ် ပြောတယ်။ မီးစက်ကြီးတောင်ပေါ် ရွှေ့ရင်ကော"

"ဒီလောက်လေးတဲ့ မီးစက်ကြီးဘယ်လိုရွှေ့မလဲ"

"ဒါဆိုရင် သံကြိုးနဲ့ဆွဲမယ်ဗျာ။ တောင်ဦးမှာတော့ (၁၈) ဂိတ်သွပ်ကြိုးခွေရှိမယ်"

"အေး - ဟုတ်တယ်ဗျ။ တောင်ဦးက ဥက္ကဋ္ဌအိမ်မှာ ဈေးရောင်းတာတွေ့ရတယ်။ ဦးတင်အောင်ကို မေးကြည့်ရအောင်"

"ဦးတင်အောင်၊ ခင်ဗျားအိမ်မှာ သွပ်ကြိုးခွေရောင်းသလားဗျ"

"အိမ်မှာရောင်းတယ်ဗျ"

"ကျွန်တော်တို့ တစ်ခွေရောင်းပေးဗျာ။ လောလောဆယ် ဒီနေ့ရောက်ဖို့လိုတယ်"

"ကျွန်တော့်တပည့်တစ်ယောက်ကို ပို့ခိုင်းလိုက်မယ် စောင့်နေ"

ကျွန်တော်တို့ နှစ်ယောက်သည် သွပ်ကြိုးခွေဖြင့် တိုင်ထောင် ကြိုးတန်း (၂) တန်းဆွဲကြသည်။ တောင်ထိပ်အထိ တစ်ကြိုးနှင့်တစ်ကြိုးမထိအောင် ဝါးဖြင့် ကန့်လန့်ခံပြီး သွယ်တန်းကြလေသည်။ တောင်ခြေမီးစက်မှ အထွက်မီးကို သွပ်ကြိုးနှစ်ချောင်းပို့လွှတ်စေသည်။ တောင်ထိပ်သွပ်ကြိုးအဆုံးမှ ကြိုးပျော့ဖြင့်ဆက်၍ ဘုရားအား အစိမ်းရောင်မီးချောင်းများထွန်းညှိပြီး ပူဇော်ကြလေသည်။

ဘုရားမီးပူဇော်ပြီး အဘရှိရာ စင်မြင့်သို့ လိုက်သွားကြလေသည်။ စင်မြင့်ရောက်သောအခါ အဘအမျိုးတို့သည် အဘအနားတွင် ဝိုင်း၍နေကြလေသည်။ စင်မြင့်မှ အဘအောင်မင်းခေါင်ဓာတ်ခန်းတွင် လူအပြည့်ရှိကြသည်။ တချို့က ထူးဆန်းပေစွဟု လာကြည့်ကြသည်။တချို့အမျိုးတွေက ငါတို့အဘပြန်လာပြီဟုအသိဖြင့် လာရောက်ကန်တော့ကြသည်။ တချို့ကျတော့ အဘအောင်မင်းခေါင်အစစ်မဟုတ်ဘူး ဓာတ်စီးလာတာပဲဟု ထင်ကြသည်။ တချို့ကျတော့ သူတို့ကို ဘာပေးမှာလဲ ဘာတွေစွန့်ကြမှာလဲဆိုပြီး ရလိုသောလောဘဖြင့် ရောက်လာကြလေသည်။

အဘသည် လူအုပ်ကြီးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး လူအုပ်ထဲမှ လူတွေရဲ့စိတ်အထွေထွေကို သိရှိသဖြင့် သံသယကင်းအောင် ငါလုပ်ပြမည်ဟု ဆုံးဖြတ်လေသည်။ ဓာတ်ခန်းထဲတွင် အင်းဝမင်းခေါင်အထိမ်းအမှတ်အဖြစ် ခုတင်ညောင်စောင်းတစ်လုံးရှိလေသည်။ အထိမ်းအမှတ်ဖြစ်၍ ခုတင်မှာတိုနေလေသည်။ ယခု အဘအရပ်မှာရှည်နေသည်။ အဘသည် ထိုခုတင်ညောင်စောင်းပေါ် သို့ထိုင်သည်။အင်းဝမင်းခေါင်အတွက်ထားသော မင်းမြောက်တန်ဆာ (၅) ပါးကို ဝတ်ဆင်လေတော့သည်။ သန်လျက်ကိုကိုင်ပြီး တင်ပျဉ်ခွေထိုင်ကာ ငါ တစ်ချိန်က အင်းဝမင်းခေါင် ဖြစ်သည်။ ငါ့ကိုဖူးကြလော့ဟု စိတ်ထဲမှ ပြောနေလေသည်။

ကျွန်ုပ်၏ ကိုယ်စောင့်နတ်သည် ကျွန်ုပ်နားထဲသို့လာပြောသဖြင့် ကျွန်ုပ်လည်း အံ့သြသဖြင့်တုန်လှုပ်ချောက်ချားသွားလေသည်။

"အားလုံး အင်းဝမင်းခေါင်ကို ဖူးကြပါ"



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်ပြန့်ပွားရေး/

ဆရာစိုး-ရွှေအာရုဏ်ဦး

# ဘားရောကားချပ်များအား ချဉ်းကပ်လေ့လာခြင်း (အဓိကကားချပ်များ/ Major Arcana)

## V. Hierophant (ဘုန်းတော်ကြီး)

မျက်မမြင်ပုဏ္ဏားခြောက်ယောက် ...ဘုန်းတော် (သို့) တားရော့ပုံပြင် (၁) ...ခေါင်းပါးအား ဖတ်ပြီးမှ တားရော့ကား ...ခေါင်းဆောင်းပါးများအား လေ့လာဖတ်ရှု ...ပိုမိုသဘောပေါက်နိုင်မည် ဖြစ်ပါ...

...ည်ကွဲများ

- The Pope
- Arehpriest
- High Priest
- Grand Master
- Gypsy Prinee

...ကိုယ်စားပြုမှုများ

- ဟီဘရူးအက္ခရာ Vau
- ရာသီမှာ မိဿ

...ပုံဖော်ပုံ

ခရစ်ယာန် ဂိုဏ်းချုပ် ဘုန်းကြီး တစ်ပါးက ရိုးရိုးဘုန်းကြီး (၂) ပါးကို ပြောဆိုဆုံးမနေဟန်၊ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၊ ဆွတ်ဆွတ်ဖြူနေတဲ့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး။ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင်တွေလွှမ်းတဲ့ အပေါ်ဝတ်ရုံ၊ ခေါင်းဆောင်းနဲ့၊ အတွင်းခံနဲ့ အောက်ပိုင်းမှာ ပြာလွင်နေတဲ့ဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ သူ့ရှေ့မှာ ဒူးထောက်နေတဲ့ Cardinal (ခရစ်ယာန်ဘုန်းကြီး) (၂) ပါးရဲ့ ခေါင်းပေါ်က ခေါင်းဆောင်း (၂) ခုက ဒီကားချပ်ရဲ့ မြုပ်ကွက်ဖြစ်ပါတယ်။

စာအုပ်တော်တော်များများမှာ ဒီအကြောင်းကို ဖော်ပြရေးထားတာ မတွေ့ရပါဘူး။ တားရော့ထုပ်တွေရဲ့ Major ကားချပ် (၂၂) ချပ်မှာ Lemniscate (အဝိုင်း ၂ ခု၊ နေ၊ လ (၂) ပါးရဲ့ သင်္ကေတ) ပုံပါတဲ့ ကားချပ်များအဖြစ်




နံပါတ် I - Magician နဲ့ နံပါတ် XI - Strength ကားချပ် (၂) ချပ်ကိုသာဖော်ပြလေ့ရှိပါတယ်။ အခုနံပါတ် V ကားချပ် ဘုန်းတော်ကြီးကတ်မှာ နေ၊ လသင်္ကေတ ပါတယ်ဆိုတာရယ်၊ သူ့အဓိပ္ပာယ်တွေက ဘာကို ရည်ညွှန်းတယ်ဆိုတာကို Fred Gettings ရဲ့ "The Book of

---

ဟု ကျွန်ုပ် ပါးစပ်မှ အော်ဟစ် ...ပေးလိုက်မိပါသည်။ ပရိသတ်အား ...ရှိခိုး၍ကန်တော့ကြလေသည်။

"အင်းဝမင်းခေါင်အဘအား သား... ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ...တော့ပါတယ် ခင်ဗျား"

"ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ...များမိပါက ခွင့်လွှတ်ပါရန် တောင်း...ခံချကန်တော့ပါတယ် ခင်ဗျား"

အဘအောင်မင်းခေါင်သည် သား...မီးတို့၏ ရှိခိုးပူဇော်မှုကို ခံယူပြီး အား...ကို ခွင့်လွှတ်ကြောင်း မနောဖြင့် ဖြေ...ကြားတော်မူလေသည်။ ခုတင်ညောင်...စောင်းပေါ်သို့ ခြေထောက်လျှော့ပြီး ...လက် အိပ်စက်တော်မူလေသည်။ ...နေသောခုတင်နှင့်ရှည်နေသောအဘ...ရုပ်သည် မည်သို့လုပ်လိုက်သည်မသိ၊ ...တတိကိုက်ညီနေလေသည်။

"အို - ပရိသတ်အပေါင်းနှင့် ငါ၏ ...ဆွေမျိုးဉာတကာတို့ သင်တို့၏ အာရုံ...တွင်ရှိနေသော ယုံမှားခြင်းသံသယကို ...ကင်းစေခြင်းငှာ ငါ၏ သိဒ္ဓိတန်ခိုးအား ပြခြင်း ဖြစ်သည်။ မြင်အောင်ကြည့်လျှင် မြင်မည်။ ဤခုတင်ညောင်စောင်းပေါ်သို့ သာမန်လူသားများ မည်သူမျှ မအိပ်ဝံ့။ မည်သူမျှ မင်းမြောက်တန်ဆာမဝတ်ဝံ့ပါ။ သင်တို့အား သနားကရုဏာဖြင့် ငါပြသခြင်းဖြစ်သည်။နောင်ဘယ်တော့မှ ဒီအပြုအမူ၊ ဒီအဖြစ်မျိုး နောင်တွေ့ရမည်မဟုတ်"

ဟု စိတ်ထဲမှပြောကြားလေသည်။

အဘပြောသော စကားတို့ကို ကျွန်ုပ် ကြားယောင်မိသဖြင့် ကျွန်ုပ်က နှိုးဆော်ရပြန်သည်။

"အဘ၏သားသမီးများ၊ အဘ၏ သာသနာဆက်၊ပဋ္ဌာန်းဆက်ရှိကြသူများ ခင်ဗျာ။ ကြုံတောင့်ကြုံခဲ အဘ၏ သိဒ္ဓိတန်ခိုးအား ဖူးကြပါ။ သာမန်သူတွေ မလုပ်ဝံ့၊ မထိဝံ့သောအလုပ်ကို လုပ်ပြခြင်းဟာ သင်တို့ရဲ့အဘ ဖြစ်ကြောင်း ပြသနေခြင်း ဖြစ်တယ်။ သံသယကင်းကင်းနှင့်ကန်တော့ကြပါ"

လူတို့သည် ငြိမ်သက်စွာ အဘအား ဖူးမြော်ကန်တော့ကြလေသည်။ အဘအပေါ်တွင် သံသယဝင်မိတာကို ခွင့်လွှတ်ကြရန်တောင်းပန်ကြလေသည်။ (၁၀) မိနစ်ခန့်ကြာသောအခါ အဘအိပ်ရာမှထပြီး မင်းမြောက်တန်ဆာ(၅)ပါးကိုချွတ်သည်။ သာမန်အဘအောင်မင်းခေါင်သို့နာမ်ပြန်ဝင်လာလေတော့သည်။

ကျွန်ုပ်သည် အဘအောင်မင်းခေါင် ဟုတ်၊ မဟုတ် အဘ၏နောက်သို့ (၃) နှစ်တိတိလိုက်သည်။ အဘအကြောင်းကို လေ့လာသည်။ နောင်ဘယ်တော့မှ အင်းဝမင်းခေါင်အဖြစ် ယခုကဲ့သို့ လုပ်မပြတော့ချေ။ ယခုလို ရှားရှားပါးပါးအခွင့်အရေးကို ကင်မရာဖြင့် ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ထားခဲ့ပါသည်။ ဓာတ်ပုံကိုကူးသောအခါ ဘာပုံမှထွက်မလာပါ။ အဘကိုလျှောက်ထားကြည့်သောအခါ သူ့ခွင့်ပြုချက်မရရှိဘဲ ဓာတ်ပုံရိုက်သဖြင့် မရခြင်းဖြစ်ကြောင်းပြောလေသည်။ အဘ၏အစွမ်းကို ကျွန်ုပ်အံ့သြမိပါတော့သည်။

အဏ္ဏဝါလှိုင်း

www.burmeseclassic.com

TAROT" ထဲမှာပဲ တွေ့ရပါတယ်။

ထ = ဝ + ဝ= နေ+ လ= ဖို+ မ= အပူ + အအေး အစရှိတဲ့ Lemniscate ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို နံပါတ် I - Magician ကားချပ်မှာ ဖွင့်ဆိုရှင်းပြခဲ့ပါပြီ။ ဒီကားချပ်မှာ တစ်ခုထူးခြားတာက နေ၊ လ သင်္ကေတ (၂) ခုဟာ ပူးကပ်မနေဘဲ အတန်ငယ် ဝေးကွာနေခြင်းပဲ ဖြစ်ပါတယ်။ ဘယ်ဘက်က ခေါင်းဆောင်းအပိုင်းက အနီရောင့်ရင့်တဲ့ အတွက် နေသဘော/Posiline (Active) သဘောကို ဆောင်ပါတယ်။

သူ့ရဲ့လက်တစ်ဖက်က အောက်ဘက် မြေကြီးဆီကို ညွှန်ပြနေပါတယ်။ ညာဘက် Cardinalရဲ့ ခေါင်းဆောင်းအပိုင်းက အဝါရောင်နုတယ်။ ဒါကြောင့် Lunar=လရဲ့သဘော/Negitive (Passive) သဘော/မသဘောကို ဆောင်ပါတယ်။ သူ့ရဲ့ ဘယ်လက်တစ်ဖက်က အပေါ်ကို ညွှန်နေပါတယ်။ Magician ကားချပ်ပါ ရုပ်ပုံရဲ့ လက်ဟန်အနေအထားအတိုင်းဖြစ်ပါတယ်။

Lemniscate ရဲ့ သဘောသဘာဝ။ နီးကပ်ပူးပေါင်းမှုမရှိသေးဘဲ အတန်ငယ် ဝေးကွာနေခြင်းရဲ့ သဘောသဘာဝအရ (ဒီနေရာမှာ.နေ + လ၊ အပူ/ အအေး၊ ဖို/မစတဲ့ ဆန့်ကျင်ဘက်သဘောတရားတွေ မယူဘဲ) 'လောကီနဲ့ လောကုတ်ကို မျှတစွာ အဆင်ပြေအောင် ပေါင်းစပ်နိုင်ဖို့ကြိုးစားခြင်း' ဆိုတဲ့ အဓိပ္ပာယ်ကို ယူရပါမယ်။ လောကီနယ်သားတစ်ဦး အနေနဲ့ ရပ်တည်နေသော်လည်း လောကုတ္တရာရဲ့ သဘောသဘာဝတွေကို ကျင့်သုံးဖို့ ကြိုးစားနေတဲ့သူ၊ လေ့လာဆဲ၊ လေ့ကျင့်ဆဲသူလို့ အဓိပ္ပာယ်ရပါမယ်။ လေ့လာလို့ရသမျှ၊ လေ့ကျင့်လို့သိလာသမျှ အကျိုးကျေးဇူး/အကျိုးအကြောင်းတရားတွေကို မျှဝေပေးဖို့ ကြိုးစားနေတဲ့သူလို့လည်း အဓိပ္ပာယ်ရပါတယ်။

ဘာသာရေးနဲ့ပတ်သက်မယ်၊ မိရိုးဖလာဓလေ့ထုံးစံတွေနဲ့ ပတ်သက်မယ်၊ ဘာသာရေးပုဂ္ဂိုလ်၊ ဘာသာရေးစာပေ၊ အတွေးအခေါ်၊အကျင့်သီလ၊အဆောက်အအုံ၊ ဘုရားပုထိုး စတာတွေနဲ့ ပတ်သက်ပါမယ်။

နောက်အဓိပ္ပာယ်တစ်ခုက ဘုန်းကြီး ဆိုတာ ကိုယ်တိုင်စီးပွားမရှာဘူး။ လူတွေ/ဒကာ၊ ဒကာမတွေ လှူဒါန်းသရွေ့ကို ကျေနပ်ရောင့်ရဲတယ်။ အပိုအလှျံ စုဆောင်းသိမ်းဆည်းခွင့်မရှိဘူး။ တစ်နေ့စာသုံးစွဲပြီး ပိုသမျှမျှဝေပေးကမ်းစွန့်ကြဲရတယ်။ တစ်ကိုယ်ရေလုံခြုံပြည့်စုံပြီး ပိုသမျှ ပြန်လည် လှူဒါန်းပေးကမ်းစွန့်ကြဲရတယ်။ ကိုယ်တိုင်လည်း ဘာသာရေးကျင့်၊ လူတွေကိုလည်း ပြုပြင်ဆုံးမ လမ်းမှန်ကို ညွှန်ပြပေးရတယ်။

အမှား-အမှန်ဝေဖန်ခွဲခြားခြင်း၊ အကြံဉာဏ်ပေးခြင်း၊ သဘောထားကြီးခြင်း၊ ခွင့်လွှတ်ခြင်းတို့ကိုလည်း ညွှန်းပါတယ်။

ကားချပ်ရဲ့ ရည်ညွှန်းချက်တွေက အတော်စုံသွားပြီ။ လက်တွေ့ဟောကွက်နမူနာလေးတွေကြည့်ရအောင်။

**နမူနာ (၁)**

Major (၂၂) ကတ် အဟောကျင့်ခါစ ငယ်သူငယ်ချင်းတစ်ယောက် -

"ဗေဒင်ဆရာကြီး၊ ငါအလုပ်တစ်ခု လုပ်ဖို့ ရည်ရွယ်ထားတယ်။ အကောင်အထည်ဖော်ဖြစ်/မဖြစ် မင်းရဲ့တားရော့နဲ့ ဟောပေးစမ်းပါ"

ထုံးစံအတိုင်း ပြုဖွယ်ရာတွေပြုပြီး ကားချပ်တစ်ချပ်ဆွဲလိုက်တယ်။ သူ့မျက်နှာက တည်တည်ကြည်ကြည်နဲ့ တလေးတစားပုံပေါ်နေလို့ ကျွန်တော်ကလည်း စိတ်ထဲက လေးလေးနက်နက် အဓိဋ္ဌာန်ပြီး သူ့ရင်ထဲကဆန္ဒဘာလဲ။ ဖြစ်မလား/ မဖြစ်ဘူးလားဆိုတာကို ရည်စူးမေးလိုက်တယ်။ ကားချပ်ကို မလှန်သေးဘဲ မျက်




နှာအနေအထားဆွဲယူပြီး မျက်စိမှိတ် နမ်းရှုပ်ပြီးမှ မျက်စိကို အသာဖွင့်ကြည့်လိုက်တယ်။ ရင်ထဲမှာတော့ ပေါ်လာတဲ့ကတ်ကို ငါအဓိပ္ပာယ်ဖွင့်နိုင်ပါ့မလား။ မှန်ပါ့မလား။ အဓိပ္ပာယ်ရှင်းလင်းပြတ်သားတဲ့ ကားချပ်ဖြစ်ပါစေပေါ့။

"သူငယ်ချင်း၊ စီးပွားရေးကလည်း မကောင်း၊ မိန်းမနဲ့လည်း အဆင်မပြေတာနဲ့ လူ့လောကကြီးကို စိတ်ကုန်ပြီး ဘုန်းကြီးဝတ်တော့မလို့လား။ စဉ်းစဉ်းစားစားလည်းလုပ်ပါကွာ"

ပြောပြောဆိုဆို ကားချပ်ကို စား... ပေါ်ချခင်းလိုက်တယ်။ ဘုန်းကြီးကတ် Hierophant ပါပဲ။

"အမြတ်မ်းဝတ်ဖို့ မဟုတ်ပါဘူး ကွာ။ ငါတို့ရွာမှာ သကြံန်တွင်းတိုင်း တရားစခန်းဖွင့်တာ (၃) ကြိမ်ရှိပြီ။ ငါ တစ်ခါမှ မလွတ်သေးဘူး။ ပထမတစ် ကြိမ်ပဲ ယောဂီဝတ်နဲ့ နောက်တစ်ကြိမ် တွေမှာ ရဟန်းဝတ်နဲ့ တရားစခန်းဝင်ခဲ့ တာ အခုနှစ်လည်း ရဟန်းဒကာက ကြ... တော့ ပြောထားပြီးသား။ ငါရဟန်းဝတ် သမျှ ရဟန်းဒကာခံပါ့မယ်လို့။ ဒါပေ... မယ့် အဲဒီတူမလေးနဲ့ မတွေ့ရသေးတော့ ရဟန်းဝတ်ဖြစ်ပါ့မလားလို့ စိတ်ပူလို့"

"စိတ်မပူပါနဲ့၊ ရဟန်းဝတ်ဖို့ သေ... ချာပါတယ်။ ရဟန်းဝတ်နဲ့ တရားစခန်း ဝင်ရမှာပါ။ ငါ နောက်သလိုပြောမိတာ ခွင့်လွှတ်ပါကွာ။ သာဓုလည်းခေါ်ပါ တယ်။ ငါလည်း တတ်နိုင်သမျှ ဒကာခံ ပါ့မယ်"

"အေး - မင်းလည်း ဗေဒင် ယောင်ယောင်၊ ပုတီးယောင်ယောင် လုပ်မနေနဲ့။ သက်တမ်းတစ်ဝက်ကျိုးနေ ပြီ။ ကိုယ့်အတွက်ပါအောင်လုပ်ဦး"

"ဟုတ်ကဲ့ပါ ဆရာ၊ ဆရာကိုယ် တိုင် ကျင့်ကြံပြီးမှ ကိုယ်တွေ့တရားတွေ ဟောပြပါဦး။ တရားနာဖို့ စောင့်နေပါ မယ်။ အခုလိုကြားရတာ ဝမ်းသာပါ တယ်။ ဒါပေမယ့် စိတ်မကောင်းစရာ တစ်ခုတော့ရှိတယ်။ ငါ ရန်ကုန်ရောက် တုန်းက ဝင်းသူဇာဆိုင်က ဝယ်လာတဲ့ Rum တစ်လုံး ပါလာတယ်။ မင်းကို လက်ဆောင်ပေးဖို့ ရည်ရွယ်ထားတာ အခုလိုဆိုတော့ ပေးလို့ဖြစ်ပါတော့ မလား။ ငါငဲ့ရဲကြီးနေဦးမယ်"

သူက တစ်နေကုန်ခြံထဲမှာအလု... လုပ်ရတာ။ မိုးရွာရွာ၊ နေပူပူ အသ... ကလည်း (၆၀) နားကပ်နေပြီဆိုတော့ ညနေထမင်းစားခါနီးမှာ သွေးပူ...


www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ အိပ်ပျော် ဆေးဝါးအနေနဲ့ သမကာလေးနည်းနည်းတော့ ရံဖန်ရံခါ မှီဝဲတတ်တယ်။ ဒါကိုသိထားလို့ သူကြိုက်တတ်တဲ့ စက်မှု(၁)ထုတ် Rum တစ်ပုလင်းလက်ဆောင်ပေးဖို့ ရည်ရွယ်ထားတာ -

"ဟ - ကောင်ရ၊ သကြ်န်ကျဖို့က (၂) လလောက်တောင် လိုသေးတာ။ အခုတော့ဖြစ်ပါသေးတယ်ကွ။ အတော်ပဲ ငါလည်း အခုတစ်လော နေမြင်းတော့ အိပ်ထမင်းစားမကောင်း၊ ညအိပ်မပျော် ဖြစ်နေတာ။ ညနေ အိမ်ပြန်ရင် မင်းပါ လိုက်ခဲ့ကွာ။ ခြံထဲမှာသီးနှံလည်းစိုက်တယ်။ ငါစိုက်ထားတာ ခြံထွက်ဟင်းနဲ့ မင်းကို ငါကိုယ်တိုင်ချက်ကျွေးမယ်"

"သက်တမ်းကတစ်ဝက်ကျိုးနေပြီနော်။ အသောက်အစားလည်း ဆင်ခြင်နော်"

"အေးပါ၊ အေးပါ - မင်းက ငါ့ကို ပြန်လက်စားချေတာပေါ့။ ရပါတယ်၊ ရပါတယ်"

**မှတ်စု** (၂)

ဘောင်းဘီက ကွာတားပင်၊ စတီးသက်ကောက်၊ နားမှာလည်း နားကပ်နဲ့။ အသက် (၃၀) ခန့် လူငယ်တစ်ဦး။

"ဆရာ ကျွန်တော်အိမ်ထောင်ပြုဖို့ ရည်ရွယ်ထားတယ်။ အိမ်ထောင်ပြုသင့်/မပြုသင့်၊ ကောင်း/မကောင်း တားရော့နဲ့ ကြည့်ချင်လို့"

ထုံးစံအတိုင်း ပြုဖွယ်ရာတွေပြုပြီး တားရော့ကားချပ်တွေကို ဖြန့်ခင်းလိုက်တဲ့အခါ ပထမဦးဆုံးပေါ်လာတာက Hierophant ဘုန်းကြီးကားချပ်။

"သိပ်ထူးဆန်းတယ် ညီလေး။ ညီလေးမေးတာက အိမ်ထောင်ရေး၊ တားရော့ကပြောတာက ဘုန်းကြီး၊ ဘာမှမဆိုင်ဘူး။ ဒါပေမယ့် ဆရာတို့က တားရော့အပေါ်မှ သစ္စာရှိရတယ်၊ ယုံကြည်ရတယ်။ သူပြတဲ့နိမိတ်အတိုင်း ဘာသာပြန်ပေးရတာ။ ပြင်ဆင်ပိုင်ခွင့် မရှိဘူး။ မှားတာ/မှန်တာက သူ့တာဝန်။ ဒီတော့ တားရော့ပြောတဲ့အတိုင်းပဲ ပြောမယ်။

ညီလေး အိမ်ထောင်ရေးကိစ္စကို လုပ်ငန်းတာဝန်တစ်ရပ်အနေနဲ့ လုပ်ဆောင်ရမယ့်အပိုင်းလို့ပဲ သဘောထားပုံရတယ်။ ညီလေးရဲ့ ရင်ထဲမှာတော့ ဘာသာရေးကိစ္စတွေ လွှမ်းမိုးနေတယ်။ တရားစာတွေဖတ်မယ်၊ တရားခွေတွေ နာယူမယ်၊ တရားထိုင်မယ်။ ဖြစ်နိုင်ရင် ရဟန်းဝတ်ပြီး တရားအားထုတ်ချင်တဲ့



စိတ်တောင်ဖြစ်နေနိုင်တယ်။ ကြံစည်နေတယ်။ ဟုတ်ရဲ့လား"

"ဟုတ်ဝါတယ် ဆရာ။ ကျွန်တော်က သင်္ဘောသားပါ။ ဒီတစ်ခေါက် သင်္ဘောတက်ပြီးပြန်လာရင် ချစ်သူနဲ့ လက်ထပ်ဖို့ စီစဉ်ထားပါတယ်။ ဒါပေမယ့် ဆရာ အစောကပြောခဲ့သလို လူသားတစ်ယောက်ရဲ့တာဝန်၊ ချစ်သူယောကျ်ားလေးတစ်ယောက်ရဲ့ တာဝန်တွေအရ လက်ထပ်သင့်ပြီထင်လို့ စဉ်းစားဆုံးဖြတ်ခဲ့ရတာ။ ကျွန်တော်က ဖြစ်နိုင်ရင် ဘုန်းကြီးဝတ်နဲ့ တရားအားထုတ်ချင်တယ်။ အခုလည်း နေ့စဉ် ဘုရားရှိခိုး၊ ပရိတ်ရွတ်ပြီးတိုင်း တရားထိုင်ပါတယ်။ နာရီဝက်၊ တစ်နာရီပေါ့ ဆရာရယ်။ ဆရာတော်တွေရဲ့ တရားစာအုပ်တွေ၊ တရားခွေတွေကိုလည်း အမြဲဖတ်နာယူတယ်။ တရားစာအုပ်တွေကိုလည်း မိဘတွေရဲ့အမည်နဲ့ ဓမ္မဒါနလှူပါတယ်။ တတ်နိုင်သလောက်ပေါ့။ အခုတောင် တရားစာအုပ်ပါသေးတယ်။ ဒီတစ်ခေါက် အုပ်ရေ (၁၀၀) လှူဖြစ်တယ်။ ဆရာ့ကိုလည်း တစ်အုပ်ဓမ္မဒါနပြုခဲ့ပါမယ်။

ကျွန်တော်က မောင်နှမတွေထဲမှာ အကြီးဆုံးပါ။ သင်္ဘောထွက်တာ (၄) ခေါက်ရှိပြီ။ မိဘတွေကိုလည်း ဒဂုံမြောက်မှာ ခြံနဲ့ အိမ်နဲ့ ဝယ်ပေးထားပြီးပြီ။ ညီ၊ ညီမတွေလည်း ပညာစုံလို့ ကြင်ရာစုံသွားကြပြီ။ ကျွန်တော်ပဲ ကျန်တော့တယ်။ အမေကလည်း ကျွန်တော့်ကို သင်္ဘောကနား၊ အိမ်ထောင်ပြုပြီး သူ့မျက်စိအောက်မှာ နေစေချင်ပြီ။ မြေးချီချင်ပြီပေါ့ ဆရာရယ်။ ကျွန်တော့်ကောင်မလေးနဲ့ကလည်း ချစ်သူသက်တမ်း (၃)နှစ်ကျော်ပြီဆိုတော့ သူ့အနေနဲ့ရော နှစ်ဖက်မိဘတွေကပါ အိမ်ထောင်ပြုစေချင်ပြီ။

ကျွန်တော်ကလည်း အခုမှတရားဘာဝနာဘက်မှာ ပိုပိုပြီးစိတ်အားထက်သန်လာတယ်။ ပိုပိုပြီး အသိအမြင်တွေ နက်ရှိုင်းလာတယ်။ တစ်ခါတလေ တရားထိုင်ရင်းနဲ့ ကိုယ့်ခန္ဓာကိုယ်ကြီးကို ရွံစရာကြီးအဖြစ် စက်ဆုပ်လာတယ်။ ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်ကြီး ဖြစ်နေတယ် ဆရာ"

"ကြားရတာ ဝမ်းနည်း၊ ဝမ်းသာခံစားရပါတယ်။ ငွေကြေးပြည့်ပြည့်စုံစုံ နှစ်ဖက်မိဘ သဘောတူညီချက်နဲ့ ချစ်သူကို ပေါင်းဖက်ခွင့်ရတာ လောကအကြောင်းအရ မင်္ဂလာတစ်ပါးပါ။ ပျော်စရာကြီးပေါ့။ လောကုတ္တရာဘက်က ကြည့်ပြန်တော့ ဗုဒ္ဓရဲ့ လမ်းစဉ်တော်အရ လက္ခဏာရေး(၃)ပါးကို ရှင်းလင်းပီပြင်စွာ ခန္ဓာကိုယ်တွေ့ သိမြင်နေရပြီဆိုတာကလည်း သာဓုခေါ်စရာ၊ မင်္ဂလာတစ်ပါးပါပဲ။ လူ့ရယ်လို့ဖြစ်လာပြီးတဲ့နောက် လူသားတာဝန်တော့ ကျေပွန်ရမယ်။ တာဝန်တွေထမ်းဆောင်ရဦးမယ်။ တစ်နည်းဆိုရရင် ဘဝဟောင်းကပါလာတဲ့ အကြွေးဟောင်းတွေကို ဆပ်ရဦးမယ်။ ကျေကျေနပ်နပ်ကြီး ပေးဆပ်လိုက်ပါဦး။ လောကီရဲ့တာဝန်ဝတ္တရားတွေထမ်းဆောင်ရင်း တစ်ဖက်က ကိုယ်ရထားတဲ့ ပါရမီမျိုးစေ့လေးကိုပဲ ပျောက်မသွားစေဘဲ မှန်မှန်ပျိုးထောင်ထားပေးပါ။

လောကီတာဝန်တွေကျေတဲ့တစ်နေ့မှာ တစ်ဖက်မှာလည်း ကိုယ်စဉ်ဆက်မပြတ် ပျိုးထောင်ပြုစုလာတဲ့ ပါရမီဉာဏ်ကလည်း ရှင်သန်ကြီးထွားလာချိန်နဲ့အကိုက်ဖြစ်ပါလိမ့်မယ်။ အိမ်ထောင့်တာဝန်တွေကြားကနေပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် စတဲ့ အရိယာဖြစ်သွားခဲ့တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိခဲ့ပါတယ်။ ဘယ်ဘက်ကိုမှ စိတ်မပျက်ပါနဲ့။ မစွန့်လွှတ်ပါနဲ့။ လမ်းမှန်ရင် တစ်နေ့တော့ ရွာတွေ့မှာသေချာပါတယ်"

"ကျေးဇူးကမ္ဘာပါ ဆရာ။ မမေးပေမယ့် ရင်ထဲကခံစားချက်တွေ ဖော်ထုတ်ပေးတဲ့ တားရော့ကိုလည်း လေးစားပါတယ်။ ဝေခွဲရခက်နေတဲ့ ကျွန်တော့်အတွေးတွေကို သဘာဝကျကျနဲ့ မျှမျှတတ သုံးသပ်အကြံပေးတဲ့ ဆရာ့ကိုလည်း လေးစားပါတယ်။ ကျေးဇူးအထူးတင်ပါတယ်"

စေတနာရှိုးသားစွာဖြင့်
ဆရာစိုး-ရွှေအာရုဏ်ဦး
(တားရော့-သုတေသီ)
မိုးကောင်းစေတီတော်



www.burmeseclassic.com

အရှေ့တက်သည်နှင့် မြန်မာလူမျိုးပီပီ လုပ်ဆောင်နေကျ ဘုရားခန်းရှိ ရုပ်ပွားတော်တို့အား သောက်တော်ရေ၊ ဆွမ်း၊ ဆီမီးများ ပူဇော်ခဲ့ပါသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စကြဝဠာရှိ ရဟန္တာကြီးများ၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် သမုဒ္ဒရာလေးစင်း၌ သမာပတ်များ စံစားတော်မူနေကြသည့်ရဟန္တာအပေါင်း၊ ဘိုးတော်သိကြားမင်းမှ အစပြု၍ (၆၄) ယောက်သောပေါက်ဆရာများ၊ (၈၄၀,၀၀) သော ရဟန်းဝိဇ္ဇာ၊ လူဝိဇ္ဇာအပေါင်း၊ ရေနေ၊ ကုန်းနေ အာကာသစိုး၊ ဘုမ္မစိုးများနှင့် ထီးချက်စောင့်နတ်သမီး၊ မဏိမေခလာနတ်သမီးနှင့် ဆွေတော်မျိုးတော် ကုန်းနဂါး၊ ရေနဂါးများ၊ မြို့ရှင်၊ နယ်ရှင် ကွင်းပိုင်များ၊ ဥစ္စာရှင်၊ ဥစ္စာစောင့်များအတွက် ဆီမီး၊ ဆွမ်း၊ ရေချမ်းလှူဒါန်း၍ ဝတ်တက်ဝတ်ကပ်ပြုကြရန် ဖိတ်ကြားပါသည်။

*"မွန်တို့ဌာနီ ရာမည xxx သာစွရွှေပြည် သာစွရွှေပြည် xxx ထန်းပင်ထန်းလက်စုံညီxxxကျိုက်မရောမြို့ကသာယာလှပေသည် xxx ကျိုက်မရောတွင်ထင်ရှားxxx ဗုဒ္ဓရုပ်ပွားဘုရားစေတီxxx ရှေးဘုရင်များတည်ထားကိုးကွယ်တန်ခိုးကြွယ်ခဲ့သည် xxx ကျေးဇူးတော်အစုံxxxx ဂုဏ်တော်အနန္တပြည့်ဝပေသည်xxxx သဒ္ဓါညွတ်ကျိုး ရှိခိုးပူဇော်xxxx ဖူးမြော်မာန်လျော့xxx ကန်တော့ကြစုံညီxxx"*

တီဗွီမှ နိုင်ငံကျော် အဆိုတော်ကြီးမမထား၏ မွန်တို့ဌာနီရာမညသီချင်းကိုထုတ်လွှင့်ပေးနေသည်ကို တစ်ချက်လှည့်၍ တီဗွီကိုအကြည့် စာရေးသူတို့ငယ်ငယ်က စာရေးစက္ကူကတ်အဖုံး၊ မွေးနေ့ စသည်တို့၌ လက်ဆောင်ပို့စရာပို့(စ်)ကတ်လေးများပေါ် မှ လမ်းဘေးဝဲယာတွင် စီစီညီညီပေါက်နေသည့် ထန်းပင်ငယ်များကို အမှတ်ရမြင်မိပါသည်။


လွမ်းခဲ့သည့် ငါးနှစ်ကျော် ခင်ပွန်းသည်မကွယ်လွန်မီ အကြောင်းတိုက်ဆိုင်၍ မော်လမြိုင်မြို့၌ တစ်ညအိပ်ဖြစ်ခဲ့ပါသည်။ သား၏ယောက္ခမများ စီစဉ်ပေးမှုကြောင့် မော်လမြိုင်ရှိ တန်ခိုးကြီးဘုရားများ၊ ကျိုက္ခမီရေလယ်ဘုရားကြီးများကိုဖူးမြင်ခွင့်ရခဲ့ပါ၏။ ကျိုက်မရောသွားတော့ ညနေပိုင်း အမှောင်လွှမ်းနေပြီဖြစ်၍ နာမည်ကြီးဘုရားများကို တက်သုတ်ရိုက်ဖူးကာပြန်ခဲ့ရပါသည်။ ဆရာတော်ဘုရားကြီးအား နတ်နဂါးမက အိပ်မက်ပေး၍ ရရှိထားသော နဂါးအမတေဥနှစ်လုံးကိုပင် ကြည့်ခွင့်မရတော့ပါ။ မှောင်လာလျှင် ဆရာတော်ကြီးကိုယ်တိုင် သိမ်းဆည်းထားသည်ဟု သိရပါ၏။

ကျွန်မ ဘုရားခန်းမှထွက်လာတော့ သားငယ်နှင့် သမီးက အစ်ကိုဝမ်းကွဲဇနီး (ယောက်မ) ဖုန်းဆက်ကြောင်းမမေနားနေ၍ လာမပြောဘဲ နံနက်မှ

## ထူးခြားထင်ရှား

# မွန်ဘုရင်များကိုးကွယ်ခဲ့သည့် ဆင်းတုတော်များ

### ရတနာဒေဝီ





www.burmeseclassic.com

www.burmeseclassic.com

ပြောရသည်ဟု ဆိုပါ၏။ ဩဂုတ်လ [illegible] ရက်၊ သောကြာနေ့ပါ။ အစ်ကို၏ ဇနီးကြီး ဝင်းပပကြည်နှင့် သူ့ခင်ပွန်း အောင်သန်းဝင်း (ဝင်းပပပုံနှိပ်တိုက်) တို့က ပင့်ဆောင် ပူဇော်ခွင့်ရ၍ ဘုရားများ ကြွရောက်လာကြောင်း၊ လာဖြစ်အောင် လာစေလိုကြောင်း၊ အပြန်အတွက် သူ လိုက်ပို့မည်ဟု ဆိုကြပါ၏။ စာရေးသူက ကျန်းမာရေးမကောင်းသူပါ။ နှစ်ပတ်ခန့်များ၍ အိပ်ရာထဲလဲနေပြီး ကြာသပတေးနေ့ကမှ ထူထလာနိုင်ခဲ့ပါ၏။ သားအငယ်ဆုံးက တက္ကစီငှား၍ လိုက်ပို့ပေးပါသည်။ အလုပ်ဝင်နေ၍ ကျွန်မကိုထားခဲ့ပါသည်။

အစ်ကိုကိုယ်တိုင် ဆင်းကြို၍ အပေါ်ထပ် ဘုရားကျောင်းဆောင်ရှေ့သို့ခေါ်ရှာပါသည်။ ဆလိုက်မီးများနှင့် ဆင်းတုတော်သုံးဆူမှာ ရုတ်တရက်ကြည့်လျှင် ဆင်တူသည်ဟု ထင်ရသော်လည်း တစ်ဆူနှင့်တစ်ဆူ မတူညီကြပါ။ အောင်သပြေအိုး၊ အောင်ပွဲများ၊ သစ်သီးစုံနှင့် ပန်းများဖြင့် ကြည်ညိုဖွယ်ရာ ဖူးလိုက်ရသည်။ ကားအက်ဆီးဒင့်ကြောင့် ရုတ်တရက်ထိုင်မချနိုင်ပါ။ မတ်တတ်ရပ်ရင်း လက်အုပ်ချီ၍ ဖူးမြော်ရပါသည်။

တူမ၏ သားလေးက ညာဘက်လက်ဖဝါးအတွင်း ရေမွှေးဆွတ်ဖျန်းကာ ရွှေအစစ်ဖြင့် လက်ညှိုးသာသာခန့်ရှိ သန်လျက်ငယ်ကို ဆုပ်ထားခိုင်းပါသည်။ ဘယ်ဘက်လက်ဖဝါးဖြင့် ဘုရင်မကြီး ရှင်စောပု၏ ဆုတောင်းပြည့် ဆင်းတုတော်၏ ညာဘက်ဒူးတော်ကို အုပ်ကာ ဆုတောင်းပါဟု ဆိုပါ၏။ (၇၀) နားကပ်နေသည့် အဘွားကြီးက ဘာဆုများလိုပါဦးမည်နည်း။ 'ကျန်းမာစွာ သာသနာပြုနိုင်ပါရစေ' ဟုသာ ဆုတောင်းလိုက်ပါသည်။ ပြီးမှ ဓာတ်ပုံတစ်ပုံရှေ့သို့ခေါ်ရာ မွန်ဘုရင်မကြီး ရှင်စောပု၏ ရုပ်တုပန်းချီကားတစ်ခု ဖြစ်နေသည်ကို သိရပါသည်။ မှန်ရှေ့၌ ဘုရင်မကြီး ကိုင်ဆောင်ခဲ့သည့် တစ်တောင်ခန့်ရှိ သန်လျက်တော်ကို တွေ့ရပါသည်။ ဖက်စလုံး ကျောက်စိမ်း၊ ပုလဲလုံးကြီးများ စီခြယ်ထား၍ အလွန်ခံ့ညားလှပါ၏။ သန်လျက်ကိုကိုင်ကာ ဆုတောင်းစေရာ -

"အစ်မတော်ဘုရားအမကြီးကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးနိုင်သူ ဖြစ်ပါရစေ"

ဟု ဒုတိယအကြိမ် ဆုတောင်းမိပါသည်။



ဘုရားကျောင်းဆောင်ရှေ့၌ ဖိတ်ကြားထားသော မိတ်ဆွေများ၊ သတင်းကြားဖြင့်ဘုရားဖူးရောက်လာသူ ဓမ္မမိတ်ဆွေတို့အား ထမင်းကျွေး၍ ဧည့်ခံပါသည်။ ကြာဆံဟင်းခါး၊ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ဟင်းရွက်သုပ်များဖြင့် ဟင်းများစုံလှပါ၏။ အလှူအိမ်မသွားခင် မြို့ထဲရောက်၍ သူရဋ္ဌမဂ္ဂဇင်းတိုက်သို့ ဝင်ကာ စက်တင်ဘာလထုတ်စာအုပ်ကို ဝယ်ပါသည်။ ဩဂုတ်လပင်မကုန်သေး၊ စက်တင်ဘာလထုတ်ကို မရတော့ပါ။ အားမနာနိုင်ပါဘဲ တာဝန်ကျ ကလေးမလေးအား ကျွန်မ၏စာမူ ပါ၊ မပါကြည့်ပေးပါဆိုတော့ ရှာကြည့်ပြီး စာမူပါပါသည်တဲ့။ စာအုပ်တစ်အုပ်နှင့် စာမူခကို ရရှိလာပါပြီ။ စာမူတစ်ခုမှာ စာရေးသူ၏



ရင်နှလုံးမှလာသော အသိ၊ ဦးနှောက်က အတွေးများ ပေါင်းစပ်၍ ဖြစ်တည်လာခြင်းပါ။ စာရေးဆရာအများစုက သူတို့၏ စာသည် ရင်မှဖြစ်သည့် သားသမီးများဟု တင်စားထားကြပါသည်။ စာမူခစာအိတ်အတွင်းမှငါးထောင်တန်တစ်ရွက် ထုတ်ယူ၍ ဘုရားရှေ့ရှိ ငွေဖလားထဲ နိဗ္ဗာန ပစ္စယော ဟောတုဟု စိတ်ညွတ်ပြီး ထည့်လှူလိုက်ပါသည်။ လုပ်အားခလှူရသည့်ပီတိအဟုန်ကြောင့် စာရေးသူ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းလျက်ရှိနေပါတော့သည်။

မကြာမီ မွန်ပုံကြီးတီးခတ်လာသူများက မင်္ဂလာရှိသောသီချင်းများ၊ မွန်သီချင်းများသီဆိုတီးမှုတ်ကြပါပြီ။ ဘုရား၊ ရဟန္တာများ၊ ဘိုးတော် သိကြားမင်းနှင့် သာသနာတော်စောင့်နတ်၊ စတုလောကပါလနတ်မင်းများ၊ အဘသိဒ္ဓိရှင်မဟိဒ္ဓိရှင်ကြီး အောင်မင်းခေါင်ကို အစပြုလျက် ထီးချက်စောင့်နတ်သမီး၊ ပုဂ္ဂိုလ်မြတ်များ သူရဿတီမယ်တော်နှင့် အရံဒေဝီလေးပါး၊ ခုနစ်ပါး၊ ကိုးပါး၊ တစ်ကျိပ်နှစ်ပါး၊ နှစ်ကျိပ်တစ်ပါး၊ မြို့တော်ရှင်၊ ရွာတော်ရှင်၊ အိမ်စောင့်နတ်ပါမကျန် မေတ္တာပို့သ အမျှဝေကြပါသည်။

ပင့်ယူပူဇော်ခဲ့သော ရှေးဟောင်းရုပ်ပွားတော်တို့မှာ မွန်ဘုရင် ရာဇာဓိရာဇ်၊ မြန်မာ့ရာဇဝင်၌ တစ်ဦးတည်းသော ဘုရင်မကြီး ရှင်စောပုနှင့် သမက်တော် ဓမ္မစေတီမင်းကြီးတို့ ကိုးကွယ်လာကြသည့် ဆင်းတုတော်များ ဖြစ်ပါသည်။ ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီးသည် ဘုရင်မရှင်စောပု ဘိုးတော် ဘုရင်မင်းမြတ်၏ကောင်းမှုတော် ဖြစ်ပါသည်။ ရှင်စောပုဘုရင်မကြီးက ဘုရားကြီးကို ပြုပြင်မွမ်းမံ၍အပြီး ထိုဆုတောင်းပြည့် ရုပ်ပွားတော်သုံးဆူအား ကမ္ဗည်းမော်ကွန်းထိုးလျက် ကျိုက်မရောဘုရားတွင် ရေစက်သွန်းချလှူဒါန်းတော်မူခဲ့ကြောင်း သိရှိရပါ၏။

ထူးခြားသည်က ရှင်စောပုအား မွန်-မြန်မာအနှစ်လေးဆယ်စစ်အတွင်း ငြိမ်းချမ်းရေးရယူရန် အင်းဝဘုရင် မင်းခေါင်ထံ မိဖုရားအဖြစ် ပို့ဆောင်ခြင်း ခံခဲ့ရပါသည်။ အင်းဝဘုရင်၏ မိဖုရား မဖြစ်ခင်ကပင် ထွက်ရပ်ပေါက်ဆရာ သခင် ဗားမဲ့ဆရာတော်ဘုရားကြီးက သာသနာပြုမင်းဖြစ်မည်ကိုသိရှိသည်နှင့် ဝိဇ္ဇာအစီအရင်ဖြင့် ဘုရားထုလုပ်၍ ကိုးကွယ်စေခဲ့ခြင်းပါ။ ဘုရင်မသည် အင်းဝ၌ မပျော်ပိုက်၍ မွန်ရဟန်းနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသော ဓမ္မစေတီနှင့် ဓမ္မပါလတို့ အကူအညီဖြင့် မွန်ပြည်သို့ ထွက်ပြေးတော်မူပါသည်။ လှေဦး၌ ဗားမဲ့ဆရာတော် ပေးအပ်သည့် ရုပ်ပွားတော်တင်၍ မြစ်ကြောင်းတစ်လျှောက် စုန်ပြေးခဲ့ပါ၏။ မွန်မင်းဆက်မပြတ်ရအောင် ရှင်စောပုအား ဗညားထောဘွဲ့ ခံယူစေကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေခဲ့ကြပါသည်။ဘုရင်မကြီးက ဘိုးတော်ကြီး၏ကျိုက်မရောဘုရားကြီးအား မွမ်းမံရင်းဖော်ပြပါ ဘုရားသုံးဆူကိုပါ ရေစက်ချ၍ လှူဒါန်းတော်မူခဲ့ပါ၏။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားလွန်းသည့်အလျောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့နေ့ညည မျှော်ကြည့်ဖူးမြင်နိုင်မည့်အရပ်၌ အိမ်တော်တည်ကာ နေထိုင်သွားသည်မှာ ခန္ဓာဝန်စွန့်သွားချိန်အထိပင် ဖြစ်ပါသည်။

စာဖတ်သူတို့ သိကြပြီးသားပါ။ ရွှေတိဂုံရင်ပြင်တော်၌ ဘုရင်မကြီးရှင်စောပုတန်ဆောင်း၊ ရှင်စောပုလှူဒါန်းခဲ့သည့် ရုပ်ပွားတော်ပါ တန်ဆောင်းတော်အရှေ့၌ ယခုတိုင် မူလအရွယ်အတိုင်းတည်ရှိနေပြီး တစ်နှစ်ပတ်လုံး ဖူးပွင့်နေသည့် ဘုရင်မကြီးစိုက်တော်မူခဲ့သော စံကားဝါပင်ကြီးပါ။ တန်ဆောင်းအတွင်း အစိဋ္ဌာန်ယူသူများဖြင့် ခြေချစရာမရှိအောင် ပူဇော်ကြသူများပြားလှပါသည်။

ကျိုက်မရောဘုရားကြီးကျောင်းတိုက်၏ ပဓာန နာယကဆရာတော်ဘုရားကြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အရှင်သူမြတ် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝါရိန္ဒမှ အမျိုးဘာသာ သာသနာတော်အကျိုးအတွက် (၇) ရက်သားသမီးများ ကုသိုလ်ပွားနိုင်ကြစေရန် မြန်မာပြည်အနယ်နယ်အရပ်ရပ်ဆီသို့ အပူဇော်ခံခွင့်ပြုတော်ခဲ့ပါ၏။ အဆိုပါဘုရားသုံးဆူမှာ ရာဇာဓိရာဇ်ဘုရင်ကြီး၏ အောင်သိဒ္ဓိသစ္စာရှင်ရုပ်ပွားတော်၊ ဘုရင်မကြီးရှင်စောပု၏ အောင်သိဒ္ဓိစကြာရှင်ရုပ်ပွားတော်များ ဖြစ်တော်မူကြပါ၏။

စာရေးသူ သတိပြုမိသည်မှာ ဓမ္မစေတီမင်းကြီး၏ကောင်းမှုတော်ခေါင်းလောင်းကြီးအား မြစ်အတွင်းနှစ်ပေါင်းများစွာ နစ်မြုပ်နေရာမှ ဆယ်ယူနေချိန်နှင့် ဓမ္မစေတီမင်း ကိုးကွယ်ခဲ့သော ရုပ်ပွားတော်ကြီး ရန်ကုန်သို့ အပူဇော်ခံရောက်ရှိနေခြင်းကိုပါပဲ။ ခေါင်းလောင်းကြီးဆယ်ယူရာနေရာ၌ ဘုရားရုပ်ပွားတော်များပင့်ဆောင်လာခဲ့သည့်ကားဖြင့် သုံးကြိမ် ဦးတိုက်ပေးခဲ့သည်ဟု ဘုရားပင့်ဆောင်လာသူများက ပြောပြပါသည်။

စာရေးသူ အပါအဝင် ဗုဒ္ဓဘာသာဝင်များ၏ အလိုချင်ဆုံးဆန္ဒမှာ နိဗ္ဗာန်ဆုကြီးဖြစ်ပေရာ အားလုံးတောင်းသည့် ဆုထူးဆုမြတ်ကြီးနှင့် ပြည့်စုံစေချင်လှပါ၏။ မဂ္ဂဇင်းများ၌ ဘုရားစောင့်နဂါးမက ဘုရားပွဲအတွင်း ရင်ပြင်တော်မှာ ဆိုင်းသံဗုံသံဖြင့် ကပြပူဇော်ကြောင်းဖတ်ဖူးပါသည်။ ယခုမူ စာရေးသူလက်တွေ့မျက်မြင်ဖြစ်ခဲ့ရပါပြီ။ ဗုံရှည်အဖွဲ့က





သီချင်းများနှင့် တီးမှုတ်ပူဇော်နေကြရာ ကြူးကြူးဆိုသူ အသက်ဆုံးဆယ်ကျော်ခန့် တရုတ်မလေး တစ်ကိုယ်လုံးတုန်၍ လက်နှစ်ဖက်ပူးလျက်ကာ ဘုရားစောင့်နဂါးစီးနင်းပြီး နဂါးအကဖြင့် ပူဇော်ပါတော့သည်။ ပူဇော်နေဟန်မှာ မာန်ပါလှပါသည်။ ထိုင်လျက်ကပြပူဇော်၍အပြီးမတ်ရပ်ရပ်ကာ ဘုရားသုံးဆူအား ရှိခိုးပူဇော်ပါသည်။ ပြီးလျှင် ဘုရင်မကြီးရှင်စောပု၏ပုံတူပန်းချီကားရှေ့၌ ပျပ်ဝပ်စွာထိုင့်ရင်း ကန်တော့ပူဇော်ပြန်ပါသည်။ (၄၅) မိနစ်ခန့် ဘုရားရုပ်ပွားတော် သုံးဆူနှင့် ရှင်စောပုအား အကြိမ်ကြိမ်ရှေ့လျှားပူဇော်ကန်တော့ခြင်းပါပဲ။

စာရေးသူက စပ်စုသူပါ။ မတ်တတ်ရပ်တော့ အနားကပ်ပြီး နဂါးမယ်တော်အစစ်ဟုတ်ပါရဲ့လားဟုမေးတော့ ပြုံးရွှင်စွာဖြင့် မျက်လုံးများဖွင့်ကြည့်ခြင်းမရှိဘဲ ခေါင်းကို အကြိမ်ကြိမ်ညိတ်ပြပါတော့သည်။

"ဟုတ်ပါပြီ၊ ကန်တော့နေတာကြည့်ပြီး ပုဂ္ဂိုလ်စစ်မှန်တာသိပါတယ်။ နဂါးဆိုတာ အပြင်ကလာဘ်လာဘတွေကိုလူးပြီး လာဘ်ပေးတယ်မဟုတ်လား။ အလှူရှင်တွေကိုလူးပြီး လာဘ်ပေးခဲ့ပါ။ မတ်တတ်ရပ်ရုံ၊ ထိုင်ရုံမျှနဲ့မကန်တော့ဘဲ ပျော်ရွှင်စွာလူးပြီးကန်တော့ပါဦး"

ဟု တောင်းဆိုလိုက်ပါသည်။

ထိုင်လျက်၊ မတ်တတ်ရပ်လျက် လူးလျက် သုံးကြိမ်ကပြပူဇော်ပါသည်။ စာရေးသူအား သုံးပတ်ပတ်၍ကရင်း မတ်တတ်ရပ်နေသည့် ကျွန်မအနီး ဒူးထောက်ထိုင်ချလိုက်ကာ လက်ဖဝါးနှစ်ဖက်ကို ဖြန့်ခိုင်းပါသည်။ လက်ဝါးနှစ်ဖက်ဖြန့်ပေးလိုက်တော့ သူ့လက်ဖဝါးနှစ်ဖက်ဖြင့် လာဘ်များသုံးကြိမ်တိတိသွန်းချပေးဟန်ပြုပါသည်။

"နဂါးမယ်တော်ကြီး ကျေးဇူးတင်ပါတယ်၊ ညီမကြီး သာသနာပြု၍ လှူဒါန်းနိုင်ပါရစေ"

ဟု ဆိုတော့ ခေါင်းလေးတညိတ်ညိတ်လုပ်ကာ အိမ်ရှင်တူမလေးအား ခေါ်ပါသည်။ မျက်လုံးလုံးဝဖွင့်ထားခြင်းမရှိပါ။ တူမလေးက အတွေ့အကြုံမရှိ၍ ကြောက်ရွံ့နေပုံရပါသည်။ စာရေးသူအား ထိုင်ခိုင်းလိုက်မှ နဂါးမယ်တော်စီးနင်းသူက လာဘ်များသွန်ချ၍ ပေးဟန်ပြုပါသည်။

"နဂါးမယ်တော်ကြီးပျော်ရဲ့လား"

ဟု ကပ်မေးတော့ ခေါင်းလေးညိတ်ညိတ်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ပျော်လိုက်တာ"

ဟု ဖြေပါသည်။

ဘုရားပင့်ဆောင်ပေးလာသူတို့က သည်း ဘယ်အိမ်မှာမှ ဒီမှာလိုလူးလှိမ့် ပျော်မြူးပြီးမကပါတဲ့။

"ဒီအိမ်က ဆွေမျိုးအိမ်လေ"

ဆိုတော့ သဘောပေါက်သလို ခေါင်းညိတ်ပြပါတော့၏။

စာရေးသူက တတ်စွမ်းသမျှ ငါးရာကျပ်တန်၊ တစ်ရာကျပ်တန်များကြဲ၍ အောင်ပွဲကိုပူဇော်သည်။ ယောက်မ က ငါးရာတန်များ၊ တူမလေးကလည်း ငွေများဆုပ်ကိုင်၍ ကြဲချကြပါတော့ သည်။ တူမလေး၏ ခင်ပွန်းဖြစ်သူမှာ တစ်ထောင်တန်အုပ်လိုက်ကိုင်ကာ ရွှေ ငွေမိုးသွန်းဖြိုးပါတော့သည်။ ပရိသတ် များ ပျော်ရွှင်စွာကောက်ယူကြပါသည်။ ခေါင်းအကဖြင့် ပူဇော်နေသူမှာ တစ်ကိုယ် လုံး ရေချိုးထားသလိုချွေးမျိုးဖြင့် ရွှဲရွှဲ စိုနစ်စိုနေပါပြီ။ စာရေးသူ၏ ချွေးသုတ် ပဝါဖြင့် ချွေးသုတ်ခွင့်ပြုပါ ဆိုတော့ ပြုံးကြီးမျက်နှာလှည့်၍ အသုတ်ခံပါ သည်။ ချွေးသုတ်ပဝါမှာလည်း ရေနှစ် ထိုက်သလို ရွှဲစိုနေပါတော့၏။

တူမလေးအိမ်မှ တခြားပူဇော်ခံ သည့်အိမ်သို့ ဘုရားများပင့်ဆောင်နေစဉ် တစ်မိုးလုံးမှောင်လာပြီး ရွှေမိုးကြီးသည်း သန်စွာရွာချပါတော့သည်။ အလှူရှင်တို့ အား အလှူရေစက်လက်နှင့်မကွာဆက် ၍ လှူရပါလိမ့်ဦးမည်ဟု နိမိတ်ကောင်း ပြတ်ကြားပေးခဲ့ပါ၏။

ဘုရင်မကြီး ရှင်စောပု၏ ပုံတူ ပန်းချီကားချပ်ရှေ့၌ ဘုရင်မကြီးကိုင် ဆောင်တော်မူခဲ့သည့် တစ်တောင်ခန့်ရှိ သန်လျက်ကို ထောင်ထားပါသည်။ သန်လျက်တော်၌ ကြီးမားလှသည့် ပုလဲ လုံးကြီးများ၊ ကျောက်စိမ်းလုံးကြီးများ ဖြင့် နှစ်ဖက်စလုံး စီခြယ်ထားရှိပါ၏။ သန်လျက်တော်ကို ညာလက်တွင် ကိုင် ၍ လိုရာဆုကိုတောင်းပါဟု ခွင့်ပြု၍ သန်လျက်တော်ကို ဆုပ်ကိုင်ကာ -

"ဘုရင်မကြီး အစ်မတော်ရှင်စော ဘုရား၊ ညီမတော်အား ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သာသနာပြုခွင့်ပေး တော်မူပါ"

ဟု ဆုတောင်းလိုက်ပါသည်။

ညာဘက်လက်ဖဝါးအတွင်း ရေ မွှေးဆွတ်ဖျန်းကာ ရွှေအတိဖြင့် ပြုလုပ် ထားသည့် (ပတ္တမြားအပြည့်စီခြယ် ထားသည့်) သန်လျက်ငယ်အား ဆုပ်ကိုင်စေ




ပြန်ပါသည်။ ရှင်စောပု၏ ဆုတောင်း ပြည့် အောင်သိဒ္ဓိရှင် သစ္စာရှင်ရုပ်ပွား တော်၏ ညာဘက်ဒူးတော်ကို ဘယ် လက်ဖဝါးဖြင့်အုပ်မိုး၍ လိုရာဆုတောင်း ပါ။ ဆုတောင်းပြည့်သည်ဟု ဆိုပြန်ပါ၏။ စာရေးသူ အလိုလားဆုံးဆိုမည်ဖြစ်၍ ထုံးစံအတိုင်း -

"ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ ဖြင့် သာသနာပြုခွင့်ရပါစေသား"

ဟု ဒုတိယအကြိမ် ထပ်မံ၍ ဆုတောင်းလိုက်ပါသည်။ လက်ဝါးဖြင့် အုပ်ရာနေရာကို အနီးကပ်ကြည့်ရာ စကြာပန်းပွင့်သဏ္ဌာန်တစ်ခုကို တွေ့ရ ပါသည်။ ဗားမဲ့ဆရာတော်ကြီး၏စီမံပြီး သားရုပ်ပွားတော်မို့ အထူးညွှန်းစရာလို မည်မထင်ပါ။ အရာရာအောင်မြင်စေနိုင် သည့်စမထူးများသာ ဖြစ်ပါလိမ့်မည်။

မင်္ဂလာရှိသည့်အချိန်၊ မင်္ဂလာရှိ ရာအရပ်၌ မင်္ဂလာရှိသောအမှုကိုပြုခဲ့ ကြပါသည်။ စာရေးသူမှ သီချင်းပူဇော် သူအား ဝိဇ္ဇာတို့ထိပ်ခေါင် မဟိဒ္ဓိပူဇော် ရှင် သိဒ္ဓိရှင်ကြီး အဘအောင်မင်းခေါင် ဘုရား၏ အောင်ထူးဆန်းဂါထာတော် ရပါသလားဟု မေးရာ ရသည်ဟုဆိုပါ သည်။ အောင်စည်ကိုးချက်တီးပေးပါ။ အောင်မောင်းကိုးချက်ထိုးပေးပါဟု စာ

ရေးသူ မေတ္တာရပ်ခံတော့-

"အစ်မကြီးအောင်မောင်းတီးပေး ပါ"

ဟု ဆိုကြပါသည်။

တီးဝိုင်းအဖွဲ့မှ အောင်စည်ကြီး (လူတစ်ရပ်အရှည်ခန့်) ကိုးချက်တီး လိုက်ပါပြီ။ စာရေးသူ အောင်မောင်း အား ဘယ်လက်ဖြင့်ကိုင်၊ ညာလက်က မောင်း ထုရန်ကိုင်ဆောင်ပြီး-

"ကျေးဇူးရှင် ဘဘအောင်မင်း ခေါင်ကြီးဘုရား။ အောင်ဆုများပေး တော်မူပါ။ အောင်ပွဲခံရန် အောင်စည် တီးပါပြီ။ အောင်မောင်းသံနာခံပြီး အောင်ပွဲယူခွင့်ပေးတော်မူပါ"

ဟု လျှောက်ထားကာ အောင် မောင်းကြီးကို အားပါးတရကိုးကြိမ်တိတိ တီးခတ်လိုက်ပါတော့သည်။ ပရိသတ် အများ ဂါထာရသူက လိုက်ဆိုကြ၊ မရ သူတို့ကလည်း ညာလက်ရုံးတဆန့်ဆန့် နှင့် အဘအောင်မင်းခေါင်၏ အောင် ထူးဆန်းဂါထာတော်ကို ရွတ်ဆိုတီးမှုတ် ပူဇော်ကာ အောင်ပွဲခံယူလိုက်ကြပါ သည်။ ဘုရားပင့်အဖွဲ့က-

"အစ်မကြီးရေ၊ အစစပြည့်စုံလွန်း လို့ ဝမ်းသာမိပါတယ်"

ဟု ပြောကြားကြပါ၏။

အားလုံးက အောင်ပါစေသော်ဟု ရွတ်ဆိုကာ အောင်ပြီ၊ အောင်ပြီ၊ အောင် ပြီဟု အောင်ဆုတော်ယူလိုက်ကြပါ၏။

ဘုရားရှင်တို့၏ သာသနာတော် သည် နှစ်ပေါင်း ငါးထောင် တည်တံ့ခိုင် မြဲပါစေသော်။ သာသနာတော်ကို ချီးမြှောက်ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူ ပုဂ္ဂိုလ်များ၊ ဝေနေယျအများ ကုသိုလ် ပွားများစေရန် စေတနာမှန်သည့် မွန် ပြည်နယ် ကျိုက်မရောမြို့ ဆုတောင်း ပြည့်ကျောင်းတိုက် ပဓာနနာယကဆရာ တော်ဘုရားကြီး၊ ဘုရားပင့်ဆောင်လာ သည့် အကျိုးတော်ဆောင်အဖွဲ့ဝင်များ အားလုံး လူမျိုး၊ ဘာသာ၊ သာသနာ တော်ကြီးအကျိုးကို အောင်မြင်စွာ၊ စိတ်ချမ်းသာစွာ သယ်ပိုးရွက်ဆောင် တော်မူ နိုင်ကြပါစေသတည်း။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါ နေသို့လင်းစေသော်၊

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါ လသို့လင်းစေသော်၊

ဗုဒ္ဓမြတ်စွာ သာသနာ ကမ္ဘာအနှံ့ လင်းပျံ့ပါစေသော်။

ဓာတနာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com

# မြောင်းမြ-မြင့်လှိုင်

## ကြမ္မာမုန်တိုင်းစဲလေသော်



ပြောရရင် ဘမောင်ရဲ့သက်မွေးပြေးလမ်းတစ်လျှောက်ဟာ ဆိုးပေကြမ်းတမ်းလှပါတယ်။

ဒါကြောင့်မို့လည်း ဘမောင်တစ်ယောက် ကြီးကောင်မဝင်တတ်ခင်ကတည်းက ရရာအလုပ်ကို ရှာဖွေလုပ်ကိုင်ခဲ့ရတယ်။

တကယ်ဆို ဘမောင်အနေနဲ့ ရာသက်ပန် ထိုင်စားမယ်ဆိုရင်တောင် ထိုင်စားနိုင်လောက်တဲ့ ပစ္စည်းဥစ္စာတွေကို ဘမောင်အဖေ မသေခင်ကတည်းက သိမ်းပေးထားခဲ့ပေမယ့် အဖေသေပြီး မျက်နှာလွှဲသွားတာနဲ့ ဘမောင်အစ်ကိုကြီး လှဆောင်က တစ်ဦးတည်း မောင်ပိုင်စီးခဲ့တယ်။ ဒီတုန်းက ဘမောင်ခမျာလည်း လူလားမှမမြောက်သေးတာကိုး။

လှဆောင်ဆိုတာလည်း လက်ကြောကလွဲရင် ကျန်တဲ့အကြောအကုန်တင်းတယ်ဆိုတဲ့ လူစားထဲကလေ။ အသောက်အစားနဲ့ အလောင်းကစားကို ဝါသနာထုံသလို၊ မြာကလည်းပွေလိုက်သေးသကိုး။ ဒါကြောင့်မို့လည်း ဘာမှမကြာလိုက်တဲ့ အချိန်လေးအတွင်းမှာ သူတို့အဖေထားခဲ့တဲ့ ဥစ္စာပစ္စည်းတွေ တက်တက်ပြောင်တဲ့အပြင် လယ်ကေတော်တော်များများနဲ့ အိမ်ကိုပါ ပေါင်လိုက်ရတဲ့အဖြစ်ကို ရောက်သွားခဲ့တယ်။

လူမိုက်နဲ့ငွေ အတူမနေ ဆိုတဲ့စကားဟာ လှဆောင်လိုလူမျိုးအတွက် *ပေါ်လာရတဲ့စကားပဲ ဖြစ်မယ်ထင်ပါရဲ့။* ဒီလိုဘဝအခြေအနေဖြစ်နေတာတောင် လှဆောင်က အသိတရားရဖို့ဝေးလို့ သူလိုဘပြည့်ဖို့အတွက် လူဆိုးတွေနဲ့ပေါင်းပြီး စောရအလုပ်တွေတောင် လိုက်လုပ်နေလိုက်သေးတယ်လေ။

အခုလည်း လှဆောင် ရွာကပျောက်နေတာကြာပြီ။ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းကို ဘယ်သူမှအပ်ကျမပ်ကျမပြောနိုင်ကြဘူး။ ရွာကလူတွေအနေနဲ့ကတော့ လှဆောင် အခုလို ရွာမှာမရှိတာကိုဘဲ ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီးကင်းသွားသလို စိတ်ချမ်းသာဖြစ်နေကြပေမယ့် လှဆောင်ရဲ့မိခင်ကြီးနဲ့ ညီမငယ်ရဲ့ စားမှုကိစ္စအဝဝကတော့ ဘမောင်ရဲ့ပခုံးပေါ်ကို စီးစီးပိုးပိုးကြီးနေရာယူလာခဲ့တယ်။

တကယ်တော့ ဘမောင်အနေနဲ့ စားဝတ်ရေးဆိုတာကြီးကို နာလည်သေးတဲ့အရွယ်တော့ မဟုတ်သေးဘူး။ ဒါပေမယ့်လည်း ထမင်းတစ်လုတ်၊ ရေတစ်မှုတ်အတွက် အခက်အခဲရှိလာပြီဆိုတော့လည်း၊ ရရာအလုပ်ကို ရှာဖွေလုပ်ကိုင်ခဲ့ရရှာတယ်။ လောကဓံရဲ့အထုအထောင်းကို အရွယ်နဲ့မမျှအောင် ခါးစည်းခံနေရင်းက သူတို့ရွာနဲ့ တစ်ညအိပ်ခရီးလောက်ကွာဝေးတဲ့ မြို့ငယ်လေးတစ်မြို့မှာ အလုပ်လုပ်ရဖို့ အကြောင်းဖန်လာခဲ့တယ်။ ဒါကလည်း ရွာဦးကျောင်းမှာနေတဲ့ ကပ္ပိယကြီးက ဘမောင်ကို သနားတာနဲ့ မြို့ပေါ်က သူ့မိတ်ဆွေ *အလုပ်မှာသွင်းပေးခဲ့တာ။*

မြို့ပေါ်သွားမယ့်နေ့က ဘမောင် မိခင်ကြီးကို ကန်တော့တယ်ဆိုရင်ပဲ မိခင်ကြီးက ဘမောင်လက်မောင်း... အားကိုးတကြီးဆုပ်ကိုင်လိုက်ရင်း -

"သားလေးရေ၊ အလုပ်လုပ်ရင်း... မင်းအစ်ကိုကြီးကိုလည်း သတိရ... ကွယ်။ တွေ့အောင်ရှာပြီး အမေ့ဆီခေါ်... ခဲ့ပေးပါနော်"

ပြောရင်းက မျက်ရည်ကျရှာ... မိခင်ကြီးကို ဘမောင်လည်း တတ်... သလောက်တော့ ဖျောင်းဖျပြောဆို... ခဲ့တယ်။

"ဒီလောက်လည်း စိတ်သော... ရောက်မနေပါနဲ့ အမေရယ်။ အစ်ကိုကြီး... ကို သားတွေ့အောင်ရှာပြီး အမေ့... အရောက် သားခေါ်ခဲ့ပါ့မယ် အမေ"

မိခင်ကြီး စိတ်ချမ်းသာဖို့ က... ပေးလိုက်ရပေမယ့် မိုးလင်းက မိုးချုပ်... အလုပ်နဲ့မပြတ်အောင် လုပ်နေရ... ဘမောင်အတွက်တော့ သူ့အစ်ကိုကို... ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်... ဘူး။ ဆိုးတဲ့မိုက်တဲ့သားကိုမှ သံယော... ကြီးနေရှာတဲ့မိခင်ကြီးရဲ့ စိတ်သော... အတွက်တော့ အမြဲတမ်းလိုလို ရတ... မအေးဖြစ်ခဲ့ရတယ်။

ဒါပေမယ့်လည်း သူ့အနေနဲ့ ဘာ... မတတ်နိုင်သေးဘူး။ ဘာအလုပ်မှမလု... ရဘဲ တစ်နေကုန်ရှာနိုင်တဲ့တစ်နေ့ကျ... *သူ့အစ်ကိုကြီးကိုရှာပြီး မိခင်ကြီးရဲ့...* က်တွေကို ဖြေဖျောက်ပေးမယ်လို့တော့ အားခဲထားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘမောင်အလုပ်ရှင်ကလည်း စိတ်သဘောထားပြည့်ဝရှာတယ်။ ဆွေကြီးမိုးကြီး၊ လယ်ရှင်ယာရှင်ဘဝကနေ မိသားစု စားဝတ်နေရေး ရပ်တည်မှုအစဉ်ကလျှားဖြစ်လို့သာ အလုပ်လာလုပ်နေရရှာတဲ့ ဘမောင်ကို ကရုဏာထားရှာတယ်။ အလုပ်ချိန်ပြင်ပခိုင်းတာပြုတာဆိုရင် လစာအပြင် သီးသန့်ငွေကြေးလေးတွေ ထောက်ပံ့ပေးတယ်။ အခါကြီးရက်ကြီး ပွဲလမ်းသဘင်ရှိရင်လည်း တခြားအလုပ်သမားတွေထက် ဘမောင်ကို မုန့်ဖိုးပဲဖိုးလေးတွေပိုပေးတတ်တယ်။

ဒါကြောင့်မို့လည်း မိခင်ကြီးနဲ့ နှမငယ်ဆီ လစာထောက်ပံ့နိုင်တဲ့အပြင် ငွေပိုလေးတွေပါ ဘမောင် စုဆောင်းနိုင်ခဲ့တယ်။ တစ်ခါတလေတော့လည်း ဘမောင် စဉ်းစားမိတယ်။ သူတို့အိမ်နဲ့လယ်တွေပေါင်ထားတဲ့ ငွေတစ်သောင်းကို ဘယ်တော့များမှ စုမိလို့ ပြန်ရွေးနိုင်



www.burmeseclassic.com

www.burmeseclassic.com

ပါ့မလဲပေါ့။ တကယ်တမ်းသာ ငွေတစ်သောင်းစုမိခဲ့ရင် အခုလို သူများဆီမှာ အလုပ်လုပ်စရာအကြောင်းမရှိတော့ဘူးလေ။ သူတို့လယ်ကရတဲ့ ဝင်ငွေနဲ့တင် မိသားစုစားဝတ်နေရေးကို ကောင်းကောင်းကြီး ဖြေရှင်းနိုင်တယ်။

ဒီလို ကိုယ့်အလုပ်နဲ့ကိုယ် ဖြစ်လာတဲ့တစ်နေ့တော့ အစ်ကိုကြီးကို တွေ့အောင်ရှာပြီး မိခင်ကြီးရဲ့စိတ်သောကတွေကို ဖြေဖျောက်ပေးမယ်လို့ တွေးထားတယ်။ သူလိုတဲ့ငွေတစ်သောင်းကလည်း ဘယ်နေ့၊ ဘယ်ရက်များမှ ပြည့်ပါ့မလဲ။ လက်ရှိ သူရတဲ့လစာငွေဆိုတာကလည်း ပြောပလောက်တဲ့ လစာငွေမဟုတ်ဘူး။ ဒီအတိုင်းသာဆို သူ့အနေနဲ့ နှစ်ရှည်လများ စုဆောင်းရဦးမယ်ထင်ရဲ့။

သူနေရာမှာ တခြားတစ်ယောက်ယောက်သာဆို မဖြစ်နိုင်တာကို မမျှော်မှန်းတော့ဘဲ လက်လျှော့လိုက်မှာ ကျိန်းသေတယ်။ ဘမောင်ကတော့ တစ်စက်တစ်ပေါက် ကြိမ်ဖန်များသော်ဆိုတဲ့ ထုံးကို နှလုံးမူထားရှာတယ်။ ဆိုကြပါစို့၊ ရာသီစက်ဝန်းဟာ လောကဓမ္မတာအတိုင်း တစ်ပတ်ပြီးတစ်ပတ် ကုန်ဆုံးလွန်မြောက်ပြီးတဲ့နောက် ဘမောင်မျှော်လင့်တောင့်တနေတဲ့ မင်္ဂလာရက်ကို ရောက်ရှိလာခဲ့တယ်။

ဒီလအတွက်ရတဲ့ လစာငွေနဲ့ သူ့ဌေးဆီမှာ သူစုထားတဲ့ငွေအားလုံးပေါင်းလိုက်ရင် ငွေတစ်သောင်းပြည့်ပြီ။ လကုန်ရက်ရောက်တော့ ဘမောင် သူဌေးဆီသွားပြီး သူစုထားတဲ့ငွေတစ်သောင်းပြည့်ပြီဖြစ်လို့ရွာပြန်တော့မယ့်အကြောင်းသွားပြောတယ်။ သူဌေးကလည်း ဘမောင်အတွက်လိုက်လှဲစွာဝမ်းမြောက်ရှာတယ်။

ပြန်မယ်ဆိုတော့လည်း ပြန်ပေါ့။ ဒါပေမယ့် အခုပဲ နေကစောင်းနေပြီဆိုတော့ အလုပ်ရှင်သူဌေးက ပြောတယ်။

"ဟေ့-ဘမောင်၊ မင်းဟာက အခုညတွင်းချင်းပြန်မှာလားကွ၊ မနက်လင်းမှသွားတော့ကော မဖြစ်ဘူးလား။ မနက်လှည်းကြုံလေးဘာလေးရှိတော့ ပို မကောင်းဘူးလား"

နှစ်ရှည်လများ အောင့်အည်းသည်းခံခဲ့တဲ့ ဘမောင် အခုအချိန်မှာတော့ ဘယ်လိုမှဆက်ပြီးသည်းခံနိုင်စွမ်းမရှိတော့ဘူး။ ငွေထုပ်ပိုက်ပြီး ရွာကိုပြန်ဖို့သာ အာသာဆန္ဒပြင်းပြနေတယ်။ ဒါနဲ့ အလုပ်ရှင်ကိုလည်း ပြောပြတယ်။

"ကျွန်တော့်ကို သွားခွင့်ပြုပါခင်ဗျာ။ ငွေတွေကို သတိ၊ ဝီရိယနဲ့ယူသွားပါ့မယ်"

အလုပ်ရှင်ကလည်း စိုးရိမ်စိတ်နဲ့ ထပ်ပြောတယ်။

"ကဲပါလေ၊ မင်းဒီလောက်ဆန္ဒရှိနေမှတော့ သွားပါ။ ဒါပေမယ့် ငွေကိုနည်းနည်းလောက်ပဲယူသွားပေါ့။ နောက်တစ်နေ့လင်းလင်းချင်းချင်းကျမှ ကျန်တဲ့ငွေကို ထပ်လာယူရင် မကောင်းဘူးလား"

အလုပ်ရှင်သူဌေးပြောတာ သူ့အကျိုးအတွက်ဆိုတာလည်း ဘမောင်သိတယ်။ သဘာဝလည်းကျတယ်။ ဘယ်တုံးကမှ အလုပ်ရှင်စကားကို ကလန်ကဆန်မလုပ်ခဲ့ဘူးတဲ့ ဘမောင် အခုတော့ ဘယ်လိုမှတားမနိုင်ဆီးမရ တစ်နေ့တစ်မနက်တောင် မစောင့်နိုင်တော့ဘူး။

ဒီတော့ အလုပ်ရှင်ကလည်း -

"ကဲပါလေ၊ မင်းအနေနဲ့ ဘယ်လိုမှမစောင့်နိုင်ဘူးဆိုလဲ မင်းဆန္ဒပေါ့"

လို့ ပြောပြီး ဘမောင်အပ်ထားတဲ့ငွေတွေကို အခုရမယ့်လစာငွေနဲ့ တစ်ပေါင်းတည်းထုတ်ပေးလိုက်တယ်။

ဘမောင်က ငွေတွေကို တယုတယကိုင်ကြည့်ရင်း အနှစ်နှစ်အလလက ခွဲခွာနေရတဲ့ဆွေမျိုးသားချင်းတွေကို ပြန်တွေ့ရသလို စိတ်နှလုံးလှုပ်ရှားတက်ကြွပျော်ရွှင်နေတယ်။ ပြီးတော့ ငွေတွေကို ပုဆိုးဟောင်းတစ်ထည်နဲ့ သေချာစွာထုပ်ပိုးပြီး အလုပ်ရှင်ကို ခွင့်တောင်းကာ ရွာကိုပြန်ခဲ့တယ်။ နံနက်လင်းအောင် စောင့်ဆိုင်းဖို့ဆန္ဒ သူ့မှာမရှိတော့ဘူး။

သွားခါနီးတော့ အလုပ်ရှင်က -

"ဟေ့ဘမောင်၊ ဒါလေးတော့ လိုရမည်ရဆောင်သွားဦးဟ။ ညရေးညတာ လမ်းခရီးမှာ ဘယ်လိုအန္တရာယ်ရှိတယ်လို့ ပြောလို့ရတာမဟုတ်ဘူး"

လို့ ပြောပြီး ပေးလိုက်တဲ့ဓားရှည်တစ်ချောင်းခါးထိုးပြီး ဘမောင်ရွာဘက်ကို ထွက်လာခဲ့တယ်။

လမ်းမှာ မြင်မြင်သမျှ သက်ရှိ၊ သက်မဲ့အားလုံးကို ဘမောင်စိတ်ထဲက လက်ပြနှုတ်ဆက်ခဲ့တယ်။ ဘမောင် သူ့ချွေးနဲ့စာနဲ့ အိမ်တွေ၊ လယ်တွေ ပြန်ရွေးနိုင်တော့မှာမို့ စိတ်ထဲက ကြည်နူးဝမ်းသာမိပေမယ့် သူထွက်လာခါနီး မိခင်ကြီးမှာလိုက်တဲ့ သူ့အစ်ကိုကြီးကိုရှာပြီးခေါ်မသွားနိုင်သေးတာကိုတော့ ရင်ထဲမကောင်းခဲ့ဘူး။ ရွာပြန်ရောက်ပြီးမှပဲ သူ့အစ်ကိုကြီးကို ကြိုးစားရှာပေးတော့မယ်လို့ တွေးထားလိုက်တယ်။

မြို့ငယ်လေးဟာ ဘမောင်ရဲ့ အနောက်မှာ တဖြည်းဖြည်း ဝေးကွာကျန်ခဲ့တယ်။ ရှေ့ကိုက် (၂၀) လောက်ဆို သစ်ကြီးဝါးကြီးတွေ ထူထပ်လှတဲ့ တောတန်းကြီး ဖြတ်သန်းရတော့မယ်။ ဘမောင်တို့ရွာကို ဒီတောရဲ့အလယ်တ... လှည်းလမ်းအတိုင်း ခရီးဆက်ရမှာ။

ဘမောင် ခပ်သွက်သွက်လျှောက်... လှမ်းရင်းက ညဥ့်ဟာနက်သထက်နက်... လာခဲ့တယ်။ အမှောင်ထုဟာလည်း ကြီး... မားစွာနဲ့ လောကတစ်ခွင်လုံးကို လွှမ်း... စပြုလာတယ်။ ညနေစောင်းက တွေ့... မြင်နေရသေးတဲ့ သစ်ကြီးဝါးကြီးတွေ... ဟာ အခုအချိန်မှာတော့ အမှောင်ထု... နစ်မြုပ်ပျောက်ကွယ်နေကြပြီ။ ကိုယ့်... လက်ဖဝါးကိုယ်တောင် ပြန်မြင်ရ... ခဲယဉ်းလှတော့တယ်။

ခုအချိန်မှာတော့ ဘမောင်ဟာ... စိတ်သွားတိုင်း ကိုယ်ကလိုက်နေ... သေးတယ်။ ဘယ်လိုအတားအဆီးက... ဘမောင်ရဲ့လုံ့လကို တားဆီးနိုင်မှာ... မဟုတ်ဘူး။

ဘမောင်သွားနေရင်းက တစ်... ရာရောက်တော့ ရှေ့ဆက်ရမယ့်လမ်း... ပျောက်သွားတယ်။ ဟိုတုန်းကတော့ ... လမ်းကို တစ်ခါသွားခဲ့ဖူးတယ်။ ဒီတု... ကတော့ နေ့လယ်နေ့ခင်းကြီးကိုး။ အ... ဟာက အရပ်လေးမျက်နှာ မှောင်... မည်းမည်း စမ်းတဝါးဝါးဆက်လျှော... နေတော့လည်း ဒီနားမှာပဲလည်... တယ်။

ဒီအချိန်မှာ သစ်ရွက်ခြောက်... နင်းလျှောက်လာတဲ့ ခြေသံလိုလိုကြား... လိုက်မိတယ်။ ခြေသံရှင်ဟာ သူ့ရှေ့... ဘက်ကို ဦးတည်ပြီးလျှောက်လာတ... အနားရောက်တော့ တောလိုက်မုဆိုး... ထင်ရတဲ့ ညစ်ထေးထေးလူတစ်ယော... ဖြစ်နေတယ်။

ဘမောင်အနေနဲ့ အတော်လေး... အားတက်သွားပြီး စိတ်သက်သာရာ... သွားတယ်။ ဒါနဲ့ ချက်ချင်းဆိုသလို-

"ဒီမှာနောင်ကြီး ကျုပ်ကိုတစ်ချက်... ကူညီပါ။ ကျုပ်လမ်းပျောက်နေလို့ပါ"

လူစိမ်းက ဘမောင်ကို ခြေဆုံး... ခေါင်းဆုံးကြည့်ပြီး-

"ခင်ဗျားက ဘယ်သွားမှာတုံး"

ဘမောင်က သူ့ရွာနာမည်ကိုပြော... လိုက်တယ်။ လူစိမ်းက ဘာမှထပ်မမေး... တော့ဘဲ ရှေ့ကဦးဆောင်ခေါ်သွား... တယ်။ ပြီးတော့ လူသွားလမ်းကျဉ်း... တစ်ခုကို ညွှန်ပြပြီး -

"ဒီလမ်းအတိုင်းတည့်တည့်သွား...



www.burmeseclassic.com

www.burmeseclassic.com

သိုက်၊ လမ်းဆုံးရင် ညာဘက်ကိုချိုး"

ဘမောင်က လူစိမ်းကို ကျေးဇူးတင်စကားပြောပြီးညွှန်ပြတဲ့လမ်းအတိုင်း လျှောက်လာခဲ့တယ်။ ပတ်ဝန်းကျင်မှာ တစ်ချက်တစ်ချက်အော်မြည်ပြီး ပျံသန်းသွားတဲ့ ညငှက်အသံတွေကလွဲလို့ အမှောင်ထုထဲမှာ တိတ်ဆိတ်စွာ အိပ်မောကျနေကြတယ်။

အတန်ငယ် လျှောက်မိတယ်ဆို ဘမောင်ခမျာ ပင်ပန်းနွမ်းနယ်လာခဲ့တယ်။ ခြေတွေ၊ လက်တွေတောင် လှမ်းချင်လှမ်းချင် လှမ်းနေရတယ်။ တစ်နေကုန် အလုပ်လုပ်ပြီး ဆက်တိုက် ခရီးပြင်းနှင်လာရတာကိုး။

ရှေ့လမ်းကလေး ဆုံးသွားတော့ ညာဘက်ခြမ်းမှာ ဝါးတဲလေးတစ်လုံးကို လှမ်းမြင်လိုက်ရတယ်။ မှုန်တိမှုန်ဝါးမီးရောင်ကလေးဟာ အပြင်ဘက်အမှောင်ထုထဲကို ထိုးထွက်နေတယ်။ တံခါးမရှိ ဟင်းလင်းပွင့်နေတဲ့ တဲကလေးထဲမှာ အမျိုးသမီးတစ်ယောက် မှုလအရောင် အသွေးခန့်မှန်းရခက်တဲ့ ခြင်ထောင်စုတ်တစ်လုံးကို ဖာထေးချုပ်လုပ်နေတယ်။ အခုလို ညဥ့်နက်သန်းခေါင်ကြီးတောင် သူမှာအိပ်ဖို့ကို တာမစူနိုင်သေးဘူး။

ဒါနဲ့ ဘမောင်လည်း အိမ်ထဲလှမ်းဝင်ပြီး-

"ဒီမှာခင်ဗျာ၊ ကျွန်တော်ခရီးသွားတစ်ယောက်ပါ။ တောထဲမှာ လမ်းမှားနေလို့ အလင်းရောင်သန်းချိန်အထိ ခေတ္တ တည်းခွင့်ပေးပါလားခင်ဗျာ"

တဲရှင်အမျိုးသမီးက ဘမောင်ကို ထူးထူးဆန်းဆန်းတစ်ယောက်လို အံ့ဩဟန် ကြည့်နေလိုက်ပြီး-

"ရှင်တော့ ခုက္ခပဲ၊ ညကြီးသန်းခေါင် ဘယ်လိုဒီတောထဲရောက်လာရတာလဲ။ ဒီအိမ်ကိုကောဘယ်သူ့အိမ်မှတ်လို့လဲ"

"ဘယ်သူ့အိမ် ဆိုတာကိုတော့ ကျွန်တော်ဘယ်သိပ့်ါမတုံး။ တောထဲမှာ ရက်စိလည်လမ်းမှားနေတုန်း လူတစ်ယောက်က ဒီဘက်ကိုညွှန်လိုက်လို့ ရောက်လာရတာပဲ"

"ကျွတ်- ခက်တော့တာပဲ။ ရှင့်ကို လမ်းညွှန်လိုက်တာ ကျွန်မယောက်ျား အိမ်ပိုင်ရှင် ဓားပြရှင့်"

ဘမောင်ခမျာ လန့်ဖျပ်ပြီး အလျင်စလိုမေးလိုက်တယ်။

"အလို ဒါဆို ကျွန်တော် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲတော့ ကျွန်မလည်း မစဉ်းစားတတ်တော့ဘူး။ ရှင့်နောက်လိုက်လာမှာတော့ အသေအချာပဲ"

ဘမောင်နဲ့ တဲရှင်အမျိုးသမီး အပြန်အလှန်ပြောဆိုနေချိန်မှာပဲ အပြင်က လျှောက်လာတဲ့ခြေသံကိုကြားလိုက်ကြ တယ်။

"ကဲ၊ကဲ-မြန်မြန်ထပါ။ အချိန်မရှိတော့ဘူး"

တဲရှင်အမျိုးသမီးက ဘမောင်ကို တဲနောက်ဘက် မှောင်ရိပ်ကျသော နေရာတစ်ခုမှာဝှက်ထားပေးလိုက်တယ်။ ဒီအချိန်မှာပဲ ဘမောင်ကိုလမ်းညွှန်လိုက်တဲ့ဓားပြဟာ တဲအပေါက်ဝမှာရပ်ရင်း-

"ငါလွှတ်လိုက်တဲ့လူ ဘယ်မှာလဲ"

"လူ၊ ဘယ်ကလူလဲ။ ဘယ်သူမှ မလာပါဘူး"

အမျိုးသမီးရဲ့စကားကို ဓားပြက စိတ်မရှည်ဟန်နဲ့ -

"ငါကိုယ်တိုင် လူတစ်ယောက်ကို ဒီလမ်းအတိုင်း ညွှန်လွှတ်လိုက်တာ၊ လမ်းမှာလည်းမရှိဘူး၊ အိမ်မှာလည်းမရှိဘူးဆိုတော့ ဘာလဲ ဒီလူမြေလျှိုမိုးပျံသွားလို့လား"

"ဒါတော့ ကျွန်မလည်း ဘယ်သိမှာတုံးတော်"

အိမ်ရှင်အမျိုးသမီးက တကယ့်ကို မသိဟန်နဲ့ပြောလိုက်တယ်။

ဓားပြက စိတ်မရှည်တော့ဘဲ အမျိုးသမီးရဲ့ဆံပင်ကို ဆောင့်ဆွဲပြီး ခြေနဲ့တစ်ချက်ကန်လိုက်တယ်။

"နင် ဒီအကျင့်တွေ ခုထိမဖျောက်သေးဘူးလား။ သူ့ကိုကာကွယ်ပေးနေရအောင် ဒီလူက နင့်လင်မို့လား ကောင်မရဲ့"

ဓားပြက ပြောလည်းပြော၊ နှိပ်လည်းနှိပ်စက်လုပ်နေပေမယ့် အမျိုးသမီးကတော့ ဘမောင်ရှိတဲ့နေရာကို ဖွင့်မပြောရှာဘူး။

အမှောင်ထဲက ကြည့်နေတဲ့ ဘမောင်က ဓားပြရဲ့ရက်စက်ပုံကို အတိုင်းသား မြင်တွေ့နေရတယ်။

"အင်း - ဒီအတိုင်းဆို ငါလည်း ဆက်ပုန်းနေလို့ ဘာမှအကျိုးထူးမှာ မဟုတ်ဘူး။ ငါ့အတွက်နဲ့ သူ့ခမျာ သက်သက်နှိပ်စက်ခံနေရရှာတယ်"

လို့ စဉ်းစားမိရင်း -

"ဟေ့ ဒီမှာ နောင်ကြီး၊ မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ နှိပ်စက်ဖို့တော့မကောင်းပါဘူး။ ခင်ဗျားတွေ့ချင်နေတာ ကျုပ်ကိုမဟုတ်လား"

ဘမောင်လှမ်းပြောရင်း အမှောင်ထဲက ထွက်လာခဲ့တယ်။ ဓားပြက သူ့မိန်းမကို နှိပ်စက်နေရာကလွှတ်လိုက်ပြီး ခြသေ့်က သားကောင်ကို ခုန်အုပ်သလို ဘမောင်ကို ခုန်အုပ်လိုက်ပြီး အဆက်မပြတ် ထိုးကြိတ်လိုက်တယ်။

ဘမောင်အနေနဲ့တော့ ဘယ်လိုမှ ပြန်လည်ခုခံနိုင်စွမ်းမရှိခဲ့ဘူး။ သူဟာသူ တောင် ပင်ပန်းနွမ်းနယ်လို့ အနိုင်နိုင်ရပ်တည်နေရတဲ့အနေအထားကိုး။

အိမ်ရှင်ဓားပြက စိတ်ကျေနပ်အောင် ထိုးကြိတ်လို့ဝမှ ဘမောင်ကိုယ်ပေါ်က ပစ္စည်းတွေကို သိမ်းယူလိုက်တယ်။ အဝတ်အစားကအစ အဟောင်းအစုတ်နဲ့လဲဝတ်စေပြီး အိမ်အပြင်ဆွဲထုတ်သွားတယ်။

ဘမောင်ရဲ့ပစ္စက္ခအခြေအနေကတော့ တစ်ခုခုပြန်ပြောဖို့တောင် ပါးစပ်မနည်းဟနေရတဲ့ အနေအထားပါ။ ဒါကြောင့်မို့လည်း ဓားပြက ဘမောင်ကို လက်စတုံးဖို့လုပ်ဖို့ထိတော့ မသင့်ဘူးလို့ တွေးမိလိုက်တယ်ထင်ပါရဲ့။

အိမ်ပြင်ရောက်တော့ ဘမောင်က အားယူပြီး မတ်တတ်ရပ်လိုက်တယ်။ ပြီးတော့ အရဲစွန့်ပြီး ဓားပြကိုပြောလိုက်တယ်။

"ဒီမယ်၊ ခင်ဗျား ကျုပ်ဆီက ငွေတွေ၊ ပစ္စည်းတွေ အကုန်ယူပြီးပြီ။ အခုလို ညဥ့်နက်သန်းခေါင် တောကြီးမျက်မည်းထဲ ခြေဗလာ၊ လက်ဗလာနဲ့ ကျုပ်ဘယ်လိုခရီးဆက်မလဲ၊ သားရဲတိရစ္ဆာန်ရန်က နည်းနည်းပါးပါးကာကွယ်ဖို့ ကျုပ်ဓားကိုတော့ ပြန်ပေးပါ"

ဘမောင်ရဲ့ စကားကို ဓားပြက ကရုဏာသက်သွားပြီး ဘမောင်ဆီက သိမ်းထားတဲ့ဓားကို လှမ်းပစ်ပေးလိုက်တယ်။ မှုန်ဝါးဝါးအလင်းရောင်အောက်မှာ ဓားက လက်ခနဲ အရောင်တောက်သွားတယ်။

ဒါကိုမြင်လိုက်တဲ့ ဓားပြက -

"ဟေ့ ဟေ့ နေစမ်းပါဦးကွ၊ မင်းဓားက တယ်ကောင်းပါလား၊ အသစ်အတိုင်းပဲ။ နေဦး မင်းကို တခြားဓားတစ်ချောင်းပေးမယ်"

ဆိုပြီး အိမ်ထဲက သံချေးအထပ်ထပ်တက်နေတဲ့ ဓားဟောင်းတစ်ချောင်းကို ယူလာပေးတယ်။

ဘမောင်အနေနဲ့ ဘာတတ်နိုင်မှာတုံး။ ခေတ်ကာလအနေအထားက သက်ဆိုင်ရာကို တိုင်တန်းသမှုပြုလည်း ဘာမှထူးခြားလာမယ့်အနေအထားမျိုး မဟုတ်တာ။

နောက်တစ်နေ့လင်းတော့ ဘမောင်တစ်ယောက် အလုပ်ရှင်အိမ်တံခါးအဖွင့်



www.burmeseclassic.com

www.burmeseclassic.com

ကို ဝမ်းနည်းစွာငိုကြွေးရင်း စောင့်နေရှာတယ်။ သူ့ကိုယ်သူလည်းရှက်လို့ထင်ပါရဲ့ အိမ်တံခါးတောင်ခေါက်ပြီးမဝင်ရဲရှာဘူး။ အနှစ်နှစ်အလလက အခက်တစ်လမ်း၊ အကြမ်းတစ်သွယ် ဖွဲ့လုံ့လတွေနဲ့ ကျစ်ကျစ်ပါအောင် စုဆောင်းခဲ့ရတဲ့ ငွေတွေအလုခံရလို့ ထိခိုက်နာကျင်ခဲ့တာ မှန်ပေမယ့် အလုပ်ရှင်ပြောစကားကို နားမထောင်မိလို့ ငွေတွေ အခုလို တစ်လုံးတစ်ခဲတည်း ဆုံးရှုံးရတယ်ဆိုတဲ့အချက်က သူ့ရင်ကိုပိုပြီးထိခိုက်စေခဲ့တယ်။

ခဏနေတော့ အလုပ်ရှင်က အိမ်တံခါးဖွင့်လာတယ်။ တံခါးဝမှာရပ်နေတဲ့ ဘမောင်ကိုတွေ့တယ်ဆိုရင် မျက်လှည့်ဆရာတစ်ယောက်ရဲ့ မျက်လှည့်ပွဲကို ကြည့်လိုက်ရသလို အပြောင်းအလဲမြန်ဆန်လှတဲ့ ဘမောင်ရဲ့အဖြစ်ကို အံ့သြစွာနဲ့ စာနာသနားမိတယ်။ ချက်ချင်းဆိုသလို အိမ်ထဲခေါ်သွားပြီး အကျိုးအကြောင်းမေးရှာတယ်။

ဘမောင်လည်း ညကဖြစ်ခဲ့တာတွေကို ပြောပြလိုက်တယ်။ အလုပ်ရှင်သူဌေးက ဘမောင်ကို အပြစ်တင်စကားတစ်ခွန်းမှမပြောရှာဘူး။ လူ့ဘဝကံကြမ္မာဘာတစ်ခုကိုမှ ရေရာတိကျ နိမိတ်ပြလို့ရတာမျိုးမှမဟုတ်တာပဲလေ။

အခုတော့ ဘမောင်ခမျာ မနေ့က လုပ်လက်စအလုပ်တွေကို ဆက်ပြီးလုပ်ကိုင်နေရပြန်တယ်။ အလုပ်လုပ်နေရင်းက ညကအဖြစ်သနစ်ကို စိတ်ရောက်သွားတိုင်း တစ်ခဏမက်လိုက်ရတဲ့အိပ်မက်တစ်ခုလို ခံစားလိုက်ရတယ်။

ဓားပြပေးလိုက်တဲ့ ဓားအဟောင်းကြီးကို သူ့အခန်းထောင့်မှာထိုးထားတယ်။ တစ်နေကုန်အလုပ်လုပ်ပြီးလို့ သူ့အိမ်ခန်းပြန်ရောက်တာနဲ့ ပထမဆုံးစမြင်လိုက်မိတာက အဲဒီဓားအဟောင်းကြီးပဲ။ မြင်မိတိုင်းလည်း သူ့ဘဝရဲ့မျှော်လင့်ချက်တွေကို အစိတ်စိတ်အမြွှာမြွှာဖြစ်စေခဲ့တဲ့အဖြစ်ဟာ ရုပ်ရှင်အနှေးပြကွက်လို ပြတ်ပြတ်သားသား ထင်ဟပ်လာစမြဲပင်။ သူ့အသည်းစိုင်ကို ဆွဲကိုင်ချိုးဖဲ့စမြဲပင်။

'အင်း အခုအချိန်မှာတော့ အိမ်နဲ့ လယ် ပြန်ရွေးဖို့ဆိုတာကို မျှော်လင့်တောင်းတနေလို့ မဖြစ်နိုင်တော့ဘူး။ အစ်ကိုကြီးကိုရှာပြီး မိခင်ကြီးရဲ့သောကအပူကို ငြိမ်းအေးစေဖို့ဆိုတာ ပိုလို့တောင် မဖြစ်နိုင်တော့ဘူး'

လို့ တွေးမိရင်း စိတ်ထဲမှာ အားငယ်နေမိတယ်။

သူ့ရဲ့ယုံကြည်မှု၊ စိတ်ခွန်အားတွေဟာ ဘယ်ဆီဘယ်ဝယ် လွင့်စဉ်ကုန်ပြီဆိုတာ သူ့ကိုယ်သူပင် မသိနိုင်တော့ပေ။ ဘမောင်အနေနဲ့ ဒီအဖြစ်တွေကို မေ့ပြစ်နိုင်ရန် ကြိုးစားတယ်။ အိပ်ခန်းထဲရောက်လို့ ဒီဓားအဟောင်းကြီးကို မြင်မိတိုင်း ရင်ထဲမှာ နာကျင်ရစမြဲ။ တစ်ခါ ဓားပြရဲ့မိန်းမအကြောင်း စဉ်းစားမိပြန်တော့လည်း ဘမောင်ရင်ထဲ ကတညုတ်တရားတွေနဲ့ ပြည့်လျှံလာခဲ့ပြန်တယ်။

'သူ့ခမျာ ဓားပြမိန်းမသာဖြစ်နေရပေမယ့် စိတ်ရင်းသဘောတော့ကောင်းရှာသား။ အထုအထောင်းခံပြီး ငါ့ကိုကယ်တင်ပေးရှာတယ်။ ဒီတစ်သက်တော့ သူ့ကျေးဇူးကို ငါဘယ်လိုမှဆပ်နိုင်မှာမဟုတ်တော့ဘူး'

လို့ စဉ်းစားရင်း စိတ်မကောင်းဖြစ်မိတယ်။

ဒါနဲ့ ဘမောင်လည်း ဒီဓားအဟောင်းကို သူ့မျက်စိရှေ့ကမှာ မမြင်ချင်တော့ဘူး။ လွှင့်ပစ်ရအောင်လည်း အချည်းအနှီးမဖြစ်စေချင်ဘူး။

ဒီဓားအဟောင်းနဲ့လဲလိုက်ရတဲ့ တန်ဖိုးကနည်းမှမနည်းဘဲကိုး။

ဆိုတော့ ဘမောင်တို့နေတဲ့မြို့နဲ့ မလှမ်းမကမ်းလောက်မှာရှိတဲ့ ပစ္စည်းအဟောင်းတွေဝယ်တဲ့ဆိုင်ကို သွားရောင်းပစ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ တစ်မတ်ရရ ငါးမူးရရပေါ့။

ဒီလိုနဲ့ အလုပ်စောစောသိမ်းဖြစ်တဲ့နေ့မှာတော့ ဘမောင်က သူ့ဓားအဟောင်းကြီးကို ပုဆိုးနဲ့ပတ်ပြီး အဟောင်းဝယ်တဲ့ဆိုင်ကို ထွက်လာခဲ့တယ်။

ဆိုင်ရှင်တရုတ်အဘိုးကြီးက အသက်တော်တော်ကြီးရင့်နေပြီ။ ပါဝါမျက်မှန် ခပ်ထူထူတပ်ထားပြီး ရှေ့သွားနှစ်ချောင်းကလည်း အောက်နှုတ်ခမ်းကို ကဲလား ထိုးထားသလို ခေါ်ထွက်နေတယ်။ ဗမာစကားကို လိပ်ပတ်လည်အောင် ပြောဆိုတတ်ပေမယ့် စကားတော့ မပီရှာဘူး။ သူ့ဆိုင်မှာ ရှေးဟောင်းပစ္စည်းအတော်များများကို မှန်ဗီရိုတွေထဲမှာ ထည့်သွင်းပြသထားတယ်။

ဘမောင်ရဲ့ ဓားအဟောင်းကြီးကို ပါဝါမျက်မှန်ခပ်ထူထူနဲ့ သေချာကပ်ကြည့်တယ်။ ကြည့်ရင်းရင်း ဓားမင်းထိပ်နားကြည့်မိတော့ တရုတ်အဘိုးကြီး မျက်လုံးပြူးသွားတယ်။ ပြီးတော့ ပါးစပ်ကလည်း-

"တော်တော်အဖိုးတန်တဲ့ဓားပဲ"

ဘမောင်ကတော့ တရုတ်အဘိုးကြီးကိုကြည့်ရင်း ခပ်ဆိတ်ဆိတ်နေတယ်။ ဆိုင်ရှင်အဘိုးကြီးက ထပ်ပြောပြန်တယ်။

"ဒီဓားဟာ အဖိုးတန်ဓားတစ်ချောင်းပဲ။ ဘယ်ခေတ်ဘယ်မင်းဆက်လို့မဆိုနိုင်သေးပေမယ့် ဓားအရင်းပိုင်မှာ ဘုရင့်တံဆိပ်နှိပ်ခတ်ထားတယ်"

"ဒီဓားကိုရောင်းရင်ဘယ်လောက်များရနိုင်မလဲခင်ဗျာ"

ဘမောင်က မျှော်လင့်ဇောနဲ့ ဆိုင်ရှင်ကို မေးလိုက်တယ်။

တရုတ်အဘိုးကြီးက စဉ်းစားဟန်နဲ့ ခဏငြိမ်နေပြီးမှ -

"(၁၅၀၀၀)၊ (၁၅၀၀၀) လောက်တော့ ရမှာပဲ"

ဘမောင် အတော်လေး အံ့ဩဝမ်းသာသွားတယ်။ ဒီအတိုင်း တကယ်သာရခဲ့ရင် သူ့ရဲ့လက်ရှိဒုက္ခတွေကို ဖြေရှင်းနိုင်တော့မှာကိုး။

ဘမောင် ထိုငွေနဲ့ စိတ်ကူးအမျိုးမျိုးယဉ်နေတယ်။

"ငွေတစ်သောင်းနဲ့တင် သူ့လယ်နဲ့အိမ်ကိစ္စကို ဖြေရှင်းနိုင်တယ်။ ဒါဆိုငွေ (၅၀၀၀) ကြီးများတောင် ပိုပါသေးလား"

ဘမောင် အဲဒီလိုစဉ်းစားနေရင်းက ဓားပြမိန်းမကို ဖျတ်ခနဲ မြင်ယောင်မိလိုက်တယ်။ သူ့ကိုကာကွယ်ပေးဖူးတဲ့ ကျေးဇူးကိုဆပ်ဖို့ ရည်ရွယ်ထားခဲ့တယ်။

'အခုလက်ရှိအချိန်ဟာ ကျေးဇူးဆပ်နိုင်ဖို့ အသင့်တော်ဆုံးပဲ။ အစ်ကိုကြီးကိုရှာဖို့က ငွေတစ်ထောင်လောက်ဆို လုံလောက်တယ်။ ကျန်တဲ့ငွေလေးထောင်ဆို သူ့ကျေးဇူးကျေတန်ကောင်းပါရဲ့"

ဒီငွေနဲ့သာဆို သူလည်း မချိနှစ်သက်တဲ့ ဓားပြလက်အောက်က မလွတ်ရုန်းထွက်နိုင်လောက်တယ်။ ဒီငွေတွေ သူ့လက်ထဲမထည့်နိုင်သေးသမျှ ငါ့ရင်ထဲအပူလုံးလည်း ငြိမ်းအေးနိုင်မှာမဟုတ်ဘူး'

နောက်တစ်နေ့တော့ အလုပ်ရှင်သူဌေးဆီမှာ ငွေ (၁၁၀၀၀) ကို အပ်နှံခဲ့ပြီး နေမကွယ်ခင် တောတန်းကို ဖြတ်နိုင်ဖို့ ခပ်စောစောအိမ်ကထွက်လာခဲ့တယ်။ ဒီတစ်ခါတော့ သူနဲ့အတူ ငွေလေးထောင်သာယူလာခဲ့တယ်။ ဒီငွေကိုဓားပြမိန်းမလက်ထဲပေးပြီးတာနဲ့ အနီးနားရွာတွေမှာ သူ့အစ်ကိုကြီးကို လိုက်ရှာမယ်လို့ စဉ်းစားခဲ့တယ်။ ရှက်လို့သာ ကိုယ့်ရွာကို မပြန်ရဲတာလို့လည်း တွေးထင်မိတယ်။

'အင်း-ငါ့ရဲ့အမင်္ဂလာရက်တွေကတော့ ကုန်ဆုံးလုနီးပါးဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကောက်ဆို မင်္ဂလာရှိတဲ့ရက်တွေနဲ့သာ ကြုံရတော့မှာပါလေ။ ပြောစရာဆိုလို့ တစ်ခုပဲရှိတယ်။ ငါသာ အစ်ကိုကြီးကို မတွေ့လို့ ခေါ်မသွားနိုင်ခဲ့ရင် အမေ့ကို ငါဘယ်လိုပြောရမလဲ'

လို့ အမျှင်မပြတ် စဉ်းစားရင်းက အာလမ်းခရီးကို ဖြတ်သန်းလာခဲ့တယ်။

မားပြုအိမ်နားကို ရောက်ချိန်မှာတော့ နေမင်းကလည်း တောင်တန်းတွေပေါ်မှာ မေးတင်စပြုပြီ။ သစ်ပင်ကြီးငယ်တွေကို ပက်ဖျန်းထားတဲ့ ဝါရွှေရောင်နေခြည်ဟာ ခပ်နွေးနွေးရှိနေသေးတယ်။

ဘမောင်က ကျေးဇူးဆပ်တဲ့အနေနဲ့ မားပြုမိန်းမကို ငွေပေးတာမှန်ပေမယ့် မားပြုသိရင် မောင်ပိုင်စီးလိုက်မှာလည်း စိုးရိမ်ရသေးတယ်။ ဒါကြောင့် အိမ်ထဲကို ချက်ချင်းမဝင်သေးဘဲ ခပ်လှမ်းလှမ်းသစ်ပင်တွေကနေ မားပြုအခြေအနေကို စောင့်ကြည့်နေတယ်။ အိပ်တန်းပြန်ငှက်တို့ရဲ့ အော်မြည်သံကလွဲပြီး တဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ခြင်းတွေက မင်းမူနေတယ်။ အမှောင်ထုကလည်း တဖြည်းဖြည်းဝါးမျိုသိမ်းပိုက်စပြုလာပြီ။

မားပြုအိမ်ထဲက မီးရောင်လှဲ့လာတာတလွဲလို့ ဘာမှတော့ ထူးထူးခြားခြားလှုပ်ရှားတာ မတွေ့ရသေးဘူး။ ဒါနဲ့ ဘမောင်လည်း ဆက်စောင့်နေလို့ ဘာမှထူးမယ်မထင်တာနဲ့ အိမ်ထဲလှမ်းဝင်ခဲ့တယ်။ ညစ်ထပ်ထပ် ဝါးခုတင်ပေါ်မှာ မားပြုက ငြိမ်သက်စွာ အိပ်နေပြီး မားပြုမိန်းမက သူ့ခေါင်းရင်း မီးခွက်ဘေးမှာ ထိုင်နေတယ်။

ဘမောင် အတော်အံ့အားသင့်သွားတယ်။ ပြီးတော့ ရုတ်ခြည်းဆိုသလို မားပြုမိန်းမနားသွားပြီး -

"အစ်မကြီး၊ ကျွန်တော့်ကို မှတ်မိသယ်မဟုတ်လား။ လွန်ခဲ့တဲ့ နှစ်လလောက်က ဒီနေရာမှာပဲ ငွေတွေအလုခံရတာလေ။ အခု ဒီငွေတွေကို အစ်မကြီးယူလိုက်ပါ။ အဲဒီညက ကာကွယ်ပေးခဲ့တဲ့ အစ်မကြီးရဲ့ကျေးဇူးကို ဒီနည်းနဲ့ ပြန်ဆပ် ပါရစေ"

ပြောပြီးပြီးချင်း ဘမောင် ငွေထုပ်ထောင်ကို မားပြုမိန်းမဘေးချပေးလိုက်တယ်။ မားပြုမိန်းမက ငွေတွေကို မြင်ရင် အံ့သြဝမ်းသာစွာနဲ့ ဘမောင်ကို လှမ်းပြောလိုက်တယ်။

"ဒီနေ့ ရှင်ကျွန်မအသက်ကိုကယ်လိုက်တာပဲ။ ကျွန်မထမင်းမစားရတာ ကြာအတော်ကြာပြီ။ ရှင့်ဆီကနေယူလိုက်တဲ့ငွေတွေဆိုတာလည်း ကျွန်မမြင်တောင် မမြင်လိုက်ရဘူး။ အဲဒီငွေထုပ်နဲ့ နှစ်ရက်၊ သုံးရက် ပျောက်နေပြီး ပြန်လာတာ ခြူးတစ်ပြားတောင်ပါမလာ ခဲ့ဘူးလေ"

မားပြုက စကားသံတွေကြားတော့ နိုးလာတယ်။ မားပြုနိုးလာတော့ ဘမောင်က ခပ်သုတ်သုတ် အပြင်ကို လှမ်းထွက်လိုက်တယ်။ မားပြုကလည်း ဘမောင်ကိုမြင်ပြီး အားအင်ချည့်နဲ့သံနဲ့ လှမ်းခေါ်လိုက်တယ်။ ဘမောင်က တစ်လှမ်းချင်းပြန်ဝင်လာပြီး ခုတင်ဘေးမှာ ရပ်နေလိုက်တယ်။

ဘမောင်ကို လှမ်းကြည့်နေတဲ့ မားပြုရဲ့အကြည့်တွေထဲမှာ ကျေးဇူးတင်စိတ်တွေ ယှဉ်ဖိတ်နေတယ်လို့ ထင်ရတယ်။ ရောဂါဝေဒနာတစ်ခုခု ခံစားရပြီး အာဟာရချို့တဲ့တာကြာပြီဆိုတော့ သေတော့မယ့်လူနာလိုဖြစ်နေရှာတယ်။ အခုလိုတောကြီးမျက်မည်းထဲမှာ သူ့အတွက်တော့ ဘယ်လိုမှ မျှော်လင့်ချက် အရိပ်ယောင်မမြင်ရဘူး။

သူအခုမြင်နေရတာက သူကိုယ်တိုင် တစ်ချိန်က ပစ္စည်းတွေယူတဲ့အပြင် လူကိုပါ မသေရုံတမည်လုပ်ခဲ့မိတဲ့ လူတစ်ယောက်။ အဲဒီလူကပဲ အခုတော့ သူ့အသက်ကို ကယ်တင်ဖို့ ရောက်လာပြန်တယ်။

မားပြုက ဘမောင်လက်အစုံကို သူ့လက်နှစ်ဖက်နဲ့ အားကိုးတကြီး ဆုပ်ကိုင်ရင်း ကိုယ့်အသက်သခင်ရဲ့မျက်နှာကို စေ့စေ့ကြည့်တယ်။ မျက်လုံးထဲမှာလည်း မျက်ရည်တွေကဝေ့လို့သီလို့ပေါ့။ ဖြစ်နိုင်ရင် ဘမောင်ကို ရင်ချင်းအပ်ဖက်ထားချင်နေတယ်။ ဒါပေမယ့် သူ့ထဖို့ အားယူလိုက်တာနဲ့ အင်အားချည့်နဲ့စွာ ပြန်လဲကျသွားတယ်။

ဘမောင်က မားပြုဖြစ်နေပုံကို ကြည့်ပြီး တစ်ချိန်က သူ့ဘဝကို အစိတ်စိတ်အမွှာမွှာ ရိုက်ချိုးခဲ့တဲ့သူဆိုတာကို မေ့သွားတယ်။ အာဃာတတွေကို ခဝါချလိုက်တယ်။ ပြီးတော့ မားပြုဘေးမှာ ဝင်ထိုင်လိုက်တယ်။

မားပြုက ဒုတိယအကြိမ် သူ့လက်အစုံကို ဆုပ်ကိုင်လိုက်ပြန်တယ်။ ဘမောင်မျက်နှာကို အိပ်နေရာကနေ မော့ကြည့်ရင်း -

"ငါ့ကိုခွင့်လွှတ်ပါကွာ။ တစ်ချိန်က ငါလေ ပစ္စည်းတွေယူပြီး လူကိုပါ ညှဉ်းပန်းနှိပ်စက်လုပ်ခဲ့မိတယ်။ အခု မင်းက ငါတို့နှစ်ယောက်ရဲ့အသက်ကို ကယ်ဖို့ ရောက်လာခဲ့တယ်။ တကယ်ကို ငါဟာ လူယုတ်မာကြီးဖြစ်နေပါရောလားကွာ"

လို့ တုန်လှုပ်အက်ကွဲသံကြီးကို အားယူပြီးပြောလိုက်တယ်။ ပြီးတော့ ခဏငြိမ်သက်သွားပြန်တယ်။ ဆက်ပြောနိုင်ဖို့ကို ခန္ဓာကိုယ်ထဲက အရှိန်ယူနေရတယ်ထင်ရဲ့။ အတော်ကလေးကြာမှ မျက်ရည်တွေဝေသီနေတဲ့ မျက်လုံးအစုံနဲ့ ဘမောင်မျက်နှာကိုကြည့်ပြီး-

"ငါ့လို ယုတ်မာတဲ့လူ ဒီကမ္ဘာမှာ ရှိသေးရဲ့လား၊ ငါဟာ အဆိုးဆုံးအယုတ်မာဆုံး"

လို့ အသံလေးလေးကြီးနဲ့ပြောပြီး သူ့ဘဝဇာစ်မြစ်နဲ့ ဒီဘဝရောက်လာပုံကို မနည်းအားယူပြီး ပြောပြတယ်။

ဘမောင်လည်း နားထောင်ပေးရှာတယ်။ ညဉ့်နက်ပိုင်းရောက်လာလေလေ အမိုက်တိုက်က အိမ်အတွင်းမှာ မင်းမူလာလေလေပဲ။ အိမ်အပြင်ဘက်က တသုန်သုန်တိုက်နေတဲ့လေကြောင့်၊ သစ်ပင်ကြီးငယ်တွေ အချင်းချင်းပွတ်တိုက်သံဟာ ဟယ်ခနဲ ဟယ်ခနဲ သက်မချနေသလို ထင်နေရတယ်။

မားပြုကလည်း သူ့ရဲ့ဘဝဇာတ်ကြောင်းကို တုန်ယင်ခြောက်ကပ်တဲ့လေသံနဲ့ ဆက်ပြောနေတယ်။ ဘမောင်ကလည်း နားစိုက်ထောင်နေတယ်။ မားပြုက ပြောရင်း အရှိန်ရလာတော့ ရွာမှာ ကျန်ခဲ့တဲ့ သူ့ညီငယ်၊ ညီမငယ်နဲ့ မိခင်ကြီးအကြောင်းပြောရင်း ကျုံကျုံပါအောင် ထငိုလိုက်တယ်။

ဘမောင် အတော့်ကို အံ့အားသင့်တုန်လှုပ်သွားတယ်။ မားပြုမျက်နှာကို စေ့စေ့ပြန်ကြည့်ရင်း -

"အမယ်လေး အစ်ကိုကြီးပါလား"

လို့ ပြောရင်းက မားပြုကို လှမ်းဖက်လိုက်တယ်။

မားပြုကလည်း အံ့အားသင့်သွားတယ်။ ဘမောင်ရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း တစ်ယောက်မျက်နှာတစ်ယောက် အတန်ကြာစိုက်ကြည့်ပြီး -

"ညီလေး"

လို့ ခေါ်ရင်းက ဆောက်တည်ရာမရစွာနဲ့ ဘမောင်ကို သူ့ရင်ခွင်ထဲ အတင်းဆွဲသွင်း ဖက်တွယ်ထားလိုက်တယ်။ အခုချိန်မှာတော့ ညီအစ်ကိုနှစ်ယောက်တစ်ယောက်ကိုတစ်ယောက် လွှတ်ထွက်သွားမှာ ကြောက်နေကြပုံပဲ။

ဒီအချိန်မှာ အိမ်ထဲမှာထဲ ထွန်းထားတဲ့ မှိန်ဖျော့ဖျော့မီးရောင်ကလေးဟာ တစ်မုဟုတ်ချင်းဝင်းလက်တောက်ပသွားတယ်လို့ ထင်လိုက်ရတော့တယ်။

မြောင်းမြမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com

မုဒိတာ(ကျိုက်လတ်)

## မွေးနေ့အလိုက်ကောင်းကျိုးဖြစ်စေသော

# ယတြာသစ်ပင်စိုက်ခြင်း

| မိမိမွေးနေ့ | စိုက်ရမည့်အရပ်နေရာ | စိုက်ရမည့်သစ်ပင် |
|---|---|---|
| ၁ - တနင်္ဂနွေနေ့ | မြောက်အရပ် | ဆီးပင် |
| ၂ - တနင်္လာနေ့ | အရှေ့မြောက်အရပ် | ချရားပင်၊ ခရာပင် |
| ၃ - အင်္ဂါနေ့ | အရှေ့အရပ် | သပြေပင်၊ သဖန်းပင် |
| ၄ - ဗုဒ္ဓဟူးနေ့ | အရှေ့တောင်အရပ် | သီးပင်၊ ကွမ်းသီးပင် |
| ၅ - ကြာသပတေးနေ့ | အနောက်တောင်အရပ် | ထန်းပင်၊ ဓနိပင် |
| ၆ - သောကြာနေ့ | အနောက်မြောက်အရပ် | အုန်းပင် |
| ၇ - စနေနေ့ | တောင်အရပ် | ကုက္ကိုပင် |

**စိုက်ပျိုးကြပါလေ။ ကောင်းကျိုးဝေဖြာ မင်္ဂလာကျက်သရေတိုးစေမည်။**

| | အန္တရာယ်ကင်းစင်၊ အိမ်စောင့်သစ်ပင်၊ စိုက်စေချင် |
|---|---|
| ၁။ | အိမ်လေးထောင့်တွင်၊ ဗာဒံပင်၊ စိုက်လျှင် ဓားမြဝေး။ (အချို့ပိတောက်ပင်စိုက်၏။) |
| ၂။ | ဂုဏ်နည်းလျှင်၊ ကသစ်ပင်၊ စိုက်လျှင် သူခိုးဝေး။ |
| ၃။ | ဂမုန်းစည့်လာ၊ အိမ်ဦးမှာ၊ စိုက်ပါ ခြွေရံပေး။ |
| ၄။ | အိမ်ဦးမြေတွင်၊ ကင်ပွန်းပင်၊ စိုက်လျှင် အသရေပေး။ |
| ၅။ | နားကွပ်ကွမ်းစား၊ ဂမုန်းကား၊ စိုက်ငြားအန္တရာယ်ဝေး၊ လိုရာ ကျစ္စ၊ စိတ်အရှိ သိဒ္ဓိအကုန်ပေး။ |
| ၆။ | စည့်လာဂမုန်းမှာ၊ စီးပွားရှာ၊ လွန်စွာအကျိုးပေ။ |
| ၇။ | ဆိတ်ဖလူးပင်၊ ခြံဝင်းတွင်၊ စိုက်လျှင် မြွေကင်းဝေး။ |
| ၈။ | အိမ်ဦးသစ်ပင်၊ ပန်းသဇင်၊ တည်လျှင်ကောင်းကျိုးပေး၊ လူ၊ နတ်မြတ်နိုး၊ အသရေတိုး၊ ဘုန်းမျိုးကြွယ်ပေသေး။ ရှုကွေ့ပင်<br>သဇင်မြူး၊ အထူးတည်တံ့လေး။ |

### အသီး အပင် မစိုက်ရသော ပိုးကျရက်များ

လဆန်း ၁ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၁၂ ရက်၊ ၁၃ ရက်များ ရှောင်ပါ။
လဆုတ် ၁ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၁၂ ရက်၊ ၁၃ ရက်များ ရှောင်ပါ။

### ပိုးကျနေ့ရွေးနည်း

စ၊ သာ၊ လယ်၊ တော၊ မ၊ ယော၊ သီးနှံ၊ ရေ၊ အ၊ မှန်၊ ချီ၊ တစ်လုံးစီပ၊ တန်ခူးလက၊ စ၍ ရေလေ။

တန်ခူးလ = **စ** အင်္ဂါနေ့၊ ကဆုန်လ = **သာ** သောကြာနေ့၊ နယုန်လ = **လယ်** ဗုဒ္ဓဟူးနေ့ စသည်ဖြင့် တစ် တပေါင်းလ= **ချီ** အထိ မှတ်သားရေတွက်ပါ။

မုဒိတာ (ကျိုက်လ



www.burmeseclassic.com

www.burmeseclassic.com

# လူဝင်စား

သို့မဟုတ်

# အတိတ်ဘဝကိုမှတ်မိသောကလေးငယ်များ

တိုးထက်

အတိတ်ဘဝကို မှတ်မိတယ်ဆိုတဲ့ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကလေးငယ်ရာပေါင်းများစွာဟာ မြို့နာမည်တွေ၊ ဆွေမျိုးသားချင်းတွေ၊ အလုပ်အကိုင်တွေ၊ ဆက်ဆံရေးတွေ၊ ကိုယ်နေဟန်အားပုံသဏ္ဍာန်တွေ၊ စိတ်ခံစားမှု စတာတွေကို ပြောပြနိုင်တယ်ဗျ။ သူတို့အားလုံး သေဆုံးခဲ့ပုံတွေကလည်း တစ်ဦးနဲ့ တစ်ဦးမတူဘဲ ထူးခြားတယ်။ အဲဒီကလေးတွေ အတိတ်ဘဝကို မှတ်မိနေတာကို လက်ရှိဘဝက မိသားစုဝင်တွေတောင် မသိကြဘူး။

**တွမ်ရှရိုးဒါး** *(Tom Schroeder)*
စာရေးဆရာ *(Author, Old Souls)*

စကားစပြောတတ်သည့် အရွယ်တွင် အခြားဘဝတစ်ခုကို မှတ်မိသည့် ကလေးငယ် အများအပြားရှိသည်ဟု သိရ၏။ထိုကလေးငယ်များသည် အခြားသောအိမ်တစ်အိမ်၊ မိဘများ၊ မိသားစုဝင်များအကြောင်းနှင့် ၎င်းတို့ မည်ကဲ့သို့ သေဆုံးခဲ့ကြသည်များကိုပြောတတ်၏။ ယခင်ဘဝက ၎င်းတို့ နေထိုင်ခဲ့သည့် ဒေသသို့ သွားရောက်ရန် မိဘများက စီစဉ်ပါက သူတို့ အလွန်အမင်း ဝမ်းနည်းကြသည်ဟု သိရ၏။ ထိုကလေးငယ်များသည် ယခင်ဘဝက တော်စပ်ခဲ့သည့် ဆွေမျိုးသားချင်းများကို ရွေးချယ်ဖော်ထုတ်ပြသနိုင်သည်။ထိုကလေးငယ်များ အသက် (၆) နှစ်၊ (၇) နှစ်ရှိလာသောအခါ အတိတ်ဘဝကို မှတ်မိနိုင်မှု မ်း တဖြည်းဖြည်းလျော့သွားသည်ဟုဆို၏။

**ရှန်တီဒေဝီ (Shanti Devi)**

အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ၁၉၃၀ ပြည့်နှစ်က အသက် (၄) နှစ်အရွယ် ရှန်တီဒေဝီ အမည်ရှိသော ကလေးငယ်သည် ၎င်း၏မိဘများအား အတိတ်ဘဝနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်အချို့ကို ပြောပြခဲ့သည်။ ယခင်ဘဝတုန်းက သူအသုံးပြုခဲ့သော အဝတ်အစား၊ အစားအစာ၊ ပတ်သက်ခဲ့သည့် လူပုဂ္ဂိုလ်များ၊ အဖြစ်အပျက်



**လူဝင်စားမလေး ရှန်တီဒေဝီ**
**(သူမ၏လူဝင်စားမှုကို နာမည်ကြီး နိုင်ငံရေးသမားတစ်ဦး၊ ရှေ့နေတစ်ဦးနှင့် သတင်းစာတိုက်မှ ဦးဆောင်ညွှန်ကြားရေးမှူး ပါဝင်သည့် လူဝင်စားစုံစမ်းစစ်ဆေးမှုအဖွဲ့ဖြင့် သေချာစေ့ငစစ်ဆေးပြီး ထောက်ခံခဲ့ကြသည်)**

များနှင့် နေရာဒေသ စသည့်အကြောင်းအရာများကို ပြောဆိုခဲ့သဖြင့် မိဘများက အံ့ဩသွား၏။ ကလေးငယ်ပြောဆိုခဲ့သည့် အကြောင်းအရာများကို မှန်၊ မမှန် သိရှိရန် စစ်ဆေးကြည့်သောအခါ မှန်နေသည်ကို တွေ့ရ၏။ ရှန်တီပြောခဲ့သော အကြောင်းအရာများမှာ -

ကလေးငယ်က သူသည် လွန်ခဲ့သောဘဝက လဂ်ဒီ (Lugdi) ဆိုသော အမျိုးသမီးဖြစ်ပြီး ဒေလီနှင့် (၁၂၈) ကီလိုမီတာ ကွာဝေးသည့် မက်ထရာ (Mutha) မြို့တွင် နေထိုင်သည်ဟု သိရသည်။

မက်ထရာနယ်မြေ၌ အသုံးပြုသည့် ဒေသိယစကားအချို့ကို သင်ယူထားခြင်းမရှိဘဲ ရှန်တီ ပြောနိုင်သည်။

သားယောက်ျားတစ်ဦးဖွားမြင်ပြီး (၁၀) ရက်အကြာ၌ လဂ်ဒီ ကွယ်လွန်သွားသည်ဟု ကလေးငယ်က ပြောဆို၏။ ထိုအဖြစ်အပျက်ကို စုံစမ်းကြည့်သောအခါ မှန်နေသည်ကို တွေ့ရ၏။

ယခင်ဘဝက ၎င်းနှင့် ခင်ပွန်းတော်စပ်သူ ကီဒါနတ် (Kedar Nath) ကို ကလေးငယ် ရှန်တီ မှတ်မိနေသည်။ အိမ်ထောင်ပြုပြီး မိမိ၏ခင်ပွန်း သည်နှင့် မက်ထရာမြို့တွင်အ တူနေထိုင်စဉ် လုပ်ကိုင်ဆောင် ရွက်ခဲ့သည်များကို ကလေးငယ် ရှန်တီ ပြောပြသည်။

ယခင်ဘဝက ၎င်းနေထိုင်ခဲ့သည့် မက်ထရာမြို့ရှိ အထင်ကရနေရာ အတော်များများကို အတိအကျ ဖော်ထုတ်ပြောဆို နိုင်သည်။

မတ်ထရာမြို့တွင် နေထိုင်စဉ် ၎င်းနေအိမ်၌ အိမ်ထောင်ပရိဘောဂများကို မည်ကဲ့သို့ ထားသိုနေရာချသည်ကို မှန်ကန်စွာ ပြောဆိုနိုင်သည်။

ယခင်ဘဝက နေထိုင်ခဲ့သည့် နေအိမ်၏အခန်းထောင့် မြေအောက်တွင် ရူပီး (၁၅၀) မြှုပ်ခဲ့သည်ကို သိရှိပြောပြနိုင်သည်။ ယခင်ဘဝက ၎င်း၏ ခင်ပွန်းတော်စပ်ခဲ့သူ ကီဒါနတ်က ထိုအချက်ကို မှန်၊ မမှန် သိရှိရန် အတည်ပြုဖော်ထုတ်ပြခဲ့သည်။

ကလေးငယ် ရှန်တီသည် ယခင်ဘဝ လဂ်ဒီဖြစ်ခဲ့စဉ်က တော်စပ်ခဲ့သော မိခင်နှင့် ဖခင်ကို လူအုပ်ထဲမှ ရွေးထုတ်ပြသနိုင်သည်။

ကလေးငယ်၏ ပြောဆိုချက်များကို မှန်၊ မမှန်သိနိုင်ရန်အတွက် စစ်ဆေးဖော်ထုတ်ရန် အဆိုပါမြို့မှ အများသူငါလေးစားသောလူပုဂ္ဂိုလ်များပါဝင်သည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါ ကော်မတီတွင် နာမည်ကြီးနိုင်ငံရေးသမားတစ်ဦး၊ ရှေ့နေတစ်ဦးနှင့် သတင်းစာတိုက်တစ်ခုမှ ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦး ပါဝင်သည်။ ကော်မတီဝင်များသည် ကလေးငယ် ရှန်တီနှင့် လုံးဝမသိကြပါ။ ထို့အပြင် အဆက်အသွယ်လည်း မရှိကြချေ။ ကော်မတီသည် စုံစမ်းစစ်ဆေးပြီးသည့်အခါ၌ ကလေးငယ်ရှန်တီ၏ ပြောဆိုချက်များသည် အလိမ်အညာများ၊ တရားမဝင်သော နည်းလမ်းများဖြင့် ရရှိထားသောအသိ မဟုတ်ကြောင်း ယုံကြည် လက်ခံ ကျေနပ်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com


ကော်မတီ၏ စုံစမ်းစစ်ဆေးဖော်ထုတ်မှုကြောင့် ကလေးငယ် ရှန်တီ၏ အကြောင်းအရာမှာ ကမ္ဘာကျော်သွားပြီး လူမှုဗေဒပညာရှင်များနှင့် စာရေးဆရာများက စိတ်ဝင်စားကာ အာရုံစိုက်လာကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် ဆွီဒင်လူမျိုး စာရေးဆရာ စတူးရားလုံနာစထရင်း (Sture Lonnerstnand) သည် အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး ရှန်တီဒေဝီနှင့်တွေ့ဆုံကာ လိုသည်များကို မေးမြန်းစုံစမ်းခဲ့သည်။ ရှန်တီဒေဝီ၏ ကိစ္စသည် လူဝင်စားအကြောင်းအရာအတွက် စိတ်ချရသော အကြောင်းကိစ္စဖြစ်လာသည်ဟု ဆွီဒင်စာရေးဆရာက မှတ်ချက်ချပြောဆိုခဲ့သည်။

**ဂျိမ်း(စ်)လိန်နင်ဂါ (James Leininger)**

အမေရိကန်ပြည်ထောင်စု၌ မကြာခင်က ထုတ်ဝေခဲ့သည့် 'သေကာမရောက် သက်မပျောက်သည့်ဝိညာဉ်' အမည်ရှိသည့် ဒုတိယကမ္ဘာစစ်အတွင်း တိုက်ပွဲကျဆုံးခဲ့သည့် တိုက်လေယာဉ်မှူး ဂျိမ်း(စ်)လိန်နင်ဂါအကြောင်း ပါဝင်သည်။ ဂျိမ်း(စ်)သည် ၁၉၉၈ ခုနှစ်တွင် လူဝင်စားအဖြစ် ပြန်လည်ဖွားမြင်သည်။ အသက် (၂) နှစ်တွင် အိပ်မက်ဆိုးများ မက်သည်ဟု ဆို၏။ ဒုတိယကမ္ဘာစစ်အတွင်း၌ အသုံးပြုခဲ့သော လေယာဉ်များကို သူအနည်းငယ်သိသည်ဟု ဆို၏။

ကော်ဆာ (Corsairs) လေယာဉ်များသည် မြေပြင်မှ ပျံတက်စဉ်၌ လက်ဝဲဘက်သို့ ယမ်းတတ်ပြီး ဆင်းချိန်၌ လေယာဉ်ဘီးများတင်းလာသည်ကို သူသိသည်ဟု ဆိုသည်။ ဂျပန်တိုက်လေယာဉ်များကို 'ဇီကီး' ဟု ခေါ်ဆိုပြီး ဗုံးကြဲလေယာဉ်များကို 'ဘက်တီ' ဟု ခေါ်ဆိုကြောင်း သူသိပါသည်ဟု ပြောဆိုသည်။ 'တိုနီ' ဟု အမည်ပေးထားသည့် ဂျပန်လေယာဉ်တစ်စီးကို သူပစ်ချခဲ့သည်။

သူ့အမည်မှာ ဂျိမ်း(စ်)ဖြစ်ပြီး သူတာဝန်ကျသည့် သင်္ဘောမှာ 'နာတိုမ' ဟု ခေါ်ဆိုကြောင်းကို (၂) နှစ်အရွယ် ကလေးငယ်ဂျိမ်း(စ်) ဆက်လက် ပြောပြခဲ့သည်။ အိုင်ဝိုဂျီးမားတွင် သူအသတ်ခံရပြီး သူ့သူငယ်ချင်းမှာ ဂျက်လာဆင် (Jack Larsen) ဟု ကလေးငယ်က ပြောဆို၏။ သူသေဆုံးသွားပြီး ကောင်းကင်ဘုံသို့ ရောက်သွားချိန် ကြိုဆိုနေသူများမှာ ဘီလီ (Billy)၊ လီယွန် (Leon) နှင့် ဝေါလတာ (Walter) တို့ ဖြစ်သည်ဟု




ကလေးငယ်က ပြောပြသည်။

ကလေးငယ် ဂျိမ်း(စ်)က ပြောခဲ့သည်များကို ၎င်း၏ဖခင်က သုတေသနပြု ဖော်ထုတ်သည့်အခါ မှန်ကန်နေသည်ကို တွေ့ရသည်။ ဂျိမ်း(စ်)ဟတ်စတင်ဂျူနီယာသည် နာတိုမပင်လယ်အော်တွင် လေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်သူတစ်ဦး ဖြစ်၏။ တိုက်ပွဲ၌ ကျဆုံးသွားသူ (၁၈) ဦးအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး အိုင်ဝိုဂျီးမား၌ ကျရှုံးသူတစ်ဦး ဖြစ်လေသည်။ ယခုထိတိုင် အသက်ထင်ရှားရှိနေသူ ဂျက်လာဆင်သည် ဂျိမ်း(စ်)ဟတ်စတင်၏ သူငယ်ချင်းတစ်ဦး ဖြစ်သည်။ ဘီလီပီလာ (Billie Peeler)၊ လီယွန်းကွန်နာ (Leon Connor)၊ ဝေါ်တာဒီလင် (Walrer Devlin) တို့သည် နာတိုမပင်လယ်အော်တွင် တာဝန်ထမ်းဆောင်ခဲ့သူ လေယာဉ်မှူးများဖြစ်ပြီး ဂျိမ်း(စ်)ဟာက်စတင်ထက်စော၍ တိုက်ပွဲ၌ ကျဆုံးခဲ့သူများ ဖြစ်သည်။

ကလေးငယ် ဂျိမ်း(စ်)၏ မိခင် အန်ဒရီယာလိန်နင်ဂါသည် သန်းခေါင်စာရင်းနှင့် အခြားမှတ်တမ်းမှတ်ရာများကိုသုံး၍ ဂျိမ်း(စ်)ဟာက်စတင်(ဂျူနီယာ)၏ မိသားစုဝင်များကို ရှာဖွေခဲ့သည်။ ထိုအခါ အန်းဟာက်စတင်ဘာရွန် ဆိုသူမှာ ဂျိမ်း(စ်)ဟာက်စတင်၏ ညီမတစ်ဦးဖြစ်ပြီး အသက်ရှင်လျက်ရှိသေးကြောင်း သိလာရသည်။ အန်းသည် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားရှိ လော့(စ်)ဂါတော့(စ်)တွင် နေထိုင်လျက်ရှိသည်။ အန်ဒီရီယာနှင့် ဆက်သွယ်ချိန်၌ အန်းသည် အသက် (၈၄)နှစ် ရှိနေပြီဖြစ်၏။

ကလေးငယ် ဂျိမ်း (စ်) နှင့် အန်းတယ်လီဖုန်းဖြင့် ပြောဆိုနိုင်ရန် အန်ဒရီယာက စီစဉ်ပေးသည်။ ထိုသို့စကားပြောဆိုရာ၌ ကလေးငယ် ဂျိမ်း(စ်)သည် ဂျိမ်း(စ်)ဟာက်စတင်၏ ကိုယ်ရေးအကြောင်းအရာအသေးစိတ်ကို အများအပြား သိရှိနေသည်ကို တွေ့ရ၏။ ကလေးငယ်၏ပြောဆိုချက်များ မှန်ကန်ကြောင်း အန်းက အတည်ပြုပေးသည်။ မစ္စက်အန်းက ဂျိမ်း(စ်)လိန်နင်ဂါသည် ၎င်း၏မောင်ဖြစ်သူ ဝင်စားသည့် လူဝင်စားဖြစ်ကြောင်း လက်ခံ ယုံကြည်သဖြင့် မောင်ဖြစ်သူပိုင်သည့် ကျန်ရှိခဲ့သော ပစ္စည်းဥစ္စာများကို ဂျိမ်း(စ်)လိန်နင်နာထံသို့ပို့ပေးခဲ့သည်။

ကလေးငယ် ဂျိမ်း(စ်)လိန်နင်ဂါ မှတ်မိသည့် အသေးစိတ်အချက်အလက်များမှာ -

မစ္စက်အန်းအား အန်နီဟု သူတစ်ဦးတည်းကသာခေါ်ခြင်း၊

သူတို့တွင် ရု (Ruth) ဟု ခေါ်သည့် နှမတစ်ဦးရှိသည်ဟု ဆိုသည်။

နှမဖြစ်သည့် ရု (Ruth) သည် အန်းထက် (၄) နှစ် ကြီးသည်။

၎င်းတို့၏ ဖခင်သည် အရက်သမားဖြစ်သောကြောင့် ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်အရက်ဖြတ်ရခြင်း။

၎င်းတို့၏မိခင်မှာ ဒါရိုင်း (Daryl) ဟု ပြောဆိုခြင်း။

ပန်းချီဆရာတစ်ဦးတည်းက ရေးဆွဲပေးထားသည့် ပုံတူပန်းချီကားချပ်တစ်ခုစီ အန်းနှင့် ဂျိမ်း(စ်)ဟာက်စတင်တို့တွင်ရှိသည်။

**ဒေါက်တာ အီယန်စတီဗင်ဆင် (Dr.Ian Stevenson)**

အမေရိကန်ပြည်ထောင်စု ဗားဂျီးနီးယားတက္ကသိုလ် စိတ်ရောဂါကုဌာနမှူး ပါမောက္ခ ဒေါက်တာ အီယန်စတီဗင်ဆင်သည် လွန်ခဲ့သော အတိတ်ဘဝကို မှတ်မိသည်ဟု ပြောဆိုသည့် ကလေးငယ်ပေါင်းများစွာကို နှစ်ပေါင်းများစွာ စစ်ဆေးခဲ့သူ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ တူရကီ၊ လက်ဘနွန်၊ ကနေဒါ၊ အိန္ဒိယနှင့် အခြားဒေသများမှ ကလေးငယ် (၃၀၀၀) အား ဒေါက်တာစတီဗင်က တွေ့ဆုံမေးမြန်းခဲ့သည့် မှတ်တမ်းမှတ်ရာများ၊ မေးစာများ



www.burmeseclassic.com

www.burmeseclassic.com

ည်သည့်အတွက် သေဆုံးရကြောင်း တ်တမ်းများ၊ သေစာရင်း၊ မွေးစာရင်း၊ ရုံမှတ်တမ်းများ၊ဓာတ်ပုံများ၊သတင်း ပါ အစီရင်ခံစာများ၊ ၎င်းရေးသား ပ်ထုတ်ဝေခဲ့သည့် အလားတူ ကြောင်းအရာများ စသည်တို့ကို ါက်တာစတီဗင် စစ်ဆေးခဲ့ခြင်း ဖြစ် ည်။

ဒေါက်တာစတီဗင်ဆင်၏စာအုပ် အားလုံးကို ဗာဂျီးနီးယားတက္ကသိုလ် ်တိုက်၌ ပုံနှိပ်ထုတ်ဝေခဲ့ပြီး အားလုံး ဝယ်ယူရရှိနိုင်ပါသည်။ ထိုစာအုပ် များတွင် လူဝင်စားနှင့် ပတ်သက်သည့် ကြောင်းအရာနှစ်ဆယ် (၁၉၇၄) နှင့် ဝင်စားအမျိုးအစားများ (လေးတွဲ) သည်များ ပါဝင်၏။

**ိုင်မက်အီလဝါ (Imad Elawan)**

ဒေါက်တာ အီယန်စတီဗင်ဆင် သည် လက်ဘနွန်နိုင်ငံသို့ ရောက်ရှိသွား း မည်သူ့ကိုမျှ အသိမပေးဘဲ ကျေးရွာ တစ်ရွာသို့ သွားရောက်ခဲ့သည်။ သူက ရွာသားများအား အဲဆိုပါရွာ၌ အတိတ် ဘဝအကြောင်းကိုပြောဆိုသည့်ကလေး ငယ်များ ရှိ မရှိ မေးမြန်းသည်။ ရွာသား များ၏ပြောကြားမှုကို ကြားရသောအခါ အသက် (၅)နှစ်အရွယ် အိုင်မက်အီလဝါ ၏နေအိမ်သို့ မည်သူ့ကိုမျှ အသိမပေးဘဲ သွားရောက်သည်။

အိုင်မက်သည် (၁)နှစ်သားအရွယ် ကတည်းက ဤကျေးရွာမှ (၂၅) မိုင် အကွာရှိ ရွာတစ်ရွာတွင် ယခင်ဘဝက သူနေထိုင်ခဲ့သည်များကို တောက် လျှောက်ပြောနေခဲ့သည်ဟု ဆို၏။ အသက် (၁) နှစ်အရွယ်တွင် ဂျာမီလာ နှင့် မာမွတ် ဟူသော အမည် (၂) ခု တင်ပြောဆိုပြီး အသက် (၂)နှစ်အရွယ် တွင် လူစိမ်းတစ်ဦးအား လမ်းပေါ်၌ ပ်တန့်စေ၍ ထိုလူစိမ်းသည် ထိုရွာတွင် သူနှင့်အတူနေထိုင်ခဲ့သည့် အိမ်နီးချင်းဟု ဖော်ထုတ် ပြောဆိုသည်။

စတီဗင်ဆင်သည် ကလေးငယ် နှင့် မိဘများအား တွေ့ဆုံမေးမြန်းပြီး ကလေးငယ်၏အတိတ်ဘဝနှင့်ပတ်သက် သည့်ပြောဆိုချက် (၅၇) ခုကို မှတ်တမ်း တင်သည်။ ကလေးငယ်၏ပြောဆိုချက် များကို စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်ရန် စတီဗင်ဆင်သည် ကလေးငယ်၎င်းဖခင် ဖြစ်သူတို့နှင့်အတူ အခြားရွာသို့ ခရီး ဆက်ကြ၏။ ကလေးငယ် ယခင်ဘဝက နေထိုင်ခဲ့သည့်အိမ်ကို ရှာဖွေရာ၌ ရက် ပေါင်းအတော်ကြာမှ တွေ့ရသည်။ ထိုသို့ ရှာဖွေရာ၌ ကလေး၏ ဆွေမျိုးများနှင့် လုံးဝမဆက်သွယ်ခဲ့ပါ။

ကလေးငယ်အိုင်မက်က အောက် ပါအချက်များကို ပြုလုပ်ပြောဆိုပြသခဲ့ သည်။

မှန်ကန်သည့် ထွက်ဆိုချက် (၁၃) ခုကို ထွက်ဆိုခဲ့ပြီး ယခင်ဘဝက ၎င်း၏ ဓာတ်ပုံနှင့် ၎င်း၏ညီဓာတ်ပုံတို့ကို ခွဲခြား ပြသနိုင်ခဲ့သည်။

ယခင်ဘဝက ၎င်းနှင့် ဦးလေး တော်စပ်သူ မာမွတ်၏ဓာတ်ပုံကို မှတ်မိ သည်။ ၎င်း၏ အပျော်မယားဖြစ်သူ ပြည့်တန်ဆာ ဂျာမီလာ့ကို မှတ်မိသည်။

ကလေးငယ်သည် သူနှင့် သူ့မိခင် သာသိသော ယခင်ဘဝက ၎င်းကိုယ် တိုင် သေနတ်ဝှက်ထားသည့်နေရာကို အသေးစိတ် ညွှန်ပြနိုင်သည်။ ကွယ်လွန် ခါနီး သူ၏နောက်ဆုံးနေ့ရက်များ၌ သူ့ ခုတင်အား မည်သို့မည်ပုံထားခဲ့သည်ကို ကောင်းစွာသိရှိသည်။

လူစိမ်းတစ်ဦးအား ရပ်တန့်ပြီး ထိုလူစိမ်းနှင့် ၎င်းတို့ (၂) ဦး စစ်မှုထမ်း ခဲ့သည့် အတွေ့အကြုံများကို စကား ဖောင်ဖွဲ့ပြောဆိုကြသည်။

ကလေးငယ် အိုင်မက် ပြောဆိုခဲ့ သည့် ဒေါက်တာစတီဗင်ဆင် မှတ်တမ်း ပြု ရေတွက်ခဲ့သောပြောဆိုချက် (၅၇) ခုတွင် (၅၁) ခုကို အတည်ပြုနိုင်ခဲ့သည်။

**ရုပ်ပိုင်းဆိုင်ရာ သက်သေအထောက်အထား (Physical evidence)**

ပြင်းထန်စွာ ထိခိုက်သေဆုံးခဲ့ရ သည့် ကလေးငယ်များသည် ၎င်းတို့သေ ဆုံးခဲ့ရသည့်အကြောင်းရင်းအလိုက် ခန္ဓာ ကိုယ်ပေါ်၌ မွေးရာပါ အမှတ်အသား များ ပါလာတတ်သည်။ ဓားဖြင့် ထိုး သတ်ခံရသည့်ကလေး၊ သေနတ်ဖြင့် ပစ် သတ်ခံရသည့်ကလေး စသည့် ကလေး များတွင် ဓားထိုးခံရသည့်နေရာ၊ သေနတ်အပစ်ခံရသည့်နေရာများ၌ မွေး ရာပါအမှတ်များကို တွေ့ရကြောင်း ဒေါက်တာစတီဗင်ဆင်က ပြောဆို သည်။

ဒေါက်တာ စတီဗင်ဆင် လေ့လာ နေသည့် မွေးရာပါအမှတ်အသားပါလာ သည့် ကလေးငယ်တစ်ဦးမှာ ရာဗီရှန် ကာ (Ravi Shankar) ဆိုသည့် ကလေး ငယ် ဖြစ်၏။ ရာဗီက ၎င်းသည် ယခင် ဘဝ၌ ဆွေမျိုးတစ်ဦး၏ ခေါင်းဖြတ် သတ်ခြင်းကိုခံရသော ကလေးငယ်ဖြစ် ကြောင်း ၎င်း၏အတိတ်ဘဝကိုကြောက် ရွံ့တုန်လှုပ်စွာ ပြန်ပြောင်းပြောပြသည်။ ၎င်းဆွေမျိုးက ရာဗီရှန်ကာ၏ဖခင် ပိုင် ဆိုင်သော ဓနဥစ္စာများကို အမွေရလို သောကြောင့် ဤသို့ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း ဖြစ်သည်ဟု သိရ၏။ ကလေးငယ် ရာဗီ၏ လည်ပင်း၌ မွေးရာ ပါအဝိုင်းတစ်ခုပါလာ၏။ ကလေးငယ် ၏ပြောဆိုချက်ကို စုံစမ်းစစ်ဆေးဖော် ထုတ်ကြည့်သောအခါ ကလေးငယ်ပြော ပြခဲ့သည့်၎င်း၏ဆွေမျိုးဆိုသူအား ခေါင်း ဖြတ်၍ ကွပ်မျက်လိုက်ပြီးဟု သိရသည်။

ဒုတိယတစ်ဦးမှာ တူရကီနိုင်ငံမှ ဖြစ်ပြီး ထိုကလေးငယ်သည် ယခင်ဘဝ က ဓားပြတစ်ဦးဖြစ်သည်ကို သူမှတ်မိ နေကြောင်း ပြောပြသည်။ ရဲများက သူ့ အားဖမ်းမိခါနီးအချိန်၌ သူ့ကိုယ်သူသေ နတ်ဖြင့် အဆုံးစီရင်လိုက်သည်ဟု ဆို သည်။ မေးစေ့အောက်ဘက်၊ ညာဘက် ခြမ်းမှ အပေါ်သို့ပစ်၍ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်သဖြင့် ထိုကလေး၌ ထူး ခြားသောမွေးရာပါ အမှတ်အသားတစ် ခုကို ထပ်တွေ့ရသည်။ ဤအမှတ်အ သားမှာ ကျည်ဆန်ထွက်သွားသည့်နေ ရာဖြစ်သည်။

ဤသို့ထူးခြားသည့်အကြောင်းအ ရာအား ဒေါက်တာစတီဗင်ဆင် စုံစမ်း စစ်ဆေးကြည့်လိုက်သောအခါ သက်ကြီး ရွယ်အိုတစ်ယောက်က အဆိုပါအဖြစ် အပျက်ကို သူမှတ်မိကြောင်း သေနတ် ဖြင့် ကိုယ့်ကိုယ်ကိုယ်သတ်သေသွားသူ ဓားပြခန္ဓာကိုယ်ရုပ်အလောင်းကို သူမြင် တွေ့ရကြောင်း သက်သေထွက်ဆိုပေး သည်။

အိန္ဒိယနိုင်ငံမှ ကလေးတစ်ဦးက လည်း ၎င်း၏ အတိတ်ဘဝကို မှတ်မိ သည်ဟု ဆို၏။ ၎င်း၏လက်ချောင်းများ သည် ႏွားစာစဉ်းစဉ် ထိခိုက်မိပြီး ပြတ် ကုန်သည်ဟု ပြောပြသည်။ ယခုဘဝ တွင် အဆိုပါ ကလေးငယ်သည် လက် ချောင်းလေးမပါသည့် လက်ငုတ်တိုပိုင် ရှင်အဖြစ် မွေးဖွားလာသည်။

ဥရောပယဉ်ကျေးမှုနယ်ပယ်၌ လူ ဝင်စားကိစ္စကို လူအနည်းသာယုံကြည် ကြသည်ဟု ဒေါက်တာစတီဗင်ဆင် ရေး သားသည့် ၎င်း၏ နောက်ဆုံးစာအုပ် 'ဥရောပ၏လူဝင်စားအမျိုးအစား ၂၀၀၃' တွင် ဖော်ပြထားသည်။ ဤစာအုပ်တွင် လူဝင်စားနှင့်သက်ဆိုင်သည့်သုတေသန လုပ်ငန်းရပ် (၄၀) ကို အနောက်တိုင်းပုံစံ ဖြင့် လေ့လာသည်များ စုစည်းတင်ပြ ထားသည်။ ထို့ပြင် ကလေးငယ်ဘဝ၌ လူတို့မကြာခဏပြုလုပ်ခဲ့ကြသည့် အပြု အမူများ (သို့) ပြောဆိုချက်များကို



www.burmeseclassic.com

www.burmeseclassic.com

၎င်းစာအုပ်တွင် ဖော်ပြထား၏။ ၎င်းအပြုအမူများသည် ထိုသူတို့၏ ကြီးပြင်းလာခြင်း သို့မဟုတ် မျိုးဗီဇအကြောင်းအချက်များနှင့် မသက်ဆိုင်ပေ။

သာဓကတစ်ခု တင်ပြပါမည်။ ဒေးဗစ်လီဝဲလ်လင်း (David Llewellyn) သည် အင်္ဂလန်နိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် မွေးဖွားသူတစ်ဦး ဖြစ်၏။ ကြီးပြင်းလာသောအခါ ခရစ်ယာန်ဘာသာကို ကိုးကွယ်ပြီး ဂျူးဘာသာရေးနှင့် အစားအသောက်ဓလေ့ထုံးစံများကို အထူးတလည် ကျွမ်းကျင်၏။ အိပ်မက်ဆိုးများနှင့်ပတ်သက်သော အတွေ့အကြုံလည်း ရှိ၏။ နိုင်ငံရေးအကျဉ်းသားနှင့် စစ်အကျဉ်းသားများထားရှိသည့် အကျဉ်းစခန်းများ၌ ဖြစ်တတ်သော အကြောက်လွန်စိတ်နှင့် ပတ်သက်သော အတွေ့အကြုံလည်းရှိသည်။

စတီဗင်ဆင်၏ တွေ့ဆုံမေးမြန်းမှု၌ ဒေးဗစ်က မိမိ၏ယခင်ဘဝအတွေ့အကြုံများကို ပြောပြ၏။ ကလေးငယ်ဖြစ်သည့် သူ့အား တွင်းတစ်တွင်းထဲသို့ ပစ်ချလိုက်သည်ကို သူမှတ်မိနေပြီး တွင်းထိပ်သို့ သူမျှော်ကြည့်လိုက်ရာ တွင်းထိပ်၌ ကလေးငယ်တစ်ဦး သူ့အား ကြည့်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။ ထိုကလေးငယ်သည် မိမိကို ကယ်တင်မည့်သူငယ်ချင်းတစ်ယောက်ဟု သူထင်မြင်ကြောင်း၊ တွင်းထဲ၌လည်း အခြားသော အလောင်းများရှိနေသည်ကို သူမှတ်မိကြောင်း ပြောသည်။ ၎င်းမြင်ကွင်းမှာ မိမိဘဝ၌ ထပ်တလဲလဲ မြင်နေသည့် မြင်ကွင်းဖြစ်ပြီး အကျဉ်းစခန်း၏ အော့နှလုံးနာဖွယ် အနံ့အသက်ဆိုးများကို သူမှတ်မိနေသည်ဟု ဒေးဗစ်က စတီဗင်ဆင်အား ပြောပြခဲ့၏။

ဗားဂျီးနီးယားတက္ကသိုလ်မှကလေးသူငယ် စိတ်ရောဂါအထူးကု ဆရာဝန်တစ်ဦးဖြစ်သည့် ဒေါက်တာ ဂျင်ဘီတပ်ကာ အမ်ဒီ (Dr.Jim B.Tucken M.D) သည် ဒေါက်တာစတီဗင်ဆင်၏ လက်ထောက်တစ်ဦးဖြစ်လာသည်။ ဒေါက်တာ စတီဗင်ဆင်က တက္ကသိုလ်ဆရာ၊ ဆရာမများအတွက် စာအုပ်ရေးသားပေးပြီး ဒေါက်တာ ဂျင်ဘီတပ်ကာ၏ ဘဝမတိုင်မီကဘဝ (၂၀၀၅) သည် အများပြည်သူအတွက် ရေးသားပြုစုထားသည့်စာအုပ် ဖြစ်သည်။ ဗာဂျီးနီးယားတက္ကသိုလ် ကလေးသူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးလေ့လာမှုဌာန၏ ကလေးငယ်များ၏ အတိတ်ဘဝမှတ်ဉာဏ်နှင့်ပတ်သက်သည့် အစီရင်ခံစာများကို အနှစ်(၄၀)ကျော် သုတေသနပြုလုပ်ပြီး ခြုံငုံတင်ပြထားသည့် စာအုပ်ဖြစ်သည်။ ထို့အပြင် ထိုစာအုပ်တွင် ဒေါက်တာဂျင်ဘီတပ်ကာက ကလေးသူငယ်များ၏ ပုံမှန်မဟုတ်သော ကစားခြင်း၊ အပြုအမူပုံစံများ၊ အကြောက်လွန်ခြင်းများ၊ မွေးရာပါ အမှတ်အသားများ၊ မွေးဖွားစဉ် ပါလာသည့် ချို့ယွင်းချက်များ စသည့် တွေ့ရှိချက်များကိုလည်း ဖော်ပြထားသည်။ လူဝင်စားနှင့်ပတ်သက်သည့် ကန့်ကွက်ချက်များ၊ အတိတ်ဘဝကို အမှန်တကယ် မှတ်မိသည်ဆိုသည့် လူအချို့၏အကြောင်း၊ မှတ်ဉာဏ်ပြိုကွဲခြင်း၊ လူဦးရေပေါက်ကွဲမှု၊ ကိုယ်စိတ်နှစ်ပါးပြဿနာ၏ အတုအယောင်နှင့် အခြားသော အကြောင်းများကို စာအုပ်တွင် ထည့်သွင်း ဆွေးနွေးထားသည်။

တွမ်ရှရိုဒါ (Tom Shroder) သည် ဝါရှင်တန်ပို့(စ်)သတင်းစာမှ အယ်ဒီတာတစ်ဦးဖြစ်ပြီး ဒေါက်တာစတီဗင်ဆင်၏ လုပ်ငန်းရပ်များကို ယုံကြည်မှုမရှိသဖြင့် လေ့လာ စစ်ဆေး ဖော်ထုတ်နေသူ ဖြစ်၏။ ဒေါက်တာစတီဗင်ဆင်၏နောက်ဆုံး သုတေသနခရီးစဉ်နှစ်ခုဖြစ်သည့် လက်ဘနွန်နှင့် အိန္ဒိယခရီးစဉ်များတွင် ရှရိုဒါ လိုက်ပါလာ၏။ ထို့အပြင် အမေရိကန်တောင်ပိုင်းသို့လည်း စတီဗင်နှင့်အတူ ခရီးသွား၏။ တွေ့ရှိချက်များကို ၎င်းထုတ်ဝေသည့် 'ဝိညာဉ်ဟောင်းများ' (အတိတ်ဘဝအတွက် သိပ္ပံနည်းကျသက်သေအထောက်အထား) စာအုပ်တွင် ရေးသား ဖော်ပြထား၏။

ရှရိုဒါက စတီဗင်၏ တွေ့ရှိချက်များကို သူလက်ခံယုံကြည်ကြောင်း ဝန်ခံခဲ့ပြီး ထိုတွေ့ရှိချက်များသည် အစစ်အမှန်ဖြစ်ကြောင်း ကောက်ချက်ချထားသည်။ ရှရိုဒါ ကောက်ချက်ချခဲ့သည့် စကားများမှာ -

ဒေါက်တာစတီဗင်ဆင်၏ လုပ်ဆောင်မှုများမှာ စေ့စပ်သေချာပြီး မျက်နှာမလိုက်သော စုံစမ်းစစ်ဆေးမှုများ ဖြစ်သည်။

အထောက်အထား သက်သေသာဓကများသည် သူ့ဘာသာသူ ရှာဖွေခဲ့သည့်အထောက်အထားများဖြစ်သော်လည်း ၎င်းနမူနာတွေ့ရှိချက်များသည် သဘောတူလက်ခံနိုင်သည့် တွေ့ရှိချက်များ ဖြစ်၏။ ၎င်းအထောက်အထားများတွင် ယခင်ဘဝနှင့် အလွန်နီးစပ်သည့် မွေးရာပါ အမှတ်အသားကဲ့သို့သော အကြောင်းအရာများ ပါဝင်သည်။

ဒေါက်တာစတီဗင်ဆင်၏ သုတေသနလုပ်ငန်းများကို အခြားသော သိပ္ပံပညာရှင်များက ပံ့ပိုးကူညီ၍ ဆောင်ရွက်ကြသည်။

ကလေးငယ်များကို စမ်းသပ်ခံပစ္စည်းအဖြစ် အသုံးပြုခြင်းသည် အတိတ်ဘဝအား မှတ်မိနိုင်စွမ်းကို လူအများ လက်ခံယုံကြည်စေရန် လုပ်ကိုင်ရာ၌ ကြုံတွေ့ရမည့် အခက်အခဲများကို သိသိသာသာလျှော့ချနိုင်သည်။

လူဝင်စားပြဿနာရပ်နှင့် ပတ်သက်သည့် အများက လက်ခံနေသော အထောက်အထားများကို ဝေဖန်သူများက မယုံကြည်ကြောင်း ပြောဆိုမှုများအား ၎င်းတို့ (၂) ဦးက အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြောဆိုပါသည်။ ၎င်းတို့ (၂) ဦး ပြောဆိုရှင်းပြမှုများမှာ အောက်ပါအတိုင်း ဖြစ်သည်။

**အတုအယောင် (Fraud)**

ရှင်းလင်းပြောဆိုမှုများကို လက်ခံနိုင်ရန်အတွက် ရှင်းလင်းပြသူ၏အရည်အချင်းကို ဦးစွာ ထည့်သွင်း စဉ်းစားရပါမည်။ ဒေါက်တာ စတီဗင်ဆင်သည် ထူးချွန်ထက်မြက်ခြင်း၊ တည်ကြည်သည့် ဂုဏ်သိက္ခာရှိခြင်း၊ အမေရိကန်နိုင်ငံ၏ အထင်ရှားဆုံးသော သိပ္ပံနည်းကျစုံစမ်းစစ်ဆေးသူဖြစ်ခြင်း စသည့် အရည်အသွေးများကို ပိုင်ဆိုင်သူ ဖြစ်ပါသည်။

ထို့ပြင် စတီဗင်ဆင်သည် ကျွမ်းကျင်သော သိပ္ပံနည်းကျ စုံစမ်းစစ်ဆေးသူ၊ စိတ်ရောဂါအထူးကုဆရာဝန်၊ စိတ်သရုပ်ခွဲပညာရှင်စသည့် အရည်အချင်းမှတ်တမ်းများ ပိုင်ဆိုင်သူလည်း ဖြစ်သည်။ သက်သေထောင်ပေါင်းများစွာအား နှစ်ပေါင်းများစွာ တွေ့ဆုံမေးမြန်းခဲ့ခြင်းသည် အတုအယောင်ကို စုံစမ်းဖော်ထုတ်ရန် အလွန်ကြီးမားသည့် လက်တွေ့ကျသော အတွေ့အကြုံများကို သူ့အား ရရှိစေသည်။ ထို့ပြင် စိတ်ရောဂါစာမေးပွဲများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ ရောဂါအမျိုးအစားဖော်ထုတ်နိုင်ရန်အတွက် စစ်ဆေးမေးမြန်းခြင်းစသည်များကို ရေးသားနေသူလည်း ဖြစ်၏ (Stevenson 1977)။

မိဘ ဆွေမျိုး မိတ်သင်္ဂဟများနှင့် ပတ်သက်နေသည့်အမှုတွဲပေါင်း(၂၅၀၀) ကို အတုပြုလုပ်ရန်ကိစ္စမှာ တစ်ဦးတစ်ယောက်အတွက် လွယ်ကူသောအလုပ် မဟုတ်ပေ။ တစ်ခါတစ်ရံ လူပေါင်း (... ကျော်ကို သက်သေအဖြစ် စစ်ဆေးရ... ယခင်ဘဝက တော်စပ်ခဲ့သည့် ကလေး...



www.burmeseclassic.com

www.burmeseclassic.com

ယ်၏ချစ်သူခင်သူများနှင့် ကလေးငယ် ပြန်လည်တွေ့ဆုံခြင်းကြောင့် စိတ်ခံစားမှုများဖြစ်ပေါ်လာသည်ကို တွေ့ရ၏။

ဤ ပြင်းထန်သော စိတ်ခံစားမှု အခြေအနေများသည် လူတို့ဖန်တီးနိုင်သည့်စွမ်းရည်ထက် ကျော်နေသည်ကို တွေ့ရ၏။ လူဝင်စားအဖြစ် ပြန်လည်မွေးဖွားလာသည့် ကလေးငယ် ထောင်ပေါင်းများစွာအား တွေ့ဆုံမေးမြန်းပြီးနောက် ဒေါက်တာ စတီဗင်ဆင်က -

"သဘာဝမကျဘူးလို့ သူတို့ထင်ထားတဲ့ကိစ္စရပ်တွေ၊ ယူဆချက်တွေကို မေးမြန်းဖို့ သူတို့ကိုနည်းပေးလမ်းပြလုပ်ရတာ သိပ်တော့မလွယ်ဘူးခင်ဗျ"

ဟုပြော ဆိုသည်။

သိပ္ပံနည်းကျစုံစမ်းဖော်ထုတ်ထားသည့်၎င်း၏လုပ်ဆောင်မှုများကို အခြားသော သိပ္ပံပညာရှင်များ၊ ပြင်ပပုဂ္ဂိုလ်များ လူဝင်စားကိစ္စရပ်အား လက်မခံသည့်ပုဂ္ဂိုလ်များက အသေးအဖွဲ့ကစ၍ စိစစ်သင့်သည်ဟု ဒေါက်တာစတီဗင်ဆင်က နားလည်ပါသည်။ ဤသို့နားလည် သဘောပေါက်သဖြင့် သူလုပ်ကိုင် ဆောင်ရွက်သည့် ကိစ္စရပ်တိုင်းကို စေ့စေ့စပ်စပ်ဆောင်ရွက်ပါသည်။ သူ့လုပ်ငန်းရှင်နှင့်ပတ်သက်နေသူ မည်သူ့ကိုမျှ ပိုက်ဆံမပေးကြောင်း စတီဗင်ဆင်က တရားဝင်ကြေညာသည်။ မည်သည့် စမ်းသပ်မှုမျိုးကို မျှဝေပေးခြင်း မရှိပါဟူသောပေါ်လစီကို သူအမြဲတစေ ကျင့်သုံးခဲ့၏။

ထို့ပြင် သူပြုလုပ်ခဲ့သည့် ကိစ္စရပ်များသည် လူသိနည်းသည့်အပြင် ၎င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်မည့်သူများအားလည်း ကျော်ကြားမှုရှိစေရမည်ဟူသောမက်လုံးပေး၍ ဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ထိုသို့ ဆောင်ရွက်မှုကြောင့် နှစ်ပေါင်းများစွာ ကြာလာခဲ့သော်လည်း စတီဗင်ဆင်၏လုပ်ငန်းများကို အနောက်တိုင်းနိုင်ငံများ၏ ပညာတတ်အသိုင်းအဝိုင်းပြင်ပ၌ လူသိနည်းရခြင်း ဖြစ်သည်။

လူဝင်စားအဖြစ် ပြန်လည် မွေးဖွားလာသည့် ကလေးငယ်များသည် ၎င်းတို့ကိုယ်တိုင် သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ အတိတ်က သတင်းအချက်အလက်များကို ဖတ်နိုင်သည်၊ ကြားနိုင်သည်၊ ပြောပြနိုင်သည်။ သို့သော် ထိုအချက်များကို မေ့သွားကြသည်။ သူစုံစမ်းစစ်ဆေးခဲ့သည့် လူဝင်စားကိစ္စရပ်အများအပြား၌ ကလေးငယ်ပြောဆိုသည့် သတင်းအချက်အလက်များကို ၎င်း၏ဝန်းကျင်၌ရှိနေသည့် မည်သူတစ်ဦးတစ်ယောက်မျှ မသိကြပါဟု ဒေါက်တာစတီဗင်ဆင်က ရှင်းပြသည်။

အချို့သောကလေးငယ်များသည် အသက် (၂) နှစ်သားအရွယ်သာရှိသေးသဖြင့် အခြားသူများနှင့် ဆက်ဆံရာ၌ အကန့်အသတ်ဖြင့်သာဆက်ဆံနိုင်သည်ဟု သိရသည်။ စကားလုံးအနည်းငယ်သာသိသေးသည့် ကလေးငယ်များကလည်း အတိတ်ဘဝအကြောင်း ပြောကြသည်ကို သူတွေ့ရသည်ဟု စတီဗင်ဆင်ကဆို၏။

### အမွေဆက်ခံသောမှတ်ဉာဏ်စုပေါင်းထားသည့်မသိစိတ်

ဝေဖန်သူများ မကြာခဏ ပြောတတ်သည့် စောဒကတစ်ခုမှာ ကလေးငယ်များ၏အတိတ်ဘဝကို မှတ်မိသော မှတ်ဉာဏ်အကြောင်းဖြစ်သည်။အတိတ်ဘဝကို မှတ်မိသော မှတ်ဉာဏ်ဆိုသည်မှာ ထိုကလေးအမွေခံရရှိသောမှတ်ဉာဏ်များ ဖြစ်သည်။ ဝေဖန်သူများ၏ စောဒကသည်လည်း အခြေခံအားဖြင့် အပြစ်အနာအဆာများ ရှိနေသည်ကို တွေ့ရ၏။ လူတစ်ဦးသည် ၎င်း၏ ဘိုးဘွားဘီဘင်တစ်ဦးဦး၏ ဘဝအကြောင်းကို မှတ်မိသည်ဆိုပါက လူမျိုးရေးနှင့် ပထဝီဝင်ဒေသ စသည့် (၂) မျိုးစလုံးနှင့် ဆက်စပ်နေသည်ကို တွေ့ရ၏။ အတိတ်ဘဝကို မှတ်မိကြသည့်လူများသည် လူမျိုးအားလုံး ကိုယ်စားပြုမှတ်မိခြင်း ဖြစ်သည်။ စတီဗင်ဆင် လေ့လာခဲ့သည့် ဥရောပတိုက်မှ ကလေးငယ်တစ်ဦး၏ ဖြစ်ရပ်ကို ဥပမာဖြင့် တင်ပြပါမည်။ ထိုကလေးငယ်သည် ဟန်ဂေရီနိုင်ငံ၌ မွေးဖွားခဲ့ပြီး ၎င်း၏ ယခင်ဘဝဖြစ်သော အာဖရိကတိုက်ကို သတိရနေသည်ဟု ဆို၏။

ကလေးငယ်က -

"ဟိုမှာရှိတဲ့ ကျွန်တော့်ဇနီး၊ ကျွန်တော့်ကလေးတွေနဲ့ အခြားလူတွေက ဒီမှာရှိတဲ့လူတွေနဲ့မတူဘူး။ သူတို့အားလုံးက အသားမည်းတယ်။ ခန္ဓာကိုယ်အပေါ်ပိုင်းမှာလည်း အဝတ်အစားမရှိဘူး"

ဟု ဆို၏။

### အထူးအာရုံသိအမြင်

**E.S.P (Extrasensory Perception?)**

အထူးအာရုံသိအမြင်ဟု သိကြသည့် တယ်လီပသီဟုခေါ်သော စိတ်စွမ်းအင်ရှိသည်ဟု လက်ခံထားသည့် သက်ရှိထင်ရှား လူတို့၏မှတ်ဉာဏ်များကို နိုးလာအောင် ဤကလေးငယ်များက ရိုက်နှိုးလိုက်သည်ဟု လေ့လာသူများက အဆိုပြုကြသည်။ ဤသို့အဆိုပြုသော်လည်း မယုံကြည်သူများက ငြင်းဆန်ခဲ့ကြပြီး ဆက်လက်၍လည်း ငြင်းဆန်နေဆဲ ဖြစ်၏။ အထူးအာရုံသိအမြင်နှင့် တယ်လီပသီခေါ် စိတ်စွမ်းအင်မရှိပါဟု ပြောနေဆဲ ဖြစ်၏။ အထူးအာရုံသိအမြင်ဆိုသည်မှာ ရှိပါသလား။ သို့တည်းမဟုတ် မရှိဘူးလား။

၎င်းတို့ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို မှတ်မိရန် ဤကလေးငယ်များတွင် အကောင်းဆုံးသော အထူးအာရုံအသိအမြင်ရှိရန် လိုအပ်သည်ဟု စတီဗင်ဆင်က ပြောဆို၏။ အချို့သောဖြစ်ရပ်များ၌ ကလေးငယ်များပေးသည့် ထူးခြားသော သတင်းအချက်များသည် လူတို့လက်ရှိသိရှိထားသော အထူးအာရုံသိအမြင် စွမ်းအင်သက်မှတ်ချက်ထက် ကျော်လွန်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ကလေးငယ်များတွင် စတီဗင်ဆင်ပြောဆိုသည့် အကောင်းတကာ့အကောင်းဆုံးသော အထူးအာရုံသိအမြင်ရှိရန် လိုအပ်ခြင်း ဖြစ်၏။ အထူးအာရုံအသိအမြင်သည် မွေးရာပါ အမှတ်အသားနှင့် ကိုယ်ခန္ဓာပုံပန်းမကျခြင်း၊ ချို့ယွင်းခြင်းများကို မရှင်းနိုင်ချေ။ အဆိုပါ ကလေးငယ်များသည် ၎င်းတို့၏ ခန္ဓာကိုယ်ပေါ်ရှိ မွေးရာပါအမှတ် သို့မဟုတ် အမှတ်များကို ညွှန်ပြ၍ သူတို့ မည်သို့ ပစ်သတ်ခံရသည်၊ ပုံပျက်အောင် မည်သို့ဖျက်ဆီးခံရသည်များကို ရှင်းပြကြသည်ဟု ဒေါက်တာစတီဗင်ဆင်၏ ပြောကြားချက်အရ သိရသည်။

မိဘများကလည်း ဤအမှတ်အသားများသည် မွေးကင်းစအရွယ်ကတည်းကရှိနေသောအမှတ်များ ဖြစ်သည်ဟု ကျိန်၍ပြောကြ၏။ ပုံပန်းမကျမွေးလာသော ကလေးငယ်များ၊ ခြေလက်မပါသော ကလေးငယ်များ၊ လက်ချောင်းများမပါသော ကလေးငယ်များက ဤသို့ ပုံပျက်ပန်းပျက်မွေးလာခြင်းသည် ယခင်ဘဝက သူတို့မည်သို့မည်ပုံသေဆုံးခဲ့ရသည်ကို ပြနေသည်ဟု ဆို၏။

တိုးထက်

A LAWYER PRESENTS THE EVIDENCE FOR THE AFTERLIFE စာအုပ်မှ CHILDREN WHO REMEMBER PAST LIVES ကို ပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

# (ဥပဒေ) စိုးထွန်း
## အကုသိုလ်အကျိုးပေးချိန်



တစ်ပဟုန်ထဲစီးပွားတက်တယ်ဆိုတာ ကိုအောင်မြင်နဲ့ မကံဆင့်တို့ကိုခေါ်တာဖြစ်မယ်လို့ ရပ်ကွက်က အားကျနေကြတယ်။ သူတို့စီးပွားရေးက ဒီရေလိုတရိပ်ရိပ်တက်လာတာလို့ ပြောသူက ပြော၊ ရပ်ကွက်ကငေးကြည့်ရလောက်အောင် ကိုအောင်မြင်အိမ်က ထရံကာက သစ်သားဖြစ်၊ သစ်သားက တိုက်အိမ်လေး ဖြစ်လာတယ်။

ကိုအောင်မြင်က သူ့မိတ်ဆွေတွေကို -

"ငါ့နာမည်ခေါ်ရင် အောက်မြစ်ထည့်ပြီး 'မြင့်' လို့ မခေါ်နဲ့။ အောင်မြင်မှုတွေရတယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ ကိုအောင်မြင်လို့ မှည့်ထားတာ၊ မှတ်ထားနော်"

ဟု အပြောကို ကိုအောင်မြင် ဒကာခံတဲ့ လက်ဖက်ရည်ဝိုင်းဖြစ်နေ၍ ဘယ်သူမှမဝေဖန်။ ကိုအောင်မြင်တို့အိမ်မှာ ဆိုင်ကယ်က သားတစ်စီး၊ အဖေတစ်စီး။ တီဗွီတွေ၊ အောက်ဆက်တွေက နောက်ဆုံးပေါ်။ မကံဆင့်ကိုယ်ပေါ်မှာလည်း ရွှေတွဲလဲငွေတွဲလဲ။ အခုတော့ ကလေးကျောင်း အကြို၊ အပို့အတွက် မကံဆင့်က တက္ကစီကို လပေးတောင်ငှားထားတယ်။

ဒီအခြေအနေရောက်လာအောင် ကြိုးစားတာ မကံဆင့်ပါပဲ။ သူ့အလုပ်က အကုသိုလ်တော့မကင်းဘူး။ ငါးရောင်း၊ ကြက်ရောင်းတဲ့ အလုပ်မှန်သမျှ တိရစ္ဆာန်တွေကို အရင်သတ်ပြီးမှရောင်းလို့ရတာ မဟုတ်လား။ မကံဆင့်က ကြက်သတ်ရောင်းတဲ့သူ။ သူ့အလုပ်က တောဈေးသည်တွေလာရောင်းတဲ့ကြက်ကို ဈေးနှိမ်ပြီးဝယ်ရတယ်။ တောဈေးသည်ဆိုတာ မြို့ဆိပ်ရောက်ပြီဆိုတာနဲ့ ဝယ်လက်ကို လိုက်ရှာနေတဲ့သူတွေ။ အမြဲတမ်းဝယ်နေကျဖောက်သည်ဆိုရင် ဖောက်သည်ပေးတဲ့ဈေးနဲ့ ရောင်းပြီး တောကိုမြန်မြန်ပြန်ချင်ကြတယ်လေ။

ဖောက်သည်ဖြတ်တဲ့ဈေးကို တောဈေးသည်က မငြင်းဘူးဆိုတာ ဒီလိုရှိပါတယ်။ သူကလည်း တောမှာ ဒီကြက်တွေကို အောက်ဈေးနဲ့ ကောက်ခဲ့တာမျိုးဆိုတော့ ဈေးနှိမ်တောင် မရှုံးသေးပါဘူး။ ရောင်းသူ၊ ဝယ်သူတွေ လက်သုံးစကားက -

"ဝယ်နေကျ ဖောက်သည်ဖြစ်လို့ အရင်းတိုင်းဈေးနဲ့ ရောင်းလိုက်တာ လမ်းစရိတ်တောင် မကျေပါဘူးရှင်"

ဒီလိုအပြောလေးတွေနဲ့ အရောင်းအဝယ်တွေ ဖြစ်နေကြပါတယ်။ မကံ



www.burmeseclassic.com

www.burmeseclassic.com

င့်ကလည်း လေသံချိုချိုလေးနဲ့ ပြော ရှိတဲ့စကားက -

"ဒီနေ့ ဈေးကြီးမှာဘယ်လောက် ပေါက်နေတာ။ မိတ်မပျက်အောင် ၀) ဈေးတော့ ပေးလိုက်ပါ့မယ်"

စသဖြင့် အပြောလေးနဲ့ ဝယ်လေ့ တယ်။ ဈေးမသိတဲ့ အခုမှလာတဲ့သူ ရင် (၃၀၀) ဈေးကိုတောင် မပေးချင် ချင်ဝယ်တတ်သူက မကံဆင့်ပါပဲ။

ကြက်အရောင်းအဝယ်မှာ တစ်ခါ တစ်ရံ ကြက်ရောင်းတဲ့လူတွေများနေပြီး ပြန်ရောင်းတဲ့ ရောင်းအားနည်းတာမျိုးနဲ့ လည်း ကြုံတတ်ပါတယ်။ ဒီလိုကြုံနေ ရင် ကြက်တွေကို မသတ်ဘဲ လှောင်ကုန် အဖြစ် တောင့်ထားရတာမျိုးလည်း ခံနိုင် ရည်ရှိရပါမယ်။ ဒါ့အပြင် ဈေးကွက် တော်တော်များများကိုလည်း ရှာထားရ တာပေါ့။ မကံဆင့်က သူ့မှာကြက်တွေ များအားကြီးနေရင် ကုလားကုန်းဈေး၊ မြို့မဈေး၊ ဇရာမင်းဈေးနဲ့ ရှမ်းရွာဈေးတွေ သွားပြီး ရောင်းတတ်တဲ့ ပညာကိုလည်း မတတ်ထားလို့မဖြစ်။ ဒီအလုပ်က သူ ကျွမ်းကျင်ပြီးသားအလုပ်။

ပြီးတော့ လှောင်ကုန်အဖြစ်ဝယ် ထားတဲ့ကြက်တွေ များအားကြီးလာရင် ဒေသပေါင်းစုံက ကြက်တွေစုတာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com

ကြက်နာလည်းကျတတ်ပါတယ်။ ကြက်နာကျလို့ ကြက်သေဆိုရင်တော့ ရှုံးပြီသာမှတ်ပေတော့။ ဒီလိုများလာရင် မကံဆင့်က ဘုန်းတော်ကြီးကျောင်းတွေက ဝေယျာဝစ္စအဖွဲ့တွေနဲ့ ဆက်ရတာပေါ့။ အလှူတစ်ခုက ကြက်သားနဲ့ ကျွေးချင်တယ်၊ ဘယ်နှကောင်အလိုရှိတယ်ဆိုရင်တော့ မကံဆင့်ကြက်တွေက ရွှေဖြစ်သွားပြီလေ။

ဒီနေရာမှာ ဝေယျာဝစ္စအဖွဲ့ကလည်း ကြက်ဝယ်ဈေးကို ဘယ်တော့မှ အောက်ဈေးနဲ့မပြောပါဘူး။ အလှူရှင်ဆိုတာက လှူမယ့်ပုဂ္ဂိုလ်ဖြစ်နေလို့ ဈေးဆစ်တဲ့ဓလေ့လည်း ဘယ်တော့မှမရှိပါဘူး။ ဒီကိစ္စမှာ အဆင်ပြေသွားတာက မကံဆင့်ပါပဲ။ ဒီလိုအဆင်ပြေအောင် ဝေယျာဝစ္စအဖွဲ့တော်တော်များများကို မကံဆင့်က စပွန်ဆာပေးပြီး ပေါင်းထားတယ်လေ။ ဒီလိုနည်းတွေနဲ့ မကံဆင့်ကြက်သတ်လာတာ အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ ရွှေတွဲလဲငွေတွဲလဲနဲ့ ပြည့်စုံတဲ့ဘဝကို ရလာပါပြီ။

သူ့လုပ်ငန်းကိုသွားကြည့်ရင် ဒီလိုတွေ့ရမှာပါ။ ပထမ ကြက်တွေကို လေးကောင်တစ်တွဲ ခြေကို ကြိုးနဲ့ချည်ပြီး ဝါးတန်းမှာ ချိတ်ရတယ်။ ဒီတော့မှ ဇောက်ထိုးဖြစ်နေတဲ့ ကြက်တစ်ကောင်ချင်းလည်ကိုလှီးပေတော့။ ဇောက်ထိုးဖြစ်နေတော့ ကြက်ကိုယ်ကသွေးတွေထွက်လာတာ မနည်းလှပါဘူး။ အောက်မှာက ကြက်သွေးခံတဲ့ဇလုံက အဆင်သင့်။ ဒီသွေးက ကြက်သွေးအဖြစ်ရောင်းဖို့ခံထားတာ။ ဒီအချိန်မှာ အကြောဆွဲတဲ့ကြက်၊ မသေသေးတဲ့ကြက်၊ နာလို့အော်တဲ့ကြက် ဘာကြက်ဖြစ်ဖြစ် သွေးကုန်တာနဲ့ မိုးပြဒယ်အပေါ်က ဝါးတန်းကိုပြောင်းလိုက်။ မြေစိုက်မိုးပြဒယ်ထဲမှာ ရေနွေးက ဆူပြီးသား။ အောက်က ထင်းမီးကလည်း တဟိန်းဟိန်း။ မကံဆင့်က မသေမရှင်ရော၊ အသေအရှင်ရော လေးကောင်တွဲကို ဝါးတန်းကဖြုတ်၊ ရေနွေးပွက်ပွက်ဆူတဲ့အထဲမှာစိမ်၊ ခဏနှစ်ပြီး ရေအေးမိုးပြဒယ်ကိုပို့လိုက်။ မကံဆင့်ရဲ့ နေ့စားကောင်မလေးတွေက အမွေးတွေနုတ်ကြပေါ့။

ဒီကိစ္စတွေပြီးမှ ကျောက်စလစ်ခဲသေးသေးလေးတွေကို သဲနဲ့ရောပြီး ဆေးထိုးပိုက်နဲ့ ဝမ်းထဲရောက်အောင်ထည့်ရတယ်။ ဒါမှ အလေးချိန်ကစီးမှာကိုး။ ဒီကိစ္စတွေပြီးပြီဆိုရင် နန္ဒင်းရည်အနည်းငယ်နဲ့ ကြက်သေကို သုတ်ရတယ်။ ဒါမှ ကြက်ရဲ့အသားက ဖြူဖပ်ဖြူရော်မဖြစ်ဘဲ ဝါတာတာလေးဖြစ်သွားတော့ အမြင်လှတာပေါ့။ ဒါတွေပြီးသွားရင် ရောင်းဈေးကွက်ကို ပို့လို့ရပါပြီ။ အပိုအမြတ်အစွန်းကတော့ ကြက်သွေးခဲပါပဲ။ မကံဆင့်အနေနဲ့က ဒီလိုလည်လှီး၊ ဒီလိုသွေးထုတ်၊ ဒီလိုရေနွေးစိမ်၊ ဒီလိုအမွေးနုတ်၊ အစာအိမ်ထဲကို ကျောက်ခဲထည့်၊ ဒီအလုပ်တွေက နိစ္စဓူဝလုပ်ရတဲ့အလုပ်တွေပါ။ ဒီလိုလုပ်ရင်းက မကံဆင့်ရွှေတွေတိုးတိုးပြီးလာနေတော့ ဒီအလုပ်မှာ ပျော်မွေ့နေတာပေါ့။

ဒီလောက် စီးပွားဖြစ်နေတဲ့လုပ်ငန်းကြီးကို မချီးကျူးတဲ့ လူတစ်ယောက်က မထင်မှတ်ဘဲပေါ်လာတယ်။ ဒီအမျိုးသမီးကြီးက အမေ့ရဲ့အစ်မကြီး ဒေါ်လှစိန်။ သူက ဟင်္သာတမြို့ကနေ ပုသိမ်ကိုလာ၊ နောက်ပိုင်း ပင်လယ်ပိုင်းကို ခရီးဆက်မယ့်သူပါပဲ။ သူ့တူမ လုပ်တာကိုင်တာကိုကြည့်ပြီး မချီးကျူးဘဲ -

"နင် ဒီအလုပ်ကနေ ဒိပြင်အလုပ်ကိုပြောင်းပါလား"

ဒီစကားကို တခြားတစ်မိးတစ်ယောက်သာပြောတာဆိုရင် မကံဆင့်က ကက်ကက်လန်အောင် ရန်တွေ့ဖြစ်မှာသေချာပါတယ်။ အခုတော့ အမေရဲ့အစ်မကြီးဖြစ်နေလို့ နှုတ်လှန်မထိုးရဲ။ သူ့ကျေးဇူးလည်းကင်းမှမကင်းဘဲကိုး။

"အဒေါ်ကလည်း၊ ကျွန်မက ဒါပဲလုပ်တတ်တာ။ ဒီအလုပ်ကြောင့်ပဲ ကျွန်မတို့ တစ်ဟုန်ထိုး စီးပွားတွေတက်လာတယ်လေ။ ကျွန်မတို့နဲ့ အကျိုးပေးတဲ့အလုပ်ပဲ။ ဒိပြင်ဟာတွေလုပ်ရင် နောက်အနှစ် (၂၀) လုပ်တောင် အခုစီးပွားရေးကို မီမှာမဟုတ်ဘူး အဒေါ်ရဲ့"

"အေး - ငါပြောချင်တာက အကုသိုလ်အလုပ်ကြီးဖြစ်နေလို့ ပြောတာပါ။ နင်လည်း ဘုန်းတော်ကြီးတရားတွေနာဖူးမှာပေါ့။ အကုသိုလ်အကျိုးပေးချိန်မရောက်သေးလို့ အဆင်ပြေနေတာဟဲ့။ အကုသိုလ်အကျိုးပေးလာရင် အစုလိုက်အပြုံလိုက် ဒုက္ခတွေစုပြုံပြီးရောက်လာတတ်တယ်။ ဒါကြောင့် ငါ့အမြင်မှာတော့ ဒီလောက်စီးပွားဖြစ်ပြီးရင် တခြားစီးပွားရေးကို ပြောင်းလုပ်သင့်တယ်။ နင်တို့မှာ အခြေခံစီးပွားရေးကတောင့်နေပြီလေ"

ဟု ပြောသော်လည်း ပြောစကားများက ဘယ်နားကဝင်ပြီး ညာနားကပြန်ထွက်သွားပါတယ်။ မကံဆင့်ကခေါင်းလည်းမညိတ်၊ အင်းလည်းမလုပ်၊ ဒေါ်လေးပြန်သွားရာ မကံဆင့်က သွားတာတောင် နောက်ကျနေသေးတယ်၊ တက္ကစီတစ်စီးကို အမြန်တောင်ရှာပေးလိုက်ပါတယ်။ မြန်မြန်သွားပါမှ နားအေးရမယ့်အဖြစ်နဲ့ ကြုံနေရတာကိုး။

တစ်နေ့ မိုးပြဒယ်နဲ့ ရေနွေးကျို ထားတုန်း မကံဆင့်အငယ်ဆုံးသားလေးက ကစားရင်း ခြေချော်ပြီး မိုးပြဒယ်ထဲကိုရောက်သွားတယ်။ ကြက်မွေးနုတ်မယ့်ကလေးက ပြေးပြီးဆွဲလိုက်လို့ နောက်တစ်ချောင်း လွတ်သွားတာပါ။ အဲဒီနေ့က မကံဆင့်က ကလေးကိုမွေ ကိုအောင်မြင်က ဆိုင်ကယ်မောင်းပြီး ဆေးရုံကြီးကို ပြေးရတာပေါ့။ အိမ်မှာ နေ့စားခေါ်ထားတဲ့ ကလေးတွေပဲ သတ်ပြီးသားကြက်တွေကို ဈေးကိုပို့ပေးလို့ အရှုံးတော့မရှိခဲ့ပါဘူး။

ကလေးခြေထောက်ကို ရေနွေး ပူလောင်တာဟာ ဒုက္ခရဲ့အစ ရှေ့တော် ပြေး လာပြီးသတိပေးတာလို့ မကံဆင့်တို့က သတိမထားဖြစ်ပါဘူး။ မတော်တဆ ဖြစ်တာလို့ သဘောထားကြတာပေါ့။ ဒီဒုက္ခလောက်ကို မကံဆင့်က ငွေနဲ့ ပေါက်ပြီး ကုစားလိုက်ပါတယ်။ အချိန် ပြည့်ကြည့်ရမယ့်ကလေးအတွက် စပယ် ရှယ်နပ်(စ်) ငှားလိုက်တယ်။ မကံဆင့် ကတော့ လုပ်ငန်းမပျက်လုပ်နေဆဲပါပဲ။ အရက်(၂၀)ကျော်မှ ကလေးခြေထောက် က အသားကောင်းပြန်တက်လာပါ တယ်။

ရှေ့တော်ပြေးဒုက္ခလာပြီး တစ်လ အကြာမှာ ဒုတိယဒုက္ခက မကံဆင့်ဆီကို အလည်ရောက်လာပါတယ်။ တစ်နေ့ သတ်ပြီးသားကြက်တွေကို သွေးထုတ်ပြီး သွေးမထွက်တော့ရင် လေးကောင်တွဲ ကြက်တွေကို မိုးပြဒယ်အပေါ်က ဝါး တန်းမှာ လာပြီးချိတ်ရတယ်။ ရေနွေးဆူ ထဲကို မကံဆင့်က အချိန်အဆနဲ့နှစ်တာ ပါ။ သိပ်ကြာသွားရင် အမွေးကျွတ်ရုံတင် မကဘူး။ ကြက်အရေပြားပါ ကွာသွား ရင် အသားမလှတော့ဘူးလေ။ ဒါကြောင့် အချိန်အဆက အရေးကြီးတာပေါ့။

နေ့စားကလေးတွေက လေး ကောင်တွဲကြက်တွေကို ဝါးလုံးတန်းမှာ ချိတ်ပြီး ရေနွေးထဲကဆယ်ထားတဲ့ကြက် တွေကို သူတို့အဖွဲ့က အမွေးနုတ်ရတယ်။ မကံဆင့်က ကြက်တွေကို မိုးပြဒယ်ထဲ ထည့်ဖို့ ရေနွေးကိုကြည့်လိုက်တော့ ပထမအကြိမ်စိမ်ထားလို့ အမွေးအား ပျော့နေတယ်။ ဒါကိုတွေ့ ရေနွေးငွေ့



www.burmeseclassic.com

www.burmeseclassic.com

ွက်တာကြည့်ပြီး မကံဆင့်က အတွေ့အကြုံအရ သိနေတာပါ။ ဒါကြောင့် မီးငြိမ်းထိုးပြီး ရေနွေးဆူအောင် ပြန်ပြီးလုပ်လိုက်ရတာပေါ့။

ရေနွေးပွက်ပွက်ဆူနေချိန်မှာ ပိုးးတဲ့ဝါးလုံးက ကြက်နှစ်တွဲပြုတ်ကျပါလေရော။ ပွက်ပွက်ဆူနေတဲ့ ရေနွေးတွော မီးပြဒယ်ကနေ မကံဆင့်ဆီကိုအလုံးလိုက်ပြေးဝင်ဆောင့်တော့တာပါ။ မကံဆင့်က လည်ပင်းကနေ ခြေဖျားအထိ ရှေ့တစ်ခြမ်းလုံး ရေနွေးပူမှန်ရာအော်ရင်းဟစ်ရင်းက သတိပါလစ်သွားပါတယ်။

ကိုအောင်မြင်တစ်ယောက် ကားခေါ်ပြီး ဆေးရုံကိုပြေးရပြန်တာပေါ့။ ကြက်အသေရော အရှင်ရော၊ မသောသေရော ရေနွေးဖျောတုန်းက ဘယ်ောက်ပူတယ်လို့ ကိုယ်ချင်းမစာမိဘူး။ အခုမှ ရေနွေးပူဆိုတာ တော်တော်လေးခံရဆိုးတဲ့ဒုက္ခပါလားလို့ မကံဆင့်ကလာတယ်။ ဆေးရုံခုတင်မှာ မကံဆင့် ဝတ်လစ်စလစ်။ ခုတင်ပေါ်မှာ ဖျား ဖျာပေါ်မှာ မကံဆင့်က ပက်လက်၊ းလူးတဲ့ ရှေ့ပိုင်းကိုတော့ ပိတ်စလေးဖွဖွအုပ်ပေးထားရတယ်။ ဒီအလုပ်ကိုာက်ပိုင်းမလုပ်ပါနဲ့တော့လို့ လောကဓံားက ရေနွေးပူနဲ့ သတိပေးတာည်း မကံဆင့်က မသိပါဘူး။

ဒီလိုနဲ့ တစ်လလောက်အကြာမှ ကောင်းပကတိပြန်ဖြစ်ပါတယ်။ ကျားးတော့ ခြေရာကြီး ဆိုသလို တစ်လထိုင်စားလိုက်တာ လက်ကောက်နှစ်င်းထွက်သွားတယ်။ ကိစ္စမရှိပါဘူး။ က်ကောက်နှစ်ကွင်းက နှစ်လမရှာါဘူး၊ ရပါတယ်လို့ မကံဆင့်ကတော့ ကြက်လုပ်ငန်းကို နောက်မဆုတ်။ တိုးလုပ်ဖို့သာ သူကစဉ်းစားနေတဲ့သူကိုး။

လုပ်ငန်းပြန်စဖို့ ပုသိမ်ဆိပ်ကမ်းင်းလာတော့ သူ့ဖောက်သည်တွေတွေ့တော့ဘူး။ တွေ့တဲ့ဖောက်သည်တော့ အခြားဝယ်လက်မှာရောင်းပြီးကြောင်းပြောလာတယ်။ နောက်လာတဲ့က်သည်ဟောင်းတွေ တွေ့ပြန်တော့ ဘယ်သူနဲ့ အလုပ်လုပ်နေတာစ်လတောင်ရှိပြီ။ ပြောင်းပြီး အခြားစ်ယောက်ကို ရောင်းလို့ဘယ်ကောင်းမလဲဆိုပြီး စကားနဲ့ နှစ်သိမ့်သူကသိမ့်။ ဒီလိုနဲ့ ကမ်းနားဆိပ်မှာ ကြက်စ်ကောင်မှ မရလိုက်။ သူလက်တိုက်တောင်းခေါ်ပြီးခိုင်းတဲ့ ကောင်မ္တက ဝယ်လက်တွေဖြစ်လိုဖြစ်နေကြပါလား။ ငါမွေးတဲ့မျောက်က ငါ့ပြန်ခြောက်နေကြတာကိုး။ ကြက်ကောက်တဲ့အလုပ်မဖြစ်ရင် ဖြန့်တဲ့စနစ်နဲ့ ပြန်လုပ်မယ်။ တွေ့ကြသေးတာပေါ့ ကြုံးဝါးပြီး မကံဆင့်က ကုလားကုန်းဈေးကို မနက်အစောကြီး ထွက်လာလိုက်တယ်။

ကုလားကုန်းဈေးက ကြက်သည်တွေက သူ့ဆီကကြက်ကိုယူတဲ့ လူရင်းတွေ။ ဒီလူတွေဆီက ကြက်ကိုပြန်ဝယ်ပြီး ရှမ်းရွာဈေးကို မနက်အမီသွားရောင်းရမယ် စိတ်ကူးလိုက်တယ်။ ဒါကြောင့် ကြက်သေ (၁၅) ကောင်ကို ဆိုင်ကယ်နောက်က ခြင်းထဲမှာထည့်ပြီး ကြိုးနဲ့ချည်လိုက်တယ်။ ရှမ်းရွာကို သွားတယ်ဆိုတာ ပုသိမ်-ငပုတောကားလမ်းကနေ သွားရတာပါ။

အရင်က လမ်းပျက်ကြီးဖြစ်ပေမယ့် ဒီဘက်ခေတ်မှာတော့ ပုသိမ် - ငပုတောမြို့က နေ့ချင်း ကားလမ်းနဲ့ ခရီးပေါက်နေပါပြီ။ ဒါပေမယ့် ကားကြီးနှစ်စီးတော့ မရှောင်နိုင်ပါဘူး။ ကားနဲ့ဆိုင်ကယ်လောက်သာ ရှောင်နိုင်တာပါ။ ဘေးမှာတော့ မြေသားလမ်းပခုံးလေးရှိလေရဲ့။ ဒီလမ်းမှာ ကားရော ဆိုင်ကယ်ပါ လေယျာဉ်ပျံမောင်းသလိုမောင်းနေကျ။ ဘယ်သူမှ အရှိန်လျှော့ဖို့ စိတ်မကူးကြပါဘူး။

ဒီလမ်းမှာ မကံဆင့်ကလည်း ရှမ်းရွာဈေးကို ရောက်ချင်ဇောနဲ့ တစ်နာရီ (၅၀) လောက်တော့ မောင်းနေပါတယ်။ ပေါက်ကုန်းနဲ့ ရှမ်းရွာကြား လမ်းမကြီးမှာ မကံဆင့် ရှေ့တူရူက ကားကြီးတစ်စီးလည်း မောင်းလာတယ်။ ဆိုင်ကယ်တစ်စီး၊ ကားတစ်စီးလောက်ကိုတော့ လမ်းက ရှောင်နိုင်တိမ်းနိုင်ပါတယ်။ ဘေးက မြေသားလမ်းတောင် ဆင်းစရာမလိုပါဘူး။ မကံဆင့်ရှေ့ကလာတဲ့ ကားကြီးက မကံဆင့်အနားရောက်မှ စီယာတိုင်ချို့ယွင်းပြီး မထိန်းနိုင်မသိမ်းနိုင်ဖြစ်သွားတယ်။ ယိမ်းထိုးလာနေတဲ့ကားကို မကံဆင့်က လွတ်အောင် မြေသားလမ်းကို ဆင်းပြီးရှောင်ပါတယ်။

ဒါပေမယ့် ကားနောက်ဘီးနဲ့ ဆိုင်ကယ်တိုက်မိပြီး ဆိုင်ကယ်က လွင့်ထွက်သွားတယ်။ မကံဆင့်ကတော့ တစ်ပတ်ကျွမ်းနဲ့ တာပေါ်ကို ကျသွားပါတယ်။ မြေပြင်နဲ့ထိတော့ မကံဆင့်က သတိမရတော့ပါဘူး။ ညာလက်တစ်ချောင်းက ကျိုးသွားတယ်။ ဒါလည်း ဆေးရုံရောက်မှသိတာပါ။ တာဘေးက ဘဲမွေးတဲ့သူတွေကောင်းလို့ ဆေးရုံအရောက်မြန်တာပါ။ ဒီလူတွေက သူ့ကို ကြက်ဒိုင်သူဌေးမလို့ သိထားကြတယ်လေ။

မကံဆင့် သတိပြန်ရတော့ ပုသိမ်ဆေးရုံပေါ်ရောက်နေပါပြီ။ ကျောဘက်ကနေ ရင်ဘတ်တစ်ပြင်လုံး ကျောက်ပတ်တီးစည်းလိုက်ရတယ်။ ညာဘက်မှာလည်း ကျောက်ပတ်တီးနဲ့။ ခါးရိုးပါကျိုးတယ်လို့ သူ့ယောကျ်ားက ရှင်းပြပါတယ်။ ဆေးရုံပေါ်မှာ ရက်ပေါင်း (၂၀) နေပြီးမှ အိမ်ကိုပြန်ရောက်လာတာပါ။ (၄၅) ရက်ပြည့်လို့ ကျောက်ပတ်တီးဖြေတဲ့နေရာမှာ ပက်လက်နဲ့ မှောက်ခုံပဲနေရအားကြီးလို့ လမ်းတောင်မလျှောက်တတ်တော့ပါဘူး။ အိမ်ထဲမှာ ထီးရိုးဝါးကို တန်းထိုးပြီး မနည်းကို လမ်းလျှောက်ပြန်ပြီးကျင့်နေရတဲ့အဖြစ်မျိုးပါပဲ။

တိုက်မိတဲ့ ဆိုင်ကယ်ကိုတော့ ပြင်ဆင်ပြီးထုတ်လိုက်ပါပြီ။ နောက် (၆) လလောက် ဆိုင်ကယ်မစီးပါနဲ့လို့ ဆရာဝန်က မှာလိုက်တယ်။ မကံဆင့်ကလည်း ဒီတစ်သက်ဘယ်တော့မှမစီးတော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ မကံဆင့်ကိုယ်တိုင် မသန်စွမ်းသူဖြစ်နေပါပြီ။ ကြက်တစ်ကောင်ကို သတ်တုန်းက ခေါင်းကို ဘယ်လက်ကဆွဲ၊ ညာလက်က ဓားကိုင်ပြီး တိခနဲ တိခနဲလှီးခဲ့တဲ့ မိန်းကလေး။ အခုတော့ ဓားကိုမပြောနဲ့၊ ဇွန်းတစ်ချောင်းတောင် မနိုင်တော့ပါဘူး။ မသေတာဘဲ ကံကောင်းတယ်လို့ ဆိုရမှာပါ။

ထရင်လည်း ဖြည်းဖြည်း၊ ထိုင်ရင်လည်း ဖြည်းဖြည်း၊ လမ်းလျှောက်တော့ ဝါးလုံးတန်းအကူနဲ့။ လက်ရှိအချိန်မှာတော့ မကံဆင့်က ရှာကျွေးသူမဟုတ်တော့ဘဲ မှီခိုသူဘဝပြန်ရောက်သွားပါတယ်။ အခုမှ အမေရဲ့အစ်မကြီး ပြောစကားကို သွားသတိရလာတယ်။

'နှင်အလုပ်ပြောင်းပါတော့ဟယ်၊ အကုသိုလ်အလုပ်ကြီးဖြစ်နေလို့ ငါတော့ မကြိုက်လှဘူး။ အကုသိုလ်အကျိုးပေးချိန်ကို နှင်မသိဘူးနော်။ ငါတော့ ရင်လေးလိုက်တာ"

ဆိုသည့် စကားများကို အခုမှ နောင်တရနေလေတယ်။ အကုသိုလ်အကျိုးပေးချိန်တန်မယ့်အချိန်ဟာ ငါ့ကလေး ရေနွေးပူလောင်တာကစပြီး သတိပေးနေတာကို ငါမသိလိုက်တာပါလားလို့ အခုမှ စဉ်းစားမိတော့တယ်။

စိုးထွန်း (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ဆရာဝန်တစ်ဦး၏ ဝတ္ထုဆောင်းပါး တစ်ပုဒ်၌ မြန်မာနိုင်ငံတောင်ဘက်စွန်းရှိ ကော့သောင်းမြို့အပိုင် ထိုင်း၊ မြန်မာ နယ်ခြား ပါချန်မြစ်ကမ်းရှိ မာရမ်းဟု ခေါ်သည့် တောမကျမြို့မကျရွာတွင် ဖြစ်ပွားခဲ့သော ကြောက်မက်ဖွယ်ရာ လူသတ်မှုတစ်ခုအကြောင်းကို ဖတ်လိုက်မိသည်။

ထိုရွာတွင် လာရောက်နေထိုင်သူ ထားဝယ်နယ်မှ ကြိမ်ခုတ်လုပ်သားနှစ်ဦးသည် ဒေသတွင် ရှမ်းထီဟု ခေါ်သော သုံးလုံးတိုက်ထီကို တစ်ဖက်ကမ်းတွင် ထိုးရာ ပေါက်သွားသည်တွင် ဆုငွေကို မပေးလိုသောဒိုင်က လူမိုက်ငှားပြီးသတ်ခိုင်းသည်။ မြန်မာဘက်ကမ်းတွင်ရှိသော ထိုမာရမ်းရွာအထိလိုက်လာပြီး ရွာလယ်တွင် သေနတ်နှင့် ပစ်သတ်သွားခဲ့သော အမှု ဖြစ်သည်။

ရေချိုးရန် ရေတွင်းအနီးရပ်နေကြ စဉ် ဆိုင်ကယ်တစ်စီး ရောက်လာပြီး နောက်တွင် ထိုင်လိုက်လာသူကပစ်ရာ တစ်ယောက်က နေရာတွင်သေသည်။ နောက်တစ်ယောက်က ကြောက်လန့် တကြား ထွက်ပြေးသည်တွင် နောက်က လိုက်ပစ်ပြန်ရာ သေနတ်ဒဏ်ရာများ ဖြင့် နေရာမှာပင် လဲကျသေဆုံးသည်။ နေ့ခင်းကြောင်တောင် ရွာလယ်မှာ





www.burmeseclassic.com

ငင်းစွာ လာရောက် ပစ်ခတ်သွားခြင်း ဖြစ်သည်။ စာရေးသူမှာ ဆရာဝန်ဖြစ်သောကြောင့် တာဝန်အရ သွားရောက်စစ်ဆေးပြီး တွေ့မြင်ခဲ့ရသည်ကို ပြန်သည် ရေးသားထားသောသေမှုသေခင်းဆိုင်ရာ ရာဇဝတ်မှုမှတ်တမ်း ဖြစ်သည်။

ဤသို့ အတင့်ရဲစွာ ဝင်ရောက်ပစ်ခတ်သွားသည်မှာ တရားမဲ့လှသည်။ ည်သူမျှလည်း ဝင်မဆွဲရဲ၊ မပြောရဲဆိုရဲကြ။ တစ်ရွာလုံးကို ပစ်ခတ်သွားချင်လည်း အားလုံးသေကုန်ကြမည့်သဘော ဖြစ်သည်။

ထိုအဖြစ်အပျက်ကို ဖတ်ရသောအခါ စိတ်ထဲတွင် နာကျင်ခံခက်ဖြစ်မိသည်။ နိုင်ငံနယ်နိမိတ်စည်းကိုကျော်လာ

သော မှုခင်းဖြစ်ခြင်းကြောင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့်လည်း နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံတကာဥပဒေ စသည်တို့ကို ငဲ့ရသောကြောင့် တရားခံကို ဖော်ထုတ်ခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းတို့ကို ချက်

ချင်းလက်ငင်း ဆောင်ရွက်နိုင်မည်ဟုတ်ပေ။ သည်အချက်ကို အခွင့်ကောင်းယူပြီး လူဆိုးလူမိုက်များက နယ်ခြားတွင် ကြီးစိုးမင်းမူနေခြင်း ဖြစ်သည်။

သို့ရာတွင် တစ်ချိန်က သည်ဒေသ သည်ရွာ သည်နေရာမှာပင် ထိုကဲ့သို့ ဆိုးသွမ်းပြီး လူကျယ်လုပ်နေကြသော ကြေးစားလူမိုက်အဖွဲ့တစ်ဖွဲ့ရှိခဲ့ဖူးသည်တွင် မြန်မာဝန်ထမ်းအရာရှိတစ်ဦးက နှိမ်နင်းခဲ့သည့် ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုရှိခဲ့ဖူးသည်။ လူမိုက်များ ကာလအတန်ကြာငြိမ်သွားပြီး မြစ်အနောက်ဘက်ခြမ်းတွင် နေထိုင်သူများကို မော်မကြည့်ရဲအောင် သတ္တိပြောင်ခဲ့သည်ကို

မာရမ်းတွင်နေထိုင်လျက်ရှိသူ လူကြီးသူမများ ယနေ့တိုင် မှတ်မိနိုင်ပါသည်။

❖

ထိုစဉ်အခါက မြန်မာနိုင်ငံတွင် ယခုခေတ်ကဲ့သို့ နယ်ခြားဒေသတွင် တရားဝင် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားနိုင်သော အခြေအနေမျိုး မရှိသေးပေ။ နယ်စပ်ဖြတ်ကျော် ကုန်ကူးသန်းလျှင် မှောင်ခိုပစ္စည်းဟု သတ်မှတ်ကာ ဖမ်းဆီးနေသောကာလ ဖြစ်သည်။

နယ်ခြားဒေသများတွင် ကင်းစခန်းများဖွင့်ကာ ဌာနဆိုင်ရာ ဝန်ထမ်းများက စောင့်ကြပ်နေသောအချိန် ဖြစ်သည်။

ရှမ်းကုန်းမြေမြင့်မှသွယ်ဆင်းလာသော အရှေ့ရိုးမတောင်တန်းကြီးသည် မြန်မာပြည်တောင်ဘက်ပိုင်းသို့ ရောက်သောအခါ တနင်္သာရီတောင်တန်းကြီးအဖြစ် သွယ်ဆင်းကာ ပင်လယ်ထဲသို့ ငုပ်လျှိုးသွားပါသည်။ သို့ပင်လယ်ထဲသို့ ထိုးဆင်းသွားသော တောင်ဆွယ်ကို ဝိတိုရိယအငူဟုခေါ်သည်။ ကော့သောင်းမြို့သည် ထိုကုန်းမြေစွန်းကလေးပေါ်တွင် တည်ရှိနေသည်။ ပါချန်ဟု ခေါ်သည့်မြစ်က မြို့နှင့်ကပ်လျက် စီးဆင်း




နေသည်။ သူတို့ဘာသာဖြင့် 'ပါ' ဆိုသည်မှာ တော၊ 'ချန်' ဆိုသည်မှာ ဆင်ကို ခေါ်ခြင်း ဖြစ်၏။ ရှေးအခါက တောဆင်ရိုင်းများကျက်စားရာ အရပ်ဒေသဖြစ်ခြင်းကြောင့် ထိုသို့ခေါ်ဆိုခြင်းလည်း ဖြစ်နိုင်ပေသည်။

အထက်ပိုင်းရှမ်းကုန်းမြေမြင့်တွင် တောင်ကျချောင်းကျဉ်းကလေးအဖြစ် စတင်ခဲ့ရာမှ ကော့သောင်းမြို့အနီးသို့ ရောက်သောအခါတွင် သုံးမိုင်ခန့်ကျယ်သော မြစ်ကြီးဖြစ်လာပြီး ပင်လယ်ထဲသို့ စီးဝင်သည်။ မြစ်သည် နှစ်နိုင်ငံနယ်ခြားမြစ်လည်း ဖြစ်လေသည်။

မြစ်ညာသို့ ဆန်တက်သွားလျှင် မြန်မာပြည်ဘက်ခြမ်းသည် တနင်္သာရီရိုးမတောကြီး ဖြစ်သည်။ တောင်ခြေမြစ်ကမ်းစပ်တွင် နေရာကျဲကျဲ ရွာကလေးတစ်ရွာစနှစ်ရွာစ ခပ်ကျဲကျဲတည်ရှိနေကြ၏။ မြစ်အထက်ပိုင်း မိုင် (၅၀) ခန့်အတွင်းတွင် စုစုပေါင်းမှ ရွာပေါင်းကကိုးရွာခန့်သာရှိသဖြင့် ဒေသခံများကထိုရွာများကို ရှမ်းကိုးရွာဟု ခေါ်ကြသည်။

ကော့သောင်းအထက် မိုင် (၂၀) ခန့်တွင် ခမောက်ကြီးဟုခေါ်သောရွာရှိ၏။ လူနေအသင့်အတင့်ရှိသည်။ ထိုမှနောက်ထပ်မိုင်(၂၀)ခန့်သွားလျှင် မာရမ်းဟု ခေါ်သော တိုက်နယ်အဆင့်ရွာကြီး

www.burmeseclassic.com

တစ်ရွာရှိသည်။ ကြားတွင် ခစ်စကျိုင်ဆိုသော ကြားစခန်းရွာကလေးတစ်ရွာရှိသည်။ ထိုနေရာတွင် မြစ်သည် ကိုက် (၃၀၀)ခန့်ကျယ်ပြီး ပင်လယ်ရေအတက်၊ အကျရှိနေသေးသော်လည်း ထိုမှအထက်သို့ ဆက်တက်လျှင် မြစ်သည်တဖြည်းဖြည်းကျဉ်းသွားပြီး ရေလည်းတိမ်သွားသောကြောင့် မော်တော်ကြီးများ မသွားနိုင်ကြတော့ပေ။ မာရမ်းရွာအထက်တွင် လုံးဘောကြီး၊ လုံးဘောကလေး၊ နမ်တွန် စသောရွာကလေးများရှိသေးသော်လည်း ထိုရွာများအနီးတွင် ရေပြင်သည် ကျဉ်းပြီး မိုးအခါတွင် ကမ်းလုံးပြည့်၊ မိုးကုန်လျှင် ရေကျသွားပြီး အချို့နေရာများတွင် လူတစ်ယောက်ဖြတ်လျှောက်နိုင်လောက်သည်အထိ ရေကတိမ်သည်။

မြန်မာပိုင်သော မြစ်အထက်ပိုင်းဒေသတစ်ခွင်တစ်ပြင်လုံးသည် တောကြီးမျက်မည်းဖြစ်ပြီး အင်၊ ကညင်၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက် စသော အဖိုးတန်သစ်များပေါက်ရောက်ရာ အမြဲစိမ်းသစ်တောကြီးများ ဖြစ်သည်။ တနင်္သာရီရိုးမကြီးခံနေပြီး လမ်းပန်းဆက်သွယ်ရေးလည်း မကောင်းသောကြောင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် အဖိုးတန်သစ်များမှာ ပေါချင်တိုင်းပေါပြီး ကြီးချင်တိုင်း ကြီးထွားနေသော သဘာဝတောရိုင်းဒေသကြီးလည်း ဖြစ်သည်။

မြန်မာဖက်ကမ်းတွင် ထိုသို့တောတောင်ထူထပ်နေသော်လည်း အရှေ့ဘက်ခြမ်းမှာ ခေတ်အဆက်ဆက်က သစ်ပင်များကို ခုတ်ချင်တိုင်းခုတ်ခဲ့သောကြောင့် ယခုအခါ သစ်တော ဟူ၍ မူး၍ပင် ရှာစရာမရှိတော့ပေ။ ကွင်းပြောင်ပြောင်ကြီးဖြစ်နေပြီး မြို့ပြန်ဆန်သော ကျေးရွာများနှင့် လယ်ကွင်းများဖြစ်နေသည်။ ထုံးစံအတိုင်း လမ်းပန်းဆက်သွယ်ရေးစနစ်ကတော့ကောင်းသည်။ အဝေးပြေးကားလမ်းမကြီးက မြစ်နှင့်အပြိုင်တောင်၊ မြောက်တန်းနေသည်။ သွားရေးလာရေးအလွန်ကောင်းမွန် မြို့ပြအိမ်ရာများဖြင့် ဖွံ့ဖြိုးစည်ပင်နေသည်။

ဤသို့ တစ်ဖက်ကမ်းက လူသူနေထိုင်ပြီး တစ်ဖက်ကမ်းက လူနေကျဲပါးနေရုံမျှမက အဖိုးတန်သစ်ဝါးများ၊ သဘာဝတောရိုင်းတိရစ္ဆာန်များ ပေါများစွာပေါက်နေလေရာ မြန်မာဖက်ကမ်းမှ အဖိုးတန်သစ်များ သားရဲတိရစ္ဆာန်များမှာ ခိုးချင်တိုင်းခိုး၊ ခုတ်ချင်တိုင်းခုတ်၊ ထုတ်ချင်တိုင်းထုတ်ရန် အခွင့်သာနေပေသည်။

မာရမ်းဟုခေါ်သောရွာမှာ အကြီးဆုံးဖြစ်ပြီး တိုက်နယ်အဆင့်ရွာဖြစ်သည်။ အခိုင်အမာ တည်ဆောက်ထားသော ရဲစခန်းရှိ ကျန်းမာရေးဆေးခန်း၊ သစ်တောရုံး စသည်ဖြင့် အစိုးရဌာနရုံးများရှိသည်။ တစ်ဖက်ကမ်းတွင် နမ်မကျွတ်၊ ကရာပူရီ စသော မြို့ကလေးများ အစီအရီရှိသည်။

❖

နယ်မြေအခြေအနေများအရ အကောက်ခွန်ကင်းစခန်းဖွင့်ရမည်ဆိုသောအခါ ယာယီအားဖြင့် စခန်းလေးတစ်ခုကို ခစ်ခကျိုင်ရွာတွင် ဖွင့်လိုက်ပါသည်။ ထိုရွာသည် တစ်ဖက်ကမ်းမှ မြို့ကလေးများနှင့် မျက်နှာချင်းဆိုင်တည်ရှိပြီး လှေဆိပ်ရှိနေသောကြောင့် မာရမ်းတွင်မဖွင့်ဘဲ ရွာငယ်ကလေးတွင် လာဖွင့်ခြင်း ဖြစ်၏။

ကင်းစခန်းဖွင့်လျှင်ဖွင့်ချင်း ထိုစခန်းသို့ ပခုံးတွင် ရွှေခြသေ့နှင့်ရွှေလိုင်းတစ်လိုင်း တပ်ဆင်သော အကောက်ခွန်အရာရှိ ကိုလှမြင့်ကို ကော့သောင်းတွင် တာဝန်ကျနေရာမှ စခန်းတာဝန်ခံအဖြစ်ဆောင်ရွက်ရန် စေလွှတ်လိုက်ပါသည်။

ဆက်သားအဖြစ်သွားသော ရဲတပ်ဖွဲ့ စက်လှေကြုံနှင့် လိုက်လာသော အကောက်ခွန်အဖွဲ့သည် စခန်းချမည့် ခစ်စကျိုင်ရွာသို့ရောက်လျှင် ရွာထဲတွင်မနေဘဲ လှေဆိပ်အနီးရှိ ရေဆင်းတံတားဘေးမှ သစ်သားဆောင်ကလေးတွင် စခန်းချနေကြသည်။ တစ်ဖက်ကမ်းသို့ကူးမည့်ခရီးသည်များ ခေတ္တနားနေရာအဆောင်ကလေးဖြစ်၍ မြစ်ထဲတွင် ကူးသန်းသွားလာနေကြသည်ကို စောင့်ကြည့်ရာတွင် အဆင်ပြေသည်။

ထိုအဆောင်လေးရှေ့တွင် အလျားပေ (၂၀) ခန့်အရှည်ရှိသော ပဲ့ထောင်စက်လှေကလေးတစ်စီးရှိသည်။ ရုံးက ငှားထားခြင်း ဖြစ်သည်။ ဒေသသုံး ကားအင်ဂျင်တပ် လုံးထွင်းဒုံးလှေကလေးဖြစ်သည်။ ပဲ့ထောင်မောင်းတတ်သော ဒေသခံ ကရင်လေးတစ်ဦးကိုလည်း လမ်းပြအဖြစ် ခေါ်ထားသည်။

စခန်းသို့ရောက်ပြီး ထိုသို့ အိပ်ရာလိပ်များ၊ စားနပ်ရိက္ခာအထုပ်အပိုးများကို နေရာချနေစဉ် မြစ်ပြင်အတွင်း ဆူညံကျယ်လောင်သော ပဲ့ထောင်စက်လှေသံများကို ကြားနေ၍ ပြတင်းပေါက်မှကြည့်လိုက်ကြသည်။ သူတို့စခန်းရှေ့တည့်တည့် မြစ်လယ်တွင် သုံးဆင့်တွဲသစ်ဖောင်ကြီးတစ်တွဲမျှောချလာသည်ကို မြင်ကြရသည်။ ထိုဖောင်၏ဘေးတွင် ပဲ့ထောင်တစ်စီး၊ ရှေ့တွင် အမြန်မောင်းနှင်နေသည် ပဲ့ထောင်လှေကလေးတစ်စီးကိုလည်း မြင်နေရသည်။ ရှေ့ကသွားနေသော လှေကလေးမှာ ထိုစဉ်က ခေတ်စားနေသော ဒတ်ဆန်းကားအင်ဂျင်ကို တပ်ဆင်ပြီး မောင်းနေသောကြောင့် မြန်လည်းမြန်၊ စက်သံကလည်း ကျယ်လောင်လှသည်။

ကိုလှမြင့်သည် ထိုဖောင်ဆွဲလာသူများကို လှမ်းကြည့်လိုက်ပါသည်။ သစ်ဖောင်များပေါ်တွင် ဖောင်အလုပ်သမား (၆) ယောက်တွေ့ရပြီး ရှေ့မှ လျှင်မြန်စွာ ရှေ့လျားမောင်းနှင်နေသော အမြန်လှေပေါ်တွင် မတ်တတ်ရပ်နေသူ တစ်ယောက်၊ ထိုင်နေသူ လူနှစ်ယောက် ကို မြင်ရ၏။ မှန်ပြောင်းဖြင့် အသေအချာကြည့်သောအခါ ရပ်နေသူ၏ခါးတွင် သေနတ်အတိုတစ်လက်ချိတ်ထားသည်။ ထိုင်နေသူများမှာလည်း ကျော သေနတ်အရှည်များ ကိုယ်စီလွယ်ထား သည်ကို မြင်နေရ၏။

သစ်ဖောင်ဆွဲနေသူများမှာ ... နက်ကိုင်ဆောင်ထားသူများဖြစ်၍ ... ထဲ အမြင်ဆန်းနေသဖြင့် အဖွဲ့ခေါ် ... ဆောင် ကိုလှမြင့်က သူတို့ရုံးတွင် ... နေသူ ရွာခံလှေသမားကို မေး ... သည်။

"ဟေ့-စောဆေး၊ မြစ်ထဲက ... သမားတွေက ဘယ်ကလဲ။ စက်သံ ... ကလည်း ဆူညံနေလိုက်တာ"

"ရှမ်းကမ်းက ဖောင်သမား ... ဆရာ။ ရေတက်စပြုနေလို့ ဖော ... စက်မြှင့်ပြီး ဆွဲနေတာဖြစ်မှာ"

"ရှေ့ပဲ့ထောင်ပေါ်က လူ ... သေနတ်တွေနဲ့ပါလား"

"ခစ်ကျိမ်းတို့အုပ်စုလေ ... ဖောင်လိုက်ပို့ကြတာပေါ့"

"ဖောင်ဆွဲတာ သေနတ်ကိုင် ... လိုလို့လဲကွာ"

"သစ်သူဌေးငှားထားတဲ့ ... တွေလေဆရာ၊ အစောင့်လိုက်... ပေါ့"

စကားပြောရင်း မြစ်ထဲသို့ ... ပြန်ရာ အမြန်လှေပေါ်တွင် လိ ... သူများသည် သူတို့စခန်းရှိ ... လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com

ဆင်းသွားသည်ကိုလည်း မြင်နေရသည်။

ယခုမှ စခန်းသို့ရောက်စဖြစ်သောကြောင့် ထိုအရပ်ဒေသ၏ အခြေအနေကို မသိသေးသော်လည်း လက်နက်ကိုင်သူမိုက်များငှားပြီး သစ်ဖောင်များမျောနေသည်ကို ထူးဆန်းသလို ဖြစ်နေသည်။

"အဲဒီသစ်တွေက ဘယ်ကလဲကွ၊ ဘယ်သူပိုင်တာလဲ"

"ဟို - နမ်တွန်ဆိုတဲ့ ချောင်းဖျားပိုင်းက သစ်တွေပါဆရာ။ ရှမ်းကမ်းက သစ်စက်သူဌေးတွေက တောထဲကခုတ်ပြီး မျှောချလာတာတွေပဲ ဆရာ။ သူတို့ သစ်တွေလို့ပြောတာပဲ"

"နမ်တွန်ဆိုတာ လုံးဘောကြီးအနောက်ဘက်နားက ရွာမဟုတ်လား၊ ဒါဆိုရင် တို့ဘက်ပိုင်းပဲဟာ။ သူတို့က ဘာဖြစ်လို့ ခုတ်ရမှာလဲ"

"မသိပါဘူးဆရာရယ်၊ မြစ်ထဲမှာတော့ မကြာမကြာ ဒီလိုပဲ မျှောချနေကြတာပဲ"

"မျှောပြီးတော့ ဘယ်ကိုယူသွားကြတာလဲ"

"ဟိုဘက်ကမ်း အောက်ဘက်နားကမှာ နမ်မကျွတ်ဆိုတဲ့ မြို့ကလေးရှိတယ်။ အဲဒီကမ်းနားက သစ်စက်တွေဆီကို ဆွဲသွားကြတာပဲ"

ထိုသို့စကားကောင်းနေစဉ် မြစ်ထဲသို့ကြည့်လိုက်သောအခါ သစ်ဖောင်ကြီးမှာ မြင်ကွင်းတွင် မရှိတော့ပေ။ တစ်ဖက်ကမ်းသို့ရောက်သွားပြီ ထင်ရပါသည်။ ကိုလှမြင့်သည် နေ့ခင်းတုန်းက လှေဖြင့်တက်လာစဉ် အရှေ့ဘက်ကမ်း မြစ်ဆိပ်တွင် သစ်စက်များ တန်းစီနေပြီး ရေထဲတွင် မျှောနေသော ဖောင်များကိုလည်း မြင်ခဲ့ရသေးသည်။ ယခုလည်း ဖောင်ဆွဲနေသည်ကို မြင်ရပြန်ရာ စိတ်ထဲတွင် ဘဝင်မကျတော့ပေ။ နောက်နေ့ကျမှ သစ်တောဌာနဝန်ထမ်းကို မေးမြန်းကြည့်ရဦးမည်ဟု တွေးထားလိုက်သည်။

ထိုနေ့ညနေပိုင်းတွင် သူတို့လူတစ်သိုက်သည် တစ်နေ့လုံး နေပူထဲတွင် စက်လှေပေါ် ထိုင်လိုက်လာရသောကြောင့် ပူလောင်အိုက်စက်နေ၏။ အထုပ်အပိုးများကို နေရာချထားပြီးလျှင် မြစ်ထဲမှာ ရေဆင်းချိုးလိုက်ကြသည်။ ရွာထဲကခေါ်ထားသော လှေသမားက အလိုက်သိစွာ ရွာထဲမှကြက်တစ်ကောင် ဝယ်ပြီး ချက်ထားသည့် ကာလသားဟင်းနှင့် စင်ပြွမ်းရွက်ချဉ်ရည်ဟင်းကလည်း မွှေးကြိုင်လှသောကြောင့် ရေချိုးပြီးသော် ထမင်းပွဲတွင် ဝိုင်းလိုက်ကြသည်။

တောချက်ချက်ထားသောကာလသားဟင်းနှင့် ဆန်ကြမ်းထမင်းတို့ကို ဆာဆာနှင့် ခေါင်းမဖော်ဘဲ စားနေကြစဉ် မြစ်ထဲတွင် မဲ့ထောင်မော်တော်တစ်စီးမောင်းလာသံကို ကြားရပြန်သည်။ မြစ်ထဲတွင် သည်လိုပဲ သွားလာနေကျဖြစ်မည်ဟု အမှုမထားဘဲ ထမင်းကို ငုံ့စားနေကြခိုက် မော်တော်သံကို ဖုံးလွှမ်းလျက် သေနတ်သံတစ်ချက်ကို ကြားလိုက်ကြရသောကြောင့် စားလက်စထမင်းပန်းကန်များကိုချပြီး နားစွင့်လိုက်ကြသည်။ ကိုလှမြင့်ဘေးတွင် ထမင်းအတူထိုင်စားနေသော အကူရဲဘော်သန်းညွန့်သည် ထမင်းပန်းကန်ကို ချပြီးလျှင် အဆောင်လေးရှေ့သို့ထွက်ကြည့်သည်။ နောက်ထပ် သေနတ်ပစ်သံများကို အတွဲလိုက် ကြားလိုက်ရပြန်သောကြောင့် သူလည်း ပြန်ထိုင်ချလိုက်ရသည်။ ဤတစ်ချီတွင် ပစ်လိုက်သောသေနတ်သံများမှာ သူတို့နေသောဆိပ်ကမ်းနှင့် များစွာမဝေးလှပေ။ ကိုလှမြင့်သည် ခေါင်မိုးတွင် ချိတ်ထားသော အောက်လင်းဓာတ်မီးခလုတ်ကို ပိတ်ပစ်လိုက်ပြီး မြစ်ပြင်သို့ လှမ်းကြည့်လိုက်သည်။

ကွေးကွေးကလေးထွက်နေသော ဆန်းစ လရောင်အောက်တွင် မြစ်ထဲ လှေတစ်စင်း မောင်းနှင်နေ၏။ မြစ်ရိုးတစ်လျှောက် အခြားလှေအသွားအလာလည်းမရှိသောကြောင့် ထိုလှေပေါ်မှ ပစ်ခတ်သွားသည်မှာ သေချာလှသည်။ စက်လှေမောင်းသံကို ကြားနေရသော်လည်း နောက်ထပ် ပစ်ခတ်သံမကြားရတော့။ ပြန်လှည့်သွားကြပုံရသည်။ မီးကို ပြန်ထွန်းပြီး ထမင်းဆက်စားရန် ဝိုင်းလိုက်ကြသေးသော်လည်း စားချင်စိတ်မရှိကြတော့ပေ။ ကိုလှမြင့်က အကျိုးအကြောင်း သိချင်သောကြောင့် ထမင်းချက်ပေးသူ ကရင်လေးကို မေးကြည့်၏။

"ဘယ်လိုလဲ၊ မင်းတို့အရပ်က တယ်ကြမ်းပါလား ဒီလိုပဲလား။ သေနတ်တွေကို ဟိုပစ်ဒီပစ်နဲ့ ငါတို့ကိုလည်း လာမှန်နေပါဦးမယ်ကွာ၊ ဒီလိုပဲလား"

"သူတို့က လူမိုက်တွေဆိုတော့ သေနတ်လည်း ကိုင်တာပဲ။ ပစ်ချင်ရင်လည်း ပစ်နေတာပဲ။ တရားဥပဒေဆိုတာမရှိပါဘူး။ ကျွန်တော်တို့ဘက်ကမ်းမှာတော့ တူမီးသေနတ်လောက်ပဲ ကိုင်ကြတော့ သူတို့နဲ့ သင့်အောင် သတိထားပေါင်းနေရတာပါပဲဆရာရယ်၊ ဟိုဘက်ကမ်းကလူတွေဆိုတော့ အရေးယူလို့လည်း မရဘူးနဲ့တူတာဘဲ"

"ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းဆိုပေမယ့် စည်းကမ်းဆိုတာတော့ရှိရမှာပေါ့။ ဒီလိုလျှောက်ပြီးပစ်ခတ်နေတာတော့ မဟုတ်သေးပါဘူးကွာ။ သူတို့မှာလည်းသူတို့ဥပဒေ၊ တို့ဘက်မှာလည်း တို့ဥပဒေတော့ရှိနေတာပဲမဟုတ်လား"

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသလိုဖြစ်နေလေသည်။ သတိနှင့်တော့နေမှရမည်ဟု တွေးမိ၏။ ရုံးကကာဘိုင်သေနတ်တစ်လက်၊ အမေရိကန်ရိုင်ဖယ်တစ်လက်၊ စတင်းသေနတ်တစ်လက်နှင့် ကျည်ဆန်သေတ္တာတစ်လုံးကို ထုတ်လာမိသည့်အတွက် ဝမ်းသာရသေးသည်။ သူ၏ကိုယ်ပိုင် ပွိုင့်သုံးဆယ်နှစ်ဖို့ ကိုစပါယ်ရှယ် ခြောက်လုံးပြူး သေနတ်ကလေးကို စမ်းမိမှ အားရှိသလို ခံစားရသည်။

နောက်နေ့နံနက်ပိုင်း စောစောနိုးနေကြသည်။ မြစ်ပြင်ကို လှမ်းကြည့်သောအခါ ရေလယ်တွင် ရေစီးနှင့်မျှောဆင်းသွားသော လှေကြီးတစ်စီးနှင့် မီးသွေးလှေကလေး တစ်စီး၊ နှစ်စီးမှအပ အသွားအလာမရှိ တိတ်ဆိတ်နေသည်။ လှေသမား ကရင်လေး ယူလာသော ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ကို စားပြီး သူတို့အဖွဲ့သည် မြစ်အထက်ပိုင်း (၆) မိုင်ခန့်တွင်ရှိသော မာရမ်းရွာဘက်သို့ ထွက်လာခဲ့သည်။

မြစ်အထက်ပိုင်းတွင် ရဲစခန်းသည်သာ တစ်ခုတည်းသောအရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်သည်။ စခန်းမှူးအဆင့်ရှိသော ရဲအရာရှိတစ်ယောက် ကွပ်ကဲနေသည်။ လုံခြုံရေးအတွက် သူတို့အဖွဲ့ရောက်နေကြောင်း သတင်းပို့ထားရန်ဖြစ်သည်။

ရဲစခန်းမှာ ကမ်းနားမှာပင် တည်ရှိသည့် သပ်ရပ်သော တစ်ထပ်တိုက်အဆောက်အအုံကလေး ဖြစ်၏။ မြစ်ကြောင်းတစ်လျှောက်နှင့် တစ်ဖက်ကမ်းကို အပေါ်စီးမှလှမ်းမြင်နိုင်သော တောင်စခန်းကလေးလည်းဖြစ်သည်။ စခန်းမှူးက အိမ်မှာပင်ရှိနေသေး၍ စခန်းနှင့်မနီးမဝေးတွင် ရှိသော သူ၏အိမ်တွင် သွားတွေ့ရသည်။

တောင်စောင်းတွင် တည်ဆောက်ထားသော သစ်သားအိမ်ကလေးမှာ နေချင့်စဖွယ်ဖြစ်သည်။ မြစ်ပြင်ကိုလည်း အတိုင်းသားမြင်နိုင်သည်။ အိမ်ရှေ့ဝရန်



www.burmeseclassic.com

www.burmeseclassic.com

တာတွင် ထိုင်နေသော လူတစ်ယောက်က ထနှုတ်ဆက်၏။

"လာကြ ဆရာတို့၊ မနေ့ညနေက ရောက်လာတဲ့ အကောက်ခွန်အဖွဲ့တူ တယ်"

"ဟုတ်ပါတယ်၊ မနေ့က တက်လာတဲ့ ဆရာတို့စခန်းက ရဲအရာရှိနဲ့လိုက်လာကြတာပါ"

"ထိုင်ကြပါ၊ ကော်ဖီသောက်ကြပါဦး"

စခန်းမှူးသည် လူလတ်ပိုင်းအရွယ်ရှိပြီး ပြောနေသော စကားသံအရ ထားဝယ်နယ်သားတစ်ဦးဖြစ်ပုံရသည်။ မာရမ်းစခန်းတွင် တာဝန်ထမ်းဆောင်နေသည်မှာ တစ်နှစ်ကျော်ပြီဟု သိရသည်။

"ကော့သောင်းရုံးက ကြေးနန်းပို့လိုက်လို့ မနေ့ကရောက်မယ်ဆိုတာ သိနေပါတယ်။ ဆရာတို့အဖွဲ့ အင်အားအပြည့်ပဲလား"

"အင်အားအပြည့်တော့မလာနိုင်သေးပါဘူး။ ကျွန်တော်က စခန်းဖွင့်ရအောင် ကြိုရောက်တာပါ"

ခေတ္တမျှထိုင်ပြီး ထွေရာလေးပါး နှုတ်ဆက်စကားများပြောပြီးသော် ကိုလှမြင့်က သိလိုသည်များကို မေးပါသည်။

"စခန်းမှူးကြီး၊ ကျွန်တော်တို့ မော်တော်နဲ့ ဆန်တက်လာတုန်းက လမ်းမှာ သစ်ဖောင်တွေ မျှောချလာတာမြင်ခဲ့ရတယ်။ ဒီနယ်မြေမှာ အစိုးရသစ်ထုတ်လုပ်ရေးစခန်းတွေ ဘာတွေရှိလား"

"တချို့နှစ်တွေမှာတော့ သစ်တောအဖွဲ့တွေလာပြီး တောတက်ကြတာတွေရှိပါတယ်။ ဖောင်တွေကတော့ ဟိုဘက်ကမ်းကဟာတွေပါ"

စခန်းမှူးကြီးသည် ဇဝေဇဝါလုပ်နေသည်။ ပြီးမှ-

"ဒီမှာတောခေါင်းကြီးတစ်ယောက်ရှိပါတယ်။ သူမှအသေအချာသိမှာပဲ။ ကျွန်တော်ကတော့ သူခိုးသူဝှက် ရာဇဝတ်မှုမရှိအောင်ဘဲ စောင့်ကြည့်ဖို့ တာဝန်ရှိတာကိုး"

"အင်းလေ - ဟုတ်ပါတယ်။ ကျွန်တော်က လမ်းမှာ သစ်ဖောင်တွေမြင်မိလို့မေးကြည့်တာပါ။ နောက်နေ့ကျမှ တောခေါင်းကြီးနဲ့ တွေ့လိုက်ပါဦးမယ်"

စခန်းမှူးသည် ရုတ်တရက်မဖြေသေးဘဲ ရေနွေးကြမ်းကို မှုတ်သောက်နေသည်။ ပြီးမှ ဖြည်းလေးစွာဖြင့် စကားပြန်သည်။

"ဒီမာရမ်းရွာမှာ သစ်တောဌာနက တောခေါင်းရုံးရှိပါတယ်။ သစ်တောကိစ္စတွေတော့ သူပဲသိမယ်။ ကျွန်တော်ကတော့ လုံခြုံရေးအဓိကပါပဲ"

"ဒါဆို မေးရဦးမယ်၊ မနေ့တုန်းကဗျာ၊ မြစ်ထဲမှာ ပဲ့ထောင်တွေဆူညံနေအောင်မောင်းပြီး သေနတ်တွေလည်း ပစ်ခတ်နေလိုက်တာ ကျွန်တော့်တို့စခန်းကိုများ လာမွှန်ဦးမလားလို့ သတိထားနေရတယ်။ ဘယ်သူတွေများလဲဗျာ၊ ဒီလိုပဲလား"

"ခါတိုင်း ဒီလိုမဟုတ်ပါဘူး၊ ဟိုဘက်ကမ်းက ကောင်လေးတွေ မူးကြလို့နေမှာပါ။ သူတို့ဘက်မှာက ပျော်စရာပါးစရာက ခပ်များများလေ။ ဒီဘက်ကလူတွေကိုတော့ အန္တရာယ်မပြုတတ်ပါဘူး"

စခန်းမှူးက ထိုသို့ပြောသော်လည်း မနေ့ညနေက အဖြစ်အပျက်မှာ သူတို့နေထိုင်ရာ ကင်းစခန်းရှေ့တည့်တည့်တွင် လာပစ်ခြင်းဖြစ်သောကြောင့် သူတို့အဖွဲ့ကို တမင် ရည်ရွယ် လာရောက်ခြိမ်းခြောက်ပစ်ခတ်သည်ဟု ထင်စရာဖြစ်နေလေသည်။ စခန်းမှူးက လိုအပ်ပါက အချိန်မရွေး အကူအညီပေးပါမည်ဟု ဆိုသောကြောင့် ကျေးဇူးတင်ကြောင်းပြောကာ ပြန်ထွက်လာခဲ့ကြသည်။

စခန်းအပြင်ရောက်လျှင် ရေဆိပ်သို့မဆင်းသေးဘဲ ရွာလယ်လမ်းအတိုင်း ရွာထဲသို့ လျှောက်ပြီး ကျေးရွာကိုလှေ့လာကြသည်။ သစ်တောရုံးသွားရန် ရွာသားတစ်ယောက်ကို မေးရသည်။ ကမ်းနားတွင် မေးတင်ပြီး ဆောက်ထားသော မြေစိုက်အိမ်ကလေးပင် ဖြစ်သည်။ အခန့်သင့်ပင် တာဝန်ကျ သစ်တောဝန်ထမ်းကို တွေ့ရပါသည်။ ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင်၊ မျက်နှာက လေးထောင့်စပ်စပ်နှင့် ဖြစ်သောကြောင့် ကရင်တိုင်းရင်းသားဖြစ်ကြောင်း မပြောဘဲသိနိုင်သူမျိုး ဖြစ်လေသည်။

တစ်ဦးနှင့်တစ်ဦးမိတ်ဆက်ကြပြီး နယ်ခြားဒေသတွင် ဖြစ်နေသော အခြေအနေများကို မေးမြန်းရာတွင် တောခေါင်းကြီး ပွင့်ပွင့်လင်းလင်းပင် ပြောပြသည်။

"သစ်ဖောင်တွေကတော့ မြစ်ညာတောတွေထဲက ခုတ်ယူလာကြတာတွေနေမှာပဲ။ ကျွန်တော့်မှာ ဝန်ထမ်းအင်အားလည်းမရှိတော့ တောထဲတွေ ဘာတွေကိုလဲ လိုက်မကြည့်နိုင်ပါဘူးဗျာ။ သစ်ဖောင်တွေကိုကျတော့ သူတို့ဘက်ကမ်းကိုကပ်ပြီး မျှောနေကြတာဆိုတော့ ကျွန်တော်လည်း စစ်ဆေးဖို့ မတတ်နိုင်ဘူး။ အဓိကလုပ်နေရတာက တော့ ဒီရိုးထဲကခုတ်တဲ့ ထားဝယ်ကြိမ်တို့၊ သစ်တောတွေခုတ်ပြီး မီးသွေးဖုတ်သယ်လာတာတို့ကို မျှော်စာထုတ်ပေးရတာတွေပဲ ရှိပါတယ်"

ကိုလှမြင့်က သူတို့အဖွဲ့ မော်တော်ဖြင့် တက်လာကြစဉ် မြစ်ထဲတွင် ဖောင်ဖွဲ့ပြီး သစ်လုံးများ မျှောဆင်းနေသည်ကို မြင်ခဲ့ရသဖြင့် ဘဝင်မကျဖြစ်နေသည်။

"ကျွန်တော်သိရသလောက် ဟို ဘက်ကမ်းမှာ ဘာသစ်တောမှမရှိဘူး သစ်ခုတ်ခွင့်လည်းမရှိဘူးဆိုတော့ ဖောင် ဖွဲ့ယူလာကြတာဟာ သူတို့သစ်လုံးတွေ မဖြစ်လောက်ဘူး ထင်တယ်ဗျ"

"ဟုတ်ပါတယ် ဆရာ။ ဟိုဘက် ကမ်းမှာတော့ တောင်ကုန်းတွေရှိနေ မယ့် တောဆိုတာတော့ မရှိသလောက် ပါဘဲ။ ကျွန်းသစ်ဆိုတာ ခုတ်ဖို့မပြောနဲ့ အပင်ပေါက်တောင်မမြင်ဘူး"

တောခေါင်းကြီးမှာ တာဝန်ရှိ သော်လည်း သူတာဝန်ထမ်းဆောင်နေ ပုံမှာ ဟန်ပြသဘောမျှသာ ဖြစ်နေ တစ်ဖက်ကမ်းတွင် နေထိုင်သူများနှ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းနိုင်သောအ အနေမရှိသောကြောင့် သစ်ဖောင်မျာ ကို တွေ့မြင်နေသော်လည်း သည်းခံ ရပုံရနေလေသည်။

"အေးလေ၊ သူတို့ဘက်မှာ သူ မိုက်ပေါ့။ ဘယ့်နှယ် - ဒီဘက်လှည့် သေနတ်နဲ့ပစ်ရတာတုံး"

ဘေးတွင်ထိုင်နေသောအတူလိုက် ပါလာသူ အမှုထမ်းတစ်ဦးက ဝင်ပြော သည်။

"လူမိုက်မှာ ဥပဒေမရှိဘူးလေ ဆရာ"

"အေး - တို့သေနတ်တွေလည်း တိုက်ချွတ်ပြီး ဆီလေးဘာလေးထိုးထာ ကျည်ဘောက်တွေလည်း ပြန်စစ်ကြည် ဦး"

ခေတ္တမျှ စကားစမြည်ပြောဆိုပြီ လျှင် စခန်းသို့ပြန်ရန် မြစ်ဆိပ်သို့ဆင် ကြပါသည်။ အခြေအနေကို ကြည့် သည်မှာ သူတို့သည်ဘက်ကမ်းက သ များကို ခုတ်ပြီး မျှောချနေခြင်း ဖြစ်နိုင် ပေသည်။ တောခေါင်းကြီးလည်း အခြေ အနေအရ သည်အတိုင်းကြည့်နေရ ပေါ်သည်။

စခန်းတွင် ရက်အနည်းငယ်နေ လိုက်သောအခါ ဒေသအခြေအနေတ



www.burmeseclassic.com

www.burmeseclassic.com

ဝင်စားမိလာသည်။ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း လှေငယ်ပဲ့ထောင်မော်တော်ငယ်လေးများနှင့် ကူးသန်းသွားလာမှုရှိသော်လည်း မြို့နှင့်မနီးသော ရွာငယ်ကလေးများသာ ဖြစ်သောကြောင့် အတိုအထွာ အသုံးအဆောင်အနည်းအပါး ဝယ်ယူကြသည်မှလွဲ၍ စီးပွားဖြစ် ဆောင်းဝယ်ဖောက်ကားမှုမရှိပေ။ ပြည်သွင်းအတွက် သယ်ယူခြင်း၊ မှောင်ခိုဆောင်းဝယ်ခြင်းလည်း မရှိပေ။ ထို့ကြောင့် သူတို့အနေဖြင့် မည်မည်ရရ လုပ်စရာအလုပ်လည်းမရှိပေ။ ရွာထဲတွင်နေသော ကရင်မုဆိုးတစ်ယောက်နှင့် အခွဲ့ကျနေပြီး တောင်ရိုးပေါ်မှ ပစ်လာသော ချေသား၊ ဆတ်သားခြောက်ကျပ်တင်များကို မီးဖုတ်၍ ကောက်ညှင်းပေါင်းနှင့်စားခြင်း၊ ငါးမျှားခြင်း၊ မြစ်ထဲတွင် ရေကူးခြင်း၊ သွားလာနေသောလှေများကို မှန်ပြောင်းဖြင့် လှမ်းကြည့်ခြင်းသာ သူတို့အတွက် နေ့စဉ်အလုပ်ဖြစ်တော့သည်။

❖

တစ်နေ့တွင် နံနက်စောစောကြီး နှင်းများ သိပ်သည်းစွာကျနေသောကြောင့် လှည့်ကင်းသွားကြည့်လိုစိတ် ပေါ်လာသည်နှင့် ကရင်လေးကို စက်လှေပြင်ခိုင်းလိုက်ပြီး တပည့်နှစ်ယောက်နှင့် မြစ်ညာဘက်သို့ မောင်းတက်လာကြသည်။ မိနစ်နှစ်ဆယ်ခန့် မောင်းလိုက်သောအခါ ခပ်အုပ်အုပ်မောင်းလာသော မော်တော်ဘုတ်သံကြားရသဖြင့် သူတို့ ပဲ့ထောင်လှေကို အရှိန်သတ်ပြီး စောင့်ကြည့်နေလိုက်သည်။ ခေတ္တအကြာတွင် သိပ်သည်းစွာကျနေသော နှင်းများကြား ရေစီးနှင့်အတူ တရိပ်ရိပ်မျောဆင်းလာသော သစ်ဖောင်တွဲတစ်တွဲကို ဝိုးတဝါးမြင်ကြရသည်။

"ဟေ့ - ဖောင်တစ်တွဲ မျောလာတာပါလား။ အနားကပ်ကြည့်ရအောင်"

သူတို့ပဲ့ထောင်စက်လှေကလေးကို မောင်းလာသော သစ်ဖောင်အနီးသို့ ကပ်လိုက်စဉ်တွင် ဖောင်သမားတစ်ယောက်သည် ဖြုံးဆို ရေထဲသို့ ခုန်ချသွားလေသည်။ တစ်ယောက်က မော်တော်နှင့် ချိတ်ဆွဲလာသော ဖောင်ကြိုးကို ဓားနှင့် ခုတ်ဖြတ်လိုက်သည်။ ရှေ့ကဆွဲနေသော မော်တော်လည်း စက်ကုန်တင်ကာ အရှေ့ဘက်ကမ်းသို့ မောင်းပြေးတော့သည်။ ဖောင်ပေါ်တွင် လိုက်လာပြီး ထီးဝါးများကိုင်ထားသူ လူနှစ်ယောက်သည် ရှေ့ကဆွဲနေသော မော်တော်ကြိုး ဖြတ်သွားလျှင် ထီးဝါးများကို ပစ်ချကာ ရေထဲသို့ ခုန်ချပြီး တစ်ဖက်ကမ်းသို့ ကူးပြေးကြပြန်သည်။

နောက်တွင် ဆွဲယူလာသော သစ်ဖောင်ကြီးသည် ရှေ့ဆွဲမော်တော်လည်း မရှိ၊ ဖောင်သမားများလည်း မရှိတော့လျှင် ဦးတည်ရာ မရှိတော့ဘဲ ဘေးတစ်စောင်းကြီးလည်ကာ မြစ်ထဲတွင်မျောနေတော့သည်။

"ဟာ - ဖောင်ကြီးလည်သွားပြီ၊ ဖောင်သမားတွေလည်း ခုန်ချသွားကုန်ပြီဆရာ"

"အေး-ဘာလဲမသိဘူး၊ တက်ကွာ၊ ဖောင်ပေါ်ကို အမြန်တက်ကြ။ တို့မော်တော်နဲ့ ရှေ့ကသွားထိန်းပေးထား"

ကိုလှမြင့်သည် ပြောလည်းပြော၊ သူကိုယ်တိုင်လည်း ဖောင်ပေါ်သို့ ခုန်တက်လိုက်သည်။ အလွန်မြန်သောသူ၏ ရဲဘော်တစ်ယောက်သည် သူတို့စီးလာတော့ ပဲ့ထောင်စက်လှေကို ရှေ့သို့ပန်း၍ တက်သွားပြီး လှေပေါ်တွင် ပါလာသော ကြိုးနှင့် ဖောင်ဦးကို ဖမ်းချည်လိုက်ပြီး ဖောင်ကို ရှေ့ကသွားဆွဲသည်။ ဖောင်ပေါ် ရောက်နေသူများကလည်း တွေ့ရာ ထီးဝါးများကို ကောက်ကိုင်ပြီး ထိန်းပေးကြသည်။ ထိုအခါကျမှ တစ်ပတ်လည် စပြုနေသော ဖောင်တွဲကြီးလည်း ငြိမ်သွားတော့သည်။

ဖောင်ပေါ်တွင်အသေအချာကြည့်လိုက်သောအခါ အချို့သစ်လုံးများတွင် သင်းသတ်ထားသော တံဆိပ်များကို တွေ့ကြရသည်။ သင်းသတ်တံဆိပ်ဆိုသည်မှာ သစ်တောအရာရှိများ တောတက်စဉ် ခုတ်လှဲရန် ရိုက်ထားသော သစ်တုံးများပေါ်မှ အသားတံဆိပ်များဖြစ်သည်။ ဤတံဆိပ်များကို မြင်လိုက်ရခြင်းကြောင့် ယခုဖောင်ပါသစ်လုံးများသည် မြန်မာဘက်ကမ်းမှ သစ်လုံးများဖြစ်ကြောင်း အသေအချာသိလိုက်တော့၏။ ထို့ကြောင့်လည်း ဖောင်သမားများ ရေထဲခုန်ချ ထွက်ပြေးသွားကြခြင်း ဖြစ်သည်။

"မောင်းကွာ၊ တို့ဘက်ကမ်းကိုသာ ဆွဲသွားလိုက်တော့"

ထိုအချိန်တွင် ဖောင်သည် သူတို့စခန်းချသောရွာနှင့် နီးလာပြီ ဖြစ်သည်။ သို့ရာတွင် သူတို့ရွာတွင် သစ်တောရုံးလည်းမရှိ၊ လုံခြုံရေးလည်း စိတ်မချရပေ။ သူတို့စခန်းတွင် ကပ်ထားပါက တစ်ဖက်ကမ်းမှ လူမိုက်များလာလုယူသွားနိုင်ပေသည်။ ထို့ကြောင့် ဖောင်ကို အောက်ပိုင်းတွင်ရှိသော ခမောက်ကြီးစခန်းသို့ ဆွဲယူသွားရန် ဆုံးဖြတ်လိုက်ပြီး မြစ်ကြောင်းအတိုင်း အောက်သို့ ဆက်လက် စုန်ဆင်းကြသည်။

အောက်ပိုင်း ရောက်လာသောအခါ မြစ်ပြင်သည် ကျယ်လာသည်။ သူတို့သည် ဖောင်ကိုဆွဲလာသော်လည်း နောက်ကြောင်းမအေးလှပေ။ ဟိုတစ်နေ့တုန်းက စခန်းရှေ့တွင် သေနတ်များ ပစ်ဖောက်ပြီး ဟန်ရေးပြခဲ့သော လူမိုက်များလိုက်လာပြီး ပြန်လုမည်ကိုလည်း စိုးရိမ်ရသေးသည်။ ထို့ကြောင့် ဖောင်ဆွဲမော်တော်ကို အမြန်မောင်းစေပြီး ဖောင်ပေါ်တွင်ရှိနေသူများက သေနတ်များကို အသင့်ပြင်ထားကြသည်။ မြစ်ကကျယ်လာသောကြောင့် အကယ်၍ နောက်ကလိုက်လာမည်ဆိုလျှင်လည်း အဝေးကပင် လှမ်းမြင်နိုင်ပေသည်။

တစ်နာရီခန့် ဆွဲလာလိုက်သောအခါ ခမောက်ကြီးစခန်းသို့ရောက်သည်။ ရဲစခန်းမှ ကြေးနန်းဖြင့် ကော့သောင်ရုံးသို့ ဆက်သွယ်သတင်းပို့သောအခါ သစ်ဖောင်ကို သစ်တောရုံးသို့ လွှဲအပ်လိုက်ရန် အမိန့်ရဖောင်ကို သစ်တောဌာနသို့ လွှဲအပ်လိုက်သည်။ သည်စခန်းတွင် ရဲကင်းလည်းရှိ၊ တပ်စခန်းလည်းရှိသည်။ သစ်တောအုပ်တစ်ယောက်ထိုင်သောရုံးလည်းရှိသည်။ ထို့ကြောင့် လုံခြုံရေးအတွက် စိတ်ပူရန်မရှိပေ။ သစ်ဖောင်ကို လွှဲပြောင်းပြီးတော့မှ သူတို့လည်း စိတ်အေးရတော့သည်။

ပစ္စည်းအလွှဲအပြောင်းလက်မှတ်ရေးထိုးပြီးသော် သူတို့က တာဝန်ပြီးလေပြီ။ အချိန်ကလည်း ညနေမစောင်းသေး။ (၂) နာရီခန့်သာရှိသေးသောကြောင့် စခန်းသို့ပြန်ရန် အချိန်ရသေးသည်။ ထို့ကြောင့် ခမောက်ကြီးတွင် ညမအိပ်တော့ဘဲ ပဲ့ထောင်ကို ဆီဖြည့်ပြီးပြန်ခဲ့ကြသည်။ သူတို့နေသော ခစ်ခက္ကိုင်သို့ (၂) နာရီခန့် မောင်းရမည်ဖြစ်သောကြောင့် ညနေ (၅) နာရီမထိုးမီ စခန်းသို့ ပြန်ရောက်နိုင်ပေသည်။

ပါချန်မြစ်သည် ပင်လယ်နှင့်ဆက်နေသောကြောင့် ပင်လယ်ရေတက်လျှင် မြစ်ထဲမှာလည်း ရေတက်သည်။ သူတို့ပြန်ချိန်မှာ ရေတက်ချိန်ဖြစ်သောကြောင့် ပဲ့ထောင်လှေကလေးသည် ရေစီးတွင် သက်သက်သာသာ ဆန်တက်သွားနိုင်လေသည်။ တစ်နာရီသာသာခန့်မောင်းလိုက်သောအခါ မီးသွေးကျွန်းအနီးသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။ မြန်မာဘက်ကမ်း ဖြစ်သည်။ ထုံးစံအတိုင်း လူနေအိမ်ခြေ မရှိပါ။ ရိုးမတောမှသစ်များကို ခုတ်ပြီး မီးသွေးဖုတ်သော လှေများ ရံဖန်ရံခါ စခန်းချတတ်သည့် ရှည်မျောမျော ကျွန်း ကလေး ဖြစ်သည်။ ကမ်းခြေနှင့် ကျွန်း ကြားရေကြောမှာ ချောင်းကလေး သဖွယ်ဖြစ်နေသောကြောင့် ခရီးသွား လှေများ မြစ်ထဲတွင် လှိုင်းလေးထန်လျှင် ခေတ္တခဏ ဝင်ရောက်နားခိုသော ကြား စခန်းနေရာလေးလည်း ဖြစ်လေသည်။

သူတို့စက်လှေ့မောင်းတက်လာ၍ ကျွန်းအနီးသို့အရောက်တွင် မြစ်အထက် ပိုင်းမှ ရေလယ်ကြောအတိုင်း စက်လှေ တစ်စီး စုန်ဆင်းလာနေသည်ကို မြင်ရ သည်။ ထိုလှေသည် ကြည့်နေစဉ်မှာပင် ရုတ်တရက် စက်ရှိန်သတ်ပြီး ကျွန်းထိပ် သို့ ချိုးဝင်သွားသည်။ သူတို့နှင့် မျက်နှာ ချင်းဆိုင် တွေ့မြင်နေရာမှ လမ်းကြောင်း ပြောင်းပြီး ကျွန်းကြားသို့ ခိုဝင်သွားခြင်း ဖြစ်သည်။

လှေ့ဝမ်းထဲတွင်ထိုင်ပြီး မှန်ပြောင်း နှင့်ကြည့်နေသော ကိုလှမြင့်က ပဲ့ကိုင် လာသော ကရင်လေးကို လှမ်းပြော သည်။

"ဟေ့- ဟိုရှေ့ကလှေ ကျွန်းကြား ထဲဝင်သွားပါလားကွ။ တို့လည်း ဒီဘက် ထိပ်မှာ ခဏရပ်ရအောင်ကွာ"

ကရင်လေးက လှေဦးကို ကျွန်း ထိပ် ချောင်းကလေးထဲသို့ ခေါင်းတည် ပြီး စက်ကိုသတ်လိုက်သည်။ တစ်ဖက် ထိပ်ကျွန်းကြားထဲသို့ဝင်သွားသော စက် လှေမှ စက်သံလည်း တိတ်သွားသည်။ စက်သတ်လိုက်ပြီးခိုနေပုံရ၏။ မြစ်ထဲ တွင် မောင်းလာရာမှ ထိုသို့ ကျွန်းရိပ်ကို ခိုပြီး ရုတ်တရက်အသံပါဖျောက်လိုက် ခြင်းမှာ မသင်္ကာဖွယ်ဖြစ်ပေသည်။

"သတိထားနော်၊ ဒီကောင်တွေ ဘာလဲမသိဘူး စက်တောင်သတ်လိုက်ပြီ"

ခေတ္တမျှ စောင့်ကြည့်သော်လည်း အရိပ်အယောင်မျှ မမြင်ရတော့သဖြင့် ထိုလှေကိုပိုပြီး စိတ်ဝင်စားသွားကြသည်။ လှိုင်းလေလည်းမရှိသောကြောင့် သာမန် ခရီးသွားစက်လှေဆိုလျှင် ကျွန်းတွင် ဝင် ခိုနေစရာအကြောင်းမရှိပေ။ မှောင်ခို စက်လှေများ ဖြစ်နေသည်လားဆိုတော့ သံသယစိတ်ဖြစ်လာသည်။

ဆယ်မိနစ်ခန့် စောင့်နေသော် လည်း အသံတိတ်နေသဖြင့် ကရင်လေး ကို လက်ပြလိုက်ပြီး ကျွန်းနှင့် ကမ်းခြေ ကြားမှ ရေလက်ကြားကလေးအတိုင်း သတိနှင့် မောင်းဝင်သွားကြသည်။ ထို နေရာမှ ကိုက် (၂၀၀) ခန့် အရှည်ရှိသော ချောင်းရိုးလေးဖြစ်နေသည်။ အကျယ် ကိုက် (၅၀) ခန့်ရှိမည်။ တစ်ဖက်တွင် တောင်ခြေ၊ တောင်တန်း၊ အခြားတစ် ဖက်တွင် ကိုင်းပင်၊ ဓနိပင်များပေါက်နေ သော ရှည်မျောမျောကျွန်းမြေဖြစ်သည်။

တစ်ဖက်ထိပ်ကို လှမ်းမြင်နေ သည်အထိ ချောင်းထဲတွင် မည်သည့် လှေမျှမတွေ့ရပေ။ သူ့ရဲဘော် သန်းညွန့် က အခြေအနေကိုကြည့်ရန် ထိုင်နေရာ မှမတ်တတ်ရပ်လိုက်သည်တွင် ရုတ်တ ရက် ကျယ်လောင်သောစက်သံကို ကြား လိုက်ရပြီး ပဲ့ထောင်စက်လှေတစ်စီး သည် ကိုင်းတောထဲမှ အရှိန်ပြင်းစွာ မောင်းထွက်လာကာ သူတို့လှေနံဘေး ကို ဦးနှင့်ပြေးတိုက်တော့သည်။

ထိုသို့ တိုက်လိုက်သော အရှိန် ကြောင့် လှေမှာ ခေါင်းယမ်းပြီး တစ်ဖက် သို့ စောင်းသွားသည်။ မတ်တတ်ထရပ် လိုက်သော သန်းညွန့်လည်း ရေထဲသို့ ပြုတ်ကျသွားတော့သည်။ ကံကောင်း သည်မှာ တစ်ဖက်လှေက ဝင်တိုက်ချိန် တွင် သူတို့လှေကလည်း ရှေ့သို့မောင်း နေသောကြောင့် လှေအလယ်ပိုင်းကို မတိုက်မိပဲ နောက်ပိုင်းကိုသာ တိုက်မိ လိုက်သည်။ သူတို့ရည်ရွယ်ချက်မှာ လှေ မှောက်ပြီး လှေပေါ်မှ လူများကို ရေထဲ ပြုတ်ကျသွားစေရန် ခါးလယ်ကို ဖြတ် တိုက်ခြင်း ဖြစ်သည်။ ထိုသို့ယမ်းခါသွား သော အခိုက်တွင် တစ်ဖက်လှေ့ပေါ်က လူတစ်ယောက်သည် ထိုင်နေရာမှထပြီး သေနတ်နှင့် ပစ်တော့သည်။ ထိုသူပစ် လိုက်သော စက်သေနတ်သံမှာ လူသူမ ရှိ တိတ်ဆိတ်နေသော ကျွန်းတွင် ဆူညံ နေတော့သည်။ သေနတ်ကျည်ဆန်များ သည်လည်း စောင်းနေသောလှေနံကို တဖြန်းဖြန်းလာပြီး မှန်ကန်၏။

လှေမှာ နောက်ပိုင်းကိုဝင်ဆောင့် ခြင်းခံလိုက်ရသောကြောင့် တစ်ပတ် လည်ပြီး နောက်သို့ လှေဦးပြန်လည် သွားသည်။ ကံကောင်းထောက်မစွာ ပဲ့ပိုင်းကိုသာ တိုက်ခံလိုက်ရသောကြောင့် လှေကမမှောက်ခြင်း ဖြစ်သည်။ လှေ ပေါ်ပါလာသူတို့ကတော့ ဘေးမှဝင် တိုက်လိုက်သောအရှိန်ကြောင့် လှေဝမ်း ထဲတွင် လဲပြိုကျန်ကြသည်။ ဇောက်နက် သောလှေဖြစ်၍သာ ထပစ်သောကျည် ဆန်များမမှန်ခြင်း ဖြစ်သည်။

ဝင်တိုက်သောလှေမှ သူတို့ကို တိုက်ပြီး အရှိန်နှင့် ချောင်းရိုးအတွင်းသို့ လျှောဝင်သွားသည်။ လှေဦးတည်မိသွား သည်နှင့် ကိုလှမြင့်ကလည်း လှေ မောင်းသူကို လက်ပြပြီး နောက်ကလိုက် ခိုင်းလိုက်၏။ ဘေးတွင်ကျနေသော သေနတ်ကိုကောက်ယူကာ ကျည်ထိုး လိုက်သည်။ ထိုအချိန် သူ့ခေါင်းထဲတွင် လှေနှင့်လည်း ဝင်တိုက်၊ သေနတ်နှင့် လည်း ပစ်သွားသော ထိုလှေသမားများ နောက်သို့လိုက်ရန်သာ အာရုံရှိတော့ သည်။

သတ္တိကောင်းသော ကရင်လေး သည် လှေဦးတည်မိသည်နှင့် စက်ထ တင်လိုက်ရာ လှေနှစ်စီး ရှေ့နောက်ဖြ သွားပါသည်။ ရှေ့လှေကပြေးသူ၊ သူတို့ က နောက်မှလိုက်သူ။ အခြေအနေမှာ သူတို့ဘက်ကတစ်ပန်းသာနေလေသည်။

ရေကြောင်းကျဉ်းသောကြောင့် ခဏနှင့်ပင်မီလာသည်။ လှေချင်းနီးလာ လျှင် ရှေ့လှေပေါ်မှ လူကသေနတ်နှင့် ပစ်ပြန်၏။ သူတို့လှေက နောက်မှလည်း ဖြစ်၊ သေနတ်တစ်ကမ်းသို့လည်း ရော လာပြီဖြစ်၍ ရှေ့လှေက ထပစ်သူမှာ ကွင်းဖြစ်နေသည်။ ပစ်ထည့်လိုက်လျှ လွဲရန်မရှိပေ။ အမှန်ပင်ထိနိုင်ပေသည် သို့သော်လည်း စိတ်ကိုလျှော့လိုက် ဘေးတွင် ရှိနေသော ရိုင်ဖယ်သေန ကိုသာ ကောက်ယူပြီး ထိုလှေအ ကျော်ပြီး ပစ်လိုက်သည်။ ခြောက်လှ သောသဘောဖြစ်သည်။ ကော့သော ဘက်တွင်ဆိုပါက ထိုသို့ခြောက်လှန့် လိုက်လျှင် သူခိုးဓားပြများဆိုပါက ထ ထားသော သေနတ်များကို ရေထဲပစ် ပြီး လက်မြှောက် လှေကိုရပ်ပေးမြ သည်။ ထိုသို့ အမိခံလိုက်လျှင် တစ် တစ်ဦး ပစ်ခတ်နေရန် အကြောင်း တော့ပေ။

ရှေ့တွင် ထိုင်နေသော ရဲဘေ စံဝေကတော့ စတင်းသေနတ်ကို လှေ ပေါ်တွင်တင်ပြီးဝပ်၍ စောင့်ကြည့် သည်။ ရှေ့လှေပေါ်မှ သေနတ်ဖြင့် ပစ်သူသည် နောက်လှေက သေနတ် ပစ်လိုက်လျှင် ပြန်ထိုင်ချသွားသည်။ လူထိုင်သွားလျှင် လှေနောက်ပိုင်းတွင် ကိုင်လာသူက လှေနံပေါ်တက်ထိုင် သေနတ်အရှည်တစ်လက်ဖြင့် တစ် ပစ်ပြန်သည်။ ကိုလှမြင့်တို့မှာ နောက် လိုက်မိလျက်သားဖြစ်နေသည်။ ဆ မလိုက်ဘဲ ရပ်လိုက်လျှင်လည်း ရှေ့ က ပြန်လှည့်လာပြီး ပစ်ခတ် သေချာနေသည်။ သည်အတိုင်း ခြော



www.burmeseclassic.com

www.burmeseclassic.com

...နှံ့ပစ်ခတ်နေ၍လည်း ဇာတ်လမ်းက ...တော့မည်မဟုတ်။ သူတို့ကလည်း အညံ့ခံမည့်ပုံမပေါ်။ အခြေအနေမှာ ...အသက် ကိုယ့်အသက်လုရတော့ ...ကဲ့သို့ ဖြစ်နေသည်။

"ဒီကောင်တွေတော့ကွာ၊ ခက်နေ ...ပြီ။ ကဲ - ခေါင်းပေါ်ကိုကျော်ပြီး တစ် ...ချက်လောက်တော့ ထပ်ပစ်လိုက်ဦး ...ကွာ"

ကိုလှမြင့်က အမိန့်ပေးလိုက်လျှင် ...ပည့်ကျော်စံဝေသည် လှေနံတွင် တင် ...ထားသော စတင်းသေနတ်တစ်ချက်ဆွဲ ...ပစ်လိုက်ပြန်သည်။ သေနတ်ကျည်ဆန် ...များလည်း ပလူပျံအောင်ထွက်သွား ...တော့သည်။ လှေကို ကျော်ပစ်မှန်းသိ ...သောကြောင့်ပေလားမသိ လှေနံတွင် ...ထိုင်နေသူသည် အကြောက်အလန့်မရှိ ...ကိုင်ထားသော သေနတ်ဖြင့် လှည့်ပစ် ...ပြန်သည်။ လှေချင်းနီးလာသောကြောင့် ...သူပစ်လိုက်သော ကျည်ဆန်များမှာ ...သူတို့လှေဦးတွင်တင်လာသော မီးသွေး ...အိတ်များကို တဖြန်းဖြန်းလာမှန်သည်။ ...ပဲ့ကိုင်နေသော ကရင်လေးက လှေကို ...ချနေလိုက်သောကြောင့်သာ လှေပေါ်က ...သူများကို မမှန်ခြင်း ဖြစ်သည်။

"ဆရာရေ ညှာလို့မရတော့ဘူး။ ...ရှေ့မှာ ကျွန်းကွေ့ရောက်နေပြီ။ ဒီကောင် ...နှစ်ယောက်ဆိုင်ပြီးပစ်ရင် ကျွန်တော်တို့ ...ခံရလိမ့်မယ်"

တပည့်ကျော် စံဝေက လှေနံကို ...ကွယ်ရင်း အခြေအနေကို လှမ်းပြောနေ ...သည်။ သူပြောသည်မှာလည်း ဟုတ်ပေ ...သည်။ ရှေ့တွင် မြစ်ထဲသို့ထွက်မည့် ...ချောင်းဝသို့ ရောက်ကြတော့မည်။ သူတို့ ...လှေကျွန်းထိပ်ကိုရောက်လျှင် ကျူပင် ...များနှင့် ကွယ်သွားပြီး ချောင်းကျဉ်းထဲ ...တွင် ကျန်နေဦးမည့် မိမိတို့လှေက ...တစ်ပြန်ပစ်ကွင်းဖြစ်သွားပေဦးမည်။

"ပစ်ကွာ၊ အဲဒီနောက်က ပဲ့ကိုင် ...တဲ့ကောင်ကို ချိန်ပြီး ဆွဲလိုက်တော့"

စံဝေသည် စတင်းသေနတ်ကို ...လှေနံ ပေါ်တွင်တင်ပြီး ပဲ့ကိုင်ရင်းလှည့် ...ပစ်နေသူကိုချိန်၍ အတွဲလိုက်တစ်ချက် ...ဆွဲပစ်လိုက်သည်။ လှေပဲ့တွင် ဘေး ...စောင်းထိုင်ပြီး တစ်ချက်တစ်ချက် ...နောက်ပြန်လှည့်ပစ်နေသော လှေပဲ့ကိုင် ...သူသည် လှေဝမ်းထဲသို့ လျှောဆင်းသွား ...သည်။ စံဝေပစ်လိုက်သော သေနတ် ...ကျည်ဆန်ထိမှန်သွားပုံရလေသည်။

ပဲ့ကိုင်သမား သေနတ်မှန်သွား ...လျှင် လှေဦးတွင်ထိုင်နေသူသည် သေနတ်အရှည်ကိုကိုင်လျက် နေရာမှထ ပြီးပစ်ပြန်သည်။ အရိပ်အခြည်ကိုကြည့် နေသော ကိုလှမြင့်ကလည်း ကာဘိုင် သေနတ်ဖြင့် ထပြီးပစ်သည်။ သူလည်း ထ၊ ကိုယ်လည်းထ နှစ်ဦးစလုံးပြိုင်တူထ၊ ပြိုင်တူပစ်ဖြစ်သွားသည်။ ရှေ့လှေပေါ်မှ ထပစ်သူသည် ခေါင်းခါသွားပြီး လှေဝမ်း ထဲသို့ နောက်ပြန်ကျသွားသည်။ သူက နောက်လှည့်ပစ်ခြင်းဖြစ်၍ ကိုလှမြင့်က မျက်နှာမူရာသို့ ပစ်ရခြင်းဖြစ်ရာ ပစ်ကွင်း ကောင်းပြီး တစ်ပန်းသာသွားခြင်း ဖြစ် သည်။

သူလည်း လက်မောင်းတွင် ပွန်းခဲ့ ဖြစ်သွားပြီး ကိုင်ထားသော သေနတ်ပါ လွင့်ပြီးထိုင်ကျသွားတော့သည်။ ထိုသို့ သူတို့ဆရာ ထိမှန်သွားလျှင် ရှေ့တွင် လှေနံကိုကွယ်ပြီးဝပ်နေသော စံဝေသည် ဒူးထောက်ထိုင်ကာ လက်ထဲရှိသေနတ် ဖြင့် အချက်ပေါင်းများစွာလှမ်းပစ်သည်။

ရှေ့လှေသည် ရပ်မပေးဘဲ သေနတ်ဖြင့်ပစ်နေသည့်ကြားမှ မြစ်ပြင် သို့ ဦးတည်ကာ စက်ကုန်ဖွင့်ပြီး မောင်း ပြေးတော့သည်။ လှေနံတွင် ကြောက် ကြောက်နှင့် ဝပ်ပြီးကပ်နေသူက ပဲ့ကိုင် ပြီးမောင်းပြေးခြင်း ဖြစ်သည်။ ထိုလှေက မော်တော်ကား အင်ဂျင်တပ်ထားသော အမြန်လှေဖြစ်ခြင်းကြောင့် လိုက်လျှင် လည်း မီမည်မဟုတ်ပေ။ ထိုလှေ နောက်ကြောင်းပြန်မလှည့်ဘဲ တစ်ရှိန် ထိုး တစ်ဖက်ကမ်းသို့ ဦးတည်မောင်း ကြောင်း သေချာမှ မိမိတို့အခြေအနေ များကို ပြန်ကြည့်ရသည်။

"ဟာ - ဆရာ၊ သွေးထွက်နေပါ လား"

"အေး - ဟုတ်တယ်ဟ"

ကိုလှမြင့်၏လက်မောင်းရင်းတွင် သွေးများစီးကျနေသည်။ သူလည်း ဒဏ် ရာရသွားသည်။ မတ်တတ်အထတွင် ထိသွားခြင်း ဖြစ်လိမ့်မည်။ ကံကောင်းပြီး ရင်ဘတ်ကို မမှန်ခြင်းဖြစ်သည်။ သူတို့ လှေလည်း နောက်က ဆက်လိုက်သေး သော်လည်း မြစ်ပြင်သို့ရောက်လျှင် ကရင်လေးက ဆက်မလိုက်ဘဲ လှေဦးကို မိမိတို့ကမ်းဘက်သို့ ပြန်ကွေ့လိုက်သည်။ ပြုတ်ကျန်ခဲ့သည့် မိမိတို့လူကို ပြန်ခေါ် ရသေးသည်။ လှေတစ်စီးနှင့်တစ်စီး မည်ပြီးပစ်ခတ်နေကြသောကြောင့် ရေ ထဲကျနေသူကို ပစ်ခတ်မသွားသည်မှာ သန်းညွှန့်အတွက် ကံကောင်းသွားခြင်း ဖြစ်သည်။

လူစုံသောအခါ စခန်းသို့ပြန်ခဲ့ကြ သည်။ ဒဏ်ရာရနေသော်လည်း သေ နတ်ကို မချနိုင်ကြသေးပါ။ ဟိုဘက်ကမ်း က လူမိုက်များ အုပ်စုဖွဲ့ပြီး လာ၍ပစ် ခတ်ကြမည်ကို စိုးရိမ်သောကြောင့် ဖြစ် သည်။ စခန်းသို့ရောက်သည်အထိ မြစ် ထဲတွင် မည်သည့်လှေမျှ မမြင်ရပါ။

သူတို့နေထိုင်ရာ ခစ်စကွိုင်စခန်း သို့ရောက်သော် မိုးချုပ်ခါနီးလေပြီ။ ဒဏ်ရာရထားသော်လည်း ရွာတွင်ဆေး ဝါးမရှိသောကြောင့် ကျန်းမာရေးမှူးရှိ သော မာရမ်းစခန်းသို့ ဆက်သွားရပြန် လေသည်။ ရဲမှူးကိုလည်း ပစ်ခတ်မှုဖြစ် ပွားကြောင်းနှင့် ထိုလှေပေါ်တွင် သေ နတ်မှန်သွားသူရှိကြောင်း မိမိတို့ဘက် တွင်လည်း ဒဏ်ရာရကြောင်း သတင်း ပေးထားရန် ဖြစ်သည်။ ရဲတပ်ဖွဲ့တွင် ကြိုးမဲ့ကြေးနန်းစက်ရှိ၍ အကျိုးအ ကြောင်းကို ကော့သောင်းရုံးသို့လည်း သတင်းပို့ အကြောင်းကြားရဦးမည် ဖြစ် သည်။

❖

မာရမ်းစခန်းရောက်၍ အဖြစ်အ ပျက်ကို ပြောပြလိုက်သောအခါ စခန်း မှူးသည် စိုးရိမ်တကြီးဖြင့် -

"ဟာ-ဆရာတို့တော့ တကယ့်မီးခဲ နဲ့တွေ့ခဲ့တာပဲ"

"ဘာဖြစ်လို့လဲ စခန်းမှူးကြီးရဲ့"

"ဆရာနဲ့ပစ်ခဲ့တာ တကယ့်ကောင် လေ။ ခစ်ကျိုမ်းဆိုတဲ့ လူမိုက်ဖြစ်မှာပေါ့"

"စခန်းမှူးကြီးဘယ်လိုသိတာလဲ"

"ဒီနယ်မှာ သေနတ်နဲ့ လူကျယ် လုပ်နေတာ သူပဲရှိတယ်လေ။ ဟိုနေ့က ဆရာတို့စခန်းရှေ့မှာ မြစ်ထဲကနေ ပစ် ခတ်သွားတာလည်းသူပဲ။ ဒီမနက် ဆရာ တို့သစ်ဖောင်ကို ဖမ်းသွားလို့ သူလိုက် လာတာ။ ပစ်ခတ်မှုဖြစ်တယ်ဆိုတော့ ဒီကိစ္စပြဿနာနည်းနည်းရှိနိုင်တယ်။ ဒါ ပေမယ့် ဖြစ်တာက မီးသွေးကျွန်းမှာဆို တော့ ကျွန်တော်တို့ဘက်ကမ်းပဲ။ သူ လည်းထိ၊ ကိုယ်လည်းထိဆိုတော့ ပြော ကြဆိုကြမယ်ဆိုရင်လည်း သူတင်ကိုယ် တင်ပြောလို့ရပါတယ်။ ဆရာတို့စခန်း ဒီကိုရွှေ့မလား။ ဒီမှာတော့ ကျွန်တော် တို့လည်းရှိတော့ ပိုလုံခြုံမယ်"

"နေပါစေဗျာ၊ ကျွန်တော့်ရုံးက အမိန့်မရဘဲ စခန်းပြောင်းနေလို့မဖြစ်ပါ ဘူး ကျွန်တော်နေရဲပါတယ်"

ထိုကိစ္စဖြစ်ပွားပြီး နောက်နေ့တွင် ကော့သောင်းမြို့နယ်ရုံးမှ မြို့နယ်တာဝန် ခံဆရာနှင့်အဖွဲ့ မော်တော်နှင့် ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ခမောက်ကြီးစခန်းမှ ရဲမှူးလည်းပါလာသည်။ အရှေ့ဘက်ကမ်းသို့ ဆက်သားလွှတ်ပြီး အုပ်ချုပ်ရေးမှိုင်းမှ တာဝန်ရှိသူများကို ဆက်သွယ်သောအခါ နမ်မကျွတ်မြို့ပိုင်နှင့် ရဲအရာရှိ လိုက်လာသည်။ ထိုနေ့က ဖြစ်သော ပစ်ခတ်မှုကို သတင်းရသော်လည်း သေဆုံးဒဏ်ရာရသူမရှိပါဟု အကြောင်းပြန်ကြားသည်။ တစ်ဖက်ကမ်းသို့ လိုက်ကြည့်နိုင်သည်မဟုတ်သောကြောင့် သူတို့ပြန်ကြားချက်ကိုပင် အတည်ပြုလိုက်ပါသည်။ ဖြစ်နိုင်သည်မှာ သည်ဘက်ကမ်းတွင် ဖြစ်ပွားသော တိုက်ခိုက်မှုတွင် သူတို့ဘက်ကမ်းကလူများပါဝင်နေသည်ကို တရားဝင်ဝန်မခံလိုသောကြောင့် ဖြစ်လိမ့်မည်။ အထိအခိုက်မရှိသောကြောင့် ဖြေရှင်းစရာလည်းမရှိ ညှိနှိုင်းစရာလည်း မရှိတော့ပေ။

နောက်ပိုင်းတွင် သတင်းစုံစမ်းသိရသည်မှာ ခစ်ကျိမ်း ဆိုသူ သေသည်။ သူသည် အရှေ့ဘက်ကမ်းမှ ပြည်သူ့စစ်ခေါင်းဆောင် ဖြစ်သည်။ နယ်ခြားဒေသဖြစ်သောကြောင့် အစိုးရက လက်နက်ကိုင်ဆောင်ခွင့် ပေးထားသည်ကို အခွင့်ကောင်းယူပြီး ကြေးစားအငှားလိုက် သေနတ်သမားလုပ်နေသူ ဖြစ်သည်။ သစ်ခိုးနေသူများ၊ သစ်စက်ပိုင်ရှင်များကို အကာအကွယ်ပေးနေသူမှာလည်း သူပင် ဖြစ်သည်ဟု သိရသည်။

မြို့နယ်မှူးပြန်သွားသောအခါ လိုလိုမည်မည်ဆိုပြီး ကော့သောင်ရုံးမှ အရာရှိတစ်ဦးနှင့် အမှုထမ်းနှစ်ဦးကို လက်နက်အပြည့်အစုံဖြင့် အင်အားဖြည့်ပေးခဲ့သောကြောင့် သူတို့စခန်းလေးမှာ လူစုံတက်စုံဖြစ်သွားပြီး စုရုံးစုရုံးနှင့် ပျော်စရာကောင်းသွားပါသည်။

ပထမပိုင်းတွင် မြန်မာဘက်ခြမ်းမှ တစ်ဖက်ကမ်းသို့ သွားလာနေသူများက ရန်ပြုမည်စိုးရိမ်ကြသောကြောင့် မသွားရဲမလာရဲ ငြိမ်သက်နေကြသေးသည်။ သို့ရာတွင် မဖြစ်မနေသွားရသူများ တစ်စတစ်စသွားလာကြရာမှ မည်သူမျှ အနှောင့်အယှက်မပေးသောကြောင့် အခြေအနေမှာလည်း ပုံမှန်ပြန်ဖြစ်သွားသည်။

နယ်ခြားဒေသတွင် လူတွင်ကျယ်လုပ်နေသူများလည်း ငြိမ်သက်သွားပါတော့သည်။ လူမိုက်ဆိုသူများသည်လည်း အသက်ရှိသူများဖြစ်လေရာ သူတို့ထက် ပိုမိုက်သူပေါ်လာသောအခါ ငြိမ်ဝပ်သွားခြင်း ဖြစ်ပေသည်။ လူမိုက်များငြိမ်သွားသောကြောင့် သစ်ခိုးနေသူများလည်းငြိမ်သွားသည်။ မြစ်ထဲတွင်လည်း ဥဒဟိုသွားလာနေသည့် သစ်ဖောင်၊ ဝါးဖောင်များကိုလည်း မမြင်ရ။ သေနတ်လည်း လာမဖောက်ရဲကြတော့ပေ။

❖

ဆရာဦးလှမြင့် ပြောနေသည့် ပါချန်မြစ်ကမ်းရှိ မာရမ်းရွာအပိုင်တွင် တစ်ချိန်က ကြုံခဲ့ရသော ဖြစ်ရပ်မှန်ဇာတ်လမ်းကို နားထောင်ပြီး ကျွန်တော်တို့မှာ စိတ်ဓာတ်ခွန်အားများ တက်ကြွကြရသည်။ နိုင်ငံနယ်နိမိတ်ကိုကျော်လွန်ပြီး ဗိုလ်ကျစိုးမိုးနေသူများကို စီးချင်းထိုးရင်ဆိုင်ခဲ့သော ဆရာ့သတ္တိကိုလည်း အထူးလေးစားမိသည်။

"ကောင်းတယ် ဆရာ၊ လူမိုက်တွေဆိုတာ သူတို့ထက်မိုက်၊ သူတို့ထက်သတ္တိကောင်းတဲ့သူ မပေါ်သေးရင်တော့ ဗိုလ်ပေါ့။ ပေါ်လာရင်တော့တစ်ခါတည်း ဝပ်သွားကြတာပဲ။ သိပ်ကောင်းတာပဲ"

"အင်း-ခင်ဗျားတို့ကတော့ ကျွန်တော့်ကိုသတ္တိကောင်းတယ်လို့ ထင်စရာပေါ့"

"ဒါ အမှန်ပဲမဟုတ်လား ဆရာ"

"သိပ်သတ္တိကောင်းတယ်လည်း မဟုတ်ပါဘူး။ အဲဒီအချိန်မှာ ဟိုဘက်လှေပေါ်ကနေ တစ်ဖက်သတ်ပစ်နေတော့ ဘာမှမမြင်တော့ဘူး။ ထပစ်ရင် မှန်နိုင်တယ်ဆိုတာလည်း မစဉ်းစားမိတော့ဘူး။ ဒီကောင်တွေကို ပစ်လိုက်မှရတော့မယ်ဆိုပြီး ထပစ်တာပဲ။ နောက်ပိုင်း အေးအေးဆေးဆေးဖြစ်သွားမှ ကံကောင်းလို့ ငါမသေတာပါလားဆိုပြီး တွေးမိတော့တယ်။ ခင်ဗျားတို့ဆိုရင်လည်း ဒီလိုပစ်မိမှာပါပဲ"

ထိုအချိန်တွင် အနားတွင်ရှိနေသော ထိုစဉ်က ဆရာနှင့် သေအတူ၊ ရှင်မကွာ လှေပေါ်တွင် လိုက်ပါသွားခဲ့သော ကာကွယ်ရေးအမှုထမ်း ဦးစံဝေက ဝင်ပြီးပြောသည်။

"ဆရာအဲဒီလိုပစ်လိုက်တာကို ဟိုဖက်ကမ်းမှာနေတဲ့ရှမ်းတွေ အတော်ကိုကြောက်သွားပြီး ဆရာ့ကို မြင်ဖူးအောင်ဆိုပြီး လာကြည့်ကြတာတွေတောင်ရှိတယ်။ သူတို့က ဆရာ့သေနတ်ပြီးတယ်လို့ ထင်နေကြတာ"

ကျွန်တော်တို့သည် ထိုစဉ်က ရုံးပေါ်ရှိ အပန်းဖြေစခန်းတွင်ထိုင်ပြီး ပြောဆိုနေကြခြင်း ဖြစ်သည်။

ထိုစကားဝိုင်းတွင် ထိုစဉ်က ဆရာနှင့်အတူရှိနေခဲ့သော ကရင် စံဝေဟုခေါ်သော အမှုထမ်းဦးစံဝေကြီးလည်း အနီးတွင်ရှိနေသည်။ သူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ထိုဖက်ကမ်းတွင် နေထိုင်ကြသူများသည် ရိုးရာအစဉ်အလာများကို ယနေ့အထိ လက်ခံနေကြသေးသည်။ ပေဒင်လက္ခဏာကိုယုံသည်။ အဆောင်လက်ဖွဲ့များကို ယုံသည်။ တုတ်ပြီးဓားပြီးဆိုပြောစရာမရှိတော့ပေ။ ယောက်ျားတိုင်းလိုလို လည်ပင်းတွင် လက်ဖွဲ့ကြိုးများဆွဲထားတတ်ကြသည်။ သူတို့ဘက်တွင် လက်နက်ကိုင်ဆောင်သွားလာနေထိုင်တတ်သည်ဖြစ်ရာ သေနတ်ပြီးသည်ဆိုသည့်သတင်းကို ကြားရလျှင် နောက်ကတကောက်ကောက်လိုက်တော့သည်။ ဆရာ့ကိုလည်း သေနတ်ပြီးသည် အဆောင်ရှိသည်ဟု သူတို့ကထင်နေသည်။ ထို့ကြောင့် ဆရာ့ကို အလွန်စိတ်ဝင်စားကြသည်ဟု ဦးစံဝေက ပြောသည်။

"အေး - ဟုတ်မယ်ကွ။ ဒါကြောင့်ထင်တယ်၊ ငါဆွဲထားတဲ့ ရှင်သီဝလိအရုပ်ကလေးကို ဟိုနန်မကျွတ်မြို့ပိုင်မန်နီကွန်းက အတင်းရောင်းပါဆိုပြီး နားပူနားဆာလုပ်တာ"

ထိုစဉ် ကော့သောင်းအရပ်မှာ ဝန်ထမ်းများအတွက် ဝေးလံခေါင်းပါးအရပ်ဖြစ်သည်။ အစစရှားပါးသော၏။ ဝန်ထမ်းများကို လစာအပြင် ရှားပါးစရိတ်ပါ ထပ်ဆောင်းပေးရသည်။ သွားရမည် ဆိုသောအခါ ဆရာ့အမေတသားဖြစ်သူ အနေအစားမဆင်းရဲစေရန် ရှင်သီဝလိအရုပ်ကလေးကို ဆောင်ထားရန် ထည့်ပေးလိုက်သည်။ လူကြီးသူမများက ရှင်သီဝလိဂါထာရွတ်၊ အရုပ်ကိုဆောင်လျှင်လာဘ်လာဘရွှင်လန်းသည်ဟု ယုံကြည်ကြသည်။ ကော့သောင်းတွင်နေစဉ်က ထိုအရုပ်လေးကို ဘုရားကျောင်းဆောင်ပေါ်တွင် တင်ထား၏။ မာရမ်းစခန်းသို့သွားရမည်ဆိုသောအခါ အိမ်မှာထားခဲ့လျှင် ကြွက်တိုးပြီးအောက်ကျသွားမည်စိုး၍ အရုပ်လေးကို ငွေကြုတ်ကလေးတွင်ထည့်ပြီး လည်ပင်းတွင်ဆွဲလာခဲ့သည်။

တစ်ဖန် တစ်ဖက်ကမ်းတွင် မြို့ပိုင်က ကြုံကြုံဖန်ဖန် ထိုကြုတ်ကလေးကိုမြင်သွားပြီး ခဏကြည့်ပါရစေဟု ပြောသည်။ ဆရာက ဖြုတ်ပေးလိုက်သောအခါ အထဲက အရုပ်လေးကို



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါးတို

# သွေးတိုးရောဂါပျောက်လိုလျှင်

ကျွန်ုပ်တို့မြန်မာစကားတွင် 'အနာ[illegible]ဦး ဆေးဆယ်ဦး' ဟုပြောလေ့ပြော[illegible]ကြ၏။ ယခုခေတ်တွင် အဖြစ်များ[illegible]ရောဂါမှာ သွေးတိုးရောဂါဖြစ်၏။ [illegible]ချို့က ဆီကြောင့်ဖြစ်တယ်၊ တချို့က [illegible]ကြောင့်ဖြစ်တယ်ညာကြောင့်ဖြစ်တယ် [illegible] အမျိုးမျိုးအဖုံဖုံလက်ညှိုးထိုး၍ မိမိ[illegible]မြင်ယူဆသည့်အတိုင်း ယိုးမယ်ဖွဲ့[illegible]အပြစ်တင်လေ့ရှိကြ၏။

ကျွန်ုပ်သည် မင်းလှမြို့နယ်၊ [illegible]တော့ကျေးရွာသို့ ရောက်ရှိခဲ့ရာ [illegible]ရှင်က အုန်းထမင်းချက်သဖြင့် -

"ဆရာ၊ အုန်းထမင်းစားပါ[illegible]"

ဟုမေးသောအခါ -

"ကျုပ်အုန်းထမင်းမစားရဲဘူးဗျာ။ [illegible]တိုးရှိနေလို့ဗျ"

ဟု ပြန်ပြောလိုက်သော ကျွန်ုပ်ကို [illegible]ပ်ဘေးနားတွင် ထိုင်နေသော [illegible]ရှင် (ပေါက်ကိုင်း) မှ -

"ဆရာသွေးတိုးမပျောက်ချင်ဘူး[illegible]ဟင်"

ဟု မေးပြန်လေ၏။

ထိုအခါ ကျွန်ုပ်က -

"သိပ်ပျောက်ချင်တာပေါ့ အစ်မ[illegible]ရယ်၊ ဆေးနည်းရှိရင်လည်း ပြောပါ[illegible]။ ပိုက်ဆံအကုန်အကျအနည်းဆုံး[illegible]တဲ့ ဆေးနည်းလည်းဖြစ်မှဗျို့"

ဟု ရယ်ရယ်မောမောပြောလိုက်[illegible]၏။

အစ်မကြီး ဒေါ်ရင်က -

"ဆရာပြောသလို ကုန်ကျစရိတ်သက်သာရမယ်၊ လုပ်လို့လည်း လွယ်ရမယ်၊ သောက်လည်းသောက်နိုင်ရမယ်၊ အမှန်တကယ် လက်တွေ့လည်းပျောက်တဲ့ဆေးနည်းလည်း ဖြစ်ရမယ်၊ သူများပြောသံကြားနဲ့ တစ်ဆင့်ပြောတဲ့ဆေးနည်းလည်းမဟုတ်ရဘူး၊ ကိုယ့်မျက်စိရှေ့မှာ တကယ် လက်တွေ့ပျောက်တဲ့ဆေးနည်းကိုပြောပါ့မယ်တော်"

ဟု ပြောလိုက်လျှင် -

"အံမယ်-တယ်လည်းညွှန်းလှချည်လားဗျ။ ဒါဖြင့် ပြောစမ်းပါဦး"

ကျွန်ုပ်က ပြန်၍ခွန်းတုံ့ပြန်ပြောလေ၏။

ထိုအခါ အစ်မကြီးက -

"မသိသူကျော်သွား သိသူဖော်စားတဲ့။ နည်းသိတော့ မခက်တယ်၊ အလွယ်လေးတဲ့။ အနာသိရင် ဆေးရှိတယ်တဲ့ဆရာ။ အခု ပြောတဲ့နည်းဟာ လွယ်လွယ်လေးပဲလို့ အထင်တော့မသေးလိုက်နဲ့နော်"

"ဟုတ်ကဲ့၊ အထင်မသေးဝံ့ပါဘူးဗျာ"

"ဇာတိပွိုလ်သီးခြောက်တစ်လုံးထဲက အဆန်ကိုထုတ်ပြီး အမှုန့်ကြိတ်၊ ပြီးတော့ (၄၀) သားဝင်ဆံ့တဲ့ ပုလင်းထဲ ရေနဲ့အတူထည့်၊ အဲဒီအထဲကို သံပရာသီးရင့်ရင့်တစ်လုံးကို အရည်ညှစ်ပြီး ထည့်လိုက်။ လေလုံလုံနဲ့ (၄) ညတိတိအရိပ်ထဲမှာထား။ သွေးတိုးလို့ အမူးအမော်များရင် တစ်နေ့(၃)ကြိမ် လက်ဖက်ရည်အကြမ်းပန်းကန် တစ်ဝက်လောက်သောက်ချလိုက်။ ဟော - တစ်ပုလင်းကုန်တာနဲ့ နောက်ထပ်တစ်ပုလင်းထပ်သောက်။ (၁) လလောက်သောက်တာနဲ့ ထူးထူးခြားခြားဖြစ်သွားလိမ့်မယ်။ ရောဂါအကြီး၊ အသေးအပေါ် မူတည်ပြီး တစ်ယောက်နဲ့တစ်ယောက်တော့ မတူနိုင်ဘူးပေါ့ ဆရာရယ်။ ကိုယ့်ရောဂါအခြေအနေကိုကြည့်ပြီး သောက်ရမှာပေါ့။

ဦးလှဖေ ဆိုတဲ့ အဘိုးကြီးတစ်ယောက်ဟာ အစ်မကြီးပြောတဲ့အတိုင်းသောက်လို့ အခု သွေးတိုးလုံးဝပျောက်သွားပြီ။ ကျေးဇူးတင်ကြောင်း မကြာခဏ အစ်မကြီးကို တွေ့တိုင်းပြောနေတာပါပဲ။ ကဲ - ယုံပြီလား"

"ယုံပါပြီ အစ်မကြီးရယ်၊ သဘောလည်းကျသွားပါပြီ။ ကျွန်တော်ကိုယ်တိုင်သောက်မယ်လို့ ဆုံးဖြတ်ချက်လည်းပိုင်ပိုင်နိုင်နိုင်ချလိုက်ပါပြီ"

အလွန်ခေတ်စားနေသော သွေးတိုးရောဂါ၊ ကျား,မ မဟူ ဖြစ်ပေါ်နေသော သွေးတိုးရောဂါ၊ ရဟန်းရှင်လူဖြစ်ပေါ်ခံစားနေရသော သွေးတိုးရောဂါ၊ ကြီးငယ်မဟူ ဖြစ်နေသော သွေးတိုးရောဂါကို ဤနည်းဖြင့် တိုက်ဖျက်ချေမှုန်းကြည့်ပါဟု တိုက်တွန်းတင်ပြအပ်ပါသည်။

ကောင်းစံသာ (မင်းတုန်း)

---

[illegible]လျှင် သူက မည်သို့ထင်သည်မသိ[illegible]ချင်းပဲ လက်အုပ်ချီပြီး အရုပ်ကလေး[illegible] သူ့ခေါင်းပေါ်တင်သည်။ တိုးတိုး[illegible]တိုးဖြင့် ဆုတောင်းနေသေး၏။ ပြီး[illegible]တော့ သူ့ကိုရောင်းပါဟု ပြောပြန်သည်။ [illegible]မ ခလေ့မှာ အဆောင်လက်ဖွဲ့[illegible]သည်တို့ ဘုန်းကြီးရဟန်း၊ လူကြီးသူမ[illegible]များ မေတ္တာဖြင့် ပေးကြသော်လည်း [illegible]ဈက်ကမ်းမှာမူ အဆောင်လက်ဖွဲ့[illegible]များမှာ ရောင်းတန်းဝင်ပစ္စည်းဖြစ်သည်။ [illegible]ဂိတ်၊ လှေဆိပ်၊ ဈေးစသည့်နေရာ[illegible]များတွင် လူစုစုစုစုနှင့်ဝိုင်းပြီးကြည့်နေ[illegible]လျှင် ကြက်ဝိုင်းနှင့် လက်ဖွဲ့ရောင်းနေ[illegible]ခြင်း ဖြစ်လေသည်။ အသုံးဝင်မှုအပေါ်[illegible]တည်၍ ဈေးခေါ်ပြီး ရောင်းကြ၊ ဝယ်[illegible]ကြသည်။ ထိုမြို့ပိုင်သည် အရုပ်ကလေး[illegible] အတော်ပင်လိုချင်နေသည်။

အရုပ်ကလေးကို အမေပေးလိုက်ခြင်းဖြစ်၍ ရောင်းရန်မဟုတ်ပါဟု ဆရာက ပြောရသည်။ ထိုမြို့ပိုင်သည် စားစရာ၊ သောက်စရာများနှင့် မကြာခဏ လာလည်သည်။ ရောက်တိုင်းလည်း အရုပ်ကလေးကို စိတ်ဝင်တစားကိုင်ကြည့်၍သာနေတော့သည်။ သို့နှင့် တစ်လလောက်နေပြီး ကော့သောင်းကို ပြန်ရသောအခါ သူအတော်လိုချင်နေမှန်းသိ၍ လက်ဆောင်ဟုဆိုကာ ပေးခဲ့ပါသည်။

"အံမယ် - ရှင်သီဝလိအရုပ်က လာဘ်ကောင်းတယ်ဆိုတာ အဟုတ်သားဗျ"

"ဟုတ်လား ဆရာ၊ ဘယ်လိုကောင်းတာလဲ။ ဆရာက ဟိုမြို့ပိုင်ကို ပေးထားခဲ့ပြီ မဟုတ်လား"

"ကော့သောင်းပြန်မယ့်နေ့မနက်ကျတော့ အဲဒီလူရောက်လာပြီး လက်ဆောင်ဆိုပြီး စက္ကူဘူးကလေးတစ်ဘူးလာပေးတယ်။ အပြန်လှေပေါ်ရောက်လို့ ဖွင့်ကြည့်တော့ ရွှေဆွဲကြိုးတစ်ကုံးဗျာ။ ဘတ်ကြိုးဆိုတာပေါ့။ နောက်ပိုင်းဘိုင်ပြတ်လို့ ရောင်းတာ ရှစ်ထောင်လောက်ရတယ်။ ဟိုခေတ်ကဈေးပေါ့လေ"

ဆရာပြောပြသော မာရမ်းပုံပြင်လေးမှာ လွမ်းမောဖွယ်ကောင်းလှသည်။ နှစ်ပေါင်းအတော်ကြာအထိ ထိုဒေသတွင် လက်နက်ပြ ခြိမ်းခြောက်မှုများ ချုပ်ငြိမ်းသွားခဲ့သည်ကို ဒေသခံများ ယနေ့တိုင်ပြောစမှတ်ပြုကြဆဲဖြစ်သည်။

မဟာသျှိ



www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(ဒသယန)

## အမျှရစေ ပေးဝေငှ၏

ဝါတွင်းကာလ တစ်ခုသော ဥပုသ်နေ့ညနေခင်းတွင် လာနေကျဓမ္မမိတ်ဆွေတစ်ဦးရောက်လာပါသည်။ သူ့လက်ထဲတွင် အပြာရောင်စာအုပ်လေးနှစ်အုပ်ပါသည်။ ကျွန်တော်က ဦးစွာ စကားစလိုက်ပါသည်။

"ဘာစာအုပ်တွေလဲဗျ"

"မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးတဲ့ 'ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ နေ့စဉ်လုပ်ဆောင်ရမည့်တရား' ပါ။ မနေ့ကမနက် ရွှေဆံတော်ကအပြန်စာအုပ်ဆိုင်ဝင်လိုက်တာ အဲဒီစာအုပ်ကလေးတွေ့တာနဲ့ ဆရာ့အတွက်တစ်အုပ်၊ ကျွန်တော့်အတွက် တစ်အုပ်ဝယ်လာခဲ့တာပါ။ ဆရာ့ဆီမှာရှိပြီးဖြစ်ချင်ဖြစ်မှာပါ။ ဓမ္မဒါနပေါ့ ဆရာ"

"ကျေးဇူးတင်ပါတယ်ဗျာ။ဒါ့ထက် ဒီစာအုပ်ကို မိတ်ဆွေဖတ်ပြီးပြီလား"

"ဖတ်ပြီးပါပြီ ဆရာ။ ဗုဒ္ဓဘာသာဝင်တွေ မလွတ်တမ်းဖတ်ရမယ့်စာအုပ်၊ အမြဲလက်ကိုင်ထားရမယ့်စာအုပ်ပါ"

"ဒါ့ထက် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဘယ်တရားတွေကို နေ့စဉ်လုပ်ရမယ်လို့ မိန့်ဆိုထားပါသလဲ"

"ဆရာတော်ဘုရားကြီးမိန့်ဆိုတာကတော့ ဗုဒ္ဓဘာသာဝင်တွေဟာ မနက်အိပ်ရာအထမှာ သရဏဂုံဆောက်တည်ပြီး သီလခံယူရမတဲ့။ နောက် ဝမ်းစာရှာဖွေရင်း ဒါနပြုရမတဲ့။ အိပ်ရာဝင်ခါနီးတော့ ဘာဝနာပွားပြီး လောကရဲ့သဘာဝကို လေ့လာရမတဲ့။ ဒီတရားတွေကို နေ့စဉ်မပြတ် အဖန်ဖန်အထပ်ထပ်လုပ်ဆောင်ရမတဲ့"

"မိတ်ဆွေပြောတဲ့အတိုင်းဆိုရင် ဗုဒ္ဓဘာသာဝင်တွေဟာ သရဏဂုံသီလနဲ့စ၊ဒါနပြု၊ဘာဝနာပွားပေါ့။ အဲဒီတရားတွေကို နေ့စဉ်လုပ်သွားရမှာပေါ့"

"ဟုတ်ပါတယ်ဗျာ၊ ဆရာတော်ဘုရားကြီး ဆက်လက်မိန့်ဆိုတာက ဒါနဖြင့် တစ်ကိုယ်ကောင်းကို ဖယ်ရှားရမတဲ့။ သီလဖြင့် သူတစ်ကိုယ်ကောင်းကိုစောင့်ရှောက်ရမတဲ့။ ဘာဝနာဖြင့် မိမိရဲ့





www.burmeseclassic.com

www.burmeseclassic.com

…ကို သန့်ပြန့်စင်ကြယ်အောင်လုပ်ရ…။ အဲဒီသုံးမျိုးကို နေ့စဉ်မပြတ်လုပ်…ရင် 'ဘဝရှင်' တဲ့။ အဲဒီသုံးမျိုးကို …တင်းရင် 'ဘဝသေ' တဲ့။ 'ဘဝရှင်' …တာ လူ့ကျင့်စဉ်တဲ့။'ဘဝသေ' ဆိုတာ …ရွှာန်တို့ရဲ့ကျင့်စဉ်တဲ့"

"ကျွန်တော်တို့ကို အဲဒီလုပ်ငန်း …သုံးခုကို စွဲစွဲမြဲမြဲလုပ်စေချင်လို့မှတ် …အောင်ပြောတာနဲ့တူပါတယ်။ ဆက်ပါ …ဗျာ"

"ဒီစာအုပ်ထဲမှာ ကျွန်တော်အထူး …ပြုမိတဲ့အချက်ကတော့ အမျှဝေ…နဲ့ ပတ်သက်တဲ့ ဆရာတော်ဘုရား…ရဲ့ မိန့်ဆိုချက်ပါပဲ။ ဗုဒ္ဓဘာသာ…တွေဟာ ဘာဝနာပွားပြီးတဲ့အခါ …နေ့တာလုပ်ဆောင်ရမယ့်တရားတွေ …ဆောင်ပြီးပြီဖြစ်လို့မို့ ကိုယ်ပြုတဲ့ …သိုလ်ကောင်းမှုကို အမျှဝေရမှာ ဖြစ်…တယ်။ အမျှဝေတာနဲ့ ပတ်သက်လို့ …ရာတော်ကြီး မိန့်ဆိုထားတာဟာ …မတန် မှတ်သားဖို့ကောင်းပါတယ်။ …တော်ဖတ်ပြပါ့မယ်။

ဗုဒ္ဓဘာသာဝင်တစ်ဦး၏စိတ်ထား…သည် တစ်ကိုယ်ကောင်းဆန်ခြင်းမရှိကြ… သို့ကြောင့် မိမိ၏ ကောင်းမှုများ၏ …ကောင်းစားရေးကို အများတကာတို့ကို …သည်း အမျှပေးဝေလေ့ရှိကြပါသည်။

ဤ၌ 'အမျှ' ဟူသည် -

ဤကောင်းမှုများမှ မိမိသည် …ဘဝ လူချမ်းသာ၊ နတ်ဘဝ နတ် …ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာများ …စားခွင့်ရစေလျှင် အများတကာတို့ကို …သည်း မိမိကဲ့သို့ပင် ညီတူညီမျှ အကျိုး…စားခွင့်များရကြပါစေ ဟူသော …တနာအခံစိတ်ရင်းမှန်ဖြင့် အမျှ …မေတ္တာပို့လွှတ်ပေးခြင်းမျိုးကို ဆိုလိုပါ…သည်။ ငါကောင်းစားပြီးရောစိတ်မျိုး… ဆန့်ကျင်ဘက်ဖြစ်ပါသည်။

ထိုကဲ့သို့ အမျှ မေတ္တာပေးဝေရာ… -

၁။ မိမိကဲ့သို့ ပြုကျင့်လိုသော်…သည်း ပြုခွင့်မရရှာလေသူများကို သနား…တ်ပိုလျက်က ကရုဏာထား အမျှ …မေတ္တာဝေငှပေးပါလေ။

၂။ မိမိတို့ကဲ့သို့ ပြုကျင့်နိုင်သူများ…ကို အချင်းချင်းဖလှယ်သောအားဖြင့် …ဝေငှပေးပါလေ။

၃။ မိမိထက်ပြုကျင့်နိုင်သူများကို …စီးပွားတိုးပွားစေရန် ရည်သန်၍ ဝေငှ …ပေးပါလေ"

"ဟုတ်ပါတယ်ဗျာ၊ တကယ့်ကို မှတ်သားစရာကောင်းပါတယ်။ ကျွန်တော်တို့က အမျှဝေတဲ့အခါ ကုသိုလ်အမျှယူတော်မူကြပါဆိုပြီးတော့ အားလုံးကိုခြုံပြီး အမျှပေးကြတာ ဖြစ်ပါတယ်။ အခုဟာက ကိုယ့်လိုကုသိုလ် မပြုနိုင်တဲ့ပုဂ္ဂိုလ်၊ ကိုယ့်လိုကုသိုလ်ပြုနိုင်တဲ့ပုဂ္ဂိုလ်၊ ကိုယ့်ထက်ပိုပြီး ကုသိုလ်ပြုနိုင်တဲ့ပုဂ္ဂိုလ်တွေလို ထိုက်သည့်အား လျော်စွာစိတ်ထားပြီး မေတ္တာပို့တာဖြစ်ပါတယ်။ အင်မတန် မှတ်သားစရာကောင်းပါတယ်။

အကြောင်းတိုက်ဆိုင်တုန်း အမျှဝေတာနဲ့ ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ (D.Litt) ရဲ့ ရှင်းပြချက်ကို ကျွန်တော် ပြောပြပါဦးမယ်။ အရှင်သီလာနန္ဒာဘိဝံသက အဘိဓမ္မာသင်တန်းပို့ချချက်များ (တတိယတွဲ) မှာ အမျှဝေတာနဲ့ပတ်သက်လို့ ရှင်းပြထားပါတယ်"

"ပြောပြပါဦး ဆရာ"

"ဆရာတော် ရှင်းပြထားတာက အမျှဝေတယ်ဆိုတာ ပတ္တိဒါနကို ပြောတာပါတဲ့။ မိမိရထားတဲ့ ကုသိုလ်အဖို့ကို မျှဝေပေးခြင်းပါတဲ့။ အဲဒီတော့ သူများကို အမျှဝေပေးဖို့ဆိုရင် ကိုယ့်ဆီမှာ ကုသိုလ်အဖို့က ပထမရှိထားရမှာပါတဲ့။ ကိုယ့်ဆီမှာရှိပြီးတော့မှ သူများကို မျှဝေပေးလို့ရတာပါတဲ့။ ပတ္တိ ဆိုတာ ရတာ၊ ဒါနက ပေးတာ။ ကိုယ်ရတဲ့ကုသိုလ်ကို သူများကိုပေးတာ"

"ပတ္တာနုမောဒနာဆိုတာကတော့ ဆရာ"

"ပတ္တာ ဆိုတာက ကိုယ့်ဆီရောက်လာတာပါ။ အနုမောဒနာက ဝမ်းမြောက်တာပါ။ သူများကပေးလိုက်တာ ကိုယ့်ဆီရောက်လာလို့ ကိုယ်က ဝမ်းမြောက်တာ။ ဝမ်းမြောက်ပြီး သာဓု သာဓု သာဓု လို့ခေါ်ကြတာပေါ့။ ဆရာတော် ဆက်လက်ပြီး မိန့်ဆိုတာက ဒီနေရာမှာ စဉ်းစားစရာရှိလာပါသတဲ့။ ဗုဒ္ဓဘာသာမှာ ကိုယ်လုပ်မှ ကိုယ်ရတယ်လို့ ဆိုထားတယ်မဟုတ်လား။ အခုကျတော့ ကိုယ်လုပ်တာကို သူများကို အမျှပေးတယ်။ သူများက ဘာမှမလုပ်ဘဲ ကုသိုလ်ရတယ်။ အဲဒီတော့ ကိုယ်လုပ်မှ ကိုယ်ရတယ်ဆိုတာနဲ့ ဆန့်ကျင်မနေဘူးလားတဲ့။

တကယ်တော့ အမျှဝေတယ် ဆိုတာ ကိုယ့်ကုသိုလ်ကို အကြောင်းပြုပြီး သူ့ကိုကုသိုလ်ရအောင်လုပ်ပေးတာပါတဲ့။ ကိုယ့်ကုသိုလ်ကိုအကြောင်းပြုပြီးဝမ်းသာကြပါလို့ ပြောပေးတာပါတဲ့။ အဲဒါကို သဘောပေါက်ဖို့ လိုပါသတဲ့။ အဲဒါကို သဘောမပေါက်ကြတဲ့အခါကျတော့ ဘာသာပြန်တဲ့အခါ မှားယွင်းမှုတွေဖြစ်ပေါ်လာပါသတဲ့။ တချို့အင်္ဂလိပ်စာအုပ်တွေမှာ အမျှပေးတာကို transfer of merit လို့ ပြန်ထားကြတယ်။ Tnansfer ဆိုတာ တစ်နေရာကနေ တစ်နေရာကို ရွှေ့တာ။ အဲဒီလိုရွှေ့လိုက်တော့ ကိုယ့်ဆီမှာ ဘာမှမရှိတော့ဘူးပေါ့။ တချို့ကတော့ transfer အစား Sharing လို့ ပြန်ကြတယ်။ ဒါလည်း တကယ့်ဆိုလိုရင်းအဓိပ္ပာယ်ကို မရောက်ဘူးတဲ့။ ဒါပေမယ့် transfer ထက်စာရင်တော့ တော်သေးသတဲ့။ ဒါကြောင့်မို့ အမျှဝေတယ်ဆိုတာ ကိုယ့်ဆီက လျော့သွားတာ မဟုတ်ဘူး။ကိုယ့်ကုသိုလ်ကို အကြောင်းပြုပြီး သူတစ်ပါးကို ကုသိုလ်ရအောင် လုပ်ပေးတာတဲ့"

"ရှင်းသွားပါပြီ ဆရာ၊ ဆရာ အခု ပြောသွားတဲ့ အရှင်သီလာနန္ဒာဘိဝံသရဲ့ အဘိဓမ္မာသင်တန်းပို့ချချက်တွေကို ကျွန်တော် မဖတ်ဖူးသေးဘူး ဆရာ"

"အဘိဓမ္မာသင်တန်းပို့ချချက်က (၄) တွဲရှိတယ်ထင်ပါတယ်။ ကျွန်တော့်ဆီမှာ (၄) တွဲစလုံးရှိပါတယ်။ ဖတ်ချင်တဲ့အခါ ယူဖတ်ပေါ့ဗျာ"

"ကျေးဇူးပါဆရာ၊ အခု အခွင့်ကြုံတုန်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ အမျှဝေပုံကို ဖတ်ပြပါဦးမယ်။ ပြီးတော့ ကျွန်တော်တို့ပြုံးပြုံးပျော်ပျော် သာဓုခေါ်ကြတာပေါ့"

"ဖတ်ပြပါဗျာ"

"အကျွန်ုပ်တို့တစ်စု ယနေ့ယခု ပြုခဲ့ကြသမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ထိုထိုပုညဖို့ဘာဂကို အားလုံးသိကြကြားကြသမျှ အမျှ၊ အမျှ၊ အမျှယူတော်မူကြပါကုန်လော့။ သူတော်ကောင်း သူမြတ်လောင်းအပေါင်းတို့က ဝေငှပို့သသော မေတ္တာဓာတ်များကို အကျွန်ုပ်တို့ကလည်း သာဓု၊ သာဓု၊ သာဓု"

ကျွန်တော်တို့နှစ်ဦး သံပြိုင်ညီညာ သာဓုခေါ်ကြပါသည်။

ထို့နောက် ဓမ္မမိတ်ဆွေသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြုံးပြုံးပျော်ပျော်ပြန်သွားပါတော့သည်။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

ရွှေရည်ဝင်းလက်မြို့။

မြို့နာမည်လေးက ချစ်ဖို့ကောင်းသည်ဟု အောက်မေ့ခဲ့၏။ မြို့လေးကပို၍ ချစ်စရာကောင်းနေပါသည်။ မြို့လေးကို အလုပ်တာဝန်နှင့်ပြောင်းရွှေ့ခဲ့ရသည်။ နေခွင့်ရသော အိမ်ကလေးကို သန့်ရှင်းရေးလုပ်ရသည်။ ပါလာသော ခုတင်၊ ဗီရို၊ ဆက်တီနှင့်တီဗွီကိုနေရာချသည်။ မောမောနှင့်အိပ်ပျော်ခဲ့သည်။

နောက်တစ်နေ့မှာ အလုပ်တာဝန်များကို လွှဲပြောင်းယူသည်။ လုပ်စရာရှိသမျှ ဆက်တိုက်လုပ်ကိုင်ဖြစ်သွားသည်။ မဆိုးပါ၊ မဆိုးလှဟု မှတ်ချက်ပြုရမည်။ အလုပ်တွဲလုပ်ရမည့်သူများက စိတ်သဘောကောင်းကြပုံအရှိသား။ အားလုံးနီးပါး အလုပ်ကို ကြိုးကြိုးစားစားလုပ်ကြမည့်ပုံတွေ့ရသည်။ တစ်ယောက်နှင့်တစ်ယောက် ဆွေရင်းမျိုးချာသဖွယ် ချစ်ချစ်ခင်ခင် ဆက်ဆံပုံမျိုးတွေ့ရသည်။ ကိုယ့်လက်ထောက်က ရယ်စရာမောစရာလေးတွေပင် သူတွေ့ကြုံခဲ့ရသမျှ ပြောပြခဲ့သေးသည်။ ကိုယ်ပင် ပြုံးလိုက်မိသည်။

ညနေငါးနာရီမှာ အလုပ်များကို လက်စသတ်ပြီး အိမ်လေးကို ပြန်လာသည်။ ဧည့်ခန်းဆက်တီမှာ ဝင်ထိုင်ဖြစ်သည်။

"အဆင်ပြေရဲ့လား ကိုယ်"

ဟု အိမ်သူက စကားဆိုလျက် စားပွဲပေါ်တွင် သံပုရာရည်တစ်ခွက်လာချသည်။

"မဆိုးပါဘူး"

ဟု ပြန်ပြောလိုက်ရသည်။

အိမ်သူ မီးဖိုဆောင်ဘက်ထွက်သွားသည်။ စားပွဲပေါ်က သံပရာရည်ခွက်ကိုယူပြီး သောက်လိုက်သည်။ ရင်တစ်ခုလုံး အေးမြစီးဆင်းသွားသည်။

သံပရာရည်က အေးအေးမြမြ။ သို့သော် ရေခဲသေတ္တာထဲက အေးမြခြင်းမျိုးတော့မဟုတ်။ ရေခဲသေတ္တာက ပါမှမလာတာဘဲလေ။ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို ပေးထားခဲ့ရသည်။

အင်း - မြို့လေးမှာ ရေခဲသေတ္တာတစ်လုံးထပ်ဝယ်ရပေဦးမည်။

ထိုင်လက်စ ဆက်တီမှ ထသည်၊ လမ်းလျှောက်ဦးမည်။မြို့လေးအရောက်မိုင်ရှည် ရထားစီးလာခဲ့ရသည်။ လမ်းလျှောက်ချင်နေသည်။

"ကိုယ်ရေအရင်ချိုးမလား၊ထမင်းအရင်စားမလား"

ဟု အိမ်သူက မီးဖိုဆောင်မှထွက်လာပြီး မေးနေပြန်သည်။

"လမ်းလျှောက်ချင်သေးတယ်၊ လမ်းလျှောက်ပြန်မှ ရေချိုး၊ ထမင်းစားမယ်။ မင်းဆာရင်စားနှင့်နော်"

ဟု ပြန်ပြောလျက် အိမ်လေးထဲကထွက်လာသည်။

မြို့အထွက်လမ်းက အရှေ့အနောက်။

သံလမ်းက တောင်နှင့် မြောက် ဖြောင့်ဖြောင့်ရှိသည်။ သံလမ်းအတိုင်း တောင်တည့်တည့်ကို လျှောက်ဖြစ်သည်။ မြောက်တည့်တည့် မနီးမဝေးမှာ ဘူတာရုံကလေးရှိသည်။ ဘူတာရုံကလေးကို ကျောခိုင်းလျက် လျှောက်ခဲ့သောအနေအထားဖြစ်သည်။

သံလမ်းနှင့်ကပ်လျက်အနောက်ဘက်က လမ်းကလေး။ လမ်းကလေး

# ကိုဇော်ဝင်း
## (ဓေ့ဓဘာ)
## ကျတ်ကုန်းမြေပေါ်ကလူမိုက်ကြီးအကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ဂျင်းကျောက်များခင်းထားသည်က ကြာသေးပုံမရ။ ညီညာသန့်ရှင်းသစ်လွင်လို့နေသည်။ ဟိုဘက် ရေမြောင်းကလေးက ရေများပြည့်လျှံလို့နေသည်။ အရှေ့ဘက်၊ အနောက်ဘက် တစ်မျှော်တစ်ခေါ် လယ်ကွင်းများက စိမ်းစိမ်းညို့ညို့။ တချို့ကွင်းများက မစိုက်ရသေး။ ရေပြင်ဖွေးဖွေးနှင့်။

ဟိုရှေ့ခပ်ဝေးဝေး မှိုင်းမှိုင်းအုပ်အုပ်နှင့် ရွာကလေးတစ်ရွာဖြစ်မည်။

ထော်လာဂျီတစ်စီးကို တိမ်းပေးလိုက်ရသည်။ ထိုထော်လာဂျီသည် စပါးအပြည့်အသိပ်တင်လာသည်။ မြို့လေးက ဆန်စက်တစ်လုံးကိုပို့မည်ထင်သည်။

နောက်မှ ဆိုင်ကယ်နှစ်စီးက ဖြတ်ကျော်သွားသည်။

နောက်မှာ မိန်းကလေးနှစ်ယောက်က ဈေးခြင်းများနှင့်ထိုင်လျက်တွေ့လိုက်ရ၏။ ဈေးဝယ်ပြန်များဖြစ်မည်။ ရွာကလေးဘက် ဦးတည်စီးနင်းသွားသည်။

ရွာလေးအရောက်လျှောက်မည်စိတ်ကူးသည်။ မဖြစ်. . . မဖြစ်သေး။ နေလုံးက ဟိုးနောက်မှာဝင်လုလု။ အိမ်အပြန် မိုးချုပ်ဦးမည်။ အိမ်သူ စိတ်ပူလျက် မျှော်နေမည်။ ဒေသက အသစ်ဖြစ်သည်။ ကိုယ်နှင့် ရင်းနှီးသော၊ ကျွမ်းဝင်သောဒေသမဟုတ်သေး။

ကိုယ်နှင့်မရင်းနှီးသေး။ ကိုယ်နှင့်မကျွမ်းဝင်သေး။ နောက်တော့ ရင်းနှီးလာမည်၊ ကျွမ်းဝင်လာမည်။ အနည်းဆုံးမြို့လေးမှာ (၂) နှစ် အနည်းဆုံး တာဝန်ထမ်းဆောင်ရဦးမည်။

မြို့လေးမှာ အိမ်သူပျော်ပါမည်လား။ ကိုယ့်အတွက်တော့ အဆန်းမဟုတ်တော့။ နေရာဒေသတော်တော်များများရောက်ခဲ့ရပြီ၊တာဝန်ထမ်းဆောင်ဖူးပြီ။ ကိုယ့်အတွက်တော့ အဆန်းမဟုတ်။

အိမ်သူက ကျောင်းမပြီးသေးသဖြင့် ဆက်တက်နေရသည်။ နောက်ကလေးကိုယ်ဝန်ဆောင်ရပြန်၊ မီးဖွားနေရပြန်သည်။ အတူနေရချိန်မရှိသေး။

သည်မြို့လေးကို ပြောင်းရွှေ့မိန့်ကျလာမှ အိမ်သူ လိုက်လာခြင်း ဖြစ်သည်။ သားလေးကို ယောက္ခမများနှင့်ထားခဲ့ရသည်။

အိမ်သူက မြို့လေးနှင့်ယောက္ခမများရှိရာသွားချည်ပြန်လှည့်လုပ်ဦးမည်။ ကူးချည်သန်းချည်ရှိဦးမည်။

အစိုးရိမ်ပိုသော ယောက္ခမများကအိမ်သူကို မြို့လေးကို မထည့်ချင်၊ မလိုက်ပါစေချင်ကြ။ ကုန်သည်ပွဲစားမျိုးရိုးလည်း ဖြစ်ကြသည်။ ကိုယ့်မိဘများကဝန်ထမ်းများဖြစ်ကြသည်။ ကိုယ်တာဝန်ကျရာသွားရမည်၊ တာဝန်ထမ်းဆောင်ရမည်ကို နားလည်ကြသည်၊ နားလည်မှုရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပြီးချိန် ယောက္ခမများက တိုက်ခန်းစီစဉ်ပေးမည်ဆိုသည်။ ကိုယ်က သွားချင်သည်၊ ကိုယ်ကအတွေ့အကြုံ ရချင်သည်။ သို့ဖြင့် အလုပ်ဝင်ဖြစ်ခဲ့သည်။

လမ်းလျှောက်နေရာက ရပ်လိုက်သည်၊ နောက်ကြောင်းပြန်လှည့်မည်။

ခြေတစ်လှမ်းမစရသေး။ ကိုယ်နှင့် နီးနီးကလေး ရေမြောင်းကလေးပေါ်က ထန်းသားတံတားကလေး။ ထိုမှ ထန်းရွက်တဲကလေးနှစ်လုံး။ ထန်းရွက်တဲလေးတစ်လုံးရှေ့မှာ ဆရာတော်တစ်ပါး စင်္ကြံလျှောက်နေသည်။ ထိုထန်းရွက်တဲကလေးနှင့် ဝါးသုံးလေးရိုက်အကွာက ထန်းရွက်တဲလေးတစ်လုံး။ အဘွား တစ်ယောက် အမှိုက်လှည်းကျင်းနေသည်။

မှိုင်းမှိုင်းအုပ်အုပ် ရွာကလေးကို မျှော်ငေးခဲ့သည်။ ကြည့်ခဲ့မိ၏။

ထန်းရွက်မိုး၊ ထန်းရွက်ကာတဲ ကျောင်းကလေးကို မတွေ့မမြင်ခဲ့။ ကိုယ်ရပ်နေသည်။ ထန်းသားတံတားလေးကို ဖြတ်ပြီး ဆရာတော်ကို ဦးခိုက်ကန်တော့ချင်သည်။

ထိုစိတ်ကိုထိန်းလိုက်ရသည်။

လာလမ်းအတိုင်း အိမ်ကလေးရှိရာ သွက်သွက်လျှောက်လိုက်မိသည်။

မြို့လေးမှာ လမ်းမီးများပင် ထွန်းညှိထားပြီ။

❖

နောက်တစ်နေ့ညနေ အချိန်ပိုစောပြီး လမ်းလျှောက်ထွက်ခဲ့သည်။ အိမ်သူရော လိုက်ပါလာခဲ့၏။ နှစ်ဦးသား လမ်းလျှောက်ရင်း ထန်းရွက်တဲကျောင်းလေးမှ ဆရာတော်ကို ဝင်ကန်တော့ရန် ရည်ရွက်ချက်များရှိသည်။ ညပိုင်း ထမင်းစားရင်း ကိုယ်က အိမ်သူကို ပြောပြခဲ့မိသည်။ အိမ်သူက စိတ်ဝင်စားကြောင်းပြောသည်။

အိမ်သူလက်မှာ ဆရာတော်လှူရန် ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်များနှင့် ဆေးဝါး အနည်းငယ်ပါသော အိတ်ငယ်တစ်လုံးပါသည်။

ရေမြောင်းကလေးပေါ်က ထန်းသားတံတားလေးကို ဖြတ်သည်။

ဆရာတော်က အရင်နေ့က အတိုင်း ထန်းရွက်တဲလေးရှေ့ မြေပြင်မှာ စင်္ကြံလျှောက်လျက်ရှိသည်။

နှစ်ဦးသား ဆရာတော်ကိုထိခြင်း ငါးပါးဖြင့် ကန်တော့လိုက်ပါသည်။

ဆရာတော်က အံ့အားသင့်အံ့ဩနေပုံရှိသည်။ ပြီးနောက် ထန်းရွက်တဲကလေး အတွင်းဝင်ရန် လက်ဖြင့်ညွှန်ပြသည်။

ထန်းရွက်တဲကလေးမှာ ဆရာတော်သီတင်းသုံးသော ကျောင်းကလေး ဖြစ်သည်။ ဝါးကွပ်ပျစ်ကလေးပေါ်က ဆရာတော်ထိုင်သည်။ ဆရာတော်ရှေ့ သန့်ရှင်းသောမြေပေါ်မှာထိုင်လျက် အိမ်သူကထပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်သည်။ ဆရာတော်က ကောင်းစွာလက်ခံယူသည်။

"နိဗ္ဗာန်အတွက် အထောက်အပံ့ ဖြစ်ကြပါစေဗျာ"

ဟုလည်း ဆုပေးတော်မူသည်။

ဆရာတော်၏ မျက်နှာတော်က အလွန်ပင် တည်ငြိမ် ကြည်ညိုဖွယ် ဖြစ်သည်။ အသားအရေက ဖြူဝင်းသည်။ အသက်အရွယ် ငယ်လွန်းလှကြောင်း သတိထားမိသည်။

ထန်းရွက်တဲကျောင်းကလေးအတွင်းမှာ ဝါးကွပ်ပျစ်ကလေးတစ်လုံး၊ ထန်းသားစားပွဲတစ်ချပ်၊ စားပွဲပေါ်တွင် စာအုပ်လေးငါးအုပ်နှင့် သပိတ်တစ်လုံး၊ ဝါးရေအိုးစင်နှင့် သောက်ရေအိုးစင်တစ်လုံးသာ တွေ့ရ၏။ နောက် နံရံမှာ ဝါးတစ်လုံးအပေါ်မှချိတ်ဆွဲလျက် သင်္ကန်းတစ်စုံ တင်ထားလျက်ရှိသည်။ အခြားမည်သည့်ပစ္စည်းမျှမရှိ မမြင်မတွေ့ရ။

"ဒကာနဲ့ဒကာမကြီးတို့က ဒီမြို့က မဟုတ်ကြဘူးနော်"

ဟု ဆရာတော်က မိန့်ကြားပါသည်။

ရက်ပိုင်းအတွင်း ပြောင်းရွှေ့ရောက်ရှိလာသော ဝန်ထမ်းဖြစ်ကြောင်း ရှိသေစွာ လျှောက်ကြားပါသည်။

ထိုအချိန် အဘွားမှ ယွန်းဖန်ခွက်ကလေးနှစ်လုံးကိုလာပေးပါသဖြင့် ယူလိုက်ရသည်။

"ကလေးတို့ သောက်ကြဦးကွယ့်"

ဟု စကားဆိုသည်။

ယွန်းဖန်ခွက်လေးထဲတွင် အညိုရောင်အရည်များပါသည်။

နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် စကားမဆိုဘဲ ထိုအရည်များကိုသောက်လိုက်ကြသည်။

အေးမြသော မန်ကျည်းသီးမှည့် ဖျော်ရည်များဖြစ်ပါသည်။လေးလေးပင်ပင်ချိုသည်။ ယွန်းဖန်ခွက်ကလေးနှစ်လုံးကို အဘွားပြန်သိမ်းပြီးထွက်သွားသည်။ အဘွားလက်တစ်ဖက်က သိပ်သန်ပုံမရှိ။ ညာဘက်လက်ကို သတိထားလိုက်မိသည်။

"အသက် ကိုးဆယ်ရှိပါပြီ၊ မယ်တော်ကြီးပါဗျာ။ ဟိုဘက် ထန်းရွက်တဲကလေးမှာနေပါတယ်"

ဟု ဆရာတော်က အသိပေး မိန့်ကြားပါသည်။

"နှစ်ဦးစလုံး အမိအဖများ စုံစုံညီညီရှိကြပါသေးရဲ့လား"

ဟု ဆရာတော်ကမေးသဖြင့်

"တင်ပါ့-ရှိပါတယ်၊ ကျန်းကျန်းမာမာလည်းရှိကြပါတယ်ဘုရား"

ဟု ပြန်လည် လျှောက်ထားချိန် ဆရာတော့်မျက်နှာ အနည်းငယ်ညှိုး သွားသည်ကို တွေ့လိုက်ကြသည်။

"ကိုင်းကိုင်း-အချိန်မရှိတော့ဘူး ဧည့်သည်တွေဆိုတော့လည်း မသိ သေးတာဖြစ်ချင်ဖြစ်မယ်၊ မကြား သေးတာလည်းပါမယ်။ အချိန်မီပြန် ပေတော့"

ဟု ဆရာတော် မိန့်ကြားသ ရှိသေစွာဝတ်ချကန်တော့လျက်ထလိုက် ကြရသည်။

ထန်းသားတံတားကလေးကို လျက် လမ်းပေါ်ရောက်ချိန် အမှောင် များလွှမ်းနေပြီ ဖြစ်သည်။ ဓာတ်မီး လေးလက်ထိုးလျက် ဦးတည်လာနေ သော လူသုံးယောက်ကို တွေ့လိုက် ၏။

တစ်ဦးမှာ ညစောင့်အဘ သည်။

"ထင်တော့ထင်လိုက်ပါရဲ့၊ များ သည်ဘက်လမ်းလျှောက်ထွက် ကြမယ်ဆိုတာ၊ စိတ်မချလို့လိုက်လာ သပ"

ဟု ဆိုသည်။

အိမ်ကလေးရှိရာ ပြန်ခဲ့ကြသ

မနက်ခင်းစောစော ည အဘ ရောက်လာသည်။ အိမ် အဘကို မီးဖိုဆောင်မှာ ကော်ဖီ သည်။

"အံ့ဩပါရဲ့ဗျာ၊ လမ်းလျှော ရင် မြို့ထဲကိုလျှောက်ကြပါဗျာ။ လည်းကြမ်းပါသဗျာ။ မြွေပွေး တာလည်း နေဝင်ချိန်နောက်ပိုင်း သတ်လို့မကုန်နိုင်အောင်ပါဗျာ။ အ ကလည်းပြင်းလွန်းပါရဲ့"

ဟု အဘကစကားဆိုသည်။

"ထန်းရွက်တဲကျောင်းက တော်ကို ကန်တော့ချင်လို့ပါ အ

ဟု အိမ်သူက ပြောပါ

"သဟာဖြင့် နေ့လယ်နေ့ခင်း



www.burmeseclassic.com

www.burmeseclassic.com

ကြပါဗျာ၊ သွားချင်ကြရင် လိုက်ပို့မှာပါဗျာ"

ဟုပြောလျက် အဘထပြန်သည်။

မှိုင်းမှိုင်းအုပ်အုပ်ရွာလေးက 'ကံသစ်ကုန်း' ရွာ ဖြစ်ကြောင်း သိခဲ့ရ၏။

ကံသစ်ကုန်းရွာသူရွာသားများက ကျောင်းလေးကို နေ့ခင်းပိုင်းမှာလာကြသည်။ ထမ်းဆောင်ဖွယ်ရှိသမျှ ပြီးစီးအောင်လုပ်ကြသည်။

နေဝင်ချိန် အသွားအလာမရှိကြတော့ဟု ဆိုသည်။

ကြားရသမျှ အဆန်းချည်းသာဟု ဆိုရမည်။ ထိုနေရာသည် မြေကြမ်းဖြင့် အချိန်မဲ့အခါမဲ့ ညကာလမှာ ကြောက်ရွံ့ထိတ်လန့်ဖွယ်များနှင့်တွေ့ကြုံကြရသည်။

ဆရာတော် သီတင်းသုံးရာနေရာသည် အရင်က အလွန်နာမည်ကြီးကျော်ကြားသော ကျတ်တီးကုန်းဖြစ်ပြီး ခြောက်လှန့်မှုကြီးသည်။

နေဝင်ချိန် ရဲတပ်သားလေးတစ်ဦး မြို့မှ တာဝန်နှင့် ကံသစ်ကုန်းရွာကို စက်ဘီးနင်းလာခဲ့သည်။

ထိုနေရာလေးကို ဖြတ်သန်းချိန် စက်ဘီးကိုမနင်းရပါဘဲ အရှိန်မထိန်းနိုင်အောင် စက်ဘီးက လျင်မြန်စွာပြေးသည်။

ကံသစ်ကုန်းရွာဥက္ကဋ္ဌအိမ်ရောက်မှ ရဲတပ်သားလေးက ထိုအကြောင်း ဥက္ကဋ္ဌဖြစ်သူကိုပြောပြသည်။

"ဟကောင်ရ၊ နင့်ကို ကျတ်တွေက နောက်နေဝိုင်းတွန်းပေးလိုက်ကြလို့သာ နင်မသိဘူးလား"

ဟု ဥက္ကဋ္ဌကပြန်ပြောချိန် ရဲတပ်သား ထိုညမပြန်ဝံ့တော့။ မနက်လင်းအားကြီးမှပြန်သဖြင့် အထက်အရာရှိ၏ ကြိမ်းမောင်း အပြစ်တင်ခြင်းခံလိုက်ရသည်။

မြို့သားလူငယ်လေးတစ်ယောက် ကံသစ်ကုန်းရွာသူအချောအလှနှင့် ရည်းစားဖြစ်ခဲ့၏။ ညဉ့်နက်သည်အထိ စကားပြောပြီး မြို့လေးကိုပြန်လာခဲ့၏။

ရှေ့ကလူသံများဆူဆူညံညံကြားသဖြင့် အားတက်ခဲ့သည်။ အဖော်တွေ တွေ့ပြီဟုလည်း အောက်မေ့ခဲ့သည်။

သို့သော် မကြာမီရှေ့တည့်တည့်တွင် အလောင်းတင်ပြာသာဒ်ကြီးကို မိန်းမ၊ ယောကျ်ားငိုယိုပြီး အမြန်တွန်းလာလျက် လူငယ်လေးကို ဖြတ်တိုက်သွားပါသောကြောင့် လူငယ်လေးငယ်သံပါအောင်အော်လျက် မြို့လေးပြေးဝင်လာသည်။

ပြင်းပြင်းထန်ထန်အတိုက်ခံလိုက်ပါလျက် မည်သည့်ဒဏ်ရာဒဏ်ချက်မျှ မပါရှိ၊ အပြင်းဖျားလျက် သုံးရက်မြောက်နေ့မှာ ထိုလူငယ်လေး ဆုံးပါးခဲ့သည်။

❖

"ဒကာနဲ့ ဒကာမကြီးတို့ လမ်းမလျှောက်ကြတော့ဘူးလားဗျာ"

ဟု ဆရာတော်က ပြုံးရွှင်လျက် မိန့်ကြားသည်။

ကြားရသမျှ ဆရာတော်ကို လျှောက်ဖြစ်သည်။

"လူပြောသူပြောများပါရဲ့။ ဒီနေရာလေးမှာ ကျောင်းဆောက်ပြီးသီတင်းသုံးချင်ပါတယ်ဘုရားလို့ ဆရာရင်းကို ခွင့်ပြုမိန့်တောင်းတော့ ခွင့်မပြုချင်ဘူးဗျ။ အတန်တန်ဖွဲ့ကောင်းကောင်းနဲ့ လျှောက်မှ ခွင့်ပြုမိန့်ရခဲ့ပါတယ်။ ဆရာရင်းများက မေတ္တာပို့၊ ပရိတ်နာနာရွတ်ကွယ့်လို့မှာတယ်။ အမှန်ကို မေတ္တာထိရောက်ပါတယ်။ ပရိတ်ကလည်းကောင်းပေ့။ အနှောင့်အယှက်မရှိပါဘူး။ ကျွတ်သင့်ကျွတ်ထိုက်သူတွေ အချိန်ကျလို့ ကျွတ်ကုန်ကြတာလည်း ဖြစ်ပေမယ်။ အေးအေးချမ်းချမ်း ဆရာတော် သီတင်းသုံးနေရပါတယ်"

ဟု ပြန်လည်မိန့်ကြားခဲ့ပါသည်။

ဆရာတော်လေး၏ ဆရာရင်းက ဘုရားကြီးကျောင်းတိုက်ဆရာတော်ကြီးဖြစ်သည်။

ဝါဆိုလပြည့်နေ့က ဆရာတော်လေး၏ ထန်းရွက်တဲကျောင်းလေးမှာ ဘုရားကြီးဆရာတော်အပါအဝင်သံဃာအပါးသုံးဆယ်ပင့်လျက် ဆွမ်းကျွေး၊ သင်္ကန်းကပ်ဖြစ်ခဲ့ပါ၏။

ပရိတ်များများမပါရှိခဲ့၊ လုပ်ဖော်ကိုင်ဖက်များနှင့် သူတို့၏မိသားစုမျှသာပါသည်။

ဘုရားကြီးဆရာတော်က သီလပေး တရားဟော ရေစက်ချပေးပါသည်။ မြတ်စွာဘုရားရှင်၏ ဒေသနာများနှင့်အတူ ဆရာတော်လေးအကြောင်းကို ထည့်သွင်းလျက် နှစ်နာရီနီးပါးကြာအောင် တရားချီးမြှင့်သည်။

ပင့်သံဃာများ ပြန်ကြွသွားပြီးနောက် အားလုံး ပျော်ပျော်ရွှင်ရွှင် ထမင်းစားခဲ့ကြသည်။ ပြီးနောက် ပန်းကန်ခွက်ယောက်များသိမ်းလျက်ပြန်ကြသူရှိသည်။ ကျန်နေသူအချို့ရှိသည်။

ကိုယ်တို့က မယ်တော်ကြီးကျောင်းထန်းရွက်တဲလေးအတွင်းရောက်ရှိခဲ့၏။

ကိုယ့်လက်ထောက်ဆရာဝန်မလေး သီတာခိုင်က မယ်တော်ကြီးကျန်းမာရေးကို စမ်းသပ်စစ်ဆေးနေသည်။

မယ်တော်ကြီး၏ ညာလက်တကောင်းစွာမသန်တော့။ မလှုပ်နိုင်၊ လိုရာမကိုင်နိုင်။ ထမင်းကို ဘယ်ဘက်လက်နှင့်စားနေရသည်။ အနည်းငယ်သိမ်နေသည်။

ကိုယ်တို့အဖွဲ့ စမ်းသပ်စစ်ဆေးနေသည်ကို ဆရာတော်လေးက ကြည့်နေသည်။ ဆရာတော်လေး၏မျက်ဝန်းမှာ မျက်ရည်များပင်ဝိုင်းလျက်ရှိသည်။

"မယ်တော်ကြီးကို ခေါ်သွားပြီး ကုသပေးပါရစေ။ ကုန်ကျစရိတ်အားလုံး တာဝန်ယူပါမယ်။ ကုသိုလ်ပြုခွင့်ပေးပါဘုရား"

ဟု ဆရာတော်လေးကို လျှောက်ခဲ့ရ၏။

မယ်တော်ကြီးကို ကုသခွင့်အမိန့်ရခဲ့ပါသည်။

တစ်ခါက ဆရာတော်လေးသည် လူဆိုးလူမိုက်ကြီးဖြစ်ခဲ့၏။

ဘွားငြိမ်းမှာ ကိုကိုကြီးနှင့် ကိုကိုလေးဟု သားနှစ်ယောက် ဖွားစီးသည်။ ဘွားငြိမ်းအိမ်သားက ရိုးသားပြီး လုပ်ရည်ကိုင်ရည်ရှိသဖြင့် စီးပွားဖြစ်ထွန်းလျက် လယ်ပိုင်ယာပိုင်ဖြစ်ခဲ့သည်။

ကိုကိုလေး မွေးဖွားပြီး ခြောက်လအရမှာ ကောက်ကာငင်ကာ -

"ခေါင်းမူးတယ် မိငြိမ်းလုပ်ပါဦး"

ဟုဆိုလျက် ကွယ်လွန် ဆုံးပါးခဲ့သည်။

ဘွားငြိမ်းက ငယ်ရွယ်ချိန် ပစ္စည်းအရှိန်ကြောင့် ကမ်းလှမ်းသူများရှိသော်ငြား သားနှစ်ယောက်မျက်နှာငယ်မည်စိုးသောကြောင့် လက်မခံခဲ့ပါ။ မစဉ်းစားခဲ့ပါ။

ယောကျ်ားလည်းသူ၊ မိန်းမလည်းသူ ကြိုးစားအလုပ်လုပ်ခဲ့သည်။ သားများကို စောင့်ရှောက် ပျိုးထောင်သည်။ သို့သော် သားကြီးလိမ္မာသမျှ သားငယ်က ဆိုးသည်။

ကိုကိုကြီး ဆယ်တန်းအောင်ချိန် မူလတန်းဆရာဖြစ်သင်ကန်းတက်ပြီး အလုပ်ဝင်သည်။ တာဝန်ကျသောရွာမှ တောင်သူကြီးတစ်ယောက်၏သမီးနှင့် အိမ်ထောင်ကျခဲ့၏။ ထိုက်ထိုက်တန်တန် မင်္ဂလာဆောင်ပေးပြီး ပစ္စည်းလယ်ယာ အချို့ခွဲပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်အထိ ကိုကိုလေး ဆယ်တန်းမအောင် အပေါင်းအသင်းစုံ ရွာရိုးကိုးပေါက်သွားသည်။ အသောက်အစားဖက်သည်။ လောင်းကစားဝိုင်းမှန်သမျှရောက်သည်။ ကိုကိုလေး၏ လောင်းကစားသူငယ်ချင်းတစ်ယောက်၏ညီမဖြစ်သူနှင့် ကိုကိုလေးညားသည်။ အိမ်ခေါ်လာသည်။

ဘွားငြိမ်းမင်္ဂလာဆောင်ပေးသည်။ ပစ္စည်းလယ်ယာအချို့ ခွဲဝေပေးခဲ့ရ၏။

ကိုကိုလေးတစ်ယောက် မိန်းမရလျှင်ခြေငြိမ်ကောင်းပါရဲ့၊ အလုပ်ကြိုးစားလုပ်လိမ့်မည်၊ ဆိုးသွမ်းသမျှ ပြင်လိမ့်မည်ဟု ဘွားငြိမ်း မျှော်လင့်ခဲ့သည်။

သို့သော် ကိုကိုလေးက ပိုဆိုးပိုမိုက်ခဲ့၏။ ကိုကိုလေးမိန်းမကလည်း ကိုကိုလေးထက် လောင်းကစားတွင် သွေးကြီးသည်၊ ဘက်ညီခဲ့၏။

ကိုကိုလေး လောင်းကစားဝိုင်းများတွင် ရန်ဖြစ်တက်လာသည်။ မကြာခဏ ကိုကိုလေးကို ရဲစခန်းများ၊ အချုပ်ထောင်များတွင်လိုက်တွေ့နေရသည်။

သားငယ် ထောင်မကျအောင် အကုန်အကျခံ မျက်နှာငယ်စွာ ဘွားငြိမ်းလိုက်ခဲ့ရ၏။ လူသတ်မှုတစ်ခုတွင် ပါသည်ဟု အစွပ်စွဲခံရလျက် ကိုကိုလေးခံရပြန်သည်။ ထိုအမှုတွင် ငွေကုန်ကြေးကျကြီးခဲ့၏။

ကိုကိုလေးက လောင်းကစားကြောင့် ပေးသမျှပစ္စည်း လယ်ယာကုန်ခဲ့သည်။ အချုပ်အနှောင်မခံရအောင်လိုက်ရ၊ ထောင်မကျအောင်လုပ်ပေးရနှင့် ဘွားငြိမ်းစီးပွားကုန်သည်။

ဘွားငြိမ်းမှာ လယ်နှစ်ဧကသာကျန်တော့သည်။

ကိုကိုကြီးက ဘွားငြိမ်းနှင့်လာပြီးပြန်နေသည်။ မူလတန်းကျောင်းအုပ်အဖြစ်နှင့် ပြန်လာရခြင်းဖြစ်သည်။

"အမေ ပင်ပန်းလှပြီ၊ ဆိုဆုံးမမရရင်လည်း ပစ်ထားလိုက်ပါတော့"

ဟု ကိုကိုကြီး မချိတင်ကဲ ဘွားငြိမ်းကိုပြောသည်။

ကိုကိုလေး လောင်းကစားရှုံးကြွေးဆပ်ရန်ရှိသည်။ ထိုအတွက် ဘွားငြိမ်းထံမှ ကျန်လယ်နှစ်ဧကကိုတောင်းသည်။

ဘွားငြိမ်းမပေးတော့။ ဘွားငြိမ်းကိုရန်လုပ်သည်။ မိန်းမကလည်း မြှောက်ပေး၊ အရက်ကလည်းသောက်ထားပါသောကြောင့် ကိုကိုလေးကြမ်းပြီ။

ဘွားငြိမ်းကို ဓားဖြင့်ကြိမ်းပြီ။

ကိုကိုကြီး ကျောင်းဆင်းချိန်တွေ့သည်။

"ဟော့ကောင် မင်းလွန်ပြီ၊ ပြန်တော့"

ဟုဆိုလျက် ဓားကိုဆွဲလုယူသည်။

ကိုကိုကြီးအတွက် -

"မင်းကဘာဝင်ရှုပ်တာလဲ၊ သေစမ်းကွာ"

ဟု ပြောပြောဆိုဆို အနီးက ဝါးရင်းတုတ်ကိုဆွဲယူပြီး ပေါက်လိုက်ရာ ကိုကိုကြီးကိုမမှန်ဘဲ ဘွားငြိမ်းကို မှန်သည်။

ဘွားငြိမ်း အရုပ်ကြိုးပြတ်ပစ်ကျသည်။ 'အောင်မလေး' ဟုပင် မအော်နိုင်။

ကိုကိုကြီးက စိတ်မထိန်းနိုင်စွာ -

"အေး- အခုမင်းအလှည့်ဟေ့"

ပြောပြီး ဓားနှင့်လိုက်သည်။ ကိုကိုလေး ပြေးနိုင်သဖြင့် လွတ်သွားသည်။ တစ်ဖက်ရွာအထိပြေးပြီး ပုန်းနေခိုနေရသည်။

ရက်တစ်ပတ်ကြာအထိ ဘွားငြိမ်းသတိမရ။ ဆရာတစ်ယောက်ပြီး တစ်ယောက်ပြောင်းလျက် ကိုကိုကြီးက ဘွားငြိမ်းကို ပြုစုကုသသည်။

ကိုကိုကြီးက ဘွားငြိမ်းဖြစ်ချိန်မှ အစ ထမင်းမစား၊ ညမှာမအိပ်၊ အစိုးရိမ်ကြီးစွာပြုစုခဲ့သဖြင့် ပင်ပန်းကြီးသည်။

ရှစ်ရက်ပြည့် မနက်ခင်း ဘွားငြိမ်းသတိရလာသည်။ ညာလက်ကမမြှောက်နိုင်တော့။ ထိုအဖြစ်ကိုကြည့်ပြီး 'ဟင်' ဟု တစ်ခွန်းတည်းသောစကားကိုဆိုလျက် ကိုကိုကြီးလဲသွားသည်။ သတိမရ။ ကိုကိုကြီး ဆုံးပါးခဲ့ပြီ။

ကိုကိုကြီးရက်လည်သောနေ့မှာ ကိုကိုလေးပြန်လာသည်။

"လူမိုက်ကြီးပါ အမေ၊ ခွင့်လွှတ်ဖို့ မတောင်းဆိုတော့ပါဘူး"

ဟုဆိုလျက် ကိုကိုလေး ဘွားငြိမ်းခြေအစုံဖက်ပြီးငိုသည်။

ငွေကြေးချို့တဲ့ပြီ ဆိုသောအခါ ကိုကိုလေးမိန်းမက ပြန်သွားပြီး ကိုကိုလေးကို ကွာရှင်းခွင့်တောင်းပြီ။ ကွာရှင်းပေး လိုက်ရ၏။

ဘွားငြိမ်းကိုပြုစုလျက် ကိုကိုလေးနေသည်။ အရက်မသောက်တော့။ ဘွားငြိမ်းအနီးမှ မည်သည်နေရာကိုမျှ မသွားတော့။

တစ်ညမှာ ကိုကိုလေးအိပ်မက်မက်သည်။ အိပ်မက်ထဲမှာ ကိုကိုလေးပြေးလွှားနေသည်။ အမောကြီးမောလျက်၊ ချွေးများက တစ်ကိုယ်လုံးနစ်လျက်။ သစ်ပင်အောက်မှာ ကိုကိုကြီးကို ရေဘူးဖွင့်လျက် ရေသောက်နေသည်နှင့်တွေ့သဖြင့် 'အစ်ကို၊ ငါ့ကို ရေတိုက်ပါ' ဟု ဆိုသောအခါ ကိုကိုကြီးက အကြည့်စိမ်းဖြင့်ကြည့်လျက် ရေဘူးကို လှမ်းပေးလိုက်ငြား ကိုကိုလေးလက်ထဲ မရောက်မီ ရေဘူးက မြေပြင်ပေါ်ကျ မှောက်လျက် ရေများထွက်နေသည်၊ ရေများကို အငမ်းမရ လက်ဖြင့်ခံလျက် ကိုကိုလေးသောက်ရာ ပါးစပ်မှာဖွင့်မ အလုံးတစ်လုံး လည်ချောင်းမှထွက်လာပြီးပါးစပ်ထဲရောက်လာသဖြင့် ထွေးထုတ်လိုက်ရာ လောက်ကြီးလောက်သေးအစုံထွက်ကျလာသဖြင့် 'ကယ်ကြပါဦးဗျာ' အော်ပြီး ကိုကိုလေးနိုးခဲ့သည်။

အိပ်မက်ထဲကအတိုင်းပင် ကိုကိုလေးတစ်ကိုယ်လုံး ချွေးများရွှဲနစ်လျက် အမောကြီးမောနေသည်။

မနက်မိုးမလင်းမီ ရွာမှ ကိုကိုလေး ထွက်လာသည်။

ဘုရားကြီးတိုက်ဆရာတော်ထံမှာ သက်န်းဆီးခွင့်တောင်းသည်။ မနက် (၁၀) နာရီမှာ ကိုကိုလေးဆံချပြီးပြီ။ သာသနာ့ဘောင်ရောက်ခဲ့ပြီ။

ရှင်ဇာဂရ။

ထန်းရွက်တဲကျောင်းလေးမှ ဆရာတော်လေး။

ကိုကိုလေး အိပ်မက်ထဲမှာ ပြေးလွှားခဲ့သောနေရာ၊ ကိုကိုကြီးထံမှ ရေတောင်းသောက်ခဲ့သောနေရာ၊ ရေဘူးမှောက်ကျသောနေရာ။ ထိုနေရာသည် ကျတ်ကုန်းမြေဖြစ်ကြောင်း ဝါဆိုသက်က ကပ်သောနေ့ ညနေပိုင်း အိမ်ကလေး ပြန်ရန် လျှောက်ထားချိန် ဆရာတော်လေးက မိန့်ကြား ပြောဆိုခဲ့သည်။

❖

ရွှေရည်ဝင်းလက်မြို့။

မြို့နာမည်လေးက ချစ်ဖို့ကောင်းသည်ဟု အောက်မေ့ခဲ့၏။ မြို့လေးက ပို၍ချစ်စရာကောင်းနေပါသည်။

ထိုမြို့လေးမှာ သုံးနှစ်ကြာ မြို့နယ် ဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ရ၏။

ယခုအချိန်ထိ . . .

ကိုယ်သတိရနေသည်။

မမေ့သေး။

ကိုဇော်ဝင်း(လှသာ)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ဖုန်းရွှေပညာ သိကောင်းစရာ



အခန်း (၂)

## ကြီးပွားချမ်းသာခြင်း ကိုယ်စားပြုသော ကွာ (သို့) ငွေကြေးရရှိမှုအခြေအနေ

သင့်အိမ်ရှိ (ပါ့ကွာအရ ခွဲခြမ်းစိတ် ဖြာသတ်မှတ်ထားသောနေရာ ဖြစ်သည်။) ကြီးပွားချမ်းသာခြင်း ကိုယ်စားပြုသော ကွာသည် သင့်ဘဝတစ်သက်တာအတွင်း အောက်ပါအပြောင်းအလဲများအား ဖန်တီးပြုလုပ်နိုင်ကြောင်း ဖော်ပြသည်။

ဘဝအခြေအနေ၊ စီးပွားရေးအခြေအနေ တိုးတက်လာခြင်း၊

မမျှော်လင့်ထားသည့် ငွေကြေးများစွာ လက်ခံရရှိခြင်း၊

မိမိကျွမ်းကျင်သောလုပ်ငန်းဖြင့် ငွေကြေးများစွာရရှိအောင် ရှာနိုင်ခြင်း၊

အပန်းဖြေခရီးသွားရန် စိတ်ကူးရှိသည့်အတိုင်း ငွေကြေးလုံလောက်စွာ ရှိနေခြင်း၊

ငွေရှာရလွယ်ကူခြင်း၊

တည်ငြိမ်၍ ပြဿနာနည်းသော ငွေကြေးသာရရှိခြင်း၊

စိတ်အတွင်းငြိမ်းချမ်းမှုနှင့် စစ်မှန်သော ပျော်ရွှင်မှုရရှိရန် မိမိ၌ ပိုင်ဆိုင်သလောက်နှင့် ကျေနပ်တတ်ခြင်းတို့ပင် ဖြစ်သည်။


လူ့ဘဝဆီသို့ အဘက်ဘက်က ပြီးပြည့်စုံစွာဖြင့် မွေးဖွားလာသူများရှိသလို ချို့ချို့ငဲ့ငဲ့ဖြင့် မွေးဖွားလာရသူများသည်းရှိကြသည်။

မည်သို့သော အခြေအနေ အနေအထားဖြင့် မွေးဖွားလာသူဖြစ်ပစေ လူ့ဘဝခရီး၏ အစောပိုင်းကာလများတစ်လျှောက် ငွေကြေးရှာဖွေမှုအဆင်ပြေရန် ကြိုးစားရမည်သာ ဖြစ်သည်။ ဘဝတစ်သက်တာအတွင်း လူဖြစ်နေရသော်လည်း ငွေကြေးလုံလောက်စွာမရှိသူဖြစ်ပါက ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ၌ပါ မကောင်းသော အနေအထားများ စုပြုံဝင်ရောက်လာမည် ဖြစ်သည်။

လောက၌ ငွေကြေးဖြင့် ပျော်ရွှင်မှုကို ဝယ်ယူ၍မရနိုင်ဟု အဆိုရှိသော်လည်း လက်တွေ့ဘဝ၌ ငွေကြေးပြည့်စုံမှသာ ဘဝတစ်သက်တာ အရာရာ၌ လုံခြုံစိတ်ချရမှုရှိနိုင်ကာ စိတ်တည်ငြိမ်အေးချမ်းမှုကိုလည်း ဖြည့်စွမ်းပေးနိုင်မည်သာ ဖြစ်သည်။ ထို့ကြောင့် သင့်အိမ်ရှိ ကြီးပွားချမ်းသာခြင်း ကိုယ်စားပြုကွာနေရာ၌ အတားအဆီး အပိတ်အဆို့ဖြစ်စေသည့် ပြည့်ကျပ်နေသော ပစ္စည်းပစ္စယများအား ရှင်းလင်း ဖယ်ရှားပေးထားပါ။ ထိုသို့ အခြေခံကျသော ဖုန်းရွှေနည်းလမ်းအား အသုံးချပြီးသည်နှင့် ငွေကြေးရှာဖွေမှုအတွက် အစီအစဉ်ရေးဆွဲပြီး အကောင်အထည်ဖော်ပေးပါ။

အိမ်ဝင်းအတွင်းသို့ ပထမဆုံးခြေလှမ်းလိုက်သည်နှင့် ပန်းခြံငယ်အား ဦးစွာတွေ့ရပြီးမှ အိမ်အဝင်တံခါးဝသို့ ရောက်အောင် စီမံပေးပါ။ ထို့နောက် အရှေ့ပင်မတံခါးအတွင်းဘက်မှ အိမ်အနောက်သို့ ဆက်လျှောက်ရင်း ဝဲဘက်ထောင့်နေရာ၌ အခန်းတစ်ခန်းထားရှိပေးပါ။ ပြီးနောက် ငွေကြေးရှာဖွေမှုနှင့်ဆိုင်သော ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာအတွက် နေရာပျောက်ဆုံးနေခြင်း ရှိ၊ မရှိ စစ်ဆေးပေးပါ။

အကယ်၍ ကြီးပွားချမ်းသာခြင်း ကိုယ်စားပြု ကွာတွင် မိုးယိုသည်ဆိုပါက ရှာဖွေစုဆောင်းသမျှ ငွေကြေးဥစ္စာများ





ကြီးပွားချမ်းသာခြင်းဆိုင်ရာ ကွာက ပါ့ကွာအတွင်း တည်ရှိနေပုံ



www.burmeseclassic.com

www.burmeseclassic.com




မိသားစုဆိုင်ရာကွာက ပို့ကွာအတွင်း နေရာအတော်များများ

လည်း ယိုပေါက်ဖြစ်ပေါ်ပြီး အပြင်သို့ အကြောင်းအမျိုးမျိုးဖြင့်ထွက်သွားတော့မည် ဖြစ်သည်။ ထိုကဲ့သို့ ၎င်းကွာ၌ မိုးယိုနေသမျှ ရှာဖွေသမျှ ငွေကြေးလည်း အမြဲတစေ အပြင်သို့ ထွက်နေမြဲထွက်နေမည်ဖြစ်သည်ကို သတိပြုပါ။

**ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာအတွက် ဖုန်းရွှေပညာအရ အရောင်များဖြင့် စွမ်းအင်မြှင့်တင်ပေးပုံ**

**ခရမ်းရောင်**

ကြီးပွားချမ်းသာခြင်းကွာအတွက် အကောင်းဆုံးသောအရောင် ဖြစ်သည်။ ခရမ်းရောင်ဆေး မသုတ်ဖြစ်ပါက ၎င်းကွာနေရာ၌ နီလာခရမ်းတုံးတစ်ခုထားရှိပေးပါ (သို့) ခရမ်းရောင်ပါ စားပွဲတင်မီးအိမ်ထားရှိပေးပါ။ ထိုအခါ ငွေကြေးဝင်ရောက်မှုများ စတင်လာပါမည်။

**အနီရောင်**

အနီရောင်သဘာဝအရ စိတ်လှုပ်ရှားမှုပါသော ကံကောင်းခြင်းများ ရရှိခြင်းကို ဖြစ်စေသည်။ တရုတ်လူမျိုးတို့အနေဖြင့် ရာစုနှစ်ပေါင်းများစွာ အနီရောင်အား ကံကောင်းခြင်းအရောင်အဖြစ် သတ်မှတ်ယုံကြည်စွာ သုံးစွဲခဲ့ကြသည်။ အထူးသဖြင့် ငွေကြေးအဆင်ပြေမှုများအား အနီရောင်က ယူဆောင်ပေးနိုင်သည်။ ထို့ကြောင့် ၎င်းကွာနေရာ၌ အနီရောင်တစ်ခုခုထားရှိပေးပါ။

**အစိမ်းရောင်**

မည်သည့်အစိမ်းရောင်ကိုပင်မဆို အသုံးပြုနိုင်သည်။ အစိမ်းရောင်အသုံးပြုပါက အနီရောင်၏ စွမ်းအင်သတ္တိများ ပျောက်ကွယ်သွားမည်ကို သတိပြုပါ။ အမေရိကန်တို့အနေဖြင့် ၎င်းတို့၏ ငွေကြေး၊ ဒေါ်လာများ၌ အစိမ်းရောင်အား အသုံးပြုထားသည်ကို တွေ့ရှိရမည် ဖြစ်သည်။

သင်သည် ငွေကြေးရရှိခြင်းဖော်ပြသည့် ကြီးပွားချမ်းသာခြင်းကွာတွင် အနီရောင် (သို့) အစိမ်းရောင်တို့အား သုံးစွဲခြင်းဖြင့် စွမ်းအင်မြှင့်တင်ပေးနိုင်သည်။ အနီနှင့် အစိမ်းရောင်တို့သည် ကြီးပွားချမ်းသာခြင်းကွာ၏ အိမ်နီးချင်း ကွာများဖြစ်သော မိသားစုဆိုင်ရာကွာနှင့် ထင်ပေါ်ကျော်ကြားခြင်းကွာတို့၏ အရောင်များပင် ဖြစ်သည်။

**ရွှေရောင်**

ရွှေရောင်သည်လည်း ကြီးပွားချမ်းသာခြင်းကွာအား စွမ်းအင်မြှင့်တင်ပေးနိုင်သည့်အရောင် ဖြစ်သည်။ ရွှေရောင်အစား ၎င်းကွာအရပ်ထောင့်၌ ရွှေရောင်ချော့ကလက်ဒင်္ဂါးအဝိုင်းများ ထားရှိပေးခြင်းကလည်း တူညီသော အကျိုးသက်ရောက်မှုကို ဖြစ်စေသည်။

**ကြီးပွားချမ်းသာခြင်း၊ ပေါ်များကြွယ်ဝခြင်းတို့အားဖြစ်စေသည့်အမှတ်သင်္ကေတများ**

ကြီးပွားချမ်းသာခြင်းကွာနေရာ၌ နိုင်ငံခြားမှလာသော အသီးအနှံ (သို့) ရေမွှေးများထားရှိခြင်း၊ လေယာဉ်၊ အိမ်၊ ခရီးသွားရှုခင်းတို့၏ ဓာတ်ပုံများထားရှိခြင်းတို့သည် ၎င်းကွာအား စွမ်းအင်မြှင့်တင်ပေးခြင်းပင် ဖြစ်သည်။

**ရွှေလျားလှုပ်ရှားနေသည့် ရေအမှတ်သင်္ကေတ**

ရေအလျဉ် စီးဆင်းနေသကဲ့သို့ ဝင်ငွေ များစွာဝင်ရောက်လာနိုင်စေရန် လှုပ်ရှားနေသော ရေအမှတ်သင်္ကေတတစ်ခုထားရှိရန် လိုအပ်သည်။

လှုပ်ရှားရွှေ့လျားနေသောရေပုံစံဖြစ်ရန် ရေတံခွန်ငယ်တစ်ခု ထားရှိပေးနိုင်သည်။ ရေတံခွန်အဖြစ် ဖန်တီးထားသောရေသည် အစဉ်သန့်ရှင်းနေစေရ[န်] လိုအပ်သည်။ ရေအိမ်အတွင်း လှုပ်ရှား[း] နေသောရေများအား ဖုန်းရွှေနည်းလ[မ်း] အရ ထည့်သွင်းစဉ်းစားရန် မလိုအပ်ပါ[။]

အကယ်၍ ကြီးပွားချမ်းသာခြင်း[း] ကွာတွင် ရေတံခွန်မလုပ်ဖြစ်ပါက အမျိ[ုး] သားဥယျာဉ်ပြကွဒိန်ပါ ရေတံခွန်ဓာတ်[ပုံ] အား အစီအရင်အဖြစ် ထားရှိပေးပါ[။] ထိုနည်းအတိုင်း ယုံကြည်စွာ ဆောင်ရွ[က်] ပါက လက်တွေ့ အကျိုးပေးမည် ဖြ[စ်] သည်။

**အရွက်ဝိုင်းသောအပင်စိုက်ပျိုးထားရှိခြ[င်း]**

ကျောက်စိမ်းပင် (သို့) အမေ[ရိ] ကန်ခရမ်းရောင်ပန်းအား စိုက်ပျိုးထာ[း] ပေးနိုင်သည်။ ကြီးပွားချမ်းသာခြင်းကွာ[ကို] အား စွမ်းအင်မြှင့်တင်ပေးမည့်အပ[င်] အားလုံး ကျန်းမာသန်စွမ်းနေစေရန် လို[] အပ်သည်ကို သတိပြုပါ။

**ရွှေ့လျားနေသောပစ္စည်းများ**

ဝတ္ထုပစ္စည်းများရွှေ့လျားမှုကြော[င့်] ဖြစ်ပေါ်လာသော စွမ်းအင်အား ကို[] စားပြုဖော်ပြသည့်ဘက်ထရီအိုးကို ထား[] ရှိခြင်းကြောင့်လည်း စွမ်းအင်မြှင့်တင[်] ပေးနိုင်သည်။

သင်သည် ကြီးပွားချမ်းသာခြင်း[း] ကွာအား စွမ်းအင်မြှင့်တင်သည်ဆိုသော[်] လည်း ငွေကြေးတည်တံ့အောင် ထိ[န်း] ပေးနိုင်သည့် အိမ်နီးချင်းကွာဖြစ်သော[] မိသားစုကွာကိုလည်း ထိန်းညှိပေး[ရန်] လိုအပ်သည်၊

**ကြီးပွားချမ်းသာခြင်းကွာအတွက်အန္တရာယ်[] ရှိသောအရာများ**

**ညစ်ပေနေသောပစ္စည်းနှင့် ဖုန်တက်[နေ] သောပစ္စည်းများ**

ကြီးပွားချမ်းသာခြင်းကွာ၌ ည[စ်]

www.burmeseclassic.com

သား ဖုန်တက်နေသောပစ္စည်း၊ ကိရိယာ တန်ဆာပလာများ မထားရှိရ။ ထိုနေရာအား အမြဲတစေ သန့်ရှင်းစင်ကြယ်နေစေရန် လိုအပ်သည်။ ကြီးပွားချမ်းသာခြင်း ကွာရှိရာနေရာသည် အိမ်၏ကား ပေါင်နေရာ၊ ပစ္စည်းဟောင်းများထားသည့်နေရာတွင် ကျရောက်သည့်တိုင် ဖြစ်မနေသန့်ရှင်းထားရန် လိုအပ်သည်။

**ကျိုးပဲ့နေသောအင်္ဂါမစုံသည့်ပစ္စည်းများ**

ကြီးပွားချမ်းသာခြင်း ကွာတွင် အကျိုးအပဲ့ပစ္စည်းများ စုပုံနေပါက သင့် စီးပွားရေးလည်း အကွဲအပြဲများစွာနှင့် ကြုံတွေ့ရမည် ဖြစ်သည်။ ထို့ကြောင့် အတတ်နိုင်ဆုံး ရှင်းလင်းထားပေးပါ။

**အမှိုက်ပုံးထားရှိခြင်း (အတတ်နိုင်ဆုံး ရှောင်ကြဉ်ရန် လိုအပ်သည်)**

ကြီးပွားချမ်းသာခြင်းကွာနေရာတွင် အမှိုက်ပုံးထားရှိမိပါက အဖုံးဖုံးထားရန် သတိပြုပါ။ အဖုံးမပါရှိပါက အမှိုက်ပုံး နှုတ်ခမ်းဖျားနေရာ၌ အနီရောင်ဆေး သားထားပေးပါ (သို့) အနီရောင်ရှိသော တိပ်ဖြင့် ကပ်ထားပါ။ ထိုအခါ ၎င်းကွာသို့ ကောင်းသောချီဓာတ်များ ဝင်ရောက်မှုအား ဆက်လက်ထိန်းသိမ်းပေးနိုင်မည် ဖြစ်သည်။

အကယ်၍ အဆိုပါကွာတွင် အစီအရင်မရှိဘဲ အမှိုက်ပုံးအား ဖြစ်သလို ထားရှိမိပါက စီးပွားရေးသိသာစွာထိခိုက် လာမည် ဖြစ်သည်။

**သေနေသောအပင်များရှိနေခြင်း**

ကြီးပွားချမ်းသာခြင်းကွာနေရာတွင် ရေဓာတ်ချို့တဲ့ခြင်းကြောင့် အပင်သေများရှိနေပါက ရှင်းလင်းဖယ်ရှားပေးပါ။

အပင်များသေသွားခြင်းဖြင့် ၎င်းကွာနေရာ၌ စွမ်းအင်များ သေသွားခြင်းကို ရည်ညွှန်းသည်။

**မီးလင်းဖိုထားရှိခြင်း**

ကြီးပွားချမ်းသာခြင်းကွာတွင် မီးလင်းဖိုထားရှိပါက ငွေကြေးအားလုံး မီးလောင်ကျွမ်းသွားမည့် အခြေအနေကို ဖော်ပြသည်။ အကယ်၍ အဆိုပါ ကွာနေရာတွင် မီးလင်းဖိုထားရှိပါက စွမ်းအင်မျှတမှုရှိစေရန် ရေအစီအရင်တစ်ခု ထားရှိပေးပါ။ အရောင်အားဖြင့် အမည်းရောင်အား အသုံးပြုပါ။

စွမ်းအင်မျှတစေရန် ရေနှင့် မီးအား ပေါင်းစပ်စီရင်ပါက ရေနွေးငွေ့အဖြစ်ကို ရရှိမည်ဖြစ်သည်။ ထိုရေနွေးငွေ့သည် စွမ်းအင်အား ရည်ညွှန်းသည်။

**ရေအိမ်များ**

ကြီးပွားချမ်းသာခြင်း ကွာ၌ ရေအိမ်ရှိနေခြင်းသည် မကောင်းသော အခြေအနေများအား မွေးဖွားပေးတတ်ခြင်းကြောင့် အထူးသတိပြု၍ အစီအရင် ပြုလုပ်ပေးသင့်သည်။ ထို့ကြောင့် ရေအိမ်အတွင်းဖြစ်စေ၊ ရေချိုးခန်းအတွင်းဖြစ်စေ မျက်နှာချင်းဆိုင် ကြည့်မှန်များ တပ်ဆင်ပေးသင့်သည်။

ကြည့်မှန်များအား မျက်နှာချင်းဆိုင်တပ်ပေးခြင်းဖြင့် မကောင်းသော စွမ်းအင်များက ဘေးဝန်းကျင်သို့ အနှောင့်အယှက်ဖြစ်အောင် ပျံ့နှံ့တော့မည် မဟုတ်ပေ။

**အဝတ်စုတ်များအား သန့်ရှင်းစင်ကြယ်အောင် သုတ်ရန်အတွက် အသုံးပြုပေးနိုင်ခြင်းဖြင့် ကြီးပွားချမ်းသာမှုကို ရစေခြင်း**

ကြီးပွားချမ်းသာခြင်း ကွာအတွင်းရှိသောအခန်းတွင် ငွေကြေးရရှိမှုဆိုင်ရာ စွမ်းအင်များအား မြှင်တင်လိုပါက အခန်းအား သန့်ရှင်းစင်ကြယ်အောင် အဝတ်အစုတ်များဖြင့် ပွတ်တိုက်သန့်စင်ပေးရမည်ဖြစ်သည်။

ကြီးပွားချမ်းသာခြင်းဆိုင်ရာ ကွာအား သန့်ရှင်းအောင် ပြုလုပ်ရာ၌ ကြမ်းပြင်နှင့် နံရံများပေါ်ရှိ ပင့်ကူမျှင်အိမ်များ၊ ကျပ်ခိုးများ၊ ဖုန်မှုန့်များအား စင်ကြယ်အောင် သန့်စင်ပွတ်တိုက်ဆေးကြောရမည် ဖြစ်သည်။ ထို့နောက် အရောင်ဖြင့် စွမ်းအင်မြှင့်တင်ရာ၌ ခရမ်းရောင်ဆေးအား နံရံ၌ သုတ်ပေးပါ။ ကြီးပွားချမ်းသာခြင်းကွာအတွက် ခရမ်းရောင်က အထူးအလိုက်ဖက်ဆုံး ဖြစ်သည်

ထို့နောက် အဆိုပါ ကွာအတွင်း ကျရောက်သည့်အခန်းမှ ခန်းဆီး၊ လိုက်ကာတို့အား လျှော်ဖွပ်ပေးပါ။ ၎င်းအခန်းအတွင်း အိပ်ရာရှိပါက အိပ်ရာခင်း၊ ခေါင်းအုံးစွပ်များအား လျှော်ဖွပ်ပါ။ ဆွဲအံများကိုဖွင့်၍ အတွင်းမှ မလိုအပ်သော စုံစီနဖာများအား ရှင်းလင်းဖယ်ရှားစွန့်ပစ်ပေးပါ။ ထို့နောက် ကြီးပွားချမ်းသာခြင်းကွာအတွင်းရှိနေသော ကြောင်အိမ်၊ ဗီရိုများအား ခရမ်းရောင်ဆေးသုတ်ပေးပါ။ ဗီရိုအတွင်းရှိ အဝတ်အစားများ၌ ခရမ်းရောင်ပါ အင်္ကျီ၊ လုံချည်များ ပါဝင်အောင် ထပ်မံထည့်သွင်းပေးပါ။

**အခြားသတိပြုစရာအချက်များ**

ရေအိမ်အားအသုံးမပြုပါကလည်း အမြဲတစေ တံခါးပိတ်ထားပေးပါ။ ရေဆိုးစွန့်ထုတ်သည့် မြောင်းနှင့် ပိုက်မှ အမှိုက်သရိုက်များမရှိစေရန် ရှင်းလင်းပေးပါ။

ရေအိမ်၊ ရေချိုးခန်းတို့သည် မကောင်းသော ချီဓာတ်များ ထုတ်ပေးနိုင်ခြင်းကြောင့် အတတ်နိုင်ဆုံး ပိတ်ထားရန် လိုအပ်သည်။

ကောင်းသော ချီဓာတ်များအား ဆက်လက်ထိန်းသိမ်းလိုပါက လက်ဆေးဇလုံ၊ ရေအိမ်နှင့် ရေချိုးခန်းတို့ဆီမှ ရေလွှတ်ပိုက်ခေါင်းများအား အနီရောင်ဖဲကြိုး (သို့) အနီရောင်တိပ်ဖြင့် ပတ်ကပ်ထားပေးပါ။ ထိုအခါ မကောင်းသော ချီဓာတ်များ ဝင်ရောက်မှုအား ရပ်တန့်သွားစေပြီး ကောင်းသော ချီဓာတ်များအား ဆက်လက်ထိန်းသိမ်းပေးထားနိုင်မည် ဖြစ်သည်။

နောက်ထပ် သတိပြုစရာအချက်တစ်ခုမှာ ကြီးပွားချမ်းသာခြင်း ကွာအတွင်းကျရောက်သည့် အခန်း၏နံရံပေါ်၌ မကောင်းသော စာသားများနှင့် မကောင်းသောရုပ်ပုံများ ရေးခြစ်ထားခြင်းရှိပါက ၎င်းတို့အား ကွယ်ပျောက်သွားရန် ခရမ်းရောင်ဆေးဖြင့် အုပ်၍ သုတ်ထားပေးပါ။

**မကောင်းသောနိမိတ်ဖြစ်စေသော အဝတ်စုတ်အဟောင်းများ၊ ကျိုးပဲ့နေသောပစ္စည်းများအား ဖယ်ရှားပေးခြင်း**

ကြီးပွားချမ်းသာခြင်းကွာအတွင်း စွမ်းအင်မြှင့်စေသော ပစ္စည်းများကိုသာ ထားရှိပြီး မကောင်းသောနိမိတ်ပုံဆောင် အဝတ်စုတ်ဟောင်းနှင့် ကျိုးပဲ့နေသော ပစ္စည်းများအားဖယ်ရှားရမည်ဖြစ်သည်။

ကြီးပွားချမ်းသာခြင်းနိမိတ်ဆောင် ပစ္စည်းများတွင် ရှားပါးသောရွှေဒင်္ဂါးပြားများ၊ မိုနိုပိုလီဂိမ်းကစားရာတွင် အသုံးပြုသော စက္ကူပိုက်ဆံများ၊ ရတနာပစ္စည်းအမျိုးမျိုးတို့၏ ရုပ်ပုံကားချပ်များ ပါဝင်ကြသည်။

ထို့ကြောင့် ကြီးပွားချမ်းသာခြင်း ကိုယ်စားပြု ကွာနေရာ၌ ရတနာပစ္စည်းများ၊ ရုပ်ပုံကားချပ်၊ ရတနာသေတ္တာရုပ်ပုံ (သို့) ရတနာသေတ္တာအစစ်တစ်လုံးအား ထားရှိပေးပါ။ ရတနာသေတ္တာအတွင်း ထားရှိရမည့် ရတနာများအား အစစ်နှင့် အတု ရောပြွမ်း၍ ထားရှိပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။

**ကြီးပွားချမ်းသာခြင်းနိမိတ်ဆောင် မီးဖိုထားရှိခြင်း**

အိမ်အတွင်း မီးဖိုများစွာထားရှိခြင်းဖြင့် ကြီးပွားချမ်းသာခြင်းကွာအား စွမ်းအင်မြှင့်တင်ပေးနိုင်သည်။ မီးဖိုအရေအတွက်များလေပိုကောင်းလေဟု သတ်မှတ်ထားကြသည်။

သင်သည် လူပေါင်းများစွာအား တစ်ချိန်တည်းတွင် ထမင်း၊ ဟင်းချက်ကျွေးလိုပါက ချက်ပြုတ်ခြင်းကိုစွမြန်ဆန်စေရန် မီးဖိုများစွာ အသုံးပြုရမည် ဖြစ်သည်။ လူများစွာအား ထမင်းကျွေးသည်ဆိုခြင်းမှာ ကျွေးနိုင်သော ငွေအင်အားရှိသူဖြစ်ကြောင်းနှင့် မီးဖိုများစွာအား ငွေအင်အားအလုံအလောက်ဖြင့် ဝယ်သူနိုင်သူဖြစ်ကြောင်း၊ချမ်းသာကြွယ်ဝသူဖြစ်၍ လှူဒါန်းကျွေးမွေးနိုင်ကြောင်းကို ဖော်ပြသည့် အတိတ်နိမိတ်ကောင်းတစ်ခုပင် ဖြစ်သည်။

သို့သော်လည်း မီးဖိုများစွာအား အသုံးပြုရာ၌ အားလုံး (အပျက်အစီးနှင့် ချွတ်ယွင်းချက်) မရှိဘဲ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ခြင်း ရှိ၊ မရှိ သေချာစွာ စစ်ဆေးရန် လိုအပ်သည်။ မီးဖိုများအား အသုံးပြုပြီးပါက သန့်ရှင်းတောက်ပြောင်နေအောင် သန့်ရှင်းပေးပါ။

ကြီးပွားချမ်းသာခြင်းကွာအတွင်း စွမ်းအင်မြှင့်တင်နိုင်စေရန် ၎င်းနေရာ၌ ဒေါ်လာငွေစက္ကူ (၉) ရွက်အား ပန်ကာလေညင်းညင်းဖြင့် လှုပ်ရှားအောင် ပြုလုပ်ပေးပါ။ ခရမ်းရောင်ရှိသော နီလာခရမ်းတုံးပေါ်၌ ဝါးပလွေထားရှိပေးပါ။ ထို့နောက် အဆိုပါကွာအတွင်း ကျရောက်သည့်အခန်းအတွင်း ဆည်းလည်းတစ်ခု ချိတ်ဆွဲပေးပါ။

**ကောင်းကင်ဘုံကိုသွားမယ့်လှေကားထစ်တွေလား၊ ငရဲကိုသွားမယ့် လှေကားထစ်တွေလား**

အိမ်တစ်အိမ်၏ အောက်ခြေလှေကားထစ်မှ ဒုတိယထပ်ရှိ လှေကားထစ်အထိ နေရာအကျယ်အဝန်းသည် အိမ်အတွင်းဝင်ရောက်သည့် ပင်မတံခါးနှင့် မျက်နှာချင်းဆိုင်ကျနေပါက ငွေကြေးရရှိမှုအတွက် ထောက်ပံ့ပေးသည့် ချီဓာတ်အားလုံး အပြင်သို့လွင့်သွားကာ မကောင်းသောချီဓာတ်များ ဝင်ရောက်ဒုက္ခပေးတော့မည် ဖြစ်သည်။

အထက်ပါ အခြေအနေအား ကုစားနိုင်ရန် မျက်နှာကွက်များစွာဖော်ထားသော သလင်းကျောက်လုံးအား လှေကားအောက်ခြေ လှေကားထစ်နေရာနှင့် ပင်မတံခါးတို့အကြား ချိန်ဆွဲထားပေးပါ (သို့) အနီရောင်ရှိသော မျဉ်းလိုင်းများ (သို့) အောက်ခြေလှေကားထစ်နေရာ၌ အနီရောင်ကြမ်းခင်းတစ်ခု ထားရှိပေးပါ။

၎င်းပြင် ကောင်းသော စွမ်းအင်ရစေပြီး မကောင်းသောချီဓာတ်များ ဝင်ရောက်ခြင်းမှ ဟန့်တားရန် လှေကားအနီး မျက်စိပသာဒဖြစ်စေသော ပန်းခိုင်များ ထားရှိပေးပါ။

**ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ လိုအပ်ခြင်း**

ငွေကြေးဆိုင်ရာအသိဉာဏ်ပညာသည် နေ့စဉ် ငွေကြေးသုံးစွဲမှုနှင့်မကင်းနိုင်သည့် အခြေအနေအတွက် ကူညီအားဖြည့်ပေးရန် ပေါ်ပေါက်လာသော နည်းလမ်းတစ်ခုပင် ဖြစ်သည်။

ငွေကြေးဆိုင်ရာ အသိပညာ၌ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတတို့ ပါဝင်ကြ၍ ငွေကြေးစီးဆင်းမှုအခြေအနေအား ငွေရှာ၊ ငွေသုံးသူတိုင်း စတင်လေ့လာသင့်သည်။ ငွေကြေးမည်သို့ရှာရမည်ကို မသိသူဖြစ်နေသမျှ ကာလပတ်လုံး မည်သည့်အခါမျှ ငွေကြေးလုံလောက်နေမည် မဟုတ်ပေ။

ထို့ကြောင့် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ အားကောင်းရင့်သန်လာစေရန် ကြိုးစားအားထုတ်မှု ပြုလုပ်မှသာ နောင်တစ်ချိန်ရရှိလာမည့် ငွေကြေးဆိုင်ရာ အခွင့်အလမ်းများအား အမိအရဖမ်းဆုတ်နိုင်မည် ဖြစ်သည်။

**အိမ်သစ်၊ကားသစ်ဖြင့်နေထိုင်ခြင်း။ နေရာရွှေ့ပြောင်းခြင်းအတွက် ဆန္ဒပြည့်ဝစေရန် စီရင်ခြင်း**

သင်သည် အိမ်သစ်၊ ကားသစ် ဝယ်ယူရန် ငွေရှာနေသည်ဆိုပါက သင့်အိမ်ရှိ ကြီးပွားချမ်းသာခြင်းကွာအတွင်း စွမ်းအင်မြှင့်တင်ပေးရန် လိုအပ်သည်။ ပထမဦးစွာ မိမိစိတ်ကူးအိပ်မက်ထဲမှ အိမ်ပုံစံတစ်ခုကို လက်တွေ့ရေးဆွဲပေးပါ။ ထို့နောက် ဗိသုကာပညာရှင်နှင့်တွေ့ဆုံ၍ သုတေသနပြုပြီး အိမ်အမှန်တကယ် တည်ဆောက်မည့် ရည်ရွယ်ချက်အတိုင်း အိမ်ပုံစံတွင် လိုအပ်သလို ဖြည့်စွက်တွက်ချက်ပေးထားပါ။

ထို့နောက် အိမ်ပုံစံဒီဇိုင်းအောက်မှ 'ငါ့စိတ်ကူးအိပ်မက်ထဲက အိမ်အတွက် ငါအခု ငွေတွေရလာပြီ' ဟု ရေးထားပေးပါ။

အဆိုပါ စာတန်းပါအိမ်ဒီဇိုင်းအား ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာရှိသောနေရာတွင် (အခန်းထောင့်၌) ကပ်ထားပေးပါ။

၎င်းပြင် အိမ်ဒီဇိုင်းအား ခရမ်းရောင်မင်သုံးခြင်း (သို့) ခရမ်းရောင်ပါပန်းချီကားပေါင်တွင် ထည့်သွင်းထားပေးပါ။

စာရေးသူ၏ မိတ်ဆွေဖြစ်သူ ဂျက်စီကာသည် မြင်းပြိုင်ကွင်းအနီး နေအိမ်တွင် ဆက်ပြီးမနေလိုတော့ဘဲ အိမ်ကြီးအိမ်ကောင်းတစ်လုံး ဝယ်၍ ပြောင်းချင်ခဲ့သည်။

ဂျက်စီကာအနေဖြင့် ဖုန်းရွှေဆိုင်ရာနည်းလမ်းများအား ယုံကြည်လေးစားသူပီပီ သူမနေအိမ်ကြီးပွားချမ်းသာခြင်းကွာ၌ ဆည်းလည်းငယ်တစ်ခု ချိတ်ဆွဲထားခဲ့သည်။

ထို့နောက်ပိုင်း စာရေးသူနှင့် အဆက်ပြတ်နေခဲ့သော်လည်း မိတ်ဆွေတစ်ဦးထံမှ ဂျက်စီကာအိမ်ပြောင်းသွားပြီဖြစ်ကြောင်း သတင်းကြားသိခဲ့ရသည်။

**ထီပေါက်ခြင်း (သို့) ငွေကြေးအဆင်ပြေခြင်းဖြစ်ပါက**

သင်သည် ငွေကြေးအမြောက်အမြားရရှိခြင်း၊ ထီပေါက်ခြင်း၊ အမွေရရှိခြင်းအခြေအနေနှင့်ကြုံတွေ့ရပါက လက်ရှိငွေကြေးပြဿနာအား အဆင်ပြေ ချောမွေ့စွာ ဖြေရှင်းနိုင်ပါမည်။ သို့သော်လည်း သင်သည် ဝင်ငွေထက် ပိုမိုသုံးစွဲခြင်းကြောင့် ထွက်ငွေများနေပါက ကြီးပွားချမ်းသာခြင်းကွာနှင့် မိသားစုကွာတို့အား ပြန်လည်စိစစ်ပေးရမည်ဖြစ်သည်။

အကယ်၍ သင်သည် ငွေကြေးသုံးစွဲမှုအခြေအနေအား သေချာစွာစိစစ်နိုင်ပါက ငွေကြေးကိစ္စနှင့်ပတ်သက်၍ သူတစ်ပါးအပေါ် မှီခိုရခြင်း၊ ငွေကြေးကြောင့် စိတ်သောကရောက်ခြင်းတို့နှင့် ကြုံတွေ့ရမည် ဖြစ်သည်။ သင့်အနေဖြင့် ကြီးပွားချမ်းသာခြင်းဆိုင်ရာ ကွာနှင့် မိသားစုကွာတို့အား ဖုန်းရွှေနှင့်အညီ စိစစ်၍ လိုအပ်သလို စီရင်မှုများ ပြုလုပ်ပါက ကိုယ်တိုင်လည်း ကျင့်ကြံမှုအားကောင်းသည်ဆိုပါက ငွေကြေးကိစ္စများ၌ အမြဲတစေ အောင်မြင်မှုရနေမည် ဖြစ်သည်။ ၎င်းပြင် ရရှိပြီးသောငွေကြေး



www.burmeseclassic.com

www.burmeseclassic.com

သည်း အပြင်သို့ အကျိုးမဲ့စွာ မထွက်အောင် ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

**သန့်ရှင်းသောငွေကြေး**

သင်အိမ်၏ ကြီးပွားချမ်းသာခြင်းကွာတွင် ဆယ်ကျော်သက်ရွယ်သားငယ်၏ အခန်းရှိနေပါက သားငယ်၏အခန်းသည် အရှုပ်ထွေးများဖြင့် စုပုံနေပါက အဆိုပါကွာအတွင်း စွမ်းအင်လျော့ကျနေသည် ဖြစ်သည်။

ထိုအခါ ရရှိသော၊ ဝင်ရောက်လာသောငွေကြေးများလည်း မသန့်ရှင်းဘဲ ဖြစ်နေတတ်သည်။ ထို့ကြောင့် ကြီးပွားချမ်းသာခြင်း ကွာနေရာ၌ အမြဲတစေ သန့်ရှင်းနေစေရန် အထူးလိုအပ်သည်။

မသန့်ရှင်းသော (သို့) အရှုပ်အထွေးများ စုပုံနေသော ကြီးပွားချမ်းသာခြင်းကွာအား စွမ်းအင်မြှင့်လိုပါက ခရမ်းရောင်ဆေးသုတ်ခြင်း (သို့) ခရမ်းရောင်ပါကြမ်းခင်းခင်းခြင်းပြုလုပ်ပေးပါ။

**ငွေကြေးမလေလွင့်စေရန် သတိပြုခြင်း**

ကြီးပွားချမ်းသာခြင်းကွာရှိရာနေရာတွင် မီးဖိုချောင်ရှိနေပါက စွမ်းအင်လျော့ကျစေနိုင်ခြင်းကြောင့် ခရမ်းရောင်များစွာ အသုံးပြုခြင်းဖြင့် စွမ်းအင်မြှင့်တင်ပေးနိုင်သည်။ ကြီးပွားချမ်းသာခြင်းကွာ၌ မီးဖိုချောင်ရှိခြင်းသည် ရှာဖွေသမျှငွေကြေးအားလုံး အလေအလွင့်ဖြစ်ပေါ်တတ်သည်။

**ပလ္လင်အထက်မှဘုရင်**

အိမ်တစ်အိမ်၏ ကြီးပွားချမ်းသာခြင်းကွာရှိရာ အရပ်ထောင့်သည် ဘုရင်မင်းမြတ်တို့ ထိုင်ခုံ (ပလ္လင်) သဘောကို ကိုယ်စားပြုသည်။

အကယ်၍အဆိုပါကွာနေရာတွင် အိပ်ခန်းဆောင်ကြီးရှိနေပါက သင်သည် ဘုရင်မင်းမြတ်၏ ပလ္လင်နေရာ၌ အိပ်စက်ရခြင်းသဘောကို ရည်ညွှန်းသည်။

အကယ်၍ မိသားစုနားနေရာအခန်း၊ မီးဖိုချောင်၊ ထမင်းစားခန်းသည် ကြီးပွားချမ်းသာခြင်းကွာတွင်ရှိနေပါက အရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ခရမ်းရောင်ဆေးကို အဓိကအသုံးပြု၍ စွမ်းအင်မြှင့်တင်ပေးပါ။

အကယ်၍ ကြီးပွားချမ်းသာခြင်းကွာတွင် ဧည့်သည်အိပ်ခန်း၊ ကလေးများ၏ အိပ်ခန်းရှိနေပါက အိမ်အတွင်း ရှုပ်ထွေးကာလုသည့်အခြေအနေများ ဖြစ်ပေါ်တတ်သည်။ ထိုအခြေအနေအား ကုစားနိုင်ရန် အလှမွေးငါးကန်တစ်ခု ထားရှိပေးပါ။

**သင်ပေးလိုက်သည့်အတိုင်း သင်ပြန်ရရှိမည်**

မည်သူမဆို အလှူအဖြစ် ပေးကမ်းလိုက်သည်နှင့် တူညီသောအကျိုးဝေးအဖြစ် တစ်ခုခုပြန်လည်ရရှိတတ်သည်။

တစ်နည်းအားဖြင့် မိမိစိုက်ပျိုးလိုက်သည့်အတိုင်း မိမိပြန်လည်ရိတ်သိမ်းခွင့်ရရှိသည့်သဘောပင် ဖြစ်သည်။

ထို့ကြောင့် မေတ္တာပေးလျှင် မေတ္တာပြန်ရသလို စေတနာပေးလျှင် စေတနာပြန်ရတတ်သည်။

စာရေးသူကိုယ်တိုင် ဖုန်းရွှေပညာရပ်အား မလိုက်စားမီ စေတနာအကျိုးပေးဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရဖူးသည်။

စာရေးသူ (ကျွန်တော်) ကိုယ်တိုင် ငွေကြေးအဆင်မပြေ၍ ချေးငှားသုံးစွဲခဲ့ရသည်။ ကြွေးဝယ်ကတ်မှ လက်ကျန်ငွေအနည်းငယ်မျှဖြင့် စားစရာ၊ ဂက်(စ်)တို့ဝယ်ယူခဲ့ရပြီး ကြွေးရှင်၊ မြေရှင်တို့ကိုလည်း အကြွေးမဆပ်နိုင်ဘဲ ရပ်တည်ခဲ့ရသည်။

တစ်နေ့မှာ စာရေးသူက အပြင်သို့ လမ်းလျှောက်ထွက်လာစဉ် ပိုက်ဆံတောင်းနေသူတစ်ဦးကို တွေ့လိုက်ရသည်။ ကယ်လီဖိုးနီးယားတောင်ပိုင်းဒေသ၌ ခုလိုပိုက်ဆံတောင်းသောမြင်ကွင်းမှာ ရှားပါးသော အခြေအနေတစ်ရပ်ဖြစ်သည်။ စာရေးသူလည်း ရှိစုမဲ့စုလက်ကျန်ငွေအနည်းငယ်ထဲမှ တစ်ဒေါ်လာထုတ်ပေးလိုက်သည်။ ပိုက်ဆံတောင်းသူအား ကိုယ်ချင်းစာစိတ်ဖြင့် စေတနာမှန်မှန်ထား၍ ပေးကမ်းလိုက်သည်။

တစ်ဒေါ်လာငွေအား ပေးလိုက်စဉ်အချိန်အတွင်း စိတ်ထဲမှ တစ်စုံတစ်ရာ နှမြောတွန့်တိုခြင်းမရှိ အနှောင်အဖွဲ့ကင်းကင်းဖြင့် ပေးလိုက်မိသည်ကို စာရေးသူကိုယ်တိုင် သတိပြုမိသည်။

စေတနာအကျိုးပေးသည်ဟုပဲဆိုရမလားမသိ။ တစ်နေ့မှာ စာရေးသူထံသို့ ဖုန်းဝင်လာသည်။ မိတ်ဆွေတစ်ဦးက ဖုန်းကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ဖို့ ကူညီပေးပါလို့ တောင်းဆိုလာပါသည်။

စေတနာအကျိုးပေးက ချက်ချင်းလက်ငင်း ဘဝအလှည့်အပြောင်းတစ်ခုကို ဖန်တီးပြီး ကောင်းသောအနေအထားကို ပို့ဆောင်ပေးလိုက်သည်ဟု စာရေးသူ ယုံကြည်မိသည်။ စာရေးသူကိုယ်တိုင် စိုက်ပျိုးခဲ့သည့်အတိုင်း ကိုယ်တိုင်ရိတ်သိမ်းခွင့်ရတော့မည် မဟုတ်ပါလား။

**ကောင်းသော ချီဓာတ်များအတွက် စွမ်းအင်မျှတနေစေရန် စစ်ဆေးခြင်း**

အိမ်တစ်အိမ်၏ ချမ်းသာကြွယ်ဝခြင်းကွာအား စွမ်းအင်မျှတစေရန် ၎င်းကွာနေရာ၌ ဓာတ်ကြီး (၅) ပါးတွင် ပါဝင်သော ဓာတ်တစ်ခုခု ကိုယ်စားပြုသည့်ပစ္စည်းများ ရှိ,မရှိ စစ်ဆေးပေးပါ။

ဓာတ်ကြီး (၅)ပါးနှင့် ၎င်းတို့ကိုယ်စားပြုပစ္စည်းများမှာ သတ္တုဓာတ်ကိုယ်စားပြု မီးပူ၊ ရေဓာတ်ကိုယ်စားပြု ဖန်ခွက်၊ မြေဓာတ်ကိုယ်စားပြု စိုက်ထားသောအပင်၊ သစ်သားဓာတ်ကိုယ်စားပြု ဓာတ်ပုံ၊ ပန်းချီပေါင်များ၊ မီးဓာတ်ကိုယ်စားပြု ဖယောင်းတိုင်တို့ပင် ဖြစ်သည်။

ဓာတ်ကြီး (၅)ပါးနှင့် ၎င်းတို့ကိုယ်စားပြုပစ္စည်းများအား တစ်ခုချင်းခွဲခြားသိရှိရမည့်အပြင် ကြီးပွားချမ်းသာခြင်းကွာအတွက် အလိုက်ဖက်ဆုံးသော ဓာတ်၊ အရောင်၊ ကိန်းဂဏန်းတို့ကိုပါ ခွဲခြားနားလည်ရန် လိုအပ်သည်။ သို့မှသာ အဆိုပါ ကွာအတွက် ဆောင်ရန်၊ ရှောင်ရန်အခြေအနေများအား သိရှိနိုင်မည် ဖြစ်သည်။

ဓာတ်ကြီး (၅) ပါး အစီအရင်ပြုလုပ်ရာ၌ မွေးဖွား၊ ဖြစ်တည်၊ ဖန်တီးနိုင်ခြင်းပြစက်ဝိုင်းနှင့် ဖျက်ဆီး ပျက်သုဉ်းခြင်းပြစက်ဝိုင်းတို့အား ခွဲခြားနားလည်ကာ စွမ်းအင်မျှတမှုရှိရေးအတွက် လိုအပ်သလို လိုတိုးပိုလျှော့လုပ်ပေးနိုင်မည် ဖြစ်သည်။ ကြီးပွားချမ်းသာခြင်းကွာအား စွမ်းအင်မြှင့်တင်လိုပါက ခရမ်းရောင်များကိုသာ အဓိကအသုံးပြုသင့်သည်။

**ဆန့်ကျင်ဘက်ဆွဲဆောင်ခြင်း**

ကြီးပွားချမ်းသာခြင်းကွာအား စွမ်းအင်မြှင့်တင်နိုင်ရန်အတွက် ၎င်းနှင့် ထောင့်ဖြတ်ပုံစံ မျက်နှာချင်းဆိုင် ဆန့်ကျင်ဘက်ဖြစ်သော ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာအား စိစစ်ပေးပါ။

ကွာတစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်၊ မျက်နှာချင်းဆိုင်ကျနေပြီး ၎င်းဆန့်ကျင်ဘက်နှစ်ခုစလုံးအား တစ်ခုနှင့်တစ်ခု စွမ်းအင်မျှခြင်း ရှိ မရှိ (သို့) ယင် (Yin-အမ)ဓာတ်နှင့် ယန် (Yang-အဖို)ဓာတ်တို့မျှတခြင်း ရှိ မရှိ စစ်ဆေးရန် လိုအပ်သည်။ ယင်နှင့် ယန်ဓာတ်နှစ်မျိုးသည် ဆန့်ကျင်ဘက်အနေအထားဖြင့် အပြန်အလှန်ဆွဲဆောင်လျက်ရှိကြသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com



## အဆောင်ပစ္စည်းအစွမ်းပိုထက်အောင် သိဒ္ဓိတင်(၂၇)ဂါထာကိုဆောင်

ကိုရွှေမြသန်း(သမိုင်း)

ဆရာသမားကဖြစ်ဖြစ်၊ ရသေ့ရဟန်းကဖြစ်ဖြစ်ပေးတဲ့ အဆောင်ပစ္စည်း ဒါမှမဟုတ် ကိုယ့်ဘာသာကိုယ်ဆောင်တဲ့ ဆေးမျိုးစုံ၊ လက်ကိုင်ပဝါ၊ ပုတီး၊ ရေမွှေးစတဲ့ ပစ္စည်းတွေကို အစွမ်းထက်အောင် သိဒ္ဓိတင်ချင်တဲ့ဆန္ဒတစ်ခါတစ်ရံ ပေါ်ပေါက်မိမှာ အမှန်ပါ။

ကိုယ့်ဆီမှာ ဆောင်ထားတဲ့ပစ္စည်းတစ်ခုခုဟာ သိဒ္ဓိရှိနေဖို့၊ တန်ခိုးရှိနေဖို့ လိုအပ်ပါတယ်။ များသောအားဖြင့် ပုပ္ပား၊ ရေပုလင်း၊ အဆောင်လက်ဖွဲ့ပစ္စည်းတို့ကို ရဟန်းတော်များ သိမ်ဝင်တဲ့အခါ သပိတ်ထဲထည့်ပေးလိုက်ပြီး

လိုအပ်လာပါလိမ့်မယ်။ အဲဒီအတွက် လူအများစု မသိကြသေးတဲ့ သိဒ္ဓိတင်ဂါထာ ဆိုတာ ဂမ္ဘီရလောကမှာ ရှိနေပါတယ်။ အဲဒါက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းကထွက်ရှိခဲ့ဖူးတဲ့ လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်းမှာ ပါခဲ့ဖူးတဲ့ဂါထာပါ။ ရှေးလူကြီးသူမများ တီထွင်ထားခဲ့တဲ့ သိဒ္ဓိတင် (၂၇) ဂါထာပါပဲ။

(၉) ခွက်၊ ဆီမီး (၉) တိုင်၊ အမွှေးတိုင် (၉) တိုင် ပူဇော်ပါ။ ယပ်လေ (၉) ကြိမ် လောက် ခတ်လှူပူဇော်ပါ။ ဘုရား ငါးပါးသီလကို သေသေချာချာ ကျ နန ခံယူတည်ဆောက်ပါ။ ရှစ်ပါးသီ ကိုးပါးသီလဆိုရင်တော့ အတိုင်းထ အလွန် ပိုပြီးကောင်းပါတယ်။

သီလခံယူပြီးမှ စိတ်ကို ကြည် ကြည်လင်လင် ငြိမ်ငြိမ်သက်သက်ထား ပြီး မေတ္တာသုတ်ကို အရင်ဦးဆုံး ရွတ်

သိဒ္ဓိယူကြတဲ့ အစဉ်အလာရှိခဲ့သလို မဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော်ပွဲများ၌ ဂါသည်း ပဋ္ဌာန်းအိုးများနဲ့အတူထားပြီး ပရိတ်၊ ပဋ္ဌာန်းသိဒ္ဓိယူသူများလည်းရှိပါတယ်။

သိမ်ကိုးသိမ်ဝင်ခဲ့ဖူးတဲ့ ပုတီးတစ်ကုံးဟာ သိဒ္ဓိအလိုလိုရှိတယ်လို့ စွဲစွဲလမ်းလမ်းယုံကြည်ကြသူတွေလည်းရှိပါသေးတယ်။ သိမ်ကိုးသိမ်မပြည့်ပြည့်အောင် ဝင်ခဲ့တာလည်းရှိပါတယ်။

သည်တော့ ပစ္စည်းတစ်ခုခုကို အရေးပေါ် ဆောင်ချင်ပါပြီ ဆိုပါစို့။ သိမ်ကိုးသိမ်ပြည့်အောင် ဘယ်မှာ ချက်ချင်းသွားဝင်မလဲ။ အဲဒီလို အခြေအနေမျိုးမှာ အမြန်နည်းနဲ့ သိဒ္ဓိတင်ဖို့

ဒီတော့ သိဒ္ဓိတင် (၂၇) ဂါထာကို ဘယ်လိုဘယ်ပုံ အသုံးချဆောင်မွှက်ကြရမလဲဆိုရင် (၂၇) ဂါထာဖြစ်တဲ့အတွက် (၂+၇= ၉) နဝင်းကိုးဂါထာပါ။ ဒီတော့ နဝင်းအချိန် နံနက် (၉) နာရီမှာ ရွေးချယ် ရွတ်ဖတ်သိဒ္ဓိတင်သင့်ပါတယ်။

သိဒ္ဓိတင်ဂါထာကို မရွတ်ခင် ခန္ဓာကိုယ်ကို ရေမိုးသန့်စင်ရပါမယ်။ ပြီးရင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ရပါမယ်။ အဖြူသက်သက်အဆင်မပြေရင် အဖြူဘက်လူတဲ့အဝါရောင်၊ နုသာရောင်တို့ကိုလည်း ဝတ်နိုင်ပါတယ်။ ဆိုလိုရင်းကတော့ မှောင်တဲ့အရောင်မဖြစ်ဖို့ပါဘဲ။

ဘုရား၊ ရဟန္တာနဲ့ ယုံကြည်ရာ ပုဂ္ဂိုလ်ထူးများကို သောက်ရေ

ဖတ်ပူဇော်ပါ။ ပြီးမှ သိဒ္ဓိတင် (၂ ဂါထာကို ရွတ်ဆိုပါ။ ဂါထာရွတ်နေ မှာလည်း မိမိအာရုံကို ဘုရားကျော ဆောင်ပေါ်မှ သို့မဟုတ် ဘုရားဆင ရှေ့မှာ သိဒ္ဓိတင်တဲ့ ပစ္စည်းဝတ္ထုဆ ထားပါ။ သို့မှသာ မိမိရွတ်တဲ့ဂါထာ ပါဝါတန်ခိုးသိဒ္ဓိများဝင်မှာပါ။

ဘယ်နှကြိမ်ရွတ်ရမလဲ ဆိုတာ တော့ အချိန်ပေးနိုင်မှုနဲ့သဒ္ဓါစိတ်ပေါ် မူတည်ပါတယ်။ တစ်ခေါက်ကနေ ခေါက်၊ ကိုးခေါက်၊ နှစ်ဆယ့်ခုနစ်ခေ ကြိုက်သလောက်ရွတ်ပါ။ ရွတ်နိုင် ကောင်းလေပါပဲ။ အကောင်းဆုံး အကြိမ်အရေအတွက်ထက် စိ အောင် အာရုံပြုနိုင်တာက ပို



www.burmeseclassic.com

www.burmeseclassic.com

တယ်။

မရွှတ်ခင်၊ ရွှတ်နေစဉ်နဲ့ ရွှတ်ပြီးတဲ့ အချိန်ကာလများမှာလည်း ဒီသိဒ္ဓိတင်(၂၇)ဂါထာကြောင့် မိမိရဲ့ အဆောင်ပစ္စည်းဟာ တန်ခိုးသိဒ္ဓိဝင်နေပြီလို့ အာရုံမှု ယုံကြည်ထားပါ။

လောကီ အင်္ဂုတ္တိုရ်ရဲ့ မန္တန်ကျမ်းမှ အလုံးစုံသော ဆေး၊ အဆောင်တို့ကို သိဒ္ဓိတင်(၂၇)ဂါထာကတော့ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။

**သိဒ္ဓိတင် (၂၇) ဂါထာတော်**

၁။ သိဒ္ဓိဗုဒ္ဓါ သိဒ္ဓိဓမ္မာ၊ သိဒ္ဓိသံဃာ ဥတ္တမာစ
သိဒ္ဓိသဗ္ဗ အရိယာနံ၊ သဗ္ဗသိဒ္ဓိ ဘဝန္တုမေ။

၂။ သိဒ္ဓိကာစ အဂ္ဂသာဝက၊ သိဒ္ဓိမာရ ဗလသေနံ
သိဒ္ဓိကမ္မ အနုတ္တယံ၊ သိဒ္ဓိတဏှာပိ မုတ္တမံ။

၃။ သိဒ္ဓိတေ တာဝတိံသာစ၊ သိဒ္ဓိစတု မဟာရာဇာ၊
ဓတရဋ္ဌော၊ ဝိရူဠှကော၊ ဝိရူပက္ခော၊ ကုဝေရာစ။

၄။ သိဒ္ဓိတေ တာဝတိံသာစ၊ သိဒ္ဓိစတု မဟာရာဇာ၊
ဓတရဋ္ဌော၊ ဝိရူဠှကော၊ ဝိရူပက္ခော၊ ကုဝေရာစ၊
တေသံ သိဒ္ဓိ ကမ္မဘဝေ။

၅။ သိဒ္ဓိ တာဝတိံသာဒေဝါ၊ ယမာ ဒေဝေါစ သိဒ္ဓိကာ
တုသိတာ၊ နိမ္မာနရတိ၊ ပရိနမ္မိတ ဝသဝတီ
ကာမေ ပဥ္စသိဒ္ဓိကာစ သဗ္ဗေတော၊ သိဒ္ဓိကာ ဘဝေ။

၆။ ဗြဟ္မပါရိ သဇ္ဇစေဝ၊ ဗြဟ္မပရော ဟိတာ
ပြီစ မဟာဗြဟ္မာစ သိဒ္ဓိကာ
ပရိတ္တာဘာ အပ္ပမာနာဘာ၊ အာဘ သရာစ သိဒ္ဓိကာ။

၇။ ပရိတ္တာသုဘာ သိဒ္ဓိကာ၊ အပ္ပမာန သုကာပိစ၊
သုပကိဏ္ဏာ ဝေဟပ္ပလာ၊ သဗ္ဗေတော သိဒ္ဓိကာဘဝေ။

၈။ တဝိဟာ အတပ္ပာဒေဝါ၊ သုဒဿာ သု ဒဿီပိစ၊
အကနိဋ္ဌော အူပိနော၊ သဗ္ဗေတော သိဒ္ဓိကာ ဘဝေ။

၉။ စက္ကဝဠာ သိန္နေရာဇာ၊ ဆကုဒိပါ သတ္တသေလာ။
မဟာဂင်္ဂါ သတ္တရာဇာ၊ သဗ္ဗေ တော သိဒ္ဓိကာ ဘဝေ။

၁၀။ စက္ကဝဠာ သဟဿာနိ၊ ကောဋိ သတ သဟဿကော။
သမန္တာ ဒေဝရာဇာ၊ သဗ္ဗေတော သိဒ္ဓိကာဘဝေ။

၁၁။ ကြန္ဒစိတ္တ လတာနိစ၊ မိဿကာ ဖရုဿပိစ၊
ထောနသိဒ္ဓိ တေဇေန၊ သဗ္ဗေသိဒ္ဓိ ဘဝန္တုမေ။

၁၂။ စန္ဒသူရိယ ဒေဝပုတ္တာ၊ တာရကာ နက္ခတ္တဂြဟာ
ဝိမာန ပုည သုဂတိ၊ သဗ္ဗေတော သိဒ္ဓိကာဘဝေ။

၁၃။ ဝိဋ္ဌာသူရာ အသူရာစ၊ နာဂါစ ဂရုဠ္ဌောတထာ၊
မဟာပ္ဖလာ မဟောတေကာ၊ သဗ္ဗေ ဘယာ၊ ပမုစ္စရေ၊

၁၄။ အဟံ ပေါရိပုဏ္ဏာယက္ခာ၊ အာဠဝကော ပုဏ္ဏောတထာ
သဗ္ဗေယက္ခာ ယဂါထာစ၊ သဗ္ဗေတ သိဒ္ဓိကာ ဘဝေ။

၁၅။ အဘိဓမ္မ ပကာဏာ၊ သုတ္တဝိနယ ပိဋကာ၊
ပဥ္စနိကာ ယဂါထာစ၊ သဗ္ဗေဘေ သိဒ္ဓိကာဘဝေ။

၁၆။ စေတိယာ ဗုဒ္ဓရူပဥ္စ၊ ပါဒါစ ပါဒ လက္ခဏာ
စတုကာစ ဒွတ္တိံသာစ၊ သဗ္ဗေတော သိဒ္ဓိကာ ဘဝေ။

၁၇။ တေသဗ္ဗေ အတိတာပိစ၊ ပစ္စုပ္ပန္နာ အနာဂတေ
ကာလဝိမုတ္တ နေကာဒါ၊ သဗ္ဗေတော သိဒ္ဓိကာ ဘဝေ။

၁၈။ အင်္ဂုလိမာလ ပရိတ္တံ၊ သီဝလိစ ဂဝံပတိ။
ရာဟုလာ အနန္ဒစေဝ၊ သဗ္ဗေတော သိဒ္ဓိကာ ဘဝေ။

၂၀။ ရာဇာနေစ စောရောစေဝ၊ အဂ္ဂိ ဥဒကေ ဝေရိနံ၊
ဇတေန သိဒ္ဓိတေဇေန၊ သဗ္ဗေဘယံ ပမုစ္စရေ။

၂၁။ အပါဒါစ ပါဒါစေဝ၊ စတုပါဒါ ဗဟုပါဒါ၊
ဇတေန သိဒ္ဓိတေဇေန၊ သဗ္ဗေ ဘယာ ပမုစ္စရေ။

၂၂။ မေတ္တာ စိတ္တေန သဗ္ဗေဒါ၊ အဝေရာ နိဒုက္ခာ ဟောန္တု။

၂၃။ ရာဇာဒေဝီ အမစ္စာစ၊ ကတ္တိယာ ပုရိသဿဝါ၊
သမဏဗြဟ္မဏာစေဝ၊ သဗ္ဗေတော သိဒ္ဓိကာ ဘဝေ။

၂၄။ ပုတ္တောစ အရိယာ သိယော၊ လာဘိကာလော သိန္ဒေ့ဟာကော၊
ဇတေန သိဒ္ဓိတေဇေန၊ သဗ္ဗသိဒ္ဓိ ဘဝတုမေ။

၂၅။ သိဒ္ဓိကာစ၊ ဇေယာနိစ္စ၊ သိဒ္ဓိကာ လော အနန္တရော၊
ဇတေန သိဒ္ဓိတေဇေန၊ သဗ္ဗေဇ ယော ဘဝတုမေ။

၂၆။ ဇတေန သိဒ္ဓိတေဇေန၊ သဗ္ဗဘယာ ဝိနဿန္တု
သဗ္ဗရောဂါ ဝိနဿန္တု၊ ဒုသုပိနံ ဝိနဿန္တု
သဗ္ဗဂြဟာ ဝိနဿန္တု၊ သဗ္ဗလာဘာ လာဘန္တုမေ။

၂၇။ နာမသိတ္တာန နနာဝ၊ ကြဒ္ဒိ မန္တေစ တေဇသာ၊
ဗတေန သိဒ္ဓိတေဇေန၊ သဗ္ဗေဒေဝါ သဗ္ဗေယက္ခာ သဗ္ဗေရာဇာ သဗ္ဗေ ဇန၊ သဗ္ဗေကတ္တိယာ မံ ပါလေန္တု၊

အထက်ပါ သိဒ္ဓိတင် (၂၇) ဂါထာမှာ သိဒ္ဓိဆိုတဲ့ စာလုံးရေပေါင်း (၄၀) ကျော်ပါနေတာကို တွေ့ရပါလိမ့်မယ်။ သိဒ္ဓိ ဆိုတဲ့ ပြီးမြောက်စေခြင်းအနက်ကို ရတဲ့စကားလုံးတွေကို ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာရွတ်ခြင်းဟာ အရာဝတ္ထုများကို သိဒ္ဓိတင်စေနိုင်တဲ့အချက်ပါပဲ။

တချို့က ကိုယ့်ကိုယ်ကိုယ် အားမကိုးချင်ဘဲ သိဒ္ဓိဝင်ပစ္စည်းများကို အလွယ်တကူ ရချင်တတ်ကြပါတယ်။ တကယ့်တကယ်မှာတော့ အဲဒီလိုလုပ်တာ မမှန်ပါဘူး။ လောကကြီးရဲ့ မာယာတစ်သိန်း၊ အပလိန်းအနန္တကာလကြီးထဲမှာ ဘယ်သူက သိဒ္ဓိရှင်ရယ်လို့ သိနိုင်ပါ့မလဲ။

ဒီတော့ ကိုယ့်ပစ္စည်းကို ကိုယ့်ဘာသာ သိဒ္ဓိတင်ပြီးဆောင်ရင်လည်း စွမ်းနိုင်ပါတယ်။ ဝီရိယနဲ့ ယုံကြည်ချက်တော့ ပြင်းပြင်းပြပြ လိုပါတယ်။ ရွှတ်ဖတ်သရဇ္ဈာယ်တဲ့အခါ အသံနေအသံထားမှန်ဖို့၊ စိတ်ကတခြားမလွင့်စေဖို့တော့ ကြိုးစားရပါလိမ့်မယ်။ မိမိကသာ ဘယ်လောက် တည်ငြိမ်မှန်ကန်စွာ ရွှတ်ဆိုနိုင်မလဲဆိုတဲ့ ရွှတ်ဆိုနိုင်ခြင်းအပေါ်မှာ သိဒ္ဓိမြောက်ခြင်း အနည်း၊ အများကမူတည်နေပါတယ်လို့ စာအဆင့်ဆင့်ကမ်းလက်ဆင့်လို့ နည်းလမ်းညွှန်လိုက်ပါတယ်။

*သိဒ္ဓိတန်ခိုးဖြင့်*
*အစွမ်းတိုးနိုင်ကြစေသော်*
ကိုရွှေမြသန်း (သမိုင်း)

**မှီငြမ်း'-**

သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏ 'မိမိဘဝကံထူးအောင် အမိဋ္ဌာန်ကျင့်စဉ်ဆောင်' စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



(ကလော)
ခင်မမလင်း

# မြကျွန်းကန်က နဂါးစေတီ

(၁)

အုန်းမောင်းခေါက်သံက အိပ်ပျော်နေသော မင်းသူ၏နားသို့ တိုးဝင်လာသည်။ ခပ်ဝေးဝေးက ကြက်တွန်သံကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဘွားစုချောင်းဟန့်သံနှင့်အတူ မီးဖိုရှိရာဆင်းသံကြားရတော့ သူလည်း အိပ်ရာမှထလိုက်သည်။

ခရီးကကြမ်းတာဖြစ်လို့ ကားစီးရသည့်ဒဏ်က သိပ်တော့သက်သောင့်သက်သာမရှိလှ။ ရောက်ရောက်ချင်း ဘွားစုနှင့် စကားလက်ဆုံပြောပြီး ထမင်းနူးခပ်ကျွေးတာစားကာ စောစောအိပ်ရာဝင်ခဲ့ခြင်း ဖြစ်သည်။

"ဟဲ့ - မြေး၊ အစောကြီးရှိသေးတယ် အိပ်၊ အိပ်"

ဘွားစု ဘယ်လိုပြောပြော မင်းသူကျောက်စည်ပေါ်က ရေခွက်လှမ်းယူမျက်နှာသစ်ပြီး အပေါ်ပြန်တက်ခဲ့သည်။ အိမ်ပေါ်မှာ သူ့သူငယ်ချင်းတွေရောက်နေလောက်ပြီ ထင်သည်။

ညကတော့ ခရီးပန်းလာ... နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်လို့... သူတို့ကို မင်းသူပြန်မတွေ့သေး... တကယ်တမ်းပြောရလျှင် သူတို့... ယောက်ကို မင်းသူ တွေ့လည်းတွေ့... သည်၊ တွေ့လည်းမတွေ့ရပါ။

သူတို့ကို ပြန်တွေ့လိုက်တာ... မင်းသူ ခေါင်းတွေမူးနောက်ရီဝေလာ... ခြေဦးတည့်ရာ ထွက်ပြေးချင်မိသည်... သူငယ်ချင်းတွေက မင်းသူကို တစ်ကို... ကောင်းဆန်တယ်ထင်လိမ့်မည်။

အမှောင်မသဲမကွဲရှိသေးသည့်... လမ်းမမှာ လယ်ထဲ၊ ချောင်းထဲဆင်း... တွေကို မကြာခဏ တွေ့ရသော်လ... သူတို့ကလည်းမမှတ်မိလို့လား မင်းသူ... နှုတ်မဆက်သလို မင်းသူလည်း သူ့စိတ်...



www.burmeseclassic.com

www.burmeseclassic.com



ူ့အတွေးနှင့်အတူ လမ်းလျှောက်နေ
ခဲ့ပါ။

"နှင်ရှာပြန်ရင် ဆည်တော်ကန်ရှိ
ရာလာခဲ့"

ဟု နန်းပိုးပြောသံ ကြားယောင်
ာက် ရွာလမ်းမကြီးမှ တောင်ဘက်ချိုး
တွေ့လျှောက်ခဲ့သည်။ ဆည်တော်ကန်
ို အလင်းရောင်မှုန်ပျပျအောက်မှာ
တွေ့နေရသည်။

ရွာတစ်ဝက်ကျော်နီးပါး နေရာယူ
ားသော ဆည်တော်ကန်သည် သုံး
ာသီစလုံး ရေပြည့်နေသည့်ကန်ကြီးပါ။
ောက်ရေ၊ သုံးရေလည်း နွားလည်း
တွေနှင့် ရေတိုက်သယ်ကြတာ မြင်တွေး
င်း ကန်ပေါင်မှာ ခဏထိုင်နေမိသည်။
ူ့မျက်လုံးထဲမှာ နန်းပိုး အပါအဝင်
ူငယ်ချင်းသုံးယောက်စလုံး ရေကန်ထဲ
ရောက်နေသည်။

တဖြည်းဖြည်း အလင်းရောင်
ပိုအားကောင်းလာတာနှင့် ကန်ရေပြင်
ကို သဲကွဲစွာမြင်နေရပြီ။

"ဟေး - မင်းသူ လာလာ၊ နင်ဘာ
လုပ်နေတာလဲ"

"ဟင်"

"လာလေ၊ ဒီတစ်ခါတော့ မငြင်း
နဲ့တော့ လက်ပစ်ကူးခဲ့ဟေ့"

"ငါမလာဘူး၊ မလာဘူး"

မင်းသူ ထိတ်လန့်စွာ ပတ်ဝန်း
ကျင်ကို လှည့်ကြည့်မိသည်။ ဒီလောက်
အစောကြီး ရေကန်ထဲမှာ ကောင်မလေး
တွေရေကူးနေကြပြီး သူ့ကိုလည်း လက်
ယက်ခေါ်နေသေးသည်။

"ငါရေမချိုးချင်သေးဘူး၊ နင်တို့ပဲ
ချိုးကြ၊ သတိလည်းထားကြဦး"

ဘယ်လောက်ပဲ မျိုသိပ်ထားပါ
စေ။ စိတ်ထဲရှိတာတော့ အစွမ်းကုန်
အော်ဟစ်မိသည်။ ဘေးမှာ အဒေါ်ကြီး
တစ်ယောက်ရှိမှန်း မသိလိုက်ပါ။

"ဟဲ့-ကောင်လေး စောစောစီးစီး
ရေချိုးမလို့လား"

"ဗျာ"

ရေအိုးခေါင်းပေါ် ရွက်လာသည့်
အဒေါ်ကြီးကို သူထူးဆန်းသလိုပြန်
ကြည့်ပြီး ခေါင်းခါပြသည်။

"မင်းဘယ်သူ့သားလဲ"

"ကျွန်တော် ဘွားစုရဲ့မြေး မင်းသူ
ပါ အဒေါ်"

မင်းသူ ဘေးက အဒေါ်ကြီးနှင့်
စကားပြောနေစဉ် ရေကန်ထဲမှ ရေချိုး
နေသည့်ကောင်မလေးတွေ မရှိတော့ပါ။
ဆည်တော်ကန်ကြီးသည် ပကတိကြည်
လင်ငြိမ်သက်နေတော့သည်။

"ဒီကန်မှာ ရေချိုးနေတဲ့ ကောင်
မလေးသုံးယောက် ဘယ်ဘက်ထွက်
သွားတာမြင်လိုက်လဲ အဒေါ်"

"ဘယ်တုံးကလဲ၊ အဒေါ်တော့
သတိမထားလိုက်မိဘူး"

သူ ဆက်စကားမပြောတော့ဘဲ
အဒေါ်ကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။
ဒီရွာက သူမွေးဖွားရာ ဇာတိချက်မြှုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကွဲကွာသွားတာကြာပြီ။ တစ်နှစ်တစ်ခေါက် တစ်ခါတစ်ရံ နှစ်နှစ်၊ သုံးနှစ်လောက်မှ တစ်ခေါက်ရောက်တော့ ဘယ်သူတွေမှန်းလဲ သိပ်မမှတ်မိတော့သလို ရွာမှာနေချိန်ကလည်း ကျောင်းပိတ်ရက်လေးသာ ဖြစ်သည်။

မင်းသူ ငါးတန်းတက်သည့်နှစ်မှာ အဖေက ရွာမှထွက်သည့် မြေပဲ၊ နှမ်းစသည့် သီးနှံတွေ ဝယ်ရောင်းလုပ်ဖို့ မြို့ပြောင်းလာခဲ့သည်။ ရွာက မြို့တက်သည့်ကားမှန်သမျှ ထွက်သည့်သီးနှံကုန်တွေတင်သည့်ကားတွေမို့ လူစီးရတာ ပင်ပန်းသည်။ မြို့ပြောင်းဖို့စီစဉ်သည့် အဖေ့အစီအစဉ်ထဲမှာ မင်းသူစာသင်ရတာ ပိုအဆင်ပြေအောင် ပြောင်းရခြင်းဆိုလည်း မမှားပါ။

ရွာမှာ အလယ်တန်းကျောင်းသာ ရှိပြီး ရှစ်တန်းအောင်လည်း မြို့တက်စားသင်ရမယ့်အတူတူ စောစောပြောင်းတော့ အသားကျတာပေါ့လို့ အဘွားက နှစ်သိမ့်ရင်း အမေ့ကိုတော့ မကြာခဏ ရွာပြန်ခိုင်းသည်။ အမေ့အတွက် ရွာနှင့်မြို့ကို အိမ်ဦးနှင့်ကြမ်းပြင်လို သွားလာနေတတ်သော်လည်း မင်းသူကတော့ အရောက်အပေါက်နည်းသည်။

မြို့တက်လာပြီးကတည်းက မင်းသူလည်း ရွာပြန်ချင်သည်သိပ်မပြောတော့။ မြို့မှာ သူနှင့်အိမ်နီးချင်းကောင်မလေးသုံးယောက်က တစ်တန်းတည်းသားတွေ၊ ကျောင်းတက်လည်း သူတို့နေသည့်ရပ်ကွက်နှင့် မနီးမဝေးကျောင်းကို စက်ဘီးကိုယ်စီနှင့် ပျော်ပျော်ပါးပါးသွားကြသည်။ ထမင်းစားချိန်ရောက်လျှင် ထမင်းချိုင့်ကို သူ့ဟာ၊ ငါ့ဟာမခွဲဘဲ အတူတူစားကြသည်။

သူတို့အထဲမှာ နန်းပို၊ နန်းချိုဆိုသည့် အမွှာညီအစ်မနှစ်ယောက်က အားလုံးထက် ပိုပြည့်စုံပြီး စားစရာရှိလည်း မခွဲခြားတတ်ဘဲ မင်းသူအတွက်၊ သူဇာအတွက်စသည်ဖြင့် သီးခြားပိုထည့်လာတတ်သည်။

တစ်နှစ်တစ်နှစ် ကျောင်းတက်၊ စာကျက်၊ စာမေးပွဲဖြေ၊ အချိန်တွေ ဘယ်လိုကုန်မှန်းမသိကုန်သွားခဲ့သည်။ ကျောင်းပိတ်လည်း သူငယ်ချင်းတွေ သူ့အိမ်ကိုယ့်အိမ် ခွဲခြားမနေကြ။ ကြုံသည့် အိမ်မှာစားကြ၊ နေကြ၊ ပျော်ရွှင်ကြနှင့် ဆယ်တန်းအောင်ကြသည်အထိ တကယ့်မောင်နှမတွေလိုပါ။

သည်လိုနှင့် နန်းပိုက စဖောက်သည်ပြောရမလား၊ မင်းသူကို ခပ်စိမ်းစိမ်းဖြစ်လာသည်။ ဘာဖြစ်လို့လဲမေးပေမယ့် သေချာမဖြေ။ ငါအိပ်မက်တွေညတိုင်းလိုလိုမက်တယ်၊ ကြောက်စရာလည်း ကောင်းတယ်ဟုပြောပြီး ငြိမ်သွားပြန်သည်။

"မင်းသူ၊ နင်ငါတို့နဲ့သီးခြားခွဲနေမှဖြစ်တော့မယ်။ ငါတို့သုံးယောက်ကို အရင်လိုရင်းနှီးချင်ခင်တာတွေ မလုပ်နဲ့တော့"

"ဘာဖြစ်လို့လဲဟာ၊ သေချာပြောပြမှပေါ့။ ဒီလောက်နှစ်တွေကြာအောင် သူငယ်ချင်းဖြစ်လာပြီးမှ ငါ့ကိုခွဲထုတ်လို့ရမလား။ နင်တို့တက္ကသိုလ်ရောက်တာနဲ့ ရည်းစားထားချင်လို့မဟုတ်လား"

"မဟုတ်ပါဘူးဟယ်၊ ငါတို့ကြောင့် နင်နစ်နာမှာစိုးလို့ပါ"

"ဘာဖြစ်လဲ။ ဘာကြောင့်ပဲဖြစ်ဖြစ် ငါနစ်နာတယ်လို့မထင်ဘူး။ နင်တို့နဲ့ ဒီလိုပဲချစ်ချစ်ခင်ခင်နေမယ်။ ဘယ်အချိန်ပဲဖြစ်ဖြစ် မခွဲမခွာသွားလာနေမှာပဲ"

မင်းသူတို့မြို့နှင့် ခုနစ်မိုင်လောက်သာဝေးသော တက္ကသိုလ်တက်ဖို့ အထုပ်အပိုးတွေကို ကားနှင့်တင်ပေးပြီး သူငယ်ချင်းလေးယောက် ဆိုင်ကယ်နှစ်စီးနှင့် အဆောင်မရောက်မချင်း သစ်ပင်အောက်တွေမှာနား၊ ရေကန်ရှိရာနား၊ စားစရာရှိတာ မျှဝေစားသောက်ပြီးမှ သွားစမြဲပါ။

မြို့ကထွက်ပြီး သုံးမိုင်လောက်အရောက်မှာ မြကျွန်းကန်ကို ဖြတ်ရသည်။ ထိုရေကန်ကို နဂါးကန်လို့လည်း ခေါ်ကြသည်။ ကန်အလယ်မှာ စေတီဟောင်းတစ်ဆူရှိသည်။ စေတီဘေးမှာ နဂါးရုပ်တုကြီးကို အဝေးကပင်မြင်ရသည်။

အပျော်စီးလှေလေးတွေ၊ ကန်လယ်က စေတီ၊ ပြီးတော့ ကန်ပေါင်ပေါ်က မန်ကျည်းပင်းအုပ်အုပ်ကြီးတွေကို အမောပြေထိုင်ကြည့်ရင်း နန်းပိုက ထူးဆန်းစွာ စကားစသည်။

"နန်းချိုနဲ့ သူဇာ၊ နင်တို့ ဟိုကန်လယ်ကစေတီလေးဆီ မသွားချင်ဘူးလား"

နန်းချိုက သွက်လက်စွာ -

"သွားချင် တာပေါ့"

ဟု ဖြေသော်လည်း သူဇာက တစ်ခွန်းမှ ပြန်မဖြေဘဲ ဘေးက မင်းသူကို မော့ကြည့်ပြီး မျက်နှာပျက်သွားရှာသည်။ မျက်ရည်တွေဝဲပြီး ခေါင်းခါပြသည်။

"ငါတော့မသွားချင်ပါဘူး"

"ငါတို့ တစ်နေ့နေ့တော့ သွားရအောင်ပါ။ မင်းသူနင်လိုက်မလား"

"ငါ. . . ငါလည်း ဒီကပဲဖူးချင်တယ်။ စိတ်ထဲတစ်မျိုးကြီးပဲ။ မသွားပါနဲ့ နန်းပိုရယ်"

ထို့နေ့ကတော့ နန်းပိုဆန္ဒမပြည့်၊ မှောင်လည်းမှောင်နေပြီမို့ အဆောင်ရှိရာသို့ ဆက်မောင်းလာခဲ့ကြသည်။

"နောင်နှစ်တော့ မဖြစ်မနေသွားမယ်၊ နင်မလိုက်ချင်နေခဲ့"

ဟု ခပ်မာမာပြောသည့် နန်းပိုကို အံ့ဩမိသည်။

သည်လိုနှင့် ပထမနှစ်စာမေးပွဲတိုင် သူငယ်ချင်းတွေ အကုန်အောင်ကြသည်။ နောက်နှစ်မှာတော့ နန်းပိုက အဆောင်ပြောင်းချင်တယ်လို့ စလာသည်။ ဘာကြောင့်လဲမေးတော့ မဆီမဆိုင် အဆောင်ရှေ့က ရေကန်ကြီးကို မကြည့်ရဲလို့တဲ့။

ဒီနှစ်လည်း ပထမနှစ်တုန်းကလိုပင် အထုပ်အပိုးတွေကို ကားဖြင့်တင်ပေးလိုက်ပြီး ဆိုင်ကယ်နှစ်စီးနှင့် သူငယ်ချင်းလေးယောက် ထွက်လာခဲ့ခြင်းပါ။ မင်းသူ သူ့ကတိစကားအတိုင်း ဒီတစ်ခါတော့ မြကျွန်းကန်ကန်ပေါင်မှာ အချိန်အကြာကြီးနားဖြစ်ကြသည်။ နန်းပိုကတော့ ထုံးစံအတိုင်း မင်းသူက မဖြစ်မနေသွားမယ့်ပုံစံဖြင့် ပူဆာပြန်သည်။

"မင်းသူ၊ ငါတို့ဒီကန်ထဲရေဆင်းချိုးရအောင်"

"မလုပ်ပါနဲ့ဟာ၊ ကန်ဘေးမှာနွယ်တွေမြင်လား။ ဘယ်သူရေဆင်းကူးတာမြင်လို့လဲ၊ လှေသာစီးကြတာ ကန်ထဲမှာ မြွေအကြီးကြီးတွေရှိတယ်လို့ ငါကြားဖူးတယ်"

နန်းပိုစကားကို နန်းချိုသာမက သူဇာကပါ ကန့်ကွက်လာတော့ အစီအစဉ်က တစ်မျိုးပြောင်းသွားသည်။

"ကဲပါဟာ၊ နင်ဒီလောက်သွားချင်ရင် ငါတို့စာမေးပွဲဖြေပြီးလို့ အိမ်အပြန် ဒီမှာနားဦးမှာပဲ။ အဲဒီအခါကျငါလှေငှားပြီး လိုက်ပို့ပေးမယ် ကျေနပ်လား"

နန်းပိုပျော်သွားပေမယ့် နန်းချိုက သူဇာကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းခါပြသည်။

"အင်း-ငါတကယ်မသွားချင်တာ ဒါပေမယ့် နန်းပိုက ပြောရမယ်မပြောဘူး။ လိုက်မှဖြစ်မယ်ဆိုတာလည်းလိုက်



www.burmeseclassic.com

www.burmeseclassic.com

...တာပေ့ါဟာ။ အိပ်မက်တွေမကောင်း ...ဘူး"

❖

"အမေ၊ သားကော မင်းသူလေ ...မင်းသူ"

နောက်တစ်ရက် မင်းသူ မိဘနှစ်...လုံး မျက်နှာပျက်ပျက်နှင့် အဘွားစု...မိ အပြေးရောက်လာသည်။ အမေ့ ...သံကြားတော့ မင်းသူ လန့်သွားမိ...သည်။

"ရှိပါတယ် သမီးရယ်၊ နားနား ...နေပြောကြပါ"

လင်မယားနှစ်ယောက် ခရီးပန်း...ကြသော်လည်း အနားမယူနိုင်သေး ...သားဖြစ်သူ ဘာတွေလုပ်နေလဲ သိ...ချင်စွာ အပေါ်ထပ်တက်လိုက်စဉ် မြင်...လိုက်ရတဲ့မြင်ကွင်းကြောင့် စိတ်ဆင်းရဲ...သွားမိသည်။

"ဟော့၊ ဟော့ - နင်တို့မငြိမ်းနဲ့၊ ငါ ...လှည့်"

"xxxx"

"ကဲ - လာပြီနော်၊ လာစမ်း။ ငါး ...ကက်။ တစ်ခါတည်း ငါကိုင်မိရင် နင်တို့ ...တွေ လက်ညှိုးသန်သန်နဲ့တောက် ...ယ်။ နေ့လယ်ဘက် တစ်ရေးအိပ်တာ ...ောင် ဆော့မယ်ကစားမယ်နဲ့။ ဘေးကို ...ယ်ထား ပစ်ပြီ၊ ပစ်ပြီ။ ဟာ-နင်တို့နဂါး ...မပြေနဲ့ ငါကြောက်တယ်ဟ"

စာအုပ်တွေက မင်းသူဘေးမှာ ...တစ်အုပ်ဒီတစ်အုပ် မှောက်တာ ...မှောက် လှန်တာလှန်လို့ပါ။ မြွေကစား...သည့်စာရွက်ကြီးရှေ့မှာချကာ မင်းသူ ...တစ်ယောက်တည်း အန်စာတုံးပစ်ပေါက် ...ဆော့နေသည်။

"ဟဲ့ - သား"

"နဂါးဆိုပေမယ့် မြွေကလည်း ...ကြောက်ပါဘူး ငါမျိုတော့မယ်"

"ဟော့ကောင် မင်းသူ"

အမေ့အသံ၊ အဖေ့အသံကြောင့် ...မင်းသူ မျက်လုံးတွေက ထိတ်လန့်သွား...ကြောင်း သက်သေပြကာ ဘာစကားမှ ...အသံထွက်မလာတော့ဘဲ လက်ဟန်ဖြင့် ...သွားလို့ လုပ်ပြနေတာ မြင်ရပြန်...သည်။

"မင်းဘာလုပ်နေတာလဲ။ အမေ့ ...ခဲ့တော့ အိမ်ပေါ်ထပ်က တရားစာ...တွေ ရှာဖတ်မယ်ဆို။ မနက်ဖြန် ...ဘက်ခါပဲ သင်္ကန်းဆီးမယ့်သူက ...စားနေရသလား။ ကလေးလည်း မဟုတ်ဘဲနဲ့ သိမ်းစမ်းကွာ သိမ်း၊ သိမ်း"

အဖေ့ကိုတော့ မင်းသူ ကြောက်လည်းကြောက်၊ ချစ်လည်းချစ်တာဖြစ်လို့ တစ်ခွန်းမှပြန်မပြောဘဲ စောစောက သူဆော့ထားတာတွေကိုသိမ်းကာ နေရာမှ ထထွက်သွားတော့သည်။

ညနေဘက် သားအဖသုံးယောက် ရွာကျောင်းဘုန်းကြီးရှိရာထွက်ခဲ့သည်။ မင်းသူ ရှင်ပြုသောကျောင်းဖြစ်သလို ကျောင်းထိုင်ဘုန်းကြီးက ဘကြီးဝမ်းကွဲ တော်သည်။ မင်းသူ စိတ်တွေငြိမ်သက်ဖို့ သင်္ကန်းဆီးမှုဖြစ်မည်။

"ဟဲ့ - ခွေးတွေ၊ ခွေးတွေ မောင်းကြပါဦး။ ကျောင်းသားလေးတွေ"

မင်းသူအမေက သူတို့သားအဖကို လှည့်ပတ်ဟောင်နေသောခွေးတွေကို ခြောက်လှန့် အော်ဟစ်နေသော်လည်း ခွေးတွေက ခြောက်မရလှန့်မရနှင့် အုတင်းထိုးဟောင်နေကြသည်။

"ဝုတ် ဝုတ် ဝုတ်"

"အု ဝူး ဝူး"

တချို့ကဟောင်၊ တချို့က ဆွဲဆွဲငင်ငင်အူနေကြတာဆူညံလို့ပါ။အတော်ကြာမှ ဆရာတော်ကျောင်းပေါ်ကဆင်းလာပြီး -

"ဟဲ့ - သွားကြစမ်း၊ ဝေးဝေးနေကြ"

ကျောင်းအောက်မှာ စောစောက ခွေးတွေ လျှာတန်းလန်းချဝပ်နေသော်လည်း တအီအီဖြင့်အသံထွက်နေဆဲပါ။ မင်းသူ ကျောင်းအဝင်ပေါက်ကို ခေါင်းစောင်းကြည့်ပြီး လက်ကလည်းဘာတွေ လုပ်ပြနေမှန်းမသိ။

"ဒကာလေး မင်းသူ"

"ဘုရား"

"လာစမ်း၊ ရှေ့ကိုတိုး။ သင်္ကန်းဆီး မလို့ဆို ဟုတ်လား"



"တင်ပါ့၊ ကျောင်းမဝိတ်သေးပါဘူးဘုရား၊ ဒါပေမယ့်လည်း ဆီးမှုဖြစ်မှာပါ"

"အေးပေ့ါလေ၊ ဒီလိုပဲလုပ်ကြည့်ပေါ့။ တစ်ခုတော့ရှိတယ်နော်၊ ဒကာလေးသင်္ကန်းဆီးပြီးရင် မိဘတွေလည်း မလာကြနဲ့၊ တခြားဘယ်သူတွေမှလဲ မလာစေနဲ့ ဖြစ်ပါ့မလား"

မင်းသူ ဘုန်းဘုန်းစကားကို သေချာနားထောင်နေပြီး ရုတ်တရက် စကားပြန်မဖြေသေးဘဲ ငြိမ်နေသည်။ တော်တော်နှင့်ပြန်မဖြေသေးဘဲ နောက်လှည့်ကြည့်ပြန်သည်။

"မဖြစ်ဘူးလားကွ၊ ဒီလောက်လေးတောင် စဉ်းစားနေတာ"

"တင်ပါ့ဘုရား၊ ဖြစ်ရပါမယ်"

ရွာကျောင်းဆိုသော်လည်း ဘုန်းကြီးက အကြောင်းကိစ္စမရှိဘဲ ရွာထဲသို့ မကြွတတ်သလို ကျောင်းမှာက ဘုန်းကြီးတစ်ပါးကို ကိုရင်လေးနှစ်ပါးနှင့် ကပ္ပိယကြီးတစ်ယောက်သာရှိသည်။

နောက်တစ်နေ့ ရွာထဲအသိမိတ်ဆွေအနည်းငယ်ဖိတ်၊ ဆွမ်းကပ်ပြီးတော့ မင်းသူကို သင်္ကန်းဆီးပေးလိုက်သည်။ မင်းသူ အရိပ်အခြည်ကြည့်ပြီး မိဘနှစ်ပါးစလုံး ကျောင်းအောက်မှာ ထိုင်စောင့်နေကြလို့ ဆရာတော်ကိုယ်တိုင် ကျောင်းအောက်ဆင်းလာသည်။

"မင်းတို့လည်း စိတ်ချလက်ချပြန်ကြ။ အကြောင်းရှိရင် ကိုရင်လေးနဲ့ပြောခိုင်းလိုက်မယ်။ ဒကာကြီးမြို့ပြန်ရင် ဒကာမကြီးက ကျန်ခဲ့မှာမဟုတ်လား"

"တင်ပါ့ဘုရား"

"ရော့- ပရိတ်ကြိုး၊ ခြစည်းရိုးကို ပတ်ပြီး ချည်ထားလိုက် ကြားလား"

❖

မင်းသူကို သင်္ကန်းဆီးပေးပြီး မိဘနှစ်ပါးအား စိတ်အေးအေးနေဟု ဆရာတော်က မှာလိုက်သော်လည်း စိတ်မအေးရသူမှာ ကပ္ပိယကြီး ဦးကြိုင် ဖြစ်သည်။ ဒီကိုရင် တစ်ခုခုမဖြစ်အောင် ကပ္ပိယကြီးက တာဝန်ယူပေးပါလို့ မိန့်သော ဆရာတော့်စကားအတိုင်း -

ကိုရင်ကြီး မာနိတကို သေချာစောင့်ကြည့်ထားလျက် ကျောင်းဝင်းထဲက မထွက်စေနှင့်ဟု မှာထားသည်မို့ ကိုရင်ကြီးဘေးမှာ အိပ်ရာပြောင်းအိပ်ရသည်။

လူကြီးကလည်းဖြစ်ပြန်၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်ပေးထားသည့်တာဝန်ကလည်းရှိနေတော့ ညဘက်တွေ တော်တော်နှင့် အိပ်မပျော်။ မှေးခနဲအိပ်ပျော်မည်ကြံသေး ကျောင်းရှိခွေးတွေက တဝုတ်ဝုတ် တဝူးဝူးနှင့် ဟောင်တာလည်းဟောင် အူတာလည်းအူမို့ နားမခံနိုင်အောင်ဖြစ်ရသည်။

သို့သော်လည်း ဒီအသံတွေက သိပ်မကြာလိုက် ငြိမ်သွားပြန်သည်။ အသံတွေငြိမ်သွားတာနှင့်တစ်ပြိုင်နက် ဘေးက ကိုရင်ကြီးမာနိတ အိပ်နေရာက လူးလဲထကာ ကျောင်းတံခါးဖွင့်ဖို့လုပ်တော့သည်။

"ကိုရင်ကြီးဘယ်ကြွမှာလဲဘုရား"

ဟု နှုတ်က မေးသံနှင့်အတူ ကျောင်းတံခါးပိတ်ရပ်နေသည်။

"အပြင်ခဏထွက်ချင်လို့ပါ ဒကာကြီး"

"မဖြစ်ပါဘူးဘုရား"

"ခဏလေးပါ၊ ပြန်လာပါ့မယ်"

"မဖြစ်လို့ပါဘုရား၊ တပည့်တော်တားမရရင် ဆရာတော်ကို နှိုးရပါလိမ့်မယ်။ တာဝန်ကြီးလို့ပါဘုရား"

ဟု လျှောက်ရတော့သည်။

ဆရာတော်အသံ ကြားတာနှင့် ကိုရင်ကြီးမာနိတအထဲပြန်ဝင်ကာ အိပ်ရာထဲဝင်လှဲနေလိုက်သည်။ အိပ်ဖို့ကြိုးစားလည်း အိပ်မပျော်။ ကျောင်းဝင်းအပြင်ဘက်မှာ သူ့သူငယ်ချင်းတွေ စောင့်နေတာသိသည်။

ကပ္ပိယကြီးဦးကြိုင် အိပ်ပျော်သွားပြီဖြစ်သော်လည်း စိတ်မချစွာ ကျောင်းတံခါးမကြီးကို အတွင်းကသော့ခတ်ထားလိုက်၍ အပြင်ထွက်မရတော့ပါ။

"သူငယ်ချင်း မင်းသူရေ၊ ထွက်ခဲ့လေ။ ငါတို့စောင့်နေတာ"

ကိုရင်ကြီး ပြတင်းပေါက်လေးကိုဖွင့်ကာ ကျောင်းစည်းရိုးအပြင်ဘက်ကို လှမ်းကြည့်နေမိသည်။

ညက လမိုက်ရက်ဖြစ်သလို တောရွာမို့ မီးလည်းမရှိ၊ အမှောင်သည် ပိန်းပိတ်အောင်မှောင်သည့်အခြေအနေဖြစ်သော်လည်း ကိုရင်ကြီးမျက်ဝန်းထဲမှာ သူ့သူငယ်ချင်းတွေကို လှမ်းမြင်နေရသည်။

နန်းပို၊ နန်းချို၊ ပြီးတော့ သူဇာ သုံးယောက်စလုံး အတူရှိနေလျက်ပါ။ သူသာ နန်းပိုကို အလိုလိုက်ပြီး ဒုတိယနှစ်စာမေးပွဲဖြေပြီးအပြန် မြကျွန်းကန်ကို လှေနှင့်လိုက်မပို့ခဲ့ပါလျှင် ခုလိုဖြစ်လိမ့်မည် မထင်ပါ။

ခုတော့ အတိတ်တွေကို ပြန်လှည့်မရသလို သူတို့တွေကို ဘယ်လိုမှဖယ်ထားလို့မဖြစ်။ သူ့နောက်တကောက်ကောက်လိုက်နေခြင်းသည် ခဏလား၊ ထာဝရလား။ သူတို့လာလျှင် ပျော်တာရှိသလို စိတ်ရှုပ်တာလည်းရှိသည်။ မသိစိတ်က ဝမ်းနည်းမိတောင်းပန်မိသည်။

တစ်ယောက်တည်းစကားပြောနေတယ်ဆိုပြီး အရူးဟု သတ်မှတ်ကာ စိတ်ကျန်းမာရေးဆေးရုံကိုပို့ခိုင်းသူတွေလည်းရှိသည်။ သူ့ကို တရားခံလို ကြည့်သူတွေလည်းရှိသည်။

ကျောင်းပြန်တက်ခဲ့သော်လည်း သူ့ကို အပေါင်းအသင်းလုပ်ချင်သူတွေ မရှိကြတော့။ စိတ်ဖောက်ပြီးတစ်ခုခု ထလုပ်လိုက်မလား စိုးရိမ်ကြတာမျိုးလည်းဖြစ်နိုင်သည်။အသုံးမကျတဲ့ကောင်လို့ ကွယ်ရာမှာပြောကြသည်။

ဟုတ်တော့လည်း ဟုတ်သည်။ သူငယ်ချင်းကောင်မလေး သုံးယောက်ကို မြကျွန်းကန်ထိ လှေလှော်ပို့ပေးပြီး ရေလယ်ရောက်မှ တစ်ယောက်ပြီးတစ်ယောက်လှေပေါ်က ခုန်ချနေတာကို အကြောင်းအမြင်မရှိသည့်လူတစ်ယောက်လို ငြိမ်ကြည့်နေခဲ့ခြင်းလေ။

"ငါတို့ ရေဆင်းကူးမယ် မင်းသူ၊ နင်လည်းလိုက်ကူး"

"ဟာ-မလုပ်ပါနဲ့၊ ငါရေကူးမကျွမ်းကျင်ဘူး၊ ကူးတတ်တယ်ဆိုရုံလေးပဲ"

"မကြောက်ပါနဲ့ဟ၊ ပျော်စရာကောင်းပါတယ်။ ဘုရားရောက်တော့မယ်"

"ငါအိမ်ပြန်ချင်သေးတယ်၊ အမေက မျှော်နေမှာ။ နောက်တစ်ခါမှ ရေကူးပါရစေ"

သူဇာက မျက်နှာငယ်နှင့်တောင်းပန်သော်လည်း နန်းပိုက နည်းနည်းမှ အလျှော့ပေးမည့်ပုံမပေါ်ပါ။

"ဆင်းလေဟာ ကြာတယ်၊ ပြီးရင် နန်းချိုဆင်း ဆင်း၊ ဆင်း"

လျှပ်တစ်ပြက်အဖြစ်အပျက်လေးပါ။ လှေပေါ်ထိုင်နေရာမှ သူဇာ ရေထဲလှိမ့်ချဆင်းသွားသည်။ ပြီးတော့ နန်းချို၊ နောက်ဆုံး နန်းပို။ နန်းပို ရေထဲခုန်ချအဆင်းမှာတော့ မင်းသူကို လက်ဆွဲခေါ်ပြန်သည်။

"ဟာ၊ ဟ - မလုပ်ပါနဲ့၊ ငါရေသိပ်မကူးတတ်ဘူး။ ကယ်ကြပါ မလုပ်ပါနဲ့ သူငယ်ချင်းရယ်"

မင်းသူ နန်းပိုလက်က ဆောင့်ရုန်းရင်း သူတို့ဘေးမှာ တက်တစ်ချောင်းနှင့် တဝဲလည်လည်ဖြစ်နေသောလှေကိုလှမ်းဆုပ်ကိုင်လိုက်သည်။ လှေပေါ်မရမက ပြန်တက်ရင်း သူငယ်ချင်းတွေကို အော်ခေါ်လိုက်သည်။

အဖြစ်အပျက်သည် ခဏလေးဆိုသော်လည်း မင်းသူ ရင်တစ်ခုလုံး ကြေ[illegible]အောင် ခံစားလိုက်ရပါသည်။

လှေပေါ်မှ အသာခုန်ဆင်းပြီး ရေ[illegible]ကူးကာ ဘုရားဆီရောက်အောင်သွားမည်ဆိုသော သူငယ်ချင်းသုံးယောက်စလုံး ဘယ်မှာမှ လှုပ်ရှားပေါ်လာခြင်းမရှိတော့။ သူ့အော်သံသာ ဆူညံနေသည်။

ကန်ရေပြင်သည် ပကတိငြိမ်သက်နေလျက်ပါ။ ခပ်ဝေးဝေး[illegible] အပျော်စီးလှေလေး သုံး၊လေးစီးရောက်လာပြီး ရေကူး၊ ရေငုပ်တတ်သူတွေ[illegible] အနီးအနားတစ်ဝိုက်မှာ ဆင်းကြည့်[illegible]သော်လည်း အရိပ်အယောင်ပင်မတွေ့ရတော့ဘဲ သူတို့အပေါ်ဝတ်အင်္ကျီတွေ[illegible]သာ ရေပေါ်ပေါ်လာသည်။

ဒီလှေပေါ်မှ ကောင်မလေးသုံးယောက်ထိုင်နေရာမှ ရေထဲလှိမ့်ဆင်းသွားတာ မြင်လိုက်လို့သာ ယုံရသည်။ တကယ်လား၊ မျက်လုံးမှောက်တာလား ရုတ်တရက် ဘယ်သူမှမသိကြသေးပါ။

သို့သော်လည်း အချိန်တန်လို့အိမ်ပြန်မရောက်သော နန်းပို၊ နန်းချို အမြွှာညီအစ်မနှင့် သူဇာမိဘတွေကတော့ [illegible]မှာလူးပြီး အရူးတစ်ပိုင်းဖြစ်ခဲ့ကြသည်။ ပိုက်ချ၊ ရေငုပ်ရှာသော်လည်း သုံးရက်မြောက်မှာ လက်လျှော့လိုက်ရသည်။

❖

နန်းပို၊ နန်းချိုနှင့် သူဇာတို့သုံးယောက်စလုံး အလောင်းရှာမတွေ့သော်လည်း တစ်လအကြာမှာ စိတ်လျှော့ကာ မိသားစုတွေက သေစာရင်းသွင်းပြီး ဆွမ်းသွတ်တာတွေလုပ်ရတော့သည်။

ခက်တာက မင်းသူအတွက်တော့ သူ့သူငယ်ချင်းတွေတစ်ယောက်မှ မသေသေးသလို ဘယ်သွားသွားပါလာကြ[illegible] သွားရင်းလာရင်း စကားတွေပြောကြ[illegible]သည်။

"ငါတို့မသေသေးပါဘူး။ အခု[illegible]တိုင်း အသက်ရှင်နေတာကို နင်မြင်သား[illegible]ပဲ"

ဘေးကမြင်သူတွေက ရူးသွား[illegible] ဟု သတ်မှတ်ကာ အနားသိပ်မကပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

။ ထမင်းစားတော့လည်း ခါတိုင်း
င် သူငယ်ချင်းတွေအတွက်ပါ ခူးခပ်
ထားသည်။ မင်းသူအမေမြင်တာ
ထိတ်လန့်စွာ တားတော့သည်။

"မလုပ်ကောင်းလုပ်ကောင်း သား
။ သရဲမတွေ့ခေါ် ကျွေးမလို့လား။ ဒီ
တိုင်းဆိုရင် ခက်ပြီ။ ဆေးရုံပို့ရလိမ့်
ထင်တယ်"

"သားမရူးပါဘူး အမေရယ်၊ သား
ငယ်ချင်းတွေက အသက်ရှင်နေတယ်။
တော့ သူတို့နဲ့အတူမလိုက်ခဲ့လို့ စိတ်
နေတယ်။ သားလည်း တစ်ရက်မှ
မအေးရဘူးဗျာ။ တစ်ချိန်လုံးလာ
နေကြတယ်"

ဒီစကားကြောင့် မင်းသူအဖေ
အမေပါလက်မြှောက်ပြီး လုပ်ချင်
လိုလုပ်တော့ဟုသာ ကြည့်နေလိုက်
သည်။

တစ်နေ့မှာတော့ မင်းသူတစ်
ယောက် မျက်နှာမကောင်းစွာ ပွဲရုံလိုက်
သည်။

"သားသက်န်းဆီးချင်တယ်အဖေ"

"ကျောင်းတက်ရဦးမယ်လေသား၊
နောက်တစ်ပတ်ပဲ ကျောင်းသွားရတော့
ကျောင်းပိတ်မှ သင်္ကန်းဝတ်ပေါ့
တ်လား"

အဖေ့စကားလည်း နားမထောင်၊
သင်္ကန်းဆီးမှဖြစ်မယ်ဟု အကြိမ်ကြိမ်
ပြီး ရှာပြန်သွားတော့သည်။ သား
တစ်ယောက်တည်းမို့ ဖြစ်ထွန်းအောင်
စေချင်သော မိဘတွေလည်း ခုချိန်
တော့ ပညာတတ်ဖို့ထက် အသက်
ဖို့သာ စဉ်းစားရတော့မည်။

မိဘနှစ်ပါးသာမဟုတ်၊ ဘွားစုကို
ည်း ကျောင်းလာခွင့်မပေး၊ ဆရာတ
ရင်ကြီး ညကအပြင်ထွက်သေးလား
တိုင်း ကပ္ပိယကြီးက သော့ခတ်ထား
သာ လျှောက်တင်ရသည်။

"ကဲ - ကိုရင်ကြီး၊ တရားထိုင်ရဲ့
"

"တင်ပါ့ဘုရား"

"ဘုန်းဘုန်းပုတီးစိပ်ခိုင်းမယ်၊ ဒီ
ထာလေးရွတ်ဖူးလား"

ဆရာတော်ပေးလာသော စာရွက်
ကိုရင်ကြီး လက်ကမ်းယူရင်း
သေချာဖတ်ကြည့်လိုက်တော့ ရှင်အရဟံ
ပုတီးစိပ်နည်း ဖြစ်သည်။

"သေချာကျက်။ ရပြီးတာနဲ့
တစ်ပုဒ်ဆုံးရင် ပုတီးတစ်လုံးချပြီး
သလောက်စိပ်။ ညအိပ်လို့ အိပ်မပျော်



ရင် စိတ်ထဲကရွတ်။ မပြတ်စေနဲ့ ကြား
လား"

"တင်ပါ့ဘုရား"

ဆရာတော်ပေးသော ပုတီးစိပ်
ဂါထာကို သေချာကျက်မှတ်ပြီး ညနေ
စောင်းတာနှင့် ပုတီးစစိပ်တော့သည်။

ပထမတော့ စိတ်တွေပျံ့ရောက်
သည်ရောက်ဖြစ်လာကာ သူငယ်ချင်း
မလေးတွေနှင့် ပျော်ရွှင်စွာ ကျောင်း
တက်ခဲ့တာတွေ၊ သွားလာခဲ့ကြတာတွေ
ကို မြင်ယောင်လာသည်။ ပြီးတော့
မြစ်ကျွန်းကန်မှာ လှေလှော်ကြတာ မြင်
ယောင်မိတော့ အသားတွေတဆတ်
ဆတ်တုန်လာသည်။

သည့်နောက်မှ စိတ်တွေပြန်စု
စည်းပြီး ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံး
ချကာ စိတ်သွင်းထားလိုက်တော့သည်။
ဘယ်လောက်ကြာသွားလည်း သေချာ
မသိတော့ပါ။ အမှောင်ဘက်ရောက်လာ
ပြီထင်သည်။

မျက်လုံးဖွင့်မကြည့်တော့ဘဲ ပုတီး
တစ်ပတ်ပြီးတစ်ပတ် စိပ်လာခဲ့သည်မှာ
ခြေထောက်တွေကျဉ်တာလည်း မသိ
တော့။

သည်လိုနှင့် တစ်နေ့ပြီးတစ်နေ့
လွန်လာသည်။ ကိုရင်ကြီး ဆွမ်းစား
ခဏနားပြီးတာနှင့် ပုတီးစိပ်လိုက်ကာ
တခြားကိစ္စလုပ်တာပင်နည်းလာသည်။

ထူးခြားသည်က ညဘက်ကျောင်း
အပြင်က ခွေးတွေဘယ်လောက်ဟောင်
ဟောင်၊ ဘယ်လောက်အူအူ မျက်လုံး
ဖွင့်မကြည့်ဘဲ ဂါထာရွတ်၊ ပုတီးစိပ်ခြင်း၌
သာ စိတ်သွင်းထားတော့သည်။

ကပ္ပိယကြီး တစ်ရေးနိုးထကြည့်
လည်း ကိုရင်ကြီးက အထိုင်မပျက်၊
မနက်လင်းချိန်ရောက်မှ ကိုရင်ကြီး အိပ်
ရာဝင်သွားတော့သည်။

"ကဲ - ကိုရင်ကြီး၊ ညဘက်တွေ
အပြင်ကိုထွက်ချင်သေးလား"

"တပည့်တော် ညစဉ်ညတိုင်း
ဘုရားရှိခိုးပြီးတာနဲ့ ပုတီးစိပ်၊ တရားထိုင်
ဖြစ်တော့ အပြင်ထွက်ချင်စိတ်မရှိတော့
ပါဘူး ဘုရား"

"အေး-ဒါပေမယ့် ဒီကိစ္စဒီလောက်
နဲ့ပြီးသေးမှာ မဟုတ်ဘူး။ ကိုရင်ကြီး
တကယ်လို့ နောက်တစ်ခါအပြင်ထွက်
ချင်ရင် သွားခွင့်ပြုတယ်။ အဲဒါနောက်
ဆုံးပဲကွယ့်"

ဆရာတော်မိန့်သော အဓိပ္ပာယ်
နားမလည်သော်လည်း ခေါင်းညိတ်
လျက် အခန်းရှိရာပြန်ခဲ့သည်။

"မနက်ဖြန်ဆို ဆယ့်ရှစ်ရက်ပြည့်
ပြီ။ နှစ်ဆယ့်ခုနစ်ရက်တော့ဝတ်ပါ သား
ရယ်"

ဟု မိခင်က မှာခဲ့တာကြောင့်
ဒီရက်အတွင်း ခဏလေးတောင်
အလဟဿအဖြစ်မခံ။

လမ်းလျှောက်ရင်းလည်း ဆရာ
တော်ပေးသည့်ဂါထာရွတ်၊ ထိုင်နေရင်း
လည်းရွတ်၊ အိပ်မပျော်လည်းရွတ်၊
သေချာမှတ်ထားကာ အခေါက်ရေ
ပေါင်း သိန်းဂဏန်းပြည့်တော့မည်။

ဒီညတော့ ခေါင်းအုံးပေါ် ခေါင်း
တင်တာနှင့် မှေးခနဲအိပ်ပျော်သွားတော့
သည်။

ကိုရင်ကြီးနားထဲမှာ ကြက်တွန်သံ
သဲ့သဲ့ကို ခပ်ဝေးဝေးရွာဆီမှ ကြားရ
သည်။ မျက်လုံးတွေက အိပ်ချင်သေး
သော်လည်း လူကတော့ အိပ်ရာထက်မှ
အသာအယာထထွက်ခဲ့သည်။ လရောင်
က ခပ်မှိန်မှိန်သာလင်းပေမယ့် အရာ
အားလုံး သည်းကွဲစွာမြင်ရသည်။

❖

မနက်စောစော အရုဏ်ဆွမ်းစား
ဖို့ ကိုရင်ကြီးကို သွားလျှောက်သည့် ကပ္ပိ
ယကြီးက အခန်းထဲဝင်လာတော့ အိပ်
ရာထက်မှာ ကိုရင်ကြီးမရှိ။ ဟိုရှာသည်
ရှာလုပ်နေသော ကပ္ပိယကြီးကို ဆရာ
တော်က -

"ညဘက်က တွေ့သေးလား"

"တွေ့ပါတယ်ဘုရား၊ ကိုရင်ကြီး
ကျိန်းနေမှ တပည့်တော် အိပ်ရာဝင်တာ
ပါ"

"အင်း အင်း - ဟုတ်ပြီပေါ့။ သူ



www.burmeseclassic.com

www.burmeseclassic.com

အမေသွားခေါ်လာပြီး လိုက်ရှာ၊ အဓိက တော့ ရွာအပြင် ရေကန်ရှိရာသွားရှာကြ ဟုတ်လား"

ဆရာတော်ကို ဆွမ်းကပ်ပြီးတာနှင့် ဦးကြိုင် ရွာဘက်သုတ်ခြေတင်ခဲ့သည်။

"မကြာညိုရေ၊ ညည်းသားကိုရင်ကြီးပျောက်သွားလို့"

"ရှင်-ဘယ်လိုဖြစ်တာလဲ ဦးကြိုင်ရယ်၊ ပြောပြပါဦး"

ဆရာတော် မိန့်ကြားလိုက်သည့်အတိုင်း ဆည်တော်ကန်ဘက်ဦးတည်လျှောက်လာရင်း မကြာညိုကို ရှင်းပြရသည်။ နှစ်ယောက်သား လာသာလာရသည် စိတ်တွေကတော့ အလေးသား။ ဆည်တော်ကန်တောင် မရောက်သေးမနက်စောစောရေလာခပ်သူတွေ စုဝေးပြီး ဝိုင်းကြည့်နေတာကြောင့် မကြာညိုထိတ်လန့်သွားရှာသည်။

"အမယ်လေး၊ ကျွန်မ ကျွန်မသားလေးပါတော့"

လူအုပ်ထဲ တွန်းဖယ်ပြေးဝင်ပြီး သင်္ကန်းတွေရေစိုနစ်ပြီး ဘေးတစောင်းလဲကျသော သားကိုရင်ကြီးကို ပွေ့ဖက်ငိုနေမိတော့သည်။

"နေဦး၊ မကြာညိုရဲ့။ အသက်ရှူနေသေးတယ်။ ကျောင်းကို မြန်မြန်သယ်ရအောင်။ ရေလှည်းသမားခေါ်မှပေါ့။ လုပ်ကြပါဦးဟေ့"

အသက်ရှူနေသေးသော်လည်း လူကတော့ အသေကောင်ပမာ လှုပ်ရှားမှုမရှိသေးပါ။

ဆရာတော်က အသင့်စောင့်ပြီး သင်္ကန်းလဲ၊ အိပ်ရာထဲနွေးထွေးအောင် သိပ်ပေးထားချိန် လူတွေကလည်း သတင်းစကားကြားပြီး လိုက်လာလိုက်တာ ကျောင်းအောက်ထပ်တစ်ခုလုံး အပြည့်၊ ခွေးတွေလွှတ်ထားသော်လည်း တစ်ကောင်တလေတောင် မဟောင်ကြဘဲ ကျောင်းနှင့်ဝေးသော သစ်ပင်အောက်တွေမှာ အိပ်နေကြသည်။

"ကဲကဲ - ဒကာမကြီး မခင်စုနဲ့ ဒကာမလေး မကြာညိုသာနေခဲ့။ ကျန်တဲ့ဒကာ၊ ဒကာမတွေ ပြန်ကြတော့။ ခုချိန်က ကျောင်းထဲမှာ တိတ်ဆိတ်လေပိုကောင်းလေပဲ။ ဘုန်းဘုန်းမေတ္တာရပ်ခံတာပါ"

ဆရာတော် စကားတစ်ခွန်းကို လေးစားကြသော ရွာသားတွေ သိလိုစိတ်ပြင်းပြနေသော်လည်း အသီးသီးပြန်သွားကြသည်။ သားအမိနှစ်ယောက်စလုံး ဆရာတော်နောက်က လိုက်ခဲ့သည်။ ကိုရင်ကြီးက သူ့အိပ်ရာထက်မှာ ပက်လက်နှင့် ငြိမ်သက်နေဆဲပါ။

"ဒကာမ၊ စိတ်အေးအေးထား။ ကိုရင်ကြီးလက္ခဏာမှာ အခုလိုမကောင်းတဲ့သေခြင်းမျိုးနဲ့သေဖို့ ကံမပါဘူး။ ဒါပေမယ့် သူ့စိတ်ထဲမှာစွဲနေတာရှိတယ်။ သူ့ကြောင့် သူငယ်ချင်းသုံးယောက်စလုံး သေသွားရတာ အပြစ်ရှိတယ်။ တစ်နေ့နေ့လာခေါ် လိမ့်မယ်လို့ပေါ့"

သူ့သူငယ်ချင်းတွေနှင့်တွေ့ဖို့ ရေကန်တွေရှိရာသွားချင်သည်။ ရေကန်တွေ့လျှင် သူလည်း ရေထဲဆင်းသွားရကောင်းမည်ဟု အတွေးက အမြဲတမ်းရှိနေမြဲပါ။

"ဒီနေ့က သူ့သင်္ကန်းဝတ်နဲ့ပြုပြီးတဲ့ကောင်းမှုတွေကြောင့် နောက်ဆုံးအကြိမ်မဖြစ်မနေ သူငယ်ချင်းတွေနဲ့ရေကန်ရှိရာသွားကို သွားရမှာ။ ဒါပေမယ့် သူရေထဲဘယ်လောက်ဆင်းဆင်း တစ်ယောက်ယောက်က ကယ်တင်ပို့ပေးမှာ ဒကာမကြီး၊ သူဘယ်လိုကျင့်စဉ်တွေဝင်ခဲ့လို့ တစ်ချိန်လုံးလိုက်နေတဲ့ ကောင်မလေးတွေ ဆုတ်ခွာသွားလည်း နိုးလာတော့ မေးကြည့်ပေါ့"

ထိုအခိုက် အိပ်ရာထက်က ကိုရင်ကြီး လှုပ်ရှားသံနှင့်အတူ မျက်လုံးဖွင့်ကြည့်တာ မြင်လိုက်ရသည်။

ကိုရင်ကြီး အံ့ဩနေမိသည်။ သူကျောင်းကို ဘယ်လိုပြန်ရောက်နေပါလိမ့်။ ညကတစ်ညလုံး နန်းပို၊ နန်းချိုနှင့် သူဇာတို့ကိုတွေ့သည်။ သူတို့ရေနစ်သေသွားသော မြကျွန်းကန်ထဲကထက် ပိုလှပိုကောင်းသောဝတ်ကောင်းစားလှတွေဝတ်လို့ပါ။ ပြီးတော့ -

"ငါတို့နှင့်ဆိုမလာချင်တော့ဘူး၊ နင်ပဲလာနှုတ်ဆက်" တဲ့။

ပျော်ရွှင်စွာ ရယ်မောရင်း သူ့ကိုလက်ပြနှုတ်ဆက်ပြီး အဖြူရောင်အခိုးငွေ့များ လုံးထွေးပျံထွက်သွားကြသည်။

မိုးလင်းလား၊ မလင်းလား မသိ။ အိပ်ရာက လန့်နိုးတာနှင့် ကျောင်းအောက်ဆင်းပြီး ဆည်တော်ကန်ဘက်လျှောက်ခဲ့သည်။ သူငယ်ချင်းတွေကို အမျှဝေရမည်။ နှုတ်မှလည်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ နာမရူပ အနိစ္စံ ဒုက္ခံ အစချီ သည့် ရှင်အရဟံ ပုတီးစိပ်ဂါထာကို မပြတ်ရွတ်ခဲ့သည်။

လရောင်က ကန်ရေပြင်မှာဖြာကျနေလျက်။ အိပ်မက်ထဲကအတိုင်း သူတို့ကို ကန်ထဲမှာ နဂါးမသွင်နှင့် ပေါ်ပါးလွတ်လပ်စွာ ရေကူးရင်း ကိုရင်ကြီးကို လက်ပြနေကြသည်။

သူတို့ကိုမြင်တော့ ပျော်ရွှင်မိသလိုလို၊ ဝမ်းနည်းသလိုလို။ သူ့ခြေလှမ်းတွေ ရေကန်ရှိရာဦးတည်ကာ ကန်စပ်မှ ရေထဲတဖြည်းဖြည်းဆင်းခဲ့သည်။ နှုတ်ကတော့ ဂါထာကို မပြတ်ရွတ်ဆဲ။

"ငါသေသွားရင် ဒီလိုကောင်းမှုလုပ်ခွင့်မရတော့ဘူး"

ဟု စိတ်က တွေးမိတာလည်းပါသည်။

သူ ရေထဲ တော်တော်ဆင်းမိပြီ ရင်စို့လောက်မြုပ်တော့ ကန်လယ်မှာ သူတို့သုံးယောက်မရှိတော့သလို ကိုရင်ကြီးစိတ်ထဲမှာလည်း ပြန်အသိဝင်လာသည်။

"ဟာ - အုန်းမောင်းတောင်ခေါက်နေပြီ။ ကပ္ပိယကြီးလာရှာတော့မယ်၊ ကျောင်းပြန်မှဖြစ်မှာပါ"

ရုတ်တရက် တစ်ကိုယ်လုံး ရေထဲဆွဲနှစ်သလို ခံစားလိုက်ရပြီး ရေမွန်းလာကာ အသက်မရှူမိအောင် အောင့်ထားဆဲ ဘာမှသတိမရတော့ပါ။

"ကိုရင်ကြီး၊ ကိုရင်ကြီး ကံကြီးလို့မသေတယ်။ ဝမ်းသာလိုက်တာ"

မိခင်ဖြစ်သူ မကြာညို ဝမ်းသာစွာပြောနေဆဲ။

"ဒကာမကြီးတို့နှစ်ယောက် ကိုရင်ကြီးကို ခွင့်လွှတ်ပါ။ ကိုရင်ကြီးလူမထွက်တော့ဘူး။ သင်္ကန်းဝတ်ဘဝနဲ့ တစ်သက်လုံးနေတော့မယ်"

"ဟင်"

နန်းပို၊ နန်းချိုနှင့် သူဇာတို့ ကိုရင်ကြီးကို ပြောလိုက်သည့်စကားက ရင်ထဲမှာ စွဲထင်ကျန်နေမိသည်။ သူတို့သုံးယောက်က မြကျွန်းကန်မှာရှိတဲ့ နဂါးသိုက်ကလာကြတာ။ သူကောင်းမှုကုသိုလ်လုပ်လို့ အမျှဝေတိုင်း သူတို့အားလုံး သာခုခေါ်နိုင်တယ်တဲ့။

အတူသွား၊ အတူလာ ကျောင်းတက်ခဲ့တဲ့ ငယ်သူငယ်ချင်းသံယောဇဉ်ကြောင့် အရွယ်ငယ်ငယ်နှင့် မျက်စိရှေ့မှာ ပျောက်ဆုံးသွားကြသူတွေအတွက် ရဟန်းဘဝနှင့် နေ့စဉ် ကောင်းမှုလုပ်ပေး အမျှဝေပေးဖို့ ဆုံးဖြတ်လိုက်မည့် သူ့စိတ်ကို သူကိုယ်တိုင် တစ်ဘဝလုံး ကျေနပ်နေမှာ သေချာပါသည်။

ခင်မမလင်း (ကဆိုသာ)

www.burmeseclassic.com

ဆရာချမ်းမင်း (LL.B)

# ခြောက်ဘာသာဂုဏ်ထူးရှင်နှင့် လက္ခဏာပညာအမြင်




မှုရင်ဘယ်လက်ပုံစံ




မှုရင်ညာလက်ပုံစံ

သူမကိုကြည့်ရသည်မှာ မာရသွန် ပြေးသမားတစ်ဦး ပန်းဝင်လာတော့ အသွင်ဆောင်လျက်ရှိသည်။ မူလ း‌ကျောင်းသူမှ တက္ကသိုလ်ဝင်တန်း ထိ ပညာရေးအပြေးလမ်းပေါ်တွင် းသွန်ခွန်စိုက် မနားတမ်းပြေးလာခဲ့ ည်မှာ ပန်းတိုင်နှင့် လက်တစ်ကမ်း လိုသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

ကျွန်တော်သည် တတ်သည့် ာမနေသာ ဟူသော စကားကဲ့သို့ တန်းကျောင်းသူဘဝကပင် သူ တ္တဏာနှင့် ဇာတာကို နှစ်စဉ်စစ်ဆေး လပတ်စာမေးပွဲမှသည် အတန်းတင် မေးပွဲအထိ ဆောင်ရန်၊ ရှောင်ရန်တို့ အသိပေးပြီး ယတြာလည်းဆောင် ာ်ပေးလေ့ရှိသည်။ မိသားစုအိမ်တွင်း ားရေးအခြေအနေ လွန်စွာတောင့် င်းခိုင်မာ၍ မိဘမျိုးရိုးဗီဇသည်လည်း တ်ပညာတတ်များ ဖြစ်ကြသည်။ ဘနှစ်ပါးမှာ သဒ္ဓါတရားအား ာင်းကာ အလှူရေစက် လက်နှင့် ွာ လှူဒါန်းလေ့ရှိသည်။ မိခင်ဖြစ်သူ ာ မျက်နှာချိုချို၊ စကားသွက်သွက်၊ ငှာငှာ၊ လူတကာနှင့် သင့်မြတ်စွာ ပေါင်းသင်းတတ်၏။ ဖခင်ဖြစ်သူကား မိခင်နှင့် ဆန့်ကျင်ဘက် စကားအလွန်နည်း၍ ပြုံးခဲရယ်ခဲ၏။ သူသည် သူ့မိခင်နှင့်မတူ။ သူ့ဖခင်နှင့်သွားတူ၏။

"သမီး၊စာမေးပွဲကြီးနီးလာပြီနော်၊ စာကောတော်တော်ကျက်ပြီးပြီလား"

ဟု ကျွန်တော်ကပင် စတင်မေးလိုက်၏။

"ကျက်တော့ကျက်နေတာပဲဆရာ၊ ဒါပေမယ့် အားနည်းပြီး မကြာခဏဖျားနေတယ်"

ဟု မိခင်ဖြစ်သူက ပြောလိုက်သည်။

သူ့မိခင်ပြောမှပင် သူ့မျက်နှာကို သတိထားပြီးကြည့်လိုက်ရာ လွန်စွာပင်ပန်းနွမ်းနယ်နေသည့်ဟန် နှုတ်ခမ်းက ဖြူဖပ်ဖြူရော်၊ မျက်တွင်းကခပ်ကျကျ၊ သို့သော် မျက်တွင်းချောင်နေသည်ကို ဒီဂရီမျက်မှန်က အကာအကွယ်ပေးထား၏။ သူ့မခန္ဓာကိုယ်သည် နဂိုမူလခပ်ပိန်ပိန်၊ ခပ်ချပ်ချပ်။ ယခုအခါတွင်မူ လေတိုက်လျှင်လဲတော့မည့်အသွင်။

"ဆရာဝန်တွေနဲ့ကော ပြကြည့်သေးလား"

"ပြပါတယ် ဆရာ၊ အထွေအထူးတော့ ရောဂါမရှိပါဘူးတဲ့။ ဒါပေမယ့် ကိုယ်ခံအားနည်းနေတဲ့အတွက် မကြာမကြာ အဖျားသွေးဝင်လာတာပဲဆိုပြီး အားဆေးသွင်းပေးပါတယ်။ နောက်ပြီး စားဆေးလည်းပေးပါတယ်"

"ဒေါ်ချိုကတော့ မဟုတ်တာတွေ လုပ်တော့မယ်။ အားဆေးတွေကိုကျွေး၊ အားဆေးသွင်းပြီး နေ့ချင်းညချင်း ဗလတွေ ကြီးသထက်ကြီးလာရင် ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲဆရာ"

"ဘာဖြစ်ရမှာလဲ၊ ခြောက်ဘာသာဂုဏ်ထူးထွက်မယ်လို့ ဟောထားတာ ခြောက်ဘာသာမထွက်ဘဲ ငါးဘာသာပဲထွက်လာရင် ဒေါ်ချို့သမီးက စိတ်ဆိုးပြီး သူ့ဗလကြီးနဲ့ ကျွန်တော့်ကို တိုင်ပေါက်လိုက်ရင်တော့ အခက်ပဲ"

"ဒါများ ဘာခက်တာလိုက်လို့။ သမီးကို ယတြာချေပေးလိုက်ရင် ကျန်းမာရေးအတွက်ရော စာမေးပွဲအတွက်ပါ အဘက်ဘက်က အဆင်ပြေသွားမှာပေါ့။ ဟုတ်တယ်မဟုတ်လား ဆရာ"

ဒေါ်ချို့စကားကို ကျွန်တော် ခွန်းတုံ့ပြန်ခြင်းမပြုဘဲ သူ့သမီးမျက်နှာကို ကြည့်လိုက်ရာ စောစောကပြောလိုက်သောစကားကြောင့် လက္ခဏာဟောခန်းသို့ ဝင်လာစက မျက်နှာအနေအထားမျိုးမဟုတ်တော့ဘဲ ပြုံးပြုံးရွှင်ရွှင်နှင့် ကြည်စင်ဝင်းပလာသည်ကို တွေ့ရ၏။ ဖြူဖွေးသော သွားများပေါ်လာသည်အထိ ပြုံးရယ်လျက်တွေ့ရ၏။

"ဒေါ်ချိုရယ်၊ ယတြာချေလိုက်တိုင်းသာ ခြောက်တာသာဂုဏ်ထူးထွက်မယ်ဆိုရင် ကျောင်းသားမိဘတွေပါ ဗေဒင်ဆရာတွေဆီ ချဉ်းကပ်ပြီး သူတို့သားသမီးတွေကို ယတြာချေတော့မှာပေါ့။ ဒါဆိုရင် တက္ကသိုလ်ဝင်တန်းမှာ ဖြေဆိုသူအားလုံးဟာ ခြောက်ဘာသာဂုဏ်ထူးရှင်တွေပဲထွက်လာတော့မှာပေါ့။

www.burmeseclassic.com

ဟုတ်တယ်မဟုတ်လား သမီးခင်စန္ဒာ"

ဒေါ်ချို့သမီး ခင်စန္ဒာသည် ကျွန်တော့အမေးကိုမဖြေဘဲ ရှေ့ဆက်ကျွန်တော်ပြောမည့် စကားတွေကိုသာ နားစွင့်နေပုံရ၏။

"ဆရာက သမီး ခင်စန္ဒာအတွက် အစွမ်းထက်မြက်တဲ့ယတြာတွေနဲ့ ဘယ်လောက်ပဲ ယတြာချေပေးချေပေး သမီးက စာမကျက်ဘဲ အိပ်ချည်းပဲနေရင် ခြောက်ဘာသာဂုဏ်ထူးမထွက်တဲ့အပြင် စာမေးပွဲတောင်ကျသွားဦးမယ်။ ဆရာပြောတာ မှားများမှားနေမလားမသိဘူး ခင်စန္ဒာ"

"ဆရာ ပြောတာ မမှားပါဘူး။ မှန်ပါတယ်"

"ပညာရေးအတွက် ယတြာချေတယ်ဆိုတာ အရောင်ထွက်လာအောင် အရောင်တင်ပေးခြင်းတစ်မျိုးပဲ။ သမီးနားလည်အောင် ဥပမာပေးရရင် အသားအရေ ဖြူစင်ဝင်းပပြီး ရုပ်ရည်ချောမောလှပတဲ့ အမျိုးသမီးတစ်ဦးရဲ့ မျက်နှာကို နေဗီယာလိမ်းပေးလိုက်ရင် ပိုပြီးလှသွားပေမယ့် အသားမည်းကျုတ်နေတဲ့ ကပ္ပလီမရဲ့မျက်နှာကို နေဗီယာလိမ်းပေးလိုက်ရင်တော့ စောစောက အမျိုးသမီးလောက်တော့ လှလာနိုင်ပါဦးမလား"

"မလှလာနိုင်ပါဘူး ဆရာ၊ ကပ္ပလီဟာ ကပ္ပလီပါပဲ"

"တကယ်တော့ နဂိုရှိမှနကိုင်းထွက်တာ။ ဉာဏ်ရည်ဉာဏ်သွေးအလွန်နိမ့်ကျပြီး ဝီရိယမရှိ အပျင်းထူနေတဲ့ ကျောင်းသူတစ်ဦးကို အင်မတန် အစွမ်းထက်မြက်တဲ့ယတြာတွေနဲ့ချေပေးလည်း ဘာမှထူးခြားလာမှာ မဟုတ်ဘူး။ ကျောင်းသင်ခန်းစာတွေကို နေ့စဉ်မှန်မှန်လေ့ကျင့်သွားမယ်။ နေ့စဉ် အချိန်မှန်မှန် စာကျက်သွားမယ်။ မိမိစိတ်ထဲမှာ မရှင်းလင်းတဲ့မေးခွန်းပုစ္ဆာတွေကို ဆရာ၊ ဆရာမတွေဆီမှာ ထပ်ဆင့်ပြန်လည်သင်ယူသွားမယ်ဆိုရင် စာမေးပွဲအောင်ဖို့ဆိုတာ သိပ်မခဲယဉ်းတော့ဘူး။ သာမန်အဆင့်လောက်ပဲ အောင်ချင်တယ်ဆိုရင်တော့ သာမန်လောက်ပဲ ကြိုးစားပေါ့။ အဲဒီလိုမှမဟုတ်ဘဲ အမှတ်ကောင်းကောင်း၊ အဆင့်မြင့်မြင့်နဲ့ အောင်ချင်တယ်ဆိုရင်တော့ မိမိရဲ့ဝီရိယစွမ်းရည်ကို ပိုမိုမြှင့်တင်ပေးရမယ်။ ပိုမိုအားစိုက်ပေးရမှာပေါ့။ ဆရာပြောတာ ဟုတ်ကော ဟုတ်ရဲ့လား သမီးခင်စန္ဒာ"

"ဟုတ်ပါတယ် ဆရာ၊ ဟုတ်ပါတယ်"

"သမီး၊ လူ့ဘဝမှာ တန်ဖိုးရှိတဲ့ အရာ့မှန်သမျှ ဘာဆိုဘာမှအချောင်ရတာမရှိပါဘူး။ မိမိရင်းနှီးပေးဆပ်နိုင်သလောက် သူနဲ့ထိုက်တန်တဲ့တန်ပြန်အကျိုးသက်ရောက်မှုကို ရပိုင်ခွင့်ရှိလာမှာပဲ။ ငွေတစ်ကျပ်နဲ့ ငါးကြင်းသားစားချင်လို့ ဘယ်ရပါ့မလဲ။ ငါးကြင်းသားစားချင်ရင် ငါးကြင်းသားနဲ့ထိုက်တန်တဲ့အခကြေးငွေကို ပေးရမှာပေါ့။ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်ချင်ရင် ခြောက်ဘာသာဂုဏ်ထူးနဲ့ထိုက်တန်တဲ့ ကြိုးစား အားထုတ်မှု ဝီရိယစွမ်းရည်ကို မြင့်မြင့်မားမား မြှင့်တင်ပေးသွားရမယ်။ ကြိုးစားတယ်ဆိုတဲ့နေရာမှာ ဉာဏ်နဲ့ယှဉ်ပြီး ကြိုးစားသွားဖို့ လိုတယ်။ ဉာဏ်နဲ့ မယှဉ်တဲ့ ကြိုးစားအားထုတ်မှုဟာ ရှေ့တန်းကို တက်လှမ်းဖို့ သိပ်မလွယ်ဘူး။

ဒီနေရာမှာ စကားစပ်လို့ သမီးအတွက် စံပြုအတုယူစရာကောင်းတဲ့ ကမ္ဘာကျော် စာရေးဆရာ နိုဘယ်ဆုရှင် ဟဲမင်းဝေးပြောသွားခဲ့တဲ့ စကားတွေကို ပြန်ပြောပြရဦးမယ်။

ဟဲမင်းဝေးက -

'ငါ့ဘဝမှာ နေထွက်တာကို ငါနေ့တိုင်းကြည့်ခဲ့တာ။ အရုဏ်တက်မှာ အိပ်ရာကထပြီး အရင်ရေးပြီးခဲ့တဲ့စာတွေကို အကုန်ပြန်ဖတ်ပြီး ပြန်တည်းဖြတ်တော့တာပဲ။ ငါရေးခဲ့တဲ့စာတွေကို အကြိမ်ပေါင်းများစွာ ပြန်ဖတ်ပြီး ပြန်ပြင်ရေးခဲ့တဲ့အတွက် ငါ့ဟာဟာ နွားသိုးနဲ့ ယှဉ်ပြိုင်တိုက်ခိုက်သူရဲ့ ဓားသွားလိုထက်နေအောင် ဇာတ်သိမ်းပိုင်းကို စာမူဘဝမှာပဲ (၃၅) ကြိမ် ပြန်ပြင်ရေးခဲ့တယ်။ ပရူဖတ်နေရင်းနဲ့လည်း အကြိမ် (၃၀) ထပ်ပြီး ပြန်ပြင်ရေးခဲ့သေးတယ်။ ဒါကြောင့်မို့ ငါ့အလိုကျ ငါ့စိတ်တိုင်းကျစာတွေထွက်လာတော့တာပဲ' တဲ့။

နိုဘယ်ဆုယူတုန်းက ဟဲမင်းဝေးက -

တကယ့်စာရေးဆရာတစ်ဦးဟာ စာအုပ်တစ်အုပ်ရေးတိုင်း သူ့အတွက် လမ်းစအသစ်တစ်ခုပဲ။ သူမမီနိုင်တာကို မရမက လှမ်းယူတဲ့သဘော ဖြစ်ရမယ်။ သူဟာ အများသူငါမလုပ်ဖူးသေးတဲ့ ဒါမှမဟုတ် စမ်းသပ်လုပ်ကြည့်ပြီး အဆုံးမသတ်ခင် လက်လျှော့ထားလိုက်တဲ့ အလုပ်မျိုးတွေကိုရွေးပြီး လုပ်ရမယ်။ ကျွန်တော်တို့ရှေ့မှာ ဒီလိုတကယ်ကြီးကျယ်တဲ့ စာရေးဆရာကြီးတွေရှိခဲ့တယ်။

စာရေးဆရာဆိုတာ သူသိသွားနိုင် ရောက်နိုင်တာထက် အဝေးကြီးကို ပို့သွားရမယ်။ ဘယ်သူကမှ လိုက်လို့မမီ၊ တားလို့မရနိုင်အောင်ကိုသွားရမှာ ဖြစ်ပါတယ်လို့ ပြောခဲ့တယ်။ သမီးလည်း သမီးသွားနိုင်တာထက် ရောက်နိုင်တာထက် အဝေးကြီးကို ပို့သွားရမယ်။ ဘယ်သူကမှ လိုက်လို့မမီ၊ တားလို့မရနိုင်လောက်အောင် ကြိုးစားသွားရမယ်။ ဒါဆိုရင် သမီးလိုချင်တဲ့ ခြောက်ဘာသာဂုဏ်ထူးဟာ သမီးဦးခေါင်းထက်က သရဖူဆီကို မလွဲမသွေ ရောက်ရှိလာမှာပါပဲ"

ကျွန်တော့်စကား၏ အဆုံးတွင် ခင်စန္ဒာမျက်လုံးအား ဖျတ်ခနဲကြည့်လိုက်ရာ ရောက်လာခါစနှင့်မတူဘဲ ဝင်းလက်တောက်ပလျက်ရှိ၏။ ဖြူဖပ်ဖြူရော်နုတ်ခမ်းသည်လည်း သွေးပြည့်လျှမ်းလျက်။ ငေးငေးငူငူထိုင်နေရာမှ ခပ်မတ်မတ်ထိုင်လာသည်ကို တွေ့ရ၏။

"ဆရာ့သမီးက ဒီထက်ပိုပြီး ကြိုးစားမယ်ဆိုရင်တော့ အရုပ်ကြိုးပြတ်ဖြစ်ပြီး ဖျတ်ခနဲ လဲကျသွားနိုင်တယ်နော်"

ဟု ဒေါ်ချိုက အတန်ကြာ ခပ်မဆိတ်နေရာမှပြောလိုက်သည်။

"ဒေါ်ခင်မာချိုရယ်၊ အိုးကမပူ စလောင်းက ပူနေပြန်ပြီ။ ကဲ - သမီးခင်စန္ဒာကကော ဘယ်သူကမှလိုက်လို့မမီ၊ တားလို့မရနိုင်အောင် ဆက်ပြီးကြိုးစားသွားဦးမယ် မဟုတ်လား"

"ဆရာ ပြောသလို ဒီထက်ပိုပြီး သမီးကြိုးစားသွားပါ့မယ်"

ဟု ခင်စန္ဒာက ပြန်ပြောလိုက်၏။ အသံလှိုင်းတွင် ခွန်အားအပြည့်။

"ဆရာတို့ကတော့ အချိုရှာသကာတွေ့ဆိုသလို အတိုင်အဖောက်တတယ်ညီကြတာကိုး။ ဒီကနေ့ ဆရာ့ဆီလာတာ အရင်ကလို အစွမ်းထက်တဲ့ ယတြာမျိုးလုပ်ပေးဖို့လာပြောတာ။ ဆရာ့ယတြာကလည်းထက်၊ သမီးကလည်း ဆရာပြောသလို ကြိုးစားကျက်မှတ်သွားရင် ဘာလို့သေးလို့လဲ ဆရာ"

"ဘာဆိုဘာမှမလိုတော့ပါဘူးဗျာ။ ဒါပေမယ့် လူလိုမှ နတ်လို၊ နတ်လိုမှ ဗြိဟ်မမှာ။ ဒေါ်ချိုကသာ အပိုတွေလျှောက်လုပ်နေမှာစိုးလို့"

"ဟာ - ဆရာက အတော်ရွှန်းဖောက်တာပဲ။ အပိုတွေကို အရင်ကလည်း မလုပ်ခဲ့ပါဘူးရှင်၊ အခုလည်း မလုပ်ပါဘူး"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

"ကဲ - ဆရာ၊ ခင်စန္ဒာကိုကျောင်းပို့ပေးရဦးမယ်။ သွားဦးမယ်နော်"

www.burmeseclassic.com

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

❖

ယခုဖော်ပြပါ လက်ပုံစံသည် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မခင်စန္ဒာ၏ လက်ပုံစံပင် ဖြစ်သည်။ စုစုပေါင်းရမှတ်သည် ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်ကို နှာတစ်ဖျားခန့်တပ်၍ဝင်ခွင့်ရနိုင်မည့် အမှတ်မျိုးမဟုတ်ဘဲ လွတ်လွတ်ကျွတ်ကျွတ်ဝင်ခွင့်ရနိုင်သည့်အမှတ်ပင် ဖြစ်သည်။

ကျွန်တော်သည် လက္ခဏာဗေဒင်လောသက် အနှစ် (၄၀) ကျော်အတွင်း၌ ခြောက်ဘာသာဂုဏ်ထူးရှင်ပေါင်းများစွာနှင့် ဆုံစည်းခွင့်ရ၍ ဟောပြောရန်အခွင့်အလမ်းများလည်း ရရှိခဲ့သည်။ ထိုလက်ပိုင်ရှင်များကို ဆောင်းပါးရေးရန်အာရုံမရောက်၊ စိတ်ကူးလည်း မရှိ။ သို့သော် ၁၉၉၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမရခဲ့သူ မောင်မျိုးမြင့်၏ လက္ခဏာဝါသနာရှင်များ လေ့လာနိုင်ရန်အတွက် အမှတ် ၁၂၊ ဒီဇင်ဘာလ၊ ၂၀၀၂ ခုနှစ် သူရဋ္ဌမဂ္ဂဇင်းတွင် ရေးသားခဲ့သည်။

ယခုအခါ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မခင်စန္ဒာ၏ လက္ခဏာကို၊ လက္ခဏာဝါသနာရှင်များ၊ စိတ်ဆက်သွစ်လူငယ်များ စံပြုအတုယူနိုင်ရန်အတွက် လက္ခဏာဆောင်းပါးရေးသားလိုက်ရခြင်း ဖြစ်သည်။

မခင်စန္ဒာသည် အရပ်အမောင်းက ခပ်ပျပ်ပျပ်၊ ခန္ဓာကိုယ်က ပါးလှပ်သပ်၊ ဒီဂရီမျက်မှန်နှင့်။ လေပြင်းတိုက်လိုက်လျှင် အရုပ်ကြိုးပြတ်လဲတော့မည့်အန် ထိုရုပ်အသွင်သဏ္ဍာန်ရှိသော ကျောင်းသူလေးသည် တက္ကသိုလ်ဝင်တန်း၌ ခြောက်ဘာသာဖြင့် အောင်မြင်ခဲ့သည်မှာ အံ့အားသင့်စရာ။ စင်စစ်သူမသည် ကမ္ဘာကျော်စာရေးဆရာကြီး ဘာမင်းဝေကဲ့သို့ သူသွားနိုင်ရောက်နိုင်သည်ထက် အဝေးကြီးကို ပို့သွားခဲ့သည်ဟုဆိုက လွန်အံ့မည်မထင်။

မခင်စန္ဒာ၏ ဘယ်၊ ညာလက်ဝါးပြင်ကို ပထမဦးစွာလေ့လာကြည့်သောအခါ ရုပ်တည်လျက် ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ ယင်းအမှတ်လက္ခဏာသည် စေ့စပ်သေချာခြင်း၊ နိုးကြားဖျတ်လတ်ခြင်း၊ စည်းစနစ်ကျနခြင်းနှင့် ဆုတ်မနစ်သောဇွဲဖြင့် စွဲမြဲစွာလုပ်ကိုင်တတ်ခြင်းတို့ကို ဖော်ညွှန်းသည်။ စိတ်စွမ်းရည်မြင့်မား၍ ဉာဏ်နှင့်ယှဉ်ကာ အလုပ်လုပ်လေ့ရှိသည်ကို ဖော်ပြသည်။ ၎င်းအပြင် စိတ်ထိခိုက်ခံစားလွယ်ခြင်း၊ လွန်စွာမှတ်ဉာဏ်ကောင်းခြင်းနှင့် ပညာရပ်ဆိုင်ရာတို့ကို နှစ်ရှည်လများ အစဉ်တစိုက် စူးစမ်းရှာဖွေ သုတေသန လုပ်ကိုင်တတ်ခြင်းတို့ကိုလည်း ညွှန်းဆိုလျက်ရှိသည်။ လက်ချောင်းအတိုင်းအတာအရှည်အလျားနှင့် လက်ဝါးပြင်အရှည်အလျားတို့သည်လည်း တူညီလျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ ထိုအမှတ်အသား (ယင်းကဲ့သို့ တူနေခြင်း) သည် သဘောတရားနှင့် လက်တွေ့တို့ကို ဟန်ချက်ညီစွာ ရုပ်လုံးဖော်တတ်ခြင်းကို ဖော်ညွှန်းသည်။ လက်ညှိုးခေါ် ကြာသပတေးလက်ချောင်း ရှည်လျား ဖြောင့်တန်း အားကောင်းခြင်းသည် ဉာဏ်ပညာထက်မြက်ခြင်း၊ မိမိအသိုင်းအဝိုင်းဝန်းကျင်တွင် ဩဇာညောင်းခြင်း၊ ဦးဆောင်စီမံခန့်ခွဲအုပ်ချုပ်နိုင်ခြင်းနှင့် လိမ္မာပါးနပ်ခြင်းတို့ကို ဖော်ပြသည်။

လက်ခလယ်ခေါ် စနေလက်ချောင်းရှည်လျားဖြောင့်တန်းအားကောင်းခြင်းသည် ဣန္ဒြေသိက္ခာသမာဓိရှိခြင်း၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လိုအင်ဆန္ဒမှန်သမျှတို့ကို မလျှော့သော ဇွဲလုံ့လဝီရိယ မလျှော့တမ်း ပြုလုပ်ဆောင်ရွက်တတ်ခြင်းတို့ကို ညွှန်းဆိုသည်။ ၎င်းအပြင် သည်းခံစိတ်ကြီးမားခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ လေးနက်သော အတွေးအခေါ်ဖြင့် လူ့ဘဝကို ကြည့်မြင်တတ်ခြင်းတို့ကိုလည်း ဖော်ညွှန်းသည်။

ဘယ်၊ ညာလက်ဝါးပြင်ရှိ လက်မရပ်တည်ပုံ အနေအထားတို့ကို ဆက်လက် စိစစ်ကြည့်လိုက်သောအခါ ရှည်လျားဖြောင့်တန်းလျက်ရှိသည်ကို တွေ့ရ၏။ ထို့အပြင် လက်မသည် ခါးမဟုတ်ဘဲ အဆစ်မာကာ ခါးသိမ်လျက်ရှိသည်။ ယင်းအမှတ်လက္ခဏာသည် စိတ်ဓာတ်ခိုင်မာပြတ်သားခြင်း၊ ဇွဲကောင်းခြင်း၊ လိမ္မာပါးနပ်ခြင်း၊ သိပ်သည်းကျစ်လျစ်စွာ နေထိုင်တတ်ခြင်း၊ စည်းစနစ်ရှိခြင်းနှင့် နည်းပရိယာယ်ကြွယ်ဝခြင်း၊ ကာလဒေသပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေထိုင်တတ်ခြင်းတို့ကို ညွှန်းဆိုသည်။

လက်ပုံပန်းသဏ္ဍာန်၊ လက်မနှင့် လက်ချောင်းများရပ်တည်မှုအနေအထားတို့ကို စိစစ်ပြီးသည့်နောက် လက်ဝါးပြင်ရှိ ဂြိုဟ်ခုံတို့ကို ဆက်လက် လေ့လာသောအခါ ဂြိုဟ်ခုံအသီးသီးတို့သည် ကျယ်ပြန့်ပြည့်ဖြိုးအားကောင်းလျက်ရှိသည်ကို တွေ့ရ၏။ လက်ညှိုးအောက်ခြေရှိ ကြာသပတေးဂြိုဟ်ပြည့်ဖြိုးခြင်းသည် ရည်ရွယ်ချက်မြင့်မားခြင်း၊ ရတနာသုံးပါးကို ကိုင်းရှိုင်းခြင်း၊ လူကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ပြောဆိုပြုမူတတ်သည်ကို ဖော်ညွှန်းသည်။

စနေလက်ချောင်းဟု အမည်ရသော လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံ ပြည့်ဖြိုးအားကောင်းခြင်းသည် သည်းခံစိတ်မြင့်မားခြင်း၊ ဇွဲလုံ့လ၊ ဝီရိယကြီးမားခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်းတို့ကို ဖော်ပြသည်။ လက်သန်းအောက်ခြေရှိ ဗုဒ္ဓဟူးဂြိုဟ်အားကောင်းခြင်းသည် သင်ယူမှုအတတ်ပညာထက်ဖြတ်ထိုးဉာဏ်၊ ဇဝနဉာဏ်၊ တီထွင်ဖန်တီးတတ်သောဉာဏ်တို့ကို ပိုမိုထူးချွန်ထက်မြက်နိုင်မည်ကို ဖော်ညွှန်းသည်။ ၎င်းအပြင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာပညာရပ်တို့တွင် လည်းကောင်း၊ ကွန်ပျူတာ၊ ဆေးပညာ၊ အီလက်ထရွန်နစ်ပညာရပ်တို့တွင်လည်းကောင်း ပိုမိုအကျိုးပေးထက်သန်မည်ကို ဖော်ပြသည်။

မခင်စန္ဒာ၏ လက်ပုံပန်းသဏ္ဍာန်၊ လက်မရပ်တည်မှုအနေအထား၊ လက်ချောင်းအသီးသီးတို့၏ ဖွဲ့စည်းမှုနှင့် လက်ဝါးပြင်ရှိ ဂြိုဟ်ခုံအနိမ့်၊ အမြင့်တို့ကို စိစစ် လေ့လာ သုံးသပ်ပြီးသည့်နောက် လက်ဝါးပြင်ရှိလက္ခဏာအရေးအကြောင်းများကို ဆက်လက် လေ့လာကြည့်သောအခါ ဘယ်၊ ညာလက်ဝါးပြင်တွင် သောကြာခါးပတ် (ဝါ) သောကြာခါးစည်း (GIRDLE OF VENUS) ပါရှိသည်ကို တွေ့နိုင်မည် ဖြစ်၏။ အမှတ် (A)

ယင်းသောကြာခါးပတ်လမ်းကြောင်းကို ၁၉၉၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် ပထမဆုရရှိခဲ့သော မောင်မျိုးမြင့်၏ လက်ဝါးပြင်တွင်လည်း ထင်ရှားပြတ်သားသော သောကြာခါးပတ်လမ်းကြောင်းပါရှိနေသည်ကို သူရဋ္ဌမဂ္ဂဇင်းတွင် ဆောင်းပါးရေးသားခဲ့ပြီး ဖြစ်၏။

၎င်းအပြင် သောကြားခါးပတ်နှင့် ပတ်သက်၍ လွန်ခဲ့သော နှစ်ပေါင်း(၃၀) ကျော်ခန့်က ပေဖူးလွှာမဂ္ဂဇင်းတွင် ရေးသားခဲ့ပြီး ဖြစ်သည်။ တစ်ဖန် ထပ်မံ၍ ဖော်ပြလျှင် သောကြာခါးစည်းနှင့် စပ်လျဉ်း၍ လက္ခဏာဝါသနာရှင်နှင့် သုတေသီတို့အတွက် အတန်ငယ် ရှင်းလင်းလိုသည်။ ကမ္ဘာကျော် လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်အသီးသီးတို့သည် သောကြာခါးစည်းနှင့်ပတ်သက်၍ အမြင်အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ နှောင်းခေတ် လက္ခဏာပညာရှင်များကမူ သောကြာခါးစည်းအား အရန်မေတ္တာလမ်းကြောင်းဟု အဆိုအမိန့်ပြုခဲ့ကြသည်။ ၎င်းလမ်းကြောင်းသည် နှလုံးလမ်းကြောင်း (ဝါ) မေတ္တာလမ်းကြောင်း၏အထက်တွင် ရပ်တည်လျက်ရှိခြင်းကြောင့် ချစ်ခြင်းမေတ္တာ၏ အကူအပံ့လမ်းကြောင်းဟု ဆိုခဲ့ခြင်းဖြစ်တန်ရာသည်။

သောကြာခါးစည်း၏သဘာဝမှာ စိတ်တည်ငြိမ်မှုနည်းပါးခြင်း၊ အပြောင်းအလဲမြန်ခြင်း၊ စိတ်ထိခိုက်ခံစားလွယ်ခြင်း၊ အလှအပအသန့်အပြန့်ကို နှစ်သက်ခြင်း၊ ကာမဂုဏ်တွင် အမြင်အာရုံ၊ အကြားအာရုံ၊ အတွေ့အာရုံတို့ဖြင့် ခံစားမွေ့လျော်တတ်ခြင်း၊ စာပေဂီတ အနုပညာတို့တွင် ဝါသနာပါတတ်ခြင်းတို့ပင် ဖြစ်သည်။

◆ လက်ဝါးပြင်၌ သောကြာခါးစည်းပါသူတိုင်း ရုပ်မှက်ပြင်းထန်မည်။ တဏှာရာဂစိတ်ကြီးမားမည်။ ကာမဂုဏ်အာရုံလိုက်စားလွန်းမည်။ ဖျင်းရိလေးတွဲကာ ဇိမ်ခံလေ့ရှိမည်။ အရက်သေစာနှင့် မူးယစ်ဆေးဝါးများနှင့် နှစ်သက်စွဲလမ်းမည်။ လောင်းကစားမှုများတွင် ဝါသနာထုံမည်ဟု တရားသေကောက်ချက်ချ၍ မရချေ။ အကြောင်းမူ အောင်မြင်ကျော်ကြားခဲ့သော၊ ကျော်ကြားဆဲဖြစ်သော အချို့အချို့သော စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် အနုသုခုမပညာရှင်များ၏ လက်ဝါးပြင်တွင် သောကြာခါးစည်းအား ထင်ရှားပြတ်သားစွာ ပါရှိနေသည်ကို တွေ့မြင်နေရခြင်းပင် ဖြစ်သည်။

ဟူ၍ ကျွန်တော် ရေးသားခဲ့ပါသည်။

သောကြာခါးစည်းနှင့်စပ်လျဉ်း၍ ထပ်မံပြန်လည်ဖော်ပြရလျှင် သောကြာခါးပတ် (ဝါ) သောကြာခါးစည်းသည် တိမ်းမူးညွတ်နူးလွယ်သော ဆယ်ကျော်သက်အရွယ်ကဲ့သို့ အမူအကျင့်ရှိသည်ဟု ဆိုရပေမည်။ မိဘအုပ်ထိန်းမှု၊ အသိုင်းအဝိုင်းပတ်ဝန်းကျင်နှင့် အဖော်အပေါင်းမကောင်းက မကောင်းသကဲ့သို့ ပျက်စီးသွားနိုင်ပြီး ကောင်းလျှင်ကောင်းသကဲ့သို့ ဖြစ်ထွန်းနိုင်သည်။

သောကြာခါးစည်း ဟူသော မျိုးစေ့သည် မည်မျှပင် ကောင်းလွန်းစေကာမူ ရေခံမြေခံညံ့ဖျင်းကာ မြေဩဇာချို့တဲ့ပါက (လက်ပုံစံ၊ ဂြိုဟ်ခုံအနိမ့်၊ အမြင့်၊ လက်ချောင်းအနေအထား၊ လက်မရပ်တည်ပုံတို့ကိုဆိုလိုပါသည်။) စိမ်းစိုဝေစည်သောအပင်အဖြစ်သို့ရောက်ရှိလာမည်မဟုတ်ချေ။ ထို့အတူ အပြစ်အနာကင်း၍ ထင်ရှားပြတ်သားသော သောကြာခါးစည်တို့သည် လက်ဝါးပြင်၌ ပါရှိလင့်ကစား ကံကြမ္မာလမ်းကြောင်းနှင့် လက်ပုံစံအနေအထားတို့ သန့်စင်ကောင်းမွန်နေခြင်းမရှိပါက စိတ်ဓာတ်ချို့ယွင်းကာ အကျင့်စာရိတ္တပျက်စီးသွားနိုင်ပေသည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်တို့အား အမှာစကား အထူးပါးလိုသည်မှာ အကြင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လက်ဝါးပြင်၌ သောကြာခါးပတ် (ဝါ) သောကြာခါးစည်းအမှတ်အသားကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်၏ ကိုယ်ကျင့်တရားကို ဆောလျင်စွာ ကောက်ချက်ချရန် မသင့်ပေ။ လက်ပုံစံအမျိုးအစား လက်ချောင်းအနေအထား၊ လက်မရပ်တည်မှု၊ ဂြိုဟ်ခုံအနိမ့်၊ အမြင့်၊ အထူ၊ အပါး၊ ဉာဏ်လမ်းကြောင်းနှင့် အခြားလက္ခဏာအရေးအကြောင်းတို့၏ ဖွဲ့စည်းမှုနှင့် ဆက်နွယ်ပေါင်းစပ်ပြီးမှသာလျှင် သောကြာခါးပတ်၏ အကျိုး၊ အပြစ် သက်ရောက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်သည်။ သို့မှသာလျှင် ထိုလက္ခဏာရှင်အတွက် မှန်ကန်သော ဟောဆိုချက်ကို ရရှိနိုင်မည် ဖြစ်သည်။

ယခု မခင်စန္ဒာ၏ဘယ်၊ညာလက်ဝါးပြင်တွင်ပါရှိသော ခါးပတ်၏ အကျိုးအာနိသင်ကို ဟောချက်မထုတ်မီ ဉာဏ်လမ်းကြောင်းရပ်တည်မှုအနေအထားကို ဆက်လက် စိစစ်လိုက်သောအခါ ဘယ်၊ ညာလက်ဝါးပြင်ရှိ ဉာဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် လွန်စွာ ပူးယှဉ်၍ အစပျိုးထွက်ရှိလာသည်ကို တွေ့ရမည် ဖြစ်သည်။ (အမှတ်-B)

ထိုအမှတ်အသားသည် မိမိကိုယ်မိမိ ယုံကြည်စိတ်နည်းပါးခြင်း၊ စိုးရိမ်စိတ်ကြီးမားခြင်း၊ ဆုံးဖြတ်ချက်မပြတ်သားခြင်း၊ ချီတုံချတုံဖြစ်ခြင်း၊ ဝေခွဲမရခြင်း၊ လိုအပ်သည်ထက် သတိတရားလွန်ကဲခြင်း၊ ပွင့်လင်းမှုမရှိခြင်းနှင့် အရှက်အကြောက်ပိုလွန်းခြင်းတို့ကို ဖွင့်ဆိုညွှန်ပြသည်။

အကယ်၍သာ မခင်စန္ဒာ၏လက်ဝါးပြင်သည် လက်ပုံစံမကောင်းခြင်း၊ လက်မသည် ပျော့ပျောင်း၍ နောက်သို့ကွေးညွတ်လျက်ရှိခြင်း၊ ဂြိုဟ်ခုံများပြားချပ်၍ ဉာဏ်လမ်းကြောင်းအားနည်းခဲ့မည်ဆိုပါက သူမသည် ခြောက်ဘဲသာ ဂုဏ်ထူးဖြင့် အောင်မြင်ရန် မဆိုထား နှင့် စာရေး၊ စာဖတ်တတ်ရန်ပင် လွန် အားထုတ်ရပေလိမ့်မည်။ ထိုဉာဏ်လ ကြောင်းနှင့်သောကြာခါးစည်းတို့ ပေါင်း ဖက်မိပါက စာရိတ္တချို့ယွင်းပေါ့ပျက်တ လူပေါ့ လူသွမ်း လူဖျင်း လူညံ့တစ်ဦး အဖြစ်သို့ ရောက်ရှိသွားမည် ဖြစ်သည်။

သို့သော် အထက်တွင် ဖော် ထားသကဲ့သို့ မခင်စန္ဒာ၏ လက်သ လက်ပုံပန်းသဏ္ဌာန် ကောင်းမွန်ခြ လက်ချောင်းအသီးသီးတို့သည် ရှ လျားဖြောင့်တန်းအားကောင်းလျက် ခြင်း၊ ဂြိုဟ်ခုံများ ပြည့်ဖြိုးမို့မောက်လျ ရှိခြင်း၊ လက်မသည် ရှည်လျားဖြော တန်း၍ အဆစ်မာကာ ခါးသိမ်လျက် ခြင်းတို့ကြောင့် ဉာဏ်လမ်းကြော အစပျိုးထွက်ရှိလာမှု၏ ချို့ယွင်းချ အားနည်းချက်၊ ပျော့ကွက်၊ လစ်ဟာ ချက်မှန်သမျှတို့၏ အပြစ်အနာအ များကို အတန်အသင့်သော် လည် ကောင်း၊ အထိုက်အလျောက်သော် လည်းကောင်းလျော့ပါးသွားစေနိုင်သည်။

ဉာဏ်လမ်းကြောင်းအဆုံးသတ် ကို ဆက်လက် စိစစ်ကြည့်သောအခါ ဘယ်၊ ညာလက်ဝါးပြင်ရှိ ဉာဏ်လ ကြောင်းသည် အသက်လမ်းကြောင်းနှ လွန်စွာပူးယှဉ်၍ အစပျိုးထွက်ရှိလာ အင်္ဂါ(အမ)ဂြိုဟ်ခုံပေါ်တွင် ထင်ရှားပြ သားသော ခက်ရင်းခွသဏ္ဌာန်များဖြ အဆုံးသတ်သွားသည်ကို တွေ့ရှိရမည် ဖြစ်သည်။ (အမှတ် C.D.E.F)

ယင်းအမှတ်လက္ခဏာမှာ ဉာဏ် ရည်ဉာဏ်သွေး လွန်စွာထက်မြက်ခြ မှတ်ဉာဏ်အားလွန်စွာမြင့်မားခြင်းတို့ ဖော်ညွှန်းလျက်ရှိသည်။ ၎င်းအပြင် သ ကြားတွေ့ထိမြင်မိသမျှကို ရေမြှုပ်တုံးအ ရေစုပ်ယူလိုက်သည့်သဖွယ် စေ့စပ်သေ ချာစွာ မှတ်သားနိုင်စွမ်းရှိသည်ကိုလည် ဖော်ပြသည်။

မခင်စန္ဒာသည် မကြာခဏချ ဖျားနာခြင်းမှာ ဘယ်၊ ညာအသက်လ ကြောင်းတွင် ကျွန်းသဏ္ဌာန်အမှတ်အ သားများပါရှိနေသောကြောင့် (အမှ G.H) ပင် ဖြစ်ကြောင်း လက္ခဏာ ဝါသနာရှင်များအတွက် ရေးသားလို ရပါသည်။

ဆရာချင်မင်း (LL.B



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာမလာရင် လူတွေရဲ့စိတ်မှာ မချင့်မရဲဖြစ်ကြသလို ယုတ်မာကောက်ကျစ်သူတွေ ချမ်းသာနေပြန်ရင်လည်း လူတွေရဲ့စိတ်မှာ ဒီကောင် ဒီလောက်ယုတ်ပတ်တာ ချမ်းသာတာ အံ့ဩတယ်ဆိုကြမှာပါပဲ။ ဒါက ပြုခဲ့ဖူးတဲ့ကံတွေကတူမှမတူကြတာကိုး။ ကံရဲ့အသီးအပွင့်တွေကို ပစ္စုပ္ပန်ဘဝမှာ ခံစားကြရခြင်းပါ။

အလွန်တော်ပြီး လူချစ်လူခင်များတဲ့လူတွေ ငယ်ငယ်နဲ့ သေသွားရင် စုတ်တသပ်သပ်နဲ့ နှမြောမဆုံးကြပါဘူး။ ဒါမျိုးတွေ အများအပြားရှိခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းဆိုရင် အသက်ငယ်ငယ်နဲ့သေရတယ်။ ဒီအခါ တစ်တိုင်းပြည်လုံး မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ကြရပါတယ်။ ခုထိလွမ်းဆွတ်နေကြတုန်းပါ။

အသုံးမကျတဲ့ လူယုတ်မာ လူရမ်းကား လူ့အမှိုက်တွေ အသက်ရှည်နေပြန်ရင်လည်း ဒီအမှိုက်ခုထိကိုမသေနိုင်ဘူးကွာလို့တောင် ပြောစမှတ်ပြုအောင် ရွံရှာမုန်းတီးကြပြန်ပါတယ်။

ကျွန်တော် မိုးကုတ်ကျောက်ဖျာမှာ တွင်းတူးသမားဘဝနဲ့ ကျောက်မျက်ရတနာတူးဖော်နေချိန်မှာ လူတိုင်းချစ်ပြီး အလွန်တော်တဲ့ လူပျိုခေါင်း ကိုအုန်းခိုင်ဆုံးပါတယ်။ (၄၁) နှစ်အရွယ်ဆိုတော့ အရွယ်ကောင်းပါ။ အဲဒီလိုဆုံးတော့ အားလုံးက နှမြောတသကြပါတယ်။

အဲဒီမှာ ဘိုးရွှေလှိုင်က -

"လူတွေဟာ ကောင်းကောင်းနေရင်၊ လူချစ်လူခင်များနေရင် အုန်းခိုင်လို အသက်တိုတာ ငါတို့တွေ့ရသကွ။ အင်း - တို့ကျပြန်တော့လည်း မိန်းမကလည်းမုန်း အားလုံးကလည်း မုန်းလို့ ထင်ပါရဲ့၊ ရှည်လိုက်တဲ့အသက်ကွာ။ ကျန်းမာလိုက်တာလည်း ခေါင်းတောင်မခဲဘူးကွ။ အင်း - သူများချစ်အောင် ကောင်းကောင်းမနေခဲ့တာကိုဘဲကျေးဇူးတင်ရမှာပေါ့ကွာ"

လို့ မှတ်မှတ်ရရပြောပြဖူးပါတယ်။

လူဆိုတာ နေချင်လို့လည်း မနေရသလို သေချင်လို့လည်း မသေရပါဘူး။ သူ့သက်တမ်းနဲ့သူ မွေးကတည်းက အားလုံးပါလာပြီးသားပါ။ ပြုခဲ့ဖူးတဲ့ကံကသာ စီမံသွားတာပါပဲ။

ဝိပါက်လို့ခေါ်တဲ့ဝဋ်ဟာ လူတွေတိုင်း အကြီးနဲ့ အသေးသာ ကွာမယ်။ ထင်ရှားတာနဲ့ မထင်ရှားတာဘဲကွာမယ်။ ကြုံဖူးကြတာများပါတယ်။

လောကမှာ အပြစ်အကင်းဆုံး၊ အစင်ကြယ်ဆုံးနေနိုင်တာ ဘုရား၊ ရဟန္တာနဲ့ အရိယာပုဂ္ဂိုလ်များသာ ဖြစ်ပါတယ်။ အဲဒီလို စင်ကြယ်စွာနေလို့ ဝဋ်မခံစားရဘူးလားလို့မေးရင် ပြုခဲ့ဖူးသော မကောင်းမှု အကုသိုလ်ကံကြောင့် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သော်တောင်မှ ပစ္ဆိမဘဝဖြစ်တဲ့အတွက် သံသရာကပြုခဲ့တဲ့ ဝိပါက်တော် (၁၂)ပါးကို လွဲမရှောင်သာဘဲ ခံစားခဲ့ရပါတယ်လို့ ဖြေရမှာပါ။

တန်ခိုးအရာမှာ ဧတဒဂ်ရတော်မူတဲ့ မြတ်စွာဘုရားရဲ့ လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်တောင်မှ ပြုခဲ့တဲ့ အကုသိုလ်ရဲ့ ဝဋ်ကြွေးကို ပြေးမလွတ်ဘဲ ပေးဆပ်ခဲ့ရပါတယ်။ သာဓကတွေ အများကြီးပါ။

ဒီရဲ့ ဝိပါကဝဋ်ကြွေးတွေ ဆိုတာက ကျွန်တော်တို့လို သံသရာခရီးသည် ပုထုဇဉ်တွေအဖို့မှာ ကောင်းအောင်နေသည်ဖြစ်စေ၊ မကောင်းအောင်နေသည်ဖြစ်စေ ပြုခဲ့ဖူးသောကံအလျောက် ရင်ဆိုင်ကြုံတွေ့ရမှာ မလွဲပါဘူး။

လူတွေဆိုတာ ကိုယ်ပြုထားတဲ့ အကုသိုလ်ကံတွေကို သိကြပါတယ်။ ဒါပေမယ့် မသိဟန်ဆောင်နေကြတာပါ။ အဲဒီမကောင်းမှုတွေကို လူ့လောကအလယ်မှာ ဖုံးကွယ်လို့ရပေမယ့် အဲဒီရဲ့ မကောင်းမှုအကျိုးက အရိပ်လိုကပ်ပါနေတာမို့ သံသရာခရီးမှာကျတော့ ဒုက္ခတွေ အမျိုးမျိုးပေးတော့တာပါပဲ။အဲဒီကျမှ ကျောကော့အောင်ခံစားကြရတာ။ ငရဲရှိတယ်၊ ပြိတ္တာရှိတယ်၊ တိရစ္ဆာန်ရှိတယ်၊ အသူရကာယ်ရှိတယ်၊ လူနုံလူဖျင်း ခန္ဓာချို့ယွင်းတဲ့သူတွေရှိတယ်။ အတော်ကြောက်စရာကောင်းတာပါ။

အဲဒီရဲ့ ဝိပါကဝဋ်ဟာ ဒီဘဝမည်မျှကောင်းအောင်နေပါသော်လည်း ပြုခဲ့ဖူးတဲ့ကံက အလှည့်ကျလာတဲ့အခါ မှိုင်းရှူးရတနာမြေမှာ. . .

**ရေခပ်အလှည့်ကျသူ**

"ကျောင်းဆရာ၊ ညနေ လေးနာရီထိုးပြီ။ တက်ကြမယ်"

လို့ အင်ချတ်တာဝန်ကျသူက သတိပေးတာကြောင့် ကျောင်းဆရာဦးတင်ဟန်ဟာ ရိုက်လက်စခဲတွေကို ဒီအတိုင်းထားလိုက်ပြီး တွင်းပစ္စည်းတွေကို အန္တရာယ်ကင်းတဲ့နေရာမှာ စုပုံလိုက်ပါတယ်။ ဂန်း၊ သံချောင်း၊ တူကြီး၊ တူသေး၊ ပေါက်ပြားဆိုတဲ့ပစ္စည်းတွေပါ။

လေးနာရီထိုးပြီလို့ သတိပေးလိုက်တာနဲ့တစ်ပြိုင်နက် ကျောင်းသားတွေက ခေါင်းစားထဲမှထွက်ပြီး အပေါ်ကို အရင်တက်နိုင်အောင် ကျင်းရဲ့စအိုဝမှာသွားပြီးတန်းစီနေကြပါပြီ။ လူတိုင်း အပေါ် အရင်ရောက်ချင်ကြတာ ထုံးစံပါ။

ပေ (၈၀၀) လောက်နက်တဲ့ တွင်းဆိုတော့ စက်ဝင့်ခြင်းစီးပြီး တဖြည်းဖြည်းတက်ကြရတာပါ။ တစ်ခါတက်မှ (၃) ယောက်ပဲ ဝင့်ခြင်းစီးလို့ရပါတယ်။ အားလုံးဟာ ဓာတ်မီးကို ဦးထုပ်မှာ စွပ်ထားပြီး တွင်းနံရံရွှတ်ပျဉ်တွေကိုကြည့်ကာ ခြင်းမလည်အောင် လက်တစ်ဖက်က ရွက်ပျဉ်ပြားတွေကို ကိုင်ပြီးထိန်းရသလို လက်တစ်ဖက်က ခြင်းစတီးကြိုးကို ကိုင်ထားရပါတယ်။ စီးတာက ခြင်းနှုတ်ခမ်းပေါ် နင်းပြီးစီးကြရခြင်းပါ။ ခြင်းထဲဝင်ပြီးစီးတဲ့ဓလေ့မရှိပါဘူး။ ခြင်းက ခဲစာတွေတင်တဲ့အခါမှသာ ခဲစာအိတ်တွေထည့်တာပါ။

တွင်းစအိုဝအလွန်ကနေပြီး လမ်းကြောင်းခွဲထွက်တဲ့ ခေါင်းစား (၅) ခုရှိတာကြောင့် ခေါင်းစား (၅) ခုက အင်ချတ်၊ ကျင်းဆရာ၊ လက်ထောက်ကျင်းဆရာနဲ့ ကျင်းသားတွေဟာ အတော်များပါတယ်။ ကိုယ့်အလှည့်ရောက်အောင် တန်းစီစောင့်ရင်း ဆူညံစွာ စကားပြောဆိုနေကြပါတယ်။

ခေါင်းစား(၅)မှာ နေ့ဆိုင်းတာဝန်ကျတာ ကျင်းဆရာဦးတင်ဟန်နဲ့ လက်ထောက် ရဲဇော်တို့ ဖြစ်ပါတယ်။ အဲဒီမှာ ကျင်းဆရာက သူ့လက်ထောက်ကို -

"ရဲဇော်၊ ဒီနေ့ငါတို့ရေခပ်အလှည့်ကျပြီထင်တယ်"

လို့ မေးပါတယ်။

အဲဒီမှာ ရဲဇော်က ကျင်းချုပ်ကိုလှမ်းမေးပါတယ်။ ကျင်းချုပ်က တရုတ်လူမျိုးပါ။

"ကျင်းချုပ်၊ ဒီနေ့ ကျွန်တော်တို့ ရေခပ်အလှည့်လား"

"အေးလေကွာ၊ မနေ့က(၄)ခေါင်းစားက အောင်မော်တို့ခပ်တယ်လေ၊ ဒီနေ့ မင်းတို့အလှည့်ပေါ့"

"ဟုတ်ကဲ့ - ကျင်းချုပ်၊ ဟုတ်ကဲ့"

ကျင်းဆရာ (၂) ယောက်ဟာ နောက်ဆုံးမှ စိတ်အေးလက်အေးထိုင်စောင့်နေကြပါတယ်။တစ်နာရီနီးပါးကြာမှ လူတွေကုန်သွားပါတော့တယ်။ အဲဒီကျမှ လက်ထောက်ကျင်းဆရာက အပေါ်ကို အော်ပြီးသတိပေးပါတယ်။

"အပေါ် အပေါ် လူကုန်ပြီနော်၊ အံ့ဖုံးတံခါးဖွင့်မယ်။ ခြင်းကိုပြန်ချပါ"



www.burmeseclassic.com

www.burmeseclassic.com

လို့ အော်ပြီး နှစ်ယောက်သား ကျောင်းစအိုဝက အံဖုံးတံခါးကြီးကို အထဲ နှင့်သွင်းလိုက်ပါတယ်။ သော့တံခါးလုပ် ထားတာပါ။ အံဖုံးဆွဲဖွင့်လိုက်တာနဲ့ အောက်ထပ်ခေါင်းစားကိုဆင်းတဲ့ ကျင်း အိုပေါ်လာပါတယ်။ အထက်နဲ့ တစ်ဆက်တည်းပါ။ မျဉ်းဖြောင့်သဏ္ဌာန် အောက်ကြရတာထုံးစံပါ။ မျဉ်းဖြောင့်မှ ဝင့်ခြင်း ရှောရှောရှူရှူတက်တာပါ။

အထက်စအိုခေါင်းစားနဲ့ အောက် အိုခေါင်းစားအနက် အကွာအဝေးက (၁၀)မျှ ရှိပါတယ်။ တဖြန်းဖြန်းနဲ့ကျ တဲ့ ကျောက်စက်ရေတွေကို အဲဒီ အောက်စအိုဝမှာ အိုင်လုပ်ပြီးစုထားပါ တယ်။ ကျင်းတက်ပြီဆိုမှ ဝင့်ခြင်းထဲမှာ ကြီးထည့်ပြီး အပေါ်ကိုခပ်ထုတ်ကြ တာပါ။ အဲဒီလို ခပ်မထုတ်ဘဲထားရင် ကြာရင် ရေတွေပြည့်လာမှာစိုးလို့ပါပဲ။ အောက်စအိုကနေပြီးလည်း ခေါင်းစား (၁၀)လောက် ထိုးထားပါတယ်။ ရေ ချိန်မို့ အောက်မှာမလုပ်ဘဲ အထက် သာလုပ်ကြခြင်းပါ။ ကျင်းက ပေ (၁၀) လောက်မှာ တစ်ထပ်ပေ (၈၃၀) တစ်ထပ်ဆိုတော့ ခေါင်းစားနှစ်ထပ် ထားတဲ့ကျင်းပါ။

"အဟမ်း အဟမ်း အဟမ်း"

ဆိုတဲ့ အပေါ်က ချောင်းဆိုးသံ တွေ အင်တာကွန်းထဲကတစ်ဆင့်ကြား ရပါတယ်။ လူတင်၊လူချကို ဝမ်းဂီယာ ထည့်ပြီး အင်ဂျင်စလိုးမိုးရှင်းနဲ့ဖြည်းဖြည်း အတင်၊အချလုပ်ရတာပါ။ ခဲခြင်း တင်ပြီဆိုရင်တော့ တူးဂီယာထည့်ပြီး တာကို အဆုံးနင်းရတာပါ။ ခြင်းတင် ဟာ တစ်မိနစ်လောက်ပဲကြာမယ်ထင် ပါတယ်။ ဒီအထိ အမြန်တင်ရတာပါ။

ကျင်းကတက်ပြီဆိုတာနဲ့ အားလုံး စီပြီး အပေါ်မှာ တာဝန်ကျတဲ့ လုံခြုံရေးတွေက ကျင်းသား၊ အင်ချတ်၊ ကျင်းဆရာ၊ကျင်းချုပ်ပါမကျန် ကျောက် မခိုး အမြဲစစ်လေ့ရှိပါတယ်။ ဦးစွာ အဝတ်တွေအကုန်ချွတ်ရတယ်။ အဝတ် တွေကို လုံခြုံရေးတစ်ဦးက အသေးစိတ် စစ်ဆေးပါတယ်။ လူကျတော့ ကျောက် ဝှက်လို့ရတဲ့နေရာမှန်သမျှ အကုန်စစ် ဆေးတယ်။ ပါးစပ်ဟပြရတယ်။ ချောင်း ကို ခပ်ပြင်းပြင်းဆိုးပြရတယ်။ ကျောက် ဝှက်လို့ရတဲ့ ကပ်ပယ်အိတ်ကို လှန်ပြရ တယ်။ ဖင်ကုန်းပြီးဖြဲပြရတယ်။ မသင်္ကာ ရင် ဝမ်းချုကြည့်တယ်။ အဲဒီလို စစ်ဆေး တာကို မိုင်းရှူးရတနာမြေမှာ ဖင်ကုန်း ချောင်းဆိုးလို့ ခေါ်တယ်။ ခဲကျင်းတွေ မှန်သမျှ ဒီလိုပဲကျင့်သုံးကြရပါတယ်။ အမှန်ကတော့ ကျောက်မခိုးအောင် ကာကွယ်တဲ့နည်းတစ်နည်းပါ။ မန်နေ ဂျာဆင်းရင် မန်နေဂျာလည်း စစ်တာပါ ပဲ။

တဒုတ်ဒုတ်နဲ့ ကျလာတဲ့ ဝင့်ခြင်း ဟာ တံခါးဖွင့်ထားတဲ့နေရာကို ရောက် တာနဲ့ အထက်မှာ ကြိုးအမှတ်အသား လုပ်ထားတာမို့ တိခနဲရပ်သွားပါတယ်။ ဝင့်ခြင်းထဲမှာ . ရေပုံးကြီးပါလာပါပြီ။ သူတို့နှစ်ဦး ခြင်းနှုတ်ခမ်းပေါ်တက်ဖို့ပြင် ပါတယ်။

"အပေါ် အပေါ်၊ ခြင်းပေါ်တက် မယ်။ ကဲ - ရပြီ၊ ချပါ"

**တွင်းလည်ခြင်း**

"အပေါ် အပေါ်၊ နောက်တစ်ပုံး ဆို ကုန်ပြီနော်၊ ချိတ်"

ရဲဇော် အော်လိုက်တာနဲ့ ခြင်းက လူတင်တာမဟုတ်တဲ့အတွက် ခပ်သွက် သွက်တက်သွားပါတယ်။ ဖြစ်ချင်တော့ လျှပ်တစ်ပြက်အတွင်းမှာပဲ ဘေးမှာ အနည်းငယ်ထွက်နေတဲ့ ရွက်ကာရံထား တဲ့ပျဉ်ချပ်ကို ခြင်းနှုတ်ခမ်းနဲ့ ချိတ်မိပြီး-

"ဖြောင်း ဝရော ဝရော"

ဆိုတဲ့ အသံတွေထွက်လာကာ ပျဉ်ချပ်နဲ့ ခဲတွေဝရော. . . ဝုန်းဝုန်းဆိုပြီး စအိုထဲကို ကျလာပါတယ်။ အဲဒီမှာ အောက်စအိုခေါင်းစားထဲ နောက်ဆုတ် ပြီးနေကြတဲ့ ကျင်းဆရာနှစ်ဦး အလန့် တကြားဖြစ်သွားခဲ့ပါတယ်။

"အပေါ် အပေါ်၊ ခြင်းနဲ့ ရွက်ပြား ချိတ်မိပြီး ရွက်ပြားပြုတ်ထွက်သွားပြီ။ စက်ဆရာဘယ်လိုလုပ်တာလဲ။အောက် မှာလူရှိသေးတယ်လေ။ ဖြည်းဖြည်း မောင်းမှပေါ့ကွ"

လို့ ဒေါသတကြီး အင်တာကွန်း ကနေ အော်ပြောပါတယ်။

"ဟုတ်ကဲ့ ကျင်းဆရာ ဟုတ်ကဲ့။ ကျွန်တော် ပုံမှန်မောင်းတာပါပဲ။ မတော် လို့ ချိတ်မိတာပါ"

ဆိုတဲ့ စက်ဆရာရဲ့အသံကို စက် သံတဒုန်းဒုန်းနဲ့အတူ အင်တာကွန်းက နေ ပြန်ကြားရပါတယ်။ ဝင့်ခြင်းချိတ်သံ တဒုန်းဒုန်းကို ကြားနေရချိန်မှာပဲ။

"ဖြောင်း ဖြောင်း ဖြောင်း ဝရော ဝုန်း"

ဆိုတဲ့ အသံကြီးထွက်ပေါ်လာပြီး ခဲတွေ၊ ပျဉ်တွေ၊ သစ်တွေ၊ ဝါးတွေ စအိုထဲပုံဆင်းလာကာ တွင်းလည်သွား ပါတော့တယ်။ ကျင်းဆရာနှစ်ဦးမှာ ထိတ်လန့်စွာ နောက်ကိုပြေးဆုတ်တာ ကြောင့် ဘာမှမဖြစ်ပေမယ့် သူတို့နှစ်ဦး ကျင်းထဲပိတ်မိသွားပြီဆိုတာ အထိတ် တလန့်သိလိုက်ကြပါတယ်။

ကံကောင်းတာတစ်ခုရှိပါတယ်။ အဲဒါက အောက်စအိုကို ဆက်သွယ် ထားတဲ့ မီးကြိုးမပြတ်တာကြောင့် ထွန်း ထားတဲ့ မီးသီးကလည်း လင်းလျက်ရှိ သလို အင်တာကွန်းထဲက စက်ခုတ်သံ ကိုလည်း ကြားနေရပါတယ်။ အထက်မှ ဆူညံစွာ ပြောဆိုနေကြတာကိုလည်း ကြားနေရပါတယ်။ အဲဒါကြောင့် ရဲဇော် ဟာ အင်တာကွန်းဆီကပ်သွားခဲ့ပါတယ်။ ကျင်းစအိုထဲမှာတော့ ခဲလုံးကြီးတစ်လုံး နဲ့အတူ သစ်တိုသစ်စ၊ ဝါးတိုဝါးစတွေ မြင်မကောင်းအောင် ရှုပ်ပွနေပါတယ်။ ဒါတွေကိုကြည့်ပြီး ရဲဇော်အကြီးအကျယ် တုန်လှုပ်နေပါတယ်။ ပြီးမှ အင်တာကွန်း နားကပ်ပြီး အပေါ်ကို အော်ပါတယ်။

"အပေါ် အပေါ်၊ ကြားလား"

"ကြားတယ် ကြားတယ်၊ အောက် မှာ ဘာဖြစ်ကုန်တာလဲ"

"ဘာဖြစ်ရမှာလဲ။ မင်းအသုံးမကျ လို့ တွင်းလည်ကျပြီး ငါတို့ပိတ်မိနေပြီ။ မန်နေဂျာတွေ၊ ကျင်းချုပ်တွေ၊ ကျင်း ဆရာတွေဆီအကြောင်းကြားပြီးပြီလား။ ငါတို့ကို အမြန်ကယ်ဖို့ပြောလိုက်ဦး"

"အသံတွေ ကြားတာနဲ့ လုံခြုံရေး တွေပြေးခေါ်လို့ အားလုံးဒီမှာရောက် နေပြီ။ အောက်ကအခြေအနေကို ပြော ပြဦး၊ ကျင်းဆရာ၊ မန်နေဂျာချုပ်နဲ့ ပြော လိုက်ပါ"

"ကောင်းပြီ၊ ပြောမယ်"

"ကျင်းဆရာ ဦးတင်ဟန်လား"

"မဟုတ်ပါဘူး၊ ကျွန်တော် လက်ထောက်ကျင်းဆရာ ရဲဇော်ပါ မန်နေဂျာကြီး"

"ဦးတင်ဟန်ကော"

"ရှိပါတယ်၊ ခေါင်းစားထဲမှာထိုင် နေပါတယ်"

"ငါ ဦးတင်ဟန်နဲ့ စကားပြောချင် တယ်"

"ကျင်းဆရာ၊ မန်နေဂျာကြီးက စကားပြောမယ်တဲ့"

ဆိုတဲ့အသံကို အင်တာကွန်းထဲက ကြားရပါတယ်။ အဲဒီမှာ မန်နေဂျာကြီး က အောက်ကို ပြန်ခေါ်ပါတယ်။

"အောက် အောက်၊ ကြားလား"

"ကြားပါတယ် မန်နေဂျာကြီး၊ ကျွန်တော်တင်ဟန်ပါ"

"ကျင်းဆရာ အောက်ရဲ့အခြေ



www.burmeseclassic.com

www.burmeseclassic.com

အနေတင်ပြပါဦး"

"ရေပုံးအတင်မှာ ခြင်းနဲ့ ရွက်ပြားချိတ်မိပြီး ရွက်ပြားပြုတ်ထွက်သွားပါတယ်။ နောက်တော့ အခွေပါလည်ထွက်သွားပြီး တွင်းလည်ကျတာပါပဲ။ ဒီလည်တဲ့နေရာမှာ အခွေစိပ်စိပ်ခွေထားတာပါ။ ကျွန်တော့်အထင်တော့ ထမင်းရည်မုံကြောတည့်တည့်လည်သွားတယ်ထင်တာပဲ။ ကျွန်တော်တို့ရှိတဲ့ စအိုမှာ ခဲကြီးတစ်လုံးကျထားတယ်။ သစ်တိုသစ်စ၊ပျဉ်တိုပျဉ်စတွေလည်းရှိနေတယ်။ မီးကြိုးမပြတ်ဘူး၊ မီးကောင်းတယ်။ အင်တာကွန်းကောင်းတယ်။ အခြေအနေကတော့ ဒါပါပဲ"

"ကျင်းဆရာ ထပ်ပြီးပြိုကျသံတွေကြားသေးလား"

"မကြားတော့ပါဘူး၊ ငြိမ်သွားပါပြီ"

"ကောင်းပါပြီ၊ ဒါဆို ကျွန်တော်တို့ဆင်းကြည့်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ စမယ်။ ကျင်းဆရာတို့ ဘာမှအားမငယ်နဲ့သိလား။ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားကြမယ်။ လက်ထောက်ကျင်းဆရာ ရဲဇော်ကိုလည်း အားပေးလိုက်ပါဦး။ ဘာမှမပူနဲ့၊ ကယ်ဆယ်ရေးကိစ္စတွေ စတင်လုပ်ဆောင်တော့မယ်လို့ ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ မန်နေဂျာကြီး ဟုတ်ကဲ့"

**ကယ်ဆယ်ရေးကိစ္စ**

အရေးပေါ်ကိစ္စကြောင့် တာဝန်ရှိကြတဲ့ မန်နေဂျာချုပ် လက်ထောက်မန်နေဂျာများ ကျင်းချုပ် (၂) ဦးနဲ့ ကျင်းဆရာတွေ ကျင်းဆောင်မှာ စုဝေးရောက်ရှိနေကြပါပြီ။

"ကဲ - အားလုံး အောက်ကပြောတာတွေ ကြားတယ်နော်။ တို့ကျင်းဆင်းလုပ်ငန်းတွေ ရပ်နားထားကြမယ်။ ကျင်းချုပ်နှစ်ယောက်နဲ့ ကျင်းဆရာတစ်ဦးအရင်ဆုံး အခြေအနေဆင်းကြည့်ပါ။ ပြီးရင် အခြေအနေတင်ပြပါ။ အောက်မှာပိတ်မိနေတဲ့ကျင်းဆရာနှစ်ဦးကို အတတ်နိုင်ဆုံး ကယ်တင်ဖို့ ကြိုးစားကြမယ်"

လို့ မန်နေဂျာချုပ်က ပြောလိုက်တာနဲ့ ကျင်းချုပ်နှစ်ယောက်နဲ့ ကျင်းဆရာတွေ အဆောင်ဆီ အမြန်ပြန်ပြီး ကျင်းဝတ်တွေလဲကာ ဓာတ်မီးကိုယ်စီနဲ့ ပြန်ရောက်လာကြပါတယ်။

ကျင်းဆင်းတဲ့အခါ ပုဆိုးနဲ့ မဆင်းရပါဘူး။ ကျင်းဝတ်ဘောင်းဘီနဲ့ အင်္ကျီကို ချပ်ချပ်ရပ်ရပ်နဲ့ ဝတ်ဆင်ပြီး ဆင်းရပါတယ်။ ကျင်းဆင်းသူတိုင်း ဓာတ်မီးပါကြရပါတယ်။ ပုဆိုး၊ အင်္ကျီကိုးရိုးကားရားနဲ့ဆင်းရင် ဘေးက ရွက်ပျဉ်စွန်းတို့၊ ကန်ပြီးထွက်နေတဲ့ သံစွန်းတို့နဲ့ငြိပြီး ပြုတ်ကျတတ်တာကြောင့် ကျင်းဆင်းရင် အထူးဂရုစိုက်ကြရပါတယ်။ ကျင်းဆင်းတယ်ဆိုတာ အသက်စွန့်ပြီးဆင်းကြရခြင်းပါ။ မန်နေဂျာချုပ်နဲ့ မန်နေဂျာများပါ ကျင်းဝတ်တွေလဲပြီးအသင့်ဖြစ်နေကြပါပြီ။

"ကဲ - မင်းတို့သုံးယောက် အရင်ဆင်းကြည့်ကြ။ အောက်မှာ အခြေအနေမကောင်းလို့ အပေါ်ပြန်တက်ချင်ရင် အထက်ကို ဓာတ်မီးနဲ့အချက်ပြ။ ငါတို့စောင့်ကြည့်နေမယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ - မန်နေဂျာကြီး"

"အခြေအနေကောင်းရင်လည်း အကြောင်းကြား။ ငါနဲ့ ကျင်းဆရာတွေ ဆင်းခဲ့မယ်"

"ဟုတ်ကဲ့ - မန်နေဂျာကြီး"

"ကဲ - ဒါဆို ဆင်းကြတော့ကွာ"

လို့ အမိန့်ပေးတာနဲ့ ကျင်းချုပ်နှစ်ဦးနဲ့ ကျင်းဆရာတစ်ဦးဟာ ကျင်းဝမှာရှိတဲ့ ကားတာယာခွေ၊ သံကွင်းကြိုးနဲ့လုပ်ထားတဲ့ ခြင်းနှုတ်ခမ်းပေါ် တစ်ဦးပြီး တစ်ဦးတက်ပါတယ်။ ခြင်းကြီးက တလှုပ်လှုပ်နဲ့ပါ။ စက်ဆရာကလည်း စက်ပေါင်းထိုင်ခုံမှာထိုင်ကာ ချရန်အသင့်အနေအထားပါ။ အားလုံး ခြေမြဲလက်မြဲရှိပြီဆိုမှ ကျင်းဆရာက လက်နဲ့အချက်ပြပါတယ်။ စက်သံတဒုတ်ဒုတ်နဲ့ ခြင်းက တဖြည်းဖြည်းနိမ့်ဆင်းသွားခဲ့ပါပြီ။

ပေ (၈၀၀) နက်တဲ့တွင်းဆင်းလမ်းတစ်လျှောက် ဆက်သွယ်ရေးစက်မရှိပါဘူး။ စအိုရောက်မှ အင်တာကွန်းစကားပြောစက်ရှိတာပါ။ ကြားမှာ အခြေအနေတစ်ခုခုကြုံရင် ဓာတ်မီးနဲ့ အပေါ်ကို အချက်ပြရတာပါ။ကျင်းဆရာနှစ်ယောက်က ကျင်းထဲကို ငုံ့ကြည့်နေကြပါတယ်။ ရင်တထိတ်ထိတ်နဲ့ပါ။ အပေါ်ကိုများ ဓာတ်မီးနဲ့ ပြန်အချက်ပြလေမလားဆိုတဲ့ အသိစိတ်က သူတို့ကိုခြောက်လှန့်နေပါတယ်။ ဒါပေမယ့် ပထမ စအိုဝကြီးမှတ်အထိ ချောချောရှုရှုချပေးနိုင်ခဲ့ပြီး အောက်ကစကားပြောသံတွေထွက်လာကာ -

"အပေါ် အပေါ်၊ ပထမစအိုဝအထိအခြေအနေကောင်းတယ်။ ဒုတိယစအို (၅) ပေလောက်ကနေ အောက်ကိုလည်ဆင်းထားတာတွေ့ရတယ်။ မန်နေဂျာကြီးတို့ ဆင်းကြည့်လို့ရပါပြီ"

လို့ သတင်းပို့ပါတယ်။

ခြင်းအတက်မှာ လူမပါတာမို့ ဂီယာ (၃) နဲ့တင်တဲ့အတွက် ခဏချင်းမှာပဲ ခြင်းရောက်လာကာ မန်နေဂျာကြီးကို ကျင်းဆရာ (၂) ဦးရံပြီး ဆင်းသွားပါတယ်။ ကယ်ဆယ်ရေးကိစ္စအတွက် တာဝန်ရှိတဲ့ အကြီးအကဲတွေအားလုံး ကျင်းထဲဆင်းသွားကြပါပြီ။

**ထမင်းရည်မုံကြော**

အားလုံးဟာ ကျင်းလည်ပြီး ပြိုဆင်းသွားတဲ့ ကလိုင်ကြီးကို ဓာတ်မီးနဲ့ဝိုင်းပြီးထိုးကြည့်နေကြပါတယ်။ ဝေဖန်သံတွေကလည်း အမျိုးမျိုးထွက်နေပါတယ်။ အဲဒီမှာ မန်နေဂျာကြီးက ဟန့်တားပါတယ်။

"ဟေ့ - မင်းတို့ စကားကို အရမ်းမပြောနဲ့။ အင်တာကွန်းကနေ ကြားနေရတယ်။ မျက်မြင်အခြေအနေကို မင်းတို့အားလုံး မြင်ပြီနော်။ လာ - ငါတို့ ဟိုခေါင်းစားဝေးဝေးမှာ သွားဆွေးနွေးကြမယ်"

ဆိုပြီး အင်တာကွန်းနဲ့ဝေးရာမှာ သွားဆွေးနွေးကြပါတယ်။

"ကဲ- ကျင်းချုပ်တွေ၊ တို့ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"မန်နေဂျာ၊ ဒီလည်တဲ့ဝန်းကျင်က ထမင်းရည်မုံကြောဆိုတော့ မလွယ်ဘူးထင်တယ်"

"အေး-ဟုတ်တယ်။ ဒီပထမဆင့်ကနေ ဒုတိယဆင့်ဖောက်ကြည့်တော့ ခဲလှုပ်တိုက်ထမင်းရည်မုံကြောကို သွားတွေ့တယ်။ မုံထွက်ကြမ်းလွန်းလို့ ထမင်းရည်မုံကို ဘယ်ကျင်းဆရာမှ မဖြတ်နိုင်ခဲ့ဘူး။ မိုးကုတ်က ကျင်းဆရာတွေရောက်လာမှ အဲဒီထမင်းရည်မုံကြောကို ခက်ခက်ခဲခဲဖြတ်နိုင်ခဲ့တာ။ အဲဒီဝန်းကျင်မှာ တစ်ပေကို တစ်ခွေနှုန်းနဲ့ ခွေထားရတာ။ အလွန်အန္တရာယ်များတဲ့နေရာပေါ့ပဲ။ အဲဒီထမင်းရည်မုံနဲ့ ခဲလှုပ်တိုက်ဖြတ်ပြီးမှ အောက်ခံ အမာခံကျောက်ကိုရောက်တာ။ အဲဒီထမင်းရည်မုံတိုက်ဟာ ပေ(၂၀)လောက် ရှိမယ်ထင်တယ်။ တို့ အဲဒီ ပေ (၂၀) ကိုဖြတ်ရင် ဘယ်နှရက်လောက်ကြာမယ်ထင်လဲ"

"ဒီလောက်မုံဆိုးတာ ကျွန်တော်တို့ကျင်းဆရာတွေရပါ့မလား"

လို့ ကျင်းချုပ်က ပြန်ထောက်ပါတယ်။ ပြီးတော့ ကျင်းဆရာတွေဆီ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရောက်ပါတယ်။ ကျောင်းဆရာ တုတ်တုတ်မှမလှုပ်ကြပါဘူး။ ထမင်း ရည်မုံဆိုတာ မိုင်းရှူးရတနာမြေမှာ ရှားပါးပါးပါ။ ဒီတစ်တွင်းမှာသာ တွေ့ခြင်းပါ။ မိုးကုတ်မှာကျတော့ တာတားရပ်နားက ဟပ်ဖလား ဆိုတဲ့ တွင်းလုပ်ကွက်ဟာ ထမင်းရည်မုံကြော

ထမင်းရည်မုံ ဆိုတာ သဲမုံနုလေး ရေနဲ့ပျော်ပြီး ထမင်းရည်ပျစ်ပျစ် နဲ့ အမြန်ထွက်လာတတ်လို့ ထမင်း ရည်မုံလို့ တင်စားခေါ်ဝေါ်ခြင်းပါ။ အဲဒီ ထမင်းရည်မုံကို အမြန်တားရပါတယ်။ ကောက်မြက်နဲ့ အလျှင်အမြန်တား တာပါ။ မတားနိုင်ရင်တော့ တွင်းရဲ့ အောက်ဆုံးအခွေလည်ပြီး လူတောင် ပေါ်ရောက်အောင် မတက်နိုင်ဘဲ တွင်းလည်သွားလေ့ရှိပါတယ်။ ဒါဆို တွင်းဆရာ တွင်းပိပြီးသေရတာပါ။ မိုး ကုတ်မှာ ဟပ်ဖလားက ထမင်းရည်မုံကို အောင်လုပ်ပြီး ဖြုန်းရယူနိုင်တယ်ဆို အဲဒီတွင်းဆရာဟာ ဖောက်တွင်း ဆရာမှာ အတော်ဆုံးဖြစ်သွားခဲ့ပါပြီ။ လည်း မိုးကုတ်ကျောင်းဆရာတွေက ထမင်းရည်မုံကြောကိုဖြတ်ကာ အောက် အထိ ခေါင်းစားဖွင့်သွားခြင်းပါပဲ။

"မန်နေဂျာ၊ အခုလက်ရှိ တွင်း ဆရာတွေ မုံကြောမတိုးဖူးကြဘူး ဆို တော့ အဲဒီအရင်က ဖောက်သွားတဲ့ မိုး ကုတ်ကျ ကျောင်းဆရာတွေဆီ အကူအညီ တောင်းရင် ရနိုင်မလား"

"ခက်တာက အဲဒီကျောင်းဆရာတွေ ထွက်သွားကုန်ကြတာ ကြာပြီကွ။ ငါနဲ့ အဆက်အသွယ် လုံးဝမရှိတော့ဘူး။ ဘယ်ရောက်လို့ ဘယ်ပေါက်ကုန်တယ် ဆောင် မသိပါဘူးကွာ ဒုက္ခပါပဲ။ ဒါ ဆက် မင်းတို့ကြိုးစားပြီးပြင်မယ်ဆိုရင် ဘယ်နှရက်လောက်ကြာမယ်ထင်လဲ"

"ကျွန်တော့်အထင်တော့ တစ်လ လောက်တော့ကြာမယ်ထင်တယ် မန်နေ ဂျာ"

"မင်းစိန်ကကော"

"ကျွန်တော်လည်း တစ်လ လောက်တော့ ပြင်ရမယ်ထင်ပါတယ်"

"ဒါဆို ဟိုမောင်ထွေးကကော"

"မခန့်မှန်းနိုင်ပါဘူး မန်နေဂျာ။ အသစ်လုပ်ရတာထက် အဟောင်းပြင် ရတာက အချိန်လည်းပိုကြာတယ်။ အန္တ ရာယ်လည်းကြီးပါတယ်။ အဲဒါကြောင့် ပါ"

"ဟူး - ဒုက္ခပါပဲကွာ။ ဒီပုံအတိုင်း ဆိုရင် အောက်ထဲက ကျောင်းဆရာနှစ် ယောက်တော့ အရှင်လတ်လတ် ဂူသွင်း ခံရသလိုဖြစ်တော့မှာပေါ့။ ဒုက္ခပါပဲကွာ၊ ဒုက္ခပါပဲ"

လို့ မန်နေဂျာကြီး ညည်းတွားနေ ပါတယ်။ အားလုံးကလည်း စိတ်မကောင်း ခြင်းကြီးစွာ သက်ပြင်းတချချရှိနေကြ တာပါပဲ။ လူ့အသက်ဆိုတာ အစာမစား ရရင် လူ့အသက် (၇) ရက်ဆိုတဲ့အတိုင်း (၇) ရက်လောက်ရရင် သေသွားနိုင်ပါ တယ်။ ရေသောက်ပြီး အကြာဆုံးနေနိုင် ရင် (၁၅) ရက်ပေါ့။ တစ်လလောက် ကျောင်းပြင်မှ အောက်ကိုရောက်နိုင်မယ်ဆို တော့ကာ လုံးဝမျှော်လင့်ချက်မရှိတော့ တဲ့အခြေအနေပါ။

**ထမင်းဆာတယ်**

"အပေါ် . . . အပေါ်၊ လုပ်ကြပါ ဦး၊ ကယ်ကြပါဦးဗျာ။ ထမင်းဆာတယ် ဗျ။ ထမင်းဆာတယ် အီးဟီးဟီးဟီး"

အောက်မှာ ပိတ်မိနေတဲ့ ရဲဇော် ရဲ့ ငိုယိုအော်ဟစ် အကူအညီတောင်းသံ က အင်တာကွန်းထဲကနေ ထွက်ပေါ်လို့ လာပါတယ်။ အလုပ်သမားတွေဆိုတာ က ညီအစ်ကိုတွေလိုခင်မင်ကြလေတော့ ဘယ်သူမှ စိတ်မကောင်းနိုင်ကြပါဘူး။ အမှန်တော့ အဲဒီအချိန်ဟာ မန်နေဂျာ ကြီးနဲ့ တာဝန်ရှိသူတွေ အင်တာကွန်းနဲ့ အတော်အလှမ်းဝေးတဲ့ ခေါင်းစားတစ်ခု ထဲမှာ ကယ်ဆယ်ရေးကိစ္စတိုင်ပင်ဆွေး နွေးနေကြတဲ့အချိန်ပေါ့။

ရဲဇော် ဆိုတဲ့ လက်ထောက်ကျောင်း ဆရာဟာ အသက် (၃၀) ဝန်းကျင်ရှိ သေးတဲ့လူငယ်ပါ။ ပျော်ပျော်ရွှင်ရွှင်နေ တတ်တဲ့လူ ဆိုတော့ လူတိုင်းနဲ့ ရင်းနှီး ပါတယ်။ အင်ချုတ်တာဝန်ရှိတဲ့ လင်းကို နဲ့ ကျောင်းသား ကုလားတို့ဆိုတာ အလွန် ရင်းနှီးပြီး အပြင်ကိုထွက်ခွင့်ရတဲ့နေ့ဖြစ် တဲ့ ဥပုသ်နေ့တိုင်း (၃) ယောက် မခွဲ တတွဲတွဲနေကြတဲ့ သူငယ်ချင်းများပါ။

ကျောင်းဆရာ ဦးတင်ဟန်ကျတော့ လူတိုင်းက လေးစားကြပါတယ်။ သူက လူပျိုကြီးဖြစ်ပြီး မိခင်အိုကြီးကို လုပ်ကိုင် ကျွေးနေသူပါ။ ရတဲ့ပိုက်ဆံကို မိခင်ကြီး ဆီ အမြဲပို့ပါတယ်။ ဘုရားတရားကြည် ညိုပြီး အားရင် တရားထိုင်နေတတ်တဲ့ လူမို့ သူ့ကို အများက လေးစားခြင်းပါ။

ဦးတင်ဟန်ဟာ အလုပ်ကိုရိုးသား စွာနဲ့ ကြိုးစားပါတယ်။ စကားကိုအပျော် အပြက်ပြောလေ့မရှိဘဲ တည်တည်ကြည် ကြည်ပြောတတ်တာကြောင့် ဘယ်သူက မှ သူ့ကို စကားပေါ့မပြောရဲကြပါဘူး။ လေးလေးစားစား ဆက်ဆံကြပါတယ်။ သူဟာ အညာသားဖြစ်တာကြောင့် ညိုညို၊ ထောင်ထောင်မောင်းမောင်းပါ။ ဆေးလိပ်တော့ အတော်ကြိုက်ပါတယ်။

"ထမင်းဆာတယ်ဗျို့၊ ထမင်းဆာ တယ်။ လုပ်ကြပါဦး"

ဆိုတဲ့ အော်သံ ထပ်ပေါ်လာပြန် ပါတယ်။ အဲဒီမှာ အင်ချုတ် လင်းကိုက အင်တာကွန်းနားကပ်ပြီးပြောပါတယ်။

"ဟေ့ - ရဲဇော်၊ ငါလင်းကိုပါကွ။ ငါနဲ့ ကုလား အောက်ထဲ အခြေအနေ ဆင်းကြည့်ပြီး တတ်နိုင်သမျှ ကူညီပေး မယ်။ ဘာမှအားမငယ်နဲ့ ဟေ့ကောင် သိလား"

"လင်းကိုရာ၊ ဒီအချိန် ငါတို့ထမင်း စားချိန်ကွ၊ ဆာလိုက်တာကွာ အီးဟီး ဟီး။ ငါတို့နှစ်ယောက်တော့ အရှင်လတ် လတ် ငတ်ပြီးသေရတော့မယ် ထင်ပါ တယ်ကွာ။ အီးဟီးဟီးဟီး - လုပ်ပါဦး သူငယ်ချင်းရာ"

"အေးကွာ အေးအေး၊ ငါတို့ လည်း ခုပဲဆင်းခဲ့မယ်။ စိတ်ခိုင်ခိုင်ထား ကွ ရဲဇော်ရ။ ဒါထက် ဟေ့ကောင် ကျောင်း ဆရာဦးတင်ဟန်ကော အသံမကြားပါ လားကွ"

"ဟိုခေါင်းစားထိပ်ဘက်မှာ တရား ထိုင်နေတယ်ကွ"

"သွပ်သွပ်သွပ်- ဖြစ်မှဖြစ်ရတယ် ကွာ။ ကဲ - ငါနဲ့ ကုလား ဆင်းခဲ့မယ်။ အောက်ဆင့်ရောက်မှ စကားပြောမယ် ဟုတ်လား"

"အေးအေး - ကူညီပါဦး သူငယ် ချင်းရာ"

လို့ ဆက်သွယ်ပြောဆိုပြီး အင်ချုတ်လင်းကိုနဲ့ ကုလားတို့ ဆင်းခဲ့ကြ ပါတယ်။ လင်းကိုတို့ရောက်တဲ့အခါ မန်နေဂျာနဲ့အဖွဲ့လည်း ကျောင်းစအိုနား ပြန်ရောက်လာခဲ့ကြပါပြီ။

"ရဲဇော်၊ ရဲဇော်"

"ကြားတယ် လင်းကို၊ ကြားတယ်"

"ဘာမှစိတ်အားမငယ်နဲ့နော်။ ငါ တို့ ကြံကြည့်ဖန်ကြည့်ဦးမယ်"

"အေးအေး - လုပ်ပါကွာ။ ဒီမှာ ထမင်းဆာလှပြီကွ"

"စိတ်ချ ဟေ့ကောင်၊ ငါတို့ တစ်ခုခုဖြစ်အောင်လုပ်မယ်"

လို့ပြောပြီး လင်းကိုက မန်နေဂျာ ကို ခွင့်တောင်းပါတယ်။

"မန်နေဂျာ၊ ဟိုအောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဆင်းကြည့်ချင်တယ်။ အပေါက်ရှိရင် စားစရာချပေးချင်တယ်"

"ဟော့ - လင်းကို၊ ဖြစ်ပါ့မလားကွ။ မင်းတို့ပါ ထိခိုက်နေလို့ တစ်ပူပေါ် နှစ်ပူဆင့်နေပါဦးမယ်"

"ဖြစ်ပါတယ်၊ အနေအထားက ငြိမ်နေပါပြီ။ အောက်ကိုဆင်းကြည့်ဖို့ ကြိုးတစ်ချောင်းလိုပါတယ်။ ကျွန်တော် ကြိုးနဲ့ဆင်းကြည့်ပြီး အပေါက်ရှာကြည့်ချင်တယ်"

"ဒါဆို ကျင်းချုပ် အပေါ်ကိုမှာလိုက်။ နိုင်လွန်ကြိုးခွေက ကြိုးပေ (၃၀) လောက်ဖြတ်ပြီး အောက်ကိုချပေးလို့ မှာလိုက်။ လိုက်ကြိုးလုပ်တဲ့ သုံးမတ်လုံးကြိုးနော်။ အမြန်ချပေးလို့ ပြောလိုက်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆိုပြီး ကျင်းချုပ်က အပေါ်ကမှာပါတယ်။ အတန်ကြာတဲ့အခါ-

"အောက် အောက်၊ ကြိုးချပေးမယ်။ လာပြီ"

ဆိုပြီး ခြင်းနဲ့အမြန်ချပေးပါတယ်။ အဲဒီမှာ ကြိုးကို လှေကားသဖွယ် ဖုထုံးတွေ ထုံးပါတယ်။ ခြေမနဲ့ညှပ်နိုင်အောင် လက်နဲ့ဆုပ်ကိုင်နိုင်အောင်လို့ပါ။ ပြီးမှ အဝင်ခေါင်းစားတိုင်မှာချည်ပြီး အောက်ကိုချပါတယ်။ လင်းကိုနဲ့ ကုလားအပြင် ထရုတ်ကျင်းချုပ်ကပါ လိုက်ဆင်းပြီး အောက်ထဲ အခြေအနေကို ကြည့်ပါတယ်။ အထက်နဲ့အောက် သိပ်မဝေးလှပါဘူး။

"ရဲဇော်ရေ ရဲဇော်၊ ငါလင်းကိုပါ။ ငါ့အသံကြားလား ဟေ့ကောင်"

"အေး- ကြားတယ် လင်းကို၊ ကြားတယ်"

"အေး- ငါတို့အပေါက်ရှာနေတာ လက်တစ်အုပ်လောက်အပေါက်တော့ တွေ့တယ်။ ငါတို့ခတ်မီးရောင် မြင်ရလား"

"အေးကွ၊ နည်းနည်းမြင်ရတယ်"

"ဒါဆို အိုကေပဲကွ။ ငါတို့ လောလောဆယ် ပိုက်ထိုးထည့်ကြည့်မယ်။ ပိုက်ဝင်နိုင်ရင် အဆင်ပြေပြီ။ ကဲ- ရဲဇော်၊ နောက်ဆုတ်ပြီးနေတော့။ ငါတို့ ကြံဦးမယ်"

ဆိုပြီး အပေါ်ကို ငါးမူးကော်ပိုက် (၄) လုံးမှာပါတယ်။ ပိုက်ဆက်လည်းမှာပါတယ်။ ပိုက်က တစ်လုံးကို (၁၀) ပေပါ။ ပထမပိုက်တစ်လုံးထိုးသွင်းပါတယ်။ ပိုက်ဆုံးတော့ ထပ်ဆက်ပြီး ထိုးထည့်ပြန်ပါတယ်။ ပိုက် (၃) လုံးကျော်ကျော်မှာ အောက်ကိုရောက်ပါတယ်။

"ရဲဇော်ရေ ပိုက်ရောက်ပြီလား"

"အေး - ရောက်ပြီ၊ အောက်ရောက်လွန်းတယ်။ အပေါ်ကို နည်းနည်း ပြန်ဆွဲဦး"

"အေးအေး"

လင်းကိုနဲ့ ကုလားဟာ သူတို့ သူငယ်ချင်းကို ကူညီရလို့ ချွေးတလုံးလုံးနဲ့ မောလို့မောရမှန်းမသိပါဘူး။ ကိုယ်ဖြစ်ချင်တာဖြစ်ရလို့ ပျော်နေကြတာပါ။

**ပြောင်းမစ်တိုက်ကျွေးခြင်း**

ငါးမူးကော်ပိုက်လေးမှာ ပလတ်စတစ်ကတော့လေးတပ်လိုက်ပါတယ်။ ပြီးမှ ပြောင်းမစ်ဖျော်ကာ ခပ်နွေးနွေးပြုပြီး အောက်ကို လောင်းချပေးကာ အစာကျွေးခြင်းကိုပြုပါတယ်။ ပထမစအိုးနဲ့ ဒုတိယစအိုးဟာ ပေ (၃၀) သာ ဝေးတာမို့ အဆင်ပြေခြင်းပါပဲ။

ကျင်းဆရာ ဦးတင်ဟန်ကတော့ စကားများများပြောခြင်းမရှိဘဲ ပိုက်ဝမှာ ပြောင်းမစ်အနည်းငယ်သာ လာစားပါတယ်။ စားပြီးတာနဲ့ ခေါင်းစားထဲသွားပြီး တရားသွားထိုင်နေတယ်လို့ ရဲဇော် ပြောပြလို့ သိရပါတယ်။

ရဲဇော် ဆိုတာက လူငယ်ဖြစ်ပြီး ပျော်ပျော်နေတတ်တာကြောင့် ခုလို အဖြစ်ဆိုးနဲ့ကြုံရတာ မအံ့သြကြပေမယ့် ကောင်းမွန်စွာနေပြီး မိခင်ကြီးကို လုပ်ကျွေးနေတဲ့ တရားသမား ဦးတင်ဟန် ခုလိုဖြစ်ရတာကျတော့ မအံ့သြဘဲ မနေနိုင်ကြပါဘူး။

အမှန်တော့ သတ္တဝါတွေတိုင်းမှာ အတိတ်ရဲ့ အကြောင်းတရား ဆိုတာ ပါလာကြပါတယ်။ အဲဒီအတိတ်ရဲ့ အကြောင်းကံကြောင့် ယခုဘဝမှာ လူလာဖြစ်တယ်။ ဒါက ကောင်းတဲ့ကံကြောင့် လူဖြစ်တာပါ။ ဒါပေမယ့် မကောင်းတဲ့အမှုပြုခဲ့ဖူးရင် အဲဒီအတိတ်ရဲ့ကံက အရိပ်လိုလိုက်လာပြီး ခုလို မကောင်းကျိုးလည်း ပေးတတ်တာပါပဲ။ ဦးတင်ဟန်ဟာ လက်ရှိမှာ ကောင်းအောင်နေပေမယ့် အတိတ်ရဲ့အရိပ်မည်းက အချိန်သင့်ပြီမို့ ခုလိုဒုက္ခပေးခြင်းပါပဲ။ တစ်ဦးတည်း မဟုတ်ပါဘူး။ ကံတူအကျိုးပေး လက်ထောက်ကျင်းဆရာ ရဲဇော်ပါ အတူတူခံကြရခြင်းပါ။ အတိတ်ဘဝမှာ မကောင်းမှုကို အတူတူပြုခဲ့ဖူးလို့သာ ခုလိုအဖြစ်ဆိုးကို အတူတူခံရခြင်းလို့ ဆိုရမှာပါပဲ။

ရတနာရှာဖွေကြရာမှာ မိုးကုတ်ပတ္တမြားဖြစ်စေ၊ မိုင်းရှူးပတ္တမြားဖြစ်စေ၊ ဖားကန့်ကျောက်စိမ်းဖြစ်စေ၊ ရွှေတွင်း ပယင်းတွင်း၊ သတ္တုတွင်းဖြစ်စေ မြေအောက်မှာ ကျင်းတူးပြီး ရှာကြရတာပါ။ အဲဒီလို ရတနာရှာရင်း တွင်းပြိုလို့ ခဲပိလို့၊ မြေပိလို့၊ တွင်းထဲပြုတ်ကျလို့ စတဲ့ အန္တရာယ်တွေကြောင့် အသက်စွန့်လွှတ်သွားရသူတွေဆိုတာမရေတွက်နိုင်ပါဘူး။ မိုင်းရှူးရတနာမြေတစ်ခုမှာပဲ အတော်များလှပါတယ်။

ရတနာတူးဖော်ကြရာမှာ ကျင်းပြိုပြီး ခေါင်းစားဥမင်မှာပိတ်မိတယ်ဆိုတဲ့ အဖြစ်မျိုးတွေဟာ ဖြစ်ရိုးဖြစ်စဉ်မို့ အဆန်းတော့မဟုတ်ပါဘူး။ အချို့လည်း ကယ်ဆယ်လို့ရကြတယ်။ အချို့လည်း မကယ်ဆယ်နိုင်ကြပါဘူး။ အရှင်လတ်လတ်မြေအောက်ကမ္ဘာမှာ အစာငတ် ရေငတ်နဲ့ သေဆုံးသွားကြရတာပါ။ သတ္တုတူးဖော်သူတို့ရဲ့ ကမ္ဘာအရပ်ရပ်မှာ ကြုံတတ်၊ ဆုံတတ်တဲ့အဖြစ်မျိုးပါ။ ရတနာဆိုတာ ဘယ်ရတနာမျိုးမဆို အသက်စွန့်ကြိုးပမ်းတူးဖော်ကြရခြင်းပါပဲ။

ခုလည်း ခေါင်းစားတဲ့ပိတ်မိနေတဲ့ ကျင်းဆရာနှစ်ဦးကို ပိုက်ကလေးသွယ်ပြီး ပြောင်းမစ်အရည်နဲ့ အသက်ဆက်ပေးနိုင်လို့ လင်းကိုနဲ့ ကုလားတို့က ဝမ်းသာနေရတာပါ။ ကျင်းချုပ်နဲ့ကျင်းဆရာတွေတောင်မှ ဒီအကြံကို မတွေးမိကြပါဘူး။ အတူနေ သူငယ်ချင်းဖြစ်တဲ့ ရဲဇော်ရဲ့ ငိုယိုပူဆာမှုကြောင့်သာ စွန့်စွန့်စားစား ပိုက်ကလေးနဲ့ အစာကျွေးနိုင်ခဲ့ခြင်းပါ။

**ကယ်ဆယ်ရေးလုပ်ငန်းစပြီ**

"တို့တွေ ဒီအတိုင်းကြည့်နေလို့တော့မဖြစ်ဘူး။ ဒီလို ပြောင်းမစ်တိုက်ပြီး အသက်ဆယ်ပေးနိုင်တယ်ဆိုရင် သူတို့နှစ်ယောက်ကို တို့တွေအင်တိုက်အားတိုက် ကယ်ကြမယ်။ ဒီလိုမှ အောက်ဆက်တွေကိုမပြင်ရင် အပေါ်ပိုင်းအထိ ပျက်စီးကုန်မယ်။ ကျင်းချုပ်နှစ်ဦး နေ့ညမပြတ် စောင့်ကြပ်ပြီး ပြင်ဆင်ကြပါ။ မင်းတို့ထင်သလို တစ်လတော့မကြာလောက်ဘူးလို့ ငါထင်တယ်။ ငါတို့အားလုံး အပေါ်တက်ကြမယ်။ ညဆိုင်းတာဝန်ကျတဲ့ ကျင်းဆရာတွေ အသင့်ပြင်ပြီး ပြန်ဆင်းကြမယ်။ ကျင်းချုပ်နဲ့ ကျင်းဆရာတစ်ဦးက ကျင်းပြင်ဖို့ စီစဉ်ပါ။ ကျန်တဲ့ ကျင်းဆရာတွေ (၂၄) နာရီ မနားတမ်းအလှည့်ကျလည်ပတ်ပြီး ပြင်ဆင်ကြရမယ်။ လိုအပ်တာတွေကို တို့ အပေါ်ကနေပြီး ဖြည့်ဆည်းပေးမယ်။



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားမှုဖြစ်ရင် သတင်းအမြန်ပို့ပါ။ အင်ချတ်လင်းကိုနဲ့ ကျောင်းသားကုလား မင်းတို့ရဲ့တာဝန်က အောက်ကကျောင်းဆရာနှစ်ဦးကို အစာကျွေးပေးပါ။ အားပေးစကားပြောပေးပါ။ ကဲ- တက်ကြစို့"

လို့ မန်နေဂျာကြီးရဲ့ စကားဆုံးတာနဲ့ ဝင့်ခြင်းချခိုင်းပြီး အပေါ်ကိုပြန်တတ်ကြရပါတယ်။ မန်နေဂျာကြီးဟာ အပေါ်ရောက်တာနဲ့ ဖြစ်စဉ်ကို လောပန်ဆီ ဖုန်းဆက်အကြောင်းကြားပါတယ်။ ဌာနဆိုင်ရာတွေကိုလည်း အကြောင်းကြားရပါတယ်။ လောပန်ထံမှ ကျောင်းဆရာနှစ်ဦးရဲ့အသက်ကို အတတ်နိုင်ဆုံးဦးစားပေးကယ်တင်ရန် အကြောင်းကြားခဲ့ပါတယ်။ အဲဒါကြောင့် နေ့ညမပြတ်ကယ်ဆယ်ရေးလုပ်ရန် မန်နေဂျာကြီးမှ စီစဉ်ညွှန်ကြားရပါတယ်။

ဦးစွာ ကျောင်းကလိုင်ကြီးတွေ ဖြစ်နေတဲ့ ကျောက်လှုပ်အုံတောကို ခဲအိတ်များ အပြည့်ပြန်ဖြည့်ကာ အခွေပြန်ခွေရန် ဖြစ်ပါတယ်။ အဲဒါကြောင့် အပေါ်မှာ ရွှေးပြီးသားခဲစာတွေကို ဆာလာအိတ်တွေထဲထည့်ပြီး အောက်ကိုပြန်ချပေးရပါတယ်။ ကျောင်းကလိုင်တွေထဲကို ခဲစာတွေ အပြည့်ပြန်ဖြည့်တဲ့ အလေးချိန်ကြောင့်ထင်ပါရဲ့။ ကျောင်းဟာ အောက်ကို မသိမသာထိုင်ဆင်းပါတယ်။

ဘယ်မှာသွားပြီး ပြဿနာတက်မလဲဆိုတော့ နောက်တစ်နေ့ လင်းကိုနဲ့ ကုလားတို့ ပြောင်းမစ်ကျွေးချိန်မှာပါပဲ။ ဒါတာ ကယ်ဆယ်ရေးလုပ်ငန်းစတာကြောင့် ဖြစ်လာရတဲ့ ပြဿနာပါ။

**အစာပြတ်ပြီ**

အရှိန်မသေသေးတဲ့ ခဲလှုပ်အုံ ထမင်းရည်မုံကြောမှာ ကျောင်းပြင်ရတယ်ဆိုတာ အင်မတန်မှ အန္တရာယ်ကြီးပါတယ်။ ပထမဆုံး အခွေကို ခက်ခဲစွာခွေနိုင်ခဲ့ကြပေမယ့် မငြိမ်တဲ့ခဲလှုပ်တွေကြောင့် ပိုက်လမ်းကြောင်း ပိတ်ဆို့သွားခြင်းပါပဲ။

"ဟေ့ - ရဲဇော်၊ ငါထည့်လိုက်တဲ့ ပြောင်းမစ်ရောက်ရဲ့လား"

အင်တာကွန်းချင်း ဆက်သွယ်ပြောဆိုနေကြခြင်းပါ။

"မရောက်ဘူး လင်းကို၊ မင်းတို့ ကျောင်းပြင်နေတာကြောင့် ခဲလှုပ်တွေညှပ်ပြီး ပိုက်ပြားသွားပြီထင်တယ်။ ဒါမှမဟုတ် ပိုက်ဆက်ပြုတ်သွားတာနေမှာကွ"

"ဟာကွာ - ဒုက္ခပါပဲ။ ပိုက်ထိုးထည့်ဖို့ အပေါက်ကမရှိတော့ဘူးကွ။ မနေ့က နည်းနည်းလေးဟာနေတဲ့ အပေါက်ကထိုးထည့်တာ အခု အဲဒီအပေါက်က ပိတ်သွားပြီ"

"အီး ဟီး ဟီး၊ ဒါဆို ငါတို့သေပြီပေါ့ကွ။ လုပ်ပါဦး သူငယ်ချင်းရာ၊ ငါတို့ကို ကယ်ပါဦးကွာ။ အီး ဟီး ဟီး ဟီး"

"ဟေ့ကောင် - မင်းယောကျ်ားမဟုတ်ဘူးလား။ ဘာငိုစရာလိုလဲကွာ။ အားတင်းထားစမ်း ဟေ့ကောင်။ ငါတို့လည်း အစွမ်းကုန် ကြိုးစားနေကြတာပဲကွ"

"အီး ဟီး ဟီး ဟီး၊ အေးပါကွာ အေးပါ။ သူငယ်ချင်း မင်းတို့နဲ့ငါ ဒီဘဝတော့ တွေ့ရတော့မှာ မဟုတ်တော့ပါဘူးကွာ။ အင့် အင့် အင့်"

"ရဲဇော် အားတင်းထားစမ်း ဟေ့ကောင်။ ငါတို့ အတတ်နိုင်ဆုံး ကြိုးစားနေကြတယ်လေကွာ။ မင်းအပြင်ကိုရောက်ခဲ့ရင် တို့သုံးယောက်လျှောက်လျှောက် ခေါက်ဆွဲဆိုင်မှာ တဝကြီးသွားစားကြရအောင်လေကွာ။ ဟုတ်လား။ အားတင်းထားစမ်းပါ သူငယ်ချင်းရာ"

"အင်းပါကွာ အင်းပါ၊ အင့် အင့် အီး ဟီး ဟီး ဟီး"

"ဒါထက် ဆရာဦးတင်ဟန်ကော ဘာလုပ်နေလဲ"

"ဆရာလား၊ တရား. . . တရားထိုင်နေတယ်ကွ"

"ကဲ-ဒါပဲနော်သူငယ်ချင်း။ ငါတို့ အပေါ်တက်ပြီး မန်နေဂျာကြီးဆီ အစီရင်ခံရဦးမယ်။ အေးအေးဆေးဆေးနားနေလိုက်ဦး၊ ဟုတ်ပြီလား"

လို့ ပြောပြီး လင်းကိုနဲ့ ကုလားတို့ အပေါ်ပြန်တက်ခဲ့ကြပါတယ်။ ကျောင်းပြင်အဖွဲ့တွေလည်း အားတက်သရော ပြင်ဆင်နေကြခြင်းပါပဲ။ ပြုတ်ကျထားတဲ့ ခဲလှုပ်တွေကို လေးပင်တစ်နေရာစာရအောင် ယမ်းနဲ့ခွဲထုတ်နေရပါတယ်။ ထမင်းရည်မုံတွေ လိုက်လာတာကြောင့် ဆာလာအိတ်တွေ နုပ်နုပ်စဉ်းပြီး အတင်းထိုးသွတ်ကာ မုံကိုတားရပါတယ်။ ကျွမ်းကျင်မှုမရှိတာကြောင့် လိုသလောက်ခရီးမပေါက်ဘဲ ပတ်ချာလည်နေပါတယ်။

**ထပ်ဆင့်အန္တရာယ်**

ခဲလှုပ်အုံမုံကြောမည်မျှခဲခဲယဉ်းယဉ်းလုပ်ရကြောင်း လက်တွေ့မှီ ကျောင်းဆရာတွေသိကြပါပြီ။ လက်မလည် အောင် ဇယ်ဆက်သလို မနားတမ်းလုပ်ကိုင်ကြပါသော်လည်း အောက်ကလုပ်နေတုန်း အထက်ခွေတွေက စောင်းဆင်းလာလိုက်၊ ပြန်ပြင်လိုက်နဲ့ လုံးချာလည်နေကြပါတယ်။ အဲဒါကြောင့် ပြီးတဲ့ခွေတွေ မစောင်းနိုင်အောင် ရွက်ပျဉ်တိုတိုနဲ့ ဆွဲထားကြရပါတယ်။ အဲဒီအခါ ဝမ်းစာတွေဟာပြီး အောက်ကို ထိုင်ဆင်းလာကာ ဝမ်းစာတွေပြန်သိမ်းရနဲ့ ဒုက္ခရောက်လှပါတယ်။ ခရီးကမတွင်လှပါဘူး။ တွင်းဆရာတွေမှန်းသလို အောက်အရောက်ပြန်လည်ပြုပြင်ပါက တစ်လမျှကြာလိမ့်မယ်ဆိုတာ အမှန်တကယ်ဖြစ်နေပါတယ်။

အောက်ဘက်မှာ ပိတ်မိနေတဲ့ နှစ်ယောက်မှာ ကျောင်းဆရာ ဦးတင်ဟန်ကတော့ သူ့ရဲ့နောက်ဆုံးအချိန်အထိ ရုပ်နာမ်ဓမ္မသင်္ခါရတို့ရဲ့ ဖြစ်ပျက်ပုံကို ရှုမှတ်နေပုံရပါတယ်။ အထက်ကို တစ်ခါမှ ဆက်သွယ်ပြောဆိုခြင်းမရှိပါဘူး။ ရဲဇော်ကသာ ကြာကြာတစ်ခါ ငိုယိုအော်ဟစ် အကူအညီတောင်းတတ်ပါတယ်။ အားလုံးကတော့ ကြိုးစားနေကြတာပါ။ ဖက်စပ်ကြီးဟာ လုပ်ငန်းခွင်တွေ ရပ်နားပြီး အားတက်သရော ဝိုင်းဝန်း လုပ်ဆောင်နေပေမယ့် အရာသိပ်မထင်လှပါဘူး။

တွင်းဆိုတာ အလွန်အန္တရာယ်ကြီးတာမို့ နောက်ထပ်အန္တရာယ်မဖြစ်အောင် အတော်ဂရုစိုက်နေကြရပါတယ်။ (၆) ရက်အရမှာတော့ အောက်ကရဲဇော်ရဲ့အသံ တစ်ခါမှမကြားရတော့ပါဘူး။ အာဟာရပြတ်ပြီး အိပ်ရာကထနိုင်ပုံ မပေါ်တော့ပါဘူး။

ဖြစ်ချင်တော့ ထမင်းရည်မုံတွေ အထွက်ကြမ်းကာ ခဲလှုပ်တွေကန်ထွက်လာတာကြောင့် ခွေပြီးသား ရွက်ပျဉ်ဆွဲထားတဲ့အခွေတွေ စောင်းကုန်တာပါပဲ။ ကံမကောင်းရင် ကျောင်းထပ်လည်နိုင်တာကြောင့် ကျောင်းပြင်တဲ့ဆရာတွေ အပေါ်ကို အမြန်တက်ကြရပါတယ်။

ဒီကိစ္စကို မန်နေဂျာကြီးဆီတင်ပြကြရပါတယ်။

အဲဒီမှာ ကျောင်းချုပ်တစ်ဦးက -

"မန်နေဂျာကြီး၊ ကျောင်းကပြင်သာပြင်နေရတာ အားလုံးခပ်လန့်လန့်ဖြစ်ကုန်ကြတယ်။ ရွက်ဆွဲထားတွေတောင် သံချက်တွေပြုတ်ထွက်ပြီး ခွေတွေပြန်စောင်းကုန်တယ်။ ဒီပုံအတိုင်း ဆက်လုပ်နေရင်တော့ အပေါ်ခွေတွေပါ ယိုင်ကုန်



www.burmeseclassic.com

www.burmeseclassic.com

မှာစိုးရပါတယ်။ လူတွေလည်းထပ်ပြီး ထိခိုက်မှာစိုးရတယ်။ အောက်ကိုပေါက်ဖို့ဆိုတာ သိပ်မလွယ်လှပါဘူး။ ဆက်လုပ်နေမယ်ဆိုရင်လည်း အကြောင်းထူးမယ် မထင်တော့ပါဘူး။ ရက်လည်းအံတော်ကြာလာပါပြီ။ အဲဒီတော့ ကျွန်တော်တို့တစ်တွေ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုလုပ်မှဖြစ်မယ်၊ မန်နေဂျာကြီး"

လို့ တင်ပြပါတယ်။

"အေးကွာ၊ ငါတို့လည်း အတတ်နိုင်ဆုံး ကြိုးစားကြတာပဲ။ အောက်ကိုပေါက်သွားပြီဆိုရင်တောင်မှ သူတို့နှစ်ယောက်ရဲ့အသက်ကို ငါတို့မမီနိုင်တော့ပါဘူး။ ဒီနေ့တော့ အောက်ထဲက ရဲဇော်ရဲ့အသံတောင် မကြားရတော့ဘူးလို့ သိရတယ်။ ငါတို့စိတ်မကောင်းပါဘူး။ ဒီတော့ ကျင်းချုပ်တို့ ဘယ်လိုစီစဉ်ချင်သလဲ တင်ပြပါ"

ကျွန်တော်တို့အနေနဲ့ အချိန်တွေလည်း အတော်ကုန်ခဲ့ပါပြီ။ မအောင်မြင်ဘူးလို့ဆိုရမှာပါ။ ဒါက သဘာဝရဲ့ဘေးအန္တရာယ်ဆိုတော့ ရှေ့ဆက်တိုးနေရင် ထပ်ပြီး အမှားတွေ့နိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီကျင်းကလိုင်ကို ခဲစာအပြည့် ဖို့ပစ်ချင်ပါတယ်။ ဒါမှ ကျင်းကြီး တောင့်တင်းခိုင်မာမှာပါ"

"ကောင်းပြီလေ၊ ဒါဆိုရင်လည်း ကျင်းချုပ်တို့ ကောင်းသလိုစီမံကြပါ။ ကဲ-ကဲ ကျင်းချုပ်တို့သွားနိုင်ပါပြီ"

**သေသောသူ ကြာလျှင်မေ့**

ကျင်းကို ပေ (၈၀၀) ပြင်ညီခဲစာဖို့ပြီး ကျင်းဆင်းတဲ့အလုပ်ကို ပြန်စေကြပါတယ်။ ကျင်းမဆင်းမီမှာ ကျင်းဆရာဦးတင်ဟန်နဲ့ရဲဇော်တို့အတွက် ဆွမ်းသွတ်ကာ အမျှပေးဝေးကြပါတယ်။ အမျှဝေတဲ့အခါ မျက်ရည်မထိန်းနိုင်သူတို့ကတော့ လင်းကိုနဲ့ ကုလားပါပဲ။

လူပေါင်း (၅၀၀) နီးပါးမျှ လည်ပတ်လုပ်ကိုင်နေတဲ့ ကျင်းကြီးဟာလည်း ပြန်လည်အသက်ဝင်ခဲ့ပါပြီ။ ခဲရွှေးမတွေ၊ အင်ချတ်မတွေ၊ အပေါ်လုပ်သားတွေ၊ အောက်လုပ်သားတွေနဲ့အတူ စက်သံတညံညံနဲ့ သောကကိုမေ့ထားပြီး လုပ်ငန်းခွင်ပြန်ဝင်နေကြပါပြီ။ သီချင်းတကြော်ကြော်နဲ့ရှိနေကြပါပြီ။

သေသောသူ ကြာလျှင်မေ့ဆိုတဲ့စကားအတိုင်းပါပဲ။ ကြာတော့လည်း မေ့မေ့လျော့လျော့ရှိလာကြပါပြီ။ ဖက်စပ်တို့ ထုံးစံအတိုင်း ထွက်ချင်သူကထွက်ကာ ဝင်ချင်သူတွေကလည်း ဝင်နေကြပါတယ်။ လူဟောင်းတွေပျောက်ကာ လူသစ်တွေ ရောက်လာကြပါတယ်။ တစ်နှစ်ကျော်ကျော်အကြာမှာ ကုလားတောင်မှ အခြားဖက်စပ်တစ်ခုကိုပြောင်းသွားခဲ့ပါပြီ။

မပြောင်းဖြစ်တာက အင်ချတ်လင်းကိုပါ။ လင်းကို ဆိုတာက လောပန်နဲ့ မန်နေဂျာကြီးတို့ရဲ့ အမာခံသစ္စာရှိအင်ချတ်ပါ။ အဲဒါကြောင့် ဘယ်သူပြောင်းပြောင်း တို့မပြောင်း ဆိုတဲ့ ခံယူချက်နဲ့ ပြောင်းခွင့်မရှိသလို ပြောင်းလည်း မပြောင်းပါဘူး။ ထိုက်တန်တဲ့ အခွင့်အရေးကိုလည်းပေးတဲ့အတွက် ဒီဖက်စပ်ကြီးမှာ မြဲနေခြင်းပါပဲ။

ဥပုသ်နေ့နားရက်တွေမှာ အပြင်ထွက်ခွင့်ရရင်တော့ လင်းကိုဟာ ကုလားနဲ့ မိုင်းရှူးရတနာမြေမှာ နာမည်ကြီး လူတိုင်းကြိုက်တဲ့ လျှောက်လျှောက်ခေါက်ဆွဲဆိုင်မှာ သွားစားဖြစ်ကြပါတယ်။ လျှောက်လျှောက်ဆိုတာ မြန်မာလို ငယ်ငယ်လို့ အဓိပ္ပာယ်ရတဲ့ တရုတ်မလေးရဲ့အမည်ပါ။ လျှောက်လျှောက်ဆိုတဲ့ တရုတ်မလေးကလည်း လူတိုင်းငေးလောက်အောင် လှပေတာကိုး။ လားရှိုးတရုတ်မလေးပါ။ အစားအစာကလည်းကောင်း၊ ဈေးလည်းသက်သာ၊ လူကလည်းလှ၊ အပြောကလည်းချို၊ နေရာထိုင်ခင်းကလည်းကောင်း၊ ပုံပိုးပစ္စည်းဖြစ်တဲ့ ပဲငံ၊ ငရုတ်ဆော့၊ ငံပြာရည် စတဲ့ပုံပိုးပစ္စည်းတွေကလည်းစုံလင်၊ သန့်လည်း



သန့်ရှင်းတော့ကာ နေ့စဉ်နံနက်ကနေပြီး ညနေအထိ လူအပြည့်ရှိနေတတ်ပါတယ်။ ဖက်စပ်ကြီးတွေ အပြင်ထွက်ခွင့်ပြုတဲ့နေ့ဆိုရင်တော့ ထိုင်စရာနေရာတောင် ခပ်ခက်ခက်ရယ်ပါ။

"လင်းကို၊ ငါတို့ ဒီမှာထိုင်တိုင်း ရဲဇော်ကို သတိရလိုက်တာကွာ။ ဒီကောင်က လျှောက်လျှောက်ကို သိပ်ချ... တာကွ။ လျှောက်လျှောက်ကိုမြင်တိုင်း ရဲဇော်ကို သတိရမိတယ်ကွာ"

"အေး - ဒီကောင်က မတန်... မအပ်ရာကို စိတ်ထဲမှာစွဲနေတာကိုး... လျှောက်လျှောက်ဆိုတာ တို့ဘဝတွေနဲ့ အလှမ်းဝေးလွန်းပါတယ်ကွာ။ အ... အရာရာ ငါတို့နဲ့ ဆက်စပ်လို့မရနိုင်ဘူး... ကွ။ ခုတော့လည်း ဒီကောင်ဟာ လူ... ကြီးဘဝနဲ့ နိဂုံးချုပ်သွားရတာပေါ့ကွာ"

"လင်းကို၊ ဟိုအင်ချတ်မ ရီရီမော်... ရှိသေးလား"

"ရှိသေးတယ်ကွ"

"အေး- အဲဒီ ရီရီမော်က ရဲဇော်... တစ်ဖက်သတ်ချစ်နေတာတဲ့ကွ။ ရဲဇော်... ဒုက္ခဖြစ်တော့ ရီရီမော်အတော်ငိုတယ်... လို့ သိရတယ်။ အဲဒါ ငါအပြင်ရောက်မှ... အင်ချတ်မတစ်ယောက်ဆီကသိရတာ"

"ငါလည်း ကြားမိပါတယ်ကွာ၊ ... မြန်မာတွေမှာ မိန်းကလေးက ရည်း... စကားစပြောနိုင်ခွင့်မှ မရှိတာ။ အ... ဆုံး ရေလာမြောင်းပေးစကားလော... ပြောခွင့်ရှိကြတာ။ ဘဝချင်းဆုံတွေ... ဆိုတာက တစ်မိသားနဲ့တစ်မိသား တ... မလွယ်ပါဘူးကွာ။ မင်းနဲ့ငါလည်း နေ... ထိုင်ရင်း လူပျိုကြီးတွေဖြစ်လာကြ... သာကြည့်ပေါ့ကွာ။ ဒါထက် ကုလား... မင်းရဲ့သက်ထားခင်ကော ဘာအဆ... အသွယ်မှ မရှိတော့ဘူးလား"

"ဘာအဆက်အသွယ်မှမရှိတော့... ပါဘူး။ ဒါပေမယ့် ငါ့ရင်ထဲမှာ သက်ထား... ခင် အမြဲရှိတယ်။ လင်းကို ဒီတစ်သ... ငါ့နှလုံးသားမှာ သက်ထားခင်ကလွဲ... ဘယ်သူမှ နေရာမပေးနိုင်ဘူး။ ဒီ... ဒီအတိုင်းသာ ရှိပါစေတော့ကွာ"

"အင်း - မင်းနဲ့ သက်ထားခင်... လည်း ရဲဇော်နဲ့ လျှောက်လျှောက်... ဆက်စပ်လို့မရနိုင်တဲ့ ဘဝတွေပါပဲ..."

လို့ ပြောဖြစ်ကြပါတယ်။ သူတို့... ထားတဲ့ အစားအစာတွေကို စားပွဲ... ကောင်မလေးနဲ့ လျှောက်လျှောက်... လာချပေးပါတယ်။ ဖြူဖွေးတောက်... လှလိုက်တဲ့ တရုတ်မလေးပါ...



www.burmeseclassic.com

www.burmeseclassic.com

လင်းကိုတို့ ငေးမောနေကြရပါတယ်။ လာရောက်စားသုံးကြတဲ့ ယောကျ်ားအများစုဟာ လျှောက်လျှောက်ကို ငေးမောရစမြဲပါ။ငေးမောရုံမှတစ်ပါး အခြားမရှိကြပါဘူး။

ရဲဇော်ကို အများက မေ့ကုန်ကြပေမယ့် လျှောက်လျှောက်ဆီကို ရောက်တိုင်း မမေ့နိုင်ကြတာက လင်းကိုနဲ့တူလားပါ။

**ဆယ်စုတစ်ခုအလွန်**

ကျင်းဟောင်းဟာ ကြာတော့ဆွေးမြည့်လာပါတယ်။ အဲဒါကြောင့် ကျင်းသစ်တစ်ခု ထပ်ဖောက်ရပါတယ်။ အဲဒီ ကျင်းသစ်ဖောက်ရာမှာ အပေါ်ကြောလွှာတွေ ကုန်လုနီးပါးရှိပြီဖြစ်တဲ့အတွက် ပေ (၈၃၀) အထိ ဖောက်ကြပါတယ်။ ပေ (၈၃၀) ဝန်းကျင်မှာကျတော့ ပေ (၈၀၀) လောက် ကျောက်မရှိတဲ့အတွက် အရင်ကာစမ်းသပ်ပြီးနားထားခြင်းပါပဲ။ အပေါ်ယံလွှာတွေ နှစ်ရှည်လများထုတ်ယူတဲ့အခါ ကုန်လုနီးပါးရှိတာကြောင့် ပေ (၈၃၀) အောက်ကြောလွှာကို ဦးတည်ပြီး ဖောက်ရခြင်းပါ။ မူလကျင်းဟောင်းမှာ ပေါက်ပြီးသားပေမယ့် ရေခပ်ရာမှ ကျင်းလည်ပြီးဖို့ပစ်ခဲ့ရပါတယ်။ ကျင်းဆရာနှစ်ဦးလည်း အရှင်လတ်လတ်ပိတ်မိကာ ဘဝဆုံးပါးခဲ့ကြရပါတယ်။အခြားတစ်နေရာက ဖောက်တဲ့အခါမှာတော့ ထမင်းရည်မုံ ကြောလွတ်တာ အဆင်ပြေပြေနဲ့ အောက်ကြောလွှာကို ရောက်ကြရခြင်းပါပဲ။

အောက်ကြောလွှာဟာ ကျောက်ထွက်အားနည်းပေမယ့် ကျောက်ရည်ကျောက်သားကောင်းတာကို တွေ့ကြရပါတယ်။ ကျောက်ကောင်းအများအပြားထွက်တာကြောင့် ဖက်စပ်အနေနဲ့ မဆိုးဘူးဆိုရမှာပါ။

လူများစွာရဲ့ တစ်နေ့တာ နေ့၊ ညထုပ်အားဟာ ခဲတန်ပေါင်းများစွာကို ထုတ်ယူနိုင်တာကြောင့် မူလကျင်းဆရာ (၂) ဦး ပိတ်မိသေဆုံးခဲ့တဲ့ ခေါင်းစားကိုနောက်တိုအတွင်းမှာပဲ ပေါက်ကြပါတယ်။ ပေါက်တယ်ဆိုရင်ပဲ အထဲကိုဝင်ကြည့်ပြီး မန်နေဂျာကြီးဆီ အင်တာကွန်းကတစ်ဆင့် အကြောင်းကြားခိုင်းလိုက်ပါတယ်။

မန်နေဂျာကြီးနဲ့ တာဝန်ရှိသူတွေ ရောက်လာကာ ကြည့်ရှုစစ်ဆေးကြပါတယ်။ နှစ်ပေါင်းဆယ်စုတစ်ခုလွန်ခဲ့ပြီး မှမို့ ရုပ်အလောင်းနှစ်ခုဟာ အရိုးစုတွေဖြစ်နေကြပါပြီ။ ကျင်းဆရာ ဦးတင်ဟန်ရဲ့အရိုးစုက ကျောက်နံရံကိုမှီပြီး တရားထိုင်လျက်အနေအထားပါ။ကျင်းဆောင်းဦးထုပ်ဖြစ်တဲ့ ကော်ဝါဦးထုပ်ကို ဆောင်းထားပါတယ်။ ကျင်းဝတ်စုံများကလည်း တက်ထရက်စများနဲ့ ချုပ်ထားတာမို့ ဆွေးမြည့်ခြင်းမရှိသေးပါဘူး။ ဘေးမှာ ဓာတ်မီး၊ ဆေးလိပ်တို၊ ဂက်စ်မီးခြစ်အနီလေးချထားပါတယ်။ ရဲဇော်ရဲ့အရိုးစုကတော့ အိပ်လျက်အနေအထားပါ။ဦးထုပ်မဆောင်းထားပါဘူး။ ဦးထုပ်က သူနဲ့ခပ်လှမ်းလှမ်းမှာပါ။

ကျင်းဆရာနှစ်ဦးရဲ့ အလောင်းတွေကို ဆယ်စုတစ်ခုကျော်မှ ပြန်လည်ဖော်ယူတွေ့ရှိခဲ့ခြင်းပါ။ သူတို့ရဲ့ အလောင်းတွေကို အပေါ်တင်ယူပြီး မိုင်းရှူးရတနာမြေသုသာန်မှာ ကောင်းမွန်စွာသဂြိုဟ်ပြီး ဆွမ်းသွတ်ကာ အမျှပေးဝေခဲ့ပါတယ်။

**ဝင့်လည်နိုင်တဲ့လူတွေ**

မိုင်းရှူးရတနာမြေမှာ ကျောက်ဈေးတွေ အလွန်ကျကုန်တဲ့အခါ ကျောက်မျက်ဖက်စပ်တွေအတော်များများ ပိတ်ကုန်ကြပါတယ်။ ကျွန်တော် မန်နေဂျာချုပ်အဖြစ် တာဝန်ယူလုပ်ကိုင်ရတဲ့ ကျောက်မျက်ကုမ္ပဏီလည်း ပိတ်သွားခဲ့ပါတယ်။ ဒီတော့ အလုပ်လက်မဲ့ဖြစ်သွားပါတယ်။ ဒါပေမယ့် ကျွန်တော့်ကံကမဆိုးသေးပါဘူး။

အဲဒီမှာ တရုတ်အားလင်နဲ့ ရွှေအိမ်စံတို့ ဇနီးမောင်နှံက သူတို့ဖက်စပ်မှာ အင်ချတ်တာဝန်နဲ့ အဆောင်မှူးတာဝန်ပေးကာ အလုပ်လုပ်စေပါတယ်။ မန်နေဂျာတာဝန်ယူသူက ကိုအောင်ထွန်းဖြစ်ပြီး ကျင်းချုပ်တာဝန်ယူထားသူက ထွန်းအောင်ပါ။ ထူးထူးဆန်းဆန်းကက်ကင်းမိနေတဲ့ ဦးစီးနှစ်ယောက်ပါပဲ။ လုပ်ငန်းမကြီးပေမယ့် အောင်မြင်တယ်ခေါ်ရမှာပါ။

အဲဒီဖက်စပ်မှာ လင်းကိုနဲ့ တွေ့ရခြင်းပါ။ လင်းကိုတို့ဖက်စပ်ကြီးနားတော့ အားလင်တို့ဖက်စပ်မှာ အင်ချတ်တာဝန်ယူထားရတာပါ။ နောက်လအနည်းငယ်ကြာတဲ့အခါ ကျွန်တော့်တပည့်ဖြစ်ခဲ့ဖူးတဲ့ ကုလားလည်း ကျွန်တော့်ကို စုံစမ်းပြီး ကျွန်တော်ရှိရာတို လိုက်လာပါတယ်။ လူလက်မခံတော့ပေမယ့် ကျွန်တော့်မျက်နှာနဲ့ 'ကုလားကို လက်ခံခြင်းပါ။ ဒီအခါ ကုလားနဲ့ လင်းကိုတို့ ရေစက်ပြန်ဆုံကြပြန်ပါပြီ။ အလုပ်လုပ်ရင်း စကားဆုံတဲ့အခါ အထက်ပါအကြောင်းအရာတွေကို လွမ်းလွမ်းဆွေးဆွေးပြောဖြစ်ကြပါတယ်။ လင်းကိုဟာ ဘာသာတရားကိုင်းရှိုင်းသူပါ။ သူဟာ မတွေးသားပါ။ ကိုရင်ဝတ်နဲ့ ပထမကြီးတန်းအောင်ပြီး စာချတန်းခေါ် ဓမ္မာစရိယတန်းအထိ စာဝါတွေလိုက်ခဲ့သူပါ။ ပျော်ပျော်နေပြီး အစအနောက်သန်ပါတယ်။ သူကပြောပါတယ်။

"ဦးလေးရေ မြေအောက်မှာဆင်းပြီး ကျင်းလုပ်ကြရတဲ့အခါ ကျင်းထဲပြုတ်ကျပြီး သေတာတို့၊ ခဲပိပြီးသေတာတို့၊ ကျင်းပိတ်မိပြီး အရှင်လတ်လတ်အစာငတ်ရေငတ်နဲ့ သေတာတို့ ဒါတွေအများကြီး ကြားရ၊ ကြုံရတာပေါ့ဗျာ။ အမှန်တော့ ဒါတွေဟာ ဝိပါကဝဋ်တွေပဲဗျ။ ကိုယ်ပြုခဲ့လို့ ပြုခဲ့တဲ့ကံတစ်ဖန်ပြန်ခံကြရတာ။

ကျွန်တော်တို့အောက်ပြည်အောက်ရွာဘက်တွေမှာ ကြွက်ကို ကပ်ဘီနဲ့ထောင်သူတွေရှိတယ်။ ကြွက်တွင်းကိုအလုံပိတ်ပြီး မပြေးနိုင်အောင်လုပ်ကာ တူးယူသူတွေရှိတယ်။ တောကောင်ကို သေနတ်နဲ့ ပစ်ယူသူတွေရှိတယ်။ အဲဒီဝဋ်ကြွေးတွေကြောင့်လားတော့မသိဘူး။ ကြွက်ကို ကပ်ဘီနဲ့ဖိသလို ခဲပိပြီးသေတဲ့လူတွေလည်း အများအပြားကြုံရတယ်ဗျ။ ဦးတင်ဟန်တို့လို အရှင်လတ်လတ် ထွက်ပေါက်မရှိဘဲ သေရတာတွေလည်းရှိတယ်။ ပြီးတော့ ယမ်းမှုန်ပြီး သေရတာတွေလည်းရှိတယ်။ ဒါတွေဟာ ကျွန်တော်ထင်တယ်။ အဲဒီလိုသူများကိုလုပ်ခဲ့တဲ့လူတွေနေမှာပဲလို့။

ဒီတော့ ကျွန်တော်တို့ ရတနာတူးဖော်ရာမှာ အဲဒီလို အကုသိုလ်နဲ့လိမ်းကျံနေတဲ့လူတွေ ကျောက်လာမတူးသင့်ဘူးဗျ။ ကျောက်မျက်တူးဖော်တာ အသက်စွန့်ပြီး တူးဖော်ကြရတာ။ ဒီတော့ အဲဒီလိုလူမျိုးတွေ အချိန်မရွေး ဝဋ်လည်နိုင်တယ်။ ဦးတင်ဟန်တို့၊ ရဲဇော်တို့ သူတို့ဘာလုပ်ခဲ့မှန်းမှ မသိတာ။ ဒီဘဝမလုပ်ဘူးဆိုတောင် အတိတ်ဘဝကလုပ်ခဲ့တဲ့ ဝဋ်ကြွေးရှိခဲ့မှာပဲ"

"အေး - ဟုတ်မှာပေါ့ကွာ"

လို့ ကျွန်တော် ထောက်ခံလိုက်ပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

မန်ဒါးမောင်မောင်(စား/တွေ)

# အလိုရှိရာရက်မြတ်မင်္ဂလာတွက်ယူကာ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ

ခရစ်နှစ်တိုင်းတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ (၁၂) လရှိရာ ၎င်းလများ၏ တစ်လချင်းစီ၏ (၁) ရက်နေ့များကို လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် အောက်ဖော်ပြပါ လင်္ကာငယ်ကို စပ်ဆိုရေးဖွဲ့ထားရာ စာဖတ်သူချစ်ပရိသတ်များအနေနဲ့ နှစ်သက်သဘောကျကာ အလိုဆန္ဒပြည့်ဝကြလိမ့်မယ်ဟု အကြွင်းမဲ့ ကြိုတင် ယုံကြည်ပြီးသားပါ။ လင်္ကာငယ်သည် အဓိကဖြစ်၍ စိတ်ဝင်စားသူချစ်ပရိသတ်များအနေနှင့် မဖြစ်မနေ အလွတ်ကျက်မှတ်ရယူထားရမည်ဖြစ်ပြီး မရပါက ဘာမှ ဆက်လက်၍ လုပ်နိုင်တော့မည်မဟုတ်ပါ။

လင်္ကာငယ်သည် -

၁။ ခေတ်ရေစီးကြောင်းနှင့်ကိုက်ညီရမည်။

၂။ အများသိရှိ နားလည်ကြပြီး စိတ်ဝင်စားဖွယ်စကားလုံး (စာသား) ဖြစ်ရမည်။

၃။ မှတ်သား လွယ်ကူသောအကြောင်းအရာ စကားလုံး (စာသား) ဖြစ်ရမည်။

၎င်းအင်္ဂါရပ်များနှင့်ပြည့်စုံသော -

**ဖအေအိုဝံသကို ××× လွှမ်းတဲ့ည ××× မိုးအေးည** ဟူသော လင်္ကာငယ်ကို ကျက်မှတ် ရယူပြီးပါက ၂၀၁၅ ခုနှစ်အတွင်းရှိ မည်သည့်လ၊ မည့်သည့်ရက်ကိုမဆို အချိန်နှောင့်နှေး ကြန့်ကြာမှုလုံးဝမရှိစေဘဲ အလွယ်တကူ စိတ်ကြိုက် တွက်ယူရရှိကြမည်မှာ မလွဲဧကန်အမှန်ပါ။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတကာ၏ ယဉ်ကျေးမှုများကို -

၁။ စာပေ

၂။ ဂီတ

၃။ ရုပ်ရှင်

၄။သဘင်စသည်တို့ကိုကြည့်ခြင်းအားဖြင့် သိမြင်နိုင်ကြသလို ယနေ့မျက်မှောက်ကာလ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ယဉ်ကျေးမှုအခြေအနေကိုလည်း သိမြင်နိုင်ပေသည်။ ဒီမိုကရေစီလမ်း လျှောက်လှမ်းရာတွင် စာရေးဆရာ၊ သတင်းစာဆရာ၊ မီဒီယာသမား စာပေလောကသားများအတွက် အတ္တမဖက် မေတ္တာလက်နက်ဖြင့် မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ စွမ်းစွမ်းတမံ ဆောင်ရွက်ကြသူများရှိကြရာ ငြိမ်းချမ်းရေးဖခင်ကြီးဟု ပြောရလောက်အောင် ငြိမ်းချမ်းရေးကဗျာများကို စဉ်ဆက်မပြတ် ရေးသားခဲ့သူ စာရေးဆရာကြီး ဒဂုန်တာရာသည် ၁၉-၈-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ အမှန်တရားဘက်မှ အမြဲတမ်း ရပ်တည်ကာ စာနယ်ဇင်းလောကသားများ၊ ပြည်သူများအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ ရှေ့ဆောင်လမ်းပြသွားခဲ့သူ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင်သည် ၂၁-၄-၂၀၁၄ရက်နေ့တွင်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲကြီးတွင် ပြည်သူများ ရွေးချယ်တင်မြှောက်ခြင်းခံရပြီး အောင်ပွဲရပြည်သူ့ကိုယ်စားလှယ်တစ်ဦးဖြစ်သူ မီဒီယာသမား စာရေးဆရာ သတင်းစာဆရာကြီး ဆရာမောင်ဝံသသည် ၁၁-၈-၂၀၁၃ ရက်နေ့တွင် ချိန်ခါသင့်၍ ကွေလွင့်သွားကြသော်လည်း ၎င်းတို့၏ စေတနာ၊ စွမ်းဆောင်မှုလုပ်ရပ် အတိုတ်ပုံရိပ် အသကုဋေကဋာများမှာ ယနေ့တိုင်အောင် မေ့ပျောက်၍မရနိုင်ဘဲ အမြဲထာဝစဉ်ရှိနေပါသည်။

မြန်မာမှုနယ်ပယ်တွင် ၁။ အဘ ၂။ အဖေ၊ ၃။ ဖခင်၊ ၄။ ဖအေဟူ၍ အမျိုးမျိုးဝေါဟာရစုံဖြင့် သုံးစွဲခေါ်ဆိုကြရာတွင် ဖအေ ဟူသော ဝေါဟာရသည် ဤဆောင်းပါးရေးရန် ကျွန်တော့်အတွက် တမင်သီးသန့်မွေးဖွားသန့်စင်ပေါ်ပေါက်လာသည်ဟု ပွင့်လင်းရိုးသားစွာ ပြောရမှာပါ။

စာနယ်ဇင်း လောကသားများအားလုံး၏ဖခင် (ဖအေ) တစ်ယောက်ပမာ ရိုသေလေးစား အားကိုးခဲ့ကြသည့် စာရေးဆရာ၊ သတင်းစာဆရာကြီးဆရာမောင်ဝံသကို အမှတ်တရဂုဏ်ပြုသည့်နေနှင့် **ဖအေအိုဝံသကို ××× လွှမ်းတဲ့ည ××× မိုးအေးည** ဟူ၍ ရေး... အလှသီထားရာ ၎င်းလင်္ကာငယ်အ...

ပထမဦးဆုံး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်သည် 'ဖ' ကြာသပတေး ဖြစ်သည်ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်သည် 'အေ' တနင်္ဂနွေဖြစ်သည်ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁ ရက်သည် 'အို' တနင်္ဂနွေဖြစ်သည်ကို လည်းကောင်း အသီးသီးသိရှိကြသလို ကျန်လများလည်း မလွဲသေချာ ဆက်လက်သိရှိ...မှာပါ။

ဒုတိယအဆင့်အနေနှင့် မိမိ... သိလိုကြသည့်လ၏ ၁ ရက်နေ့မှ ၁...

| ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
|---|---|---|---|---|---|
| ဖ | အေ | အို | ဝံ | သ | ကို |
| ကြာသပတေး | တနင်္ဂနွေ | တနင်္ဂနွေ | ဗုဒ္ဓဟူး | သောကြာ | တနင်္လာ |

| ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာလ | ဒီဇင်ဘာလ |
|---|---|---|---|---|---|
| လွှမ်း | တဲ့ | ည | မိုး | အေး | ည |
| ဗုဒ္ဓဟူး | စနေ | အင်္ဂါ | ကြာသပတေး | တနင်္ဂနွေ | အင်္ဂါ |



www.burmeseclassic.com

www.burmeseclassic.com

…လိုက်ပါ။ ပြီးလျှင် တတိယအဆင့် …နေနှင့် သိလိုသည့်ရက်ကို ပေါင်းပြီး …တ်ဆုံးစတုတ္ထအဆင့်အဖြစ် ၇ နှင့် …၍ရသော အကြွင်းကို ကြည့်ခြင်း …ဖြင့် အလွယ်တကူ အဖြေထွက် …လာမည် ဖြစ်ပါသည်။ အကယ်၍ …ဖြင့်စားရာတွင် မစားလောက်ပါက …ကြွင်းဟူ၍ သတ်မှတ်ပြီး စိတ်ချမ်းမြေ့ …စက္ကန့်ပိုင်းလေးအတွင်း တွက်ယူရရှိ …ည်ဖြစ်ပါသည်။ တွက်ယူရရှိနိုင်ကြ …ေး

(၀) ကြွင်းလျှင် စနေ၊ (၁) ကြွင်း …င် တနင်္ဂနွေ၊ (၂)ကြွင်းလျှင် တနင်္လာ၊ … ကြွင်းလျှင် အင်္ဂါ၊ (၄) ကြွင်းလျှင် …း၊ (၅) ကြွင်းလျှင် ကြာသပတေး၊ … ကြွင်းလျှင် သောကြာဟူ၍ မှတ်ယူ …ထားရမည် ဖြစ်ပါသည်။

၁။ **၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ၄ရက် …တ်လပ်ရေးနေ့** သည် မည်သည့်နေ့ …သည်ကို သိလိုလျှင် ၂၀၁၅ ခုနှစ်၊ …ဝါရီလ ၁ ရက်သည် 'ဖ' ကြာသပ …ဖြစ်ပါသည်။ ကြာသပတေးသည် …ဖြစ်၍ ၁ ကို နုတ်သော် -

…-၁= ၄ ၄+၄=၈

…+သိလိုသောရက် ၈+၇=၁ ကြွင်း

အဖြေ= ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ … ၄ ရက် လွတ်လပ်ရေးနေ့သည် (၁) …င်းသဖြင့် တနင်္ဂနွေနေ့ ဖြစ်ပါသည်။

၂။ **၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ … ပြည်ထောင်စုနေ့**သည် မည်သည့် …ဖြစ်သည်ကို သိလိုလျှင် ၂၀၁၅ ခုနှစ်၊ …ော်ဝါရီ ၁ ရက်သည် 'အေ' တနင်္ဂ… ဖြစ်ပါသည်။ တနင်္ဂနွေသည် ၁ ဖြစ် … ၁ ကို နုတ်သော် -

…-၁= ၀ ၀+၁၂=၁၂

…+သိလိုသောရက် ၁၂+၇=၅ ကြွင်း

အဖြေ= ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါ… ၁၂ ရက် ပြည်ထောင်စုနေ့သည် … ကြွင်းသဖြင့် ကြာသပတေးနေ့ ဖြစ် …သည်။

၃။ **၂၀၁၅ ခုနှစ်၊ မတ်လ (၂) ရက် …ောင်သူလယ်သမားနေ့**သည် မည် …သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၅ … မတ်လ ၁ ရက်သည် 'အို' တနင်္ဂ… ဖြစ်ပါသည်။ တနင်္ဂနွေသည် ၁ ဖြစ် … ၁ ကို နုတ်သော် -

…-၁= ၀ ၀+၂=၂

…+သိလိုသောရက် ၂+၇=၂ ကြွင်း (မစားလောက်သဖြင့် အကြွင်းဟူ၍မှတ်ယူရပါမည်)

အဖြေ= ၂၀၁၅ ခုနှစ်၊ မတ်လ ၂ရက်၊ တောင်သူလယ်သမားနေ့သည် (၂) ကြွင်းသဖြင့် တနင်္လာနေ့ ဖြစ်ပါသည်။

၄။ **၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက် တပ်မတော်နေ့** သည် မည်သည့်နေ့ ဖြစ်သည်ကိုသိလိုလျှင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁ ရက်သည် 'အို'တနင်္ဂနွေ ဖြစ်ပါသည်။ တနင်္ဂနွေသည် ၁ ဖြစ်၍ ၁ကိုနုတ်သော်-

၁-၁= ၀ ၀+၂၇=၂၇

၀+သိလိုသောရက် ၂၇+၇=၆ ကြွင်း

အဖြေ= ၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက် တပ်မတော်နေ့သည် (၆) ကြွင်းသဖြင့် သောကြာနေ့ ဖြစ်ပါသည်။

၅။ **၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၄ ရက် မဟာသင်္ကြန်အကျနေ့**သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်သည် 'ဝ' ဗုဒ္ဓဟူး ဖြစ်ပါသည်။ ဗုဒ္ဓဟူးသည် ၄ ဖြစ်၍ ၁ ကို နုတ်သော် -

၄-၁= ၃ ၃+၁၄=၁၇

၃+သိလိုသောရက် ၁၇+၇=၃ ကြွင်း

အဖြေ= ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၄ ရက် မဟာသင်္ကြန်အကျနေ့သည် (၃) ကြွင်းသဖြင့် အင်္ဂါနေ့ ဖြစ်ပါသည်။

၆။ **၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့**သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်သည် 'လွမ်း' ဗုဒ္ဓဟူး ဖြစ်ပါသည်။ ဗုဒ္ဓဟူးသည် ၄ ဖြစ်၍ ၁ ကိုနုတ်သော် -

၄-၁= ၃ ၃+၁၉=၂၂

၃+သိလိုသောရက် ၂၂+၇=၁ ကြွင်း

အဖြေ = ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ အာဇာနည်နေ့သည် (၁)ကြွင်းသဖြင့် တနင်္ဂနွေနေ့ ဖြစ်ပါသည်။

၇။ **၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့** သည် မည်သည့်နေ့ဖြစ်သည်ကိုသိလိုလျှင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်သည် 'ည' အင်္ဂါ ဖြစ်ပါသည်။ အင်္ဂါသည် ၃ ဖြစ်၍ ၁ ကိုနုတ်သော် -

၃-၁= ၂ ၂+၅=၂၇

၂+သိလိုသောရက် ၂၇+၇=၆ ကြွင်း

အဖြေ= ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်နေ့သည် (၆) ကြွင်းသဖြင့် သောကြာနေ့ ဖြစ်ပါသည်။

ယနေ့မျက်မှောက်ကာလ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီလမ်း လျှောက်လှမ်းရာတွင် ပြည်သူများနှင့်အတူ ရှေ့တန်းမှ မားမား မတ်မတ်ရဲရဲဝံ့ဝံ့ ကြံ့ကြံ့ခိုင်ခိုင် ဦးဆောင်ပါဝင်ခဲ့သည့် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီပါတီမှ ပြည်သူများရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသော အောင်ပွဲရပြည်သူ့ကိုယ်စားလှယ်၊ စာနယ်ဇင်းလောကသားများ၏ ဖခင် (ဖအေ) တစ်ယောက်ပမာ ချစ်ခင်လေးစား အားကိုးခဲ့ကြသည့် စာရေးဆရာ၊ သတင်းစာဆရာ ဆရာမောင်ဝံသသည် လွန်ဆန်မရ သင်္ခါရဆိုသလို ၁၁-၈-၂၀၁၃ ရက်နေ့ တနင်္ဂနွေနေ့ ဒီမိုကရေစီအရေး ဆုံးခန်းမတိုင်ခင် ကွယ်လွန်သွားရာ ပြည်သူများအတွက် နှမြောတသလွမ်းဆွေးကြသလို ရေးဖော်ရေးဖက် ဘဝတူစာရေးဆရာ သတင်းစာဆရာများသည် ဆရာမောင်ဝံသ၏ မင်္ဂလာစံပြအတိတ်ပုံရိပ်အလှ မမေ့နိုင်စရာ စာပေလှုပ်ရှားမှု အဖြာဖြာကို ပြန်လည် မြင်ယောင်နေကြပြီး ကြိုးပမ်းမှုခွန်အားများ ကျဆင်းလျက် တခြားသူများတွေထက် သာလွန်ပိုကဲ ဝမ်းနည်းကာ လွမ်းဆွေးတမ်းတသတိရနေကြပါ၍ **ဖအေအိုဝံသကို ××× လွမ်းတဲ့ည ××× မိုးအေးည** ဟူ၍ အမှတ်တရ ဂုဏ်ပြု ရေးသားလိုက်ခြင်းဖြစ်ရာ စာဖတ်သူ ချစ်ပရိသတ်များအနေနှင့် အလိုမတူ အဆင်မလှ ဘဝင်မကျစရာများပါပါက ဆောင်းပါးရှင်ကျွန်တော်၏ အားနည်းချက်သာဖြစ်၍ သည်းခံခွင့်လွှတ်နားလည်ပေးကြပါရန် ကြိုတင်၍ အနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားရင်းသင်ဆရာ ဆရာရင်းများ ဖြစ်ကြသော ၁။ ဦးကျော် (ရှမဝ)၊ ၂။ ဦးမောင်ကလေး (သောကြာ)၊ ၃။ ဒေါ်သီရိ (ဓမ္မရုပ်စုံ) နှင့် မမြင်ရ မတွေ့ရ မဆုံလိုက်ရသော ဆောင်းပါးမူလပိုင်ရှင် မြင်ဆရာ ဦးသာညွန့် (ဗိုလ်တထောင်) တို့အား ဤ ၂၀၁၅ ခုနှစ် ရက်တွက်နည်းဆောင်းပါးဖြင့် ရိုသေဦးညွှတ်ကန်တော့လျက်။

**မှတ်ချက် -**

*ဝေဖန်အကြံပြုလိုပါက စီ-၁၃၇၊ (၁၅) လမ်း (အနောက်)၊ ကန်သာရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီးလိပ်စာဖြင့် ပေးပို့နိုင်ကြပြီး လေးစားတုံ့ပြန်သောအားဖြင့် ဂုဏ်ယူဝမ်းသာစွာ စောင့်မျှော်ကြိုဆိုလျက်ပါ။*

*မေတ္တာကုဋေကုဋာဖြင့်*

ပန်ခါးမောင်မောင် (စား/တွေ)



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသောနွေရာသီရက်တစ်ရက်မှာ ကျွန်တော့်နွားကျောင်းဖော်သူငယ်ချင်းများဖြစ်ကြတဲ့ မိုးကျော်ရယ်၊ ရွှေနီ၊ ရွှေဝါညီအစ်ကို၊ သံလုံးတို့၊ မြသန်းတို့ နွားကျောင်းနေကြသည်။ နွားကျောင်းတဲ့နေရာက ကျွန်တော်တို့ ထိန်ပင်ရွာနဲ့ ညောင်ပင်သာရွာကြားကာ သချိုင်းကုန်းနွားစားကျက်မှာပါ။ ရွာသချိုင်းကုန်းကြီးက (၅)ဧကကျယ်သည်။ ရှေးလူကြီးတွေ သတ်မှတ်ထားတာဖြစ်သည်။ ပတ်ဝန်းကျင်ကတော့ လယ်ကွက်တွေဝိုင်းနေတာပေါ့။

သချိုင်းကုန်းကြီးမှာ သွပ်မိုးအုတ်ဇရပ်တစ်ခုနဲ့ အသုဘကမ္မဌာန်းစီးဖြန်းတဲ့ ကျောင်းအိုကြီးတစ်ကျောင်းလည်း ရှိသည်။ အရင်တုန်းက အလှူရှင်သူဌေးတစ်ဦးက သူ့ဆရာတော်အတွက် လှူဒါန်းထားတာဟု သိရသည်။ အဲဒီ ဆရာတော် ပျံလွန်တော်မူပြီးကတည်းက အဲဒီကျောင်းကြီးမှာ ဆရာတော်နှင့် ဘုန်းကြီးတွေ သီတင်းမသုံးတော့။

ကျောင်းကြီးက ပျဉ်းကတိုးသစ်အကောင်းစားနှင့်ဆောက်လုပ်ထားတာမို့ နှစ်ပေါင်း (၅၀) ကျော်ပေမယ့် အခုအထိ ခိုင်မာတောင့်တင်းဆဲပါပဲ။ အဲ-ဒါပေမယ့် သွပ်မိုးတွေအပေါ် ငှက်ချေး၊ မန်ကျည်းစေ့၊ တမာစေ့၊ ညောင်စေ့တွေကျပြီး အပင်တွေပေါက်နေတာ အတော်တောင်ကြီးနေကြပြီ။ ကျောင်းဝိုင်းထဲမှာလည်း တောချုံတွေက ထူထူထဲထဲကိုပေါက်နေသည်။ သချိုင်းထဲက မန်ကျည်းပင်၊ သရက်ပင်၊ ကုက္ကိုပင်ကြီးတွေကလည်း အုပ်အုပ်ဆိုင်းဆိုင်းနှင့်နေ့ခင်းနေ့လယ်မှာတောင် သချိုင်းထဲမှာမှောင်မည်းနေတာပဲ။

ရွာသချိုင်းဆိုတော့လည်း အုတ်ဂူနည်းနည်းနှင့် သချိုင်းဇရပ်ပတ်ဝန်းကျင်မှာသာ မြှုပ်နှံကြတာဖြစ်၏။ ဒါကြောင့် သချိုင်းမြေက ကျယ်ဝန်းပေမယ့် အုတ်ဂူတွေက သချိုင်း၏ (၅)ပုံ၊ (၁)ပုံလောက်မှာသာ စုစုဝေးဝေးရှိနေပါသည်။သချိုင်းက ကျွန်တော်တို့ရွာနှင့် ပိုနီးတော့ ထိန်ပင်သချိုင်းလို့ပဲ ခေါ်ကြပါသည်။ အမှန်တော့ ဒီသချိုင်းက ပတ်ဝန်းကျင်ရွာတွေဖြစ်ကြတဲ့ အညာစု၊ ညောင်ပင်သာ၊ ဥသျှစ်ကုန်း၊ လက်ပံရွာစုတွေနှင့်လည်း သက်ဆိုင်ပါသည်။

နေ့ခင်းရောက်တော့ ကျွန်တော်တို့ နွားကျောင်းသားသူငယ်ချင်းတွေ အရိပ်ကောင်းလှတဲ့ မန်ကျည်းပင်ကြီးအောက်က အုတ်ဂူကြီးတစ်လုံးပေါ်မှာ ထိုင်ကြပြီး ထမင်းစားကြပါသည်။ ရွာအိမ်နှင့်မဝေးပေမယ့် နွားတွေလဲထား၍ အိမ်ပြန်ထမင်းမစားနိုင်။ အိမ်က ထည့်ပေးလိုက်တဲ့ ထမင်းထုပ်ကိုပဲ စားကြတာပါ။

အဲဒီအချိန်မှာပဲ -

"ဟေ့ -တောက်ထိန်ရှိသလား..."

ဟူသော ရွာသူကြီး၏ လက်... ကိုပြားကြီး၏ခေါ်သံအောအောကြီး... ကြားလိုက်ရပါသည်။

"ကိုပြားကြီး၊ ဘာကိစ္စတုံး... မှာထမင်းစားနေကြတယ်"




www.burmeseclassic.com

www.burmeseclassic.com

"အေး - မင်းယောက်ျမသူကြီးက အမြန်လာခဲ့ပါ။ ညည့်သည်ရောက်နေလို့တဲ့ ခေါ်ခိုင်းလိုက်တယ် မောင်ရေ"

"မြို့ကဧည့်သည်လားဗျ"

"မြို့ကလား၊ တောကလားတော့ မသိဘူး။ မင်းတို့အရွယ် ယောကျ်ားလေးတစ်ယောက်ရယ်၊ မိန်းကလေးတစ်ယောက်ရယ်၊ မိန်းမကြီးတစ်ယောက်ရယ်ပဲ။ ကောင်မကလေးက အတော်ချောတယ်ကွ"

"သူကြီးသမီး နှင်းနုထက်ချောသလား ကိုပြားကြီး"

"ဟာကောင်ရဲ့၊ ဘာမှမဆိုင်ဘူး။ သူကြီးသမီးနှင်းနုက အသားပဲဖြူတာ၊ ရွာသူကြီးသမီးဖြစ်နေလို့ ကွမ်းတောင်ကိုင်ဖြစ်နေတာ။ အခုကောင်မကလေးက ဥစ္စာစောင့်မကလေးလို ချောတဲ့အပြင် အရပ်အမောင်းကလည်းကောင်း၊ အသားအရေကလည်း ဖွေးဥလို့၊ နှင်းနုထက် (၁၀)ဆလောက်ချောတယ်ဟ"

"အင်း- ကျွန်တော်ကို သူကြီးခေါ်တယ်ဆိုတော့ အဲဒီကောင်မကလေးနဲ့ ပေးစားမလို့ထင်ပါရဲ့။ ကျွန်တော်က ငယ်ပါသေးတယ်ဗျာ၊ မိဘတွေကိုလုပ်ကျွေးနေရတုန်းအရွယ်ပါ"

"ဟဲ့ကောင်ကလေး၊ အသားယူမနေနဲ့။ တော်ကြာ သူကြီးကအချိန်ကြာလို့ ငါ့ကိုကြိမ်းနေဦးမယ်၊ မြန်မြန်လုပ်"

"ပြီးပါပြီဗျာ၊ နွားကျောင်းသား ဘ၀ ဒီလိုအချိန်လေး အနားယူပြီး ဇိမ်ခံရတာ ခုတော့ နှောင့်ယှက်တဲ့သူကပေါ်လာပြီ"

"ကောင်ကလေး၊ ကြီးကြီးကျယ်ကျယ်တွေပြောမနေနဲ့။ဟိုရောက်လို့ မင်းကောင်မကလေးကိုမြင်တာနဲ့ အမောပြေသွားစေရမယ်"





www.burmeseclassic.com

www.burmeseclassic.com

"အဟုတ်လား ကိုပြားကြီးရယ်"

"အဟုတ်ပြောတာပါဆို"

ကျွန်တော်နှင့် ကိုပြားကြီးမှာ အလွန်ခင်သည်။ ပြောမနာဆိုမနာ။ အမေ့ဘက်က အမျိုးလည်းတော်သည်။ ထို့ကြောင့် ကျွန်တော့်နွားများကို သူငယ်ချင်းများအားအပ်ပြီး ကိုပြားကြီးခေါ်ရာ သူကြီးအိမ်သို့ လိုက်ခဲ့ရပါတော့သည်။ ရွာလယ်သူကြီးအိမ်သို့ ရောက်တော့ သူကြီးက သစ်သားပက်လက်ကုလားထိုင်ကြီးတွင်ထိုင်နေပြီး ဖလှယ်စုံကြေးကွမ်းအစ်ကြီးကိုဖွင့်၍ ကွမ်းယာယာစားနေသည်။ အနီးတွင် အညာစားပွဲရှည်ကြီးခင်းပြီး ဘေးနှစ်ဖက်တွင် ခုံတန်းရှည်ကြီးများချထားသောထိုင်ခုံများပေါ်တွင် မိန်းမကြီးတစ်ယောက်နှင့် ကျွန်တော်အရွယ်ခန့် ယောကျ်ားလေးတစ်ဦးနှင့် မိန်းမပျိုလေးတစ်ဦးတို့ ထိုင်နေကြသည်။ အားလုံးအသားဖြူဖြူ၊ သန့်သန့်ပြန့်ပြန့်ပင်။ မိန်းမပျိုကလေးက အစိမ်းရောင်ဝတ်စုံဖြင့် ကိုပြားကြီးပြောသလို ဥစ္စာစောင့်မကလေးကဲ့သို့ ချောမောလှပသူ ကလေးဖြစ်၏။

"အဘသူကြီး၊ ဘာကိစ္စတုံးဗျ"

ကျွန်တော်က ရောက်ရောက်ချင်းမေးတော့ သူကြီးက -

"ထိုင်ပါဦး တောက်ထိန်ရယ်၊ ရေနွေးကြမ်းသောက်ဦး"

ကျွန်တော်က အနီးရှိခုံတန်းရှည်ယောကျ်ားကလေးအနီးဝင်ထိုင်လိုက်ရာ သူကြီးက -

"ဒီလိုကွ တောက်ထိန်ရ၊ ဒီမိသားစုက ဘိုကလေးမြို့နယ်ဘက် ပျဉ်ဒရယ်ရွာဟောင်းကြီးက ပြောင်းလာကြတာတဲ့။ အိမ်ထောင်ဦးစီး အဖေလုပ်သူက ရုတ်တရက်ဆုံးပါးသွားတော့ အားကိုးရာမဲ့ဖြစ်ပြီး ဟိုဘက်ရွာ ညောင်ပင်သာမှာ အမျိုး ကိုသူတော်တို့ရှိတာနဲ့ ပြောင်းလာကြတာတဲ့။ အဲ - ကိုသူတော်တို့ကလည်း မနှစ်က လင်မယားနှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့်ဆုံးသွားတာမို့ ကလေးတွေပဲကျန်နေခဲ့သတဲ့။ ဒါကြောင့် ငါတို့ရွာဘက်လာပြီး ငါ့ဆီမှာ အလုပ်တောင်းတာ။ ရွာသင်္ချိုင်းမှာ သုဘရာဇာအလုပ်လာလျှောက်ကြတယ် ဆိုပါတော့ကွာ"

ကျွန်တော် အလွန်အံ့ဩသွားသဖြင့် -

"ဘယ်လို သူကြီးရဲ့၊ မဟုတ်တာဗျာ။ ရွာမြေတစ်နေရာရာမှာ သူကြီးက နေရာပေးရင် ကျွန်တော်တို့ကလည်း လူနေတဲလေးဝိုင်းဆောက်ပေးမှာပေါ့ဗျာ။ အလုပ်အကိုင်ကလည်း ရွာမှာမရှားပါဘူး။ ရာသီအလိုက် အလုပ်တွေပေါပါ့ဗျာ။ ရွာကလည်းကူညီမှာပေါ့။ စားဝတ်နေရေးက ပူစရာမလိုပါဘူး"

"အေး - အဲဒါလည်းဟုတ်တယ်။ ဒါပေမယ့် သူတို့က ရွာသင်္ချိုင်းမှာ စဏ္ဍာလလုပ်ချင်တယ်ပြောလာလို့ ငါကလည်း စဉ်းစားမိတယ်။ တို့ရွာသင်္ချိုင်းလည်း သာယာအောင်၊ သူတို့မိသားစုလည်းအဆင်ပြေအောင်၊ ရွာထဲနေရာပေးတဲဆောက်ရတာတွေမလုပ်ရအောင် ရွာသင်္ချိုင်းထဲက မသုံးတော့ဘဲပစ်ထားတဲ့ ဘုန်းကြီးကျောင်းအဟောင်းထဲမှာ နေရာပေးမလားလို့။ သူတို့ကလည်း သဘောတူတယ်။ နေစရာကလည်း ဒီနေ့ရမှဖြစ်မှာဆိုတော့ မင်းကိုခေါ်ပြီး တိုင်ပင်ရတာပါမောင်ရယ်"

"သူတို့နေရဲပါ့မလား သူကြီးရယ်၊ ပစ်ထားတာလည်း နှစ်ပေါင်းအတော်ကြာပြီ။ တစ္ဆေ၊ သရဲတွေ၊ မြွေပါးကင်းပါးနဲ့အဆင်ပြေမယ် မထင်ပါဘူး"

"ဟုတ်ကဲ့၊ ကျွန်မတို့နေရဲပါတယ်။ မိုးလုံလေလုံနေရာကလေးတစ်နေရာရရင်ပြီးတာပါပဲ။ နောက်ပြီး ကျွန်မတို့မိသားစုက ပန်းရန်ပညာလည်းတတ်ပါတယ်ရှင့်"

"အေး - အဲဒါကြောင့် ကာလသားအဖွဲ့နဲ့ မင်းတို့က အဲဒီကျောင်းဟောင်းဝန်းကျင်ကို ရှင်းပေး၊ သူတို့နေထိုင်နိုင်အောင် စောင့်ရှောက်ပေးကြပေါ့ကွာ။ နေစရာမရှိလို့နေစရာပေးတာ ကုသိုလ်ရပါတယ်။ တစ်လရိက္ခာကိုတော့ ငါက ထောက်ပံ့ကူညီပေးမယ်။ နောက်လတွေမှာတော့ သူတို့ဘာသာသူတို့ ရှာဖွေစားသောက်ကြပစေပေါ့"

အလွန်ကပ်စေးနှဲသောသူကြီး ဤတစ်ခါတော့ ဘယ်လိုဖြစ်သည်မသိ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေသဖြင့် ကျွန်တော်အလွန် အံ့ဩရပါသည်။

ထို့ကြောင့် -

"ဒီနေ့လုပ်ပေးရမှာလား သူကြီး"

"အေးလေ၊ အခုပဲလုပ်ကြကွာ။ မင်းတို့နွားကျောင်းအုပ်စုအပြင် ရွာကာလသားခေါင်း ချက်ကြီးတို့အဖွဲ့ကိုပါ ငါလွှတ်လိုက်မယ်။ ဒီက မိသားစုကလည်း ကိုယ်နေမယ့်အိမ်ပဲ ဝိုင်းကူလုပ်ကြပေါ့"

"ဟုတ်ကဲ့ပါရှင်"

"ကဲ - တောက်ထိန်၊ မင်းက ဒီမိသားစုကိုခေါ်သွားပြီးနေရာပေး။ ညနေစောင်းတော့ ငါလည်းဆင်းလာခဲ့မယ်"

"ဟုတ်ကဲ့ သူကြီး"

ကျွန်တော်ဦးဆောင်ပြီး ထိုမိသားစုအား ရွာသင်္ချိုင်းကုန်းသို့ခေါ် ဆောင်လာခဲ့ပါသည်။ ရွာသူရွာသားများက ငေး့စိမ်းဖြစ်၍ ဝိုင်းကြည့်နေကြပါသည်။

❖

ရွာသင်္ချိုင်းကုန်းအနီးရောက်တော့ ကျွန်တော်၏ နွားကျောင်းသားအဖွဲ့က စိတ်ဝင်စားစွာ စောင့်ကြိုနေကြပါသည်။

မိုးကျော်က -

"တောက်ထိန်၊ သူကြီးက ဘာတဲ့လဲကွ"

"ဒီက အဒေါ်တို့မိသားစုအတွက် သင်္ချိုင်းထဲက ကျောင်းဟောင်းကြီးကို သန့်ရှင်းရေးလုပ်ပေးရမတဲ့။ ရွာကာလသား ကိုချက်ကြီးတို့အဖွဲ့လည်း လာက မယ်တဲ့။ အခုလောလောဆယ် ငါတို့ အဖွဲ့က ကျောင်းပေါ်ကိုရှင်းပြီး အဒေါ် တို့ကိုနေရာပေးရမယ်"

"ဖြစ်ပါ့မလားကွာ၊ မြွေပါးကင်းပါး၊ ကျောင်းကြီးကလည်း ဆွေးမြည့်နေ ရောပေါ့။ နှစ်ပေါင်းကကြာပြီပဲ"

"အဲဒါကို သူကြီးက ရွာကာလ သားအဖွဲ့နဲ့ပြင်လိမ့်မယ်။ ငါတို့တာဝန်က သန့်ရှင်းရေးလုပ်ပေးရုံပဲ"

ပထမဆုံး ကျွန်တော်တို့အဖွဲ့က ပိတ်ထားသော ကမ္ဘဋ္ဌာန်းကျောင်းတံခါး အားဖွင့်ရသည်။ ကျွန်းနှင့် ပျဉ်းကတိုး သစ်များဖြင့် အခိုင်အခံ့ ဆောက်လုပ် ထားသောကြောင့် အပျက်အစီး နည်းသည်။ သို့သော် ကျောင်းခန်းထဲ အခန်းဖွဲ့ထားခြင်းမရှိသော်လည်း ပင့်ကူ အိမ်နှင့် လင်းနို့ချေးများက အပုံလိုက် နံစော်နေသည်။ ကျွန်တော်တို့အဖွဲ့ အတော်ရှင်းရသည်။ ဧည့်သည်မိသား က ဝိုင်း၍ကြမ်းတိုက်သည်။ ဝါးကိုင်း ဖြင့် တံမြက်စည်းလှည်းသည်။

အပေါ်ခန်းပြီးတော့ ကျောင်း အောက်ခန်း၌ ဝါးလုံးများဖြင့် ချုံ အားရိုက်၍ အဆိပ်ရှိသောသတ္တဝါ အား မောင်းနှင်ထုတ်ရသည်။ဘုန်းတော် ကြီးကျောင်းထွက်များပီပီ ပါးစပ် လည်း ဓာရဏပရိတ်ကို ရွတ်ရ သည်။ ပြီးနောက် နီးစပ်ရာအိမ်မှ ဓားရှည်နှင့် ပေါက်ပြားများငှားရ ကျောင်းဝင်းအတွင်း အပြောင်ရှင်း တော့သည်။

ထိုစဉ် ကာလသားခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com

ကြီးတို့အဖွဲ့ရောက်လာကြသဖြင့် ပြတင်းပေါက်နှင့် တံခါးများ၊ လှေကားများကို သစ်တိုသစ်စများဖြင့် ဖာထေးပြုပြင်ပေးကြပါသည်။

ကျွန်တော်ကလျှာရှည်ပြီး ကာလသားခေါင်း ကိုချက်ကြီးအား -

"ကိုချက်ကြီး၊ အမိုးပေါ်ကအပင်တွေကိုကော မရှင်းဘူးလားဗျ"

"ဟ - တောက်ထိန်ရ၊ ခေါင်မိုးပေါ်က သစ်ပင်ပေါက်တွေက အမြစ်စွဲနေပြီ။ သွားရှင်းလိုက်ရင် အမိုးပါပြိုကျတော့မှာ။ သူ့တိုင်းပဲကောင်းတယ်"

ကမ္ဘဋ္ဌာန်းကျောင်းမှာ ပေ (၂၀) ပတ်လည်ခန့် ကျယ်ဝန်းသော်လည်း အခန်းဖွဲ့ထားခြင်းမရှိ။ မီးဖိုဆောင်မပါသဖြင့် ကိုချက်ကြီးတို့အဖွဲ့က နီးစပ်ရာမှ ဝါးများခုတ်ပြီး သစ်ခက်များမိုး၍ ယာယီမီးဖိုဆောင်ဆောက်ပေးကြသည်။ ညနေစောင်းတော့ ကမ္ဘဋ္ဌာန်းကျောင်းကလေးမှာ လူနေ၍ရသောအိမ်လေးဖြစ်သွားပါသည်။ သူကြီးရောက်လာတော့ ရေထည့်ရန် ရာဝင်အိုးတစ်လုံးနှင့် ရိက္ခာများ၊ ရေစည်လှည်းတစ်စီးပါ ပါလာသည်။

"ဟဲ့ - တောက်ထိန်တို့အဖွဲ့၊ တင်းချက်ဖို့လုပ်ဦးဟ။ မန်ကျည်းသီးနဲ့ သရက်သီးခူးပေးလိုက်ကြဦး။ ဟင်းချက်စရာ ရတာပေါ့ဟ။ သူတစ်ပါးကို ကူညီကောင်းပါတယ်။ လုပ်ကြဟ၊ သာရေးနာရေး ဒီလိုပဲပေါ့"

ကျွန်တော်တို့ · အဖွဲ့ကလည်း အင်အလွန်ပေါ့သည်။ ချက်ချင်းတက်ခူးပေးကြရာ ဧည့်သည်အဒေါ်ကြီး၏ သားမှာလည်း ကျွန်တော်တို့ဖြင့် အတူတက်ရာ မန်ကျည်းပင်ခေါင်ဖျားအထိတက်ပြီး မန်ကျည်းရွက်အနုပင် ခူးသေးသည်။ အတော့်လျင်မြန်ဖျတ်လတ်သူတစ်ဦးဖြစ်ပါသည်။ ညနေစောင်းတော့ အဆင်သင့်ဖြစ်သောကြောင့် ဧည့်သည်မိသားစုက သူကြီးအား ထိုင်ကန်တော့ကြပြီး ကျေးဇူးတင်စကားဆိုပါသည်။

ကျွန်တော်တို့အဖွဲ့အား ထန်းလျက်နှင့် မြေပဲဆန်လှော်ကျွေးပြီး ရေနွေးကြမ်းတစ်ခရားချပေးရာ ကျွန်တော်တို့ကလည်း မောမောပန်းပန်းဖြင့် အားမနာတမ်းစားကြသည်။ မြေပဲဆန်ဆောင့်ကြီးများမှာ လက်တစ်ဆစ်ခန့်ရှည်သည်။ ရေနွေးကြမ်းမှာလည်း အကောင်းစား လက်ဖက်ခြောက်ခတ်ထားပါသည်။ သူကြီးကိုတော့ သဘောသီး ငှက်ပျောသီးတို့ဖြင့် ဧည့်ခံပါသည်။

နွားရိုင်းသွင်းချိန်ကို ရောက်တော့ ကျွန်တော်တို့ နွားတွေကိုစုပြီး ပြန်ရန်ဖြင်ရပြီ။ နေလုံးနီကြီးက အနောက်ဘက်တောင်ဆွယ်ပေါ်တွင် မေးတင်နေပါပြီ။ ယခင်နေ့များက နေဝင်တော့မည်ပြင်သည်နှင့် ကျွန်တော်တို့ နွားများအား အမြန်သိမ်း၍ အိမ်သို့အမြန်ပြန်နေကျ။ ယနေ့တော့ နောက်ဆံတင်းနေသလိုပင် အိမ်သို့မပြန်ချင်သေး။ ကြောက်စရာသစ်ပင်ကြီးများဖြင့် မည်းမှောင်နေသော သချိုင်းကုန်းကြီးမှာ ယနေ့တော့ မီးကလေးမှိတ်တုတ်မှိတ်တုတ်ဖြင့် ကျွန်တော်တို့အား နှုတ်ဆက်နေသောကြောင့် ဖြစ်ပါလိမ့်မည်။

နာမည်များပင် မသိရသေးသော ထိုမိသားစုကို ကျွန်တော်စိတ်မချဖြစ်နေပါသည်။ ညမှောင်မှောင် အလင်းရောင်နည်းနည်း သချိုင်းကုန်းကြီးအထဲ၌ မည်ကဲ့သို့နေကြအိပ်ကြမည်မသိပါ။ ရွာနှင့်အလှမ်းမဝေးသောကြောင့်သာ တော်ပါသေးသည်။ ကျွန်တော်သံယောဇဉ်ဖြတ်ပြီး အိမ်မှာနွားများကို စုစည်းရေတွက်ပြီး ပြည့်စုံသဖြင့် ပြန်ခဲ့ရပါတော့သည်။

နောက်တစ်နေ့မနက်တွင်လည်း ကျွန်တော် စောစောစီးစီးနိုးနေပါသည်။ ဘာကိုရမယ်ရှာပြီး အဒေါ်ကြီးတို့အိမ်သို့ သွားရမည်ကိုမသိ။ စိတ်ထဲကတော့ အလွန်သွားချင်နေမိသည်။ ထိုစဉ်တွင် အမေက -

"တောက်ထိန်ရေ သားအိပ်ရာကနိုးပြီးလား။ အမေ ကောက်ညှင်းပေါင်းထားတယ်။ သားစားပြီး ဟိုသချိုင်းထဲကမိသားစုအတွက်လည်း ယူသွားဦး"

"ဟုတ်ကဲ့ပါ အမေ"

အောင်မယ်လေး - ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ဘာကိုရမယ်ရှာပြီး အဒေါ်ကြီးတို့အိမ်ကိုသွားရမည်မသိဖြစ်နေချိန်တွင် အမေကဝင်ကယ်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့တောရွာများဓလေ့က အလွန်ချစ်စရာကောင်းလှပါသည်။ မည်သည့်ဧည့်သည်လာလာ ဧည့်စိမ်းလာသည်ဟု သိသည်ဖြင့် အိမ်တိုင်းစေ့တစ်နိုင်တစ်ပိုင် ရေနွေးကြမ်းနှင့် အကြော်စုံ သို့မဟုတ် လက်ဖက်သုပ်၊ ချင်းသုပ်၊ မြေပဲနှင့် ထန်းလျက်ခဲများ စီစဉ်ထားတတ်ကြပြီး သူကြီးအိမ်က မောင်းထုသည်နှင့် လင်ပန်းခေါင်းပေါ်ရွက်ကာ အပြေးအလွှားသွားပို့တတ်ကြသည်မှာ ရွာဓလေ့ဖြစ်ပါသည်။

ယခုလည်း အမေသာမက ကျွန်တော့်သူငယ်ချင်းနွားကျောင်းသားအဖွဲ့အိမ်တွေကလည်း စားစရာမျိုးစုံယူလာကြမည်မှာ ကေန်အမှန်ပင်ဖြစ်ပါသည်။ ကျွန်တော် အိပ်ရာကထ မျက်နှာသစ်ပြီး ဘုရားရှိခိုးသည်။ ပြီးသည်နှင့် အမေကျွေးသော ကောက်ညှင်းပေါင်းအား ကသုတ်ကရက်စား၍ အမေစီစဉ်ထားသောကောက်ညှင်းပေါင်ထုပ်နှင့် ထမင်းထုပ်အားယူကာ လက်စွဲတော် လေးခွအိတ်နှင့် ကြိမ်လုံးအားယူ၍ ခမောက်ဆောင်းပြီးထွက်ခဲ့ပါသည်။ အိမ်အနောက်ဘက် နွားခြံတံခါးအား ဖွင့်လှစ်ရေတွက်ပြီးသည်နှင့် နွားအုပ်ကြီးကို မောင်း၍ထွက်ခဲ့ပါတော့သည်။

သချိုင်းကုန်း နွားစားကျက်သို့ ရောက်တော့ နွားများအားလွှတ်လပ်စွာ လွှတ်ကျောင်းလိုက်ပါသည်။

ကျွန်တော်တို့အဖွဲ့ စုရပ်တွင်ဆုံတော့ မိုးကျော်က -

"တောက်ထိန်၊ မင်းအိမ်ကဘာပေးလိုက်သေးသလဲ"

"ကောက်ညှင်းပေါင်းကွာ၊ ဧည့်သည်တွေအတွက်ပြောတာ မဟုတ်လားမိုးကျော်"

"အေး - ဟုတ်တယ်၊ ငါ့အိမ်က ကောက်ညှင်းပေါင်းထုပ်၊ ဟိုကောင်တွေအိမ်က အကြော်စုံနဲ့ မုန့်မျိုးစုံပါလာတယ်ကွ"

ကျွန်တော်တို့ စိတ်တူလက်တူ ဧည့်သည်များ တည်းခိုနေသော ကမ္ဘဋ္ဌာန်းကျောင်းတစ်ဖြစ်လဲ အိမ်သို့ထွက်ခဲ့ပါတော့သည်။ အိမ်ရှေ့သို့ ကျွန်တော်တို့ အုပ်စုရောက်တော့ အိမ်ပေါ်မှ ကောင်ကလေးဆင်းလာပြီး -

"ဟော - လာကြ သူငယ်ချင်းတို့၊ မင်းတို့အတွက် အစ်မက ပဲပြုတ်နဲ့ထမင်းကြော်နေတယ်။ အမေကတော့ ဘုရားဝတ်ပြုနေတယ်ကွ"

ကျွန်တော်တို့အား ကောင်ကလေးက ဖိတ်ခေါ်ပြီး အိမ်ရှေ့တွင် ဘယ်အချိန်က ရိုက်လိုက်သည်မသိရသော ဝါးစားပွဲနှင့် ဝါးလုံးတန်းထိုင်ခုံတွင် နေရာပေးပါသည်။

တစ်ဆက်တည်း -

"အစ်မရေ ကိုတောက်ထိန်တို့အဖွဲ့ရောက်လာကြပြီ"

"အေး၊ အေး - မောင်လေး၊ အစ်မခူးခပ်ပြီးယူလာခဲ့မယ်"

မကြာပါ၊ သန့်ရှင်းသောဒန်ဇလုံကလေးများဖြင့် ထမင်းကြော်ပူပူနွေးနွေးနှင့် မြေပဲကြော်ကို လာချပေးသည်။ ရေနွေးကြမ်းအိုးမည်းကလေးနှင့် စဉ့်ရည်



www.burmeseclassic.com

www.burmeseclassic.com

သုတ် မြေပန်းကန်ကလေးများလည်းပါသည်။ ဖြူစင်နေသော လက်သုတ်ပဝါကလေးကလည်း အဆင်သင့်ချပေးထားသည်။

"သုံးဆောင်ကြပါရှင့်"

ကောင်လေးက -

"ငါ့နာမည် အောင်ဘွား၊ အစ်မနာမည်က စောနန်းနွယ်၊ အမေနာမည်က ဒေါ်နန်းတင် မှတ်ထားကြ သူငယ်ချင်းတို့။ နောက်နေ့တွေမှာလည်း အချိန်မရွေး ဗိုက်ဆာရင်လာစားကြပါ။ အစ်မက တစ်ခုခုစီစဉ်ပေးမှာပါ"

ထို့ကြောင့် ကျွန်တော်က -

"ငါ့နာမည်ကတော့ မင်းသိပြီးသား တောက်ထိန်ပါ။ သူတို့က မိုးကျော်နဲ့ ရွှေနီ၊ ရွှေဝါညီအစ်ကို၊ သောင်းစိန်၊ တင်ထူးတို့ပဲ။ မှတ်ထားပါ။ ရွာကိစ္စ ဘာပဲဖြစ်ဖြစ်အကူအညီလိုရင် ငါတို့ပြော၊ အတတ်နိုင်ဆုံးကူညီမယ်။ ဒီမှာလည်း ငါတို့အိမ်တွေကပေးလိုက်တဲ့ မုန့်တွေ မင်းတို့မိသားစုစားဖို့ယူလာတာ"

"အေးပါ - ကိုတောက်ထိန်ရယ်၊ ကျေးဇူးအထူးတင်ပါတယ်။ကဲ - စားကြပါဦး"

ကျွန်တော်တို့ထမင်းကြော်နှင့် မြေပဲကြော်ကို စားကြသည်။ အလွန်လက်ရာကောင်းပါသည်။

"ဒါနဲ့ အောင်ဘွားရေ ညက ကောင်းကောင်းအိပ်ကြရရဲ့လား။ ငါတို့က စိတ်ပူနေတာ"

"ကျွန်တော်တို့မိသားစုက ဘုရားဝတ်ပြု တရားထိုင်၊ အမျှအတန်းဝေပြီး မေတ္တာပို့အိပ်တာကြောင့် အနှောင့်အယှက်မရှိပါဘူးဗျာ။ အိပ်လို့ကောင်းပါတယ်"

"ဒီမြေပဲဆန်က အလုံးကြီးပြီး အလွန်ဆိမ့်တယ်နော်"

ကျွန်တော်ကစကားစတော့ အနီးတွင်ရပ်နေသော စောနန်းနွယ်က -

"ဒီမြေပဲက ရှမ်းပြည်နယ်ဘက်က ထွက်တဲ့မျိုးပါရှင့်၊ အရသာအလွန်ကောင်းပါတယ်"

ကျွန်တော်က စောနန်းနွယ်နှင့် ခင်မင်ရင်းနှီးအောင် ဝင်ရောသလို အောင်ဘွားကလည်း ကျွန်တော်တို့နှင့် ခင်မင်ရင်းနှီးအောင် ကြိုးစားနေဟန်ရှိပါသည်။

"ကိုတောက်ထိန်ရယ်၊ ကျွန်တော်တို့ ဒီမှာနေခွင့်ရတုန်း ကျွန်တော်တို့မှာပါလာတဲ့ မျိုးစေ့ကလေးတွေစိုက်ချင်တယ်။ ဒါကြောင့် ဒီခြံဝင်းထဲမှာ မြေတူးပြီး မြောင်းဖော်ခွင့်ပြုပါနော်"

"လုပ်ချင်ရာသာလုပ် အောင်ဘွားရေ၊ လိုအပ်ရင် တို့ပါအကူအညီပေးပါ့မယ်။ အားမနာတမ်းပြောပါ"

"မလိုပါဘူး ကိုတောက်ထိန်၊ ကျွန်တော့်ဘာသာ တစ်နိုင်လုပ်မှာပါ။ ဒီက မြေဩဇာကောင်းတော့ ဘာပင်စိုက်စိုက် ဖြစ်ထွန်းမယ်ထင်ပါတယ်"

"သချိုင်းမြေပဲ၊ မြေဩဇာကောင်းမှာပေါ့ကွ"

ကျွန်တော်တို့စားသောက်ကြပြီး အောင်ဘွားတို့အိမ်ကအထွက် စောနန်းနွယ်ကိုနှုတ်ဆက်ခဲ့ပါသေးသည်။ အဒေါ်ကြီးကတော့ အိမ်ပေါ်မှဆင်းမလာပါ။ တရားထိုင်နေဟန်တူပါသည်။

သို့နှင့် တစ်ပတ်ခန့်အကြာတွင် ကျွန်တော်တို့နှင့် အောင်ဘွားတို့မိသားစု အတော် ရင်းနှီးခင်မင်သွားပါသည်။ အောင်ဘွားကလည်း သူတို့နေသော ကျောင်းဟောင်းပတ်ဝန်းကျင်အနှံ့တူးဆွ၍ မြောင်းပေါင်များဖော်ပြီး မျိုးစေ့များချသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့အဖွဲ့က မျိုးစေ့ချရာတွင် ကူညီရသော်လည်း မြောင်းပေါက်ခွင့်ကိုတော့ အောင်ဘွားက မပေးပါ။ ပင်ပန်းမှာစိုးလို့ဟု အကြောင်းပြပါသည်။ နှစ်ပတ်ခန့်ကြာတော့ ကျွန်တော်နှင့် စောနန်းနွယ် အတော်ရင်းနှီးခင်မင်လာပါသည်။ မိန်းမသားပီပီ သူမစားလိုရာ ထွေလာကေရာ မုန့်ပဲသရေစာကလေးများကို ကျွန်တော့်အားမှာတတ်သည်။ ကျွန်တော်ကလည်း ရွာထဲရှိဆိုင်ကလေးများမှာ ဝယ်ပေးရသည်။

အောင်ဘွားတို့ သုဘရာဇာလုပ်ရန် ကျွန်တော်တို့ရွာသို့ရောက်ရှိလာသည်မှာ တစ်လပင်ပြည့်ခါနီးပါပြီ။ သူတို့ရွာထဲသို့ တစ်ခေါက်မျှပင် မလည်ကြပါ။ ကျွန်တော်တို့ရွာများကလည်း လူသေဆုံးမှုမရှိ၊ ကျန်းမာရေးလည်း ကောင်းနေကြသည်။ အောင်ဘွားတို့စိုက်ပျိုးထားသော ချဉ်ပေါင်ပင်၊ မုန်လာနှင့် မုန်ညင်းပင်၊ ငရုတ်ပင်၊ ခရမ်းပင်ကလေးများပင် အတော်ကြီးလာကြပြီဖြစ်ပါသည် အောင်ဘွားတစ်ယောက်ကတော့ ပေါက်တူးတစ်လက်ဖြင့်မြေပေါက်ဆဲ မြောင်းတူးဆဲဖြစ်သည်။ ဘာပင်တွေစိုက်ဦးမည်မသိပါ။ ကျွန်တော်နှင့် စောနန်းနွယ်တို့၏သံယောဇဉ်ကလည်း အတော်ခိုင်မာလာပြီဟု ကျွန်တော်ထင်ပါသည်။ တန်ဆူးလထဲရောက်၍ မိုးကကျတော့မည်။ သူတို့တည်းခိုနေသော ကျောင်းအိုကြီးက မိုးလုံမည်မဟုတ်။ ကျွန်တော် စဉ်းစားရင်း တွေးပူနေမိပါသည်။

တစ်လပြည့်သော မနက်ခင်း ကျွန်တော်တို့အဖွဲ့တွေ စုရပ်တွင်ဆုံကြပြီး အောင်ဘွားတို့အိမ်ဘက်သို့ အသွားတွင် အိမ်တံခါးမဖွင့်သေးပါ။ အိမ်ရှေ့ဝင်း စားပွဲကလေးအပေါ်တွင်တော့ မနက်စာ စားရန်စားစရာများအား အဝတ်ဖြူစက လေးဖြင့် အုပ်ထားသည်။ အဝတ်ဖြူ ပေါ်၌လည်း မီးသွေးခဲဖြင့်စာရေးထားသည်။

မောင်တောက်ထိန်တို့အဖွဲ့စား[illegible] စောနန်းနွယ်တဲ့လေ။

နံဘေး၌လည်း ရေနွေးခရား အမည်းကလေးနှင့် စဥ့်ရည်သုတ်ရေနွေး ကြမ်းပန်းကန်ကလေးများကို သန့်[illegible] သော လက်သုတ်ပဝါကလေးပေါ်တွင် အစီအရီမှောက်ပြီး တင်ထားသည်။ ကျွန်တော်အဝတ်ဖြူစကလေးကိုဆွဲလှန် လိုက်တော့ ထမင်းကြော်နှင့် မြေပဲဆန် ကြော်ပန်းကန်များ၊ မြေပဲဆန်ကြော်ပန်း ကန်အောက်၌ စာရွက်ခေါက်ကလေး တစ်ခုကို တွေ့ရသဖြင့် ကောက်ယူ၍ ဖတ်ကြည့်တော့ -

*တောက်ထိန်နှင့်သူငယ်ချင်းများသို့ -*

*ငါတို့မိသားစုက သုဘရာဇာမျိုး[illegible] လည်းမဟုတ်ပါဘူး။ အခြေအနေအ[illegible] အယောင်ဆောင်ရတာကို ခွင့်လွှတ်[illegible] တကယ်တော့ ဒီကမ္ဘာ့ဌာန်းကျောင်း[illegible] ငါတို့အဘိုးဆောက်လှူခဲ့တာပါ။ ခေ[illegible] မကောင်းလို့ အဘိုးက သူပိုင်ဆိုင်[illegible] ရတနာပစ္စည်းတစ်ဝက်ကို ကျောင်း[illegible] ထဲမှာ မြှုပ်နှံထားခဲ့ပေမယ့် နေရာအ[illegible] အကျတော့မပြောခဲ့ပါဘူး။ ငါတို့အ[illegible] ကလည်း တော်လှန်ရေးသမား သ[illegible] တစ်ဦးဆိုတော့ ပြေးလွှားပုန်းအောင်[illegible] နေရတုန်း ကွယ်လွန်သွားတာမို့ [illegible] ဖော်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ငါတို့အ[illegible] သုဘရာဇာအလုပ်ကိုဟန်ပြပြီး [illegible] အမွေ ကိုယ်လာရှာရတာကို ခွင့်လွှတ်[illegible] သူငယ်ချင်း။*

*မင်းတို့အတွက်လည်း ရွှေ[illegible] ပြားတွေကို အချိုးကျခွဲဝေပေးခဲ့ပါတ[illegible] မင်းတို့နဲ့အတူ ပျိုးကျခဲ့တဲ့ မြောင်း[illegible] အလယ်ကောင်တည့်တည့်မှာ စဉ့်အိုး[illegible] လေးနဲ့ မြှုပ်ထားခဲ့ပါတယ်။ တောက်[illegible] က ခွဲဝေပေးပါ။ မင်းကိုလည်း အ[illegible] စောနန်းနွယ်က သံယောဇဉ်ကြီး[illegible] တယ်။ လျို့ဝှက်တဲ့ငါတို့မိသားစု[illegible] လွှတ်ပါ။ မကြာမီ ပြန်ဆုံကြတာ[illegible]*

*အော[illegible]*

*တဲ့လေ။*


*ထောင်[illegible]ကြီးသိန်း[illegible]*



www.burmeseclassic.com

www.burmeseclassic.com






## လျှမ်းထက်

# ခါကာဘိုရာဇီနှင်းဖုံးတောင်ကြောမှ နှင်းလူဒဏ္ဍာရီ

[illegible]

ကျွန်တော်သည် နှင်းလူနှင့် ပတ်သက်သော ဆောင်းပါးများ၊ Big foot ခေါ် ခြေဖဝါးတစ်တောင်ရှိသည့် သူမျောက်မျိုးနွယ်စုပါ ထူးဆန်းသော သတ္တဝါကြီးများနှင့် ပတ်သက်သော ဆောင်းပါးများကို သူရဋ္ဌမဂ္ဂဇင်းနှင့် ဘိဒ္ဓိမိုးမဂ္ဂဇင်းတွင် အခါအားလျော်စွာ ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုဆောင်းပါးများတွင် ဟိမဝန္တာတောင်တန်းဒေသ၌ နှင်းလူသား (Snow man) ဟူ၍ လည်းကောင်း၊ ယက်တီ (Yetr) ဟူ၍ လည်းကောင်း၊ ယခင် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယခု ရုရှား) ကော့ကေးယှ တောင်တန်းဒေသတွင် 'အယ်မီစတာ' ဟူ၍ လည်းကောင်း၊ တောင်အမေရိကတိုက် အင်ဒီး(စ်) တောင်တန်းဒေသများတွင်မူ 'မိုနီဂရင့်ဒီ' ဟူ၍လည်းကောင်း၊ မြောက်အမေရိကတိုက် ကနေဒါနိုင်ငံတွင်မူ 'ဆက်(စ်)ကွက်(ချ်)' ဟူ၍ လည်းကောင်း၊ မြောက်အမေရိကတိုက် အာကင်ဇာပြည်နယ်တွင် 'ဖော်ကီ' ဟူ၍ လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဟစ်ဇိုရီပြည်နယ်တွင် 'မိုမို' ဟူ၍ လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် 'စကူနာ' ဟူ၍ လည်းကောင်း ဒေသခံလူအများက အမည်အမျိုးမျိုးပေးခဲ့ကြသော နှင်းလူအကြောင်း အတော်အသင့်ပြည့်ပြည့်စုံစုံရေးသား ဖော်ပြခဲ့ပါသည်။

ထိုဆောင်းပါးများတွင် ယနေ့တရုတ်နိုင်ငံသဘာဝပတ်ဝန်းကျင်စူးစမ်းလေ့လာရေးသိပ္ပံပညာရှင်များအဖွဲ့တစ်ဖွဲ့ကလည်း တရုတ်နိုင်ငံ ရှန်နန့်ဂီသစ်တောဒေသ၌ အထက်ဖော်ပြပါ နှင်းလူရှာဖွေရန် စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အင်တာနက်သတင်းတစ်ပုဒ်ကိုလည်း ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။

ဤဆောင်းပါးများကို ဖတ်ရှုသော ကျွန်တော်နှင့် ကျောင်းနေဖက် သစ်တောဌာနအငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေဝင်းကမူ -

"မောင်ရင့် နှင်းလူက ဇာတ်မသိမ်းနိုင်သေးဘူးလား"

ဟု နောက်ပြောင်ပြောဆိုရင်း သူအလုပ်သင်သစ်တောဝန်ထောက်ဘဝမှ ဒုတိယညွှန်ချုပ်တာဝန်ထမ်းဆောင်ခဲ့စဉ် ကချင်ပြည်နယ်တွင် နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ဖူးခဲ့သဖြင့် ထိုဒေသတွင် သူကြုံရခဲ့သည့် လူသိနည်းသော တိရစ္ဆာန်များအကြောင်း ပြောပြခဲ့သည်။

မှန်ပါသည်။ သဘာဝတရားသည် ရှေးပဝေသဏီကပင် လူတို့ သာမန်မျက်စိနှင့်မမြင်နိုင်သော ပိုးမွှားသတ္တဝါများကို ဖွက်ထားခဲ့သည်။ သိပ္ပံပညာရှင်ကြီး လယူဝင်ဟုတ်က မှန်ဘီလူးကိုတီထွင်လိုက်သောအခါ တစ်ချိန်က အမှောင်ချထားခဲ့သော ပိုးမွှားသတ္တဝါလောကကို ကျွန်တော်တို့ သိခွင့်ရခဲ့သည်။ ထိုအတူပင် အပြောကျယ်သော အဏ္ဏဝါပြင်တွင်လည်း ထူးခြားဆန်းပြားသော အမျိုးအမည်မသိရသေးသည့် သတ္တဝါပေါင်း ဒုနှင့်ဒေးရှိခဲ့ပါသည်။ သို့သော် သဘာဝတရား၏ ဖုံးကွယ်ထားမှုကြောင့် ကျွန်တော်တို့သိခွင့်မရခဲ့ကြ။

လွန်ခဲ့သော နှစ်လ၊ သုံးလခန့်က အင်တာနက်သတင်းများတွင် ယနေ့မသိရသေးသော ငါးမျိုးအသစ်များ၊ ဖားမျိုးအသစ်များတွေ့ကြရသည့် သတင်းကို ဖတ်ရှုခဲ့ရသည်။ ကုန်းမြေ၌လည်း သဘာဝတရားက တတ်နိုင်သလောက် လျှို့ဝှက်စွာ ဖုံးကွယ်ထားရာ ကျွန်တော်တို့ သိရှိခွင့်မရသေးသော သတ္တဝါများ ရှိဆဲ၊ ရှိနေမည်ဆိုသည်မှာ မည်သူမျှငြင်းဆိုနိုင်မည်မဟုတ်သော အချက်အလက်ဖြစ်မည် ဖြစ်၏။

ကျွန်တော်တို့ မြန်မာနိုင်ငံမြောက်ဖျား နှင်းဖုံး၊ ရေခဲဖုံးတောင်များတွင်လည်း ထိုနှင်းလူရှိနိုင်ပါသလော စဉ်းစားစရာဖြစ်လာသည်။ မှန်ပါသည်။ ဤနှင်းလူသားနှင့် ပတ်သက်သည့် သတင်းအစအနများသည် ၁၉ ရာစုနှစ်အစပိုင်းကပင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ တောမီးပမာပျံ့နှံ့လာခဲ့သည်ဟု နိုင်ငံတကာမှတ်တမ်းများ၊ ဟိမဝန္တာတောင်တန်းတစ်ခွင်လှည့်လည်သွားရောက်ခဲ့ကြသည့် ခရီးသွားများ၊ တောင်တက်သမားများ၊ ရုက္ခဗေဒသုတေသီများ၏ မှတ်တမ်းများတွင် အကျယ်တဝင့် ရေးသား ဖော်ပြခဲ့သည်။ ထိုခရီးသွားမှတ်တမ်းများအရဆိုရလျှင် ဟိမဝန္တာတောင်တန်းဒေသတွင် ကြောက်မက်ဖွယ်ကောင်းသော (Abominable Snow-Man) ဆိုသော လူတူသတ္တဝါရှိသည်၊ တွေ့ကြရသည်၊ မြင်ကြရသည်ဟူ၏။

သို့သော် ယနေ့အထိ ထိုနှင်းလူရှိသည်ကို လက်ဆုပ်လက်ကိုင် ခိုင်ခိုင်မာမာ သက်သေသာဓကမပြနိုင်ကြသေးဟု ဆိုကြသည်။ ဤ 'နှင်းလူ' နှင့် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

သောပုံပြင်များ၊ ပါးစပ်ပြောယုံတမ်းကောလဟာလ သတင်းအချက်အလက်အကြောင်းအရာကို ဟိမဝန္တာတောင်တန်းဒေသနှင့် တိဗက်ဒေသတောင်တန်းဒေသတွင် အခြေစိုက်နေထိုင်ကြသောလူမျိုးနွယ်စုများကမူ ယနေ့တိုင် ပြောဆိုလျက်ရှိကြ၏။

ထို့အတူ နှင်းလူနှင့် ပတ်သက်သောသတင်းများကို နိုင်ငံတကာမှကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ဟု သတ်မှတ်ထားသောဧဝရက်တောင်ထိပ်အား နှစ်ပေါင်းများစွာ ကြိုးစား၍ တက်ရောက်ခဲ့ကြသောတောင်တက်အဖွဲ့ဝင်များထံမှလည်းထွက်ပေါ်လာသေးရှိသည်။ အလွန်မြင့်မား၍ ဆီးနှင်းများ၊ ရေခဲများ ထာဝစဉ်ဖုံးအုပ်လျက်ရှိသော ဟိမဝန္တာတောင်တန်းကြီးမှဖြာထွက်လာသော ကျွန်တော်တို့မြန်မာနိုင်ငံမြောက်ဖျားမှ နှင်းပွင့်များ၊ ရေခဲများ၊ ဆီးနှင်းများ ဖုံးအုပ်နေသောတောင်ထိပ်၊ တောင်ကြောများပေါ်တွင်လည်း နှင်းလူနှင့် နှင်းကျားသစ်များရှိကောင်းရှိမည်ဟု ရုက္ခဗေဒပညာရှင်များသဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာသူများက စဉ်းစားခဲ့ကြ၏။

ကျွန်တော်တို့မြန်မာနိုင်ငံ၏အမြင့်ဆုံးတောင်ထွတ်ဟု အများကသတ်မှတ်ခဲ့သော ခါကာဘိုရာဇီတောင်ကြီး တည်ရှိရာ ဧရာဝတီမြစ်ဖျားပိုင်းမှ ရေဝေတောင်တန်းများ၊ သံလွင်မြစ်ဖျားဒေသမှ ရေဝေတောင်တန်းများ၊ မြန်မာနိုင်ငံမြောက်ဖျားဒေသမှ ရေခဲများ၊ နှင်းခဲများဖုံးလွှမ်းနေသော မြန်မာ - တိဗက်နှင့်မြန်မာ - ယူနန် နယ်စပ်ဒေသတစ်နံတစ်လျားသည် ရှေးပဝေသဏီက မည်သည့်နိုင်ငံမှ ပိုင်ဆိုင်ခြင်းမရှိခဲ့သော No man's Land ဟု မှတ်ယူခဲ့ကြပါသည်။ သို့သော် အထက်မြန်မာနိုင်ငံအား ဗြိတိသျှတို့သိမ်းပိုက်ပြီး (၁၀) နှစ်ခန့်အကြာ ၁၉၀၆ တွင်မူ ကမ္ဘာကျော် ရုက္ခဗေဒပညာရှင်နှင့် သဘာဝပတ်ဝန်းကျင်လေ့လာသူဗြိတိသျှအမျိုးသား ကင်းဒမ်ဝါ(ဒ်)သည် ဧရာဝတီမြစ်ဖျားဒေသသို့ ရောက်ရှိလာခဲ့ပြီး တတ်နိုင်သလောက် ကြိုးစား၍ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့၏။ ထို့အတူ ၁၉၁၀ ပြည့်နှစ်တွင် ဗြိတိသျှအစိုးရသည် ယင်းဒေသသို့ မြေတိုင်းအဖွဲ့ဝင်များစေလွှတ်၍ သုံးနှစ်တိုင်တိုင်မြေတိုင်းတာခြင်း၊ စုံစမ်းလေ့လာခြင်းများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ၁၉၁၄ ခုနှစ်ခန့်မှစတင်၍ ဗြိတိသျှအစိုးရသည် ပူတာအိုနယ်ခြားခရိုင်ဖွင့်၍ အုပ်ချုပ်ရေးအခိုင်အမာ စတင်ဆောင်ရွက်ရာမှ လူသိများလာခဲ့သည်။ သို့သော် ထိုဒေသ၏မြန်မာရုက္ခဗေဒသိုက်နှင့်ရှားပါးသောကတိုးကောင်များ၊ သမင်နက်များ၊ ဖက်ချေခေါ် ရှားပါးသောချေငယ်၊ ပန်ဒါနီဝက်ဝံ စသော အကြောင်းအရာများကိုလူသိရှင်ကြားဖြစ်အောင် ဆောင်ရွက်ခဲ့သူမှာ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ရုက္ခဗေဒပညာရှင်ကင်ဒမ်ဝါ(ဒ်)ဖြစ်သည်။ ပထမအခေါက်တွင်ပင် ပန်းပင်၊ သစ်ပင်အမျိုးပေါင်း (၅၀၀)ကျော် စုဆောင်းနိုင်ခဲ့ပြီး ထိုဒေသမှ ရှားပါးငှက်များ၊ တိရစ္ဆာန်များအကြောင်း တစေ့တစောင်း ရေးသားဖော်ပြခဲ့၏။

မစ္စတာ ကင်ဒမ်ဝါ(ဒ်)သည် အထက်ဖော်ပြပါ ပထမအကြိမ် မြန်မာနိုင်ငံမြောက်ဖျားဒေသ၊ နှင်းခဲဖုံးတောင်တန်းများတွင် စူးစမ်းလေ့လာပြခဲ့ပြီး ထိုဒေသများသည် ၁၉၅၆ ခုနှစ်အထိ (၁၃) ကြိမ်မြောက် ဝင်ရောက်၍ စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ပြီး သစ်ပင်ပျိုးပင်များ၊ ရှားပါးသစ်ခွပင်များ၊ မျိုးစေ့သစ်ပေါင်းထောင်ချီ၍ စုဆောင်း ထုတ်ယူသွားခဲ့သည်ဟု ဆိုသည်။

မှတ်တမ်းများအရ သူ၏ (၉) ကြိမ်မြောက်ခရီးတွင် (၁၉၃၇) မြန်မာနိုင်ငံဧရာဝတီမြစ်ဖျားမှ အမြင့်ဆုံးတောင်ဟုသတ်မှတ်ထားသော ခါကာဘိုရာဇီကိုတွေ့ရှိခဲ့ရသည်။ သို့သော် ထိုတောင်ထိပ်သို့ တက်ရောက်ခြင်း မရှိသော်လည်း ထိုတောင်ခြေမှ မျိုးစေ့ (၉၇၃) မျိုးစုဆောင်းသွားခဲ့ပြီး ထိုခရီးအတွေ့အကြုံများကို 'မြန်မာနိုင်ငံ၏ ရေခဲဖုံးတောင်တန်းများ' ဟူသော စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ. သောက်သောက်လဲရောင်းချရသည့် စာအုပ်တစ်အုပ် ဖြစ်သည်။ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပြီးရုက္ခဗေဒပညာရှင်အများက ချီးကျူးခြင်းခံရသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

အကြောင်းသင့်သဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံမှ အမြင့်ဆုံးတောင်ထိပ်ဟု သတ်မှတ်ထားသော ခါကာဘိုရာဇီတောင်အကြောင်း အနည်းငယ် ဖော်ပြရမည် ဖြစ်ပါသည်။ မှန်ပါသည်။ ခါကာဘိုရာဇီတောင်သည် ကျွန်တော်တို့မြန်မာနိုင်ငံသာမက အရှေ့တောင်အာရှနိုင်ငံများတွင် အလှဆုံးနှင့် အမြင့်ဆုံးတောင်တစ်တောင်ဖြစ်သည်ဟု ကမ္ဘာ့တောင်တက်အသင်းများမှ ပြောရေးဆိုခွင့်ရှိသူများက တညီတညွတ်တည်းဆိုကြ၏။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ တောင်တက်အသင်းများမှ ခါကာဘိုရာဇီအားသွားရေးလာရေးခက်ခဲသော တောင်ကြီးများစာရင်းတွင် ထည့်သွင်းဖော်ပြထားပြီး တောင်ထိပ်ပေါ် တက်ရောက်နိုင်ရေးသာမက တောင်ခြေရင်းရောက်ရှိနိုင်ရေးမှာ အခက်အခဲရှိပြီး မလွယ်ကူဟု ဆိုသည်။

တောင်ကြီး၏ အမည်ကို အချို့က ခါခါဘိုဟု ခေါ်ဝေါ်ကြပြီး ဒေသခံအများတို့ကမူ အထန်းဘွမ်ရာဇီဟု ကင်ပွန်းတပ်ထားကြသည်။ ဤသို့အခေါ်အဝေါ် အမျိုးမျိုးကွဲပြားသကဲ့သို့ယင်းတောင်၏အမြင့်မှာလည်း ကွဲပြားခြားနားမှုများရှိခဲ့သည်။ သာဓကအားဖြင့် မြန်မာနိုင်ငံ ပညာရေးဌာနက ၁၉၈၄ ခုနှစ် ထုတ်ဝေသော ပထဝီဝင်ပဥ္စမတန်းဖတ်စာအုပ်တွင် ခါကာဘိုရာဇီတောင်ထိပ်သည် (၁၉၂၆၉) ပေ ဖြစ်သည်ဟု တိတိကျကျ ဖော်ပြထားသော်လည်း မြန်မာနိုင်ငံမှ ထုတ်ဝေသောမြေပုံစာအုပ်များတွင်မူ (၁၉၃၁၅) ပေဟု ဖော်ပြထားခဲ့သည်။

၁၉၉၄ ခုဟု ထင်ပါသည်။ နေ့လ၊ ရက်များကိုမူ တိတိကျကျ မမှတ်မိတော့။ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသောမြန်မာ့အလင်းသတင်းစာတွင် ဂျပန်နိုင်ငံ တောင်တက်အသင်းမှ ဂျပန်တောင်တက်သမား တကာရှိအိုမာဆိုသူသည် ခါကာဘိုရာဇီတောင်ကိုအောင်မြင် ပေါက်ရောက်စွာ တက်ရောက်ခဲ့သည့်သတင်းအား ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သဖြင့် ယခင်က လူသားတို့ တက်ရောက်နိုင်ခြင်းမရှိသေးဟု မှတ်တမ်းတင်ထားခဲ့သည့်ခါကာဘိုရာဇီတောင်ထိပ်သို့ လူသားတို့ခြေချနေထိုင်ခဲ့ပြီဟု ဆိုရမည်။

ထို့အတူ မြန်မာနိုင်ငံ၏ ဒုတိယအမြင့်ဆုံးရေခဲတောင်ဟု သတ်မှတ်ထားသော ဂန်လန်ရာဇီရေခဲတောင်ကိုလည်း ၂၀၁၃၊ ဩဂုတ်လတွင် မြန်မာ-အမေရိကန်ချစ်ကြည်ရေးတောင်တက်အဖွဲ့မှ အမေရိကန်ပြည်ထောင်စုသား အင်ဒီတိုင်စန် ခေါင်းဆောင်သော အဖွဲ့က အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ ကျွန်တော်တို့ မြန်မာနိုင်ငံ မြောက်ဖျားဒေသရှိ ရေခဲဖုံးတောင်ဖျားပေါ်သို့ လူသားတို့ ခြေချနိုင်ခဲ့ပြီဖြစ်တော့၏။

ဤကဲ့သို့ နိုင်ငံတကာက စိတ်ဝင်စားခဲ့သော ခါကာဘိုရာဇီတောင်ကြောတွင် သမိုင်းအဆက်ဆက် တည်းထိတ်



www.burmeseclassic.com

www.burmeseclassic.com

ရင်ဖိုဖွယ်ရာ 'နှင်းလူ' ဟု ကင်ပွန်းတပ်ခံရသော လူတူသတ္တဝါကြီးနှင့်တွေ့ခဲ့သည်ဟု ဆိုနေသော မုဆိုးတစ်ဦးနှင့် တွေ့ရသည်ဟုသောပုဂ္ဂိုလ်မှာ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အခြေစိုက်တောတွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာအလင်ရိုဘီနိုဝစ်ဆိုသူ ဖြစ်ပါသည်။ ဒေါက်တာအလင်ရိုဘီနိုဝစ်မှာ အမေရိကန်ပြည်ထောင်စု တက်နင်စပြည်နယ် ဘက္ကသိုလ်ကျောင်းတိုက်ကြီးတွင် ပညာဆည်းပူးခဲ့ပြီး အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ရှိ ဘရွန်နက်(စ်) တိရစ္ဆာန်ဥယျာဉ်တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။

မှန်ပါသည်။ ဒေါက်တာ အလင်ရိုဘီနိုဝစ်သည် နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။ အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအများသို့ သွားရောက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ တောတွင်းတိရစ္ဆာန်နှင့်ရုက္ခဗေဒဆိုင်ရာသုတေသနလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သူ ဖြစ်၏။ တောတွင်းတိရစ္ဆာန်သုတေသနနှင့်ပတ်သက်၍ စာအုပ်ပေါင်းများစွာ ရေးသား ထုတ်ဝေခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ရုက္ခဗေဒပညာရှင်များ၊ တောတွင်းတိရစ္ဆာန်များ လေ့လာစောင့်ကြည့်ရေးအသင်းများမှ တာဝန်ရှိသူများက သူ့အား အထူးလေးစားခဲ့ကြ၏။

အမေရိကန် ပြည်ထောင်စုမှ ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးဖြစ်သော နယူးယောက်တိုင်း(မ်) သတင်းစာကြီးကမူ ဒေါက်တာ အလင်ရိုဘီနိုဝစ်အား တကယ့် ဒေါက်တာ အင်ဒီယာနာဂျုံးဟု ကင်ပွန်းတပ်ခဲ့ကြသည်။ (ဟိုးလီးဝု(ဒ်)ရုပ်ရှင်ကားများမှ ကမ္ဘာ့အသည်းစွဲ ဇာတ်ဆောင် အင်ဒီယာနာဂျုံး) သူသည် ကျွန်တော်တို့မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှရှိနိုင်ငံများတွင် 'ဘေးမဲ့တောများ' တည်ထောင်နိုင်ရန် အများဆုံး အကူအညီပေးခဲ့သူ ဖြစ်၏။

သူသည် မြန်မာနိုင်ငံသို့ ၁၉၉၆ ခုနှစ်က ပထမဆုံးအကြိမ် လာရောက်ခဲ့ပြီး ထိုကာလက မြန်မာနိုင်ငံအစိုးရ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ သစ်တောဌာန၏ အကူအညီနှင့် မြန်မာနိုင်ငံ မြောက်ဖျား ရေခဲဖုံးတောင်တန်းဒေသ တစ်နံတစ်လျားသို့ သွားရောက်ခဲ့ပြီး ယင်းဒေသရှိ ရှားပါးတိရစ္ဆာန်များ၊ မျိုးတုန်းလုနီးပါးရှိနေသော တိရစ္ဆာန်များကို ဒေသခံလူမျိုးစုများ၏အကူအညီနှင့် စနစ်တကျ လေ့လာသုတေသနပြုခဲ့သူဖြစ်၏။ ထမံသီဘေးမဲ့တောတွင်လည်း သုတေသနပြုခဲ့၏။ မြန်မာနိုင်ငံသို့ ငါးကြိမ်တိုင်တိုင် လာရောက်ခွင့်ရခဲ့သူဖြစ်ရာ ၂၀၀၀ ပြည့်နှစ်တွင်မူ ပူတာအိုပတ်ဝန်းကျင်နှင့် မြန်မာနိုင်ငံမြောက်ဖျားအဆုံး ဧရာဝတီမြစ်ဖျားခံရာ ဒေသသို့ရောက်ခဲ့သည်သာမက 'ခါကာဘိုရာဇီဘေးမဲ့တော'တည်ထောင်နိုင်ရန် မြန်မာနိုင်ငံသစ်တောဌာနအား အများဆုံး အကူအညီပေးခဲ့သူဖြစ်သည်။ သူမြန်မာနိုင်ငံမြောက်ဖျားရှိ နှင်းဖုံး၊ ရေခဲဖုံးတောင်တန်းဒေသတွင် ရက်ပေါင်း၊ လပေါင်းများစွာနေထိုင်၍ ရှားပါးတိရစ္ဆာန်များ ပန်းပင်၊ သစ်ခွပင်များ လေ့လာခဲ့သည့်မှတ်တမ်းအား Beyond The Last Village (နောက်ဆုံးကျေးရွာအလွန်) အမည်ဖြင့် စာအုပ်ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရသည့် စာအုပ်ဖြစ်ခဲ့၏။ ထိုစာအုပ်တွင် ခါကာဘိုရာဇီတောင်ကြော၌ သည်းထိတ်ရင်ဖိုဖွယ်ရာ 'နှင်းလူ' ဟု ဟိုးဟိုးကျော်နေသော လူတူသတ္တဝါကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ရသော ဒေသခံတိုင်းရင်းသားမုဆိုးကြီးတစ်ယောက်နှင့် တွေ့ခဲ့ရသည်ကို ယင်းစာအုပ် စာမျက်နှာ (၆၃) တွင် ရေးသား ဖော်ပြထားခဲ့သည်။

ထိုအဘိုးကြီး၏ ပြောပြချက်အရ ဖော်ပြရလျှင် သူနှင့်ခင်မင်ရင်းနှီးသော မုဆိုးတစ်ယောက်အား အထက်ဖော်ပြပါ ယက်တီခေါ် နှင်းလူသည် ရုတ်တရက် နှင်းဖုံးထားသော တောင်ကြားတစ်ခုမှ ထွက်လာ၍တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ ထို့အတူ ကချင်ပြည်နယ်နှင့် တိဗက်နယ်စပ်ဒေသတစ်လျှောက် နှစ်ပေါင်းများစွာ တစိုက်မတ်မတ် သာသနာပြုခဲ့သော အမေရိကန်ပြည်ထောင်စုသား သာသနာပြုဆရာ ဂျေအာမော့(စ်)၏ သားဖြစ်သူကလည်း သူ့နေ့စဉ်မှတ်တမ်းတွင် ၁၉၅၀ ပြည့်နှစ်က သူနှင့် ဒေသခံတိုင်းရင်းသားများ ခရီးထွက်လာစဉ် ပူတာအိုခရိုင် နှင်းဖုံးနေသော ခါကာဘိုရာဇီတောင်ကြောတစ်နေရာတွင် 'နှင်းလူ' ဟု ယူဆရသော လူတူသတ္တဝါတစ်ကောင်နှင့် တွေ့ရပုံကို အထောက်အထား ခိုင်ခိုင်မာမာနှင့် ရေးသား ဖော်ပြခဲ့၏။

သာသနာပြုဆရာဂျေအာရ်မော့(စ်)နှင့်ဇနီးတို့သည် ၁၉၃၀ ပြည့်နှစ်တွင် တိဗက်-ယူနန်ခရစ်ယာန်ဘာသာပြန့်ပွားရေးအသင်းကို စတင် တည်ထောင်၍ တရုတ်နိုင်ငံအတွင်းရှိ မြန်မာနိုင်ငံနှင့် တိဗက်နယ်စပ်ဒေသများတစ်လျှောက်တွင် သာသနာပြုခဲ့ကြသည့် မှတ်တမ်းများအရ ၎င်းအဖွဲ့ကို တိဗက်နှင့် လီဆူးခရစ်ယာန်ဘာသာပြန့်ပွားရေးအဖွဲ့ဟုလည်း အများက ခေါ်ဝေါ်ခဲ့ကြ၏။ ထိုအဖွဲ့သည် သံလွင်မြစ်ဝှမ်းတစ်လျှောက် တိဗက်ပြည်တွင်းအထိနှင့် အရှေ့ဘက်၌ မဲခေါင်မြစ်ဝှမ်းအထိ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၃၂ ခုနှစ်မှ စတင်၍ တိဗက်ယူနန်နှင့် လီဆူးတိုင်းရင်းသားများကို အဓိကထား၍ ခရစ်ယာန်သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုမှတစ်ဖန် မေခမြစ်ဝှမ်းအဖျားပိုင်းနှင့် ထရုံမြစ်ဝှမ်းဒေသများသို့လည်း သာသနာပြုခဲ့ကြ၏။

မော့(စ်)သာသနာပြုအဖွဲ့သည် ကချင်ပြည်နယ်အတွင်း၌ သာသနာပြန့်ပွားရေးကို ဆောင်ရွက်ရန် ရည်ရွယ်ထားသည့်အလျောက် ၎င်းအဖွဲ့ဝင်များဖြစ်ကြသော အမေရိကန်သာသနာပြုဆရာများသည် မြန်မာနိုင်ငံတွင် ထာဝစဉ်နေထိုင်၍ ခရစ်ယာန်သာသနာပြုရေးကိစ္စကို ဆောင်ရွက်ရန် ရည်ရွယ်ထားကြသည်။ ထိုအဖွဲ့ကို စတင်တည်ထောင်သူ ဂျေအာရ်မော့(စ်)၏ သားများဖြစ်ကြသော ယူဂျင်းအာမော့(စ်)နှင့် ရောဘတ်အိပ်(ချ်)မော့တို့သည် မြန်မာနိုင်ငံမြောက်ဖျားဒေသရှိ လူမျိုးစုနွယ်များ နေထိုင်ရာ ကျေးလက်ဒေသများတွင် ဘုရားရှိခိုးကျောင်းများတည်ဆောက်ခြင်း၊ စာသင်ကျောင်းများတည်ဆောက်ခြင်း၊ စိုက်ပျိုးရေးစနစ်သစ်များ တီထွင်သင်ပြခြင်း၊ သစ်ပင်မျိုးပေါင်းတစ်ရာကျော် စိုက်ပျိုးစေ၍ ဆန်စပါးတိုးချဲ့စိုက်ပျိုးရန် နည်းလမ်းသစ်များကို သင်ပြပေးခဲ့ကြ၏။

အထက်ဖော်ပြပါ သာသနာပြုအဖွဲ့မှ မော့(စ်)ညီနောင်တို့၏အဖွဲ့သည် နှင်းဖုံးနေသော ခါကာဘိုရာဇီတောင်ကြောတွင် ၁၉၅၀ပြည့်နှစ်က 'နှင်းလူ'ဟု ယူဆရသောသတ္တဝါကို တွေ့ခဲ့ရသည်ဟု မှတ်တမ်းတင် ရေးသားခဲ့သည်ဆိုခဲ့ပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

Beyond The Last Village
By - A.Rabinowitz
ခါကာဘိုခရီးသည်
ယိမ်းနွဲ့ပါး



www.burmeseclassic.com

www.burmeseclassic.com

လောက၌ ထင်ရှားကျော်ကြားစွာ သိဒ္ဓိပေါက်စခန်း ကြွမြန်းတော်မူကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များရှိသလို မထင်မရှားဖြင့် သိဒ္ဓိပေါက်စခန်း ကြွမြန်းတော်မူသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်သိဒ္ဓိပေါက်များလည်းရှိကြောင်း တစေ့တစောင်း လေ့လာတွေ့ရှိရ၍ မထင်ရှားသော ရဟန်းပုဂ္ဂိုလ်သိဒ္ဓိပေါက်ဆရာတော်တစ်ပါးအကြောင်း စာရေးသူသိသလောက် စာရှုသူပရိသတ်အပေါင်းအား တင်ပြရေးသားလိုက်ရပါသည်။ လိုအပ်ချက်များရှိလျှင် သိသူများမှ ဖြည့်စွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

# ကြည်မြတ်လင်း (ရေးမြဲ)

## သိဒ္ဓိရှင်ဆရာတော်နှင့် မိုက်သားတစ်ရ



မထင်ရှားသော သိဒ္ဓိပေါက်ဆရာတော်တစ်ပါးမှာ ကျုံရွှာကျောင်းမှ ဆရာတော်တစ်ပါးအကြောင်းပင် ဖြစ်ပါသည်။ ကျုံရွာရွာဆိုသည်မှာ ဇလွန်မြို့နှင့် တစ်မိုင်ခွဲ၊ နှစ်မိုင်လောက်ဝေးကွာသည့်နေရာတွင်တည်ရှိသော ရွာတစ်ရွာပင် ဖြစ်ပါသည်။ ဇလွန်ကားလမ်းဘေးအရှေ့ဘက် ကတ္တရာလမ်းလေးတစ်လမ်း ခွဲထွက်သွားသောလမ်းသည် ကျုံရွာရောက်သည်အထိ ဖြစ်သည်။ ထိုရွာ၌ နေထိုင်သော ရွာသူရွာသားများသည် ဗုဒ္ဓဘာသာ ကရင်တိုင်းရင်းသားများပင် ဖြစ်ကြသည်။ ရိုးသားပွင့်လင်းကြသည်။ ထိုရွာသို့ စာရေးသူတစ်ခေါက်ရောက်ခဲ့ဖူးပါသည်။ ရောက်ခဲ့ရခြင်းအကြောင်းရင်းမှာ လွန်ခဲ့သော ၁၉၉၈ နှစ်လောက်က ဘိလိယက်ခုံတွေ ခေတ်စားခိုက် စာရေးသူတို့လည်း ဘိလိယက်ခုံလုပ်ငန်း လုပ်နေတော့ ကျုံရွာမှ ဘိလိယက်ခုံ (၁၀) ပေ၊ (၅) ပေ တစ်လုံးလာဝယ်၍ ဘိလိယက်ခုံဆင်ပေးရန် ကျုံရွာသို့ ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

ကျုံရွာသို့ရောက်၍ ဘိလိယက်ခုံဆင်ပြီး ရွာသူကြီးအိမ်မှ ထမင်းစားလာခေါ်၍ ထမင်းစားရန် လိုက်သွားကြပါသည်။ ရွာလူကြီးအိမ်၌ ထမင်းစားကြပြီး လက်ဖက်ရည်ဝိုင်းနှင့်ဧည့်ခံပါသည်။ ရေနွေးသောက်နေခိုက် မထင်မှတ်ဘဲ ဘုရားကျောင်းဆောင်တစ်နေရာမှဆရာတော်တစ်ပါးပုံတော်နှင့် ၎င်းပုံတော်တွင် ရေးထားသောစာတန်းကို ဖတ်မိပါသည်။ သိဒ္ဓိပေါက် ကျုံရွာဆရာတော်ဟု ရေးထားခြင်း ဖြစ်ပါသည်။ စာရေးသူလည်း စိတ်ဝင်စား၍ ရွာလူကြီးအား မေးမြန်းမိပါသည်။

"ရွာလူကြီးခင်ဗျာ၊ ဒီဆရာတော်အကြောင်းကို ကျွန်တော်စိတ်ဝင်စားလို့ တစ်ဆိတ်လောက် ပြောပြပါလား ခင်ဗျာ"

"အင်း - ဒီဆရာတော်အကြောင်း ပြောရရင်တော့ ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ ငါ့ညီ စိတ်ဝင်စားမယ်ဆိုရင်တော့ ပြောပြပါ့မယ်။ လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော်လောက်က အဖြစ်အပျက်တစ်ခုပါ။ ဒီဆရာတော်ဟာ အစ်ကိုတို့မိဘတွေလက်ထက်ကတည်းက ကိုးကွယ်ခဲ့တဲ့ ဆရာတော်ပါ။ အစ်ကိုတို့က အဲဒီအချိန်မှာ (၁၅) နှစ်သားအရွယ်ပါ။ ငယ်ငယ်ကတော့ ဒီဆရာတော်ကျောင်းမှာပဲ စာသင်ကြရတယ်။ ငယ်ဆရာဆိုလည်း မမှားဘူးပေါ့။ ဆရာတော်မှာ သူ့ရဲ့တူ ကိုတင်မြင့်ဆိုသူတစ်ယောက်ကို မွေးစားထားတယ်။ ကိုတင်မြင့် (၅) နှစ်သားအရွယ်မှာ မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ဆုံးပါးသွားကြတယ်။ ဒါကြောင့် ဆရာတော်ကပဲ ခေါ်ယူကျွေးမွေးစောင့်ရှောက်ထားခဲ့တယ်။ ကျောင်းဝေယျာဝစ္စလည်းခိုင်း၊ စာပေများလည်း သင်ကြားပေးတယ်။ ဆရာတော်ကလည်း လောကုတ္တရာစာပေ၊ လောကီစာပေနှံ့စပ်တော့ တူလေးကို လောကီစာပေဖြစ်တဲ့ ဗေဒင်ကျမ်း၊ လက္ခဏာကျမ်းတို့ကို သင်ကြားပေးတယ်။

တူလေးကိုတင်မြင့်အရွယ်ရောက်တော့ ကျုံရွာသူ နော်ဖောစုနဲ့ အိမ်ထောင်ကျတယ်။ ကိုတင်မြင့်ကတော့ ဗေဒင်ဟော၊ ဆေးကုအလုပ်ကို လုပ်တယ်။ လယ်ချိန်မှာ လယ်ယာစိုက်ပျိုးမှုအလုပ်ကိုလုပ်တယ်။ ကိုတင်မြင့်တို့ဇနီးမောင်နှံလည်းအဆင်ပြေကြတော့ ဆရာတော်မှာလည်း စိတ်အေးရပြီပေါ့။ ကျောင်းမှာ ဝေယျာဝစ္စလုပ်ဖို့ ကိုရင်၊ ကျောင်းသားမရှိလို့ ဒကာ၊ ဒကာမများက ဆရာတော်ရဲ့ ဝေယျာဝစ္စလုပ်ပေးဖို့အတွက် ကပ္ပိယတစ်ယောက် ငှားပေးကြရတယ်။ ကပ္ပိယကြီးနာမည်ကတော့ ဦးစံလူဖြစ်တယ်။ အသက် (၅၀) ကျော် (၆၀)နီးပါး

အခွယ်ပေါ့။ ဆရာတော်နဲ့ အတူနေ၊ အတူစားပေါ့။ ကြာတော့ ခင်မင်လာကြတယ်။

တစ်နေ့မှာ ဆရာတော်က ကပ္ပိယကြီးကိုပြောတယ်"

ဟု အစချီကာ - -

"ဒကာကြီး၊ ဘုန်းကြီး ဖိုထိုးချင်တယ်။ ဖိုတစ်လုံးနဲ့ ဖိုပစ္စည်း လုံတို့ကို ဆယ်ရအောင်"

"ကောင်းတာပေါ့ ဘုရား"

"ဒကာကြီးကကော ဝါသနာပါသလား"

"ပါတာပေါ့ ဘုရား"

"နားလည်တတ်ကျွမ်းမှုကော ရှိသလား"

"သိပ်တော့ မကျွမ်းကျင်ပါဘူး ဘုရား"

"ကဲ- ဒါဆိုဒကာကြီးလည်း ကျွမ်းကျင်မှုရှိအောင် ဘုန်းကြီးလည်း ဓာတ်ကိစ္စ စမ်းသပ်မှုလေးလုပ်ရအောင် နှစ်ဦးစလုံး အကျိုးရှိတာပေါ့ ဒကာကြီးရယ်"

"မှန်ပါ့ဘုရား"

ဒီလိုနှင့် ဆရာဒကာနှစ်ဦး ဖိုထိုးခြင်းကိစ္စ စကြပါတော့သည်။ ဒီလိုထိုးရင်းဖြင့် (၂) လကြာလာသည့်အမျှ ဆရာတော်က ဓာတ်ကိစ္စ ကျွမ်းကျင်သဖြင့် ဓာတ်လုံးသည် တစ်လနှင့်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် သိဒ္ဓိတွေတက်လာသည်ကို ဆရာတော်သိမြင်ပြီး ကပ္ပိယကြီးကတော့ ဘာမှမသိရှာပါ။ ဖိုဆွဲ၊ မီးသွေးထည့်၊ ဂေါက်ချနှင့်သာ ကျေနပ်နေ၏။ ဆရာတော်က ကပ္ပိယကြီးအားလည်း သွပ်ဓာတ်တစ်လုံးတည်ပေးထားသည်။ ဓာတ်သွားဓာတ်လာကိုလည်း သင်ပြပေးသည်။ သို့သော် ကပ္ပိယကြီးကပညာနုံ့သောကြောင့် နားမလည်နိုင်ရှာ။ သွပ်ဓာတ်လုံးတစ်လုံးပြီးတစ်လုံးသာ ပျက်စီး၍ တည်ရပေါင်းလည်း မနည်းတော့။ ဆရာတော်ကတော့ သူ့ဓာတ်လုံးလေး ပြဒါးရှင်ဘဝသို့ မရောက်ရောက်အောင် ကြိုးစားနေလေ၏။ ကြိုးစားသလောက်လည်း တစ်နေ့တခြား သိဒ္ဓိတွေတက်လာပြီး ပြဒါးရှင်ဘဝသို့ တစ်စတစ်စရောက်ရှိလာပါတော့သည်။ ကပ္ပိယကြီး ဦးစံလူအား ဘာတစ်ခွန်းမျှ မပြောဘဲ လျှို့ဝှက်စွာ နေထိုင်လာခဲ့သည်။

ဓာတ်လုံးမှ သိဒ္ဓိတို့ကိုလည်း မိမိခန္ဓာကိုယ်တွင်းသို့ သွင်းယူထားသည်။ ဓာတ်လုံးထွက်မသွားရန်လည်း အမြဲသတိထားကာ ဓာတ်ကိစ္စပြီးအောင် မီးကစားနေပါတော့သည်။ ဓာတ်သည် တေဇော၊ အာပေါ၊ ပထဝီ၊ ဝါယော ဓာတ်ကြီး (၄) ပါးပေါင်းစုပြီး ဝါယောအဆင့်မှာ ရပ်တည်လာပါတော့သည်။ ထွက်ရပ်ဓာတ်အဆင့်သို့ ရောက်လာ၍ ဆရာတော်သည် ဖိုကိုနားကာ ရေနွေးပူ၊ အာပူငွေ့တို့ဖြင့်သာ တေဇောမပြတ်အောင်ပေးနေလေသည်။ ကပ္ပိယကြီးက ဖိုထိုးရန် ဆရာတော်အား လျှောက်ထားလျှင် လိုးလွဲ၍ပြောသည်။

"ဒကာကြီးရယ် ဓာတ်လုံးက ရွှေကျွေးရမှာ၊ ရွှေမကျွေးနိုင်သေးလို့ မထိုးသေးပါ။ ဒကာကြီးသာ ထိုးပါ"

ဤကဲ့သို့ လျှို့ဝှက်စွာနေထိုင်လာရာ တစ်နေ့တော့ သူ့ဓာတ်လုံးအစွမ်းကို



www.burmeseclassic.com

သိလို၍ ဇလွန်ကျောင်းဆရာတော်မှ ဆွမ်းစားလာပင့်၍ ဇလွန်သို့ဆွမ်းစားကြွခါနီး ကပ္ပိယဒကာကြီးအား ဤကဲ့သို့မှာသည်။

"ဒကာကြီး၊ ဆွမ်းဝိုင်းတော့ ဒကာကြီးစားလိုက်။ ဘုန်းကြီးအတွက် လက်ဖက်ရည်ဝိုင်းလေးပြင်ထားပေးပါ။ ဒီမှာ လက်ဖက်ရည်ပြန်သောက်မယ်။ ဘုန်းကြီးကြွတော့မယ်"

"မှန်ပါ့ဘုရား"

ဘုန်းကြီးကြွ၍ နာရီကြည့်လိုက်ရာ (၁၀) နာရီခွဲဖြစ်သည်။

"အင်း- ဘုန်းကြီးကြွတာ (၁၀) နာရီခွဲဆိုတော့ လက်ဖက်ရည်ဘယ်လိုပြန်သောက်မှာလဲ။ ကျုံရှနဲ့ ဇလွန် နာရီဝက်ကျော်ကျော် တစ်နာရီနီးပါးသွားရတာ ဘယ်လိုဖြစ်နိုင်မှာလဲ။ ဒါပေမယ့် ဘုန်းကြီးမှာတာ ငါလုပ်မထားရင် ငါ့အပြစ်တင်ခံရမှာ။ ဒီတော့ ငါလုပ်ထားတာ ငါ့ဘက်က တာဝန်ကျေတာပဲ"

ဟု စဉ်းစားကာ လက်ဖက်ရည်ပွဲပြင်ထားလိုက်သည်။

ကပ္ပိယကြီး ထင်မထားသော အဖြစ်အပျက်က တကယ်ဖြစ်လာခဲ့ပြီ။ သိပ်မကြာပါ။ နာရီဝက်ကျော်ကျော်ရှိသေးသည်။ ဆရာတော်ပြန်ကြွလာပြီ။ ပြန်ကြွချိန်မှာ (၁၁) နာရီ၊ (၁၀) မိနစ်ဖြစ်သည်။ ကပ္ပိယကြီးသည် အံ့အားသင့်၍ ဆရာတော်အား ကြောင်၍ကြည့်နေသည်။

ဆရာတော်က-

"ကပ္ပိယကြီး၊ ရေနွေးပွဲကပ်လေ"

ဆိုတော့မှ သတိရကာ ကမန်းကတန်း လက်ဖက်ရည်ဝိုင်းသွားကပ်သည်။ ကပ္ပိယကြီး၏ သံသယကို ပိုမိုကြီးထွားလာလေပြီ။ ဒါဟာ အတော်ထူးဆန်းနေတာပဲ။ ဟို ဇလွန်မရောက်ဘဲ လမ်းတစ်ဝက်ကများပြန်ကြွလေသလား။ အတွေးများက ဇဝေဇဝါအတွေးတွေနှင့် တစ်ညလုံး အိပ်မရတော့။ ဆရာတော်ကိုလည်း မလျှောက်ရဲ။ ဒီကိစ္စ ဇလွန်သွားပြီး စုံစမ်းမှဖြစ်တော့မည်ဟု တွေးတောကာ နံနက်မိုးအလင်းကို စောင့်ဆိုင်းလျက် တစ်ညဉ့်ကိုကုန်လွန်ခဲ့လေပြီ။ နံနက်မိုးသောက် အလင်းရောက်တော့ ကျောင်းဝေယျာဝစ္စပြုလုပ်၊ နေ့ဆွမ်းစားအပြီး ဇလွန်ကိုသွားရန် ဥပါယ်တံမျဉ်ဖြင့် ဆရာတော်အား လျှောက်လေပြီ။

"ဆရာတော်ဘုရား၊ တပည့်တော် ဇလွန်ကို ဝယ်ခြမ်းစရာကိစ္စရှိလို့ သွားချင်ပါတယ် ဘုရား"

"အေးအေး - သွားပေါ့ ဒကာကြီးရယ်။ ညဉ့်တော့မအိပ်နဲ့နော်"

"မှန်ပါ၊ ညနေအရောက်ပြန်ခဲ့ပါမယ်ဘုရား"

ဆရာတော်အားဝတ်ချ၍ ကပ္ပိယကြီး ဇလွန်သို့သွားလေ၏။

ဇလွန်ကျောင်းသို့ ရောက်သောအခါ ဇလွန်ကျောင်းဆရာတော်က -

"ကပ္ပိယကြီး မလာစဖူး အလာထူးပါလား။ ဘာကိစ္စများရှိလို့လဲ ဒကာကြီးရဲ့"

"ကျုံရှဆရာတော်အတွက်ကြောင့် လာခဲ့ရတာပါ ဘုရား"

"နေပါဦး ဒကာကြီးရဲ့။ မနေ့ကမှ ဆရာတော် ဆွမ်းစားကြွသေးတယ်။ ဘာများဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ပါဘူးဘုရား"

"ဒါဖြင့် ဘာအကြောင်းရှိလို့လဲ၊ ရှင်းရှင်းပြောစမ်းပါ ဒကာကြီးရဲ့"

"ဒီလိုပါ၊ ဆရာတော် ခါတိုင်းနဲ့ မတူဖြစ်နေတယ် ဘုရား။ ဆွမ်းစားကြွတာ (၁၀) နာရီခွဲ။ ပြန်ရောက်တော့ (၁၁) နာရီ၊ (၁၀) မိနစ်ပြန်ရောက်ပြီး ကျောင်းမှာ ရေနွေးဝိုင်းကပ်ခိုင်းတယ် ဘုရား။ အဲဒါကို စဉ်းစားလို့မရဖြစ်နေပါတယ် ဘုရား။ ကျုံရှနဲ့ ဇလွန် နာရီဝက်ကျော်ကျော် တစ်နာရီနီးပါးသွားရတာ အသွား၊ အပြန်ဆိုရင် (၂) နာရီလောက်ကြာမယ် ဘုရား။ အဲဒါ နာရီဝက်ကျော်ကျော်နဲ့ ပြန်ရောက်တယ်ဆိုတော့ ဆရာတော်တစ်ခုခုထူးနေပြီလို့ တပည့်တော်ယူဆတယ် ဘုရား။ အဲဒါကြောင့် ဆရာတော်ကို လာတိုင်ပင်တာပါ ဘုရား"

"အင်း- ခုမှ ဒကာကြီးပြောလို့ ဘုန်းကြီးလည်း ရိပ်စားမိပြီ။ ကျုပ်တို့ ဇလွန်ကျောင်းရောက်တော့ (၁၀) နာရီ မိနစ် (၄၀)။ ရွာထဲသွားပြီး အနုမောဒနာတရားဟောပြီး (၁၁) နာရီဆွမ်းစားပြီး ပြန်တာပဲ။ ဒကာကြီးပြောသလိုဆို ဒါ တော်တော်ထူးဆန်းနေတာပဲ။ ဒကာကြီးဘုန်းကြီးဘာတွေလုပ်နေလဲ။ ဒကာကြီးကတော့ အနားနေတော့ ပိုသိမှာပေါ့"

"မှန်ပါ၊ ဆရာတော်က တပည့်တော်နဲ့ ဖိုထိုးတယ်ဘုရား၊ ဓာတ်လုံးပဲ အောင်သလား မသိဘူး"

"ဟာ- ဒကာကြီးမသိဘူးလား"

"မသိပါဘူး ဘုရား။ ဆရာတော်ကလည်း ဘာမှမပြောဘူး ဘုရား"

"ဒါဆိုသေချာပြီ ဒကာကြီး၊ ဘုန်းကြီးဓာတ်လုံးအောင်တာ သေချာသလောက်ရှိနေပြီ။ ကဲ --ဒီလိုလုပ်၊ ပိုသေချာအောင် ဘုန်းကြီးတို့ ထပ်ပြီးစမ်းကြည့်ကြမယ်။ ဆရာတော် မသိစေနဲ့"

"မှန်ပါ"

"ဘုန်းကြီး (၃) ရက်လောက်ကြာရင် ဆွမ်းစားထပ်ပင့်မယ်။ ဟိုဘက်ဒီဘက် သေချာအောင် လူထောက်တစ်ဖက်တစ်ယောက်စီထားပြီး စုံစမ်းကြတာပေါ့"

"မှန်ပါ့ဘုရား"

ကပ္ပိယကြီးနှင့်ဘုန်းကြီးတို့ တိုင်ပင်နေသည်ကို ဘေးမှ ဒကာတစ်ယောက် သိသွားသည်။ ရှေ့ဘာဆက်ဖြစ်ကြမည်ကို မသိ။ ကပ္ပိယကြီးလည်း ဇလွန်ဆရာတော်ကျောင်းမှ ပြန်ခဲ့လေသည်။ (၃)ရက်မြောက်သောနေ့၌ ဇလွန်ကျောင်းဆရာတော်မှ ဆွမ်းစားပင့်လေပြီ။

ကပ္ပိယကြီးကတော့ သိနေပြီ။ ကျုံရှဆရာတော်ကတော့ မသိရှာ၊ သူထွက်မိသောအစအား ဇလွန်ဘုန်းကြီးနှင့် ကပ္ပိယကြီးတို့က ဆွဲထုတ်ကြတော့မည်မှာ သေချာနေပေပြီ။ ကပ္ပိယကြီးနှင့် ဇလွန်ဆရာတော်တို့ တိုင်ပင်သည်ကိုသိသွားသော ဒကာတစ်ဦးမှာ အကြံသမား လောဘသားကောင် ငမိုက်သားပင် ဖြစ်သည်။ အစွမ်းထက်သော ဓာတ်လုံးကို လိုချင်စိတ်တဖွားဖွားပေါ်နေသည်ဖြစ်၍ တပည့်တပန်းများခေါ်ကာ ဆရာတော်ကြွမည့် လမ်းတစ်ဝက်မှ စောင့်နေကြ၏။ ဆရာတော်သည် (၁၀) နာရီခွဲလျှင် ကပ္ပိယကြီးအား ရေနွေးဝိုင်းပြင်ထားရန် မှာကြားပြီး ဆွမ်းစားကြွလေတော့၏။ လမ်းတစ်ဝက်သို့ရောက်လျှင် မျက်နှာဖုံးစွပ်၊ ဓားကိုယ်စီကိုင်ကာ လူလေးယောက် ဆရာတော်သွားမည့်လမ်းကို ပိတ်ရပ်လိုက်ကြ၏။

ဆရာတော်မှ -

"ဟေ့-ဒကာတို့၊ ဘုန်းကြီးဆွမ်းစားကြွမလို့၊ ဘာဖြစ်လို့ လမ်းပိတ်ရပ်နေတာလဲ လမ်းဖယ်ကြကွယ်"

ခေါင်းဆောင်ဖြစ်သူက-

"ဘုန်းကြီးဆီမှာ လိုချင်စရာရှိလို့ တပည့်တော်တို့ လာတောင်းတာ"

"ဟ - ဘုန်းကြီးဆီမှာ ဘာရှိလို့တုံး၊ ရှင်းရှင်းပြောကွာ"

"မလောပါနဲ့ ဘုန်းကြီးရယ်၊ ဘုန်းကြီးမှာရှိတဲ့ဓာတ်လုံး တပည့်တော်ကိုပေး"

"ဒကာတို့ တယ်ပြီးနော်ပါလား



www.burmeseclassic.com

www.burmeseclassic.com

ဒကာတို့နဲ့မဆိုင်ဘူး။ ဒုက္ခရောက်တော့မှာပဲ"

"ဘုန်းကြီး၊ စကားမရှည်နဲ့။ ပေးမှာလား၊ မပေးဘူးလား ဒါပဲပြော။ တရားနာရအောင် လာတာမဟုတ်ဘူး။ စကားသိပ်များရင် ဘုန်းကြီးသောဘာသောနားမလည်ဘူး"

ဟု ဓားများဝင့်ကာ ကြိမ်းဝါးကြ၏။

ဘုန်းကြီးလည်း အခြေအနေမဟန်မှန်းသိ၍ -

"ကဲ - ဒကာတို့ ပြောလို့မရလည်း ဘုန်းကြီးပေးမယ်။ တစ်ခုတော့ရှိတယ် မင်းတို့ ငါ့ဓာတ်လုံးကို နိုင်၊ မနိုင် အရင်စမ်းကြည့်ဦး။ နိုင်ရင်ယူသွားကြ။ မနိုင်ရင်တော့ အမြန်သွားကြနော်။ မင်းတို့ဒုက္ခရောက်သွားမယ်။ ကဲ - ဒီမှာ ဒုကုဋ္ဌသက်နန်းကြီး၊ မင်းတို့လေးယောက် ထောင့်လေးထောင့် တစ်ယောက်တစ်ထောင့် ခိုင်ခိုင်ကိုင်ထားကြ၊ မလွတ်စေနဲ့နော်။ ကဲ - ဒီမှာ ဓာတ်လုံးချလိုက်တော့မယ်။ ကိုင်ထားကြ"

ဟု ပြောပြောဆိုဆို ခါးပန်းသီးထဲမှ ဓာတ်လုံးကိုထုတ်၍ ဒုကုဋ္ဌသက်နန်းကြီးထဲ ပစ်ချလိုက်သည်။ ဓာတ်လုံးသည် တဝီဝီအော်ကာ သက်နန်းထဲ၌ ပြေးလွှားနေပါတော့သည်။ သက်နန်းထောင့်လေးထောင့်ကိုင်ထားသော လူလေးယောက်မှာ မနိုင်မနင်းဖြစ်လာကာ ဇောချွေးများပြန်လာကြသည်။ ဒယီးဒယိုင်ဖြစ်လာကြသည်ကိုကြည့်ကာ -

"ဘယ့်နှယ်လဲ ဒကာတို့၊ မင်းတို့မနိုင်ကြဘူး မဟုတ်လား။ မင်းတို့လည်း ပင်ပန်းသွားကြပြီ"

ဟု ပြောပြောဆိုဆို ဓာတ်လုံးကို ပြန်သိမ်းလိုက်ပြီး-

"ကဲ- ငမိုက်သားတစ်စု မင်းတို့ မြန်မြန်သွားကြ၊ ဒုက္ခတော့ဖြစ်ကြတော့မယ်။ မြန်မြန်သွားကြ"

ငမိုက်သားတစ်စုမှာလည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ထွက်ပြေးသွားကြသည်။

သိပ်မကြာလိုက်။ လေးယောက်သား မြွေကိုက်၍ အတုံးအရုံးသေကြရသည်။ မလုပ်ထိုက်သည်ကိုလုပ်မိသော ငမိုက်သားတစ်စုမှာ မထင်မှတ်ဘဲ သေပွဲဝင်ကြကာ ငရဲသို့လားရမည်မှာ သေချာသည်ပင်။ ဆရာတော်မှာလည်း စိတ်ထဲ၌ မကောင်း။ သူ့မှာ အန္တရာယ်တွေဝိုင်းနေပြီဟု သိလိုက်ရလေပြီ။ မဖြစ်တော့ဘူး ကိုယ့်အတွက်နှင့် သူများတွေ ဒုက္ခရောက်ရပြီ။ ငါနေလို့မဖြစ်တော့ဟု ဆင်ခြင်ကာ ကျောင်းသို့ ပြန်ကြွလာခဲ့သည်။ ကျောင်းရောက်လျှင် ဣန္ဒြေမပျက်နေကာ ညရောက်တော့ ဘုရားဝတ်တက်ပြီး ကျက်သရေခန်းသို့ ဝင်ခဲ့သည်။ ကပ္ပိယကြီးကလည်း မသိသလိုနေကာ အိပ်ရာဝင်ခဲ့သည်။ ဆရာတော်သည် (၁၂) နာရီအချိန်တွင် တူဖြစ်သူ မောင်တင်မြင့်အား အိပ်မက်ပေးကာ ဆုံးမစကားဆိုပြီး-

"တင်မြင့်၊ မင်းအတွက် ဘုရားကျောင်းဆောင်ပေါ်မှာ ငွေတစ်မတ်ထားခဲ့တယ်။ သေချာသိမ်းထား။ မင်းအလုပ်လုပ်ရင် ကိုယ်နဲ့မကွာဆောင်ထား။ မင်းလုပ်ငန်းတွေ အဆင်ပြေမယ် မှတ်ထားနော်။ ကဲ - ငါသွားတော့မယ်'

ဟု နှုတ်ဆက်ကာ ကြွသွားလေသည်။

ကိုတင်မြင့်လည်း အိပ်ရာမှ လန့်နိုးကာ အိပ်မက်ထဲကအကြောင်းတွေ တောပြီး ဘုရားကျောင်းဆောင်သို့ထကြည့်ရာ ပိုက်ဆံအကြွေ တစ်မတ်စေ့တစ်စေ့ကို ထူးဆန်းစွာတွေ့ရှိရ၍ အံ့သြနေမိသည်။ ဆရာတော်ဘာများဖြစ်နေသလဲမသိ။ မြန်မြန်မိုးလင်းစေချင်နေမိသည်။ စိတ်ထဲ၌ အတွေးများဝင်ရောက်နှောင့်ယှက်သဖြင့် ပြန်အိပ်၍မရတော့ပေ။ ဘုန်းဘုန်း ဘာမှမဖြစ်ပါစေနှင့်ဟု အခါခါဆုတောင်းနေမိသည်။ ဤကဲ့သို့ တွေးတောရင်း ဆုတောင်းရင်း မိုးလင်းခဲ့လေပြီ။ မိုးလင်းလျှင်လင်းချင်း ကျောင်းသို့ အပြေးအလွှားလေး ရောက်လာသည်။

"ကပ္ပိယကြီး ကပ္ပိယကြီး ထတော့လေဗျာ။ မိုးလင်းနေပြီ"

"ဟာ- မောင်တင်မြင့်၊ မင်းဘယ်လိုဖြစ်လာတာလဲ။ ရေးကြီးသုတ်ပျာနဲ့"

"ဦးကပ္ပိယကြီးရယ်၊ ညက ဆရာတော်ကို အိပ်မက်လို့။ နေထိုင်များမကောင်းဘူးလားလို့"

"ကောင်းပါတယ်ကွာ၊ဆရာတော် ဘာမှမဖြစ်ပါဘူး။ ဆရာတော် ကျိန်းနေတုန်းကွယ့်"

"ဒါဆို ကျွန်တော်သွားနှိုးလိုက်မယ်"

"ဆရာတော်ဘုရား၊ ဆရာတော်"

ဟု ခေါ်၍ ကျက်သရေခန်းတံခါးဖွင့်လိုက်ရာ ဆရာတော်ကို မတွေ့တော့ချေ။ ကုဋီများတက်နေသလားဟု ကုဋီဘက်သွားကြည့်ရာ ကုဋီ၌လည်း မတွေ့၊ မောင်တင်မြင့် ဇဝေဇဝါဖြစ်လာသည်။

"ကပ္ပိယကြီး ဆရာတော်လည်း မတွေ့ပါလား ဘယ်ကိုကြွတာလဲ"

"ဘယ်မှမကြွပါဘူးကွ။ ကြွရင်လည်း ငါ့ကိုပြောပြီးမှ ကြွတာပဲ။ ခုဟာက ငါစဉ်းစားမိပြီ၊ ဆရာတော်ထွက်သွားပြီပဲ"

"ဗျာ"

"ကျွန်တော့်ကို ရှင်းအောင်ပြောပါဗျာ"

"အေး - မင်းတစ်ယောက်ထဲပြောပြလို့ မပြီးသေးဘူး။ ဒါငါ့တာဝန်ဖြစ်နေပြီ။ ရွာထဲက ဒကာ၊ဒကာမတို့ကို ခေါ်ပြီး ပြောပြမှဖြစ်တော့မယ်။ ကဲ- မောင်တင်မြင့် ရွာထဲက ဒကာ၊ ဒကာမတွေကို သွားခေါ်ကွာ၊ ငါရှင်းပြမှဖြစ်တော့မယ်"

မောင်တင်မြင့်သည် ရွာထဲက ဒကာ၊ ဒကာမတွေကို သွားခေါ်သည်။ ရွာထဲက ဒကာ၊ဒကာမတွေလည်း ဆရာတော်မရှိတော့ဘူး ဟူသော စကားကို ကြားလျှင် သူထက်ငါ အလျှင်အမြန် လာရောက်ကြလေသည်။

"ဆရာတော် ဘယ်လိုဖြစ်လို့ ပျောက်သွားတာလဲ"

ဟု တစ်ယောက်တစ်ခွန်းဖြင့် ဆူညံသွားပါတော့သည်။

ကပ္ပိယကြီးက ထ၍ပြောသည်။

"ခေတ္တခဏလေးငြိမ်သက်ပေးကြပါ။ ကျွန်တော်ရှင်းပြပါ့မယ်"

"အခုကိစ္စမှာ ကျွန်တော့်အပြစ် မကင်းပါဘူး"

ဟု ဆိုကာ အစမှဖြစ်ပျက်ခဲ့သော အကြောင်းစုံကို ရှင်းပြပြီး ဆရာတော် သိဒ္ဓိစခန်းထွက်မြန်းကြွသွားပြီဖြစ်ကြောင်း ဒကာ၊ ဒကာမအပေါင်းအား ရှင်းလင်းပြောကြားပါသည်။ ကျောင်းရှိပစ္စည်းများကိုလည်း ဂေါပကအဖွဲ့သို့ ပြန်လည်အပ်နှံပြီး သူသည် ကပ္ပိယအဖြစ်မှ ထွက်ပါတော့သည်။

ဤအဖြစ်အပျက်ကို ကျုံရှုလူကြီးမှ ပြောပြသဖြင့် ကျုံရှုဆရာတော်၏ သိဒ္ဓိစခန်းမြန်းကြွခြင်းဟူသော ထူးခြားဖြစ်စဉ်တစ်ခုကို စာဖတ်ပရိသတ်အပေါင်းအား တင်ပြရေးသားအပ်ပါသည်။ ဤစာမှုဖြစ်မြောက်ရေး ပြောပြပေးသော ကျုံရှုလူကြီးအား ဤစာစုဖြင့် ကျေးဇူးတုံ့ပြန်အပ်ပါသည်။ ကျုံရှုဆရာတော်ကြီးအား ကြည်ညိုဦးခိုက်ရင်းဖြင့် သတ္တဝါအပေါင်း လိုအင်ဆန္ဒပြည့်ဝကြပါစေ။

ကြည်မြတ်လင်း (ရေမြေ)



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော်တင်ဦး၏အကြောင်းကို စက်တင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် ခင်လေးမြင့် (မြစ်ကြီးနား) က 'ထူးသည့် ဗိုလ်ကြီး ဘိုးတော်' အမည်နှင့် ဗိုလ်ကြီး တင်ဦးအကြောင်း ရေးထားတာ တွေ့ သည်။ ဆရာမရီရီဌေးလည်း ဘိုးတော် တင်ဦးအကြောင်း ယခင်က ရေးဖူးသည် ကို ဖတ်ရဖူးသည်။

မိမိနှင့် ဘိုးတော်တင်ဦးတို့သည် ၁၉၇၆-၇၇-၇၈နှစ်က အင်းစိန်ထောင်ရ တွင်တွေ့ခဲ့ကြ၏။ ထိုစဉ်က ကျွန်ုပ်သည် အလုပ်သမားများဆန္ဒပြပွဲ (ဆန္ဒပြ မှု)နှင့် ၁၉၇၄ ခုနှစ်ကပင် ထောင်ထဲ ရောက်နေသည်။ ဘိုးတော်တင်ဦးကမူ ဘိုးတော်စစ်ဆင်ရေးနှင့် ထောင်ထဲ ရောက်လာသူဖြစ်၏။ထိုစဉ်က ဘိုးတော် စစ်ဆင်ရေး၊ စီးပွားရေးပုဒ်မနှင့် ဆင်ဖြူ တော်စစ်ဆင်ရေး၊ နတ်၊ ရွှေရင်ကျော် စသည်ဖြင့် စစ်ဆင်ရေးတွေကို မဆလ အစိုးရက စစ်ဆင်ရေးတစ်ရပ်နှင့်နှိပ်ကွပ် နေသည်။

ကျွန်ုပ်သည် ထောက်လှမ်းရေး(၇) မနော်ဟာရီ၊ ရေကြည်အိုင်၊ နောက်ဆုံး အင်းစိန်ထောင်တို့တွင် ကျင်လည်နေခဲ့ရ ၏။ ဘိုးတော်များကို စစ်ဆင်ရေးလုပ် သည်မှာ ရွှေရင်ကျော်ပြဿနာက စတင် သည်။ရွှေရင်ကျော်ဆရာကြီးအချို့သည် တပ်ကြပ်ကြီးတွေဖြစ်ပြီး ဗိုလ်ကြီး၊ ဗိုလ် မှူးတွေက ရွှေရင်ကျော်အဖွဲ့ဝင် တပ် ကြပ်ကြီး၏တပည့်များ ဖြစ်လာကြသည်။ ထိုအခါ စစ်တပ်ထုံးစံ မဟုတ်။ ရွှေရင် ကျော်ဂိုဏ်းအရ ဗိုလ်ကြီး၊ ဗိုလ်မှူးတို့က သမိုင်းစဉ်အရ တပ်ကြပ်ကြီးကို အလေး ပြုကြ၏။

ဤသည်ကို မဆလဥက္ကဋ္ဌကြီး ဦးနေဝင်းက ဒေါသထွက်ပြီး လွှတ်တော် ၌ပင် မိန့်ကြားတော့၏။ ထိုအခါ ဘိုးတော် စစ်ဆင်ရေး၊ ရွှေရင်ကျော်စစ်ဆင်ရေး၊ နတ်စစ်ဆင်ရေးလုပ်သည်။မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်က တိုင်းပြည်ကို ဦးဆောင် နေချိန်မှာ ဤသို့သော စိတ်ကူးယဉ် အရာများ မြန်မာနိုင်ငံတွင်မရှိစေရအမိန့် ထုတ်သည်။ နတ်ကနားပေးပြီး တဂျိမ်း ဂျိမ်းမလုပ်ရ။ ကကြွဆိုကြွ၊ ငိုကြွရယ်ကြွ နတ်ကနားပွဲတွေ ဆိတ်သုဉ်းသွားသည်။

အထက်က ဆိုခဲ့သည့်အတိုင်း အင်းစိန်ထောင်တွင် တိုက်ရောက်လိုက်၊ အဆောင်ပြန်ရောက်လိုက် စသည်ဖြင့် လှည့်လည်နေရရာ ၁၉၇၆ ခုနှစ်တွင် (၃)ဆောင်ကိုပြောင်းရသည်။ (၃)ဆောင် ကို နိုင်ငံရေးဆောင်ဟု သတ်မှတ်ထား သည်။(၃)ဆောင်ကို မိမိတို့အလုပ်သမား အဖွဲ့ရောက်သွားသောအခါ ဦးသန့်



# ဝေယံလင်းခေါင်

## ကျွန်ုပ်တွေ့ခဲ့ရသော ဘိုးတော်တင်ဦး



www.burmeseclassic.com

www.burmeseclassic.com

အရေးအခင်းမှ ကျောင်းတော်သားများ၊ နိုင်ငံရေးသမားများ (၃) ဆောင်တွင် အတော်လူစုံသည်။

ထောင်မှူးမှာ ပထမ ဦးသိန်းညွန့်၊ နောက်တော့ ဦးမောင်သိန်း၊ နောက်တစ်ယောက်က ဦးဘိုနီ။ ကိုဘိုနီမှာ ကျွန်ုပ်တို့ ဂုန်နီစက်ရုံစာရေးဝန်ထမ်းမှ ထောင်မှူးသွားလျှောက်၍ ထောင်မှူးဖြစ်လာသူ။ သူသာမဟုတ် ကျွန်ုပ်တို့ ဂုန်နီစက်ရုံမှ ဦးချိဖအောင်၊ ဗိုလ်ကြည်တို့သည်လည်း ကျွန်ုပ်တို့ဂုန်နီစက်ရုံက ပြောင်းလာပြီး ထောင်ထဲတွင် အချုပ်ထောင်နှစ်ဆောင်၊ စျေးတိုက်တို့တွင် တာဝန်အသီးသီးနှင့် ရှိနေကြသည်။ သို့သော် ကျွန်ုပ်ကား ဘိုးတော်တင်ဦးနှင့် မတွေ့ရသေး။

သုံးဆောင်ရှိ ထောင်မှူးများတစ်ယောက်ပြီး တစ်ယောက်ပြောင်းသွားကြသည်။ အကျွန်ုပ်တို့ အလုပ်သမားအရေးအခင်းအပြီးမှာ အရေးအခင်းတွေက ဆက်တိုက်ဖြစ်လာသည်။ ဦးသန့်၊ မှိုင်းရာပြည့်၊ မီးမောင်း၊ ရေပူစီးကြောင်း၊ အရှေ့လေ၊ ပိတောက်တစ္ဆေတပ်ဦး စသည်စသည်ဖြင့် နိုင်ငံရေးရော နိုင်ငံမရေးတရေးပါ မဆလအစိုးရက အပြတ်အသတ်ကို နှိမ်နင်းနှိပ်ကွပ်တော့သည်။

ထိုအခါ (၃) ဆောင်ကို ကိုင်ရန် ထောက်လှမ်းရေးက တပ်ကြပ်ကြီးလှရွှေ ရောက်လာသည်။ သို့သော် ကျောင်းတော်သားများနှင့် နိုင်ငံရေးသမားများကမငြိမ်။ နှစ်လတစ်ခါ၊ သုံးလတစ်ခါ အာဏာပိုင်ထောင်မှူး၊ ထောင်ကြပ်တွေနှင့် ပြဿနာဖြစ်၏။ ရေချိုးဆင်တကာ နောက်ကျ၍၊ ပဲဟင်းမကောင်း၍၊ အဆောင်တွင်းတွင် လမ်းမလျှောက်ရ၍၊ ထောင်ဝင်စာကို ဝါဒါတွေ၊ အထုပ်ထမ်းပို့သူ အကျဉ်းသား ရာဇဝန်ကောင်တွေက ဖောက်စား၍ စသည့်ဖြင့် မကြာမကြာဆန္ဒပြမှု၊ အစာငတ်ခံ၍ဆန္ဒပြမှု စသည်ဖြင့် ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြစ်လာ၏။ ထောင်အာဏာပိုင်တွေက အတော်အသင့်တော့ ပထမက လိုက်လျောပေးသည်။ နောက်တော့ ထောင်ထဲတွင် အလုပ်သမားနှစ်ပတ်လည်၊ဦးသန့်နှစ်ပတ်လည်၊ မှိုင်းရာပြည့်နှစ်ပတ်လည် စသည်စသည်ဖြင့် အာဏာပိုင်တွေကို ဆန့်ကျင်ကြရာ နောက်ဆုံးမှာ ကျောင်းသား၊ နိုင်ငံရေးသမားများကို ရာဇဝတ်သားများနည်းတူ ပုံစံ(ထောင်ပုံစံ)ကိုင်တော့သည်။ ကျိုးကြ၊ ပျက်ကြ၊ ကွဲကြ၊ပြဲကြ၊ ခွေးတိုက်၊လောက်





www.burmeseclassic.com

www.burmeseclassic.com

တိုက်၊ (၆)တိုက်ရောက်ကြနှင့် နောက်တော့ ငြိမ်သွားကြ၏။

ဘိုးတော်တင်ဦး မိမိတို့အဆောင် (၃) ကို ဘယ်တုံးကပင်ရောက်နေသည်ကို မိမိမသိ။ မိမိတို့မှာ ထောင်တွင်းဆန္ဒပြမှုနှင့် အခန်းလှောင်ခံထားရသည်။ တစ်နေ့ မိမိတို့အခန်းကို ရေချိုးချသဖြင့် ရေချိုးရန်ဆင်းသွားကြရာ ရေချိုးပြီး၍ပြန်တက်လာမှ ဘိုးတော်တင်ဦးဆိုသူကို ပထမဦးဆုံး မြင်ဖူးသည်။

သူသည် ထိုစဉ်က တိုက်ကထွက်လာခါစဟုသိရ၏။ ဝါးရင်းတုတ်တစ်ပိုင်းကိုထောက်ပြီး ထော့နင်းထော့နင်းသွားသည်။ နောက်ပိုင်းမှ သိရသည်မှာ ဘိုးတော်စစ်ဆင်ရေးနှင့်ဖမ်းချုပ်ပြီး တိုက်ခန်းထဲ သမံတလင်းတွင်တိုက်ပိတ်ထားရာ တရားထိုင်၊ ပုတီးစိပ်အားကြီး၍ချည့်သွားသည်ဟု ပြောကြသည်။

ထို့ကြောင့်လည်း လက်ဝဲကျောင်းသားလူငယ်များက သူဝါးရင်းတုတ်ပိုင်းထောက်၍ အဆောင်အောင်ကွက်လပ်တွင်လျှောက်သွားနေသည်ကိုမြင်လျှင် -

"အကိုးကြီးလို တို့လည်း အဆောင်ပတ်လည်မှာ လမ်းလျှောက်ရင် သိပ်ကောင်းမှာပဲ"

ဟု ပြောကြသည်။

ဤကျောင်းတော်သားလူငယ်များကား အရှေ့လေဖမ်းစားထားခြင်းကိုခံနေကြရသူများဖြစ်၏။ ဘိုးတော်ဆိုသည်ကို ယုံကြည်ဖို့နည်းနည်းသာ ကျွန်ုပ်တို့ဆရာကြီး ဒဂုန်တာရာစာအုပ်ကို ဖတ်နေတာတွေ့လျှင်ပင် -

""အလကား ရန်ငွါမျဉ်းမပြတ်တဲ့ ဂျူနိခွာနာစာအုပ်ဖတ်မနေစမ်းပါနဲ့ဗျာ"

ဟုပင် ပြောတတ်၏။ ထို့ကြောင့်လည်း ဘိုးတော်တင်ဦးကို သူတို့က 'အကျိုးကြီး' ဟု နှိမ်ပြီးခေါ်ကြသည်။

တစ်နေ့ မိမိတို့ထောင်ဝင်စာသွားကြရာ ဘိုးတော်တင်ဦးကိုလည်း သူ့မိတ်ဆွေတစ်ယောက်က ထောင်ဝင်စာလာတွေ့သဖြင့် ကျွန်ုပ်တို့နှင့်တစ်သုတ်တည်းဖြစ်၏။ ကျွန်ုပ်တို့ အလုပ်သမားထောင်ဝင်စာအုပ်စုထဲတွင် မဆလအစိုးရက ဗကပယူဂျီအမာခံဟု သတင်းစာ၊ ရေဒီယိုတို့က ကြေညာခံထားရသူ ကျော်သက်(ခ)ကြယ်နီလည်း တစ်သုတ်တည်းပါလာသည်။

အားလုံး ထောင်ထုံးစံအတိုင်း အပြင်က ထောင်ဝင်စာလာပို့သူကို တန်းစီထိုင်၍စောင့်နေကြသည်။ ထောင်ဝင်စာတာဝန်ခံထံ လွှတ်လိုက်သော ထောင်ကျတို့၏ အိမ်သူအိမ်သား၊ ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေသင်္ဂဟလာတွေ့များ မပြေးရုံတစ်မည် အခန်းထဲဝင်လာကြသည်။ မပြေးရုံတစ်မည်ဟု ပြောရခြင်းမှာ ထောင်ထဲကလူနှင့် ထောင်ဝင်စာလာတွေ့သူမှာ (၁၅) မိနစ်သာ စကားပြောခွင့်ရ၍ဖြစ်၏။

သူ့သား ကျော်သက်ကို တွေ့ရန် ဝင်လာသောအဘွားကြီးသည် ဘိုးတော်တင်ဦးကို မြင်သောအခါ အံ့ဩသလိုနှင့် သံစကာကြားနားတိုးကပ်လာပြီး မျက်လုံးကို လက်နှင့်ကာကြည့်ကာ -

"ဟင် - ကုလားလေး မဟုတ်ဘူးလား။ ကုလားလေး၊ နင်လည်းထောင်ထဲရောက်နေရတယ်လို့ဟယ်"

ဟု အံ့ဩတကြီး ကျော်သက်အမေကပြောသည်။

ဘိုးတော်တင်ဦးက -

"ဟုတ်ပါတယ် အမေ၊ ကျွန်တော်လည်း ကြွေးလာဆပ်နေရပါတယ်"

ဟု ပြန်ပြော၏။ ပြီးတော့ ဘိုးတော်တင်ဦးက -

"အမေကြီးကော ဘယ်သူ့လာတွေ့တာလဲ"

"ဟင် - နင်တို့ကထောင်ထဲအတူနေပြီး မသိကြဘူးကိုး။ ငါ့ အဲ - ဒါ ငါ့သား ကျော်သက်လေဟယ်။ နင်ငယ်ငယ်က ချီချီနေတဲ့ ပိုးဟပ်ဖြူလေး ကျော်သက်လေ"

ဟု အဘွားကြီးက သူ့သားကျော်သက်ခေါ် ကြယ်နီကိုလက်ညှိုးထိုးပြ၍ ပြော၏။

ထိုအခါမှ ကျော်သက်နှင့် ဘိုးတော်တင်ဦးတို့သိသွားကြ၏။

နောက်မှသိရသည်မှာ ဘိုးတော်တင်ဦးသည် ဗိုလ်ကြီးဘဝတုန်းက ညောင်တုန်းတွင် တာဝန်ကျရာ ကျော်သက်တို့အိမ်မှာ သူ၏ စားအိမ်သောက်အိမ်ဟုဆို၏။ ယခု (၃)ဆောင်ကိုကိုင်နေသော တပ်ကြပ်ကြီးလှရွှေက သူတပ်ကသူ့တပည့်။ ထို့ကြောင့်လည်း ဘိုးတော်တင်ဦးကို လှရွှေက သူကိုင်နေရသောနိုင်ငံရေးဆောင် (၃)ဆောင်ကိုခေါ်ထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဘိုးတော်တင်ဦးမှာ (၃) ဆောင်တွင် တံခါးမရှိ အခန်းစေ့ ဘယ်နေရာကိုသွားသွားရသည်။ (၃) ဆောင်ထိပ် အပေါ်ထပ်တွင် သူ့တပည့် လှရွှေက သူ့ကိုသီးသန့်အခန်းနှင့် ထားပေးခြင်း ဖြစ်သည်။

ထောင်ဝင်စာပြန်ခါနီးတွင် ဘိုးတော်တင်ဦးက ကျော်သက်ကို -

"ငါ့ညီ၊ မင်းအကူအညီလိုရင်ပြော"

ဟု ဆို၏။

ကျော်သက်က -

"ရပါတယ်၊ မလိုပါဘူး"

ဟု ဆိုသည်။

ကျော်သက်မှာ ရုပ်ဝါဒသမား၊ ဘိုးတော်ကိုလည်း လူလိမ်ဟုထင်နေပုံရ၏။ နိုင်ငံတော်မဆလအစိုးရကလည်း သူ့ကို ဗကပအမာခံယူဂျီဟု ကြေညာထား၍လားမသိ။ ကျွန်တော်တို့နှင့်လည်း အတူမထား။ သူ့ကို သီးသန့်ခွဲထားသည်။

တစ်ချိန်က ကျော်သက်တို့အိမ်မှာ သူ့စားအိမ်သောက်အိမ်ဖြစ်ခဲ့သဖြင့် ထိုသံယောဇဉ်ကြောင့် 'အကူအညီလိုရင်ပြော'ဟု ပြောခြင်းမှာလည်း ဘိုးတော်တင်ဦးကား သူထောင်ထဲကမလွတ်သေးသော်လည်း ထောင်တွင်း၊ ထောင်ပြင် သူ့အကူအညီကို အများအပြားလာယူနေကြ၏။ မဆလအစိုးပိုင်းကလူများသည် ထောင်ထဲအထိလာ၍ ရာထူးတက်ရေး၊ ရာထူးပြန်ရရေး၊ နယ်မပြောင်းရရေး၊ စီးပွားလာဘ်လာဘတက်ရေး၊ အနာရောဂါကင်းရေးကအစ အကူအညီလာတောင်းနေကြသည်ကို နေ့စဉ်လိုလို ဝါဒါတွေဆီကကြားနေရသည်။

ထောင်တွင်း၌ဆိုလျှင်လည်း ထိုနည်းလည်းကောင်းပင်။ အရာထမ်းအမှုထမ်းများနှင့် ထောင်ပိုင်ကြီး မစွတာမတ္တနားအထိ သူ့ဆီလာအကူအညီတောင်းကြောင်းကြားနေရ၏။ ဝါဒါတစ်ယောက်ပြောပြသည်မှာ -

ယခင်က ထောင်မင်းကြီးသားထောင်မှူးဦးကျော်ရှိန်ဆိုသူသည် ယခုအင်းစိန်ထောင်၌ ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူများတွေသွားလာကြမေးကြမြန်းကြသော်လည်း သူကား သိပ်ယုံကြည်ပုံမရ။ သို့သော် ထောင်တွင်းမက အပြင်မဆလအကြီးပိုင်းများပင် လာကြမေးကြလုပ်နေကြသည်ကို သူကိုယ်တိုင်တွေ့ကြုံနေရရာ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ တစ်နေ့တွင် ဘိုးတော်တင်ဦးဆီကို သူသိချင်သည့် ကိစ္စကြီးငယ်ကိုမေးရန်သွားသည်။

ဘိုးတော်တင်ဦးရှေ့ရောက်တော့ ရိုရိုသေသေနှင့် -

"ဘိုးတော်ကြီး၊ ကျွန်တော်လည်း သိချင်တာလေးတွေရှိလို့ ဘိုးတော်ကြီး အကူအညီတောင်းဖို့ လာပါတယ်"

ဟု ပြောလိုက်၏။

ဘိုးတော်တင်ဦးက ရှေ့ထိုင်ခုံ့လာရန် လက်ပြ၏။ ထောင်မှူးဦးကျော်ရှိန်



www.burmeseclassic.com

www.burmeseclassic.com

ဘလည်း ရိုရိုသေသေပင် သူ့ရှေ့တိုး သွား၏။

ဘိုးတော်တင်ဦးသည် ဘာမပြော ညာမပြောနှင့် ထောင်မှူးဦးကျော်ရှိန်၏ ခုံးတစ်ဖက်ပေါ်က ကြယ်ပွင့်ကို ဆွဲယူပြီး လက်နှင့်ပုတ်ချပစ်လိုက်သည်။ ချက်ချင်း ပြာဖြစ်သွား၏။

"ဘာမှမေးမနေနဲ့။ ဒီပြာကို မင်း ရိုရိုသေသေသိမ်းထား။ ရှေ့-လိုရာပြည့် တတ်တယ်။ ပြန်တော့"

ဟု ပြောလိုက်သည် ဆို၏။

အင်းစိန်ထောင်ပိုင်ကြီး မစ္စတာ မတ္တနားမှာ ကုလားလူမျိုး။ ခရစ်ယာန် ဘာသာကိုးကွယ်သူ။ သူသည်လည်း ထောင်တွင်း၊ ထောင်ပြင်မေးကြမြန်းကြ လာရောက်ကြသူတွေကို သိနေမြင်နေ ကြားနေရတော့ ခရစ်ယာန်ဘာသာ ကိုးကွယ်သော်လည်း သူများအန္တန်း တစ်ရာ့ရှစ်လုံးဆိုသလို ဘိုးတော်တင်ဦး ဆီကို သူသိချင်တာတွေမေးရန် သွား သည်။ သူ့လက်ထဲတွင် ဒိုင်ယာရီစာအုပ် တစ်အုပ်ပါသည်။

ဘိုးတော်တင်ဦးဆီရောက်တော့-

"ဘိုးတော်ကြီး၊ ကျွန်တော်လည်း သိချင်တာလေးတွေရှိလို့ အကူအညီ တောင်းဖို့လာပါတယ်။ ကူညီပါဦး"

ဟု ရိုရိုသေသေပြော၏။

"ခင်ဗျားလက်ကိုင်လာတဲ့စာအုပ် ထဲက ကျုပ်ကိုစာရွက်တစ်ရွက်ပေးပါ"

ဟု ဘိုးတော်တင်ဦးကတောင်း၏။

ထောင်ပိုင်ကြီးလည်း သူ့ဒိုင်ယာရီ စာအုပ်ထဲက ဗလာတစ်ရွက်ကိုဆုတ်ပေး လိုက်သည်။

ဘိုးတော်တင်ဦးသည် ထောင်ပိုင် ကြီးပေးသောစာရွက်ကို ထောင်ပိုင်ကြီး ရှေ့တွင်ချပြီး ဖနောင့်နှင့်နင်းပေါက်လိုက် သည်။ ပြီးတော့ ထောင်ပိုင်ကြီးကို ချက် ချင်းပင် ထိုစာရွက်ပြန်ပေးပြီး -

"ခင်ဗျားသိချင်တာ ဒါတွေပဲ မဟုတ်လား၊ ဖတ်ကြည့်စမ်းပါဦး"

ဟု ဘိုးတော်တင်ဦးကပြောသည်။

ထောင်ပိုင်ကြီး မစ္စတာမတ္တနား အကြီးအကျယ်အံ့ဩသွားသည်။

"ဘိုးတော်ကြီး၊ ဒီလိုပညာမျိုး ဘိုးတော်ကြီးတတ်တာ ကျွန်တော်အံ့ဩ လွန်းလို့ပါ။ ဒီလိုပညာမျိုးကို ကျွန်တော် တို့သင်ရင်ကော မတတ်နိုင်ဘူးလား"

"ဒီပညာကိုသင်ရင် ဘယ်သူမဆို တတ်နိုင်ပါတယ်"

ဟု ဘိုးတော်တင်ဦးက ထောင်ပိုင် ကြီးကို စေ့စေ့ကြည့်ပြီးပြောလိုက်၏။

"ကျွန်တော် သင်ချင်ပါတယ် ဘိုးတော်ကြီး၊ ကျွန်တော် ဘိုးတော်ကြီး ဆီမှာ တပည့်ခံပြီးသင်ပါ့မယ်။ ဘယ်လို က စသင်ရမယ်ဆိုတာသာ အမိန့်ရှိပေး ပါ"

"ခင်ဗျားတကယ်တတ်ချင်လား"

"တတ်ချင်ပါတယ် ဘိုးတော်ကြီး"

"ဒီပညာကို ခင်ဗျားတတ်ချင်ရင် နံပါတ်တစ် ဗုဒ္ဓဘာသာဖြစ်ရမယ်။ နံပါတ်နှစ် ငါးပါးသီလမြဲရမယ်။ နံပါတ် သုံး ကျုပ်ပြောတာကို ပုတီးစိပ်ရမယ်။ အဲဒီသုံးချက်ကို ခင်ဗျားပိုင်ပိုင်နိုင်နိုင် လုပ်နိုင်ရင် ဒီပညာကို ခင်ဗျားတတ်ပြီ သာမှတ်တော့"

ဤနေရာတွင် ဗုဒ္ဓဘာသာဝင် ခြင်း၊ ငါးပါးသီလဆောက်တည်ခြင်းတို့ မှာ သိလွယ်သောအရာဖြစ်၏။ ပုတီးစိပ် သည်ဆိုခြင်းမှာ မည်သည့်ဂုဏ်တော်၊ မည်သည့်သုတ်၊ မည်သည့်ဂါထာမန္တရား များကိုစိပ်ရမည်နည်း၊ ရွတ်ဖတ်ရမည် နည်းဆိုသည်ကို ထောင်ပိုင်ကြီးအား မည်သို့ ဘိုးတော်တင်ဦးက ညွှန်ကြား လိုက်သည်ကို မသိပေ။ သီတင်းကျွတ်လ တွင် အကျဉ်းသားများကို မုန့်ဟင်းခါး ကျွေးရာ ထောင်ပိုင်ကြီးက ငွေ(၇၅)ကျပ် ပါဝင်သည်ဟု ကြားရသည်။

အများသူငါ တွေ့ဖူး၊ ကြုံဖူးကြ သော အကျီအိတ်ထဲက ထီလက်မှတ် မည်မျှများများ ထိုထီလက်မှတ်နံပါတ် များကို ဘိုးတော်တင်ဦးက စာရွက်ပေါ် တွင် အမှန်အကန် တစ်ရွက်ချင်းရေးပြ နိုင်သည်မှာတော့ သူ့အတွက် ထမင်းစား ရေသောက်လောက်သာဟု ပြောကြ၏။

အိတ်ထောင်ထဲက ထီလက်မှတ် များကို ဘိုးတော်တင်ဦးတစ်စောင်မကျန် နံပါတ်ရေးပြနိုင်သည်မှာ သာမန်လူများ အတွက် အံ့ချီးဖွယ်ရာပင် မဟုတ်ပါ လား။ ဤသည်နှင့်ပတ်သက်၍ အချို့က ဘိုးတော်တင်ဦးသည် မြတ်ဗုဒ္ဓ၏ ဓမ္မ စကြာထဲမှ 'စက္ခုဉ္စဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလော ကော ဥဒပါဒိ' တို့မှ 'စက္ခုဉ္စဒပါဒိ' ကို ထောင်ထဲရောက်စဉ်ကပင် တိုက်ထဲ၌ ချည့်သွားအောင် ပုတီးစိပ်လာသဖြင့် မျက်စိနှင့်တူသော အလင်းရောင်ကိုရ သည်။ ထို့ကြောင့် အိတ်ထောင်ထဲရှိ ထီလက်မှတ်နံပါတ်ဂဏန်းများကိုဖောက် မြင်နေသည်ဟု ယူဆကြသည်။

လယ်တီဆရာတော်ဘုရားကြီး၏ စက္ခုဉ္စဒပါဒိဖွင့်ဆိုချက်မှာ -

၁။ မြင်နိုင်တုံ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။

၂။ ထိုးထွင်းဟုတ်မှန် အသိဉာဏ် သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

၃။ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။

၄။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ် သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

၅။ မောဟမှောင်ကြီး ဖျက်ဆီး ထွန်းပြောင် အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်၍လာ၏။ တရားကိုယ်ကမူ သစ္စာလေးပါးတရားကို သိမြင်သည်ဟု ဆိုလို၏။

ပဥ္စဝဂ္ဂီ(၅)ဦးတွင် အညာသိကော ဏ္ဍညသည် ပထမဦးဆုံး သစ္စာလေးပါး ကိုသိသည်။ ဘိုးတော်တင်ဦးကား သစ္စာ လေးပါးတရားကို မသိနိုင်သော်လည်း စက္ခုဉ္စဒပါဒိတစ်ခုတည်းကိုသာ သမာဓိ ရအောင် ပုတီးစိပ်ခဲ့သူမို့ လယ်တီဆရာ တော်ဘုရားကြီးဖွင့်ဆိုချက်ထဲမှ မြင်နိုင် တုံ့ဘိ ဉာဏ်မျက်စိကို လည်းကောင်း၊ ထိုးထွင်းဟုတ်မှန် အသိဉာဏ်ကိုလည်း ကောင်း စသည် တစ်ခု သို့မဟုတ် နှစ်ခု လောက်ကိုတော့ ရလာသူဟုယူဆကြ သည်။ ထို့ကြောင့်သာ အိတ်ထောင်ထဲ က ထီလက်မှတ်နံပါတ်များကို အမှန်အ ကန်ရေးပြနိုင်ခြင်းဟု ယုံကြည်သူတွေက ယုံကြည်မည်ဆိုကလည်း မဟုတ်ဟု မပြောနိုင်ပေ။ စက္ခုဉ္စဒပါဒိ ရ၊ မရကို ဘိုးတော်တင်ဦးသာ သိပေလိမ့်မည်။

❖

ကျွန်ုပ်တို့နှင့် တစ်ခန်းတည်းအတူ နေ တောင်ငူမှ အရေးအခင်းကျောင်း သားတစ်ယောက်သည် ထောင်ဝင်စာ သွားတွေ့ရင်း ဘိုးတော်တင်ဦးနှင့်တစ် ပတ်တည်းဆုံမိကြရာ -

"ဘိုးတော်ကြီး၊ကျွန်တော်ကိုလည်း အဆောင်တစ်ခုလောက်ပေးပါ'

ဟု တောင်းသည်ဆို၏။

ထိုအခါ ဘိုးတော်တင်ဦးက ကျောင်းသား၏ထောင်ဝင်စာထဲတွင်ပါ သော ငှက်ပျောသီးတစ်ဖီးကိုယူပြီး-

"မင်းအဆောင်လိုချင်ရင် ဒီ အဆောင်ဟာ အကောင်းဆုံးအဆောင် ပဲ"

ဟုပြောပြီး သူ့ထောင်ဝင်စာထဲက ဘိုးတော်တင်ဦးယူလိုက်သော ငှက်ပျော သီးဖီးကို ကျောင်းသားအားပြန်ပေး၏။ အဆောင်ကိုရောက်၍ ငှက်ပျောသီးဖီး ကို ဖွဲ့စားရန်လုပ်သောအခါ ဘုရားဆင်း



www.burmeseclassic.com

www.burmeseclassic.com

တုတော်သေးသေးလေးတစ်ဆူကိုရသည်ဟု သူက နောက်တော့ပြောပြ၏။

သူနှင့်အတူနေ ကျောင်းတော်သားများမှာ လက်ဝဲသမားတွေများသဖြင့် ထိုအဖြစ်အပျက်ကို သူ့အပေါင်းအသင်းများကို မပြောရဲ။ ကျွန်ုပ်တို့ကို စီရင်ချက်ချပြီး ထောင်ကျဆောင်(၄)ကို ပြောင်းရတော့မည်။ လူချင်းခွဲရခါနီးမှာ ပြောပြ၏။

ဘိုးတော်တင်ဦး ဤသို့ဤနှယ်စွမ်းသည်ကို ဝါဒါတစ်ယောက်နှင့် စကားစပ်မိကြရာ သူက ဘိုးတော်မြစိန်သည် ဘိုးတော်တင်ဦးထက်စွမ်းသည်ဟု ပြောပြန်၏။ ထိုစဉ်က ဘိုးတော်စစ်ဆင်ရေးနှင့် ဖမ်းထားသော ဘိုးတော်ကြီး၊ ဘိုးတော်လေးတွေ အင်းစိန်ထောင်ထဲတွင် အတော်များများရှိသည်။ ကျွန်ုပ်က ဘိုးတော်မြစိန်ပိုစွမ်းသည်ဟုပြောသော ဝါဒါအား -

"ခင်ဗျား ဘိုးတော်မြစိန် ဘယ်လိုများစွမ်းလဲ ပြောပါဦး"

ဆိုတော့ -

"ကျွန်တော်တို့ ညဂျူတီဝင်တော့ ထမင်းစားပြီးပလား၊ ဘာဟင်းနဲ့စားခဲ့လဲ မေးတယ်ဗျ။ ကျွန်တော်တို့က ဘာဟင်းရှိမလဲ ဘိုးတော်ကြီးရာ၊ လခက တစ်ရာကျော်လေးပဲရတော့ ချဉ်ရည်ဟင်းတစ်လှည့်၊ ကုလားဟင်းတစ်လှည့်ပါပဲ။ ကြက်သား၊ ဝက်သားဆိုတာ တစ်ပတ်တစ်ခါတောင်မစားနိုင်ဘူးလို့လည်းပြောလိုက်ရော ဘိုးတော်မြစိန်က ဒါဆို ခင်ဗျား ဒံပေါက်စားမလား၊ ခေါက်ဆွဲကြော်စားမလား' မေးတယ်လေ။ ခေါက်ဆွဲကြော်တို့၊ ဒံပေါက်တို့ဆိုတာလည်း ကျွန်တော်တို့က တစ်နှစ်နေလို့တစ်ခါ ဝယ်မစားဖြစ်ပါဘူးဗျာလို့ ပြောတော့ ဒါဆို ရော့-ဒံပေါက်စားဆိုပြီး လက်ကိုမြှောက်လိုက်တာနဲ့ သူ့လက်ထဲ ဒံပေါက်ထုပ်ပါလာတာဗျ။ ဒါလည်း ကျွန်တော်တစ်ယောက်တည်းကိုမဟုတ်ဘူး။ သူနေတဲ့တိုက်ခန်းကို ဂျူတီကျနဲ့ ဝန်ထမ်းတိုင်းကိုပေးတာဗျ။ အချို့ဆိုရင် ပိုက်ဆံတောင်ပေးတာ"

(ထိုဝါဒါက ထိုသို့ပြောပြသည်နှင့်ပတ်သက်၍ အချို့ဘိုးတော်မြစိန်သည် ရက္ခစိုးမှော်အောင်ထားသဖြင့် ဘိုးတော်မြစိန်အမိန့်ပေးတိုင်း ဆိုင်တွေက ဒံပေါက်၊ ခေါက်ဆွဲတွေကို ရက္ခစိုးတွေကခိုးယူလာပြီး ပေးတတ်သည်ဆို၏။ ဘိုးတော်တွေ အပြင်ရောက်သွားသောအခါ ထိုခေါက်ဆွဲ၊ ဒံပေါက်ဖိုးကို ဘိုးတော်တွေက ထိုဆိုင်ရှင်တွေကို ပြန်အလျော်ပေးကြရသည်ဆို၏။ ဟုတ်၊ မဟုတ်ကိုမူ ဘိုးတော်များသာသိကြပေလိမ့်မည်။)

သို့နှင့် ဘိုးတော်တင်ဦးနှင့် ပတ်သက်၍ မိမိတွေ့ခဲ့ရသမျှကိုဆက်ပါမည်။ ဘိုးတော်တင်ဦးနှင့်အတူ မိုးထိဆိုသော ကိုရင်လား၊ ဘိုးသူတော်လား ဘာမှန်းကို မသိသော လူပုလေးတစ်ယောက်ပါသည်။ နာမည်ကသာ မိုးထိ။ လူက သုံးပေလောက်သာမြင့်သည်။ ကျွန်ုပ်တို့အဆောင်တွင် သူလည်း ဘိုးတော်တင်ဦးလိုပင် တံခါးမရှိ အခန်းစေ့သွားလာခွင့်ရထားသည်။ တစ်ခါတစ်ခါ အဆောင်မှူး တပ်ကြပ်ကြီး လှရွှေ၏ ယူနီဖောင်းကို မတော်တရော် ကိုးရိုးကားရားဝတ်ပြီး ကျွန်ုပ်တို့ထမင်းစားရာကို ရောက်လာတတ်သည်။ ရှူးသလိုပေါ်သလိုနှင့် ထမင်းကောက်စားချင်စားသည်။ ပေါက်ကရတွေပြောသည်။ တစ်ခါတလေမှာ အခန်းလူကြီး(အကျဉ်းသား)၏ အင်္ကျီ၊ လုံချည်တွေကိုလည်း ယူဝတ်လာတတ်သည်။ သီချင်းဆိုချင်ဆိုသည်။

ဝါဒါအဝတ်ကိုဝတ်လာလျှင် ဝါဒါလေသံနှင့် အကျဉ်းသားများကို နောက်တတ်သည်။ အခန်းလူကြီးအဝတ်ဝတ်လာလျှင် အခန်းလူကြီးလေသံမျိုး မျက်နှာထားတင်းတင်းနှင့် အကျဉ်းသားများကို အမိန့်ပေးတတ်သည်။ ပြီးတော့ အကျဉ်းသားတွေကလည်း သူ့နောက်တတ်မှန်းသိကြသဖြင့် သူခိုင်းသလို ပုံစံထိုင်ဆိုလျှင် နောက်ပြီးထိုင်ပြကြ၏။ ကျောဆန့်ထားစမ်း၊ ပုံစံရပ်၊ ဘယ်နေရာလက်ကသွားအုပ်ထားတာလဲ စသည်ဖြင့် မိုးထိလာလျှင် ကျွန်ုပ်တို့အကျဉ်းသားများသည် ပျော်ကြသည်။ တစ်ခါတစ်ခါ သူ့ကိုဖမ်းပြီးဖောက်ထိုးမိုးမျှော်ခြေထောက်ကကိုင်၍လည်းစကြသည်။

သို့သော် သူ့အော်လျှင်တော့ အဆောင်မှူး လှရွှေနှင့် ဘိုးတော် တင်ဦးကို ကြောက်ရသဖြင့် ကြာကြာတော့ မနောက်ရဲ၊ မစရဲကြ။ မိုးထိကမူ ကျွန်ုပ်တို့နှင့် ထိုသို့နေနေရသည်ကို ပျော်နေ၏။

ကျွန်ုပ်နှင့် ဘိုးတော်တင်ဦးနှင့် ရေကန်တွင် တစ်နေ့ဆုံမိကြရာ မိမိကိုနေကောင်းလားဟု မေး၏။ ကျွန်ုပ်က ကောင်းပါတယ်ပြောတော့ ထောင်ဝင်စာလာလားဟု မေးပြန်၏။ လာပါတယ်ဟုပြောရသည်။

"အေးဗျာ၊ ခင်ဗျားတို့လည်း ကြာပြီပဲ။ လွတ်လိုက်ဖို့ကောင်းပြီပဲ"

ဟု ပြော၏။

ကျွန်ုပ်က -

"ကျွန်တော်တို့က စီရင်ချက်ချ[illegible] ကလိုပါသေးတယ်၊ တရားခံကဆယ့်[illegible] ယောက်ဆိုတော့ အမှုစစ်တုန်း၊ ရုံးထွက်ရတုန်းပါပဲ"

"အလုပ်သမားတွေကိုသက်သက်ဒုက္ခပေးတာပဲ"

ဟု သူကပြော၏။

ကျွန်ုပ်က ပြုံးမိသွားသည်။

ကျွန်ုပ်ရေချိုးပြီး၍ အဆောင်[illegible] တက်လာသည်။ ကျွန်ုပ်တို့အလုပ်သမား[illegible] ကိုစောဦးက-

"အကျိုးကြီးနဲ့ခင်ဗျား စကားပြော[illegible] နေတာမြင်တယ်၊ ဘာတွေပြောလဲဗျ"

ကိုစောဦးမှာ လက်ဝဲအယူအဆ[illegible] သူဖြစ်သဖြင့် ဘိုးတော်တင်ဦးကို လက်[illegible] ကျောင်းသားများခေါ်သလို အကျိုးကြီး[illegible] ဟုပြောတတ်သည်။

"နေကောင်းလား၊ ထောင်ဝင်စာ[illegible] လာလား မေးတာပါဗျာ"

ကိုစောဦးက ငါးခူပြုံးပြုံးပြီး -

"ကျွန်တော်တို့နဲ့လည်း ရေကန်[illegible] ဆုံပါတယ်ဗျာ၊ ကျန်းကြောင်းမာကြောင်း[illegible] တစ်ခါမှမမေးပါဘူး။ ခုခင်ဗျားကို [illegible] တာ သဘောပေါက်လား"

"ဘယ်ကိုသဘောပေါက်ရမှာလဲ"

"ဟဲ ဟဲ၊ အဲဒါကြောင့် ဖိုးကျော်[illegible] မြင့်က ခင်ဗျားကို မအူမလည်လို့ပြော[illegible] တာ။ အကျိုးကြီးက ခင်ဗျားကို စကား[illegible] ပြောတာ ထောင်ဝင်စာထုပ်ကြီးမှန်း[illegible] လို့အလျှုခံမလို့ဗျ သဘောပေါက်ပလား"

ကိုစောဦးက ကျွန်ုပ်အား ထို[illegible] ပြောခြင်းမှာ ဘိုးတော်တင်ဦးသတင်း[illegible] လည်း အင်းစိန်တစ်ထောင်လုံးမှာ[illegible] အပြင်၌ပင် ပျံ့နှံ့နေရာ သူကြားထား[illegible] မိမိကိုပြောခြင်းဖြစ်သည်။

ဘိုးတော်တင်ဦးသည် လက်ဝဲ[illegible] ကျောင်းသားများနှင့် ပိုနီးစပ်သည်[illegible] ကျောင်းသားများထဲတွင်လည်း ဘာသာ[illegible] ရပ်စုံက ကျောင်းသားများပါလေ[illegible] ကျောင်းသားဆီမှ သူတို့၏မိဘများ[illegible] တစ်ဆင့်အလှူခံ၍ ထောင်ထဲရှိ စေ[illegible] ဘုရားများကို ထီးတင်သည်။ ထောင်[illegible] တွင် အခါအားလျော်စွာ မုန့်ဟင်း[illegible] စသည် အလှူလုပ်သည်။ ဘိုးတော်[illegible] ထောင်ဝင်စာဆိုလျှင် မုန့်ဖတ်[illegible] နှပိသာသွင်းသွင်း အစစ်အဆေး[illegible] အမြန်းမရှိ။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့အထဲတွင် မယုံကြည်သူများလည်းရှိသလို ယုံကြည်သူများလည်းရှိ၏။ ယုံကြည်သူများကမူ ဘိုးတော်တင်ဦးကိုတွေ့လျှင် သူတို့ဘယ်တော့ထွက်မှာလဲဟု မေးကြသည်။ ဘိုးတော်တင်ဦးက သကြၤန်မတိုင်မီလွတ်နိုင်သည်။ ပြဇာသားလက်တစ်ဆစ်ကို ခေါင်းအုံးထဲထည့်အိပ်ကြပါဟုမှာကြောင်း အလုပ်သမား ကိုတင်မြင့်က ပြောသဖြင့် ဆောင်ဝင်စာလာသောအိမ်ကလူများကို ဆောင်ဝင်စာထုပ်ထဲ နောက်တစ်ပတ် ပြဇာသားထည့်ပေးလိုက်ရန် မှာကြပြီး ခေါင်းအုံးထဲ ထည့်အိပ်ကြသည်။ သို့သော် ဘိုးတော်ကြီးပေးသော ယတြာနှင့် သကြၤန်သာလွန်သွားသည်၊ မလွတ်ကြ၊ ရုံးထွက်မြဲရုံးထွက်နေကြရ၏။

တစ်နေ့မနက်တွင် ကျွန်ုပ်ကို အခန်းလူကြီးတစ်ယောက်လာခေါ်သည်။ ဘာကိစ္စလဲမေးတော့ -

"ခု ဘိုးတော်ကြီးက ပါကင်ပိတ်တိပ်ခွေထဲကို သူ့အသံသွင်းပြမယ်၊ စာရေးဆရာကြည့်ချင်ရင် ခုလိုက်ခဲ့"

ဟုပြောသည်။

ကျွန်ုပ်ကလည်း ဒါမျိုးဆိုကြာသလားပင်။

ကျွန်ုပ် အခန်းလူကြီးနောက်လိုက်သွား၏။ ဘိုးတော်ကြီးအခန်းထဲရောက်သွားသည်။ ဘိုးတော်ကြီးအခန်းထဲတွင် ဘုရားကျောင်းဆောင်ရှိသည်။ ဘိုးတော်အောင်မင်းခေါင်ပုံရှိသည်။ ငှက်ပျောသီး၊ အုန်းသီးနှင့် ပွဲတစ်ပွဲရှိသည်။ ဝါဒါ၊ အခန်းလူကြီး သူတို့နှင့်အလွန်းသင့်သော အကျဉ်းသားအချို့လည်းရှိသည်။

ဘိုးတော်တင်ဦးကို အခန်းထဲတွင် တွေ့ရသဖြင့် မိမိအားခေါ်လာသူ အခန်းလူကြီးကို လက်တို့ပြီး မေးရ၏။ အခန်းလူကြီးက -

"ဘိုးတော်ကြီး ရေသွားချိုးနေတယ်"

ဟု ပြော၏။

မှန်သည်။ မကြာမီ ဘိုးတော်ကြီး ရေချိုးသန့်စင်ပြီး အခန်းထဲဝင်လာသည်။အဝတ်အစားလဲသည်။ ဘုရားရှိခိုးသည်။ ကြာကြာမဟုတ်။ ဦးတိုက်ရုံမျှ ဦးသုံးကြိမ်ချသည်။ ပြီးတော့ ဘိုးမင်းခေါင်ပုံတော် (ဘိုးမင်းခေါင်ပုံတူဟု ပြောခြင်းမှာ ကျွန်ုပ်အထင်ကို ပြောခြင်းဖြစ်သည်။ ပေါင်တစ်ဖက်ပေါ် ဒူးတစ်ဆစ်ချိုးတင်ထားသောပုံ)၊ ကို ဦးတိုက်သည်။ ပြီးတော့ ခုံလေးတစ်လုံးပေါ် တင်ထားသော ကက်ဆက်ခွေကိုယူပြီး ဘိုးတော်တင်ဦးက -

"ဒါဝါဒါတစ်ယောက်သွင်းလာတဲ့ ပါကင်ပိတ်တိပ်ခွေပဲ။ အသစ်စက်စက် လုံးဝမဖွင့်ရသေးတဲ့အခွေ။ ဒီအခွေထဲမှာ ဘာအသံမှမရှိဘူး။ အဲဒါ ခင်ဗျားတို့ကို ဘိုးတော်ကပြောစရာလည်းရှိလို့ ပြောပြချင်လို့ ဒါလည်း ဒီတိပ်ခွေကို အပြင်ကမှာလိုက်ရတာ။ ဖွင့်ရာ၊ ပြုပြင်ထားရာရှိလား ကြည့်ကြပါ"

ဟုပြောပြီး ကျွန်ုပ်တို့ကိုပြသည်။ ကျွန်ုပ်တို့လည်း ဝိုင်းကြည့်ကြ၏။ မှန်သည်။ ဖွင့်ရာ၊ ပြုပြင်ထားရာလုံးဝမရှိ။ ပကတိ အသစ်ကျပ်ချွတ်ပါကင်ပိတ်တိပ်ခွေ။

"ခင်ဗျားတို့ ကျေနပ်ပလား၊ ဘယ်လူကြည့်ဦးမလဲ။ သံသယရှင်းအောင်ကြည့်ကြပါ။ သံသယရှင်းမှ ဘိုးတော်ကလည်း ခင်ဗျားတို့ကို ပြရတာအကျိုးရှိမယ်။ ကြည့်ကြပါ။ ဘယ်လူကြည့်ဦးမလဲ သေသေချာချာကြည့်ပါ"

"ကြည့်ပြီးကြပါပြီ၊ ပါကင်ပိတ်မှန်ပါတယ် ဘိုးတော်ကြီး"

ဟုပြောပြီး ကက်ဆက်တိပ်ခွေကို ဘိုးတော်ကြီးလက်ထဲ ထည့်ပေးလိုက်ကြ၏။

ဘိုးတော်သည် ဘုရားကျောင်းဆောင်ဘက်၊ ဘိုးတော်အောင်မင်းခေါင်ပုံဘက် ဦးတိုက်၍ ကက်ဆက်ပါကင်ပိတ်ခွေကို သူ့လက်နှင့်အုပ်ထားသည်။ မျက်စိမှိတ်အာရုံပြုပြီး ပါးစပ်ကလည်း တတွတ်တွတ်ရွတ်နေသည်။ ဆယ်မိနစ်ပင် မကြာပေ။

"ရပါပြီ၊ ဒီကက်ဆက်ထဲ ထည့်ဖွင့်ကြည့်ကြ"

ဟုပြောပြီး သူ့လက်ထဲက ပါကင်ပိတ်တိပ်ခွေကို ဝါဒါတစ်ယောက်လက်ထဲထည့်ပေးလိုက်သည်။ ထိုဝါဒါက တိပ်ခွေပါကင်ပိတ် ကက်ဆက်ခွေအပြင်အပတ်ခွာကာ ကက်ဆက်ထဲထည့်ပြီး ခလုတ်နှိပ်လိုက်သည်။ ဘိုးတော်တင်ဦးအသံ ပီပီသသထွက်လာ၏။

ကက်ဆက်ထဲက ထွက်လာသော ဘိုးတော်တင်ဦးအသံမှာ အထူးအထွေမဟုတ်။ ဘုန်းတော်ကြီးများ တရားဓမ္မဟောသလို ငါးပါးသီလဆောက်တည်ကြရန်၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြရန်၊ ထူးခြားသည်ဆိုရသော မိမိမှတ်မိသမျှမှာ ပုဂံခေတ်က ယခုအထိ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအကြောင်း ကို တစ်ဦးပြီးတစ်ဦးပြောသည်။ ထို့နောက် သူနှင့်အတူ ဘိုးတော်စစ်ဆင်ရေးတုန်းကပင်ပါလာသော မိုးထိအကြောင်း၊ မိုးထိကို ဗရုတ်သုတ်ခနေတယ်ဆိုပြီး မလေးမစားမလုပ်ကြရန်၊ မိုးထိကို တစ်ခါတစ်ခါထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ဘိုးတော်များ ခေတ်စီးပြီးပြောတတ်ကြောင်း၊ သာမန်လူတွေနှင့်မတူကြောင်း၊ သူသည် (ဘိုးတော်တင်ဦး) ယခုထောင်ထဲရောက်နေ၏။ သူထောင်ထဲကထွက်သွားချင်လျှင် ခုချက်ချင်းလည်းထွက်သွား၍ရကြောင်း၊ သို့သော် ဝဋ်ကြွေးပါသဖြင့် သူ့တွင်ပေးဆပ်ရန် တာဝန်ရှိကြောင်း၊ ယခု သူတို့ခံနေကြရသည်မှာလည်း မမှန်မကန်လိမ်ညာနေသော ပုဂ္ဂိုလ်အချို့ကြောင့် သူတို့ထောင်ထဲရောက်ကြရကြောင်း၊ သစ်ပင်ကြီးတစ်ပင်ကိုလှဲလိုက်ရာတွင် ကိုင်းဖျား၊ ကိုင်းနားအရိုက်ခံရသောသစ်ပင်များ၊ ပိညပ်ကျိုးကြေသော သစ်ပင်များလည်းရှိတတ်သည်မှာ ဓမ္မတာပင်ဖြစ်ကြောင်း တို့ကို စီကာပတ်ကုံး ကျွန်ုပ်တို့အား ကက်ဆက်ထဲက ဟောပြောနေသည်။

အထူးခြားဆုံးမှာ သူ့အသံသွင်းသည်ဆိုတုန်းက (၁၀) မိနစ်မျှသာ အာရုံပြုလိုက်သောသူ့အသံသည် ယခု စီ(၆၀)အခွေ ဟိုဘက်ဒီဘက် အပြည့်။ နာရီဝက်နှင့်ပင်မပြီးတတ်။ ထမင်းစားချိန်နီးသဖြင့် မိမိလည်းထပြန်လာ၏။

အခန်းထဲရောက်တော့ ဘိုးတော်ကို အယုံအကြည်မရှိသူ အလုပ်သမားကျောင်းတော်သားများက မိမိဆီဝိုင်းလာကြသည်။

"ကဲ-စာရေးဆရာကိုပဲသီးသီးခြားခြားခေါ်ပြီး ဘိုးတော်ကြီးက တရားနာခိုင်း၊ သူ့အစွမ်းကိုပြဆိုတော့ ကျွတ်တမ်းဝင်မယ့် သာဝကတစ်ယောက်မှန်းသိလို့ တမင်ရွေးခေါ်တာနဲ့တူတယ်။ ကျွန်တော်မျိုးတို့ကိုလည်း ဘိုးတော်တရား၊ ဘိုးတော်အစွမ်းကိုဟောကြားပြပါဦး"

ဟု သရော်တော်တော် နောက်တောက်တောက် ဝိုင်းမေးကြသည်။

ကျွန်ုပ်ကလည်း မိမိကြုံတွေ့ခဲ့ရသမျှကို သူတို့ကိုဖောက်သည်ချ၏။

"ကဲ - စဉ်းစားသာကြည့်ကြပါတော့၊ စာရေးဆရာ မအူမလည်လို့ပြောရင် သူကစိတ်ဆိုးချင်သေးတယ်။ ဆယ်မိနစ်လောက်ပဲအာရုံပြုလိုက်ရုံနဲ့ သူ့အသံ စီ(၆၀)တစ်ခွေလုံးပြည့်သွားတယ်ဆိုတာ ယုတ္တိရှိပါ့မလား။ အမှန်က သူနဲ့အပေါင်းပါ ဝါဒါတစ်ယောက်ကို သူဟိုတုန်းက သွင်းထားတဲ့ အခွေတစ်ခွေကို ယူခိုင်းပြီး ခင်ဗျားတို့ကို လိမ်ပြတာ။ ခင်ဗျားကို

www.burmeseclassic.com

သီးသန့်ရွှေခေါ် တယ်ဆိုတာလည်း ကျုပ်တို့အထဲမှာ စာရေးဆရာဆိုတော့ ဩဇာရှိမှာပဲ။ ဒီလူကိုခေါ်ပြီးလိမ်ဖြလိုက်ရင် အခန်းထဲက အလုပ်သမားတွေရော ကျောင်းသားတွေပါ သူ့ဘက်ပါလာအောင်၊ အလှူခံကောင်းအောင်လိမ်ဖြတာဗျ။ ခုခင်ဗျားယုံလာပြီပေါ့။ တော်တော်ထုံတဲ့လူ၊ ဘယ်လိုများစာရေးဆရာဖြစ်လာပါလိမ့်။ ခုဟာက ဒီလိုလေဗျာ၊ အဇာတသတ်ကို ရှင်ဒေဝဒတ်ကြီးလိမ်ဖြသလိုနေမှာပေါ့"

ကျွန်ုပ်ကိုဝိုင်းပြီး တစ်ယောက်တစ်ပေါက်သမကြသည်။

များသောအားဖြင့် ထောင်ထဲရောက်လာကြသူများသည် မည်သည့်အကြောင်းနှင့် ရောက်လာကြရောက်လာကြ၊ စိတ်ကြီးကြသည်၊ ဒေါသကြီးသည်၊ ခံပြင်းမှု၊ မတရားအလုပ်ခံရသဖြင့် မဆင်မခြင်ပြုလုပ်လိုက်မှု စသည်တို့ကြောင့်များ၏။ မည်သို့ဆိုစေ ထိုသူဤသူတို့သည် ထောင်ထဲရောက်လာကြသောအခါ ပိုပြီး ဒေါသကြီးတတ်ကြသည်။ အကျဉ်းအကျပ်ထဲထဲတွင် တစ်ဦးကိုတစ်ဦးအမြင်စောင်းကြသည်။ အမှုတွဲအချင်းချင်းပင် ရုံးတွင်ထွက်ဆိုကြရာ၊ အစစ်ခံကြရာတွင် သူ့ကိုငါလွှဲချ၊ ငါ့ကိုသူ လွှဲချစသည်ဖြင့် မြင်တတ်ကြသည်။ ထို့ကြောင့် ထောင်ထဲတွင် တစ်ဦးကိုတစ်ဦး အတိုက်အခံမပြောခြင်း၊ သည်းခံခြင်းက အကောင်းဆုံးဖြစ်၏။

ဤသဘောတရားကို လက်ကိုင်မထားနိုင်လျှင် ထမင်းအတူစားနေကြသူချင်းပင် အယူအဆ၊ သဘောတရားရေး၊ တစ်စုံတစ်ခုကို အမြင်ချင်းဖလှယ်ကြရာမှ စိတ်ပေါက်ကွဲပြီး မခေါ်နိုင်၊ မပြောနိုင်မှုသည် ထိုးကြကြိတ်ကြသည်ထိဖြစ်ကုန်ကြသည်။ အာဏာပိုင်များ၏ လက်သုံးစကားမှာ 'မင်းတို့ပုတီးစိပ်မှားပြီး ထောင်ထဲရောက်လာသူတစ်ယောက်မှမရှိ' ဟု ဆိုရိုးစကားရှိသည်။

ထောင်ထဲတွင် လေး၊ငါး၊ ခြောက်နှစ်ကြာလာသောအခါ ကျွန်ုပ်သည် အတွေ့အကြုံအရ မည်သူ့ကိုမျှ အတိုက်အခံမပြောချင်တော့။ ဘိုးတော်နှင့်ပတ်သက်၍ လက်ဝဲအယူအဆရှိသူ မိမိတို့အလုပ်သမားဖြစ်ဖြစ်၊ ကျောင်းတော်သားများဖြစ်ဖြစ် ပြောချင်သလိုပြောကြသည်ကို ရှူးသလိုပေါ်သလို လုပ်ချင်လုပ်၊ မိမိ၏စွဲမြဲစွာခံယူထားသော အယူအဆအပေါ် နာကြည်းစရာ၊ မခံချင်စရာ၊ ဒေါသထွက်စရာ ဖြစ်လာလျှင်လည်း ကိုယ့်စိတ်ကိုကိုယ်ထိန်းပြီး တစ်နေရာရာ ထရှောင်ထွက်သွားတတ်သည်။ ဤသည်ကိုပင် အချို့က တုံးသွားပြီ၊ ထုံထိုင်းသွားပြီဟု မိမိကိုမြင်ကြ၏။

ယခုဘိုးတော်တင်ဦးနှင့်ပတ်သက်၍လည်း ကိုယ့်အမှုတွဲအချို့၊ ကျောင်းတော်သားအချို့၏ ဝိုင်းသမခံရခြင်းကိုလည်း မည်သို့မျှတုံ့ပြန်မပြောမိ။ သူတို့အမြင်ကိုလည်း အဆိုးမဆိုလိုပါ။ ဆယ်မိနစ်ခန့်အာရုံဖြင့် အသံသွင်းရုံနှင့် စီခြောက်ဆယ်တစ်ခွေစာ ဘိုးတော်တင်ဦး၏ပြောပြောချက်မှာ ရုပ်ပိုင်းဆိုင်ရာအရကြည့်လျှင် ဖြစ်နိုင်ခြေဘယ်လိုမှမရှိနိုင် မဟုတ်ပါလား။

မည်သို့ဆိုစေ ဘိုးတော်တင်ဦးကား ထောင်ထဲ၌လည်း (သူ့အပြောအရ) သာသနာပြုနေသည်။ မည်သည့်နေရာရောက်ရောက် သူ့တွင် သာသနာပြုရန် တာဝန်ရှိသည်။ အထက်ကပုဂ္ဂိုလ်များအမိန့်အတိုင်းလုပ်ရမည်ဟုဆိုသည်။ ထို့ကြောင့် ထင်၏။ ကျွန်ုပ်တို့ လေး၊ငါးနှစ်နေလာသော အင်းစိန်ထောင်တွင် တစ်ခါမှ (ညနေအိပ်ဆောင်ပိတ်လျှင်) ငါးပါးသီလဆောက်တည်ကြရသည်ဟုမရှိခဲ့ပေ။ ယခု ဘိုးတော်တင်ဦးရောက်လာမှ ညနေထမင်းစားပြီး အိပ်ဆောင်ပိတ်လျှင် ငါးပါးသီလခံယူကြ၏။ ဘာသာခြားများကမူ နေမြဲထိုင်နေကြသည်။ မိမိတို့(၃)ဆောင်တစ်ခုတည်းသာမဟုတ် တိုက်ကလွဲလျှင် အဆောင်အားလုံးရှိ ဗုဒ္ဓဘာသာဝင်များအားလုံး သီလယူကြသည်။

ထောင်ထဲရောက်နေကြချိန်တွင် မည်သည့်အကြောင်းနှင့် ရောက်လာရောက်လာ အရှုံးထဲကအမြတ်ရအောင် လုပ်တတ်ကြရမည်။ ထောင်ထဲတွင် သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်းသည် ပို၍ စိတ်တည်ငြိမ်မှုရှိသည်။ စရဏအလုပ်လုပ်၍ ကောင်းသည်ဆို၏။ သူသည် တိုက်ထဲတွင်တစ်ဦးတည်း တစ်ယောက်တည်း ထိုသို့လုပ်လာပုံရ၏။

အဆောင်တိုင်းတွင် ငါးပါးသီလယူကြရတော့ဟုတ်ပါပြီ။ ဘယ်မှာလဲ ဘုရားပုံတော်၊ ဘယ်မှာလဲ ဘုရားရုပ်ထုတော်၊ အချို့က ထိုသို့စောဒကတက်ကြသည်။ ဤသည်ကိုသိ၍လားမသိ။ ဘိုးတော်တင်ဦးသည် သူ့တပည့်တပန်းများ၊ ချမ်းသာသော ကျောင်းသားမိဘများ၊ ချမ်းသာသော အကျဉ်းသားများဆီက အလှူခံပြီး ထောင်ထဲရှိသမျှအဆောင်တိုင်း၊ အခန်းတိုင်းတွင် အောင်ခြင်းရှစ်ပါးရုပ်ပုံများကို ထောင်ထဲရောင်စုံဆေးဘူး၊ စုတ်တံတွေသွင်းပြီး ခေါင်းရင်းနံရံတွင်ရေးဆွဲခိုင်းသည်။

ပန်းချီဆရာကတော့ အပြင်ကငှားစရာမလို။ ထောင်ထဲတွင်ပညာသည်အစုံရှိသည်။ ဒုစရိုက်သမားစုံသည်။ ပါတီပေါင်းစုံက နိုင်ငံရေးသမားတွေလည်းရှိသည်။ အလံနီကွန်မြူနစ်ပါတီမှ သခင်စိုးကြီး၊ ဘိန်းဘုရင် လောင်စစ်ဟန်၊ အုန်းကျော်မြင့်၊ မှိုင်းရာပြည့်ကျောင်းသား ဆလိုင်းတင်မောင်ဦး၊ အိုင်စီအတ်(စ်) ဦးစောဟန် (အာဇာနည်ကုန်းကို မဆလအလေးလာပြုလျှင် မဟောသဓာဉာဏ်နှင့် ဥမင်လိုဏ်ခေါင်းတူးပြီး ဖောက်ရန်ကြံစည်သူ)၊ဒေါက်တာဘမော် သမက် ကိုရဲထွန်း၊ ဦးကျော်ငြိမ်းသားများဖြစ်ကြသော ထွန်းကျော်ငြိမ်း၊ ဖိုးကျော်ငြိမ်း၊ ပါချောင်တွင် အသတ်ခံရသော ကျောင်းသားဥက္ကဋ္ဌ ထွန်းအောင်ကျော်၊ ဘဲဖြူထွန်းအောင်ကျော်၊ ကျောင်းသားထွန်းအောင်ကျော်၊ အ... တော် ရုပ်ရှင်မင်းသား ဇော်ဝမ်း၊ စိုင်းထီးဆိုင်၊ နာမည်ကြီးရာဇဝတ်သား ထွန်း... ကြူ၊ စီးပွားရေးသမားကြီး ချဖိ။ လူ... စုံတကာစေ့ထောင်ထဲရောက်နေကြသည်။ ထို့ကြောင့် စာရေးဆရာကြီးတွေ... အင်းစိန်တောရ ဘဝတက္ကသိုလ်... တင်စားကြပုံရ၏။

ဘိုးတော်တင်ဦး၏ ပန်းချီဆ... အဖွဲ့ထဲတွင် အပြင်တွင်လည်း စပ်ပ... တွေရေး၍ အသက်မွေးဝမ်းကျောင်း... ခဲ့သူ ရာဇဝတ်သားထောင်ကျ မော... မောင်၊ ပန်းချီအဖွဲ့ကို သူကဦးဆောင်... ကျောင်းသားများထဲက စာရေးဆရာ... လင်းယုန်မောင်မောင်၏သား သား... ဇေယျ (ယခု RFA) တင်မောင်ကြ... (ရွှေနှလုံးသားစာပေတိုက်)၊ စံမင်း၊ မို... ကျော်စိုးလေတို့ ဖြစ်ကြသည်။

ကျွန်ုပ်တို့ (၃)ဆောင်အပေါ်ဆော... ခန်းခေါင်းရင်းနံရံတွင် သူတို့ဆွဲသော... ပြည့် အောင်ခြင်းရှစ်ပါးထဲက အာဠ... ကဘီလူးချွတ်ခန်းပန်းချီကားမှာ တ... ပင် အသက်ဝင် လက်ရာမြောက်သ... အင်းစိန်ထောင်ကြီးထဲရှိ အဆောင်... ငါးဆောင်တွင် တစ်ဆောင်လျှင်အ... ကြီး (၈) ခန်းရှိသည်။ အပေါ်လေး... အောက်လေးခန်းစီဖြစ်၏။ ဤသည်... ကျွန်ုပ်တို့က ငရဲကြီးရှစ်ထပ်နှင့် တင်... ခေါ်ဝေါ်ကြသည်။ အဆောင်တိုင်းရှိ... ခန်းကြီး(၈)ခန်းတိုင်းတွင် အောင်... (၈)ပါးကိုချည်းရေးကြသည်လား...



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေရေးကြသည်လားတော့ ကျွန်ုပ်မသိ။ မိမိအခန်းတွင်တော့ အာဋ္ဌာဝကဘီလူးကို ဗုဒ္ဓမြတ်စွာချွတ်ခန်း။

ကျွန်ုပ်တို့ အလုပ်သမားဆန္ဒပြသူများကို ၁၅၊ ၁၄၊ ၁၀နှစ်စီ ထောင်ထဲရှိတရားရုံး၌ ဥက္ကဋ္ဌဦးညွန့်သွင်တို့အဖွဲ့က စီရင်ချက်ချလိုက်သောအခါ လေးဆောင်ကို ပြောင်းရသည်။ အလုပ်ကြီးဆင်းရသည်။

ကျွန်ုပ်တို့အလုပ်ကြီးဆင်းနေကြရပြီး တစ်နှစ်ပင်မကြာ ဘိုးတော်စစ်ဆင်နှင့် ဖမ်းချုပ်ထားသော ဘိုးတော်များကိုလွှတ်လိုက်ပြီဟု ကြားရ၏။ သူတို့မှာမိမိတို့အလုပ်သမားများလို ပုဒ်မတပ်၍ တရားစွဲဆိုထားသူမဟုတ်သဖြင့် အစိုးရက လွှတ်ချင်လျှင် နေ့ချင်းညချင်းလွှတ်၍ရ၏။

ကျွန်ုပ်တို့ကမူ ၁၉၇၄ ခုနှစ်မှသည် ၁၉၈၀ ပြည့်နှစ်အထိ အင်းစိန်ထောင်၌ နေခဲ့ရ၏။ ၁၉၈၀ပြည့်နှစ်တွင် နိုင်ငံတော်က သံဃာ့ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးအတွက် (၈၀/၂) အမိန့်ကြေညာချက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် (၂၉-၅-၁၉၈၀) နေ့တွင် အင်းစိန်အကျဉ်းထောင်မှ လွတ်လာသည်။

အပြင်ရောက်၍ ကြားရသော ဘိုးတော်၊ ရွှေရင်ကျော်၊ နတ်တို့အကြောင်းမှာ ကျွန်ုပ်အပြင်ရောက်လာတော့ ကျွန်ုပ်တို့ရပ်ကွက်တွင် တဂျိမ်းဂျိမ်းနှင့် နတ်ကနားပေးနေသည်ကို မြင်ရသည်။ မဆလခေတ်တွင် နတ်ကနားမပေးရ၊ နတ်မကရ ပညတ်ထားရာ ဘယ်လိုပါလိမ့်ဟု ရပ်ကွက်ကလူတွေကို မေးမိသည်။ ခုနတ်ကတာကို ခွင့်ပြုလိုက်ပြီဟု ပြောကြ၏။ တော်လှန်ရေးအစိုးရမှသည် မဆလအစိုးရအထိ နတ်ကတော်များ နတ်ကခွင့်မရခဲ့ကြဘဲ ယခုမှ နတ်ကခွင့်ရနေကြချင်းမှာ မည်သို့သော အကြောင်းကြောင့်ပါနည်းဟု ရပ်ကွက်ကလူတွေကို မေးမိ၏။ နတ်ကခွင့်ပြုတယ်လောက်သာ ရပ်ကွက်ကလူတွေကလည်းသိကြပြီး ဘာကြောင့်ခွင့်ပြုလိုက်ကြောင်း မည်သူမျှ ဂယနဏ မသိ။

သည်လိုနှင့် ထောင်ကထွက်ခါစဆိုတော့ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟများဆီ သွားရောက်လည်ရသည်။ သည်လိုနှင့် ယခု တောင်ဒဂုံမြို့နယ်မှ ပန်းချီဆရာကြီးဦးစောလှိုင်ဆီ ရောက်သွား၏။ ထိုစဉ်က သူသည် မြေနီကုန်း ဆရာစန္ဒြ၏လဗ်မာန်နှင့် ဟိုဘက်သည်ဘက်တွင် စာအုပ်အငှားဆိုင်ဖွင့်ထားသည်။

ကျွန်ုပ်နှင့် ဦးစောလှိုင်မှာ ညီအစ်ကိုတမျှ ခင်ကြသည်။ မိမိက သူ့ဆီတွင် စာကြည့်တိုက်အတွက် စာအုပ်အဟောင်းများသွားဝယ်ရင်းက ခင်ကြခြင်းဖြစ်သည်။ ထိုစဉ်က ဦးစောလှိုင်၊ ဦးမြဝင်း၊ မိမိတို့သုံးယောက်သည် စာအုပ်ထုတ်ဝေရေးလုပ်ရန် တိုင်ပင်ကြပြီး အင်္ဂလိပ်၊ မြန်မာ လက်နှိပ်စက်ပင်ဝယ်ထားကြပြီး ထိုခေတ်က စူပါဖြစ်နေကြသော ဆရာမယုဝတီခင်စိန်လှိုင်၊ တက္ကသိုလ်တင်မြင့်တို့ဆီသွား၍ စာမူလည်းတောင်းထားကြပြီ။ သို့သော် မိမိထောင်ထဲရောက်သွားသဖြင့် ဦးစောလှိုင်နှင့် ဦးမြဝင်းတို့လည်း ဆက်မလုပ်ဖြစ်ကြတော့ဘဲ လုပ်ငန်းရပ်သွားသည်။

ယခု ကျွန်ုပ်ထောင်ထဲကအပြင်ရောက်လာသောအခါမှာလည်း ထိုစာအုပ်ထုတ်ဝေရေးလုပ်ငန်းကို မလုပ်ဖြစ်ကြတော့။ ခေတ်ကလည်း ရုပ်ပြအငှားဆိုင်ခေတ်ကိုရောက်သွားပြီဟု ပြော၏။ သို့နှင့် နတ်ကတော်တွေ ယခု တဂျိမ်းဂျိမ်းဖြစ်လာနေကြသည့် အကြောင်းကို ဦးစောလှိုင်အား မေးမိရာ -

"ဆရာ မသိသေးဘူးနဲ့တူတယ်။ နတ်ကတော်တွေ၊ ဘိုးတော်တွေ၊ ရွှေရင်ကျော်တွေကို လုပ်စားပိုင်ခွင့်ပေးလိုက်တာ ဒီလိုတဲ့ ဆရာရယ်"

ဟု ဆိုပြီး သူကပြောပြသည်မှာ-

မဆလ လူကြီးပိုင်းထဲမှာလည်း ဘိုးတော်ယုံကြည်သူ၊ နတ်ယုံကြည်သူ၊ ရွှေရင်ကျော်ကိုးကွယ်သူတွေရှိနေကြရာ ဦးနေဝင်းအား ဤသို့သော ဂမ္ဘီရပညာရပ်၊ သိပ္ပံအမြင်နှင့်ဆန့်ကျင်သော လောကီပညာရပ်များရှိသည်ကို နားချနားဝင်အောင် ပြောပြကြသည် ဆို၏။

ထိုအခါ ဦးနေဝင်းက အမှန်တကယ် ရှိ၊ မရှိ သိနိုင်ရန် နိုင်ငံတွင် အကျော်ကြားဆုံး ဘိုးတော်သုံးယောက်၊ နတ်ဆရာသုံးယောက်၊ ရွှေရင်ကျော်ဆရာသုံးယောက်တို့ခေါ်ပြီး သမ္မတအိမ်တော်တွင် စမ်းသပ်သည်ဆို၏။ သမ္မတအိမ်တော်ဆိုသည်မှာ အလုံလမ်းနှင့် ပြည်လမ်းထောင့် ယခုလွှတ်တော်အဆောက်အအုံဝင်ထဲလား၊ ဦးနေဝင်းအိမ် အေးဒီလမ်းကို ဆိုလိုသည်လားတော့ မိမိသတိမထားမိ။

ဦးစောလှိုင် ပြောပြချက်အရဆိုလျှင် ထိုသို့ဘိုးတော်သုံးဦး၊ နတ်ဆရာသုံးဦး၊ ရွှေရင်ကျော်ဆရာသုံးဦးတို့ကိုခေါ်ပြီး သုံးယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ သီးသန့်အခန်းနှင့်ထားသည်။ သူတို့စမ်းသပ်ရန်ပြုလုပ်ထားသောအရာမှာ သမံတလင်းကြမ်းခင်းကိုတူးပြီး ထိုအထဲတွင်ညောင်ရွက်ကိုထည့်ထားသည်ဆို၏။ ပြီးတော့ ပတ္တာအဖုံးနှင့် ပြန်ပိတ်ထား၏။ ပထမဦးဆုံး ထောက်လှမ်းရေးက နိုင်ငံရေးအကျဉ်းသားများကိုခေါ်စစ်သလို နတ်ဆရာသုံးယောက်ကို ခေါ်ထုတ်လာပြီး သူတို့ကို စမ်းသပ်ရန် ညောင်ရွက်ထည့်ထားသော အဖုံးပိတ်နေရာကို လက်ညှိုးထိုးပြပြီး -

"ခင်ဗျားတို့နတ်တွေက အမှန်အကန်ပြောနိုင်၊ ဟောနိုင်တယ်ဆိုရင် ခင်ဗျားတို့ကို ဒီနိုင်ငံမှာ နတ်ဟောတာ၊ နတ်ကတာ၊ နတ်ပွဲလုပ်တာတွေကို ခွင့်ပြုမယ်။ အမှန်အကန်မပြောနိုင်၊ မဟောနိုင်ရင် တို့ဒီနိုင်ငံမှာ နတ်နဲ့ပတ်သက်လို့ ဘာမှမလုပ်ရဘူး။ မလုပ်ရလို့ နိုင်ငံခြားကို ထွက်သွားမယ်ဆိုရင်လည်း ထွက်သွားခွင့်ဗီဇာထုတ်ပေးမယ်။ မှန်မှန်ကန်ကန်ပြောနိုင်၊ ဟောနိုင်ရင်တော့ နတ်နဲ့ပတ်သက်တဲ့လုပ်ပိုင်ခွင့်ကို ပေးမယ်။ ဘယ်နှယ့်လဲ၊ ဒီအထဲမှာ ဘာရှိတယ်ဆိုတာကို ပြောနိုင်ပါ့မလား"

ဟု မေး၏။

ထိုအခါ နတ်ဆရာတွေက -

"အမှန်အကန်ကို ပြောနိုင်၊ ဟောနိုင်ပါတယ်"

ဟု နတ်ဆရာတွေက အာမခံကြ၏။

"ဒါဆို ခုလူကြီးတွေစုံရာရှေ့မှာ ပြော၊ ဒီအထဲမှာဘာရှိလဲ"

"အဲဒီအထဲမှာ ညောင်ရွက်တွေ ထည့်ထားပါတယ်"

အမှန်လည်း ညောင်ရွက်တွေ ထည့်ပြီး ဖုံးပိတ်ထားသည်မှာ မှန်နေပြီ။ သို့သော် အမှန်တကယ် ညောင်ရွက်ပဲရှိလား။ နောက်ဘာရှိသေးလဲဟု သုံးကြိမ်သုံးခါမေးသည်။ နတ်ဆရာတွေကလည်း အမှန်တကယ် ညောင်ရွက်ပဲဟု တညီတညွတ်တည်း သုံးယောက်စလုံးက ပြောကြ၏။

"ဒါဆို ကောင်းပြီ။ ခင်ဗျားတို့က ဒီအထဲမှာ ညောင်ရွက်ပဲရှိတယ်ဆိုတာ သုံးယောက်စလုံး သဘောတူပြီနော်၊ ဒါဆို ခင်ဗျားတို့အခန်းထဲခဏကြွနေလိုက်ကြပါဦး"

ဟု ပြောပြီး သူတို့၏ပထမနေရာအခန်းထဲ ပြန်ပို့ထားသည်။

ထို့နောက် ရွှေရင်ကျော်ဆရာသုံးယောက်ကို ခေါ်ထုတ်ပြီး နတ်ဆရာတွေကို မေးသလိုမေးပြီး ပြောပြန်၏။ ရွှေရင်ကျော်ဆရာတွေကလည်း နတ်ဆရာတွေပြောသွားသလို သူတို့လို့ဝတ်



www.burmeseclassic.com

www.burmeseclassic.com

စွာထည့်ထားသောတွင်းထဲတွင် ညောင်ရွက်သာရှိသည်ဟု ဆိုပြန်၏။ အမှန်တကယ်လည်း သူတို့ညောင်ရွက်ထည့်ထားသည်မှာ မှန်နေပြန်၏။ သုံးယောက်စလုံးကို ထိုအထဲတွင် ညောင်ရွက်ရှိနေသည်ဆိုခြင်းကို သဘောတူ၊ မတူ တစ်ယောက်စီကို မေး၏။ သုံးယောက်စလုံး တညီတည်းပင် ညောင်ရွက်ဟု ပြောလိုက်ကြသောအခါ နတ်ဆရာတွေကို ပြန်ပို့ထားသလို ရွှေရင်ကျော်ဆရာတွေကိုလည်း အခန်းထဲပြန်ပို့ထားသည်။

နောက်ဆုံး ဘိုးတော်သုံးယောက်ကိုခေါ်၍ ပထမ၊ ဒုတိယ နတ်ဆရာ၊ ရွှေရင်ကျော်ဆရာတွေကို ပြောသလို ပြောပြီး သူတို့ပြုလုပ်ထားသော ထိုအထဲတွင် မည်သည့်အရာရှိနေသည်ကို မှန်မှန်ကန်ကန်ပြောခိုင်းပြန်၏။

ထိုအခါ ဘိုးတော်တွေက ထိုအထဲတွင် ကြောင်တစ်ကောင်ရှိသည်ဟု ပြောလိုက်၏။

ဦးနေဝင်း အပါအဝင် လူကြီးများအားလုံးကတော့ ဘိုးတော်တွေတော့ သွားပြီ။ နတ်ဆရာ၊ ရွှေရင်ကျော်ဆရာတွေကမှ မှန်မှန်ကန်ကန် ဟောနိုင်ပြောနိုင်သေး၏။ ဘိုးတော်ဆိုသူများကား အလကား၊ အာပလာ၊ လူလိမ်၊ လူညာတွေဟုထင်သွားကြစဉ် -

စီစဉ်ရသူ ထောက်လှမ်းရေးအကြီးအကဲက ဘိုးတော်တွေကို ပြန်ပြောသည်။

"ခင်ဗျားတို့ကို စောစောကပင် ပြောထားပြီနော်။ ဒီအထဲမှာ ရှိတာကို မှန်မှန်ကန်ကန်မပြောနိုင်ရင် ခင်ဗျားတို့ ဘိုးဋတော်ဆိုတာ လုံးဝမခံယူရဘူး။ ဘိုးတော်ဆိုပြီး ဟိုလုပ်ဒီလုပ်လည်းမလုပ်ရဘူး။ ထောင်ထဲပဲပြန်ဝင်ရမယ်။ တကယ်လို့ ထောင်ထဲပြန်မဝင်ချင်ဘူ၊ နိုင်ငံခြားကိုထွက်သွားမယ်ဆိုရင်လည်း ထွက်သွားခွင့်ဗီဇာပေးလိုက်မယ်။ ဒီနိုင်ငံမှာတော့ ဘိုးတော်ဆိုတာ ရှိကိုမရှိရဘူး။ ဘိုးတော်ဆိုပြီး လုပ်စားလို့လည်းမရဘူး။ အဲဒါကြောင့် ဒီအထဲမှာ ဘာရှိတယ်ဆိုတာ ခင်ဗျားတို့အမှန်အကန်ပြောနိုင်မှ ဖြစ်မယ်။ အဲဒီတော့ ခင်ဗျားတို့ဆိုင်ရာပိုင်ရာဘိုးတော်ကြီးတွေကို ဒီအထဲမှာ ဘာရှိလဲဆိုတာ မေးချင်ရင်မေးနိုင်သေးတယ်။ မေးမယ်ဆိုရင် မေးခွင့်ပြုပါဦးမယ်"

"ဒီလောက်ကိစ္စလေးနဲ့ အထက်ဘိုးတော်ကြီးတွေဆီ ဘာမှမေးစရာမလိုဘူး။ ဒီအထဲမှာ ကြောင်တစ်ကောင်ရှိကိုရှိတယ် ဒါပဲ"

ဘိုးတော် သုံးယောက်စလုံးကို ထိုအထဲတွင် ကြောင်တစ်ကောင်ရှိသည်ဆိုခြင်းကို သဘောတူ၊ မတူတစ်ယောက်စီကို မေးပြန်၏။ သုံးယောက်စလုံးက တစ်သံတည်းထွက်၏။ ထိုအထဲတွင် ကြောင်တစ်ကောင်ရှိသည်။

"ကောင်းပြီ၊ ခင်ဗျာတို့ပြောတာမှတ်ထား၊ ခဏနေကြဦး"

ဆိုပြီး စီစဉ်သူ ထောက်လှမ်းရေးအဖွဲ့သားများက နတ်ဆရာ၊ ရွှေရင်ကျော်ဆရာတွေကို ခေါ်ထုတ်လာကြသည်။ ပတ္တာအဖုံးနှင့်လုပ်ထားသော နေရာနားတွင် ဘိုးတော်၊ နတ်ဆရာ၊ ရွှေရင်ကျော်ဆရာတို့ကို သုံးပွင့်ဆိုင်ထိုင်ခိုင်းလိုက်၏။

ပြီးတော့မှ စီစဉ်သူက -

"ကဲ- ခု နတ်ဆရာနဲ့ ရွှေရင်ကျော်ဆရာတွေကတော့ ဒီအထဲမှာ ညောင်ရွက်ရှိတယ်ပြောတယ်။ ဘိုးတော်ကတော့ ဒီအထဲမှာ ကြောင်တစ်ကောင်ရှိတယ်ပြောတယ်။ အဲဒီတော့ ခုလူကြီးတွေရှေ့၊ ခင်ဗျားတို့အားလုံးစုံရာရှေ့မှာ ခုဖွင့်မယ်။ ဒီအထဲမှာ ဘာရှိလဲဆိုတာ ခင်ဗျားတို့ဘက်က ပြန်လည်ပြုပြင်ပြောစရာများရှိသေးလား"

"မရှိပါဘူး၊ အဲဒီထဲမှာ ညောင်ရွက်ပဲရှိတယ်"

"ဟုတ်ပါတယ်၊ နတ်ဆရာတွေပြောသလို အဲဒီထဲမှာ ညောင်ရွက်ပဲရှိပါတယ်"

"ကျုပ်တို့ ဘိုးတော်တွေကတော့ အဲဒီထဲ ကြောင်တစ်ကောင်ရှိတယ် ဒါပဲ"

"ကဲ-ကောင်းပြီ၊ ဒါဆိုရင် ဘယ်လူမှားတယ်၊ ဘယ်လူမှန်တယ်ဆိုတာ သိရအောင် ခုကျုပ်တို့ဖွင့်မယ်"

"ဖွင့်"

စီစဉ်သူအကြီးအကဲက ပတ္တာပိတ်အဖုံးကိုလည်း ဖွင့်လိုက်ရော ထိုအထဲက ကြောင်တစ်ကောင်ခုန်ထွက်လာပြီး ပြေးပျောက်သွားသည်။

ဦးနေဝင်း အပါအဝင် လူကြီးတွေအားလုံးနှင့် ထောက်လှမ်းရေးတွေပါ ဟင်၊ ဟာ ဖြစ်ကုန်ကြသည် ဆို၏။

နတ်ဆရာတွေနှင့် ရွှေရင်ကျော်ဆရာတွေက အမှန်အကန်လောက်သာ ဟောနိုင်၊ ပြောနိုင်ကြသည်။ ဘိုးတော်များကမူ . . . ။ အကယ်၍ ကြောင်ဟု မပြောဘဲ ကျားဟုပြောလျှင် ထိုပြဿနာကို မည်သူလာဖြေရှင်းမည်နည်း။

ထိုအခါမှာ နတ်ဆရာတွေကိုရော၊ ရွှေရင်ကျော်ဆရာတွေကိုရော၊ ဘိုးတော်တွေကိုပါ အံ့ဩလောက်စရာ မျက်မြင်ကိုယ်တွေ့ဖြစ်သဖြင့် ဘိုးတော်စစ်ဆင်ရေးမှ ဖမ်းထားသော ဘိုးတော်များ ချက်ချင်းထောင်ကလွှတ်စေ။နတ်ဆရာ၊ ရွှေရင်ကျော်ဆရာများလည်း သူ့ပညာနှင့်သူ လုပ်စားကြစေဟု အမိန့်ထုတ်လိုက်သည် ဆို၏။

ကျွန်ုပ်ကလည်း ဂမ္ဘီရ စသည်တို့ဝါသနာပါရာ ဤကိစ္စ လူကြီးတစ်ယောက်ကို မိမိကြားခဲ့သမျှ ပြန်ပြောပြ၍ မေးမိ၏။

ထိုပုဂ္ဂိုလ်ကြီးက -

"မင်းကလည်း၊ ထောင်ထဲရောက်နေတာ ဘယ်သိမလဲ။ မဆလခေတ်မှာ အဲသလို မဆလပုံပြင်တွေကအများကြီး။ မင်းကြားသလို အမှန်ဟုတ်တယ်ဆိုရင်လည်း နတ်ကတော်တွေ၊ ဘိုးတော်တွေက ထောက်လှမ်းရေးကို ပိုက်ဆံပုံပေးပြီး လိမ်ခိုင်းတာနေမှာပေါ့။ နတ်ကတော်တွေ၊ ဘိုးစော်တွေလောက်ချမ်းသာတာ ဘယ်သူရှိလဲ"

ဟု ဆိုပြန်သည်။

ကျွန်ုပ်မှာ ယုံရအခက်၊ မယုံရအခက်၊ ပြောသည့်ပုဂ္ဂိုလ်ကလည်း ငယ်စဉ်က လက်ဝဲသမား။ ထို့နောက် ဦးနေဝင်း လွှတ်တော်ကြီးဆောက်ရာတွင် မြန်မာ့ဟန် အချွန်အတက်မပါသောကြောင့် မဆလပါတီကြီး ၈၈ မှာသုဉ်းသွားသည်။ပျက်သွားသည်။ကျဆုံးသွားသည်ဟု ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင် နာမည်ကြီးတစ်ယောက်က ပြောပြန်သည်။ ယခုဆိုလျှင် သူပိုပြောမည်ထင်၏။

အဘယ်ကြောင့်ဆိုသော် ယခုနိုင်ငံတော်က နေပြည်တော်တွင် ဆောက်သော အဆောက်အအုံအားလုံးသည် မြန်မာ့ဟန်၊ မြန်မာမှုနှင့် အချွန်အတက် ဘုံဆင့်တွေနှင့်ချည်းဖြစ်သည် မဟုတ်ပါလား။ မည်သူမည်သို့ပြောပြန်ဦးမည်နည်း။


ဘိုးတော်တင်ဦး၏အကြောင်းကို ကျွန်ုပ်နားစွင့်ထားရာ ထိုင်းဘက်ကမှပြန်လာသော ပီတီပီတစ်ယောက်က ဘိုးတော်တင်ဦးသည် ထိုင်းဘက်ကမ်းတွင် ကားမှောက်၍ ဆုံးသွားကြောင်းကို အခိုင်အမာပြောဆိုပြန်သည်။ ယုံကြည်ရင်းစွဲရှိသူများကမူ ဘိုးတော်တင်ဦး ဤသို့သေသည်ကို အသေထွက်ထွက်သွားသည်ကို ပြောကြလိမ့်မည်ထင်ပါသည်။ ဘိုးတော်တင်ဦးတစ်ဖြစ်လဲပြီး ပြည်တော်ပြန်ဝင်လာသည်ကိုတော့ ယနေ့အထိ တစ်စွန်းတစ်စကျွန်ုပ်မကြားရသေးပေ။ ပေ ယံလင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ကွမ်းရွက်အစွမ်းဖြင့် မျက်မှန်လွတ်ခဲ့ရခြင်း

ထက်ကောင်းလတ်(မင်းဘူး)



အသက်အရွယ်ငယ်ငယ်လေးနှင့် မျက်စိမှုန်၊ မျက်မှန်ဒီဂရီအား အကြီး- အသေးနှင့် တပ်ဆင်ကြည့်ကြရသူများ အသက်လတ်၊ အသက်ကြီးပိုင်း နီး၊ ဝေး မျက်စိမှုန် မျက်မှန်တပ်ဆင်ကြည့်ကြရသော မျက်မှန်သမားများ အများအပြား ရှိကြပါသည်။ မျက်မှန်တပ်ဆင်ကြရသောသူများတွင် အချို့မှာ ကြုံရာ မျက်မှန်ဆိုင်မှ နီး၊ဝေးကြည့်မျက်မှန်များကို ဝယ်ယူတပ်ဆင်ကြည့်ကြသည်။ အချို့က ဈေးဆိုင်မျက်မှန်ရောင်းဆိုင်များမှ နီး၊ ဝေးကြည့် ချိန်တိုင်းစစ်ပြီး ပါဝါအားအလိုက် ၎င်းဆိုင်များမှဝယ်ယူ တပ်ဆင်ကြည့်ကြသည်။ အချို့က ကျွမ်းကျင် မျက်စိဆရာဝန် အထူးမျက်စိကုဆရာဝန်ကြီးများနှင့် စမ်းသပ်စစ်ဆေးကြပါသည်။ ဤတွင် သာမန်နီးဝေး၊ မျက်စိအားနည်းမှုန်ခြင်း၊ ရေတိမ်၊ အတွင်းတိမ်ဖြစ်ခြင်း၊ မျက်သားတက်ခြင်း၊ ဒဏ်တိမ်ဖြစ်ခြင်း၊ မျက်စိရေယုန်ဖြစ်ခြင်း၊ မျက်စိစွေခြင်း၊ စောင်းခြင်း စသော ရောဂါများ တွေ့ရှိကြသည်။ ဤသို့တွေ့ရှိသောရောဂါအလိုက် ကျွမ်းကျင်ဆရာဝန်ကြီးများက ခွဲစိတ်ကုသခြင်း၊ မျက်ကြည်ကပ်ထည့်ပေးခြင်း၊ မျက်စဉ်းအားဆေး၊ အာရုံကြောဆေးပေးခြင်း၊ ပါဝါအားအလိုက်မျက်မှန်ပေးခြင်း၊ မျက်သားခြစ်ခြင်း စသည်ဖြင့် ကုသကြပါသည်။ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် မျက်စိနှင့်ပတ်သက်၍ ခွဲစိတ်ကုသကြရသူများ၊ မျက်မှန်တပ်ဆင်ကြရသူများ များပြားလာကြပါသည်။

ထိုအထဲမှ သက်လတ်ပိုင်းအရွယ်တစ၌ ကျွန်တော်သည် အနီးမှုန် (၁၀၀) ဒီဂရီမှစ၍ မျက်စိဆရာဝန်နှင့် စမ်းသပ်တပ်ဆင်ကြည့်ခဲ့ရသည်။ မျက်မှန်တပ်ရပြီဆိုသည့်နောက်ပိုင်း မျက်မှန်လွတ်ဖို့ ဝေးရတော့သည်။ မျက်မှန်မလွတ်ရသည့်အပြင် တစ်နှစ်ထက်တစ်နှစ် ပါဝါဒီဂရီတိုးလာသည့်ပြင် အနီးမှုန်မှ အဝေးမှုန်ပါဖြစ်ခဲ့ရလေသည်။ ဆယ်နှစ်တာအတွင်း မျက်စိပါဝါအားကျဆင်းမှုတစ်စတစ်စများလာခဲ့ရာ ကျွန်တော့်မျက်စိ အနီးကြည့် လက်ဝဲဘက် ပါဝါဒီဂရီလေးရာ၊ လက်ယာဘက် ပါဝါဒီဂရီလေးရာ့ငါးဆယ်နှင့်အဝေးကြည့်အပေါ် လက်ဝဲဘက် နှစ်ရာဒီဂရီနှင့် လက်ယာဘက်သည် နှစ်ရာ့ငါးဆယ်ဒီဂရီ ဘက်မညီဒီဂရီများနှင့် မျက်မှန်ကို တပ်ဆင်အသုံးပြု (စာဖတ်၊ စာရေးအဓိက) ရပါသည်။

မျက်စိဆရာဝန်က မျက်မှန်ကို အမြဲတပ်ဆင်ကြည့်ဖို့ ညွှန်ကြားပါသည်။ ကျွန်တော်သည် မျက်မှန်သမားစစ်စစ်ဖြစ်ခဲ့ရပါသည်။ မျက်မှန်သမားဖြစ်ခဲ့၍ ဘာလုပ်လုပ်၊ဘယ်သွားသွား မျက်မှန်ကို အိတ်ထဲထည့်ဆောင်ယူသွားရပါသည်။ (လမ်းသွားလာရင်းတော့ ကျွန်တော် မျက်မှန်တပ်သွားလာခြင်းမပြုပါ။ ကြည့်ရသည်မှာ အားမရ၍ဖြစ်သည်။) ပထမပိုင်းက ကျွန်တော် မျက်စိဆရာဝန်နှင့် တစ်နှစ်တစ်ကြိမ် မျက်စိစစ်ဆေးစမ်းသပ်ပါသည်။ ထိုသို့ စမ်းသပ်သည့်အခါတိုင်း ဆရာဝန်က -

"ခင်ဗျားမျက်စိရောဂါမရှိဘူး"

ဟု ပြောပါသည်။

ကျွန်တော် အလွန်ဝမ်းသာအားရဖြစ်ရပါသည်။ မျက်စိရောဂါရှိလျှင် မည်သို့ဖြစ်စေ ခွဲစိတ်ကုသမှု၊ မျက်သားခြစ်မှုတစ်ခုခုတော့ပြုရတော့မည် ဖြစ်ပါသည်။

ကျွန်တော်နှင့် သက်တူရွယ်တူများ မိတ်ဆွေအပေါင်းအသင်း အတော်များများသည် မျက်စိရောဂါဖြင့် ခွဲစိတ်ကုသကြရသူများလှပါသည်။ ဤသည်က ကျွန်တော် မျက်မှန်သမား မျက်မှန်တပ်ဆင်ခဲ့ရခြင်းအကြောင်းအစ ဖြစ်ပါသည်။ မျက်မှန်မပါ စာဖတ်၊ စာရေးမရ၊ အလုပ်လုပ်မရသော အခြေအနေမှ ကျွန်တော် မျက်မှန်လွတ်စာရေး၊စာဖတ် အလုပ်လုပ်နိုင်ခဲ့သော (မျက်မှန်လွတ်ခဲ့ရခြင်း) အကြောင်း ပြောပြပါမည်။

နှစ်ပေါင်း (၅၀) ကြာမျှ တစ်နှစ်ဒီဂရီအတက်အကျတစ်မျိုးဖြင့် မျက်မှန်တပ်ခဲ့ရသော ကျွန်တော်သည် ကွယ်လွန်ခဲ့ပြီးဖြစ်သည့် သတင်းစာ စာရေးဆရာကြီး သာဂဒိုး၏ ပထမဆုံးသော 'ကွမ်းရွက်ဆေးစွမ်း' ဆောင်းပါးကို ဖတ်မှတ်ခဲ့ရပါသည်။ ဆရာကြီးက ကွမ်းရွက်အာနိသင်အစွမ်းဖြင့် ရောဂါဝေဒနာများကုသပျောက်ကင်းပုံ၊ မျက်စိဝေဒနာရောဂါများ၊ နားရောဂါ၊ အဖုအကျိတ်ရောင်ဒဏ်ရာတို့ကို ကွမ်းရွက်စိမ်းကြမ်းကြမ်းကပ်၊ အုံခြင်းဖြင့် သက်သာပျောက်ကင်းကြောင်း အကိုးအကားအထောက်အထားများပြု၍ ဆေးဓမ္မဒါနပြု ရေးသား တင်ပြထားခြင်း ဖြစ်ပါသည်။

ထိုစဉ်က ဆရာကြီး၏ ကွမ်းရွက်အစွမ်းကို အထင်မကြီး အသုံးမပြုခဲ့ပါ။ အမှန်ဝန်ခံရလျှင် အသေးအမွှားရောဂါဝေဒနာ၊ ဒဏ်ရာ၊ အမူးအမော်နှင့် ကလေးငယ်များအတွက် ဆေးဖက်အသုံးပြုခြင်းသာ ဖြစ်သည်။ ကြီးမားသော မျက်စိရောဂါအတွက် ထူးခြားနိုင်မည်မထင်၍ ဖြစ်ပါသည်။ (ကွမ်းရွက်အာနိသင်ဆေးစွမ်းကို ရှေးယခင်က တိုင်းရင်းဆေး ပညာရှင်ကြီးများက တိုင်းရင်းဆေးများတွင် နည်းမျိုးစုံဖြင့် ဖော်စပ် ရောစပ် အသုံးပြုခဲ့ပါ၏။) ကျွန်တော် အထင်အမြင်သေးခဲ့သော ထိုကွမ်းရွက်သည် တစ်နေ့သောအခါ ကျွန်တော့်အတွက် (ကျွန်တော့်မျက်စိအတွက်) နောက်ဆုံးသော ကောက်ရိုးတစ်မျှင်အဖြစ်နှင့် အားဖြစ်အကျိုးရလာဘ်အကြီးအမားရရှိခဲ့လေသည်။

ဤနေရာမှာ နောက်ဆုံး ကောက်ရိုးတစ်မျှင်အကြောင်း ကျွန်တော့်အယူအဆလေးကို ရှင်းပြပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

ရေနစ်သူ ကောက်ရိုးတစ်မျှင်ကို ရုတ်တရက် မြင်တွေ့လိုက်သည့်အခါ ကယ်သူဝေး သေဘေးအနီးကပ်ရောက်နေသည့်အချိန်အခိုက်ကလေးမှာ ထိုကောက်ရိုးမျှင်လေး မြင်တွေ့လိုက်ရပြီး အသက်ဘေးက လွတ်မြောက်တော့မည့်အားကိုးဖြင့် လွတ်လမ်းအတွက် အတင်းရုန်းကန် လှုပ်ခပ်လှုပ်ရှားခြင်းကို ဆိုလိုပါသည်။ ဤသည်က နောက်ဆုံးလွတ်မြောက်ရန် ရုန်းကန်လှုပ်ရှားခြင်းအသိဖြစ်ပါသည်။ တတ်စွမ်းသမျှ မကြိုးစားယုံကြည်မှုအားမပြု စိတ်အားလျှော့လည်စင်း အလျှော့ပေး အရှုံးပေးခြင်းမပြုရန် ဤ ကောက်ရိုးမျှင်လေးတစ်မျှင်ကို ပုံပြု လှုပ်နှိုးအားပြုပေးခြင်းဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဤနောက်ဆုံးချိန်လေး ကောက်ရိုးတစ်မျှင်ကို မြင်တွေ့လှုပ်ရှားရုန်းကန်ရင်း ကံကောင်းထောက်မစွာ သစ်တုံးနှင့်တွေ့နိုင်ခြင်း၊ တခြားရေပေါ်ပေါ်အရာဝတ္ထုများနှင့် တွေ့ကြုံနိုင်ခြင်း၊ ရေအောက်အမြင့် ကျောက်တုံး သို့မဟုတ် သဲသောင်ရေတိမ်နှင့် နင်းမိဖက်မိလျက်အသက်ဘေးမှ လွတ်မြောက်နိုင်ခြင်းအားပြုသဘောမျိုးဟု ဆိုခြင်းဖြစ်ပါသည်။

ကျွန်တော်သည် သေလုမြောပါး ရုန်းကန်လှုပ်ရှားရသော အခြေအနေမျိုးတော့ မဟုတ်သော်လည်း ကျွန်တော်မျက်စိအတွက် ထူးခြားအံ့သြဖွယ်ဖြစ်ရသည့် နေ့တစ်နေ့အဖြစ် ကြုံတွေ့ခဲ့ရသည်ကို ပြောပြပါမည်။ ကျွန်တော်သည် မျက်စိနီး၊ ဝေးမှုန်ပါဝါကြီးကြီးဖြင့် မျက်မှန်တပ်ခဲ့ရင်းကျွန်တော်သည် စစ်ကိုင်း ရွာထောင်သင်တန်းသို့ လုပ်ငန်းဖြင့်သွားရပါမည်။ (၁၅) ရက်ခန့် ကြာမည်။ သွားရန် (၅)ရက်ခန့်အလို မမျှော်လင့်ဘဲ ကျွန်တော့်မျက်စိနှစ်ဖက်လုံးမှ မျက်ရည်ပူများ ရုတ်တရက်ကျလာနေသည်။ ပထမတော့ ပျောက်နိုးနိုး ပေကပ်နေပါသည်။ မပျောက်။ မျက်ရည်ပူကျခြင်းလည်းမရပ်။ ရေအေးအေးနှင့် မျက်နှာသစ်ခြင်းမှလွဲ၍ မည်သည့်မျက်စဉ်းဆေးမှုလည်းမခတ်။ ခရီးသွားရမည်ကလည်း သုံးရက်ပဲလိုတော့သည်။ နောက်ဆုံးမရတော့၍ မျက်စိအထူးကုဆရာဝန်ကြီးထံ သွားရောက် ပြသရတော့သည်။ မျက်စိဆရာဝန်ကြီးမှာ ကျွန်တော့်မျက်စိကို နှစ်စဉ် စမ်းသပ်စစ်ဆေးပေးသောမျက်စိဆရာဝန်ကြီးဖြစ်ပြီး ထိုသို့စစ်ဆေးသည့်အခါတိုင်း ဆရာဝန်ကြီးက စမ်းသပ်အပြီးတိုင်း -

"ခင်ဗျားမှာ မျက်စိရောဂါမရှိဘူး"

ဟု ပြောပါသည်။

ကျွန်တော် လွန်စွာဝမ်းသာအားရ ကြည်နူးခဲ့ရပါသည်။ ယခုမျက်ရည်ပူကျ၍ မျက်စိကို ပြသစစ်ဆေးသည့်အခါ ဆရာဝန်ကြီးက -

"ခင်ဗျားမျက်စိကြည့်လို့ကောင်းရဲ့လား၊ ဘယ်လိုနေလဲ"

မေးပါသည်။

"ဆရာကြီး စမ်းသပ်ပေးတဲ့ မျက်မှန်ပါဝါနဲ့ ကြည့်ကောင်းပါတယ်။ အခု မျက်ရည်ပူ ရုတ်တရက်ကျလာတာပဲရှိပါတယ် ဆရာကြီး"

ဟု ပြန်ဖြေလိုက်ပါသည်။

ဆရာဝန်ကြီးက ကျွန်တော့်ကို သေချာစူးစိုက်ကြည့်ပြီး-

"အင်း - ခင်ဗျားကကြည့်ကောင်းတယ်လို့ ပြောတယ်။ အခုစမ်းသပ်ကြည့်တော့ ကျွန်တော်တစ်ခုတွေ့နေတယ်"

ပြောလိုက်ရာ ဆရာဝန်ကြီးစကားကြားလိုက်ရသော ကျွန်တော် ဆတ်ခနဲ တုန်လှုပ်ချောက်ချားလန့်ထိတ်သွားခဲ့ရသည်။ စိုးရိမ်ကြောက်လန့်မှုဖြင့် ဘာစကားမှပြောမထွက်။ မျက်စိမျက်နှာပျက်နေသော ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ဆရာဝန်ကြီးက -

"ကဲပါ၊ ခင်ဗျားမျက်စိ ကြည့်လို့လည်း ကောင်းတယ်၊ လောလောဆယ် ခရီးသွားဖို့လည်းရှိတယ်ဆိုတော့ မျက်ရည်ပူကျနေတာအတွက် ဒီမျက်စဉ်းကို တစ်နေ့ (၂) ကြိမ်ခတ်။ မျက်ရည်ပူကျတာ ပျောက်သွားပါလိမ့်မယ်"

ပြောပြီး မျက်စဉ်းဘူးပေးပါသည်။

ကျွန်တော်ဘာမှဆက်မပြောတော့ဘဲ စိတ်မငြိမ်မသက်နှင့် မျက်စဉ်းဘူးလေးယူပြီးပြန်ခဲ့ပါသည်။ အိမ်ပြန်ရောက်မှ -

"အင်း- ဆရာဝန်ကြီးက ငါ့မျက်စိအခုစမ်းသပ်ကြည့်တော့ တစ်ခုတွေ့တယ်လို့ပြောတယ်။ ဒီလိုတွေ့ရင် ခွဲစိတ်ကုသရတော့မှာပဲ။ ငါခရီးသွားဖို့ လောလောဆယ်ရှိနေသေးတော့ အတိအကျထပ်မပြောတာဖြစ်မှာ"

စိုးရိမ်မှုနှင့် ကျွန်တော် စိတ်လှုပ်ရှားစွာ တွေးမိသည်။ ယခုလောလောဆယ် မျက်ရည်ပူကျနေသော မျက်စိအား မျက်စဉ်းခတ်ပြီး စိတ်ငြိမ်အောင် အနားယူအိပ်လိုက်သည်။ မျက်စိမှာတစ်ခုတွေ့လိုက်သည်ကို မတွေးတော့ဘဲ မျက်ရည်ပူကျမျက်စိအား ဂရုတစိုက်မျက်စဉ်းမှန်မှန်ခတ်ခဲ့ရာ နှစ်ရက်နှင့်လုံးဝ ပျောက်ကင်းသွားခဲ့လေသည်။ ကျွန်တော်ဝမ်းသာရပြီး မနက်ဖြန် ခရီးစဉ်အတွက် စီစဉ်ပြင်ဆင်လိုက်ရသည်။

နောက်တစ်နေ့ ကျွန်တော် ခရီးထွက်ခဲ့လေသည်။ ကျွန်တော်အလုပ်လုပ်စဉ် တပ်ဆင်ကြည့်သော မူလမျက်မှန်ပါ တစ်ပါတည်းပါလာခဲ့ပါသည်။ ဤသို့ဖြင့် (၁၅) ရက်အကြာ ကျွန်တော်နေအိမ်ပြန်ရောက်ခဲ့သည်။ အိမ်ပြန်ရောက်မှ မျက်စိအကြောင်း စဉ်းစားမိပြီး မျက်စိဆရာဝန်ကြီးပြောခဲ့သည့် စကားတို့ကိုပါ ပြန်ကြားမိပါသည်။ ထိုသည်နှင့်တစ်ပြိုင်တည်း စိုးရိမ်ပူပန်မှုများလည်း ထပ်ဆင့်လိုက်ပါလာသည်။ ထိုသည်နှင့်အတူ ထိတ်လန့်ကြောက်ရွံ့မှုအတွက် အားကိုးရာ ကောက်ရိုးတစ်မျှင်ကို ဖျတ်ခနဲ သတိရလိုက်မိပါသည်။

ဤသည်ကား ဆရာကြီးသာဂ[illegible]၏ ဆောင်းပါးပါ ကွမ်းရွက်အာနိသင်အစွမ်းပင် ဖြစ်ပါသည်။ ဆရာကြီး[illegible] အဖုအကျိတ်၊ ဒဏ်ရောင်နာ၊ လက်[illegible] ရောင်ကိုက်၊ နားရောဂါ၊ မျက်စိကျိန်း[illegible] နာ၊ မှုန်၊ အောင့်စသည်တို့အတွက် ကွမ်း[illegible] ရွက်ကြမ်း အုပ်၊ ကပ်၊ အုံ၊ လိမ်းထား[illegible] ခြင်းဖြင့် သက်သာပျောက်ကင်းကြောင်း ဆောင်းပါးဖြင့် ဖော်ညွှန်းရေးသားထား ပါသည်။

ကွမ်းပင်၊ ကွမ်းရွက်သည် မြန်မာ[illegible] တို့၏ အဓိက ဆေးဖက်ဝင် ဖြစ်ပါသည်။ ရှေးမြန်မာသမားတော်ကြီးများ၊ တိုင်းရင်း[illegible] ဆေးနည်းများတွင် ထည့်သွင်းဖော်[illegible] အသုံးပြုခဲ့ကြပါသည်။ မြန်မာ[illegible] ကွမ်းယာများ စားသုံးကြရာတွင် ကွမ်း[illegible] သီး၊ ထုံး၊ ရှားစေး၊ ဆေးရွက်ကြီး (မျိုး[illegible]) ဖြင့် တွဲစပ်စားသုံးကြပါသည်။ ထိုကွမ်း[illegible] ယာတွင် အကျိုးပြုအာနိသင်နှင့် အန္တ[illegible] ရာယ်အာနိသင်တို့ကို တွေ့ရပါသည်။ ကွမ်းရွက်သည် ဆေးဖက်ဝင်အာနိသင် ရှိသော်လည်း ထုံး၊ ကွမ်းသီး၊ ရှားစေး ဆေးရွက်ကြီးမျိုးစုံတို့မှာ စားသုံး[illegible] အတွက် ကြီးစွာသောအန္တရာယ် ဖြစ်[illegible] သည်။ ပထမပိုင်း ကွမ်းရွက်အာနိသင် ကြောင့်သာ အန္တရာယ်ကို ထိန်းထား[illegible] သော်လည်း ကြာလာသောအခါ ကွမ်း[illegible] ရွက်အာနိသင်ကို ကျန်အန္တရာယ်အာ[illegible] သင်များက လွှမ်းမိုးအနိုင်ယူပါ[illegible] သည်။ ထိုအန္တရာယ်အာနိသင်[illegible] ဆိုးကျိုးကား လျှာ၊ ပါးစောင်၊ ပါး[illegible] သွားဖုံး၊လည်ချောင်း၊အစာ[illegible]၊ကျော[illegible]

www.burmeseclassic.com

တပ်၊ ဆီးတို့တွင် လွန်စွာ ကြောက်မက်ဖွယ်ကောင်းလှသည့် သေမင်းတမန်တင်ဆာရောဂါဆိုးကြီး ဖြစ်ပေါ်အသက်ဆုံးရှုံးကြရလေသည်။ ဆရာကြီးသာဂဒိုးသည် ကွမ်းရွက်တစ်မယ်ဖြင့် အာနိသင်အစွမ်းကို ဖော်ညွှန်းခဲ့၏။ ထိုအကြောင်းကို တွေးမိလိုက်သောကျွန်တော် လွန်စွာအားတက်လျက် ထိုနေ့ည (၁-၁-၂၀၀၇) မှစတင်၍ ဆရာကြီး၏ ကွမ်းရွက်အာနိသင်အစွမ်းကို စတင်လိုက်ပါတော့သည်။

အသုံးပြုနည်းမှာ ကွမ်းရွက်ကြမ်း (နုလျှင်လည်းရ) တစ်ဆယ်သား (သို့မဟုတ် မိမိလိုသလောက်) ဝယ်၊ ရေဆေးပြီး အေးသောအရိပ် ရေအိုးစင်အောက်ထား၊ ၎င်းကွမ်းရွက်များမှ ကွမ်းရွက် သုံး၊ လေး ရွက်ကို သီးခြားယူ၊ ရေသန့်သန့်ဖြင့် သုံး၊ လေးကြိမ်ဆေးပါ။ ၎င်းကွမ်းရွက်များကို သေချာရေဆေးစေခြင်းမှာ (ယခုအခါ အပင်၊ အရွက်၊ အသီး၊ အပွင့်များ ကြီးထွားရှင်သန်စေရန် ခေတ်မီစိုက်ပျိုးရေးဆေးများ၊ ဩဇာဓာတ်များ၊ ရွက်ဖျန်းဆေးများကို အသုံးပြုကြ၍ ပိုးသတ်ဆေးများ မကျန်မရှိစေရန်အတွက် ဖြစ်သည်။)

ဆေးပြီးသား ကွမ်းရွက်များကို စတီးဇလုံ၊ ရေခွက် (သို့) ဖန်ခွက်သန့်သန့်တွင်ထည့်၍ ရေစိမ်ထားပါ။ (ကွမ်းရွက်ရေပူမညှိုးစေရန် ရေအေးဖြင့်လဲလဲပေးပါ) ညနေပိုင်းရောက်လျှင် ၎င်းကွမ်းရွက်တစ်ရွက်ကို မျက်စိနှင့်အုပ်ကာသလောက်ဖဲ့ပါ။ (ကွမ်းတစ်ရွက် သုံးဖဲ့၊ လေးဖဲ့ရပါသည်) ကွမ်းရွက်သုံး၊ လေးရွက်ဖဲ့ပြီး အပိုင်းများကို ဖန်ခွက်(သို့)စတီးဇလုံတွင်ထည့်၊ ရေသန့်သန့် အေးအေးနှင့် စိမ်ထား။ ညပိုင်း ပြုဖွယ်ကိစ္စများပြီးလျှင် အိပ်ရာဝင်လျှင် ကွမ်းရွက်ခြမ်းများထည့်ထားသည့်ခွက်ကို အိပ်ရာဘေးချထားပါ။ ခေါင်းအုံးပေါ် ခေါင်းချပြီး ကွမ်းရွက်ထည့်ခွက်ထဲမှ ကွမ်းရွက်ခြမ်းတစ်ခြမ်းစီယူ ရေခါလျက် မျက်စိတစ်ဖက်ချင်းအပေါ်မှ အုပ်ကပ်ထားရသည်။ကွမ်းရွက်ခြမ်းကို မျက်စိနှစ်ဖက်ပေါ် ကပ်ပြီးပါက မျက်စိကို မှိတ်မထားဘဲ ခပ်ကျယ်ကျယ်ပြူးဖွင့်ထားပါ။ (အိပ်ပျော်သွားမှ မျက်စိမှိတ်သွားပါမည်။) ကွမ်းရွက်ခြမ်းများကို အလယ်မှ အပေါက်ဖောက်ခြင်းမလုပ်ရ)။ ကွမ်းရွက်ပေါလျှင် ကွမ်းတစ်ရွက်နှစ်ခြမ်းဖဲ့ပါ။ အိပ်ပျော်ရာမှနိုးလျှင် အုပ်ထားသောကွမ်းရွက်များနွမ်းခြင်း၊ ခြောက်သွားခြင်း ဖြစ်ပါမည်။ ၎င်းကွမ်းရွက်ခြမ်းများဖယ်၍ ပြန်အိပ်လျှင် နောက်ထပ်အသစ်ပထမကအတိုင်းပြန်အုံကပ်ပါ။ ဤနည်းအတိုင်း တစ်ညလုံးအိပ်ရာမှ နိုးသည့်အခါတိုင်း ပြုလုပ်ပါ။ ၎င်းနည်းအတိုင်း မပျက်မကွက် ညစဉ်လုပ်ပါ။ (နေ့ပိုင်းအားလျှင်လည်း လုပ်ရပါသည်။) ထိုသို့ကွမ်းရွက်အုံကပ်လုပ်နေစဉ် နေ့၊ နံနက်အချိန်အားပေါ်ကြည့်၍ သစ်ပင်၊ သစ်ရွက်စိမ်းစိမ်း မြက်ခင်းစိမ်းစိမ်းများကို စူးစိုက်ကြည့်ပေးပါ။ ကျွန်တော် ဤနည်းအတိုင်း လေးလေးနက်နက် မပျက်မကွက်လုပ်ခဲ့ပါသည်။ လေးနက်မှု၊ ယုံကြည်စိတ်အားထက်သန်မှု၊ ဇွဲလုံ့လ မပျက်မကွက်ဖြင့် ဂရုစိုက်လုပ်ခဲ့ရာ (၆) လခန့်အကြာ ထူးခြားသောအကျိုးရလဒ်ကောင်းကြီးကို ကျွန်တော် အံ့သြဖွယ်ရရှိခံစားလိုက်ရပါတော့သည်။ ပထမတော့မသိ။ အမှုမဲ့အမှတ်မဲ့နေကာ စာရေး၊ စာဖတ်အလုပ်လုပ်သည့်အခါ မျက်မှန်တပ်ဆင်ကြည့်လုပ်ပါသည်။

တစ်နေ့ ကျွန်တော့်မိတ်ဆွေ(၃)ဦး အိမ်ရောက်လာ၍ စားပွဲတွင်ဝိုင်းထိုင်ကာ စကားစမြည်ပြောကြပါသည်။သူတို့ပြောသောစကားများကို အတန်ကြာ နားထောင်ရင်း စားပွဲပေါ်မှ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို အမှုမဲ့အမှတ်မဲ့ ဆွဲယူဖွင့်ကာ အတွင်းဘက်စာများကို ဖတ်နေခဲ့သည်။ ကျွန်တော်မှာ မဂ္ဂဇင်းအတွင်းမှ ဆောင်းပါးများ၊ ဝတ္ထုတိုများကို စိတ်ဝင်တစားဖတ်နေသည်မှာ မည်မျှအချိန်ကြာသွားသည်မသိ။ အတူထိုင်စကားပြောနေကြသော မိတ်ဆွေ (၃) ဦးလည်း မရှိတော့။ ဘယ်အချိန် ပြန်သွားသည်ကိုလည်း သတိမထားမိ။ အတော်လေးကြာမှ ဖျတ်ခနဲ သတိဝင်လာ၍ မဂ္ဂဇင်းစာအုပ်အား စားပွဲပေါ်ပြန်အချ မလှမ်းမကမ်းမှ ကျွန်တော့်မျက်မှန်ကို မြင်လိုက်ရသည်။ ကျွန်တော် အံ့သြလွန်းစွာဖြင့် ကျွန်တော့်မျက်နှာပေါ် ယောင်ယမ်းစမ်းကြည့်လိုက်မိသည်။

“ဘုရား ဘုရား၊ ငါမျက်မှန်မပါဘဲ စာတွေဖတ်နိုင်ပါရောလား”

အာမေဋိတ်ဖြင့် လွန်စွာဝမ်းသာဖြစ်မိပါသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ထိုနေ့မှစ၍ ယနေ့ထိ ကျွန်တော် မျက်မှန်သမား မျက်မှန်လွတ်ခဲ့ရလေ၏။ ထိုသို့ မျက်မှန်လွတ်ခဲ့သော်လည်း ကွမ်းရွက်အုပ်၊ ကပ်ခြင်းကိုမူ ညစဉ်မပြတ် (ခရီးသွားသည့်အခါမှလွဲ၍) ဆက်လက်ပြုမြဲ ဖြစ်ပါသည်။ ကျွန်တော် မျက်မှန်လွတ်ခဲ့ရသည်မှာ (၈) နှစ်ကျော်ခဲ့လေပြီ။ နေ့၊ ည စာရေးစာဖတ်နိုင်ရုံမက ညအချိန်၊ မီးရောင်ဖြင့် အပ်ပေါက်အပ်ချည်ထိုးနိုင်ပါသည်။

ဤဖြစ်စဉ်ဆောင်ရွက်မှုအကြောင်းအရာများသည် ကျွန်တော်ကိုယ်တိုင်ဆောင်ရွက်တွေ့ကြုံခဲ့ရသော အခြေအနေမှန်များ ဖြစ်ပါသည်။ ကျွန်တော်ကဲ့သို့ မျက်မှန်သမားဖြစ်ခဲ့ရသောသူများ ယုံကြည်စွာ လေးစားစွာ ဇွဲရှိရှိ ဆောင်ရွက်လိုက ဆောင်ရွက် အကျိုးခံစားရရှိစေရန် ရည်ရွယ်၍ တင်ပြရခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် (၆) လမျှဖြင့် မျက်မှန်လွတ် အကျိုးရရှိခဲ့သော်လည်း တခြားဆောင်ရွက်လုပ်ကြသောသူများ အနေနှင့် ကျွန်တော့်ထက် လနည်း၍သော်လည်းကောင်း၊ နှစ်ချီကြာ၍လည်းကောင်း ဖြစ်ကောင်းဖြစ်ကြပါမည်။ အထူး ဇွဲ၊ လုံ့လရှိရှိဆောင်ရွက်ပါက အကျိုးထူးခံစားရရှိမည် အမှန်ပင်။

ကျွန်တော် မျက်မှန်လွတ်ကင်းဖို့ဖြစ်ခဲ့ရသော အကြောင်းအချက်တွင် အဓိကပါဝင်ခဲ့သော ကျေးဇူးရှင် သတင်းစာဆရာ စာရေးဆရာကြီး သာဂဒိုး (ကွယ်လွန်) အား လည်းကောင်း၊ မျက်စိအထူးကုဆရာဝန်ကြီးအားလည်းကောင်း၊ ဆေးအာနိသင်အစွမ်းရှင် ကွမ်းပင်ကွမ်းရွက်များကိုလည်းကောင်း ကျွန်တော်၏ ကျေးဇူးရှင်ကြီးများအဖြစ် ဦးခိုက်ဂုဏ်ပြုအပ်ပါသည်။

ဆက်လက်ပြီး တိုင်းရင်းဆေးနည်းတို နှစ်ခုကိုလည်း ဖော်ပြပေးလိုက်ပါသည်။

**လေထိုးလေအောင့်၊ ခါးနာပျောက်**

ကြောင်ပန်းရွက်၊ သက်ရင်းကြီးရွက်၊ တောရှောက်မြစ်ကို ဆတူ ရေစင်အောင်ဆေး၍ မြေအိုးဖြင့် သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါက လေထိုး၊ လေအောင့်၊ ခါးနာပျောက်ကင်းသက်သာစေသည်။ ၎င်းအဖတ်ကို အဝတ်ဖြင့် စည်းကြပ်ထုပ်ပြု၍ နာသော၊ အောင့်သောနေရာသို့ ကြပ်ထုပ်ထိုးပေးပါက သက်သာစေသည်။

ငါးရံ့ပလူရွက် ပဥ္စငါးပါး တစ်ပိဿာ၊ ထန်းလျက် အစိတ်သား တို့ကို မြေအိုးနှင့်ကျို၊ အရည်ကျကျဖြစ်လျှင် အအေးခံ၊ ဟင်းခပ်ဇွန်းကြီး တစ်ဇွန်းစာ တစ်နေ့ (၃) ကြိမ်သောက်ပေးပါက အကြောအားနည်းခြင်း၊ အကြောတက်ခြင်း သက်သာ ပျောက်ကင်း ပါသည်။ ၎င်းအညွှန့်ကို သုပ်စားပါက၊အပူကင်း၊ ဝမ်းကောင်းသည်။

ထက်ကောင်းလတ် (မင်းဘူး)



www.burmeseclassic.com

www.burmeseclassic.com

မြို့ဟာမြို့ညဖမြောက်ဖျားမှထူးဆန်း [illegible] လေးတစ်ရွာ။

ဤရွာအမည်ကား မိုင်းဖိုမော်။ မိုင်းဖိုင်မော်ဟူသောအမည်တွင်ရခြင်းမှာ မြို့မှ တောင်တန်းကြီးနှင့် မဝေးကွာလှသော တောင်ခြေ၌ရှိသောကြောင့်ပင်။ ထိုရွာကလေးသည် မြို့နှင့်ဝေးကွာလှသော [illegible] ရွာကလေးဖြစ်ပြီး တရှုတ်နိုင်ငံ [illegible] ကပ်လျက်ရှိသည်။ ထိုရွာအနီးတစ်ဝိုက်တွင် တောင်တန်းများ၊ ချောက်ကမ်းပါးများရှိပြီး ဝါးပင်များ လွန်စွာပေါများလှပေသည်။ ထိုအပြင် ရှားပါးသောမျိုးစိတ်ဝင် သစ်ခွပန်းများနှင့် အခြားပန်းလှလှကလေးများလည်း တောင်ပေါ်တွင် လှပစွာပွင့်လန်းနေသည်။

ဆောင်းတွင်းအခါတွင် တောင်တန်းကြီးမှာ ဆီးနှင်းများဖုံးလွှမ်းနေပြီး နှင်းမိုးများတဖွဲဖွဲရွာနေသည်။ အခိုးများ မှုန်ဝေနေပြီး နှင်းလား၊မြူလား၊တောင်ခိုးလား [illegible] ခွဲခြားမရအောင် ပြာရီမှိုင်းနေသည်။ ထိုရွာမှ ရွာသူရွာသားများသည် တောင်ယာအလုပ်ကို လုပ်ကိုင်ကြသည်။ ထိုရွာမှာ ရှေးဟောင်းရွာဖြစ်ပြီး ရွာသူရွာသားများသည် [illegible] များသည်။

ရွာထဲသို့ လိပ်စငီလာလျှင် ရွာသူရွာသားများ အသေအပျောက်ရှိသည်ဟု ယုံကြည်ကာ ထိုလိပ်ကိုမောင်းထုတ်လေ့ရှိသည်။ ထို့အပြင် တောကောင်များဖြစ်သော ခွေးအများ ရွာဦးသို့ ညအခါဝင်လာတတ်သည်။ ထိုသို့ဝင်လာလျှင်လည်း မကောင်းဆိုးဝါးများ ရွာကိုနှောင့်ယှက်လိမ့်မည်ဟု အယူရှိသည်။ ဖြစ်ရပ်ဆန်းက ဤမှအစပြုခဲ့သည်။

ထိုနေ့ညက ခွေးအများ ရွာသချိုင်းသို့ဝင်လာပြီး မနေ့ညနေက မြေမြှုပ်ထားသည့်အလောင်းကို တူးယက်ခဲ့ကြသည်။ မနက်မိုးလင်း [illegible] လယ်ယာသို့သွားသည့် [illegible] စတင်တွေ့ [illegible]

"[illegible] သချိုင်း [illegible] အကြီးလဲမသိဘူး"

"[illegible] မှတ်လား၊ ငါတို့ [illegible] ကြည့်ရအောင်"

"ကျုပ်ကြောက်တယ်ဗျာ"


"ကြောက်ရင် [illegible] ငါသွား ကြည့်ဦးမယ်"

"ကျုပ်တစ်ယောက်တည်းမနေ ပေါင်"

"မနေရဲရင် [illegible] ခဲ့"

"အင်း၊ ရှင်ရော [illegible]"


နံနက်စောစော [illegible] ဖြစ်၍ မသဲကွဲချေ။ သူတို့ယာသို့ [illegible] သွားရသောလမ်းမှာ သချိုင်းနံဘေး [illegible] ဖြတ်သွားရသဖြင့် ထိုအရာဝတ္ထုကိုလှ [illegible]





www.burmeseclassic.com

www.burmeseclassic.com



# ရိရိဌေး

## သွေးစုပ်ငှက်နှင့်နန်းသီဂီ

မြင်ရသည်။ လင်မယားနှစ်ယောက်မှာ ကြောက်ကြောက်နှင့် တဖြည်းဖြည်း ချဉ်းကပ်ကာသွားကြည့်သော်

"အောင်မလေး.... လူသေ အလောင်းကြီးတော့"

"အေး-ဟုတ်တယ်၊ တစ်ပိုင်းက အပြင်မှာ၊ တစ်ပိုင်းကမြေကြီးထဲမှာ"

"ကျုပ်သိပြီ၊ ညကသင်္ချိုင်းထဲဝင်ပြီး ခွေးအတွေယက်သွားတာဖြစ်မယ်"

"မျက်နှာတစ်ခြမ်းမရှိတော့ဘူး၊ ခွေးအတွေစားသွားတာဖြစ်မယ်"

"ဟုတ်မယ်၊ ဗိုက်နားမှာလည်း လောက်တွေတဖွားဖွားနဲ့ပုပ်နေပြီ"

"ဒါဆို ရွာပြန်ပြီး သူကြီးကိုသွားပြောမှဖြစ်မယ်"

ထိုလင်မယားနှစ်ယောက်မှာ ရွာသို့ အလျင်အမြန်ပြန်လာခဲ့ကြသည်။

"သူကြီး၊ သူကြီးတပါဦး"

"ဟဲ့ - ဘာဖြစ်လို့တုံး"

"သင်္ချိုင်းထဲမှာ လူသေအလောင်း



www.burmeseclassic.com

www.burmeseclassic.com

"ဟေ - ဒုက္ခပါပဲ၊ အေး အေး ငါလာပြီ"

ပြောပြောဆိုဆို သူကြီးဦးစိုင်းကောင်သည် အိပ်ရာမှထပြီး မောင်းကြီးကိုထုလိုက်သည်။

"ဒူ"

"ဒူ"

"ဒူ"

မောင်းသံကြားသဖြင့် ရွာသားများ အပြေးအလွှား ရောက်ရှိလာခဲ့သည်။

"သူကြီး၊ သူကြီးဘာဖြစ်လို့လဲ"

"မင်းတို့ပေါက်တူး၊ပေါက်ပြားတွေယူပြီး သချိုင်းကိုသွားရမယ်။ ဟိုရောက်ရင်တွေ့လိမ့်မယ်"

"ဟုတ်ကဲ့ပါ သူကြီး၊ ပေါက်တူးပေါက်ပြားတွေယူပြီး လာခဲ့ပါမယ်"

ရွာသားများသည် ပေါက်တူး၊ ပေါက်ပြားများယူကာ ပြန်လာကြသည်။ စိုင်းထွန်းအုံတို့လင်မယား အပါအဝင် သူကြီးနှင့် ရွာသားများသည် သချိုင်းကုန်းသို့ ထွက်ခွာလာခဲ့သည်။

မိုးစင်စင်လင်းပြီးဖြစ်၍ သဲကွဲစွာတွေ့မြင်လိုက်ကြသည်။

"ဟာ - ဟိုတစ်နေ့ကသေထားတဲ့ နန့်ပန်ရွာက နန်းသိင်္ဂီရဲ့အလောင်းပဲ"

"ခွေးအတွေစားသွားလို့ မျက်နှာတစ်ခြမ်းမရှိတော့ဘူး"

"ကဲ၊ ကဲ - အဲဒီအလောင်းကိုပြန်ဖော်လိုက်၊ ပြီးရင် တွင်းနက်နက်တူးပြီး ထပ်မြှုပ်လိုက်"

"သူကြီး အလောင်းက အပုပ်နံ့တွေတောင်တော်တော်ထွက်နေပြီ"

"လူသေလို့ပုပ်တာဘာဆန်းလို့လဲ၊ စကားများမနေနဲ့။ တူးမှာသာတူးစမ်းပါကွာ"

"ဟုတ်ကဲ့ပါ သူကြီး"

ထိုသို့ပြောပြီး ဆက်တူးလိုက်ရာ အလောင်းတစ်ခုလုံး မြေကြီးပေါ် သို့ပေါ်လာခဲ့သည်။ ထိုအခါမှ နန်းသိင်္ဂီအလောင်း၏ ထူးခြားမှုကို တွေ့ရှိလိုက်ရသည်။

"သူကြီး၊ အလောင်းက ဝမ်းဗိုက်အထိပုပ်ပြီး အောက်ပိုင်းကတော့ လူကောင်းအတိုင်းပဲ ဘာမှမပုပ်သေးဘူး"

မြေတူးသူ စိုင်းမြပြော၍ အားလုံးဝိုင်းကြည့်လိုက်ကြသည်။ နန်းသိင်္ဂီ၏ လုံခြည်အဟောင်းကလေးမှာ စုတ်ပြဲသွားသည့်အတွက် အောက်ပိုင်းခန္ဓာကိုယ်မှာ မပုပ်မသိုးဘဲ အကောင်းပကတိဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

"ဟာ - ဒါဆိုရင် ဒုက္ခပဲ"

"သူကြီး၊ နန်းသိင်္ဂီရဲ့အလောင်းကဖုတ်စားထားပြီ။ ဘယ်လိုလုပ်ကြမလဲ"

ဤရွာလေးမှာ ရှေးရိုးအယူအဆရှိသည်။ လူသေကောင်သည် တစ်ပိုင်းပုပ်ပြီး တစ်ပိုင်းကောင်းနေပါက ဖုတ်စားသည်ဟု ယူဆကြသည်။ ထိုသို့ဖြစ်လျှင် ရွာမှလူများတစ်ယောက်ပြီးတစ်ယောက် သေဆုံးတတ်သည်ဟူသောအစွဲအလမ်းရှိသည်။

"ဒါဆိုရင် နန်းသိင်္ဂီရဲ့အလောင်းကို ဒီအတိုင်းမြှုပ်လို့မဖြစ်တော့ဘူး။ ဖုတ်စားထားတဲ့အလောင်းဖြစ်လေတော့ တို့ရွာနဲ့ သူတို့ရွာက လူတွေကို ဖုတ်စားတော့မယ်။ ဒါကြောင့် ဒီအလောင်းကြီးကို မီးရှို့ပစ်မှဖြစ်မယ်"

"သူကြီး၊ ဒါဆို သူ့အမျိုးတွေကို သွားပြောဦးမယ်"

ရွာသားတစ်ယောက်က မိုင်းပန်ရွာသို့ပြေးသွားခဲ့သည်။ ဤသချိုင်းမှာ မိုင်းဖီမော်ရွာနှင့် မိုင်းပန်ရွာနှစ်ရွာအသုံးပြုခဲ့သည့်သချိုင်းဖြစ်သည်။ ရွာသားတစ်ယောက်က မိုင်းပန်ရွာသို့သွားနေသည့်အတွက် သူကြီးအုပ်စုမှာ ထိုနေရာ၌စောင့်နေခဲ့ကြသည်။

ထိုစဉ် ပုပ်ပွနေသည့် ခန္ဓာကိုယ်အထက်ပိုင်းမှာ လောက်ကောင်များ တဖွားဖွားကျနေသည်။ ကြည့်နေရင်းပင် သူမ၏ ဝမ်းဗိုက်နေရာမှာ လှုပ်ရှားလာပြီး-

"ဖလူး"

ဆိုသည့်အသံနှင့်အတူ လင်းနို့နှင့်တူသော ငှက်တစ်ကောင်ပျံသန်းသွားခဲ့သည်။

"ဟဲ့ ဟဲ့ ထူးလှ၊ ဗိုက်ထဲကငှက်



တစ်ကောင်ထွက်သွားပါလား"

"ဟုတ်ပါတယ် သူကြီး၊ ကျွန်တော်တို့လည်း တွေ့လိုက်တယ်။ အဲဒါဘာငှက်လဲမသိဘူး"

"နေပါဦး၊ လူသေကောင်ထဲကို ငှက်ကဘယ်လိုဝင်နေလဲမသိဘူး"

"ညကကိုယ်တစ်ပိုင်းပေါ်နေတုန်း ဒီငှက်က ခန္ဓာကိုယ်ထဲဝင်နေလားမှမသိတာ"

"ငှက်က သွေးဝင်စုပ်တာလားမှမသိတာ"

"ဒါဆို သွေးစုပ်ငှက်နဲ့တူတယ်"

"အောင်မလေး သွေးစုပ်ငှက်တဲ့လား"

အားလုံး လန့်ဖျပ်သွားကြသည်၊ သွေးစုပ်ငှက် ဆိုသည်မှာ မကောင်းဆိုးဝါးငှက်ဟု ရှေးလူကြီးများပြောစမှတ်ပြုခဲ့သည်။ တစ်နည်းဆိုရလျှင်မူကား သွေးစုပ်သည့် မကောင်းဆိုးဝါးက ငှက်ဟန်ဆောင်ခြင်းဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။ လူအများရှေ့တွင် အလောင်းကောင်မှငှက်ထွက်သွားပြီးနောက် ချက်ချင်းဆိုသလိုပင် လူသေကောင်၏ ခြေထောက်မှအရည်များထွက်ကာ အသားများပွဲ့ကျပြီးပုပ်သွားပါတော့သည်။

မကြာမီ မိုင်းပန်ရွာမှ နန်းသိင်္ဂီ၏ အမျိုးများရောက်လာချိန်တွင် ထူးဆန်းစွာ အလောင်းတစ်ခုလုံးပုပ်သွားသည်ကို တွေ့မြင်လိုက်ရသည်။

"ဟာ - အလောင်းတစ်ခုလုံးပုပ်သွားပြီ၊ တော်တော်ထူးဆန်းတယ်"

သူမ၏ အမျိုးများအား အဖြစ်အပျက်အစအဆုံးကိုပြောပြလိုက်ရာ သူတို့အားလုံးလည်း လွန်စွာအံ့သြသွားပြီး-

"ဒီအလောင်းကိုမီးရှို့လိုက်မှဖြစ်မယ်ပါ။ နန်းသိင်္ဂီဟာ တကယ်တော့ သွေးစုပ်ဖုတ်စားသွားတာပါ ဟီး ဟီး"

ဤသို့ပြောဂိုး ဖြေမဆည်နိုင်အောင် ငိုကြွေးခဲ့ကြသည်။

"နေပါဦး၊ သွေးစုပ်ဖုတ်စားတယ်ဆိုတာ ဘယ်လိုဖြစ်လို့လဲ"

"အဖြစ်ကတော့ အတော်ထူးဆန်းပါတယ်။ နန်းသိင်္ဂီကို မီးသဂြိုဟ်ပြီးရင် အဲဒီအကြောင်းတွေကို အပြည့်အစုံပြောပြပါ့မယ်"

ထို့နောက် ထိုနေရာမှာပင် နန်းသိင်္ဂီ၏ အလောင်းကို မီးသဂြိုဟ်ခဲ့ကြသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

နန်းသိင်္ဂီ။

မိုင်းပန်ရွာ၏ အလုပဂေး ကွမ်းတောင်ကိုင်မလေး။

သူမ၏မိဘနှစ်ပါးသည် တောင်ယာအလုပ်ကို လုပ်ကိုင်သည့် တောင်သူများ ဖြစ်သည်။ နံနက်စောစော၌ မိဘနှစ်ပါးသည် ယာခင်းထဲသို့သွားစဉ် နန်းသိင်္ဂီသည် အိမ်၌ ထမင်းဟင်းများချက်ပြုတ်ပြီး မွန်းမတည့်မီ မိဘနှစ်ပါးထံသို့ ထမင်းဟင်းများပို့ပေးရသည်။

ဤသည်မှာ သူမ၏ နေ့စဉ်ဝတ္တရားဖြစ်သည်။ ထိုသို့ ထမင်းပို့ပြီး ညနေမစောင်းမီ သူမက အရင်အိမ်သို့ပြန်လေ့ရှိသည်။ ထိုနေ့က ထမင်းပို့ပြီးနောက် ခေါင်းကိုက်သဖြင့် အိမ်သို့စောစောပြန်ခဲ့သည်။ သူမစိတ်ထဲတွင် စိတ်လေးနေသလိုလို၊ စိတ်နောက်နေသလိုလို တစ်မျိုးမျိုးခံစားနေရသည်။

အိမ်အပြန်လမ်းတွင် -

"ငါ့စိတ်တွေတစ်မျိုးဖြစ်နေတယ်၊ စိတ်လေးနေသလိုလိုပဲ။ ဘယ်လိုဖြစ်မှန်းမသိဘူး"

"ဩော်-ငါခေါင်းကိုက်နေလို့ဖြစ်မှာပါလေ"

ထိုသို့တွေးရင်း အိမ်ပြန်လာခဲ့ရာ သချိုင်းနံဘေးမှ လမ်းကလေးသို့ရောက်ရှိလာခဲ့သည်။

ထိုစဉ် သချိုင်းအစပ်ရှိ ကုက္ကိုပင်ကြီးပေါ်မှ ချိုသာသော ငှက်မြည်သံကို ကြားလိုက်ရသဖြင့် သစ်ပင်ကြီးပေါ်သို့ မော့ကြည့်လိုက်ရာ ကောင်းကင်ပေါ်မှ စွန်ရဲကြီးတစ်ကောင်သည် ကုက္ကိုပင်ကြီးဆီသို့ထိုးဆင်းကာ ထိုငှက်ကလေးကို ထိုးသုတ်လိုက်သည်။ ငှက်ကလေးသည် စွန်ရဲကြီး၏နှုတ်သီးအတွင်းသို့ပါသွားပြီး စူးရှသောအသံဖြင့်မြည်တွန်ကာ ရုန်းရင်းကန်ရင်း ကောင်းကင်သို့ပါသွားသည်။ စွန်ရဲကြီးသည် ကောင်းကင်မှ တစ်ပတ်ပျံဝဲလာရာ နန်းသိင်္ဂီ၏အနီးသို့ အရောက်၌ 'ဖုတ်'ဟူသောအသံနှင့်အတူ ထိုငှက်ကလေးပြုတ်ကျလာသည်။

"ဟင်-အတောင်ပံမှာ သွေးတွေနဲ့ ငှက်ကလေးကို သွားကောက်ပြီး သုတ်ပေးလိုက်ဦးမယ်"

ထိုသို့ စိတ်ကူးပြီး ငှက်ကလေးကို ကောက်ယူကာ အသင့်ပါလာသော အဘက်လေးဖြင့်သုတ်ပေးပြီး လက်ဖဝါးပေါ်၌ တင်ထားလိုက်သည်။ တစ်ခဏကြာသော် ထိုငှက်ကလေးမှာ လက်ပေါ်မှပျံသွားပြီး ခပ်လှမ်းလှမ်းသို့အရောက်တွင် ဖုတ်ခနဲ မြေပြင်သို့ ပြန်ပြီးပြုတ်ကျပြန်သည်။

"ဩော် - ငှက်ကလေးကတော့ သေတော့မှာပဲ။ အတောင်က တော်တော်နာသွားတယ်နဲ့တူတယ်"

ဤသို့တွေးကာ ငှက်ကလေးကို ကောက်ယူပြီး လက်ဖဝါးပေါ်သို့ပြန်တင်ပြန်သည်။ ခဏကြာသော် ငှက်ကလေးမှာထပ်ပျံသွားပြန်သည်။ ဝေးဝေးမရောက်ခင် ပြုတ်ကျပြန်သည်။ သို့ဖြင့် နန်းသိင်္ဂီမှာ ငှက်ကလေးကိုကောက်လိုက်၊ ပြန်ကျလိုက်နှင့် ငှက်ပျံရာဘက်သို့သွားရင်း တောအုပ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားခဲ့သည်။

နန်းသိင်္ဂီမှာ ရိုးသားသူဖြစ်၍ -

"ဩော်၊ ဒီငှက်ကလေးဟာ ဒီတောကြီးထဲမှာနေတယ်နဲ့တူတယ်။ သူ့ရဲ့အသိုက်ရှိရာကို ပြန်လာတာဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် သူ့အသိုက်ထဲအထိ လိုက်ပို့တာကောင်းပါတယ်"

ထိုသို့တွေးရင်း ငှက်ကလေးပျံရာသို့လိုက်လာခဲ့သည်။

"အင်း-ဒီတောကြီးထဲသိပ်ဝင်လို့မဖြစ်ဘူး။ အရမ်းတောနက်ရင် ငါမပြန်တတ်ဖြစ်မယ်။ ဒီနေရာကနေ လှည့်ပြန်မှဖြစ်မယ်"

ဤသို့စိတ်ကူးပြီးလှည့်ပြန်မည်အလုပ်တွင် ထိုငှက်ကလေးသည် သစ်ပင်ခြေရင်းတစ်ခုတွင်ရှိနေသော မည်းမည်းရှည်ရှည် အရာဝတ္ထုတစ်ခုထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

"ငှက်ကလေးက ဟိုထဲဝင်သွားပြီ၊ ဒါဟာ သူ့အသိုက်နဲ့တူတယ်။ ငါသွားကြည့်ဦးမှပဲ"

ဤသို့တွေးပြီး ထိုအရာဝတ္ထုအနီးသို့သွားကြည့်ရာ -

"ဟောတော့ ဒါဟာရှေးခေတ်က အခေါင်းကြီးပါလား"

သူမ သေသေချာချာကြည့်လိုက်သောအခါ သစ်လုံးတစ်လုံးတည်းကို ထွင်းထားသည့် သစ်သားအခေါင်းကြီး ဖြစ်နေသည်။ သစ်သားအခေါင်းအဖုံးတွင် အပေါက်ကြီးဖြစ်နေသဖြင့်-

"ဩော် - ငှက်ကလေးဟာ ဒီအပေါက်ထဲကနေ ဝင်သွားတာဖြစ်မယ်"

ထိုသို့တွေးပြီး သစ်သားအဖုံးကို ဖယ်လိုက်ရာ -

"အောင်မယ်လေး အလောင်းကြီးပါလား"

သူမတွေ့ရှိရသည့်အလောင်းကြီးမှာ မိန်းမတစ်ယောက်၏အလောင်းဖြစ်ပြီး ပုပ်သိုးခြင်းမရှိဘဲ အမျိုးသမီးတစ်ယောက်အိပ်နေသကဲ့သို့ တွေ့ရှိရသဖြင့် ကြောက်ကြောက်နှင့် ပြန်ပြေးမည်အပြုတွင် ထိုအလောင်း၏ပါးစပ်မှာ ဟလာပြီး ထိုငှက်ကလေးမှာ ထိုမိန်းမကြီး၏ ပါးစပ်မှ ရုတ်တရက်ထွက်လာခဲ့သည်။ နန်းသိင်္ဂီလည်း လွန်စွာကြောက်ရွံ့ပြီး အံ့ဩစွာပါးစပ်ဟစဉ် -

'ဝွပ်'ခနဲ ပါးစပ်ထဲသို့ငှက်ဝင်သွားခဲ့သည်။ ဝင်သည်မှာ လည်ချောင်းအတွင်းသို့ ရှောရှောရှူရှူဝင်သွားပြီး ဗိုက်ထဲသို့ ရောက်သွားသကဲ့သို့ ခံစားလိုက်ရသည်။ ဤတွင် နန်းသိင်္ဂီမှာ လွန်စွာကြောက်လန့်ပြီး အရှိန်အဟုန်ပြင်းစွာ တောကြီးအတွင်းမှ ထွက်ပြေးခဲ့သည်။

အိမ်ကို ဘယ်လိုရောက်လာမှန်းမသိအောင် ရောက်လာခဲ့သည်။ အိမ်ရောက်သည့်အခါတွင် အမောဆိုက်နေသဖြင့် ကောင်းစွာစကားမပြောနိုင်ပေ။ အိမ်နီးနားချင်းများက မေးသော်လည်း မပြောနိုင်အောင် အမောဆို့နေသဖြင့် သူမ၏မိဘနှစ်ပါးကိုသွားခေါ်ခဲ့ကြသည်။ သူမ၏မိဘများရောက်လာသောအခါမှ ကြောက်လန့်စွာ ငိုကြွေးပြီး ဖြစ်သမျှအကြောင်းစုံကို ပြောပြခဲ့သည်။

"သမီးပြောတာ အမှန်တွေချည်းပဲလား"

"ဟုတ်ပါတယ် အဖေ"

"သမီးပြောတဲ့တောကြီးထဲကိုသွားကြည့်ပြီး အခေါင်းကြီးကိုသွားရှာမယ်"

ပြောပြောဆိုဆို နန်းသိင်္ဂီ၏အဖေသည် လူစုပြီးတောကြီးထဲသို့ဝင်သွားပြီး အခေါင်းတလားကြီးကို သွားရှာခဲ့သည်။ သို့သော် ထိုအခေါင်းတလားကြီးကို ရှာမတွေ့ခဲ့ပေ။ စိတ်ပျက်စွာဖြင့် ပြန်လာခဲ့သည်။ ထို့နောက် အကျိုးအကြောင်းရှင်းပြကာ သမီးဖြစ်သူအား အားပေးစကားပြောကြားခဲ့သည်။

"သမီး အဲဒီတောကြီးထဲမှာ ဘာအခေါင်းမှလဲမရှိဘူး။ သမီးစိတ်ချောက်ချားနေလို့ မြင်ချင်တာတွေမြင်တာ"

"အဖေ၊ သမီးက တကယ်မြင်လို့ မြင်တယ်ပြောတာပါ။ သမီးပါးစပ်ထဲကို အဲဒီငှက်ဝင်သွားပြီ။ အဲဒီငှက်ကိုထုတ်ပေးပါ"

"အေးပါ သမီးရယ်၊ သမီးပြောတဲ့အတိုင်း ဆရာတွေနဲ့ပြပြီး ငှက်ကိုထုတ်ပေးမယ်နော်"

ထိုသို့ပြောပြီး သမီးငယ်ကိုနှစ်သိမ့်ပေးခဲ့သည်။

နန်းသိင်္ဂီမှာ ထိုနေ့မှစ၍ နေမကောင်းဖြစ်ကာ အစာစားလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com

မကွေးမြင့်သန်း

# ဆီးအောင့်၊ဆီးနည်း၊ဆီးမကြာခဏသွားရခြင်းဒုက္ခမှ ကင်းဝေးစေသည့်ဆေးနည်းတစ်လက်

ရှေးမြန်မာ လူကြီးသူမများက ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသည့်၊ ဒုက္ခများသည့် ယောက်ျား၊ မိန်းမ ရောဂါအတွက် လမ်းညွှန်လက်သုံးစကား တစ်ခွန်းမှာ-

'ယောက်ျားမှာဆီး၊ မိန်းမမှာ မီး' ဟူသော စကား ဖြစ်ပါသည်။

အနက်အဓိပ္ပာယ်မှာ ယောက်ျားသားများကို ဒုက္ခအပေးဆုံးရောဂါ တစ်နည်းအားဖြင့် အဖြစ်များဆုံးရောဂါမှာ ဆီးရောဂါဖြစ်သည်။ ယောက်ျားသားများကို ဆီးရောဂါကဒုက္ခပေးသလို မိန်းမသားများကို ဒုက္ခအများဆုံးပေးသောရောဂါမှာ မီးယပ်ရောဂါဖြစ်သည်။ မည်သည့်ရောဂါမဆို အနေအထိုင်မမှန်ကန်မှု၊ အစားအသောက်မဆင်ခြင်မှုနှင့် အပူအအေးမျှတစွာမနေထိုင်မှုကြောင့် ဖြစ်သည်ကများသည်။

ဤဆောင်းပါးမှာ အမျိုးသားများအတွက် အဓိကရည်ညွှန်းရေးသားတင်ပြသွားမည်ဖြစ်ပါသည်။ အမျိုးသားများ အဖြစ်များသည့် ဆီးရောဂါများမှာ ဆီးသွားရာတွင် ပုံမှန်အနေအထားမဟုတ်ဘဲ ဆီးထဲတွင်အနည်အနစ်များပါခြင်း၊ အညောင်းထိုင်လွန်းသောကြောင့်လည်း ကောင်း၊ အပူငုပ်ခြင်း၊ အပူကြီးမားခြင်း ဆီးများအပူအားကြီး၍ ခန္ဓာကိုယ်တစ်ခု လုံးညောင်းညာကိုက်ခဲ၍ ဆီးပူညောင်း ကျဝေဒနာခံစားရခြင်း၊ ဆီးချုပ်ဆီး အောင့်၍ ဆီးအိမ်တွင် ကျောက်တည် ခြင်းနှင့် ဆီးအောင့်၊ ဆီးနည်း၊ ဆီးမကြာ ခဏသွားရခြင်းများ အစရှိသည့် ဆီး ရောဂါအမျိုးမျိုးရှိပါသည်။

ဆီးရောဂါ အများဆုံးဖြစ်ရသည့် အကြောင်းအရင်းမှာ အချိုလွန်ကဲစွာ စားခြင်း၊ အပူအစပ်လွန်ကဲစွာစားခြင်း

---

ဆို့နင့်သည့်ဝေဒနာကို ခံစားခဲ့ရပါသည်။ တစ်ခါတစ်ရံ ဗိုက်ထဲမှ ကလီစာများကို ဆွဲကိုင်လှုပ်သကဲ့သို့ နာကျင်မှုဖြစ်နေပါသည်။ မိဘနှစ်ပါးကလည်း ရွာများမှ နာမည်ကျော် ဆရာများကို ခေါ်ယူကာ ကုပေးခဲ့သည်။ သို့သော်လည်း နန်းသိင်္ဂီမှာ အစားမစားနိုင်ဘဲ တမှိုင်မှိုင်တတွေတွေဖြစ်ကာ တစ်ခုခုကိုကြောက်လန့်နေ*ပါသည်။ ရိုးရိုးဆေးဆရာများနှင့် မသက်*သာသဖြင့် ပယောဂဆေးဆရာများနှင့် ကုသပြန်သည်။

ပယောဂဆရာများက-

"ဒီမိန်းကလေးဟာ ဖုတ်ဝင်နေတယ်၊ ဖုတ်ကလည်းအကြီးကြီးပဲ။ ငှက်ဟန်ဆောင်ပြီး ဖုတ်ရှိတဲ့နေရာကိုခေါ်သွားပြီး ဒီမိန်းကလေးရဲ့ခန္ဓာကိုယ်ထဲဝင်ပြီး သွေးစုပ်နေတယ်။ ဒီမိန်းကလေးဟာ သိပ်မကြာခင် သေဆုံးသွားလိမ့်မယ်။ အဲဒီအခါမှာ အပေါ်ပိုင်းကိုယ်ခန္ဓာက ပုပ်ပြီး အောက်ပိုင်းကိုယ်ခန္ဓာအကောင်းအတိုင်းဖြစ်နေလိမ့်မယ်"

"ဒါဆိုရင် ကျုပ်တို့သမီးလေး သေသွားမှာလား ဆရာရယ်"

"ဟုတ်တယ်"

"သမီးလေးကို မသေအောင် ကုပေးပါ ဆရာရယ်"

"ကျုပ်တို့တော့ ဘာမှမတတ်နိုင်ဘူး၊ ဒီပယောဂအကောင်ကကြီးလွန်းအားကြီးတယ်။ ကျုပ်တို့မနိုင်ဘူး။ တခြားဆရာနဲ့ပြကြည့်ပါ"

ပယောဂဆရာတစ်ဦးက ဤသို့ပြောသဖြင့် အခြားပယောဂကုဆရာများနှင့် ထပ်မံပြသခဲ့သည်။ အားလုံးသောပယောဂဆရာများက ဤအတိုင်းပင် ပြောခဲ့သည်။ နန်းသိင်္ဂီ၏မိဘနှစ်ပါးမှာ လွန်စွာစိတ်မကောင်းစွာဖြင့် ဆရာထပ်ရှာပြန်သည်။ သို့သော်လည်း နန်းသိင်္ဂီကို ကုသနိုင်သည့် မည်သည့်ဆရာတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ပေ။

*နန်းသိင်္ဂီမှာ တစ်နေ့တခြား ပိန်*ခြောက်လာပြီး အရိုးပေါ်အရေတင်သာ ကျန်တော့သည်။ ညအခါတွင် သူမ၏ မျက်နှာမှာ ငှက်အသွင်ကဲ့သို့ စုတ်ချွန်းချွန်းမျက်နှာအသွင်သို့ ပြောင်းသွားပြီး စကားပြောသည့်အခါတွင်လည်း ငှက်မြည်သံကဲ့သို့ဖြစ်နေပါသည်။ ထို့အပြင် ပါးစပ်ထဲမှ သွေးများအန်ကျလာပြီး အိပ်ရာထက်တွင် အမြဲတမ်းလိုလိုလဲလျောင်း၍သာနေခဲ့သည်။

မိဘနှစ်ပါးကလည်း နန်းသိင်္ဂီကို မကယ်တင်နိုင်သဖြင့် စိတ်အားလျော့ကာကြည့်နေရပါသည်။ နန်းသိင်္ဂီကွယ်လွန်မည့်ညတွင် ခွေးများတစ်ချိန်လုံးအူနေသည်။ အူနေသည်မှာ ဆွဲဆွဲငင်ငင်နှင့် တစ်စုံတစ်ရာကို နှုတ်ဆက်နေသည့် အလားတစ်ညလုံးအူနေပါသည်။ ထို့ပြင် ငှက်မြည်သံများကိုလည်း တစ်ညလုံးကြားနေသည်။

ညဉ့်သန်းခေါင်ယံအချိန်တွင် ငှက်ဆိုးထိုးသံကိုကြားရပြီးနောက် -

"အမေ၊ သမီးကို တောကြီးထဲက မိန်းမကြီးလာဆွဲနေပြီ။ သမီးမလိုက်ချင်ဘူး၊ အမေလုပ်ပါဦး"

"သမီး မလိုက်ချင်ရင် ငြင်းလိုက်လေ"

"မရတော့ဘူး အမေ၊ သူ သမီး... ဆွဲခေါ်သွားပြီ။ အဖေနဲ့ အမေကို သ... ကန်တော့ခဲ့ပါတယ် အမေ"

ဤသို့ပြောပြီးနောက် နန်းသိ... လည်း အသံတိတ်သွားပြီး ခြေလက်မျာ... ပါလျော့ကျသွားပြီး နောက်ဆုံးထွ... သက်ရပ်သွားခဲ့သည်။ ထူးဆန်းသည်မှာ... သူမကွယ်လွန်သွားပြီး နာရီပိုင်းအတွင်း... ခန္ဓာကိုယ်အထက်ပိုင်းမှာ ပုပ်သွား... အောက်ပိုင်းမှာမူကား အကောင်း... ပကတိဖြစ်နေသည်။ ဤရွာရှိ ရွာသူရွာ... သားများသည် ရှေးရိုးအယူရှိသ... သူကြီးကိုပြောပြီး ခပ်မြန်မြန်အသုဘ... လိုက်ကြသည်။ ထိုရွာရှိ ရွာသူရွာသား... များသည် ဤသို့ဖြစ်လျှင် ဖုတ်ဝင်... သည်ဟုဆိုကာ နောက်ထပ်ရွာသူရွာ... သားပါ သေဆုံးမည်ဟု အယူရှိပါသ... နန်းသိင်္ဂီကို ဖုံးဖုံးဖိဖိနှင့် အသုဘချ... ဖြစ်ပါသည်။ ယခုအခါ တောခွေးအ... ယက်သဖြင့် ဤကဲ့သို့ထူးဆန်းသော ဖြ... ရပ်မှန်ဇာတ်လမ်းကြီး ပေါ်ပေါက်လာ... ခြင်း ဖြစ်လေသည်။

*ဖြစ်ရပ်မှန်ဇာတ်လမ်းပြော...*

*စိုင်းမောင်အေး...*

*ကျေးဇူးတင်စွာ...*



www.burmeseclassic.com

www.burmeseclassic.com

အစားအသောက်မဆင်ခြင်၊ အနေအထိုင်မဆင်ခြင်၊ ဂရုမစိုက်မှုတို့ကြောင့် ဆီးရောဂါတစ်မျိုးမဟုတ်တစ်မျိုးဖြစ်တတ်ပါသည်။ ယခု စာရေးသူ ဖော်ပြမည့်နည်းမှာ စာရေးသူကိုယ်တိုင်ကြုံတွေ့ခံစားရသောဆီးရောဂါပျောက်ကင်းသွားသည့်ဆေးနည်းတစ်လက်ဖြစ်ပါသည်။ စာရေးသူ ဆီးရောဂါဖြစ်ရသည့် အကြောင်းရင်းမှာ လက်ဖက်ရည်အသောက်များပါသည်။ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့ရောက်တိုင်း စာရေးသူတို့ စာပေဝိုင်းအဖွဲ့ 'တောင်ပံရှိုင်း' လက်ဖက်ရည်ဆိုင်တွင် ဆုံကြပါသည်။ စာပေဝိုင်းတွင် ခရီးသွားဆေးသမားလည်းဖြစ်၊ တိုင်းရင်းဆေးသမားလည်းဖြစ်သည့် ဆရာဦးဝင်းမြင့်(မကွေးဝင်းမြင့်)၊ ဖန်ခါးမောင်မောင်၊ ချစ်ဖွယ်(မင်းဘူး)၊ ကာတွန်းမောင်အေး(ဓနိသီး)၊ ဓေတ္တရာ မန်းသန်းမြင့်၊ ကိုကိုလတ် (ဆည်မြောင်း) စသည့် စာရေးဆရာ၊ ကဗျာဆရာနှင့်ကာတွန်းဆရာတို့ပါဝင်ပါသည်။ တစ်ခါတစ်ရံ မကွေးသို့ အလည်အပတ်ရောက်လာ လမ်းကြုံဝင်လာတတ်သည့် ဗိုလ်ကြီးအေးရွှေ (အေးရွှေကေတုမဏိ) အပွာမာဒနှင့် ဆရာတက္ကသိုလ်ဝင်းမြင့် (စာပေနှင့်ယဉ်ကျေးမှု)တို့ကလည်း သတင်းစကားဖြင့် စာရေးသူတို့အဖွဲ့နှင့် စကားလက်ဆုံကျလေ့ရှိသည်။ ဆရာဦးဝင်းမြင့် တစ်ဦးတည်းသာ ကော်ဖီမှာသောက်၍၊ ကျန်သူများမှာ လက်ဖက်ရည်သောက်ကြသူများဖြစ်သည်။ စကားဝိုင်းကောင်း၍ အပေါ့အပါးမသွားဘဲ ချုပ်တည်းမှုလည်းများပါသည်။ နှစ်ရှည်လများ လက်ဖက်ရည်အသောက်များ၊ ဆီး၊ ဝမ်းကိစ္စနှင့်ပတ်သက်၍ ချုပ်တည်းမှုများ၍ ယခုစာရေးသူ အသက်(၆၃)နှစ်တွင် ဆီးသွားရာ၌ ဆီးခုံတင်းခြင်း၊ ဆီးအောင့်ခြင်းနှင့် ဆီးသွားပြီး တစ်အောင့်လောက်အကြာတွင် ဆီးထပ်မံသွားချင်သွားရခြင်းများဖြစ်လာပါသည်။ ညစဉ်ညတိုင်း ဆီးမကြာခဏသွားရ၍ ကောင်းစွာ အိပ်မပျော်ပါ။ ဆရာဦးဝင်းမြင့် (မကွေးဝင်းမြင့်) က-

"မောင်မြင့်သန်း၊ လက်ဖက်ရည်သောက်လျှော့တော့။ မင်းမှာတဲ့ လက်ဖက်ရည်က ချိုပျစ်၊ ဖန်ရည်ကဲဆိုတော့ ခင်းကျန်းမာရေးထိခိုက်မယ်"

ဟု သတိပေးဖူးပါသည်။

၂၀၁၄ခုနှစ်၊ မေလ ၅ ရက်နေ့ နံနက်(၉)နာရီတွင် စာရေးသူနှင့်ညီအစ်ကိုအရင်းချာပမာ ချစ်ခင်သော ဆရာဦးကြည်သန်း (မျက်စိနှင့် လိပ်ခေါင်းအထူးကု) က-

"ဆရာဦးမြင့်သန်း၊ ကျိုက်ထီးရိုးဘုရားသွားဖူးမယ်။ မေ ၉ ရက်အရောက်လာပါ"

ဖုန်းဆက်၍ ၈-၅-၂၀၁၄ရက်နေ့ ရန်ကုန်သို့သွားပါသည်။ စာရေးသူတို့စီးလာသည့် မကွေး-ရန်ကုန်ခရီးစဉ်ပြေးဆွဲသည့် ရွှေမန်းသူကား မေလ ၉ ရက်နေ့၊ နံနက်လေးနာရီတွင် ရန်ကုန်ပါရမီဂိတ်သို့ရောက်ရှိပါသည်။ ပါရမီ (တောင်ဥက္ကလာ) ကားဂိတ်ဝင်းအပြင်တွင် ကားငှားရာ ကားခငါးထောင်တောင်းသည်။ ရန်ကုန်မရောက်တာကြာပြီမို့ ကားငှားခဈေးကြီးသည်။ ငါးထောင်၊ ခြောက်ထောင်ထက်မပို။ စုပေါင်းစပ်ပေါင်းငှားစီးက တစ်ဦးကို နှစ်ထောင်၊ သုံးထောင်သာကျကြောင်း ကြိုတင်သိရှိထား၍ ကားခငွေကျပ်ငါးထောင်ဖြင့် ကားငှားသည်။ ကားသမားက ကားမောင်းရမည့် လိပ်စာမေး၍ 'အိမ်အမှတ် (၅၀)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံ' သို့မောင်းရန် ပြောပါသည်။ နံနက်ငါးနာရီသာသာတွင် ဆရာ ဦးကြည်သန်းအိမ်ရောက်ပါသည်။

ဆရာဦးကြည်သန်းအိမ် ရောက်သည်နှင့် ဆီးသွားချင်၍ အိမ်သာသွားပါသည်။ ဆီးတော်တော်နှင့်သွားမရပါ။ တစ်အောင့်နေမှ ဆီးသွားပါသည်။ ဆီးနည်းပါသည်။ ဆီးခုံလည်းတင်း၊ အောင့်လည်းအောင့်ပါသည်။ မကြာခဏ အိမ်သာသွားနေ၍ ဆရာဦးကြည်သန်းက -

"ဆရာဦးမြင့်သန်း၊ ဝမ်းပျက်နေတာလား"

မေးရာ စာရေးသူက ဝမ်းပျက်တာမဟုတ်ကြောင်း၊ ခံစားနေရသည့် ဆီးရောဂါအကြောင်းပြောပြပါသည်။

ဆရာဦးကြည်သန်းက -

"ဒါများ အလွယ်လေး၊ မခက်ပါဘူး။ ဆေးတစ်ခွက်သောက်ရုံနဲ့ သက်သာသွားလိမ့်မယ်"

ဆိုပြီး ဈေးဘက်ထွက်သွားပါသည်။ ဈေးမှပြန်လာပြီး ပါလာသည့် အရွက်များနှင့် အခဲငယ်များကို ဒန်အိုးသန့်သန့်တွင်ထည့်၍ ရေငါးဆယ်သား (ရေသန့်တစ်ဘူးစာ) ရေထည့်၍ကျိုပါသည်။ မကြာမီ ရေပွက်ပွက်ဆူပါသည်။ ရေပွက် ပွက်ဆူပြီး ခေတ္တခဏမျှ အအေးခံပါသည်။

ဆရာဦးကြည်သန်းက -

"ကဲ-ဆရာဦးမြင့်သန်း၊ ဒီကျိုပြီးသားဆေးရည်ကို တဖြည်းဖြည်းချင်းကုန်အောင်သောက်။ လိုင်းမကြူး ဖျော်ရည်လိုသောက်လို့ကောင်းတယ်။ တစ်အောင့်နေ ဆီးသွားလိမ့်မယ်။ မရွှဲတတ်ရင် ခွက်တစ်ခုထဲ ဆီးသွားကြည့်။ အနည်အနှစ်ရှိရင် အနည်အနှစ်တွေပါတွေ့ရလိမ့်မယ်။ ဆီးကြည်ကြည်လင်လင်ဖြစ်သွားမယ်။ ရန်ကုန်ရောက်တုန်း သုံးရက်ဆက်တိုက်ကျိုသောက်၊ လုံးဝသက်သာသွားမယ်။ ဒီဆေးနည်းက ပွဲ့တွေ့လက်တွေ့ပျောက်တဲ့ ကျွန်တော့်ဆရာတော်ကြီးရဲ့နည်းပါ"

ဟူ၍ ပြောပြပါသည်။

ဆရာဦး ကြည်သန်း ကျိုပေးသည့်ဆေးကို စာရေးသူ သောက်ပါသည်။ သောက်လို့ အလွန်အရသာရှိပါသည်။ ဆေးသောက်ပြီး မကြာမီ ဆီးသွားပါသည်။ ဆီးခုံလည်း တောင့်တင်းမှုလျော့ကျသွားပါသည်။ မကွေးပြန်ရောက်ပြီး တစ်ပတ်တစ်ခါသောက်ရာ ယခုအခါ ရှင်းရှင်းပျောက်နေပြီဖြစ်သည်။ စာရေးသူနည်းတူ ခံစားနေရသောဝေဒနာရှင်များအတွက် ဆေးဖိုဝိတဒါနပြုရန် ခွင့်တောင်းရာ ဆရာ ဦးကြည်သန်းက -

"ဆေးနည်းက မခက်ပါဘူး။ ဒန်းကြီးရွက်က လက်တစ်ဆုပ်စာ၊ ဗိုဘာလာသကြားက ငါးကျပ်သားရောကျိုတာပါ။ ဗိုဘာလာသကြားက ဘယ်ဆေးဆိုင်မှာသွားဝယ်ပါ။ တစ်ဆယ်သား ရှစ်ရာရှိတယ်။ ဒန်းကြီးရွက်ကို ရေစင်စင်ဆေး၊ ဗိုဘာလာသကြား ငါးကျပ်သားနဲ့အတူ အိုးသန့်သန့်မှာ ရေငါးဆယ်သားတစ်ဘူးစာထည့်၊ ပွက်ပွက်ဆူရင် အိုးကိုချ၊ အအေးခံ၊ တစ်ခါတည်းကုန်အောင်သောက်နိုင်ရင်သောက်။ ဒါမှမဟုတ် ဖြည်းဖြည်းချင်း ကုန်အောင်သောက်။ စိတ်ချသောက်။ ဒိဋ္ဌပျောက်ပါ့ဗျာ"

ဟူ၍ ဆေးနည်းကို ပြောပြပါသည်။

စာရေးသူကဲ့သို့ ဆီးအောင့်၊ ဆီးနည်း၊ ဆီးမကြာခဏသွားရသူများ 'ဤဆေးကို လက်တွေ့ စမ်းသပ် လက်တွေ့သောက်ပါက ဒိဋ္ဌပျောက်ကင်းပါကြောင်း' စေတနာကောင်းခြင်း ရေးသား တင်ပြလိုက်ပါသည်။

*အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံကြပါစေ*

**မကွေးမြင့်သန်း**



www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

## ခရစ်ယာန်ဘုန်းကြီးဂျိန်း(စ်)အယ်ဖရက်ကို(လ်)ဘက်၏ မန်းမြို့တော်မှပေးစာများကိုတင်ပြခြင်း

ခရစ်ယာန် သာသနာပြု ဘုန်းကြီး ဂျိန်းမ်အယ်ဖရက်ကိုလ်ဘက်သည် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မန်းနေပြည်တော်သို့ ခြာ့အော့အင်္ဂလန်ဂိုဏ်းမှ စေလွှတ်သော သာသနာပြုဘုန်းတော်ကြီး ဖြစ်သည်။ သူ၏အထက်တွင် ရန်ကုန်မြို့တွင် ဘစ်ရှော့ခေါ် ဂိုဏ်းချုပ်ဆရာတော်ရှိ၏။

ဘုန်းတော်ကြီး ဂျိန်းမ်သည် ညောင်ရမ်းမင်းသားနှင့်သူ၏မိသားစုတို့ ဗြိတိသျှတို့ထံခိုလှုံနိုင်ရန် ဆောင်ရွက်ပြီးသည့်နောက် သူ၏ ၁၈၇၈ခု၊ စက်တင်ဘာလ ၂၈ ရက်စွဲပါစာတွင် -

ခရစ်နှစ် ၁၈၇၈ ခုနှစ်၊
စက်တင်ဘာလ ၂၈ ရက်

ကျွန်ုပ်တို့မှာ ဘုရင်အိုကြီး (မင်းတုန်းမင်း) ၏ ကျန်းမာရေးအခြေအနေ၊ သေသည်၊ ရှင်သည် စသည်တို့ကို မသိရ။ အခြေအနေအရပ်ရပ်ကို ခန့်မှန်းမရနိုင်။ စိုးရိမ်စွာဖြင့် အခြေအနေတို့ကို စောင့်ကြည့်နေရန်မှတစ်ပါး အခြားမရှိပြီ။ ကျွန်ုပ်တို့အများစုကမူ ဘုရင်မင်းတရားကြီး နတ်ရွာစံတော်မူပြီဟု မှန်းဆရပါသည်။ မှူးကြီးမတ်ရာဝန်ကြီးများက ဘုရင်မင်းတရားမှာ အသက်ရှင်လျက်ရှိသည်။ ရောဂါမှသက်သာလာပြီ၊ ရှေ့လဆန်းတွင် ညီလာခံခေါ်မည်။ (၁၄) ရက်ခန့်ဟု ကြေညာသည်။

ထိုစဉ်အတွင်း သီပေါမင်းသားကို ထီးနန်းဆက်ခံရမည့် နန်းလျာမင်းသားအဖြစ်ရာထားသည်ဟု သတင်းစကားဖြစ်ပေါ်လာသည်။ အများပြည်သူများက ညောင်ရမ်းမင်းသားကို ကြိုက်ကြသည်။ မင်းမှုထမ်းများကလည်း ညောင်ရမ်းမင်းသားကို ကြိုက်ကြသည်။ မိဖုရားခေါင်ကြီးက မှူးမတ်များကို သီပေါမင်းသားကို နန်းလျာအဖြစ်လက်ခံရန် စည်းရုံးကြသည်။ သို့မဟုတ် အခြေအနေကို ခေတ္တစောင့်ကြည့်နေသည်ဟုသိရသည်။

နန်းတွင်း၌ လူ (၆၀) မှ (၇၀)ခန့်ကို သံကြိုးများဖြင့် ချုပ်နှောင်လျက်ထားသည်။ သူတို့မှာ မင်းသားများ၊ မင်းဆွေမင်းမျိုးများ ဖြစ်ကြသည်။ အချို့ကို ကွပ်မျက်ပြီးပြီဟု ဆိုသည်။ ကျွန်ုပ်၏ယူဆချက်မှာ ထိုသို့မလုပ်တန်ရာဟု ထင်ပါသည်။ ယမန်နေ့ကမူ အချုပ်အနှောင်မှလွှတ်ပေးသည်။ ဝန်ကြီးများက ခမည်းတော်ဘုရင်မင်းတရားကခေါ်တော်မူသည်ဟု ဆိုသည်။ ခမည်းတော်က ငွေကြေးများပေး၍ အပိုင်အစားပေးရာ နယ်မြေများသို့သွားရန် စေတော်မူမည်ဟုဆိုပြီး လွှတ်သည်။ အခြံအရံအစောင့်များနှင့် မင်းသားများကို ငွေကြေးများယူရန် အခန်းသို့သွားကြသည်။ တစ်ဖက်ပေါက်မှဝင်၍ အခြားတံခါးပေါက်မှအထွက်တွင် ပြန်လည် ဖမ်းဆီးခြင်းခံရသည်။ သံခြေချင်းခတ်ခံရသည်။ မင်းသားသုံးပါးမှာ မိမိတို့ လွှတ်လပ်မှုကို ရှန်းကန်၍ပြေးရာ ပြန်လည်ဖမ်းခံရသည်ဟု ကြားရသည်။ ထွက်ပြေးရန်ကြံစည်သူသုံးဦးအနက် တစ်ဦးမှာ မိုင်းတုံမင်းသား ဖြစ်သည်။ မိုင်းတုံမင်းသားသည် ကျွန်ုပ်၏အက်စ်ပီဂျီကျောင်းသားဟောင်း ဖြစ်သည်။

နန်းတော်မြို့ရိုးကို သူရဲခိုများဖြင့် ကာရံထားသည်။ မိုင်းတုံမင်းသားသည် ချုပ်နှောင်ရာမှထွက်၍ တံတိုင်းပေါ်ရောက်ပြီးမှ အတွင်းသို့ပြန်လည်ကျရောက်ပြီး ပြန်မိသွားခြင်း ဖြစ်သည်။ အခြားတစ်ဦးမှာ ခေါင်းကို ဓားဖြင့် အခုတ်ခံရသည်။ ထိုမင်းသားမှာ ဗြိတိသျှတို့အပေါ် မလိုလားသူတစ်ဦးဟု သိရသည်။ သူသေခြင်းအတွက် ဝိုင်းပြည်မနစ်နာနိုင်ဟု ယူဆသည်။

ညောင်ရမ်းမင်းသားကမူ ယခင်ပြောသည့်အတိုင်း သူ့အသက်သည် ကျွန်ုပ်ပေးသောအသက်သာရှိတော့သည်ဟု ပြောဆိုလျက်ရှိလေသည်။ ညောင်ရမ်းမင်းသားသည် ဘုရင်ဖြစ်ထိုက်သူဖြစ်သည်။ သီပေါမင်းသားသည် အသက်(၁၉)နှစ်သား ဖြစ်သည်။ ဘုရင်လုပ်ရန် အသက်ငယ်ရွယ်လွန်းသည်။



သီပေါမင်းသားနန်းတက်သော် ဘုန်းကြီးများက သူ့ကိုဦးဆောင်လိမ့်မည်။

သီပေါမင်းသားသည် တစ်ချိန်က ရဟန်းဝတ်ဘဝတွင်ရှိခဲ့သည်။ ရဟန်းဘဝတွင် သိက္ခမ်းရင်းနှီးသော ရဟန်းများရှိပေလိမ့်မည်။

ကျွန်ုပ်ထံသို့ ယမန်နေ့က နောက်ထပ်နိုင်ငံရေးအရ ခိုလှုံလာသူတစ်စု လက်ခံကူညီပြီး ဗြိတိသျှဌာနေကိုယ်စားလှယ်အိမ်တော်သို့ ပို့ဆောင်ထားပြီး ဖြစ်သည်။ ယနေ့လည်း နောက်ထပ် နိုင်ငံရေးခိုလှုံခွင့် တောင်းခံမည့်သူများလာမည်နည်းဟု မျှော်လင့်မိသည်။ အကယ်၍ သီပေါမင်းသား မင်းဖြစ်လျှင်လည်း ကျွန်ုပ်အား နိုင်ငံရေးခိုလှုံခွင့်တောင်းသူများကို လက်ခံဆောင်ရွက်ကြောင်း သက်သေမကင်းဖြစ်ခဲ့သော် ရှင်းပြနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများတွင်လည်း အသက်ဘေးအတွက် ခိုလှုံခွင့်တောင်းခံပါက လက်ခံရန်ခွင့်ပြုသည်ကို သိရသည်။ ထိုအချက်သည် ကျွန်ုပ် အတွက် ခုခံပြောဆိုရန်ကောင်းသော အကြောင်းပြချက်ပင် ဖြစ်သည်။ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားတို့ ဗြိတိသျှဌာနေကိုယ်စားလှယ်တော်ထံသို့ ခိုလှုံရန် ဝင်ရောက်သွားပုံကို ကြားရသူတိုင်း ပြုံးကြသည်။ သူတို့၏ ထောက်ခံအားပေးမှုသည် ကျွန်ုပ်တို့အတွက်လည်း တစ်နည်းအားဖြင့် လုံခြုံမှုကိုပြုစေသည်။

ကျွန်ုပ်တို့နေထိုင်သော အိမ်ဝိုင်းအတွင်းတွင် လူအများနေထိုင်လျက်ရှိသော်လည်း ကျွန်ုပ်၏အိမ်မှာ များစွာကျယ်ဝန်းသောကြောင့် ကျွန်ုပ်ထံတွင် လူအများ ဝင်ရောက် ခိုလှုံနေထိုင်ခြင်းကို ထိုသူတို့ မသိရှိကြချေ။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားကုန်သွယ်မှုများလည်း ရပ်ဆိုင်းသွားလေပြီ။ အောက်ပြည်(ဗြိတိသျှပိုင်နယ်) သို့ စုန်ဆင်းမည့်သင်္ဘောတိုင်းခရီးသည်များအပြည့်နှင့် ဖြစ်နေသည်။ ဗြိတိသျှအစိုးရသည် သင်္ဘောတစ်စီးကို မန္တလေးနေပြည်တော်သို့ စေလွှတ်လျက် အကယ်၍ လိုအပ်လျှင် ကျွန်ုပ်တို့ပြန်လာနိုင်ရန် မန္တလေး၌ အသင့်စောင့်နေစေ၏။ ပြည်မြို့ သို့မဟုတ် သရက်မြို့တွင် အမြောက်တင်စစ်ရေယာဉ်တစ်စီးကို ဗြိတိသျှရေတပ်မတော် ကမ်းကက်တပ်မှ စစ်သည်များနှင့် အရေးပေါ်သော် မန္တလေးသို့ ဆန်တက်နိုင်ရန် အသင့်ထားသည်။

ကျွန်ုပ်တို့ဘက်မှ ဤသို့အစီအစဉ်ရှိသည်ကို မြန်မာမှူးမက်များ သိကြသည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာတို့အား ကျွန်ုပ်တို့ကို ခန့်ညားစေသည်။ အဆိုးဝါးဆုံးမှာ ဗြိတိသျှအောက်မြန်မာပြည်နေလူအများက မြန်မာမင်းနှင့် စစ်ပြိုင်လျက် ဗြိတိသျှအင်ပါယာလက်နက်နိုင်ငံအဖြစ်ပြုစေလိုကြသည်။ မန္တလေးရှိ ဗြိတိသျှအစိုးရ၏ ဌာနေကိုယ်စားလှယ်တော်က ရန်ကုန်ရှိ ဗြိတိသျှမဟာမင်းကြီးထံသို့ အောက်မြန်မာပြည် ရန်ကုန်မြို့မှ သတင်းစာဆရာများ၏ သွေးထိုးလှုံ့ဆော်ရေးသားချက်များအတွက် သေဒဏ်ပေးသင့်သည်။ ထိုရေးသားမှုများကို ဆိုင်းငံ့သင့်ကြောင်း စာရေးသားလိုသည်ဟု ဆိုသည်။

ဗြိတိသျှ အလံတော်အောက်သို့ ခိုလှုံသော မင်းသား (၂) ပါးကို အဓမ္မလုယူရန် မြန်မာအာဏာပိုင်တို့က ကြံနေသည်ဟု လူအများက ယုံကြည်ကြသည်။ သို့သော်လည်း ဤသို့သောလုပ်ဆောင်ချက်မှာ မြန်မာအာဏာပိုင်များသည် အရူးအမူးစိတ်ပေါ့သွပ်သူများ ဖြစ်မှသာ လုပ်ဆောင်မည်ဖြစ်ကြောင်း။

ညောင်ရမ်းမင်းသားက ကျွန်ုပ်အား အကယ်၍ သူသည် ရန်ကုန်သို့ စုန်ဆင်းရပါက ကျန်ရှိနေသောသူ၏ နောက်လိုက်များကို ကယ်တင်လျက် ဘေးမသီရန်မခ ရန်ကုန်သို့ပို့ဆောင်ရန်အတွက်သုံးရန် ရွှေပြားအချပ် (၃၀) ပေးပါသည်။ ရွှေသားအစစ်ဖြစ်ပြီး ပြုပြင်ထုတ်လုပ်မှုမရှိသောရွှေပြားများတည်း။ သူ၏ နောက်လိုက်များမှာလည်း ပြည့်စုံနေပြီဖြစ်၍ထပ်မံကုန်ကျမည့်အကြောင်းမရှိသဖြင့် ယင်းရွှေသားအစစ်အချပ်ရေသုံးဆယ်ကို ပြန်ပေးလိုက်ပါသည်။

ခရစ်နှစ် ၁၈၇၈ ခု၊
အောက်တိုဘာလ ၁၂ ရက်

ကျွန်ုပ်တို့ရှိရာ မန္တလေးနှင့် ဗြိတိသျှပိုင် အောက်မြန်မာပြည် ရန်ကုန်မြို့သို့ ဆက်သွယ်ထားသော ကြေးနန်းမှာ အဆက်အသွယ်မရ ပျက်သွားရာ ကျွန်ုပ်တို့အတွက် စိတ်လှုပ်ရှားစရာတစ်ခုဖြစ်သွားပါသည်။ ရန်ကုန်မှ ဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီးက ရုံးတွင်းစာများ အမြန်ရောက်ရှိရန် ကျွန်ုပ်တို့နေမှုထိုင်မှုကို အခြေအနေကို သတင်းမေးမြန်းကြည့်ရှုခိုင်းသော အမြန်သင်္ဘောသည် ဆိုက်ကပ်လာသည်။

ထပ်မံ၍အံ့ဩစရာကောင်းသောသတင်းမှာ သားတော်များကို ဖမ်းဆီးအကျဉ်းချစဉ် ဘုရင်မင်းကြီးမှာ အသက်ရှိသေးသည်။ အောက်တိုဘာလ ၁ ရက်နေ့ရောက်မှ နတ်ရွာစံတော်မူပါသည်။ မင်းတုန်းမင်းကြီးစျာပနတွင် မင်းကို့ထုံးစံနှင့်အညီ နိုင်ငံတော်စျာပနအဖြစ် ပြင်ဆင်ထားရာသို့ အများသူငါ ဂါရဝပြုရန် ရောက်ကြမည်ဖြစ်သော်လည်း ကျွန်ုပ်ရှုမြင်ရသောမြင်ကွင်းကဲ့သို့ အခြားသူများ မြင်ရမည်မထင်။ အလောင်းတော်ပြင်ဆင်ထားခြင်းကို ကြည့်လိုက်ခြင်းအားဖြင့် ယခင်ယူဆထားသော လွန်ခဲ့သည့်ရက်သတ္တပတ်(၃)ပတ်က နတ်ရွာစံကံတော်ကုန်သည်ဟု အသိမှာမှားယွင်း၍ ထိုအယူအဆကို ပယ်ဖျက်လိုက်ရပါသည်။

ဘုရင်မင်းမြတ်၏ စျာပနတော်ကျင်းပပုံကိုပြောရမည်ဆိုလျှင် -

ဗြိတိသျှအစိုးရ၏ ဌာနေကိုယ်စားလှယ်တော်မင်းထံသို့ မင်းတုန်းမင်းတရားကြီး နတ်ရွာစံကံတော်ကုန်ကြောင်း၊ နိုင်ငံခြားသားများကို ဘဝရှင်မင်းတရားကြီးကို အောက်မေ့ဖွယ်ရာ အမှတ်တရ ဂါရဝပြုလိုပါလျှင် ခွင့်ပြုထားပါသည်ဟု သံတမန်တို့ထုံးစံအရ ဖိတ်ကြားစာကို ရှုမြင်ရပါသော်လည်း ဗြိတိသျှနိုင်ငံသားများအတွက် သီးခြားဖိတ်ကြားစာမရရှိပါ။ မည်သို့ဖြစ်စေကာမူ ကြာသပတေးနေ့ ညသာန်းခေါင်ချိန်တွင် သောကြာနေ့ နံနက် (၆) နာရီမှ (၉) နာရီအတွင်း အင်္ဂလိပ်လူမျိုး ဗြိတိသျှဘုရင်မ၏ ကျေးကျွန်တော်များကို နတ်ရွာစံကံတော်ကုန်ပြီဖြစ်သော ဘုရင်မင်းကို ဖူးမြော်ဂါရဝပြုရန် အချိန်ပေးထားကြောင်း၊ ဗြိတိသျှဌာနေကိုယ်စားလှယ်တော်ရုံးမှအကြောင်းကြားလာသည်။

သောကြာနေ့ နံနက် (၈) နာရီတွင် ကျွန်ုပ်သည် နတ်ရွာစံဘုရင်ကြီးကို ဂါရဝပြုရန် စတင်သည်။ နန်းတော်အပြင်တံခါးတွင် မြင်းပေါ်မှဆင်း၍ ကျွန်ုပ်ဆောင်းသောထီးနှင့် မြင်းကို အပ်နှံထားခဲ့ရပါသည်။ လွှတ်တော်ရှေ့သို့ ခေါ်သွားပါသည်။ လွှတ်တော်၌ လွှတ်တော်တရားသူကြီး၊ မြို့သာဝန်ထောက်မင်းက လက်ခံကြိုဆိုပါသည်။ လွှတ်တော်တရားရုံးလှေကားထိပ်၌ ကျွန်ုပ်၏ ဖိနပ်များကို ချွတ်ရသည်။ ကျွန်ုပ်တို့ကို သိမ်မွေ့စွာဆက်ဆံပါသည်။ ကျွန်ုပ်တို့ ကြမ်းပြင်တွင်ထိုင်ကြပြီး စကားပြောစဉ် အင်္ဂလိပ်ကုန်သည်ကြီး မစ္စတာ ဒဘာယ . . . ၊ အီတာလျှံကောင်စစ်ဝန် မစ္စတာစီ . . . လည်း ရောက်လာကြသည်။

ရွှေနန်းတော်ကြီး၏ အဆောင်တော်တွေ ခမ်းနားပုံကို မရေးနိုင်။ အဆောင်များအထပ်ထပ်၊ ရွှေရောင်တဝင်းလျက်၊ အောက်ခြေမှာ ဟင်္သပဒါးအနီရောင်နှင့် အဆောင်များတွင် မြန်မာမှုပန်းပုလက်ရာများကို စိတ်နှင့်တွေးပါတော့ဟု ရေးရပါမည်။ စာပန်းချီလိုက်၍ မီအောင်မရေးနိုင်ပါ။ နန်းတော်အလယ်တွင်တည်ရှိသော သီဟာသနပလ္လင်ရှိရာ အခန်းကို ဖြတ်သွားပါသည်။ ပန်းပုလက်ရာများ၊ ရွှေပိန်းချထားသောနံရံ၊ မျက်နှာကြက်တို့အလယ်တွင် ရွှေထီးတို့ဖြင့် တွေ့ရသည်။ တံခါးပေါက်တစ်ခုပြီးတစ်ခု ဖြတ်ကျော်ပြီးသောအခါ မင်းတရားကြီး ရုပ်ကလာပ်ကိုထားရာ အခန်းသို့ ရောက်ပါသည်။အခန်းကကျယ်ပါသည်။ အလင်းရောင်ကဖျော့သည်။

သလွန်ပေါ်တွင် မင်းတရားကြီးအလောင်းကို တွေ့ရသည်။ မင်းသမီး (၂) ပါးက ယပ်ဖြင့် ခတ်ပေးနေသည်။ သလွန်တော်ခြေရင်းတွင် မိဖုရားများ၊ မင်းသမီးများ၊ အထိန်းတော်ကြီးများနှင့် အပျိုတော်တို့သည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်လျက်နေကြသည်။ အားလုံး အဖြူရောင်ကိုသာ ဝတ်ဆင်ကြသည်။ မင်းတရားကြီး၏ ကိုယ်ကိုလည်း ပိတ်ဖြူစဖြင့် လွှမ်းထားသည်။ မင်းတရားကြီး ရုပ်ကလာပ်မှာ လတ်ဆတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ပကတိအခြေအနေအတိုင်း လတ်ဆတ်စွာတွေ့ရခြင်းကြောင့် နတ်ရွာစံသည်မှာ (၂) ရက် သို့မဟုတ် (၃) ရက်ထက် မပိုဟု ခန့်မှန်းရပါသည်။ (၃) မိနစ်မျှ ကြမ်းပေါ် ထိုင်ပြီးနေပြီးနောက် ဂါရဝပြုခြင်းကိစ္စ ပြီးလေတော့သည်။

လာလမ်းအတိုင်း ပြန်လာရာ နန်းတော်မှ လွှတ်တော်၊ လွှတ်တော်လှေကားမှအဆင်း ကျွန်ုပ်တို့ချွတ်ခဲ့သော ဘွတ်ဖြေနင်းတို့မှာ လှေကားခြေတွင် မတွေ့တော့ပါ။ ဖိနပ်များမှာ လွှတ်တော်လှေကားခြေရင်းမှနေ၍ အခြားတရားရုံးတစ်ခု၏ လှေကားခြေရင်းသို့ ရွှေ့ပြောင်းထားလိုက်သည်ဖြစ်၍ ဖိနပ်ရှိရာသို့ ခြေအိတ်နှင့်မြေကြီးပေါ် လျှောက်ကာသွားခဲ့ရပါကြောင်း။ အီတလီသံက အတော်စိတ်ဆိုးသည်။ ကျွန်ုပ်မှာမူ စိတ်ဆိုးရမည့်အစား မရယ်မိရန် မနည်းကြိုးစားရလေသည်။ အဘယ်ကြောင့်ဆိုသော် မြေပြင်သည် စိုစွတ်နေ၍ ကျွန်ုပ်တို့ ခြေတစ်ခါလှမ်းလျှင် ခြေချရန်နေရာရွေးပြီး ကြောင်ကလေးများကဲ့သို့ ခြေချရသည်မှာ ရယ်ရန်ကောင်းသောကြောင့်တည်း။

မင်းတရားကြီး၏ ရုပ်ကလာပ်မှမျက်နှာတော်ကို ကျွန်ုပ်တို့ပြန်လျှင် ဇာပဝါဖြင့် လွှမ်းပြီးသောအခါမှ ကျန်ဥရောပသားတို့ကို ဂါရဝပြုခွင့်ပေးထားခြင်းကို ဆက်လက်ခွင့်ပြုသည်။ ကျွန်ုပ်အတွက်မှာ မင်းတရားကြီးရုပ်ကလာပ်တော်ကို ဂါရဝပြုခွင့်ရသည်ကို ကျေနပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မင်းတရားကြီးသည် ကျွန်ုပ်တို့၏ ဘုရားရှိခိုးကျောင်းဒါယကာ၊ ဘုန်းကြီးအိမ်ကို ဆောက်လုပ်ပေးသူ စသည်ဖြင့် လှူဒါန်းထားသူဖြစ်သောကြောင့်တည်း။ သူ၏ကောင်းမှုသည် ဘုရားသခင်ထံတော်ပါးတွင် သက်သေခံဝင်သည်။

အစောင့်အကြပ်များ ထူထပ်စွာချထားသည်။ သို့သော်လည်း လက်နက်မပြည့်စုံ၊ တိုက်ပွဲဝင်နိုင်သည့် အဆင့်မမီ၊ အိန္ဒိယတပ်မတော်မှ ခေတ်မမီသည့် သေနတ်များကိုပင် လူတိုင်းမကိုင်နိုင်၊ ထို့ထက် ခေတ်နောက်ကျသော တူမီးသေနတ်များကို ကိုင်ဆောင်သည်ကို တွေ့ရသည်။ နန်းတော်ဝန်းကျင်တွင်လည်း အမြောက်များထားရှိသည်ကို တွေ့ရသည်။ သို့သော် နန်းတော်ဝင်းအတွင်း အမြောက်မပစ်ရဟု အမိန့်ရှိသည်။ အမြောက်များကို လေ့ကျင့်ပစ်ခတ်မှုမရှိဟု သိရသည်။ အမြောက်များကလည်း ပစ်ခတ်ရန် စိတ်ချရသည့် အမြောက်များ ဖြစ်သည်၊ မဖြစ်သည်ကို မသိပြီ။ အကြီးဆုံးအမြောက်မှာ (၂၄) ပေါင်ဒါအမြောက် ဖြစ်သည်။ (၂၄) ပေါင်ဒါအမြောက် (၂) လက်ရှိသည်။

ကျွန်ုပ်တို့၏အဆွေတော် ညောင်ရမ်းမင်းသားမှာ ထီးနန်းမရ။ သီပေါမင်းသားသည် ထီးနန်းဆက်ခံရန် ရွေးချယ်တင်မြှောက်ခြင်းခံရလေသည်။ ကျွန်ုပ်တို့လည်း ယခင်လက ဆောင်ရွက်ချက်များကို နှုတ်ပိတ်ရေငုံပြုလျက် ကျွန်ုပ်တို့၏ သတင်းမပြန့်ပွားစေရန် ဆိတ်ဆိတ်နေရသည်။ ယခင်စာတွင် ဖော်ပြထားပြီးသည့်အတိုင်း မင်းသား (၂) ပါး၏ မိသားစုနှင့် အခြွေအရံတို့မှာ ဘေးကင်းစွာ ဌာနေဗြိတိသျှကိုယ်စားလှယ်တော်၏စံအိမ်ဝယ် ခိုလှုံပြီးဖြစ်သည်။ အလွန်ဘေးအန္တရာယ်များသော စွန့်စားမှုတစ်ခုပင်ဖြစ်သော်လည်း အကူအညီတောင်းခံလာသူများကို ကျွန်ုပ်သည် ပစ်ပယ်နိုင်စွမ်းမရှိပါ။ ကျွန်ုပ်၏စိတ်ထဲတွင် စံအိမ်တော်ဝင်းသို့ သူတို့ကိုပို့ရသည်က သူတို့ကို အကူအညီပေးရန် ငြင်းပယ်သည်ထက် ပိုမိုလွယ်သည်။ မိမိကိုအားကိုးလျက် အသက်ကယ်ပါရန် တောင်းခံလာသောသူတို့ကို ငြင်းပယ်ရန်မဝံ့ပါ။

အခြားသောမင်းသားတို့ကား သူတို့ရှေ့ရေးမသိ၊ အကျဉ်းချထားခံနေရသည်။ သူတို့၏ကျန်းမာရေးကို မစဉ်းစားဝံ့။ ဒုက္ခရောက်သူတို့အား ရယ်စရာစကားအဖြစ် ထည့်သွင်းပြောကြားသည်မှာ မပြုသင့်သောအရာဖြစ်သော်လည်း မန္တလေးမင်းနေပြည်တွင် ဤစကားများဖြစ်ပေါ်ခဲ့ပါသည်။ အကျဉ်းခံမင်းသားများသည် အကျဉ်းထောင်အတွင်း တိုက်ခန်းငယ်ကလေးအတွင်း နေရသည်။ တာဝန်ကျအမှုထမ်းက သူတို့စားရန် ထမင်းဟင်းတို့ကို ခွက်တွင်ထည့်၍ အပေါက်ငယ်မှ သွင်းပေးရသည့်အခါ -

အစောင့် -

"မင်းသား၊ ကျန်းမာပါရဲ့လား။ ထမင်းပါဗျား"

မင်းသားငယ်ကလေးဖြစ်၍ ဆာလောင်ပြီး ကြောက်လန့်သဖြင့် -

"မှန်လှပါ၊ ဘုန်းတော်ကြီးမြတ်တော်မူသော ဘဝရှင်မင်းတရားကြီး၏ ကရုဏာတော်ကြောင့် ကျန်းမာပကတိရှိပါသည် ခင်ဗျ"

ဟု ဖြေဆိုလိမ့်မည်။

သို့သော် မင်းသားသည် အသက် (၁၉နှစ်မှ ၂၅နှစ်) အတွင်းဖြစ်မှ -

အစောင့် -

"မင်းသား၊ ကျန်းမာပါရဲ့လား။ ထမင်းပါဗျား"

သင့်မြတ်သောအသံဖြင့် -

"ကျေးဇူးတင်သဗျား၊ ကျန်းမာစွာရှိကြောင်းမှတ်ကွယ့်"

ဟု မင်းသားက ဖြေဆိုလိမ့်မည်။

မင်းသားများအနက် အသက်အကြီးဆုံးမင်းသား (အသက် ၃၀ခန့်) ကမူ -

"ဟဲ့ - သပေါက်မသား၊ ငါ့လက်သုံးတော်ဓားတိုဆက်ဟဲ့၊ မင်းမျိုးကွန်ော် ငါ့ဘာသာအဆုံးစီရင်မယ်။ သင်းတို့အသတ် ငါခံမယ်ထင်သလား"

ဆိုသည်ဟု မြန်မာတို့က ရယ်စရာစကားလုပ်၍ ပြောသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ်ကြားရသည်။

မန္တလေးနေပြည်သည် နန်းတွင်းကိစ္စများကြောင့် မတည်ငြိမ်တော့ပါ။ စီးပွားကုန်သွယ်မှုများမှာ မူလထက်နည်းပါးသွားသည်။ ပြည်သူအများလည်း ကြောက်လန့်တကြားရှိချေသည်။ ကျွန်ုပ်၏ယူဆချက်မှာ တိုင်းပြည်၌ အန္တရာယ်ကျရောက်သည်အထိ မဖြစ်နိုင်ဟု ယူဆပါသည်။ မန္တလေးမြို့တော်မှ ငါးညအိပ်ခန့်သွားရသော ခရီးရှိရာ အိမ်ခြေ (၂၀၀၀) ခန့်ရှိ မြို့တွင် ဓားပြတို့ဝင်စီးသည်။ အိမ်များကိုမီးရှို့သည်။ တပ်များစေလွှတ်ရသည်။ ဓားပြများကို အမြန်မဖြိုခွင်းသော် ဓားပြမှ အဖမ်းခံထားရသော မင်းသားတစ်ဦး၏ သူပုန်တပ်ဖြစ်သွားနိုင်၍ ဖြစ်၏။ ကောလာဟလများကလည်း ပေါပါဘိ။ ကျွန်ုပ်တို့ ဘယ်ဟာကို ယုံရမည်နည်း။

မင်းတုန်းမင်းတရားကြီး၏ ဈာပနကို မင်းတို့အဆောင်အယောင်များဖြင့် သဂြိုဟ်တော်မူသည်။ ကျွန်ုပ်လည်း ဗြိတိသျှဌာနေကိုယ်စားလှယ်တော်ကြီးနှင့်အတူ လိုက်ပါပို့ဆောင်ရသည်။ ဈာပနအကြောင်းကိုကား စာရှည်အံ့စိုး၍ မရေးသေးပါ။ သီပေါမင်းသားသည် ဘုရင်အဖြစ်တင်မြှောက်၍ ဘုရင်မင်းဖြစ်တော်မူကြောင်း ကြေညာတော်မူသည်။

ဤတွင် ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီး ကိုယ်လ်ဘတ်၏ ခရစ်နှစ် ၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် နေ့စွဲပါသည် ပြီးဆုံး၏။ မန္တလေးနန်းတွင်းအကြောင်းကို ခရစ်ယာန်ဘုန်းတော်ကြီးတစ်ဦး၏ မှတ်တမ်းတိုဖတ်ရှုလေ့လာကြပါကုန်။

အနောက်တံခါးမှူးမောင်မှူး



www.burmeseclassic.com

www.burmeseclassic.com

ရိုးမင်း(မြောက်ဝည်း)

# ရေတွင်းတူး၍ရေမရသောသူများအတွက် နည်းလမ်းကောင်း

အိမ်ခြံဝင်းအတွင်း (သို့) ဥယျာဉ် လယ်ယာများအတွင်း ရေလို၍ရေတွင်း တူးရာ တချို့သောသူများ ရေမရ (သို့) တစ်နေရာမရ၍ နောက်ထပ်တစ်နေရာ ပြောင်းတူးသော်လည်း ရေလုံးဝမရသော သူများအတွက် ရည်ရွယ်၍အကြံပြုပေး ခြင်း ဖြစ်ပါသည်။

ရေတွင်းတူးရာတွင် အဓိကကျသူ မှာ ပိုင်ရှင်ဟုထင်မိပါသည်။ ပိုင်ရှင်သည် အိမ်ခြံဝင်းအတွင်း တူးချင်သောနေရာ အား လက်ညှိုးထိုးတူးခိုင်းသည်များပါ သည်။ ရေတွင်းတူးသောအလုပ်သမား တွင် အဓိကအပြစ်မရှိသလောက်နည်း ပါသည်။ အလုပ်သမားသည် စောဒက မတက်ရဲကြပါ။ ဒီနေရာ တူးဆိုတူး၊ ဟို နေရာတူးဆိုတူး အခကြေးငွေအတွက် သာ တူးကြရသည်များပါသည်။

ရေတွင်းပိုင်ရှင်တွင် ပျက်ကွက် သောအကြောင်းများအား ဉာဏ်မီ သလောက်ပြောပြရပါလျှင် တူးမည့်နေ့ အား နေ့ကောင်းရက်သာမရွေးချယ်ခြင်း၊ အန်းပွဲငှက်ပျောပွဲပေးရန်ပျက်ကွက်ခြင်း၊ အုံးပွဲငှက်ပျောပွဲအား ဖြစ်သလို ကြုံသလို အလေးကစားစရာသဖွယ်ပေးခြင်း၊ ရေ တွင်း ရေကန်မတူးအပ်သောနေ့များတွင် တူးခြင်း၊ ရေရရှိနိုင်သောအရပ်အား စဉ်းစား မဆန်းစစ်ခြင်းနှင့် ရှေးသူတော် ကောင်းတို့၏ လောကီကျမ်းများအား ပြစ်ပယ်ထားခြင်းများဟု ထင်မြင်မိပါ သည်။

သတိမေ့နေကြသူများအတွက် လောကီကျမ်းထဲမှ ရေတွင်းရေကန်မတူး အပ်သော ရက်အပိုင်းအခြားအား ဗဟု သုတအဖြစ် ဖော်ပြပါသည်။

ထိုရက်များတွင် နဂါးပေါ်ရက် များဖြစ်၍ နန်းအိမ်၊ ကျောင်း၊ ကန်၊



ဘုရား၊ မဏ္ဍပ်၊ ကနား၊ မင်္ဂလာ၊ ဆည် မြောင်း၊ ရေတွင်းရေကန် ရှောင်ရာ၏ ဆို သော ရှေးဆရာတို့၏ စာစကားများ လည်း မပြစ်ပယ်သင့်ပေ။

အဗျင်းဆရာတော်၏ ဗေဒမကုဋ္ဌ မာလာကျမ်းမှ ရေရှိရာအရပ်အား ဖော်ပြထားသည်မှာလည်း သတိပြုအပ် လှပါသည်။

တူးဖော်လိုသော အရပ်ဂြိုဟ် သက်ကိုတည်၊ ရှစ်ခုစား၊ အကြွင်းကို ၎င်းအရပ်ဂြိုဟ်ခွင်အထက်မှ ဆခိုတက် လေ။ (၆-၄) သည် ရေဖြစ်၏။ (၆) မှာ ရေငန်ဖြစ်၍ (၄) သည် ရေချိုရေကောင်း ဖြစ်၏။ အရပ်ဂြိုဟ်နှင့်တကွ (၄) အထိ သင်္ချာရှိအတိုင်းရော၍ရသော သင်္ချာကို ရေရအောင်တူးရမည့်အတောင်ဟု သိ ပါ။ တူးရမည့်အခါမှာ (၄) ဟူး ဏ္ဍ-

၂
၄
၆ ၁ ၂ ၃

၆ ၄

၈ ၅ ၀

မိတ္တာဖြစ်၍ အထက်တန်းကျ၏။ ကြာ အခါ၊ စနေအခါ ပေးပါ။

ဥပမာ တနင်္ဂနွေထောင့်ဟု ဆို အပ်သော အရှေ့မြောက်အရပ်၌ တူး မည်ဖြစ်အံ့။ (၁) နွေဂြိုဟ်သက် (၆) နှစ် တည်၊ (၈) ခုနှင့်စား၊ မစားနိုင်သဖြင့် (၆) ခုပင် အကြွင်းယူ။ ၎င်း (၆) ခုကို (၁)နွေ အပေါ်ကထား၍ ၁-၆-၄-၂ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြေဟု ဆို၍ချ။ ၎င်းတွင် ဗုဒ္ဓဟူး ထိ ဂဏန်းကိုပေါင်းသော် (၁၁) ဖြစ်၍ (၁၁) တောင်သည် ရေချို၊ ရေကောင်း ထွက်သည့်အတောင်ဖြစ်သည်ဟုမှတ်။ ဗုဒ္ဓအထက် စန္ဒြေ (၂)လာရှိသဖြင့် သစ်ပင် (သို့) ကုန်းချိုင့် စသည်အနီး တူးလေ့ ဟူ၏။ ဤမှကြွင်းသောအရပ် များကိုလည်း (၁) နွေအရပ်နည်းတူ ယူကြကုန်ရာ၏။

လွန်ခဲ့သောနှစ်များမှ ကိုစိုး၏ ဆရာ ချောင်းကောက်မှ အဘဘိုးငွေ မောင်၏နည်းကောင်းတစ်ခုအား ဖော်ပြ ပေးပါမည်။ နည်းကောင်းမဖော်ပြမီ မွေ့ လယ်ရွာတွင်းရှိ မိတ်ဆွေအသိတစ်ဦး အိမ်တွင် ရေတွင်းတူးရာ၌ အခက်အခဲ နှင့် ဆုံတွေ့ရပုံအား ဗဟုသုတအဖြစ် ပြောပြပါမည်။

ထိုအိမ်ရှင်မိသားစုသည် ရွာတွင်း ရှိ ရွာလယ်လမ်းမနှင့်ကပ်လျက်နေထိုင် ကြ၏။ ကိုစိုးနှင့် ရင်းနှီးကျွမ်းဝင်၏။ ရွာ တွင်းဈေးဝယ်သွားလျှင်သူတို့အိမ်ရှေ့မှ ဖြတ်ကျော်သည့်အခါ နှုတ်ဆက်နေကျ လည်း ဖြစ်၏။

တစ်နေ့တွင် ထိုမိသားစုသည် အိမ်ရှေ့ အနောက်မြောက်ထောင့် ဝင်း ထရံအနီးတွင် ရေတွင်းတူးရာ မြေစာ များအား အိမ်ရှေ့လမ်းမပေါ် သို့ဖို့ကြ၏။ တစ်နေ့တစ်နေ့ဖြင့် အိမ်ရှေ့လမ်းမသည် အဖုအထစ်များနှင့် မညီမညာဖြစ်နေ၏။ ထိုမညီညာသောလမ်းမမှ ရွာတွင်းဈေး ဝယ်သွားလျှင်ဖြတ်ကျော်ရ၏။ တစ်ပတ် ခန့်ကြာသောအခါ ထိုလမ်းမမှ မြေစာပုံ သည် ပျောက်သွားကာ အနည်းငယ်မျှ သာကျန်နေ၍ ပတ်ဝန်းကျင်အား လေ့လာကြည့်ရာ ရေတွင်းမှရေမထွက် ၍ ပြန်ဖို့လိုက်ရကြောင်း သိရ၏။

| | | | |
|---|---|---|---|
| ၁-နွေ | ဆန်းသောနှစ်တွင် | လဆန်း ၃၊ ၁၁ | လဆုတ် |
| ၂-လာ | ဆန်းသောနှစ်တွင် | ၁၃ | |
| ၃-ဂါ | ဆန်းသောနှစ်တွင် | ၉ | ၂၊ လကွယ် |
| ၄-ဟူး | ဆန်းသောနှစ်တွင် | ၅ | အဖိတ် |
| ၅-တေး | ဆန်းသောနှစ်တွင် | ၉ | ၆ |
| ၆-ကြာ | ဆန်းသောနှစ်တွင် | ၄ | ၁၊ ၁၃ |
| ၀-နေ | ဆန်းသောနှစ်တွင် | ၉ | ၆ |



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် နောက်တစ်နေ့တွင် အိမ်၏ အရှေ့မြောက်ထောင့် ဝင်းထရံအနီးတွင် နောက်ထပ် ရေတွင်းအသစ်တူးကြပြန်ပါသည်။ တွင်းမှထွက်သော မြေစာများအား အိမ်ရှေ့လမ်းမပေါ် သို့ပစ်၍ ဖို့ပြန်၏။ တစ်ပတ်ခန့်ကြာသောအခါ လမ်းမမှ မြေစာများ အနည်းငယ်သာကျန်၍ ပျောက်သွားပြန်သဖြင့် လေ့လာကြည့်သောအခါ ရေမထွက်၍ ရေတွင်းပြန်ဖို့လိုက်ရပြန်ပါသည်။ ရေနှစ်တွင်းတူးပြီး၍ ရေမရသေးခြင်း ဖြစ်ပါသည်။

ထိုနေ့ ရွာထဲမှ ဈေးဝယ်ပြန်လာသော ကိုစိုးသည် သူတို့အိမ်ရှေ့အရောက် အိမ်အောက်တန်းလျားခုံတွင် ထိုင်နေသော အိမ်ရှင်လင်မယားနှစ်ယောက်အားတွေ့၍ အလည်ဝင်မိတော့၏။

အိမ်အောက်တန်းလျားခုံတွင် ဝင်၍ထိုင်သည်နှင့် ကိုစိုးကပင် စကားစပြောရ၏။ သူတို့လင်မယားသည် အသက် (၆၀) နီးပါးရှိ၍ မျက်နှာများမကြည်သာ စိတ်ပျက်နေသည့်ပုံစံများပေါ် လွင်နေ၏။

"ရေတွင်းက ရေမထွက်ဘူးလားခင်ဗျ"

"ဟုတ်တယ်၊ မထွက်ဘူး"

ဘောက်ဆတ်ဆတ်နှင့်ဖြေသူမှာ ဖက်ကြမ်းဆေးလိပ်သောက်လျက်ဖြင့် ဘွားတော်ဖြစ်၏။ ဘိုးတော်မှ ဆိတ်ဆိတ်နေ၍ ဆေးလိပ်ဖွာနေ၏။

"အုန်းပွဲလေးဘာလေး မပေးဘူးလား"

"ပေးပါတယ်တော်၊ နှစ်ပွဲတောင်ပေးထားတာ"

"အတောင်တော်တော်နက်သလားခင်ဗျ"

"နက်တာပေါ့တော်၊ တူးတဲ့သူအသက်ရှူကျပ်လို့ ရပ်လိုက်ရတာ"

သူတို့ကိစ္စ အဆင်မပြေသလိုစကားပြောရာတွင်လည်း ခပ်ပြတ်ပြတ်ပြောဆိုနေ၍ ကြားရသူ ကိုစိုးသည် အနေကျပ်ရပြန်၏။ နံဘေးမှဘိုးတော်သည် ကိုစိုးအား ကြည့်၍ ညည်းတွားသည့်လေသံဖြင့် စကားစ၏။

"ဘယ့်နှယ်ကြောင့် ရေမထွက်တာလဲကွာ၊ သူများတွေဘယ်နေရာတူးတူးထွက်တယ်။ ငါ့ကျမှ နှစ်တွင်းရှိပြီရေမထွက်ဘူး"

ဘိုးတော်၏မျက်နှာ လမ်းမဘက်သို့ကြည့်ကာ ဆေးလိပ်ပြန်ဖွာပြန်၏။ ကိုစိုးသည် သူတို့လင်မယားအား မည်သို့ အကူအညီပေးရမည်ကို စဉ်းစားနေမိရာ ကိုယ်လည်း ဘာမှမလုပ်တတ်၍ အကြံအိုက်နေရာမှ သတိတစ်ခုဝင်လာ၏။ အဘကို အကူအညီတောင်းရလျှင် ကောင်းမည်လားဟု တွေးရင်းဖြင့် ဘိုးတော်၊ ဘွားတော်အား အကြံပေးပြောကြည့်လိုက်၏။

"ကျွန်တော် အကြံတစ်ခုလောက်ပေးချင်ပါတယ်။ ကျွန်တော်ကတော့ ဘာမှမလုပ်တတ်ပါဘူး။ ကျွန်တော့်အဘဘိုးငွေမောင်ကို အကူအညီတောင်းရင် ကောင်းမလားလို့"

ကိုစိုး၏စကားကြား၍ ဘိုးတော်၏မျက်နှာကြည်လင်လာ၏။

"အေး-ဟုတ်သားပဲ၊ မင်းပြောမှ သတိရတယ်။ ချောင်းကောက်က ဘိုးငွေမောင်ကို ပြောတာမို့လား"

"ဟုတ်ပါတယ်"

"အဲဒီဖိုးငွေမောင်က ငါတို့နဲ့အမျိုးတောင်စပ်လို့ရတယ်။ ကဲ-ပြောနေကြာတယ်ကွာ၊ အချိန်ရှိသေးတယ်။ ကဲ-မိန်းမ ငါ ချောင်းကောက်သွားမယ်။ ညနေပြန်လာမယ်"

"ကဲ-မောင်ရင်လည်း စကားပြောနေခဲ့ဦး"

ဘိုးတော်သည် ပြောပြောဆိုဆို စက်ဘီးအဟောင်းလေးစီးကာ အိမ်ပြင်ထွက်သွားတော့၏။ ကိုစိုးသည်လည်း ဘွားတော်နှုတ်ဆက်၍အိမ်ပြန်ခဲ့တော့၏။

ရွာထဲမရောက်သည်မှာ တစ်ပတ်ခန့်ကြာသော် ထိုနေ့မနက်ပိုင်းတွင် ချောင်းကောက်မှ အဘဘိုးငွေမောင်သည် ကိုစိုးတို့အိမ်သို့ ရောက်လာပါသည်။ အဘအား ခရီးဦးကြိုပြု၍ ညှိခံစကားပြောရ၏။

"အဘဘယ်သွားမလို့တုံးဗျ"

"ဘယ်မှမသွားဘူး၊ မင်းဆီတမင်လာတာ"

အဘသည် ကိုစိုးအိမ်လာလျှင်များသောအားဖြင့် ဂန့်ဂေါမြို့သို့ ခရီးဆက်သည်များပါသည်။ ယခု ဘာအကြောင်းရှိသည်မသိ၍ မေးရပြန်ပါ၏။

"ဒါဆိုလည်း အေးအေးဆေးဆေးနား ထမင်းစားပြီးမှပြန်နော် အဘ"

"မစားတော့ဘူးလူလေး၊ ရေတွင်းပိုင်ရှင်က အဘကို ထမင်းကျွေးမှာ။ မနေ့က စထွက်တာလို့ပြောတယ်။ ဒီနေ့မနက် တူးတဲ့ကလေးတွေ ဆင်းလို့မရတော့ဘူး။ မနေ့က လူကြုံမှာလိုက်လို့ ဒီနေ့လာတာ၊ ကန်တော့ချင်လို့တဲ့ကွာ။ အချိန်နည်းနည်းရတာနဲ့ လူလေးကို အဲဒီပညာပေးရင်းလာခဲ့တာ ကဲ-ရှင်းပလား"

အဘ၏ စကားကြားရ၍ ကိုစိုးသည် အလွန်ဝမ်းသာမိပါသည်။ ရေတွင်းပိုင်ရှင်သည် ရေရသွား၍ စိတ်ချမ်းသာကြမည်။ ကြားထဲမှ ကိုစိုးသည်လည်း ဝမ်းသာရပါသည်။ ယခုအဘက ပညာခန်းလေးတစ်ခုပေးဦးမည်ဆို၍ ပိုဝမ်းသာရ၏။

"အဘပညာခန်းလေးကို နောက်မှပြော။ သူတို့တူးတာ ဘာကြောင့်ရေမထွက်တာလဲဆိုတာ ကျွန်တော့်ကို အရင်ပြောပြပါဦး"

"အေး-ဒါဆိုရင်လည်းနားထောင်၊ သူတို့မိသားစုက အဘနဲ့ အမျိုးတော်တယ်။ ဟိုတစ်လောက လူလေးလွှတ်လိုက်တာဆိုပြီး အဘဆီလာတယ်။ လာရင်းကိစ္စကိုမေးတော့ ရေတွင်းရေမထွက်လို့ပေါ့ကွာ၊ ဒါကို အဘကလုပ်ပေးမယ် ပြောတော့ သူကျေနပ်ပြီး ရွာပြန်သွားတယ်။ နောက်နေ့ အဘမွေ့လယ်ကို လာတယ်။ လုပ်စရာလေးတွေလုပ်ပေးပြီး ရွာပြန်လာခဲ့တယ်။ အဲဒီနေ့ကအချိန် မရလို့ လူလေးဆီမရောက်ဖြစ်ဘူး"

အဘ၏ စကားအား ငေး၍နား ထောင်ရင်းဖြင့် ထောက်ခံရပြန်၏။

"ဟုတ်ကဲ့ - ဆက်ပြောပါ အဘ"

"ဒီလိုကွ၊ သူတို့က တော တောင်သားဆိုတော့ ရိုးသားတယ် အလျှုဒါနလည်းရှိတယ်။ ဘာသာရေး လည်း လိုက်စားကြတယ်။ ရေရမယ့် ကလည်းအပြည့်ရှိတယ်။ ခုဘာကြောင့် ရေမရတာလဲလို့မေးရင် တစ်ယူသန်လို့ လို့။ တစ်ယူသန်ဆိုတာက သူတို့ န မကိုးကွယ်ဘူး။ အဲ- နတ်ကို မယုံဘူး အဲဒါအဓိကပဲ။ အုန်းပွဲဖြစ်သလို တယ်။ ဆိုင်ရာပိုင်ရာတွေကို ဂရုမစိုက် ဘူး။ လောကီကျမ်းတွေမှာပါတဲ့ ရှောင် ရန်၊ ဆောင်ရန်ဆိုတာတော့ ဝေးဝေး ဘာမှနားမလည်ဘူး။ အဲဒါတွေကြောင့် တော့လွဲနေတာ။ သူတို့အိမ်ထဲမှာ ဘယ် နေရာတူးတူး ရေထွက်တယ်၊ အခုအ တူးခိုင်းတဲ့နေရာလည်း လူလေးရော ရင်သွားကြည့်။ အရင်ဆုံး တူးတဲ့ကျ ရဲ့ဘေး (၃) တောင်လောက်ပဲကွာတယ် အဝေးကြီးမဟုတ်ဘူး။ ရေကလည်း အချို ပေါ်မှပေါ်။

ကဲ - လုပ်ပုံကိုင်ပုံပြောမယ် တစ်ခါတည်း အလွတ်ရအောင် ထောင်။ စာအုပ်နဲ့ မှတ်မနေရ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com

အဲရိုးကျော်

# အစွမ်းထက်သည့် လိပ်ခေါင်းဆေး

လိပ်ခေါင်းရောဂါသည် အရွယ်ရောက်ပြီးသူ အတော်များများ တွေ့ကြုံရသောရောဂါ ဖြစ်သည်။ အညောင်းထိုင် ဝမ်းချုပ်ပြီး တုံးလုံးပက်လက်နားလေ့မရှိသူများ အဖြစ်များသည်ကိုတွေ့ရသည်။ မျိုးရိုးလိုက်သည်ကိုလည်းတွေ့ရပါသည်။

စာရေးသူငယ်စဉ် အသက်(၂၆)နှစ်ခန့်မှစပြီး လိပ်ခေါင်းသွေးကျဝေဒနာစတင်ခံစားခဲ့ရာ ဆွေမျိုးမွေးချင်းများကဲ့သို့ ဆေးရုံတက်သားရေကွင်းပစ်ခြင်း၊ ခွဲစိတ်ခြင်းများမပြုလုပ်ဘဲ ထိကရုန်းနှင့်ကျောက်ချဉ်ကိုသာအဖော်ပြုပြီး ရောဂါကို ထိန်းထားလာခဲ့သည်။ ယခုအသက်(၅၉)နှစ် (၂၀၁၂) တွင် အသည်းဝေဒနာပါ ပြင်းထန်စွာခံစားလာခဲ့ရာ လိပ်ခေါင်းဝေဒနာပေါ်လာပြီး ခွဲရန်မဖြစ်သဖြင့် ဆရာဝန်လိမ်းဆေး၊ စားဆေးတို့နှင့်ကုသ၍မပျောက်ဘဲ သက်သာရုံမျှသာ ရှိခဲ့ပါသည်။

လိပ်ခေါင်းရောဂါနှင့်ပတ်သက်၍ သုတေသီတို့နှင့် တိုင်းရင်းဆရာကြီးများ၏ ဖော်ပြချက်အရ လိပ်ခေါင်းဆေးဖက်ဝင်များမှာ ကျားတံတောင်ဆစ်ရိုး၊ ကုန်းထိကရုန်း၊ သပွတ်ခါး၊ ဟင်းနုနယ်၊ ကြက်သွန်နီ၊ မုန်လာဥဖြူ၊ မြေဆီးဖြူ (သွေးတိတ်ရန်) ဖားပြုပ်၊ ကွမ်းရွက်၊ စောင်းလျားသီး၊ နနွင်း၊ သဘော်သီး၊ ကျောက်ချဉ်တို့ဖြစ်ကြောင်း စာစောင်များနှင့် တိုင်းရင်းဆေးဆရာကြီးများ၏ စာအုပ်များတွင် ဖတ်ရှုမှတ်သားရပါသည်။

၂၀၁၂ ခုနှစ်က ကိုယ်တိုင်ခံစားရပြီး ရောဂါမသက်သာသောအခါ အိမ်သာတက်ရန်ပင် ကြောက်နေရပါသည်။ သွေးကျခြင်း၊ စအိုစူထွက်ခြင်းမှာ ငိုမတတ် ခံစားရပါသည်။ ယခင်က သဘော်သီးမှည့်ကို (၄)ရက်၊ (၅)ရက် ဆက်တိုက်စားသော်လည်း အကြောင်းမထူးသဖြင့် လိပ်ခေါင်းအတွက် အလေးမထားခဲ့ချေ။

အသည်းရောဂါနှင့် ပူးတွဲခံစားရသောအခါ ဆေး(၁)မျိုးတည်းနှင့် ရောဂါ(၂) မျိုး သက်သာနိုင်သည် ဟူသောယူဆချက်ဖြင့် တစ်ရက်တွင် သဘော်သီးမှည့်(၁)ခြမ်း ဆက်တိုက်စားပါတော့သည်။ (၁၀)ရက်နှင့်မထူးခြားပါ။ ရက်(၂၀) ပြည့်တော့ ရောဂါသက်သာလာသည်။ ရက်(၃၀)ပြည့်သောအခါ စအိုဝမှာ ပကတိခွက်နေပြီး လိပ်ခေါင်းဝေဒနာလုံးဝသက်သာသွားကြောင်း တွေ့ရပါသည်။

သဘော်သီးအပင်များ အသုံးဝင်ပုံကို လေ့လာတွေ့ရှိသမျှ ဖော်ပြရသော် အရွက်ကို အစာကြေဆေး၊ သန်ချဆေး၊ ကင်ဆာကာကွယ်ဆေးအဖြစ် သုံးစွဲကြောင်းတွေ့ရသည်။ ယခု U.S.A မှ သဘော်သီးအစာကြေဆေး ထုတ်လုပ်ရောင်းချနေပေပြီ။ သဘော်စေ့ကို ယားနာများ၊ ကင်းကိုက်ခြင်း၊ အစာကြေရန်၊ သန်ချရန်သုံးကြကြောင်းတွေ့ရပါသည်။ သဘော်သီးအစိမ်းကို ဝမ်းမှန်ရန် ဟင်းချက်စားခြင်း၊ အသည်းရောဂါအတွက် သတ္တုရည်ကိုသုံးခြင်း တွေ့ရသည်။ သဘော်သီးအမှည့်ကို အသည်းအားဆေး၊ ဝမ်းဆီးမှန်ရန်၊ မျက်စိအားကောင်းရန် အသုံးပြုကြသည်။ ပြည်တွင်း၊ ပြည်ပတွင် သဘော်ပင်နှင့်ပတ်သက်၍ သုတေသနပြုနေကြကြောင်းလည်း မှတ်သားရပါသည်။

လိပ်ခေါင်းဝေဒနာရှင် အပေါင်းတို့အနေဖြင့် အထူးတင်ပြလိုသည်မှာ လိပ်ခေါင်းရောဂါဝေဒနာသက်သာရန် သဘော်သီးမှည့်(အမှည့်မလွန်စေရ) ကို ရသည့်နည်းဖြင့် နေ့စဉ် စားနိုင်အောင် ရှာဖွေစုဆောင်းသုံးဆောင်ကြပါ။ လိပ်ခေါင်းပေါ်တော့မည်ဆိုလျှင် စအိုယားတတ်သည်ကို သတိပြုပါ။ ထိုအချိန်မှစပြီး တုံးလုံးပက်လက်အနားယူပေးပါ။ မတ်တတ်ရပ်လုပ်ကိုင်ရသောအလုပ်နှင့် ဆောင့်ကြောင့်ထိုင်လုပ်ရသော အလုပ်ကိုရှောင်၊ အပူအစပ်ရှောင်ပါ။ အသားစားလျှော့၊ အရွက်စုံစားပါ။ ထိုသို့ ပြုမူစားသောက်နေထိုင်မည်ဆိုပါက ကြောက်စရာကောင်းသော လိပ်ခေါင်းဝေဒနာမှ ကင်းဝေးကြလိမ့်မည် ဖြစ်ကြောင်းကို စေတနာထား ဖော်ပြအပ်ပါသည်။

အဲရိုးကျော်

ခေါင်းညိတ်၍နားထောင်နေမိ၏။

"ရေတွင်းစမတူးခင် အရင်နေ့မနက် (၉) နာရီအတွင်းမှာ အပြီးစီရင်သည်းရတယ်။ ဒါမမဟုတ် တူးတဲ့နေကျမှ စီရင်ချင်လည်းရတယ်။ ကြိုက်သလိုလုပ်၊အောင်တယ်။ အဲရှောင်ရန်၊ဆောင်ရန်တော့ မမေ့နဲ့နော်"

"ဟုတ်ကဲ့"

"ကြွက်မြီးကောင်းကောင်း၊ အုန်းသီးတစ်လုံး၊ ငှက်ပျောသီး (၃) ဖီး၊ (၂)ဖီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကွမ်း၊ လက်ဖက်၊ ဒါဆို ပွဲအောင်ပြီ"

အဓိကမာတ်က မုန့်လုံးရေပေါ်နဲ့ သဘော်သီးမှည့်ပဲ။ သူတို့မပါလို့မရဘူး။ မုန့်လုံးရေပေါ် ဓာတ်က ရေမြန်မြန်ပေါ်အောင်လို့၊ သဘော်သီးမှည့်က သဘော်ဆိုတာ ရေပေါ်မောင်းမှုရတယ်။ ရေနည်းနည်းနဲ့မောင်းလို့မရဘူး။ ရေများမှမောင်းလို့ရတယ်။ ရေများများပေါ်အောင် ဒီဓာတ်ကိုယူတာ။

မုန့်လုံးရေပေါ်ကို ကွမ်းသီးလုံးလောက်ကြီးကြီးလုပ်၊ ပန်းကန်အပြည့် (၁) ပွဲ၊ သဘော်သီးမှည့်ကြီးကြီး (၁) လုံး (၁) ပွဲလျှ ဒါဆိုရပြီ။ သဘော်သီးမှည့်ကို ဓားနဲ့နုပ်နုပ်မစဉ်းရဘူးနော်။ အလုံးလိုက် အလယ်ကခြမ်း၊ အတွင်းကအကာအစေ့ဖယ်၊ နှစ်ခြမ်းပေါ့။ ပက်လက်လှန်ထား သဘော်ပုံစံပေါ့။ စားပွဲသန့်သန့်ပေါ်မှာ အုန်းပွဲ၊ မုန့်လုံးရေပေါ်၊ သဘော်သီးမှည့်၊ ဒါတွေကို တူးမယ့်ရေတွင်းနံဘေး လွတ်ရာထားလိုက်ရင်ရပြီ။ ကဲ - မရှင်းတာဘာရှိသေးလဲ"

"ဟုတ်ကဲ့-ရှင်းပါတယ်အဘ၊ ဒါနဲ့စောစောက အဘပြောတဲ့နတ်တို့ဆိုင်ရာပိုင်ရာတို့ဆိုတာ ပြောပြပါဦး အဘရဲ့"

"မင်းကလည်းကွာ၊ ဒါလေးတောင် မသိတော့ဘူးလား။

ရေကိုစောင့်တာ အထက်နတ်တွေလည်း အကုန်ပါတယ်။ အောက်နတ်တွေလည်းပါတယ်။ နတ်နဂါးတွေပါတယ်။ အောက်နတ်ထဲက ရေငန်ပိုင်ဦးရှင်ကြီးက အဓိက၊ မင်းပြောတတ်သလိုပြော အောင်တယ်။ ကဲ - အဘလည်း ရွာထဲပြန်ဦးမယ်"

"ဟုတ်ကဲ့ အဘ"

အိမ်အပြင်ထိလိုက်ပို့ရင်း ရွာထဲသို့ပြန်သွားသော အဘ၏ ကျောပြင်အား ငေးမောကြည့်၍ ကိုစိုးတစ်ယောက် ဝမ်းသာမှုအပြည့်နှင့် ပီတိဖြစ်နေပါတော့၏။

စိုးမင်း (မြောက်ဒဂုံ)



www.burmeseclassic.com

www.burmeseclassic.com

# အောင်ခြိမ့်မိုး

## ကျောက်အိုးပေါက်ရတနာသိုက် တူးဖော်ခဲ့ကြစဉ်က

ကျောက်ရန်ရွာ။

အမည်သာရှိသည်။ ရွာကားမရှိ။ လယ်ကွင်း၊ ယာခင်းများနှင့် လယ်တဲ၊ ယာတဲများသာရှိသည်။ လွတ်လပ်ရေးမရမီနှင့်လွတ်လပ်ရေးရရှိပြီးစကာလများက အလွန်စည်ကားခဲ့သည့် ကျောက်ရန်ရွာပါ။

လွတ်လပ်ရေးရပြီး ရောင်စုံသူပုန်သောင်းကျန်းချိန်၌ ထိုရွာသည် အလွန်အရေးပါခဲ့သည်။ ရဲဘော်ဖြူခေါ် အလံဖြူပါတီ၏ ဌာနချုပ်ရုံးစိုက်နေရာ ဖြစ်သည်။ လက်နက်စက်ရုံ၊ ပုံနှိပ်စက်ရုံများရှိခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်၌ 'ဂါမဏိ' ခေါ် တပ်မတော်ထိုးစစ်ကြီးဖြင့် သူပုန်များအား တိုက်ထုတ်ပြီး ရွာကိုလည်း မြေလှန်စနစ်ဖြင့် ဖျက်ဆီးခဲ့သည်။ အနီးရှိမောက်လုပ်ရွာ၊ အထက်ငနန်းရွာ၊ အောင်သာရွာ၊ ကြိုပင်ရွာများသို့ ရွှေ့ပြောင်းပြီး ရွာဖျက်ခဲ့သည်မှစ၍ ထိုနေရာကို 'ကျောက်ရန်ရွာဟောင်း' ဟု ခေါ်ကြသည်။

သို့ရာတွင် နိုင်ငံတော်၏တရားဝင်မြေပုံဟောင်းများပေါ်၌ ကျောက်ရန်ရွာကား တည်ရှိဆဲပင်ဖြစ်သည်။ ပုလဲမြို့နယ် အနောက်မြောက်ခြမ်းအစွန်အဖျား၌ တည်ရှိသည်။ အရှေ့မြောက်ဘက် တစ်မိုင်ခွဲခန့်တွင် မောက်လုပ်ရွာ၊ အရှေ့ဘက်နှစ်မိုင်ခန့်တွင် အထက်ငနန်းရွာ၊ တောင်ဘက်၌ အောင်သာရွာ၊ အနောက်မြောက်ဘက်၌ ကြိုပင်ရွာတို့ရှိသည်။ အနောက်တည့်တည့်တွင်ကား ပုံတောင်၊ ပုံညာတောင်ဆွယ်၊ တောင်တန်းများ တည်ရှိလေသည်။

ထိုတောင်တန်းပေါ်ရောက်သည့်အခါ၌ သူ့နေရာနှင့် သူ့အခေါ်အဝေါ်များ တစ်သီးတစ်သန့်စီရှိနေသည်။ ကိုင်းချောင်း၊ မြေနီတောင်၊ မယ်ကျော်လှဒန့်ဒင်၊ ကျောက်အိုးပေါက် စသည်ဖြင့် သူ့ နေရာနှင့်သူအစွဲပြု၍ အခေါ်အဝေါ်များရှိနေကြသည်။

ကျောက်ရန်ရွာ ပျက်သုဉ်းပြီးနောက် ရွာကို အလွန် စွဲလမ်းသည့် ဦးစံဝဆိုသူသည် ကျောက်ရန်ရွာဟောင်း၌ပင် တဲငယ်တစ်လုံးဆောက်၍ သူပိုင်





www.burmeseclassic.com

www.burmeseclassic.com

လယ်ယာများကို လုပ်ကိုင်စားသောက် နေလေသည်။

အလံဖြူ (ရဲဘော်ဖြူ)များ အလင်းဝင်ပြီး တစ်နှစ်ခန့်အကြာ ညတစ်ညတွင် ဦးစံဝတဲသို့ မျက်နှာစိမ်းဧည့်သည် (၄) ဦးရောက်လာသည်။ ထိုလေးဦးအနက် အသက်(၅၀)နှစ်ခန့်ရှိပုဂ္ဂိုလ်ကား တစ်မူထူးခြားနေသည်။ ပိုးပဝါပန်းရောင်ကို ခေါင်းပေါင်းထားသည်။ ပင်နီတိုက်ပုံ၊ ပုဆိုးကွက်ကျဲကျဲဝတ်ဆင်ထားပြီး နှုတ်ခမ်းမွေးကားကား၊ အရပ်ထောင်ထောင် မောင်းမောင်းနှင့်ဖြစ်သည်။

ဦးစံဝတဲတွင် တည်းခိုခွင့်တောင်းပြီး ခွင့်ပြုချက်ရသည်နှင့် ထိုပုဂ္ဂိုလ်ကြီးက ဦးစံဝ၏ ဘုရားကျောင်းဆောင်တွင် ပစ္စယများနေရာချ၊ အိပ်ရာများပြင်ဆင်ကြသည်။

ဦးစံဝကား ထူးခြားလှသည့်ဧည့်စိမ်းများအား လက်ခံမိပြီ။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ဦးစံဝဇနီးက အနီးရှိ မောက်လုပ်ရွာသို့ အသုဘရှိ၍ထွက်သွားသည်။ တစ်ညဉ့်အိပ်ခဲ့ဦးမည်ဟုဆိုသည်။

ဧည့်သည်ပုဂ္ဂိုလ်ကြီးက ဦးနှုတ်ခမ်းမွေး (ဦးစံဝ စိတ်ဖြင့် ပေးထားသည့် အမည်)သည် ဘုရားဝတ်တက်နေသည်။ ကျန်တပည့်သုံးဦးက ကောက်ညှင်းပေါင်း၊ ငါးရံ့ခြောက်ဖုတ်တို့ကို အသင့်ပြင်နေသည်။ ဦးနှုတ်ခမ်းမွေး ဘုရားဝတ်တက်အပြီး၌ နံနက်စာစားကြသည်။

လာကြတဲ့ မိတ်ကောင်းဆွေကောင်းတွေပေါ့ဗျာ"

ဟု ဧည့်သည်ဦးနှုတ်ခမ်းမွေးက စကားစသည်။

ဦးစံဝသည် ယုံရခက်ခက်၊ မယုံရခက်ခက် အူလည်လည်ဖြစ်သွားသည်။

ဧည့်သည်မှစကားဆက်သည်။

"သိသူဖော်စား၊ မသိသူကျော်သွားတဲ့ စကားပုံအရှိသားမဟုတ်လား။ အချိန်နာရီ၊ နေ့ရက်ကလည်း သိပ်ကပ်နေပြီဆိုတော့ ကျုပ်ရှည်ရှည်ဝေးဝေး ဝေ့ဝိုက်မနေချင်ဘူး။ ဦးစံဝကိုမေးမယ်။ သူဌေးမဖြစ်ချင်ဘူးလား"

"ဟာ-ဆရာကြီးရယ်၊ မဖြစ်ချင်ရှိပါ့မလား။ ဖြစ်ချင်တာပေါ့ဗျာ"



ယောင်းတိုင်းများထွန်းညှိ၊ ကန်တော့ပွဲများကပ်လှူပြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်းများပြုတော့သည်။ ကျန်တပည့်ဖြစ်ဟန်တူသူသုံးဦးက ပစ္စည်း

"နောင်ကြီးနာမည်က ဦးစံဝနော်။ ကျွန်တော်တို့က တန့်ဆည်နယ်ကပါ။ ဦးစံဝသူဌေးဖြစ်ချိန်တန်လို့ အထက်ပုဂ္ဂိုလ်များရဲ့ စေခိုင်းချက်အရ ရောက်

ဟု ဦးစံဝ ချက်ချင်းတုံ့ပြန်သည်။

သို့နှင့် အပြန်အလှန်မိတ်ဆက်ကြ၊ သူ့အကြောင်းကိုယ့်အကြောင်းပြောကြပြီး လိုရင်းသို့စကားစကြသည်။

"လာ - ဦးစံဝ၊ ကျွန်တော်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဧည့်သည်မှပြော၍ ဦးစံဝအား တဲနောက်ဘက်သို့ခေါ်ဆောင်သွားသည်။ ထို့နောက် ဦးနှုတ်ခမ်းမွေးမှ အနောက်ဘက်တောင်တန်းကြီးသို့ လက်ညှိုးညွှန်ပြ၍-

"ဟိုးကတောင်တန်းကိုကြည့်စမ်း ဦးစံဝ။ ထူးထူးခြားခြား ရေအိုးကြီးနဲ့တူတဲ့ တောင်ကလပ်ကြီး မြင်ရဲ့မို့လား။ ရောက်ကောရောက်ဖူးလား"

ဟု စကားဆို၏။

"ဟာ - ဆရာကြီးနှယ်၊ ရောက်ဖူးတာပေါ့။ အဲဒီတောင်ကို ကျောက်အိုးပေါက်လို့ခေါ်ကြတယ်။ လှည်း၊ နွားမတက်နိုင်ဘူး။ ရေအိုးအပြင်သားလိုပဲ၊ မတ်မတ်ကြီး။အဲ - အပေါ်မှာတော့ မြေပြန့်ကြီးဗျ။ ဆယ်ဧကလောက်ရှိမလားဘဲ။ သစ်ဝါးပေါတယ်။ လူချည်းတက်ပြီး ခုတ်ရတယ်။ ပြီးရင် ကလပ်အခြေကို စောက်ထိုးချရတယ်။ ပြီးမှ လှည်းနဲ့သယ်ရတယ်"

ဟု ဦးစံဝ တုံ့ပြန်လိုက်သည်။

"ဟုတ်ပြီဗျို့၊ လာ-စားပွဲဆီပြန်ကြစို့။ အကျိုးအကြောင်းရှင်းပြရတာပေါ့"

ဦးနှုတ်ခမ်းမွေးသည် ပြောပြောဆိုဆို တဲထဲသို့ပြန်ဝင်သည်။ ဦးစံဝလည်း ဘာမှနားမလည်သည့်မျက်နှာဖြင့်နောက်မှလိုက်ခဲ့၏။ စားပွဲမှာထိုင်မိသည်နှင့် ဦးနှုတ်ခမ်းမွေးသည် ရေနွေးတစ်ခွက်သောက်ပြီး စကားစလေသည်။

"ဒီလို ဦးစံဝရဲ့၊ အဲဒီကျောက်အိုးပေါက်တောင်ကြီးရဲ့အထဲမှာ ရတနာတွေရှိတယ်။ သိုက်စာအရတော့ 'ကျွဲဖြူတစ်ကောင်လုံးချက်ကျွေး၍ လိုသလောက်ယူလေ' လို့ ရေးထားတယ်။

ဦးစံဝက နယ်ခံဆိုတော့ ကျွဲဖြူတစ်ကောင်ရှာဝယ်ပြီး တစ်ကောင်လုံးချက်ပါ။ ပြီးရင် ကျောက်အိုးပေါက်ဆီကိုလမ်းပြပြီး ကျုပ်တို့ကိုခေါ်သွားပါ။ ဟိုရောက်ရင် စီရင်စရာစီရင်ပြီးလို့ ရတနာတွေရခဲ့ရင် ငါးပုံတစ်ပုံပေးမယ်ဗျာ။ဘယ်သူမှတော့ မသိစေနဲ့။ သဘောတူရင် အခုပဲလုပ်ငန်းစကြရအောင်။ ကျွဲဖြူတစ်ကောင်တော့ရအောင်အမြန်ရှာပေတော့"

ဦးနှုတ်ခမ်းမွေးစကားကြားလိုက်ရတော့ ဦးစံဝ တော်တော်ဝမ်းသာသွားသည်။ ဒါဟာ ငါ့ကုသိုလ်ကံကြောင့် ရတနာပုံဆိုက်တာပဲလို့တွေးပြီး -

"ကဲ-ဒါဆိုဆရာကြီးတို့တဲမှာနေခဲ့ကြဦး။ ကျွဲဖြူက သိပ်ရှာစရာမလိုဘူး။ ဈေးတည့်လျှင်ဆွဲလာရုံပဲ။ ဒီကနေ တစ်တိုင်(နှစ်မိုင်)လောက်ဝေးတဲ့ ကြို့ပင်ရွာကအသိဆီမှာ ကျွဲဖြူတစ်ကောင်ရှိတယ်။ သူကသစ်သမားလေ၊ သစ်ဆွဲကျွဲဆယ်ကောင်လောက်ရှိတယ်။ အကျိုးအကြောင်းကြံဖန်ပြောရင် ရနိုင်ပါတယ်။ အသွား၊ အပြန် (၃)နာရီထက်မကြာပါဘူး"

ပြောပြောဆိုဆို ဦးစံဝသည် ကြို့ပင်ရွာသို့လှည်းဖြင့်ထွက်ခွာခဲ့သည်။ ကြို့ပင်ရောက်တော့ ကျွဲဖြူဝယ်လိုကြောင်း ပြောသည့်အခါ ပိုင်ရှင်ကလည်းရှော ရှောရှူရှူသဘောတူလေသည်။ ကျွဲဖြူမှာ လွန်ခဲ့သောနှစ်ရက်က ရှေ့ညာဘက်လက်သစ်ညှပ်၍ နာထားသောကြောင့် ရောင်းချင်နေသည်နှင့် အတော်ပင်ဖြစ်ပေသည်။ သို့နှင့်ကျွဲဖြူကို ငွေသားအချိန်သုံးကျပ်ပေး၍ ဝယ်ယူခဲ့သည်။ ထိုစဉ်က ငွေကြေးသုံးစွဲနေသော်လည်း မြို့ပြနှင့်ဝေးလံလှသော ယင်းဒေသ၌ ငွေတုံးငွေသားများဖြင့် ဖလှယ်သုံးစွဲသည့်အလေ့ကရှိနေသေးပေသည်။

သို့နှင့် ဦးစံဝသည် ကျွဲဖြူကိုဆွဲလာလေရာ နေ့လယ်(၁၂)နာရီခန့်တွင် တဲသို့ပြန်ရောက်လေသည်။

တဲသို့ရောက်သော် ဦးနှုတ်ခမ်းမွေး၏တပည့်သုံးဦးမှ ကျွဲကိုသတ်၍ ချက်လေသည်။ ကျွဲတစ်ကောင်လုံးချက်ရန်အတွက် အလံဖြူရဲဘော်များကျန်ခဲ့သော ဒယ်အိုးကြီးနှစ်လုံးကလည်း အဆင်သင့်ပင်။ ချက်ပြုတ်ပြီးနောက် ညနေ (၃) နာရီခန့်တွင် ဦးစံဝနှင့် ဧည့်သည်လေးဦးတို့ ကျွဲသားဟင်းများတစ်ပါတည်းသယ်ဆောင်၍ ကျောက်အိုးပေါက်တောင်သို့ လှည်းဖြင့်ထွက်ခဲ့ကြသည်။ မအေးချမ်းသောခေတ်ကာလဖြစ်သောကြောင့် လမ်းခရီး၌ လူသူတစ်ဦးတစ်လေမှမတွေ့ရပေ။

ကျောက်အိုးပေါက်တောင်ခြေသို့ ညနေ(၅)နာရီခန့်တွင်ရောက်ရှိလေသည်။ ရောက်သည်နှင့် မြေရှင်း၊ ကန်တော့ပွဲပြင်၊ ဖယောင်းတိုင်ထွန်း၊ ကျွဲဖြူသားအိုးကြီးနေရာချနှင့်ပြင်ဆင်ကြသည်မှာ နာရီဝက်ခန့် အချိန်ကုန်သွားလေသည်။ လိုအပ်သည်များ ပြင်ဆင်ပြီးသည်နှင့် ဦးနှုတ်ခမ်းမွေးသည် ကျောက်အိုးပေါက်တောင်ဘက်သို့လှည့်၍ ဂါထာလိုလို၊ မန္တန်လိုလို၊ ကဗျာလိုလိုစာများ ရွတ်ဆိုလေတော့သည်။

ဦးစံဝလည်း ကြောက်ကြောက်လန့်လန့်ဖြင့် တပည့်သုံးဦးကဲ့သို့ဆောင့်ကြောင်ထိုင်ကာ ကျောက်အိုးပေါက်တောင်ဘက်မျက်နှာမူ၍ လက်အုပ်ချီထားလေသည်။ ဦးနှုတ်ခမ်းမွေးမှာမူ 'ဉ' 'ဩောင်း'နှင့်ရွတ်ဖတ်နေဆဲ။

ညနေ(၆)နာရီသို့ရောက်လာပါပြီ။ အမှောင်ကလည်းပျိုးလာချေပြီ။

"ဟီ. . . ဟီ. . . ဟီ"

ကျောက်အိုးပေါက်တောင်ကြီးဆီက 'ဟီ'သံများထွက်ပေါ်လာသည်။

ဧည့်သည်တပည့်သုံးဦးနှင့် ဦးစံဝတို့ကြောက်လွန်း၍ ဇောချွေးများပျံနေကြပြီ။ အသားများလည်း တဆတ်ဆတ်တုန်လို့။

"ဝုန်း"

"အား"

"အောင်မယ်လေး"

"ပြေး ပြေး"

အားလုံးထိတ်လန့်စွာ အော်ဟစ်နေကြလေသည်။ ဟုတ်ပါသည်။ ပေငါးရာခန့်မြင့်သည့် ကျောက်အိုးပေါက်တောင်ကြီးနှစ်ခြမ်းကွဲလာသည်။ တောင်ကွဲတွင်းမှ အလင်းရောင်များဝင်းထိန်စွာဖြာထွက်လာသည်။ အက်ကွဲကြောင်းအတွင်းတွင် ရတနာများ မနည်းမနော၊ တောင်ကွဲကြီးတစ်ခုလုံး ပြည့်လုနီးနီးအမျိုးစုံလင်လှသည်။

ရုတ်တရက် အက်ကွဲကြောင်းမှ တောင်အမြင့်နီးပါးအရပ်ရှိသည့် ဘီလူးကြီးတစ်ကောင်ထွက်ပေါ်လာသည်။ ဦးနှုတ်ခမ်းမွေးနှင့် တပည့်သုံးဦးမှာ ပုဆိုးမနိုင်ပဝါမနိုင်ဖြင့် ထွက်ပြေးလေသည်မှာ လှည့်၍ပင်မကြည့်။ ဦးစံဝမှာမူ ကြက်သေသေ၍ ကြည့်နေမိသည်။

ဦးစံဝ သတိဝင်လာသည်။ ထွက်ပြေးရန်မြင်မိသော်လည်း ကျွဲဖြူဖိုးလည်းနှမြော။ ဒယ်အိုးကြီးတွေလည်း အဆုံးမခံနိုင်။ အနီးက အင်ကြင်းပင်ကြီးပေါ် ပြေးတက်ပြီး ဘီလူးကြီးကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကြည့်နေမိသည်။ မရဲသော်လည်း ပြေးခဲ့စေဟု ဆိုရပါအံ့။

ဘီလူးကြီးသည် ကျွဲဖြူသားဟင်းများကို မြိန်ရေရှက်ရေစားနေလေ၏။ စားနေရင်းဖြင့် ဦးစံဝအား လက်ယပ်ခေါ်၍ တောင်ကွဲကြီးဆီသို့ ခေါင်းဆတ်ပြပြန်သည်။ ဦးစံဝကား တုတ်တုတ်မှမလှုပ်ရဲ။ အင်ကြင်းကိုင်းကြီးကို အတင်းတွယ်ဖက်ထားလေသည်။

သို့ရာတွင် နှုတ်မှ -

"ဘီလူးမင်းကြီးရယ်၊ ကျွန်တော့်ကျွဲဖြူဖိုးလေး ငွေစင်သုံးကျပ်သားလောက်တော်မူပါဗျာ"

ဟု တတွတ်တွတ် တုန်ယင်စွာ အော်နေမိသည်။





www.burmeseclassic.com

www.burmeseclassic.com

# ခမ်းနားလှသည့် စမလေးလုံးပုတီးစိပ်

လှူစွမ်းမြင့်(နတ်မောက်)

ဦးစွာပထမ စမလေးလုံးကို ရှင်းပြလိုပါသည်။ 'စ-မ-ဗ-ဝ လေးလုံးစမ' ဟု လူတိုင်း အကြမ်းဖျင်း ကြားဖူးသိဖူးကြမည်ထင်ပါသည်။ မင်းသားကြီးဝန်တျာကြည်လင်၏ မြစိမ်းသိုက်ဇာတ်ထုပ်ထဲတွင် 'စ-မ-ဗ-ဝ၊ လေးလုံးစမနဲ့ ဆေးအသုံးချပြီး၊ ကြိမ်ရတနာနဲ့ နှင်ဒဏ်တစ်ခါရိုက်လိုက်မယ်။ ရတနာသိုက်ပေါ် လေရှော့ဟယ်' ဟု သိုက်ဆရာရွတ်ဆိုသွားသည်ကိုလည်း ကြားဖူးကြသူများရှိမည်ထင်ပါ၏။ 'စ-မ-ဗ-ဝ အင်း' ဟူ၍ အင်းကွက်များရေးဆွဲသည်တိုလည်း သိမြင်ဖူးကြမည် ဖြစ်သည်။

အကယ်စင်စစ် စ-မ-ဗ-ဝလေးလုံးစမ ပုတီးစိပ်သည် ဆုတောင်းဂါထာဝင် ဖြစ်သည်။ ဉာဏ်ရှိသလို ချဲ့ထွင်၍ ရေလဲသုံးနိုင်သည်ဟု ဆိုချင်ပါသည်။ သို့သော် စ-မ-ဗ-ဝပုတီးစိပ်အစွမ်းက အံ့ဘနန်းပင်ဖြစ်ပါသည်။

ကားအရောင်းအဝယ်၊ တိုက်တာအိမ်ခြံမြေအရောင်းအဝယ်လုပ်ကိုင်နေသောသူများ လက်စွဲပုတီးစိပ်ပင်ဖြစ်ပါသည်။ အလွန်ပင် ခမ်းနားထည်ဝါလှသည့် ပုတီးစိပ် ဖြစ်ပါသည်။

ဝင်စေလိုသောအမှုကိစ္စ၊ ထွက်စေလိုသောအမှုကိစ္စတို့အတွက် အထူးပင် အကျိုးပေးသည်။ အကျိုးပေးမြန်၊ ခမ်းနားသောပုတီးစိပ် ဖြစ်ပါသည်။ မိမိလိုချင်သော ကား၊တိုက်၊ခြံ၊မြေအတွက်ဆိုလျှင် ဝင်စေလိုသောအမှုကိစ္စ၊ မိမိရောင်းလိုသောကား၊ တိုက်၊ ခြံ၊ မြေအတွက်ဆိုလျှင် ထွက်စေလိုသောကိစ္စပါ အကြမ်းဖျင်း မှတ်ယူနိုင်ပါသည်။

ရောင်းရန်၊ ဝယ်ရန် (အရောင်းအဝယ်လုပ်ရန် မဟုတ်ဘဲ) ကိုယ်ပိုင်အိမ်၊ တိုက်ခန်း၊ ခြံမြေ၊ ကား စသည်ဖြင့် ကိုယ်ပိုင်ရရန်အတွက် ဝင်စေလိုသောကိစ္စအဖြစ်မှတ်ယူပြီး အဓိဋ္ဌာန်ပြုပုတီးစိပ်ပွားပေးပါ။ မုချအောင်မြင်ပါလိမ့်မည်။

အထူးမှာ သက်သတ်လွတ်စားရန်မလို။ ရှစ်ရက်လပြည့်၊ လကွယ်နေ့တိုင်း ငါးပါးသီလခံယူဥပုသ်ဆောက်တည်ပေးပါ။ ထိုနေ့ တစ်နေ့တာ သီလလုံအောင် စောင့်ရပါမည်။ အခြားနေ့များတွင် ပုထုဇဉ်လူသားပီပီ ကောင်းမှုကောင်းကျိုးအတွက် မုသာဝါဒပြောရသည်များ ရှိတတ်ပါသည်။ သို့အတွက် ဥပုသ်နေ့တိုင်း လဆန်း ၈ ရက် လပြည့်နေ့၊ လဆုတ်၈ရက် လကွယ်နေ့များ (တစ်လလျှင် လေးရက်၊ လေးကြိမ်) ဥပုသ်သီလခံယူ ဆောက်တည် လုံအောင်ထိန်းရန် သာလိုပါသည်။

စိပ်ပွားရမည့် စမလေးလုံးပုတီးစိပ်မှာ -

**'စ'ကျွမာစရ မာစိဏ္ဏော၊**<br>
**'မ'မှညျ ဓမ္မိသာမိကော၊**<br>
**'ဗ'လူပေတော ဗလဓရော၊**<br>
**'ဝ'ရဒေါ ဒေတုမေဓနံ။**<br>
(ဂါထာဆုံးမှ ပုတီးတစ်လုံးချပါ)

အထက်ပါ ပုတီးစိပ်ကို ပုတီးစိပ်သည့်အခါ စိတ်မျက်စိ (တတိယမျက်လုံး)တွင် လစန္ဒာ ပြည့်ပြည့်ဝန်းဝန်းကြီးထဲမှ မြတ်စွာဘုရားသခင်သည် သက်နှင်းတော်ရုံပြီး ကြွလာတတ်မှုဟန်ကို မှတ်ထင်စွဲထင် မြင်ယောင်ပြီး စိပ်သွားရပါမည်။

ကား၊ အိမ်၊ တိုက်ခန်း၊ အိမ်၊ ခြံ၊ မြေစသည်ဖြင့် မိမိရောင်းထွက်လိုသော၊ ထွက်စေလိုသောကိစ္စအတွက် လမင်းကြီးထွက်ပေါ်လာသည်ကို တရိပ်ရိပ် တွေးထင်မြင်ယောင်ပြီး အထက်ပါပုတီးစိပ်ကို (၂၇)လုံးပုတီးဖြင့် (၂၇)ပတ်၊ (၂၇) ရက်တိတိ စိပ်ပွားပါ။ အကယ်၍ (၂၇) ရက်မပြည့်မီ အရောင်းအဝယ်ဖြစ်ထွက်သွားလျှင်လည်း ပုတီးစိပ်ကိုရပ်မပစ်ဘဲ အဓိဋ္ဌာန်ထားသည့်အတိုင်း (၂၇) ရက်ပြည့်အောင် စိပ်ပွားရပါမည်။ သို့မဟုတ် အဓိဋ္ဌာန်ရက်စေ့ (၂၇) ရက်ပြည့်သော်လည်း ပစ္စည်းထွက်မသွားသေးလျှင် (၃)ရက်ခန့်နားနေပြီး ထပ်မံ၍ (၂၇)ရက် အဓိဋ္ဌာန်ပြုစိပ်ပွားပါ။ မုချအောင်မြင်ပါမည်။

အကယ်၍ ကိုယ်ပိုင်ကားဝယ်စီးလိုသည်၊ ကိုယ်ပိုင်အိမ်၊ တိုက်၊ တိုက်ခန်း၊ ခြံမြေဝယ်လိုသည်ဟု ဝင်စေလိုသောကိစ္စအတွက် လမင်းကြီးအနောက်အရပ်သို့ တဖြည်းဖြည်းတရိပ်ရိပ်ဝင်သွားသည်ကို အာရုံပြု၍ အထက်ပါ စမလေးလုံးပုတီးစိပ်ကို (၁၀၈) လုံး ပုတီးကုံးဖြင့် တစ်နေ့ သုံးပတ် ရက်သတ္တပတ်သုံးပတ် (၀၁) (၂၁) ရက်တိတိ အဓိဋ္ဌာန်ပြု စိပ်ပွားပါ။ အမြန်ဝင်လာပါမည်။ အဓိဋ္ဌာန်မပြည့်မချင်း သုံးရက်၊ ငါးရက်သင့်သလို နား၍ စိတ်ရှည်ဇွဲသန်စွာဖြင့် အဓိဋ္ဌာန်ပြု စိပ်ပွားသွားပါ။ မုချအောင်မြင်ပါမည်။

ဤခမ်းနားလှသည့် စမလေးလုံးပုတီးစိပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေတော်တော်များများ ကိုယ်ပိုင် တိုက်၊ ကားပိုင်ဆိုင်သွားကြပြီဖြစ်၍ ထပ်ဆင့်ပွား ရေးသား တင်ပြလိုက်ရပါသည်။

လှူစွမ်းမြင့်(နတ်မောက်)

---

ဘီလူးကြီးသည် ကျွဲဖြူသားတစ်အိုးလုံး တက်တက်ပြောင်အောင်စားပြီးသွားလေပြီ။ ဦးစံဝအား လက်ယပ်ခေါ်သိုက်၊ ရတနာများအား လက်ညှိုးထိုးသိုက် သုံးလေးကြိမ်မျှလုပ်ပြပြီး ကျောက်အိုးပေါက်တောင်ကြီးထဲသို့ ပြန်ဝင်သွားသည်။ တောင်ကြီးလည်း မူလအတိုင်း ပြန်စေ့သွားသည်။

အတန်ကြာသော် ဦးစံဝတစ်ယောက် အင်ကြင်းပင်ပေါ် မှဆင်းခဲ့၏။ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဒယ်အိုးကြီးများအား သွားရောက်သယ်မလေ၏။

"ဟာ"

ဦးစံဝ အံ့သြသွားသည်။

ကျွဲဖြူသားအိုးအနီး၌ ငွေဖလားငယ်တစ်လုံးတွေ့လိုက်ရသည်။ ဦးစံဝလည်း ငွေဖလားလေးကောက်၊ ဒယ်အိုးကြီးများကို ခက်ခက်ခဲခဲ လှည်းပေါ် တင်ပြီး ဒုန်းစိုင်း၍ပြန်မောင်းချလေသည်။

တဲရောက်သော် သိုက်ဆရာနှင့် တပည့်များ၏အရိပ်အယောင်ပင်မတွေ့။ ယင်းတို့၏ပစ္စည်းများလည်း ယူဆောင်သွားခြင်းမရှိ။ ထို့နောက် ကောက်ယူလာသည့်ငွေဖလားကို ချိန်ခွင်ဖြင့်ချိန်ကြည့်ရာ သုံးကျပ်သားတိတိဖြစ်ကြောင်းအံ့သြဖွယ်တွေ့ရသည်။

"ဩော်-ငါတောင်းတဲ့ကျွဲဖြူဖိုးငွေ စသုံးကျပ်သား ပြန်ပေးတာပါကလား"

ဟု ဦးစံဝ ညည်းတွားလိုက်လေတော့ သည်။

(ကွယ်လွန်သူဖခင်ကြီး ဦးဖိုးရှောင် ပြောပြချက်အား စိတ်ဝင်စားဖွယ် ရေးသား တင်ပြအပ်ပါသည်။)

အောင်မြင့်မိုး



www.burmeseclassic.com

www.burmeseclassic.com

# သရောဒယခရီးသည် ၇ သရောဒယခရီးသည်

**စီးနင်းတိုက်ခိုက်ခြင်း**


ပါကစ္စတန် ဆိုတာ အာဖဂန်နဲ့ ကပ်လျက်ဖြစ်လို့ အကြမ်းဖက်သမားတွေ ခိုအောင်းရာဖြစ်ရုံမက ဘာသာရေး အစွန်းရောက် အကြမ်းဖက်သမားတွေ မွေးထုတ်ပေးတဲ့ အစ္စလာမ်မစ်စာသင်ကျောင်းတွေ အများအပြားရှိတဲ့နိုင်ငံပါ။ မွတ်စလင်နိုင်ငံတွေဟာ သူတို့ရဲ့ပညာရေးကို အစ္စလာမ်မစ်ဝါဒပေါ် အခြေခံပြီး သင်ကြားတဲ့အတွက် မွတ်စလင်မှန်သမျှ သူတို့ဘာသာ အယူဝါဒတွေကို အမြစ်တွယ်ထဲစွဲနေပြီး ကိစ္စအရပ်ရပ်တွေပေါ်မှာ အဲဒီပေတံနဲ့ ချိန်ထိုးလုပ်ကိုင်ကြပါတယ်။ မြန်မာပြည်မှာ ဝင်ရောက်နေထိုင်တဲ့ မွတ်စလင်တွေတောင် ပါကစ္စတန်က ဘာသာရေးကျောင်းတွေကို သွားရောက် သင်ကြားကြပါတယ်။

တကယ်တော့ ပါကစ္စတန်ဆိုတာ ဟိုးတုန်းကတော့ ဟိန္ဒူတွေ၊ အင်ဒို၊ ဂရိတွေ၊ တာကိုမဂိုတွေ၊ ပထန်တွေ၊ ပန်ချာပီတွေ၊ မွတ်စလင်တွေနဲ့ ရှေးဟောင်းယဉ်ကျေးမှုပေါင်းစုံ ထွန်းကားခဲ့တဲ့ နိုင်ငံပါ။ ၁၉၄၇ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ရုတ်ခြည်းတိုးပွားလာတဲ့ မွတ်စလင်တွေဟာ အရှေ့ပါကစ္စတန်နဲ့ အနောက်ပါကစ္စတန်ဆိုပြီး တိုင်းပြည်တစ်ခု တည်ထောင်လိုက်ပါတယ်။ မွတ်စလင်တွေများလာတဲ့အခါ ဖြစ်လေ့ရှိတဲ့အတိုင်း ခွဲထွက်ဖို့ ကြိုးပမ်းမှုကို အိန္ဒိယက လက်လွှတ်လိုက်ရတာပါ။ နောက်တော့ ၁၉၇၁ မှာ ပါကစ္စတန်ပြည်တွင်းစစ်ဖြစ်ပြီး အရှေ့ပါကစ္စတန်က အနောက်ပါကစ္စတန်နဲ့ခွဲထွက် ဘင်္ဂလားဒေ့ရှ်လို့ နာမည်ပြောင်းပြီး နောက်တစ်နိုင်ငံ ထပ်ထွက်လာတာပါ။ အခုတော့ ထုံးစံအတိုင်း လူဦးရေတွေ ပွားသထက်ပွားလာပြီး အိမ်နီးချင်း မြန်မာပိုင်တဲ့ ရေပိုင်နက်တွေ၊ စစ်တကောင်းတို့လို မြေပိုင်နက်တွေအပိုင်ရသွားပြီးတဲ့အပြင် အသစ်အသစ်သော ရခိုင်နယ်နိမိတ်တွေကိုလည်း ပိုင်ပိုင်နိုင်နိုင် ခြေချထားနိုင်ပါပြီ။

ပါကစ္စတန်ရဲ့ အရှေ့မြောက်ဘက်မှာ အဘော့ထဘားဒ် (Abbottabad) လို့ခေါ်တဲ့ သာယာတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ရှိပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် (၄၁၂၁) ပေပါ။ ခိုင်ဘာပက်ခ်ထူခဟာဝါစီရင်စုထဲမှာ ပါပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီတွေမှာ (၂) ဒီဂရီ စင်တီဂရိတ်လောက်အေးပြီး ဇွန်၊ ဇူလိုင်အပူဆုံးလတွေမှာတော့ (၃၀-၃၃) လောက် ပူပါတယ်။

Orash တောင်ကြားမှာရှိတဲ့ အဘော့ထဘားဒ်ဟာ အရိပ်ရဥယျာဉ်တွေ၊ နှင်းဖုံးတောင်တန်းတွေ၊ ဘရစ်ထစ်ရှ်(ဗြိတိသျှ)တွေ အုပ်စိုးသွားတဲ့ခေတ်မှာ အမွေချန်ထားခဲ့တဲ့ လမ်းကျယ်ကြီးတွေ ခရစ်ယာန်ဘုရားကျောင်းခေါင်းလောင်းတွေနဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အခြေပြုတဲ့ တောင်စခန်းမြို့လေးပါ။ Pakistan Military Academy လို့ခေါ်တဲ့ လေးနှစ်ပညာရေးသင်စစ်တက္ကသိုလ်ကျောင်းကြီးလည်းရှိတဲ့ မြို့ပေါ့။

သူ့ရဲ့တည်နေရာနဲ့ time zone ကို အခြေပြုပြီး ၂၀၁၁ မေလ၊ ၂ ရက်အကူးည (၁၂း၃၀) မှာ ဓကာဇာဂြိုဟ်တွေ ဘယ်ရောက်နေသလဲကြည့်လိုက်တော့ အခုလို တွေ့လိုက်ရပါတယ်။ ဟုတ်ပါတယ်၊ ဒါဟာ (Operation Neptune Spear) နက်ပ်ကျူးလှံတံစစ်ဆင်ရေးလို့ အမေရိကန်တွေ နာမည်ပေးထားတဲ့ အိုစမာဘင်လာဒင်ရဲ့ အိမ်ခြံဝင်းကို ဝင်ရောက်စီးနင်းဖို့ အဘော့ထဘားဒ်မြို့ပေါ်ကို ဆူညံသံတွေနည်းပါးပြီး ရေဒါက မဖမ်းနိုင်တဲ့ Chinook ရဟတ်ယာဉ်နှစ်စီး ရောက်လာတဲ့အချိန်ပဲ ဖြစ်ပါတယ်။




စစ်တက္ကသိုလ်ရဲ့ အနောက် တောင်ဘက် (၁၄၀၈) ကိုက်လောက် ဝေးတဲ့နေရာမှာ အိုစမာဘင်လာဒင် ပုန်းခိုရာသုံးထပ်တိုက်ရှိနေတာက ပါကစ္စတန်အစိုးရရဲ့ အကြမ်းဖက် ကျင်ရေးမူဝါဒဟာ စဉ်းစားစရာဖြစ် ပါတယ်။ မြို့လယ်ကောင်ကနေလာ လည်း အရှေ့မြောက်ဘက် (၂) မိုင် လောက်ပဲ ဝေးပါတယ်။ ပြီးတော့ ၂၀ ကမှ ဆောက်လိုက်တဲ့အိမ်ပါ။ အင် နက်တွေ၊ ကြိုးဖုန်းတွေတပ်ဆင်မထား (၁၈) ပေအထိမြင့်တဲ့ ကွန်ကရစ်တံတိုင်း နဲ့ အပေါ်မှာလည်း သံဆူးကြိုးခွေ တင်ထားပါတယ်။

တတိယထပ်မှာတော့ အရပ် (၆) ပေ၊ (၄)လက်မမြင့်တဲ့ အိုစမာဘင်လာ ကောင်းကောင်းပုန်းနေလို့ရတဲ့ အ (၇) ပေရှိ လသာဆောင်လည်း ရှိနေ တယ်။ ဒါပေမယ့် စီအိုင်အေရဲ့ ဖွဲ့နပ် ကြီး နှစ်ရှည်လများထောက်လှမ်း DEVGRU ခေါ် Navy SEAL Team Six ရဲ့ စီးနင်းတိုက်ခိုက်မှုနဲ့ အိုစမာဘင် လာဒင်အပါအဝင် သူ့ရဲ့သား Khalid ခါလစ် စုစုပေါင်း ငါးယောက်ကို အသေ ရပြီး (၁၇) ယောက်ကို လက်ရဖမ်းမိ ခဲ့ပါတယ်။

တကယ်တော့ အမေရိကန်အ ရဟာ ဒီစစ်ဆင်ရေးကို လောင်း ထပ်ပြီးလုပ်လိုက်ရတာပါ။ ဘာကြော လဲဆိုတော့ အိုစမာအဲဒီထဲမှာရှိနေ ကို (၁၀၀) ရာခိုင်နှုန်း ထောက်လှမ်းသိ ထားတာ မဟုတ်ပါဘူး။ (၄၀)က (၆၀) ရာခိုင်နှုန်းလို့ပဲ ခန့်မှန်းတွက်ချက်ရ ပါ။ လွဲသွားရင် အိမ်ရှင်ပါကစ္စတန်အစိုး နဲ့ တော်တော်ရှင်းယူရမှာပါ။ အကြမ်း ဖက်သမားတွေကို လက်ခံထားပါတယ် ဆိုပြီး အမေရိကန်က ပါကစ္စတန်အစိုး နဲ့ ဆက်ဆံရေးမကောင်းတော့တာလည် ကြာပြီမို့လား။ ၁၉၈၀ ပြည့်နှစ်တုန်း တီဟီရန်မှာ အဖမ်းခံထားရတဲ့ အမေ ကန်သံတမန်ထမ်းတွေကို ဝင်ကယ်စဉ်က လွဲချော်သွားခဲ့ရင် သက်ဆိုင်ရာနိုင်



www.burmeseclassic.com

www.burmeseclassic.com

ရော ကိုယ့်တိုင်းပြည်က ပြည်သူတွေ ရောကို အရှက်တကွဲ တောင်းပန်ရဦး မှာပါ။ ဒီအလွဲကြောင့်လည်း ဂျင်မီကာ ဘာ ဒုတိယသက်တမ်း သမ္မတမဖြစ်ခဲ့ရ တော့ပါဘူး။

အခု ကောတစက်အကြောင်းကို သွားရအောင်ပါ။ ကိုယ်ဝင်တိုက်မယ့်မြို့ (သို့) နေရာရဲ့အမည်ကို အရှေ့အရပ်မှာ ထားပြီး သူ့ရဲ့ ဝဂ္ဂစက်အတိုင်းဖွဲ့ပါလို့ ဩဝတီသရဒွေးပေမူကဖော်ပြပါတယ်။ အိုစမာဘင်လာဒင်ပုန်းခိုရာဂေဟာလို့ ပြောပြော အဘော့ထဘားဒ်မြို့လို့ပဲ ဆိုဆို အ ဣ ဥ ဧ ဆိုတဲ့ သရလေး လုံးဟာ ကြတ္တိကာလို့ခေါ်တဲ့ နက္ခတ် အမှတ် (၃) ပိုင်တာမို့ နက္ခတ် (၃) လုံး မြောက်ကစဖွဲ့ရင် ခုလိုစက်ထွက်လာပါ တယ်။ ကြည့်ရလွယ်အောင် အိမ်ဝိုင်း အတိုင်းမရေးဘဲ လေးထောင့်ပုံရေးလိုက် ပါတယ်။ အမရပူရပေမူမှာတော့ အရှေ့ အရပ်ကစဖွဲ့လို့ ပြောထားပါတယ်၊ သုတေသနပြုကြည့်ပါ။

အခု အပေါ်ပိုင်းလို့ပြောပြော အပေါ်သင်ခန်းစာလို့ပြောပြောစပါပြီ။

၁။ မြို့၏အထဲ နက်သတ်၌လည်း ကောင်း၊ အပြင်နက်သတ်၌ လည်း ကောင်း ပါပဂြိုဟ်ရှိမူကား ထိုရှိသော အရပ်ကို ကောင်းမွန်စွာ လုံ့လပြုသဖြင့် စောင့်အပ်၏။ မစောင့်သော် စစ်သည် ဗိုလ်ပါနှင့်တကွ ထိုအရပ်သည် ပျက်ရာ၏။

အိုစမာဘင်လာဒင်တို့ စောင့် ရှောက်တယ်ဆိုတဲ့ အနေအထားဟာ ပုန်းလျှိုးကွယ်လျှိုးမို့ အမေရိကန်တွေနဲ့ ယှဉ်လိုက်ရင် စောင့်တယ်လို့တောင် ပြောလို့မရပါဘူး။ ဟုတ်ပါတယ်၊ တနင်္ဂနွေဂြိုဟ်ဟာ မြို့တွင်းနက်သတ်(နက္ခတ်) လို့ခေါ်တဲ့ လုံးရေအမှတ် (၂) ဘရဏီကို မိဿမှာနေပြီး တနင်္ဂနွေဟာ ဥစ်အိမ် ဖြစ်တဲ့အတွက် ၁၀၀ ရာခိုင်နှုန်းအင်အား နဲ့ စီးနေပါတယ်။


၂။ မြို့စက်အထဲနှိုက် ပါပရှိမူ ထိုမြို့ကား ပျက်ရာ၏ (ပေစာထဲက သတ်ပုံအတိုင်း ရေးလိုက်တာပါ) တနင်္ဂနွေ ပါပဟာ မြို့အတွင်း (တစ်နည်း) အိမ် ဂေဟာတွင်းမှာရှိနေလို့ စီးနင်းမှုကို မတွန်းလှန်နိုင်တာပါ။

၃။ အထဲတံခါးအတွင်း နက်သတ် လေးပါးတွင် ပါပရှိအံ့။ တံတိုင်းတွင်ကား သောမရှိအံ့။ ထိုမြို့ကို ရန်သူသည် စစ်မထိုးဘဲ အမတ်တို့နှင့် ညီညွတ်လေ၍ ရလေရာ၏။

တံတိုင်းမှာရှိတဲ့ အာသာဝဏီဆိုတဲ့ နက္ခတ် (၁) ကို တနင်္လာသောမစီး ထားပါတယ်။ ဒါပေမယ့် လက်တွေ့မှာ တော့ စစ်မထိုးဘဲရလိုက်တာ မဟုတ်ပါ ဘူး။ စစ်ထိုးရမယ့် နက္ခတ်စီးနင်းမှုတွေ များနေလို့ပါ။

၄။ အပတံတိုင်းနှိုက်သောမရှိအံ့ အလယ်နှိုက် ပါပရှိအံ့။ ထိုမြို့ခံသော မြို့သူတို့သည် ရန်သူတစ်ဖက်သားအား ထိုမြို့ကို အလိုလိုပေးနှင့်ရအံ့။ ကွက်တိ ပါပဲ။ အားလုံးသိတဲ့အတိုင်း အမေရိကန် တွေအိမ်ကို ပိုင်ပိုင်နိုင်နိုင်စီးသွားတာပါ။

၅။ အခုအချက်ကတော့ အမေ ရိကန်တွေရဲ့ကံလား၊ ကမ္ဘာ့သူကမ္ဘာ့သား တွေရဲ့ကံလား၊ အိုစမာရဲ့ကံလား မသိ ပါဘူး။ အမေရိကန်တွေရွေးလိုက်တဲ့ အချိန်ဟာ သရောဒယခေါ် သရဒွေး ပညာနဲ့ ကွက်တိပါပဲ။ အဝင်ဖြစ်သော ပဝေသနက်သတ်နှိုက် စန်းလည်းရှိအံ့။ ထိုစန်းကိုနက်သတ်သည် ဝိပဉက္ခလည်း ဖြစ်အံ့၊ ထိုအခါနှိုက်စစ်ထိုးရာ၏။ မြို့




ပဝေသ ဆိုတဲ့ ထောင့်တွေက အဝင်နက္ခတ်၊ ကျန်တာတွေက နိက္ခမလို့ ခေါ်တဲ့အထွက်၊ စက်ဝိုင်းနဲ့ကွင်းပြထား တာ ယမ္မဆိုတဲ့တိုင်လေးတိုင်။ အခုဟာ တ ကောဋစက်အသုံးပြုနည်းတွေ အကုန် ရေးနေမှာမဟုတ်ဘဲ ဝင်စီးတဲ့အချိန်မှာ ရှိနေတဲ့ဂြိုဟ်တွေ၊ နက္ခတ်တွေထဲက အချို့ကိုပဲ ရှင်းပြမှာပါ။ ကောတစက် အကုန်ရေးရရင် စာအုပ်တစ်အုပ်စာ လောက်ထွက်လာမှာပါ။

ပြင်က စစ်သည်တို့သည်ကား ကောဝိ ဟူသော အစီအရင်ဖြင့် မြို့ခံမင်းကို စစ်ထိုးရာ၏။ ထိုမြို့နှိုက်သည် သန်း ခေါင်အခါ အိပ်မောစင်တွင် ကောဝိ၏ အကြောင်းဖြင့် စစ်ထိုးရာ၏။


စန်းဟာ အဝင်ဖြစ်တဲ့ အာသာ ဝတီအမှတ် (၁) ပေါ်မှာ ရှိနေပါတယ်။ သန်းခေါင်ယံအချိန်မှာ အိုစမာဘင် လာဒင်ကို ဝင်စီးခဲ့ကြတာပါ။

၆။ နိက္ခမနက်သတ်နှိုက် ပါပသည်



www.burmeseclassic.com

www.burmeseclassic.com




ဝက္ကိရိယာမြုံသော် လည်းကောင်း ပါပသည် ဝက္ကိရိယာမြုံသော်လည်းကောင်း တံတိုင်းတို့သည် ပျက်ရာ၏။ တံတိုင်းစက်နိုက်ရှိသော ပစ္စင်တံဆောင်းတို့သည် ပျက်၏။

ပါပလည်းဖြစ် ဝက္ကိရိယာဆိုတဲ့ နောက်ပြန်လည်းသွားနေတဲ့ စနေဟာ အထွက်ဆိုတဲ့ နက်သတ် (၁၃)ဟာသတကို စီးနင်းနေပါတယ်။ တံတိုင်းတွေ တံခါးတွေကို ဖုံးခွဲဝင်သွားကြတာပါ။ ကိတ်ဆိုတဲ့ ပါပဂြိုဟ်ကလည်း အထွက်နက်သတ် (၅) မိဂသီကို နောက်ပြန်သွားပြီး နင်းထားပါတယ်။ ရာဟုတစ်လုံးတည်း နက်သတ် (၂၁) ဆိုတဲ့ ဥတ္တရသဠ်ဆိုတဲ့ ပဝေသကို စီးထားတာပါ။ ရာဟုဟာ အဖျက်စွမ်းအားအကြီးဆုံးမို့ သူလည်း ပဝေသကို မကယ်ပါဘူး။

တံခါးနောက်ကွယ်ကနေ (AK-47) နဲ့ ပစ်ခတ်မှုကို စတင်လိုက်တာကတော့ အိုစမာအတွက် လိုအပ်တာတွေကို သယ်ယူပို့ဆောင်ရေးလုပ်ပေးနေသူ Al- Kuwaiti ပါ၊ သူ့ကိုလည်း ပစ်သတ်ခဲ့ရပါတယ်။ သူ့အမျိုးဖြစ်တဲ့ Abrar ကိုလည်း ပထမထပ်မှာတင် night vision goggle လို့ခေါ်တဲ့ ညကြည့်မျက်မှန်တွေတပ်ထားသော ဒုတိယအဖွဲ့က ပစ်သတ်လိုက်ပါတယ်။

၇။ တံတိုင်းနက်သတ်နိုက်လည်းကောင်း၊ အလယ်နက်သတ်နိုက် လည်းကောင်း ဥစ်ရမူမြို့ ခံသားတို့သည် ရဲမက်ဗိုလ်ပါကို စီရင်အပ်၏။ အလယ်နက်သတ် (၂) လုံးပေါ်စီးနေတဲ့ တနင်္ဂနွေဟာ ဥစ်ရပါတယ်။ ဒါပေမယ့် တစ်လောကလုံးနဲ့ အဆက်အသွယ်ဖြတ်ပြီး ပုန်းလျှိုးနေရတဲ့ အိုစမာဘင်လာဒင်တို့ ဘယ်လိုလုပ်ရဲမက်ဗိုလ်ပါတွေ စီရင်နိုင်ကြပါ့မလဲ။

၈။ မြို့ပြင်နက်သတ်နိုက် အင်္ဂါရှိမူကား မြို့ပြင်သားတို့ မီးလောင်ရာ၏။

**အိုစမာဘင်လာဒင် ပုန်းခိုနေခဲ့သော အိမ်**

အင်္ဂါဟာ ရေဝတီဆိုတဲ့ နက်သတ် (၂၇) သို့မဟုတ် သုညပေါ်မှာ ရှိနေပါတယ်။ ရှိနေတာကလည်း အပေါ်ပိုင်း လက်ဝဲဘက်အစွန်ဆုံး အရှေ့မြောက်အရပ် မြို့ပြင်မှာပါ။ ဟုတ်ပါတယ်။ အမေရိကန်တွေရဲ့ ပထမရဟတ်ယာဉ်ဟာ vortex ring state လို့ခေါ်တဲ့ လေစီးကြောင်းအခြေအနေဟာ မျှော်မှန်းထားတာထက် အပူလွန်ပြီး လောင်ကျွမ်းခဲ့လို့ ခြံဝင်းရဲ့ အရှေ့မြောက်ဘက်တံတိုင်းပေါ် ပျက်ကျပြီး အမြီးတွေ၊ ပန်ကာတွေ၊ ဒလက်တွေပျက်စီးသွားပါတယ်။ မူလက ရဟတ်ယာဉ်ပေါ်ကနေ ကြိုးတွေနဲ့ တွယ်ဆင်းကြဖို့ စီစဉ်ထားတာပါ။ အဆင်းလည်းဖြစ်၊ ယာဉ်မောင်းလည်းကျွမ်းကျင်မို့ လူတွေမထိခိုက်ခဲ့ပေမယ့် နည်းပညာမြင့်ကိရိယာတွေကျန်ရစ်ခဲ့မှာစိုးလို့ တိုက်ပွဲအပြီးမှာ သန်း (၆၀) လောက်တန်တဲ့ ရဟတ်ယာဉ်ကြီးကို ဖုံးခွဲဖျက်ဆီးခဲ့ရပါတယ်။

အိုစမာရဲ့ မယားတွေထဲကတစ်ယောက်ဖြစ်တဲ့ Amal Ahmed Abdul Fatah ဟာ Navy Sealတွေဆီ ပြေးဝင်လာပြီး တိုက်ခိုက်တဲ့အတွက် မိန်းမသားဖြစ်နေလို့ အနီးကပ် ဝရှန်းသုန်းကား အခြေအနေကနေ ခြေထောက်ကိုရအောင်ပစ်ခဲ့ရပါတယ်။

အိုစမာရဲ့ရင်ဘတ်ကိုပစ်လိုက်တဲ့ သေနတ်ကတော့ HK 416 ပါ။

မေလ ၂ ရက်နေ့ကိုအကူး သန်းခေါင်ယံ (၁) နာရီထိုးပြီးခါစလေးမှာ လူပေါင်း (၂၉၇၃) ဦးသေစေခဲ့တဲ့ ၂၀၀၁၊ စက်တင်ဘာ ၁၁ ရက် WTC တိုက်ခိုက်မှု၊ မြောက်မြားလှစွာသော အရပ်သားများ၊ စစ်သားများကို သတ်ဖြတ်မှု၊ လူရာပေါင်းများစွာသေစေခဲ့တဲ့ သံရုံးတွေဖုံးခွဲမှု ဟိုတယ်မှာတည်းခိုနေတဲ့ကမ္ဘာလှည့်ခရီးသွားတွေကို ဖုံးခွဲသတ်ဖြတ်မှုတွေကို ပြုလုပ်ခဲ့တယ်ဆိုတဲ့ အိုစမာဟာ နိဂုံးချုပ်သွားခဲ့ပါတယ်။

တကယ်တော့ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုအပြီးမှာ အိုစမာဟာ သေတမ်းစာတိုတိုလေး ရေးသွားခဲ့ပါတယ်။ ဒါကတော့ သူ့ရဲ့ကလေးတွေ Al-Qaeda နဲ့ မပတ်သက်ဖို့နဲ့ ဘာသာရေးစစ်ပွဲ Jihad တွေ ဆက်မလုပ်ကြပါနဲ့ ဆိုတာပါ။

စာရေးသူအနေနဲ့ သတိထားလိုက်မိတာကတော့ ဘိုးတော်ဘုရားခေတ် အမရပူရ သရော်ဒယခေါ် သရဒွေးကျမ်းလာ ကောဋ္ဌစက် ( ညေဝတီ သရဒွေးကျမ်းအခေါ် ကောတစက်) အရ နက္ခတ်တွေ၊ ဂြိုဟ်တွေ အလုပ်လုပ်သွားပုံနဲ့ SEAL Team Six ဝင်ရောက်စီးနင်းမှု အချိတ်အဆက်မိမိ တိုက်ဆိုင်သွားတယ်ဆိုတာပါပဲ။

ဆန်းပေဒင်ပညာရှင်တွေ၊ စန်းပေဒင်ပညာရှင်တွေ သုတေသနပြုနိုင်ဖို့ အိုစမာဘင်လာဒင်ရဲ့ မွေးနေ့ရဲ့ မွေးရပ်ကို ဖော်ပြပေးလိုက်ပါတယ်။ မွေးချိန်ကိုတော့ မသိသေးပါဘူး။ ဆန်းပေဒင်အရ တွက်ချက်ကြည့်ရင်လည်း သူ့ရဲ့အသက် အာယုဂြိုဟ်ကို ဇောက်ထိုးဆန်းကျင်ဂြိုဟ်ကြီး ရိုက်ခတ်သွားတာကိုလည်း တွေ့ကြရမှာပါ။

၁၃၁၈၊ တပေါင်းလဆန်း ၁၀ရက်၊ တနင်္ဂနွေသား၊ မွေးရပ် 24° 38" N, 46° 43' E GMT UTC+3 ဖြစ်ပါတယ်။ နောင်အကြောင်းတိုက်ဆိုင်ရင် သူ့ရဲ့မွေးနေ့ သေနေ့တွေ စန်းစနစ်နဲ့ သုံးသပ်ပြပါ့မယ်။ အခု ဆောင်းပါးက သရော်ဒယရဲ့ ကောတစက်ကို ဖော်ပြချင်တာမို့ ချန်လှပ်ထားခဲ့တာပါ။

သရော်ဒယအပိုင်း (၁) မှာ စာရေးသူ ကြိုပြီး ဟောထားတဲ့အတိုင်း မြန်မာပြည်ရဲ့ အရှေ့တောင်ဘက်တွေ



www.burmeseclassic.com

www.burmeseclassic.com

### မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာတည်သောအခါဝယ် ဩဇာလေးနက်ပေါ် ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခုဖြစ်ပါ၏။

အမျိုးသမီးများမှာ လစဉ်ရောက်နေကျဓမ္မတာသည် မှန်မှန်မရောက်သဖြင့်ကြောင့် လည်းကောင်း၊ ရောက်ပြန်သော်လည်း ဓမ္မတာသည် ကုန်စင်အောင်မကျခြင်းကြောင့် လည်းကောင်း၊ ရက်ကျော်၊ လကျော်၊ ထိမ်ကျန်နည်းငုပ်ခြင်းကြောင့် လည်းကောင်း သွေးကျန်သွေးကြွင်းတို့သည် တစ်စတစ်စနှင့် စုပေါင်းလာကာ အလုံးအခဲဖြစ်ပေါ်လာ၏။

တချို့အမျိုးသမီးမှာ ပဋိသန္ဓေနှင့် တူနေသဖြင့် ပဋိသန္ဓေဟုယူဆနေကြ၏။ ယင်းသွေးခဲမှာ တစ်စတစ်စကြီးထွားလာ၏။ နောက်ပိုင်းမှာ ယင်းသွေးခဲကြီးသည် အမျိုးသမီးအား ဒုက္ခပေးလာ၏။

အစာမစားချင်၊ ခေါင်းမူးဝေခြင်း၊ အိပ်စက်မပျော်ခြင်း၊ ယင်းအလုံးအခဲက တိုက်လာခြင်း၊ အောင့်လာခြင်း၊ နာကျင်လာခြင်း စသည့် ရောဂါဝေဒနာတို့ကို ခံစားလာရ၏။ ယင်းအမျိုးသမီးသည် ပိန်ချုံးပြီး တပိန်ပိန်တလိမ်လိမ်နှင့်ဖြစ်လာလေ၏။ ခေါင်းကိုက်လာ၏။ ရင်၊ ကျော အောင့်တက်လာ၏။

ယင်းအမျိုးသမီးသည် နေ့စဉ်ဖျားနာနေသလို ခံစားနေရ၏။ အစားပျက်၏။ ဝမ်းထဲမှမနေနိုင်အောင်အောင့်လာ၏။ လမ်းမလျှောက်နိုင်။ တစ်ခါတစ်ရံမူးဝေအော့အန်၏။ ဓမ္မတာနှင့်ပတ်သက်ပြီး ဆေးမျိုးစုံကို မှီဝဲသုံးဆောင်ခဲ့၏။ အကြောင်းကား ထူးမလာပါ။

တစ်နေ့တွင် ထိုအမျိုးသမီးသည် သူမ၏ဖခင်နှင့်အတူ ကျွန်ုပ်ထံသို့ရောက်ရှိလာကြ၏။ဖြစ်ကြောင်းကုန်စင်ကိုပြောပြလာ၏။ ကျွန်ုပ်က သေချာစွာစစ်ဆေးမေးမြန်းပြီး စမ်းသပ်ကြည့်ရာ အမျိုးသမီးမှာ ပဋိသန္ဓေကား မဟုတ်။ ဓမ္မတာသွေးမကျ၍ လုံးခဲနေသောအရာသာဖြစ်ကြောင်း အတပ်သိရှိရလေ၏။

ထိုအခါ အမျိုးသမီးအား ဤသို့ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲဟု မေးပါ၏။ ယင်းအမျိုးသမီးက သုံးနှစ်ခန့်ရှိကြောင်း ပြောလာပါ၏။

အချိန်ကား အတော်ကြာနေပြီဖြစ်သဖြင့် ပျော့ညံ့သောဆေးနှင့်ရောဂါမပျောက်ကင်းနိုင်။ ရှေးရိုးသမားတော်ကြီးများက အစဉ်အဆက်အသုံးပြုခဲ့သည့် **'စိန်သန်လျက်အုပ်ဆေး'**ဖြင့် လိမ်းအုပ်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်ပါ၏။

**စိန်သန်လျက်အုပ်ဆေး** သည် အနာလုံး၊ အနာခဲ၊ အနာကိုက် စသည်တို့ကို နိုင်နင်း၏။ ဒဏ်ကြောင့်ဖြစ်သည့် အကျိတ်အခဲများပင် ချက်ချင်း ကြေပျောက်သွားပါ၏။

ဆေးနည်းကား ဤသို့ဖြစ်ပါ၏။

ဆေးပရုတ် (၁) ကျပ်၊ (၈)ပဲသား၊ ငရုတ်ကောင်း (၅) ကျပ်၊ နှမ်းဆီ (၁၅) ကျပ်၊ ဖုံးမသိန် (၁) ကျပ်၊ (၈)ပဲသား၊ မြန်မာ့အရက် (မီးလိုက်ဦးရည်) (၁၅) ကျပ်၊ မိဿလင်ဥ (အခြောက်) (၁၅) ကျပ်။

**ပြုလုပ်နည်း -**

မိဿလင်ဥနှင့် ငရုတ်ကောင်းတို့ကို အမှုန့်ထောင်းပါ။ အရက်ကောင်းကောင်းနှင့် သုံး၊ လေးရက် စိမ်ထားပါ။ အရည်တွင် အဆီကျန်ခဲ့လိမ့်မည်။ အဖတ်ကို ဆယ်ယူပစ်ပါ။

ထိုဆေးရည်တွင်ကျန်ရှိနေသော ဆေးဖက်ဝင်ဆေးများကိုထည့်၍ လေလုံသောပုလင်း(အဝကျယ်) ဝက်အူရစ်ပိတ်ပုလင်း၌ ထည့်ထားပါလေ။

**ဆေး၏အကျိုးသွား**

ဝမ်းတွင်း၌ အလုံးအကျိတ်အခဲရှိနေသည့်အခါသော် လည်းကောင်း၊ ဓမ္မတာသွေး ကုန်စင်အောင်မကျ၍ အလုံးအခဲတည်သည့်အခါသော်လည်းကောင်း ဤလိမ်းဆေး(စိန်သံလျက်)အုပ်ဆေးဖြင့် အလွယ်တကူ ကုသနိုင်ပါသည်။

**ဆေးကုသလိုသောအခါ**

ဂွမ်းစတွင်သုတ်လိမ်း၍ အလုံးအခဲ၊ အကျိတ်နေရာပေါ် ၍ကပ်၍ ပတ်တီးစည်းထားပါ။

**ဆေးအကျိုးကျေးဇူး**

အလုံး၊ အခဲ၊ အကျိတ်ကြေကွဲ၍ သွေးဆင်းသွားပါလိမ့်မည်။ ဒဏ်ကြောင့်ဖြစ်သော အကျိတ်၊ အလုံးအခဲများကိုလည်းလိမ်းပေးပါ။ အကျိတ်၊ အလုံးအခဲ ကြေပျောက်သွားပါလိမ့်မည်။

လက်တွေ့စမ်းသပ်နိုင်ပါသည်။

တိုင်းရင်းဆေးဗဟုသုတ ပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။

*တိုင်းရင်းဆေးအပေါ်မှာ*
*သစ္စာရှိစွာဖြင့်*

မဟာနွယ်(မန်းတက္ကသိုလ်)

---

ဖြစ်တဲ့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တွေမှာ စက်တင်ဘာ ၂၆ ကနေ ၃၀ အထိ ကျိုက်မရော၊ ကော့ကရိတ်၊ ကျုံဒိုး၊ ဖာပွန်မှာ အစိုးရတပ်နဲ့ ဒီကေဘီအေ တိုက်ပွဲတွေဖြစ်ခဲ့ပါတယ်။ မြဝတီမှာဆို မြို့လယ်ကောင်ကြီး RPG နဲ့ထုတဲ့အဆင့် တောင်ရောက်ခဲ့ကြပါတယ်။သရောဒယခေါ် သရဖွေးဟာ ကောင်းကောင်းအသုံးချတတ်ရင်တော့ ပစ်မလွဲ ကြိုဟောနိုင်တဲ့ပညာပါ။

အခုလောလောဆယ်တော့ စာရေးသူတစ်ယောက် ၂၀၁၄၊ စက်တင်ဘာ ၃ ရက်နေ့ကထုတ်လွှင့်တဲ့ (၅၅) မိနစ်စာအွန်လိုင်းဗီဒီယိုတစ်ခုကို ဗေဒင်ပညာမျက်စိနဲ့ စိတ်ဝင်စားနေပါတယ်။ အဲဒီထဲမှာ သတင်းပေးနိုင်ရင် (၂၅) သန်းရမယ်လို့ အမေရိကန်က ဆုငွေထုတ်ထားတဲ့ Al- Qaeda ခေါင်းဆောင်သစ် Ayman Mohammed Rabie al-Zawahiri ခေါ် Aymanal- Zawahiri က အိန္ဒိယ၊ ဘင်္ဂလားနဲ့ မြန်မာနိုင်ငံမှာ ဘာသာရေးစစ်ပွဲတွေ ဆင်နွဲတိုက်ခိုက်သွားမယ်ဆိုတာပါ။ စာရှုသူအသင်တို့ကော စိတ်မဝင်စားဘူးလား။

သရောဒယခရီးသည်



www.burmeseclassic.com

www.burmeseclassic.com

စွမ်းထက်နောင်

# ဆီးကျိတ်ရောဂါများမဖြစ်ပွားရန်ကာကွယ်သည့် သဘာဝအစားအစာများ

အသက်အရွယ်ကြီးသူယောကျ်ားများသည် ဆီးကျိတ်နှင့်ပတ်သက်သည့် ရောဂါပြဿနာများ ဖြစ်တတ်ခံစားရတတ်ပါသည်။ အသက်အရွယ်ကြီးမြင့်သောအမျိုးသားများကို ဆီးကျိတ်ရောဂါများက ခြောက်လှန့်နေတတ်ပါသည်။ ဆီးကျိတ်နှင့်ပတ်သက်သည့် ရောဂါများသည် အသက် (၆၀) ကျော် ယောကျ်ားများ အများဆုံး ဖြစ်တတ်ခံစားရသောရောဂါများ ဖြစ်သည်။ တစ်ခါတစ်ရံ အသက် (၅၀) ကျော် ယောကျ်ားများလည်း ဖြစ်တတ်ပါသေးသည်။ ဆီးကျိတ်သည် ဆီးအိမ်နှင့် ဆီးလမ်းကြောင်းအကြားရှိ သေးငယ်သော အကျိတ်ဂလင်းတစ်ခု ဖြစ်ပါသည်။ ကျန်းမာသော ယောကျ်ားတစ်ဦး၏ ဆီးကျိတ်သည် သစ်ကြားသီးထက် အနည်းငယ်ကြီးပါသည်။ ၎င်း၏အဓိကတာဝန်မှာ သုက်သွေးများသယ်ဆောင်ပေးသည့် အရည်များ ထုတ်လုပ်ပေးခြင်း ဖြစ်ပါသည်။

အရွယ်ရောက် လူလားမြောက်လျှင် ခန္ဓာကိုယ်ကြီးထွားမှုဖြစ်စဉ်အရ ဆီးကျိတ်သည် ကြီးထွားလာခြင်းကြောင့် ဆီးအိမ်ကို ဖိအားသက်ရောက်စေ၏။ ယောကျ်ားများ၏ ဆီးစွန့်ပစ်သည့် ဆီးလမ်းကြောင်းမှာ ကျောက်ကပ်မှထွက်သည့်ဆီးကို ဆီးအိမ်သို့ သယ်ယူသည့် ဆီးပြွန်နှစ်ခု၊ ဆီးအိမ်တစ်ခုနှင့် ဆီးအိမ်မှဆီးကို အပြင်သို့သယ်ဆောင်သော ကျင်ချောင်းတို့ဖြစ်၍ ကျင်ချောင်းကို ဆီးအိမ်အဝတွင် ဆီးအိမ်အောက်ရှိ ပရောစတိတ်အကျိတ်၊ ဆီးကျိတ်က ဝန်းရံထား၏။ အသက် (၅၀)၊ (၆၀) ကျော်လူကြီးများ၌မူ ဆီးကျိတ်မှာ သဘာဝအရ ကြီးထွားလာတတ်၍ ဆီးသွားရခက်တတ်၊ ပိတ်တတ်ဝါသည်။ ရာဂစိတ်ကြွပြီး သူငယ်ပြန်ကာ ကာမလှုံ့ဆော်စိတ်များ ဖြစ်ပေါ်တတ်၏။ ဆီးကျိတ်ကြီးထွားလာခြင်းမှာ သဘာဝခန္ဓာကိုယ်ကြီးထွားမှုဖြစ်စဉ်အရ အသက် (၄၀) အထိသာ ကြီးထွားလေ့ရှိပြီး အသက်(၆၀)အထိ ဆီးကျိတ်ပြဿနာများ မရှိတတ်ပါ။ အသက် (၆၀) ကျော်မှ ဆီးကျိတ်ရောဂါပြဿနာများ စတင်ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားနိုင်သည့် အခြေအနေ(၃)မျိုးရှိပါသည်။ ဆီးကျိတ်ရောဂါပြဿနာများကို သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိချက်အရ အများဆုံးဖြစ်တတ်သည့် ဆီးကျိတ်ရောဂါ (၃) မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

၁။ ကုသရန် လွယ်ကူသော ရိုးရိုးဆီးကျိတ်စတင်ကြီးထွားခြင်း (Benign Prostatic hyperplasia) (BPH).

၂။ ရောဂါပိုးများကြောင့် ဆီးကျိတ်ရောင်ရမ်းကြီးထွားခြင်း (Prostatitis An Inflammatory infection).

၃။ ဆီးကျိတ်ကင်ဆာ ဖြစ်ပွားခြင်း (Prostate Cancer) တို့ ဖြစ်ပါသည်။

**ဆီးကျိတ်စတင်ကြီးထွားခြင်း (Benign Prostatic Hyperplasia)**

ဆီးကျိတ် စတင် ကြီးထွားခြင်းသည် သဘာဝအလျောက် ခန္ဓာကိုယ်အစိတ်အပိုင်းများ ကြီးထွားခြင်းကဲ့သို့ အသက်အရွယ်ကြီးမြင့်လာခြင်းကြောင့် ခန္ဓာကိုယ်ကြီးထွားမှုဖြစ်စဉ်အရ ကြီးထွားခြင်း ဖြစ်၏။ အမျိုးသားများ အသက်အရွယ်ကြီးမြင့်မှုကြောင့် ကျားဟော်မုန်းများဖြစ်သည့် တတ်စတိုရုန်းများက တုံ့ပြန်မှုကြောင့် ဖြစ်၏။

ဆီးကျိတ်ကြီးထွားလာသဖြင့် ဆီးအိမ်အပေါ် ဖိအားသက်ရောက်မှုကြောင့် ဆီးလမ်းကြောင်းတွင် ဆီးသွားခြင်းကို အဟန့်အတားဖြစ်စေခြင်း ဖြစ်ပါသည်။ ဆီးကျိတ်ကြီးထွားမှုကြောင့် ဆီးအိမ်၏ ဆီးများစုဆောင်းမှု၊ စွန့်ထုတ်မှု၊ ထိန်းသိမ်းမှုများကို အနှောင့်အယှက် ထိခိုက်မှုများ ဖြစ်စေပါသည်။




ထိုသို့ဖြစ်ခြင်းကြောင့် ဆီးလမ်းကြောင်းကို အဟန့်အတားဖြစ်စေပြီး ဆီးမကြာခဏသွားရမှု၊ ကျင်ချောင်းမှ ဆီးယိုစိမ့်မှု၊ ဆီးမထိန်းနိုင်မှုများကို ဖြစ်စေနိုင်ပါသည်။ ဆီးကျိတ်ကြီးထွားခြင်းသည် ကျင်ချောင်းသို့ ဆက်သွယ်သည့် ဆီးပြွန်အပေါ်လည်း ဖိအားသက်ရောက်စေသည့်အပြင် ဆီးအိမ်၏ ဆီးစွန့်ပစ်မှုလုပ်ငန်းများကို ခက်ခဲစေပြီး ဆီးအိမ်အားနည်းခြင်းများဖြစ်ပေါ်တတ်ပါသည်။

ခန္ဓာကိုယ်ကြီးထွားမှုဖြစ်စဉ်အရ ဆီးကျိတ်ကြီးထွားသည့် အသက် (၄၀) အထိ မည်သို့မျှ ခန္ဓာကိုယ်၏ ကျန်းမာရေးအတွက် အနှောင့်အယှက်မဖြစ်ခဲ့သော်လည်း အသက် (၆၀) ကျော်လာသောအခါ ဆီးကျိတ်ကြီးထွားမှုသည် ဆီးအိမ်အပေါ် ဖိအားသက်ရောက်၍ ဆီးရောဂါပြဿနာများဖြစ်ပေါ်တတ်ပါသည်။

**ဆီးကျိတ်ကြီးထွားခြင်းရောဂါလက္ခဏာများ**

၁။ ဆီးသွားရာတွင်ခက်ခဲခြင်း (Difficulty urinating)

၂။ မကြာခဏဆီးသွားခြင်း၊ အထူးသဖြင့် ညဘက်တွင် မကြာခဏဆီးသွားခြင်း (Frequent urination, especially at night.)

၃။ ဆီးသွားလိုစိတ်ရှိသော်လည်း ဆီးစသွားစဉ် ခက်ခဲခြင်း၊ ဆီးတော်တော်နှင့်မထွက်ခြင်း၊ အတင်းညှစ်ရခြင်း (Difficulty Start in Urination.)

၄။ ဆီးအိမ်တွင် ဆီးများကျန်ရှိနေခြင်း၊ ဆီးအိမ်မှ ဆီးများ ကုန်စင်အောင်မစွန့်ထုတ်နိုင်ခြင်း (An inabilty to empty the bladder.)

၅။ ဆီးတစက်စက်ကျနေခြင်း၊ ဆီးချက်ချင်းသွားလိုစိတ်ရှိသော်လည်း ဆီးတစက်စက်သာကျနေခြင်း (A dribble of urine despite the urgent need to urinate.)

၆။ ဆီးသွားစဉ် ကျင်ချောင်းတွင် ပူလောင်စွာခံစားခြင်း (A Burning Sensation when urinating.)

၇။ ဆီးသွားပြီးနောက် ဆီးတစက်စက်ကျနေခြင်းကို မထိန်းချုပ်ခြင်း (Uncontrolled dribbling after urination.)

၈။ ခါးဆစ်နောက်ပိုင်း တင်းကျပ်သကဲ့သို့ ခံစားရပြီး နာကျင်နေ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း (Pain behind the scrotum.)

၉။ သုတ်လွှတ်ရာတွင် နာကျင်ခြင်း၊ (Painful Ejaculation) ဝေးစေ့ ကပ်ပယ်အိတ်ပတ်ဝန်းကျင်တွင် နာကျင်ခြင်း

အထက်ပါ ဆီးကျိတ်ကြီးထွားခြင်း ရောဂါလက္ခဏာများဖြစ်ပွားပါက ကုသရန် လိုအပ်ပါသည်။ ကုသရန် လွယ်ကူသော်လည်း မကုသဘဲထားပါက နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

**ရောဂါပိုးကြောင့် ဆီးကျိတ်ရောင်ခြင်းရောဂါ (Prostatitis An Inflammatory infection)**

ဗက်တီးရီးယားရောဂါပိုးများကြောင့် ဆီးကျိတ်ရောင်ခြင်း ဖြစ်ပါသည်။ ဗက်တီးရီးယားရောဂါပိုးများ ပွားများနေခြင်းသည် အလွန်ဆိုးဝါးသည့်၊ အရေးကြီးသည့်၊ ခန္ဓာကိုယ်ခုခံအားကို လျော့နည်းစေသည့် အကြောင်းရင်းဖြစ်ပါသည်။ ဗက်တီးရီးယားရောဂါပိုးများကြောင့် ဆီးကျိတ်ရောင်ခြင်းသည် ဆီးကျိတ်၏ လုပ်ဆောင်မှုကို ပုံမှန်မဖြစ်တော့ဘဲ ရောဂါကူးစက်မှုများကို ထပ်တလဲလဲ လုပ်ဆောင်နေသကဲ့သို့ ဖြစ်နေပါသည်။ ဖျားနာခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ပေါင်ခြံတစ်ဝိုက်နာကျင်ခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ ဆီးစတင်သွားစဉ် ခက်ခဲခြင်း၊ ဆီးကိုစစ်ဆေးကြည့်ခြင်းဖြင့် ဆီးထဲတွင် ဗက်တီးရီးယားရောဂါပိုးများနှင့် သွေးဖြူဥဆဲလ်များပါရှိနေကြောင်း သိရှိနိုင်ပါသည်။ ထိုကဲ့သို့ ဖြစ်ပွားပါက ရောဂါလက္ခဏာပြသမှုသည် ဆိုးဆိုးဝါးဝါး ပြသမှုမရှိသော်လည်း တာရှည်လာပါက နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ နာတာရှည်ရောဂါဖြစ်ပွားပါက ခါးနောက်ပိုင်း နာကျင်ခြင်း၊ ပေါင်ခြံလှုပ်ရှားမှု လွယ်ကူစွာ မပြုလုပ်နိုင်ခြင်း၊ ဆီးသွားသည့်အခါ နာကျင်ခြင်း၊ ဆီးသွားရခက်ခဲခြင်းနှင့် ဆီးအိမ်သို့ပါ ရောဂါပိုးကူးစက်သွားပါက ဆီးအိမ်ရောဂါဖြစ်ပွားပြီး မကြာခဏ ဆီးသွားခြင်း၊ ဆီးသွားစဉ် ပူလောင်ခြင်း၊ ဆီးထိန်းမရခြင်း စသည့် ရောဂါလက္ခဏာများပြတတ်ပါသည်။

**ဆီးကျိတ်ကင်ဆာ (Prostate cancer)**

ဆီးကျိတ်ကင်ဆာသည် ရောဂါပျံ့နှံ့တတ်သဖြင့် ယောကျ်ားများအတွက် နံပါတ်တစ်လူသတ်ကင်ဆာရောဂါ ဖြစ်၏။ ဆီးကျိတ်ကင်ဆာသည် တတ်စတိုစရွန်းပိုလွန်ခြင်းနှင့် ဆက်စပ်လျက်ရှိပြီး အဆီများစွာ စားသုံးမှုကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

တချို့ ယောကျ်ားများသည် ဆီးကျိတ်ရောဂါပြဿနာများကို ဖြစ်ပွားနေသည့်တိုင်အောင် ပေါ့ပေါ့ဆဆဂရုမစိုက်ဘဲ လျစ်လျူရှုနေတတ်ကြ၏။ ကုသမှုဂရုစိုက်မှုမရှိပါက ပိုမိုဆိုးဝါးလာပြီး ပိုမိုနာကျင်လာတတ်ကြ၏။ ထိုသို့ အခြေအနေရောက်ပါက ဆီးအိမ်နှင့် ကျောက်ကပ်များပါ ရောဂါဖြစ်လာနိုင်ပါသည်။ အထက်ပါ လက္ခဏာများ ခံစားနေရပါက ဆရာဝန်၊ တတ်ကျွမ်းနားလည်သူများထံသို့ ဆောလျင်စွာ ပြသကုသသင့်ပါသည်။

ဆီးကျိတ်ရောဂါများကို အစားအသောက်၊ နေထိုင်စားသောက်မှု ဘဝနေထိုင်မှုပုံစံပြုပြင်ပြောင်းလဲခြင်းဖြင့် သက်သာ ပျောက်ကင်းနိုင်ပါသည်။ အချို့ အစားအစာများသည် ရောဂါများကို ပျောက်ကင်းစေနိုင်သကဲ့သို့ အချို့အစားအစာများသည်လည်း ရောဂါများကိုဖြစ်ပွားစေနိုင်သဖြင့် ဆင်ခြင်စားသောက်ရန် လိုအပ်ပါသည်။ စားသောက်နေထိုင်မှုပုံစံပြောင်းလဲခြင်းဖြင့် ဆီးကျိတ်ကြီးထွားမှုကို နှောင့်နှေး သေးငယ်စေပါသည်။

မိမိ၏ မီးဖိုချောင်သည် မိမိ၏ ကျန်းမာရေးကို ပြုပြင်ပြောင်းလဲနိုင်ပါသည်။ နေ့စဉ် စားသောက်လျက်ရှိသော မိမိနှင့် သင့်တော်သည့် အစားအသောက်များက ကျန်းမာရေးကိုကူညီမှုဖြစ်စေနိုင်ပါသည်။

အောက်ပါ ဆေးဖက်ဝင်ပစ္စည်းများသည် ဆီးကျိတ်ရောဂါများကို ကုသပျောက်ကင်းစေပါသည်။

**ဆီးကျိတ်ရောဂါပြဿနာများအတွက် ဆေးဖက်ဝင်ပစ္စည်းများ (Herbal Remedies for Prostate Problems)**

**ဖရုံစေ့ (Pumpkin Seeds)**

ဆီးကျိတ်ကြီးထွားခြင်းကြောင့် ဆီးသွားရခက်ခဲခြင်းကို (ဆီးကျိတ်ကင်ဆာ မဟုတ်ပါက) ဂျာမန်သိပ္ပံပညာရှင် ဆရာဝန်များက ဖရုံစေ့ဖြင့် ကုသပျောက်ကင်းစေခဲ့ကြပါသည်။ ဖရုံစေ့တွင် ဆီးရွှင်၊ ဆီးများခြင်း (Diuretic Properties) အာနိသင်ရှိသည့်အပြင် သွပ်ဓာတ် (Zinc) များစွာပါဝင်ပါသည်။ သွပ်ဓာတ်သည် ပင်ကိုခုခံအားစနစ်ကို ပြန်လည်ပြုပြင်တည်ဆောက်ပေးပါသည်။ ဖရုံစေ့ကို အခွံခွာပြီး ဆားမထည့်ဘဲ အရသာရှိစွာ စားသုံးနိုင်သည်။ ဖျော်ရည် (Tea) အဖြစ် သောက်နိုင်ပါသည်။ ဖရုံစေ့လက်တစ်ဆုပ်စာခန့်ကို အခွံခွာ ထုထောင်း၍ ခွက်တစ်ခုတွင်ထည့်ပြီး ဆူထားသည့် ရေနွေး (၁) လီတာကို လောင်းထည့်ပါ။ အဖုံးအုပ်၍ အအေးခံစစ်ယူပြီး တစ်နေ့ (၁)လီတာ သောက်နိုင်ပါသည်။

**ပြောင်းဖူးမွေး (Corn Skilk)**

ဆီးကျိတ်ကြီးထွားခြင်း၊ ရောင်ရမ်းခြင်းကို ပြောင်းဖူးမွေးဖြင့် ကုသနိုင်ခဲ့ပါသည်။ လတ်ဆတ်သောပြောင်းဖူး (၆)ဖူး၏ အမွေးကို သန့်စင်ဆေးကြောကာ ဖြတ်တောက်ထုထောင်းပြီး ရေ(၁)လီတာဖြင့်ပြုတ်၍ ရေဆူပြီး (၁၀ မိနစ်ခန့်ကြာ) အောင်ထား၍ အအေးခံစစ်ယူပါ။ တစ်ပတ်အတွင်း တစ်ရက်ခြား တစ်နေ့တစ်ခွက်သောက်နိုင်ပါသည်။

**ငါး (Fish)**

ပင်လယ်ရေနက်တွင်ရှိသော ငါးများကို စားသုံးခြင်းသည် ဆီးကျိတ်ကင်ဆာနှင့် အကျိတ်ကြီးထွားခြင်းကို ဆန့်ကျင်စေနိုင်၏။ ထိုငါးများတွင် ပါဝင်သော အိုမီဂါ (သုံး) အဆီ (Omega30il) ကြောင့် ဖြစ်ပါသည်။ တူနာငါး (Tuna)၊ ငါးကွန်းရှပ် (Mackerel)၊ ဆော်လမွန်ငါး (Salamon) တို့တွင် အိုမီဂါသုံးအဆီများ ပါဝင်ပါသည်။ ငါးများကို တစ်ပတ်လျှင် အနည်းဆုံး (၃) ကြိမ်ခန့် စားသုံးနိုင်ပါသည်။

**ပဲပိစပ် (Soy)**

ဆီးကျိတ်နှင့် ပတ်သက်သော ပြဿနာများကို ပဲပိစပ်မှ ထုတ်လုပ်ထားသော အဆီများ၊ အစားအစာများက ကောင်းမွန်စွာ ကူညီကာကွယ်ပေးနိုင်ပါသည်။ ပဲပိစပ်မှ ထုတ်လုပ်သော အစားအစာများသည် တတ်စတိုရုန်းထုတ်လုပ်မှုကို လျော့နည်းစေ၍ ဆီးကျိတ်ကင်ဆာကြီးထွားမှုကို ဟန့်တားစေကြောင်း ဆီးကျိတ်၏ ပတ်ဝန်းကျင်အကျိတ်ဖြစ်ပေါ်မှုကို ဟန့်တားစေပါသည်။

**ခရမ်းချဉ်သီး (Tomatoes)**

စမ်းသပ်သုတေသနပြုမှုများအရ ခရမ်းချဉ်သီးကို ချက်ပြုတ်၍ဖြစ်စေ၊ ဖျော်ရည်အဖြစ်သော် လည်းကောင်း၊ အစိမ်းအတိုင်းစား၊ သုပ်စားခြင်းဖြင့်သော် လည်းကောင်း တစ်ပတ်(၂)ကြိမ်မှ (၃) ကြိမ်အထိစားခြင်းဖြင့် ဆီးကျိတ်



www.burmeseclassic.com

www.burmeseclassic.com

ကင်ဆာဖြစ်ပွားနိုင်မှု (၅၀) ရာခိုင်နှုန်းကို လျော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။ ခရမ်းချဉ်သီးပါဝင်သော ဓာတ်တိုးဆန့်ကျင်သည့် (Antioxident) လိုင်ကိုပိန်း ဖြပ်ပေါင်းများသည် ကင်ဆာရောဂါကို ကာကွယ်ကုသရန် ကူညီပေးပါသည်။ မာလကာသီး၊ ဖရဲသီးတို့တွင်လည်း လိုင်ကိုပိန်းဓာတ် ပါဝင်ပါသည်။

**တောင်ထန်းသီး (Saw Palmelto)**

တောင်ထန်းသီးသည် ဆီးသွားနှုန်းကို တိုးတက်စေပြီး ဆီးသွားနည်းခြင်းကို ပျောက်စေ၏။ ဟော်မုန်းဓာတ်ကို တိုးတက်စေပြီး ဆီးကျိတ်ကြီးထွားခြင်းကို လျော့နည်းပါသည်။ (Fame)ဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

**ဗီတာမင်စီ (VitaminC)**

မာရီလင်းဆေးဝါးတက္ကသိုလ်မှ ဆရာဝန်များက ဆီးကျိတ်ရောဂါကို ဗီတာမင်စီ(C) ဖြင့်ကုသကြောင်း၊ အီကိုလိုင်း (E -Coli) ဗက်တီးရီးယားရောဂါပိုးများကြောင့် ဆီးကျိတ်ရောဂါဖြစ်ပွားခြင်းကို ဟန့်တားနိုင်ကြောင်း၊ ဗီတာမင်စီသည် ကင်ဆာရောဂါဖြစ်ပွားမှုကို နှေးကွေးစေကြောင်း၊ ဗီတာမင်စီသည် ရေတွင်ပျော်ဝင်နိုင်သည့် ဗီတာမင်ဖြစ်၍ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ အထူးသဖြင့် ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ ပန်းဂေါ်ဖီ၊ ငရုတ်သီးစိမ်းတို့တွင် ပါဝင်သည်။ ခန္ဓာကိုယ်သည် ဗီတာမင်စီကို မသိမ်းထားနိုင်သဖြင့် နေ့စဉ် ဗီတာမင်စီ ပါဝင်သော အစားအစာများကို စားသုံးသင့်ပါသည်။

**ဖရဲသီးအစေ့ (Watermelon Seed)**

ဖရဲသီးအစေ့၊ ဖရဲသီးဖျော်ရည်သည် ဆီးအိမ်နှင့် ဆီးကျိတ်ပြဿနာများကို ပျောက်ကင်းစေနိုင်ပါသည်။ လတ်လတ်ဆတ်ဆတ် ဖရဲသီးအစေ့ လက်တစ်ဆုပ်ခန့်ကို ထုထောင်း၍ဆူပြီး ရေနွေး (၁) လီတာထည့်ကာ အအေးခံ အရည်စစ်ယူပါ။ (၁၀) ရက်ခန့် နေ့စဉ်သောက်နိုင်ပါသည်။ နေကြာစေ့၊ သခွားသီး၊ နှမ်းတို့သည်လည်း စားသုံးပါက ဆီးကျိတ်ရောဂါမဖြစ်ပွားစေရန်ကာကွယ်စေပါသည်။

**ဘဝနေထိုင်မှုပုံစံပြုပြင်တည်ဆောက်ခြင်း**

ဆီးကျိတ်ရောဂါများ စတင်ဖြစ်ပွားပါက လျစ်လျူမပြုသင့်ပါ။ မကုသဘဲထားပါက ပိုမိုဆိုးဝါးလာတတ်ပြီး ပိုမိုနာကျင်စွာ ခံစားလာရ၍ အလွန်အန္တရာယ်ရှိသောအခြေအနေမျိုးရောက်ရှိနိုင်ပါသည်။ ဆီးအိမ်နှင့် ကျောက်ကပ်တို့ကိုပါ ရောဂါပိုးဝင်၍ အခြားခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်း ထိခိုက်စေနိုင်ပါသည်။ အစားအစာများပြောင်းလဲစားသောက်ခြင်းဖြင့် ဆီးကျိတ်ရောဂါများကို လျော့ပါးသက်သာစေပါသည်။ အချို့အစားအစာများသည် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို လျော့နည်းစေပါသည်။ အဆီများစားသုံးမှုကို လျော့ချခြင်း၊ ပြည့်ဝဆီများကို မစားသုံးခြင်းဖြင့် ဆီးကျိတ်ရောဂါကို ရှောင်ရှားကာကွယ်နိုင်ပါသည်။ ကာဗိုဟိုက်ဒရိတ် ကစီဓာတ်များသော အစားအစာများကို လျှော့စားပြီး ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများကို ပိုမိုစားသုံးရပါမည်။ သစ်သီးဖျော်ရည်များ၊ ပဲ၊ အခွံမာသီးများ၏ အစေ့အဆန်များကို စားသုံးရန် လိုအပ်ပါသည်။ ဗီတာမင်(စီ)၊ ဆယ်နီယမ်၊ ကြေးနီ၊ မဂ္ဂနီစီယမ်တို့သည် ဆီးကျိတ်ကင်ဆာကို ဆန့်ကျင်ကာကွယ်တိုက်ခိုက်နိုင်ပါသည်။

ဆရာဝန်များ၏ ညွှန်ကြားမှုအရ ပဋိဇီဝဆေးများသောက်သုံးခြင်းနှင့် ဆီးကျိတ်ကို သေးငယ်ရန်၊ အနားရရန် ရေနွေးဖြင့်မကြာခဏစိမ်ပေးခြင်း၊ ရေနွေးပတ်ဖြင့် ကပ်ပေးခြင်း၊ ကြွက်သားတစ်ရှူးများက ဆီးကျိတ်ကို ဝန်းရံထားခြင်းကြောင့် ကြွက်သားများတောင့်တင်းမှု ပျော့ပျောင်းစေရန် ရေနွေးကပြုလုပ်ပေးပါသည်။ သုတ်လွှတ်ခြင်းသည် ဆီးကျိတ်မှအရည်များကို ဖယ်ရှားရာရောက်ပြီး ဆီးကျိတ်ကို ကျုံ့ငယ်သွားစေသဖြင့် သုတ်ရည်ထွက်ရန် မကြာခဏ ကာမဆက်ဆံရပါမည်။ ဆီးကျန်မှုမရှိရန် ဂရုစိုက်ရပါမည်။ ပဋိဇီဝဆေးဝါးများကို တာရှည်စွာသောက်သုံးခြင်းကို ရှောင်ကြဉ်ရပါမည်။

နှလုံးခုန်မြန်အောင် ပြုလုပ်ခြင်း၊ သွေးခုန်နှုန်းမြန်စေခြင်း စသည့်အားကစားလေ့ကျင့်ခြင်းတို့သည်လည်း ဆီးကျိတ်ကို အနားရ၊ ပျော့ပျောင်းစေနိုင်သဖြင့် နေ့စဉ်မိမိလုပ်ဆောင်နိုင်သည့် လေ့ကျင့်ခန်းများကို ပြုလုပ်ရပါမည်။ (၂၀) မိနစ်ထက် ပိုမစိမ်ရပါ။ အနားယူနိုင်မည့် နည်းလမ်းများကို ရှာဖွေပြီး တရားထိုင်ခြင်း၊ တေးသီချင်းများ နားထောင်ခြင်း ပြုလုပ်နိုင်ပါသည်။ ကြာရှည်စွာထိုင်ခြင်းကို ရှောင်ကြဉ်ရန်နှင့် ဆီးကျိတ်ကိုဖိနှိပ်ထားသည့် ပုံသဏ္ဌာန်မျိုးမထိုင်ရပါ။ စက်ဘီးစီးခြင်းတို့ကို ရှောင်ပါ။ အဆီနှင့်နီရဲသောအစားအစာများကို သင့်ရုံသာစားပါ။ အရက်ဘီယာသောက်သုံးခြင်းသည် ဆီးကျိတ်ကို ကြီးထွားစေနိုင်ပါသဖြင့် ရှောင်ကြဉ်ရပါမည်။

ညစာစားပြီးနောက် ညပိုင်းအရည်သောက်ခြင်းကို နည်းနိုင်သမျှနည်းရန်ကြိုးစားပါ။ ကဖင်းဓာတ်ပါဝင်သော အစားအစာ၊ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးများရှောင်ပါ။ ညစာစားပြီး အရက်ပါဝင်သောအရည်များမသောက်သုံးရပါ။ ထိုရောဂါများကို ကာကွယ်ရန် အဆီဓာတ်ပါသော ငါးများကို စားသုံးသင့်ပါသည်။ အိုမီဂါ(၃)ပါဝင်သည့် ငါးများ၏ အဆီသည် ဆီးကျိတ်ရောဂါများကို ကာကွယ်ဟန့်တားနိုင်ပါသည်။ ထို့ပြင် နှလုံးရောဂါကိုလည်း ကာကွယ်ဟန့်တားရာတွင် အစွမ်းထက်ကြောင်း သိရှိရပါသည်။ သိပ္ပံပညာရှင်များက ၁၉၆၇ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နှစ် (၃၀) အမျိုးသား (၆၃၀၀) ဦးကို သုတေသနပြု လေ့လာခဲ့ရာ (၄၆၆) ဦးမှာ ဆီးကျိတ်ကင်ဆာဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့ရ၍ (၃၄၀) ဦးမှာ သေဆုံးခဲ့ကြရ၏။ တွေ့ရှိချက်များအရ အဆီများသောငါးများကို မစားသုံးသောသူများသည် စားသုံးသူများထက် (၂) ဆမှ (၃) ဆအထိ ဆီးကျိတ်ကင်ဆာရောဂါ ပိုမိုဖြစ်ပွားကြောင်းနှင့် ကင်ဆာရောဂါဖြစ်ပွားသူများအနက် (၂၇) ရာခိုင်နှုန်းသည် ဆီးကျိတ်ကင်ဆာဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။

ဖော်ပြခဲ့သည့် သဘာဝဆေးဖက်ဝင်အပင်များသည် ဆီးကျိတ်၏ကျန်းမာရေးကို အားထုတ်ဆိုးကျိုး လုံးဝမရှိဘဲ ကောင်းမွန်စေပါကြောင်းသိရှိရပါသည်။ ကမ္ဘာ့နိုင်ငံတိုင်းပြည်အသီးသီးတွင်လည်း သုတေသနပညာရှင်များမှ သဘာဝဆေးဖက်ဝင်ပစ္စည်းများကို ကျယ်ပြန့်စွာ အသုံးပြု ဖော်ပြနေပြီး ဆရာဝန်များလည်း သဘာဝဆေးဖက်ဝင် ပစ္စည်းများဖြင့် ဆီးကျိတ်ပြဿနာများကို ကုသ[illegible] သကဲ့သို့ ဆီးကျိတ်ရောဂါမဖြစ်စေ[illegible] ကြိုတင်ကာကွယ်ရေးအတွက် အသုံး[illegible] နေကြပါကြောင်း ရေးသားတင်ပြအပ်[illegible] သည်။

စွမ်းထက်နေ[illegible]

ကိုးကား -

အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရား ပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များ ရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့်အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင် အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | နတ်တော်လဆန်း | ၂လာ | ၂၅<br>၂၆ | ၀၄း၅၂း၃၀ | □ ဝရ<br>△ ဥပါဒ် |
| ၂ | ၁၁ | ၃ဂါ | ၂၆<br>၂၇ | ၀၃း၂၅း၄၃ | * အမြိတ္တ<br>* လာဘ |
| ၃ | ၁၂ | ၄ဟူး | ၂၇<br>၁ | ၀၂း၁၉း၂၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၄ | ၁၃ | ၅တေး | ၁<br>၂ | ၀၁း၃၂း၅၄ | * လာဘ<br>* သိဒ္ဓိ |
| ၅ | ၁၄ | ၆ကြာ | ၂<br>၃ | ၀၀း၄၈း၀၀ | △ မိတ္တ<br>△ ကာဏ |
| ၆ | ○ | စနေ | ၃<br>၄ | ၀၀း၄၈း၄၉ | * သိဒ္ဓိ<br>□ ဝရ |
| ၇ | ဆုတ် ၁ | ၁နွေ | ၄<br>၅ | ၀၁း၁၄း၂၉ | △ ကာဏ<br>* အမြိတ္တ |
| ၈ | ၂ | ၂လာ | ၅<br>၆ | ၀၂း၀၈း၃၄ | □ ဝရ<br>△ ဥပါဒ် |
| ၉ | ၃ | ၃ဂါ | ၆<br>၇ | ၀၃း၅၁း၂၆ | * အမြိတ္တ<br>* လာဘ |
| ၁၀ | ၄ | ၄ဟူး | ၇<br>၈ | ၀၅း၄၀း၂၂ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၁ | ၅ | ၅တေး | ၈<br>၉ | ၀၇း၅၁း၁၆ | * လာဘ<br>* သိဒ္ဓိ |
| ၁၂ | ၆ | ၆ကြာ | ၉<br>၁၀ | ၁၀း၁၃း၂၀ | △ မိတ္တ<br>△ ကာဏ |
| ၁၃ | ၇ | စနေ | ၁၀<br>၁၁ | ၁၂း၅၃း၂၀ | * သိဒ္ဓိ<br>□ ဝရ |
| ၁၄ | ၈ | ၁နွေ | ၁၁<br>၁၂ | ၁၅း၁၆း၂၂ | △ ကာဏ<br>* အမြိတ္တ |
| ၁၅ | ၉ | ၂လာ | ၁၂<br>၁၃ | ၁၇း၄၆း၄၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၆ | ၁၀ | ၃ဂါ | ၁၃<br>၁၄ | ၁၉း၂၂း၀၆ | * အမြိတ္တ<br>* လာဘ |
| ၁၇ | ၁၁ | ၄ဟူး | ၁၄<br>၁၅ | ၂၁း၂၂း၅၅ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၈ | ၁၂ | ၅တေး | ၁၅<br>၁၆ | ၂၂း၂၀း၄၁ | * လာဘ<br>* သိဒ္ဓိ |
| ၁၉ | ၁၃ | ၆ကြာ | ၁၆<br>၁၇ | ၂၂း၄၆း၄၇ | △ မိတ္တ<br>△ ကာဏ |
| ၂၀ | ● | စနေ | ၁၇<br>၁၈ | ၂၃း၁၁း၁၁ | * သိဒ္ဓိ<br>* ဝရ |
| ၂၁ | ပြာသိုလဆန်း | ၁နွေ | ၁၈<br>၁၉ | ၂၂း၄၉း၁၁ | △ ကာဏ<br>* အမြိတ္တ |
| ၂၂ | ၂ | ၂လာ | ၁၉<br>၂၀ | ၂၂း၀၃း၅၂ | □ ဝရ<br>△ ဥပါဒ် |
| ၂၃ | ၃ | ၃ဂါ | ၂၀<br>× | ၂၀း၅၇း၀၉ | * အမြိတ္တ<br>* လာဘ |
| ၂၄ | ၄ | ၄ဟူး | ×<br>၂၁<br>၂၂ | ၀၂း၀၃း၃၀<br>၁၉း၃၀း၀၀ | △ ဥပါဒ်<br>△ မိတ္တ<br>△ ကာဏ |
| ၂၅ | ၅ | ၅တေး | ၂၂<br>၂၃ | ၁၈း၀၀း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၆ | ၆ | ၆ကြာ | ၂၃<br>၂၄ | ၁၆း၄၆း၄၆ | △ ကာဏ<br>* အမြိတ္တ |
| ၂၇ | ၇ | စနေ | ၂၄<br>၂၅ | ၁၄း၃၇း၃၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၈ | ၈ | ၁နွေ | ၂၅<br>၂၆ | ၁၃း၀၇း၃၀ | * အမြိတ္တ<br>* လာဘ |
| ၂၉ | ၉ | ၂လာ | ၂၆<br>၂၇ | ၁၁း၃၇း၃၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၃၀ | ၁၀ | ၃ဂါ | ၂၇<br>၁ | ၁၀း၁၇း၀၉ | * လာဘ<br>* သိဒ္ဓိ |
| ၃၁ | ၁၁ | ၄ဟူး | ၁<br>၂ | ၀၉း၁၇း၂၅ | △ မိတ္တ<br>△ ကာဏ |

၂၀ - နက္ခတ် = ၄၅ ယဋ္ဌိ
× - နက္ခတ် = ၃၀ ယဋ္ဌိ
၂၁ - နက္ခတ် = ၄၅ ယဋ္ဌိ
ဖြင့် တွက်သည်။

* = အဝင်နက္ခတ်
□ = ခပါဒ်နက္ခတ်
△ = အထွက်နက္ခတ်
○ = လပြည့်နေ့
● = လကွယ်နေ့

၆-၁၂-၂၀၁၄ ရက်နေ့ ည ၁၈း ၅၃း ၀၇နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောသိုင်း (...)



www.burmeseclassic.com

www.burmeseclassic.com

# မိတ္ထီလာပုဏ္ဏကနှင့် ကမာရှုတ်က ပုဏ္ဏက

ဝေယံလှိုင်းခေါင်



၂၀၁၄ ခုနှစ်၊ ဇွန် ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ချမ်းသာ (မိတ္ထီလာ)၏ သတင်းတစ်ပုဒ်ကို ဓာတ်ပုံနှင့်တကွ အောက်ပါအတိုင်း ဖတ်ရှုရသည်။

**မိတ္ထီလာမြို့ ပြည်သာယာတောင်ပိုင်းရပ်ကွက်တွင် လူနေတိုက်အိမ်တစ်ခုအတွင်း စောင်ထည်နှင့်ခေါင်းအုံးများတွင် အလိုအလျောက် မီးတောက်လောင်မှု အကြိမ်ကြိမ်ဖြစ်ပွား**

မိတ္ထီလာမြို့ ပြည်သာယာတောင်ပိုင်းရပ်ကွက် ဝန်ထမ်းအိမ်ရာရှိ လူနေတိုက်အိမ်တစ်ခုအတွင်းမှ စောင်ထည်နှင့် ခေါင်းအုံးများတွင် အလိုအလျောက် မီးတောက်လောင်မှု မေ ၃၀ ရက် နံနက်ပိုင်းမှ ညပိုင်းအချိန်အထိ အကြိမ်ကြိမ်ဖြစ်ပွားသဖြင့် ရပ်ကွက်ဒေသခံအများအပြား စိတ်ဝင်တစား လာရောက်ကြည့်ရှုကြောင်း သိရသည်။

"နံနက် (၁၀) နာရီခန့်ကနေ ည (၆) နာရီ၊ (၄၅) မိနစ်အထိ စုစုပေါင်း ကိုးကြိမ် အလိုအလျောက် မီးတောက်လောင်မှုဖြစ်ပွားတယ်။ မီးလောင်တာကလည်း လူနေအိမ်ခန်းအတွင်းက စောင်ထည်တွေနဲ့ ခေါင်းအုံးတွေကို လောင်တာပါ။ ဘယ်လိုအကြောင်းကြောင့် လောင်တယ်လို့တော့မသိဘူး။ နံနက်ပိုင်းက စလောင်တော့ အိမ်အောက်ထပ်အခန်းထဲက စောင်ထည်တစ်ခုကို လောင်တယ်။ အဲဒါကို ငြိမ်းနေတုန်း အပေါ်ထပ်အခန်းထဲက ခေါင်းအုံးကို လောင်ပြန်တယ်။ အဲဒီလို နာရီအပိုင်းခြားပြီးလောင်နေတာ"

ဟု အိမ်ရှင်အမျိုးသမီးက ပြောသည်။

အဆိုပါ အလိုအလျောက် မီးတောက်လောင်သည့် လူနေအိမ်မှာ ပြည်သာယာတောင်ပိုင်းရပ်ကွက် ဝန်ထမ်းအိမ်ရာ (၃) လမ်းနှင့် ယင်းမာလမ်းသွယ်ထောင့်ရှိ အိမ်အမှတ် (၁၅၇) တွင်ဖြစ်ပြီး ည (၇) နာရီခန့်တွင် သစ္စာပြုတောင် ဆရာတော် ဘဒ္ဒန္တအာသဘ အပါအဝင် သံဃာတော်ငါးပါးက အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်ကာ ပရိတ်သဲများ၊ ပရိတ်ရေများကို လူနေအိမ်ဝင်းနှင့် လူနေအခန်းများတွင် ဖျန်းပက်ပေးသည်။ အလိုအလျောက် မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ -

"ထူးတော့ထူးဆန်းတယ်၊ ဂမ္ဘီရဆန်ဆန်ပဲ။ ကျုပ်ရောက်တော့ မီးငြိမ်းစစောင်ထည်ကို ဓာတ်ပုံရိုက်ထားတယ်။ ဘယ်လိုဖြစ်တယ်လို့တော့ မသိဘူး။ ဒီလိုမျိုးကဖြစ်ခဲ့တယ်"

ဟု ဆရာတော်ဘဒ္ဒန္တအာသဘက မိန့်သည်။

အဆိုပါ အလိုအလျောက် မီးတောက်လောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမောင်ရွှေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွ[...] အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွ[...] စည်ပင်သာယာရေးကော်မတီဝင်[...] လာရောက်ကြည့်ရှုစစ်ဆေးပြီး ရပ်ကွ[...] အုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့[...] များ၊ နယ်မြေခံ အမှတ် (၃) ရဲ[...] ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အ[...] နေအိမ်ရှိ မိသားစုများ လုံခြုံ ဘေး[...] ရေးအတွက် ကြည့်ရှုစောင့်ရှောက်[...] သည်။ ဆက်လက်၍ မေ ၃၁၊ နံ[...] (၈) နာရီခန့်တွင် အချိန်ပိုင်း[...] အဆိုပါနေအိမ်ရှိ စောင်[...] ခေါင်းအုံးတချို့ကို သုံးကြိမ် ထပ်[...]



www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက် မီးတောက်လောင်မှု ဖြစ်ပွားသည်။ အဆိုပါ လူနေတိုက်အိမ်ရှိ စောင်ထည်နှင့် ခေါင်းအုံးများ အလိုအလျောက် မီးတောက်လောင်မှုကို ဒေသခံရပ်ကွက်ပြည်သူများနှင့် ကြားသိရသူများက စိတ်ဝင်စားလျက်ရှိပြီး အရပ်စကားဖြင့် 'ပုဏ္ဏကတိုက်သည်' ဟု ပြောဆိုနေကြကြောင်း သိရှိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

အထက်ပါသတင်းကို ဖတ်မိသောအခါ မိမိတို့ ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက်၊ လှည်းတန်း၊ ထန်းတစ်ပင်လမ်းမှ အိမ်တစ်အိမ်၏ အဖြစ်အပျက်နှင့် အလွန်တူသည်။ တူသည်ဟုဆိုခြင်းထက် တစ်ပုံစံတည်း၊ တစ်ထပ်တည်းဟုဆိုက ပိုမှန်၏။

စာရေးသူနေထိုင်သော အိမ်မှာ ကမာရွတ်မြို့နယ် (၃) ရပ်ကွက်၊ စပယ် (၂) လမ်းနှင့် အနောက်ပုလဲဂေဟာလမ်းထောင့်အိမ်ဖြစ်သည်။ အနောက်ပုလဲဂေဟာလမ်းသည် ထန်းတစ်ပင်လမ်းကို ဦးတိုက်ထားသည်။ ထို့ကြောင့် မိမိနေအိမ်နှင့် နီးနီးလေးပင်။

သို့သော် ထိုအဖြစ်အပျက်ဖြစ်စဉ်က မိမိအိမ်၌မရှိ။ အစိုးရဝန်ထမ်းများဖြစ်ကြသဖြင့် ဇနီးနှင့် သားသမီးတို့မှာ တကွဲတပြားစီနှင့် နယ်ကိုရောက်နေကြ၏။ ထို့ကြောင့် မိမိလည်း နိုကယ်အသင်းရုံးတွင်အနေများသည်။ အိမ်တို



www.burmeseclassic.com

www.burmeseclassic.com



**မိတ္ထီလာမြို့ ပြည်သာယာတောင်ပိုင်းရပ်ကွက်တွင် လူနေတိုက်အိမ်တစ်ခုအတွင်း**

**စောင်ထည်နှင့် ခေါင်းအုံးများတွင် အလိုအလျောက်မီးတောက်လောင်မှုအကြိမ်ကြိမ်ဖြစ်ပွား**

တစ်ပတ်တစ်ခါလောက်သာလာကြည့်ဖြစ်သည်။ ထို့ကြောင့် ထိုအဖြစ်အပျက်မှာ မိမိအိမ်နှင့် အနီးဆုံးဖြစ်သော်လည်း ကိုယ်တိုင်မမြင် မသိလိုက်ရ။ အိမ်ပြန်လာ၍ ညီမအမာခင်ကပြောမှ ကြားရသိရ၏။

သို့သော် ဂမ္ဘီရဆန်သော ထိုသို့သောအဖြစ်အပျက်များကို မိမိတို့အရပ်မှာရော ရန်ကုန် မြေနီကုန်း၌လည်း ရန်ကုန်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်သန်းတို့ လက်ထက်က တစ်ခါကြားဖူးထားသဖြင့် သိပ်စိတ်မဝင်စားမိ။ တစ်ခုပဲရှိ၏။ ယခု မိမိတို့၏ ထန်းတစ်ပင်လမ်းက ဒေါ်ဖြူဖြူမြင့်နှင့် မောင်သိန်းထွန်းအောင်တို့မောင်နှမနေအိမ်တွင် ထိုသို့ဖြစ်သည်ကို အံ့သြသလိုတော့ဖြစ်မိသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်ဖြူဖြူမြင့်နှင့် မောင်သိန်းထွန်းအောင်တို့မှာ ရတနာ (၃) ပါးကိုလည်း အလွန် နက်နက်ရှိုင်းရှိုင်း ယုံကြည်ဆည်းကပ်ကိုးကွယ်ကြသူများ ဖြစ်သည်။ အလှူအတန်းဆိုလျှင်လည်း မိမိတို့ထက်အများကြီးလှူနိုင်ကြသူများပင်။ မိမိသိရသလောက် ရွှေတိဂုံစေတီတော်တွင် ရွှေပြားသုံးချပ်လှူသည်။ ယခု ထန်းတစ်ပင်ကျောင်း၌ ငါးထပ်ဓမ္မာရုံကြီးဆောက်နေရာ၌လည်း (၁၅) သိန်း အလှူပါဝင်ထားသည်။ ထို့နောက် ဟိုကျောင်းဟိုကန်ဓမ္မာရုံဘုရားများတွင်လည်း အလှူအတန်း သိန်းဂဏန်း၊ သောင်းဂဏန်း လှူဒါန်းသည်ကိုလည်း သိနေရသည်။

မိမိတို့အရပ် ဓမ္မာရုံဝတ်ရွတ်အဖွဲ့တွင်လည်း မိမိတို့အိမ်က ညီမနှင့်သောကြာပတ်တိုင်း ပါဝင်ရွတ်ဖတ်နေသည်။ ယခု နေ့စဉ်လည်း သံဃာ (၁၅) ပါးနှင့် တန်းဆွမ်း၊ အပတ်စဉ်ဆွမ်းကိုလည်း ရက်ပတ်မပျက် လှူတန်းနေကြသော မောင်နှမနှစ်ယောက် ဖြစ်သည်။ ထိုသို့သောအိမ်မှ ထိုသို့အရပ်အပြောပုဏ္ဏကတိုက်သည်၊ ဂမ္ဘီရဆန်သည်ကို မိမိကား ယခု မိတ္ထီလာမှ ချမ်းသာ၏ သတင်းကိုဖတ်ရတော့ ဤသို့သော မကောင်းဆိုးဝါးပညာသည် တကယ်တော့ရှိနေသည်။ ဤအတွေးကြောင့် ဖြစ်ပျက်ခဲ့သော အိမ်ရှင်ဒေါ်ဖြူဖြူမြင့်နှင့် မောင်သိန်းထွန်းအောင်တို့မောင်နှမကို တစ်ရက်သွားတွေ့ပြီးမေးမိ၏။

ဒေါ်ဖြူဖြူမြင့် ပြောပြသည်မှာ သူတို့အိမ်ကို တစ်ခြမ်းပေးတစ်ခြမ်းယူကန်ထရိုက်နှင့် တိုက်ဆောက်သည်မှာ ထိုစဉ်က သိပ်မကြာသေး။ အပေါ်ထပ်ခိုးမှာ ကောင်လေးတွေကို ဘော်ဒါငှားထားသည်။ ထိုစဉ်က မြေညီထပ်တွင် သူတို့နေသည်။ တတိယထပ်ကိုလည်း မိမိတို့အရပ်သား ဦးစိုးတို့မိသားစုကို ငှားထားသည်။

စဖြစ်သည်မှာ ထိုနှစ် မတ်လ ၇ ရက်နေ့ညနေတွင် လမ်းတစ်ဖက်ရှိ မျက်နှာချင်းဆိုင်တိုက်ကလူများ အော်ပြောတော့မှ သိရသည်။ အမှန်ပင် သူတို့တိုက်ခန်းအပေါ်က မီးခိုးတွေထွက်နေ၏။ ထပ်ခိုးတွင်လည်း ဘော်ဒါထားသော ကောင်လေးများရှိရာ မီးခိုးမြင်တော့ အပေါ်ကို ပြေးတက်ကြသည်။ ရေပုံးလည်း ပါသွား၏။ ကျောင်းလာနေသော ကောင်လေးတွေတော့ ထပ်ခိုးမှာတစ်ယောက်မှမရှိကြ။ သူတို့အဝတ်တွေက အလိုလို မီးထလောင်နေသည်။ အစကမူ ဝါယာရှော့ဖြစ်တာလား၊ ရေနွေးတည်ရာကလား၊ ဟိုလားသည်လားထင်စရာကလည်း ဘာအပြစ်အနာအဆာမှမရှိ။ ရှော့ဖြစ်ပြီး မီးလောင်ရအောင် မီးပူတိုက်နေသူလည်း တစ်ယောက်မှမရှိ။ ဝါယာပလပ်ပေါက်တွေနှင့်လည်း အဝေးကြီး။ သူ့အလိုလိုထပြီး အင်္ကျီ၊ လုံချည်တန်းကအဝတ်တွေကို မီးစွဲလောင်ခြင်းဖြစ်သည်။

ဤသည်မှစ၍ အလွန်ထူးဆန်းသော အဖြစ်အပျက်ကို ကြုံကြရသည်။ ဟိုနေရာက မီးထလောင်လိုက်၊ သည်နေရာက မီးထလောင်လိုက်ဖြစ်နေရာ ပေါ်ဆမီးနှင့် အငံရေးယူခဲ့ရမှာစိုးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အကြောင်းကြားရသည်။ လူကြီးတွေရှေ့မှာကို ခေ လောင်းမီးငြိမ်းထားသည့်ထဲက မီးထ တောက်သည်။ ဤသည်နှင့် အုတ်အော် သောင်းတင်းဖြစ်ကုန်ကြပြီး အိမ်ရှေ့မှာ လူတွေ တရုန်းရုန်းဖြစ်ကုန်ကြ၏။

မီးလောင်သည်ကလည်း ဆန်း သည်။ အဝတ်အစားတွေ၊ တန်းမှပ တွေ၊ လိပ်ကာတွေ၊ ဗီရိုထဲက မီးခိုးတွေ အူထွက်လာပါလားကြည့်တော့ သော ကျော်တန် အင်္ကျီ၊ လုံချည်တွေကို မီး လောင်သည်။ ထို့အပြင် တတိယထ ငှားထားသော ဦးစိုးတို့အထပ်မှာလည်း ထိုသို့လောင်သည်။ နောက်ဘက်တွင် မိုးလုံရန်ကာထားသော တလာပတ် လည်း အလိုလိုနေရင်း မီးစွဲလောင်ပြ သည်။ နောက်ဖေးချင်းဆက်နေသော အိမ်က အော်ကြဆူကြပြန်၏။ သူတို့က တော့ သူတို့တိုက်ခန်းတွေကို ဤ ထူးထူးဆန်းဆန်းအဖြစ်မျိုးက သူတို့ ကူးစက်လာမှာ ကြောက်သဖြင့်အော်ကြ ခြင်း ဖြစ်သည်။

မကြုံစဖူးသောအဖြစ်ကို ထန်း တစ်ပင်ရပ်ကွက်ရှိ လူတွေကလည်း နေ့ ညမစဲ လာကြည့်ကြရင်း ပွဲတော်ကြီး ဖြစ်နေသည်။ ဒေါ်ဖြူဖြူမြင့်မှာတော့ ဤသို့ဖြစ်ရသည်ကို ဘာကြောင့်မှန်း လည်း မသိသဖြင့် သောကနှင့်ငိုရှိုက်ချ နေရ၏။ တစ်ခုထူးခြားသည်မှာ ဤ တိုက်သည်ကန်ထရိုက်နှင့်ဆောက်သော တိုက်ဖြစ်သဖြင့် တွဲလျက်အခန်းတွေ လည်း အထပ်တိုင်းမှာ လူတွေရှိလေရာ ဟိုဘက်အခြမ်းက ဘာမှမဖြစ်။ ယခု ဒေါ်ဖြူဖြူမြင့်တို့အခြမ်းချည်း အပေါ် ထပ်ရော အောက်ထပ်ပါ ထိုသို့ဖြစ်နေ သည်မှာ ထူးခြားသည်ဟု ဆိုရမည်။

သည်လိုနှင့် ၂၄ ရက်နေ့မှာတော့ သက်ဆိုင်ရာတွေအဆင့်ဆင့်အကြောင်း ကြားချက်နှင့် စမ်းချောင်း မီးသတ်အဖွဲ့ သတင်းရောက်သွားရာ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ရ-ယ-က ရုံးမှ တာ ရှိသူများကပါ စောင့်ကြည့်နေ သောအဖြစ်သို့ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ နေအိမ်တစ်အိမ်မှပစ္စည်းများအလိုအလျောက် ခုန်စ်ကြိမ်မီးလောင်ကျွမ်းသည့်ဖြစ်စဉ် ဖြစ်ပွားပြီးနောက် နေအိမ်အားပတ်ဝန်းကျင်တွင် သက်ဆိုင်ရာက စောင့်ကြည့်ပေးနေ





ထိုသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ စောင့်ကြည့်နေသည့်ကြားက မတ်လ ၂၄ ရက်နေ့မှာ အဝတ်တွေကို တစ်ခါလောင်ပြန်သည်။ မီးငြိမ်းသတ်ထားပြီးမှ ထိုအဝတ်တွေကို ထလောင်ပြန်သည်။ ထိုအချိန်က ရုပ်ရှင်ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) နှင့် စမ်းချောင်းမြို့နယ် မီးသတ်မှဌာနမှူး ဦးရဲအောင်တို့ ကိုယ်တိုင်ပင် အံ့သြတကြီးဖြစ်ကြရသည် ဆို၏။ နောက်တစ်ခု ထူးခြားချက်မှာ နတ်ဆွဲထားသော အိမ်တွင်းအုန်းသီးကိုကိုင်ကြည့်လျှင် ပူနေပြီး ကျောက်ပြားတစ်ချပ်လည်း ပူနေသည်ဟု ဒေါ်ဖြူဖြူမြင့်က ပြော၏။

"ခင်ဗျားတို့ အဲဒီလိုမဖြစ်ခင် တစ်စုံတစ်ခု ဘာများထူးခြားတာ ကြုံရလဲ"

ဟု စာရေးသူက မေးကြည့်ရာ-

"ဒီလိုမဖြစ်မီ တစ်ပတ်လောက်ကတော့ အရုပ်ဆိုးဆိုး အမွှေးအမှင်တွေ တဲ့ရှိ လူမျိုးခြားတစ်ယောက်က ကျွန်မရှေ့တည့်တည့်ကလာပြီး ကျွန်မရင်ဘတ်ကို မီးတုတ်နဲ့ ရှို့တယ်မြင်ပြီး လန့်နိုးသွားတာ"

"အဲဒီတုန်းက ဒီတိုက်ဆောက်ပြီးသွားတာ ဘယ်လောက်ကြာပလဲ"

"သိပ်မကြာသေးဘူးရှင့်"

"အရင်အိမ်ဟောင်းကို တိုက်ပြန်ဆောက်တာပေါ့"

"ဟုတ်ပါတယ်"

"မတ်လ ၇ ရက်နေ့ကပင် စဖြစ်တယ်ဆိုတော့ ဘယ်နှရက်အထိဖြစ်လဲ"

"၂၄ ရက်နေ့အထိ ဖြစ်တယ်"

"၇ ရက်နေ့က ၂၄ ရက်နေ့ထိ ဖြစ်တယ်ဆိုတော့ အကြာကြီးပဲ။ နေ့တိုင်းနေ့တိုင်းဖြစ်တာလား"

"နေ့တိုင်းတော့ မဟုတ်ဘူး၊ ၇ရက်နဲ့ ၈ ရက် နှစ်ရက်ကတော့ ဆက်တိုက်ဖြစ်တာ။ အဲဒါကြောင့်လည်း လူတွေက အုတ်အော်သောင်းတင်းဖြစ်ကုန်ကြတာ။ ၂၄ ရက်နေ့မှာတော့ ပိုပြီးလူတွေသိကုန်ကြတာပေါ့နော်။ အဲဒါကြောင့် ရုပ်ရှင်ဒါရိုက်တာနဲ့ မီးသတ်ဦးစီးဆရာတို့ကပါ လာကြည့်ကြတယ်"

"အဲဒီလိုဖြစ်နေတဲ့အချိန် ခင်ဗျား ဗေဒင်မေးတာတို့၊ နတ်မေးတာတို့ဆိုပါတော့ ပယောဂဆရာတို့ဘာတို့ဆီ သွားမမေးမိဘူးလား"

"မေးမိပါသောကောရှင်။ ဟိုလူပြောဒီလူပြောနဲ့ စုံနေတာပဲ။ အဲဒီအချိန်မှာ ကျွန်မကလည်း တစ်ခါမှမကြုံဘူးတော့ ငိုလိုက်၊ ရယ်လိုက်နဲ့ သောကမီးတောက်နေတာ။ အသိတစ်ယောက်ကပြောတယ်။ သာကေတတိုင်းရင်းသားရွာနားမှာ အေးစေတီဆရာတော်ဆိုတာရှိတယ်။ မေးလိုက်ရင် လူတိုင်းသိတယ်။ အမှောင့်ပယောဂ အတိုက်အခိုက်အထက်အောက် အကုန်နိုင်တယ်ပြောတော့ ကျွန်မမှာ ပြေးရပြန်ပြီ"

"ဟုတ်ကဲ့၊ ပြောပါဦး"

"ကျွန်မတို့ ရောက်သွားတော့ ကျွန်မတို့လိုပဲ အမှောင့်ပယောဂ၊ စုန်းတိုက်၊ နတ်တိုက်၊ လူပြုစားလာမေးနေကြသူတွေ သုံးယောက်ရှိတယ်။ ကျွန်မက ဆရာတော်ကို အကျိုးအကြောင်းလျှောက်တော့ ဆရာတော်က သူ့ပညာနဲ့လုပ်မှာပေါ့။ ကျွန်မရှေ့ မိန်းမတစ်ယောက်ကို ဝင်ပူးတယ်။ တိုတိုပဲပြောပါရစေ ဆရာရယ်။ ကျွန်မကို သေအောင်လုပ်မယ်တဲ့။ အိမ်ထဲက ပစ္စည်းတွေကို သူ့မီးတုတ်နဲ့လိုက်ရှို့နေတာတဲ့။ ဆရာတော်က ကြိမ်းမောင်းပြီး သွား - အဲဒီမီးတုတ်ကို ခုချက်ချင်း မြေထဲသွားမြှုပ်ပစ်လိုက်စမ်းလို့ အမိန့်ရှိတာတောင် ပေကတ်ကတ်လုပ်နေလို့ ကြိမ်းမောင်းပြီး မီးတုတ်ကို မြေမြှုပ်ခိုင်းလိုက်ရတယ်။ အဲဒီက ပြန်လာကတည်းက အိမ်မှာ ဘာမှမဖြစ်တော့ပါဘူး"

"အဲဒါက မတ်လ ၇ ရက်နေ့ကနေ ၂၄ ရက်အတွင်း ဖြစ်နေတဲ့အချိန်အတွင်းမှာပဲ ခင်ဗျား ဆရာတော်နဲ့ သွားတွေ့တာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ။ ကျွန်မလေ ခု ဆရာ့ကို ပြောနေတာတောင် ကြက်သီးထချင်တယ်။ အရမ်းကြောက်သွားတာပဲ"

"မကြောက်ပါနဲ့ဗျာ။ ခု ခင်ဗျား ဘုရား၊ တရားအလုပ်လည်းလုပ်နေတာပဲ ဘာမှမဖြစ်နိုင်တော့ပါဘူး"

"ဟုတ်ကဲ့ပါ။ ကျွန်မ ပဋ္ဌာန်းရွတ်တယ်၊ မေတ္တာရွတ်တယ်၊ ဘုရားမှန်မှန်ရှိခိုးတယ်၊ တရားထိုင်တယ်"

"ဒါကြောင့်လည်း အဲသလောက်နဲ့ ပြီးသွားတာပေါ့ဗျာ။ ရတနာ (၃) ပါး တန်ခိုးကြောင့်လည်း ဆရာကောင်းတွေ့တာပေါ့"

"ဟုတ်ကဲ့ပါ"

ဝေယံသင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တူးသမို့
မြေနှင်းတောင်မှကြောက်တူးကွယ်

လနယုန်မိုး

၂၅-၃-၂၀၀၉ရက်နေ့မှာ ကုမ္ပ...
မှ တစ်နှစ်ပတ်လုံး စေတနာ၊ ဝါသနာ...
အနစ်နာခံကာ ကြိုးစားပြီး တာဝန်ထမ်း...
ဆောင်ခဲ့ကြတဲ့ဝန်ထမ်းတွေကို ကုမ္ပ...
ဥက္ကဋ္ဌမှ ဘုရားဖူးယာဉ်များနဲ့အဖွဲ့လို...
တစ်သုတ်ပြီးတစ်သုတ်သွားနိုင်ရန် စီစဉ်...
ပေးပါတယ်။

ကိုမြင့်ဝေက အလောင်းတော်...
ကဿဖဘုရားဖူးခရီးစဉ်မှာ ပါဝါတယ်...
ရန်ကုန်နှင့် ပြင်ဦးလွင်ပြေးဆွဲနေတဲ့...
COM လေအိတ်မှန်လုံဘတ်(စ်)ကားကြီး...



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးကို ဆီကျန် တစ်ရက် နှစ်သိန်း နှုန်းနဲ့ငှားပြီးမှ အမျိုးသမီးဝန်ထမ်း (၂၅)ယောက်၊ အမျိုးသားဝန်ထမ်း (၂၉) ယောက်နဲ့ ၂၅-၃-၂၀၀၉ရက်နေ့ မနက် (၅) နာရီကစလို့ စတင်ပြီး ဘုရားဖူးခရီး ထွက်ခဲ့ကြပါတယ်။ ဝန်ထမ်းတွေဟာ

တ[illegible]တာဝန်တွေနဲ့ [illegible]ကာ အခုလို [illegible]ဘုရားထွက်ခဲ့ကြတဲ့ ခရီး[illegible]ကိုယ်စီဟာ အပြုံး အပျော်[illegible]ကိုယ်စီတွေနဲ့ တွေ့ရပါတယ်။

အဲဒီနေ့ နေ့လယ်ပိုင်းမှာ ကိုမြင့်ဝေတို့အဖွဲ့ ကံတလူဘုရား၊ စစ်ကိုင်း ကောင်းမှုတော်ဘုရားတွေ ဖူးခွင့်ရကြပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ညနေပိုင်းမှာတော့ မုံရွာမြို့မှာရှိတဲ့ တန်ခိုးကြီးဘုရားတွေအစုံဖူးရတဲ့ အပြင် မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်ရပ်တော်မူဘုရားတွေကိုလည်း ကြည်ညိုစွာ ဖူးမြော်ခွင့်ရကြပါတယ်။ ဘုရားဖူးလိုက်ပါလာကြတဲ့ ကုမ္ပဏီဝန်ထမ်းတွေကိုကြည့်ရင်း ကာယ၊ ဉာဏဝန်ထမ်းတွေ အစုံပါပါတယ်။ ကုမ္ပဏီအတွင်းမှာ ရာထူးအဆင့် ဘယ်လိုပဲကွဲပြားခဲ့ပေမယ့် ဒီဘုရားဖူးမှာတော့ တန်းတူအခွင့်အရေးကို ရကြပါတယ်။ ကုမ္ပဏီဥက္ကဋ္ဌရဲ့ စေတနာကလည်း ဝန်ထမ်းတွေအားလုံး အပန်းဖြေခရီးမှာ သာတူညီမျှရှိစေဖို့ အစားအသောက် ဧည့်ခံတဲ့အပိုင်းမှာ လိုလေသေးမရှိ ပြည့်စုံလှတာကတော့ ကုမ္ပဏီဥက္ကဋ္ဌရဲ့ စေတနာပါ။

မုံရွာကနေတစ်ခါ အလောင်းတော်ကဿပ ဘုရားဖူးခရီးကျတော့ ပြင်ဦးလွင်ကနေ ငှားရမ်းလာခဲ့ကြတဲ့ မှန်လုံဘတ်(စ်)ကားကြီးတွေဟာ အလျားရှည်ကြပါတယ်။ ဒီခရီး ဒီကားကြီးတွေနဲ့ မဖြစ်နိုင်တာမို့ ကိုမြင့်ဝေတို့အဖွဲ့ဟာ မုံရွာကနေ ဘတ်(စ်)ကားအလတ် (၂)စီး ထပ်ငှားပြီး ဘုရားဖူးခရီးစဉ်ကို ဆက်ခဲ့ကြပါတယ်။ ကားကအလတ်ဆိုတော့ ဒီနေရာမှာ ဘုရားဖူးတွေကို အမျိုးသားတစ်စီး၊ အမျိုးသမီးတွေကတစ်စီးခွဲပြီးမှ စီးကြရပါတယ်။ ဒီကားနှစ်စီးထွက်တော့ အမျိုးသားတွေစီးတဲ့ကားက ရှေ့က ဦးဆောင်ပြီး ည(၁၂)နာရီမှာ ဘုရားဖူးခရီးစဉ်စခဲ့ကြပါတော့တယ်။

ဘုရားဖူးမထွက်ခင်ကတည်းက ကားပိုင်ရှင်၊ ကားဒရိုင်ဘာ၊ စပယ်ယာတွေက ကိုမြင့်ဝေတို့ ခရီးသည်တွေကို သေချာမှာပါတယ်။ ဒီဘုရားဖူးခရီးက ကြမ်းတမ်းပြီးတော့ တောကလည်းနက်ပါတယ်။ ဒါကြောင့်မို့လို့ ဘုရားဖူးတွေဟာ လမ်းခရီးမှာ ဆဲရေးတိုင်းထွာတာ၊ ညစ်ညမ်းစကားပြောတာ၊ ကြမ်းတမ်းတဲ့စကားပြောတာတွေ မလုပ်ကြစေဖို့ သတိပေးပါတယ်။ နောက်ပြီးတော့ လမ်းခရီးမှာ တံတွေးထွေးခြင်း၊ ကွမ်းသွေးထွေးခြင်း၊ အပေါ့အပါးစွန့်ခြင်းတွေလည်း မဆင်မခြင်မပြုကြဖို့ အထပ်ထပ်အတန်တန်သတိပေးမှာကြားပြီးမှ ထွက်ခဲ့တဲ့ခရီးမို့ ထူးခြားပါတယ်။

ကိုမြင့်ဝေတို့ရဲ့ဘုရားဖူးခရီးစဉ်ဟာ ၂၆-၃-၂၀၀၉ရက်နေ့ မနက်(၄)နာရီမှာ 'ကပိုင်'ကိုရောက်ပါတယ်။ အဲဒီမှာ ခေတ္တကားရပ်နားပြီး အဆာပြေမနက်စာစားကြပါတယ်။ အဲဒီကနေ ဆက်ထွက်လာကြပြီး မနက်(၅)နာရီလောက်မှတော့ 'နတ်ထိပ်'ကိုရောက်ရှိခဲ့ကြပါတယ်။ နတ်ထိပ်ရောက်တယ်ဆိုရင်ပဲ ကားဆရာရော ဘုရားဖူးခရီးသည်တွေပါ ကားပေါ်ကဆင်းကြကာ နတ်ကွန်းမှာ ခတောစောင့်နတ်၊ တောင်စောင့်နတ်၊ ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်များကို ပူဇော်ပသကာ အစဉ် အလာအတိုင်း ဆုတောင်းကြပါတယ်။ ကားလမ်းတစ်လျှောက်ဟာ တောတွေ၊ တောင်တွေ၊ ကျောက်ကမ်းပါးတွေနဲ့ အလွန်ကြမ်းတမ်းတဲ့ခရီးမို့ အမှားအယွင်းမရှိအောင် စောင့်ရှောက်ပေးကြဖို့ ပါ။

ဒီခရီးစဉ်မှာ ကိုမြင့်ဝေကတော့ အမျိုးသားဝန်ထမ်းတွေစီးကြတဲ့ မှန်လုံကားရဲ့ညာဘက်ခြမ်း မှန်ပြတင်းပေါက်နားကနေစီးလာခဲ့တာပါ။ ကားပေါ်မှာပါလာတဲ့ အမျိုးသားဝန်ထမ်းတွေဆိုတာ အရွယ်စုံ၊ ဘဝစုံကလာကြတဲ့သူတွေ၊ မတစ်ထောင်သားတွေ၊ လူငယ်တွေဆိုတော့ ဒီခရီးစဉ်မှာ လူကြီးတွေဘယ်လိုပဲ သတိပေးစကားကြိုပြောထားပေမယ့် သူတို့ကတော့ အလေးမထားကြပါဘူး။ ကွမ်းယာစားပြီး ကွမ်းသွေးလည်းထွေးချင်ရာထွေးကြတယ်။ အကြောင်းတစ်စုံတစ်ရာရှိလို့ ကားရပ်ရင်လည်း 'ဟာ - ကားကဘာလို့ရပ်ရတာလဲ၊ ဘယ်တော့ထွက်မှာလဲ၊ ဒါလောက်ကြာရသလား' နဲ့ တစ်ယောက်တစ်ပေါက်ဆူညံအော်ဟစ်နေကြပြန်ပါတယ်။

ကိုမြင့်ဝေရဲ့အကျင့်တစ်ခုက မီးရထား၊ ကား၊ သင်္ဘောစီးနေတုန်းဆိုရင် မျက်စိမှိတ်၊ တရားအာရုံစိတ်မှာဆုံခြင်းကို ၁၄-၁-၁၉၈၁ရက်နေ့မှာ အဘဆရာကြီးဦးအုန်းမောင်နဲ့ဆုံကတည်းကပြုလုပ်လာခဲ့တဲ့ အကျင့်တစ်ခုပါ။ ဒါကြောင့်မို့ မုံရွာကစထွက်ကတည်းက ကိုမြင့်ဝေဟာ အာရုံမှာတရားမှတ်လာပါတယ်။ ကိုမြင့်ဝေ စဉ်းစားကြည့်တော့ အခုအတူခရီးလာကြတဲ့သူတွေထဲမှာ အများစုက လူငယ်တွေဆုံကြတော့ နတ်ကိုမယုံကြည်တဲ့သူတွေလည်း ပါမှာပါ။ ကိုမြင့်ဝေသဘောကတော့ နတ်ကိုမယုံချင်နေ၊ မစော်ကားမိဖို့တော့ သတိထားကြရမှာပါ။ လက်တွေ့အမြင်မှာ အပြောအဆိုကြမ်းတမ်းတဲ့လူတွေနဲ့ ခရီးသွားနေရတော့ လမ်းခရီးကလည်းကြမ်းလှတာမို့ ကိုမြင့်ဝေတစ်ယောက် တရားသာမှတ်နေရတာ ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့လိုက်ပါလာခဲ့ပါတယ်။ စိတ်ထဲမှာ တစ်ခုခုနဲ့ အန္တရာယ်ကိုကြိုမြင်သလိုရှိတာမို့ ခါတိုင်းခရီးတွေထက် ဒီခရီးမှာပိုပြီး ဘုရားအာရုံပြုလာခဲ့ပါတယ်။

"တောက်. . . ."

နတ်ထိပ်ကနေ ဘုရားဖူးကားထွက်လာလို့မှ မကြာသေးဘူး၊ တရားမှတ်နေတဲ့ ကိုမြင့်ဝေနားထဲမှာ တက်ခေါက်သံကြားလိုက်ရပါတယ်။ ကြားတာမှ တစ်ကြိမ်တစ်ခါတည်းမဟုတ်ရပါဘူး။ ဆက်ကာဆက်ကာကိုကြားနေရတာပါ။ ဘယ်သူကများ အရေးထဲမှာမှတက်လာခေါက်နေတယ်မသိပါဘူး။ဘာကိုမကျေနပ်တာတဲ့လဲ။ ခက်ပါဘိတော့တယ်။ ကိုမြင့်ဝေရဲ့အာရုံထဲမှာ နားထဲမှာတက်ခေါက်သံတွေချည်း ဆက်တိုက်ကြားနေရတော့ တရားမှတ်တဲ့အလုပ်ဆက်မလုပ်နိုင်တာမို့ အာရုံကို ခေတ္တခဏနားလိုက်ပြီး မျက်စိကို ဖွင့်လိုက်တယ်။ နောက်တော့ လူငယ်အများစု ထိုင်နေကြတဲ့ ကားနောက်ဘက်ဆီ လှမ်းမျှော်ကြည့်ရင်းက ကိုမြင့်ဝေက မေးလိုက်ပါတယ်။

"ကိုငွေအောင်၊ ဘယ်သူတက်ခေါက်နေတာလဲဗျ"

ဒါပေမယ့် ဝန်ထမ်းတွေအားလုံးက 'ဟင့်အင်း-ဘယ်သူမှတက်မခေါက်ပါဘူး' လို့ဖြေကြပါတယ်။ ဟိုလူခေါက်တာလိုလို၊ဒီလူခေါက်တာလိုလိုနဲ့ နောက်ဆုံး ကားစပယ်ယာကများ မကျေမနပ်နဲ့တက်ခေါက်သလားဆိုပြီး ကိုမြင့်ဝေက စူးစမ်းတဲ့အကြည့်နဲ့ကြည့်သေးတယ်။ ဒါပေမယ့် ကားဆရာတွေဆိုတာ ဒီခရီးမှာ သူတို့အသက်နဲ့ရင်းပြီးမှ သွားလာနေကြသူတွေမို့ သူတို့ကတော့ ခေါက်စရာအကြောင်းမရှိပါဘူးလေလို့ ကိုမြင့်ဝေစဉ်းစားမိတယ်။ ကိုယ့်ဝန်ထမ်းတွေထဲကများတက်ခေါက်တာလားဆိုပြီး တရားသာမှတ်နေတာ ဘယ်သူ့ဆီကများကြားရပါ့မလဲဆိုပြီး ကိုမြင့်ဝေ တရားသာမှတ်နေတာ နားကတော့ ရှင်းနေလျက်ပါပဲ။

ဘုရားဖူးခရီးရဲ့ကားအပြင်ဘက်မှာတော့ တောတောင်တွေကထူထူလာနေကြပါပြီ။ ကုသိုလ်ရေးမို့သာ ကြိုးစားလာကြတာဖြစ်ပေမယ့် ကားလမ်းတွေဆိုတာ မော့တက်တွေ၊ မြွေလိမ်မြွေကောက်တွေနဲ့မို့ အသည်းတယားယား ရင်တထိတ်ထိတ်ရှိလှပါတယ်။ ဒီတော့ ကိုမြင့်ဝေလည်း သူ့စိတ်အာရုံမှာတော့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို မေတ္တာပို့သရင်းသာ လိုက်ပါလာခဲ့ပါတယ်။ ၂၆-၃-၂၀၀၉ရက်နေ့ မနက်(၆)နာရီလောက်အချိန်မှာ ကိုမြင့်ဝေတို့ရဲ့ဘုရားဖူးကား ပထမဆုံးတွေ့ရတဲ့အေးငြိမ်းကိုဖြတ်ရတော့ တရားမှတ်နေတဲ့ကိုမြင့်ဝေရဲ့စိတ်အာရုံထဲမှာ ထူးထူးခြားခြား



www.burmeseclassic.com

www.burmeseclassic.com

ကားရဲ့အပြင်အက်နဲ့ ပတ်ဝန်းကျင်ရဲ့ အခြေအနေကို ဟိုးအထက်ကောင်းကင် အမြင့်ဆီကနေစီးပြီးမှမြင်ရတဲ့အာရုံတွေ ပေါ်လာပါတယ်။ ကိုမြင့်ဝေရဲ့ဘဝမှာ အဲဒီလိုထူးခြားတဲ့ အမြင့်ကနေစီးပြီးမှ မြင်ရတဲ့အာရုံမျိုးခံစားရတာ ခုခါပါနဲ့ဆို (၃)ခါရှိခဲ့ပါပြီ။

ပထမအကြိမ်က ၂-၅-၁၉၈၂ ရက်နေ့ကပါ။ အဲဒီနေ့က ကိုမြင့်ဝေရဲ့ မင်္ဂလာဦးညပါ။ အိပ်မပျော်သေးတာနဲ့ ကိုမြင့်ဝေရဲ့ဇနီးလောင်း မခင်အေးရီနဲ့ နှစ်ယောက်ကိုယ်စီ ည(၉)နာရီလောက်မှာ ခုတင်ခေါင်းရင်းကိုကျောမှီ စာဖတ်နေကြတုန်း ကိုမြင့်ဝေရဲ့စိတ်အာရုံထဲမှာ အိမ်ခေါင်မိုးကြီးကမရှိတော့ဘဲ ဟာလာဟင်းလင်းနဲ့ ကြယ်တွေလတွေမြင်နေရပါတယ်။ အဲဒီအချိန်မှာပဲ ကောင်းကင်ခရီးကနေ ရဟန်းတော်နှစ်ပါးဟာ ကြွလာပြီး ကိုမြင့်ဝေတို့ခုတင်ခြေရင်းဆီကနေ ညာဘက်ဆီကိုရောက်လာကြတာ ဖူးရပါတယ်။ ညာဘက်ကနေမှ ကိုမြင့်ဝေရဲ့ဦးခေါင်းဘက်ဆီကြွလာပြီး အနီးရောက်လာကြပါတယ်။

"အေးရေ ထ ထ၊ ဟောဒီမှာ ဆရာတော်နှစ်ပါး ကောင်းကင်ကနေကြွလာတာ ဖူးကြရအောင်။ ကန်တော့ကြရအောင်"

လို့ ပြောပြောဆိုဆို ကိုမြင့်ဝေ ကန်တော့ပြီးမှ မော့ကြည့်လိုက်တော့ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားတာ တွေ့ရပါတယ်။ အဲဒီတုန်းက ကိုမြင့်ဝေရဲ့ အမြင်အာရုံထဲမှာ အိမ်ခေါင်မိုးကြီးကို ဖောက်ထွင်းပြီးမှ ကောင်းကင်အာကာသကြီးကို ကြယ်တွေလတွေနဲ့ ထင်းထင်းရှင်းရှင်းကို မြင်ရတာပါ။

နောက်တစ်ကြိမ် အဲဒီလိုအပေါ်စီးကနေ မြင်ကွင်းမြင်ရတာက ၁၉၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အဖိတ်နေ့မှာပါ။ အဲဒီတုန်းက ကိုမြင့်ဝေဟာ သူ့ဆရာသမားတွေနဲ့ ပြင်ဦးလွင်မြို့ သဲတောကျောင်း မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းမှာရှိတဲ့ တန်ခိုးတော်ပြမြတ်ဗုဒ္ဓရုပ်ပွားတော်ကို ပူဇော်ထားတဲ့ ဂန္ဓကုဋိတိုက်အတွင်း တရားထိုင်နေကြတုန်းကတစ်ခါပါ။ အဲဒီနေ့က တရားထိုင်ကြတာကတော့ ကိုမြင့်ဝေ အပါအဝင် ဦးသောင်းဝင်း၊ ဦးမင်းစိုး၊ ဦးအုန်းကြွယ်၊ ဦးစိုးမြင့်၊ ဦးအေးသိန်းတို့ အပါအဝင် အားလုံး (၆) ယောက် ဖြစ်ပါတယ်။

အဲဒီတုန်းက ကိုမြင့်ဝေက တရားမထိုင်တတ်မမှတ်တတ်လို့ ဘယ်လိုထိုင်ရပါသလဲလို့ ဦးအေးသိန်းကိုမေးကြည့်တဲ့အခါ ဝင်လေ၊ ထွက်လေကို သတိပြုမှတ်သားရတဲ့အကျင့်ကိုပြောပြလို့ စတင်ရှုမှတ်ခဲ့ပါတယ်။ ကိုမြင့်ဝေမှာတော့ တစ်ခါမှကို တရားမမှတ်ဘူးတဲ့အတွက် လူတစ်ကိုယ်လုံးဟာ ညောင်းညာကိုက်ခဲတဲ့ဒဏ်တွေ ခံစားရပါတယ်။ ဒီတော့ (၁၅)မိနစ်(၁)ကြိမ် ဣရိယာပုတ်ပြောင်းလဲတရားထိုင် ဘုရားရှေ့မှာတင် ပလ္လင်ချိတ်ထိုင်(၁၅)မိနစ်ကြာပြန်တော့ ဘုရားဘက်ခေါင်းပြု၊ ပက်လက်လှန်အိပ်၊ အံနေအထားနဲ့ လက်နှစ်ဖက်ရင်ဘတ်ပေါ်တင်၊ တရားမှတ်ပြီး ဒီလိုနဲ့ (၁၅) မိနစ်(၁)ကြိမ်ထိုင်လျက် လျောင်းလျက် တရားမှတ်နေခဲ့ပါတယ်။

ကိုမြင့်ဝေဟာ အဲဒီလိုနဲ့ တရားထိုင်လာလိုက်တာ ည(၁၀)နာရီလောက်မှာတော့ ကိုမြင့်ဝေတစ်ယောက် သူ့ကိုယ်သူ စေတီထိပ်မှာရောက်နေတာ သတိပြုမိလိုက်ပါတယ်။ အဲဒီစေတီပေါ်ကနေ ကျောင်းဝင်းတစ်ခုလုံးကို ဝင်းထိန်လို့ ထင်ထင်ရှားရှားကိုမြင်တွေ့နေရတဲ့ မြင်ကွင်းပါ။ အဲဒီစေတီတော်ကြီးကို ပြင်ပကနေ မိုးလုံလေလုံရှိစေဖို့ ခြောက်ငါးမူးပျဉ်ပြားတွေနဲ့ကာ၊ မှန်ပြတင်းတွေတပ်လို့လုံခြုံနေတာမို့ ပြင်ပရဲ့အအေးဒဏ်ကိုလည်း ကာကွယ်ပေးနေပါတယ်။

အဲဒီည (၁၀)နာရီမှာတော့ ကိုမြင့်ဝေဟာ စေတီထိပ်ဆီကနေ စေတီခြေတော်ရင်းအထိ မြင်နေရပါတယ်။ အပေါ်စီးကနေမြင်နေရတာပါ။ တရားထိုင်နေကြတဲ့သူတွေ ကြည့်ပြန်တော့ ဒါကဖြင့် ဦးအေးသိန်းပဲ။ ဒါကတော့ ဦးစိုးမြင့်ပါ။ ဒီတစ်ယောက်က ဦးသောင်းဝင်းနဲ့ တစ်ယောက်ချင်းကြည့်လာလိုက်တာ ခြောက်ယောက်မြောက်တဲ့သူကိုကြည့်လိုက်တော့ ဟာ - ဒီလူက ငါနဲ့တူလိုက်တာ၊ အဲ-အိပ်ပြီးတရားမှတ်နေတာ ငါနဲ့တယ်တူပါလား။ ဒါဖြင့် ခုစေတီရဲ့ထိပ်မှာ ရောက်နေတဲ့သူကကော ဘယ်သူတဲ့လဲ။ ကိုမြင့်ဝေတစ်ယောက်တည်းကိုပဲ သုံးနေရာသုံးကိုယ်ပွားပြီး မြင်နေမိတဲ့အဖြစ်ပါ။

ဒီလိုနဲ့ မနက် (၅) နာရီထိုးတော့ အလင်းရောင်က ဝင်လာစပြုနေပါပြီ။ ဦးပဉ္စင်းတစ်ပါးကတော့ တံမြက်စည်းကြမ်းနဲ့ ကျောင်းဝင်းထဲကို တရှဲရှဲလှည်းကျင်းနေတာကိုလည်း ကိုမြင့်ဝေ အပေါ်စီးကနေ မြင်နေရပါတယ်။ ဟိုင်းလတ်အဖြူလေးတစ်စီးကျောင်းဝင်းထဲဝင်လာတာ၊ နောက်တော့ ဘုရားဖူးလူရောင်စုံတွေဝင်လာကြတာကိုလည်း အပေါ်စီးကနေ ထင်ထင်ရှားရှားကြီးကို မြင်နေရပါတယ်။

ကိုမြင့်ဝေစဉ်းစားနေမိတယ်။ ထူးဆန်းလိုက်တာ၊ ဘာသဘောပါလိမ့်မလဲ။ ငါစွဲဖြုတ်ခိုင်းတာလား။ ဒီခန္ဓာကိုယ်ကြီးဆိုတာ အပုပ်ကောင်ရုပ်ဆောင်နေတာ။ ငါဆိုတာ မရှိ၊ ရုပ်နာမ်သာရှိတယ်လို့ တရားထူးပေးတာလား။ ရုပ်နဲ့နာမ်ကိုခွဲပြနေတာလား။ တောင်ထိပ်စေတီပေါ်မှာရှိတဲ့ ကိုမြင့်ဝေက နာမ်၊ စေတီခြေရင်းမှာ လဲလျောင်းတရားထိုင်နေတာက ရုပ်ဖြစ်တဲ့အကြောင်း လက်တွေ့တရားပြတာများလား။ အဲဒါတွေကတော့ ကိုမြင့်ဝေဒုတိယအကြိမ်တွေ့ကြုံခဲ့ရတဲ့ အာရုံထူးတွေဖြစ်ပါတယ်။ ခုကြည့် ဒီဘုရားဖူးခရီးမှာလည်း ဒီလိုအမြင့်ကမြင်ရတဲ့အာရုံထူးတွေ့ကြုံရပြန်ပါပြီ။ ဘာတွေများကြုံတွေ့ရလေဦးမလဲ မဆိုနိုင်ပါ။

ဘုရားဖူးလမ်းခရီးကတော့ တောတောင်ထဲဖြတ်သန်းသွားရတဲ့ အလွန်ကြမ်းတမ်းတဲ့ခရီးပါ။ ဖုန်တွေကလည်း တစ်မိုက်လောက်ထုနဲ့ လမ်းကိုဖုံးနေကြပါတယ်။ ကိုမြင့်ဝေတို့ရဲ့ကားဟာ ပထမချောင်းတောကိုဖြတ်ပြီးတက်လာကြတော့ ညာဘက်ခြမ်းက ကားတာယာဟာ ဖုန်မှုန်တွေကြား တစ်ထွာလောက်မြုပ်သွားပါတယ်။ ဒီတော့ ကားက ညာဘက်ကို ယိမ်းယိုင်တိမ်းစောင်းပြီးမှ ကားရဲ့ခလယ်က 'ဂျိုင်း'ဟာ ဖုန်တွေကြားနစ်မြုပ်နေတဲ့ ကျောက်ငုတ်တစ်ခုနဲ့ အရှိန်ပြင်းပြင်း တိုက်မိပြီးမှ ကားဂျိုင်းကပြုတ်ထွက်သွားခဲ့ပါတယ်။ ကိုမြင့်ဝေက ကားပေါ်ကနေ စီးလာပေမယ့် ကားအောက်ကဖြစ်ပျက်နေတာတွေကို အာရုံထဲကနေ ဖောက်ထွင်းမြင်နေရသလိုကို မြင်နေရတာပါ။

ကားကြီးကလား။ ဂျိုင်းပြုတ်ထွက်သွားပြီဆိုတော့ ရှေ့ဆက်မသွားနိုင်တော့ဘဲ နောက်ကိုပြန်လိမ့်ပြီးဆင်းနေတဲ့အခါ ကားဒရိုင်ဘာက ထိတ်လန့်ပြီးမှ နောက်လိမ့်ဆင်းနေတာ အမြန်ရပ်အောင်လို့ ဘရိတ်ကိုကြောက်အားလန့်အားဆောင့်ပြီးမှနင်းတဲ့အခါ တစ်ခါဘရိတ်ပေါက်ပြီးတော့ ကားကြီးကဖြင့် နောက်ကိုသာဆက်လိမ့်နေပါတော့တယ်။ လမ်းက မတရားကြီး မတ်စောက်နေတာမို့ အထိန်းအကွပ်မရှိဘဲ နောက်ချည်းဆုတ်နေတဲ့ကားကြီးဟာ တိမ်းမှောက်ပြီးတော့ ကျောက်တုံးနှစ်တုံးကြားတင်နေပါတယ်။ အဲဒီလိုတင်နေလို့လည်း ကားကချောက်ထဲလိမ့်ဆင်းကျမသွားတာပါ။

ကားက ညာဘက်တိုစောင်းပြီး တိမ်းမှောက်သွားတော့ ကားမှန်တွေက



www.burmeseclassic.com

www.burmeseclassic.com

အောက်ကကျောက်တောင်တွေနဲ့ဆောင့်မိပြီးမှ အပိုင်းပိုင်းအစစကြေကွဲကုန်ပါတယ်။ ကိုမြင့်ဝေကတော့ ဘယ်ဘက်ခြမ်းကနေ လိုက်ပါတဲ့အတွက် ကားမှောက်တယ်ဆိုရင်ပဲ ကိုမြင့်ဝေဘေးက လိုက်လာတဲ့ ဦးကျော်သိန်းတို့၊ ကိုမင်းထိုက်တို့ရဲ့ကိုယ်တွေဟာ ကိုမြင့်ဝေအပေါ် ဖိထားသလိုဖြစ်နေကြပါတယ်။ ကိုမြင့်ဝေအဖြစ်ကတော့ အပေါ်ကလူတွေကဖိ၊ အောက်က ကားမှန်ကွဲတွေကြားညပ်နေတာမို့ ဘယ်လိုမှရုန်းထွက်မရအောင်ဖြစ်နေပါတယ်။ ဒါပေမယ့် ထူးဆန်းတာကတော့ အဲဒီလိုအခြေအနေဖြစ်နေပေမယ့် ကိုမြင့်ဝေကတော့ ထိခိုက်ဒဏ်ရာရခြင်းမရှိပါဘူး။ ညာလက်လက်ဖျံမှာ မှန်ကွဲရှမိလို့ နည်းနည်းသွေးစို့နေတာကလွဲလို့ တခြားဘာမှကိုနာကျင်ကိုက်ခဲမှုမရှိတာကို အံ့ဩမိပါတယ်။ တခြားကားပေါ် က ခရီးသည်တွေလည်း ထိခိုက်မှုအနည်းငယ်စီရှိကြပေမယ့် အသက်အန္တရာယ်စိုးရိမ်ရလောက်အောင်တော့ တစ်ယောက်မှမဖြစ်ကြပါဘူး။ ကိုမြင့်ဝေကတော့ ဒါဘုရား၊ တရားရဲ့ဂုဏ်တော်တန်ခိုးလို့ပဲ အောက်မေ့မိပါတယ်။

ကိုမြင့်ဝေတို့စီးလာတဲ့ကားက ရှေ့ဆက်မောင်းလို့မရတော့ပါဘူး။ ပြင်ဆင်မှုလုပ်ရင်ကို (၃)ရက်လောက်ကြာမှာလို့ ဆိုပါတယ်။ ရှေ့ဆက်ရမည့်ခရီးက (၇) မိုင်လောက်လိုသေးတော့ နောက်ပြန်ဆုတ်လို့လည်းမရတော့တဲ့အတူ ကားပေါ်ကလူတွေဟာ (၇)မိုင်ခရီးခြေကျင်လျှောက်တက်ခဲ့ကြပါတယ်။ လမ်းလျှောက်ကြရင်း (၁) မိုင်ခရီးလောက်ရောက်တော့ ဟိုင်းလတ်ကားအဖြူလေးတစ်စီးက ကိုမြင့်ဝေကိုတင်ခေါ်သွားတာနဲ့ ဘုရားကို သူများတကာထက်(၁)နာရီစောပြီးမှ ရောက်ခဲ့ရပါတယ်။

ကိုမြင့်ဝေက ဘုရားရောက်တော့ အလောင်းတော်ကဿပရုပ်ပွားတော်ကို ပန်း၊ ဆီမီး၊ ဆွမ်း ဆက်ကပ်ပူဇော်ပြီး အောက်လိုဏ်ဂူရှိရာ ဆင်းလာခဲ့ပါတယ်။ ရောက်တော့ လိုဏ်ဂူရဲ့ရှေ့မှာ သံတလင်းခင်းပြီး အပေါ်မှာ ဖယောင်းပုဆိုးခင်းထားတယ်ဆိုပေမယ့် အပေါ်လိုဏ်ဂူရဲ့ နံရံမျက်နှာကြက်ကနေ ကျောက်စက်ရေတွေ တပေါက်ပေါက်ကျနေတာမို့ စိုရွှဲနေပါတယ်။

အလောင်းတော်ကဿပ ရောက်တန်းရောက်ခိုက် အကျိုးရှိအောင်လို့ ကိုမြင့်ဝေက မနက်(၈)နာရီကစပြီး ဂူဘုရားမှာ တရားထိုင်၊ တရားမှတ်နေပါတယ်။ ဆိုင်ရာပိုင်ရာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အထက်ပုဂ္ဂိုလ်များကိုလည်း တရားထိုင်ရာ၊ တရားရှုမှတ်ရာနေရာမှာ ခွင့်ပြုပါစေကြောင်း မေတ္တာပို့အမျှဝေပြီးမှ တရားမှတ်တဲ့အလုပ်ကို လုပ်ပါတယ်။

ကိုမြင့်ဝေ တရားထိုင်နေရာက နာရီဝက်ကြာတော့ သူတရားထိုင်ရာအောက် သံမံတလင်းကလှုပ်လှုပ်ရွရွကြီးဖြစ်လာတာကို သတိထားမိပါတယ်။ ကိုမြင့်ဝေစိတ်အထင်တော့ ခြေသလုံး၊ ပေါင်လုံးလောက်ရှိတဲ့ မြွေကြီးတစ်ကောင် ဒါမှမဟုတ် မြွေလို၊ နဂါးလိုအကောင်ရှည်ကြီးတစ်ကောင်ကောင်က ကိုမြင့်ဝေ သူ့အပေါ် က ဖိတက်ထိုင်နေတာကို မခံမရပ်နိုင်တော့လို့ လူးလွန့်လှုပ်ရှားနေတဲ့ပုံစံမျိုးကြီးပါ။ ဒီလိုနဲ့ ကိုမြင့်ဝေ ဆက်ပြီး တရားထိုင်လို့မရတော့တာနဲ့ တရားထိုင်နေတာကိုဖျက်လိုက်ပါတယ်။ နောက် မေ့လောက်တော့မှ တစ်ခါ တရားပြန်ဆက်ထိုင်ပါတယ်။ မရပါဘူး။ အစောကလိုပါပဲ။ အောက်ဘက်ဆီက ရုန်းကန်လှုပ်ရှားနေတာကိုခံရပါတယ်။ ဒီတစ်ခါလှုပ်ရှားတာကမှ ကိုမြင့်ဝေရဲ့ တရားထိုင်နေတဲ့ ခန္ဓာကိုယ်ကြီးတစ်ခုလုံးဆိုတာ မြင်းတွေ၊ ကျွဲတွေ၊ နွားတွေစီးတဲ့အခါလိုမျိုး ယိမ်းယိုင်ပြီးမှကိုလှုပ်ရှားနေတော့တာပါ။

ဒီတော့ ကိုမြင့်ဝေဟာ တရားထိုင်နေတဲ့အလုပ်ကို ခဏပြန်နားပြီး ကိုယ်ထိုင်တဲ့အောက်မှာ၊ အခင်းအောက်မှာ ဘာအကောင်များရှိနေလေမလဲဆိုတာ သိချင်၊ မြင်ချင်လာပါတယ်။ ဒါနဲ့ အခင်းတွေကိုဖယ်ရှားပြီးမှ ကြည့်ပါတယ်။ ဘာမှမတွေ့ရပါဘူး။ အောက်ခံကျောက်ကွန်ကရစ် သံမံတလင်းဟာ ကျောက်ထုကျောက်သား ခိုင်ခိုင်မာမာနဲ့စိမ်ပြီးမှ ပြောင်နေပါတယ်။ အဲဒီအပေါ်ကမှ ဖယောင်းပုဆိုးခင်းထားပါတယ်။ ဘာအကောင်မှ မနေနိုင်၊ မရှိနိုင်လောက်ပါဘူး။ ဒါကြောင့်မို့ ကိုမြင့်ဝေဟာ ဒုတိယတစ်ခါ ဆက်ပြီး ဘုရားကိုအာရုံပြုလို့ တရား ဆက်ထိုင်ပြန်ပါတယ်။ ဒီတစ်ခါ (၁၅) မိနစ်လောက်ကြာတော့ ကိုယ်ခန္ဓာအောက်ဆီကနေ တစ်ခါလူးလွန့်လှုပ်ရှားနေတာကို ထိတွေ့ခံစားရပြန်ပါတယ်။

ကိုမြင့်ဝေရဲ့စိတ်ဖြေသာပါတယ်။ စောစောကတင်တစ်ခါ ဖယောင်းပုဆိုးကို လှန်လှောကြည့်ပြီးသားပေမယ့် ခုလောလောဆယ် လှုပ်ရှားမှုကိုထိတွေ့ခံစားရတော့ စိတ်ထဲကမနေနိုင်တာနဲ့ အောက်ခင်းဖယောင်းပုဆိုးကို နောက်တစ်ခါပြန်ပြီး လှန်လှောကြည့်ပြီးပြန်တယ်။ ကွန်ကရစ်အခင်းကိုလှန်လှော ကြည့်၊ လက်နဲ့စမ်း တို့ခေါက်ကြည့် တယ်။ မသကာ အောက်ကလိုဏ် သံများကြားရလေမလား။ တကယ် မြွေတွေ၊ နဂါးတွေရှိနေနိုင်မလားဆို သိရအောင်လို့ပါ။ ဒါပေမယ့် ဒီတစ် လည်း အစောကလိုပါပဲ။ ကွန်ကရစ် ခင်းမှာခေါင်ခေါင်ကိုသာ ခေါက်ကြည့် တီးကြည့်တော့လည်း တံတောင်တောင် သာ အသံထွက်လို့နေပါတော့တယ် ဘာအကောင်မှရှိတဲ့ အရိပ်အယောင် လက္ခဏာမတွေ့ရပါဘူး။

ကုသိုလ်ရေးဆိုတော့ ကိုမြင့် ဘယ်လိုမှ အဖျက်မခံနိုင်ပါဘူး။ ရခဲ့ ကုသိုလ်မို့ ရအောင်ယူမည်ဆိုပြီးတော့ ကိုမြင့်ဝေကတော့ တတိယအကြိမ် ဘုရားရှိခိုး၊အမျှအတန်းဝေပြီးမှ တရား ဆက်ထိုင်လိုက်ပြန်ပါတယ်။ထုံးစံအတိုင်း ပထမအကြိမ်၊ ဒုတိယအကြိမ်တုန်း တွေ့ကြုံခံစားရသလိုပါပဲ။ အောက် ဆီက အကောင်ကြီးတစ်ကောင် ကိုယ်ခန္ဓာကိုလူးလွန်းလှုပ်ရှားတဲ့အ အတွေ့မျိုးပြန်ကြုံရပြန်ပါတယ်။ ဘယ် လောက်ပဲ စိတ်ကိုတည်ငြိမ်အောင်ထား ပြီး တရားကိုကြိုးစားထိုင်ပေမယ့် ဘယ် လိုမှကိုခံနိုင်ရည်စွမ်းအားမရှိတော့ပါဘူး စိတ်ကိုလည်း စုစည်းလို့မရလေတော့ ဒီတစ်ခါ ကိုမြင့်ဝေရဲ့စိတ်ထဲမှာတွေး မှကြောက်လာပါတယ်။ ဂူထဲမှာဆိုတော့ နောက်ပြီး ဂူကြီးဆိုတာ တောထဲတောင် ထဲမှာရှိတာဆိုတော့ ဇကန္တ ရှေးသတ္တဝါ ကမ္ဘာဦးမြွေကြီးတွေလို မြေထဲမှာ အောင်းနေတဲ့ဂေါဇီလာကြီးလိုအကောင် များရှိနေရော့သလားလို့ ကြံဖန်တွေး မှ ကြောက်ကြောက်လာတာပါ။ ဒီတော့ ကိုမြင့်ဝေတစ်ယောက် ဂူထဲမှာ တရား ဆက်မထိုင်ဝံ့တော့ဘဲ အလောင်းတော် ကဿပဂူဘက်ဆီသို့ ရှိခိုးကန်တော့ပြီး ဂူအပေါ် ကို ကြောက်လန့်တကြားတက် လာခဲ့ရပါတော့တယ်။

ကိုမြင့်ဝေတို့ဘုရားဖူးအဖွဲ့ ဒီ အလောင်းတော်ကဿပကိုမရောက်ခင် ကမကြာမီကာလအတွင်းက အလောင်း တော်ကဿပဂူတံခါးကြီးဟာ (၁၅)မိနစ် လောက်ပွင့်တာကို ကံကောင်းထောက် တဲ့ဘုရားဖူးအဖွဲ့တွေ တွေ့ကြုံရဖူးကြ တယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို ဘုရားဂေါပကအဖွဲ့တွေက ဗီဒီယိုနဲ့မှတ် တမ်းတင် ရိုက်ကူးထားတာရှိတယ်လို့ လည်း ပြောကြပါတယ်။ ဘုရားဖူးအဖွဲ့ ခရီးမှာတော့ ကိုမြင့်ဝေတို့ဘုရားဖူးအဖွဲ့ ကို မုံရွာကဘတ်(စ်)ကားတစ်စီးထပ်



www.burmeseclassic.com

www.burmeseclassic.com

### တင်နိုင်ဝင်း(ထမင်းဈေးမြို့)

# ဒူးနာ၊ခါးနာလက်တွေ့ဆေးနည်းများ

အလုပ်ကြမ်းကို တာရှည်လုပ်ကိုင်ကြရသော အလုပ်သမားများနှင့် အသက်အရွယ်ကြီးရင့်သူများ မလွဲမသွေခံစားရတတ်သည့်ရောဂါမှာ ဒူးနာခြင်းနှင့် ခါးနာခြင်းဝေဒနာတို့ ဖြစ်သည်။ အချို့ဆိုလျှင် ၎င်းရောဂါများကို နှစ်နှင့်ချီ၍ ခံစားနေကြရပါသည်။ ကျွန်ုပ်ကိုယ်တိုင် ဒူးနာဝေဒနာကို ခံစားခဲ့ရဖူးပါသည်။ သို့သော် တိုင်းရင်းဆေးနည်းကောင်းတစ်ခုကြောင့် ပျောက်ကင်းသက်သာခဲ့ပါသည်။ ညီဖြစ်သူကိုအောင်ကျော်ဝင်းကိုယ်တိုင် သုံးစွဲ ပျောက်ကင်းခဲ့သော ဆေးနည်းလည်း ဖြစ်ပါသည်။

၎င်းဆေးနည်းဖော်စပ်ပုံမှာ ရဲယိုသီးမှည့်အနှစ်ကို စက္ကူချယူပြီး ရေနံ့ဆီသို့မဟုတ် ဒီဇယ်ဆီ ဆယ်စက်ခန့်ထည့်၍ နာနေသော ဒူးခေါင်းကို တစ်နေ့နှစ်ကြိမ်၊ သုံးကြိမ် လိမ်းပေးပါ။ ၎င်းဆေးမှာ အလွန်နံ့စော်ပေရေတတ်သဖြင့် ဆေးလိမ်းထားသည့်နေရာကို အဝတ်ထူထူဖြင့် စည်းနှောင်ထားပါ။ တစ်ပတ်အတွင်း ပျောက်ကင်း သက်သာပါလိမ့်မည်။

နောက်တစ်နည်းမှာ ချင်းစိမ်းကို ပါးပါးလှီးပြီး ထုထောင်း၍ အရည်ညှစ်ပါ။ ထို့နောက် နံ့သာဖြူကို ကျောက်ပျဉ်တွင် သွေး၍ ရလာသောအရည်ကိုယူပါ။ ပြီးလျှင် ချင်းစိမ်းရည်တစ်ဆ၊ နံ့သာဖြူရည်တစ်ဆ သမအောင်ရော၍ ဒူးခေါင်းပတ်လည်ကို လိမ်းပေးပါ။

အကယ်၍ ဒူးဆစ်သည် ရောင်ရမ်းနေသည်ဆိုပါက အောက်ပါ ဆေးနည်းကို အသုံးပြုနိုင်ပါသည်။ ချောင်းဘေး၊ မြောင်းစပ်များတွင် ပေါက်တတ်သော ကိုယ်ရံကြီးရွက်ရင့်ရင့်ကို နွမ်းသွားသည်အထိ မီးကင်၍ ညအိပ်ရာဝင်တိုင်း ဒူးကိုစည်းပေးပါ။ တစ်ပတ်၊ ဆယ်ရက်ခန့်အတွင်း သက်သာပျောက်ကင်းနိုင်ပါသည်။

အထက်ပါဆေးနည်းများသည် ဒူးနာရုံတင်မက ခါးနာ၊ အဆစ်နာရောဂါများကိုလည်း ကုသနိုင်ပါသည်။

တင်နိုင်ဝင်း (ထမင်းဈေးမြို့)

---

လာကြုံတာနဲ့ အပြန်ခရီးက အဆင်ပြေပါတယ်။ အမျိုးသမီး (၂၅)ယောက်က ကားတစ်စီး၊ အမျိုးသား (၂၉)ယောက်က ကားတစ်စီးနဲ့ပြန်ဆင်းလာခဲ့ကြပါတယ်။ အပြန်ခရီးမှာ လာတုန်းကကားမှောက်တဲ့နေရာရောက်တော့ ကိုမြင့်ဝေတို့အဖွဲ့ စိုးရိမ်ကြရပါသေးတယ်။ စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပါ။

ဘာပြုလို့လဲဆိုတော့ ကိုမြင့်ဝေတို့ ဘုရားဖူးအဖွဲ့ မရောက်ခင်ကဘဲ ရန်ကုန်အထည်ချုပ်စက်ရုံအမှတ်(×××)က ဘုရားဖူးလာကြတဲ့ ကားမှောက်လို့ ကားပေါ်မှာပါလာတဲ့ ဘုရားဖူးအမျိုးသမီးလေးတွေ၊ အသက် (၁၅) နှစ်နှင့် (၂၅) နှစ်ကြား အရွယ်ကောင်းလေးတွေချည်း အယောက်သုံးလေးဆယ်လောက် ကားမှောက်လို့ သေဆုံးခဲ့တဲ့နေရာကလည်း ဒီနေရာပါလို့ ကားသမားတွေက ပြောကြပါတယ်။ ကိုမြင့်ဝေတို့အလာတုန်းက မှောက်ခဲ့တဲ့ ဘတ်(စ်)ကားကြီးကတော့ ခုထိကို ကရိန်းနဲ့မဆယ်ရသေးလို့ လမ်းအောက်ဘက်အနိမ့်ထဲဆီမှာ တုံးလုံးပက်လက်နဲ့ ရှိနေပါသေးတယ်။ အထည်ချုပ်စက်ရုံက အမျိုးသမီးတွေစီးလာတဲ့ကားမှောက်ပုံကတော့ ကားလမ်းကနေမှောက်တာ ဟိုးချောက်ထဲအထိကို ဒလိမ့်ခေါက်ကွေးကျသွားလို့ ကားပေါ်က လူတွေအတော်များများသေကြရတာလို့ ဆိုပါတယ်။

အပြန်ခရီးမှာ ကိုမြင့်ဝေတို့စီးလာတဲ့ ဘုရားဖူးကားတွေ နတ်ထိပ်စခန်းရောက်တော့ အန္တရာယ်ကင်းဘေးရှင်းစေဖို့ နတ်ကွန်းမှာဝင်ပူဇော်ကြရင်း နတ်ထိန်းတွေကို အန္တရာယ်ကင်းရှင်းစေဖို့ ကူညီဆုတောင်းပေးကြပါရန် အကူအညီတောင်းကြရပါတယ်။ ဒီတစ်ခါတော့ ခါတိုင်းနှုတ်ကြမ်း လျှာကြမ်းတဲ့ အလုပ်သမားကားပေါ်ကဘုရားဖူးကောင်လေးတွေက အငြိမ်ကြီးငြိမ်နေကြတာတွေ့ရလို့ ကိုမြင့်ဝေသဘောတောင်မှကျရပါသေးတယ်။ ဒီလိုမှပေါ့ ဟုတ်ဖူးလား။

ဘုရားဖူးအပြန် တောင်ပေါ်က အဆင်းမြေပြန့်လမ်းကောင်းဆီရောက်တော့မှ ကိုမြင့်ဝေ 'ဟင်း'ချနိုင်ပါတော့တယ်။ဒီတော့မှအလောင်းတော်ကဿပ လိုဏ်ဂူထဲမှာ ကိုမြင့်ဝေ တရားထိုင်စဉ်ကြုံတွေ့ခဲ့ရတဲ့ ထူးဆန်းတဲ့အတွေ့အကြုံအပေါ် ပြန်ပြီး စဉ်းစားဝေဖန်သုံးသပ်ရပါတယ်။

ဘုရားဖူးအလာတုန်းက နတ်ထိပ်စခန်းမှကားအထွက် လမ်းခရီးမှာ ကားပေါ်မှာ အဆက်မပြတ်ကြားနေရတဲ့ တက်ခေါက်သံက ဘယ်သူ့ရဲ့တက်ခေါက်သံလဲ၊ ဘယ်သူကမကျေနပ်လို့ တက်ခေါက်တာတဲ့လဲ။ ကားပေါ်ကလူပါဆိုရင် ဘယ်သူပါလို့ ဘာလို့မပြောကြတာလဲ။ ဒီလူထဲကမဟုတ်ရင် ဒါဖြင့် ဒီတော၊ ဒီတောင်ထဲမှာဘယ်သူကများ ဆက်တိုက်တက်ခေါက်နေတာလဲ။ ဘာကိုမကျေနပ်တာတဲ့လဲ။ ဘာလို့ဆက်တိုက်ကြီး တက်ခေါက်နေရတာတဲ့လဲ။ ကိုမြင့်ဝေမစဉ်းစားတတ်အောင်ဖြစ်ရပါတယ်။ နောက်ပြီး လိုဏ်ဂူထဲမှာ တရားမှတ် တရားထိုင်ကောင်းမှုပြုတာကော ဘာပြုလို့ အောက်ခြေကလူပ်ရတာလဲ၊ ဘာကောင်က နှောင့်ယှက်ရတာလဲ၊ ဘာလို့နှောက်ယှက်ရတာလဲ၊ တရားထိုင်တာကို ဘယ်လိုသဘောထားတာလဲ၊ နောက်ပြီး တရားထိုင်တဲ့အောက်ကနေလှုပ်ရှားနေတာကကော မြွေလား၊ နဂါးလား။ အလောင်းတော်ကဿပကနေ ဘုရားဖူးပြန်လာခဲ့ရပေမယ့် ကိုမြင့်ဝေရဲ့ စိတ်ထဲမှာတော့ ဘယ်လိုမှကို စဉ်းစားဝေခွဲလို့မရအောင် ရှိနေပါတော့တယ် ခင်ဗျာ။

*(ပြင်ဦးလွင်မြို့၊ ပြည်တော်သာ (၄)လမ်းနေ ကိုမြင့်ဝေ၏ဖြစ်ရပ်မှန်ဖြစ်ပါသည်။)*

လနယ်သာနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်ခက်၊ ထခက် ဘိုးဘွားများအတွက်

နေပြည်တော်ကျော်ကျော်စိုး

အိုမင်းရင် ယိုယွင်းလာပါတယ်။ အိုမင်းလို့ ယိုယွင်းတာ အဆန်းမဟုတ်ပေမယ့် ထိုင်ခက်၊ ထခက်နဲ့နေရတာ မချမ်းသာပါဘူး။ အသက်ကြီးလို့ ဖျိုးဖျိုးဖျတ်ဖျတ်သွားလာနိုင်သူဆိုတာ ရှိတော့ရှိတယ်ရှားတယ်။ ဒါက အနေအထိုင်၊ အစားအသောက်ကောင်းတော့ကာ ကံကောင်းပြီး သွက်လက်ဖျတ်လတ်နေတာပါ။ အများအားဖြင့်ကတော့ ဘိုးဘွားတွေမှန်သမျှ ထိုင်ခက်ထခက်နဲ့အတော်ဒုက္ခရောက်ကြရတာများတယ်။ အသက်ကြီးသူတိုင်း သိကြပါတယ်။

မြတ်စွာဘုရား လက်ထက်တော်အခါက ဝိသာခါကျောင်းအမကြီးဟာ အရွယ်အတော်တင်တယ်လို့ ဆိုတယ်။ သားသမီး၊ မြေး၊ မြစ်တစ်ထောင်နဲ့အတူထိုင်နေရင် ရုပ်ရည်တွေညီနေတော့ ဘယ်ဟာ ဝိသာခါမှန်း အချို့က မသိကြဘူး။ နာမည်ကျော် ကျောင်းအမကြီး ဝိသာခါကို မမြင်ဘူးသူတွေက မြင်လိုကြတယ်လေ။ ရုပ်ရည်ရော၊ ကြွယ်ဝမှုရော၊ ဒါနမှုပါ အလွန်ကျော်ကြားတာကိုး။ ဒီတော့ မြင်ချင်ကြတာ မဆန်းပါဘူး။

ဒီအခါ ပုဗ္ဗာရုံကျောင်းတော်ကြီးမှာ မြတ်စွာဘုရား တရားဟောအပြီးမှာ ပရိသတ်တွေထပြန်တဲ့အခါ ဝိသာခါကို မြင်လိုတဲ့ပရိသတ်တွေက အထိုင်အထကို စောင့်ကြည့်ကြရတယ်။ အသက်ကြီးတော့ကာ ဝိသာခါဟာထိုင်ခက်ထခက်ဖြစ်နေတာကြောင့် ရုပ်ရည်ကသာတင့်တယ်နေတာ လူငယ်တွေလိုသွက်သွက်လက်လက်မထနိုင်ဘဲ လေးဖက်ထောက်ပြီး ဖြည်းဖြည်းထယူရတယ်။ ဒေါကမြေးမြစ်တွေကတွဲကူကြတယ်။ ဒီအခါကျမှ ဝိသာခါကျောင်းအမကြီးကို မြင်ဖူးကြတာပါ။ ရုပ်ရည်က ကုသိုလ်ကံကြောင့် တင့်တယ်လှပနေပေမယ့် အဲဒီရုပ်ရည်ဟာ ဇရာကိုတွန်းလှန်နိုင်သော်လည်း ဗျာဓိဆိုတဲ့နာခြင်းကို မတွန်းလှန်နိုင်ပါဘူး။

ခုခေတ်မှာလည်း အရွယ်တင်ပြီး နုပျိုနေတဲ့ ဘိုးဘွားတွေရှိနေကြပါတယ်။ ခေတ်ကအရမ်းတိုးတက်တဲ့အခါ အရွယ်ကိုထိန်းနိုင်ပြီး ဇရာဆိုတဲ့အိုခြင်းကိုဟန့်တားနိုင်ကြပေမယ့် ဗျာဓိဆိုတဲ့ နာခြင်းတရားကိုတော့ မဟန့်တားနိုင်ကြပါဘူး။ အထိုင်၊ အထတွေလေးကုန်ကြတာများပါတယ်။ ဝိသာခါလို လေးဖက်ထောက်ထကြရမှာ မလွဲပါဘူး။

အဲဒီ ထိုင်ခက်၊ ထခက်ဖြစ်ရတဲ့ ဝေဒနာဟာ အသက်ကြီးတဲ့ဘိုးဘွားတွေဆီ မလွဲမသွေရောက်ရှိလာမယ့် ဝေဒနာပါ။ ဒီဝေဒနာကြီးကို ဘိုးဘွားတွေ မုန်းတီးကြပါတယ်။ သို့သော်လည်း သဘာဝမို့ တားမရတတ်ပါဘူး။ ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာတတ်တာပါ။

အဲဒီထိုင်ခက်ထခက်နဲ့ဖြစ်ရတဲ့ ဒူးနာ၊ ခါးနာဝေဒနာကြီးကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်ထဲက အဘွား ဒေါ်မြတ်မြတ်ဆွေလည်း အများနည်းတူခံစားနေရပါတယ်။ သူက ခပ်ဝဝခပ်ဖိုင့်ဖိုင့်ပါ။

သက်ကြီးစကား သက်ငယ်ကြားဆိုတာလို့ မှတ်သားခဲ့ဖူးတဲ့နည်းနဲ့ အဲဒီထိုင်ခက်ထခက် လေးဖက်ထောက်ကာမနည်းထိုင်၊ မနည်းထရတဲ့ ဝေဒနာကြီးကို စတင်တော်လှန်ကြည့်ပါတယ်။

ဆေးနည်းက နေ့စဉ် နွားနို့ကို အတန်ကြာအောင်ကျိုပါတယ်။ အဲဒီနွားနို့ပူပူထဲကို သကြားအနည်းငယ်ထည့်ပြီး ရှားစောင်းလက်ပပ်အနှစ်အသင့်အတင့်ခြစ်ထည့်ပြီး တစ်နေ့တစ်ကြိမ် မတ်ခွက်တစ်ခွက်မှန်မှန်သောက်ပေးတာပါ။

အဲဒီမှာ သိသိသာသာကြီးကို ဒူးနာ၊ ခါးနာတာတွေ သက်သာပျောက်ကင်းလာပြီး ထိုင်ခက်ထခက်ဝေဒနာက ကင်းလွတ်ကာ လေးဖက်ထောက်ထရတဲ့ဘဝက လွတ်ကင်းခဲ့ရပါတယ်။ အစာလည်း ဆေးလည်းအစာဆိုတာလို့ အားအင်လည်းဖြစ်ပါတယ်။ အားအင်ဖြစ်တော့ ခြင်ဆီအားတွေ ပြန်ကောင်းကာဝေဒနာက လွတ်မြောက်ရခြင်းပါ။

နွားနို့ဆိုတာ ဘယ်မှာမဆိုရနိုင်သလို ရှားစောင်းလက်ပပ်ဆိုတာလည်း နေရာတိုင်းမှာ ရှိနေပါတယ်။ အချို့ဆိုရင် ရှားစောင်းလက်ပပ်ကို စီးပွားဖြစ် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကာ စားသောက်ကုန်အဖြစ် ထုတ်လုပ်နေကြပါပြီ။ ချက်ဆေးထုတ်လုပ်ကြခြင်းပါ။

ဘေးထွက်ဆိုးကျိုး လုံးဝမရှိတဲ့မြန်မာ့ထွက်ကုန်စစ်စစ်ဖြစ်တဲ့ ဒေါ်မြတ်မြတ်ဆွေရဲ့ နွားနို့နဲ့ ရှားစောင်းလက်ပပ်ဆေးနည်းဟာဖြင့် ကျွန်တော်တို့လို သက်ကြီးရွယ်အိုတွေနဲ့ သင့်လျော်ပါကြောင်း တစ်ဆင့်သတင်းကောင်းပါးလိုက်ပါတယ်။

- သက်ကြီးစကား သက်ငယ်ကြား။ မှတ်သားနည်းယူပါ။
- ဗဟုသုတယူနိုင်က ဘဝအတွက်တာ။
- ထိုထိုမှတ်စု အသုံးပြု သုခရမည်သာ။

သက်ကိုဦး ဗီဒီယိုရိုက်ကူးရေးမှ
ဦးစံလှအား ကျေးဇူးတင်လျက်

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

## တင်နိုင်တိုး


# မဟာမြိုင်ဘုန်းဘုရားဓါတ်တော်ထွက်ရပ်လမ်းသတင်း

မဟာမြိုင်ဘုန်းဘုရားအကြောင်းကို အန်ကယ် ဦးသန်းဆွေ (မောင်သန်းဆွေ - ထားဝယ်) ရေးသားသော 'ကုန်းဘောင်အလွန်' ဆောင်းပါးများတွင် စတင် ဖတ်ရှုရပါသည်။ ထိုစဉ်ကပင် မဟာမြိုင်ဘုန်းဘုရား၏ အကြောင်း စိတ်ဝင်တစားဖြစ်မိပါသည်။ မဟာမြိုင်ဘုန်းဘုရားသည် အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် ဆောင်ရသခင်ကြီး ခင်ကေတို့မှ ဖွားမြင်သော မင်းသား ထိပ်တင်မှတ်၏ သားတော်ရင်းဖြစ်ရာ ကနောင်မင်းသားကြီး၏ မြေးတော်ရင်းလည်း ဖြစ်ပါသည်။

သူကျွန်မခံလိုသူ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ထိပ်တင်မှတ်နှင့် ကိုယ်လုပ်တော်ခင်ဆင့်တို့က ထိပ်တင်လှ အမည်ရှိ သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ ၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် မင်းသား ထိပ်တင်မှတ် မန္တလေးမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုစဉ် ထိပ်တင်မှတ်နှင့်အတူ ကိုယ်လုပ်တော်ခင်ဆင့်နှင့် သားတော် ထိပ်တင်လှတို့လည်း လိုက်ပါခဲ့ကြသည်။ ထိပ်တင်လှမှာ ရှစ်နှစ်သားအရွယ်ရှိပြီ ဆိုသည်။ ၁၈၈၇ ခုတွင် ထိပ်တင်မှတ် ငှက်ဖျားရောဂါဖြင့် ကံကုန်သွားရာ ခင်ဆင့်နှင့် သားတော်ထိပ်တင်လှတို့ ခမည်းတော် ထိပ်တင်မှတ်ကိုးကွယ်သော ဆရာတော်နှင့်အတူ ရွှေဘိုအနောက်ဘက် မဟာမြိုင်တောစပ် အင်ကြင်းမြိုင်ရွာ၌ ကျန်ရစ်ခဲ့ကြသည်။

ဆရာတော်က ထိပ်တင်မှတ်၏ သားတော်အား အန္တရာယ်နှင့်မကင်းသဖြင့် စိတ်ချရသော ဒကာတစ်ဦးကို ငွေ (၃) ပိဿာပေးကာ စောင့်ရှောက်ထားစေခဲ့သည်။ သတင်းကြားတော့ ဗြိတိသျှတပ်က အင်ကြင်းမြိုင်သို့ လာရှာသည်။ ဆရာတော်က လုံခြုံရေးအခြေအနေ စိတ်မချရတော့ပြီမို့ ထိပ်တင်လှကို ရှင်သာမဏေဝတ်စေလျက် မိခင်အား သီလရှင်ဝတ်စေလိုက်ကာ ဒီပဲယင်းရှိ ရွှေကျင်ဆရာတော်ကြီးထံ ပို့လိုက်လေသည်။ ရွှေကျင်ဆရာတော်ကြီး မန္တလေးမြို့အနောက် ဝိသုဒ္ဓါရုံတိုက် တည်သောအခါ ကိုရင်ထိပ်တင်လှလည်း လိုက်ပါသွားခဲ့သည်။ အတန်ကြာသောအခါ မဟာမြိုင်ဆရာတော်ကြွလာပြီး မဟာမြိုင်တောသို့ ခေါ်ဆောင်သွားတော့သည်။

ကိုရင်ထိပ်တင်လှသည် မဟာမြိုင်တော မုံရွာအနီး ရွှေဘတောင်၊ ကရင်ပြည်နယ် ဒေါနတောင်တို့တွင် တရားအားထုတ်ခဲ့သည်။ ထို့နောက် ဥက္ကံမြို့အရှေ့ဘက် မြစိမ်းတောင်တွင် တရားအားထုတ်ဖြစ်ခဲ့ပြန်သည်။ ထိုမှတစ်ဖန်





မင်းလှ မဟာမြိုင်တောသို့ ပြောင်းရွှေ့ခဲ့ပြန်သည်။ ဆရာတော်၏ ရဟန်းဘွဲ့မှာ စန္ဒာသူရိယဖြစ်သော်လည်း ဆရာတော်ကို မင်းသားဆရာတော်ဟု လူသိများခဲ့သည်။ နောက်ပိုင်း ရန်ကုန် ရှမ်းလမ်းနေ မင်းတုန်းမင်း၏ သမီးတော် မင်းတပ်ထိပ်ခေါင်တင်က သတင်းကြားသိသွားသည်။ မင်းသမီးကြီးက ရှမ်းလမ်းစံအိမ်တော်အနီးတွင် စံစေလိုသည်။

မကြာမီ ကြည့်မြင်တိုင်ဘူတာအနီး၌ သူဌေးမကြီး ဒေါ်ဖွားခင်က ဦးဆောင်ကာ မြေကွက်ဝယ်ယူပြီး သစ်သားကျောင်း ဆောက်လုပ် လှူဒါန်းခဲ့သည်။ ယင်းနောက် စမ်းချောင်းနေ ဆရာကြီး သခင်ကိုယ်တော်မှိုင်းမိသားစုနှင့် ရန်ကုန်မြို့မှ ဒါယကာများက ကျောင်းပြန်ဆောက်ပြီး လှူကြပြန်သည်။ ဆရာတော်သည် အချိန်အတန်ကြာ ကွဲကွာနေသော မယ်တော်နှင့်လည်း ပြန်လည် ဆုံတွေ့ခွင့်ရခဲ့ပါသည်။ ကျောင်းမှာ မဟာမြိုင်ကျောင်းဟု အမည်တွင်ခဲ့သည်။ လွန်ခဲ့သည့် (၅) နှစ်ခန့်က ကြည့်မြင်တိုင် လင်းလွန်းကျောင်းတိုက်မှ အသိဦးပဥ္စင်းတစ်ပါးလိုက်ပို့၍ မဟာမြိုင်ကျောင်းတိုက်သို့ ရောက်ရှိခဲ့ဖူးပါသည်။ မဟာမြိုင်ကျောင်းတိုက်က လင်းလွန်းကျောင်းနှင့် မကွာလှပေ။

ဆရာတော်သည် မဟာမြိုင်တောအတွင်း နှစ်ပေါင်းများစွာ တရားအားထုတ်ခဲ့ဖူးသဖြင့် မဟာမြိုင်ဘုန်းဘုရားဟု ဒကာများက ခေါ်ဆိုကြသည်။ ဆရာတော်၏ မူလကျောင်းအမည်မှာ မြယုဂါကျောင်းဟုအမည်ပေးထားသော်လည်း မဟာမြိုင်ကျောင်းဟုသာ အမည်တွင်ခဲ့ပါသည်။ မဟာမြိုင်ဆရာတော်ကြီးသည် သမထဘာဝနာဘက်သို့ ပိုမိုအလေးထား ကျင့်ကြံခဲ့သော ဆရာတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးသည် သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါအရ (၈) ဧပြီ၊ ၁၉၆၉ တွင် ပျံလွန်တော်မူသွားပါသည်။ ဆရာတော်ကြီး ထွက်ရပ်လမ်းသို့ ကြွတော်မူသွားပြီဟု ဆိုကြသည်။

၁၂-၄-၁၉၆၉ ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဆရာတော်ကြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com


## တတ်ပုံ-မောင်မောင်အေး

# ခုနစ်စဉ်သွေးစုနာအမြန်ပျောက်လိုသော်

အနာမျိုး (၉၆) ပါးထဲတွင် သွေးစုနာဟူသောရောဂါလည်းပါ၏။ သွေးစုနာတွင် ရိုးရိုးသွေးစုနာနှင့် ခုနစ်စဉ်သွေးစုနာဟူ၍ ရှိ၏။ ရိုးရိုးသွေးစုနာသည် တစ်လုံးတည်းသာပေါက်တတ်၍ ထိုတစ်လုံးပျောက်လျှင် ပြီး၏။ နောက်ထပ်ပေါက်ချင်လျှင် အချိန်ကြာမြင့်မှ ပေါက်တတ်၏။ သွေးစုနာဟူသည် တင်ပါးနေရာတွင်သာပေါက်လေ့ရှိသဖြင့် သွေးစုနာပေါက်သော် ထိုင်၍မရအောင် ဒုက္ခခံရ၏။ 'အချို့ဆိုလျှင် မထိုင်နိုင်ဘဲ လဲလျောင်း၍ပင်နေရ၏။

ခုနစ်စဉ်သွေးစုနာ ဟူသည် တစ်လုံးပေါက်ယုံဖြင့်မပြီးဘဲ ခုနစ်လုံးစေ့အောင် တစ်လုံးပြီးတစ်လုံး ဆက်၍ပေါက်တတ်သောကြောင့် ဝေဒနာကိုကြာရှည်ခံစားရ၏။ အကြောင်းမသင့်ပါက (၂) လခန့်ကြာ၏။ ကျွန်တော်ဆိုလျှင် ခုနစ်စဉ်သွေးစုနာဒုက္ခပေးသဖြင့် ဆေးရုံတက်ကာ ခွဲစိတ်ရသည်အထိ ဖြစ်ဖူး၏။

ယခု ၂၀၁၄ခုနှစ်ထဲတွင် အသက်ကြီးကာမှ ခုနစ်စဉ်သွေးစုနာက ပေါက်လာပြန်ပါသည်။ ကံကောင်းချင်တော့ သုံးလုံးမြောက်သွေးစုနာဖြစ်လာချိန်တွင် တိုင်းရင်းဆေးပင်များ ဆောင်းပါးရှင် တင်တင်နွဲ့- ရန်ကုန်တက္ကသိုလ်မှ ဆေးနည်းပေးသဖြင့် ခုနစ်လုံးစေ့အောင် ဝေဒနာမခံရတော့ဘဲ သုံးလုံးနှင့် အမြစ်ပါပြတ်သွားပါသည်။



ကာဝ်စေးနဲ့ပင်

ခုနစ်စဉ်သွေးစုနာအမြစ်ပြတ်ဆေးနည်းမှာ ကပ်စေးနဲ့ရွက် (ဓာတ်ပုံတွင် ဖော်ပြထားပါသည်)သုံးရွက်ကို ကျောက်ပျဉ်ပေါ်တွင် ကြေညက်သည်အထိ ထုထောင်းပါ။ ထုထောင်း၍ ကျေညက်နေသော ကပ်စေးနဲ့ရွက်များကို ကုန်စင်အောင်ခြစ်ယူ၍ သွေးစုနာပေါ်၌ အုံပေးပါ။ ထိုင်ထတွင် ကွာမကျစေရန် အပေါ်မှ ပလတ်စတာဖြင့် ကပ်ပေးထားပါ။ နောက်တစ်နေ့တွင် အနာကို ဆေးကြောသန့်စင်ပြီး ယခင်နည်းအတိုင်း အသစ်ထပ်အုံပေးပါ။ သုံးရက်ပြည့်လျှင် အမြစ်ပါမကျန် ပျောက်ကင်းသွားပါပြီ။

ကျွန်တော်၏ ခုနစ်စဉ်သွေးစုနာကိုယ်တွေ့ပျောက်ကင်းနည်းအား လိုသူများအသုံးပြုနိုင်ရန် မျှဝေတင်ပြခြင်း ဖြစ်ပါကြောင်း။

ဓာတ်ပုံ-မောင်မောင်အေး

---

ရပ်လမ်းသို့ ကြွမြန်းတော်မူသည့်သတင်း ပါရှိလာပါသည်။ သတင်းအပြည့်အစုံက အောက်ပါအတိုင်း ဖြစ်သည်။

### အရှင်စန္ဒာသူရိယဘွဲ့ခံ မဟာမြိုင်ဘုန်းဘုရားကြီး ထွက်ရာလမ်းသို့ ကြွမြန်းတော်မူခြင်း

မန္တလေး မြို့တည်၊နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့စံ ကနောင်မင်းမြတ်တို့၏ မြေးတော်ဖြစ်တော်မူသော သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါရှိတော်မူသော ကျေးဇူးရှင် အရှင်စန္ဒာသူရိယဘွဲ့ခံ မဟာမြိုင်ဘုန်းဘုရားကြီးသည် ၁၃၃၀ ပြည့်နှစ်၊ တန်ခူးလဆုတ် ၇ ရက် (၁၉၆၉ ခု၊ ဧပြီလ ၈ ရက်၊ အင်္ဂါနေ့ မွန်းလွဲ (၄) နာရီ၊ မိနစ် (၅၀) အချိန်)တွင် ထွက်ရာလမ်းသို့ ကြွမြန်းတော်မူပြီဖြစ်ပါ၍ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဥယျာဉ်တိုက် မဟာမြိုင်ကျောင်းမှ (၆) မိုင်ခွဲ၊ ဒုဘမ်းလမ်းရှိ မဟာအတုလရံသီ ဆုတောင်းပြည့် စေတီတော်မြတ်သို့ ၁၃၃၁ ခု၊ ကဆုန်လဆန်း ၄ ရက်၊ ၁၉၆၉ ခု၊ ဧပြီလ ၁၉ ရက်၊ စနေနေ့ မွန်းတည့် (၁၂) နာရီအချိန်တွင် တပည့်များ ပူဇော်နိုင်ရန် ပြောင်းရွှေ့စံတော်မူမည်ဖြစ်ပါသဖြင့် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ မန္တလေးတောင်ဆရာတော်ဦးဇောတိက အမှူးပြု၍ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်၊ ဦးတင်သိန်းလူ (ပိုလ်မှူးကြီးဟောင်း) နှင့် ပါရမီရှင်အဖွဲ့တို့က ရပ်နီးရပ်ဝေးရှိ ဘုန်းဘုရားကြီး၏တပည့်သားမြေးအပေါင်းတို့အား ပူဇော်ပွဲသို့ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်'

ဟူ၍ ဖြစ်ပါသည်။

နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင် ကြည့်မြင်တိုင်မှ မဟာမြိုင်ကျောင်းတိုက်ကြီး တည်ရှိနေဆဲဖြစ်သကဲ့သို့ မဟာမြိုင်ဘုန်းဘုရား၏အကြောင်းကိုလည်း ပြောစမှတ်ပြုနေကြဆဲ ဖြစ်ပါသည်။

တင်နိုင်တိုး

ကျမ်းကိုး -

၁။ ကုန်းဘောင်အလွန် (ပထမအုပ်) (မောင်သန်းဆွေ-ထားဝယ်)

၂။ ကြေးမုံသတင်းစာ (၁၂-၄-၁၉၆၉)



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ဂုဏ်-မျိုးမြင့်အောင်

# ရင်ကျပ်အမောရောဂါအတွက်ဆေးတစ်လက်

ရင်ကျပ်အမောရောဂါသည် လှုပ်ရှားမှုအနည်းငယ်ပြုလိုက်ရုံမျှဖြင့် အလွန်မောဟိုက်ပင်ပန်းစေသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ထိုရောဂါမျိုးသည် တဖြည်းဖြည်းနှင့်တိုး၍လာပြီး နောက်ဆုံး၌ မောဟိုက်ရုံမျှမက အသက်ရှူရာတွင်ပင် အခက်အခဲဖြစ်လာစေတတ်ပါသည်။ ထိုကဲ့သို့သော ရောဂါမျိုးကို အမြစ်ပြတ်အောင် ပျောက်ကင်းစေနိုင်သောဆေးနည်းတစ်မျိုးကို ရေးသားဖော်ပြမည် ဖြစ်ပါသည်။ ထိုဆေးကို အလျဉ်းသင့်သည့် အခါတိုင်း မေတ္တာဖြင့် စမ်းသပ်ကုသခဲ့ရာတွင် အောင်မြင်သည်ကိုသာ တွေ့ကြုံခဲ့ရပါသည်။ နှစ်ပေါင်း (၃၀) ကျော်ကာလအတွင်း သက်သာပျောက်ကင်းခဲ့ကြသူများလည်း မနည်းတော့ပြီ။

ထိုဆေးနည်းကို လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်က ရရှိခဲ့ပါသည်။ စစ်အတွင်းကာလက ကွယ်လွန်ခဲ့သော တိုင်းရင်းဆေးဆရာကြီး ဦးဘမှန်၏မှတ်စုစာအုပ်မှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဘေးဥပဒ်မဖြစ်စေနိုင်သော၊ ဘေးထွက်ဆိုးကျိုးမဖြစ်ပေါ်စေနိုင်သောဆေးများကို မိမိ၏ဝါသနာအလျောက် အခွင့်ရတိုင်း မေတ္တာသက်သက်ဖြင့် စမ်းသပ်ကုသခြင်းပြုခဲ့ပါသည်။ ထူးထူးခြားခြား အစွမ်းထက်သော ဆေးနည်းများကိုလည်း မှတ်တမ်းပြုထားခဲ့ပါသည်။

ယခုဖော်ပြမည့်ဆေးနည်းသည် ရင်ကျပ်အမောရောဂါဖြစ်သူများအတွက် သေချာပျောက်ကင်းစေခဲ့သောနည်းပင် ဖြစ်ပါသည်။ ကျွန်ုပ်၏အတွေ့အကြုံအရ ထိုရောဂါဖြစ်ပွားသူများသည် အသက်ရှူလမ်းကြောင်းနှင့် ရင်ဘတ်အတွင်းရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင် ချွဲ၊ သလိပ်ခဲများ ပျစ်ခဲကျပ်ဆို့ခြင်းကြောင့် ရောဂါခံစားရကြောင်း သိရှိရပါသည်။ ရင်ဘတ်ပေါ်မှကပ်၍ နားထောင်ကြည့်ပါလျှင် အသက်ရှူလိုက်တိုင်း တစီစီပေါ်ထွက်လာသောအသံကို အတိုင်းသားကြားနိုင်ပါသည်။ ထိုရင်ကျပ်အမောရောဂါနှင့်တကွ၊ ရေရှည်ချောင်းဆိုးသောရောဂါကိုပါ ပျောက်ကင်းစေသော ဆေးပြုလုပ်ပုံကို ဖော်ပြပါမည်။

ပဒိုင်းပင်သည် နှစ်မျိုးနှစ်စားရှိပါသည်။ ယခုဖော်ပြမည့်ပဒိုင်းပင်မှာ အဖြူရောင်အပွင့်ပွင့်၍ အဖြူရောင်အသီးသီးသော ပဒိုင်းဖြူမျိုး မဟုတ်ပါ။ ထိုပဒိုင်းဖြူသည် အပွင့်ပွင့်သောအခါတွင် တစ်ထပ်တည်းသာ ပွင့်ပါသည်။ ဆေးဖော်ရမည့်ပဒိုင်းပင်မှာ ခရမ်းရင့်ရောင်အပွင့်ပွင့်ပြီး ခရမ်းရင့်ရောင် အသီးသီးသော ပဒိုင်းခတ္တာအမျိုးအစား ဖြစ်ပါသည်။ ပဒိုင်းခတ္တာသည် အပွင့်ပွင့်သောအခါ တစ်ထပ်ထက်ပို၍ (၂) ထပ်၊ (၃) ထပ်၊ (၄) ထပ်၊ (၅) ထပ်မှ တချို့ (၆) ထပ်အထိပင် ဆင့်၍ဆင့်၍ပွင့်လေ့ရှိသည်ကို တွေ့ရပါသည်။ အဆင့်များလေလေ ဆေးပိုစွမ်းလေလေဟု ဆိုကြပါသည်။ ရင့်မှည့်သော ပဒိုင်းခတ္တာသီးများကို ဆွတ်ခူး၍ ဓားဖြင့် ထက်ခြမ်းခွဲပါ။ အတွင်းမှ အစေ့များကို ကုန်စင်အောင် ခြစ်ထုတ်ပါ။ အခွံမျှကျန်ပါစေ။ အစေ့များသည် လွန်စွာ မူးမိုက်မေ့မြောစေသောသတ္တိရှိသဖြင့် အစေ့မကျန်ပါစေနှင့်။ အစေ့ထုတ်ပြီးသော ပဒိုင်းသီးခွံများ အတွင်းသို့ အိမ်သုံးဆားပြည့်အောင်ပြန်ထည့်ပါ။ ပြန်စပ်လိုက်လျှင် နဂိုအလုံးပုံစံဖြစ်သွားမည်။ ခိုင်မြဲစေရန် အပ်ချည်ဖြင့်ရစ် ပတ်ချည်နှောင်ပါ။ ဆားထည့်ပြီး ပဒိုင်းခတ္တာသီးများကို မြေအိုးအသစ်တွင်ထည့်၍ အဖုံးဖုံးပါ။ ပြာမဝင်စေရန်အတွက် အဖုံးကို သင့်လျော်သောကော်ဖြင့် လည်းကောင်း၊ မြေစေးဖြင့် လည်းကောင်းထေးထားပါ။ ထို့နောက် မီးသွေးမီးဖိုဖြင့် (၈) နာရီထက်မနည်း တစ်ဆက်တည်း မီးမပြတ်အောင် မီးပြင်းတိုက်ဖုတ်ပါ။ ထို့နောက် အိုးကိုထုတ်၍အအေးခံပါ။ အေးသွားသောအခါ အဖုံးကို သေချာစွာဖွင့်၍ အထဲမှ ပဒိုင်းခတ္တာဆားပြာကိုယူပါ။ လေလုံသောပုလင်းတွင်ထည့်ထားပြီး ဆေးအဖြစ် အသုံးပြုနိုင်ပြီဖြစ်ပါသည်။

ထိုဆေးကို ပျားရည်စစ်စစ် ဇွန်းကြီးတစ်ဇွန်းတွင် ရွှေးကြီးစေ့တစ်စေ့ခန့်မျှထည့်၍ မွှေပြီးသောက်ပါ။ ရောဂါအင်အားကြီးမားလျှင် နှစ်စေ့ခန့်မျှထည့်နိုင်ပါသည်။ ရေရှည်ချောင်းဆိုးသူများအတွက် လျက်ဆားလျက်သကဲ့သို့ လျှာပေါ်တွင်ပွတ်ပြီးလျက်ပေးပါ။ ကလေးသူငယ်များ ချွဲထ၍ ရင်ကျပ်လျှင်သော်လည်းကောင်း၊ ဖျားလျှင်သော်လည်းကောင်း ဆေးကို ငရုတ်ကောင်းစေ့တစ်ဝက်ခန့်မျှ လျှာကိုပွတ်ပေးပါ။ တစ်နေ့လျှင် ရောဂါအနု၊ အရင့်နှင့် အသက်အရွယ်အလိုက် (၂) ကြိမ်မှ (၄) ကြိမ်အထိ စားပေးရပါမည်။ (၇) ရက်အတွင်း ချောင်းဆိုးသည့်အခါတွင်သော် လည်းကောင်း၊ သလိပ်ဟက်လိုက်သည့်အခါတွင်လည်းကောင်း ပါးစပ်အတွင်းမှခဲပျစ်ကပ်စေးမာချွဲနေသော သလိပ်ခဲလေးများ ထွက်ကျလာသည်ကို တွေ့ရှိရပါမည်။ ထိုသလိပ်ခဲများထွက်ကျနေသေးသမျှ ဆေးစားခြင်းကို မရပ်ရပါ။ လိုအပ်မည်ဆိုလျှင် ဆေးကို ထပ်မံဖော်စပ်ပါ။ ရောဂါနုလျှင် (၁၀) ရက်အတွင်းနှင့် ရောဂါရင့်လျှင် ရက်ပေါင်း (၂၀)အတွင်း သက်သာ ပျောက်ကင်းသွားသည်ကို တွေ့ကြရပါလိမ့်မည်။



ပဒိုင်းခတ္တာပင်များသည် အညာဒေသများတွင် အလေ့ကျပေါက်ပင်အဖြစ် အတော်များများ တွေ့ရလေ့ရှိပါသည်။ ပဒိုင်းခတ္တာပင်ကို ရှာဖွေရာတွင် အပင်၏ ပုံသဏ္ဍာန်၊ အရွက်၏ ပုံသဏ္ဍာန်၊ အဖူး၏ပုံသဏ္ဍာန်၊ အပွင့်ပွင့်ပုံ၏ပုံသဏ္ဍာန်တို့နှင့်တကွ အရောင်အသွေးကိုပါ သေချာစွာ မမှားမယွင်းစေရန် ဓာတ်ပုံဖြင့် ဖော်ပြပေးထားပါသည်။

အမြတ်ဆုံးသော ကျန်းမာခြင်းလာဘ်တစ်ပါးအား ခုနစ်ရက်သားသမီးများ ခံစားနိုင်ကြပါရန် မေတ္တာဖြင့် ရေးသား တင်ပြလိုက်ပါသည်။

*ကျန်းမာခြင်းဖြင့်ဘဝမြှင့်နိုင်ပါစေ*

ဓာတ်ဂုဏ်မျိုးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲနွားဝမ်းပျက်ဝမ်းလျှော

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရှေးရှေးတုန်းကတည်းက စိုက်ပျိုးရေး နိုင်ငံပါ။ အစိုးရတွေအမျိုးမျိုးပြောင်းခဲ့ပေမယ့် စိုက်ပျိုးရေးကို အဓိကထားပြီး လုပ်ကိုင် စားသောက်ခဲ့ကြရပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးလုပ်တဲ့ တောင်သူလယ်သမားက ခုနစ်ဆယ်ရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံချမ်းသာကြွယ်ဝဖို့အတွက် စိုက်ပျိုးရေးကိုပဲ အားထားပြီးလုပ်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့တွဲဖက်ပြီး လုပ်သင့်တာကတော့ မွေးမြူရေးလုပ်ငန်းပေါ့။ စိုက်ပျိုးရေးကရတဲ့ ဘေးထွက်ပစ္စည်းတွေ မလေမလွင့်အောင် မွေးမြူရေးအစာအစားအဖြစ် အသုံးချလို့ရသလိုပါပဲ မွေးမြူရေးလုပ်ငန်းကထွက်လာတဲ့ ဘေးထွက်ပစ္စည်းတွေကလည်း စိုက်ပျိုးရေးအတွက် အဓိကအသုံးဝင်တဲ့ ပစ္စည်းတွေပေါ့။

ကျွန်တော် အဓိကဆိုလိုချင်တာက ခိုင်းကျွဲ နွားတွေကို အသုံးပြုနေရတဲ့အတွက် သူတို့ကျန်းမာဖို့ လိုပါတယ်။ ခိုင်းကျွဲ နွားတွေ အင်အားပြည့်ဖြိုးပြီး ကျန်းမာနေမှ လုပ်ငန်းခွင်တွေကို ဝင်နိုင်မယ်။ လယ်ယာလုပ်ငန်းတွေသာမက ဘူး။ လယ်ယာကုန်ထုတ်ပစ္စည်းတွေ သယ်ပြီဆိုတော့လည်း လှည်းနဲ့ နွားကို သုံးနေရတုန်းပဲ။ ခိုင်းကျွဲနွားမကျန်းမာတော့ဘူး၊ လုပ်ငန်းခွင်ကိုအချိန်နဲ့အခါနဲ့ မဝင်နိုင်တော့ဘူးဆိုရင် ကုန်ထုတ်စွမ်းအားတွေ လျော့ကုန်ပြီ။ ပျက်ကုန်ပြီ။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံက တောင်သူလယ်သမားတွေ၊ မွေးမြူရေးသမားတွေ မိမိတို့ရဲ့ကျွဲ နွားတွေကို ကျန်းမာရေးကောင်းအောင် ဂရုစိုက်ကြပါ။ မိမိတို့ကျွဲ နွားတွေ ကျန်းမာရေးတစ်ခုခုချို့ယွင်းတာနဲ့ တစ်ပြိုင်နက် မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနနဲ့ဆက်သွယ်ဆေးကုသကြပါ။ ကြိုတင်ကာကွယ်ဆေးတွေထိုးကြပါလို့ တိုက်တွန်းချင်ပါတယ်။

ကျွန်တော်ဟာ မွေး/ကုဦးစီးဌာနမှာ (၃၃)နှစ်တိတိ အလုပ်လုပ်ခဲ့ပါတယ်။ ကျွန်တော်ဖြတ်သန်းခဲ့တဲ့ကာလတွေမှာ အင်္ဂလိပ်ဆေးလို့ခေါ်တဲ့ ခေတ်မီတဲ့ အနောက်တိုင်းရင်းဆေးတွေကို သင်ခဲ့ရသလောက် မသုံးနိုင်ခဲ့ပါဘူး။ ဒါကလည်း အကြောင်းအမျိုးမျိုးကြောင့်ဆိုပါတော့။ ဒီတော့ တချို့သော ကျွဲ နွားရောဂါတွေမှာ တိုင်းရင်းဆေးလို့ခေါ်တဲ့ ပရဆေးတွေကိုပဲ အသုံးပြုခဲ့ရပါတယ်။ ကျွန်တော်တို့ကျောင်းတက်တုန်းက တိုင်းရင်းဆေးပညာလို့ခေါ်တဲ့ ဘာသာရပ်တစ်ခု သင်ခဲ့ရပါတယ်။ မှတ်မိနေပါသေးတယ်။ တိုင်းရင်းဆေးပညာကိုသင်တဲ့ ဆရာကြီးက အင်းစိန်မှာနေတဲ့ ဦးဘရှင်ပါ။မြန်မာအလွန်ပီသတဲ့ ဆရာကြီးပါ။

ဆရာကြီးက ပြောဖူးပါတယ်။

"မင်းတို့က ထိုးဆေးတွေပဲစိတ်ဝင်စားကြတယ်။ ငါသင်တဲ့ ပညာတန်ကြေးကို မင်းတို့ နယ်မှာ အလုပ်ဝင်မှ သိမယ်"တဲ့။

မှန်လိုက်တာ ဆရာကြီးရယ်။ ကျွန်တော်တို့နယ်ရောက်တော့ မ-ဆ-လ ခေတ်၊ ဆေးနဲ့ဆေးပစ္စည်းတွေက ရှားမှရှား။ ဝယ်မရအောင်ကို ခက်ခဲခဲ့ပါတယ်။ ဆရာကြီး ဦးဘရှင် သင်ပေးခဲ့တဲ့ မြန်မာ့တိုင်းရင်းဆေးတွေကို တွဲဖက်သုံးရပါတယ်။ လုပ်သက်ရင့်လာပြီး အနယ်နယ်အရပ်ရပ်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတော့ ဒေသခံတွေပြောပြတဲ့ ဆေးမြီးတိုတွေကလည်း အသုံးဝင်တာတွေ့ရပါတယ်။ သမားဆိုအိုမှ ဆိုသလိုပဲ အခု အသက်က (၆၈)နှစ်ရှိပြီဆိုတော့ ဆေးအိတ်မပါဘဲ ဆေးကုတတ်နေပါပြီ။ တောဆေး၊ တောမြစ်တွေ ပရဆေးတွေ၊ မြန်မာ့တိုင်းရင်းဆေးတွေကို အထင်ကြီးလေးစားမိပါတယ်။သူရဿဝတီကြီးကို တစ်လတစ်မျိုးမရိုးရအောင် တင်ပြပေးပါမယ်။

ဒီတစ်ပတ်တော့ မြန်မာနိုင်ငံ အရပ်ဒေသအနှံ့မှာရှိတဲ့ ကျွဲ နွားတွေ အဖြစ် အများဆုံးရောဂါဖြစ်တဲ့ ကျွဲ နွား ဝမ်းလျှောဝမ်းပျက်ရောဂါအကြောင်းပြောပြချင်ပါတယ်။ ဒီရောဂါဟာ ရာသီမရွေး ဖြစ်ပွားနိုင်ပါတယ်။ အထူးသဖြင့် မိုးရာသီမှာ ပိုပြီးတော့ ဖြစ်တတ်ပါတယ်။ မြက်နုလေးတွေ၊ ပြောင်းရိုးနုနုလေးတွေ၊ အစာစိမ်းတွေပေါတဲ့ရာသီဖြစ်လို့ ကျွဲ နွားများ အစားများကြပါတယ်။ နွေရာသီမှာ ကောက်ရိုး၊ အစာခြောက်တွေနဲ့ပဲစားနေရတော့ စိတ်ထဲမှာ မတင်းတိမ်ဘူးပေါ့။ လူလိုပြောရရင်တော့ ခံတွင်းမတွေ့ဘူးပေါ့ဗျာ။ မိုးကျပြီး စိမ်းစိမ်းစိုစိုတွေ မြေကထွက်လာတော့ စားကျက်မှာတွေ့သမျှ အငမ်းမရစားတော့တာပေါ့။ အစာစိမ်းတွေအစားများတော့ ဝမ်းလျှော ဝမ်းပျက်ဖြစ်တာပေါ့ဗျာ။ သိပ္ပံနည်းကျပြောရရင်တော့ ဗက်တီးရီးယားပိုးတွေကြောင့်ပေါ့ဗျာ။ ဝမ်းအရည်တွေ ဒလဟောပန်းတော့တာပဲ။ ခန္ဓာကိုယ်က အရည်ဓာတ်တွေအထွက်များသွားတော့ အားနည်းသွားပြီး၊ ခံတွင်းပျက်သွားပြီး ကျွဲ နွားတွေ စားမြုံ့မပြန်နိုင်တော့ဘူး။ ခိုင်းဖို့နေနေသာသာ အိပ်ရာကထနိုင်အောင် မနည်းကြိုးစားရတယ်။ ဒီရောဂါဖြစ်ပြီဆိုရင်တော့ ကျွဲ နွားတွေကိုပြန်ခိုင်းနိုင်အောင် တော်တော်ပြုစုရပါတယ်။

ပထမဆုံး ဝမ်းရပ်သွားဖို့အရေးကြီးတယ်။ မြန်မာတိုင်းရင်းဝမ်းပိတ်ဆေးပေါ့ဗျာ။ လွယ်လွယ်ကူကူ ပေါပေါများများ နေရာတိုင်းမှာ ရနိုင်ပါတယ်။ ကျောင်းဆရာတွေက ကလေးတွေကို စာသင်တဲ့အခါ အသုံးပြုတဲ့ မြေဖြူခဲပါ။ ပိုကောင်းသွားအောင် လူတွေကွမ်းစားတဲ့အခါမှာ အသုံးပြုတဲ့ ရှားစေး။ ဒီနှစ်မျိုးကို ဆေးအဖြစ် ဖော်စပ်ရပါတယ်။ ကျွဲ နွားအကြီးဆိုရင် မြေဖြူအတောင့် (၂၀)၊ ရှားစေး (၃)ကျပ်သား။ ကျွဲ နွားအလတ်ဆိုရင် မြေဖြူ (၁၀) တောင့်၊ ရှားစေး(၂)ကျပ်သား။ ကျွဲ နွားအငယ်ဆိုရင် မြေဖြူ (၅) တောင့်၊ ရှားစေး (၁)ကျပ်သား တစ်ကြိမ်တိုက်ဖြစ်ပါတယ်။

လုပ်ပုံလုပ်နည်းက မြေဖြူနဲ့ရှားစေးကို အမှုန့်ကြိတ်ပြီး ထမင်းရည်ရေ သန့်ပုလင်းတစ်လုံးနဲ့ဖျော်ပြီးတိုက်လိုက်ပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် (၂) ရက်ဆက်တိုက် တိုက်လိုက်ပါ။ ဒါဆိုရင် ဝမ်းရပ်သွားပါလိမ့်မယ်။ ဝမ်းကောင်းသွားပါတယ်။ ဒါပေမယ့် အားရှိဖို့လိုသေးတယ်။ ကျွဲ နွားအတွက် အားဆေးကတော့ ဆင်တုံးမနွယ်တစ်ထွာကို နုပ်နုပ်ပါအောင်စဉ်းပြီး ထန်းလျက် (၁၀) လုံးနဲ့ ရေမတ်ခွက် (၃) ခွက်ထည့်ပြီး သုံးခွက်တစ်ခွက်တင် ကျိုတိုက်ရင်ရပါတယ်။ တစ်နေ့တစ်ခွက်ပေါ့။ ဒါဆိုရင် မကြာခင်ကျန်းမာလာပြီး လုပ်ငန်းခွင်ပြန်ဝင်နိုင်မှာပါ။

ဤဆောင်းပါးဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား ကန်တော့လိုက်ပါတယ်။

*ကျွဲနွားကျန်းမာပြည်ချမ်းသာ*

ဆလိုင်းငွေသိန်း (ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

## တိုက်ဘို(ရွှေကံကူ)
# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များလာရောက်ဖူးမြော်ခြင်း၊ ထူးခြားထွက်ထွက်တမ်းဝင်ကြခြင်းများနှင့် ထူးခြားမှုများ

ဤလောကတွင် ဗုဒ္ဓဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူကြရခြင်းမှာ ကိုးကွယ် ယုံကြည်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူ၊ လှူဒါန်းပူဇော်ကြသူတို့အား ကောင်းကျိုးချမ်းသာများရရှိကြစေရန် ပွင့်ထွန်းတော်မူလာကြခြင်း ဖြစ်ပေသည်ဟု ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်မှတ်တမ်း ပထမဗွီစီဒီအခွေတွင် စဉ့်ကိုင်မြို့ ဖားလင်ပိုးပရိယတ္တိစာသင်တိုက် တိုက်အုပ်ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ဆရာတော်ကြီး ဦးပညာဗလမှ မိန့်ကြားတော်မူခဲ့ပါသည်။ ထို့ပြင် သက်တော်ထင်ရှား ဘုရားရှင်တို့အား ရည်မှန်း၍ ထုလုပ်ကိုးကွယ် ပူဇော်ထားရှိသော စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွားတော်တို့ကို သက်တော်ထင်ရှား ဘုရားရှင်များကဲ့သို့ ထပ်တူထပ်မျှ ရှိသေလေးနက်စွာ ကိုးကွယ် ယုံကြည် ပူဇော်ဆည်းကပ်ကြလျှင်လည်း သက်တော်ထင်ရှား ဘုရားရှင်တို့ကို ကိုးကွယ်ပူဇော်ကြရသကဲ့သို့ပင် ကောင်းကျိုးချမ်းသာများ အပြည့်အဝရရှိကြရမည်ဟု ဆက်လက်မိန့်ကြားတော်မူခဲ့ပါသည်။

ထိုမိန့်ကြားချက်တို့သည် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မူလာသောနှစ်ထမ်းရှည်ကြာလာသည်နှင့်အမျှ မှန်ကန်သောအကြောင်းအချက်အခြင်းအရာတို့ မကြာမကြာ တွေ့ရှိလာရ၍ ဆရာတော်ကြီး၏ မိန့်ကြားချက်တို့



၂၀၁၂ နေပြည်တော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ် တန်ခိုးတော်ဖြင့် နေရာရွှေ့သွားမှု



၂၀၁၃ (ခ)သင်္ကြန်တွင် ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ် နေပြည်တော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား သပ္ပာယ်စွာဖူးတွေ့ရပုံ



၂၀၁၃ (၃) ထပ်ဝိုင်းတွင် ရွှေညောင်မြို့ ဦးဖြတ်ထွန်းနေအိမ်တွင် နဂါးငွေများထွက်ပေါ်လာပုံ

မှန်ကန်လှကြောင်း စာရေးသူတို့သိရှိ၍ လာခဲ့ကြရပါသည်။ ဗုဒ္ဓဘုရားရှင်သည် (၃၁) ဘုံကို လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ အပါယ်ဘုံ ဟူ၍ ခွဲခြားပြသတော်မူခဲ့ပြီး *အပါယ်ဘုံတွင် တိရစ္ဆာန်၊ ပြိတ္တာ၊ အသူ*ရကာယ်နှင့် ငရဲ ဟူ၍ ထပ်မံခွဲခြားပြသတော်မူခဲ့ပါသည်။

ဤလူ့ဘုံတွင် တိရစ္ဆာန်ဘုံမှာ ရောနှောပါဝင်လျက် ပြိတ္တာ၊ အသူရကာယ်နှင့် နတ်ဘုံမှ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်၊ ဘုမ္မိယခေါ် သိုက်နန်းရှင်များနှင့် နဂါးများ၊ ကုမ္ဘဏ်၊ ယက္ခများပါ အတူရှိနေကြပေသည်။ ဘုရားဟောများပင်ဖြစ်ပါ၍ သာဓကဆောင်သောဇာတ်တော်တို့ အများအပြားပင်ရှိနေကြသော်လည်း ထိုအရာတို့ကို မြင်တွေ့ကြုံကြိုက်ရန် ခဲယဉ်းပြီး မြင်တွေ့ ကြုံကြိုက်ကြရသူတို့တွင်လည်း ဆုပ်ကိုင်ပြသနိုင်သောအရာများမဟုတ်၍ တကယ်လော၊ ထင်ယောင်ထင်မှားလော၊ အခြားသော အကြောင်းအရာများကြောင့် ဖြစ်ပေါ်ခြင်းလော ဟူ၍ ဇဝေဇဝါဖြစ်တတ်၍ ထိုအရာတို့ရှိ၏ဟု အချို့က ယုံကြည်လက်ခံ၍ အချို့က ယုံကြည်လက်ခံခြင်း မရှိကြပါ။

သို့သော် ဘုရားဟောဖြစ်နေသည့်အပြင် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ သာမညဆရာတော်ဘုရားကြီး၊ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးနှင့် ယခုလက်ရှိ နိုင်ငံတော်သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်ကြီး ဒေါက်တာအရှင်ကုမာရ အစရှိသော အထင်ကရဆရာတော်ဘုရားကြီးများကပင် လက်ခံယုံကြည်လျက်ရှိကြသောကြောင့် စာရေးသူတို့သည်လည်း ထိုအကြောင်းအရာတို့ကို ယုံကြည်လက်ခံပါ၏။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း မော်လိုက်မြို့ ကြောင်ပန်းတောရမှ ဆရာတော်ဦးကောဝိဒဆိုလျှင် ဝိပဿနာတရားများအတော်ပင်ပေါက်မြောက်လျက်ရှိနေ၍ အထက်ချင်းတွင်းဒေသတစ်ရိုးတွင် ကိုးကွယ်သူတို့ ပေါများလှပါ၏။ ဆရာတော်ဦးကောဝိဒထံသို့ မြို့စောင့်နတ်မင်းကြီးဖိုးသီလ မကြာခဏ လာရောက် ဖူးမြော်၍ လျှောက်ထား မေးမြန်းသည်များကို တွေ့မြင်ကြရသူတို့ရှိနေ၍ လက်ခံယုံကြည်ကြရမည်သာ ဖြစ်ပါ၏။

၂၀၀၆ ခုနှစ်တွင် ရုပ်ရှင်တော်



www.burmeseclassic.com

www.burmeseclassic.com

မြတ်သည် မိတ္ထီလာမြို့သို့ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမျိုးရှိန်၊ ဇနီး ဒေါ်မင်းမင်းထွေးတို့မှ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ မိတ္ထီလာမြို့သို့ ရောက်ရှိတော်မူပြီးနောက် ရဲမှူးကြီး လှမျိုးရှိန် (ယခု ရှမ်းပြည်နယ်မြောက်ပိုင်း ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး) နှင့် ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းတို့မှ မိတ္ထီလာမြို့ ရေထွက်ဘုရားသို့ ညပိုင်းတွင် ပင့်ဆောင်ပူဇော်ခဲ့ကြရာ နဂါးများစွာတို့ ဘုရားဖူးလာရောက်ကြသည်ကို ပကတိမျက်စိနှင့် မတွေ့မြင်နိုင်သော်လည်း ဓာတ်ပုံရိုက်ကူးရာတွင် နဂါးတို့၏ ပုံပန်းသဏ္ဍာန်နှင့် အရိပ်အယောင်တို့များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ထိုညက ရိုက်ကူးသမျှ ဓာတ်ပုံ (၁၅၀) ကျော်တွင် ထူးခြားသောပုံရိပ်များ ပေါ်ပေါက်ခဲ့ပါသည်။

ညမီးရောင်များကြောင့်ပင်လော၊ ဤရေထွက်ဘုရားနေရာ၏ ထူးခြားမှုကြောင့်လောဟု ဆန်းစစ်လို၍ ညအခါများတွင် အခြားသော စေတီပုထိုးများသို့ သွားရောက် ဓာတ်ပုံရိုက်ကူးခြင်းနှင့် နောက်ညများတွင် ရေထွက်ဘုရားသို့ ဓာတ်ပုံသွားရောက် ရိုက်ကူးခြင်းတို့ ပြုခဲ့သော်လည်း ထိုကဲ့သို့ ဖြစ်ပေါ်ခြင်းမရှိတော့၍ ထိုညက နဂါးများလာရောက်သည်ဟု လူအများမှ မှတ်ချက်ချကြပါသည်။


၂၀၀၉ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်အား သပိတ်ကျင်းမြို့နယ် ကျောက်ကြီးကျေးရွာအနီးရှိ သိပ္ပံနှင့်နည်းပညာ သုတေသနတပ် တပ်မှူး ဗိုလ်မှူးကြီး သောင်းရွှေ၊ ဇနီး ဒေါ်နန်းခင်အုန်းတို့မှ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ ဗိုလ်မှူးကြီးသောင်းရွှေမှ ရုပ်ရှင်တော်မြတ်ကို သိရှိကြည်ညိုပင့်ဆောင်ဖြစ်ပုံမှာ ဤသို့ ဖြစ်ပါသည်။



၂၀၀၆ ခုနှစ် မြစ်ကြီးနားခရိုင်တွင် ရုပ်ရှင်တော်မြတ်နှင့် ဓာတ်တော်ပေါင်းသော ရွှေဆောင်းဆင်းတုတော်များနှင့် သပ္ပာယ်စွာ တွေ့ရပုံ



၂၀၁၄ ရန်ကုန်ခရိုင်တွင် တိုးတက်ချမ်းသာကုမ္ပဏီ၌ ရွှေထီးတုပုံတော်မှ နတ်မင်းထွက်ပေါ်သည့်ပုံ



၂၀၁၄ (၃) လပိုင်း ရွှေထီးတုတော်ခြောက်ဆူနှင့်ထားသော ဘုရားဝန်းကြီးတော်ရှင်း များ သူဆန်းစွာရောက်ရှိသည့်ပုံ



...ညီမြို့ မှန်တက်နိုင်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်စဉ် လာရောက်ဖူးမြော်သော ရွှေဖား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဓါးခင်းကုန်းဆရာတော်ဘုရားကြီး ဦးဝိဇ္ဇ (၉-၉-၂၀၁၂)
ရွှေကံကူဂူဗုဒ္ဓပူဇနီယပွဲတော်သို့ ကြွရောက်တော်မူပုံ



၂၀၁၃ ခုနှစ်တွင် ရွှေကံကူအောင်မြေ၌ အလိုအလျောက်ပေါက်သော ယုဇနပင်မှ တစ်ထပ်အတွင်း
ပန်းပွင့်ထားပုံ



၂၀၁၃။ မြင်းခြံမြို့ စိန်ဝင်းကျော်အရိုးသည်ဗိသုကာနှင့် ရုပ်ရှင်တော်မြတ်အား ပူဇော်ပြီး ဗေဒါပင်များ
အလိုအလျောက်ပေါက်ထားပုံ

စာရေးသူသည် ၂၀၀၆ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်၏ ဗွီစီဒီဖြစ်တော်စဉ် သမိုင်းအခွေ တည်းဖြတ်ရန်အတွက် ကျောက်ဆည်မြို့ရှိ ပင်နီကယ်လ် ဗွီဒီယို ရိုက်ကူးရေးသို့ ရောက်ရှိခဲ့သည်။ ပင်နီကယ်လ်မှ ကိုအောင်မိုးခိုင်၏ ယောက်ဖတော်စပ်သူ ဗိုလ်မှူးကျော်စွာဝင့်သည် ကျောက်ကြီးနည်းပညာတပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသူ ဖြစ်ပါသည်။ ဗိုလ်မှူးကျော်စွာဝင့်သည် စာရေးသူနှင့် ပင်နီကယ်လ်တွင် မကြာခဏတွေ့ဆုံရာမှ ခင်မင်ရင်းနှီးသွားပြီး ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကိုလည်း တစ်စထက်တစ်စသိရှိရာမှ လုံးဝကြည်ညိုသွားခဲ့ပါသည်။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ ဂုဏ်တန်ခိုးတို့ကို ဗိုလ်မှူးကြီးနှင့်ဇနီးတို့သို့ ပြောပြခဲ့သည်။ ထိုအခါ ဗိုလ်မှူးကြီးနှင့် ဇနီးတို့လည်း ကြည်ညိုသွားကြပြီး ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ရန် စီစဉ်ကြပါတော့သည်။ ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် ကျောက်ကြီးတပ်သို့ ကြွမြန်းရောက်ရှိတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ဗိုလ်မှူးကိုကျော်စွာဝင့်၊ ဗိုလ်မှူးကြီးသောင်းရွှေနှင့် ဇနီးဒေါ်နန်းခင်အုန်းတို့သည် ဤယနေ့တိုင် စာရေးသူတို့မိသားစုနှင့် ခင်မင်ရင်းနှီး၍ သွားခဲ့ပါသည်။

ကျောက်ကြီးတပ်သည် မန္တလေး - တကောင်းသွား ကားလမ်းမကြီး၏ အရှေ့ဘက်တွင်တည်ရှိ၍ မိုးကုတ်ဒေသ တောင်တန်းကြီးနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပါသည်။ မြင့်မားမတ်စောက်သော တောင်ကြီးများနှင့် လှို



၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ (၆) ရက်ညတွင် ...
ဆင်မင်းအဝီထပ်စေတြာရုံ၌ ရုပ်ရှင်တော်...
ပင့်ဆောင်ပူဇော်စဉ် မန္တလေးသိန်းဇော် ထာ...

www.burmeseclassic.com

မြောင်စိမ့်စမ်းတို့ ပေါ်များလှပြီး သစ်ကြီးဝါးကြီးများ ပေါက်ရောက်ကာ စိမ့်ကြီးမြိုင်ကြီးဖြစ်လျက် တောရိပ်တောင်ရိပ်များဖြင့် ပြာမှိုင်းလျက်ရှိပါ၏။ တစ်ချိန်က တောဆင်ရိုင်းအုပ်တို့ ကျက်စားနေထိုင်ရာဖြစ်သကဲ့သို့ ဤယနေ့တိုင်လည်း ဤအနီးဝန်းကျင်၌ ဆင်ရိုင်းအုပ်တို့ သွားလာနေထိုင်လျက်ရှိပါသေးသည်။

ဤနယ်တစ်ဝိုက်၌ မောင်တော်၊ နှမတော် နတ်မောင်နှမသည် ထင်ရှားလှပြီး ဤနယ်မြေတွင် ဆဲရေးတိုင်းထွာခြင်း၊ ရေချောင်းများ၌ ဘောင်းဘီတိုဖြင့် ရေချိုးခြင်းတို့ကို မနှစ်သက်သဖြင့် ဒေသခံများနှင့် တပ်မိသားစုတို့က လိုက်နာ ရှောင်ကြဉ်ကြသော်လည်း တပ်တည်ဆောက်ရေးလုပ်ငန်းခွင်များ၌ အခြားဒေသမှ အလုပ်သမားများပါ ပါဝင်ရာ အချို့က ယုံကြည်လိုက်နာခြင်း မရှိပါ။ ထိုအခါ မတော်တဆ ထိခိုက်သေဆုံးမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပြီး တပ်၏အထက်နား ကုန်းဆင်းတစ်နေရာတွင် ကားမှောက်စဉ်က အမျိုးသမီးတစ်ယောက် သေဆုံးခဲ့ပါသည်။ ထိုအမျိုးသမီးသည် ထိုနေရာတွင် မကျွတ်မလွတ်ဘဲရှိနေ၍ မကြာခဏ ခြောက်လှန့်ခြင်းများ ဖြစ်ပေါ်နေပါသည်။ ထိုကိစ္စများကိုလည်း မယ်တော်ကြီးမှ ကူညီဆောင်ရွက်ပေးရန် ဗိုလ်မှူးကြီးမှ ပြောကြားပါသည်။

ထို့ကြောင့် မယ်တော်ကြီးသည် ဗိုလ်မှူးကြီးသောင်းရွှေ ဒေါ်နန်းခင်အုန်းတို့၏ နေအိမ်သို့ ရောက်ရှိသည်နှင့် မေတ္တာဘာဝနာများစီးဖြန်းပြီး မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်အပေါင်းတို့အား မေတ္တာများပို့သပါသည်။ ညပိုင်းတွင် သက်သတ်လွတ်ကြာဆံကြော်များကြော်စေပြီး အကျွတ်အလွတ် ဒါနပြုပေးပါသည်။ အမျိုးသမီး သေဆုံးထားသောနေရာ ခရောက်တွင် ဝါးရုံပေါ်မှကြီးမားသော သတ္တဝါတစ်ကောင် ဆင်းသက်လာသကဲ့သို့ ဖရောခနဲမြည်ကာ ဝါးရုံတစ်ခုလုံး လှုပ်ခါသွားပါသည်။ လိုက်ပါသွားသော ရဲဘော်တချို့ပင် ကျောချမ်း၍ တုန်လှုပ်သွားကြပါသည်။ သို့သော် ထိုနေ့ထိုအချိန်မှစတင်၍ ထိုနေရာတွင် ခြောက်လန့်ခြင်းတို့ မတွေ့ကြုံရတော့သည်မှာ ဤယနေ့တိုင်အောင်ပင် ဖြစ်ကြောင်း သိရပါသည်။

ထိုတပ်တွင် လိုင်းခန်းများမှာ (၂)ထပ်တိုက်ကြီးများသာ ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူသောညက ကြီးမားသော မြွေကြီးတစ်ကောင်သည် လှေကားထစ်များကို မည်သို့တက်လာသည်မသိပါ။ အပေါ်ထပ်အခန်းတစ်ခု၏ တံခါးမကြီးနံဘေးတွင် ခွေနေသည်ကို တွေ့ရပြီး မကြာမီထိုမြွေကြီး သေဆုံးသွားပါသည်။

၂၀၁၃ ခုနှစ်၏တစ်နေ့တွင် ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ တမ္ပဝတီ ရပ်ကွက် စစ်ကိုင်းလမ်းပေါ်ရှိ ကန်တော်ကြီးကွေ့မြောက်ဘက်ရှိ ဟန်နီစတိုး ကိုကျော်စွာလင်း၊ မရွှေစင်နေဝင်းတို့ နေအိမ်မှ ပင့်ဆောင်ပူဇော်စဉ်ကလည်း ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်များ ဖွင့်တော်မူသည်မှာ သိသာထင်ရှားလှသဖြင့် အိမ်ရှင်မိသားစုတို့ အထူးပင် ကျေနပ်အားရမှုတို့ ဖြစ်ကြရပါသည်။ မရွှေစင်နေဝင်းသည် နိုင်ငံကျော် ဘဝသရုပ်ဖော် စာရေးဆရာမကြီး နုနုရီ (အင်းဝ) ၏ မွေးစားသမီးဖြစ်ကာ တူမအရင်းလည်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိစဉ်၌ ဆရာမကြီးလည်း ရန်ကုန်မြို့မှ လာရောက် ဖူးမြော်ခဲ့ပါသည်။

၂၀၁၄၊ (၁)လပိုင်းတွင် စာရေးသူနှင့် ရွှေကံကူကျောင်းတော်ကြီးကို တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် ကိုသန်းအောင်၊ မခင်စိုးသူ (KTA ဆောက်လုပ်ရေး) နှင့် စာရေးသူ၏ အစ်ကိုဖြစ်သူ ကိုဝင်းကိုတို့လိုက်ပါလျက် ဟန်နီစတိုးသို့ရောက်ရှိခဲ့သည်။ ရောက်ရှိရသောအကြောင်းမှာ ရွှေကံကူကျောင်းတော်ကြီးဘုရားခန်းတွင် သစ်သားထည်ပန်းပန်းပုများ ထည့်သွင်းရန်အတွက် ထုလုပ်သောနေရာစုံစမ်းရန် ဖြစ်ပါသည်။ မောင်ကျော်စွာလင်းမှ ကိုသန်းအောင်တို့ကို ပန်းပုဆိုင်သို့ ခေါ်ဆောင်သွားစဉ် စာရေးသူနှင့် မခင်စိုးသူတို့ ကျန်ရစ်ကာ ရွှေစင်နေဝင်းနှင့် စကားပြောဖြစ်ကြပါသည်။

ရွှေစင်နေဝင်းသည် ၉-၉-၂၀၁၂ ရွှေကံကူ ဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် သူများနည်းတူ အောင်မြေသို့ရောက်ရှိခဲ့သည်။ ရုပ်ရှင်တော်မြတ်အား ပထမဆုံး ဖူးတွေ့ရခြင်းဖြစ်ပြီး အတိုင်းမသိ ကြည်ညိုစိတ်များ ဖြစ်ပေါ်ခဲ့မိသည်။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကိုလည်း အကြွင်းမဲ့ယုံကြည်မိ၍ မိမိတွင် အလိုလားဆုံးဖြစ်သော သားကောင်းရတနာရရှိရန် ဆုပန်ခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့တွင် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလျက်ရှိကြောင်း ကြားသိလျှင် မလွတ်တမ်းသွားရောက်ဖူးမြော်ခဲ့သည်။ ဤသို့ဖြင့် ဆုတောင်းပြီး မကြာမီမှာပင် ရင်သွေးရတနာရရှိ၍ နောက်ပိုင်းတွင် ယောကျာ်းလေးဖြစ်ကြောင်းကိုပါ သိရှိရသည်။ အတိုင်းမသိ ဝမ်းသာမိရပြီး နေအိမ်တွင်ကိုးကွယ်ထားသော ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ပိုမိုအလေးထား၍ ဆွမ်း၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူခဲ့သည်။ လက်ရှိအထည်စတိုးဆိုင်သည်လည်း ပိုမိုရောင်းအားကောင်းလာပြီး မောင်ကျော်စွာလင်းသည်လည်း မြေကွက်အရောင်းအဝယ်များ သိသိသာသာ အောင်မြင်လာခဲ့သဖြင့် ငွေကြေးနှင့်ပတ်သက်၍ ပူပင်စရာမရှိသောအခြေသို့ ဆိုက်ရောက်ခဲ့သည်။

သားဆုအမြဲ့ဒ္ဓန်လည်း ပြည့်ဝသဖြင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပါမည်ဟုကတိပြုထားချက်ကြောင့် ၂၀၁၃ ရန်ကုန်မြို့ခရီးစဉ် ပြီးဆုံး၍ မန္တလေးခရီးစဉ်စတင်ချိန်တွင် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလျက်ရှိရာ မန္တလေးမြို့ နန်းရှေ့ဈေးအနီး ရှေ့နေကြီးဦးသိန်းထွန်း၊ မြင်းခြံတက္ကသိုလ်ပါမောက္ခဆရာမကြီး ဒေါ်ခင်စန်းမြင့်တို့နေအိမ်သို့ သွားရောက်ပြီး စာရေးသူထံ ရက်တောင်းခံ၍ ပင့်ဆောင်ပူဇော်ခဲ့ကြခြင်း ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းမည်ပြုသောအခါ ရွှေကံကူသာသနာပြု မယ်တော်ကြီးမှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခြင်း၊ ဆွမ်းပန်း ရေချမ်းဆက်ကပ်ခြင်း၊ မယ်တော်ကြီးတို့အား ကျွေးမွေးပြုစုခြင်း၊ ဘုရားဖူးညီ့ပရိသတ်တို့အား ကျွေးမွေးလှူဒါန်းခြင်း၊ ရုပ်ရှင်တော်မြတ်အား သင်္ကန်းပရိက္ခရာ၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဝတ္ထုငွေ လှူဒါန်းခြင်း အစရှိသည်တို့အတွက် ရေစက်သွန်းချ၍ အမျှပေးဝေစေပါသည်။ အမျှ (၃) ကြိမ်ပေး၍ သာဓု (၃) ကြိမ်ခေါ်ဆိုပြည့်မြောက်ချိန်မှာပင် ရွှေစင်နေဝင်းတို့ နေအိမ်နှင့် မလှမ်းမကမ်းရှိ ကားလမ်းနံဘေးမှ စိမ်းစိုလန်းဆန်းသန်မာလှသော သစ်ပင်ကြီးသည် လေနှင့်တကွမည်သည့် ပယောဂမျှမပါရှိဘဲ အောက်ခြေမှ ဖြောင်းခနဲမြည်ကာ ကျိုးပြတ်သွားခဲ့သည်။

ပို၍ထူးဆန်းသည်မှာ မန္တလေးမှ အမရပူရသို့အထွက် စစ်ကိုင်းကားလမ်းကို သွားဖူးသူတိုင်း သိကြပါသည်။ ကား



www.burmeseclassic.com

www.burmeseclassic.com

နှင့် မော်တော်ဆိုင်ကယ်တို့ မပြတ်တမ်း သွားလာလျက်ရှိပါသည်။ သို့သော် မည်သည့်ယာဉ်နှင့် လူတစ်ဦးတစ်ယောက်ကိုမှ မထိခိုက်စေဘဲ လဲကျသွားခြင်းဖြစ်၍ သိရှိသူတိုင်း အံ့ဩကြရပါသည်။

ဤသို့ဖြစ်ရသည်မှာ ဤသစ်ပင်တွင်နေထိုင်သော ပုဂ္ဂိုလ်သည် ရုပ်ရှင်တော်မြတ်ကို လာရောက်ဖူးမြော်ခြင်းဖြင့်လည်းကောင်း၊ ပေးဝေသောအမျှကို ရရှိ၍လည်းကောင်း ကျွတ်တမ်းဝင်ရောက်သွားခြင်း ဖြစ်ပါသည်။

နောက်တစ်ခု ထူးခြားမှုမှာ ရွှေကံကူအောင်မြေမှ နဂါးမယ်တော်ကြီး ရုပ်တုတော်အတွက် မရွှေစင်နဝင်းမှ ချုပ်ခ (၇၅၀၀၀) ကျပ်ကျခံ၍ မန္တလေးမြို့မှ နာမည်အကြီးဆုံးဒီဇိုင်နာဖြင့် ဝတ်စုံအပ်နှံပေးပါသည်။ ထိုဒီဇိုင်နာသည် စဉ့်ကိုင်မြို့ အောင်မြေကိုမရောက်ဘူးပါ။ သို့သော် ထိုညတွင် ထူးခြားသောအိပ်မက် မြင်မက်ပါသည်။ အိပ်မက်ထဲတွင် နဂါးမယ်တော်ကြီးမှ လူအမျိုးသမီးပုံစံဖြင့် 'ငါတို့က သုံးပါးရှိတာ၊ တစ်စုံတည်း မရဘူး' ဟု ပြောဆိုကြောင်း မရွှေစင်နဝင်းကို ပြောပြပါသည်။ မရွှေစင်နဝင်းလည်း အောင်မြေတွင် နဂါးမယ်တော်ကြီးတစ်ပါးကိုသာ တွေ့မြင်ထားခြင်းရှိ၍ မယ်တော်ကြီးတို့အား ဖုန်းဆက်၍မေးမြန်းပါသည်။ ထိုအခါ မယ်တော်ကြီးမှ ရွှေကံကူအောင်မြေတွင် နဂါးမယ်တော်ကြီး (၃) ပါးရှိပါသည်။ အလှူရှင်တစ်ဦးတည်းသာ ပေါ်ပေါက်သေးသဖြင့် နဂါးမယ်တော်ကြီး (၃) ပါးကိုယ်စားပြု ပုံတော်တစ်ပုံသာ ထားရှိခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ဒီဇိုင်နာကလည်း သူ၏အိပ်မက်ကို ရွှေစင်နဝင်းမှ မယုံကြည်၊ လက်မခံလျှင်သော်လည်းကောင်း၊ ရွှေကံကူမိသားစုမှ နဂါးမယ်တော်ကြီးတစ်ပါးတည်းသာရှိပါသည်ဟု ဖြေကြားလျှင်သော်လည်းကောင်း မိမိဘာသာ နှစ်စုံဖြည့်၍ လှူဒါန်းပါမည်ဟု ပြောကြားပါသည်။

ယခု နဂါးမယ်တော်ကြီး၏ ဝတ်စုံကိုချုပ်လုပ်မည့် ဒီဇိုင်နာမင်းမင်းစိုးမှာ နိုင်ငံတော်အဆင့် လူကြီးမင်းများ၏ တိုက်ပုံများ၊ ဝတ်စုံများကိုပါ ချုပ်လုပ်ပေးနေရသည်ဖြစ်ရာ အပ်ထည်များ မနိုင်အောင်ရှိနေ၍ ဤတစ်ထည်ကိုပင် မရွှေစင်နေဝင်းနှင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုအရ လက်ခံပေးခြင်းဖြစ်ပြီး (၉) ရက်၊ (၉) လ ဗုဒ္ဓပူဇနီယပွဲတော်အမီ ပြီးစီးရမည်ဖြစ်၍ အမြန်ချုပ်ရမည်လည်းဖြစ်နေပြန်ပါ၏။ ထို့ကြောင့် ဤတစ်ထည်ကိုပင် မနည်းချုပ်ရမည် ဖြစ်ပါသည်။ သို့သော် နဂါးမယ်တော်ကြီးမှ အိပ်မက်ပေးထားသည်ဖြစ်၍ (၃) ထည်စလုံးကိုပင် မီအောင်ချုပ်ပေးပါမည်ဟု ကတိပြုကာ ထိုကတိအတိုင်း အချိန်မီချုပ်လုပ်ပေးခဲ့ပြီး အထည်ချုပ်ခများကိုလည်း လျှော့၍ယူပေးပါသည်။

ဤကိစ္စသည်လည်း ထူးဆန်းသည်ဟု ဆိုရပါမည်။ စာရေးသူတို့နေအိမ်တွင် အစောင့်အရှောက်ပုဂ္ဂိုလ်တို့ အများအပြားရှိပါ၏။ ထိုအစောင့်အရှောက်ပုဂ္ဂိုလ်တို့ရှိသည်ဆိုသော အချက်များမှာ စာရေးသူ၏ ပထမပိုင်းဆောင်းပါးများတွင်လည်း ပါရှိခဲ့ပြီး ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ခိုးယူရန်ကြံစည်ခြင်း၊ ဝယ်ယူရန် စမ်းသပ်ခြင်းတို့တွင် အစောင့်အရှောက်ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍတို့ များစွာပါဝင်ကြောင်း သိရှိကြရမည် ဖြစ်ပါသည်။

ထို့အပြင် ဤယနေ့ ရုပ်ရှင်တော်မြတ် ဒေသစာရီ ကြွမြန်းတော်မူသောပုံစံကိုကြည့်ပါ။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ကြမည့်သူများမှာ စာရေးသူတို့မိသားစုနှင့် လုံးဝတွေ့ဖူး၊ မြင်ဖူးခြင်းမရှိ။ ၎င်းတို့ဘယ်မှာနေကြသည် မသိ၊ ၎င်းတို့ စိတ်နေစိတ်ထားမည်သို့ရှိမည်မသိပါဘဲ ၎င်းတို့ပင့်ဆောင်ရာသို့ အန်တီအေး၊ မယ်တော်ကြီးတို့ မိန်းမသားနှစ်ဦးတည်းသာ လိုက်ပါ၍နေခဲ့သည်မှာ (၁၄) နှစ်ကာလတွင် အိမ်ပေါင်းတစ်ထောင်ကျော်မျှပင်ရှိခဲ့ပြီး ဖြစ်သော်လည်း မည်သို့သော အနှောင့်အယှက်၊ ဘေးရန်အန္တရာယ်တို့မျှ မတွေ့ရှိဘဲ ရှိနေခဲ့သည်မှာ မမြင်အပ်သော အစောင့်အရှောက်များ ပါရှိနေသောကြောင့်သာ ဖြစ်ပါသည်။

ရွှေကံကူအောင်မြေတွင် နဂါးမယ်တော်ကြီး (၃) ပါးရှိပါသည်။ ၎င်းတို့ရှိကြောင်း သိသာထင်ရှားစွာ ပြသခဲ့ပုံများကိုလည်း စာရေးသူ၏ ပထမပိုင်းဆောင်းပါးများတွင် ပါရှိခဲ့ပြီးဖြစ်ကာ ထိုအကြောင်းအရာများကို မဂ္ဂဇင်းတွင် မဖတ်လိုက်ကြရသူများအတွက် စဉ့်ကိုင်မြို့ သရက်တောကျောင်းတိုက်မှ (၁၃) ဘွဲ့ရ ရည်မွန်ကျမ်းများ ကျမ်းပြုအရှင် လယ်တွင်းအရှင် လယ်တွင်းအရှင်တေဇဗလမှ စာရေးသူ၏ သုရဋ္ဌမဂ္ဂဇင်းတွင် ဖော်ပြပါရှိပြီး ဆောင်းပါးအချို့နှင့် မဂ္ဂဇင်းတွင် ဖော်ပြခြင်းမပြုခဲ့ရသော ဆောင်းပါးအချို့တို့ ပေါင်းစပ်ကာ ထုတ်ဝေထားရှိသော ရွှေကံကူလေဖုံ့ သစ်တော်ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းမှတ်တမ်းစာအုပ်တွင် ပါရှိပါသည်။

စာရေးသူတို့သည် ရွှေကံကူအောင်မြေတွင် ထင်ရှားစွာရှိနေကြသော ဘယက္ခကြီး၊ နဂါးမယ်တော်ကြီး (၃) ပါး၊ သိုက်နန်းရှင်မောင်နှမ (၃) ဦးအစရှိသော ပုဂ္ဂိုလ်တို့ကို ထင်ရှားစွာ ဖော်ထုတ်ပြသထားခြင်းမရှိပါ။ ရွှေကံကူအောင်မြေသို့ ဘုရားဖူးလာရောက်ကြသူ ဧည့်ပရိသတ်များမှ လိပ်ပြာလှသော အမျိုးသမီးအချို့အား နဂါးမယ်တော်များ၊ သိုက်နန်းရှင်များမှ ဝင်ရောက်စီးနင်းခြင်းများ၊ အမျိုးသားအချို့အား အဘယက္ခကြီးမှ ဝင်ရောက်စီးနင်းခြင်းများရှိသော်လည်း စာရေးသူတို့သည် ဓာတ်စီးခြင်း၊ နတ်စီးခြင်း၊ သိုက်စီးခြင်းများကို အသားပေးလက်ခံခြင်း မပြုပါ။ မေတ္တာရပ်ခံ၍ ချက်ချင်းထွက်ခွာစေပါသည်။

ရုပ်ရှင်တော်မြတ်အား သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ ရည်မှတ်၍ ငြိမ်သက်တိတ်ဆိတ်စွာပင် ဖူးမြော်ကြည်ညိုစေပါသည်။ အရိုးကို အရွက်မဖုံးစေလိုသောသဘောပင်ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာပုံတော်များကို စတိသဘော ခပ်သေးသေးသာထားရှိပေးခဲ့ပါသည်။

၂၀၁၁ ခုနှစ်၊ (၆) လပိုင်းခန့်တွင် တာချီလိတ်မြို့မှ ကိုစိုင်းတစ်၊ မနန်းတစ်တို့သည် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တစ်ပုံကို လက်ဆောင်ရရှိလိုက်သည်။ ထိုဓာတ်ပုံတော်ရရှိသည်နှင့် မန္တလေးမြို့ ဈေးချိုတော် စံပယ်ရုံဆိုင်အမှတ် (၉၉)၊ လမင်းသာစတိုးမှ သူငယ်ချင်း မနန်းဆိုင်ဖောင်းထံ ဖုန်းဆက်၍ မေးမြန်းစုံစမ်းကြည့်ပါသည်။ မနန်းဆိုင်ဖောင်းသည် ရွှေကံကူသာဝကာဒ၊ ရင်းဖြစ်ပါသောကြောင့် ရုပ်ရှင်တော်မြတ်၏ ထူးခြားသော တန်ခိုးတော်တို့ကို ပြောပြလိုက်ပါသည်။ ထိုအခါ မနန်းတစ်သည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လိုသောဆန္ဒတို့ ပြင်းပြစွာဖြစ်ပေါ်မိ၍ မနန်းဆိုင်ဖောင်းမှတစ်ဆင့် စာရေးသူတို့ထံ စုံစမ်းပါသည်။ ထိုအချိန်၌ ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့ခရီးစဉ်ပြီးဆုံး၍ အောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူလာပြီး မန္တလေးမြို့ခရီးစဉ်များကို မယ်တော်ကြီး၏ မှတ်ပုံတင်ကိစ္စဆောင်ရွက်ရေး ကြ



www.burmeseclassic.com

www.burmeseclassic.com

မြန်းတော်မူနေရာမှ စင်ကာပူသို့ကြွမြန်းတော်မူရန် ဗီဇာကိစ္စများအတွက် ရန်ကုန်မြို့သို့ ကြွမြန်းတော်မူတော့မည့်အချိန် ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူမှ မနန်းတစ်အား နောက် (၂) ရက်ကျော်လျှင် ရှပ်ရှင်တော်မြတ် ရန်ကုန်မြို့သို့ ကြွရောက်တော့မည် ဖြစ်ပါသည်။ ရန်ကုန်မြို့ဆိုလျှင် လာရသည်မှာ ပို၍အဆင်ပြေပါမည်ဟု အကြံပြုသော်လည်း အောင်မြေတွင် (၂) ရက်ရှိသေးလျှင် မနက်ဖြန်အားချင်းထွက်လာခဲ့ပါမည်။ နေ့ဆွမ်းဆက်ကပ်လိုပါသည်။ ဆွမ်းကပ်ခွင့်ပြုပါဟု ပြန်လည်ပြောကြားပါသည်။

သို့ဖြင့် နောက်တစ်နေ့ နံနက် (၈) နာရီခန့်တွင် ကိုစိုင်းတစ်နှင့် မနန်းတစ်တို့ ရောက်ရှိလာကြပါသည်။ ယိုးဒယားဆန်များနှင့် ဆွမ်းများချက်၍ ယိုးဒယားသက်သတ်လွတ်ဟင်းများ ချက်ပြုတ်ကြပါသည်။ ထို့နောက် ရှပ်ရှင်တော်မြတ်အား မယ်တော်ကြီးမှ ရှေ့မှဦးဆောင်ကာ သုံ့တော်ထင်ရှား ဘုရားရှင်များကဲ့သို့ ဆွမ်းများဆက်ကပ်ပေးပါသည်။ ထိုသို့ဆွမ်းများဆက်ကပ်စဉ် မနန်းတစ်သည် မြတ်စွာဘုရားရှင်နှင့် ရဟန္တာများ ကြွရောက်တော်မူလာသည်ကို ဖူးတွေ့ကြရပြီး မြတ်စွာဘုရားရှင်နှင့် ရဟန္တာများ ဆွမ်းသုံးတော်မူလျက်ရှိစဉ် နဂါးမယ်တော်ကြီးမှ ယပ်ခတ်ပေးလျက်ရှိသည်ကိုပါ တွေ့မြင်ရပါသည်။

ထို့ကြောင့် မနန်းတစ်မှ နဂါးမယ်တော်ကြီး၏ ပုံတော်အကြီး ထုလုပ်လှူဒါန်းထားရှိလိုကြောင်း မယ်တော်ကြီးကို ပန်ကြားပါသည်။ မနန်းတစ်သည် ဆန္ဒပြင်းပြလျက်ရှိပါသောကြောင့် မယ်တော်ကြီးမှ ခွင့်ပြုလိုက်ပါသည်။ ထို့ကြောင့် နဂါးမယ်တော်ကြီး၏ပုံတော်ကြီး ထုလုပ်ဖြစ်ခဲ့ပါသည်။ ထိုအခါ မယ်တော်ကြီးမှ နဂါးမယ်တော်ကြီး၏ ပုံတော်ကြီးကို ရွှေနဂါးမယ်တော်ကြီး၊ သစ်နဂါးမယ်တော်ကြီး၊ အုန်းနဂါးမယ်တော်ကြီး အစရှိသော နဂါးမယ်တော်ကြီး (၃) ပါး၏ ကိုယ်စားအဖြစ် ရွှေ သစ်၊ အုန်း ဟူ၍ စာတန်းချိတ်စေခဲ့ပါသည်။ သို့ဖြစ်၍ ဒီဇိုင်နာမင်းမင်းစိုးတို့ နဂါးမယ်တော်ကြီးမှာ (၃) ပါးဖြစ်၍ ဝတ်စုံ (၃) စုံချုပ်ရန် အိပ်မက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဘယက်ခွကြီးနှင့် ပတ်သက်၍ လက်တွေ့ကြုံရသူတစ်ဦးမှာ ၂၀၀၅ခုနှစ်ခန့်က မန္တလေးမြို့ မျက်ပါးရပ် (ယခု-78 စင်တာနှင့် မျက်နှာချင်းဆိုင်) အမှတ် (၂) စစ်ကြောရေးနှင့် တည်းခိုရေးတပ်တပ်ရင်းမှူး၊ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ ဇနီး ဒေါ်ငြိမ်းငြိမ်းတို့၏နေအိမ်သို့ ပထမဦးဆုံး ပင့်ဆောင်ပူဇော်စဉ်က ဖြစ်ပါသည်။ ဤအိမ်တွင် ဒေါ်ငြိမ်းငြိမ်း၏ အစ်မဝမ်းကွဲ ဒေါ်ရွှေရွှေသည်လည်း ဒေါ်ငြိမ်းငြိမ်း အိမ်ထောင်ကျသော အချိန်မှစ၍ အတူနေထိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ရှပ်ရှင်တော်မြတ် ပထမဦးဆုံး ကြွရောက်တော်မူသောညက ဒေါ်ရွှေရွှေသည် နောက်ဆုံးမှ အိပ်ရာဝင်ရမည်ဖြစ်၍ အိမ်သားများနှင့် မယ်တော်ကြီးတို့ အိပ်ရာဝင်သွားပြီးမှ ဘုရားကန်တော့ပါသည်။ ဘုရားကန်တော့၍အပြီးတွင် ကြက်သီးများထလာ၍ မျက်စိကစားကြည့်မိရာ အဘယက္ခပုံတော်ပါရှိသော ရွှေကံကူရှပ်ရှင်တော်မြတ်၏ ခတ်ပုံတော်ကြီးသည် လှုပ်ရှားလာသည်ဟု ထင်မိပါသည်။ အသေအချာ ထပ်မံကြည့်ရှုလိုက်သောအခါ ခတ်ပုံတော်ကြီးမှ လှုပ်ရှားခြင်းမဟုတ်ပါ။ အဘယက္ခကြီး၏ပုံမှ လှုပ်ရှားလာခြင်းဖြစ်ပြီး ထိုပုံသည် ရုပ်လုံးရုပ်ကြွဖြစ်လာပြီး ခတ်ပုံနှင့် ကင်းကွာသွားကာ ခတ်ပုံကြီးအတွင်းမှ (ပြတင်းပေါက်အတွင်းမှ ခုန်ထွက်လာသကဲ့သို့) ကြမ်းပေါ်သို့ ဆင်းလာခြင်း ဖြစ်ပါသည်။ ခတ်ပုံထဲတွင် အဘယက္ခကြီးမှာ မျက်နှာသာပေါ်ပေါက်နေသော်လည်း ယခုမူ ကိုယ်လက်အင်္ဂါပြည့်စုံစွာဖြင့် ရှပ်ရှင်တော်မြတ်ကို ဖူးမြော်ကန်တော့လျက်ရှိပါသည်။

ဒေါ်ရွှေရွှေသည် ကြောက်ရွံ့ထိတ်လန့်သွားမိသည်။ သို့သော် တပ်ကြပ်ကြီး၏ ဇနီးတစ်ဦးမှာလည်း မီးဖိုဆောင်တွင် ပန်းကန်ခွက်ယောက်များကို ဆေးကြောလျက်ရှိနေသေး၍ လုံးဝကြောက်လန့်ခြင်းမျိုးတော့ မဟုတ်ပါ။ ဒေါ်ရွှေရွှေ ကြောက်လန့်သွားသည်ကို သိ၍ဖြစ်ပေမည်။ အဘယက္ခကြီးသည် ခတ်ပုံအတွင်းသို့ ပြန်လည်ဝင်ရောက်ပါသည်။ ထွက်ရှိလာစဉ်ကအတိုင်းပင် ခတ်ပုံတော်ကြီးအတွင်းမှ အဘယက္ခကြီးသည် ရုပ်လုံးရုပ်ကြွကဲ့သို့ ဖြစ်နေပြီးမှ လှုပ်ရှားလျက်ရှိပါသည်။ ထိုအချိန်မှာပင် တပ်ကြပ်ကြီးကတော်ဘုရားခန်းသို့ ဝင်လာရာ အန်တီရွှေမှ 'ဟိုမယ် ဘယက္ခကြီး' ဟူ၍ လက်ညှိုးညွှန်ပြပါသည်။ ဘယက္ခမျက်နှာကြီးသည် လှုပ်ရှားနေရာမှ ဖြည်းဖြည်းခြင်း ငြိမ်သက်သွားပြီး မူလခတ်ပုံနှင့် တစ်သားတည်းဖြစ်သွားသည်ကို ဒေါ်ရွှေရွှေနှင့်အတူ တပ်ကြပ်ကြီးကတော်ပါ တွေ့မြင်လိုက်ရပါသည်။

ဗိုလ်မှူးကြီးသန်းထွန်းသည် ရှပ်ရှင်တော်မြတ်အား ပထမဦးဆုံးအကြိမ် ပင့်ဆောင်ပူဇော်ပြီးချိန်မှစ၍ အထူးပင် ကြည်ညိုသွားခဲ့ပြီး အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့သည်မှာ ယခု ၂၀၁၄ ဆိုလျှင် အကြိမ် (၄၀) ပြည့်မြောက်ပြီ ဖြစ်ပါသည်။

ထို့အပြင် ရွှေကံကူရှပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မူခါစ ၂၀၀၀ ပြည့်နှစ်ခန့်မှာပင် စာရေးသူတို့၏ နေအိမ်သို့ ပျားကြီးကောင်များရောက်ရှိလာလေ့ရှိပါသည်။ ညပိုင်း (၈) နာရီနောက်ပိုင်းခန့်တွင် ရောက်လာတတ်ပါသည်။ အချို့ညများတွင် အကောင် (၂၀) ခန့်၊ အချို့ညများတွင် အကောင် (၂၀၀) ခန့်အထိ ရောက်ရှိလာပြီး နံရံများနှင့် မီးချောင်းများတွင် နားနေလေ့ရှိပါသည်။ နံနက်လင်းသောအခါ ထိုပျားကောင်များအားလုံး သမံတလင်းကြမ်းပြင်ပေါ်တွင် ကျရောက်ပြီး သေဆုံးနေကြပါသည်။ ထိုသို့ ပျားများရောက်လာလေ့ရှိသည်မှာ တစ်နှစ်လျှင် (၁) ကြိမ်ခန့်ဖြစ်၍ တစ်ကြိမ်လာလျှင် (၇) ရက်ခန့်အထိ ညစဉ်လာရောက်ခြင်း ဖြစ်ပါသည်။

ထို့အပြင် ပျားများကဲ့သို့ လိပ်ပြာများလည်း လာရောက်လေ့ရှိပါသေးသည်။ လိပ်ပြာများမှာလည်း ပျားများကဲ့သို့ ညအချိန်တွင်သာ ရောက်ရှိလာတတ်ခြင်း ဖြစ်ပါသည်။ တစ်ကောင်ချင်းလာရောက်သောလိပ်ပြာများမှာ အရွယ်အစားကြီးမားပြီး မတွေ့ဘူး၊ မမြင်ဘူးသော ပုံစံဆန်းပြားသည့် လိပ်ပြာများဖြစ်ပြီး ဘုရားခန်း၊ ဘုရားကျောင်းဆောင်၊ အုတ်နံရံနှင့် တံခါးရွက် အစရှိသောနေရာများတွင် နားနေလေ့ရှိပါသည်။ ထိုလိပ်ပြာတို့သည်လည်း နံနက်လင်းသည်နှင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုလိပ်ပြာများသည်လည်း တစ်ကြိမ်လာရောက်လျှင် ရက်သတ္တတစ်ပတ်ခန့်အထိ ဆက်တိုက်လာရောက်လေ့ရှိပါသည်။

ယခု ရှပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များတွင်လည်း နေအိမ်ဌာနပေါင်းများစွာ၌ ထူးဆန်းသော လိပ်ပြာများရောက်ရှိလာပြီး သေဆုံးသွားခြင်းများ မကြာခဏကြုံတွေ့နေရလျက်ပင် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပို၍ထူးခြားသော အဖြစ်တစ်ခုမှာ ၂၀၀၇ ခုနှစ်က ဖြစ်ပါသည်။ ထိုညက စာရေးသူတို့နေအိမ်မှ (၃) ရက်တာ ပျောက်ဆုံးသွားသောကင်မရာပြန်လည်ရရှိခဲ့သောအခါ ဖြစ်ပါသည်။ (ကင်မရာ ပျောက်ဆုံး၍ ပြန်လည်ရရှိပုံကို ရွှေကူရုပ်ရှင်တော်မြတ်နှင့် ပျောက်ဆုံးပစ္စည်း၊ ဆုံးရှုံးပစ္စည်းများ ပြန်လည်ရရှိခြင်းဆောင်းပါးတွင် သီးခြားဖော်ပြထားပါသည်။) ည (၁၂) နာရီခန့် ဖြစ်ပါသည်။ ထိုအချိန်၌ စာရေးသူတို့နေအိမ်တွင် စာရေးသူ၊ အစ်မကြီးဒေါ်နွဲ့ရီ၊ စဥ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ တိုက်ကားဆေးသုတ်လုပ်ငန်း မောင်နိုင်နှင့် စာရေးသူတို့နှင့် တစ်ရပ်ကွက်တည်းနေ မကေသီဦးတို့ ရှိနေကြပါသည်။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဖြင့် ကင်မရာပြန်လည်ရရှိပုံတို့ကို ပြောကြားနေခြင်း ဖြစ်ပါသည်။ အချိန်မှာ ည (၁၂) နာရီကျော်မျှရှိပြီ ဖြစ်ပါသည်။

ထိုအချိန်တွင် ရုတ်တရက်မီးပျက်သွားပါသည်။ အင်ဗာတာရှိသော်လည်း ဘက်ထရီအားကုန်နေ၍ မီးမှောင်ကျလျက်ရှိပါသည်။ ထို့ကြောင့် ဖယောင်းတိုင်ထွန်းရန် မီးခြစ်ရှာဖွေမည်ပြုစဉ် (စာရေးသူတို့ စဥ့်ကိုင်သည် မီးပျက်သည်ဟုမရှိတတ်၍ ဓာတ်မီးမဆောင်ထားမိခြင်း ဖြစ်ပါသည်။) ရုတ်တရက် ဘုရားခန်းတက်ဝန်းကျင်နေရာအနှံ့တွင် ပိုး စုန်းကြူးများ ထောင်ချီ၍ ပေါ်ထွက်လာပါသည်။ ပိုးစုန်းကြူးများမှာ ခေါင်မိုးမှ သမံတလင်းကြမ်းပြင် တစ်ပေအမြင့်ခန့်အထိ ပျားပန်းခပ်မျှ လှည့်လည်ပျံသန်းလျက်ရှိသောကြောင့် မီးထွန်းစရာမလိုဘဲ အရာဝတ္ထုများကို ပိုစုန်းကြူးများ၏ အလင်းရောင်ဖြင့် ထင်ရှားစွာ မြင်တွေ့နေရပါသည်။

ထို့ကြောင့် စာရေးသူနှင့် မောင်နိုင်တို့လည်း အိမ်အပြင်သို့ထွက်ပြီး ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာပြန်ရာ စာရေးသူတို့ခြံဝင်းအတွင်း၌ မရေတွက်နိုင်သော ပိုးစုန်းကြူးများကို တွေ့မြင်ရပါသည်။ ထိုပိုးစုန်းကြူးများမှာလည်း စာရေးသူတို့၏ ခြံဝင်းအတွင်းမှာပင် ရှိပါ၏။ ဘေးချင်းကပ်ခြံဝင်းများအတွင်းတွင် တစ်ကောင်တလေမျှ မရှိပါ။ ထူးဆန်းလှပါသည်။

မီးပျက်သည်မှာ အကြာကြီး မဟုတ်ပါ။ (၃) မိနစ်ခန့်သာ ကြာမြင့်ပါသည်။ ဖျတ်ခနဲ မီးပြန်လင်းလာသည်နှင့် ရာထောင်ချီသော ပိုးစုန်းကြူးတို့မှာ ချက်ချင်းလက်ငင်း စက္ကန့်မခြားဘဲ ရုတ်ခြည်း ပျောက်ကွယ်သွားပါသည်။ ထိုအခါ ဤပိုးစုန်းကြူးတို့သည် သာမန်ပိုးစုန်းကြူးများ မဟုတ်နိုင်ပါ။ မမြင်အပ်သောပုဂ္ဂိုလ်များသာ ဖြစ်ပါလိမ့်မည်။ ခြင်ကဲ့သို့ သေးငယ်သော ပိုးမွှားတလေးများကိုပင် ထင်ရှားစွာ မြင်တွေ့နိုင်သော စာရေးသူတို့၏ နေအိမ်ဘုရားခန်းအတွင်းတွင် ခြင်ထက်အရွယ်အစား ကြီးမားသည့်အပြင် အရေအတွက်ပါ များပြားလှသော ပိုးစုန်းကြူးတို့ကို လုံးဝမြင်တွေ့ရခြင်းမရှိတော့ဘဲ ကွယ်ပျောက်သွားသည်မှာ အလွန်ပင် ထူးဆန်းလှပါ၏။ ဤအဖြစ်အပျက်မျိုးသည်လည်း ရွှေကူအောင်မြေတွင် ဤတစ်ကြိမ်သာ ဖြစ်ပွားပေါ်ပေါက်ဖူးခြင်း ဖြစ်ပါသည်။

ထို့အပြင် ၂၀၀၉ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်အား အကြီးစား စက်မှုလုပ်ငန်း၊ မှန်စက်ရုံ၊ ကျောက်ဆည်မြို့ စက်မှုနယ်မြေမှ ပင့်ဆောင်ပူဇော်စဉ်က ဖြစ်ပါသည်။ ဤစက်ရုံမှ ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။ ကျောက်ဆည် စက်မှုဇုန်နယ်မြေသည် ဓာတ်တော်တောင် (ပွင့်တော်မူပြီးကုန်သော ဘုရား (၄) ဆူ သီတင်းသုံးသွားတော်မူခဲ့သော သမိုင်းဝင် လိုဏ်ဂူတော်ကြီးရှိသည်။) ခြေတွင်တည်ရှိ၍ နတ်နဂါးနှင့် အစောင့်အရှောက်ပုဂ္ဂိုလ်များရှိသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် မှန်စက်ရုံကြီးတည်ဆောက်ခြင်းလုပ်ငန်း ချောချောမောမော လျှင်မြန်အောင်မြင်စွာ ပြီးဆုံးနိုင်ရန်အတွက် လောကဓာတ်ခေတ်မီနည်းပညာများဖြင့် ပညာရှင်များ လုပ်သားများနှင့် အင်တိုက်အားတိုက် လုပ်ဆောင်နေသည် ဖြစ်သော်လည်း မမြင်အပ်သော ပုဂ္ဂိုလ်ပိုင်းဆိုင်ရာများ၏ နှစ်သက်လက်ခံမှုတို့လည်း လိုအပ်ပါသည်။ သို့ဖြစ်၍ ရှေးထုံးကိုလည်း မပယ်နှင့် ဟူသော စကားအတိုင်း ထိုအရေးကိစ္စများကို ဆောင်ရွက်နိုင်သော သီလ၊ သမာဓိနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးကိုပင့်ဆောင်၍ ဆောင်ရွက်သင့်သည်တို့ကို ဆောင်ရွက်သင့်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးမှ စက်ရုံမှူးကို အကြံပြုပါသည်။

ထိုအခါ စက်ရုံမှူးမှ လက်ထောက်စက်ရုံမှူးကို ထိုတာဝန်ဆောင်ရွက်ရန် စေခိုင်းပါသည်။ လက်ထောက်စက်ရုံမှူးမှာ သပိတ်ကျင်းမြို့နယ် ကျောက်ကြီးနည်းပညာတပ်မှ ဗိုလ်မှူးကြီးသောင်းရွှေ၏တပည့် ဗိုလ်မှူးကျော်စွာဝင်းဖြစ်ပြီး အရပ်ဘက်သို့ ပြောင်းရွှေ့လာသူ ဖြစ်ပါသည်။ ကိုငကျော်စွာဝင်းမှ သူငယ်ချင်းဖြစ်သူ လက်ရှိကျောက်ကြီးနည်းပညာတပ်မှ ဗိုလ်မှူးကျော်စွာဝင်းကို ထိုကိစ္စပြောကြားပြီး အကူအညီတောင်းခံရာ 'ဒါများကွာ၊ မယ်တော်ကြီးနဲ့ ဘုရားကိုပင့်လိုက်ရင် ပြီးပေါ့ကွာ' ဟုဆိုကာ မယ်တော်ကြီးထံ အကြောင်းကြားပါသည်။ ဗိုလ်မှူးကျော်စွာဝင်းသည် ကျောက်ကြီးတပ်သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်က တပ်ထဲမှာပင်ရှိနေသေး၍ ရုပ်ရှင်တော်မြတ်ကိုလည်း ဖူးမြော်ကြည်ညိုဖူးသကဲ့သို့ မယ်တော်ကြီးတို့ကိုလည်း သိရှိထားပြီးသူ ဖြစ်ပါသည်။

ထိုသို့ဖြင့် ရက်ချိန်းစီစဉ်ပေးကာ မှန်စက်ရုံသို့ ကြွရောက်တော်မူဖြစ်ခြင်း ဖြစ်ပါသည်။ မှန်စက်ရုံမှူးမှာ ဗိုလ်မှူးစောအောင်ဖြစ်နေ၍ မိတ္ထီလာမြေပြင်လေကြောင်းအကာတ်သင်စခန်းသို့ လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းမှ ပင့်ဆောင် ပူဇော်စဉ်အခါက ထိုတပ်မှာရှိနေခဲ့ရာ ရုပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီး၊ အန်တီအေးတို့ကို သိရှိထားပြီးဖြစ်နေပြန်၍ မိတ်ကောင်းဆွေကောင်းများ ပြန်လည်ဆုံတွေ့ကြရသကဲ့သို့ပင် အဆင်ပြေချောမောလှပါသည်။

မှန်စက်ရုံမွှာရုံတွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိစဉ် ရွှေဖားဘုရားဖူးရောက်ရှိလာပြီး ရွှေမြွေလည်း ဘုရားဖူးရောက်ရှိလာပါသည်။ ဗိုလ်မှူးကျော်စွာဝင်းမှ ဝမ်းသာအားရဖြင့် ရွှေဖားနှင့် ရွှေမြွေ လာရောက်သည်ဟု ဖုန်းဆက်ပြောကြားသောအခါ အဝါရောင်ဖားနှင့် အဝါရောင်မြွေကို ရွှေမြွေ၊ ရွှေဖားဟု တင်စားပြောဆိုခြင်း ဖြစ်ပေမည်ဟု ထင်မှတ်ထားခဲ့မိပါသည်။ မှန် စက်ရုံမှ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူလာသောအခါ ကင်မရာဖွင့်၍ ကြည့်ရှုလိုက်သောအခါ တကယ့်ယွန်းရွှေဆေးဖြင့် ပြုလုပ်ထားသော သက်မဲ့ရွှေဖားအတိုင်း ဖြစ်ပါသည်။ ရွှေမြွေမှာမူ လှုပ်ရှားမှု လျင်မြန်လွန်း၍လော (သို့) အခြားသော အကြောင်းတစ်ခုကြောင့်လော မသိပါ။ ကင်မရာများစွာ လူများစွာမှ ကြိမ်ဖန်များစွာ ဓာတ်ပုံရိုက်ကူးကြသော်လည်း ဓာတ်ပုံတစ်ပုံတလေမှ



www.burmeseclassic.com

www.burmeseclassic.com

ပုံရိပ်ထင်ကျန်ရစ်ခြင်း မရှိသည်ကို ထူးခြားစွာတွေ့ရှိကြရပါသည်။

ထို့ကြောင့် ဤရွှေမြွေနှင့် ဤရွှေဖားတို့သည် သာမန်တိရစ္ဆာန်များမဟုတ်ပါ။ မမြင်အပ်သောပုဂ္ဂိုလ်များမှဖန်ဆင်းပြသခြင်းသာ ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ရှင်တော်မြတ်အား မှန်စက်ရုံသို့ ပင့်ဆောင်ပူဇော်သောအချိန်တွင် မှန်စက်ရုံတည်ဆောက်လျက်ရှိသည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ထိုစက်ရုံဝင်းအတွင်း၌ နေ့စဉ်လူပေါင်းတစ်ထောင်နီးပါး သွားလာလျက်ရှိခဲ့သော်လည်း ထိုရွှေဖားနှင့်ထိုရွှေမြွေတို့ကို မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ရှိဖူးခြင်းမရှိခြင်းပင် ဖြစ်ပါသည်။ (၂၀၁၄၊ ၁လပိုင်းတွင် သမ္မတကြီးဦးသိန်းစိန် လာရောက်၍ မှန်စက်ရုံကို ဖွင့်လှစ်ခဲ့ပြီဖြစ်ပါသည်။)

တစ်ဖန် ရုပ်ရှင်တော်မြတ်သည် ၂၀၀၇ ခုနှစ် (၂) လပိုင်းမှ (၃) လပိုင်းအတွင်း ဒေါ်ခမ်းရင် ကချင်လုံချည်မိသားစု၏ ပင့်ဆောင်မှုဖြင့် မြစ်ကြီးနားမြို့တွင် ကြွရောက်တော်မူခဲ့ရပါသေးသည်။ မူလပထမ ပင့်ဆောင်ပူဇော်စဉ်က မန္တလေးမြို့ (၃၁) လမ်းနှင့် (၈၄) × (၈၅) လမ်းအကြား မလွန်တိုက်တန်း ခေါ်ခမ်းရင်ကချင်လုံချည်ဆိုင်မှ မတင်တင်မြက မြစ်ကြီးနားမြို့ရှိ ၎င်း၏အမေ ဒေါ်ခမ်းရင် ဖူးမြော်ကြည်ညိုရစေရန် ဒေါ်ခမ်းရင်၏ နေအိမ်တွင် (၃) ရက်၊ ဒေါ်ခမ်းရင်၏ ညီမနေအိမ်တွင် (၂) ရက်၊ အသွားအပြန် (၂) ရက် စုစုပေါင်း (၇) ရက် သတ်မှတ်၍ လေကြောင်းခရီးဖြင့် ပင့်ဆောင်သွားခဲ့ခြင်း ဖြစ်ပါသည်။

မြစ်ကြီးနားမြို့သို့ ရောက်ရှိတော်မူသောအခါ ဟိုလူကပင့်ပါရစေ၊ ဒီလူကပင့်ပါရစေဟု တောင်းပန်ကြသဖြင့် (၂၁) ရက် ကြာမြင့်သွားခဲ့ရပြီး အချို့ရက်များတွင် တစ်အိမ် (၃) နာရီနှုန်းနှင့် တစ်ရက်တည်းမှာပင် (၇) အိမ်အထိ ကြွမြန်းရသောနေ့တို့ပင် ရှိခဲ့ပါသည်။

မြစ်ကြီးနားမြို့သို့ ကြွမြန်းရောက်ရှိတော်မူပြီး (၁၅) ရက်ကြာမြင့်ချိန်တွင် ဖြစ်ပါသည်။ မြစ်ကြီးနားမြို့ ရဲဘော်ဟောင်းများ ပြန်လည်နေရာချထားရေးကွက်သစ်မှ မပူစူးမ (အသက် ၂၅ ဝန်းကျင်ခန့်) က အိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲတွင် ၎င်းနေအိမ်၏ အရှေ့မြောက်အရပ် ဝါးတောကြီးအတွင်းမှ ရွှေရောင်ရုပ်ပွားတော်မြတ်တစ်ဆူသည် ရောင်ခြည်တော်များ ထိန်ညီးစွာတွန့်မြူးတော်မူလျက် မိုးကောင်းကင်ပေါ်သို့ တဖြည်းဖြည်း ပျံတက်ကြွတော်မူနေသည်ကို ဖူးတွေ့ရ၍ ဦးချကန်တော့နေမိသည်။ ရုပ်ပွားတော်ကြီးမှာ ကြီးမားလွန်းလှပါသည်။ မိုးကုပ်စက်ဝိုင်းနှင့် အပြည့်ပင် ဖြစ်ပါ၏။ မျက်နှာတော်သည်လည်း ပြုံးတော်မူလျက်ရှိကာ သပ္ပာယ်တော်မူလှပါသည်။

ထိုနေ့နံနက်တွင် အိမ်နီးနားချင်းမှ ရွှေကံကူရုပ်ရှင်တော်မြတ်၏ ဘုရားသမိုင်းအခွေဖွင့်သံကြားရ၍ အိပ်မက်ထဲက ဘုရားနှင့်ပတ်သက်နေလေမည်လားဟူ၍ သွားရောက်ကြည့်ရှုရာ အမှန်တကယ်ပင် မနေ့ညက အိပ်မက်ထဲတွင် ဖူးတွေ့လိုက်ရသောဘုရားဖြစ်နေပါ၍ အံ့ဩမဆုံးဖြစ်မိပါသည်။ အိပ်မက်ထဲတွင် ရုပ်ပွားတော်မြတ်၏ ပခုံးတော် (၂) ဖက်အပေါ်တွင် နဂါးပါးပျဉ်းများဟု ထင်ထားခဲ့သောအရာများမှာ ရုပ်ရှင်တော်မြတ်၏ စလွယ်တော်မှ စိန်တောင်များ ဖြစ်နေပါသည်။ အမှန်မှာ မပူစူးမသည် ရုပ်ရှင်တော်မြတ်ကို လုံးဝမသိရှိပါ။ မကြားဘူးပါ။ ထို့အတူ ဤမြစ်ကြီးနားမြို့တွင် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလျက်ရှိသည်ကိုလည်း မသိရှိပါ။ ထို့ကြောင့် အိမ်နီးချင်းအမျိုးသမီးအား ဤအခွေဘယ်ကရသလဲဟု မေးမြန်းစုံစမ်းရာမှ မြစ်ကြီးနားမြို့တွင် ကြွမြန်းရောက်ရှိတော်မူနေကြောင်း သိရပြီး မနေ့ညက ရုပ်ပွားတော် ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူသောနေရာမှာ ရုပ်ရှင်တော်မြတ်အား ထိုညက ပင့်ဆောင်ပူဇော်ထားရှိရာ ရွှေစက်ဘုန်းတော်ကြီးကျောင်းနေရာဖြစ်နေသည်ကို အံ့ဩဖွယ်သိရှိလိုက်ရပါသည်။

မပူစူးမသည် အခွေအတွင်းမှ ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လိုက်ရသောအခါ ရုပ်ရှင်တော်မြတ်အား မိမိနေအိမ်သို့ ပင့်ဆောင် ပူဇော်လိုသောဆန္ဒများ ချုံးနှိမ်၍မရအောင် ဖြစ်ပေါ်၍လာမိပါသည်။ အိမ်နီးချင်းအမျိုးသမီးမှ ဆက်လက်ပြောပြပြန်သည်မှာ ရုပ်ရှင်တော်မြတ်သည် သာမန်လူ၏ အိမ်များတွင် လိုက်ပါကြွမြန်းပေးတော်မူမည် မဟုတ်ပါ။ သူဌေး၊ သူကြွယ်များ၊ ရာထူးကြီးမားသောပုဂ္ဂိုလ်များနှင့် ဆရာတော်သံဃာတော်များကိုသာ လက်ခံကြွမြန်းပေးသည်ဟု ဆိုပါသည်။ ထို့ကြောင့် မပူစူးမသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်တောင်းခံရန် စိတ်အားငယ်မိပါသည်။ သို့သော်လည်း ဇွဲမလျှော့ပါ။ ၎င်း၏ အသိဆရာတော်တစ်ပါးနှင့် ရ-ယ-က အဖွဲ့ဝင် ၎င်း၏ ဦးလေးတော်စပ်သူတို့ကို ငိုယို၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့် ရက်တောင်းခံရန် မယ်တော်ကြီးတို့ထံသို့ စေလွှတ်လိုက်ပါသည်။

ဆရာတော်နှင့် ဒါယကာတစ်ဦးတို့လည်း ရွှေစက်ဘုန်းတော်ကြီးကျောင်းသို့ လိုက်သွားလျှင် မြို့ထဲမှလာရောက်ပင့်ဆောင်သွားကြောင်း သိရပြီး မည်သည့်နေရာသို့ ကြွမြန်းတော်မူသွားကြောင်း အတိအကျမသိရှိရ၍ ဟိုမေးသည်မေးဖြင့် လိုက်လံစုံစမ်းပါသည်။ သို့သော် မည်သို့မျှ စုံစမ်းမရဘဲ ဆိုင်ကယ်တစ်စီးဖြင့် တလည်လည်ဖြစ်နေစဉ် တစ်နေရာအရောက်တွင် ဆိုင်ကယ်ဘီးပေါက်သွား၍ ဆိုင်ကယ်ဘီးဖာရင်း ဆိုင်မှ ကလေးတစ်ဦးအား ၎င်းတို့၏ အဖြစ်ကိုပြောပြရာ ထိုကလေးမှ 'ဒါဆို မနက်ကမှ ဒီအိမ်ကို ဘုရားပင့်လာတာ မြင်လိုက်တယ်' ဟု ထိုဆိုင်အနီးမှ အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြလိုက်ပါသည်။

ထိုအိမ်မှာ ခ-ရ-တ ဉကဌ ဒုတိယဗိုလ်မှူးကြီးသန်းဌေးတို့၏ နေအိမ်ဖြစ်နေပါသည်။ အိမ်အတွင်းသို့ဝင်သွားကြရာ အမှန်တကယ်ပင် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူနေသည် ဖြစ်ပါသည်။ ဆရာတော်နှင့် ဒါယကာတို့လည်း အန်တီအေးနှင့် မယ်တော်ကြီးကို မပူစူးမ၏အကြောင်းစုံကို ပြောပြ၍ ရုပ်ရှင်တော်မြတ်ကို မပူစူးမအား ပင့်ဆောင်ပူဇော်ခွင့်ပေးပါရန် မေတ္တာရပ်ခံတောင်းပန်ကြပါသည်။ မပူစူးမသည် ငိုယိုလျက်ကျန်ရစ်ကြောင်း၊ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့်မရရှိပါက တစ်စုံတစ်ရာဖြစ်မည်ကိုပင် စိုးရိမ်ရကြောင်းတို့ကို မယ်တော်ကြီးတို့ ကြားသိရသောအခါ မပူစူးမ၏ သဒ္ဓါတရားကိုလည်း လေးစားမိပြီး စိတ်မကောင်းလည်းဖြစ်ကြရပါသည်။ ထို့ကြောင့် မပူစူးမကို ရက်အားမရှိသော်လည်း တစ်ရက်တာ ပူဇော်ခွင့်ရရှိရန် စီစဉ်ပေးလိုက်ပါသည်။

(ဆက်ရန်)

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး [illegible] ဆွမ်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါဏပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့်မမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများအား ရေဆေးခြင်း၊ ရေဖြည့်ခြင်းကုသိုလ်များ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ တစ်နိုင်ဝယ်၍ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်လှည့်ရောင်းသောထီသည်များထံတွင် (၃) ဂဏန်း၊ (၆) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

BURMESE CLASSIC

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီးတဟီး အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းပြီး ကြာသပတေးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ၂၄-ပစ္စည်းကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ နေ့စဉ်အစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ဓာတ်စာ၊ ငွေကြေးနိုင်သလောက်ကူညီထောက်ပံ့ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကိုယ်ကဂဏန်းရွေးမပေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ အီပေါက်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်း၊ သကြားဆွမ်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီ၏များသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်း၊ မြက်နုတ်၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်၍ ကုသိုလ်ယူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အနက်ရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသော ထီကားလေးများ အိမ်ရှေ့လာရပ်ပါက (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

### ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံအသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဘုရားစေတီများသို့သွား၍ ကြိုးဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ ကိုယ့်မွေးနံရောက်လျှင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွား၍ အနီးဆုံးဘုရားစေတီများ၏ ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော နွမ်းပါးသူများကို ငွေကြေး၊ ဆေးဝါးများကူညီပံ့ပိုးပါ။
**ထီကံကောင်းလိုသူများ** - ဗုဒ္ဓဟူးနံထီဆိုင် (သို့) လှည်းနှင့်ရောင်းသော ထီသည်ထံတွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

### ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၅) ဆူလှည့်၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ကြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအမည်းရောင်ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်လေးများတွင် ဂဏန်းမရွေးဘဲ နိုင်သလောက်ထိုးလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် ပက်ဖျန်းပြီးမှ ဗုဒ္ဓဟူးနာမည်ရှင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးများ မကြာမကြာသွားစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် အိတ်ခွံမျိုးစုံကို ရှင်းလင်းဖယ်ရှားစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်း၊ ဘုရား၊ စေတီ စသည်တို့တွင် အသုံးပြုရန် သန့်ရှင်းရေးပစ္စည်း၊ တံမြက်စည်း စသည်တို့ လှူဒါန်းပေးပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျိုး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။
**ကျန်းမာရေး** - ဦးခေါင်းတွင် အနာများပေါက်နေသည့်ကလေးတွေ့ပါက မုန့်ဝယ်ကျွေးလိုက်ပါ။
**ထီကံကောင်းလိုသူများ** - ဈေးလမ်းထောင့်၊ လမ်းဆုံတို့တွင်ရောင်းသည့်ထီဆိုင်တွင် (၃) စောင်တွဲလေးများ နိုင်သလောက်ထိုးထားပါ။ ထီပေါက်ကိန်းရှိပါသည်။

BURMESE CLASSIC

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၅) ဆူလှည့်၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဖျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ၂၄-ပစ္စည်းကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအမည်းရောင်လေးများဝတ်မသွားပါနှင့်။ ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။
**ကျန်းမာရေး** - စာကလေးများအစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ပေးခြင်းများ ဆောင်ရွက်ပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီကားလေးများ အိမ်ရှေ့နားလာရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးထားလိုက်ပါ။

ယခုလတွင် -

အင်္ဂါစ-တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ရင်း အောင်မြင်မှုများစွာကို ရယူပါလေ။

ဥပမာ- ဆန်းခိုင်၊ ဇော်ခက်၊ ဇင်ခိုင်၊ ညိုကောင်း

*မိမိကောင်းမှုအကြေ...*
*ဆုမတောင်းဘဲပြ...ပါ...*
*ပြည့်သိန်းဇော်...*



www.burmeseclassic.com

www.burmeseclassic.com



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း
အမှတ်တံဆိပ်

# သွေးတိုးကျဆေး
# ကိုဆောင်ထား

ကိုရဲ



တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေ့ါ" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပ့ါမယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေ့ါလား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မည်စ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"


"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေးတော့** ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ." **ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စံ) ရပ်ကွက်၊ သုမဂ္ဂလာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း
(ရုပ်ကိုဝေအားပြုဝေဆာ၊)

## ရပ်ဝေးမြေခြားရောက်နေသူများအတွက်

## သုရဿလက်ဆောင်

နိုင်ငံရပ်ခြားတိုင်းပြည်များသို့ - သွားရန်ပြင်ဆင်ကြပြီး ထိုပြင်ဆင်မှုများ အထမြောက် အောင်မြင်စေရန် လာရောက် အကြံဉာဏ်ယူကြ၏။

အချို့ပညာသင်သွားခြင်း၊ အချို့ လုပ်ငန်းအတွက်သွားခြင်း၊ အချို့အလုပ် လုပ်ရန်အတွက်သွားခြင်း၊ အချို့သင် တန်းသွားတက်ခြင်း၊ အချို့မှီခိုအဖြစ် လိုက်ပါသွားခြင်း စသည်ဖြင့် အကြောင်း အမျိုးမျိုးနှင့်သွားကြ၏။

လူတစ်ယောက် ခရီးထွက်ခြင်း သည် သူ၏ကံတည်ပုံကိုကြည့်၍ ပြုပြင် ပြောင်းလဲရန် လိုအပ်ခြင်း၊ မလိုအပ်ခြင်း ချိန်ဆရပါသည်။ ဥပမာ စင်ကာပူသွား ရန်ကံရှိနေသူဖြစ်ပါက မည်သည့်ဓာတ် မျှ ရိုက်စရာမလိုပါ။ မည်သည့်ယတြာမျှ လည်းချေရန်မလိုပါ။ သူ့အစီအစဉ် အတိုင်း အောင်မြင်စွာ ထွက်ခွာဖြစ်ပါ လိမ့်မည်။

ကိုရီးယားသွားရန် ပြင်ဆင်နေ သူသည် ကိုရီးယားနှင့် အကျိုးပေးနေ လျှင် ရက်ကို ထိုင်စောင့်ပြီးထွက်ရုံသာ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ ဘာမှပြုလုပ်စရာမလိုပါ။

ကာယကံရှင်၏ကံတွင် အကျိုးပေးသည့် နိုင်ငံရပ်ခြားတိုင်းပြည်များမြင်နေသည်နှင့် အေးချမ်းစွာထွက်ဖြစ်ပါပြီ။

ထွက်ဖြစ်ရုံမက နိုင်ငံခြားရောက်လျှင်လည်း အကျိုးပေးပါပြီ။

သူသည် မူလအစကပင် သူသွားမည့်နိုင်ငံနှင့် အကျိုးပေးနေပြီဖြစ်ရာ အကျိုးပေးစေသော အကြောင်းများဘာမှ ထူးထူးထွေထွေပြုလုပ်ရန် မလိုတော့ပါ။

ယခု -

ပြသချင်သည်မှာ -

သွားမည့်နိုင်ငံနှင့် ခက်ခက်ခဲခဲအကျိုးပေးသောကြောင့် တစ်ကြိမ်နှင့်မအောင်မြင်၊ နှစ်ကြိမ်နှင့် မအောင်မြင်ဖြစ်ပြီးမှ ထွက်သွားရခြင်း၊ ယတြာများအပြုကောင်း၍ ထွက်ရခြင်းကြောင့်ရောက်သွားကြရသော်လည်း အချို့အလုပ်အခက်အခဲများကြုံကြရပါသည်။ အချို့ နေဖို့အခက်အခဲများကြုံကြရပြီး အချို့ငွေကြေးအခက်အခဲများဖြစ်ကြရပါသည်။

ဤသို့ကြုံကြရပြီဆိုလျှင် မြန်မာပြည်တွင် နေထိုင်၍ ပြုလုပ်ရသည့် ဘုရားတွင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ခြင်း၊ မြက်နုတ်ခြင်း၊ ပန်းပေါင်းစုံပူဇော်ခြင်း၊ အမွှေးနံ့သာများနှင့် ပူဇော်ခြင်း၊ ရွှေပြားရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ညလုံးပေါက် လျှပ်စစ်မီးများ ပူဇော်ခြင်း၊ ကျောက်ပြားခင်းခြင်း၊ ထီးဖြူများမိုး၍ပူဇော်ခြင်း၊ သတ္တဝါလေးများဘေးမဲ့လွှတ်ခြင်း၊ သတ္တဝါလေးများ အစာကျွေးခြင်း၊ တန်ခိုးကြီးဘုရားစေတီများသို့သွား၍ ရွတ်ဖတ်သရဇ္ဈာယ်အဓိဋ္ဌာန်ဝင်ခြင်းစသည်များဖြင့် ကောင်းကံများကို တည်ဆောက်၍ မရနိုင်တော့ပါ။

သူ့ရေမြေသူ့ဓလေ့နှင့် ညီအောင်၊ သင်တင့်အောင် နေထိုင်ရသည့်အခါများရှိပါသည်။

ယခု -

ပြသချင်သည့်သူရဇ္ဇလက်ဆောင်သည် ဤသို့ လိုက်လျောညီစွာ နေထိုင်ကြရသူများအတွက်ကို ရည်ညွှန်းပါသည်။

အချို့ပုဂ္ဂိုလ်တို့သည် -

မြန်မာပြည်တွင် အစီအရင်ပေါင်းများစွာ ပြုလုပ်ပြီး ထွက်ခွာသွားကြသော်လည်း သူတို့ရောက်သည့်ဒေသ၊ သူတို့ရောက်နေသည့်နိုင်ငံတွင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကြရသည့်အခါ၊ ရန်များလာသည့်အခါ၊ အနိုမ်ခံလာရသည့်အခါ၊အပြိုင်အဆိုင်ကြုံလာရသည့်အခါ မြန်မာပြည်ကို သတိရကြမှာ သေချာပါသည်။

ဒီကိစ္စကို တို့ဆရာသာဆိုရင် ဘယ်လိုလုပ်ပေးမှာ -

ဒီလိုကြုံနေရတာကို တို့ဆရာမသာသိလို့က ဘယ်လို ယတြာပေးမှာ -

ဟူ၍ စိတ်ထဲတွင် မှန်းဆပြီး အားကိုးမိကြမှာ သေချာပါသည်။

ဖြစ်ပါသည်။

ဘာမှအားငယ်နေစရာမလိုပါ။

ပညတ်ပစ္စည်းရှိလျှင် အစွမ်းသတ္တိကိုဖြစ်လာစေသော မြန်မာ့ပညာများရှိနေပါသည်။

ထိုပညာများဖြင့် စဉ်းစားပြီး -

ရပ်ဝေးမြေခြားသို့ရောက်ရှိနေကြသော ကျွန်ုပ်တို့၏ သွေးရင်းသားရင်းညီအစ်ကိုမောင်နှမများအတွက် ဤသူရဇ္ဇလက်ဆောင်ကို သူရဇ္ဇမဂ္ဂဇင်းကြီး (၁၄) နှစ်ပြည့် အမှတ်တရတွင် တင်ဆက်လိုက်ပါသည်။

တို့တွေ ဘယ်နေရာရောက်နေရောက်နေ တို့တွေရန်များမှာမကြောက်ရတော့ဘူး၊ တို့တွေအနိုမ်မခံရတော့ဘူး၊ တို့တွေအပြိုင်အဆိုင်ကြုံနေရလည်း ဂရုမစိုက်တော့ဘူး ဟူသည့် အားမာန်များစွာဖြင့် -

ယခုပြသတော့မည့် လျှို့ဝှက်နည်း၊ ရွတ်ဖတ်မှုများစွာတို့ကို ပြုပါလေ။

**တနင်္ဂနွေသားသမီးများ**

ယခုရောက်နေသော အသက်ကို ကြည့်ပါ။ (၄၅ နှစ်ပြည့်ပြီးသူသည် (၄၆) နှစ်ကို ကြည့်ရပါမည်။ (၄၅) နှစ်ကို ကြည့်၍မရပါ။)

**အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇** နှစ်များသို့ ရောက်နေသူများဆိုလျှင် ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ စင်ရိုက်ပြီး ပူဇော်ရန် အခက်အခဲရှိနေသူများ အိပ်သည့်ခေါင်းရင်းဘက် ဦးခေါင်းပြုရာသည် အမြတ်ဆုံးနေရာဖြစ်ပါသည်။ ခေါင်းရင်းဘက်လှည့်၍ ပုဆစ်တုပ်ထိုင်လက်အုပ်ချီပြီး သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ပါ။ ဆွမ်းပေါ်မှာ သကြားဖြူပြီး သကြားဆွမ်းကပ်ပါ။ မဖြစ်နိုင်လျှင် သစ်သီးဆွမ်းကပ်ပါ။ အတိုက်အခံအလွန်များလွန်းလျှင် -

- ဥုံ ဝရပုဒ္ဓေါ ဝရဓမ္မော ဝရသံဃော ဝရိသရော ဝရစေတော ဝရံဒေတု





www.burmeseclassic.com

www.burmeseclassic.com

ဝရေဟိမေ ဝရံ ဝရံ

ဟူသော ဝစကြာဂါထာကို သက်စေ့ထပ်ရွတ်ပါ။ အချိန်ရလျှင် (၃၇) ခေါက်ရွတ်ပါ။ သို့ထက်ပိုအချိန်ရလျှင် (၁၀၈) ခေါက်ရွတ်ပါ။ A.E.I.O အက္ခရာနှင့် စသော ကုမ္ပဏီများ၊ လူများ သတိထားဆက်ဆံပါ။ အကြောင်းရှိလျှင် အနီရောင်အင်္ကျီမဝတ်ပါနှင့်။

နေ့စဉ်ပြုလုပ်ပါ။ တစ်လ၊ နှစ်လ ပြုလုပ်ပါ။

**အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂ ၅၀၊ ၅၈** နှစ်ဖြစ်နေလျှင် ဂုဏ်တော်ကွန်ချာကို (၁၀) မိနစ် ရွတ်ပါ။ မရလျှင် ဂုဏ်တော် (၉) ပါးကို (၁၀) မိနစ်ရွတ်၍ ဘုရားအာရုံပြုပါ။ ကော်ဖီ၊ ကိတ်မုန့်များ တစ်လှည့်စီ ဆွမ်းတော်ကပ်ပါ။ T.D.N အက္ခရာနှင့်စသောကုမ္ပဏီများ၊ လူများကို သတိထား ဆက်ဆံပါ။

**အသက် ၁၉၊ ၂၀၊ ၂၇၊ ၂၈၊ ၃၅၊ ၃၆၊ ၄၃၊ ၄၄၊ ၅၁၊ ၅၂** ရောက်နေလျှင် ကြာသပတေးနံတစ်ခုခု ဆွမ်းတော်ကပ်ပါ။ ဘာမှမရလျှင် ပေါင်မုန့်ကို ဆွမ်းတော်ကပ်ပါ။ (ပြန်စား၍ရပါသည်။) ၂၄-ပစ္စည်းကို (၂၄) ခေါက် ရအောင် ရွတ်ပါ။ မရနိုင်လွန်းလျှင် အနည်းဆုံး (၁၁) ခေါက်ရွတ်ပါ။ S. Z အက္ခရာနှင့်စလျှင် သတိထားပါ။ သည်းခံပါ။ ခဏခဏစိတ်မတိုမိပါစေနှင့်။ ဘာသာတရားမြဲပါစေ။ အချိန်ရလျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ပါ။

**အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃** ဖြစ်နေလျှင်-သကြားဆွမ်း၊ သစ်သီးဆွမ်း တစ်မျိုးမျိုး ကပ်ပါ။

- မာရံ ယက္ခံ ဂဇံ စောရံ
  စိဥ္စမာနဥ္စ သစ္စကံ နာဂံ
  ဗကံ ဇိနိ ဇိနော
  ယောတု မေ ဇယမင်္ဂလံ

ဟူသော အောင်ခြင်း (၈) ပါးဂါထာကို ပုတီးစိပ်ပါ။ အချိန်မရလျှင် သက်စေ့ရွတ်ပါ။ B.P.M အက္ခရာနှင့်စလျှင် သတိထား ဆက်ဆံပါ။

**အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄** ဖြစ်နေပါက အုန်းသီးကို ဆွမ်းတော်ကပ်ပါ။ စိတ်ပြီးကပ်ပါ။ မရလျှင် အုန်းသီးနှင့်လုပ်သောမုန့်တစ်မျိုးကပ်ပါ။ ဘယ်လိုမှမရလျှင် အိုဗာတင်းဖျော်ကပ်ပါ။ သရဏဂုံကို အကြိမ်မမှတ်ဘဲ (၁၀)မိနစ်ထိုင်ရွတ်ပါ။

ငွေကြေးအကုန်အကျများနေမည့်နှစ်ဖြစ်နေ၍ လွယ်လွယ်မချေးမိပါစေနှင့်။

**အသက် ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅** ဖြစ်နေလျှင် ကော်ဖီ၊ ကိတ်မုန့် အမြဲဆွမ်းတော်ကပ်ပါ။ ဂုဏ်တော် (၉) ပါးကို (၁၀) မိနစ်ထိုင်ရွတ်ပါ။ အခက်အခဲများလျှင် ၂၄-ပစ္စည်းကို (၂၄) ခေါက်ရွတ်ပါ။ (၈) ဂဏန်းကို ဂရုစိုက်ပါ။

**အသက် ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆** ဖြစ်ပါက ကြာသပတေးနံ ဆွမ်းတော်ကပ်ပါ။ မိုင်လို၊ ပေါင်မုန့်ကပ်၍ရပါသည်။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ပါ။ အချိန်ရလျှင် မေတ္တာသုတ်ပါရွတ်ပါ။ အချိန်မရလျှင် သရဏဂုံကို (၁၀) မိနစ်ရွတ်ပါ။ အတိုက်အခံများလွန်းလျှင်-

- ပထမံ သက လက္ခဏ မေကပဒံ
  ဒုတိယာဒိ ပဒသ နိဒသနတော
  သ. မ. နိ ဒု. နိ. မာ သ. မ. ဒူ
  သ. နိ. ဒူ
  ကမတော ဝိဘဇေ ပထမေ န ဝိနာ

ဟူသော ပထမံဂါထာကို ပုတီးတစ်ပတ် (၁၀၈ လုံးပုတီး)ရအောင်စိပ်ပါလေ။

**တနင်္လာသားသမီးများ**

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၅၆ နှစ်များ ရောက်နေလျှင် သစ်သီးဆွမ်း၊ သကြားဆွမ်း အဆင်ပြေသလို ကပ်လှူပါ။ သမ္ဗုဒ္ဓေဂါထာ သက်စေ့ရွတ်ပါ။ အိပ်သည့်အနားတွင် စက်ပစ္စည်းအပျက်များရှိနေပါက ထုတ်ပစ်ပါ။

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇ နှစ်များရောက်နေလျှင် စနေနံကပ်လှူပါ။ နွားနို့၊ ထောပတ်ဆွမ်း၊ အဆင်ပြေသလို ကပ်လှူပါ။

- နမောတဿ
  နမောဘဂဝတော
  နမောအရဟတော
  နမောသမ္မာသမ္ဗုဒ္ဓဿ
  နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဟူသော နမော (၅) ချက် ဂါထာကို သက်စေ့ရွတ်ပူဇော်ပါ။ အချိန်ရလျှင် ပုတီးတစ်ပတ်စိပ်ပါ။ အကြောင်းရှိလျှင် နှုတ်ကမပြတ်ရွတ်နေပါ။ သော့ချိတ်အပိုမဝင်ပါစေနှင့်။

အသက်၁၈၊ ၁၉၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅၊ ၄၂၊ ၄၃၊ ၅၀၊ ၅၁ ဟူသော နှစ်များတွင် ဘုရားရှင်ကို စနေနံကပ်လှူပါ။ နမော (၅) ချက် ပုတီးစိပ်ပါ။ ၂၄-ပစ္စည်းကို နေ့စဉ် (၁၁) ခေါက်ရအောင် ရွတ်ပါ။ အချိန်ရလျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကို ရွတ်ပါ။ A.E.I.O အက္ခရာများကို အထူးဂရုစိုက်ပါ။ စိတ်မညစ်ပါနှင့်။

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂ နှစ်များတွင် ဘုရားရှင်ကို သကြားဆွမ်း၊ သစ်သီးဆွမ်း အဆင်ပြေသလို ကပ်လှူပါ။ သမ္ဗုဒ္ဓေဂါထာကို အချိန်ရလျှင် (၁၀၈) ခေါက်ရွတ်ပါ။ မရလျှင် သက်စေ့ရွတ်ပါ။ (၃) ဂဏန်း သတိထားပါ။

**အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃** နှစ်ဖြစ်လျှင် ဘုရားရှင်ကို အင်္ဂါနံများနှင့် ဆွမ်းတော်ကပ်ပါ။ ဘယ်လိုမှ စဉ်းစားမရလျှင် သရဏဂုံကို အခေါက် (၃၀) နေ့စဉ်ရွတ်ပြီးဘုရားရှိခိုးပါ။ အချိန်ရလျှင် သရဏဂုံကို ပုတီးစိပ်ပါ။ (၇) ဂဏန်းနှင့် T.D.N အက္ခရာများ သတိထားရှောင်ပါ၊ မထင်ထားတာတွေဖြစ်နေတတ်ပါသည်၊ ပင်ပန်းတတ်ပါသည်။

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄ နှစ်ဖြစ်လျှင် ဘုရားရှင်ကို သောက်တော်ရေကပ်ပါ။ယပ်တောင်အသစ်လှလှလေး ဝယ်ထားပြီး ရည်မှန်း၍ ယပ်တော်သွင်းပါ။ (ကြည်ညိုသဒ္ဓါဖြင့် ပူဇော်ရန်သာလိုပါသည်။) လက်ဖက်ရည်ကပ်လှူပါ။ လမုန့် ရံဖန်ရံခါလှူပါ။ ဝစကြာဂါထာကို သက်စေ့ရွတ်ပါ။ ထို့ထက်ပိုအချိန်ရလျှင် ပုတီး (၁) ပတ်စိပ်ပါ။

အသက် ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅ နှစ်ဖြစ်နေပါက ဘုရားရှင်ကို အင်္ဂါနံများနှင့် ဆွမ်းတော်ကပ်လှူပါ။ ခက်ခဲနေပါက သရဏဂုံကို အကြိမ် (၃၀) ရွတ်၍ပူဇော်ပါ။ အချိန်ရပါက သရဏဂုံကို ပုတီး (၁) ပတ်စိပ်ပါ။

**အင်္ဂါသားသမီးများ**

အသက် ၁၇၊ ၁၈၊ ၂၅၊ ၂၆၊ ၃၃၊ ၃၄၊ ၄၁၊ ၄၂၊ ၄၉၊ ၅၀ နှစ်များတွင် ဘုရားရှင်ကို စနေနံများနှင့် ပူဇော်ပါ။ ထောပတ်ထမင်း၊ နွားနို့ ပြီးလျှင် အချိန်ရလျှင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ပါ။ အချိန်မရလျှင် ၂၄-ပစ္စည်း (၁၁) ခေါက်ရွတ်ပါ။ အတိုက်အခံများလျှင် ပထမံဂါထာကို (၁၀၈) ခေါက် ရွတ်ပါ။ ဘာမဆိုစကားပြောမှားဆိုမှားမဖြစ်ပါစေနှင့်။ စိတ်မတိုမိအောင် သတိထားပါ။

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁ နှစ်များရောက်လျှင် ဘုရားရှင်ကို သကြားဆွမ်း၊ သစ်သီးဆွမ်းများ ပူဇော်ပါ။ သမ္ဗုဒ္ဓေဂါထာကို သက်စေ့

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ

# ကောင်းကျိုးပေးပြင် တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝေလှ (B.Sc)



**ဒီဇင်ဘာလ ၁ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း(၂၊ ၃၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာ၊ ပန်းရောင်။ အကျိုးပေးနေ့သား သောကြာနေ့။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သဒ္ဒါဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ(၉)ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၄ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အညို၊ နို့သာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၅ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၆ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အဝါ၊ နို့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၈ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်း၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၉ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါ၊ နို့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၁ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၇၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနက်၊ အညို။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၂ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီ၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၃ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်



www.burmeseclassic.com

www.burmeseclassic.com

ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၄ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က လိမ္မော်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၅ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဝါ၊ အပြာ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၆ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အပြာ၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၈ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၁၉ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၀ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၁ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၂ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အဖြူ၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၃ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနက်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူ၊ အပြာ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၅ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်း၊ ဗေဒါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၆ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၇ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်၊ အညို။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၈ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၂၉ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၃၀ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သားတနင်္ဂနွေ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဒီဇင်ဘာလ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (ဗေဒင်)



www.burmeseclassic.com

www.burmeseclassic.com

# ခုနှစ်ရက်သားသမီး ၄
# ဟောစာတမ်း
## ဆရာဦးမောင်မောင်သန်း



၂၀၁၄ ခုနှစ် ၊ဒီဇင်ဘာလ

BURMESE CLASSIC

### တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် သောကြာနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးကူညီပါလိမ့်မည်။ (၁) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အိမ်သစ်ဆောက်ခြင်း၊ အိမ်ဟောင်းပြုပြင်ခြင်း၊ အိမ်ဝယ်ခြင်းကိစ္စများ ယခုလတွင် ဆောင်ရွက်လျှင် နံသင့်ပုဂ္ဂိုလ်များနှင့် ကြားခံဆောင်ရွက်ပါ။ ခရီးထွက်ရန်ကိစ္စပေါ်မည်။ စက်ပစ္စည်းအဟောင်းများအကျိုးပေးမည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ ဆောင်ရွက်ရပါက မထင်မှတ်ဘဲအောင်မြင်တတ်ပါသည်။ အလုပ်အကိုင်၊ တာဝန်ယူရသောလုပ်ငန်းများတွင် စိတ်ကသိကအောက်ဖြစ်ရတတ်သည်။ အပြောင်းအရွှေ့ကိစ္စများပေါ်မည်။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ပါ။ ဘာသာရေးကိုင်းရှိုင်းရမည့်ကာလ ဖြစ်ပါသည်။ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ကျင့်ကြံအားထုတ်ခြင်း၊ သီလဆောက်တည်နေထိုင်ခြင်းများဖြင့် အခက်အခဲ၊ အတားအဆီးများ ကျော်ဖြတ်နိုင်ပါလိမ့်မည်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများ စိတ်ချမ်းသာမှုရှိစေရန် မိသားစုအပေါ် နားလည်မှုပေးပါ။ လာဘ်လာဘအတွက်ဖြစ်ဖြစ်၊ ရန်အတိုက်အခံအတွက်ဖြစ်ဖြစ် သရဏဂုံ-၃၀ကို အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။ ပညာရေးကံများကောင်းနေသော်လည်း တစ်ခါတစ်ခါပေါ့နေတတ်ပါသည်။ ဝီရိယလေးစိုက်ပြီး ကြိုးစားပေးပါ။ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိပါမည်။ ခိုစာကျွေးပေးပါ။ ကျန်းမာရေးကောင်းနေပါသည်။ လွန်စွာ အအေးမခံပါနှင့်။ အမွေကိစ္စ၊ မြေကိစ္စအတွက် စိတ်အခန့်မသင့်စရာကြုံရတတ်သည်။ အချိန်ယူစဉ်းစားဆောင်ရွက်ပါ။ ထီထိုးမည်ဆိုပါက အင်္ဂါနံထီဆိုင်တွင် (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများရွေးထိုးပါ။

ယတြာ ။ ။ *အကြောနှင့်ဆိုင်သောဝေဒနာရှင်များကို ရှာဖွေ၍ ဆေးလှူပေးပါ။*

### တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကြံပေး၊ ကူညီမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သစ်ဟောင်း၊ နာရီဟောင်းများ မဝယ်ပါနှင့်။ မဝင်ပါစေနှင့်။ အလုပ်ရှာနေသူများ မမျှော်လင့်ဘဲအလုပ်ရမည်။ အင်တာဗျူးဖြေဆိုထားသူများ ရွေးချယ်ခံရမည်။ အိမ်ရှိစက်ပစ္စည်းများ လက်မများပါစေနှင့်။ပျက်တတ်ပါသည်။ ငွေကြေးကိစ္စများကိုင်တွယ်တာဝန်ယူရပါက စာရင်းဇယားများတိကျစွာဆောင်ရွက်ထားပါ။ လာဘ်လာဘအတွက် ပန်းပေါင်းစုံသုံးလေးမျိုး ဘုရားပူဇော်ထားပြီး မဟာဝေဒဗွမန္တန်တော်ကို နေ့စဉ် (၂၇) ခေါက် ရွတ်ဖတ်ပူဇော်ပါ။ ကျန်းမာရေးကောင်းနေစေရန် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဝေဒနာရှင်များကို တွေ့ကြုံတိုင်း ဆေး၊ အာဟာရ၊ ငွေလိုရာလှူပေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာရပါမည်။ မိတ်သစ်ဆွေသစ်များတွေ့မည်။ ပညာရေးကံတွေကောင်းနေပါသည်။ အောင်မြင်မှုရရှိပါလိမ့်မည်။ ငယ်ရွယ်သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိစေရန် ချစ်သူအပေါ် စကားဖြင့်အနိုင်မယူပါနှင့်။ တစ်ဦးနှင့်တစ်ဦး မခံချင်အောင်မပြောပါနှင့်။ သီလပျက်စေသောလောင်းကစား၊ အပျော်အပါးများရှောင်ပါ။ ကျင့်ကြံအားထုတ်မှုများစွာဖြင့် ကောင်းကံတွေကိုဆောက်တည်ပါ။ ငှက်ကလေး၊ ငါးကလေးများကို မကြာမကြာအစာကျွေးပါ။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်း၊ (၈) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *ဦးခေါင်းနှင့်ဆိုင်သောဝေဒနာရှင်များကို ရှာဖွေ၍ ဆေး ငွေလှူပေးပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကို အကောင်းဆုံးအကြံပေးကူညီမည့်သူများမှာ တနင်္လာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်း၊ (၁) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ မထင်မှတ်သောအကြောင်းတရားလေးများနှင့်ကြုံရတတ်ပါသည်။ အလုပ်နှစ်မျိုး၊ သုံးမျိုး တစ်ပြိုင်တည်းလုပ်ရသဖြင့် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရတတ်သည်။ ခရီးယာယီမကြာမကြာထွက်ဖြစ်မည်။ လူမျိုးကွဲနှင့်အဆင်မပြေဖြစ်နေမည်။ အမှုအခင်းဖြစ်နေသူများနှင့် တပူးတွဲတွဲမနေပါနှင့်။ သူများစွန့်တဲ့ထီးဟောင်း၊ ဖိနပ်ဟောင်းများ လက်မခံပါနှင့်။ အိမ်ထောင်ရေးကိစ္စများတွင် စိတ်ချမ်းသာမှုရှိစေရန် ပန်းလှလှလေးများ ဝေနေအောင် ဘုရားပူဇော်ပါ။ လူမှုရေးအတိုက်အခံများရှိနေပါက သမ္ဗုဒ္ဓေနေ့စဉ် ကြိုပ်သက်အလိုက်ရွတ်ပါ။ ချစ်ရေးချစ်ရာကိစ္စများတွင် စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ငှက်ကလေးတွေကို မကြာမကြာအစာကျွေးပါ။ ကျန်းမာရေးကောင်းစေရန်အတွက် နွား၊ ရေမြင်း၊ ဝက်ဝံ၊ လိပ်တို့ကို ကြုံသလိုအစာကျွေးပါ။ လေထိထားသောဝေဒနာရှင်များကိုလည်း ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ပညာရေးကံများကောင်းနေသော်လည်း ကျက်ထားသောစာများမေ့သွားတတ်၍ အထပ်ထပ်ကျက်မှတ်ပေးမှ ရပါမည်။ လောင်းကစားကိစ္စများရှောင်ပါ။ ဘာမဆို ကိုယ့်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်းလွဲချော်နေတတ်ပါသည်။ သရဏဂုံ-၃၀ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ထီထိုးရန်အတွက် အကောင်းဆုံးကတော့ ရပ်ဝေးကို ဘုရားဖူးသွားတဲ့မိတ်ဆွေတွေနဲ့ ထီထိုးလာခဲ့ရန်မှာလိုက်ပါ။ ကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *မိုးခိုမှမရှိသော အသက်အရွယ်ကြီး အဘွားအိုများကို ရှာဖွေ၍ ငွေများစွာ၊ အာဟာရများစွာလှူပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့်နာမည်ရှင်မှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မြေဝယ်ခြင်းရှောင်ပါ။ ငွေကြေးကိစ္စများတွင် စာရင်းဇယားနှင့်လုပ်ထားမှ စိတ်အေးရပါမည်။ ကြားကအာမခံခြင်းလည်း မပြုလုပ်ပါနှင့်။ ကားဝယ်လျှင် အဆင်ပြေတတ်သော်လည်း ကားမောင်းမကြမ်းအောင်သတိထားရပါမည်။ ကျန်းမာရေးကောင်းနေစေရန် မနက်ပိုင်းတွင် ငှက်ကလေးတွေ အစာကျွေးပြီး ညနေပိုင်းတွင် လမ်းခွေးလေးများကို ထမင်း၊ ဟင်းပုံကျွေးပါ။ ခါးနာ၊ ခါးမျက်မဖြစ်စေရန် အလေးအပင်များသတိထားပြီးမ,ပါ။ လမ်းများများလျှောက်ပေးပါ။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းကိစ္စများထစ်ငေါ့ပြီးမှအောင်မြင်တတ်ပါသည်။ ချစ်သူစုံတွဲများအဖို့ အသွားအလာ၊ အနေအထိုင်ဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ ပညာသင်နေသူများအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယရှိပါက အထူးအောင်မြင်မှုရရှိပါလိမ့်မည်။ အချိန်မဖြုန်းမိပါစေနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သောကကင်းဝေးစေရန် ကိုယ့်ဘက်ကစကားပြောလျှော့ရပါမည်။ လူမှုရေးအတိုက်အခံများရှိပါက သမ္ဗုဒ္ဓေ (၁၀၈) ခေါက်နေ့စဉ်ရွတ်ပါ။ ထီထိုးမည်ဆိုပါက လှည်းနှင့်ရောင်းသောထီလှည်းလေးများ အိမ်ရှေ့လာရပ်ပြီးရောင်းပါက (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *မျက်စိကုသနေရသော ကုရန်စီစဉ်နေသောဝေဒနာရှင်များကို ဆေး ငွေ လှူပေးပါ။*

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့်နာမည်ရှင်များမှာ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ သောကြာနာမည်ရှင်၊ သောကြာသားသမီးများလည်း ဒုတိယအကျိုးပေးပါသည်။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ယခုလအတွင်း လုပ်ငန်းအစပြုခြင်းများဆောင်ရွက်ပါက ထစ်ငေါ့နေတတ်ပြီး လုပ်ငန်းတိုးချဲ့ခြင်းများ ပြုလုပ်နိုင်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးကိစ္စများ ကြားစကားဖြင့် အထင်အမြင်လွဲမှားမှုများရှိတတ်၍ သတိထားပါ။ သူများပြောတိုင်းမယုံပါနှင့်။ ခရီးယာယီမထင်မှတ်ဘဲထွက်ဖြစ်မည်။ ရုတ်တရက် ခရီးထွက်စရာ



www.burmeseclassic.com



အကြောင်းပေါ်မည်။ စက်ပစ္စည်းများ ပျောက်တတ်၊ ပျက်တတ်၍ လက်မများပါစေနှင့်။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းများ စိတ်ကသိကအောက်ဖြစ်ရတတ်သည်။ ဥပဒေနှင့်မလွတ်ကင်းသော လောင်းကစားကိစ္စများ အထူးရှောင်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ပညာတော်သင်ခရီးများအတွက် ရွေးချယ်ခံရတတ်ပါသည်။ ကျန်းမာရေးကောင်းနေပါမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရရှိမည်။ မင်္ဂလာကိစ္စများစီစဉ်ဆောင်ရွက်ရတတ်သည်။ ဘုရားဖူးခရီးများ စရိတ်ငြိမ်းခေါ်မည့်သူရှိတတ်ပါသည်။ အလုပ်အကိုင်၊ နေအိမ်အပြောင်းအရွှေ့ကိစ္စများပေါ်မည်။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *လေထိထားသောလေရောဂါဝေဒနာရှင်များကို ဆေး ငွေများစွာလှူပေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးနိုင်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ အင်္ဂါနာမည်ရှင်နှင့် စနေနာမည်ရှင်များက ဒုတိယအကျိုးပေးတတ်ပါသည်။ စိတ်ရှည်ရှည်တော့စောင့်ရတတ်ပါသည်။ (၁) ဂဏန်း၊ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လက်ဝတ်ရတနာဝင်မည်။ လုပ်ငန်းခွင်အတွင်း စိတ်အခန့်မသင့်မှုများကြုံမည်။ လူမျိုးကွဲမထင်မှတ်ဘဲကူညီတတ်ပါသည်။ မိတ်ဆွေများထံမှ ငွေရေးကြေးရေးအကူအညီရရှိမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး၊ အဆင်မပြေမှုများရှိတတ်ပါသည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ ကိုယ်နှင့်မတည့်သောအစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ပညာရေးအတွက် ကြိုးစားနေသူများ ဇွဲ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ ကျက်ထားသောစာများမေ့သွားတတ်၍ အထပ်ထပ်ရေးဖတ်မှတ်သားပါ။ အောင်မြင်လာပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျိုး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။ မင်္ဂလာရှိသော ဘုရားဆောင်၊ ဧည့်ခန်းတို့တွင် ဖုန်များရှင်းလင်းပြီး မဆိုင်သောပစ္စည်းများ ဖယ်ရှားပစ်ပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး သီလဆောက်တည်နေထိုင်ပါ။ ကျင့်ကြံအားထုတ်မှုများဖြင့် အညံ့များလျော့နည်းသွားပါလိမ့်မည်။ လာဘ်လာဘအတွက် ငွေဝင်သောဂါထာများကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံထီဆိုင်များတွင် (၃၊ ၄၊ ၇၊ ၉) ဂဏန်းများနှင့်ကံစပ်နေပါသည်။

ယတြာ ။ ။ *ကလေးမွေးရန်ရှိသောကိုယ်ဝန်ဆောင်များထံမှ လိုအပ်မည်ဟုထင်ရသူများအား ငွေ အာဟာရများစွာ ကူညီပေးလိုက်ပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်ကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့်နာမည်ရှင်များမှာ တနင်္လာနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၃)၊ (၆) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ မင်္ဂလာကိစ္စနှင့်ဆိုင်သောတာဝန်များ ဦးဆောင် လုပ်ကိုင်ပေးရခြင်း၊ အလှူကြီးပေးရခြင်းများရှိတတ်ပါသည်။ စက်ပစ္စည်းများအတွက် ငွေကုန်ကြေးကျများတတ်သည်။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းများထစ်ငေါ့နေတတ်ပါသည်။ ငွေဝင်ပြီး ကုန်ကျစရာကိစ္စများလည်းပေါ်မည်။ ဘာသာရေးအားထုတ်ရမည့်ကာလ ဖြစ်ပါသည်။ သီလဆောက်တည်နေထိုင်ခြင်း၊ အသားစားရှောင်ခြင်း၊ ကျင့်ကြံအားထုတ်မှုများ မမေ့မလျော့ဆောင်ရွက်ခြင်းများဖြင့် ကောင်းကျိုးလိုရာရရှိလာပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိလာမည်။ ကျန်းမာရေးကောင်းနေပါမည်။ သို့သော် အစားအသောက် အနေအထိုင် ဆင်ခြင်ပေးရပါမည်။ အစားများတတ်ပါသည်။ ပညာရေးကံများကောင်းမည်။ ပညာတော်သင်ခရီးများ၊ ရပ်ဝေးတွင် ပညာသွားသင်ရသောသင်တန်းမျိုးများ တက်ရောက်ရတတ်သည်။ စကားပြောဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ မထင်မှတ်ဘဲ စကားပြောလွန်သွားတတ်၍ စိတ်မကောင်းဖြစ်ရတတ်ပါသည်။ အလုပ်အကိုင်နေရာ၊ အပြောင်းအရွှေ့ကိစ္စများပေါ်မည်။ ရာထူးတိုးမည့်ကိစ္စများကြားရပြီးမှ ကြန့်ကြာနေတတ်ပါသည်။ ငယ်ရွယ်သူတို့၏ချမ်းရေးချစ်ရာကိစ္စများ စိတ်ချမ်းသာရမည်။ မင်္ဂလာကိစ္စများဆောင်ရွက်ဖြစ်မည်။ ထီထိုးမည်ဆိုပါက ဘုရားဖူးခရီးသွားမည့်မိတ်ဆွေများနှင့် လူကြုံမှာပြီး ထီထိုးလာခိုင်းပါ။ ထီကံကောင်းတတ်ပါသည်။

ယတြာ ။ ။ *အမိဋ္ဌာန်တစ်ခုခု ဝင်လိုက်ပါ။*

ရင်ကိုဖွင့်အားမြဲစေစသော
**ဆရာဦးမောင်မောင်သန်း**
အမှတ် (၇၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။